
www.burmeseclassic.com

အတွဲ (၁၃) အမှတ် (၇)
၂၀၁၃ ခုနှစ် ဇူလိုင်လ

# သရဖူ

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာသုတ်ပရိတ်တော်နှင့် စမကျင့်စဉ် ၈/၉

ဤကျင့်စဉ်သည် မေတ္တာပရိတ်တော်ရွတ်ဖတ်၍ ဥဒ္ဒိသ်ရှိ သတ္တဝါများအားမေတ္တာပို့ခြင်းဖြစ်သည် ။

ဤကျင့်စဉ်၏ အဓိကအချက်မှာ

၁ ။ တစ်နေ့လျှင် မေတ္တာသုတ်ပရိတ်တော်အား ၃၁-ခေါက် ရွတ်ရမည်။

၂ ။ ဤစမစာရွက်အား ဖယောင်းတိုင်တွင်ပတ်၍ မီးပူဇော်ရမည်။

၃ ။ မိမိ၏နေ့နံသင့်ပန်းအား ဂြိုဟ်သက်အလိုက် လှူဒါန်းရမည်။

ဥပမာ - တနင်္ဂနွေ (၆)ညွန့် (သို့) ပန်း ၆ပွင့်

၄ ။ မိမိလိုသောဆုကိုတောင်းရမည်။


BURMESE CLASSIC .com

ရှင်းလင်းချက်

အမှတ် (၃) မှ မိမိနံနေ့ပန်းကိုဖြစ်စေ (၇)နေ့ပန်းကို ဖြစ်စေ အိမ်ရှိဘုရားဆောင်တွင် စေစေဆာဆာ လှူဒါန်းရမည်။ အညွှန့်ဖြစ်စေ, အပွင့်ဖြစ်စေ ရပါသည်။ ထိုသော်အညွှန့်နှင့်အပွင့်ရော၍ မထိုးပါနှင့်၊ ညှိုးပါက အမြန်ပြန်လဲပေးပါ။


မှတ်ချက် ။ ။ သွားနေရင်း၊ ထိုင်နေရင်း၊ ရပ်နေရင်း၊ ကျောင်းနေရင်း မေတ္တာသုတ်အား ရွတ်ရမည်။ ပရိတ်တော် (၃၁) ခေါက်လျှင် တကြိမ်သတ်မှတ်၍ မိမိ နိုင်သမျှ အကြိမ်များစွာ ပူဇော်နိုင်ပါသည်။ နံနက် ၁ ကြိမ် ည(၁)ကြိမ် ရွတ်ဖတ်ပါ။

မဟာသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeong...
Pacific Pharmaceutical...
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC .com

# သရဖူ

မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၇)
၂၀၁၃ ခုနှစ် ဇူလိုင်လ


www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ လက်ခံစား (ကဗျာ)
မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥဿျမ္မသာမိထေရ်)

၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသည့်
ပါရမီဘာဝကထာ-ပါရမီဖြစ်စကား(၅)
မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥဿျမ္မသာမိထေရ်)

၁၁ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
အားပူဇော်ခြင်း
မြဝင်း(ဒဿန)

၁၃ ဆရာသခင်တို့၏စကားစုများ
နေမင်းလမင်းအဟိန်းဂါထာတော်
ဦးအောင်သုခ

၁၇ ထမ့်ဝိုးမွန်ဂူဘုရား
တစ်မင်တစ်ဖိုလ်ရစေသား
ဒေါက်တာဒေါ်နု(တောင်ကြီး)

၂၆ အဗ္ဗာနမေတ်ဂါထာတော်၏
တန်ခိုးတော်
ဥာဏ်နှ

၃၁ ငါ့အဘ, သညာဖြင့် ဂူပျောက်ရာနိဒါန်း
ရွှေစိုး

၃၈ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသိရိ

၄၁ ကျောချင်းကပ်ဘုရားများ သို့မဟုတ်
အရှေ့ရှန်နိုင်၊ အနောက်ရန်ကာ
ဘုရားများ
စောထွီးသျှင်(မြောက်ဦး)

၄၆ ဖူးတိုက်၍ဖူးလိုက်ရသည့်
သာမညဆရာတော်ဘုရားကြီး
မင်းကောင်းကျော်(ဝေဇ)

၅၁ မဟာဗောဓိတစ်ထောင် ဆရာတော်
ဘုရားကြီး၏ခယောင်းလမ်းမှသည်
သုဓေယျ

၆၁ အိမ်ကိုကျားကန်၊ မြို့အိုထုတ္တန်
ဟူသော တဘောင်အရ တည်ထားခဲ့
သော ပုထိုးတော်ကြီး
ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

၆၉ ဦးဥတ္တမသာရ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏ခြေတော်ရင်းဝယ်
ကိုညိုအောင်(ပခုက္ကူ)

၇၃ တန်ခိုးကြီးရုပ်တုတော်များနှင့်
နက်နဲလျှို့ဝှက်အသိခက်
တိုးထက်

၈၃ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်
မြတ်၏ ဓာတ်ပုံတော်များမှ ထူးခြား
များဖြစ်ပေါ်ခြင်း
ဘိုဘို(ရွှေကံကူ)

၉၆ မဟာလှသားပွင့်ထွန်းတော်မူရာ
မြေမြတ်မဟာဆီသို့(၄)
မောင်ပွင့်ဥာဏ်(မောရ)

၁၁၀ ပထမံဝိဇ္ဇာရေထွက်ရပ်ပေါက် လော
ပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာ
တော်ဘုရားကြီး ဦးစန္ဒောဘာသ
ပထမံဆရာဦးအေးရွှေ

၁၁၄ ဒါနစွမ်းအားအံ့မခန်း
ငွေလသာ(တွံတေး)


## သုတရသဆောင်းပါး


၇၈ စိတ်ကိုဖြူအောင်ထား
ချောင်းဆုံအုန်းသွင်

၁၀၄ နှစ်(၇၀)ကျော်ကျမ်းစာထဲမှ
သင်္ကေတလက္ခဏာများ
ဖျာပုံတင်နိုင်ဝင်း

၁၀၈ မင်းတုန်းမင်း၏ မဟာဗောဓိပင်တော်
နှင့် မဟာဗောဓိစေတီတော်ကြီးအ
တော်မှတ်တမ်း
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၁၁၇ အဆစ်ရောင်ရောဂါဆိုသည်မှာ
စွမ်းထက်နောင်

၁၄၆ အဘအောင်မင်းခေါင်၏
တောင်ရိုးတဲ့ရွာ ပြည်တော်ဝင်ပွဲတော်
အကြောင်း
အဏ္ဏဝါလှိုင်း

၁၈၇ ဝိညာဉ်လိပ်ပြာ၏အယူအစွဲ
ရန်နိုင်

၁၉၀ ပလက်ဝ သို့မဟုတ်
ချင်းတို့၏အနောက်မြို့တော်
အနောက်တံခါးမှူးမောင်မှူး

၂၁၁ ဇာတ်မသိမ်းနိုင်သောနှင်းလှ
လျှမ်းထက်

၂၉၁ ရက္ခစိုးမော်ဖြင့်တိုက်ခြင်း
ဦးစံသိန်း(သီလအဓိက)

၃၁၀ ဒုတိယကမ္ဘာစစ်ကာလက
ဗြိတိသျှတို့၏နောက်ဆုံးရထား
တင်ထွန်း(စက်မှု-၂ငြိမ်း)

၃၁၃ မြန်မာမှုအစဉ်အလာနှင့်
ဆင်ဖြူရတနာ(၁၃)
မောင်သန်းဆွေ(ထားဝယ်)

၃၁၆ အညာကျေးလက်က မြန်မာ
ဝေစည်(ရွှေဘို)


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


နာမည်ခံကောရာဇ်၏
နောက်ဆုံးနေ့ရက်များ
လှမိုး(ပညာရေး)

သိပ္ပံမောင်ဝ၏
နောက်ဆုံးဒိုင်ယာရီစာမျက်နှာ
တင်နိုင်တိုး

သဘာဝသိဒ္ဓိဝင်သစ်တံခါးပင်
ဇာတိဂုဏ်-မျိုးမြင့်အောင်

ငှက်သိုက်အကြောင်းသိကောင်းစရာ
မောင်စိမ်းထွေး(ထားဝယ်)

ကုန်းဘောင်ခေတ်က
တော်ဝင်စပါးစကုပျပ်
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)


## သုရဋ္ဌဝတ္ထုတို


အမေရေယဉ်၏ကျောက်လိပ်ကလေး
တက္ကသိုလ်ဝင်းမြင့်

လုပနိုင်ပါစေ
မအေ့(တောင်ကြီး)

ပတ္တမြားသေတ္တာကြီးချာချာလည်
မောင်သင်းတုံ(ကျောက်မဲ)

တခွေနှင်းသောစက်ဘီးလော
ဂိုဦးနွန်းကို

ကျွဲလူးအိုင်
ကိုချမ်း(ဆေး-၂)

မြေပုပ်မှ မြေကောင်းဘဝသို့ ပြောင်းလဲ
စေသည့်စေတီတော်
စိုးထွန်း(ဥပဓေ)

ဆရာစံ၏ဓားဖို၊ ဓားမပြသနာ
တောင်မှူးကြီးသိန်းဝင်း

ရွှေသေ ဘော်ကူး
သုံးပန်လှ-ပဲခူး

နှုတ်ရခက်သောဆူးလေးတစ်ချောင်း
ဓာတ်ဖိသွင်(ရန်ကုန်)

နေရာလေးတော့ပေးပါ
ဝင်းထွန်းအောင်(မြင်းခြံ)

အိပ်မက်ထဲက ပဝါ
အေးလွင်(ကသာ)

စတုတ္ထမြောက်သားကောင်
မျိုးသစ်

ကျွန်ုပ်နှင့်ဆန်းကြယ်ဖြစ်ရပ်များ
မောင်လှယဉ်(မော်လမြိုင်)

ဒိဋ္ဌိ၏သားကောင်
မောင်စိန်ဝင်း(ရွှေမိုးညို)

မရောင်းလိုက ပေးပါ
ရွှေပြည်စိုး(မိုးကုတ်)

ဣတ္ထိယမော်၏ဘဝနိဂုံး
သန့်ဝင်

ဘုရားပစ္စည်းငရဲမီး
ချစ်ခွင်ကျော်-ဖောင်တော်သီ



၃၁၈ အာဖရိကဆင်ရိုင်းနှင့်လူဖြူမုဆိုး
ခင်မောင်အေး(မန္တလေး)

၃၃၀ သူတစ်ထူးတို့၏ကံကုသိုလ်
ခင်(တောင်ကြီး)

၃၄၂ လက်လေးဖက်နှင့်
ထူးဆန်းသောမိန်းကလေး
ဓာတ်ပုံ-မောင်မောင်အေး

၃၄၆ ကျွန်ုပ်နှင့်ဂြိုဟ်မွှေတဲ့အမြုတေ
ကိုတင်လှိုင်(မိတ္ထီလာ)

၃၅၈ ကိုးကျပ်ခွဲတန် သွေးလွန်တုပ်ကွေး
စိုးထွန်း(ဥပဓေ)

၃၇၀ လူမိုက်နောင်တ
နောင်မှမတ,ကြရလေအောင်
ချစ်ဆိုင်


## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၁၇၆ နားချမ်းသာ
အောင်ကျော်

၃၈၂ ဤလမ်းခရီးလွမ်းမပြီးနိုင်
ဖိုးဂျော


## သုရဋ္ဌတိုင်းရင်းဆေး


၂၅ ဝမ်းလျှောရပ်တန့်ပျောက်ကင်းဖို့
သန္ဓါ(ဥပဓေ)

၄၀ ကြွက်နို့ကု နည်းကောင်းတစ်ခု
မောင်စိမ်းထွေး(ထားဝယ်)

၄၅ သလိပ်ပျော်လျက်ဆေး
ကျော်ဟိန်းထက်(ဥပဓေ)

၇၇ ပဒိုင်းသီးစားသုံးမိခဲ့လျှင်
အဆိပ်ဖြေနည်း
မိုးစက်အဏ္ဏဝါ(ရောဝတီ)

၈၂ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

၁၂၆ ဗောက်မှိုအတွက် အကြောက်မပိုနဲ့
ဘုန်းပြည့်လျှံဝေ(ရောမြေ)

၁၃၃ မှိုတောက်ခြင်းကိုကုသနည်း
သန္ဓါ(ဥပဓေ)

၁၃၉ ဆီးချို သွေးချိုပျောက်ဆေးနည်း
သစ်တမွှေ-သန်းရွှေ(ဆင်ပေါင်ဝဲ)

၁၄၄ အုန်းပင်ဘယ်လိုရွှေးချယ်မလဲ
သန္ဓါ(ဥပဓေ)

၁၇၅ မန်ကျည်းသီးဟောင်း
ဆေးဖက်ကောင်း
သန္ဓါ(ဥပဓေ)

၂၁၀ ဝဲစို၊ ဝဲခြောက်ပျောက်ကင်းရန်
ကျော်ဟိန်းထက်(ဥပဓေ)

၂၈၈ ချောင်းဆိုးရင်ကျပ်အတွက်
ဆေးနည်းကလေး
အေးရွှေ(ဗီးကုန်း)









၃၁၂ ရေယုန်ပျောက်ဆေးနည်းများ
ကျော်ဟိန်းထက်(ဥပဓေ)

၃၂၉ သွားကျဉ်ခြင်းဝေဒနာခံစားနေရလျှင်
သန္ဓါ(ဥပဓေ)

၃၃၆ ဇော်ဂျီတောင်ဝေးပင်နှင့်
ရောဂါကုသနည်း
ကျော်တင့်ဆွေ

၃၉၁ အမျိုးသမီးများသက်စောင့်ဆေး
သို့မဟုတ် ရာသီပန်းပွင့်ဆေးများ
နေမဝင်(နတ်မောက်)


www.burmeseclassic.com

www.burmeseclassic.com







## သုရဿ ပညာရပ်


၁၅၅ သင့်မျက်နှာနှင့်သင့်ဘုန်းကံ
မင်းမင်းမြတ်
၁၆၄ စိတ်စွမ်းအင်စုံထောက်များ
မနော်သုတေသီ
၁၉၉ ပညာသင်ကာလအတွေ့အကြုံများ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၂၁၄ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
ဦးအောင်လှိုင်(သုဝဏ္ဏ)
၂၂၅ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအား
ကောင်းစေမည့်ဖုန်းရွှေဗျူဟာ-၁၆၇
ဦးအောင်လှိုင်(သုဝဏ္ဏ)
၂၃၅ ဗုဒ္ဓဟောကြား
နိပါတ်တော်ကျမ်းဂန်များလာ
ဂါထာမန္တန်များ
တြိရတနာ-ဆရာဇေယျာလင်း
၂၄၂ ပညာရှာသူတို့လျှောက်သောလမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၂၅၀ ဓားဓါးလျှို့ဝှက်ချက်များ
ရှိန်းအောင်(ဂမ္ဘီရ)
၂၆၃ ခရစ်ယာန်အင်္ဂါရတ်ပညာ
ဆရာဦးဆက်ထွန်းလင်း
(အာယုဇ္ဇဝ)
၂၇၀ ဥက္ကာပျံမိုးတွေရွာ
မောင်ကျောက်တိုင်
၂၇၉ ဂဏန်းဗေဒင်အနှစ်ချုပ်
မုဒိတာ(ကျိုက်လတ်)
၃၂၃ ဂမ္ဘီရပြဒါးပြာဆေး အန္တရာယ်ရှိ မရှိနှင့်
ဝိဇ္ဇာစရရှောင်ဆေးအကြောင်း
သိမှတ်စရာအဖြာဖြာ
ဦးမင်းဇင်(ရွှေနဝင်း)
၃၅၂ ဂမ္ဘီရန္တယ်သောဥက္ကာ
မင်းရှိန်အောင်
၃၇၅ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
ဆရာဇလမင်းခေါင်
၃၇၉ ချစ်ခြင်းတရားနှင့်လက္ခဏာ
ဆရာသိန်းသန်းအောင်


## သုရဿလက်တွေ့အသုံးချ


၈၁ အရှိုးနင်ခြင်းပျောက်စေသောဂါထာ
ညွန့်ဝင်း(နတ်တလင်း)
၁၂၇ အနန္တသိဒ္ဓိအလိုတော်ပြည့် မဟာဇာတာ
တော် စကြာအင်းကို ဆောင်ထားပါ
ဘုန်းခေါင်
၁၂၉ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၁၄၅ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂမ္ဘီရ)
၁၆၆ ဗုဒ္ဓဆယ်ဆူအောင်တော်မူ
ဣစ္ဆိတပဒေသာ ဆယ်မျက်နှာအင်း
မြတ်အစီအရင်
တြိရတနာ-ဆရာဇေယျာထင်း
၂၃၄ စကားနည်းသောကလေးများအတွက်
ဂမ္ဘီရနည်းတစ်နည်း
ကောင်းထက်(ချောင်းနက်)
၂၇၉ ထဆင်ထူး လုံးကြီးတင် ထီမထင်တဲ့
ရွှေကျောင်းသား အမည်ရှိ ပီယန္တတ်ငုံ
လက်ဖွဲ့အစီအရင်လေး
အေးရွှေ(ဇီးကုန်း)
၂၉၂ နှစ်ချင်းသီးသြဇာပင်ဖြစ်အောင်
သဈှါ(ဥပဒေ)
၃၉၂ ၂၀၁၃ ခု၊ ဇူလိုင်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ (B.Sc)
၃၉၄ အမှတ်တမဲ့ အပြောမှားနေသူများ
အတွက် သုရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၃၉၉ ၂၀၁၃ ခု၊ ဇူလိုင်လ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်
၄၀၂ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
• ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွန်း
သင်းသင်းစံ
ဝေလုံလုံထွဏ်း
အောင်ကျော်ဆန်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဿစာလုံးဖိုင်း
ကိုကျော်မင်းမောင်
အတွင်းအသင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဘဏ္ဍာရေးမှူး
ဒေါ်စပယ်ညို
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပျူတာစာစီ
စုစုလှိုင်၊ ဝေသဲဦး၊ ချမ်းမြေ့ကျော်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂)၊ ယန်းအိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး-၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ-၀၁-၂၄၀၆၉၀
**မျှဝေသေး တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား**-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကြီး**-ဂရိနေဒီ၊ ပီလုံ့ပျာ
**ပဲခူး**-သဝင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး**-ချွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၅၀၀ ) ကျပ်


www.burmeseclassic.com


www.burmeseclassic.com

# လက်ခစား

- ငှါကိုယ်ကောင် ရိုးတွင်းကြား
  ပိုးသင်းများက သိမ်းပိုက်နေ။
- သစ်ကျားစုံ အသားကြိုက်များ
  အငှားလိုက်စားမယ့် လက်ရှိအခြေ။
  - အပုပ်ကြိုက် သတ္တဝါတွေ
  - ငါသေ…စားတော်ခေါ်ပွဲ။
- ဘဝပိုင်း
  ရတိုင်း မှုပိုင်မထင်နဲ့
  ဟိုလူဆိုင် သည်လူဆိုင် အကိုင်များတဲ့အပြင်
  အပိုင်စား ပိုးလောက်တွေက
  ထိုးဖောက်မွှေ ယက်ကြစားကြတယ်
  ကိုယ့်မှာက…
  လက်ခစားပေပဲ။

(၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ပဋ္ဌာန်းတော်ဖတ်ခန်း)

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး





www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

## ၄။ ကျင့်စဉ်မမီ ခရီးဖြင့် လည်လေဦး

ဓမ္မေသက. . .

- လူ့လောက၌ပင် နယ်ကူးမည့်ကြံ၊ နယ်ခံ၏ဒဏ်က ကံထပ်ပေးသေး၏။

- ရဟန်းလောက၌ပင် နယ်ကူးခံနယ်ခံ၏ဒဏ်က ကံထပ်ပေးသေး၏။

မမြင်ရရာ ထိုနယ်ခံနှင့် တောဝင်ရန်ကြံသော သင်၊ နယ်ပန်သမားတို့၌လည်း သူတို့သည်. . .

လာပစေ၊ နေပေါ့ဖြင့် လွယ်လွယ်လက်လျှော့သူများ မဟုတ်ကြ။



သူတို့သည်. . .

အကောင်းလာပေး ကျေးသမျှစားမည်ဖြင့် လွယ်လွယ်လက်ခံကြမည်လည်း မဟုတ်ကြ။

သို့ကြောင့်. . .

တောနှင့်သင် အကျွမ်းမဝင်ခင်၌အဝင် အစတွင် သင်က သူတို့အမွေပေကျင့်နေက ပေပွင့်ကို နုတ်လွှင့်ပစ်ကြမည်သာ။ သင်က သူတို့အပေ ပြန်တေက သင့်တေကွက် ဖျက်ပစ်ကြမည်သာ။

ရံတစ်ခါ-

သည်နေရာ သင့်နေရာမဟုတ်၊ ကြာကြာနေ သင့်အသက် သေနိုင်သည် အိပ်မက်ပေးကြမည်။ ရံတစ်ခါ သည်ဒေသ သင်တရားမရသည့်အပြင် သင့်အတွက် အသက်အန္တရာယ် ဖြစ်နိုင်သည် အိပ်မက်ပေးကြမည်။

ထိုအခါ သင်အဖို့. . .

ဘာမှ မတုံ့မပြန် ငုံ့ခံဖို့သာ ပြင်လေတော့။

နှုတ်က ဘာမှ ပြန်မဖွင့်၊ အကျင့်ဖြင့်သာ စစ်လမ်းဖွင့်ပေရော့။

ထိုအခါမျိုးများဝယ်-

သစ်ရွက်ခြောက် ကောက်ပုံထားသလိုပဲဖြင့်လည်း တို့ကြ၊ စ,ကြပေဦးမည်။

အဓိပ္ပာယ်မရှိ အလကား အချိန်ဖြုန်းပြနေတာပဲဖြင့်လည်း တို့ကြ၊ စ,ကြပေဦးမည်။ ရံတစ်ခါ အိပ်မက်၊ ရံတစ်ခါ မှေးခနဲအသွား မကြား တကြား။

သို့တစေလည်း-

သင့်စိတ်တံခါးဖွင့်မပေးက သူတို့မည်သည့်အန္တရာယ်မျှ မပေးနိုင်ကြပါ။

သင့်သီလကား အကျင့်ကြား ဖွံ့ထွားလာနေပြီ။

သင့်သီလကား သင့်အကျင့်နှင့်အတူ ဖြူသထက်ဖြူလာနေပြီ။

အကျင့် ကျင့်နေသူ၌ သီလသည် ရပ်တန့် ကျန်မနေခဲ့တတ်။

အကျင့် ကျင့်နေသူ၌ သမာဓိလည်း ငြိမ်ကျန်မနေခဲ့တတ်။

အကျင့် ကျင့်နေသူ၌ ပညာသည်လည်း ထိမ်ကျန်မနေခဲ့တတ်။

မပြည့်သေး၍သာ မသိသေး ဖြစ်နေ၏။ ပြည့်-သိရတော့သည်သာ။

ဓမ္မေသက. . .

ထိုသို့ သူတို့လုပ်သမျှကံ သင် ငုံ့ခံနေတော့သဖြင့်-

သူတို့ကား လက်လျှော့သွားကြလေဦးမည် မဟုတ်။ ထိုစဉ်-

ရံတစ်ခါ အရိပ်ယောင်ပြများဖြင့် ဆင့်ကဲလာကြလေဦးမည်။

ရံတစ်ခါ လူသံများ ညံဟည်းစွာဖြင့် ဆင့်ကဲလာကြလေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

ရုံတစ်ခါ မကောင်းသောအနံ့အသက်ဖြင့် ဆင့်ကဲလာကြလေဦးမည်။

အကြွေးမကင်းသူများ စာရင်းအရှုံးခံကြရမည့်ပွဲ။

အောင်ချက်ပိုင်မည့်သူများ အနိုင်ခံကြရမည့်ပွဲ။

ဓမ္မသက. . .

သင့်စိတ်သို့ သည်မှာတွင် သတ္တမမြောက် မာရ်တပ်မကြီး အားပြည့်မာန်ပြည့်ဖြင့် ဝင်လာပေတော့မည်။ ယင်းကား-

သည်အတိုင်းဆို သည်နေရာ ငါဆက်နေ၍ ဖြစ်ပါ့မလား။

ငါ့အကျင့်ကများ မှားနေရော့သလား။

ဤချီတုံချတုံ အလေးမသမားပုံပြ၊ ဝိစိကိစ္ဆာအတွေးများက ဝင်ချလာခြင်းပင်။

ဓမ္မသက. . .

သင့်၌ အတွေးယိုင် ကိုင်မည့်သူများက ထိုင်စောင့်နေကြလေရဲ့။



ရေးသားတော်မူသည်

# ပါရမီဘာဝ ကထာ ပါရမီပြင်၍ ပါရမီဖြစ်စကား

(ဝနဝါသီ ဥယျ ဓမ္မသာမိထေရ်)





www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင်သံဃာ့ပူဇော်ပွဲတွင်
တရားချီးမြှင့်တော်မူစဉ်

အချို့က စိတ်စိတ်ချင်းပင်း အတွေးများ၌ သပ်သွင်းပေးရန်ကို။

အချို့က စိတ်စိတ်ချင်းကိုင် အယိုင်ဘက် ဖြိုင်ဖြိုင် အတွေးဆက်ရန်ကို။

ထိုအခါ-

အမှတ်ကင်းအတွေးများက တသီတတန်းကြီး တန်းဝင်လာကြတော့၏။

တော်ပါတော့ဆိုလေ၊ ပိုကဲလေ။

စဲပါတော့ ဆိုလေ၊ ပိုသွက်လေ။

ကြာသော် မျက်စိမှိတ်ရန်ပင် ဝန်လေး၊ တရားထိုင်ဖို့လည်း ခွင့်မပေးတော့။ လော့ရင်းက တက်ပျောက်၊ လော့ခွက်ချည်း လှိုင်းထက်ရောက်နေပမာ။

ခန္ဓာလက်နက် ဗိုလ်နှင့်ဗျာန်မထက်မြက် မောင်းလက်ပဲ့နိုင်သည်။

## ၅။ မှန်ပလ္လင်တည်၍ မှန်စီရွှေချပေးပါ

ဓမ္မသက. . .

လက်နက်သည် သတ္တဝါကို သေစေနိုင်၏။ ဆိုသော်မှလည်း လေးခွဖြင့် ဆင်ကိုပစ်ခတ်ပါက သေဖို့နေနေသာသာ အယားပင် မပြေပေါင် ပမာ။

ခန္ဓာလက်နက်ကလည်း အလောင်းတော်တကာ သူတော်စွာများ ကိုင်သုံးသွားကြသော ကိုယ်တွေ့ ပွဲဝင် လက်နက်ကောင်းပင် ဖြစ်၏။ သို့တစေလည်း-

ထိုခန္ဓာလက်နက်ကို သိဒ္ဓိတင် အသက်သွင်းပေးရသည့် သီလသိက္ခာက ရိုးငုတ်ကနေ အတက်မပေါက် အဓိသီလ၊ မဂ်သီလ။ ထိုနှစ်မျိုး တစ်မျိုးတစ်မျိုးတည်းအထိ ခရီးမရောက်သေးက ထို



မင်းဘိသိက်ခံဘုရား
အုတ်မြစ်ချမင်္ဂလာရွတ်စဉ်

ခန္ဓာလက်နက် မာရ်တပ်ကို မချေဖျက်နိုင်။ ထိုအခါ-

ခန္ဓာထက် စွာသော သစ္စာလက်နက်ဖြင့် ရှေ့ထွက် တိုက်ခိုက်ပေးရသည်။

ခန္ဓာကား ငုတ်တုတ်ခံ ဖြစ်နေ၍ သစ္စာလောက် အခြေမခိုင်။

သစ္စာကား အကျင့်မှ ဆုတ်လုပ်ပေးထား၍ ခန္ဓာထက် အခြေခိုင်မည်။

ဓမ္မသက. . .

သင့်၌ တဏှာခံ မာရ်ကပ် သင့်စိတ်နှင့်သင့်ကိုယ်သို့ ရစ်ပတ်ခံနေရသော ဤအချိန်မျိုးဝယ် သစ္စာကိုင် တိုင်တည်ခြင်းမှတစ်ပါး အခြားမတတ်နိုင်။

သစ္စာသည် မိမိတည်ဆောက်ဆဲသီလကို လက်ညှိုးထိုး မိုးတိုင်တည်ခြင်း။

သစ္စာသည် မိမိကျင့်ဆဲအကျင့်ကို လက်ညှိုးထိုး မိုးတိုင်တည်ခြင်း။

သစ္စာသည် မိမိ၏ ပြောသလိုလုပ်နေသည်ကို လက်ညှိုးထိုး မိုးတိုင်တည်ခြင်း။

ထိုအခါ-

သင့်အနီးအပါးကနေ မျက်ခြည်မပြတ် စောင့်ကြပ်နေသူများ ကြားနိုင်ကြသည်ဖြစ်ရာ. . .

သင့်အနီးဝင် သင့်ကျင့်စဉ်၌စျာန်ဝင်နေသူများလည်း မြင်နိုင်ကြသည်ဖြစ်ရာ သင့်သစ္စာစကား အမျှားထောက်ခံ၊ မာရ်တပ်ကြီး နောက်ဆုတ်ပြန်ရမည်သာ။

တရားပြိုင်အမှုတစ်ခု တစ်ဖက်နှင့်တစ်ဖက် အနိုင်လုကြရာ၌ သက်သေခိုင်မာစွာ ပြနိုင်သူက အနိုင်ရခြင်းသည် ထုံးစံ။

ဓမ္မသက. . .



www.burmeseclassic.com

www.burmeseclassic.com

သင်၏ ကိုယ်ကိုယ်တိုင် ကျင့်ဆဲ အကျင့်ကိုင်၍ ဤတိုင်တည်မှုသည် အမုန်ကျင့်ကို အမုန်ပြော ပြော၍ တောနှင်ခြင်း ဖြစ်သော်လည်း-

ကဏှဒီပါယနဇာတ်လာ ကဏှဒီပါယနရသေ့နှင့် သူကြွယ်လင်မယားတို့ ဆိုသော သစ္စာမျိုးဖြင့် ဤ၌ တောမတိုးနိုင်၊ ဘာ့ကြောင့် မေးသော်-

ရသေ့၏ 'ငါသည် ဤနေရာ၌ ရသေ့စိတ်ဖြင့် (၇) ရက်သာ ပျော်ပါ၏' အမုန်စကားသည် လည်းကောင်း၊

သူကြွယ်၏ 'ငါသည် ရသေ့အပေါ်၌ (၇) ရက်သာ စေတနာရှိခဲ့ပါ၏' အမုန်စကားသည် လည်းကောင်း၊

သူကြွယ်မ၏ 'ငါသည် ဤသူကြွယ်ကို မချစ်ပါ၊ မိဘပေးစား၍သာ ယူရပါ၏' အမုန်စကားသည် လည်းကောင်း. . .

ယင်းသစ္စာထား စကားများသည် အမုန်သစ္စာတရားလေးပါးတို့တွင် လောကီသစ္စာ၊ ပယ်သစ္စာ အရာဝင်သော ဒုက္ခနှင့် သမုဒယတို့၏ နယ်ခံပယ်ခံ အမုန်စကားများ ဖြစ်နေခြင်းကြောင့် ထိုသစ္စာမျိုးနှင့် ဤနေရာပွဲတိုးမိချေသော်-

မာရ်တပ်မများသို့ ရိက္ခာဆက်ကြေးပေးသည်နှင့် တူနေတော့ရာ ထိုမာရ်တပ်ကား နောက်မဆုတ်သေး။

တစ်ဖန်-

ထိုသစ္စာမျိုးသည် မာရ်တပ်မကြီးအံခါးဝ ထမင်းထုပ် ပစ်ချပေးနေသည်နှင့် တူနေတော့ရာ။ ထိုမာရ်တပ်ကား ရှေ့တိုး၍ပင် လာပေလိမ့်ဦးတော့မည်သာ။

မေမွှသက. . .

သင် ရပ်တည်နေသော ဤနေရာသည်-

သစ္စာနှင့် မပြီးစီး၊ ပါရမီအထိ ခရီးဆက်ရမည် ဖြစ်သောကြောင့် ထိုသင် ဆိုသော သစ္စာသည်-

မဂ္ဂသစ္စာ ထိုက်သော ကျင့်ပွားခြင်းများဖြင့်သာ သစ္စာထားသင့်သည်။

နိရောဓသစ္စာထိုက်သော အဖတ်တင် ဉာဏ်ပွင့်များဖြင့်သာ သစ္စာထားသင့်သည်။

သင်၏ပွားသစ္စာ၊ ဆိုက်သစ္စာဖြစ်သော အကျင့်အပွင့်ကြားက ဤသစ္စာထားသည်သာ မာရ်တပ်ကြောက်သော မျောက် ငါးပိတို့နည်း ဖြစ်ခြင်းကြောင့်-

မာရ်တပ်လည်း နောက်ဆုတ်၊ သင့်အလုပ်လည်း ဒေါက်ဖြုတ်မခံရ ရှိချေမည်။ သို့ကြောင့်-

တောအခြေ၊ မြေနင်း၊ နိက္ခမ ဖြစ်ရင်း၊ သင်ချဉ်းကပ်စရှိ ဤသစ္စာဆို အတားရှင်း မာရ်တပ်များ တရားသဖြင့် ရှင်းရာ၌-

ပါရမီ ဖြစ်မလာသော လောကီ၊ သစ္စာထားဖြင့် သင် စကားမဲ့ဆိုလေနှင့်။


ပါရမီ အဆစ်ပါသော မဂ္ဂသစ္စာများဖြင့်သာ သင် စကားဆိုပါလေ။

သို့တစေလည်း-

မေမွှသက. . . သင် ပွားလက်စ သင့်မဂ္ဂသစ္စာက-

ဝါယမသီးကလည်း မှန်မှန်မထွန်းသေး။

သတိသီးကလည်း မှန်မှန်မမှတ်သေး။



လားဟူ-လီရှောတိုင်းရင်းသားများ၏ ဗုဒ္ဓဘာသာခံယူပွဲတွင် တရားချီးမြှင့်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ပြည်လုံးချမ်းသာထီးတော်တင်လှူပွဲတွင် ကျိုက်လတ်မြို့ မစိုးရိမ်ဆရာတော်ဘုရားနှင့်အတူ

သမာဓိသီးကလည်း မှန်မှန်မတပ်သေး။

ဤ မှန်သေး သုံးချက်တို့ကြောင့် ပညာမဂ္ဂင်စက် နှစ်ပါးကလည်း မှန်မှန်မဖြစ်၊ မှန်မှန်မကပ်၊ ပြတ်တစ်လှည့်၊ ကပ်တစ်လှည့်ဖြင့်ပင် လိမ့်နေဦးမည်။

တစ်ဖန်. . .

ပြော၊ ကျင့်၊ တွေး ဆိုသော သီလမဂ္ဂင်စက် သုံးပါးတို့ကလည်း သမှာခံ၊ အမှန်များ၊ မစို့မပို့မျှ အပြန်အသွားလုပ်နေကြဦးမည်။ ထိုစဉ်-

သင့်ရှိ မဂ္ဂမှ မဂ္ဂင်များ ရှစ်စိတ်တစ်ပတ် မပတ်မိခင်ဖြစ်နေခြင်းကြောင့် သင့်၌-

(က) ရိုးရိုးသီလမှ အဓိသီလ သို့ မဟုတ် သီလဝိသုဒ္ဓိသို့ မလှည့်မိသေး။

(ခ) ရိုးရိုးသမာဓိမှ အဓိစိတ္တ သို့ မဟုတ် စိတ္တဝိသုဒ္ဓိသို့ မလှည့်မိသေး။

(ဂ) ရိုးရိုးပညာမှ အဓိပညာ သို့ မဟုတ် ဒိဋ္ဌိဝိသုဒ္ဓိသို့ မလှည့်မိသေး။

သို့ကြောင့်-

သင်ဆိုသော သင့်သစ္စာ၊ မာရ်တပ်သားများ၌ ခြစ်ရာကုတ်ရာပင် ထင်လေဦးမည် မဟုတ်ချေသေး။

သို့ကြောင့်-

မကြောက်ပေါင်၊ နောင်ပြောင်ဦးမကွယ့်၊ တုတုတူဖြင့် ထိုမာရ်တပ်များက ဆူပူသောင်းကျန်းပြနေကြဦးမည်။ မမယ်ကလေး ကြပ်သူကြီးများ ကျီစယ်ပေးနေသည့်ပမာ။

အလုပ်-ပစ် သစ္စာဆို ဆိုသလောက် ခရီးမရောက်လာသေး။

ဓမ္မေသက. . .

ဤအခါမျိုးများ၌လည်း သင့်၌ ဝေဝါးတပ်မ စခန်းချနေကြဦးမည်။

ယင်းမှာ-

ငါ့အကျင့်ကများ မှားနေလို့လား။

ငါ သည်နေရာ ဆက်နေလို့ ဖြစ်မှဖြစ်ပါတော့မလား ဟူ၍-

ဓမ္မေသက. . .

သင်တွေ့နေရသော ဤ တောလောကခံသည် သင့်ထံရှိ ကျင့်ဆဲသိက္ခာ သို့မဟုတ် တောဝင်စိတ်စိမ်းများနှင့် နှိုင်းစာသော်. . .

တောဆင်ကြီးကို လေးခွနှင့်လှမ်းပစ်ခတ်သလောက်သာ ထိရောက်သေးသည်။

တောကြွက်အုပ် မွေးကင်းစကြောင်ကုတ်သလောက်သာ ထိရောက်သေးသည်။

ဓမ္မေသက. . .

ထို ထိရောက်ခြင်းကို သင် အလကား မမှတ်လေနှင့်။

အကြီးကြီးဖြစ်လာသည် မှန်သမျှ အသေးလေးချင်းက စ,ရသည်ကို သင်သတိပြု။

သို့တစေလည်း-

မရောက်ဘူးသေးသော လမ်းနှင့်စခန်း ကိုယ်ချည်းလှမ်းဝင်ရာ၌-

လမ်းက ဘယ်လောက်ပင် တည့်နေနေ၊ လေလားစိတ်ကား ဝေစမြဲ။

စခန်းတွင်း ဘယ်လောက်ပင်ချဉ်းမိနေနေ၊ လေလားစိတ်ကား ထိပ်ပေါက်စမြဲ။

ယင်းမှာ မာရ်ဆယ်တပ်မတွင် တစ်ခုအဝင်အပါဖြစ်သော ဝိစိကိစ္ဆာ မောဟအမည်ခံ ဒလျှို၊ ဒလံ၊ ပဉ္စမံ တပ်သားများ၏ စိတ်ဓာတ်စစ်ဆင်ရေးများပင်။

ပဉ္စမံတပ်မသည် တစ်ဖက်သတင်းနှင့် မြင်ကွင်းကိုလည်း ကပ်ချဉ်းယူလေ့ရှိ၏။

ပဉ္စမံတပ်မသည် တစ်ဖက်စိတ်ထားများ ကစားလာအောင်လည်း ကောလာဟလ ဖြန့်ပေးသေး၏။

ဓမ္မေသက. . .

သင့်၌ 'လေလား' လှိုင်းက ဘယ်လောက်ပုတ်ပုတ်၊ အလုပ်ကား မပျက်လုပ်နေ၏။

သင့်၌ ဝေဝါးစိတ်က ဘယ်လောက်ပင် ထိပ်နှက်နှက်၊ ကျင့်မြဲအကျင့်၌ စိတ်မပျက်ခဲ့။

သို့ကြောင့်-

သင့်၌ ကိန်းတည်နေသော ဓမ္မဓာတ် မဂ္ဂင်တစ်ပတ် ပတ်မိဖို့ ထပ်ကိန်းတည်ပေးနေသည်ကို သင် သတိပြု။ •

လေချင်လေ၊ လားချင်လား၊ တရားကျင့် အဆင့်မပျက်စေနှင့်။

ဝေချင်ဝေ၊ ဝါးချင်ဝါး သွားလမ်းမြင့် အဖွင့်မပျက်စေနှင့်။

ထိုနှင့်အတူ-

အကြံမှန်၊ အပြောမှန်၊ အကျင့်မှန်၊ သမ္မာ သစ္စာဉာဏ် အခံရှိရမည်။

အချိန်မှန်၊ အာရုံမှန်၊ နေရာမှန် သစ္စာထိုက်မည့် ဓမ္မကံ အခံရှိရမည်။

ထိုအခါ-

မှားသူနှင့် မှန်သူ တွေ့စတွင် အမှားဘက်က နေရာယူထားသော်မှလည်း ရေရှည်ကျလျှင်ကား အမှန်ကသာ နေရာမှန် ဆက်ခံရပါသည့်ပမာ။

အရပ်သမားနှင့် အသွားသမား တစ်နေ့တခြား ကွဲပြားသွားပမာ။

သူ့အတားနှင့် သင့်အသွား ဓမ္မဓာတ်ကပင် ခွဲခြားပေလိမ့်မည် ဧကန်။

မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥဒ္ဒေသျဓမ္မသာမိထေရ်)



www.burmeseclassic.com

www.burmeseclassic.com



# မိရာလက်ပေါ် ပျော်တော့သည်

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း

တစ်ညနေခင်းတွင် ကျွန်တော့်တပည့် ရောက်လာပြန်ပါသည်။ သူ့လက်ထဲတွင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ရေးဖွဲ့သော 'ကဗျာ့နန်းတော်' စာအုပ် ပါလာပါသည်။ ကျွန်တော့်တပည့်ထိုင်မိသည်နှင့် ကျွန်တော်က ရှေးဦးစွာ စကား,စလိုက်ပါသည်။

"ကဗျာ့နန်းတော်စာအုပ်နဲ့ပါလား။ မှုဝေစရာကဗျာတွေ့လာပြီထင်တယ်"

"ဟုတ်ပါတယ် ဆရာ၊ မျှဝေစရာကဗျာတွေ့လာပါတယ်"

"ဘာကဗျာများလဲ တပည့်ရယ်"

"အကြွေးပေါမပူ သန်းထူမယားဘဝများ ဆိုတဲ့ ကဗျာပါ ဆရာ"

"အရပ်စကားမှာတော့ 'ကြွေးထူတော့မများ၊ သန်းထူတော့မယား' လို့ ရှိတယ်။ ဆရာတော်ဘုရားကြီးက အဲဒီစကားကိုယူပြီး ခေါင်းစဉ်ပေးလိုက်တာပါ။ ကဗျာဆရာက ဖန်တီးလိုက်တော့ တစ်မျိုးလှသွားတာပေါ့။ ကဗျာကို ဖတ်ပြပါဦး တပည့်ရယ်"

"ဟုတ်ကဲ့ပါဆရာ၊ ဖတ်ပြပါ့မယ်။

**ကြွေးပေါမပူ သန်းထူမယားဘဝများ**

ဒါနခန်းက လှူလမ်းပြ
လှမ်းရပေါင်းက များလှပြီ။

သီလထပ်လျှင် နတ်တစ်ခွင်
ကပ်ဝင်ခဲ့ပေါင်း များလှပြီ။

ဘာဝနာယှဉ် ပြဟ္မာသွင်
သင်ပေါင်း ဝင်ပေါင်း များလှပြီ။

အယုတ်သုံးသင်း အပါယ်သွင်း
ယွင်းပေါင်း ဆင်းပေါင်း များလွန်းပြီ။

၁။ လောဘရောင်ပြန် ပြိတ္တာဒဏ်
ခံရပေါင်းလည်း မနည်းပြီ။

၂။ ဒေါသအခိုး ငရဲထိုး
တိုးရပေါင်းလည်း မနည်းပြီ။

၃။ မောဟဟိတ်ခံ တိရစ္ဆာန်
ပြန်ရပေါင်းလည်း မနည်းပြီ။

ဘုံပေါင်းခသူ ကြွေးမြီထူ
ပူရမှန်းပင် မသိပြီ။

အပူပေါ်လမ်းလျှောက်
အခေါက်ခေါက်
ကြောက်ရမှန်းလည်း မသိပြီ။

ပူရမသိ ကြောက်မသိ
မိရာလက်ပေါ် ပျော်တော့သည်။"

"ကောင်းလိုက်တာ တပည့်ရယ်၊ 'ဘုံပေါင်းခသူ ကြွေးမြီထူ ပူရမှန်းပင်မသိပြီ' ဆိုတဲ့အဖွဲ့ကိုကြားရတော့ ကိုယ့်အဖြစ်ကိုတွေးပြီး သံဝေဂဖြစ်မိတယ်။ တပည့် စဉ်းစားကြည့်လေ။ ဆရာတို့တစ်တွေဟာ ဒါနကိုလည်းပြုကြတယ်၊ သီလကိုလည်း ဆောက်တည်ကြတယ်၊ ဘာဝနာကိုလည်း ပွားများကြတယ်။ အဲဒီကုသိုလ်မှုတွေကြောင့် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ ဆိုတဲ့ ဘုံအမျိုးမျိုးကို ရောက်ကြရတယ်။ ဒါပေမယ့် လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ်တရားတွေ ပူးကပ်ခံရပြီ ဆိုရင်တော့ ဆရာတို့တစ်တွေဟာ အပါယ်ဘုံတွင်း သက်ဆင်းကြရမှာ။ တွေးကြည့်ပါ၊ ကြောက်စရာကြီးနော်"

"ဆရာတော်ဘုရားကြီးက ကျွန်တော်တို့ကို ကိုယ့်အဖြစ်ကို သတိပြုမိတတ်စေဖို့ သတိပြုမိရာမှ တစ်ဆင့်တက်ပြီး သံဝေဂဖြစ်စေဖို့ ဒီကဗျာကို ရေးခဲ့တယ်ထင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ကိုယ့်အဖြစ်ကို သတိမပြုမိ



www.burmeseclassic.com

www.burmeseclassic.com

ကြဘူး ဆရာ။ သတိမပြုမိတော့ သံဝေဂ မရကြဘူးပေါ့။ သံဝေဂမရကြတော့ မကြောက်ကြဘူးပေါ့။ ဒါကြောင့်မို့ ဆရာတော်ဘုရားကြီးက 'အပူပေါ် လမ်းလျှောက် အခေါက်ခေါက် ကြောက်ရမှန်းပင် မသိပြီ' လို့ ရေးခဲ့တာဖြစ်မှာပါ ဆရာ"

"ဟုတ်တာပေါ့ တပည့်ရယ်။ ကြောက်ရမှန်းမသိလို့ ဆရာတို့တစ်တွေဟာ ရောက်ရာဘဝမှာ ပျော်နေကြတာပေါ့။ ဒါကိုသိလို့ ဆရာတော်ဘုရားကြီးက 'ပူရမသိ ကြောက်မသိ၊ မိရာလက်ပေါ် ပျော်တော့သည်' လို့ ရေးခဲ့တာပေါ့"

"ဒါ့ထက် ဆရာ၊ ကဗျာနောက်ပိုင်းမှာ ဆရာတော်ဘုရားကြီးက လောဘ၊ ဒေါသ၊ မောဟတရားတွေကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေရောက်ရပုံတွေကိုလည်း ရေးပြထားတယ်။ လောဘ၊ ဒေါသ၊ မောဟတရားတွေရဲ့ ယုတ်မာဆိုးဝါးပုံကို သတိပြုမိစေချင်လို့နဲ့ တူပါတယ်"

"ဟုတ်တာပေါ့ တပည့်ရယ်။ လောဘ၊ ဒေါသ၊ မောဟတရားတွေဟာ အကုသလမွေခေါ်တဲ့ မကောင်းတဲ့တရားတွေပါ။ ကဗျာထဲမှာပါတဲ့ 'လောဘရောင်ပြန် ပြိတ္တာဒဏ် ခံရပေါင်းလည်း မနည်းပြီ' ဆိုတဲ့ အဖွဲ့ကို ကြားရတော့ မန်လည်ဆရာတော်ဘုရားကြီး စီရင်တဲ့ 'မဃဒေဝလင်္ကာသစ်'မှာလာတဲ့ အဖွဲ့တစ်ခုကို သတိရမိတယ်"

"ဘယ်လိုအဖွဲ့လဲဆရာ၊ ပြောပြပါဦး"

"မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ် ပုတ္တောဝါဒခန်းမှာ လောဘ၊ ဒေါသ၊ မောဟတရားတွေကြောင့် ကပ်ကြီးတွေဆိုက်ရပုံကို ရေးပြထားတယ်။ ဆရာ စာအုပ်ယူပြီး ဖတ်ပြပါ့မယ်။

(ကျွန်တော်သည် စာကြည့်ခန်းအတွင်းရှိ စာအုပ်စင်သို့သွားပြီး မဃဒေဝလင်္ကာသစ်ကို ယူခဲ့ပါသည်။ ထို့နောက် လင်္ကာ (၂၈၇) ကို ရှာ၍ ဖတ်ပြပါသည်။)

*"လောဘတရား၊ စရိုက်များလျက်၊*
*ပြန့်ပွားမဆိတ်၊ ထိုကြောင်းဟိတ်*
*ကြောင့်၊ ဒုဗ္ဘိက္ခန္တရ၊ ကပ်ကြီးကျ၍၊*
*ငတ်ကြမွတ်ကြ၊ မဝရေစာ၊ တောင့်*
*တကာလျှင်၊ များစွာသေပျောက်၊*
*ပြိတ္တာရောက်၏။ မီးတောက်တမျှ၊*
*ဟုန်းဟုန်းထလျက်၊ ဒေါသဟိတ်*
*လွန်၊ ပြန့်ပွားဝှန်သော်၊ သတ္ထန္တရ၊*
*ကပ်ကြီးကျ၍၊ သတ်ကြဖြတ်ကြ၊*
*အာဃာတဖြင့်၊ သေထထိုမြောက်၊*
*ငရဲရောက်၏။ ထို့နောက် ဉာဏ၊*
*နည်းပါးကြကြောင်း၊ မောဟ*
*သဏ္ဍာန်၊ ထိုဟိတ်လွန်က၊*
*ရောဂန္တရ၊ ကပ်ကြီးကျ၍၊ များလှ*
*ရောဂါ၊ ဝေဒနာဖြင့်၊ ခန္ဓာပျက်သူ၊*
*လွန်ပြောထူလျက်. . . တဲ့"*

"ဆရာဖတ်ပြတာ ကြားရတာ လောဘ၊ ဒေါသ၊ မောဟတရားတွေကြောင့် ကပ်ကြီးသုံးဆိုက်ပုံကို ထင်ထင်ရှားရှားမြင်လာရတယ်။ နောက်ပြီးတော့ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ 'လောဘရောင်ပြန် ပြိတ္တာဒဏ် ခံရပေါင်းလည်း မနည်းပြီ' ဆိုတဲ့ အဖွဲ့ကိုလည်း ကြားယောင်လာတယ်"

"မန်လည်ဆရာတော်ဘုရားကြီးက ပုတ္တောဝါဒခန်းမှာပဲ လောဘ၊ ဒေါသ၊ မောဟတရားတွေကြောင့် ကပ်ကြီးတွေ ဆိုက်ရောက်ပုံကို နောက်တစ်မျိုးရေးပြခဲ့သေးတယ်။ အရေးကြီးတဲ့ အကြောင်းအရာမို့ (၂) ခါထပ်ပြီးရေးခဲ့တယ်လို့ဆိုနိုင်ပါတယ်။ ဆရာဖတ်ပြပါဦးမယ်။ (ကျွန်တော်သည် မဃဒေဝလင်္ကာသစ်၊ လင်္ကာ - ၂၃၄ လာအဖွဲ့ကိုရှာ၍ဖတ်ပြပါသည်။)

*"လူတို့လောဘ၊ ကြီးကာလ၌၊*
*ဒုက္ခိတဘေး၊ ငတ်မွတ်ရေးကြောင့်၊*
*ရှိဖွေးတောင်မျှ၊ ပျက်စီးကြ၏။*
*ဒေါသတရား၊ ပွားလတ်သော့ခါ၊*
*ဓားမိုးရွာသို့၊ သတ္တဝါလူပုံ၊ ပြောဟုံ*
*အမျက်၊ စစ်မက်ပြိုင်ခင်း၊ လက်*
*နက်ကျင်း၍၊ ချင်းချင်းသတ်ကြ၊*
*သွေးချောင်းကျ၏။ မောဟလွန်*
*ပြား၊ ဘီလူးစားသို့၊ ထူးခြားရောဂါ၊*
*ဝေဒနာဖြင့်၊ များစွာကပ်ရောက်၊*
*သေပျောက်လူရှင်၊ ထူပြောဖြင်၏-*
*တဲ့"*

"အခု ဆရာဖတ်ပြတဲ့ အဖွဲ့က လည်း တစ်မျိုးလှပါတယ် ဆရာ။ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တရားတို့ရဲ့ ဆိုးဝါးယုတ်မာပုံ ကွက်ကွက်ကွင်းကွင်းပေါ်လာပါတယ်။ အကြောင်းအရာတစ်ခုတည်းကိုပဲ အခုလိုနှစ်မျိုးဖွဲ့တာ၊ ဖွဲ့တဲ့အဖွဲ့တွေကလည်း လှတာဟာ ကဗျာဉာဏ်ကြီးတဲ့သူတွေသာလုပ်နိုင်တဲ့အလုပ်လို့ထင်ပါတယ် ဆရာ"

"ဟုတ်တာပေါ့ တပည့်ရယ်။ တပည့်ကပြောလာတော့ အကြောင်းတိုက်ဆိုင်လို့ မန်လည်ဆရာတော်ဘုရားကြီးရဲ့ ကဗျာဉာဏ်ကြီးပုံကို ပြောပြပါဦးမယ်။ မန်လည်ဆရာတော်ဘုရားကြီးဟာ ဘယ်အကြောင်းအရာကိုပဲဖွဲ့ဖွဲ့ ဖတ်သူရဲ့စိတ်ထဲမှာ အဲဒီအကြောင်းအရာကို မြင်ယောင်ယောင်၊ ကြားယောင်ယောင်ဖြစ်လာအောင်ဖွဲ့နိုင်စွမ်းရှိတယ်။ နောက်ပြီးတော့ အကြောင်းအရာတစ်ခုတည်းကိုပဲ ဘယ်လိုဖွဲ့ဖွဲ့၊ ဖွဲ့သမျှအဖွဲ့တွေကို၊ လင်္ကာတွေကို တစ်မျိုးစီလှအောင်ဖွဲ့နိုင်စွမ်းရှိတယ်။ အခု ဆရာတို့ ဆွေးနွေးနေတဲ့ လောဘ၊ဒေါသ၊မောဟ အကြောင်းကိုပဲ နောက်တစ်မျိုးဖွဲ့ပြခဲ့သေးတယ်"

"ပြောပြပါဦး ဆရာ"

"တပည့်လည်း ကြားဖူးမှာပေါ့။ လောဘကြီးသူတွေပေါများလာတဲ့အခါ မီးဖျက်လို့ ကမ္ဘာကြီးပျက်တတ်တယ်။ ဒေါသကြီးသူတွေ ပေါများလာတဲ့အခါ ရေဖျက်လို့ ကမ္ဘာကြီးပျက်တတ်တယ်။ မောဟကြီးသူတွေ ပေါများလာတဲ့အခါ လေဖျက်လို့ ကမ္ဘာကြီးပျက်တတ်တယ်။ အဲဒီသဘောကို မန်လည်ဆရာတော်ဘုရားကြီးက 'လောဘမီးဟူ၊ ဒေါသမူရေ၊ မောဟလေတည့်၊ သုံးတွေ့မူလ၊ ဤပါပဖြင့်၊ လောကအားလုံး၊ ထုံးလိုကြေညက်၊ ကမ္ဘာပျက်ဟု၊ ဆက်ဆက်ကျမ်းတွင်၊ ဟောမိန့်တင်ခဲ့' လို့ ဖွဲ့ဆိုခဲ့ပါတယ်"

"ကျေးဇူးပါ ဆရာ။ ဆရာပြောပြလို့ လောဘ၊ ဒေါသ၊ မောဟတရားတွေနဲ့ ပတ်သက်တဲ့ မန်လည်ဆရာတော်ဘုရားကြီးရဲ့ အဆိုအမိန့်တွေကိုလည်း ကြားရပါပြီ။ ဆရာတော်ဘုရားကြီးတွေရဲ့ ကျေးဇူးတွေဟာ အင်မတန်ကြီးလှပါတယ်"

"ဆရာတော်ဘုရားကြီးတွေက ဆရာတို့တစ်တွေကို အစဉ်သနားပြီး အခုလို ဆိုဆုံးမခဲ့ကြပေမယ့် ဆရာတို့တစ်တွေက အဲဒီအဆုံးအမတွေကို နှလုံးမသွင်းတတ်ကြဘူး။ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရေးဖွဲ့ထားသလို ပူရမသိ ကြောက်မသိ၊ မိရာလက်ပေါ် ပျော်နေကြတော့တာပဲ"

"အဲဒီလို ပျော်နေရင်တော့ ဘုံပေါင်းခသူ ကြွေးထူတဲ့သူတွေ ဖြစ်နေဦးမှာပဲ ဆရာ"

ကျွန်တော့်တပည့်သည် ထိုသို့ပြောပြီးနောက် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားပါတည်း။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com


နေနှင့်လတို့သည် ကမ္ဘာဦးလူသားတို့၏မျှော်လင့်ရာ၊ တမ်းတ,ရာ၊ အားထားရာ၊ မှီခိုရာ သဘာဝဂြိုဟ်ကြီးများ ဖြစ်၏။ ထို့နောက် ဘာသာတရားများ ယုံကြည်ရာများဖြင့် ယဉ်ကျေးသောခေတ်ကာလသို့ ရောက်လာသောအခါတွင်လည်း သမထများ၏အဓိပ္ပာယ်ဖွင့်ဆိုရာ၊ စီမံစရာတွေ ဖြစ်နေပြန်၏။ စင်စစ် နေနှင့်လသည် ကမ္ဘာနှင့်ပတ်သက်နေသော ဂြိုဟ်ကြီးများလည်း ဖြစ်၏။



ဆရာသခင်တို့၏စကားစုများ

# နေမင်း၊လမင်း အဟိန်းဂါထာတော်

ဦးအောင်သုခ



ယနေ့ သမထလမ်းဖြင့် ပါရမီစခန်းသို့ မြန်းကြပြီးခဲ့ကြသော အရှင်မြတ်ကြီးကလည်း လက်ဝဲသိဒ္ဓိ၊ လက်ယာသိဒ္ဓိအဖြစ် နေနှင့်လကို ဖွင့်ဆိုခဲ့ကြတော်မူခဲ့လေသည်။ နေနှင့်လကို အခြေခံပြု၍ အစီအရင်နှင့်အဆောင်များကို ပြုကြလေသည်။ ကျွန်ုပ်၏အိမ်မှာပင်လျှင် နောင်တော်ကြီး ကိုဆန်းနိုင်၏ အစီအရင်ဖြင့် နေနှင့်လ အလံနှစ်ခုကို ပြုကာ ဗုဒ္ဓရှင်တော်မြတ်ကြီး၏အဆောင်တော်တွင် ထူထားခဲ့ဖူး၏။ သစ္စာဝါဒီ၊ မေတ္တာဝါဒီ သမထပုဂ္ဂိုလ်တို့ကလည်း နေမင်းကြီးကို 'သစ္စာ'၊ လမင်းကြီးကို 'မေတ္တာ' ဟူ၍ ကိုယ်စားပြုကြ၏။ သမထသစ္စာပြု၍ ထူးကြသူများအနက် အလွန်ထင်ရှားသူတို့ကလည်း မိမိတို့၏သစ္စာကို အထူးအားကိုးကြ၏။ အားကိုးလောက်အောင်လည်း သူတို့၏လုပ်ငန်းများကို သစ္စာထိုက်အောင် အထူးပြုလုပ်ဆောင်ရွက်ကြ၏။ ထို့အတူ မေတ္တာဝါဒီ သမထရှင်တို့ကလည်း မိမိတို့လုပ်သမျှ မေတ္တာ ထိရောက်အောင် ပို့၍ မေတ္တာထား၍ ပြုလုပ်ဆောင်ရွက်လေ့ရှိကြ၏။


ယခုခေတ် အလွယ်လိုက်သူ အချို့၊ အလွယ်ကြိုက်သူအချို့တို့ကလည်း မှန်တာပြောသစ္စာဟု ဆိုကြပြီး မိမိတို့၏စိတ်၌ ထင်ရှား စွဲငြိလျက်ရှိသောကိစ္စတို့ကို အထူးထားပြီး သစ္စာဆိုကြ၏။ ကောင်းသောအလုပ်ကိုလည်း သစ္စာပြုကြ၏။ မကောင်းသောအလုပ်ကိုလည်း သစ္စာထားကြ သစ္စာပြုကြ၏။ 'သစ္စာ'




www.burmeseclassic.com

www.burmeseclassic.com







သည် စေတနာကို အရင်းခံသည်ကို သစ္စာပြုသူတိုင်း သိစေချင်ပါသည်။ များသောအားဖြင့် ယနေ့ခေတ် လူအချို့သည် 'မှန်တာလုပ် သစ္စာ' ဟု ဆိုကာ မိမိတို့က စေတနာဆိုးဖြင့်လုပ်၍ လူများ၊ သတ္တဝါများ ဒုက္ခရောက်ခဲ့ရသော အလုပ်များကို သစ္စာဆိုကြ၏။ မှန်ကားမှန်၏။ ဆိုးသောစေတနာကို အရင်းခံလျက် ပြုလုပ်ခဲ့ပြီး ဆိုးကျိုးတို့ကို ပွားများစေခဲ့သောလုပ်ရပ်ကြောင့် ဆိုးကျိုးဖြစ်စေသောကိစ္စတို့နှင့် ပြုလုပ်သူ,သစ္စာဆိုသူတို့အား လည်းကောင်း ဆိုးကျိုးပေးလေမည်ကို မတွေးမိကြ။ စင်စစ် သာသနာတော်တွင်းကာလဖြစ်သောကြောင့် သစ္စာပြုကြရာတွင် သာသနာတော်ကို အကြောင်းရင်းခံပြုသော 'သမ္မာသစ္စာ' ဖြစ်ရန် အထူး လိုအပ်၏။ သမ္မာသစ္စာသည် အလုပ်နှစ်ခုကို ပေါင်းစည်းထားခြင်း ဖြစ်၏။ ကောင်းသောစေတနာဖြင့် သာသနာတော်နှင့်အညီ လုပ်ခဲ့ဖူးသောအလုပ်သည် 'သမ္မာ' ဖြစ်ပြီး ထိုအလုပ်ကို ကောင်းမြတ်သော စေတနာဖြင့် အောင်မြင်သည်အထိ ပြုလုပ်ခဲ့ကြောင်း အမှန်ဆိုသောစကားသည် 'သစ္စာ' ဖြစ်၏။ ထို့ကြောင့် သမ္မာသစ္စာဖြစ်ရန် လိုအပ်သည်ဟု စာရေးသူက ဖော်ထုတ်သတိပေးခြင်း ဖြစ်၏။

သစ္စာဆိုကြရာတွင် လွယ်၏။ ပါးစပ်ဖွင့်၍ နှုတ်ထွက်၍လည်း ဆိုနိုင်၏။ စိတ်ထဲမှလည်း စိတ်ဖြင့်သစ္စာဆိုနိုင်၏။ သို့သော် သမ္မာဖြစ်ဖို့ရန် ခဲယဉ်းလှ၏။ သမ္မာဖြစ်ဖို့ရန် အထူး ကြိုးစားရ၏။ သမ္မာအဖြစ်ပြုရာတွင် တစ်ခါတည်း ပါရမီလည်း ဖြစ်၏။ သတိထားလေ၊ အသိကပ်လေ သိသာလေ ဖြစ်၏။ အရာရာကိုလည်း သစ္စာပြုရာသည် မဟုတ်။ သစ္စာပြုမှ အောင်မြင်နိုင်သောအလုပ်ကိုသာ သစ္စာပြုအပ်၏။ သာသနာတော်နှင့်ဆိုင်သော အလုပ်ကိုသာ သစ္စာပြုအပ်၏။

သစ္စာပြုမည့်သူသည် သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံရန် လိုအပ်၏။ အခြေခံပြည့်စုံအပ်သော သီလ၊ သမာဓိ၊ ပညာတို့ကို ဖော်ပြလိုပါသည်။

သီလ အစားစားရှိသည့်အနက် အနည်းဆုံး-

၁။ ငါးပါးသီလဖြင့် ပြည့်စုံရမည်။
၂။ ပဋိပတ္တိဖြင့် ရအပ်သော သမ္မာသမာဓိ ဖြစ်ရမည်။
၃။ အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့် တကွ ဖြစ်သော ပညာမျိုး ရှိရမည်။
၄။ မိမိ သစ္စာဆိုမည့် အလုပ်သည် ကောင်းမြတ်သော၊ သမ္မာစေတနာနှင့်ဆိုင်သောအလုပ်မျိုး ဖြစ်ရပါမည်။

အထက်ဖော်ပြပါ သစ္စာဆိုနည်းကား ကျေးဇူးတော်ရှင် ဘရသေ့က ကျွန်ုပ်အား သင်ကြားပေးသောနည်း ဖြစ်ပါသည်။

သစ္စာဆိုစရာ အကြောင်းအမျိုးမျိုး ရှိကြပါလိမ့်မည်။ ထိုထိုသော အကြောင်းကြောင်းတို့ ရှိကြသော်လည်း ယနေ့ လူကြီးများမှစ၍ လူငယ်များအထိ အလွယ်တကူ သစ္စာပြုနိုင်သော သမ္မာသစ္စာတစ်ခုကို ပညာရှိ သူတော်ကောင်းများက ဖန်တီးပေးခဲ့သည်။ ထိုသစ္စာအကြောင်းကို ပညာရှိ သူတော်ကောင်းများက ဖော်ထုတ်ပြီး ပျံ့နှံ့စေခဲ့၏။

နေဓာတ်နှင့် လဓာတ်တို့သည် ကမ္ဘာဦးဓာတ်ဟု ဂမ္ဘီရပုဂ္ဂိုလ်တို့က ဆိုကြ၏။ ကျွန်ုပ်၏ဆရာသခင်လည်း ထိုသို့ပြောခဲ့ဖူး၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုစဉ်က နာမည်ကျော်ပြီး ယခုထိတိုင်အောင် ဂမ္ဘီရပုဂ္ဂိုလ်တို့၏ကိုးကွယ်မှုကို ခံယူနေရသော ယက္ခန်းစင်တောင်ဆရာတော်အရှင်မြတ်ကြီးက နေဓာတ်၊ လဓာတ် အစီအရင်ဖြင့် တပည့်ဒကာများ၏အခက်အခဲများ၊ နိုင်ငံတော်၏အခက်အခဲများအား ဖြေရှင်း ကူညီတော်မူဖူးသည်ဟု ဂမ္ဘီရပညာကို လိုက်စားကြသူအချို့က ဆိုကြ၏။ မည်သို့ဆိုစေ နေဓာတ်နှင့် လဓာတ်ကို ဂမ္ဘီရပညာရှင်တို့ ပစ်ပယ်၍ကား မရကောင်းပေ။

တစ်နေ့တွင် ကျွန်ုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏စနေထောင့်တွင် ရှိသော နေ့,လ စေတီတော်၌ အမိဌာန်ဝင်လိုစိတ်များ ပြင်းပြ၍လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ရင်ပြင်တော်ရှိ ထို နေ၊ လ စေတီတော်သည် ရှေးဟောင်းစေတီတော် မဟုတ်ဘဲ ယက္ကန်းစင်တောင်ဆရာတော်ကြီး၏ တပည့်များက ဓာတ်ပေါ်၍ တည်ကြသည်ဟု ကြားဖူးပါသည်။ စေတီတော်၏ဂူတော်တွင် ယက္ကန်းစင်တောင်ဆရာတော်ကြီး ကိုးကွယ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်၏ ဆင်းတုတော်တစ်ဆူကို အပူဇော်ခံထားပါသည်။ ဟုတ်သည်၊ မဟုတ်သည်ကို ကျွန်ုပ် မတွေးပါ။ အပူဇော်ခံထားသော ဗုဒ္ဓဆင်းတုတော်မြတ်သည် လွန်စွာသပ္ပာယ်၍ ကျွန်ုပ်သည် ရွှေတိဂုံစေတီတော်ပေါ် ရောက်စဉ် ထိုနေ့လစေတီတော်သို့ အမြဲ ဝင်၍ဆင်းတုတော်မြတ်အား ကန်တော့ ကြည်ညို လေ့ရှိပါသည်။ ထိုအခါများက အဓိဋ္ဌာန်ဝင်ရန် လုံးဝ မစဉ်းစားမိပါ။ အမိုးမရှိ၊ အကာမရှိ နေထွက်လျှင်ပူ၊ မိုးရွာလျှင် ရွှဲနိုင်သောနေရာဖြစ်၍ အဓိဋ္ဌာန်ကြာရှည်ဝင်ရန် မကောင်းလှပါ။ သို့သော် နံနက်ပိုင်းနှင့် နေဝင်ချိန်နောက်ပိုင်းတွင် ပူဇော်ကန်တော့ကြသူ အလွန်စည်လှပါသည်။ ထိုစည်ကားလျက်ရှိသော လူအုပ်စုထဲတွင် ကျွန်ုပ်သည်လည်း အခါအားလျော်စွာ ပါဝင်လေ့ရှိပါသည်။


တစ်နေ့တွင် ကျွန်ုပ်သည် အကောင်းဆုံးအချိန်ဖြစ်သော နံနက်စောစောအချိန်ကို ရွေး၍ အဓိဋ္ဌာန်ဝင်ရန် တင်လိုက်ပါသည်။ ကျွန်ုပ်က လူရှောင်သလို နေရှောင်ခြင်းလည်း ဖြစ်ပါသည်။ နေထွက်ချိန်မတိုင်မီ အဓိဋ္ဌာန်တစ်ရက် အပြီးဖြစ်စေပါသည်။ ထုံးစံအတိုင်း ဂုဏ်တော်ကိုးပါးကို တစ်ပါးလျှင် တစ်ပတ်နှုန်း၊ တစ်ရက်လျှင် ကိုးပတ်၊ အဓိဋ္ဌာန်ရက် ကိုးရက်တင်ကာ ထိုနေ့ကပင်စတင်ခဲ့ပါသည်။ စောစောစီးစီးအချိန်လည်းဖြစ်၊ ဆောင်းတွင်းလည်းဖြစ်၍ ပုတီးစိပ်၍ အလွန်ကောင်းပါသည်။

ကိုးရက်ပြည့်သောနေ့ ဖြစ်ပါသည်။ အဓိဋ္ဌာန်အောင်သောနေ့ဖြစ်၍ ပုတီးစိပ်ပြီးနောက် (၃၁) ဘုံကို အထူးပင်အာရုံပြုလျက် အမျှပေးဝေပါသည်။ အမျှဝေနေရင်းမှာလည်း အလွန်ပင် အာရုံငြိမ်ပါသည်။ ကျွန်ုပ်၏အမျှပေးဝေမှုဆုံးသည်နှင့် ကျွန်ုပ်နောက်နားမှ ကြေးစည်သံလွင်လွင်လေးနှင့် အားပါးတရ သာဓုခေါ်လိုက်သံကို သုံးကြိမ်တိတိ ကြားလိုက်ရသည်။ ကျွန်ုပ်သည် ကြက်သီးမွေးညင်းများပင် ထမိပါသည်။ ထို့နောက် ကျွန်ုပ်သည် နောက်ဘက်သို့ ရုတ်တရက်လှည့်မကြည့်ရဲပါ။ ထိုပုဂ္ဂိုလ်၏အောင်မြင်လှသောအသံကြောင့် ဖြစ်ပါသည်။ တဖြည်းဖြည်းဖြင့် မော့ကြည့်လိုက်သောအခါ အရပ်ထောင်ထောင်မောင်းမောင်းဖြင့် လွန်စွာတင့်တယ်လှသော ရသေ့ကြီးတစ်ပါး ဖြစ်နေပါသည်။ ရသေ့ကြီးသည် အသက်ကြီး၍ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ဖြူဆွတ်ရှည်လျားနေပါသော်လည်း ထောင်ထောင်မောင်းမောင်း၊ ကျန်းကျန်းမာမာရုပ်သွင်ရှိသည့်အပြင် အညိုရင့်ရောင် သင်္ကန်းတော်ကို သပ်သပ်ရပ်ရပ် ဆင်မြန်းထားပါသည်။ လက်ထဲတွင်လည်း တောင်ဝှေးနှင့် ကြေးစည်သေးသေးလေးကို ကိုင်ထား၏။

"အဓိဋ္ဌာန် (၉) ရက်အောင်တဲ့နေ့မှာ ပို့သတဲ့မေတ္တာကြောင့် သာဓုကို စိတ်အေးချမ်းသာခေါ် ရတယ်ကွယ့်။ ငါ့သားကိုလည်း အဓိဋ္ဌာန် အောင်မြင်အောင်အားထုတ်နိုင်တဲ့အတွက် ယက္ကန်းစင်တောင်ဆရာတော်ကြီးရဲ့ နေ၊ လ ဂါထာတော်မြတ်ကို ပေးရပေမကွယ့်"

ဟု ဆိုလာပါသည်။

ကျွန်ုပ် အဓိဋ္ဌာန် (၉) ရက်ဝင်နှင့်ဒီနေ့ အဓိဋ္ဌာန် (၉) ရက်ပြည့်တာကို ဘရသေ့ ဘယ်လိုသိပါလိမ့်ဟု တွေးမိ၏။ ကျွန်ုပ်အဓိဋ္ဌာန်ဝင်သည့်နေ့၊ အောင်မြင်သည့်နေ့များကို ကျွန်ုပ် စောစောက မေတ္တာပို့ရင်း ကြေညာမိသည်လား ပြန်တွေးမိ၏။ ဘာကြောင့်ပဲသိသိ၊ ဂါထာမန္တန်ဆိုလျှင် ငမ်းငမ်းတက် သိလိုသော ကျွန်ုပ်အတွက် အဘရသေ့ကြီးထံမှ အဓိဋ္ဌာန်အောင်ပွဲ အမှတ်တရအဖြစ် ယူလိုက်မိ၏။









www.burmeseclassic.com

www.burmeseclassic.com



“ချီးမြှင့်တော်မူပါ အဘ”

ဟု ကျွန်ုပ်က တောင်းမိ၏။

ဘရသေ့ကြီးက လက်ထဲမှကြေးစည်လေးအား အသာထုလိုက်ပြီး-

“စက္ကဝတ္တိကော ကုသရော ပုဂ္ဂလော ဆိုတာက နေမင်းဂါထာတော်ကွယ့်”

နောက် ကြေးစည်လေးကို တစ်ချက် သာသာထပ်ထုလိုက်ပြီး-

“စက္ကဝတ္တိကော ကုသရော ပုဂ္ဂလော ဆိုတာက လမင်းဂါထာတော်ကွယ့်”

ဟု အသံနေ အသံထားဖြင့် ရွတ်ဆိုပြတော်မူလေသည်။

ကျွန်ုပ်သည် ဘရသေ့ကြီးရှေ့တွင် ကျုံ့ကျုံ့လေးထိုင်ရင်း နေမင်းဂါထာတော်နှင့် လမင်းဂါထာတော်ကို မှတ်မိလိုမှတ်မိငြား တွေးမိ၏။ မမှတ်မိသေး။

ထိုအခါ အဘရသေ့ကြီးက နေ့လစေတီတော်မြတ်ကြီးရှိ နေဝန်းသင်္ကေတ စက်ဝန်းကြီးနှင့် လမင်း သင်္ကေတ စက်ဝန်းကြီးကို လက်ညှိုးထိုး ညွှန်ပြတော်မူပြီး-

“နေမင်းစက်ဝန်းထဲမှာ နေမင်းဂါထာတော်ရှိတယ်။ လမင်းစက်ဝန်းထဲမှာ လမင်းဂါထာတော် ရှိတယ်။ လူလေး ဖော်စားပေတော့”

ဟု မိန့်တော်မူကာ လိုရာသို့ကြွရန် တစ်ဖက်သို့လှည့်တော်မူလေသည်။

ကျွန်ုပ်လည်း ဘရသေ့ကြီး ညွှန်ပြတော်မူသည့် နေဝန်းနှင့် လဝန်း သင်္ကေတစက်ဝန်းကြီးထဲရှိ စာတွေကို ဖတ်ကြည့်ရာတွင် အထက်ပါစာသားများကိုတွေ့ရပါသည်။ ကျန်စာသားများမှာ ဆုတောင်းပတ္ထနာပြုသော စာသားများ ဖြစ်ပါသည်။ ကျွန်ုပ်သည် အဘရသေ့ကို လှည့်၍ကြည့်လိုက်ရာ အဘရသေ့ကြီး မရှိလေတော့။ ထွက်သွား၍ ခပ်ဝေးဝေးသို့ပင် ရောက်နေလေသည်။

ကျွန်ုပ်သည် ဘရသေ့ကြီးအား အနီးဆုံးလက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်သို့ပင့်၍ နံနက်ဆွမ်းနှင့် အာဟာရများ ဆက်ကပ်ရန် ရသေ့ကြီးထံ ခပ်မြန်မြန် ခပ်သွက်သွက် လျှောက်လှမ်းခဲ့သေး၏။ သို့သော် ဘရသေ့ကြီးသည် လူအုပ်တွင် ရောနှောဝင်ရောက်သွားပြီး ကျွန်ုပ်သည် ဘရသေ့ကြီးအား မျက်ခြည်ပြတ်သွားတော့၏။

ကျွန်ုပ်သည် နေ့လစေတီတော်သို့ တစ်ခေါက်ပြန်လာ၍ ဘုရားဝတ်ပြုပြီး အထက်ပါဂါထာတော်နှစ်ပုဒ်ကို နေမင်းစက်ဝန်းနှင့် လမင်းစက်ဝန်းထဲရှိ စာသားများကို ကြည့်ပြီး အလွတ်ရသည်အထိ ကျက်ရွတ်ခဲ့၏။ အလွတ်လည်း ထိုနေ့မှာပင် ရခဲ့သည်။ ထို့နောက် ထိုနေမင်းဂါထာ၊ လမင်းဂါထာကိုပင် နေမင်းကို အာရုံပြု၍ (၉) ရက်၊ လမင်းကိုအာရုံပြု၍ (၉) ရက် အဓိဋ္ဌာန် ဝင်ခဲ့ပါသေး၏။

နေမင်းနှင့်လမင်းကိုလည်း အာရုံတွင် ပေါ်လာသည်အထိ အာရုံပြုပြီး နေမင်းကြီးနှင့်တကွ နေရောင်ခြည်နှင့် ထိတွေ့ခံစားရသမျှသော သတ္တဝါဝေနေယျအားလုံးတို့အား မေတ္တာပို့ပါ၏။ ထို့အတူ လမင်းကြီးနှင့်တကွ လရောင်ခြည်နှင့်တွေ့ထိခံစားရသမျှသော ဝေနေယျသတ္တဝါအားလုံး၊ (၃၁) ဘုံသားအားလုံးတို့ကိုမေတ္တာပို့၏။ ထိုအဓိဋ္ဌာန်ကြောင့်ဟု၍ ထင်ပါသည်၊ ကျွန်ုပ် အာနာပါနပြုသည့်အခါ စဦးချိန်ပိုင်းကလေးတွင်လည်းကောင်း၊ အိပ်ပျော်ခါနီးအချိန်မျိုးတွင် လည်းကောင်း နေမင်းပုံ ဖြစ်စေ၊ လမင်းပုံဖြစ်စေ အာရုံထဲတွင် ကြည်လင်စွာ ပေါ်လာတတ်ပါသည်။ အာရုံမပြုဘဲ ပေါ်လာတတ်ခြင်း ဖြစ်ပါသည်။

ယခု ဤစာရေးနေချိန်တွင်မူ မနည်းကြီး အာရုံပြုပါမှ ရံဖန်ရံခါ ပြန်၍ပေါ်လာတတ်ပါသည်။

နေကသိုဏ်း၊ လကသိုဏ်း ဖြစ်ဟန်တူပါသည်။ အနည်းဆုံးတော့ နေကသိုဏ်း၊ လကသိုဏ်းနှင့် ဆင်တူသော သမထဂမ္ဘီရကျင့်စဉ်တစ်ခု ဖြစ်ပါလိမ့်မည်။ ယင်းသည် မိမိကိုယ်ကို သိဒ္ဓိတင် အဟိန်းဂါထာတော် ဟူ၍လည်း တတ်သိသူတို့က ဆိုကြပါသည်။ ကျင့်ကြည့်မှ ကိုယ်တိုင်သိကြရပါလိမ့်မည်။

ဦးအောင်သုခ



www.burmeseclassic.com

www.burmeseclassic.com



အုတ်လှေကား၊ မြေထိန်းနံရံနှင့် ကျောက်ကမ်းပါးယံတို့အကြား ခံ့ညားသပ္ပာယ်စွာ တည်ဆောက်ထားသော ထမ့်ပိုးမွှန်ဘုရားကျောင်းတော်

# ထမ်းပိုးမွှန်ဂူဘုရား

## တမင်္ဂလာတဖိုလ်၊ ရစေသား

## ဒေါက်တာဒေါ်နု(တောင်ကြီး)

တောင်ကြီးမြို့မှ အရှေ့ဘက်အချပ် (၁၂) မိုင်ခန့်အကွာတွင် ဟိုပုံးမြို့ တည်ရှိပါသည်။ အဆိုပါ လမ်းမပေါ်ရှိ အမှတ် (၉) မိုင်တိုင်၏ဘယ်ဘက်တွင် တောင်-မြောက် တန်းနေသော ထုံးကျောက်တောင်မကြီးနှစ်လုံး စဉ်လျက် တည်ရှိရာ ပထမတောင်ကို အရပ်အခေါ် အားဖြင့် 'ဦးဂန္ဓမာတောင်' ဟုခေါ်ပြီး မြောက်ဘက်ရှိ ဒုတိယတောင်အား 'ဦးဥတ္တမတောင်' ဟု ခေါ်ကြပါသည်။

ဦးဂန္ဓမာတောင်၏အနောက်ဘက် မျက်နှာစာတွင် ပေ (၁၅၀) ကျော် မြင့်သော ကျောက်နံရံကြီး ပေါ်ထွန်းလျက်ရှိပြီး ထိုကျောက်သားမျက်နှာပြင်၏အခြေတွင် ထမ့်ပိုးမွှန်ဘုရားကိန်းဝပ်တော်မူရာ ထမ့်ပိုးမွှန်ဂူ တည်ရှိပါသည်။

ဒဏ္ဍာရီပုံပြင်လာအရ အဆိုပါ ထုံးကျောက်ဂူကြီးသည် ရှေးယခင်က တောင်ကြီးမြို့ အနောက်တောင်ဘက်ရှိ မုန်တဝဂူ၊ ပင်းတယမြို့ ရွှေဥမင်ဂူနှင့် ပုဂံနေပြည်တော်တို့အထိ ခရီးပေါက်ရောက်သည်ဟု ဆိုစမှတ်ပြုခဲ့ကြသည်။ အဆိုပါ ထုံးကျောက်ဂူကြီးအတွင်း ကောင်းကင်တွင် ပျံသန်းနိုင်သော နွား



ထမ့်ပိုးမွှန်ဂူဘုရား၏အတွင်းဘက်မြင်ကွင်း



မူလ ထမ့်ပိုးမွှန် ဗုဒ္ဓရုပ်ပွားတော်ကြီး




www.burmeseclassic.com


www.burmeseclassic.com

ပျံ့ညီနောင်တို့ နေထိုင်ကြပါသတဲ့။


တစ်နေ့သောအခါ ဦးဂန္ဓမာ တောင်ခြေတွင် မုဆိုးမကြီးတစ်ဦး စိုက်ပျိုးထားသော ယာခင်းကို အဆိုပါ နွားပျံ့ညီနောင်တို့က ဝင်ရောက် ဖျက်ဆီးစားသောက်ပစ်ကြပါသတဲ့။ မုဆိုးမကြီး၏သားများက လိုက်လံ မောင်းထုတ်သောအခါ နွားပျံ့ညီနောင်တို့က ထုံးကျောက်ဂူကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသတဲ့။ ထိုအခါမှ အဆိုပါ ကျောက်တောင်ခြေတွင် ထုံးကျောက်ဂူကြီးတစ်ခု တည်ရှိနေမှန်း ဒေသခံများက သိရှိသွားကြပါသတဲ့။ ညရောက်သောအခါ မုဆိုးမကြီး၏အိပ်



မြင့်မားကြီးခိုင်လှသော
ကျောက်နံရံကြီး၏အခြေရှိ ပုခက်ဂူနှင့်
ထမ့်ဝိုးမွန်ဘုရားကျောင်းတော်




ကျောက်ပလ္လင်ဆွယ်ပေါ်တွင် တည်ထားသော သီလဝါးပါးစေတီတော်နှင့် အရံစေတီများ



ထမ့်ဝိုးမွန်ဂူကျောင်းမှ
ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်



ထီးဖြူတော်ဖြင့် ပူဇော်ထားသော
ရပ်တော်မူ ရုပ်ပွားတော်တစ်ဆူ



တင့်တယ်သပ္ပာယ်နေတော်မူသော
ဘူမိဖဿမုဒြာရှင် ဗုဒ္ဓရုပ်ပွားတော်




www.burmeseclassic.com

www.burmeseclassic.com



တော်၏အနီးကပ်မြင်ကွင်းနှင့် ဂူအမိုးထိပ်တွင် ထုဆစ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်များ



ကျောက်သားနံရံပေါ်တွင် ဆေးရေးပန်းချီကျောင်းဆောင်များဖြင့် အေးချမ်းစွာ ကိန်းဝပ်စံပယ်တော်မူနေကြသော ဗုဒ္ဓရုပ်ပွားတော်များ





လက်ယာဘက် ဂူနံရံပေါ်မှ လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်

မက်ထဲတွင် နွားပျံညီနောင်တို့ ပေါ်လာကြပြီး-

'အဘွားရဲ့ယာခင်းကို ကျွန်ုပ်တို့ ဖျက်ဆီးခဲ့တာ အဘွားစိတ်ဆိုးပါသလား'

ဟု မေးကြပါသတဲ့။

မုဆိုးမကြီးကလည်း သဘောရိုးဖြောင့်တဲ့သူဖြစ်၍-

'ငါစိတ်မဆိုးပါဘူး'

ဟု ပြန်ဖြေလိုက်သောအခါ-

'ကျွန်တော်တို့က အဘွားရဲ့စိတ်ကို စမ်းတာပါ။ အဘွား စိတ်မဆိုးဘူးဆိုရင် ကျွန်တော်တို့ အဘွားထံမှာ အကူအညီတစ်ခုတောင်းချင်ပါတယ်'

ဟု ဆိုပြန်ရာ-

'ငါဘာလုပ်ပေးရမလဲ-ပြော'

ဟု မေးလိုက်ရာ-

'ကျွန်တော်တို့နေတဲ့ဂူမှာ ဘုရားတစ်ဆူတည်ချင်ပါတယ်။ အဘွားတည်ပေးမယ်ဆိုရင် ကျွန်တော်တို့ပြတဲ့နေရာမှာ အဘွားကိုယ်တိုင်တူးမှ ရမယ့် ရတနာတွေ ရှိနေတယ်။ ကျွန်တော်တို့ နေရာပြပါ့မယ်'

ဟု ဆိုကြသောအခါ မုဆိုးမကြီးက ဘုရားတည်ပေးနိုင်ကြောင်း ကတိပြုနိုင်ခဲ့သဖြင့် ယနေ့ ကျွန်ုပ်တို့ဖူးမြော်နေရသော မုဆိုးမဘုရား ခေါ် ထမ့်ဝိုးမွန်ဘုရား ပေါ်ထွန်းလာခြင်း ဖြစ်ပါတော့သည်။

ထမ့်ဝိုးမွန် ဆိုသည်မှာ ရှမ်းဘာသာအသုံးအနှုန်းဖြစ်ပြီး နွားဖြူတို့၏ဂူဟု အဓိပ္ပာယ်ရပါသည်။ ဂူဝသည် အောက်ခြေတွင် ပေ (၃၀) ခန့် ကျယ်ဝန်းသည်။ အထက်သို့ ပေ (၅၀) ခန့်မြင့်မားပြီး အရှေ့ဘက်မှ လက်ယာဘက်အောက်ခြေသို့ ကွေ့ဝိုက်သွားပါသည်။ ယခင် ဘုန်းကြီးအိုကြီးလက်ထက်တွင်



ပုခက်ဂူနှင့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ

www.burmeseclassic.com


www.burmeseclassic.com



ကျောက်သားနံရံနှင့် ပန်သင့်လာသော ဗုဒ္ဓရုပ်ပွားတော်များ



ထုံးကျောက်နံရံထက်မှ ပလ္လင်ခံနှင့် စံပယ်တော်မူနေကြကုန်သော လေးဆူသောဘုရားများ



ထမ့်ဝိုးမွန်ဗုဒ္ဓရုပ်ပွားတော်၏ပလ္လင်အခြေမှ အစဉ်အတန်းလိုက် သီတင်းသုံးနေတော်မူကြကုန်သော ဗုဒ္ဓရုပ်ပွားတော်များ



ပအိုဝ်မတောင်နှင့် ရွှေပေါင်းဘုရား ပုထိုး စေတီတော်များ၏ အဝေးမြင်ကွင်း

ဂူပေါက်ဝကို ပိတ်ပစ်ခဲ့ရာ ရုပ်ပွားတော်ကြီး၏နောက်ကျော အောက်ဘက်သို့ (၁၀) တောင်ခန့်သာ ဂူပေါက်ဝ ကျန်ရစ်ပါတော့သည်။

ဂူပေါက်ဝ၏ဗဟိုတည့်တည့်တွင် ဉာဏ်တော် (၂၅) ပေခန့်မြင့်သော ထမ့်ဝိုးမွန်ဗုဒ္ဓရုပ်ပွားတော်ကြီးအား ထုဆစ်ပူဇော်ထားပြီး လက်ဝဲနှင့်လက်ယာဂူနံရံတို့တွင် (၁၃၇) ဆူသော ဗုဒ္ဓရုပ်ပွားတော်များအား ရုပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူ စသည်အားဖြင့် အထူးထူးသော မုဒြာများဖြင့် သူ့နေရာနှင့်သူ အချိုးကျ သပ္ပာယ်လှစွာ ထုဆစ်ပူဇော်ထားပါသည်။ ဂူပေါက်ဝအား ပိတ်ငုံ၍ ဘုရားကျောင်းဆောင်အဖြစ် တည်ဆောက်ထားပါသည်။

ဂူကျောင်း၏ တောင်ဘက်ကပ်လျက်၊ ကျောက်တောင်ကြီး၏မျက်နှာစာတွင် ဒဏ္ဍာရီထဲမှ နွားပျံညီနောင်၏ ရုပ်တုကို ထုဆစ်ထားပြီး စပါးတောင်းနှင့် သောက်ရေခွက်များ စီစဉ်ပေးထားသည်ကို တွေ့ခဲ့ရပါသည်။ ထမ့်ဝိုးမွန်ကျောင်းထိုင်ဆရာတော်က ဤနွားပျံညီနောင်တို့၏ရုပ်တုကို ထုဆစ်လှူဒါန်းပြီးချိန်မှစ၍ ထမ့်ဝိုးမွန်ဘုရားအား ပြုပြင်မည့် ဒကာများ အလျှိုလျှိုပေါ်လာကြပြီး ဂူပေါက်ဝအောက်ဘက်ရှိ မြေထိန်းနံရံနှင့် အုတ်လှေကားရှည်ကြီး၊ ဆွမ်းစားကျောင်းဆောင်နှင့် ပင်မဘုရားကျောင်းဆောင်ကြီးများကို ပြုပြင်မွမ်းမံနိုင်ခဲ့သည်ဟု ပြောပြပါသည်။


နွားပျံညီနောင်ရုပ်တု၏ တောင်ဘက်အရပ်၊ ကျောက်ဆောင်ဆွယ်ပေါ်၌ ၁၃၄၂ ခုနှစ်က တည်ထားကိုးကွယ်ခဲ့သော သီလငါးပါး စေတီတော်ငယ်တစ်ဆူနှင့် အရံစေတီ (၃) ဆူကို ဖူးမြော်ခဲ့ရသည်။ စေတီဒကာမှာ ဦးဘအောင်၊ ဒေါ်မူးဖရီတို့ဖြစ်ကြောင်း ကမ္ပည်းရေးထိုးထားပါသည်။ သီလငါးပါးစေတီ၏ တောင်ဘက်အရပ်တွင် ကျောင်းထိုင် ဦးပဥ္စင်းနှင့် ကိုရင်ကြီးတို့ သီတင်းသုံးသော ကျောင်းဆောင်ငယ်နှစ်လုံးကို ကျောက်သားနံရံကြီးနှင့်ကပ်လျက်တည်ဆောက်ထားပါသည်။

ကိုရင်ကြီး၏ ကျောင်းသင်္ခမ်းမှ တောင်ဘက်အရပ်သို့ မျှော်ကြည့်သော် ၂၀၀၆ ခုနှစ်က ပင်းပက်သံမဏိစက်ရုံ မှဝန်ထမ်းများ စုပေါင်းတည်ထားသော ရွှေပြည်အောင်ချမ်းသာစေတီတော်မြတ်ကို ဖူးမြော်ရမည် ဖြစ်ပါသည်။ အဆိုပါ ရွှေပြည်အောင်ချမ်းသာစေတီတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားမြင့်မားလှသည့်
အုတ်လှေကားထိပ်ရှိ ထမ့်ဝိုးမွန်ဂူဘုရား



ထမ့်ဝိုးမွန်ဂူကျောင်းဆောင်
လက်ယာဘက်တောင့်မြင်ကွင်း



ထမ့်ဝိုးမွန်ဂူဘုရားအောက်ခြေတွင် တည်ထားကိုးကွယ်အပ်သော
ရွှေစေတီငယ်နှင့် အာရုံခံတန်ဆောင်း



ထမ့်ဝိုးမွန်ဂူဘုရား တည်ရှိရာ ကျောက်တောင်ပေါ်မှ လင်းနို့ဂူ (ယာစွန်)၊ နတ်စင် (အလယ်) နှင့်
ရဟန္တာဂူသို့သွားရာ အုတ်လှေကား

ကို တည်ထားသော သဲတောင်ကုန်းပေါ်တွင် မူလက ရှေးဟောင်း စေတီငယ်တစ်ဆူ တည်ရှိပါသည်။ ရွှေပြည်အောင်ချမ်းသာ စေတီတော်ကို တည်ဆောက်ရန် မြေညှိရာတွင် ရှေးဟောင်းစေတီတော်အခြေမှ ဓာတ်တော်များကို တွေ့ရှိခဲ့ရာ အဆိုပါ ရှေးဟောင်းစေတီငယ်၏အောက်တွင်ပင် ပြန်လည် ဌာပနာခဲ့ကြသည်ဟု ဆိုပါသည်။ ၁၃၇၄ ခု၊ သီတင်းကျွတ်လပြည့် (၃၀-၁၀-၂၀၁၂) အရုဏ်တက်ချိန်တွင် ရွှေပြည်အောင်ချမ်းသာဘုရားကုန်းရှိ ရှေးဟောင်းစေတီတော်မှ ရောင်ခြည်တော်နှစ်ကြိမ်လွှတ်သည်ကို ဟိုပုံးမြို့မှ ဆွမ်းဒကာ ကိုကျော်စွာလင်းနှင့် မဝါဝါဝင်းတို့က ကံထူးစွာ ဖူးမြော်ခဲ့ရကြောင်း ရွှေပြည်အောင်ချမ်းသာဆရာတော် ဦးကောသလ္လက မိန့်ကြားခဲ့ပါသည်။

ရွှေပြည်အောင်ချမ်းသာ ဘုရားကုန်း၏တောင်ဘက်အရပ်တွင် ပေ (၁၀၀)ခန့် မြင့်မားသည့် သဲတောင်ကုန်းတစ်ခု တည်ရှိရာ အဆိုပါတောင်အား 'ပအို့ဝ်မတောင်' ဟု ဒေသခံများကခေါ်ဝေါ်ကြ၏။ တောင်ပေါ်တွင်ရှေးဟောင်း ပုထိုးစေတီများတည်ရှိပြီး မျက်မှောက်ကာလတွင် အသစ်တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများကိုလည်း လှမ်း၍ဖူးမြော်ရပါသည်။ ပအို့ဝ်မတောင်၏ တောင်ဘက်အရပ်၌ ကမ္ဘောဇ ဘီလပ်မြေစက်ရုံစီမံကိန်းတည်ရှိပြီး အနောက်တောင်ဘက်တွင် ပင်းပက်သတ္တုသိုက်နှင့် သံမဏိစက်ရုံများ တည်ရှိပါသည်။

ထမ့်ဝိုးမွန် ဘုရားကုန်းတောင်ပေါ်သို့ တက်ရောက်နိုင်သော လွန်းထိုးကျောက်ချောလမ်းမကို ပင်းပက်မိုင်းမှပင် တာဝန်ယူဖောက်လုပ်ပေးခဲ့ကြောင်း ကျောင်းထိုင်ဆရာတော် ဦးကေလာသက ပြောပြပါသည်။ ဦးဂန္ဓမာတောင်၏ အရှေ့ဘက်တွင် ဒိုလိုမိုက်ထုံးကျောက်မိုင်း တည်ရှိပြီး အရပ်အခေါ် အာတိစီတောင်ဟု ခေါ်ပါသည်။ အဆိုပါ မိုင်းတည်ရှိနေမှုကြောင့် ထမ့်ဝိုးမွန်ကျောင်းနှင့် မြောက်ဘက်ရှိ ဂနိုင်ထုံရွာတို့အတွက်လည်း ကျောက်လမ်းမကြီးတစ်ခု ရရှိသွားခြင်း ဖြစ်ပါတော့သည်။

ကျောက်ချောလမ်းမကြီးမှ ထမ့်ဝိုးမွန်သို့ တက်လှမ်းရာ ကွန်ကရစ်လှေကားရှည်ကြီးနှင့် မြေထိန်းနံရံကြီးကို အဆိုပါ သံမဏိစက်ရုံမှ ဝန်ထမ်းများက စုပေါင်း လှူဒါန်း တည်ဆောက်ပေးခဲ့ကြပါသည်။ ကွန်ကရစ်လှေကား၏ညာ



www.burmeseclassic.com


www.burmeseclassic.com

ဘက်တွင် အရိပ်အာဝါသ ကောင်းလှသော ညောင်ပင်ဝိုင်းကြီး တည်ရှိပြီး ညောင်ဝိုင်းရှေ့တွင် ရွှေရောင်ဝင်းပြောင်နေသော စေတီငယ်တစ်ဆူကို အာရုံခံတန်ဆောင်းနှင့်တကွ ဆောက်လုပ်လှူဒါန်း ပူဇော်ထားပါသည်။ စေတီငယ်၏ အရှေ့တောင်ဘက်အရပ်တွင် ပျံလွန်တော်မူပြီးဖြစ်သော ဘုန်းကြီးအိုး၏အရိုးအိုးဂူ တည်ရှိနေပါသည်။


ထမ့်ဝိုးမွန်ဂူပေါက်၏ဘယ်ဘက် ပေ (၃၀) ခန့်အကွာတွင် ပုခက်ဂူတည်ရှိပါသည်။ (၁၅) ပေ ပတ်လည် ကျယ်ဝန်း၍ ပေ (၂၀) ခန့် ရှည်ပါသည်။ ဂူနံရံတွင် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ရှိပါသည်။ လွန်လေပြီးသောအခါက ဘုရားအလောင်းတော် ဖွားမြင်ရာနေရာဖြစ်ပြီး ဂူအမိုးကျောက်ဆွယ်တွင် ဘုရားအလောင်းတော်အတွက် ပုခက်ချိတ်ဆွဲခဲ့သည်ဟု ကျောင်းထိုင်ဆရာတော်က မိန့်ကြားပါသည်။

ပုခက်ဂူ၏အထက် ဘယ်ဘက်ကျောက်နံရံတွင် လင်းနို့ဂူ တည်ရှိပါသည်။ ရှေးဟောင်းဘုရားဆင်းတုတော် (၄) ဆူ ကိန်းဝပ်တော်မူပြီး လူ (၈) ဦးခန့် ဝင်၍ တရားထိုင်နိုင်သည်ဟု ဆိုပါသည်။

လင်းနို့ဂူ၏လက်ဝဲဘက် ပေ (၅၀) ခန့်တွင် ၂၀၀၆ ခုနှစ်က ဆောက်လုပ်လှူဒါန်းထားသော ထမ့်ဝိုးမွန်နတ်စင်ရှိပါသည်။ အဆိုပါ နတ်စင်၏ လက်ဝဲဘက်တွင် အောက်ခြေမှစ၍ ကျောက်



ရွှေပြည်အောင်ချမ်းသာစေတီတော်မှ ရောင်ခြည်တော်ကွန့်မြူးသည့် ရှေးဟောင်းစေတီတော်နှင့် ထီးတော်၏အနီးကပ်မြင်ကွင်း




ရွှေပြည်အောင်ချမ်းသာဘုရားကုန်းတော်



www.burmeseclassic.com


www.burmeseclassic.com



မုဆိုးမဘုရား ခေါ် ထမ့်ပိုးမွန်ဘုရားကျောင်းတော်၏အနီးကပ်မြင်ကွင်း




ရွှေပြည်အောင်ချမ်းသာဘုရားကုန်းတော်ပေါ်မှ ဟသ်ာတိုင်တော်



ရွှေပြည်အောင်ချမ်းသာစေတီတော်မုခ်ဦးနှင့် စာရေးသူ



ရွှေပြည်အောင်ချမ်းသာဘုရားရင်ပြင်တော်ရှိ ခေါင်းလောင်းတော်



ပင်းယက်သတ္တုတိုက်နှင့် သံမဏိစက်ရုံဝန်ထမ်းများ စုပေါင်းလှူဒါန်းထားသည့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်

တောင်ပေါ်သို့တက်သော အုတ်လှေကားနှင့် တောင်တက်လမ်းတစ်ခု ရှိပါသည်။ ထိုလမ်းမှ နာရီဝက်ခန့် တက်သော် ရဟန္တာဂူသို့ ရောက်ပါမည်။ ရှေးအခါက ရဟန္တာများ ဤဂူသို့ကြွရောက်တော်မူပြီး ဒေသနာကြားကြသည်ဟု ကျောင်းထိုင်ဆရာတော်က မိန့်ကြားခဲ့ပါသည်။ အဆိုပါ ရဟန္တာဂူတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် (၃) ဆူ ကိန်းဝပ်တော်မူပြီး ယောဂီ (၈)ဦးခန့် တရားထိုင်နိုင်လောက်အောင် ကျယ်ဝန်းသည်ဟု ဆိုပါသည်။

ဦးဂန္ဓမာတောင်၏မြောက်ဘက်ကပ်လျက်တည်ရှိသော ဦးဥတ္တမတောင်မှာ ပိုမိုမြင့်မား ကြီးကျယ်ပြီး တောင်နံရံအလွန်မြင့်မားသောနေရာတွင် ဂူပေါက်များကို လှမ်းမြင်ရပါသည်။ တောင်ပေါ်တွင် ရွှေရောင်ဝင်းပြောင်နေသောစေတီတစ်ဆူကိုလည်း လှမ်း၍ဖူးမြော်ခဲ့ရပါသည်။

ထမ့်ပိုးမွန် ကျောင်းထိုင်ဆရာတော် ဦးကေလာသမှာ ငယ်ဖြူတစ်ပါးဖြစ်ပြီး သက်တော် (၄၄) နှစ်၊ ဝါတော် (၂၄) ဝါရှိပြီ ဖြစ်ပါသည်။ ပင်လောင်းမြို့နယ် ထီရီးပေါင်းရွာနေ ခမည်းတော် ဦးအုန်း၊ မယ်တော် ဒေါ်နန်းအုပ်တို့၏ သားသမီး (၁၁) ဦးအနက် အထွေးဆုံးသား ဖြစ်သည်။ မွေးချင်း (၁၁)ဦးအနက် ညီအစ်ကို (၆) ဦးစလုံး ရဟန်းဖြစ်ကြပါသည်။ ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင် ဦးအာလောကကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်လာသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်အောင်ချမ်းသာစေတီတော်၊ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်နှင့် ဘုရားကျောင်းဆောင်




ရွှေပြည်အောင်ချမ်းသာကျောင်းထိုင်ဆရာတော်
ဦးကောသလ္လ



မူလ ထမ့်ပိုးမွန်ဂူကျောင်းဆရာတော်၏ အရိုးအိုးဂူ



ထမ့်ပိုးမွန်ကျောင်းမှ
ကိုရင်ကြီး ဦးစန္ဒာဝရ



နတ်နွားပျိုညီနောင်တို့၏ရုပ်တု

ပြီး ရဟန်းဒကာများမှာ ဟိုပုံးမြို့နေ စမ်းခမ်းပေးလှိုင်(ဦးထွန်းလှိုင်)၊ ဒေါ်ပန်းမွှေးတို့ ဖြစ်ကြပါသည်။ အေးသာယာမြို့သစ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် (၂) နှစ် တက်ရောက်ပြီး ၂၀၀၆ ခုနှစ်မှစ၍ ထမ့်ပိုးမွန်ကျောင်းထိုင်ဆရာတော် ဖြစ်လာပါသည်။

ထမ့်ပိုးမွန်ကျောင်းမှ ကိုရင်ကြီး ဦးစန္ဒာဝရမှာ သက်တော်(၅၃)၊ ဝါတော်(၅) ဝါရသူဖြစ်ပြီး ဆီဆိုင်မြို့နယ် ဘန်းကန်ရွာဇာတိ ဖြစ်ပါသည်။ ဆိုင်းခေါင်ရွာ ဆီထပ်ကျောင်းတွင် ကိုရင်ဝတ်ပြီး ထမ့်ပိုးမွန်သို့ ကြွရောက်လာသည်မှာ (၁၀) ဝါရှိပြီ ဖြစ်ပါသည်။



www.burmeseclassic.com



ရွှေပြည်အောင်ချမ်းသာကျောင်းတော်မှ
ဦးပဍ္ဍင်၊ ဦးကေလာသ



ထမ့်ပိုးမွန်ကျောင်းထိုင်ဆရာတော်
ဦးကေလာသ



ရွှေပြည်အောင်ချမ်းသာ စေတီတော်၏ကျောင်းထိုင်ဆရာတော်ကြီးမှာ ဦးကောသလ္လ ဖြစ်ပြီး ဟိုပုံးမြို့ ဆွမ်မီကျောင်းတိုက်ဆရာတော် ဦးကောသလ္လ၏ဩဝါဒခံ တောထွက်ရဟန်း(တပည့်) ဖြစ်ပြီး ဆွမ်မီဆရာတော်၏ လမ်းညွှန်ဩဝါဒဖြင့် လာရောက်ကျောင်းထိုင်နေခြင်း ဖြစ်ပါသည်။ အခြား တောထွက်တစ်ဦးမှာ တပ်မတော်ဆေးတပ်မှ အငြိမ်းစား ဆေးလက်ထောက်(M.A)တစ်ဦးဖြစ်ပြီး ပန်းတနော်မြို့ သိမ်ကြီးမင်းကျောင်းတွင် ရဟန်းတက်လာသော ဦးကေလာသ ဖြစ်ပါသည်။ တတိယတစ်ပါးမှာ ဦးကုဏ္ဍေဘာသ ဖြစ်ပါသည်။ ရဟန်း (၃) ပါး၊ ကိုရင် (၂) ပါးတို့ဖြင့် ဆွမ်းကွမ်း ပြည့်စုံစွာဖြင့် သီတင်းသုံး စံပျော်နေကြသည်ကို တွေ့ခဲ့ရပြီး ထိုနေ့က စာရေးသူ မောင်ဒေါ်နကိုယ်တိုင် ရွှေပြည်အောင်ချမ်းသာကျောင်း၌ ကပ္ပိယလုပ်၍ နေ့လယ်စာအလှူထမင်းကို စားသုံးခဲ့ရပါသည်။

ထမ့်ပိုးမွန်ဂူကျောင်းကို အရှင်ကေလာသက တောစခန်းတရားရိပ်သာတစ်ခုအဖြစ် ဖွင့်လှစ်ရန် ကြိုးစားနေကြောင်းနှင့် ယခုကျောင်းတွင် သိမ်မရှိသေး၍လည်း ဒေသနာကြားရန် အခက်အခဲရှိနေကြောင်း ဂေါစရဂါမ်ရွာမရှိ၍ ပုံမှန် ဆွမ်းလောင်းမည့်သူ မရှိသဖြင့် ဆွမ်းကွမ်းခက်ခဲကြောင်း စာရေးသူကို ပြောပြပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ဗုဒ္ဓဘာသာဝင် အလှူရှင်အပေါင်းတို့အား ထမ့်ပိုးမွန်သို့ လာလှည့်၊ လှူလှည့်၊ တစ်မဂ်တစ်ဖိုလ်ယူလှည့်ကြပါဟု ဖိတ်မန္တကပြုလိုက်ရပါကြောင်း။

ဒေါက်တာဒေါ်န(တောင်ကြီး)

# ဝမ်းလျှောရပ်တန့် ပျောက်ကင်းဖို့

ဝမ်းလျှောခြင်းကို လူတိုင်းနီးပါးပဲ ဖြစ်ဖူးကြုံဖူးကြပါလိမ့်မည်။ များသောအားဖြင့်တော့ ကိုယ်စားသုံးသော အစားသောက် မှားယွင်းခြင်းကြောင့် ဖြစ်ရတတ်ပါသည်။ ဥပမာ ယင်နားထားသော အမှည့်လွန်အသီးများ လွန်ကဲစွာစားသုံးမိခြင်း၊ မိုးရာသီအချိန်ခါ မသန့်ရှင်းသော အသုပ်စုံများကြောင့်လည်း ဝမ်းလျှောကြပါသည်။

ဝမ်းလျှောသည့်အခါ အသက်ကြီးသူများမဆိုထားဘိ၊ ငယ်ရွယ်သူများပင် ငါးကြိမ်အထက် ရောက်လာလျှင် အားအင်ကုန်၍ ခြေ၊လက်မသယ်ချင်လောက်သည်အထိ ဖြစ်ကြပါသည်။

ဝမ်းလျှောခြင်းကို ကုသသည့် ထက်မြက် လွယ်ကူသော ဆေးနည်းကောင်းများစွာကို စာရေးသူကိုယ်တိုင်လည်း ဖတ်မှတ်သိပြီး လက်တွေ့လည်း သုံးစွဲခဲ့ဖူးပါသည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို အရပ်ဒေသ တစ်နေရာနှင့် တစ်နေရာ မတူညီ ကွဲပြားသော ကုနည်းပေါင်းများစွာရှိကြပါသည်။

ထိုမတူညီသော ကုနည်းများထဲမှ ကွဲပြားပြီး လူသိနည်းတဲ့ကုထုံးတစ်ခု တင်ပြလိုပါသည်။ စာရေးသူတို့ အညာဘက်မှာတော့အသုံးများပါတယ်။ ဘာကြောင့်ဆိုသော် အညာဘက်မှာ ဒီဆေးကရဖို့လွယ်ကူလို့ပါ။

နည်းမှာ ချဉ်ပေါင်အစေ့ လက်တွင်းတစ်ဆုပ်ခန့်ကို သံဒယ်အိုးကင်းတွင်ထည့်၍ မီးလှော်ပါ။ ချဉ်ပေါင်စေ့လှော်အနံ့သင်းလာလျှင် ဖိုပေါ်မှချ၍ ၎င်းချဉ်ပေါင်စေ့လှော်ကို သန့်စင်သောဆုံတွင်ထောင်းပါ။ ချဉ်ပေါင်စေ့လှော်ထောင်းပြီးသားအမှုန့် ဟင်းသောက်ဇွန်းတစ်ဇွန်းစာကို ရေနွေးကြမ်းဖန်ဖန် (လက်ဖက်ခြောက်များများခတ်ထားသော) နှင့် ဖျော်၍ သောက်ပေးပါ။

တစ်ခွက်သောက်ပြီးလျှင်ပင် ဝမ်းလျှောမှုအကြိမ်ရေကို သိသာစွာ လျော့နည်းသွားစေပြီး သုံးခွက်ထက် ပိုမသောက်ရဘဲ ဝမ်းလျှောမှုကို လျင်မြန်စွာ ရပ်တန့်သွားစေပါမည်။

သဒ္ဒါ (ဥပဒေ)

www.burmeseclassic.com

ရတနာသုံးပါး၏ဂုဏ်တော် ကျေးဇူးတော်တို့ကို ပွားများခြင်း၊ ရွတ်ဆိုသရဇ္ဈာယ်ခြင်း၊ မေတ္တာပွားခြင်း၊ သစ္စာဆိုခြင်းတို့၏ကျေးဇူးကား အနန္တပင် ဖြစ်ပေ၏။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရွှေနှုတ်တော်လာ ဂါထာတော်များ၏တန်ခိုးအာဏာစက်အစွမ်းသတ္တိတို့သည်ကား စကြဝဠာ ကုဋေတစ်သိန်းတိုင်အောင် လွှမ်းမိုးရိုက်ခတ် ကိန်းဝပ် သက်ရောက်တော်မူကြပါပေကုန်၏။

၂၀၀၂ ခုနှစ်၊ ဩဂုတ်လ မိုးရာသီ၏ည။ မိုးတိမ်များ ထူထပ်မည်းမှောင်နေ၏။ ကြယ်ရောင်ပင် မရှိ။ တောထဲမှာဆိုလျှင် ကိုယ့်လက်ဝါးကိုယ်ပင် မြင်ရလိမ့်မည် မဟုတ်။

လေအေးကလေးကား တဖြူးဖြူးတိုက်ခတ်လျက်။ ကျွန်ုပ်တာဝန်ကျရာ သံကန်တန်းကား ကုန်းထိပ်တွင် ရှိနေသည်မို့ ကျွန်ုပ်တို့နေထိုင်ကြသည့်ရုံးခန်း

ဉာဏ်ကိုနှ

အဌာနမေတ္တာဂါထာတော်၏တန်ခိုးတော်

၏တောင်ဘက် ပြတင်းတံခါးများကို ပိတ်ထားရ၏။ ရုံးခန်းအတွင်း၌ကား အေးစိမ့်လျက်။ သို့သော် ကျွန်ုပ်၏ရင်တွင်း၌ကား ပူလောင်နေ၏။

ကျွန်ုပ် ဘာလုပ်ရမည်နည်း။ အဖြေရှာ၍မရ။ စောစောက တယ်လီဖုန်းဆက်သူ မည်သူနည်း။ သူကိုယ်သူ ဖော်ပြောမသွား။ လိုအပ်သည်ကိုသာ အလောတကြီး ပြောသွား၏။

ကျွန်ုပ် တာဝန်ကျရာ သံကန်တန်းနှင့် (၁) မိုင်သာသာအကွာတွင် CNG ဆိုင် ရှိ၏။ ထိုဆိုင်၏ပတ်ဝန်းကျင်တွင် စားသောက်ဆိုင်များ ရှိ၏။ ထိုစားသောက်ဆိုင်များတွင် ကာရာအိုကေဆိုခြင်းကအစ အားလုံးရ၏။ ကျွန်ုပ်တာဝန်ကျရာ သံကန်တန်းမှ လုံခြုံရေးတာဝန်ကျ (၅) ဦးက ထိုဆိုင်တန်းသို့သွားရောက် သောက်စားလေ့ ရှိ၏။

ကျွန်ုပ်တာဝန်ကျသည့် ရုံးခန်းအတွင်း ရေနံသံကန် ပေတိုင်းသူ ဂေဂျာတစ်ဦးနှင့် ကျွန်ုပ်တို့ကုမ္ပဏီမှ ကျွန်ုပ်လက်အောက်ဝန်ထမ်း Field Checker တစ်ဦးတို့ ကျွန်ုပ်နှင့်အတူ ရှိနေကြ၏။ ရေနံပေတိုင်းမှာ ဌာနဆိုင်ရာဝန်ထမ်းဖြစ်၍ မကြာခင် ပင်စင်သွားတော့မည်ဖြစ်ရာ ပုတီးစိပ်ရင်း တိတ်တိတ်ဆိတ်ဆိတ်နှင့် မျက်စိမှိတ်ကာ အာရုံယူနေသည်။ Field Checker ကတော့ စာအုပ်ဖတ်ရင်း ဖီးတက်ကာ ငြိမ့်နေ၏။

ကျွန်ုပ်စားပွဲမှ တယ်လီဖုန်းလာသည်ကို မော့ပင် မကြည့်ကြ။ ဘယ်ကလဲ၊ ဘာလဲ မမေးကြ။ လုပ်ငန်းမှာစိတ်ဝင်စားမှု သိပ်ရှိကြသည်မဟုတ်။ ကျွန်ုပ်ရှိနေလျှင် အကြံအဖန် မလုပ်ရသည်မို့ ကျွန်ုပ်ကို သိပ်ကျေနပ်ကြသည်မဟုတ်။ စောစောက တယ်လီဖုန်းကို ကျွန်ုပ် ပြန်စဉ်းစားနေမိ၏။

'ဦးကျော်ရှိလား။ ဟယ်လို၊ ဟယ်လို- ဦးကျော်လား'

'ဟုတ်ပါတယ် ဦးကျော်ပါ'

'ဦးကျော်- ဒီဆိုင်တန်းမှာ အဲဒီခင်ဗျားသံကန်တန်းက လုံခြုံရေးတာဝန်ကျ (၅) ယောက် တအားမူးနေတယ်။ ဦးကျော်ကို တောထဲက တွင်းအမှတ် (---) ကို ခေါ်သွားပြီး ပစ်သတ်ဖို့ တိုင်ပင်နေကြတယ်။ အဲဒါ ဦးကျော် ရှောင်ပါ။ မြန်မြန် ရှောင်ပါ၊ သူတို့သွားတော့မယ်'

'ဟယ်လို- ဒီမှာ ဒီ. . . ဒီ. . . ဒီမှာ ဟယ်လို. . . ဟယ်လို. . .'

ဖုန်းလိုင်းကျသွားပြီ၊ ခေါ်မရတော့။ ကျွန်ုပ် ထူပူသွား၏။ ဖုန်းလိုင်းကား ဌာနဆိုင်ရာသုံး သီးသန့်လိုင်း၊ အော်ပရေတာမှတစ်ဆင့် ခေါ်ရသည့်လိုင်း။

ကျွန်ုပ် ဖုန်းကို ကောက်ကိုင်ပြီး ရဆီဗာကို နှိပ်လိုက်၏။

"ဟဲလို (---) ကုမ္ပဏီရုံးဖုန်းပေးပါ"

"ဟဲလို (---) ကုမ္ပဏီရုံးကပါ"

"ဦးမောင်မောင်လား၊ ကျွန်တော်ပါ။ ဦးကျော်ပါ။ ကျွန်တော် အတော်နေမကောင်းဖြစ်နေတယ်။ အဲအဲ- ဝမ်းလျှောနေတယ်။ ကျွန်တော် အိမ်ပြန်မှဖြစ်မယ်၊ အဲဒါ ကားလွှတ်ပေးပါ"

"ဦးကျော် ကားက ရုံးမှာမရှိဘူး။ Field ထဲမှာ၊ ဘားတိုက်မှာ ရှိမယ်ထင်တယ်။ အဲဒီကို ဦးကျော် ခေါ်လိုက်ပါလား။ ဦးကျော်အဆင့်နဲ့ ကိုယ့်ဘာသာ ခေါ်လို့ရပါတယ်"

"ဦးမောင်မောင်၊ ခင်ဗျားပဲ အဲဒီကို ဆက်လိုက်ပါ။ ကားကို ဒီ (---) သံကန်တန်းကို လွှတ်ပေးပါ။ မြန်မြန်လွှတ်ပါဗျာ"

"ဟုတ်ပါပြီ၊ အဲဒီကို ကျွန်တော် ဆက်ပေးမယ်"

ဘားတိုက်နှင့် ကျွန်ုပ်ရှိရာသံကန်တန်းမှာ (၁၀) မိုင်ကျော်ဝေး၏။ ဖုန်းဆက်မှာနှင့်၊ ကားလာနေရမည့်ခရီးနှင့် အချိန်မီရောက်နိုင်မည်မဟုတ်။ ကျွန်ုပ်၏အသက်ကိုရန်ရှာမည့် လူ(၅)ယောက်က (၁)မိုင်ကျော်ကျော်လေးက လာနေကြပြီ။



ဖုန်းခေါ်ရသည်က အခက်အခဲရှိတတ်၏။ တယ်လီဖုန်း အော်ပရေတာအမျိုးသမီး အများစုက သူတို့သိသည့် အရာရှိများကိုသာ အရေးတယူ ခေါ်ပေးကြ၏။ ကျွန်ုပ် ကုမ္ပဏီ၏လုံခြုံရေးဌာန တာဝန်ခံဖြစ်သည်မှာ မကြာသေး။ ကုမ္ပဏီမှာ အရေးပါသူဖြစ်ကြောင်း သူတို့ မသိကြသေး။ အသံကို မကျက်မိကြသေး။ ခေါ်၍ နာမည်၊ အဆင့် မပြောရသေးမီ သူတို့ အသံကျက်မိထားသော



www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ရာ အရာရှိများ၊ ကုမ္ပဏီအရာ မဟုတ်က ဖုန်းချပစ်တတ်၏။

ကျွန်ုပ်၏အလုပ်မှာ ဖက်စပ်ရေနံ ၏ ရေနံထုတ်လုပ်ရေး လုံခြုံရေး တာဝန်ခံ ဖြစ်၏။ ရေနံကုမ္ပဏီ၏ ခြားသား မန်နေဂျာများက ရေနံ လုပ်ရေး လုံခြုံရေးဌာန တာဝန်ခံ လုံးဝ ရိုးသားသည်ဟု ယုံကြည်မှု ထူးကိုပေးခြင်း ဖြစ်၏။

ရေနံတွင်းများမှ ထွက်လာသည့် ရေနံများကို သတ်မှတ်ဧရိယာအတွင်းရှိ ရေနံသံကန်တန်းများတွင် စုဆောင်း၏။ ထိုသံကန်တန်းများမှ နှစ်ဆယ့်လေးနာရီ စုဆောင်းမိသမျှ ရေနံများကို ဗဟိုသံ ကန်ကြီးသို့ နေ့စဉ် ပန့်နှင့် မောင်းပို့၏။ ထိုမှ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ရေနံချက်စက်ရုံများသို့ ပို့ရ၏။

ရေနံတွင်းတစ်တွင်းစီ၏ တွင်းအမှတ်နှင့် တစ်တွင်းစီမှထွက်သည့် ရေနံကို သံကန်တစ်လုံးစီနှင့်စုဆောင်းယူပြီး နေ့စဉ် အထွက်နှုန်းကို တိုင်းတာမှတ်သားရ၏။ တွင်းတစ်တွင်းတွင်းမှ ရေနံ အထွက်နှုန်းလျော့သွားလျှင် နည်းပညာအမှား သို့မဟုတ် တစ်စုံတစ်ခု မသမာမှုရှိခြင်း စသည်ကို စစ်ဆေးရသည့် အဓိကတာဝန်ကို ကျွန်ုပ်က တာဝန်ယူရခြင်း ဖြစ်၏။

ကျွန်ုပ်မှာ ကုမ္ပဏီရေနံထုတ်လုပ်ရေး လုံခြုံရေးဌာန တာဝန်ခံဖြစ်သည့်အားလျော်စွာ မသမာမှုများ မလုပ်နိုင်ရန် ရေနံမြေတစ်ခုလုံးကို လိုက်လံကြပ်မတ်ရ၏။ ကျွန်ုပ် အုပ်ချုပ်မှုအောက်တွင် ကုမ္ပဏီဝန်ထမ်း (၆၀)ရှိပြီး ဆက်စပ်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပါဆို





www.burmeseclassic.com

www.burmeseclassic.com

လျှင် ကျွန်ုပ် ကြုပ်မတ်ရသည့် ဝန်ထမ်းမှာ (၂၀၀) ကျော်၊ (၃၀၀) ခန့် ရှိ၏။

ထိုစဉ်က နေရာတိုင်းမှာ ကွမ်းဖိုး၊ ဆေးဖိုး၊ ဟင်းဖိုး၊ ဆီဖိုး၊ ဆန်ဖိုး ထုတ်ရောင်းခြင်းများ ရှိတတ်၏။ သို့ ရောင်းရာ၌ တစ်ဦးကောင်း ထုတ်၍ရသည် မဟုတ်၊ နယ်မြေ သတ်မှတ်ဧရိယာအတွင်းရှိ တာဝန်ရှိသူအားလုံး ပူးပေါင်း၍ဖြစ်စေ၊ မပါဝင် မပူးပေါင်း မယူလိုလျှင် မသိချင်ယောင်ဆောင်ပေး၍ ဖြစ်စေ နေပေးရ၏။

ယခု ကျွန်ုပ်ရောက်ရှိနေသည့် သံကန်တန်းမှာ မြို့နှင့်အလှမ်းဝေး၍ ထွက်သည့်ရေနံက ချက်စရာ၊ ပြုပြင်စရာမလိုဘဲ ဒီဇယ်အင်ဂျင်များတွင် တန်းထည့်သုံးနိုင်သည့် ရေနံအမျိုးအစားဖြစ်သဖြင့် မသမာမှုများ များပြားသည်ဟု တာဝန်ရှိလူကြီးများက ယူဆသဖြင့် ကျွန်ုပ်ကို မကြာခဏ အထူးစောင့်ကြည့်ရန် စေလွှတ်ခြင်းခံရသည့်နေရာ ဖြစ်လေ၏။

တာဝန်ကျေပွန်သော၊ မသမာမှုကင်းသောသူကို တာဝန်မကျေပွန်သူ၊ မသမာမှုပြုလိုသူတို့က မကျေနပ်။ အန္တရာယ်ပေးလိုသည်မှာ ဓမ္မတာသဘောဟုပင် ဆိုရမည် ဖြစ်၏။

ပြီးခဲ့သောရက်က သံကန်ပေါ်တွင် ရေနံပုံးဖင်ရာတွေ့ရသဖြင့် မသမာမှုမလုပ်ကြရန် ထိုသံကန်တန်းမှ တာဝန်ရှိသူ အားလုံးကို ပြောခဲ့၏။ ဤကိစ္စကို ငြိုးချက်ထားကြောင်း ကျွန်ုပ်က သဘောပေါက်၏။

ဘာလုပ်ရမည်ကို စဉ်းစား၍မရ။ ဖုန်းအခက်အခဲနှင့် (၁၀) မိုင်ကျော်ဝေးသောခရီးက လာရမည့်ကား။ (၁) မိုင်သာသာက အရက်ဆိုင်မှ လူ (၅) ယောက်က ကျွန်ုပ်ကိုအသက်အန္တရာယ်ပေးရန်လာနေပြီ။

ကျွန်ုပ် တွေးခေါ် စဉ်းစားမှုမပါဘဲ ရုတ်တရက် ကျွန်ုပ် ထရပ်၏။ ချိတ်ထားသော ကျွန်ုပ်၏လွယ်အိတ်ကို ယူလွယ်၏။ လုံခြုံရေးဖိုင်ဘာဦးထုပ်ကို ဆောင်း၏။ ရုံးခန်းအတွင်းရှိ လူနှစ်ယောက်က ကျွန်ုပ်ကို လုံးဝ မော့မကြည့်ကြ။ သူတို့အလုပ်တွင် သူတို့နစ်မြုပ်နေကြ၏။

သံကန်တန်း ဂိတ်ပေါက်မှ ထွက်လိုက်သည်နှင့် CNG ဆိုင်တန်းဘက်မှ ပြန်လာကြသော လက်နှိပ်ဓာတ်မီးရောင်ကို မြင်လိုက်ရ၏။ မူးသံနှင့် ဆဲရေးသံတို့ကို မသဲမကွဲကြားရ၏။ ကျွန်ုပ် သူတို့နှင့်ဆန့်ကျင်ရာဘက်သို့ လမ်းမကြီးအတိုင်း အလျင်အမြန် လျှောက်သွားမိလေ၏။

နောက်က လှမ်းမြင်၍ အော်ခေါ်လိုက်မလား၊ တားမြစ်နယ်မြေဖြစ်သည့် အလျောက် နောက်မှ သေနတ်နှင့်လှမ်းပစ်လိုက်မလား။ ဘာသံမှ မကြားရ။ ထိပ်ပိုင်းတွင် စတီးခုံးတပ်ဆင်ထားသည့် ကျွန်ုပ်၏လုံခြုံရေး Half Boot ဖိနပ်သံကသာ တခွပ်ခွပ်။

သံကန်တန်းမှ တစ်ဖာလုံကျော်ကျော် လမ်းမကြီး၏အခြားတစ်ဖက်တွင် လမ်းမကြီးနှင့်မနီးမဝေး၌ ရေနံတွင်းတစ်တွင်းရှိသေး၏။ ထိုရေနံတွင်းသို့ဦးတည်လျှောက်နေစဉ်မှာပင် လူသွားလမ်းဘေးရှိ မြက်ရိုင်းတောအတွင်းသို့ ကျွန်ုပ်၏ ဆန္ဒမပါဘဲ လှဲချလိုက်မိလျက်သား ဖြစ်သွားလေ၏။

လမ်းမကြီးအတိုင်း ဆက်သွားလျှင် ရေနံဝယ်သူတို့၏စခန်းချရာနေရာ တစ်နေရာက လမ်းမကြီးဘေးမှာ ကပ်လျက်ရှိနေ၏။ (နောက်မှ သိရသည်မှာ ထိုနေရာကလည်း တစ်ဖွဲ့က ကျွန်ုပ်ပြေးလာလျှင် အန္တရာယ်ပေးရန် အသင့်စောင့်နေကြသည် ဟူ၏။ ဆိုင်တန်းတွင်လည်း တစ်ဖွဲ့က အသင့်စောင့်နေ၏။ ကျွန်ုပ် လမ်းမကြီးအတိုင်း မည်သည့်ဘက်သို့ ပြေးသည်ဖြစ်စေ အန္တရာယ်တွေက အသင့်စောင့်နေကြ၏။)

ကျွန်ုပ် မြက်ရိုင်းတောကြီးအတွင်း လှဲချရာမှာပင် ငြိမ်နေလိုက်၏။

❁

"ဟိတ်ကောင်- ထစမ်း။ ထစမ်းကွာ၊ ထစမ်း"

"ဝုန်း"

မူးသံကြီးနှင့် ငေါက်လိုက်ပြီး ကြမ်းပြင်ကို တစ်စုံတစ်ခုနှင့် ရိုက်ချသံကို ကြားလိုက်ရ၏။

ကျွန်ုပ် မြက်ရိုင်းတောအတွင်း လှဲချလိုက်ပြီး မကြာမီမှာပင် ရေနံတွင်းစောင့်တဲသို့ ငမူး (၅) ယောက်ရောက်လာပြီး တွင်းစောင့်တဲတွင် အိပ်နေသော တွင်းစောင့်ကို ဖွတ်နှိုးနေသံ ကြားလိုက်ရ၏။ ညသံမို့ နားနားကပ်ပြောနေသလို။

"ဟိတ်ကောင် တွင်းစောင့်၊ ဟိုကောင် ငကျော်ဆိုတဲ့အကောင် ဒီလာသလား"

"မလာဘူးဗျ"

တွင်းစောင့် အိပ်ချင်မူးတူးအသံနှင့် ဖြေ၏။

"ဟိတ်ကောင်- မင်းမလိမ်နဲ့နော်။ အဲဒီကောင် သံကန်တန်းမှာလည်း မရှိဘူး။ သံကန်တန်းကကောင်နှစ်ကောင်ကလည်း ထိုင်နေတာပဲသိတယ်၊ ထွက်သွားသလား မသိလိုက်ဘူးတဲ့"

"ဟာ- အဲဒီ Field Checker ကောင်က စာအုပ်ဖတ်ပြီး ဖီးတက်နေတဲ့ကောင်။ ဆရာကျော် သံကန်တန်းထဲတင် ရှိနေမှာပါ"

"မရှိဘူးကွ။ တို့ နေရာအနှံ့ ရှာပြီးပြီ"

"ဒါဆို ဟိုးတောထဲက တွင်းအမှတ် (---) ကိုများ တစ်ယောက်တည်း သွားသလားမှ မသိဘဲ။ ဆရာကျော်က တုတ်တစ်ချောင်းပါရင် ဘာကိုမှ ကြောက်တဲ့သူမှ မဟုတ်တာ"

"အေး- မင်းဆရာကျော်ကို ကျည်ဆန်လက်ဆောင်ပေးမလို့။ ပြီးမှ ရေနံပိုက်လိုင်းပေါ် တင်ပြီး ပိုက်ဖောက်တဲ့ကောင်နဲ့ လူမှားပစ်မိတယ် ပြောရမယ်။ မင်း ဆရာကျော်တုတ်က ကျည်ဆန်ကို မကာကွယ်နိုင်ပါဘူးကွာ။ ဂျူဒို ကရာတေးက သေနတ်ကို မနိုင်ပါဘူး"

"ဒီ ဂျူဒို ကရာတေးဆရာ ဆိုတဲ့ကောင် ဒီည သေရမယ့်ညပေါ့ကွာ။ ဒီကောင်ရှိလို့ တို့ ငတ်နေတာ"

"ဆရာကျော်က လူကောင်းပါဗျာ"

"ဟိတ်ကောင်- မင်းပါ သေသွားချင်လား၊ ကဲကွာ"

"ဖောင်း"

တွင်းစောင့် ဝန်ထမ်းကို ပါးရိုက်သံ ကြားလိုက်ရ၏။

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်နဲ့ ဘာမှ မဆိုင်တာ။ ခင်ဗျားတို့ဘာသာ တွေ့ရင် သတ်သတ်၊ ဘာလုပ်လုပ်"

"ကဲ- လာကြကွာ၊ တောထဲက တွင်းအမှတ် (---) ကို သွားကြမယ်"

"ဂျောက် . . . ဖြောင်း"

သေနတ်မောင်းတင်သံကို ကြားလိုက်ရ၏။

"တွေ့ရင် ပစ်သတ်နော်။ အသေနော်၊ အသေပစ်။ ဒီကောင် မသေရင် တို့ ပြဿနာတက်နေမယ်"

ကျွန်ုပ် ရင်တထိတ်ထိတ်ခုန်ရင်း အိပ်ပျော်သလို ဖြစ်သွား၏။ အိပ်မက်လိုလိုနှင့် ကျွန်ုပ်ကို သတ်ရန် ရှာနေသူများ၏ နောက်က လိုက်နေရသလိုလိုနှင့် သူတို့ပြောဆိုလုပ်ကိုင်နေသမျှ အားလုံးကို ကျွန်ုပ်သိနေ၏။

ကျွန်ုပ် ဖျတ်ခနဲ အိပ်ရာမှ နိုးသကဲ့သို့ ဖြစ်လိုက်သည်နှင့် လမ်းမကြီးကို ကန့်လန့်ဖြတ်ကာ ရေနံတွင်းရှိရာဘက်နှင့် ဆန့်ကျင်ဘက်သို့ လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com

ချုံပုတ်များကြားမှ မြေနိမ့်ချိုင့်တစ် ...တွင်းထိုင်ချလိုက်မိသည်နှင့် လမ်းမ ...မှ ငမုး (၅) ယောက်နှင့် တောထဲ ...အမှတ် (---) မှ ကွင်းစောင့်တို့၏ ...များကို ကြားလိုက်ရ၏။

"တောက်- ဘယ်မှာမှမတွေ့ဘူး ..."

"ဟိုမှာ. . . ဟိုမှာ"

လက်နှိပ်ဓာတ်မီးရောင်က ကျွန်ုပ် ...ခေါင်းပေါ် မှကျော်သွား၏။

"မည်းမည်းမြင်ရင် ပစ်သာပစ် ...ဒါ ကန့်သတ်နယ်မြေပဲ၊ ပစ်သာ ..."

"စောစောက ရိပ်ခနဲ မြင်လိုက် ...သလိုပဲ"

"ဘာမှ မရှိပါဘူးကွာ၊ လေတိုး ...တာပါ"

"ဒီကောင် ပြေးမလွတ်ပါဘူးကွာ။ ...ဆိုင်တန်းဘက်က စောင့်နေတဲ့အ ...ရှိရယ်၊ ဟို သစ်တောစခန်းဘက်က ...စောင့်နေတဲ့အဖွဲ့ရယ်၊ လမ်းပိတ်ထား ...တာပဲ ဒီကောင် ပြေးမလွတ်ပါဘူး"

"အဲဒီအဖွဲ့တွေက ဖမ်းပြီး ကျုပ် ...တို့ဆီ လာအပ်မှာပါ"

"ည (၉) နာရီခွဲကတည်းကွာ၊ ...အခု (၂) နာရီရှိပြီ။ ဒီကောင့်ကြောင့် ...အိပ်ပျက်ပန်းလှပြီ။ တွေ့ရင်တော့လားကွာ"

(ထိုစဉ်က သူတို့က အသက်သုံး ...ဆယ်ကျော်တွေ။ ကျွန်ုပ်က ငါးဆယ် ...ကျော် ခြောက်ဆယ်တွင်း ဖြစ်၏။)

"ဒီကောင် အသက်ကြီးလှပြီကွ။ ...အပင်ပန်းမခံနိုင်ပါဘူး၊ မိမှာပါ"

"ဒီကောင်ကြီးက ဂျူဒိုခါးပတ်အ ...ညို ကရာတေးက ကျို့(ခ်)ရှင် ခါးပတ် ...နက် တတိယဒန်-နော။ လွတ်အပင်ပန်း ...ခံနိုင်တာ။ အထင်တော့ မသေးနဲ့"

"ဟ- တို့က (၅) ယောက်၊ သေ ...နတ်က (၂) လက်။ ပိတ်စောင့်နေတဲ့ ...ကောင်တွေက တစ်ဖက် (၁၀) ယောက် ...ကျော်၊ တုတ်၊ ဓားနဲ့ လောက်လေးခွ ...မှာ ဖောက်စ (သံကန်ပြားအထူ၊ အဝိုင်း ...များ) တွေနဲ့ဟာပဲကွာ"

"ဒီကောင်ကြီးက တက္ကသိုလ်တုန်း ...က တက္ကသိုလ်အရံတပ်ရင်းဆိုတာမှာ ...လေ့ကျင့်ခဲ့တာတဲ့။ လက်ဖြောင့်တပ် ...သားဆုတောင် ရဖူးတာတဲ့"

"ဟာ- မင်းကလည်း၊ သူ့မှာ သေ ...နတ်မှ မပါတာ"

"မင်းတို့က အလကား အထင်ကြီး ...နေတာယ်"

သူတို့စကားပြောသံများ ဝေး၍ ဝေး၍ သွား၏။

✿

ကျွန်ုပ် လမ်းမနှင့်ဝေးရာဘက်သို့ ဖြည်းဖြည်း စမ်းစမ်း၊ စမ်းစမ်းနှင့်လျှောက် လာ၏။ မိုးက မှောင်လှ၏။ ဘာကိုမှ မမြင်ရ။ မှန်း၍သာ ဖြည်းဖြည်းလျှောက် နေရ၏။

"အား"

(၁၅) ပေခန့် အနက်၊ (၄) ပေခန့် အကျယ် ရိုးချောက်ထဲသို့ ဇောက်ထိုးပင် ကျသွား၏။ လုံခြုံရေးဖိုင်ဘာဦးထုပ် ကြောင့် ခေါင်းဘာမှတော့မဖြစ်။ သို့ သော် လည်ပင်းတော့ အတော်နာသွား ၏။

သည်ရိုးချောက်သည် လမ်းမနှင့် အပြိုင်ဖြစ်၏။ သံကန်တန်းနောက်ဘက် ပေ (၂၀၀) ခန့် အကွာက ဖြစ်၏။

သည်ရိုးချောက်အထက်ပိုင်းတွင် ခွေးအ,များ ရှိတတ်၏။ သံကန်တန်း နောက်တည့်တည့်တွင် နှစ်တောင်ခန့် ရောမဖွတ်ကြီး ရှိ၏။ မြွေပွေးနှင့် တော ကြီးမြွေဟောက်များလည်း သည်ရိုးတစ် ဝိုက်မှာ ရှိနေတတ်၏။

ရိုးချောက်အတိုင်း စုန်ဆင်းသွား လျှင်၊ အနောက်ဘက်အတိုင်းလျှောက် သွားလျှင် ချောင်းကျယ်တစ်ခုကို ဖြတ် တက်လိုက်ပါက CNG ဆိုင်၏နောက် ဘက်သို့ရောက်မည်။ ထိုကမှ လမ်းမ ကြီးနှင့်အပြိုင် အနောက်ဘက်ဆီသို့ လျှောက်သွားလျှင် မြို့ဘက်သို့ရောက် မည်။

ဖြစ်ချင်ရာဖြစ်၊ ရိုးအတိုင်းပင် လျှောက်သွား၏။ နာရီဝက်ခန့်လျှောက် မိလျှင် ကြယ်ရောင်အနည်းငယ်ရသဖြင့် လျှောက်လာသောလမ်းကို ဝိုးတဝါးမြင် ရပြီ။ ကြယ်ရောင်သာမက လဆုတ်ရက် လကလေး၏အလင်းရောင်ပါ ပေါ်လာ ၏။ အလင်းရောင်က ကျွန်ုပ်အဖို့ အ တော်လင်း၏။ လမ်းကြောင်းမှန်ကို ကျွန်ုပ်မြင်နိုင်သလို ကျွန်ုပ်ကို ရန်သူက မြင်မှာကိုလည်း စိုးရိမ်မိ၏။

ရိုးချောက်က လမ်းမနှင့်အပြိုင်၊ ရိုးချောက်ကအထွက် ဆုံတွေ့ရသည့် ချောင်းကျယ်က လမ်းမဘက်သို့ ကွေ့ သွား၏။ ထိုချောင်းကိုဖြတ်ပြီး တံတား ဆောက်ထား၏။ ချောင်းကူးတံတားပေါ် မှကြည့်လျှင် လရောင်နှင့်မို့ ရိုးချောက် နှင့်ချောင်းဆုံရာနေရာနှင့် ချောင်းတွင်းမှ သဲပြင်ဖွေးဖွေးကို မြင်နိုင်၏။ ရိုးနှင့် ချောင်းဆုံရာနေရာမှ ချောင်းအကျယ် မှာ ပေ (၅၀) ခန့် ကျယ်၏။

ရိုးထဲမှ မထွက်ရသေး။ ချောင်း တစ်ဖက် ဝါးတစ်ရိုက်ခန့်အမြင့် မတ် စောက်စောက် ကမ်းပါးတွေကို မည်ကဲ့ သို့ တက်ရမည်ကို စဉ်းစားရင်း ခဏ ထိုင်ချလိုက်၏။

ချောင်းဆုံအောက်နား ချောင်းကူး တံတားနှင့် ခဲတစ်ပစ်လောက်အကွာတွင် မတ်စောက်စောက် ကမ်းပါးက (၇) ပေ ခန့်သာမြင့်၏။ ကမ်းပါးမှ စောင်းပေါက် နေသော သစ်ပင်တစ်ပင်ကလည်း ဆွဲ တက်၍ရနိုင်သော အနေအထားဖြစ်၏။

လရောင်နှင့် ဖွေးဖွေးဖြူနေသော သဲပြင်ကို တံတားပေါ်မှ လူများမမြင် အောင် မည်သို့ဖြတ်မည်နည်း။ ကျွန်ုပ် ၏ယူနီဖောင်းက နက်ပြာရောင်၊ လုံခြုံ ရေးဦးထုပ်က လိမ္မော်ရောင်။ သဲပြင် ဖွေးဖွေးပေါ်မှာ ထင်းခနဲ နေရောမည်။

ကျွန်ုပ်ဖြတ်သွားရမည့် သဲပြင်ဖွေး ဖွေး ချောင်းတစ်လျှောက် ချုံပုတ်မည်း မည်းစုစုလေးတွေ၊ ကျောက်တုံးစုစုမည်း မည်းလေးတွေ လူတစ်ထိုင်စာခန့်ကလေး တွေ ဟိုတစ်စု သည်တစ်စု။ ကျွန်ုပ်ငယ် စဉ်က တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် သင်ကြားခဲ့ရသည့် တောတွင်းသင်ခန်း စာများကို သတိရမိလိုက်၏။

တောင်လေနှင့်အတူ ရွေ့လျား နေသည့် တိမ်ပုပ်တွေက လရောင်၊ ကြယ်ရောင်တို့ကို ခေတ္တဖျောက်လိုက်၊ ပြန်ပေါ်လိုက် ဖြစ်နေစေ၏။

ရုတ်တရက် လရောင် ပျောက် သွား၏။ ကျွန်ုပ် ဆတ်ခနဲ ထပြေး၏။ ကုန်းကုန်း ကုန်းကုန်းနှင့် ပြေးရခြင်း ဖြစ် ၏။ ချုံပုတ်တစ်ခုအနား ထိုင်အချ၊ တိမ် ပုပ်က အလွင့်၊ လရောင်ကအလင်း၊ အံ ကိုက်။

လမ်းမကြီးပေါ်ရှိ ချောင်းကူးတံ တားပေါ်မှ လူသံများ ကြားနေရ၏။ ကျွန်ုပ်ကို ရှန်ရင်းစွာဆဲရေးနေကြခြင်း ဖြစ်၏။ ကျွန်ုပ်ကို မြင်ရ၍ ဆဲခြင်း မဟုတ်၊ မကျေနပ်၍ ရေရွတ်ဆဲရေးနေ ကြခြင်း ဖြစ်၏။

တိမ်ပုပ်တွေက လရောင်ကို ဖုံး သွားလိုက်၊ ထပြေးလိုက်၊ လရောင် ပြန် ပေါ်လာလိုက်၊ ကျောက်တုံးစုစုတွေနား ချုံပုတ်တွေနားထိုင်ချလိုက်နှင့် တစ်ဖက် ကမ်းပါးပေါ် သို့ တက်နိုင်လိုက်၏။

ကမ်းပါးထိပ်ရှိ တောင်ကုန်းက ချောင်းကူးတံတားအထက် ပေ (၅၀) ခန့် မြင့်မည်။ ချောင်းသဲပြင်မှ ပေ (၇၀) ခန့် မြင့်မည်။ ဤတောင်ကုန်းမှ အနောက် တည့်တည့်ကို သွားရမည်။ မြေပြင်အ

www.burmeseclassic.com

www.burmeseclassic.com

နေအထားကား အတော်ဆိုးဝါး၏။ တောင်ကုန်းတွေ၊ ရိုးပြတ်တွေ၊ ချောက်ကမ်းပါးတွေနှင့် အလွန်အန္တရာယ်များလှ၏။ အနောက်ဘက်ကိုဦးတည်သွားရမည်။ ကျွန်ုပ်၏ဘယ်ဘက်တွင် ကားလမ်းမကြီး အမြဲရှိနေရမည်။ အနောက်တည့်တည့်တွင် ဧရာဝတီမြစ်ရေကို တစ်ချက်၊ တစ်ချက် လှမ်းမြင်ရမည်။ အနောက်မြောက်ယွန်းယွန်းတွင် မြို့။ မြို့မှ မီးရောင်များကိုလည်း တစ်ချက်၊ တစ်ချက် မြင်ရမည်။ ကျွန်ုပ် ခရီးဆက်၏။

တိမ်မည်းတွေက ကောင်းကင်တစ်ခုလုံး ပြည့်သွားပြီ။ လရောင်၊ ကြယ်ရောင် လုံးဝ မရှိတော့။ မှောင်နေပြီ။ မှောင်သမှ ပိန်းပိတ်။ သတိထားပြီး စမ်းစမ်း၊ စမ်းစမ်း သွားနေသည့်ကြားမှ မြေပွပွကို နင်းမိပြီး ချောက်တစ်ခုထဲသို့ကျပြန်ပြီ။ ဒဏ်ရာမရ၊ မနာမကျင်။ တစ်ဖက်ကမ်းပါးပေါ် တွယ်ကပ်တက်လိုက်၏။

ကမ်းပါးပေါ် အရောက် ကျွန်ုပ်၏ဘယ်ဘက်မှ ကားလမ်းမကြီးပေါ် တွင်ကုန်တင်ကားကြီးများ တန်းစီသွားနေကြသည်ကို ကားမီးရောင်များနှင့် မြင်နေရ၏။

ကားလမ်းမကြီးသည် ကျွန်ုပ်၏ဘယ်ဘက်။ အနောက်တည့်တည့်မှာ ဧရာဝတီမြစ်၊ အနောက်မြောက်ယွန်းယွန်းမှာ မြို့။ ညာစောင်းစောင်းရှိ မြို့က မီးရောင်တွေကို တစ်ချက်၊ တစ်ချက် မြင်ရ၏။ ဒီအတိုင်းသွားလျှင် မကြာမီ မြို့နားရောက်တော့မည်။

မြို့မှ မီးရောင်များကို တစ်ချက်၊ တစ်ချက် မြင်မိသလို ဘယ်ဘက်မှ ကားလမ်းမကြီးပေါ် မှကားများကလည်း သိပ်အဆက်မပြတ်လှ။ ကုန်းတွေ ရိုးတွေ သိပ်မတွေ့ရတော့။ မည်သို့ဖြစ်စေ ကားလမ်းကတော့ ဘယ်ဘက်မှာ ရှိနေမြဲ သေချာသည်။ ဆက်လျှောက်။

❂

ရောင်နီလာပြီ။ လက်မှနာရီကို ကြည့်လိုက်ရာ ခြောက်နာရီ ထိုးလုပြီ။ အဝေးကို လှမ်းမြင်နိုင်ပြီ။ ဘယ်ဘက်မှ ကားလမ်းမကြီး မရှိတော့၊ တောခေါင်ခေါင် ချုံပုတ်တွေသာ။ ရှေ့မှာလည်း တစ်မျှော်တစ်ခေါ် မညီမညာကုန်းမြေများကိုသာ မြင်ရ တွေ့ရ၏။

ချောက်ကမ်းပါးစောက်မှ တက်ပြီး တစ်ဖန် ပြန်လိမ့်ကျပြီး ပြန်တက်မိသည်မှ ယခုအထိ သွက်သွက်လျှောက်လာခဲ့သည်မှာ (၃)နာရီ ခန့်ကြာပြီ။ မည်သို့မဆို မြို့တောင်ဖျား ဆင်ခြေဖုံးရပ်ကွက်အနီး ရောက်နေရမည်။ ယခုမူ တောခေါင်ခေါင်၊ မညီမညာ ကုန်းမြေများသာ မြင်တွေ့နေရလေ၏။

မြေနိမ့်ပိုင်း နဘဲပင်တစ်ပင်၏ အောက်တွင် ထိုင်ရင်း စဉ်းစား၏။ တစ်ခုခုတော့ မှားနေပြီ။ ကျွန်ုပ် အသက် (၅၀) ကျော်ပြီ၊ အားကစားလိုက်စားသူမို့ မမောမပန်း။ ရေလုံးဝမဆာ။ ည (၉)နာရီခွဲကတည်းက လျှောက်လာသည်မို့ သည်အချိန်ဆို ရေဆာသင့်ပြီ။

ကျွန်ုပ် နဘဲပင်အောက်တွင်ပင် ဖိနပ်ချွတ်၊ ဦးထုပ်ချွတ် ဘုရားရှိခိုး၏။ မေတ္တာပို့ အမျှဝေ၏။

ကျွန်ုပ်သည် နေ့စဉ် နံနက်၊ ည ဘုရားရှိခိုး ပရိတ်ကြီး (၁၁) သုတ်ရွတ်၊ မေတ္တာပို့ အမျှဝေလေ့ရှိ၏။ မည်သည့်အကြောင်းနှင့် အိမ်မှထွက်သည်ဖြစ်စေ၊ ခရီးဝေး, ခရီးနီး မည်သည့်ခရီးဖြစ်စေ အိမ်ရှေ့တွင် မတ်တတ်ရပ် နမောတဿနှင့် သရဏဂုံတည်ပြီး ဘုရားရှိခိုး၏။ ပြီးလျှင် အဋ္ဌာနမေတံ ဂါထာတော်အား တောက်လျှောက်ရွတ်ပြီး ခရီးထွက်လေ့ရှိ၏။

အဋ္ဌာနမေတံဂါထာတော်ကို ထုံနေအောင် ရွတ်လေ့ရှိပြီး ကတ်ပြားတွင် ဂါထာတော်ကို အသေအချာ ရေးကာ အင်္ကျီအိတ်တွင် တစ်ကတ်၊ ဦးထုပ်ထဲတွင် တစ်ကတ် ထည့်ထားလေ့ရှိ၏။

ယခုလည်း ပြဿနာစကတည်းက အဋ္ဌာနမေတံဂါထာတော်ကို တိုးတိုးဖြစ်စေ၊ စိတ်တိုက်ဖြစ်စေ တောက်လျှောက် ရွတ်ဆိုနေခဲ့၏။

ယခု နဘဲပင်အောက်တွင် ဘုရားရှိခိုး၊ မေတ္တာပို့ အမျှဝေပြီး အဋ္ဌာနမေတံ ဂါထာတော်ကို ရွတ်ကာ လာလမ်းအတိုင်း ပြန်လျှောက်ရန် ဆုံးဖြတ်လိုက်၏။

ညက (၃) နာရီကြာ လျှောက်လာခဲ့သောနေရာကို တစ်ခဏချင်း ပြန်ရောက်၏။ ဒုတိယ လိမ့်ကျခဲ့သော ရိုးပြတ်နေရာ။ ကျွန်ုပ် လိမ့်ကျထားသော၊ ကုပ်ကပ် တွယ်တက်ထားသော အရာများနှင့်။ ရိုးပြတ်မှ မြို့ဘက်သို့ ဆက်လျှောက်ရာ ခြေ (၇)လှမ်းခန့်အကွာတွင် ပေ (၇၀) ခန့်မြင့်သော ဧရာမကမ်းပါးစောက်ကြီး။ ကျွန်ုပ်၏ဘယ်ဘက်တွင် ကားလမ်း။ ရှေ့ဟိုအဝေးတွင် ဧရာဝတီမြစ်ပြင်ကျယ်မှ ရေဖွေးဖွေး။

ညကသာ မြို့ဘက်အမှန်အတိုင်း ဆက်လျှောက်မိခဲ့လျှင်၊ မှောင်မှောင်မည်းမည်း ထိုကမ်းပါးစောက်ကြီးကသာ လိမ့်ကျခဲ့လျှင်. . .။

မှားသွားသော လမ်းတစ်လျှောက် ဘယ်ဘက်တွင် ကားမီးတွေ တဝင်းဝင်းနှင့် ကားတွေ သွားနေခြင်း။ ရှေ့တည့်တည့်တွင် မြစ်ရေပြင်ကို တစ်ချက်၊ တစ်ချက် မြင်ရခြင်း။ ညာစောင်းစောင်း အဝေးတွင် မြို့မှ မီးရောင်များကို မြင်ရခြင်း စသည်တို့ကား. . .။

ကျွန်ုပ် ကမ်းပါးစောက်ထိပ်တွင် ထိုင်ချကာ ရတနာသုံးပါး၊ အနန္တငါးပါးကိုရှိခိုးကန်တော့ရင်း ပီတိမျက်ရည်များ ကျလာမိလေတော့၏။

❂

ကျွန်ုပ် ကုမ္ပဏီရုံးခန်းသို့ နံနက် (၇) နာရီ (၄၅) မိနစ်တွင် ပြန်ရောက်၏။ ဖြစ်လာသည့်ပြဿနာမှန်ကို မပြော၊ ညက တောထဲမှာ တွင်းအမှတ် (---) သို့ သွားရာ ခွေးအ, အုပ်လိုက် လိုက်လာ၍ တစ်ညလုံး ထွက်ပြေးနေရကြောင်း ပြောပြ၏။

ကုမ္ပဏီ၏ Country Manager ဖြစ် သူ Pak Sugi Hantogo က 'ခွေးအ,ယောင်ဆောင်ထားတဲ့ သူခိုးတွေဖြစ်မှာပါကွာ။ မင်း သိပ်တော်တာ။ သူခိုးတွေနဲ့ မင်းနဲ့ ပြေးတမ်းလိုက်တမ်းကစားလို့ ခါတိုင်း ရေနံ (၁၈) စည်၊ စည် (၂၀) ရတဲ့ သံကန်တန်းမှာ ညက (၂၇) စည်တောင် ရတာကွ' ဟု ချီးကျူးစကားဆိုရင်း ညကရသော ရေနံစာရင်းရေးထားသည့် White board ကို ထိုးပြလိုက်လေ၏။

မြတ်စွာဘုရားရှင်၏ ရွှေနှုတ်တော်လာ ဂါထာတော်များ၏ တန်ခိုးအာဏာစက် အစွမ်းသတ္တိတို့ကား စကြဝဠာ ကုဋေတစ်သိန်းတိုင်အောင် လွှမ်းမိုးရိုက်ခတ် ကိန်းဝပ် သက်ရောက်တော်မူကြပါပေကုန်၏။

*ချမ်းသာကြပါစေ*

ဉာဏ်နွှ

*(ဤပြဿနာ၏ နောက်ဆက်တွဲ ပြဿနာများမှာ အတော်ပင် ရှုပ်ထွေးနေရာ အထက်လူကြီး ပီသစွာ ပြဿနာအားလုံးကို ပြေလည်အောင် ဖြေရှင်းပေးခဲ့သည့် ကျွန်ုပ်၏အသက် ထက်ဝက်မျှငယ်သော ကျွန်ုပ်၏အထက်အရာရှိ ဦးသန့်ဇင်အား ဤစာဖြင့် ရိုသေစွာ ကန်တော့ပါ၏။)*

www.burmeseclassic.com

www.burmeseclassic.com

နက်ဖြန်လို ဗန်ကောက်ကို ပြန်
ည်ဆိုလေတော့ တစ်ဆရာတည်း
ဖြစ်သော နောင်တော်ကြီး ဦးမြင့်
ကင်း) ကို နှုတ်ဆက်ရန် သတိရ
ည်။ ဦးမြင့်ဦးက မဟာဗောဓိမြိုင်
တော်ကြီးကို ဆည်းကပ်ကိုးကွယ်
တပည့်ရင်း၊ ဒကာရင်း စာရင်းဝင်
ဖြစ်၏ဟု ဆိုရမည့်သူတစ်ဦး ဖြစ်
ည်။ ရွှေစိုးထက်လည်း ကြီးသဖြင့်
လီဖုန်းဖြင့်နှုတ်ဆက်၍မသင့်တော်။
ရန်ကုန်တွင်ရှိစဉ် စီးစရာယာဉ်
ကိုယ်ပိုင်မရှိသော ရွှေစိုးကို သာ
ရေးနှင့်ပတ်သက်လျှင် သူ့ကားဖြင့်
ည်းမည့် ကူညီတတ်သဖြင့်လည်း
တစ်ထူးရှိသူလည်း ဖြစ်၏။ ထို့
သူ့အိမ်သို့သွား၍ နှုတ်ဆက်မှ
မည်ဟု ဆုံးဖြတ်ပြီး အဝတ်အစား
ကို လဲလိုက်သည်။ အဝတ်လဲပြီး
ည်နှင့် ထွက်တော့မည်အပြုတွင် သူ့
ချင်းဦးချစ်လှိုင်က တယ်လီဖုန်းဆက်
သက်ဖက်ရည်သောက် ချိန်းလာပြန်
ည်။ ဦးချစ်လှိုင်နှင့် တယ်လီဖုန်းပြော
တွင် နေမျိုးနွယ်ဦးကျော်ဝင်းက သူ့
တယ်လေးဖြင့် ရွှေစိုး၏အိမ်ရှေ့သို့
ရောက်လာပြီး ရွှေစိုးကို အော်ခေါ်ပြန်


ဆရာတော်ဦးစီလေ (အဘဆရာတော်)

# ငါ့အဘ, သညာဖြင့် ဂူပျောက်ရှာနိဒါန်း

ရွှေစိုး


သူတို့ပြောသည့်အပင်ကြီးနှင့် အမိုက်ပုံ

သည်။

ဆုံးချက်ကတော့ ထူးပြန်ပြီဟု စိတ်ထဲတွင် ထင်လိုက်မိ၏။


သူတို့အားလုံးကို တစ်ယောက်စီ ခွဲ၍ သီးခြားအချိန်တွေမပေးနိုင်တော့၍ သူတို့နှစ်ယောက်ကိုပါခေါ်ပြီး ဦးမြင့်ဦး အိမ်တွင် နှုတ်ဆက်ပွဲလုပ်လိုက်မည်ဟု ဆုံးဖြတ်ကာ နေမျိုးနွယ်၏ဆိုင်ကယ်ကို ခြံထဲသွင်းစေပြီး လမ်းထိပ်မှတက္ကစီတစ် စီးကိုငှားပြီး ရွှေစိုးနှင့်ဦးကျော်ဝင်းတို့နှစ် ယောက် ဦးချစ်လှိုင်၏အိမ်သို့ထွက်ခဲ့ကြ သည်။ သူတို့နှစ်ယောက်ကလည်း မဟာ ဗောဓိမြိုင် ဆရာတော်ကြီးအား ဆည်း ကပ်ကိုးကွယ်နေကြသော တပည့်ဒကာ ရင်းများ ဖြစ်ကြ၏။ ဦးချစ်လှိုင်ကို အ သင့်တွေ့၍ ကားပေါ်ဆွဲတင်ပြီး ဦးမြင့် ဦး၏အိမ်သို့ ထွက်ခဲ့ကြပြန်သည်။ လမ်း ရောက်မှ ဦးမြင့်ဦးအား ရွှေစိုးတို့အခွဲ



www.burmeseclassic.com




(၁၀၈) သုသာန်အောင် စုတင်ဆရာတော် ဦးကေသယျ



သုသာန်တွင်းက အောင်စေတီ



(၁၀၈) သုသာန်အောင်ဆရာတော် ဦးကေသယျ၏ဂူ



အောင်သစ္စာကျောင်းတိုက် ဦးဝဏ္ဏိတ

လာနေကြကြောင်း သတင်းပို့ရ၏။

ဦးမြင့်ဦး၏အိမ်ကို ရောက်တော့ ဦးမြင့်ဦး မရှိ။ လမ်းထိပ်သွား၍ ကွမ်းဝယ်သည်ဟု သူ့ဇနီးက ဆို၏။ ပြောပြောဆိုဆို ခြံထဲသို့ ဦးမြင့်ဦး၏ကားလေး ထိုးဝင်လာသည်။ ဦးမြင့်ဦး၏ခြံသည် အတန်ငယ်ကျယ်သည်။ အိမ်ရှေ့ခြံထောင့်တွင် သီးခြားအဆောက်အအုံလေးတစ်ခု ရှိ၏။ ထိုအဆောက်အအုံလေးသည် သူ၏ဓမ္မမိတ်ဆွေများဆုံရာ ဓာတ်ခန်း ဖြစ်၏။ ဓာတ်ခန်းဖြစ်သလို ဆေးကုရာအခန်းလည်း ဖြစ်၏။ ရွှေစိုးတို့ကို ဦးမြင့်ဦးက နံနက်စာစားပြီးမှ ပြန်ရန်ပြော၏။ ရွှေစိုးတို့က ငြင်းပါသော်လည်း သူက ဆွမ်းကျွေးအတွက် စီမံထားသည့်အတွက်ဟုဆိုလာ၍ လက်ခံလိုက်ရ၏။ ထမင်းစားပြီးသည်နှင့် ရွှေစိုးက အိမ်ကိုအမြန်ပြန်ရမည်။ ညနေဘက်တွင် မင်္ဂလာဒုံလေဆိပ်သို့ ဆင်းရတော့မည် ဖြစ်သည်။ ထမင်းစားရန် စောင့်နေကြမည့် ရွှေစိုး၏မိသားစုထံလည်း ရွှေစိုးကိုစောင့်မနေရန် လှမ်းဖုန်းဆက်လိုက်ရ၏။

ရွှေစိုး ဖုန်းအချတွင် ဦးမြင့်ဦး၏အိမ်ခြံထဲသို့ တိုယိုတာဟိုင်းအေ့(စ်)တစ်စီး ထိုးဝင်လာပြန်သည်။ ရွှေစိုးက ဘယ်သူတွေ လာပြန်ပြီလဲဟု ကားဆီသို့ လှမ်းကြည့်လိုက်မိ၏။ ဧည့်စိမ်းတွေနှင့်ဆိုလျှင် အိမ်ပြန်စားရန်လည်း စိတ်ကူးလိုက်မိပြန်၏။ အကြောင်းပြစရာကောင်းတစ်ခုလည်း ဖြစ်၏။ ထိုစဉ်ကားရှေ့မှ ယာဉ်မောင်းသူက ဆင်းလာ

www.burmeseclassic.com

ယာဉ်မောင်းသူက ဇော်ဘွန်း။ ဘွန်း ဆိုသူက ဦးကျော်မြင့်၏သား။ ကျော်မြင့်ဆိုသူက ရွှေစိုးတို့၏အရင်း မိတ်ဆွေ။ ဆရာတော်နှင့်လည်း ကြောင်ကတည်းက ရင်းနှီးခဲ့ကြ တောထွက်တုန်းကလည်း ဆရာ ပျောက် ရှာဖွေရေးအဖွဲ့၏ဦးစီးဦး ဆောင်၊ ထိုစဉ်က ဇော်ဘွန်းက ငယ် သူ့အစ်ကိုတွေက ကားမောင်းပြီး ဆရာတော်ကို ပင့်နေကျ။

ဇော်ဘွန်းက ကားရှေ့မှ ပတ် ကျော်ပြီး တစ်ဖက်ကတံခါးကို ဆွဲဖွင့် လိုက်၏။ ပွင့်လာသော အရှေ့ ပေါက်မှ ဆင်းလာသူက ဘုန်းကြီးတစ် ထိုဘုန်းတော်ကြီးကား အခြား ဘုတ်၊ ရွှေစိုးတို့က ဘုန်းကြီးဦးတင် အောင်ဟု နှုတ်ကျိုး လျှာစွဲနေသော ကိုယ်တော်ကြီး။ ဘုန်းကြီးဦးတင်အောင် လည်း ခေသောကိုယ်တော် မဟုတ်။ အသင့်အတင့် ချမ်းသာနေရာမှ ဘုန်း ကြီးဝတ်သွားသူ ဖြစ်၏။ ဆရာတော်နှင့် လည်း လူ့ဘဝကတည်းက ခင်မင်ရင်းနှီး ကြ၏။ ဆရာတော် ကေလာသတွင် ရှားကျင့်သောအခါ မပျော် သုံးနှစ် ပျော်တစ်သက်ဖြင့် လိုက်သွားခဲ့ရာမှ ပျော်သဖြင့် တစ်ပတ်မပြည့်ခင်မှာပင် ပြန်ဆင်းလာခဲ့သူ။ ဥက္ကလာဦး၊ ဆယ် တောင်ပြည့်စေတီတော်တို့တွင် တစ်ရက် နား ပုတီးစိပ်သူ။ ယခုမူ ဝိပဿနာ သာနိက သက်သက်သာ အားထုတ် တော့သည်ဟု မိန့်၏။

ကိုယ်တော်ကြီး ဦးတင်အောင်နှင့် ရွှေမနှောင်း နောက်ခန်းမှထိုးတံခါးကို ဖွင့်ပြီး တုန်တုန်ရီရီဖြင့် ဆင်းလာသူက ဦးလှဘော။ သူသည်လည်း ခေလှသူ မဟုတ်။ ဦးလှဘောက ယခု မဟာဗောဓိ မြိုင်ဆရာတော် လူ့ဘဝကတည်းက ရင်း နှီးခဲ့သည့် မိတ်ဆွေတစ်ယောက် ဖြစ် သည့်ပြင် တစ်ရပ်ကွက်တည်းတွင် အိမ် ချင်း မျက်နှာချင်းဆိုင်နေလာခဲ့သူ ဖြစ် သည်။ ဆရာတော်၏အမိန့်တော်ဖြင့် သာစည်မြို့ ရွှေကျောင်းကုန်းတောင် တော်တောရတွင် အရိယာရွှေပြည် ဆည်တော်ကြီးအား ပန္နက်တင်ရန် တာ ဝန်ခံလာသည့် လေးဦးထဲတွင် တစ်ဦး အပါအဝင် ဖြစ်သည်။ အာရုံကြော ပြဿနာကြောင့် ခြေတုန်လက်တုန် အ နည်းငယ်ဖြစ်နေသည်မှလွဲ၍ ကျားကိုးစီး စားမကုန်သော ခန္ဓာကိုယ်ပိုင်ရှင် ဖြစ်၏။

သာစည်ရွှေကျောင်းကုန်းတောင် တော် တောရတွင် အရိယာရွှေပြည်



ဘိုးတော်အောင်မင်းခေါင်ကြီး ထွက်ရပ်ပေါက်သတင်းပါသော 'အရေးပေါ်' နေ့စဉ်သတင်းစာ


အလောင်းတင်ယာဉ်ရထား

ဆည်တော်ကြီး ပန္နက်တင်ဖြစ်သည်ကို ပြန်၍ သတိရမိသည်။ ထိုစဉ်က ရွှေစိုး တို့က မွဲမွဲတေတေမို့ သူများအကူအညီ ဖြင့် နိုင်ငံရပ်ခြားသို့ စွန့်စားသွားပြီး မနေ နိုင်မထိုင်နိုင်ဖြစ်ကာ ပြုလာခဲ့မိသည့် အိမ်ထောင်၏အရေးတာဝန်ကို ထမ်း မည့်ဆဲဆဲကာလ ဖြစ်၏။ သည်တော့ လူ ပျိုအရွယ်၊ လူပျိုဘဝကတည်းက တ လေးတစား ရှိသေအားကိုးမိသောသူ၊ လူ့ဘဝကတည်းက ရွှေစိုးက စံပြအဖြစ် အတုယူလာခဲ့သူ ထိုဆရာတော် အရှင် မြတ်ကို ဟိုအဝေးသို့ စီးပွားရှာသွားမည် ဆိုတော့ အမိအဘ၊ ဆရာသမားမို့ ကန် တော့ကာ ဩဝါဒခံချင်သေး၏။ သို့ဖြင့် ရွှေစိုးကို အမြဲပင်အလိုလိုက်ပြီး အားပေး

လေ့ရှိကြသည့် နောင်တော်ကြီးများဖြစ် ကြသည့် ဦးထွန်းမြင့်၊ ဦးလှဘော၊ ဦးချစ် လှိုင်တို့သုံးဦးကိုလည်း ပူးတွဲသတိရမိ၏။ ရွှေစိုးနှင့်ပူဖော်လောင်ဖက်ဖြစ်၍ သူတို့ ကို လက်တို့ကာ ဆရာတော် တောရ ဆောက်တည်လျက်ရှိတော်မူသော ရွှေ ကျောင်းကုန်းတောင်တောရသို့ (၄) ဦး သား မရှိမဲ့ ရှိမဲ့ စရိတ်လေးတွေကိုစုကာ စပ်ကာဖြင့် ထွက်လာခဲ့ကြရာမှ ဆရာ တော်၏တာဝန်ပေးခြင်းကို ခံယူခဲ့ကြရ ၏။ နောက်ပိုင်းတွင် ရွှေစိုးက နိုင်ငံခြား သို့ထွက်ခဲ့၏။ ဦးထွန်းမြင့်၊ ဦးလှဘောနှင့် ဦးချစ်လှိုင်တို့ ကျန်ခဲ့ပြီး ဆည်တော်ကြီး ဖြစ်မြောက်ရေးအတွက် အခြားသော ပါရမီရှင်များနှင့်အတူ ခါးတောင်းကျိုက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြသည်။ ရွှေစိုးကတော့ အိမ်နီးချင်း ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့မှာ ဘောင်းဘီတိုကို အနားလိပ်လျက် ကုန်းနေရှန်းနေ၏။ မကြာမီက ဦးထွန်းမြင့် တစ်ယောက် ဆုံးပါးသွားသဖြင့် ဦးလှဘေ၊ ဦးချစ်လှိုင်နှင့် ရွှေစိုးတို့က ကျန်ရှိနေခဲ့သေး၏။ ရွှေစိုးက စ,ပေးခဲ့ပြီး ကိုယ်လွတ်ရုန်းသွားတတ်သည်ဟု နောင်တော်ကြီးများ ကျီစယ်လေ့ရှိသည်။ ယခုလည်း ကြိုတင်ချိန်းဆိုထားခြင်းမရှိဘဲ ဆုံကြပြန်ပြီ။ တစ်ခုခုတော့ ထူးခြားတော့မည်ဟု စိတ်ထဲ၌ ထင်မှတ်မိ၏။

ထိုစဉ် ဆယ်နာရီထိုးပြီးပြီမို့ ဘုန်းတော်ကြီးဦးတင်အောင်အား ဆွမ်းကပ်ကြသည်။ ဘုန်းကြီးဦးတင်အောင် ဆွမ်းကိစ္စပြီးလေတော့ ရွှေစိုးတို့ဝိုင်းကြသည်။ ဦးမြင့်ဦး၏မိတ်ဆွေတစ်ဦးကလည်း ကံဆုံချင်တော့ ရောက်လာသေး၏။ စားသောက်ပြီး၍ ပြန်တော့မည်ဟု စိတ်အကူးတွင် ဦးမြင့်ဦးက ထူးဆန်းသော စကားတစ်ခုကို အဆိုပြုလာသည်။

"ကိုယ်တို့တွေ လူစုံကြတုန်း အဘကို သွားကန်တော့ကြရအောင်"

ရွှေစိုး၏ရင်ထဲတွင် တလှပ်လှပ်တုန်သွား၏။ ဦးမြင့်ဦးပြောသော အဘကား မဟာဗောဓိမြိုင် ဆရာတော်၏ ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော ဘဒ္ဒန္တဝိမလဆရာတော်အရှင်မြတ်ကြီးပင် ဖြစ်၏။ မဟာဗောဓိမြိုင်ဆရာတော် လူ့ဘဝကတည်းက ဆရာဖြစ်တော်မူ၏။ အစ်မကြီးဒေါ်ခင်မူတို့ မိသားစုကလည်း ဖခင်ကြီးသဖွယ် ရိုသေမြတ်နိုးစွာ ကိုးကွယ်ကြသည်။ ထိုစဉ်က ရွှေစိုးကလည်း အသက် (၁၄)၊ (၁၅) နှစ်ခန့်မျှသာရှိသေး၏။ ဆရာတော်မှအစ တပည့်ဒကာတို့က ဦးဝိမလကို ဖခင်ကြီးသဖွယ် 'အဘ' ဟုသာ ခေါ်ကြ၏။ ရွှေစိုးကလည်း 'အဘ' ဟုပင် ပူဇော်ခေါ်ဝေါ်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်၏။ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဆိုလျှင် 'တို့အဘ' ဟူ၍ စကားစပ်တိုင်း ခေါ်ဝေါ်လေ့ရှိ၏။ ယခုလည်း ဦးမြင့်ဦး ရည်ညွှန်းလိုက်သည့်အဘကား အခြားပုဂ္ဂိုလ် မဟုတ်ပါ၊ မဟာဗောဓိမြိုင်ဆရာတော်ကြီးကလည်း ထိုဆရာတော် အရှင်မြတ်ကြီး ဦးဝိမလကို 'အဘ' ဟုပင် ခေါ်ဝေါ်ကြည်ညိုတော်မူ၏။

"ရွှေစိုးလည်း လိုက်ခဲ့ကွာ"

ဟုပါ ဦးမြင့်ဦးက ဆက်လိုက်သေး၏။ ရွှေစိုး မဖြေမီပင် သူက-


အဘဝိမလ ဆရာတော်ဘုရားကြီး

"အဘကို ကန်တော့ပြီးပြီးချင်း မောင်ရင့်အိမ်ကိုဝင်ပြီး အဝတ်အစားလဲ၊ ပြီးရင် တို့က လေဆိပ်လိုက်ပို့မယ်ကွာ၊ မပူနဲ့"

ဟုလည်း အာမခံလိုက်သေး၏။

ထိုကိစ္စတွင် ရွှေစိုးအတွက် စဉ်းစားရမည်ဖြစ်သော်လည်း ရွှေစိုး မစဉ်းစားချင်။ လိုက်ချင်သည့်ဘက်သို့ စိတ်ပါနေ၏။ သို့သော် ဗန်ကောက်သို့ အတူပြန်မည့် ယိုးဒယားလူမျိုး လုပ်ဖော်ကိုင်ဖက်များကရှိသေး၏။ ရွှေစိုး ပြန်မဖြေသော်လည်း အားလုံး ကားပေါ်သို့တက်ရန် ဦးမြင့်ဦးက နှိုးဆော်လိုက်သည်နှင့် ရွှေစိုးက ရှေ့ဆောင်၍ ကားပေါ်သို့ ရောက်သွားခဲ့၏။

ကားပေါ်သို့ရောက်မှ သတိရ၍ အလုပ်မှ ယိုးဒယားအား လိုအပ်သည်များကိုလုပ်ရန်ပြောဆိုပြီး ချစ်ဇနီးမိအေးအား လေယာဉ်လက်မှတ်ရုံးကို ဆက်၍ နောက်တစ်ရက်ရွှေ့ခိုင်းရ၏။ ခဏအကြာတွင် မိအေးက ဖုန်းပြန်ဆက်လိုက်၏။ နောက်နေ့သို့ ရွှေ့၍တော့ရပါမည်။ သို့သော် မသေချာသော ဝိတ်တင်လစ် (ခေါ်) ထိုနေ့တွင်ပျက်ကွက်သူရှိမှလိုက်ရမည်၊ နေရာရမည်ဟု ဆို၏။ အဘကို ယုံ၍ ပုံအပ်လိုက်ရပါတော့သည်။

ထိုစဉ် သယ်န်းကျွန်းကြီးသို့ သွားရောက်နိုင်သည့် လမ်းခွဲတစ်ခုသို့ရောက်လာ၏။ ကားပေါ်တွင်ပါသော မိတ်ဆွေကြီး ဦးချစ်လှိုင်က မီးခိုးတလူလူလွင့်တက်နေသောနေရာသို့ လက်ညှိုးညွှန်ပြရင်း ထိုနေရာသည် သယ်န်းကျွန်းကြီးဟု ဆို၏။ ရွှေစိုးတို့အုပ်စုတွင် ဦးချစ်လှိုင်က ဒေသန္တရဗဟုသုတအရှိဆုံး ဖြစ်၏။

"အဲဒီမှာ အဘရဲ့ကဣ္ဆာသယ စေတီရှိတာပေါ့"

ဟု မိတ်ဆွေကြီး ဦးလှဘေက ဖြည့်စွက်၏။

"ကဣ္ဆာသယထီးတင်တုန်းက ရွှေစိုးလေး ပါတယ် မဟုတ်လား"

ဟုပါ ရွှေစိုးကို ပခုံးပုတ်ရင်းပြောလိုက်ပြန်၏။ ဦးလှဘေကား ငိုချင်နေသူကို လက်တို့လိုက်ခြင်း ဖြစ်ပါသည်။

ဦးလှဘေပြောလိုက်ခါမှ သယ်န်းကျွန်းကြီးရှာဘက်သို့ တွေတွေငေးငေးကြည့်နေမိသော ရွှေစိုး၏အာရုံထဲတွင် ကဣ္ဆာသယ စေတီတော်ကြီးနှင့်အတူ အဘ၏မျက်နှာတော်ကြီးက ထင်ရှားစွာ ပေါ်တော်မူလာခဲ့ပေသည်။

**အဘဦးဝိမလခေါ် ဘိုးသန့်ရှင်း**

အဘကို ၁၂၆၀ ပြည့်၊ ဝါခေါင်လဆန်း (၃) ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် (၁) နာရီအချိန်တွင် မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ် ဥပုသ်တော်ကုန်းတွင် အဘဦးစံလင်း၊ အမိ ဒေါ်လုံးတင်တို့မှ ဖွားမြင်ခဲ့သည်ဟု မဟာဗောဓိမြိုင်ဆရာတော်အရှင်မြတ်၏ကျေးဇူးတော်ကြောင့် သိရ၏။ မွေးချင်း ညီအစ်ကိုမောင်နှမ စုစုပေါင်း (၁၁) ယောက်တွင် အကြီးဆုံး ဖြစ်၏။ ငယ်မည်မှာ မောင်သန့်ရှင်း ဖြစ်၏။

အဘအလောင်းလျာဖြစ်သော မောင်သန့်ရှင်းလေးသည် ငယ်စဉ်ကတည်းက အရွယ်နှင့်မလိုက်အောင်ပင် သည်းခံစိတ်ရှိ၏။ မနိုင်၍ အလျှော့ပေးခြင်း၊ ကြောက်သဖြင့် ရင်မဆိုင်ခြင်းမျိုး မဟုတ်သော သည်းခံစိတ်စစ်စစ်ဖြစ်၏။ ဥပမာအားဖြင့် မောင်သန့်ရှင်းထက် အရွယ်အမောင်းကြီးသူက ရန်လုပ်လာလျှင် ခေါင်းငုံ့ခံလျက်က ငို၍ ပြန်ခဲ့၏။ လူကြီးများကမေးမြန်းလျှင် ရန်လုပ်သည်ကို ကြောက်၍မဟုတ်၊ ကြီးသူနှင့်ငယ်သူ ငယ်သူသာ ခံရနိုင်သည်ကို တွေးမိ၍ ရှောင်လာခြင်းဖြစ်ကြောင်း ပြန်ပြောလေ့ရှိ၏။ တစ်ဖန် သူ့ထက် အရွယ်၊ အမောင်းငယ်သူက ရန်စ,လာလျှင်လည်း သူ့ထက်အငယ်လေးကို လုပ်လာခဲ့လျှင် တစ်ဖက်သူ အငယ်လေးသာ ခံရစရာ ဖြစ်၍ သနားပြီး ဘာမှမလုပ်ဘဲပြန်လာခဲ့ကြောင်း ပြောလေ့ရှိ၏။ ဤသို့ဖြင့် မောင်သန့်ရှင်းလေးအတွက် ရန်သူဟူ၍ သမျှကို သူ့ဘက်က မိတ်ဆွေတွေချည်းသာ ဖြစ်စေခဲ့၏။ သူ၏အတွေးအခေါ်နှင့် ပြန်ပြောပုံကလည်း ကိုယ်ချင်းစာတရားစိတ်ရှိပုံ ပေါ်လွင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်သန့်ရှင်း အရွယ်ရောက်၍ အသက် (၂၀) ခန့်အရွယ်တွင် မရွှေညှာ ခေါ် တစ်ရပ်ကွက်တည်းနေသူနှင့် အိမ်ထောင်ကျပြီး သားသုံးယောက် ထွန်းကားခဲ့၏။ ထို့နောက် ဦးသန့်ရှင်းအရွယ်သို့ ဝင်လာခဲ့သည်တွင် အတိတ်ပါရမီနှီးဆော်သဖြင့် အိမ်ထောင်ရေး၌ စိတ်ငြီးငွေ့စားမှုနည်းပြီး အိပ်ခန်းထက် ဖိုခန်းထဲ ပို၍ အဝင်များလာ၏။ ထို့ကြောင့် ဦးသန့်ရှင်းသည် ဖားဖိုကြီး တရှဲရှဲနှင့် သမထအလုပ်နှင့် ပို၍တွဲလာမိ၏။ ထို့နောက် ပဋ္ဌမ်နဝင်းဂိုဏ်းထဲဝင်ပြီး နဝင်းသီလ ဆောက်တည်ခြင်း၊ သက်သတ်လွတ်မှီဝဲခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းများကို ပြုလုပ်လာခဲ့၏။

ထို့နောက် တစ်ချိန်တွင် ဖားဖိုဖြင့် သမထကို ခဏနား၍ နှာခေါင်းဖိုထိုးသော အာနာပါနအလုပ်ကိုလုပ်ရင်း အဆင့်ကျနှာစာရထံ နည်းခံပြီး ရှစ်ပါးသီလနှင့် အာနာပါနကို ကြိုးစားအားထုတ်ခဲ့လေသည်။ ထို့နောက် ထိုအချိန်က ဝိဇ္ဇာတစ်ပါးဟု ထင်ရှားလှသော ဘိုးတော်အောင်မင်းခေါင်ကြီးရှိရာ ပုပ္ပားတောင်ကလပ်သို့ ရောက်ခဲ့ပြန်၏။ တစ်နေ့တွင် ဘိုးတော်အောင်မင်းခေါင်ကြီးက ပုပ္ပားတောင်ကလပ်ရှိ စံကျောင်းတိုက်ခန်းထဲတွင် ထမင်းများထည့်ထားသော သံဇလုံထဲသို့ မိမိ၏နှပ်များ၊ တံတွေးများကို ညှစ်ထွေးထည့်ကာ နယ်ဖတ်ပြီး လူဦးရေ အယောက် (၅၀)၊ (၁၀၀) ခန့်ရှိသော သူ၏ဝရိသတ်ကို တစ်ယောက်စီ ကျွေးရာ အကျွေးခံရသူတို့က ရွံ့ကြသဖြင့် ခေါင်းခါ၊ လည်ခါဖြင့် ငြင်းကြ ဆို၏။ ဤသို့ဖြင့် ဦးသန့်ရှင်းအလှည့်သို့ရောက်သော် ဦးသန့်ရှင်းက မငြင်းဘဲ အားရပါးရ စားလိုက်သည်ဟု သိရ၏။ ထိုအခါ ထမင်းများမှာ မွှေးကြိုင်နေသည်ဟု ဆို၏။

ထို့နောက် ဦးသန့်ရှင်းသည် အဘ ဘိုးတော်အောင်မင်းခေါင်ကြီးနှင့်အတူ ပုပ္ပားတောင်ကလပ်တွင် နေထိုင်ပြီး အဘဘိုးတော်အောင်မင်းခေါင်ကြီးထံမှ သမထ၊ ဝိပဿနာ နည်းလမ်းများကို ခံယူရရှိသည်ဆို၏။ အဘဘိုးတော်အောင်မင်းခေါင်ကြီးနှင့်အတူ ပုပ္ပားတောင်ကလပ်ပေါ်တွင် တစ်လမျှ နေထိုင်ခွင့်ရပြီးနောက် မိမိအရပ် မန္တလေးသို့ ပြန်လာခဲ့၏။

မန္တလေးသို့ ပြန်ရောက်လာသောအခါတွင် အဘဘိုးတော်အောင်မင်းခေါင်ကြီးထံမှ ဆည်းပူးရရှိလာခဲ့သော သမထ၊ ဝိပဿနာအကျင့်များကို ဆက်ကျင့်ခဲ့၏။ အတော်အတန် ခရီးရောက်လာချိန်တွင် မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်းကြီးအား သက်မဲ့ဆရာအနေဖြင့် ဆရာတင်ကာ ဝိပဿနာအကျင့်ကို ဖိ၍ကျင့်ခဲ့သည်ဟု ဆို၏။

တစ်နေ့တွင် ဦးသန့်ရှင်းသည် အဘဘိုးတော်အောင်မင်းခေါင်ကြီးကိုယ်ပွားဟု ယုံကြည်ဆည်းကပ်ကြသော မန္တလေးက အဘပွားထံ ရောက်ခဲ့၏။ ထိုစဉ်က အဘပွားသည် မန္တလေးတောင်ပေါ် ဦးခန္တီ၏ကျောင်းတွင် ဖြစ်၏။ ဦးသန့်ရှင်းက အဘပွားကို အောင်မင်းခေါင်ဟု နာမည်ကြီးနေ၍ သွားရောက်လေ့လာခြင်း ဖြစ်၏။ ထို့နောက် အဘပွားအား အဘအောင်မင်းခေါင်ကြီး တကယ် နာမ်ချဉ်းကြောင်း ဦးသန့်ရှင်းက လက်ခံခဲ့၏။

အဘ၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညိုစွာ ရေးရပေမည့် ကိုယ်တိုင်မီခဲ့ဖူးသည့်အရွယ်မှာ ငယ်နေသေးသဖြင့် မှတ်မိသည်တို့ထက် မမှတ်မိသည်တို့က များနေကြောင်းကို ဝန်ခံပါသည်။ ထို့ပြင် ရွှေစိုးကို အဘက ကလေးဟု သဘောထားသဖြင့် လူကြီးရာမဝင်ခဲ့ပါ။ ထို့ကြောင့် အဘ၏လက်ရင်း အတွင်းတပည့်များ ဖြစ်တော်မူသော မဟာဗောဓိမြိုင်ဆရာတော်၊ အစ်မကြီး ဒေါ်ခင်မူ၊ နောင်တော်ကြီး ဦးအေးနှင့် ရွှေစိုး မသိဘူးသူများကို ပို၍ မှတ်ကြပါလိမ့်မည်။ ယခု ဆောင်းပါးတွင်မူ ရွှေစိုး ယခုမှ ကိုယ်တိုင်ဆက်စပ်လာသောကိစ္စကို အရင်းတည်လျက် အဘအကြောင်းကို အမြွက်မျှ ဖွင့်ဟလိုက်ခြင်း ဖြစ်၏။

မည်သို့ပင်ဆိုစေ မဟာဗောဓိမြိုင်ဆရာတော်၊ ဦးအေး၊ ဦးလှဘော၊ ဦးတင်အောင်၊ ဒေါ်ခင်မူ အစရှိသော အဘဆရာတော်၏အတွင်းနေတပည့် ဒကာကြီးများထံမှ ကြည်ညိုစွာ နာကြားခွင့်ရခဲ့သောအချက်များနှင့် ကိုယ်တိုင် ကြုံတွေ့၊ ကြားဖူး၊ နာဖူးသမျှထဲမှ မှတ်မိသမျှကို မှတ်စုဖြင့် တတ်နိုင်သမျှ မှတ်မိနေရန် ကြိုးစားခဲ့ပါသည်။ ထိုမှတ်မိသမျှတွေထဲမှ ဤဆောင်းပါးအတွင်း အကျုံးဝင်မည်ထင်သည်တို့ကို ဆက်၍ ဖော်ပြလိုပါသေးသည်။

အဘသည် အဘ၏ နားနေခန်းအပေါက်ဝရှိ သစ်သားပက်လက်ကုလားထိုင်ကြီးပေါ်တွင် မျက်စိစုံမှိတ်၍ ပုတီးတချောက်ချောက်စိပ်ရင်း တပည့်များကို ဩဝါဒချီးမြှင့်ခြင်း၊ ပူဇော်ခံခြင်းများပြုလုပ်လေ့ရှိပါသည်။ တပည့်ဒကာများမရှိလျှင် လက်ဆံမှ ပုတီးကို စိပ်နေပြီး တပည့်ဒကာရှိလျှင် ဩဝါဒချီးမြှင့်တတ်ပါသည်။ တစ်ခါတစ်ရံ ဓာတ်လုံးလေးများ ချီးမြှင့်တတ်ပါသည်။ ရွှေစိုးလည်း ဓာတ်လုံးလေးတစ်လုံး ရဖူးပါသည်။ ထိုဓာတ်လုံးလေးအစွမ်းဖြင့် စိတ်ဝေဒနာရှင် အစ်မကြီး မမကြည် (ချစ်ဇနီး၏အစ်မ)သည် ဝေဒနာပျောက်ခဲ့ဖူးပါသည်။ များသောအားဖြင့် အဘသည် ဓာတ်ပြာများကို ချီးမြှင့်လေ့ရှိ၏။ ထိုဓာတ်ပြာများပါဝင်သော ပြာအိုးတစ်လုံးကို မြစ်မီးတောင်၌ စေတီတစ်ဆူတည်ရာမှရရှိခဲ့ခြင်းဖြစ်သည်ဟု ကြားဖူးပါသည်။ အဘသည် နားအကြားအာရုံကြောင့် နားကြပ်တစ်စုံ တပ်ထားတတ်သည်။ အဘအား သိလိုသည်တို့ကို မေးလျှောက်လျှင် ဖြစ်စေ၊ လှူမှုကိစ္စများ လျှောက်သည့်အခါဖြစ်စေ ဒကာများက အတန်ငယ်အော်၍ လျှောက်ကြရပါသည်။ မအော်လျှင် 'ဟင်၊ ဟင်' ဖြင့် မကြားပါ။ သို့သော် သူကြားလိုပါက ရွှေစိုးတို့ ကျောင်းခြံဝတွင် အချင်းချင်း တီးတိုး ပြောသောစကားကို ကျောင်းပေါ်အခန်းထဲမှ အဘ ကြားရတတ်၏။ တစ်ခါက ရွှေစိုးက 'အဘကတော့ကွာ၊ သူကြားချင်ရင်ကြားရော၊ မကြားချင်ရင်အနားကပ်ပြီး အမြောက်ဖောက်တောင် မကြားဘူးဗျ' ဟုပင် အဘရှေ့တွင်ပြောမိပါသည်။ ပီတိလည်းဖြစ်၍ အဘကို ကြည်ညိုမိပါသည်။ တချို့ဆိုလျှင် အဘရှေ့တွင် မဟုတ်တာ စိတ်ပင်မကူးရဲပါ။ စိတ်ကူးကိုပင် သိနိုင်သည်ဟု ယုံကြည်ကြ၏။ အဘနားနေသော အခန်း၏ လက်ယာဘက်တွင် ကပ်လျက် ဘုရားရှင်စံမြန်းတော်မူသော ဂန္ဓကုဋိခန်းရှိပါသည်။ ဂန္ဓကုဋိခန်း၏လက်ယာဘက်တွင် အဘဘိုးတော်အောင်မင်းခေါင်ကြီး ရုပ်တုတော်နှင့် အဘပွား၏ရုပ်တုတော်ကြီးများ ရှိပါသည်။ ရုပ်တုတော်ကြီးမှာ လူတစ်ထိုင်သာသာရှိပြီး အလွန်အသက်ဝင်လှပါသည်။ ထိုရုပ်တုတော်ကြီးများ၏နောက်ဘက် နံရံတွင် အဘဘိုးတော်အောင်မင်းခေါင်ကြီး၏ ဓာတ်ပုံတော်နှင့်ဗောင်းပေါင်းထားသော အဘပွား၏ဓာတ်ပုံကြီး ရှိသည်။ ထိုဓာတ်ပုံကြီးများကို ဘုရင်မ ဓာတ်ပုံတိုက်က ရိုက်သည်ဟု စာအမှတ်အသား ပါရှိပါသည်။ ဓာတ်ပုံရိုက်သည်လား ပုံကြီးခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်လားတော့ အသေအချာမသိပါ။ ဓာတ်ပုံပေါ်တွင် ဘုရင်မဓာတ်ပုံတိုက်ဟု ရေးထိုးထားသည်ကို ဖတ်ရခြင်း ဖြစ်၏။ ထိုပုံတော်တို့သည် အဘမရှိတော့သည့်နောက် တောင်ဥက္ကလာ ပဒေသာရပ်ရှင်ရုံရှေ့ရှိ အိမ်တစ်အိမ်သို့ ပြောင်းရွှေ့ ပူဇော်ထားခဲ့ပါသည်။ ယခုတော့ ဘယ်အရပ်တွင် စံမြန်းနေလေသည် မသိပါ။

အဘ ဆရာတော်အား ဘာသာမတူသူတစ်ဦးက လှူထားသော မာစီဒီးကားအနက်ကြီးတစ်စီး ရှိ၏။ အဘသည် ထိုကားကြီးဖြင့် ကန်တော်ကြီး ကရဝိက်ကျွန်းသို့ ရံဖန်ရံခါသွား၍ လမ်းလျှောက်ထွက်တတ်၏။ ဦးတူး၊ ဦးအေးစသည် ကြံ့သူကမောင်း၍ ပို့တတ်၏။ အဘနောက်တော်မှ ထက်ကြပ်ပါရလေသူက မဟာဗောဓိမြိုင်ဆရာတော် ဖြစ်၏။ တစ်နေ့ ကရဝိက်ကျွန်းတွင် လမ်းလျှောက်နေစဉ် တစ်နံနက်တွင် လမ်းမှ ကုလားမတစ်ဦးက နံပြားထောပတ်သုတ် ကပ်လိုက်သည်ဟု ဆို၏။ ထိုနံပြားထောပတ်သုတ်ကို ကျောင်းရောက်သည့်အခါ ဘုဉ်းပေးတော်မူ၏။ အနီးရှိ တပည့်ကြီးများကို ကျန်တာဝေကျွေးသေး၏။ ထို့နောက် တပည့်များကို ပုံတူဆွဲရန် ပန်းချီဆရာအား အပ်ခိုင်းသည်ဟု သိရ၏။ ထိုပန်းချီကားရလာသည့်အခါတွင် အဘက ပန်းချီကားအားကြည့်ပြီး 'ငါနဲ့တူရဲ့လား' ဟု အနီးရှိ ကြံ့သမ္မလူကိုမေးရာ ကြံ့သမ္မကလည်း 'ချွတ်စွပ်ပါပဲ' ဟု ဝမ်းပန်းတသာလျှောက်ကြ၏။ ထိုသို့လျှောက်ကြသူများထဲ၌ ရွှေစိုး၏အစ်ကို ဦးကျော်သန်းလည်းပါ၏။ ရွှေစိုးပင်အဆစ်ပါသေး၏။ ရွှေစိုးက အမေးမခံရပါဘဲ ပုံတော်ကြီးကို တွေတွေကြည့်၍ ထောက်ခံလိုက်ခြင်း ဖြစ်၏။ တူလည်း တကယ်တူပါ၏။

ထို့နောက် ၁၃၃၉ ခုနှစ်တွင် အဘသည် မြောက်ဘက်မှ အက်ကွဲသွားသော သယ်န်းကျွန်းကြီးရှိ ကုစ္ဆာသယ ဘုန်းတော်ပြည့်စေတီတော်ကြီးကို ပြန်လည်ပြုပြင် ထီးတော်တင်တော်မူ၏။ ထီးတော်အလှူ့ည့်တွင် ရှာခံညီအစ်မနှစ်ယောက်သည် ဆင်ပုံချောင်းအရောက်တွင် ချောင်းထဲသို့ အဝတ်ရင်စည်းကာ ဆင်း၍သေကြလေသည်။

ပျော်ရွှင်နေသော ရွှေစိုးတို့လူငယ်လူရွယ်တို့မှာ တထိတ်တလန့် ဖြစ်ခဲ့၏။ ရှာခံတို့မှာလည်း ရင်ထုမနာဖြစ်ကြရ၏။ ထိုညီအစ်မနှစ်ယောက်သည် ထိုအချိန်မှစ၍ ထိုကုစ္ဆာသယ ဘုန်းတော်ပြည့်စေတီတော်တွင်စောင့်ကြသည်ဟုလည်း ကြားရ၏။

ထိုမှ သုံးနှစ်ခန့်အကြာ၊ ၁၃၄၂ ခုနှစ်၊ တန်ခူးလပြည့်နေ့ ညဥ့် (၁၂)နာရီကျော်ကျော်ခန့်တွင် ဘဝကူးတော်မူခဲ့ပေသည်။

အဘ၏ခန္ဓာတော် ရုပ်ကြွင်းကို အဘ သီတင်းသုံးတော်မူသော သာသနာ့ဗိမာန်ကျောင်းတွင် ငါးရက်အပူဇော်ခံထား၏။ တန်ခူးလ၏နေပူရှိန်ပြင်းပြင်းအောက်တွင် အဘ၏ခန္ဓာတော် ရုပ်ကြွင်းသည် အနံ့အသက်မထွက်၊ ပကတိအတိုင်း အပူဇော်ခံတော်မူ၏။ ပတ်ဝန်းကျင်ရှိ လူအချို့နှင့် တပည့်ဒကာအချို့တို့ကလည်း အဘပျံလွန်သည့်အချိန်နှင့် ပျံလွန်တော်မူပြီး နောက်ပိုင်းရက်များတွင် အဘအား ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်များခြံရံလျက် ဟိုနေရာ၊ ဒီနေရာတို့တွင်ဖူးမြင်လိုက်ရကြောင်း အသံများထွက်လာခဲ့ပြန်၏။ ထိုအသံများကိုကြားရသည့်သူတွေကလည်း ကိုယ့်အစွဲနှင့်ကိုယ်၊ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် အမျိုးမျိုး တွေးကြ၊ ပြောကြ၏။

အဘသည် သူပျံလွန်တော်မူမည့်အချိန်ကို ခန့်မှန်းနိုင်ပုံရ၏။ အဘ မပျံလွန်မီလေးက အဘ၏နှမ ဒေါ်ပု၏ခင်ပွန်းဖြစ်သူ ဦးသိန်းကို သူပျံလွန်တော်မူလျှင် အလောင်းသွင်းမည့်အခေါင်း၏ ခေါင်းရင်းနှင့် ခေါင်းထားမည့်အုတ်ဂူ၏ ခေါင်းရင်းဘက်တွင် ကျပ်ဝိုင်းခန့် အပေါက်လေးတစ်ခုစီ ဖောက်ပေးရန် မှာကြားခဲ့သည်ဟု ဆို၏။ ဂူဆောက်ရမည့်နေရာကိုလည်း သယ်န်းကျွန်းကြီးရှိ အဘပြုပြင်မွမ်းမံခဲ့သော ကုစ္ဆာသယ ဘုန်းတော်တိုးစေတီ၏ ပရဝဏ်အတွင်းဟု မှာကြားတော်မူခဲ့၏။ ထိုနေရာသည် အဘ ဘိုးတော်အောင်မင်းခေါင်ကြီးက အဘကို ထွက်စခန်း ဟူ၍ သတ်မှတ်ပေးခဲ့သောနေရာ ဖြစ်၏။

သို့သော် အဘ၏ရုပ်ကြွင်းခန္ဓာတော်ကို တကယ်တမ်း ဂူသွင်းရာတွင်မူ ထိုသတ်မှတ်ထားသောနေရာ ဖြစ်မလာခဲ့ဘဲ မင်္ဂလာဒုံ ပေါက်ကုန်းသချိုင်းတွင် အဘကို ဂူသွင်းမြှုပ်နှံသဂြိုဟ်ခဲ့၏။ အဘ၏အုတ်ဂူကို တည်ဆောက်ရန်နေရာကို ကားလမ်းနှင့်ကပ်နေသောနေရာတွင် ရရှိခဲ့၏။ ညောင်ပင်ကြီးတစ်ပင်၏အနီးတွင် ဖြစ်၏။ အဘဦးဝိမလမှာ ကြားတော်မူခဲ့သည့် အဘ ဘိုးတော်အောင်မင်းခေါင်ကြီး သတ်မှတ်ပေးခဲ့သော ကုစ္ဆာသယ ထွက်စခန်းနေရာမဟုတ်ဘဲ ပေါက်ကုန်းသချိုင်းတွင် ဖြစ်ခဲ့ရသည့်အကြောင်းရင်းကို ရွှေစိုး မသိပါ။ စပ်စုကြည့်မိသောအခါတွင်လည်း ကြုံရဆုံရသူများက အကြောင်းအမျိုးမျိုးကြောင့်ဟုသာ ဆိုကြ၏။ မဟာဗောဓိမြိုင်ဆရာတော်ကြီးကိုတော့ မမေးလျှောက်မိသေး။ မဟာဗောဓိမြိုင် ဆရာတော်ကြီးနှင့် အဘဦးဝိမလတို့မှာလည်း အကြောင်းအကြောင်းတွေ ရှိနေလိမ့်မည်။ သူတို့အချင်းချင်းတော့ သိကြပါလိမ့်မည်။ ထို့ကြောင့် မဟာဗောဓိမြိုင်ဆရာတော်ကြီးက ထိုအကြောင်းကို ဆိတ်ဆိတ်နေခြင်း ဖြစ်ပေမည်ဟုသာ ရွှေစိုးယုံကြည်ထား၏။

ရွှေစိုးက အဘ ဦးဝိမလထံ အရောက်စောသော်လည်း ထိုစဉ်က ရွှေစိုး (၁၃) နှစ်သားခန့်သာ ရှိဦးမည် ဖြစ်၏။ အဘဦးဝိမလထံသို့ ရောက်ရသည်ကလည်း အမေကြီးဟု အမည်ရှိသော တရုတ်အဘွားကြီးကြောင့် ဖြစ်၏။ အမေကြီးက ရွှေစိုးကို သားကဲ့သို့ ချစ်၏။ အမေကြီး၏သား မောင်ကံကြီးနှင့် ရွှေစိုးက ကျောင်းနေဖက် ဖြစ်၏။ အမေကြီးက အဘထံသို့ နိစ္စဘတ်ဝတ်ပြုရန် မပျက်တမ်းသွားလေ့ရှိ၏။ သွားလေတိုင်းလည်း ရွှေစိုးကို ခေါ်သွားလေ့ရှိ၏။ အဘ၏ သာသနာ့ဗိမာန်ကျောင်းသို့ ရောက်လျှင် ရွှေစိုးကို ကြမ်းတိုက်ခိုင်း၏။ အုန်းသီးခြောက်ကို တစ်ဝက်ခြမ်းထားသော အုန်းဆန်ခြောက်ဖြင့် တိုက်ရ၏။ ထို့နောက် အမေကြီးက ရွှေစိုးကိုခေါ်ပြီး ပရိသတ်ကိုဧည့်ခံလျက်ရှိသည့် အဘ၏ ခြေအစုံကို နှိပ်နယ်ဝတ်ပြုစေ၏။ ဤသို့ဖြင့် ရွှေစိုးသည် အဘနှင့် ဆက်စပ်ခွင့်ရခဲ့ရ၏။ ယခုတော့ အမေကြီး ဆုံးပါးသွားခဲ့ပါလေပြီ။ ထိုအမေကြီးကား အစ်မကြီး ဒေါ်ခင်မူ၏အမေတည်း။ အမေကြီး၏ ကျေးဇူးကို မမေ့နိုင်ပါလေ။

ထိုစဉ် ဓမ္မနောင်တော်ကြီး ဦးမြင့်ဦးက-

"ဟော့- ရွှေစိုး၊ ပေါက်ကုန်းရောက်ပြီကွ"

ဟု ဆိုသဖြင့် တွေးလက်စ အတွေးမျှင် ပြတ်သွားခဲ့၏။

ပေါက်ကုန်းကိုရောက်ပြီဆိုသော်လည်း သချိုင်းကို အတော်ရှာရ၏။ ကားမောင်းကျွမ်းကျင်သော ဇော်ဘွန်းနှင့် လမ်းခရီးကျွမ်းကျင်သော ဦးချစ်လှိုင်တို့၏ဦးဆောင်မှုဖြင့် ပေါက်ကုန်းသချိုင်းကို ရောက်လာ၏။ သချိုင်းကား ကြီးမား၏။ သို့သော် ဟောင်းပြီးယိုယွင်းပျက်စီးနေ



www.burmeseclassic.com

www.burmeseclassic.com

၏။ အချို့က သချိုင်းဟောင်းဟုပင်ခေါ်ကြ၏။ အုတ်ဂူအတော်များများကဟောင်းနွမ်းနေ၏။ အချို့သောဂူများကိုလူဆိုးများက ရစ်ပတ်ဖုံးလွှမ်းထား၏။ ပြိုပျက်စီးနေသောဂူများကလည်းရှိသေး၏။ သချိုင်းအဝင်ဝတွင် စေတီတစ်ဆူနှင့် ဇရပ်ဟောင်းတစ်ဆောင် ရှိ၏။ ဇရပ်ထဲတွင် ရုပ်ပွားတော်များ သီတင်းသုံးနေတော်မူ၏။ ထိုဇရပ်သည် ပေါက်ကုန်းသချိုင်းဟောင်း၏ သရဏဂုံတင်ရာဇရပ် ဖြစ်မည်။ ထိုဇရပ်ထဲတွင် လူနှစ်ယောက်သည် ပတ်ဝန်းကျင်၏ငြိမ်းချမ်းမှုအရသာကို ခံစားနေကြ၏။ ထိုလူနှစ်ယောက်ကို ရွှေစိုးက နှုတ်ဆက်၏။ ရွှေစိုးတို့လာရင်းကိစ္စကို အကျဉ်းပြောပြီး အချိန်အားရှိပါက ဝိုင်းကူပါရန်တောင်းပန်မိ၏။ ထိုသူတို့ကလည်းဝမ်းမြောက်စွာ လက်ခံကြ၏။ ဝိုင်းကူကာအဘဦးဝိမလ၏ဂူကို ရှာကြ၏။

အဘဂူတွင် ရေးထိုးထွင်းထုထားသော အမည်နာမတော်မှာပျက်ပြယ်ရန်လွယ်ကူသဖြင့် ဂူ၏ခေါင်းရင်းဘက်တွင်ရှိသော ကျပ်ဝိုင်းခန့်အပေါက်ကို အမှတ်သညာပြုပြီး ရှာဖွေကြ၏။ သချိုင်းအတွင်းသို့ဝင်လျှင်ဝင်ချင်း စေတီတော်တစ်ဆူကို ဖူးတွေ့ရ၏။ အောင်စေတီဟု ဘွဲ့တော် ဆက်ကပ်ထားသည်။ အလွန်သပ္ပာယ်လှ၏။ ထိုစေတီတော်၏အနီးတွင် သုသာန်ပေါင်း (၁၀၈) ခုတွင် ဓူတင်အောင်ခဲ့တော်မူသော သုသာန်ဓူတင်ဆောင် ဆရာတော် ဦးကေသယျ၏ အုတ်ဂူတော်ရှိ၏။ ဆရာတော်ပျံလွန်တော်မူခဲ့သည်မှာ နှစ်အတန်ကြာပြီဖြစ်သော်လည်း ဆရာတော်ဦးကေသယျ၏အုတ်ဂူတော်နှင့် ဆရာတော်အား ရည်စူးတည်ထားကိုးကွယ်ထားသည့်သုသာန်တွင်းရှိ အောင်စေတီတော်မှာ သက်န်းတော်ရောင် တပြောင်ပြောင်နှင့် သုသာန်ဓူတင်ဆောင်တော်မူလျက် ရှိနေ၏။

အဘဦးဝိမလအုတ်ဂူတော် တည်ရာသို့ ကိုယ်တိုင်ပါဝင်ခဲ့သော ဦးလှဘေ၏အပြောအရ ကားလမ်းနှင့်ကပ်လျက်ဟုဆိုသဖြင့် ကားလမ်းနံဘေးကပ်လျက်တည်ရှိသော အောင်စေတီဝန်းကျင်ကိုအဓိကထား၍ ရှာကြ၏။ ကားလမ်းနှင့်ကပ်လျက်ရှိသော ဇရပ်ဘေး၊ လူသွားလမ်းလေး၏တစ်ဖက်တွင် ကုန်းကမူလေးတစ်ခုမျှ အမြင့်ရှိသော အမှိုက်ပုံရှိ၏။ ထိုအမှိုက်ပုံကလည်း ကားလမ်းဘေးတွင် ကပ်လျက်ရှိ၏။ ဇရပ်ထဲတွင်သိခဲ့ရသော မိတ်ဆွေနှစ်ယောက်ကလည်း ထိုအမှိုက်ပုံအောက်တွင် ဂူအချို့ရှိကြောင်း ပြောကြ၏။ ရွှေစိုး၏စိတ်ထဲတွင် အဘ၏ဂူမှာ အမှိုက်ပုံအောက်သို့ရောက်သွားလေသလားဟု ထင်လိုက်မိ၏။ သို့သော် မဖြစ်တန်ရာမို့ စိတ်ကူးမိသည်ကိုပင် မိမိကိုယ်မိမိအပြစ်တင်ကာအဘကို ကန်တော့၍ တောင်းပန်လိုက်မိ၏။

သို့ဖြင့် အနီးအနားနေ ရပ်ကွက်သူရပ်ကွက်သား အချို့အား မေးကြည့်ရာ သူတို့က သချိုင်းရှေ့ရှိ အောင်သစ္စာကျောင်းသို့ညွှန်ကြ၏။ ထို့ကြောင့် နောင်တော်ကြီးဦးမြင့်ဦးက အောင်သစ္စာဘုန်းတော်ကြီးကျောင်းတိုက်သို့ ထွက်သွား၏။ ဦးမြင့်ဦးထွက်သွားပြီး မကြာမီ ဇရပ်ပေါ်တွင် တွေ့ခဲ့ရသည့် မိတ်ဆွေတစ်ဦးက ထွက်ရပ်ပေါက်ဆရာတော်တစ်ပါး၏ဂူကို တွေ့မိသလိုလို ပြောလာပြီး ထိုဆရာတော်ကို ဂူသွင်းစဉ်က ဝေယျာဝစ္စဝိုင်းလုပ်ပေးခဲ့ဖူးသော ဒေါ်ကုလားမကြီးဆိုသူ အဘွားအား သွားမေးလေသည်။ ထိုအဘွားက ကားလမ်းနံဘေးကပ်လျက်ရှိသော သချိုင်းမြေပေါ်ရှိ အမှိုက်ပုံအောက်တွင် အဘဦးဝိမလဂူ ရှိနေကြောင်း အခိုင်အမာပြောလေသည်။ ထို့ကြောင့် ရွှေစိုးက ဟုတ်သည်ရှိ၊ မဟုတ်သည်ရှိ အဘကိုရည်စူးလျက် အမှိုက်ပုံကို ထိုင်၍ ကန်တော့လိုက်မိ၏။ ထို့နောက် ဦးမြင့်ဦးအား သတင်းပေးရန် အောင်သစ္စာကျောင်းတိုက်သို့ အပြေးလိုက်သွားခဲ့၏။

အောင်သစ္စာကျောင်းတွင် လက်ရှိကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတအရှင်မြတ်ကို ဖူးမြင်ရလေသည်။ အရှင်ဝဏ္ဏတကိုယ်တော်မှာ သက်တော်ငယ်သေး၏။ အရှင်ဝဏ္ဏိတ ကိုယ်တော်က ကျောင်းကြီးကို လိုက်ပြရင်း (၁၀၈) သုသာန်အောင် ဆရာတော် အရှင်ကေသယျကိုယ်တော်မြတ် မပျံလွန်မီက သီတင်းသုံးတော်မူခဲ့ရာနေရာကို လိုက်ပြ၏။ ထိုနေရာတွင် ယခင်က တစ်ပါးနေတဲကုပ်ကုပ်လေးဖြစ်သော်လည်း ယခုအခါ တိုက်ကျောင်းဆောင်လေးဖြစ်နေလေပြီ။ အရှင်ကေသယျကိုယ်တော်မြတ်ကြီး၏ ပုံတူပန်းချီနှင့် ဓာတ်ပုံတော်တို့ကိုလည်း ဖူးခဲ့ရ၏။ အရှင်ကေသယျကိုရည်စူး၍ အိပ်ရာခုတင်ကိုပင် ပြင်ဆင်လှူဒါန်းထားသေး၏။ ထို့နောက် နောင်တော်ကြီးအား အဘ၏ဂူအနေအထား၊ အခြေအနေကိုပြောပြပြီး ထိုအမှိုက်ပုံသို့ပြန်လာခဲ့ကြလေသည်။

အဘကို ဂူသွင်းရာတွင် ဝေယျာဝစ္စဝိုင်းလုပ်ပေးခဲ့သည်ဆိုသော ဒေသခံမှ အဘွား ဒေါ်ကုလားမစကားအရ အမှိုက်ပုံအောက်တွင် အဘအုတ်ဂူရှိနေပါသည် ဆိုသောစကားကို ယုံပါသော်လည်း မဟုတ်ပါစေနှင့် ဟူ၍ပင် ဆုတောင်းနေမိပါသည်။ အဘွားဒေါ်ကုလားမကို မယုံခြင်း မဟုတ်ပါ၊ ထိုသို့မဖြစ်စေချင်ခြင်းသာ ဖြစ်ပါသည်။ ထို့ထက် ပို၍အရေးကြီးသည်က ထိုပေါက်ကုန်းသုသာန်တွင် အခြားအရပ်မှ အလောင်းသစ်များကို မြှုပ်နှံသင်္ဂြိုဟ်ခြင်းခွင့်မပြုတော့။ မကြာမီမှာ သုသာန်ဖျက်ပြီး နေရာပြောင်းတော့မည်ဟုလည်းကြားသိရ၏။ အကယ်၍ သုသာန်ဖျက်ပြီး နေရာပြောင်းရွှေ့သွားပါက အဘ၏ဂူကို ဆက်၍ရှာရပါဦးမည်ဟု စိတ်ထဲတွင် တေးထားလိုက်ပါသည်။ သို့သော်မည်သည့်အချိန်၊ မည်သည့်နေရာဟူ၍ကား ယနေ့ထိ မသိသေးပါ။

အဘသည် သက်တော်ထင်ရှားရှိစဉ်ကလည်း ရွှေစိုးတို့ကို သင်္ခါရတရားတွေနှင့် အစွဲကိုဖြတ်ရန် တရားတွေဟောခဲ့သည်။ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း၊ ကျော်စောခြင်းနှင့်မှေးမှိန်သိမ်ငယ်ခြင်း၊ လာဘ်ရွှင်ခြင်းနှင့် လာဘ်မဲ့ခြင်း၊ အခြွေအရံ များခြင်းနှင့် အခြွေအရံမဲ့ခြင်း စသည့် လောကဓံတရားများသည် လောကတွင် အမှန်တကယ်ရှိကြောင်းနှင့် ထိုလောကဓံတရားများကို ခံနိုင်ခြင်းသည် သူတော်ကောင်းတရားသာရှိသည်ဟူ၍ ဟောကြားဆုံးမတော်မူခဲ့၏။ အဘဦးဝိမလသည် သက်တော်ထင်ရှားရှိနေစဉ်က တကယ် အရှိတရားများကို ဟောကြားပြသ ဆုံးမတော်မူ၍အားမရနိုင်သေးဘဲ ပျံလွန်တော်မူပြီးသည်အထိ အဘ၏အုတ်ဂူဖြင့် သက်သေပြကာ ရွှေစိုးကို တရားပြနေလေသည်။ ထိုနေ့မှစ၍ ရွှေစိုးသည် အဘ၏ဆုံးအမကို အမြဲသတိရကာ အဘ၏ဆရာ ဘုရားရှင်၏တရားများကို အစွမ်းဆုံးအထိ ဦးထိပ်ပန် လိုက်နာပါမည်ဟုပင် အဓိဋ္ဌာန်ပြုမိ၏။

ဤဆောင်းပါးသည် လောကဓံတရား၏ထင်ရှားချက်ကိုသာ ရည်ညွှန်းပြီး မသိသူကျော်သွား၊ သိသူဖော်စားနိုင်ရန် ဖော်ပြခြင်းသာ ဖြစ်၏။ အဘနှင့်အမေကြီးကို ဤဆောင်းပါးဖြင့် ကန်တော့ပါ၏။

ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာ အရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် ဇာတကနိပါတ်အပါယိမှုဝင် သီလဝီမံသ ဇာတ်တော်တွင် ပြဟ္မဒတ်မင်းအဖြစ်ဖြင့် ဘုရားအလောင်းတော် ပုဏ္ဏားကြီး၏ ရာဇဝတ်ဖြစ်မှုကို ကျေကျေနပ်နပ် ခွင့်လွှတ်ခဲ့ပါပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာ၏အလောင်းအလျာသည် ဗာရာဏသီမြို့တော်၌ ထီးနန်းစိုးစံခွင့်ရခဲ့၏။ မင်းစဉ်မင်းဆက် အလေးအမြတ်ထား၍ ခံယူမြဲဖြစ်သော 'ပြဟ္မဒတ်မင်း' ဟူသောဘွဲ့မည်ကို ခံယူခဲ့၏။ ဘုရားအလောင်းတော်ကား ထိုပြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏား ဖြစ်ခဲ့ပေသည်။

ပုရောဟိတ်ပုဏ္ဏားသည် မျိုးရိုးအားဖြင့် မြင့်မြတ်၏။ အမိဘက်ကရော အဖဘက်ကပါ မြင့်မြတ်သန့်ရှင်းသော ဗြာဟ္မဏမျိုးနွယ်ဝင်များ ဖြစ်၏။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်အတွင်း၌ မိမိတို့မျိုးရိုးထဲတွင် လူစဉ်မမီသူ၊ အကဲ့ရဲ့ခံရသူ ဟူ၍ မပေါ်ပေါက်ခဲ့ပေ။

ထို့ပြင် ပုရောဟိတ်ပုဏ္ဏားသည် ရုပ်ရည်အားဖြင့် ရှုချင့်စဖွယ် တင့်တယ်လှ၏။ ယောက်ျားပီပီ တည်ကြည်ခံ့ညား၏။ ဝေဒသုံးပုံကိုလည်း တစ်ဖက်ကမ်းခပ် တတ်မြောက်၏။ အကျင့်သီလမှာလည်း ဖြူစင်သန့်ရှင်းလှ၏။ ဉာဏ်ပညာအရာမှာလည်း ကြီးမားလှ၏။ ထိုအခြင်းအရာများထက် ပို၍ သိသာထင်ရှားသည်မှာ ပုရောဟိတ်ပုဏ္ဏားကို အခြားပုဏ္ဏားများထက် ပိုမိုကာ ပြဟ္မဒတ်မင်းက ချီးပင့်မြှောက်စားထားခြင်း ဖြစ်ပေသည်။

ထိုမျှလောက် ဂုဏ်သတင်း မြင့်မားသော၊ ထိုမျှလောက် ထင်ရှားကျော်ကြားသော ပုရောဟိတ်ပုဏ္ဏားကြီးသည် တစ်နေ့မှာတော့ ရာဇဝတ်သားတစ်ဦးအဖြစ်ဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းခံရပါ၏။ ဖမ်းခံရသည့်အကြောင်းဖြစ်သော ပြစ်မှုကလည်း ခိုးမှုဖြစ်နေ၏။ အခိုးခံရသည့်ပစ္စည်းကလည်း သာမညပစ္စည်း မဟုတ်ပါ။ ဓနအဖိုးထိုက်တန်လှစွာ ရတနာတစ်ပါးဖြစ်သော ရွှေတုံးရွှေစများ ဖြစ်၏။ ထိုရွှေကို ခိုးယူသည်ကလည်း တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ်၊ သုံးကြိမ်တိုင်တိုင် အတင့်ရဲရဲနှင့် ခိုးခဲ့၏။ ရွှေတုံးရွှေစများကို ခိုးယူသည့်အတွက် ရွှေခိုးမှုပေါ်ပေါက်လာရာတွင် အခြားအမှုများထက် ဒီအမှုက ပို၍ အပြစ်ကြီးလှ၏။ အဆမျှားစွာ မနှိုင်းယှဉ်သာလောက်အောင်ပင် အပြစ်ကြီးလှ၏။ အဘယ်ကြောင့်ဆိုသော် ထီးနန်းသခင် ပြဟ္မဒတ်မင်းကိုယ်တိုင်က အဆင်တန်ဆာတစ်ခုပြုလုပ်ရန် ရွှေပန်းထိမ်သည်

ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# မင်းဆရာပုဏ္ဏားကြီး၏ရွှေခိုးမှု





www.burmeseclassic.com

www.burmeseclassic.com

အပ်နှံထား၍ ဖြစ်ပေသည်။

ဤအမှုအခင်းကို ကြားရသူတိုင်း စိတ်လန့်တကြား ဖြစ်ရ၏။ ရာဇဝတ်သားတစ်ယောက်အဖြစ်ဖြင့် အချုပ်အနှောင် အရိုက်အပုတ်ခံနေရသော ပုရောဟိတ်ပုဏ္ဏားကြီးကို ကြည့်ရှုကာ စိတ်မသက်မသာဖြစ်ကြရ၏။ ပုဏ္ဏားကြီး၏ ကျော်ကြားထင်ရှားသော ဂုဏ်သတင်းများသည် ဤသို့သောပြစ်မှုမျိုးနှင့် လုံးဝ မဆိုက်တန်ပါကလား။ ဤမျှလောက် အဆင့်အတန်း မြင့်မားလှသော ပုဂ္ဂိုလ်ကြီးက ဤမျှလောက် အောက်တန်းကျသောအပြုအမူမျိုးကို ပြုကျင့်တယ် ဆိုတာ အံ့ဩဖို့ကောင်းလှပါကလား။ စိတ်နှလုံး တုန်လှုပ်ဖို့ကောင်းလှပါကလား။

စိတ်နှလုံး တုန်လှုပ်နေကြသော၊ ထိတ်ထိတ်တလန့်ရှိနေကြသော မြို့သူမြို့သားများ၏ရှေ့မှောက်မှာပင် မင်းမှုထမ်းတို့က ရာဇဝတ်သားကို ဆွဲခေါ်လာခဲ့ကြ၏။ သေပြစ်သေဒဏ်ပေးရလောက်အောင် ကြီးကျယ်လှသောပြစ်မှုကြီးဖြစ်၍ လမ်းခရီးမှာ လွတ်ထွက်မသွားနိုင်စေရန် မြဲမြဲကြီးတုပ်နှောင်ထားကြ၏။ ပုဏ္ဏားကြီးကို ကြည်ညိုလေးစားသူတို့က လူအင်အားဖြင့် တိုက်ခိုက်၍ ကယ်ဆယ်သွားနိုင်အောင် မင်းမှုထမ်းတပ်သား အလုံအလောက်ဖြင့် ခြံရံ၍ ခေါ်လာကြရ၏။

ရာဇဝတ်သားနှင့် မင်းမှုထမ်းတို့ မင်းလမ်းကြီးအတိုင်း လျှောက်လာကြရာ လမ်းခရီးတစ်နေရာတွင် အလမ္ပာယ်ပွဲတစ်ခုနှင့် တိုးမိနေသည်။ အလမ္ပာယ်ဆရာကြီး၏သားဖြစ်သူ လူငယ်က အဆိပ်ပြင်းထန်လှသော မြွေဟောက်ကြီးကို အမျိုးမျိုး ကစားပြနေသည်။ မြွေဟောက်ကြီး၏လည်ကုပ်မှလည်း ဖမ်းကိုင်၍ပြ၏။ မြီးထူးမှလည်း ကိုင်မြှောက်၍ပြ၏။ မြွေဟောက်ကြီး၏ကိုယ်ကောင်ကို လည်ပင်းမှာ ရစ်ပတ်၍ပြ၏။

ပုရောဟိတ်ပုဏ္ဏား ရာဇဝတ်သားသည် မြွေကစား၍ပြနေသော လူငယ်ကလေးကို မြင်လိုက်ရသည်တွင် မိမိ၏အဖြစ်ကို မေ့လျော့သွားရ၏။ မိမိတွေ့ကြုံနေရသော ဘေးအန္တရာယ်များထက် လူငယ်လေးအတွက် ပို၍ ပူပန်မိ၏။ ထိုသို့ဖြစ်၍-

“အို သူငယ်၊ မင်းက သိပ်ပြီးတော့ အတင့်ရဲလှပါကလားကွာ။ မြွေဟောက်ဆိုတာ သိပ်ပြီးတော့လျင်မြန်တာနော်။ အဆိပ်ကလည်း သိပ်ပြင်းတာ။ မတော်တဆ တစ်ချက်လောက်များ အပေါက်ခံရရင် မလွယ်ပေဘူး”

ဤသို့ကြောင့် ဤစကားဆိုလိုက်သည်တွင် မင်းမှုထမ်းများက ဝိုင်းဝန်း၍ အပြစ်တင်ကြ၏။

“ခင်ဗျားကြီးက သူများကိုသွားပြီး ဆရာလုပ်မနေနဲ့ဗျ။ အဲဒီ မြွေဟောက်ကြီးက ခင်ဗျားလို သီလကြောင်မဟုတ်ဘူး။ သူ့ကို ဘယ်လိုကိုင်ကိုင်၊ သူ့ကို ဘယ်လိုလုပ်လုပ် လုံးဝ ပြန်မပေါက်ဘူး၊ အန္တရာယ်လုံးဝမပြုဘူး။ ဒါကြောင့် သူ့ကို သီလရှိတဲ့မြွေကြီးလို့ ပြောနေကြရတာ”

“ဩော်- ဒါဖြင့် သီလရှိတဲ့သူဆိုရင် လူချစ်လူခင်ပေါတယ်ပေါ့”

“ဟုတ်တာပေါ့ဗျာ။ အခု ခင်ဗျားကိုယ်တွေ့ဖြစ်နေပြီ မဟုတ်လား။ စောစောတုန်းက ခင်ဗျားကို အားလုံးက ကြည်ညိုကြတယ်၊ အားလုံးက ချစ်ကြတယ်၊ ခင်ကြတယ်။ အခုတော့ ခင်ဗျားကို ဘယ်သူကြည်ညိုသေးလဲ၊ ဘယ်သူက ချစ်သေးသလဲ။ ခင်ဗျားတို့မျိုးရိုးမြင့်မြတ်တာတွေ၊ ခင်ဗျား ဥပမိရုပ်ကောင်းတာတွေ၊ ခင်ဗျား ဝေဒကျမ်းဂန်တတ်မြောက်တာတွေ၊ အဲဒါတွေက အခု ကယ်နိုင်သေးသလား”

“ကောင်းပါပြီကွာ၊ ကောင်းပါပြီ။ ငါတို့များ သိချင်တာကလည်း ဒါပါပဲ”

မင်းမှုထမ်းများက လေသံပြင်းပြင်းနှင့် ပြောနေသည်ကိုပင် ပုရောဟိတ်ပုဏ္ဏားက လေအေးအေးဖြင့် တုံ့ပြန်ပြောဆို၏။

ဤသို့ဖြင့် ရာဇဝတ်သားနှင့် မင်းမှုထမ်းတို့ ဗြဟ္မဒတ်မင်း၏ ရှေ့တော်မှောက် ရောက်လာကြရာ ဤအမှု၏တရားလိုဖြစ်သော ရွှေပန်းထိမ်သည်က ပထမဦးစွာ အစစ်ခံ၏။

“အရှင်မင်းမြတ်၊ အရှင်မင်းမြတ်က လက်ဝတ်ရတနာလုပ်ဖို့ အပ်နှံထားတဲ့ ရွှေတုံးရွှေစများကို ပန်းထိမ်လုပ်ငန်းမှာ အသုံးပြုရတဲ့ ဖျဉ်ချပ်ပေါ်မှာ တင်ထားပါတယ်။ ရွှေထည်လုပ်ငန်းကို လုပ်ကိုင်ဖို့ အသင့်ပြင်ထားပြီးမှ ကိစ္စတစ်ခု သတိရလာလို့ အိမ်အတွင်းပိုင်းကို ဝင်ခဲ့မိပါတယ်။ အဲဒီအခိုက်က အိမ်မှာ ဧည့်သည်ဆိုလို့ ပုရောဟိတ်ပုဏ္ဏားသာ ရှိပါတယ်။ ဒီတော့ ဖျဉ်ချပ်ပေါ်က ရွှေစတစ်စ ပျောက်သွားရာမှာ တရားခံက သူပဲလို့ အတပ်ပြောနိုင်ပါတယ်။

အရှင်မင်းမြတ်၊ အဲဒီလို အတပ်ပြောနိုင်ပေမယ့် ကျွန်တော်မျိုး မပြောရက်ခဲ့ပါဘူး။ နဂိုကတည်းက သူ့ကိုကြည်ညိုနေခဲ့ရတာ၊ နဂိုကတည်းက သူ့ကို လေးစားလာခဲ့ရတာ။ နောက်ပြီးတော့ သူ ယူသွားတာကလည်း ရွှေစကလေးတစ်စ ဆိုတော့ ဘုရားကျွန်တော်မျိုး ကိုယ့်ဘာသာပဲ အောင့်အည်းမျိုသိပ်လို့ထားခဲ့ရပါတယ်။ ဘုရားကျွန်တော်မျိုးဘက်က သူ့ဂုဏ် သူ့သိက္ခာကို ထောက်ထားလို့ မျိုသိပ်နေခဲ့ရပေမယ့် သူ့ဘက်ကတော့ ပြုပြင်ဖို့ စိတ်ကူးဟန်မတူပါဘူး။ ပထမတစ်ခါ ရွှေစတစ်စယူပြီးတဲ့နောက်တစ်နေ့မှာပဲ ရွှေစတစ်စကို ထပ်ယူသွားပြန်ပါတယ်။

အရှင်မင်းမြတ်၊ တစ်ကြိမ်က နှစ်ကြိမ်အထိအောင် ဘုရားကျွန်တော်မျိုး သည်းခံနိုင်ပါသေးတယ်။ ဒါပေမယ့် သူ့ဘက်ကတော့ ကိုယ်ရှိန်သတ်မသွားပါဘူး။ ရလေ လိုလေ အိုတစ္ဆေ ဆိုတာလို ဖြစ်လာပါတယ်။ သုံးကြိမ်ထိအောင် အတင့်ရဲရဲနဲ့ ကျူးလွန်လာပါတယ်။ ဒီတော့ ဘုရားကျွန်တော်မျိုးဟာ အရှင်မင်းမြတ်ရဲ့ဘဏ္ဍာတော်ကို စောင့်ထိန်းရန် တာဝန်ရှိလာတာမို့ သူ့ကို ဖမ်းခဲ့ရတာပါ ဘုရား”

“ဩော်- ပုရောဟိတ်ကြီးရယ်၊ သူပြောတဲ့အတိုင်းများ တကယ်ဖြစ်နေရော့သလား”

ရွှေပန်းထိမ်သည်၏လျှောက်တင်သံအဆုံးတွင် ဗြဟ္မဒတ်မင်းက စိတ်မသက်မသာဖြင့် မေးမြန်းလိုက်၏။ အမှုသည် ပုရောဟိတ်ပုဏ္ဏားက ကြိုးတန်းလန်းရှိနေသောလက်များဖြင့် ဖြစ်နိုင်သမျှ အလေးအမြတ်ပြုကာ-

“မှန်လှပါ၊ သူလျှောက်တင်တဲ့အတိုင်း သုံးကြိမ်သုံးခါ ခိုးယူခဲ့တာ မှန်ပါတယ် ဘုရား”

ဟု လျှောက်တင်သဖြင့်-

“ပုရောဟိတ်ကြီးရယ်၊ ဒီနိုင်ငံမှာ သင်ဟာ ဉာဏ်ပညာအကြီးဆုံး ဖြစ်ပါတယ်။ ပြည့်ရှင်မင်းရဲ့ဘဏ္ဍာတော်ကို ခိုးယူရင် သို့မဟုတ် တိုက်ခိုက်ပြီးလုယူရင် သေပြစ်သေဒဏ်ထိုက်မယ်ဆိုတာလေးမှ မတွေးမိလေရော့သလား”

“သေပြစ်သေဒဏ် ဧကန်ထိမယ်ဆိုတာ သိပါတယ် ဘုရား။ သေပြစ်သေဒဏ်ကို ကြောက်တာကလည်း အမှန်ပါပဲ။ ဒါပေမယ့် ဘုရားကျွန်တော်မျိုးရဲ့စိတ်ထဲမှာ သေပြစ်သေဒဏ်ခံရမှာကို ကြောက်တာက တစ်ဖက်၊ အခြားတစ်ဖက်ကလည်း အရှင်မင်းမြတ်က ဘုရားကျွန်တော်မျိုးကို ထူးထူးကဲကဲ ချီးပင့်မြှောက်စားနေရာမှာ အဲဒါ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လဲလို့ အကြောင်းမှန်ကို သိချင်စိတ်စောနေတာက တစ်ဖက်၊ လူတစ်ကိုယ်တည်းမှာ စိတ်ဆန္ဒနှစ်မျိုးတည်း အားပြိုင်နေကြရာမှာ အကြောင်းမှန်ကိုသိချင်စိတ်က အနိုင်ရလာတဲ့အတွက် အသက်ဘေးကို မငဲ့မကွက်ဘဲ အရဲစွန့်လိုက်ရတာပါ ဘုရား"

"ပုရောဟိတ်ကြီး၊ လျှောက်တင်နေတာက မသဲမကွဲဖြစ်နေပါတယ်။ သဲသဲကွဲကွဲဖြစ်အောင် လျှောက်တင်စမ်းပါဦး"

"နားဆင်တော်မူပါ ဘုရား။ အရှင်မင်းမြတ်ဟာ ဘုရားကျွန်တော်မျိုးကို သူတကာတွေထက်ပိုပြီးတော့ ချီးမြှောက်တော်မူခဲ့ပါတယ်။ အဲဒီလို ချီးမြှောက်တာဟာ ဘုရားကျွန်တော်မျိုးရဲ့ အကျင့်သီလကြောင့် ဖြစ်လေသလား၊ ဒါမှမဟုတ် အခြား အကြောင်းများကြောင့် ဖြစ်လေသလား။ ဘုရားကျွန်တော်မျိုးရှိနေခဲ့တဲ့ ဂုဏ်သတင်းတွေထဲက အကျင့်သီလကို ဖယ်ထုတ်ထားလိုက်ရင် ဘယ်လိုများ ဖြစ်သွားလေမလဲ။ အဲဒီ အကြောင်းမှန်ကို သိချင်လွန်းလှတဲ့အတွက် လက်တွေ့ စမ်းသပ်ကြည့်တဲ့သဘောနဲ့ ရွှေပန်းထိမ်သည်ဆီက ရွှေစလေးတွေကို ခိုးယူကြည့်တာပါ။ ဒီလိုအရဲစွန့်ပြီး စမ်းသပ်ကြည့်လိုက်တဲ့အတွက် ဘုရားကျွန်တော်မျိုး သိချင်လှတာကို သိလိုက်ရပါပြီ။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ဘယ်လောက်ပဲ ဂုဏ်သတင်းတွေကျော်ကြားနေပါစေ၊ ဘယ်လောက်ပဲ အရှိန်အဝါကြီးနေပါစေ၊ သူ့မှာ အကျင့်သီလမရှိတော့တဲ့အခါ ကျန်တာတွေက ဘာမှအရာမရောက်တော့ပါဘူး။ ဒါကို ကိုယ်တိုင် စမ်းသပ်ကြည့်ပြီး ကိုယ်တိုင်သိလိုက်ရတဲ့အတွက် အရှင်မင်းမြတ်ပေးမယ့်အပြစ်ဒဏ်ကို ခံယူဖို့ အသင့်ပါဘုရား"

ဤသို့ လိပ်ပတ်လည်အောင်ရှင်းလင်းလျှောက်တင်လိုက်သဖြင့် ဗြဟ္မဒတ်မင်းသည် ပုရောဟိတ်ပုဏ္ဏားကို အပြစ်ဒဏ်မပေးတော့ဘဲ ချီးမြှောက်မြဲအတိုင်း ချီးမြှောက်ထားပါ၏။ သို့ရာတွင် အလောင်းတော် ပုရောဟိတ်ပုဏ္ဏားသည် ရွှေနန်းတော်ကြီးမှာ မပျော်ပိုက်နိုင်တော့သဖြင့် ဗြဟ္မဒတ်မင်းထံ ခွင့်ပန်ပြီးလျှင် ဟိမဝန္တာတောကြီးသို့ဝင်၍ ရသေ့အဖြစ်ကိုခံယူကာ ဈာန်သမာပတ်များဖြင့် မွေ့လျော်နေပါတော့သည်။

ဝဏ္ဏသီရိ

# ကြွက်နို့ကှ နည်းကောင်းတစ်ခု

၂၀၁၁ ခုနှစ်၊ မေလထုတ် သူရဇ္ဇမဂ္ဂဇင်းတွင် မြတ်မြတ်စံ (ကသာမြေ) ၏ 'မနာမကျင်ဘဲ ကြွက်နို့ပျောက်တဲ့နည်း' တိုင်းရင်းဆေးဆောင်းပါးကို ဖတ်လိုက်ရပါသည်။

သို့နှင့် စာရေးသူ ငယ်စဉ် (၆) တန်းကျောင်းသားလောက်က မနာမကျင် ကြွက်နို့ပျောက်ကင်းခဲ့ရသည့်အဖြစ်အပျက်ကို ပြန်လည် သတိရမိပါသည်။ ယခုအခါ အနှစ် (၄၀) ကျော်ခဲ့ပါပြီ။

ထိုစဉ်အခါက စာရေးသူ၏ဘယ်လက်မ ပထမဆစ်နှင့် ညာခြေမရင်းအပေါ်ဘက်တွင် ခပ်ကြီးကြီး ကြွက်နို့နှစ်လုံး ပေါက်ခဲ့ပါသည်။ လူမြင်သူမြင်ဖြစ်၍ စိတ်ညစ်ညစ်နှင့် ရှက်စိတ်ပါရောပြီး ပျောက်ကင်းလိုဇောဖြင့် ရေစိမ်၍ ကြွက်နို့နေးလျှင် ဘလိတ်ဓားနှင့် ခွဲစိတ်လှီးဖြတ်ခြင်း၊ အပ်နှင့်ထိုးဆွပြီး အသားစကို ဇာဂနာနှင့် ဆွဲနုတ်ခြင်း၊ ရော်ဘာစေးရည် သုံး အက်စစ်နှင့်တို့ခြင်း၊ စီးကရက်တို မီးတင်ရှို့လျက် ကြွက်နို့လုံးကို ကော်ထုတ်ခြင်း စသည်ဖြင့် တစ်ယောက်တစ်ပေါက်ပြောသည်ကို ဟုတ်နိုးနိုးနှင့် နည်းမျိုးစုံ အကြမ်းတိုက် ပြုလုပ်ပါသည်။

သို့သော် အနီ ကြွက်နို့မောင်တို့က ဖုတ်လေတဲ့ငါးပိဟုသာ ဆိုရပါမည်၊ ပြန်ပြန်ရှင်သန်ထကြွ၍ ပိုမို ကြီးထွားလာကြကုန်သည်။ စာရေးသူမှာတော့ ဆွေ့ဆွေ့ခုန်မျှ ဒဏ်ရာအနာတရ အဖတ်တင်သည်။ ပေါ့စေလို၍ ကြောင်ရုပ်ထိုးခါမှ ဆေးအတွက်လေး ဖြစ်ရသည်။

မေးပါများ စကားရ ဆိုသလို စာရေးသူတို့ သူငယ်ချင်းများစုဆုံရာ ဈေးဆိုင်ပိုင်ရှင် အဖိုကြီးဒေါ်ခင်စိန်က တစ်ရွာတည်းနေ ကိုတင်ဆွေ ကြွက်နို့ပျောက်အောင် 'ကိစ္စ' ဖြင့် တုတတ်ကြောင်း သတင်းပေးပါသည်။

ကိုတင်ဆွေသည် လှည်းနွားဖက်၍ မနက်စောစော တောတက် ထင်းခုတ်၊ ဝါးခုတ်ပြီး မိုးချုပ်နေဝင်မှ ပြန်ရောက်သူဖြစ်သောကြောင့် သူ့အားတွေ့နိုင်ရန် ကြိုးစားရပါတော့သည်။

တစ်ရက် နေ့လယ်ပိုင်းတွင် ထိုစဉ်က နာမည်ကြီး ရွှေမြိုင်မယ် ဆေးပြင်းလိပ်ထုပ်ကြီးပိုက်၍ ကိုတင်ဆွေထံ စာရေးသူရောက်သွားသည်။ ကိုတင်ဆွေဆိုသူက ရွှေမြိုင်မယ်ဆေးပြင်းလိပ်ကို ကြိုက်နှစ်သက်စွာ ခဲတတ်ကြောင်း ကြိုတင်သိထား၍ ဖြစ်သည်။

ထမင်းစားပြီး နေ့ခင်းနေ့လယ်ကျောဆန့်နေရာမှ ကိုတင်ဆွေ ထလာပြီး ကြွက်နို့ကို စူးစူးစိုက်စိုက်ကြည့်ပြီးနောက် သူ့အိမ်နံမှံနိမ့် တံစက်မြိတ်အမိုးအနားစွန်းမှ ဓနိဖက်ညှံ့ညှံ့ လက်တစ်လုံးခန့်ကို စာရေးသူအား ကိုယ်တိုင်ချိုးယူစေပါသည်။

ထိုဓနိဖက်ကို ကြွက်နို့ပေါ် ကြက်ခြေခတ်နှစ်ကြိမ်တင်၍-

'ကြွက်- နင်သယ်လာ နင်ပြန်ယူ'

ဟူ၍ သုံးကြိမ် တိုးတိုးရွတ်ပြီးနောက် ဓနိဖက်ကို အိမ်ကြွက်လျှောက်တန်းပေါ် လှမ်းတင်လိုက်သည်ကို တွေ့ရသည်။

'ပြီးပြီ၊ ပြန်တော့။ နောက်လှည့်မကြည့်နဲ့' ဆိုသဖြင့် စာရေးသူလည်း ဘုမသိဘမသိ ယောင်နန လှည့်ထွက်ခဲ့ပါသည်။

ဆယ်ရက်၊ လဝက်ခန့်အတွင်း အမှတ်ထင်ထင် လက်, ခြေမှ ကြွက်နို့များ တဖြည်းဖြည်း ပြားချပ်သွားပြီး နောက်ဆုံး လုံးဝပျောက်ကင်းသွားသည့်အပြင် ထပ်မံ၍ ကြွက်နို့ အလျှင်းမပေါက်တော့ပါ။

နောင်ကြုံကြိုက်သဖြင့် ကိုတင်ဆွေအား ကြွက်နို့သတ်ကိစ္စအကြောင်း မေးမြန်းကြည့်ရာ 'ကြွက်ချီသွားလို့ ဖြစ်မှာပေါ့ကွာ' ဟု ပြုံးဖြီးဖြီး ပြန်ပြောပါသတည်း။

မောင်စိမ်းထွေး(ထားဝယ်)

*မှတ်ချက်- အသေးစား လောကီအတတ် စီရင်ခြင်းမျိုးကို ထားဝယ်က 'ကိစ္စ' (ကိစ) လုပ်သည်ဟု ပြောဆိုလေ့ရှိသည်။*



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ ဒီနေ့ (၂၅-၂-၂၀၁၃) ညနက် (၂)နာရီအချိန်လောက်မှာ ကျောချင်းကပ်ဘုရားများက ဓာတ်တော်ကွန့်မြူးတာကို ကြားပြီးပြီလား"

ဟု ဦးထွန်းအောင်ကျော်က ဆိုင်းဆင့်ဗုံမဆင့် ပြောကြားလာ၏။

ကျွန်တော်ကလည်း 'မကြားသေးဘူး' ဟု ဖြေလိုက်လေ၏။

ထိုအခါ သူက ဆက်၍-


"ဒီနေ့ တစ်နေ့တည်းသာ မဟုတ်ဘူး မနေ့ကလည်း သန်းခေါင်အချိန်လောက်မှာ ဓာတ်တော်ကွန့်မြူးတယ်လို့ တစ်ဆင့်ပြောသံ ကြားရတယ်။ ဓာတ်တော်ကွန့်မြူးတာဟာ ပထမရွှေဦးစွာ ဆရာမ နီညိုရောင်ရှိတဲ့ အလုံးတစ်လုံးဟာ ဘုရားနှစ်ဆူကြားမှ ကောင်းကင်




ကိန္နရီရုပ်တုအား အနီးကပ် မြင်ရပုံ

# ကျောချင်းကပ်ဘုရားများ သို့မဟုတ် အရှေ့ရန်နိုင်၊အနောက်ရန်ကာဘုရားများ

## စောထွီးသျှင်(မြောက်ဦး)





အရှေ့ရန်နိုင်ဘုရားအား ဖူးမြော်ရပုံ



www.burmeseclassic.com


www.burmeseclassic.com




အရှေ့ရန်နိုင်ဘုရားများ



အနောက်ရန်ကာဘုရားအား ဖူးမြော်ရပုံ



ရှိနိုးနေသော ကျောက်ဆစ်ရုပ်တု



ဆင်စီး၍ စစ်ချီနေသော လူရုပ်တု

ထက်သို့တက်ပြီး ဒီဘုရားနှစ်ဆူကြားသို့ ပြန်ဝင်သွားတယ်။ နောက်ပြီး မကြာမီ ပြန်တက်သွားပြီး တစ်ဖန် ပြန်၍ကျလာတယ်။ ဒီဓာတ်တော်ကွန့်မြူးတာဟာ တစ်နာရီကျော်၊ နှစ်နာရီခန့်ကြာအောင် ကွန့်မြူးပါတယ်။ ဒီဟာကို မောင်သာကုန်း၊ လကာသနီ (စေတီကုန်း)၊ ဆင်အိုး ရွာသားတွေ ဖူးမြော်လိုက်ရပါတယ်"

ဟု အားရဝမ်းသာ ပြောကြားလေ၏။

ဤနေ့သည် ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့် (၂၅-၂-၂၀၁၃) နေ့ ဖြစ်သဖြင့် စုပေါင်း၍ ထမနဲထိုးပြီး ဘုရားဖူးရောက်လာသော ဧည့်သည်တော်များကို ကျွေးမွေးကြမည်ဟု ကြားသိရပါသည်။

## ဘုရားကို စတင်တွေ့ရှိပုံ

ဆင်အိုးကြီး ရွာသားများသည် ဗုဒ္ဓဘာသာ ရခိုင်တိုင်းရင်းသားများဖြစ်သည်နှင့်အညီ ဓမ္မာရုံတစ်ခု ဆောက်လုပ်ပြီး ဓမ္မာရုံပြီးသည်နှင့် ထိုဓမ္မာရုံ၌ ကိန်းဝပ်စံပျော်ရန် ရှေးဟောင်းဘုရားတစ်ဆူ လိုအပ်လာ၏။ ထိုအခါ အနီးအနားပတ်ဝန်းကျင်တွင် ဘုရားတစ်ဆူ ရလိုရငြား ရှာကြ၏။ ၁၂-၁-၂၀၁၃ ခု (၁၃၇၄ ခု၊ ပြာသိုလဆန်း ၁ ရက်)၊ စနေနေ့တွင် ကျောချင်းတပ်ညီနောင်ကုန်းမှ ဘုရားနှစ်ဆူကို စတင်တွေ့ရှိလေသည်။ အရှေ့ဘက်မှ ဘုရားမှာ အရှေ့ရန်နိုင်ဘုရားဖြစ်ပြီး အနောက်ဘက်မှ ဘုရားမှာ အနောက်ဘက်သို့ မျက်နှာမူပြီး အနောက်ရန်ကာဘုရား ဖြစ်လေသည်။ ထိုအခါ ရွာသူရွာသားများသည် စုပေါင်း၍ ၁၃-၁-၂၀၁၃ ခု၊ တနင်္ဂနွေနေ့တွင် ဘုရားကို သန့်ရှင်းရေးလုပ်ကြလေသည်။ ဘုရားများမှာ အမိုးအကာ မရှိဘဲ အဆောက်အအုံများ ပြိုပျက်နေသည်။ သိုက်ဆရာများ၏လက်ချက်ကြောင့် ဘုရားများမှာ ဖရိုဖရဲ မရှုမလှ ဟိုတစ်စ ဒီတစ်စနှင့် ဖြစ်နေရလေသည်။

## ဘုရားများကို စတင်ထူ


၁၉-၁-၂၀၁၃ ခုတွင် အရှေ့ဘက်ဘုရား (ရန်နိုင်) ဘုရားကို လဲနေရာမှ စတင်ထူပြီး ၂၄-၁-၂၀၁၃ နေ့တွင် အနောက်ရန်ကာဘုရားကို ထူကြသည်။ အနောက်ဘက်မှဘုရားမှာ အကျိုးအပြတ် အပိုင်းအစ (၃၇) ပိုင်း ရှိနေရာမှ ပြန်လည်၍ဆက်ပြီး ပြုပြင်ကြသည်။

၂၇-၁-၂၀၁၃ နေ့တွင် အနောက်ရန်ကာဘုရားမှာ ဦးတော်တခြား၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ရန်နိုင်ဘုရားနှင့် အနောက်ရန်ကာဘုရားအား ဖူးမြော်ရပုံ



ပက်လက်လဲလျောင်းနေသော အရှေ့ရန်နိုင်ဘုရားအား ဖူးမြော်ရပုံ



ပက်လက်လဲနေသော အနောက်ရန်ကာဘုရားကို ဖူးမြော်ရပုံ

တခြားရှိနေရာမှ ပြန်လည်၍ ဦးတော်ကိုဆက်ကြလေသည်။ ၂-၂-၂၀၁၃ ခုတွင် နှစ်ဆူစလုံး (အကြမ်းဖျင်း) ပြီးစီးပြီး ၃-၂-၂၀၁၃ ခုတွင် ဘုရားနှစ်ဆူလုံးကို ကရိန်းဖြင့် မြှင့်တားပါသည်။ ၄-၂-၂၀၁၃ ခုတွင် ဘုရားနှစ်ဆူလုံး၏ပလ္လင်ကို ပြုပြင်ပါလေ၏။ ၁၃-၂-၂၀၁၃ နေ့တွင် ဘုရားနှစ်ဆူစလုံး အကြမ်းဖျင်း စတင် ပြီးစီးပါသည်။

၁၆-၂-၂၀၁၃ ခု၊ (၁၃၇၄ ခု၊ တပို့တွဲလဆန်း ၆ ရက်) စနေနေ့တွင် ဘုရားအနေကဇာတင်ကြလေသည်။ ထိုနေ့တွင် လာရောက်ပြီး ဘုရားဖူးမြော်ကြသော ရဟန်းသံဃာများ၊ မြို့သူမြို့သား၊ နယ်သူနယ်သားများ စုစုပေါင်းတစ်သိန်းကျော်ခန့်ရှိကြလေ၏။ နယ်သူနယ်သားများက စုပေါင်း၍ ဆွမ်းဘောဇဉ်များဖြင့် ဒါနပြုကြလေသည်။ ထိုနေ့မတိုင်မီ အခြားနေ့များတွင် နယ်သူနယ်သားများမှ ဆွမ်းဘောဇဉ်များဖြင့် အလှည့်ကျ ဒါနပြုကြလေ၏။

## တည်နေရာ

ရန်နိုင်၊ ရန်ကာ ဘုရားများသည် မြောက်ဦးမြို့တော်၏ အရှေ့ဘက်စူးစူး (၂) မိုင်ခန့်အကွာရှိ မောင်သာကုန်းကျေးရွာ၏ အရှေ့မြောက်ဘက် မိုင်ဝက်ခန့်အကွာ၊ လကာသနီ (စေတီကုန်း) ကျေးရွာ၏အနောက်ဘက်စူးစူး (၁) ဖာလုံခန့်အကွာ တောင်ကုန်းပေါ်တွင် တည်ရှိပါသည်။

## ဘုရင်မင်းဗာကြီး၏ ဘုန်းတန်ခိုးအာနိသင်

မြန်မာနှစ် ၈၉၃ ခု၊ နယုန်လဆန်း (၁) ရက်၊ စနေနေ့ နှစ်ပဟိုရ်ကျော် (၅) နာရီတွင် ဖွားမင်းစောနှင့် ဘိသိက်တော်ခံ၍ မင်းအဖြစ်သို့ ရောက်ရှိတော်မူလေသည်။ ထိုမင်းတွင် ပညာရှိအမတ်ဖြစ်တော်မူသော မဟာပညာကျော်၊ ရှင်ငယ်ဆရာ ဦးမြဝါတို့သည် ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများ ဖြစ်ကြလေ၏။ ထိုပုဂ္ဂိုလ်တို့၏အကြံပေးချက်အရ မြို့တော်ကို ပိုမို မြို့သက်ရှည်စေရန် 'အကာကြီးတစ်ရာ၊ အကာငယ်တစ်ထောင်' နှင့် တည်ထားလေ၏။ ထို့ပြင် မြို့တော်အရံ (၁၁) မြို့တို့ကို တည်ထားတော်မူလေသည်။

မြန်မာနှစ် ၈၉၃ ခုတွင် ကုလားပြည်ချီမည်ကြံရာ စနည်းနာစေသော်-

'ကုလားကိုနိုင်လို စားဖို့မှာ မီးထည့်၊ ဝသဲတောင်ကို ထီးတင်၊ ကုလားကိုရှင်ပြု'



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ဆိုကြသော တဘောင်ကို ကြားခဲ့ရ၍ မင်းထံ လျှောက်တင်လေသော် အမတ်ပညာရှိ ကောင်းကျော်ထင်စား ဝိမလ လျှောက်သည်ကား-

"အရှင်မင်းမြတ်၊ ကုလားကို နိုင်လို စားဖို့မှာမီးထည့် အလိုသော်ကား သဘော်ာဆိပ် ဘောင်းဒွတ်အရပ်သည် စားဖို ဖြစ်ပါတယ်။ ကုလားမီးဆင်(ပလီ)မှာ အခြားတွင် မရှိစေရပါ၊ ဘောင်းဒွတ်တွင်သာ ထားရပါမယ်။ ဝသဲတောင်ကိုထီးတင် အလိုမှာ ဝသဲတောင်ထိပ်၌ နံ့တော်ဘုရားတည်ရပါမယ်။ ကုလားကိုရှင်ပြု အလိုမှာ ရှိသမျှကုလားများကို ဆံပင်မထားစေရပါ၊ ခေါင်းတုံးရိတ်စေရမယ်လို့ အဓိပ္ပာယ်ထွက်တော်မူပါတယ်။ ရှေးသိုက်ဟောင်းတွင်လည်း 'ကုလားပုစွန်ဆယ့်နှစ်တန်ကို မလွန်စေရာ' ဟူ၍ လာရှိပါတယ်။ မင်း (၁၂) ဆက်လည်း အရှင်မင်းမြတ်တွင် စေ့ပါတယ်။ နိုင်ငံတော် ဘင်္ဂါ (၂၀) မြို့ကို အရှင်မင်းမြတ်လက်ထက်တွင် ရမြဲရပါမယ်"

ဟူ၍ လျှောက်ထားလေသည်။


ဤသို့ဖြင့် ဘုရင်မင်းတာကြီးသည် မြန်မာနှစ် ၈၉၄ ခု၊ တန်ဆောင်မုန်းလဆန်း (၉) ရက်နေ့တွင် ဘင်္ဂါ (၁၂)တိုင်းသို့ စစ်ချီတော်မူရာ မြန်မာနှစ် ၈၉၅ ခု၊ တပေါင်းလဆန်း (၁၂) ရက်နေ့ နေပြည်တော်သို့ စစ်အောင်၍ ပြန်လာခဲ့လေသည်။

တစ်ဖန် မြန်မာနှစ် ၈၉၆ ခုနှစ်၊ တပေါင်းလဆန်း (၅) ရက် တနင်္လာနေ့တွင် များစွာသော သဘော်ာတို့နှင့် ပေါ်တူဂီလူမျိုးတို့သည် များစွာသော လက်နက်ကိရိယာများနှင့် မြောက်ဦးမြို့တော်ကို တိုက်ခိုက်လာလေ၏။ ဘုရင်မင်းတာကြီးလည်း ပြန်လည် ခုခံတိုက်လေ၏။ ရခိုင်စစ်သားတို့က ဝါးကိုဖောင်ဖွဲ့၍ မီးခတ်သွယ်လျက် တိုက်ခိုက်လေသော် ပေါ်တူဂီတို့သည် ရှုံးပါးပျက်စီး၍ ထွက်ပြေးကြလေသည်။

ဤသို့ဖြင့် ဘုရင်မင်းတာကြီးသည် မြန်မာနှစ် ၈၉၇ ခု၊ တန်ဆောင်မုန်းလပြည့် စနေနေ့တွင် သျှစ်သောင်းဘုရားခေါ် ရန်အောင်ဇေယျပုထိုးတော်ကြီးကို ရှင်ငယ်ဆရာ ဦးမြဝါ ကြီးမှူးလျက် ကြံပဋိကျမ်းနှင့်အညီ တည်ထားကိုးကွယ်ခဲ့လေသည်။ သျှစ်သောင်းပုထိုးတော်ကြီးနှင့် မရှေးမနှောင်းမှာပင်လျှင် ဘုရင်မင်းတာကြီးသည် မောင်သာကုန်းကျေးရွာ၏ အရှေ့မြောက်ဘက် မိုင်ဝက်ခန့်အကွာတွင် ကျောချင်းကပ်ဘုရားခေါ်



သံဃာတော်များ ဘုရားအနေကဇာတင်နေပုံ



ဘုရားအနေကဇာမတင်မီ တောင်ပေါ်ကို မြင်တွေ့ရပုံ



ကျောချင်းကပ်ဘုရားများရှိရာ တောင်ပေါ်အမြင့်



www.burmeseclassic.com

www.burmeseclassic.com

ရန်နိုင်ဘုရားနှင့် အနောက်ရန်ကာ ဘုရားများကို တည်ထားကိုးကွယ်ခဲ့ကြ သည်။ အရှေ့ရန်နိုင်ဘုရားမှာ အရှေ့ ခွင်ရှိတိုင်းပြည်များမှ ရခိုင်ဒေသကို အလွယ်တကူ တိုက်ခိုက်၍ မအောင်မြင် စေရန်နှင့် အနောက်ရန်ကာဘုရားမှာ (၁၂) တိုင်းမှ ရခိုင်ဒေသကို အ လွယ်တကူ တိုက်ခိုက်၍ မအောင်မြင် စေရန် ကာကွယ်ထားသော ရန်ကာ ဘုရားများ ဖြစ်ကြလေသည်။ ထိုဘုရား များမှာ ရှင်ငယ်ဆရာ ဦးမြဝါ၏ အကာ ကြီးတစ်ရာ၊ အကာငယ်တစ်ထောင်ထဲ ပါဝင်ပြီး အင်းအိုင်ယတြာများဖြင့် စီရင်ထားခြင်း ဖြစ်လေသည်။

**ဘုရားများ၏အတိုင်းအတာများနှင့် မှုဖြာ များ**

အရှေ့ရန်နိုင်ဘုရားမှာ ဉာဏ် တော်အမြင့် (၇)ပေခွဲခန့်ရှိပြီး အနောက် ရန်ကာဘုရားမှာ ဉာဏ်တော်အမြင့်(၈) ပေခွဲခန့် ရှိလေသည်။ ဤဆင်းတုတော် များမှာ ဘူမိဖဿမုဒြာဖြစ်ပြီး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ပူဇော်အထူး ခံယူ တော်မူနေခြင်း ဖြစ်သည်။ ဝိုင်းစက်သော မျက်နှာတော်၊ ဆန်းသစ်စလကဲ့သို့သော နဖူးခမ်းတော်အစုံမှ ပြုံးတော်မူဟန်ကို ဖူးမြော်ရသည်မှာ ကြည်ညို၍ မဝနိုင် အောင်ပင် သပ္ပာယ်လှပါသည်။ မဟာ ပုရိသ၏လက္ခဏာတော်ကြီး/ငယ်တို့ကို လည်း အထင်းသားဖူးတွေ့နိုင်ပါသည်။ ဆန်းသစ်စလကဲ့သို့ရှိသော နှုတ်ခမ်း တော်မှ ပြုံးတော်မူဟန်ရှိခြင်း၊ စန္ဒီမဏ္ဍ လ လပြည့်ဝန်းကဲ့သို့ ဝိုင်းစက်သော မျက်နှာတော်ရှိခြင်း၊ မျက်မှောင်တော် ဆက်သည် လဆန်း (၅)ရက် လကဲ့သို့ ရှိတော်မူခြင်း၊ တိတိဝန်းဝန်း မေးစေ့ တော်ရှိခြင်း၊ ကေသရာဇာခြင်္သေ့မင်း၏ ရင်အုံကဲ့သို့ ရင်အုံမို့မောက်ဖြိုးဝေခြင်း၊ လည်တော်၌ အိုးနားရေးသဏ္ဌာန် လည် ပတ်သုံးရစ်ရှိခြင်း၊ လည်ပင်းတော်သည် ညည်သဏ္ဌာန် လုံးလုံးဖြိုးဖြိုးရှိခြင်း၊ ပုခုံးတော်နှစ်ဖက်သည် လဆန်း (၁၂) ရက် လကဲ့သို့ တိတိဖြိုးဖြိုးရှိတော်မူခြင်း၊ လက်မောင်းတော်အစုံသည် နွားလားဥသ ဘ၏မျက်လုံးကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိ တော်မူခြင်း၊ ခါးတော်သည်လည်း နွား လားဥသဘနှာရောင်ကဲ့သို့ လျော့လျော့ ရှိတော်မူခြင်း၊ ဆင်နှာမောင်းကဲ့သို့သော လက်မောင်းတော်နှင့် သွယ်ပျောင်းပြီး အချိုးအစား ပြေပြစ်လှသော လက် ချောင်းတော်များရှိခြင်း၊ နှာခေါင်းတော်

မှာလည်း ရွှေချွန်းတောင်းကဲ့သို့ ဖြိုးဖြိုး မောက်မောက်ရှိတော်မူခြင်း၊ ဖမိုးတော် နှစ်ဖက်ဖြိုးခြင်း၊ ပခုံးတော်နှစ်ဖက်ဖြိုး ခြင်း၊ လည်တော်ဖြိုးခြင်း၊ လက်မောင်း တော်နှစ်ဖက်ဖြိုးခြင်း စသော လက္ခဏာ တော် (၁၀၈) ပါးသောအင်္ဂါရပ်များနှင့် အညီ ရခိုင်ဗိသုကာ ပန်းရန်ပညာရှင်များ ၏ အံ့မခန်းလက်ရာကို ဖူးတွေ့နိုင်ပါ သည်။ ပလ္လင်များမှာ တုတ်သိုင်း၊ ဓား သိုင်း လေ့ကျင့်နေကြသော ရုပ်စုံပလ္လင် များ ဖြစ်ကြပါသည်။

အချုပ်အားဖြင့် ထိုရန်နိုင်ဘုရား နှင့် ရန်ကာဘုရားများမှာ အဠနနဗီ လေးမြို့ကမ်းခြေ အနီးပတ်ဝန်းကျင်တွင် ရှိပါသည်။ ဆင်အိုးကြီး၊ ဆင်အိုးချေ၊ ချောင်းသစ်၊ လကာသနီ (စေတီကုန်း)၊ ရွှေထွန်းဖြူ၊ မောင်သာကုန်း၊ ပုရိမ်ကုန်း၊ မြတ်ရိပ်ကျွန်း၊ ပိုးဖြူကျွန်း အစရှိသော ရွာများရှိလေရာ ထိုကျေးရွာများသည် ကျောချင်းကပ်ဘုရားများ သို့မဟုတ် အ ရှေ့ရန်နိုင်ဘုရားနှင့် အနောက်ရန်ကာ ဘုရားများ၏ဆွမ်းဘောဇဉ်နှင့် ဘုရား ၏ဝေယျာဝစ္စများတွင် မောင်တစ်ထမ်း မယ်တစ်ရွက် ဆိုသလို ပါဝင်ဆောင်ရွက် ခဲ့ကြလေသည်။ ဆွမ်းဘောဇဉ် သုံး ဆောင်ပြီးလျှင် သရေစာအချိန်၌လည်း ပြောင်းဖူး၊ ပဲတောင့် စသည်များနှင့် ဧည့် ခံကျွေးမွေးကြလေသည်။ ဆွမ်းမသုံးမီ အချိန်၌လည်း မုန့်ပဲသရေစာများနှင့် ဧည့်ခံဖျော်ဖြေကြလေ၏။

မြန်မာနှစ် ၈၉၇ ခုတွင် ဘုရင်မင်း ဗာကြီးသည် ရန်နိုင်ဘုရားနှင့် ရန်ကာ ဘုရားများကို တည်ထောင်ခဲ့ပြီး ရန်နိုင် ဘုရားမှာ အရှေ့တစ်ခွင်ရှိ တိုင်းပြည် များမှ ရခိုင်ဒေသကို အလွယ်တကူတိုက် ခိုက် မအောင်မြင်စေရန်နှင့် အနောက် ရန်ကာဘုရားများမှာ အနောက်တစ်ခွင် ရှိ ရန်သူများ တိုက်ခိုက်မအောင်မြင်စေ ရန် ရှင်ငယ်ဆရာ ဦးမြဝါမှ အကာကြီး တစ်ရာ၊ အကာငယ်တစ်ထောင်ထဲတွင် ပါဝင်ပြီး အင်းအိုင်၊ ယတြာများဖြင့် စီရင် ထားခြင်း ဖြစ်လေသတည်း။

စောထွီးသျှင်(မြောက်ဦး)

ကျမ်းကိုး

၁။ ရခိုင်ရာဇဝင်သစ် ပဌမတွဲ (၁၂၉၃ ခု၊ ကဆုန်လ)
၂။ ဦးမောင်မောင်၏ပြောပြချက်များ
၃။ စာရေးသူ၏ ကွင်းဆင်းလေ့လာ ချက်

# သလိပ်ပျော် လျက်ဆေး

သလိပ်ကျပ်ခဲလျှင် အသက်ရှူ ရခက်ခဲပြီး မောဟိုက်နေတတ်သည်။ သလိပ်ကျပ်ခဲရခြင်းမှာ ငှက်ပျောသီး၊ မြေပဲဆန်၊ ဝက်သား၊ ဘဲသား စသည် ဖြင့် အစားမဆင်ခြင် အစားမှား၍သော် လည်းကောင်း၊ အပူ၊ အအေး မမျှတ ၍သော် လည်းကောင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ် ခံစားရခြင်း ဖြစ်ပါသည်။

ထိုသို့ အသက်ရှူကျပ်ခဲ၍ သလိပ် များ လည်ချောင်းဝတွင် တစ်ဆို့ဆို့ကြီး ဖြစ်နေပါက အောက်ပါ အိမ်တွင်းသုံး လျက်ဆေးကို အမြန်ဆုံး ပြုလုပ်၍လျက် ပေးပါ။ သက်သာ ပျောက်ကင်းပြီး အသက်ရှူချောင်လာစေပါသည်။

အောက်ပါအတိုင်း ပြုလုပ်ဆောင် ရွက်ပါ။

သံပရာသီးရင့်ရင့်တစ်လုံးကို ရေ ဆွတ်ထားသော အဝတ်စိုတစ်ခုဖြင့် လုံ အောင်ပတ်ပါ။ အဝတ်ပေါ်မှ ထပ်မံပြီး ရွှံ့မြေစေးနှင့် လုံအောင်မံပါ။ ပြီးလျှင် မီးဖိုပြာပူထဲသို့ (၅) မိနစ်ခန့် အုံးထားပါ။ ထို့နောက် သံပရာသီးကို ထုတ်ယူ၍ ထက်ခြမ်းလှီးကာ ပူပူနွေးနွေးအရည်ကို ညှစ်ယူပြီး သံပရာသီးခြမ်းအရည်နှင့် ပျားရည်စစ်စစ် ဟင်းသောက်ဇွန်းတစ် ဇွန်းနှင့် ရောမွှေလျက်ပေးပါ။ နောက် ထပ် တစ်နာရီခန့်ကြာလျှင် ကျန်ရှိသော သံပရာသီးတစ်ခြမ်းနှင့် အထက်ပါအ တိုင်း ရောမွှေ၍ လျက်ပေးပါ။ သလိပ် များပျော်ကျပြီး အသက်ရှူရကောင်းလာ ပါလိမ့်မည်။

အထက်ပါ လျက်ဆေးနည်းသည် မည်သည့်နေရာဒေသမဆို အလွယ်တ ကူ အသုံးပြုနိုင်ပြီး ဘေးထွက်ဆိုးကျိုး လည်းမရှိ အလွယ်အသာ ပျောက်ကင်း နိုင်သော အိမ်တွင်းသုံး ဆေးနည်းတစ် လက်ဖြစ်ပါ၍ ရေးသား တင်ပြအပ်ပါ သည်။

ကျော်ဟိန်းထက် (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

# ဖူးတိုက်၍ဖူးလိုက်ရသည့် သာမညဆရာတော်ဘုရားကြီး

## မင်းကောင်းကျော်(ဝေဒ)

(၁)

ကာလအားဖြင့် ၁၉၉၄ ခု ၊ မေလဆန်း ဖြစ်ပါသည်။ ကျွန်တော်တာဝန်ထမ်းဆောင်နေသည့်ဌာနမှာ ဘဏ္ဍာအခွန်ဝန်ကြီးဌာန ဖြစ်ပါသည်။ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဦးစီးဦးဆောင်ပြု၍ နယ်စပ်ကုန်သွယ်ရေး အလုပ်ရုံဆွေးနွေးပွဲများကို မြန်မာနိုင်ငံနယ်စပ်မြို့များဖြစ်သည့် မူဆယ်မြို့၊ လားရှိုးမြို့၊ စစ်တွေမြို့၊ သံတွဲမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့်ကော့သောင်းမြို့အသီးသီးတို့တွင် ၁၉၉၀ ပြည့် မေလမှစတင်၍ နယ်စပ် ကုန်သွယ်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ကြပါသည်။

ယခုတစ်ကြိမ်၌ ကရင်ပြည်နယ် ဘားအံမြို့သို့သွားရောက်၍ ဆွေးနွေးပွဲကျင်းပနိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ် အပါအဝင် ဌာန (၉) ခုတို့မှ အရာရှိကြီးများ လိုက်ပါ၍ ခရီးထွက်ခွာလာခဲ့ကြခြင်း ဖြစ်ပါသည်။ ရန်ကုန်မြို့ ကုန်သွယ်ရေး ဦးစီးဌာနချုပ်ရုံးရှေ့မှ နံနက် (၉) နာရီခွဲသာသာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဌာနမှ ကားဖြင့် ဘားအံမြို့သို့ ထွက်ခွာခဲ့ကြရာ ညနေ (၃) နာရီခွဲ အချိန်တွင် ဘားအံမြို့သို့ စတင်ရောက်ရှိခဲ့ကြပါသည်။ ဘားအံမြို့ ကုန်သွယ်ရေးဦးစီးဌာနမှ အရာရှိများနှင့် ဝန်ထမ်းများ၊ ကုန်သည်ကြီးများအသင်းမှအမှုဆောင်များမှ နွေးထွေးစွာ ကြိုဆိုကြပြီး အစိုးရဧည့်ဂေဟာသို့ လိုက်ပါပို့ဆောင်ခဲ့ကြပါသည်။

ဘားအံမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ဘဏ္ဍာငွေ ဖြည့်တင်းရန်အတွက် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် တစ်ကြိမ်ရောက်ဖူးပါသည်။ သို့သော် ဘဏ်နှင့်လေယာဉ်ကွင်း အသွား၊ အပြန်ခရီးစဉ်သာဖြစ်သဖြင့် ဘားအံမြို့သို့ ရောက်ဖူးသည်ဟုဆိုရုံသာ ရှိပါသည်။ နေ့ချင်းပြန်ခရီးဖြစ်သဖြင့် ညအိပ် ရပ်နားခြင်းမပြုခဲ့၍ ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့သည် ဘားအံမြို့ အစိုးရဧည့်ဂေဟာတွင် ရေမိုးချိုးအပန်းဖြေကြပြီးလျှင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မည့် ဇွဲကပင်ခန်းမသို့ အားလုံး သွားရောက် ကြည့်ရှုကြပြီးနောက် အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဝန်ကြီးဌာန) မှ အရာရှိများအားလုံး အနားယူကြရန် ပြောကြားသဖြင့် ထိုနေ့ညက ဘားအံမြို့ အစိုးရဧည့်ဂေဟာတွင် ကျွန်တော်တို့အဖွဲ့ ညအိပ်စက် ရပ်နားခဲ့ကြပါသည်။

(၂)

နောက်နေ့ နံနက် ဧည့်ဂေဟာ၌ နံနက်စာအချိုပွဲများ စားသောက်ကြပါသည်။ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဦးမှ-

"ဦးညွန့်ဝင်း၊ ဒါ ကျွန်တော်တို့ဌာနက ကုန်သွယ်ရေးမန်နေဂျာ ဒေါ်ခင်စန်းမြင့် ဖြစ်ပါတယ်။ သိချင်တာရှိရင် သူ့ကို မေးမြန်းနိုင်ပါတယ်"

ဟု အသားဖြူဖြူ ဝဝဖိုင့်ဖိုင့် ရုပ်ရည်ခံ့ညား ချောမောသည့် အမျိုးသမီးကြီးနှင့် မိတ်ဆက်ပေးပါသည်။ မန်နေ





www.burmeseclassic.com

www.burmeseclassic.com

ဘု ဒေါ်ခင်စန်းမြင့်မှ ပြုံးရွှင်သောမျက်နှာဖြင့်-

"ဟုတ်ကဲ့ ဆရာ၊ မေးချင်တာရှိရင်မေးနိုင်ပါတယ်ရှင်"

ဟု ကျွန်တော့်အား လေးလေးစားစား ဦးညွတ် ပြောဆိုပါသည်။

"အစ်မကြီးခင်ဗျား၊ ဘားအံမြို့မှာ ကြည်ညိုစရာကောင်းတဲ့ဘုန်းဘုန်း ရှိပါသလား သိချင်ပါတယ်"

"ဟုတ်ကဲ့ရှင့်၊ ဘားအံမြို့ကနေ (၁၂) မိုင်ဝေးတဲ့ သာမညတောင်မှာ သီတင်းသုံးနေတဲ့ သာမညဆရာတော်ဘုရားကြီး ဦးဝိနယ ဆိုတာ ရှိပါတယ်။ မေတ္တာရှင်ဆရာတော်ဘုရားကြီးပါ"

ဟု ပြန်လည် ဖြေကြားပါသည်။

ကျွန်တော်လည်း အလွန်ဝမ်းသာသွားပါသည်။ အမှန်ဝန်ခံရလျှင် ဆရာတော်ဘုရားကြီး၏ဂုဏ်သတင်းကို ကျွန်တော် တစ်ခါမှ မကြားခဲ့ဘူးပါ။ ထိုစဉ်က ဆရာတော်ဘုရားကြီး၏ဂုဏ်သတင်းမှာ မြန်မာနိုင်ငံအနှံ့အပြားတွင် မကျော်ကြားသေးဟု ကျွန်တော်ထင်ပါသည်။ ထို့ကြောင့် ကျွန်တော်မသိရှိခဲ့ခြင်းလည်း ဖြစ်တန်ရာသည်။

"ကဲ- ဒေါ်ခင်စန်းမြင့်၊ ကျွန်တော်တို့သင်တန်းပြီးမယ့်နေ့ နံနက်ပိုင်းမှာ ဆရာတော်ဘုရားကြီးကိုဖူးဖို့ စီစဉ်ပေးပါဗျာ"

ဟု အဖွဲ့ခေါင်းဆောင်မှ ပြောကြားပါသည်။ မန်နေဂျာအစ်မကြီးမှလည်း ဆရာဦးခင်မောင်ဦးအား-

"ကျွန်မ စီစဉ်လိုက်ပါ့မယ် ဒု-ညွှန်ချုပ်ရှင့်"

ဟု ပြောပြီးသည်နှင့် ကျွန်တော်တို့အဖွဲ့ ကားဖြင့် သင်တန်းခန်းမသို့ သင်တန်းဖွင့်ပွဲကျင်းပရန် သွားရောက်ခဲ့ကြပါသည်။

ဘားအံမြို့ပေါ်၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းမှာလည်း ထိုစဉ်က နယ်စပ်မြို့များဖြစ်သည့် ကော့ကရိတ်နှင့် မြဝတီမြို့တို့မှာ အညိုရောင်နယ်မြေဖြစ်ပြီး ပြည်တွင်းသောင်းကျန်းသူများ အဝင်၊ အထွက်ရှိနေသောကြောင့် ဖြစ်သည်။

(၃)

သင်တန်းဖွင့်ပွဲနေ့၌ ဘားအံမြို့၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့တို့မှ ကုန်သည်ကြီး/ငယ်များအပြင် မြန်မာပြည်အနှံ့အပြားမှ ကုန်သည်ကြီးများလည်း လာရောက် တက်ရောက်ကြပါသည်။ သက်ဆိုင်ရာဌာနတို့မှ အရာရှိများလည်း တက်ရောက်ကြပါသည်။ နိုင်ငံတော်၏ ချမှတ်ထားသော မူဝါဒများနှင့်အညီ နယ်စပ်ကုန်သွယ်ရေးကို ကျွန်တော်တို့ ရန်ကုန်မြို့မှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဌာန (၉) ဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ရသောလုပ်ငန်း ဖြစ်သဖြင့် အလုပ်ရုံဆွေးနွေးပွဲမှာ တက်ရောက်သူများနှင့် စည်စည်ကားကားရှိပါသည်။ ထို့ပြင် တိုင်းမှူးကိုယ်တိုင် သဘာပတိအဖြစ် ဆောင်ရွက်ရသောပွဲဖြစ်၍ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုံစုံညီညီ တက်ရောက်ကြ၍ ထိုမျှ ဖွင့်ပွဲနေ့တွင် ဧည့်ပရိသတ်များပြားခြင်း ဖြစ်ပါသည်။

ဖွင့်ပွဲပြီးသည်နှင့် ဧည့်ပရိသတ်များကို လက်ဖက်ရည်ဖြင့်တည်ခင်းဧည့်ခံခဲ့ပါသည်။ နာရီဝက်ခန့် နားပြီးလျှင် အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဘာသာရပ်အလိုက် ဆရာများမှ စတင်ဆွေးနွေး ဟောပြောကြပါသည်။ ညနေပိုင်း (၃) နာရီသာသာတွင် တက်ရောက်လာကြသော ကုန်သည်ကြီး/ငယ်တို့မှ သိရှိလိုသည်များမေးမြန်းကြခြင်း၊ ဆရာများမှ ပြန်လည် ရှင်းလင်းဆွေးနွေးပေးခြင်း ကိစ္စရပ်များကို ဆောင်ရွက်ကြပြီး ညနေ (၄) နာရီအချိန်တွင် ပထမနေ့ အစီအစဉ် ရပ်နားခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲမှာ (၃)ရက်သာဖြစ်၍ ကျွန်တော်တို့ဆရာများအနေဖြင့် ကုန်သည်ကြီးများ နယ်စပ်ကုန်သွယ်ရေးကို လွယ်ကူရှင်းလင်းစွာ နားလည်သဘောပေါက်ရေးအတွက် အတိုဆုံးနှင့် အရှင်းဆုံး မိမိဟောပြောဆွေးနွေးရသော ဘာသာရပ်အလိုက် ပင်ပင်ပန်းပန်း ဟောပြောဆွေးနွေးခဲ့ကြရပါသည်။

ကျွန်တော်တို့ နယ်စပ်မြို့များသို့ သွားရောက်ခဲ့ကြသည့်အချိန်တိုင်း နိုင်ငံတော်၏စီမံကိန်းအောင်မြင်ရေးအတွက် အဖွဲ့ဝင်တိုင်းမှ စိတ်ပင်ပန်းခြင်းကို ဂရုမမူကြပါ။ နိုင်ငံ့အကျိုးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ကြပါသည်။ ကျွန်တော်တို့အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်ချက်များသည်လည်း နိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အောင်မြင်မှုအတိုင်းအတာတစ်ခုသို့ ရောက်ရှိရေးသည်သာ ပဓာန ဖြစ်ပါသည်။ ဤသည်မှာလည်း နိုင်ငံ့ဝန်ထမ်းများ၏တာဝန်တစ်ရပ်ပင် ဖြစ်ပါတော့သည်။

(၄)

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ပြီးဆုံး၍ တည်းခိုဆောင်သို့ ကျွန်တော်တို့အဖွဲ့ ပြန်ရောက်ကြပြီး ညနေစာ စားသောက်၍ ည (၇) နာရီခန့်တွင် ကုန်သည်ကြီးများမှ လက်ဖက်ရည်ပွဲဖြင့် တည်ခင်း ဧည့်ခံကြပါသည်။

ထိုစဉ် အဖွဲ့ခေါင်းဆောင်မှ-

"ဦးညွန့်ဝင်း၊ မနက်ဖြန် မနက် (၁၀) နာရီခွဲသာသာမှာ သင်တန်းပို့ချပြီးတာနဲ့ ကျွန်တော်တို့အဖွဲ့ ကားမောင်းသူ၊ လုံခြုံရေးလိုက်ပါမယ့် ရဲတပ်ဖွဲ့နဲ့ လိုက်ပါမယ့်သူ အားလုံး နံနက်စာကို သက်သတ်လွတ်စားပြီးမှ ထွက်ခွာကြပါမယ်။ ဒီနေ့ည ဘာများ အစီအစဉ်ရှိပါသေးသလဲ"

ဟု မေးလာပါသည်။

ကျွန်တော်မှ-

"အစ်ကိုကြီးခင်ဗျာ၊ ဒီနေ့ည အိပ်ရာမဝင်မီ ဘုရားရှိခိုးပြီး မိမိတို့အဓိဋ္ဌာန်အလိုက် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း ပြုဖွယ်ကိစ္စများ ဆောင်ရွက်ပြီးရင် သာမညဆရာတော်ဘုရားကြီးထံ ရည်ညွှန်းမေတ္တာပို့လွှတ်ကြပါမယ်။ (၁၅)မိနစ်ခန့်သို့မဟုတ် နာရီဝက်ခန့် အားလုံးမေတ္တာပို့လွှတ်ပြီးမှ အိပ်ကြရင် ပို၍ အဆင်ပြေထူးခြားမယ် ထင်ပါတယ်"

ဟု ပြောလိုက်ရာ အဖွဲ့ခေါင်းဆောင်မှ ဆရာများအားလုံးကို-

"ကဲ- အားလုံး ကြားတဲ့အတိုင်း အိပ်ရာဝင်ခါနီးမှာ ဦးညွန့်ဝင်းပြောသလို ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်"

ဟု ပြောဆိုအပြီး အခြားလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ပြောဆိုကြ၍ ည (၁၁)နာရီအချိန်တွင် မိမိတို့အဖွဲ့ဝင်များ အိပ်ရာဝင်ခဲ့ကြပါသည်။ ကျွန်တော်တို့နှင့်လိုက်ပါလာသည့် ဆရာများအားလုံးမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး အသက်အရွယ်အားဖြင့် ကျွန်တော်နှင့်ရွယ်တူတန်းတူ (၅၀) နှစ်ကျော်ကျော်များ ဖြစ်ကြ၍ စိတ်တူကိုယ်တူ ခရီးသွားဖော် ညီရင်းအစ်ကိုများ ဖြစ်ကြပါသည်။

ထိုနေ့ညက ကျွန်တော်သည် ငါးပါးသီလခံယူခြင်း၊ မိမိစိပ်နေကျ ပုတီးအဓိဋ္ဌာန်များစိပ်ခြင်းကိစ္စများပြီးစီးသောအခါ သာမညဆရာတော်ဘုရားကြီးထံသို့ မေတ္တာသုတ်များ ရွတ်ဆိုပြီးနောက် မေတ္တာပို့လွှတ်ပါသည်။

"သာမညဆရာတော်ဘုရားကြီး ကျန်းကျန်းမာမာရှိပါစေ။ ချမ်းချမ်းသာသာရှိပါစေ။ ဝပြောသာယာရှိပါစေ။ မြတ်စွာဘုရား၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဤသာသနာတော်သုံးရပ်၌ ကျင့်ကြံအားထုတ်နိုင်ပါစေ။ ဤသာသနာတော်



www.burmeseclassic.com

www.burmeseclassic.com

သုံးရပ်၌ ကြံ့စည်သမျှ အောင်မြင်ပါစေ"

ဟူ၍ အဆက်မပြတ် စူးစူးစိုက်စိုက် နာရီဝက်ခန့် မေတ္တာပို့လွှတ်ခဲ့ပါသည်။ ပြီးနောက် 'ဆရာတော်ဘုရားကြီးမှ မိမိတို့အဖွဲ့ကို ထူးခြားသိသာသော အပြောအဆို၊ အမူအရာတို့ဖြင့် သိသာသည့် ဆောင်ရွက်ချက်တို့ကို တွေ့ကြုံရပါစေသား' ဟူ၍ မေတ္တာပို့အပြီးတွင် အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ပါသည်။ ပြီးသောအခါ အမှုဝေ၍ အိပ်ရာဝင်ခဲ့ပါတော့သည်။

လောကတွင် ဘုရားရိပ်၊ တရားရိပ်နှင့် သံဃာတော်တို့၏အရိပ်မှာ အအေးမြဆုံးနှင့် အလုံခြုံဆုံးအရိပ်များပင် ဖြစ်ကြောင်း ဆိုချင်ပါသည်။ ကျွန်တော့်အဖို့ မေတ္တာ၏အကျိုးကို လက်ငင်းပင် ခံစားရပါသည်။ ထိုနေ့ညက ကောင်းမွန်နှစ်ခြိုက်စွာ အိပ်စက်ခဲ့ရပါသည်။ ကျွန်တော့်နည်းတူ အခြားဆရာများလည်း ကိုယ်တွေ့ကြုံကြပေလိမ့်မည်ဟု စိတ်ဝယ် မှတ်ထင်မိပါတော့သည်။ မေတ္တာ၏အကျိုးကား ကိုယ်တွေ့ကြုံမှ ခံစားသိရှိနိုင်မည် ဖြစ်ပါသည်။

(၅)

အလုပ်ရုံဆွေးနွေးပွဲသင်တန်းပြီးဆုံးသည့်နေ့တွင် နံနက် (၉) နာရီမှ နံနက် (၁၀) နာရီအထိ သက်ဆိုင်ရာဆရာများမှ သင်တန်းပို့ချခဲ့ကြသည်။ ကျွန်တော်တို့အဖွဲ့ တည်းခိုဆောင်သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။ အစ်မကြီး ဒေါ်ခင်စန်းမြင့် (မန်နေဂျာ၊ ကုန်သွယ်ရေး၊ ဘားအံမြို့) နှင့် ကုန်သည်ကြီးများအသင်း အမှုဆောင်များ စီစဉ်ပေးခဲ့သော သက်သတ်လွတ်ထမင်းနှင့်ဟင်းတို့ကို လိုက်ပါမည့်သူများအားလုံးနှင့် ကျွန်တော်တို့ဆရာအဖွဲ့ သုံးဆောင်ပြီး နံနက် (၁၁:၃၀) နာရီတွင် ဘားအံမြို့မှ သာမညဆရာတော်ဘုရားကြီးသီတင်းသုံးရာ သာမညတောင်သို့ စတင်ထွက်ခွာခဲ့ကြပါသည်။

ကရင်ပြည်နယ် ဘားအံမြို့၏အထိမ်းအမှတ်ဟု ဆိုရမည့် ညို့ညို့မှိုင်းမှိုင်း၊ စိမ်းစိမ်းစိုစိုနှင့် ကြည့်မဝ ရှုမဝဟု ပြောစမှတ်တွင်ခဲ့သည့် ဇွဲကပင်တောင်၏အလှမှာလည်း ကျွန်တော်တို့အဖွဲ့ဝင်များ၏မျက်စိပသာဒတွင် ကြည်နူးစဖွယ်မြင်ကွင်းပင် ဖြစ်ပါသည်။ ကုန်သည်ကြီးများ၏အစီအစဉ်ဖြင့် ဘားအံမြို့ပေါ်မှ ဘီအမ်ကားငယ်နှင့် ခရီးထွက်ခဲ့ကြခြင်းဖြစ်၍ ခရီးတွင်လှပါသည်။ တောင်ကုန်းအဆင့်ဆင့် အစီအရီတို့ကို လည်းကောင်း၊ မြင်လေရာရာ စိမ်းလန်းနေသော လယ်ကွင်းပြင်များကို လည်းကောင်း ကားပေါ်မှ မြင်တွေ့နေရသော မြင်ကွင်းမှာ အလွန်မှကြည့်ကောင်းလှပါသည်။ ထိုစဉ် ကားပေါ်မှ-

"ဟိုးအဝေးက လှမ်းပြီးမြင်နေတဲ့ တောင်ကုန်းမြင့်မြင့်လေးက သာမညတောင်ပါ"

ဟု တစ်စုံတစ်ဦး၏ အော်သံကြောင့် ကျွန်တော်တို့အဖွဲ့ဝင်အားလုံး စိတ်ဝင်စားစွာ လှမ်းကြည့်နေကြသည်။ အသေအချာသိ၍ မဟုတ်ပါ၊ စိတ်မှန်းဖြင့်သာ ကြည့်နေမိကြပါသည်။ ဘီအမ်ကား၏နောက်ကျကျတွင် ကျွန်တော် ထိုင်လျက်လိုက်ပါခဲ့ပြီး ပုတီးစိပ်နေပါသည်။ ကျွန်တော့်စိတ်တွင် ထင်မြင်လာသောအသိကို အဖွဲ့ခေါင်းဆောင်အစ်ကိုကြီး ဦးခင်မောင်ဦးသို့ ပြောပြလိုသဖြင့် ကား၏အလယ်တွင် လိုက်ပါလာသော အစ်ကိုကြီးထိုင်ခုံသို့ ဝင်၍ထိုင်လိုက်ပါသည်။ အစ်ကိုကြီး ဦးခင်မောင်ဦးက ကျွန်တော့်ကို စိတ်ဝင်စားစွာလှမ်းကြည့်နေသည်။

ကျွန်တော်မှ-

"အစ်ကိုကြီး၊ ပြောစရာတစ်ခုစိတ်ထဲပေါ်လာလို့ပါ။ သာမညတောင်ပေါ်ရောက်လို့ ဆရာတော်ဘုရားကြီးက အစ်ကိုကြီးကို ဦးစွာ မေးခွန်းတစ်ခုမေးလိမ့်မယ်လို့ ကျွန်တော့်စိတ်ထဲထင်နေတယ်"

"အင်း - ပြောပါဦး ဦးညွန့်ဝင်း၊ ဘာမေးခွန်းများ မေးခံရမှာပါလဲ"

ဟု အဖွဲ့ခေါင်းဆောင်မှ မေးပြောပြောလာပါသည်။

"ဒကာကြီး ဦးခင်မောင်ဦး၊ သာမညတောင်ဆိုတာ ဘာတောင်လဲ ဆိုတဲ့ မေးခွန်းပါပဲ"

"အဲဒီတော့ ဘယ်လိုဖြေရမတုံး ဦးညွန့်ဝင်း"

"အစ်ကိုကြီး၊ သာမညတောင် ဆိုတာ ထူးခြားလေးနက်တဲ့တောင်ပါဘုရားလို့ ဖြေလိုက်ရင် ပြည့်စုံတဲ့အဖြေပါပဲခင်ဗျား"

"ဟုတ်ပါပြီဗျာ။ ဦးညွန့်ဝင်း၊ ကျေးဇူးပါပဲ"

ဟု အဖွဲ့ခေါင်းဆောင်၏စကားသံအဆုံးတွင် ကျွန်တော့်နေရာ ကားနောက်ပိုင်းထိုင်ခုံသို့ ပြန်လည်ရောက်ရှိပြီး မကြာမီမှာပင် ကျွန်တော်တို့ဘီအမ်ကားလေးသည် သာမညတောင်ခြေသို့ ဆိုက်ရောက်ခဲ့ကြပါသည်။

သာမည ဘုရားကုန်းတော်ပေါ်သို့ ကားအငယ်များသာ တက်ရောက်နိုင်ပါသည်။ ကျွန်တော်တို့ကားမှာ တက်၍မရပါ။ လမ်းကျဉ်းနေ၍ ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့ သာမညတောင်ခြေရင်းမှ ခြေကျင်ခရီးဖြင့်တက်ရောက်ကြရန် ကားပေါ်မှ ဆင်းခဲ့ကြပါသည်။ ဒေသခံကုန်သည်ကြီးများအသင်းမှ အမှုဆောင်များ လိုက်ပါလာခဲ့ကြခြင်းဖြစ်၍ ပိုမိုအဆင်ပြေပါသည်။ သာမညတောင်ခြေရင်းမှ စတင်၍တက်ခဲ့ကြရာ လှေကားအဆင့်ဆင့်သို့ အေးအေးဆေးဆေး တက်ရောက်ခဲ့ကြပါသည်။ သာမညတောင်မှာ တဖြည်းဖြည်းချင်း မြင့်တက်နေ၍ တက်ရသည်မှာ အသက်ရှူပြင်းပြင်း ရှူနေကြရပါသည်။ အဖွဲ့ဝင် (၇) ဦးမှာ ရှေ့ဆုံးမှ တက်သွားနှင့်ပြီးဖြစ်၍ ကျွန်တော်နှင့်အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဦးတို့မှာ အမောမခံနိုင်သဖြင့် နား၍တက်နေရပါသည်။ တောင်၏အလယ်သို့ရောက်သောအခါ အဖွဲ့ခေါင်းဆောင်မှ နားရန်လက်ပြသဖြင့် ကျွန်တော်မှ တွဲ၍ အုတ်ထိုင်ခုံသို့သွားရောက် အနားယူကြပါသည်။

"ဦးညွန့်ဝင်း၊ ကျွန်တော် မတက်နိုင်တော့ဘူး။ မျက်စိတွေပြာပြီး မောနေတယ်၊ ခင်ဗျားတစ်ယောက်တည်း တက်သွားပါတော့ဗျာ"

ဟု မောပန်းသံဖြင့် ပြောလာပါသည်။ ကျွန်တော်မှ-

"မဟုတ်တာ အစ်ကိုကြီးရာ. . . အတူတူလာကြတဲ့သူချင်း၊ ရအောင် တွဲခေါ်ပါ့မယ်"

ဟု ပြောပြီး နောက်ချန်လိုက်ပါလာသည့် ကုန်သည်ကြီးများအသင်းမှ အမှုဆောင်ကုန်သည်ကြီးကို-

"ညီလေး၊ လိမ္မော်သီးရှာလို့ရမလား။ အစ်ကိုတို့အဖွဲ့ခေါင်းဆောင် သိပ်မောနေလို့"

ဟု အကူအညီတောင်းရပါတော့သည်။ ကုန်သည်ကြီး အမှုဆောင် ညီလေးမှလည်း လွယ်အိတ်အတွင်းမှ အမောပြေသောက်ရန် အချိုရည်ပုလင်းကို ကျွန်တော့်လက်သို့ပေးပြီး-

"အဲဒါ အရင်တိုက်ထားနှင့်ပါ။ ကျွန်တော် တောင်အောက်ကိုဆင်းပြီး လိမ္မော်သီးရှာလိုက်ပါဦးမယ်"

ဟု ပြောပြောဆိုဆိုနှင့် တောင်အောက်သို့အပြေးပြန်ဆင်းသွားပါသည်။

ထိုအချိန်မှာ ကျွန်တော်တို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ခင် (၇) ဦးမှာ ကျန်းမာရေးကောင်းသူများဖြစ်၍ တောင်ပေါ်သို့ ရောက်နေလောက်ပြီဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်နှင့် အဖွဲ့ခေါင်းဆောင်တို့သာ ကျန်နေခဲ့ပါသည်။

အမှုဆောင်ကုန်သည်ညီလေးမှာ အမြန်ဆုံး ကျွန်တော်တို့ဆီသို့ အပြေးတက်လာပြီး လိမ္မော်သီး (၃) လုံးကိုလာပေးပါသည်။ ကျွန်တော်မှလည်း အဖွဲ့ခေါင်းဆောင်လက်တွင်းသို့ လိမ္မော်သီးတစ်လုံးကို အခွံခွာပြီး-

"ကဲ- အစ်ကိုကြီး၊ ဆရာတော်ဘုရားကြီးကို ရည်မှန်းပြီး စိတ်က အမောပြေဖို့၊ ဆရာတော်ဘုရားကြီးကို ဖူးနိုင်ကြရဖို့ ဆုတောင်းပြီး သုံးဆောင်လိုက်ပါ"

ဟု ပြောဆိုပြီး အဖွဲ့ခေါင်းဆောင်ကို လိမ္မော်သီးစိတ်ကလေးများ လက်တွင်းသို့ ထည့်ပေးလိုက်ပါသည်။

အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဦးမှလည်း ဆရာတော်ဘုရားကြီးရှိရာသို့ ရည်မှန်းရှိခိုး ဆုတောင်းပြီး လိမ္မော်သီးစိတ်ကလေးများကို စားနေပါသည်။ (၁၅)မိနစ်ခန့်အကြာ အဖွဲ့ခေါင်းဆောင်သည် မျက်စိမှိတ်ထားရာမှ မျက်စိဖွင့်ကြည့်၍ ကျွန်တော့်အား ပြုံးရွှင်သောမျက်နှာဖြင့်-

"ဦးညွန့်ဝင်း၊ အတော်ဟန်ကျသွားပြီ ပထမတော့ မျက်လုံးတွေပြာပြီးမောနေတယ်၊ ခု မမောတော့ဘူး၊ သက်သာသွားပြီ။ ကျွန်တော်တို့ တောင်ပေါ်ကို ဆက်တက်ကြရအောင်လား"

ဟု ဝမ်းသာအားရပြောသံကိုကြားရပါတော့သည်။

ကျွန်တော်လည်း ဝမ်းပန်းတသာဖြင့် အဖွဲ့ခေါင်းဆောင်၏လက်မောင်းကို ဆုပ်ကိုင်လျက်-

"ကဲ- အစ်ကိုကြီး၊ သက်သာရင် တောင်ပေါ်ကို ဆက်တက်ကြရအောင်"

ဟု တစ်ဖက်မှ အမှုဆောင် ကုန်သည်ညီလေးမှတွဲ၍ ကျွန်တော်တို့သုံးဦးသား တောင်ပေါ်သို့ ဆက်လက်တက်လာခဲ့ကြပါတော့သည်။

သာမညတောင်လှေကားထစ်များမှ တဖြည်းဖြည်းတက်လာကြရာ တောင်ပေါ်သို့ရောက်ခါနီး လှမ်းမြင်နေရချိန်တွင် ဦးပဥ္စင်းလေးတစ်ပါး အပြေးဆင်းလာသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့အနီးသို့ ရောက်သောအခါ-

"ကုန်သွယ်ရေးအဖွဲ့က ဒကာကြီးတွေ မဟုတ်လား"



ဟု ကျွန်တော့်ကို လှမ်းမေး၍ ကျွန်တော်မှလည်း လက်အုပ်ချီပြီး-

"တင်ပါ့ ဦးပဥ္စင်းလေး"

ဟု ဖြေလိုက်ပါသည်။

"အားလုံး တောင်ပေါ်မှာ ဒကာကြီးတို့ကို စောင့်နေကြတယ်။ လာကြ၊ လာကြ"

ဟု ခေါ်ပါသည်။

ကျွန်တော်မှ-

"ဦးပဥ္စင်းလေး၊ ဆရာတော်ဘုရားကြီးကော အဖူးမြော်ခံ ကြွပါပြီလား ဘုရား"

ဟု မေးလိုက်ရာ-

"ဟာ- ဒီနေ့တော့ အတော် ထူးဆန်းတယ်။ဆရာတော်ကြီးက ဒကာကြီးတို့အဖွဲ့မရောက်ခင် (၃) နာရီလောက်ကြာပြီး. ပရိသတ်ကို အဖူးမြော်ခံထွက်နေတယ်။ အရင်နေ့တွေနဲ့ မတူဘူး။ ဦးပဥ္စင်းတို့လည်း ထူးနေလို့ အံ့ဩနေကြတာ၊ ဒကာကြီးတို့အဖွဲ့ ရောက်လာမှ သဘောပေါက်တော့တယ်"

ဟု ပြောပြောဆိုဆို တောင်ပေါ်သို့ သွက်လက်စွာ တက်သွားပါတော့သည်။

ကျွန်တော်မှလည်း ဝမ်းသာအားရစွာဖြင့်-

"ကဲ- အစ်ကိုကြီး၊ တက်လိုက်ကြရအောင်"

ဟု အဖွဲ့ခေါင်းဆောင်ကို ပြောဆို၍ သွက်လက်သော ခြေလှမ်းများဖြင့် သာမညတောင်ရင်ပြင်ပေါ်သို့ တက်ရောက်ခဲ့ကြပါတော့သည်။

(၆)

ရင်ပြင်တော်ပေါ်သို့ရောက်သောအခါ ဝါးထရံကာ၊ ဓနိမိုးဝါးကျောင်းတဲကလေး၏ကပြင်တွင် ဝါးတန်းများဖြင့် ကာရံထားသောနေရာမှ ထိုင်ခုံပေါ်တွင် ကိုယ်လုံးတော်ပြည့်ပြည့်ဖြိုးဖြိုး၊ အသားဖြူဖြူ မျက်နှာတော်ပြည့်ပြည့်နှင့် ပြုံးရွှင်သောမျက်နှာတော်ဖြင့် သီတင်းသုံးနေသော သာမညတောင်တော်မှဆရာတော်ဘုရားကြီး ဦးဝိနယကို ကြည်ညိုဖွယ် ကျွန်တော်တို့ ဖူးတွေ့ရပါတော့သည်။ ဆရာတော်ဘုရားကြီး၏ရှေ့တွင် စကားပြောခွက်ကို ကြိုးဖြင့်သွယ်တန်းချထားပါသည်။

ကျွန်တော်တို့ အဖွဲ့ဝင်များ အားလုံးမှာ မြေကြီးပေါ်တွင် ခင်းထားသောအခင်းများအပေါ်တွင် ထိုင်လျက်ရှိပြီး အခြား ဘုရားဖူး တိုင်းရင်းသားများမှာ ဘေးဖက်တွင် စုပေါင်းထိုင်နေကြပါသည်။ ရန်ကုန်မှ လာရောက် ဖူးမြော်သော ကျွန်တော်တို့အဖွဲ့ကို အထူး အလေးထား နေရာပေးကြသည့်သဘော ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ တဲကျောင်းလေးအောက်တွင် ကျောက်ဖရုံသီးများကို အများအပြား တွေ့မြင်နေရပါသည်။ သက်သတ်လွတ်ဆွမ်းအတွက် တိုင်းရင်းသားများမှ လှူဒါန်းမှုပြုထားခြင်း ဖြစ်ပါသည်။

ကျွန်တော်မှ ရောက်လာသည်နှင့် ကျွန်တော်တို့အဖွဲ့များအားလုံးတွင် ပါလာသောပစ္စည်းများဖြစ်သည့် လက်ပတ်နာရီ၊ ဖောင်တိန်၊ ပိုက်ဆံအိတ်နှင့် မှတ်ပုံတင်ကတ်တို့ကို ဖြန့်ခင်းထားသော တဘက်ကြီး၌ ထည့်စေပါသည်။ ဆရာတော်ဘုရားကြီး၏ အမှတ်တရဓာတ်ပုံများနှင့် ပုတီးများအားလုံးထည့်ပြီး ထုပ်လိုက်သောအခါ အတော်ကြီးသည့်အထုပ်ကြီးတစ်ထုပ် ဖြစ်သွားပါတော့သည်။ ၎င်းအထုပ်ကိုယူ၍ ဆရာတော်ဘုရားကြီး၏ရှေ့စားပွဲငယ်ပေါ်သို့ တင်လိုက်ပြီး အဖွဲ့ခေါင်းဆောင်နှင့် ကျွန်တော်မှ ဆရာတော်ဘုရားကြီးအနီးသို့ မတ်တတ်ရပ်လျက် လက်အုပ်ချီရှိခိုးနေကြပါတော့သည်။

အဖွဲ့ခေါင်းဆောင်မှ-

"ဘုန်းဘုန်းဘုရား၊ တပည့်တော်တို့က ရန်ကုန်မြို့ကလာတဲ့ နိုင်ငံ့ဝန်ထမ်းတွေပါ ဘုရား။ ခင်မောင်ဦးလို့ ခေါ်ပါတယ်"

ဟု ရိုသေစွာ လျှောက်ထားသံကို ကြားရပါသည်။ ဆရာတော်ဘုရားကြီးမှ ပြုံးရွှင်သောမျက်နှာဖြင့်-

"အေးအေး- ရန်ကုန်မြို့ကလာတဲ့ ဒကာတွေလား။ ဒကာကြီး ဦးခင်မောင်ဦး၊ သာမညတောင် ဆိုတာ ဘာတောင်လို့ထင်လဲကွယ့်"

ဟု စတင် မေးပါတော့သည်။

အဖွဲ့ခေါင်းဆောင်မှလည်း လက်အုပ်ချီလျက်-



www.burmeseclassic.com

www.burmeseclassic.com

"တင်ပါ့ဘုရား၊ သာမညတောင်ဆိုတာ ထူးခြားလေးနက်တဲ့တောင်လို့ တပည့်တော် ထင်ပါတယ် ဘုန်းဘုန်းဘုရား"

ဟု လျှောက်ထားသောစကားဆုံးသည်နှင့် ဆရာတော်ဘုရားကြီးမှ မိမိရှေ့ရှိ စားပွဲခုံငယ်ပေါ်သို့ လက်ဝါးကိုမြှောက်၍ ဖြန်းခနဲရိုက်ပြီး-

"ဟုတ်လိုက်လေ ဒကာကြီးရာ၊ မှန်သဗျ"

ဟု ပြောလိုက်ပါသည်။

ထို့နောက် ဆရာတော်ဘုရားကြီးမှ-

"ကဲကဲ- ပစ္စည်းတွေကို သိဒ္ဓိတင်ကြရအောင်"

ဟု ပြောဆိုပြီး ကျွန်တော်တို့တင်ထားသည့်အထုပ်ကြီးပေါ်သို့ လက်ဝါးဖြင့်အုပ်၍ မျက်စိမှိတ်ပြီး နှုတ်မှ ဂါထာများရွတ်နေသည်ကို တွေ့ရှိရပါသည်။

ကျွန်တော်မှလည်း လက်အုပ်ချီ၍ မိမိ၏စိတ်မှပင်-

'ဘုန်းဘုန်းဘုရား၊ ယခု သိဒ္ဓိတင်နေတာ ဘုရားဂုဏ်တော် (၁၂) ပါးဖြင့် တင်တာပါလား ဘုရား။ သိပါရစေ'

ဟု လျှောက်ထားမိပါသည်။ အတန်ငယ်ကြာသောအခါ ဆရာတော်ဘုရားကြီးမှ မျက်စိဖွင့်၍ ကျွန်တော့်ကို လက်ညှိုးဖြင့်ထိုးပြီး-

"ဒကာကြီးသိတဲ့ ဘုရားဂုဏ်တော်နဲ့ သိဒ္ဓိတင်တာပါပဲဗျာ"

ဟု မိန့်ကြားပါသည်။

အစ်ကိုကြီးဦးခင်မောင်ဦးမှာ ဘာမှမသိလိုက်ပါ။ အံ့သြသောအမူအရာဖြင့် ကျွန်တော့်ကို ကြည့်နေပါသည်။ ကျွန်တော်တို့အဖွဲ့ အထုပ်များဖြေပြီး မိမိတို့ပစ္စည်းများ ယူလိုက်ကြပါသည်။ ကျွန်တော် ဝယ်ယူ ပူဇော်သော ဘုန်းဘုန်း၏ဓာတ်ပုံနောက်ကျောတွင် ရိုက်နှိပ်ထားသော အခါရွေးနည်း (အ-ရ-ဘ) အချိန်ဇယား ပါရှိပါသည်။ ၎င်းအချိန်ဇယားပါ ဓာတ်ပုံအား လက်အုပ်တွင်ထည့်ပြီး ဘုန်းဘုန်းကို စိတ်နှင့်ပင်-

'ဘုန်းဘုန်းဘုရား၊ ဒီအချိန်ဇယားဟာ ဆရာကြီး စလေဦးပုညရဲ့ အချိန်ဇယားပါလား ဘုရား။ သိပါရစေ'

ဟု လျှောက်ထားလိုက်သောအခါ ဆရာတော်ကြီးမှ-

"ဟုတ်ပ ဒကာကြီး၊ စလေဦးပုညရဲ့အချိန်ဇယားပါပဲ"

ဟု ပြန်လည် မိန့်ကြားပါသည်။

ကျွန်တော်မှ ထပ်မံ၍ နှုတ်မှ မလျှောက်ထားဘဲ-

'ဘုန်းဘုန်းဘုရား၊ တပည့်တော်တို့အဖွဲ့ကို ပုတီးစိပ်နည်းလေး ချီးမြှင့်ပေးပါဦး ဘုရား'

ဟု စိတ်ဖြင့် လျှောက်ထားလိုက်ပါသည်။

ဆရာတော်ဘုရားကြီးက စားပွဲပေါ်မှစာရွက်ငယ်တစ်ရွက်ယူလျက် ၎င်းပေါ်တွင် ဘော(လ်)ပင်ဖြင့် ပုတီးစိပ်နည်းကို ရေးသားကာ-

"ကဲ- ဒကာကြီးတို့အဖွဲ့၊ ဒါကို စွဲစွဲမြဲမြဲ ပုတီးစိပ်ကြဗျာ"

ဟု ပြောပြီး လှမ်း၍ စာရွက်ငယ်ကို ကျွန်တော့်အား ပေးပါသည်။

ဆရာတော်ဘုရားကြီး၏လက်ရေးမှာ သေသပ်လှပပြီး ပုတီးစိပ်ဂါထာမှာ-

'ဥုံဖွ- ခုလည်း မပျင်းနဲ့။ နောင်လည်း မပျင်းနဲ့။ ဥုံဖွ- သွာဟ'

ဟူ၍ ရေးသားထားသည်ကို တွေ့ရှိရပါသည်။

*(ဆရာတော်ဘုရားကြီး၏လက်ရေးမူရင်းစာရွက်ငယ်ကို ကျွန်တော်သိမ်းဆည်းထားခဲ့ရာ ယခုဆောင်းပါးရေးချိန်တွင် ပြန်လည်ရှာဖွေ၍မတွေ့ရှိရသဖြင့် မတင်ပြနိုင်ခြင်းကို ခွင့်လွှတ်ကြပါရန်။)*

'ဘုန်းဘုန်းဘုရား၊ တပည့်တော်တို့အဖွဲ့ ဘယ်အချိန်ခန့် တောင်ပေါ်က ပြန်ဆင်းရပါမလဲ ဘုရား'

ဟု စိတ်နှင့်ပင် မေးမြန်းရာ ဆရာတော်ဘုရားကြီးမှ-

"ညနေစာစားပြီး (၃)နာရီခွဲကျော်မှပြန်ရင် အချိန်ကောင်းပါပဲဗျာ"

ဟု မိန့်ကြားပါသည်။

"တင်ပါ့ဘုရား"

ဟု ဆရာတော်ဘုရားကြီးအား ကျွန်တော်တို့အဖွဲ့မှ ရိုသေစွာ ရှိခိုးဦးတင် ကန်တော့ကြပြီး သာမညကုန်းတော်ပေါ်သို့ လှည့်လည်ကြည့်ရှုကြရန် ထွက်ခွာလာခဲ့ကြပါသည်။

ထိုစဉ်က သာမညတောင်ဘုရားရင်ပြင်တော်မှာ ကျယ်ကျယ်ပြန့်ပြန့်ရှိသည့်ရင်ပြင်တော် မဟုတ်ပါ။ မြတ်စောညီနောင်ဘုရားစေတီနှစ်ဆူနှင့် ကျောက်စာတိုင်တို့ ရှိပါသည်။ ဆရာတော်ဘုရားကြီး ရေးထိုးထားသော ကျောက်စာတိုင်ဖြစ်ပြီး မိမိ ကျင့်ကြံ အားထုတ်သည့်တရား ပေါက်ရောက်အောင်မြင်မှသာ တောင်တော်ပေါ်မှ တောင်အောက်သို့ဆင်းမည်ဖြစ်ကြောင်း ရဲဝံ့စွာ ရေးထိုးထားသည့်ကျောက်စာတိုင်ဖြစ်ကြောင်း မှတ်သားမိခဲ့ပါသည်။

တောင်ကုန်း ရင်ပြင်တော်ပေါ်မှ ပတ်ဝန်းကျင်ဝဲ,ယာသို့ လှမ်းမျှော်ကြည့်ပါက စိမ်းလန်းစိုပြည်သည့် တောင်ကုန်းငယ်များ၊ အစိမ်းရောင်လယ်ကွင်းပြင်ကျယ်စိုက်ခင်းများကို တွေ့ရှိရမည် ဖြစ်ပါသည်။ သာမညတောင်ကုန်းထက်တွင် သရက်ပင်နှင့် ပိန္နဲပင်များကို ရာသီပင်အသီးအနှံပင်များအဖြစ်လည်း တွေ့ရှိရပါသည်။ အထူးသဖြင့် ပိန္နဲသီးများမှာ ဖွံ့ဖွံ့ဖြိုးဖြိုးသီးနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ သစ်ပင်အရိပ်အာဝါသကောင်းများလည်း နားခိုစရာရှိပါသည်။

ကျွန်တော်တို့အဖွဲ့သည် ညနေ (၃) နာရီအချိန်တွင် သာမညတောင်ဥပါသကာအဖွဲ့မှ တည်ခင်းဧည့်ခံသော သက်သတ်လွတ်ထမင်းနှင့်ဟင်းများကို မြိန်ရှက်စွာ စားသောက်သုံးဆောင်ကြပါသည်။ အလွန်မှ ခံတွင်းလိုက်သည့် သက်သတ်လွတ်ထမင်း၊ ဟင်းများဖြစ်၍ ယနေ့တိုင်အောင် သတိရဆဲဖြစ်ပါသည်။ သာမညတောင်မှ ကျွန်တော်တို့အဖွဲ့ ပြန်လည်ထွက်ခွာချိန်မှာ ဆရာတော်ဘုရားကြီး အမိန့်ရှိသည့် (၃) နာရီ (၃၆) မိနစ် မုဆိုးရွှေအိုးရကိန်းအချိန် ဖြစ်ပါတော့သည်။

သာမညဆရာတော်ကြီးသည် မေတ္တာရှင်ဆရာတော်ဘုရားကြီး ဖြစ်သည်နှင့်အညီ မျက်နှာတော်မှာ အစဉ်အမြဲ ပြုံးရွှင်နေတတ်ပြီး လာလာသမျှ အနယ်နယ်အရပ်ရပ်မှ ဒကာ၊ ဒကာမအပေါင်းတို့အပေါ် မေတ္တာ၊ ကရုဏာတရားတို့ဖြင့် အမြဲတမ်းပင် လွှမ်းခြုံနေသည့်ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ နိုင်ငံတော်မှလည်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းလည်းခံခဲ့ရသော ဆရာတော်ကြီး ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ဘဝနတ်ထံ ပျံလွန်ချိန်တွင် သက်တော်(၉၃) နှစ်နှင့် ဝါတော် (၇၃) ဝါရှိပြီး ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့ ကြုံတောင့်ကြုံခဲ ဖူးထိုက်၍ ဖူးခဲ့ရသည့်အကြောင်းခြင်းရာကိုလည်း စာရှုသူများ သိရှိပြီးဖြစ်၍ ကျွန်တော်မှ ဆရာတော်ဘုရားကြီးကို သတိတရရှိစွာဖြင့် တင်ပြရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသတည်း။

*တောင့်တအဖြာဖြာ ပြည့်ဝကြပါစေ*

မင်းကောင်းကျော်(ဒေး)


www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီး တည်ထား ကိုးကွယ်တော်မူခဲ့သော ကုသိုလ်တော်တွေထဲမှာ လေးကျွန်းစကြာရပ်တော်မူဘုရားကြီးဟာ နောက်ဆုံး ကုသိုလ်တော်ဖြစ်တဲ့အပြင် မြန်မာ့အုံ့ချီးဖွယ်၊ ကမ္ဘာ့အုံ့ချီးဖွယ် တစ်ပါး ဖြစ်ပါတယ်။

၁၉၉၅ ခု၊ မေလ ၈ ရက်နေ့မှာ တပည့်သာဝက ရဟန်းရှင်လူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များတို့က လည်း ဆရာတော်ကြီးရဲ့ ဆန္ဒပြည့်မြောက်အောင် မိမိတို့တတ်စွမ်းတဲ့ ဘက်ပေါင်းစုံက ဝိုင်းဝန်းကူညီ ပါရမီဖြည့်ခဲ့ကြပါတယ်။

ဒါပေမယ့် ဆရာတော်ကြီးဟာ လေးကျွန်းစကြာရပ်တော်မူဘုရားကြီးရဲ့ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာပွဲကို မမီနိုင်ခဲ့ပါဘူး။ ဖိုင်ဖာနဲ့ပြုလုပ်တဲ့ မျက်နှာတော်ကိုတော့ ခန္ဓာဝန်မချမီမှာ ဖူးမြော်ကြည်ညိုခွင့်ရရှိသွားခဲ့ပါတယ်။

## ဂျပန်ပြည်ကအပြန်

ဆရာတော်ကြီးဟာ ဂျပန်ပြည်ကို ကြွရောက်စဉ်က ဂျပန်ပြည်မှာ ထင်ရှားတဲ့ ဘုရား၊ ပုထိုး၊ စေတီတွေကို သွား

မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး၏ခယောင်းလမ်းမှုသည်

# လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး၏ သမိုင်းမော်ကွန်း

### သုဇာလေးယျ


ရွှေထီးတင်မင်္ဂလာပြုခဲ့ပြီး ၁၉၉၅ ခု၊ ဩဂုတ်လ ၈ ရက်နေ့မှာ အုတ်မြစ်စီမင်္ဂလာ ပြုလုပ်ခဲ့ပါတယ်။ ၂၀၀၈ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ သံဃာတော်အပါးတစ်ထောင်နဲ့ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ ပြုလုပ်ပါတယ်။ ရွှေထီးတင်မင်္ဂလာပြုတဲ့ ၁၉၉၅ ခုကစပြီး နောက်ဆုံး ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာပြုတဲ့ ၂၀၀၈ ခုအထိ တည်ဆောက်မှုအချိန်ကာလဟာ (၁၃) နှစ်တိတိ ရှိခဲ့ပါတယ်။

မိမိရဲ့သက်တမ်းကို ကြိုတင်သိရှိတော်မူပြီးဖြစ်တဲ့ ဆရာတော်ကြီးဟာ သက်တော် (၇၅) နှစ် စိန်ရတုမင်္ဂလာပွဲအမီ လေးကျွန်းစကြာရပ်တော်မူဘုရားကြီး ပြီးစီး အောင်မြင်ချင်တဲ့အတွက် အမျိုးမျိုးအဖုံဖုံ အစွမ်းကုန် ကြိုးစားဆောင်ရွက်တော်မူခဲ့ပါတယ်။

ဒါပေမယ့် လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး တည်ဆောက်ရာမှာ အခက်အခဲမျိုးစုံ၊ ပြဿနာအဖုံဖုံတို့ကို မျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် တည်ဆောက်မှုလုပ်ငန်းမှာ နှောင့်နှေး ကြန့်ကြာမှုတွေ အနည်းနဲ့အများဖြစ်ခဲ့ပါတယ်။

ဆရာတော်ကြီးဟာ တွေ့ကြုံလာတဲ့ အခက်အခဲမျိုးစုံ၊ ပြဿနာအဖုံဖုံကို မိမိရဲ့ သီလ၊ သမာဓိ၊ စရဏစွမ်းအားတွေ၊ မေတ္တာဓာတ်နဲ့ ခန္တီပါရမီတွေသုံးပြီး ဖြေရှင်းတော်မူခဲ့ပါတယ်။

ဆရာတော်ကြီးကို ယုံကြည်လေးစား အားထား ကိုးကွယ်ကြတဲ့ နိုင်ငံ့အကြီးအကဲများ၊ ပြည်တွင်း၊ ပြည်ပ




ဂျပန်ပြည်ရှိ ယူရှိကုရပ်တော်မူဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com





ဦးအေးမြင့်ဦး (လက်ယာစွန်) TOKYO

ရောက်ဖူးမြော်ခဲ့ပါတယ်။ အဲဒီလို ဘုရားပုထိုးစေတီတွေကို လှည့်လည် ဖူးမြော်တဲ့အခါ တိုကျိုမြို့က ကမ္ဘာ့အကြီးဆုံး ယူရှီကု (၃၉၄) ပေရှိ ရပ်တော်မူဘုရားကြီးကိုရောက်ခဲ့ပါတယ်။ အဲဒီအခါမှာ ဆရာတော်ကြီးဟာ အဲဒီလို ရပ်တော်မူဘုရားကြီးတစ်ဆူ ဗောဓိတစ်ထောင်မှာ တည်ဖို့ အာရုံရခဲ့ပါတယ်။ ဒါကြောင့် မန္တလေးမြို့ မြဝတီသီလရှင်စာသင်တိုက်က ဆရာတော်ကြီးရဲ့ တပည့်သာဝကရင်းချာများဖြစ်ကြတဲ့ ဆရာကြီး ဒေါ်ပညာဝတီနဲ့ ဒေါ်ရူပသိဂ်ီတို့ကို-


"ငါက ဘုရားကြီးတည်မယ်။ သီလရှင်တို့က ကျောင်းကြီးဆောက်"

လို့ တစ်ချိန်တုန်းက အမိန့်ရှိခဲ့ဖူးပါတယ်။

ဆရာတော်ကြီးဟာ အဲဒီမိန့်မှာစကားအတိုင်း လေးကျွန်းစကြာရပ်တော်မူကြီးကို တည်တော်မူခဲ့ပြီး ဆရာကြီးနှစ်ပါးကလည်း မဟာဗောဓိကျောင်းတော်ကြီးကို မန္တလေးမှာ တည်ဆောက်ခဲ့ပါတယ်။

**အဝေးကပင်ဖူးမြော်မြင်**

ဆရာတော်ကြီးဟာ ဇမ္ဗူတောင်



ဒေါက်တာစိုးမိုး (လက်ယာ- ခုတိယလူ)

(ဇီးဖြူတောင်ထိပ်) ကို လေးကျွန်းစကြာရပ်တော်မူကြီး တည်မည့်နေရာအဖြစ် ရွေးချယ်တော်မူခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လေးကျွန်းစကြာရပ်တော်မူကြီးကို ဟိုးအဝေးကြီးကနေပြီး တွေ့မြင် ဖူးမြော် ကြည်ညိုသဒ္ဓါပွားစေချင်လို့ ဖြစ်ပါတယ်။ ဇမ္ဗူတောင်ဟာ အမြင့် (၁၁၅၀) ပေရှိပြီး လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီးက (၄၂၄) ပေ ရှိပါတယ်။ ဒါကြောင့် မန္တလေး-မုံရွာကားလမ်းက လှမ်းမျှော်ကြည့်လိုက်ရင် မိုးတိမ်တွေကို နောက်ခံပြုပြီး မားမားမတ်မတ် တင့်တယ် စံပယ်တော်မူနေတဲ့ လေးကျွန်းစကြာရပ်တော်မူဘုရားကြီးကို



www.burmeseclassic.com

www.burmeseclassic.com

ပဲ တွေ့မြင်ဖူးမြော် ကြည်ညို ကြရပါတယ်။

**ဦး ဘုရားဒကာထူး**

ဆရာတော်ကြီးဟာ ဂမ္ဘီရပညာ အရ နဝင်းခါတ် (၉) ဂဏန်း ချိန်ခြိုက်တော်မူပါတယ်။ သာသနာ င်းအတော်များများမှာ နဝင်း (၉) ဂဏန်းနဲ့ စပ်ဆိုင်တဲ့ အစီအ အစီအမံတွေကို အကြောင်းအား ပြုလုပ်တော်မူခဲ့ပါတယ်။ လေး ကြာ ရပ်တော်မူကြီး တည်တဲ့အ လည်း ဂမ္ဘီရသဘောအရ နဝင်း (၉) ဂဏန်းကိုက်တဲ့ပုဂ္ဂိုလ်တစ်ဦး မဦးဆုံး အလှူဒကာအဖြစ် ရွေး ခဲ့ပါတယ်။အဲဒီအကြောင်းကို ဆရာ ကြီးဟာ သူ့ရဲ့မှတ်စုစာအုပ်မှာ-

'ရပ်တော်မူအစ ထွန်းနေဝင်းက'

လို့ မှတ်တမ်းပြုတော်မူခဲ့ပါတယ်။

ထွန်းနေဝင်း ဆိုတာကတော့ ယခု ည်ပြည်ဆိုင်ရာလေဆိပ် (တံတား ) အထွေထွေမန်နေဂျာ ဖြစ်ပါတယ်။ ဒီအချိန်က မုံရွာမြို့မှာ ဗိုလ်ကြီးထွန်း ဝင်းအဖြစ် တာဝန်ထမ်းဆောင်နေဆဲ ပါတယ်။

ဗိုလ်ကြီးထွန်းနေဝင်း ဗောဓိတစ် င် ရောက်လာတဲ့အချိန်မှာ ဆရာ ကြီးက -

"မင်းနာမည် အတော်ကောင်း ။ ငါတို့ ကမ္ဘာ့အကြီးဆုံး ရပ်တော် ဘုရားကြီး တည်ရအောင်"

လို့ မိန့်တော်မူပါတယ်။

ဒီတော့ ဗိုလ်ကြီးထွန်းနေဝင်းက-

"တပည့်တော်က လခစားဝန် ပါ ဘုရား။ ဘယ်လိုလုပ်ပြီး တပည့် တော် လှူဒါန်းနိုင်ပါ့မလဲ ဘုရား"

လို့ တရင်းတနှီး ပွင့်ပွင့်လင်းလင်း လည်း လျှောက်ထားခဲ့ပါတယ်။

ဒီအခါမှာ ဆရာတော်ကြီးက -

"အများစုပေါင်းပြီး တည်မှာပါ။ င်းနာမည် ထွန်းနေဝင်း ဆိုတာ ထူးထူး ခြားခြားနာမည်။ အတိတ်ကောင်းနိမိတ် ကောင်းဟ"

လို့ မိန့်တော်မူပါတယ်။

ဒါနဲ့ ဗိုလ်ကြီးထွန်းနေဝင်းဟာ မ်းသာအားရဖြစ်သွားပြီး အစအဦး ကျပ်ငွေ (၃၀၀၀၀) လှူဒါန်းခဲ့ပါတယ်။ နောင်အခါမှာလည်း အလျဉ်းသင့်သလို ဆက်လက် လှူဒါန်းခဲ့ပါတယ်။

**နဝင်းခါတ်ကိန်းသောနာမည်နဲ့ ဘွဲ့တော်များ**

'ထွန်းနေဝင်း' ဆိုတဲ့ နာမည်ဟာ နဝင်းခါတ် (၉) ဂဏန်းကိန်းတဲ့အပြင် အနွတ္တသဘောအရလည်း ဆရာတော်ကြီးအမိန့်ရှိသလို ထူးခြားတဲ့နာမည်ဖြစ်ပါတယ်။ ဒီအပြင် ဆရာတော်ကြီးရဲ့ဘွဲ့ (ဦး) နာရဒ၊ ရပ်တော်မူဘုရားကြီးရဲ့ဘွဲ့တော် လေးကျွန်းစကြာရပ်တော်မူတို့ဟာလည်း နဝင်းခါတ်ကိန်းနေတဲ့နာမည်တွေဖြစ်နေပါတယ်။

**ထွန်း + နေ + ဝင်း**

၇ ၇ ၄ = ၁၈ = ၉

**နာ + ရ + ဒ**

၇ ၄ ၇ = ၁၈ = ၉

**လေး + ကျွန်း + စ + ကြာ + ရပ် + တော် + မူ**

၄ ၂ ၃ ၂ ၄ ၇ ၅

= ၂၇ = ၉

**ငါတစ်ယောက်တည်း တည်မှာမဟုတ်ဘူး**

လေးကျွန်းစကြာရပ်တော်မူဘုရားကြီး တည်မယ်ဆိုတော့ ဆရာတော်ကြီးကို ယုံကြည် လေးစား အားထား ကိုးကွယ်ကြတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ ရင်းနှီးကျွမ်းဝင်တဲ့သာဝကတွေ၊ အတတ်ပညာရှင်တွေဟာ ဆရာတော်ကြီးအတွက် စိုးရိမ်ပူပင်ခဲ့ကြပါတယ်။ ဘုရားကြီးတည်မယ့်နေရာက ပေ (၁၁၅၀)မြင့်တဲ့ ဇမ္ဗူတောင် (ဇီးဖြူတောင်) ပေါ်မှာ။ ဉာဏ်တော်ကလည်း ပေ (၄၀၀) ကျော်၊ ပန္နက်ကျင်းအနက်က ပေ (၄၀)၊ လွင်တီးခေါင်ကြီးမှာဆိုတော့ လေဒဏ်၊ မိုးဒဏ်၊ ငလျင်ဒဏ်၊ အဲဒီအန္တရာယ်ဒဏ်



ဦးအေးမြင့်ဦးမိသားစုနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

တွေကရှိနေတယ်။ ဖြစ်မှဖြစ်ပါ့မလား၊ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုပြီး စည်းဝေးကြ၊တိုင်ပင်ဆွေးနွေးကြ၊အကြံဉာဏ်တွေပေးကြပေါ့။ အဲဒီအခါမှာ ဆရာတော်ကြီးမိန့်လိုက်တာက -

"ပူမနေပါနဲ့ဟ၊ ငါတစ်ယောက်တည်း တည်မှာမဟုတ်ဘူး။ ဝိဇ္ဇာတွေရောတည်မှာ" တဲ့။

အဲဒီလို မိန့်ခဲ့ကြောင်း ဦးဝိစိတ္တနာယကဆရာတော် ဗောဓိတစ်ထောင်က ကျွန်တော့်ကို မိန့်ခဲ့ဖူးပါတယ်။

**ပန္နက်တင်မင်္ဂလာ**

၁၉၉၅ ခု၊ မေလ ၈ ရက်နေ့မှာ အဲဒီအချိန်က အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဆွေက ပန္နက်တင်မင်္ဂလာ ပြုလုပ်ခဲ့ပါတယ်။

**အုတ်မြစ်ကျင်းများ**

အုတ်မြစ်ကျင်းတွေတူးတဲ့အခါမှာ ခတက္ကန်တောင်ရွာ၊ ခတက္ကန်မြောက်ရွာ၊ ကြီးအုပ်၊ ကျောက်ကွဲ၊ မြိုင်စည်၊ တောင်ကြား၊ ကျောက်ခွက်၊ ဆည်ကြီးတော၊ သစ်ညိုပင်၊ မြေနီ၊ ဘန်စီ၊ ကျီကုန်း၊ လက်ပံကျင်း၊ နွားခြံကုန်းရွာတွေက လာရောက်ပြီး လုပ်အားဒါနပေးကြပါတယ်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က တပ်မတော်သားတွေနဲ့ ကြေးစင်တောင်သတ္တုတူးဖော်ရေး၊ စစ်မြေပြင်အင်ဂျင်နီယာတပ်က တပ်မတော်သားတွေကလည်း မာကျောတဲ့ကျောက်သားပြင်ကို ယမ်းဘီလူးများနဲ့ ဖောက်ခွဲပေးခဲ့ကြပါတယ်။ ၁၉၉၅ ခု၊ ဩဂုတ်လ ၈ ရက်နေ့မှာ အုတ်မြစ်စီမင်္ဂလာ ပြုလုပ်ခဲ့ပါတယ်။

**ဘုတလင်က ညီနောင် (၂) ဦး**

လျှောင်းတော်မူကြီးရဲ့ ဦးခေါင်းတော်ကို ပြန်လည် ပြုပြင်ပြီး စကျင်ကျောက်မျက်လုံးတော် (၂) ခု တပ်ဆင်ပေးရတဲ့ ဦးရဝေနဲ့ ဦးဆိတ်တင်တို့ ညီနောင် (၂) ဦးဟာ ဆရာတော်ကြီးခေါ်လို့ ဗောဓိတစ်ထောင်ကို ဒုတိယအကြိမ် ပြန်လည်ရောက်ခဲ့ကြပါတယ်။ ဦးရဝေနဲ့ ဦးဆိတ်တင်တို့က လေးကျွန်းစကြာရပ်တော်မူဘုရားကြီး တည်ဆောက်ရာမှာ သူတို့ တွေ့ကြုံခံစားခဲ့ရတာတွေကို အခုလို ပြောပြခဲ့ပါတယ်။

"ရပ်တော်မူဘုရားကြီး တည်ဖို့ ပန္နက်ကျင်းတွေတူးနေပြီ၊ လာခဲ့ကြလို့ ဆရာတော်ကြီးမှာလိုက်လို့ ကျွန်တော်တို့ညီအစ်ကိုနှစ်ဦး ဗောဓိတစ်ထောင်ကို


ပန္နက်တင်မင်္ဂလာ



ရပ်တော်မူအစ ထွန်းနေဝင်းက


ကိုရဝေနှင့် ကိုဆိတ်တင် (လက်ဝဲစွန်နှင့် လက်ယာစွန်)



www.burmeseclassic.com

www.burmeseclassic.com


အကြိမ်ရောက်ခဲ့ပြန်ပါတယ်။


ပန္နက်ကျင်းတွေကို ကြေးစင် ...င်သတ္တုလုပ်ငန်းနဲ့ ဘီအီးတပ်က ...ပြီး တူးပေးပါတယ်။ စက်ယန္တရား ...ရှိတော့ လူအင်အားတွေအများ ...ပြီး ကျင်းထဲကမြေတွေကို သယ် ...ပါတယ်။ ကျင်းအနက်က (၄၀) ... အဝက (၈) ပေ ရှိပါတယ်။ ဝါး ...ဆင်ပြီး ကျင်းထဲကို အဆင်း၊ ...က်လုပ်ကြရပါတယ်။

**...ဘလောက်နဲ့ သံပေါင်ကြီးတွေ**

ပန္နက်ကျင်းထဲကို သံပေါင်ကြီးတွေချတဲ့အခါ လူအင်အားသုံးပြီး ချိန်းဘလောက်နဲ့ ထိန်းချရတယ်။ သံပေါင်ကြီးတွေ ပန္နက်ကျင်းထဲကို ရှောရှောရှူရှူနဲ့ အဆင်ပြေပြေ ကျသွားတာရှိသလို အဆင်မပြေတဲ့အခါ၊ အန္တရာယ်ရှိတဲ့အခါတွေနဲ့လည်း ကြုံရပါတယ်။

တစ်ခါတုန်းကဆိုရင် ကြိုးပြတ်ပြီး သံပေါင်ကြီး လဲကျသွားတယ်။ ကံကောင်းချင်တော့ သံပေါင်ကြီးဟာ ကျင်းထိပ်မှာရှိတဲ့ကျောက်တုံးကို ထောက်ပြီး မြေပေါ်လဲကျမသွားဘဲ ကျွန်တော့်ခေါင်းပေါ်မှာ တုန်ခါနေပါတယ်။ ကျောက်တုံးသာမခံခဲ့ရင် အဲဒီနေရာမှာ ကျွန်တော်တစ်ခါတည်း ကိစ္စပြီးသွားမှာပဲ။ တစ်ခါတလေ ကျွန်တော့်လူတွေဟာ သံပေါင်ကြီးနဲ့အတူ ပန္နက်ကျင်းထဲကို ဝေါခနဲ ထိုးဆင်းပါသွားခဲ့တာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ဆရာတော်ကြီးရဲ့ ဘုန်းတန်ခိုးတော်ကြောင့် တစ်ယောက်တလေမှ ထိခိုက်ဒဏ်ရာရခဲ့တာ မရှိခဲ့ပါဘူး။







အုတ်မြစ်ကျင်းများ

မှတ်မှတ်ရရ အဖြစ်အပျက်တစ်ခုတော့ရှိခဲ့ဖူးတယ်။ တစ်နေ့မှာ ဆရာတော်ကြီးရဲ့ဒကာဆိုတဲ့လူတစ်ယောက်ရောက်လာပြီး သံပေါင်ကြီးတွေကို သစ်ကရိန်းကားနဲ့ ပန္နက်ကျင်းထဲချပေးမယ်လို့ ပြောတယ်။ အဲဒီတော့ ကျွန်တော်တို့က 'သစ်နဲ့ သံ' ဟာ အလေးချိန်ရောသဘာဝပါ မတူပါဘူး။ အဆင်ပြေမယ်မထင်ဘူးလို့ ရှင်းပြပါတယ်။ ဒါပေမယ့် အဲဒီလူက -

'မင်းတို့ ငယ်ပါသေးတယ်ကွာ၊ အတွေ့အကြုံမရှိကြသေးဘူး။ သစ်ကရိန်းနဲ့ချလို့ရပါတယ်ကွာ'

လို့ ပြောပြီး ပြောပြောဆိုဆို သံပေါင်ကြီးကို သစ်ကရိန်းနဲ့ မ,တင်တော့တာပဲ။ အဲဒီမှာတင် သူ့သစ်ကရိန်းကြီးဟာ သံပေါင်ရဲ့ဝန်ကို မနိုင်မနင်းဖြစ်ပြီး ပတတ်ရပ်ပါလေရော။ အနားမှာရှိတဲ့ ပန်းရန်တွေ၊ ကျွန်တော့်သံချည်သံကွေးသမားတွေဟာ ကမန်းကတန်း ကားပေါ် ခုန်တက်ရတော့တာပဲ။ ကံကောင်းထောက်မလို့ပေါ့။ ပန္နက်ကျင်းထဲချဖို့ တစ်တောင်လောက်အလိုမှာ ကရိန်းကြိုးကပြတ်ထွက်သွားတယ်။ ကရိန်းကြိုးသာမပြတ်ရင် သူ့ကားပါ သံပေါင်နဲ့အတူ ကျင်းထဲကိုထိုးကျသွားမှာ ကျိန်းသေပဲ။

အဲဒီလို အလန့်တကြားဖြစ်သွားတော့မှ အဲဒီလူက ကျွန်တော်တို့ကိုဘာပြောသွားသလဲဆိုတော့ -

'မင်းတို့တစ်တွေ အသက်ငယ်ပေမယ့် မဆိုးပါဘူးကွာ' တဲ့။

ကျွန်တော်တို့ကလည်း သူပြောသလို ငယ်သေးတာကိုး။ ကျွန်တော်က (၂၈) နှစ်၊ အစ်ကိုကြီး ဆိတ်တင်က (၃၂) နှစ်ပဲ ရှိကြသေးတာ။ ဥစ္စာနေကလည်း မပြည့်စုံ၊ တောသားလည်းဖြစ်ပြန်တော့ ကျွန်တော်တို့အပေါ် တော်တော်အထင်အမြင်သေးခဲ့ကြတယ်ထင်တယ်။

**(၄၀) ပေ ကျင်းထဲမှာ**

သံပေါင်ကြီးတွေက (၁) ပေခွဲ



www.burmeseclassic.com

www.burmeseclassic.com

(၁)ပေမြက်ရှိပြီး (၃၆) ပေ ရှည်ပါတယ်။ ကျပ်လုံးသံချောင်းတွေကို သံပေါင်ကြီးတွေရဲ့ အတွင်း၊ အပြင်မှာ စီထည့်ပြီး (၄)လက်မပိုက်လုံးနဲ့ ပတ်ပတ်လည်ချုပ်ရပါတယ်။ အဲဒီလို (၃) ထပ် ခွေပြီးမှ ကျောက်သေးလောင်းရပါတယ်။ သံချည်သံကွေး ဂဟေဆော်တဲ့အလုပ်ကို ကျင်းထဲမှာပဲလုပ်ကြပါတယ်။ ကျောက်သေးလောင်းပြီး တိုင်လုံးတွေဟာ (၄) ပေပတ်လည်ရှိပါတယ်။ မြေထဲမှာ ချထားတဲ့တိုင်တွေကို တဖြည်းဖြည်း အထက်ရောက်အောင်ပြန်ဆက်ရပါတယ်။ အဲဒီလို ဆက်တဲ့အခါမှာ (၃) လက်မ ဟင်းဂလိုင်းကို ပတ်လည်ခွေပြီး ယူဘိုးနဲ့ဆွဲပါတယ်။ ဆက်မယ့်တိုင်ကို ချိန်းဘလောက်နဲ့ဆွဲတင်ပါတယ်။ ကျင်းပေါ်ကလူတွေကြည့်ပြီး Level ချိန်ပါတယ်။ အောက်လူက ခွာပြားကပ်၊ ဂဟေဆော်၊ ဘိုးနပ်နဲ့ ပြန်ကျပ်ရပါတယ်။ Level ချိန်တဲ့အခါမှာ အခုခေတ်သုံး သီဟိုလိုက် မရှိပါဘူး။ (၁၀) ထပ်မြောက်မှာ အင်ဂျင်နီယာ ဦးဝင်းသိန်း ရောက်လာတဲ့ အခါကျတော့မှ သီဟိုလိုက်ကို စပြီးသုံးခဲ့ရတာပါ။

ကျွန်တော်တို့ စပြီးလုပ်တဲ့ အဲဒီ အချိန်တုန်းက ခေတ်မီစက်ကိရိယာ၊ စက်ယန္တရားတွေ မသုံးနိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က ဆရာတော်ကြီးကို မိဘလို ချစ်ခင်လေးစား ကြည်ညိုကြတော့ ဆရာတော်ကြီးဆန္ဒပြည့်မြောက်အောင် ကျွန်တော်တို့အကောင်းဆုံး ကြိုးစားလုပ်ခဲ့ကြပါတယ်။

အခုလို တောင်ပေါ်အထိ ကားလမ်းကောင်းကောင်းမပေါက်သေးတော့ တံခွန်တိုင်တောင်ဘက်ကပတ်ပြီး သံပေါင်ကြီးတွေကို ကားနဲ့တင်ရပါတယ်။ ကျွန်တော် မှတ်မိသလောက် ပြောရရင် ဆရာတော်ကြီးရဲ့ဒကာရင်းတစ်ဦးဖြစ်တဲ့ ဦးထွန်းကြည်နဲ့ ဦးဟန်သိန်းတို့နှစ်ဦးဟာ ဦးအေးမြင့်ဦး(အေးမိသားစု) လှူဒါန်းထားတဲ့ ကားကြီးနဲ့ တော်တော်ကို ခက်ခက်ခဲခဲသယ်ကြရတာပါ။ သံပေါင်ကြီးတွေကလည်း နိုင်ငံခြားက တင်သွင်းတဲ့ သံပေါင်အသစ်တွေ မဟုတ်ပါဘူး။ ဆရာတော်ကြီး အနယ်နယ်အရပ်ရပ်က နှစ်ရှည်လများ ဝယ်ယူစုဆောင်းထားတဲ့ သံပေါင်အဟောင်းကြီးတွေဖြစ်ပါတယ်။ (၁၀) ထပ်ရောက်တဲ့အခါမှာမှ နိုင်ငံခြားက တင်သွင်းတဲ့ သံပေါင်ကြီးတွေကို အသုံးပြုနိုင်ခဲ့တာပါ။

**ဘာလိုသလဲပြော**

အဲဒီအချိန်က စစ်ကိုင်းတိုင်းဒေသကြီး တိုင်းမှူးက ဗိုလ်ချုပ်လှမြင့်ဆွေပါပဲ။ ဆရာတော်ကြီးရဲ့ ဒကာရင်းတစ်ဦးဖြစ်ပါတယ်။

'ရဝေ၊ မင်းဘာလိုလဲ'

မေးတော့ ကျွန်တော်က ပစ္စည်းတင်ဖို့ ဝင့်(Winch)လိုချင်ကြောင်းပြောပါတယ်။ ဒါနဲ့ ဗိုလ်ချုပ်လှမြင့်ဆွေက ဝင့်(Winch)တစ်လုံးဝယ်ပြီး ဆရာတော်ကြီးကို လှူပါတယ်။ ဘုရားကြီးရဲ့ရှေ့တည့်တည့်မှာ ဝင့်(Winch)စင်ဆောက်ပြီး အဲဒီ ဝင့်(Winch)ကို ဆင်ပါတယ်။ အဲဒီ ဝင့်(Winch)နဲ့ သံချောင်းတွေ၊ ဘိလပ်မြေတွေကို တင်ပါတယ်။

နောက်များမကြာမီမှာ ဗိုလ်ချုပ်လှမြင့်ဆွေ လွှတ်လိုက်တဲ့ ဗိုလ်မှူးတစ်ယောက် ရောက်လာပြီး-

'ရဝေ၊ ဘာလိုသေးလဲ'

မေးပါတယ်။

ဒီတော့ ကျွန်တော်က-

'အပေါ်ထပ်တွေမှာလည်း ဝင့်(Winch) ဆင်ချင်ပါတယ်။ ဝင့် (Winch) (၂) လုံး၊ (၃) လုံး ရရင်တော့ ပိုကောင်းမှာပဲ'

လို့ အဲဒီဗိုလ်မှူးကို ပြောလိုက်ပါတယ်။ သိပ်မကြာပါဘူးဗျာ၊ အဲဒီဗိုလ်မှူး ရောက်လာပြီး တန် (၁၀) ဝင့်(Winch) (၄) လုံး ဆရာတော်ကြီးကို လှူသွားခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ဒကာရင်း ဗိုလ်ချုပ်ထွန်းကြည် ဆရာတော်ဆီမှာ ဒုလ္လဘလာဝတ်ပါတယ်။

'ရဝေ၊ မင်းဘာလိုသေးလဲ'

လို့ မေးပြီး သံချည်သံကွေးလုပ်တဲ့အခါ ဖြတ်ဖို့နဲ့ ကွေးဖို့အတွက် ဖြတ်စက်၊ ကွေးစက်တွေ ဆရာတော်ကြီးကို လှူပါတယ်။ အဲဒီမှာ တော်တော်ကိုဟန်ကျသွားတယ်။ အရင်တုန်းက စို့တွေနဲ့ ဖြတ်၊ ဒိုင်းလွှတွေနဲ့တိုက်ရတာ အလွန်ပင်ပန်းပြီး တကယ်ကို ခရီးမတွင်တာ။ ဖြတ်စက်၊ ကွေးစက်တွေရတော့ လုပ်ငန်းတွေ မြန်မြန်ဆန်ဆန် ပြီးသွားပါတယ်။

မီးမကြာခဏပျက်တော့ အရေးပေါ် မီးသုံးနိုင်အောင် အင်ဂျင်နီယာ ကိုအောင်သန်းထွန်းနဲ့ ကိုဝင်းသိန်းတို့က မီးစက်တစ်ခုဆင်ပေးပါတယ်။ ဗိုလ်ချုပ်မှူးကြီးကလည်း ရပ်တော်မူကြီးရဲ့ ခြေရင်း ရဟန္တာ(၅၀၀)ထိပ်နားမှာ ထရန်စဖော်မာကြီးတစ်လုံးထိုင်ပေးခဲ့ပါတယ်။

လုပ်ငန်း စတင်တဲ့ အချိန်တုန်းကသာ အခုလို စက်ကိရိယာ၊ စက်ယန္တရား၊ မီးစက်၊ ထရန်စဖော်မာ စတာတွေ ပြည့်ပြည့်စုံစုံရှိခဲ့ရင် လုပ်ငန်းက အတော်ကို တွင်ကျယ်မှာ။

**ရောင်ခြည်တော်အဖွဲ့**

မီးစက်တွေ၊ ထရန်စဖော်မာတွေ မရှိတုန်းက အံ့ဖွယ်အပျက်လေးတစ်ခုကို ကျွန်တော် ပြောပြချင်ပါတယ်။ မီးကလည်း မကြာခဏပျက်၊ မီးအားကလည်း မပြည့်တော့ ကျွန်တော်တို့ဟာ ညဘက် မီးလာတဲ့အချိန်ကိုစောင့်ပြီး ဂဟေဆော်တဲ့အလုပ်တွေကိုလုပ်ခဲ့ကြပါတယ်။ အဲဒီလို ညဘက်မှာ ဂဟေဆော်ခဲ့တာကို အကြောင်းပြုပြီး ကျွန်တော်တို့အဖွဲ့ဟာ 'ရောင်ခြည်တော်အဖွဲ့' ဆိုတဲ့ ထူးထူးခြားခြားနာမည်တစ်ခု ရခဲ့ဖူးပါတယ်။

အဲဒီ 'ရောင်ခြည်တော်အဖွဲ့' နာမည်ထူးရခဲ့ပုံက ဒီလိုပါ ခင်ဗျာ။

ညဘက် မှောင်ကြီးမည်းမည်းထဲမှာ ဂဟေတွေဆော်ရတော့ မီးပွားတွေ ဖွားခနဲ ဖွားခနဲ ဖြာထွက်တာပေါ့။ အဲဒါကို အဝေးက လှမ်းပြီးမြင်တွေ့ကြတဲ့ ခတ္တက်န်ရွာကလူအချို့ဟာ -

'ဘုရားကြီးက ရောင်ခြည်တော်တွေလွှတ်နေတယ်။ ရောင်ခြည်တော်တွေ လွှတ်နေတယ်' လို့ အတ်အော်သောင်းနင်းဖြစ်ပြီး ညကြီးမင်းကြီးမှာ ဘုရားလာဖူးကြပါလေရောဗျာ။ အဲဒီတုန်းက ဘုန်းဘုန်းတေ (ဦးတေဇနိယ) ဆရာတော်ကြီးရဲ့ ညီလည်း ရှိတယ်။ နောက်တော့မှ ဂဟေဆော်လို့ မီးပွားတွေထွက်မှန်းသိသွားကြပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော့်သံချည်သံကွေးအဖွဲ့ကို ရောင်ခြည်တော်အဖွဲ့လို့ အားလုံးက ခေါ်ခဲ့ကြပါတယ်။

**လုပ်ငန်းခွင်မှာ ပြဿနာ**

ကျွန်တော့်အစ်ကို ကိုဆိတ်တင်က ပလ္လင်တော်ပြီးတဲ့အခါမှာ အလုပ်ကနားခဲ့ပါတယ်။ ကျွန်တော်ကတော့ ဆက်လုပ်ခဲ့ပါတယ်။ (၄) ထပ်မြောက်အရောက်မှာ မုံရွာကဒကာတစ်ဦး ရောက်လာပါတယ်။ နာမည်တော့ ထုတ်ပြီး မပြောပါရစေနဲ့တော့။ သူက လုပ်ငန်းခွင်ရောက်လာပြီး ကျွန်တော်နဲ့အဆင်မပြေဖြစ်ခဲ့ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အလုပ်နားပြီး ဘုတလင်ကိုပြန်ဖို့ စီစဉ်ပါတယ်။ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော့်အခြေအနေတွေကိုသိတဲ့ မြဝတီ သီလရှင်စာသင်တိုက်က ဆရာကြီးဒေါ်



www.burmeseclassic.com

www.burmeseclassic.com

ညောဝတီနဲ့ ဒေါ်ရှုပသီဂီတို့က -

'မင်းဘယ်မှမသွားနဲ့။ ငါတို့နဲ့ မန္တလေးလိုက်ခဲ့'

လို့ ဆိုပြီး ကျွန်တော့်ကိုခေါ်သွားပါတယ်။

မန္တလေးမှာ အတော်ကြာနေခဲ့ပြီး ဘုတလင်ကိုပြန်တော့ ဆရာကြီး ဒေါ်ညောဝတီရဲ့အဖေက မြေနဲ့မှာ စောင့်နေတယ်။ ပြီးတော့ ကျွန်တော့်ကို ဗောဓိတစ်ထောင် ပြန်ခေါ်သွားခဲ့ပါတယ်။ ဒါနဲ့ပဲ ဘုရားကြီး တည်ဆောက်ရာမှာ ကျွန်တော် ပြန်လည် ပါဝင်ခဲ့ရပါတယ်။


**လုပ်ငန်းခွင်ကလူပေါင်းစုံ**

လုပ်ငန်းခွင်မှာ လူပေါင်းစုံပါတယ်။ ကြေးစင်တောင်၊ ဘီအီးတပ်၊ ရွာပေါင်းစုံပါတယ်။ အချို့လူတွေက အလုပ်ကို ကျွားစီးဖားစီးမလုပ်ကြဘူး။ ရေသာခိုချင်တဲ့သူတွေရှိတယ်။ အချင်းချင်းလည်း ရန်ဖြစ်တယ်။ ခိုင်းရင်လည်း တလန်ကဆန်လုပ်ချင်ကြတယ်။ ကျွန်တော့်မှာ အတော့်ကို အခက်အခဲတွေ့ရပါတယ်။ စိတ်လည်းတော်တော်ညစ်ရပါတယ်။ အဲဒီအကြောင်းတွေကို အကုန်သိနေတဲ့ ဗိုလ်ချုပ်လှမြင့်ဆွေက ကျွန်တော့်ကို -

'ရဝေ၊ မင်းတပ်သုံး၊ သုံးဟ'

လို့ ပြောပါတယ်။

ဒါနဲ့ ကျွန်တော်လည်း ရန်ဖြစ်တဲ့သူတွေ၊ တလန်ကဆန်လုပ်တဲ့လူတွေကို ခေါင်းထုတ်လိုက်ပါတယ်။ ကြီးအုပ်အဖွဲ့နဲ့ ကျွန်တော် ထိပ်တိုက်တိုးပြန်ရော။ တစ်နေ့လုံး သံပေါင်ဖြတ်တာ ပေါင်ပဲ ပြီးတယ်။ ဘာမှအလုပ်မဖြစ်



အင်ဂျင်နီယာ ဦးအောင်သန်းထွန်း



ဦးမျိုးဇော်ထွန်း (OSAKA)



...င်းနှစ်ဝင်းသိန်းနှင့် ဇနီး ဒေါ်သန်းသန်းအုန်း




အင်ဂျင်နီယာ ဦးဝင်းသိန်းနှင့် ဇနီး ဒေါ်အိအိစမ်း



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ဒါနဲ့ ကျွန်တော်က အလုပ်မဖြစ်တဲ့လူတွေကို ဆရာတော့်ဆီလွှတ်ပြီး ကိုယ်တိုင်လျှောက်ခိုင်းတယ်။ အဲဒီမှာတင် ဆရာတော်ကြီးက ကြီးအုပ်အဖွဲ့လုပ်ငန်းကို ရပ်ပစ်လိုက်တယ်။ အတော်ကြာတော့မှ တဖြည်းဖြည်း အလုပ်ထဲကို ပြန်သွင်းပေးတယ်။ အဲဒီမှာတင် အားလုံး မီးသေသွားတယ်။ ဆရာတော်က အဲဒီကြီးအုပ်ကိစ္စကို အခုလို ရယ်စရာမောစရာဖြစ်အောင် ပြောပြခဲ့ပါတယ်။

'ငါက မယားကြီးကွယ့်' တဲ့။

'မယားငယ်ကောင်းမယ်ထင်လို့ လိုက်သွားတာ။ ဟိုက ကန်ထုတ်လိုက်တော့ ငါ့ဆီ နောက်ဆုံး ပြန်ရောက်လာတာပဲ' တဲ့။

## တို့ရွာက ပန်းချီဆရာ

ဆရာတော်က ဆက်ပြီး မိန့်ပါသေးတယ်။

'ငါမသေခင် ရပ်တော်မူကြီး ပြီးချင်တာ။ မင်းတို့က တို့ရွာက ပန်းချီဆရာလိုတော့ မလုပ်ကြနဲ့နော်' တဲ့။

'ရွာမှာကိစ္စပေါ်လာတော့ ပန်းချီဆွဲတာကိုး။ ပန်းချီဆွဲတာက မပြီးနိုင်ဘူး။ ဆရာကြီး ခဏ၊ ခဏ ဆိုပြီး နောက်ကနေ ပန်းချီဆွဲရင်း လိုက်သွားလိုက်တာ သချိုင်းကုန်းရောက်ရော၊ ပန်းချီက ဆွဲမပြီးသေးဘူး။ မင်းတို့လည်း ပန်းချီဆရာလို ဖြစ်နေပါဦးမယ်ကွာ' တဲ့။

## ကျွန်တော့်မှာအပြစ်ရှိပါတယ်

ရပ်တော်မူကြီးရဲ့ လက်တော်အဆုံး (၁၃) ထပ်ရောက်တဲ့အခါမှာ အကြောင်းအမျိုးမျိုးကြောင့် အလုပ်နားပါရစေလို့ ဆရာတော်ကြီးကို ကျွန်တော်အကြိမ်ကြိမ်လျှောက်ခဲ့ပါတယ်။ ဒါပေမယ့် ဆရာတော်က ခွင့်မပြုခဲ့ဘူး။

'မင်း အလုပ်ထွက်တယ် ဆိုတာ အပြစ်ရှိမှထွက်ရမှာ' လို့ မိန့်တော်မူခဲ့ပါတယ်။

ခက်တာက ဆရာတော်ဟာ ကျွန်တော့်ကို ဘယ်သောအခါမှ အပြစ်မတင်ခဲ့ပါဘူး။ ကျွန်တော် အလုပ်ကိုကြိုးကြိုးစားစား၊ ရိုးရိုးသားသားလုပ်တယ်။ မဟုတ်တာ ဘယ်တော့မှမလုပ်ဘူး ဆိုတာ ဆရာတော် ကောင်းကောင်းသိပါတယ်။

ဒါနဲ့ တစ်နေ့မှာတော့ ဆရာတော်မိန့်တဲ့စကားနဲ့ လိုက်လျောညီထွေဖြစ်အောင် -

'တပည့်တော်မှာ အပြစ်ရှိပါတယ်ဘုရား' လို့ အကြောင်းကိစ္စတစ်ခုနဲ့ပတ်သက်လို့ ဝန်ခံလျှောက်ထားပြီး အလုပ်ကထွက်ခဲ့ပါတယ်။

ကျွန်တော် ဘုတလင်ပြန်သွားပြီး နောက်ပိုင်း ဆရာတော်က ကျွန်တော်တို့ကို စုံစမ်းခိုင်းတယ်လို့ သိရပါတယ်။ ဒါပေမယ့် စုံစမ်းတဲ့သူက ရဝေတို့၊ ဆိတ်တင်တို့ ဘုတလင်မှာမရှိဘူးပြောလိုက်ကြောင်း တစ်ဆင့်စကားကြားရတယ်။ ဘယ်သူဘယ်ဝါဆိုတာတော့ ကျွန်တော်တို့ မစုံစမ်းတော့ပါဘူး"

လို့ ပြောရင်းက မျက်ရည်တွေဝဲလာတဲ့ ကိုရဝေနဲ့ ကိုဆိတ်တင်ကို ဘုတလင်မှာ ကျွန်တော် တွေ့ခဲ့ရပါတယ်။

ကိုရဝေနဲ့အတူ အလုပ်လုပ်ခဲ့ရဖူးတဲ့ အင်ဂျင်နီယာ ဦးဝင်းသိန်းနဲ့ ဒေါ်အိအိစမ်းတို့ဇနီးမောင်နှံက ကိုရဝေအကြောင်းကို အခုလို ပြောပြခဲ့ကြပါတယ်။

"ဦးရဝေက တကယ်ကို စိတ်ရင်းကောင်းတဲ့လူ။ ဆရာတော့်အပေါ် လည်း အင်မတန် သစ္စာရှိတယ်။ မဟုတ်တာ တစ်ခုမှမလုပ်ဘူး။ လောဘလည်းမရှိဘူး။ သူများမဟုတ်တာလုပ်ရင်လည်း လုံးဝလက်မခံဘူး။ ဆရာတော်ပစ္စည်းဆိုရင် လုံးဝအထိမခံဘူး။ တကယ့်ကို ပေပေတေတေနဲ့ အလုပ်ကို တကယ်ကြိုးစားလုပ်တာ။ ကျောင်းကကျွေးတာစားပြီး တောင်ပေါ်မှာပဲ အမြဲနေတာ။ ဆရာတော်ကို အရေးတကြီး လျှောက်စရာရှိမှ တောင်အောက်ကိုဆင်းတယ်။ ဦးရဝေက တကယ့်ကို လူကောင်းတစ်ယောက်ပါပဲ" တဲ့။

## ပထမဆုံးမြန်မာအင်ဂျင်နီယာ

ဆရာတော်ကြီးဟာ RC စနစ် (Reinforcement Concrete) ကို အသုံးပြုပြီး ကိုယ့်ရပ်ရွာဒေသခံ ပန်းရန်၊ လက်သမား၊ သံချည်သံကွေးပညာရှင်တွေနဲ့ လေးကျွန်းစကြာရပ်တော်မူဘုရားကြီးကို (၉) ထပ်မြောက်အထိ တည်တော်မူခဲ့ပါတယ်။ အဲဒီ (၉) ထပ်မြောက်တဲ့အခါမှာတော့ RC စနစ်မှ Steel Structure စနစ်ကို ပြောင်းလဲခဲ့ပြီး လုပ်ငန်းကြီးကြပ်မှု အင်ဂျင်နီယာတစ်ဦးကို ခန့်အပ် တာဝန်ပေးခဲ့ပါတယ်။

ဒီလို တည်ဆောက်မှုစနစ်ပြောင်းလဲခဲ့ရပုံတွေကို နာယကဆရာတော်တစ်ပါးဖြစ်တဲ့ ဦးဝိစိတ္တက အခုလို အမိန့်ရှိခဲ့ပါတယ်။

"ဒကာကြီးရဲ့၊ ဆရာတော်က ရပ်တော်မူကြီးကို (၅)နှစ်နဲ့ပြီးအောင်တည်မယ်လို့ ရည်မှန်းထားတာ။ ဒါပေမယ့် (၁၀) နှစ်ကျော်၊ (၁၃) နှစ်လောက်ကြာသွားခဲ့ရတယ်။ အခက်အခဲတွေကနည်းနည်းနောနောမှမဟုတ်ဘဲ။ ဆရာတော်ဟာ တော်တော့်ကို သည်းခံနိုင်ပါတယ်။ ဆရာတော်မို့လို့သာ၊ ဦးပဥ္စင်းဆိုရင် တည်ဖို့မပြောနဲ့ စဉ်းတောင်မစဉ်းစားဝံ့ပါဘူး ဒကာကြီးရယ်။

ဆရာတော်က သူ့စိတ်ကူးနဲ့သူ၊ သူ့ယုံကြည်ချက်နဲ့သူတည်ခဲ့တာ။ (၉) ထပ်ရောက်တော့ အောက်ခံပလ္လင်အုတ်ရိုးကြီးတွေမှာ အက်ကြောင်းတွေပေါ်လာတယ်။ ဒါနဲ့ အဲဒီအုတ်ရိုးကြီးတွေကို ထပ်ပြီးပိုးရသေးတယ်။

အဲဒီလို(၉)ထပ်မြောက်မှာ ဆရာတော်ကို ကူညီအကြံပြုတဲ့သူတွေပေါ်လာတယ်။ နယူးဇီလန်နိုင်ငံက ဆရာတော်ရဲ့ ဒကာရင်း ဒင်းနစ်ဝင်းသိန်း၊ ချောင်းဦးက ဆရာတော်ရဲ့ဒကာရင်း ဒေါက်တာဂျိုးနဲ့ မုံရွာက ဆရာတော်ရဲ့ ဒကာရင်း အင်ဂျင်နီယာဦးအောင်သန်းထွန်းတို့ဟာ ရပ်တော်မူကြီးကို ဘယ်လိုဆက်ပြီးဆောက်သင့်ကြောင်း ဆရာတော်ကို လျှောက်ထားခဲ့ကြတယ်။

ဒင်းနစ်ဝင်းသိန်းက နယူးဇီလန်က ကျွမ်းကျင်တဲ့ပညာရှင်တွေကိုခေါ်လာပေးတယ်။ ဒါပေမယ့် အဲဒီအဖွဲ့နဲ့ အဆင်မပြေပြန်ဘူး။ ရပ်တော်မူဘုရားကြီးကို ဆက်လက် တည်ဆောက်ဖို့အတွက် ဒေါ်လာသန်းချီပြီး ကုန်ကျမယ်။ အဲဒီလောက်ငွေကြေး ဆရာတော်မှာမရှိဘူး ဒကာကြီး"

ဒင်းနစ်ဝင်းသိန်း ခေါ်လာတဲ့ နယူးဇီလန်ကပညာရှင်အဖွဲ့နဲ့ပတ်သက်ပြီး မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ စိုးမိုး (မုံရွာ) က ကျွန်တော့်ကို အခုလို ပြောပြခဲ့ဖူးတယ်။

"ရပ်တော်မူကြီးကို (၉) ထပ်မြောက်ကနေပြီး ဘယ်လို ဆက်လက်တည်ဆောက်ရမယ်၊ ဘာတွေလိုအပ်တယ်၊ ဘယ်လောက်ကုန်ကျမယ် ဆိုတဲ့ နယူးဇီလန်ပညာရှင်အဖွဲ့ရဲ့ တင်ပြအစီရင်ခံစာတွေက ဆရာတော်ဆီမှာရှိတယ်။ အဲဒီအဖွဲ့ကို ဒင်းနစ်က ဆရာတော်ဆီကို ခေါ်လာပေးတာ။

အဲဒီ အစီရင်ခံစာထဲမှာ ပါတာတွေကို ဆရာတော်က သိချင်တယ်။ ဒါကြောင့် ဆရာတော်က ည (၇) နာရီကျရင် ငါ့ကျောင်းလာခဲ့လို့ မှာတယ်။

ဒါနဲ့ ည(၇)နာရီအရောက် ဆရာတော်ကျောင်းကို ကျွန်တော် ဒေါက်



www.burmeseclassic.com

(ဒေါက်တာစိုးမိုး) သွားရတယ်။ အစီရင်ခံစာထဲက အကြံပြုချက်တွေကို ကျွန်တော် (ဒေါက်တာစိုးမိုး) သိသလောက် ရှင်းပြရတယ်၊ ဆရာတော်မေးတာတွေလည်း ဖြေရတယ်။

အဲဒီအဖွဲ့က ရပ်တော်မူကြီးရဲ့ အောက်ခြေအုတ်မြစ်ချတဲ့ မှတ်တမ်း (Foundation Record) ကို တိတိကျကျ သိချင်တယ်။ အဲဒါကို အခြေခံပြီးတော့ မြေဒဏ်၊ မိုးဒဏ်၊ ငလျင်ဒဏ်တွေခံနိုင်အောင် ဘယ်လိုတည်ဆောက်မယ်၊ ဘယ်လောက်ကုန်ကျမယ် ဆိုတာတွေကိုလည်း တင်ပြတယ်။

နံရံတွေကို လွန်နဲ့ဖောက်ပြီး အင်္ဂတေရဲ့ သိပ်သည်းဆကို တိုင်းတာ တွက်ချက်မယ်၊ ဓာတ်မှန်လည်းရိုက်ကြည့်ရမယ်လို့ ဆိုတယ်။ ကုန်ကျမယ့်ငွေက ဒေါ်လာ (၂၂) သန်းတဲ့။ ဒီလောက်ငွေကြေးပမာဏကို ဆရာတော်အနေနဲ့ အကုန်မခံနိုင်ဘူး။ ဒါနဲ့ပဲ အဲဒီအစီအစဉ်ဟာ အကောင်အထည်မပေါ်ခဲ့ပါဘူး"

အဲဒါကတော့ ဒေါက်တာစိုးမိုး ကျွန်တော့် (သုဏောယျ) ကို ပြောပြခဲ့တာတွေပါပဲ။

ဆရာတော် ဦးဝိစိတ္တက ဒေါက်တာဂျိုးနဲ့ ဦးအောင်သန်းထွန်းတို့အကြောင်း ကျွန်တော့်ကို အခုလိုဆက်ပြီး အမိန့်ရှိခဲ့ပါတယ်။

'အဲဒီအခြေအနေမှာ ဒေါက်တာဂျိုးက (ချောင်းဦး)ဆရာတော်ကို လျှောက်တယ်။


'ဆရာတော်ဘုရား၊ အင်မတန်ကြီးမားတဲ့ မှန်ချပ်တွေကို တစ်ခုအပေါ် တစ်ခုထပ်ရင်တောင်မှ အောက်ကမှန်ချပ်တွေ ကွဲကုန်ပါတယ် ဘုရား။

ဘာကြောင့်လဲဆိုတော့ အောက်ဆုံးမှာရှိတဲ့ မှန်ချပ်တွေဟာ အပေါ်မှာရှိတဲ့ မှန်ချပ်တွေရဲ့အလေးချိန်ကို မခံနိုင်ဘဲ အက်ကွဲကုန်တဲ့သဘောပါဘုရား။

အဲဒီသဘောသဘာဝအတိုင်းပါပဲ ရပ်တော်မူကြီးရဲ့အထပ်တွေမြင့်လာတာနဲ့အမျှ အပေါ်ထပ်တွေရဲ့အလေးချိန်ကို အောက်ကအထပ်တွေ မခံနိုင်ဖြစ်မှာကို တပည့်တော် စိုးရိမ်ပါတယ်ဘုရား'

လို့ သာဓကယုတ္တိတွေနဲ့ လျှောက်ထားခဲ့တယ် ဒကာကြီး။

ဒေါက်တာဂျိုးလိုပဲ အင်ဂျင်နီယာ ဦးအောင်သန်းထွန်းနဲ့ မုံရွာက ဒကာ၊ ဒကာမအချို့ကလည်း ဆရာတော်ကို ဝိုင်းလျှောက်ကြပြန်တယ်။



နာယကဆရာတော် ဦးဝိစိတ္တ

'ဆရာတော် (၇၅) နှစ်ရတုအမီ ရပ်တော်မူကြီးကို ပြီးစေချင်တယ်ဆိုရင်တော့ အခုလုပ်နေတဲ့ RC စနစ်နဲ့ဆိုရင် ပြီးဖို့လွယ်မယ်မထင်ဘူး ဘုရား။ Steel Structure စနစ်ကိုပြောင်းပြီးလုပ်မှသာ အချိန်မီ ပြီးစီးပါမယ်။ ဒီအပြင် ပိုမိုခိုင်ခံ့မှုလည်းဖြစ်ပါလိမ့်မယ် ဘုရား'

လို့ ဆောက်လုပ်မှုစနစ်ပြောင်းလဲဖို့ ဆရာတော်ကို လျှောက်ခဲ့ကြတယ် ဒကာကြီး။

အဲဒီလိုလည်းလျှောက်လိုက်ရော ဒကာကြီးရေ၊ ဆရာတော်က မြန်မြန်ပြီးချင်နေတာကိုး။ ဒီတော့ ဆရာတော်က-

'အေး - ဒီလိုဆိုရင် လုပ်ကွာ။ ဘယ်သူလုပ်မှာလဲ၊ မင်းလုပ်မှာလား'

လို့ တစ်ခါတည်း သဘောတူပြီး ခွင့်ပြုမိန့်ချတော့တာပဲ။

ဒီတော့မှ ဦးအောင်သန်းထွန်းက-

'တပည့်တော်ရဲ့ မိတ်ဆွေ ကိုရဲအောင်ဆိုတာ ရှိပါတယ် ဘုရား။ သူ့ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းနာမည်က ပဉ္စသုဒ္ဓရီပါတဲ့ ဘုရား။ မုံရွာနယ်ကမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဗိုလ်မှူးသိန်းကြည်ရဲ့သားပါ ဘုရား'

လို့ လျှောက်လိုက်ပါတယ်။

အဲဒီအခါမှာ ဆရာတော်က-

'အဲဒါ ငါ့ဒကာရင်းတွေပဲဟ။ ဒီလိုဆိုရင် မင်းအမြန်ဆုံးဆက်သွယ်ပြီး ခေါ်ခဲ့'

လို့ ဦးအောင်သန်းထွန်းကို မိန့်လိုက်တယ် ဒကာကြီးရေ။

အဲဒါနဲ့ ဦးအောင်သန်းထွန်းကို အကြောင်းပြုပြီး ဦးရဲအောင်(ပဉ္စသုဒ္ဓရီ) နဲ့ အင်ဂျင်နီယာ ဦးဝင်းသိန်းတို့ (၃) ဦး ဆရာတော်ဆီ ရောက်လာကြတယ် ဆိုပါတော့။

ဒါကြောင့် ရပ်တော်မူကြီးရဲ့ပထမဆုံးအင်ဂျင်နီယာဟာ ဦးဝင်းသိန်း ဖြစ်လာခဲ့တယ်။ ဦးဝင်းသိန်းဟာ RC စနစ်နဲ့ဆောက်လုပ်ထားတဲ့ ရပ်တော်မူဘုရားကြီးကို (၉) ထပ်မြောက်ကစပြီး (၁၆) ထပ်အထိ Steel Structure စနစ်နဲ့ ဆောက်လုပ်ပေးခဲ့တဲ့သူပဲဒကာကြီးရေ"

**အသက် (၄၀) ကျော်ရင် ဘုရားတည်ရလိမ့်မယ်**

အင်ဂျင်နီယာ ဦးဝင်းသိန်းက လေးကျွန်းစကြာရပ်တော်မူဘုရားတည်ဖို့ အကြောင်းဆက်လာပုံတွေကို ရှင်းပြခဲ့ပါတယ်။

"ကျွန်တော်တို့ကိုးကွယ်တဲ့ သာသနာပြုပုဂ္ဂိုလ် အဘဦးမြင့်ဝင်း ဆိုတာရှိတယ်။ ကျွန်တော့်အသက် (၃၈) နှစ်၊ ကျွန်တော့်မွေးနေ့မှာ အဘကိုသွားကန်တော့တယ်။ အဘက ဘာပြောလိုက်သလဲဆိုတော့-

'ငါ့သား၊ မင်းအသက် (၄၀)ကျော်ရင် ဘုရားတည်တဲ့အလုပ် လုပ်ရလိမ့်မယ်' တဲ့။

ကျွန်တော်က အိမ်ထောင်ကျခါစလေ။ သူများတိုက်ခန်းငှားနေရတာ၊ အိုးပိုင်အိမ်ပိုင်မရှိသေးပါဘူး ဦးရယ်။

ကျွန်တော် စဉ်းစားတယ်။ ငါ သိန်းထီဆုကြီးများ ပေါက်မလားပေါ့။ ဒါမှ ဘုရားဒကာဖြစ်မှာကိုး။

ဒါပေမယ့် ကျွန်တော်စဉ်းစားသလို ဘုရားဒကာဖြစ်မလာဘဲ လေးကျွန်းစကြာရပ်တော်မူဘုရားကြီးကို တည်ရမယ့် အင်ဂျင်နီယာ မမျှော်လင့်ဘဲ ဖြစ်လာခဲ့ပါတယ် ဦးရယ်။

ကျွန်တော်က လိုင်စင်အင်ဂျင်နီယာပါ။ ကိုယ်ပိုင်လုပ်ငန်းလုပ်နေတဲ့သူပါ။ ဒါပေမယ့် ရပ်တော်မူဘုရားကြီးတည်ဖို့ ကံပါလာတော့ ပဉ္စသုန္ဒရီ ဦးရဲအောင်နဲ့ ဆောက်လုပ်ရေးအဖွဲ့ကို ဝန်ထမ်းအဖြစ်နဲ့ ရောက်သွားခဲ့ပါတယ်။ အဲဒီကို ကျွန်တော်ရောက်သွားခဲ့လို့ (၆) လအကြာမှာ ရပ်တော်မူဘုရားကြီးတည်ဆောက်ဖို့ကိစ္စ ပေါ်ပေါက်လာတော့တာပဲ။

ဦးရဲအောင်နဲ့ ကျွန်တော်က သိကြတာ မဟုတ်ဘူး။ ကျွန်တော့်မိတ်ဆွေတစ်ဦးကို အကြောင်းပြုပြီး ဦးရဲအောင်က သူ့ဆီမှာလုပ်ဖို့ ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့တာ။ကျွန်တော်က အချိန်ပိုင်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ပဲလုပ်ချင်တယ်၊ လခစားမလုပ်ချင်ဘူး။ ဒါပေမယ့် သူ့ဆီမှာ ဘီကျူတွက်နိုင်တဲ့ အင်ဂျင်နီယာမရှိလို့ ဖွတ်အတင်း အိမ်အထိလာခေါ်တာနဲ့ ကျွန်တော်လုပ်ဖြစ်သွားခဲ့တာ။

ဒါနဲ့ လိုရင်းပြောရရင် ကျွန်တော်လည်း ဦးရဲအောင်နဲ့အတူ ဆရာတော်ကြီးဆီ ပါသွားခဲ့တယ်။ ဦးရဲအောင်ရဲ့ အဖေက ဆရာတော်ရဲ့ဒကာရင်း ဆိုတော့ ဦးရဲအောင်လည်းမငြင်းသာတော့ဘူးပေါ့။ အစက ကျွန်တော့်ကို သူ့ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ဘီကျူတွက်ဖို့ခန့်ခဲ့တာ။ ဒါပေမယ့် ရပ်တော်မူဘုရားကြီး ဆက်လက်တည်ဆောက်ဖို့ကိစ္စဖြစ်လာတော့ ဘယ်သူ့ကိုတာဝန်ပေးရမလဲ ဆိုတာ အတော်စဉ်းစားခဲ့တယ်။ နောက်ဆုံးတော့ ခင်ဗျားပဲ တာဝန်ယူပြီး လုပ်ပေးပါလို့ ကျွန်တော့်ကို ပြောခဲ့တယ်။

ပြီးတော့ ဘာပြန်ပြောသလဲဆိုတော့-

'ဒီလုပ်ငန်းက ခင်ဗျားနဲ့မှဖြစ်မှာတဲ့။ အသက်ငယ်တဲ့သူ၊ အသောက်အစားရှိတဲ့သူတွေနဲ့မဖြစ်ဘူး။ သာသနာရေးကိစ္စလည်းဖြစ်၊ ဆရာတော်ရဲ့ဒကာ၊ ဒကာမတွေနဲ့လည်း အဆင်ပြေအောင်ပြောဆိုဆက်ဆံတတ်မှ၊ ဘုရားတရားကိုလုပ်တဲ့လူနဲ့မှ ဖြစ်မှာ' တဲ့။

ဒါနဲ့ပဲ ကျွန်တော်ဟာ အဘဦးမြင့်ဝင်း ကြိုတင် နိမိတ်ဖတ်ခဲ့တဲ့အတိုင်း ကမ္ဘာမှာ အကြီးဆုံးရပ်တော်မူဘုရားကြီးကို တာဝန်ယူတည်ဆောက်ရမယ့် အင်ဂျင်နီယာဖြစ်သွားပါရောဦးရာ။

### ကြိုတင်ပြင်ဆင်

RC စနစ်မှ Steel Structure စနစ်ကို ပြောင်းလုပ်ရမယ်ဆိုတော့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရပါတယ်။ Foundation ကို ဘယ်လိုလုပ်ထားမှန်းမသိ၊ (၉) ထပ်မြောက်အထိ ဘယ်လို တည်ဆောက်ထားမှန်းလဲ မသိရ၊ ကျွန်တော်အကုန်လုံးလိုက်ပြီး အသေးစိတ်စစ်ဆေးကြည့်ရပါတယ်။

Floor တွေကို Topping လုပ်ဖို့ Level လိုက်ကြည့်တဲ့အခါကျတော့ တချို့နေရာမှာ(၃')၊ တချို့နေရာမှာ(၄')၊ (၅. ၅') အထိ ကွာနေတာ တွေ့ရပါတယ်။ စလက်လောင်းတဲ့အခါမှာလည်း ဘင့်နဲ့ စလက် မတွဲတာလည်း တွေ့ရပါတယ်။

တိုင်တွေကြည့်လိုက်တော့ ပြည်တောင်းပုံ၊ ကလပ်ပုံ အစုံလုပ်ထားတာတွေ့ရတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော် အတော်လေးစိုးရိမ်မိတယ်။ ဒါပေမယ့် ဆရာတော်ကြီးရှိနေတာပဲဆိုပြီး ကိုယ့်ဟာကိုယ် အားတင်းမိတယ်။ အဲဒါပထမ(၆)လလောက်ပါပဲ။ နောက်တော့ ကျွန်တော် မစိုးရိမ်တော့ဘူး။ ဆရာတော်ကြီးကို လုံးဝယုံကြည်သွားတယ်။

ကိုအောင်သန်းထွန်း၊ ကိုရဲအောင်တို့နဲ့ တိုင်ပင်ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ကြတယ်။ ကားကြီးကရိန်း (၃) စင်းဝယ်တယ်။ မီးနဲ့သုံးလို့ရအောင် မော်တာ Type ပြန်ပြောင်းရတယ်။ အပေါ် ထပ်မှာ (၂) တန်ကရိန်းအသေးလေးတွေကို ဘီးတပ်ပြီး စတီယာတိုင်နဲ့ လိုရာသွားလို့ရအောင် ကိုယ့်စိတ်ကူးနဲ့ကိုယ် တီထွင်လုပ်ကြရတယ်။ အသေးစိတ် Structure တွေ တွက်ချက်ပြီးထုတ်ကြရတယ်။ ကြိုတင်ပြင်ဆင်မှုတွေဟာ (၁) နှစ်လောက်ထိ ကြာခဲ့တယ်။ (၉) ထပ်က (၁၀) ထပ်ကို Steel Structure စနစ်နဲ့ ဆက်တက်မယ်ဆိုတော့ Base Plate ထိုင်ပြီး Foundation ပြန်ချရတယ်။ ဂျပန်ကမှာတဲ့ သံဘင်ကြီးတွေရောက်လာမယ့်အချိန်ကို ကျွန်တော်တို့ စောင့်နေခဲ့တယ်"

### ဂျပန်ကသံဘင်ကြီးတွေ

ရပ်တော်မူဘုရားကြီးအတွက် သံဘင်တွေကို ဂျပန်က ဝယ်ယူဖို့ အစီအစဉ်ကို ဆရာတော်ကြီးနဲ့ ဒကာရင်းတစ်ဦးဖြစ်တဲ့ ကိုမျိုးဇော်ထွန်း (အိုဆာကာ) တို့ သဘောတူညီမှုရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီကိစ္စနဲ့ပတ်သက်ပြီး နားလည်မှုလွဲမှားတာတွေဖြစ်ခဲ့ရဖူးပါတယ်။ အဲဒီကိစ္စ နာယကဆရာတော်တစ်ပါးဖြစ်တဲ့ ဦးဝိစိတ္တက ကျွန်တော့်ကို အခုလို မိန့်ခဲ့ဖူးပါတယ်။

"ဘုရားကြီးအတွက် ဂျပန်သံပေါင်တွေမှာတဲ့ကိစ္စ ဒကာကြီးကို ပြောရဦးမယ်။ ဦးပဥ္စင်းအနေနဲ့ အခုလိုပြောရတာ ကောင်းတော့မကောင်းဘူး။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဦးပဥ္စင်းက အစအဆုံးသိခဲ့တာ။ ဒကာကြီးက မှတ်တမ်းတင်နေတယ်ဆိုတော့ ဦးပဥ္စင်းသိတာတွေတော့ ပြောရတော့မှာပဲ။

Steel Structure နဲ့ ဆက်ဆောက်မယ်ဆိုတော့ သံပေါင်တွေလိုတယ်။ အဲဒီသံပေါင်တွေ မှာဖို့ကိစ္စကို ဦးပဥ္စင်းက ဆရာတော်ရဲ့ ဒကာရင်းတစ်ဦးဖြစ်တဲ့ ဂျပန်က ကိုမျိုးဇော်ထွန်းနဲ့ ဆက်သွယ်ပေးတယ်။ ဆရာတော်ကလည်း အဲဒီအစီအစဉ်ကို သဘောတူတယ်။ ကိုမျိုးဇော်ထွန်းက ဘုရားကြီးအတွက် လိုအပ်တဲ့ သံပေါင်တွေကို ဂျပန်က ပို့ပေးဖို့ကတိပေးပြီး ဆရာတော်ကလည်း ဒေါ်လာလေးတွေစုပြီး ကိုမျိုးဇော်ထွန်းကိုပေးခဲ့တယ်။ ကိုဝင်းသိန်းနဲ့အဖွဲ့ကလည်း ရပ်တော်မူကြီးရဲ့ (၉) ထပ်မှာ ကြိုတင်ပြင်ဆင်မှုတွေလုပ်နေခဲ့ကြတယ်။ ဆရာတော်လည်း ဂျပန်သံပေါင်တွေရောက်လာမယ့်အချိန်မျှော်နေတယ်။ သံပေါင်တွေက တော်တော်နဲ့ရောက်မလာတော့ သို့လောသို့လော တွေးတောစရာတွေဖြစ်လာပြီး မကောင်းသတင်းတွေထွက်လာတယ်။ ဒီမှာဖြစ်နေတာ ကိုမျိုးဇော်ထွန်း မသိရှာဘူး။ ဦးပဥ္စင်းကလည်း မနေနိုင်တော့ဘဲ-

'ကိုမျိုးဇော်ထွန်း၊ ခင်ဗျားမှာဘာအခက်အခဲတွေဖြစ်နေလဲ' လို့မေးတော့မှ သူဘာအခက်အခဲဖြစ်နေတယ်ဆိုတာကို ဦးပဥ္စင်းတို့က သိရတော့တယ်။

ဂျပန်က ကားတွေတင်သွင်းဖို့ သူ့မှာ ပါမစ်ရထားတယ်။ အဲဒီကားတွေနဲ့အတူ သံပေါင်တွေကို တစ်ပြိုင်နက်တည်းပို့ဖို့ သူကစီစဉ်ထားတယ်။သူရော ဆရာတော်ပါ ကံမကောင်းအကြောင်းမလှချင်တော့ အဲဒီကားပါမစ်နဲ့ပတ်သက်တဲ့ အာဏာပိုင်အဖွဲ့အစည်းက နိုင်ငံ့အကြီးအကဲပုဂ္ဂိုလ်တစ်ဦးဟာ တာဝန်က အနားယူလိုက်ရတယ်။ ဒါကြောင့် ကိုမျိုးဇော်ထွန်း သံပေါင်တွေကိုပို့မယ့်ကိစ္စဟာ တိုးလိုးတန်းလန်းကြီးဖြစ်သွားတယ်။

ဒါနဲ့ ဦးပဥ္စင်းက ဒီကအခြေအနေကို ကိုမျိုးဇော်ထွန်းကို ရှင်းပြပြီး ခင်ဗျားဆီပို့ထားတဲ့ ဆရာတော်ရဲ့ဒေါ်လာတွေကို ဆရာတော်ကိုပြန်ပြီးလှူလို့ ခိုင်းလိုက်တယ်။ ဦးပဥ္စင်းခိုင်းတာနဲ့ ကိုမျိုးဇော်ထွန်းလည်း ရန်ကုန်ရောက်လာပြီး ဆရာတော်ရဲ့ ဒေါ်လာတွေ ပြန်လှူခဲ့တယ်။

ကိုမျိုးဇော်ထွန်းက ဆရာတော်ကို ကူညီပါရမီဖြည့်ချင်လို့ သံပေါင်တွေတင်သွင်းခွင့်ပါမစ်ရအောင် တစ်နည်းတစ်ဖုံကြိုးစားပါသေးတယ်။ ဒါပေမယ့် အဲဒီကိစ္စဟာလည်း အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေဖြစ်ခဲ့ရတယ်။ ဆရာတော်ကလည်း တော်တော်စိတ်မကောင်းဖြစ်ရပြီး ကိုမျိုးဇော်ထွန်းလည်း တော်တော်စိတ်ထိခိုက်သွားခဲ့ရတယ်။

(ဆက်ရန်)

သုဓာဧယ



www.burmeseclassic.com

www.burmeseclassic.com


ထုက္ကန်သိမ်ပုထိုးတော်ကြီး၏တောင်ဘက်မျက်နှာ

# အိမ်အိုကျားကန်၊ မြို့အိုထုက္ကန် ဟူသောတဘောင်အရ တည်ထားခဲ့သော ပုထိုးတော်ကြီး

## ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

ရခိုင်ဒေသ၏ ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သော မြောက်ဦးမြို့ဟောင်းတွင် 'အိမ်အိုကျားကန်၊ မြို့အိုထုက္ကန်' ဟူသော တဘောင်အရ တည်ဆောက်လှူဒါန်းခဲ့သော ပုထိုးတော်ကြီးတစ်ဆူ ရှိပါသည်။ ထိုပုထိုးတော်ကြီးကို သမိုင်းအဆိုအရလည်း ထုက္ကန်သိမ်ပုထိုးတော်ကြီးဟု ခေါ်ဆိုသည်ကို သိရှိရပါသည်။ ထိုပုထိုးတော်ကြီးသည် မြောက်ဦးမြို့ နန်းတော်ကုန်း၏မြောက်ဘက် မိုင်ဝက်ခန့်အကွာ ရန်အောင်ဇေယျခေါ် သျှစ်သောင်းပုထိုးတော်ကြီး၏အနောက်ဘက်၊ လေးမျက်နှာပုထိုးတော်ကြီး၏ အရှေ့တောင်ဘက် ခပ်ယွန်းယွန်းတွင် တည်ရှိပါသည်။ မူလက တျာတောင်ကုန်းကို အုတ်တံတိုင်းပတ်ပတ်လည်ကာရံပြီး စည်မျက်နှာကဲ့သို့ မြေညှိကာ တည်ဆောက်ထားသော


ထုက္ကန်သိမ်ပုထိုးတော်ကြီး၏အရှေ့တောင်ဘက်မှမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com


ထုက္ကန်သိမ်ပုထိုးတော်ကြီး၏အရှေ့ဘက်မျက်နှာ


ထုက္ကန်သိမ်ပုထိုးတော်ကြီး၏အနောက်တောင်ဘက်မျက်နှာ


ထုက္ကန်သိမ်ပုထိုးတော်ကြီး၏
အနောက်မြောက်ဘက်မျက်နှာ


ဆောင်းမနက်ခင်း၏ ထုက္ကန်သိမ်ပုထိုးတော်ကြီးမြင်ကွင်း

ပုထိုးတော်ကြီးတစ်ဆူပင် ဖြစ်ပါသည်။ မြို့နိုင်ငံ၏အကာအကွယ်အဖြစ် တည်ဆောက်ကိုးကွယ်ခဲ့သော ပုထိုးတော်ကြီးတစ်ဆူဖြစ်သည်ဟုလည်း သိရှိရပါသည်။ ထုပ်တန်းကြီးများသဖွယ် ကြီးမား ရှည်လျားသော ကျောက်တန်း၊ ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသောကြောင့်လည်း ထုက္ကန်သိမ် ပုထိုးတော် ဟူ၍ ခေါ်တွင်သည်ဟု သိရှိရပါသည်။

ထုက္ကန်သိမ် ပုထိုးတော်ကြီးကို ရခိုင်နှစ် ၉၃၃ ခု၊ အေဒီ ၁၅၇၁ ခုနှစ်တွင် ရခိုင်ဘုရင်မင်းဖလောင်းနှင့်မိဖုရားရှင်လတ်တို့က တည်ထားပူဇော်လှူဒါန်းခဲ့ပါသည်။ ပုထိုးတော်ကြီး တောင်-မြောက် အရှည် (၁၀၀) ပေကျော်ကျော်ခန့်၊ အရှေ့- အနောက် (၁၂၃) ပေခန့်နှင့် ပုထိုးတော်အမြင့် (၄၅) ပေခန့် ရှိပါသည်။ ပုထိုးတော်ကြီး အနောက်ဘက်တွင် တစ်ဆက်တည်းကပ်လျက် ဥပုသ်ဆောင်တစ်ဆောင် ရှိပါသည်။ ဥပုသ်ဆောင် တောင်-မြောက် (၄၆) ပေခန့်၊ အရှေ့-အနောက် (၂၉) ပေခန့်နှင့် အမြင့် (၂၀) ပေခန့် ရှိပါသည်။ ဥပုသ်ဆောင်ကိုလည်း ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားပါသည်။ ထုက္ကန်သိမ် ပုထိုးတော်ကြီးနှင့် ဥပုသ်ဆောင် တည်ဆောက်ထားသော ကုန်းတော် မဟာရံတံတိုင်း အမြင့် (၂၀) ပေခန့်ရှိပြီး အရှေ့-အနောက် အကျယ် (၂၆၅) ပေခန့်နှင့် တောင်-မြောက် အကျယ် (၂၀၆) ပေခန့် ရှိပါသည်။ ကုန်းတော်၏ အရှေ့တောင်ထောင့်၊ အရှေ့မြောက်ထောင့် မဟာရံတံတိုင်းမှာ ထောင့်ချိုးများကို မသိမသာ ဖြတ်ထားသည့်အနေအထား တွေ့ရှိရပါသည်။ ကုန်းတော်၏အနောက်ဘက်ခြမ်းမှာတော့ ဘဲဥထိပ်သဏ္ဍာန် တွေ့ရှိရပါသည်။ ပုထိုးတော်ကြီးတည်ရှိရာ ကုန်းတော်ပေါ်သို့ တက်ရန် အရှေ့ဘက်နှင့် တောင်ဘက်မျက်နှာတွင်သာ ကျောက်လှေကားကြီး တွေ့ရှိရပါသည်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် မတွေ့ရှိရပါ။ မဟာရံတံတိုင်းများတောင် ပျက်စီးနေပေပြီ။ ကျောက်လှေကားကြီးနှစ်ခုတွင် ကြီးမားရှည်လျားသော ကျောက်တုံးတန်းကြီးများဖြင့် လှေကားထစ်များ ပြုလုပ်ထားသည်။ ပုထိုးတော်ကြီး၏နံရံများ၊ လိုဏ်ထပ်များနှင့် ဥပုသ်တော်ဆောင်ကို ကြီးမားရှည်လျားသော ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသည်။ ပုထိုး




www.burmeseclassic.com

www.burmeseclassic.com

...ကြီးခေါင်မိုးနှင့် လိုဏ်ဂူထပ်အတွင်း ...ကြိုလမ်းများတွင် ဖျာချပ်ကဲ့သို့သော ...ကျောက်ဖျာများကို မိုးထား၊ ခင်းထား ...သည်ကို တွေ့ရှိရပါသည်။ ပုထိုးတော် ...ကြီးခေါင်မိုးပေါ်ရှိ အရံစေတီများ (၄) ...နှင့် ဗဟိုပင်မ စေတီတော်ကြီးတို့ကို အုတ်ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ ဥပုသ်တော်ဆောင်မှာ ထုတ္တန်သိမ်ပုထိုးတော်ကြီးနှင့် တစ်ဆက်တည်းဆောက်ထားပြီး ပုထိုးတော်ကြီး၏ အနောက်တောင်ဘက်တွင် ကပ်လျက်တည်ရှိပါသည်။ ပုထိုးတော်ကြီး



သာသနာပိုင်နှင့် ရဟန်းတော်များ ပဝါရဏာပြုရာခန်းမ



ထုတ္တန်သိမ်ပုထိုးတော်ကြီး၏ ပင်မဆင်းတုတော်ကြီး

၏လိုဏ်ဂူတော်အတွင်းသို့ ဝင်သောဝင်ပေါက်မှဝင်ကာ အပြင်လိုဏ်ထပ်ကို အနည်းငယ်ကျော်ဖြတ်ပြီးမှ ဥပုသ်တော်ဆောင်သို့ဝင်သောမုခ်ပေါက်သို့ ရောက်ရှိပါသည်။ ဥပုသ်ဆောင်နှင့် ပုထိုးတော်ကြား၌ ဥပုသ်ဆောင်၏ဝင်ဝတွင် ပုထိုးတော်ကြီး၏ ခေါင်မိုးပေါ်သို့ တက်ရန် ကျောက်လှေကားငယ်တစ်ခု ရှိသည်။ ကျောက်လှေကားထစ် (၅) ထစ်သာ တွေ့ရှိရ၏။ လှေကားရင်းတွင် မူလက ရေးထိုးထားခဲ့သော ကျောက်စာနှစ်ချပ်ရှိသည်။ ကျောက်စာများမှာ ရေတိုက်စားသွားသဖြင့် ပျက်ပြယ်နေသည်ကို တွေ့ရှိရပါသည်။ ပုထိုးတော်ကြီး၏ မြောက်ဘက်နံရံ မုခ်ဝတစ်ခုတွင်လည်း 'မုတ်သုန်ဝ' ဟူ၍ ရေးထိုးထားသော စာတစ်ကြောင်း တွေ့ရှိရပေသည်။ ရင်ပြင်တော်မှလည်း ကျောက်စာအပိုင်းအစ အနည်းငယ်ကို တွေ့ရှိရပေသည်။

ပုထိုးတော်ကြီး၏ ခေါင်မိုးပေါ်တွင် ထောင့်လေးထောင့်၌ စေတီရံငယ်တစ်ဆူကျစီ ရှိသည်။ အလယ်တည့်တည့်တွင် ဗဟိုစေတီတော်ကြီးနှင့် မုခ်ပေါက်တစ်ခုပါရှိသော ပေါင်းကူးခေါင်မိုးတစ်ခု ရှိသည်။ ယင်းပေါင်းကူးခေါင်မိုးမှ ဂန္ဓကုဋီတိုက်ခန်း တွေ့ရှိသည်။ ခန်းရှေ့ရှိ လိုဏ်ခန်း၏ ပေါင်းကူးခေါင်မိုး ဖြစ်ပါသည်။ ဤပေါင်းကူးခေါင်မိုး၏မုခ်ပေါက်မှာ ဂန္ဓကုဋီတိုက်ခန်းအတွင်းရှိ ဆင်းတုတော်ကြီးကို ဖူးမြော်ကြည်ညိုနိုင်ရန် အလင်းပေးသော အလင်းပေါက်ကြီး ဖြစ်သည်။ စေတီရံများနှင့် စေတီတော်ကြီးမှာ ခေါင်းလောင်းမှောက်ပုံသဏ္ဌာန်မျိုး ဖြစ်သည်။ ပုထိုးတော်ကြီး၏လိုဏ်ထပ်တွင်းသို့ ဝင်ရန် အရှေ့ဘက်မျက်နှာစာ တောင်ဘက်ခပ်ယွန်းယွန်းတွင် မုခ်ဝင်ပေါက်တစ်ခု ရှိသည်။ မုခ်ဝင်ပေါက် အမြင့် (၇)ပေ (၂) လက်မခန့်နှင့် အကျယ် (၃) ပေ (၈) လက်မခန့် ရှိပါသည်။ မုခ်ဝင်ပေါက်အပေါ်တွင် ကြီးမား ရှည်လျားသော ကျောက်တုံးတန်းရှည်ကြီးများဖြင့် ပေါင်းကူးထားသည်ကို တွေ့ရှိရပါသည်။ ဤဝင်ပေါက်မှစ၍ ထုတ္တန်သိမ်ပုထိုးတော်ကြီးအတွင်းသို့ ခရုပတ်သဖွယ် လက်ယာရစ် ဝင်ရပါသည်။ ဝင်ဝင်ချင်း အပြင်လိုဏ်ပတ် အမြင့် (၁၀) ပေခန့်ရှိပြီး အကျယ် (၄) ပေ (၁၀) လက်မခန့် ရှိပါသည်။ လိုဏ်ပတ် လက်ဝဲ၊ လက်ယာနှစ်ဖက်စလုံးတွင် မုခ်ဖွင့်ဘုရားများ ရှိပါသည်။ မုခ်တစ်မုခ်စီ၏အမြင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပေ (၃) လက်မခန့်နှင့် အကျယ် (၂) ပေ (၄) လက်မခန့်စီ ရှိသည်ကို တွေ့ရှိရပါသည်။ မုခ်ထဲရှိ ဆင်းတုတော်များ ဉာဏ်တော်အမြင့်မှာလည်း (၂)ပေ (၇) လက်မခန့် ရှိပြီး ပခုံးစွန်းနှစ်ဖက် အကျယ် (၁) ပေ (၃) လက်မခန့်နှင့် ဒူးစွန်းနှစ်ဖက် အကျယ် (၁) ပေ (၁၀) လက်မခန့် ရှိကြပါသည်။ များသောအားဖြင့် ဆင်းတုတော်များမှာ ပဇက်မုဒြာနှင့် ဘူမိဖဿဆင်းတုတော် မုဒြာများ တွေ့ရှိရပါသည်။ တချို့ ဆင်းတုတော်များမှာ သင်္ကန်းတော်ဖော်ထားပြီး တချို့ ဆင်းတုတော်များမှာ သင်္ကန်းတော်မဖော်ဘဲ ပူဇော်ထားသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော် တစ်ဆူ၏ ပလ္လင်တွင် သမင်လေးနှစ်ကောင်ဖြင့် ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။ လက်ယာဘက်ရှိ ဆင်းတုတော်များမှာ ကျောက်တုံးတစ်တုံးတည်းကို ထုလုပ်ထားသော ရုပ်တုတော်များ ဖြစ်ကြပါသည်။ လက်ဝဲဘက်ရှိ ဆင်းတုတော် တချို့မှာ ရွှံ့စေးကို မီးဖုတ်ပြီး စဥ္စဝါရည်သုတ်ထားသော အုတ်ခေါင်းပွဆင်းတုတော်များ ဖြစ်ကြသည်။


လိုဏ်ပတ်လမ်းထဲမှ ဘုရားတစ်ဆူစီ၏မုခ်ပေါက် လက်ဝဲ၊ လက်ယာတို့တွင် နံရံကျောက်သားနှင့် တစ်သားတည်းထွင်းထုထားသော ရုပ်လုံးရုပ်ကြွ တစ်ဖက်တစ်ရုပ်ကျစီ ရှိသည်။ ထိုရုပ်လုံးရုပ်ကြွများကို စဥ္စရောင်စုံဖြင့် ခြယ်သ,ခဲ့လိမ့်မယ်ဟုယူဆရပါသည်။ တချို့ ရုပ်လုံးရုပ်ကြွများတွင် လက်ရှိအခြေအနေ၌ စဥ္စရောင်အနည်းငယ် ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ လိုဏ်ပတ်လမ်း၏ တချို့ ကြမ်းခင်းနေရာများတွင်လည်း စဥ္စရောင်များ တွေ့ရှိရပါသေးသည်။ ပုထိုးတော်တည်ဆောက်ခဲ့စဉ် မြောက်ဦးခေတ်ဘက်၌ ရုပ်လုံးရုပ်ကြွကြမ်းခင်းများကို စဥ္စရောင်ဖြင့် တန်ဆာဆင်ခဲ့လိမ့်မည် ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မိုးရေများတိုက်စားမှုကြောင့် စဥ္စရည်များ အောက်ကျသွားသည်ကို တွေ့ရှိနေရပါသည်။ တချို့ရုပ်လုံးရုပ်ကြွများမှာ စဥ္စရောင်များသာမက ကျောက်ဆစ်လက်ရာပါ ချောမွတ်ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ယခုနှစ်များတွင် ပုထိုးတော်ကြီးလိုဏ်ပတ်တစ်လျှောက် မိုးရေယိုစီးနေသည်ကို တွေ့ရှိရပါသည်။ ယခု ဆောင်းရာသီရောက်နေသော်လည်း မိုးရာသီက တစ်မိုးလုံး စိမ့်ဝင်နေခဲ့သောရေများ ပုထိုး



သာသနာပိုင်ရဟန်းတော်ကြီးများ ပဝါရထားပြုရာခန်းမနံရံမှ ဆီမီးခွက်တင်ထွန်းသော ကျောက်စွန်းများ အလင်းပေါက်များ



လိုဏ်ပတ်မှ ဆင်းတုတော် ပူဇော်နေဟန် ကျောက်ဆစ်ရုပ်ကြွများ



ဉပုသ်ဆောင်အတွင်းမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ကြီးထဲ၌ စိုစွတ်နေသည်ကို တွေ့ သေးသည်။ ထို့ကြောင့် ထုတ္တန် ထိုးတော်ကြီးအား မိုးရေယိုစိမ့်မှု အောင် ယခုအချိန်တွင် ထိန်း သင့်နေပေပြီ။ မထိန်းသိမ်းလိုက် နောင်နှစ်များတွင် မိုးရေဆက် မိမ့်ဝင်လျက် ရုပ်လုံးရုပ်ကြွများသာ ပုထိုးတော်ကြီးတစ်ခုလုံး နောင် ညည်တည်တံ့နိုင်ရေးအတွက် စိုးရိမ် သည်။ တတ်နိုင်သူများအနေဖြင့် တော်ကြီး ရေရှည်တည်တံ့နိုင်ရေး တွက် ဝိုင်းဝန်းကူညီ ထိန်းသိမ်းကြ ပါသည်။

ပုထိုးတော်ကြီး လိုဏ်ပတ်တစ် တွင် မြောက်ဦးခေတ် တစ် လုံး၏ လူ့အဆင့်အတန်း၊ ဘွဲ့ထူး ထူး ရာထူးအဆင့်အတန်းများနှင့် ကျား၊ မိန်းမ အသက်အရွယ်အမျိုး ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံများကို သေးစိတ် ထုလုပ်ထားပါသည်။ ရုပ် င်းလိုလိုတွင် ဘုရားကို ပူဇော်နေ ကြာဖူးတစ်ဖူးကျစီ လက်နှစ်ဖက် ကိုင်ဆောင်ထားကြသည်။ မြောက် ခေတ်တစ်ခေတ်လုံးတွင် ဝတ်စား ဆင်ယင်ထုံးဖွဲ့ခဲ့သော မကိုဋ်သရဖူ၊ ဦး င်၊ ပေါင်းထုပ်၊ ဘောင်းတော်၊ ဆံ ပုတီး၊ နားတောင်း၊ ဘယက်၊ လက် တ်၊ လက်စွပ်၊ မောင်းကွပ်၊ ဆံထိုး၊ ဘာစူ (အင်္ကျီ)၊ ရင်လျားထဘီ၊ (ပုဆိုး)၊ စလွယ်၊ တဘက်၊ ခါး ဒွါဒရာ ပုံစံအမျိုးမျိုးတို့ကို အနံ့ ရှုမြင်နိုင်ပါသည်။ ယက္ခ၊ ကုမ္ဘဏ်၊ ဒွါရပါလရုပ်တုများကိုလည်း ဆင် ထုံးဖွဲ့မှုအပြည့်ဖြင့် တွေ့ရှိရသည်။ ခင်က ရုပ်လုံးရုပ်ကြွ ရုပ်တုပေါင်း ၄) ရုပ် ရှိသည်ဟု သိရှိရပါသည်။ အခါ ရုပ်လုံးရုပ်ကြွပေါင်း (၂၆၇) နှင့် ဆင်းတုတော်ပေါင်း (၁၄၉) ဆူ၊ ပေါင်း (၄၁၆) ရုပ်ခန့်သာ တွေ့ရှိရပါ သည်။

ရခိုင်တို့တွင် ဗောင်းတော် (၄၀)၊ သည်တော် (၉) ပါး၊ ဆံထုံး ထုံးနည်း ) မျိုး ရှိခဲ့သည်ဟု သိရှိရပါသည်။ ကျိုင်မဟာနိဒါန်းကျမ်း' တွင် ရခိုင်တို့ ဆင်ယင်ထုံးဖွဲ့ပုံများကို အောက်ပါအ ်င်း ရေးစပ်သီကုံးထားပါသည်။

'ရက္ခိုင်နိဒါန်း၊ ကျမ်း၌ညွှန်းသား၊ နှီးစဉ်လာ၊ မဟာသမတ၊ မင်းမှစ၍၊ ညာလာ၊ ပြည်ညောဝယ်၊ ဝံသာ မျိုးလေးပါးတို့၊ ဝတ်စားဆင်ယင်၊ ဖွဲ့အင်ကို၊ ပြင်ဆင်သံမှု၊ စဉ်ဆက် ပြု၍၊ ဂရုဂါရဝ၊ ပြုကြတုံရှောင်း၊ ဆင်ယင်ပေါင်းကား၊ ဗောင်းတော်လေးဆယ်၊ စလွယ်တော်ကိုးပါး၊ ခါးကြိုးငါးရပ်၊ လက်စွပ်ရှစ်ဆယ့်တစ်၊ လည်ရစ်ကိုးခွေ၊ နဇေ ကိုးဆင့်၊ ကြည်ပွင့် တစ်ဆယ့်ခြောက်၊ လက်ကောက်နှစ်ဆယ်၊ ပန်းသွယ်ငါးမျိုး၊ ဆံထိုးရှစ်ခု၊ ပန်းပုရှစ်ချပ်၊ ခြေစွပ်ခုနစ်ပါး၊ ကိုယ်လွှားငါးမျိုး၊ အဖိုးအနဂ္ဃ၊ ထိုက်တန်လှသည့်၊ ရာဇအမစ္စာ၊ ဒလိဒ္ဒါဉပ္ပရ၊ သေဋ္ဌိယနှင့်၊ ဗြာဟ္မဏ ပုရောဟိတ်၊ နိမိတ်ဖတ် ဟူးရားသွေး၊ ရှေ့ပြေးသံတော်ဆင့်၊ မျိုးမြင့်မျိုးမြတ်၊ တင့်အပ်ဆင်ရာ၊ အဖြာဖြာကို၊ လင်္ကာဤသို့ ကုံးသတည်း'

လက်ာတွင် ဖော်ပြထားသည့် ရခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုများအားလုံးကို ဤလိုဏ်ဂူတော်အတွင်းရှိ ရုပ်လုံးရုပ်ကြွများ၌ ဆင်ယင် ထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

လိုဏ်ဂူပတ်လမ်း၏ တစ်ဝက်ခန့်တွင် တံခါးပေါက်နှစ်ပေါက် ရှိသည်။ တံခါးပေါက်များတွင် တံခါးဆုံလည်များ တပ်ဆင်ရန် အပေါက်ဖောက်ထားသော ကြီးမား ရှည်လျားသည့် ကျောက်တုံး တစ်တုံးကျစီကို တစ်ဖက်တစ်ချက် တပ်ဆင်ထားပါသည်။ ပထမတံခါးကိုကျော်ဖြတ်လိုက်သောအခါ ယက်သွဲ့ (ငါးသွဲ့) ထောင့်သဏ္ဌာန် အခန်းကျယ်တစ်ခု ရှိသည်။ တရားကြိုးစားအားထုတ်သော အခန်းတစ်ခန်းဟု သိရသည်။ ယင်းအခန်းကိုကျော်ဖြတ်ပြီးမှ ဒုတိယတံခါးကို တွေ့ရသည်။ ဒုတိယတံခါးကိုကျော်ဖြတ်လိုက်သောအခါ လိုဏ်ဂူစကြံလမ်းမှာ လော်ရီကားကြီးများ သွားလာနိုင်သည် အထိ ကျယ်ပြန့်လှသည်။ ဤအတွင်း လိုဏ်ပတ်လမ်း အမြင့် (၁၄) ပေခန့်နှင့် အကျယ် (၁၁½) ပေ ခန့် ရှိပါသည်။ ဤလိုဏ်ဂူထပ် စင်္ကြံလမ်းအဆုံးတွင် ဘဲဥပုံသဏ္ဌာန်တံခါးပေါက်တစ်ခု ရှိပါသည်။ ယင်းတံခါးပေါက်မှဝင်ပြီး လှေကား (၉) ထစ် တက်ရပါသည်။ အပေါ်သို့ရောက်သွားသောအခါ အာရုံခံရန် စတုရန်းပုံအခန်းကြီးတစ်ခန်း ရှိပါသည်။ ရှေးအခါက သာသနာပိုင်နှင့် ရဟန်းတော်ကြီးများ သံဃာ့အစည်းအဝေးကြီး ကျင်းပရာ၊ ပဝါရဏာပြုရာအခန်းဖြစ်ကြောင်း သိရပါသည်။ နံရံ၏လက်လှမ်းတစ်မီခန့်အမြင့်၌ နံရံမှ ကျောက်စွန်းကြီးများပေါ်တွင် ဆီမီးခွက်များတင်၍ ထွန်းညှိနိုင်ရန် စီမံထားပါသည်။ ထိုအခန်းမှသည် လှေကားဖြင့် ဆင်းတုတော်ကြီးစံပယ်ရာ ဂန္ဓကုဋိတိုက်ခန်းသို့ တက်ရပါသည်။ လှေကား၏ လက်ဝဲ၊ လက်ယာ တစ်ဖက်တစ်ချက်စီတွင် ကြာပလ္လင်ဖြင့် စံပယ်နေသော လက်ဝဲရံ၊ လက်ယာရံ ကိုယ်တော်ကြီးနှစ်ဆူ ရှိပါသည်။ လှေကား၏အပေါ်ဆုံး ဂန္ဓကုဋိတိုက်ခန်း၏ဝင်ဝတွင် တံခါးဆုံလည်များ တပ်ဆင်ရန် ကျောက်ပေါက် (ကျောက်ခေါင်း) များ ရှိပါသည်။ ဂန္ဓကုဋိတိုက်ခန်းသည် ဇေတီစေတီတော်ကြီး၏ အလယ်တည့်တည့်လိုဏ်ဂူဖြစ်ပြီး လခြမ်းသဏ္ဌာန် ဖြစ်ပါသည်။

လေနှင့် အလင်းများ ဝင်နိုင်ရန် လေးထောင့်ပုံအပေါက်များကို လိုဏ်ဂူတော်တစ်ခုလုံးတွင် စီမံထားရှိပါသည်။ ခေါင်မိုးပေါ်မှ အလင်းပေါက်ကြီးသည် အာရုံခံတိုက်ခန်းနှင့် ဂန္ဓကုဋိတိုက်ခန်းတွင်စံပယ်နေသော ဆင်းတုတော်ဘုရားကြီးကို လေဟာပြင်တွင် ဖူးတွေ့ရဘိသကဲ့သို့ မီးမောင်းထိုးပြနေသယောင် ရှိလှပါသည်။ ဂန္ဓကုဋိတိုက်ခန်းအတွင်းမှ မူလဆင်းတုတော်ကြီးမှာ ရတနာကိုးပါးဖြင့်သွန်းလုပ်ခဲ့သည့် ဆင်းတုတော်ကြီးဖြစ်သည်ဟု သိရှိရပါသည်။ မူလဆင်းတုတော်ကြီးကို မြောက်ဦးမြို့ ကျဆုံးသွားချိန်က မသမာသူများချိုးဖွဲ့ဖျက်ဆီးသယ်ဆောင်သွားသည်ဟု သိရှိရသည်။ ကြွင်းကျန်နေရစ်ခဲ့သော လက်မတစ်ချောင်း၊ လက်သန်းတစ်ချောင်းနှင့် ခရုခွေပုံစံ ဆံနွယ်များကို ဘဲဥပုံတံခါး လှေကားရင်းကို ရှင်းလင်းရာမှ တွေ့ရှိခဲ့ရပါသည်။ ယခု မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းလျက်ရှိပါသည်။ တွေ့ရှိရသော လက်ချောင်းများကို ထောက်ရှုပါက ဆင်းတုတော်ကြီးသည် (၇) ပေနီးပါးခန့်ရှိလိမ့်မည်ဟု ယူဆရပါသည်။ ဂန္ဓကုဋိတိုက်ထဲ၌ လက်ရှိစံပယ်နေသော ဆင်းတုတော်ကြီးမှာ ကျောက်ဆင်းတုတော်ဖြစ်ပြီး မြောက်ဦးမြို့ပတ်ဝန်းကျင် တစ်နေရာမှ ရှေးဟောင်း ဆင်းတုတော်ကြီး တစ်ဆူကို ပူဇော်ထားခြင်း ဖြစ်ပါသည်။ မူလရတနာကိုးပါးဖြင့် သွန်းလုပ်ခဲ့သော ဆင်းတုတော်ကြီး ပျောက်ဆုံးသွား၍ ကျောက်ဆင်းတုတော်ကြီးကို အစားထိုးပူဇော်ထားခြင်း ဖြစ်ပါသည်။ ယခုဖူးတွေ့ရသည့် လက်ရှိဆင်းတုတော် ဉာဏ်တော် အမြင့် (၅) ပေ (၈) လက်မခန့်၊ ပခုံးစွန်းနှစ်ဖက်အကျယ် (၃) ပေ (၂) လက်မခန့်နှင့် ဒူးစွန်းနှစ်ဖက်အကျယ် (၄)ပေ (၉)လက်မခန့် ရှိပါသည်။




www.burmeseclassic.com

www.burmeseclassic.com



ပုံ (က)



ပုံ (ခ)



ပုံ (ဂ)

ထုက္ကန်သိမ် ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်အတွင်း ဆင်းတုတော် လက်ဝဲ၊ လက်ယာ၌ တွေ့ရှိရသော နံရံကပ်ကျောက်ဆစ်ရုပ်ကြွများမှ ကူးယူထားသော မြောက်ဦးခေတ်လယ်ဒီဇိုင်းလက်ရာ အနည်းငယ်ကို နမူနာအဖြစ် ရေးသားဖော်ပြလိုက်ပါသည်။

ပုံ (က) ဒီဇိုင်းလက်ရာမှာ ထုက္ကန်သိမ် ပုထိုးတော်ကြီးလိုဏ်ပတ်ထဲကိုဝင်ဝင်ချင်း ရှေ့တည့်တည့်မှတွေ့ရှိရသော ကျောက်ဆစ်ရုပ်ကြွမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူလကျောက်ဆစ်ရုပ်ကြွ အမြင့် (၂)ပေ (၂)လက်မခန့်၊ အကျယ် (၁)ပေ (၂) လက်မခန့်နှင့် ရုပ်ကြွအထူ (၇) လက်မခန့် ရှိပါသည်။ မူလကျောက်ဆစ်လက်ရာ၏ဗောင်းတော်မှာ မိုးရေတိုက်စားမှုကြောင့် ပီပြင်မှုမရှိတော့ပေ။ ဗောင်းတော်၏ လက်ဝဲဘက်အနားတွင်သာ ဖောင်းလုံး၊ ရွှေလုံး အနည်းငယ်တွေ့ရှိရပါသည်။ တွေ့ရှိရသော ဖောင်းလုံး၊ ရွှေလုံး အနည်းငယ်ကို အခြေခံ၍ ပုံ (၁) ဒီဇိုင်းလက်ရာတွင် ဗောင်းတော်ကို ရေးဆွဲ ဖော်ပြထားပါသည်။ ဗောင်းတော်ကို ကြည့်၍ သူ့ခေတ်နှင့်သူ ရာထူးခွဲမည်ဆိုပါလျှင် အတွင်းဝန် လက်ယာ (နောက်တန်း) ရာထူးအဆင့်ရှိသောသူ ဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။ မျက်နှာအနေအထားမှာလည်း မိုးရေတိုက်စားမှုကြောင့် ချောမွတ်နေပါသည်။ လည်ပင်းမှာလည်း ပုတီးလုံး၊ ပွင့်ဖတ်အတို, အရှည်များ ဘယက်ကဲ့သို့ ဖွဲ့စည်းဝတ်ဆင်သည် တွေ့ရှိရပါသည်။ လက်မောင်းရင်း လည်း မောင်းကွပ်အဖြစ် ရွှေလုံး လေးများစီတန်း၍ ဘောင်တစ်ဆင့်ဖြ အနားသတ်ထားပါသည်။ တံတော ဆစ်တွင်လည်း ပွင့်ဖတ်ငယ်ကလေးမျ ကိုစီကုံး၍ ဖောင်းလုံးကလေးတစ် ဖြင့် အနားသတ်ပြီး ပတ်၍ ဝတ်ဆ ထားပါသည်။ လက်ကောက်ဝတ်တွ ဝတ်ဆင်ထားသော လက်ကောက်ပ ကိုလည်း ပွင့်ဖတ်ကလေးများကို ဖော လုံးဖြင့် သီကုံး၍ ဝတ်ဆင်ထားသည် တွေ့ရှိရသည်။ လက်နှစ်ဖက်ကို ဘုရ တွင် ကြာဖူးကပ်နေဟန် တွေ့ရှိရ သည်။

ခန္ဓာကိုယ်တွင် ပုဆိုးပိုင်း ( ဘက်) ကို တစ်ပတ်ရစ်၍ တဘက်စ လက်ဝဲ၊ လက်ယာ ဖြန့်ကား၍ချထား သည်။ တဘက်စအနားကို ဖောင်းတ နှစ်ဆင့်ဖြင့်သတ်ထားပြီး တဘက်ေ ဖျားနှစ်ဖက်ကို ရာဇမတ်ကွက် ဖော များဖြင့် အလှဆင်ထားပါသည်။ ခ ကိုယ်အောက်ပိုင်းတွင် ပုဆိုးဝတ်ထ သော်လည်း ပုဆိုးအထက်ပိုင်းတွင် ဆာဆင်ထားခြင်း မတွေ့ရှိရဘဲ ပု အနားတွင်သာ ဖောင်းနှစ်လုံးကြ လေးထောင့်ကွက် နှစ်ထပ်ကွက်များ စီတန်း၍ အလှဆင်ထားသည်ကို ရှိရပါသည်။ ဒေသခံအခေါ်ကတေ (မှင်းကျိုးစိကွက်) မကျေးစေ့ကွက် ခေါ်ကြပါသည်။ ဤပုံ ဤဒီဇိုင်းလ ရာအနေအထားကို လေ့လာကြည့် အားဖြင့် မြောက်ဦးခေတ်လယ်မ



ပုံ (၁) ထုက္ကန်သိမ်လိုဏ်ပတ်ပုထိုးတော်နံရံမှ ပြန်လည် ကူးယူ ရေးဆွဲထားသည့် အမတ်လင်မယားဇနီးမောင်နံက ဘုရားဆင်းတုကို ပူဇော်နေဟန် ပန်းချီပုံ



www.burmeseclassic.com

www.burmeseclassic.com



ပုံ (ဃ)




ပုံ (င)

...တ်ဆင်မှု အစိတ်အပိုင်းတစ်ခုကို ...သိရှိနိုင်ပါသည်။

ပုံ (ခ) ဒီဇိုင်းလက်ရာသည်လည်း ...န်သိမ် ပုထိုးတော်ကြီးဝင်လမ်း ...ပတ်လက်ယာဘက်မှ အမှတ် (၅) ...က်ဆစ်ရုပ်ကြွကို ကူးယူ ရေးဆွဲ ...သော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ် ...သည်။ မူလကျောက်ဆစ်ရုပ်ကြွ အ ...(၂) ပေခန့်၊ အကျယ် (၁)ပေ (၉) ...မခန့်နှင့် ရုပ်ကြွအထူ (၆)လက်မ ... အသီးသီးရှိပါသည်။ ရုပ်ကြွ၏ဦး ...ပိုင်း မျက်နှာပြင်တို့မှာ ကျိုးပဲ့သွား ...ကို တွေ့မြင်ရပါသည်။ အောက်ပိုင်း ...တ်ထားသည့် အနေအထားကို ...ခြင်းအားဖြင့် ယောက်ျားရုပ်ဟု ...နိုင်ပါသည်။ လည်ပင်းတွင် လည် ...ရစ်ပေါ်လွင်လှပြီး ဘယ်ဘက် ပခုံး ...တွင် တဘက်တင်၍ တဘက်စအ ...စ်ဖက်ကို ခန္ဓာကိုယ်၏ လက်ဝဲ၊ ...ာတွင် ဖြန့်ကား၍ ချထားပါ ...။ လက်နှစ်ဖက်ကိုပူး၍ ဘုရားကန် ...နေဟန် တွေ့ရှိရပါသည်။ ခါးတွင် ...ပတ်ထားပြီး ရှေ့တွင်ခါးပတ်စကို ...ားလိုက်ချထားပါသည်။ ပုဆိုးတွင် ...တန်ဆာများ မတွေ့ရှိရတော့ပေ။ ...က်စားမှုကြောင့် ချောမွတ်သွား ...။ သူ့ခေတ်နှင့်သူ ဘုရားကန်တော့ ...န်တစ်မျိုးဟုသာ ပြောရပါမည်။

ပုံ (ဂ) ဒီဇိုင်းလက်ရာသည် ပုထိုး ...ကြီးဝင်လမ်း လိုဏ်ပတ်လက်ယာ ...မှ နံပါတ် (၄) ကျောက်ဆစ်ရုပ်ကြွ ... ူးယူရေးဆွဲထားသော ဒီဇိုင်းလက် ...တစ်ခုပင် ဖြစ်ပါသည်။ မူလကျောက် ...စ်ရုပ်ကြွ အမြင့် (၂)ပေခန့်၊ အကျယ် (၁၀) လက်မခန့်နှင့် ရုပ်ကြွအထူ (၆) ...မခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ...ကြွမျက်နှာ၏နဖူးဆံစရစ်အထိ ပေါ် ...မှုမရှိဘဲ ချောမွတ်နေသည်ကိုတွေ့ ...ပါသည်။ ဆံထုံးခွေအနေအထားကို ...ည့်ခြင်းအားဖြင့် နှစ်ပတ်ခွေဆံထုံး ...ထားသော မိန်းမရုပ်ဟု ပြောရမည်ပင် ဖြစ်ပါသည်။ ရခိုင်ရှေးခေတ်ဆံထုံး ထုံးနည်း (၆၄) မျိုးထဲတွင် တစ်မျိုးအပါအဝင် ဖြစ်ပါသည်။ ဤပုံ (ဂ) မူလကျောက်ဆစ်လက်ရာတွင်လည်း စဥ့်ရောင် အနည်းငယ် ကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။ မူလက စဥ့်ရောင်စုံများဖြင့် အလှဆင်ခဲ့ပါလိမ့်မည်။ နားရွက်နှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်က ပေါ်လွင်လှပါသည်။ တဘက်ကို နောက်ကျောတွင်ရုံထားပါသည်။ ပခုံးနှစ်ဖက်ကိုလည်း ခြုံထားပါသည်။ တဘက်စကို ညာဘက်ရှေ့တွင် ချထားပါသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ကန်တော့နေဟန်တွေ့ရှိရပါသည်။ လက်ကောက်ဝတ်တွင် လက်ကောက်ကွင်းကြီးများ ဝတ်ဆင်ထားပါသည်။ အင်္ကျီစအောက်မှ ခါးကြိုးစနှစ်စထွက်၍ ပေါင်ပေါ်တွင် တင်ထားပါသည်။ အင်္ကျီနှင့်ထဘီ နှစ်ခုစလုံးတွင် အချောသာတွေ့ရှိရပါသည်။ ပုံ (ဂ) ဒီဇိုင်းလက်ရာကို လေ့လာကြည့်ခြင်းအားဖြင့် မြောက်ဦးခေတ်လယ် အမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှုတစ်ခုကို လေ့လာနိုင်ပါသည်။

ပုံ (ဃ) ဒီဇိုင်းလက်ရာသည်လည်း ထုက္ကန်သိမ် ပုထိုးတော်ကြီးဝင်လမ်း လိုဏ်ပတ်လက်ယာဘက်နံရံမှ အမှတ် (၄၆) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူလကျောက်ဆစ်ရုပ်ကြွ အမြင့် (၂)ပေခန့်၊ အကျယ် (၁၀) လက်မခန့်နှင့် ရုပ်ကြွအထူ (၆) လက်မခန့် ရှိပါသည်။ ဆံထုံးအနေအထားကိုကြည့်ခြင်းအားဖြင့် သုံးပတ်ခွေဆံထုံးဟု ပြောရမည် ဖြစ်ပါ၏။ မျက်နှာအနေအထား ဣန္ဒြေရရ တည်ငြိမ်စွာတွေ့ရှိရပြီး နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ တဘက်ကို ပခုံးနှစ်ဖက်လုံးအောင်ခြုံထားပြီး တဘက်စကိုခေါက်၍ လက်နှစ်ချောင်းကြားမှ ချ၍ အဖျားကို ခြေနားတွင် အပြားလိုက်ချထားပါသည်။ လက်နှစ်ဖက်မှာ ကြာဖူးတစ်ဖူးကိုင်၍ ပူဇော်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် လက်ကောက်ဝတ် တစ်ဖက် (၃) ကွင်းစီ ဝတ်ဆင်ထားပါသည်။ အင်္ကျီနှင့် ထဘီပါ အချောသာ တွေ့ရှိရပါသည်။ ထဘီအောက်စတွင် ဖောင်းနှစ်ဆင့်ကြား၌



ပုံ (စ)



www.burmeseclassic.com

www.burmeseclassic.com

ကန့်လန့်ဖြတ် အစင်းကြောင်းများဖြင့် တန်ဆာဆင်ထားပါသည်။ ပုံ (ဃ) မူရင်း ကျောက်ဆစ်လက်ရာနှင့် ပုံ (င) ကျောက်ဆစ်လက်ရာမှာ လက်ဝဲ၊ လက်ယာ ယှဉ်၍ထိုင်နေသောကြောင့် 'ဝင်းစားမီးကာ' လင်မယားပုံ ကျောက်ဆစ်ရုပ်ကြွများဖြစ်တယ်လို့ ပြောလို့ရပါသည်။ ပုံ (ဃ) ဒီဇိုင်းလက်ရာသည် 'ဝင်းစားမီးကာ' မယား ဆင်ယင်ထုံးဖွဲ့မှု ဒီဇိုင်းပင် ဖြစ်ပါသည်။

ပုံ (င) ဒီဇိုင်းလက်ရာသည် ပုထိုးတော်ကြီးဝင်လမ်းကို လိုဏ်ပတ်လက်ယာဘက်နံရံမှ နံပါတ် (၄၇) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၂) ပေခန့်၊ အကျယ် (၁၀) လက်မခန့်နှင့် ရုပ်ကြွအထူ (၆)လက်မခန့် ရှိပါသည်။ ပုံ (င) ဒီဇိုင်းလက်ရာ ဖောင်းတော်အနေအထားကို ကြည့်ခြင်းအားဖြင့် ဝင်းစားမီးကာ အမတ်ဒီဇိုင်းရုပ်ဟု ပြောရမည်ပင် ဖြစ်ပါသည်။ ဖောင်းတော် (မကိုဋ်) အနေအထားမှာ ပီပီပြင်ပြင်တွေ့ရှိရပါသေးသည်။ ဖောင်းတော်ကို နှစ်ထပ်ကြာဖတ်၊ ကြားညှပ်ကြာဖတ်နှင့်ဖောင်းလုံးဖြင့် တန်ဆာဆင် ဖွဲ့စည်းထားပါသည်။ မျက်နှာနှင့် နားတောင်းအနေအထားမှာ ပီပြင်မှုမတွေ့ရှိရတော့ပေ။ လက်နှစ်ဖက်မှာ ကြာဖူးကိုင်၍ ပူဇော်နေဟန် တွေ့ရှိရပါသည်။ တဘက်ကို ဘယ်ဘက်ပခုံးပေါ်တင်ကာ ညာဘက်ချိုင်းအောက်မှပတ်၍ ရစ်ထားပါသည်။ တဘက်စကို လက်ဝဲ၊ လက်ယာ၌ ဖြန့်ကားစွာ ဖြန့်ချထားပါသည်။ တဘက်စအဖျားကို ဆံမြိတ်ကလေးများဖြင့် အလှဆင်ထားပါသည်။ ခါးတွင် ခါးပတ်ကြိုးပတ်ထားပါ၏။ ရှေ့ပေါင်ပေါ်တွင် အပြားလိုက် ခါးကြိုးစလည်းဖြန့်ချထားပါသည်။ ပုဆိုးတွင် အဆင်တန်ဆာများ မတွေ့ရှိရဘဲ အချောသာ တွေ့ရှိရပါသည်။ ထုက္ကန်သိမ် ပုထိုးတော်မှ ကျောက်ဆစ်ရုပ်ကြွများ၌ များသောအားဖြင့် ကြာဖူး၊ ကြာပွင့်များဖြင့် ဘုရားပူဇော်ကန်တော့နေကြသည်ကို တွေ့ရှိရပါသည်။ ခုခေတ်လူငယ်များ အတုယူဖွယ်ပင် ဖြစ်သည်။ ယခုခေတ်လူငယ်များ ကြာပွင့်၊ ကြာဖူးကို ဘုရားတွင် ပူဇော်ကန်တော့ပါက မည်သည့်အရာပဲလုပ်လုပ်၊ ကြာတတ်သည်ဟု ဆိုကြပါသည်။ အမှန်တကယ်မှာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကြာဖူး၊ ကြာပွင့်များမှာ အထွတ်အမြတ်ပန်းသာ ဖြစ်သည်။ ဘုရားလောင်း သုမေဓာရှင်ရသေ့ ဘုရားဆုပန်သည့်ပန်းမှာလည်း ကြာပွင့်ဖြင့် ဘုရားဆုပန်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရခိုင် မြောက်ဦးသားများသည် ဗုဒ္ဓဘာသာဖြစ်သည့်အလျောက် ကြာဖူး၊ ကြာပွင့်ကို အဓိကထား၍ ပူဇော်ကြခြင်း ဖြစ်ပါသည်။



ပင်မဆင်းတုတော်ကြီးနှင့် ပလ္လင်တော်



ပဒ်ရထာပြုရာခန်းမကို တက်သော ဘဲဥပုံလှေကားမုခ်ဝ

ပုံ (စ) ဒီဇိုင်းလက်ရာသည်လည်း ထုက္ကန်သိမ်ပုထိုးတော်ကြီး အရှေ့ဘက်လှေကားရင်းတောင်ဘက်မှ ကျောက်တုံးပေါ်တွင် တွေ့ရှိရသော ကျောက်ဆစ်ရုပ်ကြွကို ကူးယူထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁)ပေ (၂) လက်မခန့်၊ အကျယ် (၈)ပေ (၄)လက်မခန့်နှင့် ကျောက်တုံးထု အထူ (၁) ပေ (၉) လက်မခန့် ရှိပါသည်။ လက်ဝဲ လက်ယာတွင် ရခိုင်ပျာလ်ကောင် တစ်ဖက် တစ်ကောင်နှင့် နတ်ရုပ် တစ်ဖက်နှစ်ရုပ်စီ တွေ့ရှိရပါသည်။ ဤပုံ (စ) ဒီဇိုင်းလက်ရာပါရှိသော မူလကျောက်တန်းသည် ထုက္ကန်သိမ် ပုထိုးတော်၏ ထုပ်တန်းတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။ ထုက္ကန်သိမ် ပုထိုးတော်နှင့် ကျောက်ဆစ်ရုပ်လုံးရုပ်ကြွ ဒီဇိုင်းလက်ရာများမှာ အေဒီ ၁၆ ရာစု မြောက်ဦးခေတ်လယ်၏ စံနမူနာယူထိုက်သော လက်ရာကောင်းများပင် ဖြစ်ပါသည်။ ထုက္ကန်သိမ် ပုထိုးတော်ကြီး၏ မြောက်ဘက်အနီးတွင် သူဌေးကုန်း ဟူသော ကုန်းငယ်တစ်ခု ရှိပါသည်။ မြောက်ဦးခေတ်က ပြည်တွင်းရတနာတစ်ပါးဖြစ်သော သူဌေးဘွဲ့ခံရသူတစ်ဦး၏အိမ်ရာပင် ဖြစ်သည်ဟု သိရှိရပါသည်။

*အနန္တောအနန္တ ငါးပါးကို ထာဝရဦးထိပ်ပန်ဆင် ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက်**
၁။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု
၂။ ဖော်ပြပါမူရင်းကျောက်ဆစ်လက်ရာများ
၃။ တက်ထွန်းနီ (မြောက်ဦး) ရေး မြောက်ဦးမြို့ ထင်ရှားသောဘုရားများသမိုင်းအကျဉ်းနှင့် ဘုရားဖူးလမ်းညွှန် အမှတ် (၁)
၄။ ပန်းချီထူးလှ (ရခိုင်ရိုးရာဒီဇိုင်း) ရေး ရှေးခေတ်ဟောင်းက ရခိုင်ဆင်ယင်ထုံးဖွဲ့မှု၊ ကျိန်းရိပ်မြေမဂ္ဂဇင်း
၅။ ရခိုင် - မြန်မာ ပဏ္ဍိတ် ဆရာကြီး ဦးသာထွန်းရေး၊ ရက္ခိုင်ဆင်ယင်ထုံးဖွဲ့မှုစာတမ်းမူကြမ်း
၆။ ရှေးဟောင်း သုတေသနဌာနမှ ထုက္ကန်သိမ်ပုထိုးရှေ့တွင် စိုက်ထူထားသော ကျောက်စာတိုင်
၇။ စောမင်းနွယ် (မြောက်ဦး) ရေး ကဗျာလင်္ကာများက ဖော်ပြသော မြောက်ဦးခေတ် ဆင်ယင်ထုံးဖွဲ့မှု၊ ဦးရာဇ်မြေမဂ္ဂဇင်း
၈။ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီထုတ် မြောက်ဦးလမ်းညွှန်
၉။ ဦးသာထွန်းအောင်ရေး ရခိုင်မဟာရာဇဝင်တော်ကြီး




www.burmeseclassic.com

www.burmeseclassic.com

# ဦးဥတ္တမသာရ၏ တောင်တန်းသာသနာပြု ဆရာတော်ကြီးဖါးခြေတော်ရင်းဝယ်

ကိုညိုအောင်(ပခုက္ကူ)




ကျွန်တော် ၁၃၁၁ ခု၊ တန်ဂ်နွေ ...ပွားပါ။ ခရစ်နှစ်အရ မွေးရက်က ...ဝါရီလ (၂၆) ရက် ဆိုတော့ (၈) ...သမား။ မွေးဇာတိက ပခုက္ကူ။ ... အသက် (၂၆) နှစ်မှာ ပေါက်သူ ... အိမ်ထောင်ကျပါတယ်။ ၁၉၇၃ ...တ်ရွှာန်ဆေးပညာဘွဲ့ရပြီး ၁၉၇၉၊ ...ဒေသကောလိပ်မှာပဲ မွေးမြူရေး ...င်းအတတ်ပညာ နည်းပြအလုပ် စ ...ပါတယ်။

တနင်္ဂနွေရဲ့မိတ်ဖက် ကြာသပ ...နဲ မြို့ရွာဒေသအမည်များနဲ့ တိုက် ...များပြီး (၈) ဂဏန်း နေ့ရက်၊ နေ ... ပါတ်များနဲ့ကြုံကြိုက်တဲ့အခါ ထူး ...များ ရှိတတ်ပါတယ်။ ဘွဲ့ရပြီးခါစ ...ဟိတ် လက္ခဏာဆရာကြီး ဆရာ ...ဆီမှာလက္ခဏာကြည့်ဖူးတယ်။ မြေ ... ပြည်လမ်းပေါ်မှာ ဆရာစန္ဒြရဲ့ ...ဖြူတစ်လုံး ရှိပါတယ်။

"ခင်ဗျား တက္ကသိုလ်ကောလိပ်မှာ ...ရမယ်"

"အဆင့်ကောင်းကောင်းနဲ့အောင် ...သူတွေသာ တက္ကသိုလ်တွေမှာ ဆရာ ...တာပါ။ ကျွန်တော်က Grade 3 နဲ့ပဲ အောင်တာ၊ ဆရာဖြစ်စရာအကြောင်း ...ပါဘူး ဆရာ"

"ဖြစ်ကို ဖြစ်ရမယ်ဗျာ"

ဆရာစန္ဒြ အတပ်ဟောတဲ့အတိုင်း ...ခဲ့ပါတယ်။

"(၃၅) နှစ်မှာ မိန်းမကိစ္စ တွေ့ရ ...ဦးမယ်"

"ယတြာချေပေးပါ ဆရာ"

"ယတြာချေလို့မရဘူး၊ သက်သာ အောင် လုပ်ပေးနိုင်တဲ့ ဘုရားယတြာပဲ ...တယ်"

အဲဒီအချိန်တုန်းက ဒေသကော ...လိပ်တွေ မြို့ကြီးတော်တော်များများမှာ ...ဖြစ်ခဲ့တယ်။ ဖွင့်ရတဲ့ရည်ရွယ်ချက်ထဲ ...ပါတဲ့အချက်တစ်ခုကတော့ ကျောင်း သားတွေ အကွဲကွဲအပြားပြားဖြစ်အောင် ...ရာခွဲခြားထားခြင်းပါ။ ၁၉၈၃ ခုနှစ် ...ရောက်တော့ ဒေသကောလိပ်မှာ သင် ကြားပေးနေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ...တ်မှု ရှုံးလုပ်ငန်း စတဲ့ လုပ်ငန်းအတတ် ...ညာတွေကို ရပ်ဆိုင်းလိုက်ပါတယ်။

ဆရာ၊ ဆရာမတွေလည်း သက်ဆိုင်ရာ ဌာနအသီးသီး ပြောင်းရွှေ့တာဝန်ထမ်း ကြရပြီး အနယ်နယ်အရပ်ရပ် ရောက် သွားကြပါတယ်။

အဲဒီအချိန်တုန်းက ပခုက္ကူဒေသ ကောလိပ်မှာ 'မြန်စာဂုဏ် မျိုးဆွေ' အ မည်ခံ ဦးမျိုးဆွေက ကျောင်းအုပ်ကြီး ပါ။ ဒေသကောလိပ် တောင်ကတုံးကို သျှောင်ထုံးမယ် ဆိုပြီး သနပ်ခါး အပါ အဝင် သစ်ပင်မျိုးစုံ စိုက်ပေးခဲ့ပါတယ်။ ဆရာ, ဆရာမ အချင်းချင်း၊ ကျောင်းသူ ကျောင်းသားအချင်းချင်းတင်မက ဆရာ နဲ့ တပည့် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင် ရွှင် စည်းစည်းလုံးလုံး နေခဲ့ကြတာပါ။ ဆရာတွေထဲကဆို ဦးတင်လှိုင်-စိုက်ပျိုး ရေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် မော်ကွန်းထိန်း-ငြိမ်း၊ ဦးမောင်ဝင်း (ဒု ညွှန်မှူး-ငြိမ်း၊ အထက်တန်းပညာဦးစီး ဌာန)၊ ဦးငွေးဝင်း (သာယာဝတီ ဒုတိယ ထောင်ပိုင်ကြီး-ငြိမ်း)။ ဆရာမတွေထဲက ဆို တက္ကသိုလ်နေဝင်းရဲ့သမီး ဒေါ်မူမူ ဝင်း (အင်္ဂလိပ်စာ) နဲ့ ယခု ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး (ရှုံး လုပ်ငန်းအတတ်ပညာ) တို့ ပါရှိကြပါ တယ်။

ဒေသကောလိပ်က လုပ်ငန်း အ တတ်ပညာသင်တာတွေ ရပ်လိုက်တော့ ကျွန်တော်က ပခုက္ကူ မျိုးမြန်မာရပ်မူလ တန်းကျောင်းမှာ အင်္ဂလိပ်စာသွားသင် ပေးရတယ်။ နောက်တော့ စက်မှုစိုက် ပျိုးသက်မွေးပညာဦးစီးဌာနကို အလုပ် ပြောင်းတယ်။ ရုံးချုပ်က ရန်ကုန် နတ် မောက်လမ်းမှာ။ သွားရမည့်နေရာက ချင်းပြည်နယ် ဖလမ်း လုံပီးစိုက်ပျိုးမွေး



www.burmeseclassic.com

www.burmeseclassic.com

မြူရေး အထက်တန်းကျောင်း။ ရုံးချုပ် လက်ထောက်ညွှန်မှူး ဦးမြသန်းရဲ့အခန်းမှာ လုံပီးကျောင်းက ကျောင်းအုပ်ကြီး ဦးမြင့်စိန်နဲ့တွေ့တော့-

"ဆရာကြီး၊ အဲဒီမှာအရက်ရှိလား"

"ပေါဗျား"

"ဒါဆို ကျွန်တော်လာပါ့မယ်"

"မင်း တော်တော်ရှုပ်တဲ့ကောင်ပဲကွာ"

ဆိုပြီး ဆရာဦးမြသန်းက ပြောပါတယ်။

ပခုက္ကူမှာ လေယာဉ်မဆင်းတာကြာပေမယ့် ကျွန်တော်သွားမည့်လရဲ့ (၂၆)ရက်မှာ ပခုက္ကူနဲ့ကလေး လေယာဉ်ခရီးစဉ် ပြန်စပါတယ်။ ပခုက္ကူ လေယာဉ်ကွင်းက လေယာဉ်ပျံကို မိုင်းထောင်ဖို့ ကြိုးစားခဲ့တဲ့နေရာပါ။ တွင်အော်တာ လေယာဉ်နဲ့ ကလေးမြို့ကို သွားခဲ့ပါတယ်။ ကလေးမြို့ လေယာဉ်ကွင်းဟာ မြို့လယ်ကောင်မှာရှိတဲ့ ထူးခြားတဲ့ လေယာဉ်ကွင်းတစ်ခုပါ။

ကလေးနဲ့ ဖလမ်းခရီးစဉ်ကျတော့ အဲဒီတုန်းက အခုလို အဆင့်မြင့် မှန်လုံကားမျိုးတွေ မရှိသေးပါ။ ဆန်အိတ်ပို့တဲ့ RTC ကားတို့၊ ဘီလပ်မြေအိတ်သယ်တဲ့ ရေအားလျှပ်စစ်ကကားတွေနဲ့ပဲ သွားကြရတာ။ အပေါ်မှာလည်း အမိုးတန်းမပါ။ ဘီလပ်မြေအိတ် အပြည့်တင်ထားတဲ့ ရေအားလျှပ်စစ်ကားနဲ့ပဲ လိုက်ခဲ့ရတယ်။ လမ်းမချော၊ လမ်းမကောင်းတဲ့ အချိန်မို့ လမ်းမှာကားနှစ်စီးမျက်နှာချင်းဆိုင်ဆုံမိလို့ ရှေ့ခန်းဒရိုင်ဘာဘေးထိုင်နေတဲ့လူ ဘေးတံခါးဖွင့်ပြီး အောက်ဆင်းလိုက်ရင် လမ်းပေါ်မရောက်ဘူး၊ ချောက်ထဲတစ်ခါတည်းပဲ။ အဲဒီလောက် လမ်းကလည်းကျဉ်းတာပါ။ တစ်နေရာမှာ ကားကအစောင်း၊ ရှောခနဲ ဘီလပ်မြေ (၃)၊ (၄) အိတ် ချောက်ထဲကျသွားပါတယ်။ ပထမဆုံးအတွေ့အကြုံလည်း ဖြစ်တာမို့ သည်းထိတ်ရင်ဖို ဆိုလောက်ပါရဲ့။

တောတောင် သဘာဝ ရှုခင်းရှုကွက်၊ စိမ်းလန်းစိုပြည်မှု၊ သစ်ပင်ဝါးပင်၊ သစ်ကြီးဝါးကြီး အပင်မျိုးစုံ၊ အရောင်အသွေးမျိုးစုံ ရွှန်းရွှန်းစိုစို ဝေဝေဆာဆာရှိမှုတွေကြောင့် သီချင်းတစ်ပုဒ် ဆိုဖြစ်လိုက်တယ်။

"တောင်တန်းပြာများ အလှနဲ့ ချောက်ကမ်းပါးများက သင့်ကို ကြိုနေမည်×××လျှိုမြောင်စိမ့်စမ်းကလေးများ ရှုမဆုံးနိုင်သည်×××ကြည်နူးစရာလည်း ပေါသည်×××ပန်းအလှချယ်ရီပွင့်ရာနယ်မြေဆီ×××"

ပြဇာတ်ထိပ်ခေါင် မြို့တော်သိန်းအောင်ရဲ့ 'မိုးလားတိမ်လားမြူလား'၊ 'မိုးကြိုသည့်ပန်း' စတဲ့ ပြဇာတ်တွေထဲက ပြဇာတ်တစ်ပုဒ်က ဇာတ်ဝင်တေးပါ။ နောက်ခံပိတ်ကားပေါ်မှာ လေယာဉ်ပျံကြီး ပျံသွားနေတုန်း တီဗီအိမ်သဖွယ် မီးဆလိုက်ထိုးထားတဲ့နေရာက ပြဇာတ်မင်းသား မြို့တော်သိန်းအောင် သီဆိုခဲ့တဲ့တေးတစ်ပုဒ်ပါ။

လုံဘန်း ဆိုတဲ့ ရွာကြီးကိုရောက်တော့ ပခုက္ကူသား ဦးသန်းစိန် အဲဒီရွာမှာ ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်နေတယ်လို့ ပြောလိုက်တာကိုလည်း သတိရမိလိုက်တယ်။ နောက်ဖလမ်းမှာ အနေကြာပြီးတဲ့အခါ မိတ်ဆွေတွေနဲ့ ဒီရွာကြီးကို အလည်ရောက်ပါတယ်။ ကျွန်တော်တို့မိတ်ဆွေ ဆရာဝန်တစ်ယောက်က ပင်လုံစာချုပ်မှာ ချင်းအမျိုးသားကိုယ်စားလှယ်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ ဦးလျှမူန်းရဲ့ သမီးတစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ သူ့ဆီကို သွားလည်ကြတာပါ။ သမိုင်းဝင် ပင်လုံစာချုပ်ကြီးကိုလည်း ကိုယ်တိုင် လေ့လာကြည့်ရှုခွင့်ရခဲ့တယ်။

လုံဘန်းရွာကြီးကို ကျော်လာပြီး ဖလမ်းမရောက်ခင် ဗားစခန်းကို ရောက်ပါတယ်။ အမြင့်ထဲက အနိမ့်ဆုံးနေရာပါ။ ရေအားကောင်းကောင်းနဲ့ စီးဆင်းလာတဲ့ ငဇစ်ဗားချောင်းနေရာပါ။ မဏိပူရ (နန်းကသည်း) မြစ်ထဲကို စီးဝင်တဲ့ ချောင်းနေရာပါ။ 500 KV (၂) လုံးအတွက် ရေအားလျှပ်စစ်ရဖို့ လုပ်ငန်းစ,နေတဲ့အချိန်ပါ။ အဲဒီနေရာက ဒယ်အိုးသဖွယ် တောင်တွေကြားထဲက နေရာပါ။ ချောင်းပေါ်မှာ ကြိုးတံတားတစ်ခု ဖြတ်ဆောက်ထားတယ်။ မင်းသားကြီးမြတ်လေးနဲ့ ကောလိပ်ဂျင်နေဝင်းတို့ တံတားပေါ်မှာ တစ်ယောက်ကိုတစ်ယောက် သေနတ်တွေနဲ့ချိန်ရင်း အကြာကြီး စကားပြောခဲ့ကြတဲ့နေရာပေါ့။ ကချင်ပြည်နယ်မှာ သွားရောက်ရိုက်ရမည့် ဇာတ်ဝင်ခန်းကို ဒီနေရာမှာ အစားထိုး ရိုက်ခဲ့ရတဲ့ 'မလိခချစ်သူ' ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းနေရာပါ။ မင်းသားကြီး ဦးမြတ်လေးက ပြောတယ်၊ 'ဘဝ ဆိုတာ ဘကုံးရယ်၊ ဝလုံးရယ် ပေါင်းထားတာ' ပါတဲ့။

ဖလမ်းရောက်တော့ ရဲရိပ်သာမှာ တည်းခိုတယ်။ စခန်းမှူး မန်ကျင့်ပေါင်က ညစာ၊ မနက်စာ ကျွေးပါတယ်။ ယူဆောင်လာတဲ့သံသေတ္တာကို ပခုက္ကူသား တရားသူကြီး ဦးပေါစံအိမ်မှာ ထားခဲ့ပြီး (၆) မိုင်ဝေးသေးတဲ့ လုံပီးစိုက်ပျိုးရေးကျောင်းကို ဟားခါးသွားတဲ့ကားကြုံအား စောင့်မနေတော့ဘဲ ခြေကျင်ပဲခရီးဆက်ခဲ့တယ်။ ကျောင်းရောက်ပြီး နောက်နေ့မှာ လုံပီးရွာနဲ့တစ်ဆက်တည်း လုံရန်းရွာနားက ခန္တီနိတောင်ကြီးပေါ်မှာ ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါး ရှိတယ်ဆိုတာနဲ့ ဆရာတော်ကိုဖူးမြော်ဖို့ ရောက်ခဲ့ပါတယ်။

*'ညို့ညို့ငယ် မှိုင်းပါဘိ၊ တို့တိုင်းရယ်တဲ့တောင်ပတ်လည်၊ ရေတသွင်သွင်နဲ့၊ နယ်ရှစ်ခွင် တိမ်မြေခ,တယ်၊ ချမ်းပါလှရွှေလေပြည်၊ နိမ့်ချည်မြင့်ချည်နှင့် တည်ပုံဆန်း၊ မြင်ကရာမှာ ဝက်ပါပုံအလားသာပ၊ နယ်ခြားတောင် ရှုမျှော်ခင်းကိုကွယ်၊ အရှင်းသိနိုင်စရာမို့ လင်းကြည်စိတ်မှန်း'*

၁၉၆၆ ခုက ဝတ္ထုရှည်အမျိုးသားစာပေဆုရခဲ့တဲ့ စာရေးဆရာမကြီး သာယာဝတီစိန်စိန်ရဲ့ 'ရိုးမတောင်ကြီးသာ ဖြိုလိုက်ချင်တော့တယ်' ထဲက တေးတစ်ပုဒ်ကို ပြန်အမှတ်ရလာပါတယ်။ နေရာဒေသက အဲဒီထဲကအတိုင်းပါ။ ဆုရဝတ္ထုရှည်ကြီးကို မူရင်းရေးသားသူက သာသနာ့ဝန်ထမ်းမို့ နာမည်မခံယူချင်တာနဲ့ စာရေးဆရာမ စိန်စိန်က ရေးသူအဖြစ် နာမည်ခံပေးခဲ့တာပါ။ အဲဒီ ဝတ္ထုကြီးကို ရေးခဲ့တဲ့ နယ်ခြားတောင်တန်းသာသနာပြု ဦးဥတ္တမသာရဆရာတော်ဘုရားကြီး ခြေတော်ရင်းကို စတင်ရောက်ရခြင်း ဖြစ်ပါတယ်။

ဆရာတော်ကြီး သီတင်းသုံးတော်မူရာကျောင်းက ခန္တီနိတောင်ကြီးပေါ်က ကျောက်တောင်ကြီးတစ်လုံးကို နောက်ခံထား တည်ဆောက်ထားတဲ့ တစ်ထပ်ကျောင်းတိုက်ကလေးပါ။ ရှုခင်းရှုကွက်ကောင်းတဲ့၊ ပန်းမာလာစုံပေါ်တဲ့၊ အိန္ဒိယရုပ်ရှင်ဇာတ်ကားကြီးတွေထဲမှာ တွေ့ရတတ်တဲ့ နေရာလေးသဖွယ်ပါ။ ဆရာတော်ကြီးက ကျောင်းဘေးက စမ်းချောင်းလေးမှာ ထိုင်ရင်း ရေချိုးနေပါတယ်။ ရေချိုးပြီး ကျောင်းပေါ်ကြွလာတော့ ကျွန်တော်က လုံပီးစိုက်ပျိုးရေးကျောင်းကိုရောက်လာတဲ့ ဆရာတစ်ဦးဖြစ်တဲ့အကြောင်း လျှောက်ထားလိုက်ပါတယ်။

အဲဒီအချိန်ကစပြီး ဆရာတော်ကြီးရဲ့ အနီးကပ်လက်ရင်းတပည့်သဖွယ် နေခဲ့ရပါတော့တယ်။ ဆရာတော်ကြီးက ဉာဏ်ပညာ ဗဟုသုတအရာမှာ ကြွယ်ဝလွန်းလှတာမို့ 'ဆရာတော်ဘုရားကြီးမိန့်တော်မူတာကို နာယူရတာ စာကြည့်တိုက်ကြီးထဲက စာအုပ်မျိုးစုံကို ဖတ်ရသလိုပါပဲ' လို့ လျှောက်ထားမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရားကြီးက သက်သတ်လွတ်ဘုဉ်းပေးပါတယ်။ ဒါပေမယ့် အခေါ်တစ်ရံ ငါးခြောက် အနည်းငယ် အတူဘုဉ်းပေးတတ်ပါတယ်။ ကျွန်တော် ကျောင်းကိုရောက်ရင် ကပ္ပိယကြီး ဘဘ ဦးချစ်ထွေးက ညောင်ရွက်သုပ်၊ လက်ဖက်သုပ်ခြမ်း၊ ထန်းလျက်၊ ငှက်ပျောသီး၊ ပန်းသီး စတာတွေကျွေးပါတယ်။ စောင်အထက် ခေါင်းပေါင်းပြီး ဆွယ်တာအကျီလက်ရှည်အနက်ရောင် ဝတ်ထားတဲ့ ဘဘဦးချစ်ထွေးကို ပြန်ပြီး မြင်ယောင်မိပါတယ်။ ချင်းတောင်ပန်းသီးက အရွယ်သေးပါတယ်။ စျေးပေါပါတယ်။ အဲဒီတုန်းက တစ်လုံးမှတစ်ကျပ်ပါ။ ပန်းသီးကို ဟင်းချက်ပြီး ကပ်ကြော်လည်း သိရပါတယ်။ ဆန်၊ ဆီ စတာတွေကိုတော့ အောက်ပြည်အောက်ရွာက မပြတ်လှူဒါန်းကြပါတယ်။

ဆရာတော်ကြီး တစ်ပတ်ကို တစ်ကြိမ် ဖလမ်းစာတိုက်ကို ကိုယ်တိုင်ကြွပါတယ်။ အနယ်နယ်အရပ်ရပ်က ရောက်လာတဲ့ စာ၊ ပါဆယ်၊ ငွေ စတာတွေ သွားရောက်လက်ခံယူပါတယ်။ ကျန်းမာရေးကောင်းကောင်း၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ထီးတစ်ချောင်းနဲ့ ခြေကျင်ကြွသွားတာ မြန်လွန်းတော့ တော်ရုံလူ လိုက်မမီနိုင်ပါဘူး။

ဖလမ်းမြို့ပေါ်က ဓမ္မာရုံမှာ ဆရာတော်ဟောတဲ့တရားတော်ကို မြို့နယ်ရဲ့ တပ်ဖွဲ့မှူး ဦးကျော်ရှိန် ကက်ဆက်နဲ့ အသံသွင်းယူဖူးပါတယ်။ မိုက်ခွက်ကိုင်သူက ကျွန်တော် မောင်ညိုအောင်၊ အသံဖမ်းစက်ဆရာက အခု ရန်ကုန် Royal Oasis ဆေးခန်းက အကြောအဆစ်ပညာရှင် ဦးတင်မြင့်ပါ။

"ဒကာ ကိုညိုအောင်၊ ဒါ ဆရာတော်ကြီး ဒုတိယအကြိမ် အသံသွင်းတာ။ ပထမဆုံး ဆရာတော်ကြီးကိုအသံသွင်းယူသွားတာက မြန်မာ့အသံရေဒီယိုကပါ"

ဆရာတော်ကြီးကို စနေ၊ တနင်္ဂနွေ အပါအဝင် တစ်ပတ်ကို သုံးရက် ဆွမ်းကပ်ပါတယ်။ ညကတည်းက ကုလားပဲကို ရေစိမ်ထား၊ မနက်ကျ အာလူးနဲ့ရောပြီးချက်၊ ကြက်သွန်နီဆီသတ်၊ မဆလာလေး ထည့်ပါတယ်။ မုန်လာထုပ်၊ ခါကျက်ဥ (မုန်လာဥဝါ) စတဲ့ အဆင်ပြေရာဟင်းတွေရောပေါ့။ ဆွမ်းချိုင့်ကို ဦးချစ်ထွေးကြီး လာယူပါတယ်။ နွေရာသီမှာ ဇနီး မတုတ်တုတ် (ဒေါ်အောင်ကြင်- အထပြ၊ ငြိမ်း၊ ပျဉ်းမနား) နဲ့ သမီးလေး ရေကြည်အေး (ယခု သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ နေပြည်တော်) တို့ လာတုန်းကဆို နေ့စဉ် ဆွမ်းကပ်ပါတယ်။ မိသားစု တစ်နေ့ ကျောင်းကို ဆွမ်းကပ်သွားတော့ သမီးလေး ရေကြည်အေးရဲ့စကားပြောသံကို ဆရာတော်ကြီးက-

"သည်ကလေးအသံမှာ ဩဇာပါတယ်၊ ကောင်းစားမည့်ကလေး"

လို့ မိန့်ကြားပါတယ်။

တစ်ခါမှာတော့ ဆရာတော်ကြီးက အပင်လေးတစ်ပင်ကို လက်ညှိုးညွှန်ပြရင်း-

"ဒါ အင်္ဂလိပ်ဆရာတွေ ရွှေဖြစ်အောင်လုပ်တဲ့နေရာမှာ ထည့်သုံးတတ်ကြတဲ့ဆေးပင်ပဲ။

ဟောဒီဂမုန်းပင်က ဂမုန်းသံယာစင်ခေါ်တယ်။ သူ့ကိုစားထားရင် တစ်နေကုန် ဘာမှမစားဘဲ နေနိုင်တယ်၊ အားရှိတယ်"

သံယာစင်ပေါ်မှာ ရဟန်းတော်တွေ ငယ်စဉ်ကြီးလိုက်ထိုင်နေတဲ့ပုံ ဂမုန်းပင်လေးကိုလည်း ပြပါတယ်။ တပ်ကြပ်ကြီး ကပ္ပိယဦးလှရွှေ ဖလမ်းကိုလာပြီး နွားနို့နဲ့ရောကျိုပြီး ကျွန်တော်တို့ကို တိုက်ဖူးပါတယ်။

"ဟောဒီ အပင်ကြီးကတော့ အိပ်မက်ထဲမှာ သိကြားမင်းကိုယ်တိုင် လာရောက်ညွှန်ပြတဲ့ သရက္ခန်အပင်ကြီးပါပဲ"

ဆရာတော်ကြီး၏ ဖော်ထုတ်မှုကြောင့် ချင်းပြည်နယ်မှာ သရက္ခန်ပင်ကို လူသိများလာကြပြီး ဘုရားထုကာ ကိုးကွယ်ကြဖို့ မြေပြန့်ကို အများအပြား ယူဆောင်သွားကြတယ်။ အပင်က ထင်းရှူးပင်နဲ့ အနည်းငယ်ဆင်သယောင်ရှိပါတယ်။ အနှစ်ရဲ့မွှေးရနံ့က အဆင့်မြင့်နိုင်ငံခြားရေမွှေးများထက် အရည်အသွေးအနံ့ သာလွန်ပါတယ်။ ကျွန်တော် ပခုက္ကူပြန်တိုင်း ယူသွားပြီး သူငယ်ချင်း ရွှေနေကြီး ဦးမြင့်ဝေ (ကွယ်လွန်) နဲ့ မြို့နယ် ပြည်သူ့ကောင်စီ အတွင်းရေးမှူး ဦးလေးငြိမ်း (ကွယ်လွန်)တို့ကို ဘုရားထုကိုးကွယ်ဖို့ လက်ဆောင်ပေးဖူးပါတယ်။

ဆရာတော်ကြီးရဲ့ကျောင်းသင်္ခမ်းနောက်ဘက်က ကျောက်တောင်ကြီးမှာလည်းဘီးအရွယ် ပျားအုံကြီးများ တွေ့ရပါတယ်။ အဲဒီ ကျောက်တောင်ကြီးမှာ နတ်ဆေးဂမုန်းပင်များလည်း ကပ်ပြီး ပေါက်လျက်ရှိတာ တွေ့ရပါတယ်။ ချင်းအမျိုးသားတွေလာရောင်းတဲ့ နတ်ဆေးဂမုန်းပင်တွေကို အခြောက်လှန်း၊ ဖြတ်တောက်ပြီး အိတ်လေးတွေနဲ့ စနစ်တကျ ထုပ်ကာ အောက်ပိုင်းက မှာတဲ့သူတွေဆီ ပို့ပေးပါတယ်။ မြစ်ပွားအကျိတ်နာကင်ဆာရောဂါထိ ပျောက်ကင်းကြောင်းလည်း သိရပါတယ်။

တစ်နေ့မှာ ကပ္ပိယကြီးဦးချစ်ထွေးနဲ့ ကျွန်တော်တို့မိသားစု ကျောက်သွေးတောင်ကို သွားကြပါတယ်။ ကျောက်တောင်ကြီးပေါ်က ကျောက်သွေးတွေက ငှက်ချေး၊ မျောက်ချေးတွေနဲ့အတူ စီးကျလာတဲ့ နေရာလေးတွေ တွေ့ရပါ





ချင်းပြည်နယ် ဖလမ်းမြို့ရောက် မိတ်ဆွေများ (၁၉၈၃)



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အပြန်လမ်းမှာလည်း ပြောင်ပြောင်လက်လက်နဲ့ စိန်တုံးသဖွယ် ကျောက်ပွင့်ကလေးများကို တွေ့ရလို့ ကောက်ယူလာပြီး ဆရာတော်ကြီးကိုပြတော့ 'မြိုင်စိန်' ခေါ်ပါသတဲ့။ လက်ဝတ်ရတနာ၊ ကြယ်သီး စသည် ပြုလုပ်ဝတ်ဆင်လို့ရကြောင်း ပြောပါတယ်။

မျောက်ချေးရောနေတဲ့ ကျောက်သွေးကို အနည်ထိုင် စစ်ယူပြီး အောက်ပိုင်းက မြန်မာဆေးဆရာကြီးများနဲ့ သွေးဆေးတိုက်များကို ပို့ပေးပါတယ်။ ကျောက်တောင်ကြီးက ပျားအုံကြီးတွေဆီကရတဲ့ ပျားကြီးရည်ကိုလည်း ပို့ပေးရပါတယ်။ ဆရာတော်ကြီး အမိန့်ရှိမှ သွေးဆေးဖော်စပ်တဲ့နေရာမှာ အစွမ်းထက်အောင်၊ အသက်ရှည်ဆေးဖြစ်အောင် ရွှေမှုန့်ထည့်ရကြောင်း သိရပါတယ်။ ကျွန်တော် ဆရာတော်ကြီးခြေတော်ရင်းမှာ တစ်နှစ်ကျော်ခန့်နေထိုင်ရင်း အစွမ်းအထက်ဆုံး ဆေးတစ်မျိုး ကျွန်တော်ရခဲ့ပါတယ်။ သက်ရှည် ကျန်းမာ စိတ်ချမ်းသာ၊ အနာဘယ ကင်းဝေးလှ၊ ရန်စ,ကွယ်ပျောက် အဝေးရောက်စေတဲ့ ဆေးတော်ကြီးတစ်လက်ပါ။ ယခင်က နေရထိုင်ရ၊ သွားရလာရ၊ စားရသောက်ရတာမှန်သမျှ အခန့်မသင့်ရင် အဆင်မပြေဖြစ်တတ်တာမျိုး ရှိပါတယ်။ ဥပမာ- ခရီးကြမ်းမှာ သွားရင်းလာရင်း တောင်ပြိုလို့၊ သစ်ပင်လဲလို့၊ လမ်းကျဉ်းလို့ သည်းထိတ်ရင်ဖိုရှိခဲ့ဖူးပေမယ့် ဆရာတော်ဘုရားကြီးရဲ့ဆေးတော်ကြီး ရပြီးကတည်းက အားလုံး အေးချမ်းအောင်မြင် အဆင်ပြေသွားပါတယ်။

စာရှုသူရော အဲဒီ ဆေးတော်ကြီးကို သုံးဆောင်ချင်မှာ အမှန်ပါ။ ဆရာတော်ဘုရားကြီးပေးတဲ့ ဆေးတော်ကြီးက 'မေတ္တာဆေးတော်ကြီးပါ'။ ဥပမာ- ကားနဲ့လမ်းခရီးသွားပြီဆိုရင် ကား၊ ကားဒရိုင်ဘာ၊ အတူပါခရီးသည်၊ ရှေ့မှာရောက်ရှိမယ့် သွားမည့်နေရာအားလုံးကို မေတ္တာပို့ပြီး သွားပါတယ်။ အဲဒီအခါမှာ မိမိတို့လမ်းရှေ့က ဆရာတော်ဘုရားကြီးကိုယ်တိုင်ရှေ့ကကြွပြီး စောင့်ရှောက်ပေးနေတယ်ဆိုတာ အာရုံထဲမှာ သေသေချာချာ မြင်တွေ့လာရပါတယ်။ အဲဒီလိုပဲ၊ စားတဲ့နေရာ, သွားတဲ့နေရာ, လုပ်တဲ့နေရာ လှုပ်ရှားမှုမှန်သမျှကို သတိထားပြီး မေတ္တာပွားပါတယ်။

မြန်မာပြည်ကိုရောက်လာနိုင်တဲ့ မုန်တိုင်းကြီးတွေကို ဆရာတော်ဘုရားကြီးရှိစဉ်က မေတ္တာစွမ်းအားဖြင့် လူသူမနီးတဲ့ အဝေးတစ်နေရာရောက်အောင် ပို့ပေးလိုက်လာတွေ၊ မိမိကို ရန်သူစင် နေသူများလည်း အေးငြိမ်းအောင် မေတ္တာရေအေးပုလင်းထဲမှာ ထိုသူကို ကျောက်ခဲအဖြစ် ထည့်သွင်း မေတ္တာပွားတဲ့အခါ မုန်းသူက ချစ်သူဖြစ်လာတာတွေကို ဆရာတော်ဘုရားကြီး မိန့်တော်မူချက်အရ သိရပါတယ်။ လက်တွေ့လုပ်ဆောင်တဲ့အခါမှာလည်း လက်တွေ့အေးချမ်းအောင်မြင်တာတွေ တွေ့ရပါတယ်။

တစ်ခါတော့ ချင်းတောင်ကအပြန် မုံရွာမြို့ကိုရောက်ပါတယ်။ ဖလမ်းမှာ တာဝန်ကျနေတဲ့ ဆရာမလေး ညိုညိုမာ မှာလိုက်လို့ သူတို့အိမ်ကို လူကြုံသွားပေးရတာပါ။ ကျွန်တော်၊ ကိုတင်မြင့်နဲ့ မုံရွာမြို့ခံ ဦးပေတိုးတို့ အသွားမှာ ငှားစီးတဲ့ မြင်းလှည်းသမားက မူးနေပါတယ်။ မနေ့ကမှ ထောင်ကထွက်လာတာတဲ့။ မြင်းကိုဆဲလိုက်၊ ကျွန်တော်တို့ကို ရိလိုက်၊ ရမ်းလိုက်နဲ့ပါ။ အပြန်မှာလည်း မြင်းလှည်းတစ်စီး တွေ့တာကို တားစီးတော့ အဲဒီမြင်းလှည်းပဲ ပြန်ဖြစ်နေတယ်။ ကိုတင်မြင့်တို့က အပြန်မှာ မစီးချင်တော့ဘူး။ ဒါပေမယ့် အဲဒီမြင်းလှည်းကိုပဲ ပြန်စီးခဲ့တယ်။ အသွားကတည်းက မြင်းလှည်းဆရာနဲ့ မြင်းလှည်းကို မေတ္တာပို့ စီးသွားတာပါ။ အပြန်မှာတော့ မြင်းလှည်းဆရာက ဘာမှမပြောတော့ဘူး၊ အေးအေးဆေးဆေးပါ။ အသွားတုန်းကနဲ့ လုံးဝ ကွဲပြားနေတော့ ဘေးက မိတ်ဆွေတွေက တော်တော်အံ့သြနေကြတယ်။ အဲဒါ ဆရာတော်ကြီးရဲ့မေတ္တာဆေးတော်ကြီးအစွမ်း ဆိုတာ ရှင်းပြရပါတယ်။

၁၉၈၂-၁၉၈၃ မှာ ချင်းပြည်နယ် ဖလမ်းမှာနေခဲ့ရပါတယ်။ ချင်းတိုင်းရင်းသားတို့ဟာ အောက်ပိုင်းကရောက်လာတဲ့ ဝန်ထမ်းတွေကို အားလုံးကူညီကြပါတယ်။ နားလည်မှုပေးကြပါတယ်။ ရိုးသားဖြူစင်ကြပါတယ်။

အေးချမ်းသာယာပျော်ရွှင်စွာ နေထိုင်ခဲ့တဲ့အတွက် ချင်းပြည်နယ်သူ ပြည်နယ်သားအားလုံး၊ အထူးသဖြင့် ဖလမ်းမြို့နယ်က မိတ်ဆွေများ အားလုံးကို ကျေးဇူးတင် သတိရလျက်ပါ။ အထူးကုသမားတော်ကြီး ဒေါက်တာမောင်မောင်အုံး (မန္တလေး)၊ ရှေ့နေကြီးဦးပေါ်စံ (မန္တလေး)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်ရှိန် (ကွယ်လွန်)၊ ကိုနေဝင်း (ဓာတ်မှန်ကျွမ်းကျင်-ယခု ကောင်းမြတ်မွန်ဆေးခန်း၊ မြေနီကုန်း၊ ရန်ကုန်)၊ ကိုတင်မြင့် (အကြောအဆစ် ပညာရှင်၊ Royal Oasis ဆေးခန်း၊ ရန်ကုန်)၊ ဦးမြင့်သိန်း (အခွန်ဦးစီးမှူး၊ ကွယ်လွန်)၊ ဦးတင်ဦး (နယ်ပိုင်ကြီး၊ ကွယ်လွန်) တို့နဲ့ အတူတူနေခဲ့ကြရတာပါ။ အခုထက်ထိ ဆရာအုံး၊ ဦးပေါ်စံတို့က မိဘသဖွယ်စောင့်ရှောက်ကြတုန်း၊ ကိုနေဝင်းနဲ့ကိုတင်မြင့်က အခုချိန်ထိ မိတ်ဆွေကောင်း တွဲဖော်တွဲဖက်တွေပါ။

ကျွန်တော် ချင်းပြည်နယ် ဖလမ်းလုံပီးစိုက်ပျိုးရေး အထက်တန်းကျောင်းကနေ မကွေးတိုင်းဒေသကြီး ပွင့်ဖြူစိုက်ပျိုးရေးသိပ္ပံကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်အကြောင်း ဆရာတော်ကြီးထံ သွားရောက်လျှောက်ထားတော့-

"လက်ရုံးတံစံဖက်လျှော့တာပေါ့။ ကဲ- လိုချင်တာတောင်း"

ဆိုပြီး မိန့်ပါတယ်။

ဆရာတော်ကြီး စာအုပ်ဗီရိုပေါ်က သရက္ခန်တုံးကြီးတောင်းတော့ အနားက ဗိုင်းလောင်ပါး (ဗိုင်းလောင်တို့အဖေ) လက်သမား ကိုထွန်းအောင်ကို တစ်ဝက်ဖြတ်စေပြီး ပေးလိုက်ပါတယ်။

ချင်းစကားလေးတွေ နည်းနည်းမှတ်မိပါသေးတယ်။

'ရောအေးဆုံးမော'
(ထမင်းစားပြီးပြီလား။)
'ဇရန်အသွဒင်း'
(ဘာလုပ်နေလဲ)
'အမွိုင်သုတ်'
(သိပ်လှတယ်)
'ဖလာ'
(အပျို)
စတာတွေပါပဲ။

ချင်းပြည်နယ် ဖလမ်းမြို့အကြောင်းတွေ၊ ဆရာတော်ကြီးနဲ့ပတ်သက်တာတွေ၊ ချင်းမိတ်ဆွေတွေနဲ့အတူနေ မြန်မာပြည်က မိတ်ဆွေတွေအကြောင်း စာရေးစရာတွေ အများကြီးရှိပါသေးတယ်။ လူငယ်ဘဝဆိုတော့ အတွေ့အကြုံအမျိုးစုံပါတယ်။

နောက်-စောစောပိုင်းက ပုရောဟိတ် လက္ခဏာဆရာကြီး ဆရာစန္ဒြ ဟောခဲ့တဲ့ (၃၅) နှစ်မှာ မိန်းမကိစ္စတွေ့ရမယ် ဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီး ဟောခဲ့တဲ့အတိုင်း အတိအကျ တွေ့ရကြုံရပါတယ်။ ဒါပေမယ့် ဘုရားယတြာကြောင့် ဘယ်လိုအလှည့်အပြောင်း ဖြစ်သွားတယ် ဆိုတာတွေ ပြောစရာရှိပါသေးတယ်။

ကိုညိုအောင်(ပခုက္ကူ)

(ဒီစာမူရေးဖြစ်အောင် တိုက်တွန်းတဲ့ စေးလာနွယ်သို့ ကျေးဇူးတင်လျက်)



www.burmeseclassic.com

www.burmeseclassic.com

# တန်ခိုးကြီးရုပ်တုတော်များနှင့် နက်နဲလျှို့ဝှက် အသိခက်

## တိုးထက်

### …မုနိရုပ်တုတော်

၁၉၈၈ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့ … စာရေးဆရာကြီးရန်အောင်သည် … ဘုရားဟုလည်းခေါ်သော လာဘ … ရုပ်ပွားတော်မြတ်ကို ရှိခိုးပူဇော်ရင်း … ဘုတော်မြတ်များနှင့် စပ်လျဉ်း … အကြောင်းအရာများကို ဆင်ခြင် … နေပါသည်။ ရုပ်ပွားတော်များ … နက်နဲလျှို့ဝှက် အသိခက်သော … အင်များ ရှိပါသလား။

"ယခု မိမိ၏အိမ်တွင် ကျွန်ုပ် ဖူး … ကန်တော့နေသော ရုပ်တုတော် … ရုပ်ရှင်မင်းသားကျော်ဟိန်း၏ … မှု ဖြစ်ပါသည်" ဟု ဆရာကြီးရန် … က ဆိုပါသည်။ ရုပ်ရှင်လောကမှ … ကြီးဘိုးဘွားများကို ရုပ်ရှင်ကောင် … နှစ်စဉ် ကန်တော့ရာ ထိုကန်တော့ … သက်ကြီးရွယ်အိုများတွင် ဆရာရန် … လည်း ပါပါသည်။ ရန်အောင် … သားသည့် 'အညာသားကလေး' … နှင့် 'အမေ' ဝတ္ထုများကို ရုပ်ရှင်ရိုက် … သည့်အပြင် ဗိုလ်အောင်ဇေယျ၊ မရွှေ … နှောင်းချစ်ရိပ်ဝယ်ဟူသည့် ရုပ်ရှင် … (၃) ကားတွင် လူကြီးဇာတ်ဆောင် … ဆရာရန်အောင် ပါဝင်သရုပ် … ဆောင်ခဲ့သောကြောင့် ရုပ်ရှင်ကောင်စီ … ကန်တော့ပွဲတွင် ကန်တော့ခံ ဖြစ်ရ … ဖြစ်ပါသည်။

၁၉၈၇ ခုနှစ်က ကျင်းပသော ရုပ် … ကောင်စီကန်တော့ပွဲအပြီးတွင် ကန် … တော့ခံပုဂ္ဂိုလ်များအား လာဘမုနိဘွဲ့ … ရှိသည့် ရုပ်တုတော်မြတ်တစ်ဆူစီ … ရုပ်ရှင်သရုပ်ဆောင် ကျော်ဟိန်းက … မှုပြုသဖြင့် ဆရာရန်အောင် ရ … ခြင်း ဖြစ်ပါသည်။ လာဘမုနိ ဟူ … ဘွဲ့တော်ရှိသည့်အတိုင်း ရုပ်တု … တော်ကို ပူဇော်လျှင် လာဘ်လာဘ … စိမ်ဥစ္စာ တိုးတက်ချမ်းသာသည်ဟု … ယုံကြည်ထားကြပါသည်။

ရုပ်တုတော်များတွင် တန်ခိုးအာ … သင် ရှိပါသလော။ ဤပြဿနာအ … ဆရာရန်အောင် ဆက်လက်စဉ်း စားနေမိပါသည်။

### ဘိလပ်ပြန်ဘုရား

ရွှေတိဂုံကုန်းတော်ပေါ်တွင်လည်း ကောင်း၊ ဗိုလ်တထောင်စေတီအနီးရှိ တန်ဆောင်းတွင် လည်းကောင်း၊ အထူး သဖြင့် ဇလွန်မြို့တွင် လည်းကောင်း ပြည်တော်ပြန်ဘုရား၊ ဘိလပ်ပြန်ဘုရား စသည်ဖြင့် ခေါ်ဝေါ်ကြသော ဘုရား ရုပ်တုတော်များ ရှိကြပါသည်။ ထိုရုပ်တု တော်များကို အနောက်နိုင်ငံသားတို့ ယူ ဆောင်သွားကြပြီးနောက် သူတို့နိုင်ငံသို့ ရောက်သောအခါ ရုပ်တုတော်များက-

၁။ ထူးဆန်းသော တန်ခိုးများပြခြင်း၊
၂။ ယူဆောင်သွားသူများ ဒုက္ခအမျိုး မျိုးတွေ့ခြင်း

စသည်များ ကြုံရသဖြင့် မြန်မာ နိုင်ငံသို့ ပြန်ပို့ရခြင်း ဖြစ်ပါသည်။

ဘုရားရုပ်တုတော်များသာလျှင် မက မြန်မာနိုင်ငံမှ ကြေးခေါင်းလောင်း ကြီးတစ်လုံးကို အနောက်နိုင်ငံသားတို့ ယူဆောင်သွားကြပြီးနောက် ထိုခေါင်း လောင်းကြီးကိုမီးပြင်းတိုက်၍ ကျိုသော် လည်း အရည်မဖြစ်ခြင်း၊ ထိုခေါင်း လောင်းကြီးက အလိုလိုအသံတွေထွက် ပြီး မြည်နေခြင်း၊ ယူဆောင်သွားသူ၏





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သားစုတို့ ဘေးဒုက္ခအမျိုးမျိုးရောက် ခြင်း စသည့် ကြောက်ရွံ့ထိတ်လန့်ဖွယ် ဖြာတို့ ကြုံတွေ့ရသဖြင့် မြန်မာ သို့ ပြန်ပို့ကြရပါသည်။

ထိုခေါင်းလောင်းကို ဘိလပ်ပြန် ခေါင်းလောင်းဟုခေါ်ရာ ပြည်မြို့ ရွှေဆံ တော်စေတီကုန်းတော်ပေါ်တွင် ယနေ့ ထိ ရှိပါသည်။

**မီးကွင်းရုပ်တုတော်**

ဆရာရန်အောင်ငယ်စဉ်က ဆင် ပေါင်ဝဲမြို့တွင် နေထိုင်ရာ ဆရာရန် အောင်တို့နေသည့် မြို့မရပ်တွင် တစ်ခါ မီးလောင်ပါသည်။

မီးကြီးသောကြောင့် အိမ်အတော် များများ မီးထဲသို့ ပါသွားပြီး ပြာပုံအတိ ဖြစ်နေပါသည်။

ထူးခြား ဆန်းကြယ် အံ့သြဖွယ် ကောင်းသည်မှာ အိမ်တစ်အိမ်ကို မီး လောင်ထားသည့်ပြာပုံပေါ်တွင် ဒက္ခိဏ သာခါ ရုပ်တုတော်တစ်ဆူသည် မီးမ လောင်ဘဲ အကောင်းပကတိအတိုင်း တွေ့ရခြင်း ဖြစ်လေသည်။

ထိုရုပ်တုတော်မှာ ကြေး၊ သံ တတ်ဘဲ ညောင်သားဖြင့်ထုလုပ်ထား ခြင်းဖြစ်ပါလျက် အဘယ်ကြောင့် မီး လောင်ကျွမ်းသွားခြင်း မရှိသည်ကို တွေးနိုင်အောင် ဖြစ်ကြရသည်။

ထိုဒက္ခိဏသာခါ ရုပ်တုတော်မှာ မီးလောင်သွားသောအိမ်တွင် ကိုးကွယ် ထားသည့်ရုပ်တုတော် ဖြစ်သည်။

**ဖြစ်ရပ်ထူးပေါ်ခြင်းအကြောင်းရင်း**

အထက်တွင် ဖော်ပြခဲ့သည့်အ ကြောင်း ပြည်တော်ပြန်ဘုရား၊ ဘိလပ်ပြန် ဘုရား ဘိလပ်ပြန်ခေါင်းလောင်း၊ မီး ကွင်းသော သစ်သားရုပ်တုတို့ ထူးခြား ဆန်းကြယ် အံ့သြဖွယ်ဖြစ်ကြရသည်မှာ အဘယ်ကြောင့်နည်းဟု အကြောင်းရင်း ရှာမရ ဖြစ်တတ်ကြ၏။ ထို့အတူပင် နက်နဲလျှို့ဝှက် အသိခက်သောကိစ္စတွေ၊ ဖြစ်ရပ်တွေ၊ ပြဿနာတွေ ကမ္ဘာပေါ် တွင် များစွာရှိလေရာ လက်တွေ့၊ မျက် မြင်မှ ယုံကြည် လက်ခံသည်ဆိုသော ဆရာများ အကြောင်းရင်း ရှာမရ သည့်ဖြစ်ရပ်များအနက် အချို့အဝက်ကို ဖော်ပြရလျှင်-

ကောင်းကင်ယံတွင် ဈာန်ပျံသည့် ပုဂ္ဂိုလ်မြတ်များ၊

အနာဂတ်ဖြစ်မည်ကို ကြို၍သိ ခြင်း၊

တစ်စုံတစ်ယောက်သောသူ သုံး စွဲသည့်ပစ္စည်းကို ကိုင်တွယ်ကြည့် ရုံဖြင့် ထိုသူ၏အကြောင်းကို စုံ လင်စွာသိခြင်း၊

၄။ သေတ္တာထဲတွင် ထည့်ထားသည့် ပစ္စည်းကို ဘာပစ္စည်းဟုပြောနိုင် ခြင်း (ဝါ) အမြင်ပေါက်ခြင်း၊

၅။ အိပ်မွေ့ချကာ အရပ်ဝေးသို့ စေ လွှတ်ကြည့်ရှုစေခြင်း၊

၆။ လူကိုမမြင်မတွေ့ရဘဲ ခဲ၊ တုတ် စသည်တို့ဖြင့် ပစ်ခတ်ခြင်း (ပုဏ္ဏ ကတိုက်သည်ဟု ခေါ်ကြ၏။)

စသည့် ဖြစ်ရပ်ထူးများ၏ အ ကြောင်းရင်းကို အနောက်နိုင်ငံ သိပ္ပံ ဆရာတို့ မသိကြချေ။ ထိုသိပ္ပံဆရာတို့ မသိကြခြင်း၏အကြောင်းရင်း ရှိပြန်၏။ ထူးခြားဆန်းကြယ် အံ့သြဖွယ်အဖြစ်ထူး များ၊ နက်နဲလျှို့ဝှက် အသိခက်ပြဿနာ တို့ ဖန်တီးပေးတတ်သည့် အချက်ကြီး များရှိ၏။ ထိုအချက်ကြီးများမှာ-

၁။ စိတ်၏တန်ခိုး (စိတ္တဒ္ဓိပါဒ်) (ဆန္ဒိဒ္ဓိ ပါဒ်)

၂။ ကံ၏အာနိသင်စွမ်းအင် (ကမ္မဇိဒ္ဓိ)

၃။ ရုပ်ထူး, နာမ်ထူး၊ ရုပ်နု, နာမ် နုရှိ၍ ပကတိလူတို့၏ သာမန် မျက်စိဖြင့်မမြင်နိုင်သော ဥပပါတ်ပုဂ္ဂိုလ် သတ္တဝါတို့၏ကူညီစောင်မမှု စသည်များ သည် ဖြစ်ရပ်ထူးများပေါ်ပေါက်အောင် ဖန်တီးပေးတတ်လေသည်။

ယင်းသို့ ဖန်တီးပေးတတ်သည့် အချက်ကြီးများအကြောင်းကို အနောက် နိုင်ငံ သိပ္ပံပညာရှင်တို့ မသိကြသဖြင့် ဖြစ်ရပ်ထူး၏အကြောင်းရင်း ဇာတိ ဇာစ် မြစ်ကို မသိကြခြင်း ဖြစ်သည်။



စာရေးဆရာကြီး ဦးရန်အောင်နှင့် မဟိဒ္ဓိရုပ်တုတော်စင်ရုပ်တု



ဦးတင်အောင်

**မီးကွင်းဓာတ်ပုံ**

၁၉၈၈ ခုနှစ်မှရေတွက်လျှင် လွန် ခဲ့သော (၄) နှစ်၊ ၁၉၈၄ ခုနှစ်က ရန် ကင်းမြို့အနီး ဂွတ္တလစ်ရပ်ကွက်တွင် မီး လောင်သဖြင့် နောက်တစ်နေ့တွင် မီး လောင်ပြင်သို့ ဆရာရန်အောင် သွား ကြည့်ရာ ထူးခြားသောဖြစ်ရပ်တစ်ခုကို တွေ့ရ၏။

ပတ်ပတ်လည် အိမ်အားလုံး မီး လောင်ပြာကျသွားပါလျက် အိမ်တစ်လုံး မှာ မီးမလောင်ဘဲ ကွက်၍ ကျန်ရစ်ခဲ့ သည်ကို တွေ့ရှိရသဖြင့် အိမ်ရှင်အား ဆရာရန်အောင်က မေးကြည့်လိုက် သည်။

"မင်းတို့အိမ်က ထူးဆန်းတယ် ဟေ့၊ ဒီလောက်များတဲ့မီးထဲမှာ မင်းတို့ အိမ်က ကွက်ပြီး ကျန်ခဲ့တယ် ဆိုတော့ ထူးထူးဆန်းဆန်း မင်းတို့အိမ်မှာ ဘာရှိ လို့လဲ"

အိမ်ရှင်က ပြောပြ၏။

"ထူးထူးဆန်းဆန်းရယ်လို့ ပြော စရာကတော့ ဆာဒူးကြီးတစ်ယောက်ရဲ့ ဓာတ်ပုံရှိတာပဲ"

ယင်းသို့ပြောကာ အိမ်ခေါင်းရင်း ဘက်တွင် ချိတ်ထားသည့် ဓာတ်ပုံကို လက်ညှိုးထိုးပြ၏။

"အဲဒါ ဆာဒူးမဟုတ်ဘူးကွ၊ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးထောင်လောက် ကစပြီး မဇ္ဈိမဒေသမှာရှိခဲ့ဖူးတဲ့ သမထ ပေါက်ရသေ့ကြီးတွေထဲက တစ်ယောက် ရဲ့ဓာတ်ပုံ။ တစ်နည်းပြောရရင် ဗြဟ္မာ လောင်းပေါ့ကွယ်"

"အဲဒီ ရသေ့ကြီးက ခုထက်ထိရှိ



www.burmeseclassic.com

www.burmeseclassic.com

သေးလို့ ဓာတ်ပုံရိုက်ယူနိုင်တာလား"

"အဲဒီ ဓာတ်ပုံက လူကိုရိုက်ယူတာ မဟုတ်ဘူးကွ၊ ရုပ်တုကို ရိုက်ယူတာ"

"ဩော်- ဟုတ်လား၊ ဆရာကြီးက ဒီအကြောင်းတွေကို သေသေချာချာ သိတယ်နော်"

"ဟ- မသိဘဲနေပါ့မလား၊ ဒီရသေ့ကြီးရဲ့ရုပ်တုက ငါ့အိမ်မှာရှိနေတဲ့ဟာပဲ"

"အမယ်- ဆန်းလိုက်တာနော်။ ဒီအကြောင်းကို ပြောပြစမ်းပါ ခင်ဗျား၊ ကျွန်တော် သိချင် ကြားချင်လွန်းလို့ပါ"

ဟု မီးမလောင်သောအိမ်၏ အိမ်ရှင်အမျိုးသားက တောင်းပန် မေတ္တာရပ်ခံသဖြင့် အောက်ပါအတိုင်း ဆရာရန်အောင်က ပြောပြပါသည်။

"၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေတုန်း ဂျပန်ခေတ်ကပေါ့ကွယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀) ကျော်ကပဲ။ အဲဒီတုန်းက ငါတို့က ရန်ကုန်အရှေ့ပိုင်း ကရိုလမ်း (ယခု ဗိုလ်မြတ်ထွန်းလမ်း) မှာ နေတယ်။ (၄၈) လမ်းရဲ့အရှေ့ဘက်ကလမ်းပေါ့။ ငါတို့နေတဲ့အိမ်က ကရိုလမ်းက မက်သဒစ်ကျောင်းနဲ့ ကပ်နေတယ်။ မက်သဒစ်ကျောင်းမှာ ဂျပန်စစ်တပ်ချထားတယ်။ အဲဒီ ဂျပန်စစ်တပ်ကို အင်္ဂလိပ်က ဗုံးကြဲတော့ တို့အိမ်နားမှာ ဗုံးမိုးရွာချသလိုပဲ၊ ကြောက်လိုက်တာ မပြောပါနဲ့တော့။

တစ်နေ့မှာတော့ ငါတို့အိမ်ရှေ့မှာ သူငယ်ကလေးတစ်ယောက် ရပ်နေတယ်။ သူ့ပခုံးပေါ်မှာ ရုပ်တုတစ်ခုကို ထမ်းလို့။ ရသေ့ရုပ်တုပေါ့လေ။ ငါ့စိတ်ထဲမှာ ပေါ်လာတယ်။ တချို့ ရုပ်တုတွေဟာ တန်ခိုးရှိတယ်လို့ ကြားဖူးတယ်၊ ဟောဒီ သူငယ်ကလေးထမ်းထားတဲ့ ရုပ်တုဟာ တန်ခိုးရှိတဲ့ ရုပ်တုဖြစ်ရင် ဒီသူငယ်ကလေးက မသိလို့ မရိုမသေလုပ်ပစ်ရင်၊ လုပ်မိရင် ဒီသူငယ်လေး ဒုက္ခရောက်တော့မှာပဲလို့ တွေးမိတယ်။

အဲဒီလို ငါ့စိတ်ထဲမှာပေါ်လာလို့ သူငယ်ကလေးကို ငွေတစ်ဆယ်ပေးပြီး ရုပ်တုကို ယူထားလိုက်တယ်။ သူ့ကို ငါက ရိုရိုသေသေ ထားရတာပေါ့လေ။ ရသေ့ရုပ်တုကို အဘိုးတစ်ယောက်၏ ရုပ်တုပမာ ရိုသေစွာထားပြီး နို့၊ ပန်း၊ ဆီမီး၊ သောက်တော်ရေ စသည်များ တင်ပေး၊ ကပ်ပေးတယ်။

ဒီရုပ်တုရောက်လာလို့ ထူးခြားတာကတော့ ညစဉ်လိုလို အင်္ဂလိပ်က ဗုံးလာကြဲတဲ့အခါ အရင်ကလောက် မကြောက်တော့ဘူး။ အန္တရာယ်မဖြစ်နိုင်ပါဘူးလို့ စိတ်က ထင်လာတယ်။ စိတ်ထဲ သတ္တိတွေ အလိုလိုရှိလာတယ်။

အင်္ဂလိပ်နဲ့ဂျပန် စစ်စဖြစ်တာက ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့။ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလကျတော့ နှစ်တစ်ပတ်လည်လက်ဆောင်ဆိုပြီး အင်္ဂလိပ်က ဗုံးအကြီးအကျယ်ချလို့ ရန်ကုန်မြို့ထဲမှာ လူတွေ လုံးဝမရှိသလောက် ဖြစ်သွားတယ်။ ရန်ကုန်မြို့အစွန်အဖျား ပတ်ဝန်းကျင်ကို ပြောင်းရွှေ့သွားကြတယ်။ တို့အိမ်နားမှာ လူလုံးလုံးမရှိသလောက် ဖြစ်နေတော့ ညမှုညတာ စိတ်မချရဘဲ သူခိုး၊ ဓားပြရန် ကြောက်ရတယ်။ ဒါကြောင့် ဗဟန်းကိုပြောင်းမယ် ကြံပေမယ့် စီးစရာယာဉ် ဘာမှမရှိလို့ အခက်တွေ့နေတဲ့အတွက် စီးစရာယာဉ်ရအောင် စမ်းပြီး ဘရသေ့ရုပ်တုကို ဆုတောင်းကြည့်မိတယ်။

အံ့ဩစရာပဲ။ ဆုတောင်းပြီး မကြာမီမှာဘဲ နွားလှည်းတစ်စီးမောင်းလာပြီး တို့မိသားစုကို ဗဟန်းကိုပို့ပေးတယ်။ လှည်းခ နှစ်ကျပ်ပဲယူသွားတယ်။

ဗဟန်းရောက်တော့ နေစရာအိမ်ရှာမတွေ့လို သစ်ပင်ရိပ်အောက်မှာ တစ်ညအိပ်ရတယ်။ ထုံးစံအတိုင်း ဆုတောင်းရပြန်တာပေါ့။ နောက်နေ့ကျတော့ မိတ်ဆွေတစ်ယောက်နဲ့တွေ့ပြီး သူရထားတဲ့ နှစ်ထပ်တိုက်ကျောင်းကြီးမှာ မြောင်းနေရတယ်။ အဲဒီကျောင်းက ဘုန်းကြီးက ရွာတစ်ရွာမှာ သွားနေတယ်။

တို့နဲ့အတူနေတဲ့ မိတ်ဆွေက အရက်သောက်တယ်၊ အမဲသားစားတယ်။ ဒါတွေကို ဘရသေ့ရုပ်တုက မကြိုက်လို့လား မပြောတတ်ဘူး၊ အဲဒီမိတ်ဆွေတို့မိသားစု တခြားပြောင်းသွားကြလို့ ဂျပန်တစ်ခေတ်လုံး အဲဒီ တိုက်ကျောင်းကြီးပေါ်မှာ ငါတို့နေရတဲ့အပြင် စာအုပ်အဟောင်းဆိုင်ဖွင့်ရောင်းတာ သုံးလို့မကုန်နိုင်အောင် ငွေတွေရတယ်။

ဘရသေ့ရုပ်တုကြီး ငါ့ထံရောက်လာတာ အခု နှစ်ပေါင်း (၄၀) ကျော်ပြီဖြစ်လို့ သူ့အကြောင်းကို စုံလင်အောင်ပြောရ၊ ရေးရရင် စာအုပ်ထူထူကြီးတစ်အုပ်လောက်ဖြစ်နိုင်တယ်။ ဒီတော့ အရေးကြီးတဲ့ အချက်လောက်ပဲ အတိုချုပ်ပြောပြမယ်။

၁။ ဆရာဝန်ကြီးတစ်ယောက် ရသေ့ရုပ်တုကို ဆုတောင်းပြည့်လို့ ပထမအကြိမ်မှာ (၃၀၀၀) ကျပ် လှူတယ်။ ဒုတိယအကြိမ်မှာ (၉၀၀၀) ကျပ် လှူတယ်။

၂။ နန္ဒဝန်ဈေးတွင် ဈေးရောင်းနေသည့် လင်မယားနှစ်ယောက် ရသေ့ရုပ်တုထံ လာဆုတောင်းပြီး တစ်သိန်းဆု ထီပေါက်သွားတယ်။

၃။ ပျဉ်းမနား (ယခုနေပြည်တော်) မှ အမျိုးသားတစ်ယောက်ဟာ သူ ရရန်ရှိတဲ့ အကြွေးငွေ (၂၀၀၀၀) ကျပ် ပြန်ရဖို့ သူတော်စင်ရသေ့ ယောဂီကြီးဓာတ်ပုံတွေ့လို့ ဆုတောင်းကြည့်တာ ငွေပြန်ရလို့ သူ ကတိအတိုင်း ငွေ (၂၀၀၀)ကျပ် လှူသွားတယ်။

၄။ ငါ့အမေ ငွေတစ်သောင်းရလို့ ရွှေ ဂုံတိုင်မှာ ရန်အောင်ပုံနှိပ်တိုက်ဖွင့် ဖြစ်တယ်။



ဆရာကြီးဦးရန်အောင်နှင့် သူ၏အိမ်ရှိ သူတော်စင်ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

[redacted]

စစ်ကြီးပြီးသွားလို့ လွတ်လပ်ရေးရတဲ့ခေတ် ၁၉၅၂ ခုနှစ်မှာ မြဝတီမဂ္ဂဇင်း စတင်ထုတ်ဝေမယ်ဆိုတာ ကြားလို့ မြဝတီမဂ္ဂဇင်းတိုက်ကိုသွားပြီး ငါ အလုပ်တောင်းတာ ချက်ချင်းပဲ အလုပ်ရတာဟာလည်း ငါ့အတွက် ထူးခြားချက်ပဲ။

ဒီ သူတော်စင် ရသေ့ရုပ်တုကြောင့်လို့ ငါယုံကြည်တယ်။ ငါကိုယ်တိုင်လည်း ဝင်ငွေ တော်တော်ကောင်းပါတယ်။

စသည်ဖြင့်ပေါ့လေ၊ ပြောမယ်ဆိုရင်တော့ ပြောစရာတွေအများကြီးပဲ။ ...အောင်မြင်တာတွေဟာ မတော်တ... တိုက်ဆိုင်မှုလို့ ပြောချင်ပြောနိုင်...တယ်။ သို့ပေမယ့် ထပ်ကာထပ်ကာ ...မန်များစွာ တိုက်ဆိုင်မှုတွေ ကြုံရ...တော့ သူ့တန်ခိုးလားလို့ ထင်စရာ ဖြစ်...တယ်။

ဒီလိုလေကွာ- တန်ခိုးက္ကဒ္ဒိပါဒ်...တွေ ဘာတွေနဲ့ ပတ်သက်လို့ ဘာမှ...ဘူး၊ ဘာမှမဟုတ်ဘူး ဆိုပြန်ရင်...လည်း အစွန်းရောက်တာပဲ။ ပြောကြတဲ့...အတိုင်း အားလုံး ဟုတ်တာတွေချည်းပဲ ...ဆိုပြန်ရင်လည်း အစွန်းရောက်တာပဲ။

ဒီတော့ မြတ်စွာဘုရားက ကာ...လာမပုဏ္ဏားကိုပြောသလိုပေါ့။

'အယူဝါဒတစ်ခု၊ ကျင့်ဝတ်တစ်ခု...သည် သူတစ်ပါးက ကောင်းသည်ဟု ...ပြောတိုင်း မယုံလေနှင့်။ မိမိကိုယ်တိုင် ...အယူဝါဒ၊ ထိုကျင့်ဝတ်ကို လက်တွေ့ ...ကျင့်ကြံအားထုတ်ပြီး တကယ်အကျိုးရှိ...ကြောင်း ကိုယ်တိုင်သိမှသာလျှင် ထို...အယူဝါဒ၊ ထိုကျင့်ဝတ်ကို ကောင်းသည်...ဟု မှတ်လော့' တဲ့"

အထက်ဖော်ပြပါ စာရေးဆရာ...ကြီးဦးရန်အောင်ကိုယ်တိုင် ပြောပြသွားသော ဆရာကြီးရန်အောင်ကိုယ်တိုင်ကို...စောင့်ရှောက်သွားသော သူတော်...စင် ဘရသေ့ရုပ်တုကြီးမှာ ဆရာကြီး...နေထိုင်သွားရာ ရန်ကင်းမှာ ယခုတိုင်...ရှိနေဆဲ ဖြစ်ပါသည်။

ဆရာကြီးရန်အောင်သည် ကွယ်...လွန်ချိန်အထိ ၎င်းအမြဲထာဝစဉ်ပြုသည့်...၊ သီလ၊ သမထ၊ ဝိပဿနာတို့၏...ကျေးဇူးကြောင့် ရသေ့ကြီး သူ့ထံ...ရောက်လာပြီး အကျိုးပေးခြင်းဖြစ်သည်...ဟု ဆိုနိုင်ပါသည်။ သူတော်စင်ရသေ့...ရုပ်တုကြီးကို လာရောက်၍ ဆုတောင်း...အဓိဋ္ဌာန်ပြည့်သူများမှလျှုဒါန်းကြသည့်ငွေများဖြင့် ယောဂီကြီးအား ရွှေချခြင်း၊ နို့၊ မလိုင်၊ မုန့်၊ သစ်သီး၊ ပန်းမန်၊ ဖယောင်းတိုင်၊ အမွှေးတိုင် စသည်များ အမြဲဝယ်ခြမ်း ကပ်လှူပူဇော်သည့်အပြင် အလှူခံလာသမျှကို လှူဒါန်းခြင်း၊ ဒုက္ခရောက်သူများကို ကူညီခြင်း၊ သက်ကြီးရွယ်အို အဘိုး၊အဘွားများအားလှူဒါန်းခြင်းများ ပြုလုပ်ပါသည်။ ယခုအခါမှာ ဆရာကြီးဦးရန်အောင် မရှိတော့သော်လည်း ဆရာကြီး၏မိသားစုမှ သူတော်စင်ရသေ့ရုပ်တုကြီးကို ဆရာကြီး ကိုးကွယ်ခဲ့သကဲ့သို့ ဆက်လက်ထားရှိပြီး ရသေ့ရုပ်တုထံ ယုံယုံကြည်ကြည်ဖြင့် လာရောက်ဆုတောင်းကြသူများကိုလည်း လက်ခံဆောင်ရွက်ပေးလျက် ရှိပါသည်။

သူတော်စင် ရသေ့ရုပ်တုကြီး၏ ဘွဲ့မှာ မဟိန္ဒရာမုနိ ဖြစ်ပြီး မဟိန္ဒရာမုနိ ဘုရားရှိခိုးကို စာဖတ်သူများအတွက် ဖမ္ဗဒါန ကုသိုလ်ပြုလိုက်ရပါသည်။

**မဟိန္ဒရာမုနိ ဘုရားရှိခိုး**

ဆီရိန္ဒရို၊ တြိလောကိန္ဒရို၊
မဟာဆမုဒ္ဒရ ဉာဏ်ကို
တြိလောကြရ ပရမနန္ဒတို
ဆရပဘူတ ဟိတေဆကို။
တြိလောကိစ္ဆရ မကုတ္တို
ဒရောဆ ဒရိဆ ဒဂျာလုကို
မာရဂျိနို တွမာဂန်တွာ
ဆီရဆမိ ပြတိသျှဋ္ဌတု။

လောကသုံးပါးကို အစိုးရသော၊ မဟာသမုဒ္ဒရာနှင့်တူသည့်ဉာဏ်ရှိသော၊ လောကသုံးပါး၏ အလွန်နှစ်သက်အပ်သော၊ သတ္တဝါအားလုံး၏အကျိုးစီးပွားကို ရှာတတ်သော၊ မာရ်ငါးပါးကိုအောင်တော်မူသော မြတ်စွာဘုရားသည် အမြဲကြွလာ၍ ဦးထိပ်ထက်တော်၌ တည်နေတော်မူပါဘုရား။

တိုးထက်

**မှတ်ချက်-**

မဟိန္ဒရာ ဘိုးဘိုးကြီးထံ ဆုတောင်း အဓိဋ္ဌာန်ပြုကြသူများ အရက်လုံးဝမသောက်ရပါ။ အမဲသားမစားရပါ။ (၃) ရက်၊ (၆) ရက်၊ (၉) ရက် သက်သတ်လွတ်စား၍ အဓိဋ္ဌာန်ပြုသူများ ဆုတောင်းပိုပြည့်ပါသည်။

သူတော်စင်ရသေ့ကို ဖူးမြော်လို၍ ဖြစ်စေ၊ ဆုတောင်းအဓိဋ္ဌာန်ပြုလို၍ ဖြစ်စေ တိုက် (၁၇)၊ အခန်း (၂၃)၊ ရွှေအုန်းပင်အိမ်ရာ၊ အနောက်ရန်ကင်း (၅) ရက်ကွက်၊ ရန်ကင်းမြို့နယ်သို့ လာရောက်ပူဇော်နိုင်ပါသည်။

# ပဒိုင်းသီး စားသုံးမိခဲ့လျှင် အဆိပ်ဖြေနည်း

ဆုပ်လည်းစူး၊ စားလည်းရူး ဟူသော ဆိုရိုးစကားသည် ပဒိုင်းသီးကို ရည်ရွယ်၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ပဒိုင်းသီးသည် ဆူးများရှိ၍ လက်ဖြင့်ဆုပ်ကိုင်မိလျှင် လက်ကို ဆူးများစူးစေပြီး အသီးကိုစားမိပြန်လျှင်လည်း ရူးစေတတ်ပါသည်။

ဤပဒိုင်းသီးအား မသိ၍ဖြစ်စေ၊ ကလေးငယ်များဖြစ်စေ စားသုံးမိခဲ့လျှင် ကန်စွန်းရွက်ကိုညှစ်၍ရသောသတ္တုရည်နှင့် ထန်းလျက်ကိုရော၍တိုက်ပေးပါ။ မသက်သာသေးလျှင် ကန်စွန်းရွက်သတ္တုရည်နှင့် မြေကြီး (မည်သည့်မြေကြီးမဆို)အား လိုသလောက်ရေဖျော်၍ တိုက်ပေးပါ။ သုံးကြိမ်ထက်မနည်းတိုက်ပေးသင့်သည်။

မကြာမီ ပဒိုင်းသီးစားမိသောအဆိပ်များပြယ်၍ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။ ဤဆေးနည်းအား ပဒိုင်းသီးစားမိသူကို ကိုယ်တိုင် ဆေးတိုက်ခဲ့၍ သက်သာ ပျောက်ကင်းခဲ့ကြောင်း ဆေးနည်းပေးသူ ဆရာတော်မှ ပြောပြခဲ့ပါသည်။ အရေးကြုံလျှင် အလွယ်တကူ အသုံးပြုနိုင်ရန် ဖော်ပြပေးလိုက်ပါသည်။

*(ဤဆေးနည်းအား မိန့်ကြားခဲ့သော မွန်ပြည်နယ် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းမှ စာချဆရာတော် ဦးပညာစာရအား အမှတ်တရ)*

*လောကုတ်၊ လောကီ နှစ်လီအကျိုး ပွားတိုးစည်ပင်နိုင်ကြပါစေဟု ထာဝစဉ်ဆန္ဒပြုလျက်*

မိုးစက်အဏ္ဏဝါ (ရောဝတီ)



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကိုဖြူအောင်ထား

## ချောင်းဆုံအုန်းသွင်



"ကဲ- ဒီနေ့ စတုတ္ထအကြိမ် ကျွန်တော် ဆွေးနွေးဖို့ အလှည့်ရောက်လာပြန်ပြီ။ ယောဂီအားလုံးဟာ အသက်အရွယ်လည်းရကြပြီး ဝိပဿနာတရား ဗဟုသုတလည်း အသင့်အတင့်ရှိကြသူများ ဖြစ်ကြပါတယ်။ တရားစခန်းလည်း တစ်ကြိမ်မက ရောက်ဖူးကြသူများ ဖြစ်ပါတယ်။ ဒီအထဲမှာ အစ်ကိုကြီး ဦးဝင်း ဆိုရင် မင်းလွင်ကုန်းမှာ (၁၀)နှစ်ကျော် တစ်ကိုယ်တည်း တောထဲ တရားကျင့်ခဲ့သူ ဖြစ်ပါသည်။ အဲဒီမတိုင်ခင်ကလည်း သန်လျင်တောရမှာ (၃)နှစ် တရားအားထုတ်ခဲ့ပါတယ်။ ဒါကြောင့် အစ်ကိုကြီးရဲ့အတွေ့အကြုံ ဗဟုသုတဟာ တန်ဖိုးရှိလှပါတယ်။ အခြားယောဂီများရဲ့ဆွေးနွေးချက်တွေကလည်း အကျိုးများစေပါတယ်။ ဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ဆွေးနွေးချက်ဟာ 'နာဖူးထပ်မံ' အဖြစ် ကြားနာရပြီး အားလုံးအတွက် အကျိုးများစေပါတယ် ဆိုတာကို ရှေးဦးစွာ ပြောကြားလိုပါတယ်။ ဒီတော့ ကျွန်တော့်ဆွေးနွေးချက်ကိုလည်း 'နာဖူးထပ်မံ' လို့ပဲ သဘောထားကြပါလို့။

နိဗ္ဗာန်ရောက်ဖို့ ကျင့်ရတဲ့အကျင့်တရားက (၃) ပါးပဲ ရှိတယ်လို့ သာသနာ့တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်က ဟောကြားပါတယ်။ အဲဒါတွေက-

၁။ ကုသိုလ်တရားကို ပိတ်ဆို့ထားတဲ့ နီဝရဏတရား (၅)ပါးကို ဖယ်ရှားခြင်း၊

၂။ သတိပဋ္ဌာန်တရား(၄)ပါးအပေါ် စူးစိုက်ရှုမှတ်ခြင်း၊

၃။ ဗောဇ္ဈင် (၇) ပါး မြတ်တရားဖြင့်ပွားများအားထုတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

နီဝရဏတရား (၅) ပါး ဆိုတာ-

၁။ အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုသာ ခံစားလိုခြင်း လောဘ ဆိုတဲ့ ကာမစ္ဆန္ဒနီဝရဏ၊

၂။ အမျက်ဒေါသထွက်ခြင်း ဆိုတဲ့ ဗျာပါဒနီဝရဏ၊

၃။ ထိုင်းမှိုင်းငိုက်မျဉ်းခြင်းဆိုတဲ့ ထိနမိဒ္ဓနီဝရဏ၊

၄။ စိတ်ပျံ့လွင့်ခြင်း ဆိုတဲ့ ဥဒ္ဓစ္စနီဝရဏ၊

၅။ ရတနာသုံးပါး ဂုဏ်ကျေးဇူးအပေါ် သို့လော သို့လော တွေးတောယုံမှားခြင်း ဆိုတဲ့ ဝိစိကိစ္ဆာနီဝရဏတို့ ဖြစ်ပါတယ်။

အရှင် ဩဘာသာဘိဝံသရဲ့ သုတေသနသရုပ်ပြအဘိဓာန်မှာတော့-

၆။ အမှန်ကိုမသိတတ်ခြင်း ဆိုတဲ့ အဝိဇ္ဇာနီဝရဏ ဆိုတာကိုထည့်ပြီး နီဝရဏတရား (၆) ပါးလို့ ပြထားပါတယ်။

ဒီမှာ အချို့က အမှတ် (၃) နဲ့ အမှတ် (၄) ကို ပေါင်းပြီး (၃) ထိနမိဒ္ဓ ဥဒ္ဓစ္စ ဆိုပြီး ပြတယ်။ အမှတ် (၄) နေရာမှာ စိုးရိမ်ပူပန်ကြောင့်ကြခြင်းဆိုတဲ့ ကုက္ကုစ္စနီဝရဏလို့ ပြပါတယ်။ တကယ်တော့ ဒါတွေဟာ ကိလေသာတရားတွေပါပဲ။ ကိလေသာ ရေသောက်မြစ်ကြီး (၃) ခု ဖြစ်တဲ့-

၁။ လောဘ၊

၂။ ဒေါသ၊

၃။ မောဟတို့ပဲ ဖြစ်ပါတယ်။

ကာမစ္ဆန္ဒက- လောဘ။ ဗျာပါဒ၊ ကုက္ကုစ္စတို့က- ဒေါသ။ ထိနမိဒ္ဓ ဥဒ္ဓစ္စ အဝိဇ္ဇာ၊ ဝိစိကိစ္ဆာတို့က မောဟလို့ ယူဆမိပါတယ်။ ကျွမ်းကျင်သူတွေက ဆီလျော်ရာသုံးသွားတဲ့သဘော ဖြစ်ပါလိမ့်မယ်။ အဲဒီ နီဝရဏတရားတွေ ကင်းအောင် လုပ်ရပါမယ်။

ကျွန်တော်တို့ ဝိပဿနာတရားအားထုတ်ကြတဲ့ တစ်ခုတည်းသောရည်ရွယ်ချက်က သံသရာကလွတ်မြောက်ဖို့ပဲ ဖြစ်ပါတယ်။ အဲဒီအတွက် အဓိကအရေးအကြီးဆုံးအချက်ကတော့ သမ္မာဒိဋ္ဌိအမြင်ရှိဖို့ပါပဲ။ အမြင်ဆိုတာ မျက်စိနဲ့မြင်တာကိုပြောတာ မဟုတ်ပါဘူး။ ဉာဏ်နဲ့မြင်တာ, သိတာကို ပြောတာပါ။ ဒါကို သိမြင်ခြင်းလို့လည်း တွဲပြီးသုံးကြပါတယ်။ သမ္မာဒိဋ္ဌိအမြင်ဆိုတာ မှန်ကန်တဲ့အမြင် ဖြစ်ပါတယ်။ မှန်ကန်တဲ့အမြင်ဟာ ဘယ်လိုအမြင်လဲ ဆိုတော့ ကောင်းမှုပြုရင် ကောင်းကျိုးရပြီး မကောင်းမှုပြုရင် မကောင်းကျိုးရမယ် ဆိုတဲ့ ကံ,ကံရဲ့အကျိုးကို ယုံကြည်ခြင်းပါ



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတို့ရဲ့ ကိုယ်ပိုင်ဥစ္စာဟာ ကံသာ ဖြစ်တယ်။ သံသရာအစ,အဆုံး ကြပ်မကွာ ကိုယ်နဲ့ပါတာ ကံတစ်ခုပဲရှိတယ်လို့ သိမြင်ခြင်းဟာ သမ္မာဒိဋ္ဌိ အမြင်ပါပဲ။

အဲဒီ ကံ,ကံရဲ့အကျိုးကို ယုံကြည်ခြင်း ဆိုတဲ့ သမ္မာဒိဋ္ဌိကို ရှင်သန်ကြီးထွားအောင် လိုအပ်တဲ့ ပံ့ပိုးမှုတွေနဲ့ ဆည်း ထောက်ပံ့ရပါဦးမယ်။ ရှေး စွာ သုတဆိုတဲ့ အထောက်အပံ့လိုပါတယ်။ သုတ ဆိုတာ အကြားအမြင်၊ အတွေ့အကြုံလို့ ဆိုနိုင်ပါတယ်။ ဗဟု များသော၊ သုတက အကြားအမြင်ပေါ့။ ဒီအကြားအမြင် ဗဟုသုတကို ယ်ကရမလဲ။ အကျဉ်းအားဖြင့်တော့ ရားနာခြင်း၊ တရားစာဖတ်ခြင်းတို့က ပါတယ်။ တရားများများနာ၊ တရား များများဖတ်ရင် သုတများများရတာ ။ ဒါပေမယ့် ဒါနဲ့လည်း မလုံလောက်သေးဘူး။ ပံ့ပိုးမှု လိုသေးတယ်။ ဘာကြောင့်လဲဆိုတော့ တရားနာရာမှာဖြစ်စေ တရားစာဖတ်ရာမှာဖြစ်စေ ကျွန်တော်တို့ နားမလည်တာ, မရှင်းလင်းတာတွေ ရှိတတ်ပါတယ်။ ဒီအခါမှာ ရေးသူကို ဖြစ်စေ၊ ဟောသူကို ဖြစ်စေ မြန်းဖို့ အခွင့်မသာတဲ့အခါ အခြား နဲ့သိဖို့ လိုအပ်လာပါတယ်။ အဲဒီ ကာလေန ဓမ္မသာကစ္ဆာ' ဆိုတဲ့ သုတ်လာ ဘုရားဟောထားတဲ့အ 'တရားဆွေးနွေးခြင်း' ဆိုတဲ့ အ ထောက်ပံ့လိုလာပါတယ်။ ဒါကြောင့် ရားဆွေးနွေးခြင်း ဆိုတာ အလွန် မဖြစ်၊ မလုပ်မဖြစ်) လိုအပ်တဲ့အ ပါ။ ဒါပေမယ့် ဒီနေရာမှာပဲ ဆန့် ဘက်အကျိုး ကောင်းကျိုးထက် ကျိုးရနိုင်တာကို သတိကြီးစွာထား မယ်။

ဘာကြောင့်လဲဆိုတော့ တရား ဆွေးနွေးတယ်ဆိုပြီး ဒေါသနဲ့ ငြင်းကြ ကြလို့ ဖြစ်ပါတယ်၊ ငြင်းခုံတတ်လို့ ပါတယ်။ ဒါကို ဦးပုညက 'ဘုရားမ ကြိုက်တဲ့လူစု' ဆိုပြီး စာဖွဲ့ထားတာရှိ ပါတယ်။ ဘာကြောင့် ငြင်းခုံကြသလဲ။

တရားဟောသူ၊ တရားစာရေးသူ များဟာ တရားမှာ ကျွမ်းကျင်သိမြင်သူ များ ဖြစ်ကြပါတယ်။ ဒါပေမယ့် သူတို့ ရေးကြ၊ ဟောကြတဲ့တရား (တရားတစ် စာတစ်အုပ်) မှာ သူတို့သိထားတာ အားလုံးကို ရေးလို့၊ ဟောလို့ မရပါဘူး။ သင့်တော်သလောက် အစိတ်အပိုင်းတစ်ခုကိုပဲ ရေးရ၊ ဟောရပါတယ်။ အဲဒီမှာ သုံးရတဲ့ ဝေါဟာရတွေဟာ အကြောင်းအရာကိုလိုက်ပြီး ပရိယာယ်တွေ ရှိပါတယ်။ စကားတစ်လုံးကို အဓိပ္ပာယ် တစ်မျိုးမက ဖွင့်ဆိုလို့ ရတယ် ဆိုတဲ့ သဘောပေါ့။ ဒီနေရာမှာ ဒီစကားလုံးကို ဒီလိုတွေ့ထားသူနဲ့ ဟိုနေရာမှာ ဟိုလိုတွေ့ထားသူ ဆုံတော့ ကိုယ့်ဘက်က ကိုယ်ရပ်ပြီး ငြင်းခုံကြတာပေါ့။ ဒါကို ပညာရှိများက 'မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်စမ်းတဲ့ ဥပမာ' နဲ့ နှိုင်းကြပါတယ်။ ပြီးတော့ လူနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်၊ စာရွက်ဖြူကြီးတစ်ရွက် ရှေ့ချ၊ တစ်ယောက်က မင်သုတ်ထားတဲ့ စုတ်တံကြီးကိုင်၊ ပြီး- ကကြီး ဆိုတဲ့ စာလုံးကို အကြီးကြီးရေး၊ ပြီးတော့ မျက်နှာချင်းဆိုင်ကလူကို 'ဘာစာလုံးလဲ' လို့ စာရွက်ကို ပြားလျက်ချထားပြီး မေးရင် မျက်နှာချင်းဆိုင်လူက 'ယပက်လက်' လို့ ဖြေလိမ့်မယ်။ ဒီတော့ ရေးသူက 'ကကြီး ပုတ်လောက် ရေးပြတာကို ယပက်လက်ဖတ်တဲ့လူ နလပိန်းတုံးပဲ' လို့ပြောတော့ ထထိုးကြရုံ ရှိတာပေါ့။ ဘယ်သူမှားသလဲ၊ ဘယ်သူမှ မမှားဘူး။ သူ့ဘက်ကသူ မှန်နေတာပဲ။ ဒီတော့ ဓမ္မသာကစ္ဆာဟာ ကကြီးကို ကကြီးလို့လည်း မြင်နိုင်အောင်၊ ယပက်လက်လို့လည်း မြင်နိုင်အောင် ရည်ရွယ်ချက်ထားပြီး သူ့အသိ၊ သူ့အမြင်၊ ဗဟုသုတနဲ့ ကိုယ့်အသိ၊ ကိုယ့်အမြင်၊ ကိုယ့်ဗဟုသုတ ဖလှယ်ပြီး ဓမ္မဗဟုသုတပွားအောင် ဆွေးနွေးကြဖို့ လိုအပ်ပါတယ်။ အခုတစ်လနီးပါးရှိလာတဲ့ ကျွန်တော်တို့ဝိုင်းမှာ ဒီရည်ရွယ်ချက် အောင်မြင်နေပါတယ်။ ဒါကို ဆက်လက် ထိန်းသိမ်းသွားကြရအောင်ပါ။

ကျွန်တော်တို့အဆင့်ဟာ မျက်မမြင်ပုဏ္ဏား (၆) ယောက်အဆင့်ပဲ ရှိတယ် ဆိုတာကို အမြဲ သတိချပ်ဖို့လိုပါတယ်။ မိမိကိုယ်မိမိ အမြဲ သတိပေးနေရပါမယ်။

ဒီလို ဖတ်ရှုလေ့လာ ကြားနာမှတ်သားခြင်း၊ ဆွေးနွေး ပွားများခြင်းတို့နဲ့ သမ္မာဒိဋ္ဌိအမြင်ကို ရှင်သန် ကြီးထွားအောင် ပြုစုပျိုးထောင်ရပါမယ်။ ပြီးတော့ ဒီလို အမြတ်တနိုး ပြုစုပျိုးထောင်ထားတဲ့ သမ္မာဒိဋ္ဌိအပင်ကို ဖျက်ဆီးတတ်တဲ့ အန္တရာယ်များကိုလည်း ကာကွယ်ရပါတယ်။ တိရစ္ဆာန်တွေမဝင်နိုင်အောင် ပျိုးထားတဲ့၊ စိုက်ထားတဲ့ အညွန့်အညှောက်တက်လာပြီး အပင်ဖြစ်လာတဲ့ သစ်ပင်ကို ခြံခတ်ပြီး ကာကွယ်ရသလို၊ ပေါင်းပင်တွေကာကွယ်ရသလို၊ ပိုးမကျနိုင်အောင် ပိုးသတ်ဆေးဖျန်း ကာကွယ်ရသလို သီလပျက်ခြင်းဖြင့် ပျက်စီးမယ့် အန္တရာယ်ကိုလည်း ကာကွယ်ရပါတယ်။ သီလဝိသုဒ္ဓိ ဖြစ်နေအောင် အမြဲသတိထား စောင့်ထိန်းရပါမယ်။

စိုက်ပျိုးထားတဲ့သစ်ပင်ကို ခြံခတ်ပေးရုံ၊ ပိုးသတ်ဆေးဖျန်းပေးရုံနဲ့ ဒီသစ်ပင်၊ ပျိုးပင်က ရှင်သန်ကြီးထွားလာမှာ မဟုတ်ဘူး။ သူ့ကို ရေလောင်းရတယ်၊ မြေသြဇာကျွေးရပါတယ်။ ဒီမှာ တစ်ခု သိထားဖို့က လောကမှာ စိုက်လို့ ရှင်ဖို့ခက်ခဲတဲ့အပင်နဲ့ သတ်လို့ သေဖို့ခက်ခဲတဲ့အပင်ရယ်လို့ ရှိပါတယ်။ ရှင်ဖို့ခက်ခဲတဲ့အပင်က အဖိုးတန်တဲ့ အသီး၊ အပွင့် စတာတွေကို ပေးစွမ်းတဲ့အပင်မျိုးဖြစ်ပြီး သေဖို့ခက်ခဲတဲ့၊ သတ်ဖို့မလွယ်တဲ့အပင်တွေကတော့ အဖိုးတန်အပင်ကို ဖျက်ဆီးမယ့် ပေါင်းပင် စတာတွေပါပဲ။

အဲဒီလိုပဲ ပုထုဇဉ်သားတွေမှာ ကုသိုလ်စိတ်ကိုမွေးမြူရခက်သလောက် အကုသိုလ်စိတ်က အလွန်အဖြစ်လွယ်ပါတယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိကို ဖျက်ဆီးမယ့် အကုသိုလ်စိတ်ကို သီလနဲ့ကာကွယ်ရပါမယ်။ ပြီးတော့ ဆက်လက်ရှင်သန် ကြီးထွားလာဖို့ ပျိုးပင်ကို ရေလောင်း၊ မြေသြဇာကျွေးရသလို သမ္မာဒိဋ္ဌိကိုလည်း ဘာဝနာတရားများနဲ့ ရှင်သန်ကြီးထွားစေရပါမယ်။ ဘာဝနာက (၁) သမထဘာဝနာနဲ့ (၂) ဝိပဿနာဘာဝနာရယ်လို့ နှစ်မျိုး ရှိပါတယ်။

သထမဘာဝနာ ဆိုတာက အားလုံးသိကြတဲ့အတိုင်း အာရုံတစ်ခုခုပေါ်မှာ စူးစိုက်ရှုမှတ်ပြီး စိတ်ကိုတည်ငြိမ်အောင်ထားခြင်းပဲ။ အဲဒီကမှ သမာဓိရမှာ။ သမာဓိမရဘဲ ဝိပဿနာဉာဏ်မဖြစ်ဘူးလို့ ဘုရားဟောထားတာမို့ သမာဓိရအောင်လုပ်ရပါမယ်။

သမာဓိ မရဘဲ ဝိပဿနာဉာဏ်အမြင်ကို မရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဝိပဿနာဉာဏ်အမြင်ကို ဖြစ်စေနိုင်တဲ့ ပကတိ ဖြူစင်နေတဲ့စိတ်ကို ကိလေသာ အညစ်အကြေးတွေက ဖုံးပိတ်ထားလို့ပဲ။ စောစောကပြောခဲ့တဲ့ နီဝရဏတရား(၅)ပါး ကိလေသာတရားရဲ့အကျဉ်းက ဖုံးပိတ်ထားလို့ပါပဲ။ ကိလေသာတရား (၁၀) ပါး ရှိပါတယ်။ အားလုံးသိပြီးမို့ အကျယ်မပြောတော့ပါဘူး။ အကျဉ်းအားဖြင့်တော့-



www.burmeseclassic.com

www.burmeseclassic.com

၁။ လောဘ၊
၂။ ဒေါသ၊
၃။ မောဟ၊
၄။ မာန၊
၅။ ဒိဋ္ဌိ၊
၆။ ဝိစိကိစ္ဆာ၊
၇။ ထိန၊
၈။ ဥဒ္ဓစ္စ၊
၉။ အဟိရိက၊
၁၀။ အံနောတ္တပ္ပ တို့ ဖြစ်ပါတယ်။

ဒီမှာ အဘိဇ္ဈာ၊ ဗျာပါဒ၊ ကုက္ကုစ္စ၊ ဣဿာ၊ မစ္ဆရိယတို့ကို ထပ်ပေါင်းပြီး စိတ်ညစ်ညူး (နွမ်း) ကြောင်းတရားလို့ ခေါ်ပါတယ်။ မကြာခဏကြားဖူးပြီး အနက်အဓိပ္ပာယ်ကိုလည်း သိပြီးသားတွေပါ။ အဲဒါတွေကို ဖယ်ရှားဖို့ရာ သမထတရား ပွားများရပါတယ်။ သမထရဲ့အဓိပ္ပာယ်ဟာ ကိလေသာကို ငြိမ်းအေးစေခြင်းပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ အာရုံတစ်ခုကို သမာဓိရတဲ့အထိ စွဲမြဲရှုမှတ်ပြီးမှ လက္ခဏာတင်ပြီး ဝိပဿနာပွားများတဲ့ သမထယာနိကနည်းနဲ့ အာရုံကို တစ်ခါတည်း လက္ခဏာတင် ရှုမှတ်ပွားတဲ့ ဝိပဿနာယာနိကနည်း ဆိုပြီး နှစ်နည်းရှိတယ်လို့ မှတ်သားရပါတယ်။ ဘယ်နည်းနဲ့ပွားများ ပွားများ၊ လုံလောက်တဲ့ သမာဓိရပြီးမှ ဝိပဿနာဉာဏ်ဖြစ်ပါမယ်လို့ ကြားနာမှတ်သားထားပါတယ်။

သမထဘာဝနာကို သတိပဋ္ဌာန်လေးပါးနဲ့ ပွားများရပါမယ်။

တစ်ခါက အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးက မြတ်စွာဘုရားကို-

"အရှင်ဘုရား၊ ပွင့်တော်မူပြီးကြတဲ့ အဆူဆူသော မြတ်စွာဘုရားများဟာ နီဝရဏတရားကို ဖယ်ရှားခြင်း၊ သတိပဋ္ဌာန် လေးပါးကို ပွားများခြင်း၊ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများခြင်းဖြင့်သာ ဘုရားအဖြစ်ကို ရောက်တော်မူကြခြင်း ဖြစ်ပါတယ် ဘုရား"

လို့ လျှောက်ထားသတဲ့။

မြတ်စွာဘုရားက-

"သာရိပုတ္တရာ၊ သင့်စကားက ကြီးကျယ်လွန်းလှတယ်"

လို့ ပြန်လည်မိန့်ကြားတော်မူသတဲ့။ ထိုအခါ ရှင်သာရိပုတ္တရာက-

"တံခါးတစ်ပေါက်တည်းရှိတဲ့မြို့ရိုးနဲ့ ဝင်းခတ်ထားတဲ့မြို့ထဲမှာ နေကြသူများ အားလုံးဟာ ထိုတံခါးတစ်ပေါက်တည်းကသာ ဝင်ကြ၊ ထွက်ကြရမှာဖြစ်သလိုပါပဲ ဘုရား"



လို့ ပြန်လည် လျှောက်ထားကြောင်း တစ်ခါကနာရဖူးတဲ့ သာသနာ့တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ရဲ့ တရားတော်ကို မှတ်သားမိသလောက် ကောက်နုတ်တင်ပြခြင်း ဖြစ်ပါတယ်။

ဒီတော့ သတိပဋ္ဌာန်တရား လေးပါးနဲ့ပဲ သမာဓိရအောင် သမထဘာဝနာ ပွားများရမှာ ဖြစ်ပါတယ်။ သတိပဋ္ဌာန် လေးပါးဆိုတာ-

၁။ ကာယနုပဿနာ- ကိုယ်အမူအရာကို ရှုမှတ်ခြင်း၊
၂။ စိတ္တနုပဿနာ- စိတ်အမူအရာ, စိတ်အစဉ်ကိုရှုမှတ်ခြင်း၊
၃။ ဝေဒနာနုပဿနာ- ခံစားမှုကို ရှုမှတ်ခြင်း၊
၄။ ဓမ္မာနုပဿနာ- အထက်ပါ (၃) မျိုးမှအပ ကျန်ရှိသမျှအာရုံများကို ရှုမှတ်ခြင်းတို့ ဖြစ်ပါတယ်။

ဝင်လေ, ထွက်လေပဲ မှတ်မှတ်၊ ဖောင်း,ပိန်ကိုပဲ မှတ်မှတ် ကာယနုပဿနာပါပဲ။ ထိတယ်၊ ထိုင်တယ်၊ လျှောက်တယ် စတာတွေ အားလုံးပေါ့။ ခန္ဓာကိုယ်နဲ့ ပတ်သက်တဲ့ ဖြစ်ပျက်လှုပ်ရှားမှုကို ရှုမှတ်တာပေါ့။

စိတ်ရောက်၊ စိတ်သွား၊ စိတ်ကူး၊ စိတ်သန်း၊ ကုသိုလ်စိတ်၊ အ,ကုသိုလ်စိတ် စတဲ့ စိတ်ဖြစ်သမျှကို ရှုမှတ်တာက စိတ္တနုပဿနာပေါ့။ မဟာစည်ဆရာတော်ကတော့ ရှေ့စိတ်ကသူခိုး၊ နောက်စိတ်က ပုလိပ်လို့ သဘောထားပြီး သူခိုးလှုပ်ရှားမှုမှန်သမျှ ပုလိပ်ကသိပြီး ဖမ်းနိုင်ရင် သူခိုး မခိုးနိုင်တော့သလို ရှေ့စိတ်က စိတ်ကူးသမျှကို နောက်စိတ်က သိနေရင် စိတ်ဟာ ဒုစရိုက်နယ်ပယ်ကို မသွားနိုင်တော့ဘူးလို့ မိန့်ကြားပါတယ်။

စိတ်ဖြစ်သမျှ အကုန်သိအောင် မှတ်နေဖို့ပါပဲ။

ဝေဒနာနုပဿနာကတော့ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ ခံစားမှုကို ရှုမှတ်ဖို့ပါပဲ။ ချမ်းသာခြင်း ဆိုတဲ့ သုခဝေဒနာ၊ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခဝေဒနာ၊ ချမ်းသာလည်း မဟုတ်, ဆင်းရဲလည်း မဟုတ်တဲ့ ဥပေက္ခာဝေဒနာ ဆိုပြီး ဝေဒနာသုံးမျိုး ရှိပါတယ်။ တရားရှုမှတ်နေတဲ့အခါမှာပဲ တစ်ခါတစ်ရံ နေလို့ထိုင်လို့ အဆင်ပြေနေ၊ ချမ်းသာနေတဲ့ အခါမျိုး ရှိတတ်ပါတယ်။ ထိုင်တာကြာတော့ ညောင်းညာကိုက်ခဲပြီး မခံသာတဲ့ ဝေဒနာ၊ ဆင်းရဲတဲ့ခံစားမှု ဒုက္ခဝေဒနာတွေလည်း ပေါ်လာတတ်ပါတယ်။ တစ်ခါ တစ်ခါတော့ အဲဒီနှစ်မျိုးရဲ့အကြားဖြစ်တဲ့ ချမ်းသာလည်းမသိသာ၊ ဆင်းရဲလည်းမသိသာတဲ့ ခံစားချက်မျိုးနဲ့ နေရတာလည်း ရှိတတ်ပါတယ်။ အဲဒီ ဖြစ်ပေါ်နေတဲ့ဝေဒနာကို ဖြစ်ပေါ်နေတဲ့အတိုင်း ရှုမှတ်နေခြင်းပါပဲ။

ဓမ္မာနုပဿနာ ဆိုတာကတော့ ပြောပြီးခဲ့တဲ့သုံးမျိုးမှအပ ဖြစ်ပေါ်၊ ထိသိ၊ တွေ့ရှိသမျှ အာရုံအားလုံးကိုရှုမှတ်ခြင်း ဖြစ်ပါတယ်။ ကာယ၊ စိတ္တ၊ ဝေဒနာများကိုရှုမှတ်နေစဉ် အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့ စတာတွေ ဖြစ်ပေါ်လာတတ်တယ်။ အဲဒါကိုလည်း မလွတ်တမ်း ရှုမှတ်ရပါတယ်။

အဲဒီလို ရှုမှတ်နေခြင်းအားဖြင့် သမာဓိ မရမီ လတ်တလောရရှိနေတဲ့ အကျိုးကျေးဇူးကတော့ လောဘ ဖြစ်စရာတွေပေါ်ပေါက်လာလည်း လောဘနောက်ကို မလိုက်မိတော့ဘူး။ ဒေါသဖြစ်စရာတွေပေါ်လာလည်း ဒေါသနောက်ကို မလိုက်မိတော့ဘူး။ မောဟလည်း ဖြစ်မနေဘူး။ သမာဓိ မရခင် ခေတ္တ ကိလေသာငြိမ်းနေချိန်လို့ ဆိုနိုင်တာပေါ့။ ဒါပေမယ့် သမာဓိမရသေးတော့ လွတ်လွတ်ထွက်သွားတတ်သေးတာပေါ့။ ဘာပဲဖြစ်ဖြစ်၊ ရသလောက် အချိန်ကလေးကတော့ တန်ဖိုးမဖြတ်နိုင်တဲ့အချိန်ပါပဲ။

ကုသိုလ်ကောင်းမှုကို ပိတ်ဆို့တတ်တဲ့ နီဝရဏတရားများကို ဖယ်ရှားပစ်ပြီး စိတ်ကိုဖြူစင်စေပြီး သတိပဋ္ဌာန်လေးပါးဖြင့် သမထဘာဝနာကို ပွားများပြီး သမာဓိထူထောင်ရပါမယ်။ အဲဒီမှာ ဗောဇ္ဈင် (၇) ပါး မြတ်တရားကိုလည်း ပွားများအားထုတ်ရပါမယ်။ အားလုံးသိကြတဲ့အတိုင်း ဗောဇ္ဈင် (၇)

www.burmeseclassic.com

www.burmeseclassic.com

# အရိုးနင်ခြင်း ပျောက်စေသောဂါထာ

## ညွန့်ဝင်း(နတ်တလင်း)

ကျွန်တော်တို့ဟာ ထမင်းစားနေ
တုန်း အရိုးနင်ရင် အင်မတန် ဒုက္ခရောက်
တယ်။ လူလည်း မသက်မသာခံစားရ၊
ထမင်းစားလည်းပျက်ရတယ်။ အရိုး ဆို
တာ သေသေချာချာကြည့်ပြီး ဖယ်ထွင်
စားနေတဲ့ကြားက စူးချင်စူးတာ။ ဟင်း
ထဲမှာ အရိုးမကင်းတတ်ပေမယ့် များ
သောအားဖြင့် အရိုးစူးတတ်၊ နင်တတ်
တာက ငါးဟင်းပါပဲ။ ဒါကြောင့် အချို့
ဆိုရင် ငါးဟင်းကိုမစားဘူးတဲ့။ မကြိုက်
လို့ မစားတာထက် အရိုးကိုကြောက်လို့
မစားကြတာ များပါတယ်။

ကျွန်တော်လည်း ငါးဟင်းဆိုရင်
အရိုးပျောက်ပဲဖြစ်ဖြစ်၊ အသားထွင်ပြီး
ငါးမွှချက်ပြီးဖြစ်ဖြစ် လုပ်ပေးမှ စား
တယ်။ ဘဝင်မြင့် ကြီးကျယ်တာ မဟုတ်
ရပါဘူး၊ တစ်ခါ ခဲမှန်ဖူးတဲ့ စာသူငယ်လို
ပေါ့။ ငါးရိုးစူးဖူးထားတော့ ငါးဟင်းရိုး
ရိုးချက်ထားရင် စားဖို့ လန့်လန့်နေတယ်။

တစ်နေ့တော့ ကျွန်တော့်ရဲ့မိတ်
ဆွေ ဆရာဦးမြင့်ဆွေနဲ့ ရွာတစ်ရွာက
ကိစ္စတစ်ခုမှာ တွေ့တယ်။ သူနဲ့စကား
ပြောရင်း ဂါထာ မန္တန်တွေအကြောင်း
စကားစပ်မိတယ်။ အဲဒီမှာ သူက အရိုး
နင်ရင် အသုံးပြုနိုင်တဲ့ ဂါထာ ရှိတယ်၊
သူ လက်တွေ့စမ်းကြည့်တာ တကယ်
အစွမ်းထက်ကြောင်း ပြောပြတယ်။ ဒီ
တော့ ကျွန်တော်လည်း ဂါထာနဲ့ ရွတ်
ဖတ်အသုံးပြုပုံကိုမေးပြီး မှတ်ထားလိုက်
တယ်။ ဂါထာက အခြားမဟုတ်၊ (၃၈)
ဖြာမင်္ဂလာထဲက 'ဖုဋ္ဌဿ လောကဓမ္မေ
ဟိ စိတ္တံ ယဿ နကမ္ပတိ' ဆိုတဲ့ အပိုဒ်
ကို ရွတ်ဖတ်ပြီး ရေမန်း မန်းရတယ်။
အနည်းဆုံး (၇) အုပ်လောက်မန်း၊ ရေ
မန်းတိုက်လိုက်တာနဲ့ နင်နေတဲ့အရိုး ကျ
သွားမယ်လို့ ဦးမြင့်ဆွေကပြောပါတယ်။

ဒီနည်းဟာ ဦးမြင့်ဆွေကိုယ်တိုင်
လက်တွေ့ အရိုးနင်ပျောက်ခဲ့တဲ့နည်း
ဖြစ်သလို အခြားသူတွေလည်း လုပ်
ကြည့်တာ ပျောက်ကင်းတယ်လို့ သိရ
တာနဲ့ မဂ္ဂဇင်းစာမျက်နှာပေါ် ပို့လိုက်ရ
ပါတယ်။

ညွန့်ဝင်း(နတ်တလင်း)

ပါး ဆိုတာက သစ္စာလေးပါးတရားအ
ကြောင်းတို့ကို သိခြင်း၊ မဂ်ဉာဏ်၊ ဖိုလ်
ဉာဏ်၏အကြောင်း သို့မဟုတ် မဂ်
ဉာဏ်၊ ဖိုလ်ဉာဏ်၏ အစိတ်အပိုင်း
တရား (၇) ပါးတို့ ဖြစ်ပါတယ်။

အဲဒီတရား (၇) ပါးက-

၁။ သတိသမ္ဗောဇ္ဈင် - အောက်မေ့ခြင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်မှ အစိတ် 'သတိစေတသိက်'၊
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် - တရားစိစစ်ခြင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ် အစိတ် 'ပညာစေတသိက်'၊
၃။ ဝီရိယသမ္ဗောဇ္ဈင်-လုံ့လစိုက်ခြင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်အစိတ် 'ဝီရိယစေတသိက်'၊
၄။ ပီတိသမ္ဗောဇ္ဈင်- နှစ်သက်ခြင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ် အစိတ် 'ပီတိစေတသိက်'၊
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်- နှစ်သက်ခြင်း မဂ်ဉာဏ်,ဖိုလ်ဉာဏ်အစိတ် 'ကာယ, စိတ္တ ပဿဒ္ဓိစေတသိက်'၊
၆။ သမာဓိသမ္ဗောဇ္ဈင်- စိတ်၏တည်ကြည်ခြင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ် အစိတ် 'ဧကဂ္ဂတာစေတသိက်'၊
၇။ ဥပေက္ခာသမ္ဗောဇ္ဈင်- လျစ်လျူရှုခြင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်အစိတ် 'တတြမဇ္ဈတ္တတာစေတသိက်'

ရယ်လို့ အရှင်သြဘာသာဘိဝံသ
စီရင်တဲ့ 'သုတေသနသရုပ်ပြအဘိဓာန်'
မှာ ပြဆိုထားပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့
အကျဉ်းသိထားဖို့က ဒီတရား (၇) ပါး
ဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၏အစိတ်အ
ပိုင်းများဖြစ်တယ်ဆိုတာလောက်ပါပဲ။

ဒီမှာ ကျွန်တော်တို့ 'သတိ' ဆိုတာ
ကို အထူး ဂရုပြုဖို့ လိုပါတယ်။ ဗောဓိ
ပက္ခိယတရား (၃၇) ပါးအနက် ဗိုလ် (၅)
ပါးမှာ-

၁။ ပညာ၊
၂။ သဒ္ဓါ၊
၃။ ဝီရိယ၊
၄။ သမာဓိ၊
၅။ သတိ

ရယ်လို့ ရှိရာမှာ သတိကလွဲရင်
ကျန် (၄) ပါးမှာ ပိုတာ၊ လွန်တာတွေ
ရှိပါတယ်။ ပိုလွန်ရင် အနှောင့်အယှက်
ဖြစ်ပါတယ်။ အဲဒါတွေ မပိုလွန်အောင်
သတိက ထိန်းပေးရပါတယ်။ ဒါကြောင့်
သတိဆိုတာ ပိုတယ်မရှိ၊ လိုတယ်ပဲရှိ
တယ်လို့ ပညာရှိများ မိန့်ကြားခဲ့ကြခြင်း
ဖြစ်ပါတယ်။ သတိ ဆိုတာ ဆင်ခြင်
အောက်မေ့ခြင်းလို့ ဆိုပေမယ့် အဲဒီဆင်
ခြင်အောက်မေ့နေတဲ့ အာရုံအပေါ်က
လွတ်ထွက်မသွားအောင်လည်း ထိန်း
တဲ့အလုပ်ကို လုပ်ရပါတယ်။ အခြားအာ
ရုံတွေ ဝင်ရောက်နှောင့်ယှက်ခြင်းမပြု
နိုင်အောင်လည်း ကာကွယ်စောင့်ရှောက်
တဲ့အလုပ်ကို လုပ်ပါတယ်။

ကဲ- ဒီနေ့ ကျွန်တော့်ဆွေးနွေး
ချက်ကို ပြန်ချုပ်ပြီး အဆုံးသတ်ပါတော့
မယ်။ ဒီနေ့ ဆွေးနွေးချက်ရဲ့အကျဉ်း
ချုပ်က-

၁။ နီဝရဏတရားများကို ဖယ်ရှားပြီး ပကတိဖြူစင်နေတဲ့စိတ်ကို ပကတိအတိုင်း ဖြူစင်အောင် ကြိုးပမ်းထားရှိရပါမယ်။
၂။ သတိပဋ္ဌာန်တရားလေးပါးနဲ့ လိုအပ်တဲ့ သမာဓိရအောင် သမထဘာဝနာ ပွားများ အားထုတ်ရပါမယ်။
၃။ ဗောဇ္ဈင် (၇) ပါး ပွားများအားထုတ်ပြီး လိုအပ်တဲ့သမာဓိကို ရစေပြီး၊ ယထာဘူတဉာဏ်အမြင်ကိုရစေပြီး၊ ဝိပဿနာဉာဏ်အမြင်ကိုရစေပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရအောင် ကြိုးပမ်းအားထုတ်ကြရမှာ ဖြစ်ပါတယ်။

မိမိတို့ရဲ့တာဝန်က ကြိုးပမ်းအား
ထုတ်ဖို့ပဲ ဖြစ်ပါတယ်။ ကြိုးပမ်းအား
ထုတ်ကြပါစို့လို့။

ကဲ- ဒီနေ့ ကျွန်တော့်ဆွေးနွေး
ချက်ကို ခေါင်းစဉ်တပ်ပြီး နိဂုံးချုပ်ပါ
မယ်။

မကောင်းမှုရှောင်၊ ကောင်းမှု
ဆောင် စိတ်ကိုဖြူအောင်ထား။

ဘုရားဆူဆူ ဟောတော်မူ၊ ကျင့်
သူ နိဗ္ဗာန်သွား"

ယောဂီများ-

"သာဓု၊ သာဓု၊ သာဓု"

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်



## မဟာနွယ်(မန်းတက္ကသိုလ်)

'ကတိသစ္စာတည်သောအခါ၊
ဩဇာလေးနက် ပေါ်ဆီတက်၍၊
နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏'
မှန်ကန်သော သစ္စာစကားသာ ဖြစ်ပါ၏။

ဤကမ္ဘာမြေပေါ်တွင် ရောက်ရှိလာကြသော သတ္တဝါများသည် တစ်စုံတစ်ခုသောရောဂါကို ခံစားကြရ၏။ အထူးသဖြင့် လူသတ္တဝါများသည် အခြားသောသတ္တဝါများနှင့်မတူ၊ ရောဂါများ ထူပြောကြ၏။

ရောဂါများ ထူပြောသလောက် ဆေးဝါးများကိုလည်း ပညာရှင်တို့က စမ်းသပ်တီထွင်ကာ ထုတ်ဖော်ကြ၏။ အောင်မြင်ကြပါ၏။ ယင်းသို့ ရှေးပညာရှင်များက စမ်းသပ်တီထွင် ထုတ်ဖော်ကြသဖြင့် ယနေ့ လူသားနှင့်သက်ရှိသတ္တဝါတို့အတွက် ဆေးအထောက်အပံ့ အကူအညီရကြ၏။ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းကို လက်တွေ့ခံစားကြရ၏။

ရခိုင် ရှေးသမားတော်များသည် ဤသို့ ခံယူလျက်ရှိကြ၏။ ရောဂါရှိလျှင် ဆေးရှိရမည်၊ ရောဂါကိုသိလျှင် ဆေးရှိရမည်။ ရောဂါမသိ ဆေးမရှိ၊ ရောဂါနှင့်လိုက်ဖက်သောဆေး၊ ရောဂါပျောက်ကင်းသောဆေးတို့ကို ကြံဆကြ၏။ တီထွင် ဖော်စပ်ကြ၏။ ဆေးဝါးကုသပေးကြ၏။ အနာနှင့်ဆေးသင့်ရာကိုပေးကြ၏။ ရောဂါများလည်း ပျောက်ကင်းကြပါ၏။ ထို တိုင်းရင်းဆေးသမားတော်ကြီးများ၏ ချီးကျူးအံ့ဩဖွယ်ကောင်းသော ဉာဏ်ပညာပင် ဖြစ်ကြ၏။

'ပညာရှိတွေးရင် ပြေးကြည့်သည်ထက် မှန်ကန်၏'

ဟု ဆိုစမှတ်ပြုကြ၏။ ရှေးသမားတော်များသည် ဤသို့ ခံယူချက်ရှိကြပြန်ပါ၏။ 'ရာသီမပိုင် ဆေးမကိုင်နှင့်။ ဥတုမနိုင် ဆေးမကိုင်နှင့်။ ဓာတ်လက္ခဏာကိုမပိုင် ဆေးမကိုင်နှင့်' ဟူ၍ ဆိုစမှတ်ပြုကြ၏။

မှန်ပါ၏။ တိုင်းရင်းဆေးသမားတော်တစ်ဦးသည် ဓာတုရသသဘာဝကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်လိမ္မာဖို့ အရေးကြီး၏။ ယင်းမှသာ ဖြစ်ပေါ်လာသော ရောဂါလက္ခဏာတို့ကို ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချ၍ ဆေးချက်ကို သတ်မှတ်နိုင်ပါမည်။

တိုင်းရင်းဆေးဆရာ သမားတော်တစ်ဦးသည် ဖြစ်ပေါ်နေသော ဝေဒနာအပေါ်မှာ ယောင်ဝါးဝါးဖြင့် ဆေးချက်ချ၍ မရပါ။ ဆေးချက်သည် မှန်ကန်တိကျမှု၊ ပြတ်သားမှုရှိဖို့ရာ အလွန်အရေးကြီး၏။ သတိပြုရန်အချက်ပင် ဖြစ်ပါ၏။ အထူးသဖြင့် လူနာကိုမြင်ရုံမျှဖြင့် ဤလူနာကား အပူကြောင့်ဖြစ်သော ဝေဒနာရှင်၊ ဤလူနာကား အအေးဓာတ်လွန်ကဲမှုကြောင့်ဖြစ်သော ဝေဒနာရှင်ဟူ၍ ကွဲကွဲပြားပြား ခြားနားသိစေရန် လိုအပ်လှပါ၏။ သိရှိရန် လိုအပ်ပါ၏။

စမ်းတဝါးဝါးနှင့် အကန်းလမ်းသွားသလို ရမ်းဆ၊ မှန်းဆ ဆေးကုသ၍ကား မဖြစ်နိုင်ပါ။ တိကျသော ဆေးချက်ချတတ်ရန် လိုအပ်ပါ၏။ ယင်းမှသာ ရောဂါလည်းပျောက် ချမ်းသာရာသို့ ရောက်ကြမည်သာ ဖြစ်ပါ၏။

ဤနေရာတွင် ကုဋ္ဌနူနာရောဂါဥပါဒ်ဝင်သော သမင်နီ၊ သမင်ဖြူ၊ သမင်ရက်နှင့် ခရုသင်းရောဂါတို့ကို သက်သာပျောက်ကင်းစေသော ရှေးရခိုင် နန်းတွင်းသုံး ဆေးတော်တစ်လက်ကို တင်ပြပါမည်။

### ဆေးကား ဤသို့တည်း

ဆေးပင်ကို စဥ့်လက်ခါးပင် ဟူ၍လည်းကောင်း၊ တောင်မုရိုးပင် ဟူ၍လည်းကောင်း၊ တောင်နွားလျှာပင် ဟူ၍လည်း ခေါ်ဆို၏။ ရခိုင်အမျိုးသားများက စဥ့်လက်ခါးပင် ဟူ၍ ခေါ်ဆိုကြ၏။

### ပြုလုပ်နည်း

ဆေးပင်၏အခေါက်ကို ခွာယူပါ။ အခြောက်လှန်းပြီး ပြာပြုပါ။ ယင်းပြာကို အုန်းဆီစစ်စစ်ဖြင့် မီးမှာပူပူနွှေးပါ။

### ကုသရန်

မီးပူပူ နွှေးထားသော ဆေးအားသမင်ဖြူအကွက်၊ ခရုသင်းအကွက်တို့ကို လိမ်းပေးပါ။

### ဆေးအကျိုး

သမင်ဖြူအကွက်၊ ခရုသင်းအကွက်တို့ အရောင်ပြောင်းကာ ပျောက်ကင်းပါလိမ့်မည်။ တစ်နေ့ (၃)ကြိမ်ဆေးလိမ်းပေးပါ။ နန်းတွင်းသုံးဆေးဖြစ်သည်။

### နောက်တစ်နည်း

ဖားပြုပ်အခြောက် တစ်ကောင်၊ ဒုတ္တာ (၁) ကျပ်သား၊ ဆေးဒန်း (၁) ကျပ်သား။

### ပြုလုပ်နည်း

ဖားပြုပ်ဝမ်းထဲမှာ ဒုတ္တာ၊ ဆေးဒန်းတို့ကို ထည့်ပါ။ ယင်းဖားပြုပ်ကို မီးဖုတ်၍ ပြာကျအောင်ထားပါ။ ထိုပြာသည် ဆေးဖြစ်၏။

### ဆေးကုသရန်

ဖားပြုပ်ပြာကို ရေရှိုးရှိုးနှင့်ဖျော်၍ သမင်ဖြူအကွက်၊ ခရုသင်းအကွက်တို့ကို လိမ်းပေးပါ။ အဖြူကွက်တို့ ပျောက်ကင်းပါလိမ့်မည်။ နန်းတွင်းသုံး ဆေးကျော် ဖြစ်၏။

*တိုင်းရင်းဆေးဗဟုသုတ ပြည့်စုံကြပါစေ*

မဟာနွယ်(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com


# ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်များမှ ထူးခြားမှုများဖြစ်ပေါ်ခြင်း

ဘိုဘို(ရွှေကံကူ)

ရွှေကံကူ လေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် မိသားစု ပုဂ္ဂလိကနေအိမ်တွင် ပွင့်ထွန်းပေါ်ပေါက်တော်မူသည်ဖြစ်၍ ပွင့်ဦးစက အများသူငါတို့ ပင့်ဆောင်ပူဇော်ရန် ဟူ၍ ဓာတ်ပုံရိုက်ကူးထားရှိခဲ့ခြင်းမရှိပါ။ ထိုသို့ထားရှိလျှင်လည်း ပူဇော်ကြသူ ရှိလိမ့်မည်ဟု မထင်မှတ်သောကြောင့်လည်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်တွင် ထူးခြားသော တန်ခိုးတော်များ ပေါ်ပေါက်သောအခါမှသာ မှတ်တမ်းထားရှိရန် ရိုက်ကူးခြင်းဖြစ်ပါသည်။ ပွင့်ထွန်းတော်မူစအချိန်ကဆိုလျှင် ဓာတ်ပုံ ကင်မရာများမှာလည်း တန်ဖိုးကြီးမြင့်သေး၍ ဝယ်ယူနိုင်ခြင်းမရှိသေးပါ။ ရိုက်ကူးလိုသောအခါမှသာ စစ်ကိုင်းမြို့ပေါ်မှ မောင်ခိုင်၊ ကျော်ထွန်း၊ ဌေးအောင် စသော ဓာတ်ပုံသမားတို့ကို အလျှဉ်းသင့်သူကို ခေါ်ယူ၍ ရိုက်ကူးခဲ့ခြင်း ဖြစ်ပါသည်။ ပုံတော်တစ်မျိုးလျှင်လည်း (၅) ပုံခန့်သာ ကူးယူထားရှိခဲ့ပါသည်။



(၁၃-၁၁-၂၀၁၁) နေပြည်တော်ပျဉ်းမနား ရွှေချည်ရပ် ဗိုလ်မှူးကြီး သန့်ဇင် + ဒေါ်ခင်စန်းဝင်း မိသားစုမှပင့်ဆောင်ပူဇော်စဉ် ရုပ်ရှင်တော်မြတ်မှ မျက်လုံးတော်ဖွင့်တော်မူပုံ



နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် ရွှေကံကူပုံတော်များကို ပင့်ဆောင်ပူဇော်လိုသူ များပြားလာ၍ ပုံတော်ပေါင်းများစွာ ပွားများထားရှိလာခဲ့ရခြင်း ဖြစ်ပါသည်။

စာရေးသူတို့ ကိုယ်တိုင်သည်ပင်လျှင် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များမှာ သာမန်အမြင်အားဖြင့်ကြည့်လျှင် ဓာတ်ပုံကူးစက်ဖြင့် ကူးဆေးသဖြင့် များပြားလှစွာသောပုံတော်တို့ ထွက်ရှိနေရာ သာမန်ဓာတ်ပုံများဟုသာသိမြင်ထားပြီး အရေအတွက်များစွာ ပွားများထားရှိသော ဤဓာတ်ပုံတော်များတွင် ထူးခြားသော တန်ခိုးတော်များ ကိန်းအောင်းလျက်ရှိနေမည်ဟု ထင်မှတ်ထားနိုင်ခြင်းမရှိကြောင်း ရိုးသားစွာ ဝန်ခံရမည် ဖြစ်ပါသည်။

ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်များမှ ထူးခြားမှုများ ဖြစ်ပွားပေါ်ပေါက်မှုများကို



www.burmeseclassic.com

www.burmeseclassic.com



(၁၅-၁-၂၀၁၃) နေ့တွင် ရန်ကုန်မြို့
ဗိုလ်တထောင်မြို့နယ်၊ ဒေါ်မိမိအောင် ၏နေအိမ်တွင်
ရုပ်ရှင်တော်မြတ်အား ရတနာမျိုးစုံဖြင့် သပ္ပါယ်စွာ ဖူးတွေ့ရ

www.burmeseclassic.com

ရွှေ့တွင် ဖော်ပြပါရှိမည့်အတိုင်း သိရှိ ရသောအခါမှသာ မည်သည့်စေတီ၊ ဘုန်းကြီး ရုပ်ပွားဆင်းတုတော်တို့ကိုမဆို ပုံအနေနှင့်သော်လည်း အမှတ်တ ပေါ့ပေါ့တန်တန် သဘောမထားသင့် ကြောင်း နားလည်လာရပါတော့သည်။ စာရေးသူနည်းတူ စာရှုသူ အဆွေတို့ နားလည်လာကြမည် ဖြစ်ပါ သည်။

## မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မြို့သာမြို့မှ ဒေါ်ခင်ကြည် (အမေကြည်) မိသားစု ကြုံတွေ့ရပုံ

ရှေ့တွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါးများတွင် စာရေးသူတို့မိသားစုသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း ခရိုင် ငါန်းဇွန်မြို့နယ် မြို့သာမြို့ဇာတိ များဖြစ်ပြီး စဥ့်ကိုင်မြို့သို့ ၁၉၈၆ ခုနှစ် တွင်မှ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်ဟု ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မြို့သာမြို့သည် ယခုလိုနီခေတ်က မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်တွင်ပါဝင် ခဲ့ပါသည်။

စာရေးသူတို့ မြို့သာတွင်နေထိုင် စဉ်က ပျော်မွေ့ဖွယ်ကောင်းလှပါသည်။ တစ်ရွာလုံး ဆွေမျိုးများသာဖြစ်၍ ရွာထဲ သွားသည့်အချိန်, မည်သည့်နေရာ များသွား၊ စိုးရိမ်ပူပန် ကြောင့်ကြစရာ မရှိဘဲ ပကတိ အေးချမ်းလှပါသည်။ စာရေးသူတို့မိသားစုသည် ဆွေမျိုးများ၊ ရွာသူရွာသားများအားလုံးနှင့် သင့်မြတ် သည်သာဖြစ်သော်လည်း အမေ ကောင်း၏နှစ်ဝမ်းကွဲ ညီမတော်စပ်သူ သန်းထွန်း၊ အမေကြည် (ဒေါ်ခင် ကြည်)၏သမီး မမခင်သန်းဦး၊ မမခင် သန်းဝင်း၊ ခင်သန်းလွင်၊ တစ်ဦးတည်း သောသား ကိုခင်မောင်သန်းတို့ တစ် အိမ်သားလုံးမှာ သဘောကောင်းလှပါ သဖြင့် စာရေးသူတို့မိသားစုနှင့် နှစ်အိမ် တစ်အိမ်သဖွယ် နေထိုင်ခဲ့ကြသူများဖြစ် ကြပါသည်။

၁၉၈၆ ခုသို့ ရောက်သောအခါ စာရေးသူတို့မိသားစုသည်လည်း ကံ ဇာတ်ဆရာ၏အလိုကျ သံယောဇဉ်ကြီး လှစွာသော ဇာတိမြေကို စွန့်ခွာ၍ စဥ့် ကိုင်မြေသို့ ပြောင်းရွှေ့ခဲ့ကြရပါသည်။ ဤသို့ဖြင့် နှစ်ပေါင်းများစွာ (၁၃ နှစ်) ကြာသောအခါတွင် စာရေးသူတို့နေ အိမ်၌ ကံထူးလှစွာ ရွှေကံကူလေပျံသစ် တော် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ် ပေါက်တော်မူလာခဲ့ပါသည်။ ပွင့်ဦးစ



နိုင်ငံတော် ဗဟိုသံဃာနာယကအဖွဲ့ ဥက္ကဋ္ဌ ဝန်းမော်ဆရာတော်ကြီး ဒေါက်တာအရှင်ကုမာရ မှ ရွှေကံကူသာသနာပြုမယ်တော်ကြီးအား သိဟိုဠ်စွယ်တော်ပွားချီးမြှင့်စဉ် (၄-၁-၂၀၁၃)



နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် ပါခင်းကုန်းဆရာတော်ဘုရားကြီး ဦးတိက္ခ (၉-၉-၂၀၁၂) ရွှေကံကူ ဗုဒ္ဓဂယာနိုယံပွဲတော်သို့ ကြွရောက်တော်မူပုံ

အချိန်တွင် မြို့သာမှဆွေမျိုးများတို့သည် ရုပ်ရှင်တော်မြတ်၏ သတင်းစကားတို့ကို ကြားသိကြသည်နှင့် အပြေးရောက်ရှိ၍ လာကြပါသည်။ ဝမ်းသာအားရဖြင့် ကြည်းတောသူ၊ ကြည်းတောသားတို့၏ ထုံးစံအတိုင်း ပွင့်ပွင့်လင်းလင်း ကျယ် လောင်စွာ ပြောဆိုရယ်မောကြ၍ 'မေ ကြီးကောင်းတို့ ဘုရားမ,ပြီ၊ ချမ်းသာပြီ' ဟု ပြောကြပါသည်။ တောသူတောင် သားတို့သဘာဝ ဘုရားဓာတ်ပုံတော်များ ကို လက်ဆောင်တောင်းယူကြပါသည်။

ထိုသို့ ရောက်ရှိလာကြသော ရွာ သူရွာသားများထဲတွင် အမေကြည်တို့ မိသားစု လိုက်ပါလာခြင်း မရှိပါ။ လမ်း စရိတ်မျှလောက်လိုပင် ခက်ခဲဟန်တူ ကြောင်း ကိုကိုဝင်းမောင် + မမတင်တို့ မှပြောပါသည်။ ထိုအခါ စာရေးသူတို့ မိသားစုမှ အမေကြည်တို့မိသားစု ကိုး ကွယ်ပူဇော်ရန်၊ ဖူးမြော်ကြည်ညိုနိုင်ရန် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်တစ်ဆူ ကို လူကြုံဖြင့် ထည့်ပေးလိုက်ပါသည်။

ဤသို့ဖြင့် ရက်၊ လတို့ ကုန်ဆုံးလွန် မြောက်ခဲ့ရပြန်ပါသည်။ ရုပ်ရှင်တော် မြတ် ပွင့်ထွန်းတော်မူလာသောအခါ စာ ရေးသူတို့မိသားစုသည်လည်း ဘဝတစ် ဆစ်ချိုးခဲ့ရပြီဖြစ်သောကြောင့် ထူးခြား ဆန်းကြယ်သောအဖြစ်အပျက်တို့ ဆက် တိုက် တွေ့ကြုံခဲ့ရသည့်အပြင် ရုပ်ရှင် တော်မြတ်အားအကြောင်းပြု၍ မိတ် ဆွေသစ်များစွာတို့နှင့် တွေ့ဆုံဆက်ဆံ ကြရသည် ဖြစ်သောကြောင့် မြို့သာမှ ဆွေမျိုးမိတ်ဆွေများနှင့် အမေကြည်တို့ မိသားစုကိုပါ မေ့လျော့သလို ဖြစ်နေခဲ့ ပါသည်။

ဤသို့ဖြင့် ဆောင်းရာသီ၏နေ့ တစ်နေ့တွင် အမေကြည်၊ မမခင်သန်း ဦး၊ လွင် (ခင်သန်းလွင်)၊ နိုင် (ခင်သန်း နိုင်) တို့ သားအမိတစ်တွေ ရောက်ရှိ၍ လာကြပါသည်။ စာရေးသူတို့တစ်အိမ် သားလုံး ကွဲကွာနေသည်မှာ ကြာမြင့်ပြီ ဖြစ်သော အမေကြည်တို့မိသားစုကို တွေ့ရသဖြင့် ဝမ်းသာပျော်ရွှင်လျက် ရွှေ

www.burmeseclassic.com

ဟောင်းနှောင်းဖြစ်များကို ပြန်လည်ပြောကြဆိုကြနှင့် မမောနိုင်အောင် ရှိကြရပါသည်။

ထိုအခါ မမခင်သန်းဦးမှ ယခုကဲ့သို့ ရွှေကက္ကူအောင်မြေသို့ ရောက်ရှိလာပုံကို ပြောပြပါသည်။ စာရေးသူတို့ထံမှ ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော် ရောက်ရှိလာသောအခါ အတိုင်းမသိ ဝမ်းသာကြရပြီး တစ်အိမ်သားလုံး ကြည်ညိုမဆုံး ဖြစ်ရပါသည်။ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့လိုသောဆန္ဒတို့လည်း ပြင်းထန်စွာ ပေါ်ပေါက်လာမိပါသည်။ ထိုနေ့ ထိုအချိန်မှစ၍ စဉ့်ကိုင်မြို့သို့သွားရောက်နိုင်ရန် ကြိုးစား၍ငွေစုကြပါသည်။ မည်သို့ပင် ကြိုးစား၍ ငွေစုသော်လည်း စု၍မရနိုင်အောင် အကြောင်းအမျိုးမျိုးဖြင့် ငွေကုန်ပေါက်များ ပေါ်ပေါက်၍သာ လာသဖြင့် မအောင်မြင်ဘဲဖြစ်၍နေပါသည်။

နောက်ဆုံးတွင် အမေကြည်မှ စိတ်ကူးရသဖြင့် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို ရိုသေစွာ ဖူးမြော်ကန်တော့ပြီး 'အရှင်ဘုရား၊ တပည့်တော်တို့မိသားစုသည် ရွှေကက္ကူမိသားစုနှင့် နှစ်အိမ်တစ်အိမ် နေလာခဲ့ကြသူများ ဖြစ်ကြပါသည်။ ရွှေကက္ကူ မိသားစုအား တပည့်တော်တို့သည် သဒ္ဓါကြည်ဖြူစွာဖြင့် ကြိမ်ဖန်များစွာ ကျွေးမွေးပေးကမ်းခဲ့ဖူးပါသည်အရှင်ဘုရား။ ဤသစ္စာသည် မှန်ကန်ပါ၏။ ရွှေကက္ကူရုပ်ရှင်တော်မြတ်အား အမှန်တကယ် ပြင်းပြသောဆန္ဒဖြင့် ဖူးတွေ့လိုပါ၏။ တပည့်တော်တို့တွင် စဉ့်ကိုင်မြို့သို့သွားရောက်ရန် လမ်းစရိတ်ပင် ခက်ခဲ၍နေပါ၏။ မှန်ကန်စွာဆိုရသော ဤသစ္စာစကားတို့ကြောင့် တပည့်တော်တို့မိသားစုသည် အရှင်မြတ်၏ရှေ့တော်မှောက်သို့ အလျင်အမြန်ရောက်ရှိရပါလို၏ဘုရား' ဟု သစ္စာပြု၍ ဆုတောင်းလိုက်ပါသည်။

ထို့နောက် အိပ်ချိန်ကျရောက်သော် အိပ်ရာသို့ဝင်ခဲ့ကြပါသည်။

ညဉ့်သန်းခေါင်တွင် တစ်အိမ်သားလုံး တစ်ပြိုင်နက်တည်း နိုးလာကြပါသည်။ ထိုအချိန်မှာပင် ထူးဆန်းသောဖြစ်ရပ်ကို ကြုံတွေ့ကြရပါသည်။ ဘုရားခန်းမှ အလင်းရောင်များ ထွက်ပေါ်၍နေသဖြင့် တစ်အိမ်သားလုံး မတိုင်ပင်ရဘဲ ပြိုင်တူ အိပ်ရာများမှ ကိုယ်စီထလာကြကာ ဘုရားခန်းသို့ ထွက်လာကြမိပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ထိတ်လန့်ကြောက်ရွံ့သောစိတ်တို့ မဖြစ်ပေါ်မိကြပါ။ အလိုလို လက်အုပ်ချီမိလျက်သား ဖြစ်သွားကြပါသည်။ ၎င်းတို့တွေ့မြင်လိုက်ရသော အခြင်းအရာသည်ကား အံ့သြမကုန်နိုင်ဖွယ် ဖြစ်ပါ၏။

၎င်းတို့မိသားစု ကြုံတွေ့ကြရသည်ကား ထူးဆန်းလွန်းလှပါ၏။ ရွှေကက္ကူဓာတ်ပုံတော် (အိတ်ဆောင်အရွယ်)မှ ဘုရားခန်းတစ်ခုလုံး လင်းထိန်၍ သက်တံ့ကဲ့သို့ ထူးဆန်းအံ့သြဖွယ် (၆) သွယ်သောရောင်ခြည်တော်တို့ ကွန့်မြူး၍နေတော်မူခြင်း ဖြစ်ပါ၏။ ဝမ်းသာပျော်ရွှင်မဆုံး ပီတိများဖုံးလွှမ်းလျက် မဖော်ပြတတ်အောင် စိတ်လှုပ်ရှားခြင်းများဖြစ်ကြရပါသည်။ အတန်ကြာသည်အထိ (ခန့်မှန်းခြေ နာရီဝက်ခန့်) ရောင်ခြည်တော် (အလင်းရောင်များ) ထွက်ပေါ်ပြီးမှ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားပါသည်။

ထိုညက မိသားစုတစ်တွေ အိပ်မပျော်ကြတော့ပါ။ 'ငါတို့မိသားစုကို ရွှေကက္ကူ ရုပ်ရှင်တော်မြတ်ကြီးက စောင့်ရှောက်တယ်ဟေ့။ ငါတို့ရဲ့ လျှောက်ထားချက်တွေကို သိရှိတော်မူတယ်' ဟု၍ ပြောဆိုကြရင်း ရုပ်ရှင်တော်မြတ်အပေါ် ပိုမိုကြည်ညို၍လာမိကြပါသည်။

ဤသို့ဖြင့် နောက်နေ့နံနက်ခင်းသို့ ရောက်ရှိ၍လာခဲ့ပါသည်။ အိမ်ရှေ့တွင် ထူးထူးခြားခြား စောစောစီးစီး ရွှေကျီးလာ၍ သာနေပါသည်။ နံနက် (၉) နာရီခန့်မှာပင် နှစ်ပေါင်းများစွာ ကွဲကွာ၍နေခဲ့သော ဝမ်းကွဲတူကလေး ရောက်ရှိ၍လာပါသည်။ 'အမေကြည်- များတော့မများပါဘူး၊ ဒါပေမယ့် ကျွန်တော့်ကိုယ့်အားသရွေ့နဲ့စေတနာပေါ့။ အမေကြည် စားချင်တာဝယ်စားပါ၊ ငွေ (၃၀၀၀) ကန်တော့ပါတယ်' ဟု ဆို၍ ထိုင်ကန်တော့ပြီးနောက် အမေကြည်က ငြင်းဆန်နေ၍ ငွေ (၃၀၀၀) ကို ထားရစ်ကာ အလျင်အမြန် ပြန်လည်ထွက်ခွာ၍ သွားပါတော့သည်။

ထိုအခါမှ 'ဒီကနေ့ တကယ် ထူးခြားတယ်ဟေ့၊ ရွှေကက္ကူကို သွားဖူးဖို့ လမ်းစရိတ်တော့ ရပြီ။ ဘုရားဖူးသွားတယ်ဆိုတာ လက်ချည်းဖူးလို့လည်း မဖြစ်သေးပါဘူး၊ မသင့်တော်ပါဘူး။ လှူစရာတန်းစရာလည်း ပါဦးမှ၊ 'တကယ်လည်းလှူချင်တန်းချင်တာပါ။ အဲဒီတော့ ဒီငွေ (၃၀၀၀) ကို စရိတ်အဖြစ် သိမ်းထားမယ်။ လှူစရာငွေပေါ်လာမှ သွားဖူးကြတာပေါ့' ဟု မိသားစုတစ်တွေတိုင်ပင်ပြီး ထိုငွေကို ဘုရားဆောင်ပေါ်တွင် တင်ထားလိုက်ကြပါသည်။

ဤသို့ဖြင့် ညနေပိုင်းသို့ ရောက်လာခဲ့ပါသည်။ စာပို့သမားရောက်ရှိလာပြီး လွင် (ခင်သန်းလွင်) ၏အမည်နှင့် လိပ်မူထားသော စာအိတ်တစ်လုံး ပို့လာပါသည်။ စာအိတ်ကိုဖွင့်ကြည့်လိုက်ရာ လွင် (ခင်သန်းလွင်)၏ မိုးမိုး(အင်းလျား)ဝတ္ထုတိုပြိုင်ပွဲဝင်ရာတွင် ပထမဆုရရှိ၍ အကြောင်းကြားသည့်စာ ဖြစ်နေသည့်အပြင် ဆုငွေ ကျပ် (၁၀၀၀၀)ပါ ချီးမြှင့်သည်ဖြစ်သောကြောင့် မနက်ဖြန်တွင် တံတားဦးစာတိုက်သို့ သွားရောက်ထုတ်ယူရမည်ဟု (MO) လည်းပါရှိကြောင်း ပြောပြပါသည်။ ထိုအခါ မိသားစုတစ်တွေ ဝမ်းသာပျော်ရွှင်သွားကြပါသည်။ လွင် (ခင်သန်းလွင်) သည် ရွှေရင်နှစ်(မြို့သာ) ဟူသော အမည်ဖြင့် ဘဝသရုပ်ဖော်နှင့် ရသဝတ္ထုတိုများရေးသားနေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ထိုက်တန်သော ဥာဏ်ပူဇော်ခ ချီးမြှင့်မှုမျိုး မရရှိခဲ့ဘူးသဖြင့် ဝမ်းသာမိကြရပါသည်။ ထို့ထက် ဝမ်းသာရသည်မှာ ရွှေကက္ကူဘုရားအား သွားရောက်ဖူးမြော်လိုသောဆန္ဒနှင့် ရုပ်ရှင်တော်မြတ်အား လှူဒါန်းလိုသောဆန္ဒ ဆုတောင်းတို့ ပြည့်ဝရ၍ ပိုပြီးဝမ်းသာခြင်း ဖြစ်ကြရပါသည်။ ဤသို့ဖြင့် ဤယနေ့တွင် ရွှေကက္ကူအောင်မြေသို့ ရောက်ရှိလာရခြင်း ဖြစ်ကြောင်း မမခင်သန်းဦးမှ ပြောပြပါသည်။

စာရေးသူတို့သည်လည်း ထူးဆန်းလှသော အထက်ပါအကြောင်းအရာတို့ကို ကြားနာသိရှိရသောအခါ ဝမ်းသာအံ့သြမဆုံးဖြစ်ကြရပြီး ရုပ်ရှင်တော်မြတ်အပေါ်တွင် မဖော်ပြနိုင်သော ကြည်ညိုမှုများ ဖြစ်ပေါ်လျက် အကြိမ်ကြိမ်အခါခါ ဦးချကန်တော့မိပါတော့သည်။ ဤအဖြစ်အပျက်သည်ကား ၂၀၀၀ ပြည့်နှစ်တွင် အမှန်တကယ်ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်က ငွေ ကျပ် (၃၀၀၀) နှင့် ငွေ (၁၀၀၀၀) ကျပ်တို့သည် တန်ဖိုးရှိလှပါသေးသည်။ သို့သော် အမေကြည်တို့မိသားစုသည် စေတနာထက်သန်ပြတ်သားစွာဖြင့် ထိုငွေများကို လှူဒါန်းသွားခဲ့ပါသည်။ ထိုအချိန်က စာရေးသူသည် အောင်မြေတွင် မရောက်ရှိသေးပါ၊ အုန်းတကူးတွင် ကျောင်းဆရာ (ဘ/က) အဖြစ်နှင့် ရောက်ရှိနေချိန် ဖြစ်ပါသည်။

**မင်္ဂလာဒုံ အရိုးကုဆေးရုံမှ ရဲဘော်နှင့် ဖူးတွေ့ရပုံ**

၂၀၀၄ ခုနှစ်က ဖြစ်ပါသည်။ ...



www.burmeseclassic.com

www.burmeseclassic.com

မြတ်၏ ရန်ကုန်ခရီးစဉ်ကာလ တွင် ဖြစ်ပါသည်။ ရုပ်ရှင်တော် အား ဒုတိယရဲမှူး အောင်ထွန်းထွန်း - ဗိုလ်ကြီး ဒေါ်ခင်အေးနွယ် (စစ် ) တို့မှ ဆေးရုံဝင်းအတွင်းရှိ ဗိုလ် ခင်အေးနွယ်နေထိုင်ရာ ဝန်ထမ်း သို့ ပင့်ဆောင်ပူဇော်စဉ်က ဖြစ် ထိုနေ့က ရန်ကုန်မြို့တွင် မာလာ င်း တိုက်ခတ်ပါသည်။ ဗိုလ်ကြီး ခင်အေးနွယ်သည် မုန်တိုင်းဘေး ယ်မှလွတ်မြောက်ရပါလိုကြောင်း တော်မြတ်အား ယုံကြည်အားကိုး ရှိခိုးကန်တော့၍ ဆုတောင်းနေ ။ ထူးဆန်းလွန်းလှသည်ဟု ဆိုရ မုန်တိုင်းသည် ဗိုလ်ကြီးဒေါ်ခင် ယ်၏နေအိမ်ကို သီသီသာသာ၊ ကျော ရှောင်ကွင်း၍သွားပါတော့ ဘေးပတ်လည်၌ အဆောက်အ များ ပျက်စီးလျက်ရှိသည်။ သစ်ပင် များ ကျိုးကြေ လဲကျလျက် ရှိသည်။ ကြီးဒေါ်ခင်အေးနွယ်၏ နေအိမ်မှာ သေးငယ်သော ပျက်စီးမှုမျှ မရှိပါ။ တိုင်း အနည်းငယ်မျှသော်မှ ကျိုးပဲ့ ကို မတွေ့ရှိရ။ ဤနေရာတွင် မုန် တိုက်ခတ်ထားသည်ဟု ယုံနိုင်စရာ ပါ။

[ဗိုလ်ကြီး ဒေါ်ခင်အေးနွယ်သည် နေအချိန်တွင် ဗိုလ်မှူးအဆင့်ရောက် ပြီး၊ ထိုဆေးရုံမှာပင် တာဝန်ထမ်း ဆောင်လျက် ရှိပါသေးသည်။ မာလာ မုန်တိုင်းတိုက်ခတ်ခဲ့သော ထိုနှစ်၊ ထိုလ ၌ ယနေ့ (မတ်လ ၂၀၁၃) ထိတိုင် ရေးသူ၏ ဘဏ်စာအုပ်သို့ ဗိုလ်မှူး ဒေါ်ခင်အေးနွယ်မှ လစဉ် (၅၀၀၀) ကျပ် လှူဒါန်းလျက်ရှိပါသည်။ ထိုသို့ နှစ် လစဉ် မပျက်မကွက် လှူဒါန်းသူ များ စာရေးသူတို့ ရွှေကံကူသာသနာ၌ ခဲ့သေးပါ။ ထိုသို့ ပြုလုပ်ရန်လည်း စေတနာ၊ သဒ္ဓါတရားဖြင့် လွယ် ည်မဟုတ်သဖြင့် ရွှေကံကူမိသားစု ဗိုလ်မှူးဒေါ်ခင်အေးနွယ်အား မှတ် တင် ဂုဏ်ပြုအပ်ပါသည်။ ထိုသို့ ဒါန်းရသော အကြောင်းအရင်းသည် ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့ သက်တွေ့ သိရှိကြည်ညိုရသည်ဖြစ် လည်းကောင်း၊ ရုပ်ရှင်တော်မြတ်၏ ဆင့်ရောက်မှုကြောင့် အသက်အိုးအိမ် စုစည်းဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းမှ ဝေးစေရ၍ ကျေးဇူးကို အောက်မေ့ သောအနေဖြင့် လည်းကောင်း ဤကဲ့သို့ ၏တစ်သက်တာ လစဉ်မပျက်မကွက် လှူဒါန်းသွားမည် ဟူသောအတွေး ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်ဟု ဗိုလ်မှူးဒေါ်ခင်အေးနွယ်မှပြောပြပါသည်။]

ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသောသတင်း၊ မုန်တိုင်းရန်မှ လွတ်မြောက်ရသောသတင်းတို့သည် နီးစပ်ရာ ဝန်းကျင် ပျံ့နှံ့သွားရာ ကြားသိသူတို့မှာ ရုပ်ရှင်တော်မြတ်အား ကြည်ညို လေးမြတ်စွာဖြင့် လာရောက် ဖူးမြော်ကန်တော့ကြပြီး ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်အများကိုလည်း ကြည်ညိုယုံကြည်အားကိုးစွာဖြင့် ပင့်ဆောင်၍သွားကြပါသည်။ ထိုကဲ့သို့ ပင့်ဆောင်ပူဇော်သွားကြသူများထဲမှ ရဲဘော်လေးနှစ်ဦးတွင် ဤကဲ့သို့ ထူးခြားမှုများ ကြုံတွေ့ရကြောင်း အံ့ဩမဆုံးဖွယ်သိရှိရပါသည်။

ဤဆေးရုံဝင်းအား ကင်းစောင့်ရသော ရဲဘော်ကလေးတစ်ယောက်မှာ မိမိ၏ဝါသနာအလျောက် တပ်မတော်တွင် ဝင်ရောက်၍ တာဝန်ထမ်းဆောင်နေသော်လည်း ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းပြီး အားလပ်သောအချိန်များတွင် ဝင်လေထွက်လေအစပြု၍ မေတ္တာဘာဝနာတို့ကို ပွားများလေ့ရှိသူ ဖြစ်ပါသည်။ ထိုရဲဘော်သည် ထိုညက ရုပ်ရှင်တော်မြတ်၏ပုံတော်ကို ဝယ်ယူပူဇော်သွားပါသည်။ အိတ်ဆောင်အရွယ် ပုံတော် ဖြစ်ပါသည်။ မိမိ၏လိုင်းခန်းသို့ ပြန်လည်ရောက်ရှိပြီး ညအိပ်ရာဝင်ချိန်ရောက်သောအခါ မီးမှိတ်ပြီး ခြင်ထောင်ချကာ မိမိပင့်ဆောင်ခဲ့သော ရွှေကံကူဓာတ်ပုံတော်ကို ခေါင်းအုံးပေါ်တွင်တင်၍ တရားထိုင်နေပါသည်။ ထိုရဲဘော်သည် ဘာမှမသိ၊ ဘာမှမမြင်ပါ။ မျက်စိကိုမှိတ်၍ တရားထိုင်နေပါသည်။ ထိုစဉ်တခြား ခုတင်မှ ရဲဘော်တစ်ယောက်သည် အိပ်မပျော်သေးသဖြင့် ဟိုဒီကြည့်မိစဉ် ရဲဘော်တစ်ယောက်၏ခြင်ထောင်အတွင်းမှ အလင်းရောင်များထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရာ မီးလောင်နေသည်ဟု ထင်မှတ်ပြီး အလန့်တကြားဖြင့် ထိုခြင်ထောင်ကို ဆွဲမ လိုက်ပါသည်။ အံ့ဩမကုန်ဖွယ်၊ မယုံနိုင်ဖွယ် မြင်ကွင်းကို တွေ့ကြုံလိုက်ရပါသည်။ ခေါင်းအုံးပေါ်တွင် ထားရှိပူဇော်ထားသော ရွှေကံကူပုံတော်မှ အလင်းရောင်များ ထွက်ပေါ်၍နေခြင်းပင် ဖြစ်ပါသည်။ တရားထိုင်နေသော ရဲဘော်မှာကား ဘာမှမသိ၊ ဘာမှမကြားပါ။ တရားတွင် အာရုံနစ်လျက်ရှိပါ၍ မျက်စိမှိတ်လျက် ငြိမ်သက်စွာ တရားထိုင်လျက် ရှိပါသည်။

ခြင်ထောင်ဆွဲလှပ်သော ရဲဘော်မှ အသံပြုသောအခါမှသာ မျက်စိဖွင့်၍ ရောင်ခြည်တော်များကို ဖူးတွေ့ရကာ ဝမ်းသာအံ့ဩမဆုံး ဖြစ်ရပါတော့သည်။ ထို့နောက် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို အခါခါ ဦးခိုက်၍ လည်းကောင်း၊ ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို ဦးထိပ်သို့ပင့်ဆောင်၍ လည်းကောင်း ရှိခိုးပူဇော်၍မဆုံးနိုင်အောင်ရှိကာ ပီတိမျက်ရည်များပင် ကျလာရသည်အထိ စိတ်တွင် အေးမြသောသုခချမ်းသာတစ်မျိုးခံစားရသည်ဟု သိရှိရပါသည်။

အခြား ရဲဘော်တစ်ဦးမှာလည်း ဤအရိုးကုဆေးရုံကြီးမှပင် ဖြစ်ပါသည်။ ဤရဲဘော်ဖြစ်ပုံမှာ ဤသို့ ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်၏ပုံတော်ကို အများနည်းတူ ပင့်ဆောင်လာခဲ့ပြီး ထိုညက ခေါင်းအုံးအောက်တွင် ပုံတော်ကိုထားရှိကာ အိပ်ရာဝင်ခဲ့သည်။ မကြာမီ အိပ်ပျော်သွားခဲ့သည်။ ညဉ့်သန်းခေါင်ယံအချိန်တွင် အိပ်ပျော်နေရာမှ ရုတ်တရက်နိုးထလာခဲ့သည်။ ထိုစဉ် အသံပြင်းပြင်းအသက်ရှူသွင်းနေသံကို ကြားရ၍ တုန်လှုပ်ချောက်ချားသွားမိပြီး မည်သည့်နေရာမှ ထွက်ပေါ်လာသနည်းဟု လေ့လာ ဆန်းစစ်ကြည့်ရာ နောက်ဆုံးတွင် မိမိ၏ခေါင်းအုံးအောက်မှ ထွက်ပေါ်နေခြင်းဖြစ်ကြောင်း သိရသောအခါ လန့်ဖျပ် တုန်လှုပ်သွားမိပါသည်။

ရုပ်ရှင်တော်မြတ်၏အိတ်ဆောင်အရွယ် ဓာတ်ပုံတော်အား ခေါင်းအုံးအောက် ဖိထားသလို ဖြစ်နေသည်ကို သတိရသွားပြီး ကပျာကယာ ခေါင်းအုံးကိုမ,၍ ဖယ်ရှားလိုက်ပါသည်။ ထိုအခါ ကျယ်လောင်စွာ ထွက်ပေါ်နေသာ အသက်ရှူသံကြီး ကွယ်ပျောက်သွားပါသည်။ ထိုရဲဘော်သည် ရုပ်ရှင်တော်မြတ်၏ပုံတော်အား ရိုသေစွာ ဦးနှိမ်ချ၍ တောင်းပန်ကန်တော့ကာ ဘုရားဆောင်ပေါ်သို့ ပင့်ဆောင်ထားရှိ၍ ပြန်လည် အိပ်စက်သောအခါမှ နှစ်ခြိုက်စွာ အိပ်ပျော်သွားကြောင်း သိရပါသည်။

**ခ-မ-ရ ၁၁၆ တပ်မှူး ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့် တွေ့ကြုံရပုံ**

ပုသိမ်ကြီးမြို့ ခ-မ-ရ (၁၁၆) မှ တပ်မှူး ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့်သည် စာရေးသူတို့ဇာတိ မြို့သာရွာမှ ဖြစ်သည့်အပြင် အမေကောင်း၏



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းကွဲ တူမမှ မွေးဖွားသူဖြစ်၍ အမေကောင်း၏မြေးတော်စပ်ပါသေးသည်။

စာရေးသူတို့ မြို့သာတွင် ရှိနေဆဲမှာပင် ကိုတင်မောင်မြင့်သည် ဗိုလ်သင်တန်းသို့တက်ရောက်သွားခဲ့ပါသည်။ ထိုအချိန်မှစ၍ တွေ့ဆုံရခြင်း မရှိတော့ဘဲကွဲကွာသွားခဲ့ပါသည်။ ထို့နောက် စာရေးသူတို့မိသားစုလည်း စဉ့်ကိုင်မြို့သို့ပြောင်းခဲ့ကြရာ ကိုတင်မောင်မြင့်နှင့် ပြန်လည်ဆုံတွေ့နိုင်ခြင်း မရှိတော့ဘဲ မေ့ပျောက်၍သွားခဲ့ပါသည်။ ထိုသို့ဖြင့် စာရေးသူတို့နေအိမ်တွင် ရွှေကံကူရုပ်ရှင်တော်မြတ် ပွင့်ထွန်းတော်မူလာခဲ့ပါသည်။ ၂၀၀၅ ခုနှစ်သို့ ရောက်သောအခါ မြို့သာမှ ကိုဝင်းကို၏သူငယ်ချင်းကိုအေးကျော်ရောက်ရှိလာပြီး ကိုတင်မောင်မြင့်သည် . တပ်ရင်းမှူးအဖြစ်နှင့် ပုသိမ်ကြီး (၁၁၆) ခြေမြန်တပ်ရင်းတွင် ရောက်ရှိနေကြောင်း၊ ရွာမှသွားရောက်တွေ့ဆုံကြသောဆွေမျိုးများကို ဖော်ရွေလိုက်လှဲစွာ တွေ့ဆုံကြောင်း စာရေးသူ၏အစ်ကို ကိုဝင်းကိုအား ပြောကြားပါသည်။ အချိန်ရာသီကား နွေဦးအခါသမယ တပေါင်းလထဲတွင် ဖြစ်ပါသည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့မှ ပင့်ဆောင်ပူဇော်နေချိန် ဖြစ်ပါသည်။

ကိုဝင်းကိုသည် ကိုတင်မောင်မြင့်နှင့် အတန်းတူ ကျောင်းနေဖက်ဖြစ်ခဲ့ဖူးရာ တစ်နေ့တွင် ကိုဝင်းကိုမှ ကိုတင်မောင်မြင့်ကို သွားရောက်တွေ့ဆုံလို၍ စာရေးသူအား အဖော်လိုက်ခဲ့ရန် ခေါ်ပါသည်။ သို့ဖြင့် စာရေးသူလည်း ခ-မ-ရ (၁၁၆) သို့ ရောက်ရှိသွားပြီး ကိုတင်မောင်မြင့်နှင့် တွေ့ဆုံဖြစ်ပါသည်။ စာရေးသူတို့သည် ကိုတင်မောင်မြင့် ဗိုလ်သင်တန်း တက်ရောက်သွားသောအချိန်မှ ဤနေ့အထိ အတောအတွင်း ယခုတွေ့ဆုံရခြင်းသည် ပထမဦးဆုံး ဖြစ်ပါ၏။

တပ်မတော်အစိုးရလက်ထက်အချိန်အခါဖြစ်၍ ဒုတိယဗိုလ်မှူးကြီး အဆင့်သည် အုပ်ချုပ်ရေး၌ တိုင်းဒေသကြီးအတွင်းရေးမှူးအဆင့်၊ ခရိုင် ဥက္ကဋ္ဌအဆင့်၊ အရပ်ဘက်ဌာနဆိုင်ရာသို့ပြောင်းရွှေ့လျှင် တိုင်းဒေသကြီးအဆင့်တွင် အမြင့်ဆုံးရာထူးသို့ ရရှိမည်ဖြစ်၍ အရှိန်အဝါကြီးမားလှရာ မာန်တက် ထောင်လွှားလိုမည်ဆိုက ထောင်လွှားနိုင်သည် ဖြစ်သော်လည်း ထိုသို့မဟုတ်ပါ။ စာရေးသူတို့ညီအစ်ကိုအား လှိုက်လှဲဖော်ရွေစွာဆက်ဆံပြီး စာရေးသူတို့အား ထမင်းနှင့်တကွ မုန့်၊ သစ်သီး၊ ဖျော်ရည်၊ ကော်ဖီတို့ဖြင့် ဧည့်ခံကျွေးမွေးကာ စာရေးသူတို့နှင့်အတူရော၍ စားသုံးပါသည်။ စကားပြောကောင်းလှသူဖြစ်၍ ရှေးဟောင်းနှောင်းဖြစ်များမှာ ပြောမကုန်အောင်ရှိပါသည်။

စာရေးသူတို့အလှည့်ရောက်သောအခါမှသာ စာရေးသူက ရုပ်ရှင်တော်မြတ်၏အကြောင်းကို ပြောပြလိုက်ပါသည်။ ကိုတင်မောင်မြင့်သည် အလွန်တရာအံ့ဩသွားပါသည်။ သူသည် ရွှေကံကူရုပ်ရှင်တော်မြတ်၏အကြောင်းကို တစ်လုံးတစ်ပါဒမျှ ကြားဖူးနားဝပင် မရှိခဲ့ဘူးသောကြောင့် ရုပ်ရှင်တော်မြတ်၏ သမိုင်းကြောင်းနှင့် ထူးခြားသော တန်ခိုးတော်တို့ကို စာရေးသူအား တစ်လုံးမကျန်ပြောပြစေ၍ စိတ်ပါဝင်စားစွာ နားထောင်၍နေပါသည်။ ပြီးလျှင် ရုပ်ရှင်တော်မြတ်ကို ၎င်း၏မွေးနေ့ သင်္ကြန်အကျနေ့အမီ ဤနေရာ ဤဌာနသို့ ပင့်ဆောင် ပူဇော်လိုပါသည်။ ဖြစ်အောင်ကူညီဆောင်ရွက်ပေးပါဟု မေတ္တာရပ်ခံတောင်းဆိုလာပါတော့သည်။ ထိုအခါ စာရေးသူတို့သည်လည်း မငြင်းသာတော့ပါ။ ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ ရောက်ရှိတော်မူခါစ ရှိပါသေး၍ မယ်တော်ကြီးတို့ထံ ဖုန်းဆက်၍ ပြောပေးပါမည်ဟု ဆိုလိုက်ရပါသည်။

မယ်တော်ကြီးတို့ကို အကျိုးအကြောင်းပြောပြလိုက်သောအခါ ရန်ကုန်မြို့တွင် ရက်ချိန်းရယူထားသော ဗိုလ်မှူးလှမိုး၊ ဗိုလ်မှူးကြီးအောင်ကျော်စိုး၊ ကိုစိုးနိုင်သိန်းတို့၏ရက်များကို မေတ္တာရပ်ခံတောင်းယူပြီး ကိုတင်မောင်မြင့်ကို ပေးလိုက်ရပါသည်။ ကိုတင်မောင်မြင့်သည် မယ်တော်ကြီးတို့ကို ခရီးမပန်းစေလိုသောကြောင့် လေယာဉ်ဖြင့် ပင့်ဆောင်စေပါသည်။ ယခုအကြိမ်သည် ရုပ်ရှင်တော်မြတ်အား လေယာဉ်ဖြင့်ပင့်ဆောင်ခြင်း၏ပထမဦးဆုံးအကြိမ် ဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်သည် (၁၁၆) တပ်ရင်းတွင် တန်ခိုးတော်များ ထူးထူးခြားခြား ချီးမြှင့်တော်မူခဲ့ပါသည်။

ထိုအချိန်မှစ၍ ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့်သည် အခါအားလျော်စွာ ရုပ်ရှင်တော်မြတ်၏အောင်မြေသို့ မကြာခဏ လာရောက်လေ့ရှိပြီး ရုပ်ရှင်တော်မြတ်ကို အကြွင်းမဲ့ ကိုးကွယ်ယုံကြည်သူ ဖြစ်လာပါတော့သည်။ သွားလေရာရာတွင် ရွှေကံကူပုံတော်များစွာကို ပင့်ဆောင်ပူဇော်သွားပြီး မိမိကိုယ်တိုင် ကိုးကွယ်ရုံမျှမက မိမိ၏တပည့်ရဲဘော်များနှင့် မိတ်ဆွေများကိုလည်း ပေးဝေကာ ဆောင်ယူ ကိုးကွယ်စေခဲ့ပါသည်။

ဤသို့ဖြင့် ၂၀၀၅ ခုနှစ်၊ (၁၀) လပိုင်းခန့်တွင် ကိုတင်မောင်မြင့်သည် စာရေးသူတို့ထံသို့ ရောက်ရှိလာပြီး ရွှေကံကူပုံတော်မှ ထူးခြားမှုဖြစ်ပေါ်သော သူ၏ကိုယ်တွေ့ဖြစ်ရပ်ကို ဤသို့ပြောပြပါသည်။ ၎င်းတို့တပ်ရင်းသည် ကရင်ပြည်နယ်သို့ ရှေ့တန်းစစ်ဆင်ရေးထွက်ခဲ့ရသည်။ ထိုစဉ်က ကရင်သောင်းကျန်းသူတို့အင်အား ကောင်းမွန်လျက် ရှိပါသေးသည်။ တပ်မ (၃၃) လက်အောက်ခံ (၁၁၆) တပ်ရင်းသည် ဘော်စွဲခိုဒေသညောင်ပင်ကုန်းစစ်စခန်းကုန်းတွင် နေရာယူ တပ်စွဲထားရပါသည်။

ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့်သည် သွားလေရာရာ၌ ရွှေကံကူပုံတော်များကို ပင့်ဆောင်စမြဲဖြစ်သည့်အတိုင်း ယခုလည်း ရွှေကံကူပုံတော်ပါရှိလာခဲ့ပြီး ၎င်းနေထိုင်ရာ ဘန်ကာနံရံတွင် နေရာချထားကာ ပူဇော်ထားရှိလိုက်ပါသည်။ တစ်နေ့ (၁၉-၈-၂၀၀၅) တွင် နေ့လယ် (၁၁) နာရီအချိန်၌ စခန်းအတွင်းလှည့်လည်စစ်ဆေးပြီး ဘန်ကာအတွင်းသို့ ပြန်ဝင်လာရာ ထူးခြား အံ့ဩဖွယ်မြင်ကွင်းကို တွေ့မြင်ရ၍ ရဲဘော်များကိုအသိပေးကာ ခေါ်ယူကြည့်ရှုစေပါသည်။ အံ့ဩကုန်နိုင်ဖွယ် မြင်ကွင်းပင် ဖြစ်ပါသည်။ ရွှေဝါရောင်အဆင်းရှိသော တစ်လံခန့် ရှည်လျားသည့် မြွေကြီးတစ်ကောင်ရောက်ရှိနေပြီး နံရံတွင်ကပ်၍ ပူဇော်ထားရှိသော ရွှေကံကူ ပုံတော် (အိတ်ဆောင်အရွယ်) ကို ခေါင်းထောင်၍ဖူးမြော်နေခြင်း ဖြစ်ပါသည်။ လူများအနီးကပ်၍ မြွေကြီးကို ဝိုင်းအုံကြည့်ရှုနေကြပါသော်လည်း မြွေကြီးသည် ကြောက်ရွံ့လန့်ဖျပ်ခြင်းမရှိပါ။ ပကတိတိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက်ရှိနေပါ၏။ ပို၍ ထူးဆန်းလှသည်မှာ မြွေကြီးသည် ထိုအချိန်မှစ၍ နောက်တစ်နေ့ (၂၀-၈-၂၀၀၅) ညနေ (၃) နာရီအထိ ထိုအတိုင်း ငြိမ်သက်စွာရှိနေပြီးမှ ပုံတော်အားဦးချကာ တောတွင်းသို့ တရွေ့ရွေ့ ဝင်ရောက်ပျောက်ကွယ်သွားခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ဖြတ်သွားခြင်း၊ တစ်ခဏသာ ခေါင်းထောင်၍ ကြည့်သွားခြင်းသာဖြစ်ပါက ပုံတော်ကို လာရောက်



www.burmeseclassic.com

www.burmeseclassic.com

…မြော်သည်ဟု ဆိုနိုင်မည် မဟုတ်ပါ။ အကြောင်းသင့် တိုက်ဆိုင်၍ လမ်းကြုံ မြတ်သန်းသွားခြင်းသာ ဖြစ်ပါလိမ့်မည်။ မြွေတို့သဘာဝအရ အစာမျိုထားလျှင် တစ်နေရာရာ၌ တစ်ရက်မက ခွေ၍နေ နိုင်သည် ဖြစ်သော်လည်း ယခုကဲ့သို့ ကိုယ်လုံးစင်းလျက် ခေါင်းထောင်ပြီး (၈) နာရီမျှနေနိုင်ခြင်းမှာ သာမန်အား ဖြင့် မပြုလုပ်နိုင်ပါ။ ယခု ဖြစ်ရပ်မှာ သာမန်မြွေမဟုတ်သော နတ်နဂါးဖြစ် သည်လော၊ သာမန်မြွေဖြစ်လျှင်သော် လည်း တောစောင့်နတ်၊ တောင်စောင့် နတ်တို့မှစီးနင်း၍ လာရောက်ဖူးမြော် ခြင်းလော တစ်ခုခုပင် ဖြစ်ရမည်ဟု အ ရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအ ပေါင်းတို့မှ ထင်မြင် ယူဆလျက်ရှိကြ သည်ဟု ပြောပြပါသည်။

ထို့နောက် မြွေ၏ဓာတ်ပုံကို စာ ရေးသူအား ပေးပါသည်။ ဓာတ်ပုံ၏ နောက်ကျောတွင် နေရာဒေသနှင့် နေ့ ရက် အချိန်တို့ ရေးသားထားရှိသည်။ …တင်မောင်မြင့်သည် ဓာတ်ပုံဝါသနာ ရှင်ဖြစ်သည့်အတိုင်း သွားလေရာတွင် ဓာတ်ပုံကင်မရာ ယူဆောင်သွားလေ့ရှိ ၍ ယခုကဲ့သို့ အမှိအရ ဓာတ်ပုံရိုက်ယူ သနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

(၂) နှစ်ခန့်အကြာတွင် ဒုတိယ ဗိုလ်မှူးကြီး တင်မောင်မြင့်သည် ပဲခူး တိုင်းဒေသကြီး အင်းမ လက်နက်ကြီး သင်တန်းကျောင်းအုပ်ကြီးအဖြစ် ပြောင်း ရွှေ့တာဝန်ထမ်းဆောင်ရကြောင်း သိရ ပါသည်။ ထိုသင်တန်းကျောင်းသို့လည်း ရုပ်ရှင်တော်မြတ်အား (၃) နှစ်ခန့် ဆက် …က် ပင့်ဆောင်ခဲ့ပါသည်။

(လွန်ခဲ့သော ၂ နှစ်က ရန်ကုန် မြို့ အောင်ဆန်းကွင်း မြန်မာနိုင်ငံ တိုက် ကွမ်ဒိုအဖွဲ့ နည်းပြချုပ်မှ ရုပ်ရှင်တော် မြတ်အား ပင့်ဆောင်ရာ စာရေးသူ ရန် ကုန်ရောက်ခိုက်ဖြစ်၍ အောင်ဆန်းကွင်း သို့ လိုက်သွားရာ ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့်ကို မြန်မာနိုင်ငံ တိုက်ကွမ် ဒိုအဖွဲ့ဥက္ကဋ္ဌအဖြစ် တွေ့ဆုံခဲ့ရခြင်း ဖြစ် ပါသည်။)

**…လေးမြို့ ကျွဲဆည်ကန် ရပ်ကွက်မှ ကိုသိန်းလင်း + မခင်စုမာတို့ ကြုံတွေ့ရပုံ**

ကိုသိန်းလင်း + မခင်စုမာတို့သည် ရုပ်ရှင်တော်မြတ်အား ထာဝစဉ် ကိုး ကွယ်ကြသူများ ဖြစ်ပါသည်။ တစ်နှစ် လျှင် တစ်ကြိမ်ထက်မနည်း ပင့်ဆောင် ပူဇော်ခဲ့ကြသူများဖြစ်ပြီး ရုပ်ရှင်တော် မြတ်ကိုသာမက မယ်တော်ကြီး၊ အန်တီ အေးနှင့် စာရေးသူတို့ကိုပါ အထူးရိုသေ လေးစားသူများ ဖြစ်ကြပါသည်။ ၎င်းတို့ သည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်သည့် အကြိမ်ရေ များပြားလာ သည့်တိုင်လည်း ရုပ်ရှင်တော်မြတ်အား ပထမဦးဆုံး ပင့်ဆောင်ပူဇော်စဉ်ကဲ့သို့ ပင် အလေးအမြတ်ထားကြမြဲဖြစ်ပြီး ကြွ ရောက်တော်မူသည့် အခါတိုင်းလည်း ရုပ်ရှင်တော်မြတ်အား မှတ်တမ်းဓာတ် ပုံများ ရိုက်ကူးပူဇော်ကာ ထိုပုံတော်များ ကိုလည်း ပြန်လည် ကြည်ညိုမဝနိုင် ကြပါ။

ကိုသိန်းလင်း + မခင်စုမာတို့သာ မက (၂) နှစ်အရွယ်မျှသာရှိသေးသော သားကလေး မောင်ရဲကပင်လျှင် ရုပ်ရှင် တော်မြတ်နှင့်တကွ မယ်တော်ကြီး၊ အန် တီအေးနှင့်စာရေးသူတို့ကို အလေးထား ပါ၏။ ရိုသေကိုင်းရှိုင်းပါ၏။ မခင်စုမာ ၏မိဘများဖြစ်သော ရွှေနေကြီး ဦးစိန် သန်း၊ ဆရာမကြီးဒေါ်မြမြနှင့် သားသမီး များဖြစ်ကြသော ဗိုလ်ကြီး ဂုဏ်ဝင်းစံ၊ မခင်ငုဝါ၊ မခင်ဖြူပြာ၊ မောင်လင်းလင်း အစရှိသဖြင့် တစ်မိသားစုလုံးမှစိတ်ဝမ်း ညီညွတ်စွာ ယုံကြည်ကိုးကွယ်ကြသည်။ ထို့ကြောင့် ဤမိသားစု အားလုံးသည် ရွှေကံကူမိသားစုနှင့် ဆွေမျိုးရင်းချာ သဖွယ် ဖြစ်၍နေပါသည်။

၂၀၁၁ ခုနှစ်၊ (၇) လပိုင်းတွင် ကိုသိန်းလင်း + မခင်စုမာတို့မှ ရုပ်ရှင် တော်မြတ်အား ပင့်ဆောင်ပူဇော်ကြပြန် ပါသည်။ ဤမိသားစုသည် ယခင်က ကဆုန်လပြည့်နေ့တိုင်း ပင့်ဆောင်ပူဇော် မြဲ ဖြစ်သော်လည်း နောက်ပိုင်းနှစ်များ တွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့ ၌ ကဆုန်လပြည့်ကျော်သည့်တိုင် ဒေသ စာရီခရီးများမပြီးဆုံးသေးသဖြင့် ကဆုန် လပြည့်နေ့ကိုမရရှိတော့ဘဲ အဆင်သင့် သည့်ရက်တွင်သာ ပင့်ဆောင် ပူဇော်ခွင့် ရရှိတော့သောကြောင့် ဖြစ်ပါသည်။

ယခုတစ်ခေါက် ကြွရောက်လာ သောအခါတွင်လည်း ကိုသိန်းလင်း + မခင်စုမာတို့သည် ရုပ်ရှင်တော်မြတ်အား မှတ်တမ်းဓာတ်ပုံများ ရိုက်ကူး ပူဇော် ထားရှိပြီး ထိုပုံများအတွင်းမှ ထူးခြား သော ပုံတော်တစ်ပုံကို ပွားကူးထား လိုက်ပါသည်။ ၎င်းတို့နေအိမ်ရှိ ရုပ်ပွား တော်မြတ်ကြီး (ဉာဏ်တော် ၁၈ လက်မ ရှိကာ ပိတောက်သားဖြင့် ထုလုပ်ထား ရှိသော လာဘမုနိ)၏ပလ္လင်ခုံတွင် ရွှေ ကံကူရုပ်ရှင်တော်မြတ်၏ပုံတော်ကို မှီ၍ ထောင်ထားလိုက်ပါသည်။ ပုံတော်ကို ပလတ်စတစ် လောင်းမထားပါ။ မူလ ဓာတ်ပုံသားအတိုင်းပင် ဖြစ်ပါသည်။ ပုံတော်မှာမကြီးပါ၊ အိတ်ဆောင်အရွယ် မျှသာ ဖြစ်ပါသည်။ (၂)ရက်ခန့်အကြာ တွင် ပုံတော်၏အပေါ် အဖျားပိုင်းသည် ပလ္လင်တော်ကိုမှီနေရာမှ ရှေ့သို့ငိုက်ကျ လာပါသည်။ လခြမ်းကွေးသဏ္ဍာန် ဖြစ် ပေါ်လာချိန်၌ ဓာတ်ပုံတော်၏အောက် နှုတ်ခမ်းသား ပလ္လင်ခုံနှင့်ထိနေပြီး ဓာတ် ပုံတော်၏နောက်ကျောပြင် တစ်ခုလုံး ပလ္လင်တော်နှင့်မထိတော့ဘဲ လုံးဝလွတ် ၍နေပါတော့သည်။ ဓာတ်ပုံတော်သည် ရှေ့သို့ငိုက်ကျရန် အကြောင်းရှိသော် လည်း ထိုသို့ မဖြစ်ပါ။ အောက်ခြေနှစ် ဖက်ကို တိပ်ဖြင့်ကပ်ထားသကဲ့သို့ ခိုင် မြဲ၍နေပါသည်။ တစ်ခဏတာမျှသာ မဟုတ်ပါ၊ ရက်ပေါင်းများစွာ ကြာမြင့် ပါသည်။

ကိုသိန်းလင်းသည် ရောက်လာ သမျှသော ဧည့်သည်အပေါင်းကို ခေါ် ၍ပြသပါသည်။ ကိုသိန်းလင်းကိုယ်တိုင် မှ လည်းကောင်း၊ ဧည့်သည်များကို လည်းကောင်း ထိုပုံတော်ကို မ,ယူပြီး နေရာရွှေ့ပြီးထောင်လိုက်လျှင် ပုံတော် သည် ထောင်ထားသောအတိုင်းပင် ရပ် တည်၍နေပါသည်။ အိမ်ရှင်မိသားစုများ နှင့်တွေ့မြင်ရသူအပေါင်းတို့ အံ့ဩမဆုံး ဖြစ်ကြရပါသည်။ ၎င်းတို့၏တစ်သက် တာတွင် ဤကဲ့သို့သော ထူးဆန်းမှုမျိုး ကိုမတွေ့ရှိဖူးဘူးကြသောကြောင့် ဖြစ် ပါသည်။ ထိုရက်ပိုင်းအတွင်းမှာပင် စာ ရေးသူလည်း ကိုသိန်းလင်းတို့အိမ်သို့ နှစ် ကြိမ်ရောက်ဖြစ်ခဲ့ပါသေးသည်။ စာရေး သူ ကိုယ်တိုင်ပင် အံ့ဩမဆုံးဖြစ်ရကာ ရုပ်ရှင်တော်မြတ်အား ကြည်ညိုမဆုံး၊ အံ့ဩမဆုံး ဖြစ်ရပါသည်။ စမ်းသပ်ခြင်း မဟုတ်သော်လည်း ပိုမို သေချာစေရန် စာရေးသူကိုယ်တိုင်ပင် ထိုဓာတ်ပုံတော် အား ကိုင်မြှောက်ကြည့်လိုက်ပါသေး သည်။ တစ်စုံတစ်ရာ (ပင့်ကူမျှင်၊ ပိုး အိမ်) မျှကပ်ငြိနေခြင်းမရှိသကဲ့သို့ တစ် စုံတစ်ရာ (ကော်၊ တိပ်) ဖြင့်လည်း ဖန် တီးထားခြင်း၊ ကပ်ထားခြင်း မရှိပါ။ စာ ရေးသူသည် ပို၍သေချာစေရန် ဓာတ်ပုံ ၏အောက်နှုတ်ခမ်းကို လက်ဖြင့် ပွတ် သပ်ကြည့်လိုက်ပါသေးသည်၊ မည်သည့် အရာမျှ ထိတွေ့မှုမခံစားရပါ။ ပကတိ အတိုင်းသာဖြစ်ပါ၏။ ထို့နောက် နေရာ ရွှေ့၍ ထောင်ထားကြည့်သည်။ ဂရုပြု ၍ ထောင်စရာမလိုပါ၊ လက်လွှတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်နှင့် ထောင်လျက်သား ဖြစ်နေပါသည်။

ထို့ထက် ပို၍ ထူးဆန်းသည်မှာ ကိုသိန်းလင်းတို့ ဘုရားဆောင်၏ မြောက်ဘက်တည့်တည့်သည် ပြတင်းပေါက်နှင့်ကပ်လျက် ဖြစ်ပါသည်။ ထိုလရာသီကား နယုန်၊ ဝါဆိုဖြစ်ရာ မုတ်သုံလေတို့ မြန်မာနိုင်ငံသို့ ဝင်ရောက်လျက်ရှိပြီဖြစ်သောကြောင့် တစ်ချက်၊ တစ်ချက် လေပြင်းများဆောင့်၍တိုက်ခတ်လေ့ရှိရာ ဘုရားဆောင်ပေါ်ရှိ အတော်အသင့်ကြီးမား (တစ်ပေခွဲအမြင့်ရှိ) သော ပန်းအိုးကြီးများပင် လွင့်စဉ်၍ကျသော်လည်း တန်ခိုးတော်ဖြင့် အလွတ်ထောင်၍နေသည့် ရွှေကံကူဓာတ်ပုံလေးမှာ ပြုတ်ကျဖို့နေနေသာသာ၊ လှုပ်ရုံမျှပင်မရှိပါ။ အံ့ဩဖွယ်ကောင်းလှပါ၏။

၂၃-၃-၂၀၁၃ နေ့က ကိုသိန်းလင်းတို့နေအိမ်သို့ စာရေးသူ ရောက်ရှိသွားပါသည်။ ပလ္လင်တော်များဆောင်းပါးတွင် စာရေးသူ ရေးသားဖော်ပြခဲ့သည်မှာ အိုးပိုင်အိမ်ပိုင်မရှိသေးသော ကိုသိန်းလင်းတို့ အာရုံစီ တစ်ထပ်တိုက် ဆောက်လုပ်နိုင်ခဲ့သည်ဟု ပါရှိခဲ့ပါသည်။ ယခု ထိုတစ်ထပ်တိုက်ကိုပင် နှစ်ထပ်တိုးချဲ့ဆောက်လုပ်ပြီးစီးလုပြီ ဖြစ်သည်။ စာရေးသူတို့သည် ပင်မကျောင်းဆောင်တော်ကြီး မဆောက်လုပ်မီ ရှေ့ပြေးကျောင်းတော် (ကျောင်းဆောင်တော်ကြီး ဆောက်လုပ်စဉ်ကာလတွင် ခေတ္တသီတင်းသုံးရန်) ကို ၃-၁၂-၂၀၁၂ နေ့တွင် ပန္နက်တင်၍ ဆောက်လုပ်ခဲ့ပါသည်။ ကိုသိန်းလင်းတို့သည် စာရေးသူတို့နှင့် (၇) ရက်ခွာပြီး ၎င်းတို့အိမ်ကို စတင်ပြင်ဆင်ခဲ့ခြင်းဖြစ်ရာ စာရေးသူတို့နှင့် တစ်ပြိုင်နက်တည်းပြီးစီးလုပြီ ဖြစ်ပါသည်။ မယ်တော်ကြီး၏လမ်းညွှန်မှုဖြင့် ကိုသိန်းလင်းတို့ ဘုရားခန်းတွင် နံရံ၌ (၃) ပေ၊ (၄) ပေအရွယ် ရွှေတိဂုံ၊ ကျိုက်ထီးရိုး၊ မဟာမြတ်မုနိနှင့် ရွှေကံကူ ပုံတော်ကြီးများကို အရွယ်တူ အင်္ဂတေပေါင်အတွင်း၌ ရွှေပေါင်များဖြင့် ပူဇော်ထားရှိစေပါသည်။

မယ်တော်ကြီး၏ လမ်းညွှန်ချက်ဖြင့် တစ်သဝေမတိမ်း လိုက်နာပြီး ထိုပုံတော်ကြီးများ ချိတ်ဆွဲပူဇော်ထားရှိသည်မှာ သပ္ပာယ်လှပါ၍ တက်ရောက်ဖူးမြော်ပါရန် ကိုသိန်းလင်းမှ ပြောကြားပြီး စာရေးသူကို တိုက်အပေါ်ထပ် ဘုရားခန်းသို့ ခေါ်ဆောင်သွားပါသည်။ တန်ခိုးကြီးဘုရားလေးဆူ၏ ပုံတော်များမှာ ခံ့ညားထည်ဝါလှ၍ အမှန်တကယ်ပင် သပ္ပာယ်လှသည်။ ရွှေကံကူပုံတော်ကို ရန်ကုန်မြို့မှ ရဲလေး/ ဝေတောင်မှ ရိုက်ကူး ပူဇော်ပေးခြင်းဖြစ်၍ တည်းဖြတ်မှုကို ဇော်ကြီး [ယုအော့(ဖ်)ဆက်၊ ၃၂ လမ်း၊ ၈၃×၈၄ လမ်းကြား] မှ ပြုလုပ်ပေးသည်ဟု သိရပါသည်။

ထိုနေ့က စာရေးသူလည်း ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်ဖြစ်တော်စဉ် ဆမိုင်းမှတ်တမ်း ရိုက်နိုပ်ရာ ယုအော့(ဖ်)ဆက်သို့ သွားရောက်ရန်ရှိ၍ ဘုရားခန်းမှ ပြန်ဆင်းလာပြီး ဆိုင်ကယ်ပေါ်တက်ခါနီးတွင် 'ရွှေကံကူဓာတ်ပုံတော်များမှ ထူးခြားမှုများဖြစ်ပေါ်ခြင်း' ဆောင်းပါးရေးသားနေပါ၍ ကိုသိန်းလင်းတို့နေအိမ်တွင် ဓာတ်ပုံထောင်သည့်အကြောင်းကို သေချာစေရန် ထပ်မံ မေးမြန်းလိုက်ပါသေးသည်။

(ထို့ကြောင့် အထက်တွင်အသေးစိတ် ပြန်လည်ရေးသားဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။)

ထို့နောက် ယုအော့(ဖ်)ဆက်သို့ ရောက်ရှိသွားပြီး ဖြစ်တော်စဉ်သမိုင်း စာအုပ်အဖုံးဒီဇိုင်းရေးဆွဲသော မောင်အောင်ကိုကို၏ဘေးတွင်ထိုင်၍ လိုရာဒီဇိုင်းတို့ကိုပြောကြားပါသည်။ ထိုအချိန်မှာပင် ကိုသိန်းလင်းထံမှဖုန်းဝင်လာပါသည်။ အလူမီနီယမ်ဘုရားဆောင် လာရောက်ပြုလုပ်သော မင်းမင်းထွန်း (မိုးကောင်းကင်-အလူမီနီယမ်လုပ်ငန်း) မှ ပြော၍သိရကြောင်း၊ စောစောက စာရေးသူဖူးမြော်သွားသော ပုံတော်များမှ ရွှေကံကူ ဘုရားပုံတော်သည် သရီးဒီဓာတ်ပုံကဲ့သို့ လည်းကောင်း၊ ရွှေခြည်ထိုး ဖောင်းကြွပန်းချီကားကဲ့သို့ လည်းကောင်း ရုပ်လုံးရုပ်ကြွဖြစ်နေကြောင်း၊ အပြန်တွင် အချိန်ရရှိမည်ဆိုပါလျှင် ဝင်ရောက် ဖူးမြော်စေလိုပါကြောင်း ပြောကြားပါသည်။

ထို့ကြောင့် စာရေးသူလည်း အပြန်တွင် ဝမ်းမြောက်စွာဖြင့် ကိုသိန်းလင်းတို့အိမ်သို့ဝင်ရောက်ကာ ရွှေကံကူပုံတော်ကို ဖူးမြော်လိုက်ပါသည်။ မှန်ပါသည်၊ ရွှေကံကူပုံတော်မှာ ထူးခြားလှစွာ မကိုဋ်တော်၊ မျက်နှာတော်၊ ကိုယ်လုံးတော်တို့မှာ မောက်ကြွ၍နေသည်ကိုတွေ့လိုက်ရပါသည်။

မခင်စုမာမှ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးရန် ပြောပါသည်။ စာရေးသူလည်း ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။ သို့သော် ဓာတ်ပုံထဲတွင် မသိသာပါ။ အပြင်မှာသာ သိသာထင်ရှားခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ဓာတ်ပုံတော်တွင် ရုပ်လုံးရုပ်ကြွသဏ္ဌာန် ဖြစ်ပေါ်မှုမှာ မည်မျှကြာမြင့်မည်ဟု မသိရှိနိုင်ပါ။

ဓာတ်ပုံ ထောင်၍နေသည်မှာကတော့ ရက်ပေါင်း (၂၀) ခန့်အထိ ကြာမြင့်ခဲ့ပြီးနောက်တွင် သာမန်ဓာတ်ပုံကဲ့သို့ ထောင်၍မရတော့ဘဲ ဖြစ်သွားခဲ့သည်မှာ ဤယနေ့အချိန်တိုင် ဖြစ်ပါသည်။ ဤအကြောင်းအရာတို့ကို အသေးစိတ် သိရှိလိုပါလျှင် ၀၉-၇၁၀၁၂၂ သို့ ဆက်သွယ်မေးမြန်းကြည့်မည်ဆိုပါက ထိုအကြောင်းအရာများကို ယခုဖတ်ရှုရသည်ထက် ပိုမိုပြည့်စုံစွာ သိရှိကြရမည် ဖြစ်ပါသည်။

**မန္တလေးမြို့ မြန်မာ့သစ်တောဖက်စပ် ဒုထွေ/ဂျာ ဦးတင်ထွဋ်+ဒေါ်အေးအေးနိုင် မိသားစု ဖူးတွေ့ရပုံ**

၂၀၀၁ ခုနှစ်ခန့်က ဖြစ်ပါသည်။ ထိုစဉ်က ရုပ်ရှင်တော်မြတ်သည် ပွင့်ထွန်းပေါ်ပေါက်တော်မူစ,သာ ရှိပါသေး၍ ပင့်ဆောင်ပူဇော်သူတို့ နည်းပါးလှပါသေးသည်။ ဘုရားပင့် လာရောက်ကြလျှင် စာရေးသူတို့မှာ အထူးပင် ပျော်ရွှင်ဝမ်းသာ၍ပီတိဖြစ်ကြရပါသည်။ မိမိတို့နေအိမ်မှ ကိုးကွယ်သောဘုရားအားကြည်ညိုလေးစားစွာဖြင့် တခမ်းတနားပင့်ဆောင်သွားကြသော မြင်ကွင်းမျိုးသည်ကား မဖော်ပြနိုင်သော ကြည်နူးမှုတို့ကို ဖြစ်ပေါ်စေပါသည်။ ဤလောကတွင် ထိုခံစားမှုမျိုးကို ရရှိဖူးသူတို့မှာလည်း အလွန်တရာ ရှားပါးလှပါလိမ့်မည်။

ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာဌာနမှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ တိုးချဲ့ (၅) ရပ်ကွက် ဒုအရာခံဗိုလ် (ငြိမ်း) ဦးသန်းဌေးတို့၏နေအိမ်မင်္ဂလာ ဖြစ်ပါသည်။ ထိုစဉ်က ရုပ်ရှင်တော်မြတ်သည် အောင်မြေတွင် သီတင်းသုံး စံပယ်တော်မူသောနေ့က များပါသည်။ ထိုစဉ်က ရုပ်ရှင်တော်မြတ်သည် တန်ခိုးတော်ဖြင့် နေရာပြောင်းကြွခြင်းများ မကြာမကြာ ဖြစ်ပေါ်လေ့ရှိရာ ဦးသန်းဌေးတို့ လာရောက် ပင့်ဆောင်သောအချိန်တွင် ရှင်သီဝလိကိုယ်တော် သီတင်းသုံးတော်မူသော မှန်ကျောင်းဆောင်ကလေး၏ခေါင်မိုးပေါ်တွင် ကြွရောက်တော်မူလျက် ရှိပါသည်။

ရုပ်ရှင်တော်မြတ်တန်ခိုးတော်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကြ ရောက်တော်မူလျှင် လူ၏လက်ဖြင့် ကျောင်းရွှေ့မပင့်စေလို၍ ကျောင်းဆောင် ခေါင်မိုးစွန်းတွင် တစောင်းအနေအထား အတိုင်း ပင့်ဆောင်သွားရမည် ဖြစ်ပါ သည်။ ထို့ကြောင့် ဦးသန်းငွေသည် ထို အတိုင်းပင် ကျောင်းဆောင်တော်ကို ...၍ ကားပေါ်ထိုင်လျက် ပင့်ဆောင် သွားပါသည်။ ရုပ်ရှင်တော်မြတ်သည် ခေါင်မိုးစွန်းအလျှောဘက်တွင် ဖြစ်၍ ကားဆောင့်သောအခါ ပြုတ်ကျမည် ...ဖြင့် လက်မကိုထောင်၍ ကာထား ...ပါသည်။ သို့သော် ရုပ်ပွားတော် သည် လက်မနှင့်ထိပြီးလျှင် အတွင်း ဘက် မူလနေရာသို့ ပြန်ရွှေ့သွားသည်။ ကားလှုပ်လျှင် ရွှေ့လာပြီး လက်မနှင့် ...သည်နှင့် ပြန်လည်ရွှေ့လျားသွားပြန် ပါသည်။ ထိုအခါ ဦးသန်းငွေ၏စိတ် ...် ကျောင်းဆောင်အမိုးအောက်တွင် ...လိုက်ပြားထည့်ထားပြီး ရုပ်ပွားတော် အောက်တွင်လည်း သံပြား (သို့) သံ ...ကြမ်ပ်ထားမည်၊ သို့ဖြစ်၍သာ ရုပ် ပွားတော်သည် မူလနေရာသို့ ပြန်လည် ရွှေ့လျားသွားခြင်း ဖြစ်ပေမည်ဟု တွေး ...သွားသည်။ ထို့ကြောင့် ရုပ်ပွားတော် အား လက်မဖြင့် တွန်းကြည့်လိုက်သည်။ ရုပ်ပွားတော်မှာ မည်သည့်ဆွဲအားမျှ ရှိ နေပါ။ အသာကလေးပင် ရွှေ့လျား သွားပါသည်။ ထိုအခါ ဤကဲ့သို့ မူလ နေရာသို့ ပြန်လည်ရွှေ့လျားခြင်းမှာ ရုပ် ရှင်တော်မြတ်၏ စစ်မှန်သော တန်ခိုး တော်ဟုသိရှိရ၍ ရုပ်ရှင်တော်မြတ်အား စိတ်အတွင်းမှရှိခိုးကန်တော့တောင်းပန် လိုက်ပါသည်။

ရုပ်ရှင်တော်မြတ် ၎င်းတို့အိမ်သို့ ရောက်ရှိသောအခါ ကြည်ညိုသဒ္ဓါစိတ် များဖြစ်ပေါ်၍ ဓာတ်ပုံရိုက်ကူးပူဇော်ရာ ...တို့၏နေအိမ်ဘုရားဆောင်တွင် နေ ...ကြီးထွက်ပေါ်လျက်ရှိသကဲ့သို့ တွေ့ မြင်ကြရပါသည်။ ဦးသန်းငွေ၏သမီး ကလေးတစ်ဦးမှာ အမရပူမြို့ရှိ (၁၀၃) ...စက်တွင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ထိုစဉ်က မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဦး သန်းဝင်းအား ဖိတ်ကြားသဖြင့် လာ ရောက်ဖူးမြော်၍ ထူးခြားသော ရုပ်ပွား တော်မြတ်အဖြစ် ယုံကြည်လက်ခံသော ကြောင့် မန္တလေးတောင်ခြေရှိ ယခင် အရှေ့ဘက် (သစ်တောဝင်း) အတွင်း နေထိုင်လျက်ရှိသော ဒုတိယအထွေထွေ မန်နေဂျာ ဦးတင်ထွဋ် (ဦးသန်းဝင်း၏ အစ်ကိုတော်စပ်သူ) ထံသို့ ဖုန်းဆက်၍ အကြောင်းကြားလိုက်ပါသည်။

ညနေပိုင်းတွင် ဦးတင်ထွဋ်သည် တပည့်များနှင့် ရောက်ရှိ၍လာပါသည်။ ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရသောအခါ ဦးတင်ထွဋ်သည်လည်း ရုပ်ရှင်တော်မြတ် အား အထူးပင် ကြည်ညိုသွားမိပါသည်။ ထိုစဉ်က ကားများမှာ တန်ဖိုးကြီးမြင့်လှ ၍ ကိုယ်ပိုင်ကား စီးနိုင်သူ ရှားပါးလှ သေးသည်။ ကိုယ်ပိုင်ကားမရှိသူတို့အဖို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ရာ၌ ကားငှားရသည်မှာ မလွယ်ကူပါ။ ထိုအ ကြောင်းကို သိရှိထား၍ ဦးတင်ထွဋ်မှ ရုပ်ရှင်တော်မြတ်အား စဉ့်ကိုင်မြို့သို့ ပြန် လည်ပင့်ဆောင်လျှင် မိမိ၏ကားဖြင့် ပို့ ခွင့်ပြုစေလိုကြောင်း ဦးသန်းငွေအား ပြောကြားလျှင် ဦးသန်းငွေမှ ဝမ်းပန်း တသာ လက်ခံသဖြင့် နှစ်ဦးနှစ်ဖက် အ ဆင်ပြေ၍သွားပါသည်။

ဦးတင်ထွဋ်သည် ရုပ်ရှင်တော် မြတ်၏ဓာတ်ပုံတော်များကို ပင့်ဆောင် ၍ မန္တလေးတောင်ခြေသို့ ပြန်သွားခဲ့ပြီး နေအိမ်ဘုရားခန်းတွင် ရုပ်ရှင်တော်မြတ် ၏ပုံတော်များကို ပူဇော်ထားရှိလိုက်ပါ သည်။

ဤသို့ဖြင့် နောက်တစ်နေ့သို့ ရောက်ရှိ၍လာပါသည်။ ညနေ (၄) နာ ရီတွင် ရုပ်ရှင်တော်မြတ် ပြန်လည်ကြွ မြန်းတော်မူမည် ဖြစ်ပါသည်။ ထိုအချိန် တွင် ကောင်းကင်တစ်ခုလုံး မိုးတိမ်များ မည်းမှောင်ကာ တိမ်တောင် တိမ်တိုက် ကြီးများသည် ရေခိုးရေငွေ့များကြောင့် လေးတွဲ့ကာ ပြိုတော့မလိုဖြစ်လျက် ကြီး မားသော မိုးပေါက်ကြီးများပင် တဖြတ် ဖြောက်ဒီတစ်ဖြောက် ကျရောက်၍လာ ပြီ ဖြစ်ပါသည်။ ဗိုလ်ကြီးသန်းငွေမှ 'ဤ အိမ်ဝင်းအတွင်းနှင့် လမ်းမြေများမှာ စနယ်မြေစေး၊ ဖို့မြေများ ဖြစ်ပါသည်။ မိုးရွာလျှင် ဖိနပ်၊ ကားတာယာ၊ ဆိုင် ကယ်တာယာ၊ စက်ဘီးတာယာတို့တွင် အသွားရခက်အောင် ကပ်လေ့ရှိ၍ ဆိုး ဝါးလှပါသည်။ ထို့ကြောင့် မိုးမရွာစေ လိုပါ။ မိုးရွာမှာ စိုးမိပါသည်' ဟု ပြော ကြားသောအခါ ရုပ်ရှင်တော်မြတ်နှင့် အတူ လိုက်ပါသွားသော အန်တီအေး (အစ်မအေး) မှ ရုပ်ရှင်တော်မြတ်ထံ မိုးမရွာစေလိုကြောင်း၊ ဤနေရာ, ဤ ဒေသအား မိုးတို့ရှောင်ကွင်းစေလို ကြောင်း ဆုတောင်းလိုက်ပါသည်။ အံ့ ဩဖွယ်ကောင်းလှပါ၏။ ရုပ်ရှင်တော် မြတ်၏တန်ခိုးတော်ဟု ဆိုရပါမည်၊ သဲ ကြီးမဲကြီးရွာချမည့်ဟန် ပြင်နေသောမိုး မှာ ရုတ်တရက် တစ်ခဏတာအတွင်းမှာ ပင် ပြယ်လွင့်၍သွားပါတော့သည်။

ထိုအချိန်နှင့်တစ်ပြိုင်တည်းမှာပင် မန္တလေးမြို့ ဦးတင်ထွဋ်၏နေအိမ်တွင် ဦးတင်ထွဋ်သည် စဉ့်ကိုင်မြို့သို့ ရုပ်ရှင် တော်မြတ်အား ပင့်ဆောင်ပေးပို့ရမည် ဖြစ်၍ အပြင်လုပ်ငန်းခွင်မှ အိမ်သို့ ပြန် ရောက်လာပြီး အချိန်နီးကပ်နေပြီဖြစ်၍ ကားကို ရေမဆေးအားတော့ပါ။ အလျင် အမြန် ရေမိုးချိုးလိုက်ပြီး ဇနီးသည် ဒေါ် အေးအေးခိုင်ကိုလည်း အတူလိုက်ပါရန် ပြင်ဆင်စေပါသည်။ ထိုစဉ်အခိုက်အ တန့်မှာပင် ရုတ်တရက် မိုးသည် မပြင် ဆင်ဘဲ သဲသဲမဲမဲ ရွာချလိုက်ပါသည်။ အမရပူရမှ ညီ-ဦးသန်းဝင်းက ထွက်လာ ခဲ့တော့ရန် ဖုန်းဆက်သည်။ ဦးတင်ထွဋ် မှာလည်း နာရီကြည့်လိုက်သောအခါ (၃) နာရီကျော်နေပြီဖြစ်၍ မိုးအခြေအ နေသိရှိရန် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်ရာ ထူးဆန်းသော အ ခြင်းအရာကို တွေ့မြင်ရ၍ ဇနီးသည်ကို အော်ခေါ်လိုက်ပါသည်။

ဦးတင်ထွဋ်သည် စနေသားပီပီ စိတ်ကြီး၊ စိတ်တိုတတ်သူဖြစ်၍ ဒေါ် အေးအေးခိုင်သည် မိမိဝတ်စားပြီး ဖြီး လိမ်းနေသည်ကို အချိန်ကြာ၍ စိတ် မရှည်ဘဲ အော်သည်ထင်ကာ ကမန်းက တန်းပြေးထွက်လာပါသည်။ အပြင်သို့ ရောက်သော် ထိုသို့ မဟုတ်ပါ။ ဦးတင် ထွဋ်သည် နဖူးအပြောင်သား၊ မျက်မှန် အတွင်းမှမျက်လုံးအပြူးသားဖြင့် အပြင် သို့ ကျောက်ရုပ်သဖွယ် ငေးမော၍နေ သည်ကိုတွေ့ရှိရ၍ ဒေါ်အေးအေးခိုင် လည်း ဦးတင်ထွဋ်နည်းတူ အပြင်သို့ လှမ်းကြည့်လိုက်မိပါသည်။

အလွန်ထူးဆန်းလှသောမြင်ကွင်း ကို မြင်လိုက်ရခြင်း ဖြစ်ပါသည်။ ကားကို ဒေါင်နှင့် ဘုရားခန်းတစ်စက်မြိတ်မှာ ဝါး တစ်ရိုက်ခန့်သာ ကွာဝေးပါသည်။ ထိုအ ကွာအဝေးအတိုင်းပင် ဘုရားခန်းရှိ ရွှေ ကံကူပုံတော်များမှ မော်တော်ကားဆီ သို့ သက်တံကုံး ထွက်ပေါ်လျက်ရှိသည်။ အဓိပ္ပာယ်ကောက်ယူမည်ဆိုပါက ရွှေကံ ကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ် သည် ဤမော်တော်ယာဉ်ဖြင့် ကြွမြန်းဖို့ ရန် အချိန်တန်ပြီဟု ဆိုနေသယောင် ဖြစ် ပါသည်။ ထိုအခိုက်မှာပင် မိုးသည် ရုတ် တရက် တိတ်သွားပါသည်။ ဖုန်များပေ ကျံလျက်ရှိသော မော်တော်ကားမှာ လည်း မိုးရွာချလိုက်သဖြင့် ရေဆေး လိုက်သကဲ့သို့ သန့်ရှင်းစင်ကြယ်၍သွား



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ဦးတင်ထွဋ် + ဒေါ်အေးအေးခိုင် တို့ကိုတင်ဆောင်လျက် သားဖြစ်သူ သန့်ဇင်ထွဋ်မှ ကားကို မောင်းထွက်ခဲ့ကြပါသည်။ မဝေးလှပါ။ ကုသိုလ်တော်ဘုရားလွန်သည်နှင့် လမ်းတို့ ခြောက်သွေ့လျက်ရှိ၍ စောစောကရွာသောမိုးသည် ဤနေရာသို့ မရောက်ရှိ၊ နေရာကွက်၍ ရွာသွားကြောင်း သိရသည်။ အမရပူရသို့ ရောက်သောအခါ သတ်မှတ်ချိန် (၄) နာရီမှာပင် ရာသီဥတု သာယာကြည်လင်စွာဖြင့် စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းတော်မူနိုင်ခဲ့ပါသည်။

ဦးတင်ထွဋ် + ဒေါ်အေးအေးခိုင်တို့သည် ထိုအချိန်မှစ၍ ရွှေကံကူ သာဝကအရင်းများဖြစ်သွားကြခြင်း၊ ရုပ်ရှင်တော်မြတ်အား ၎င်းတို့နေအိမ်သို့ ပင့်ဆောင်ခြင်း၊ အောင်မြေသို့ လာရောက်ပူဇော်ခြင်းတို့ပြုခဲ့ကြသည်မှာ ဤယနေ့တိုင် ဖြစ်ပါသည်။

ယခုအချိန်တွင် ဦးတင်ထွဋ်သည် အလုပ်မှအငြိမ်းစားယူသွား၍ မန္တလေးမြို့ အောင်ပင်လယ်တွင် ပြောင်းရွှေ့နေထိုင်လျက် ရှိပါသည်။ အခြား ထူးခြားသောအကြောင်းအရာများကိုပါ သိရှိလိုလျှင် ၀၉-၇၃၆၃၀၁၁၁ သို့ ဆက်သွယ်မေးမြန်းမည်ဆိုလျှင် စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားပေးမည်ဟု သိရပါသည်။

**ရန်ကုန်မြို့မှ မမင်းမင်းစိုးမြင့် ကြုံတွေ့ရပုံ**

၂၀၁၁ နောက်ပိုင်းမှစ၍ ရုပ်ရှင်တော်မြတ်၏သတင်းတို့သည် မန္တလေးအက်(ဖ်)အမ်၊ ပတ္တမြားအက်(ဖ်)အမ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ၊ အင်တာနက်တို့တွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပါရှိလာခဲ့ခြင်း၊ ရုပ်ရှင်တော်မြတ်သည်လည်း (၁၀) နှစ်ကျော်မျှ တိုင်းဒေသကြီးများနှင့် ပြည်နယ် မြို့ရွာအနှံ့အပြားသို့ ဒေသစာရီခရီးများ မနားတမ်း ကြွချီတော်မူလျက်ရှိရာ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ဖူးသူ၊ ရုပ်ရှင်တော်မြတ်အား ကြားသိဖူးသူတို့ အတော်ပင် များပြားလျက်ရှိနေပြီ ဖြစ်ပါသည်။ ရန်ကုန်မြို့ဆိုလျှင် နှစ်စဉ် ကြွမြန်းတော်မူခဲ့သည်မှာ (၁၀) နှစ်ကျော်ခဲ့ပြီဖြစ်၍ တစ်နှစ်တစ်ကြိမ် ကြွမြန်းတော်မူလျှင် (၁) လခွဲမှ (၅) လခန့်အထိ ကြာမြင့်တတ်ရာ ရန်ကုန်မြို့ရှိ လူဦးရေ၏ (၃) ပုံ (၁) ပုံခန့်မှာ ရုပ်ရှင်တော်မြတ်ကိုသိရှိလျက်နေပြီ ဖြစ်ပါသည်။ နေပြည်တော်ဆိုလျှင်လည်း နေပြည်တော်တည်သောနှစ်မှစ၍ ဤယနေ့တိုင် နှစ်စဉ် တစ်လခန့်အထိ ကြွမြန်းတော်မူခဲ့ရာ အရာရှိကြီးပိုင်းများဆိုလျှင် သိရှိကြပြီး ဖြစ်ပါ၏။

ယခုလည်း ရုပ်ရှင်တော်မြတ်သည် ၂၀၁၂ (၁၂) လပိုင်းမှ ရန်ကုန်မြို့တွင် ပင့်ဆောင်ပူဇော်လျက်ရှိကြရာ ဤယနေ့ (၂၆-၃-၂၀၁၃) ထိ ရန်ကုန်မြို့ပေါ်မှာပင်ရှိနေသေးပြီး (၁၅-၅-၂၀၁၃) အထိ ရှိနေဦးမည်ဖြစ်သော်လည်း မသိရှိသူအများပင် ရှိနေသေး၍ မကြာမကြာ ရန်ကုန်မြို့မှလူများ စဉ့်ကိုင်မြို့ အောင်မြေသို့ ရုပ်ရှင်တော်အား ဖူးမြော်ရန် ရောက်ရှိ၍လာနေကြဆဲ ဖြစ်ပါသည်။ ထို့အတူ ရန်ကုန်မြို့ အမှတ် (၄၅)၊ (၄) လွှာ၊ (၁၅၅) လမ်း၊ တာမွေမြို့နယ်မှ မမင်းမင်းစိုးမြင့်သည် ဘာသာတရား ရိုသေကိုင်းရှိုင်းသူ ဖြစ်ပါသည်။ တာမွေမြို့နယ်ရှိ မိုးကောင်း ရှင်ပင်ဘုရားတွင် ကုသိုလ်ဖြစ် သန့်ရှင်းရေးနှင့်တကွ ဝေယျာဝစ္စတို့ကိုဆောင်ရွက်သည့် အသင်းဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ၎င်းသည် ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကို သူရဿမဂ္ဂဇင်းတွင် တွေ့ရှိရသောအခါ ဖူးတွေ့လိုစိတ်ပြင်းထန်စွာ ပေါ်ပေါက်မိပါသည်။

ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကြီးမားပုံတို့ကိုလည်း မဂ္ဂဇင်းတွင် ဖတ်ရှုရတာ ယုံကြည်မိသည်။ ရုပ်ရှင်တော်မြတ် (၉) ဂဏန်းတို့ ကြီးစိုး နှစ့်သက်ကြောင်းကိုလည်း သိရှိရကာ ဤမျှ တန်ခိုးတော် အမှန်တကယ်ကြီးမြတ်တော်မူသော ရုပ်ရှင်တော်မြတ်ဖြစ်ပါလျှင် လောကီအကျိုးစီးပွား ရလိုမှု လောဘမပါရှိသော ကောင်းမြတ်သည့်အဓိဋ္ဌာန်တစ်ခု ပြုကြည့်မည်ဆိုပါက မုချ အောင်မြင်ပြည့်ဝမည်ဟု တွေးမိခဲ့သည်။

ပြုလုပ်သောအဓိဋ္ဌာန်နှင့် တောင်းသည့်ဆုမှာ ၇-၂-၂၀၁၃ နေ့မှ ၁၈- ၂-၂၀၁၃ နေ့အထိ (၁၂) ရက်တိတိ နေ့စဉ် မိုးကောင်း ရှင်ပင်ဘုရားရင်ပြင်တော်တွင် နံနက် (၉) နာရီမှ (၉) နာရီ (၄၅) မိနစ်အထိ ဂုဏ်တော်များ ပွားများပူဇော်ခြင်းကို မပျက်မကွက်ပြုလုပ်ရန် အဓိဋ္ဌာန်ပြုမည်။ ထိုကဲ့သို့ထားရှိသော အဓိဋ္ဌာန်အတိုင်း ပြီးမြောက်အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါလျှင် တောင်းဆိုသောဆုမှာ ရုပ်ရှင်တော်မြတ်အား အမြန်ဆုံးဖူးတွေ့ခွင့်ရရှိလိုပါ၏ ဟူ၍ ဖြစ်ပါသည်။ မမင်းမင်းစိုးမြင့်သည် ၎င်းထားရှိသော အဓိဋ္ဌာန်အတိုင်းပင် ယုံကြည် စိတ်ချမှုအပြည့်ဖြင့် အဓိဋ္ဌာန်ကို မပျက်မကွက် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဖြင့် နောက်ဆုံးအဓိဋ္ဌာန်တင်ထားရှိခဲ့သော (၁၂) ရက်ပြည့်မြောက် (၁၈-၂-၂၀၁၃) နေ့သို့ ရောက်ရှိလာပါသည်။ အဓိဋ္ဌာန်စတင်ခဲ့သောနေ့မှစပြီး တစ်နေ့ထက်တစ်နေ့ ယုံကြည်မှုများ တိုးပွား၍လာကာ အားတက်၍လာနေသည်ကို သတိပြုလာမိပါသည်။ နောက်ဆုံး အဓိဋ္ဌာန်ပြီးမြောက်၍ သတ္တဝါဝေနေယျတို့အား အမျှပေးဝေရန် မျက်စိကို အသာအယာဖြည်းညင်းစွာ ဖွင့်လိုက်လျှင် အံ့သြဝမ်းသာမဆုံးဖြစ်ကာ ကြက်သီးများ တဖြန်းဖြန်းထမိပါသည်။ ထူးဆန်းလွန်းလှပါ၏။ ပြောမယုံကြုံမှသိနိုင်မည့်၊ ကိုယ်တွေ့ကြုံမှယုံနိုင်သည့်အဖြစ်ပင်။ အခြားသူများကိုပြောပြလျှင် မည်သူယုံနိုင်ပါအံ့နည်း။ သဗ္ဗညုတ ဘုရားရှင်တို့၏တန်ခိုးတော် ဂုဏ်တော်တို့ကို ယုံကြည်သူများမှသာ လက်ခံနိုင်ကြပေလိမ့်မည်။

ကြုံတွေ့ရသော အခြင်းအရာသည်ကား ၎င်း၏ရှေ့တွင် ဖြန့်ခင်းထားသော တဘက်ပေါ်၌ ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ အိတ်ဆောင်အရွယ် ဓာတ်ပုံတော် အလိုအလျောက် ကြွရောက်နေတော်မူခြင်းပင် ဖြစ်ပါသည်။ တစ်စုံတစ်ယောက်မှလာရောက်ချထားခဲ့ခြင်းလောဟု ပတ်ဝန်းကျင်ကို လှေ့လာကြည့်သောအခါတွင်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့မြင်ပါ။

ရုပ်ရှင်တော်မြတ်၏ပုံတော်မှာ မိတ္ထီလာမြို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမျိုးရှိန်နှင့် ဇနီး ဒေါ်မင်းမင်းထွေးတို့၏နေအိမ်၌ ပင့်ဆောင်ပူဇော်စဉ် တန်ခိုးတော်ဖြင့် ဆွမ်းတော်တင်ကပ်လှူထားရှိသော ဩဇာသီးများပေါ်သို့ ကြွရောက်လျက်ရှိသောပုံတော် ဖြစ်ပါသည်။

တန်ခိုးတော်ဖြင့် ကြွရောက်တော်မူလာသောပုံတော်ဖြစ်၍ ဝမ်းသာပီတိဖြစ်ကာ အကြိမ်ကြိမ် ဦးခိုက်ကန်တော့၍မဆုံးနိုင်အောင် ဖြစ်ရပါသည်။

ထို့နောက် မကြာမီတွင် ရွှေကံကူ ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ တိုက်(၉၃) ပထမထပ်သို့ ကြွရောက်တော်မူမည့် အကြောင်းကို ဘုန်းရောင်ဂျာနယ်တွင် ပါရှိလာသဖြင့် ဝမ်းသာသွားမိသည် လိပ်စာကိုလည်း အသေအချာ မှတ်

www.burmeseclassic.com

www.burmeseclassic.com

...အားရှိလိုက်ပါသည်။ ထိုနေ့အိမ် ... ၂၀၁၃၊ (၂) လပိုင်း၊ (၂၂-၂၃) ...များတွင် ပူဇော်မည်ဟု ပါရှိသဖြင့် ...-၂-၂၀၁၃ နေ့တွင် ထိုအိမ်သို့ သွား ...လိုက်ပါသည်။ ဦးလှမြင့်+ ဒေါ်နို ...တို့အား အမှူးထား၍ ဦးမင်း ... (ခ) ဦးမြင့်အောင် (မြန်မာနိုင်ငံ ...ညာရှင်များအဖွဲ့ အတွင်းရေးမှူး)၊ ...အေးသိတာခင် (ဆင်းဘရားသား ...မှုကီ-ဟိန္ဒူမိသားစုများ) မှ ပင့် ...င်ပူဇော်ခြင်းဖြစ်ကြောင်း သိရပါ ...။

မမင်းမင်းစိုးမြင့်သည် နံနက် (၉) ... (၁၅) မှာပင် ရုပ်ရှင်တော်မြတ်၏ ...တ်သို့ ရောက်ရှိသည်။ အိမ်ရှင် ...လည်း ဖော်ရွေပျူငှာ ဧည့်ဝတ် ...စွာ ဆက်ဆံကြသကဲ့သို့ မယ် ...နှင့် အန်တီအေးတို့ကလည်း ...တစ်ခါမျှ တွေ့မြင်ဖူးခြင်း မရှိ ...လည်း နွေးထွေးလှိုက်လှဲစွာ ဆက် ...သည်။ ရုပ်ရှင်တော်မြတ်အား ရို ...နက်စွာဖြင့် ဦးချကန်တော့ပြီး ...တော်ကို အချိန်ကြာမြင့်စွာ အား ...ဖူးမြော်ပြီးသောအခါမှ မိမိထံသို့ ...အလျောက်ကြွရောက်တော်မူလာ ...တော်ကို ပြု,သပြီး ထိုအကြောင်း ...တို့ မယ်တော်ကြီးတို့အား အ ...ရှင်းလင်းပြောပြလိုက်ပါသည်။ ...များ၊ အန်တီအေး၊ မယ်တော်ကြီး ...ဖူးကြွရောက်လာသော ဧည့် ...များမှာ အံ့ဩမဆုံးနိုင်အောင် ဖြစ် ... မမင်းမင်းစိုးမြင့်အား လေးစား ...သောအကြည့်တို့ဖြင့် ကြည့်နေ ...သည်။

(အထက်ပါ အဖြစ်အပျက် အ ...အရာတို့မှာ ကာယကံရှင် မမင်း ...မှ မယ်တော်ကြီးတို့အား ပြော ...ကို စာရေးသူမှ တစ်ဆင့် မှတ် ... ပြန်လည် ရေးသားတင်ပြရခြင်း ...သည်။)

မယ်တော်ကြီးတို့ထံမှ ထပ်မံသိရှိ ...မှာ မမင်းမင်းစိုးမြင့်သည် တရုတ် ... ယူဆနိုင်ကြောင်း၊ အသက် ...စ်ကျော်မျှသာ ရှိသေးမည်ထင် ... ဂါဝန်ရှည် ဝတ်ဆင်ထား၍ ...ကာ ပြေပြစ် အဆင်ပြေသည့် ...လေးတစ်ဦးဖြစ်ကြောင်း သိရပါ ...။

အထက်ပါ ဖြစ်ရပ်အပေါ် မယ် ...ကြီးမှ သုံးသပ်ဆင်ခြင်ပြသည်မှာ ...ကူပုံတော် ဤမိန်းကလေးရွှေ့

သို့ ရောက်ရှိတော်မူလာခြင်းမှာ ရွှေကံကူရုပ်ရှင်တော်မြတ်၏တန်ခိုးတော်ဖြင့် ကြွရောက်တော်မူခြင်းဖြစ်သည်ဟု ယူဆလျှင်လည်း ယူဆနိုင်ပါသည်။ တစ်ဖန် ဤကလေးမလေး၏ အကျင့်သီလကို တွေ့မြင်နေကြသော၊ ဤကလေးမလေး၏ အမျှပေးဝေမှုတို့ကို သာဓုခေါ်ဆိုလျက် ရှိကြကုန်သော နတ်များ, သိဒ္ဓိရှင်, မဟိဒ္ဓိရှင်ပုဂ္ဂိုလ်များမှ ပို့ဆောင်ပေးကြသည်ဟု ယူဆလျှင်လည်း ယူဆနိုင်ပါသည်။ သို့သော် ထိုယူဆချက်ကို ဖြစ်နိုင်ခြေနည်းသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်တို့သည် ဓာတ်ပုံပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ ယူဆောင်မည်မဟုတ်သဖြင့် ဖြစ်ပါသည်။ နောက်တစ်နည်း ယူဆနိုင်သေးသည်မှာ လူတစ်ဦးတစ်ယောက်သည် ရွှေကံကူဓာတ်ပုံတော်ကို တစ်နေရာရာမှ တစ်နည်းနည်းဖြင့် ရရှိလာခြင်း၊ သွားလေရာသို့ ဆောင်ယူလေ့ရှိခြင်း စသည့် အကြောင်းတို့ဖြင့် ၎င်းထံပါရှိ၍လာမည်။ ဤမိန်းကလေး၏ရှေ့သို့အရောက်တွင် အမှန်တကယ် လေးနက် တည်ကြည်သော စိတ်ရင်းဖြင့် လည်းကောင်း၊ နောက်ပြောင်ကျီစယ်လိုသော စိတ်ဖြင့် လည်းကောင်း တိတ်တဆိတ် ရွှေကံကူဓာတ်ပုံတော်ကို ချထားခဲ့ခြင်း ဖြစ်ပေမည်။ ထိုမိန်းကလေးသည် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့လို၍ အဓိဋ္ဌာန်ဝင်ရောက်လျက်ရှိကြောင်းကိုလည်း မည်သူတစ်ဦးတစ်ယောက်ကမျှ မသိရှိကြပါ။ ထို့ကြောင့် ဤသို့ဖြစ်နိုင်သည် ဟူသောအဆိုသည်လည်း လုံးဝမှန်ကန်နိုင်မှုမရှိပါ။ မည်သို့ပင်ဖြစ်စေ ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်ကြောင့်သာ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့လို၍ အဓိဋ္ဌာန်ဝင်ရောက်သူ မိန်းကလေးသည် အဓိဋ္ဌာန် ပြည့်မြောက်လျှင် ပြည့်မြောက်ချင်း ရုပ်ရှင်တော်မြတ်၏ပုံတော် ကြွရောက်တော်မူလာခဲ့၏။ ထို့နောက် (၅) ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား အမှန်တကယ် ဖူးတွေ့ခွင့်ရရှိခဲ့သော ဖြစ်ရပ်သည်ကား အမှန်ပင် ထူးဆန်းလှပါသည်ဟု ဆိုပါလျှင် ထိုအဆိုကို မည်သူကမျှ ငြင်းဆိုနိုင်မည် မဟုတ်ကြပါဟု ပြောကြားပါသည်။

ဤဖြစ်ရပ်မျိုးသည် သာသနာသမိုင်းတွင် ဖြစ်ပွားပေါ်ပေါက်ခြင်း ရှိခဲ့ဖူးသလော၊ ရှိခဲ့လျှင်လည်း ဘယ်နှကြိမ်ရှိခဲ့ပြီနည်း မသိရှိရသေးပါ။ စာရေးသူတို့၏ရွှေကံကူသာသနာတွင်းမှာမူ ဤတစ်ကြိမ်သာ ဤအဖြစ်မျိုး ကြုံဖူးခြင်းဖြစ်၍ ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။ ဤမျှ ဆန်းကြယ်သောအဖြစ်ကို ကြုံတွေ့ရသူ မမင်းမင်းစိုးမြင့်အား မှတ်တမ်းတင်အပ်ပါ၏။

**မိတ္ထီလာမြို့မှ မိန်းကလေးတစ်ဦး ဖူးတွေ့ရပုံ**

ဤအကြောင်းအရာသည် သူရဇ္ဇမဂ္ဂဇင်း ၂၀၁၂ တွင် 'ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ ထူးခြားသော မိတ္ထီလာမြို့ ဒေသစာရီ ခရီးစဉ်' ဆောင်းပါးတွင် ပါဝင်ပြီးဖြစ်သော်လည်း ထိုဆောင်းပါးကို မဖတ်လိုက်ကြရသူများ သိရှိနိုင်ရန်နှင့် ဤဆောင်းပါး၏ခေါင်းစဉ်နှင့်လည်း ဤအကြောင်းအရာသည် ဆီလျော် ကိုက်ညီခြင်းရှိသောကြောင့် ပြန်လည်ရေးသားထည့်သွင်းလိုက်ရခြင်း ဖြစ်ပါသည်။

ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်သည် ၂၀၀၆ ခုနှစ်မှစတင်၍ မိတ္ထီလာမြို့တွင် ကြွမြန်းရောက်ရှိတော်မူခြင်း ဖြစ်ပေသည်။ ရောက်ရှိရသော အကြောင်းမှာ ၂၀၀၅ ခုနှစ်တွင် ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးအေးထွန်း၊ ဇနီး ဒေါ်စန်းရင်တို့မှ ပင့်ဆောင် ပူဇော်ကြသည်။ ထိုမှ ဆက်စပ်၍ မန္တလေးတိုင်းဒေသကြီး ဒုတိယ-တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့် ဇနီး ဒေါ်စိုးစိုးသက်တို့မှ ပင့်ဆောင် ပူဇော်ပြန်သည်။ ထိုမှ ဆက်စပ်ပြီး မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးလှမျိုးရှိန်၊ ဇနီး ဒေါ်မင်းမင်းထွေးတို့မှ ဆက်လက်၍ ပင့်ဆောင်ပူဇော်ကြခြင်း ဖြစ်ပါသည်။

ဒုတိယရဲမှူးကြီး ဦးလှမျိုးရှိန်နှင့် ဇနီး ဒေါ်မင်းမင်းထွေးတို့သည် မိတ္ထီလာကန်တော်ကြီး၏တောင်ဘက် ကျောက်ပန်းတောင်းအထွက်လမ်းပေါ်ရှိ ခရိုင်ရုံးပေါင်းစုံ၏တောင်ဘက် အတော် လှမ်းသောနေရာတွင် ပေါက်ချောင်းရပ်ကွက်ရှိပါသည်။ ပေါက်ချောင်း ပျံကျဈေးကလေးကို ကျော်လွန်လျှင် လမ်းအရှေ့ဘက်မှ အနောက်ဘက်မျက်နှာပြု ခြံဝင်းကျယ်ကြီးအတွင်းတွင် ရှေးခေတ်သစ်သားနှစ်ထပ်အိမ်ကြီး ရှိသည်။ ထိုအိမ်ကြီးတွင် ရုပ်ရှင်တော်မြတ်ကြီးအား ပင့်ဆောင် ပူဇော်ခြင်း ဖြစ်ပါသည်။ ပထမဦးဆုံး ကြွရောက်သောအကြိမ်ဖြစ်ပါ၍ အထူးပင်စည်ကားလှပါသည်။

ရဲမှူးကြီး၏ခြံဝင်း အပြင်ဘက်၌



www.burmeseclassic.com

www.burmeseclassic.com

မုန့်တီ၊ မုန့်ဟင်းခါး၊ အုန်းသီး၊ မုန့်စုံ အစရှိသဖြင့် ရောင်းချသော ဆိုင်ကလေးရှိပါသည်။ ထိုဆိုင်ရှင်မိန်းကလေးသည် ရုပ်ရှင်တော်မြတ်အား လူအများ ဝင်ရောက်ဖူးမြော်ကြသောအခါ ဖူးမြော်လိုစိတ်များ ပေါ်ပေါက်သဖြင့် ဂိတ်စောင့်ရဲတပ်ဖွဲ့ဝင်အား ခွင့်တောင်းရာ ခွင့်ပြုသည်ဟု သိရ၍ ဝင်ရောက်ဖူးမြော်ပါသည်။ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရသောအခါ ကြည်ညိုစိတ်များဖြစ်ပွားလွန်း၍ ဖူး၍မဝအောင် ဖြစ်ရပါသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ကိုယ်စား မိမိနေအိမ်တွင် ကိုးကွယ်ရန် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို ပင့်ဆောင်ရန်ဆန္ဒ ဖြစ်ပေါ်မိသည်။ ပုံတော်တစ်ပုံ (၄×၆) တစ်ပုံလျှင် (၃၀၀) ကျပ်ဟု သိရပါသည်။ (၃၀၀) ကျပ်ဟူသော ငွေကြေးမှာ အခြားသူများအဖို့ မများပါ။ မိမိအဖို့တော့ များသည်ဟု မဆိုသာသော်လည်း အားစိုက်ရမည် ဖြစ်ပါသည်။

ထို့နောက် (၃၀၀) ကျပ်တန်ပုံတော်တစ်ဆူပင့်ဆောင်၍ ပြန်ခဲ့သည်။ ထိုညက နေအိမ်ဘုရားဆောင်တွင် ရုပ်ရှင်တော်မြတ်၏ပုံတော်ကို ရိုသေစွာ ပူဇော်ထားရှိလိုက်ပါသည်။ ညအိပ်ခါနီးတွင် ဘုရားရှိခိုးပြီးနောက် ရုပ်ရှင်တော်မြတ်၏ပုံတော်ကိုလည်း စူးစူးစိုက်စိုက် ဖူးမြော် ကန်တော့ကာ အိပ်ရာဝင်ခဲ့ပါသည်။ ထူးခြားသော အိပ်မက် မြင်မက်ပါသည်။ အိပ်မက်ထဲတွင် ရုပ်ရှင်တော်မြတ်သည် သက်တော်ထင်ရှားကဲ့သို့ 'ငါ၏ဘွဲ့အမည်မှာ ရွှေကံကူဖြစ်၍ ကောင်းသောကံများဖြင့် ကူညီ၍ပေးမည်' ဟု မိန့်ကြားတော်မူပါသည်။ နံနက် အိပ်ရာမှနိုးသော် အိပ်မက်ကိုသတိရပြီး ဝမ်းသာမိရကာ မျက်နှာသစ်ပြီးသည်နှင့် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို သွားရောက် ဖူးမြော်ပါသည်။ အံ့ဩဝမ်းသာမဆုံးဖြစ်ရပါ၍ မယုံနိုင်အောင် ဖြစ်မိပါသည်။ ဟုတ်မှ ဟုတ်ပါလေစ၊ အမြင်လွဲမှားခြင်းလောဟု သေသေချာချာ ဖူးမြော်ကန်တော့ပြန်ပါသည်။ အမြင်မလွဲမှားပါ၊ အမှန်တကယ်သာ ဖြစ်ပါ၏။

ထူးခြား ဆန်းကြယ်လှပါသည်။ မနေ့ကပင့်ဆောင်ပူဇော်ခဲ့သော ရွှေကံကူရုပ်ရှင်တော်မြတ်၏တစ်ပုံတည်းသော ဓာတ်ပုံတော်မှာ နှစ်ပုံဖြစ်၍နေခြင်း ဖြစ်ပါသည်။ စေ့စေ့စပ်စပ် အသေးစိတ်ကြည့်ရှုသောအခါ နောက်ထပ် ကြွရောက် (ပွားများ) တော်မူလာသော ပုံတော်မှာ မူလပုံကဲ့သို့ တစ်သွေးတည်း တစ်ရောင်တည်း မဟုတ်ပါ။ မိတ္ထူကူးသကဲ့သို့ အရောင်မှိန်ဖျော့ပါသည်။ ပုံတော်ကတော့ မူရင်းပုံအတိုင်းပင် ရွှေကံကူ ရုပ်ရှင်တော်မြတ်ပင် ဖြစ်ပါ၏။

ကွဲပြားမှုမှာ နောက်ကျောတွင် ထပ်မံတွေ့ရှိရပြန်ပါသည်။ မူလပုံတော်တွင် ဘုရား၏ဘွဲ့တော်နှင့် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များ ပါဝင်သော်လည်း ယခု ပွားလာသောပုံတော်၏နောက်ကျောတွင် ရှေးခေတ် ဘုန်းတော်ကြီးများ၏လက်ရေးဖြင့် 'အဋ္ဌနမေတံ ဘိက္ခဝေ' ဟူသော သက်တော်မြဲ ဂါထာကို ခဲတံဖြင့် ရေးထားသည်ကို တွေ့ရှိရပါသည်။

နှစ်ပုံထပ်ပါလာမည် ဆိုလျှင်လည်း မနေ့က တစ်နေ့နှင့်တစ်ည ဤပုံတော်ကို ဂရုပြု၍ ဖူးမြော်နေခြင်းဖြစ်၍ မသိရှိဘဲ နေမည် မဟုတ်ပါ။ ထပ်၍ပါလာခြင်းဖြစ်လျှင် ပထမပုံတော်ကဲ့သို့ ပလတ်စတစ်လောင်းသာ ဖြစ်ရပေမည်။ ထို့ကြောင့် ထပ်၍ပါလာခြင်း မဖြစ်နိုင်ပါ။ တန်ခိုးတော်ဖြင့် ပွားများလာခြင်းသည်သာ အမှန်တကယ် ဖြစ်ရမည်ဟု ယုံကြည်စိတ်များဖြစ်ပေါ်ကာ ဝမ်းသာပျော်ရွှင်မဆုံး ဖြစ်ရပါသည်။

ထို့ကြောင့် ထိုမျှ ထူးခြားဆန်းကြယ်လှသောအဖြစ်ကို နီးစပ်ရာမှတစ်ဆင့် ရဲမှူးကြီးတို့ထံသို့ ပေါက်ကြားရောက်ရှိစေခဲ့ပါသည်။ ထိုမှတစ်ဖန် အန်တီအေးနှင့် မယ်တော်ကြီးတို့ သိရှိကြရခြင်း ဖြစ်ပါသည်။ ထိုစဉ်က မယ်တော်ကြီးတို့မှာလည်း နောင်တစ်ချိန်တွင် စာရေးသူမှ ရွှေကံကူဖြစ်တော်စဉ် သမိုင်းမှတ်တမ်းများကို ယခုကဲ့သို့ ရေးသားလိမ့်မည်ဟု ကြိုတင်သိရှိထားခြင်း မရှိ၍ ထိုကလေးမ၏ နေအိမ်လိပ်စာ အပြည့်အစုံနှင့် နာမည်တို့ကို မေးမြန်းမှတ်သားထားလိုက်ခြင်း မပြုလိုက်ရခြင်း ဖြစ်ပါသည်။ ထိုကလေးမ၏အသက်မှာ ထိုစဉ်က (၃၀) ကျော်ခန့်ဟု၊ ပိန်ပိန်ပါးပါး, အသားဖြူသည် ဟူ၍သာ အကြမ်းဖျင်းမှတ်မိတော့ကြောင်း ပြောပြသည်။

ယနေ့အချိန်တွင် ဒုတိယရဲမှူးကြီး ဦးအေးထွန်းသည် အငြိမ်းစားယူ၍ ကျောက်ဆည်မြို့ ငှက်ကတောင်ကွက်သစ်တွင် အေးချမ်းစွာနေထိုင်လျက် ရှိသကဲ့သို့ ဒုတိယရဲမှူးကြီး မျိုးဆွေဝင်းမှာ ရဲမှူးကြီးအဖြစ် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့တွင် လည်းကောင်း၊ ဒုတိယရဲမှူးကြီး လှမျိုးရှိန်မှာ နေပြည်တော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံးချုပ်တွင် ဂျီဝမ်းတာဝန်ထမ်းဆောင်၍ လည်းကောင်း ရှိနေကြပါသည်။ ဒုတိယရဲမှူးကြီး လှမျိုးရှိန်နှင့် ဇနီး ဒေါ်မင်းမင်းထွေးတို့သည် မိတ္ထီလာမြို့မှမရွှေ့ပြောင်းမီ ကြိမ်ဖန်များစွာ ပင့်ဆောင်ပူဇော်ခဲ့ပြီး ဒေါ်မင်းမင်းထွေး၏ ဇာတိပြည်မြို့သို့လည်း ပင့်ဆောင်ပူဇော်ခဲ့ကြပြီးဖြစ်ကာ ရုပ်ရှင်တော်မြတ် နေပြည်တော်သို့ ကြွရောက်တော်မူသောအခါတိုင်း လာရောက်ဖူးမြော်လျက် ရှိပါသည်။ အခါအားလျော်စွာ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဦးမည်ဖြစ်၍ စာရေးသူတို့နှင့် အမြဲအဆက်အသွယ်မပြတ် ရှိနေပါသေးသည်။

**ကချင်ပြည်နယ် ဗန်းမော်မြို့မှ တွေ့ကြုံရပုံ**

စာရေးသူ၏ ရွှေကံကူဆောင်းပါးများသည် ၂၀၁၁ ခုနှစ်တွင် သူရဇ္ဇမဂ္ဂဇင်းကြီးမှ ဖော်ပြပါရှိလိုက်သောအခါ စာဖတ်ပရိသတ် များစွာတို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးခဲ့ကြပါသည်။ သူရဇ္ဇမဂ္ဂဇင်းကြီးသည် မြန်မာနိုင်ငံအတွင်း မြို့ပြ ကျေးလက်မကျ ပျံ့နှံ့ရောက်ရှိရုံမျှမကဘဲ နိုင်ငံရပ်ခြားတိုင်းပြည်များသို့ပင်ရောက်ရှိရာ စာရေးသူ၏ဆောင်းပါးတို့သည်လည်း ကျ ပြန့်များပြားလှသော စာဖတ်ပရိသတ်များထံ ရောက်ရှိခဲ့ရပါသည်။

ထိုအခါ အနယ်နယ်အရပ်ရပ်မှ စာဖတ်ပရိသတ်များစွာတို့သည် မဂ္ဂဇင်းစာအုပ်များကိုကိုင်ဆောင်၍ လူကိုယ် တိုင် ရောက်ရှိလာကြသူများ၊ ဖုန်း မေးမြန်း ဆက်သွယ်၍ စာရေးသူ ဆောင်းပါးများနှင့် ဝတ္ထုများကို ကြိုက် နှစ်သက်ပါသဖြင့် ဆက်လက်၍ ရေး သားပါရန် ပန်ကြားကြသူ အများအပြား ပင် ရှိခဲ့ပါသည်။ အများစုမှ ဤမျှတ ခိုးကြီးသောဘုရားကို ဤဆောင်းပါးများ ကိုဖတ်ရှုမှ သိခွင့်ရသည့်အတွက် ကျေး ဇူးတင်ရှိပါကြောင်း၊ သာဝကအရင်းမျာ (မခင်စုမာ၊ မခင်စိုးသူ၊ မမိမိအောင်) လည်း မိမိတို့ကိုးကွယ်ခဲ့သည်မှာ ကြာ ခဲ့ပြီဖြစ်သော်လည်း ယခုကဲ့သို့ ဆော ပါးများကို ဖတ်ရသောအခါမှ ဤမျှ ထိ များပြားသောတန်ခိုးတော်နှင့် ပြ စုံတော်မူသည်ကို သိရှိရ၍ ပိုမိုကြည် ကြရပါကြောင်းတို့ကို ပြောကြပါသည်။ သူရဇ္ဇမဂ္ဂဇင်းကြီးတွင်ပါရှိသော ဆော ပါးများကို ဖတ်ရှုကြရသောအခါမှ သာ ဝက များစွာတို့ အသစ်အသစ် တိုး လာသကဲ့သို့ သာဝကဟောင်းများ



www.burmeseclassic.com

www.burmeseclassic.com

ပို့မိုယုံကြည်ကိုးကွယ်လာခဲ့ကြပါ

ထိုအထဲမှ ထူးခြားမှုများ ဖြစ်ပေါ် သည်းပေါ်ပေါက်ခဲ့ပါသည်။ ဖြစ် ဤသို့ဖြစ်ပါသည်။

လွန်ခဲ့သော တစ်ပတ်ခန့်က ဖြစ်ပါ (၂၀၁၃ မတ်လအတွင်း) ရုပ်ရှင် မြတ်သည် ရန်ကုန်မြို့ကို ဗဟိုပြု မြန်မာနိုင်ငံအောက်ပိုင်း (၆ လ ခရီးစဉ် ကြွမြန်းတော်မူလျက်ရှိချိန် သည်။ စာရေးသူသည် ရွှေကံကူ မြေမှာပင် ပိဋကတ်သုံးပုံ (၁) နှစ် အဓိဋ္ဌာန်ဖြင့် ပူဇော်နေချိန် ဖြစ်ပါ ဘုရားဖူးတစ်ဖွဲ့ ရောက်ရှိလာပါ မြင်ဖူးသလိုလို စိတ်တွင်ခံစားရ မြန်းကြည့်ရာ မန္တလေးမြို့မှလာ ခြင်းဖြစ်သော်လည်း ဗန်းမော်မြို့ ရောက်ရှိလာသော တူမများကို ပို့ ပေးခြင်းဖြစ်သည်ဟု ပြောပါ ဦးဆောင်၍လာသူမှာ ဒေါ်တင် ဖြစ်၍ အသက် (၅၀) ကျော်ခန့် ဖူနှင့် ဥပမိကောင်းမွန်သူဖြစ် သည်။ အရင်တစ်ခေါက်ကလည်း မြေသို့ရောက်ရှိဖူးကြောင်းနှင့် လေးမြို့တွင် နေထိုင်သည်ဟု သိရ သည်။ ဒေါ်တင်တင်မူ၏သွင်ပြင်မှာ မော်ဇာတိဖြစ်မည် ထင်ပါသည်။ အ ပိုင်းတွင် တွေ့မြင်ရလေ့ရှိသော ဘရုတ်၊ ကချင် တိုင်းရင်းသူတစ် ကဲ့သို့ အပြောအဆို၊ အသားအရေ သူလေသိမ်း တူညီ၍နေပါသည်။

သို့သော် ဒေါ်တင်တင်မူသည် မော်မြို့မှ မန္တလေးသို့ပြောင်းရွှေ့နေ ခြင်းလော၊ ဒေါ်တင်တင်မူ၏ညီမ မန္တလေးမြို့မှ ဗန်းမော်မြို့သို့ ပြောင်းရွှေ့နေထိုင်ခြင်းလော ဆိုသည်ကို မေးမြန်းမိလိုက်ခြင်း မရှိပါ။

ဒေါ်တင်တင်မူ၏ညီမမှာ သူရဋ္ဌ စာဖတ်ပရိသတ်တစ်ဦး ဖြစ်ပါ သည်။ တစ်နေ့တွင် သူရဋ္ဌမဂ္ဂဇင်းစာအုပ် စာရေးသူ၏ ရွှေကံကူ ဆောင်းပါး တွေ့ရှိသဖြင့် ထူးခြားသောခေါင်းစဉ် စာရေးဆရာအမည်သစ်ဖြစ်နေ၍ ကြည့်မိရာ ထူးခြားဆန်းကြယ်သော အကြောင်းအရာများနှင့် ရှင်းလင်းပြတ် သည့်အရေးအသားကို တွေ့ရှိရ သည်။ ဖတ်ရင်းဖတ်ရင်းဖြင့် အထူးပင် ကြည်ညိုစိတ်များ ဖြစ်ပေါ်လာမိခဲ့ပါ သည်။ ထို့နောက် အခြားအကြောင်း အရာများကို ဆက်လက် ဖတ်ရှုလိုက် သည်။

နောက်တစ်နေ့တွင် ရွှေကံကူ ဆောင်းပါးကို ဖတ်ကြည့်လိုစိတ် ဖြစ်ပေါ်လာပြန်၍ ထိုစာမျက်နှာသို့ရောက် ရန် စာရွက်များကို လှန်သွားလိုက်ပါသည်။ ရွှေကံကူဆောင်းပါး စာမျက်နှာသို့ရောက်ရှိ၍ ရပ်တန့်ထားလိုက်လျှင် မဂ္ဂဇင်းစာမျက်နှာတွင် ပါရှိသော ရွှေကံကူဓာတ်ပုံတော်သည် တဖြည်းဖြည်းကြွတက်၍လာပြီး အလင်းရောင်များ ထွက်ပေါ်၍လာပါသည်။ မိမိ၏အမြင်ကို မိမိ မယုံနိုင်ပါ။ မိမိသည် ဤဘုရားကို ကြည်ညိုလွန်းအားကြီး၍ စိတ်တွင်ထင်၍ မြင်လာခြင်းလောဟု တွေးမိသကဲ့သို့ မိမိသည် အသက်အရွယ်ကြီးရင့်၍ အမြင်အာရုံတို့ ချို့ယွင်းနေသောကြောင့် ဤကဲ့သို့ အလင်းရောင်များထွက်ပေါ်သကဲ့သို့ဖြစ်နေခြင်းလောဟုလည်း ယူဆမိ၍ သမီးများကို ခေါ်လိုက်ပါသည်။ (၁၀ တန်း၊ ၈ တန်း ကျောင်းသူများဖြစ်ပြီး ၈ တန်းကျောင်းသူကလေးမှာ အောင်မြေသို့ပါရှိလာ၍ စာရေးသူနှင့်တွေ့ဆုံသွားခဲ့ရပါသေးသည်။) ထို့နောက် ခုနင်ကကဲ့သို့ မဂ္ဂဇင်းစာမျက်နှာများကို လှန်လိုက်ပါသည်။ မကြာမီ ရွှေကံကူဆောင်းပါးစာမျက်နှာသို့ ရောက်ရှိလာပါသည်။ စောစောကအတိုင်းပင် ရွှေကံကူဓာတ်ပုံတော်သည် တဖြည်းဖြည်းချင်း ကြွတက်၍လာပြန်ပါသည်။ ထို့နောက် အလင်းရောင်များ ဖြာ၍ ထွက်ပေါ်လာပြန်ပါသည်။ တစ်ခဏမျှ မဟုတ်ပါ၊ အချိန်အတန်ကြာသည်အထိ ထွက်ပေါ်နေခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အလင်းရောင်များ ထွက်ပေါ်ခြင်းနှင့် ဓာတ်ပုံတော်ကြွတက်လာခြင်းတို့ကို သမီးတို့ မြင်ပါသလားဟု မေးကြည့်ရာ ၎င်းတို့လည်းမြင်တွေ့ကြရပါသည်ဟု ပြောကြပါသည်။ ဤသို့ဆိုလျှင် ဤဖြစ်ရပ်မှာ အမှန်တကယ်ပင် ဖြစ်၏။ မိမိ၏စိတ်အထင်နှင့် အမြင်မှားခြင်းတို့ မဟုတ်သည်မှာ သေချာသွားပြီဖြစ်၍ မဖော်ပြနိုင်သော ဝမ်းသာပျော်ရွှင်ကြည်နူးမှုတို့ ဖြစ်ရပါသည်။

ထိုနောက်ရက်တွင် မဂ္ဂဇင်းစာအုပ်ကို သားအမိတစ်တွေ ဖွင့်၍ကြည့်ကြပြန်ရာတွင်လည်း ရှေးနည်းတူပင် ဓာတ်ပုံတော် ကြွတက်လာပြီး အလင်းရောင်များ ထွက်ပေါ်လာပြန်ပါသည်။ နောက်တစ်ကြိမ် စာအုပ်ကို ဖွင့်ကြည့်သောအခါတွင်တော့ သာမန်အနေအထားအတိုင်းပင် ရှိနေပါတော့သည်။ ထိုအကြိမ်၏နောက်ပိုင်းမှ ဤယနေ့တိုင်အောင် သာမန်အတိုင်းသာရှိနေတော့ကြောင်း တွေ့ရှိရပါသည်။

ထိုအကြောင်းကို ဒေါ်တင်တင်မူထံသို့ ဖုန်းဆက်၍ အကြောင်းကြားပါသည်။ သမီးများကျောင်းပိတ်သောအခါ အဒေါ်ရှိရာ မန္တလေးမြို့ ဒေါ်တင်တင်မူထံ အလည်အပတ်သွားစေရင်းနှင့် ရွှေကံကူအောင်မြေသို့ သွားရောက်ကာ ထိုထူးခြားချက်များကိုလည်း ပြောပြစေ၍ ရွှေကံကူဓာတ်ပုံတော်များနှင့် ဖြစ်တော်စဉ်သမိုင်း ဗီစီဒီခွေကိုလည်း ပူဇော်စေရန် စေလွှတ်ခြင်းဖြစ်ကြောင်း သိရပါသည်။

ဒေါ်တင်တင်မူသည် ရုပ်ရှင်တော်မြတ်ကို ဗန်းမော်မြို့သူမြို့သား၊ နယ်သူနယ်သားတို့ ဖူးမြော်ကြည်ညိုကြရစေရန် ပင့်ဆောင်ပူဇော်လိုပါသည်ဟုဆိုရာ ထိုသို့ ပင့်ဆောင်ပူဇော်လိုပါလျှင် ကြို တင်၍ စာရင်းပေးသွင်းထားရပါသည်ဟု စာရေးသူမှ ရှင်းပြသောအခါ နယ်မြို့ ဒေသစာရီ ခရီးစဉ်မှတ်တမ်းစာအုပ်တွင် အောက်ပါအတိုင်း ရေးသွင်းထားရှိခဲ့ပါ သည်။

*ဒေါ်တင်တင်မူ*

*၃၃ × ၃၄ လမ်းကြားနှင့် ၃၂ × ၃၃ လမ်းကြား၊ မဟာတီတန်း၊ ဓမ္မာရုံ အနီး၊ အမှတ် ၁၈၃/၁၃၊*

*ဖုန်း ၀၉- ၄၀၂ ၆၂ ၆၈၂*

ဗန်းမော်မြို့သို့ ပင့်ဆောင်ပူဇော်လိုပါကြောင်း ဟူ၍ ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာများကို အသေးစိတ်သိရှိလိုပါလျှင် မန္တလေးမြို့မှဖြစ်ပါက လူကိုယ်တိုင် သွားရောက်မေးမြန်းနိုင်၍ နယ်ဝေးမြို့များမှဖြစ်လျှင် အထက်ပါဖုန်းနံပါတ်ဖြင့် မေးမြန်းစုံစမ်းနိုင်ကြပါကြောင်း သိရှိရပါသည်။

ဒေါ်တင်တင်မူသည် မန္တလေးမြို့တွင် အိမ်ရာအတည်တကျဖြင့် နေထိုင်ပါလျက်နှင့် ဗန်းမော်မြို့သို့ ပင့်ဆောင်ပူဇော်လိုကြောင်း လျှောက်ထားချက်ကို ကြည့်လျှင် ဒေါ်တင်တင်မူသည် ဗန်းမော်မြို့သူ ဖြစ်ရပေမည်။ သို့အတွက်ကြောင့်သာ ၎င်း၏ဇာတိဖြစ်၍ ဗန်းမော်မြို့သို့ပင့်ဆောင်ရန် လျှောက်ထားခြင်းဖြစ်မည်ဟု ယူဆမိပါသည်။

(ဆက်ရန်)

ဘိုဘို(ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com



အသောကကျောက်စာတိုင်အနီးရှိ ဘုရားတန်ဆောင်းအနီးနှင့် အတွင်းရှိ ရုပ်ပွားတော်

# မဟာလုသားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာဆီသို့ (၄)

**မောင်ပွင့်ဉာဏ်(မောရ)**


*(ယခင်လမှအဆက်)*

ဗုဒ္ဓဝါဒတွင် အဓိကကျသော သွန်သင်မှု များစွာ ရှိ၏။ ထိုများစွာတို့အနက် နှစ်ချက်ကို ယခု ပြောပါမည်။
တစ်ခုမှာ ကမ္မ ဖြစ်သည်။
သင်လုပ်သမျှသည် သင်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးသည်။
အခြားတစ်ခုမှာ မေတ္တာတရားဖြစ်သည်။ မေတ္တာတရား၏ကျင့်စဉ်တွင် အခြားသူတို့အား ကြင်နာမှု၊ စာနာမှုဖြင့် ဆက်ဆံရန်ဖြစ်၏။

*ကမ္ဘာကျော်ကွန်ဖူးမင်းသား ဂျက်*

**သက်သာနဂိုရ်ဆီသို့**

၁၆-၁၁-၁၂ ရက်နေ့ မနက် (
နာရီမှာ ဗာရာဏသီမြို့ကနေ (၃၄
မိုင်ဝေးတဲ့ သက်သာနဂိုရ်ကို ထွက်ခဲ့
ပါတယ်။ ကျွန်တော်တို့သွားမယ့် ခ
စဉ်တစ်လျှောက်မှာ ဒီခရီးဟာ အ





www.burmeseclassic.com

www.burmeseclassic.com



သင်္ကဿနဂိုရ်ကျောင်းဝင်း သီရိပါဒဝိဟာရမှ ခြေတော်ရာနှစ်ဆူ



သင်္ကဿနဂိုရ်မြန်မာကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်




သင်္ကဿနဂိုရ်မြန်မာကျောင်းမုခ်ဝ

ဆုံးဖြစ်ပြီး တစ်နေကုန်ကားစီးရပါတယ်။ အခုလို ခရီးလှမ်းတဲ့အတွက်လည်း သံဝေဇနီယ လေးဌာန ဘုရားဖူးခရီးစဉ် တစ်ပတ်ခရီးဆိုရင် သင်္ကဿနဂိုရ်ကို မရောက်ပါ။ သံဝေဇနီယလေးဌာနရော အဝိဇဟိတ လေးဌာနပါရောက်တဲ့ နှစ်ပတ်ဘုရားဖူးခရီးစဉ်မှသာ သင်္ကဿနဂိုရ်ကို ရောက်ပါတယ်။

'ဖွား၊ ပွင့်၊ ဟော၊ စံ ဤလေးတန်၊ မှတ်ရန် သံဝေဇနီယ' ဆိုတဲ့အတိုင်း လုမ္ဗိနီဉယျာဉ်၊ ဗုဒ္ဓဂယာ မဟာဗောဓိပင်၊ မိဂဒါဝုန်၊ ကုသိနာရုံတို့ကို သံဝေဇနီယလေးဌာန (ဖူးမြော်သံဝေဂယူသင့်သောအရပ်) အဖြစ် သိပြီးဖြစ်ပါလိမ့်မယ်။

'သီ၊ ဟော၊ မြနေ့၊ ဆင်းနတ်ပြေ၊ လေးထွေဌာန အဝိဇဟိတ' ဆိုတာက-

(၁) သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူရာ **ဗောဓိပင်နှင့်ရွှေပလ္လင်**၊

(၂) ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦး ဓမ္မစကြာ ဟောမြွက်တော်မူရာ **မိဂဒါဝုန်**၊

(၃) သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ **ဂန္ဓကုဋီ**၊




www.burmeseclassic.com

www.burmeseclassic.com



သက်သနဂိုရ်မှ
အသောကကျောက်တိုင်ထိပ်ပိုင်း



အာဂရာမြို့ကို တည်ထောင်သူ အတ္တဘာဘုရင်ကြီး၏ ဂူဗိမာန်

(၄) တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ရာတွင် စောင်းတန်းဦးဆိုက်ရာ **သင်္ကဿနဂိုရ်**တို့ဟာ အဝိဇဟိတ လေးဌာန (မြတ်စွာဘုရားရှင်တို့ မစွန့်ပယ်အပ်သောအရပ်) ဖြစ်ပါတယ်။


ဗုဒ္ဓဂယာနဲ့ မိဂဒါဝုန်တို့ဟာ သံဝေဇနိယ လေးဌာနရော အဝိဇဟိတ လေးဌာန, နှစ်မျိုးစလုံးမှာ ပါနေတာတွေ့ရပါမယ်။ အဝေးပြေးလမ်းမကြီးတစ်လျှောက် တစ်မြို့ပြီးတစ်မြို့ ဖြတ်သန်းလာလိုက်တာ လမ်းဘေးမြင်ကွင်းက ဘာမှသိပ်အပြောင်းအလဲမရှိပါ။ မြို့ငယ်လေးတွေနဲ့ တောရွာတွေမှာ လူနေအိမ်တွေက ခပ်နိမ့်နိမ့်၊ သေးသေးလေးတွေ ဖြစ်ပါတယ်။ လူတစ်ယောက် ဝင်သာရုံ တံခါးတစ်ပေါက်သာရှိပြီး ဘေးပတ်လည်မှာ ပြတင်းပေါက်မရှိတာ များပါတယ်။ အခန်းမရှိ ဘာမရှိနဲ့ မိသားစုလေး၊ ငါးယောက် အိပ်လောက်ရုံ လုံးချင်းအိမ်လေးတွေကိုကြည့်ပြီး ဇနီးသည်က ဘာစိတ်ကူးပေါက်သွားတယ် မသိ၊ အခုလို ပြောလိုက်ပါတယ်။

"ဒါကြောင့်လည်း အိန္ဒိယမှာ လူဦးရေများတာကိုး"

ကျွန်တော်ကလည်း သူဘာပြောပြော ထောက်ခံနေကျအတိုင်း ထောက်ခံလိုက်ပါ၏။

"မိန်းမပြောတာ မှန်တယ်"

နေ့လယ် (၁၁) နာရီကျော်တော့ ထုံးစံအတိုင်း လမ်းဘေးစားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ စားပါတယ်။



ရုံးပိတ်ရက်နေ့မှာ တာဂျ်မဟာသို့ လာရောက်သူများ



တာဂျ်မဟာအဝင် အရှေ့ဘက်ဗိမာန်





www.burmeseclassic.com

www.burmeseclassic.com



မွန်ဂိုဧကရာဇ်ရှားဂျဟန် တည်ဆောက်ခဲ့သည့် ရက်ဖို့ဒ် (ခံတပ်နီ)





ဘုရင်နှင့်မိဖုရားတို့၏ ခေါင်းတစ်ဂူများကို ယှဉ်လျက်မြင်တွေ့ရစဉ်

စားပွဲ၊ ကုလားထိုင် မလောက်တော့ တချို့က အခင်းကို ဂုန်နီကြီးနဲ့ရက်ထားတဲ့ ခုတင်တွေရဲ့အလယ်မှာ သစ်သားပြားတွေခင်းပြီး ဟိုဘက်ဒီဘက် ထိုင်စားကြပါတယ်။ သူတို့ကိုကြည့်ပြီး ကျန်တဲ့သူတွေက နောက်ကြပါတယ်။

"အဲသလို စားနေတာ ဘယ်နိုင်ငံက လူတွေလဲဟေ့"

အနားယူစားသောက်ပြီးလို့ ကားပေါ်ပြန်တက်တော့ အားလုံးဟာ ဗိုက်တွေလေးသလို မျက်စိတွေလည်း လေးနေကြပါတယ်။ ဒါနဲ့ပဲ ကားပေါ်မှာ အိပ်ချင်ပြေအစီအစဉ်လေးတစ်ခု စ,လိုက်ကြပါတယ်။ အသံချဲ့စက် မိုက်ခွက်ကိုင်ပြီး ကိုယ့်ကိုယ်ကိုယ် ဘယ်သူဘယ်ဝါဖြစ်ပါတယ်၊ အလုပ်အကိုင်က ဘာပါ၊ ဘယ်နယ်က လာပါတယ် စသဖြင့် မိတ်ဆက်ကြပါတယ်။ အဲဒီလို မိတ်ဆက်ကြမှပဲ မြန်မာနိုင်ငံ နယ်စုံကလူတွေ ဖြစ်နေတာ သိကြရပါတယ်။ ရန်ကုန်နဲ့ မန္တလေးက အများစုဖြစ်ပေမယ့် မော်လမြိုင်၊ ရေး၊ ဖျာပုံ၊ ပေါင်းတည်၊ တောင်သာ၊ ရွှေဘို၊ ကလေး၊ ကောလင်း၊ အင်းတော်၊ ပခုက္ကူ၊ ငါးသိုင်းချောင်း၊ ပုသိမ်မြို့တွေက ဖြစ်ပါတယ်။

နှစ်ပတ်ကြာ တစ်ကားတည်းစီး၊ တစ်ခရီးတည်းအတူသွားပြီး ဘုရားတွေလိုက်ဖူးကြရင်း ရင်းနှီးခင်မင်တဲ့မိတ်ဆွေတွေဖြစ်သွားကြတာ အင်မတန် ပျော်စရာကောင်းပါတယ်။ အားလုံးထဲမှာ စိတ်ဝင်စားစရာအကောင်းဆုံးက မန္တလေးက အမေဒေါ်ကျင်ကျင်ညွန့် ဖြစ်ပါတယ်။ အသက် (၇၈) နှစ် ရှိပေမယ့် ကျန်းမာရေးလိုက်စားသူဖြစ်လို့ ခန္ဓာကိုယ် ကျစ်ကျစ်လျစ်လျစ်နဲ့ ဖျတ်ဖျတ်လတ်လတ် ရှိပါတယ်။ မျက်နှာထားလည်းချိုပြီး ခင်မင်နှစ်လိုဖွယ်ကောင်းသူပါ။

အမေက သူ့ကိုယ်သူ မိတ်ဆက်အပြီးမှာ ခရီးဖော် ဓမ္မမိတ်ဆွေတွေကို ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာဖို့ အရေးကြီးကြောင်း၊ ဒီအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေကို မျှတအောင်ထားဖို့ လိုကြောင်းပြောပြီး ထိုင်နေရင်း သက်သက်သာသာလုပ်နိုင်တဲ့ လေ့ကျင့်ခန်း (၁၀) မျိုးလောက်ကို နမူနာလုပ်ပြသွားပါတယ်။

အမေဒေါ်ကျင်ကျင်ညွန့်ဟာ ဘီအက်(စ်)စီ၊ ဘီအီးဒီဘွဲ့ရ အငြိမ်းစားဆရာမကြီးတစ်ယောက် ဖြစ်ပါတယ်။ အမေဟာ ပင်စင်ယူပြီးနောက်မှာ ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

ရည်မမီတဲ့ကလေးတွေကိုပြုစုပျိုးထောင်ပေးတဲ့ ပရဟိတအစီအစဉ်တွေမှာ စေတနာ့ဝန်ထမ်း ပါဝင် လုပ်ဆောင်ခဲ့ပါတယ်။ အမေတို့ လေ့ကျင့်ပေးလို့ နိုင်ငံပေါင်း (၁၇၅) နိုင်ငံက အားကစားသမားပေါင်း (၇၀၀၀) ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ ရှန်ဟိုင်း စပါယ်ရှယ် အိုလံပစ်ပြိုင်ပွဲမှာ မန္တလေးက လူငယ်(၃) ဦး အောင်ပွဲခံနိုင်ခဲ့ပါတယ်။

ဉာဏ်ရည်မမီတဲ့ ကလေးတွေကို အားကစားနည်းပြလုပ်ဖို့ အင်ဒိုနီးရှားနဲ့ မလေးရှားက ဆရာတွေ လာပြီးသင်တဲ့ အခါ အမေ့ကို ဒီအသက်အရွယ်နဲ့ ပြေးနိုင်၊ လုပ်နိုင်ပါ့မလားလို့ တွေ့စက ထင်ထားကြပါတယ်။ နောက်တော့ အံ့ဩယူကြရပြီး အင်တာနက်ပေါ်က စပါယ်ရှယ်အိုလံပစ်ဝက်ဘ်ဆိုက်မှာ အမေ့အကြောင်း တင်လိုက်ကြပါတယ်။ အရှေ့တောင်အာရှမှာ အသက်အကြီးဆုံး စေတနာ့ဝန်ထမ်း ဆိုပြီး ဂုဏ်ပြုထားပါတယ်။

၂၀၀၅ ခုနှစ်၊ ဇွန်လ (၁၄) ရက်ကစပြီး ဉာဏ်ရည်မမီတဲ့ကလေးတွေကို အားကစားလေ့ကျင့်ပေးခဲ့တာ ကိုယ်ရေးကိုယ်တာကိစ္စရှိတဲ့ရက်ကလွဲပြီး တစ်ရက်မှမပျက်ဘူးလို့ သိရပါတယ်။ ရန်ကုန်ရောက်နေရင်လည်း အောင်ဆန်းကွင်း၊ သုဝဏ္ဏကွင်းနဲ့ အင်းစိန်ကွင်းတွေမှာ သွားပြီး လေ့ကျင့်ပေးပါတယ်။

ကျွန်တော် အခုလို အမေဒေါ်ကျင်ကျင်ညွန့်အကြောင်း အသေးစိတ်ရေးနိုင်ရတာကလည်း တိုက်တိုက်ဆိုင်ဆိုင် ဗုဒ္ဓဂယာက မော်လမြိုင်ပြန်ရောက်ပြီး သုံး၊ လေးရက်အကြာ ၂၀၀၉၊ ဇန်နဝါရီလ (၃၀) ရက်ထုတ် မော်ဒန်ဂျာနယ်အဟောင်းမှာ အမေ့ကို စာရေးဆရာ ကျော်ရင်မြင့်က တွေ့ဆုံမေးမြန်းထားတဲ့ အင်တာဗျူးကို ဖတ်လိုက်ရလို့ပဲဖြစ်ပါတယ်။ ဗုဒ္ဓဂယာဘုရားဖူးသွားရင်း အမေဒေါ်ကျင်ကျင်ညွန့်လို ဘုရားရှင်အလိုတော်ကျ လူမှုရေးကုသိုလ်ပြုနေသူနဲ့တွေ့ရတာ ကြည်နူးဝမ်းမြောက်မိပါတယ်။

ကျွန်တော် မောင်ပွင့်ဉာဏ်ကတော့ ကိုယ့်ကိုယ်ကိုယ် စာရေးဆရာပါလို့ မိတ်ဆက်ပြီး အတူပါ ဇနီးသည်နဲ့ လက်ထပ်တာ (၆) လသာ ရှိသေးကြောင်း၊ ကျွန်တော်တို့အကြောင်း သိချင်ရင် သူရဋ္ဌမဂ္ဂဇင်းမှာ ရေးထားတဲ့ 'စာရေးဆရာ မိန်းမရခြင်း' ဆောင်းပါးကိုဖတ်ကြည့်ဖို့ ညွှန်းခဲ့ပါ၏။ အားလုံး



လမ်းဘေးစားသောက်ဆိုင်တစ်ခုမှာ အနားယူနေတဲ့ ဘုရားဖူးတွေ



မန္တလေးမှ အမေဒေါ်ကျင်ကျင်ညွန့် မိတ်ဆက်စကားပြောကြားစဉ်



ဂယာမြန်မာကျောင်းရှေ့မှာ စာရေးသူတို့ဇနီးမောင်နှံနဲ့ အမေဒေါ်ကျင်ကျင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com

တာ ပြောပြဖို့ ပွဲတောင်းတာကို လျှို့ထား လိုက်ပြီး အခု ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် အကြောင်းကို ဆောင်းပါးရေးမှာဖြစ်လို့ စောင့်ဖတ်ကြဖို့လည်း ကြော်ငြာဝင်ခဲ့ ပါတယ်။

**ကမ်ပုရ်မြို့**

နေ့လယ် (၂) နာရီလောက်မှာ ကမ်ပုရ်မြို့ကြီး (Kanpur) ကို ဖြတ်ပါ တယ်။ ဒီမြို့ဟာ အရင်က ရွာလေးတစ် ရွာသာဖြစ်ပေမယ့် ဗြိတိသျှအုပ်ချုပ်တဲ့ ၁၈၀၁ ခုနှစ်မှာ ကုန်သန်းရောင်းဝယ်ရေး နှင့်စက်မှုလုပ်ငန်းမြို့ကြီးအဖြစ် အသွင် ကူးပြောင်းခဲ့ပါတယ်။ ဒီမြို့မှာ ဓာတ် သတ္တု၊ ဓာတုပစ္စည်း၊ စက်ပစ္စည်း၊ အ ထည်အလိပ်နဲ့ လျှပ်စစ်ပစ္စည်းတွေထုတ် လုပ်တဲ့စက်ရုံ အမြောက်အမြား ရှိပါ တယ်။ ဒီမြို့ကနေ တခြားမြို့တွေကို ဖောက်ရထား၊ အဝေးပြေးလမ်းမကြီးတွေ နဲ့လည်း ဆက်သွယ်ထားပါတယ်။ ကုန် တင်ကားကြီးတွေ၊ လူစီးဘတ်(စ်)ကား ကြီးတွေနဲ့ တခြားကားကြီး၊ကားငယ်တွေ ။ ရှုပ်ယှက်ခတ်အောင် သွားလာနေ တာ တွေ့ရပါတယ်။

အိန္ဒိယနိုင်ငံက ကားတွေမှာ တာ တာကုမ္ပဏီထုတ်ကားတွေက အများစု ဖြစ်ပါတယ်။ ကုန်ကားကြီးတွေကအစ၊ လူစီးဒိမ်ခံကား အလယ်၊ သုံးဘီးကား လေးတွေအဆုံး တာတာတံဆိပ်နဲ့ မြင်ရ ပါတယ်။ အဲဒီကြားထဲမှာ Nimbus Hu- ... Norita Suzuki စတဲ့ တံဆိပ်တွေနဲ့ ကားတွေကတော့ အိန္ဒိယနဲ့ကိုရီးယား၊ အိန္ဒိယနဲ့ဂျပန် ဖက်စပ်ကားတွေ ဖြစ်ပါ တယ်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် နိုင်ငံခြား ကုမ္ပဏီကြီးတွေနဲ့ ပူးပေါင်းပြီး ပြည် တွင်းမှာ ဖက်စပ်ထုတ်လုပ်တာ ဖြစ်ပါ တယ်။

ကမ်ပုရ်မြို့ဟာလည်း ဂင်္ဂါမြစ် ကမ်းပေါ်မှာရှိလို့ တချို့က ဒီမြို့ဟာ ဘုရားရှင်လက်ထက်က အာဠဝီမြို့ဖြစ် မယ်လို့ ယူဆကြပါတယ်။ အာဠဝီပြည် က အာဠာဝကဘီလူးဟာ မြတ်စွာ ဘုရားကို ကိုင်မြှောက်ပြီး ဂင်္ဂါမြစ်ထဲ ပစ်ချမယ်လို့ ခြိမ်းခြောက်ခဲ့တာ စာ ထဲမှာ ဖတ်ရပါတယ်။

ကမ်ပုရ်မြို့ကွက်ထဲမှာပဲ ဘောလုံး အစ်တွင်းစာလောက်ရှိတဲ့ ဆင်းရဲသား ရပ်ကွက်ကြီးကိုလည်း မြင်ခဲ့ရပါတယ်။ အများစုက တိုင်လေးချောင်းထောင်ပြီး အပေါ်စုတ်မိုးထားတဲ့ အိမ်ကလေးတွေ ။ မြေကြီးပေါ်မှာပဲ ဖြစ်သလိုနေကြရ



**ဒေလီမြို့ဟောင်း၏နောက်ခံတွင် မြင်တွေ့ရသည့် နယူးဒေလီ**

ရှာပါတယ်။

ည(၇)နာရီလောက်မှ သက်ဿ နဂိုရ် မြန်မာကျောင်းကို ရောက်ပါတယ်။ တစ်နေ့လုံး ကားစီးလာရလို့ အားလုံး ပင်ပန်းနေကြတာနဲ့ မြန်မာကျောင်း ဆရာတော်ကိုတောင် မကန်တော့နိုင် တော့ပဲ ညစာစားပြီးတာနဲ့ အိပ်ရာထဲ တန်းဝင်လိုက်ကြပါတယ်။

**အာဂရာသို့**

၁၇-၁၁-၁၂ ရက်၊ မနက် (၆)နာရီ မှာ သက်ဿနဂိုရ်ကနေ အာဂရာမြို့ကို ထွက်လာပါတယ်။ ကျွန်တော်တို့ ခရီး စဉ်က နယူးဒေလီအထိ ဖြစ်ပါတယ်။ လမ်းမှာ ကမ္ဘာကျော် တာဂျ်မဟာရှိတဲ့ အာဂရာမြို့ကိုလည်း ဝင်ပါမယ်။ ဒါ ကြောင့် အပြန်ကျမှ သက်ဿနဂိုရ်မှာ ဘုရားဖူးမှာ ဖြစ်ပါတယ်။ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်မှာ ခရီးတွင်အောင် မနက်အစောကြီးထပြီး မနက်စာကို (၅) နာရီခွဲလောက်မှာ စားကြရပါတယ်။ ဒါ နဲ့ပဲ ကားပေါ်ရောက်လို့ မနက်ခင်း ဖြူ နေကျ တရားစာတွေ ရွတ်ဖတ်အပြီးမှာ တော့ အားလုံးလိုလိုပဲ ပြန်အိပ်ကြပါ တယ်။

အာဂရာမြို့ကို နေ့လယ် (၁၂) နာရီလောက်မှာ ရောက်ပါတယ်။ အာ ဂရာမြို့ကို မွန်ဂိုဧကရာဇ် အက္ကဘာက ၁၅၆၆ ခုနှစ်မှာ စတည်ခဲ့ပါတယ်။ ယမုံ နာ (Yamuna River) မြစ်ကမ်းပေါ်မှာ ရှိပါတယ်။ မီးရထားလမ်းဆုံမြို့လည်းဖြစ် လို့ ကုန်သန်းရောင်းဝယ်ရေး အချက်အ ချာကျတဲ့နေရာ ဖြစ်ပါတယ်။ ဒီမြို့မှာ အိန္ဒိယနိုင်ငံမြောက်ပိုင်းက စိုက်ပျိုးသီးနှံ တွေအတွက် ကုန်ထုတ်စက်ရုံအမြောက် အမြားရှိပါတယ်။ ဒေသထွက်ကုန်တွေ က ဝါဂွမ်း၊ ဆေးရွက်ကြီး၊ ဆား၊ သကြား၊

သံနဲ့သံမဏိ၊ အဝတ်အထည်၊ ကော် ဇော စတာတွေ ဖြစ်ပါတယ်။ ယာဉ်အ သွားအလာလည်း အင်မတန် များပါ တယ်။

**ချစ်ခြင်းမေတ္တာအထိမ်းအမှတ် 'တာဂျ် မဟာ'**

ကမ္ဘာကျော် တာဂျ်မဟာ အ ဆောက်အအုံကြောင့် အာဂရာမြို့ကို ပြည်တွင်းရော ပြည်ပကပါ ခရီးသည် အလာများပါတယ်။ အိန္ဒိယမှာ လာ ရောက်ကြည့်ရှုသူ အများဆုံးအဆောက် အအုံဖြစ်ပါတယ်။ ကျွန်တော်တို့ရောက် တဲ့နေ့ဟာ အားလပ်ရက် စနေနေ့ဖြစ် လို့ တာဂျ်မဟာအဝင်ဂိတ်ဝမှာ အင်မ တန်များပြားတဲ့ လူအုပ်ကြီးက တန်းစီ စောင့်ဆိုင်းနေတာ တွေ့ရပါတယ်။ ကျွန် တော်တို့က နိုင်ငံခြားသားတွေဖြစ်လို့ အထူးအခွင့်အရေးအနေနဲ့ အကြာကြီး တန်းမစီရဘဲ သီးသန့်ဝင်ပေါက်ကနေ ဝင်ရပါတယ်။ နိုင်ငံသားတွေက ဖိနပ် ချွတ်ဝင်ရပြီး နိုင်ငံခြားသားတွေကိုတော့ ဖိနပ်အပေါ်မှာစွပ်ရတဲ့ ရှူးကြိုးပါအိတ် တွေ ပေးပါတယ်။ တာဂျ်မဟာဝင်ခွင့် လက်မှတ်က ရူပီး ၅၁၀ (မြန်မာငွေ ၉၀၀၀) လောက် ကျပါတယ်။ လက် မှတ်ဖိုးကို မဟာတိုးအဖွဲ့က ကျခံပါ တယ်။ (အမှန်က ကိုယ့်ပိုက်ဆံပါပဲ။) ကမ္ဘာပေါ်မှာ အလှဆုံးအဆောက်အအုံ စာရင်းဝင်တဲ့ တာဂျ်မဟာကို မွန်ဂိုဧကရာဇ် ရှားဂျဟန် (၁၅၉၂-၁၆၆၆) က ၇-၆-၁၆၃၁ ရက်နေ့မှာ ကွယ်လွန်တဲ့ သူ့ရဲ့ပဉ္စမဇနီး မန်တပ်ဂျ်မဟာ (Mu-mtaz Mahal - ပါရှန်းဘာသာဖြင့် 'နန်း တွင်းရတနာ' ဟု အဓိပ္ပာယ်ရသည်။) သင်္ချိုင်းဂူအဖြစ် ဆောက်လုပ်ခဲ့တာဖြစ် ပါတယ်။ ဘုရင်ကြီးဟာ အဲဒီ ဇနီးကို အင်မတန်ချစ်လို့ စစ်တိုက်သွားတာ တောင် ခေါ်သွားတယ်လို့ ဆိုပါတယ်။ (ကျွန်တော်ကတော့ စိတ်မချလို့ ခေါ် သွားတာလို့ ထင်ပါတယ်။)

မိဖုရားငယ်ဟာ စစ်မြေပြင်မှာပဲ ကွယ်လွန်သွားလို့ ယူကျုံးမရဖြစ်တဲ့ ဘုရင်ကြီးဟာ သင်္ချိုင်းဂူကို ၁၆၃၂ ခုနှစ် မှာ လုပ်သား (၂၀၀၀၀) နဲ့ စ,တည်တာ (၁၂) နှစ်ကြာမှ ပြီးပါတယ်။ ပတ်ဝန်း ကျင်အဆောက်အအုံတွေနဲ့ ပန်းဥယျာဉ် ကြီးကို တည်ဆောက်တာက နောက် ထပ် (၁၀) နှစ် ကြာပါတယ်။ ဂူဗိမာန် ဟာ အမြင့် (၇၃) မီတာ (ပေ ၂၄၀) ရှိ ပါတယ်။ တာဂျ်မဟာထဲက မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင် သတိပဋ္ဌာန်တရား စတင်ဟောတော်မူရာ တောင်ကုန်း



သတိပဋ္ဌာန်တရားဟောတော်မူရာ တောင်ကုန်းပေါ်သို့ အတက်လမ်း

တစ်ခုမှာတော့ မိဖုရားဟာ(၁၄)ယောက်မြောက်သားသမီး မီးဖွားစဉ်မှာ ကွယ်လွန်ခဲ့တယ်လို့ ရေးထားပါတယ်။ မွေးပဲမွေးနိုင်လွန်းတဲ့ ရှင်မွေးလွန်းပါပဲ။

အဲဒီလောက် တန်ခိုးထွားခဲ့တဲ့ ဧကရာဇ်ဘုရင်ဟာ ၁၆၅၈ ခုနှစ်မှာ သားတော် Aurangzeb က နန်းချခဲ့တာကြောင့် ကျန်တဲ့သက်တမ်းကို ထောင်ထဲမှာပဲ ကုန်လွန်သွားခဲ့ရတယ်။ တာဂျ်မဟာသချိုင်းဂူရဲ့ ရှစ်မြောင့်ပုံခန်းမအလယ်မှာ မိဖုရားငယ်ရဲ့အုတ်ဂူရှိပြီး သူ့ရဲ့ဘေးက ပိုကြီးတဲ့ အုတ်ဂူကတော့ ၁၆၆၆ ခုနှစ်မှာ ကွယ်လွန်တဲ့ ရှားဂျဟန်ဘုရင်ကြီးရဲ့အုတ်ဂူပဲ ဖြစ်ပါတယ်။ သံဝေဂ ဆိုတာက ကြည့်တတ်ရင် နေရာတိုင်းမှာရှိတဲ့တရားပဲ ဖြစ်ပါ၏။

မြန်မာပြည်က ဘုရားဖူးတွေ တာဂျ်မဟာသွားတဲ့အခါ တချို့အဘွားကြီးတွေက ဘုမသိဘမသိနဲ့ ထိုင်ရှိခိုးတော့ ပါလာတဲ့ ဆရာတော်တွေက အခုလို မိန့်ကြားရပါတယ်။

"ဟဲ့ ဟဲ့- အရမ်းမရှိခိုးကြနဲ့၊ အဲဒါ ကုလားမသင်္ချိုင်း"

**ခံတပ်နီ (Red Fort)**

အာဂရာမြို့မှာ နောက်ထပ် ထင်ရှားတဲ့ အဆောက်အအုံက ရှားဂျဟန်ဘုရင်ကြီးရဲ့ နန်းတော်ဟောင်းဖြစ်တဲ့ Red Fort ဖြစ်ပါတယ်။ ၁၆၃၈ ခုနှစ်မှာ ရှားဂျဟန်ဟာ သူ့ရဲ့မြို့တော်ကို အာ ဂရာကနေ ဒေလီကို ပြောင်းခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီး က ၂၀၀၇ ခုနှစ်မှာ Red Fort ကို ကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ် (World Heritage Site) စာရင်းဝင်အဖြစ် သတ်မှတ် ခဲ့ပါတယ်။

(၁၀) နှစ်နီးပါးကြာအောင် သဲ ကျောက်နီနဲ့တည်ဆောက်ခဲ့တဲ့ ဒီခံတပ် ကြီးဟာ တစ်မိုင်ခွဲလောက်ရှည်ပြီး အ မြင့်ပေ (၁၁၀)ရှိပါတယ်။ ခံတပ်နံရံတွေ ဟာ အင်မတန်ထူထဲပြီး နက်နက်တူး ထားတဲ့ ခံတပ်ပတ်လည်ကျုံးကို ယမု နာမြစ်ရေသွယ်ပြီး ရေဖြည့်ပါတယ်။ အ ခုခေတ်မှာတော့ ခံတပ်နဲ့ မြစ်က (၅) ဖာလုံလောက် ဝေးသွားပြီး ကျုံးထဲမှာ လည်း ရေမရှိတော့ပါ။

ဒီခံတပ်မှာလည်း တာဂျ်မဟာလို ပဲ လာရောက်ကြည့်ရှုသူ အလွန်များပါ တယ်။

**အာဂရာမှဒေလီသို့**

အဲဒီနေ့က ည (၉) နာရီလောက် မှ Noida မြို့ကိုရောက်ပါတယ်။ Noida မြို့ဟာ နယူးဒေလီအပြင်ဘက်က မြို့က လေးပါ။ ဒီမှာတော့ အပြင်တည်းခိုခန်း မှာ တည်းရပါတယ်။ တည်းခိုခန်းအ မည်က KKT ပါ။ KKT ဟာ ဘာကို အတိုကောက်ယူထားတာလဲလို့ မေး ကြည့်တော့ တည်းခိုခန်းပိုင်ရှင်က မှူး လေးသား ကိုကိုတုတ်လို့ သိရပါတယ်။ ရှားရှားပါးပါး နာမည်ပါပဲ။

၁၈-၁၁-၁၂ ရက်၊ မနက်စာစား အပြီး (၇) နာရီလောက်မှာ Noida မြို့ ကနေ နယူးဒေလီကိုထွက်ခဲ့ကြပါတယ်။ ဒေလီမြို့ဟောင်းနဲ့ ကပ်လျက်နေရာမှာ ဒေလီမြို့သစ် (နယူးဒေလီ) ကို ၁၉၁၂- ၁၉၂၉ ခုနှစ်အတွင်း တည်ဆောက်ခဲ့ပြီး ၁၉၃၁ ခုနှစ်မှာ အိန္ဒိယနိုင်ငံရဲ့မြို့တော် ကို ကာလကတ္တား (ယခု ကိုးလ်ကတ္တား) ကနေ နယူးဒေလီကို ပြောင်းရွှေ့ခဲ့ပါ တယ်။ နယူးဒေလီဟာ ဘုရားရှင်လက် ထက်တော်အခါက ကုရုတိုင်း ဣန္ဒပတ္ထ မြို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် သတိပဋ္ဌာန် တရားဟောကြားရာ တောင်ကုန်းရှိရာ ကို မနက် (၉) နာရီလောက်မှာ ရောက် ပါတယ်။ အိန္ဒိယနိုင်ငံ ရှေးဟောင်းသု တေသနဌာနက ဝင်းခတ်ပြီး ထိန်းသိမ်း ထားပါတယ်။ ဧကအတော်ကျယ်တဲ့ မြက်ခင်းပြင်ရဲ့အလယ်မှာ သိပ်မမြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တောင်ကုန်းတစ်ခု ရှိပါတယ်။ တောင်ကုန်းပေါ်က အသောကကျောက်စာကို သံတိုင်တွေနဲ့ ကာရံထားပါတယ်။ ...ရာကို ဒေလီမြို့မြေပုံမှာ Ashoka's Pillar လို့ပြထားပါတယ်။ ဒီဝင်းရဲ့အဝင် ...တံခါးဘေးမှာ အမှိုက်ပုံကြီးမြင်ရ၍ ...မတောင်းဖြစ်မိပါ၏။

## ဘဟာအီသာသနာဝတ်ကျောင်းတော်

မနက် (၁၀) နာရီလောက်မှာ ...ဒေလီရဲ့ အထင်ကရအဆောက်အအုံတစ်ခုဖြစ်တဲ့ ဘဟာအီ သာသနာ ...ကျောင်းတော် (Bahai House of Worship) ကို ရောက်ပါတယ်။ ကြာပန်း... (Lotus Temple) လို့လည်း အ...သိရှိကြတဲ့ ဒီအဆောက်အအုံကို ...ကျောက်ဖြူသားနဲ့ တည်ဆောက်ထားပြီး ...နေတဲ့ ကြာပန်းသဏ္ဍာန် အ...ဆောက်အအုံဟာ အင်မတန်မှ လှပ...ပါတယ်။ ဘဟာအီသာသနာအ...ကြောင်း သိကောင်းစရာ လက်ကမ်းစာ...တွေ ဝေငှပေးပါတယ်။

ဒီဗိမာန်ကြီးရဲ့ ထူးခြားချက်တွေ ...တော့ မျက်နှာစာ (၉) ဖက်၊ ရေကန် ...(၉)ခု၊ ပွင့်ဖတ်ပွင့်ချပ်လှာပေါင်း (...) လှာရှိပြီး ခန်းမဆောင်အတွင်းမှာ ...ခုံပေါင်း (၁၃၀၀) စီတန်းချထားတယ်။ ပင်မအဆောက်အအုံရဲ့ ကန့်...ဖြတ် အချင်းက ပေ (၂၃၀) ရှိပြီး ...ကျောင်းတော်အမြင့်က (၁၁၂) ပေ ...ပါတယ်။ ကျောင်းမြေဧရိယာ (၂၆. ...ဧက)ရှိပြီး မြက်ခင်းပြင်၊ သစ်ပင်ပန်း...တွေနဲ့ အင်မတန် သာယာပါတယ်။

ဝတ်ကျောင်းတော်ခန်းမအတွင်း ...စကားပြောခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း ခွင့်မပြုပါ။ မည်သည့်ဘာသာဝင်မဆို ခန်းမအတွင်းမှာ ဆိတ်ငြိမ်စွာ ဘုရားအာရုံဝတ်ပြုနိုင်ပါတယ်။ ဒီဗိမာန်ကို တနင်္လာနေ့တိုင်း ပိတ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ ဘဟာအီသာသနာဝင်တွေရှိပြီး ရန်ကုန်မြို့ တာမွေ ဗညားဒလလမ်းမှာ ဘဟာအီသာသနာ နေရှင်နယ်အဖွဲ့ချုပ် ရှိပါတယ်။ ဒီသာသနာဝင်တွေ ကိုးကွယ်တဲ့ ဘုရားရှင်ရဲ့မိန့်ကြားတော်မူချက် တစ်ရပ်ကလည်း လေးစားဖို့ ကောင်းပါတယ်။

'မိမိတိုင်းပြည်ကို ချစ်သည်ဟု ဂုဏ်မယူသင့်၊ လူသားအားလုံးကို ချစ်ခင်မှုသာလျှင် ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံသည်။ ကမ္ဘာကြီးသည် တစ်ခုတည်းသော တိုင်းပြည်ဖြစ်၍ လူသားအားလုံးသည် ၎င်း၏တိုင်းသူပြည်သားများသာ ဖြစ်ကြသည်'

*ဘဟာအွှလ္လာဘုရားရှင်*

## အိန္ဒိယဂိတ် (သို့) စစ်သည်တော်ဗိမာန်

နေ့လယ် (၁၂) နာရီကျော်မှ အိန္ဒိယစားသောက်ဆိုင်တစ်ခုမှာ နေ့လယ်စာ သီးစုံထမင်းကြော် စားကြပါတယ်။ စားသောက်ပြီးတဲ့အခါမှာတော့ အနီးအနားမှာ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေရှိတယ် ဆိုတာလည်း ကြားရော အားလုံးမတိုင်ပင်ဘဲ ချီတက်သွားကြပါတယ်။ အိန္ဒိယမှာ ဆိုင်ကြီးကနားကြီးတွေရော လမ်းဘေးဈေးဆိုင်တွေမှာပါ ဈေးရောင်းသူတွေဟာ အမျိုးသားတွေချည်း ဖြစ်ပါတယ်။ တောနယ်တွေမှာ အမျိုးသမီးတွေက လယ်ထဲကိုင်းထဲ ဆင်းရတယ်လို့ ဆိုပါတယ်။ မြို့မှာတော့ အမျိုးသမီးတွေကို အိမ်တွင်းပုန်းလုပ်ခိုင်းထားပုံ ရပါ၏။

နေ့လယ် (၂) နာရီကျော်လောက်မှာ အိန္ဒိယဂိတ် (India Gate) လို့ခေါ်တဲ့ စစ်သည်တော်ဗိမာန်ကို သွားကြပါတယ်။ ဒီအဆောက်အအုံဆီကိုလည်း ပြည်တွင်း၊ ပြည်ပက ဧည့်သည်တွေ အများအပြား လာရောက်ကြပါတယ်။ ထုနဲ့ထည်နဲ့ ဆောက်လုပ်ထားတဲ့ မုခ်ဝအောက်ခြေအလယ်တည့်တည့်မှာ ဆီမီးတိုင်တစ်ခုကို မငြိမ်းစတမ်း ထွန်းညှိထားပြီး အစောင့်အကြပ်တွေကိုလည်း (၂၄) နာရီ ချထားပါတယ်။ မုခ်ဝကြီးပေါ်မှာ ကမ္ဘာ့အရပ်ရပ် စစ်မြေပြင်တွေမှာကျဆုံးသွားတဲ့ အိန္ဒိယစစ်သည်တော်တွေရဲ့အမည်တွေ ရေးထိုးထားပါတယ်။

အဲဒီ အမည်စာရင်းမှာ ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဗိုလ်ချုပ် စတဲ့ အရာရှိတွေရဲ့ အမည်တွေမပါဘဲ သာမန်စစ်သည်တွေရဲ့ အမည်တွေပဲ ပါပါတယ်။ ဒါကြောင့်လည်း ဒီမုခ်ဝကြီးဟာ ကမ္ဘာကျော်တာဖြစ်မယ် ထင်ပါတယ်။

မောင်ပွင့်ဉာဏ်(မောရ)



တာဂျ်မဟာသို့ ဝင်ခွင့်လက်မှတ်



နယူးဒေလီက အမှတ်တရပစ္စည်းရောင်းတဲ့ဆိုင်



မဟာတ္တမဂန္ဒီအထိမ်းအမှတ်ပြတိုက်မှ ဂန္ဒီကြီး၏ရုပ်တု




www.burmeseclassic.com

www.burmeseclassic.com

# နှစ်(၇၀)ကျော် ကျမ်းစာထဲမှ သင်္ကေတလက္ခဏာများ

ဖျာပုံတင်နိုင်ဝင်း



မြန်မာစာ ရေးသားရာတွင် အက္ခရာ၊ စာလုံးပေါင်း စကားလုံးဝါကျများဖြင့်သာ ရေးသားသီကုံး၍ မပြီးသေးချေ။ သင်္ကေတ (အမှတ်လက္ခဏာ) များကိုလည်း သူ့နေရာနှင့်သူ ထည့်သွင်းရေးသားကြရ၏။ သင်္ကေတ အမှတ်လက္ခဏာ ဟူသည် ဗျည်းနှင့်သရ ၊ အက္ခရာစာရင်းတွင် မပါဝင်ဘဲ သီးခြား တီထွင်ထားသည့် အမှတ်အသားများ ဖြစ်ပါသည်။ ဥပမာ- ဝါကျဆုံးတိုင်း ချရသည့် ပုဒ်မ သင်္ကေတ (။)၊ ထင်ရှားအောင် ကွင်းပြရသော ကွင်းစပိတ် ( )၊ မျဉ်းတို (-)၊ မျဉ်းရှည် (—) စသည်တို့ ဖြစ်သည်။

ရှေးခေတ် မြန်မာကျောက်စာများတွင် ၎င်းသင်္ကေတ အမှတ်လက္ခဏာများကို စုံလင်စွာ မတွေ့ရသေးသော်လည်း နောက်ပိုင်း မြန်မာစာ အရေးအသားများ၌မူ တဖြည်းဖြည်းဖြင့် စုံလင်များပြားလာခဲ့သည်။ အထူးသဖြင့် အနောက်နိုင်ငံများနှင့် အဆက်အသွယ်များလာသည်မှစ၍ အနောက်တိုင်း စာပေမှ သင်္ကေတများကို မွေးစား၍ မြန်မာစာပေတွင် ထည့်သွင်းအသုံးပြုခဲ့ရာမှ ၎င်းသင်္ကေတ အမှတ်လက္ခဏာများ ပိုမို များပြားလာခဲ့ရသည်။

သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်္ကေတ အမှတ်လက္ခဏာများ ဆက်လက်တီထွင်ကြရာ ယနေ့ ၂၁ ရာစုခေတ်ဦးတွင်မူ စာပေသင်္ကေတ ပါမက ဘာသာရပ်သင်္ကေတ အမှတ်လက္ခဏာများပါ ရေတွက်၍မကုန်နိုင်ဖြစ်နေတော့သည်။ ဥပမာ- ဓာတုဗေဒဘာသာရပ်အတွက် ဓာတုဗေဒဆိုင်ရာ သင်္ကေတများ၊ ရူပဗေဒဆိုလျှင် ရူပဗေဒဆိုင်ရာ သင်္ကေတ အမှတ်လက္ခဏာများ စသည်ဖြင့် များစွာရှိသည်။ ကွန်ပျူတာသင်တန်းတစ်ခု တက်ရောက်မည်ဆိုပါက မြန်မာအက္ခရာနှင့် အင်္ဂလိပ်အက္ခရာများပါမက ကွန်ပျူတာသင်္ကေတများနှင့်ပါ ရင်ဆိုင်ရမည် ဖြစ်သည်။

၎င်းသင်္ကေတ အမှတ်လက္ခဏာနှင့်ပတ်သက်၍ မဟာစည်ဆရာတော်ဘုရားကြီး၏ဝိပဿနာရှုနည်းကျမ်း ရှေ့ပိုင်း၌ ဖော်ပြထားသော 'သင်္ကေတလက္ခဏာတို့၏ ရည်ညွှန်းချက်များ' ဆိုသည့်စာစုကို ဖတ်လိုက်ရသည်။ ဤစာစုသည် ၎င်းဝိပဿနာကျမ်းအား ဖတ်ရှုရာတွင် သင်္ကေတလက္ခဏာများ၏ အထောက်အပံ့ကိုရရှိစေရန် လမ်းညွှန်ပြသထားခြင်း ဖြစ်သည်။

ဤကျမ်းစာကို လေ့လာရာတွင် ၎င်းသင်္ကေတလက္ခဏာများကိုပါ သတိပြု၍ ဖတ်ရှုသွားမည်ဆိုပါက ကျမ်းစာ၏ဆိုလိုရင်းအဓိပ္ပာယ်များ ပိုမိုပေါ်လွင်လာကြောင်း တွေ့ရမည် ဖြစ်သည်။ စာပေရေးသားရာတွင် ဗျည်း၊ သရ အက္ခရာများဖြင့် စာလုံးပေါင်းကာ စကားလုံးပုဒ်များစီတန်းပြီး ပုဒ်မကလေး ချလိုက်ရုံဖြင့် စာပေ၏အနှစ်သာရကို မဖော်ဆောင်နိုင်ကြောင်းနှင့် ၎င်းသင်္ကေတ အမှတ်လက္ခဏာများ၏ စွမ်းအားများ စာပေအရေးအသားပေါ် များစွာ သက်ရောက်ကြောင်း ဤကျမ်းစာကို သင်္ကေတများနှင့်တကွ ဖတ်ရှုလေ့လာကြည့်မည်ဆိုလျှင် သိနိုင်၏။ သို့သော် ထိုကျမ်းစာ ရှေ့ပိုင်းစာစုမှ ညွှန်းဆိုသော သင်္ကေတ လက္ခဏာ သုံးပုံသုံးနည်း အချို့မှာ ယနေ့ခေတ် သုံးစွဲနေကြပုံနှင့် အနည်းနှင့်အများ ကွဲလွဲနေကြောင်းကိုလည်း တွေ့ရ၏။

ဤကျမ်းစာသည် ထူထဲသောစာအုပ်များဖြစ်၍ အတွဲနှစ်တွဲ (နှစ်အုပ်တွဲ) ဖြစ်သည်။ ကျမ်းစာအုပ် နှစ်အုပ်စလုံးတွင် အစမှအဆုံး သင်္ကေတ အမှတ်လက္ခဏာများနှင့်တကွ ရေးသားပုံနှိပ်ထားရာ များစွာ အံ့ဩမိသည်။ ယနေ့ခေတ်ပေါ် စာအုပ်များတွင် ထိုသို့သော သင်္ကေတ လက္ခဏာများကို အလုံးအလောက် ထည့်သွင်းရိုက်နှိပ်ထားခြင်းမျိုး သိပ်မတွေ့ရှိရတော့ပေ။ ထို့ကြောင့် ယနေ့ စာဖတ်သူတို့အတွက် ၎င်းကျမ်းစာ ရှေ့ပိုင်းစာစုမှ သင်္ကေတ လက္ခဏာအကြောင်းကို လေ့လာတင်ပြလိုက်ရပါသည်။

❂

## ဤကျမ်း၌ဖော်ပြထားသော သင်္ကေတလက္ခဏာတို့၏ရည်ညွှန်းချက်များ

၁။ (=) . . . ညီမျှခြင်းလက္ခဏာဖြင့် သူ၏ ရှေ့ပုဒ်နှင့် နောက်ပုဒ်၊ သူ၏ရှေ့စကားနှင့် နောက်စကားကို အဓိပ္ပာယ်တူသည်ဟု သိစေ၏။

ပုံကား (ဥပမာကား) . . .

ဒေသနာက္ကမ = ဒေသနာအစဉ်

ပိသုဏဝါစာ = ကုန်းတိုက်ခြင်း (ကုန်းချောစကား)

ပိဋက သမ္ပဒါန = ကျမ်းဂန်နှင့် ညီညွတ်ခြင်း

ရှုမှတ်မှု = ဝိပဿနာဇော

ဤညီမျှခြင်းလက္ခဏာ၏သဘောကို ပြဆိုရာတွင် ရှေ့ပုဒ်နှင့်နောက်ပုဒ်တို့၏အဓိပ္ပာယ်တူညီပုံ သို့မဟုတ် ရှေ့စကားနှင့်နောက်စကားတို့ အဓိပ္ပာယ်ထပ်တူရှိပုံကို သိရှိစေကြောင်း ရှင်း... ထား၏။

ဥပမာ- ရှေ့ပုဒ်ဖြစ်သော ဒေသ...



www.burmeseclassic.com

www.burmeseclassic.com

ဘုတ္တမ ဟူသည့် ပါဠိပုဒ်နှင့် နောက်ပုဒ် ဖြစ်သော ဒေသနာအစဉ် (ပါဠိသက် မြန်မာပုဒ်) တို့ကို အလယ်၌ ညီမျှခြင်း သင်္ကေတ ထိုးပေးလျှင် ၎င်းပုဒ်နှစ်ပုဒ် ၏အဓိပ္ပာယ်မှာ တူညီကြောင်း သိထား ရမည် ဖြစ်သည်။ မြန်မာစာပေတွင် ပါဠိ ပုဒ်များ ထည့်သွင်းရေးသားရပေရာ ထို ပါဠိပုဒ်များကြောင့် ပိဋကစာပေမကျွမ်း ကျင်သူများအဖို့ တစ်ခါတစ်ရံ အဓိပ္ပာယ် ဖွင့်ဆိုရန် အခက်အခဲဖြစ်နေတတ်သည်။ ဤအခါမျိုးတွင် ပါးနပ်သော ကျမ်းပြု သူတို့က ပိသုဏဝါစာ=ကုန်းတိုက်ခြင်း (ကုန်းချောစကား)ဟု ညီမျှခြင်းထိုး ရေး သားပြသခြင်းအားဖြင့် ပိသုဏဝါစာ ဟူ သော ပါဠိပုဒ်ကို အဓိပ္ပာယ်မသိသော် လည်း ညီမျှခြင်းနောက်မှ ကုန်းတိုက် စကား (ကုန်းချောစကား) ဟူသည့် မြန်မာပုဒ်ကြောင့် ပိသုဏဝါစာ၏အ ဓိပ္ပာယ်ကို သိသွားစေမည် ဖြစ်သည်။ ဥပမာ သမ္ပဒါန= ကျမ်းဂန်နှင့် ညီညွတ် ခြင်းလည်း ထို့အတူပင်။

တစ်ခါတစ်ရံတွင်မူ ရှေ့ပုဒ်သည် မြန်မာပုဒ် ဖြစ်နေသော်လည်း အခြား သော ဝါစင်္ဂပုဒ်များ၏ အထောက်အပံ့ နည်းသောကြောင့် အဓိပ္ပာယ်ဝေဝါးနေ တတ်သည်။ ထိုအခါတွင်လည်း ညီမျှ ခြင်းသင်္ကေတကို အသုံးပြု၍ အဓိပ္ပာယ် ရှင်းလင်းစေသော ပုဒ်တစ်ခုနှင့် ယှဉ်တွဲ အသုံးပြုရပြန်သည်။ ဥပမာ- ရှုမှတ်မှု ဆိုရာ၌ ဘာကိုရှုမှတ်သည် ဟူ၍ အဓိပ္ပာယ် သဲသဲကွဲကွဲ မသိဘဲ ဖြစ်နေ သည်။ ဤတွင် ညီမျှခြင်းဆက်ထိုး၍ ဝိပဿနာဇောဟု ရေးပြသောအခါမှ ရှုမှတ်မှုသည် ဝိပဿနာဇောစိတ်ကို ဆိုလိုကြောင်း သဘောပေါက်သွားပါ တော့၏။

၂ (.) . . . (အောက်ကော်မာ) ဤ ကော်မာလက္ခဏာဖြင့် သူ ၏ရှေ့ကပုဒ်, ရှေ့ကအပိုဒ်ကို ဝါကျကြီး ၏အစိတ်အပိုင်း စကားတစ်ရပ် ဟူ၍ လည်းကောင်း၊ ထိုပုဒ်, ထိုအပိုဒ်များကို သူ၏နောက်ရှိ အနီးကပ်ပုဒ်နှင့်မစပ်ရ။ ခုန်ကျော်၍ ဆိုင်ရာ ပဓာနပုဒ်များဖြင့် သာစပ်ရသည် ဟူ၍ လည်းကောင်း သိ စေ၏။ ဤကော်မာပြရာ၌ စဉ်းငယ်ရပ် တန့်ပြီးမှ နောက်ပုဒ်များကို ဆက်၍ဖတ် ပါလေ။

ပုံစံကား (ဥပမာကား) . . .

ထိုသို့သောနည်းကို ပယ်မြစ်မိ လျှင်, ဘုရားအဆုံးအမတော်ကို ပယ် မြစ်ရာရောက်၏။

ဤ၌ ကော်မာဖြင့် သူ၏ရှေ့က အပိုဒ်ကို ဝါကျကြီး၏စကားတစ်စိတ် ဟူ ၍လည်းကောင်း၊ ၎င်းအပိုဒ်ကို ဘုရား အဆုံးအမ ဟူသော သူ၏နောက်ရှိ အ နီးကပ်ပုဒ်နှင့် မစပ်မူ၍, ပယ်မြစ်ရာ ရောက်၏ ဟူသော ပဓာနပုဒ်နှင့်သာ စပ်ရသည်ကိုလည်း သိစေ၏။

ဤကော်မာဖြင့် ဖြတ်တောက်၍ ပြသထားလျှင် ကော်မာ၏ရှေ့အပိုဒ်ဖြစ် သော (ထိုသို့သောနည်းကို ပယ်မြစ်မိ လျှင်) ဟူသည့် အပိုဒ်ကို ဝါကျကြီး၏ စကားစုတစ်ခုအဖြစ် သတ်မှတ်သည်။ ၎င်းစကားစုတစ်ခုဟု သတ်မှတ်ထား သော ကော်မာ၏ရှေ့အပိုဒ်ကို ကော်မာ ၏နောက်အပိုဒ်ဖြစ်သော (ဘုရားအဆုံး အမကို) ဟူသည့်အပိုဒ်နှင့် မဆက်စပ်ရ ဘဲ ခုန်ကျော်၍ ဝါကျတစ်ခုလုံး၏ပဓာန ပုဒ်ဖြစ်သော (ပယ်မြစ်ရာရောက်၏) နှင့် သာ သွား၍ဆက်စပ်ရမည်ဟု ဆိုလို သည်။

ပုံစံ . . .

(ပယ်မြစ်မိလျှင် ဘုရားအဆုံးအမ ကို) ဟု မဆက်စပ်ရ။

လေ။ စဉ်းငယ် ရပ်တန့်၍လည်း ဖတ်ပါ လေ။

၎င်းကျမ်းစာ၌ အထက်ပါအတိုင်း ကော်မာသင်္ကေတကို ပုဒ်နှင့် ဝိဘတ်တို့ ၏နောက်၌ထားရှိပုံကိုပြသထားပြီး ၎င်း သင်္ကေတကို အသံရပ်တန့် သင်္ကေတ အဖြစ်ပါ သုံးထား၏။

ထို့ပြင် အင်တူအားတူဖြစ်သော ဒွန်ပုဒ် (အရည်အသွေးတူ၍ တွဲစပ်နိုင် သော စကားစု) များကိုလည်း ဤကော် မာ သင်္ကေတဖြင့် ပိုင်းခြား၍ပြထား၏။

ပုံစံကား. . .

အဟိတ်, ဒွိဟိတ် ပဋိသန္ဓေသည် . . . ။

ဤ၌ အဟိတ်နှင့် ဒွိဟိတ်တို့သည် အင်တူအားတူသောပုဒ်များ ဖြစ်သည်။ ပဋိသန္ဓေဟူသော ဆိုင်ရာပုဒ်နှင့် အင်တူ အားတူစပ်လျက် အဟိတ်ပဋိသန္ဓေ၊ ဒွိ ဟိတ် ပဋိသန္ဓေ အနက် (၂) မျိုးခွဲခြား၍ ယူရန် ကော်မာဖြင့် ပိုင်းခြားပြ၏။

ပုံစံ. . . အုံ့ချီးဖွယ်, ကြည်ညိုဖွယ် ကောင်းပါပေစွတကား။

'အံ့ချီးဖွယ်ကောင်းပါသည်' နှင့်

ပယ်မြစ်မိလျှက် (ဘုရားအဆုံးအမကို) ပယ်မြစ်ရာ ရောက်၏ဟု ခုန်ကျော်၍ ဆက်စပ်ရ၏။

ထို့အတူ လျှင်, သော်, သော် လည်း, လည်းကောင်း, သော်လည်း ကောင်း, ဖြစ်စေ, မူ၍ ဟူသော ဝိဘတ် တို့၏နောက်၌ ကော်မာကိုတွေ့လျှင် ဤ နည်းချည်းပင် မှတ်ပါလေ။ စဉ်းငယ် ရပ် တန့်၍လည်း ဖတ်ပါလေဟု ကျမ်းစာ၌ ဖော်ပြထား၏။

ဤကော်မာသည် စာသားဝါကျ ကို အဓိပ္ပာယ်ပေါ်လွင်စေဖို့အတွက် သာ မက စာဖတ်ရာတွင် အဖြတ်အတောက် ပြုနိုင်ရေးအတွက်ပါ အသုံးဝင်ကြောင်း ထင်ရှား၏။

ထို့အပြင် (ထိုအခါ, ထိုမှတစ်ပါး, ထို့ပြင်, ထို့ကြောင့်, သို့ဖြစ်၍, မှုသော် လည်း, ဤသို့) စသော ပုဒ်တို့၏နောက် ၌ လည်းကောင်း (. . . ကြောင့်, ၍, ၌, ဖြင့်, နှင့်, ဘဲလျက်,) ဤသို့သော ဝိဘတ် တို့၏နောက်၌ လည်းကောင်း ကော်မာ ကို တွေ့ရလျှင်လည်း, ၎င်းပုဒ်၊ ၎င်းဝိ ဘတ်များသည် သူတို့၏နောက်ရှိ အနီး ကပ်ပုဒ်များနှင့် မဆိုင်။ သူတို့၏စပ်ဆိုင် ရာပုဒ် ဝေးသည်။ ဆိုင်ရာ ပဓာနပုဒ် များနှင့် ခုန်ကျော်၍ စပ်ရသည်ဟု သိပါ

'ကြည်ညိုဖွယ် ကောင်းပါသည်' ဟု အ နက်အဓိပ္ပာယ် နှစ်မျိုးခွဲခြား၍ ယူရ၏။ အချို့ ဝါကျတို့၌ ကော်မာသင်္ကေတ နှစ်ခုအထက်ပြထားမှု သုံး၊ လေးမျိုး ခွဲခြား၍ အဓိပ္ပာယ်ကောက်ရသည် လည်း ရှိ၏။

ပုံစံ. . .

ပါဠိ, အဋ္ဌကထာ, ဋီကာတို့၏ ဆို လိုရင်း အဓိပ္ပာယ်. . . ။

ပုံစံ. . .

ရုပ်အပေါင်း, ဝေဒနာ, စိတ်, သဘော, ဟူသော ဤ (၄) မျိုးထဲက-။

ထို့ပြင် လက်ာသွားအနက်အပိုဒ် များကိုလည်း တစ်ပိုဒ်စီ ကွဲပြားစေရန် (ပုဒ်ဖြတ်အစား) ဤ ကော်မာဖြင့်ပင် ပိုင်းခြား ပြသသည်။

ပုံစံ. . .

ကျမ်းသစ်ထွန်းလင်း, ဖြစ်ပေါ်ခြင်း ၏, ကြောင်းရင်းမူလ, ပဘာဝတို, ဖော် ပြစဉ်လာ, ဤနိဒါန်းအရာ၌. . . ။

၃။ . . . " (ကော်မာကြီး) ဤအဖွင့် အပိတ် ကော်မာများဖြင့်



www.burmeseclassic.com

www.burmeseclassic.com

၎င်းကော်မာတို့၏ အလယ်ကြား၌ ရှိသော စကားများ (စာသား) များသည် ၎င်းကော်မာတို့၏ရှေ့စကား (စာသား) များနှင့်မဆိုင်ဟု သိစေ၏။ ထို့ကြောင့် ၎င်းအဖွင့်အပိတ် ကော်မာတို့၏ ရှေ့၌ရှိသောစကားများကို ၎င်းတို့၏အတွင်းက စကားများနှင့် ဆက်စပ်၍ အနက်အဓိပ္ပာယ် မယူရ။ ဤအဖွင့်အပိတ်ကော်မာများဖြင့် နှလုံးသွင်းပုံ၊ ရှုမှတ်ပုံ၊ သိမြင်ပုံ၊ ပြောဆိုပုံ၊ စွဲလမ်းပုံ အခြင်းအရာတို့ကို အစအဆုံး ပိုင်းခြား၍ ပြသည်။

အခြံအရံ များစွာဖြင့်တည်သော ဝိသေသနပုဒ်, ဟိတ်ပုဒ်, ကံပုဒ်, ကတ္တားပုဒ် စသည်တို့ကိုလည်း ဤအဖွင့်အပိတ်ကော်မာဖြင့်ပင် ပိုင်းခြား၍ ပြထားသောအရာလည်း ရှိသေး၏။

ပုံစံ. . .

ထိုသို့ သတ်မှတ်ခြင်းသည် ပိဋကတ် (၃) ပုံ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ "မည်မျှကြာအောင် သီလကို စင်ကြယ်စေပြီးမှ အားထုတ်ရမည်" ဟု မိန့်ဆိုခြင်း မရှိသောကြောင့် ထိုသူတို့၏ ထင်မြင်ချက်များသာတည်း။ (နှာ-၃၉)

**ရှင်းလင်းချက်-** ဤ၌ အဖွင့်အပိတ် ကော်မာအတွင်းရှိ "မည်မျှကြာအောင် သီလကို စင်ကြယ်စေပြီးမှအားထုတ်ရမည်" ဟူသော စကား (စာသား) အား ရှေ့၌ဖော်ပြခဲ့သော (ထိုသတ်မှတ်ချက်သည် ပိဋကတ် ၃ ပုံ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌) ဟူသော စကား (စာသား) များနှင့် ဆက်စပ်၍ အဓိပ္ပာယ် မယူရပေ။ ၎င်းအဖွင့်အပိတ်ကော်မာ၏ သဘောမှာ အခြင်းအရာ (အကြောင်းတရား) တစ်ခုကို ရှင်းလင်းစွာ ပိုင်းခြားပြသလို၍သာ အသုံးပြုထားခြင်း ဖြစ်သည်။ အကြောင်းအရာတစ်ခုကို ပေါ်လွင်ထင်ရှား သီးခြားဖြစ်သွားစေရန် ပိုင်းခြားပြသခြင်းပင် ဖြစ်သည်။

ထို့ပြင် အခြံအရံများစွာနှင့်တည်သော "တရားထူး"၊ "ပစ္စုပ္ပန်အာရုံ"၊ "ဤသို့သောတရား"၊ "ရှေးရှေးမှတ်မှု" စသည့်ပုဒ်များကိုလည်း သီးခြားဖြစ်၍ ပေါ်လွင်စေရန် ဤကော်မာဖြင့်ပင် သုံးထားသည်ကို တွေ့ရ၏။

ပုံစံ. . .

မသိတတ်၊ မလိမ္မာ ဖြစ်ပါလျက် "ငါဟာ ပညာရှိပဲ, ငါသိတတ်တယ်, နားလည်တယ်" ဟု ထင်မှားလျက်နေသော သူသည်ကား လူမိုက်အစစ်ပေတည်း။ (နှာ-၅၁)

**ရှင်းလင်းချက်-** ဤ၌လည်း ရှေ့၌ဖော်ပြသည့် (မသိတတ် မလိမ္မာဖြစ်ပါလျက်) အား "ငါဟာ ပညာရှိပဲ, ငါသိတတ်တယ်, နားလည်တယ်" နှင့် ဆက်စပ်၍ အဓိပ္ပာယ် မကောက်ရပေ။ အကယ်၍ ထိုသို့ ဆက်စပ်၍ အဓိပ္ပာယ် ကောက်ယူခဲ့လျှင် (မသိတတ်၊ မလိမ္မာ ဖြစ်ပါလျက် ငါဟာ ပညာရှိပဲ၊ ငါ သိတတ်တယ်, နားလည်တယ်) ဟူ၍ မရှင်းလင်းသော ယောင်ဝါးဝါးအဓိပ္ပာယ်မျိုး ဖြစ်သွားနိုင်သည်။

၄။ . . . (ကော်မာငယ်) စကားတိုရာ၌ (စကားပြောဟန်တိုတောင်းရာ၌) ဤအဖွင့်အပိတ်ကော်မာများဖြင့် ပြဆိုအံ့။

ပုံစံ. . .

သို့ဖြစ်၍ ထိုအဋ္ဌကထာစကားကို 'ပါဠိတော်နှင့်ညီပါ၏လော' ဟုမေးဖွယ်, ယုံမှားဖွယ် မရှိပြီ။ (နှာ-၁၀၅)

**ရှင်းလင်းချက်-** 'ပါဠိတော်နှင့် ညီပါ၏လော' သည် စကား (စာသား) တိုတောင်းသောကြောင့် ကော်မာငယ်ဖြင့် ပြသထားခြင်း ဖြစ်သည်။ အခြားပုဒ်များနှင့် မရောနှောစေဘဲ ပေါ်လွင်စေရန်လည်း ရည်ရွယ်ဟန် ရှိပါသည်။

၅။ () . . . ကွင်းစ ကွင်းပိတ်။ ဤကွင်းလက္ခဏာဖြင့် ပိုင်းခြားထားသောစာသားများမှာ သူ့ရှေ့က ပုဒ်များ၊ အပိုဒ်များ၏အနက်အဓိပ္ပာယ် အဖွင့်များနှင့် မှတ်ထားချက်များ ဖြစ်ပေသည်။ သို့ဖြစ်၍ ၎င်းကွင်းကို ခုန်ကျော်ပြီးလျှင် ကွင်း၏ ရှေ့ကစကားကို ကွင်း၏နောက်စကားနှင့်ဆက်စပ်၍ ဖတ်ပါလေ။ ဆက်စပ်၍ အဓိပ္ပာယ်ယူပါလေ။

ပုံစံ. . .

ထိုဝိပဿနာကို (အားထုတ်စပြုခဲ့ပြီး၍ ဥဒယဗ္ဗယဉာဏ် စသည်နှင့်ပြည့်စုံသော) အာရဒ္ဓ ဝိပဿနာပုဂ္ဂိုလ်သည် ပြုခြင်းငှာ စွမ်းနိုင်၏။ (နှာ- ၃၂၁)

**ရှင်းလင်းချက်-** ကွင်းစ ကွင်းပိတ်ထဲမှ အကြောင်းအရာများသည် ရှေ့ဝါကျများမှ အကြောင်းအရာကိုသာ ညွှန်းဆိုထားသည်။ ထို့ကြောင့် ကွင်းရှေ့မှ (ထိုဝိပဿနာကို) နှင့် ကွင်း၏နောက်ပုဒ်ဖြစ်သော (အာရဒ္ဓဝိပဿနာပုဂ္ဂိုလ်သည် ပြုခြင်းငှာ စွမ်း၏။) ဟူသော ပုဒ်တို့ကို ဆက်စပ်၍ အဓိပ္ပာယ်ကောက်ရပေသည်။

ပုံစံ. . .

ဤသို့ စိတ်တပြုအပ်သော လုပ်ရှားမှု၏ ပျံ့နှံ့လှုပ်ရှားခြင်းအလိုအားဖြင့် ကိုယ်ဟုခေါ်သော ဤအရိုးစုသည် (ရှုပသယ်သတော ဟုဆိုလျှင် ဤရုပ်အပေါင်းသည်) ရှေ့သို့သွား၏။

**ရှင်းလင်းချက်-** ကွင်းစ ကွင်းပိတ်ထဲမှစာသားကို ဖယ်ထုတ်၍ ဖတ်လိုက်လျှင် ကွင်း၏ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့ ဆက်စပ်၍ အလွယ်တကူ အဓိပ္ပာယ်ကောက်ယူနိုင်မည် ဖြစ်သည်။ ကွင်းထဲမှ စာသားများသည် ရှေ့ဝါကျများ၊ ပုဒ်များမှအကြောင်းအရာများဖြစ်ပြီး တစ်ခါတစ်ရံ ရှင်းလင်း မှတ်ထားချက်များသာဖြစ်၍ အဓိပ္ပာယ်ကောက်ယူရာတွင် အထူး ဖတ်ရှုနေစရာ မလို။ ဖယ်ထုတ်၍ ဖတ်ရှု အဓိပ္ပာယ်ကောက်ယူရ၏။

အချို့ ကွင်းလက္ခဏာများသည် ပါဠိစကားများနှင့် မြန်မာပြန်များ၏ ကျမ်းညွှန်းများအဖြစ် အသုံးပြုထားသည်ကိုလည်း တွေ့ရသည်။

ပုံစံ. . .

(ဓမ္မပဒ-၁၀၀) (နှာ-၆၄)

ဓမ္မပဒ ဂါထာနံပါတ် (၁၀၀) ဟု ဆိုသည်။

(ဝိသုဒ္ဓိ ၂-၆၃) (နှာ- ၂၃၅)

ဝိသုဒ္ဓိမဂ်ကျမ်း၊ အတွဲ ၂၊ စာမျက်နှာ ၆၃ ဟု ဆိုလိုသည်။

(သုတ်မဟာဝါ ဋီကာ ၃၀၀) (နှာ-၂၅၃)

သုတ်မဟာဝါ ဋီကာကျမ်း စာမျက်နှာ ၃၀၀ ဟု ဆိုလိုသည်။

အချို့ကွင်းလက္ခဏာများကိုမူ အတိုကောက် ရေးသားရာ၌ အသုံးပြု၏။

ပုံစံ. . .

လက္ခဏာကို အတိုကောက် (လ) ဟု ရေး၏။

ရသကို (ု)

ပစ္စုပ္ပဋ္ဌာန်ကို (ပစ္စု)

ပဒဋ္ဌာန်ကို (ပဒ)

ဟု အတိုကောက်ရေး၏။

(နှာ-၂၉၀ မှ ၂၉၂ ထိ)

အချို့ နေရာ၌ ကွင်းစ ကွင်းပိတ်ကို အဓိပ္ပာယ်ရှင်းလင်းချက်များ၊ ထင်ရှားစေလိုသော အကြောင်းအရာများ မြန်မာစာသားထဲ ညပ်နေသော ပါဠိစကားလုံးများ၊ ဂဏန်းနံပါတ်များ စသည်တို့ရေးသားရာတွင် အသုံးပြုထားသည်ကိုလည်း တွေ့ရ၏။

၆။ + . . . (အပေါင်းလက္ခဏာ) ဤအပေါင်း လက္ခဏာဖြင့် ပုဒ်ဖြတ်၊ ပုဒ်ရပ်ကို လည်းကောင်း၊ ပေါင်း... ရေတွက်ရမည့် အရာများကိုလည်း ကောင်း၊ ဉာဏ် အထူး မပြစ်သေးမိက

www.burmeseclassic.com

"တစ်ပေါင်းတည်း၊ တစ်ခုတည်း၊ တစ်ဆောက်တည်း" ဟု ထင်မှတ်ရသော ရုပ်နာမ်များသည် ဉာဏ်အထူးဖြစ်သော အခါ၌ အသီးသီးကွဲပြား၍ ထင်ပေါ်လာသည်ကိုလည်းကောင်း ဖော်ပြ၏။

ပုံစံ. . .

ဝိ+ပရိ+နမု ဓာတ်ဖြင့်ပြီးသော ဝိပရိဏာတပုဒ်နှင့် ဝိ+ပရိ+ဣ ဓာတ်ဖြင့်ပြီးသော ဝိပရိတ ပုဒ်တို့သည် ခပ်ဆင်ဆင် ရှိကြ၏။ (နှာ-၁၉၈)

**ရှင်းလင်းချက်-** ပါဠိဓာတ်ပုဒ်များဖြစ်သော ဝိ, ပရိ, နမုတို့ကိုပေါင်းဖွဲ့လိုက်သောအခါ ဝိပရိဏာတပုဒ် ဖြစ်လာပုံနှင့် ဝိ, ပရိနှင့် ဣတို့ကို ပေါင်းစပ်လိုက်သောအခါ ဝိပရိတပုဒ် ဖြစ်ပေါ်လာပုံကို ပြလိုသောအခါ အပေါင်းလက္ခဏာ သင်္ကေတကို အသုံးပြု၏။

ပုံစံ. . .

အရေ, အသား, အကြော, အရိုးသော ၃၂ ကောဋ္ဌာသ+ ရုပ်တို့နှင့်တွေ့တိုင်း ထိတယ် စသည်ဖြင့် မှတ်၍ မာကြမ်းတမ်းသည်, နူးညံ့ပျော့ညက်သည်ဟု သိခြင်းသည်. . . (နှာ- ၃၅၁)

**ရှင်းလင်းချက်-** ဤ၌ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသနှင့်ရုပ်တရားတို့၏ အသောချင်းတူ၍ ပေါင်းစပ်နိုင်ကြောင်းကို ဆိုလိုသည့်အခါ အပေါင်းလက္ခဏာကို သုံး၏။ ထို့အပြင် တစ်စုတည်း, တစ်ပေါင်းတည်းဟု ထင်ရသော ခန္ဓာငါးပါးအစုတရားတို့ကိုလည်း ရူပက္ခန္ဓာ+ဝေဒနာက္ခန္ဓာ+သညာက္ခန္ဓာ+သင်္ခါရက္ခန္ဓာ+ဝိညာဏက္ခန္ဓာဟု ရေးသားနိုင်ပါသည်။

၇။ ! . . . (အံ့သြခြင်းလက္ခဏာ)

ဤအံ့သြခြင်း လက္ခဏာဖြင့် အံ့သြချီးမွမ်းဖွယ်, ကြည်ညိုဖွယ်ကိုလည်းကောင်း၊ အံ့အားသင့်ခြင်းကိုလည်းကောင်း၊ ပြောလိုသောပုဂ္ဂိုလ်အားအမည်ထုတ်ဖော်၍ အို- အာနန္ဒာ! ဤသို့ စသည်ဖြင့် ခေါ်ပုံကို လည်းကောင်း ထင်ရှားသိစေ၏။

ပုံစံ. . .

(၁) ဝိပဿနာရှုမှတ်၍နေသော အို- သူတော်ကောင်း! (နှာ- ၁၆၀)

(၂) အို- မာလုကျပုတ္တ! နားဖြင့်ကြားသိနိုင်သော အကြင်အသံများကို သင်မကြားရသေး (နှာ- ၃၀၂)

(၃) အို- အရှင်ဘုရား! တပည့်တော်က ငယ်လည်း ငယ်ပါသေးတယ်၊ သုတလည်း နည်းပါသေးတယ်။

**ရှင်းလင်းချက် -** ဤအံ့သြခြင်းလက္ခဏာကို အံ့သြခြင်း၊ ချီးမွမ်းလိုခြင်း၊ ကြည်ညိုမိခြင်း၊ အံ့အားသင့်ခြင်းတို့အတွက် သုံးသော စကားလုံး၊ ပုဒ်တို့၏နောက်၌ထား၍သုံး၏။ အထူးသဖြင့် နာမည်ကို ရုတ်တရက် ခေါ်လိုက်သည့်နေရာမျိုး၌ နာမည်၏နောက်၌ လည်းကောင်း အံ့သြခြင်းလက္ခဏာကို သုံးလေ့ရှိ၏။ ဤသင်္ကေတလက္ခဏာကို ဤသို့ အသုံးပြုခြင်းအားဖြင့် ရှေ့ပုဒ်၏ဆိုလိုရင်း အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်စေပါသည်။

၈။ ? . . . (အမေးလက္ခဏာ) ဤအမေးလက္ခဏာဖြင့် မေးခွန်းဖြစ်ကြောင်းကို ထင်ရှားစေသည်။

ပုံစံ. . .

လွန်ခဲ့သောဘဝက ရုပ်+ နာမ်ကို ဖြစ်ခဲ့သည့်အတိုင်း အမှန်သိနိုင်ပါမည်လော?

**ရှင်းလင်းချက်-**ဤမေးခွန်းသင်္ကေတ အမှတ်လက္ခဏာကို အသုံးပြု ရေးသားသည့်အတွက် သာမန်ဝါကျနှင့် မေးခွန်းဝါကျတို့ ကွဲပြား ခြားနားစေသဖြင့် အဓိပ္ပာယ်ကိုလည်း အလွယ်တကူ ဖော်ဆောင်နိုင်မည် ဖြစ်သည်။

**မှတ်ချက်** ။ ။ ပုဒ်ဖြတ် (၊)၊ ပုဒ်ရပ် (။)၊ မျဉ်းတို (–) စသည့် သင်္ကေတ လက္ခဏာများ ဤကျမ်းစာ၌ ရေးသားပါရှိသော်လည်း ကျမ်းနိဒါန်းစာစုတွင်မူ ထည့်သွင်းဖော်ပြထားခြင်း မရှိချေ။

ဤစာစု၏နိဂုံး၌ - ဤသင်္ကေတ (အမှတ်လက္ခဏာ) ရည်ညွှန်းချက်များကို လေ့လာမှတ်သား နားလည်ထားပါလျှင် ဤကျမ်းကို ကြည့်ရှုရာ၌ အထူးပင် သိလွယ်လိမ့်မည်ဟု မျှော်လင့်ပါသတည်းဟူ၍ အဆုံးသတ်နိဂုံးချုပ်ထားပြီး အောက်၊ ညာဘက်၌ ဆရာတော်ကြီး၏ဘွဲ့နှင့် သီတင်းသုံးရာကျောင်းတို့ကို ရေးထိုးထားပါသည်။ ဤစာစုသည် ၎င်းဝိပဿနာရှုနည်းကျမ်းအတွက် ဆရာတော်ကြီးကိုယ်တိုင် ရေးသားထားခြင်း ဖြစ်ပါသည်။

မဟာစည်ဆရာတော်ဘုရားသည် ၎င်းဝိပဿနာရှုနည်းကျမ်းကို ရေးသားစီရင်တော်မူရာတွင် ဗျည်း၊ သရ အက္ခရာတို့ဖြင့်သာ ရေးသားရုံတင်မကဘဲ သင်္ကေတ (အမှတ်လက္ခဏာ)များကိုပါ စနစ်တကျ ထည့်သွင်းစီစဉ်ထားသဖြင့် ကျမ်းစာဖတ်ရာတွင် အထူးပင် အထောက်အကူရပါသည်။ ၎င်းသင်္ကေတများဖြင့် ရေးသားသည့်အတွက် ရှုပ်ထွေးစေတတ်သော ပုဒ်များ ဝါစင်္ဂများမှာ သီးခြားစီဖြစ်စေလျက် အဓိပ္ပာယ်ကိုလည်း လွယ်ကူရှင်းလင်းသွားစေပါသည်။

ထိုကျမ်းစာကို ဖတ်ရှုကြည့်မည်ဆိုလျှင် ယနေ့ခေတ် စာပေအရေးအသားများထက် သင်္ကေတ (အမှတ်လက္ခဏာ)များကို ပိုမိုထည့်သွင်း စီရင်ထားကြောင်း တွေ့ရမည်ဖြစ်သည်။ စာမျက်နှာတိုင်းလိုလို ၎င်းသင်္ကေတများကိုတွေ့ရပြီး အချို့စာမျက်နှာများတွင်မူ သင်္ကေတ ဆယ်ခုမကပင် ပါရှိလေ၏။ အချို့သင်္ကေတသုံးနည်းများကိုမူ ယနေ့ခေတ်တွင် မတွေ့ရတော့ချေ။

ဤကျမ်းစာကို သာသနာတော်နှစ် ၂၄၈၇ (ကောဇာနှစ်၊ မြန်မာနှစ် ၁၃၀၅ ခု) တွင် ရေးသားပြီးစီးကြောင်း ကျမ်းနိဂုံး၌ဖော်ပြထားရာ ၎င်းကျမ်းစာသည် နှစ်ပေါင်း (၇၀)မျှပင်ပြည့်မြောက်နေပြီ ဖြစ်သည်။ သို့သော်လည်း ကျမ်းစာအရေးအသားကား ဖတ်ရှု၍ ဟောင်းနွမ်းသွားခြင်း (ဖတ်ရှုသူအတွက် ခေတ်မမီသလိုမျိုး ခံစားရခြင်း) ကို အလျှင်းမတွေ့ရ။ ဖတ်ရှု၍ အလွန်သစ်လွင်နေသေးသည်။

ထို့ထက် ကြည်ညိုဖွယ်ကောင်းသည်မှာ အလွန် ခက်ခဲနက်နဲလှသော ဝိပဿနာဆိုင်ရာ အဘိဓမ္မာသဘောတရားများကို မြန်မာစာဖြင့် ရှင်းလင်းလွယ်ကူစွာ ရေးသားသွားနိုင်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အထက်တွင်ဖော်ပြခဲ့သော သင်္ကေတ (အမှတ်လက္ခဏာများ) ကိုပါ ဂရုထား၍ ဖတ်သွားမည်ဆိုလျှင် အဘိဓမ္မာတရားကို တော်ရုံတန်ရုံနှင့် သဘောမပေါက်သော၊ ဉာဏ်မမီသူများပင် အလွယ်တကူဖြင့် သဘောပေါက် နားလည်နိုင်စွမ်း ရှိပါသည်။

ယနေ့ နေရာအချို့၌ ဝိပဿနာဆိုင်ရာ အဘိဓမ္မာတရားများ ရေးသားဟောပြောကြရာတွင် အရေးအသား၊ အပြောအဆို ချွတ်ယွင်းမှုများကြောင့် အဓိပ္ပာယ်လွဲချော်ကာ အငြင်းပွားမှုများ ရှိနေချိန်တွင် ဓမ္မစာပေအရေးအသား ကောင်းမွန် ပြေပြစ်ရေးအတွက် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းကို အထူးလေ့လာလျက် နည်းယူသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဖျာပုံ-တင်နိုင်ထဲး




www.burmeseclassic.com

www.burmeseclassic.com

# မင်းတုန်းမင်း၏ မဟာဗောဓိပင်တော်နှင့် မဟာဗောဓိစေတီကြီး အလှူတော်မှတ်တမ်း

လှမြင့်(ရန်ကုန်တက္ကသိုလ်)



မန္တလေး ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီး လက်ထက် မြန်မာနှစ် ၁၂၃၆ ခုနှစ် (ခရစ်နှစ် ၁၈၇၄ ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် အိန္ဒိယပြည်၏ ဘုရင်ခံထံသို့ အဖိုးတန်လက်ဆောင် ပဏ္ဏာများဖြင့် သံတမန်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ကာ မဟာဗောဓိပင်တော်၊ မဟာဗောဓိစေတီတော်နှင့် မဟာဗောဓိတံတိုင်းတော်များကို ပြင်ဆင်ခွင့်ပြုရန်နှင့် နှစ်စဉ် မြန်မာနိုင်ငံမှ ဘုရားဖူးများ လာရောက် ဖူးမြော်ခွင့်ပြုရန် စာချွန်တော် ပေးပို့ခဲ့သည်။

မင်းတုန်းမင်းကြီး၏ စာချွန်တော်ကို ဂယာမြို့ ဒိစတြိတ်တရားသူကြီးက ဂယာမြို့ ဗောဓိပင်တော်နှင့် မဟာဗောဓိစေတီတော်ကို တာဝန်ယူ ဦးစီးကြီးကြပ် စီမံဆောင်ရွက်နေသည့် မဟန္တကီ (မဟန့်) ဘွဲ့အမည်ရှိသော ဇော်ဂျီထံ ဆက်လက် ပေးပို့ အကြောင်းကြားခဲ့သည်။ မဟန္တကီ (မဟန့်) ဇော်ဂျီက မဟာဗောဓိတံတိုင်းကို ပြင်ဆင်နိုင်ပါကြောင်းနှင့် ဘုရားဖူးများ စေလွှတ်နိုင်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။

ထို့ကြောင့် မြန်မာနှစ် ၁၂၃၆ ခု (ခရစ်နှစ် ၁၈၇၄ ခုနှစ်) တွင် မင်းတုန်းမင်းကြီး၏နိုင်ငံခြားဝန်ထောက် မင်းကြီး မဟာမင်းလှဇေယျသူဘွဲ့နှင့် သံတော်ကြီးတာဝန်ပေးအပ်ခြင်းခံရသော မြောင်လှမြို့စား ဦးခြိမ့် ဦးဆောင်သော သံအဖွဲ့ဝင်များသည် ဗုဒ္ဓဂယာအရပ်ရှိ မဟာဗောဓိပင်တော်နှင့် မဟာဗောဓိစေတီတော်ကို ဖူးမြော် ကြည်ညိုကြပြီး ထိုခေတ် အိန္ဒိယနိုင်ငံသုံး ရူပီးငွေ (၆) သန်းဖိုးနှင့် စိန်လုံးရေ (၅၀၁)၊ မြလုံးရေ (၃၁၁)၊ ကျောက်နီလုံးရေ (၃၉၆၆)၊ ပုလဲလုံးရေ (၆၂၃) နှင့် အထူးထူးသော ရတနာများကို မင်းတုန်းမင်းတရားကြီး၏ ကိုယ်စား လှူဒါန်းမှုပြုခဲ့သည်။ ထိုသို့သော လှူဒါန်းမှုအစုစုတို့ကို မြန်မာနှစ် ၁၂၃၆ ခုနှစ်၊ တန်ဆောင်မုန်းလ (ခရစ်နှစ် ၁၈၇၄ ခုနှစ်၊ နိုဝင်ဘာလ) တွင် မဟာဗောဓိပင်တော်နှင့် မဟာဗောဓိစေတီတော်ကြီး၏အနီး၌ ကျောက်စာရေးထိုး မှတ်တမ်းတင် စိုက်ထူခဲ့သည်။ ထိုကျောက်စာတိုင်သည် 'မဟာဗောဓိကျောက်စာ' ဟူ၍ ထင်ရှားခဲ့သည်။

မဟာဗောဓိကျောက်စာတွင် မင်းတုန်းမင်းတရားကြီး၏ မဟာဗောဓိပင်တော်အား ရည်စူး၍ အလှူဒါနပြုမှုမှတ်တမ်းကို-

'မဟာဗုဒ္ဓဟေ ရွှေညောင်တော်မြတ်အား လှူဒါန်းပူဇော်ရန် စိန်လုံးရေ ၅၀၁၊ မြလုံးရေ ၃၁၁၊ ကျောက်နီလုံးရေ ၃၉၆၆၊ ပုလဲလုံးရေ ၆၂၃၊ ထိုမှတစ်ပါး အထူးထူးသောရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ထီး၊ တံခွန်၊ တန်ဆောင်း၊ မြူတာ၊ ပန်းကုံးပန်းခိုင်စသော ဒေယျဓမ္မ ဒါတဗ္ဗတို့ကိုစီမံခင်းကျင်း၍ မိဖုရား၊ သားတော်၊ သမီးတော် စသည်တို့က အသီးအသီး စီမံအပ်သော လှူဖွယ်ဝတ္ထုတို့နှင့်တကွ မဟာဗောဓိမဏ္ဍိုင်၌ ပယ်ခွာအပ်ပြီးသောကိလေသာရမ္မက် အညစ်အကြေးရှိတော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသခင်ကို ရည်မှတ်၍ မြတ်သော မိဖုရားခေါင်ကြီးနှင့်အတူ ရေစက်သွန်းချ ရွှေရှုလှူဒါန်း ပူဇော်တော်မူပါသည်' ဟူ၍ ရေးထိုးခဲ့သည်။

BURMESE CLASSIC .com

မဟာဗောဓိကျောက်စာတွင် အလှူဒါနအတွက် အမျှပေးဝေခဲ့မှုကိုလည်း-

'ယခုဘဝ ပစ္စက္ခနိုက် ဓမ္မငြိမ့်လေး အမြိုက်ဆေးကို မနှေးသောက်ရနိုင်လိုသော။ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့အား တရားကြော်ကြွေး နည်းပေးသွန်သင်ပြုလိုသော။ ဆုတောင်းပတ္ထနာတော်နှင့်တကွ မယ်တော်၊ ခမည်းတော်၊ ဘိုးတော်၊ ဘွားတော်၊ ဘေးတော်မင်းတရားတို့ကို အဦးထား၍ သုံးဆယ့်တစ်ဘုံ ဝေနေယျတို့အားလည်း အမျှပေးဝေတော်မူသည်။

မြင့်မိုရ်သတ္တရဘန်၊ ဟေမဝန္တာတော ဟူသော ဦးဆောက်ပန်းရှိသော မဟာပထဝီ ဤမြေကြီးအား ကမ္ဘာန်၊ ပကမ္ပန၊ ဝိကမ္ပန စသော အမှုတို့ကိုပြု လျက် ငါ၏သက်သေဖြစ်စေသော ဟူ ၍လည်း တိုင်တန်းတော်မူ၏'

ဟု ပြုတော်မူခဲ့သည်။

ထို့ပြင် မန္တလေး (ရတနာပုံ) နေ ပြည်တော်မှသာ ဗုဒ္ဓဂယာရှိ မဟာဗော ဓိပင်တော်သို့အရောက် လှူဖွယ်ပစ္စည်း တော်များကို မင်းတုန်းမင်းကြီး၏ ပို့ ဆောင်လှူဒါန်းခဲ့မှု၊ ဒါနအစီအရင်ပြုခဲ့ မှုကိုလည်း-

'ဒါနပဋ္ဌာန၊ ပတ္တိဒါန၊ သက္ခိကဏ္ဍ ကာ၊ ကိစ္စပြီးဆုံးနိုက် သာသနာနှစ် ၂၄၁၇ ခု၊ ကောဇာနှစ် ၁၂၃၆ ခု၊ ပြဟ္မ နှစ်အဖို့နှစ်ဆယ်တို့တွင် (၁၁) ခုမြောက် ဣဿရနှစ် တန်ဆောင်မုန်းလ သရ ဥတုနိုက် မြောင်လှမြို့စား ဝန်ထောက် မင်းကြီး သီရိမဟာဇေယျသူ၊ စာရေးကြီး နေမျိုးမင်းထင်စည်သူ၊ အမှာ့ရေး နေ မျိုးမင်းထင်ကျော်ခေါင်တို့ကို အချင်း အရင်းတို့နှင့်တကွ စေခန့်တော်မူ၍ လှူ ဖွယ်ဝတ္ထုတို့ကိုလည်း စကြာယာဉ်မှ သင်္ဘောတော်တွင် တင်ဆောင်တော် ပြီးလျှင် မဟာဗောဓိရွှေညောင်တော် ရောက် စေလွှတ်ပို့သ တင်လှူတော် သည်။

ဋင်းအလှူတော်ကိုလည်း မဟာ ဗောဓိရွှေညောင်တော်စောင့် အကြီးအ စိုးရ မဟန္တကီ မည်သော ဇော်ဂျီလက် ရောက်အပ်နှံ၍ အုတ်တိုက်ဘဏ္ဍာအိမ် နှင့်ကောင်းမွန်စွာထားစေသတည်း။ ဤ သို့လျှင် လေးကျွန်းပတ်ဝိုက် တိုက် အဝ နေ့,လနှစ်ပါး ထင်ရှားနှံ့သိ မိုး ညိတ်သို့ အမွန်ရှည်စွာ ကပ်လုံးကျ ပြောပစရာ တည်စေဌာဟု ဤကျော စာသံပိုင်းကို ထိုးမှတ် စိုက်ထူစေ တည်း'

www.burmeseclassic.com

www.burmeseclassic.com

…၍ ကမ္ပည်းမော်ကွန်းတင်ထား…

…ဟာဗောဓိကျောက်စာကို မြန်…ဖြင့်လည်းကောင်း၊ ပါဠိဘာ…လည်းကောင်း ကမ္ပည်းမော်ကွန်း… စိုက်ထူခဲ့သည်။ မဟာဗောဓိ…စာမော်ကွန်းကို ဒီပါလကၤာရ…ဇ မဟာဓမ္မရာဇဂုရု ဘွဲ့တံ…ော်ရ မထေရ်မြတ်က ရေးထိုးမှု…

မြန်မာနှစ် ၁၂၃၇ ခု (ခရစ်နှစ် …) ခုနှစ်) တွင် နိုင်ငံခြားရေးဝန်… မြောင်လှမြို့စား မင်းကြီးသီရိ…ဇေယျသူဘွဲ့ခံ ဦးမြိမ့်သည် မင်း…ကြီး၏အမိန့်တော်အရ အိန္ဒိယ…ခံမှုတစ်ဆင့် မဟာဗောဓိစေတီ…၏မဟာရံတံတိုင်းကို ပြင်ဆင်ခွင့်… မဟာဗောဓိစေတီတော်ကြီးကို…ခွင့်ပြုရန်၊ မဟာဗောဓိပင်တော်ကို…ဆောက်ခွင့်ပြုရန်၊ မဟာရံတံ…တွင်းရှိ အပျက်အစီးများကို ပြင်…ခွင့်ပြုရန်၊ ရဟန်းတော် အပါး (၂၀)…သုံးနိုင်မည့် ကျောင်းတစ်ဆောင်…လုပ်ခွင့်ပြုရန်၊ ထိုဘုန်းတော်…ကျောင်းကို အုတ်တံတိုင်းကာရံခွင့်… ဘုန်းကြီးကျောင်းတွင် အစောင့်…ထားရမ်းထားခွင့်ပြုရန်၊ လှူဖွယ်…များ သိမ်းဆည်းထားရန်အတွက်…ဂအဆောင်တစ်ဆောင် တည်…ခွင့်ပြုရန်တို့အား ဗုဒ္ဓဂယာရှိ…ဗောဓိပင်တော်နှင့် စေတီတော်ကို…မ်း တာဝန်ယူ စောင့်ရှောက်နေ… မဟန္တကီ (မဟန့်) ဇော်ဂျီထံ…ဆိုခဲ့သည်။ မဟန္တကီ (မဟန့်)…က ဘုရားဝင်းအတွင်းရှိ ဟိန္ဒူနတ်…ကို ဖယ်ရှားခြင်းမပြုရ ဟူသော…မ်းချက်ဖြင့် ခွင့်ပြုခဲ့သည်။

ထို့ကြောင့် မင်းတုန်းမင်းတရား…ည် ငွေသိန်းပေါင်းများစွာ အကုန်…၍ ပြုပြင်လှူဒါန်းမှုပြုခဲ့သည်။…ဗောဓိစေတီတော်ကြီး အနောက်…တွင် ကျောင်းတစ်ဆောင်ကိုလည်း…လုပ်လှူဒါန်းခဲ့သည်။ မဟာဗော…တော်ကြီးကို ပြင်ဆင်မွမ်းမံလှူ…တွင် အိန္ဒိယအစိုးရက ကျောက်…ဆာအလက်ဇန္ဒာကန်နင်ဟန်နှင့်…တာ ရာဇိန္ဒြလာ(လ်)မိတြတို့ကို…ကြပ် လုပ်ဆောင်မှုပြုစေခဲ့၏။

ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်တော်…ဗောဓိ စေတီတော်မြတ်တို့ကို…သံအဖွဲ့ဝင်အချို့၊ မြန်မာ့ပိဋကတ



**The Burman Empire**
**as illustrated in Cassell's Illustrated Family Paper of**
**9th September 1851**

ပညာရှင်များနှင့် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာပညာရှင်များ စုပေါင်းညှိနှိုင်းကာ မင်းတုန်းမင်းလက်ထက် မြန်မာနှစ် ၁၂၃၇ ခုနှစ် (ခရစ်နှစ် ၁၈၇၅ ခုနှစ်) မှသည် သီပေါမင်းလက်ထက် မြန်မာနှစ် ၁၂၄၇ ခုနှစ် (ခရစ်နှစ် ၁၈၈၅ ခုနှစ်) အထိ အင်္ဂလိပ်နှင့်မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားပြီး သီပေါမင်း ရတနာဂီရိသို့ ပါတော်မူသည့်အချိန်တိုင်အောင် (၁၀) နှစ်တိုင်တိုင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာနှစ် ၁၂၄၇ ခုနှစ် (ခရစ်နှစ် ၁၈၈၅) အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားခဲ့ချိန်တွင်မှ ဗုဒ္ဓဂယာတွင် သာသနာရေးလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာသံအဖွဲ့နှင့် ပိဋကပညာရှင်အဖွဲ့သည် မန္တလေး (ရတနာပုံ) နေပြည်တော်သို့ ပြန်လာခဲ့ကြသည်။

မြန်မာနှစ် ၁၂၃၆ ခုနှစ် (ခရစ်နှစ် ၁၈၇၄ ခုနှစ်) တွင် မင်းတုန်းမင်းကြီးသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီးအနီးတွင် နှစ်ထပ်တိုက် ဇရပ်တော်ကြီးတစ်ဆောင်ကိုလည်း ဆောက်လုပ်လှူခဲ့သည်။ ထိုနည်းတူ သီပေါမင်းလက်ထက်တွင်လည်း မဟာဗောဓိစေတီတော်ကြီး၏အနောက်ဘက်တွင် ဇရပ်တော်ကြီးတစ်ဆောင်ကို ထပ်မံဆောက်လုပ်လှူဒါန်းမှုပြုခဲ့သည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး**

၁။ မဟာဗောဓိကျောက်စာ (အထက်မြန်မာပြည်၌ စုဆောင်းထားသောကျောက်စာများ အတွဲ ၁၊ ၁၉၀၀ ပြည့်နှစ်)
၂။ ပူတကေ - စပိန်-အီတာလျံသွားမှတ်တမ်း (မြောင်လှမြို့စား မင်းကြီးသီရိမဟာဇေယျသူဘွဲ့ခံ မြန်မာသံတော်ကြီး ဦးမြိမ့်)
၃။ မြတ်ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ
မောင်အံ့ (မဟာဝိဇ္ဇာ၊ ဘုံဘေ)

www.burmeseclassic.com



## ပထမံဝိဇ္ဇာဓရထွက်ရပ်ပေါက်လောကီပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ

*(ယခင်လမှအဆက်)*

**ဝိဇ္ဇာဓရလုပ်ငန်းခွင်နှင့် ကျိုက်ထီးရိုးခရီးစဉ်**

စစ်ကွင်းဆရာတော်သည် ဆရာဖြစ်သူ ဆရာတော်ကြီး ဦးကုန္တာသဖ၏ လမ်းညွှန်ချက်အရ ကျိုက်ထီးရိုးဘုရားသို့ခရီးဆက်ခဲ့ရ၏။ ကျိုက်ထီးရိုးဘုရားဟု ဆိုရသော်လည်း ကျိုက်ထီးရိုးဘုရားသို့ကား မဟုတ်ပေ၊ ကျိုက်ထီးရိုးဘုရားတွင် အဝင်အပါဖြစ်သော ကျိုက်ထီးရိုးဘုရားအနီးရှိ ရသေ့တောင်သို့ သွားရခြင်း ဖြစ်၏။ ဝိဇ္ဇာဓရဆိုင်ရာ လောကီပညာလုပ်ငန်းတို့သည် မိမိတို့နှင့် သက်ဆိုင်ရာ၊ ပတ်သက်ရာ၊ အကျိုးအကြောင်းရှိရာ နေရာများသို့ သွားရောက်ကြလေ့ရှိ၏။ သို့မှသာ ပညာတို့၏သဘောသည် လျင်မြန်ထုတ်ချောက်ခရီးပေါက်မည် ဖြစ်၏။ ထို့ကြောင့် ဤလောကီပညာနှင့်ပတ်သက်သော ကိစ္စတို့တွင် လုပ်ငန်းခွင်နေရာသည် အရေးကြီး၏။

စစ်ကွင်းဆရာတော်သည် ရသေ့တောင်သို့ရောက်ရှိသောအခါ ယခင်က သီဟောင်းကျွမ်းဟောင်း ဖြစ်ခဲ့ဖူးသည့် ဆရာတော်ကြီးတစ်ပါးနှင့် တွေ့ဆုံရလေ၏။

အဆိုပါ ဆရာတော်ကြီးမှာ စစ်ကွင်းဆရာတော် ပျဉ်းမနားတွင် တရားအားထုတ်စဉ်တုန်းက ဆုံတွေ့ခဲ့ဖူးသည့် ဆရာတော်ကြီး ဖြစ်ပါသည်။ ယခု ရသေ့တောင်တွင် စစ်ကွင်းဆရာတော်နှင့် အဆိုပါ ဆရာတော်ကြီးတို့ဆုံတွေ့ကြရသည်မှာ အကြောင်းတိုက်ဆိုင်၍ တွေ့ဆုံခြင်းမျိုး မဟုတ်ပေ။ ထိုဆရာတော်ကြီးကိုယ်တိုင်က အကြောင်းကိစ္စတစ်ခုရှိ၍ စစ်ကွင်းဆရာတော်ရှိရာ သူ့နည်းသူ့ဟန်ဖြင့် ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

ထိုဆရာတော်ကြီးနှင့်အတူ လူသူတော်တစ်ဦး ပါလာလေ၏။ ထိုလူသူတော်သည် အင်္ကျီအဖြူ လုံချည်အဖြူဝတ်ထားလေ၏။ ထိုပုဂ္ဂိုလ်ကို ဆရာတော်ကြီးက မိတ်ဆက်ပေး၏။ ထိုအခါတွင်မှ ထိုပုဂ္ဂိုလ်၏အမည်ကို သိရ၏။ ထိုပုဂ္ဂိုလ်၏အမည်မှာ 'လူဖြူကလေး ကိုစိန်ပွင့်' ပင် ဖြစ်၏။ ထို့နောက် ဆရာတော်ကြီးက စစ်ကွင်းဆရာတော်အား-

"ဒီပုဂ္ဂိုလ်က မင်းနဲ့ ဘဝ ဘဝက ဆွေမျိုးတော်စပ်ခဲ့တဲ့သူပဲ မောင်ပဥ္စင်း၊ ဒါကြောင့် လူဖြူကလေး ကိုစိန်ပွင့်... မောင်ပဥ္စင်းလက်ထဲ အပ်လိုက်ပြီ၊ ... ကို မင်းစောင့်ရှောက်လိုက်ပါ"

ဟု မှာကြားပြီးနောက် ဆ... တော်ကြီးသည် ပြန်ကြွသွားလေ၏။

(**မှတ်ချက်**-လူဖြူကလေး ကို... ပွင့်သည် နောက်ပိုင်းတွင် ရဟန်းပြု... ၏။ ရဟန်းဘဝ ဘွဲ့တော်မှာ ဦးပဏ္ဍိ... ဖြစ်လေ၏။)

အဆိုပါ လူဖြူကလေး ကိုစိန်... နှင့်ပတ်သက်သော အဖြစ်အပျက်... အောက်ပါအတိုင်း ဖြစ်ပါသည်။

(**မှတ်ချက်**- လူဖြူကလေး ကို... ပွင့်သည် ပထမံလမ်းစဉ်တွင် တစ်... တစ်ကဏ္ဍမှ တာဝန်ယူပါဝင်နေရသ... ကိုစိန်ပွင့်နှင့်ပတ်သက်သော အကြေ... ခြင်းရာတို့ကိုလည်း သိထားသင့်ပါ... ထို့ကြောင့် လူဖြူကလေး ကိုစိန်ပွ...



www.burmeseclassic.com

www.burmeseclassic.com



အပြစ်အပျက် တစ်စိတ်တစ်ဒေသကို ထည့်သွင်းဖော်ပြရခြင်း ဖြစ်ပါသည်။)

**ဒီရွာ ပြာတာလေး ကိုစိန်ပွင့်**

တစ်နေ့တွင် လူဖြူကလေး ကိုစိန်ပွင့်သည် ကေလာသတောင်တွင် တရားအားထုတ်လေ၏။ ထိုသို့ အားထုတ်၍ ပြီးသောအခါတွင် တောင်အောက်ကို ဆင်းလာခဲ့၏။

လူဖြူကလေး ကိုစိန်ပွင့်သည် တောင်အောက်သို့ ရောက်ရှိသောအခါ ရဟန်းအိုကြီးနှစ်ပါးနှင့် ဆုံတွေ့လေ၏။ ထိုကဲ့သို့ ဆုံတွေ့စဉ်တွင်ပင် အဆိုပါ ရဟန်းအိုကြီးနှစ်ပါးက ကိုစိန်ပွင့်အား-

"ဒီတောင်ပေါ်မှာ တရားအားထုတ်တဲ့နေရာများ ရှိသလား ဒကာ"

ဟု မေးမြန်း၏။ ထိုအခါ ကိုစိန်ပွင့်ကလည်း ရှင်လန်းအားရစွာဖြင့်ပင်-

"မှန်ပါ့- ဒီတောင်ပေါ်မှာ တရားအားထုတ်မယ်ဆိုရင် တရားအားထုတ်လို့ရမယ့် နေရာကောင်းကောင်း ရှိပါတယ် ဘုရား"

ဟု လျှောက်ထားလိုက်ရာ ထိုရဟန်းအိုကြီးနှစ်ပါးက ကိုစိန်ပွင့်အား ကြည့်ပြီး-

"အဲဒီ တောင်ပေါ်ကို ငါတို့က မရောက်ဖူးဘူးကွယ့်။ တော်ကြာ မှားယွင်းနေရင် ဒုက္ခပဲ။ ဒကာအနေနဲ့ ဖြစ်နိုင်ရင် ဘုန်းကြီးတို့ကို လိုက်ပို့ပေးပါလားကွယ်"

ဟု ပြောဆိုပြီး ကိုစိန်ပွင့်အား အကူအညီတောင်းလေ၏။ ကိုစိန်ပွင့်လည်း အဆိုပါ ရဟန်းအိုကြီးနှစ်ပါးကို သနားပြီး သူဆင်းလာရာ ကေလာသတောင်ပေါ်သို့ ပြန်တက်ကာ လိုက်ပို့

www.burmeseclassic.com

www.burmeseclassic.com

ပေးပြီး တောင်ပေါ်ရောက်သောအခါတွင် တရားအားထုတ်၍ကောင်းမည့်နေရာကို လိုက်ပြပေးလေ၏။ ထို့နောက် ကိုစိန်ပွင့်၏နှုတ်မှလည်း သူသည် ဤနေရာတွင် တရားအားထုတ်ခဲ့ကြောင်းကိုပါ တစ်ဆက်တည်း ရှင်းပြလိုက်လေ၏။

ထိုအခါတွင် ရဟန်းအိုကြီးနှစ်ပါးသည် မည်သို့မည်ပုံ ဖြစ်သွားသည်မသိ၊ ရုတ်ခြည်းပင် မျက်နှာအမူအရာများ ပြောင်းလဲသွားလေတော့။ သူတို့သည် လွန်စွာ စိတ်ဆိုးဒေါသဖြစ်သည့်ပုံစံများဖြင့်-

"မင်းက ဘာစကားပြောတာလဲ။ မင်းကများ ကြီးကြီးကျယ်ကျယ် စော်စော်ကားကား၊ မင်းတရားအားထုတ်တဲ့နေရာလေး ဘာလေးနဲ့။ ငါတို့နေရာကို မင်းက လာအားထုတ်ပြီးတော့များ၊ မင်းက ဘာကောင်တုံး"

ဟု ဆိုကာ ရဟန်းအိုကြီးတစ်ပါးက ကိုစိန်ပွင့်၏ရင်ဘတ်အား လက်သီးနှင့်ထိုးပြီး တွန်းလှဲလိုက်လေ၏။

ထိုသို့ ရဟန်းအိုကြီးတို့၏ တွန်းထိုးလှဲချခံလိုက်ရသော ကိုစိန်ပွင့်သည် လွန်စွာ အံ့အားသင့်သွားပြီး မည်သို့ပြန်ပြောရမည်မသိအောင် ဖြစ်သွားလေ၏။ သူ၏စိတ်ထဲမှလည်း လွန်စွာပင် စိတ်မကောင်းဖြစ်သွားလေ၏။ 'ဩော်- ငါက ဘုန်းကြီးအိုကြီးတွေဆိုပြီး သနားလို့ လိုက်ပို့မိပါတယ်၊ ခုတော့ ငါ့အတတ်နဲ့ ငါစူးပြီ။ ဖြစ်မှဖြစ်ရပလေ' ဟု တွေးကာ စိတ်မကောင်းဖြစ်မိလေတော့၏။ ပြဿနာကား ထိုမျှဖြင့် ပြီးမသွားသေးချေ။

ကိုစိန်ပွင့် မြေကြီးပေါ် လဲကျသွားသည်နှင့် ရဟန်းအိုကြီးတစ်ပါးက ကိုစိန်ပွင့်ကို ဝင်ပြီးချုပ်လိုက်၏။ ထိုရဟန်းအိုကြီး၏ ဝင်ချုပ်ခြင်းကို ခံလိုက်ရသောအခါ ကိုစိန်ပွင့်၏လက်တို့သည် မည်သို့မျှ လှုပ်၍ရှား၍ မရအောင် ဖြစ်သွားလေ၏။ လွန်စွာခိုင်မြဲအောင် ချုပ်နိုင်ခြင်းပင် ဖြစ်၏။ ထိုအခါတွင်မှ ကိုစိန်ပွင့်သည် မိမိက မသန်မစွမ်းဟု ထင်ရသော ရဟန်းအိုကြီး၏ အင်အားကြီးမှုကို အံ့သြခြင်းမက အံ့သြရလေ၏။ ပြဿနာကား ဤမျှဖြင့် ပြီးမသွားပြန်ပါချေ။ နောက်ကျန်နေသေးသော ရဟန်းအိုကြီးတစ်ပါးသည် ကိုစိန်ပွင့် အချုပ်ခံလိုက်ရသည်နှင့် ချက်ချင်းပင် ပြေးဝင်လာပြီး အတင်းပင် ကိုစိန်ပွင့်၏ပါးစပ်ကို မဟ, ဟအောင် ပြုလုပ်လေတော့သည်။ ကိုစိန်ပွင့်လည်း မည်သို့မျှလှုပ်၍မရဘဲ ပါးစပ်ဟထားလိုက်ချိန်တွင် ရဟန်းအိုကြီးနှစ်ပါးစလုံးတို့သည် ကိုစိန်ပွင့်၏ ဟ, နေသောပါးစပ်ထဲသို့ တံတွေးများ ထွေးထည့်ကြလေ၏။ ပါးစပ်ထဲတံတွေးထွေးထည့်ပြီးနောက် ကိုစိန်ပွင့်အနေဖြင့် ထိုတံတွေးများကို ပြန်ပြီး ထွေးမထုတ်နိုင်စေရန် ကိုစိန်ပွင့်၏ပါးစပ်ကို ဖိပြီး ပိတ်ထားလိုက်၏။

ဤသို့ဖြင့် ကိုစိန်ပွင့်သည် တံတွေးတို့ကို ပြန်ထွေးထုတ်၍မရသည့်အဆုံး မည်သို့မျှ မတတ်နိုင်တော့သဖြင့် မျိုချလိုက်ရလေတော့၏။

ထိုတံတွေးတို့ကို မျိုချလိုက်သောအခါ ထူးခြားသည့် အဖြစ်အပျက်ကို တွေ့ရလေ၏။ ထိုအဖြစ်အပျက်ကား ထိုရဟန်းအိုကြီးတို့၏ တံတွေးတို့သည် ချွဲပျစ်ပျစ်ဖြင့် နို့ဆီကဲ့သို့ ထူးခြားသော အရသာရှိခြင်းကို ခံစားရလေ၏။

ဤအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် ကိုစိန်ပွင့်သည် ကေလာသတောင်အောက်သို့ ဆင်းလာခဲ့၏။ ထို့နောက် ဟိုတွေးဒီတွေးဖြင့် လမ်းလျှောက်လာရင်းဖြင့် ကျိုက်ထီးရိုးသို့ ရောက်ရှိလာလေ၏။ ကျိုက်ထီးရိုးတွင်ရှိသော စစ်ကွင်းဆရာတော်ထံ ရောက်ရှိလာခြင်းဖြစ်၏။ ထိုအချိန်တွင် စစ်ကွင်းဆရာတော်သည် ဆွမ်းစားနေစဉ် ဖြစ်၏။ သူ၏အနီးတွင် တပည့်ဒါယကာ၊ ဒါယိကာမများလည်း ရှိနေကြ၏။ ထိုအခါ စစ်ကွင်းဆရာတော်သည် ကိုစိန်ပွင့်ကို လှမ်းမြင်လိုက်သည်နှင့် တပည့်ဒကာ၊ ဒကာမတို့အား-

"ကဲ- လူဖြူကလေး ကိုစိန်ပွင့်ဟာ ဒီနေ့ကစပြီး ဝိဇ္ဇာတွေကို စာပို့ပေးတဲ့ ဝိဇ္ဇာပြာတာလေး ဖြစ်သွားပြီ"

ဟု ပြောပြလိုက်လေ၏။

## မြေကြမ်းသော ကရင်မဂူ

တစ်နေ့သ၌ စစ်ကွင်းဆရာတော်ကြီးသည် အဓိဋ္ဌာန်ဝင်ရန်အတွက် ကျိုက်ထီးရိုးဘုရားသို့ ခရီးထွက်ခဲ့၏။ ထို့နောက် ဆရာတော်သည် ကျိုက်ထီးရိုးဘုရား နောက်ဘက်တွင် ရှိသော ကရင်မဂူသို့ ရောက်လာခဲ့၏။ အဆိုပါ ကရင်မဂူတွင် အဓိဋ္ဌာန်ဝင်ရန် ဖြစ်၏။

ဤသို့ဖြင့် ဆရာတော်သည် ကရင်မဂူသို့ ရောက်ရှိသောအခါ ဆရာတော် ဤနေရာတွင် အဓိဋ္ဌာန်ဝင်မည့် သတင်းသည် ချက်ချင်းပျံ့နှံ့သွား၍ အနီးပတ်ဝန်းကျင်ရွာနီးချုပ်စပ်မှ ကရင်မကြီးများသည် ထိတ်ထိတ်ပျာပျာ အမူအရာများနှင့် ရောက်ရှိလာပြီး စိုးရိမ်ထိတ်လန့်စွာဖြင့် စစ်ကွင်းဆရာတော်အား ဤကရင်မဂူ၌ အဓိဋ္ဌာန်မဝင်ရန် တားမြစ်ကြလေ၏။ ထိုအခါ ဆရာတော် မည်သည့်အတွက်ကြောင့် အဓိဋ္ဌာန်မဝင်ရခြင်းအကြောင်းအရင်းကို မေးမြန်းရာ ထိုကရင်မကြီးများက ပြောပြသည်မှာ-

"ဒီကရင်မဂူမှာ ဆရာတော့်အရင် အဓိဋ္ဌာန်လာဝင်ကြတဲ့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် စုစုပေါင်း ငါးဦး ရှိပါတယ်ဘုရား။ အဲဒီ ပုဂ္ဂိုလ် ငါးဦးစလုံးဟာ ဒီကရင်မဂူမှာ ဒီနေ့ အဓိဋ္ဌာန်လာဝင်ရင် နောက်တစ်နေ့မနက်ကျရင် စင်းစင်းသေနေတာကို တွေ့ရပါတယ် ဘုရား။ သေတာမှ တစ်ခါတည်းသေတာ မဟုတ်ပါဘူး၊ ငါးဦးစလုံး ငါးကြိမ်စလုံးသေတာပါပဲ ဘုရား။ အဲဒီမှာ သူတို့သေသွားခဲ့တဲ့အတွက် သူတို့ရဲ့သပိတ်တွေ၊ ဆေးလွယ်အိတ်တွေ၊ အသုံးအဆောင်တွေကျန်ခဲ့ပါတယ် ဘုရား။ သူတို့ရဲ့ပစ္စည်းတွေကို ဒီနေရာမှာ ထားပါတယ် ဘုရား။ အရှင်ဘုရားကြည့်တော်မူပါ"

ဟု ဆိုပြီး ယခင်ဤဂူတွင် လာရောက်အဓိဋ္ဌာန်ဝင်ပြီး သေဆုံးသွားကြကုန်သည့် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့၏ ကျန်ရစ်ခဲ့သော ပစ္စည်းအသုံးအဆောင်များကို ဆရာတော်အား ပြသကြ၏။

သို့သော် ဆရာတော်ကား ဆုံးဖြတ်ပြီးပြီဖြစ်၍ ကရင်မကြီးတို့၏သတိပေးပြောစကားကို ကျေးဇူးတင်ကြောင်းပြောပြီး ဤနေရာ၌ အဓိဋ္ဌာန်ဝင်ရန် ဆုံးဖြတ်ထားသဖြင့် မဖြစ်မနေ ဤနေရာတွင်ပင် အဓိဋ္ဌာန်ဝင်မည့်အကြောင်း ပြောပြလိုက်သဖြင့် သတိပေးစကားပြောကြားကြသော ကရင်မကြီးများသည် အလွန်ပင် စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြန်သွားကြရလေတော့၏။

စစ်ကွင်းဆရာတော်ကြီးသည် ဤကရင်မဂူတွင် အဓိဋ္ဌာန်ဝင်ရသည့် ရည်ရွယ်ချက်မှာ ဤဂူတွင်ရှိသောဘုရားနှင့် ဆေးတောင်ဝေ့တို့အား အလိုရှိသောကြောင့်ပင် ဖြစ်၏။

ဤသို့ဖြင့် ဆရာတော်သည် ကရင်မဂူ၌ အဓိဋ္ဌာန်စဝင်တော့၏။ ညပိုင်းသို့ရောက်သောအခါ စစ်ကွင်းဆရာတော်သည် ဘုရားရှင်အား ပုံမှန်ပြုနေကျဝတ်အတိုင်း ဆီမီးပူဇော်လေ၏။ ထို့နောက် အဓိဋ္ဌာန်ဝင်ရန် ပြင်ဆင်နေစဉ်တွင် ရုတ်ခြည်းဆိုသလိုပင် ဂူအတွင်းသို့ ဝတ်လစ်စလစ်နှင့် အမျိုးသမီးများ ဝင်ရောက်လာကြပြီး ဆရာတော်အား အဓိဋ္ဌာန်မဝင်နိုင်စေရန် နှောင့်ယှက်ကြ



www.burmeseclassic.com

www.burmeseclassic.com

တော့၏။ ထိုအခါ ဆရာတော်သည် တို့အား ကြိမ်လုံးဖြင့် ရိုက်နှက်လိုက် သောအခါတွင်မှ ထွက်သွားကြလေ တော့၏။ နောက်ထပ်ပေါ်မလာတော့ ။

သို့ဖြင့် အမိဋ္ဌာန်ဝင်နေစဉ် ညဥ့် ပိုင်းသို့ရောက်ရှိလာသောအခါ ဂူ ဝတွင် ဘီလူးမကြီးတစ်ဦး ပိတ်ပြီး နေသည်ကို တွေ့ရလေ၏။ အဆိုပါ မကြီး၏ နို့တစ်လုံးတစ်လုံးသည် သည့်တိုင်အောင် အကြီးကြီးဖြစ် သည်ကို တွေ့ရှိရလေ၏။

ထို့ကြောင့် စစ်ကွင်းဆရာတော် သည်း သက်ဆိုင်ရာဆရာများအား သောအခါ ရသေ့တစ်ပါးပေါ် ၏။ ထိုရသေ့သည် အဆိုပါ ဘီလူးမ ရေဖြင့် တောက်လိုက်သောအခါ မကြီး ပျောက်သွားလေတော့၏။ နောက် ခေတ္တမျှကြာသော တွင် ဘီလူးမကြီး ပြန်ပေါ်လာပြီး အတိုင်းပင် ဂူဝ၌ ပြန်၍ပိတ်ပြီး နေလေ၏။

ဆရာတော်လည်း ညဥ့်နက်သည် နက်လာသောအခါ ကိုးရိမ်စိတ် ဝင်လာပြီး ငါ၏အသက်နှင့်ခန္ဓာ ဤဂူထဲတွင်ပင် ကုန်ဆုံးရနိုင်သည့် ကို တွေးမိလေ၏။

စစ်ကွင်းဆရာတော်လည်း ဤသို့ နိုင်သည့်အဖြစ်ကို တွေးမိသော လွန်စွာ စိတ်ပူပန်သွားခဲ့ရလေ ၏။ အကြောင်းမှာ စစ်ကွင်းဆရာ တွင် ခမည်းတော်ကြီး ရှိနေသေး ကြောင့် ဖြစ်၏။

ထို့ကြောင့် စစ်ကွင်းဆရာတော် အင်း- ငါသေသွားလို့ ငါသာမရှိခဲ့ ငါ့ရဲ့ခမည်းတော်ကြီးတော့ နေရေး ဆွမ်းကွမ်းကိစ္စ ဒုက္ခရောက်ရ လို့ တွေးမိ၏။ ငါသည် လူမှန်းသိ တဲ့အရွယ်ကစပြီး ငါ့အဖေကို ဝတ် လုပ်ကျွေးသမှု ပြုခဲ့တယ်၊ ဤ မှန်လျှင် ယခု ကျရောက်နေတဲ့ ယ်က လွတ်ပါစေ' ဟု သစ္စာဆို ခမည်းတော်ဖြစ်သူ ဘိုးသာအေးကို ပြီး ငိုချလိုက်လေတော့၏။

ထိုကဲ့သို့ စစ်ကွင်းဆရာတော် ငိုချ သည့်အချိန်တွင်ပင် အဆိုပါဘီလူး အား မည်သည့်ပုဂ္ဂိုလ်က မည်သို့ က်သည်မသိ၊ တစ်တောလုံးဆူညံ ဟိန်းထွက်သွားသော အသံနက် အော်ဟစ်ပြီး အဝေးသို့ ပြေး သွားလေတော့၏။

ထိုအဖြစ်အပျက်အား ရည်ရွယ်၍ နောက်ပိုင်းတွင် စစ်ကွင်းဆရာတော်က တပည့် ဒကာ၊ ဒကာမတို့အား ပြန် ပြောင်းပြောပြရာတွင်-

"ငါလည်း ရသမျှ ဂါထာတွေ၊ မန္တန်တွေ စုံနေအောင် ရွတ်တာလည်း မရဘူး။ မိမိကိုယ်တိုင် ထိန်းသိမ်းစောင့် ရှောက်ခဲ့သမျှ သစ္စာတွေ ဆိုပေမယ့် လည်း မရဘူး။ ဒီဘီလူးမကြီးက တော် တော်ခေါင်းမာတာပဲ။ ဒါနဲ့ နောက်ဆုံး ငါ့ခမည်းတော်ကြီးနဲ့ပတ်သက်တဲ့သစ္စာ ကို ဆိုမှပဲ အောင်မြင်တော့တယ်။ ဒါ ဟာ အနန္တောအနန္တငါးပါးရဲ့ ဂုဏ်ကျေး ဇူးတွေပဲ"

ဟု အနန္တငါးပါးနှင့်ပတ်သက်ပြီး အရေးကြီးကြောင်း မကြာခဏ ဟော ကြားခဲ့ပါသည်။

ဤသို့ဖြင့် စစ်ကွင်းဆရာတော် သည် ကရင်မဂူတွင် အေးချမ်းစွာဖြင့် နံနက်မိုးသောက် အလင်းရောက်ခဲ့ပါ သည်။ ထိုအချိန်တွင် ရွာနီးချုပ်စပ်မှ မနေ့ညကလာခဲ့သော ကရင်မကြီးများ သည် ရောက်ရှိလာကြလေ၏။ သူတို့က စစ်ကွင်းဆရာတော်ကို ပျံလွန်တော်မူ သွားလောက်ပြီ ဟူသော အထင်ဖြင့် လာကြည့်ကြခြင်း ဖြစ်၏။

သူတို့သည် သူတို့ထင်ထားတာ က တစ်မျိုး ရောက်ရှိလာပြီး တွေ့လိုက် ရသည့်အဖြစ်က တစ်မျိုး ဖြစ်နေသော ကြောင့် အံ့သြဝမ်းသာကြသည်။ ထို့ ကြောင့် ထိုအထဲမှ ကရင်မကြီးတစ်ဦး က စစ်ကွင်းဆရာတော်ကြီးအား-

"နင် တစ်ယောက်ပဲ အသက်ရှင် တာ တွေ့ဖူးတယ်။ နင့်အရင်ကလာတဲ့ သူတွေအားလုံး သေကုန်တာပဲ။ နင် တော်တော်ကံကောင်းတာပဲ"

ဟု ဆိုလေ၏။ ထို့အပြင် သူမက ပင် ဆက်လက်ပြီး စစ်ကွင်းဆရာတော် အား ပြောသည်မှာ-

"နင် ဒီမှာ နေချင်သလောက်နေ။ နင့်ခွက်မည်းကြီးနဲ့ ငါတို့ဆီမှာ လာလာ မတောင်းနဲ့တော့၊ နင့်ဆီကိုပဲ ငါတို့ လာပို့ ပေးမယ်"

ဟု ပြောပြီး ကရင်မကြီးများ ပြန် သွားကြလေ၏။

ထို့ကြောင့် စစ်ကွင်းဆရာတော် လည်း ကရင်မဂူ၌ ဆက်ပြီး အမိဋ္ဌာန် ဝင်ခဲ့လေ၏။ ထိုကဲ့သို့ အမိဋ္ဌာန်ဝင်၍ ပြီးဆုံးခါနီးတွင် ထိုကရင်မဂူသို့ ဆရာ တော်အား ရဟန်းခံပေးခဲ့သည့် စစ်ကွင်း မြို့မှ ရဟန်းအမကြီး ရောက်ရှိလာလေ ၏။ ထို့နောက် ထိုရဟန်းအမကြီးကပင် ခရီးရောက်မဆိုက်-

"မောင်ပဥ္စင်း၊ ဒီမှာ ဘာလာ လုပ်နေတာလဲ။ ငါ့ကို စစ်ကွင်းကိုပြန်ပြီး လိုက်ပို့ပေးပါ"

ဟု ပြောလာလေ၏။

ထိုအခါတွင် ဆရာတော်လည်း အကြံရခက်နေ၏။ အမိဋ္ဌာန်ပြီးခါနီးမှ ပြဿနာက ပေါ်နေသည်။ ရဟန်းအမ ကြီးအား ပြန်ပြီးလိုက်မပို့ပြန်ရင်လည်း မကောင်း၊ လိုက်ပို့ပြန်ရင်လည်း ပြီးခါနီး မှ အမိဋ္ဌာန်က ပျက်တော့မည် ဖြစ်၏။ ထို့ကြောင့် ချီတုံချတုံ ဖြစ်နေ၏။

နောက်ဆုံးတွင် စစ်ကွင်းဆရာ တော်သည် ရဟန်းအမကြီးအား စစ် ကွင်းသို့ ပြန်လိုက်ပို့ရန်ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဂူထဲရှိ ဆေးတောင်ဝှေးနှင့် ဘုရားတစ်ဆူကိုပင့်ပြီး ရဟန်းအမကြီး အား စစ်ကွင်းသို့ ပြန်လိုက်ပို့ခဲ့လေ၏။

လမ်းတွင် စစ်ကွင်းဆရာတော် ကြီးသည် တောင်ဝှေးကို လှုပ်ကြည့်ရာ တောင်ဝှေးထဲမှ 'ဂလုပ်၊ ဂလုပ်' ဟူသော မြည်သံကို ကြားရလေ၏။

နောက်ဆုံး ဆရာတော်ကြီးတို့ စစ်ကွင်းသို့ ပြန်ရောက်သောအခါတွင်မှ ဆရာတော်သည် သူ့တွင် ဆေးတောင် ဝှေး ပါမလာကြောင်း သတိရတော့၏။ ဆေးတောင်ဝှေးသည် ရထားပေါ်တွင် မေ့ကျန်ခဲ့ပြီ ဖြစ်၏။ ဘုရားတစ်ဆူသာ ကျန်တော့သည်။ ထိုဘုရားတစ်ဆူသာ ဆရာတော် ပင့်လာနိုင်ခြင်း ဖြစ်၏။

ထိုကိစ္စနောက်ပိုင်းတွင် စစ်ကွင်း ဆရာတော်သည် ရသေ့ကြီး ဦးခန္တီနှင့် တွေ့ကြ၏။ ထိုသို့တွေ့သည်တွင် ရသေ့ ကြီးဦးခန္တီက-

"မောင်စန္ဒော၊ မင်းဆီမှာပါလာ တဲ့ ဘုရားလေးကို ငါ့ပေးပါ။ ဒီဘုရား လေးဟာ မင်းဆီမှာ ကြာကြာနေမှာ မဟုတ်ဘူး။ ဒီဘုရား ရာဇဝင်နဲ့ပတ် သက်လို့က ဒီဘုရားဟာ မြတ်စွာဘုရား ပွင့်တော်မူစဉ်က တောင်ဘက်ကို ထွက် နေတဲ့ ညောင်ကိုင်းကို ဘုရားထုထား တာဖြစ်တယ်။ မင်းအတွက်လည်း ဘုရား တစ်ဆူ အစားပြန်ပေးမယ်"

ဟု ပြောပြီး ရသေ့ကြီးဦးခန္တီသည် စစ်ကွင်းဆရာတော်ကို ရန်ကင်းတောင် သို့ ခေါ်သွားခဲ့လေ၏။

(ရှေ့လဆက်ရန်)

ပထမံဆရာ-ဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ မြန်မာလူမျိုးအများစုသည် ဘယ်သောအခါမဆို ကုသိုလ်ဒါနပြုလုပ်ခြင်းကို ဝါသနာထုံကြသူများ ဖြစ်ကြလေသည်။

ငွေအင်အားမတတ်နိုင်သူများက ယူတတ်လျှင်မြတ်သည် ဟူသော ဘုရားဟောဒေသနာကို နှလုံးမူ၍ လူအင်အားနှင့် ကုသိုလ်ယူတတ်ကြပါ၏။

စာရေးသူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသခင် ဆုံးမဟောကြားတော်မူသည်ကလည်း ညောင်စေ့လောက်ပဲလှူပေမယ့် ညောင်ပင်ကြီးလောက် ကုသိုလ်ရနိုင်သည်ဟူ၍ လည်းကောင်း၊ ရေလေးတစ်ခွက်ပဲလှူလှူ ဆွမ်းလေးတစ်ဇွန်းပဲလောင်းလောင်း ဖြူစင်သောသဒ္ဓါနှင့်လှူချင်သော စေတနာရှိရန်သာ အဓိကဟု မိန့်ဆိုခဲ့ပါ၏။

စိတ်သာ မူလပထမ၊ အလှူပေးသူဌေးဖြစ်သည်ဟူသော စကားသည်လည်း ဗုဒ္ဓဟောကြား ဓမ္မတရားစစ်စစ်ပဲ ဖြစ်ပါလေသည်။

စာရေးသူတို့သည် ယခု ပစ္စုပ္ပန်တွင် တွေ့ကြုံခံစားနေကြရသော ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ချောခြင်း၊ ရုပ်ဆိုးခြင်း၊ ဖြူခြင်း၊ မည်းခြင်း ဟူသော ဆန့်ကျင်ဘက်ခံစားမှုမှန်သမျှ အတိတ်မှ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုနှင့် မကောင်းမှုကံတို့မှ ပေးဆပ်လာသော ရလဒ်ဖြစ်သည်ကို မြတ်စွာဘုရား ဟောကြားခဲ့သည့် တရားဒေသနာတော်များအား လက်ဆင့်ကမ်း ဟောကြားနေကြသော ဆရာတော်သံဃာတော်တို့၏ မိန့်ဆိုစကားကို နာယူမှတ်သား လိုက်နာကြကုန်သော စာဖတ်ပရိသတ်အပေါင်း အသိဉာဏ်ကြွယ်ဝပြီးသား ဖြစ်ကြပါ၏။

ဤသို့ အသိဉာဏ်ကြွယ်ဝကြပြီးကုန်သော စာဖတ်ပရိသတ်ကြီးနှင့်တကွ အသိဉာဏ်မကြွယ်ဝကြသေးသော မောင်ငယ်၊ ညီမငယ်များအား စာရေးသူ ဖတ်ခဲ့ဖူးသော ကိုယ်စားမည့်ထမင်းထုပ်ထဲမှ ထမင်းလေး တစ်လုတ်တစ်ဆုပ်အား စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းလိုက်သောကြောင့် ရရှိလိုက်သော အကျိုးကျေးဇူးကြီးမားပုံအကြောင်းကို ရေးသား တင်ပြလိုက်ပါသည်။

ယခုတင်ပြမည့် အကြောင်းအရာကား သာသနာတော်နှစ် ၄၄၁ ခုနှစ် သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပါ၏။

သီရိလင်္ကာနိုင်ငံ၏ အနောက်ပိုင်းမှာ ဒေဝတာရွာရယ်လို့ အမည်ရှိသော ရွာကလေးတစ်ရွာရှိခဲ့ပါတယ်။ အဲဒီရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းလေးနာမည်က ပန်းတွေပေါ်ခြင်းကြောင့်တစ်ကြောင်း၊ ကျောင်းကလေးက ရွာ၏အရှေ့ဘက်မှာ တည်ရှိခြင်းကြောင့်တစ်ကြောင်းမို့ ပုပ္ဖဂီရိလို့အမည်တွင်ပါတယ်။ အဲဒီကျောင်းမှာ အရှင်အဘယမဟာထေရ်ဆိုသော ရဟန်းတစ်ပါး သီတင်းသုံးနေတော်မူလေသည်။ အဘယ-ဘေးရန်မရှိသော မထေရ်ဟု အဓိပ္ပာယ်ရလေသည်။

တစ်နေ့တွင် ဆရာတော်ထံ ဒကာကြီးတစ်ယောက် မျက်နှာမသာမယာနှင့် ရောက်ရှိလာလေသည်။

(ထိုအချိန်က သီရိလင်္ကာနိုင်ငံမှာ သာသနာတော်နှစ် ၄၃၀ တွင် ဝဋ္ဋဂါမဏီမင်းလက်ထက်က စဏ္ဍာလတိဿ ဆိုသော သူပုန်ဘေးကြီးနှင့် အစာရေစာငတ်မွတ်ခေါင်းပါးသော ဘေးဆိုးကြီးဆိုက်ရောက်နေသောအချိန်ဖြစ်ပါ၏။)

ဆရာတော်အား လျှောက်တင်သည်က -

"ခေတ်ကာလက အတော့်ကိုကြောက်စရာကောင်းလောက်အောင် ပျက်စီးနေပါပြီ ဘုရား။ ဒါကြောင့် ဒီရွာမှာနေရတာ အသက်စည်းစိမ်အိုးအိမ်အတွက် မလုံခြုံတာက တစ်ကြောင်း အစားအသောက် ရှားပါးတာကတစ်

ငွေလသာ (တွံတေး)

ဒိုနစွမ်းအား အုံ့မခန်း





www.burmeseclassic.com

www.burmeseclassic.com


ကျောင်းမှီ တပည့်တော်တို့ ရွာလုံးကျွတ် ကြည်ရာမြက်နုရာ၊အစားအသောက် ပေါ်ရာ၊ ဘေးရန်ကင်းရာသို့ ပြောင်းရွှေ့ ကြတော့မှာဖြစ်တာကြောင့် ဆရာတော် လည်း တပည့်တော်တို့နှင့်အတူ လိုက်ပါ ရန်လျှောက်ထားအပ်ပါသည်ဘုရား" လို့ လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်က -

"ဒကာတော်တို့က ဒကာတို့ တာဝန်အရပင် လျှောက်လာ ပေမယ့် ဆရာတော်ကတော့ ဒီကျောင်းစေတီတော်ရှိနေ တဲ့အတွက် စေတီယင်္ဂဏ ဝတ်ပြုရဦးမယ်။ (မြတ်စွာဘုရားအား ရည်စူးပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူ၍ ဘုရား ဝေယျာဝစ္စများ ပြုလုပ်ခြင်း) ဗောဓိပင် ရှိတဲ့အတွက် ဗောဓိယင်္ဂဏဝတ်တွေ ပြု ရဦးမှာမို့ ဒကာတို့နဲ့ မလိုက်တော့ပါဘူး။ ဒကာတို့သာ ဘေးရန်ကင်းပြီး အစား အစာပေါ်များရာအရပ်ကို သွားကြပါ။ ဘုန်းကြီးအတွက်ကို မပူပါနဲ့"

ဟု မိန့်ကြားတော်မူလိုက်လေ သည်။

ဆရာတော်က မပူပါနှင့်ဟု ပြော ပေမယ့် ဒေဝတာရွာမှာ လူတစ်ဦးတစ် ယောက်မျှ ကျန်ခဲ့မှာမဟုတ်တဲ့အတွက် ဒကာ၊ ဒကာမအပေါင်းတို့မှာ ဆရာ တော်အတွက် များစွာစိတ်မကောင်းဖြစ် ကြရလေသည်။ သို့သော် ဒုက္ခဘေးမှ ကင်းလွတ်ရန်အတွက် အထုပ်ကိုယ်စီ ဆွဲကာ ရွာမှထွက်ခွာသွားကြရပါတော့ သည်။



အရှင့်အဘယမ ထေရ်သည် စေတီယင်္ဂဏ ဝတ်၊ ဗောဓိယင်္ဂဏဝတ်များ ကိုပြုသောအားဖြင့် စေတီဝန်း ကျင်၊ ဗောဓိပင်ဝန်းကျင်တို့တွင် သန့်ရှင်းရေးများ ပြုလုပ် ခြင်း၊ ပန်း၊ ဆီမီး၊ ရေ ချမ်း ဆက်ကပ်ခြင်း စသော သေနာသ





www.burmeseclassic.com

www.burmeseclassic.com

နဝုတ် (သန့်ရှင်းရေးများပြုခြင်း) အားပြုလုပ်ပြီးလျှင် တရားထိုင်၊ တရားမှတ်စသည်ဖြင့် ထိုအလုပ်များနှင့်သာ အချိန်တန်စေခဲ့လေသည်။

သို့သော်လည်း ဆွမ်းလောင်းလှူမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိလေတော့ သပိတ်ရေဆေးသော်ကရတာသုံးရက်ရှိလာသည့်အခါ ဝမ်းလည်းဟာ ဆွမ်းလည်းဆာလာတော့သည်။

ထို့အတူ အစာအာဟာရများ ဘုဉ်းမပေးရပါဘဲ စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်များကို နေ့စဉ်မပြတ်လုပ်ဆောင်နေခြင်းကြောင့် မောပန်းလာခဲ့ရလေသည်။ ထိုသို့ မောပန်းလာသည့်အခါ ခဏအနားယူပြီး ဘုရားဂုဏ်တော်များကို ဆက်လက်ပွားများခြင်းဖြင့် ဆာလောင်မွတ်သိပ်သည့်စိတ်ကို ဖြေဖျောက်ခဲ့လေသည်။

ထိုအချိန်တွင် ဒကာတစ်ယောက်ရောက်လာပြီး ကောင်းစွာ ရှိခိုးဦးချကန်တော့လျက် -

"အရှင်ဘုရား၊ တပည့်တော်တို့နေထိုင်ရာ ဟိုဘက်နားက သင်းဝင်ပင်အောက်သို့ နေ့စဉ် ကြွရောက်၍ ဆွမ်းအလှူခံတော်မူပါဘုရား"

ဟု လျှောက်ထားသွားလေသည်။

ရေငတ်တုန်း ရေတွင်းထဲကျ ဆိုတဲ့စကားလို ဆွမ်းဆာလောင်နေချိန် ဆွမ်းခံလာပင့်လေတော့ အရှင်အဘယလောက် ဝမ်းသာတဲ့သူ ရှိနိုင်မည်မထင်။

နောက်နေ့ကစပြီး ဆွမ်းခံကြွတော့ လောင်းလှူလိုက်သော ဆွမ်း၊ ဆွမ်းဟင်းတွေကပဲ ကောင်းလွန်းနေတာလား။ ကိုယ်တော်ကိုယ်တိုင်က ဆွမ်းဆာလောင်မွတ်သိပ်နေလို့လား မပြောတတ်။ ဆွမ်း၊ ဆွမ်းဟင်းများမှာ မွှေးကြိုင်သင်းပျံ့နေတာကတော့ အမှန်ပင် ဖြစ်ရပါ၏။

အခက်အခဲတွေကြားက အသက်ရှင်သန်ခွင့်ရလိုက်သော အရှင်အဘယမထေရ်မြတ်သည် ဘဝအတွက် အခွင့်ကောင်း၊ အချိန်ကောင်းပေးသည်ဟု မှတ်ယူကာ တရားဘာဝနာများအား အခါတိုင်းထက် ကြိုးစား ပွားများ အားထုတ်ရင်း မေတ္တာဘာဝနာကမ္မဋ္ဌာန်းကိုလည်း ကောင်းစွာ စီးဖြန်းအားထုတ်ခဲ့လေသည်။

ဒါ့ပြင် စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်တို့ကိုလည်း နေ့စဉ် မပြတ်မလပ်ရအောင် ကြိုးစားပြုလုပ်နေလေတော့ အသားအရေတွေတောင် စိုစိုပြည်ပြည်ဖြစ်လာခဲ့သည်။

သည်လိုနှင့် တစ်နေ့သော နေ့လယ်ခင်းတစ်ခုမှာ အရှင်ဘယ တရားထိုင်နေချိန် ကျောင်းအပြင်ဘက်မှ ခြေသံတွေရော လူသံတွေပါ ကြားလိုက်ရလေသည်။

တစ်ရွာလုံး မည်သူမရှိမနေတာ သိနေ၍ ဒါ သူပုန်တွေပဲ ဆိုတာ ဆရာတော် သိလိုက်ပါ၏။

ရွာထဲမှာ လူတစ်ယောက်မှမတွေ့တာနှင့် ကျောင်းဘက်ကို လှည့်လာတဲ့ သူပုန်တွေကလည်း ကျောင်းထဲကို လှမ်းကြည့်လိုက်ရာ ဘုရားခန်းရှေ့မှာ တရားထိုင်နေသော ဝဝခဲ့ခဲ့ အရှင်အဘယကို မြင်လိုက်တယ်ဆို သတ်မယ်ဖြတ်မယ်၊ လုမယ်ယက်မယ်ဆိုပြီး တုတ်တွေ၊ ဓားတွေ၊ လှံတွေတဝင့်ဝင့်နဲ့ ကျောင်းပေါ်ကို တက်လာပြီး -

"ဝိုင်းဟေ့၊ ဖမ်းဟေ့။ ဒီကိုယ်တော်အသားကို စားကြမယ်ဟေ့"

ဆိုတဲ့ ကြောက်မက်ဖွယ်ကောင်းလှတဲ့အသံတွေက တစ်ကျောင်းလုံးကို ဆူညံသွားစေပါတော့တယ်။

အဲ့သလို အော်နေစဉ်မှာပဲ နေ့လယ်ကြောင်တောင် အမှောင်ကျသွားပြီ ပုပ္ဖဂီရိကျောင်းကြီးသည်လည်း တောင်ကြီးသဏ္ဍာန် ဖြစ်သွားပါတော့သည်။

အရှင်အဘယမထေရ်မြတ်ကိုယ်တော်တိုင်လည်း တောင်ကြီးအတွင်းက ဂူကြီးတစ်ခုအတွင်းရောက်သွားသည့်နှယ် ခံစားလိုက်ရလေသည်။

ထိုအဖြစ်အပျက်ကိုမြင်တွေ့လိုက်ရသော စဏ္ဍာလတိဿ ခေါင်းဆောင်သူပုန်ဟာ အံ့ဩထိတ်လန့်စွာနဲ့ -

"ဟ - ဒီကိုယ်တော် ချက်ချင်းပျောက်သွားပါလား။ တန်ခိုးကြီးတဲ့ ရဟန္တာနဲ့တူတယ်"

ဆိုပြီး တုန်လှုပ်ချောက်ချားစွာဖြင့် ခပ်သုတ်သုတ်ပဲ ထွက်ခွာသွားကြလေတော့သည်။

ထိုသို့ ပြောဆိုနေကြသော အသံအားလုံးကို အရှင်အဘယ ကြားနေရပါသည်။သို့သော်လည်း တရားမှတ်မပျက်၊ မေတ္တာပို့မပျက် မလှုပ်မယှက် ထိုင်နေမြဲ ဆက်လက် ထိုင်နေခဲ့ပါ၏။

ဒီအဖြစ်အပျက်ကို ဆင်ခြင်ကြည့်လိုက်သည့်အခါ ရှေ့ကံအကြောင်းကောင်းခဲ့လို့ သေကံမရောက် သက်မပျောက်ခဲ့ခြင်း ဖြစ်သည်ကို ဆင်ခြင်မိသည့် ဆရာတော်သည် သံဝေဂဉာဏ်ဖြစ်ပွားကာ ဗုဒ္ဓါနုဿတိမေတ္တာ (မြတ်စွာဘုရားအား အချိန်ပြည့်အာရုံစူးစိုက်ဦးထိပ်ထားခြင်း) အသုဘ၊ မရဏ၊ နုဿ-

တိ ဟူသော ကိုယ်စောင့်ကမ္မဋ္ဌာန်းများကို ပို၍ ကြိုးစား အားထုတ်တော်မူပါတော့သည်။

အမှန်တော့ -

သင်းဝင်ပင်စောင့်နတ်ဇနီးမောင်နှံတို့လှူခဲ့သောဆွမ်းကို ရဟန္တာမဖြစ်မီက (၁၂) နှစ်၊ ရဟန္တာဖြစ်ပြီး (၁၂) နှစ် ထို (၂၄) နှစ်တာ ကာလပတ်လုံး နတ်သုဒ္ဓါဆွမ်းကို ဘုဉ်းပေးနေရတာရယ် စဏ္ဍာလတိဿသူပုန်တို့ရန်မှ ကင်းဝေးခဲ့ရတာတွေဟာ ဆရာတော်၏ အတိတ်ကာလတစ်ခုမှ ကုသိုလ်ကောင်းမှုကြောင့် ဖြစ်ပါလေ၏။

အတိတ်ကာလဘဝတစ်ခုမှာတုန်းက အရှင်အဘယမထေရ်သည် ဒီဒေ[illegible] တရွာမှာပဲ ဒေဝ ဆိုတဲ့ အမတ်ကြီးဖြစ်[illegible] ပါသည်။

အမတ်ဘဝနှင့် တိုင်းရေးပြည်[illegible] ကိစ္စတစ်ခုဖြင့် ခရီးလှည့်လည်လာ[illegible] ထမင်းစားချိန်ရောက်တဲ့အခါ တပည့်[illegible] တွေက အမတ်ကြီးအတွက် ထမင်းစား[illegible] ပြင်ပေးနေချိန်မှာ ထမင်းနံ့ဟင်းနံ့ရတာ[illegible] နဲ့ ခွေးပိန်လေးတစ်ကောင်ဟာ အလွ[illegible] ဆာနေပုံနှင့် ကြောက်ရမှန်းမသိ ထမင်း[illegible] ဝိုင်းနားအထိ တိုးကပ်လာခဲ့လေသည်။

ဒါကိုတွေ့တဲ့တပည့်တွေက ခွေး[illegible] လေးကို တုတ်တွေ၊ ဓားတွေနဲ့ ရိုက်မ[illegible] ပုတ်မယ်ခုတ်မယ်ဆိုပြီး ရွယ်နေကြတုန်း အမတ်ကြီးက -

"ဟေ့ဟေ့-မလုပ်ပါနဲ့ကွာ၊ သူ့ခမျာ[illegible] အလွန်ဆာနေပုံရတယ်"

ဆိုပြီး ထမင်းလေးတစ်ဆုပ်[illegible] ဟင်းလေးနဲ့ မျှတအောင် နယ်ဖတ်[illegible] တော့ သစ်ရွက်လေးပေါ် တင်၍ သန[illegible] ကြင်နာစွာဖြင့်ကျွေးခဲ့လေသည်။

ထိုသို့အမှတ်မထင်ပြုလုပ်ခဲ့သော[illegible] ကုသိုလ်လေးက အရှင်အဘယမထေ[illegible] ဘဝတွင် ကြီးစွာသောအကျိုးကိုပေးအ[illegible] ခဲ့လေသည်။

ဤသို့ကြီးစွာသောအကျိုးကို [illegible] ခဲ့ခြင်းသည် ဖြူစင်သော စေတနာ[illegible] လှူချင်သော သဒ္ဓါတရားကြောင့် [illegible] သည်ကို အထက်ပါ ဇာတ်လမ်းလေး[illegible] သက်သေတည်နေပါသည်။

ထို့ကြောင့် စာရေးသူနှင့်တ[illegible] စာဖတ်ပရိသတ်အပေါင်းတို့ ရေ[illegible] တစ်ခွက်ပဲလှူလှူ၊ ဆွမ်းလေးတစ်ဇွ[illegible] လောင်းလောင်း ဖြူစင်သော စေတ[illegible] နှင့် လှူချင်သောသဒ္ဓါတရားကို လ[illegible] ကိုင်ထားကာ အလှူဒါနပြုကြပါ[illegible] မေတ္တာဖြင့် ရေးသားလိုက်ရပါ[illegible]


ငွေလသာ (တွံ့တေး)

www.burmeseclassic.com

www.burmeseclassic.com

# အဆစ်ရောင်ရောဂါ . . . ဆိုသည်မှာ

စွမ်းထက်နောင်




...ငံ့ဆောင်ခဲအပ်ချောင်းများ

အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း ဆိုသည်မှာ အရိုး၏အဆက်နေရာများဖြစ်သော အဆစ်အမြစ်များတွင် ရောဂါဖြစ်ပွားခြင်းကို ခေါ်ပါသည်။ အဆစ်အမြစ်များ နီရဲရောင်ရမ်း၍ နာကျင်ခံစားရသော အခြေအနေ ဖြစ်ပေါ်နေခြင်းပင် ဖြစ်၏။ အဆစ်အမြစ်ရောဂါ အမျိုးအစား များစွာ ရှိပါသည်။ အဓိက ရောဂါလက္ခဏာများမှာ အဆစ်နေရာများတွင် နာကျင်ကိုက်ခဲခြင်း၊ အဆစ်များ လွယ်ကူစွာ ရွေ့လျားမှုမပြုနိုင်ခြင်း၊ ရွေ့လျားမှုပြုရာတွင်လည်း စိတ်အလိုကျ ရွေ့လျားမှုမပြုနိုင်ဘဲ အကန့်အသတ်ဖြင့်သာ ရွေ့လျားနိုင်ခြင်း စသည်တို့ ဖြစ်ပါသည်။ အရိုးများ၏အစွန်အဖျား၊ အဆက်နေရာများတွင် အရိုးနု၊ ခြင်ဆီတို့ဖြင့် ကြားခံထား၏။ အရိုးများသည် အထုပ်ပိတ်ထားသည့်အခန်း (capsule) ကဲ့သို့ပင်ဖြစ်ပြီး အရိုး၏အတွင်းတွင် အဆီ ည်များ ရှိပါသည်။ ထိုအဆီများသည် အရိုးများ၏ပွတ်တိုက်မှုများကို ချောမွေ့စေသဖြင့် လိုအပ်သော လှုပ်ရှားမှုများကို လွယ်လွယ်ကူကူ သက်သက်သာသာ လုပ်နိုင်စေပါသည်။ ရိုးတွင်းခြင်ဆီများသည် အရိုးအဆစ် အဆက်များအား အာဟာရပေးစွမ်းသည့်အပြင် ပွတ်တိုက်မှုကြောင့်ဖြစ်ပေါ်သော အညစ်အကြေးများကိုလည်း ဖယ်ရှားပေးပါသည်။


ဆောင့်ကျသည့်ဒဏ်များကို ခံနိုင်ပြီးအရှိန်ထိန်းပေးနိုင်သည့် ကူရှင်စပရိန်များကဲ့သို့ လည်းကောင်း၊ အရိုးများ အလွယ်တကူ ရွေ့လျားနိုင်နှင့် အရိုးများ ပွတ်တိုက် ပွန်းပဲ့မှုကို ခံနိုင်ရန်အတွက် ခြင်ဆီ, ချောဆီအဖြစ် လည်းကောင်း ကူညီပေး၏။ အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲ နာကျင်ရခြင်းမှာ အထက်တွင်ဖော်ပြခဲ့သော အရိုးလုပ်ဆောင်မှုစနစ် ချို့ယွင်းခြင်းနှင့် အဆစ်အမြစ်များ၏ အာဟာရ ချို့တဲ့ မလုံလောက်မှုများကြောင့် ဖြစ်သည်။ အဆစ်အမြစ်ရောဂါများမှာ ယခင်ကတည်းက ဖြစ်ပွားနေသကဲ့သို့ ယခုခေတ်တွင်လည်း ဖြစ်ပေါ်နေကြသည်။ ယောကျ်ား ဒူလာ၊ မိန်းမ မီးယပ် ဟူသော စကားများအတိုင်း မိန်းမများသည် မီးယပ်ရောဂါများနှင့် မကင်းနိုင်သကဲ့သို့ ယောကျ်ားများမှာလည်း ဒူလာရောဂါ (ခေါ်) အဆစ်အမြစ်ကိုက်ခဲခြင်းရောဂါများနှင့် မကင်းနိုင်ကြပါ။ မိန်းမများမှာလည်း ယောကျ်ားများနည်းတူ အဆစ်အမြစ် ကိုက်ခဲနာကျင်မှု ခံစားရသည်သာ ဖြစ်ပါသည်။ အရိုးအဆစ်ရောဂါများသည် ကုသမှုမရှိဘဲ တာရှည်စွာ ဖြစ်ပေါ်နေပါက နာတာရှည်ရောဂါ၊ ကိုယ်လက်မသန်စွမ်းမှုများကို ဖြစ်စေပါသည်။

## အဆစ်ရောင်ရောဂါ အဘယ်ကြောင့် ဖြစ်ပွားရသလဲ

အဆစ်ရောင်ရမ်းကိုက်ခဲစေသော အကြောင်းအရင်းများကား များပြားလှပါသည်။ ဖြစ်ပွားမှုအမျိုးအစားများ များစွာရှိသည့်အနက် ဖြစ်ပွားမှု အများဆုံးသော အမျိုးအစား (၂) မျိုး ရှိပါသည်။

### ရိုးဆစ်ရောင်ရမ်းနာ (Osteoarthritis)

ကြိမ်ဖန်များစွာ ပွတ်တိုက်မှုများ ပြုလုပ်ရသောကြောင့် အရိုးများ ပွတ်တိုက်စားခံရပြီး ခြင်ဆီ၊ ချောဆီများ လျော့နည်းလာခြင်းကြောင့် အရိုးများ နာကျင်ခြင်း၊ အထူးသဖြင့် ကျောဆစ်ရိုး၊ တင်ပါးဆုံရိုး၊ ဒူးဆစ်နှင့်၊ ခြေထောက်ရှိ အရိုးဆက်အဆစ်၊ ခြေချောင်း၊ ခြေချင်းဝတ်များ၊ ပခုံး၊ လက်၊ လက်ချောင်းနှင့် အခြား အရိုးဆက်အဆစ်များ နာကျင်ကိုက်ခဲတတ်ပါသည်။ အသက်အရွယ်ကြီးမြင့်သောသူများ ဖြစ်လေ့ရှိသော အရိုးအဆစ်ရောင်ရမ်းနာရောဂါ (Osteoarthritis) ပင် ဖြစ်၏။ အရိုးအဆစ်များသည် နှစ်ပေါင်းများစွာ ပွတ်တိုက်စားမှု၊ ခြင်ဆီ, ချောဆီများ လျော့နည်းလာမှုနှင့် ခန္ဓာကိုယ်၏အလေးချိန်ကို




လေးဖက်နာရောဂါဖြစ်ပွားနေသည့် အရိုးအဆစ်များပုံ



www.burmeseclassic.com

www.burmeseclassic.com

ထမ်းပိုး သယ်ဆောင်ထားရသဖြင့် ယိုယွင်းပျက်စီးစပြုလာခြင်း ဖြစ်၏။

**လေးဖက်နာ အဆစ်ရောင်ရောဂါ (Rheumatoid-arthritis)**

လူသိများသောအဆစ်ရောင်ရောဂါမှာ လေးဖက်နာရောဂါပင် ဖြစ်သည်။ မကြာခဏ အရိုးအဆစ်များ နာကျင်ကိုက်ခဲလိုက်၊ သက်သာပျောက်ကင်းသွားလိုက်နှင့် နာတာရှည်ရောဂါ ဖြစ်တတ်သည်။ ခြေမရိုးနှင့် ခြေဖမိုးဆက်မှ စတင်ရောင်ရမ်းလာကာ နီရဲနာကျင်လာတတ်သည်။ ထိုမှတစ်ဆင့် လက်ဆစ်၊ ခါးဆစ်၊ ပခုံး၊ ခြေချောင်းများ၊ ခြေချင်းဝတ်၊ ဒူးဆစ်၊ တံတောင်ဆစ်၊ လက်ကောက်ဝတ်များပါ နာကျင်ကိုက်ခဲလာ၏။ လေးဖက်နာကို (Gout) (Metabolic-arthritis) ဟုလည်း ခေါ်ပါသည်။

စားသောက်လိုက်သည့် အစားအစာများမှ ဇီဝကမ္မပြောင်းလဲမှုဖြစ်စဉ်ကြောင့်ဖြစ်သော အဆစ်ရောင်ရောဂါ ဖြစ်၏။ ယူရစ်အက်စစ် (Uric-Acid) များ လွန်ကဲ၍ အဆစ်အရိုးဆက်များအတွင်း အဆစ်များရောင်၍ နာကျင်လာခြင်း ဖြစ်၏။ ယူရစ်အက်စစ်များသည် ခန္ဓာကိုယ်ရှိ သွေးအတွင်းတွင် တဖြည်းဖြည်း ဖြစ်ပေါ်များပြားလာပြီး အဆစ်အမြစ်များ၏ ပတ်ဝန်းကျင်တွင် အမှုန်အမွှားများမှတစ်ဆင့် အနည်ထိုင်သည့် သေးငယ်သော အပ်ချောင်းအသွင်သဏ္ဌာန်ဖြင့် ယူရစ်အက်စစ် ပုံဆောင်ခဲများ စုပုံဖြစ်ပေါ်နေခြင်းပင် ဖြစ်သည်။ ယူရစ်အက်စစ် များပြားခြင်းကို (Hyperuricemia) ဟု ခေါ်ပါသည်။ အဆစ်များ၊ ဆံခြည်မျှင်သွေးကြောကလေးများ၊ အရေပြားနှင့် တစ်ရှူးများ၊ အသားများ နေရာတို့တွင် အထက်ပါ သေးငယ်သော အပ်ချောင်းပုံသဏ္ဌာန် ပုံဆောင်ခဲများဖြင့် စုပုံအနည်ထိုင်တတ်ပါသည်။ ထို့ကြောင့် အရိုးဆက် အဆစ်နေရာများ၌ ရုတ်တရက် အပြင်းအထန် နာကျင်မှုကို ခံစားရပြီး နီရဲရောင်ကိုင်းလာ၏။ အများအားဖြင့် အသက် (၄၀) ကျော် အမျိုးသားများ၌ ခြေချောင်းနှင့် ခြေဖမိုးအဆစ်များတွင် ရောင်ရမ်းနေခြင်းကို တွေ့ရနိုင်သည်။ ဖြစ်ပွားပါကလည်း အလွန် နာကျင်ကိုက်ခဲစွာ ခံစားရ၏။ ယောကျ်ားများမှာ မိန်းမများထက် (၉) ဆ ပို၍ အဖြစ်များသည်။

လေ့လာမှုများအရ အမျိုးသားများ၏ (၁၀)ရာခိုင်နှုန်းခန့်တွင် ဤရောဂါ ဖြစ်ပွားနေပါသည်။ အစာခြေစနစ်မှ အစာခြေပြီး၍ ကျောက်ကပ်များမှ စွန့်ပစ်လိုက်သောအရာများတွင် ယူရစ်အက်စစ်များ ပါဝင်ပါသည်။ ဆီးသွားသောအချိန်၌ ယူရစ်အက်စစ်များကိုစွန့်ထုတ်လိုက်ပါသည်။ ယူရစ်အက်စစ်များ ပမာဏများပြားသောကြောင့် ကျောက်ကပ်များနှင့် ဆီးလမ်းကြောင်းမှ စွန့်မပစ်နိုင်သဖြင့် ယူရစ်အက်စစ်များသည် သွေးအတွင်း များပြားလာပြီး လေးဖက်နာရောဂါ ဖြစ်ပွားရပါသည်။ ထို့ကြောင့် ကျောက်ကပ်များ ပုံမှန်အလုပ်လုပ်နိုင်ရန် အလွန် အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် ကျောက်ကပ်များ၏ လုပ်ငန်းစွမ်းဆောင်ရည် ချို့ယွင်းပြီး အလုပ်မလုပ်နိုင်ပါက သွေးအတွင်း ယူရီယားအဆိပ်ဖြစ်သော ယူရစ်အက်စစ်များပြားလာပြီး နာတာရှည် ကျောက်ကပ်ရောဂါများရရှိနိုင်သည့်အပြင် သွေးတိုးရောဂါနှင့် နှလုံးရောဂါများ ဆက်စပ်ဖြစ်ပေါ်နိုင်ပါသည်။ ကျောက်ကပ်နှင့် ဆီးအိမ်အတွင်းတွင်လည်း ကျောက်တည်နိုင်ပါသည်။

**ရောဂါလက္ခဏာများ**

အဆစ်ရောင်ရောဂါအမျိုးအစားများအားလုံးသည် နာကျင်ကိုက်ခဲမှုဝေဒနာခံစားရပြီး တဖြည်းဖြည်းနှင့် အရိုးအဆစ်များ ပူလာကာ လှုပ်ရှားရခက်ခဲလာသည်။ အသက်အရွယ် ကြီးသည်၊ ငယ်သည်မရွေး ရောဂါခံစားရတတ်၏။ တချို့ မျိုးရိုးဗီဇရှိသူများလည်း ရောဂါဖြစ်ပွားတတ်ပါသည်။ အများအားဖြင့် မနက်ပိုင်း အိပ်ရာထစအချိန်တွင် နာကျင်မှုကို ပိုမိုခံစားရ၍ တချို့မှာ ညအိပ်ရာဝင်ချိန်၌ ဖြစ်တတ်၏။ လေးဖက်နာရောဂါသည်များမှာ အချိန်မရွေး၊ နေရာမရွေး ရောဂါခံစားရတတ်၏။ လေးဖက်နာအဆစ်ရောင်ရောဂါများ ဖြစ်ပွားရခြင်း၏အဓိကအကြောင်းအရင်းမှာ အစားအသောက်များကို မဆင်မခြင် စားသောက်ခြင်းကြောင့် ဖြစ်ပါသည်။ နေ့စဉ် စားသောက်သော အစားအစာများတွင် ကာဘိုဟိုက်ဒရိတ်၊ ကစီဓာတ်နှင့် အသားဓာတ် များစွာ ပါဝင်ခြင်းသည်လည်း ပြုရင်းဓာတ် တိုးပွား၍ ယူရစ်အက်စစ် ပိုမိုများပြားစေပါသည်။ အချို့သကြားဓာတ်များတွင် (Purines) ပြုရင်းဓာတ်များ များစွာ ပါဝင်ပါသည်။ တာရှည်စွာခံရန် ရေထုတ်ပယ်ထားသည့် အစားအစာများကို စားသောက်ခြင်းနှင့် ခန္ဓာကိုယ်အတွင်းမှ ရေဓာတ်ဆုံးရှုံးခြင်းကြောင့် ဖြစ်၏။ တချို့မှာ ဆေးဝါးများ သုံးစွဲမှုကြောင့်လည်းဖြစ်နိုင်၍ အရက်နှင့် အစားအသောက် မဆင်ခြင်နိုင်မှုကြောင့် အလွန်ဆိုးဝါးသောရောဂါများ ရရှိနိုင်ပါသည်။

ခန္ဓာကိုယ်တွင် ယူရစ်အက်စစ်များပြားမှုကြောင့် ခန္ဓာကိုယ်တစ်ရှူးများအတွင်း ယူရစ်အက်စစ်များစုပုံ၍ အစိုင်အခဲများအဖြစ် မာကျောဖြစ်ပေါ်



အဆစ်အမြစ်များ ရောင်ကိုင်းနေပုံ




လေးဖက်နာရောဂါသည်များအတွက် ကောင်းမွန်သည့် အစားအစာများ




လေးဖက်နာရောဂါရှင်များ ရှောင်ကြဉ်ရမည့် အစားအစာများ



www.burmeseclassic.com

www.burmeseclassic.com

...တတ်သည့်အတွက် အရိုးအဆစ် ...လှုပ်ရှားမှုကို ထိခိုက်စေပါသည်။ ...ကျောက်ကပ်လုပ်ဆောင်မှုကို ထိခိုက်...၍ ကျောက်ကပ်တွင် ကျောက်များ ...ဆို့နေခြင်းမှ ကျောက်တည်နိုင်ပါ သည်။

ရောဂါဖြစ်ပွားနေပါက ဓာတ်မှန် (X-ray) ရိုက်ရပြီး သွေးဖောက်စစ်၍ ယူရစ်အက်စစ် ပမာဏကို တိုင်းတာရ သည်။ လေးဖက်နာကို လုံးဝပျောက် ...ရန် ကုသ၍မရဟု ဆိုသော်လည်း ...ကျင်သူများ၏ညွှန်ကြားချက်များ ...သင့်တော်မှန်ကန်သည့် အနေအ... အစားအသောက်၊ ဆေးဝါးများ ... ထိန်းသိမ်းလုပ်ဆောင်နိုင်ပါသည်။

လေးဖက်နာအဆစ်ရောင်ရောဂါ ဖြစ်ပွားသူများသည် အောက်ပါနည်း ...များဖြင့် သတိပြုလုပ်ဆောင်ပါက ...ပါ သက်သာ ပျောက်ကင်းနိုင်ပါ သည်။

**သက်သာ ပျောက်ကင်းစေသည့် နည်း လမ်းများ**

၁။ နေ့စဉ် လေ့ကျင့်ခန်းလှုပ်ရှား များကို မှန်မှန်လုပ်ဆောင်ပါက နာ ကျင်မှုဝေဒနာ သက်သာနိုင်ပါ၏။ လမ်း လျှောက်ပါ။ မိမိတတ်နိုင်သည့် အား ...လေ့ကျင့်ခန်း တစ်ခုခု လေ့ကျင့် ...ဆောင်ပါ။ ခန္ဓာကိုယ်လှုပ်ရှားမှု များသည် ကြွက်သားများ လှုပ်ရှားမှုကို အထောက်အကူပြု၍ နာကျင်မှုများကို သက်သာစေ၏။

၂။ လေ့ကျင့်ခန်း ပြုလုပ်နေစဉ် အရိုးအဆစ်များ နာကျင်ခြင်း၊ ရောင် ...ခြင်းနှင့် ပူခြင်းတို့ဖြစ်ပေါ်လာပါက လေ့ကျင့်ခန်းကို ရပ်ပါ။

၃။ ခန္ဓာကိုယ်၏ အလေးချိန်ကို ...ရန် ထိန်းသိမ်းပါ။ ခန္ဓာကိုယ်အ လေးချိန် ပိုမိုခြင်းသည် အရိုးအဆစ် များပေါ်သို့ ဝန်ပိုများ၊ ဖိအားများ ဖြစ် ...စေ၍ အရိုးများပွတ်တိုက်၊ ပွန်းစား များကို ဖြစ်ပေါ်စေနိုင်ကြောင်း သတိ ...ရှိပါ။

၄။ မိမိခန္ဓာကိုယ်ကို အမြဲကြည့် ...ကောင်းရန်နှင့်သန်စွမ်းရန် သတိပြုလုပ် ဆောင်ပါ။ ခန္ဓာကိုယ် မအီမသာဖြစ်မှု ...စေရန်၊ အမြဲလန်းဆန်းနေစေရန် ပြု ...ပါ။ အိပ်ရေးဝဝအိပ်ပါ။ အိပ်ရေးမဝ ...င် အစားအသောက် ပိုမို စားသည့် အတွက် ခန္ဓာကိုယ်အလေးချိန် ပိုမို ...နိုင်ပါသည်။

၅။ မိမိခန္ဓာကိုယ်အလေးချိန်ကို သယ်ပိုး အသုံးပြုနေသော ဖိနပ်သည် မိမိအတွက် သင့်တော်သော ဖိနပ်ကို ရွေးချယ်ပါ။ ကျန်းမာရေးအတွက် အ ထောက်အကူပြုစေသောဖိနပ်ကို စီးပါ။

၆။ ခန္ဓာကိုယ်အတွက် အာဟာရ ဖြစ်စေသော အစားအစာများကို သန့် ရှင်းလတ်ဆတ်စွာ သုံးဆောင်ပါ။ မီးဖို ချောင်ချက်ပြုတ်မှုသည် အရေးကြီးပါ သည်။ အစားအသောက်ဖြင့် ရောဂါကု သမှုများသည် ဆေးဝါးများ သုံးဆောင် မှုထက် ဘေးထွက်ဆိုးကျိုး မရှိသော ကြောင့် ကောင်းမွန်ပါသည်။ ဆေးဝါး များထက် အစားအစာများသည် ရောဂါ ကုသရာတွင် ပိုမို ကောင်းမွန်ကြောင်း သုတေသနပညာရှင်များက ဆိုခဲ့သည်။

၇။ အရိုးအဆစ်များ နာကျင် ကိုက်ခဲပါက ရေနွေးဖြင့် ကြပ်ထုပ်ထိုး ပါ။ ရေနွေးဖြင့်စိမ်ပါ။ ပရုတ်ဆီ၊ လိမ်း ဆေးများ လိမ်းကျံနိုင်သည်။

၈။ အဆစ်များအတွက် လိုအပ် သော ခြင်ဆီအားရှိစေသော အစားအ စာများ စားသောက်ပါ။ အမဲရိုး၊ ကြက် ရိုး၊ ဆိတ်ရိုးများကို ချင်းဖြင့် စွပ်ပြုတ်ပြု လုပ်၍ သောက်ပါ။

**လေးဖက်နာ (Gout) ဖြစ်ပွားစေသော အစားအစာများ**

လေးဖက်နာရောဂါ ဆိုသည်မှာ အဆစ်အမြစ်များ နာကျင်ခံစားရသော အဆစ်အမြစ်ရောင်ရောဂါများအနက်မှ တစ်ခု ဖြစ်သည်။ ရောဂါဖြစ်ပွားရခြင်း မှာ စားသုံးလိုက်ရသည့် အစားအစာ အာဟာရများနှင့် အဓိက ပတ်သက်ပါ သည်။ ရောဂါမဖြစ်ပွားစေရန် ကြိုတင် ကာကွယ်သည့်အနေဖြင့်သော် လည်း ကောင်း၊ ဖြစ်ပွား ခံစားနေရသူများ ပျောက်ကင်း သက်သာစေရန်သော် လည်းကောင်း လေးဖက်နာရောဂါ ဖြစ် ပွားစေသော အစားအစာများကို သိရှိ ပြီး ရှောင်ကြဉ်ရန်လိုအပ်ပါသည်။ ကုသ မှုများနှင့် သုတေသနပြုမှုများအရ အ စားအသောက်များကို ကန့်သတ်ထိန်း ချုပ် စားသောက်နိုင်ပါက ရောဂါများ သက်သာပျောက်ကင်းနိုင်ကြောင်း တွေ့ ရှိရပါသည်။ ကျန်းမာရေးအတွက် ကောင်းမွန်သည့်အစားအသောက်၊ အ နေအထိုင် ပုံစံပြောင်းလဲကျင့်သုံးရန် လို အပ်သည်။ ရောဂါများမဖြစ်ပွားစေရန် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ သင့်လျော်သော အာဟာရရှိသည့် အစားအစာများ စားသောက်ခြင်းတို့ကို ပြုလုပ်ရပါမည်။ ရောဂါများပျောက်ကင်းစေရန် မိမိကိုယ် မိမိ အလုံးစုံ စီမံခန့်ခွဲမှုများ ပြုလုပ်ရပါ မည်။

လေးဖက်နာရောဂါဖြစ်ပွားခြင်း မှာ ခန္ဓာကိုယ်အတွင်းရှိ သွေးများတွင် ယူရစ်အက်စစ် ပါဝင်မှု များပြားခြင်း ကြောင့် ဖြစ်သည်။ ယူရစ်အက်စစ်များ သည် အရိုးအဆစ်၊ အဆက်နေရာများ၌ အမှုန်အမွှားများမှတစ်ဆင့် ပုံဆောင်ခဲ အသွင်သဏ္ဌာန်ဖြင့် စုပုံလာခြင်း ဖြစ်ပါ သည်။ ထိုအက်စစ်များသည် ဇီဝကမ္မ ဖြစ်စဉ်အရ ပြူရင်းဓာတ် (Purines) များ ပြိုကွဲမှုကြောင့် စွန့်ပစ်လိုက်သည့် အရာဝတ္ထုများ ဖြစ်သည်။ ပြူရင်းဓာတ် သည် သဘာဝအားဖြင့် ခန္ဓာကိုယ်မှဖြစ် ပေါ်လာသကဲ့သို့ စားသုံးလိုက်သည့် အ စားအစာများတွင်လည်း ပါဝင်ပါသည်။ ထိုပြူရင်းဓာတ်များကို အစာခြေစနစ်မှ အစာခြေပြီး စွန့်ပစ်လိုက်သောအရာ များတွင် ယူရစ်အက်စစ်များ ပါဝင်၏။ ဆီးသွားသည့်အခါ ယူရစ်အက်စစ်များ ကိုစွန့်ထုတ်လိုက်ပြီး ပမာဏများပြား၍ ဆီးလမ်းကြောင်းမှ စွန့်မပစ်နိုင်သော အခါ ယူရစ်အက်စစ်များသည် သွေး အတွင်း များပြားလာပြီး လေးဖက်နာ ရောဂါ ဖြစ်ပွားရပါသည်။ အစားအ သောက်များ စားသောက်မှုကို ကန့် သတ်ထိန်းချုပ်ခြင်းဖြင့် ယူရစ်အက်စစ် ထုတ်လုပ်မှုကို လျော့နည်းစေနိုင်ပါ သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် ရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ပြီး ရောဂါဖြစ်ပွားနေသူများလည်း သက် သာပျောက်ကင်းနိုင်ပါသည်။

ပြူရင်း ဓာတ်များသည် အစားအ စာတိုင်းတွင် ပါဝင်နေပြီး ပါဝင်မှု အ နည်း၊ အများသာ ကွာခြားပါသည်။ ပြူ ရင်း ပါဝင်သော အစားအစာများကို ရှောင်ကြဉ်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ပြူရင်းဓာတ်နည်းပါးသော အစားအစာ များကိုသာ ရွေးချယ်စားသုံးရမည် ဖြစ် ပါသည်။ မိမိရွေးချယ်စားသုံးလိုက်သည့် အစားအစာများကို ခန္ဓာကိုယ်မှ မည်သို့ တုံ့ပြန်သည်နှင့် အကျိုးကျေးဇူးရှိ/မရှိကို မိမိကိုယ်တိုင် လေ့လာဆုံးဖြတ်ရပါမည်။ ရောဂါဖြစ်ပွားနေသူများနှင့်သွေးအတွင်း ယူရစ်အက်စစ် ပမာဏ များပြားနေသူ များသည် ပြူရင်းဓာတ်နည်းပါးသော အ စားအစာများကို ရွေးချယ်စားသုံးခြင်း ဖြင့် နာကျင်ကိုက်ခဲမှု၊ အရိုးအဆစ်များ



www.burmeseclassic.com

www.burmeseclassic.com

တောင့်တင်းနေမှု၊ ရောင်ရမ်းနီရဲမှုများ လျော့နည်း ပျောက်ကင်းလာမည် ဖြစ်သည်။

များစွာသော သုတေသန သိပ္ပံပညာရှင်များမှ လေးဖက်နာ အဆစ်ရောင်ရောဂါသည် လူအများ၏ စားသောက်နေထိုင်မှု အလေ့အကျင့်များ၊ ဘဝနေထိုင်မှုပုံစံများ မှားယွင်းမှုကြောင့် ဖြစ်ကြောင်း လေ့လာ တွေ့ရှိထားပါသည်။

ခန္ဓာကိုယ်အတွင်း ယူရစ်အက်စစ်ထုတ်လုပ်မှု လျော့နည်းစေရန် အဓိကကျသဖြင့် ပြူရင်းဓာတ် နည်းပါးသော အစားအစာများကို စားသုံးရန် လိုအပ်သကဲ့သို့ ပြူရင်းဓာတ်များပြားသော အစားအစာများကိုလည်း ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ပြူရင်းဓာတ်များပြားသော၊ နည်းပါးသော အစားအစာများကို သိရှိရန် ဖော်ပြအပ်ပါသည်။

**၁။ ရှောင်ကြဉ်ရမည့် (Purines) ပြူရင်းဓာတ်များစွာပါဝင်သည့် အစားအစာများ**

ဘီယာ၊ အရက်၊ အချိုရည်များ၊ သကြားများစွာပါဝင်သော ဖျော်ရည်များ၊ အဆီများစွာပါဝင်သော အစားအစာများ၊ တိရစ္ဆာန်ခန္ဓာကိုယ်အတွင်းရှိ အတွင်းကလီစာများ (ဥပမာ- အသည်း၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ်၊ အူ)၊ ဝက်ပေါင်ခြောက်၊ အမဲသား၊ အသားများ၊ တဆေး၊ အချဉ်ဖောက်ထားသည့် ကစော်ရည်များ၊ ငါးပါးနီ၊ ငါးသေတ္တာငါး၊ ပင်လယ်ငါးများ၊ ငါးကြီးများ၊ အဆီများသောငါး၊ ဂုံးကောင်အမျိုးမျိုး၊ အသားဟင်းရည်များ၊ ငန်းသား၊ ဆော်ဒါပါဝင်သော အစားအစာများ၊ တာရှည်ခံရန် အရည်ထုတ်ထားသော အစားအစာများ၊ ကင်ဖုတ်ထားသော အစားအစာများ၊ ရေခဲမုန့်၊ သကြားလုံးများ၊ ပြုပြင်ထားသော အစားအစာများ၊ အမြန်စာများ ဖြစ်ပါသည်။ အသားများတွင်ပါဝင်သော ပရိုတင်း အသားဓာတ်သည် ယူရစ်အက်စစ်ပမာဏကို များစေသဖြင့် လေးဖက်နာရောဂါကို ပိုမို ဖြစ်ပွားစေပါသည်။

**၂။ အကန့်အသတ်ဖြင့်စားနိုင်သော အစားအစာများ**

ကြက်သား၊ အမဲသား၊ ဝက်သား၊ ဘဲသား၊ ကဏန်း၊ ပုစွန်၊ ခရုနှင့် ပုစွန်ဆိတ်၊ ဖျော်ရည်အနည်းငယ်၊ အဆီပါဝင်သော အစားအစာ အနည်းငယ်တို့ ဖြစ်ပါသည်။

**၃။ စိတ်ချစွာစားသောက်နိုင်သော အစားအစာများ**

ကော်ဖီ၊ လက်ဖက်ရည်၊ ဝိုင်နီ၊ အသီးအရွက်၊ ဆန်၊ ခေါက်ဆွဲ၊ ဂျုံ၊ အာလူး၊ မြေပဲ၊ ပဲအဆန်များ၊ ဥများ၊ အဆီနည်းသောအစားအစာများ၊ အဆီထုတ်ထားသောထောပတ်၊ ဒိန်ချဉ်၊ ရေချိုငါး၊ ကြက်သား၊ ပေါင်မုန့်၊ ဆလတ်ရွက်၊ သစ်တော်သီး၊ အချို မပါဝင်သော သစ်သီးဖျော်ရည်များ၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ တရုတ်နံနံပင်၊ ပန်းသီး၊ လိမ္မော်သီး၊ ဖရဲသီး၊ နာနတ်သီး၊ သဘော်သီး၊ ထောပတ်သီးများ ဖြစ်ပါသည်။ အသီးအနှံ၊ အစေ့များမှရရှိသော ပရိုတင်း အသားဓာတ်များသည် ယူရစ်အက်စစ်ပမာဏ လျော့နည်းစွာ ပါဝင်သည်။ အခြေခံကျန်းမာရေးအတွက် လိုသောအချက်တစ်ခုဖြစ်သည့် ဗီတာမင်စီသည် ငွေကုန်ကြေးကျမများဘဲ အထက်ပါ အသီးအနှံများမှ ဖောဖောသီသီ ရရှိနိုင်ပါသည်။

စားသောက်သည့် ပုံစံများသည် တစ်ဦးနှင့်တစ်ဦး ကွဲပြား ခြားနားနိုင်၍ မိမိအတွက်သင့်တော် ဈေးချိုသည့် အစားအစာများကို ရွေးချယ်စားသုံးရန် လိုအပ်ပါသည်။ မိမိနှင့်မသင့်တော်သည့် အစားအစာ၊ သင့်တော်သည့်အစားအစာများကို သိရှိပြီး ရွေးချယ်စားသုံးရမည် ဖြစ်ပါသည်။ မည်သည့်အစားများ စားသုံးလိုက်သည့်အတွက် လေးဖက်နာရောဂါ ပိုမိုဆိုးဝါးလာသည်၊ သက်သာလာသည်ကို ကြည့်ရှုဆုံးဖြတ်ရပါမည်။

ခန္ဓာကိုယ်အလေးချိန်များနေခြင်းနှင့် ဝဖြိုးနေခြင်းတို့သည်လည်း လေးဖက်နာရောဂါကို ပိုမိုဖြစ်စေသော အကြောင်းတစ်ခုဖြစ်၍ ခန္ဓာကိုယ်အလေးချိန်များခြင်းကို လျှော့ချ ထိန်းသိမ်းရန် လိုအပ်ပါသည်။ ခန္ဓာကိုယ်အလေးချိန် လျှော့ချရာတွင် အများအားဖြင့် အစားအသောက်ရှောင်ကြဉ်၊ လျှော့စားခြင်းနှင့် အားကစားတစ်ခုခု ပြုလုပ်ခြင်းဖြင့် လျှော့ချနိုင်ပါသည်။ အားကစားဖြင့် ခန္ဓာကိုယ်အလေးချိန်လျှော့ချခြင်းသည် ကောင်းမွန်သော်လည်း အစားအစာ အလွန်အမင်း လျှော့စားခြင်း၊ မစားသောက်ဘဲနေခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ဆိုးဝါးစေသည်ကို သတိပြုရမည် ဖြစ်ပါသည်။

အစားအစာ ရှောင်ကြဉ် ဖြတ်တောက်ခြင်းဖြင့် လျင်မြန်စွာ အလေးချိန်လျှော့ချခြင်းသည် အန္တရာယ်ရှိပါသည်။ အစားအသောက်လျှော့၍ ခန္ဓာကိုယ်အလေးချိန်လျှော့ချခြင်းသည် ခန္ဓာကိုယ်တွင်း ယူရစ်အက်စစ်ဓာတ်ထုတ်လုပ်မှု များပြားစေပါသည်။ အထက်ပါ လေးဖက်နာ၊ အဆစ်ရောင်အတွက် သင့်လျော်သော အစားအစာများကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ယူရစ်အက်စစ်ထုတ်လုပ်မှုကို လျှော့ချပေး၍ ယူရစ်အက်စစ် ဖယ်ထုတ်ခြင်း အာနိသင်ကို တိုးပွားစေပါသည်။

လေးဖက်နာရောဂါသည် နာတာရှည်ရောဂါဖြစ်တတ်သဖြင့် ဖြစ်စ,တွင် ထိထိရောက်ရောက် ကုသသင့်ပါသည်။ ရောဂါဖြစ်ပွားနေပါက စနစ်တကျ လျင်မြန်စွာ ကုသမှုကို ခံယူသင့်ပါသည်။ နည်းလမ်းတကျ မကုသဘဲထားပါက ခန္ဓာကိုယ်အတွင်း အရိုးအဆစ်များတွင် ယူရစ်အက်စစ်များ ပိုမို များပြားလာ၍ အဆစ်များဖျက်ဆီးခံရပြီး အခြားရောဂါများပါ ဝင်ရောက်လာတတ်ပါသည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါများ၊ ကျောက်ကပ်တွင် ကျောက်တည်ခြင်း၊ အသည်းရောဂါ ဆီးချို၊ လေဖြတ်ခြင်းနှင့် အလွန်ဝဖြိုးလာခြင်း ဖြစ်လာမည်။ ထိုရောဂါများသည် အသက်သေဆုံးနိုင်သည့် လေးဖက်နာရောဂါ၏ နောက်ဆက်တွဲ ရောဂါများဖြစ်သဖြင့် လေးဖက်နာရောဂါကို အထူးဂရုပြုကုသဖို့ ခံယူရမည် ဖြစ်ပါသည်။

ခန္ဓာကိုယ်အလေးချိန် လျှော့ချရန် လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်းသည် လေးဖက်နာရောဂါအပါအဝင် အထက်ပါရောဂါများကို ကြိုတင်ကာကွယ်ရာ ရောက်ပါသည်။ ကျန်းမာသော၊ ကြံ့ခိုင်သော၊ ထွားကျိုင်းသောသူများဖြစ်ရန်နှင့် ကိုယ်အင်္ဂါထွားကျိုင်းရေး၊ လျင်မြန်ဖျတ်လတ်ရေးနှင့် အထွေထွေ ကျန်းမာရေးအတွက် အစာအာဟာရနှင့် လေ့ကျင့်ခန်းတို့သည် အဓိက ဖြစ်ပါသည်။

**ကြိုတင်ကာကွယ်ခြင်း**

လူနေမှုဘဝပုံစံ ပြုပြင်ပြောင်းလဲခြင်းဖြင့် ယူရစ်အက်စစ် ပမာဏကို လျှော့ချနိုင်ပါသည်။ စားသောက်မှုပုံစံကို ပြုပြင်ပြောင်းလဲခြင်းဖြင့် အကျိုးရလဒ်များ ရရှိနိုင်ပါသည်။ အသား၊ ပင်လယ်စာများ၊ အရက်၊ အချိုယမကာများ၊ ဘီယာများ စားသောက်ခြင်းကို လျှော့ချ၍ ဗီတာမင်စီ လုံလောက်စွာ ရရှိရန် စားသောက်ခြင်း၊ ခန္ဓာကိုယ်အ



www.burmeseclassic.com

www.burmeseclassic.com

လေးချိန်လျှော့ချခြင်း၊ မဝရန် လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကယ်လိုရီမများသော အစားအစာများ စားသောက်ခြင်း၊ တစ်နေ့ ရေ (၈ - ၁၀) ခွက် နေ့စဉ် သောက်သုံးခြင်းဖြင့် ယူရစ်အက်စစ် ပမာဏ လျှော့ချနိုင်ပါသည်။ အထူးသတိပြုရန်မှာ အိမ်ထောင်ရှင်များ အတူနေထိုင်ဆက်ဆံခြင်းသည်လည်း ယူရစ်အက်စစ်ပမာဏလျှော့ချရာ ရောက်ပါသည်။ နေ့စဉ် ဗီတာမင်စီ (၁၅၀၀) မီလီဂရမ် သောက်သုံးခြင်းသည် လေးဖက်နာရောဂါ (၄၅) ရာခိုင်နှုန်း လျှော့နည်းပျောက်ကင်းနိုင်သည်။ ဖောလစ်အက်စစ် နေ့စဉ် (၈၀) မီလီဂရမ်၊ အိုမီဂါ (၃) ပါဝင်သောငါးကြီးဆီ၊ ကော်ဖီ၊ လက်ဖက်ရည် သောက်သုံးခြင်းသည်လည်း ယူရစ်အက်စစ်ပမာဏ လျှော့ချနိုင်၏။ လေးဖက်နာရောဂါ ဖြစ်ပွားခံစားနေသူများသည် ရောဂါသက်သာစေရန်အတွက် အစားအသောက်များ ရှောင်ကြဉ်ခြင်းအပြင် နာကျင်မှုသက်သာစေရန် ကိုက်ခဲသည့် အဆစ်အမြစ်များတစ်ဝိုက်တွင် ရေနွေးတော်ကပ်ပေးခြင်း သို့မဟုတ် ရေနွေးစိမ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ရေနွေးထည့်ထားသော ရေချိုးကန်အတွင်း ရေနွေးအပူချိန် (၉၃.၅) ဒီဂရီဖာရင်ဟိုက်တွင် တစ်နာရီခန့် စိမ်နေခြင်း ဖြစ်ပါသည်။ အပူချိန် (၉၃.၅) ဒီဂရီဖာရင်ဟိုက်ကို အမြဲတမ်းဖြစ်စေဖို့ ထိန်းသိမ်းရန်နှင့် ထိုအပူချိန်သည် ကျန်းမာသောသူတစ်ဦးအတွက် သင့်တော်သောအပူချိန် ဖြစ်၏။ ရေနွေးသည် ရေအေးထက် ယူရစ်အက်စစ်ပျော်ဝင်နှုန်း ကောင်းပါသည်။ ထို့ပြင် ယူကလစ်ဆီ၊ ပရုတ်မှုန့်၊ မင်သော်မှုန့် (၅ဆ+၁ဆ+၁ဆ) ရောစပ်၍ ကိုက်ခဲသောနေရာတစ်ဝိုက်လိမ်းကျံ၍ ပလတ်စတစ်အစဖုံးအုပ်ပြီး ရေနွေးငွေ့ဖြင့် ပေါင်းထားသော မျက်နှာသုတ်ပဝါ အုပ်ထားနိုင်ပါသည်။ ရောဂါဖြစ်ပွားနေသူများ ခန္ဓာကိုယ်အတွင်းရှိ ယူရစ်အက်စစ်နှင့် အဆိပ်အတောက်အညစ်အကြေးများ ပပျောက်ရန် တစ်နေ့ သစ်သီးဖျော်ရည် (၂) ပုလင်းမှ (၃) ပုလင်း သောက်နိုင်ပါသည်။

သဘာဝ ဟင်းသီးဟင်းရွက်များ စားသုံးခြင်း၊ သစ်သီးရည်များသောက်ခြင်းသည် ယူရစ်အက်စစ်ဓာတ်များကို လျှော့နည်းစေသည့်အပြင် ယူရစ်အက်စစ်ကြောင့် ကျောက်ကပ်တွင် ကျောက်တည်ခြင်းများကို ပျော်ကျစေပါသည်။ နံနက်စာ စတင် စားသောက်ရာတွင် သစ်သီးများ၊ သစ်သီးဖျော်ရည်များကိုသာ စတင် စားသောက်ပါ။ နေ့လယ်စာ၊ ညနေစာ စားသုံးရာတွင်လည်း သစ်သီးဟင်းရွက်များကိုသာ ဦးစားပေး စားသုံးပါ။ ထိုကဲ့သို့ စားသောက်ခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေး၊ အဆိပ်အတောက်ကို သန့်ရှင်းစင်ကြယ်စေခြင်း ဖြစ်ပါသည်။ အသားများ၊ ပြူရင်းဓာတ်ပါဝင်သော အစားအစာများကို တတ်နိုင်သမျှ ရှောင်ပါ။ အသားများ စားသုံးလိုပါက ဟင်းသီးဟင်းရွက်များနှင့် ဆတူစားပါ။ ဆားများ၊ သကြား၊ အချိုမှုန့်များကို ရှောင်ကြဉ်ပါ။ အိုင်အိုဒင်းဆားကို သုံးစွဲပါ။ ရေသန့်များစွာ သောက်ခြင်းဖြင့် ယူရစ်အက်စစ်၏ (PH) တန်ဖိုးကို လျှော့နည်းစေပါသည်။ ခန္ဓာကိုယ်အလေးချိန် (၁၂၅) ပေါင်ရှိသူတိုင်း ရေ (၁၂၅) အောင်စ သောက်ပါ။ (၁၂၅ အောင်စသည် ရေ တစ်ဂါလန်/ ၆ ပုလင်းခန့် ရှိပါသည်။) နေ့စဉ် သောက်သုံးရန်လိုအပ်ပါသည်။ အရက်၊ ဆေးလိပ် သောက်သုံးခြင်းတို့ကို ရှောင်ကြဉ်၍ စိတ်ဖိစီးမှုမဖြစ်ရန် နေထိုင်ပါ။ ခန္ဓာကိုယ်အလေးချိန်နှင့် ကိုလက်စထရောပမာဏ များပြားမှုကို အမြဲစစ်ဆေးပါ။ များနေပါက လျှော့ချရန် ကြိုးစားပါ။ ဆင်တုံးမနွယ်သည် လေးဖက်နာ ကုသနိုင်၏။ လေ့လာချက်အရ ယူရစ်အက်စစ်များကို လျှော့နည်းစေ၍ ပန်းသေ ပန်းညှိုးရောဂါနှင့်အလိုအလျောက် သုက်လွှတ်ခြင်းကို ပပျောက်စေပါသည်။

ရောဂါဖြစ်ပွားနေပါက ဟင်းနုနယ်၊ ပဲပင်ပေါက်၊ မှို စသည့်အသီးအနှံများမှာ ပြူရင်းဓာတ်များသဖြင့် မစားသုံးသင့်ပါ။

**ပြူရင်းဓာတ်များသော အစားအစာများ ရှောင်ကြဉ်ရန် သုတေသနပြုမှုများ**

၁။ ၂၀၀၄ ခုနှစ်က လေ့လာသုတေသနပြုမှုအရ ဘီယာ၊ အရက်၊ အယ်(လ်)ကိုဟော ပါဝင်သော အရက်ဖျော်ရည် ယမကာများ၊ နီရဲသောအသားများ၊ ပင်လယ်စာများ စားသုံးသည့် အသက် (၄၀) ကျော် ယောကျ်ားများကို လေ့လာခဲ့ရာ နီရဲသောအသားများ စားသုံးမှုသည် လေးဖက်နာရောဂါဖြစ်ပွားနှုန်း (၂၁)ရာခိုင်နှုန်းတိုးတက်စေကြောင်းနှင့် ပင်လယ်စာများ စားသုံးမှုများသည် (၇) ရာခိုင်နှုန်း တိုးတက် ဖြစ်ပွားစေကြောင်း တွေ့ရပါသည်။ တစ်နေ့ မကြာခဏ အရက်၊ အဖျော်ယမကာများ၊ အလွန်ချိုသောအရည်များ သောက်သုံးခြင်းသည် လေးဖက်နာ (၈၅) ရာခိုင်နှုန်း ပိုမိုဖြစ်ပွားစေကြောင်း တွေ့ရှိရပါသည်။ "New England Journal of Medicine" တွင် လေ့လာစမ်းသပ်ခဲ့မှုများကို ဖော်ပြထားခဲ့ပါသည်။ အရက်၊ အဖျော်ယမကာများတွင် ယူရစ်အက်စစ် မပျော်ဝင်နိုင်ပါ။ ဘီယာသည် အရက်ထက် (၂) ဆ ပိုမို ဆိုးဝါးပါသည်။ ဝိုင် အသင့်အတင့် သောက်သုံးနိုင်၏။

၂။ ပရိုတင်းဓာတ်နှင့်ပြူရင်းဓာတ်များပါဝင်သော အသီးအနှံ အရွက်များကို စားသုံးခြင်းနှင့် ဝိုင်နီသောက်သုံးခြင်းသည် လုံးဝ လေးဖက်နာရောဂါဖြစ်ပွားမှုမရှိကြောင်း တွေ့ရပါသည်။ တစ်ဖန် အဆီနည်းသော၊ အဆီထုတ်ပြီး နို့၊ ဒိန်ချဉ်တို့သည် လေးဖက်နာရောဂါဖြစ်ပွားမှုကို လျှော့ကျနည်းစေကြောင်းနှင့် ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။

လေးဖက်နာရောဂါ ဖြစ်ပွားမှုကြောင့် အထွေထွေကျန်းမာရေးထိခိုက်ပြီး တာရှည်စွာဖြစ်ပေါ်နေပါက နာတာရှည်ရောဂါ၊ ကိုယ်လက်မသန်စွမ်းမှုများကို ဖြစ်စေပါသည်။ ဒုက္ခိတ အမှီခိုခံဘဝ လူပိုအဖြစ် စိတ်ဓာတ်ကျမှုများနှင့်အတူ လောကကြီးကို စွန့်ခွာသွားကြရသော လူအများကိုလည်း တွေ့မြင်နေရဆဲပါ။ ဘဝတွင် ကျန်းမာရေးထက် အရေးကြီးသည့်အရာ မရှိကြောင်း လူအများ သိရှိကြသော်လည်း တစ်ခါတစ်ရံလောက် နည်းနည်းလေးလုပ်မိတာ ကိစ္စမရှိနိုင်ပါဘူးထင်ပြီး တချို့က မိမိကျန်းမာရေးကို လျစ်လျူရှုနေတတ်ကြပါသည်။ တချို့က ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာဗဟုသုတများ လေ့လာမှုမရှိခြင်းကြောင့် အရာရာကို ဆုံးရှုံးရပါသည်။ ကျန်းမာခြင်းအရင်းအမြစ်သည် မိမိ၏ခန္ဓာကိုယ်ကို ပြုစုစောင့်ရှောက်ခြင်းဖြစ်သဖြင့် ကျန်းမာရေးအတွက် စီမံချက်များထားရှိ၍ ကျန်းမာရေးအခြေအနေကို ဆန်းစစ်လေ့လာပြီး ကျွမ်းကျင်သူ ဆရာဝန်များ၊ ပညာရှင်များနှင့်ဆွေးနွေးတိုင်ပင်သင့်ပါသည်။ ကျန်းမာရေးကောင်းမွန်ရန်အတွက် ရောဂါမဖြစ်ပွားရန် ကြိုတင်ကာကွယ်ခြင်းသည်သာ အဓိကဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

စွမ်းထက်နောင်

**ကိုးကား-** အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# အမေရေယဉ်၏ ကျောက်လိပ်ကလေး

မြန်မာ့ရိုးရာ (၃၇) မင်းနတ်တို့၏ သမိုင်းတွင် အလောင်းစည်သူမင်းကြီး လက်ထက်၌ တောင်ဦးမြို့ကို အပိုင်စားရသော မဟာသဗ္ဗရာဇခေါ် ရှမ်းအမျိုး အနွယ်မြို့စား၏နှမ စောနန်းမွန်မှသည် အမေရေယဉ် ဖြစ်လာခဲ့ကြောင်း လေ့လာ သိရှိရပါသည်။ ဇီးတောနယ်ကို အပိုင်စားရသဖြင့် 'ဇီးတောမယ်' ဟု လည်းကောင်း၊ ယင်းမာပင်နယ်တွင် 'အမေကြီးနတ်' ဟု လည်းကောင်း ခေါ်ဝေါ်ကြကြောင်းလည်း သိရှိရပါသည်။

စာရေးသူရောက်ရှိခဲ့သော ယောဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ နယ်မြေအနှံ့အပြားတွင်လည်း အမေရေယဉ်ကို ပူဇော်ခြင်းများ တွေ့ရှိရပါသည်။

ယောဒေသတွင် စာရေးသူ ကြားသိရသည်မှာ အမေရေယဉ်သည် ပေါက္ကံပြည်ကို စိတ်နာ၍ ယောဒေသ ပုံတောင်ပုံညာ တောင်တန်းကြီးများပေါ်သို့ ရောက်ရှိခဲ့ရာ အမေငန်းတော်ရှင်မကြီး၏နယ်မြေ ဖြစ်သည့်အလျောက် အမေငန်းတော်ရှင်မကြီးက သူ၏နယ်မြေတွင်ပင်နေထိုင်စေခဲ့ကြောင်း သိရှိရပါသည်။ ယောဒေသတွင် အမေရေယဉ်နန်းနှင့်အတူ အမေငန်းတော်ရှင်မကြီး၏နတ်နန်းကိုလည်း တွဲဖက်၍ တည်ဆောက်လေ့ရှိသည်ကို တွေ့ရပါသည်။ အမေရေယဉ်အပါအဝင် မယ်တော်ကြီးလေးပါး၏နတ်နန်းကြီးကိုလည်း ဂန့်ဂေါမှအထွက် ပုံတောင်ထိပ်တွင် တွေ့ရှိရပါသည်။ ဘိုးတော်သိကြားမင်းက အမေရေယဉ်ကို ချီးမြှင့်သော ဆေးမင်းတော

ကိုလည်း ထီးလင်းမြို့မှ ကျော၊ ရေမျက်နီသို့အထွက် ကားလမ်းဘေးတွင် တွေ့ရှိရပါသည်။ တောင်တန်းကြီးများဘေး မြေကြီးထဲမှထိုးထွက်နေသော ကျောက်တောင်တစ်ခုက နဂါးကြီးတစ်ကောင် ဦးခေါင်းထောင်နေသည့်ပုံ ဖြစ်နေရာ ကျောက်နဂါးကြီးဟု ခေါ်တွင်ကြပါသည်။

ယောဒေသတွင် အခြားသော ဆိုင်ရာပိုင်ရာ နတ်များ၏ နတ်ကွန်းများလည်း ရှိနေပါသည်။

စာရေးသူသည် ဗုဒ္ဓဘာသာဝင် ဖြစ်ပါသည်။ ဗုဒ္ဓ၏အဘိဓမ္မာတော်ကို မြတ်နိုးတန်ဖိုးထား ကိုးကွယ်ဆည်းကပ်သူ ဖြစ်ပါသည်။ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ပါသည်။ မိဘ၊ ဆရာသမား၊ ဘိုးဘွားများကို ပူဇော်ကန်တော့ပါသည်။ မိမိထက်အသက်ကြီးသောသူ၊ ဂုဏ်ကြီးသောသူ၊ ပညာကြီးသောသူ၊ သမာဓိရှိသောသူတို့ကို ပူဇော်ကန်တော့ပါသည်။ ကိုးကွယ်ဆည်းကပ်ခြင်းနှင့် ပူဇော်ကန်တော့ခြင်းမှာ အဓိပ္ပာယ်မတူပါ။ အဓိပ္ပာယ်မတူ၍လည်း ဝေါဟာရ





www.burmeseclassic.com

www.burmeseclassic.com

ကွဲပြားစွာရှိနေကြခြင်း ဖြစ်ပါသည်။ တွယ်ဆည်းကပ်ခြင်းသည် သရဏ- တွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ် ဖြစ်ပါသည်။ ပူဇော်ကန်တော့ခြင်း သရဏ၊ ဂစ္ဆာမိ မဟုတ်ပါ။ ပူဇာစ နေယျာန်- ပူဇော်ကန်တော့ထိုက်သူ ပူဇော်ကန်တော့ခြင်းသာ ဖြစ်ပါ ၊ ထိုအမိပ္ပာယ်ကို အလေးအနက် ၍ စာရေးသူ နေထိုင်ပါသည်။

ဝန်ထမ်းဖြစ်၍ မိမိတာဝန်ကျရာ အသီးသီးသို့ ပြောင်းရွှေ့ရောက်ရှိ ဘုရားကျောင်းကန်များသို့ သွား ကြည်ညို ဝတ်ပြုပါသည်။ ဘုန်း ကြီးကျောင်းများသို့ သွားရောက် ကပ်ပါသည်။ ထိုဒေသနှင့် ဆိုင် ရာဖြစ်သော နတ်ကွန်းဘုံဗိမာန် သို့ သွားရောက်၍လည်း ပူဇော် တော့ပါသည်။ သို့ကြောင့်ပင် စာ သူ သွားရောက်ရာ နေရာတိုင်းတွင် အန္တရာယ် ကင်းရှင်း၍ စိတ်ချမ်း များရရှိကာ အလုပ်တာဝန်များကို လည်း ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပါ သည်။

စာရေးသူ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်း ဆောင်ခဲ့ပါသည်။ ဆောမြို့နယ်တွင် နတ်ကနားပွဲများ ကျင်းပရာ၌ အခြား ဒေသများနှင့်မတူသောအချက် ရှိပါ သည်။ နတ်ကနားပွဲကို တစ်နေ့တည်း နှင့်အပြီး ပြုလုပ်ဆောင်ရွက်ပါသည်။ နတ်ကနားပေးမည့်မဏ္ဍပ်ကို ကြိုတင် ဆောက်လုပ်ဆောင်ရွက်ခြင်း မပြုပါ။ နတ်ကနားပေးမည့်နေ့ နံနက်စောစော တွင်မှ ဝါးတိုင်၊ မျောတိုင်များကို ဖြတ် တောက်စိုက်ထူ၍ မိုးကာ စသည်ဖြင့် အုပ်မိုးပြီး ကန်တော့ပွဲများ ပြင်ဆင်ကြ ပါသည်။ နတ်ကနားပေးမည့်အိမ်ရှင် ဆန္ဒရှိသည့်အတိုင်း ဆိုင်ရာပိုင်ရာနတ် များအတွက် ကန်တော့ပွဲ ပြင်ဆင်ထား ရှိပါသည်။ ဆိုင်းဝိုင်းအဖွဲ့ကလည်း မြိုင် ဆိုင် တက်ကြွစွာ တီးမှုတ် သီဆိုကြပါ သည်။ သရုပ်ပျက်များ မတီး၊ မဆိုကြပါ။ နတ်နှင့်မဆိုင်သော တေးသီချင်းများကို မတီး၊ မဆိုကြပါ။ နတ်ကတော်တို့က လည်း ဟန်ဆောင်လိမ်ညာခြင်းမရှိကြ ပါ။ နတ်မဝင်လျှင် မဝင်သည့်အတိုင်း သမားစဉ်မပျက် ကခုန်ကြပါသည်။ နတ် ဝင်လာလျှင် နတ်အစစ်နှင့် စကား အမေး၊ အဖြေပြု၍ရပါသည်။ နတ်မဝင် ဘဲနှင့် ဝင်ဟန်မဆောင်ကြပါ။

နတ်ကနားပွဲတစ်ခု၌ အမေရေ ယဉ်က စာရေးသူကို 'သားတော်ကြီးက တစ်နယ်တစ်ကျေးကလာလို့ အားမငယ် နဲ့၊ အမေတို့က စောင့်ရှောက်တယ်။ အမေ့ရဲ့ကျောက်လိပ်ကလေး ပေးဦး မယ်' ဟု ဆိုခဲ့ပါသည်။

ပုံတောင်ပုံညာဒေသသည် တစ် ချိန်က ပင်လယ်ရေအောက်တွင်ရှိခဲ့





www.burmeseclassic.com

www.burmeseclassic.com

သည့်အလျောက် ကျောက်ဖြစ်ရုပ်ကြွင်းများ အများအပြားရှိနေသော မြေလွှာဖြစ်ပါသည်။ ကျောက်လိပ်ကလေးများသည်း အနှံ့အပြားတွင် မကြာခဏ တွေ့ရှိရတတ်သည်။ ထိုဒေသတွင် ကျောက်လိပ်ကလေးများ ရရှိပါက ကံကောင်းသည်၊ လာဘ်ရွှင်သည်၊ လိုရာပြည့်သည်ဟု အယူရှိကြပါသည်။ အမေကပေးမည်ဆို၍ စာရေးသူ ဝမ်းသာအားရ ဖြစ်မိပါသည်။

တစ်နေ့တွင် ကျွန်တော် အလုပ်တာဝန်ဖြင့်ခရီးထွက်ရာ ဂန့်ဂေါမြို့နယ် ကျောကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။ ထိုမှတစ်ဆင့် မြင့်မားလှသည့် တောင်တန်းများပေါ် ရောက်ခဲ့ပါသည်။

ထိုနေ့သည် ၁၉၉၅ ခု၊ စက်တင်ဘာလ (၁၉) ရက်နေ့ ဖြစ်ပါသည်။ ရေဖျူကြီးစခန်းတွင် စခန်းချ၍ ညအိပ်ရပ်နားပါသည်။ စခန်းနှင့်မနီးမဝေး တောင်ကြားတွင် ကျောချောင်း စီးဆင်းနေပါသည်။ ရေမှာ အလွန် အေးပါသည်။ ကျောက်တုံးကျောက်စွယ် ပေါများလှသောချောင်း ဖြစ်ပါသည်။ ရေစီးအလွန်သန်သည်။ စခန်းချရပ်နားစဉ် ရွာသားအချို့နှင့် မိတ်ဖြစ်ဆွေဖြစ် စကားစပ်ရင်း ကျောချောင်းအတွင်း၌ အမေရေယဉ်၏ခြေရာရှိနေကြောင်း သိရပါသည်။ ကျွန်တော်လည်း အလွန်စိတ်ဝင်စား၍ အမေ့ခြေရာကို တွေ့မြင်လိုကြောင်းပြောရာ ရွာသားများက လိုက်ပို့ကြပါသည်။

နံနက် (၉) နာရီခန့်အချိန် ဖြစ်ပါသည်။ တောင်မြင့်ကြီးပေါ်မှ ရေခပ်လမ်းလေးအတိုင်း ကွေ့ကာ ဝိုက်ကာ ဆင်းသက်လာသောအခါ ချောင်းစပ်သို့ ရောက်ပါသည်။ ရေသိပ်မများသေးပါ။ တောင်ကျချောင်းများသည် ရေမငြိမ်ပါ။ ရုတ်တရက် ရေများလာလိုက်၊ လျော့သွားလိုက် ဖြစ်တတ်ပါသည်။ ချောင်းကမ်းစပ်ရှိ အမေရေယဉ်နတ်ကွန်းတွင် မုန့်များ၊ ဖယောင်းတိုင်များတင်၍ ရွာသားများက ချောင်းအတွင်းမှ အမေရေယဉ်ခြေရာထင်နေသည့် ကျောက်တုံးကြီးတစ်ခုကို လိုက်လံ ရှာဖွေနေကြပါသည်။ ထိုကျောက်တုံးကြီးများမှာ တစ်နေရာတည်းတွင် ပုံသေမရှိဘဲ ရေစီးအားကြောင့် ရွေ့လျားနေတတ်ကြသည်ဟု ဆိုပါသည်။ တစ်ခါတစ်ရံ အပေါ်၊ အောက် လည်သွားပါက ရှာ၍မတွေ့နိုင်ကြောင်းလည်း ရွာသားများက ပြောပြကြပါသည်။

ထို့ကြောင့် စာရေးသူလည်း-

"အမေ- အမေ့ခြေရာကိုတွေ့ချင်လှပါတယ်၊ ပြတော်မူပါ"

ဟု အသံထွက်သည်အထိ ဆုတောင်းနေမိပါသည်။ သို့သော် တစ်နာရီခန့်ကြာသည်ထိ အမေ့ခြေရာကို ရှာ၍မတွေ့ကြတော့ပါ။ စာရေးသူက ဒီနေရာကောမှန်ရဲ့လားဟုမေးရာ မှန်ကြောင်း၊ တစ်ခါတစ်ရံ အမေက မပြလိုလျှင် မတွေ့နိုင်ကြကြောင်းလည်း ပြောပါသည်။ စာရေးသူမှာ အမေကသားတော်ကို စောင့်ရှောက်တယ်ဆိုပါလျက် ယခုဘာကြောင့်မတွေ့ရသလဲဟု စိတ်အားလျော့မိပါသည်။ အချိန်ကလည်း မရှိလှတော့ဘဲ ချောင်းအထက်တောင်ပေါ်မှ ရေကျသံများလည်းကြားနေရပြီး ချောင်းရေလည်း နည်းနည်းတိုးလာနေကြောင်း သတိပြုမိကြပါသည်။ စာရေးသူက ဒီတစ်ကြိမ် ဝိုင်းရှာကြပြီးမတွေ့လျှင်လည်းနေပါစေတော့၊ နောက်အလျဉ်းသင့်သည့်အခါမှ တစ်ကြိမ်ထပ်လာကြတာပေါ့ဟု ဆိုလိုက်ပါသည်။ ထို့နောက် ကမ်းစပ်ရှိ ကျောက်တုံးကြီးတစ်တုံးပေါ်တွင်သာ ဖယောင်းတိုင်များစိုက်၍ အမေ့ကို ကန်တော့ကာ 'သားတော် ပြန်ပါဦးမည်' ဟု နှုတ်ခွန်းဆက်လိုက်ပါတော့သည်။

ထို့နောက် ကမ်းပေါ်သို့ ပြန်တက်ကာ လာလမ်းအတိုင်း လှည့်ပြန်ကြပါတော့သည်။ ထိုအခါ ရွာသားတစ်ဦးက အမေရေယဉ်၏ခြေရာကို စာရေးသူ မတွေ့လိုက်ရမည်ကို အားမလိုအားမရ ဖြစ်ကာ-

"ကဲ- နောက်ဆုံးတစ်ခေါက်အနေနဲ့ ထပ်ရှာလိုက်ဦးမယ် အမေရေ"

ဟု ဆိုကာ ချောင်းအတွင်း ကျောက်တုံးအကြီး၊ အသေးများပေါ် ဆင်းလိုက်၊ တက်လိုက် လုပ်နေပြန်ပါသည်။

ကျွန်တော့်စိတ်ထဲတွင် တွေ့ရလိမ့်မည်ဟု မထင်တော့ဘဲ ကမ်းပေါ်မှ တောင်ပေါ်တက်သည့် လမ်းအစပ် သာ ရွာသားများနှင့်စကားပြောရင်း နေ လိုက်ပါသည်။

"တွေ့ပြီ၊ တွေ့ပြီ။ ဒီမှာဗျို့"

ရှာဖွေနေသည့်ရွာသားက ဝမ်းသာအားရ အော်ပြောလိုက်သဖြင့် စာရေးသူ အလွန် ဝမ်းသာသွားပါတော့သည်။ အခြားရွာသားများကလည်း ဝမ်းသာနိုင်ကြပါတော့သည်။

စာရေးသူ အပြေးကလေး ဆင်း ကြည့်ပါသည်။

ချောင်းထဲမှ ကျောက်တုံးများမှာ အကြီး၊ အသေး အရွယ်စုံလင်လှပြီး အ နက်ရောင်၊ အဖြူရောင်၊ နီညိုရောင် ရောင်စုံ ရှိနေပါသည်။ ရွာသားကြီးက မဟူရာ အနက်ရောင် ပြောင်ချော သောကျောက်တုံးကြီးကို လက်ညှိုးညွှန် ပြပါသည်။ အတော်ကြီး၍ အဖုအထစ် မပါဘဲ ကြက်ဥပုံသဏ္ဌာန် ရှိပါသည်။ အမြင့် (၃) ပေကျော် (၄) ပေခန့် ရှိ သည်။ အဖုအထစ်မရှိသည့် ကျောက် တုံးကြီးပေါ်တွင် ခြေရာချိုင့်ချိုင့်လေး နှစ်ခုမှတစ်ပါး အခြား ဘာမှမရှိသဖြ



အမေရေယဉ်ပေးသော ကျောက်လိပ်ကလေး

www.burmeseclassic.com

ချွန်းရှင်းလေးနှင့် ထင်ထင်ရှားရှားဖြစ်နေပါသည်။

ကျောက်တုံးပေါ်တွင် ချိုင့်ခွက်၍ ထင်နေသော ခြေရာမှာ ရွံ့စေးပေါ်တွင် နင်းမိ၍ ချိုင့်နေသော ခြေရာကဲ့သို့ ထင်ရှားလှပါသည်။ အမျိုးသမီးတစ်ဦး၏ခြေရာပုံသဏ္ဍာန် ဖြစ်ပါသည်။ သို့သော် ဘယ်ခြေရာနှင့် ညာခြေရာ ပြိုင်၍မနေဘဲ (ဘယ်,ညာ မမှတ်မိတော့ပါ) ခြေရာတစ်ဖက်သာ တစ်ခုလုံး ကောင်းစွာထင်၍ ချိုင့်ဝင်နေပြီး ကျန်ခြေရာတစ်ဖက်မှာ လားရာမတူ နောက်ဘက်သို့ ပြန်လှည့်နေပါသည်။ ခြေရာမှာလည်း ကောင်းစွာမထင်ဘဲ ခြေချောင်းလေးများနှင့် ခြေဖဝါးရှေ့ပိုင်းသာ ထင်နေပါသည်။ ဖြစ်ပုံမှာ ချောင်းတစ်ဖက်ကမ်းမြင့်မားသောတောင်ပေါ်မှ ခုန်အဆင်း၊ ခြေတစ်ဖက်သာ ချရသေးစဉ် ရှေ့ဘက်ရန်သူများကို ဘွားခနဲ တွေ့လိုက်ရ၍ ချက်ချင်း နောက်ပြန်လှည့်ကာ လာရာဘက်ဆီသို့ ပြန်ခုန်တက်သည့်သဘောဟု ယူဆရပါသည်။

ထိုစဉ်က စာရေးသူထံတွင် ဓာတ်ပုံရိုက်ရန် ကင်မရာမပါရှိခဲ့သဖြင့် အမှတ်တရ မရိုက်ကူးနိုင်ခဲ့သည်မှာ ဝမ်းနည်းစရာ ဖြစ်ပါသည်။

စာရေးသူလည်း အမေရေယဉ် ခြေရာကို မြင်တွေ့ရသဖြင့် အလွန်ဝမ်းမြောက်နိုင်အောင် ဝမ်းသာနေစဉ်မှာပင် တောင်ကျရေများ တဖြည်းဖြည်း များလာကာ ရေသံလည်း ပိုမိုကျယ်လာသဖြင့် ကမ်းပေါ်သို့ ပြန်တက်လာခဲ့ပါသည်။

'အမေက သားတော်ကို အသိအမှတ်ပြုတာပါလား'

ဟု ဝမ်းမြောက်ကျေနပ်စွာဖြင့် စခန်းချရာ တောင်ပေါ်သို့ ပြန်တက်လာခဲ့ပါတော့သည်။

✿

၁၉၉၅ ခုနှစ်အတွင်း ရက်စွဲမမှတ်မိသောတစ်နေ့ ဖြစ်ပါသည်။ အမေရေယဉ်၏နယ်မြေ တစ်နေရာပင် ဖြစ်ပါသည်။ စာရေးသူ တာဝန်ဖြင့် ခရိုင်ရုံးတည်ရှိရာ ဂန့်ဂေါမြို့သို့ သွားခဲ့ရပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံတော်တွင် ရေအရင်းအမြစ်များက ပေါများကြွယ်ဝလှပါသည်။ မြစ်ကြီးမြစ်ငယ်များသာမက အင်း၊ အိုင်၊ ချောင်း၊ မြောင်းများလည်း ပေါများလှပါသည်။ မကွေးတိုင်းဒေသကြီးအတွင်း၊ အထူးသဖြင့် ဂန့်ဂေါခရိုင်အတွင်းတွင် တောင်ကျချောင်းများ အလွန်များပြားလှပါသည်။ ယခုအခါတွင် မြစ်ကူး၊ ချောင်းကူးတံတားများ တိုးတက်ထွန်းကားလာပြီ ဖြစ်ပါသည်။ စာရေးသူ တာဝန်ထမ်းဆောင်ခဲ့သည့် လွန်ခဲ့သော (၁၈) နှစ်လောက်ကတော့ ချောင်းကူးတံတားများ နေရာတိုင်းမရှိသေးပါ။ တောင်ကျချောင်းများ၌ တောင်ကျရေဆင်းလာချိန်ဖြစ်ပါက ကမ်းနဖူးမှာ ကားရပ်ပြီး စောင့်ဆိုင်းရပါသည်။ ချောင်းရေနည်းသွားမှ ချောင်းအတွင်း သဘာဝ ကျောက်တုံး ကျောက်ခဲများ အပေါ်က ကားကို မောင်းနှင်ကြရပါသည်။ တစ်ခါတစ်ရံ စိတ်မချရပါက ကားရှေ့မှ လူနှစ်ယောက်လောက် ပုဆိုးခါးတောင်းကျိုက်လျက် နင်းကြည့်ပြီးမှ ကားမောင်းရပါသည်။ ထိုကဲ့သို့ လမ်းလျှောက်သွားရာတွင် ရေညှိကပ်နေသော ကျောက်တုံးကို နင်းမိလျှင် ချော်လဲနိုင်ပါသေးသည်။

စာရေးသူ ဂန့်ဂေါမြို့မှအပြန်တွင် မိုးရာသီဖြစ်သောကြောင့် ချောင်းရေများ တဝေါဝေါ ကျဆင်းလျက် ရှိနေသော ချောင်းကြီးတစ်ခုကို ဖြတ်ကူးရပါသည်။ ချောင်းအမည်ကို မမှတ်မိတော့ပါ၊ ဖြစ်စဉ်ကိုသာ မှတ်မိနေပါသည်။ ချောင်းရေတိုးနေသည့်အချိန် မဟုတ်သော်လည်း မိုးရာသီဖြစ်၍ ဒူးဆစ်အထက်လောက်တော့ ရေက ရှိနေပါသည်။ ရေစီးအားအတော်အသင့် ရှိပါသည်။ စာရေးသူစီးသောကားက မာဇဒါဂျစ် ဖြစ်ပါသည်။ ဝန်ထမ်းတပည့်များလည်း (၃)၊ (၄) ဦးပါလာကြပါသည်။ ကားမောင်းသူ ဒရိုင်ဘာက ချင်းအမျိုးသားကလေးဖြစ်ပြီး ဗမာစကား ကောင်းစွာ ပြောတတ်ပါသည်။ ကားမောင်း အလွန်ကျွမ်းကျင်ပါသည်။ တာဝန်ဖြင့် ခရီးသွားလာရာတွင် နောက်ဆံတင်းစရာ အရေးကြီးလုပ်ငန်းတွေလည်းရှိ၍ တစ်ကြောင်း၊ ချောင်းရေနည်းနေချိန်ဖြစ်၍တစ်ကြောင်း ဖြတ်ကူးပါသည်။

ထိုစဉ် မိုးက သဲကြီးမဲကြီးရွာသွန်းလာပါတော့သည်။ ဒူးဆစ်အထက်ခန့်ထိ ရေရှိသည့်ချောင်းများကို ဖြတ်ကူးလျှင် ကားမောင်းသူတို့ အစိုးရိမ်ဆုံးမှာ ရေလယ်တွင် ကားစက်ရပ်သွားမှာပဲ ဖြစ်ပါသည်။ ကားစက်ရပ်သွားက အိတ်ဇောထဲရေဝင်မည်၊ အင်ဂျင်ထဲ ရေဝင်မည်၊ ကားစက် ပြန်မနိုးနိုင်တော့ပါ။ ထို့ကြောင့် နှေးနှေးမောင်းလျှင်လည်း ကားစက်ရပ်သွားနိုင်သည်၊ မြန်မြန်မောင်းလျှင်လည်း ဘီးချော်နိုင်သည်။ သဲထဲ ဘီးများနစ်ဝင်သွားနိုင်သည်။ ချိန်ဆ၍ မောင်းရပါတော့သည်။

ထိုစဉ်မှာပင် မမျှော်လင့်ဘဲ ကားစက်ရပ်သွားပါတော့သည်။ စာရေးသူ မျက်လုံးပြူးသွားရပါသည်။ ချောင်းအလယ်ကို ရောက်နေပါသည်။ ဒရိုင်ဘာလေးက ကားစက်ကို အကြိမ်ကြိမ် နှိုးကြည့်သော်လည်း မနိုးတော့ပါ။ ဒရိုင်ဘာလည်း ကြံရာမရ ဖြစ်သွားပါတော့သည်။ ရေထဲ စက်ရပ်သွားလျှင် ဘာမှလုပ်၍မရနိုင်တော့ပါ။ ကားထဲ ရေတွေဝင်လာပါတော့သည်။ ကားထဲတွင် ခြေမျက်စိမြုပ်ရုံမျှ ရေရောက်လာသည်။ အိတ်ဇောထဲကိုတော့ ရေဝင်သွားပြီ ဖြစ်ပါသည်။ စာရေးသူ၏တပည့်များလည်း ကားကို ကြိုးဖြင့်ဆွဲရန် ချောင်းတစ်ဖက်က ကမ်းပေါ်တက်သွားကြပါသည်။ ရွာသားများကို အကူအညီတောင်း၍ နွားနှင့်လူအားတို့ဖြင့် ကားကိုဆွဲမည်ဟု စီစဉ်ကြပါတော့သည်။

ကားထဲတွင် စာရေးသူနှင့် ဒရိုင်ဘာနှစ်ဦးတည်းသာ ကျန်ပါတော့သည်။

"ဆရာ ဆင်းလျှောက်လိုက်ရမလား"

ဟု မေးသောအခါ ဒရိုင်ဘာလေးက-

"မဆင်းနဲ့ ဆရာ၊ ကားတံခါးဖွင့်လိုက်ရင် ရေတွေတိုးဝင်လာလိမ့်မယ်။ ဆရာ ရေထဲလဲသွားလည်း မကောင်းဘူး၊ ကြိုးလာအောင် စောင့်တာပေါ့"

ဟု ပြောပါသည်။

သို့သော် ချောင်းတစ်ဖက်တွင် ရွာမရှိနိုင်ပါ။ တပည့်တွေလည်း အတော်ကြာသွားသည်အထိ မပေါ်လာကြပါ။ စာရေးသူတို့ စိတ်ဓာတ်အတော်ကျနေကြပါသည်။

အရေးဆို အမေ့ကို ပြေးသတိရပါသည်။

"အမေရေယဉ်ကြီး၊ သားတော်ကို စောင့်ရှောက်တော်မူပါ။ အမေရှိတဲ့နေရာကနေ သားတော်ရဲ့အခက်အခဲကို သိတော်မူ၊ ကြားတော်မူ၊ မြင်တော်မူသည်ဖြစ်၍ ကူညီမ,စပေးတော်မူပါ"

စာရေးသူသည် အနည်းငယ်မျှသော အခက်အခဲလောက်ဖြင့် နတ်တို့ကိုတိုင်တည်လေ့မရှိပါ။ အလွန် အကျဉ်းအကျပ်ရောက်မှသာ တိုင်တည်လေ့ရှိပါသည်။

ကားစက်ရပ်သွားသည်မှာ (၁၅) မိနစ်ကျော်ကြာသွားပြီ ဖြစ်ပါသည်။ တ



www.burmeseclassic.com

www.burmeseclassic.com

# ဖောက်မှိုအတွက် အကြောက်မပိုနဲ့

စာရေးသူသည် ၂၀၁၁ ခု၊ စက်တင်ဘာလ (၉) ရက်နေ့တွင် ဆရာရင်း၊ ဒကာရင်းဖြစ်သော ဆရာတော်ဦးဉာဏဝံသထံသို့ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် သွားရောက်ခဲ့ပါသည်။ ဆရာတော်သည် ဆုမွန်များပေးပြီး စာရေးသူ၏ပြောင်နေသော ဦးခေါင်းထက်သို့ကြည့်ပြီး 'ဒကာကြီး ဦးခေါင်းက ပြောင်နေပေမယ့် ဟိုတစ်ကွက် ဒီတစ်ကွက်နဲ့ ဖြူဖြူအဖတ်လေးတွေက ဘုန်းကြီးအမြင် ဖောက်မှိုတွေလို့ပဲ ထင်တယ်။ အဲဒါ ဒကာကြီး ဘာဆေးမှ မလိမ်းဘူးလား"

"တပည့်တော် အင်္ဂလိပ်ဆေး၊ မြန်မာဆေး အမျိုးမျိုး သုံးပါတယ် ဘုရား။ ဒါပေမယ့် မပျောက်ပါဘူး ဘုရား။ တချို့က ပြောကြတယ်၊ တပည့်တော်ငယ်ငယ်က လူးတဲ့ ခေါင်းလိမ်းဆီမျိုးစုံကြောင့်ဖြစ်တယ်လို့။ မှန်သင့်သလောက်တော့ မှန်ပါတယ်။ တပည့်တော်ငယ်ငယ်က ခေါင်းလိမ်းဆီတို့၊ ရေမွှေးတို့ကို နှစ်သက်ပါတယ် ဘုရား။ ဒါတွေကလည်း ကုန်လွန်ခဲ့တဲ့ ခေတ်တွေ လူပျိုဘဝက အသုံးပြုတာပါ ဘုရား။ တပည့်တော် အိမ်ထောင်ပြုပြီးနောက်ပိုင်း ခေါင်းလိမ်းဆီကို အသုံးမပြုတော့ပါဘူး ဘုရား"

"ဒကာကြီးကို ဘုန်းကြီး ဆေးနည်းပေးမယ်။ ဒီဆေးနည်းက ကျုပ်ကျောင်းက ကိုရင်လေးတွေ ဦးခေါင်းမှာ ဒက်သတ်တဲ့ဆေးနည်းပဲ။ မရှက်မကြောက်နဲ့ ဒကာကြီးလုပ်ကြည့်ပါ၊ သက်သာပျောက်ကင်းမယ်လို့ ဘုန်းကြီးထင်တယ်။ သံပရာသီး (၉) လုံးကို ဈေးမှာဝယ်ပါ။ တစ်နေ့ တစ်လုံးကိုခြမ်းပြီး မနက်တစ်ခြမ်း၊ ညနေတစ်ခြမ်း ဒကာကြီးဦးခေါင်းမှာဖြစ်ပေါ်နေတဲ့ ဖောက်မှိုတွေကို ပွတ်တိုက်ပေးပါ။ (၉) ရက်တိတိ ဒကာကြီးက စိတ်ရှည်စွာနဲ့ ပြုလုပ်ပေးပါ"

"မှန်ပါ့ဘုရား၊ တပည့်တော် စမ်းကြည့်ပါ့မယ် ဘုရား။ ဆေးနည်းပေးတဲ့ အရှင်ဘုရားကိုလည်း တပည့်တော် ကျေးဇူးတင်ပါတယ် ဘုရား"

ဆရာတော်ကိုဦးခိုက်ပြီး ကျောင်းမှပြန်ခဲ့ရာတွင် လမ်းမှာ သံပရာသီးအထမ်းသည်နှင့်တွေ့၍ သံပရာသီး (၁၀) လုံးကို ငွေ (၁၀၀) ကျပ်ဖြင့် ပေးဝယ်ပြီး မိမိအိမ်တွင် ဆရာတော်ညွှန်ကြားသည့်အတိုင်း သံပရာသီး (၉) လုံးဖြင့် (၉) ရက်တိတိပြုလုပ်ရာတွင် ဒက်နှင့်တူသော ဖောက်မှိုများ နင်နေငါသွား သက်သာပျောက်ကင်းသွားခဲ့သည်မှာ စာရေးသူ၏ကိုယ်တွေ့ပင် ဖြစ်ပါတော့သည်။

ဆရာတော်ကြီး ဦးဉာဏဝံသကိုလည်း ကျေးဇူးအထူးတင် ဝမ်းမြောက်စွာဖြင့် ဤဆောင်းပါးနှင့်အတူ ဦးအကြိမ်ကြိမ်အခါခါ ချလိုက်ရပါတော့သည်။ ဖောက်မှိုအတွက် အကြောက်မပိုပါနှင့်၊ ဖောက်မှိုကို ပျောက်လိုလျှင် စာရှုသူမိတ်ဆွေများ စာရေးသူကဲ့သို့လုပ်ကြည့်ပါ၊ အမှန်ပင် သက်သာပျောက်ကင်းပါလိမ့်မည်။

ဘုန်းပြည့်လျှံဝေ (ရောမြေ)

---

မျှဆိုလျှင် စက်ထဲရေဝင်နေပြီဖြစ်၍ နှိုး၍ရနိုင်တော့မည်မဟုတ်ပါ။ မိုးကလည်း မတိတ်နိုင်သေးပါ။

"ကဲ- ဆရာ၊ နောက်ဆုံးတစ်ကြိမ် နှိုးကြည့်လို့မှ မရရင်တော့ ကားပေါ်က ဆင်းလျှောက်ကြမယ်။ ချောင်းရေတိုးလာရင် ကားလိမ့်သွားလိမ့်မယ်။ အန္တရာယ်ရှိနိုင်တယ် ဆရာ"

ဒရိုင်ဘာလေးက စိတ်ကူးတစ်မျိုးပြောင်းသွားပြီး ပြောလိုက်ပါသည်။ စာရေးသူလည်း ရတနာမြတ်သုံးပါးကို အစပြုလျက် အမေရေယဉ်ကို တမ်းတကာ မျှော်လင့်ကြီးစွာ ကြည့်နေလိုက်မိသည်။

"ဝူး. . . ဝူး"

အလွန်ပင် မျှော်လင့်ချက်ကင်းမဲ့နေသည့်ကြားမှ ကားမှာ ရုတ်တရက် စက်နိုးသွားသဖြင့် စာရေးသူတို့ နှစ်ဦးလုံး အံ့အားလည်းသင့်၊ ဝမ်းအသာကြီးသာ၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပါတော့သည်။

ဒရိုင်ဘာလေးလည်း စက်ကိုလုံးဝ ရပ်မသွားအောင် လီဗာကို နင်း၍နင်း၍ စက်မှုလာအောင် လုပ်နေပါတော့သည်။ သူ့ခမျာ လီဗာနင်းထားသည့်ခြေထောက်ကို မလွှတ်ရဲရှာတော့ပါ။

"ဆရာ သေချာကိုင်ထားနော်"

ဟု သတိပေးပြီးနောက် ကားကို မောင်းထွက်လိုက်ပါတော့သည်။ အရှိန်ပြင်းပြင်းနှင့်မောင်းသည်မို့ ကျောက်ခဲများပေါ်တွင် ကားဘီးတို့မှာ လူးလွန့်နေပါတော့သည်။

ဤသို့ဖြင့် ကားလေး ချောင်းတစ်ဖက်ကမ်းပေါ် အရောက်တွင် ကြိုးများနှင့် ပစ္စည်းပစ္စယများ ယူဆောင်လာသော တပည့်များ ရောက်ရှိလာခိုက်နှင့်ကြုံပြီး တပည့်များအားလုံး အံ့အားသင့်နေကြပါတော့သည်။ သူတို့နှင့်ပါလာသော ရွာသားများလည်း အံ့သြကုန်ကြပါတော့သည်။ စာရေးသူကတော့ စိတ်ထဲမှ အမေရေယဉ်ကို အလွန်တရာ ကျေးဇူးတင်စွာဖြင့် ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ် အထပ်ထပ် ရေရွတ်ပြောဆိုနေမိပါတော့သည်။

အိမ်ပြန်ရောက်၍ ခြေပစ်လက်ပစ် ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြီး ဇနီးသည်အား ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပါသည်။

"အမေက ထင်ထင်ရှားရှား မ,စတာတော့အမှန်ပဲ အေးရေ"

"ဒါနဲ့ အမေက သားတော်ကြီးကို ကျောက်လိပ်ပေးမယ်လို့ ပြောထားပြီး ခုထိလည်း မပေးသေးဘူးနော်"

စာရေးသူက အမေ့အကြောင်းပြောနေရင်းက ကျောက်လိပ်ကို သတိရလိုက်ပြန်၍ တမ်းတမ်းတတ ပြောလိုက်မိပါသည်။

"ဟာ- ဟုတ်ပါရဲ့ ပြောရဦးမယ် မောင်၊ ကျောက်လိပ်ကလေး လာပေးသွားတယ်။ ဟုတ်တယ်၊ ဟုတ်တယ်"

ဟု အေးက ပြောပြောဆိုဆိုဖြင့် ဘုရားခန်းထဲဝင်သွားပြီး ပြန်ထွက်လာပါသည်။

"ရုံးက ဘီစီကြီး ဦးအေးဝမ်းကယူလာပေးသွားတာ။ လောင်းရှည်တိုက်နယ်က ညောင်ပင်ကျေးရွာ ကျန်းမာရေးမှူး ဦးအောင်စိုးရင်က ဆရာ့ကိုပေးပေးပါ၊ ဆရာနဲ့ ခရီးသွားရင်း ကျောက်လိပ်အကြောင်းတွေ ဆွေးနွေးခဲ့ကြဖူးလို့ အမှတ်တရပေးတာပါဆိုပြီး ပေးသွားတယ်တဲ့ မောင်ရဲ့"

စာရေးသူလည်း ထ၍ခုန်မိတော့မတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတော့သတည်း။

တက္ကသိုလ်-ဝင်းမြင့်

*(မှတ်ချက်- စာရေးသူ ကိုယ်တွေ့အဖြစ်အပျက်အမှန် ဖြစ်ပါသည်။ နေရာဒေသနှင့် အမည်နာမများလည်း အမှန်ပင် ဖော်ပြအပ်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့. . . ဘာလို့ 'ဒီနေ့' လို့ ပြောရသလဲဟု အမေးရှိနိုင်ပါသည်။ မေးလည်းမေးသင့်သောမေးခွန်း ဖြစ်ပါသည်။ 'ဒီနေ့' လို့ ပြောရခြင်းမှာ တစ်နေ့တည်းနှင့် မမျှော်လင့်ဘဲ အကြောင်း (၃) ရပ်နှင့် တိုက်ဆိုင်မှုရှိနေခဲ့လို့ ပြောရခြင်း ဖြစ်ပါသည်။

တိုက်ဆိုင်မှုအဖြစ် (၃)ရပ်မှာ-

ပထမ ရာသီဥတုကို ပြောပြလိုပါသည်။ ၂၀၁၂ ခုနှစ်၊ မတ်လကတည်းက ပူလာလိုက်သည့်အပူရှိန်မှာ မနေ့ကအထိ ဖြစ်ပါသည်။ (၃) လကျော်လွန်လာပြီး (၄) လဘက်ကိုပင် ကူးဝင်နေပြီ ဖြစ်ပါသည်။

စာရေးသူတို့မြို့မှာ မြန်မာပြည်၏အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဆိုသော်လည်း ယခုနှစ်လောက်တော့ ပြည်သည့်နှစ်များကမျှ ပူခဲ့ခြင်း မရှိပါ။ ယခုအပူချိန်မှာ (၁၁၀)ကျော် ဒီဂရီဖာရင်ဟိုက် ဖြစ်နေလို့ပါ။

မိုးဦးကာလရောက်သည်ဆိုလို့ မိုးရွာ ယနေ့အထိပင် ဖြစ်ပါသည်။ မိုးဖွဲဖွဲရုံလောက် တစ်ကြိမ်မှာ (၂၀) မိနစ်၊ နာရီဝက်လောက်တော့ (၂) ခါ ရွာခဲ့ပြီး ဖြစ်ပါသည်။ ထိုမျှလောက် ရွာရုံမျှနှင့်တော့ အပူမငြိမ်းနိုင်သေးပါ။

မြေလတ်မှာမွေး၊ မြေလတ်မှာပင် ကြီးပြင်းလာခဲ့ကြသော ဒေသခံများပင် လွန်း၍ ဘုရား၊တရသည့် အခြေအနေမျိုး ဖြစ်ပါသည်။

ဒီနေ့က စနေနေ့ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့ မနက်မှာ ပြီးခဲ့ပြီးသောရက်များကလို မနက်

# ဘုန်းခေါင်

# အနန္တလိဒ္ဓိအလိုတော်ပြည့် မဟာဇာတာတော်စကြာအင်း

## ...ကို ဆောင်ထားပါ

ခင်းမှာ ဥတုညင်သာနေခဲ့ပါသည်။

ဒုတိယအကြောင်းကတော့ ရင်သွေးတို့၏ စာမေးပွဲဇက်ထွက်သော၊ အောင်စာရင်းထွက်သောနေ့ ဖြစ်ပါသည်။ (၁၀) တန်း အောင်စာရင်းကလည်း ဒီနေ့ ထွက်ပါပြီ။

တတိယအကြောင်းကောင်း တစ်ခုကတော့ စာရေးသူတို့မြို့၏ အဓိကအရေးပါသော တံတားသစ်ကြီး ဖွင့်လှစ်သော ဖွင့်ပွဲနေ့လည်း ဖြစ်ပါသည်။

'ရွှေချောင်းတံတား အမှတ် (၁)' ဟု အမည်ရပါသည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလက စတင်ပြီး လုပ်ငန်းဝင်ခဲ့ရာ မေလကုန်တွင် တည်ဆောက်ပြီးဆုံးသွား၍ ယခု ၉-၆-၂၀၁၂ နေ့မှာ ဖွင့်လှစ်လိုက်သောနေ့တို့နှင့် တူညီနေခြင်း ဖြစ်သည်။

မနက် (၁၁) နာရီထိုးသံကို စာရေးသူတို့မြို့၏ကျက်သရေဆောင် အရှေ့တိုက်ကြီးရှိ နာရီစင်မှ နာရီသံကြားနေရပါသည်။ ထိုစဉ်တွင် ကျွန်ုပ်၏အိမ်ဝင်းတံခါးဝမှပင် အသံပေးပြီး ဧည့်သည် (၃) ယောက် ဝင်လာနေပါပြီ။

ကျွန်ုပ်၏ အလုပ်စားပွဲရှေ့သို့ ရောက်လာချိန်တွင် တစ်ယောက်က ကျွန်ုပ်ကို ပြုံးရွှင်စွာနှုတ်ဆက်လေ၏။

"ဆရာ"

ဟု ခေါ်သံကြောင့် ကျွန်ုပ် မော့ကြည့်လိုက်ရာ ကျွန်ုပ်၏တပည့် မောင်မောင်စိုး။ ကျွန်ုပ်ကို လွန်စွာနှစ်လိုသော အပြုံးနှင့် ပြုံးပြနေပါသည်။

ကျွန်ုပ်၏မျက်နှာချင်းဆိုင်တွင်ရှိ ကုလားထိုင်များတွင် ဝင်ရောက်ထိုင်ရန် နေရာပေးလိုက်ပါသည်။ ကျွန်ုပ်မှာ နှုတ်ကလည်း အောက်ပါအတိုင်း ပြောလိုက်ပါတော့သည်။

"ထိုင်ကြကွာ၊ ဘယ်ကနေ ဝင်လာခဲ့ကြတာလဲ"

ဟု ပြောလိုက်ပါသည်။

"ဒီက မိတ်ဆွေ (၂) ယောက်က သူတို့ရဲ့အခက်အခဲကို ပြောပြီး အကူအညီတောင်းနေကြလို့ ဆရာ။ အဲဒါနဲ့ ကျွန်တော် ဆရာ့ဆီကို လိုက်ပို့ပေးတာပါ။

ဆရာ့ကို ခင်ဗျားတို့ဆန္ဒ ပွင့်ပွင့်လင်းလင်းသာ ပြောကြပါ"

ဟု ပြောပါတော့သည်။

ကျွန်ုပ်မှလည်း တပည့်နှင့်အတူ ပါလာကြသော မျက်နှာစိမ်းဧည့်သည်များကို-

"ဘာမှအားမနာပါနဲ့၊ ပွင့်ပွင့်လင်းလင်း ပြောပါ။ ဆရာ့အနေနဲ့တတ်စွမ်း





www.burmeseclassic.com

www.burmeseclassic.com

သမျှ အကူအညီပေးပါမယ်”

ဟုပင် စကားခင်း၍ လမ်းဖွင့်ပေးလိုက်ပါသည်။

ဧည့်သည်တို့မှာလည်း ရင်းနှီးသော သူငယ်ချင်းများဖြစ်ကြပြီး ယခုရက်တွင် အရောင်းအဝယ် ဖင့်လေးနေခြင်းနှင့် လူမှုရေးနယ်တွင်လည်း အခက်အခဲများရှိနေကြောင်း ပွင့်လင်းစွာပြောပြကြပါတော့သည်။

ကျွန်ုပ်သည် နိစ္စဓူဝကျင့်ဝတ်ကို အပျက်မခံသလို မဟာအဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်လာခဲ့သည့်ကာလမှာ တတိယဝါရကြီးကို ရောက်နေပြီ ဖြစ်ပါသည်။ နောက်တစ်ခု အထက်တွင် တိုက်ဆိုင်ခဲ့သလို ကျွန်ုပ်၏မဟာအဓိဋ္ဌာန်ကျင့်စဉ်ကြီးကို (၇) ကြိမ်မြောက် (၉) ရက်အဓိဋ္ဌာန် စတင်ဝင်ရောက်ခဲ့သောနေ့လည်း ဖြစ်နေပြန်ပါသည်။

[ကျွန်ုပ်သွားနေသော မဟာအဓိဋ္ဌာန်ကာလကြီးမှာ ဝါရကြီးတစ်ဝါရတွင် တစ်ကြိမ်လျှင် (၉) ရက် တစ်ဝါရသတ်မှတ်ပြီး (၉) ရက် ဝါရငယ် (၁၈) ကြိမ်သွားရသည်။ အဓိဋ္ဌာန်အောင်မြင်ပြီးမြောက်အောင် ဝါရကြီး (၃) ဝါရသွားရသဖြင့် (၉) ရက်အဓိဋ္ဌာန်အကြိမ်ပေါင်း (၅၄) ကြိမ် သွားရခြင်း ဖြစ်ပါသည်။ စာရေးသူ]

ကျွန်ုပ် ယခုအကူအညီပေးလိုက်ရသော ဧည့်သည် (၂)ယောက်မှာ အများကြုံတွေ့နေရသော စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အရေး(၆)မျိုးတွင် (၄)မျိုးလောက်မှာ ရာနှုန်းဖြင့် ပြောရမည်ဆိုလျှင် (၆၀) ရာနှုန်းလောက် အားနည်းနေချိန် ဖြစ်လေသည်။ သို့နှင့်ပင် ကျွန်ုပ်သည် ထိုဧည့်သည်များနှင့် သင့်လျော်မည့်အကြောင်းကိစ္စကို စဉ်းစားရပါတော့သည်။

ယခု ကျွန်ုပ်တင်ပြသည့် ‘အနန္တသိဒ္ဓိ အလိုတော်ပြည့် မဟာဇာတာတော်စက် စကြာအင်း’ ကို အာရုံစူးရောက်သွားခဲ့ပါသည်။ ဘာကြောင့် ထိုဇာတာတော်စက် စကြာအင်းကို အာရုံရောက်ရသလဲဆိုလျှင် ထိုစကြာအင်းတော်တွင်-

၁။ မြတ်စွာဘုရားရှင်၏ မဟာဇာတာတော်ပါခြင်း၊
၂။ သရဏဂုံ (၃) ရပ် ပါဝင်ခြင်း၊
၃။ သစ္စသိဒ္ဓိကိုပြခြင်း၊
၄။ မူလဘူတ စမ ပါခြင်း၊
၅။ ကြီးလေးကြီးစမ ပါခြင်း၊
၆။ အင်းများစုပေါင်းပြီး စကြာယန္တရား ဆင်ထားခြင်း။


အကြောင်းကောင်း (၆) မျိုးနှင့် ပြည့်စုံနေပါသည်။ နောက် ထိုစမကို စီမံရပုံမှာလည်း ထူးခြားပါသည်။ စီမံရပုံ ထူးဆန်းသလို ကျင့်စဉ်မှာလည်း အဆန်းတကြယ် ဖြစ်နေပြန်ပါသည်။ လွန်စွာ အကျိုးပေးသန်ပြီး အစွမ်းအားကြီးသော စမတော်လည်း ဖြစ်ပါသည်။

**စီမံရပုံ**

ထိုဇာတာတော် စက်မြတ် စကြာစမကို အဝတ်စဖြင့် စီမံရမည် ဖြစ်ပါသည်။ အဝတ်စကို ရွေးချယ်ရန် အရောင်ကို (၃) မျိုးကိုသာ ခွင့်ပြုထားပြန်ပါသည်။

၁။ အဖြူရောင်
၂။ အပြာရောင်
၃။ အစိမ်းရောင် တို့ ဖြစ်ပါသည်။

(မူလဆရာဖော်ပြထားခဲ့သော အဝတ်စပေါ်၌ အင်းစီမံရာတွင် ရွေးထုံး



အနန္တသိဒ္ဓိ အလိုတော်ပြည့် မဟာဇာတာတော်စကြာအင်း



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးမောင်မောင်သန်း
( ရှင်ကိုအားမြစေသော )

(၂၉၄) ကြိမ်မြောက် ထီဖွင့်ပွဲကြီး နီးလာပြီ ဖြစ်၍ ချမ်းသာသွားကြမည့် သူများအတွက် ချမ်းသာခြင်းကို ဖြစ်လာစေမည့် ဂဏန်းလုံးလေးများနှင့် ပါရမီဖြည့်လိုက်ရမည် ရှိသော်-

**တနင်္ဂနွေသားသမီးများ**

ဇွန်လမှာ- ၄၊ ၈၊ ၁၆၊ ၂၂၊ ၂၅၊ ၂၆ ရက်များမှာ ထီထိုးပါ။

တနင်္လာနံ ဘွဲ့အမည်ရှိသော ဘုရားစေတီတစ်ဆူဆူတွင် ပန်းပေါင်းစုံ လှူပါ။ (၅) ကြိမ်ခန့်လှူပြီးမှ ထီထိုးပါ။

ဇူလိုင်လတွင်- ၂၊ ၉၊ ၄၊ ၈၊ ၅ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဇွန်လမှာ- ၅၊ ၁၃၊ ၁၉၊ ၂၂၊ ၂၃ ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့အမည်ရှိသော ဘုရားစေတီတစ်ဆူဆူတွင် ဘုရားဂုဏ်တော်များကို အနည်းဆုံး တစ်နာရီခန့် ထိုင်ရွတ်ဖတ်ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဇူလိုင်လတွင်- ၄၊ ၈၊ ၃၊ ၂၊ ၉၊ ၇ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဇွန်လမှာ- ၆၊ ၁၄၊ ၂၀၊ ၂၄ ရက်များမှာ ထီထိုးပါ။

အဓိဋ္ဌာန်ပုတီးစိပ်ခြင်းကို မကြာခဏပြုပါ။ (၂) ကြိမ်၊ (၃) ကြိမ်ပြည့်ပြီးရင် ထီထိုးပါ။

ဇူလိုင်လတွင်- ၂၊ ၉၊ ၅၊ ၄ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇွန်လမှာ- ၇၊ ၁၅၊ ၂၀၊ ၂၅ ရက်များမှာ ထီထိုးပါ။

မိတ်ဆွေတစ်ဦးဦး ရာထူးတက်သွားခြင်း၊ လုပ်ငန်းများ အဆင်ပြေခြင်း ကြားသည်နှင့် ထီထိုးပါ။

ဇူလိုင်လတွင်- ၃၊ ၂၊ ၉၊ ၇ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဇွန်လမှာ- ၈၊ ၁၆၊ ၁၉၊ ၂၂ ရက်များမှာ ထီထိုးပါ။

နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ ဘုရားဖူးခရီးတစ်ခုခု သွားပြီး အပြန်မှာ ထီထိုးပါ။

ဇူလိုင်လတွင်- ၄၊ ၈၊ ၅ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဇွန်လမှာ- ၉၊ ၁၀၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

ကြီးကျယ်ခမ်းနားစွာ လှူသော အလှူကြီးတစ်ခုကို မြင်ခြင်း (သို့) ကြားခြင်းဖြစ်ပြီးသည်နှင့် ထိုးပါ။

ဇူလိုင်လတွင်- ၂၊ ၉၊ ၃၊ ၈ ဂဏန်းများ ကံစပ်နေပါသည်။

**စနေသားသမီးများ**

ဇွန်လမှာ- ၁၁၊ ၁၈၊ ၂၁၊ ၂၄ ရက်များမှာ ထီထိုးပါ။

ရေကုသိုလ်တစ်ခုခုပြုလိုက်ပါ။ ပြီးရင် ထီထိုးပါ။

ဇူလိုင်လတွင်- ၄၊ ၈၊ ၇၊ ၉ ဂဏန်းများနှင့် ကံစပ်နေပါသည်။

*** ဇွန်လ (၂၇) ရက်၊ နယုန်လပြည့်ကျော် (၄) ရက်၊ ကြာသပတေးနေ့တွင် မည်သည့်နေ့သားမဆို ထီထိုးဖြစ်အောင် ထိုးပါလေ။** ■

---

...ရ ကွမ်းရိုးလိုက်ရပါသည်။ ကွမ်းရိုးထိုက်ရပုံမှာ ကွမ်းရွက်နှင့်ကညစ်ကို အချိုးချပါသည်။ ယခုအခါတွင် ကွမ်းပျူ...ဖြင့် စီမံနိုင်ပါသည်။ ဥပမာအားဖြင့် ...ပေါ် ရေးသားသကဲ့သို့ပင် ဖြစ်ပါသည်။ စာရေးသူ)

အဝတ်စဖြင့် စီမံပြီးသည်နှင့် ...တပ်ပါအတိုင်း စီမံပါရန် သိဒ္ဓိတင်...ရာတွင် သစ်သီး (၃) မျိုး၊ မုန့် (၃) ...ပန်း (၃) မျိုး၊ နံ့သာတိုင် (၃)တိုင်၊ ...ယင်းတိုင် (၃)တိုင်တို့ ကပ်လှူရမည်။ ...များနှင့် နတ်၊ ဗြဟ္မာတို့ ပင့်ဖိတ်... ဘုရားကန်တော့ပါ၊ သီလခံယူပါ၊ ...ပွားပို့သပါ၊ ကုသိုလ်အမျှပေးဝေပါ။

**... ဆောင်ရွက်ရန်အတွက် ဂါထာ...**

က။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
(တစ်ခေါက်စီ ပူဇော်ရန်။)

ခ။ အ ဇ ဘော ဇီ ယာ မ မ အအံ နိနိ အ။
(အခေါက်ရေ ၃၀ ရွတ်ဖတ်ရန်။)

ဂ။ သဒ္ဒါ ဇ တဿ၊ ဆန္ဒော ဇာယ တိ ဆန္ဒဇာတော ဥဿဟတိ။
(၂၁ ခေါက် ရွတ်ဖတ်ရန်။)

နေ့စဉ် ဆောင်ရွက်ပေးရပါမည်။

ကာလ အဓိဋ္ဌာန်ထားရပါမည်။

ကာလအဓိဋ္ဌာန်ကို (၁၇) ရက်သတ်မှတ်ထားရှိရမည်။

(ထိုအနန္တသိဒ္ဓိ အလိုတော်ပြည့် မဟာဇာတာတော် စကြာအင်းကို သီးခြားဖော်ပြထားပါသည်။ စာရေးသူ)

စာချစ်သူ မိတ်ဆွေများကို အထူးသတိပေးလိုပါသည်။

အဓိဋ္ဌာန် (၁၇) ရက်တွင် ကာလတစ်ဝက်ကျော်လာသည်နှင့် အဖျက်အဆီး၊ အနှောင့်အယှက် အားကြီးလှပါသည်။ အဓိဋ္ဌာန်ကို မကျိုးမပေါက် မပြောက်မကျား ချို့ယွင်းချက်ကင်းစွာ အောင်မြင်သူ အမျိုးသား၊ အမျိုးသမီးမှာ မထင်မှတ်ဘဲ အံ့ဩဖွယ်ကြီးပွားချမ်းသာမည်ဖြစ်ကြောင်းကို သိစေအပ်ပါသည်။ စီမံပြီးသော စကြာအင်းမြတ်ကို အမြဲမကွာ ဆောင်ထားနိုင်ပါသည်။

ဗေဒင်သည်များကို ပေးအပ်ခြင်းနှင့် ဆန္ဒတူသူများအတွက် ဤစာစုကို ရေးသားခြင်း ဖြစ်ပါသည်။ ကျွန်ုပ် ရေးသားသော ကျင့်စဉ်ဆောင်းပါးများမှာ မိမိကိုယ်တိုင် ဖြစ်စေ၊ တပည့်များနှင့် မိတ်ဆွေများအား ကူညီပေးခဲ့ရာမှ အမှန်တကယ် အကျိုးပေးကောင်းသော ကျင့်စဉ်များကိုသာ ရေးသားခြင်းဖြစ်ကြောင်း မှန်သောစကား ဆိုလိုက်ပါသည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ (၁၄)၊ (၁၅) နှစ် အရွယ် ဆိုသည်မှာ ကလေး မဟုတ်တော့ပါ။ သို့သော် လူကြီးလည်း မဟုတ်သေးပါ။ အချိန်တန်လျှင် မိဘထံမှမုန့်ဖိုးယူပြီး အပူအပင်ကင်းမဲ့စွာနှင့် လွတ်လပ်ပျော်ရွှင်စွာ ကျောင်းတက်နေကြသည့်အရွယ် ဖြစ်သည်။ စုမေတို့ သူငယ်ချင်း (၅) ယောက်ထဲတွင် မလေးနှင့် ချစ်ချစ်က လူကြီးနည်းနည်းဆန်သည်။ စုမေ၊ သန်းသန်းနှင့် ခင်ထွေးတို့ (၃) ယောက်ကတော့ ကလေးဆန်သည်။ ထိုအထဲတွင် စုမေက ကျောင်းစာအပြင် ပြင်ပစာတွေပါ ဖတ်နေသည့်အတွက် နည်းနည်း အတွေးခေါင်တတ်သည်။ သူငယ်ချင်း (၅) ယောက် တူညီသည့် အချက်ကတော့ နေ့လယ်ကျောင်းဆင်း ထမင်းစားပြီးလျှင် မိုးရွာရွာ၊ နေပူပူ ဆောင်းအေးအေး ရေခဲပေါက်စီစားကြခြင်း ဖြစ်သည်။

ရုပ်အကျီနှင့်ပုဆိုးကို ယောကျ်ားလေးကဲ့သို့ ဝတ်ထားသည်။ စုမေတို့ အငယ် (၃) ယောက်က တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြီး ပြုံးစိစိလုပ်သည့်အခါမှာတော့ ပေါက်စီသည်က မျက်မှောင်ကြုတ်ပြီး ခပ်တည်တည်လုပ်နေသည်။ ယောကျ်ားလေးပုံဖမ်းထားသော်လည်း မိန်းကလေးမှန်း သိသာပါသည်။ စုမေ မနေနိုင်တော့၊ စပ်စုချင်လာသည်။

"ဦးလေးကြီးရော၊ ဘာဖြစ်လို့လဲဟင်"

"နေမကောင်းလို့"

ခပ်တိုတိုပဲ ဖြေသည်။ စကားများများပြောချင်ပုံမရ၊ စုမေကလည်း မရ-

"ဟုတ်လား၊ ဦးလေးကြီးနဲ့ ဘာတော်သလဲဟင်"

"သားအဖ"

ခေါ်တယ်လို့ ပြောတယ်လေ၊ ကိုနိုင်လို့ပဲ ခေါ်စေချင်လို့ပေါ့"

ခင်ထွေးက စုမေ စကားကို ဝင်ထောက်သည်။

"စုမေက ကိုနိုင်လို့ မခေါ်ချင်ဘူး၊ မနိုင်လို့ ခေါ်ချင်တာ"

"ရပါတယ်၊ မင်းတို့ ကြိုက်သလို ခေါ်ပါ"

ထိုအချိန်မှစ၍ စုမေတို့ (၅) ယောက်နှင့် လှနိုင် ခင်မင်ရင်းနှီးသွားကြသည်။ ကျောင်းစောစောလာတတ်သည့် စုမေနဲ့ စကားပိုပြောဖြစ်သည်။

"မနိုင်- ဘာဖြစ်လို့ အဲဒီလိုဝတ်တာလဲ၊ စုမေ မကြိုက်ပါဘူး။ မိန်းကလေးက မိန်းကလေးလိုပဲ ဝတ်ရမှာပေါ့"

"မင်းကလည်းကွာ၊ ကိုယ်က ရေခဲ



မဆွေ(တောင်ကြီး)

## လှပနိုင်ပါစေ

ကျောင်းပေါက်ဝတွင် လက်တွန်းလှည်းနှင့်ရောင်းသော ဦးလေးကြီး ရေခဲပေါက်စီဆိုင်သည် စုမေတို့ဖောက်သည် ဖြစ်သည်။ 'ဦးလေးကြီး နို့ဆီထည့်ပါဦး၊ အချိုရည်ပေးပါဦး' ဆိုတာတွေ သည်းခံသလို စုမေတို့တွေကလည်း ကျောင်းဖွင့်သည့်နေ့တိုင်း မပျက်မကွက် ရေခဲပေါက်စီ စားကြသည်။

တစ်နေ့-

"ဟင်- ဦးလေးကြီးလည်း မလာဘူး"

"လာပါတယ်၊ ဟိုမှာ လှည်းမတွေ့ဘူးလား"

"အေး- လှည်းကတော့ ဦးလေးကြီးလှည်း၊ ဒါပေမယ့် ရောင်းနေတာ ဦးလေးကြီး မဟုတ်ဘူး"

ခင်ထွေးနှင့် သန်းသန်း စကားကြောင့် စုမေက လှမ်းကြည့်ပြီးလျှင်-

"ဘာဖြစ်လဲ၊ စားမယ်ဟာ။ မေးကြည့်တာပေါ့"

ရေခဲပေါက်စီ (၅)လုံး မှာထားရင်းနှင့် အကဲခတ်ကြည့်သည့်အခါမှာတော့ ခေါင်းက ယောကျ်ားလေးပုံ ကုပ်ထောက် ခပ်ရှည်ရှည် ညှပ်ထားပြီးလျှင်

"ဟို-နာမည်ဘယ်လိုခေါ်လဲဟင်"

"လှနိုင်၊ ရင်းနှီးတဲ့သူတွေကတော့ ကိုနိုင်လို့ ခေါ်ကြတယ်"

"အသက် ဘယ်လောက်ရှိပြီလဲဟင်"

"ရေခဲပေါက်စီ ရောင်းပါတယ်၊ သန်းခေါင်စာရင်းစစ်တဲ့သူနဲ့ တွေ့နေရတယ်။ (၂၁) နှစ်၊ ကဲ-ဘာလုပ်မလို့လဲပြော"

စုမေတို့ (၂) ယောက်ရဲ့အမေးအဖြေကို နားထောင်ပြီး ဘေးမှသူငယ်ချင်းတွေက ပြုံးကြသည်။ ရေခဲသည်ရဲ့ကြုတ်နေသော မျက်မှောင်လည်း နည်းနည်း ပြေလာသည်။

"ဟုတ်ပါဘူး၊ စုမေက ဘယ်လိုခေါ်ရင်ကောင်းမလဲလို့ပါ"

"ရင်းနှီးတဲ့သူတွေက ကိုနိုင်လို့

ပေါက်စီလှည်းကြီးကို တစ်မြို့လုံးအနှံ့ လျှောက်တွန်းနေရတာ၊ ထဘီကြီးနဲ့ ဘယ်ကြည့်ကောင်းပါ့မလဲ"

"ဒီလိုဆိုရင်လည်း ရေခဲပေါက်စီ မရောင်းနဲ့ပေါ့။ မိန်းကလေးနဲ့သင့်တော်တဲ့ စက်ချုပ်တာတို့၊ ဆေးလိပ် လိပ်တာတို့လုပ်ပေါ့။ ရတာပဲ"

"ကိုယ်က အဲဒီ ထိုင်နေရတဲ့အ



www.burmeseclassic.com

www.burmeseclassic.com

…ကို မလုပ်ချင်ဘူး။ ပြီးတော့ ကိုယ်က …ကျောင်းနေချင်တာ။ မိဘ အဆင်မပြေ …ဈေးရောင်းရတော့ ကျောင်းနဲ့နီးနီးမှာ … ကျောင်းသားတွေကိုကြည့်၊ ကျောင်း … သွားရင် အငှားဆိုင်က ငှားလာတဲ့ …အုပ်ထိုင်ဖတ်၊ အဲဒီလိုနည်းနဲ့ ကိုယ့် …ကို ဖြေသိမ့်နေတာလေ"

"မဟုတ်သေးပါဘူး မနိုင်ရယ်၊ …တာလေးဆိုတာ မိန်းမလိုပဲ နေရမှာ …"

"စုမေပြောတာနားလည်ပါတယ်။ ခက်တာက အခုလိုနေရတာကို ကိုယ်က ပျော်နေတာ"

စုမေတို့နှင့် ရင်းနှီးလာပြီးနောက် လှနိုင် တခြားကျောင်းသို့ မသွားတော့။ ဦးလေးကြီးက လှည်းတစ်စီးနှင့် တခြားကျောင်းသွားရောင်းပြီး လှနိုင်က စုမေတို့ကျောင်းမှာပဲ ရောင်းတော့သည်။

တစ်နေ့ လှနိုင်က-

"စုမေ၊ တို့အိမ်ပြောင်းရဦးမယ်။ မင်းတို့ခေါင်းရင်းခြံထဲက မနိုမိုး၊ ထရံကာထားတဲ့အိမ်လေ။ အဲဒါ ငှားမယ်ဆိုလို့ အဲဒီကို ပြောင်းရမှာ"

"ဩော်- အန်တီနုတို့အိမ်လား။ အန်တီနုနဲ့ စုမေတို့ခင်တယ်။ အန်တီနု မီးဖိုချောင်ဘေးမှာ နှင်းဆီပင်တွေစိုက်ထားတာ ခဏခဏ ပွင့်တယ်၊ စုမေက ပန်းကြိုက်တော့ အန်တီနုဆီမှာ ပန်းသွားတောင်းတာ ခဏ ခဏပဲ။ အန်တီနုတို့ အောက်ထပ်ကိုလည်း နှစ်ခန်းခွဲပြီး ငှားထားတာ။ တစ်ခန်းကကုန်စုံဆိုင်လေးဖွင့်ထားပြီး နောက်တစ်ခန်းက အစ်ကိုကြီးတစ်ယောက် နေတယ်။ ဒီမှာအလုပ်လာလုပ်တာ၊ နယ်မှာ မိန်းမနဲ့ ကလေး နှစ်ယောက်ရှိတယ်"

"ဟုတ်တယ်၊ တို့ သိပြီးပြီ"







www.burmeseclassic.com

www.burmeseclassic.com

အန်တီနုတို့အိမ်ရော စုမေတို့အိမ်ပါ တိုက်ခံနှစ်ထပ်အိမ်ဖြစ်ပြီး မီးဖိုချောင်ကို အိမ်နောက်တွင် သီးသန့်ဆောက်ထား၍ အိမ်ကြီးနှင့်မီးဖိုချောင်ကို အမိုးတစ်ခုဖြင့် ဆက်ထားသည်။ အန်တီနုတို့အိမ်ခြေရင်း မြေကွက်လပ်တွင် ခနီမိုး၊ ထရံကာ မြေစိုက်အိမ်လေးဆောက်ပြီး လူငှားထားခြင်း ဖြစ်သည်။ စုမေတို့ခြံနှင့် အန်တီနုတို့ခြံကြားတွင်တော့ ညမွှေးပန်းခေါ် ဆောင်တော်ကူးပန်းများကို ခြံစည်းရိုးအဖြစ်စိုက်ထားပါသည်။ စုမေ နှင်းဆီပန်းလိုချင်လျှင် ထိုညမွှေးပန်းပင်တွေကြားမှ ဖြတ်သွားနေကျ ဖြစ်သည်။ လှနိုင်တို့ ပြောင်းလာပြီး သိပ်မကြာခင်မှာ အန်တီနုတို့မိသားစုနှင့် လှနိုင် တော်တော် ရင်းနှီးလာကြသည်။ အန်တီနုတို့ မီးဖိုချောင်ထဲသို့ မကြာခဏဝင်ထွက်လေ့ရှိသလို အစ်ကိုကြီးတစ်ဦးတည်းနေသော အခန်းသို့လည်း လှနိုင် မကြာခဏသွားသည်ကို စုမေ တွေ့ရပါသည်။

တစ်ရက် ကျောင်းရောက်တော့ စောသေးသဖြင့် လှနိုင်နှင့်စုမေ စကားပြောဖြစ်ကြသည်။

"မနိုင်- ဟိုအစ်ကိုကြီးအခန်းကို ဘာသွားလုပ်တာလဲ"

"ဂစ်တာတီး သွားသင်နေတာလေ။ အဲဒီ အစ်ကိုကြီးက ခင်ဖို့ကောင်းတယ်၊ တို့ကို ဂစ်တာတီး သင်ပေးနေတာ။ ပျော်ဖို့ကောင်းတယ်၊ စုမေ လာကြည့်ပါလား"

"ဟင့်အင်း၊ စုမေ မလာဘူး။ ယောကျ်ားလေးတစ်ယောက်တည်း နေတဲ့အခန်းကို စုမေ မသွားဘူး။ မနိုင်လည်း မသွားပါနဲ့၊ မသင့်တော်ဘူး။ ယောကျ်ားလေးလို နေထိုင်ဝတ်စားနေပေမယ့် မနိုင်က ယောကျ်ားဖြစ်မလာပါဘူး၊ မိန်းမဟာ မိန်းမပဲ။ အန္တရာယ်ရှိတယ်၊ မသွားသင့်ဘူး"

စုမေစကားဆုံးတော့ လှနိုင်မျက်နှာညိုလာသည်။ စုမေ၏ မျက်နှာကို မကြည့်ဘဲ မျက်စိလွှဲလျက်-

"ကိုယ် ကလေးမဟုတ်ဘူး စုမေ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းတတ်ပါတယ်"

စုမေက စေတနာနှင့်ပြောသော်လည်း လှနိုင်က ဆရာ မလုပ်ပါနှင့်၊ လူကို အထင်မသေးပါနှင့်ဆိုသော မျက်နှာပေး ဖြစ်လာသဖြင့် နောက်ပိုင်း စုမေ ရေခဲဆိုင်သို့ မသွားဖြစ်တော့ပါ။ လှနိုင်နှင့်လည်း စကားမပြောတော့၊ ရှောင်နေလိုက်သည်။

ဆောင်းတွင်းတစ်ရက်၊ ညစာထမင်းစားပြီး မိသားစုအားလုံး အိမ်ပေါ်တက်သွားကြသည်။ စုမေကတော့ သမီးအကြီးဆုံးဖြစ်သဖြင့် မီးဖိုချောင်တွင် သန့်ရှင်းရေးလုပ်ရင်း ကျန်ရစ်သည်။ အလုပ်ပြီး၍ အိမ်ပေါ်တက်ရန် မီးဖိုချောင်တံခါးပိတ်မည်လုပ်တော့ တစ်ဖက်အိမ်မှာ နှင်းဆီပန်းတွေပွင့်နေသည်ကို တွေ့သဖြင့် စုမေ မနေနိုင်တော့ပါ။ ညမွှေးပန်းပင်တွေကို ဖြတ်ပြီး ကူးသွားလိုက်သည်။ မီးဖိုချောင်အေးရောက်တော့ စုမေ ထုံးစံအတိုင်း အသံစာစာနှင့်လှမ်းအော်တော့သည်။

"အန်တီနု၊ စုမေ နှင်းဆီပန်းလိုချင်လို့ ခူးမယ်နော်"

ရင်းနှီးသူများဖြစ်သဖြင့် အန်တီနုကြားသည်ဖြစ်စေ၊ မကြားသည် ဖြစ်စေ ဤကဲ့သို့ ပြောပြီး စုမေက ခူးနေကျဖြစ်သည်။ ပန်းခူးရန် စုမေ အပင်နား ကပ်လိုက်စဉ် အန်တီနုတို့မီးဖိုခန်းထဲမှ အသံတချို့ကြားရပြီး အဝတ်အစားဖရိုဖရဲနှင့် လှနိုင် ပြေးထွက်လာကာ စုမေကို တစ်ချက်ကြည့်ပြီး သူမအိမ်ဘက်သို့ ပြေးသွားသည်။ စုမေ အံ့ဩနေစဉ် မီးဖိုခန်းထဲမှ နောက်တစ်ဦးထွက်လာသည်ကတော့ တစ်ဖက်ခန်းမှ အစ်ကိုကြီး ဖြစ်ပါသည်။ ထိုနေ့က စုမေ ပန်းမခူးဖြစ်တော့။ ဘာတွေလဲ၊ ဘာဖြစ်တာလဲဆိုတဲ့ အတွေးနှင့် ခေါင်းရှုပ်လာသည်။ လှနိုင်ကိုရော တစ်ဖက်ခန်းက အစ်ကိုကြီးကိုပါ မကြည့်ချင် မမြင်ချင် ဖြစ်လာသည်။

နောက်ပိုင်း လှနိုင် ရေခဲပေါက်စီရောင်းတာ မတွေ့ရတော့။ စုမေလည်း လှနိုင်အကြောင်း မတွေးချင်တော့၊ မသိချင်တော့သည့်အတွက် သတိထား မကြည့်ဖြစ်တော့ပါ။

"အန်တီ- စုမေ ရှိလား"

"ဩော်-လှနိုင်။ ရှိတယ် ရှိတယ်၊ အပေါ်မှာစာဖတ်နေတယ်။ တက်သွား"

အောက်ထပ်မှ လှနိုင်နှင့် မေမေတို့ ပြောသံကြောင့် ခုတင်ပေါ်မှာ စာဖတ်နေသော စုမေ စာအုပ်ကို ကပျာကယာချပြီးလျှင် စောင်ခေါင်းမြီးခြုံထားလိုက်သည်။ စုမေ၏လုပ်ရပ်ကို လှနိုင် မြင်လိုက်ပုံရသည်။

"စုမေက တို့ကို မမြင်ချင်၊ စကားမပြောချင်ဘူးလား။ အင်းလေ၊ စုမေ မလွန်ပါဘူး။ တို့ အခုလာတာ စုမေကို တောင်းပန်စကားနဲ့ ကျေးဇူးတင်စကားပြောချင်လို့ လာတာပါ။ စုမေက တို့ကို မိန်းမချင်းစာနာပြီး သတိပေးစကားပြောခဲ့တာကို အလေးအနက်မထားဘဲ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့နေခဲ့မိတယ်။ စေတနာကို တန်ဖိုးမထားဖြစ်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်။ ပြီးတော့ ဟိုနေ့က ကိစ္စ။ တို့ အနေအထိုင်မတတ်မှုကြောင့် ရေတိမ်နစ်တော့မလို့၊ စုမေကြောင့် တို့ အန္တရာယ်က လွတ်ခဲ့တယ်။ ဒီအတွက် မင်းကို ကျေးဇူးတင်စကားပြောချင်တာပါ။ စုမေ ယုံချင်မှယုံမယ်၊ တို့ပြောချင်တာကတော့ တို့တွေက လူဆင်းရဲပေမယ့် စာရိတ္တတော့ မဆင်းရဲပါဘူး။ အခု ချိန်ကစပြီး မိန်းမပီပီသသ နေထိုင် လုပ်ကိုင် စားသောက်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ တို့ သွားပါပြီ"

✿

ကျောင်းပိတ်ရက် မေမေ ဈေးဝယ်ရာသို့ စုမေ ဆွဲခြင်းဆွဲပြီး လိုက်ခဲ့သည်။

"ဈေးဝယ်လို့တော့ပြီးပြီ၊ ဘုရားပန်းလေး ဝယ်ကြဦးစို့"

"ဟယ်- လှနိုင်ပါလား၊ ဘုရားပန်းတွေရောင်းလို့။ လှနိုင်က ဒီလိုဆိုတော့လည်း ကြည့်ကောင်းသားပဲ။ အဲဒီ... လုပ်ပါအေ၊ ငါတို့အားပေးမှာပေါ့"

မေမေ့စကားကြောင့် စုမေ လှနိုင်ကို ကြည့်လိုက်သောအခါ တီရှပ်... လေးနှင့် တရုတ်ပိတ် ပန်းပွင့်လေး... ပါသော ထဘီကို မိန်းမဆန်ဆန် ဝ... ဆင်ထားပြီးလျှင် သနပ်ခါးနှင့် ပန်းလေး... တစ်ပွင့်ပန်ထားသည်ကို တွေ့ရသည်။

"ကျေးဇူးတင်ပါတယ် အန်တီ... ကျွန်မ အခုမနက်ဘက် ပန်းရောင်း... နေ့ခင်းကျတော့ စက်ချုပ်သင်နေတယ်... ရေခဲပေါက်စီလှည်းတွန်းပြီး ယောကျ်ား... လျာလုပ်နေတာ မသင့်တော်ဘူးဆိုတာ... ကျွန်မ နားလည်ပါပြီ"

"အေးကွယ်- ကောင်းပါတယ်... မိန်းကလေးဆိုတာ မိန်းမလိုပဲနေရ... ပေါ့။ အဲဒါမှ အန္တရာယ်လည်းကင်း... တန်ဖိုးလည်းရှိ ဖြစ်မှာ။ အန်တီက သမီး... မွေးထားတော့ ကိုယ်ချင်းစာတယ်၊ ... တဲ့အကူအညီရှိရင်လည်းပြော၊ အန်တီ... ကူညီနိုင်သလောက် ကူညီမယ်"

"ဟုတ်ကဲ့ အန်တီ၊ ကျေးဇူးတင်... တယ်"

အိမ်အပြန်လမ်းမှာတော့ စုမေ... ထဲတွင်-

'လှနိုင်ဘဝ လှပနိုင်ပါစေ'

ဟု ဆုတောင်းလျက်. . .။

မဆွေ(တော...



www.burmeseclassic.com

www.burmeseclassic.com

# မှိုတောက်ခြင်းကိုကုသနည်း



လူတို့၏ ခေတ်မီနည်းပညာများဖြင့် စိုက်ပျိုးသည့် မှိုမဟုတ်ဘဲ သဘာဝအရ တစ်နှစ်တစ်ခါ မိုးရာသီကာလတွင် မှိုများကို တွေ့ရပါသည်။ သဘာဝအရ ပေါက်လာသောမှိုသည် စိုက်ပျိုးသည့် မှိုထက် ပို၍ အရသာကောင်းမွန်သဖြင့် ဈေးတွင် သဘာဝမှိုများ ရောင်းချပါက ဈေးကောင်းပေး၍ဝယ်စားကြရပါသည်။ မှိုသည် ကြော်စား၊ ချက်ပြုတ်စားရာတွင် ချိုဆိမ့်၍ နှုတ်ကိုမြိန်စေသော သဘာဝဟင်းကောင်းတစ်ပန်းကန် ဖြစ်ပါသည်။

သဘာဝအတိုင်း ပေါ်ပေါက်လာသော မှိုများတွင် စားကောင်းသော အန္တရာယ်ကင်းသည့် မှိုများရှိသလို မစားကောင်းသည့် အန္တရာယ်ရှိသောမှိုများလည်းရှိပါသည်။ တစ်ခါတစ်ရံ ဒေသခံများပင် စားကောင်း၊ မစားကောင်း မခွဲခြားတတ်သည့်မှိုများပင်ရှိပါသည်။

စားသုံးရာတွင် အန္တရာယ်ကင်းသည်ဟု ယူဆထားကြသောမှိုများမှာ တောက်ရိုးမှို၊ တောင်ပို့မှို၊ ဖက်ဆွတ်မှို၊ မှိုခြေတံရှည်၊ ငုက်ပျောမှို၊ မှိုဖြူ၊ မြက်ကြားမှို၊ တောက်တဲ့လက်ဝါးမှို၊ ကုက္ကိုမှို၊ ကလပ်မှို၊ မြင်းတပြေးမှို၊ မှိုနီ၊ မှိုကျောက်ခဲ၊ မှိုအုန်းနက်၊ သပြေမှို စသည်တို့ကို စားသုံးကြပါသည်။

မစားကောင်းသော အန္တရာယ်ရှိသည့်မှိုများမှာ မှိုကွန်ချာ၊ ခွေးလေးမှို၊ နွားချေးမှို၊ ကျက်ခူမှို၊ ကြက်တူရွေးခေါင်းမှို စသည်တို့ ဖြစ်ပါသည်။ အခြားဒေသလိုက်၍ စားကောင်းသောမှို၊ မစားကောင်းသည့်မှို စသည် ခွဲခြားသတ်မှတ်ထားသောမှိုများလည်း ရှိနိုင်ပါသေးသည်။

ယေဘုယျအားဖြင့် မှိုကို အဆိပ်ရှိ၊ မရှိ ခွဲခြားသတ်မှတ်နိုင်သောနည်းလမ်းများမှာ -

၁။ မှို၏ အရိုးတံအား လက်နှင့်ဖျစ်ကြည့်လိုက်၍ ကြေမွသွားလျှင်၊
၂။ မှိုအား ဆားဖြူးပေးလိုက်သည့်နောက် အရောင်မွဲညစ်သွားလျှင်၊
၃။ မှိုကို ဓားနှင့် လှီးဖြတ်ပြီးနောက် မည်းပြာလာလျှင်၊
၄။ ဆားရည်တွင် မှိုကိုစိမ်လိုက်သည့်အခါ မည်းနက်လာလျှင်၊
၅။ လက်ဖြင့်ဖျစ်ကြည့်ပြီး သွေးရောင်ထွက်လာလျှင်၊
၆။ ခြေချင်းပါသောမှိုဖြစ်လျှင်၊
၇။ အနံ့သာမန်မဟုတ်ဘဲ ဆိုးရွားနေလျှင်၊
၈။ ကြွပ်ဆတ်လွန်းနေလျှင်၊
၉။ ထိုးရွက်ပါးလျလွန်းလျှင် လည်းကောင်း၊ အရောင်တောက်လွန်းနေလျှင် လည်းကောင်း၊ နွမ်းရိစ, ဆွေးစပြုနေလျှင် လည်းကောင်း

၎င်းမှိုများကို မစားကောင်းသော အဆိပ်ရှိသည့်မှိုများဟု သတ်မှတ်ရမည်ဖြစ်ပါသည်။ ဒါ့ပြင် စားကောင်းသည်ဟု ယူဆထားသောမှိုများကိုပင်လျှင် သူ့ချည်းသက်သက် မစားသင့်ပါ။ အဆိပ်တောက်များကို ပယ်ဖျက်စေနိုင်သော ကန်စွန်းရွက်နှင့် ရောနှော၍စားသုံးရပါသည်။

ဒါ့ပြင် မှိုသည် ကြက်ဥ၊ ယုန်သား၊ ခံသီး၊ ကြက်ဟင်းခါးသီး၊ ဖောင်စီးကဏန်းတို့နှင့် တွဲဖက်၍ မစားသုံးရပါ။ အဆိပ်ဖြစ်စေပါသည်။

အကြောင်းအမျိုးမျိုးကြောင့် မှိုတောက်သည့်အခါ မူးဝေခြင်း၊ အော့အန်ခြင်း၊ မျက်စိများလေးလံလာခြင်းတို့အပြင် အသက်ကိုပင် ထိခိုက်စေတတ်ပါသည်။

မှိုကို စားသုံးပြီး တောက်ခြင်း၊ အဆိပ်တက်ခြင်းများဖြစ်ပါက အဆိပ်ဖြေပုံဖြေနည်းများမှာ -

၁။ အစာအိမ်တွင် အစာရှိနေခိုက်ဖြစ်ပါက ကျိုးအာမြစ်နှင့် ဆားကိုသွေး၍ လျှာကို ပွတ်ပေးခြင်း၊ သောက်ခြင်းပြုပါ။ စားထားသည်များ အန်ကျ၍ တဖြည်းဖြည်း အဆိပ်ကိုပြေစေပါသည်။
၂။ အစာစားပြီး အချိန်ကြာမြင့်၍ အစာဟောင်း(အူမ)သို့ ရောက်ပြီဟု ထင်ပါက ကနခိုစေ့ကို ရေနှင့်သွေးသောက်ခြင်း၊ အခြားဝမ်းနုတ်ဆေးသောက်ခြင်းပြုပါ။ ဝမ်းသက်ခြင်းဖြင့် အဆိပ်ကိုပြေစေပါသည်။
၃။ မှိုဆိပ်သင့်သူသည် ထန်းလျက်စားခြင်း၊ သံပရာရည်လျက်ပေးခြင်း၊ ကန်စွန်းရွက်စိမ်းသတ္တုရည်သောက်ပေးခြင်းများ ပြုလုပ်ပေးပါ။ မှိုဆိပ်ကိုပြေစေပါသည်။

အစားတစ်လုတ်ကြောင့် ဘေးမရောက်စေရန် မှိုကိုခွဲခြားနည်း၊ စမ်းသပ်နည်း၊ ကုသနည်းများအား မိမိလက်လှမ်းမီသလောက် သုတေသနပြု တင်ပြအပ်ပါသည်။

မှိုနှင့် ပတ်သက်ပြီး ဗဟုသုတများအား ရှင်းလင်း ပြောပြပေးသော အဘဦးစံအေးအား ကျေးဇူးအထူးတင်ပါသည်။

သဒ္ဒါ (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

မောင်သင်းထုံ (ကျောက်မဲ)

# ပတ္တမြားသေတ္တာကြီး ချာချာလည်



တစ်ညနေ နေဝင်ရီတရောအချိန်မှာ ကျွန်တော့်အိမ်ကို ဖြုန်းဆိုပြီး ကျောက်သေတ္တာကြီး ရောက်လာပါတယ်။ တောင်ပေါ်က မသူဇာ ပို့လိုက်တာပါတဲ့။ ဖိုးဝိုးကားသမားတွေက ပြောတယ်။ တောင်ပေါ် ဖက်စပ်ကွက်တွေမှာ တူးဖော်လို့ရတဲ့ ပတ္တမြားတွေကို လုံခြုံရေးအတွက်ထည့်၊ သော့ခတ်ထားရတဲ့သံသေတ္တာကြီး။ အပြင်မှာ မီးခိုးရောင်ဆေးသုတ်ထားတယ်။ အာမခံစတီး(လ်) သော့ကြီးနှစ်လုံးကလည်း ပြူးနေအောင်ခတ်ထားသေးရဲ့။ အမြင့်ရော အကျယ်ပါ သုံးတောင်စီလောက်ရှိမှာ။ အဲဒါကြောင့်မို့ပေါ့၊ ကားသမားတွေ အိမ်ထဲသွင်းပေးကြတော့ သေတ္တာ ကပြားလိုက်သွင်းရင် ဝင်ပေါက်နဲ့မဆံ့လို့ ထောင်ပြီးမှမနည်းသွင်းယူရပါတယ်ဆို။ လေးလိုက်တာ။ သေတ္တာကြီးကို ထောင်လိုက်တော့ အထဲက အသံတွေကြားရတယ်။ ဂလုံဂလုံ၊ ဖြုန်းဖြုန်းနဲ့။ အတော်လေးတဲ့ပုံ။ သမီးကြီးက ဘာတွေများ ထည့်ပေးလိုက်ပါလိမ့်မလဲ၊ ကျွန်တော်တို့ စဉ်းစားကြည့်နေမိတယ်။

မြို့နဲ့ အဲဒီ ကျောက်ထွက်တဲ့ တောင်ပေါ်က (၁၇) မိုင်လားဝေးတယ်။ ဒါပေမယ့် လမ်းကကြမ်းတယ်၊ မြေလမ်း ဒီကနေသွားရင် တောက်လျှောက် အ တက်တွေချည်း၊ ဟိုကနေပြန်လာရင် တော့ ငိုက်စိုက်အဆင်းတွေချည်းပါပဲ လမ်းကဆိုးတော့ တောင်ပေါ်၊ တောင် အောက် မြင်နေရတဲ့ ခရီးလေးပေမယ့် (၃) နာရီ၊ (၄) နာရီကြာအောင် ကားစီး ရပါတယ်။ 'အဖေ ဗဟုသုတဖြစ်တာ ပေါ့၊ ကျွန်မအလုပ်လုပ်နေတုန်း လာခဲ့ ပါလား' လို့ ခေါ်လို့ သွားကြည့်တာ၊ သုံး လေးခေါက်လား မသိဘူး ရောက်ခဲ့ တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုရောက်တော့ သူတို့ ဖက်စပ် ဘူတ်ထဲမှာပဲ တည်းရတယ်။ အကွက်ထဲ ကလည်း လုပ်နေကြတဲ့ ကျောင်းသားတွေ ဆိုတာ အများကြီးပါပဲဗျာ။ ရာချီ၊ ထောင်ချီတောင်မှ ရှိရဲ့။ အတူတူပဲ။ ဟို မြေအောက်နက်နက်ထဲကနေ တူးလာကြတဲ့ ခဲစာတွေကိုမှ ရုံကြီးထဲမှာ တူတွေနဲ့ထုပြီး ရှာနေကြတဲ့ ခဲထု ခဲရွေးတွေဆိုတာ ဟိုဆေးလိပ်ခုံကြီးထဲက ဆေးလိပ်သမတွေကျလို့ပါဆို။ သီချင်းတွေ ဘာတွေဆိုပြီး ထုနေကြတာ၊ ကောက်စိုက်သမတွေလား ထင်ရတယ်။ အဲဒီလို ခဲစာတွေထုနေရင်းက ပတ္တမြားတွေ့ရင်တော့ အသာယူပြီး အပေါ်မှာတွဲလောင်းဆွဲထားတဲ့ လစ်ပိုသံဘူး အဝရောင်ဘူးခွံထဲကို ထည့်ပေးရတယ်။ မထည့်ရင် ဘယ်ရပ့်ါမလဲ။ အဲဒီလို ခဲထု





www.burmeseclassic.com

www.burmeseclassic.com

သမ လေး၊ ငါးယောက်ကို အနားမှာ အင်ချတ်မိန်းမတစ်ယောက်စီက စီးမိုးပြီးမှ စောင့်ကြည့်နေကြတာရယ်။ ဒါပေမယ့် တစ်ခါတလေကျတော့ ဒီကြားကပဲ ခဲထုသမတွေက ခိုးကြပြုကြတာပါပဲ။ သူတို့က အပြင်က နေ့စားပေးငှားရတဲ့ ခဲထုခဲရွေးသမတွေလေ။

ဖက်စပ်ကွက်ထဲက ဧည့်ဆောင်မှာတည်းရတယ်။ သမီးကတော့ သူတို့အမျိုးသမီးဆောင်မှာ အိပ်တာပါ။ ကျွန်တော့်ကိုတော့ မသူဇာရဲ့အဖေ ဆိုပြီး ဖက်စပ်ထဲက ကျင်းဆရာ၊ အင်ချတ်၊ မန်နေဂျာတွေကစလို့ လေးစားကြ၊ ဦးစားပေးကြပါတယ်။ သမီးက အလုပ်လုပ်တော့ သူ့ဂိုဒေါင်ထဲက ရုံးခန်းမှာ ထိုင်ရပါတယ်။ ရုံးခန်းထဲမှာလည်း မန်နေဂျာချုပ်တို့၊ စာရင်းကိုင်တို့၊ မီးဆရာ၊ ဆေးမှူးတို့လည်း ရှိကြတယ်။ တစ်ခါတစ်ခါ ကျွန်တော်က သမီးနဲ့စကားပြောတော့ အိမ်အကြောင်း၊ စီးပွားရေးအကြောင်း၊ရှန်းကန်လှုပ်ရှားရတဲ့အကြောင်းတွေပြောမိရင် သမီးက အတင်း စကားလမ်းကြောင်းလွှဲပစ်တတ်ပါတယ်။ သမီးသဘောက ကိုယ့်အိမ်တွင်းရေးကို ဖက်စပ်ကွက်ထဲကလူတွေ မသိစေချင်ဘူး ထင်ပါရဲ့။ အထူးသဖြင့် ဖက်စပ်ကွက်ထဲက လောပန်တို့၊ မန်နေဂျာတို့ပေါ့။

သမီး အသက်က ငယ်ပါသေးတယ်။ ဆယ်တန်းအောင်ခါစကတည်းက အလုပ်ဝင်လုပ်နေတာ။ အရေးထဲ သမီးက လူကိုယ်ခန္ဓာကပါ သေးတော့ တကယ့်ကလေးလေးလား ထင်ရတယ်။ ကျွန်တော် ဖက်စပ်ကွက်ရောက်တုန်း ကြည့်နေတာ လူသာငယ်ပေမယ့် သူတာဝန်ယူရတဲ့အပိုင်းက မသေးဘူးရယ်။ ငွေစာရင်းပိုင်း၊ ပစ္စည်းထိန်းသိမ်းရေးပိုင်းမှာ ကိုင်ရတာ။ လူများစုကလည်း သူ့ထက် အသက်ကြီးကြတဲ့သူတွေချည်းပဲ။ ဒါပေမယ့် သမီးကတော့ မရပါဘူး။ သူ့ထက်အသက်ကြီးတဲ့လူတွေနဲ့ ပြောဆိုရပေမယ့် အဆင်မပြေတဲ့အခါမျိုးတွေကျတော့ အော်တန်အော်၊ ဟောက်တန်ဟောက်ပစ်ရတာပဲ။

'မတတ်နိုင်ဘူး အဖေရယ်၊ ကျွန်မငရဲအိုးတွေများ ကြီးမလား မသိဘူး။ တချို့ ကတ်သီးကတ်သတ်လူတွေနဲ့ကျတော့ ခပ်မာမာပဲပြောရဆိုရတယ်'

'ဩော်- ဒါတော့ သမီးရယ်၊ လုပ်ငန်းသဘောအရ ဖက်စပ်ကိုယ်စား ပြောရတာပဲ။ ပြောချင်လို့ပြောတာမှ မဟုတ်တာ'

လို့ ဖြေသိမ့်တော့-

'ဟုတ်တယ်နော် အဖေ' ဆိုပြီး ပြန်ပြောရှာပါတယ်။

ဒါတွေကိုကြည့်တော့ သမီးက လူသာငယ်ပေမယ့် ဒီကျောက်ကွက်ဖက်စပ်ထဲမှာ အတော်အသင့် အရေးပါတာကို တွေ့ရပါတယ်။ ကျောက်ကွက်ကထွက်တဲ့ ကျောက်တွေ ရောင်းပြီးရင် လစာအပြင် ဘောနပ်(စ်)တွေလည်း ရတယ်။ သမီးက အလုပ်ကြိုးစားပြီး ရိုးသားတော့ မန်နေဂျာကြီးတွေက မုန့်ဖိုး၊ ကျောင်းစရိတ်တွေလည်း ပေးကြပါတယ်။ ဒါပေမယ့် တစ်ခုတော့ဖြင့် ရှိရဲ့။ ဒီကျောက်ကွက်ထဲမှာဆိုတာက လုံခြုံရေးအတွက် အမြဲတမ်း တင်းကြပ်တာရယ်၊ နောက်ပြီး တစ်နေ့ တစ်နေ့ ဒီလူတွေချည်းဖြင့် ဒီအလုပ်တွေချည်း လုပ်နေရတော့ ကလေးခမျာ ငြီးငွေ့လာပြီ ထင်ပါရဲ့။ အပြင်မှာ သူ့အရွယ်တွေဆို ပျော်လိုက်ပါးလိုက်၊ သွားလိုက်လာလိုက် လုပ်နေကြတာ။ 'အဖေရယ်- သမီးတော့ ပျင်းလာပြီ၊ မလုပ်ချင်တော့ဘူး ဒီအလုပ်ကြီးကို' လို့ပြောပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း သမီးကိုကြည့်ပြီး သနားတော့ 'ထွက်ချင်ထွက်ပေါ့ကွယ်' လို့ ပြောပါတယ်။ ဒါပေမယ့် တစ်ဖက်က ကျွန်တော်တို့မိသားစုဟာ သူ့ရဲ့လုပ်ခလစာနဲ့ မှီခိုနေကြရတာဆိုတော့ သူ့မှာ ဒီအလုပ်က မထွက်သာပြန်ဘူးပေါ့။

ဒီအကွက်ထဲမှာပဲ သူနဲ့ရွယ်တူ ကောင်လေးတစ်ယောက်လည်း ရှိတယ်။ ပညာအရည်အချင်းကလည်း အတူတူပဲ။ ဒါပေမယ့် သူကတော့ ကောင်လေးဖြစ်နေတာရယ်၊ နောက်ပြီး ကြားတာက မန်နေဂျာကြီးရဲ့တူလိုလို၊ ဆွေမျိုးလိုလို တော်နေတယ် ကြားတော့ အဲဒီကောင်လေးက ကျောက်ရွေး ကျောက်ညှပ်တဲ့ အခန်းမှာ တာဝန်ယူရတယ်။ လခလည်း သမီးထက် များပုံရပါတယ်။ ပြီးတော့ ကောင်လေးက သမီးနဲ့ ပြိုင်လေ့ရှိတယ်။ ဝင်ငွေလည်း ကောင်းပုံရတော့ ကြွားလည်း ကြွားတယ်။ အဲဒီကောင်လေးရဲ့ ရည်းစားဆိုတာက ကျောက်ကွက်ထဲက မိုးကုတ်သူ အင်ချတ်မလေးတစ်ယောက်ပေါ့။ အဲဒီ ကောင်လေးက သူ့ရဲ့ ကောင်မလေးကို အဝတ်အစားတွေ တစ်ခါ တစ်ခါ ဝယ်ပေးရင် တစ်သိန်းခွဲ၊ နှစ်သိန်းဖိုးတောင်မှ ဝယ်ပေးတာရယ်။ ကြာတော့ ဒီကောင့်ကို မသင်္ကာလို့ စစ်ဆေးလိုက်တော့ ကျောက်ကွက်ထဲက ကျောက်တွေကို ခိုးထုတ်ရောင်းနေတာ

မိပါရောလား။ ဒါနဲ့ အဲဒီကောင်လေးကို ရဲစခန်းပို့၊ အမှုလုပ် ထောင်ချပစ်လိုက်ကြတယ်။ ဒါတွေကို ကြားရတော့ သမီးက ကြောက်တယ်။ တော်ပါသေးရဲ့ သမီးကိုင်ရတွယ်ရတဲ့အပိုင်းက ကျောက်ထုတ်လုပ်တဲ့ပစ္စည်းကိရိယာတွေနဲ့ ငွေစာရင်းပဲမို့ပေါ့။

တစ်နေ့ တစ်နေ့ ကျောက်ကွက်ထဲက ခဲစာတွေကို ထုဖို့ အပြင်က ခဲထုသမ မိန်းကလေးတွေ တစ်ရက်ကို လူလေး,ငါး, ရှစ်ရာ၊ တစ်ထောင် လိုတယ်။ ကိုယ့်စရိတ်ကိုယ်စား၊ ဖက်စပ်က တစ်ရက်နေ့တွက် တစ်ထောင့်ငါးရာ ရှင်းပေးတယ်။ ဒါက သမီးရဲ့ နေ့စဉ်အလုပ်ပါ။ တစ်နေ့စာ ခဲထုပြီးရင် ဖက်စပ်ကွက်ထဲကအထွက်၊ ခဲထုသမတွေရဲ့ ကိုယ်ပေါ်မှာရော ထမင်းချိုင့်၊ အကျီအဝတ်အစား ခေါင်းကဆံပင်ပါမကျန် ဂိတ်ပေါက်ဝမှာ မိန်းမချင်း အင်ချတ်မတွေက ရှာဖွေ တယ်။ မိရင် ကျောက်ခိုးထားတာတွေ ရင် အဲဒါ အလုပ်ကဖြုတ်၊ ထောင်ချ ရဲစခန်းပို့တာပဲ။ ခိုးနည်းကတော့ အမျိုးမျိုးပါပဲ။ တချို့က ခိုးထားတဲ့ကျောက် လူမိမှာစိုး၊ လက်ထဲကကျောက်ကလည်း စင်ပြီး နီရဲလှပနေတော့ ရချင်ဇော ဗိုက်ထဲ မျိုချ၊ ခိုးကြတာတဲ့။ သမီးကြ ကြားနေရတယ်။

အဲဒါတွေက မိန်းမတွေ။

ယောကျ်ားတွေကျတော့ ဟိုး အောက် ကျင်းနက်နက်ထဲမှာကို ခိုးကြ တာ။ ကျောက်တူးနေရင်းပေါ့။ ပုံစံအမျိုး မျိုး၊ နည်းအမျိုးမျိုးနဲ့ကို ခိုးကြတာ လပြည့်၊ လကွယ် အလုပ်ပိတ်ရက် အ ပြင်ထွက်ခွင့်ရပြီဆိုရင် ထုတ်ကြတယ် ဂိတ်လုံခြုံရေးတွေက အဲဒီနေ့ကျရင် တ ယောက်ချင်း သေသေချာချာရှာကြတာ ယောကျ်ားချင်း ဆိုတော့ ရှာတာ ဖင်ကုန်း ချောင်းဆိုးခိုင်းပြီးမှရှာကြတာ တဲ့။ မိရင်လား၊ ဒါ ကြီးမားတဲ့ ခိုးမှုပြစ် ပေါ့။ ဘာမှလုပ်မနေပေါင်၊ ရဲစခန်း အမှုလုပ်, ထောင်ချလိုက်တာပဲ။ တစ် တလေများဆို သမီးနဲ့ခင်မင်တဲ့ ကျ သားတွေပါနေတာမြင်တော့ ဘယ် လာ စိတ်ကောင်းပါ့မလဲ။ ခက်တာ ဒါပေမယ့် လူတွေကတော့ စွန့်စားနေ တာပါပဲ။ သမီးနဲ့ခင်တဲ့ လုပ်ဖော်ကို ဖက်တွေကတောင်မှ သမီးကိုလာညှိ သေးတယ်။ နင့်လခလေး တစ်ပဲခြော ပြားနဲ့ တစ်ခါလောက် စွန့်ကြည့်ပါလ တဲ့။ အမလေး- ကြောက်လွန်း ဆားနဲ့ပဲ စားပါရစေလို့ ပြောလိုက်သ



www.burmeseclassic.com

www.burmeseclassic.com

…ကြောင့်မို့ သမီး အလုပ်ရှိလို့ ဖက်စပ် … အပြင်ထွက်ရင် ဂိတ်တို့ဘာတို့က …တွေလို စစ်တာဆေးတာတို့ မရှိ …။ ဒါကလည်း ယုံကြည်လို့နေမှာ …

သမီးလွှား၊ အဆောင်ထဲမှာ အင် …တွေနဲ့ အတူနေ၊ အတူအိပ်နေ …တော့ သူတို့အကြောင်းတွေ မြင်နေ၊ သိ …ပေါ့။ သူတို့လစာနဲ့ဆို သူတို့တစ် … ခုလိုနေနိုင်၊ ဝတ်နိုင်ပါ့မလား။ တစ် …တော့ ရှိမှာ။ ဒါပေမယ့် ပြောရရင် … မိန်းကလေးဆိုပေမယ့် မန်နေ …ကြီးတွေ၊ ကျင်းဆရာတွေ၊ အင်ချတ် …နဲ့တွေ့ဆုံ လုပ်ကိုင် အစည်းအဝေး …နေတာတွေ့တော့ တော်တော့လျှို့ …စွတွေကို မပြောရဲကြပါဘူး။ တစ် …တော့ အင်ချတ်မထဲကပါပဲ၊ သမီးနဲ့ …ကောင်မလေးက အင်ချတ်မ လုပ် … ပင်ပန်းလို့ဆိုပြီး သမီးလက် … လာလုပ်တာရော။ သူလည်း …လေ၊ သမီးထက်တောင်မှဝတ်နိုင် …ပါသေးရဲ့။ ကြားတာ ဒီကောင် …က အပြင်က ကျောက်ပွဲစား …လေးတစ်ယောက်နဲ့ရည်းစား ဖြစ် …။ နောက်တော့ ဗြုန်းဆို ဖက်စပ် …ထဲက အလုပ်ထွက်သွားခဲ့ပါတယ်။ …သွားပြီးမှကြားတာ၊ ဒီကောင် …လည်း မကောင်းဘူး။ ဖက်စပ် …ကကျောက်တွေ ခိုးထုတ်နေတာ …။ လုံခြုံရေးတွေက အဲဒါ မသင်္ကာ …စောင့်ကြည့်နေတာနဲ့ ကြောက်ပြီး …သွားခဲ့တာ။ အတော့်ကိုပွသွားတာ … သမီးတော့ လန့်သွားခဲ့တာတဲ့။

၁၉၉၃-၉၄ ခုနှစ်တွေက ကျောက် …အကောင်းဆုံးနှစ်တွေပါ။ နောက် … ကျောက်ဈေး တောက်လျှောက် … ထိုးကျလာနေလိုက်တာ၊ ဘယ်မှာ … ဦးမော့လို့တုံး။ ဒီဖက်စပ်ရဲ့ကျေး …ကြောင့်ပါ။ သမီး ကျောင်းပြီး ဘွဲ့ရခဲ့ …ဖက်စပ်ကွက်သက်တမ်း နှစ်ကြိမ် … လုပ်သက် (၈) နှစ်ရှိခဲ့ပါပြီ။ ကြား … သမီးတို့ဖက်စပ်ကွက်က နောက် …တမ်းမှာ ဆက်ပြီးလေလံမဆွဲတော့ … ကြားတယ်။ ဒါမှမဟုတ် ကျောက် …နယ်မြေ အသစ်တွေဖြစ်တဲ့ နမ့် …တို့ ဖားကန့်တို့ဘက်ပဲ ပြောင်းလေ …ဘဲ။ သေချာတာတော့ နောက် …တမ်းမှာ မလုပ်ဖြစ်တာ သေချာပြီ။ …တွေနဲ့နီးလို့လုပ်နေတာ၊ မိဘတွေနဲ့ …တဲ့အရပ်မှာ သမီး မလုပ်ချင်ဘူး။ …ကလည်း ဒီအလုပ်မှာကြာလာ

တော့ ကလေးဆိုတော့ ငြီးငွေ့မှာပါ။ ဒီ သက်တမ်းကုန်တာနဲ့ သူ အလုပ်ထွက်ချင်တာနဲ့ အတော်ပါပဲ။ ဖက်စပ်ကွက်ထဲက သမီးနဲ့ခင်တဲ့ လူအချို့ကတော့ ဖက်စပ်ကွက် သိမ်းတော့မည့်အတူတူ ဝိုင်းပြီး ဆွမ်းကြီးလောင်းကြဖို့ ကြံစည်နေကြတယ်။ သမီးကိုလည်း လက်တို့ကြတာပါပဲ။ နင်နေ့ဘ်- အ,မနေနဲ့ နောက်မှနောင်တရနေလိမ့်မယ်။ မပြောမရှိနဲ့လို့ အကြံဉာဏ်ပေးနေကြတာပါပဲ။ ဒီကြားထဲ ဘာကြာလို့တုံး၊ သမီးပို့လိုက်တဲ့ ကျောက်သေတ္တာကြီး အိမ်ကိုတန်းတန်းမတ်မတ် ရောက်လာတော့တာပါပဲ။ အိမ်ကိုလာတဲ့ ဧည့်သည်တွေထဲက တောင်ပေါ်ဖက်စပ်ကွက်ထဲ လုပ်ဖူးတဲ့ သူတွေကတော့ ပြောကြတယ်။ သေချာတယ်၊ ဒါ ကျောက်ထည့်တဲ့သေတ္တာကြီးတဲ့။

သမီးကတော့ ပြောတယ်၊ အခုတစ်လော ဂိတ်ကချောင်တယ်တဲ့။ လုံခြုံရေးတွေကလည်း ခါတိုင်းလောက် မတင်းကြပ်ကြတော့ဘူး၊ သူတို့အာရုံထဲ ပြောင်းရွှေ့ရမှာကိုပဲ ခေါင်းထဲအာရုံရောက်နေကြသလား မသိပါဘူး။ ခါတိုင်းလို မဆိုးတော့ဘူး ဆိုပဲ။ ခါတိုင်းမလည်း သမီးကြီးကိုတော့ ကျောက်နဲ့ မပတ်သက်ဘဲ စာရင်းဇယားတွေနဲ့ လုပ်နေရတဲ့သူမို့ အာရုံမထားကြသလိုမျိုး။ ဒီနေ့အခြေအနေမှာတော့ လှုပ်ရှားလိုက်သလားမှ မသိတဲ့ဟာ။ သမီးတို့ကတော့ မလုပ်ရင်လည်း အရှင်း၊ လုပ်မယ့်လုပ်ယိုက်မှတော့ ကျောက်သေတ္တာကြီးတစ်ခုလုံး ဆိုတော့ သမီးရယ်၊ ညည်းဟာက မယုံသင်္ကာ မဖြစ်ကြဘူးတဲ့လား။ စစ်လား ဆေးလား လုပ်ရင်ကော။ တွေ့မှဖြင့်ကွယ်၊ တစ်သက်လုံးဖုံးသမျှ ကုန်းခါမှပေါ်နေပါဦးမယ်။ သမီးကတော့ တောင်ပေါ်ကနေ လူကြုံနဲ့သေချာကိုမှာတာရယ်။ ကျောက်သေတ္တာကို အဖေတို့ လုံးဝမဖွင့်ပါနဲ့တဲ့။ မဖွင့်ပါဘူးဗျာ၊ မဖွင့်ပါဘူး။ ကျောက်သေတ္တာမှာက အာမခံ စတီး(လ်)သော့ကြီး နှစ်လုံးက ပြူးနေအောင်ခတ်ထားတဲ့ဟာ၊ ဘယ်လိုလုပ် ဖွင့်လို့ရမှာတဲ့တုံး။ သော့က သမီးဆီမှာဟာကိုး-နော။

ကျွန်တော် အပါအဝင် အိမ်ကလူတွေတော့ ကျောက်သေတ္တာကြီးကို ကြည့်ပြီး အမျိုးမျိုး စိတ်ကူးယဉ်ကြပါတယ်။ အနှမျိုးသမီးကတော့ ကိုယ်ပိုင်ကားလေးစီးပြီး မြန်မာပြည်အနှံ့ ဘုရားဖူးလည်လိုက်ချင်တာတဲ့။ ဒါလည်း ကောင်းတာပဲ။ ကောင်းတဲ့ဆုတောင်းမို့လို့ပြည့်စေဗျားပေ့ါ။ သားက ဆယ်တန်းမအောင်တော့ ဖြစ်နိုင်ရင် အခုပေါ်တဲ့ 'တောင်းအေ့' လေးတစ်စီးဝယ်ပြီး ခရီးခေါက်တို ကဲ့ချင်တာတဲ့။ မိသားစု စားဝတ်နေရေးအထောက်အကူပြုတဲ့ စိတ်ကူးကောင်းပေ့ါဗျာ။ သမီးငယ်ကတော့ ဆယ်တန်းအောင်ထားတဲ့သူမို့ တက္ကသိုလ်တက်ချင်တာ။ တက္ကသိုလ်ကျောင်းသူရဲ့ဘဝကို အပြည့်အဝခံစားလိုက်ချင်တာတဲ့။ ဒါကလည်း ပညာရေးဟာပဲ၊ ကောင်းတာပေ့ါ။ ကျွန်တော့်ကိုမေးရင်တော့ ကွယ်လွန်သွားခဲ့တဲ့ ကျေးရူးရှင် ဖခင်ကြီးရဲ့ မအောင်မြင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တာပါ။ ကျွန်တော်တို့ အဖေတို့တက်ခဲ့ကြတဲ့ တောကျောင်းရွာရဲ့အဝင်မုခ်ဦးကြီးကို အဖေ၊ အမေတို့နာမည် အမိကထားပြီးမှ ကျန်ရစ်သူမိသားတစ်စုရဲ့ကောင်းမှုလို့ ကမ္ပည်းထိုးလှူလိုက်ချင်တာပါ။ ဒါမှ အဖေလည်း ရောက်ရာဘဝက သာဓုခေါ်နိုင်မှာပေ့ါ။ မကောင်းဘူးတဲ့လားဗျာ။ တစ်ယောက်တည်းရဲ့ကိုယ်ကျိုး ဟုတ်ရပါဘူး။ ကျွန်တော်လည်း အများနည်းတူ ကျောက်သေတ္တာကြီးထဲက ပတ္တမြားပွင့်တွေပါလာခဲ့ရင် ပြောပါတယ်။

ဒီလိုနဲ့ သမီးတို့ရဲ့ ကျောက်မျက်ဖက်စပ်ကွက် ပိတ်ရက်ရောက်လာခဲ့တယ်။ သမီးလည်း အိမ်ပြန်လာခဲ့တယ်။ သမီးစီးလာတဲ့ကားပေါ်မှာ သမီးနဲ့လုပ်ဖော်ကိုင်ဖက် အင်ချတ်မတွေလည်း ပါလာတယ်။ သူတို့လည်း သူတို့ရပ်ရွာတွေဖြစ်တဲ့ တောင်ကြီး၊ ညောင်ရွှေ၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးကို အသီးသီး ပြန်ကြရမှာတဲ့။ ကားပေါ်ကနေပဲ သမီးကို အော်ဟစ်နှုတ်ဆက်ကြရင်း ကားက ဝူးခနဲ ထွက်သွားလေရဲ့။ ဒီတော့မှ သမီးဟာ အိမ်ထဲဝင်လာတယ်။ သူ့မောင်တွေ၊ ညီမတွေက ထွက်ပြီး သူ့အစ်မကို ကြိုကြတယ်။ အိတ်တွေ၊ ခြင်းတွေဆွဲကူ၊ အိမ်ထဲကို ဝမ်းသာအားရ ဝင်လာကြတယ်။ သမီးကြီးက အမောပြေသလောက်ရှိတော့မှ သူ့ဟန်းဘက်အိတ်ရဲ့ ဘေးဇစ်ကို ဗြိခနဲ ဆွဲလိုက်ပြီးမှ ဘေးအိတ်ထဲက နှိုက်ထုတ်လိုက်တော့ သော့တွဲတွေပါလာတယ်။ သေချာတယ်၊ ဒါ ကျောက်သေတ္တာကြီးကို ဖွင့်လို့ရတဲ့ သော့တွေနေမှာပါ။ သမီးကလွဲလို့ အိမ်မှာကျန်တဲ့လူတွေ အားလုံးရဲ့ မျက်လုံးတွေဟာ လင်းလက်တောက်ပနေပြီးမှ အချင်းချင်း အဓိပ္ပာယ်ပါပါမျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ဆုံမိလိုက်ကြပါတယ်။ ဟုတ်ပြီပေါ့။

"ဂျောက်. . . ဂျောက်"

သမီးက သော့နှစ်လုံးကို တစ်ပြိုင်နက်တည်း ဖွင့်လိုက်တယ်။ နောက်တော့ ပတ္တာတွေမ,ပြီးမှ သေတ္တာအပေါ်ဖုံးကို ကျွီခနဲ မ,ချလိုက်တယ်။ သေတ္တာအတွင်းထဲမှာ ပထမတွေ့တာကတော့ ကတ္တီပါအစိမ်းရောင်အခင်းကလေးပါပဲ။ ဟုတ်တယ်၊ ဒါ သမီး သူ့အလုပ်ထဲက သူ့ထိုင်ခုံပေါ်မှာ ခင်းထိုင်နေကျ လေးထောင့်အခင်းလေးပါ။ ဖက်စပ်ကဝယ်မပေးတာနဲ့ သမီး သူ့ပိုက်ဆံနဲ့သူ စိုက်ဝယ်ထားတာတဲ့။ တောင်ပေါ်ကျောက်ကွက်မှာ ရောက်တော့ သမီး ကျွန်တော့်ကိုပြောပြဖူးတယ်။ ခုလည်း ဖက်စပ်က သိမ်းတော့မှာမို့ ထားခဲ့ရမှာက သူပိုင်ပစ္စည်းမို့နှမြောတယ်ထင်ပါရဲ့၊ မမေ့မလျော့ကို ယူလာခဲ့တာပါ။ ကျန်တာတွေကတော့ ကျောက်သေတ္တာထဲကနေ တစ်ခုချင်းထုတ်ပြပါတယ်။ သူ့မန်နေဂျာကြီးဆီက တောင်းပြီး ယူလာတာပါလို့ ပြောပါတယ်။

ဖက်စပ်ကွက်ထဲ ဝင်လာရင် ချမ်းတဲ့အခါ ကျင်းသားအလုပ် ခြုံရအောင် အလုပ်သမားတွေကိုပေးတဲ့ ဘာဘူစောင် အသစ်က (၃) ထည်၊ သံဇလုံက (၂) ချပ်၊ ဆော့ပင်ရောင်စုံတွေက (၁) စည်း၊ ဘာပြုရအောင်လဲဆိုတော့ အဖေက သူရေးပြီးတဲ့စာမူတွေကို ခေါင်းစီးအလိုက် ဗွိုက်ဘုတ်တွေပေါ် ရေးလို့မှတ်လို့ရအောင်လို့တဲ့။ ရှိသေးတယ်။ ဆပ်ပြာမှုန့်အထုပ်ကြီးက (၃) ထုပ်၊ အိုးကပ်တိပ်က (၁) ခွေ၊ မီးတိပ်ခွေရောင်စုံအသေးက (၅) ခု၊ ဂဏန်းပေါင်းစက်အဟောင်းက (၂)ခု၊ အခါးရည်ပန်းကန်သေး (၅) ခု၊ ဖန်ခွက်ကြီးက (၂) လုံး၊ စားပွဲခင်းအသစ်က (၃) ခု၊ လက်နှိပ်ဓာတ်မီး အသစ်ရောအဟောင်းပါ (၅) လက်၊ ဂက်(စ်)မီးခြစ်အကြီး,အသေး (၆) လုံး၊ စတီးဇွန်း (၃) ချောင်း၊ သွပ်နန်းကြိုး (၁) ခွေ၊ ကျန်တာက အပ်ချည်လုံးတွေ၊ မိုးကာအကျီ၊ ကျင်းသားတွေဝတ်တဲ့ ဝတ်စုံ အကျီ, ဘောင်းဘီတစ်စုံ၊ ဖိနပ်စိမ်းက (၁)ရန်၊ အင်ဂျင်ဝိုင်အကျီက (၄) ထည်၊ အဖေနဲ့မောင်လေးတွေ ဝတ်ချင်ဝတ်ရအောင်တဲ့။ ကျန်တာတွေကတော့ ပုလင်းခွံ၊ ဘူးခွံတွေ။ လှလို့ ပစ်ရမှာနှမြောလို့၊ အိမ်ကျတော့ မီးဖို့ချောင်မှာ အသုံးဝင်ချင်ဝင်မှာတဲ့။ ငါးပိဘူး၊ ဆားဘူးလုပ်ရအောင်တဲ့။ ဒါပါပဲ။

ကျွန်တော် အဖေတို့ရွာရောက်တုန်းက ရွာကလူတွေ မြို့မှာ ထွေလာဂျီအင်ဂျင်စက်တစ်ပတ်ရစ်တွေ ဈေးပေါရင်ယူခဲ့စမ်းပါလို့ မှာဖူးတယ်။ ဘာလုပ်ရအောင်လို့လဲလို့ မေးတော့ အစုံရတယ်၊ စွယ်စုံရတယ်။ ရွာမှာကတော့ ပြောင်းရိုးစဉ်းစက်၊ နွားစာစဉ်းစက်ထောင်ကြတယ်။ မင်းလည်း ပိုက်ဆံတတ်နိုင်ရင် အဲဒီ ထွေလာဂျီ အင်ဂျင်တစ်လုံးသာ ဝယ်ထားလိုက်။ ပြောင်းရိုးစဉ်းစက်ထောင်၊ ကိုယ်တိုင် မလုပ်နိုင်တောင် အငှားချထားလိုက်။ ဟော- အချိန်တန်တော့ ငွေလာကောက်ရုံပဲ၊ စိတ်ကူးမလွဲနဲ့လို့ အကြံဉာဏ်ပေးဖူးတယ်။ ဒါနဲ့ သတိရလို့ တောင်ပေါ်က သမီးတို့ကျောက်ကွက်ထဲရောက်တုန်းကတောင် မေးသေးပါရောလား။ သူတို့ဖက်စပ်ကွက်က မတရားကြီးတော့ စက်တွေမှလေး၊ ငါး၊ ဆယ်လုံး တစ်ပြိုင်တည်း သုံးတာကလား။ ဟောင်းပြီဆိုရင် အချိန်ကုန်ခံ ပြင်နေ၊ အပြင်ငှားမနေကြပါဘူး။ ပစ်ထားလိုက်ကြတာပါပဲ။ အသစ်ဝယ်သုံးကြတာ။ ဒီတော့ အဲဒီစက်တွေထဲက ဖက်စပ်ကွက်က သိမ်းတော့မှာဆိုတော့ ပေါချောင်ကောင်းပေါ့။ တစ်သိန်းလောက်နဲ့ရရင် ဝယ်သာထား ဆိုတော့ 'အင်းပါ အဖေ' လို့တော့ ပြောတာပဲ။ အဲဒါလည်း သတိရပုံမရပါဘူး။ အခုအပြီးသာ ပြန်လာတာ၊ စက်နဲ့တူတာ ဆိုလို့ ဘာပါလို့တုံး။ မြင်မှမမြင်တဲ့ဟာ။

သမီးက ကျောက်မျက် ဖက်စပ်ကွက်ထဲမှာ (၈) နှစ်၊ (၁၀) နှစ်လောက် လုပ်ခဲ့ပေမယ့် ဖက်စပ်ကွက်တွေ လုပ်ငန်းသိမ်းလို့အိမ်ပြန်လာခဲ့ပေမယ့် သမီးဆီမှာ ကျောက်နဲ့ပတ်သက်တာဆိုလို့ ဘာမှပါမလာပါ။ မီးခြစ်ကျောက်၊ ကြေးတွန်းခဲ ကျောက်မျှပင်ပါမလာပါ။ ဒါဖြင့် ဘာပြုလို့ အလေးခံပြီးမှ သူများတွေ အထင်ခံရလေအောင် ဒီကျောက်သံပတ္တမြားတွေထည့်တဲ့ သေတ္တာကြီးကိုမှ အတပ်ခံ၊ အပြုခံပြီး အိမ်ပြန်သယ်လာရသလဲလို့ မေးတော့ သူတို့ကျောက်မျက်ဖက်စပ်အလုပ်က ပြီးသွားပြီလေ၊ နောက်ထပ် ကျောက်တူးကြတော့မှာ မဟုတ်တော့ဘူး။ ကျောက်မတူးတော့ ကျောက်လည်း မရတော့ဘူးပေါ့။ ကျောက်မရရင် ဒီကျောက်ထည့်တဲ့ သေတ္တာကြီးဆိုတာ ဘယ်လိုလုပ် အသုံးဝင်ပါတော့မလဲ။ ဒီတော့ ဖက်စပ်ကွက်ထဲမှာပစ်ထားကြမည့်အတူတူ သမီးမှာမှအဝတ်အစားတွေထည့်ဖို့ ဗီရို အိမ်မှာ မရှိသေးတာနဲ့၊ သံသေတ္တာမရှိသေးတာ

နဲ့ မန်နေဂျာကြီးဆီက တောင်းယူလာခဲ့တာလို့ ဆိုပါတယ်။ ကျွန်တော်တို့ မိသား စုရဲ့ ရည်မှန်းချက်ကလေးတွေကတော့ ဖောက်ခနဲဆို ဆပ်ပြာပူဖောင်းကလေး တွေလို လွင့်စဉ် ပျောက်ကွယ်ခဲ့ရပါပြီ။

၁၉၇၈ ခုနှစ်လောက်က ကျွန် တော် အလုပ်ထဲကနေ တက္ကသိုလ်စာ မေးပွဲဖြေတော့ တစ်နှစ်မှာ တစ်လခွဲ လောက်၊ တစ်လခွဲလောက် မန္တလေးကို လာရပါတယ်။ ပညာရေးမို့သာ ကြိုးစား ဖြေရပေမည်၊ အသွားအပြန် ခရီးစရိတ် ဟိုမှာတည်းခိုခ, စားစရိတ်, စာအုပ်ဖိုးနဲ့ မနည်းကုန်လှပါတယ်။ ဒီတော့ အမေ က မန္တလေးမှာ ငါ့အစ်မ ရှိတယ်၊ မင်း သူ့ဆီသွားတည်းချေ။ စားဖို့ ဆန်တွေ ဘာတွေ ဒီကယူသွား။ စားစရိတ်၊ တည်း စရိတ် အကုန်အကျ သက်သာလည်း နည်းလား' ဆိုပြီး နတ်လမ်းညွှန်ပါတယ်။

အဲဒီတုန်းက ကျွန်တော် မှတ် တာ၊ ကျွန်တော့်အမေရဲ့အစ်မ၊ သူ့အ ထက်က တစ်ယောက်ခြား ဒေါ်အေး တဲ့။ သူတို့အိမ်က မစိုးရိမ်ကျောင်းတိုက် နားမှာပါ။ (၃၅) တော်ဝင်သံလမ်းကနေ ဂေါဝိန်ဘက်သွားတဲ့ လမ်းအတိုင်းသွား တော့ အဲဒါ အမှတ် (၃) ဘတ်(စ်)ကား ပြာသွားတဲ့ လမ်းတစ်လျှောက်ပါ။ ကြီး တော်တို့အိမ်က ဦးသိန်းဆီစက် အ နောက်ဘက် ပိန္နဲကုန်းရပ်ထဲမှာပါ။ နှစ် ထပ်အိမ်ဆိုပေမယ့် အိမ်လေးက သေး တယ်။ ဆောက်တာလည်း မပြီးသေး ဘူး၊ တိုးလိုးတန်းလန်းနဲ့ပါ။ မြေကွက်က ကျဉ်းတော့ ခြေရင်း၊ ခေါင်းရင်းက အိမ် သာတွေနဲ့ နောက်ဖေးနောက်ဖီသွားချင် ရင် မလွတ်လပ်ပါဘူး။ ကြီးတော်တို့ အိမ်မှာက သူ့ယောကျ်ား လက်သမား ဆရာကြီးရယ်၊ သမီးပျိုသုံးယောက်၊ သား တစ်ယောက် ရှိပါတယ်။ သူတို့လည်း မချောင်လည်သာတွေ့ရပေမယ့် ကျွန် တော့်မှာတော့ ပညာရေးပေမို့ ရှေ့မှာ နှာ နောက်ထား အားနာနာနဲ့ တည်း ခိုရပါတော့တယ်။

ကြီးတော်ကတော့ ကိုယ့်ညီမရဲ့ သား၊ ကိုယ့်တူအရင်းပေမို့ ဘာမှမပြော ပါဘူး။ ရောက်တယ်ဆိုရင်ပဲ အေးသ နေကောင်းကြရဲ့လားလို့ မေးပါတယ်။ ကျွန်တော်ပါလာတဲ့ ဆန်ရယ်၊ လက် ဖက်ခြောက်၊ လိမ္မော်သီး၊ ဆားချိုသီး ယိုစုံလေးဝယ် လက်ဆောင်ပေးပါတယ်။ ငါက ဒါတွေမလိုပါဘူးကွယ်လို့ ပြော တယ်။ ကျန်တဲ့ ဝမ်းကွဲ ညီတွေ၊ ညီမ ကလည်း ကျွန်တော့်ဆို ခင်ကြမင်



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချို သွေးချိုပျောက် ဆေးနည်း

သပွတ်ခါးသီးခြောက်ကို အခွံခွာ၍ သပွတ်ခါးသီးခြောက်အမှုန့်ပြု၊ သုံးခွက်တစ်ခွက်တင်ကျိုပြီး တစ်နေ့ လက်ဖက်စားဇွန်းနှင့်တစ်ဇွန်း နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးပါ။

တစ်နည်း- ကြက်တစ်ကောင်လုံးကို ရင်ခွဲ၊ ကလီစာထုတ်၍ ရှောက်သီး (၄)၊ (၅) လုံးခန့် ထက်ခြမ်းခွဲပြီးထည့်ပါ။ ၎င်းကို စွပ်ပြုတ်လုပ်သောက်။

သစ်တာဗွေ-သန်းရွှေ(ဆင်ပေါင်ဝဲ)

---

တယ်။ ပြုံးပြုံးရွှင်ရွှင်နဲ့ပါ။ အိမ်က တ္တသိုလ်ကျောင်းကြီးနဲ့ မြို့ရဲ့ဟိုဘက် ဒီဘက်ထိပ်လောက် ဝေးနေပေ ယ် တည်းစရိတ်၊ စားစရိတ်၊ တစ်နှစ် နှစ် သက်သာအောင်လို့လည်း ပြုရ တော့ တစ်လခွဲကာလကို ကျွန်တော် တ်မှိတ်နေခဲ့ပါတယ်။ ဒီအိမ်မှာ ကျွန် တော်လာတာ မကြည်ဖြူတာကတော့ တော်ယောက်ျား ဆောက်လုပ်ရေး နေ့စားလက်သမားဆရာကြီး ဦးစံမိုး ပါ။

အများအမြင်မှာတော့ လူအေး၊ စကားမပြောဘူး၊ သူ့ဘာသာသူ အရက် သောက်နေတယ် ဆိုပေမယ့်၊ ကျွန်တော် ထွက်သွားလာနေတာကို တာဝန်အ သူ့ဝသီအတိုင်း မချိုပြုံးလေးနဲ့ ပြုံးပြ ဆက်နေပေမယ့် ကျွန်တော့်မျက်စိ မှာ ကျွန်တော် တစ်နှစ်မှာတစ်ခါ သူ့ အိမ် လာလာတည်းပြုနေတာကို ဘောမတွေ့ပုံပါ။ ကျွန်တော်ရယ်၊ မိုးရယ်၊ သူ့သားရယ်က အိမ်အပေါ် အိပ်ကြတယ်။ ကျန်တဲ့ ကြီးတော် သမီးတွေနဲ့ ကြီးတော်က အိမ်အောက် အိပ်ကြပေမယ့် သူ့သမီးအပျိုပေါက် တွေနဲ့မို့ သူစိမ်း ကျွန်တော့်ကို စိတ်မချ တမျိုးတော့ မဟုတ်လောက်ပါဘူး။ ခင်နှမ တစ်ဝမ်းကွဲတွေဥစ္စာ။ အဲဒါ ကြောင့် မကြည်ဖြူတာတော့ မဟုတ် လောက်ဘူး။ တန်တော့ ငွေကြေးမပြည့် တဲ့အထဲ ဧည့်သည်က နှစ်တိုင်းလာ၊ ရင်လည်း တစ်လကိုးသီတင်းနေတာ မကြည်ဖြူတဲ့ပုံစံပါ။

အဲဒီတုန်းက ကျွန်တော် စာမေးပွဲ တာက ငါးနှစ်ပါ။ တစ်နေ့ တစ်နေ့ ကျွန်တော်ဟာ ကျောင်းနဲ့အိမ်၊ အိမ်နဲ့ ကျောင်းပဲ ပြီးနေပါတယ်။ မနက်စာ စား ရင် ဂေါ်ဝိန်ဆိပ်ကမ်းဘက်သွားတဲ့ ပေါ် အမှတ်(၃)ကားကြီးကို စောင့် တက္ကသိုလ်ကျောင်း ဂိတ်ဆုံးလိုက်စီး ပါ။ ကားကြီးက ကျောင်းဆီ အတည့် သွားဘဲ ဈေးချိုဘက်၊ နာရီစင်ဘက်၊ ကြီးတွေဘက်အထိ ကွေ့ဝိုက်နေ တော့ ကားစီးရတာကိုက အကြာကြီးပါ။ နေဆို ထမင်းစားချိန်ကျမှ အိမ်ပြန် ရောက်ပါတယ်။ အိမ်ပြန်ရောက်တာ ရင် အရက်ခိုးတွေဝေနေတဲ့မျက်လုံး ကြီးတွေနဲ့ ကျွန်တော့်ကိုကြည့်နေ ဦးစံမိုးရဲ့အကြည့်တွေကို ရှောင်နေ ပါတယ်။ ကျောင်းပိတ်ရင်တော့ မြို့ထဲ ဒီလျှောက်လည်၊ ရုပ်ရှင်ကြည့်၊ စာ အုပ်ဆိုင်တွေသွား၊ ကမ်းနားဘက် မြစ်ကြည့်၊ သဘော်ကြည့်နဲ့ အချိန်ဖြုန်းနေ ရပါတယ်။ မှောင်တော့မှပြန်ပေါ့။ ကျွန် တော့်မှာ ငွေကြေးမပြည့်စုံလို့သာ ကြီး တော်ဆီ တည်းပြုနေရပေမယ့် အားနာ လှပါတယ်။ ဖြစ်နိုင်ရင် ကျောင်းနားက ဗောဓိကုန်းကအဆောင်တွေ လခပေးပြီး တည်းပြု၊ စားသောက် စာသင်ရတဲ့ဘဝ မျိုးဆို ဘယ်လောက်ကောင်းလိုက်မလဲ တွေးမိပါတယ်။

မန္တလေးမှာ ကျွန်တော်တို့ အနီး ကပ်သင်တန်းတက်ရတဲ့ရက်နဲ့ စာမေးပွဲ ရက်က ကျွန်တော်မှတ်မိတယ်၊ သီတင်း ကျွတ်, တန်ဆောင်မုန်းလကြီးဗျ။ ဘာပြု လို့လဲဆိုတော့ အဲဒီအရပ်က ကလေး တွေ 'ပိုက်ဆံကြပါဗျို့' ဆိုပြီး အိမ်တွေ မှာ အလှူလိုက်ခံ၊ ညကျတော့စုပြီးချက် ပြုတ်စားကြတဲ့ဓလေ့ ရှိတယ်။ လမ်းတွေ ပေါ်မှာ မဏ္ဍပ်တွေထိုးပြီး တရားပွဲ၊ အလှူပွဲတွေ လုပ်ကြတယ်။ ဆီမီးတွေ ထွန်းညှိပူဇော်ကြတယ်။ ဇာတ်ပွဲ၊ အငြိမ့် ပွဲ၊ ရုပ်သေးပွဲတွေတောင်ရှိတဲ့ ကာလ ပေါ့။ ကျွန်တော့်နှမတွေဆိုတာ အလုပ် ပိတ်ရက်၊ ပွဲတော်ရက်မှာ ဝတ်ကောင်း စားလှတွေဝတ်ပြီး သွားလိုက်၊ စားလိုက် ကြနဲ့ ပျော်နေကြတာပေါ့ဗျာ။

ကျွန်တော်လည်း ညပိုင်း စာမ ကျက်ခင် ပျင်းပျင်းရှိတာနဲ့ နီးရာရပ် ကွက်ထဲ၊ လမ်းထဲ လျှောက်ဝင်လည် ကြည့်ပါတယ်။ အဲဒီမှာ ဓလေ့ဆန်း တစ်ခုက သူတို့ရဲ့လမ်းတို့၊ ရပ်ကွက်တို့ ထဲကရှိတဲ့ ဓမ္မာရုံတွေ၊ ဘုရားတွေပေါ် မှာဆီမီးခွက်လေးတွေ တန်းစီထွန်းတတ် ကြပါတယ်။ တချို့အိမ်တွေရှေ့မှာထွန်း တာ တွေ့ပေမယ့် ကျွန်တော့်ကြီးတော် အိမ်ရှေ့မှာတော့ ထွန်းတာ မမြင်မိပေါင် ဗျာ။ ဘာပြုလို့လည်း မသိပါဘူး။ ပြီး တော့ ဘုရားရှေ့မှာထွန်းကြတာ။ ဆီမီး ခွက်ဆိုမှ တကယ့်ကို ဆီမီးခွက်အစစ် ဗျ။ ကြည့်ပါလား၊ မြေနဲ့လုပ်ထားတဲ့ ဆီမီးခွက်လေးထဲ ဆီထည့်၊ ဆီထဲမှာ အပ်ချည်ကျစ်ထားတဲ့ မီးစာလေး မီးညှိ ပြီး ထွန်းတာ။ ထွန်းတာမှ ဆီမီးတစ် ထောင် ထွန်းတာ။ ထွန်းပြီးလို့ ဆီမီးတွေ ငြိမ်းပလားဆိုမှ အဲဒါ အနားက ကလေး၊ လူကြီးတွေ အားလုံး ဆီမီးခွက်ကို ဦးရာ လုယူကြတာရယ်၊ ပျော်စရာကြီးပါဗျာ။ ဒီလိုနဲ့ ကျွန်တော် တခြားရပ်ကွက်တစ် ခုရောက်တော့ ဒီလိုပဲ။ ဆီမီးခွက်တွေ ငြိမ်းခါနီး လုဖို့စောင့်နေကြတာတွေ့တာ နဲ့ ဘာရမလဲ ကျွန်တော်ပါ တပျော်တ ပါး ဝင်လုလိုက်တာ၊ ဆီမီးခွက်တွေ မနည်းကြီး ရခဲ့တယ်။ အဲဒါနဲ့ ကျွတ် ကျွတ်အိတ်ထဲ ထည့်ယူလာပြီး အိမ် ရောက်တော့ ကြီးတော်ကို မျက်နှာလို အားရ ရော့-အင့်လို့ပေးတော့ ကြီးတော် က ဘာလုပ်ရမှာလဲ၊ တန်ဖိုးမရှိတဲ့ဟာ တွေ။ ဆီချေးက ကြီးကြီးနဲ့ ဆိုပြီး ကျွန် တော့်လက်ထဲက ဆီမီးခွက်တွေကိုယူပြီး လွှင့်ပစ်လိုက်ပါတယ်။

တစ်နေ့ ကျွန်တော်တို့ မိသားစု တစ်တွေ ထမင်းဝိုင်းမှာ ထိုင်စားနေကြ တုန်း ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်က ထမင်းစားနေတဲ့ သမီးကြီးကို သူစားနေ ပုံ ကြည့်ပြီး အံ့ဩနေမိပါတယ်။ စား သောက်နေရင်းက ပါးစပ်မှာ ထမင်းစေ့၊ ဟင်းတွေပေစွန်းနေရင် သူ့ပါးစပ်သုတ် ပုံက ပါးစပ်ရဲ့ဘယ်ဘက်ကနေ နှုတ်ခမ်း တစ်လျှောက် ညာဘက်အထိ ပိုက်ဆံ အိတ်ကို ဇစ်ဆွဲပိတ်သလိုမျိုး ဟောဒီလို သုတ်တာရယ်။ ကျွန်တော် ကြည့်နေတာ ဘယ်သူနဲ့တူပါလိမ့်မလဲ၊ ဒါမျိုးသုတ်တာ မြင်ဖူးသလိုလိုတော့ အရှိသား။ ဘယ်မှာ ပါလိမ့်မယ်. . . ။

မောင်သင်းထုံ(ကျောက်မဲ)



www.burmeseclassic.com

စက်ဘီးက ဝရုန်းသုန်းကား. . .

နှင်းသူ ကင်းမဲ့လျက်နှင့်ပင် တစ်လှိမ့်ပြီးတစ်လှိမ့် ရွေ့လျားလို့နေသည်။

'ဘုရား၊ ဘုရား-စက်ဘီးကို တစ္ဆေပူးကပ်သွားခြင်းပဲလား'

လမ်းကျဉ်းလေးတစ်ဝိုက်နေ ခွေးလေခွေးလွင့်အပေါင်းကလည်း တလိမ့်လိမ့်ရွေ့လျားပြေးလွှားနေသော စက်ဘီးလေးကို စူးစူးဝါးဝါးစိုက်ကြည့်ကြလျက် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ထိုးဟောင်နေကြ၏။ အခြေအနေနှင့် အဖြစ်အပျက်တွေက သွေးပျက်ချင်စရာကောင်းနေပေမယ့် ကြောက်လန့်တုန်လှုပ်စိတ်တွေကြောင့် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိပါဘဲ ကျွန်မလက်တွေက စက်ဘီးလက်ကိုင်တွေကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားမိနေဆဲ။

'ကျွန်မ. . ကျွန်မ ဘာလုပ်ရမလဲ'

✿

ဤအဖြစ်အပျက်လေးက ကြာတော့ကြာခဲ့ပြီ။ ထိုစဉ်က ကျွန်မအသက် (၁၃) နှစ်အရွယ်။ အပျိုပေါက်အရွယ်ဟုဆိုနိုင်ပေမယ့် ကျွန်မကိုယ်၌ကတော့ ကိုယ့်ကိုယ်ကိုယ် အပျိုသောဘာသော မစဉ်းစားသေး၊ ငယ်စဉ်ကကဲ့သို့ပင် အပေါင်းအဖော်များနှင့် ကစားလျှင်ကစား၏ သို့မဟုတ် စက်ဘီးကိုယ်စီ စီးနင်းကာ ရွာရိုးကိုးပေါက် လျှောက်သွားလိုလျှောက်သွားကြ၏။

တစ်နေ့. . .

ထုံးစံအတိုင်း ကျွန်မတို့ သူငယ်ချင်းခြောက်ယောက် ကျူရှင်အပြန်တွင်

ဂျိုးနွန်းကို

တစ္ဆေနှင်းသော စက်ဘီးလော

စက်ဘီးလေးစီးနှင့် ကျွန်မတို့တစ်တွေ နေ့ထိုင်သောရပ်ကွက်၏ ဟိုဘက်ထိပ်နှင့်သည်ဘက်ထိပ်ကို ခေါက်တုံ့ခေါက်ပြန် စက်ဘီးစီးခဲ့ကြသည်။ ကျူရှင်က ရှစ်နာရီခွဲဆိုလျှင် လွှတ်နေကျဖြစ်သော်လည်း ကျွန်မတို့အုပ်စုကတော့ ကိုးနာရီကျော်မှသာ အိမ်သို့ အမြဲပြန်ရောက်တတ်ကြ၏။

စက်ဘီးက လေးစီးတည်းသာဖြစ်၍ ကျွန်မသူငယ်ချင်း လမျိုးကျော်က ကျွန်မကိုတင်နင်းပြီး အိမွန်ဆိုသောတစ်ယောက်ကိုတော့ နိုင်ဦးက တင်နင်း၏။ သူငယ်ချင်းခြောက်ယောက်တွင် မိန်းကလေး (၄) ဦး၊ ယောကျ်ားလေး (၂) ဦးဖြစ်၍ စက်ဘီးမပါသော ယောကျ်ားလေးနှစ်ဦးက မိန်းကလေးနှစ်ဦးကို တင်နင်းလျက် စက်ဘီးစီးထွက်ကြခြင်း ဖြစ်သည်။ အားလုံးက ကလေးဆန်ဆန်၊ ပေါ့ပေါ့ပါးပါးတွေဖြစ်တာကြောင့် သီချင်းညည်းသူညည်း၊ စကားအော်ပြောသူကပြောနှင့် အတော်ကို ပျော်စရာကောင်းသော ညချမ်းချိန် စက်ဘီးစီးပွဲလေး ဖြစ်လေ၏။

ထိုနေ့က လဆန်း (၄) ရက်နေ့ဖြစ်သဖြင့် ကောင်းကင်ယံတွင် ဖရဲသီးခြမ်းလေးလို လခြမ်းငယ်လေးက ကွေးရရွေး ထိန်သာလို့နေသည်။ ညနေစောင်းက မိုးရွာထား၍ လေအတိုက်တွင် မြေသင်းနံ့တချို့ကို ရှူရှိုက်ခံစားမိ၏။ ရာသီက နွေအကုန် မိုးအကူး ရာသီဥတု

လေးဖြစ်သဖြင့် ပင်ပျိုအများစုတွင် ရွက်[...]ဟောင်းကြွေပြီး ရွက်သစ်ဝေနေသည်[...] မှုန်ဝါးဝါးလရောင်အောက်တွင် ပိုးတဝ[...] တွေ့မြင် ရှုစားရ၏။

"မိစု၊ ငြိမ်လှချေလား။ အိပ်ငိုက်[...] နေပြီလား"

မိစု ဟူသည်မှာ ကျွန်မကို ပြော[...]ခြင်း ဖြစ်သည်။ ကျွန်မနာမည် စုစုထ[...] ကို သူငယ်ချင်းအားလုံးက ချစ်စနိုးန[...] 'မိစု' ဟုသာ ဝိုင်းခေါ်ကြ၏။ ကျွန်မ[...] တင်နင်းသော လှမျိုးကျော်ကား လူ[...] ကောင်သေးညှက်ညှက်ဖြစ်ပြီး ကျွန်[...] ကတော့ အရပ်ရှည်ရှည်၊ လူကောင်ထွား[...] ထွားဖြစ်၍ ကျွန်မတို့စက်ဘီးက နော[...] ဆုံးမှရေတွက်လျှင် ဒုတိယနေရာတွင် [...] နေခိုက် အနောက်ဘက်မှ အေးအေး[...] နွယ်က လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

"ဟော့အေး- မအိပ်ချင်ပါဘူး။ ခ[...] ပွင့်ဆိုနေတဲ့သီချင်းကို နားထောင်ရင်[...] ဟိုငေးဒီငေးလုပ်နေတာ၊ နင်ကော[...] ညောင်းနေပြီလား"

ချစ်ပွင့် ဟူသော တစ်ယောက်[...] ကျွန်မတို့စက်ဘီးရှေ့မှ သီချင်းတကြော[...] ကြော် အော်နေသောတစ်ယောက်[...] ဆိုလိုခြင်း ဖြစ်၏။ ကျွန်မအမေး[...]



www.burmeseclassic.com

အေးအေးနွယ်က ခေါင်းခါပြရင်း-

"မညောင်းပါဘူးဟယ်၊ ပျော်လို့ ညောင်းရမှန်းတောင် မသိဘူး"

"မိစု- နင်က လူမှားပြီး မေးနေတာ တကယ်ညောင်းလို့ ပြန်ချင်နေတာ ငါဟ"


ကျွန်မနှင့် အေးအေးနွယ် အပြန်အလှန်စကားပြောနေခိုက် ကျွန်မကို တင်နင်းနေသော လှမျိုးကျော်က ငိုသံကြီးနှင့်ပြောချလိုက်သည်။ သူပြောလျှင်လည်း ပြောချင်စရာ၊ မိန်းကလေးလေးယောက်တွင် ကျွန်မက အကောင်အကြီးဆုံးဖြစ်ပြီး ယောကျ်ားလေးနှစ်ယောက်ထက်ပင် ထွားသည်ဟု ဆိုနိုင်၏။ နောက်ပြီး နင်းလာသည့်ခရီးကလည်း နီးနီးလေးမဟုတ်၊ ကျွန်မတို့နေထိုင်သောရပ်ကွက်က ရပ်ကွက်ကြီးဖြစ်သဖြင့် အတော်တျယ်ပြန့်လှသည်။ ထိုရပ်ကွက်ကြီးကိုမှ ဟိုဘက်ဒီဘက် အစအဆုံးတစ်ခေါက် သွားပြီးပြီ ဖြစ်၏။ သို့ဖြစ်၍-

"ဟဲ့- လှမျိုးကျော်၊ နင် ညောင်းရင် ငါ တစ်လှည့် နင်းမယ်လေဟယ်။ ကဲကဲ- ဆင်း"

"ဟယ်- အဲ့လိုတော့ မလုပ်ချင်ပါဘူး၊ နင်က မိန်းကလေးကို"

လှမျိုးကျော်၏စကားမဆုံးခင်ပင်-

"မိန်းကလေးလည်း ဘာဖြစ်လဲ၊ သူငယ်ချင်းအချင်းချင်း ရိုင်းပင်းသင့်တာ ရိုင်းပင်းတာကို နင်က ခွဲခြား ခွဲခြားနဲ့။ တော်ပြီ၊ နင်တို့တွေနဲ့ စက်ဘီးအတူမစီးတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဘုဆတ်ဆတ် အော်တတ်သော ကျွန်မကို အားလုံးက အရှုံးပေးကြရစမြဲ။ နောက်ဆုံး လှမျိုးကျော်ကို တင်နင်းလျက် ရှေ့က စက်ဘီးနှစ်ဘီးကို ကျွန်မ ကျော်တက်ပစ်လိုက်သည်။

"ဟာ- မိစု၊ ဆရာကြီးပါလားဟ"

သီချင်းတအေးအေး ဆိုနေသော ချစ်ပွင့်က သူမ၏နံဘေးမှ ကျော်တက်သွားသော ကျွန်မကို လှမ်းအော်ကာ ထောမနာပြုလိုက်သည်။

"အားကိုးချင်စရာကြီး- မယ်ဗလ၊ မယ်ဗလ-ဟီးဟီး"

"သေလိုက်ပါလား ဝက်ပုစုတ်"

နိုင်ဦးက လှမ်းနောက်လိုက်သည်ကို ကျွန်မ ပြန်အော်ဟစ်လိုက်၏။ အားလုံးက ဖြူစင်ရိုးသားကြဆဲဖြစ်၍ ဘာသောညာသော မတွေးကြဘဲ စ,ကြနောက်ကြနှင့် ပျော်စရာကောင်းလှ၏။ သို့နှင့် ကိုးနာရီကျော်ကျော်အချိန်သို့ ရောက်တော့ အားလုံး မိမိ၏အိမ်သို့ ကိုယ်စီကိုယ်င လမ်းခွဲသွားကြသည်။

လှမျိုးကျော်နှင့်ကျွန်မက လမ်းအတူတူပင်ဖြစ်၍ သူ့ကို တင်နင်းလျက် ကျွန်မတို့နေထိုင်သော ဇီဇဝါလမ်းဆီသို့ ခပ်သုတ်သုတ် ပြန်ခဲ့ကြသည်။ တစ်လမ်းလုံး လှမျိုးကျော်က သူ တင်နင်းမည်ချည်း ပြောနေ၍ ထပ်ပြောလျှင် စက်ဘီးပေါ်မှချထားခဲ့မည်ဟု ခြိမ်းခြောက်လိုက်မှသာ ပါးစပ်ပိတ်သွားတော့သည်။

သိပ်ကြာကြာ မနင်းလိုက်ရ (၁၀) မိနစ်ကျော်ကျော်လောက်တွင် လှမျိုးကျော်တို့အိမ်ရှေ့သို့ ရောက်ရှိသွား၏။

"ဟဲ့- မိစု၊ အိမ်ထဲဝင်ပြီး ရေသောက်ဦးမလား"

"အေးဟာ- သောက်မယ်၊ ငါလည်း နည်းနည်းတော့ မောနေပြီ"

"လာလေ- စက်ဘီး ဟိုနားမှာ ထောက်ထားလိုက်"

ကျွန်မ အိမ်ရှေ့တွင်သာ ရပ်နေလိုက်သည်။ လှမျိုးကျော်က အိမ်ထဲသို့ ပြေးဝင်သွားပြီး တစ်အောင့်အကြာတွင် ရေတစ်ခွက်ကိုကိုင်၍ ပြန်ပြေးထွက်လာသည်။

"ဟဲ့- မိစု၊ နင် ရေသောက်ရင်း အိမ်ပေါ်မှာ ခဏထိုင်ပါလား။ ငါ စက်ဘီး ခဏလိုလို့၊ အမေ ဆေးမှာလိုက်တာ ငါ ဝယ်မလာမိဘူး။ ဟိုးလမ်းထိပ်အထိ သွားရမှာ၊ နင့်စက်ဘီး ခဏငှားဟာ"

"အိမ်ပေါ်မှာတော့ ထိုင်မစောင့်ချင်ဘူး၊ ဒီထိုင်ခုံမှာပဲ ထိုင်စောင့်နေမယ်။ သွား၊ မြန်မြန်"

ကျွန်မက အပေါင်းအသင်းမက်သူဖြစ်သဖြင့် ဤငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေကို အလွန်ခင်မင်သလို သူတို့အကူအညီ လိုအပ်လျှင်လည်း ကျွန်မက လက်မနှေးတတ်။ ယခုလည်း လှမျိုးကျော်တို့မိသားစု အဆင်မပြေမှန်း သိသဖြင့် စက်ဘီးငှားလိုက်ပြီး ခြံရှေ့အုတ်ခုံတွင်သာ ထိုင်စောင့်နေလိုက်သည်။ အိမ်ပေါ်သို့တက်သွားလျှင် လူကြီးတွေ အိပ်ရေးပျက်မည်၊ အနှောင့်အယှက်ဖြစ်မည်ကို ကျွန်မအားနာမိသောကြောင့်လည်း ဖြစ်သည်။

ကျွန်မ စက်ဘီးပေးလိုက်သည်နှင့် လှမျိုးကျော် စက်ဘီးပေါ်သို့ လွှားခနဲတက်ကာ ဝရုန်းသုန်းကား စီးနင်းထွက်ခွာသွားတော့၏။

(၉) နာရီ (၂၀)။

လေတွေက တဝီဝီတိုက်ခတ်နေ၍ ကျွန်မ အုတ်ခုံတွင် ထိုင်လျက်နှင့် မျက်လုံးတွေ မှေးစင်း အိပ်ငိုက်လာမိသည်။ အိပ်ငိုက်နေလို့ မဖြစ်သေး၊ လှမျိုးကျော် ပြန်လာလေပြီလား ဟူသောအတွေးဖြင့် ကျွန်မ လမ်းမတန်းဆီသို့ မျှော်ငေးကြည့်လိုက်တော့ လှမျိုးကျော် မဆိုထားနှင့်၊ လမ်းသွားလမ်းလာ လူတစ်ဦးတစ်ယောက်ပင် မတွေ့။

ဟင်- ဘယ်လိုဖြစ်ရတာပါလိမ့်။

ပုံမှန်ဆိုလျှင် ကျွန်မတို့ရပ်ကွက်က သည်လောက် လူမပြတ်။ (၁၀)နာရီ၊ (၁၁) နာရီအထိ ဈေးရောင်းရာမှ ပြန်လာသူ၊ လက်ဖက်ရည်ဆိုင် ထွက်ထိုင်သူ၊ ကုန်စုံဆိုင် ပိတ်ပြီးပြန်သူ၊ လမ်းလျှောက်ထွက်သူများဖြင့် ဆူဆူညံညံ စည်ကားလျက်ရှိသလောက် ယနေ့ညတွင်မှ လမ်းသွားလမ်းလာပင် မရှိ။

လူတွေ ဘာဖြစ်လို့များ အပြင်မထွက်ကြပါလိမ့် ဟူ၍ တွေးတောနေတုန်း ကလင် ကလင် စက်ဘီးဘဲ(လ်)သံကျယ်ကြီးနှင့်အတူ လှမျိုးကျော် ကျွန်မ နံဘေးသို့ ဝုန်းခနဲ ရောက်လာသည်။ သူ့ပုံစံကိုကြည့်ရသည်မှာ ကတုန်ကယင်နှင့်။ တစ်စုံတစ်ရာကြောင့် ကြောက်လန့် အံ့ဩလာပုံရသဖြင့် သူ့လက်ထဲမှ စက်ဘီးကိုဆွဲယူရင်း ကျွန်မ မေးလိုက်မိသည်။

"ဟဲ့- နင့်ပုံစံက ဘာဖြစ်နေတာလဲ။ စက်ဘီးကို စီးလာတာလည်း ကြည့်ဦး၊ တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့။ ငါ့စက်ဘီးကို ခဲလုံးတွေ၊ ချိုင့်တွေပေါ် မနင်းပါနဲ့လို့ ဒီလောက်မှာထားတာကို"

ကျွန်မ ဆူဆူပူပူပြောလိုက်တော့ မျက်လုံး ကလယ်ကလယ်နှင့် ခေါင်းညိတ်ပြသဖြင့် ကျွန်မ ပိုလို့ပင် စိတ်တိုသွားရသည်။

"ဟဲ့- နင် ဘာဖြစ်နေတာလဲ၊ လူနဲ့ စိတ်နဲ့မကပ်သလိုဘဲ။ ဘာလဲ- သရဲနဲ့ တွေ့လာလို့လား"

ကျွန်မက စိတ်တိုတိုနှင့်ပြောလိုက်မှ ပိုဆိုးသွား၏။ လှမျိုးကျော်က မစား အပ်သည့်အသီးကို အတင်းအကျွေးခံရ တဲ့လူလို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ခေါင်းခါငြင်းဆန်လိုက်ရင်း-

"အာ- နင်ကလည်း ပေါက်ပေါက် ရှာရှာ ဘာတွေ လျှောက်ပြောနေတာ လဲ။ သွား- ညဉ့်နက်နေမယ်၊ ပြန်တော့"

"အမလေး- ပြန်ချင်လှပါပြီ၊ ဒါနဲ့ ဘာဖြစ်လို့ လူတွေအပြင်မထွက်ကြတာ လဲ၊ အရင်နေ့တွေနဲ့ မတူသလိုပဲနော်"

"တော်ပါတော့ မိစုရယ်၊ ငါ ကြောက်တတ်တာလည်း နင်သိရဲ့သား နဲ့။ ထပ်မခြောက်ပါနဲ့တော့"

ကျွန်မက အကောင်းမေးလိုက် တာပါ။ နို့ပေမယ့် သူ့အလိုလိုသွေးပျက် နေတဲ့ ကျွန်မသူငယ်ချင်းကြီးက မျက်နှာ ဖြူဆုတ်ဆုတ်နှင့် အိမ်ထဲသို့ ပြေးဝင် သွားသဖြင့် ကျွန်မ အူတက်မတတ် ရယ် မောလိုက်မိသည်။

သြော်- ပြန်ဦးမှ။

ကျွန်မ အိပ်ပြန်ချိန်နောက်ကျနေ ပြီ မဟုတ်ပါလား။

✿

လှမျိုးကျော်နှင့် ကျွန်မက တစ် လမ်းတည်း ဆိုပေမယ့် သူက လမ်း၏ သည်ဘက်ထိပ်၊ ကျွန်မက လမ်း၏ ဟိုဘက်ထိပ်ဖြစ်၍ ကျွန်မအိမ်သို့ ပြန် ရောက်ရန် အတော်လှမ်းသေးသည်။ အ ချိန်ကလည်း ယခင်နေ့ ညများထက် ပို၍ နောက်ကျသလို လမ်းထဲတွင်လည်း လူ တစ်ယောက်စ၊ နှစ်ယောက်စပင် မတွေ့ ရသဖြင့် ကျွန်မ မလန့်စဖူး ထိတ်လန့် နေမိ၏။

'အို- ဘာလန့်စရာလိုလဲ။ ဒီလမ်း ဆိုတာက ငါ ငယ်ငယ်ကလေးကတည်း က တစ်ယောက်တည်း ညဉ့်နက်သန်း ခေါင်အထိ လျှောက်လည်နေကျ။ သူ ကြီးညတွေဆို ညဉ့် (၂) နာရီလောက် ကြီးမှာ အိမ်တကာတက်ပြီး မြေဖြူတ ချောင်းနဲ့ ရေးချင်တာ လျှောက်ရေးနေ ကျကိုများ၊ ဘာအခုမှ လန့်နေတာလဲ'

ထိုသို့ ကိုယ့်ကိုယ်ကိုယ် အားပေး ရင်း ခပ်သုတ်သုတ် နင်းလာလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com

ညကတော့ သူ့ဘာသာသူ မှုမ... လမင်းကလည်း သူ့တာဝန်နှင့်သူ ...တော့တော့လင်းလျက် ရှိသည်။ ...ညင်းတွေကလည်း သူ့သဘာဝအ...း ညင်ညင်သာသာ တိုက်ခတ်လို့နေ ...မယ့် ကျွန်မမှာတော့ ဘာရယ်မှန်း ...ဘဲ တောင်တောင်ဤဤ တွေးတော ...း ခေါင်းနားပန်းကြီးချင်သလိုပင်ဖြစ် ...မိ၍ စက်ဘီးနင်းနှုန်းကို အရှိန်ပိုမြှင့် ...တ်သည်။ ထိုအခိုက်-

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

"ဂီး. . . ဂရား"

"ဝုတ် ဝုတ် ဝု. . ."

ရုတ်တရက်ဆိုသလို လမ်းကျဉ်း ...အတွင်းမှ ခွေးတစ်သိုက်ပြေးထွက် ...ပြီး ကျွန်မစက်ဘီးကို ဝိုင်းအုံကာ စူး ...ဝါး ထိုးဟောင်ကြသည်။ ရုတ်တ... ကြုံတွေ့လိုက်ရသည့်အခြေအနေ ...ကြောင့် ခွေးကိုက်ခံရမည်ကို စိုးရိမ်သ... ကျွန်မ ခြေထောက်နှစ်ချောင်းကို ...ဘီးရှေ့တန်းပေါ်သို့ အလန့်လန့်အ... ...ချပ်နှင့် စုံတင်ထားလိုက်သည်။ ခွေး ...က ဆိုးဆိုးရွားရွားကို ထိုးဟောင်နေ ...ကုန်း။

ခွေးတွေက ထိုလမ်းကျဉ်းအတွင်း ...င်နေထိုင်သော ခွေးလေခွေးလွင့်တစ် ...း ကျွန်မ သိသည်။ ကျွန်မပင် တစ်... အမှိုက်ပုံတွင် အမှိုက်များ လာ ...တ်စွန့်ပစ်စဉ် အိမ်ရှိ ထမင်းကျန် ...င်းကျန်များကို သေသေချာချာထုပ် ...ပြီး ထိုခွေးတစ်သိုက်ကို ကျွေးမွေးခဲ့ ...သည်။ ယခုများတော့ ဘယ်လိုအ ...ကြောင်းအရာကြောင့် ကျွန်မကို စူးစူး ...း ဝိုင်းဟောင်နေကြရပါလိမ့်။

နဂိုကတည်းက ထိတ်လန့်သည့် ...ရှိန်လေးကလည်းရှိနေ၍ ယခုကဲ့သို့ ...တွေ ဝိုင်းထိုးဟောင်ကြသည်ကို ခံ ...ရသောအခါ ကျွန်မ တော်တော်နှင့် ...ကြောက်မပြေနိုင်သေး။ ခွေးတွေက ...ရစ်ခဲ့ပြီဖြစ်သော်လည်း ခြေထောက် ... မချဝံ့သေးချေ။ ထိုစဉ် ရုတ်တရက် ...စုံတစ်ခုကိုတွေးလိုက်မိပြန်၍ ကျွန်မ ...မပေါ်သို့ ခေါင်းထောင်ကာ အသေ ...ချာ ကြည့်လိုက်မိသည်။ ထိုသို့ကြည့် ...ခါမှပင် ကျွန်မတစ်ကိုယ်လုံး ကြက် ...ဖြန်းဖြန်း ထောင်ထသွားရလောက် ...င်ပင် အံ့သြလန့်ဖျပ်သွားရပါတော့ ...ည်။

"ဟာ"

ကျွန်မ ထိုအာမေဍိတ်စကားလုံး ...၍ အခြား အော်ဟစ်ပြောဆိုရန် စကားလုံး ရှာမရ။ စက်ဘီးက ကျွန်မ မနင်းပါဘဲ လမ်းမထက်တွင် တဒုန်းဒုန်း ပြေးနေဆဲ။ ဤနေရာတွင် ကျွန်မတို့ လမ်းအကြောင်းကို အနည်းငယ် ဖော်ပြရလျှင် ကျွန်မတို့လမ်းတွေက ကုန်းတက်၊ ကုန်းဆင်း မရှိ။ တစ်ပြေးညီ တစ်ဖြောင့်တည်းဖြစ်သလို လမ်းကလည်း ကတ္တရာ၊ ကွန်ကရစ်လမ်းကဲ့သို့ ချောမွေ့ဖြောင့်ဖြူးနေခြင်း မဟုတ်ဘဲ ကျောက်စရစ်ခဲအနည်းငယ် ရောယှက်နေသော မြေနီလမ်းကလေးသာ ဖြစ်၏။ ထိုသို့ဆိုလျှင် စက်ဘီးသည် မည်သူက ဆက်လက်နင်းပေးနေ၍ လမ်းမထက်တွင် ယခုကဲ့သို့ ဆက်လက် ပြေးလွှားနေရသနည်း။

သွေးပျက် ထိတ်လန့်စွာနှင့်ပင် ကျွန်မ စက်ဘီးလက်ကိုင်နှစ်ဖက်ကို ခပ်ကျစ်ကျစ်ဆုပ်ကိုင်ထားရင်း ခြေထောက်နှစ်ဖက်ကိုလည်း ဆက်လက်တင်ထားမိသည်။ မတော်၊ ခြေထောက်ချလိုက်မှ တစ်စုံတစ်ဦးရဲ့ခြေအစုံကိုများ တက်နင်းလိုက်မိလျှင်. . ဟူသော အတွေးကြောင့် ကျွန်မ ခြေထောက်ကို မချဝံ့။ ရှေ့ကွေ့နားတွင် သူ့အလိုလို ရပ်တန့်သွားလေမလား ဟူ၍ မျှော်လင့်ထားသော်လည်း စက်ဘီးလေးကတော့ လမ်းမပေါ်တွင် အရှိန်ရစွာ ပြေးလွှားနေဆဲ။

ကူကယ်ရာမဲ့ ကျွန်မတစ်ယောက် တည်းချောက်ချားနေစဉ်တွင်ပင် ကျွန်မ အိမ်နှင့် နီးသထက်နီးလာသည်ကို သတိပြုလိုက်မိ၏။ သို့ကြောင့် ဖြစ်ချင်ရာဖြစ်ဟု သဘောပိုက်ကာ ခပ်မှန်မှန်သွားနေသောစက်ဘီးပေါ်မှ ကျွန်မ ဝုန်းခနဲ ခုန်ချလိုက်ပြီး ဒူးပွန်း၊ ခြေထောက်နာသည်ကိုပင် သတိမရတော့ဘဲ အိမ်ဘက်ဆီသို့ နောက်မလှည့်ကြည့်စတမ်း ထွက်ပြေးလာလိုက်မိသည်။

"ဟယ်-ဒီကောင်မလေး. . . နာရီလည်း ကြည့်ဦး၊ ဆယ်နာရီ မတ်တင်းတောင် ရှိနေပြီ။ နောက်ကျလိုက်တာ၊ ဘယ်တွေလျှောက်သွားနေတာလဲ။ ဟဲ့-ဘယ်မှာလဲ နင့်စက်ဘီး"

ကျွန်မကိုမျှော်နေပုံရသော မေမေက အိမ်ပေါက်ဝတွင် ဆီးကြိုကာမေးလိုက်၍ ကျွန်မ အိမ်ပေါ်သို့ ပြေးတက်လာကာ မေမေ့ကိုပြေးဖက်လိုက်မိသည်။

"ဟဲ့- ဒီကောင်မလေး ဘာဖြစ်လာတာလဲ။ မိစုရယ်၊ အမေ စိတ်ပူအောင် မလုပ်စမ်းပါနဲ့။ သမီး ဘာဖြစ်လာတာလဲ"

"ဟို. . . ဟို. . ."

"ကဲ-ရော့၊ ရေသောက်လိုက်ဦး"

မေမေက တံခါးနံဘေးရှိ ရေအိုးစင်မှ ရေတစ်ခွက်ခပ်ပြီး ကျွန်မကို ကမ်းပေးသည်။ ကျွန်မလည်း မောမောနှင့် ရေကို အငမ်းမရ မော့ချလိုက်ပြီးမှ-

"ဟို-သ. . သမီးကို သရဲခြောက်လို့ အမေရဲ့"

"အယ်- ဒီကောင်မလေး ပေါက်ပေါက်ရှာရှာတော့ပြောရော့မယ်။ ဘယ်လိုလုပ် ဒီလမ်းထဲ သရဲရှိမှာလဲ"

"အာ- တကယ်ပါဆို အမေကလည်း၊ သမီး စက်ဘီးကို ခွေးတွေဝိုင်းဟောင်လို့ သမီးက ခွေးကိုက်မှာစိုးတာနဲ့ ခြေထောက်ကို တန်းပေါ်တင်လိုက်မိပါတယ်၊ စက်ဘီးက သူ့ဘာသာသူဆက်ပြေးနေတယ်။ အမေ စဉ်းစားကြည့်။ သမီး မနင်းဘဲနဲ့ ဆက်ပြေးနေတယ်ဆိုတော့ စက်ဘီးကို သရဲက နင်းနေလို့ပေါ့"

ကျွန်မစကားကြောင့် အမေက အူလှိုက်သည်းလှိုက်ရယ်လိုက်ရင်း-

"တော်ပါတော့ မိစုရယ်၊ သမီး အိပ်ချင်မူးတူးနဲ့ လျှောက်တွေးနေလို့ပေါ့။ ခွေး ဆိုတာ ညဥ့်နက်ချိန် လူစိမ်းတွေ့ရင် ဟောင်မှာပဲ။ စက်ဘီးကလည်း သူ့အရှိန်နဲ့သူ ပြေးနေတာနေမှာပေါ့ကွယ်။ ဒီလမ်းထဲမှာ ဘယ်သူ သရဲခြောက်ခံရတယ် ကြားလို့လဲ။ ကဲ- စက်ဘီးက ခု ဘယ်နားမှာလဲ"

"ဟိုဘက် သုံးအိမ်ကျော်လောက်မှာ သမီးပစ်ထားခဲ့တယ်"

"ကဲကဲ- သွား၊ ခြေ,လက်ဆေးပြီး သွားအိပ်ချေတော့။ စက်ဘီးကို သမီးအစ်ကိုကို ယူခိုင်းလိုက်မယ်"

မေမေက ကျွန်မခေါင်းကို ညင်ညင်သာသာ ပွတ်သပ်လိုက်ပြီး အိမ်ထဲသို့ ဝင်သွားလေသည်။ ကိုကြီးကို စက်ဘီးသွားယူရန်သွားပြောခြင်း ဖြစ်သည်။ ကျွန်မလည်း ခြေ,လက်ဆေးရန် မီးဖိုခန်းဆီသို့ ခပ်သုတ်သုတ် ပြေးဝင်သွားလိုက်သည်။ အကယ်၍ အိမ်ရှေ့တွင် ဆက်နေနေလျှင် ကိုကြီးနှင့် ကိုလတ်ကပါ ကျွန်မကို ဝိုင်း၍ လှောင်ပြောင်ကြမည်မှာ အသေအချာ။ ခက်နေသည်က ကျွန်မကိုယ်တိုင် ကြုံတွေ့ခဲ့ရခြင်းဖြစ်၍ မေမေပြောသကဲ့သို့ မဖြစ်နိုင်မှန်း ကျွန်မဘာသာခံစားမိသည်။ နို့ပေမယ့် မေမေပြောတာလည်း ဟုတ်သား၊ ဤလမ်းထဲတွင် တစ်စုံတစ်ဦး သေဆုံးခြင်းလည်း မရှိပါဘဲ ဘာကြောင့်များ ကျွန်မ တစ္ဆေခြောက်ခံရပါလိမ့်။ ဤသို့ဆိုလျှင် မေမေပြောသကဲ့သို့ စက်ဘီး၏သဘာဝအ



www.burmeseclassic.com

www.burmeseclassic.com

တိုင်း သူ့အရှိန်နှင့်သူ ပြေးလွှားနေခြင်းကို ကျွန်မ၏ကြောက်လန့်စိတ်က ကျွန်မကို ပြန်လည်ခြောက်လှန့်နေခြင်းပဲလား။

✿

ထိုကိစ္စကြောင့် ကျွန်မ တစ်ညလုံး အိပ်မရ ဖြစ်နေခဲ့သဖြင့် မနက်မိုးလင်းသည်နှင့် လှမျိုးကျော်၏အိမ်သို့ ကိုကြီး၏စက်ဘီးဖြင့် ခပ်သွက်သွက် ထွက်လာခဲ့သည်။ ကျွန်မစက်ဘီးလေးခများတော့ ညက ပစ်လဲသွားသည့်အရှိန်နှင့် ဘီးခွေနည်းနည်းခွင်သွား၍ စက်ဘီးပြင်ဆိုင်ရောက်နေလေပြီ။ နောက်တစ်ချက်အနေနှင့် ကျွန်မ မိုးလင်းမှ သိရသည်က ညက မြဝတီမှလာသော ရုပ်ရှင်ဇာတ်ကား ကောင်းသဖြင့် အိမ်တိုင်းကလူတွေ အပြင်မထွက်ကြသလို လက်ဖက်ရည်ဆိုင်ကလူတွေလည်း မထကြသေးသဖြင့် တစ်လမ်းလုံး လူရှင်းနေရခြင်း ဖြစ်၏။

"လှမျိုးကျော်၊ လှမျိုးကျော်ရေ"

"ဟယ်- မိစု၊ ဘာကိစ္စလဲ"

"နင် မှန်မှန်ပြောစမ်း၊ ညက နင် ဘယ်လမ်းက သွားတာလဲ။ နောက်ပြီး ဘာတွေ့ခဲ့သေးလဲ"

ကျွန်မ၏အမေးကြောင့် လှမျိုးကျော် မျက်စိမျက်နှာပျက်သွားသည်။ ထို့နောက် အသံတုန်ရီရီဖြင့်-

"နင့်ကို ဘယ်သူ ဘာပြောလို့လဲ။ ငါ လမ်းမကြီးအတိုင်း သွားတာပေါ့၊ ဘာတွေ့ရမှာလဲ"

"နင် အပိုတွေ မပြောနဲ့၊ ညက နင်ပြန်လာတော့ ကြောက်လန့်လာတာ ငါရိပ်မိတယ်။ နင်. . . နင် သရဲတွေ့ခဲ့တယ် မဟုတ်လား"

"အာ- ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ၊ ဘယ်က သရဲတွေ့ရမှာလဲ။ သရဲတွေ့ရင် ခုလောက်ဆို ကြောက်လို့ ငါ အသက်ထွက်နေလောက်ပြီ။ အိမ်တွေကြားက နေ ဖြတ်သွားတာပါ။ အဲဒါ လမ်းမှာ အသုဘအိမ်တစ်အိမ်တွေ့ခဲ့တယ်။ သေတဲ့သူကလည်း ငါတို့အသိလေဟာ။ ဟိုအရက်သမား ဦးတိုးလေ။ နင်လည်း သိပါတယ်။ ငါတို့ကိုဆို သိပ်နောက်တာပဲလေကွာ။ အဲဒီ ဦးလေးကြီးရဲ့ အသုဘပေါ့။ အဲဒါကြီး တွေ့ခဲ့လို့ ငါကြောက်ကြောက်လန့်လန့်နဲ့ ပြန်လာတာပေါ့။ ငါ့မှာ တစ်လမ်းလုံး သူ ဘယ်နားကများ ပေါ်လာမလဲ ဆိုတဲ့အတွေးနဲ့ ကြောက်လိုက်ရတာ အမောပဲ။ တော်သေးတာပေါ့၊ မခြောက်လို့။ ခြောက်လို့ကတော့ လန့်ဖျပ်ပြီး ငါအသက်ထွက်သွားမှာပဲ"

"ဩော်- အဲဒီလိုကိုး။ မပူပါနဲ့၊ သရဲခြောက်တာ အဲဒီလောက် ကြောက်စရာ မကောင်းပါဘူး"

"အံမယ်- နင်က ဘယ်လိုလုပ်သိလဲ"

"ဩော်- နင်ကလည်း၊ ငါလည်း စိတ်မှန်းနဲ့ပြောတာပေါ့။ သရဲခြောက်လို့ သေတဲ့သူ နင်ကြားဖူးလို့လား။ ဒါနဲ့ ညက ငါနောက်ကျလို့ အမေက စိတ်ပူပြီး ဒီညကနေ စပြီး ညတိုင်း ငါ့အစ်ကိုကြီးကို ကျူရှင်ကိုလာကြိုခိုင်းတော့မယ်တဲ့"

"ဟင်- ဒါဆိုရင် ငါတို့ စက်ဘီးလျှောက်စီးလို့ မရတော့ဘဲနေမှာပေါ့။ နင့်အမေကို ပြောကြည့်ပါဦးလား"

"ငါလည်း ပြောကြည့်ပါသေးတယ်။ ဒါပေမယ့် မေမေက မိန်းကလေးတစ်ယောက်တည်း ညဉ့်နက်ချိန် ပြန်လာတာကို စိတ်ပူတယ်တဲ့ဟ။ အဲဒါကြောင့် ငါ နင်တို့သိအောင် လာပြောပြတာ။ ကဲ- သူငယ်ချင်း၊ ငါပြန်လိုက်ဦးမယ်။ ဈေးသွားရဦးမှာ"

"အေးပါ၊ ငါလည်း စိတ်မကောင်းဘူး။ ငါ စက်ဘီးငှားမိလို့ပါ။ တာ့တာ မိစု၊ ညနေမှ တွေ့မယ်"

"အေးအေး"

ကျွန်မ စက်ဘီးပေါ်သို့ ခုန်တက်စီးနင်းရင်းနှင့် ပြောခဲ့သမျှကို ပြန်တွေးကာ ရယ်ချင်သွားမိသည်။ လက်စသတ်တော့ ညက ဖြစ်ပျက်သမျှအားလုံး၏ လက်သည်တရားခံက လှမျိုးကျော်။ ရိုးရိုးလမ်းမတန်းကြီးကနေ အေးအေးဆေးဆေး မသွားဘဲ လမ်းကြိုလမ်းကြားက သွားပြီး အသုဘအိမ်ရှေ့ကတောင် ဖြတ်လာသေးသတဲ့။

တကယ်တော့ သူ့ကို ကျွန်မ အမှန်တိုင်းမပြောဘဲ ထိမ်ချန်ထားသည်မှာ နှစ်ချက်ရှိ၏။ ပထမတစ်ချက်ကတော့ ယခုမှ ပြောနေလည်း သူကြောက်လန့်ရုံကလွဲပြီး ဘာမှ ထူးမည်မဟုတ်၍ မပြောခဲ့တော့ခြင်း ဖြစ်သည်။ ဒုတိယအချက်ကတော့ ကျွန်မအစ်ကို လာကြိုမည်ဆိုသည်မှာ ကျွန်မမေမေက စိတ်ပူ၍ သွားကြိုခိုင်းခြင်း မဟုတ်ဘဲ ည (၈) နာရီ တစ်ယောက်တည်းစက်ဘီးစီးလျက် အိမ်ပြန်မလာရဲတော့သဖြင့် အစ်ကိုကြီးကို ကျွန်မကိုယ်တိုင် လာကြိုဖို့ တောင်းပန်ထားရခြင်းပင် ဖြစ်ပါတော့သည်။

ဂီဦးနွန်းကို

*ဤဇာတ်ကြောင်း ပြောပြသော အစ်မကြီးကို ကျေးဇူးအထူးတင်ပါသည်။*

# အုန်းပင်
## ဘယ်လိုရွေးချယ်မလဲ

နှစ်ရှည်, နှစ်တို သီးပင်စားပင်ပဲ ဖြစ်ဖြစ်၊ ပန်းပင်ပဲဖြစ်ဖြစ် ဦးဆုံး မျိုးရွေးချယ်ပုံနည်းစနစ်။ ထို့နောက် ပျိုးထောင်ပုံနည်းစနစ်၊ စိုက်ပျိုးပုံနည်းစနစ်များ မှန်ကန်မည်ဆိုပါက စီးပွားဖြစ်ပဲစိုက်စိုက် တစ်ပိုင်တစ်နိုင်ပဲစိုက်စိုက် အောင်မြင်ဖြစ်ထွန်းမှာ အမှန်ပါပဲ။

အုန်းပင်၏သဘာဝသည် ပူအိုက်စွတ်စိုပြီး ရေငန်ဓာတ်ကိုကြိုက်နှစ်သက်သောကြောင့် ပင်လယ်ကမ်းခြေတစ်လျှောက် သဲနုန်းမြေမွမ်းများတွင် အခြားဒေသများထက် အုန်းပင်များ ပို၍ ဖြစ်ထွန်းစေပါသည်။

အုန်းပင်၏အုန်းသီးကို သာရေးနာရေးကိစ္စများတွင် အသုံးပြုများကြပြီး အုန်းပင်၏ပင်စည်သား၊ အရိုး၊ အလက်စသည်တို့ကိုလည်း လူမှုအသုံးအဆောင်ပစ္စည်းများအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် စီးပွားဖြစ် စိုက်ကြသောအပင်များတွင် အုန်းပင်သည်လည်း အပါအဝင် ဖြစ်ပါသည်။

တင်ပြခဲ့သလို အပင်တစ်ပင်ကို စတင်စိုက်ပျိုးရာတွင် ဦးစွာ မျိုးရွေးချယ်ပုံ မှန်ကန်ရပါမည်။ ယခု အုန်းပင်စိုက်ပျိုးရာတွင်လည်း ပထမဆုံး မျိုးရွေးချယ်ရပါမည်။ အုန်းပင်တွင် အဖိုမျိုး၊ အမမျိုး ဟူ၍ ရှိပါသည်။

'အုန်းသီးတစ်လုံး၏ ဖင်ချွန်အ... အပေါ်တွင် အက်ကြောင်းအကွဲ (၃) ... ပါရှိတာကိုတွေ့ရပါက ထိုအုန်းသီးသည် အမသီး၊ အမမျိုး ဖြစ်ပါသည်။ ထို... မပါသော အုန်းသီးကို အဖိုမျိုးဟု သတ်မှတ်ပါ'

မျိုးအဖြစ် ရွေးချယ်မည့် အုန်းသီးသည် အမသီး၊ အမမျိုးကို ရွေးချယ်... ပါမည်။ အမမျိုးကို ရွေးချယ်စိုက်ပျိုး... သာလျှင် အသီးများသီး၍ အုန်းစိုက်ခြင်း၏အကျိုးကို ခံစားရမည် ဖြစ်... သည်။ ထို့ပြင် အပင်အိုမှရသော အုန်း... မျိုးထက် ပင်ပျိုမှရရှိသော အုန်းမျိုး... စိုက်ပျိုးခြင်းက ပို၍ ကောင်းပါသည်။

မှန်ကန်သောအုန်းမျိုးကို ရွေးချ... စိုက်ပျိုး၍ အကျိုးအမြတ်ရရှိနိုင်ကြ... တင်ပြအပ်ပါသည်။

သ...(ဥပဒေ...



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် ...ဌာန်ဘာဝနာပွားများခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ဂါထာမန္တန် ရွတ်ဖတ်ပူဇော်ခြင်းတို့ကို အထူးသဖြင့် မဟာ ...မန္တန်ကြီးအပါအဝင် ဓနလာဘ်ဂါထာမန္တန်များကို ရွတ်ဖတ်ကျင့်ပွားပူဇော်ပါလျှင် ထူးကဲသောကောင်းကျိုးချမ်းသာများ ...ရှိခံစားရမည်မှာ ဧကန်ဖြစ်ပေသည်။ ယခု ဇူလိုင်လ၌ ဓနသိဒ္ဓိနက္ခတ်သည် (၂၄-၇-၂၀၁၃) နေ့ နံနက် (၇း၀၇) နာရီမှ ...-၇-၂၀၁၃) နေ့နံနက် (၅း၄၈) နာရီအတွင်းဝယ် စန်းနှင့်ယှဉ်မည်ဖြစ်ပြီး (၂၅-၇-၂၀၁၃) နေ့ ညဉ့်သန်းခေါင် (၂၃း၃၉း၄၈) ...မှ ညဉ့် (၁း၀၄း၂၆) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ် လဂ်ကိုဖြတ်ကျော်မည်ကာ (၂၅-၇-၂၀၁၃) နေ့ ညဉ့် (၀း၂၀း၅၈) ...မှ ညဉ့် (၁း၁၆း၀၁) နာရီအတွင်း မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းချိန်ဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၁း ၁၂း ၅၈ | ၂း ၃၆း ၅၄ | ၁ | ၁း ၅၇း ၂၂ | ၂း ၅၀း ၂၃ |
| ၂ | ၁း ၀၈း ၀၂ | ၂း ၃၂း ၅၈ | ၂ | ၁း ၅၄း ၂၆ | ၂း ၄၆း ၂၇ |
| ၃ | ၁း ၀၄း ၀၆ | ၂း ၂၈း ၀၂ | ၃ | ၁း ၅၀း ၃၀ | ၂း ၄၂း ၃၁ |
| ၄ | ၁း ၀၂း ၁၀ | ၂း ၂၄း ၀၆ | ၄ | ၁း ၄၆း ၃၄ | ၂း ၃၈း ၃၇ |
| ၅ | ၀း ၅၈း ၁၄ | ၂း ၂၀း ၁၀ | ၅ | ၁း ၄၂း ၃၈ | ၂း ၃၄း ၄၁ |
| ၆ | ၀း ၅၄း ၁၈ | ၂း ၁၆း ၁၄ | ၆ | ၁း ၃၈း ၄၂ | ၂း ၃၀း ၄၅ |
| ၇ | ၀း ၅၀း ၂၂ | ၂း ၁၂း ၁၈ | ၇ | ၁း ၃၄း ၄၆ | ၂း ၂၆း ၄၉ |
| ၈ | ၀း ၄၆း ၂၆ | ၂း ၀၈း ၂၂ | ၈ | ၁း ၃၀း ၅၀ | ၂း ၂၂း ၅၃ |
| ၉ | ၀း ၄၂း ၃၀ | ၂း ၀၄း ၂၆ | ၉ | ၁း ၂၄း ၅၄ | ၂း ၁၈း ၅၇ |
| ၁၀ | ၀း ၃၈း ၃၄ | ၂း ၀၀း ၃၀ | ၁၀ | ၁း ၂၀း ၅၈ | ၂း ၁၄း ၀၁ |
| ၁၁ | ၀း ၃၄း ၄၀ | ၁း ၅၆း ၃၄ | ၁၁ | ၁း ၁၆း ၀၂ | ၂း ၁၀း ၀၅ |
| ၁၂ | ၀း ၃၀း ၄၄ | ၁း ၅၂း ၃၈ | ၁၂ | ၁း ၁၂း ၀၆ | ၂း ၀၆း ၀၉ |
| ၁၃ | ၀း ၂၆း ၄၈ | ၁း ၄၈း ၄၂ | ၁၃ | ၁း ၀၈း ၁၀ | ၂း ၀၂း ၁၃ |
| ၁၄ | ၀း ၂၂း ၅၂ | ၁း ၄၄း ၄၆ | ၁၄ | ၁း ၀၄း ၁၄ | ၁း ၅၈း ၁၇ |
| ၁၅ | ၀း ၁၈း ၅၆ | ၁း ၄၀း ၅၀ | ၁၅ | ၁း ၀၀း ၁၈ | ၁း ၅၄း ၂၁ |
| ၁၆ | ၀း ၁၅း ၀၀ | ၁း ၃၆း ၅၄ | ၁၆ | ၀း ၅၆း ၂၂ | ၁း ၅၀း ၂၅ |
| ၁၇ | ၀း ၁၁း ၀၄ | ၁း ၃၂း ၅၈ | ၁၇ | ၀း ၅၂း ၂၆ | ၁း ၄၈း ၂၉ |
| ၁၈ | ၀၀း ၀၇း ၀၈ | ၁း ၂၈း ၀၂ | ၁၈ | ၀း ၄၈း ၃၀ | ၁း ၄၄း ၃၃ |
| ၁၉ | ၀၀း ၀၃း ၂၂ | ၁း ၂၄း ၀၆ | ၁၉ | ၀း ၄၄း ၃၄ | ၁း ၄၀း ၃၇ |
| ၂၀ | ၂၃း ၅၉း ၂၆ | ၁း ၂၀း ၁၀ | ၂၀ | ၀း ၄၀း ၃၈ | ၁း ၃၆း ၄၁ |
| ၂၁ | ၂၃း ၅၅း ၃၀ | ၁း ၁၆း ၁၄ | ၂၁ | ၀း ၃၆း ၄၂ | ၁း ၃၂း ၄၅ |
| ၂၂ | ၂၃း ၅၁း ၃၆ | ၁း ၁၂း ၁၈ | ၂၂ | ၀း ၃၂း ၄၆ | ၁း ၂၈း ၄၉ |
| ၂၃ | ၂၃း ၄၇း ၄၀ | ၁း ၀၈း ၂၂ | ၂၃ | ၀း ၂၈း ၅၀ | ၁း ၂၄း ၅၃ |
| ၂၄ | ၂၃း ၄၃း ၄၄ | ၁း ၀၄း ၂၆ | ၂၄ | ၀း ၂၄း ၅၄ | ၁း ၂၀း ၅၇ |
| ၂၅ | ၂၃း ၃၉း ၄၈ | ၁း ၀၀း ၃၀ | ၂၅ | ၀း ၂၀း ၅၈ | ၁း ၁၆း ၀၁ |
| ၂၆ | ၂၃း ၃၅း ၅၂ | ၀း ၅၆း ၃၄ | ၂၆ | ၀း ၁၆း ၀၂ | ၁း ၁၂း ၀၅ |
| ၂၇ | ၂၃း ၃၁း ၅၆ | ၀း ၅၂း ၃၈ | ၂၇ | ၀း ၁၂း ၀၆ | ၁း ၀၈း ၀၉ |
| ၂၈ | ၂၃း ၂၈း ၀၀ | ၀း ၄၈း ၄၂ | ၂၈ | ၀း ၁၈း ၁၀ | ၁း ၀၄း ၁၃ |
| ၂၉ | ၂၃း ၂၄း ၀၄ | ၀း ၄၄း ၄၆ | ၂၉ | ၀း ၀၄း ၁၄ | ၁း ၀၀း ၁၇ |
| ၃၀ | ၂၃း ၂၀း ၀၈ | ၀း ၄၀း ၅၀ | ၃၀ | ၀း ၀၀း ၁၈ | ၀၀း ၅၆း ၂၁ |
| ၃၁ | ၂၃း ၁၆း ၁၂ | ၀း ၃၆း ၅၄ | ၃၁ | ၂၃း ၅၆း ၂၂ | ၀၀း ၅၂း ၂၅ |



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

**အဘအောင်မင်းခေါင်နှင့် တောင်လုံးလှ ဆရာတော်တို့ တွေ့ဆုံခြင်း**

ကျွန်ုပ်သည် အဘအောင်မင်းခေါင်ကို ကိုးကွယ်သော တပည့်တစ်ဦးဖြစ်သည်။ အဘကို ယုံကြည်သည်၊ ပူဇော်သည်။ သို့သော် အဘကို မမြင်ဘူးပါ၊ မတွေ့ဘူးပါ။ ပုပ္ပားအောင်မင်းခေါင်၏ ရုပ်ပုံကိုသာ မြင်ဖူးပါသည်။ တောင်လုံးလှဆရာတော် မိန့်ကြားတာကတော့ 'ရုပ်၊ နာမ်' ကိုယ်တိုင်ကြွလာသည်။

အဘ ပြည်တော်ဝင်လာပြီ ဟူ

# အဘအောင်မင်းခေါင်၏ တောင်ရိုးတဲရွာပြည်တော်ဝင်ပွဲတော်အကြောင်း



သော အသိထူးများကြောင့် အဘကို မြင်ချင်၊ တွေ့ချင်သဖြင့် တောင်လုံးလှကျောင်းမှ စောင့်နေမိပါတော့သည်။

တန်ဆောင်မုန်းလပြည့်နေ့ရောက်ရှိခဲ့ပြီ။ ဒီနေ့ အဘလာမည်ဟု ဆရာတော်မှ မိန့်ကြားသဖြင့် စောင့်နေပါသည်။ တွေ့ချင်သောကြောင့် မြင်ချင်သောဆန္ဒ ပြင်းပြမိသော ကျွန်ုပ် ဒီနေ့တော့ ပြည့်တော့မည်။ ကျောင်း၏ဝေယျာဝစ္စတို့ကိုဆောင်ရွက်ရင်း စောင့်နေမိပါတော့သည်။ မကြာမီ အဘကြွလာပါတော့သည်။ ကောင်းကင်က ကြွလာတာမဟုတ်၊ မန္တလေးတင်ဝင်းမှ SURF (ဆပ်) ကားဖြင့် ပင့်လာပြီး နောက်ပါတပည့်များကလည်း ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် ရောက်လာပါတော့သည်။

အဘသည် ကားပေါ်မှဆင်းလာသည်။ သာမန်လူထက် ထူးဆန်းတာ၊ ကွာခြားတာကတော့ ရှေးခေတ်မြန်မာကြီးတစ်ယောက်ကို မြင်လိုက်ရသလို ခံစားမိပါတော့သည်။ အရပ်က ထောင်ထောင်မောင်းမောင်း၊ ခံ့ခံ့ညားညား။ အညာသားပုံသဏ္ဌာန်ပင် ဖြစ်၏။ အင်္ကျီမှာ စွပ်ကျယ်အဖြူလက်စက အပေါ်မှာ တိုက်ပုံအင်္ကျီ ဝတ်ထားပြီး လုံချည်မှာ အပြာရောင်အကွက်ကျဲ ဖြစ်သည်။ ဖိနပ်မှာ ကတ္တီပါဖိနပ်ကိုစီးပြီး ဝင်လာသည်။ ဆံပင်မှာ အဖြူများပြီး အနက်ရောင်ပြောက်ကျားဖြင့် အရှည် ဖြစ်သည်။ မျက်နှာဝိုင်းပြီး နဖူးကျယ်၏။ မျက်မှန်ထူကြီးတပ်ပြီး တပည့်နှစ်ယောက်က ဘေးကရံပြီး လိုက်လာလေသည်။

ကျောင်းတွင် ကပ္ပိယ ထိန်ဝင်းရယ်၊ တောင်ဦးမှ ဆရာတော့်အမျိုးများရောက်နှင့်နေကြသည်။ ဆရာတော်ကို ဝတ်ချပြီး နှုတ်ဆက်၏။

"ဘုန်းဘုန်းဘုရား နေကောင်းသလား။ တပည့်တော် ကန်တော့ပါတယ်ဘုရား"

"နေကောင်းပါတယ် ဒကာကြီး"

"ဆွမ်းကွမ်းကော အဆင်ပြေရဲ့လား"

"အားလုံး အဆင်ပြေပါတယ် ဒကာကြီး အဆင်ပြေသလို နေပါ။ ဒါ တောင်ဦးရွာက ဒကာကြီးရဲ့ အမျိုးတွေ ပဲ"

အဘသည် သင်ဖျာပေါ်၌ ဘ
ပေါင်ပေါ်သို့ ညာပေါင်တင်ပြီး တင်ပ
ချိတ်၍ထိုင်၏။ ဆေးလိပ်သောက်
ဆေးလိပ်ဘူးခွံကို ကြည့်သော
LUCKY တံဆိပ် ဆေးလိပ်အဖြူ ဖြ
သည်။ ရွာသူ ရွာသားများ၊ အဘ
အမျိုးများသည် အဘကို ဦးချကြသ
မျက်စိမှ မမှိတ်မသုန် လေ့လာကြ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"မင်းတို့က အဘရဲ့အမျိုးတွေလို့ ပြောတယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"ဘာလို့ အမျိုးလို့ပြောတာလဲ"

"ဘဘုန်းပြောလို့ သိတာပါ"

"ဟော့ ထိန်ဝင်း- ဟိုမီးဖိုခန်းထဲက ဆီပုလင်းသွားယူစမ်း"

အဘသည် ကပ္ပိယ ထိန်ဝင်းကို ဆီပုလင်းယူခိုင်းလေသည်။ ဘာလို့ ယူ



www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်ဝင် အဘအောင်မင်းခေါင် တောင်လုံးလှဆရာတော်နှင့် တွေ့ဆုံနေပုံ

ခိုင်းတာလဲ။ ဦးဖွဆို ဆီတွေ၊ ဆန်တွေ ရောက်လာအောင် မန်းပေးမှာလား။ ငါ တော့ အဘရဲ့အစွမ်းသတ္တိကိုသိရတော့ မယ်ဆိုပြီး စောင့်ကြည့်နေမိပါတော့ သည်။ မကြာမီ ထိန်ဝင်း ဆီပုလင်း ကိုင်ပြီး ထွက်လာပါသည်။ ပုလင်းထဲ တွင် ဆီကို မှန်ဘီလူးဖြင့်ရှာရမလို ဖြစ် နေသည်။ ဆီအနံ့သာရှိပြီး လုံးဝဆီမရှိ သော ပုလင်းလွတ်တစ်လုံးသာ ဖြစ်နေ ပါတော့သည်။

"ဟေ့ အမျိုးတွေ၊ ဒါ ဘာပုလင်း လဲ"

"ဆီပုလင်းပါ ဘုရား"

"နင်တို့ ငါ့အမျိုးတွေမဟုတ်ဘူး။ ဘုန်းဘုန်းကျောင်းမှာ ဆီမရှိ၊ ဆန်မရှိ။ ဆရာတော်ကို ပစ်ထားကြတယ်။ ငါ့အ မျိုးဆိုရင် ဆီ(၁)ပုလင်း၊ ဆန်(၁)ပြည်စီ ယူလာခဲ့။ မပါတဲ့သူ ငါ့အမျိုး မဟုတ် ဘူး။ ကဲ- ပြန်တော့၊ ပြန်တော့"

ရွာသူ ရွာသားများသည် အဘကို ကန်တော့ပြီး မျက်စိမျက်နှာပျက်၍ ရွာ သို့ ပြန်သွားကြလေတော့၏။ ကျောင်း တွင် လူရှင်းသွားသည်။ ဆရာတော်နှင့် အဘတို့ ရင်းရင်းနှီးနှီး စကားပြောကြ လေတော့သည်။

"ဘဘုန်း ဒီကြိုးတွေကျစ်နေတာ ဘာလုပ်ဖို့လဲ"

"ဒီမှာ ဘိုးတော်စိုက်ခဲ့တဲ့ ပိန္နဲပင် ကြီး သေပြီးခြောက်လို့ မောင်ဖား ကျောင်းကိုလာပို့တယ်။ ဒါကို ပုတီးထိုး နေတာ။ ဒီကြိုးက ပုတီးသီတဲ့ကြိုးပါ"

"တပည့်တော်က ငုံးထောင်ဖို့ကြိုး ကျစ်နေတယ်လို့ အောက်မေ့တာ"

"ငယ်ငယ်ကအကျင့်တွေမရှိတော့ ပါဘူး"

"ဘုန်းဘုန်းက တပည့်တော်ထက် ငယ်တယ်။ တောင်ဦးရောက်ရင် အရှင် ဘုရားက ကလေးငယ်လေးပဲ ရှိသေး တာ။ ကြိုးလေးတွေနဲ့ ငုံးထောင်လိုက်၊ ခါထောင်လိုက်လုပ်နေတာ"

"ငယ်ကျိုးငယ်နာတွေ မဖော်နဲ့ လေ"

ဘဘုန်းလည်း ပြုံးပြုံး ပြုံးပြုံးနှင့် ဝမ်းသာမှုပြည့်နေလေသည်။ အဘက လည်း ငယ်ငယ်ကအကြောင်းတွေပြော ၍ ငယ်မူငယ်သွေးဘဝကို ပြန်မြင်ပြီး ရယ်မောနေလေတော့သည်။

"ဘိုးတော် ခု ဘယ်ကလာတာ လဲ"

"ဇရပ်ကုန်းက လာတာ။ ဇရပ် ကုန်းမှာ မောင်ကံနဲ့ မြဝင်းတို့က စခန်း ထောက်အနေနဲ့ ဓာတ်ခန်းဆောက်လှူ ထားတယ်"

ဇရပ်ကုန်း ဆိုသည်မှာ တောင်[...] ရွာ၏အရှေ့ဘက် (၄) မိုင်ကွာ မိတ္ထီ[...] -ကျောက်ပန်းတောင်း ကားလမ်း[...] တွင် ရှိပါသည်။ အဘ၏ဓာတ်ခန်း [...] သည်မှာ ဘုရားစင်နှင့် ဘိုးတော်ရုပ်[...] သော ဘုရားခန်းအပြင် အဘအိပ်[...] အိပ်ခန်းပါသည်။ အိမ်သာ၊ ရေချိုး[...] တွဲထားသည်။ လမ်းဘေးမို့ ကားဝင်[...] ထွက်ရ လွယ်ကူသည်။ စခန်းထော[...] ဆိုသည်မှာ အဘပြန်ကြွလာပြီး စင်[...] ရွာသို့ သွားသည်၊ မိဘကျေးဇူးများ[...] ဆပ်ချင်သည်။ ကျေးဇူးဆပ်ဖို့ ကြွ[...] သောအဘ ခေတ္တနားခိုဖို့ ဆောက်[...] လှူဒါန်းထားသောကြောင့် 'စခ[...] ထောက်' ဟုခေါ်ခြင်း ဖြစ်ပါသည်။ [...] မြင့် ဆိုသည်မှာ မိတ္ထီလာ-ကျောက်[...] တောင်းကားလမ်းမပေါ်တွင် ရှိသ[...] တောင်ဦးရွာမှ မြောက်ဘက် (၅)မိုင်[...] အကွာတွင် ရှိသည်။ တောင်ဦး-သ[...] ကိုင်း လမ်းပေါ်တွင် တည်ရှိလေသ[...] ကားလမ်း မပေါက်ပါ၊ လှည်းဖြင့်[...] သွားနိုင်လေသည်။ ကျောက်ခင်း[...] သောလမ်းမှာ အသုံးမပြုတာကြာ[...] သစ်ပင်များပင် ပေါက်နေလေသည်[...]

"စင်မြင့်ကော ရောက်ပြီးပြီ[...]



www.burmeseclassic.com

www.burmeseclassic.com

"ရောက်ပြီးပြီ ဘုရား။ ဒီကားနဲ့ ...လမ်းအတိုင်း ခက်ခက်ခဲခဲ မောင်း ... မိဘတွေခေါင်းချသွားတဲ့နေရာ ...ကျေးဇူးဆပ်ဖို့ပြန်လာတာ ဘုရား"

"အေး- စင်မြင့်မှာ မောင်ဖား ရှိ ... ဘိုးတော်ရဲ့တူအရင်းပဲ။ သူက ... မှတ်မိသလား"

"ဖားက တပည့်တော်အမွေတွေ ...တာ၊ အမွေပြန်တောင်းမှာစိုးလို့ ...ချင်ယောင်ဆောင်နေတာ ဘုရား"

"ဟဲဟဲ. . . ဟဲဟဲ"

တု ရယ်ကြလေသည်။

ဦးဖားမှာ အသက်(၇၀)လောက် ...ပြီ။ ဘမင်းခေါင်၏အစ်ကို ဦး...သောင်မှ မွေးဖွားခဲ့သည့် တူအရင်း ...သည်။ ဦးဘိုးသောင်၏အမွေများ၊ ...၏အမွေများ၊ အပျိုကြီး မအေး ...၏အမွေများကို ရရှိပြီး လုပ်ကိုင်စား ...တ်နေလေသည်။

"စင်မြင့်ကိုရောက်ခဲ့တော့ ဘယ်သူ ...မိမှာမဟုတ်ဘူး။ ပထမဆုံးရောက် ...တ အဖြစ်အပျက်လေး ပြန်ပြော ..."

"တပည့်တော် မြန်မာပြည်ကို ပြန် ...တော့ ပထမဆုံး ပုပ္ပားကို သွား ...။ ပုပ္ပားမှာ အခြေအနေတွေ တော် ... ပြောင်းနေပြီ။ လူတွေကလည်း ...၊ ဒေါသ၊ မာနတွေ အပြည့်နဲ့။ ...လေသာတွေထူလို့။ ဘာသာ သာသ ...ပေါ် မှာလည်း ယုံကြည်မှုနည်းနေကြ ...။ အောင်မင်းခေါင်အနေနဲ့ ဒီနေ ...ကိုပြန်ဝင်လို့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ...အောင်မင်းခေါင်ရဲ့ဘဝဇာတ်လမ်း ... ပြည်ဖုံးကားချလိုက်တာ အကောင်း ...ပဲ"

"ပုပ္ပားမှာနေလို့မရတာက အခြား ...အကြောင်းကော ရှိသေးလား"

"တချို့ကိစ္စတွေက ပြောရခက်ပါ ...ယ် ဘုရား။ ပုပ္ပားတောင်ကလပ်မှာ ...ပြီတာက သက်သေပြနေတယ်။ ...တ် တပည့်တော်ပြန်လာတာက နာ ...ကြီးဖို့ ပြန်လာတာ မဟုတ်ဘူး၊ ...ည့်တော်က တာဝန်အရ ပြန်မလာ ...မဖြစ်လို့ ပြန်လာရတာ"

"ဒကာကြီးက ကိုယ့်သဘောနဲ့ ...ပြန်လာတာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး ဘုရား"

"ဒါဖြင့်ရင်လည်း ပြောပါဦး"

"လူ့ပြည်လူ့ဌာနီ ဆိုတာ ဘယ် ...မှပြန်မလာချင်ကြဘူးဘုရား။ ကိုယ့် ...လုပ် ကိုယ့်စခန်းကို လုပ်ကြ၊ သွားကြမယ့်သူတွေလေ။ အလုပ်မပျက်ဘူး။ လိုရာပန်းတိုင်ရောက်ကြတာ။ 'အလုံ' ဆိုတာ ဝိဇ္ဇာဌာနီ ဝိဇ္ဇာမြို့ပဲ ဘုရား။ လူတွေ မရောက်နိုင်တဲ့နေရာပေါ့ဘုရား။ အဲဒီမှာ နေကြတာ။ ငှက်ပျောသီး တစ်လုံးလောက်စားတာနဲ့ တစ်နှစ်လောက် အစာမစားဘဲ နေနိုင်တယ်။ အလုပ်လုပ်ကြတာ။ အစားကြောင့် အလုပ်မပျက်ဘူးပေါ့။ ဒီအလုံမှာလည်း ဝိဇ္ဇာတွေက အများကြီး ဘုရား။ သူ့လိုင်းနဲ့၊ သူ့ဆုတောင်းနဲ့ စခန်းအသီးသီးကိုဝင်ရတာ။ လူ့ပြည်ဌာနဆိုတာ အလွန်ပူပြင်းတယ်။ ကိလေသာတွေ ထူပြောကြတယ်။ ဒါကြောင့် ပြန်မလာချင်ကြတာ"

"ပြန်ဝင်လာတဲ့အကြောင်းလည်း ပြောပါဦး"

"ဝိဇ္ဇာအစည်းအဝေး၊ ဝိဇ္ဇာညီလာခံလုပ်တယ် ဘုရား။ ဒီဝိဇ္ဇာအစည်းအဝေးရဲ့ဆုံးဖြတ်ချက်ကြောင့် ပြန်လာရတာပါ ဘုရား"

"အစည်းအဝေးက အမိန့်ပေးသလို ဖြစ်နေတာပေါ့"

"ဒီအစည်းအဝေးမှာ ဘယ်သူမှ ပြန်သွားချင်တဲ့သူ မရှိကြဘူး။ ဒါကြောင့် မဲနှိုက်ကြရာမှာ မောင်ကံ မဲပေါက်လို့ ပြန်လာရတယ် ဘုရား။ ဝိဇ္ဇာတွေလည်း လူတွေလို အဖွဲ့အစည်းတွေ၊ အစည်းအဝေးတွေ ရှိတာပဲ။

ဒါတွေက လူတွေပြောလို့ ယုံမှာ မဟုတ်ဘူး။ သက်သေပြစရာ မရှိဘူး။ ဝေဖန်ရေးတွေ ပြောနေကြရင် အပြစ်တွေ ဖြစ်နေမယ်။ ဒါကတော့ အရှင်ဘုရားမေးလို့ ဖြေရတာပါ ဘုရား"

"စင်မြင့်ကို ဘယ်လိုရောက်တာလဲ"

"ပုပ္ပားကို ဝင်လို့မရဘူး။ ဒါနဲ့ အမေ၊ အဖေ ခေါင်းချတဲ့နေရာကို ကျေးဇူးဆပ်မယ်ဆိုပြီး စင်မြင့်ကို ရွေးချယ်လိုက်တာ။ တပည့်တော် ရောက်တော့ ခတ်ခန်းမှာစောင့်တာက တပည့်တော်ရဲ့အမျိုးပဲဘုရား။ အိပ်ခွင့်တောင်းတာတောင် သိပ်အိပ်ခွင့်မပေးချင်ဘူး။ အိပ်တော့လည်း တပည့်တော်ကို စောင့်ကြည့်နေတာ။ ဘုရားလှူထားတဲ့ အလှူငွေယူမယ့်သူလား၊ ခိုးမယ့်သူလား ဆိုတာ မသင်္ကာတဲ့မျက်လုံးနဲ့ စောင့်ကြည့်နေတာ"

"ဘိုးတော့်လည်း သိဒ္ဓိ မဟိဒ္ဓိရှိတာပဲ"

"တပည့်တော်က လူတွေအကြောင်းပဲ သိချင်တာ၊ အမျိုးတွေရဲ့အကြောင်းကိုလည်း သိချင်တာ။ မထင်မရှား သွားရတာပဲ။ ခုလို ကားကြီး၊ ကားငယ်တွေနဲ့ဆိုတော့ ကြိုမယ့်သူ ပေါ်တယ်။ လာတဲ့သူတွေက လာဘ်လာဘ လိုချင်ကြတယ်။ ဘယ်ဟာက အစစ်၊ ဘယ်ဟာက အတု ဆိုတာ မခွဲခြားတတ်ဘူး။ အမျိုးတွေကို တစ်ခါတလေတော့ စိတ်နာချင်တယ် ဘုရား"

"ဒီလိုလည်း မဟုတ်သေးဘူးပေါ့"

"တပည့်တော် အင်္ဂလိပ်ခေတ်က ကျောက်ပန်းတောင်းမှာ အဖမ်းခံရတယ်၊ ဘယ်အမျိုးမှမလာကြဘူး။ ပုပ္ပားမင်းခေါင် ဆိုပြီး နာမည်ကြီးမှ လိုက်လာကြတာ"

"ဒကာကြီး အမျိုးတွေအပေါ် အထင်မလွဲပါနဲ့။ သူတို့က ဆင်းရဲကြတယ်၊ ကျေးရွာဇနပုဒ်မှာနေရတယ်၊ အမြင်မကျယ်ဘူး။ အင်္ဂလိပ်ကို ကြောက်နေရတာ။ ဘယ်လာဝံ့မှာလဲ။ သံယောဇဉ်ဆိုတာတော့ ရှိကြပါတယ်"

ပုပ္ပားမင်းခေါင်ဘဝက ကျောက်ပန်းတောင်းဂိတ်က အဖမ်းခံရပုံကို ဆရာတော်အား လျှောက်ကြည့်ရာ အဖြစ်မှန်ကို သိရပါသည်။ အဘအောင်မင်းခေါင်က မြန်မာပြည်လွတ်လပ်ရေးအတွက် ခာတ်ပန္နက်ရိုက်ခဲ့၏။ တောင်ကလပ်တွင်ပန္နက်ရိုက်ပြီး လွတ်လပ်ရေးရမည်ဟု အဓိဋ္ဌာန်ဖြင့် စေတီတစ်ဆူတည်လေသည်။ တဘောင်စာကိုလည်း စပ်ခဲ့သေးသည်။ 'ကြာအေး' တဘောင်ပါပဲ။

'ကြာအေး သူ့အမေရိုက်၊ မှောင်မိုက်မှာငို၊ ကိုလူပျို ထရံပေါက်က ခြေထောက်ကိုဆွဲ၊ တွဲလဲ။ တွဲလဲနေပါဦး၊ မိုးတောင်ကချွန်း၊ မုန့်လုံး။ မုန့်လုံးစက္ကူကပ် ကြာကလပ်နဲ့ ဆွမ်းတော်တင်၊ ပလ္လင်ပေါ်ကမျောက်ကလေး ဆင်းတယ် လို့ပြေး၊ ကြာအေး'

အင်္ဂလိပ်ကို မျောက်နဲ့ နှိုင်းပြီး ပလ္လင်ပေါ်ကဆင်းရသလို ကျွန်ဘဝက လွတ်တော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ခာတ်ပန္နက်ရိုက်ပုံ၊ တဘောင်ဖြစ်ပုံများကို မြန်မာတွေကလည်း အသားထဲက လောက်ထွက်၊ အင်္ဂလိပ်ကို မျက်နှာလိုမျက်နှာရ သွားပြောကြတာ ပုလိပ်က ဖမ်းတော့တာပေါ့။ အဘကတော့ ဘာမှမလုပ်ပါဘူး၊ အဖမ်းခံလိုက်တယ်။ ကျောက်ပန်းတောင်း ဂိတ်လည်းရောက်ရော ဂိတ်ထဲကမိန်းမတွေ ဝါးလုံးခွစီးပြီး မြင်းစီးတော့တာပါပဲ။ ဘယ်လိုမှ ပြောလို့ မရကြတော့ ငါတို့ သူတော်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကို ဖမ်းထားလိုက်လို့ ...ကြပြီး အဘကို ပြန်လွှတ်ပေးကြတာ။ အဘကို လွှတ်ပေးလိုက်မှပဲ သူတို့မိန်းမတွေ မြင်းစီးရာက ရပ်သွားတော့တယ်။ ဒါက တောင်လုံးလှဆရာတော်မှ နောက်နေ့တွင် မိန့်ကြားခြင်း ဖြစ်ပါသည်။

"ဒကာကြီး၊ စင်မြင့်မှာ ဘာတွေ လုပ်ပေးမှာလဲ"

"ပထမ လမ်းပန်းဆက်သွယ်ရေး ကောင်းအောင်လုပ်မယ်။ နောက် ရေတွင်း တူးပေးမယ်။ တစ်ရွာလုံး ရေ လောက်နိုင်အောင်လုပ်ပေးမယ်။ ဘုရား တွေပြန်ပြင်မယ်။ ရွှေချပြီး ထီးတင်ပေး မယ်။ တဖြည်းဖြည်းတော့ အဆင့်အ တန်းမြှင့်ပေးရမှာပေ့ါ ဘုရား"

"လက်ရှိလမ်းက ပြည်တော်သာ စီမံကိန်းတုန်းက တောင်ဦး-စင်မြင့်-သပြေကိုင်းထိ ကျောက်ခင်းလမ်းပဲ။ ခု မြင်ရတဲ့ ကျောက်ခင်းလမ်းက အသုံး မတည့်တော့ဘူး။ တချို့ နေရာတွေမှာ လမ်းပျောက်နေတယ်၊ သစ်ပင်ကြီးတွေ ပေါက်နေတယ်။ ကားသွားဖို့ခက်တာက စင်မြင့်ချောင်းအတက်တစ်ခု ရှိတယ်"

"တပည့်တော် သိတယ် ဘုရား။ ဒီအတက်၊ အဆင်း ကြမ်းတဲ့နေရာကို ကတ္တရာခင်းပေးမယ်။ ကျန်တဲ့ ကျောက်ခင်းလမ်းကို ကားသွားလို့ရအောင် ပြုပြင်ပေးမယ်ဘုရား"


"ဒကာကြီးက ဘယ်သူ့ကိုလုပ်ခိုင်းမှာလဲ"

"ဒါကတော့ သူ့ဟာနဲ့သူ လာပါလိမ့်မယ် ဘုရား။ စောင့်ကြည့်နေ၊ သိပ် မကြာခင် အဖွဲ့တွေရောက်လာလိမ့်မယ် ဘုရား"

အဘအောင်မင်းခေါင်က ဝိဇ္ဇာဖြစ်ပါသည်။ လမ်းမခင်းပါ။ သို့သော် မည်သို့စီစဉ်လိုက်သည်မသိ၊ ကျောက်ပန်းတောင်းစည်ပင်မှ လာရောက်၍ လမ်းခင်းလေတော့သည်။ အတက်၊ အဆင်းကြမ်းသော စင်မြင့်ရွာချောင်းအား ကတ္တရာခင်း၏။ တောင်ဦးရွာထိပ်မှ ဆရာတော်ကျောင်းနားထိ (၂)မိုင်ကို ကတ္တရာခင်း၏။ ကျန်မြေပြန့်နေရာများကို ကံ့ကားကျောက်ရောမြေခင်းပြီး လမ်းကြိတ်စက်ဖြင့် ကြိတ်လေတော့သည်။ လမ်းဖွင့်ပွဲကို တခမ်းတနားကျင်းပပြီး သတင်းစာတွင်ထည့်ကြလေတော့သည်။

စင်မြင့်တွင် အဘ၏သားတပည့် ဖြစ်သော မန္တလေးတင်ဝင်းမှ တာဝန်ယူ၍ ဓာတ်ခန်းတစ်လုံး ဆောက်သည်။





ဇရပ်ကုန်းရှိ အဘအောင်မင်းခေါင် ဓာတ်ခန်း

တစ်ရွာလုံးသောက်ရန် ရေတွင်းတူးပြီး ဂါလန် (၅) သိန်းဆံ့သော ကွန်ကရစ်ရေကန်ကြီးကို တည်ဆောက်လေသည်။ ရေကန်၏အလယ်တွင် နဂါးရုံဘုရားများ၊ ကြာဖူး ကြာပန်းများဖြင့် တင့်တယ်လှပစွာ ပြင်ဆင်ထားလေသည်။ ဓာတ်ခန်းမှာ ပျူခေတ်လက်ရာပုံစံ ဖန်တီးတည်ဆောက်ထားလေသည်။ အပေါ်ထပ်က ဓာတ်ခန်းဖြစ်ပြီး အောက်ထပ်က ပစ္စည်းများသိမ်းနိုင်သော စတိုခန်းပါလေသည်။ ဓာတ်ခန်းထဲတွင် အဘအောင်မင်းခေါင်၏ရုပ်တုမှ ယခုလက်ရှိရုပ်ပုံကို ထုလုပ်ထားပါသည်။ ယခု ပြည်တော်ဝင်အဘအား မမြင်ဘူး၊ မတွေ့ဘူးသော သားသမီးများ ဖူးတွေ့လိုပါက စင်မြင့်သို့ အရောက်သွားပါ။ ပျူခေတ်ပုံသဏ္ဌာန် ဓာတ်ခန်းကို တွေ့အောင်ရှာပြီး လက်ရှိ အဘပုံကို ဖူးတွေ့နိုင်ကြပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

စင်မြင့်ရွာဘုရားကုန်းတော်ပေါ်ထွင် ဘုရားများအားလုံး ပြင်ဆင်သည်။ ရွှေသက်န်းကပ်လှူသည်။ ထီးတော်... သစ် တင်လှူပူဇော်သည်။ ကမ္ဘာ... ပေါ်တွင် မြင်းစီးရုပ်ကိုလည်း ထု... ပူဇော်ထားသည်မှာ အဘ ကမ္ဘာပတ်... သာသနာပြုပုံကို ညွှန်းပြနေပါတော့... သည်။

"ဒကာကြီး- ဒကာကြီးအမျိုး... စင်မြင့်တင် မဟုတ်ဘူး၊ တောင်ရိုး... မှာလည်း ရှိသေးတယ်"

"ဘုန်းဘုန်းက ဘယ်လိုဆက်... တာလဲ"

"တောင်ဦးဈေးကိုလာတဲ့ လယ်... တီက ဒကာမကြီးတစ်ယောက်ကို ... လို့ စပ်မိတာ။ လယ်တီက ဆို... တောင်ရိုးတဲရွာနဲ့နီးတယ်။ တောင်... တဲရွာ ရောက်ဖူးလား ဆိုတော့ တ... တော် တောင်ရိုးတဲရွာကပါ၊ လယ်... မှာနေတာလို့ ပြောတယ်။ တောင်ရိုး... ရွာမှာ ဘမင်းခေါင်အမျိုးတွေ ရှိတ... ရုပ်သေးဆရာကြီး ဦးအာဝါးဆိုတာ... တယ်၊ သူက ဘမင်းခေါင်ရဲ့ ဦး...



www.burmeseclassic.com

www.burmeseclassic.com

...တယ်။ ဒီလိုနဲ့ စပ်မိရာက အမျိုး ...ကျောင်းကို ရောက်လာကြတယ်။ ...ကြီးကိုလည်း ရွာကိုလာခဲ့ဖို့ ဖိတ် ...။"

"ဒီလိုဆိုလည်း သွားကြတာပေါ့ ..."

"ဘယ်နေ့ သွားမှာလဲ"

"တော်သလင်းလပြည့်ကျော် (၂) ...နေ့ သွားမယ်"

ဤသို့ဖြင့် တောင်လုံးလှ ဆရာ ...ဦးသုမနနှင့် ပုပ္ပား အောင်မင်း ...တို့သည် တော်သလင်းလပြည့် ...ကျော် (၂) ရက်နေ့တွင် မလှိုင်မြို့နယ် ...တောင်ရိုးတဲရွာတွင် ပြည်တော်ဝင်ပွဲ ...ခဲ့ပါကြောင်း တင်ပြလိုက်ရပါ ...။

**...တောင်ရိုးတဲရွာ ပြည်တော်ဝင်ပွဲ ...မြင်ကွင်း**

တောင်ရိုးတဲရွာသည် မလှိုင်မြို့ ...အတွင်း၌ တည်ရှိသည်။ မလှိုင်မှ ...တောက်တန်းရွာ၊ ထိုမှတစ်ဆင့် မိတ် ...ရွာကိုဖြတ်၍ ရေပေါ်ရေငုတ်ရွာမှ ...ဆင့် တောင်ရိုးတဲရွာကို ရောက်၏။ ...တောင်မကြီး၏ အရှေ့ဘက်ခြမ်း ...တွင် တည်ရှိသည်။ စင်မြင့်သည် မိတ္ထီ ...ကျောက်ပန်းတောင်းလမ်းနှင့်နီးပြီး ...တောင်ရိုးတဲသည် မိတ္ထီလာ-မြင်းခြံလမ်း ...နီးလေသည်။ စင်မြင့်နှင့် တောင်ရိုး ...ရွာသည် တောင်စဉ်တောင်တန်းများ ...ခြားနေပါတော့သည်။

အဘအောင်မင်းခေါင်၏ဦးလေး ...မှာ တောင်ရိုးတဲရွာတွင် နေ ...ပြီး ရုပ်သေးကြိုးဆွဲဆရာဖြစ်သည်။ ...ဇာတ်တွင် ဦးအာဝါးဟု အမည် ...လေသည်။ ၎င်း၏ ဆွေတော်မျိုး ...များသည် အဘ အောင်မင်းခေါင် ...အမျိုးတော်စပ်ကြောင်း သိကြသည်။ ...ကို ရွာဦးထိပ်တွင် ဓာတ်စခန်း ...ဆောက်လုပ်ပြီး ကိုးကွယ်ကြလေသည်။

တောင်လုံးလှဆရာတော်မှ စေ ...လိုက်သော မိတ္ထီလာမှ ဦးစိုးမြင့်နှင့် ...ကျော်ရှိန်တို့ ရောက်ရှိလာကြသည်။ ...အောင်မင်းခေါင် ပြည်တော်ဝင်ပွဲ ...တောင်ရိုးတဲ၌ကျင်းပမှာဖြစ်ကြောင်း၊ ...ကိုယ်တိုင် ကြွရောက်မည်ဖြစ်သ... ကားသွားနိုင်ရေး၊ ပြည်ဝင်ပွဲကျင်းပ ...ရေး အစီအစဉ်များကို လာရောက် ...ကြားသည်။ ရွာလုံးကျွတ် အစည်း ...ဝေးပြုလုပ်ကြသည်။

ရွာသူ ရွာသားတို့သည် ရိုးသား ကြသည်။ ရှားပင်ကို အိမ်တိုင်လုပ်ကာ ထန်းရွက်ကိုအမိုးပြုလုပ်ပြီး ထန်းသားကို သစ်သားအစားဆောက်လုပ်သောအိမ် တွင် ဆိတ်ကတစ်ခြမ်း၊ လူကတစ်ခြမ်း ဖြစ်သလိုနေထိုင်ကြသည်။ သူတို့နေအိမ်မှာ မိုးမလုံသော်လည်း သူတို့ကိုးကွယ်သော မင်းကျောင်းမှာတော့ သွပ်မိုးနှင့်ပါ။ သူတို့၏အိမ်တိုင်ကို ရှားသားဖြင့် ဆောက်လုပ်ထားသော်လည်း ဘုန်းကြီးကျောင်းကိုတော့ အုတ်တိုက်နှင့် လှူထားကြလေသည်။ သူတို့မှာသာ စားစရာမရှိပေမယ့် ဆရာတော်ကျောင်းကတော့ ဟင်းခွက်အစုံဖြင့် နေ့စဉ် ဝတ်မပျက် လှူကြပါသည်။

အစည်းအဝေးမှာ ဦးကျော်ရှိန်က ဦးဆောင်ဆွေးနွေးပါသည်။

"ကျွန်တော်တို့အဘ ပုပ္ပားအောင်မင်းခေါင်ဟာ ပြည်တော်ကို ပြန်ဝင်လာပြီ။ အခု ပြန်လာတာဟာ ဓာတ်စီး၊ နာမ်စီး မဟုတ်ဘူး၊ ရုပ်ရော နာမ်ပါ ဝင်လာတာ။ ပထမအကြိမ် ပြည်တော်ဝင်ပွဲကို စင်မြင့်မှာကျင်းပပြီး ဒုတိယအကြိမ်ပြည်တော်ဝင်ပွဲကို တောင်လုံးလှကျောင်း ပြည်တော်ဝင်ဘုရားမှာ ကျင်းပခဲ့တယ်။ အခု တတိယအကြိမ် ပြည်တော်ဝင်ပွဲကိုတော့ ခင်ဗျားတို့ရွာမှာ ပြည်တော်ဝင်မှာ ဖြစ်တယ်။

"ကျွန်တော်တို့က ဘာလုပ်ရမှာလဲ"

ဟု ရွာသားတစ်ယောက်က ထမေးလေသည်။

"အဘလာရင် ကားနဲ့ လာမှာ။ သူ့ရဲ့နောက်လိုက်နောက်ပါ သားသမီးတွေကလည်း ကားတွေနဲ့ လာကြမှာ။ ခု ခင်ဗျားတို့ရွာကိုလာရင် လှည်းလမ်းပဲရှိတယ်၊ ကားသွားလို့ရအောင် ဖောက်ရမယ်"

"ဟုတ်တယ်။ ကျွန်တော်တို့ အဘလာမယ် သတင်းကြားကတည်းက ဝမ်းသာလွန်းလို့ အိပ်လို့တောင်မပျော်ဘူး၊ အဘလာမယ့်လမ်းကို ပြင်ပေးမယ်"

ဟု ရွာသူကြီးက ပြောသည်။

အိမ်ခြေ (၁၅၀) ရှိသည်။ (၁၀) အိမ်ခေါင်းများက ဦးဆောင်ပြီး နေ့စဉ် ကားလမ်းဖောက်လုပ်ရေး ဆောင်ရွက်မည်ဟု အာမခံကြသည်။ ရေပေါ်ရေငုတ်ရွာမှ ဦးအောင်သိန်းကလည်း သူတို့ရွာကလူတွေလည်း အဘကို ကြိုဆိုလိုကြောင်း တင်ပြပါသည်။ ဖိုးကျွယ်လေးရွာမှ ရွာသူကြီး ဦးတင်အောင်ကလည်း လမ်းပြင်တာကို ကုသိုလ်မျှပေး ပါရန် ထပြောလေသည်။

"ကဲ- ထားတော့။ လမ်းပြင်တာ ဒါလောက်ဆိုရင် ရပြီ။ ကြိုဆိုရေးအပိုင်းကိုလည်း ဆက်လက် ဆွေးနွေးကြတာပေါ့"

"ဟုတ်တယ်။ ဘယ်လိုကြိုရမှာလဲ"

"တတိယအကြိမ် ပြည်တော်ဝင်ပွဲဆိုင်းဘုတ်ကို ရွာထိပ်ကဘုရားမှာ ချိတ်မယ်။ ရွာထိပ်ကနေ ရွာထဲကိုဖြတ်ပြီး ဘုန်းကြီးကျောင်းအထိ လူတွေ တန်းစီကြိုမယ်"

ဟု (၁၀) အိမ်ခေါင်း ကိုကံဝင်းက ပြော၏။

ကျောင်းဆရာ ကိုဝင်းမောင်ကလည်း အဘကြွလာလျှင် မူလတန်းကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်ကြိုဆိုလိုပါကြောင်း တင်ပြပါသည်။

"ဟုတ်ပြီ၊ ကြိုဆိုတာက ဟုတ်ပြီ။ လူတွေကို အောင်သပြေပန်းနဲ့လက်ကမ်းပြီး ကြိုဆိုခိုင်းရင် မကောင်းဘူးလား"

ဟု တစ်ယောက်က ထ၍ အကြံပြုသည်။

"ကောင်းတယ်"

သပြေပန်းကို ကိုအောင်ချစ်က တာဝန်ယူကြောင်း တင်ပြပြန်သည်။

"သပြေပန်းတင် မကဘူး၊ သာသနာ့အလံနဲ့ကြိုရင် ပိုမကောင်းဘူးလား"

ဟု တစ်ယောက်ကထ၍ပြောပြန်သည်။

နောက်တစ်ယောက်က ကာလသားခေါင်းဆောင် ဖြစ်သည်။

"ကျွန်တော်ကတော့ အိုးစည်ဗုံမောင်းနဲ့ တီးပြီး ကြိုမယ်"

ဟု ပြောပြန်သည်။

ရွာ၏နာယက ဦးအောင်ချိုက-

"အဘက လူ မဟုတ်ဘူး၊ ဝိဇ္ဇာဖြစ်တယ်။ ထီးအဖြူနှစ်လက်မိုးပြီး ကြိုရင် မကောင်းဘူးလား"

ဟု အဆိုတင်သွင်းပြန်သည်။

မိတ္ထီလာမှ ဦးစိုးမြင့်က 'အားလုံးနားထောင်ကြပါ' ဟု မေတ္တာရပ်ခံပြီး ခင်ဗျားတို့ အဘကို ခင်ဗျားတို့စိတ်ကြိုက် ကြိုဆိုနိုင်ပါကြောင်း လမ်းဖွင့်ပေးလေတော့သည်။

"အဓိက ဧည့်သည်တွေရဲ့နေထိုင်ရေးကိစ္စပဲ။ ဘယ်မှာထားမှာလဲ"

ဟုမေးရာ ကျွန်တော်တို့ရွာသည် ဆင်းရဲကြောင်း၊ ဧည့်သည်တည်းခိုရန် မဖြစ်နိုင်ကြောင်း၊ ရွာဘုန်းကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com

တွင်ထားရန် ဆုံးဖြတ်ကြလေသည်။

ဤသို့ဖြင့် လမ်းပြင်ဆင်ရေးအဖွဲ့၊ ကြိုဆိုရေးအဖွဲ့၊ နေထိုင်ရေး၊ ဧည့်ခံရေး အဖွဲ့များဖြင့် စနစ်တကျ ဖွဲ့စည်းပြီး ဆောင်ရွက်ကြသည်။ အမိန့်နှင့်ဆောင်ရွက်ခိုင်းပါက ဒီလူတွေ လုပ်မှာမဟုတ်၊ သူတို့အဘ လာမှာမို့ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြင့် လုပ်ကိုင်ကြလေသည်။

မိတ္ထီလာမှ ဧည့်သည်များအား ကျောင်းတွင်ဧည့်ခံပြီး သိလိုသည်များကို မေးမြန်း စုံစမ်းကြလေသည်။

"ကိုယ့်ဆရာတို့၊ မသိလို့ မေးပါရစေ။ ပြည်တော်ဝင်ပွဲဆိုတာ ဘာလဲဗျ"

"အဘအောင်မင်းခေါင်က ပုပ္ပားက တော်သလင်းလပြည့်ကျော် (၂)ရက်နေ့မှာ ထွက်ခွာသွားတယ်။ လူလိုဆိုရင်တော့ သေတာပေါ့ဗျာ။ ဒါကြောင့် ပုပ္ပားမှာ ဒီနေ့ရောက်တိုင်း ထွက်ပွဲ ဆိုပြီး ကျင်းပကြတာပေါ့။ အခု အဘက လူ့ပြည်ကို ပြန်လာတာဆိုတော့ မြန်မာပြည်ကိုပြန်ဝင်လာတယ်။ ပြည်ဝင်တယ်။ ဒါကြောင့် ပြည်တော်ဝင်ပွဲလို့ ခေါ်တာပေါ့"

"အဘက ပုပ္ပားအောင်မင်းခေါင် အစစ်လား"

"ပုပ္ပားအောင်မင်းခေါင် အစစ်ပေါ့။ အစစ်လား၊ အတုလား ဆိုတာ ခင်ဗျားတို့ အဘလာရင် မေးကြည့်ပေါ့"

"ကျွန်တော်က အဘကို ဖူးချင်နေတာ။ တောင်လုံးလှဆရာတော်ကော ပါမှာလား"

"ဆရာတော်က လွှတ်လိုက်တာ။ စာရေးဆရာ အဏ္ဏဝါလှိုင်းနဲ့ လိုက်လာလိမ့်မယ်"

"ဆရာတော်ကော ကျန်းမာရေး အခြေအနေ ဘယ်လိုလဲ"

"ကောင်းပါတယ်"

ဆရာတော် စေလွှတ်လိုက်သော မိတ္ထီလာမှ ဒကာနှစ်ယောက်ကြောင့် တတိယအကြိမ် အဘအောင်မင်းခေါင် ပြည်တော်ဝင်ပွဲကို ကျင်းပနိုင်ရေး ကြိုတင်စီမံမှုများကို ဆောင်ရွက်ကြပါတော့သည်။

**တောင်ရိုးတဲရွာ၏ မင်းကျောင်းရာဇဝင် အကြောင်း**

တောင်ရိုးတဲရွာအကြောင်း ပြောပါက မင်းကျောင်းကို ချန်ထား၍မရပါ။ ရွာတိုင်းတွင် ရွာဦးကျောင်း၊ ရွာလယ်ကျောင်း၊ အရှေ့ကျောင်း၊ အနောက်ကျောင်းဟု အမည်ခေါ်ကြ၏။ သို့သော် တောင်ရိုးတဲရွာ၏ ဘုန်းတော်ကြီးကျောင်းကိုတော့ 'မင်းကျောင်း' ဟုခေါ်လေသည်။ ခေါ်ရခြင်းအကြောင်းတော့ ရှိရမည်။ ကျောင်းထိုင်ဆရာတော်အား မေးလျှောက်ကြည့်ရာ ဆရာတော်က အောက်ပါအတိုင်း မိန့်ကြားပါသည်။

မင်းတုန်းဘုရင်လက်ထက်တော်က စတင်ခဲ့ကြောင်း၊ ကုန်းဘောင်မင်းဆက် သာသနာပြုဘုရင် မင်းတုန်းမင်းကြီးသည် 'ခင်ကြီးဝင်း' ဆရာတော်အား အလွန် ကြည်ညိုလေသည်။ စာပေပရိယတ္တိ အာဂုံဆောင်နိုင်ရုံမက ပဋိပတ္တိနယ်ပယ်တွင်လည်း အကျင့်တရားနှင့် ပြည့်စုံတော်မူလေသည်။ မင်းနေပြည်တော်တွင် သီတင်းမသုံးချင်၊ ဆရာတော်၏မွေးရပ်ဇာတိ တောင်ရိုးတဲရွာတွင် တောကျောင်းဖြင့် သီတင်းသုံးတော်မူလေသည်။ ဆရာတော်၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညို၍မဝနိုင်သော မင်းတုန်းမင်းကြီးသည် ဆရာတော်သီတင်းသုံးရာကျောင်းအား ရှင်းလင်းပြီး မညီမညာဖြစ်နေသောမြေကိုညှိပြီး ယခုမြင်ရသော ကျောက်တုံး ကျောက်ခဲတွေနဲ့ မြေကာနံရံတွေလုပ်သည်။ အထူးခြားဆုံးကတော့ ဆရာတော့်အတွက် စေတီတွေ တည်ပေးခဲ့တာပဲ။ ဘုရင်က တစ်ဆူတည်တော့ ကျန်တဲ့ မင်းညီမင်းသား၊ နန်းတွင်းသူ နန်းတွင်းသားတွေကလည်း အသီးသီး စေတီတည်လိုက်တာ ယခုမြင်ရတဲ့ စေတီတွေ အများကြီး တစ်နေရာတည်းမှာ ဖူးတွေ့နိုင်ပါသည်။ ဘုရင် ကြည်ညိုတဲ့ကျောင်းမို့ မင်းကျောင်းဟု ခေါ်တွင်ခဲ့ကြောင်း မိန့်ကြားပါသည်။

'ခင်ကြီး' ဟု ခေါ်တွင်ရခြင်းမှာ ယခုခေတ်လို 'ဦး' တပ်ခေါ်တာနှင့်တူပါသည်။ ဦးသာသနဆိုရင် အရင်ခေတ်က 'ခင်ကြီးသာသန' ဟုခေါ်ကြောင်း မှတ်သားရပါသည်။ မင်းကျောင်းသည် ရွာ၏အရှေ့ဘက်တွင် ချောင်းဘေးမှာ တည်ရှိသည်။ ရွာနှင့် (၂)ဖာလုံခန့် ဝေးသည်။ ချောင်းဘက်အနိမ့်တွင် ကျောက်တုံး ကျောက်ခဲများဖြင့် ပေ (၃၀) ထိ ကျောက်စီမြေကာနံရံများဖြင့်ပြုလုပ်ပြီး မြေညီအောင် ဆောင်ရွက်ထားသည်။ ပေ (၃၀၀) ပတ်လည် အကျယ်ရှိသော ကျောင်းအား ကျောက်နံရံ ကာရံထားပြီး ကျောင်းဝင်ဝတွင် 'မင်းကျောင်း' ဟု ဆိုင်းဘုတ်ချိတ်ထား၏။ အဝင်ဝဘယ်ဘက်တွင် သိမ်တစ်လုံးရှိပြီး သိမ်ကိုရံ၍ စေတီ (၉)ဆူကျော်ရှိသည်။ တစ်တ[...] တည်း ပူးကပ်၍ တည်ထားကိုးကွယ်ထားကြသည်။ စေတီနှင့် ကပ်လျက် (၁၀၀ × ၇၅) ပေ အကျယ် ဓမ္မာရုံတစ်[...] ရှိသည်။ ဓမ္မာရုံနှင့်ကပ်လျက်(၅၀× ၅၀) ပေ အုတ်တိုက်ကျောင်းဆောင်တစ်လုံးနှင့် ဘယ်ဘက်တွင် ဘုရားဒကာကြီး ဦးဘမှင် တည်ထားသော လျှောင်းတော်မူစေတီတစ်ဆူ ရှိသည်။ ချောင်းဘက်တွင် (၃၀×၂၀) ပေ ကျောင်းဆောင် (၂) ဆောင် ရှိလေသည်။ သမိုင်းဝင် မင်းကျောင်းသည် မကြာမီ ပုပ္ပားမင်းခေါင် ကြွချီ ပြည်တော်ဝင်တော့မည့်ကျောင်း ဖြစ်ကြောင်း တင်ပြရပါသည်။

**တတိယအကြိမ် ပြည်တော်ဝင်ပွဲ**

အဘအောင်မင်းခေါင်နှင့် သားသမီးတို့သည် ဇရပ်ကုန်းရွာ အဘ၏ စခန်းထောက်ဓာတ်ခန်းတွင် ရောက်ရှိလာကြသည်။ မန္တလေးတင်ဝင်းမှ SUR[...] ကား (၁)စီး၊ ဇော်မင်းက ကား (၁)စီး၊ ရန်ကုန်မှတပည့်များက ကား (၃) စီး၊ ပျဉ်းမနားမှတပည့်များက ကား(၂)စီး အ[...] သီးသီး ရောက်ရှိလာကြသည်။ အချိန်ကာလမှာ တော်သလင်းလဆုတ် ([...]) ရက်နေ့ နံနက် (၅) နာရီတွင် ဇရပ်ကုန်းမှ စတင်ထွက်ခွာသည်။ ဇရပ်ကုန်း[...] မလှိုင်သို့ ဖြတ်လမ်းဖြစ်သော ရေ[...] ရှမ်းမငယ်-မလှိုင်လမ်းအတိုင်း ထွက်ခွာလာသည်။ နံနက် (၆) နာရီကျော်ကျော်တွင် မလှိုင်မြို့ ဦးဇော်ဦးအိမ်[...] ရောက်၏။ ဦးဇော်ဦးမှ နံနက်စာ မု[...] ဟင်းခါးဖြင့် ဧည့်ခံပြီး မလှိုင်မှ ဆက်လက်ထွက်ခွာလာရာ ကျောက်တန်း[...] ကျောက်ခင်းလမ်းကြမ်းအတိုင်း သွားရ၏။ ကျောက်တန်းရွာချောင်းကိုတော[...] သောအခါ သဲများဖြင့် ပို့နေသော [...] လမ်းကို (၁)မိုင်ခန့် သွားရသည်။ ကား[...] များ သဲမနစ်စေရန် ရွာသားများက [...] များကို လမ်းဘေးသို့ တွန်းပို့ထား[...] ကြောင်း တွေ့ရသည်။ သဲလမ်းကျေ[...] သောအခါ သပွတ်ရုံရွာကို ရောက်၏[...] ဝင်းရွာထဲမှ ဖြတ်ကာ ချောင်းတစ်ခ[...] ကွန်ကရစ်တံတားဖြင့် ဖြတ်ကျော်[...] ကျောက်ခင်းလမ်းကို ပြန်တွေ့ရသည်[...] ရှေ့ဘက်တွင် တောင်စဉ်တောင်တန်း[...] များ သွယ်တန်းကာဆီးနေလေတော့သည်။

တောင်တန်းကြီးပေါ်တွင် စေတီ[...] ပုထိုးများကို အဝေးမှ ဖူးမြော်နိုင်[...] သည်။ အနိမ့်ဆုံးတောင်ကြားမှဖြတ်[...]



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ တောင်တန်းများ ဝိုင်းရံပတ်ပြီး အနိမ့်ပိုင်း ဒယ်အိုးပုံ ခွင့်တို့သည် ထန်းပင်တို့ဖြင့် ဝေဖြာ နေလသည်။ တောင်ရိုးတဲရွာဆီသို့ ရောက်မီ ပထမဆုံးတွေ့ရသောရွာ သည် ရေပေါ်ရေငုတ်ရွာ ဖြစ်သည်။ ရွာ ဘေးမှ ကားဖြတ်သွားသဖြင့် ရွာသား များအားလုံး အိုးစည်တီး၍ လည်း ကောင်း၊ သာသနာ့အလံ ဝှေ့ယမ်း၍ လည်းကောင်း၊ အောင်သပြေပန်းဆက် ၍လည်းကောင်း ကြိုဆိုနေကြလေ သည်။

အဘဦးဆောင်သော ကားတန်း ကြီးသည် ရေပေါ်ရေငုတ်ရွာတွင် ခေတ္တ နားပြီး ကြိုဆိုမှုကို လက်ခံသည်။ အဘကိုလာကြိုသော ခေါင်းဆောင်မှာ ဦးအောင်သိန်း ဖြစ်သည်။ ဦးအောင် သိန်းမှ အဘကို ဇရပ်ပေါ်သို့ပင့်ဆောင် ပြီး ကျေးရွာထွက် ရေနွေးကြမ်း၊ ထန်း လျက်၊ မုန့်မျိုးစုံတို့ဖြင့် ဧည့်ခံလေသည်။ အဘက သင့်တင့်လျောက်ပတ်သော ပဋိသန္ထာရစကားဖြင့် ပြောကြားပြီး တောင်ရိုးတဲရွာသို့ ဆက်လက် ထွက်ခွာ လာပါသည်။ ရေပေါ်ရေငုတ်ရွာဟု အ မည်ခေါ်တွင်ရခြင်းမှာ တောင်ရိုးတဲ ချောင်းသည် တောင်ကြိုတောင်ကြားမှ စီးဆင်းလာပြီး ဒီရွာနားရောက်တော့ ရေ ငုပ်သွားသည်။ တွင်းမရှိ၊ ပကတိ ရေ ပျောက်သွားသဖြင့် ရေငုတ်ဟု ခေါ် သည်။ နောက် (၁) ဖာလုံ အကွာတွင် မြေအောက်မှရေများပြန်ပေါ်လာသဖြင့် ရေပေါ်ဟု ခေါ်သည်။ ၎င်းရေပေါ်ရေ ငုတ်နားတွင် ရွာတည်သဖြင့် ခေါ်တွင် ခြင်းဖြစ်ကြောင်း သိရပါသည်။

ရေပေါ်ရေငုတ်မှ ရွာသူရွာသား များကို နှုတ်ဆက်ပြီး ဆက်လက်ထွက် ခွာလာရာ (၄)ဖာလုံခန့်အကွာ တောင် ရိုးတဲရွာသို့ ရောက်လေသည်။ ရွာအဝင် တွင် (၉) တောင်ပြည့်စေတီ (၁)ဆူ ရှိ သည်။ စေတီ၏အာရုံခံတန်ဆောင်းထဲ တွင် အဘအောင်မင်းခေါင်ရုပ်တုနှင့် ဓာတ်ခန်း ရှိလေသည်။ ရွာသူရွာသား စုံရောက်ရှိလာကြသည်။ ရွာသူကြီး ဦးအောင်ချို၊ နောက် ဦးအောင်ချစ်၊ ဦး အောင်စောတို့က အဘအား ကြိုဆိုပြီး အဘဓာတ်ခန်းထဲသို့ ခေါ်ဆောင်သွား သည်၊ ရွာထဲသို့ မရောက်သေးပါ။

"အဘ၊ သားတို့ ရွာသူရွာသား တွေအားလုံး အဘကိုကြိုဖို့စောင့်နေကြ တယ်၊ ခု ဒီနေရာကနေ ရွာဦးကျောင်း အထိ လမ်းဘေးဝဲ,ယာအပြည့် အဘကို ကြိုဆိုနေကြတယ်"

ဟု ဦးအောင်ချိုမှ လျှောက်ထား သည်။

"အေး- ကောင်းတယ်။ ငါ ခြေ ကျင်လျှောက်မယ်"

"အဘ ဒီကနေ ကျောင်းအထိ ခြေကျင်လျှောက်ရမှာ(၁)ဖာလုံလောက် တော့ ရှိမယ်"

"ရပါတယ်ကွ၊ ငါလျှောက်နိုင်ပါ တယ်"

ရွာဦးကျောင်းမှ အသံချဲ့စက်ဖြင့် အဘအောင်မင်းခေါင် သီချင်းများကို ဖွင့်သည်။ မိုက်ဖြင့် ကျောင်းဆရာ ဝင်း မောင်က သတိပေးသံထွက်ပေါ်လာ၏။

"တောင်ရိုးတဲရွာမှ မိဘပြည်သူ များ ခင်ဗျား၊ ပုပ္ပားအဘအောင်မင်း ခေါင်ဟာ တောင်ရိုးတဲရွာကို ရောက်ရှိ လာပါပြီ။ အခုဆိုရင် ရွာထိပ်က အဘ ဓာတ်ခန်းမှာ ခေတ္တခဏနားနေပါတယ်။ အားလုံး အဘကို ကြိုဆိုဖို့ ဘေးဘယ် ညာ တန်းစီစောင့်ပေးပါရန် လေးမြတ် စွာ မေတ္တာရပ်ခံအပ်ပါတယ်"

အဝတ်သစ်၊ ခေါင်းပေါင်းအသစ် များ ဝတ်ဆင်ပြီး လမ်းဘေးဝဲ,ယာအ ပြည့် အဘကို စောင့်နေကြ၏။ ၎င်းတို့ လက်ထဲတွင် သာသနာ့အလံငယ်တစ်ခု၊ သပြေပန်းတစ်စည်းဖြင့် လက်နှစ်ဖက် ယှက်၍ အဘကို စောင့်နေကြသည်။ ကာလသားခေါင်းဆောင် ကိုသောင်း ဆိုင်အဖွဲ့က အိုးစည်တီး၍ လည်း ကောင်း၊ သပ္ပတ်ရုံမှအဖွဲ့က ဒိုးပတ်တီး ၍ လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်ကြို ဆိုကြလေသည်။ ဘုရားလူကြီး ဦးဘို ထားကလည်း ထီးဖြူ (၂) လက်ကို ဖွင့် ပြီး အဘကို ထီးမိုးဆောင်းဖို့ စောင့်နေ သည်။ ရှေ့ဆုံးမှ ကိုသာရနှင့် ကိုသာဒင် တို့နှစ်ယောက်က မောင်းကြီးကိုထမ်းပြီး မောင်းထုနေလေသည်။ မောင်းထမ်း သမားရှေ့တွင် အမျိုးသမီးခေါင်းဆောင် ဒေါ်ဖွားရင်နှင့် ဒေါ်သက်ခင်တို့က အဘ ကြွမည့်လမ်းတွင် ပန်းခင်းပေးကြသည်။ နံ့သာ(၅)မျိုး ရောစပ်ထားသော အမွှေး နံ့သာကို သပြေခက်ဖြင့် ပက်ဖျန်းပေး ကြ၏။

မကြာမီ အဘ ကြွချီလာသည်။ အဘဘေးတွင် ကိုဝေကြီး၊ ကိုလှအောင် တို့က ရံထားသည်။ ကိုတာကြီး၊ ကိုခင် မောင်ရီတို့က နောက်မှလိုက်လာသည်။ ရွာထိပ်တွင်-

**တတိယအကြိမ်**
**ပုပ္ပားအောင်မင်းခေါင် ပြည်တော်ဝင်ပွဲ**
**တောင်ရိုးတဲရွာ**

ဟူသော ဆိုင်းဘုတ်ကို စိုက်ထူ ထားသည်။

အဘအား သပြေပန်းဖြင့် ပူဇော် ၏။ သပြေပန်းကို အဘက လက်ခံယူ သည်။ ပါးစပ်ကလည်း-

"အဘအောင်မင်းခေါင်ကြီး ကျန်း မာပါစေ၊ သာသနာပြုနိုင်ပါစေ"

ဟု ဆုတောင်းပေးကြသည်။

အဘကြွရာ လမ်းတစ်လျှောက် သပြေပန်းနှင့်သာသနာ့အလံတို့ဖြင့် ကြို ဆိုကြရာ သပြေပန်းမှာ ကားဖြင့်တစ်စီး စာရသည်။ တဖြည်းဖြည်းနှင့် ကျောင်း သို့ ရောက်ရှိလာလေသည်။ တောင်ရိုး တဲရွာတွင်မက ရွာနီးချုပ်စပ်က ရွာတွေ ကပါ အဘကို လာရောက် ကြိုဆိုကြ လေသည်။ ကြိုဆိုသောလူအုပ်ကြီးမှာ ကျောင်းဝိုင်းနှင့်အပြည့် ဖြစ်၏။ ကြက်ပျံ တက်သွားက အောက်သို့ကျစရာ နေရာ လပ်မရှိလောက်အောင် စည်ကားလေ သည်။

အဘ ကျောင်းသို့ ရောက်သော အခါ ဓမ္မာရုံထဲတွင် နေရာယူသည်။ အသံချဲ့စက်တပ်ဆင်ပေးပြီး လူအားလုံး ကို ဓမ္မာရုံထဲတွင် စုဝေးစေပါသည်။ ကျောင်းဆရာ ကိုဝင်းမောင်မှ အသံချဲ့ စက်ဖြင့် ကြေညာလေသည်။

"လေးစားအပ်တဲ့ အဘကိုချစ်ခင် ကြတဲ့ အဘရဲ့သားသမီးများခင်ဗျား- အဘကို ကန်တော့ရန်အတွက် ဓမ္မာရုံ ထဲသို့ ဝင်ရောက် နေရာယူပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်"

အားလုံးသော ပရိသတ်တို့သည် ဓမ္မာရုံထဲတွင် နေရာယူကြသည်။ အဘ ကိုကန်တော့ကြသည်။ အဘကန်တော့ ကျိုးကို မိတ္ထီလာမှ ဦးစိုးမြင့်က တိုင်ပေး လေသည်။

"ကဲ-အားလုံး လက်စုံမိုးပြီး အဘ ကို ကန်တော့ကြစို့။ လိုက်ဆိုကြပါ။

ဩကာသ ဩကာသ ဩကာသ- ကာယကံ၊ ဝစီကံ၊ မနောကံ ကံ(၃)ပါးတို့ တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူး လွန်ခဲ့သည်ရှိသော် ထိုအပြစ်တို့မှ ပ ပျောက်ငြိမ်းရန်အတွက် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ဦး ထိပ်မှာထားပြီး အဘအောင်မင်းခေါင် အား ပူဇော်ကန်တော့ပါ၏ ခင်ဗျား"

ဟု ဆိုပြီး ကန်တော့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦး(၃)ကြိမ်ချပြီး အဘ၏ဆုပေးသံကို နာယူလေသည်။

"အဘပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏"

"သာဓု သာဓု သာဓု"

"ဆက်လက်ပြီး အဘအောင်မင်းခေါင်မှ ဩဝါဒစကား မိန့်ကြားမှာ ဖြစ်ပါတယ်။ အားလုံး ငြိမ်သက်စွာ နားထောင်ပါရန် မေတ္တာရပ်ခံအပ်ပါတယ်"

ဟု အခမ်းအနားမှူးမှ ပြောပါသည်။

"သားသမီးတို့၊ အဘ မင်းတို့ဆီကို ပထမဆုံးအကြိမ် ရောက်လာပြီ။ အဘကို ကြိုဆိုကြတာလည်း တွေ့ရတယ်။ အဘ ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ ရောက်တုန်း၊ ကြုံတုန်း အဘမှာစရာရှိတာလေးကို သားတို့၊ သမီးတို့ကို မှာခဲ့မယ်။ ရတနာ(၃)ပါးကို မမေ့ကြနဲ့။ အနန္တောအနန္တ(၅)ပါးကို မမေ့ကြနဲ့။ အဘ ပထမဆုံးမှာတာ သိကြလား"

"သိပါတယ် အဘ"

"ကဲ- ပြောစမ်း"

"ရတနာ (၃) ပါးကို မမေ့ကြနဲ့၊ အနန္တောအနန္တ (၅) ပါးကို မမေ့ကြနဲ့ပါ အဘ"

"မင်းတို့က ဗုဒ္ဓဘာသာဝင်တွေပဲ။ အဓိကအခြေခံကျတာကို မေ့လို့မရဘူး။ ဒါ အရေးကြီးတယ်။ နောက် ဒီမှာရှိတဲ့ ကျောင်းထိုင်ဆရာတော်နဲ့ ခန်းနေဆရာတော်တို့ရဲ့စကားကို နားထောင်ရမယ်။ ဆရာတော် သံဃာတော်တို့ဟာ ဘုရားရဲ့သားတော်တွေ ဖြစ်တယ်။ ဒါကြောင့် ပစ္စည်း (၄) ပါးနဲ့ စောင့်ရှောက်ရမယ်။ ပစ္စည်း (၄) ပါးကော သိကြရဲ့လား"

ပြန်၍ မဖြေနိုင်ကြပါ။ တစ်ယောက်တစ်ပေါက် [illegible]သည်။ အဘကပဲ ဆက်လက်မိန့်ကြားပါသည်။

"ပစ္စည်း(၄)ပါးဆိုတာ မှတ်ထား။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလို့ ခေါ်တယ်။ ဆရာတော် သံဃာတော်တို့ သီတင်းသုံးဖို့ ကျောင်းဆောက်လုပ်လှူဒါန်းရမယ်။ ဝတ်ဖို့ သင်္ကန်းတွေလှူရမယ်။ ဝါဆိုရင် ဘာသင်္ကန်းလှူရမှာလဲ"

"ဝါဆိုသင်္ကန်းပါ ခင်ဗျား"

"သီတင်းကျွတ်ရင် ဘာသင်္ကန်းလှူရမှာလဲ"

"ကထိန်သင်္ကန်း လှူရမှာပါ"

"တောင်ရိုးတဲရွာက ဝတ်မပျက်လှူကြမယ်၊ ကြားလား။ ဆရာတော်တွေ အာဟာရပြည့်စုံဖို့ ဆွမ်းပို့ရမယ်။ ဆွမ်းတို့၊ ရေတို့ ပို့ရမယ်၊ လှူရမယ်။ ဒီက ဆရာတော်တွေ ဆွမ်းကွမ်းကော ပြည့်စုံကြရဲ့လား"

"ပြည့်စုံပါတယ် ခင်ဗျား"

"ကောင်းပြီ။ နောက်တစ်ခုက တော့ ဆေးလှူရမယ်။ ဆေးကတော့ ဝတ္ထုငွေလှူပေ့ါ။ ဒါမှ ဆေးဝယ်သောက်လို့ရမှာ။ ဆေးဆိုင်ကဆေးဝယ်လှူလည်း ရတယ်။ ဆေးဝယ်ဖို့ ဝတ္ထုလှူလည်း ရတယ်။ ဟုတ်ပြီနော်။

နောက်တစ်ခု မှာချင်တာက ကံ(၅) ပါးကို လုံခြုံအောင် စောင့်ထိန်းရမယ်။ ဒါမှ သူတော်ကောင်းဖြစ်မှာပေ့ါ။ အဘရဲ့သားသမီးလို့ အမည်ခံပြီး နွားသတ်နေရင် ဘယ်ဟုတ်ပါ့မလဲ။ အားလုံး ဘာစောင့်ရမှာလဲ"

"ကံ(၅)ပါးကို စောင့်ထိန်းရမှာပါ"

"ကံ(၅)ပါးဆိုတာကတော့ ငါးပါးသီလကို ပြောတာ။ ဘာကံတွေ ညာကံတွေ စဉ်းစားနေဦးမယ်။

နောက်- မှာချင်တာကတော့ သစ်ပင်တွေ မခုတ်ကြနဲ့။ မင်းတို့ ထင်းခုတ်ကြတယ်၊ ထင်းရောင်းတယ်၊ မီးသွေးဖုတ်ကြတယ်၊ မီးသွေးရောင်းစားကြတယ်။ အခု ဘာသစ်ပင်မှ ကြီးကြီးမားမား မရှိကြဘူး။ မိုးခေါင်တော့ အဘကယ်ပါဦး၊ အဘ စောင့်ရှောက်ဦးဆိုပြီး အဘကို တ,ကြတယ်။ ဒီမှာ လူတွေအတော်များများ တောင်ယာလယ်လုပ်စားကြတာ။ ရာသီဥတုမှန်မှ သစ်သီးသစ်ပင်တွေ ရှင်သန်မယ်။ ဒါမှ စားဝတ်နေရေး အဆင်ပြေမယ်။ အဘကို တ,နေရုံနဲ့ မလုံလောက်ဘူး။ အဘပြောတာကို လိုက်နာမှ၊ အဘစကားကို လိုက်နာမှ အဘကို ချစ်ရာကျမယ်။ အားလုံးကြားကြလား"

"ကြားပါတယ်"

"ကဲ- အဘလည်း မောပြီ၊ အဘကို နားခွင့်ပြုဦး။ အဘ ဆုပေးမယ်၊ အားလုံး လက်စုံမိုး၍ မေတ္တာခံယူကြ"

ဟု အဘမှ မေတ္တာပို့ ဆုပေး၍ အခမ်းအနားပြီးဆုံးကြလေသည်။

ကျောင်းဆရာ ကိုဝင်းမောင်မှ-

"အဘအောင်မင်းခေါင် ကြိုဆိုရေးကို ရောက်ရှိကြသော မိဘပြည်သူများခင်ဗျား၊ ထမင်းသုံးဆောင်ရန် ထမင်းစားမွှာရုံသို့ကြွပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်"

ဟု အသံချဲ့စက်မှ ဖိတ်ကြားပါသည်။

ကြွရောက်လာသော ပရိသတ်အားလုံးကို ထမင်းဖြင့်ဧည့်ခံပြီး တတိယအကြိမ် ပူပွားအောင်မင်းခေါင် ပြည်တော်ဝင်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ် ပြီးစီးခဲ့ပါသည်။

ကြိုဆိုပွဲ ပြီးဆုံးသောအခါ မင်းကျောင်းဆရာတော်များကို ဖူးမြော်ကန်တော့သည်။ ရွာလူကြီးများ၊ ဂေါပကလူကြီးများကို စုဝေးစေပြီး လိုအပ်ချက်များရှိပါက လျှောက်ထားရန် ခွင့်ပြုလေသည်။

ဂေါပကလူကြီး ဦးဘိုတားမှ လျှောက်ထားသည့်မှာ-

"အဘကြွလာတာ သားတို့တစ်ရွာလုံး ဝမ်းသာကြတယ်။ သားတို့ မတတ်နိုင်တာ၊ သားတို့မလုပ်နိုင်တဲ့ ကွက်လပ်ကလေးရှိတယ်"

"ဘိုတား၊ ဘာလဲ ပြော"

"မင်းတုန်းဘုရင် တည်ခဲ့တဲ့ဘုရား (၁) ဆူ မြေခ,သွားတာ ခုထိ ပြန်မပြင်နိုင်ဘူး၊ အသစ်တည်ရမှာမို့ သားတို့ ဘုရားမတည်တတ်ကြပါဘူး။ အဘကို လျှောက်ထားချင်တာ ဒီကွက်လပ်လေး ဖြည့်ပေးပါ"

လို့ လျှောက်ထား၏။

"ဟုတ်ပြီ။ အသစ်ပြန်တည်ပေးမယ်။ ကျန်တဲ့ဘုရားတွေအကုန်ပြင်ပေးမယ်။ အားလုံး ရွှေရောင်တဝင်းဝင်းနဲ့ ဖြစ်သွားမယ်"

"အဲဒီလိုဆိုရင် အတိုင်းထက်အလွန် ပါပဲ အဘ"

အဘသည် တောင်ရိုးတဲရွာတွင် စေတီ (၁) ဆူ အသစ်တည်ပေးသည်။ ကျန်စေတီများပြုပြင်သည်။ ထီးတော်များ ရွှေထီးဖြင့် အစားထိုးတင်ပေးလေသည်။ မင်းကျောင်းမှ လိုအပ်နေသော ရေကို အဝီစိတွင်း တူးပေးလေသည်။

ယခု မင်းကျောင်းသည် ရွှေရောင်တဝင်းဝင်းနှင့် အရောင်လက်နေလေသည်။ ရွှေထီးတို့သည်လည်း မိုးသို့ထိုး ထိုးထောင်ထောင်ဖြင့် ကောင်းကင်ယံမှာ ပန်းသင့်နေပေသည်။ လေတိုက်၍ လှုပ်ခတ်လိုက်သော ဆည်းလည်းသံတို့သည် သာသနာပွင့်လင်းလာပြီဟု ပြောနေသလို နားဝင်ချိုလှပါသည်။

ထူးခြားသည့် ရုပ်တုတစ်ခု[illegible] တောင်ရိုးတဲရွာတွင် ထုလုပ်ခဲ့သည်။ [illegible] တောင်ပြည့်စေတီ၏ရှေ့တွင် ထိမ်ကြား[illegible] မင်းခေါင်ရုပ်တုကို ထုလုပ်ခဲ့ပြီး ၎င်း[illegible] ခြေရင်းတွင် ယခုလက်ရှိ အဘ၏[illegible] တော်ရာ (၁) စုံကို ထားရှိခဲ့လေသည်။

သမိုင်းတစ်ကွေ့မှ ဖြစ်ရပ်က[illegible] ကို တင်ပြလိုက်ရပါသည်။

(ဆက်[illegible])

အဋ္ဌာဝါသိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com

# သင့်မျက်နှာနှင့် သင့်ဘုန်းကံ

## မင်းမင်းမြတ်



မိထောင်ဖက်အခြေအနေများကို ဖော်ပြသည့် ရုပ်လက္ခဏာ

မျက်လုံးထောင့်နှင့် နှာတံတို့အကြားနေရာ The Seat of Husband and Wife နေရာချိုင့်ဝင်နေပါက အိမ်ထောင်ရေးသာယာသည့်သဘောကို ဖော်ပြပါသည်။ နှာသီးဖျားနှင့် နှာခေါင်းပေါက်အပေါ်ဘက် အကွေးနေရာတို့၌ အသားဆူဖြိုးစွာ ရှိနေသည့် (အမျိုးသမီးဖြစ်လျှင်) ခင်ပွန်းသည် ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း သိနိုင်ပါသည်။

အကယ်၍ ဆံစလိုင်း လုံးဝန်း၍ မြင့်မြင့်သော အမျိုးသမီး ဖြစ်ပါက (အမြင့် လက်ချောင်းလေးချောင်းစာထက်မပိုပါက) မိသားစုအပေါ် ဂရုစိုက်တတ်သော၊ စိတ်နှလုံးနူးညံ့၍နားလည်မှုပြည့်ဝသောအမျိုးသမီး ဖြစ်ပါမည်။

မေးစေ့ကျယ်၍ အသားဆူဖြိုးနေပါက သက်ကြီးပိုင်း၌ စီးပွားဥစ္စာပြည့်စုံ၍ အိုဇာတာကောင်းသူ ဖြစ်ပါမည်။

ပါးရိုးအနေအထား အပြင်သို့ငေါ်ထွက်ခြင်း၊ အပေါ်ဘက်တက်နေခြင်းမရှိဘဲ အသားဆူဖြိုးစွာပြည့်နေပါက မိမိခင်ပွန်းသည်၏ လိုအပ်ချက်အဝဝအားထောက်ပံ့ ဖြည့်ဆည်းပေးတတ်သူ၊ အများနှင့်မရောတတ်ဘဲ ဘာသိဘာသာနေတတ်သူအမျိုးသမီး ဖြစ်ပါမည်။

နှာခေါင်းနှင့် အပေါ်နှုတ်ခမ်းအကြားနေရာ တိုလွန်း၊ တိမ်လွန်းစွာရှိနေပါက ဖိုမဆိုင်ရာစွမ်းရည် ကျဆင်းတတ်ပါသည်။

မျက်လုံးတည်ဆောက်ပုံ ချိုင့်ဝင်နက်မှောင်နေပါက အိမ်ထောင်သုခ အပြည့်အဝ မရရှိခြင်းအပေါ် စိတ်မကျေနပ်သူ ဖြစ်နေပါမည်။

### The Seat of Husband and Wife

၎င်းနေရာသည် မျက်လုံးတစ်ဖက်ချင်းစီ၏ထောင့်စွန်းနှင့် နှာတံဘေးနံရံတို့အကြားနေရာကိုဆိုလိုပြီး အိမ်ထောင်သည် (ဇနီး-ခင်ပွန်း) တို့နှင့် ဆိုင်သော အခြေအနေအရပ်ရပ်ကို ဖော်ပြသည်။

Seat of Husband anf Wife နေရာချိုင့်လွန်းနေပါက အိမ်ထောင်ရေးနှင့် ပတ်သက်၍ အပြုသဘောဆောင်သည့် အမြင် လုံးဝ မရှိဘဲ အဆိုးသက်သက် (ဆန့်ကျင်ဘက်) အမြင်သာရှိနေသူ ဖြစ်တတ်ပါသည်။ အဆိုပါနေရာ ချိုင့်ဝင်နေသူ အများစုအနေဖြင့် အသက် (၄၀) မတိုင်မီ အိမ်ထောင်ကျခဲ့ပါကလည်း စွန့်စားခန်းတစ်ရပ်ပမာ အချိန်မရွေး စိတ်မချရသေးသည့်အခြေအနေတွင် ရှိနေပါမည်။ ခင်ပွန်း (သို့) ဇနီးဘက်မှ တစ်ဦးဦး အမှားပြုမိလိုက်သည်နှင့် ဆွေးနွေးဖြေရှင်းရန် အခွင့်အရေး မပေးတော့ဆိုင်းတတ်ဘဲ ကွာရှင်းပြတ်စဲရန်အတွက်သာ စိုင်းပြင်းနေတတ်ပါသည်။

### မြာပွေတတ်သူများ၏ရုပ်လက္ခဏာ

အမျိုးသားများအနက် မြာပွေတတ်သူ ဟုတ်၊ မဟုတ် အောက်ပါအချက်များဖြင့် ခွဲခြားနိုင်ပါသည်။

မျက်ခုံးအစုံက မျက်လုံးနှင့် နီးကပ်စွာရှိနေပြီး မျက်လုံးအား အပေါ်မှ ဖိထားဟန် ရှိနေပါသည်။ ၎င်းအနေအထားသည် မိသားစုအပေါ် တန်ဖိုးမထားတတ်သူ၊ မိသားစုအတွက် စိတ်မပူပန်တတ်သူ၊ မိမိစိတ်ပျော်ရာကိုသာ ဦးစားပေးတတ်သူဖြစ်ကြောင်း ဖော်ပြနေပါ



နှာခေါင်း၌ အသားဆူဖြိုးစွာရှိခြင်းကြောင့် ချမ်းသာကြွယ်ဝသူ ခင်ပွန်းသည်၏အခြေအနေကို ဖော်ပြပါသည်



နှာခေါင်းနှင့် အပေါ်နှုတ်ခမ်းကြားနေရာ တိုလွန်းခြင်းကြောင့် ဖိုမဆိုင်ရာစွမ်းဆောင်ရည် ကျဆင်းနေခြင်းကိုဖော်ပြပါသည်



မျက်တွင်းဟောက်နက်နေခြင်းကြောင့် ဖိုမကိစ္စအပေါ်ငြီးငွေ့နေကြောင်း ဖော်ပြသည်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မြာပွေတတ်ပြီး လှည့်စားပြောဆိုတတ်သည့်အမျိုးသားများ၏မျက်လုံးကို လေ့လာပါက သက်ဝင်လှုပ်ရှားမှုနည်းသလို ရှိနေတတ်သည်။ ၎င်းလက္ခဏာရှင်များသည် လှည့်စားတတ်သလောက် သူရဲဘောကြောင်၍ နောက်ဆက်တွဲပြဿနာများဖြေရှင်းရန်လည်း ကြောက်ရွံ့တတ်ကြပါသည်။

နှာခေါင်းတည့်ဆောက်ပုံ ရှည်လျားကျယ်ပြန့်ခြင်းနှင့် လိင်အင်္ဂါကြီးခြင်းတို့ ဆက်စပ်မှုရှိနေပြီး ၎င်းလက္ခဏာရှင်တို့က အတ္တကြီးသလောက် လိင်မှုကိစ္စ၌လည်း ပြင်းထန်တတ်ပါသည်။

ပါးရိုးသည် နားထင်အား ထိုးဖောက်နေဟန်ရှိပြီး မျက်လုံးထောင့်စွန်းချွန်မြနေပါက (အမျိုးသမီးအပါအဝင်) လုပ်ပမှုမှန်သမျှအား ရယူခံစားလိုစိတ် ရှိတတ်သည်။

နှုတ်ခမ်းပါးသူ ဖြစ်ပါက မုသားစကားအား အလှတန်ဆာဆင်၍ ပြောဆိုတတ်သည်။ အများအားဖြင့် အပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်းသားထူသူ အမျိုးသားများက မြာပွေတတ်ကြသည်။

## အောင်မြင်ကျော်ကြားသူများ၏ ရုပ်လက္ခဏာများ

### မာရီလင်မွန်ရိုး (ရုပ်ရှင်မင်းသမီးဟောင်း)

မွန်ရိုး၏ရုပ်လက္ခဏာကို တစေ့တစောင်း လေ့လာပါက ဆက်ဆံရေးဆိုင်ရာကိစ္စများ ရှုပ်ထွေးနေသည်ကို တွေ့ရပါမည်။

မွန်ရိုး၏မျက်လုံးအစုံမှာ ကြီးမားပြီး မျက်ခုံးများက မျက်လုံးအပေါ်ဘက် အတော်မြင့်သောနေရာတွင်ရှိနေသည်။ ပါးရိုးများ ကြီးမားခြင်းကြောင့် ပြုံးရယ်သောအခါ ထင်ရှားစွာတွေ့နိုင်ပြီး မျက်



လုံးအနေအထား ဖန်ရောင်ထ၍ အရည်လဲ့နေသည်ကိုပါ တွေ့ရှိရပါသည်။ အထက်ပါလက္ခဏာများက သူမ နာမည်ကျော်ရုပ်ရှင်မင်းသမီးဖြစ်လာစေရန် ခိုင်လုံသော အရည်အသွေးများပင် ဖြစ်သည်။ ၎င်းအပြင် မက်မွန်သီးသဏ္ဍာန်လုပသော မျက်လုံးအစုံက အမျိုးသားများကိစ္စနှင့်ပတ်သက်၍ ပြဿနာများခြင်းကို ရည်ညွှန်းသည်။ မျက်ခုံးနှင့်မျက်လုံးကြားနေရာ ကျယ်ပြန့်နေခြင်းက ရက်ရောတတ်သည့်သဘောကို ဖော်ပြသည်။

### ရစ်ချတ်ဘာတန် (ရုပ်ရှင်မင်းသား)



ရစ်ချက်ဘာတန်၏ အိမ်ထောင်ရေးနှင့်ဆိုင်သောဌာန (Marriage Palace) နေရာ ထင်ရှားစွာချိုင့်ဝင်နေခြင်းကြောင့် အိမ်ထောင်သုခ အပြည့်အဝ မရရှိသူအဖြစ် ဖော်ပြနေပါသည်။ ၎င်းအပြင် ဆံစပ်လိုင်းမှ နားထင်အထိနေရာကျယ်ဝန်းနေခြင်းကြောင့် အိမ်ထောင်ဆက်များခြင်းသဘောကို ပြနေပါသည်။ ဘာတန်၏မျက်ခုံးသည် မျက်လုံးအားအပေါ်မှဖိထားဟန်ရှိခြင်းကြောင့် အိမ်ထောင်, မိသားစုအတွင်း စိတ်မပျော်ရွှင်သူ၊ မကြာခဏ ပြဿနာရှိနေသူအဖြစ် တွေ့ရပါမည်။ ဘာတန်၏ဖခင်ဖြစ်သူက အသောက်သမားဖြစ်သလို ဘာတန်ကိုယ်တိုင်လည်း အရက် အလွန်အကျွံသောက်သူတစ်ယောက် ဖြစ်သည်။ စိတ်မပျော်ရွှင်မှုအကြောင်းပြု၍ အရက်သေစာသောက်စားခြင်းဖြင့် စိတ်ထွက်ပေါက်ရှာနေခဲ့ခြင်း ဖြစ်သည်။

### ဂျွန်လီနွန် (ဂီတပညာရှင်)

ဂျွန်လီနွန်၏ မျက်ခုံးမွေးထူထဲနေခြင်းသည် စိတ်ကူးအတွေးထဲမှပေါ်လာ



သည့် ခံစားချက်များအား ဂီတသံစဉ် အဖြစ် ဖန်တီးမွေးဖွားနိုင်စွမ်းရှိကြောင်း ဖော်ပြနေပါသည်။

လီနွန်၏နှာတံပေါ်ပါရှိသည့် အ[illegible] အထုံးသည် ခေါင်းမာတတ်သူ၊ မိမိမှ[illegible] သည်ဟုထင်ရာဟူသမျှကို တဲ့တိုးပြော[illegible] တတ်သူ၊ အလွယ်တကူ အလျှော့မပေး[illegible] တတ်သူဖြစ်ကြောင်း ဖော်ပြပါသည်။

သို့သော်လည်း မျက်ခုံးနှင့်ဆံစ[illegible] (hair line) ကြားနေရာ ကျဉ်းမြောင်း[illegible] နေခြင်းကြောင့် ပျော်ရွှင်သာယာသော[illegible] အိမ်ထောင်သည်ဘဝကို မရခဲ့ပေ။

# Chapter - 5

## မျက်နှာပေါ်ရှိ မူလရုပ်လက္ခဏာများကိုပြုပြင်ခြင်း


မျက်နှာပြင်ပေါ်ရှိ မွေးရာပါ [illegible] ကောင်းသောရုပ်လက္ခဏာများအား [illegible] အပ်သလို ပြုပြင်လိုပါက မိမိ၏ ပင်[illegible] စရိုက်မကောင်းသော အချက်များကို[illegible] ကြိုးစားပြုပြင်လိုစိတ် ရှိထားရပါမည်[illegible] သို့မှသာ ဘဝတစ်သက်တာ အောင်မြ[illegible] ကျော်ကြားနေသူများကဲ့သို့ မိမိနှင့်ထို[illegible] တန်သလောက်သော ကောင်းကျိုးမျာ[illegible] ရရှိခံစားနိုင်ပါမည်။


မျက်နှာပေါ်ရှိ မွေးရာပါ ကောင်[illegible] သောရုပ်လက္ခဏာများအား မူလပုံစံအ[illegible] တိုင်း ဆက်လက်ထားရှိ၍ မကောင်[illegible] သော မှဲ့၊ အရေးအကြောင်းများကို[illegible] အမိက ဦးစားပေး၍ Plastic Surge[illegible] နည်းဖြင့် ခွဲစိတ်ပြုပြင်ရမည်။ မျက်[illegible] ခွဲစိတ်ပြုပြင်ခြင်း ပြီးမြောက်သွားသ[illegible] တိုင် အောင်မြင်ကျော်ကြားမှု၊ စီး[illegible] ဥစ္စာတိုးတက်မှု၊ အိမ်ထောင်ရေ[illegible] ကောင်းမှုတို့က တစ်ဦးနှင့်တစ်ဦးတ[illegible] နိုင်ဘဲ အသက်အပိုင်းအခြား[illegible]လိုက်[illegible]




www.burmeseclassic.com

www.burmeseclassic.com







သွားသည်ကို သတိပြုရပါမည်။ အ ချို့က အသက် (၂၀)ဝန်းကျင် (ဘဝ၏ ပျိုးချိန်ကာလအတွင်း) အောင်မြင်မှုရ သော်လည်း အချို့က အသက် (၄၀) ကျော်နောက်ပိုင်းမှစ၍ အောင်မြင်မှုရ တတ်ပါသည်။

မျက်နှာပြင်ခွဲစိတ်ပြုပြင်ရာ၌ အ ကောင်းဘက်သို့ရှေးရှုသော်လည်း မျက် နှာခွဲစိတ်ပေးသူ ဆရာဝန်၏ ကျွမ်းကျင် မှု သို့အပ်ခြင်းကြောင့် မူလ မကောင်း သောနေရာ (လက္ခဏာ) အား ဖယ်ရှား အစားထိုးခြင်း၌ အမာရွတ် တစ်စုံတစ် ရာကျန်ရှိခဲ့ပါက ရှိရင်းစွဲ မကောင်းသော လက္ခဏာထက် ပြုပြင်ပြီး ရုပ်လက္ခ ဏာက ပိုမိုဒုက္ခပေးတတ်ပါသည်။ ကာ ယကံရှင်အနေဖြင့် ထိုအချက်ကို ကြို တင်နားလည်ထားရန် အရေးတကြီး လို အပ်ပါသည်။ အကယ်၍ အောင်မြင်ခဲ့ ပါကလည်း မိမိ အလိုရှိသည့်အတိုင်း ထက် သာလွန်သော ကောင်းကျိုး များ ရရှိခံစားနိုင်ပါမည်။

မျက်နှာပေါ်ရှိ ရုပ်လက္ခဏာ ပြု ပြင်ရာ၌ လွယ်ကူသော အစိတ်အပိုင်း များမှာ မျက်ခုံး၊ နှာခေါင်း၊ အမွေးအမှင် နှင့် သွားများပင် ဖြစ်သည်။

**မျက်နှာပေါ်၌ မှဲ့ပါရှိခြင်းကို ဖျောက်ဖျက် ခြင်း**

မျက်နှာ၏ မည်သည့်နေရာတွင် မဆို မှဲ့ထင်ရှားစွာရှိနေပါက ဦးစားပေး ဖယ်ရှားသင့်ပါသည်။ 'မှဲ့' ဟူသမျှ ကောင်းသောမှဲ့ ဟူ၍ မရှိတတ်ပါ။ အ များအားဖြင့် မှဲ့အရွယ်အစားကြီးပြီး ပြူ ထွက်နေဟန်ရှိပါက ပိုမို ဒုက္ခပေးတတ် သည်။ အကယ်၍ မကောင်းသော လက္ခဏာပြ အရေးအကြောင်းများရှိပါ က ချောမွေ့အောင် ဖျောက်ပေးရမည်။

မျက်နှာပြုပြင် ခွဲစိတ်ရာတွင် အ သားနှင့်ဆိုင်သောနေရာများ၌ အခက် အခဲမရှိတတ်သော်လည်း အရိုးနှင့်တိုက် ရိုက်ပြဿနာရှိနိုင်သည့် နဖူး၊ ဦးခေါင်း စသည့် နေရာများအား ခွဲစိတ်ပြုပြင်ရန် မဖြစ်နိုင်ပေ။ အကယ်၍ မေးရိုးကားနေ ခဲ့လျှင်ပါက တစ်ကိုယ်ကောင်းဆန်တတ် သူဖြစ်ကြောင်း ဖော်ပြနေခြင်းကြောင့် ထိုမေးရိုးအား ပြုပြင်ရန် မဖြစ်နိုင်ဘဲ ယင်းအတိုင်းထားရှိ၍ ၎င်းနေရာ၌ အ သားဖြည့်ပေးရပါမည်။ ထိုအခါ မေးရိုး ထွက်နေခြင်းကို လျော့ကျသက်သာ စေပါသည်။




အထက်ပါ ပုံကြမ်းကို လေ့လာပါက-

စီးပွားဥစ္စာကြွယ်ဝမှု ပိုမိုတိုးတက်လာသည်နှင့်အမျှ နှာခေါင်း တည်ဆောက်ပုံ လုံးဝန်းချောမွေ့၍ အသား ဆူဖြိုးလာပါမည်။

နှာခေါင်းပေါ်ရှိ အဖုအထုံးဖြစ်နေသောနေရာသည် အရိုးတည်ဆောက်ပုံ၏မူလအားနည်းချက်ကြောင့် ဖြစ်ပေါ်လာပြီး ယင်းအား သဘာဝကျကျ ပြေပြစ်အောင် ခွဲစိတ်ပြုပြင်ရန် လုံးဝမဖြစ်နိုင်ပါ။

အရိုး တည်ဆောက်ပုံကြောင့် ပေါ်နေသော အဖု၊ အထုံး၊ အချိုင့်နှင့် ငေါ်ထွက်၊ ကားထွက်နေသောနေရာများ အား အသားအစားထိုး ဖြည့်စွက်ခြင်း ဖြင့်သာ တတ်နိုင်ပါမည်။

**မျက်နှာပြင်အား ခွဲခြမ်းစိတ်ဖြာ၍ Point Markers သတ်မှတ်ခြင်း**

လူ၏မျက်နှာပြင်အား အောက်ပါ အတိုင်း ဂရစ်လိုင်း (ဂရစ်လေးထောင့်) ကွက်များသုံး၍ ၎င်းတို့အစိတ်အပိုင်း တစ်ခုချင်းစီအလိုက် ကိုယ်စားပြုထား သော Point Markers များကို ရေးမှတ် ပါ။ Point Markers (နံပါတ်)များသည် သက်ဆိုင်သူ၏ အသက်အပိုင်းအခြား အလိုက် ဘဝတစ်သက်တာအခြေအနေ များနှင့် ပင်ကို စရိုက်များကို တိကျစွာ ဖော်ထုတ်ပေးပါမည်။

(ပြီးပါပြီ)

မင်းမင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

(၁)

ချင်းချောင်းခြံကြီးကား မုခ်ဦးမှာ ကတည်းက စိတ်ကိုဖမ်းစားနိုင်၏။

မုခ်ဦးမှာကပ်ထားသည့် ကြွေပြား ထက်က နှင်းဆီပွင့်များမှာ ပန်းနုရောင် အသွေးတွေစိုနေဆဲ။ စပျစ်ခိုင်ကြီးတွေ ကလည်း နွယ်ခက်တက်နေသည့် အ ရွက်များကြားမှ တွဲရရွဲ။ ပိုင်ရှင်မဲ့ဘဝ မှာပင် ဒီလောက်လှနေလျှင် ဂုဏ်ယူစွာ ယုယမည့်ခြံကြီးရှင်လက်ထက်မှာ မည်မျှ တင့်မောဖွယ်ကောင်းခဲ့လေမည်လဲ။ မသိမသာဝေ့ဝိုက်တက်လာသောလမ်း ကြောင်းကွေ့ကွေ့လေးမှ ခြံအလယ်သို့ ကြည့်လိုက်သောအခါ စိမ်းမှောင်သော တောက်တဲ့လက်ဝါးရွက်များ တောဖြစ် အောင်ဖုံးလွှမ်းနေသည့် ကန်ကောတစ် ခုကို တွေ့လိုက်ရ၏။ တစ်ခါကတော့ ကြာပန်းတွေ ဖူးငုံလန်းရွှင်နေမည့် ကန် သာယာ ဖြစ်မည်ပ။

အခန်းခန်းအဆောင်ဆောင်ဖြင့် ကြီးမားလှသော တိုက်အိမ်ကြီးကို အ

ကျွဲလူးအိုင်
ကိုချမ်း (သေး-၂)

ဝေးမှငေးရင်း-

"ဒါကြောင့်လည်း ချင်းချောင်းနန်း တော်လို့ ခေါ်ကြတာ"

ဟု ကိုက ပြောလိုက်သည်။

ဆင်ဝင်အောက်တွင် လူပျံတော် ရုပ်လေးများက ထမ်းပိုးထားဟန် ပန်း စိုက်အိုးကြီးများကို တစ်ဖက်တစ်ချက်၌ တွေ့လိုက်ရသည်။ ကိုလိုနီခေတ်အမွေ ဆိုးလို့ တစ်ခါကပြောခဲ့ကြသော အရုပ် လေးများက ချစ်စဖွယ်ပင်။ ပန်းဖောက် ထားသော သစ်သားတံခါးမကြီး၊ မည်း နက်မှောင်နေသော ကျွန်းလှေကားကြီး များ၊ ကနုတ်ကွက်ဖော်ထားသောကြမ်း ခင်းကြွေပြားကြီးများက အရောင်အ သွေးစုံသောကော်ဇောတစ်ချပ်လိုပါပဲ။

"အိပ်မက်ထဲက အိမ်ကြီးထဲကို ရောက်လာသလိုပဲနော်"

ကို့ရဲ့လက်မောင်းကို တင်းတင်း ဆုပ်ကိုင်မိရင်း မော် တီးတိုးပြောလိုက် ၏။

"ကိုယ်ကတော့ ဂန္ဓဝင်ရုပ်ရှင်ကား ဟောင်း တစ်ကားကားထဲက ဇာတ်ဝင် အိမ်ကြီးလို့ ခံစားရတယ်"

ဟု ကိုက ခေါင်းကိုငဲ့စောင်းရင်း မော့်နားနားကပ်ပြောသည်။

"ဟုတ်တယ်၊ လှေကားနက်ကြီး တွေပေါ်ကနေ ဆင်စွယ်ရောင် ဂါဝန် ရှည်ကြီးနဲ့ မင်းသမီးက နှင်းဆီပန်းအနီ တစ်ပွင့်ကိုင်ပြီးဆင်း. . . အမေ့"

မျက်လုံးအဝိုင်းသားနှင့်ခပ်တောင့် တောင့်ဖြစ်သွားသော မော့်ကို အမျိုး သမီးက ပြုံးကြည့်နေ၏။ သူ့လက်ထဲမှာ တော့ ကတ်ထူပြားနှစ်ချပ်ကို ကိုင်ထား သည်။ အင်္ဂလိပ်ဘာသာဖြင့် (Solo



Show) ဟု ရေးထားသော တစ်ကိုယ် တော်ပြပွဲမှတ်တမ်း-လက်ကမ်းစာရွက် ထူလေး။ 'တင်ရှိန်(ရာမည) (ဝါ) လူမင်း အောင်' ဟုလည်း ပန်းချီဆရာအမည် ကို ဖော်ပြထား၏။

"ကျေးဇူးပဲ အစ်မ၊ ကျွန်တော်တို့ က အိမ်ကြီးကိုငေးရင်း ဝင်လာတော့ . . ."

ဟု ကိုက ရှင်းပြသလိုလို ပြော ကာ ရှက်တရက်လန့်သွားသောမော့်ကို ငုံ့ကြည့် ပြုံးပြသည်။ မော်က အရှက် ပြေ တစ်ချက်ရယ်ရင်း ပြခန်းထဲ ဝင်ခဲ့ ၏။ ပြခန်းအလယ်မှာတော့ အမျိုးသား ကြီးနှစ်ဦး စားပွဲတစ်လုံးဖြင့်ထိုင်နေကြ သည်။ တစ်ယောက်ယောက်ကတော့ ပန်းချီဆရာ ဖြစ်မည်။ ကတ်ပြားလေး နောက်ကျောကို မသိမသာလှည့်ကြည့် လိုက်တော့ ပန်းချီဆရာ၏ကိုယ်ရေးအ

ကျဉ်းနှင့်ဓာတ်ပုံကို တွေ့ရသည်။

ဩော်- ရှုပ်လက်တို့နှင့်တစ် ယောက်ပဲ။

ခန်းမကျယ်ကြီး ပတ်လည်တွင် ချိတ်ဆွဲပြထားသော ပန်းချီကားများကို နှစ်ယောက်သား တစ်ချပ်ချင်း ကြည့်

သွားကြ၏။ ကိုနှင့်မော်က ပန်းခြံ ရုပ်ရှင်ရုံတွေမှာထက် ပြခန်းနှင့် စာ ဆိုင်တွေမှာ ချိန်းတွေ့လေ့ရှိကြသည် ပန်းချီကားတွေကိုကြည့်ရင်း ပေးထား သည့်အမည်များကိုဖတ်ရတာ ပိုရင် ဖို့ကောင်းရဲ့။


ဖေဖေတို့ခေတ်က ဗိုလ်ချုပ် ပန်းချီပြခန်းတွေအကြောင်း ကိုက ကို တစ်ဆင့် ပြန်ပြောပြဖူးလေသ မောင်ငွေထွန်း၏ လောဘ၊



www.burmeseclassic.com

www.burmeseclassic.com

မောဟနှင့် နိဗ္ဗာန်' ဟု အမည်ပေးထား သော ပန်းချီကား လေးချပ်အကြောင်း ကို မော် အမှတ်အရဆုံး ဖြစ်၏။ လေး ဆောင့်စပ်စပ်ပန်းချီကားများ။ 'လောဘ' ဟုအမည်ပေးထားသောကားတွင် ပန်း ချီကား၏အနားတစ်လျှောက်၌သာကပ် လျက် မြွေတစ်ကောင်ကို ပတ်ဆွဲထား သည်။ တစ်နေရာတွင် ပါးစပ်ဟထား သောမြွေခေါင်းရှိပြီး ထိုပါးစပ်ထဲတွင် သူ့လောဘနှင့်သူ မြွေက သူ့အမြီးကိုသူ ပြန်မျိုချနေ၏။ 'ဒေါသ' ဟူသောကားမှာ အလှဆုံးဖြစ်ပြီး ကြက်တိုက်ပွဲမှ ကြက် နှစ်ကောင်ခွပ်နေပုံ။ အရောင်အသွေးစုံ သော ကြက်မွေးများ လေတွင်ဝဲပျံကာ မာန်ပါလှသည်။ နောက်နှစ်ကားမှာ အ နက်ရောင် သက်သက်သာဖြစ်သော 'မောဟ' ဟု အမည်ပေးထားသည့်ကား နှင့် 'နိဗ္ဗာန်' ဟု အမည်တပ်ထားသော





www.burmeseclassic.com

www.burmeseclassic.com

အဖြူရောင်သုတ်ထားသည့်ကားတို့ ဖြစ်ကြသည်။ တစ်ကားကို ထိုခေတ်ကပင် တစ်သိန်းလောက် ဈေးချိတ်ထားပြီး လေးကားစလုံးကို လေးသိန်းနှင့်ယူမှ ရောင်းမည်တဲ့။ ပညာအပါဆုံး ဒေါသကားကိုချည်း ကွက်ယူလို့မရလေတော့ ဘာမှဆွဲမထားသည့် အဖြူနှင့်အမည်းနှစ်ကားကိုပါ သိန်းချီပေးခဲ့ကြသည်ဆိုပဲ။

နောက်တစ်ကားကိုတော့ ကိုက မော့်ကို အားနာစွာဖြင့် ပြောပြသည်။ 'ဣတ္ထိယ' ဟူ၍ အမည်ပေးထားသောကား။ လေးထောင့်စတုရန်းပုံကားချပ်ကို ထောင့်ချွန်းမှ ဒေါင်လိုက်ထောင်ထားပြီး ဘွဲ့ယူဦးထုပ်ကို ပက်လက်လှန်ကာ ခေါင်းစွပ်နေရာ ခွက်ထဲတွင် ရွှေငွေ ရတနာ လက်ဝတ်လက်စားများကို အပြည့်အလျှံထည့်ထားပုံကို ဆွဲပြထားသတဲ့။

"မော်က အဲဒီလို မိန်းမစားထဲက မဟုတ်ပါဘူးဟယ်"

ဟု ကို့စကားအဆုံးတွင် မော်က ဖြည်းညင်းစွာ ပြောခဲ့သည်။

"ယုံပါတယ်ဟာ"

ဆိုသော စကားကို ပြန်ပြောရင်း မော့်လက်ဖျားများကို ကိုက တင်းတင်းဆုပ်ထားခဲ့၏။ ဒီလိုနှင့် မော်တို့ ပန်းချီပြခန်းများကို ကြိမ်ဖန်များစွာ သွားခဲ့ကြသည်။ လှလှပပဆွဲထားတာ မဟုတ်သော၊ မျက်နှာပင် ထည့်မဆွဲထားတတ်သော ခင်မောင်ရင့်ပန်းချီကားများကိုပင် ခံစားတတ်သောမော့်ကို ကိုက ကျိတ်ပြီး မြတ်နိုးနေမိတာတဲ့။

အနက်ရောင် နောက်ခံကားအလယ်တွင် မျက်လုံးနီကြီးတစ်လုံးတည်းကို ခပ်ရဲရဲဆွဲကာ ဆင်စွယ်လို အဖြူချောင်း သုံးချောင်းယှက်ထားသော ပန်းချီကားကိုကြည့်ရင်း မော် မျက်မှောင်ကြုတ်သွား၏။ ပန်းချီဆရာ အမည်ပေးထားတာက 'မေတ္တာ' (Mitta) တဲ့။

"အမည်းရောင်ကလည်း မေတ္တာရဲ့အရောင် မဟုတ်၊ မျက်လုံးနီကြီးကတော့ ပိုတောင် မဟုတ်သေး။ ဘာဖြစ်လို့ ဒီနာမည်ပေးထားတာလဲ မသိဘူးနော်"

ပဟေဠိကို အဖြေညှိဖို့အတွက် ကိုက ပြခန်းအလယ်က ပန်းချီဆရာကို သွားမေးပေးသည်။

"အို- မမေးပါနဲ့။ ငါ့ဘာသာငါ ခံစားကြည့်ပါရစေ"

မော်လမြိုင်သား ဆရာက ငှက်မိခင်ကြီး၏မျက်လုံးပါဟု ရှင်းပြသည်။ ပန်းချီကားဆွဲဖို့ စိတ်ကူးရရှိခဲ့ပုံကိုပါ စိတ်ရှည်လက်ရှည် ပြောပြ၏။ ဒီလိုနှင့် ပြခန်းကို လက်ရာရှင် ပန်းချီဆရာနှင့်အတူ ကြည့်ခွင့်ရခဲ့ကြသည်။ ပြခန်းကို အလွှမ်းမိုးဆုံးကားများမှာ ကျွဲပုံများ ဖြစ်၏။

"ကျွဲပုံတွေနဲ့ ကိုယ် တော်တော်အကျိုးပေးတယ်။ ကျွဲဟာ ကိုယ့်လာဘ်ကောင်လို့ ယူဆပြီး တစိုက်မတ်မတ် ဆွဲခဲ့တာ။ ကျွဲပုံမြင်ရင် ကိုယ်ပဲလို့ ထင်သွားကြတဲ့အထိပေါ့"

လို့ ပန်းချီဆရာက ပြောသည်။

"ငှက်ပျောဖီးကြီးတွေ အဆွဲတော်လို့ 'ငှက်ပျောသီး-ဇော်ဝင်း' အမည်တွင်တဲ့ ဆရာတစ်ဦးလည်း ရှိခဲ့တယ်နော်"

ဟု ကိုက ဖြည့်စွက်မေးလိုက်သေးသည်။ အနီရောင်လွှမ်းသော နေပူထဲက ကျွဲအုပ်၊ အစိမ်းမှောင်မှောင်နှင့် ကျွဲအုပ်၊ ရွံ့ညွန်ထဲက ကျွဲအုပ်၊ ခဲသားရောင် မိုးတိမ်များနောက်ခံနှင့် ကျွဲမည်းမည်းကြီးများ။

"ဟော-ကျွဲကျောင်းဖျိုင်းတွေ"

ကိုက အဖြူရောင်လွှမ်းသော ပန်းချီကားကိုကြည့်ရင်း မတိုးမကျယ် အော်လိုက်သည်။ ပန်းချီဆရာက-

"ဟုတ်တယ်။ ကျွဲတွေကိုယ်ပေါ်မှာ တွယ်ကပ်နေတဲ့ပိုးကောင်တွေ၊ မျှော့တွေကို ငှက်တွေက စားပေးတယ်။ ငှက်တွေလည်း အစာဝ၊ ကျွဲတွေလည်း အယားပြေ"

မော်က တက္ကသိုလ်မှာ သင်ခဲ့ရသည့် အပြန်အလှန်အကျိုးပြုကြသည့် သဟဇီဝသဘော-ဆင်း(မ်)ဘိုင်အိုစစ် (Symbiosis) ကို သတိရသွား၏။ ပြခန်းထဲမှာ လူရှင်းနေသမို့ ကိုနှင့် ပန်းချီဆရာကတော့ ကျွဲဇာတ်ကြောင်း ဖွင့်နေကြ၏။ ကျေးလက်တောဓလေ့အစားအစာ ကျွဲခေါင်းသီး (Water chestnut) ပြုတ်မှသည် မုန့်ကျွဲသည်းအထိ။

"ကျွဲလူးအိုင်ဆိုတာ ရှိတယ်နော်ဆရာ။ ကျွဲတွေ လူးလိမ့်ထားလိုက်တာ ရွှံ့နှစ်တွေက လက်ဖက်ရည်ဖျော်ထားသလိုအရောင်ပေါက်နေတယ်လေ။ ကျွဲတွေက ဘာလို့ ရွှံ့အိုင်မှာ လူးတာလဲဆရာ"

"ကျွဲ၊ နွားဆိုပေမယ့် ကျွဲက နွားလို မဟုတ်ဘူး။ ရေကြိုက်တယ်၊ ရေလည်းကူးတတ်ကြတယ်။ ဟိုလေ- ကျွဲကူး ရေပါ ဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား။ ကိုယ်ပေါ်ကပ်နေတဲ့ ပိုးတွေမွှားတွေလည်း စင်အောင်၊ သူတို့လည်း အအေးဓာတ်ရအောင် ရေစိမ်ရင်း လူးနေတာပေါ့။ သတို့ သဘာဝပေါ့ဗျာ"

ထိုမှဆက်၍ မြန်မာ့အသုံးအနှုန်းတစ်ခုဖြစ်သည့် 'ကျွဲမြီးတို' သို့ ရောက်သွားပြန်သည်။

"ကျွဲတွေ ဒေါသဖြစ်ရင် အမြီးတိုသွားတတ်သလား ဆရာ"

ဟု ကိုက မေးတော့ ပန်းချီဆရာ ရယ်သည်။

"အေးဗျ၊ သတိမထားမိဘူး။ ကျွန်တော်တို့က ပုံဆွဲဖို့ပဲ အာရုံရောက်နေတာ"

"ကျွဲရိုက်၊ နွားရိုက် ဆိုတဲ့စကားက တော့ ကြားလိုက်တာနဲ့ အတော်ရက်ရက်စက်စက်လုပ်တဲ့အပြုအမူလို့ တန်းသိလိုက်တာပဲနော်။ ကျွန်တော်ဖြင့် လူတွေကိုလည်း တစ်နည်းတစ်ဖုံ အကျိုးပြုနေတဲ့ ကျွဲ၊ နွားတွေကို ခုလို ရိုက်နှက်တာက နှိပ်စက်ညှဉ်းပန်းတာလို့ ထင်တယ်"

မော့်ခေါင်းထဲ မူးရိပ်ရိပ်ဖြစ်လာသဖြင့် ပြခန်းအလယ်စားပွဲရှိ အမျိုးသမီးအနားတွင် အသာ ဝင်ထိုင်လိုက်သည်။ နေကလည်းပူ၊ အဆင့်ဆင့်လာခဲ့ရသဖြင့် ခရီးပန်းကာ ပြခန်းကိုလည်း တညောင်းကြည့်ခဲ့ရသည်လေ။

ပြီးတော့ . . . ပြီးတော့ . . . မော့်ဘဝ၏မမေ့နိုင်သော အမှတ်တရနေ့ရက်များမှ တစ်နေ့။ ဒီတစ်နေ့ကို ပြန်လည်အမှတ်ရမိတာကြောင့်လည်း မော်ရင်တုန်ပန်းတုန်ဖြစ်နေမိသည်ထင်ရဲ့။

(၂)

ထိုတစ်နေ့ကား ချောက်ချားဖွယ် အိပ်မက်ဆိုးလိုနေ့မျိုး ဖြစ်၏။ တွေးရင်းပင် မော့် ခြေဖျား၊ လက်ဖျားတွေ အေးစက်လာသည်။

ကျေးရွာ မူလတန်းကျောင်းလေးမှာ မော် ငယ်စဉ်က စာသင်ခဲ့ရ လယ်ကွင်းဘေး ရေစပ်စပ်မှာ အခန်းမကန့်ဘဲ တဲတန်းရှည်ကြီးလို ဆောက်ထားသည့်ကျောင်းပေါ့။ သစ်သားပြား ကြီးတွေ ခပ်ကျဲကျဲ ခင်းထားသဖြင့် ကျောင်းအောက်က ရေထဲတွင် ဖား လေးတွေ ခုန်နေတာပါ မြင်ရတတ် ဝါဆိုဦးမို့ ချောင်းရေလည်း တိုးနေလို့ ကျောင်းအောက်ရေပြင်ထဲမှာ တ စွတ်နင်းရင်းဆော့ရတာ အလွန်စိတ် စားစရာ။ ကြမ်းပေါက်ကနေ ကျော တံကို ဘဏ်များပြီး လွှတ်ချကာ ဆ ကောက်ဖို့ ဆရာမကို လက်ညှိုးထော ခွင့်တောင်းလိုက်သည်။ ညနေစော ကျောင်းကလည်း ဆင်းတော့မှာ ကျောင်းအောက်မှာပဲ အချိန်ဆွဲပြီးဆော နေလိုက်တော့မည်။

ကလေးတစ်ရပ်မလွှတ်တ



www.burmeseclassic.com

www.burmeseclassic.com

…ကုန်းကွကွဖြင့် ကျောင်းအောက်သို့ …ခဲ့ရ၏။ အတော်လေး မွှေနှောက် … ဆော့ပြီးမှ ကျောက်တုံးကို ရှာတွေ့ …က်သည်။ ကျောင်းအောက်က ခေါင်း …အထွက်မှာ ဦးလေးငယ်ကို မော် …မြင်လိုက်မိသည်။ သူ့အစ်မတွေ …သိုင်'ဟု ချစ်စနိုးခေါ်ကြသလို မော် … တူ၊ တူမများကလည်း လိုက်ခေါ် …ည့် အလွန် အလုပ်ကြိုးစားသော …ငယ်ကတော့ မင်္ဂလာဆောင်ရှိတာ …င် ဒီညနေစောစောသွားပြီး ကျွဲ …ရင်း ကွင်းထဲက ပြန်လာထင့်။

လေးငယ်ကို အနားရောက်မှ ရွံ့ …မ်းပေါက်ရင်း စ,လိုက်မည်ဟု စိတ် …ကာ ကျောင်းအောက် အသာပြန် … စောင့်ကြည့်နေလိုက်သည်။ ရှမ်း …င်းဘီအနက်နှင့် ဖြူဝင်းတဲ့ လေး …အသားအရေက အလွန်လိုက်ဖက် …၏၊ ခေါင်းမှာ မမအနု ရက်ပေးသည့် …ပဝါအနီလေးလည်း ပေါင်းထား … အရုပ်ရှည်ရှည်၊ ရုပ်ချောချောမို့ …ငယ် မိန်းမယူမှာကို မော် နှမြော …သည်။ ဒါပေမယ့် ယူမည့်အစ်မကြီး …လည်း ရွာ့ကွမ်းတောင်ကိုင် မမအနု …။

အပေါ်ပိုင်းဗလာကျင်းလာသော …ငယ့်ကိုယ်လုံးကိုယ်ဖန်က အတော် …ည့်ကောင်းသည်။ မော် ပိုပြီး စိတ် …စားမိတာက လေးငယ်ပခုံးထက်က …သမ်းပိုး။ လယ်တောက ပြန်တိုင်း …တို့ကျောင်းဘေး ရွာဦးကျောင်းရေ …တနေ ဒီထမ်းပိုးနှင့် လေးငယ် …ာက်ရေထမ်းနေကျ။ ခုလည်း ဒီထမ်း …မှာ ဖားပေါင်စင်းလေးတွေ ချိတ်ဆွဲပြီး …လာသည်။ အဘွားကတော့ 'နက်ဖန် …တ်ပဲ မင်္ဂလာဆောင်တော့မှာ၊ အ …သိုလ်တွေ လုပ်လာတယ်' ဟု သူ့ကို …မှာ သေချာသည်။ ဒါလောက်တော့ …ငယ်လည်း လျှင်ပြီးသားပါ။ အဘွား … လေးငယ်တို့ခြံကို မော်တို့ခြံလွန်မှ …က်မှာမို့ လေးငယ်က သူ့အစ်မကြီး …့အစ်မ (အမေ) ထံ ဖားတွဲကြီးပေးခဲ့ …ပေါ့။

မော် ဖားသားကြိုက်တာ လေးငယ် …တော့ သူ့အိမ်မှာလည်း အဘွားက …မကျွေးတာမို့ 'မော်လေးအတွက်' … အကြောင်းပြရင်း အစ်မကိုချက်ခိုင်း …ကျလေ။ ဘာပဲဖြစ်ဖြစ် ဖားသားဟင်း … လေးငယ်နှင့်လုစားရမှာ မော် ပျော် …သည်။ ပြီးတော့ နောက်နေ့တွေဆိုရင် …မြောက်ဖျားက မမနုတို့ မုဆိုးမသား …အိမ်မှာ အိမ်ထောင်ဦးစီးအဖြစ် …ငယ်သွားနေတော့မှာမို့ ဒါ နောက် ဆုံးအတူစားတဲ့ ညစာလည်း ဖြစ်ချင်ဖြစ် မပေါ့။

အတော်လေး နီးလာပြီမို့ လေးငယ်၏စိမ်းမြမြနှုတ်ခမ်းမွေးများကိုပင် မော် မြင်မိသလိုလို။ အဲဒီ နှုတ်ခမ်းမွေးများအဆုံး အပေါ်နှုတ်ခမ်းအစပ်တွင် မှဲ့နက်လေးတစ်လုံးလည်း ရှိသေးသည်။

"အဲဒီ မှဲ့နဲ့ ကျုပ်မောင်က အပျိုတွေကို လူပျိုလှည့်ခဲ့တာတော့"

ဟူသော အစ်မစကားကို မော် သတိရလိုက်မိသေး၏။ ထိုစဉ် ကျောင်းဆင်းခေါင်းလောင်းသံကို မော် ကြားလိုက်ရသည်။ လေးငယ်ကလည်း အနားရောက်လာတော့မှာ။ ကိစ္စမရှိဘူး၊ မော်တို့ကျောင်းက ကျောင်းဆင်းလည်း ဘုရားရှိခိုးစာဆိုပြီးမှဆင်းတာ။

ကုက္ကိုပင်ကြီးတွေနား လေးငယ် ရောက်လာပြီ။ ပင်စည်ဖုဖုကြီးတွေ လျှောဆင်းသွားသော လယ်ကွင်းစပ်မှာတော့ ရေအိုင်ငယ်လေး ရှိသည်။ အိုင်ထဲမှာလည်း ဘကြီးဒင်တို့ကျွဲ သုံး,လေးကောင် ရေစိမ်နေကြသည်။ နွေဆိုရင်တော့ ရေစပ်စပ်မို့ ကျွဲတွေလူးရင်း ဗွက်ထကာ၊ ရွံ့တွေနဲ့ကာ အရည်ပျော်နေတတ်တဲ့ ကျွဲလူးအိုင်ပေါ့။ ခုတော့ ရေများနေလို့ ကျွဲစိမ်အိုင်ခေါ်ရမလား။ ကျွဲတွေဟာ ဘာလို့ရေထဲစိမ်နေရတာကို ကြိုက်ကြတာလဲမသိဟု မော် တွေးဖြစ်လိုက်သေးသည်။ ရေစိမ်နေသော ကျွဲကြီးတစ်ကောင်က လေးငယ်လာရာကို စိုက်ငေးလို့ကြည့်နေသလိုလို။

ကျောင်းဆင်းခေါင်းလောင်းသံအဆုံးမှာတော့ လေးငယ်သည် ကန်သင်းရိုးပြတ်မှ ရေမြောင်းငယ်ကို ဝါးလုံးလေးတွေစီခင်းထားသောနေရာမှ မဖြတ်ဘဲ ဆတ်ခနဲ ခုန်ကူးလိုက်၏။

အခိုက်အတန့်လေးပါပဲ။ တကယ့်ကို ခဏလေးမှခဏလေး။ အဖြစ်အပျက်တွေက မြန်လွန်းတော့ အဆက်အစပ်မရှိလောက်အောင်ဘဲ အပြောင်းအလဲတွေက မြန်လှချည့်။ အိုင်စပ်မှ ကျွဲကြီးက အလွန်လျင်မြန်သောအဟုန်ဖြင့် ရွံ့အလိမ်းလိမ်းနှင့်လူးလဲထကာ လေးငယ်ထံ တစ်မဟုတ်ချင်းပြေးသွားသည်။ ကျွဲကြီး၏ဦးချိုကားကားကြီးနှင့်ခေါင်းက မြေပြင်နှင့်ပင် သိပ်မကွာသလို ခပ်နိမ့်နိမ့်ရှိရာမှ ဆတ်ခနဲ ပင့်ကော်ကာ လေးငယ်ကို ခတ်ထည့်လိုက်၏။ ကျွဲချိုဖျားချွန်ချွန်ကြီးသည် လေးငယ့်ဝမ်းဗိုက်ကို ဖောက်ထွင်း ဝင်သွားသည်။ ကျွဲချိုကို ဆတ်ခနဲအခါလိုက်တွင် လေထဲသို့ လေးငယ် မြောက်တက်သွား၏။ မော် စူးစူးဝါးဝါး အော်လိုက်မိသည်။

မော့်အသံသည် သံပြိုင် အော်ဟစ်ရွတ်ဆိုနေကြသော ကျောင်းဆင်းဘုရားရှိခိုးသံများကြားတွင် ပျောက်သွားလေ၏။ ဘုတ်ခနဲ ပက်လက်ကြီး ပြန်ကျလာသော လေးငယ်ကို ကျွဲကြီးက အပြေးတကြီး ဆက်ခတ်နေပြန်၏။ လေးငယ် လေထဲမြောက်တက်သွားခဲ့ပြန်ပြီ။ မော် အဆက်မပြတ် အော်နေမိသည်။ သွေးတို့ ရေပိုက်ပေါက်သွားသလို လေထဲတွင် ရဲခနဲ၊ ရဲခနဲ ဖြာထွက်နေကြ၏။ အသံကုန်အော်ဟစ်ရင်း ဆွေ့ဆွေ့ခုန်နေမိသော မော့်မှာလည်း ကျောင်းအောက်က ဆင့်တွေနှင့်ခေါင်းတိုက်မိပြီး နဖူးမှာ သွေးအလိမ်းလိမ်း။ ဘုရားစာအဆုံးမှာတော့ တစ်ကျောင်းလုံး ကျောင်းဘေးက ရေစပ်စပ်ထဲ ပြေးဆင်းလာကြသည်။ မော့်မှာ အော်နေရုံမှတစ်ပါး လေးငယ်ဆီလည်း ပြေးမသွားရဲ။ ကျွဲကြီးက မည်းမည်းမြင်တိုင်း ဆက်ခတ်နေ၏။ နောက်ဆုံး ကျွဲကြီးကို ထိန်းလိုက်နိုင်တော့ လေးငယ်လည်း ကျွဲခတ်ရာတွေနှင့်မြေ့နေပေပြီ။ သွေးအိုင်ဆိုတာ ဒီတစ်ခါတော့ မော် အနီးကပ်မြင်လိုက်ခဲ့ဖူး၏။ တကယ့်ကို အိုင်ထွန်းနေသည့် သွေးရဲရဲတွေပါ။

ကျွဲခတ်ရာတွေ တစ်ကိုယ်လုံးဗရပွ ပေါက်ပြဲနေပေမယ့် လေးငယ်က သတိမလွတ်။ 'အစ်မရေ' ဟု မိခင်ကို တ,လိုက်၊ သူ့ 'အနု' ကိုလည်း ခေါ်နေလိုက်သေးသည်။

'ညနေစောင်း နေဝင်ရီတရော ဆိုတော့ အပ,မှီနေတာပေါ့။ ဘယ်- လူကောင်းဆို ဒီဒဏ်ရာမျိုးနဲ့ ဒီလိုဘယ်ပြောဆိုနေနိုင်ပါ့မလဲ'

ကျွဲချိုကြီးနှင့် ထိုးဖောက်ကလော်ထားသည့် ဝမ်းဗိုက်မှအပေါက်များကို အနားရှိရာ ကောက်ရိုးတွေ လုံးထွေးဆို့ပေးကြသည်။ နောက်မှ ကျွဲခတ်စဉ်က လွင့်ထွက်သွားကာ ဆူးပုပ်ချုံပေါ်တင်နေသော မမအနု၏ ချည်ပဝါနီလေးဖြင့် ဗိုက်ကိုပတ်ထားလိုက်ရသည်။

"မင်္ဂလာမဆောင်မီနေ့ဟာလည်း ရှင်မပြုမီနေ့လိုပဲ ဂရုထားနေရမှာ"

"ဝါဝင်,ဝါထွက်လုပ်နေကျ ဆွမ်းတင်တာတွေဘာတွေ မလုပ်မိလို့လား။ အများအယ္ယင်းရှိရင် အမိုက်အမဲတွေကို ခွင့်လွှတ်ပါ"

"ဟဲ့- ကွင်းပိုင်ကိုကော ခေါ်စာပစ်ကြရဲ့လား"

"ဩော်- အနီနဲ့ အနက်ကို တွဲမဝတ်ပါနဲ့ ဆိုတာ ဝတ်ကြတာကိုး။ ကျွဲတွေက နေ့တိုင်းမြင်နေကျ ကိုယ့်ရွာကကျွဲပေမယ့် သူတို့မကြိုက်တာမြင်တော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့- အလှိုင်နဲ့အနုကို ဇာတာကော စစ်ထားရဲ့လား။ သူတို့ချင်းကြိုက်လို့ မင်္ဂလာဆောင်မှာပေမယ့် နေ့-နံ မကိုက်ရင် ခိုက်တတ်တာပဲ"

ရွာသားလူအုပ်ကြီးကြားမှတိုးဝှေ့ကြည့်ရင်း ဆတ်ဆတ်တုန်နေခဲ့သော မော့်မှာ (၅) နှစ်ကျော်၊ (၆) နှစ်သမီးကတည်းက ခါးသီးပြင်းထန်ကာ ရက်စက်လှသောမြင်ကွင်းကို အနီးကပ်မြင်ခဲ့ရ၏။ ထို့ပြင် ကျွဲခတ်ခံရသူ၊ ကံခေသူကြီးကလည်း မော့်အချစ်ဆုံး လေးငယ်။ နောက်ဆုံးတော့ လေးငယ်ကို စောင်တစ်ထည်ပုခက်လုပ်ကာ ဝါးလုံးလျှိုသွင်းပြီး ထည့်ထမ်း၍ နီးစပ်ရာတိုက်နယ်ဆေးရုံကို ခေါ်သွားကြသည်။ စောင်အောက်မှ တစက်စက်ကျနေသောသွေးတွေက လှေဆိပ်အထိ တန်းနေ၏။ မော်တော်ဘုတ်စက်သံတွေ ဝေးသွားတော့မှ မော်ရေငုတ်နေတာသိလိုက်ပြီး သော့က်ရေအိုးစင်ကို မမီမကမ်း ကုတ်ခြစ်တက်နေမိလေသည်။

သိပ်မကြာခင်မှာပဲ ချောင်းထဲမှ မော်တော်ခုတ်သံကို ပြန်ကြားလိုက်ရပြန်သည်။ လေးငယ် အသက်ပျောက်သွားလို့ လမ်းခုလတ်မှာပဲ မော်တော်ဘုတ်ကို ပြန်လှည့်ခဲ့ကြသတဲ့။ ဒါပေမယ့် သေပြီးတဲ့အလောင်းကို ရွာထဲပြန်မသယ်ရဘူးဆိုသည့် ရွာဓလေ့အတိုင်း ရွာပြင်မှာစင်ထိုးပြီး ထားလိုက်ကြရ၏။ တိုက်ဆိုင်စွာပင် ထိုရွာ့အပြင်ဆိုသောနေရာသည် ရွာမြောက်ပိုင်းအစွန်ဆုံးက မမအနုတို့အိမ်နှင့် လယ်ကွက်သာ ဝေးလေသည်။

"အမလေး-လူကလေးရဲ့၊ အသေဆိုးလှချည့်"

ဟု ခုမှပဲ တကယ်သေပြီရယ်လို့ အဘွားက စိတ်တုံးတုံးချကာ အော်ငိုလိုက်၏။ ရွာဓလေ့အတိုင်း အစ်မတွေကလည်း သူတို့မောင် ကိုလူချောလေးအတွက် ခုနစ်သံချီပြာစ်ကာ တစ်ပြိုင်တည်းအော်ငိုနေကြသည်မှာ ကမ္ဘာပျက်သလို ကျွက်ကျွက်ဆူနေတော့သည်။

"အလှိုင်ရေ- မောင်လေးရဲ့. . . "

ဟု သေသူနှင့် ဆက်စပ်သမျှအကြောင်းအရာများအား သတိရလိုက်၊ ပြောဆိုလိုက်နှင့် ရင်ဘတ်ထုထုပြီး ငိုနေသော မော့်အစ်မမှာ အသံတွေပင်ဝင်နေလေပြီ။ မော်ကတော့ လူကြီးတွေကြား ငိုမိလား၊ မငိုမိလားပင် မသိနိုင်တော့အောင် ဆို့ဆို့နင့်နင့်ကြီးဖြစ်နေ၏။

မမအနုကတော့ လေးငယ်၏သတင်းကြားကတည်းက ရွာမြောက်စွန်းက တစ်ဟုန်ထိုးပြေးလာရင်း လမ်းမှာ မေ့မြောပြီး လဲကျသွားလို့ နှာနှုတ်ယူခဲ့ရသည်။ သတိရလာတော့ သူငယ်ချစ်အလှိုင်က သူ့အိမ်နား ရောက်နေပြီ။ ဝါမဝင်ခင် လက်ထပ်ဖို့ ထိုးထားသည့် မမအနုတို့အိမ်လေးရှေ့က မဏ္ဍပ်မှ လှမ်းကြည့်လျှင် လေးငယ်အလောင်းပြင်ထားတာကို မြင်နေရ၏။ မင်္ဂလာမဏ္ဍပ်နှင့် အလောင်းစင်များမှ ပန်းဆီရောင် ပန်းတွန့်စက္ကူလိမ်တွေက ကွင်းပြင်မှဖြတ်တိုက်လာသော ဝါဆိုဦးလေပြင်းတွင် လွန့်လွန့်လူးနေလေတော့သည်။ လေးငယ့်အလောင်းပေါ်တွင်လည်း ပန်းဆီရောင် မင်္ဂလာပိုးလုံချည်ကို လွှမ်းထားလေသည်။ အဝါနုနုတိုက်ပုံလေးကတော့ လက်လျှို့ဝတ်ပေးထားခြင်း မဟုတ်လို့ အလောင်းပေါ်မှာ ပြားချပ်ချပ်တင်လျက်ရှိ၏။ လွှမ်းထားသောရှပ်အင်္ကျီဖြူမှ တချို့နေရာများတွင် သွေးစွန်းနေလေသည်။

(၃)

ခုတော့ လေးငယ်နှင့်မညားလိုက်ရသော မမအနုလည်း မြေးတွေတောင်ရနေပါပြီ။ သွေးမြင်လျှင် ရင်တွေတုန်ကာ ခြေဖျားလက်ဖျားအေးလာတတ်သောမော့်လည်း ဆေးကျောင်းဝင်ခွင့်ရသည့်အမှတ်များနှင့် ဆယ်တန်းအောင်ခဲ့လေတော့ သွေးလန့်စိတ်နှင့်ပင် ဆရာဝန်ဖြစ်လာခဲ့သည်။ ချစ်သော လေးငယ်လို ဆေးရုံသွားရင်း အချိန်မမီလို့ လမ်းမှာ အသက်ပျောက်သူတွေ မပေါ်ပေါက်စေရ' ဟူသော ကြွေးကြော်သံနှင့် ဆေးပညာတွေသင်ခဲ့ပေမယ့် . သွေးသံရဲရဲတွေကိုတော့ ကြောက်နေမြဲပင်။ သွေးဆိုတာ ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်စီးဆင်းနေမှသာ တန်ဖိုးရှိတာကလား။ အလဟဿပေါက်ထွက်ပြီး စီးယိုနေဖို့မှ မဟုတ်တာ၊ သွေးကြောမျှင်တွေထဲမှာ မဟုတ်ဘဲ သွေးတွေ အပြင်ကို အလဟဿ မထွက်လာစေရဘူးလေ။

သွေးတွေနှင့်အတူ အမြဲတမ်းမြင်ယောင်ရင်း မော်ကြောက်နေတတ်သည်ကတော့ ချိုကားကား၊ တုတ်ခိုင်သန်မာသောကိုယ်ခန္ဓာနှင့် ကျွဲနက်နက်ကြီးများပင်။ ဒီလို ကျွဲကြောက်စိတ်နှင့်ပင် မော့်မှာနှလုံးရောဂါလည်း စွဲကပ်ခဲ့၏။ ကျွဲကို အကြောင်းပြုပြီးလည်း ကိုနှင့်မော် ချစ်သူတွေ ဖြစ်လာခဲ့ကြရ၏။ တောသူတောင်သား မိဘများမှ ဆင်းသက်လာရလို့ ကျွဲတွေ၊ နွားတွေနှင့်မစိမ်းပေမယ့် မော်ကတော့ ကျွဲတွေနားလည်း မကပ်၊ အီဆိမ့်ပြီး ပျစ်နှစ်နေသော ကျွဲနို့လည်း မကြိုက်တော့ချေ။

ဆေးကျောင်းသူဘဝမှာ အင်္ဂ[...] ပညာသင်ထောက်ပံ့ကြေး-စတိုင်ပင်[...] ကျောင်းတက်ရသည့် လယ်သမားသ[...] သမီးမို့ မော် ခပ်ကုပ်ကုပ်သာ နေ[...] ခဲ့၏။ ခုံနံပါတ်ကပ်လျက် အတန်း[...] ကိုက မော့်ကို သူများမသိအောင် က[...] ပြီး မေတ္တာစာပေးခဲ့ပေမယ့် မည်သ[...] မတုံ့ပြန်ခဲ့၊ မသိကျိုးကျင်သာ နေ[...] သည်။ ကိုကလည်း မော့်ကို အပူတပြ[...] မတောင်းဆို။ 'ဆေးကျောင်းသား[...] မာရသွန်ခရီးရှည်ကြီးမို့ နင့်အပြေ[...] စိတ်ရှည်လက်ရှည် စောင့်ပါ့မယ်၊ [...] ကိုချစ်တယ်လို့ နင်ပြောလာမယ့်[...] အထိပေါ့။ ငါ့ကို ကြိုက်သလို လေ့[...] အကဲခတ်ပါ' လို့ ရည်းစားစာ ခပ်ဆ[...] ဆန်းကို ကို ရေးပေးခဲ့သည်။

ဆေးတက္ကသိုလ်ကျောင်းသား[...] နောက်ဆုံးနှစ် အပိုင်း(က)တွင် လ[...] တွေ့ လေ့ကျင့်ကုသဖို့ ကွင်းဆင်း[...] မြစ်ဝကျွန်းပေါ်ဘက် ရောက်ခဲ့ကြ[...] တစ်ညနေမှာ သူငယ်ချင်းတွေစုပြီး [...] ပေါင်တွင် လက်ဖက်သုပ်စားရင်း [...] တာ တီးကြ၊ သီချင်းဆိုကြသည်။ [...] ဖက်ရွာသို့သွားနေသော ကိုတို့အဖွဲ့[...] လူစုံသည့်တိုင် ရောက်မလာသေး။ အ[...] လုံးက ကိုတို့ကိုစောင့်ရင်း စားသော[...] သီဆိုနေကြသည်။ မကြာမီ ကိုတို [...] သုတ်သုတ်လာနေတာ လှမ်းမြင်လိ[...] ရ၏။ ကိုတို့ကလည်း လာနေပြီ[...] ကြောင်း လက်လှမ်းပြသည်။

ထိုစဉ် တစ်ဖက် လယ်ကန်သ[...] ပေါ်မှ ညနေစောင်း ကျွဲသိမ်းပြီးပြန်[...] သောရွာသားတစ်ဦးလည်း ကျွဲတွေ[...] အတူ လျှောက်လာနေ၏။ ခဏအ[...] တွင် ကိုတို့နှင့် လမ်းမှာဆုံကြသည်။ [...] က တီရှပ်အနီရောင်နှင့် ခရမ်းရေ[...] အစိမ်းရောင်များ ရောကွက်ထားသော[...] ကချင်လုံချည်ဝတ်ထား၏။

ကျွဲတွေက လယ်ကွက်ထဲမှာ [...] က သူ့သူငယ်ချင်းနှစ်ဦးနှင့်အတူ [...] သင်းပေါ်မှာ။ ကျွဲသိမ်းပြန်ရွာသ[...] ကိုတို့ကိုလမ်းဖယ်ရင်း ရပ်စောင့်နေ[...] သူ့ကျွဲတွေလည်း သူနှင့်အတူရပ်နေ[...] ၏။ ကျွဲတစ်ကောင်က ကို့ကို [...] ကြည့်နေသလိုလို။

"မလာနဲ့၊ မလာနဲ့။ ကိုမင်း မ[...] ပါနဲ့"

ကိုတို့ကိုလှမ်းကြည့်ရင်း စူး[...] ဝါးအော်လိုက်သော မော့်အသံကြေ[...] ကန်ပေါင်ပေါ်က တစ်ဖွဲ့သားလုံး[...] အားသင့်သွားကြသည်။ ကို[...]



www.burmeseclassic.com

www.burmeseclassic.com

သွားကာ ကန်သင်းပေါ် ရပ်နေ ၏၊ ထိုစဉ် ထိုရန်စောင်နေဟန်ရှိ ကို့ဆီ တစ်ဟုန်ထိုးပြေးဝင် လို။

"ကိုမင်း. . ."

အသံကုန်အော်ရင်း မော်တစ် ကန်သင်းရိုးပေါ်မှ လယ်ကွက် မှေ့လဲကျသွားလေ၏။

ဒီတတည်းက မော့်နှလုံးအား ည့်ရောဂါကို တစ်တန်းလုံး သိ ကြသည်။ မော် သတိရလာလာ

"ကိုမင်းကောဟင်၊ ဘာဖြစ်သွား"

ဟု ဖြူရော်ရော်နှုတ်ခမ်းများဖြင့် ခဲ့သေးသတဲ့။

"ငါ ဘာမှမဖြစ်ပါဘူး။ ဒီမှာလေ"

ဟု ကိုက မော့်မျက်နှာပေါ်အုပ် ဖြေခဲ့သည်။ သူငယ်ချင်းတွေက နောက်ကြတော့-

"ငါက စိုးရိမ်သွားလို့ပါ"

ဟု မကွယ်မဝှက်နိုင်ဘဲ မော် ဝန် မိ၏။ ကွင်းဆင်းရာကအပြန်မှာ မော်နှင့်ကိုတို့ အတိအလင်းချစ်သူ ဖြစ်သွားကြ၏။

(၄)

"ဘယ့်နှယ်နေသေးလဲ မော်၊ သာရဲ့လား"

ဟု မေးလည်းမေး၊ မော့်လက် တ်ဝတ်ကိုလည်း ကိုက စမ်းလိုက်

"ကောင်းသွားပါပြီ။ အကြာကြီး တ်ရလို့ပါ ဆရာ"

မော်က ကို့ကိုဖြေရင်း အနားမှာ ရပ်ကြည့်နေသော ပန်းချီဆရာ ပြုံးပြီးပြောလိုက်၏။ ကိုက-

"ကျွန်တော့်အမျိုးသမီးက ကွဲ ရေစက်ရှိတယ် ဆရာ။ ကွဲအစစ် ၊ ရပ်ကွက်ထဲမှာ နံကရိုင်းမယ် နဲ့က,ပြီး လှည့်အလှူခံတဲ့ ကွဲ တွေ သူ့ဆေးခန်းရှေ့ ရောက်လာ င် သူ့မှာ နေစရာမရှိဘူး"

ဟု ရှင်းပြနေ၏။

ပြခန်းကအပြန် တက္ကစီနောက် ကို့ပခုံးပေါ် ခေါင်းမှီရင်း မော် ခဲ့သည်။ လေတိုးအောင် ကား ဖွင့်ထားသော်လည်း-

"အပြင်ကိုမကြည့်နဲ့ မော်၊ တရိပ် ဆိုတော့ ခေါင်းမူးလိမ့်မယ်"

ဟု ကိုက ကြင်နာစကားဆို၏။

မော် မျက်လုံးမှိတ်ထားသော် တရေးရေးမြင်နေသော မြင်ကွင်း များက ပီပြင်လှသည်။

မကြာသေးမီရက်များက မော်တို့ ပြောင်းနေခဲ့သော တောမြို့လေးသို့ ကို လိုက်လာသည်။ မော့်ကို လက်ထပ်ခွင့် တောင်းတော့ ကိုတို့၊ မော်တို့၏ဆရာ ကြီးများ စစ်ဆေး စမ်းသပ်ထားသော ဆေးမှတ်တမ်းတွေကို မော်က ထုတ်ပြ လိုက်၏။ နှလုံးအားနည်းသဖြင့် 'အိမ် ထောင်သားမွေး မပြုရ။ ပြုလျှင်လည်း ကလေးမယူရ။ ယူချင်လျှင်လည်း အထူး ကုဆရာများနှင့်တိုင်ပင်ပါ' တဲ့။ ဆေး မှတ်တမ်းများကိုဆုပ်ကိုင်ထားရင်း ကို က မော့်ကို ငေးကြည့်နေသည်။

"ကိုမင်းရယ်၊ နင့်ကိုငါ နားလည် ပေးပါတယ်။ နင် တစ်ယောက်ယောက် နဲ့လက်ထပ်ပြီး နင့်ဘဝကို နင် ပျော်ပျော် ကြီးဖြတ်သန်းပါ"

အကြိမ်ကြိမ် လေ့ကျင့်ခဲ့သော စကားလုံးများဖြင့် တည်ငြိမ်စွာ ပြော သည်ဟုထင်အောင် မော် ပြောနိုင်ခဲ့ပြီ။ ကိုက-

"မော်၊ ငါနင့်ကိုချစ်တယ်ဆိုတာ နင်နဲ့အတူ တစ်သက်လုံးနေချင်လို့ပါ။ ငါ နင့်နဲ့ပဲ လက်ထပ်မှာ"

ဟု မဆိုင်းမတွပြန်ပြောသည်။ 'ကလေးမယူရလည်း ဘာမှမဖြစ်ဘူး။ မောင်နှမလိုနေရလည်း မော်နှင့် အတူ ဆိုလျှင် ကိုယ် ပျော်နိုင်ပါသည်' တဲ့။ 'စိတ်ကူးမယဉ်ချင်ပါနဲ့ ကိုမင်းရယ်' ဟု ပြောရင်း မော် ပြုံးလိုက်၏။ နောက် တော့ ဇွဲကောင်းလှသော ကို့ကို မော် လက်မြှောက်အရှုံးပေးမိပြီး ရှုဥ်လည်း လျှောက်သာ၊ ပျားလည်းစွဲသာသော သဘောတူညီမှုတစ်ခုကို ချမှတ်လိုက်ကြ သည်။ ကိုနှင့်မော်တို့ ချစ်သူဘဝနှင့် ဆက်လက်နေကြမည်။ တစ်ခါ တစ်ခါ ရန်ကုန်မှာ ပြန်ဆုံဖို့ချိန်းပြီး သွားလာ လည်ပတ်ကြမည်။ ကိုယ်က အထူးကု ဖြစ်သည်အထိ ဆက်လက်ကြိုးစားသွား မည်။ ကိုယ်စီ ကိုယ်စီ ဝါသနာပါရာလေ့ လာလိုက်စားကြမည်။ ဒီကာလများအ တွင်း တစ်ဦးဦးက ပိုမိုသင့်တော်မည့်သူ၊ ပိုမိုချစ်နိုင်မည့်သူတွေ့လျှင် လွတ်လပ် စွာ လမ်းခွဲပေးကြမည်ဟု။

လုပ်ငန်းခွင်အသီးသီးဝင်ကြ၊ ဖူး စာဖက်များနှင့် လက်ထပ်သွားကြပြီဖြစ် သော သူငယ်ချင်းများက မော်တို့ကို ရှိမက်တစ် ဖြစ်တာလား၊ ရူးတာလား မသိဟု ကောက်ချက်ချကြသည်။ ကိုနှင့် မော်ကတော့ အများ၏မှတ်ချက်များကို ပြုံးပြုံးကြီး ရင်ဆိုင်ကာ အခုလို တစ်လ တစ်ခါ၊ နှစ်ခါ ရန်ကုန်မှာချိန်းတွေ့ရင်း ကြည်နူးနေတတ်ကြ၏။

မော် မျက်လုံး အသာဖွင့်ကြည့် တော့ ကိုက ပြုံးနေဆဲ။

"ဘာသဘောကျနေတာလဲ"

ဟု မော် မေးလိုက်တော့-

"ကိုယ့်ကိုလေ ပန်းချီဆရာက ကိုယ်ယူမယ်ဆိုရင် ကိုယ် သိပ်ကြိုက် တယ်ဆိုတဲ့ သူ့ပန်းချီကားကို ဒီလောက် နဲ့ပေးမတဲ့"

ဟု ပြောရင်း လက်နှင့်သင်္ကေတ ပြသည်။

"ကို ဝယ်ချင်လို့လား"

"ဒါပေမယ့် အဲဒီ ကွဲလူးအိုင်ကား ကို မော်ကြည့်ရဲမှာ မဟုတ်လို့ ကိုယ် မဝယ်တော့ပါဘူး"

"ဝယ်ပေါ့ ကိုရဲ့။ ကို့အိမ်ရောက် တော့ ကို ချိတ်ပေါ့"

ကိုက သက်ပြင်းချလိုက်သည်။

"ကိုယ့်အိမ်ဆိုတာ မော်နဲ့နေမယ့် အိမ်ပဲ ဖြစ်ရမယ်။ မော်လက်ခံနိုင်မယ့် ပန်းချီကားပဲ ကိုယ့်အိမ်နံရံမှာ ကိုယ်ချိတ် မယ်"

ဟုလည်း သူ့ဘာသာရေရွတ်သ လို ခပ်တိုးတိုး ပြောနေသေး၏။

မော်က ကို ဆုပ်ကိုင်ထားသော ကို့လက်ဝါးထဲမှ လက်ချောင်းလေးများ ဖြင့် ကို့ကို ပြန်ဆုပ်ကိုင်လိုက်ပြီး ခေါင်း ကို ဆတ်ခနဲမတ်လိုက်ကာ ခိုင်မာစွာ ရုတ်ခြည်း ဆိုလိုက်၏။

"ကို၊ မော်တို့ လက်ထပ်ကြမယ်။ အတူတူနေကြမယ်။ ဆရာတွေရဲ့အကြံ ဉာဏ်တွေယူပြီး မိသားစုဘဝကိုဖန်တီး ကြမယ်"

"ဟင်"

ကိုက အံ့အားတသင့် မော့်ကို ငုံ့ ကြည့်သည်။ ထိုစဉ် မော်က-

"ဒါပေမယ့်. . ."

ဟု ဆိုလိုက်၏။

ကို ဇဝေဇဝါဖြင့် ကြည့်နေဆဲ-

"ဒါပေမယ့် ကွဲလူးအိုင်ကားတော့ ပြန်မဝယ်ပါနဲ့ဟယ်။ ငါ ကွဲတွေကို ကြောက်မိနေသေးတယ်"

ကိုက-

"အေးပါဟ"

ဟု ကတိပေးသလို ပြောလိုက် သည်။

သို့သော် ထိုကွဲလူးအိုင် ရွံ့ညွန် တွေကြားမှာ မော်ကိုယ်တိုင် လူးလိမ့်နေ မိပြန်သည်ကို မော်ပဲ ပြန်မြင်နေလေ သည်။ ပုထုဇဉ်လူသားတစ်ဦးဖြစ်သည့် မော်ပေကိုး။

ကိုချမ်း(ဆေး-၂)



www.burmeseclassic.com

www.burmeseclassic.com

ပါမောက္ခ ဆင်ဒယ်လိယပ်ရဲ့ (၂၄) နှစ်အရွယ် သမီး ကာရို ပျောက်ဆုံးနေသည်မှာ (၂) လခန့် ရှိသွားပြီ။ ကင်းဆတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဌာန ပါမောက္ခ ဆင်ဒယ်လိယပ်၏သမီးဖြစ်သူ ကာရိုသည် ကင်းဆတ်ပြည်နယ် တိုဒီကာဆေးရုံတွင် တက်ရောက်ကုသနေရင်း ပျောက်ခြင်းမလှ ပျောက်သွားခြင်း ဖြစ်တယ်။ ဆွဲဆောင်အားရှိတဲ့ ကာရိုရဲ့ဓာတ်ပုံတွေကို ဖော်ပြထားပြီး လူပျောက်ကြော်ငြာတွေလည်း ပြည်နယ်အနှံ့ ဖြန့်ဝေထားတယ်။ ဒါပေမယ့်လည်း မတွေ့သေးဘူး။

ပါမောက္ခ ဆင်ဒယ်လိယပ်ဟာ ဒတ်(ချ်)လူမျိုး အကြားအမြင်တန်ခိုးရှင်တစ်ဦးဖြစ်ကြောင်း စာနယ်ဇင်းထဲမှာ ဖတ်ဖူးတယ်။ ဒီ ဒတ်(ချ်)စိတ်တန်ခိုးပိုင်ရှင်ဟာ လူပျောက်တွေကို ရှာပေးနိုင်တယ်။ အသက်ရှင်လျက်နဲ့လည်း ပြန်တွေ့ရတယ်၊ သေသွားတဲ့ လူပျောက်တွေကိုလည်းရှာပေးနိုင်တယ်၊ ရာဇဝတ်မှုတွေကိုလည်း သူ့အာရုံထူးနဲ့ ဖြေရှင်းပေးနိုင်တယ်လို့ သတင်းကြီးနေသူပါ။

၁၉၅၉ ခု၊ ဒီဇင်ဘာလထဲရောက်လာတော့ သမီးကို ရှာဖွေဖို့ နည်းလမ်းကလည်း ကုန်နေပြီ ဆိုတော့ ပါမောက္ခကြီးဟာ ယူထရက်တက္ကသိုလ်ကို ဖုန်းဆက်ကြည့်တယ်။ ယူထရက်တက္ကသိုလ်ဟာ ဟော်လန်မှာရှိပြီး အဲဒီတက္ကသိုလ်က ပရစိတ်ပညာ ပါမောက္ခ တင်ဟက်ဟာ 'ကရာဇက်' ဆိုတဲ့ စိတ်တန်ခိုးရှင်ကို နှစ်ရှည်လများ စမ်းသပ် စစ်ဆေးခဲ့သူဖြစ်တယ်။ စိတ်တန်ခိုးရှင် 'ကရာဇက်' ပေါ့။ အကျိုးအကြောင်းပြောပြပြီးတော့ ကရာဇက်ရဲ့ အကူအညီလိုချင်ကြောင်း ပြောတော့ ပါမောက္ခတင်ဟက်က အခုတော့ ကရာဇက်ဟာ သူ့ဆီမှာ မရှိသေးဘူး၊ နောက်တစ်နေ့ဆိုရင် ကရာဇက်လာမှာပါ။ နောက်နေ့မှ ဖုန်းဆက်ကြည့်ပါလို့ ချိန်းလိုက်တယ်။

နောက်တစ်နေ့မှာ ပါမောက္ခ ဆင်ဒယ်လိယပ်က ဟော်လန်ပါမောက္ခ တင်ဟက်ဆီ ဖုန်းဆက်ပြီး ကရာဇက်နဲ့ အဆက်အသွယ်ရသွားတယ်။ ကရာဇက်က ပါမောက္ခဆင်ဒယ်လိယပ်ကို သူ့အာရုံရထားတဲ့အတိုင်း ပြောပြလိုက်တယ်။ 'ခင်ဗျားရဲ့သမီးဟာ မြက်ခင်းကျယ်ကြီးတစ်ခုအပေါ်မှာ ပြေးလွှားနေတယ်။ နောက်တော့ ရေကျော်ခုံးတံတားလေးတစ်ခုကို ဖြတ်ကျော်သွားတယ်။ အဲဒီနောက် ပစ္စည်းပစ္စယတွေ ပုံထားတဲ့နေရာကိုရောက်သွားတယ်။ အဲဒီနားမှာ ရေအိုင်ကြီးတစ်ခုရှိပြီး ရေထဲကို ဆင်း... လှေကားထစ်တွေလည်း ကမ်းစပ်မှာ ...တယ်။ လှေကလေးတွေလည်း အများ... ကြီးရှိတယ်။ ဟော- နောက်တော့ ခင်... ဗျားရဲ့သမီးဟာ လော်ရီကားကြီးတစ်စီး... အပေါ် တက်စီးသွားတယ်။ နောက်တစ်... ခါ အနီရောင်ကားကြီး တစ်စီးအပေါ်... ပြောင်းစီးသွားတာကို မြင်ရတယ်' ... ကရာဇက်က ဖခင် ပါမောက္ခကြီးကို ဖုန်း... ထဲက ပြောလိုက်တယ်။

'သူ မသေသေးဘူးနော်၊ အသက်...

# စိတ်စွမ်းအင်စုံထောက်များ

## မနောသုတေသီ



ပါမောက္ခတင်ဟက်၊ ရဲမှူးနှင့် ကရာဇက်တို့ပုံ



www.burmeseclassic.com

www.burmeseclassic.com

ရှုံးသွားပြီလား'

ဟု ဖခင်ကြီးက ကရာဇက်ကို မေးတိုက်တယ်။

"ဟုတ်ကဲ့၊ အသက်ရှင်လျက်ပါ။ အမှုမပေါ်ပါနဲ့၊ နောက် (၆) ရက်မြောက်မှာ သတင်းကောင်းကြားရမှာ သေချာပါတယ်ပဲ"

ဟု ကရာဇက်က ဖုန်းနဲ့ ပြန်ဖြေတယ်။

(၆) ရက်မြောက်နေ့မှာ အခြေအနေ ထူးရင်ထူး၊ မထူးရင် ကရာဇက်ဆီ ဆက်မယ်လို့ ပါမောက္ခကြီးက ချိန်းထားတယ်။ (၆) ရက်မြောက်တဲ့နေ့ ရောက်တော့ ပါမောက္ခ ဆင်ဒယ်လီယံက ဟော်လန်က ပါမောက္ခ တင်ဟက်ဆီကို ချိန်းထားတဲ့အတိုင်း ဖုန်းဆက်လိုက်တယ်။ ကရာဇက်နဲ့ တွေ့ချင်ရင် ပါမောက္ခ တင်ဟက်ဆီကတစ်ဆင့် တွေ့နိုင်တယ်။ ပါမောက္ခ တင်ဟက်က စီစဉ်ပေးသူကိုး။

ပါမောက္ခ ဆင်ဒယ်လီယံဟာ ဘယ်လီဖုန်းကို မ,လိုက်ရင်း အိမ်ခန်းထဲကို တစ်ချက် ဝေ့ကြည့်လိုက်တယ်။ ဘာလား-သူ့သမီးဟာ ဆိုဖာပေါ် ထိုင်လျက်သား ရှိနေတာကို မြင်လိုက်ရတယ်။ သမီးကို အကျိုးအကြောင်း မေးကြည့်တော့ ကရာဇက်ပြောတဲ့အတိုင်း မက်ခင်းကြီးကိုဖြတ်၊ လော်ရီကားကြီးပေါ် တက်စီးပြီး မြစ်ကမ်းနားတစ်လျှောက် ရောက်သွားတဲ့အကြောင်းတွေ ပြောပြတယ်။ မိုင် (၅၀၀၀) အကွာအဝေးကနေပြီး သူ့သမီးကိုမြင်ရတဲ့ ကရာဇက်ရဲ့အာရုံထူးကဖြင့် အံ့ဩစရာပါပဲလို့ ပါမောက္ခ တင်ဟက်ကိုရော ကရာဇက်ကိုပါ ဖုန်းထဲကနေပြီး ချီးကျူးကျေးဇူးတင်လိုက်ပါတယ်။

ဒီလို လူပျောက်ရှာတဲ့ အမှုတွေ၊ လူသတ်မှုတွေ၊ တရားခံရှာဖွေထုတ်ဖော်မှုတွေ၊ လူသတ်မှုမှာ တရားခံဖော်ထုတ်ပေးမှုတွေ၊ ပစ္စည်းပျောက်တွေ၊ မှုဒိမ်းကောင်ကို ရှာဖွေထုတ်ဖော်ပေးမှုတွေ၊ တရားရုံးမှာ အရေးကြီးတဲ့ သက်သေခံစာရွက်အထောက်အထားတွေ ပျောက်ဆုံးတာကိုရှာဖွေပေးမှုတွေ၊ သုတေသနလုပ်ငန်းမှာ ကျောက်ဖြစ်ရုပ်ကြွင်းတွေကို စိတ်တန်ခိုးအမြင်အာရုံနဲ့ ရှာပေးခဲ့ရတဲ့ အမှုပေါင်း ရာချီ ရှိပါတယ်။ ဒီမှတ်တမ်းတွေကို ယူထရက်တက္ကသိုလ် ပရစိတ်ပညာဌာနမှာ စနစ်တကျ မှတ်တမ်းတင်ထားတယ်။

ဒီလို အမှုတွေကို ဖြေရှင်းပေးတဲ့သူဟာ 'မာတ်မှန်မျက်လုံးပိုင်ရှင်၊ ရေဒါဦးနှောက်၊ ဟော်လန်အံ့ဖွယ်ပုဂ္ဂိုလ်ထူး၊ ယူထရက်တက္ကသိုလ်မှ ကဝေကြီး' ဟု ကမ္ဘာတစ်လွှား ကျော်ကြားနေသူ ကရာဇက် ဖြစ်ပါတယ်။

ကရာဇက်ဟာ ငယ်ငယ်ကတည်းက လက်နဲ့သပ်ချလိုက်ရင် ရောဂါတွေပျောက်တဲ့ ဒေါက်တာမက်(စ်)မာကြီးရဲ့ သံလိုက်ကုထုံး၊ စိတ်ညှို့ကုထုံးတွေကို အားကျနေသူပါ။ သူ စမ်းသပ်ကြည့်တဲ့ အခါမှာပါ ရောဂါတွေပျောက်တာတွေ့ရတော့ တစ်စ တစ်စ နာမည်ရလာပြီး လူနာတွေများလာတယ်။ တစ်နေ့မှာ လူနာ (၁၂၀) လောက် ရှိတယ်။ ရောဂါကုခလည်း သက်သာပါတယ်။ ပထမအကြိမ်ဆိုရင် (၁) ဒေါ်လာခွဲ ယူတယ်။ နောက်ထပ် ကုရမယ်ဆိုရင် ဆင့် (၇၀) သာ ယူတယ်။ ဝေဒနာရှင်တစ်ဦးကို တစ်မိနစ်ခန့်မျှကုရုံနဲ့ ပျောက်ကင်းသွားတယ်။

ရောဂါကုရုံတင်သာမက သူ့မှာ အမြင်အာရုံထူးလည်း ရှိတာကို သိတဲ့ ယူထရက်တက္ကသိုလ်မှ ပါမောက္ခ တင်ဟက်က ကရာဇက်ကို ဆက်သွယ်ပြီး ကရာဇက်ရဲ့စိတ်စွမ်းအင်တွေကို အမျိုးမျိုးစမ်းသပ်ကြည့်လိုက်တာ အနှစ် (၂၀) ကျော်ကြာမှ စိတ်ချရပြီ ဆိုပြီးတော့ ကရာဇက်ကိုပွဲထုတ်ပြတာပါ။ ၁၉၆၀ ပြည့်လောက်ကပေါ့။ ကမ္ဘာမှာရှိတဲ့ စိတ်ပညာပါရဂူတွေ၊ ပရစိတ်ပညာရှင်တွေကို လာပါ၊ စမ်းသပ်ပါလို့ ဖိတ်ခေါ်ပြီးတော့ စမ်းသပ်ကြည့်တာ စမ်းသပ်တဲ့ပုဂ္ဂိုလ်တွေက လက်ဖျားခါရပါတယ်။ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ချက်ကိုစလိုဗက်၊ ရုရှားနဲ့ အနောက်နိုင်ငံများက ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

ဒါကြောင့် ကရာဇက်ဟာ သိပ္ပံပညာရှင်များရဲ့စမ်းသပ်မှုကို အခံရဆုံး စိတ်တန်ခိုးရှင်လို့ ပြောစမှတ်ပြုရတယ်။ ကမ္ဘာ့တက္ကသိုလ်တွေက သိပ္ပံပညာရှင်တွေ၊ စိတ်ပညာရှင်တွေကတစ်ဆင့် တစ်ကမ္ဘာလုံးကို သတင်းပြန့်သွားတော့ အဲဒီအနောက်တိုင်းမှာရှိတဲ့ ရဲဌာနတွေ၊ ရာဇဝတ်မှုခင်း တာဝန်ရှိသူတွေဟာ ကရာဇက်ဆီက အကူအညီတောင်းပြီး ရာဇဝတ်မှုခင်းတွေကို ဖြေရှင်းကြတယ်။

ကရာဇက်ကို ပါမောက္ခတင်ဟက်က ထိန်းထားတယ်။ ကရာဇက်ဆီက အကူအညီလိုချင်သူတွေဟာ ပါမောက္ခ တင်ဟက်က တစ်ဆင့် ဆက်သွယ်ရတယ်။ ပါမောက္ခတင်ဟက်က ဒီလိုလုပ်တာဟာ ရည်ရွယ်ချက်နဲ့ပါ။ ပထမအချက်ကတော့ ကရာဇက်ရဲ့အမြင်အာရုံတွေ ဘယ်လောက်မှန်သလဲ၊ မြီးတော ပါသလား၊ ရောချတာ ပါသလား ဆိုတာကို မှတ်တမ်းတင်တယ်။ အဲဒါကိုက ပါမောက္ခ တင်ဟက်ရဲ့ သုတေသနလုပ်ငန်းတစ်ခု ဖြစ်သွားတယ်။ ဒုတိယအချက်ကတော့ မမှားတန် မမှားအောင်၊ ပြဿနာမတက်အောင် ကြိုတင်ကာကွယ်ထားတာပါ။

ဒီလို ပြဿနာတွေကို ပါမောက္ခ တင်ဟက်ဟာ သူ့ကိုယ်တိုင် တွေ့ကြုံဖူးတော့ စိုးရိမ်တာ ဖြစ်တယ်။ ဟစ်တလာ ခေတ်ကောင်းစဉ်က ပါမောက္ခတင်ဟက်ကို အသုံးချဖို့ လုပ်ဖူးတယ်။ အရှောင်အတိမ်းကောင်းတဲ့ ပါမောက္ခတင်ဟက်ကို ဟစ်တလာက အငြိုးထားတယ်။ ဒါကြောင့် ဒီလို မင်းပြစ်မင်းဒဏ်သင့်မယ့်ကိစ္စတွေ၊ ပုဂ္ဂိုလ်ရေး ရှုပ်ထွေးမှုတွေ မပေါ်ပေါက်စေဖို့ ကရာဇက်ကို ထိန်းထားတာပါ။

ကရာဇက်ကလည်း သူ့အသက်မွေးဝမ်းကျောင်း ရောဂါကုတာမှတစ်ပါး အခြားကိစ္စတွေမှာ အဖိုးအခ မယူပါဘူး။ သူ့စိတ်တန်ခိုးအသုံးချပြီး ကူညီရတဲ့ကိစ္စတွေမှာ ငွေကို လက်မခံပါဘူး။ လမ်းစရိတ်ကအစ ကုန်ကျစရိတ်တွေကို သူ့အိတ်ထဲကပဲ အကုန်အကျခံတာပါ။

ဒီလို ကရာဇက်နဲ့ ပါမောက္ခတင်ဟက်တို့ လက်တွဲလာတာ အနှစ် (၂၀) ကျော်ကြာခဲ့ပါပြီ။ ၁၉၆၀ ပြည့်လောက်မှာ ပါမောက္ခ တင်ဟက်ဟာ အသက် (၇၀) ကျော်ရှိပြီး ကရာဇက်ကတော့ အသက် (၅၀) ကျော်ပါ။

ကရာဇက်ရဲ့စိတ်စွမ်းအင် အာရုံထူးဟာ တိကျမှန်ကန်ကြောင်းကို နယူးယောက်မြို့တော် ရဲဌာနတာဝန်ခံ ရဲမှူးကြီး ကပ္ပတိန်ဂျွန်ကရီနင်က လူပျောက်မှုမှာ ကရာဇက်ရဲ့အမြင်အာရုံဟာ အထူးပင် တိတိကျကျ မှန်ကန်ကြောင်းကို စာနဲ့ရေးသားထောက်ခံထားပါတယ်။

ဒီလို စိတ်စွမ်းအင်အာရုံထူးနဲ့ လူပျောက်ရှာ၊ တရားခံပျောက်ရှာ၊ ပစ္စည်းပျောက်ရှာ၊ မှုဒိမ်းကောင်ရှာတဲ့ ကရာဇက်ရဲ့ အံ့မခန်း စိတ်စွမ်းအင်တွေကို ဆက်ပြီး တင်ပြပါဦးမယ်။

မနောသုတေသီ

*CROISET: THE PSYCHIC DETECTIVE.*



www.burmeseclassic.com

www.burmeseclassic.com



△ တြိဂုတနာ-ဆရာဇေယျာလင်း

# ဗုဒ္ဓဆယ်ရှုစောင်တော်မှ ဗုဒ္ဓဝိတာပဒေသာ ဆယ်မျက်နှာအင်းမြတ်အစီအရင်

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစုတို့သည် ဂါထာမန္တန်များနှင့် မစိမ်းကြပါ။ အနည်းနှင့်အများဆိုသလို ကျွမ်းဝင်ကြသည်သာ ဖြစ်ပါသည်။ ဂါထာမန္တန်များဟု ဆိုရာတွင်လည်း ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာရှင်များ၊ လေ့လာလိုက်စားသူများ၊ စိတ်ဝင်စားကြသူများမှလွဲ၍ ကျန်သာမန်လူများကား မိရိုးဖလာ ဆောင်ယူရွတ်ပွားလေ့ရှိသော ဂါထာမန္တန်များကိုသာ ဆောင်ယူရွတ်ပွားလေ့ ရှိကြပါသည်။ များသောအားဖြင့် သဝေမပါ ကိုးဂါထာခေါ် သရဏဂုံဂါထာ၊ ဘုရားဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေဂါထာ၊ ရှင်သီဝလိဂါထာ စသော အများရင်းနှီးကျွမ်းဝင်ကြသည့် ဂါထာမန္တန်တော်များသာ ဖြစ်ကြပြီး ထိုဂါထာမန္တန်တော်များမှာလည်း ရတနာသုံးပါးတို့နှင့် စပ်လျဉ်း၍ ဂါထာ မန္တန်တော်များသာ ဖြစ်ကြပါသည်။ သို့သော် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်များ ဆောင်ယူအသုံးပြုလေ့ရှိသော ဂါထာ မန္တန်များမှာ မိရိုးဖလာ ဘိုးစဉ်ဘောင်ဆက်ကတည်းက ဆောင်ယူ အသုံးပြုလေ့ရှိကြသော အများသိ ဂါထာ မန္တန်များအပြင် ရှေးရှေးကာလက သိဒ္ဓိပြီးမြောက် ထွက်ရပ်ပေါက်သွားသည်အထိ ပေါက်မြောက်သွားကြသော သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ကြီးများနှင့် ကဝိအကျော် ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင် အကျော်အမော်တို့ စီရင်ထား၍ လက်ဆင့်ကမ်းခဲ့သော ဂမ္ဘီရ ဝိဇ္ဇာမယသိဒ္ဓိ ဂါထာ မန္တန်ထူးများကိုပါ ဆောင်ယူကြံဆ အသုံးပြုကြ၍ မိမိတို့လိုလားအပ်သော သိဒ္ဓိတန်ခိုး အကျိုးအမျိုးမျိုးတို့ကိုရရှိရန် အားထုတ်ကြိုးပမ်းကြလေ့ရှိပါသည်။

ထိုဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်များ ဆောင်ယူရွတ်ပွား အသုံးများသော ဂါထာမန္တန်များတွင်လည်း-

၁။ ရတနာသုံးပါးတို့နှင့် ဆက်စပ်ပတ်သက်သော ဂါထာမန္တန်များ။

၂။ ဝိဇ္ဇာမယ လောကီပညာသက်သက်ဖြင့် စီရင်ထားသော ဂါထာမန္တန်များ ဟူ၍ အဓိကအုပ်စုကြီး (၂) ခု ရှိပါသည်။

သို့ရှိကြငြားသော်လည်း မဟာဂန္ဓာရီ ဝိဇ္ဇာမယပညာဖြင့် သိဒ္ဓိပြီးမြောက်ထွက်ရပ်ပေါက်အောင် ကြိုးပမ်းအားထုတ်သွားကြသော မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်ကြီးများ အများဆုံး အားထားအသုံးပြုစီရင် အားထုတ်သွားကြသော ဂါထာမန္တန်များမှာ ရတနာသုံးပါးတို့နှင့် စပ်လျဉ်း ဆက်နွှယ် ဆက်စပ်သော ဂါထာမန္တန်တော်များသာလျှင် အများဆုံးဖြစ်ကြောင်း တွေ့ရပါသည်။ ဂါထာ မန္တန်များကို အသုံးပြုပုံပြုနည်းများအား လေ့လာကြည့်သောအခါ သာမန်လူများက ဂါထာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်၍သာ ဆောင်ယူလေ့ရှိကြပြီး ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်များမှကား သာမန် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းမျှ မဟုတ်ဘဲ အဓိဋ္ဌာန်ကျင့်စဉ်များဖြင့် ဂါထာ မန္တန်များကို ဆောင်ယူရွတ်ပွား ကျင့်ကြံအားထုတ်လေ့ ရှိကြပါသည်။ ထိုမျှသာမက ဂန္ဓာရီ ဝိဇ္ဇာမယလော[ကီ] ပညာရှင်များ၊ အထူးအားဖြင့် ဝိဇ္ဇာမ[ယ] အင်းအတတ်ပညာရှင်များသည် ဂါထာ မန္တန်များကို အင်းစမများအဖြစ် စီရ[င်] အသုံးပြုကြပါသေးသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ဂန္ဓာရီ ဝိဇ္ဇာမယ အင်းအတတ်ပညာရှ[င်] များက ဂါထာမန္တန်များကို ဂါထာမန္တ[န်] အင်းအမျိုးအစားများအဖြစ် စီရင်[ရေး] ထိုး အသုံးပြုရာတွင် တစ်ကျောင်း တ[စ်] ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသ[ကဲ့သို့] အသုံးပြု စီရင်ခဲ့ကြသော ဂါထာ[မန္တန်]



www.burmeseclassic.com

www.burmeseclassic.com

ရား အမျိုးအစား အရေအတွက်များ မည်ရွေ့မည်မျှရှိပါသည်ဟု ခန့်မှန်း ဆိုရန်ပင် မတတ်နိုင်အောင် မြား င်ထွေပြားလှပါချေ၏။ ထိုမျှ များ လှစွာသော ဂါထာမန္တန်များကိုစီရင် သော ဂါထာမန္တန်အင်းအမျိုးအစား လှသောင်းသောင်း အင်းအစီအရင် င်းများစွာထဲမှ အသုံးပြုထားသော ထာမန္တန်ကလည်း အလွန်ထူးခြား၊ ထို ထာမန္တန်ကို အသုံးချစီရင်ထားသော င်း၏အကျိုး တန်ခိုးသိဒ္ဓိကလည်းကြီး လှသော ဂန္ဓာရီ ဝိဇ္ဇာမယ ဂါထာ အင်းမြတ်အစီအရင်တစ်ခုကို ယခု တ်ပရိသတ်ကြီးနှင့် အများပြည်သူ ကျိုးစီးပွားအလို့ငှာ ကျွန်ုပ် ထုတ်ဖော် ပြလိုက်ပါသည်။

ဂါထာမန္တန်တို့ကို လေ့လာကြည့် သောအခါ အချို့သော ဂါထာမန္တန်တို့ သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင် ကြီးတို့အားတိုင်တည်၍ အကာအ ယ်ယူပြီး ဘေးရန်အန္တရာယ်အပေါင်း ကင်းဝေးရန် ရည်ရွယ်ရွတ်ဖတ် င်ယူရသော ဂါထာတော်မြတ်များ သည်ကို တွေ့ရပါသည်။

ဥပမာ- အများသိကြသော 'အ ရှစ်မျက်နှာ စည်းချဂါထာ' ဟု ထင် သည့်-

'သဗ္ဗေဗုဒ္ဓါ ကက္ကုဒ္ဓပတ္တာ၊ ပစ္စေကာ ယာက္ကုဒ္ဓိ၊ အရဟန္တာနုဠ တေဇေန၊ ရက္ခာမိ သဗ္ဗသော'

ဟူသော ဂါထာပိုဒ်မှ အစပြု၍ ထာအပိုဒ်ပေါင်း (၈) ပိုဒ်ပါသည့် ဂါ တော်မျိုး ဖြစ်ပါသည်။

အဓိပ္ပာယ်အချုပ်ကား-

'ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ င်မြတ်တို့သည် တန်ခိုးက္ကုဒ္ဓိပါဒ်တို့ ကြီးစွာ ပြည့်စုံကြ၏။ ထိုက္ကုဒ္ဓိပါဒ် န်ခိုးစွမ်းရည်တို့ဖြင့် မိမိကိုယ်ကို သံ ခြာသဖွယ် ဖွဲ့နှောင်လျက် အစောင့် ရှောက် အရံအတားပြုပါ၏'

ဟု ဆိုလိုပါသည်။

*(ဆောင်းပါးလေးမည်စိုး၍ ဥပ ဤမျှသာ မြွက်ပြလိုက်ပါသည်။)*

တစ်ဖန် ရှင်သူငယ်ကြီးပရိတ်ဟု ည်းကောင်း၊ အတွင်းစည်းချဂါထာဟု ည်းကောင်း၊ ပါကာရသဒိသ ဂါထာ ဟု လည်းကောင်း အမျိုးမျိုး ခေါ် ကြသလောက် သမ္ဗုဒ္ဓေဂါထာတော် တူ ကျော်ကြား လူသိများသော ထာတော်မှာ 'သိရသ္မိံ (မေ) ဗုဒ္ဓ သေ သာရိပုတ္တောစ ဒက္ခိဏေ' အစချီ သော ဂါထာတော်မြတ်အား လေ့လာ ကြည့်ပါက ဦးခေါင်းထက်၌ ဘုရားရှင်၊ လက်ယာပခုံး၌ ရှင်သာရိပုတ္တရာ၊ လက် ဝဲပခုံးထက်၌ ရှင်မောဂ္ဂလာန်၊ မျက်နှာ ရှေ့တည့်တည့် တူရူအရပ်၌ ပိဋကတ် သုံးပုံ၊ မျက်နှာ၏အနောက်ဘက်၌ အ ရှင်အာနန္ဒာမထေရ်၊ အရပ်လေးမျက်နှာ ၌ ရဟန္တာအရှင်ကြီးများ၊ မိမိဝန်းကျင် ပတ်လည်၌ သိကြား, ဗြဟ္မာ, လောက ပါလနတ်များ စသည်တို့ကိုနေရာချထား တည်ထား ကိုးကွယ် ရှိခိုးပူဇော်လျက် များလှသောင်းသောင်း ဘေးဥပဒ်အန္တ ရာယ်အပေါင်းတို့ ပိန်းကြာဖက်တွင် ရေ မတင်သကဲ့သို့ ကင်းစင် လွင့်ပျောက်ပါ စေရန် ဆုတောင်းယူထားသည့် ဂါထာ တော်မြတ်ဖြစ်ကြောင်း တွေ့ရပါသည်။

ထို့အတူ ယခုဖော်ပြအံ့သော 'ဗုဒ္ဓ ဆယ်ဆူ အောင်တော်မူ ကက္ကုဒ္ဓိတ ပဒေ သာ ဆယ်မျက်နှာအင်းမြတ်အစီအရင် တွင်လည်း အင်းဆန်အဖြစ် အသုံးပြု ထားသော ဂါထာတော်တွင်လည်း အ ရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ ထက်, အောက်အရပ်များ အပါအဝင် အရပ် ဆယ်မျက်နှာတို့၌ ဂေါတမ ဗုဒ္ဓဘုရား ရှင်မှအစပြု၍ ပွင့်တော်မူပြီးဖြစ်တော်မူ ကြကုန်သော ဗုဒ္ဓအုရားရှင် ဆယ်ဆူတို့ အား နေရာချထား တည်ထား ပင့်ဖိတ် သီတင်းသုံးတော်မူကြစေပြီး ထိုဘုရား ရှင်ဆယ်ဆူတို့အား ရှိခိုးပူဇော်လျက် ဆု တောင်း ဆုယူထားကြောင်း တွေ့ရပါ လိမ့်မည်။ အထက် ဥပမာပါ ဂါထာနှစ် ပုဒ်နှင့် ကွဲလွဲ ထူးခြားချက်ကား-

၁။ အရပ်ဆယ်မျက်နှာလုံးတွင် ဘုရားရှင်တို့ တည်ရှိ သီတင်းသုံးတော် မူ၏။

၂။ အထက်ဂါထာ နှစ်ပုဒ်တို့၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် နတ်အ ပေါင်းတို့ ပါဝင်သော်လည်း ဤဂါထာ တော်တွင် ဆယ်ဆူကုန်သော ဗုဒ္ဓဘုရား ရှင်တို့ကိုသာ သီးခြားသန့်သန့် ပူဇော် ရှိခိုး ဆုတောင်း ဆုယူထားခြင်းပင် ဖြစ် ပါသည်။ ဤအဆိုနှစ်ရပ်ကို အောက် ဖော်ပြပါ အင်းဆန်ဂါထာဖြစ်သော 'ဗုဒ္ဓ ဆယ်ဆူ အောင်တော်မူ ကက္ကုဒ္ဓိတပဒေ သာ ဆယ်မျက်နှာ' ဂါထာတော်မြတ်ကို လေ့လာပူဇော်ကြည့်ပါက ထင်ရှားစွာ တွေ့မြင် ကြည်ညိုနိုင်ကြပါလိမ့်မယ်။

**ဗုဒ္ဓဆယ်ဆူ အောင်တော်မူ**
**ကက္ကုဒ္ဓိတပဒေသာဆယ်မျက်နှာဂါထာတော်**

၁။ ပဒုမုတ္တရောပြုဗ္ဗာယံ၊ အဂ္ဂိနေ ယဠ ရေဝတော
ဒက္ခိဏေ ကဿပေါ ဗုဒ္ဓေါ၊ နေရ တိယံ သုမင်္ဂလော။
(အင်းဆန်ဂါထာ- ၁)

၂။ ပစ္ဆိမေန ဗုဒ္ဓသိခီ၊ ပါယပွေ စ မေ ဓင်္ကရော၊
ဥတ္တရေ သက္ကျဂေါတမော၊ ဧသန္တေစ ဒီပင်္ကရော။
(အင်းဆန်ဂါထာ- ၂)

၃။ ပထဝိယံ ကကုသန္ဓော၊ အာကာ သေ သရဏင်္ကရော၊
ဧတေဒသ ဒိသာဗုဒ္ဓါ၊ ဓမ္မရာဇာ နာမာမဟံ။
(အင်းဆန်ဂါထာ- ၃)

၄။ သဗ္ဗေဒေဝါ ပိယာယန္တု၊ အည မည် ပီယံမမ။
ဧတေဒေဝါ သုဖုလ္လိကာ၊ သဗ္ဗ ဒုက္ခာ သောကရောဂါ။

၅။ ဘယာစေဝ ဝိနဿန္တု၊ အဂ္ဂိ ဘယံ စောရဘာယ။
ဟိတ္ထိအဿ တိရစ္ဆာ နကာံ၊ သီဟ ဗျဂ္ဃ ဘယာစေဝ။

၆။ ခဂ္ဂဒန္တာ ဝုစာဟိစ၊ တောနိ ဘ ယင်္ဂါနိစ၊ မုစ္စန္တု ဗုဒ္ဓါ နုဘာဝေန။

**ဂါထာပါဠိအနက်**

၁။ **ပဒုမုတ္တရော-** ပဒုမုတ္တရ မြတ်စွာဘုရားသည်၊ **ပြုဗ္ဗာယံ-** အရှေ့မျက်နှာ၌၊ **ဋ္ဌိတော-**တည်တော်မူ၏။ **ရေဝတော-** ရေဝတ မြတ်စွာဘုရားသည်၊ **အဂ္ဂိနေယဠ-** အရှေ့တောင်ထောင့်အရပ်၌၊ **ဋ္ဌိတော-** တည်တော်မူ၏။ **ကဿပေါ-** ကဿပ အမည်ရှိသော၊ **ဗုဒ္ဓေါ-** မြတ်စွာဘုရားသည်၊ **ဒက္ခိဏေ-** တောင်အရပ်မျက်နှာ၌၊ **ဋ္ဌိတော-** တည်တော်မူ၏။ **သုမင်္ဂလော-** သုမင်္ဂလမြတ်စွာဘုရားသည်၊ **နေရတိယံ-** အနောက်တောင်ထောင့်အရပ်၌၊ **ဋ္ဌိတော-** တည်တော်မူ၏။

၂။ **ဗုဒ္ဓသိခီ-** သိခီ အမည်တော်ရှိသောမြတ်စွာဘုရားသည်၊ **ပစ္ဆိမေန-**အနောက်မျက်နှာ၌၊ **ဋ္ဌိတော-** တည်တော်မူ၏။ **မေဓင်္ကရော-** မေဓင်္ကရာ မြတ်စွာဘုရားသည်၊ **ပါယပွေ-** အနောက်မြောက်ထောင့်အရပ်၌၊ **ဋ္ဌိတော-** တည်တော်မူ၏။ **သက္ကျဂေါတမော-** သာကီဝင်မင်းတို့၏အထွတ်ဖြစ်တော်မူသော ဂေါတမ မြတ်စွာဘုရားသည်၊ **ဥတ္တရေ-** မြောက်မျက်နှာအရပ်၌၊ **ဋ္ဌိတော-** တည်တော်မူ၏။ **ဒီပင်္ကရော-**ဒီပင်္ကရာမြတ်စွာဘုရားသည်၊ **ဧသန္တေ-** အရှေ့မြောက်ထောင့်အရပ်၌၊ **ဋ္ဌိတော-**တည်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com

၃။ **ကကုသန္ဓော-** ကကုသန် မြတ်စွာဘုရားသည်၊ **ပထဝိယံ-** မြေပြင်ပေါ်၌၊ **ဌိတော-** တည်တော်မူ၏။ **သရဏာကံရော-** သရဏင်္ကရာ မြတ်စွာဘုရားသည်၊ **အာကာသေ-** ထက်ကောင်းကင်၌၊ **ဌိတော-** တည်တော်မူ၏။ **ဒသသဒိသာ-** အရပ်ဆယ်မျက်နှာတို့၌၊ **ဌိတော-** တည်တော်မူကုန်သည်ဖြစ်၍၊ **ဓမ္မရာဇာ-** တရားမင်း ဖြစ်တော်မူကြကုန်သော၊ **တေ ဗုဒ္ဓါ-** ထို ဗုဒ္ဓမြတ်စွာဘုရားရှင်တို့ကို၊ **အဟံ-** အကျွန်ုပ်သည်၊ **နမာမိ-** ရှိသေညွှတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

၄။ **သဗ္ဗေဒေဝါ-** ခပ်သိမ်းကုန်သော နတ်တို့သည်၊ **ပီယာယန္တု-** ချစ်ခင်မြတ်နိုးကြစေသတည်း။ **အညမညံ-** အချင်းချင်း၊ **မံမ-** ငါ့အား၊ **ပိယံ-** ချစ်ခြင်းသည်၊ **ဟောတု-** ဖြစ်စေသတည်း၊ **တေ ဒေဝါ-**ထိုနတ်အပေါင်းတို့သည်၊ **သုဖုလ္လိကာ-** ကောင်းစွာစောင့်ရှောက်ကုန်သည်ဖြစ်၍၊ **သဗ္ဗဒုက္ခာ-** ခပ်သိမ်းသော ဆင်းရဲတို့သည်လည်းကောင်း၊ **သောကရောဂါ-** စိုးရိမ်ကြောင့်ကြခြင်း, အနာရောဂါတို့သည် လည်းကောင်း၊

၅။ **ဘယာစေဝ-** ဘေးအပေါင်းတို့သည် လည်းကောင်း၊ **ဝိနဿန္တု-** ကင်းစင်လွင့်ပျောက် မရောက်နိုင်သည် ဖြစ်စေကုန်သတည်း။ **အဂ္ဂိဘယံ-** မီးဘေးသည်လည်းကောင်း၊ **စောရဘယံ-** ခိုးသူဘေးသည် လည်းကောင်း၊ **သီဟဗျဂ္ဃ ဘယာစေဝ-** ခြင်္သေ့ဘေး, ကျားဘေးတို့သည် လည်းကောင်း၊

၆။ **ခဂ္ဂ ဒန္တာ ဝုဓာဟိစ-** ဓား သန်လျက်ဘေး, အစွယ်ဘေးတို့သည် လည်းကောင်း၊ **တောနိ ဘယဂါနိစ-** ဤသို့ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးသော ဘေးအပေါင်းတို့သည် လည်းကောင်း၊ **ဗုဒ္ဓါအာနုဘာဝေန-** မြတ်စွာဘုရားတို့၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်၊ **မုစ္စန္တု-** လွတ်စေကုန်သတည်း။

⭘

ဤကား 'ဗုဒ္ဓဆယ်ဆူ အောင်တော်မူ ဣစ္စိတပဒေသာ ဆယ်မျက်နှာ' ဂါထာတော်မြတ်၏ ပါဠိအနက် တွဲဖက်လျက် ဖော်ပြလိုက်ခြင်း ဖြစ်ပါ၏။ အနက်အနှစ်ချုပ်အားဖြင့် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက် အထက်-အောက် ဆယ်မျက်နှာတို့၌ အသီးသီးတည်တော်မူနေကြကုန်သော ဂေါတမဗုဒ္ဓမှ အစပြု၍ ဆယ်ဆူသောဘုရားရှင်အပေါင်းတို့အား ရှိခိုးလျက် ထိုဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် နတ်အပေါင်းတို့ ချစ်ခင်စောင့်ရှောက်ပါစေကြောင်း၊ အနာရောဂါ, ဘေးရန်အန္တရာယ်အသွယ်သွယ်တို့မှ ကင်းဝေးလျက် စိုးရိမ်ကြောင့်ကြ သောက ဒုက္ခအဝဝတို့ ကင်းငြိမ်းလွင့်ပျောက် ချမ်းသာရောက်စေကြောင်း ဆုတောင်းပတ္ထနာ ပြုထားခြင်းပင် ဖြစ်ပေသည်။

ဤဂါထာတော်အရ အရပ်ဆယ်မျက်နှာတို့၌ ဆယ်ပါးသော ဗုဒ္ဓမြတ်စွာ ဘုရားရှင်အပေါင်းတို့ တည်တော်မူ ကြပုံကို ကြည်ညိုနိုင်ကြစေရန် ဖော် ရပါလေသော် ပုံပါအတိုင်း ဖူးတွေ့ကြ လေမည် ဖြစ်ပါသည်။

ဤသို့ အရပ်ဆယ်မျက်နှာတို့ အသီးသီး သီတင်းသုံးတည်နေတော် ကြသော ဘုရားရှင်ဆယ်ဆူတို့အား ရှိ ပူဇော်လျက် ထိုဘုရားရှင်တို့၏ တန် တေဇော် အာနုဘော်တော်တို့အား ခံ တောင်းဆုပန်ထားသော ဖော်ပြခဲ့ပြီး

**အရပ်ဆယ်မျက်နှာတို့၌ ဘုရားဆယ်ဆူတို့တည်နေတော်မူပုံ**

| | | |
|---|---|---|
| (အရှေ့မြောက်) ဒီပင်္ကရာဘုရားရှင် | (အရှေ့) ပဒုမုတ္တရဘုရားရှင် | (အရှေ့တောင်) ရေဝတဘုရားရှင် |
| (မြောက်) ဂေါတမဘုရားရှင် | (ကောင်းကင်) သရဏင်္ကရာဘုရားရှင်<br>(မြေပြင်) ကကုသန်ဘုရားရှင် | (တောင်) ကဿပဘုရားရှင် |
| (အနောက်မြောက်) မေဓင်္ကရာဘုရားရှင် | (အနောက်) သိခီဘုရားရှင် | (အနောက်တောင်) သုမင်္ဂလဘုရားရှင် |

**အမှတ် (၁) အင်းပုံစံ**

| | | | | | |
|---|---|---|---|---|---|
| | န | နု | ဝ | ပေါ | |
| (ပ) | ပြု | ဗု | ရ | မု | [illegible] |
| ဒ္ဓါ | တိ | ဂ္ဂိ | ရော | ရေ | [illegible] |
| ဗ္ဗာ | ဏော | သု | က | ဒ | [illegible] |
| ယံ | နေ | က္ခိ | အ | မ | [illegible] |
| | ယံ | ဂ် | ယ | ဏော | |

**အမှတ် (၂) အင်းပုံစံ**

| | | | | | |
|---|---|---|---|---|---|
| | ဧ | န္တိ | က် | ဝေါ | |
| (ပ) | ဒ္ဒ | တ | သ | မေ | [illegible] |
| မော | န္တေ | ယ | ဗု | ဓ | [illegible] |
| သိ | ရော | ဒီ | သ | ဉ | [illegible] |
| စ | ပွေ | တ္တ | ပါ | ပ | [illegible] |
| | ခ္ခိ | က် | စ | ရေ | |

**အမှတ် (၃) အင်းပုံစံ**

| | | | | | |
|---|---|---|---|---|---|
| | ခ | ထ | ကိ | သာ | |
| (ပ) | ကု | ဗု | မ္မ | ဝိ | [illegible] |
| ဒ္ဒါ | ရာ | ဏာ | က | ဏာ | [illegible] |
| သ | ဟံ | ၂န | သ | ဧ | [illegible] |
| ဇာ | သေ | တေ | အာ | မာ | [illegible] |
| | န္တော | မ | သ | ဒ | |



www.burmeseclassic.com

www.burmeseclassic.com

'ဗုဒ္ဓဆယ်ဆုအောင်တော်မူ ကုဏ္ဍိတပဒေသာ ဆယ်မျက်နှာ' ဂါထာတော် ... ဂန္ဓာရီ ဝိဇ္ဇာမယ လောကီ ... တဝိအမော်တို့ အင်းအစီအရင် ... ဆောင်ယူကြပုံမှာကား ပုံပါအ ... ဖြစ်ပါလေသည်။

**ဗုဒ္ဓဆယ်ဆု အောင်တော်မူ ကုဏ္ဍိတပဒေသာ ဆယ်မျက်နှာအင်းမြတ်အစီအရင်၏ နမူနာအင်းပုံစံများ**

**အင်းဆန်ဂါထာများ**

အမှတ် (၁) အင်းဆန်ဂါထာ- အထက်၌ဖော်ပြခဲ့ပြီးသောဂါထာ ... - ၁။

အမှတ် (၂) အင်းဆန်ဂါထာ- အထက်၌ဖော်ပြခဲ့ပြီးသောဂါထာ ... - ၂။

အမှတ် (၃) အင်းဆန်ဂါထာ- အထက်၌ဖော်ပြခဲ့ပြီးသောဂါထာ ... - ၃။

အင်းဆန်ဂါထာများကို ရေးသွင်း ... အထက်ဖော်ပြပါ ပုဆစ်အိမ်ပုံစံ ... အကွက်အသီးသီး၌ ဝိုင်းပြထားသည့် ... များမှစတင်ပြီး မြင်းသေ မြင်းကိုက် ... သွားဖြင့် ရေးသွင်းစီရင်ရပါမည်။

**အင်းဆန်အပဟိန်းဂါထာ**

အင်းကွက်အသီးသီးကို အထက်၌ ... ပြခဲ့ပြီး ဖြစ်ပါသည်။ ဗုဒ္ဓဆယ်ဆု ... အောင်တော်မူ ကုဏ္ဍိတပဒေသာ ဆယ် ... နှာ ဂါထာတော်မြတ်ပါ ဂါထာအ ... (၁) မှ (၆) အထိကို (၁၀၈) အုပ် ... အသီးသီး စုတ်ရပါမည်။

*(ဂါထာစုတ်ရမည့် အစီအစဉ်ကို ... စိတ် ဖော်ပြပါမည်။)*

**... စီရင်နည်း**

ဥပုသ်နေ့ တစ်နေ့လည်း ဖြစ်၍ ... အနာဆာကင်းသော ရက်မြတ် ... ဖြစ်၊ ဝင်နက္ခတ်၊ သိဒ္ဓိစုတ်ကြိုက် ... ကြိုက်သောနေ့၏ နံနက်စောစော ... တက်ချိန်တွင် ဘုရားရှေ့တော်၌ ... နာသုံးပါးကန်တော့ပွဲတစ်ပွဲ၊ ပန်း၊ ... ရေချမ်း (၁၀) ခု (၁၀) ခွက်စီ ... ဆယ်ဆုအတွက် ရည်မှန်းလျှုဒါန်း ... နောက် ရှစ်ပါးသီလ၊ နဝင်္ဂသီလတို့ကို ... ကတ်တည်ပါ။ သို့- သီလခံယူပြီး ... နောက် ရွှေပြား၊ ငွေပြားရရာတို့တွင် ... အမှတ် (၁) အင်းက စ၍ အမှတ် (၃) ... တ်အင်းအထိ အစဉ်အတိုင်းချ။ ထို့နောက် အဖျားကစ၍လိပ်ပြီးလျှင် အထက်တွင် ညွှန်ထားသော အင်းအဟိန်းဂါထာတို့ဖြင့် မြတ်စွာဘုရားရှင်ရှေ့တွင် (၁၀၈)ခေါက်၊ သိမ်တွင်း၌ (၁၀၈)ခေါက်၊ နတ်ရဲသစ်ပင်ကြီးအောက်တွင် (၁၀၈) ခေါက်၊ ရေဆိပ်တွင် (၁၀၈) ခေါက်၊ မိမိနေအိမ်တွင် (၁၀၈) ခေါက်စီ အသီးသီး ဘုရားရှင်ဆယ်ဆုတို့အား ရည်မှန်းကြည်ညို အာရုံပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ရမည်။ ထို့နောက် ရိုသေစွာ ဆောင်ပါက. . .

- သိကြား၊ ဗြဟ္မာ၊ စတုလောကပါလနတ်၊ ကုဏ္ဍိမန္တ တန်ခိုးကြီးသော သာသနာတော်စောင့်နတ်များ အမြဲ စောင့်ရှောက်လာ၏။ အရေးကြုံက သတိပေးလာ၏။ ဘေးရန်အန္တရာယ်တို့ကို ဖယ်ရှားပေး၏။
- လက်နက်ဘေး၊ အနာရောဂါဘေး၊ သစ်၊ကျား၊မြွေဆိုး စသောသားရဲတိရစ္ဆာန်ဆိုးတို့၏ဘေးမှ လွတ်ကင်း၏။
- သူပြု၊ လူပြု၊ စုန်းတိုက်၊ နတ်တိုက်၊ အမှောင့်ပယောဂတို့ မြူမှုန်မျှ မသန်းဝံ့ကြ။
- ဘုန်းကျက်သရေတိုး၏။ ရာထူး၊ စည်းစိမ်တိုး၏။ အကျိုးအနန္တဟု ဆိုထားပါသည်။

ဤအင်းမြတ်အစီအရင် အောင်၊ မအောင်ကို စမ်းသပ်ရာသည်ကား ဤအင်းလက်ဖွဲ့ကို စက္ကူနှင့်ထုပ်၍ မီးရှို့က မီးမကူး၊ မီးမလောင်ကျွမ်း။ ကြွက်ကို ချည်၍လွှတ်က ထိုကြွက်ကို ကြောင်မခုတ်ဝံ့ကြောင်း တွေ့ရပေလိမ့်မည်။ ကုန်းဘောင်ခေတ် နောက်ဆုံးမင်း သီပေါဘုရင်လက်ထက်၌ ရန်ကင်းတောင်တွင်းနေသော ထင်ရှားကျော်စောသည့် လောကီပညာရှင် ဆရာကြီးတစ်ဦးသည် ဤအစီအရင်ကို စီရင်၍ လှေသင်းအတွင်းဝန်ကိုပေးခဲ့ရာ လှေသင်းအတွင်းဝန်၌ အကျိုးကျေးဇူးကြီးစွာ ဖြစ်ခဲ့သဖြင့် ထိုဝန်မင်း အမြဲ ဆောင်ခဲ့လေသည်။

သို့ဖြစ်ရာ ဤအင်းအစီအရင်နှင့် ဂါထာတော်မြတ်သည် ဆယ်ဆုကုန်သော ဘုရားရှင်တို့ အရပ်ဆယ်မျက်နှာတွင် ကိန်းဝပ် တည်ရှိတော်မူပြီး ထိုဘုရားရှင်အပေါင်းတို့၏ မေတ္တာတော်ဓာတ်၊ မေတ္တာတော်မြတ်နှင့် ဘုန်းတန်ခိုးတေဇော်အာနုဘော်တို့ကြောင့် နတ်တို့စောင့်ရှောက်ခြင်းခံရပြီး ဘေးရန်အန္တရာယ် အသွယ်သွယ်ကင်းလျက် ဘုန်းကျက်သရေတိုးစေသော ဤအစီအရင်မြတ်ကို စီရင်ဆောင်ယူအပ်သည်ဟု ယုံကြည်သဖြင့် လက်ဆင့်ကမ်း မျှဝေဖော်ထုတ် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

အင်းစီရင်ဆောင်ယူရန် အခက်အခဲရှိသူများအနေဖြင့် ဤ 'ဗုဒ္ဓဆယ်ဆုအောင်တော်မူဂါထာတော်' ကို 'ဦး' ခံပြီး နေ့၊ ညမပြတ် ဆောင်ယူရွတ်ဖတ်သရဇ္ဈာယ်ပါက ဘေးရန်အန္တရာယ် အသွယ်သွယ် အဝဝတို့မှ လည်းကောင်း၊ ကပ် (၃) ပါး၊ ရန်သူမျိုး (၅) ပါး၊ ဒဏ် (၁၀)ပါး၊ ဥပဒ္ဒဝေါ (၁၆)ပါး၊ ဘေး(၂၅) ပါး၊ ကမ္မကရဏ (၃၂)ပါး၊ ရောဂါအမျိုးမျိုး (၉၆) ဖြာဝေဒနာများ၊ ပရိတ္တနိဒါန်းလာ ရာဇတောဝါမှ နာနာဥပဒ္ဒဝေါတိုင်အောင်သော် လည်းကောင်း ကာကွယ်စောင့်ရှောက်ခြင်း ခံရသဖြင့် ထိုရောဂါ ဘေးဒဏ် ရန်မာန် အန္တရာယ် အသွယ်သွယ်အဝဝတို့မှ ကင်းဝေးလျက် ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစေကြောင်း၊ ကောင်းမြတ်သောအကျိုးသုခများကို ရရှိစေနိုင်သဖြင့် အထူးယုံကြည်လေးမြတ်စွာဖြင့် ဆောင်ယူ ရွတ်ပွားသရဇ္ဈာယ် ပူဇော်သင့်ပါကြောင်း၊ လောကီ အင်္ဂုတ္တိုရ် မန္တန်များ၌လည်း အထူးတိုက်တွန်းထားကြောင်း တွေ့ရပါသည်။ အင်းအနေဖြင့် ဆောင်ယူနိုင်မှုကား အကျိုးကျေးဇူးများ လျင်မြန် ကြီးမားစွာရရှိခံစားရပြီး ဂါထာ မန္တန်အနေဖြင့် ဆောင်ယူရွတ်ပွားပါက ယုံကြည်သောသဒ္ဓါ၊ လေးမြတ်သောစိတ်နှင့် မန္တန်ကို ထုံမွမ်းလာသည်အထိ ရှည်ကြာစွာရွတ်ဖတ်ပါလျှင် အကျိုးကျေးဇူးများ မလွဲမသွေ ရရှိခံစားလာရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ရတနာသုံးပါး လေးစား အားထားကြကုန်သော စာဖတ်သူသူတော်ကောင်းအပေါင်းတို့၊ ဤ 'ဗုဒ္ဓဆယ်ဆုအောင်တော်မူ ကုဏ္ဍိတပဒေသာ ဆယ်မျက်နှာ အင်းမြတ်အစီအရင်' ကို သော်လည်းကောင်း၊ မန္တန်တော်မြတ်ကို လည်းကောင်း ဆောင်ယူရွတ်ပွားကြခြင်းဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သိသူဖော်စား မသိသူကျော်သွား။

*အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ*

မေတ္တာများဖြင့်

ဘြိုဓာနာ-ဆရာဇေယျာသင်း



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်တစ်ဆူ ဖြစ်ထွန်းပေါ်ပေါက်လာလျှင် စေတီတော်နှင့်ပတ်သက်သော သမိုင်းကြောင်းကလည်း ရှိစမြဲပင်။ တချို့စေတီက ရှေးမင်းများနှင့်ပတ်သက်သည်၊ တချို့စေတီက သိုက်နှင့်ဆက်နွှယ်နေတတ်၏။ ဘုရားရှင်၏ သရီရဓာတ်တော်ကိန်းသည့် မြေ၊ သစ်ပင်ဖြစ်ပါက နည်းမျိုးစုံဖြင့် ပေါ်ပေါက်လာသည်လည်း ရှိတတ်သည်။ တချို့နေရာမှာ ဘုရားရှင်ကိုယ်တော်တိုင်၏ ဗျာဒိတ်စကားကြောင့် မဖြစ်မနေ ဖြစ်ထွန်းပေါ်ပေါက်သည်လည်း ရှိပါသည်။

မည်သို့ဆိုစေ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီစသည့် တစ်မျိုးမျိုးတွင်ပါဝင်မှ စေတီတော် မည်ပါလိမ့်မည်။ ယခုဖော်ပြမည့် စေတီတော်မှာ ဘုရားရှင်၏ ဓာတ်တော်မွေတော် များစွာရှိသော စေတီတော်ဖြစ်၍ ဓာတုစေတီတော် အမျိုးအစားတွင် ပါဝင်နေပါ၏။ ဤစေတီတော်ကြောင့်ပင် မြေပုပ်ဘဝမှ မြေကောင်းဘဝသို့ ရုတ်ခြည်း ပြောင်းလဲခဲ့ရသော အဖြစ်အပျက်အား အမိကထား၍ တင်ပြလိုခြင်း ဖြစ်ပါသည်။

ယခု တင်ပြမည့် စေတီတော် မဲပေါ်ထွန်းမီက သိမ်ကြီးသုသာန်အလယ်တွင် ညောင်ပင်ကြီးတစ်ပင် ရှိခဲ့၏။ 'သိမ်ကြီးသုသာန်' ဟု အမည်နာမ [illegible] ရခြင်းကလည်း သမိုင်းကြောင်းနှင့် [illegible] ဆိုင်နေပါသည်။ မြန်မာနိုင်ငံအား [illegible] နီခေတ်အစိုးရတို့ လွှမ်းမိုးစဉ် ပုသ[illegible] ကိုအုပ်ချုပ်သော ကိုလိုနီအစိုးရ[illegible]



www.burmeseclassic.com

အမည်အား ပေးခဲ့ခြင်းသာ ဖြစ်ပါ၏။

မြတ်စွာဘုရားမှ သံဃာတော်များ မွေးထုတ်နိုင်ရန်အသုံးပြုသည့် အမြတ်ဆုံးအဆောက်အအုံအား အယုတ်ညံ့ဆုံးအရာနှင့်တွဲဖက်၍ နှိမ်သောအားဖြင့် သိမ်ကြီးသုသာန် ဟူ၍ လည်းကောင်း၊ ဘုရားရှင် ပွင့်တော်မူရာ ဗောဓိပင်ကိုလည်း အယုတ်ဆုံးအရာနှင့် တွဲဖက်၍ 'မဟာဗောဓိသုသာန်' ဟု လည်းကောင်း မှည့်ခြင်းဖြင့် မြန်မာတို့ကို နှိမ်နှိမ်ခဲ့ခြင်းသာ ဖြစ်ပါ၏။ ဤကိစ္စသည် ခေတ်ကြီးနှစ်ခေတ်မျှ တည်မြဲနေခဲ့လေသည်။

## မြေပုပ်မှမြေကောင်းဘဝသို့ ပြောင်းလဲစေသည့်စေတီတော်



www.burmeseclassic.com

မြေပုပ်ဘဝမှ မြေကောင်းဖြစ်ရန် အချိန်တန်လာချိန်တွင် သိမ်ကြီးအလယ်မှညောင်ပင်ကြီးက အမြစ်များကြွလာသည်။ ထိုညောင်ပင်က နှစ်ချို့ညောင်ပင်ကြီး။ သာမန်ညောင်ပင်ထက် နှစ်ဆလောက် ပင်စည်ကြီးက ကြီးနေသည်။ အချိန်အခါမရွေး ပြိုလဲနိုင်သည့်အနေအထား။ ရပ်ကွက်လူကြီးများက အန္တရာယ်မဖြစ်ခင် ရှင်းလင်းမှတော်မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ကိုင်းဖျားကိုင်းနား ခုတ်ကြရာ ညောင်ပင်ကြီးက လှုပ်ခါနေသဖြင့် အပင်လဲတာနှင့် လူပါ ပါသွားမည်စိုး၍ ဘယ်သူမှဆက်မခုတ်ရဲ။ တချို့က ရုက္ခစိုးနတ်မင်းကြီးက မကြိုက်လို့ အပင်လှုပ်ချတာဟု ဝေဖန်သူက ဝေဖန်။ မည်သူမျှ မခုတ်တော့သည့်အချိန်တွင် ရပ်ကွက်လူကြီးအား ထူးခြားသော အိပ်မက်ပေးလာ၏။ ဘယ်သူကပေးမှန်းတော့ မသိ။

'လူကြီးမင်းတို့ ညောင်ပင်လှဲဖို့ အပင်ပန်းခံပြီး မလုပ်ကြပါနဲ့။ ဒီအတိုင်းသာ ကြည့်နေလိုက်။ ကြာသပတေးနေ့မှာ သိမ်ကြီးသုသာန်ထဲ အဝင်အထွက်မလုပ်နဲ့။ အဲဒီနေ့ လဲလိမ့်မယ်။ ဒီညောင်ပင်လဲတဲ့အခါ ထူးခြားတဲ့ ဘုရားရှင်ရဲ့ဓာတ်တော်တွေ တွေ့ပါလိမ့်မယ်။ အဲဒီပစ္စည်းတွေစုပြီး သိမ်းပေးပါ။ မကြာခင်မှာ ဘုရားတည်မယ့် ပုဂ္ဂိုလ်မြတ် ကြွလာပါလိမ့်မယ်။ ညောင်ပင်လဲတာနဲ့ သာသနာ့အလံနဲ့တံခွန်သာ ထူထားပေးပါ'

ဤအိပ်မက် မက်ပြီး (၂)ရက်အကြာ တကယ်ပင် ကြာသပတေးနေ့တွင် ညောင်ပင်ကြီး ဖြည်းညင်းစွာ လဲသွားသည်။ ညောင်ပင်ကြီး ဘေးသို့တုံးလုံးလဲသွားတော့မှ ဘုရားငုတ်တိုအား ငုံ၍ပေါက်သောအပင်ဖြစ်၍ ပင်စည်ကြီးမှာ အဆမတန်ကြီးနေကြောင်း ရပ်ကွက်လူကြီးတွေ သိသွားသည်။

အိပ်မက်ပေးသည့်အတိုင်းပင် ညောင်မြစ်တွေ ထောင်သွားမှ ဘုရားပျက်အတွင်းက တဝင်းဝင်း တလက်လက် သရီရဓာတ်တော် မွေတော်များ ဘွားခနဲ ပေါ်လာတော့သည်။

တချို့ဓာတ်တော်များမှာ ဖန်လုံးထဲမှာ တွေ့ရသည်။ အချို့က ကြုတ်ထဲမှာ။ ရွှေသားအစစ်ကလပ်ပေါ်၌ ကြုတ်ကို ခိုင်မြဲစွာတွဲထားသောကြောင့် အတွင်းမှပစ္စည်းသည် မည်မျှတန်ဖိုးကြီးကြောင်း ခန့်မှန်း၍ရလောက်ပေသည်။ ရေသန့်စင်၍ စားပွဲပေါ်တွင် တင်ထားရာ ညဘက်တွင် ရောင်ခြည်တော်များကွန့်မြူးနေသဖြင့် သိမ်ကြီးသုသာန်သည် လူမသေဘဲ လူများစည်ကား၍နေတော့သည်။

ထို ညောင်ပင် ပြိုလဲသည့်အချိန်က သိမ်ကြီးသုသာန်တွင် အရှိန်ကောင်းစွာ လူသေများ မြှုပ်ကောင်းဆဲကာလ။ ဤညောင်ပင်လဲသည့်နေရာတွင် စေတီတည်ဖို့အရေးသည် မြေပုပ်ဖြစ်နေ၍ ဘယ်လူကြီးမှ စိတ်မဝင်စားကြ။ မဖြစ်ဖြစ်အောင်တည်သည့်တိုင် မြေပုပ်ဘဝမှမြေကောင်း ဖြစ်လာမည်ဟု ဘယ်သူမှ ထင်မထား။ ထိုအခြေအနေကို သိသော ဓာတ်တော်စောင့် ပုဂ္ဂိုလ်များက ရပ်ကွက်လူကြီးတွေကို အိပ်မက် မပေးတော့။ သိမ်ကြီးကျောင်း ဆရာတော်ကိုသာ ထူးထူးခြားခြား အိပ်မက်ပေးပြန်သည်။

'အရှင်ဘုရား၊ အခု ဓာတ်တော်တွေကို စောင့်ရှောက်ပေးပါ ဘုရား။ တပည့်တော်တို့ နှစ်ပေါင်းများစွာ စောင့်ရှောက်ထားလို့ အခုလို မပျောက်ပျက်တာပါ။ ခေတ်တွေ ပျက်ခါနီးမှာ ဒီဓာတ်တော်တွေကို ကာကွယ်ဖို့ ငှက်တွေက တစ်ဆင့် ညောင်ပင်မျိုးစေ့ကို ချခိုင်းခဲ့တာပါ။ သုံးပင်တစ်ပြိုင်တည်းပေါက်လို့ ဒီလောက် ကြီးတာပါဘုရား။ ညောင်မျိုတဲ့နည်းနဲ့ ဗုံးဒဏ်နဲ့ မသူတော်ရန်က ကာကွယ်လိုက်တာပါ။ အခုတော့ လူသားတွေလက်ထဲပြန်ထည့်ဖို့ အချိန်အခါလည်း ကျရောက်နေပါပြီ။ ဒီဓာတ်တော်မွေတော်တွေကို လုံလုံခြုံခြုံနဲ့ ပူဇော်နိုင်တဲ့နည်းက စေတီတော်မှာ ဌာပနာပြီး ပူဇော်မှ စိတ်ချရပါမယ်။

ဒါကြောင့် မူလနေရာမှာပဲ စေတီတော်တစ်ဆူ တည်စေချင်ပါတယ်။ အရှင်ဘုရားက လူသားတွေကို စေတီတော်အတွက် ဂေါပက ဖွဲ့ခိုင်းလိုက်ပါ ဘုရား။ လူသားတွေ တာဝန်အသီးသီး ယူပြီးရင် စေတီတော် တည်ရာမှာ ဦးဆောင်မယ့်ပုဂ္ဂိုလ် ကြွလာပါလိမ့်မယ်။ ဒီပုဂ္ဂိုလ်ကြီးကတော့ မင်းဘူးမြို့က ရွှေနတ်တောင်ဆရာတော်ကြီးပဲ ဖြစ်ပါတယ်။ ဆရာတော်ကြီးက ဒီစေတီကို ပြန်လည်ပြုပြင်ရမယ့်အချိန်ကာလတစ်ခုမှာ တိုက်ဆိုင်ပါစေသတည်းလို့ ဆုတောင်းခဲ့တာပါ ဘုရား။ ဒါကြောင့် ဒီစေတီတော်ဟာ ရွှေနတ်တောင်ဆရာတော် ဦးဆောင်မှ ပြီးမြောက်ပါလိမ့်မယ်။ ရွှေနတ်တောင်ဆရာတော် ကြွလာရင်သာ အရှင်ဘုရားကျောင်းမှာ သီတင်းသုံးဖို့ ခွင့်ပြုပေးပါ ဘုရား။ တပည့်တော်တို့ဘက်ကလည်း (၇) ရက်သားသမီးတွေ စိတ်ပါအောင် စည်းရုံးပေးပါ့မယ်'

ဤအိပ်မက်ကြောင့် ဆရာတော် ဦးစန္ဒောဘာသမှ သူ၏ကျောင်း၌ပင် စေတီတော်ဖြစ်မြောက်ရေး ဂေါပကအ ဖွဲ့ကို ဖွဲ့လိုက်၏။ တာဝန်အသီးသီးခွဲဝေ ပြီးနောက် ဆရာတော်မှ-

"ဓာတ်တော်စောင့်တဲ့ပုဂ္ဂိုလ်တွေ က ကျုပ်ကိုတော့ အသက်အရွယ်ကြီးသူ ဖြစ်လို့ ပံ့ပိုးကူညီရုံသာ လုပ်ပေးဖို့ ပြော ပါတယ်။ ဒါကြောင့် စေတီတော် ဖြစ် မြောက်ရေးအဖွဲ့ကို အရင်ဖွဲ့ပေးလိုက် တာပါ။ နောက်-ဓာတ်တော်ထွက်တဲ့ တောင်ပို့မှာ သာသာနာ့အလံနဲ့ တံခွန် အရင်စိုက်ပေးကြပါဦး။ ဂေါပကထဲက လူငယ် သုံး, လေးဦးက ရွှေနတ်တောင် ဆရာတော်ကြွလာရင် မပြီးမချင်းနေ သိမ်ကျောင်းမှာ နေရာလုပ်ပေးကြကွယ့်

အင်း- ဒီရွှေနတ်တောင် ဆရာ တော်က တော်တော်ကြီး ထူးတယ် ဒကာတို့ရဲ့။ သူလာမယ့်နေ့ကို ဖုန်းနဲ့အ ကြောင်းကြားတာ မဟုတ်ဘူးဗျ၊ ဓာတ် တော်စောင့်တွေကို အသိပေးလိုက်တာ ဒါကြောင့် ဒီအစောင့်တွေက လာမယ့် လပြည့်နေ့ ညနေပိုင်း ဘူတာမှာစော ကြပါ၊ ရထားနဲ့လာပါလိမ့်မယ်လို့ ကျ ကိုသတင်းပေးတာဗျ။ ပြီးတော့ ရှိသေး တယ်၊ ဒီစေတီပြီးတာနဲ့ သချိုင်းမြေက နေ မြေကောင်း ဖြစ်မယ်တဲ့။ ဘယ်လို နည်းနဲ့ မြေကောင်းဖြစ်မလဲ မသိဘူး စောင့်တော့ကြည့်ရမှာပေါ့လေ"

စေတီတော်ဖြစ်မြောက်ရေး ဂေါ ကအဖွဲ့အားလုံးက ရွှေနတ်တောင်ဆရာ တော်ကို စိတ်ဝင်စားနေကြသည်။ ဘာ တွေထူးလို့လဲ။ ဓာတ်တော်စောင့်တဲ့ ပုဂ္ဂိုလ်တွေကို မင်းဘူးမြို့ကနေ လှမ်း ပြောလိုက်တယ်ဆိုတာ ဘယ်လိုပြော တာလဲ၊ စိတ်တန်ခိုးနဲ့ ပြောတာလား စေတစ်လုံးပိုင်ရှင်လား။ ဘယ်သူမှ ရေ ရေရာရာအဖြေမရကြသေး။

❂

စောင့်မျှော်နေရသော ရက်က ရောက်ရှိ၍လာချေပြီ။ လပြည့်နေ့ ည နေပိုင်းတွင် ဆိုက်ကား (၃)စီးအား ဘူ တာရုံအဝတွင် အသင့်စောင့်ခိုင်းထား သည်။ ကြိုဆိုရေးအဖွဲ့တွေက ဘူတာ စကြံတွင် ရထားတစ်တွဲ နှစ်ယော နှုန်း ဖြန့်၍စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

*(ထိုခေတ်က ကားအသုံးနည်း၍ ကားများသာ သယ်ယူပို့ဆောင်ရေး ဆောင်ကြပါသည်။)*

ညနေ ငါးနာရီခွဲတွင် ရထားကြီး ဘူတာအတွင်းသို့ ဝင်လာသည်။ သည့်တွဲတွင် ပါမှန်းမသိ၍ တစ်တွဲ နှစ်ယောက်နှုန်းနှင့် ဆင်းလာသမျှ ဘုန်းကြီး ပါ,မပါကို ကျီးကန်း မျှောက် ရှာနေသည်။ ရွှေထီးမိုး ထွက်လာမှာလား၊ ဆရာတော်၏ တွင် ဓမ္မမိတ်ဆွေဘယ်နှယောက် အထူးတွဲနဲ့သီးခြားလာမှာလား၊ သူမှ မခန့်မှန်းတတ်။

ရထားကြီးနှင့် လိုက်ပါလာသမျှ သည်များ အခုတော့ ဘူတာတံခါးဝ ပြင်သို့ သွားကြလေပြီ။ ဘူတာ တွင် ကြိုဆိုရေးအဖွဲ့သာကျန်တော့ ရွှေနတ်တောင်ဆရာတော်အား နတောင် မတွေ့ရ။ မာတ်တော် တွေပြောတာ မဟုတ်လို့လား၊ ဘာသ အိပ်မက်က သွေးလေ ချားတာများလား။ သို့လော သို့ အတွေးများ သပွတ်အူဖြစ်နေ လူရှင်းသော ရထားတွဲထဲမှ ကြီးတစ်ပါးထွက်လာသည်။ ပခုံး သက်န်းလွယ်အိတ်ကြီးတစ်လုံးက ထိုဘုန်းတော်ကြီးက ကြိုဆိုရေး အသက်အကြီးဆုံး ဦးခင်သန်း ရောက်ရာ-

"တဲ- မင်းတို့မျှော်နေတဲ့ ရွှေနတ် ဆရာတော်ဆိုတာ ငါပဲ၊ သိမ် ကျောင်းမှာ ငါ့အတွက်ပြင်ဆင်ပြီးပြီ

"ပြီးပါပြီ ဘုရား။ သိမ်ကျောင်းမှာ ပက်လက်ကုလားထိုင်၊ စားပွဲ ထိုင် အသင့်ပြင်ထားပါတယ်။ တော်တို့ ဆိုက်ကား(၃)စီးလည်း ငှားထားပါတယ်၊ ကြွတော်မူပါ

"အေး အေး၊ သာဓုကွယ် သာဓု။ ကြီးက စက်ပစ္စည်းနဲ့သွားတဲ့ယာဉ် ပဲ စီးတယ်ကွယ့်၊ လူကိုယ်တိုင် ယာဉ်ဆိုရင် မစီးဘူး။ ဒကာတို့စီး နှင့်ကြ၊ ဘုန်းကြီးလိုက်လာမယ်။ သူမှမနေခဲ့နဲ့၊ သွားနှင့်ကြ။ ပြောတဲ့ ကိုနာခံမှ လက်တွဲပြီး စေတီတည် မှာနော်။ ကဲကဲ- သွားကြ၊ သွား

ရွှေနတ်တောင်ဆရာတော်၏ အ ပြောကြောင့် ဂေါပကအဖွဲ့မှ ဘာ မှန်းမသိ၊ အောင့်သက်သက်တော့ ဖြစ်သွားသည်။ မပြန်ဘဲ ပေကတ်စောင့် နေမည်ဆိုပါက စေတီတော်ကို လက် တွဲမလုပ်နိုင်ဟု အတိအလင်း မိန့်ကြား ချက်က ရှိနေသည်။ ဆိုက်ကားလည်း စီးမည်မဟုတ်။ 'ဘယ်သူမှမနေခဲ့နဲ့' ဟု တစ်ချက်လွှတ်အမိန့်က ရှိပြန်သည်။ ဒီ တော့လည်း ကိုယ်ငှားလာတဲ့ဆိုက်ကား ကိုယ့်ဘာသာစီးပြီး ပြန်ကြတာပေါ့ဟု အချင်းချင်းမဲ့ပြ၍ ဘူတာထဲမှ ထွက်လာ ခဲ့ကြသည်။

ဆရာတော် ဦးစန္ဒောဘာသရှေ့ ရောက်ရာ-

"အရှင်ဘုရား၊ ရွှေနတ်တောင် ဆရာတော်က ဘုကန့်လန့်ကြီး။ တပည့် တော်တို့နဲ့ မလိုက်ဘူး၊ ဘူတာမှာကျန် ခဲ့တယ်။ ဒီသိမ်ကြီးကျောင်းကို သိမှ သိ ပါ့မလား မသိဘူး။ အခုလို ကျန်ခဲ့တာပဲ ထူးခြားတယ်လို့ ခေါ်ရမလား။ အရှင် ဘုရားတို့ ပြောသလောက်လည်း မထူး ပါဘူး"

"အေး- ဒကာတို့က ထူးတာ မသိ လို့ပါ။ ဒကာတို့ ညနေဘူတာရုံသွားတာ နဲ့သိပ်မကြာဘူး ရွှေနတ်တောင်ဆရာ တော်က ရောက်လာပါတယ်။ ကျုပ်ကို ဝတ်လာဖြည့်ပြီး သိမ်ကျောင်းမှာ ခုအ ချိန်ဆို သင်္ကန်းလဲနေလောက်ပါပြီ"

တစ်ဖွဲ့လုံး ပါးစပ်အဟောင်းသား နှင့်ဖြစ်သွားသည်။ သိမ်ကျောင်းသို့ အ ပြေးတစ်ပိုင်းနှင့် သွားကြည့်ရာ ဆရာ တော်ပြောသကဲ့သို့ တကယ်ပင် ချွေးစို သင်္ကန်းကို လဲနေသည်။ ဘယ်လိုမှမစဉ်း စားတတ်။ မိမိတို့အဖွဲ့က ဆိုက်ကားနှင့် ပြန်လာချိန်တွင် ရွှေနတ်တောင် ဆရာ တော်က ဘူတာထိုင်ခုံတွင် ထိုင်နေဆဲ။ ဆိုက်ကားထက်မြန်အောင်ပင် လမ်း လျှောက်နိုင်တာမျိုးလား။ ဒါမျိုးလည်း မဖြစ်နိုင်။ အခုမှ တကယ် ထူးခြားသည့် ဆရာတော်တစ်ပါးကို တွေ့နေကြောင်း တစ်ဖွဲ့လုံးက ယုံကြည်သွားကြသည်။

ဒုတိယထူးခြားမှုမှာ နောက်တစ် ရက်ရောက်သည်နှင့် စေတီတော်ဖြစ် မြောက်ရေးဂေါပကအဖွဲ့ကို ခေါ်လိုက် သည်။ အလှူငွေမည်မျှရကြောင်း မေး မြန်း၍ လက်ရှိအလှူငွေအားလုံးကို အပ် ခိုင်း၏။ စေတီတစ်ဆူပြီးသည်အထိ အ ဘယ်မျှကုန်မည်နည်းဟု ဂေါပကအဖွဲ့ အားမေးရာ ထီးတင်ပွဲအတွက်ပါ ခန့် မှန်း၍ (၁၅)သိန်းလောက်တော့ ကုန်နိုင် ပါတယ်ဘုရားဟု ဖြေခဲ့ပါသည်။

*(ထိုခေတ်က စေတီတစ်ဆူအား ပွဲတော်ပါထည့်သွင်းသုံးစွဲသည့်တိုင် ၁၅ သိန်းဆိုလျှင် လုံလောက်သောအချိန် ဖြစ်ပါသည်။ စာရေးသူ)*

"အေးအေး- မင်းတို့အဖွဲ့ ရရှိထား တဲ့ ဓမ္မငွေတစ်သိန်းခွဲကို ဘုန်းကြီးမာတ် ကျတဲ့လူ ကိုင်ခိုင်းထားမယ်။ ဒီနေ့ကစ ပြီး အလှူခံတဲ့အဖွဲ့ကို ဖျက်သိမ်းလိုက်။ ဘယ်မှလိုက်ပြီး အလှူမခံရဘူး၊ ဒါက ဘုန်းကြီးရဲ့အမိန့်ပဲ။ မှတ်ထားနော်။ လှူ ချင်တဲ့လူပေါ်လာရင် ဘုန်းကြီးဆီ တိုက် ရိုက်လွှတ်။ စေတီတော်ကို မနက်ဖြန်က စပြီး လုပ်ငန်းစမယ်။

ဂေါပက အဖွဲ့က ပန်းရန်ဆရာနဲ့ အင်ဂျင်နီယာ ခေါ်လာခဲ့။ အုတ်ဘယ် လောက်၊ သဲဘယ်လောက်၊ ဘိလပ်မြေ ဘယ်လောက်၊ သံဘယ်လောက်၊ ထီး တော်ဘယ်နှလက်မ ဝယ်ရမယ် ဆိုတာ တွေ ညှိနှိုင်းဆွေးနွေးကြတာပေါ့။ လို သမျှငွေ ဘုန်းကြီးဆီ လာတောင်းကြ၊ ဟုတ်ပြီလား"

အလှူမခံဘဲ စေတီတော်ကို တည်ဆောက်တော့မည်ဆို၍ ရပ်ကွက် အတွင်းနေသူတို့ အံ့သြကုန်ကြသည်။ ဂေါပကအဖွဲ့လည်း မစဉ်းစားတတ်။

ရှေ့မီနောက်မီ ဂေါပအဖွဲ့ လူကြီး တစ်ဦးမှ-

"တို့တွေခေတ်က ရသေ့ကြီးဦးခန္တီ ဆိုတာ ပေါ်ခဲ့တယ်။ ဒီပုဂ္ဂိုလ်ကြီးရဲ့ထူး ခြားချက်က မန္တလေးတောင်မှာ တန် ဆောင်းတစ်ခု လှူချင်ပါတယ်လို့ ဦးခန္တီ ကိုသာ ပြောလိုက်၊ ဘယ်လောက်ကြီး ကြီး, ဘယ်လောက်ငွေကုန်ကုန် လှူချင် တဲ့လူရဲ့လိပ်စာကိုသာ မှတ်ထားတယ်။ တစ်ပြားမှ ပေးစရာ မလိုဘူး။ အားလုံး စိုက်ပြီး လုပ်ထားတယ်။ ပြီးတဲ့အချိန်မှာ ရေစက်ချပြီး အလှူဒါနမြောက်ဖို့ ခေါ် လိုက်သေးသကွ။ ကုန်ကျငွေကိုတော့ ပေးချင်တဲ့အချိန်ပေး၊ ဘယ်တော့မှ တောင်းမှာ မဟုတ်ဘူး။

အင်း- အခုမှ ဦးခန္တီကိုယ်ပွားများ တို့ဆီရောက်လာသလား မသိဘူး။ ငါတို့ က သချိုင်းကုန်းအလယ်မှာ စေတီတည် ရမှာဖြစ်လို့ အလှူခံဖို့ ခေါင်းခဲနေတုန်း အဆင်ပြေလိုက်တာ။ အဆင်ပြေလွန်း တောင်နေပြီ။ တို့တွေဘက်က လုပ်အား ဒါနသာ အပြည့်ထမ်းဆောင်ဖို့လိုတော့ တယ်ကွ"

လူသားတို့၏ဆန္ဒကား ထူးခြားလှ ပေ၏။ သိမ်ကြီးရပ်ကွက်အနီးပတ်ဝန်း ကျင်နေသူတို့ကား အလှူခံဌာနဖျက် သိမ်းလိုက်ပြီဆိုမှ ရွှေနတ်တောင်ဆရာ တော်ကို ဗိုလ်၍စိတ်ဝင်စားလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သိမ်ကြီးကျောင်းသို့ ဆရာတော်အား လာရောက်ဖူးသူ၊ အလှူငွေကိုယ်တိုင် လှူသူ၊ ရွှေထည် ငွေထည် လှူသူများပါ ဆရာတော်ရှေ့သို့ တဖွဲဖွဲရောက်လာကြပြန်သည်။

တချို့က အလှူငွေထည့်ရုံနှင့်မပြီး၊ အရုဏ်ဆွမ်းကြွပါဘုရားဟု ပင့်သူများက (၃)အိမ်ဆုံ၍ နေ့ဆွမ်းက (၄)အိမ် ဖြစ်သွားတယ်။ ဆရာတော်က-

"ကဲ-အလှူရှင်အားလုံးကို ဘုန်းကြီး လိုအပ်တာပြောမယ်။ အရုဏ်ဆွမ်းပင့်တဲ့(၃)အိမ်ကို လက်ခံပါတယ်။ ဒါပေမယ့် အရုဏ်ဆွမ်းကို ဒီတစ်ကြိမ်ပဲလက်ခံမယ်၊ နောက်ပိုင်း ဆွမ်းကပ်ချင်ရင် နေ့ဆွမ်းသာကပ်ပါ။ ဟုတ်ပြီလား။ အရုဏ်ဆွမ်းအတွက်မပင့်နဲ့တော့'

ဤသို့ ထူးထူးခြားခြားမိန့်ကြား၍ ဓမ္မမိတ်ဆွေများက ဘယ်လိုမှ နားမလည်။ ပင့်သည့် အရုဏ်ဆွမ်း (၃)အိမ်က တစ်အိမ်လျှင် ပင့်သံဃာ (၅) ပါးလည်း လက်ခံလိုက်သည်။ အရုဏ်ချိန်သည် (၁)နာရီလောက်သာ ကြာနိုင်သည့် အချိန်တိုအတွင်း (၃)အိမ်လုံးကို ကျေနပ်အောင် ဆရာတော် ဘယ်လိုဆောင်ရွက်မှာလဲဟု ဂေါပကအဖွဲ့လည်း စဉ်းစားမရ။

ရွှေနတ်တောင် ဆရာတော်က သိမ်ကြီးဆရာတော်နှင့်အတူ တစ်အိမ်လျှင် (၅)ပါးကြွဖို့ ကတိပေးထားသဖြင့် လိုက်ပါမည့်သံဃာ(၁၃)ပါးကို ကြိုတင်၍ သိမ်ကျောင်းတွင် အိပ်ကြရန် ခေါ်ထားလိုက်သည်။ မနက်ပိုင်း ကြွရမည်ဖြစ်၍-

"ကိုယ်တော်တို့ကို ကြိုပြီး ပြောထားပါမယ်။ အခုအချိန်က အရုဏ်ချိန်ကို (၄ နာရီ ၂၀) မှာ စပါတယ်။ ဒါကြောင့် ပထမပင့်တဲ့အိမ်ကို သိမ်ကြီးဆရာတော်ရဲ့ ဘုန်းကြီး အပါအဝင် ပင့်သံဃာ(၃)ပါးက (၄)နာရီတိတိမှာ အရင်ကြွမယ်။ ဒီအချိန်မှာ နောက်တစ်အိမ်လိုက်မယ့် သံဃာတွေက အဆင်သင့်ပြင်ထား။ ပထမအိမ်မှာ အထိုင်ကျတာနဲ့ ဘုန်းကြီးကနောက်တစ်ဖွဲ့ကိုလာခေါ်မယ်။ နောက်တစ်ဖွဲ့ဟာ (၁၀)မိနစ်လောက်ပဲစောင့်ရမှာ ဖြစ်ပါတယ်။ ဘုန်းကြီးရောက်တာနဲ့ အထွက်ဖြစ်မှ တိုင်ပင်ကိုက်မယ်နော်။ ဘုန်းကြီးလာခေါ်ချိန်မှာ သက်န်းပြင်ရုံနေတာမျိုးကို မဖြစ်ပါစေနဲ့။ အဆင်သင့်မဖြစ်နိုင်ရင် နေခဲ့ရပါမယ်။ ဟုတ်ပြီနော်"

ဤသို့ ကြိုတင်စီစဉ်၍ အရုဏ်ဆွမ်း (၃)အိမ်အား ရွှေနတ်တောင်ဆရာတော်က စိတ်ကျေနပ်မှုရှိရန် ကြွခဲ့သည်။ အရုဏ်ဆွမ်းပင့်စဉ်က 'ဒီတစ်နေ့ပဲ အရုဏ်ဆွမ်းပင့်တာကိုလက်ခံမယ်၊ နောက်ပင့်ဆွမ်းကြွစေချင်ရင် နေ့ဆွမ်းပဲပင့်ကြ' ဟု မိန့်ကြားသည်ကို ပထမ သဘောမပေါက်ကြ။ အရုဏ်ဆွမ်း (၃) အိမ်လုံးကြွပြီးတော့မှ ရေးတေးတေးကလေး သဘောပေါက်ကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆွမ်းပင့်သည့်အိမ်များဆုံကြရာ-

"ကျွန်မတို့အိမ်မှာ သိမ်ကြီးဆရာတော်နဲ့အတူ ဘုဉ်းပေးပါတယ်။ အနုမောဒနာပြီးမှ အခြားအိမ်တွေကြွဖို့ ခွင့်ပြုပါဦးလို့ သိမ်ကြီးဆရာတော်ဆီမှာခွင့်တောင်းပြီး တစ်ပါးတည်း ကြွသွားပါတယ်' ဟု လည်းကောင်း၊

ကျောင်းမှ သင်္ကန်းရုံ၍စောင့်နေကြသော သံဃာများကမူ 'ဦးပဉ္စင်းတို့ဆီက (၃)ပါးနဲ့အတူ သိမ်ကြီးဆရာတော်နဲ့ကြွပြီး သိပ်မကြာဘူး၊ ရွှေနတ်တောင်ဆရာတော် ပြန်ရောက်လာတယ်။ ဒါနဲ့ ဦးပဉ္စင်းတို့ လိုက်သွားပြီး ရေစက်ချခါနီးလေးရောက်မှ တစ်ပါးတည်း နောက်ကိုယ်တော်တွေ သွားပင့်လိုက်ပါဦးမယ် ဆိုပြီး ပြန်ကြွသွားပါတယ်' ဟု လည်းကောင်း။

သိမ်ကျောင်းတွင်ကျန်ခဲ့သည့် ဦးပဉ္စင်းများအပြောကလည်း တစ်မျိုး-

'ကျုပ်တို့အဖွဲ့က နောက်ဆုံးပါပဲ။ ဆရာတော်ကြီးက သူလာခေါ်ချိန်မှာ သင်္ကန်းရုံနေတာမျိုး မမြင်ချင်ဘူး၊ လာခေါ်ချိန်မှာ သင်္ကန်းရုံနေတဲ့ကိုယ်တော်တွေကျန်ခဲ့ရမယ်လို့ ကြိမ်းထားလို့ ဒုတိယအဖွဲ့ထွက်တာနဲ့ စနစ်တကျပြင်ပြီး စောင့်နေတာဗျ။ ဦးပဉ္စင်းတို့က နာရီကြည့်ပြီး စောင့်နေရတဲ့သူတွေဖြစ်လို့ ပထမ (၃) ပါးက (၄) နာရီတိတိ ထွက်တယ်။ ဒုတိယအဖွဲ့က (၄) နာရီ မိနစ် (၂၀) ထွက်သဗျ။ ကျုပ်တို့အဖွဲ့က (၄) နာရီ မိနစ် (၄၀) ထွက်တယ်။ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မိနစ် (၂၀)ကွာတာကို သတိထားမိတယ်။ ဒါကြောင့် ဦးပဉ္စင်းတို့သိတာတော့ ရွှေနတ်တောင် ဆရာတော်ဟာ (၄)နာရီက(၅)နာရီလောက်အထိ သွားချည်ပြန်လှည့်နဲ့ လမ်းပေါ်မှာချည်းရှိနေတယ်ဗျ' ဟုလည်းကောင်း။

ပင့်သည့်(၃)အိမ်မှ ဒကာ ဒကာမများဆုံရာတွင်လည်း 'ကျွန်မတို့အိမ်မှာ သိမ်ကြီးဆရာတော်နဲ့အတူ ရွှေနတ်တောင်ဆရာတော်က မနက်(၅)နာရီလောက်အထိ ရှိနေတယ်။ ရေစက်ချ
နီးမှ တစ်ပါးတည်း အရင်ကြွတာရှင့်'
အပြောကတစ်မျိုး၊

ကျန်တစ်အိမ်က 'ကျွန်မတို့အိ
မှာလည်း မနက် (၄) နာရီ မိနစ် (
ကစပြီး ရွှေနတ်တောင်ဆရာတော်
မနက် (၅) နာရီထိရှိတာ။ နာရီကြ
ထားလို့ မလွဲနိုင်ပါဘူးတော်' ဟု လည်း
ကောင်း၊

နောက်ဆုံးတစ်အိမ်က-

'ရှင်တို့လိုပဲ၊ ကျွန်မလည်း နာ
ကြည့်ပြီး မျှော်နေရတာပါ။ ဆရာတေ
က မနက် (၄)နာရီ (၃၀)မိနစ်ရောက်
သံဃာ(၄)ပါးနဲ့အတူ ကြွလာပြီး ဆ
ဘုဉ်းပေးတယ်။ သီလတောင်ပေးလို
သေးတယ်။ (၅)နာရီတီးခါနီးတော့မှ
လာတဲ့သံဃာတစ်ပါးကို ရေစက်ချ
မျှဝေကိစ္စ လုပ်လိုက်ပါလို့မှာပြီး ပြန်
သွားတယ်။ အဲဒါ မမှားနိုင်ဘူး။
ထားတဲ့ ဧည့်သည်တွေကို ဟုတ်၊ မဟု
မေးနိုင်ပါတယ်'

ဟု အပြောက တစ်ဘာသာ၊

အရုဏ်ဆွမ်းကိစ္စတွင် တူညီ
သည့်အချက်တစ်ချက်မှာ ပင့်သည့်(
အိမ်စလုံးတွင် ရွှေနတ်တောင် ဆ
တော်သည် မနက်(၅)နာရီလောက်အ
ရှိနေသည်က အလွန်ထူးဆန်းနေ
သည်။ (၃) အိမ်စလုံး ဘုဉ်းပေးတာ
ပါတယ်ဟု ထွက်ချက်များအရ ဤ
ဘုဉ်းပေးနိုင်ရန်မှာ (၃)ကိုယ်ခွဲ၍
သာ ဖြစ်နိုင်ပေလိမ့်မည်။

ထင်ပေါ်ကျော်ကြားမှုကို
လားသော ဆရာတော်ကြီးသည် 'ဒီ
ကြိမ်သာ အရုဏ်ဆွမ်း လက်ခံမ
နောက်ပိုင်း ပင့်ချင်ရင် နေ့ဆွမ်းပဲပင့်
ကွယ့်' ဟု မိန့်ကြားချက်ကို ယခုမှ
တေးတေးလေး သဘောပေါက်သလို
လာသည်။ လူသားဆိုသည်မှာ ပ
အကြိမ်မထင်မှတ်၍ သတိမထား
နောက်တစ်ကြိမ်သာ ပင့်ခွင့်ရရှိပ
မဖြစ်မနေ စမ်းသပ်စစ်ဆေးမှုတွေ
စုံလုပ်ကြတော့မည်။

ဤသို့ပြုခဲ့လျှင် ပြုလုပ်သူတို့
ကုသိုလ်တွေ တိုးသည်ထက်တိုးနိုင်
ရှေ့ရေးကို ကြိုမြင်သော ဆရာတော်
မှ 'အေး- ဒီတစ်ကြိမ်ပဲ အရုဏ်ဆ
လက်ခံမယ်' ဟု မိန့်ကြားခဲ့၍ ဘယ်
ပင့်ခွင့်မရတော့။ အရုဏ်ဆွမ်း (၃)
သတင်းက ရပ်ဝေး ရပ်နီးသာမက
နယ်လုံးသို့ ပြန့်၍သွားခဲ့သည်။
မြတ်သောအကျိုးဆက်မှာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

# မန်ကျည်းသီးဟောင်း ဆေးဖက်ကောင်း

စာဖတ်သူအားလုံး မန်ကျည်းသီး ...ကြမှာပါ။ မန်ကျည်းသီးသည် နု ...၍ ရင့်မှည့်သွားသည်အထိ မီးဖို ...မှာ ဟင်းအဖြစ် ဖန်တီးနိုင်သလို ...ဆေးနယ်ပယ်မှာလည်း ဆေး ...ပါတယ်။

မန်ကျည်းသီးကို အခြေခံ၍ ပြု ...သော စားသောက်ကုန်များ၊ အ ...ပစ္စည်းများလည်း ရှိပါသည်။ ဒါ့ ... အသုပ်စုံဆိုင်တွေမှာလည်း မန် ...သီးအချဉ်က မပါမဖြစ်ပါဘဲ။ ... quality ရှိတဲ့ ကုန်ပစ္စည်းဖြစ်တာ ...ကြောင့်လည်း လူသိများပါတယ်။

အညာမှာတော့ နေရာတိုင်း မန် ...ပင်တွေကို တွေ့နိုင်ပါတယ်။ မိမိ ...မှာ စားသုံးဖို့အတွက် မန်ကျည်းသီး ...တွေကို အခွံချွတ်၊ အစေ့ထွင်ပြီး မန် ...သီးအသားချည်းပဲ လှောင်ထား တတ်ကြပါသည်။ ခရမ်းချဉ်သီးဈေးကြီးတဲ့အချိန်မှာ ခရမ်းချဉ်သီးအစား အချဉ်တစ်မျိုးအဖြစ် အသုံးပြုကြပါသည်။

ဆေးအဖြစ်အသုံးပြုရာတွင် နှစ်ဟောင်းမန်ကျည်းသီးက ပို၍ကောင်းပါသည်။ ဒါကြောင့် ဆေးဖော်စပ်သူများက မန်ကျည်းသီးအဟောင်းကို ဈေးကောင်းပေး၍ ဝယ်ကြပါသည်။

အမျိုးသမီးများ၏ ကျန်းမာရေးအခြေခံသည် ဓမ္မတာမှန်ကန်ခြင်းပဲ ဖြစ်ပါသည်။ ဓမ္မတာမှန်သောအမျိုးသမီးမှာ အသားမဖြူရင်တောင် စိုပြည်လန်းဆန်း၍ သွက်လက်နေပါသည်။ အခြားရောဂါလည်း ကပ်ငြိမှုမရှိတတ်ပါ။ ဓမ္မတာမမှန်သော အမျိုးသမီးသည် အသားအရေ ခြောက်သွေ့၍ အဖု၊ အပိမ့်ထွက်ခြင်း၊ ယားယံခြင်းတို့အပြင် ဓမ္မတာမမှန်ခြင်း၏ အခြားအကျိုးဆက် ဆင့်ပွားဝေဒနာများကိုပါ ခံစားရစေပါသည်။

ဓမ္မတာမမှန်၍ သွေးသားခြောက်ခန်းပြီး ပိန်လိမ်နေသောအမျိုးသမီးများ အနေနှင့် နှစ်ဟောင်းမန်ကျည်းသီး ကွမ်းသီးလုံးခန့်အား မွှန်းလွှဲချိန်၌ ရေအေးတစ်ခွက်နှင့် သောက်ပေးပါ။ ဤအတိုင်း မန်ကျည်းသီး အသားချည်းသက်သက် ကွမ်းသီးလုံးခန့်ကို ရေအေးနှင့် နေ့စဉ်စားသုံးပေးပါ။ သွေးသားမမှန်ကန်ခြင်းကြောင့် အသားအရေ ခြောက်ခန်းနေသူအမျိုးသမီးများနှင့် အထူးသင့်လျော်သောဆေးနည်း ဖြစ်ပါသည်။

မီးယပ်ချက်ဆေးများကဲ့သို့ပင် အမျိုးသမီးများ အားထားနိုင်သော လွယ်ကူသည့်နည်းတစ်ခုဖြစ်တာကြောင့် တင်ပြအပ်ပါသည်။

သဒ္ဒါ(ဥပဒေ)

---

...ကိုယ်တိုင် လာရောက်လှူကြသည့် ...ရှင်များက နေ့တိုင်းလိုလို ဝင်လာ ...တော့။

အခုမှ ဂေါပကအဖွဲ့ဝင်များက ...တော်ကြီးရောက်စက အလှူခံဌာန ...လိုက်ပါ၊ ဘယ်မှလိုက်ပြီး အလှူခံတဲ့ ...မျိုးလည်း မလုပ်ကြပါနဲ့ ဆိုသည့် ...ကို သဘောပေါက်လာကြသည်။ ...အဖွဲ့မှ တစ်နေကုန် နေပူပူတွင် ...များနှင့် တစ်အိမ်တက်၊ တစ်အိမ် ...(၁၀)ရက် အလှူခံသည့်ငွေထက် ...တ်တောင်ဆရာတော်ထံ တစ်ရက် ...လှူသည့်ငွေက ပို၍များနေ၏။

စေတီတော် တည်ဆောက်ခြင်း ...မှာ ဆရာတော်ရောက်ပြီး ရက် (၉) အတွင်းတွင် သပိတ်မှောက်သို့ ...လာသည်။ စေတီတော် ရုပ်လုံး ...လာလေ၊ အလှူငွေက ပို၍တိုးလေ ...ဖြစ်နေ၏။ ဆရာတော်ကြီးက ဖြတ် ...များတွင် လက်မှတ်သာထိုးပေး၍ ...တစ်ဦးက လက်ခံဆောင်ရွက်ပေး နေရသည်။ ဆရာတော်မှ ပက်လက်ကုလားထိုင်နှင့် မျက်နှာပြုရုံသာ အလှူခံဌာနတွင်နေပေးသည်။ လှူသည့်ပုဂ္ဂိုလ်များ အချိန်မရွေး လှူဒါန်းနိုင်ရန် လုပ်အားပေးဒကာကို (၃)ဦး လူလဲနှင့်ထိုင်ရသည်အထိ အလုပ်က များနေ၏။

ဤစေတီတော် ဌာပနာပိတ်ပွဲသည်လည်း အခြား စေတီပုထိုးများနှင့်မတူ၊ တစ်မူ ထူးခြားနေပါ၏။ သရီရဓာတ်တော်များကို တစ်ခုချင်းစစ်ဆေး၍ ရွှေနတ်တောင်ဆရာတော် ကိုယ်တိုင် ဌာပနာတိုက်အတွင်းသို့ ထည့်နေ၏။ အားလုံးထည့်ပြီးရာ-

"ဌာပနာပေါက်ကိုမပိတ်နဲ့၊ ခဏစောင့်ကြ။ ဒီပစ္စည်းတွေ စောင့်မယ့်ပုဂ္ဂိုလ် ရောက်လာလိမ့်မယ်"

ဟု ငြိမ်းပေါ်တွင် ဆရာတော်နှင့်အတူ ဂေါပကအဖွဲ့က ရပ်စောင့်နေကြသည်။ သိပ်မကြာလိုက်၊ ပိတုန်းတစ်ကောင် စေတီတော်ကို အပတ်ပေါင်းများစွာပတ်နေ၏။ အကောင်ကြီး၍ သူ၏တောင်ပံခတ်သံသည် လူတိုင်းလိုလိုကြားနေရသည်။ ထိုပိတုန်းသည် အပတ်ရေ (၂၇)ပတ် ပြည့်သည်နှင့် ဌာပနာပေါက်ထဲသို့ တိုက်ရိုက် တိုးဝင်သွားခဲ့သည်။ ဂေါပကအဖွဲ့များ ကြည့်လိုက်ရာ ပီဘိကျောက်ပိတုန်းဖြစ်နေသည်ကို ကိုင်တွယ်၍ပင် ကြည့်ကြသည်။

ဓာတ်တော် မွေတော်များ၏ အပေါက်ဝတွင် ကျောက်ပိတုန်း ရောက်သည့်ကိစ္စပြီးမှသာ ဌာပနာပိတ်ခြင်းကိစ္စပြီးသွားသည်။ စေတီတော် ထီးတင်ပြီးသိပ်မကြာ၊ နိုင်ငံတော်မှ သိမ်ကြီးသုသာန်အား ဖျက်သိမ်းကြောင်း ကြေညာချက် ထွက်လာ၏။ သို့ဖြင့် နောင်တော်ကြီး၊ နောင်တော်လေး စေတီတော်နှစ်ဆူအပြင် သိမ်ကြီးအဆောက်အအုံနှင့် သိမ်ကြီးဘုန်းတော်ကြီးကျောင်းတို့ပေါ်ထွက်လာခြင်းဖြင့် မြေပုပ်ဘဝမှမြေကောင်းအဖြစ်သို့ ပြောင်းလဲ၍လာခဲ့လေသည်။

စိုးထွန်း(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ကျွန်ုပ်ပိုင်ဆိုင်သမျှ ကျမ်းစာအုပ်များကို သိမ်းဆည်းလိုက်သည်။ အိတ်အတွင်းသို့ ထည့်သည်။ ထို့နောက် ကျွန်ုပ်ပိုင်ဆိုင်သည့် ပစ္စည်းပစ္စယ မဆိုသလောက်ကို အိတ်ထဲသို့ ထည့်သည်။ ဆရာ့အိမ်မှ ပစ္စည်းတစ်ခုတလေပင် မပါရလေအောင် သတိထားပြီး အိတ်အတွင်းသို့ ထည့်သည်။ ရိက္ခာကိုလည်း ယူဆောင်ခြင်းမပြုပေ။ လမ်းခရီးတွင် ကြုံရာရွာကိုဝင်ပြီး ကြုံရာအိမ်တို့တွင် တောင်းရမ်း စားသောက်မည် ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် အိမ်ကို စွန့်ခွာပြီဖြစ်ကြောင်းကို ဆရာ့ကိုမပြောဝံ့ချေ။ ဆရာကတော်ကို မပြောရက်ချေ။ သို့ဖြစ်ရာ လူအလစ်တွင် အသာလစ်ထွက်ခဲ့သည်။

လေးမိုင်၊ ငါးမိုင်ခန့် ခရီးပေါက်ပြီးချိန်တွင် ကျွန်ုပ်သည် ဆရာကတော်ကို သတိရမိသည်။ မိခင်ရင်းသဖွယ်ရှိသူကို ကန်တော့ပြီးမှ ခွဲခွာသင့်သည်ဟု တွေးဆမိသည်။ ထိုသို့ မကန်တော့ဘဲ ထွက်ခွာလာရသည့်အတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်မိသည်။ ကျွန်ုပ်အနေဖြင့် စောင့်ရှောက် ဖေးမ ပေးခဲ့ခြင်းများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောသင့်သည်။ ပြန်လှည့်ပြောလိုစိတ်ကို ချုပ်တည်းရသည်။ လာရာလမ်းကို ခြေဦးပြန်မလှည့်မိအောင် စိတ်ကိုအနိုင်နိုင်ထိန်းရသည်။

နေ့လယ်ရောက်ခါနီးတွင် ကျွန်ုပ်သည် ဘာလီစေ့တို့ တောင်းရမ်းသည်။ ချက်ပြုတ်ရန် အိုးကို ငှားရမ်းသည်။ ထို့နောက် နေ့လယ်စာကို ချက်ပြုတ်သည်။ မချက်တတ်ချက်တတ်ဖြင့် ချက်ရသည်ဖြစ်ပေရာ အခက်အခဲများ ကြုံရသည်။ နောက်ဆုံးတွင် စားချင့်စဖွယ် လုံးဝမရှိသော နေ့လယ်စာကို ရသည်။

ကျွန်ုပ်သည် အရသာမကောင်းသော နေ့လယ်စာကို စားရင်း လူတစ်ယောက် စားကောင်းအောင် ချက်ပြုတ်ရသည်မှာ မလွယ်ပါလားဟု တွေးမိ၏။ ဆရာတို့လင်မယားသည် ကျွန်ုပ်ကို ကောင်းမွန်စွာ ကျွေးမွေးခဲ့သည်။ နံနက်စာ၊ နေ့လယ်စာနှင့် ညစာတို့အပြင် ဗျစ်ရည်ကိုပါ ဖျော်ရည်အဖြစ်အမောအပန်းပြေအောင်သောက်ဖို့ ပေးသေးသည်။ ကျွန်ုပ်၏စားသောက်စရိတ်သည် ကျွန်ုပ်၏လုပ်အားခ ထက်ဝက်နီးပါး ကုန်ကျမည်ဟု တွက်ဆမိသည်။ ချက်ရပြုတ်ရသည့် ကရိကထကိုပါ ထည့်တွက်လျှင် ကျွန်ုပ်လုပ်အားခ၏ ထက်ဝက်မက ရှိပေလိမ့်မည်။ ကျွန်ုပ်သည် တစ်ကိုယ်ကောင်းဆန်ဆန်တွေးပြီး ထွက်လာတာ ငါမှားပြီလားဟု တွေးမိသည်။ လှည့်ပြ[illegible] လိုစိတ် ဖြစ်ပေါ်သည်ကို ကြိုးစား[illegible] ဖျောက်ပစ်ရသည်။

ကျွန်ုပ်သည် ငှားရမ်းထားသော[illegible] အိုးကို ပြန်ပေးသည်။ အိုးကိုပေးပြီး [illegible] အထွက်တွင် လမ်းပေါ်၌ အဘိုးအိုတ[illegible] ဦးကို တွေ့သည်။ အဘိုးအိုက ကျွန်[illegible]



နားချပ်သာ

အောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ထို့နောက် စုတ်တသပ်သပ်ဖြင့်ပြော၏။

"ကျွတ်ကျွတ်. . . ကျွတ်ကျွတ်- မောင်ရင့်ကို ကြည့်ရတာ ဒုက္ခိတလည်း မဟုတ်ဘူး၊ အသက်အရွယ်ကလည်း သန်တုန်းမြန်တုန်း။ ဘာလို့ အလုပ်မလုပ်ဘဲ တောင်းရမ်းစားသောက်နေရတာလဲ။ မင်း စာဖတ်တတ်တယ်မဟုတ်လား၊ တရားစာဖတ်ပြတဲ့အလုပ်ကိုလုပ်ရင်တောင် တစ်ဝမ်းတော့ ဝပါတယ်။ စာမဖတ်တတ်လည်း တခြားအလုပ်တစ်ခုခုလုပ်ပါလား။ တစ်ဝမ်းဝဖို့လောက်ကတော့ ဘာလုပ်လုပ် ရပါတယ်"

"ကျွန်တော်စာဖတ်တတ်ပါတယ်။ ပြီးတော့ အဘထင်သလို သူဖုန်းစား မဟုတ်ပါဘူး။ အခြေအနေအရ စားစရာမရှိလို့ တောင်းရမ်းစားသောက်တာပါ"

"ဒါဆိုရင် ငါ့ကို တရားစာဖတ်ပြပါလား။ မင်းကို စာဖတ်ပြတဲ့အတွက် စာဖတ်ခ ပေးပါ့မယ်။ အလကားမဖတ်ခိုင်းပါဘူး၊ ထိုက်ထိုက်တန်တန် ပေးပါ့မယ်"

ကျွန်ုပ်သည် ဝမ်းသာအားရဖြင့် အလုပ်လက်ခံလိုက်သည်။ အဘိုးအိုက ကျမ်းစာအုပ်တစ်အုပ်ကိုပေးပြီး ဖတ်ခိုင်းသည်။ သူဖတ်ခိုင်းသည့်ကျမ်းမှာ 'သာမန်လွန် ဉာဏ်စဉ်ကျမ်း' ဟူ၍ ဖြစ်သည်။

တစ်မျက်နှာပြီးတစ်မျက်နှာ ဖတ်ပြရသည်။ ထိုသို့ဖတ်ပြရင်း သူတော်စင်တစ်ဦးအကြောင်း ဖော်ပြထားသည့် စာမျက်နှာသို့ ရောက်သွားသည်။ သူသည် လက်ထဲ တစ်ပြားမှမရှိအောင် ဆင်းရဲမွဲတေသူ ဖြစ်သည်။ သို့ဖြစ်ရာ တရားရဖို့ ပညာရှာရာ၌ အဖိုးအခအဖြစ် သူ့အသားကို လှီးယူပါဟု ပေးအပ်ခဲ့သည်။ လိုအပ်ပါက သူ့နှလုံးကိုပင်လျှင် ပေးရန် အသင့်ရှိသည်ဟု တင်စားပြီး ရေးသားထားသည်။ နောက်ဆုံး၌ သူသည် သာမန်လွန်ဉာဏ်စဉ်ကို ရသွားသည်။ သူတော်စင်တစ်ဦးအဖြစ်သို့ ရောက်သည်။ သူတော်စင်၏စတေးရဲသောသတ္တိ၊ ရင်းရဲသော ရဲဝံ့မှုတို့နှင့် နှိုင်းစာလျှင် ကျွန်ုပ်ကြုံခဲ့ရသည့် ဖြစ်အင်သည် မပြောပလောက်ချေ။ စာမဖွဲ့လောက်ချေ။ စားစရာ၊ နေစရာ၊ ဝတ်စရာတို့အတွက် ပူစရာမလိုဘဲ နေခဲ့ရသည်။ ကျွန်ုပ်နေထိုင်ခဲ့သော ဆရာမာပါ၏အရိပ်ကို လွမ်းဆွတ်မိသည်။

ဆရာမာပါသည် စိတ်ပြောင်းပြီး ကျွန်ုပ်ကို ပညာသင်ပေးလျှင် ကောင်းလေစွဟု တွေးမိသည်။ ထို့အပြင် ဆရာကတော်က အခြားဆရာတစ်ယောက်ထံ စေလွှတ်ပေးမည်ဟုပြောခဲ့သည်ကို သတိရမိသည်။ စီစဉ်ဖို့အတွက် သူ့ကို အချိန်ပေးပါဟု ပြောခဲ့လေသည်။ ကျွန်ုပ်သည် လောကြီးလွန်းနေသူဖြစ်နေပြီဟု အတွေးပေါ်သည်။ သို့ဖြစ်ရာ ဆရာမာပါ၏အိမ်သို့ပြန်ရန် ဆုံးဖြတ်လိုက်သည်။

ဤသို့ ဆရာမာပါအိမ်မှ ကျွန်ုပ်ထွက်လာသောအခါ ဆရာမာပါ၏အိမ်၌ ဖြစ်ပျက်ခဲ့သည်တို့ကို နောင်တစ်ချိန်တွင် ပြန်သိခဲ့ရသည်။ ကျွန်ုပ် လစ်ထွက်သွားသည်ကို ဆရာကတော်က အရင်ဦးဆုံး စ,သိသည်။ ထိုအခါ ဆရာမာပါကို သွားပြောသည်။ ဆရာကတော်က ငိုသံပါကြီးဖြင့် ပြောပြသည်။

"မဟာမှော်ဆရာလေး ထွက်ပြေးသွားပြီ။ ရှင်အမုန်းဆုံး ရန်သူကလေး အိမ်က ထွက်သွားလို့ ရှင်ကျေနပ်တယ်မဟုတ်လား"

"မင်း ဘာပြောတာလဲ"

"ဘာပြောရမှာလဲ။ သနားစရာ မဟာမှော်ဆရာကလေး အိမ်မှာ မရှိတော့ဘူး။ ရှင့် နှိပ်စက်တာ မခံနိုင်လို့ ထွက်ပြေးသွားပြီ။ သူ့ကို အမုန်းဆုံးရန်သူတစ်ယောက်လို ရှင့်ကခိုင်းတော့ ရေရှည်မှာ ဘယ်ခံနိုင်မလဲ၊ ပြေးပြီပေါ့"

ဆရာမာပါသည် ခွန်းတုံ့မပြန်၊ အာစေးထည့်ထားသည့်နှယ် နှုတ်ဆိတ်နေတော့သည်။ ခဏကြာမှ တပည့်ပြန်လာအောင် ဂါထာမန္တန်ရွတ်သည်။ သူက ထိုသို့ရွတ်သဖြင့် ကျွန်ုပ်စိတ်ထဲ အိမ်ပြန်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်ရသည်ကို အထက်၌ ဖော်ပြခဲ့ပြီးပေပြီ။ ဆရာမာပါသည် ရွတ်ဖတ်သရဇ္ဈာယ်ပြီးသောအခါ ဝတ်ရုံတစ်ထည်ကို ခေါင်းလုံအောင်ခြုံပြီး ထိုင်နေသည်။ တုတ်တုတ်မျှ မလှုပ်၊ စကားလည်း တစ်ခွန်းမျှမဟချေ။

ကျွန်ုပ် အိမ်သို့ပြန်ရောက်သည်အထိ မလှုပ်မယှက် ထိုင်နေဆဲရှိသည်။ ကျွန်ုပ်သည် ဆရာကတော်ကို အရင်တွေ့သည်။ ကျွန်ုပ်က ထွက်ပြေးမိသည့်အကြောင်းကို ဝန်ခံလိုက်သည်၊ တောင်းပန်လိုက်သည်။ ဆရာကတော်က ကျွန်ုပ်ပြန်ရောက်လာသည့်အတွက် အပျော်ကြီးပျော်သွားသည်။ မျက်ရည်ပင်လည်သည်အထိ ဝမ်းသာသည်။

"သားလုပ်လိုက်တာ တစ်ခုတော့ ကောင်းသွားတယ်။ ဆရာမာပါတစ်ယောက် ကြက်ဖကို လည်လိမ်ထားသလို ငြိမ်ကျသွားတယ်။ သားကို ပညာသင်ပေးဖို့ သူ့စိတ်ပြောင်းသွားနိုင်တယ်။ သားထွက်ပြေးသွားပြီလို့ အမေက ပြောပြတော့ သူ မျက်ရည်ဝဲတာ အမေတွေ့လိုက်တယ်။ ပြီးတော့ သူတာဝန်ယူဖို့အတွက် ရောက်လာရတဲ့ ပါရမီထူးတဲ့ တပည့်ကလေး သူ့ဆီပြန်လာပါစေလို့ ရည်မှတ်ပြီး ဂါထာမန္တန်တွေ ရွတ်တယ်။ သားအနေဖြင့် ရှေ့ခရီးကို မဆက်နိုင်ဘဲ အိမ်ကို ခြေဦးပြန်လှည့်လာရတာ သူ့ကြောင့်ဖြစ်မယ်။ဒါကြောင့်လည်း ဆရာမာပါလို့ နာမည်တစ်လုံးဖြင့် ကျော်ကြားတာပဲ"

ကျွန်ုပ်သည် ဆရာမာပါ၏စွမ်းပုံကို တိတိကျကျ မသိသူ ဖြစ်သည်။ သူသည် အဘိုးအိုတစ်ဦးအသွင်ဖြင့် ကျွန်ုပ်ကို စာဖတ်ခိုင်းခဲ့သည်ဟု မရိပ်မိခဲ့ပေ။ တိမ်းစောင်း မှားယွင်းသော အမြင်ဖြင့်သာ ကျွန်ုပ် စဉ်းစားတွေးတောခဲ့သည်။

ကျွန်ုပ်အနေဖြင့် ဆရာကတော်က ပြန်ရောက်လာလာချင်း စိတ်ချမ်းသာအောင် လီဆယ်ပြောဆိုသည် ဟူ၍သာ ယူဆသည်။ ကျွန်ုပ်ကို ပညာသင်ပေးဖို့ အကြိမ်ကြိမ်ငြင်းဆိုခဲ့သူတစ်ဦး အနေဖြင့် ကျွန်ုပ် ထွက်သွားသည့်အတွက် ဝမ်းနည်းရန် အကြောင်းမမြင်မိပေ။ ကျွန်ုပ်ကို ပိတ်ဆို့လိုက်ခြင်းဟုသာ ယူဆသည်။ အခြား ဆရာတစ်ဦးထံ ရောက်မသွားရအောင် လှမ်းခေါ်လိုက်ခြင်းသာ ဖြစ်ရမည်ဟု ယူဆသည်။

ဆရာကတော်က ဆရာမာပါကို ကျွန်ုပ် ပြန်ရောက်လာကြောင်း သွားပြောသည်။

"မဟာမှော်ဆရာလေးပြန်ရောက်လာပြီ။ သူက ကျွန်မတို့ကိုမခွဲနိုင်ပါဘူး။ သူ့ကို ရှင့်ဆီ ခေါ်လာခဲ့ရမလား"

"အေး-ခေါ်လာခဲ့စမ်း။ ငါ့ကိုလာကန်တော့ခိုင်းစမ်း"

ကျွန်ုပ်သည် ဆရာမာပါ၏ ရှေ့မှောက်သို့ သွားရောက်ပြီး ကန်တော့သည်။

ဆရာမာပါက-

"မဟာမှော်ဆရာ၊ စိတ်ဓွေး[...] ဖောက်ပါနဲ့။ မင်းဟာ တရားကို တက[...] လိုချင်တယ်ဆိုရင် မင်းရဲ့အသက်[...] တောင်ပေးဖို့ အသင့်ဖြစ်နေဖို့ လိုလိ[...] မယ်။ ဆောက်လက်စအိမ်မှာ သုံးထ[...] ကျန်နေသေးတယ်၊ အခု သွားဆော[...] ပါ။ ပြီးအောင် ဆောက်ပါ။ ဒါမှ မင်[...] အရမ်းလိုချင်နေတဲ့ တရားဆိုတာကို[...] အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ မ[...] သိခွင့်ရမယ်။ မင်းစိတ်ထဲမှာ သံသ[...]



www.burmeseclassic.com

www.burmeseclassic.com

ခင် ငါ့ဆီမှာဆက်မနေပါနဲ့။ ဆန်ကုန်လေးဖြစ်မယ့်သူမျိုးကို ငါကျွေးမထားဘူး"

ကျွန်ုပ်သည် စကားမဟဝ့်သဖြင့် ထဲရှိသမျှကိုမျိုသိပ်ထားလိုက်သည်။ ရှေ့မှ ပြန်ထွက်ခဲ့သည်။ ဆရာတော်ကိုသာ ရင်ဖွင့်လိုက်သည်။

"အမေ့ကိုပြောစရာရှိတယ်။ သေချာ နားထောင်ပေးပါ။ ကျွန်တော်အိမ်ပြန်ချင်တယ်။ ဆရာက ပညာသင်ပေးမှာသေချာနေတယ်။ ပြီးတော့ ထဲ ကျွမ်းဆာရွာက မွေးသမိခင်ကို သတိရနေမိတယ်။ ဆရာကသာ သင်ပေးမှာ သေချာရင် အိမ်ကြီး ပြီးသည်အထိ ဆောက်ပေးဖို့ ဝန်ပါဘူး။ ဆရာက ပညာသင်ပေးလို့သာ ပါးစပ်က တွင်တွင်ပြောနေမယ့် တကယ်တမ်းကျတော့ သင်မဘူး။ သူ ကတိပျက်ပေါင်းလည်းများပြီ၊ အိမ်ကြီး ပြီးသွားလည်း သင်ပေးမှာ မဟုတ်ဘူးဆိုတာ သေချာသလောက်ပါတယ်။ ဒီတော့ သားကို သွားခွင့်ပြုပါ"

ကျွန်ုပ်သည် ဆရာကတော်ကို ကျ တန်တော့လိုက်သည်။ ထို့နောက် ရှေ့မှ လှည့်ထွက်မည်ပြုသောအခါ ဆရာကတော်က-

"သားပြောတာ ဟုတ်တယ်။ သား တခြားဆရာတစ်ယောက်ဆီမှာ အပ်ပေးမယ်လို့ အမေပြောဖူးတာ မှတ်မိသေးလား"

"မှတ်မိပါတယ်။ ဒါပေမယ့် အမေ့ ဆန္ဒရှိပေမယ့် လုပ်ပေးဖို့က မလွယ်ဆိုတာ သားသိပါတယ်။ တန်ရာတန်ကြေး မပေးနိုင်သရွေ့ သားလိုချင်တဲ့ ပညာကို သားမရနိုင်ပါဘူး"

"ဒီလိုလည်း မဟုတ်သေးပါဘူး။ အမေတို့ကြိုးစားကြည့်ကြသေးတာပေါ့။ ဆရာ့ရဲ့ တပည့်တွေထဲမှာ ထွန်းထွန်းပေါက်ပေါက်ဖြစ်သွားတဲ့သူတွေရှိတယ်၊ အဲဒီလို ထွန်းပေါက်သွားတဲ့သူတစ်ဦးရဲ့ နာမည်က ငိုဒမ်ချူဒေါ်တဲ့။ သားကို ငိုဒမ် ဆီ အမေလွှတ်မယ်။ နောက်ဆုံးကျင်းပ ခဲ့တဲ့ တပည့်သစ် သွတ်သွင်းပွဲတုန်းက သူလာသွားသေးတယ်။ သူ့ဆီကိုသွားဖို့ အတွက် အမေ စီစဉ်ပေးမယ်။ သားက အိမ်တို့ ဟန်မပျက် ဆက်ဆောက်နေလိုက်ပါ။ သိပ်မကြာစေရပါဘူး၊ သား သွားရမှာပါ"

ကျွန်ုပ်သည် အိမ်ကိုဆက်ဆောက်နေလိုက်သည်။ စိတ်ထဲတွင် လမ်းစတစ်ခုရချေပြီဟု တွေးမိတိုင်း ပျော်နေမိ၏။ မောရပန်းရမှန်းပင် မသိတော့ချေ။

ဆရာကြီးနာရိုပါ၏ တပည့်သားမြေးတို့၌ အစဉ်အလာအရ လုပ်ဆောင်ကြရသည့်အချက်များ ရှိကြသည်။ တစ်ခုမှာ လတစ်လ၏ လဆန်း (၁၀) ရက်ရောက်တိုင်း နေ့ထူး နေ့မြတ်အဖြစ် ပွဲကျင်းပပေးရသည်။ ဆရာကတော်သည် ပွဲကျင်းပရန်အတွက် စီစဉ်နေကျရှိသည့်အတိုင်း စီစဉ်သည်။ ထိုသို့ စီစဉ်ရာ၌ ခေါင်ရည်ကို ခါတိုင်းထက် ပြင်းအောင် စီစဉ်သည်။ ထို့နောက် အပြင်း၊ အပျော့ ကွာခြားသည့်ခေါင်ရည်သုံးမျိုးရအောင် ရောစပ်သည်။ အိုးကြီးသုံးခုအတွင်း ခွဲ၍ထည့်သည်။ အပြင်းဆုံးခေါင်ရည် ထည့်ထားသော အိုးထဲမှ ခေါင်ရည်ကို ဆရာမာပါအား တိုက်သည်။ တပည့်တို့ကို ဒုတိယအပြင်းဆုံး ခေါင်ရည်ထည့်ထားသော အိုးအတွင်းမှ ခေါင်ရည်ကို သောက်စေသည်။ ဆရာကတော်နှင့် ကျွန်ုပ်တို့နှစ်ဦးသည် အပျော့ဆုံးခေါင်ရည်ထည့်ထားသောအိုးအတွင်းမှ ခေါင်ရည်ကို သောက်ကြသည်။

ပွဲပြီးဆုံးချိန်တွင် အကုန်လုံး မူးနေကြပြီ ဖြစ်၏။ အိပ်ရာဝင်ပြီး ခေါင်းချလိုက်သည်နှင့် အိပ်ပျော်ကုန်ကြသည်။ ထိုအခါ၌ ဆရာကတော်သည် ကျွန်ုပ်ကို ခေါ်ပြီး အသံလုံလုံဖြင့် ဆရာမာပါ၏ အခန်းထဲသို့ ဝင်သည်။ ဆရာမာပါကို စွန့်ကြထားသော ဆရာကြီး နာရိုပါ၏ အဆောင်များအနက် ပန်းကုံးကို ယူသည်။ ပုတီးကိုယူသည်။ ထို့နောက် ပဝါစအတွင်း ထည့်၍ထုပ်ခိုင်းသည်။ လက်ဆောင်အဖြစ် ယူသွားရန် ပေးသည်။ ထို့နောက် ဆရာမာပါက ရေးပေးသည့်ဟန်ဖြင့် မိတ်ဆက်စာ အတုကိုရေး၏။ ကျွန်ုပ်ကို သားတပည့်အဖြစ် သွတ်သွင်းကာ သင်ကြားပေးရန် ဆရာငိုဒမ်ကို မေတ္တာရပ်ခံသည့်စာကို ရေးသည်။ ထို့နောက် ဆရာငိုဒမ်ထံသို့ မည်သို့သွားရမည်ကို လမ်းညွှန်သည်။ ညတွင်းချင်းပင် အိမ်မှထွက်ခွာခိုင်းသည်။ (၃) ရက်ဖြင့် အရောက်သွားရန်လည်း မှာကြားသည်။

ကျွန်ုပ်သည် ဆရာငိုဒမ်ရှိရာ အလယ်ပိုင်းလွင်ပြင်ဆီသို့ ဦးတည်ခရီးနှင်သည်။ ကျွန်ုပ်ထွက်ခွာခဲ့ပြီးသည့်နောက် (၂) ရက်အကြာတွင် ဆရာမာပါသည် ကျွန်ုပ်ကို မတွေ့မိသဖြင့် ဆရာကတော်ကို မေးမြန်းသည်။

ဆရာကတော်က မတင်မကျဖြေသည်။

"မဟာမှော်ဆရာလေးက လမ်းခရီးမှာ ရောက်နေတယ်။ အခု သူဘယ်နေရာ ရောက်နေသလဲ ဆိုတာတော့ ကျွန်မ အတိအကျ မသိဘူး"

"သူကဘယ်ကိုသွားတာလဲ၊ ဘယ်တုံးက ထွက်သွားတာလဲ။ ငါ့ကို ပြောစမ်းပါဦး"

"လွန်ခဲ့တဲ့ နှစ်ရက်က ထွက်သွားတယ်"

ဆရာမာပါက နှုတ်ဆိတ်ရင်း စဉ်းစားနေသည်။ ပြီးမှ သူက-

"ငါ့တပည့် သိပ်ဝေးဝေးရောက်ဦးမှာမဟုတ်ဘူး၊ ငါ အလှမ်းမီတဲ့နေရာမှာပဲ ရှိဦးမယ်"

ဟု ပြောသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် ဆရာငိုဒမ်ထံသို့ဆိုက်ရောက်နေပြီ ဖြစ်သည်။

ဆရာငိုဒမ်သည် ထွန်းပေါက်ခဲ့သော တပည့်တစ်ဦး ဖြစ်ပေရာ သူ့အရပ်ဒေသတွင် ဆရာတစ်ဆူအဖြစ် နေထိုင်သည်။ တပည့်များကို ဒဿနများ သင်ကြားနေစဉ် ကျွန်ုပ် ရောက်ရှိသွားသည်။ သူက ကျမ်းစာအုပ်ထဲမှာပါသည့် စာသားများကို အလွတ်ရွတ်ပြနေသည်။

"ငါသည် ကွက်ကွက်ကွင်းကွင်း ပြောပြသူ ဖြစ်သည်။

ငါသည် ရှင်းရှင်းလင်းလင်း နားထောင်သူ ဖြစ်သည်။

ငါသည် လောကတစ်ခွင်လုံး၏ ဆရာ ဖြစ်သည်။

ငါသည် နောက်လိုက်တပည့် ဖြစ်သည်။

ငါသည် လောကအတွင်း ရှိရှိသမျှ တည်ရှိနေမှုများ၏ ဟိုမှာဘက်တွင် ရောက်နေသူ ဖြစ်သည်။

ငါသည် ပီတိပြည့်ရွှန်းသောသူ ဖြစ်သည်"

ထိုသို့ ရွတ်ပြပြီးချိန်တွင် ကျွန်ုပ်ရောက်နေသည်ကို သူ တွေ့သွားသည်။ ကျွန်ုပ်က ခပ်လှမ်းလှမ်းမှ ကန်တော့လိုက်သည်။ သူက ခေါင်းတစ်ချက်ဆတ်ပြပြီး ကျွန်ုပ် ကန်တော့သည်ကို အသိအမှတ်ပြုလိုက်သည်။

သူက နိမိတ်ကောက်လိုက်သည်။ အထက်ဖော်ပြပါစာသားကို ရွတ်ပြနေစဉ် တိုက်တိုက်ဆိုင်ဆိုင် ကျွန်ုပ်ရောက်လာခြင်းကြောင့် ကျွန်ုပ်သည် သာမန်မျှဖြင့် တစ်သက်တာကို ပြီးဆုံးမည့်သူ မဟုတ်ဟု သူသိလိုက်သည်။ ကျွန်ုပ်က အရိုအသေပြုသည့်အနေဖြင့် ဦးချိုက် ကန်တော့ပုံကိုကြည့်ပြီး ဆရာမာပါထံ နေခဲ့ဖူးသောတပည့်ဖြစ်ရမည်ဟု



www.burmeseclassic.com

www.burmeseclassic.com

သူသိလိုက်သည်။

သူက အနီးရှိ တပည့်ကို ကျွန်ုပ်ထံလွှတ်ပြီး မေးမြန်းခိုင်းသည်။ ကျွန်ုပ်မည်သူမည်ဝါဆိုသည်ကို လည်းကောင်း၊ မည်သည့်ကိစ္စရှိ၍ ရောက်လာရသည်ကို လည်းကောင်း မေးမြန်းခိုင်းသည်။

ကျွန်ုပ်က ဆရာမာပါထံမှရောက်လာကြောင်း၊ ဆရာငိုဒမ်ထံပါး၌ ပညာသင်ရန်အတွက် ရောက်လာရခြင်း ဖြစ်ကြောင်း၊ လက်ဆောင်အဖြစ် ဆရာကြီးနာရိုပါ၏အဆောင်နှစ်ခုပါကြောင်းပြောပြပြီး ပဝါဖြင့် ထုပ်ထားသော အထုပ်ကိုပေးအပ်သည်။

ထိုစဉ်မှာပင် သူက ကျွန်ုပ်ကိုမှတ်မိသွားသည်။ ကျွန်ုပ်ကို လူပုံအလယ်တွင် စည်းအပြင်သို့ဆွဲထုတ်ခဲ့ပုံကိုလည်း သူ အမှတ်ရသွားသည်။

ဆရာမာပါကမသင်ပေးလိုသဖြင့် သူ့ကိုယ်စား သင်ပေးရန် ကျွန်ုပ်ကို စေလွှတ်လိုက်သည်ဟု ကျွန်ုပ်ကပြောလိုက်သည်။

သူက တပည့်ထံမှ လက်ဆောင်ပဝါထုပ်ကို တရိုတသေ ယူလိုက်သည်။ ထို့နောက် ကျွန်ုပ်သည် မဟာမော်ဆရာဟုဘွဲ့အမည်တွင်သူဖြစ်ကြောင်း တပည့်တို့ကို မိတ်ဆက်ပေးသည်။ ကျွန်ုပ်ရောက်ရှိလာသည့်အထိမ်းအမှတ်အဖြစ် စားသောက်ပွဲတစ်ခုကို စီစဉ်ခိုင်းသည်။

ယခုလို ကျွန်ုပ်ကို ဝမ်းပန်းတသာကြိုဆိုသည့်အတွက် အဆင်ပြေချေပြီဟု ကျွန်ုပ် တွက်ဆလိုက်သည်။ ဆရာငိုဒမ်ထံသို့ ရောက်သောအခါ အဆင်မှပြေပါ့မလား၊ ဟန်မှကျပါ့မလားဟုပူပန်နေရသော သောကများ ကွယ်ပျောက်သွားသည်။

အစစအရာရာ အဆင်ပြေဖို့သာရှိတော့သည်ဟု တွေးမိပြီး ပါးစပ်မှ ဟူးခနဲ လေမှုတ်ထုတ်လိုက်ရင်း စိတ်ထဲပေါ့ပါး ပျော်ရွှင်သွားသည်။

ကျွန်ုပ်ထံ ပါလာသော ဆရာကတော် ရေးပေးလိုက်သည့် စာအတုကိုပင်လျှင် မပြရသေးခင်မှာ ယခုလို အဆင်ပြေသွားသဖြင့် ဤဆရာနှင့်ကျွန်ုပ်တို့သည် ကံစပ်ကြသူများ ဖြစ်မည်ဟုလည်း တွေးမိသည်။

ဆရာငိုဒမ်က ကြိုဆိုပွဲကျင်းပပြီးစီးသောအခါ ကျွန်ုပ်ကို သီးခြား ခေါ်တွေ့သည်။ ကျွန်ုပ်က ဆရာကတော်ရေးပေးလိုက်သည့် စာအတုကို ထုတ်ပေးလိုက်သည်။ ဆရာငိုဒမ်က စာကိုသေချာစွာ ဖတ်ရှုကြည့်သည်။

သူက ကျွန်ုပ်အား တရားခရီးကိုလျှောက်လှမ်းရာတွင် သုံးစွဲနိုင်သည့်ပညာရပ်တို့ကို သင်ကြားပေးမည်ဟုပြောလိုက်ရာ ကျွန်ုပ် ဝမ်းသာလုံးဆို့သွားသည်။

ထို့နောက် သူက-

"ငါ့ဆီလာကြတဲ့ တပည့်တွေထဲမှာ ဓားပြတိုက်ခံရတဲ့သူတွေ ရှိတယ်။ 'ဒို' ဆိုတဲ့အရပ်မှာ အတော် သောင်းကျန်းနေကြတယ်။ အဲဒီကိုသွားပြီး မင်းတတ်တဲ့ပညာဖြင့် မိုးသီးမုန်တိုင်းကျအောင်လုပ်ပြီး ဆုံးမပေးစမ်းပါဦး။ မှတ်လောက်သားလောက်ဖြစ်သွားအောင် လုပ်ပေးစမ်းပါ။ နောက်နောင် ငါ့တပည့်ဆိုရင် လက်ဖျားနဲ့တောင်မထိဝံ့အောင် ဆုံးမပေးစမ်းပါ။ ပြီးရင် ငါ့ဆီ ပြန်လာခဲ့ပါ၊ မင်းလိုချင်တဲ့ပညာကို ငါသင်ပေးမယ်"

ကျွန်ုပ်သည် မိမိကိုယ်မိမိ ကျိန်ဆဲမိသည်။ အောက်လမ်းလောကီပညာကို လေ့လာလိုက်စားရာ၌ ထူးချွန် ပြောင်မြောက်အောင် အားထုတ်မိခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိ၏။

အတိတ်ကတတ်ထားသောပညာအရိပ်မည်း၏အောက်မှ ယခုထိ မလွတ်နိုင်သေးပါလားဟုလည်း စိတ်နှလုံးမချမ်းမြေ့ ဖြစ်မိသည်။ ကျွန်ုပ်သည် ကုသိုလ်ကို လိုချင်သည်။ တရားကောင်းတရားမြတ်ကိုလိုချင်သည်။ အရိပ်မည်းအောက်မှမလွတ်နိုင်သဖြင့် အကုသိုလ်ကို လုပ်ရပေဦးမည်။ လိုချင်သည်က တရား၊ ရနေသည်က တခြား ဖြစ်နေတော့သည်။ လူအများ၏ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနိုင်စွမ်းရှိသည့်သူအဖြစ်မှ ယခုထိ မလွတ်နိုင်သေးပါလားဟု စိတ်ပျက်မိသည်။

ကျွန်ုပ်အနေဖြင့် ရွေးစရာလမ်းမရှိချေ။ သူခိုင်းသည်ကို လုပ်မပေးလျှင် သူ့ထံမှ ပညာရဖို့ လမ်းမမြင်ချေ။ သို့ဖြစ်ရာ ကျွန်ုပ်သည် မဆိုင်းမတွ ခရီးထွက်ခဲ့ရသည်။ သူစေလွှတ်သည့် ဒိုအရပ်သို့ သွားရသည်။

ခရီးထွက်ခဲ့ရာ၌ မှောင်စပြုချိန်တွင် ဒိုအရပ်သို့ ဆိုက်ရောက်သည်။ အိမ်တစ်အိမ်တွင် တစ်ည တည်းခိုအိပ်စက်ခွင့်တောင်းပြီး အိပ်စက်သည်။ အိမ်ရှင်အဘွားအိုက ပျူပျူငှာငှာရှိသည်။

ကျွန်ုပ်သည် နံနက်၌ မိုးသီးမုန်တိုင်းကျရောက်အောင် ဖန်တီးသည်။ မိုးတိမ်တိုက်တို့ ဖြစ်ပေါ်လာပြီး မိုးသီးမိုးပေါက်တို့ တစ်ပေါက်၊ နှစ်ပေါက် စ၍ ကျလာချိန်တွင် အိမ်ရှင်အဘွားအိုသည် ရင်ဘတ်ကို လက်သီးဖြင့်ထုပြီး ငိုကြွေးသည်။ ယခုအချိန် မိုးရွာလျှင် သီးနှံများပျက်စီးကုန်မှာ သေချာနေသည်။ သူ ငတ်မွတ်ခေါင်းပါးပြီး သေရပါလိမ့်မည်ဟု ရင်ဘတ်စည်တီးရင်း ငိုသည်။

ကျွန်ုပ်သည် အဘွားအိုငိုနေသည်ကိုကြည့်ပြီး ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။ အဘွားအိုကို လယ်မပျက်အောင် ကာကွယ်ပေးမည်ဟု ပြောပြီး အငိုရပ်စေသည်။ သူ့လယ်ကွက်ပုံကြမ်းကို အမြန်ရေးဆွဲပြခိုင်းသည်။ အဘွားအိုက ကြက်လျှာစွန်းပုံသဏ္ဌာန်ရှိသည့် သူ့လယ်ကွက်ပုံကို ဆွဲပြသည်။ ဆွဲပြထားသော လယ်ကွက်ပုံပေါ်တွင် အက္ခရာစာလုံးတချို့ကို ကျွန်ုပ်ရေးလိုက်သည်။ ဒယ်အိုးတစ်လုံး ယူခိုင်းပြီး လက်ကွက်ပုံပေါ်တွင် မှောက်၍ ဖုံးအုပ်ပြီး ကာထားလိုက်၏။

မိုးသီးမုန်တိုင်းသည် ခဏအကြာတွင် ရောက်ရှိလာသည်။ မုန်တိုင်းစဲသွားသောအခါ အဘွားအိုလယ်ကွက်သည် အခြေအနေမပျက် ကျန်ရစ်သည်။

ကျွန်ုပ်သည် မိမိတာဝန်ပြီးဆုံး ဖြစ်၍ ရွာမှ ပြန်လည်ထွက်ခွာလိုက်၏။ လမ်းတွင် သိုးထိန်းတစ်သိုက်ကိုတွေ့ရ မုန်တိုင်းကြောင့် သိုးများ အုပ်သင်းတ ကုန်သဖြင့် လိုက်ရှာဖို့ ပြင်ဆင်နေကြ သည်ကို တွေ့ရသည်။ ကျွန်ုပ်က ဘုရား ဖူးများ အပါအဝင် ခရီးသွားလာသူ ကို လုယက်ခဲ့သည့် အကုသိုလ်ကြော ယခုလို မိုးသီးမုန်တိုင်းကျခြင်း ဖြ ကြောင်း ပြောပြီး ခြောက်လှန့်လိုက် နောက်နောင် ဆက်လက် ဓားပြတို နေဦးမည်ဆိုပါက မိုးသီးမုန်တိုင်းတို့ လာဦးမှာ သေချာသည်ဟုလည်း ပြော လိုက်သည်။ အထူးသဖြင့် ဆရာငို ထံသို့လာသောသူများကို ဓားပြတိုက် က ဆရာငိုဒမ်၏အစွမ်းကြောင့် ယခု မိုးသီးမုန်တိုင်း ကျရောက်လိမ့်မည် လည်း ပြောလိုက်သည်။

ထို့နောက်ပိုင်းတွင် သိုးထိန်း သည် ဓားပြတိုက်သည့်အလုပ်ကို လွှတ်လိုက်၏။ ဆရာငိုဒမ်ထံသို့လ အခါအားလျော်စွာ ရောက်လာလေ့ ကပ်လှူပူဇော်ကြသည်။

ကျွန်ုပ်သည် ဆရာငိုဒမ်ရှိရာ ဦးတည်ပြီးခရီးနှင်သည်။ လမ်း၌ အများအပြား မြေ၌ကျသေနေကြ ကို တွေ့ရသည်။ ကျွန်ုပ်ဆင်လိုက် မိုးသီးမုန်တိုင်းဒဏ်ကြောင့် ကုန်ကြခြင်းဖြစ်သဖြင့် အကြီး



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်မိသည်။ စိတ်ထိခိုက်လွန်းသ ကျွန်ုပ်သည် သူရူးတစ်ယောက်သ ဖြစ်သွားသည်။ သေကျေနေသော တို့ကို တစ်ကောင်ချင်းလိုက်ကောက် ။ ဝတ်ထားသောအကျႌကိုချွတ်ပြီး သဖွယ်ပြုလုပ်ကာ ငှက်သေတို့ကို သည်။ အိတ်ပြည့်သွားသည်အထိ သေအများအပြား မြေ၌ ကျန်နေ နေသည်။

ဆရာငိုဒမ်ထံသို့ပြန်ရောက်သော ဆရာငိုဒမ်ရှေ့မှောက်သို့ တန်း သည်။ ထို့နောက် အိတ်ကို ဖြေပြီး သေတို့ကို သူ့ရှေ့ရှိကြမ်းပြင်ပေါ် သို့ ချလိုက်သည်။

"ဆရာသခင်၊ သင့်ထံပါး၌ တရား စေနိုင်တဲ့ နည်းလမ်းတွေကို သင် ကျွန်တော် ရောက်လာခဲ့ပါတယ်။ မယ့် ရှိပြီးသား အကုသိုလ် ထူပိန်း အပေါ်မှာ အကုသိုလ်တွေ ထပ်မံ ကျူးခဲ့ရပါပြီ။ ကျွန်တော့်လက်ချက် ကြောင့် သေကျေကြရတဲ့အတွက် ရလာ အကုသိုလ်တွေဟာ သေရွာအထိ ကျွန်တော်နဲ့အတူ ပါတော့မယ်"

ကျွန်ုပ်သည် မတ်တတ်ရပ်နေရာ ထောက်ထိုင်ချလိုက်ပြီး ချုံးပွဲချငို မိသည်။

ဆရာငိုဒမ်က-

"တပည့် သိုးပါဂ၊ စိတ်ဓာတ်မ ပါနဲ့။ ဒီအတွက် မင်းမကြောက် စိုးရိမ်ပါနဲ့။ ငါ့ကိုယုံပါ။ ငှက်တွေ လို့ မင်း စိတ်ထိခိုက်နေသလား၊ တဲ့မုန်တိုင်းကြောင့် သူတို့ သေ ကြရလို့ စိတ်ထိခိုက်နေသလား။ ယုံပါ"

ဟု ပြောလိုက်သည်။

ကျွန်ုပ်သည် သူက ဘာကိုယုံပါ ပြောနေမှန်း သဘောမပေါက်သဖြင့် လည်သောအကြည့်ဖြင့် သူ့ကိုမော့ ကြည့်လိုက်သည်။ သူက ပြုံးသည်။ ၏ဦးခေါင်းမှဆံပင်များကို ကြင် အပြည့်ဖြင့် ပွတ်သပ်ကာ ချော့၏။ နောက် သူက ငှက်သေတို့ကို လက် ညွှန်ပြကာ-

"ကဲ- သေသေချာချာကြည့်"

ဟု ပြောသည်။

ထို့နောက် ဆရာငိုဒမ်သည် ငှက် များပုံထားသည့်အနီးတွင် တင်ပျဉ် ထိုင်လိုက်သည်။ မျက်စိမှိတ်၍ နှုတ် နေသည်။ ကျွန်ုပ်သည် ငှက်သေ ကြည့်နေလိုက်သည်။ မိနစ်အ ယ်ကြာသောအခါ ဆရာငိုဒမ်က ဖျောက်ခနဲ လက်ဖျောက်တစ်ချက်တီး လိုက်သည်။ ငှက်သေတို့သည် တောင်ပံ တဖျပ်ဖျပ်ခတ်ကာ ထပျံကုန်ကြသည်။ ကျွန်ုပ်သည် ပါးစပ်အဟောင်းသားဖြင့် အံ့ဩနေမိသည်။

နောက်တစ်နေ့၌ သူက ကျွန်ုပ်ကို တပည့်သစ်အဖြစ် သွတ်သွင်းပေးသည်။ သူ့အိမ်ကိုမျက်နှာမူထားသော ဂူတစ်ခု တွင် ကျွန်ုပ်ကို နေစေသည်။ ဂူသည် လူမနေတာ ကြာပြီဖြစ်သဖြင့် လှည်း ကျင်းကာ ရှင်းလင်းသုတ်သင်ရသည်။ သန့်ရှင်းရေးလုပ်ပြီးသောအခါ ဂူထဲမှ မထွက်စတမ်း ကျွန်ုပ်နေရသည်။ သူက ဂူပိတ်ကျင့်စဉ်ကို သင်ပြပေးသည်။ ထို့ နောက် သူက ဂူပေါက်ဝကို ပိတ်ပစ် လိုက်သည်။ အစာရေစာပေးရန်အတွက် အပေါက်ငယ်တစ်ခုသာ ချန်ထားသည်။ ကျွန်ုပ်သည် ပြင်ပလောကနှင့် အဆက် အသွယ်ပြတ်သွားတော့သည်။

ကျွန်ုပ်သည် ဆရာငိုဒမ် သင်ပြ သည့်အတိုင်း အားတက်သရော ကျင့် ကြံ အားထုတ်သည်။ ဆရာ့စကားကို တစ်သဝေမတိမ်း လိုက်နာသည်။ သို့ သော် မနောပိုင်းဆိုင်ရာ တိုးတက်ဖြစ် ထွန်းမှုကို ရသင့်သလောက် မရဘဲ ဖြစ် နေသည်။ သို့သော် ဇွဲမလျှော့စတမ်း ဆက်လက် အားထုတ်သည်။ ဆရာငိုဒမ် သည် ဂူပေါက်ဝသို့ အခါအားလျော်စွာ ရောက်လာပြီး တရားစစ်သည်။

တစ်ရက်၌ ဆရာငိုဒမ်ရောက်လာ ပြီး ကျင့်ကြံအားထုတ်ရာမှာ ထူးခြားမှု တစ်စုံတစ်ရာကြုံရခြင်း ရှိ မရှိ ဆိုသည် ကို မေးနေကျရှိသည့်အတိုင်း သူကမေး မြန်းသည်။

ကျွန်ုပ်က ထူးထူးခြားခြား တစ်ခု မှမကြုံတွေ့ရကြောင်း ဝန်ခံလိုက်သည်။ ထိုအခါ သူက နားမလည်နိုင်အောင်ဖြစ် သွားသည်။

"ဘယ်လိုဖြစ်တာလဲ။ ငါပြပေးတဲ့ နည်းက အမြဲတစေ အလုပ်ဖြစ်တယ်။ ကိစ္စပြီးမြောက်သွားတာချည်းပဲ။ မင်းကျ မှ ရှေ့မတိုးဘဲ တန့်နေတယ်၊ တစ်ခုခု ပိတ်ဆို့နေပုံရတယ်။ ပိတ်ဆို့စရာအ ကြောင်းလည်း မရှိပါဘူး၊ ဆရာမာပါက မင်းကို တခြားသူဆီ ပညာသင်ဖို့ ခွင့်ပြု ချက်မပေးရင်သာ ဒီလိုလမ်းပိတ်မျိုးကို ကြုံဖို့ အကြောင်းရှိပါတယ်။ မင်းကို သူ က ခွင့်ပြုချက်ပေးထားပါလျက် လမ်း ပိတ်ကို ကြုံနေရတယ်။ သူက မင်းကို ပညာသင်ပေးဖို့ စာတောင်ရေးပေး လိုက်သေးတယ်။ ပြီးတော့ ဆရာကြီး နာရိုပါဆီက ရလာတဲ့ ပုတီးနဲ့ ပန်းကုံး တို့ကိုလည်း ပေးလိုက်သေးတယ်။ ဒီ ထက်သေချာတာ ရှိဦးမလား၊ ဘာပဲဖြစ် ဖြစ် ဆက်ပြီး လေ့ကျင့်ကြည့်ပါ"

ကျွန်ုပ်တစ်ကိုယ်လုံး နတ်ပူးသလို တုန်သွားသည်။ အလိမ်ပေါ်တော့မှာ သေချာနေသည်။ အနေးနှင့်အမြန်ဆို သလို သူသိတော့မှာ သေချာနေသည်။ ကျွန်ုပ်သည် အမှန်အတိုင်းဖွင့်ပြောမည် ပြုပြီးမှ စိတ်ပြောင်းလိုက်သည်။ ကျွန်ုပ် အနေဖြင့် တရားကျင့်ကြံခြင်းကို ယခုမှ အမြည်းသဘောမျှသာ စားသုံးရပေ သေးသည်၊ မြည်းစမ်း၍ မဝသေးပေ။ အသားမရလည်း အရိုးကို ကိုက်နေရ သည်ကိုပင်လျှင် ကျွန်ုပ် အကျေနပ်ကြီး ကျေနပ်နေမိသည်။ ထိုမျှအထိ တရား ကို ကျွန်ုပ် တော်မွတ်နေခဲ့ပေသည်။ ထို့ ကြောင့် နောက်နောင်မှ အမှန်အတိုင်း ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ကျွန်ုပ်တောင့်တနေသော တရား ခရီး၏ပထမခြေလှမ်းများကို လှမ်းရင်း ကျေနပ်မှုနှင့် ပီတိများကို စားသုံးနေ လိုက်သည်။ ရှေ့ဆက်မရမှန်းသိသော် လည်း ကျွန်ုပ် အတတ်နိုင်ဆုံး ကြိုးစား အားထုတ်သည်။

ထိုသို့ရှိစဉ် ဆရာမာပါထံမှ စာ တစ်စောင် ရောက်လာသည်။ သူ့သား အတွက် အိမ်ကိုတည်ဆောက်ပြီးစီးသွား ပြီဖြစ်သဖြင့် အိမ်အမိုးမိုးရန်အတွက် လုပ်အားပေးအဖြစ် တပည့်တချို့ စေ လွှတ်ပေးပါရန် အကြောင်းကြားလာ၏။

ထို့အပြင် အိမ်အမိုးကို တန်းပစ် ပြီး တုပ်နှောင်ရန်အတွက် သစ်ခက်များ စုဆောင်းပေးပို့ရန်လည်း မှာကြားသည်။ အိမ်သစ်တက်ပွဲကို ကျင်းပသောအခါ ဆရာငိုဒမ် မပျက်မကွက် ကြွရောက်ဖို့ ကိုလည်း ဖိတ်ကြားသည်။ စာတွင် ကျွန်ုပ်အကြောင်းလည်း ပါသည်။ သူ့ တပည့် သိုးပါဂကို ခေါ်လာပါဟု အတိ အလင်း ညွှန်ကြားထားသည်။

ဆရာငိုဒမ်က ကျွန်ုပ်ထံလာပြီး စာ ကိုဖတ်ပြသည်။ ထို့နောက် သူက-

"မင်းက ဆရာ့ဆီက ခွင့်ပြုချက် မရဘဲ ငါ့ဆီကို ရောက်လာပုံရတယ်"

ဟု ပြောသည်။

"ဆရာ့ဆီက ခွင့်ပြုချက် မယူခဲ့ ဘူး။ ဆရာကတော်က ဆရာ့ကိုယ်စား စာရေးပေးလိုက်တာပါ။ ဆရာကြီးနာရို ပါရဲ့ပုတီးနဲ့ ပန်းကုံးတို့ကိုလည်း ဆရာ ကတော်က ပေးလိုက်တာပါ"

"ဪ- ဒါကြောင့် မင်းဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

ပဲ ကြိုးစား၊ ကြိုးစား ရှေ့ဆက်တက်လို့မရဘဲ လမ်းပိတ်နေတာကိုး။ ငါသဘောပေါက်သွားပြီ။ နည်းပေးလမ်းညွှန်ပြုဖို့ မိမိကိုယ်ကို အပ်နှံထားတဲ့ မူလဆရာရင်းဖြစ်တဲ့ ဥပဇ္ဈာယ်ဆရာဆီက ခွင့်ပြုချက်မရဘဲ တခြားဆရာတစ်ယောက်ဆီမှာ တပည့်ခံပြီး ကျင့်ကြံအားထုတ်လို့ မရဘူးဆိုတာ မင်းသိဖို့ကောင်းတယ်။ ဘာပဲဖြစ်ဖြစ် ဆရာမာပါက မင်းကိုခေါ်လာခဲ့ဖို့ ညွှန်ကြားထားတော့ မင်းကို ခေါ်သွားချင်တယ်။ သူ့ဆီကို မင်းလိုက်ချင်ရဲ့လား"

ကျွန်ုပ်အနေဖြင့် တရားခရီးကိုနှင်ရာ၌ ရှေ့ဆက်တိုး၍မရဘဲ လမ်းပိတ်ကိုကြုံနေသောကြောင့် လာမည့်ဘေးကို ပြေးတွေ့လိုက်ရန် စိတ်အားသန်မိသည်။ ထို့ကြောင့် လိုက်လိုကြောင်း ပြောလိုက်သည်။

"လိုက်ချင်ပါတယ်။ ဆရာ့ရဲ့အဖော်အဖြစ် လိုက်ပါရစေ"

"ကောင်းပြီ။ သွားရမယ့်ရက် အတိအကျသိရတဲ့အခါကျ မင်းကို ငါလာပြောမယ်"

ကျွန်ုပ်သည် ရသေ့တစ်ဦးသဖွယ် ဂူအတွင်း၌ ဆက်လက်နေထိုင်ရင်း ကျင့်ကြံအားထုတ်ကာ သွားရမည့်ရက်ကို စောင့်ဆိုင်းနေလိုက်သည်။ ကျွန်ုပ်အဖို့ သူ့ခစံနေ့ရက်များ ဖြစ်တော့သည်။

အိမ်အမိုးအတွက် သစ်ခက်များ သွားပို့ပေးသော တပည့်များ ပြန်ရောက်လာသောအခါ ဆရာမာပါက လာရမည့်ရက်ကို စကားပါးလိုက်ကြောင်း ပြန်ပြောပြကြသည်။

ဆရာငိုဒမ်သည် ဂူပေါက်ဝငယ်ကလေး၏ရှေ့သို့ ရောက်လာပြီး အိမ်တက်ပွဲ ကျင်းပမည့်နေ့ရက်ကို ပြောပြသည်။ ကျွန်ုပ်သည် ဆရာငိုဒမ်နှင့် အတန်ကြာ စကားစမြည်ပြောဆိုဖြစ်သည်။ ပွဲကို မည်သို့မည်ပုံ ကျင်းပလေ့ရှိသည်ကိုလည်း သူက ပြောပြသည်။

ကျွန်ုပ်က ဆရာမာပါထံမှ ကျွန်ုပ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောဆိုခြင်း ရှိ၊ မရှိ ဆိုသည်ကို မေးမြန်းသည်။

ဆရာငိုဒမ်က-

"ဆရာကတော်က မင်းရဲ့အခြေအနေကို မေးတယ်။ မင်း ဂူအောင်းပြီး ကျင့်ကြံအားထုတ်နေကြောင်း ပြောပြလိုက်ကြတယ်။ ဆရာကတော်က မင်းမေ့ကျန်ခဲ့တဲ့ပစ္စည်းတစ်ခုကိုလည်း သစ်ခက်သွားပို့တဲ့သူတွေနဲ့ လူကြုံပါးလိုက်တယ်"

ဆရာငိုဒမ်က ဂူပေါက်ဝငယ်ကလေးအတွင်းသို့ လက်လျှိုသွင်းပြီး ပေးသည်။ ကျွန်ုပ်သည် 'ဘာများပေးလိုက်ပါလိမ့်' ဟူသော သိချင်စိတ်ဖြင့် ယူလိုက်သည်။ ထိုအခါ အန်စာတုံးဖြစ်နေသည်ကို တွေ့ရသည်။

ဆရာငိုဒမ် ပြန်သွားသောအခါ ကျွန်ုပ်သည် ဆရာကတော် ပေးလိုက်သော အန်စာတုံးကို ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေမိသည်။ သို့လော သို့လော တွေးနေမိသည်။

ကျွန်ုပ်တွင် အန်စာတုံး မရှိပါသော်လည်း ဆရာကတော်က ကျွန်ုပ်မေ့ကျန်ခဲ့သယောင်ယောင် ပြောဆိုကာ လူကြုံပါးလိုက်၏။ အဘယ်အကြောင်းကြောင့် ဤသို့ပြုရသနည်း။

ကျွန်ုပ်သည် အန်စာတုံးကို ပစ်ချလိုက်၊ ပြန်ကောက်လိုက်၊ ပြန်ပစ်ချလိုက်ဖြင့် ကစားနေရင်း စဉ်းစား အဖြေရှာနေမိသည်။ တစ်ကြိမ်၌ အန်စာတုံးကို ခပ်နာနာ ခလောက်ပြီး မြေပေါ် လှိမ့်ချလိုက်မိသည်။ မြေနှင့်အဆောင့်တွင် အန်စာတုံး ပွဲသွားသည်။ ထိုအခါ ပွဲနေသည့်အပေါက်ကလေးမှတစ်ဆင့် အန်စာတုံးထဲတွင် တစ်ခုခုရှိနေသည်ကို မြင်ရသည်။ ကျွန်ုပ်သည် အန်စာတုံးကို ပစ်ပေါက်ကာ ခွဲချလိုက်သည်။ ထိုအခါ အထဲမှ စာရွက်အပိုင်းအစ အသေးလေး တစ်ခု ထွက်လာသည်။

စာရွက်ပေါ် ရေးထားသောစာကို ဖတ်ရှုကြည့်လိုက်သည်။

*'သား*

*မင်းရဲ့ဆရာက မင်းကို တပည့်သစ်အဖြစ် သွတ်သွင်းပေးပြီး သင်ပြပေးလိမ့်မယ်။ ဆရာငိုဒမ်နဲ့ အတူလိုက်လာခဲ့ပါ'*

ကျွန်ုပ်သည် ပျော်လွန်းသဖြင့် ကခုန်မိသည်။ သူရူးတစ်ယောက်ပမာ ဂူထဲတွင် ခုန်ပေါက်နေမိသည်အထိ ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

✪

ဆရာမာပါထံသို့ ခရီးထွက်ရမည့်နေ့တွင် ဆရာငိုဒမ်က လာခေါ်သည်။ ဆရာငိုဒမ်သည် ဆရာမာပါကို ပေးရန်အတွက် လက်ဆောင်များ စီစဉ်စေ၏။ သူ့လက်ဆောင်တို့၌ စာအုပ်များလည်း ပါသည်၊ ရတနာများလည်း ပါသည်၊ လင်ပန်းနှင့်တကွ ပန်းကန်ခွက်ယောက်များလည်း ပါသည်၊ ဆိတ်များလည်း ပါသည်၊ စာမရီများလည်း ပါသည်၊ ဆီမီး

ထွန်းရန်မအတွက် အသုံးပြုသော ထော
ပတ်ဆီများလည်း ပါသည်၊ တပည့်တို့က
အဆင်သင့်ဖြစ်အောင် ထုပ်ပိုးကြသည်။
ဆရာငိုဒမ်သည် အတူယူဆောင်သွား
မည့်တိရစ္ဆာန်များကို စစ်ဆေးကြည့်ရှု
သည်။ ထိုအခါ ဆိတ်မတစ်ကောင်သည်
ခြေခွင်နေသည်ကိုတွေ့သဖြင့် ထားရစ်
ခဲ့ခိုင်းသည်။

ဆရာငိုဒမ်က ကျွန်ုပ်ကို အဝတ်
အစားထုတ်ပေးသည်။ ထို့အပြင် ဆရာ
ကတော်ကို လက်ဆောင်ပေးရန်အတွက်
ပိုးပဝါစတစ်ထည်ထုတ်ပေး၏။ ဆရာ
ငိုဒမ်၏ဇနီးသည်က ကျွန်ုပ်ကို ဒိန်ခဲတ
အိတ် လက်ဆောင်ပေးသည်။

ဆရာငိုဒမ်သည် တပည့်တပ
များနှင့်အတူ ဆရာမာပါထံသို့ ခ
ထွက်သည်။ ဆိုက်ရောက်မည့်နေ့နံန
တွင် ကျွန်ုပ်ကို ရှေ့ပြေးအဖြစ် ကြိုလွှ
သည်။ ဆရာကတော်ကို လက်ဆော
များ ပေးပြီးလျှင် သူတို့ ခရီးပန်းနေ
သဖြင့် အပန်းပြေအောင် သောက
ဆရာကတော်ထံမှ ခေါင်ရည်တောင်း
ပြီး ပြန်လာပို့ပေးရန် စေလွှတ်သည်။

ကျွန်ုပ်သည် အပြေးတစ်ဝက်
လှမ်းများဖြင့် ခရီးကို အသော့နှင်သ
ကျွန်ုပ်သည် ဆရာမာပါ၏အိမ်အ
အောက်သို့ ရင်ခုန်ခြင်းများစွာဖြင့်
သည်။ ဆရာကတော်ကို ပိုးပဝါစနှင့်
ခဲအိတ်တို့ဖြင့် ကန်တော့၏။ ထို့နော
ဆရာငိုဒမ်တို့အတွက် ခေါင်ရည်တော
ခံသည်။ ဆရာကတော်က ပိုးပဝ
ပြန်ပေးပြီး ဆရာမာပါကို ဝင်ကန်တေ
ရန်ပြောသဖြင့် ဆရာရှိရာသို့သွား

ဆရာမာပါသည် အပေါ်ထပ်
တရားထိုင်နေသည်ကို တွေ့ရသ
ကျွန်ုပ်က ပိုးပဝါစကိုရှေ့ချပြီးကန်တေ
လိုက်သည်။ ဆရာက ကျွန်ုပ်ကို
ခိုင်းလိုက်သည်။ သို့ဖြစ်ရာ ကျွန်ုပ်
ဆရာမျက်နှာမူထားလိုက်သည့်အ
နေရာရွှေ့၍ ထိုင်ကာ ဦးချရသည်
အခါ ဆရာက ကျောခိုင်းသည်အ
ပြည့်မလှည့်ဘဲ တစ်ဝက်သာ လှည့်
သည်။ ကျွန်ုပ်က အရဲတင်းပြီးပြော
သည်။

"ကန်တော့ပါတယ် ဆရာ
က ကျွန်တော့်အပေါ် စိတ်ဆိုး
ကျွန်တော် ကန်တော့တာကို အ
မှတ်မပြုပေမယ့် ဆရာငိုဒမ် ဆ
လာနေတာ မကြာခင်ရောက်တော့
ဆိုတာကို အသိပေးပါရစေ။ ဆ
ကပ်လှူဖို့ လက်ဆောင်တွေ



www.burmeseclassic.com

www.burmeseclassic.com

လာပါတယ်။ သူ့ကို ဆရာလက်ခံမယ် တော်လား။ ပြီးတော့ သူ့အတွက် ခေါင်းရည် စွန့်ကြဖို့လည်း တောင်းခံအပ်ပါတယ်”

“သူလာတာကို ငါက အရေးလုပ်ရလား။ မဖွံ့မကာ ငါပြန်လာတော့ ငါ့မှာ ပညာတွေ ပြန်သင်ပေးရမယ်ဆိုတဲ့ တာဝန်ကို ပခုံးပေါ် ထမ်းထားရတယ်။ တာဝန်အလေးကြီးကိုထမ်းထားရတယ်။ ဒါပေမယ့် ငါ့ကို ဘယ်သူကမှ ထွက်မကြိုဘူး။ ယုတ်စွအဆုံး ငှက်တစ်ကောင် လေးကတောင် ငါ ပြန်လာတာကို သံကျူးရင့်ပြီး မကြိုခဲ့ဘူး။ မာပါဆို ကျမ်းပြုဆရာတစ်ဆူက ငိုဒမ်လာတာကို ဘာအရေးလုပ်စရာလိုသလဲ။ သူ့ ကို ခေါင်းရည်ပို့ပေးပြီး ကြိုတာမျိုးကို ကြိုက်တတ်တယ်ဆိုရင် ချက်ချင်း ပြန်တာ အသင့်တော်ဆုံးပဲ”

ကျွန်ုပ်သည် ဆရာမာပါ၏ စိတ်ကာ ဒေါသထွက်လွယ်ပုံကို လက် ခံမိသည်။ ကျွန်ုပ်သည် ဆရာ့ရှေ့မှ ထွက်လာလိုက်သည်။ ဆရာကတော် သို့ သွားသည်။ အကျိုးအကြောင်း ပြောပြသည်။

“မင်းရဲ့ဆရာကတော့ တစ်ခုခုဆို ဆိုးဖို့ပဲ သူသိတယ်။ ဆရာငိုဒမ်လို မျိုးကို မကြိုလို့ မဖြစ်ဘူး။ ခေါင်း အိုးကိုထမ်းပြီး ထွက်ကြိုကြရအောင်၊ လည်း အတူလိုက်ခဲ့မယ်”

“အမေ မလိုက်ပါနဲ့။ ကျွန်တော် သွားလိုက်ပါ့မယ်”

ဆရာကတော်က ကျွန်တော် သည်ကို လက်မခံချေ။ ကျွန်ုပ်နှင့် လိုက်လာသည်။ လမ်းခုလတ်တွင် ငိုဒမ်တို့အဖွဲ့နှင့် ဆုံသည်။ ဆရာ တော်က ဆရာငိုဒမ်ကို ခေါင်းရည် ပြီး ကြိုဆိုသည်။

အိမ်သစ်တက်ပွဲသည် စည်ကား မြိုက်သည်။ ဧည့်သည်အများအ လာကြသည်။ ပွဲမှာ အတော်က ကြီးကျယ်ခမ်းနားသောပွဲတစ်ခုအ သို့ ရောက်သွားသည်။ လူစုံသော ဆရာမာပါက ပူဇော်ပွဲကို စတင် သည်။

သူ၏ဂိုဏ်းတော်ကို ရွတ်ဖတ် ယကာ ပူဇော်သည်။ သူ၏ပညာ ပူဇော်သည်။ ထို့နောက် သူကိုယ်သူ ရာယ်ကင်းအောင် ရွတ်ဖတ် ယ်သည်။ သူ့တပည့်တို့အတွက် ရွတ်ဖတ်သရဇ္ဈာယ်သည်။ ရွတ် သရဇ္ဈာယ်ခြင်း ပြီးစီးသွားသောအ

ခါ ဆရာငိုဒမ်က ရှေ့သို့ထွက်လာပြီး လက်ဆောင်အဖြစ်ယူလာသော အထုပ်အပိုးတို့ကို တစ်ခုပြီးတစ်ခု ဆရာမာပါလက်သို့ ဆက်ကပ်သည်။

ထိုကဲ့သို့ ဆက်ကပ်ရာ၌ သူက အောက်ပါအတိုင်း ရွတ်ဆိုသည်။

“ရိုသေရပါသော ထေရ်ကြီးဝါကြီး ဆရာသခင်၊ ကျွန်ုပ်နှင့်တကွ ကျွန်ုပ်ပိုင်ဆိုင်သမျှအားလုံးကို ဆရာသခင် ပိုင်ဆိုင်ကြောင်း အထွေအထူးလုပ်၍ပြောနေရန် မလိုပါ။ ယခု ယူဆောင်လာသော လက်ဆောင်မွန်ကို ဆရာ့ထံ ရိုသေစွာ ဆက်ကပ်ပါတယ်။ ကျွန်ုပ်မပေးလိုသဖြင့် ချန်ခဲ့သည့်အရာ ဟူ၍ ခြေခွင်နေသော ဆိတ်မတစ်ကောင်သာ ရှိပါတယ်။ ယခုလို ဆက်ကပ် လှူဒါန်းသည့်အတွက် သင်၏တပည့်အား သိဒ္ဓိတင်ပေးစေလိုပါတယ်။ သင်ပေးပြီးသမျှထက် ပိုမိုနက်နဲသော ပညာရပ်တို့ကို ထပ်မံ သင်ပြပေးစေလိုပါတယ်”

ထိုအခါ ဆရာမာပါက-

“ကောင်းလေစွ။ ငါ့မှာ အင်မတန်အဖိုးတန်တဲ့ပညာရပ်တွေ ရှိတယ်။ အဲဒီပညာရပ်တွေဖြင့် ခရီးဆုံးပန်းတိုင်ကို ဒီဘဝမှာ သင်ရောက်အောင် လုပ်နိုင်မှာ သေချာတယ်။ ဒါပေမယ့် အဲဒီပညာရပ်တွေကို ခပ်ချောင်ချောင်ဖြင့် မရနိုင်ဘူး။ အင်မတန် တင်းကြပ်တဲ့ သတ်မှတ်ချက်တွေကို တိတိကျကျ လိုက်နာတဲ့သူကိုမှ သင်ပေးခွင့်ရှိတယ်။ ဒီတော့ အခုချက်ချင်း အိမ်ကိုပြန်ပါ။ ချန်ထားခဲ့တဲ့ဆိတ်မကို ပြန်ယူပါ။ ငါ့ကို လှူဒါန်းပါ။ ငါခိုင်းသလို မလုပ်ဘူးဆိုရင် ပညာရပ်တွေကို ငါ လုံးဝ သင်မပေးနိုင်ဘူး”

ဆရာငိုဒမ်သည် ချက်ချင်းဆိုသလို အိမ်သို့ပြန်သည်။ ရက်အတန်ကြာတွင် ခြေခွင်နေသဖြင့် ခရီးဝေးဝေးကို မလျှောက်နိုင်သော ဆိတ်မကို ပခုံးပေါ်ထမ်းပြီး ဆရာမာပါထံ ပြန်ရောက်လာသည်။ ဆရာမာပါက-

“ဆရာ့စကားကို မပယ်ရှားဘဲ ဆရာ့အပေါ် အစဉ် ကြည်ညိုနေတဲ့ တပည့်မျိုးကိုမှ နက်နဲတဲ့ပညာရပ်တွေကို သင်ပေးခွင့်ရှိတယ်။ ဒီဆိတ်မကို ငါ့အနေဖြင့် တန်ဖိုးထားလို့ သွားယူခိုင်းတာ မဟုတ်ဘူး။ ငါ့အပေါ်မှာ ငိုဒမ်က ဘယ်လောက်ကြည်ညိုသလဲ ဆိုတာကို စမ်းချင်လို့ သွားယူခိုင်းရခြင်း ဖြစ်ပါတယ်”

ဟု ရှင်းပြသည်။

ရက်အတန်ကြာတွင် ဆရာမာပါက ဆရာငိုဒမ်ကို နက်နဲသည့်ပညာရပ်တချို့ကို သင်ပြပေးသည်။

ထိုအချိန်တွင် အိမ်သစ်တက်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပနေဆဲရှိသည်။ နေ့စဉ် ရပ်ဝေးမှ တပည့်ဧည့်သည်တို့ရောက်လာကြသည်။ တစ်ရက်တန်သည်, နှစ်ရက်တန်သည် နေပြီးသကာလ ပြန်သွားကြသူများလည်း ရှိသည်၊ မပြန်သေးဘဲ ဆက်နေသူများလည်း ရှိသည်၊ မတွေ့ရတာကြာနေပြီဖြစ်သော ပညာသင်ဖက် ရောက်မလာသေးသဖြင့် စောင့်ဆိုင်းရင်း ဆက်နေနေကြသူများလည်း ရှိသည်။

တစ်ရက်၌ ဆရာမာပါက အများရှေ့မှောက်တွင် ဆရာငိုဒမ်ကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်ရင်း ဒေါသတကြီးပြောလိုက်သည်။

“အင်မတန် ဆိုးသွမ်းပြီး ဆရာကိုလေးစားရကောင်းမှန်းမသိတဲ့ သိုးပါဂကို မင်း ဘာလို့ တပည့်အဖြစ် သွတ်သွင်းပေးလိုက်တာလဲ။ ဘာဆင်ခြေပေးချင်သလဲ”

ဟု ငေါက်ငမ်းသည်။ ဆရာငိုဒမ်က ရှင်းပြသည်။

“ရှင်းပြခွင့်ပေးပါ။ ဆရာက သိုးပါဂနဲ့အတူ စာတစ်စောင် ရေးပေးလိုက်ရာမှာ သိုးပါဂကို တပည့်အဖြစ် သွတ်သွင်းပြီး ပညာသင်ပေးဖို့ ညွှန်ကြားထားတာကို ဖတ်ရပါတယ်။ စာမှာ ဆရာ့လက်မှတ်လည်း ပါပါတယ်။ ဆရာ့ရဲ့ တံဆိပ်တုံးလည်း ခတ်နှိပ်ထားပါတယ်။ ထို့အပြင် ဆရာကြီးနာရိုပါရဲ့ပုတီးနဲ့ပန်းကုံးကိုလည်း ဆရာက လက်ဆောင်ပါးလိုက်ပါသေးတယ်။ ဒီတော့ သိုးပါဂကို ဆရာ့အမိန့်အတိုင်း ပညာသင်ပေးပါတယ်။ ဒီအတွက် ကျွန်တော့်ကို စိတ်မဆိုးသင့်ပါဘူး”

ထိုအခါ ဆရာမာပါက ကျွန်ုပ်ဘက်သို့ ဒေါသမြားဦးလှည့်လိုက်သည်။ ကျွန်ုပ်ကို လက်ညှိုးငေါက်ငေါက်ထိုးသည်။

“မင်း. . . ဘယ်က. . . ရသလဲ”

ဆရာမာပါက လူပုံအလယ်တွင် ကျွန်ုပ်ကို အော်ကြီးဟစ်ကျယ် မေးမြန်းသည်။ လိပ်ပြာလွင့်မတတ်ဖြစ်အောင် အော်ဟစ်မေးမြန်းလိုက်ခြင်းဖြစ်ပေရာ ကျွန်ုပ်၏နှလုံးသည် တဒုတ်ဒုတ်မြည်အောင် ခုန်သည်။ ဒူးနှစ်ဖက် ပျော့ခွေသွားသည်။ ကျွန်ုပ်သည် ကတုန်ကယင်လေသံဖြင့် ဆရာကတော်ထံမှ ရရှိခဲ့ကြောင်း ဖြောင့်ချက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာမာပါသည် ထိုင်ဖုံပေါ်ထိုင်နေရာမှ ကျားတစ်ကောင် သားကောင်ကို ခုန်အုပ်သည့်နှယ် ကျွန်ုပ်ထံသို့ ဝုန်းခနဲ ရောက်လာသည်။ ထို့နောက် ရုတ်တရက် စိတ်ပြောင်းသွားသည်။ နံရံတွင် မှီထောင်ထားသော တုတ်တစ်ချောင်းကိုယူပြီး ဆရာကတော်ရှိရာသို့ ခြေသံပြင်းပြင်းဖြင့် သွားသည်။ သူ၏ခြေလှမ်းတိုင်းသည် ဒေါသမာန်ဟုန်အပြည့်ပါသည်။ ဆရာမာပါသည် လက်ထဲတွင် တစ်ကျပ်လုံးခန့် အလုံးတုတ်သောတုတ်ကို ကျစ်ကျစ်ကိုင်ရင်း ဇနီးသည်ရှိရာသို့ ဒေါသအပြည့်အလျှံဖြင့် သွားသည်။ ဇနီးသည်ကို ရိုက်တော့နှက်တော့မည်မှာ ထင်ရှားနေသည်။

ဆရာကတော်သည် လင်သား၏ အထာကို နောကျေနေသူ ဖြစ်ပေရာ ဆရာငိုဒမ်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ မေးမြန်းလိုက်ကတည်းက တံခါးဝ အနီးသို့ နေရာပြောင်းရွှေ့ကာ ထိုင်ထားနှင့်သည်။ ဆရာမာပါ တုတ်ကိုင်လိုက်သည်ကို တွေ့သောအခါ အပြင်သို့ လှစ်ခနဲ လစ်ထွက်သွားသည်။ တရားကျင့်ကြံအားထုတ်ရန် ထားရှိသည့် အခန်းငယ်တစ်ခုအတွင်းသို့ဝင်ပြီး အထဲမှကန့်လန့်ထိုးကာ တံခါးကို ဖွင့်မရအောင်ပြုထားလိုက်သည်။

တံခါးကို ဖွင့်မပေးမှာ သေချာနေပြီဖြစ်သဖြင့် ဆရာမာပါသည် ထိုင်ဖုံတွင် ပြန်လာထိုင်သည်။ ထို့နောက် သူက-

"ငိုဒမ်၊ ငါခိုင်းတာမဟုတ်ဘဲ လုပ်ထားမိတဲ့အတွက် မင်းမှာ တာဝန်မကင်းဘူး။ အခုချက်ချင်း အိမ်ပြန်ပြီး မင်းဆီမှာ ရောက်နေတဲ့ ဆရာကြီးနာရိုပါရဲ့ ပုတီးနဲ့ ပန်းကုံးကို ငါ့ဆီ ပြန်ယူလာပေးစမ်း"

ဟု ပြောလိုက်သည်။

ဆရာမာပါ၏ လေသံမှာ အေးစက်မာထန်နေသည်။ ဆရာမာပါသည် အဝတ်စဖြင့် ခေါင်းကို ခြုံချလိုက်သည်။ ထို့နောက် ခေါင်းကို လုံအောင် ခြုံထားရင်း ငြိမ်သက်စွာ ထိုင်နေသည်။ သူနှင့် အတူရှိနေကြသူများသည် အသံပြုရန် မဆိုထားနှင့်၊ တုတ်တုတ်မျှပင်လျှင် မလှုပ်ဝံ့ကြချေ။ နှုတ်ဆိတ်ကာ ကျောက်ရုပ်များသဖွယ် ထိုင်နေကြသည်။

ငိုဒမ်သည် ဆရာမာပါကို သုံးကြိမ်ဦးချသည်။ အသံလုံလုံဖြင့် ထိုင်ရာမှထလိုက်သည်။ ထို့နောက် သူ့အိမ်သို့ ပြန်သည်။ ကျွန်ုပ်သည် ဆရာမာပါထံတွင် ဆက်နေရန် မသင့်တော်ပြီဖြစ်သဖြင့် ဆရာမာပါကို ဦးချလိုက်သည်။ အသံလုံလုံဖြင့် ထိုင်ရာမှထပြီး ဆရာငိုဒမ်နောက်သို့ အမီလိုက်သည်။

အိမ်ခြံဝင်းအပြင်သို့ အရောက်တွင် ဆရာငိုဒမ်ကို မီသည်။ ကျွန်ုပ်ကို တစ်ပါတည်းခေါ်သွားဖို့ပြောရာ ဆရာငိုဒမ်က ခေါင်းခါပြသည်။

"ဆရာမာပါဆီက ခွင့်ပြုချက်မပါဘဲ မင်းကို ငါခေါ်သွားလို့ မဖြစ်ဘူး။ အခုလို အဖြစ်ဆိုးမျိုး နောက်တစ်ကြိမ် ထပ်အဖြစ်မခံနိုင်ဘူး။ ဒီတော့ ဆရာမာပါဆီမှာပဲ သည်းခံပြီး မင်းဆက်နေပါ။ ဆရာမာပါက မင်းကို သူထားချင်တဲ့ပုံစံဖြင့် ထားပိုင်ခွင့်ရှိတယ်။ ဒီအတွက် စိတ်ထဲ မကွက်ပါနဲ့။ ငါတတ်နိုင်တဲ့ဘက်က မင်းကို ကူညီပေးပါ့မယ်"

"နေဆိုလည်း နေပါ့မယ်။ ကျွန်တော့်အဖြစ်ကိုက ဆိုးပါတယ်။ ပြုခဲ့မိတဲ့ အကုသိုလ်တွေကလည်း ထူပိန်းနေတယ်။ ဒီလိုဖြစ်နေတဲ့ကြားထဲက သင်နဲ့ ဆရာကတော်တို့ ကျွန်တော့်ကြောင့် အပြစ်ဖြစ်ကြရပြီ။ ဆရာမာပါက ဆိုးသွမ်းတဲ့တပည့်လို့ ပြောလိုက်တာ တကယ်မှန်ပါတယ်။ ဒီတစ်သက် တရားထူးရစေမယ့် နည်းလမ်းကို ရဖို့ လမ်းမမြင်တော့ဘူး။ ဆက်ရှင်နေလို့လည်း အပိုပဲ ဖြစ်တော့မယ်။ ဆက်ရှင်နေရင် တတ်ထားတဲ့ အောက်လမ်းလောကီပညာဖြင့် အကုသိုလ်တွေ ထပ်ဖန်တလဲလဲ ပြုမိဖို့ပဲရှိတော့တယ်။ ဒီတော့ ဘဝကို အဆုံးသတ်လိုက်တာ အကောင်းဆုံးနည်းလမ်းဖြစ်လိမ့်မယ်"

ကျွန်ုပ်သည် ဝမ်းပန်းတနည်းဖြစ်ရင်း မျက်ရည်များ အလိုလိုစီးကျလာသည်။ ဆရာငိုဒမ်ရှေ့မှ ချာခနဲ လှည့်ထွက်လိုက်သည်။

ကျွန်ုပ်အနေဖြင့် ရွေးစရာလမ်းမရှိတော့ပေ။ မိမိကိုယ်မိမိ အဆုံးစီရင်ဖို့သာ ရှိပေတော့သည်။

ဆရာငိုဒမ်က ကျွန်ုပ်အတွက် လွန်စွာ စိုးရိမ်သွားသည်။ ကျွန်ုပ်ကို လူရှင်းသည့်နေရာသို့ ခေါ်သွားသည်။ နှစ်ကိုယ်ကြားစကားပြောသည်။

"လူတကာရဲ့နားမှာ သာယာတဲ့အသံကို ပြုပေးနိုင်လို့ နားချမ်းသာလို့ အမိပွာယ်ရတဲ့အမည်ဖြစ်တဲ့ သိုးပါဂလို့ အမည်တွင်တဲ့သူအနေဖြင့် မိမိဟာ နံ့ချာတဲ့သူလို့ မထင်ထိုက်ဘူး။ အသံပါရမီထူးအပြင် အခြားပါရမီတွေလည်း မင်းမှာ ရှိနေတယ်။ ဘာမှဖြစ်မလာသေးလို့ ဘာမှဖြစ်မလာတော့ဘူးလို့ ပုံသေကားကျ မယူဆပါနဲ့။ မျှော်လင့်ချက်ထားပါ။ အဆုံးစီရင်ဖို့ ကြံနေမိတာကို ရပ်လိုက်စမ်းပါ။ အားတင်းထားစမ်းပါ"

ဟု ပြောသည်။ ထို့နောက် သူက စကားဆက်သည်။

"အဆုံးစီရင်တာ မကောင်းဘူး။ အလုံးစုံကိုတော့ ငါမသိသေးပေမယ့် ငါသိသလောက် မင်းကိုရှင်းပြမယ်။ ငါသိသမျှပြောပြရင် မင်းအနေဖြင့် နားလည်ချင်မှ နားလည်မယ်။ ဒီတော့ မင်းနားလည်နိုင်တဲ့နည်းလမ်းဖြင့် ငါပြောပြမယ်။ သေသေချာချာနားထောင်ပါ။ သူတစ်ပါးအသက်ကိုသတ်ဖြတ်တာဟာ အပြစ်ကြီးတယ်လို့ မင်း နှစ်နှစ်ကာကာ ယုံကြည်တယ် မဟုတ်လား။ ဒီလို ယုံကြည်လို့သည်း မင်းလက်ချက်ကြောင့် ငှက်တွေ သေကျေကုန်ပြီလို့ ယူကျုံးမရ မင်းဖြစ်ခဲ့ဖူးတယ်။ အဆုံးစီရင်တာဟာ သူတစ်ပါးအသက်ကို သတ်တာမဟုတ်ဘူးလို့ ကတ်ငြင်းနိုင်ပေမယ့် ကိုယ့်ကိုယ်ကိုယ်သတ်တာ ဖြစ်နေတယ်။ သူတစ်ပါးကိုပဲသတ်သတ်၊ ကိုယ့်ကိုယ်ကိုယ်ပဲ သတ်သတ် အသက်သတ်တဲ့အတွက် အပြစ်ဖြစ်ရတာချင်းက အတူတူပဲ။ အဆုံးစီရင်လို့သင့်တဲ့အပြစ်ကပိုပြင်းထန်တယ်၊ ပိုကြီးမားတယ်၊ အဆများစွာပိုတယ်။ ဒီတော့ အဆုံးစီရင်ဖို့အကြံကို ခေါင်းထဲက အမြန်ဆုံး ထုတ်ပစ်လိုက်စမ်း"

ဆရာငိုဒမ်သည် ကျွန်ုပ်၏ပခုံးကို လက်ဖြင့် ဆုပ်ကိုင်ထားရင်း ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်ကာ ပြောသည်။ သူ့မျက်လုံးတို့၌ မျက်ရည်စတွေ စွတ်စိုနေသည်။

"မလွန်မှားမိပါစေနဲ့။ မဟာ... ဆရာလေးအနေဖြင့် မသိနားမလည် သေးလို့ ကိုယ့်အသက်ကို ကိုယ်သတ်တာ အပြစ်မရှိဘူးလို့ထင်နေရင် အ... ကြီးမားလိမ့်မယ်။ သူတစ်ပါးအသက်... သတ်တာထက် ပိုဆိုးတယ်ဆိုတာ ... ဘောပေါက်စေချင်ပါတယ်"

ကျွန်ုပ်သည် အသံမထွက်ဘဲ ... ငိုနေမိသည်။ ဆရာငိုဒမ်က စကား... ကရားရေလွှတ် ပြောပြနေသည်။

"မင်း သဘောပေါက်အော... နောက်တစ်မျိုး ပြောကြည့်မယ်။ မင်း... ရုပ်ခန္ဓာအပြင် စွမ်းအင်တို့ဖြင့်သာ ... ပြီးတဲ့ ခန္ဓာအပွားတွေ ရှိနေသေးတ... ခပ်လွယ်လွယ်ပြောရရင် ကိုယ်ပွား... ပြောရမယ်။ မင်းရဲ့ကိုယ်ပွားကို မ... အောင် လုပ်ရမယ်။ မင်းသိတဲ့...



www.burmeseclassic.com

www.burmeseclassic.com

မင်းကိုယ်မင်းသတ်တာဟာ မင်းရဲ့ ကိုယ်ပွားကိုပါ သေအောင်ပြုလိုက်တာ ပဲ့လို့ မင်းသဘောပေါက်သွားလိမ့်မယ်။ သမာဓိအား အင်မတန်ကောင်းလာတဲ့ အခါ မင်းရဲ့ကိုယ်ပွားတွေကို အပြင်ထုတ် လို့ ရလာလိမ့်မယ်။ ဒီလို ထုတ်ရာမှာ သာမန်မျှဆိုရင် ပုံပျက်ပန်းပျက်ဖြစ်ပြီး ကိုးရိုးကားရားဖြစ်နေတဲ့ ကိုယ်ပွားတွေ ထွက်ပေါ်လာတယ်။ ထူးထူးချွန်ချွန်ဖြစ် တဲ့သူဆိုရင် ကိုယ့်ရဲ့ကိုယ်ပွားကို သာမန် မျက်စိဖြင့် မြင်တဲ့အထိ ပြလို့ရတယ်။ လူရုပ်ခန္ဓာအတိုင်း ချွတ်စွပ်တူအောင် ထုတ်ပြနိုင်တယ်။ ဒီအခါမှာ နှစ်ကိုယ်ခွဲ နိုင်တယ်လို့ ပြောကြတယ်။ တကယ် တော့ နှစ်ကိုယ်ခွဲလိုက်တာ မဟုတ်ပါ ဘူး ရှိနေပြီးသား စွမ်းအင်ကိုယ်ပွားကို မြင်သာအောင် အပြင်မှာ ထုတ်ပြ လိုက်တာပါ။ ဒီလို ကိုယ်ပွားတွေ ရှိနေ တယ်ဆိုတာ တစ်နေ့ကျရင် မင်းသိလာ မယ်"

ကျွန်ုပ်အနေဖြင့် ကိုယ့်ကိုယ်ကိုယ် သုံးစီရင်ရန်ကိစ္စကို အပြည့်အဝမရုပ် သိမ်းသေးသော်လည်း လောလောဆယ် ဆိုင်းငံ့ထားရန် ဆုံးဖြတ်ချက်ချမိ၏။

ဆရာမာပါသည် နှစ်ရက်၊ သုံး ရက်ကြာသည်အထိ ဒေါသတကြီးဖြစ် နေခဲ့ရာမှ ဒေါသတို့ ပြေပျောက်စပြုလာ သည်။ တပည့်တို့သည် ဆရာမာပါ၏ အမူအကဲကို ကြည့်နေကြရပေရာ ဆရာ ရာသီဥတုကြည်လင်လာပြီ' ဟု မှတ်ချက်ချကြကုန်သည်။

ထိုသို့ ရာသီဥတု ကြည်လင်လာ ပြီးသောအခါ ဆရာမာပါသည် ဇနီး သည်ကို ရှေ့မှောက်သို့လာရန် ခေါ်ခိုင်း သည်။ အခေါ်လွှတ်သည့်တပည့် ထွက် သွားသောအခါ သူက-

"ဒိုဒမ် ပြန်ရောက်ပြီလား။ ခေါ် ပေးဦး၊ တခြားတပည့်တွေလည်း အ မြန်လာကြဖို့ ခေါ်ကြစမ်းပါဦး"

ထိုအခါ တပည့်တစ်ဦးက အရဲ စွန့်ပြီး အကျိုးအကြောင်းပြောပြသည်။

"ဒိုဒမ် အိမ်မပြန်ရသေးပါဘူး။ မဟာမော်ဆရာရဲ့ စိတ်ဓာတ်ရေးရာအ ကျိုးအနေက စိုးရိမ်စရာအတော်ကောင်း လို့ ဖျောင်းဖျနေပါတယ်။ စိတ်မချရ တဲ့ အခြေအနေကို စောင့်ကြည့်နေပါ တယ်"

ဆရာမာပါက အကြောင်းစုံကို မေးမြန်းခိုင်းသည်။ တပည့်က သူသိသမျှ အကုန်မကျန် ပြောပြသည်။ ဆရာမာပါ သည် နားထောင်နေရင်း မျက်ရည်စို့လာ သည်။ ထို့နောက် တစ်ကိုယ်တည်း ရေ ရွတ်သည်။

"တရားစစ်ကို ရထိုက်တဲ့ တပည့် ကလေးပါလား။ ငါဖြစ်စေချင်တဲ့အတိုင်း သူ ဖြစ်စပြုလာပြီ"

ထို့နောက် ဆရာမာပါက တပည့် အားလုံး သူ့ဆီလာကြရန် ခေါ်လိုက်၏။ တပည့်တစ်ဦးက ထိုင်ရာမှ ခပ်သွက် သွက်ထပြီး ဆရာဒိုဒမ်ကို သွားခေါ်၏။ ဆရာမာပါတွင် ဒေါသတို့ အငွေ့ပြန် ကွယ်ပျောက်နေပြီ ဖြစ်ကြောင်းလည်း ပြောပြသည်။

နောက်တပည့်တစ်ဦးက ကျွန်ုပ် ကို လာခေါ်သည်။ ဆရာမာပါသည် ကျွန်ုပ်အကြောင်းကို ကြားသိသောအ ခါ မျက်ရည်စို့ကြောင်းလည်း သူကပြော ပြသည်။ ကျွန်ုပ်က မဖြစ်နိုင်ကြောင်းပြန် ပြောလိုက်သည်။ သူလာခေါ်သည့် နောက်သို့ ကျွန်ုပ် မလိုက်မှာစိုးသဖြင့် ညာခေါ်သည်ဟုသာ ထင်မြင်မိသည်။ ဆရာမာပါသည် အခြား တပည့်တို့ကို မျက်နှာသာပေးသော်လည်း ကျွန်ုပ်ကို ပေးရိုးထုံးစံမရှိ။ ကျွန်ုပ်အတွက် ဘီလူး ဆိုင်းသာ တီးလေ့ရှိသည်။

"ဆရာက ကျွန်ုပ်ကို မလိုလားပါ ဘူး။ လိုလိုလားလားရှိတာ တစ်ခါမှ မ ကြုံဖူးဘူး။ အခုခေါ်တာ ဆူချင်လို့ဖြစ် ချင်ဖြစ်မယ်၊ ရိုက်ချင်လို့ဖြစ်ချင်ဖြစ်မယ်။ အကောင်းခေါ်တာတော့ ဟုတ်ပုံမရ ဘူး"

ကျွန်ုပ်သည် ခေါ်သည့်နောက်သို့ မလိုက်ဘဲ ရန်ရှောင်ကာနေလိုက်သည်။ ဆရာဒိုဒမ်က သေချာအောင် ဆရာမာ ပါကို မေးမြန်းပေးသည်။ ဆရာမာပါအ နေဖြင့် သိုးပါဂအပေါ် ခွင့်လွှတ်ခြင်းပြု မပြု မေးမြန်းပေးသည်။ ထို့အပြင် ခွင့် မလွှတ်ပါက သိုးပါဂသည် သေချင်စိတ် ပေါက်နေပြီဖြစ်သဖြင့် လုပ်ရာချင်ရာကို လုပ်ပစ်တော့မည့်သဘောရှိနေကြောင်း ကိုလည်း ပြောပြလိုက်သည်။

"သူပြောသလို ငါက သူ့အပေါ် ဆိုးခဲ့တယ်ဆိုတာ အရင်တုန်းက မှန်ပါ တယ်၊ ဒီနေ့အဖို့တော့ မမှန်တော့ဘူး။ ဒီနေ့အဖို့ မဟာမော်ဆရာဟာ ငါ့အဖို့ အရေးအကြီးဆုံးဧည့်သည်ပဲ။ အခု သူ က အရင်တုန်းက သိုးပါဂ မဟုတ်တော့ ဘူး၊ သူ ပြောင်းလဲသွားပြီ။ ပညာမရတဲ့ အတွက် သတ်သေဖို့လုပ်တာဟာ ပညာ ကို မိမိအသက်ထက် ပိုပြီးတန်ဖိုးထား သူဖြစ်နေပြီဆိုတာကို ပြသနေတယ်"

ထိုစဉ် ဆရာကတော်ရောက်လာ ရာ ဆရာမာပါက ကျွန်ုပ်ကို ချော့မော့ ၍ အရခေါ်ခဲ့ရန် စေလွှတ်သည်။

ဆရာကတော်က အားရဝမ်းသာ ဖြစ်ရင်း ကျွန်ုပ်ထံသို့ ရောက်လာသည်။

"သား. . . မဟာမော်ဆရာ၊ သင် မျှော်လင့်စောင့်စားနေတဲ့ဆန္ဒ ပြည့်ပြီ။ ဒီနေ့ဟာ သားအတွက် နေ့သစ်ရောက် မယ့်နေ့ပဲ။ ဆရာက သင့်ကို မျက်နှာသာ ပေးဖို့ အခေါ်လွှတ်လိုက်တယ်။ မင်းဟာ သူ့ရဲ့ အရေးအကြီးဆုံးဧည့်သည်လို့ သူ က ပြောနေတာ အမေကိုယ်တိုင်ကြား တယ်။ သူ စိတ်ပြောင်းသွားပြီ၊ လုံးဝ ပြောင်းသွားပြီ။ အမေနဲ့အတူ သူ့ဆီကို သွားကြရအောင်"

ကျွန်ုပ်သည် မယုံတစ်ဝက်၊ ယုံ တစ်ဝက်ဖြင့် လိုက်သွားဖြစ်သည်။ ဆရာ့ ရှေ့မှောက်တွင် ဝင်ထိုင်လိုက်ပါသည်။ ဆရာမာပါက မိန့်ခွန်းခြွေသည်။

"ငါ အသေအချာ စဉ်းစားကြည့် တော့ ဘယ်သူ့ကိုမှ အပြစ်မတင်သင့် ဘူးလို့ အဖြေရတယ်။ မဟာမော်ဆရာ မှာ အပြစ်တွေများနေလို့ ချေးဖြင့်ပေး ဆပ်ခိုင်းသည့်အနေဖြင့် အိမ်ကို တစ် ယောက်တည်း ဆောက်ခိုင်းခဲ့တယ်။ သူ့ခမျာ အပန်းတကြီး ဆောက်ခဲ့ရရှာ တယ်။တကယ်လို့များ ငါ့အကျိုးအတွက် သက်သက်သာ ရည်ရွယ်ပြီး ဆောက် ခိုင်းချင်ရင် သူ့ကို အခါးပေါ် သကာဖုံး ပြီး အချိုသတ်ကာ ငါခိုင်းလို့ရတယ်။ အဲဒီလိုခိုင်းရင် လူကသာ ပင်ပန်းလို့ ပျော့ခွေသွားမယ်၊ စိတ်က တောင့်ခံနေ မယ်။ ယခုလို ကျိုးကျသွားမှာ မဟုတ် ဘူး။ သူ့ကို ကရုဏာရှေ့ထားပြီး ဒေါသ တကြီး ပြောဆိုရတာဟာ တမင်သက် သက် ပြောရတာပါ။ သူ့အတွက် ဒေါသ ကြီးပြနေရတာပါ။ ဒီတော့ ငါ့ကိုအပြစ် မတင်သင့်ပါဘူး"

ဆရာမာပါက သူ့ရှေ့တွင်ထိုင်နေ သော ဇနီးသည်ကို မေးတစ်ချက်ငေါ့ပြ လိုက်သည်။ ပြီးမှ စကားကိုဆက်သည်။

"ငါ့ဇနီးမှာလည်း အပြစ်မရှိပါဘူး။ သိုးပါဂကိုမြင်တော့ သူ့မှာ ကိန်းအောင်း နေတဲ့ မိခင်စိတ်တွေ နိုးကြားလာတယ်။ ရေတံခွန်မှာ ရေတွေကျသလို မိခင် မေတ္တာဓာတ်တွေ တဝေါဝေါ စီးကျလာ တယ်။ ငါက သိုးပါဂအပေါ် ဘီလူးကြမ်း လုပ်ပြလေ၊ သူ့ဆီက မိခင်မေတ္တာဓာတ် တွေ ပိုစီးထွက်လာလေ ဖြစ်နေခဲ့တယ်။ ဒီတော့ နောက်ဆုံးမှာ ငါက ရေးလိုက် သလိုမျိုး ရေးထားတဲ့ စာအတုကို သူ လုပ်မိတဲ့အထိ ဖြစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆရာမာပါက စကားကို ရပ်လိုက်သည်။ ကျွန်ုပ်ကို လက်ညှိုးတစ်ချက်ထိုးပြပြီးမှ စကားကိုဆက်သည်။

"မဟာမေ့ာ်ဆရာလေးက တစ်နည်းမရလို့ နောက်တစ်နည်းဖြင့်ကြံရင်း ယခုလို အမှားပြုမိတဲ့အထိ ဖြစ်သွားပေမယ့် သူ့ကို အပြစ်တင်လို့မဖြစ်ဘူး။ သူလိုချင်တဲ့တရားထူးကိုရဖို့အတွက် နည်းကုန်လမ်းကုန်သုံးပြီး ကြိုးစားနေတာဖြစ်လို့ သူ့ကို အပြစ်တင်မယ့်အစား ချီးကျူးဖို့ပဲ ရှိပါတယ်။ နမူနာယူကြဖို့ကောင်းပါတယ်"

ဆရာမာပါက စကားကို ရပ်လိုက်ပြန်သည်။ ဆရာငိုဒမ်ကို လက်ညှိုးထိုးပြလိုက်သည်။ ပြီးမှ သူက စကားကို ဆက်ပြောသည်။

"ငိုဒမ်ကိုလည်း အပြစ်တင်လို့မရဘူး။ သူက စာကို အစစ်လို့ ယူဆတာကြောင့် ယခုလို သိုးပါဂကို တပည့်အဖြစ် သွတ်သွင်းပြီး နည်းပေးလမ်းပြလုပ်ခဲ့ခြင်း ဖြစ်နေတယ်"

ဆရာမာပါက ပြောလက်စစကားကို ရပ်လိုက်ပြန်သည်။ အခန်းထဲတွင် အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်မှုက ကြီးစိုးသွားသည်။ ဆရာမာပါက ခဏကြာ နှုတ်ဆိတ်နေပြီးမှ စကားကို ဆက်ပြန်သည်။

"ငါ့မှာ ဆိုးကွက်တစ်ခုရှိတယ်။ အဲဒါကတော့ ဒေါသပေါက်ကွဲလွယ်တဲ့သူတစ်ဦး ဖြစ်နေတဲ့အချက်ပါ။ ဒါပေမယ့် ငါဒေါသပေါက်ကွဲပြီး အော်ဟစ်နေတာဟာ သာမန်ဒေါသ မဟုတ်ပါဘူး၊ ကရုဏာဒေါသောဖြင့် ပြောဆိုနေခြင်းသာဖြစ်တယ် ဆိုတာ တပည့်တို့ သဘောပေါက်စေချင်တယ်။ နောင်တရရာရကြောင်း ဖြစ်ပေါ်စေဖို့ လိပ်ပြာလွင့်အောင် အော်ပြီး မှားနေတာကို သတိမပြုမိရာက ဂရုတစိုက်ဖြစ်သွားအောင် လုပ်ပေးတာပါ။ ငါအော်ဟစ်ဝေါက်ငမ်းလို့ ငါ့အပေါ် အကြည်ညို မပျက်ကြပါနဲ့။ ငါက ဒေါသနောက်ကို ကောက်ကောက်ပါပြီး အော်ဟစ်ပြောဆိုတာ မဟုတ်ဘူး၊ ရန့်ရင်းကြမ်းတမ်းနေတာ မဟုတ်ဘူး။ တမင် အော်ဟစ်နေခြင်းသာဖြစ်တယ် ဆိုတာ တပည့်တို့ သဘောပေါက်စေချင်တယ်။ သိုးပါဂကို မျက်နှာသာမပေးဘဲ အော်ဟစ်နေခဲ့တာဟာ သူ့စိတ်ဓာတ်က ကြွနေလို့ မြုပ်ဆင်းသွားအောင် အကြိမ် (၉) ခါလုပ်ပေးလိုက်မှ သူဟာ စင်ကြယ်သွားမှာမို့ အော်ဟစ်ပြောဆိုနေခဲ့တာပါ။ သူ့စိတ်ကို လှုပ်ခါပြီး အညစ်တွေကို ထုတ်ပစ်ပေးနေတာပါ။ အခု သူက (၈) ကြိမ် မြုပ်ဆင်းပြီးသွားပါပြီ။ သူ့ကို (၈) ကြိမ် တိတိ နှစ်ဆေးပြီးပါပြီ။ ဒီတော့ သူ့မှာ အညစ်နည်းနည်းပဲ ကျန်ပါတော့တယ်။ အခု သူ့ကို တပည့်အဖြစ် သွတ်သွင်းပေးပြီး ရသေ့အဖြစ် ခံယူကာ တရားခရီးကို လျှောက်လှမ်းခိုင်းပါတော့မယ်"

ကျွန်ုပ်သည် မိမိနားကို မိမိမယုံနိုင်အောင် ဖြစ်သွားသည်။ အိပ်မက်လော၊ တကယ်လော ဇဝေဇဝါဖြစ်သွားသည်။ ပျော်ရွှင်မှုက ရင်ထဲလှိုက်တက်လာသည်။ မျက်လုံးတို့တွင် မျက်ရည်တို့ စီးကျလာသည်။ ကျွန်ုပ်သည် ဆရာမာပါကို ဦးချကန်တော့လိုက်သည်။

ထို့နောက် တပည့်အားလုံးသည် ပြုံးပြုံးရွှင်ရွှင်ဖြင့် ဆရာကတော်ဖုတ်ပေးထားသော မုန့်ကြီးကို တစ်ယောက်တစ်ဖဲ့ယူစားကြသည်။ ခေါင်ရည်ကိုသောက်ကြသည်။

ညရောက်သောအခါ ဘုရားဆောင်ရှေ့တွင် ဒူးတုပ်၍ထိုင်ရသည်။ ကျွန်ုပ်ကို ခေါင်းတုံးရိတ်ပေးသည်။ ထို့နောက် ရသေ့အသွင်ကို ဝတ်ဆင်ရသည်။ တရားထူးကို ရအောင်ရှာမည်ဟု သစ္စာပြုရသည်။

လူဦးခေါင်းခွံကို ခွက်အဖြစ်အသုံးပြုပြီး သစ္စာရေကို သောက်ရသည်။ လူဦးခေါင်းခွံကို ခွက်အဖြစ်သုံးသည်မှာ သေခြင်းတရားကို သတိရစေရန် ရည်ရွယ်သည်။ သေခြင်းတရားသည် မလွဲမသွေ ရောက်ရှိလာမည်။ မသေခင် တရားကိုမရသေးလျှင် ရအောင်ရှာထားဟု သတိပေးလိုရင်း ဖြစ်သည်။ လူ ဆိုသည်မှာ သေမျိုးချည်းဖြစ်သည်ဟုသတိပေးကာ အချိန်ရှိခိုက် လုံ့လစိုက်ဖို့ တိုက်တွန်းလိုရင်း ဖြစ်သည်။

ကျွန်ုပ်သည် မျက်စိကို မှိတ်ထားရင်း ရတနာသုံးသွယ်ကိုအာရုံပြု၍သစ္စာဆိုပြီး သစ္စာရေကို သောက်ရာ၌ ဆီမီးခွက်အလင်းရောင်အောက်တွင် ခွက်ထဲမှ သက်တံအဆင်းတစ်ခု ပေါ်ထွက်နေသည်ကို ဘေးတွင်ရှိနေသူတို့ တွေ့လိုက်ကြသည်။ ကောင်းသောနိမိတ်ဖြစ်သဖြင့် အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

ထို့နောက် ဥပဇ္ဈာယ်ဆရာ ဖြစ်သည့် ဆရာမာပါထံ သစ္စာခံရသည်။ ဆရာက ခွက်ထဲရှိ သစ္စာရေကို တစ်ဝက် အရင်သောက်သည်။ ကျန်သည့် တစ်ဝက်ကို ကျွန်ုပ်အား သောက်စေသည်။ နောက်တစ်နေ့မှစ၍ ပညာစသင် ပေးသည်။ တရားထိုင်ပုံထိုင်နည်းအချို့ ကိုလည်း သင်ပေးသည်။ လူကိုယ်ခန္ဓာ ၏သဘောသဘာဝတို့ကိုလည်း ပုံကြမ်း များ ဆွဲပြပြီး ရှင်းပြသည်။ ရက်အတန် ကြာအောင် စာတွေ့ကို သင်ပြီးသော အခါ ကျွန်ုပ်ကို လက်တွေ့လေ့ကျင့်ရန် ခွင့်ပြုလိုက်သည်။ ကျွန်ုပ်၏ငယ်ထိပ်ကို သူ၏လက်ဝါးဖြင့် အုပ်ကာထားရင်း သူက-

"ငါ့သား၊ မင်းကို စတွေ့သည့်နေ့ ကတည်းက မင်းဟာ တကယ်ရအောင် ရှာမယ့်သူ ဆိုတာ ငါသိလိုက်တယ်"

ဟု ပြောလိုက်သည်။

ထို့နောက် သူ့အိပ်မက်မြင်မက်ပုံ ကို ပြောပြသည်။ သူ့ဇနီးကလည်း အိပ် မက်မြင်မက်ခဲ့ပုံကိုပြောပြသည်။ ကျွန်ုပ် ရောက်လာမည့်နေ့မတိုင်ခင် ညဦး နှစ် ယောက်စလုံး အိပ်မက်မြင်မက်ခဲ့ကြခြင်း ဖြစ်ကြောင်းကိုလည်း ပြောပြသည်။

"ဒီလိုအိပ်မက်တွေရထားလို့ မင်း လာမယ့်လမ်းကိုထွက်ပြီး ကြိုနေခဲ့တယ်။ လယ်ကို စတီထွန်ပြီး မင်းရောက်အလာ ကို စောင့်နေခဲ့တယ်။ မင်းကို ခေါ်ရည် တိုက်တော့ မင်းက ခွက်ထဲမှာ ထည့်ပေး သမျှ ကုန်တဲ့အထိ သောက်ပစ်လိုက် တယ်။ လယ်ထွန်ပေးပါလို့ ပြောတော့ လည်း မဆိုင်းမတွ ထွန်ပေးတယ်။ ဒါ တွေဟာ တပည့်ကောင်းတစ်ယောက် ဖြစ်လာမယ့်သူလို့ ညွှန်ပြနေတဲ့ လက္ခ ဏာတွေ ဖြစ်ပါတယ်။ ငါတိုက်သမျှ သောက်လိုက်တာဟာ ငါပေးသမျှ မင်း ယူမယ်ဆိုတဲ့သဘောကို ဆောင်တယ်။ လယ်ထွန်ပြတာဟာ လက်ကြောမတင်း တဲ့သူ မဟုတ်ဘူး၊ ဖွဲ့ကောင်းတဲ့သူလို့ ညွှန်ပြနေတဲ့လက္ခဏာ ဖြစ်ပါတယ်။ ပြီး တော့ မင်းက ကြေးအိုးကို လာပေး တယ်။ လက်ကိုင်ကွင်း လေးခု ပါနေ အတွက် စတုသဘာဝကိုပြနေတယ်၊ ငါ တို့ရဲ့ ဂန္ဓာရီခရီးမှာ စတုသဘာဝနိမိတ် က အလွန်အရေးကြီးတယ်"

ကျွန်ုပ်သည် ဆရာမာပါ၏ အ တွင်းသဘောကို ကွက်ကွက်ကွင်းကွင်း သိခွင့်ရသွားသည်။ ဆရာမာပါအစစ် ကျွန်ုပ် တွေ့သွားသည်။ ဤသို့ဖြင့် ပျော် ရွှင်စရာနေ့ရက်များ စတင်ခဲ့လေတော့ သည်။ ကျွန်ုပ်၏ ဂန္ဓာရီခရီး စတင်ရာ ကာလလည်း ဖြစ်ပေတော့သည်။

(ဆက်

အောင်



www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်လိပ်ပြာ အယူအစွဲ

ရန်နိုင်

လူ့လောကမှ ထွက်ခွာသွားခြင်းကို အနိစ္စရောက်သည်၊ ကွယ်လွန်သည်၊ သေဆုံးသည်၊ အသက်ထွက်သည် စသည်ဖြင့် မြန်မာစကားဝေါဟာရ သုံးနှုန်းပြောဆိုကြသည်။ မတည်မြဲသော သဘောဖြင့် ပါဠိသက် အနိစ္စရောက်သည်ဟု သုံးသည်။ လောကကြီးကို မျက်ကွယ်ပြုခြင်း၊ လောကကြီးမှ ကွယ်ပျောက်ခြင်း အဓိပ္ပာယ်ဖြင့် ကွယ်လွန်သည်ဟု ဆိုကြသည်။ မရှင်သန်ခြင်း၊ ပျောက်ရှားခြင်းနှင့် ဘဝတစ်ခုပြီးဆုံးခြင်း အယူအဆဖြင့် သေဆုံးသည်ဟု ပြောကြသည်။

အသက်ထွက်သည် ဟူသော အသုံးတွင် အသက် ဆိုသည်မှာ မည်သို့ ဆိုလိုသနည်း။ အသက်သည် ဇီဝကို ရည်ရွယ်သည်လား၊ ဝိညာဉ်လိပ်ပြာကို ဆိုလိုသည်လား။ ရုပ်နှင့်နာမ်သဘောအရ နာမ်ဟု သတ်မှတ်လိုသည်လား။ သေခြင်းသည် ရုပ်နှင့်နာမ် အတူတကွ မရှိတော့ခြင်းသဘော သို့မဟုတ် နာမ်သည် ရုပ်ကိုချန်ထားလျက် ထွက်ခွာသွားသည့် အယူအဆဖြစ်လေမည်လား။

မြန်မာ-အင်္ဂလိပ် အဘိဓာန်အလိုအရ ဝိညာဉ်လိပ်ပြာကို Consciousness. Spirit ဟု ဆိုသည်။ ပါဠိဝေါဟာရ ဝိညာဏမှလာသည်ဟု ဖော်ပြသည်။ ဝိညာဉ်တွယ် (come into a new existence)၊ ဝိညာဉ်ချုပ် (die) စသည်ဖြင့် အနက်ဖွင့်သည်။

ပေါရာဏကထာ အဘိဓာန်တွင် ဝိညာဏ်ဟု ရေးသည်။ ဝိညာဉ်ကောင် လိပ်ပြာ အသက်ဟု အဓိပ္ပာယ်ဖော်ပြသည်။

မြန်မာများသည် ဝိညာဉ်လိပ်ပြာ အယူအစွဲကို ယုံကြည်ကြသည်။ လူ၏ ခန္ဓာကိုယ်တွင် ဝိညာဉ်လိပ်ပြာ ရှိသည်၊ အိပ်ပျော်ခြင်းသည် ဝိညာဉ်လိပ်ပြာက ကိုယ်မှ ခေတ္တခဏစွန့်ခွာခြင်းဟု ယူဆကြသည်။ ဝိညာဉ်လိပ်ပြာက ကိုယ်မှ အမြဲထာဝရ ခွဲခွာသွားခြင်းသည် သေဆုံးခြင်းဟု ယုံကြည်ကြသည်။

အခြား ဘာသာဝင်၊ အခြား လူမျိုးများတွင်လည်း သေလွန်ပြီးသည်၏ နောက်ပိုင်းဖြစ်စဉ်များ (Life after death) ကို အထူးတလည် စိတ်ဝင်စားကြသည်။ စဉ်းစားတွေးခေါ်ကြသည်။ အဆိုပြုချက်များစွာ ထုတ်ဖော်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အရှေ့တိုင်းသာမက အနောက်တိုင်းမှ လူမျိုးများ၌လည်း ဝိညာဉ်အယူအဆ ရှိသည်။ Ghost ဟု သုံးသည်။ Spirit (especially of a dead person) ဟု အနက်ဖွင့်သည်။ Ghost ရုပ်ရှင်ကားကို အလွန်လူကြိုက်များသည်။ ရုပ်ရှင်အနုပညာဆုများစွာလည်း ချီးမြှင့်ခံရသည်။

အဓိက ဇာတ်လမ်းဇာတ်ကွက်က သေဆုံးသူတစ်ဦး၏ မကျွတ်မလွတ်သေးသောဝိညာဉ်အကြောင်း ရိုက်ကူးထားခြင်း ဖြစ်သည်။ ဒါရိုက်တာအနေဖြင့် အရှေ့တိုင်း ဝိညာဉ်အယူအဆကို လေ့လာထားပုံရသည်။ အဘယ်ကြောင့်ဆိုသော် ထိုဇာတ်ကား၏ဇာတ်ဝင်ခန်းများသည် ယခုတင်ပြမည့် မြန်မာများ၏ ဝိညာဉ်ဆိုင်ရာအယူအဆနှင့် များစွာတူညီနေသောကြောင့် ဖြစ်သည်။

❂

သေဆုံးခြင်းတွင် ရုပ်ကိုယ်ခန္ဓာနှင့်သာ သက်ဆိုင်နေသလိုလို တွေးထင်ရ၏။ ရုပ်ခန္ဓာကြီး သေဆုံးသွားသော်လည်း ဝိညာဉ် ခေါ် လိပ်ပြာ အသက်သည် ဆက်လက် လှုပ်ရှားရှင်သန်နေသေးသည့်သဘောဟု ယူဆစရာ။ လူတစ်ယောက်သေဆုံးသည့်အခါ ဝိညာဉ်လိပ်ပြာသည် ရုပ်အလောင်းမှချက်ချင်း စွန့်ခွာမသွားသေး၊ တဝဲလည်လည်ရှိနေသည်ဟု မြန်မာအများစုက ယုံကြည်ကြသည်။

အချို့ မြန်မာများက လူတစ်ယောက်မသေဆုံးခင် ဝိညာဉ်လိပ်ပြာသည် ကျွတ်သတ္တဝါများ လမ်းသွားသည့်နှယ် တစ်ဖက်မှိုတွယ်ရာ ရုပ်ခန္ဓာတစ်ခုကို ရှာဖွေတတ်သည်။ အမှီအတွယ်ရရှိလေမှ တစ်ဖက်ရုပ်ခန္ဓာမှဖြုတ်ခွာလိုက်သည်ဟု ယူဆကြသည်။

တစ်ခါတစ်ရံ သေခါနီးကာလ ရုတ်တရက်ကြားလိုက်ရသော ခွေးအူသံကြောင့် အနီးရှိ ခွေးမကြီး၏ဝမ်းကြာတိုက်တွင် ဝိညာဉ်က ဝင်ရောက် သန္ဓေတည်မိသည်မျိုးလည်း သက်ကြီးစကားကြားနာခံယူ ယုံကြည်ကြသည်။ အတွယ်အတာမရရှိမချင်း ဝိညာဉ်သည် ခိုရာမဲ့ သွားလာနေတတ်သည်ဟုလည်း ယူဆကြသည်။

ဝိညာဉ်ဘဝတွင် လေ၌လွင့်မျောနေတတ်သည့်သဘာဝကို မြန်မာတို့ လက်ခံ ယုံကြည်ကြသည်။ ထို့ကြောင့်လည်း လိပ်ပြာသတ္တဝါနှင့်တင်စားလျက် ဝိညာဉ်လိပ်ပြာဟု သုံးနှုန်းကြသည် ထင်သည်။

ဝိညာဉ်လိပ်ပြာအယူအဆနှင့်ပတ်သက်၍ ကချင်တိုင်းရင်းသားတို့သည် အသုဘကိစ္စများတွင် နတ်ဆရာကိုလွှဲအပ်လျက် သူ၏ကြီးကြပ်ညွှန်ကြားချက်အတိုင်း လိုက်နာလေ့ရှိကြသည်။ တဝဲလည်လည် မသွားတတ် မလာတတ်ဖြစ်နေသော သေသူ၏ဝိညာဉ်ကို သေလွန်ပြီးနှင့်ကုန်သော သူ၏ မိဘ၊ ဘိုးဘွား၊ ဘီ၊ ဘင်တို့၏ဝိညာဉ်များထံ နတ်ဆရာက အကြောင်းကြား သတင်းပို့ပေးရသည်။ သူ၏ မိဘ၊ ဘိုးဘွား၊ ဘီ၊ ဘင်တို့၏ဝိညာဉ်များထံ သေသူ၏ဝိညာဉ်ကို လာရောက် ခေါ်ယူ ထိန်းသိမ်း ထိန်းကျောင်းပေးရန်အလို့ငှာ-

'အသင်တို့စုဝေးရာ ဝိညာဉ်လောကသို့ သူ့အား ခေါ်သွားပါတော့'

ဟု နတ်ဆရာက ပြောဆိုရသည်၊ အပ်နှံရသည်။ သေဆုံးသူ၏ဝိညာဉ်ကိုလည်း-

'သင့်အား ငါတို့သည် အစွမ်းကုန် ဆေးဝါးကုသပေးခဲ့ကြသည်။ သို့သော် ငါတို့၏ ကြိုးစားမှု မအောင်မြင်ခဲ့ပါ။ သင်၏ ဘိုး၊ ဘေး၊ မိဘများနည်းတူ သင် သေဆုံးခဲ့ရပါသည်။ ထို့ကြောင့် သင်သည် သင်၏ မိဘ၊ ဘိုးဘွား၊ ဘီ၊ ဘင် ဆွေစဉ်မျိုးဆက်တို့ရှိရာ ဝိညာဉ်ရွာသို့ သွားပါလေတော့'

ဟု ပြောရသည်။

သေသူ အမှန်တကယ်ခရီးသွားမည့်ဟန်ဖြင့် ပြင်ဆင်ဆောင်ရွက်ပေးရသည်။ ရေချိုးပေးရသည်၊ အဝတ်အစားသစ်များ ဝတ်ဆင်ပေးရသည်။ သေသူ အမြဲတမ်းကိုင်ဆွဲသည့် အသုံးအဆောင်များကိုပါ ထည့်ပေးလိုက်ကြသည်။

အသုဘမချခင်အချိန်အထိ သေသူ၏ ဆွေစဉ်မျိုးဆက် ဝိညာဉ်များကို ဖိတ်ခေါ်လျက် အစာကျွေးမွေး ပူဇော်လေ့ ရှိကြသည်။ အသုဘချသည့်လမ်းတစ်လျှောက်တွင်လည်း ဓားနှစ်လက်ခပ်ထက်ထက်ဖြင့် လေတွင် ဝှေ့ယမ်းခုတ်ထွင်ရှင်းလင်းလိုက်ပါကြသည်။ သေသူ၏ဝိညာဉ်နှင့်အတူ အသက်ရှင်နေသူများ၏ ဝိညာဉ်လိပ်ပြာများ ရောနှောလိုက်ပါမသွားစေရန် ရည်ရွယ် ဖြတ်တောက်ခြင်းဟု သိရသည်။ သေနတ်ကိုပစ်ဖောက်၍လည်း ခြောက်လှန့်ကြ၏။ ထို့ပြင် လိပ်ပြာမောင်းရန် တာဝန်ပေးထားသည့် လူတစ်ယောက်လည်း ပါဝင်သေးသည်။

ဝိညာဉ်ကို ကချင်ဘာသာစကားဖြင့် 'ဆူး' ဟု ခေါ်သည်။ ဝိညာဉ်တိုင်းပြည်၊ ဝိညာဉ်စုဝေးရာအရပ်ကို ဆူးဂါး ဟု ခေါ်ကြသည်။ တိုင်းရင်းသား ပိုး ကရင်ဘာသာဖြင့် ဝိညာဉ်လိပ်ပြာကို 'အဖီးအလာ' ဟူ၍ လည်းကောင်း စကောကရင်ဘာသာဖြင့် 'ကလား' ဟူ၍ လည်းကောင်း ခေါ်သည်။

ကယား တိုင်းရင်းသားများက သေသူအားလုံး၏ဝိညာဉ်များသည် မောဆိုး ငွေတောင်၌ စုဝေးနေထိုင်ကြသည်ဟု ယုံကြည်ကြသည်။ ကယား တိုင်းရင်းသားများသည် လူတစ်ယောက် သေဆုံးသည့်အခါ သူသုံးဆောင်သည့် ပစ္စည်းများကို အခြားတိုင်းရင်းသားများနည်းတူ ထည့်ပေးရလေ့ ရှိသည်။ သေ သူနှင့်အတူ အပ်တစ်ချောင်း အပိုထ ပေးလိုက်ခြင်းက အများနှင့်မတူ ထူးခြား ချက်။ ဒီမောဆိုး ဂူအဝင်ဝတွင် ခူ တစ်ကောင် ကန့်လန့်ဖြတ် ကာ စောင့်ကြပ်နေသည်၊ ခူကောင်အား အ ဖြင့်ထိုးလိုက်မှ လမ်းရှင်းစေမည်ဟု ကြည်ကြသည်။

ကယားတိုင်းရင်းသားများက တစ်ဦးသေခါနီးတွင် သေပြီးသူမျ ဝိညာဉ်များက လာရောက်ခေါ်ငင် ရှိသည်ဟုလည်း ယုံကြည်ကြသည်။

ချင်းတိုင်းရင်းသားများက သေ နှင့်အတူ ဝက်၏အသည်းကို ထည့် လေ့ရှိကြသည်။ သေသူအား နတ် သို့ ရောက်စေလိုသည်။ နတ်ပြ 'ရှယ်ခွိုး' ဟုခေါ်သည်။ ရှယ်ခွိုးနတ် တံခါးဝတွင် ခြသေ့ကြီးတစ်ကော စောင့်ကြပ်သည်။ အဆိုပါ ခြသေ့ ဝက်အသည်းပစ်ကျွေးလိုက်မှ နတ် သို့ ဝင်နိုင်သည်ဟု ယုံကြည်ကြ နတ်ပြည်မှ လာဘ်ပေးလာဘ်ယူ နာဟု တွေးစရာ။

ထို့ပြင် သေသူနှင့်အတူ တိ ကြီးများ၏ အသည်းနှလုံးများကို ပေးလေ့ ရှိကြသည်။ ဘယ်ဘက် တွင် ထည့်ပေးသော အသည်းနှ သေသူ၏မိခင်ဘက်ဆိုင်ရာ ဝိညာ အတွက်ရည်ရွယ်သည်။ ညာဘက် တွင်ထည့်ပေးသော အသည်းနှ သေသူ၏ဖခင်ဘက်ဆိုင်ရာ ဝိညာ အတွက် ရည်ရွယ်သည်။

❂

အသုဘချသည့်အခါ သ များဖြင့်ပစ်သည့်ဓလေ့လည်း သေသူ၏ဝိညာဉ်အား သွားရမ



www.burmeseclassic.com

www.burmeseclassic.com

…မည့်အရပ်သို့ မြားဖြင့် လမ်းညွှန် …ည့်အယူအဆဟု သိရသည်။ ရခိုင် …ရင်းသားဓလေ့တွင် လူသေသည့် …သည်ဆွမ်းသွတ်သည့်အခါ တစ်စုံ …ယောက်က သင်္ချိုင်းသို့သွား၍ 'မင်း …တ် ဆွမ်းကျွေးမည်၊ ငါနှင့်လိုက်ခဲ့' … ခေါ်လာလေ့ရှိသည်ဟု သိရသည်။ …ပါ ဓလေ့အရ သင်္ချိုင်းတွင် သေ …လိပ်ပြာဝိညာဉ် ရှိသည် ဟူသော …အဆကို သတိပြုမိနိုင်သည်။

အချို့ ဒေသများတွင် လူတစ် …တ် သေဆုံးပါက သေသူနှင့် ကျန် …အိမ်သားများ လိပ်ပြာခွဲသည့် … ရှိသေးသည်။ နတ်ဆရာက ဦး …င်သည်။ ဟားခါးဒေသတွင် သေ …လိပ်ပြာဝိညာဉ်နေထိုင်ရန် နတ်စင် …လေးများ တည်ဆောက်ပေးလေ့ရှိ …သေးသည်။ အချို့ နတ်စင်များက လူ …ယောက် နေထိုင်နိုင်လောက်သည် … ကြီးမားသည်။

လိပ်ပြာခွဲသည့် အစဉ်အလာမျိုး … တိုင်းရင်းသားအများစုက ယုံယုံ …ကြည် ကျင့်သုံးကြသည်။ အချို့ …ကျန်ရစ်သူမိသားစု အိမ်သားများ၏ …အမောင်းကို ကိုယ်တိုင်းကြိုးပြုလုပ် … ခေါင်းထဲသို့ထည့်ပေးကြသည်။

လိပ်ပြာလန့်ခြင်း၊ လိပ်ပြာခွဲခြင်း၊ …ပြာကြိုးချည်ခြင်း စသည့် အသုံးအ …လည်း ရှိသေးသည်။ ကရင်တိုင်း …သားများသည် အမျိုးသားနှင့်အမျိုး … လိပ်ပြာကူးသဖြင့် ချစ်ခင်ကြ …နာကြသည်ဟု အယူရှိသည်။ ထို့ … ရုတ်တရက် ထိတ်လန့်လွန်းလျှင် …ပြာလွင့်တတ်သည်။ ထိုအခါ ဖျား …နာတတ်သည်ဟုလည်း ဆိုကြပြန် …။ အထူးသဖြင့် ကလေးငယ်များ …ကြောက်ရွံ့ထိတ်လန့်သည့်အခါ 'ဖလူး …ပြာ ပြန်လာပါ' ဟု ကရင်တိုင်းရင်း … လူကြီးမိဘများက ရွတ်ဆိုလေ့ရှိ …သည်။

မြန်မာမိခင်များသည် ကလေး … နာချေသည့်အခါ-

'ဟဲ့- ဆိတ်ဖွား၊ ဆိတ်ဖွား။ အ …တ်တစ်ရာ အနာမရှိ'

ဟု ကလေးငယ် လိပ်ပြာမလန့် …လိုသဖြင့် ရွတ်ဆိုလေ့ရှိကြသည်က … သိသိသာသာ။

ကရင်တိုင်းရင်းသားတို့၏ လိပ် …ခေါ်ခြင်း၊ လက်ကြိုးချည်ခြင်း စသည့် …လေ့တို့သည် မြန်မာများ၏ သေသူ … အမိန့်ပြန်ခြင်းနှင့် ခပ်ဆင်ဆင်။

အသုဘချစဉ် မွန်တိုင်းရင်းသား များက နှုတ်မှ-

'မင်းနဲ့ ငါတို့ ဘာမှမသက်ဆိုင် တော့ပါ။ မင်းလမ်း မင်းသွား။ မဆက် သွယ် မဆက်ဆံပါနဲ့၊ လာလည်းမလာ ပါနဲ့'

ဟု ရွတ်ဆိုရသည်။

သည်စကား အသွားအလာက လည်း သေသူအား အမိန့်ပြန်လိုက်သည့် နှယ်။ ယနေ့ မိမိ၏လက်အောက်ငယ် သား သို့မဟုတ် အဖွဲ့ဝင် တစ်ယောက် ယောက် သေဆုံးသည့်အခါ ပြန်တမ်းကို ရုံးစာဖြင့် အမိန့်ထုတ်ပြန်လေ့ရှိကြ၏။ အချို့က မြေမချခင်၊ မီးလောင်တိုက် သို့မသွင်းမီ အမိန့်စာကို ရွတ်ဖတ်လေ့ ရှိသည်။ အချို့ကမူ ခေါင်းထဲသို့ အမိန့် စာကိုထည့်ပေးလိုက်ကြသည်။

ပိုးကရင်တိုင်းရင်းသားများက ဝါ ခေါင်လတွင် လက်ကြိုးချည် လိပ်ပြာ ခေါ်မှုကို ပြုလုပ်ကြ၏။ စကောကရင် တိုင်းရင်းသားများက တော်သလင်းလ တွင် လက်ကြိုးချည် လိပ်ပြာခေါ်မှုကို ပြုလုပ်ကြသည်။

အချို့ တိုင်းရင်းသားများက လိပ် ပြာဝိညာဉ်ကို အသက်ဇီဝ နာမ်အဖြစ် လက်ခံယုံကြည်ကြ၏။ လူတစ်ယောက် သေဆုံးသွားပါက ထိုသူ၏ဝိညာဉ်လိပ် ပြာသည် ဘဝဟောင်းကိုမမေ့မပျောက် ကြ။ သို့သော် သူလျှောက်လှမ်းရသော လမ်းခရီး၌ မေ့ပင်၊ မုန်းပင်အောက်သို့ ဖြတ်သန်းမိသည့်အခါကျမှ ဘဝဟောင်း ကို မေ့ပျောက်သွားစေသည်ဟုလည်း ယုံကြည်ကြသည်။

လူတစ်ယောက် သေဆုံးသည့် အခါ ဝိညာဉ်လိပ်ပြာသည် ရုတ်တရက် မသွားတတ်မလာတတ်၊ ရုပ်အလောင်း အနီးတွင် တဝဲလည်လည် ရှိနေတတ် သည်ဟု အများစုက ယုံကြည်ကြသည်။ အထူးသဖြင့် အစိမ်းသေဟု ခေါ်သော ရုတ်တရက် ထိခိုက်သေဆုံးမှုများတွင် ဝိညာဉ်သည် သူကိုယ်တိုင် သေဆုံးရ သည်ကို မသိရှိနိုင်ဘဲ ဖြစ်နေတတ်သည် ဟု အယူရှိသည်။ သရဲ၊ တစ္ဆေ ဝိညာဉ် လိပ်ပြာ ခြောက်လှန့်တတ်သည် ဟူ၍ အဆိုရှိသည်။ ဝိညာဉ်လိပ်ပြာကို လူသား တို့က မတွေ့မမြင်နိုင်။ သို့သော် ခွေး၊ ကြောင် စသည့် သတ္တဝါများက မြင်နိုင် သည်ဟု ယုံကြည်ကြ၏။ ခွေး၊ ကြောင် များက ညအမှောင်ထဲတွင်ပင် မြင်နိုင် စွမ်းအားရှိသူများမို့ ဒီအချက်ကလည်း ယုတ္တိကိုက်ညီသည်။ Ghost ရုပ်ရှင်က ဒီအချက်ကို အခြေခံရိုက်ကူးထားခြင်း ဖြစ်သည်။

မွန်တိုင်းရင်းသားများသည် အ သုဘကိစ္စများ၌ အလောင်းကိုင်ဆရာ၊ လိပ်ပြာတောင်းကိုင်သူ စသည်ဖြင့် သီး ခြားတာဝန်ပေးထားလေ့ ရှိသည်။ အ ချို့က ကုသိုလ်ရသည် ဟူသော အယူ အစွဲဖြင့် စေတနာ့ဝန်ထမ်း လုပ်ကိုင်ကြ သည်။ သေသူ၏ရုပ်အလောင်းကို မရွံ့ မရှာ စိတ်ရှည်လက်ရှည် ရေချိုးပြင်ဆင် ပေးခြင်းကို လုပ်ရသည်က အလောင်း ကိုင်ဆရာ၏အလုပ်။

အသုဘချသည့်အခါ လိပ်ပြာ တောင်းကိုကိုင်ရသည်။ လိပ်ပြာတောင်း တွင် ငှက်ပျောနှစ်ဖီး၊ အခွံချွတ်ထား သော အုန်းသီးတစ်လုံး၊ သေသူ၏အ ဝတ်အစားများ ထည့်ထားသည်။ လိပ် ပြာတောင်းကိုင်သူသည် ပိတ်ဖြူစင် ကြယ်ကို ဝတ်ဆင်ထားရသည်။

လိုက်ပါပို့ဆောင်သူ အချို့က အ သုဘတွင် အသုံးပြုသောပစ္စည်းများ၊ သစ်ချောင်း၊ ဝါးလုံးများကို ချိုးဖွဲ့ဖျက် ဆီးကြရသည်။ သို့မှသာ ဝိညာဉ်မျက်စိ လည် လမ်းမှား၍ ပြန်မလာနိုင်ဟု ယူ ဆကြသည်။ အချို့က အသုဘပို့ရာ လမ်းတစ်လျှောက် မြေများကိုတူးဆွကြ သည်။ သို့မှသာ ဝိညာဉ်သည် ပြန်လမ်း ကို မမှတ်မိနိုင်ဟု ယူဆကြပြန်သည်။

မွန်တိုင်းရင်းသားများသည် အသု ဘရှုသူများ တရားသံဝေဂရရှိစေရန် အ ထိမ်းအမှတ်များပြုလေ့ရှိကြသည်။ ဥပ မာ-လူသေအား ရေပူ၊ ရေအေးဖြင့် ရေ ချိုးပေးရာ၌ ရေပူ၏အနက်အဓိပ္ပာယ် မှာ မီး (၁၁) ပါးကို ရည်ရွယ်ကြောင်း သိမှတ်ကြသည်။ အလောင်းစင်ကို ဝါး ဖြင့် အဆင့်(၄)ဆင့် ပြုလုပ်ကြသည်မှာ မဟာဘုတ်လေးပါးကို ရည်မှန်းသည်။ အလောင်းစင် ဘေးပတ်ပတ်လည်တွင် တိုင် (၆) တိုင် စိုက်ထူသည်။ အာယတ န (၆) ပါးကို သိမှတ်ကိုးကားစေသည်။ အလောင်းစင်၏ခြေရင်းတွင် ထမင်းအိုး တည်သည်။ ဖိုခုံလောက်သုံးလုံးက လူ့ ဘုံ၊ နတ်ဘုံ၊ အပါယ်ဘုံကို ဖော်ညွှန်း သည်။

ဤဆောင်းပါးစာစုတွင် ဝိညာဉ် လိပ်ပြာအယူအဆအပေါ် မှန်ခြင်း၊ မှား ခြင်းကို မဝေဖန်လို။ အငြင်းမပွားလို။ မြန်မာတိုင်းရင်းသားတို့၏ အယူအဆ များအား ဗဟုသုတအလို့ငှာ စုစည်းတင် ပြလိုက်ရခြင်းသာ ဖြစ်ပါသည်။

ခင်နိုင်



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၃ ခုနှစ် ပွင့်လင်းရာသီတွင်- ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးနှင့် သူ့အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ပလက်ဝမြို့နယ်ဦးစီးရုံးတွင် ကြိုးမဲ့ဆက်သွယ်ရေးစက် တပ်ဆင်ရန်အတွက် ကျွန်ုပ်ဦးစီးသောအဖွဲ့အား လိုက်ပို့ခြင်း ဖြစ်လေသည်။ ကုလားတန်မြစ်လမ်းအတိုင်း ဆန်တက်ခဲ့ရာ ကျောက်တော်မြို့ရောက်ပြီးနောက် မဟာမုနိ ရုပ်ရှင်တော်မြတ်အား ကျွန်ုပ်တို့နှင့်အတူ ဖူးမြော်ပြီးနောက်တစ်နေ့တွင် ကျောက်တော်မှ သူ၏ဌာနဆိုင်ရာရေယာဉ်ဖြင့် စစ်တွေပြန်ကြသည်။ ကျောက်တော်မှပလက်ဝ ခရီးစဉ်အတွက် ရေယာဉ်စီစဉ်ပေးသည်။ ပလက်ဝသို့ ကျောက်တော်မှ ကုလားတန်မြစ်ကို ဆန်တက်ရမည့် ရေယာဉ်မှာ ပဲ့ထောင်တစ်စီး ဖြစ်သည်။ စစ်တွေရုံးမှ လမ်းပြ ဖိုးရွှေသာဦးက ရှေ့ဆုံးမှနေရာယူသည်။ ကျွန်ုပ်က သူ့နောက်မှထိုင်သည်။ ဆရာကြီး ဦးကြည်မင်းနှင့် ပလဝကရုံး ဆက်သွယ်ရေးစက်တာဝန်ခံ ဒုလဝကမှူး ဦးညွန့်အောင်က ဆက်သွယ်ရေးစက်နှင့် ထိုင်ကြသည်။ ရေယာဉ်ဟုခေါ်ရသော်လည်း စက်တပ်လှေပင် ဖြစ်သည်။ ဒီလှေကလေးပေါ်တွင် စက်ထောင်၍မရပါ။ သို့သော် နံနက်စောစောကပင် ကျောက်တော်မှပလက်ဝသို့ ခရီးဆက်မည်ဟု ရန်ကုန်ရုံးချုပ်ဆီသို့ သတင်းပို့ပြီး ဖြစ်သည်။ လှေငယ်သဖြင့် ဆက်သွယ်ရေးစက်၊ ကောင်းကင်ကြိုးတိုင်မထောင်သောကြောင့် အာလူး၊ ကမာတွေနှင့်သတင်းမပို့နိုင်တော့ပါ။

ချင်းပြည်နယ်တွင် ဖလန်းခရိုင် (ချင်းပြည်နယ်မြောက်ပိုင်း) နှင့် မင်းတပ်ခရိုင် (ချင်းပြည်နယ်တောင်ပိုင်း) ဟူ၍ ခရိုင် (၂) ခုရှိရာ ပလက်ဝသည် မင်းတပ်ခရိုင်ထဲတွင် ပါသည်။ တစ်ဖန် အနေအထားအရ ချင်းပြည်နယ်တွင် အနောက်ဖျားအကျဆုံးမြို့ ဖြစ်ပါသည်။ ဆက်သွယ်ရေးခက်ခဲသော မြို့များထဲတွင်ပါရှိသောကြောင့် ကြိုးမဲ့ဆက်သွယ်ရေးစက်ထားပေးခြင်း ဖြစ်သည်။

ကျောက်တော်မှ ထွက်သည်နှင့် တစ်ပြိုင်နက် ဖိုးရွှေသာဦးသည် စကားစ,လေတော့သည်။ ကျွန်ုပ်က ဖိုးရွှေသာဦးဟု ခေါ်သော်လည်း သူတို့ရခိုင်သံနှင့်ဆိုလျှင် ဦးရွှိသာဦးလို့ ခေါ်သည်။ အမှန်မတော့ 'သတ်ပုံမနိုင် ရခိုင်မေး' ဟု ဆိုသည်။ ရခိုင်တို့စာဖတ်လျှင် 'ရ' အသံနှင့် 'ယ' အသံတို့မှာ ခြားသည်။ ရခိုင်စာပေဟု ကျွန်ုပ်တို့က ဖတ်သော်လည်း ဖိုးရွှိသာဦးတို့ကမူ 'ရခိုင်စာပီ' ဟု ဖတ်လေသည်။ ဟိုလွန်ခဲ့သော ၁၉၆၄ ခုနှစ် ကာလ၊ မောင်တောသို့ ပြောင်းလာရာ၌ ပြည်တော်ညွန့်သင်္ဘောဖြင့် စစ်တွေမြို့သို့ ဆိုက်ရောက်လာရာ ထိုစဉ်က ဒုလဝကမှူး ဦးရွှိဘသိန်းနှင့် ဦးရွှိသာဦးတို့ (၂) ဦး ကြိုဆိုခဲ့သည့်နောက်ပိုင်းတွင် သူတို့သည် ကျွန်ုပ်၏ရခိုင်ရေးရာဆရာသမား ဖြစ်ကြတော့သည်။ စစ်တွေလေဆိပ်တွင် တာဝန်ကျသော ဒုလဝကမှူး ဦးဘမောင်၊ ဒုလဝကမှူး ဦးနုကျော်တို့မှာလည်း ကျွန်ုပ် အားထားရသောရောင်းရင်းများ ဖြစ်ကြသည်။ ဒုလဝကမှူး ဦးသာခင်မှာ ဗလကောင်းသည်၊ အမိကို လုပ်ကျွေးပြုစုသူတစ်ဦး ဖြစ်၏။ စစ်တွေမြို့ ရှုပရွာတွင် နေ၏။ လဝကမှူး စောလှ (၂) ဦးရှိရာ တစ်ဦးမှာ အလွန်ဝသဖြင့် 'ဘုတ်ဖား' ဟူသောဘွဲ့ကိုကျေနပ်စွာခံယူသူ ဖြစ်၏။ ကျန်တစ်ဦးမှာ သူဌေးစောလှ ဖြစ်၏။ ရိုးရိုးကျင့်မြင့်မြင့်ကြံ၊ မှန်မှန်ပြော။ တရုတ်လိုရှာ ကုလားလိုစု၊ ဗမာလိုမဖြုန်းနှင့် ဆိုသောစာတန်းများအား နှစ်သက်သည့်အလျောက် လခကိုစုသည်။ သူကျရာစခန်းတွင် ရရာနှင့်တင်းတိမ်သည်။ ဖဲမရိုက်၊ အရက်မသောက်၊ မိန်းမလိုက်စားမှုမရှိ၊ အသုံးနှင့်အဖြုန်းကို နားလည်၍ ယ… ကျွန်ုပ် ပလက်ဝသွားရသော ၁၉၈၃ ခု… ပိုင်းတွင် စစ်တွေမြို့ စည်ပင်သာယာ… ဈေးကြီး၏မျက်နှာစာ ဈေးဆိုင်တန်း… နိဗ္ဗာန်ကုန်များကို ဆိုင်ဖွင့်၍ ရောင်း… သော ကုန်သည်ကြီး သူဌေးစောလှ ဖြစ်…

# အနောက်တံခါးမှူးမောင်မှူး

## ပလက်ဝ သို့မဟုတ် ချင်းတို့၏အနောက်မြို့



www.burmeseclassic.com

www.burmeseclassic.com

ဦး တကယ်ဖြစ်ချင်လျှင် တကယ် တကယ်ဖြစ်ရမည်ဟု နည်းလမ်းပြ ဦး ဖြစ်၏။ သူတို့၌ာနေ ရောင်း များသည် ကျွန်ုပ်နှင့်တကွသော လာ ရောက်၍ တာဝန်ထမ်းဆောင်သူတို့ကို တိုင်းရင်းသားများနှင့် အဆင်ပြေ အမြင်ဖလှယ်ပေးနိုင်စွမ်းသော ရှိများ ဖြစ်ကြသည်။

ကျောက်တော်မှ မဟာမုနိရုပ်ရှင် ဘုရားအား ပြည်နယ်မှူးဦးသန်း တူ ဖူးမြော်ကန်တော့၍ ရုပ်ရှင် ၏ရင်အုံတော်အား ရွှေသက်န်း ရာတွင် သူငယ်ချင်းပြည်နယ်မှူး လေသည်။ ပြည်နယ်မှူးပြုံးသည် သာဦးလည်း မြင်ခဲ့သည်။ ပုံထောင် သည် ကော့သောင်မှ ပုံထောင် သို့ အီဆူဇူကားအင်ဂျင်ကြီးတပ် ခြင်း မဟုတ်၊ သာမန် ကူဘိုတာ သာတပ်ထားရာ ကော့သောင် အမြန်ပြေးသော ပုံထောင်စီး သည့် မောင်မှူးအဖို့ နှေးလှ ဟုထင်၏။ ကျောက်တော် ၍မကြာမီ ရှိသာဦးက စတော့သည်။

'ဆြာ' ဟု သူတို့ခေါ် စစ်တွေအသံနှင့် ခေါ် သည်။ ကျွန်ုပ်သည် ရှိ ဘာများပြောမည်နည်း သူ့စကားကို ငံ့လင့်၏။

မဟာမုနိဘုရားတွင် ရွှေသက်န်းကပ်စဉ်က ရင်ဝတော်ပေါ်တွင် ရွှေသက်န်းကပ်ခြင်းမှာ အသည်းနှလုံးနေရာတွင် ဖြစ်သောကြောင့် ကျွန်ုပ်တွင် အသည်းနှလုံးနှင့်ပတ်သက်၍ ခံစားမှုများ ရှိလေသလား ဟုမေးလေသည်။ ကျွန်ုပ်ချစ်သောရခိုင်မြေမှ ရောင်းရင်းများသည် ပွင့်လင်းကြပါသည်။


ကျွန်ုပ်က နှလုံးသားနှင့်ဆိုင်သော ဇာတ်လမ်းလည်း မရှိခဲ့ပါ။ စစ်တွေရောက်လျှင် သွားရောက်လည်ပတ်လေ့ရှိသော အိမ်များမှာလည်း ကျွန်ုပ်မိဘများနှင့်ခင်မင်သူများ ဖြစ်ကြပါသည်။ စက်ရှင်မင်းကြီး ဦးသာနိုး၊ ရာဇဝတ်ဝန်ကြီးဦးထွန်းဦးခိုင်တို့ထံ ဝင်ရောက်၍ သူငယ်ချင်းများထံသာသွားရောက်ခဲ့သည်။ ဘုရားရင်အုံတော်ကို ရွှေသက်န်းကပ်ရခြင်းမှာ ကျွန်ုပ်၏အစ်မဝမ်းကွဲဖြစ်သူ အဆုတ်မကောင်း၍ ခွဲစိတ်ကုသထားရသောကြောင့် ဖြစ်ပါသည်ဟု ရှင်းပြရသည်။

"ကဲ- ကိုရွှေသာဦး၊ ခင်ဗျားသိသလောက် ပလက်ဝအကြောင်း ပြောပါဦးဗျ"

ဟု မေးရတော့သည်။

သူကလည်း သူ့အမြင်နှင့်သူ တင်ပြလေသည်။

"ပလက်ဝက ချင်းပြည်နယ်ထဲပါတယ်ဆိုပေမယ့် ပလက်ဝမှာ ရခိုင်များလည်း ရှိကြပါတယ်။ ချင်းမျိုးနွယ်အုပ်စုတွေဖြစ်တဲ့ ခမွေး၊ ဒိုင်းနက်၊ မြိုတိုင်းရင်းသားတွေလည်း ရှိပါတယ်။ ပလက်ဝမှာ လေယာဉ်ကွင်း မရှိဘူးဗျ။ ပလက်ဝက ချင်းပြည်နယ် မင်းတပ်ခရိုင်ထဲမှာပါတယ်။ ပလက်ဝက အရာရှိက ပြည်နယ်ရုံးသွားရတာလည်း မလွယ်ဘူး၊ ပြည်နယ်က လာရရင်လည်း ထိုနည်းတူစွာ ခက်ခဲပါတယ်။ အခုတော့ လေယာဉ်ကွင်းဆောက်လုပ်ရန် နေရာရွေးတော့ ပလက်ဝနဲ့က တစ်ဖက်ကမ်း သူ့အောက်နားဆိုတော့ ဓားလွယ်ခုတ် မျက်စောင်းထိုးနေရာမှာ ရွေးထားပါတယ်။ အခု ပလက်ဝမြို့မှာက လေယာဉ်ဆင်းလမ်းအတွက် မကောင်းဘူးတဲ့။ မြို့ချဲ့စရာအခင်းအကျင်း မကောင်းတော့ လေယာဉ်ကွင်းရှိမယ့်နေရာကို ပြောင်းရမှာပါ။ အခု လောလောဆယ်တော့ မြေစာရင်း ဦးစီးရုံးအဆောက်အအုံကို စဆောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသည်။

ဦးစီးဌာနအားလုံး ပြောင်းကြရမည်ဟု ပြောလေသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့မှ သင်္ဘောများသည် ကျောက်တော်မြို့အထိ ဆန်တက်သည်။ ကျောက်တော်မှ ပလက်ဝသို့ ကြားဘုတ်ဟုခေါ် ဆိုသော ပုဂ္ဂလိကရေယာဉ်များနှင့်သာ ခရီးသွားလာကြသည်။

မြို့နယ်မှူးက ထမင်းထုပ်များ ထည့်ပေးလိုက်သောကြောင့် ပဲ့ထောင်ရေယာဉ်ပေါ်တွင် ထမင်းထုပ်ဖြေ၍ စားသောက်ကြရသည်။ ရခိုင်ရိုးရာ ထမင်းဟင်းဖြစ်၍ ကြက်သားချက်မှာ ဆန္ဒင်းများသည်။ ငရုတ်ကြိတ်ကလည်း လေးလေးပင်ပင်နှင့် စပ်သည်။ အေးမြနေသောဆောင်းဥတုနှင့် ကိုက်ညီသည်။ တစ်ကိုယ်လုံး ပူရှိန်းသွား၏။ သပြေသီးချဉ်ရည်က အစပ်ကိုထိန်းပေးသည်။ ဆောင်းဦးဖြစ်၍ ပလက်ဝ လိမ္မော်ကပေါ်စပြုပြီ။ ပလက်ဝမရောက်မီ ကုလားတန်မြစ်၏ညာဘက်၌ ဖိုးရွှေသာဦးက လက်ညှိုးထိုးသဖြင့် ပလက်ဝမြို့ပြောင်းမည့်နေရာကို မြင်ရသည်။ လောင်းကဒူးဟုပြောသည်။ လောင်းကဒူးတွင် လေယာဉ်ကွင်းလုပ်မည်။

ပလက်ဝသို့ နေ့လယ် (၃) ချက်တီးကျော်တွင် ရောက်သည်။ မြို့အဝင်ဘုတ်ဆိပ်၌ မည်သည့်ဆိုင်မျှမတွေ့ရ။ ပစ္စည်းများကိုသယ်ဆောင်ပြီး မြို့နယ်မှူးရုံးသို့ဝင်ကြရသည်။ မြို့နယ်မှူးရုံးမှာ ဈေးအနီး အိမ်တစ်အိမ်တွင် ဖွင့်ထားသည်။ စက်လုံခြုံရေးကို တာဝန်ယူတပ်ဆင်ပေးရန် ကျွန်ုပ်၌ တာဝန်ရှိသည်။ ညနေ (၆) နာရီတွင် ညွှန်ကြားရေးမှူးချုပ်ထံ မိမိတို့ ပလက်ဝမြို့သို့ ရောက်ရှိကြောင်းကို သတင်းပို့ရန်နှင့် ချင်းပြည်နယ်ဦးစီးကိုလည်း အစီရင်ခံရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဆရာကြီး ဦးကြည်မင်းက စက်ဆင်ပေးသည်။ ဈေးလယ်ရှိသစ်ပင်မှ ကျွန်ုပ်တို့ရုံးရှေ့ရှိ သစ်ပင်ထိပ်တို့တွင် ဝါးများဖြင့် ကောင်းကင်ကြိုးဆင်လေရာ အဘယ်သို့သောပညာရှိကညွှန်းလေသည်မသိ၊ ဖိုးညွှန့်အောင်ကဘက်ထရီအားသွင်းရန် စက်အနီးတွင် စစ်တွေမှ ဗီဒီယိုအဖွဲ့လာသည်ဟု ကောလာဟလသတင်းရသဖြင့် ကလေးအပေါင်း ကြိုးမဲ့ဆက်သွယ်ရေးစက် ဆင်ရာသို့ တပျော်တပါးကြည့်ကြ၏။ ညနေပိုင်း ထမင်းစားကြပြီးနောက် ဖိုးညွှန့်အောင်က အညောင်းပြေလမ်းလျှောက်၏။ အပြန်တွင်မူ 'ဆရာသမားတို့၊ နွားနောက်သား တစ်ပိဿာ ၇ ကျပ်လို့ ဆိုင်းဘုတ်ကြီးနဲ့ ကြေညာထားသဗျ' ဟု ဖောက်သည်ချသည်။ နောက်တစ်နေ့ နွားနောက်သားဝယ်ရန် အားခဲရပါသည်။ မြို့နယ်မှူး ဖိုးကျော်ရီကို မေးရာ နွားနောက်သားမပေါ်သည်မှာ ၁၀ နှစ်ကျော်ခန့်ပင်ရှိပြီဟု ပြော၏။ မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် တွေ့ဆုံရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားမှ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးစက်ကို ကြိုဆိုသည်။ စက်ထားရန်အတွက် သင့်တော်သောနေရာကို စီစဉ်ပေး၏။ နောက်တစ်နေ့ နံနက်စောစောပိုင်းတွင် မြို့နယ်မှူးက မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ လိုက်ပို့သည်။ တောင်တန်းဒေသ သာသနာပြု ဘုန်းတော်ကြီးကျောင်းသို့ရောက်သောအခါ ကျောင်းဦးတွင် ကျွန်ုပ်တို့ မြေလတ်ပိုင်း၌ ထုလုပ်ကိုးကွယ်လေ့ရှိသော (၅) စထောင်သရဖူနှင့် ရုပ်ပွားတော်ကြီးကို ဖူးမြော်ရပါ၏။ ကျွန်ုပ်၏စိတ်အတွင်းဝယ် ရွှေရုပ်ပွားတော်ကြီးအား ဖူးမြော်ရင်းပင် မိမိဒေသရှိ ယင်းရုပ်ပွားတော်များနှင့် တစ်ပုံစံတည်းဖြစ်နေသည်ကို တွေ့ရပြန်ရာ ဆရာတော်ကြီးအား-

"အရှင်ဘုရား၊ ဤရုပ်ပွားတော်မျိုးမှာ ပုဂံခေတ်ကပုံတော်များ ဖြစ်နေပါသည်။ တပည့်တော်တို့ အညာဒေသတွင် ပုဂံအနီးတစ်ဝိုက် စဉ့်ကူး၊ ပခန်းငယ်၊ ဆီးဖြူပင်၊ တညောင်၊ ကျပင်း၊ စလင်းဘက်၌ ဖူးမြော်ရလေ့ရှိပါသည်။ စလင်းရှိ တပည့်တော်ရဲ့ ဆရာတော်ဦးကိတ္တိကျောင်းတွင် ယခု ဖူးမြော်ရသော ရုပ်ပွားတော်ကဲ့သို့ လုံးတူရွယ်တူ ပုံတော်တူ တစ်ဆူရှိရာ ထိုဆင်းတုတော်မှာ နီးဖြင့်ပြုလုပ်၍ သစ်စေး စသည်... ဖြင့် မံသော ရုပ်ပွားတော် ဖြစ်ပါသည် ဘုရား"

ဟု လျှောက်ထားရပါသည်။


"ဒကာကြီးပြောတာ မှန်ပါတယ်... အခု ဒကာကြီးဖူးမြော်ရတာ စလင်းမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးကိတ္တိထံမှ ပလက်ဝမြို့ကိုပြောင်းလာတဲ့ နယ်ပိုင်ဝန်ထောက်ကြီး ဦးအေးမြ... က ပင့်လာတာ။ ဒကာကြီးပြောတဲ့ ... ဘုရားအစစ်ပါပဲ"

ဟု မိန့်ကြား၏။

ကျွန်ုပ်၏သူငယ်ချင်း ဦးအေးမြ... သည် စလင်းမြို့သို့ နယ်ပိုင်တာဝန်... ပြောင်းရွှေ့လာရာ ကျွန်ုပ်၏အစ်မ... ယောက်ဖတော်သူ အိမ်ဝိုင်းအတွင်း... အိမ်တွင် နေထိုင်ခဲ့ကြသည်။ စလင်း... ပလက်ဝသို့ ပြောင်းရွှေ့ရကြောင်း ... ရ၏။ သူ၏ကောင်းမှုဖြင့် ရှေးပုဂံခေတ်... လက်ရာမံဘုရားသည် ပလက်ဝ တော... တန်းသာသနာပြုကျောင်းတွင် သီတင်း... သုံးလျက်ရှိပေပြီ။

မြို့နယ်မှူးက မြို့အခင်းအကျင်း... ပြရုံမျှမက-

"ဆရာရေ၊ တစ်ကြိမ်က အတူ... လုပ်ဖက် လဝကမှူး ဦးအောင်... ရန်ကုန် ရေဆိပ်မှာ ဆရာ့လက်စွဲတော်... ရိုမန်နိုဂျာ၊ ဂျန်းဘအောင်တို့လည်း ... မျှဝေပါဦးဆို၍ သူတို့သုံးဦးမြုပ်နှံ... သွားရောက်၍ အမျှဝေ မေတ္တာပို့... ပလက်ဝသည် ရာသီဥတုက အေး... သည်။ သူတို့တစ်တွေ ငှက်ဖျားေ... ဖြင့် ကွယ်လွန်သည်ဟု ဆိုပါသည်... ရက်ကြိုက်သူများ ဖြစ်ကြသည်။...



မြောက်ဦးမြို့အနီး ကုလားတန်မြစ်တွင်းမှ ကုန်တင်လှေ (ပလက်ဝအထိ သွားသည်)



www.burmeseclassic.com

www.burmeseclassic.com

…အချို့မှာ တာဝန်ထမ်းဆောင်…ဤသို့ သေဆုံးသွားသူများလည်း ရှိ… အချို့လည်း ငှက်ဖျားပိုးကြောင့်…သွားသူများလည်း ရှိကြသည်။ …အထိုင်တစ်ချက်မှားလျှင် တစ်ရက်…နှင့် အသက်ဆုံးနိုင်သော ဒေသ…ည်း ရှိပါသည်။

ဆက်သွယ်ရေးစက်ဆင်ရန် နေ…ည်း ရပြီးပြီ၊ မြို့ပတ်လည်လည်း …ပြီးပြီ။ မြို့နယ်ကောင်စီဥက္ကဋ္ဌက …တက္ကသိုလ် မနုဿဗေဒပညာ … ဆရာနှစ်ဦးနှင့်အတူ ကျောက်…သို့ပြန်ရန် ပွဲထောင်စက်လှေစီစဉ် …ရာ ကိစ္စပြီးစီးပါက လိုက်ပါနိုင်ပါ…င်းဖြင့် အကြောင်းကြားလာသည်။ …န်ရုံးချုပ်သို့ အခြေအနေအရပ်ရပ် … အစီအရင်ခံ၍ ပြန်လည်ထွက်ခွာ…တောင်းရသည်။ ထွက်ခွာခွင့်ရသည် … မြို့နယ်ကောင်စီ၏အစီအစဉ်ဖြင့် …တက္ကသိုလ်မှ ဆရာဦးစိန်ထွန်း…)၊ ဆရာဟယ်ရီ(လ်)ကံကြီးတို့ …အတူ ကျွန်ုပ်တို့သုံးဦးလည်း လိုက်ပါ…သည်။

အမှန်မတော့ ဆရာဦးစိန်ထွန်း၊ …ဟယ်ရီ(လ်)ကံကြီးတို့မှာ ကျွန်ုပ် …သိုလ်တွင်နေစဉ်က သူငယ်ချင်း… ဖြစ်ကြသည်။ ပလက်ဝမှ ထွက်ပြီ…သည်နှင့် ကျွန်ုပ်၏ဌာနေရဲဘော် ဖိုးရွှီ…ဦးက စကားစတော့သည်။ ပလက်ဝ… ယခင်က ရခိုင်ကုန်သည်များ အ…ခုနေထိုင်ရာ မြို့တစ်မြို့ဖြစ်ခဲ့သည် …ဆို၏။ မြို့ပေါ်တွင် ရခိုင်ဘုန်းတော်…ကျောင်းကို ဝင်ရောက်ဖူးမြော်ခဲ့ရပြီး …ရာ ဖိုးရွှီသာဦး၏စကားကို ယုံကြည်…သည်။ ကျွန်ုပ်အဖွဲ့ ပလက်ဝတွင် တစ်…မျှသာနေခဲ့ရ၏။ သို့သော် ပလက်ဝ… ကျွန်ုပ်တို့မြို့မှ ဆင်းတုတော်မှာ …သနာရောင်ဝါလင်းရန် ပလက်ဝ …ဆောင်တန်းဒေသ သာသနာပြုကျောင်း …င်သီတင်းသုံးတော်မူသည်ကို ဖူးမြော် …ဖြင့် လွန်စွာ ပီတိဖြစ်၏။

ပွဲထောင်ကပ္ပတိန် အောင်ကျော်…က သူ၏အမ်ဗွီပွဲထောင်ကို စက်နှိုး… ပလက်ဝကမ်းမှခွာသည်။ ပလက်ဝ…နယ်မှူး ဖိုးကျော်ရီကို နှုတ်ဆက်၍ …က်ခဲ့သည်။ ဆက်သွယ်ရေးစက်တာ…ခံ ဖိုးညွှန့်အောင်က လက်ပြ၍ နှုတ်…ဆက်သည်။ ကျွန်ုပ်က 'ဈေးထဲမှာနွား…ကောက်သား တစ်ပိဿာ (၇) ကျပ်နှင့် …ရင် ငါ့ဆီကိုပို့လိုက်ဦး' ဟု မှာရသည်။ …ညွှန့်အောင်က ဆေးဖော်ရန် ပလက်ဝမှ မီးတောက်အရက်ကို ပေးလိုက်သေးသည်။ ပလက်ဝအရက်သည် အလွန်ပြင်းသည်ဟု နာမည်ကြီးသည်။

ဖိုးရွှေသာဦးက ဆို၏။ ကုလားတန်မြစ်က ကျွန်တော်တို့စစ်တွေမှာ ပင်လယ်ထဲစီးဝင်ပေမယ့် မြစ်ဖျားခံတာက အိန္ဒိယက စတာပါ ဟု ဆို၏။ သူ့ပါလာသောမှတ်စုစာအုပ်ကို ကြည့်ပြောသည်။

'မြစ်ကြီးက ကမ္ဘာလောက်ကြီးပါဖို့' ဟုလည်း ကမ္ဘာနှင့်နှိုင်း၍ ကုလားတန်မြစ်အကြောင်းကို ပြောတော့သည်။ သူပြောသည်ကို အတိုဆုံးချုပ်ရလျှင် အိန္ဒိယပြည် မီဇိုရမ်နယ်အရှေ့ပိုင်းမှမြစ်ဖျားခံလာသည်။ ကုလားတန်မြစ်ကို အခြားအမည်များဖြစ်သော (Beino, Bieno Boinu, Tuipui, and Kolodyne) ဖြင့် မီဇိုရမ်ပြည်နယ်တွင် ခေါ်ကြသည်။ ကုလားတန်မြစ် လက်တက်များမှာ Twe River, Mi River, Kalabon River, Kyegu River တို့မှာ ကုလားတန်မြစ်၏ လက်ဝဲဘက်မှ မြစ်လက်တက်များ ဖြစ်ကြပါသည်။ မြစ်၏ညာဘက်မှ Chal River, Tyao River, Tuichang, Kawrthingdeng River တို့ဖြစ်၏။

"မြစ်ဖျားခံတာကတော့ အိန္ဒိယနယ်ထဲက စတာပါပဲ။ အိန္ဒိယပြည်နှင့် မြန်မာပြည်ကို နယ်နိမိတ်သတ်မှတ်ထားတာက ကုလားတန်မြစ်ကို တိုင်အိချောင်း (Tyao River) က စီးဝင်ရာမှာ နှစ်နိုင်ငံနယ်နိမိတ်ကို ပိုင်းခြားတာပါပဲ။ မြေတိုင်းမြေပုံအရ ၂၂ ၄၇ ၁၀' N နှင့် ၂၂ ၁၁ ၀၆' N(1) ကြားမှာလို့ သိရတယ်။ ဆြာကလည်း စာအုပ်ထဲမှတ်နေပြန်ပြီ။ ဒါလည်း အကျွန်တို့ မြေတိုင်းအဖွဲ့တွေနှင့်အတူ လိုက်ဖူးတဲ့လူတွေဆီက သိရတာပါ" ဟု ပြော၏။

"မီဇိုရမ်ပြည်နယ်အနေနှင့် ကုန်စည်များကို အခြားသော ကုန်းလမ်းဘက်က သယ်ယူရမှုဟာ စရိတ်ကြီးလှတယ်လို့ဆိုတယ်။ တစ်ချိန်သောကာလမှာ စစ်တွေဆိပ်ကမ်းကလည်း ကောင်းလာမယ်ဆိုရင် ပလက်ဝဟာ အိန္ဒိယပြည်နှင့် ရွှေလမ်းငွေလမ်းဖောက်ပြီး ကြီးပွားမှာပဲလို့ မျှော်လင့်ရတာပါပဲ ဆြာ"

ဟု သူ့အာသီသကို ဖော်ပြ၏။

သူက ရခိုင်သား၊ ရခိုင်ပြည်နယ်ကြီးပွားရန် လိုလားသည်။

ဆရာဦးစိန်ထွန်းတို့မှာ တိုင်းရင်းသားလူမျိုးစုအကြောင်းကို လေ့လာစာတမ်းပြုကြခြင်း ဖြစ်၏။ ခမီး၊ မြို၊ ဒိုင်းနက်၊ သက်၊ ချောင်းသား စသည့် တိုင်းရင်းသားများသည် ပလက်ဝ အနီးတစ်ဝိုက်တွင် ရှိကြသည်။

ကျောက်တော်မှဘုရားများ မြင်ရသောအခါ နေ့လယ် တစ်နာရီ ရှိပြီ။ ကျောက်တော်ဗိုလ်တဲတွင် ရေနွေးဖြင့်ရေချိုး၍ တစ်ရေးအိပ်သည်။ နောက်တစ်နေ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ သင်္ဘောဖြင့် ပြန်ရန်မှအပ အခြားအကြောင်း မရှိ။ ကျွန်ုပ်၏သူငယ်ချင်း တက္ကသိုလ်ဆရာ (၂) ဦးလည်း အိပ်ပြီ။ အိပ်၍မကြာမီ ဗိုလ်တဲစောင့်သည် လာလျက် ဗိုလ်တဲမှဖယ်ပေးရန် ပြော၏။ အကြောင်းကား လူကြီးများလာမည် ဆိုသတည်း။

မနုဿဗေဒပညာ ကထိက ဆရာဦးစိန်ထွန်းနှင့် ကျွန်ုပ်က 'ငါတို့လည်း ကလေးမဟုတ်၊ လူကြီးတွေပဲ။ သူတို့နှင့်တွေ့မည်' ဟုပြောရ၏။ မကြာမီ သူပြောသော လူကြီးများ ရောက်လာ၏။ တက္ကသိုလ်တွင်နေစဉ် သိကျွမ်းခဲ့ရသော ဦးဝင်းဆွေ၊ သူ့ဇနီး ဆရာဝန်မနှင့် တပ်မတော် (ရေ) မှ ဗိုလ်မှူးကြီးစောဘာဝါး၊ သူတို့သုံးဦးက ကျွန်ုပ်တို့ သုံးဦးကိုမြင်သောအခါ အလွန် ဝမ်းသာကြသည်။ မတွေ့ရသည်မှာ နှစ်ပေါင်း (၂၀) မကရှိပြီ။ စောဘာဝါးလက်ဝှေ့ထိုးလျှင် ကျွန်ုပ်တို့က အားပေးနေကျ ကျောင်းသားများဖြစ်၏။ သို့နှင့် ပလက်ဝခရီးစဉ်သည် မဟာမုနိ ရုပ်ရှင်တော်မြတ်အား နောက်တစ်ကြိမ်၊ မြောက်ဦးရှိဘုရားများအား နောက်တစ်ကြိမ် ဖူးမြော်ရလေသည်။ ဤခရီးစဉ်ကို သူငယ်ချင်းများ ကူညီမ,စမှုကြောင့် အေးချမ်းသာယာသော ခရီးစဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ပါသည်။

သူငယ်ချင်း ရောင်းရင်းတို့ကို ကျေးဇူးတင်လျက်

အနောက်တံခါးမှူးမောင်မှူး

**မှတ်ချက်**

၁။ ယခု ဦးဘမောင် (လဝကမှူး-ငြိမ်း)၊ ဦးနကျော် (လဝက ဒုညွှန်မှူး-ငြိမ်း)။

၂။ သူဌေးစောလှ (လဝကမှူး-ငြိမ်း) (ကွယ်လွန်)။ ဘုတ်ဖားစောလှ (လဝကဦးစီးအရာရှိ-ငြိမ်း)။

၃။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကိတ္တိ၊ နိုင်ငံတော်သံဃာ့နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ (ပျံလွန်)။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးသိန်းဝင်း
ဆရာစံ၏ ဓားဖိုဓားမပြဿနာ

ယခုတစ်လော ကျွန်တော်တို့အုပ်စုတွေ ခြေသွက်နေကြသည်။ စာကိုပင်ကောင်းစွာမရေးဖြစ်၊ ခရီးချည်းလိုမ့်ထွက်နေကြသည်။ ဇန်နဝါရီလတုန်းက မောင်ညိုမှိုင်း (သန်လျင်) ပူဆာသဖြင့် ဆရာစံ၏ အလံတောင်ခရီးစဉ်လေ့လာရေးနှင့် သာယာဝတီထောင်လေ့လာရေးခရီးသွားကြသည်။မောင်မြဦး(မြောင်းမြ) ယခင် အကျဉ်းဦးစီးဌာနလက်ထောက်ညွှန်မှူး(ငြိမ်း)က ဦးဆောင် စီစဉ်ပေးသဖြင့် သာယာဝတီထောင် အရာရှိရိပ်သာတွင် တည်းခိုခွင့်ရသည့်အပြင် ထောင်ပိုင်ကြီးဦးစိုင်းနှင့် ထောင်အရာရှိများက ကျွန်တော်တို့စာရေးဆရာအဖွဲ့အား ပြည့်စုံအောင် ဧည့်ခံကျွေးမွေးကြပါသည်။ ကွင်းဆင်းလေ့လာနိုင်သဖြင့် ယခင်တောင်သူလယ်သမားခေါင်းဆောင် ဂဠုန်ဆရာစံ၏အကြောင်းကို စာတွေ့အပြင် လက်တွေ့ပါ ဆည်းပူးလေ့လာခွင့်ရခဲ့ပါသည်။

သုံးဆယ်မြို့နှင့် သာယာဝတီမြို့က တစ်မိုင်သာ ဝေးသော်လည်း သုံးဆယ်မြို့နှင့် အလံတောင်မှာ (၁၅) မိုင်ခန့်ဝေးပါသည်။ တောင်ခြေ လှည်းလမ်းကူးရွာကလေးမှ အလံတောင်သို့ (၃) မိုင်ကျော်ခန့်ဝေးသေးသည်။ ရွာမှ အလံတောင်ကို ပျပျသာမြင်ရသည်။ သစ်ထုတ်တောလမ်းခရီးဖြစ်သဖြင့် လမ်းက အလွန်ကြမ်းသည်။ မော်တော်ဆိုင်ကယ်ဖြင့် သွားတာတောင် (၁) နာရီခန့် ကြာသည်။

လှည်းလမ်းကူးရွာနေ ကျွန်တော့်တပည့်များဖြစ်ကြသည့် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့မရှိကြ။ တောပြုန်းပြီဖြစ်သဖြင့် ရေကြည်ရာမြက်နုရာနေရာများသို့ ပြောင်းရွှေ့သွားကြပြီဖြစ်သောကြောင့် အသိဦးမြင့်အောင်တို့အိမ်တွင်စတည်းချကြရခြင်းဖြစ်ပါသည်။ ဆရာစံ၏ အလံတောင်မှာ ယခင်ကလိုတောကြီးမျက်မည်းမဟုတ်တော့၊ တောင်ကတုံးသာသာ။ လက်မောင်း၊ လက်ဖျံခန့်သာရှိတော့သော သစ်ပင်ငယ်များကိုပင် ချမ်းသာမပေးပါ။ ထင်းအဖြစ်မီးသွေးဖုတ်ရန်နှင့် အုတ်ဖုတ်ရန် လှည်းများ၊ ကားများဖြင့်ထုတ်နေကြဆဲ။ စမ်းရေကြည်လည်း ခန်းပါပြီ။ သစ်ရိပ်ဝါးရိပ်ရှိသောတောလမ်းမှာ ယခုတော့ ဖုန်တထောင်းထောင်း၊ လမ်းဆိုးကြီးဖြစ်နေပါတော့သည်။ တောင်တက်လမ်းမှာ အရိပ်ရအပင် မရှိတော့ပါ။ မြင်ကွင်းကရှင်းနေသည်။

တောင်ခြေလျှိုကြီးမှာလည်း ... မရှိတော့။ သမိုင်းခြေရာကောက်ရန် ... အခက်အခဲတွေ့ရသည်။ ယခင် ဆရာ... တို့အဖွဲ့ ခိုလှုံခြေကုပ်ယူခဲ့သော တော... အား သမိုင်းမှတ်တိုင်အဖြစ် သစ်တော... ဌာနက ထိန်းသိမ်းသင့်ပါသည်။ ... တော့ တောင်ပေါ်ကကြည့်လျှင် လှည်း... လမ်းကူး၊ ဖားရွှေကျော်ရွာ၊ သုံးဆယ်... အထိ တောမဖုံးဘဲ ပဲခင်းများသာ... ဖြင့် အတိုင်းသား မြင်နေရတော့သည်။ ... သမိုင်းခြေရာပျောက်ချေပြီ။


ထိုညက လှည်းလမ်းကူး... ဦးမြင့်အောင်တို့အိမ်တွင် ညအိပ်တည်း... ကြသည်။ အိမ်ရှင်က လိုလေသေး... ဧည့်ခံကျွေးမွေးသည်။ ကျွန်တော်တို့... တော့ စာရေးဆရာများပီပီ စာအုပ်များ... ကိုသာ လက်မှတ်ထိုးပြီး အမှတ်တ... ပေးဖြစ်ခဲ့ပါသည်။

နောက်တစ်နေ့မနက်တွင် ... ရှင်များကကျွေးသော ပဲပြုတ်ထ... ကြော်နှင့် ကော်ဖီကို သောက်သုံး... ယမန်နေ့ကတည်းကငှားလာသော ... ဒေါင်း(ထော်လာဂျီ)ကြီးစီး၍ ပြန်...



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

...ခရီးကအတော်ကြမ်းသည်။ မြေ...စ်၍ ဖုန်ကအလိမ်းလိမ်း။ ကား... လမ်းက ကြမ်းတော့ နေ့လယ်...ာရီခန့် သုံးဆယ်မြို့ ပြန်ရောက်... ဗိုက်အလွန်ဆာနေကြပြီ။ ယမန်... နေ့လယ်စာစားခဲ့ကြသော သုံးဆယ်မြို့ တရုတ်ဆိုင်၌ပင် အလွန်အရသာရှိသော ထမင်းပေါင်းကိုပင် စားကြပြန်သည်။ အသီးအရွက်များအစုံပါပြီး အသားလတ်သည်။ ပူပူနွေးနွေးဖြစ်သဖြင့် အလွန်စားကောင်းပါသည်။

စားသောက်အပြီး ဘွန်ဒေါင်းကြီးဖြင့်ပင် သာယာဝတီထောင်သို့သွားကြသည်။ ဦးမြဦးက ကြိုတင်ဆက်သွယ်စီစဉ်ထားသဖြင့် သာယာဝတီထောင်အရာရှိများက ကြိုဆိုပြီး နေရာချထားပေးသည်။ ကျွန်တော်တို့ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ထောင်အရာရှိများဖြင့် တွေ့ရာလေးပါး စကားပြောကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ စာအုပ်များကို လက်မှတ်ထိုး၍ လက်ဆောင်ပေးလိုက်ပါသည်။ ညစာကို သာယာဝတီထောင်အရာရှိများက ကောင်းမွန်စွာ ဧည့်ခံကျွေးမွေးပါသည်။ အကျဉ်းဦးစီးဌာနမှ ထွက်ခဲ့ပြီးဖြစ်သော်လည်း ဌာနဝန်ထမ်းများက ကျွန်တော်တို့အား နွေးထွေးပျူငှာစွာ ဧည့်ခံကြဆဲဖြစ်ပါသည်။

နောက်တစ်နေ့မနက် Breakfast အဖြစ် သာယာဝတီမုန့်ဟင်းခါးစားကြရသည်။ တစ်မျိုးအရသာထူးပါသည်။ စားပြီးတော့ ၁၉၄၉ ခုနှစ် လွတ်လပ်ရေးခေတ်ဦးက ကွန်မြူနစ်များအသက်ကို ခံသွားကြရသော သာယာဝတီထောင်အရာရှိများဖြစ်ကြသည့် ထောင်ပိုင်ကြီး မစ္စတာပေါ(လ်)နှင့် ထောင်မှူးကြီး ဦးပုအပါအဝင် အကျဉ်းဌာနဝန်ထမ်း(၈)ဦး၏အမှတ်တရကျောက်တိုင်ကို လေ့လာကြရသည်။ ကွန်မြူနစ်များကို ထောင်အတွင်း၌နှိပ်စက်သဖြင့် ထောင်အရာရှိများအား ကွန်မြူနစ်များအာဏာရသောအချိန်တွင် ပြန်လည် ကလဲ့စားချေသတ်ဖြတ်ခြင်း ဖြစ်သည်။ဒ

ယင်းအထိမ်းအမှတ်ကျောက်တိုင်အရှေ့တွင် ထောင်ပိုင်ကြီး မစ္စတာပေါ(လ်) နေထိုင်ခဲ့သော တောင့်တင်းခိုင်မာလှသည့် ဆင်ဝင်ပါ နှစ်ထပ်အိမ်ကြီး ရှိသည်။ အင်္ဂလိပ်ခေတ်ကတည်းက ထုနှင့်ထည်နှင့် လက်ရာမြောက်စွာ သစ်ကောင်းဝါးကောင်းဖြင့် ဆောက်လုပ်ခဲ့သောကြောင့် ယခုအချိန်အထိ ခိုင်မာဆဲ၊ တောင့်တင်းဆဲ။ သို့သော် သရဲခြောက်သည်ဟု နာမည်ကြီးသဖြင့် ထောင်ပိုင်များ မနေရဲ၊ ပိတ်ထားသည်။ အောက်ထပ်မှာ ဖွင့်ထားသဖြင့် လင်းနို့များ၊ လင်းဆွဲများ ခိုအောင်းနေထိုင်ရာနေရာ ဖြစ်သည်။

အိမ်ကြီး၏ ညာဘက်တွင် ဂူများအား သစ်လွင်စွာ ဆေးသုတ်ထားသည့် သင်္ချိုင်းကြီး ရှိသည်။ မီးသဂြိုဟ်စက်၊ ခေါင်းတိုင်နှင့် ဇရပ်တစ်ဆောင်လည်းရှိသည်။ ကျွန်တော့်တို့အား လိုက်ပြသော ရိပ်သာစောင့်ကြီးက ဆရာစံအား မြှုပ်နှံခဲ့သောသင်္ချိုင်းဟု ညွှန်ပြပါသည်။ ကျွန်တော်တို့သွားကြည့်တော့ အုတ်ဂူများက အစီအရီ။ ထိုအုတ်ဂူများအောက်၌ ဆရာစံအား သံထည်ကွန်ကရစ်ဖြင့် အခိုင်အမာ မြှုပ်နှံခဲ့ကြောင်း သိရသည်။ မြှုပ်နှံစဉ်က ကုလားစစ်ပါရီပုလိပ်တို့ကို အစောင့်ချထားခဲ့ကြောင်း၊ မြန်မာလူမျိုးများ ပြန်မဖော်နိုင်စေရန်ဖြစ်ကြောင်း ပြောပြပြန်သည်။ မြန်မာ့တောင်သူလယ်သမား ခေါင်းဆောင်အား နောင်လာနောက်သားများ အစအနပင်မမြင်ရစေရန် အင်္ဂလိပ်တို့က ဖျောက်ဖျက်ပစ်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်တို့အဖွဲ့ လေ့လာနေစဉ် သာယာဝတီထောင်မှ အငြိမ်းစားယူသွားသော ဦးစီးအရာရှိ ဦးမောင်သိန်းဆိုင်ကယ်ကြီးဖြင့် ရောက်လာသည်။ ဦးမောင်သိန်းက သာယာဝတီ ဆရာစံမြို့သစ်တွင် အခြေချနေထိုင်သော ကျွန်တော်တို့ ထောင်မှူးသင်တန်းအပတ်စဉ် (၆) ဆင်း ငယ်ပေါင်းသူငယ်ချင်း ဖြစ်သည်။ ကျွန်တော်တို့ ဆရာစံအကြောင်း ပြောနေကြခြင်းဖြစ်သဖြင့် ဝင်ပါလာမည်။

"ဆရာစံကို ရှမ်းပြည်နယ်ဘက် ရှောင်တိမ်းနေတုန်း ဖမ်းဆီးမိတာ။ သာယာဝတီထောင်ဘူးတံခါးကြီးအဝင်မှာ တံခါးကြီးကို အောက်လမ်းအစီစဉ်တွေ လုပ်ထားကြောင်း သိတာနဲ့ ဆရာစံက မဝင်ဘူး၊ အုတ်တံတိုင်းကို သီးသန့်အပေါက်ဖောက်ပေးမှ ထောင်ထဲဝင်မယ်ဆိုလို့ ဖောက်ပေးရတယ်ဗျ။ အဲဒီအကြောင်းကို လူတကာမသိအောင် လျှို့ဝှက်ထားတယ်။ လာ - ကျွန်တော် သက်သေပြမယ်"

ကျွန်တော်တို့ ထောင်ဘူးဝတံခါးကြီးဘက်သွားပြီး ဦးမောင်သိန်း ပြသော တံခါးကြီးလက်ယာဘက်အနီးရှိ အုတ်တံတိုင်းအားကြည့်ကြရာ အပေါက်တစ်ပေါက်ဖောက်ပြီး အုတ်၊ အင်္ဂတေဖြင့် ပြန်ပိတ်ထားသော လက်စလက်နကို တွေ့ရသည်။ သို့သော် ကျွန်တော်တို့ ဆရာစံ၏ သမိုင်းကြောင်းအား စာမျိုးစုံဖတ်ဖူးရာ ထိုအကြောင်းကို မည်သည့်အထောက်အထား စာအုပ်စာတမ်းတွင်မျှ မတွေ့ခဲ့ရဘူးပါ။ ထို့ကြောင့် အလွန်အံ့ဩမိသည်။

ကျွန်တော်က -

"ကိုမောင်သိန်း၊ ဟုတ်ရဲ့လားဗျာ။ ကျွန်တော်တို့ ကြားဖူးဖတ်မြင်ဖူးတဲ့ဓာတ်ပုံတွေအရတော့ ဆရာစံကို ရုံးထုတ်တုန်းက ကုလားပုလိပ်တွေနဲ့ ထောင်အရာရှိတွေ ခြံရံပြီး ထောင်ဘူးဝတံခါးကြီးအရှေ့မှာ ဓာတ်ပုံရိုက်ထားတာ မှတ်တမ်းရှိပါတယ်။ ကိုမောင်သိန်း ပြောပုံအရဆိုရင် ဝင်တုန်းက အုတ်ရိုးဖောက်ပေးရပေမယ့် အထွက်ကျတော့ ရိုးရိုးတံခါးကြီးကထွက်တဲ့ပုံလား စဉ်းစားစရာပေပဲနော်။ နောက်တစ်ခုက ဆရာစံကို သူပုန်ဆိုပြီး နှိမ်ထားတာ၊ အုပ်ချုပ်သူအင်္ဂလိပ်အစိုးရက အကျဉ်းသားသူပုန်ကို အဲဒီလောက် ပ,စားပေးပါ့မလားဗျာ"

"စဉ်းစားစရာတွေတော့ရှိတာ... ဗျာ။ ကျွန်တော့်ကိုတော့ အဲဒီခေတ်တ... လိုက်တဲ့ ဂါတ်စာရေးကြီး ဦးတင်မော... ပြောသွားတာ သူက အခုဆိုရင် အသ... (၈၀) လောက် ရှိပြီ။ ကျွန်တော်နေ... ဆရာစံမြို့သစ်မှာပဲ နေတယ်။ ကျန်း... ဆဲပဲ"

"ယုံတာ၊မယုံတာပြောတာမဟု... ပါဘူး ကိုမောင်သိန်းရယ်။ ကျွန်တော်... က မမီလိုက်တော့ သမိုင်းအကိုးအကား... မတွေ့ဘူးလို့ ပြောတာပါ။ အဲ - ... ဆရာစံသုံးခဲ့ဖူးတဲ့ ဓားဖို၊ ဓားမ ဆို... ကော ကြားဖူးသလား"

"ကြားဖူးတယ် ကိုသိန်းဝင်း။ ... ဓားတွေက အရေးကြီးမှထုတ်သုံး... အလံတောင်တိုက်ပွဲပြီးတော့ ထန်း... ရွာတိုက်ပွဲ အဲဒီမှာ အင်္ဂလိပ်စစ်ဗိုလ်... ကုလားစစ်သားခေါင်းတွေကိုဖြတ်ခဲ့တ... ဆရာစံတို့ ထန်းတောရွာမှာ တိုက်... လို့ ကိုယ်ယောင်ဖျောက်ပြီး ရှမ်း... နယ်ဘက်ပြေးတော့ ရွာသူကြီးတစ်ဦး... ဆုချတဲ့အနေနဲ့ ဓားဖိုကို လက်ဆော... ပေးခဲ့တယ်။ ဓားမကတော့ ရှမ်းပြည်... ဘက်မှာ တိုက်ပွဲဖြစ်ပြီး အဖမ်းခံ... တပည့်တစ်ဦးကို ပေးခဲ့တယ်လို့ အ... တယ်။ ဓားက ငှက်ကြီးတောင်လော... မရှည်ဘူး။ ခုတ်ကောင်းရုံ တစ်တော... ကျော်လောက်ပဲရှိတယ်။ ဓားရိုးက... ရိုး၊ ကိုင်တာမြဲအောင် ပန်းကနုတ်... ဖော်ထားတယ်။ သံအလွန်ကော... လက်ဆမြဲတယ်။ ဓားရွက်အပေါ်... ကြောင်းအလယ်မှာ 'သုပဏ္ဏက... ရာဇာ' လို့ ရေးထိုးထားသတဲ့"

"ဟုတ်လိုက်လေဗျာ၊ အဲဒီ... ချောင်း ကျွန်တော်ရထားတယ်။ ... က ကိုအုန်းသွယ်ဆိုတဲ့ သူငယ်ချ... ယောက်က လက်ဆောင်ပေးတာ... အဘိုးဓားတဲ့။ အလွန်ထက်လွန်းလို့... မှာ မထားရဲလို့တဲ့။ ဓားက အ... တယ်လေ"

"ဘယ်လိုစီးတာလဲ ကိုသိန်း..."

"ဓားကို ရှေးဟောင်း အိန်... ဓားအိမ်ထဲမှာထည့်ထားတယ်။နှစ်... ကြာပေမယ့် သံချေးမတက်ဘူး၊ ... လွန်ကောင်းတယ်။ မသွေးဘဲ၊ မ... တောင် ခြေသလုံးမွေးရိတ်လို့ရ... ဓားကို ဓားအိမ်ကထုတ်ရင် သွေး... သံယိုဖြစ်တတ်လွန်းလို့ ကိုအုန်းသွ... သေတ္တာထဲထည့်သော့ခတ်ထား... လို့ ပြောတယ်။ စီးတယ်ဆိုတာ... ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဩော်- အစောင့်အကြပ်ရှိတယ် [illegible]တော့"

"ဟုတ်ပါတယ်၊ အဲဒီသဘောပြော [illegible]"

"ကျွန်တော့်ကို ရောင်းမလား၊ [illegible]သိန်းပေးမယ်"

"ရောင်းစရာလား ကိုမောင်သိန်း [illegible] ကျွန်တော်ကတော့ ကျွန်တော်တို့ [illegible]တိုက်က ဓားဝါသနာပါတဲ့ သိုင်း [illegible]ကိုတင်ထွန်းကို လက်ဆောင်ပေး [illegible]ပြီဗျာ။ အစောကမသိလို့ပါ"

"အဲဒီဆရာကို မေးပေးစမ်းဗျာ၊ [illegible]ရင် ကျွန်တော် (၃) သိန်းပေးမယ်"

"ဟ - ကိုမောင်သိန်းရဲ့၊ အဲဒီ [illegible]တောင် တန်ဖိုးရှိသလား"

"ရှိပါ့ဗျာ၊ အဲဒီထက်တောင်မက [illegible] ဓားဖို၊ ဓားမတစ်စုံလုံးသာရပြီး စစ် [illegible] သိန်း(၅၀)ပေးပြီးဝယ်မယ့် ဝယ် [illegible] ကျွန်တော့်မှာရှိတယ်။ နောက်ပြီး [illegible]ကို ကျွန်တော် ရထားတယ်"

"အယ် - တယ်ဟုတ်ပါလား၊ ဒါနဲ့ [illegible] ဓားမဘယ်လိုခွဲခြားထားသလဲ"

"ခင်ဗျားအသေအချာမကြည့်လို့ [illegible]သိန်းဝင်း။ ဓားရဲ့အနှောင့် လက် [illegible] ဘုသီးထိပ်မှာ အမှတ်အသားပါ [illegible] ကျွန်တော့်ဆီက ဓားပေါ်မှာ [illegible]ရာ ရေးထိုးထားတယ်။ အဖိုရဲ့ [illegible]ကိုင်ရိုးနောက်ပိတ်မှာတော့ ဖို [illegible]ရာ ရေးထွင်းထားတယ်။ နောက် [illegible] အမကို ကြေးဝါသတ္တုနဲ့ လုပ် [illegible] အဖိုလက်ကိုင်ရိုးကိုတော့ ကြေး [illegible]ထားတယ်။ ဓားနှစ်ချောင်းစလုံး [illegible]ရာစက ဆေးဆရာပီပီ အစီအရင် [illegible]တင်ထားတော့ အလွန် အစွမ်း [illegible]တယ်။ နောက်ပြီး ဓားသံက သံ [illegible]"

"ဟာ - ဒါဆို အလွန်အဖိုးတန် [illegible]ဝင်မှာပဲနော်"

"ဒါပေါ့ဗျာ နတ်ပူး၊ စုန်းပူး၊ [illegible]နဲ့ယှဉ်တဲ့ရောဂါမှန်သမျှ ဓားကို [illegible]ပြီး ဖျန်းပေးရုံနဲ့ ပျောက်ကင်း ချမ်း [illegible]တယ်။ အသက်ထွက်ခါနီး ချွဲလိုက် [illegible] အမောဖောက်နေတဲ့ လူနာတောင် [illegible]ကို ရေစိမ်တိုက်ရုံနဲ့ ချက်ချင်းထထိုင် [illegible] အဲ့သည်လောက်တောင် အစွမ်း [illegible]တာ။ သံသေဓားဆို မဟုတ်လား [illegible] အဲ - ဆောင်ထားရင်တော့ ဓာတ် [illegible]ရင် အန္တရာယ်ရှိတယ်။ ရန်များတတ် [illegible] ဓာတ်သိရင်တော့ အနည်းဆုံး [illegible]နှစ်တစ်ကြိမ် ဓားကို ဓားအိမ်က [illegible] ကြက်အရှင်တစ်ကောင်ကို လည် ပင်းဖြတ်သတ်ပေးရင် ပွဲပြီးပါတယ်"

"ဘယ်လို ပွဲပြီးတာလဲ ကိုမောင်သိန်းရဲ့"

"ဓားအစောင့်ကို ပူဇော်သလိုမျိုး ပေါ့ဗျာ။ ယဇ်ပူဇော်သလိုမျိုးဖြစ်မှာပေါ့"

"ဒါဆို အထက်လမ်းနည်း ဘယ် ဟုတ်တော့မလဲ"

"ဓားဆိုတာ ခုတ်ဖို့ဖြတ်ဖို့၊ တိုက် ပွဲဝင်ဖို့လေ။ ဘုရားဆောင်ပေါ်တင် ကိုး ကွယ်ဖို့မှမဟုတ်ဘဲ။ နည်းပေါင်းစုံနဲ့ စီရင် ထားတာပေါ့။ ဆရာစက နာမည်ကြီး ဆေးဆရာပဲ။ ဘက်စုံတတ်ကျွမ်းပါ တယ်"

"ဒါဆို ကိုမောင်သိန်းဘက်က ကော ရောင်းမှာလား"

"မရောင်းနိုင်ပါဘူးဗျာ၊ ကျွန်တော် က ဝယ်ချင်တာပါ"

"ကိုမောင်သိန်းပြောတဲ့အထဲမှာ တစ်ခုချန်ထားသလိုမျိုးပဲ။ ပြောစမ်းပါ ဦး လျှို့မထားပါနဲ့၊ သူငယ်ချင်းအရင်း ကြီးတွေပဲဟာ"

"အင်း - ကိုသိန်းဝင်းက စာရေး ဆရာပီပီ အရိပ်အကဲနားလည်တယ်၊ ပါး နပ်တယ်။ မြှုပ်ကွက်ရှိတယ်၊ အဲဒါက"

"အသေအချာပွင့်ပွင့်လင်းလင်း ပြောစမ်းပါဦး ကိုမောင်သိန်းရယ်"

"ဒီလိုဗျာ - ဓားဖို၊ ဓားမစစ်ရင် အစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ ဓား နှောင့်အရိုးထိပ်က ဘုသီးလေးကိုလှည့် ကြည့်ရင် အဲ - လှည့်တာတောင် လှည့် နည်းရှိတယ်။ ဓားမက ဘယ်ရစ်လှည့် မှ ဖွင့်လို့ရတယ်။ ဓားဖိုက ညာရစ်လှည့် ရတယ်။ အဲဒီနောက်ပိတ်ဝက်အူရစ်အ ဆုံးအတွင်းထဲမှာ မြေပုံရှိတယ်။ မြေပုံကို ဓားဖို၊ ဓားမ နှစ်ခြမ်းခွဲပြီး မြှုပ်နှံ့ထား တာ"

"ဘာမြေပုံလဲကို မောင်သိန်း"

"လျှို့ဝှက်စီရင်ထားတာ ဆိုတော့ ရတနာမြေပုံဖြစ်ဖို့များတယ် ဆရာစက ဆေးဆရာဆိုတော့ ဆေးကျမ်း၊ ဓာတ် ကျမ်း၊လောကီအစီအရင်ကျမ်းအင်္ဂရတ် ကျမ်းတွေလည်း ဖြစ်နိုင်တယ်၊ တန်ဖိုး ရှိမှာတော့ အမှန်ပဲ"

"မြေပုံအညွှန်းက ဘယ်နေရာကို ညွှန်းထားသလဲ"

"အလံတောင်ပတ်ဝန်းကျင်ပဲ။မြေ ပုံက တစ်ခြမ်းတည်းဆိုတော့ အလုပ် မဖြစ်ဘူး၊ ဆက်စပ်မရဘူး။ ခင်ဗျားတို့ ဘက်က ဓားနှောင့်က မြေပုံတစ်ခြမ်းနဲ့ ပေါင်းပါမှပြည့်စုံပြီး နေရာအတိအကျ သိမယ်။ ဘယ်လိုလဲ စုပေါင်းမလား၊ ရောင်းမလား"

"နေစမ်းပါဦး ကိုမောင်သိန်းရယ်၊ ကျွန်တော့်လူနဲ့ တိုင်ပင်ကြည့်ပါဦးမယ်။ နောက်ပြီး ဓားကလည်း အစစ်ဖြစ်ဦးမှ ဖြစ်မယ်။ အတုဆိုရင်တော့သွားပြီ"

"ဓားနှောင့်ကိုဖွင့်ကြည့်ရင် သိနိုင် ပါတယ်ဗျာ။ မခက်ပါဘူး"

"အဲဒါဆိုရင်တော့ ကိုမောင်သိန်း ဓားယူပြီး ကျွန်တော်တို့အပြန်လိုက်ခဲ့မှ ဖြစ်မယ်။ ဒါမှမဟုတ် ဘယ်နေ့လောက် ချိန်းမလဲ"

"မချိန်းပါဘူး၊ ဒါက အရေးကြီး တယ်။ ကျွန်တော် ခင်ဗျားတို့အပြန် တစ်ခါတည်း လိုက်ခဲ့မယ်။ နေ့လယ်စာ စားပြီးမှ ပြန်မှာမဟုတ်လား"

"ဟုတ်ပါတယ်၊ အချိန်ရပါတယ်"

❖

ထိုနေ့က ကိုမောင်သိန်း ဆိုင်ကယ် ဖြင့် ဆရာစံမြို့သစ် ပြန်သွားပြီး ကျွန် တော်တို့ နေ့လယ်စာ စားပြီးချိန်တွင် အထုပ်အပိုးပိုက်၍ ဆိုင်ကယ်ကယ်ရီဖြင့် ပြန်ရောက်လာသည်။ သတင်းစာစက္ကူ ဖြင့် အထပ်ထပ်ပတ်ထားသော ဓား တစ်စင်းလည်း ပါလာသည်။

"ဩော် - ကိုမောင်သိန်းက လက် တွေ့သမားကိုး။ ဓားက အရေးကြီး ကြောင်းလည်း ယုံကြည်ပါပြီဗျာ"

ကိုမောင်သိန်းပြန်သွားချိန်၌ ဓား ရာဇဝင်အကျိုးအကြောင်းကို ကျွန်တော် က စိတ်ကူးသစ်စာပေ ကိုတင်ထွန်းနှင့် ဂမ္ဘီရစာရေးဆရာ မောင်ညိုမှိုင်းတို့အား ပြောပြထားသဖြင့် သူတို့လည်း စိတ်ဝင် စားကြသည်။

ဦးမြဦးကြီးကတော့ -

"အလကားပါ ကိုသိန်းဝင်းရယ်၊ ကိုသိန်းက စပ်စပ်စုစု အလွန်ဝါသနာပါ တယ်။ ပြီးတော့လည်း အဖျားရှူးသွား တာပဲ"

ဟု ပြောခဲ့သည်။

ထိုအကြောင်းကို ကိုမောင်သိန်း က ရိပ်မိနေသလားမသိ။ ရောက်သည် နှင့် အိပ်ခန်းထဲသို့ ကျွန်တော်တို့အား ခေါ်ပြီး စက္ကူထုပ်အားခွာ၍ ဓားအားပြ သည်။ သူပြောသလိုပင် ကျွန်တော်တို့ တွင်ရှိသော ဓားဖြင့် တစ်သဝေမတိမ်း တူညီနေသည်။

ကိုမောင်သိန်းက သူယူလာသော ဓားနှောင့်မြီးအား ဘယ်ရစ်လှည့်၍ချွတ် လိုက်ပြီး အထဲမှမြေပုံလိပ်ကလေးအား နှိုက်ယူလိုက်သည်။ စက္ကူလိပ်ကလေးကို ကျွန်တော်တို့အား ပြသည်။ ဗလာစာ အုပ်အဖုံးကို မာကျောထူထဲသော စက္ကူ



www.burmeseclassic.com

www.burmeseclassic.com

လိပ်ကလေး ဖြစ်သည်။ နှစ်ပေါင်းကြာသော်လည်း မိုးလုံလေလုံလုပ်ထားသဖြင့် စုတ်ပြဲရှိနွမ်းခြင်းမရှိ။ သို့သော် ဟောင်းမြင်းနေကြောင်း သိသာပါသည်။

"ကဲ - သူငယ်ချင်းတို့ ဒီမှာကြည့်။ ဒါက မြေပုံတစ်ခုရဲ့ အပိုင်းတစ်ပိုင်း။ နောက်တစ်ပိုင်းက သူငယ်ချင်းတို့ဆီမှာရှိတဲ့ ခေါ်ဖိုထဲမှာ ဖြစ်မယ်။ နှစ်ခုပေါင်းမှ မြေပုံကပြည့်စုံမယ်။ ရော့- ဒီမှာအသေအချာကြည့်ကြပါ"

ကျွန်တော်တို့ကြည့်တော့ အလံတောင်ထစ်ခြမ်းမြေပုံ ဖြစ်သည်။ လမ်းကြောင်းခရီးရှိ ဖားရွှေကျော်ရွာ၊ လှည်းလမ်းကူးရွာများက မြေပုံထဲ၌ တစ်ဝက်သာပါသည်။ အဓိကတည်နေရာမှာ ခေါ်ဖိုမြေပုံဘက်ခြမ်းတွင် ပါဝင်ပုံရလေသည်။ ထို့ကြောင့် ခေါ်ဖိုမြေပုံက ပိုအရေးကြီးဟန် ဖြစ်နေသည်။

"ကဲ - အဖြေပေါ်အောင် ရန်ကုန်ပြန်ကြတာပေါ့။ နှစ်လွှာပေါင်းမှ တစ်ရွက် ဆိုတဲ့ စွယ်တော်ရွက်လို မြေပုံ(၂)ခု ဆက်မိမှ အဖြေပေါ်လိမ့်မယ်"

ကျွန်တော်တို့ သာယာဝတီထောင်ပိုင် ဦးစိုင်း၏ကားဖြင့် သုံးဆယ်သို့ ထွက်ခဲ့ကြသည်။ သုံးဆယ်ဆရာတော်ဘုရားကြီးအားဝင်ဖူးကြပြီး အဝေးပြေးကားဖြင့် ပြန်ခဲ့ကြပါသည်။ ကားကြီးမှာ သခင်မြပန်းခြံတွင် ဂိတ်ဆုံးသဖြင့် (၂၈) လမ်းသို့ Taxi ငှား၍ ပြန်ခဲ့ကြပြီး ပထမဆုံး နေ့လယ်စာစားကြသည်။ အချိန်က မွန်းတည့်ကျော်ချေပြီ။ ရုံးခန်းတွင် စုဝေးထိုင်ကြပြီး လက်ဖက်ရည်သောက်ရင်း ခေါ်နှစ်စင်းကိုထုတ်၍ ယှဉ်ကြည့်တော့ ပုံစံတူ အရွယ်အစား၊ အလျားတူ။ ခေါ်နှစ်စင်းစလုံး ငှက်ခါးရောင်ပြောင်လဲ့လဲ့သန်းနေသည်။ ကျွန်တော်တို့ခေါ်ကိုအသေအချာကြည့်မှ ကိုမောင်သိန်းခေါ်လို လက်ကိုင်ရိုးနောက်ပိတ်၌ ဘုကလေးပါပြီး ကြေးဖြူလက်ကိုင်ရိုးဖြစ်သည်။ 'ဖို' ဆိုသော စာလုံးလေးကို ထွင်းထုထားသည်။ ကျွန်တော်က ညာရစ်လှည့်ကြည့်တော့ အသာပင်ပွင့်သွားသည်။ ဝက်အူရစ်ကိုချွတ်ပြီး ကိုမောင်သိန်းလုပ်သလို အထဲတွင်စမ်းကြည့်တော့ စာရွက်ခေါက်ကလေးကို စမ်းမိသည်။

ကျွန်တော် လက်ညှိုးလက်ခလယ်ဖြင့်ညှပ်ယူလိုက်တော့မှ စာရွက်ခေါက်ကလေး ပါလာသည်။ ဗလာစာအုပ်အဖုံးအား မြေပုံဆွဲထားခြင်း ဖြစ်သည်။

"ရော့ - ဟော့သည်မှာဗျို့၊ မြေပုံ (၂) ခြမ်း ဆက်စပ်ကြည့်ပေတော့"

ကိုမောင်သိန်းနှင့် ကိုတင်ထွန်းတို့က ဝမ်းသာအားရယူကြ၍ မြေပုံ(၂)ချပ်အား လက်နှင့်ဖိ၍ ဆက်စပ်ကြည့်ကြသည်။ ဆရာစံ၏ အလံတောင်မြောက် ဒုတိယအဆင့်နေရာကို အနီစက်လေးပြ၍ ညွှန်ပြနေသည်။ ဘာပစ္စည်းဟု ရေးမထား။ ဆရာစံမှာ လယ်သမားခေါင်းဆောင်ဖြစ်၍ အင်္ဂလိပ်အစိုးရအခေါ် သူပုန်ဗိုလ် မဟုတ်။ ခေါ်ပြတိုက်ခြင်းလည်းမရှိ။ ထို့ကြောင့် မြှုပ်နှံထားသောရတနာမြေပုံတော့ မဟုတ်နိုင်ပါ။

"ကိုမောင်သိန်း၊ ဘာပစ္စည်းဖြစ်မလဲဗျ"

"သိဘူးလေ သူငယ်ချင်းရဲ့၊ အဖိုးတန်ပစ္စည်းတော့ဖြစ်မှာပေါ့"

"ကဲ - ဒါဆိုဘယ်လိုလုပ်ကြမလဲ"

ကိုတင်ထွန်းက -

"ဆရာဦးမောင်သိန်း၊ ဒီညဒီမှာပဲ အိပ်ပါ။ မနက်ဖြန်ကျတော့မှ သုံးဆယ် အဝေးပြေးကားနဲ့ စောစောသွားကြတာပေါ့။ ဆရာမှိုင်း လိုက်ဦးမလား"

"ခင်ဗျားတို့ကိစ္စပဲဗျာ၊ ခင်ဗျားတို့ပဲသွားကြပါ။ ပစ္စည်းရတော့လည်း ကျွန်တော့်ကိုပြောကြပါဦး။ ကျွန်တော် စိတ်ဝင်စားလို့ ဇာတ်လမ်းတစ်ပုဒ်ရေးချင်လို့ပါ"

"ပြောရမှာပေါ့ဗျာ၊ ကျွန်တော်တို့က စာရေးဆရာတွေပဲဟာ။ ဇာတ်လမ်းကောင်းတစ်ပုဒ်တော့ ရမှာသေချာတယ်ဗျို့"

✣

နောက်တစ်နေ့မနက်တွင် စောစောဆိုသော်လည်း ကျွန်တော်တို့ ခရီးပန်းပြီး အိပ်ပျော်နေကြသဖြင့် မနက် (၉း၃၀) နာရီထွက်သော အဝေးပြေးကားနှင့်ပင် လိုက်ပါခဲ့ပါ၏။ မွန်းလွဲ (၁) နာရီခန့်မှ သုံးဆယ်မြို့သို့ ရောက်သည်။ ယမန်နေ့ကစားခဲ့သော တရုတ်ဆိုင်၌ပင် နေ့လယ်စာ စားကြပါသည်။ ဤတစ်ခေါက်တွင် ကျွန်တော်နှင့်ကိုမောင်သိန်း၊ ကိုတင်ထွန်းတို့သားအဖပါ ပါလာသဖြင့် ဆိုင်ကယ် (၂) စီးငှား၍ စီးကြသည်။ ဆိုင်ကယ်လမ်းမှာ လှည်းလမ်းကူးရွာသွားလမ်းဖြစ်၍ ဆည်ပေါင်က မသွားရတော့။ လမ်းကောင်းပြီး ကျဉ်းတော့ ကျဉ်းသည်။ ထို့ကြောင့် မွန်းလွဲ (၁း၃၀) နာရီခန့်ကထွက်လာရာ လှည်းလမ်းကူးရွာသို့ ညနေ (၃) နာရီခန့်ရောက်သည်။ အချိန်ရှိသေးသဖြင့် ကျွန်တော်တို့ ရွာထဲမဝင်တော့ဘဲ အလံတောင်ပေါ်သို့

ဆက်တက်ခဲ့ကြပါပြီ။ မြေပုံညွှန်းဆုံ...
သို့ ညနေ (၅) နာရီခန့်မှ ရောက်သည်...
တူးဆွစရာပစ္စည်းနှင့် လက်နှိပ်ဓာတ်...
စားစရာများ ကျွန်တော်တို့တွင် အပြည့်...
အစုံပါသည်။ ဆိုင်ကယ်သမားများအား...
အလံတောင်တောင်ခြေတွင်ထားခဲ့သည်...
သူတို့အား ညမိုးချုပ်မည်ဖြစ်သဖြင့် ...
(၂) ဆပေးထားရာ သူတို့လည်း ကျေ...
ကြပါသည်။

သတ်မှတ်နေရာတွင် အားကော...
မောင်းသန် ကိုတင်ထွန်းနှင့် သူ့သား...
တစ်လှည့်စီ တူးကြသည်။ တစ်တော...
ခန့်အနက်တွင် သံချင်းထိခိုက်သံကြား...
သဖြင့် မီးထိုးကြည့်တော့ ကျည်ဆ...
ထည့်သော သံသေတ္တာတစ်လုံး ဖြ...
သည်။ ကြေးသော့လေးခတ်ထားသည်...
အပြင်ဆွဲထုတ်ပြီး သော့ကိုရိုက်ဖြ...
အဖုံးဖွင့်ကြည့်တော့ အင်္ဂလိပ်ကျ...
ဆေးကျမ်း၊ ပုရပိုက်များနှင့် ထိုးလက်...
ရွှေရောင်၊ ငွေရောင်ခေါ်လုံးများ ...
ပိုက်များကြားထဲမှ ထွက်လာသည်...
ယခင် ခေါ်ဖို၊ ခေါ်မအနှောင့်တွင် ...
ထားသော ဗလာစာအုပ်အဖုံးစက္ကူ...
မာစားဖြင့် ရေးထားသည်က -

*'ထိုက်တန်သူများ တူးဖော်ရရှိပါက...*
*အင်္ဂလိပ်နားလည်သူနှင့်တိုင်ပင်ပြီး...*
*ပုဂံခေတ်က အရှင်အစ္စဂေါအော...*
*လို ဆင်းရဲသား တောင်သူလယ်...*
*သမားများကောင်းစားရေး ကိုယ်...*
*ဘုရားတည်နိုင်စေရန် ရည်မှန်းပြီး...*
*လုပ်ဆောင်ပါ။ ရွှေဖြစ်၊ငွေဖြစ်နည်း...*
*လမ်းများ ဖြစ်သည်။ ကျွန်ုပ်တွင်...*
*အချိန်မရှိ တစ်ဝက်တစ်ပျက်ဖြင့်...*
*ရပ်ထားရသည်။ အများအကျိုး...*
*ဆောင်သော်ဝ် ကိုယ့်အကျိုးအောင်...*
*ပါသည်။ သွေဖည် ဖည်သွေ တစ်...*
*ကိုယ်ကောင်းဆန်လျှင် ပျက်စီး...*
*စေ၊ မဟာအဝီစိငရဲသို့ ကျပါစေ...*
*သော်ဝ်'*

*သုပဏ္ဏကဂဠုဏ်ရာဇာဆ...*

ပေစာပါစာများမှာ ပါဠိဘာ...
ဖြင့် တွဲရေးထားသဖြင့် ကျွန်တော်...
စိုးစဉ်းမျှ နားမလည်ပါ။ နားလည်...
ကျွမ်းသူ အင်္ဂလိပ်ဆရာကို စုံနံ့သာ...
ရှာပုံတော်ဖွင့်ရချေဦးမည်။ ထို့ကြော...
နီးစပ်သော သာယာဝတီတွင်နေ...
ကိုမောင်သိန်းအား ပစ္စည်းများအ...
ကျွန်တော်တို့ ပြန်ခဲ့ကြပါတော့သတ...

ထောင်မှူးကြီးသိန်း...




www.burmeseclassic.com

www.burmeseclassic.com

# ပညာသင်ကာလ အတွေ့အကြုံများ

(ရင်ကိုအေးမြစေသော)

**ဆရာဦးမောင်မောင်သန်း**



"လူလေး (၁၈) နှစ်တောင် ပြည့်ပြီနော်"

...း ခတ်နေသော ဂစ်တာအနက် ...လေးကို ဘေးသို့ အသာချထား ...ပြီး အမေ့ကို ကြည့်နေလိုက်၏။ ...စကားထဲတွင် ထူးဆန်းသောအ ...င်းအရာ မပါပါ။ သို့သော် ကျွန်ုပ် ...ထဲတွင် တစ်ခုခုထူးဆန်းနေသလို ...နေရ၏။ ထိုစကားကြောင့် အမေ့ ...ကြည့်ရင်း အမေနောက်ထပ်ပြောလာ ...စကားတို့ကို နားစွင့်နေလိုက်၏။

"အိမ်ကို ကြွလာတဲ့ ရက္ခစိုးမှော် ...တဲ့ဆရာကြီးပြောသွားတယ်လေ။ ...ဆန်းတဲ့ အတတ်ပညာတစ်ခုကို ...ခင်သင်ရတော့မယ် ဆိုတာ၊ အဲဒီ ...နဲ့ (၇) ရက်သားသမီးတွေကို ကယ် ...မယ် ဆိုတာ..."

"ဩော်- အဲဒါက ကြာပါပြီ အမေ ...လည်း"

"အေးလေ၊ မနှစ်ကလေ"



www.burmeseclassic.com

www.burmeseclassic.com

"အခု ဘာဖြစ်လို့လဲ အမေ"

အမေ ဘာမှမပြောတော့။ ပြုံးလည်းမပြုံး၊ တည်လည်းမတည်သော မျက်နှာနှင့် အိမ်ထဲဝင်သွား၏။ ပြီးမှ အင်္ကျီတစ်ထည် ရှပြောင်းဝတ်လာပြီး-

"လာ- သား"

"ဗျာ-အမေ၊ ဘယ်လဲ"

"လာ"

ကျွန်ုပ်တွင်ညီမလေးတစ်ယောက်ရှိ၏။ ကျွန်ုပ်တို့မောင်နှမနှစ်ယောက်မှာ မိဘနှစ်ပါးကို အလွန် ရိုသေကြသူများဖြစ်ရာ မိဘများကို နှစ်ခါပြန်၍ မေးခွန်းမထုတ်ရဲ၊ ထို့ကြောင့် အမေ့နောက်သို့ တိတ်ဆိတ်စွာပင် လိုက်သွားလိုက်၏။

ကားမှတ်တိုင်(၃)မှတ်တိုင်မြောက်ဖြစ်သော ဗဟိုဈေးသို့ရောက်ပြီဆိုသည်နှင့် အမေဆင်းသောကြောင့် ကျွန်ုပ်ပါ လိုက်ဆင်း၏။

အမေ သွားနေသော နေရာမှာ ကျွန်ုပ်နှင့်မစိမ်းသော်လည်း ဘာမှမမေးမိတော့။ နောက်မှသာ ကပ်လျှောက်လိုက်၏။

ဆရာ့အိမ်။

အမေ ဆရာ့ဆီလာတာကိုး။

ဤစကားသည် နှုတ်မှထွက်လာခြင်း မဟုတ်ပါ၊ စိတ်ထဲမှ အသံတိတ်စကားသာ ဖြစ်၏။

ဆရာသည် အမေနှင့်ကျွန်ုပ်ကို လှမ်းမြင်လိုက်သည်နှင့် ပြုံး၍ခရီးဦးကြိုပြု၏။ ကျွန်ုပ်က ဦးညွှတ်၍ အရိုအသေပြုလိုက်၏။

ဦးညွှတ်၍ အရိုအသေပြုလိုက်ခြင်းမှာ ကျွန်ုပ်သည် ဆရာ့ထံတွင် ကရာတေးပညာများသင်ယူနေ၍ဖြစ်ပါသည်။

"ကဲ- ဒေါ်ဒေါ် ကိုယ်တိုင်ပဲ သားကို အပ်ပါတယ်။ ဆရာ့ပညာကို သင်ယူဖို့ သားရင်း တပည့်ရင်းလို ဆုံးမပါ။ ဆရာ့ကို အပ်ပါတယ်"

ယခုမှ ဩော်- အမေ ငါ့ကိုဆရာ့ဆီ လာအပ်တာကိုး။ ဆရာ့ဆီက ထူးဆန်းတဲ့ပညာတွေသင်ဖို့ လာအပ်တာကိုးဟု သိလိုက်ရတော့၏။

နဂိုကတည်းက ကိုယ်ခံပညာဆရာရင်းဖြစ်နေ၍ ဆရာက ပြုံးရင်း ခေါင်းညိတ်၏။

"ဒီကောင့်ဖွဲ့ကိုတော့ ကျွန်တော်သိပြီးသားပါ။ နောက်ထပ်ပေးရမယ့် ပညာနဲ့ပတ်သက်ပြီး သူ့ဖွဲ့ကိုစမ်းရသေးတာပေါ့။ ထားခဲ့လေ ဒေါ်ဒေါ်"

ဟု ဆိုလိုက်သောကြောင့် အမေသည် ဝမ်းသာအားရနှင့် ပြန်သွားတော့၏။

အမေ။

သားကို လူတစ်လုံး သူတစ်လုံးဖြစ်စေချင်သော အမေ။

ဆရာအရှင်ထံသို့ ကိုယ်တိုင်လက်ကိုဆွဲပြီး အပ်နှံခဲ့သော အမေ။

ရှေ့ရေးကို ကြိုတင်တွက်ဆနိုင်စွမ်းသော အမေ။

အမေ့ကြောင့် အင်္ဂဝိဇ္ဇာပညာနှင့် ဆန်းကျမ်းပညာများ၊ အခြား လောကီပညာများကို သင်ကြားနာယူမှတ်သားလေ့လာတတ်မြောက်ခွင့် ရခဲ့သူ ဖြစ်ပါသည်။

အမေ့ကြောင့် (၇) ရက်သားသမီးများအပေါ် ကူညီလိုသော မေတ္တာစိတ်၊ ကယ်ဆယ်လိုသော မေတ္တာစိတ်များနှင့် ပြည့်ဝခဲ့ရပါသည်။

လွန်ခဲ့သောနှစ်များက-

အမေသည် ဈေးရောင်းမကောင်းလွန်း၍ ဆရာ့ထံ သွားဖူး၏။

ဆရာက 'ဒေါ်ဒေါ် ကျွန်တော့်အိမ်ရှေ့နားမှာ ပေါက်နေတဲ့ ဟောဟိုနှင်းဆီပန်းလေးတစ်ပွင့်ကို ခူးသွား၊ ပြီးရင် အိမ်ရောက်တာနဲ့ အနောက်တောင်ထောင့်မှာ ဖန်ခွက်တစ်လုံးနဲ့ရေထည့်ပြီး ထိုးထားလိုက်' ဟုပြောလိုက်၏။ အမေကလည်း တစ်သဝေမတိမ်း ပြုလုပ်၏။

နောက်ရက်များတွင် အမေ့အား အကြွေးလာဆပ်ကြခြင်း၊ အထည်များ လာဝယ်ကြခြင်းတို့ကြောင့် ဝင်လာသော ငွေများမှာ ကျွန်ုပ်အတွက် ထူးဆန်းခဲ့ရဖူး၏။

တစ်ခါ-

ကျွန်ုပ်သည် အမေ့ကို ပြော၍ သွားလျှင် တားနေမည်စိုးသောကြောင့် အမေမသိအောင် တိုးတိုးတိတ်တိတ်နှင့် ကြို့ပင်ကောက်သို့ သွားခဲ့ဖူး၏။ ကျွန်ုပ် ဘယ်သွားမှန်း မသိသောအခါ အမေလည်း စိတ်ပူပြီး ကျွန်ုပ်ငယ်ဆရာထံ ပြေး၏။ ခရီးရောက်မဆိုက်ခင် ဆရာ့နှုတ်မှ 'ဒေါ်ဒေါ် အိမ်မှာ အုန်းပျက်နေတယ်၊ ဘာဖြစ်လာလဲ' ဟု မေး၏။ သားထွက်သွားကြောင်း ပြောသောအခါ 'အုန်းလဲလိုက်၊ ဒီကောင်ရောက်လာလိမ့်မယ်' ဟု ပြောပြီး ပြန်လွှတ်လိုက်၏။ အမေကလည်း ချက်ချင်းလဲလိုက်၏။

'အေးဟယ်- အိမ်ရောက်တော့မှ အုန်းကိုပြန်ကြည့်တော့ အစို့ကြီးက တစ်ထွာလောက်ရှိနေပြီ။ ကိုယ့်အိမ်ကအုန်းကို ကိုယ်တောင် သတိမထားမိဘူး။ ဆရာက မြင်တာနဲ့ တန်းခနဲ ပြောထည့်လိုက်တာ' ဟူသော စကား လူတွေ့တိုင်း ပြောတော့၏။

ထူးဆန်းသည်မှာ အေးအေးဆေး ဆေး (၁) ပတ်၊ (၁၀) ရက်လောက် မည်ဟု စဉ်းစားလာခဲ့သော်လည် ရောက်သည့်နေ့ ညမှာပင် ထမင်း ရင်း အမေ့ကို သတိရသောကြော မျက်ရည်ကျမိ၏။ မိုးမြန်မြန်လင်းပါ ဆုတောင်းပြီး မိုးလင်းသည်နှင့် မ ရထားစီးပြီး ရန်ကုန်ပြန်လာလိုက် ၏။

ဆရာသည် အမေ့ကို ဤ လက်တွေ့ အကြိမ်ကြိမ် ပြနိုင်စွမ်း ဖြစ်၍ ဆရာ့ဆိုလျှင် အမေ အလွ ၏။

ဤယုံခြင်းများစွာကြောင့်-

အမေကိုယ်တိုင် လက်ဆွဲပြီး နှံခဲ့ပြီဖြစ်၍ ထိုနေ့ ထိုအချိန်မှ အင်္ဂဝိဇ္ဇာခရီးသည်ကြီးဘဝ စတင် ဖြစ်တော့၏။

ဆရာသည်-

ကျွန်ုပ်၏ဖွဲ့ကို အမျိုးမျိုးစမ်း

လုပ်ရဲကိုင်ရဲ၊ လက်ရဲဇက်ရဲ ကို အမျိုးမျိုးစမ်း၏။

အတွေးအခေါ် ကိုစမ်း၏။

သည်းခံနိုင်စွမ်းသောစိတ်ကို ၏။

စိတ်ရှည်နိုင်၊ မရှည်နိုင်ကို စ

ဤသို့ စမ်းသပ်ရင်း ပညာ ရင်း၊ ပညာပေးရင်း စမ်းသပ် ဆရာ့ခြေရင်းတွင် ပြားပြားဝပ် သင်ကြားလာခဲ့ရပါတော့သည်။

ကျွန်ုပ်သည်-

မိခင်ကြီး၏ရင်ခွင်၊ မိခင်ကြီး ရိပ်တွင် နေနေချိန်ဖြစ်ရာ အမျ များကဲ့သို့ ငွေကို ဖောဖောသီသီ ခဲ့။

အမေပေးသော မုန့်ဖိုး နှင့်သာ ရောင့်ရဲစွာ နေနိုင်ခဲ့သူ အမေ့ကို ညှာသောကြောင့် လက်ဖက်ရည် စသည့် အပိုမုန့် စာများကို အတတ်နိုင်ဆုံး မနက်စောစော ထမင်းကြမ်းနှင့် မနက်ထမင်း၊ ညထမင်းမှ လွဲ၍ မစားတတ်။

ထို့ကြောင့် အခြားသူ လက်ဖက်ရည်ဆိုင်မထိုင်တတ်ခဲ့

ဆရာ့ထံတွင် ပညာသင်

ငွေကြေးသုံးစွဲနိုင်သော များ ဝန်းရံနေသော ဆရာ့ တကောက်ကောက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ကုန်နေ၍ တစ်လုံးမှ မကြားရသောရက်များ၊

တစ်ခါတစ်ရံ (၁၀) ရက်မျှနေ၍ တစ်လုံးမှ မကြားရခြင်းများ၊

တစ်လနေ၍ တစ်ခွန်းမှ သင်ကြားမှု မကြားရခြင်းများ. . .

များစွာ ကြုံခဲ့ရပါသည်။

ကျွန်ုပ် စိတ်ဓာတ်မကျပါ။

ကျွန်ုပ်သည် အမေ့ကိုအလွန်ချစ်သောကြောင့် အမေဖြစ်စေချင်သော ပန်းတိုင်ကိုမရောက်ရောက်အောင်လျှောက်မည်ဟု ဆုံးဖြတ်ထားခဲ့သူ ဖြစ်ရာ စိတ်ဓာတ်မကျပါ။

မကြာခဏ ကြုံခဲ့ရသောအဖြစ်အပျက်များ ရှိပါသည်။

ဆရာက ညနေနှင့် ညများတွင် သင်တန်းပေး၏။

ဆရာခေါ် ချိန် ကျွန်ုပ်ရောက်လာ၏။ သို့သော် ကျွန်ုပ်ရောက်ချိန်မှာ ည (၈) နာရီ ထိုးပြီးဖြစ်လေရာ ဆရာတို့ အားလုံး လက်ဖက်ရည်ဆိုင်သွားခါနီး ဖြစ်နေပြန်သောကြောင့် မသင်ရပြန်။

စောသည့်အခါများတွင် မိုးတဖွဲဖွဲကျသော ဆရာသင်နေသည့်အိမ်ရှေ့ ဗာဒံပင်အောက်၌ ထီးမပါ ဘာမပါ မတ်တတ်ရပ် မိုးခိုရင်း မိုးတပေါက်ပေါက်ကြားမှာ ရပ်စောင့်နေမိ၏။ စာအုပ်ကို မိုးစိုမည်စိုး၍ အင်္ကျီရင်ဘတ်ထဲ ထည့်ထားရင်း စောင့်ရ၏။

တစ်ခါတစ်ရံများ တံခါးဖွင့်၍ လူထွက်မြင်လျှင် ကျွန်ုပ်ကိုမြင်ပါစေတော့ ဟူသောစိတ်နှင့် ဗာဒံပင်ရှေ့နား ထွက်ထွက်ပြရ၏။ သို့သော် အိမ်ရှေ့အမှောင်ထဲဖြစ်နေ၍လား မသိ၊ တံခါးဖွင့်တိုင်း ဖွင့်တိုင်း တံခါးပြန်ပိတ်သွားသည်သာများ၏။ ည (၁၀) နာရီထိုးခါနီးမှ အင်း- ဒီနေ့တော့ အချိန်ကုန်ပြီဟုတွေးရင်း အိမ်ပြန်ပြန်ခဲ့ရသည့်ရက်ပေါင်း မနည်းခဲ့ပါ။ ဒီလိုနှင့်ချီခဲ့ပါသည်။

အမေ့ကို ငို၍ပြောပြမိသည့်အခါများတွင်-

'ငါ့သားရယ်၊ မင်းဟာ တောင်ပေါ်တက်နေတဲ့သူမဟုတ်လား။ အေး- မြေပြင်မှာ ပြေပြေလေးလျှောက်သလိုတော့ ခပ်လွယ်လွယ်ဘယ်လျှောက်လို့ ရမလဲ။ တက်ခြင်း ဆိုတဲ့ လုံ့လကိုတော့ အားစိုက်ပြီး ပြုရမှာပေါ့။ မင်းယောကျ်ား မဟုတ်ဘူးလား'

ဟူသော စကားကိုသာ ဆို၏။

တစ်ခါတစ်ရံ ရှိုက်ကြီးငင်ကြီး ငိုကြွေးမိသည့်အခါ ကျွန်ုပ်၏ဦးခေါင်းကို သူ၏လက်ကလေးနှင့် ညင်သာစွာ ပွတ်၍-

'ငါ့သား၊ မင်းဟာ တစ်နေ့ ဓားကောင်းဖြစ်လာမှာ' ဟု အမြဲပြော၏။

မီးနာသော သံချောင်း၊ ဓားကောင်းဖြစ်ရမည် ဟူသော စိတ်ဓာတ်မျိုးနှင့် အားမာန်ပါလှသည့် အမေ့စကားတို့သည် ကျွန်ုပ်အတွက် ဘဝခွန်အားများအဖြစ် တစ်ကိုယ်လုံးသို့ စိမ့်ဝင်ပျံ့နှံ့ခဲ့ရ၏။

ပညာသင်စဉ်ကာလက အမှတ်တရဖြစ်ခဲ့ရသည်များထဲမှ အမှတ်တရ တစ်ခုမှာ-

ဆရာ့ကိုချစ်လွန်း၍ ဆရာ့နောက်သို့ တကောက်ကောက် လျှောက်လိုက်တတ်သော ကျွန်ုပ်မှာ-

တစ်နေ့ ဘဝနှင့်ချီသော စဉ်းစားမှုတစ်ခုကို ပြုခဲ့၏။

အင်း- ဆရာ့သူငယ်ချင်းတွေနဲ့ အတူတူ ငါပါ လိုက်လိုက်သွားရင်း လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။ အားလုံး အသီးသီး လက်ဖက်ရည်ခွက်လေးများရှေ့ချ၍စကားစမြည်ပြောကြသည်။

ငါ့ရှေ့မှာ အမြဲတမ်း ကွက်လပ်ဖြစ်နေသည်။

ငါသည် ဉာဏ်နုံ့နည်းသူဖြစ်၍ ဆရာ့သူငယ်ချင်းများကြားတွင် တိုး၍ မရ။ ငွေကြေးမချမ်းသာသူဖြစ်၍လည်း ဆရာ့သူငယ်ချင်းများနှင့် ရင်ပေါင်တန်း၍ လက်ဖက်ရည်မသောက်နိုင်။ လက်ဖက်ရည်သည် ငါ့အတွက် ဤမျှပင် စိမ်းနေလေသလား။ ငါသည် လက်ဖက်ရည်နှင့်တောင် မအပ်စပ်ပါလား ဟူသော ခံစားချက်နှင့် ကျွန်ုပ်၏ရှေ့ စားပွဲပေါ် ရှိ ကွက်လပ်ကိုကြည့်နေရင်း-

ငါသည် လက်ဖက်ရည်နှင့်မတန်ဟု ကိုယ့်ကိုယ်ကိုယ်ဆုံးမရင်း လက်ဖက်ရည် ဟူလျှင် အနံ့မျှပင် မရှူတော့။ လက်ဖက်ရည်ကို လုံးဝ လှည့်ပင်မကြည့်တော့။ ဘာရယ်မသိ၊ လက်ဖက်ရည်ကို စိတ်နာသွားသည်မှာ ယနေ့အထိ ဖြစ်၏။

ထို့ကြောင့်-

ကျွန်ုပ်သည် လက်ဖက်ရည် လုံးဝ မသောက်သောသူ တစ်ယောက်အဖြစ်သို့ ရောက်ရှိခဲ့ရလေတော့၏။

ထိုစဉ်က-

အမိဋ္ဌာန် မကြာခဏဝင်၏။ သူများအသားကို မစားသောအမိဋ္ဌာန်ဖြစ်၏။ သက်သတ်လွတ်ကို (၁၆) နှစ်သားအရွယ်ကတည်းက စတင် စားခဲ့သူဖြစ်၏။ အမေ မကြာခဏ ပြောပြတတ်သော ကိုယ်ချင်းစာတရားကို ကျွန်ုပ် အလွန်သဘောကျလွန်း၍ (၁၆) နှစ်သားမှ စတင်ကာ သက်သတ်လွတ်စားခဲ့၏။ အမြဲတော့မဟုတ်၊ ရက် (၉၀) စားလိုက်၊ (၃) လစားလိုက်၊ (၁) နှစ် စားလိုက်သာ ရှိခဲ့၏။

(၁၉) နှစ်သားရောက်၍ ဆရာ့ထံတွင် ပညာသင်သည့်ကာလမှစတင်ပြီး လက်ဖက်ရည်ကို ကျောခိုင်းရင်း နောက်ထပ်စဉ်းစားစရာအကြောင်းတစ်ခု ဖြစ်လာခဲ့ရ၏။

ငါသည် ဉာဏ်နုံ့နည်းလွန်းသော ဘဝနှင့် ငါ့ဆရာထံတွင် ပညာသင်ရ၏။ ဆင်းရဲလွန်းသော ဘဝနှင့်လည်း ပညာသင်နေရ၏။ ငါ၏အတိတ်ကံသည် ဤမျှလောက် မျက်နှာငယ်လှသည်။

ထို့ကြောင့်-

တန်ဖိုးမဖြတ်နိုင်လွန်းသော ဤပညာရပ်များကို စတင်သင်ကြားရသည့် ယခုနှစ်မှစ၍ သူတစ်ပါးတို့၏အသက်နှင့်ယှဉ်သော အသားတို့ကို ငါ လုံးဝ မစားတော့။ ငါ့ခန္ဓာကိုယ်ကို သူတစ်ပါးတို့၏အသားတို့နှင့် ငါ မတည်ဆောက်တော့. . .

ဟူ၍ ယတိပြတ်ဆုံးဖြတ်လိုက်ပြီး ထိုနေ့မှစ၍ ရာသက်ပန် အသားလုံးဝ မစားသူအဖြစ်သို့ ရောက်ရှိခဲ့ရလေတော့၏။

နှုတ်ကတော့ ဖွင့်ဟ၍ဆုမတောင်းပါ။

သို့သော်-

စိတ်ထဲတွင်တော့ သူတစ်ပါးတို့၏အသားတို့ကို စားသုံးခြင်းကင်းသော ရုပ်၊ နာမ်ခန္ဓာနှင့် ဆရာအရှင်သင်ကြားပြသပေးသောပညာရပ်များကို လိုက်နာမှတ်သား တွေးခေါ် နိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ဟု မကြာခဏတော့ ဖြစ်မိ၏။

လက်ဖက်ရည် လုံးဝ မသောက်ခြင်း၊

အသား လုံးဝမစားခြင်းတို့သည် ကျွန်ုပ်အတွက် မမြင်ရသော ခွန်အားများ ဖြစ်လာလေရော့သလား မသိ။

အင်္ဂလိပ်စာခရီးရှည်ကြီးကို တဖြည်းဖြည်းနှင့် စတင်လျှောက်လှမ်းခဲ့ရပါတော့သည်။

ထိုစဉ်က ဆရာ နားရင်းပစ်အုပ်လျှင်၊ ဆရာဆဲလျှင်၊ ဆရာတစ်ခုခုနှင့် ပစ်ပေါက်လျှင် ဝမ်းနည်းသလိုလို ဖြစ်ခဲ့ရပြီး မျက်ရည် ကျိတ်ကျခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

နောင်သော် ဆရာသည် ကျွန်ုပ်အား မတတ်တတ်အောင် သင်ပေးနေမှန်းသိလာခဲ့ရသည့်အခါ ရှိက်ပါစေဟု အကြိမ်ကြိမ် ခေါင်းထိုးပေးခဲ့မိ၏။ ဆူပါစေဟု ဆုတောင်းခဲ့ရ၏။ ဆဲပါစေဟု မကြာခဏ ကျိတ်ဆုတောင်းခဲ့ရ၏။

ဆရာဆဲလျှင်၊ ဆူလျှင် ကျိတ်၍ ဝမ်းသာရသည်မှာ အမော။

❂

ဤမျှဆိုလျှင်. . .

ဆရာ့ထံတွင် ပညာသင်ကြားခဲ့ရသည်မှာ လွယ်လွယ်နှင့်ရခဲ့ခြင်းမဟုတ်ကြောင်း သိနိုင်လောက်ပါပြီ။

ယခုခေတ်ပညာယူပုံနှင့်မတူပါ။

အလွန်မှ ပျော်ဝင်ရိုကျိုးစွာ သင်ကြားခဲ့ရပါသည်။

ဆရာသည် အလွန်ရှေးဆန်သော်လည်း ခေတ်မီလှ၏။

ရှေးရှေးက ဆုံးမစကားများကို ယခုခေတ်နားနှင့်မစိမ်းအောင် ကျွန်ုပ်ကို ဆုံးမနိုင်စွမ်းသော ကျေးဇူးရှင် ဆရာသခင် ဖြစ်၏။

စကားလုံးများ မောက်မာလှသော်လည်း တပည့်အား နူးညံ့သိမ်မွေ့သူအဖြစ် ပြောင်းလဲနိုင်စွမ်းခဲ့၏။

ဤလိုနှင့်-

ဆရာအရှင်နောက်သို့ တကောက်ကောက်လိုက်ရင်း-

ဆရာအရှင် သင်ကြား ပြသပေးသည့် ပညာရပ်များနှင့် ယှဉ်သော အတွေ့အကြုံများကို ယူရင်း-

အင်ဝိဇ္ဇာခရီးရှည်ကြီးကို လျှောက်လှမ်းကာ. . .။

❂

"မင်း- သူ့သိလား"

"ဗျာ- မသိပါဘူး ဆရာ"

ဆရာနှင့် မလှမ်းမကမ်းတွင်ထိုင်နေသော အမျိုးသမီးကြီးမှာ ကျွန်ုပ်အား တစ်ချက် စောင်းငဲ့ကြည့်လိုက်ပြီး နှုတ်ခမ်းလှုပ်သည်ဆိုရုံလေးပြုံး၍ ပြန်လှည့်သွား၏။ ငွေကြေးချမ်းသာကြွယ်ဝကြသူများတွင် တွေ့ရတတ်သော အမူအရာမျိုး ဖြစ်၏။

"သူ့နာမည်က ဒေါ်ထားထား"

နာမည်ကိုပြောလိုက်သည်မှာ အကြောင်းမဲ့ မဟုတ်မှန်း ကျွန်ုပ်သဘောပေါက်လိုက်ပြီဖြစ်၍ အခါကိုကြည့်လိုက်၏။

အခါမှာ သောကြာနေ့ မနက်(၈) နာရီကျော်ကျော်ဖြစ်၍ ဗုဒ္ဓအခါ ဖြစ်၏။



"သူဟာ မမြဲမေလို့ အမည်ရတဲ့ သူ့ညီမနဲ့ အမွေကိစ္စ စကားပြောစရာရှိတယ်၊ အဲဒါ အောင်မြင်မလား"

တစ်ကိုယ်လုံး ဖိန်းရှိန်းသွားပြီး လူမှာ ပူထူထူကြီးလို ဖြစ်သွား၏။ သင်လာခဲ့ရသည့် သက်တမ်း (၃) နှစ်ကျော်လာပြီဖြစ်၍ တစ်ခါ တစ်ခါ ယခုလို မေးတတ်လာပြီဖြစ်သဖြင့် ကျွန်ုပ်မှာ အတော်သတိထားနေရပြီလည်း ဖြစ်၏။

"ကောင်းတယ် ဆရာ၊ ဗုဒ္ဓအခါဆိုတော့ သူ့နာမည်ဟာ စတုရန်းမှာတော့ရှိတယ်။ ဒါပေမယ့် သူနဲ့စကားပြောမယ့်သူ့နာမည်က ကြာသပတေးနာမည်ဖြစ်နေတာရယ်၊ အမွေကိစ္စဖြစ်တာရယ်ကြောင့် ဗုဒ္ဓအခါရဲ့အညွန့်မှာရှိနေတယ်။ ဒါကြောင့် ကောင်းတယ်ဆရာ၊ ကောင်းတာက နည်းနည်းများနေတယ်။ စနေနာမည်နဲ့ အခုအခါနဲ့က မိတ်အခါဖြစ်နေတယ် ဆရာ"

ဆရာသည် ကြယ်မင်းဆေးပေါ့လိပ်တစ်လိပ်ကိုယူ၍ မီးညှိလိုက်ပြီး ဘာမှမပြော။ ဟုတ်သည်လည်း မပြော၊ မဟုတ်သည်လည်း မပြော။ ရယ်လည်း မရယ်၊ တည်လည်းမတည်၊ ခပ်အေးအေးနှင့် ဟိုကြည့်ဒီကြည့် ကြည့်နေ၏။ ဒေါ်ထားထားကလည်း ကျွန်ုပ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ဆရာ့ဘက်သို့ မျက်နှာလှည့်ထား၏။

"မင်း ဆုံးဖြတ်တာ မဆိုးပါဘူး။ ဒါပေမယ့် လိုအပ်တဲ့ယတြာတွေအတွက် ဒေါ်ထားထား အရင်ဆုံးတစ်လလောက် အမိဋ္ဌာန်ဝင်ရလိမ့်မယ်။ တစ်လပြည့်မှ ပြန်လာခဲ့တော့။ စဉ်းစားပေးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ဟု ဆိုလိုက်ပြီး ဒေါ်ထားထားလည်း ဆရာ့ကို နှုတ်ဆက်၍ ပြန်သွားတော့၏။

ဒေါ်ထားထား လမ်းထိပ်ရောက်လုလုကျမှ ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ခေါ်လိုက်၏။ ကျွန်ုပ်လည်း အနားပျာဖြစ်သည့်အ လျောက် ဆရာ့အနီးသို့ တစ်မုဟုတ်ချင်း ရောက်သွားပြီး ပုဆစ်တုပ်ပြီးသား ဖြစ် နေတော့၏။

"မင်း မူလကနေ ပဉ္စပွတ်၊ ဆပွတ် တွဲတဲ့ပညာခန်းလက်ာ ဆိုစမ်း"

"ဗျာ"

"မူလကနေ ပဉ္စပွတ်ကွာ၊ ပြီးတော့ ဆပွတ်။ မေ့နေလား"

"ဟို. . . လင်္ကာတွေကများတော့ ကျွန်တော်. . ."

"အုန်း-ဘောင်-သူကွာ"

"ဪ- အုန်းဘောင်သူ၊ ကြင်သူ ထံ၊ စံထွန်းဦး၊ လူးအံ့ကျန်၊ ပြန်ချင်ရှ သူဇာလား၊ ထွားလှမွတ်ပါ ဆရာ"

"အေး- ခုနလာတဲ့ ဒေါ်ထားထား က ဘာနံလဲ"

"စနေပါ"

"စနေသည် ဗုဒ္ဓအခါမှာ လာ ကြာသပတေးသမီးနှင့် အမွေကိစ္စပြု ဖို့ စီစဉ်သည်။ အဲဒါ ဘယ်ကိန်းမိသွား လဲ"

"စနေသည်. . . ဗုဒ္ဓအခါ. . . အခါ . . . အဲ- ထွားလှမွတ်ကိန်း ဆရာ"

"အေး- ဘာတဲ့တုံး၊ ပြောစမ်း"

"စနေသားသမီးတို့သည် သူ ပဉ္စပွတ်ဖြစ်တဲ့ ဗုဒ္ဓဟူးအခါ၊ ဗုဒ္ဓဟူး မျိုးမှာ မွတ်-ကြာသပတေးနံ အရ သွားခြင်း၊ ကြာသပတေးသားသမီး နှင့်တွေ့ဆုံခြင်း၊ ကြာသပတေးနံသင့် ယာယ်များကို ပြုလုပ်ခြင်းပြုလျှင် အန္တရာယ်ကျရောက်ခြင်း၊ အခက် အမျိုးမျိုးနှင့် ကြုံရခြင်းဖြစ်မည် ဆ အဲဒါကို ထွား-လှ-မွတ်. . ."

"မင်းကလည်းပဲ၊ ဒါလေးပြော စာသံထွက်နေတယ်။ နေရာတ လျှောက်ပြီး အလွတ်ကျက်နေလို့ မရတာ။ ကြက်တူရွေး စာ လျှောက်လုပ်လွန်းလို့ မင်းကို ငါ မရတာ။ အဲဒါကြောင့် နားရင်းအုပ် တာ။ မေးလိုက်ရင် စာသံနဲ့"

ဆူသည်လည်း မဟုတ်၊ သည်လည်းမဟုတ်သော လေ

www.burmeseclassic.com

www.burmeseclassic.com

...နေသော ဆရာအရှင်အား ရဲရဲ ...ရဲ ခေါင်းကို ငုံ့ထားလိုက်၏။

"မင်းက အားရဝမ်းသာ သွားလုပ် ...။ ဒေါ်ထားထားက ငါ့ဆီ ထပ် ...ယ်၊ ကိန်းက မိနေတော့ ခက် ...။ ငါ့မှာ တစ်လခွာချိန်းလိုက်တာ ..."

"ဟုတ်ကဲ့"

"ဘယ်လိုတောင် လုပ်ပေးရမယ် ... သိသေးဘူး"

ကျွန်ုပ် စိတ်မကောင်းဖြစ်သွားရ ...

"မှတ်ထား- အင်္ဂလိပ်စာလက်ကာတွေ ...နေတဲ့ ပညာခန်းတွေဆိုရင် လူစွမ်း ...ကောင်းသွားသွားမလုပ်နဲ့။ ခိုက်ပါတယ် ...ဘားရင် ခိုက်မှာပဲ။ ရှုပ်မနေနဲ့။ ...ကွ၊ ကလေးကစားတာ မဟုတ် ... သင်နေတာလည်း (၃) နှစ်လောက် ...ပြီ ခုထိ လိုက်ပြောနေရတုန်း"

ဆရာဆူနေစဉ် အိမ်ရှေ့ဆီမှ ...အား နှုတ်ဆက်လိုက်သံနှင့်အတူ ...တစ်ယောက် တက်လာ၏။ ထိုလူမှာ ...မိတ်ဆွေဖြစ်ပြီး ကျွန်ုပ်ကိုလည်း ...။ သူ့ကို ဆရာက ထိပ်ထွေးဟု ... လေ့ရှိ၏။ ဆရာတို့လမ်းထိပ်ဆုံးမှာ ...သော ကိုထွေးဖြစ်ပြီး အလွန် သ ...ကောင်း၏။ လမ်းအလယ်နားတွင် ...ထွေးတစ်ယောက် ရှိသေး၏။ သူ့ကို ... ဆရာက အလယ်ထွေးဟု ခေါ် ...

"ဟေ့ကောင်- ထိပ်ထွေး၊ ဘယ် ...ည့်လာလဲ"

"ဒီမှာလေ- ဟိုဘက်နားက ဘဖိုး ...သမီး မပူး ဗိုက်နာနေလို့ ပိုက်ဆံ ...ဘာလေးသွားပေးမလို့"

"ဩော်-မိပူးတောင် မွေးခါနီးပြီ ..."

"ဟုတ်တယ်ဗျ"

"အေး- ကောင်းတယ်ကွာ။ သွား ... သွားပေး"

ကိုထိပ်ထွေးသည် ဆရာနှင့်စကား ...နေရာမှ ကျွန်ုပ်ကိုကြည့်လိုက်ပြီး-

"ညီလေး၊ လက်ဖက်ရည်လိုက် ...ကပါလား"

ဟူ၍ လှမ်းပြော၏။

ကျွန်ုပ်သည် ဆရာ့ထံ ပညာယူ ...ချိန်ဆိုလျှင် မည်သူခေါ်ခေါ် လိုက် ...မရှိသောကြောင့်-

"အစ်ကိုကြီး၊ ကျွန်တော် စားပြီးခဲ့ ...ခင်ဗျ"

ဟု လေးလေးစားစား ပြန်ပြော လိုက်၏။

(၅)မိနစ်သာသာခန့်တွင် ဆရာ ကိုရော ကျွန်ုပ်ကိုပါပြုံးပြ၍ ကိုထိပ်ထွေး ထပြန်သွားတော့၏။

"ထိပ်ထွေး ရောက်လာပြန်ပြီ"

"ဟုတ်ကဲ့"

တစ်ခုခုမေးတော့မည်ကို သိပြီ ဖြစ်၍ ခပ်လှမ်းလှမ်းမှ တိုင်ကပ်နာရီ အား မသိမသာကြည့်လိုက်၏။ နာရီမှာ (၉) နာရီမထိုးသေး၍ ဗုဒ္ဓအခါမှာ မကုန် သေး။

"ကဲ- ခုန ဒေါ်ထားထားလာတာ ဘာကိန်းမိနေလဲ"

"ထွား-လှ-မွတ် ပါ ဆရာ"

"ခုကျတော့"

"ထွား-လှ-မွတ်ပါပဲ ဆရာ"

"ဘာဖြစ်လို့လဲ"

"ကိုထိပ်ထွေးက ဗုဒ္ဓအခါမှာလာ ပြီး ဗိုက်ကြီးသည်ကို ငွေသွားပေးမှာဆို တော့ ထွား-လှ-မွတ် မိပြန်ပြီ ဆရာ"

"အဲဒီတော့. . ."

"မအောင်မြင်နိုင်ဘူး ဆရာ"

"ဟေ- ဘာဖြစ်လို့လဲကွ"

"စနေသားက ဗုဒ္ဓဟူးအခါမှာ ကြာသပတေးကိစ္စဖြစ်တဲ့ ဗိုက်ကြီးသည် ဆီ သွားမှာမို့လို့ပါ ဆရာ"

ဆရာ ပြုံးနေ၏။ တစ်အောင့် လောက်ကြာသော် ရေနွေးကြမ်းခွက်ကြီး ထဲမှ အေးစက်စက်ဖြစ်နေပုံရသည့် ရေ နွေးကြမ်းကို မော့သောက်လိုက်ပြီး-

"မင်းဟာ- ဉာဏ်တော်တော်နဲ့ တယ်လို့ ငါပြောရပေါင်းများလာတော့ ပြောရင်းနဲ့တောင် အားနာလာပြီ။ ဘာ ဖြစ်လို့ နှိုသက်ခံစိုချင်နေရတာလဲကွာ၊ အတွေးအခေါ်မရှိတော့ဘူးလား"

ကျွန်ုပ် ဘာမှန်းမသိတော့။ ရှင်း ရှင်းဆိုရလျှင် ကိုယ့်ကိုယ်ကိုယ် ဘာများ မှားသွားပါလိမ့်ဟူသောအတွေးကိုသာ တွေးနေမိတော့၏။

"ငါပြောမယ်၊ ထွားလှမွတ်ကိန်း ဟာ မူလ ကာယကံရှင် စနေကို ဆိုးစေ တာလား၊ ကောင်းစေတာလား"

"ဆိုးစေတာပါ ဆရာ"

"အေး- ဟုတ်ပြီ။ စနေသားသမီး များဟာ ဗုဒ္ဓဟူးအခါတို့ ဗုဒ္ဓဟူးနေ့တို့မှာ ကြာသပတေးနံ့အရပ်ကိုမသွားကောင်း၊ ကြာသပတေးနံ့သင့်ပရိယာယ်ကို မလုပ် ကောင်း။ ဟုတ်ပြီနော်"

"ဟုတ်ကဲ့"

"ဒါဖြင့် ဒေါ်ထားထားက ကုန်ဖို့ လား၊ ရဖို့လား"

"ရဖို့ပါ။ အမွေရချင်လို့ပါ"

"ထိပ်ထွေးကကော ကုန်ဖို့လား၊ ရဖို့လား"

"အဲ- ပေးဖို့ပါ ဆရာ၊ ကုန်ဖို့ပါ"

ဆရာ ဘာမှမပြောတော့။ လမ်း မဘက်ဆီသို့ မျက်လုံးရောက်သွားပြီး ကြယ်မင်းဆေးပေါ့လိပ်ကို မီးညှိ၍ ဖွာ နေ၏။ ရှိုက်တော့မရှိုက်။

ကျွန်ုပ်၏အတွေးထဲတွင် လင်းခနဲ လက်ခနဲ အရောင်များ ထွက်လာသည် ဟု ထင်လိုက်ရပြီး နေရာတကာ ပုံသေ နည်းအတိုင်း အလွတ်ကျက်လေ့ရှိသော ဉာဏ်ကို ရှက်နေမိ၏။

ဆရာပြောသောစကားလုံးများမှာ နည်းလှပါ၏။

သို့သော် ကျွန်ုပ်၏အင်္ဂလိပ်စာ ခရီး ရှည်ကြီးအတွက် မြောက်မြားလှစွာ သော စကားလုံးပေါင်းကို ပြောပြလိုက် သည်သို့နှယ်. . .။

ကျွန်ုပ်သည် ပီတိများစွာနှင့် ပြုံး ရင်း ဆရာမမြင်နိုင်သော ဘေးဘက်နား ဆီမှနေ၍ ဆရာ့ကို ရိုသေစွာကန်တော့ နေလိုက်မိ၏။

စာအုပ်မကိုင် ဘာမကိုင် ဤသို့ မှတ်မှတ်သားသားဖြစ်အောင် ပညာပေး လေ့ရှိသော ဆရာအရှင်၏မေတ္တာကား ကြီးမားလှပါဘိ။

ဆရာအရှင်ပြောသော ပုံသေ နည်းဟူသည်ကို တဖြည်းဖြည်း သဘော ပေါက်လာရ၏။

ထိုနေ့က ကိုထိပ်ထွေးသည် ဘဖိုးအို၏သမီးဖြစ်သူ ဗိုက်ကြီးသည် အား ငွေသွားပေးဖြစ်ခဲ့၏။ ဘာမှပြော သံမကြား၊ ဘာမှလည်း အထစ်အငေါ့ မကြား။ နောက်နေ့များတွင်လည်း ကို ထိပ်ထွေးမှာ ခပ်အေးအေးပင်။

ဩော်- ထွားလှမွတ်ကိန်းကို လက်တွေ့ပြခဲ့သော ဆရာအရှင်၏ ကျေးဇူးကား ကြီးမားလွန်းလှပါသည်။

ဆရာသည် ဉာဏ်နှံ့နည်းလွန်း သည့် တပည့်ဖြစ်သူ ကျွန်ုပ်အား ရှုပ် ရှုပ်ထွေးထွေးဖြစ်အောင် မသင်ခဲ့။ ယခု ကဲ့သို့ တစ်ကွက်ဆိုတစ်ကွက်သီသီ ရှင်း ခနဲ လင်းခနဲနေအောင် ပြသသင်ကြား ပေးခဲ့၏။


ထို့ကြောင့် ကျွန်ုပ်မှာ လက်ာများ မသိ၊ ဘာမသိသော အင်္ဂလိပ်စာသမား တစ်ဦး ဖြစ်ခဲ့ရပါသည်။

ဂဏန်းလုံးလေးများကိုသာသိ၍ လက်ာများကို အာဂုံမဆောင်နိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com





အုန်း- တနင်္ဂနွေသားသမီး၊ တနင်္ဂနွေနာမည်ရှင်တို့သည်

ဘောင်-ကြာသပတေးနေ့၊ ကြာသပတေးအခါများတွင်

သူ- သောကြာနံအရပ်ဒေသသို့ စတင်ခရီးထွက်ခွာခြင်း၊ သောကြာနံသင့်အကြောင်းကိစ္စများကိုပြုမူခြင်းမှ ရှောင်ရမည် ဖြစ်၏။

မရှောင်နိုင်ပါက ဘေးဒုက္ခများ၊ အခက်အခဲများနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း ပြသထားသော အင်္ဂဝိဇ္ဇာပညာခန်း ဖြစ်၏။

ထို့ကြောင့်-




'ထွားလှမွတ်' ကိန်းကို ဆရာတားခဲ့ခြင်း ဖြစ်ပါသည်။

ဤကိန်းကို နှလုံးသားထဲစွဲခဲ့ပြီးသည့်နောက်ပိုင်း-

ရောက်လေရာနေရာတွင် ထိုကိန်းမိ၊ မမိကို အမြဲသတိထားဖြစ်တော့၏။

တစ်ခါသော်-

မြို့ထဲတစ်နေရာတွင် သူငယ်ချင်းတစ်ယောက်နှင့်ဆုံ၏။ သူငယ်ချင်း၏နာမည်မှာ မောင်လွင်မြင့် ဖြစ်၏။ ကျွန်ုပ်ကိုမြင်သည်နှင့် ပြုံးပြလိုက်ပြီး 'အတော်ပဲ၊ မင်းကို ငါ ဒီညနေ ချစ်တီးထမင်းဆိုင်မှာ အဝကျွေးမယ်။ မင်း ခဏတော့စောင့်' ဟု ပြော၏။ သူပြောလိုက်သည်နှင့် ခပ်လှမ်းလှမ်းအဆောက်အအုံတစ်ခုထဲမှနာရီကို သတိထားလိုက်ရာ ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂) နာရီကျော်နေပြီ ဖြစ်သောကြောင့် သူရဇ္ဇအခါမှန်း သိလိုက်ရ၏။

ကျွန်ုပ်၏စိတ်ထဲတွင် အင်း- ဗုဒ္ဓဟူးသား ငါ့သူငယ်ချင်းတော့ တနင်္ဂနွေအခါမှာပြောပြီ။ သူ့နာမည်ကလည်း 'လံဘူး' ကိန်း မိနေပြန်သည်။ 'ပင်းယ' ဇောက်ထိုး 'အုန်းဘောင်သူ' ကိန်းနှင့်ကြည့်လျှင် လူး-အုံ့တော့ ဖြစ်နေပြီ။ 'ကျန်' ပဲ ကျန်တော့သည်။ တနင်္လာနံကိစ္စ ဘာမှမကြားရပါစေနဲ့ဟု ဆုတောင်းနေလိုက်၏။


ဆုတောင်းမပြည့်ပါ။


'ငါတို့အိမ်က ပစ္စည်းလေးတွေရောင်းထားတာ ဒီနေ့ ပိုက်ဆံပေးမယ်ဆိုပြီး ချိန်းထားလို့' ဟူ၍ ပြောတော့၏။ အင်း- ငါ့သူငယ်ချင်းတော့ ဒီနေ့ ငွေရမယ်မထင်ဘူးဟုတွေးရင်း သူနှင့် လမ်းအတူလျှောက်နေလိုက်၏။ တစ်နေရာအရောက် အခန်းလေးတစ်ခန်းရှေ့တွင် ရပ်နေသော အမျိုးသမီးကြီးတစ်ဦးသည် လွင်မြင့်အား မြင်သည်နှင့် အားရဝမ်းသာ နှုတ်ဆက်ရင်း အိမ်ထဲဝင်သွား၏။ ချက်ချင်းဆိုသလို ပြန်ထွက်လာပြီး လွင်မြင့်အား ငွေတစ်ထောင်ကျော်ကျော်ခန့် ပြောပြီး ပေးလိုက်၏။ လွင်မြင့်တို့အမေကိုလည်း ကျေးဇူးတင်ကြောင်း ပြောပေးပါဟု မှာလိုက်၏။

ကျွန်ုပ် တွေဝေသွား၏။

အင်း၊ လူး-အုံ့-ကျန်ကိန်း မိနေတာပဲ။ ဗုဒ္ဓဟူးသားဟာ တနင်္ဂနွေအခါမှာ ငွေဝင်စရာအကြောင်းမရှိဘူး။ တစ်ခုခုတော့ ငါတွေးတာ လိုနေပြီ။ ဆရာ့ဆီသွားတဲ့နေ့ကျ ပြောပြရဦးမယ်ဟု တွေးရင်း လွင်မြင့်ဘေးမှလျှောက်လိုက်လာ၏။

ပြုန်းခနဲ အဖြစ်အပျက်ကြောင့် ကျွန်ုပ်မှာ ကြောင်သွားပြီး ချက်ချင်းသတိထား၍ လွင့်မြင့်ကို ဆွဲထိန်းထားလိုက်၏။ လမ်းလျှောက်နေရာမှ ပလက်ဖောင်းပေါ်ရှိ မြောင်းဖုံးကျောက်ပြားတစ်ချပ်မရှိသောနေရာအရောက်တွင် ထိုအပေါက်ထဲသို့ လွင်မြင့် ခြေချော်ကျပြီး ခြေခွင်သွားခြင်း ဖြစ်၏။ တော်သေး၏။ ကျွန်ုပ် ရုတ်တရက် လှမ်းဆွဲလိုက်သောကြောင့် ဘာမှမဖြစ်။ သို့သော် ဒူးနားရှိ ခြေသလုံးမှာ ချက်ချင်း နီ၍ရောင်ရမ်းလာသောကြောင့် ကျွန်ုပ်ကို အားပြုတွဲ၍ သူ့ခမျာ ကန်တော်လေးတွင် ဆေးသွားစည်းလိုက်ရတော့၏။ ထိုနေ့က ချစ်တီးထမင်းနေနေသာသာ၊ လွင်မြင့်ကို အိမ်ပြန်ရောက်အောင် ပြန်ပို့ပေးခဲ့ရ၏။




ဗုဒ္ဓဟူးနာမည်ရှင် လွင်မြင့်သည် တနင်္ဂနွေအခါတွင် ငွေကိစ္စသွားခဲ့သည် ရလည်း ရခဲ့သည်။ ဤသည်ပင်လျှင် 'လူး-အုံ့-ကျန်' ကိန်း မိသွားခဲ့ရ၏။

အင်္ဂဝိဇ္ဇာပညာနှင့် ထပ်ကြည့် သော် တနင်္ဂနွေအခါတွင် လွင်မြင့်သည် 'လံဘူး- စသာ- ရှောင်ကြဉ်ခွာ- ... သူရဇ္ဇ' ဟူသောကိန်းထပ်မိနေပြန် ၏။

ထိုကိန်းများတို့သည် လွင်မြင့် ... ဆေးခန်းအရောက် ပို့လိုက်ခြင်းဖြ ... လူး-အုံ့-ကျန်ကိန်း မထူးပါလားဟု ... ရင်း လျှောက်နေသော ကျွန်ုပ်ပင် ... အတော်လန့်သွား၏။

ထိုနေ့ပြီး နောက်နေ့-

ဆရာ့ထံအရောက်၊ ခပ်လှမ်း ... မှလှမ်းကြည့်နေသော ဆရာအရှင် ... ဘာမပြောညာမပြောနှင့် လှေကား ... မှပင်ထိုင်ချလိုက်ပြီး ရိုသေစွာ ရှိခိုး ... မိတော့၏။

ဒီကောင် ဘာဖြစ်လာပြန် ... ဟူသောအကြည့်နှင့် ပြုံးကြည့်နေ ... ဆရာအရှင်၏ကျေးဇူး ကြီးမား ... ၍ လှေကားထိပ်တွင်ပင် ချက်ချ ... သေးဘဲ လက်အုပ်ချီကာ ဆရာ ... ကြည့်နေလိုက်မိလေတော့၏။

ဤ အကြောင်းအရာ ... အား-

တစ်နေ့ ပရိသတ်ပေါင်း ... ဝိုင်းဝိုင်းလည်နေသည့် ဆရာကြီး ... ဖြစ်လာသည့်အခါ တပည့်များ ... ပြရဦးမည်ဟု တွေးရင်း အားရ ... နေလိုက်မိလေတော့သတည်း။

ဆရာဦးမောင်မော ...

(ရင်ကိုအေး ...



www.burmeseclassic.com

www.burmeseclassic.com

ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူ ကိုးကွယ်ယုံကြည်ကြသူ
သာဝကများနှင့် စာဖတ်ပရိသတ်အပေါင်းတို့၏ တောင့်တတောင်းဆိုချက်အရ
မဂ္ဂဇင်းဂျာနယ် အစောင်စောင်တို့တွင် ဖော်ပြပါရှိပြီးဆောင်းပါးများနှင့်
ဖော်ပြပါရှိခြင်း မရှိခဲ့ဖူးသော ဆောင်းပါးသစ်များကိုစုစည်း၍ ရည်မွန်ကျမ်းများ ကျမ်းပြုအရှင်
သာသနာ့ဓဇမ္မာစရိယ အပါအဝင် (၁၃)ဘွဲ့ရ လယ်တွင်း အရှင်တေဇဗလ မှထုတ်ဝေသည်။
မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက်တွင်
ဖွင့်ထွန်းပေါ်ပေါက်တော်မူသော

# ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်

၏

## ဖြစ်တော်စဉ်သမိုင်းမှတ်တမ်း

ဘိုဘို(ရွှေကံကူ) ရေးသားပူဇော်သည်။

နိုင်ငံတော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကျေးဇူးတော်ရှင်ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ကုမာရ၊
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ကျေးဇူးတော်ရှင်ဝါခင်းကုန်းဆရာတော်ဘုရားကြီး ဦးတိက္ခ နှင့်
ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများစွာ၏ မိန့်ကြားချက်များပါဝင်သည်။



မှာယူရရှိနိုင်သော ဌာနများ
- ၀၉-၂၁၅၀၃၀၅ • မယ်တော်ကြီး (ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူရာဌာနများ)
- ၀၆၆-၄၀၂၇၈ • ဆရာဘိုဘို (စဉ့်ကိုင်မြို့ ရွှေကံကူအောင်မြေ)
- ၀၉-၅၁၀၁၅၃၅ • ဦးအောင်မြတ် (ပညာရွှေဘောင်-စာအုပ်တိုက်၊ ရန်ကုန်မြို့)
- ၀၉-၄၄၄၀၂၅၂၀၀ • အောင်ကိုကို (ယု-အောင်သက်၊ ၃၂လမ်း၊ ၁၁၉လမ်းကြား မန္တလေး)
- ၀၉-၄၂၁၀၀၈၇၇၈ • ရဲလေး (ဝေ/တောင်) (စမ်းချောင်း ရန်ကုန်မြို့)

ထွက်ပြီ



တော်တော်လေးရဲ့အထက်မှာ ကောင်းတာ ...လမင်းသစ္စာ

# လမင်းသစ္စာ

လေးဖက်နာသောက်ဆေးနှင့်သက်ရင်းရှောက်ပေါင်းဒဏ်ကြေးလိမ်းဆေးရည်

၀၆၁၀ YR ၀၀၇၀၆၆

၀၇၁၀ YR ၀၀၇၁၈၁

တက်၊ အဆစ်အမြစ်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာ၊ အရိုးကျိုးပေါင်းတက်၊ လေးဖက်နာနှင့် ဂေါက်ရောဂါဖြစ်လျှင်...

**လမင်းသစ္စာ** .... ဆေးကိုလိမ်း

**လမင်းသစ္စာ** .... ဆေးကိုသောက်.... ပျောက်

င်းသစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး- အမှတ် (၁၉၃/၄ဘီ)၊ ဗဟိုလမ်း၊ စမ်းချောင်း၊ ဖုန်း-၀၉-၅၁၃၁၆၄၃၊ ၀၉-၅၀၈၀၆၀၉၊ ၀၁-၅၂၃၄၇၈
နရာများ-ကောင်းမြတ်သစ္စာကုသခန်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၊ ဗဟိုလမ်း၊ စမ်းချောင်း (ဖွင့်ရက်-အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး)။
ဘူမေတ္တာ၊ ကိုလှစိုး၊ အာရောဂျံ၊ ဦးမြင့်ဆွေ၏သားများ၊ မိဘမေတ္တာ၊ ၁၅လမ်းနှင့် ကန္နားလမ်း-ကိုဝင်းမြင့်+မဒေဝီ။ မင်္ဂလာဈေး-သုခ
သက်နိုင်၊ NEO ၊ စံမဏ္ဍ၊ မင်းသား၊ အာရောဂျံ ၊ အောင်။ သံလျှင်-သီဟ၊ မြို့မသုခ။
တ္တာဦး၊ ဖိုးခွားလေးဆေးဆိုင် ။ တောင်ကြီး-လင်းဆေးဆိုင်။
လှယ် - ဘဝသစ်၊ ကျော်၊ အောင်ရတနာ၊ ကောင်းသန့်ဆေးဆိုင် (ဈေးချို)၊ ဗန္ဓုလဆေးဆိုင် (ဈေးချို)
မြန်မာပလာဇာ)

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်အင်္ဂလိပ်ရတ်လောကထဲရောက်လာတာ ပင်ကိုဗီဇက ဝါသနာပါလွန်းလို့ ရောက်လာရတာ မဟုတ်ပါဘူး။ ဘာပြောရမလဲဆိုရင်တော့ သူငယ်ချင်းကောင်းမှုကြောင့်လို့ပြောရမယ်။ သူက အင်္ဂလိပ်ရတ်သမားဗျ။ ကျုပ်က ဝါသနာမပါဘူး။ နေ့စဉ်နဲ့အမျှ သူ့အင်္ဂလိပ်ရတ်အကြောင်းတွေ လာလာပြောသဗျ။ ဘာတဲ့- စားလမ်းဆိုလားဘာဆိုလား။ လက်ဝဲလမ်းလို့

သူစိတ်ဝင်စားတာက ဘော်ဝါလမ်းဆိုလား။ စပ်သားရရင် အရည်မီအောင်လုပ်ပြီး အခေါက်နဲ့စပ်ရသတဲ့။ သူ့တွက်ကိန်းနဲ့သူကတော့ ဒူးနန့်နေတာပဲ။ ကျုပ်ကတော့ ထုံးစံအတိုင်း ဘာမှမသိတဲ့ အစိမ်း။

တစ်နေ့တော့ဗျာ။

ကျုပ်မိန်းမလည်း ခရီးထွက်သွားတဲ့အချိန်။ သူနဲ့ကျုပ်လည်း အင်္ဂလိပ်ရတ်ထိုး

ပါရဲ့။ ဒါပေမယ့် တွက်ခြေကမကိုက်ဘူး ဗျာ။ကိုက်စပ်ထားတဲ့ ဘော်ဝါဓာတ်သား တော့ ရလာပါရဲ့။ ရွှေဖြစ်ပြီးငွေမဖြစ်ဘူး ဆိုရမယ်။

ဒီအင်္ဂလိပ်ရတ်လောကကလည်း အ ခက်သားဗျာ။ နဂိုကတည်းက မစ ရင် အကောင်းသား။ စ,မိပြီဆိုတော့ ... နည်းမဟုတ်တစ်နည်းကြံနဲ့ နှစ်ယော ... သား လုပ်ကြပြန်တယ်။ မည်မည် ...



# ရွှေသေ ဘော်ကျူး

## သုံးပန်လှ -ပန်းချီ

လည်းပြောသဗျာ။ အဲဒီရွှေဖြစ်ငွေဖြစ်အကြောင်းတွေ မစားရဝခမန်းပါပဲ။

ကျုပ်က စီးပွားရေးလည်းကောင်းတော့ သူက အင်္ဂလိပ်ရတ်ထိုးဖို့၊ ရွှေဖြစ်ငွေဖြစ်လုပ်ဖို့ ပြောလာတယ်ဗျာ။ သစ်ငုတ်တောင် လှုပ်ပါများရင် နဲ့လာတာပဲလေ။ ကျုပ်လည်း သူ့ရဲ့ ဆွယ်တရားဟောကောင်းမှုကြောင့် နည်းနည်းတော့ စိတ်ဝင်စားလာတယ်။ အင်္ဂလိပ်ရတ်လောကထဲမှာလည်း အဲဒီရွှေဖြစ်ငွေဖြစ်လမ်းတွေက အများသား။ စပ်လမ်း၊ ထိပ်ဆောင်းလမ်း၊ သုံးချောင်းထောက်စပ်လမ်း၊ တစ်ကျပ်နှစ်ပဲစပ်၊ တစ်မတ်စပ်၊ ခေါက်ချိုးစပ်နည်းတွေက အတော်များတယ်။ သူက ကျုပ်အားကိုးပြီး ငွေစိုက်ခိုင်းတယ်။ သူကတော့ နည်းပညာပေါ့ဗျာ။အင်္ဂလိပ်ရတ်နဲ့စိမ်းလွန်းတဲ့ ကျုပ်ကတော့ သူက ဆရာပေါ့။

မယ်၊ ရွှေဖြစ်လုပ်မယ်ဆိုပြီး စကားစ,ကြတယ်။ ဒါနဲ့ ကျုပ်လည်း ငွေ (၁၀၀)ကျပ်ကို ရင်းပြီး အင်္ဂလိပ်ရတ်စ,ထိုးတော့တယ်။ အဲဒီအချိန်က ငွေ (၁၀၀) ဆိုတာ အင်မတန် တန်ဖိုးရှိတဲ့အချိန်ပေါ့ဗျာ။ ခုကျုပ်အသက် (၈၀) ကျော်ပြီ ဆိုတော့ အင်္ဂလိပ်ရတ်သက်ကလည်းမနည်းတော့ဘူးလေ။ ဒီခေတ်မှာတော့ ဓာတ်ပစ္စည်းတွေက ဈေးကြီး၊ ပစ္စည်းက မမှန်မကန်နဲ့ အတော်ခွကျတာပဲ။

အဲ - ကျုပ်သူငယ်ချင်းနဲ့ ဘော်ဝါလမ်းလေးလုပ်တယ်ဆိုပါတော့ဗျာ။ သူကတော့ပြောနေတာပဲ။ ဘယ်ဓာတ်ပစ္စည်းနဲ့ ဘော်ကိုဘယ်လိုသတ်ရတယ်၊ ဘော်ဝါအောင် ဘယ်လိုလုပ်ရတယ်၊ ဘော်ဝါရလာရင် အခေါက်ကိုက်ကို ဘယ်လိုစပ်ရတယ် စသဖြင့်ပေါ့ဗျာ။ ဘာမှမသိတဲ့ကျုပ်က သူပြောသမျှ ပုတ်သင်ညိုပဲ။ နောက်ဆုံး တိုတိုပြောရရင် ဘော်တော့ ဝါသန်းသန်းဖြစ်လာပါရဲ့၊ အရည်မမီဘူးဖြစ်နေပြန်တယ်။ အရည်မီအောင် ခံရည်တွေလောင်းပြီးစပ်ကြည့်


ဖြစ်မလာသေးပါဘူး။ ကျုပ်တို့စ,လုပ် ... အင်္ဂလိပ်ရတ်လောကဆိုတာ လူတွေ အ ... သေးအမြင်သေးနဲ့ ရဲရဲမပြောဝံ့တဲ့အ ... ပေါ့။ ခုခေတ်လို ပညာဘုန်းတော ... အချိန်လည်း မဟုတ်တော့ ဝါသနာ ... တွေ၊ အင်္ဂလိပ်ရတ်ဆရာတွေဆိုတာ အ ... ရှားသား။ သိုသိုသိပ်သိပ်နဲ့ သူတို့ ... ပါရမီကို သူတို့ဖြည့်ဆည်းနေကြရ ...

အင်္ဂလိပ်ရတ်ထိုးတယ်ဆိုတော့ ... ကမိန်းမ ဘယ်ကြည်ပါ့မလဲဗျာ။ ... ရေးအလုပ်မဟုတ်တော့ သူက ...



www.burmeseclassic.com

ပေးပါ့မလဲ။ ဒါပေမယ့် ဖွင့်တော့မ ရှာပါဘူး။ အဲ-ပြောရဦးမယ်။ ကျုပ် ကိုတ်စပ် ဘော်ဝါဓာတ်သားတွေ ရှေ့လည်း ပြန်မထုတ်တော့ပါဘူး။ ကိုတ်စပ်ဓာတ်သားကို လုံ့တစ်လုံး ညှိပြီး အားတဲ့အချိန်တွေမှာ ဓာတ် ည်ထိုးလိုက်တော့တယ်လေ။ ဘာ



ရစ်ညာရယ်တော့ မဟုတ်ပါဘူး။ ဖိုခွင် အားရင်၊ မီးကျန်ရင် လုပ်လိုက်တာပါပဲ။

တဖြည်းဖြည်း ကျုပ်လည်း ဘော် ဝါ ကိုတ်ဓာတ်လုံးကို မီးပေးလာခဲ့တာ အတော်ကြာတယ်ဗျာ။ ဓာတ်လုံးလေး က အတော်သန့်ပြီးရှင်းနေတာပဲ။ ကြည့် လိုက်ရင်တော့ လိုချင်စရာပါပဲ။ အဲဒီ အချိန်မှာ ဖိုသက်က အတော်ရနေပြီဗျ။ စိတ်ကြိုက်လုပ်ကြည့်လို့ မဖြစ်တဲ့အဆုံး မှာ ကျုပ်လည်း သူငယ်ချင်းရဲ့အာဘော် ကို ကွေ့ရှောင်ရင်း အဂ္ဂိရတ်လောကထဲ ရောက်မှန်းမသိရောက်ပြီး အဂ္ဂိရတ် သမားတစ်ယောက် ဖြစ်လာတယ်။

အဂ္ဂိရတ်အတတ်ပညာနဲ့စပ်လမ်း



www.burmeseclassic.com

တွေ၊ ဓာတ်ကူးဓာတ်ယှက် အပစ်အခတ် လမ်းတွေ၊ပြာလမ်းတွေ၊လက်လွတ်လမ်း တွေ၊ နောက်ဆုံး ဓနသိဒ္ဓိပေါက်လမ်းတွေ ရှိတယ်ဆိုတာ ကျုပ်ယုံတယ်ဗျာ။ ပုဂံ ခေတ်က ရှင်အဇ္ဇဂေါဏ ဆရာတော် တောင် ဓာတ်သိဒ္ဓိတန်ခိုးနဲ့ မုဆိုးမပါ မကျန် ဘုရားတည်နိုင်တဲ့အထိ ချီးမြှောက် သွားတာ အထင်ကရပဲ မဟုတ်လား။ ဒီ တော့ ကျုပ်ယုံတယ်ဆိုတာ လွန်ရော့ လား။ ကိုယ်မလုပ်တတ်သေးပေမယ့် တကယ်ဖြစ်တဲ့ ဝိဇ္ဇာမယဂမ္ဘီရပညာရပ် ပဲဗျာ။ ဒီလိုနဲ့ ကျုပ်လည်း အဂ္ဂိရတ် မနူး မနပ်နဲ့ ဆရာစုံ၊ နယ်စုံမှာ ရောက်တဲ့နေ ရာတိုင်း ပညာရှာတယ်၊ ဆွေးနွေးတယ်။ စိတ်တိုင်းကျတော့ မဟုတ်သေးဘူးဗျ။

ဒါပေမယ့်ဗျာ နယ်စုံ၊ ဆရာစုံ တွေကြုံရတော့ ဒီပညာရဲ့ လက်ဝဲလမ်း ရွှေဖြစ်ငွေဖြစ်ကို ပိုစိတ်ဝင်စားမိခဲ့တယ်။ တစ်ကျောင်းတစ်ဂါထာဆိုသလိုပဲ တွေ့ ကြုံရတဲ့ ပုဂ္ဂိုလ်တွေစုံတော့လည်း ဗဟု သုတတွေ စုံတာပေါ့။ ပညာရပ်တွေက တစ်မျိုးစီပဲလေ။ ရုက္ခမူလမ်းတွေ၊ ပြာ လမ်းတွေ၊ ရက်ရှည်ဖုတ်ယူရတဲ့လမ်းတွေ၊ လေဖိုတင်ရတဲ့လမ်းတွေကလည်း စုံနေ တာပဲ။ ပညာရပ် ဆိုတာ သမုဒ္ဒရာလို ကျယ်ပြောပါလားလို့ တွေးမိပါရဲ့။ ဒီ အချိန်မှာ ကျုပ်လည်း အဂ္ဂိရတ်အတွေ့ အကြုံတွေအတော်ရနေပြီ။ ငွေကုန်တာ ကတော့ မပြောနဲ့လေ။ ဒီအလုပ်လုပ် ရင် ငွေကတော့ အနည်း၊ အများ ကုန် မှာပဲ။ ဒါပေမယ့် ပညာတွေ အများကြီး ရတယ်။ ပညာပါရမီဖြည့်ရတာပေါ့ဗျာ။

နှစ်တွေကြာလာတော့လည်း အဂ္ဂိ ရတ်မိတ်ဆွေတွေ၊ ထိုးဖော်ထိုးဖက်ပုဂ္ဂိုလ် တွေ ဆိုတာ ရှိစမြဲပဲလေ။ စားလမ်း၊ ဓန သိဒ္ဓိလမ်းကို သူတို့နဲ့ ဆွေးနွေးကြည့် တယ်။ ထင်သလောက် အကြိုက်မတွေ့ လှဘူး။ ရိက္ခာထောက်ဆိုပေမယ့် သာမန် အဆင့်လောက်ပဲ။ ကျုပ်က ပညာလောဘ ကြီးတော့ ခက်တယ်ဗျ။ ငွေကုန်ရမှာ တော့ လက်မတွန့်ပါဘူး။ သိချင်ရင် လုပ်လိုက်တာပဲ။ နည်းက မခက်၊ မီး ကခက်လို့ ဆိုရိုးရှိပါတယ်။ ဟုတ်တယ် ဗျ။ နည်းတွေကတော့ ဟိုပုဂ္ဂိုလ်ဒီပုဂ္ဂိုလ် ရသေ့ရဟန်းတွေဆီက ရပါရဲ့။ မီးပညာ ကတော့ မိမိဉာဏ်ပညာအယူအဆနဲ့ ဓာတ်အခြေအနေကိုကြည့်ပြီး သုံးသပ်ရ တာဆိုတော့ ပုံသေရယ်လို့ သတ်မှတ်လို့ မရဘူး။

သူတော်ချင်း သတင်းလွှ ဆိုတဲ့ အတိုင်း တစ်ယောက်က အဂ္ဂိရတ်ထိုး တယ်ဆိုရင် ဝါသနာပါတဲ့သူတွေရောက် ရောက်လာတယ်။ သူ့နည်းကိုယ့်နည်း၊ သူ့ပညာကိုယ့်ပညာဖလှယ်လို့ ဆွေးနွေး ကြရဲ့။ ရှေးရှေးကပုဂ္ဂိုလ်တွေ ဘယ်လို ထိုးလို့ ဘယ်လိုဖြစ်သွားကြတယ်ဆိုပြီး အားကျ သွားရည်ယိုလို့မဆုံးဘူး။

ဓာတ်လောက ဆိုတာကလည်း သွားရည်ယိုစရာတွေက အများသား။ ဓာတ်ပြောဆရာတွေကလည်း ဓာတ် ဟောဆရာလို ဓာတ်လမ်းအတိုအစ တွေနဲ့ ပုံတိုပတ်စတွေခင်းလို့ မမောနိုင်။ အဂ္ဂိရတ်ပုဂ္ဂိုလ်တစ်ယောက် ရွတ်ပြတဲ့ ဓာတ်လမ်းလေးတစ်ခုကို အခုထိ နားထဲ စွဲနေသေးတယ်။ ဘာတဲ့ -

*'ကျားကျောပေါ် တွင် ခြသေ့်တင်၊ မစင်စင်အောင် သုံးခါဆေး၊ ကျောက် ချဉ်, ဆေးဒန်း, ကန့်စိန်ယမ်း အခန်းလုံ သည့်ဆေး၊ ဟင်းရိုင်းကဲမိုး နာနာထိုး အခိုးသေမှအေး၊ စုတေကျက သုဝဏ္ဏ ကျားက အဆီကျွေး၊ အစ္ဆဂေါန ရွှေ လမ်းပြ လမ်းပြဘုရင့်ဆေး၊ ပေါက္ကံပြည် ကြီးမောင်းခတ်တီး မိုးကြီးရွာသည့်ဆေး'*

တဲ့။

ရွှေလုပ်တဲ့လမ်းစဉ် ဖြစ်မှာပေါ့ ဗျာ။ သူက ခဏခဏရွတ်ပြနေတော့ လည်း ကျုပ်နားထဲစွဲနေတာပေါ့။ သူက ပြောသေးတယ်ဗျ။ အဲဒါ ရွှေမော်ဓော ငှက်မြတ်နားမှာ ရေးထိုးထားတဲ့ လုပ် ရတ်လမ်းစဉ်လို့ ဆိုတယ်။ ဟုတ်တယ်၊ မဟုတ်ဘူး ကျုပ်မသိပါဘူးဗျာ။ သူက ပြောတာပါ။ နောက်မိတ်ဆွေတစ် ယောက်ကလည်း ပြောသေးတယ်ဗျ။ သူ ကလည်း လင်္ကာစာသားလေးတစ်ခုပါ။ သူရွတ်ပြတာက -

*'တမ္ဗဇယျ ဒွေးသီဟနှင့် နာဂဇေက ကျားကြွက်မှာ ဧဖြာပဲနှင့်ညှိ၊ ရွှေစင် တစ်မတ်ထိဖြစ်သည့် ရွှေအတိ မော်ဓော ရှင် ပြုလျှင်ပြင်ပါ'*

လို့ ဆိုထားသတဲ့။ ကျုပ်လည်း မှတ်ထားလိုက်ပါတယ်။ဒါပေမယ့် မလုပ် ဖြစ်ပါဘူးဗျာ။

လက်ဝဲလမ်း ဆိုတာ အခက်သား လား။ နည်းတွေကများ၊ မီးတွေကစား၊ အချိန်ကုန် ငွေပြုန်းလို့ လူလုံးလည်း ညစ်ထေးထေး။ မေ့မေ့သာရှိတော့တဲ့ ဒီအားအင် ဘယ်မရွှင်တဲ့စိတ်နဲ့ အဂ္ဂိရတ် သမုဒ်ပြင်မှာ အဟုတ်ထင်ကူးနေရတဲ့ ကျုပ် ကောက်ရိုးတစ်မျှင်တောင် မတွေ့သေးတော့ သက်ပြင်းသာချရ တယ်ဗျာ။ ဘယ်မှာလာဖြစ်လို့တုံး။ ပြော တဲ့သူကပြော၊ ပေးတဲ့သူကပေး၊ ရှေးကံ

နဲ့ ဉာဏ်က တစ်ထပ်တည်းမကျတော့ ပါရမီဆိုတာဖြည့်ရမှာပဲ။ ကျုပ်မိတ်ဆွေ အညိုဝတ်ယောဂီကြီးပေးတဲ့ လင်္ကာ လေးလည်း ရှိသေးတယ်ဗျ။ ဘာတဲ့ - နေပါဦး၊ သူ့လင်္ကာလေးက။ ဟုတ်ပြီ ဟုတ်ပြီ။

*'ဂဠုန်ဇောင်းရှား နဂါးသေ ဆင်တွင်နေ၊ သုံးလေ လူ့လောက'* တဲ့ ပြီးတော့-

*'ငှက်ဂဠုန် မယ်တော်အား န တဲ့ ဖားရာဇာ ခြသေ့်မှာ သန္ဓေသာ ဘွားတဲ့သည်းချာ၊ သည်ခြင်းရာ ပေါက္ကံမှာ ရှင်လိပ်ပြန်တို့၊ နောက်လူ စေဖို့ ထားခဲ့သတည်း"* တဲ့။

လင်္ကာစာသား မှားတယ်၊ မှ တယ်လို့တော့ ကျုပ်မဝေဖန်ပါဘူး ကျုပ်က လက်တွေ့သမား ဆိုတော့ လင်္ကာတွေရွတ်တာလည်း ဝါသ တော့ သိပ်မပါဘူးဗျ။ လုပ်ဖော်ကိုင်ဖ တွေ ရွတ်ပြနေလို့သာ မှတ်မိနေတာ

ဩော်. . . ဓာတ်လုံးလမ်းလား ဓာတ်လုံးလမ်းဆိုတာကလည်း ပါရမီ ဆိုင်တာပဲလေ။ အဲဒီဓာတ်ကြီးလမ်း စားလမ်းလို မဟုတ်ဘူး။ သူ့မှာ အ ရံတွေ၊ အသိုင်းအဝန်းတွေနဲ့။ ဒါတွေ ဘာလဲဆိုတော့ အကျင့်တွေ၊ စရဏ လေ။ ကိုယ့်ရဲ့ သီလ၊ သမာဓိ၊ စ အကျင့်တွေ အားကောင်းမှပေါ့။ သီ စင်ကြယ်ရင် သမာဓိတည်မယ်။ သ တည်တော့ ပညာခန်းတွေပွင့်တာ အဲဒါတွေနဲ့ တွဲထားမှ တော်ကာကျ

အင်း- ဓာတ်လုံး. . . ဓာတ် ဓာတ်လုံးဆိုပြန်တော့လည်း အဲဒီဓာ လုံးက ဓာတ်သေလုံးဖြစ်ပါပြီတဲ့။ ဖြူ့ ချော်ဝါတွေ ဆိုက်ပါပြီ။ ချော်က တွေဖြစ်ပါပြီ။ ဒါပေမယ့် ကိုယ့် မလာရင် အဲဒီအဆင့်မှာပဲရပ်ပြီး ဘဝ၊ တစ်ခန္ဓာဇာတ်လမ်းလို့ ပါရမီ ရပြန်တယ်ဗျာ။ ကျုပ်အသိတွေ ပြဒါးရည်ငုပ်တဲ့ဓာတ်လုံးပိုင်တဲ့သူ ချော်ဖြူဆိုက်နေပြီဆိုတဲ့သူတွေ၊ ချော် ဆင်းနေပြီဆိုတဲ့သူတွေရှိပါရဲ့။ ဘဝ ဝေးသေးရင် အဲဒီမှာတင် လမ်းဆုံး တယ်။ ရှေးကံမပါ၊ ဉာဏ်မှာမ ဝီရိယကင်းရင်တော့ ပိုဝေးတာပေါ့ တစ်ယောက်ရဲရဲ ဖြစ်နိုင်ခဲ့တဲ့ ပါရမီ လုပ်ရတ်လမ်း ဝိဇ္ဇာမယဂမ္ဘီရပညာ တာ ဉာဏ်ကြီးသူတွေရဲ့ဥစ္စာပဲလေ

ဓာတ်လမ်း ဆိုတာကလည်း ယောက်က ဖြစ်တယ်၊ ဒါပေမယ် ယောက်ကျတော့ မဖြစ်ပြန်ဘူး



www.burmeseclassic.com

ဖြစ်တာကို မဖြစ်သူတွေက မဖြစ်
 မဟုတ်ပါဘူးရယ်လို့ မပြော
ာင်းဘူးလေ။ ပါရမီချင်း၊ အမြင်ချင်း၊
ဉာဏ်ချင်းက ကွာမှာပေါ့။ ဒါကြောင့်မို့
 အဘဘိုးဘိုးအောင်က -

နုသူနှင့်ရင့်သူ၊ ဤနှစ်လူတွင် နု
တို့လက္ခဏာ ပါဠိသားပင်သာသော်
 အနက်မှာထွေထွေ ဉာဏ်စုံနှော
သဘောတွေကို သုံးလူ့ရှင် မြတ်
ဟောရာတွင်မှ မကုန်လေသေးတဲ့။

ပါရမီဉာဏ်ဆိုတာ အနု၊ အရင့်
ငြီးမှာပေါ့။

အစက ပြောခဲ့သလိုပါပဲ။ ကိတ်
မာတ်သားကို တည်ထိုးခဲ့တဲ့ ကျုပ်
ဓာတ်လုံးလေး မီးအတော်ရနေပြီ။

တစ်နေ့မှာပေါ့။

ယုံကြည်စိတ်ချရပါတယ် ဆိုတဲ့
သည့်တစ်ဦးကို ဓာတ်လုံးမီးဆိုက်ခိုင်း
 ခိုးသွားပါလေရော။ ကျုပ်လည်း
ာက်ထပ် ဓာတ်လုံးမတည်ဖြစ်တော့
 ဒါပေမယ့် ခြံကောင်းကောင်းရ
တော့ အမြန်ခရီးပေါက်နိုင်တဲ့ ဓာတ်
သမ်းတစ်ခုကိုလုပ်ဦးမယ်လို့ ကြံစည်
ယ်။ အဲဒီဓာတ်လုံးလမ်းကလည်း
 ရက်တည်းနဲ့ ခရီးအမြန်ရောက်တဲ့
ပဲ။ ရဟန်းတော်နှစ်ပါးလည်း ဒီ
တ်လမ်းနဲ့ ဓာတ်ကိစ္စပြီးဆုံးသွားတယ်
သိထားရတယ်။ ခြံကောင်းကောင်း
 မရသေးပါဘူးလေ။

ကျုပ်ပြောခဲ့ဖူးသလိုပါပဲ။ ကျုပ်
 ညာလောဘရှိတော့ ဒီလက်ဝဲလမ်း
တ်သက်ပြီး လက်တွေ့လည်း လုပ်
ယ်။ ဘယ်ပုဂ္ဂိုလ် ဘယ်လိုဖြစ်ပါတယ်
ရင် ကျုပ်က စိတ်ဝင်စားတာ။ အ
ာက်သွားပြီး လေ့လာတယ်။ တကယ်
မြောက်တဲ့ပညာမို့လို့လည်း စိတ်ဝင်
ဘာပေါ့။ ကိုယ်က သာမန်အဆင့်
ာက်သာရှိပေမယ့် တကယ်ဖြစ်တဲ့
လ်တွေရှိတယ်ဆိုတာ ကျုပ်သိတယ်။
လည်းဖြစ်နေကြတာပဲလေ။ ဘယ်
သိခဲကြပါ့မလဲ။ ကြောင်လက်သည်း
ပေါ့။ ဖြစ်တဲ့ပုဂ္ဂိုလ်တွေကလည်း
လွယ်လွယ်နဲ့ သူတို့ပညာကို ပေး
မှာလဲ။

တစ်နေ့တော့ဗျာ။

ကျုပ်လည်း ရန်ကုန်က ဓာတ်မိတ်
တွေဆီ ရောက်သွားတယ်။ ကျုပ်
ဆွေတစ်ယောက်က ရခိုင်တိုင်းရင်း
ပါ။ သူ့ဖိုရုံက သီးသန့်ရယ်လို့တော့
တ်ပါဘူး။ အိမ်ရှေ့အဖီချထားတဲ့နေ
လေးဆီမှာ ဖိုဆင်ထားတာ။ အပေါ်

ဆင့်မှာတော့ ရေနွေးကြမ်းဝိုင်းပေါ့ဗျာ။

ဒီလိုနဲ့ ကျုပ်တို့လည်း မိတ်ဆွေ သုံး၊ လေးဦးနဲ့ ရေနွေးကြမ်းသောက်ရင်း ဓာတ်အကြောင်းတွေ ဆွေးနွေးကြပြော ကြ၊ အမြင်ချင်းဖလှယ်ကြနဲ့ပေါ့။ အဲဒီ အချိန်မှာ ရဟန်းတော်တစ်ပါး အိမ်ထဲ ကိုကြွလာတယ်ဗျာ။ အာဂန္တုထင်ပါရဲ့။ အိမ်ထဲရောက်တော့ ရဟန်းတော်က ရေ တစ်ခွက် အလှူခံပြီး သောက်တယ် ဆို ပါတော့။ ပြီးတော့ ရဟန်းတော်ကပြော တယ်။ ပြောမှာပေါ့၊ အိမ်ရှေ့အဖီလေး မှာ ဆင်ထားတဲ့ဖိုကို မြင်သွားတာကိုး။

ရဟန်းတော်က -

"ဒကာကြီးတို့ ဖိုထိုးတာလား"တဲ့။

ကျုပ်တို့ကလည်း -

"တင်ပါ့ဘုရား၊ ဝါသနာပါလို့လုပ် ကြည့်တာပါ ဘုရား"

လို့ လျှောက်လိုက်တယ်။

ဒီမှာပဲ ရဟန်းတော်က ကျုပ်ကို-

"ဒကာကြီး၊ ရွှေဖြစ်ငွေဖြစ်ဆိုတာ ယုံသလား" တဲ့။

ကျုပ်ကလည်း -

"ယုံပါတယ်ဘုရား"

လို့ ပြန်လျှောက်တယ်။

အဲဒီမှာ ရဟန်းတော်က ကျုပ်တို့ ကို ပြောတယ်။ ဘာပြောလဲဆိုတော့ -

"ဒကာကြီးတို့၊ ရွှေဖြစ်တာကို ကြည့်ချင်ရင် ကျုပ်လုပ်ပြမယ်။ ဘယ်သူ ပိုက်ဆံစိုက်ထုတ်မှာလဲ"

လို့ မေးတယ်။

ဘယ်သူမှမလှုပ်ကြဘူး။ သူတို့က ကြည့်ချင်ပေမယ့် ငွေက မရှိဘူး။ ဒီလိုနဲ့ ကျုပ်ကပဲ အစ၊အဆုံးကုန်ကျခံပြီး လုပ် ပါ့မယ်လို့ ပြောလိုက်တယ်။ ကျုပ်လည်း ရဟန်းတော် အမိန့်ရှိတဲ့အတိုင်း မြို့ထဲ က မဂို(ရွှေဘုံသာ)လမ်းကို ပြေးရတယ်။ ရဟန်းတော်ဝယ်ခိုင်းတာကလည်းကြည့် ဦးလေ။ အခေါက်ရွှေက တစ်မတ်သား၊ ဘော်က တစ်ဆယ်သား ဝယ်ရမယ်တဲ့။ ဘော်ဝယ်တယ် ဆိုပေမယ့် ခုခေတ်လို မဟုတ်ဘူးဗျ။ အရန်သင့်ဝယ်လို့ရတာ မဟုတ်ဘူး။ ကုလားဆိုင်က ငွေထည် တွေကို တစ်ဆယ်သား ဝယ်ရတာ။ လို ချင်တာက ငွေသက်သက်။ ရလာတာက အထည်လုပ်ထားတဲ့ငွေဆိုတော့ ကုလား ကိုပြောရသေးတယ်။ တကယ်လို့ ဝယ် ခိုင်းတဲ့သူက သုံးမရဘူးဆိုရင် ချက်ချင်း လာပေးမယ်လို့ ကတိပြုရတယ်။ သုံး ရရင်တော့ လာမပေးတော့ဘူးပေါ့။

ဒီလိုနဲ့ ကျုပ်လည်း ဝယ်ခိုင်းတဲ့ ပစ္စည်းတွေရပြီဆိုတော့ ရဟန်းတော်ဆီ ပြန်ပြေးရတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ တွေးမိပါတယ်။ အိမ်ရှင်ကလည်း ရခိုင် တိုင်းရင်းသား၊ ကြွလာတဲ့ ရဟန်းတော် ကလည်း ရခိုင်တိုင်းရင်းသားပဲ။

အိမ်ရောက်တော့ ရဟန်းတော် က ကျုပ်ဝယ်လာတဲ့ပစ္စည်းတွေကိုကြည့် ပြီး ရပါတယ်လို့ ပြောတယ်။ ကျုပ်က လည်း ရွှေဖြစ်နည်းကိုကြည့်ရတော့မှာ ပဲလို့တွေးမိပြီး ပျော်နေတာဗျ။ ဒီမှာပဲ ရဟန်းတော်လည်း သူ့ရဲ့လွယ်အိတ်ထဲ က အထုပ်လေးတစ်ထုပ်ကို နှိုက်လိုက် တယ်။ လက်ကိုင်ပဝါစလေးနဲ့ အသေ အချာထုပ်ထားတာဗျ။ ကျုပ်စိတ်ဝင်စား တာပေါ့။ အထုပ်လေးကိုဖြေလိုက်တော့ ကြက်သွေးရောင်ပေါက်နေတဲ့ဓာတ်သား လေး ဖြစ်နေတယ်။ ကျုပ်လည်း ရဟန်း တော်ကို မေးလျှောက်ကြည့်တယ်။

"အရှင်ဘုရား၊ ဒီပစ္စည်းလေးက ဘာလေးလဲ ဘုရား"

ဆိုတော့ ရဟန်းတော်က -

"ဆေးဒန်းဓာတ်သားပါ" တဲ့။

ကျုပ်လည်း အသာငြိမ်နေလိုက် တယ်။ ပြီးတော့ ရဟန်းတော်က ဆေး ဒန်းဓာတ်သား ဆိုတဲ့ ဓာတ်သားလေးထဲ က အစလေးတစ်စကို တူလေးနဲ့ ဆတ် ခနဲထုပြီးဖဲ့ယူလိုက်တယ်။ နောက်တော့ ချိန်တွယ်လိုက်တယ်။ တစ်မူးသားတိတိ ပဲ။ ကျုပ်ဝယ်ထားတဲ့ အခေါက်တစ်မတ် သားကို အရည်ကျိုခိုင်းတယ်။ ကိတ်အ ရည်လင်တော့ ဆေးဒန်းသတ္တုသားတစ် မူးသားတိတိကို ထည့်လိုက်တယ်။ မီး ဆက်ထိုးတယ်။ ပြီးတော့ လုံချ အအေး ခံလိုက်တယ်။ လုံထဲက ရွှေတစ်မတ်သား လေးလည်း ကုလားမည်းဘဝနဲ့ ချိပ်ဖြစ် သွားတယ်။ ရွှေသေသွားတယ်ဆိုပါ တော့ဗျာ။ နောက်ပြီး ဘော်တစ်ဆယ် သားကို လုံကြီးထဲမှာ အကုန်ထည့်ပြီး အရည်ကျိုတယ်။ ဘော်ထည်တွေ အရည်လင်လာတာကို ရဟန်းတော်က အသေအချာကြည့်တယ်။ ကျေနပ် လောက်တဲ့အရည်လင်လာတော့ ရွှေ သေထဲကဖဲ့ယူပြီး ချိန်ထားတဲ့ ရွှေသေ တစ်ပဲတိတိကို အလေအလွင့်မရှိအောင် စက္ကူနဲ့ အသေအချာထုပ်ပြီး ဘော်ရည် ထဲကို ဖိနှိပ်လို့ထည့်တယ်။ မီးပြင်းဆွဲ တယ်။ လုံထဲက မီးခိုးတွေ တက်လာ တယ် မနည်းမနောပဲ။ ခဏကြာတော့ အရည်လင်နေတဲ့ဘော်ရည်တွေကို စော စောကတည်းက အသင့်လုပ်ထားတဲ့ ရေနဲ့ ခံရည်ခွက်ထဲ စွပ်ခနဲလောင်းထည့်

www.burmeseclassic.com

# ဝဲဆိုး၊ ဝဲခြောက်ပျောက်ကင်းရန်

ကျွန်တော့်သူငယ်ချင်းလည်းဖြစ်၊ တစ်ရပ်ကွက်တည်းသားချင်းဖြစ်တဲ့ သက်ပိုင်စိုးတစ်ယောက် ကျွန်တော်ရှိစဉ် အိမ်သို့အလည်ရောက်လာပါတယ်။

"သူငယ်ချင်းရဲ့ မင်း ခုတစ်လော ပျောက်ချက်သားကောင်းလှချေလားကွ။ မင်းဆီလာတိုင်း မရှိတာနဲ့၊ အပြင်သွားတာနဲ့၊ ခရီးထွက်တာနဲ့၊ ဘယ်တွေရောက်နေတာလဲကွ"

"တစ်မျိုးမထင်ပါနဲ့ကွာ၊ ငါ ကုန်ကြမ်းရှာနေလို့ပါကွ"

"ဒါနဲ့ စကားမစပ်၊ မင်း (၁၀) တန်းနှစ်က ဝဲပေါက်ဖူးတယ်နော်။ အဲဒါဘာဆေးတွေသုံးပြီး ပျောက်တာလဲကွ။ ငါ့ကို ပြောစမ်းပါဦးကွ၊ အခု ငါဝဲပေါက်နေလို့ကွ"

"အေးပါကွ။ အရင်ဆုံး မင်း အစားအသောက် ဆင်ခြင်ရမယ်။ ဥပမာကွာ- ဝက်သားစားရင် ပြည်လိုက်တယ်။ အမဲသား၊ ကြက်သား၊ ငါး၊ ငါးခြောက် အငန်တွေစားရင် ယားနာတွေက ပိုပြီး ထကြွတယ်ကွ။ ဒါက ရှောင်ရမှာတွေ၊ လိုက်နာရမှာတွေကွ။ ဝဲ, ယားနာ အစိုရော အခြောက်ပါအတွက် မြန်မာ့တိုင်းရင်းဆေးတွေ၊ အနောက်တိုင်းဆေးတွေ အများကြီး ရှိတယ်ကွ။ အဲ- ဒါပေမယ့် ဒီလူမှာ ဒီဆေးနည်းနဲ့ ပျောက်ပေမယ့် ဟိုလူမှာတော့ ဟိုဆေးနဲ့ ပျောက်ချင်မှ ပျောက်တာကွ"

"ဟာ- မင်းကလည်း၊ စာပေသမားပီပီ စကားရှည်လိုက်တာကွာ။ ပြောမှာသာ ပြောစမ်းပါ"

"လွယ်လွယ်လေးပါကွာ။ သဘော်ရွက်ရင့်ရင့် (၃) ရွက် ခူးယူပြီး ညက်အောင်ထောင်း၊ သတ္တုရည် ညှစ်ယူရမယ်။ လက်ဖက်ရည်သောက်ပန်းကန်သုံးလုံးစာလောက်ရရင် ကြွေခွက်ထဲ[...] ထည့်ပြီး ရေနွေးငွေ့ကုန်အောင်ချ[...] ပေး၊ သဘော်ရွက်အဆီရလိမ့်မယ်။ [...] သဘော်ရွက်အဆီနဲ့ ရေနံချေးကို ဆ[...] ရောမွှေပြီး နေပူလှန်း၊ ပြီးရင် လိမ်း[...] ပြီ။ တစ်နေ့ (၂) ကြိမ်, (၃) ကြိမ်[...] ပေး၊ သက်သာပျောက်ကင်းစေရမ[...] ကဲ- အဲဒါ ငါသုံးခဲ့တဲ့ ဆေးနည်းပဲ[...]"

"အဲဒါဆိုလည်း အခု ငါဆေး[...] ပြီး လိမ်းမယ်ကွာ၊ ပျောက်ရင်တော့ [...] ကျေးဇူးမမေ့ပါဘူးကွာ"

ကျော်ဟိန်းထက်(ဥပ[...]

*မှတ်ချက်- ဤဆေးနည်းပြော[...] သော အဘ ဦးကြီးလှအား ကျေးဇူး[...] လျက်။*

---

လိုက်တယ်။ ထွက်လာတဲ့ အရောင်က မည်းညစ်နေတာပဲ။ ကျုပ်လည်း ဘေးက အသာကြည့်နေပြီး ကျုပ်ဝယ်ထားတဲ့ ပစ္စည်းတွေတော့ သွားကုန်ပါပြီလို့ တွေးနေမိတယ်။ ခတ်သားကို အအေးခံပြီး ကျုပ်ကို စမ်းခိုင်းတယ်။ မည်းညစ်နေတဲ့ ခတ်သားကိုကြည့်ပြီး ကျုပ်စိတ်ညစ်သွားတယ်။ ရဟန်းတော်ကတော့ ပြုံးနေတယ်။ ကျုပ်ဘက်လှည့်ပြီး ရဟန်းတော်က -

"ဒကာကြီး၊ စမ်းသပ်ကြည့်ပါဦး"

လို့ ပြောပြီး အအေးခံထားတဲ့ ခတ်သားကို မေးငေါ့ပြတယ်။ ကျုပ်လည်း စိတ်မပါဘဲ ခတ်သားတုံးကို လက်နဲ့ပွတ်ကြည့်လိုက်တယ်။

ဟာ - ခတ်သားတုံးက အဝါရောင် ဝင်းထိန်လို့ပါလား။ ဒီလိုနဲ့ ရဟန်းတော်က ဘော်ဝါခတ်သားတုံးထဲက တစ်ကျပ်သားဖြတ်ခိုင်းပြီး ပြောတယ်။

"ဒကာကြီး ဒီဖြတ်စကို မဂို (ရွှေဘုံသာ) လမ်းထဲက ကုလားဆိုင်မှာ ပြကြည့်ပါလား" တဲ့။

ကျုပ်လည်း ရဟန်းတော်အမိန့်ရှိသလို မဂို (ရွှေဘုံသာ) လမ်းကို ပြန်ပြေးရပြန်တယ်။ ဆိုင်ရောက်တော့ ဆိုင်ရှင်ကုလားက သေချာစမ်းသပ်ပြီး -

"ဆရာကြီး၊ ဒီရွှေကိုရောင်းမလို့လား။ ရောင်းချင်ရင် ဈေးကောင်းပေးပါ့မယ်" တဲ့။

ကျုပ်ကလည်း -

"မေးကြည့်တာပါဗျာ။ကျုပ်ပစ္စည်းလည်း မဟုတ်ပါဘူး။ နောက်ရောင်းချင်ရင် ပြန်လာခဲ့ပါမယ်"

လို့ ပြောပြီး ပြန်ခဲ့ရတယ်။

အိမ်ရောက်တော့ ရဟန်းတော်ကို ကျုပ်လည်း ရွှေဖြစ်ကြောင်း၊ ရောင်းချင်ပါက ဈေးကောင်းပေးမည် ဖြစ်ကြောင်းကို ပြောရတယ်။ ကျုပ်လည်း ပညာကောင်းလိုက်နေသူဆိုတော့ အတော်ပဲ၊ ဟန်ကျပြီလို့ တွေးမိတယ်။ ဒါနဲ့ ကျုပ်က ရဟန်းတော်ကို -

"အရှင်ဘုရား၊ တပည့်တော်ကို ပညာစွန့်ပေးပါ ဘုရား"

လို့ တောင်းခံတယ်။

ရဟန်းတော်ကလည်း -

"ဒကာကြီး၊ ဒီ၊ ဂ ကျုပ်ဆရာတော်ရဲ့ပစ္စည်းပဲ။ သူပျံလွန်တော်မူတော့ ကျုပ်က ဒီပစ္စည်းကို ရထားတာပါ။ ပညာတော့မရလိုက်ဘူးလေ။ ဒကာကြီးတို့ အဂ္ဂိရတ်လိုက်စားတဲ့ပုဂ္ဂိုလ်တွေအတွက် ဒီပညာဟာ အမှန်တကယ်ရှိနေတယ်၊ ဖြစ်မြောက်တဲ့သူတွေ ရှိနေကြတယ်ဆိုတာ သိရအောင် ကျုပ်က သက်သေပြရတာပါ။ အခုဖြစ်လာတဲ့ ဒီပစ္စည်းတွေအားလုံးကိုလည်း ကျုပ်[...] လှူလိုက်ပါ။ ကျုပ်ဘုရားဖူးအတွ[...] စရိတ်ပေါ့ဗျာ။ ဒီက ဒကာကြီးက[...] တစ်ကျပ်သားယူထားလိုက်ပေါ့။ ဒ[...] ကြီးက ငွေစိုက်ထားရတာပဲ"

ရဟန်းတော်လည်း ပြော[...] ထွက်ကြွသွားတော့တယ်။ ကျုပ်လ[...] ရဟန်းတော်စွန့်ခဲ့တဲ့ တစ်ကျပ်သ[...] ရွှေတုံးလေးကိုကိုင်ပြီး ရဟန်းတော်[...] မျက်စိတစ်ဆုံး ကြည့်နေမိတယ်။

ဩော်- လောကမှာ ကျုပ်တို့[...] နိုင်သေးတဲ့ပညာရပ်တွေ၊ မရနိုင်သေ[...] တဲ့ပညာပိုင်းတွေဟာ ရှိနေဆဲပါလား[...] လည်း တွေးနေမိပါတော့တယ်။

သုံးပန်လှ[...]

*(မှတ်ချက်။ ။ အဂ္ဂိရတ်ဆရာ[...] အဘသည် စာရေးသူ၏အိမ်၌ ည[...] ညဉ့်နေနေထိုင်ပြီး ခတ်လမ်းကို [...] ကိုင်နေစဉ်တွင် တွေ့ကြုံခဲ့ရသော [...] ဟောင်းနှောင်းဖြစ်များကို ရေနွေး[...] ဝိုင်းတွင်ပြောဖြစ်ကြရာမှ ပေါ်ထွက်[...] ရသော အကြောင်းအရာလေးမျ[...] ဖြစ်ပါသည်။ ယခု အဘဆရာကြီး[...] မရှိရှာတော့ပြီ။ အသက်(၈၀)ကျော်[...] ကွယ်လွန်ခဲ့လေပြီ။ ဤစာမူဖြင့် [...] ဆရာကြီးအား ဂါရဝပြုအပ်ပါ[...]*



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်မသိမ်းနိုင်သော နှင်းလူ

## လျှမ်းထက်

ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၁၂ ... စက်တင်ဘာလ ၂၇ ရက်နေ့ ...ဝေသော ကြေးမုံသတင်းစာကြီး ... အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် ...စဉ်ဖြင့် ဖော်ပြထားသော သတင်း ...ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

**ရှားဆိုက်ဘေးရီးယားဒေသ၌ နှင်းလူသတ္တဝါကို ရှာဖွေတွေ့ရှိ**

မော်စကို၊ စက်တင်ဘာလ ၂၆

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယား ဒေသရှိ ကီမီရိုဗိုစီရင်စု၌ နှင်းလူဟု ...ခေါ်တွင်သောသတ္တဝါကို သီးခြား ...ရာသုံးနေရာတွင်တွေ့ရှိခဲ့ရသည် ...ဟု ဒေသဆိုင်ရာ သတင်းဌာနများ ...က စက်တင်ဘာလ ၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယေတီ(yati)ဟုခေါ်တွင်သော နှင်းလူသတ္တဝါကို ရှော်စကီးအမျိုး ...သားဥယျာဉ်အတွင်းတွေ့ရှိရကြောင်း ...အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဆာ ...ဘက်ယာကော့က ပြောဆိုခဲ့၏။

လူဝံကဲ့သို့သော ပုံသဏ္ဌာန်ရှိ သောနှင်းလူသည် ချုံပုတ်၏အကိုင်း ...အခက်များကို ချိုးဖြတ်၍ တောအ ...တွင်းသို့ လျင်မြန်စွာ ဝင်ရောက် ...ပျောက်ကွယ်သွားကြောင်း ၎င်းက ပြောကြားသည်။

နှင်းလူတွေ့ရှိခြင်းနှင့်ပတ်သက် ...၍ အစိုးရအဖွဲ့က တရားဝင်ထုတ် ...ပြန်ရန် ရည်ရွယ်ချက်မရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက တရှုး(တ်) အမည်ရှိ သတင်းထောက်ကို ပြော ကြားခဲ့သည်။

ဆိုက်ဘေးရီးယားဒေသ၌ ပြီးခဲ့ သော ဩဂုတ်လတွင် ရေလုပ်သား ...တစ်ဦးက နှင်းလူကို ရှာဖွေတွေ့ရှိခဲ့ သည်ဟု ဆိုက်ဘေးရီးယားတိုင်း(မ်) သတင်းစာတွင် ရေးသား ဖော်ပြခဲ့ သည်။ ရေအိုင်၏ကမ်းစပ်တွင် ရေ ...ဆင်းသောက်နေကြသော နှင်းလူနှစ် ...ကောင်ကို မိမိမြင်တွေ့ရကြောင်း၊ ၎င်းတို့သည် လူကဲ့သို့ အလွယ်တကူ ...တ်တတ်ရပ်ကာ သွားနိုင်ကြပြီး မိမိကိုတွေ့သည့်အခါ တောတွင်းသို့ ထွက်ပြေးသွားခဲ့ကြကြောင်း ရေလုပ်သား တာရှိနင်က ပြောကြားသည်။

ကူဇာဗတ်စီရင်စု၌လည်း အစိုးရတာဝန်ရှိသူများက နှင်းလူအချို့ကို တွေ့မြင်ခဲ့ရသည်ဟု ဒေသဆိုင်ရာများက သတင်းထုတ်ပြန်ခဲ့သည်။

လူပုံသဏ္ဌာန်ရှိ အရပ်ရှည်ရှည် နှင့်သတ္တဝါအချို့ကို မာရပ်ဆုအမည် ရှိ မြစ်ကမ်းနဖူးနှင့် ကျောက်ဆောင် တစ်ခုပေါ်တွင် တွေ့မြင်ခဲ့ရကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြား သည်။

အင်တာနက်

ဤသတင်းကိုပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော ဂျာနယ် များနှင့် စီအင်အင်ရုပ်သံလွှင့်အစီအစဉ် အပါအဝင် အခြားရုပ်သံလွှင့်အစီအစဉ် များမှလည်း ထုတ်လွှင့်သွားခဲ့သည်။ ဤ သတင်းများကိုဖတ်ရှုကြရသော သတင်း စာဖတ်ပရိသတ်နှင့် ရုပ်သံထုတ်လွှင့် ချက်များကို ကြည့်ရှုကြရသော ပရိသတ် တို့ကမူ နှင်းလူသတင်းသည် ဘာဆန်း သလဲ။ တစ်ခါလာ မည်းပြာပုဆိုးဟု ဆို ကြမည် ဖြစ်ပါသည်။ မှန်ပါသည်။ နှင်း လူသတင်းသည် လွန်ခဲ့သော ရာစုနှစ် ဝက်ခန့်ကပင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ် များ၊ မဂ္ဂဇင်းများတွင် ပါဝင်ခဲ့ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေ သော မဂ္ဂဇင်းများတွင်လည်း စာရေး ဆရာကြီးများက နှင်းလူနှင့် ပတ်သက် သော ဆောင်းပါးများကို အထောက် အထားသာဓက ခိုင်ခိုင်မာမာနှင့် ရေး သား ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ကျွန် တော်တို့ကိုယ်တိုင် မဂ္ဂဇင်းကြီးများတွင် နှင်းလူနှင့်ပတ်သက်သော ဆောင်းပါး များ ရေးသားခဲ့ပြီး ဖြစ်ပါသည်။

နှင်းလူနှင့်ပတ်သက်၍ သိပ္ပံပညာ ရှင်များ၊မနုဿဗေဒပညာရှင်များ၊သတ္တ ဗေဒပညာရှင်များအတွင်း အငြင်းပွား မှုသည် တစ်နေ့တခြား ပွဲဆူလာသည် ဟု ဆိုရမည် ဖြစ်သည်။ အမယ်ဘုတ်၏ ချည်ခင်သဖွယ် ရှုပ်ထွေး၍လာခဲ့သည်။ သဘာဝတရားသည် ရှေးပဝေသဏီက လူတို့၏ သာမန်မျက်စိနှင့်မမြင်နိုင်သော ပိုးမွှားသတ္တဝါများကို ဖွက်ထားခဲ့ဖူး ၏။ သိပ္ပံပညာရှင် လီယူဝင်ဟုတ်က မှန်ဘီလူးကို တီထွင်လိုက်သောအခါ တစ်ချိန်က မှောင်ချထားခဲ့သော ပိုးမွှား သတ္တဝါလောကကို ကျွန်တော်တို့ သိခွင့် ရခဲ့ကြသည်။ သို့သော် သဘာဝတရား သည် တတ်နိုင်သလောက် ဖုံးကွယ်ထား သဖြင့် ကျွန်တော်တို့ သိခွင့်မရသော၊ ပြည့်ပြည့်စုံစုံ မသိရသေးသော သတ္တဝါ များလည်းရှိဆဲဖြစ်နေပါသည်။ သမိုင်း အဆက်ဆက် သုတေသီများသည် ဤ နှင်းလူ ဟူသော လူတူသတ္တဝါကြီးအ ကြောင်းကို မိမိတို့နည်းမိမိတို့ဟန်ဖြင့် စူးစမ်းရှာဖွေခဲ့ကြပြီး ငြင်းကြခုံကြ ဆွေး




In 1954 a London newspaper, The Daily Mail sponsored an expedition to search for the yeti. For weeks, reports like this one, were front page news.



www.burmeseclassic.com

www.burmeseclassic.com

နွေးခဲ့ကြပါသည်။ နှင်းလူနှင့် ပတ်သက်သောစာအုပ်များ ရေတွက်၍မရအောင် ရေးသား ထုတ်ဝေပြီး ဖြစ်ပါသည်။ နိုင်ငံတကာမှ ထုတ်ဝေသော စွယ်စုံကျမ်းကြီးများတွင်လည်း နှင်းလူနှင့်ပတ်သက်သော လေ့လာစူးစမ်းချက်များအကြောင်းအား ခတ်ပုံသာဓက အထောက်အထား ဝေဝေဆာဆာနှင့် ဖော်ပြခဲ့ကြပါသည်။

မှန်ပါသည်။ ဤနှင်းလူနှင့်ပတ်သက်သော သတင်းအစအနများသည်လည်း ၁၉ ရာစု အစပိုင်းကပင် တောမီးပမာ ပျံ့နှံ့လာခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။ အလွန် ဝေးလံ၍ ချောင်ကျလွန်းသော ဟိမဝန္တာတောင်တန်းဒေသတွင် ကြောက်မက်ဖွယ်ကောင်းသော နှင်းလူ (Abominable Snow Man) ဆိုသော လူတူသတ္တဝါရှိခဲ့သည်ဟူသောသတင်းသည် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်ကပင် လူအများကြားသိခဲ့ရသော်လည်း ယခုထိတိုင်အောင် လက်ဆုပ်လက်ကိုင်မပြနိုင်သေးပေ။

ဤ နှင်းလူနှင့်ပတ်သက်သော ပုံပြင်များ၊ ဒဏ္ဍာရီများ၊ ပါးစပ်ပြောဇာတ်များ၊ ပခုံးထမ်းကောလာဟလသတင်းများအား ဟိမဝန္တာတောင်တန်းဒေသနှင့် တိဗက်ဒေသမှဒေသခံတိုင်းရင်းသားများသည် သမိုင်းအဆက်ဆက် လက်ဆင့်ကမ်း ပြောဆိုလာခဲ့ကြသည်။ အိန္ဒိယနိုင်ငံအား ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ကြပြီး အခြေအနေကောင်းလာသည်နှင့် ဗြိတိသျှအစိုးရသည် ဗြိတိသျှဘုရင်မကြီး၏ ကြည်းတပ်မတော် ဆေးတပ်ဆွယ်မှ ဗိုလ်မှူး လော်ရင့်(စ်)ဝတ်(ဒ်)ဒယ်(လ်)နှင့်အဖွဲ့အား ဟိမဝန္တာသဘာဝပေါက်ပင်များ၊ သားရဲတိရစ္ဆာန်များအား စနစ်တကျ လက်လှမ်းမီသလောက် သုတေသနပြုစေခဲ့သည်။ ဗိုလ်မှူး ဝတ်(ဒ်)ဒယ်(လ်)သည် လပေါင်းများစွာ ဟိမဝန္တာတောင်တန်းဒေသတွင် နေထိုင်ခဲ့ပြီး အထက်ဖော်ပြပါ အကြောင်းအရာများကို လက်တစ်ဆုံးနှိုက် လေ့လာခဲ့သည်။ ခိုင်မာသော အချက်အလက် အထောက်အထားများကိုလည်း စုဆောင်းခဲ့ပြီး 'Among The Himalayas' ဟူသော စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ရာ မနုဿဗေဒပညာရှင်များ၊ သိပ္ပံပညာရှင်များနှင့် သတ္တဗေဒပညာရှင်အတွက် ယနေ့အထိ အငြင်းပွားပြီး အငြင်းပွားဆဲ ပဟေဠိတစ်ခုဖြစ်သော နှင်းလူ ဟူသော သတ္တဝါလိုလို၊ နာနာဘာဝလိုလို လူတူသတ္တဝါတစ်ဦးအကြောင်းကို ရေးသား ဖော်ပြခဲ့သည်။

ဗိုလ်မှူး ဝတ်(ဒ်)ဒယ်(လ်)သည် နှင်းလူအကြောင်း ရေးသား ဖော်ပြရာတွင် ဒေသခံ တိုင်းရင်းသားလူမျိုးနွယ်များ၊ တိဗက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ ကုန်းထမ်းသမားများ၊ လမ်းပြများ၊ မုဆိုးများ၏ ပါးစပ်ဇာတ်အချက်အလက်များကို ဖော်ပြခဲ့သည်သာမက ဝတ်(ဒ်)ဒယ်(လ်)ကိုယ်တိုင် အထက်ဖော်ပြပါ လူတူသတ္တဝါကြီး၏ ခြေရာများကို မျက်ဝါးထင်ထင်တွေ့ရသည့်အကြောင်း အသေးစိတ်အထောက်အထားများနှင့် ရေးသား ဖော်ပြထားသဖြင့် နှင်းလူ ဟူသော လူတူသတ္တဝါကြီး အမှန်တကယ်ရှိခဲ့သည် ဟူသော သဲလွန်စ ပထမဆုံးတွေ့ရှိရခြင်း ဖြစ်သည်ဟု နှင်းလူသုတေသီများက ဆိုကြသည်။

၁၉ ရာစုနှောင်းပိုင်းကာလတွင် အမေရိကန်ပြည်ထောင်စုမှ စူးစမ်းလေ့လာရှာဖွေသူ ပေါ(လ်)ဒူခြလုဆိုသူသည် ဟိမဝန္တာတောင်တန်းဒေသမှအပြန်တွင် အလွန်ကြီးမားသော လူတူသတ္တဝါကြီး

တစ်ကောင်၏ အရိုးစုနှင့် အရေကို ယူ... ဆောင်လာခဲ့ရာ သတ္တဗေဒပညာရှင်များ... နှင့်သဘာဝသိပ္ပံပညာရှင်များအဖို့ တအံ့... တသြဖြစ်ခဲ့ကြရပြီး နှင်းလူ ဆိုသည်မှာ... အမှန်တကယ်ရှိနိုင်သည်ဟု ယုံကြည်... ကြ၏။ ၁၉၀၆ခုနှစ်တွင် ဗြိတိသျှအမျိုး... သား ဇီဝဗေဒပညာရှင် အိတ်(ချ်)... အယ်(လ်)ဝီး(လ်) ဆိုသူသည် ဟိမဝန္တာ... တောင်စွယ်တစ်ခုတွင် သည်းထိတ်ရင်... ဖွယ်ရာ နှင်းလူဟူသော လူတူသတ္တဝါ... တစ်ကောင်ကို မျက်ဝါးထင်ထင်မြင်ခဲ့ရ... သည်ဟု သတင်းမီဒီယာများက ထုတ်... ဖော် ပြောဆိုခဲ့၏။

တိဗက်လူမျိုးနွယ်အများကမူ ... လူတူသတ္တဝါကြီးကို ယက်တီဟု ခေါ်... ကြသည်။ ထိုဝေါဟာရ၏အဓိပ္ပာယ်မှာ... ထူးထူးခြားခြား သည်းထိတ်ဖွယ်ကောင်း... သောသတ္တဝါကြီး ဟူ၏။ ထိုလူတူသတ္တ... ဝါများသည် ဟိမဝန္တာတောင်တန်းဒေသ... ၏ မြင့်မားသော တောင်စွယ်များ၊... ကျောက်ဂူများ၊ လျှိုမြောင်များ၊ လူမ...





www.burmeseclassic.com

www.burmeseclassic.com

...သာရန်ခက်သည့်တောင်ကြောများ ...နေထိုင်ကျက်စားကြသဖြင့် သူတို့ ...မှာမှာ သီးခြားလျှို့ဝှက်ကမ္ဘာ ဖြစ် ...သည်။ အစားအစာ ရှားပါးသော ...တူများတွင် အထက်ဖော်ပြပါ ...ခါ လူတူသတ္တဝါတို့သည် လူတို့ ...သော တောင်ကြားများသို့ ဆင်း ...လာကြပြီး လူတို့စိုက်ပျိုးထားသော ...ယာစိုက်ခင်းများကို ဝင်ရောက် ...က် စားသောက် ဖျက်ဆီးလေ့ရှိ ...ဟု သိရ၏။

၁၉၁၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် ...နိုင်ငံ နန်ကျင်းမြို့နှင့် ရှန်ဟဲမြို့ ...တရုတ်ဘာသာဖြင့် ထုတ်ဝေသော ...စာကြီးများတွင် ယင်းနှင်းလူများ ...သက်သော သတင်းဆန်းတစ် ...မျက်နှာဖုံးမှ ဓာတ်ပုံအထောက် ...ဝေဝေဆာဆာနှင့် ဖော်ပြခဲ့၏။ ...သတင်းအရ တရုတ်တောတွင်မုဆိုး ...သည် ထိုယက်တီဟု ယူဆဖွယ်ဖြစ် ...လူတူသတ္တဝါတစ်ကောင်ကို ဖမ်း ...၍ တရုတ်နိုင်ငံ ပတန်မြို့သို့ ယူ ...လာပြီး ပြည်သူအများအား ပြ ...ခဲ့သည်ဟု ဆိုသည်။ ထိုစဉ်က ...စာများ၏ ဖော်ပြချက်အရဆိုရ ...ထိုလူတူသတ္တဝါကြီးမှာ မည်းနက် ...မျောက်မျက်နှာနှင့်တူပြီး တစ် ...လုံးတွင် ရှည်လျားသော အမွေး ...ဖုံးအုပ်နေသည်ဟု ဆိုသည်။ ခြေ ...နှင့် ခြေဖဝါးမှာ လူသားထက် ...သည်ဟု သတင်းများက ဖော်ပြ ...သည်။

ထိုသတ္တဝါကြီးအား ယခုခေတ် ...စနစ်တကျ ထိန်းသိမ်း စောင့် ...ထားခြင်း မရှိသဖြင့် ဖျားနာ၍ ...သွားခဲ့ရသည်ဟု သိရ၏။ ၁၉၂၃ ...တွင်မှ ဧဝရက်တောင်အား တက် ...ရန်သွားသော ဗြိတိသျှတောင် ...အဖွဲ့မှ ဗိုလ်မှူး ကင်မရွန် ဆိုသူ ...ဒေသခံလမ်းပြများနှင့်အတူ ဧဝ ...တောင်ထိပ်သို့ တက်ရောက်နိုင် ...လမ်းကို ရှာဖွေနေစဉ် နှင်းပွင့်များ ...များဖုံးနေသော တောင်ကြောတစ် ...က်တွင် တန်းစီသွားနေသော နှင်း ...များဟု ယူဆဖွယ်ဖြစ်သော လူတူ ...ဝါများကို တွေ့ရသည်ဟု သိရ၏။ ...နေရာသို့ ဗိုလ်မှူး ကင်မရွန်နှင့်အဖွဲ့ ...က်သွားသောအခါ လူတို့၏ ခြေ ...က် ကြီးမားသော ခြေရာများကို ...ရသည်ဟု သတင်းများက ဖော်ပြ ...

၁၉၃၆ ခုနှစ်တွင် ဧဝရက်တောင် ထိပ်သို့ တက်ရောက်ရန် ကြိုးစားခဲ့သော ရှစ်ပတန်တောင်တက်အဖွဲ့ဝင်များသည် အခြားသတ္တဝါများ နေထိုင်နိုင်ခြင်းမရှိသော ရေခဲများ၊ နှင်းပွင့်များ ဖုံးလွှမ်းနေသော တောင်စောင်းဆင်ခြေလျှောတွင် အလွန်ကြီးမားသောနှင်းလူတို့၏ခြေရာများကိုတွေ့ခဲ့ရာ ဓာတ်ပုံဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်ဟု သိရ၏။

၁၉၃၇ ခုနှစ်တွင် ဗြိတိသျှအမျိုးသား စူးစမ်းလေ့လာသူနှင့် မဟာခရီးသည် မစ္စတာဖရင်စမစ်သည် ဟိမဝန္တာတောင်တန်း၏ ပေ (၁၄,၀၀၀) အမြင့်ရှိ နှင်းပွင့်များ ဖုံးလွှမ်းနေသော တောင်ကြောတွင် အများက နှင်းလူဟု ကင်ပွန်းတပ်ထားသော လူတူသတ္တဝါကြီးများ၏ ခြေရာများကို တွေ့ခဲ့ရာ စနစ်တကျ မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုမှတ်တမ်းအရ ယင်းသတ္တဝါကြီး၏ ခြေဖဝါးအရွယ်အစားမှာ (၁၃) လက်မ ရှည်လျား၍ (၅) လက်မကျယ်သည်ဟု ဆိုသည်။ ထိုစဉ်ကစ၍ နှင်းလူ ဟူသော လူတူသတ္တဝါဆန်းကြီးမှာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်ဝေသော သတင်းစာကြီးများ၏ မျက်နှာဖုံးတွင် နေရာယူခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည်နှင့် နှင်းလူစူးစမ်းရှာဖွေရေးမှာ ရပ်တန့်သွားခဲ့၏။ ၁၉၅၁ ခုနှစ်တွင် ဧဝရက်တောင်ထိပ်ပေါ်သို့ အောင်မြင်ပေါက်ရောက်စွာ တက်ရောက်နိုင်ခဲ့သော အီရစ်ရှစ်ပတန်က ဧဝရက်တောင်၏ ပေ (၁၈,၀၀၀) ခန့်မြင့်သော နှင်းခဲများ ဖုံးလွှမ်းနေသည့် ဆင်ခြေလျှောတွင် သူတို့တောင်တက်အဖွဲ့ဝင်များသည် နှင်းလူများ၏ ခြေရာကြီးများကို တွေ့ခဲ့ရသည်ဟု သတင်းမီဒီယာများကို ထုတ်ဖော် ပြောပြခဲ့သည်။

၁၉၅၄ ခုနှစ် ဆောင်းရာသီတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ ထုတ်ဝေသော ဒေးလီးမေ(လ်)သတင်းစာကြီး၏ အယ်ဒီတာအဖွဲ့မှ ဦးဆောင်သော နှင်းလူရှာဖွေရေးအဖွဲ့တစ်ဖွဲ့သည် ဟိမဝန္တာတောင်တန်းဒေသသို့ သွားရောက်ခဲ့ကြသော်လည်း နှင်းလူနှင့်ပတ်သက်သော သတင်းအချက်အလက် တစ်စုံတစ်ရာ မရခဲ့ဟု သတင်းများက ဖော်ပြခဲ့၏။

၁၉၅၇ ခုနှစ်ကလည်း အမေရိကန်ပြည်ထောင်စုမှ သန်းကြွယ်သူဌေး မစ္စတာကွန်ဆလစ် ခေါင်းဆောင်သော နှင်းလူစူးစမ်းလေ့လာရေးအဖွဲ့တစ်ဖွဲ့သည် ဟိမဝန္တာတောင်တန်းဒေသသို့ သွားရောက်၍ လေ့လာမှုများ ပြုလုပ်ခဲ့သော်လည်း နှင်းလူနှင့်ပတ်သက်သည့် အထောက်အထား အချက်အလက် အသစ်အဆန်းတစ်စုံတစ်ရာမရဟု သတင်းများက ဖော်ပြခဲ့၏။

၁၉၇၆ ခုနှစ်ခန့်ကမူ တရုတ်နိုင်ငံ ဘေကျင်း သဘာဝသိပ္ပံပြတိုက်မှ သိပ္ပံပညာရှင် ချူကိုချင် ခေါင်းဆောင်သော နှင်းလူသုတေသနအဖွဲ့သည် ရှန်နန်ဂီ သစ်တောကြီးဝိုင်းအတွင်းတွင် နှင်းလူ သုတေသနပြုခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ယင်းသုတေသနလုပ်ငန်းကို ခေတ္တ ရပ်ဆိုင်းထားခဲ့ကြရ၏။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ရက်သတ္တပတ် ပထမပတ်အတွင်း ရုရှားနိုင်ငံ (ယခင် ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ) မှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် အင်္ဂလန်နိုင်ငံမှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် ထုတ်ဝေသော ဂါးဒီးယန်းသတင်းစဉ်ကြီးတွင် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားပြည်နယ်ရှိ ရေခဲများ၊ နှင်းပွင့်များ ထာဝစဉ် ဖုံးလွှမ်းနေသော လူသူကင်းဝေးသည့် တောင်တန်းဒေသရှိ လိုဏ်ဂူများ၊ လျှိုများတွင် နှင်းလူများ လှည့်လည် ကျက်စားလျက်ရှိကြကြောင်းကို ဓာတ်ပုံအထောက်အထား စုံစုံလင်လင်နှင့် ရေးသား ဖော်ပြခဲ့၏။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်အတွင်း ရုရှားနိုင်ငံ ဘက်(ရ်)တာဝါ(လ်)မြို့တွင် ကျင်းပသော ကမ္ဘာ့သိပ္ပံပညာရှင်များညီလာခံ၌ ရုရှားသိပ္ပံပညာရှင်များ၊ ကနေဒါနိုင်ငံမှ သိပ္ပံပညာရှင်များ၊ ဆွီဒင်နိုင်ငံမှ သိပ္ပံပညာရှင်များက နှင်းလူသုတေသနနှင့်ပတ်သက်သော မှတ်တမ်းမှတ်ရာများကို အထောက်အထား ခိုင်ခိုင်မာမာနှင့် တင်ပြခဲ့ကြ၏။ နှင်းလူဆိုသည်မှာ ဒဏ္ဍာရီထဲမှ သတ္တဝါလော၊ အမှန်တကယ်ရှိနိုင်ပါမည်လောဟု သမိုင်းအဆက်ဆက်သုတေသီများ၊ သိပ္ပံပညာရှင်များ၊ သဘာဝသိပ္ပံပညာရှင်များအတွင်း အငြင်းအခုံဖြစ်ခဲ့ရကြောင်း၊ ယနေ့ တွေ့ရှိထားသော ခိုင်မာတိကျသည့် အထောက်အထားများအရ နှင်းလူဆိုသောသတ္တဝါ အမှန်တကယ်ရှိကြောင်းမှာ (၉၅) ရာခိုင်နှုန်း မှန်ကန်ပါသည်ဟု ဆိုကြပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး -

၁။ Mysterious Creature.

၂။ ကြေးမုံသတင်းစာ (စက်တင်ဘာ ၂၇ ရက်၊ ၂၀၁၂)



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ရာသီခွင်အလိုက် ဘဝဖြစ်စဉ်များ



## Cancer the Crab

### ကရကဋ်ရာသီ (ကဏန်း၊ ပုစွန်လုံး)

**ဇွန်လ (၂၂) ရက်မှ ဇူလိုင် (၂၃) ရက် အတွင်း မွေးဖွားသူများ**

အဆုံးသတ်ခြင်း၊ ဖခင်နှင့်သက်ဆိုင်ခြင်းတို့ကို ဖော်ပြသည်။ အာပေါ (ရေဓာတ်)ကို ကိုယ်စားပြုသည်။ ပုစွန်လုံး (ကဏန်း) ဟု အမည်ရသည်။ ထိန်းသိမ်းခြင်း၊ စောင့်ထိန်းခြင်းသဘောကို ဖော်ညွှန်းသည်။လရောင်သည် ကရကဋ်ရာသီဖွားတို့အား ထွန်းလင်းတောက်ပစေသည်။ စိတ်ခံစားမှုများကိုလည်း များစွာ ပြောင်းလဲစေသည်။ ကရကဋ်ရာသီဖွားများသည် ကျီစယ်နောက်ပြောင်အရွှန်းဖောက်ခြင်းကိုနှစ်သက်ကြသည်။ သို့သော် စိတ်ခံစားမှုအပိုင်း၌ လွန်စွာနက်ရှိုင်းတတ်ကြသည်။ ကရကဋ်ရာသီဖွားတို့သည် ဝမ်းနည်းပူဆွေးမှုနှင့် ကြုံတွေ့ရခိုက် မျက်ရည်ကျတတ်သည်မှလွဲ၍ ဟန်ဆောင်မျက်ရည်ကျခြင်းမရှိကြပေ။

ဇင်းရာသီဖွားများသည် လူသူကင်းဝေးရာအရပ်၊ ဆိတ်ငြိမ်အေးဆေးရာအရပ်ဒေသ၌ တစ်ကိုယ်တည်း (အထီးကျန်စွာ) နေတတ်သူများ ဖြစ်ကြသည်။ ပုစွန်လုံး(ကဏန်း)တို့၏ ပင်ကိုစရိုက်လက္ခဏာအတိုင်းပင် ဖြစ်သည်။

ကရကဋ်ရာသီဖွားတို့၌ အခြေခံအားဖြင့် ပုံစံနှစ်မျိုး ကွဲပြားခြားနားပါသည်။

* ပထမအမျိုး (အုပ်စု) သည် ငယ်ရွယ်နုပျိုပြီး လုံးဝန်းသော မျက်နှာပေါက်နှင့် နူးညံ့သောအသားအရေရှိသည်။ ပါးစပ်ပေါက်ကျယ်ပြီး မျက်လုံးဝိုင်းသည်။ မျက်နှာအနေအထားသည် ကလေးငယ်တစ်ဦး၏အသွင်ပေါက်ပါသည်။

* ဒုတိယအမျိုး (အုပ်စု) သည် ဦးခေါင်းကြီးပြီး မျက်ခုံးလှသည်။ မေးရိုးကားသည်။ သွားများသိသာစွာ ပေါ်နေတတ်ခြင်း (သို့) မညီညာခြင်းရှိတတ်သည်။ မျက်စိပေါက်ကျဉ်း၍နေတတ်သည်။

ကရကဋ်ရာသီဖွားအုပ်စု နှစ်ခုစလုံးလိုလို လဝန်းသဏ္ဌာန်မျက်နှာပေါက်ရှိတတ်သည်။ ဇင်းရာသီဖွားများသည် သိသာထင်ရှားစွာပိန်ပါးတတ်ကြသည်။ လက်နှင့် ခြေထောက်များသည် သာမန်လူများထက် ပိုမို ရှည်လျားကြသည်။ ပခုံးသည်လည်း သာမန်လူများထက် ပိုမိုကျယ်တတ်သည်။ လမ်းလျှောက်ရာ၌ လူတကာထက် အနည်းငယ် ပိုမြန်တတ်သည်။ ခန္ဓာကိုယ်တည်ဆောက်ပုံသည် ဖွံ့ထွားကျစ်လျစ်၍ သန်မာသူများရှိသလို အချို့ကလည်း ပိန်သွယ်ပါးလျတတ်ကြသည်။ ရင်အုပ်သေးငယ်ပြားချပ်ကြသည်။

ကရကဋ်ရာသီဖွားတို့သည် စိတ်အနေအပိုင်းနှင့်ပတ်သက်၍ သိသိသာသာ ထင်ရှားဖော်ပြတတ်သောသဘောလက္ခဏာရှိသည်။ ရယ်မောသောအခါ၌ အားရပါးရ ရယ်တတ်ကြသလို ဝမ်းနည်း၍ ငိုကြွေးသောအခါ၌လည်း မျော လင့်ချက်ကုန်သွားသည့်သူပမာ ရှိုက်ကြ တငင် ငိုကြွေးတတ်ကြသည်။ ဝမ်းသာ ဝမ်းနည်း ဟူသည့် ခံစားမှုအရပ်ရပ် မကွယ်ဝှက်စတမ်း (အရှိအတိုင်း) ထု ဖော်ပြတတ်ကြသည်။ ပျော်ရွှင်ခြင်း၊ စိတ်ပျက်အားငယ်ခြင်း၊ ကြောက်လ ခြင်း၊ ကိုယ်ချင်းစာနာခြင်း၊ သနားကြ နာခြင်း၊ ဝမ်းနည်းခြင်း၊ ပီတိဖြစ်ခြ စသည့် စိတ်ခံစားမှုမျိုးစုံအား ပိုင်ဆို ထားသည်။

ကရကဋ်ရာသီဖွားတို့၏ အတွေ အကြုံ ဖြစ်ရပ်မှန်သမျှသည် ၎င်းတို့ နှလုံးအိမ်အတွင်း ဓာတ်ပုံရိုက်ထား ကဲ့သို့ စွဲမြဲထင်ကျန်ရစ်စေပါသည်။ အ သင်ခန်းစာအမျိုးမျိုးနှင့် သမိုင်းကြော အမျိုးမျိုးအား အလွယ်တကူ မေ့ပျော ပစ်နိုင်သူများ မဟုတ်ပေ။





www.burmeseclassic.com

www.burmeseclassic.com

အချို့သော ကရကင့်ရာသီဖွား ...စ်)တို့သည် ၎င်းတို့၏ပုဂ္ဂလိကဘဝ ...ရာများကို ထုတ်ဖော်ဆွေးနွေးလို ...ရှိဘဲ တစ်ပါးသူ၏ ကိုယ်ရေးအ ...င်းရာများကိုသာ သိလို၊ ဆွေးနွေး ...ကြသည်။ ကဏန်း (ပုစွန်လုံး) တို့၏ ...ဝအရ အကြောင်းတစ်ခုကြောင့် ...မတစ်ချောင်းအား ဆုံးရှုံးနစ်နာခံ ...သော်လည်း မကြာသောကာလ၌ ...မအသစ်တစ်ချောင်း ထပ်မံထွက် ...ပါမည်။ သို့သော် ကရကင့်ရာသီ ... (ကျား၊ မ) တို့အနေဖြင့် မိမိရယူ ...သောအရာအတွက် ကျားကုတ်ကျား ...နမဲကြီးစွာ) ကြိုးစားတတ်သော် ... တန်ဖိုးရှိသည့်အရာမှန်သမျှ ...ယ်တကူ လက်လွတ်အဆုံးရှုံးမခံ ...ကြပေ။

ပင်လယ်ကမ်းခြေသဲသောင်ပြင်၌ ...ရောက်ရှိနေစဉ် ကဏန်း (ပုစွန်လုံး) ... သဘာဝအမှန်ကို သင်လေ့လာ ...သွားနိုင်ပါမည်။ ၎င်းပုစွန်လုံးတို့ ...သည် လမ်းသွားရာ၌ မျက်လုံးအစုံအား ... ကြီးမားသော လက်ချောင်း၊ ခြေ ...ချောင်းများအပေါ် အာရုံစိုက်ကြည့်၍ ...သာတတ်သည်။ သွားလိုရာသို့ ...ဦးတိုက် တည့်တည့်သွားခြင်းမရှိဘဲ ...နောက်ဘက်သို့ ခြေလှမ်းအနည်းငယ် ...ဆုတ်တတ်ပါသည်။ ပြီးမှ သွားလိုရာသို့ ...တိုက်သွားတတ်သည်။ ထို့နောက် ...တရက်ဆိုသလို ခြေချောင်းများက ...ဘက်လားရာသို့ ဦးတည်သွား ...သည်။

ထိုသို့သော သဘာဝအတိုင်းပင် ကရကင့်ရာသီဖွားတို့သည် စီးပွားရေး ...ငန်းများ၌ အောင်မြင်နိုင်ခြေ (သို့) ...နိုင်ခြေရှိ၊ မရှိကို သေချာ စိစစ် လေ့ ...၍ နစ်နာဆုံးရှုံးမှု နည်းနိုင်သမျှ ...ရန် ပြင်ဆင်တတ်ကြသည်။ မိမိတို့ ...ရှိသော ဖြစ်ချင်သောဆန္ဒဆီသို့ ...သောအခါမှတိုက်ရိုက်မသွားတတ် ...ပေ။ ၎င်းတို့၏မဟာဗျူဟာအရ ဦး ...ရာလမ်းကြောင်းအမျိုးမျိုး ပြောင်း ...တတ်သော်လည်း နောက်ဆုံး (စိတ် ...ကျ) ပြောင်းပြီးသော လမ်းကြောင်း ... ဖြောင့်တန်းတည့်မတ်စွာ ရောက် ...အောင် သွားတတ်ကြသည်။ မိမိ လက် ...လက်ကိုင်ရရှိပြီးသောအရာမှန်သမျှ ... အလွယ်တကူ လက်လွှတ်မခံတတ် ... တစ်စုံတစ်ဦး၏ လိုအပ်ချက်အရ ...မခံနိုင်လောက်အောင် ၎င်းတို့၏ ...သားက နူးညံ့လွန်းလှပါသည်။ မိမိကိုယ်တိုင်အတွက်သာမက တစ်ပါးသူတို့အတွက်ပါ ကူညီလိုစိတ်ရှိကြသည်။ အချိန်နှင့် ငွေကြေးများကို အကျိုးမဲ့ (အလဟဿ) မဖြုန်းတီးတတ်ပေ။ အတိတ်ဒုက္ခရောက်နေသူ မည်သူ့ကိုမဆို နောက်ဆုံး မိနစ်၊ စက္ကန့်အချိန်အထိ ရ နိုင်စွမ်းသမျှ ကြိုးစားကူညီပေးတတ်သည်။ ကရကင့်ရာသီဖွားအဖို့ အရန်ငွေကြေး အစုအပုံလိုက် မည်မျှပင်ရှိနေသော်လည်း လုံခြုံစိတ်ချမှုရှိသည်ဟု မခံစားရပေ။ အမြဲတစေ ပိုမိုလိုအပ်လျက်ရှိနေပါသည်။

၎င်းရာသီဖွားများသည် အတွေ့အကြုံအရပ်ရပ်ပေါ်မူတည်၍ သူ့အပြုအမူ လှုပ်ရှားမှုများအပေါ် အမြဲတစေ သုံးသပ်လျက်ရှိသည်။ ကံဆိုးမှုများနှင့် ကြုံတွေ့ရခိုက် ပခုံးတွန့်ခြင်း၊ ကြောက်ရွံ့ခြင်းမရှိဘဲ နောက်တစ်ကြိမ် အောင်မြင်အောင် ထပ်မံကြိုးစားလေ့ရှိသည်။ ကရကင့်ရာသီဖွားတို့၏ စိတ်ခံစားမှုသည် ရုပ်ခန္ဓာထက် ပိုမို ကြီးမားသန်စွမ်းပါသည်။ ၎င်းရာသီဖွားတို့၏ ပျော့ကွက်၊ အားနည်းချက်ဖြစ်သော သို့မဟုတ် ဆတ်ဆတ်ထိမခံနိုင်သော ခန္ဓာကိုယ်အစိတ်အပိုင်းများမှာ ရင်အုပ်ပိုင်း (သို့) ရင်သားရှိရာ နေရာတစ်ဝိုက်နှင့် ဒူးခေါင်း၊ ကျောက်ကပ်၊ အရေပြား၊ ဆီးအိမ် စသည့်နေရာများပင် ဖြစ်သည်။ ၎င်းပြင် ဦးခေါင်း၊ မျက်နှာပြင်၊ ဝမ်းဗိုက်နှင့် အစာခြေအင်္ဂါအစိတ်အပိုင်းများသည်လည်း အမှားမခံနိုင်သည့် အခြေအနေရှိသည်။ သို့သော်လည်း ၎င်းရာသီဖွားများက မိမိတို့၏ ကိုယ်၊ စိတ်နှစ်ပါး ကျန်းမာရေးအား အတတ်နိုင်ဆုံး ဂရုစိုက်ကြပါသည်။ ငွေကြေးဆိုင်ရာကိစ္စများ ကိုင်တွယ်ရာ၌လည်း စိတ်ချရသူများ ဖြစ်သည်။

ကရကင့်ရာသီဖွားတို့သည် ၎င်းတို့၏နူးညံ့သော၊ ဆတ်ဆတ်ထိမခံသော သဘောသဘာဝကို မာကျောသောအခွံဖြင့် ဖုံးကွယ်ထားပါသည်။ အပေါ်ယံအခွံမာသလောက် အတွင်းစိတ်သဘောထား နူးညံ့ကြပါသည်။

**ကရကင့်ရာသီဖွား (အမျိုးသား)**

၎င်းရာသီဖွား အမျိုးသားတို့အား ပထမဆုံးအကြိမ် တွေ့တွေ့ချင်း၌ အတွင်းစိတ်သဘော အတိအကျ သိရှိနိုင်ရန်အခွင့်အရေးမရှိပေ။ ကရကင့်ရာသီဖွားတို့၏သဘာဝအရ သူစိမ်းတစ်ရံအပေါ် အလွယ်တကူ မယုံကြည်တတ်ကြပေ။ အချိန်ကာလအတန်ကြာမှ ၎င်းရာသီဖွားများနှင့် ပေါင်းသင်းဆက်ဆံ၍ သည်းခံမှုရှိစွာဖြင့် လေ့လာမှသာ အတွင်းသဘောအမှန်ကို သိရှိနိုင်ပါမည်။ ၎င်းရာသီဖွား အမျိုးသားတို့၏ အပြုအမူ၊ လှုပ်ရှားမှုမှန်သမျှသည် ၎င်းတို့ရာသီရုပ်၏အခြေခံအလေ့အထများမှ သွေဖည်သွားခြင်းလုံးဝမရှိပေ။ ကရကင့်ရာသီဖွားတို့နှင့် ပထမဆုံးအကြိမ်စ,တွေ့ရသောသင်သည် ၎င်းရာသီဖွား၏ကျောစိမ့်ဖွယ် အေးစိမ့်စိမ့်အကြည့်ဒဏ်ကို ခံစားရတတ်သော်လည်း အချိန်ကြာလာပြီး ခင်မင်ရင်းနှီးလာပါက ဆက်ဆံရေး အဆင်ပြေ ချောမွေ့သွားပါမည်။

၎င်းရာသီဖွားများသည် အတွေးစိတ်ကူး၊ ကဗျာ၊ စာပေနှင့် ဂီတအနုပညာရပ်များ၌ စိတ်ကိုနှစ်မြှုပ်ထားတတ်ကြသည်။ မိမိအား ချစ်ခင်နှစ်သက်သူ အမျိုးသမီးများမှ ပြုစုချော့မြှူခြင်းကို ခံယူလိုကြသည်။ အနုပညာဝါသနာပါတတ်ခံရှိသည့်အလျောက် ကရကင့်ရာသီဖွားအများစု၌ ကင်မရာတစ်လုံးစီ ပိုင်ဆိုင်တတ်ကြပါသည်။

**ကရကင့်ရာသီ (အမျိုးသမီး)**

၎င်းအမျိုးသမီးများသည် စိတ်အတွင်းဒဏ်ရာတစ်ခုခုရှိနေပါက စိတ်ထွက်ပေါက်အဖြစ် ငွေကြေးမြောက်မြားစွာ သုံးဖြုန်းပစ်တတ်သည်။ သို့သော် ကျန်ရှိသော အချိန်များ၌ မိမိဝင်ငွေအပေါ် ဂရုတစိုက် ကြည့်ရှု၍ သုံးစွဲတတ်ကြသည်။

ကရကင့်ရာသီဖွားအမျိုးသမီးတို့၏ အချိန်အတော်များများသည် ငွေကြေးဆိုင်ရာကိစ္စများအတွက် လုံးပမ်းရင်း ကုန်လွန်ရတတ်ပါသည်။ သူမတို့၏ အနှစ်သက်ဆုံးပြောစကားများ၌ ငွေကြေး ဟူသော ခေါင်းစဉ်က အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ မိမိလိုချင်သည့်အရာမှန်သမျှကို မရရအောင်ယူတတ်သည့်သူများ ဖြစ်သည်။ အကယ်၍ သင်သည် ကရကင့်ရာသီဖွားအမျိုးသမီးတစ်ဦးနှင့် ချစ်ကြိုက်မိပါက အစပထမပိုင်းတွင် နူးညံ့ပျော့ပျောင်း၍ မိန်းမပီသခြင်း၊ ရှက်ကြောက်တတ်ခြင်း၊ အားငယ်တတ်ခြင်းသဘောထားများရှိပါသည်။

၎င်းရာသီဖွား အမျိုးသမီးတို့၏ စိတ်အစဉ်သည် တစ်လလျှင် လေးကြိမ်ခန့် ပြောင်းလဲလျက်ရှိသည်။ သူမတို့သည် မီးဖိုချောင်အလုပ်များတွင်လည်း



www.burmeseclassic.com


www.burmeseclassic.com

အကျွမ်းတဝင်ရှိတတ်ကြသည်။ သင့်အနေဖြင့် ကရကင့်ရာသီဖွားအမျိုးသမီးနှင့် ချစ်ကြိုက်နေရာမှ အခြားအမျိုးသမီးတစ်ဦးနှင့် ပြောင်းလဲချစ်ကြိုက်ကာမူလ ကရကင့်ရာသီဖွားအမျိုးသမီးနှင့် အစစအရာရာ နှိုင်းယှဉ် လေ့လာပြီးနောက် နောက်ဆုံး ၎င်းအမျိုးသမီးထံသို့ပင် ပြန်လှည့်လာရမည့်အခြေအနေနှင့် ကြုံပါမည်။ သင့်အတွက် အစားမထိုးနိုင်လောက်အောင် သင့်တင့်လိုက်ဖက်သည့်အမျိုးသမီး (ကရကင့်ရာသီဖွား) အဖြစ် လက်ခံ သဘောပေါက်လာပါမည်။

ကရကင့်ရာသီဖွားတို့၏ ဂုဏ်အင်လက္ခဏာအရ အပေါ်ယံအခွံ မာကျောသော်လည်း အတွင်းသဘော စိတ်နေစိတ်ထားနူးညံ့ပျော့ပျောင်းသည်ကို သင်နားလည်သိရှိအောင် ကြိုးစားရပါမည်။ ၎င်းရာသီဖွား အမျိုးသမီးများသည် ဆတ်ဆတ်ထိမခံသော လိုအပ်သလိုကိုင်တွယ်ရခက်သောသူများဖြစ်ပြီး မျက်ရည်လွယ်သူများလည်း ဖြစ်သည်။ သို့အတွက် အမြဲတစေ မျက်ရည်သုတ်ရန်လက်ကိုင်ပဝါဆောင်ထားတတ်ပါသည်။ စိတ်သဘောအနေအထား ပျော့ပျောင်းသည် မှန်သော်လည်း ပျော့ညံ့သူများမဟုတ်ကြပါ။ အချို့သော (အရေးပါသည့်) အကြောင်းကိစ္စများ၌ ၎င်းအမျိုးသမီးတို့၏ ထက်မြက်သော စွမ်းဆောင်ရည်ကို တွေ့ရှိရပါမည်။ သားသမီးများရှိခဲ့ပါကလည်း ၎င်းသားသမီးများအားအားကိုးလောက်သည့် နွေးထွေးသောမေတ္တာကို ပေးစွမ်းနိုင်ကြပါသည်။ မိမိသားသမီးများအတွက် မိခင်ကောင်းတစ်ဦးပီသစွာဖြင့် ကျန်းမာရေး၊ ပညာရေးမှအစ အရာရာဂရုတစိုက်ရှိပါသည်။ မိမိသားသမီးအပေါ် မေတ္တာကြီးမားလွန်းသောကြောင့် အိမ်ထောင်ပြုချိန်ရောက်ပါကလည်း မိမိသားသမီးနှင့် မည်သူမျှမထိုက်တန်ဟုပင် ယူဆချက်အတ္တကြီးတတ်သည်။ မိမိရင်သွေးငယ်များကိုသာမက အိမ်မွေးတိရစ္ဆာန်လေးများကိုပင် ချစ်တတ်သည့်စိတ်ရှိကြသည်။

**ကရကင့်ရာသီဖွား (ကလေး)**

ငယ်ရွယ်သူ (ကလေးဘဝ) ဖြစ်သော်လည်း စိတ်အခြေအနေအမျိုးမျိုးပြောင်းတတ်သည်။ အစားအသောက်၊ အဝတ်အထည်ကိစ္စရပ်များတွင်လည်း ကောင်းပေ့ညွှန်ပေ့အရာများကို စွဲလမ်းနှစ်သက်တတ်ကြသည်။ ၎င်းရာသီဖွား



ကလေးတို့၏ စူးရှသောမျက်လုံးရှေ့၌ အရောင်သွေးစုံပြီး လှပသည့်ပန်းချီကားတစ်ချပ် ရောက်ရှိသွားပါက ၎င်းပန်းချီကားအပေါ် နှလုံးသားမှလာသောခံစားချက်ဖြင့် (အနုပညာရသမြောက်) ပုံကိုခံစားနားလည်နိုင်စွမ်း ရှိကြပါသည်။ ငယ်စဉ်ကတွေ့ကြုံဖြစ်ပျက်ခဲ့သည့်အရာမှန်သမျှအား နောင်တစ်ချိန် အသက်အရွယ်ကြီးရင့်လာချိန်အထိ မှတ်ဉာဏ်၌ စွဲထင်ကျန်နိုင်သည့်အစွမ်းရှိကြသည်။

ကရကင့်ရာသီဖွား ကလေးငယ်တို့သည် နံနက်မိုးသောက်ချိန်မှ ညအိပ်ရာဝင်ချိန်အထိ စိတ်အစဉ်အား မအားမလပ်ရအောင် (တစ်ခုမဟုတ်တစ်ခု) အလုပ်ပေးထားတတ်ပါသည်။ တစ်ခါတစ်ရံ၌ အနည်းငယ်ရယ်စရာကောင်းသော အပြုအမူများကို လုပ်တတ်ကြသည်။ ၎င်းရာသီဖွားကလေးများ၏ မျက်နှာအနေအထားကိုလေ့လာပါက အငို၊ အရယ်၊ အပြုံး စသည့် အသွင်အမျိုးမျိုးအား စိတ်ဝင်စားဖွယ် (လိုအပ်သလို) ဆွဲဆန့်နိုင်သည့်အစွမ်းရှိကြောင်း တွေ့ရပါမည်။

ကရကင့်ရာသီဖွားကလေးတို့၏ ကောင်းခြင်း၊ ဆိုးခြင်းလက္ခဏာများဖြစ်ပေါ်စေခြင်းသည် ၎င်းတို့၏ မိခင်၊ ဖခင်နှင့် ညီအစ်ကိုမောင်နှမများ၏အပေါ်၌ များစွာမူတည်ပါသည်။ အချို့သော(၎င်း)ရာသီဖွားကလေးများက ၎င်းတို့အတွင်းစိတ်သဘောအမှန် (ဆန္ဒရှိသည်များ) အား ထုတ်ဖော်ပြောရန် ဝန်လေးတတ်၊ ရှက်တတ်ကြသည်။ ကလေးအရွယ်ပင်ဖြစ်သော်လည်း အချို့သောကိစ္စများအား မိဘအပေါ် ပူဆာခြင်းမရှိဘဲ မိမိနည်းမိမိဟန်ဖြင့် ဖြေရှင်းတတ်ကြသည်။ ၎င်းစရိုက်လက္ခဏာရှိသူမှ အရွယ်ရင့်

ကျက်လာချိန်၌ ပြန်လည်ပြောပြခဲ့ ... အရ သူမသည် ငယ်စဉ်က မိဘများ ... အပတ်စဉ် သုံးစွဲရန်ပေးသော 15 ... အား မသုံးဘဲ စုဆောင်းခဲ့ကြောင်း ... ငွေကြေးအကုန်လုံးအား ၎င်းအ... အဘက်ဘက်မှ ကောင်းကျိုးပြုသည့် ... ငယ်ချင်းတစ်ဦးအား လစဉ်လကုန်... ဆုလာဘ်အဖြစ်ပြန်ပေးခဲ့ကြောင်း ... ခြားသည့် စိတ်ဓာတ်အား လေ့လာ... ရှိရပါသည်။ ငယ်စဉ်ကလေးဘဝ ... ဖော်(ကျောင်းသွားဖော်) များကလည်း ... ကရကင့်ရာသီဖွားကလေးများအား ... ကစားရန် လုံးဝ ညည်းညူခြင်းမ... အနိုင်ပေးတတ်ကြသည်။

တစ်ခါတစ်ရံ ၎င်းရာသီ... ကလေးများသည် စိတ်နူးညံ့သ... လျှောက် ကြောက်စိတ်လည်းရှိတ... သည်။ ညအမှောင်ထဲ၌ အလင်း... မှိန်မှိန်လုံးဝမပါရှိဘဲ တစ်ဦးတည်း... ရဲတတ်ကြပေ။ ဆူညံသောအသံ... များ၊ အမြန်မောင်းသောကားများ... လောင်ခြင်း အစရှိသော အခြေ... အဖြစ်အပျက်များကို ကြောက်ရွံ့... ကြသည်။ ၎င်းပြင် ပြင်ပလူ (သူ... တစ်ရံ)၊ ကြီးမားသော တိရစ္ဆာန် (... ဝါကောင်)၊ စူးရှသော အလင်း... လျှပ်စီးလက်ခြင်း၊ မိုးချုန်းခြင်းတို့ ... အဝင် တစ်ကြိမ်မျှ မစားဘူးသော ... အသောက်များကို ကြောက်ရွံ့တတ်... သည်။ သို့သော်လည်း လိုအပ်... အချိန်အခါများ၌ ၎င်းတို့၏ ကြော... စိတ်အား ဖုံးကွယ်ထားနိုင်ကြသည်... ပညာလက်ရာမြောက်သော ပ... တုများဖြစ်ရန် တီထွင် ဖန်တီးနိုင်... ကြသည်။

ကရကင့်ရာသီဖွား က...



www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်ကတည်းက (ယောကျ်ား )ဖြစ်လျှင် နောင်တစ်ချိန်၌ စီး လောကသို့ မည်သို့မည်ပုံ ဝင် မည်ကို စိတ်ကူးယဉ်တတ်ကြပြီး လေး) ဖြစ်ပါက ငွေရရှိနိုင်မည့် မှန်သမျှအပေါ် စိတ်ဝင်စားတတ် ည်။

**ာင့်ရာသီဖွား (သူဌေး)**

ၚင်းရာသီဖွား (သူဌေး) များသည် ပျော်နေတတ်သူများဖြစ်သော်လည်း င်န်းခွင်အတွင်း (သောသောညံဆူ အောင်) ရှင်မြူးအားရစွာ ရယ်မော ုံးဝမရှိကြပေ။ မိမိအလုပ်အတွက် တ်နိုင်သောအမှားများကို အလုပ် များအပေါ် အားပေးနှစ်သိမ့် ခွင့်လွှတ်ပေးတတ်သည်။

ကရကင့်ရာသီဖွားသူဌေး၏လက် တ်၌ အလုပ်လုပ်ကြသော ဝန် အားလုံးသည် ဘောင်းဘီခေါက်ရိုး ခြင်း၊ ဆံပင်ကို ညီညာသပ်ရပ်စွာ ခဲ့၍ ဖြီးထားခြင်းတို့ဖြင့် စမတ်ကျ က်ရှိကြသည်။ ၚင်းရာသီဖွား များ၏ စီးပွားရေးလုပ်ငန်းလုပ် သော တစ်ခုတည်းသော ရည်ရွယ် သည် ငွေရှာရေးကိစ္စသက်သက် ဖြစ်ပါသည်။ ၚင်းရာသီဖွားတို့သည် အောင်ရှာနိုင်သည့် အစွမ်းသတ္တိရှိ နှင့် ငွေရပေါက်ရလမ်းရှိသည့်နည်း များ၏ ဆွဲဆောင်မှုကြောင့် ၚင်း င်က အလိုရှိခဲ့သော ပညာရေးကို စွန့်လွှတ်ဆုံးရှုံးခံကာ စီးပွားရေး တအတွင်းသို့ ခြေစုံပစ်ဝင်ခဲ့မိ သားဖြစ်ခဲ့ကြသည်။ ၚင်းရာသီဖွား များသည် အကြောင်းကိစ္စ (အ ကြီးသည်မှန်သမျှအား) မေ့ပျော့ မရှိတတ်ပေ။ ၚင်း၏ဝန်ထမ်းများ ဦးချင်းစီအလိုက် မည်သည့်အချိန် အလုပ်ကိုလာသည်၊ မည်သည့်အ ၌ အပြင်ထွက်သည်၊ မည်သည့်နေ ဒေသများသို့ အလည်သွားတတ် ည်ဆိုသည်ကို တိကျစွာမှတ်မိကြသူ ဖြစ်သည်။ စိတ်ခံစားတုံ့ပြန်မှုလျင် တတ်ကြသော်လည်း အခြေခံအား နူးညံ့သိမ်မွေ့မှုရှိသူများဖြစ်သည်။

ကရကင့်ရာသီဖွားသူဌေးများတွင် အမျိုးသားများသာမက ထင်ရှားသော သူဌေး(အမျိုးသမီး)များလည်းရှိပါသည်။ အမျိုးသမီးတို့သည် လုပ်ငန်းဆိုင်ရာ ဘက်ရေးအတွက် အပြိုင်အဆိုင် စားတတ်ကြသည်။ ကုမ္ပဏီ၏အမှု ဆောင်အရာရှိများဖြစ်သည့် အမျိုးသမီးတို့၏ အရည်အချင်းမှာ အမျိုးသားအမှုဆောင်များနှင့် ကွာဟမှုသိပ်မရှိလှပေ။ အချို့သော ကရကင့်ရာသီဖွား သူဌေး (အမျိုးသမီး) များက ဘောင်းဘီရှည်၊ ရှပ်အင်္ကျီအဖြူရောင်နှင့် နက်(ခ်)တိုင်စီးခြင်းမပြု (မဝတ်)ကြတတ်သည်ကို ခြွင်းချက်အဖြစ် တွေ့ရှိရသည်။ သူမတို့၏ နူးညံ့သောနှလုံးသားကို မာကျောသည့် ဟန်ပြ၍ အပေါ်ယံအပြုံးဖြင့် ဖုံးကွယ်ထားတတ်ကြ သည်။

တစ်ကိုယ်တည်း သီးခြား (အထီးကျန်)နေရခြင်းကို ကြောက်လန့်သူများဖြစ်သည့်အားလျော်စွာ ၚင်းရာသီဖွားတို့သည် လူအများနှင့် အမြဲတစေ ဝိုင်းအုံပတ်သက်နေကြသည်ကိုတွေ့ရသည်။ ကရကင့်ရာသီဖွား သူဌေး ကျားဖြစ်စေ၊ မ,ဖြစ်စေတို့၏ လက်အောက်တွင် အလုပ်လုပ်သော (သို့) ပညာအတွေ့အကြုံ ဗဟုသုတဆည်းပူးလိုသောသင့်အတွက် တစ်လကျော်ကာလအတွင်း၌ပင် သိသင့်သည့်ကိစ္စအားလုံးအား သိရှိနားလည်သွားမည် ဖြစ်သည်။

ကရကင့်ရာသီဖွား (သူဌေး)များသည် ကမ္ဘာတစ်ဝန်း စိတ်လှုပ်ရှားဖွယ် ခရီးတို/ရှည်များ ထွက်တတ်ပါသည်။ သွားခဲ့ပြီးသောခရီးစဉ်များတစ်လျှောက်၌ မိမိအကျိုးစီးပွားအတွက်၊ မိမိကုမ္ပဏီအတွက် တစ်ခုမဟုတ်တစ်ခု အကျိုးရှိအောင် ယူလာတတ်ကြသည်။

**ကရကင့်ရာသီဖွား (အလုပ်သမား)**

ၚင်းရာသီဖွား အလုပ်သမားများသည် အလုပ်စတင်ဝင်ရောက်ပြီးကာလ အနည်းငယ်အတွင်းမှာပင် စုဆောင်းရရှိသမျှသော အတွေ့အကြုံ၊ ပညာ၊ ဗဟုသုတတို့အား စုပေါင်း၍ပြန်လည်အသုံးချတတ်ကြပါသည်။ အခြားဝန်ထမ်းများနှင့်မတူသော အားသာချက်မှာ ပင်ကိုစွမ်းရည်ပါရမီ ပါလာခြင်းကြောင့် သိလွယ်တတ်လွယ်ခြင်းသာလျှင် ဖြစ်ပါသည်။ အလုပ်နှင့်ပတ်သက်၍ ၚင်းတို့ရရှိသောအကျိုးအမြတ်များကို တဖြည်းဖြည်းချင်း စုဆောင်းတတ်ကြသည်။ ငွေပမာဏများလာချိန်၌ ၚင်းတို့ရည်ရွယ်ထားသော လုပ်ငန်းများကို စတင် အကောင်အထည်ဖော်တတ်ကြလေသည်။ ကရကင့်ရာသီဖွားတို့သည် တာဝန်များကိုယူရန် မွေးဖွားလာကြသူများအဖြစ် သမုတ်ခံကြရသည်။ မိမိ၏အလုပ်ရှင် (သူဌေး) မှ ချမှတ်သောစည်းကမ်းနှင့် အညီ နေထိုင်ပြုမူ ဆောင်ရွက်တတ်သည်။အမိန့်နာခံတတ်ကြသည်။ အလုပ်သမားဘဝတွင် (လောလောဆယ်၌) တာဝန်ထမ်းဆောင်နေရသော်လည်း နောင်တစ်ချိန် အမှုဆောင်ဒါရိုက်တာ (သို့) အမှုဆောင်အရာရှိချုပ်ဖြစ်လာရန် အထိ ရည်ရွယ်ချက်ကြီးမားစွာထား၍ ကြိုးစားတတ်ကြသည်။

ကရကင့်ရာသီဖွားအမျိုးသမီးများသည် အရှက်အကြောက်ကြီး၍ သူစိမ်းတစ်ရံနှင့်တွေ့ပါက ကြက်သီးမွေးညင်းထတတ်ကြသည်။ အမျိုးသမီးအလုပ်သမားဖြစ်ပါကလည်း အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ကြိုးစားလုပ်ကိုင်တတ်ကြသည်။ ကျားဖြစ်စေ၊ မ,ဖြစ်စေ အသောက်အစားကင်းတတ်သည်။ အလုပ်သမားဘဝပင်ဖြစ်စေ၊ သူဌေးဘဝပင်ဖြစ်စေ တစ်ဖက်သားအပေါ် စာနာထောက်ထား သနားညှာတာတတ်ကြသည်။ မည်သည့်အခန်းကဏ္ဍ၊ မည်သည့်နေရာ၌ပင်နေရစေကာမူ ပင်ကိုစွမ်းရည်ရှိသမျှကို အစွမ်းကုန် ထုတ်သုံးတတ်ကြသည်။ ကုန်သွယ်ခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ဖြန့်ဖြူးခြင်းကိစ္စများ၌ အထူး ကျွမ်းကျင်တတ်ကြ၏။ ၚင်းပြင် ပန်းချီ၊ ပန်းပု၊ အိမ်အတွင်းအလှဆင်ခြင်းလုပ်ငန်း၊ ဂီတ၊ ပြတိုက်၊ စာရေးခြင်း၊ အတွက်အချက်၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ ကလေးအင်္ကျီအဝတ်အစားများချုပ်လုပ်ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ စာသင်ကြားခြင်း၊ သဘောၤလုပ်ငန်းများနှင့် နိုင်ငံရေးလောက၌ပါ ၚင်းရာသီဖွားတို့အား တွေ့ရတတ်ပါသည်။

ကရကင့်ရာသီဖွား အမျိုးသမီး (ဝန်ထမ်း)သည် ကလေးငယ်များနှင့် ပန်းကလေးများကို ချစ်တတ်ခြင်း၊ အချက်အပြုတ်ဝါသနာပါခြင်း၊ ရုပ်ရှင်၊ စာပေနှင့် ငွေကြေးအပေါ် စွဲလမ်းမက်မောခြင်းသဘောရှိသည်။

ကရကင့်ရာသီဖွား အမျိုးသား (ဝန်ထမ်း) သည် ကလေးများအပေါ် ချစ်ခင်တတ်ခြင်း၊ ရာထူးအဆင့်ကြီးသူတို့အပေါ် ရိုသေလေးစားတတ်ခြင်း၊ အချက်အပြုတ်၊ ရုပ်ရှင်၊ စာပေနှင့် ငွေကြေးအပေါ် တပ်မက်ခြင်းသဘော ရှိသည်။ ကရကင့်ရာသီဖွားတို့၏အခြေခံသဘာဝများသည် ကျားရော မ,ပါ အတော်များများ၌ ဆင်တူတတ်သည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

(၁)

နာရီသံချောင်းခေါက်သံကြား၍ ဦးကျော်စိုး လန့်နိုးသွားသည်။ ဆယ့်နှစ်နာရီတောင်ရှိပြီကို။ နာရီကြည့်လိုက်ပြီးမှ သားအလတ်ကောင် ပြန်ရောက်သေးရဲ့လားဟု တံခါးပေါက်ကို သွားကြည့်ရသည်။ တံခါးတွေက ချက်မထိုးထား၍ ပြန်မရောက်သေးကြောင်း သိလိုက်သည်။ သားလတ်လေး အိမ်အပြန်နောက်ကျလျှင် အိမ်ကလူတွေလည်း ဖြောင့်အောင်မအိပ်ရ၍ အိမ်ကို သော့ခတ်ထားခိုင်းပြီး သူ့သော့နှင့်သူ ဖွင့်ဝင်ခိုင်းရသည်။ တံခါးသော့ဖွင့်သံကြားပြီး အိမ်ထဲဝင်လာ၍ အိမ်အပြန် နောက်မကျရန် ပြောရသည်။

"အဖေကလည်းဗျာ၊ သားကို ကလေးကျနေတာပဲ။ မိန်းမနဲ့လူတွေတောင် မပြန်ကြသေးဘူး။ လခထုတ်ရက်လေး သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ကြတာ၊ တစ်လမှ တစ်ရက်တည်း ညဥ့်နက်တာကို။ တစ်ယောက်တည်း ပြန်လာရတော့ အန္တရာယ်များတာပေါ့၊ သားသူငယ်ချင်း တက်တိုးလည်း ပါတာကို"

"အေးကွာ၊ သားက မပြောဘဲ သွားတာကိုး။ ဘယ်သူပါတယ်လို့ ပြောသွားရင် အဖေက စိတ်ချရတာပေါ့။ လက်ဖက်ရည်ဆိုင်များကွာ ကိုယ့်မြို့မှာ ကိုယ်ထိုင်လည်းရသားနဲ့ တခြားမြို့အထိ သွားလည်ရတယ်လို့ ခရီးအဝေးကြီးကို"

"ပြောရင် အဖေက ပူညံပူညံလုပ်နေမှာစိုးလို့ မပြောသွားတာ၊ ည (၈) နာရီလောက်မှ သွားကြတာ။ လက်ဖက်ရည်ဆိုင်မှာ စကားပြောရင်း ညဥ့်နက်သွားတာပါ အဖေရ စိတ်မပူပါနဲ့"

"နောက်ကိုသွားရင်ပြောသွား။ မိဘဆိုတာ စိတ်ပူရတာပဲ။ သားက ကလေးမှမဟုတ်ဘဲလို့ပြောတယ်။ သားမိန်းမရမှ၊ ကလေးရမှ မိဘမေတ္တာကိုသိမှာ။ မိဘတွေဆိုတာ ကိုယ့်သားသမီးကို အိမ်ပြန်နောက်ကျမှာလည်း စိတ်ပူရ၊ ရန်ဖြစ်မှာလည်း စိတ်ပူရ။ သားတို့ခေတ်က ပိုဆိုးသေးတယ်၊ ဆိုင်ကယ်တိုက်မိမှာတို့ စိတ်ပူရတာ တစ်ခုပိုသေးတယ်"

"ဒါဆို သားကို ကားဝယ်ပေးလေ။ အဖေက အလကား ခြံဝယ်ထားတာ နေလဲမနေနိုင်သေးဘဲနဲ့။ အကုန်လုံးအလုပ်နဲ့မို့ ရုံးကပေးတဲ့ အိမ်မှာနေပြီး၊ အိမ်ကမနေဘဲပစ်ထားရင် ပျက်စီးရော။ ခဏကြာ ခြံသွားရှင်းရတာနဲ့ ခြံပြန်ခတ်ရတာနဲ့ ပြန်ရောင်းပြီး သားကို ကားဝယ်ပေးပါလား"

"မြေဆိုတာ ဘယ်တော့မှ

ဘူး သားရဲ့။ မင်းတို့မိန်းမရရင်

အိမ်လိုလာမယ်လေ။ ကိုယ်ပင်စင်ယူ

နေဖို့အိမ်ရှာရတဲ့ဒုက္ခတွေ ကိုယ့်ပတ်

ကျင်မှာ တွေ့နေရတာ။ ငှားနေ

အိမ်လခနဲ့ မလွယ်ဘူး၊ အိမ်ရော

တော့မပြောနဲ့။ သားလည်း လခ

တာပဲ။ အဖေ့ကို ပိုက်ဆံအပ်ပြီး

တာတွေ သားတစ်ယောက်တည်း

ကုန်သုံးပစ်တာ။ သားလခလောက်

တချို့မိသားစုတွေ တစ်လစာစား

တာ ပိုက်ဆံစုမှပေါ့"

"သားကတော့ ကိုယ်ပင်ပန်း

ရှာရတာ သုံးဖို့စားဖို့ပဲ။ အဖေ

ငွေရှိတာပဲ။ အဖေ့ပိုက်ဆံ သားပို

ပဲပေါ့။ အဖေက ပိုက်ဆံစုစုနေ

ကိုယ့်သားလေးအတွက် မဟုတ်လ

သားလေးတစ်ယောက်တည်းရှိတာ

ညီမလေးအတွက်မလိုဘူးမဟုတ်လ

သားက နောက်တောက်တော

နှင့် စ,နေ၍ သားအကြီးဆုံးဆီသို့

ရောက်သွားမိလေသည်။ သားသမီး

ယောက်ရှိရာ အကြီးကောင်က

ရောက်နေလဲမသိ။ ယခုသားက နော

အိမ်ထောင်နှင့်ရသည့်သားမို့ သူ့ကို

သားအကြီးလုပ်နေသည်။ သားအ

ဆိုမှ ထိုသား၏အကြောင်းကို ပြန်

နေမိသည်။

စောမိသွင်(ရန်ကုန်)

နတ်ရခက်သော ဆူးလေးတစ်ချောင်း





www.burmeseclassic.com

www.burmeseclassic.com

(၂)


သားအကြီးလေး လမ်းလျှောက် ...ပင် မြိတ်မြို့သို့ အလုပ်နှင့်ပြောင်း ... တာဝန်ထမ်းဆောင်နေရသည်။ ...ဝန်ထမ်း ဆိုသည်မှာ နေရာ ...သည်တကျမရှိဘဲ အထူးသဖြင့် သူ့ ...ပ်က ပိုဆိုးသည်။ နယ်တကာနှံ့အောင်သွားရသည့်အလုပ်။ မိန်းမကို ရန်ကုန်တွင်ထားခဲ့ကာ အလုပ်သွားလုပ်ရသည်။ ရန်ကုန်သို့ ပြန်သည့် လူကြုံရှိလျှင် မိန်းမအတွက် ပါတိတ်လုံချည်၊ ခေါက်ထီး၊ ကလေးအတွက် မုန့်ကအစ လူကြုံနှင့် ထည့်ပေးလိုက်ရသည်။ သူပြန်ရသည့်အလှည့်မရောက်မီ တခြားလူနှင့် လူကြုံထည့်ထည့်ပေးမိသည်။

"အစ်ကိုရေ - ဗေဒင်က ဟောထားတယ်၊ လင်မယားကွဲတတ်တယ်တဲ့။ အစ်ကိုကလည်း အညံ့ထဲရောက်နေတာ။ ဟန်ဆောင်ကွာရှင်းစာချုပ်ချုပ်ပြီး ယတြာချေကြရအောင်လေ။ အိမ်နီးနားချင်းလေးတွေကိုပဲ အသိပေးပြီး နောက်မှ ပြန်ပေါင်းတယ်လုပ်ကြရအောင်။ အစ်ကိုကလည်း နယ်မှာပဲ အနေများပြီး မသွယ်ကလည်း အစ်ကို့နောက်ကို မလိုက်နိုင်နဲ့ နော်အစ်ကိုရယ် အစ်ကို့သူငယ်ချင်းနဲ့ ပေးလိုက်တဲ့ စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ပါနော်"

သူ့လောက် အ,သည့်လူ လောကတွင်ရှိမည်မထင်ပါ။ ကိုယ့်မယားခိုးမည့်သူနှင့် ကွာရှင်းစာချုပ်ပေးလိုက်သည်ကို လက်မှတ်ထိုးပေးလိုက်မိသည်။ လက်မှတ်ထိုးပေးလိုက်သော်လည်း သူ့မိန်းမက သူ့ထံမှတစ်ဆင့် အမေ့ဆီ ပို့ပေးရမည့် ပစ္စည်းများကို သွားပေးပေးသည်။ ကလေးလက်ဆွဲကာ အဝင်၊ အထွက်မပျက်ပါပေ။ ဟုတ်လို့ကျော် ပုပ်လို့ပေါ် ဆိုသည့်စကားကို ရှေးလူကြီးများက အလကားထားခဲ့ဟန်မတူပါ။

"ကိုကျော်စိုး၊ ခင်ဗျားမိန်းမနဲ့ သူငယ်ချင်းကို လွှတ်မထားနဲ့လေ။ ကိုအေးကြူပြန်လာရင် သူတို့နှစ်ယောက် တတွဲတွဲနဲ့ ငြိနေကြတယ် ထင်တယ်။ ခွင့်နဲ့ဖြစ်ဖြစ် အရိပ်အခြည်ကြည့်ဦး။ ဟိုကောင်နဲ့ခင်ဗျားက ဘာဖြစ်လို့ လူကြုံပေးပေးလိုက်တာလဲ"

"သူက အဝယ်တော်လို ဖြစ်နေတော့ ရုံးနဲ့ပတ်သက်တာတွေ တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com

ရတယ်လေ၊ ဒါကြောင့် ရန်ကုန်ကို ခဏခဏပြန်နေရလို့ပေါ့ဗျာ၊ လူကြုံရှိတော့လည်း အမေ့အတွက်၊ မိန်းမအတွက် ပေးချင်တာလေးတွေ ထည့်ပေးလိုက်မိတာပါ။ အေးပါဗျာ၊ ကျွန်တော် စုံစမ်းပါဦးမယ်"

ခွင့်ယူခဲ့သော ဦးကျော်စိုး တစ်ယောက် ခွင့်ယူကာပြန်ခဲ့သည်။ ရန်ကုန်ရောက်တော့ အမေ့အိမ်ကို အရင်ဝင်ခဲ့သည်။ အမေ့အိမ်တွင်တည်းကာ စုံစမ်းရသည်။

"အစ်ကို၊ မမသွယ်ကို ယောက်ျားတစ်ယောက်နဲ့ ဗိုလ်ချုပ်ဈေးထဲမှာ တွေ့ခဲ့တယ်။ ကျွန်တော့်ကိုမြင်တော့ အစ်ကို့သူငယ်ချင်းလို့ မိတ်ဆက်ပေးတယ်။ အစ်ကိုပို့လိုက်တဲ့ ပါတိတ်လုံချည်တွေ များနေလို့ ပြန်လာရောင်းတာလို့ ပြောတယ်။ နောက်တစ်ခါ လေဟာပြင်ဈေးထဲမှာ အဲဒီလူနဲ့ပဲ ထပ်တွေ့တာ၊ ကျွန်တော့်က ခပ်လှမ်းလှမ်းကနေ မြင်လိုက်တာ။ မမသွယ်ကလည်း ကျွန်တော့်ကို မြင်သွားတော့ တခြားဘက်ကိုရှောင်သွားတယ်။ အစ်ကို့မိန်းမကို ကြည့်လုပ်ဦးနော်၊ တော်ကြာ သိက္ခာကျနေဦးမယ်"

မိန်းမအိမ်လိုက်သွားကာ အနေအထိုင်ဆင်ခြင်ဖို့ ဆုံးမစကားပြောရာမှ အပြန်အလှန် စကားများကြရတော့ ယောက္ခမကြီးက ဝင်ပါလာသည်။

"မင်းနဲ့ မင်းမိန်းမနဲ့ ကွာရှင်းပြီးပြီပဲ၊ ဘာဆိုင်လို့ လာပြောနေတာလဲ။ မင်းလည်း နောက်တစ်ခါ မိန်းမကို ဟိုပြောဒီပြောပြောရင် အိမ်ကိုမလာခဲ့နဲ့တော့"

မိန်းမကို ယုံတော့ ဒုက္ခရောက်ရသည်။ ကိုယ့်သားမယားအိမ်ပင် ပြန်ခွင့်မရပါပေ။ ယောက္ခမကလည်း သူ့အလုပ်က စာရေးကြီးမို့ သူနှင့်စယူကတည်းက သဘောမတူခဲ့၍ ပြတ်စဲကြောင်းစာချုပ် လက်မှတ်ထိုးထားမိသောကြောင့် ကိုယ့်မိန်းမကိုယ် ပြန်ခေါ်ခွင့် မရခဲ့ပါပေ။

သားလေးမျက်နှာကို တဝကြည့်ကာ ယောက္ခမကို ဘာမှမပြောသာဘဲ ပြန်ခဲ့ရသည်။ မြိတ်မှနေ၍ ဧရာဝတီတိုင်းဒေသကြီးသို့ အလုပ်ပြန်ပြောင်းရသည့်အခါ သားကို တွေ့ချင်၍ သွားရှာသော်လည်း အိမ်ပြောင်းသွားကြကြောင်းသိရပြီး အဆက်အသွယ်မရတော့။

ဆုံချင်တော့လည်း (၁၃)နှစ်ကျော်မှ ကိုယ့်မိန်းမနှင့်ပတ်သက်နေသူ သူငယ်ချင်းကို ဗိုလ်ချုပ်ဈေးတွင်တွေ့၍ အမိအရ ဖမ်းဆွဲထားရသည်။ သူနှင့် အေးအေးသွယ်တို့ ယူလိုက်ကြောင်း သိထား၍လည်း သားကိုတွေ့ချင်၍မေးရသည်။

"သူငယ်ချင်း၊ ငါရှင်းပြပါဦးမယ်ကွာ။ မင်းထင်သလို အစကမဟုတ်ပါဘူး၊ မင်းနဲ့ တရားဝင်ကွဲမှ ယူဖြစ်တာပါ"

"ဘာပဲဖြစ်ဖြစ်ကွာ ဖြစ်ပြီးမှတော့ ဒါတွေပြောမနေပါနဲ့တော့။ မင်းလည်း သွယ်သွယ်နဲ့ ကလေးရနေပြီပဲ။ မင်းတို့ ဘယ်မှာနေတယ်သာ မသိတာ၊ မင်းတို့ အကြောင်းကို အမြဲစုံစမ်းနေတာပါ။ သားသမီးချင်း ကိုယ်ချင်းစာမှာပေါ့။ ငါ့သားကော မင်းတို့နဲ့နေလား၊ ဘယ်ရောက်နေလဲ။ တွေ့ချင်တယ် လိပ်စာပြောကွာ"

"ပြောရခက်ပါလားကွာ၊ မင်းသား သီဟကျော် ငါတို့နဲ့မနေဘူးကွ"

"ဘာသီဟကျော်လဲ။ ငါ့သားနာမည်က သန့်စင်ကျော်ကွ။ ငါ့သားလေးနာမည်ကို ဘာလို့ပြောင်းလိုက်တာလဲ"

"မင်းယောက္ခမကြီးက အိမ်လည်းပြောင်း၊ ကလေးနာမည်လည်းပြောင်း၊ ကျောင်းလည်း ပြောင်းလိုက်တာ။ မင်းလာရှာမှာစိုးလို့တဲ့ကွာ။ သွားတွေ့မနေပါနဲ့ကွာ၊ ကလေးက မင်းကိုရော သူ့အမေကိုပါ မတွေ့ချင်တာကို"

"မင်း ပါးစပ်ပိတ်ထားစမ်းကွာ။ ကိုယ့်သားသမီး ကိုယ်တွေ့ချင်တာပေါ့။ တော်တော်လည်း တတ်နိုင်တဲ့ အဘွားကြီး၊ ဖောက်ပြန်တာက သူ့သမီးကို။ အဖေနဲ့ သားကို ခွဲထားတယ်။ ကဲ - လိပ်စာ မြန်မြန်ပြောကွာ၊ ငါ မင်းကို ဆွဲထိုးမိတော့မယ်"

"ပြောပါ့မယ်ကွာ၊ ဒါပေမယ့် မင်းရဲ့သားက အဖေကိုရော အမေကိုပါ စိတ်နာနေတာ။ သူ့အမေကိုလည်း စကားမပြောဘူးကွ။ သူ့အဘွားက မင်းမကောင်းကြောင်းလည်းပြောထားတော့ ကလေးက အဲဒီအချိန်တုန်းက ငယ်သေးတော့ နားမလည်ဘူးပေါ့ကွာ၊ အဖေက သူ့ကို လာမရှာဘူးဆိုပြီး စိတ်နာတယ်။ သူ့အဘွားက မင်းနဲ့မတွေ့ရအောင် လုပ်ထားတာတော့ သူနားမလည်ဘူး၊ သူ့အမေကိုတော့ နောက်အိမ်ထောင်ထူလို့ စိတ်နာတယ်။ အမေကိုတောင် အမေလို့ ခေါ်တာမဟုတ်ဘူး။ သူ့ညီမကိုလဲ စကားမပြောဘူး၊ ရှင်းရှင်းပြောရရင်ကွာ၊ ဘတ်(စ်)ကားပေါ် ဆုံကြရင်တောင် ကားပေါ်မလိုက်တော့ဘဲ ဆင်းသွားတာကွ။ မင်းနဲ့တွေ့ရင်လည်း အတွေ့ခံပါ့မလားဘဲ"

"ကိုယ်က မိဘပဲ၊ ကိုယ့်သားသမီးကိုလိုက်တွေ့ရမှာပေါ့။ ကလေးက ဘယ်နှတန်းရောက်နေပြီလဲ"

"ဆယ်တန်းဖြေထားတာ အောင် တယ်ကွ။ စာတော့တော်သားပဲ"

အေးကြူထံမှ လိပ်စာရသည်နှင့် သားကိုသွားတွေ့ရသည်။ သားသည် သူ့နှင့်မတူ၊ သူ့အမေနှင့်တူသည်။ သား သူ့ကို အဖေလို့လည်းမခေါ်၊ ခပ်စိမ်းစိမ်း ပါပဲ။ ဦးကျော်စိုးက သားနဲ့တွေ့ပြီး စိတ် မကောင်းဖြစ်ရသည်။ (၃) နှစ်အရွယ် တည်းက ကွဲသွားခဲ့သောသားကို ရတော့ မျက်ရည်လည်မိသည်။ သား လိပ်စာကို အစ်မဖြစ်သူထံ ပေး ဆက်သွယ်ဖို့ ပြောခဲ့ရသည်။

ဦးကျော်စိုးအမေက သူ့မြေး သွားတွေ့သည်။ အဘွားနှင့် ကြီး ကိုတော့ ကောင်းကောင်းမွန်မွန် စကား ပြောသည်တဲ့လေ။ ဦးကျော်စိုးက န ပြန်သွားပြီဖြစ်၍ အမေက ဖုန်းဆက် ပြောခဲ့သည်။

"စိုးစိုး၊ မင်းသားကို အမေ့အိမ် အိပ်ခေါ်လာခဲ့တယ်။ အိမ်မှာတော့ ကြီးတော်နဲ့ စကားတွေလည်းပြောတ ကလေးက အမေကိုလည်း သိပ်စိတ် နေတာ။ မင်းရဲ့အစ်မက မင်းသား အဖေနဲ့ အမေ ဘာပဲဖြစ်ဖြစ် မိဘ မပြစ်မှားရဘူး။ အဖေက အဖေ၊ အမေ က အမေပဲလို့ တရားဟောနေတာ မင်း သားက ဘာပြောသလဲ သိလား။

'သားဆယ်တန်းအောင်တော့ သာပေးမယ့်အဖေလည်း အနားမှာမ အမေလည်း အနားမရှိနဲ့ သူတို့ ထောင်နဲ့သူတို့ ပျော်နေကြတာ။ နော အိမ်ထောင်နဲ့မွေးတဲ့ကလေးတွေအတွ ပဲ စဉ်းစားပြီးနေနေကြတာ သားအ ဝမ်းနည်းတယ်၊ သိပ်စိတ်နာတယ အမေကစပြီး ဖောက်ခဲ့တယ်ဆိုဦးတော အဖေကနောက်အိမ်ထောင်မပြုဘဲ သာ ကို လာခေါ်လေ'

'သားကို သားအဖေက လိုက် ပါတယ်သားရယ်။ သားအဘွားက သ အမေကြောင့် ရှက်ပြီး ပတ်ဝန်းကျင် အဆက်ဖြတ်သွားတာကို သားက အ အပေါ် နားလည်ပေးပါ၊ မိဘဆို ကိုယ့်သားသမီးကိုမချစ်ဘဲနေကြပါ့မ သားအမေလည်း သားကို ချစ်မှာပါ သားကနေ အဖေနဲ့အမေပေါ် စိတ် ပြစ်မှားနေရင် သားပဲငရဲကြီးနေမှာ ကြီးကြီးက ဆုံးမတာပါ' လို့ မင်းအ က ပြောထားရတယ်။

အိမ်နဲ့တော့ အဆင်ပြေပါတယ ကလေးက ဉာဏ်လေးလည်း တော တယ်။ သူ့အဘွားကလည်း အသ ကြီးပြီဆိုတော့ အဖေဘက်က ဆေ



www.burmeseclassic.com

www.burmeseclassic.com

ပြန်ဆက်တာကို ဘာမှမပြောပါ သူတက္ကသိုလ်တက်တုန်းကို သူ လေးနဲ့ အတူတူလာနေမယ်လို့ တယ်"

အဘိုးလေးဆိုသည်မှာ အဘွား င် လူပျိုကြီးဖြစ်ပြီး နှစ်ထပ်တိုက် င် တစ်ယောက်တည်းနေသော ၍ အဘိုးလေးလည်းအဖော်ရ၊ သူ အဖေဘက်က မိသားစုနှင့် ရင်း စီမံကြခြင်း ဖြစ်သည်။

"အမေ သားက အဲဒီအိမ်မှာရော င်ပြေရဲ့လား။ အမေတို့အိမ်မှာဖြစ် ခေါ်ထားလို့မရဘူးလား"

သားအတွက် စိတ်ပူ၍ပြောသော် သားက အဘိုးလေးနဲ့ပဲ လွတ် လပ်လပ်နေမည်ဆို၍ မခေါ်ထား ကြောင်း သိရသည်။ သားကြီး ကိုယ့် တ အမျိုးအိမ်ရောက်နေ၍ စိတ် ရသော်လည်း ဘွဲ့ရပြီးသွားသော အလုပ်ရရှိပြီး မန္တလေးသို့ ပြောင်း ကြောင်း သိလိုက်ရပါသည်။

"အစ်မတို့က ကလေးဆီက လိပ် တောင်းထားဘူးလားဗျာ"

"တောင်းပါတယ်။ သူက နေရာ သည်တကျရှိမှ စာရေးပို့လိုက်မယ် ပြီး စာလည်းမလာဘူး။ သူ့အဘိုး နဲ့ ပြဿနာလည်းဖြစ်သွားတယ်။ လေးမောင်သန်းခင်က ကပ်စေးနဲ ကို မင်းလည်း အသိပဲလေ။ ရေခဲ ထဲ ဝက်သားတစ်ပိဿာလုံး ထည့်ထားပြီး တစ်ခါချက် အစိတ် စီခွဲချက်၊ အသားက ကြာတော့ စား ကောင်းတော့ဘူးပေ့ါ။ ဈေးခဏခဏ သွားရအောင် ဝယ်ထားတာတဲ့။ ဝက် တ ချက်ခါနီးခဲနေတော့ အသားကို မ်ရ ထုရနဲ့ စိတ်ညစ်တယ်လို့ မင်း သားက ညည်းရှာတယ်။ ကျောင်း ဆိုတော့ ညဘက် စာကျက်ရင် မီးတာတက်တယ်။ သိပ်မိုးမချုပ် နဲ့တို့ပြောတော့ ကလေးက ဖယောင်း နဲ့ စာကျက်ရတာတဲ့။ အိမ်မှာလာ ခေါ်တော့လည်း မလာဘူးလေ။ သူ ဘွဲ့ရတဲ့အထိတော့ သည်းညည်းခံ သွားရှာပါတယ်။ နောက်ပိုင်းတော့ နေနိုင်တော့ဘူးနဲ့တူပါတယ်။ အလုပ် ရတော့ အလုပ်က မန္တလေးလွတ် ကို သွားလိုက်တာ အဲဒီကတည်းက ဆက်ဖြတ်သွားတော့တာပဲ"

ဦးကျော်စိုး သူ့သားအကြောင်း ပြီး စိတ်မကောင်းဖြစ်ခဲ့ရပါသည်။

(၃)

သား သန့်စင်ကျော်၏အဘွား ဆုံးကြောင်း သတင်းစာတွင်ပါ၍ ဦးကျော်စိုးကတော့ နယ်မှာမို့ အစ်မကြီးက သတင်းမေးသွားခဲ့ရသည်။သန့်စင်ကျော်ကိုလည်း တွေ့ခဲ့ရသည်။ သူ့အလုပ်နှင့် ရန်ကုန်ပြန်ရောက်နေသည်မှာ ကြာပေပြီ၊ အဖေဘက်အမျိုးတွေကို အဆက်အသွယ်မလုပ်ခဲ့ပါပေ။

"သန့်စင်ရယ်၊ နေနိုင်လိုက်တာ။ မင်းအဘွားရော အဖေရောက စိတ်ပူနေရှာတာ။ မင်းအိမ်ထောင်ကျပြီး ကလေးတောင်ရပြီဆို။ ဒါနဲ့များ မိဘမေတ္တာကို မသိသေးဘူးလား ငါ့တူရယ်"

"ကျွန်တော်က မိဘမေတ္တာကို သိသလို မိဘနဲ့တူအောင်လည်းနေပါတယ်။ ကျွန်တော့်မိန်းမဖြစ်ဖြစ်၊ ကျွန်တော်ဖြစ်ဖြစ် မတော်တဆများ သေခဲ့ရင်တောင် နောက်ထပ်အိမ်ထောင်မပြုဖို့ ကတိထားခဲ့ကြတယ်။ ကျွန်တော့်သားသမီးလေးတွေကို ကျွန်တော့်လို မိဘက ပစ်ပယ်ထားလို့ အဘွားအိမ်မှာ ကြီးပြင်းခဲ့ရဘဝမျိုး၊ ကျောင်းစရိတ်မလောက်လို့ အဘိုးလေးအိမ်မှာ ခိုကပ်နေခဲ့ရတဲ့ မျက်နှာငယ်ဘဝမျိုး မရောက်ရအောင်၊ မိဘပီသအောင် ကျွန်တော် ကြိုးစားနေရလို့ မဆက်သွယ်ဖြစ်တာပါ ကြီးကြီး"

သန့်စင်ကျော်၏ အပြောကြောင့် ကြီးကြီးဖြစ်သူမှာ သက်ပြင်းချရုံမှလွဲ၍ ဘာဆက်ပြောရမည်ပင်မသိတော့ပါပေ။ သို့သော်လည်း ပြောဖြစ်အောင် ပြောခဲ့ပါသေးသည်။

"သားသမီးဆိုတာ မိဘကို ရွေးချယ်ပိုင်ခွင့်မရှိဘူး။ သူဌေးရဲ့ဗိုက်ထဲဝင်စားမယ်လို့လည်း ရွေးချယ်လို့ မရဘူး။ အခုဖြစ်ခဲ့တဲ့ ကိစ္စတွေမှာ အရာရာတိုင်းကို မိဘအပေါ် အပြစ်ပုံမချဘဲ ကိုယ့်အရင်က မကောင်းမှုပြုလုပ်ခဲ့လို့ ဒီဘဝမှာ မိဘနဲ့အတူမနေရတဲ့ဘဝ၊ မိတစ်ကွဲဖတစ်ကွဲနေရတဲ့ဘဝရောက်ရတယ်လို့ပဲ တွေးပြီး ဒီဘဝမှာ မိဘတွေအပေါ်မှာ ထပ်မစော်ကားနဲ့ ငါ့တူရေ။ မိဘက သူတောင်းစားဆို သူတောင်းစားသားပဲပေ့ါ၊ ဘယ်သူ့သားဘဲဖြစ်ဖြစ် မိဘဟာ မိဘဘဲ။ ငါသူတောင်းစားသားဖြစ်ရပါ့မလား၊ သူခိုးသားဖြစ်ရပါ့မလား၊ သူဌေးသားမဖြစ်ရကောင်းလား၊ သူများတွေကားတစီစီးနိုင်အောင် မိဘတွေက အရှာအဖွေ တော်ကြတယ်၊ ငါ့ဘဝက လမ်းလျှောက်နေရပါလားလို့ မိဘအပေါ်ကို အပြစ်ပုံချလို့မရဘူး။ ကံ၊ ကံ၏ အကျိုးပဲပေ့ါ၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် မွေးလာခါစကတည်းက ကျွေးမွေးပြုစုခဲ့ပြီး လူဖြစ်အောင်မွေးလာခဲ့တာကိုပဲ မွေးကျေးဇူးမဆပ်နိုင်ရင်နေ ကျေးဇူးတင်သင့်တယ်။ -

ကြီးကြီးလည်း သားကို နောက်ထပ် မဆုံးမတော့ဘူး။ သားလည်း ကလေးအဖေဖြစ်နေပြီ။ ကိုယ်စာ ကိုယ့်မိဘကို ရိုသေမှ ကိုယ့်ကို ရိုသေချစ်မြတ်နိုးတဲ့သားသမီးရတနာလေးတွေကို ရမယ်လို့ မှတ်ထားပါကွယ်။ မိဘအပြစ်လို့ ဆိုပေမယ့်လည်း သူတို့လည်း သူတို့ဝဋ်ကြွေးတွေနဲ့သူတို့ ဒီလိုဖြစ်နေကြရတာပါပဲ။ သားသမီးကို ပစ်ထားခဲ့ကြရလို့ ပျော်နေမယ်များ ထင်သလား၊ ပျော်နိုင်မယ် မထင်ပါဘူးကွယ်။ သားလည်း မငယ်တော့ဘူး၊ စဉ်းစားကြည့်ပါ။ အခုဖြစ်ရတဲ့ကိစ္စတွေမှာ မင်းအဖေအပြစ်မဟုတ်သလို ယောကျ်ားဆိုတာကတော့ မိန်းမက နောက်အိမ်ထောင်ထူမှတော့ သူလည်း နောက်ထပ် အိမ်ထောင်ပြုလိုက်တာကို အပြစ်မတင်သင့်ဘူးလို့ ထင်တယ်။ ကိုယ့်မောင်မို့ ဘက်လိုက်ပြောတာမဟုတ်ဘူး။ မိဘကို မထောက်ပံ့ မကြည့်ရှုချင်နေပါ၊ မခေါ်မပြောတော့ မလုပ်သင့်ပါဘူးကွယ်၊ ကြီးကြီးလည်း ပြန့်တော့မယ်"

(၄)

'သားရေ၊ ကြီးကြီး သားရဲ့ရင်ထဲက နာကြည်းမှု ဆိုတဲ့ ဆူးလေးတစ်ချောင်းကို နုတ်ပေးချင်မိပါတယ်။ ဒါပေမယ့် နုတ်ရခက်နေတယ်သားရေ။ သားလေး မိဘအပေါ် စိတ်နာတာပျောက်ပြီး အမြင်မှန်ရပါစေကွယ်'

အပြန်လမ်းတွင် စဉ်းစားရင်း ထိုစကားကို ရင်ထဲကပြောလာခဲ့မိပါသည်။

သားသမီးတို့အပေါ် အပြစ်ရအောင်၊ စိတ်နာအောင်လုပ်ထားကြသောမိဘများ၊ အရက်သောက်ကာ သားသမီးတို့ကို ရိုက်နှက်နှိပ်စက်တတ်သောမိဘများ၊ ထိုသို့သော မိဘများကြောင့် သားသမီးတို့၏ ရင်တွင် ဆူးတစ်ချောင်း စူးဝင်နေပါလိမ့်မည်။ နာကြည်းသောစိတ်ဖြင့် မိဘအပေါ် အပြစ်တင်မိပြီး ငရဲကြီးနေကြသော သားသမီးများ ရှိနေကြပါလိမ့်မည်။ သားသမီးများ အပြစ်မဖြစ်ကြရလေအောင် မိဘများအနေဖြင့် အစကတည်းက သားသမီးများအပေါ် ငဲ့ညှာကာနေသွားခဲ့ကြပါလျှင် သားသမီးတို့ရင်တွင်စိုက်နေသော နုတ်မရသောဆူးများ ရှိလာမည်မဟုတ်ပါကြောင်း ရေးသားလိုက်ရပါသည်။

စောမိသွင် (ရေနံ့သာ)



www.burmeseclassic.com

www.burmeseclassic.com

ဝင်းထွန်းအောင်(မြင်းခြံ)

နေရာလေးတော့ပေးပါ



မြင်းခြံမြို့မှ နဘူးအိုင်ရွာသို့သွားသောလမ်းမ။ ကွက္ကဲတောင်၏မြောက်ဘက်တွင် တောင်ပင်လယ်သို့ ဆိုသည့် ဆိုင်းဘုတ်ပြာပြာလေးအား တွေ့ရ၏။ ဆိုင်းဘုတ်မှ အရှေ့ဘက် (၄) ဖာလုံခန့် သွားလျှင် တောင်ပင်လယ်ဆည်အား တွေ့မြင်ရမည် ဖြစ်၏။ တောင်ပင်လယ် ရေပြင်ကျယ်၏အရှေ့တောင်ယွန်းယွန်းတွင် မြေစကောင်းရွာ မြစလောင်းစေတီတော်မြတ်အား ရွှေရောင် တောက်ပဝင်းလက်စွာ ဖူးမြော်ကြည်ညိုရမည်ဖြစ်သည်။

မြစလောင်းစေတီတော်မြတ်မှာ သမိုင်းဝင်စေတီတော်တစ်ဆူ ဖြစ်သည်။ နရပတိစည်သူမင်း ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်စဉ်က မြစလောင်းနှင့် မြအိုးအား ဌာပနာ၍ ဘုရားနှစ်ဆူ တည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ (ယခုအခါ မြစလောင်းစေတီတစ်ဆူသာကျန်ရှိပါတော့သည်။)

မြေစကောင်းရွာမှ မြစလောင်းစေတီတော်အား အစွဲပြု၍ ပေါ်ပေါက်လာသောရွာတစ်ရွာ ဖြစ်သည်။ 'မြစလောင်းရွာ' ဟု ခေါ်ဆိုရာမှ 'မြေစကောင်းရွာ' ဟု ဖြစ်ပေါ်လာသည်ဟု သိရသည်။

မြစလောင်းစေတီ၏ အရှေ့မြောက်ဘက်တည့်တည့်တွင် ကုန်းပလူ ဟု ခေါ်ဆိုသည့် နာမည်ကြီးယာကွက်တစ်ကွက်ရှိသည်။ ၎င်းယာကွက်အား မည်သူမျှ တောင်သူမလုပ်ရဲကြ။ ကုန်းပလူတွင် တောင်သူလုပ်သူများ သေဆုံးတတ်ကြောင်း သိရသည်။

ထိုယာခင်းမှာ တောင်ပင်လယ်ဆည်၏ ရေဝင်အရပ်ဖြစ်၍ ကုန်းပလူယာခင်းရေမြုပ်သွားပြီ ဖြစ်သည်။ ကုန်းပလူယာခင်း၏တောင်ဘက် ယာကွက်တစ်ကွက်ခြားခန့်နေရာ လူ၏ခါးလယ်ခန့် ရေနက်သည်။ လူနှစ်ယောက်မှာ လှေတစ်စီး ကျောက်ချရပ်၍ ထန်းပင်တစ်ပင်အား လွှဖြင့်လှဲဖြတ်နေသည်။

မြေစကောင်းရွာ ချမ်းမြေ့သာယာရွာဦးကျောင်းအတွင်း သိမ်တိုက်ဆောက်လုပ်ရာတွင် ထင်းအဖြစ် အသုံးပြုရန် ထန်းပင်အားလှဲဖြတ်နေခြင်း ဖြစ်သည်။

ထန်းပင်လှဲဖြတ်နေသူ နှစ်ဦးမှာ ရွာဦးဘုန်းတော်ကြီး၏ဖခင် ဦးသန်းစောနှင့် သားငယ် ခင်မောင်စိုးတို့ ဖြစ်သည်။ ဦးသန်းစောတို့ သားအဖနှစ်ယောက်မှာ သစ်ပင်ခုတ်လှဲရာတွင် ကျွမ်းကျင်ကြသူများ ဖြစ်သည်။

ကမ်းစပ်မှ လူသုံး၊ လေးယောက်ခန့် ကြည့်နေကြသည်။ ရာသီဥတုအခြေအနေအရ လေမှာ အနောက်လေ

တိုက်ခတ်သည့်အချိန်ဖြစ်၍ အနောက်ဘက်မှ လှေ ရပ်၍လွှတိုက်နေကြသည်။

"ခင်မောင်စိုးရေ၊ ဖြည်းဖြည်းဆွဲဟေ့။ သုံးပုံနှစ်ပုံလောက် ရောက်နေပြီနော်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ... ထားဆွဲနေပါတယ်"

ထန်းပင်၏ သုံးပုံနှစ်ပုံခန့် ... နေသည့်အတွက် ဦးသန်းစောက ... ပေးလိုက်ခြင်း ဖြစ်သည်။ ထူးထူး... ခြား လေကငြိမ်သက်နေသည်၊ ... ကြောင်းအား ခပ်စောင်းစောင်း... ကြသည်။ (၂)လက်မ၊ (၃)လက်... အကျန်တွင် တစ်ဖက်မှဆွဲယူရမည်... သည်။ (၃) လက်မခန့်အကျန် ထို... ထိုအချိန်ကလေးမှာပင် သားအ... ယောက်၏လက်ထဲမှလွှမှာ လက်... လွတ်ထွက်သွားပြီး ရေထဲကျသွား...

"ဟာ၊ ဟာ - ဘယ့်နှယ်လု... တာလဲဟ"

"ကျွန်တော်လည်းမသိဘူးအ...



www.burmeseclassic.com

www.burmeseclassic.com



ကာ လက်ထဲကနေအလိုလိုလွတ်သွား
ပဲ"

"အေးအေး - ဟုတ်တယ်၊ ဂရု
က်ပေါ့။ ထန်းပင်ပြတ်သွားပြီကွ။ လွ
ကို နောက်မှရှာ၊ လှေကိုဖယ်တော့"

ဦးသန်းစောက သားဖြစ်သူကို
သတိပေးရင်း လှေပေါ်မှဆင်းလိုက်၏။
က်ထဲတွင် ရဲတင်းနှင့် ဆယ်ပေါင်တူ
အား ကိုင်ထားသည်။ ခင်မောင်စိုးက
သူအား ကမ်းစပ်သို့ တွန်းယူသွား၏။
မှ ဖခင်ဖြစ်သူအနား ပြန်သွားသည်။

ဦးသန်းစောက ဆယ်ပေါင်တူ
အား ခင်မောင်စိုးထံသို့ပေးပြီး ရဲတင်း
ကိုင်လျက် ထန်းပင်အား တွန်းကြည့်
သည်။ ထန်းပင်က တုတ်တုတ်မျှမလှုပ်။
ကြောင်းရာနေရာမှာ ရဲတင်းအသွား
ည်ပေးပြီး ခင်မောင်စိုးအား အချက်
ပေး ခေါင်းဆတ်ပြလိုက်သည်။

ခင်မောင်စိုးက ဖြည်းညင်းစွာ ရဲတင်းအား ရိုက်လိုက်သည်။ ရဲတင်းအသွား တစ်ဝက်ခန့်ဝင်သွားမှ ဦးသန်းစောက လက်ကာပြသည်။ ထန်းပင်အား တွန်းကြည့်ပြန်သည်၊ မရ။ ထန်းပင်က မလှုပ်။ လွှကြောင်းအား အသေအချာ အကဲခတ်ကြည့်ပြီး တူဖြင့်ထပ်မံ၍ ရိုက်စေပြန်သည်။ ရဲတင်းတစ်ခုလုံး ထန်းပင်ထဲဝင်သွားသည်။ ဦးသန်းစောက တွန်းကြည့်ပြန်သည်။

"ဟ- ဘယ်လိုလဲ ဒီထန်းပင်"

"ကျုပ်တို့လာခဲ့မယ်လေ ဦးသန်းစော။ ထန်းပင်ကိုဝိုင်းပြီးတွန်းရအောင်"

"အေးဗျာ၊ နှစ်ယောက်လောက် လာကြဗျာ။ သတိနဲ့တော့ တွန်းကြဗျို့။ ကျုပ်တစ်သက် ဒါမျိုးတစ်ခါမှမတွေ့ဖူးသေးဘူး။ ထူးတော့ထူးတယ်ဗျို့"

ဦးသန်းစောက မျက်နှာပေါ်မှ ချွေးများအားသုတ်ရင်းပြောသည်။ ကမ်းစပ်မှ လူနှစ်ယောက် ရေထဲဆင်းလာပြီး သတိကြီးစွာဖြင့် ထန်းပင်အား ဝိုင်း၍ တွန်းလှဲကြသည်။ ထန်းပင်က မလဲ။ အံ့တော့အံ့သြစရာပင်။ လုံးဝတိတိရိရိ ပိုင်းပြတ်နေသောသစ်ပင်မှာ တွန်းလှဲ၍ မရ။ ရဲတင်းရိုက်ထည့်၍လည်း မလဲ။

"ခဏနေကြဦး၊ ကိုစိန်ရွှေတဲကို သွားပြီး ဝါးလုံးအရှည်နှစ်လုံးနဲ့ ထမ်းပိုးကြိုးသွားငှားကြ။ အထက်ပိုင်းကျကျကနေ တွန်းကြည့်ကြရအောင်"

ဝါးလုံးနှစ်လုံးအား ထမ်းပိုးကြိုးဖြင့်တွဲ၍ ထန်းပင်၏အမြင့်ပိုင်းသို့ ညှပ်၍ အားစိုက်တွန်းကြသည်။ ထန်းပင်က မလဲ။ တွန်းလှဲကြသူ (၄) ယောက် ချွေးဒီးဒီးကျတော့သည်။

"ဩော်- ဟုတ်ပြီ၊ ကျုပ်သတိရပြီ။ ခဏနားကြဦးဗျာ"

ဦးသန်းစောက တစ်စုံတစ်ခုအား သတိရသွားပြီး နားခိုင်းလိုက်၏။ ကွမ်းအစ်ထုတ်၍ ကွမ်းယာစားရင်း စိတ်ထဲမှနေ၍ -

'ဤသစ်ပင်အား အမှီပြုနေထိုင်သော အစောင့်အရှောက်များ၊ မကျွတ်မလွတ်သေးသူ ရုပ်နာမ်ရှင်များရှိနေပါလျှင် ကျွန်ုပ်ပြုပြုသမျှ ကုသိုလ်တောင်း



www.burmeseclassic.com

www.burmeseclassic.com

မှုများအား အမှုများပေးဝေပါ၏။ ကျွန်ုပ်နှင့်ထပ်တူ ခံစားနိုင်ကြပါစေ။ ကျွန်ုပ်တို့မှာ ဤထန်းပင်အား ကျွန်ုပ်တို့၏ ကိုယ်ကျိုးအသုံးပြုရန် မဟုတ်ပါ။ သာသနာ့အဆောက်အအုံဆောက်လုပ်ရာတွင် အသုံးပြုရန် ခုတ်လှဲခြင်း ဖြစ်ပါသည်။ သို့အတွက် အနှောင့်အယှက်မပေးပါရန် မေတ္တာရပ်ခံပါသည်။ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါ'

ဟု ပြောဆိုလိုက်သည်။

"ကဲ- ဒီတစ်ကြိမ် ထပ်ပြီး ကြိုးစားလိုက်ကြသေးတာပေါ့ဗျာ"

ပြောပြောဆိုဆို ရေထဲသို့ဆင်းရန် ပုဆိုးတိုတိုပြင်ဝတ်ပြီး ဝါးလုံး (၂) လုံးယူနေသည့်အချိန်မှာပင် လေပြင်းတစ်ချက် သုတ်ခနဲတိုက်ခိုက်လိုက်၏။ ထန်းပင်မှာ တဖြည်းဖြည်း အိလဲကျလာပါတော့သည်။

ဝုန်းခနဲ ကမ်းစပ်ဘက်သို့လဲကျပြီး ဝေါခနဲ ရေနက်ပိုင်းသို့ ပြေးသွားပြီးမှ ကမ်းစပ်ဘက်သို့ပြန်၍ ကပ်လာခဲ့ပါလေတော့သည်။

*

နေ့ခင်းပိုင်းမှာ ထန်းပင်အား တုံးတစ် ဖြတ်တောက်၍ အုတ်ဖုတ်သည့်နေရာသို့ သယ်ဆောင်ခဲ့သည်။ ထင်းအတော်များများရနေပြီ ဖြစ်သည်။ ဦးသန်းစောမှာ ညပိုင်းတွင် အုတ်ဖိုအား ထင်းထိုးရန် ရေနွေးအိုး၊ ကွမ်းအစ်၊ ဓာတ်မီးများ ယူဆောင်၍ အုတ်ဖိုသို့ လာခဲ့သည်။ အုတ်ဖိုမှာပင် ညအိပ်၏။ မီးထိုးထားစဉ် ပက်လက်ကုလားထိုင်ပေါ်မှာထိုင်၍ မေတ္တာပို့ အမျှအတန်းပေးဝေနေသည်။ အားလုံးကိစ္စများပြီးစီးချိန်၌ ကွမ်းတစ်ယာစားရင်း အနားယူနေလိုက်သည်။

ထိုစဉ်မှာပင် ထင်းပုံများထားရာနေရာမှ လူရိပ်လိုလိုမြင်တွေ့လိုက်၏။ သုံးခဲထိုးလက်နှိပ်ဓာတ်မီးဖြင့် လူရိပ်မြင်ရာသို့ ထိုး၍ကြည့်လိုက်သည်။

'ဘယ်သူလဲဟေ့၊ ထင်းကူထိုးဖို့ လာတာလား။ လာခဲ့လေ'

နှုတ်မှပြောရင်း လက်နှိပ်ဓာတ်မီးနှင့် ဝှေ့ယမ်းထိုးကြည့်သည်။ ဘာသံမှမကြားရ။ ရွာထဲမှလူငယ်များ လာရောက်ခြင်းဖြစ်မည်ဟု တွေးတောပြီး စောင့်ကြည့်နေသည်။ နောက်တစ်ဖန် ရိပ်ခနဲမြင်လိုက်မှ ငှက်ကျီးတောင်ဓားအားဆွဲ၍ ကုလားထိုင်ပေါ်မှ ထလိုက်သည်။ ဓာတ်မီးအား မောင်းတင်ထိုးပြီး ထင်းပုံများရှိရာသို့ သတိကြီးစွာ ကပ်သွားသည်။

တွေ့ပါပြီ၊ ထန်းသားတုံးများကြားတွင် မျက်လုံးအပြူးသားနှင့် မိန်းကလေးတစ်ယောက်။

'ဟေ့- ထွက်ခဲ့စမ်း။ နင်ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလာလုပ်တာလဲ'

'ဟို. . . ဟို. . . ကျုပ်. . . ကျုပ်'

'ထွက်ခဲ့၊ ထွက်ခဲ့။ ငါ့ကို လာပြီးစမ်းတာလား။ တစ်ရွာသား တစ်ယောက်တည်းရှိတာဆိုပြီး ဒုက္ခပေးမယ်လို့ ကြံစည်တာလား။ ဟင်း. . . တောကြံတောင်ကြံ ဆိုရင်တော့ ဒီနားတင် အသက်ထွက်သွားမယ် ဘာထင်လဲ။ နေပါဦး၊ နင့်ကို ဒီရွာမှာမမြင်ဖူးပါဘူး။ နင်ဘယ်ရွာကလဲ ပြောစမ်း'

'ကျုပ်. . . ကျုပ်က ဒီရွာက မဟုတ်ပါဘူး။ ကျုပ်အဖေက ကိုတုတ်ပေါ်ပါ၊ ကျုပ်က အေးတုတ်ပါ'

မိန်းကလေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထဘီအားပြင်၍ဝတ်လိုက်ပြီး လက်အုပ်ချီ၍ တောင်းပန်နေသည်။ ဦးသန်းစော သတိထားလိုက်သည်မှာ မိန်းကလေးတွင် လက်တစ်ဖက် တံတောင်ဆစ်မှ ပြတ်နေသည်။

'အေး- ပြောစမ်း၊ ဒီမှာ ဘာလာလုပ်တာလဲ။ အိမ်ကထွက်ပြေးလာတာလား'

'ဟို. . . ဟို - ကျုပ်မှာ နေစရာမရှိပါဘူး။ ဦးကြီးတို့ နေ့ခင်းက လှဲတဲ့ထန်းပင်မှာ နေတာပါ။ ကျုပ်ကို နေစရာလေးတော့ပေးပါ'

'ဟေ- ဒါ. . ဒါဖြင့် နင်က. . .'

"ဦးသန်းစော၊ ဦးသန်းစော ဘာဖြစ်နေတာလဲ"

"ဟင်- ဩော်. . . အေး- မင်းတို့လာကြပြီလား။ ငါမှေးခနဲအိပ်ပျော်သွားတယ်ကွ"

ရွာထဲမှ အလှည့်ကျ ထင်းကူထိုးမည့် လူငယ်နှစ်ယောက်ရောက်ရှိလာမှ နိုးလာခဲ့သည်။ လူငယ်တွေအား အထူးအထွေမပြောတော့ဘဲ ထင်းထိုးရင်း မိုးလင်းခဲ့ရပါတော့သည်။

*

ဦးသန်းစော ပြောပြချက်အရ ရွာထဲမှ သက်ကြီးရွယ်အိုများအား မေးမြန်းစုံစမ်းကြည့်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၇၀) ခန့်က ကွန်းပလုယာခင်းအနီးတွင် တဲထိုးဆောက်လုပ်၍ ဦးတက်ထွန်းဆိုသူ နေ
ခဲ့ဖူးကြောင်း၊ ထိုစဉ်အချိန်က ဤရွာ
တောတောင်ထူထပ်သဖြင့် ကျား၊ ကျ
သစ်များ ကျက်စားသဖြင့် မည်သူ
မနေထိုင်ရဲကြကြောင်း၊ ဦးတက်ထ
တစ်ယောက်တည်း နေထိုင်စဉ်
တုတ်ပေါ်ဆိုသူ ရောက်ရှိလာကြော
သူ့တွင် (၆)နှစ်သမီး အေးတုတ်ပါလာ
တောင်သူ ကူညီလုပ်ကိုင်ပေးရင်း
တက်ထွန်း၏တဲမှာပင် ညအိပ်နေထို
ကြောင်း၊ ဦးတက်ထွန်းမှာ မြေစ
ရွာ၏မြောက်ဘက် (၂) မိုင်ခန့်
သည့် ဆိတ်ကုန်းရွာမှဖြစ်ကြောင်း၊
တုတ် (၁၂) နှစ်သမီးခန့်တွင် ဓားဒ
များဖြင့် သေဆုံးနေကြောင်း၊
တစ်နေ့နံနက်ခင်း ဦးတက်ထွန်း
မှ သိရှိခဲ့ရကြောင်း၊ ထိုခေတ်အ
တရားဥပဒေစိုးမိုးမှုမရှိသည့်အချိန်
တရားခံမပေါ် ပေါက်ခဲ့ကြောင်း၊
မှာ ဦးတုတ်ပေါ်တို့သားအဖမှာ
သည့်အရပ်ကမှန်းမသိသလို ဘာ
လုပ်ခဲ့ကြသူများဖြစ်သည်ကို မည်
မသိရှိခဲ့ကြဟု သိရှိလိုက်ရသည်။

"ဟုတ်ပါပြီလေ၊ ဘာပဲဖြစ်
မျိုးရိုးဇာတိ မသိတာမှန်ပေမယ့်
တုတ်တို့သားအဖ ဒီရွာနားမှာနေခဲ့
ဆိုတာ ဒီရွာကလူတွေတောင် မသိ
မကြားဖူးခဲ့ကြဘူးပေါ့။ အခု တိုက်
ဆိုင်ဆိုင် ဦးပဥ္စင်းရဲ့ဒကာကြီးဟာ
(၁) ထန်းပင်လှဲစဉ်က ထူးထူးခြား
တွေ့ကြုံခဲ့ရတာရယ်၊ (၂) အဲဒီည
အိပ်မက်ရခဲ့တာရယ်ကိုထောက်ပြီး
မကျွတ်မလွတ်သေးတဲ့ မအေးတ
နေရာဘုံဗိမာန်ကို ကျုပ်တို့ဖြိုလှဲ
အဲဒီတော့ ဦးပဥ္စင်းတို့အနေနဲ့
ထိုင်ခင်းလေးပေးဖို့နဲ့ အမျှအတ
ဝေဖို့ တာဝန်ရှိလာပြီလို့ ယူဆ
ဒါကြောင့် ရက်ပိုင်းအတွင်းမှာ ဘ
အချို့ပင့်ပြီး ဆွမ်းကပ်အမျှပေးဝေ
အောင်။ လူကြီးဖြစ်တဲ့ ဦးစံညိမ်းတို့
ပေးကြပါလို့. ဦးပဥ္စင်း မေတ္တာ
ရစေ"

ကျောင်းထိုင်ဦးပဥ္စင်း၏ပြော
ချက်အတိုင်း အစီအစဉ်ဆွဲ၍
တုတ်၏ အမည်နာမအား
အမျှပေးဝေခဲ့ကြသည်။ ထိုနေ့ည
မအေးတုတ် နေရာရရှိသွား
အိပ်မက်ပေးသည်ဟု ဦးသန်းစော
ပြသဖြင့် ရွာသူရွာသားများ တအံ့
ဖြစ်ကြရပါတော့သည်။

ဝင်းထွန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေပျူဟာ – ၁၆၈ နည်း

ဦးအောင်လှိုင်(သုဝဏ္ဏ)



This countryside dwelling has poor feng shui as it is trapped between two busy roads, creating an overload of yang energy.

**၁၀။ လမ်းမ (၂) ခုအကြား ညပ်လျက်နေအိမ်တည်ရှိနေခြင်း**

အကယ်၍ သင့်အိမ်သည် ယာဉ်သွားယာဉ်လာများသော လမ်းမ (၂) ခုကြားတွင်ရှိနေပါက နေ့စဉ် မကောင်းသောစွမ်းအင်များ၏ဩဇာသက်ရောက်မှုတဖြည်းဖြည်း မြင့်တက်လာပြီး မိမိ၏အသက်အိုးအိမ်စည်းစိမ်ကိုပါ ထိခိုက်စေပါမည်။ ထိုသို့ လမ်း(၂)လမ်း၏ ရှေ့နှင့်နောက် ညပ်ထားခြင်းခံရသော အိမ်အား ဖုန်းရွှေပညာအရ ကျားနှစ်ကောင်အကြားရှိနေသည့် သားကောင်အဖြစ်ဖော်ယူရပါမည်။ တစ်ဖန် ရှေ့နှင့်နောက်တွင်ရှိသော လမ်း(၂)လမ်းအနက် တစ်လမ်းက အခြားတစ်လမ်းထက် ပိုမြင့်နေပြီး ၎င်းမြင့်နေသောလမ်းက အိမ်ရှေ့တွင် ဦးတိုက်နေပါက ပိုမိုဆိုးရွားသောအခြေအနေများ ဖြစ်ပေါ်စေပါသည်။ ထိုအနေအထားကို သက်သာလျော့ပါးစေရန် မိမိအတွက် ကျောထောက်နောက်ခံကောင်းအဖြစ် အိမ်၏အနောက်လမ်းရှိရာ၌ အုတ်တံတိုင်းမြင့်မြင့် ကာရံပေးရပါမည်။

အိမ်၏အရှေ့နှင့်အနောက် လမ်း (၂) လမ်း ညပ်ထားခြင်းကြောင့် ယာဉ်သွားယာဉ်လာများပြီး ဆူညံမှုမျိုးစုံက Yang (ယန်) စွမ်းအင်လွန်ကဲမှုကို ဖြစ်စေပါသည်။



Shrubs and trees can screen your home from traffic if you live on a busy road.

**၁၁။ အဝေးပြေးလမ်းမများဆီမှဝင်ရောက်လာမည့် ရှာချီဓာတ်ကို ခုခံကာကွယ်ခြင်း**

မိမိနေအိမ်သည် အဝေးပြေးလမ်းမအနီး တည်ရှိနေခြင်းကြောင့် နေ့စဉ်လိုလို မကောင်းသော ရှာချီဓာတ်များဝင်ရောက်ခြင်းခံရပါမည်။ ယန် (Yang) စွမ်းအင်လွန်ကဲမှုကြောင့် ဖြစ်ပေါ်လာသော ရှာချီဓာတ်များက မိမိအပါအဝင်အိမ်တွင်နေထိုင်သူအားလုံးအား ဆိုးကျိုးအမျိုးမျိုးပေးနေခြင်းကြောင့် ပုဏ္ဏရိက်ပင်ကဲ့သို့သော အုံလိုက်ပေါက်ရောက်တတ်သည့်အပင်များအား စီတန်းစိုက်ပျိုးလျက် (အုတ်တံတိုင်းအကာအရံပမာ) ညီညာသပ်ရပ်စွာ စီမံထားရှိပေးရပါမည်။ ၎င်းအပြင် အကာအရံသဘောဆောင်သည့်အနေဖြင့် သစ်ပင်ကြီးများစိုက်ပျိုးခြင်း၊ အုတ်တံတိုင်းကာရံခြင်း၊ ခြံစည်းရိုးအပင်(ချုံပင်)များ စိုက်ပျိုးထားခြင်းရှိရပါမည်။ ဤနည်းအားဖြင့် အဝေးပြေးလမ်းမမှ မကောင်းသောစွမ်းအင်များ မည်သို့ပင် များပြားစွာရှိနေသော်လည်း အထက်ပါ အကာအရံများကြောင့် မိမိအိမ်ရှိရာသို့ လုံးဝဝင်ရောက်လာနိုင်ခြင်း မရှိတော့ပေ။

**၁၂။ လမ်းဆုံလမ်းခွအဝိုင်းအနီး အိမ်တည်ရှိနေခြင်း**

မိမိနေထိုင်ရာအိမ်သည် အဝိုင်းအနီးတွင်ရှိနေပါက ယာဉ်သွားလာမှုနှုန်းအမြန်၊ အနှေးအပေါ် မူတည်၍ မိမိအိမ်အတွက် ချီဓာတ်စီးဆင်းမှုအခြေအနေကွဲပြားနေပါမည်။ မိမိအိမ်ရှေ့အနီး ဖြတ်သန်း မောင်းနှင်သွားသောယာဉ် အရှိန်မြန်ပါက မိမိအတွက် မကောင်းသောချီဓာတ်ဖြစ်စေပြီး အရှိန်နှေးပါက ကောင်းသောချီဓာတ်ကိုဖြစ်စေပါသည်။ အဝိုင်းအနီးရှိနေသောအိမ်သည် မြောက်အရပ်တွင် ကျရောက်နေပါက (သို့) တောင်အရပ်ကို မျက်နှာမူထားပါက သတ္တုဓာတ်ကိုယ်စားပြု အိမ်ဖြစ်သောကြောင့် ကောင်းသော ချီဓာတ်များ၏ဩဇာသက်ရောက်မှုခံရပါမည်။




www.burmeseclassic.com

www.burmeseclassic.com




Modern houses tend to have circular interchanges or turning areas

Flow of yang energy



Movement of chi energy



Triangular-shaped roofs can create poison arrows

Bamboo screening can help shield some negativity from neighbor's buildings

**၁၃။ လမ်းခွဲများ၏ အကျိုးသက်ရောက်မှုများ**

မိမိအိမ်တည်ရှိရာနေရာနှင့် မလှမ်းမကမ်း၌ လမ်းခွဲနှစ်ခုရှိနေပြီး ၎င်းလမ်းခွဲနှစ်ခုက မိမိအိမ်ရှေ့လမ်းတစ်လျှောက် တစ်လမ်းတည်းဖြစ်သွားကာ အိမ်အား အသာအယာကွေ့ဝိုက်နေပါက ကောင်းသောစွမ်းအင်များ၏ဩဇာသက်ရောက်မှုကိုခံရပါမည်။ အများအားဖြင့် လမ်းခွဲများ၏ထုံးစံအရ တစ်လမ်းတည်းအဖြစ်ပေါင်းဆုံချိန်၌ ယာဉ်များဖြည်းညင်းစွာမောင်းနှင်လေ့ရှိခြင်းကြောင့် မိမိအိမ်ရှေ့မှ ညင်သာစွာ ကွေ့ဝိုက်မောင်းနှင်သွား သည့်ယာဉ်များမှတစ်ဆင့် ကောင်းသော ချီဓာတ်များကို ရရှိပါမည်။ အကယ်၍ မိမိအိမ်ရှေ့မှ ဖြတ်သန်းမောင်းနှင်သော ယာဉ်အရှိန် မြန်လွန်းပါက မကောင်း သော စွမ်းအင် ရှာချီဓာတ်များ၏ တိုက် ခိုက်ခြင်းခံရပါမည်။

**၁၄။ မိမိအိမ်ဝန်းကျင်အနီး ရှာချီဓာတ်ဖြ စေသည့် အဆောက်အအုံများရှိနေခြင်း**

မိမိအိမ်အနီးတစ်ဝိုက်၌ ရုပ်သံ ထုတ်လွှင့်ရေးမျှော်စင်ရှိနေခြင်း၊ စက် ကြီးများ၏ခေါင်းတိုင်နှင့် နီးကပ်နေခြင်း ဆက်သွယ်ရေးတာဝါတိုင်များရှိနေခြင်း တို့ကြောင့် မကောင်းသော ရှာချီဓာတ် များ၏လွှမ်းမိုးမှုကိုခံနေရတတ်ပါသည်။ အထူးသဖြင့် လျှပ်စစ်ဓာတ်အား တာဝါတိုင်များနှင့် နေအိမ်နီးကပ်စွာ နေပါက ပို၍ပင် အန္တရာယ်ကြီးမား သည်။

ဖော်ပြပါ ရှာချီဓာတ်ဖြစ်ပေါ် သည့် အဆောက်အအုံများအား သတ္တု စိမ်ထားသော သံထည်၊ သတ္တုထည် စတီး စသည်တို့ဖြင့် တည်ဆောက်ထား ခြင်းကြောင့် မိမိအိမ်အတွက် ပို၍ပင် အန္တရာယ်ရှိနေပါသည်။ နမူနာပုံတွင် တြိဂံပုံ ချွန်းထွက်နေသော အမိုး အဆိပ်မြားကိုဖြစ်စေခြင်းကြောင့် အကာ အကွယ်အနေဖြင့် (ပုံတွင်ပါရှိသည့်အ တိုင်း) ဝါးလုံးများ စီတန်းကာရံထားခြင်း က အကောင်းဆုံးဖြစ်ပါသည်။

**၁၅။ အရပ်ထောင့်အမျိုးမျိုးမှ ဝင်ရောက် လာမည့် မကောင်းသောစွမ်းအင်များအား တန်ပြန်တိုက်ခိုက်ခြင်း**

မကောင်းသောစွမ်းအင်များသည် မိမိအိမ်၏ အရပ်ထောင့်အမျိုးမျိုးမှ ဝင် ရောက်လာနိုင်ခြင်းကြောင့် အောက်ပါ အတိုင်း ဖုန်းရွှေအစီအရင်များဖြင့် တန် ပြန် တိုက်ခိုက်ပေးနိုင်ပါသည်။

အိမ်၏အရှေ့အရပ် (သို့) အရှေ့ တောင်အရပ်မှ ဝင်ရောက်နိုင်ဟန် ရှိ က အိမ်အပြင်ဘက်တစ်နေရာတွင် ကောက်တစ်ချောင်း ချိတ်ဆွဲထားပေး


အကယ်၍ မြောက်အရပ်မှ ဝင် ရောက်လာနိုင်ဖွယ်ရှိပါက သင့်အိမ် တံခါးပေါက်နှင့် အန္တရာယ်ပေးသော အဆောက်အအုံကြား၌ ကြီးမားသော ကျောက်တုံးတစ်တုံး (အခုအခံအဖြ ချထားပေးပါ။

အနောက်(သို့)အနောက်မြောက် အရပ်မှ ဝင်ရောက်လာနိုင်ပါက တံခါး



www.burmeseclassic.com

www.burmeseclassic.com



Place bright lighting outside your home to curb hostile energy coming from the west and northwest directions.

...အပေါ်ဘက်၌ ဆလိုက်မီး (မီး ...)တစ်ခု တပ်ဆင်ထားပေးပါ။ ၎င်း ...က မိမိအိမ်ဝင်းအတွင်း၌သာ ... အပြင်ဘက်သို့ပါ အလင်းဖြာထွက် ...ခြင်းဖြင့်ကာကွယ်မှုပြုနိုင်ပါသည်။

တောင်အရပ်ဆီမှမကောင်းသော ...အင်များဝင်ရောက်လာနိုင်ပါက သင့် ...ရှေ့တည့်တည့်၌ ရေအပြည့်ဖြည့် ...သော အင်တုံကြီးတစ်ခု ထားရှိပေး ...

အကယ်၍ အရှေ့မြောက်အရပ်



An urn of still water calms negative energy coming from any structures located in the south. This urn also features Kuan Yin, the Buddhish goddess of compassion.

(သို့)အနောက်တောင်အရပ်မှ မကောင်းသောစွမ်းအင်များ ဝင်ရောက်နိုင်ပါက အုံကောင်းသည့် သစ်ပင်မျိုးများအား အိမ်ရှေ့တည့်တည့်၌ စိုက်ထားပေးရပါမည်။

**၁၆။ ဘေးပတ်ဝန်းကျင်အနှောင့်အယှက်များအား အကောင်းဆုံး ကာကွယ်ဖြေရှင်းခြင်း**

တစ်ခါတစ်ရံ၌ မိမိနေထိုင်ရာအိမ်ဝန်းကျင်တစ်ဝိုက်တွင် ပြောရဆိုရခက်သော ကလေးငယ်များ၏ ဆူညံခြင်း၊ အိမ်နီးချင်းတစ်ဦးနှင့်တစ်ဦး စကားများရန်ဖြစ်ခြင်းတို့ကြောင့် မိမိအိမ်သို့ မကောင်းသောစွမ်းအင်များ ကူးစက်ဝင်ရောက်လာတတ်သည်။ အထူးသဖြင့် နံရံတစ်ချပ်သာခြားသော ကွာတာ (quarter) ပုံစံ နေအိမ်များ၊ အထပ်မြင့်တိုက်ခန်းများသည် မိမိအိမ်အတွင်း အေးဆေးစွာနေ၍မရသည်အထိ ဆူညံသံ မကြာခဏ ကြားနေရတတ်သည်။ အဆိုပါ မကောင်းသော အနေအထားများကို တန်ပြန်ခုခံရန်အတွက် ဖုန်းရွှေ အစီအရင်တစ်ခု လုပ်ပေးရသည်။ ယင်းမှာ ဖန်ဖလားအကြီးတစ်လုံးအတွင်း ရေကြည်ရေသန့်တစ်ဝက်ခန့်ထည့်၍ ပန်းများနှင့် မီးထွန်းထားသော ဖယောင်းတိုင်များအား ၎င်းဖလားရှိ ရေထဲ၌ ထားရှိပါ။ အစီအရင်လုပ်ပြီးသော ဖလားအား စားပွဲအလယ်တွင် တင့်တယ်စွာ ထားရှိပေးခြင်းဖြင့် ပတ်ဝန်းကျင်၏ ဆဲဆို ဆူညံသံများကြားရသည့်တိုင် အိမ်အတွင်းသို့ မကောင်းသောစွမ်းအင်များ ဝင်ရောက်နိုင်ခြင်း မရှိတော့ပေ။

**ယန်စာတ် လွန်ကဲနေမှုကို ယင်စာတ်ဖြင့် လျှော့ချခြင်း**

သန့်ရှင်းသောဖလားကြီးတစ်လုံးအတွင်း သန့်စင်အေးမြသောရေအပြည့်နီးပါးထည့်၍ ဖလား၏ရေလယ်နေရာ၌



ယန်စာတ်ကိုယ်စားပြု မီးလုံးငယ်တစ်လုံး ထားရှိပေးပါ။ ၎င်းအစီအရင်ဖလားအား ဆူညံမှုပြုသော အိမ်နီးချင်းအခန်းအနီး၌ ထားရှိပေးပါ။

အထက်ပါ ရေနှင့်ပတ်သက်သော ဖုန်းရွှေအစီအရင်သည် လမ်းဆုံလမ်းခွနေရာရှိ မကောင်းသော စွမ်းအင်များကို စုပ်ယူနိုင်သည့် ပါ့ကွာကြေးမုံအစီအရင်ကဲ့သို့ပင် ဩဇာသက်ရောက်ပုံချင်း ဆင်တူပါသည်။




Add a tea light to the center of the bowl.

ရေဖလားအစီအရင်၏ ထူးခြားချက်မှာ မကောင်းသော ချီဓာတ်များအား ကောင်းသော ချီဓာတ်များအဖြစ် ပြောင်းလဲပေးနိုင်ခြင်းပင် ဖြစ်သည်။

**၁၇။ ခေတ်မီတိုးတက်သော အဆောက်အအုံများမှ ထွက်ပေါ်လာသည့် မကောင်းသောစွမ်းအင်များကို သန့်စင်ဖယ်ရှားခြင်း**

ရုပ်လောကတိုးတက်မှု အလွန်လျင်မြန်နေသော ယနေ့ ကမ္ဘာ့နိုင်ငံများရှိ အဆောက်အအုံအတော်များများသည် ခေတ်မီလှပစွာရှိနေသော်လည်း ၎င်းတို့တည်ဆောက်ပုံအနေအထား အမျိုးမျိုးအပေါ် မူတည်၍ မကောင်းသော





Natural elements such as trees and stone protect your home from negative extemal structures.



www.burmeseclassic.com

www.burmeseclassic.com





သစ်သားက မြေကြီးကိုနိုင်သည်။
မြေကြီးက ရေကိုနိုင်သည်။
ရေက မီးကိုနိုင်သည်။
မီးက သတ္တုကိုနိုင်သည်။
သတ္တုက သစ်သားကိုနိုင်သည်။
ပုံတွင် သစ်သားဓာတ် ကိုယ်စား

စွမ်းအင်များ စဉ်ဆက်မပြတ် ထုတ်ပေးလျက်ရှိနေကြသည်။ ဖုန်းရွှေပညာမျက်စိဖြင့် ကြည့်ရှုတတ်မှသာ ထိုအနေအထားအစစ်အမှန်ကို တွေ့မြင်နိုင်ပါမည်။ မကောင်းသောစွမ်းအင် ဖြစ်စေသည့် အဆောက်အအုံပုံစံများမှာ အချွန်း၊ အဖြောင့်၊ အစွန်းအငေါထွက်နေသည့် ပုံစံများပင် ဖြစ်သည်။ အချို့သောလမ်းဆုံလမ်းခွ(သို့)အဝိုင်းနေရာများတွင် အထပ်မြင့် အဆောက်အအုံများ ရှိနေသလို အချို့နေရာများ၌ မိုးပျံတံတား၏ တွေ့ကောက်ရစ်ပတ်ခြင်းခံနေရသော အထပ်မြင့်ရုံးခန်းအဆောက်အအုံများကိုလည်း တွေ့ရတတ်သည်။

ဖော်ပြပါ အနေအထားအားလုံးသည် မကောင်းသော စွမ်းအင်များ တစ်စထက်တစ်စ ပိုမို မြင့်တက်လာစေရန် တွန်းအားပေးနေသောအချက်များဖြစ်သည်ဟု ဖုန်းရွှေပညာရှင်တို့က ယူဆကြသည်။ အထက်ပါ အဆောက်အအုံပုံစံအမျိုးမျိုးကြောင့် မိမိနေထိုင်ရာ အိမ်ခန်း (သို့) အလုပ်လုပ်ရာ ရုံးခန်းသို့ မကောင်းသော ချီဓာတ်များ ဝင်ရောက်လာခြင်းမှ ကာကွယ်ရန် ဓာတ်ကြီးငါးပါး၏ ပျက်စီးချုပ်ငြိမ်းခြင်းစက်ဝိုင်းသဘောအရ မိမိအား တိုက်ခိုက်လာမည့်ဓာတ်ကို နိုင်သောဓာတ်ဖြင့် ပြန်လည် ခုခံ ကာကွယ်ပေးခြင်းက အကောင်းဆုံး နည်းလမ်း ဖြစ်သည်။

**၁၇။ ဓာတ်ကြီးငါးပါး၏ တစ်ခုကိုတစ်ခု ပျက်စီးချုပ်ငြိမ်းစေခြင်းသဘောကိုပြသည့် စက်ဝိုင်း**

ဖုန်းရွှေပညာရပ်၏ ဓာတ်ကြီးငါးပါးဖြစ်သော မီး၊ မြေ၊ ရေ၊ သတ္တု၊ သစ်သားတို့၏ ဓာတ်တစ်ခုအပေါ် အခြားဓာတ်တစ်ခုက အဆင့်ဆင့် အနိုင်ယူနိုင်သည့်သဘောကို သိရှိခြင်းအားဖြင့် မိမိပိုင်နက်အား ဒုက္ခပေးရန် ဝင်ရောက်လာမည့် မည်သည့်ဓာတ်တစ်ခုအား မည်သည့်ဓာတ်ဖြင့် တန်ပြန် ခုခံရမည်ဆိုသည်ကို နားလည်သဘောပေါက်လာပါမည်။




ပြု သစ်ပင်များ၏ မကောင်းသောစွမ်းအင်များအား အိမ်အဝသို့အရောက် ဘဲ သတ္တုဓာတ်ကိုယ်စားပြု သံခြံစည်း က တန်ပြန် ခုခံနေပုံကို တွေ့မြင် မည်။

ဓာတ်ကြီးငါးပါးတစ်ခုချင်းစီ၌ တို့၏ ကိုယ်စားပြုအရပ်ထောင့်တစ် နှင့် ၎င်းတို့အား အနိုင်ယူနိုင်သော ဓာ တစ်ခုစီ ပါရှိထားပြီး ဖြစ်သည်။

| ကိုယ်စားပြုအရပ်ထောင့် | မူလဓာတ် | မူလဓာတ်အားနိုင်သောဓာ |
|---|---|---|
| တောင် | မီး | ရေ |
| မြောက် | ရေ | မြေ |
| အရှေ့/အရှေ့တောင် | သစ်သား | သတ္တု |
| အနောက်/အနောက်မြောက် | သတ္တု | မီး |
| အနောက်တောင်/အရှေ့မြောက် | မြေ | သစ်သား |



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါဇယားကို လေ့လာ၍ ...ပါ နမူနာများကို နားလည်နိုင်ပါ...

...အိမ်အားဒုက္ခပေးမည့်မကောင်း ...စွမ်းအင်များသည် တောင်အရပ် ... အခြေပြုပြီး ဝင်ရောက်လာပါက ...အရပ်ကိုယ်စားပြု မီးဓာတ်အား ...အားရှိပေးခြင်းဖြင့် တန်ပြန် ခုခံ ...သည်။

မကောင်းသောစွမ်းအင်များသည် ...အရပ်မှ အခြေခံ၍ ဝင်ရောက် ...ပါက မြေဓာတ်ကိုယ်စားပြု နံရံ ...ဆောက်ပေးခြင်းဖြင့် ရေဓာတ် ...ဓာတ်က စုပ်ယူပေးသွားပါမည်။

အကယ်၍ အရှေ့ (သို့) အရှေ့ ...အရပ်မှ မကောင်းသောစွမ်းအင် ... ဝင်ရောက်ရန်ရှိပါက သစ်သား ...ကို တားဆီးရန် သတ္တုကိုယ်စားပြု ...သည်းရိုး ကာရံပေးရပါမည်။

...မိအား ဒုက္ခပေးနိုင်သော စွမ်း ...သည် အနောက်အရပ်တွင် အခြေ ... (သို့) အနောက်မြောက်အရပ်မှစ၍ ...ရောက်ရန်ရှိပါက သတ္တုဓာတ်အား ...ပျော့ကျစေရန် မီးကိုယ်စားပြု မီး ...ရောင်ထိန်နေအောင် ထွန်းပေး ...သည်။

မကောင်းသောစွမ်းအင်များသည် ...တောင် (သို့) အရှေ့မြောက် ...တွင် အခြေခံ၍ ဝင်ရောက်ရန်ရှိ ... မြေဓာတ်ကို ကာကွယ်ရန် သစ် ...ဓာတ်ကိုယ်စားပြု ခြံစည်းရိုး ကာရံ ...ပါမည်။

**... ဓာတ်တစ်ခုချင်းစီ၏ ကိုယ်စားပြုအ ... ပုံသဏ္ဌာန်နှင့် အနက်အဓိပ္ပာယ် ...ကို ခွဲခြားနားလည်ခြင်း**

မီးဓာတ်သည် ပုံသဏ္ဌာန်အားဖြင့် ...မြှောင့်တြိဂံပုံစံနှင့် အရောင်အားဖြင့် ...အရောင်အဖြစ် ကိုယ်စားပြုထား ...သည်။ မီးဓာတ်ကိုယ်စားပြုသောအခြား ...ဝတ္ထုပစ္စည်းများမှာ ဖယောင်းတိုင်၊



ထိန်လင်းသောမီးအလင်းရောင်၊ မီးပန်းဆိုင်း၊ ဆလိုက်မီး၊ နေအလင်းရောင်နှင့် အခြားပူပြင်းမီးတောက်နိုင်သည့်အရာများဖြစ်သည်။ မီး၏သဘာဝအရ အပေါ်သို့ ဆန်တက်သည့်သဘော၊ အရှိန်ဖြင့် တောက်လောင် အပူဟပ်နိုင်သည့် သဘောပါသည့် လှုပ်ရှားမှုပုံစံ ရှိသည်။ ဖုန်းရွှေရှုထောင့်အရ မီးသည် ယန်ဓာတ်ကို ကိုယ်စားပြုသည်။

သစ်သားဓာတ်သည် သစ်ပင်အမျိုးမျိုးနှင့် သစ်သားဖြင့်ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများကို တိုက်ရိုက်ကိုယ်စားပြုပြီး အရောင်အားဖြင့် အစိမ်း၊ အညိုရောင်နှင့် ပုံသဏ္ဌာန်အားဖြင့် ထောင့်မှန်စတုဂံပုံသဏ္ဌာန်အဖြစ် ကိုယ်စားပြုသည်။ မြေကြီးတွင် ရှင်သန် ပေါက်ရောက်သည့်အပင်မှန်သမျှ သစ်သားဓာတ်တွင် အကျုံးဝင်သည်။ သစ်သားဓာတ်၏ လှုပ်ရှားမှုပုံစံသည် အထက်သို့ ဆန်တက်နိုင်ခြင်းနှင့် ဘေးသို့ကားထွက်



နိုင်သည့်သဘောကိုဆောင်သည်။ ဖုန်းရွှေပညာအရ သစ်သားကို ရှင်သန်ကြီးထွားခြင်း (တိုးတက် စည်ပင်ခြင်း) အဓိပ္ပာယ်ဖြင့် ဖော်ပြသည်။

ရေဓာတ်တွင် အရည်သဘောဆောင်သည့်အရာအားလုံး ပါဝင်ပြီး အရောင်အားဖြင့် အပြာနှင့် အနက်ကို ကိုယ်စားပြုကာ လှုပ်ရှားမှုပုံစံ(သဘာဝ) အရ အောက်ဘက်ဆီသို့ စီးဆင်း (ယိုကျ) သည့်သဘောကိုဆောင်သည်။ ရေကို ပုံသဏ္ဌာန်အားဖြင့် လှိုင်းတွန့်ပုံစံဖြင့် သတ်မှတ်သည်။ ဖုန်းရွှေရှုထောင့်အရ ရေကို စီးပွားဥစ္စာဓနနှင့် ဝင်ငွေတိုးတက်ခြင်းအဓိပ္ပာယ်ဖြင့် ဖော်ပြသည်။

မြေဓာတ်တွင် ကျောက်တုံး၊ ကျောက်ခဲများ၊ အင်္ဂတေ (ကွန်ကရစ်)၊ အုတ်နံရံ၊ သလင်းနှင့် အခြား ပုံဆောင်ခဲများအားလုံး အကျုံးဝင်သည်။ မြေ



ဓာတ်သည် ပုံသဏ္ဌာန်အားဖြင့် လေးထောင့်စတုရန်းပုံအား ကိုယ်စားပြုသည်။ တောင်တန်းတောင်ထွတ်များနှင့် နက္ခတ်ဗေဒပညာရပ်အရ ဂြိုဟ်အားလုံးတို့က မြေဓာတ်ကို ကိုယ်စားပြုသည်။ မြေဓာတ်သည် အရောင်အားဖြင့် ညိုမှိုင်းမှိုင်းအရောင်နှင့် အဝါရောင်ကိုရည်ညွှန်းသည်။ ဖုန်းရွှေပညာအရ မြေဓာတ်ကို ပြောဆိုဆက်ဆံရေးနှင့် ကျန်းမာရေးကောင်းသော နိမိတ်လက္ခဏာအဖြစ် အဓိပ္ပာယ်ဖော်ထားသည်။

သတ္တုဓာတ်တွင် ရွှေ၊ ငွေ၊ ကြေး၊ စတီးတို့ အကျုံးဝင်နေပြီး ပုံသဏ္ဌာန်အားဖြင့် အဝိုင်းပုံစံကို ကိုယ်စားပြုသည်။ ဖုန်းရွှေပညာအရ သတ္တုဓာတ်သည် မိသားစုအကြီးအကဲ (မိဘအရာ) သို့မဟုတ် ခေါင်းဆောင်နေရာ၌ရှိသူကို ကိုယ်စားပြုသည်။

ဓာတ်ကြီးငါးပါးအနက် သတ္တုဓာတ်သည် တင်းမာသည့်သဘော၊ အလွယ်တကူအလျှော့မပေးသည့်သဘော၊ အရှုံးမပေး ဒူးမထောက်ဘဲ ကြံ့ကြံ့ခံ ရင်ဆိုင်ရဲသည့်သဘောသဘာဝကို ပိုင်ဆိုင်ထားသည်။

ပုံအရ တြိဂံသုံးမြှောင့်ပုံရှိ အိမ်ခေါင်မိုးသည် မီးဓာတ်ကို ကိုယ်စားပြုနေကြောင်း သတိပြုမိပါမည်။ ထို့အတူ အနီရောင်ဆေးသုတ်ထားသောတံခါးသည် မီးဓာတ်နှင့် Yang (ယန်) စွမ်းအင်ကို ကိုယ်စားပြုထားပြီး ထောင့်မှန်စတုဂံပုံရှိ ပြတင်းတံခါးများက သစ်သားဓာတ်ကိုကိုယ်စားပြုထားကြောင်း လေ့လာ တွေ့ရှိရသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက် ဟူသည် ထူးခြားဆန်းကြယ်မှုများဖြင့် ပြည့်၍နေ၏။ သက်ရှိသတ္တဝါထဲတွင် လူသည် အထူးခြားဆုံးသတ္တဝါဖြစ်၍ အိပ်မက်များသည်လည်း ထူးခြားလှပေသည်။ သီလ၊ သမာဓိရှိသော သူတော်ကောင်းများသည် အနာဂတ်တွင်ဖြစ်မည့်ကိစ္စရေးရာများကို အိပ်မက်ဖြင့် တိတိကျကျ မြင်မက်တတ်ကြသည်။ သီလ၊ သမာဓိ မရှိသော်လည်း အနာဂတ်ကို ကြိုတင်မြင်မက်နိုင်သူများလည်း အများအပြား ရှိလေ၏။

အိပ်မက် ဟူသည် မှန်သည်လည်း ရှိ၏၊ မှားသည်လည်း ရှိ၏။ အတိတ်မှဖြစ်ပြီးခဲ့သော အဖြစ်အပျက်များသည် လည်းကောင်း၊ မိမိအတွင်းစိတ်ထဲမှ ဖြစ်ချင်နေသော ဆန္ဒများသည်လည်းကောင်း အိပ်မက်ထဲ၌ တိုက်ရိုက်သော် လည်းကောင်း၊ ပုံသဏ္ဍာန်ပြောင်း၍သော် လည်းကောင်း ထွက်ပေါ်တတ်သည်။ သွေးလေချောက်ချား၍သော် လည်းကောင်း၊ နေရာထိုင်ခင်းမသန့်ရှင်း၍သော် လည်းကောင်း၊ အဓိပ္ပာယ်မဲ့ တောင်စဉ်ရေမရ မက်တတ်ပါသေးသည်။ မကောင်းသော တစ်စုံတစ်ရာ၏ စွမ်းအားများကြောင့် ဘဝတွင် အဆိုးများနှင့်ကြုံရအောင် သွေးဆောင်ဖြားယောင်းတတ်သော အဖျက်အိပ်မက်များလည်း ရှိတတ်၏။ ဒုက္ခရောက်စေရန် သုခကို အရင်ပေးပြီးမှ အတင်းတွန်းချတတ်သော ပရိယာယ်ကောင်းလှသည့်အိပ်မက်မျိုး ဖြစ်သည်။ နတ်ဆိုးနတ်ညစ်များ၏အိပ်မက်များဟု ဆိုရမည်ဖြစ်၏။

အိပ်မက်ကို တချို့က ရိုးရှင်းစွာဖြင့် လည်းကောင်း၊ အချို့က သင်္ကေတနိမိတ်ပုံများဖြင့် လည်းကောင်း မက်တတ်သည်။ မိမိ၏အိပ်မက်ကို မှန်ကန်စွာ အဓိပ္ပာယ်ဖော်နိုင်လျှင် အကျိုးရှိသည် ဖြစ်၏။ လျှို့ဝှက်နက်နဲလှသော စိတ်ပိုင်းဆိုင်ရာ ခံစားချက်များသည်လည်း အိပ်မက်အဖြစ် ထွက်ပေါ်တတ်ပါသည်။ အိပ်မက်နှင့်ပတ်သက်၍ ထူးခြားမှုလေးများကို ရေးသားတင်ပြလိုပါသည်။

ပထမဦးစွာ မိတ်ဆွေတစ်ဦး၏ အိပ်မက်အကြောင်း ဖြစ်သည်။ ထူးဆန်းသည်ဟုဆိုရမည် ဖြစ်၏။ ထိုမိတ်ဆွေသည် (၁၀) တန်းကျောင်းသားဘဝက အလွန် စာကြိုးစားသူ ဖြစ်၏။ စာမေးပွဲတွင် မေးမည့်မေးခွန်းများကို တစ်ဘာသာလျှင် (၆၀) မှတ်ဖိုး အိပ်မက်မြင်မက်သဖြင့် စာကိုရွေးကျက်ရာ ပါလာသဖြင့် အလွယ်တကူ အောင်မြင်ခဲ့၏။ တစ်ဘာသာ ပျမ်းမျှ (၅၆) မှတ် ရ၏။ သူဘွဲ့ရ၍ ကျောင်းဆရာလုပ်ရာ (၁၀)တန်းကို သင်သောအခါ၌လည်း အမှတ် (၆၀) ဖိုးခန့် အမြဲမြင်မက်၍ သင်ပေးသောအခါ အမြဲ တိုက်ဆိုင်စွာ မှန်ကန်၏။

ထိုမိတ်ဆွေက-

"ကျွန်တော့်အိပ်မက်ကလည်းဗျာ၊ အမှတ် (၁၀၀) ဖိုး ဘယ်တော့မှမမက်ဘူး၊ နို့မို့ရင် (၁၀) တန်းကျောင်းသားကတည်းက ဘာသာစုံဂုဏ်ထူးရှင်ဖြစ်ရမှာ။ ကျောင်းဆရာဘဝမှာလည်း (၁၀၀) ဖိုး မမက်ဘူး၊ နို့မို့ရင် ကျူပ်သင်တဲ့ ဘာသာများ ကျောင်းသားအားလုံးနီးပါးဂုဏ်ထူးရမှာ"

"ထိုက်တန်သလောက် ရတာကို လောဘမကြီးပါနဲ့လေ"

"လောဘက လုံးဝ မကြီးပါဘူးဗျာ၊ အိပ်မက်ကိုက အပြည့်မပေးလို့ စိတ်နာတာပါ"

ထိုမိတ်ဆွေသည် လူသေသည်ကို မြင်မက်ပါက အောင်မြင်မှုများကို အမြဲရရှိကြောင်း၊ လူသေကောင်သည် သေပြီးသူဖြစ်ပါက ကိစ္စမရှိသော်လည်း မသေသေးသူဖြစ်ပါက ထိုသူများက မကြာမီကွယ်လွန်သွားကြကြောင်း ပြောပြပါသေးသည်။

တစ်ဦးတစ်ယောက်နှင့်သက်ဆိုင်သော ထူးခြားဖြစ်ရပ်များ၊ လူများနှင့်ပတ်သက်သော ထူးခြားဖြစ်ရပ်များကိုလည်း အိပ်မက်ဖြင့် မြင်မက်တတ်သေး၏။

"ကျွန်တော် ဒီကိစ္စကို ကျွန်တော့် အမေကိုပဲ ပြောပြဖူးတယ်၊ ညီအစ်[illegible] ချင်းတောင် မပြောပြဘူး။ အဖေက [illegible] အံ့တသြ ဖြစ်သွားတယ်။ ကျွန်တော့်[illegible] ကြောင်းကိုလည်း သိတော့ အဖေ[illegible] တစ်ခွန်းတည်း ပြောတယ်။ ငါ့သား[illegible] အိပ်မက်ကို အဖေကလွဲပြီး ဘယ်သူ[illegible] မှမပြောပါနဲ့တဲ့။ ခင်ဗျားကို ဒီလို[illegible] ပြောရတာဟာ ရင်ဘတ်မိတ်ဆွေ[illegible] တဲ့အပြင် အိပ်မက်တွေကို စိတ်ဝင်စား[illegible] တဲ့သူ၊ စာရေးနေတဲ့သူတစ်ယောက် [illegible] နေလို့ပါ"

"ကျွန်တော်ယုံကြည်ပါတယ်၊ [illegible] ဗျားအဖေက ခင်ဗျားကို သူများ[illegible] ကြည်မှာစိုးလို့ တားတာပါ။ နောက်[illegible] ထူးထူးခြားခြားလေးတွေ ပြောပြပါ[illegible]"

"အင်း- ကျွန်တော့်မိဘတွေ [illegible] ခင်မှာ သူတို့ဆုံးပါးတော့မှာကို အ[illegible] လုံး ကြိုတင်အိပ်မက်မက်တာပါ။ [illegible] အိပ်မက်က မှန်လွန်းတော့ ကြိုတင်[illegible] ရတာပေါ့ဗျာ။ ခင်ဗျား စဉ်းစား[illegible] လေ၊ ခင်ဗျားအဖေ ကွယ်လွန်မှာ, [illegible] ဆုံးတော့မှာကြိုသိနေရင် ဘယ်လော[illegible] အခံရခက်လိမ့်မလဲ။ ဒါကြောင့် [illegible] က ကြိုတင်သိခွင့်ရှိခဲ့ရင် အဆိုးတွေ[illegible]

အေးလွင် (ကသာ)

အိပ်မက်ထဲက ပဝါ





www.burmeseclassic.com

www.burmeseclassic.com

နိုင်မယ် ထင်ကြတယ်။ တကယ် မလွန်ဆန်နိုင်တဲ့ နိယာမကြီးကို သိခွင့်ရှိတာ မကောင်းဘူးဗျာ"

ထိုမိတ်ဆွေသည် အိပ်မက်ဖြင့် ချင်းဆက်သွယ်မှုအကြောင်း ဆက် ပြန်၏။

"နောက်တစ်ခု ရှိပါသေးတယ်။ တော်က ရပ်ဝေးမှာ အလုပ်သွား တော့ အဖေနဲ့အမေကို ညအိပ်ရာ စိတ်ထဲက ရည်မှန်းပြီး ကန် တယ်၊ မေတ္တာပို့တယ်။ မနက်မိုး မေတ္တာပို့တယ်။ ဒီအကြောင်းကို အဖေ့ပြောပြတော့ အဖေက ပြောတယ်။ အဖေလည်း သားတို့ကို အမြဲ မေတ္တာပို့တယ်။ အဖေပို့တဲ့မေတ္တာကို ရရှိခံစားရတယ်လို့ စိတ်ထဲမှာမှတ်လိုက်ပါ၊ ထူးခြားလာမယ်တဲ့"

ကျွန်တော့်မှာ သူ့စကားများကို စိတ်ဝင်စားလာပြီး-


"ဘာတွေထူးခြားလာသလဲဗျ၊ ပွင့်ပွင့်လင်းလင်းပြောပြပါ။ ကျွန်တော် ယုံကြည်ပါတယ်"

"အင်း. . . ကျွန်တော် ဒုက္ခတွေ့ချိန်ဆို အိပ်မက်ထဲမှာ အဖေက လာပြီး အားပေးစကားပြောတယ်။ အခက်အခဲ ဖြေရှင်းတဲ့နည်းတွေ လာပြောပြတယ်။ အဲဒီတုန်းက အဖေ သက်ရှိထင်ရှားရှိ သေးတယ်။ ဘယ်လောက်ခက်ခဲပါစေ၊ ငါ့မှာအဖေရှိတယ် ဆိုတဲ့အသိက အရာရာကို လုံခြုံစိတ်ချစေတယ်။ အဖေဆုံးတော့ မမြင်ရတဲ့အကာအကွယ်ကြီး ဆုံးရှုံးသွားသလို ခံစားရတယ်ဗျာ"

"ခင်ဗျားတို့ သားအဖရဲ့ ချစ်ခြင်းမေတ္တာနဲ့စိတ်ချင်းဆက်သွယ်မှုက အံ့သြစရာပါပဲ၊ ဒါမျိုးက ဖြစ်တတ်ပါတယ်"

ထိုမိတ်ဆွေသည် ယခုထက်တိုင်အောင် ထူးခြားမှုများကို အိပ်မက်ဖြင့် ကြိုသိနေသူ ဖြစ်၏။

ယခု အဓိက ရေးပြလိုသော အိပ်







www.burmeseclassic.com

www.burmeseclassic.com

မက်ပိုင်ရှင်မှာ မြန်မာပြည်အထက်ပိုင်းမှ ဆရာတော်တစ်ပါး၏အိပ်မက် ဖြစ်ပါသည်။ ထိုဆရာတော်သည် သက်တော် (၅၅) နှစ်ခန့်ရှိပြီဖြစ်၍ သီလ၊ သမာဓိ ဂုဏ်နှင့်ပြည့်စုံ၏။ တောတောင်ကြားရှိ ရှမ်းရွာလေးတွင် သာသနာပြုနေသော ပုဂ္ဂိုလ်လည်း ဖြစ်၏။ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆက်ဆံတတ်၍ အမြင်မတော်သည့်ကိစ္စများကို ဖြောင့်ဖြောင့်ပြောတတ်သူ ဖြစ်၏။ တောတောင်ကြားထဲတွင်ရှိနေသော ဆရာတော်သည် တစ်ရက်တွင် ဖျားတော့သည်။ အဖျားက တက်လိုက်၊ ကျလိုက်ဖြင့် ရှိနေ၏။ ဆေးဝါးမပြည့်စုံသော အရပ်ဒေသတွင် အလူးအလိမ့်ခံနေရ၏။ မြတ်စွာဘုရား၏ ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း ဝေဒနာကိုအန်တုနေရ၏။

ညနေစောင်း အဖျားကျသောအခါ ထ၍ ဘုရားရှိခိုး အမျှဝေကာ အိပ်ရာထဲလှဲရင်း ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်နေ၏။ မကြာမီ မှေးခနဲ အိပ်ပျော်သွား၏။ အိပ်မက်ထဲတွင် လူနှစ်ယောက်က လာ၍-

'အရှင်ဘုရား၊ တပည့်တော်တို့ ငရဲမင်းတွေပါ။ ငရဲသားတွေ ငရဲမကျခင် သရဏဂုံတည်ပေးချင်လို့ လာပင့်တာပါဘုရား'

ဆရာတော်က လိုက်သွား၏။ ငရဲကျမည့်သူများကိုကြည့်ရာ ပရိသတ်များလွန်းသဖြင့် စိတ်ထဲမှ ငရဲကျမည့်သူတွေ အတော်များတာပဲဟု တွေးမိလိုက်၏။ ထို့နောက် ပရိသတ်တစ်သုတ်ပြီးတစ်သုတ် သရဏဂုံတည်ပေးရာ မိုးလင်းခါနီးမှ ပြီးသွား၏။ လူလည်း အတော် ပင်ပန်းသွား၏။ အိပ်ရာမှနိုးလာသောအခါ ချွေးများဖြင့် ရွှဲစိုနေ၏။ အဖျားလည်း ပျောက်ကင်းနေပြီ ဖြစ်၏။ ဆရာတော်မှာ ညကအဖြစ်အပျက်သည် တကယ်လား၊ အိပ်မက်လားဟု ဝေခွဲမရအောင် ဖြစ်နေ၏။

သရဏဂုံတည်ပြီးနောက် ငရဲကျမည့်သူများ တန်းစီပြီး ငရဲခံနေရပုံကို စိတ်ထဲ ကွက်ကွက်ကွင်းကွင်း ပြန်မြင်ရာ ကျောချမ်းစရာကောင်းလှသည်။ ထိုအိပ်မက်သည် ဘာကိုရည်ရွယ်၍ မက်သည်ကို မသိသော်လည်း ထိုအိပ်မက်မက်ပြီးနောက် ငရဲကျမည့်အလုပ်များကို ရှောင်ကြဉ်ကြရန် တရားဟောတိုင်း ဟောကြား၏။ ရဟန်းဘဝဖြင့်သာ တစ်သက်လုံးနေထိုင်ကျင့်ကြံရန်လည်း အခိုင်အမာ ဆုံးဖြတ်လိုက်ကြောင်း ကျွန်တော့်ကို ပြောပြ၏။

ဆရာတော်နှင့်ဆုံမိခိုက် ရင်းနှီးစွာ ပြောပြခြင်း ဖြစ်၏။ ဘေးမှနားထောင်နေကြသော ဦးပဥ္စင်းတစ်ပါးက-

"ကိုယ်တော်ရဲ့ အိပ်မက်ထဲက ပဝါအကြောင်းလေး ပြောပြလိုက်ပါဦး၊ စာရေးဆရာ စိတ်ဝင်စားသွားလိမ့်မယ်"

"စိတ်ဝင်စားရင် စာရေးမယ်၊ အရှင်ဘုရားရဲ့ဓာတ်ပုံပါထည့်ပေးမယ်"

"အမလေး- မလုပ်လိုက်ပါနဲ့ စာရေးဆရာရယ်၊ နာမည်ကြီးကုန်ဦးမယ်"

"နာမည်ကြီးတော့ မကောင်းဘူးလား ဘုရား"

"မလိုတော့ပါဘူး စာရေးဆရာရယ်။ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်လွန်းလို့ အချိန်မရအောင် ဖြစ်နေတာ၊ အပို ဗဟီရကိစ္စတွေ တတ်နိုင်သမျှ လျှော့ထားတယ်"

"ဒါဆို အခုပြောမယ့်ဇာတ်လမ်းကကော ရေးရမှာလားဘုရား"

"ရေးပါ၊ ခွင့်ပြုပါတယ်။ တကယ်ထူးဆန်းလွန်းလို့ လူတိုင်းကို မပြောပြခဲ့ပါဘူး။ မယုံမှာစိုးတာရယ်၊ အခုလိုဘဝမျိုးမှာ ပြောဖို့ မသင့်တော်တာရယ်ကြောင့်ပါ။ ဒါကြောင့် ဓာတ်ပုံနဲ့မဖော်ပြပါနဲ့၊ နာမည်မသုံးပါနဲ့။ ဒီအဖြစ်ဟာ တကယ်မက်ခဲ့တဲ့ အိပ်မက်ပါ"

"အရှင်ဘုရား ဘယ်အရွယ်က မက်ခဲ့တဲ့ အိပ်မက်လဲ ဘုရား"

"ကျုပ်က (၁၀) တန်း စာမေးပွဲကို နှစ်ကြိမ်ကျပြီးစ အချိန်ဆိုတော့ အသက် (၁၈) နှစ်သားလောက်ကပေါ့။ အသက် (၂၀) ရောက်တော့ ရဟန်းဝတ်ပြီးနေခဲ့တာ အခုထက်ထိပဲ။ အဲဒီတုန်းက လူဝတ် ဆိုတော့ နာမည်က အောင်ဖုန်းလို့ ခေါ်တယ်ဗျာ"

ဆရာတော်သည် ငယ်ဘဝအကြောင်းထဲမှ အိပ်မက်အကြောင်းပြောရန် ဟန်ပြင်လိုက်တော့ မျက်နှာတွင် လွမ်းရိပ်များ ဖြတ်သန်းသွားသည်ကို ဖျတ်ခနဲ တွေ့လိုက်ရ၏။ ပြီးမှ ခပ်လေးလေး အသံဖြင့်-

"အဲဒီတုန်းက ကျုပ်အသက် (၁၈) နှစ်ကျော် (၁၉) နှစ်ထဲမှာ။ အခု ကျုပ်သီတင်းသုံးနေထိုင်တဲ့ရွာကို အလည်လာခဲ့တယ်။ ရွာမှာ ဆွေမျိုးတွေရှိကြတော့ တစ်ခါလာလည်ရင် (၃) လ၊ (၄) လ လောက်နေပြီးမှ ပြန်တယ်။ တစ်ရွာလုံးဟာ ဆွေမျိုးတွေနဲ့ ဆွေမျိုးလိုခင်တဲ့သူတွေပဲ။ အရွယ်အကောင်းဆုံးအချိန်ဆိုတော့ ပျော်ပြီးရင်းပျော်ပေါ့ဗျာ"

. . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . .

မောင်အောင်ဖုန်းက အခြားဒေ
သမှလာသော်လည်း ရွာထဲရှိ ဆွေမျိုး
များကြောင့် ဒေသခံလို ဖြစ်နေသည်
မနက်မိုးလင်းလျှင် ဆွေမျိုးများနှင့်အတူ
တောထဲဝင် အလုပ်ကူလုပ်သည်။ ပြန်
လာလျှင် ဟိုအိမ်က ထမင်းစားဖိတ်
သည်အိမ်က ထမင်းစားဖိတ်ရှိသဖြင့် အ
လှည့်ကျ လိုက်စားသည်။ ပြီးလျှင် ရွာ
ကာလသားများနှင့် အပျိုအိမ် လိုက်
လည်ကြ၏။ တောဓလေ့စရိုက် အပြည့်
အဝရှိသဖြင့် အလွန်ပျော်စရာကောင်း
သည်ဟု ဆိုရမည် ဖြစ်၏။ ရပ်ရေးရွာ
ရေး၊ သာရေး၊နာရေးကိစ္စများကို ကာလ
သားများနှင့်အတူ ဝင်လုပ်ကိုင်၏။ သူ
လာလည်ပြီး အိမ်ပြန်လျှင် တစ်ရွာလုံး
လွမ်းရသလို သူကလည်း လွမ်းရသည်
တစ်ခါ တစ်ခါ ရွာထဲမှကာလသားများ
က သူ့ထံလာလည်ကြသည်။ ကြာလာ
တော့ သူ့ကို ရွာထဲမှလူများက သူတို့ရွာ
ထဲမှာပဲအခြေချရန် တိုက်တွန်းကြ၏
တစ်ရက်တွင် သူတို့ရွာနှင့် (
မိုင်ခန့်ဝေးသောရွာတွင် ဇာတ်ပွဲတစ်
လာရောက်ကပြ၏။ အလှူပွဲစည်
စေရန် ဇာတ်အဖွဲ့တစ်ခု ငှားရမ်း
ကပြစေခြင်း ဖြစ်၏။ ရွာထဲရှိ ကာလ
သားများ၊ ကာလသမီးများ အလွန်ပျော်
ရွှင်ရသောပွဲ ဖြစ်၏။ တောကြားထဲ
ရွာလေးများတွင် ထိုစဉ်က အမိကဒေ
ဖြေမှုမှာ ဇာတ်သဘင်ပဲ ရှိ၏။ တစ်
မှတစ်ခါသာကြည့်ရသည်မို့ အား
ပျော်ကြရသောပွဲ ဖြစ်၏။ တောရွာ
လုလင်ပျို၊ လုံမပျိုတို့ တွေ့ဆုံရသော
ချိန်အခါ ဖြစ်၏။ ရှိသမျှကိုဝတ်ဆင်
အလှဆုံးပြင်ဆင်ကြပြီး ပွဲသွားရန်
ခဲထားကြ၏။ ညနေပိုင်းရောက်သော
အခါ ပွဲလိုက်မည့် လူပျို၊ အပျိုများ
လူပျိုခေါင်း၊ အပျိုခေါင်းများက စု
ပြီး အတူတကွသွားကြည့်ကြခြင်း
၏။ ပြန်လျှင်လည်း အတူတကွ ပြန်
ခြင်းဖြစ်၍ စုစုစည်းစည်း ညီညွ
ညွတ် ရှိကြလေ၏။ လူပျိုခေါင်း
ခေါင်း၏စီမံခန့်ခွဲမှုကို အားလုံးက
နာကြရ၏။ လွမ်းဖွယ်ကောင်း
မြန်မာ့ရှေးဓလေ့လေးများ ဖြစ်၏
တော့ ပျောက်ကွယ်သွားမတတ်ရှိ
၏။

မောင်အောင်ဖုန်းတို့ လူပျိုများ
လည်း အရမ်း တက်ကြွ ပျော်ရွှင်
သလို အပျိုများမှာလည်း အလှ
ဆင်၍ ပွဲကြည့်ရန် ရင်ခုန်နေကြ
ထမင်းစောစောစားပြီး လူပျိုခေါ
သွားနေလိုက်၏။ ဟိုလူ့ခေါ်၊ သ



www.burmeseclassic.com

www.burmeseclassic.com

လူပျိုခေါင်းခိုင်းသမျှ တက်ကြွ ...ပေးနေ၏။ လူအားလုံးစုံသည် ...သွားရန် လှည်းဖြင့် ထွက်ကြ၏။ ... ရောက်ပြီးမှ မောင်အောင်ဖုန်း ...ခေါင်းကို-

"...ကြီးသာဦး၊ ကျွန်တော် ဗိုက် ...လို့ အိမ်သာတက်ဦးမယ်"

"ဟာ- မင်းကလည်း၊ အရေးထဲ ...ပေါ်နေပြီ။ စောင့်နေရင် ကြာ ...မယ်၊ အောင့်ထားလိုက်ပါကွာ"

"ဟာ- မရဘူးဗျ၊ စောင့်ပါဦး"

ကာလသားများက တစ်ယောက် ...ကြ် ဝိုင်းဝန်းနောက်ပြောင်နေကြ ...သွားရန် အလွန် စိတ်စောနေကြ ... မောင်အောင်ဖုန်းကို စောင့်ရန် ...လေးပင် မပေးနိုင်အောင် ဖြစ် ...၏၊ လူပျိုခေါင်း သာဦးက-

"ကဲကဲ- မင်း အိပ်သာတက်ပြီးမှ ...တ်ကလေးလိုက်ခဲ့၊ တို့က ဖြည်း ...င်းသွားမယ်။ လမ်းမှာမဒီလည်း ...ထဲမှာ ဆုံမှာပဲကွာ၊ ဒီတောလမ်း ...သွားရတဲ့ မဟုတ်လား"

"ဘာမသွားရဲစရာရှိလဲဗျ။ တော ... လုံးဝ မကြောက်ဘူး"

မောင်အောင်ဖုန်းမှာ လှည်းပေါ် ...၍ အိမ်ရှိအိမ်သာသို့ အပြေးသွား ...မ်သာတက်နေလိုက်၏။ ဗိုက်က ...ရစ်နာနေသည်မို့ အိမ်သာထဲတွင် ...ကြာသွား၏။ ကိစ္စများပြီး၍ လိုက် ...န်ပြင်တော့ ခေါင်းက တရိပ်ရိပ် ...သဖြင့် အိမ်ပေါ်သို့ တက်လိုက်ရ ... အိမ်ပေါ်ရှိ သူ့ဘကြီးနှင့်ကြီးတော်

"တဲ့ အောင်ဖုန်း၊ ပွဲလိုက်မသွား ...လား"

"ဗိုက်နာလို့ အိမ်သာတက်နေ ...ပြီးတော့ ခေါင်းမူးလာတာနဲ့ ခဏ ...ကိုက်ဦးမယ်၊ ပြီးမှလိုက်သွားမယ်"

"နင်က ဘာအစားမှားလို့လဲ၊ ...သောက်မလား"

"ရတယ် ဘကြီး၊ ခဏနေ သက် ...သွားမှာပါ"

ပြောရင်း အိပ်ရာထဲ ဝင်လှဲ၍ ...င်းနှင့် ခေါင်းအုံးထိမိတော့ တစ်ချိုး ...ည်းအိပ်ပျော်သွားတော့သည်။ အိပ် ...ထဲတွင် -

'ဟာ- ငါ ပွဲခင်းထဲလိုက်သွားရ ...ပါလား'

ဟု ရေရွတ်ရင်း ပွဲသွားရန် အိပ် ...ထဲမှထပြီး ထွက်လာခဲ့သည်။ မိုးချုပ် ...ပြီဖြစ်သဖြင့် ရွာထဲတွင် အိပ်ပျော် ...ကြပြီ ဖြစ်၏။ ပွဲခင်းသို့ ရွာထဲရှိ လူ ကုန်နီးပါး သွားသဖြင့် ရွာမှာ တိတ်ဆိတ်နေသည်။ ရွာ၏အနောက်ဘက်လမ်းအတိုင်း ခပ်တိမ်းတစ်လက်ဖြင့် ထွက်ခဲ့ရာ ရွာအထွက် မိုင်ဝက်ခန့်တွင် တောစပ်ထဲမှ ကွင်းပြင်ကို တွေ့ရ၏။ ကွင်းပြင်၏ အဆုံးတွင် အိမ်တစ်လုံးကို မီးရောင်ဖြင့် တွေ့ရသဖြင့် စိတ်ထဲထူးဆန်းသွား၏။

ဒီဘက်ပိုင်းကို ရောက်ဖူးသော်လည်း အလာနည်းသဖြင့် အိမ်ရှိ၊ မရှိ မသိခဲ့ပေ။ ယခုတော့ မီးရောင်ဖြင့် တွေ့ရ၍ စိတ်ဝင်စားပြီး ကွင်းပြင်ကို ဖြတ်ကာ အိမ်ဘက်သို့ သွားခဲ့သည်။ ကျေးလက်နေလူငယ်သဘာဝ တောလမ်းခရီး၊ ညအမှောင်ကို လုံးဝ မကြောက်ပေ။ စူးစမ်းလိုသောစိတ်ဖြင့်သာ သွားခဲ့ခြင်း ဖြစ်၏။

ခြံစည်းရိုးနား ရောက်သောအခါ ခြံတံခါးဝတွင် အသက် (၄၀) ခန့် မိန်းမကြီးကို တွေ့ရ၏။ မိန်းမကြီးက သူ့ကို-

'လာကွယ့် ငါ့တူရဲ့၊ မင်းကိုစောင့်နေတာကြာပြီ။ မင်းညီမကလည်း ပွဲကြည့်ချင်နေတာနဲ့ မင်းကိုမျှော်နေတာ၊ ငါ့တူ ခေါ်သွားလိုက်ဦး'

ဟု ပြော၍ အိမ်ထဲသို့ ခေါ်သွားရာ အသက် (၁၆) နှစ်ခန့် မိန်းမပျိုလေးကို တွေ့ရ၏။

အင်္ကျီ အဝါရောင်၊ လုံချည်က ချိတ်ထဘီဖြင့် လှချင်တိုင်းလှနေသော မိန်းကလေးကို အံ့သြစွာ ကြည့်မိသည်။ မိန်းကလေးက-

'အစ်ကိုနဲ့အတူ ပွဲကြည့်ချင်လို့ စောင့်နေတာ၊ ခေါ်မှာလား'

'ဟာ - ခေါ်သွားမှာပေါ့။ ဟိုမှာ အဖော်တွေရှိတယ် မဟုတ်လား'

'တစ်ယောက်တည်းပါ။ တစ်ယောက်တည်း အဖော်မရှိလို့ အစ်ကို့ကိုစောင့်နေတာ ကြာလှပါပြီ'

'ကဲ- ငါ့တူ၊ စိတ်ချလက်ချ ထည့်လိုက်မယ်နော်။ အိမ်အထိ ပြန်ပို့နော်'

'ဟုတ်ကဲ့ပါ အဒေါ်၊ ညီမအရင်းလို စောင့်ရှောက်ပါ့မယ်'

ပြောပြီး ပွဲခင်းရှိရာ ရွာသို့ ထွက်ခဲ့သည်။ နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး စကားစမြည် တပြောပြောဖြင့် လာခဲ့ကြ၏။ စကားလက်ဆုံ ပြောမကုန်အောင်ရှိနေသည်။ စိတ်ထဲတွင်လည်း အလွန်အေးချမ်းစွာရှိနေသည်ကို သတိပြုမိ၏။ ရင်ခုန်လှုပ်မောလုံးဝမရှိဘဲ ကြည်လင်သန့်ရှင်းသော မေတ္တာစိတ်ဖြင့် ဆက်ဆံကြ၏။ ပွဲခင်းထဲရောက်သောအခါ ရွာထဲမှ ကာလသားများကို လိုက်ရှာရာ မတွေ့သဖြင့် နှစ်ယောက်သား အကြော်ဆိုင်ထိုင်ပြီး စကားပြောကြသည်။ သူတို့နှစ်ဦးကို အခြားဝိုင်းမှ ကာလသား၊ ကာလသမီးများက အထူးအဆန်းလို ဝိုင်းကြည့်ကြသဖြင့် ရှက်မိသေးသည်။ ပွဲကသောအခါ ပွဲခင်းအစွန်ဘက်တွင် နှစ်ယောက်သား ပွဲကြည့်ကြ၏။ သူတို့ကြည့်သောနေရာဘေးတွင် ချစ်သူစုံတွဲများကလည်း ကြည့်ကြသဖြင့် ကိုယ့်ကိုစိတ်မဝင်စား၍ ဝမ်းသာရသေးသည်။

ညဥ့်နက်လာသောအခါ ဆောင်းလက်ကျန် မြောက်ပြန်လေက ဝေ့လာသဖြင့် ချမ်းလာကြသည်။ ချစ်သူစုံတွဲများက ရွာဝေလေ့အရ စောင်ခြုံပြီးကြည့်နေကြသည်။ ဤဒေသတွင် ပွဲကြည့်ပါက ညအခါ ချမ်းသဖြင့် စောင်ယူခဲ့ကြပြီး စောင်ခြုံ၍ ပွဲကြည့်ကြခြင်း ဖြစ်၏။ သမီးရည်းစားများ အကြိုက်တွေ့ရသောပွဲဖြစ်၍ စောင်ခြုံပွဲဟု ခေါ်ကြခြင်း ဖြစ်သည်။ မောင်အောင်ဖုန်းက စောင်မပါခဲ့ပါ။ သို့သော် မိန်းကလေးက သူ့မှာပါခဲ့သောခြုံစောင်ထုတ်ပြီး နှစ်ယောက်သား ပွဲကြည့်ကြသည်။ စကားပြောလိုက်၊ ပွဲကြည့်လိုက်ဖြင့် မနက် (၃) နာရီကျော်သောအခါ မိန်းကလေးက-

'အစ်ကို-အိမ်ပြန်စို့၊ မိုးမလင်းခင် အိမ်ရောက်မှဖြစ်မယ်'

ဟု ပြောသဖြင့် အိမ်ပြန်ခဲ့ကြသည်။ တောလမ်းထဲတွင် နှစ်ယောက်သား လက်တွဲပြီး ပြန်ခဲ့ကြသည်။ အိမ်ပြန်ရောက်သောအခါ အဒေါ်ကြီးက-

'ဘယ့်နှယ်- ပွဲကြည့်လို့ ကောင်းရဲ့လား'

'ကောင်းတယ်ဗျ'

'ကောင်းတယ်ရှင့်'

ပြိုင်တူ ဖြေလိုက်သဖြင့် ရယ်မိကြသေးသည်။

အဒေါ်ကြီးက-

'ငါ့တူကို သိပ်ပြီးကျေးဇူးတင်ပါတယ်ကွယ်၊ ဒီမှာ အိပ်ချင်လည်း အိပ်သွားနော်'

'ဟာ- မအိပ်ဘူး၊ အိမ်ပြန်မှာပါ'

အဒေါ်ကြီးက အပေါ်ထပ်သို့ တက်သွားရာ ဧည့်ခန်းထဲထိုင်နေသော မိန်းကလေးက-

'ကျေးဇူးတင်တယ် အစ်ကိုရယ်။ ညီမ နာမည်က မနှင်းမြပါ၊ အစ်ကို့ကို အမှတ်တရ လက်ဆောင်ပေးလိုက်မယ်၊ တစ်သက်လုံး သိမ်းထားနော်'

ဟု ဆိုပြီး လက်ကိုင်ပဝါ အဝါလေးပေး၏။ ပိုးသားလက်ကိုင်ပဝါလေး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်အောင်ဖုန်းက နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့ရာ အိပ်မက်မှလန့်နိုးခဲ့ရ၏။ အပြင်တွင် မိုးလင်းနေပြီဖြစ်သည်ကို တွေ့ရ၏။ ညက ပွဲကြည့်ခဲ့သလား၊ အိပ်ပျော်ရင်း အိပ်မက်မက်ခဲ့သလား ဝေခွဲမရသဖြင့် အိတ်ထဲစမ်းကြည့်ရာ လက်ကိုင်ပဝါ အဝါလေးကို တွေ့ရသဖြင့် ရှုံချင်သွားမိ၏။

မကြာမီ ရွာထဲသို့ ပြန်လာကြသော ပွဲပြန်သူများ၏အသံကို ကြားရ၏။ ကာလသားများက မောင်အောင်ဖုန်းကို တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ၏။ သူကလည်း ပွဲခင်းထဲလိုက်ခဲ့၏။ ရှာမတွေ့ကြောင်း ပြန်ချေပ၏။ နောက်ဆုံးတွင် ကာလသားခေါင်းက-

"မင်းအိမ်က မင်း တစ်ညလုံး အိပ်နေတာလို့ပြောတယ်။ မင်းက ပွဲခင်းထဲ လိုက်ခဲ့တယ် ပြောတယ်။ ဒါဆို ညက ကခဲ့တဲ့ ပြဇာတ်အမည်ပြောစမ်း"

"ကိုကြီးသာဦးရယ် ပြဇာတ်က 'မိုးလား လေလား'၊ နောက်ပိုင်းဇာတ်က လက်ဝဲသုန္ဒရအမတ်ကြီးအကြောင်း ကတာဗျ"

အားလုံး စိတ်ရှုပ်ထွေးသွား၏။ သူတို့ထက် ပိုစိတ်ညစ်ရသည်မှာ မောင်အောင်ဖုန်း ဖြစ်၏။ အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်သောအခါ သူ့ဘကြီးနှင့် ကြီးတော်က သူ တစ်ညလုံး တခေါခေါနှင့်အိပ်နေသည်ကို ပြောကြသည်။ သူကအိပ်မက်ထဲတွင် ပွဲကြည့်နေခြင်း ဖြစ်၏။ သို့သော် လက်ကိုင်ပဝါက အိတ်ထဲမှာ ရှိနေပြန်၏။ ထိုရွာလေးတွင် မောင်အောင်ဖုန်းအကြောင်း ပြောစမှတ်တွင်သွားရ၏။ သူသွားခဲ့သော အိမ်နေရာကို သွားကြည့်ကြ၏။ မည်သည့်အိမ်မျှ မရှိပေ။ သို့သော် ခြေရာများ တွေ့ရ၏။ စိတ်ညစ်လွန်းသဖြင့် မိဘရပ်ထံပြန်ခဲ့သည်။

"အရှင်ဘုရား၊ အဲဒီတုန်းက အိပ်မက်လား တကယ်လား။ ဘယ်လိုသဘောရသလဲ ဘုရား"

"အိပ်မက် မက်တာက အမှန်ပဲဗျ။ ဒါပေမယ့် လက်ကိုင်ပဝါက လက်တွေ့ရှိပြန်တော့ ဘာပြောရမှန်းကို မသိတော့ပါဘူး။ ကျုပ်လည်း ရဟန်းဝတ်ပြီး အဲဒီရွာကပင့်တာနဲ့ နေဖြစ်ခဲ့တာ အခုထက်ထိပဲ"

"အခုကော အဲဒီ ပဝါလေးရှိသေးလား ဘုရား"

"ကျုပ် တရားကိုလုပ်ပြီး သိလာတော့ စွန့်ပစ်လိုက်ပြီ"

အေးလွင်(ကသာ)

# စကားနည်းသော ကလေးများအတွက် ဂမ္ဘီရနည်းတစ်နည်း

၂၀၁၃ ခုနှစ်၊ မေလထုတ် အတွဲ (၁၃)၊ အမှတ် (၅)၊ သူရဿမဂ္ဂဇင်း၊ စာမျက်နှာ (၁၆၁) တွင် မိုးကုတ်ကျော်ကျော်စိုး၏ 'စကားနည်းသောကလေးများအတွက်' ဟူသော ဂမ္ဘီရဆောင်းပါးကို ဖတ်ရပါသည်။

ထိုဆောင်းပါးဖတ်ပြီးသည်နှင့် ညီတော်မောင် ကိုကျော်ဝေပြောသော 'စာဖတ်အားနည်းခြင်း၊ စာဖတ်အားများခြင်း' ဟူသော စကား၏အဓိပ္ပာယ်မှာ ပိုမို၍ ပေါ်လွင်လာပါသည်။

တစ်နေ့သောအခါက ကိုကျော်ဝေအား လူတစ်ယောက်အကြောင်း စကားစပ်မိ၍ ထိုသူ၏အပြုအမူ၊ အကျင့်စရိုက်ကို ပြောမိပါသည်။ 'ထိုသူက စီးပွားရေးလုပ်တတ်၏။ အများအကျိုးဆောင်သော်လည်း သူ့ဖို့ကျန်မှ လုပ်တတ်သူဖြစ်၏။ ဘာသာတရားမလိုက်စားပါ။ ပြောချင်ရာစွတ်ပြောတတ်၏' ထိုသို့ ပြောမိသောအခါ ညီတော်မောင်က 'အဲဒီလူ စာဖတ်အားနည်းတယ်' ဟု ပြောပါသည်။

မှန်ပါသည်။ ထိုသူ စာဖတ်လေ့မရှိပါ။ ထို့ကြောင့် ဘာသာတရားအသိနည်း၏။ ဗဟုသုတမရှိ ဖြစ်နေပါသည်။ အထက်ပါ မိုးကုတ်ကျော်ကျော်စိုး၏ ဆောင်းပါးကိုဖတ်မိမှ စာဖတ်ခြင်းကား အကျိုးများလေစွတကားဟု တွေးမိသဖြင့် 'စကားနည်းသော ကလေးများအတွက်' ကို ထပ်ဆင့် ဖြည့်စွက် ထောက်ခံ ရေးသားလိုက်ပါသည်။

မိုးကုတ်ကျော်ကျော်စိုးက စကားနည်းသောကလေးများကို-

၁။ ထိုကလေးကို ကြက်ဆီဘူး ကျွေးရပါမည်။
၂။ စကားနည်းသော ကလေးကို ယောက်မနှင့် ပါးစပ်ကို စတိ မွှေပေးရမည်။
၃။ စကားနည်းသော ကလေးကို ဝက်မြီးဟင်းချက်ကျွေးရမည်တဲ့။

ကောင်းလိုက်တဲ့ နည်းလေးတွေပါ။ ထိုနည်းများကို စာရေးသူ စာဖတ်ခြင်းကြောင့် သိရှိရပါပြီ။ ယင်းသို့ သိလာ
၍လည်း စာရေးသူ သိရှိခဲ့ဖူးသော
'စကားနည်းသော ကလေးများအတွက်
စတိပြုလုပ်ပုံ' နောက်တစ်နည်းကို
သား တင်ပြနိုင်ပါသည်။ ဤသည်ကား
စာဖတ်အားကောင်းခြင်းကြောင့် မဟုတ်
ပါလား။ စာဖတ်အားကြောင့် မိမိ
တာလည်း သိခွင့်ရ၏။ မိမိသိသော
ကြောင်းအရာကိုလည်း စာင်ပြနိုင်
သည်။

စာရေးသူ ဟိုးငယ်ငယ် (၁၀)
သားခန့်ကပါ။ စာရေးသူ၏ညီမလေး
စကားအလွန်နည်းပါသည်။ ထို့ကြော
စာရေးသူ၏ ကြီးတော် ဒေါ်ဖွားတင့်
ဒီကလေးမကို ကြေးခလောက်ထဲ
ထည့်တိုက်ပါသည်။ နှစ်ကြိမ်ခန့်တိုက်
သောအခါ စကားများများပြောလာ
သည်။ သီချင်းများပင် အော်ဆိုလာ
သည်။

စာရေးသူ၏ညီမမှာ ထိုအချိန်
(၄) နှစ်သမီးအရွယ် ဖြစ်ပါသည်။
နည်းကို မေ့မေ့ပျောက်ပျောက်နေခဲ့
က ယခု မိုးကုတ် ကျော်ကျော်စိုး
ဆောင်းပါးကို ဖတ်လိုက်ရမှ ပြန်
သတိရကာ မိုးကုတ်ကျော်ကျော်စိုး
စကားပြောနည်းများအား မှတ်
ထောက်ခံရင်း စကားနည်းသောက
များ စကားပြောလာနိုင်နည်း နော
တစ်နည်းကို ထပ်ဆင့် ဖော်ပြလိုက်
သည်။

ကြီးမေကြီး ဒေါ်ဖွားတင့်မှာ
တော့ပါ။ ဒေါ်ဖွားတင့်အား ကျေးဇူး
လျက် ဤစာစုနှင့် လေးစားစွာကန်
ပန်းဆင်လိုက်ပါသည်။ ကြီးမေဒေါ်
တင့် ကောင်းရာသုဂတိသို့ လားပါ
ရောက်ပါစေ၊ ရောက်ရာဘဝက သာ
ခေါ်လိုက်ပါလို့သာ အခါခါဆုတောင်း
ပါရဲ့ဗျား။

*အားလုံးကျန်းမာ၊ ချမ်းသာကြ*

ကောင်းထက်(ချောင်း



www.burmeseclassic.com

www.burmeseclassic.com

△ တို့ရတနာ-ဆရာဧယျာလင်း

# ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်



ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူ
သော နိပါတ်တော်ကျမ်းဂန်များလာ
ဂါထာမန္တန်တစ်ခုအဖြစ် ဖော်ပြလိုသော
ဂါထာမန္တန်တစ်ခုမှာ ငါးရာ့ငါးဆယ်
ဇာတ်တော်လာ ဝေဒဗ္ဗဇာတ်တော် ဖြစ်
သည်၊ ထိုဝေဒဗ္ဗမန္တန်၏ အာနုဘော်
ကောင်းကင်ကိုကြည့်၍ မန္တန်ကို
ရွတ်လိုက်ပါက ရတနာရွှေမိုး၊ ငွေ
မိုးရွာစေသော ဟူ၏။ ထိုမန္တန်၏နောက်
ကြောင်းရာဇဝင်ကို အကျဉ်းချုပ် ဖော်
ပြရန်သည်ရှိသော် -

ရှေးအခါက ရွှေမိုး၊ငွေမိုးရွာစေ
နိုင်သော ဝေဒဗ္ဗ အမည်ရှိ မန္တန်ကို
တတ်မြောက်သည့် ပုဏ္ဏားကြီးတစ်
ယောက်ရှိသည်။ ထိုပုဏ္ဏားထံတွင်
ဘုရားလောင်း ဗုဒ္ဓအလောင်း လုလင်ငယ်တစ်
ယောက်သည် ပညာသင်ယူနေလေသည်။
တစ်နေ့သ၌ ဆရာတပည့်နှစ်ဦးစလုံး
ခရီးထွက်လာစဉ် တောတန်းတစ်နေရာ
တွင် ခိုးသားပြန်ပေးဓားပြ(၅၀၀)တို့၏ဖမ်း
ဆီးခြင်းကိုခံကြရလေ၏။ ဆရာတပည့်
နှစ်ဦးအနက် တပည့်ဖြစ်သူ လုလင်ငယ်
ကို ဓားပြများက ဥစ္စာပစ္စည်းသွားယူစေ
ရန် ဆရာပုဏ္ဏားကို ရွေးယူရန် လွှတ်
လိုက်ကြသည်။ ထိုသို့ တပည့်ဖြစ်သူ
လုလင်ငယ် ထွက်သွားပြီးနောက် ညဘက်
ရောက်လာသောအခါ ကောင်းကင်ရှိ
နက္ခတ်တာရာတို့၏ အနေအထားအရ
ရတနာမိုးတို့ကို ရွာစေတတ်သော
နက္ခတ်အချိန်အခါဖြစ်နေကြောင်းကို သိ
သည့် ပုဏ္ဏားသည် ဓားပြများအား ဥစ္စာ
ပစ္စည်းများရအောင်လုပ်ပေးနိုင်ပါက သူ့
အား လွှတ်ပေးရန် တောင်းဆိုလိုက်လေ
သည်၊ ထိုအခါ ဓားပြများက သဘော
တူသည်ဖြစ်၍ တပည့်ဖြစ်သူ အတန်တန်
တားမြစ်၍ အကြံပြုသတိပေးထားသည်ကို
မေ့ပြီး မထိန်းနိုင်တော့ဘဲ ကောင်းကင်ကိုကြည့်
၍ ဝေဒဗ္ဗမန္တန်ကို ရွတ်လေတော့သည်။

ပုဏ္ဏားက ထိုသို့ ဝေဒဗ္ဗမန္တန်ကို
ရွတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက်
ကောင်းကင်မှ ရတနာရွှေမိုး၊ ငွေမိုးတို့
ရွာချလိုက်ရာ ခိုးသားဓားပြများလည်း
ဥစ္စာရွှေငွေများကို ကောက်ယူထုပ်ပိုး၍
ထွက်ခွာသွားကြလေ၏။ ပုဏ္ဏားကိုမူ
၎င်းတို့၏ ကတိအတိုင်း လွှတ်ပေးလိုက်
သည်။ ပုဏ္ဏားလည်း ထိုဓားပြများနှင့်
မလှမ်းမကမ်း နောက်မှ လိုက်ပါသွားခဲ့
လေသည်။ သို့ဖြင့် တစ်ခုသော တော
အုပ်တစ်နေရာသို့အရောက်၌ အင်အား
ပိုမိုကြီးမားသော ခိုးသားဓားပြများက
ဥစ္စာပစ္စည်းထုပ်များနှင့်ရောက်လာသော
ဓားပြများကို ဖမ်းဆီးကြပြန်ရာ မူလ
ခိုးသားဓားပြများက သူတို့နောက်က ပါ
လာသောပုဏ္ဏားက မန္တန်ရွတ်သဖြင့် ထို
ဥစ္စာများကို သူတို့ရခဲ့ခြင်းဖြစ်ကြောင်း
ပြောပြကြလေရာ နောက်ဓားပြအုပ်စု
ကလည်း ပုဏ္ဏားကို ဆက်၍ဖမ်းထားပြီး
ရတနာမိုးရွာစေရန် မန္တန်ရွတ်ခိုင်းကြ
သည်။

ထိုအခါ ပုဏ္ဏားက-

ယခုအခါသည် နက္ခတ်အချိန်
အခါ ကျော်လွန်သွားပြီ ဖြစ်ပါသဖြင့်
နောက်တစ်နှစ် ဤအချိန် ပြန်ရောက်
သည်အထိ စောင့်ဆိုင်းပေးကြပါရန်
တောင်းပန်ပြောဆိုသည်တွင် ခိုးသား
ဓားပြများက အယုံအကြည်မရှိဘဲ မကျေ
မနပ်ဖြစ်ကာ ပုဏ္ဏားကို သတ်ပစ်လိုက်
ကြလေတော့သည်။

ဤကား ရတနာမိုးရွာစေနိုင်သည့်
ဝေဒဗ္ဗမန္တန်၏နောက်ခံသမိုင်းဇာတ်လမ်း
အကျဉ်းချုပ်သာ ဖြစ်ပါသည်။ ဤဇာတ်
တော်ကြီးမှ သတိထားရန်အချက်မှာ
ဝေဒဗ္ဗမန္တန်သည် ရတနာမိုးရွာစေနိုင်
သည့် တန်ခိုးအာနုဘော်ရှိသည်မှာ
မှန်သော်လည်း ရတနာမိုးရွာစေသည့်
နက္ခတ်အချိန်အခါ၌ရွတ်မှသာ ရတနာ
မိုးရွာပါသည်။ နက္ခတ်ချိန်ခါမသင့်ပါက
ဝေဒဗ္ဗမန္တန်သည် မစွမ်းတော့၊ ရတနာ
မိုးရွာရန်မတတ်နိုင်တော့ ဟူ၍ ဖြစ်ပါ
သည်။ ထို့ကြောင့် ဤဝေဒဗ္ဗဇာတ်တော်
ကို အကြောင်းပြု၍ ယခုအခါ ဂမ္ဘီရ
ဆိုင်ရာ မဂ္ဂဇင်း၊ ဂျာနယ် အစောင်အ
သီးသီးတို့တွင် ဓနသိဒ္ဓိစန်းယှဉ်နက္ခတ်
အချိန်ကာလများ၊ ဓနသိဒ္ဓိလဂ်ဖြတ်
ကျော်ချိန်များ၊ မွန်းတည့်မျဉ်းဖြတ်မည့်
အချိန်ကာလများကို ဝေဒပညာရှင်များ
က တွက်ချက် ဖော်ထုတ်ပေးထားကြ
သည်ကို အများအပြားပင် တွေ့မြင်နိုင်
ပါသည်။

ဤတွင် ထိုသို့ ဝေဒပညာရှင်များ
က ဓနသိဒ္ဓိစန်းယှဉ်နက္ခတ်အချိန်ကာလ
များကို ဖော်ထုတ်ပေးထားကြပါသော်
လည်း အဓိကပြဿနာမှာ ဝေဒဗ္ဗမန္တန်
အစစ်ကို မသိရှိကြခြင်းပင်။ အနှီ ဝေဒဗ္ဗ
ဇာတ်တော်၌ ဘုရားရှင်က ရတနာမိုးရွာ
စေနိုင်သောဝေဒဗ္ဗမန္တန်ရှိသည်ဟု ဟော
ကြားခဲ့သော်လည်း ဝေဒဗ္ဗဇာတ်တော်
လာ ထိုမူရင်းဝေဒဗ္ဗမန္တန်ကိုမူ တိုက်ရိုက်
မိန့်မြွက် ဟောကြားတော်မူခြင်းမရှိခဲ့ပါ။
ထို့ကြောင့်လည်း ဤကဲ့သို့ ဝေဒဗ္ဗမန္တန်
သည် ဝေဒဗ္ဗဇာတ်တော်လာ ဘုရားရှင်
ဟောကြားတော်မူခဲ့သော မူရင်းဝေဒဗ္ဗ
မန္တန်စင်စစ် ဖြစ်ပါသည်ဟု ယနေ့အထိ
မည်သူမျှ အာမခံ ထုတ်ဖော် တင်ပြနိုင်
ခြင်း မရှိကြသေးပါ။

**မျက်မှောက်ကာလ ဝေဒဗ္ဗမန္တန်တော်များ**

အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း
ဘုရားဟော နှုတ်ထွက်မူရင်း ဝေဒဗ္ဗမန္တန်
ကြီးကို မသိမီမရရှိနိုင်ကြသော်လည်း ထို
ဝေဒဗ္ဗမန္တန်အလား ရတနာရွှေမိုး၊ ငွေမိုး



www.burmeseclassic.com

www.burmeseclassic.com

ရှာသွန်းဖြိုးရန် ရတနာသုံးပါး ဦးထိပ်ထား တိုင်တည်သစ္စာပြု ဆုတောင်းထားသော သဘောအဓိပ္ပာယ်ရှိသည့် ယခုမျက်မှောက်ကာလ၌ လက်ခံဆောင်ယူ ရွတ်ပွားသရဇ္ဈာယ် ပူဇော်နေကြသော ဝေဒဗ္ဗမန္တန်အချို့ ရှိပါသည်။ ထိုမန္တန်များကို ရှေးရှေးက လောကီ၊ လောကုတ္တရာ နှစ်ဖြာတို့ကို ကျွမ်းကျင်နှံ့စပ် တတ်သိအပ်သော ရဟန်းပညာရှိ၊ လူပညာရှိ ပဏ္ဍိတကဝိအမော်တို့ စီရင်သီကုံးထားခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုဝေဒဗ္ဗအမည်ခံ မန္တန်တို့တွင် (၁) စူဠဝေဒဗ္ဗသစ္စာမန္တန်တော်၊ (၂) မဟာဝေဒဗ္ဗရတနာမန္တန်တော်ကြီး ဟူ၍ ရှိပါသည်။

**၁။ စူဠဝေဒဗ္ဗသစ္စာမန္တန်တော်**

၁။ ပဥ္စမာရေ ဇိတော နာထော၊ ပတ္တော သမ္ဗောဓိမုတ္တမံ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၂။ ဗုဒ္ဓေါ ဓမ္မောစ သံဃောစ၊ သေဋ္ဌော လောကတော၊ သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၃။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ အရဟာ အဂ္ဂသာဝကာ၊ သုသုခံ ဝတ္တနို့ဗ္ဗာနံ၊ လဒ္ဓါ ပရိနိဗ္ဗာယန္တိ၊ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ၊ ဧတေန သစ္စ ဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၄။ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊ ဓမ္မော မေ သရဏံ ဝရံ၊ သံဃော မေ သရဏံ ဝရံ၊ နတ္ထိ မေ သရဏံ အညံ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၅။ ဗုဒ္ဓါဒိ သရဏံဂတာ၊ တော ဇာနန္တိ သစ္စမံ့၊ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၆။ နက္ခတ္တာ ဒိသာစရန္တိ၊ တထာ စန္ဒိမသူရိယာ၊ ခုဝံ စရန္တိ ဝိဒိသာ၊ ဘဏန္တိ ကာမာဝစရာ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယောမေ ဟောတု သက်ပွေါ။

၇။ နဒီ နဒီ မဟာဂင်္ဂါ၊ နိန္နဋ္ဌာနံ စ သဗ္ဗဒါ၊ သဝန္တိ စ သဗ္ဗဒကာ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၈။ သရာ သရာ မဟာသီတာ၊ နိရယာ မဟာဥဏှတာ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၉။ စိတ္တဿ စ ပုထုဇ္ဇနာ၊ အရိယာ စ ယထာဓမ္မံ၊ ဝသံ ယန္တိ သုခတ္ထိကာ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၁၀။ အာဟာရေန ဋ္ဌိတာ သတ္တာ၊ နိဿတ္တာ အဝိညာဏတာ၊ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယောမေ ဟောတု သက်ပွေါ။

၁၁။ ယတ္ထ သာဓုံ စ ယေ ကာမာ၊ မာဒုက္ခာ တေ စ သဗ္ဗဒါ၊ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၁၂။ ပထဗျာ သတ္တရုက္ခာဒီ၊ နဘေ စရန္တိ ပထဝီ၊ ဒကံ ဝါယု ပရံပရာ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၁၃။ ဇာတိဇရာဒိဓမ္မေဟိ၊ အဘိဘူတေဝ ယေ သဒါ။ အနာရုဠှါ ဓမ္မဒ္ဓယံ၊ န တေ လဘန္တိ နိဗ္ဗာနံ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၁၄။ ဓမ္မဒ္ဓယံ အနာရုဠှါ၊ ဂိဟိကမ္မာဒိကေ ရတာ၊ စတ္တာရိယေဝ သစ္စာနိ၊ န ပဋိဝိဇ္ဈန္တိ ယေ သဒါ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောန္တု သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေန ဇယော မေ ဟောတု သက်ပွေါ။

၁၅။ ရတနာ ကာနိစိဒေဝ၊ မဟောဒဓိဩသရန္တိ၊ ရတနံ တာနိစိဒေဝ၊ ပတိဋ္ဌိတာ သဒါဝိစ၊ ဧတေန သစ္စ... ဝဇ္ဇေန၊ သောတ္ထိမေ ဟောန္တု သ... ဒါ။ ဧတေန သစ္စဝဇ္ဇေန ဇ... မေ ဟောတု သက်ပွေါ။

**စူဠဝေဒဗ္ဗသစ္စာမန္တန်တော် မြန်မာ... အနက်**

၁။ **ပဥ္စမာရေ** - ဒေဝပုတ္တ... သန္ဓင့် ခန္ဓပဉ္စ ကုသလာကုသလ ... ဟု (ပါပတံခွန်) အလွန်ထင်ရှား ... ငါးပါးတို့ကို၊ **ဇိတော** - အောင်မြင်... မူသော၊ **နာထော**- ဧဂါတမရှင်တော်... ဘုရားသည်၊ **ဥတ္တမံ** - အတုမ... သော၊ **သမ္ဗောဓိ** - အရဟတ္တမဂ်ဉာ... သဗ္ဗညုတဉာဏ်တော်သို့ (ဝါ) ... အဖြစ်သို့၊ **ပတ္တော** - ရောက်တော်... **ဧတေန သစ္စဝဇ္ဇေန**- ဤမှန်သော... စကားကို ဆိုရခြင်းကြောင့်၊ **မေ**- ငါ... **သဗ္ဗဒါ**- အခါခပ်သိမ်း၊ **သောတ္ထိ** - ... သက်စည်းစိမ် အရှိန်မပျက် တိုး... မယွင်း ချမ်းသာခြင်းသည်၊ **ဟော**... ဖြစ်ပါစေသတည်း။ **ဧတေန သစ္စဝ**... ဤမှန်သောသစ္စာကို ဆိုရခြင်း... **မေ**- ငါ၏၊ **သက်ပွေါစ**- ကောင်း... သော အကြံအစည် အမှုကိစ္စ ... သည်လည်း၊ **ဇယော** - အောင်မြင်... **ဟောတု**- ဖြစ်ပါစေသတည်း။

၂။ **ဗုဒ္ဓေါစ**- ဘုရားရှင်ကိုယ်... မြတ်သည်လည်းကောင်း၊ **ဓမ္မောစ**-... တော်သည် လည်းကောင်း၊ **သံဃော**... သံဃာတော်သည်လည်းကောင်း ... **ကတော** - လူ, နတ်, ဗြဟ္မာ သ... သမျှ သုံးလောကတို့ထက်၊ **သဗ္ဗဒါ**-... ခပ်သိမ်း၊ **သေဋ္ဌော** - ကျေးဇူးတ... ထူးချွန်ဥက္ကဋ္ဌ မြတ်တော်မူသည် ... **တိ** - ဖြစ်၏။ **ဧတေန သစ္စဝဇ္ဇေန**- ... သောသစ္စာကို ဆိုရခြင်းကြောင့် ... ငါ၏၊ **သက်ပွေါစ** - ကောင်းမြတ်... အကြံအစည်အမှုကိစ္စဟူသမျှသည်... **ဇယော** - အောင်မြင်သည်၊ **ဟော**... ဖြစ်ပါစေသတည်း။

၃။ **ဗုဒ္ဓါစ** - ဘုရားရှင်တို့... လည်းကောင်း၊ **ပစ္စေကဗုဒ္ဓါစ** - ... ဗုဒ္ဓါတို့သည် လည်းကောင်း၊ **အရ**... အာသဝေါကင်းကွာ ရဟန္တာအရှင်... တို့သည် လည်းကောင်း၊ **အဂ္ဂသာ**... **စ** - အဂ္ဂသာဝက တပည့်သား... ရဟန္တာအရှင်တို့သည် လည်း... **ဝတ**- စင်စစ်၊ **သုသုခံ**- ချမ်းသာ... တို့ထက်လွန်မြတ်သော၊ **နိဗ္ဗာနံ** -... ခပ်သိမ်း မြတ်ငြိမ်းရာမှန် ...



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်ကို၊ **လဒ္ဓါ-** ရတော်မူကုန်သည် ဖြစ်၍၊ **ပရိနိဗ္ဗာယန္တိ-** ဤခန္ဓာဇာတ်သိမ်း၍ ပရိနိဗ္ဗာန်စံ ကိန်းဝပ်တော်မူကြလေကုန်သတည်း။ **ဧတေန သစ္စဝဇ္ဇေန-** ဤမှန်သောသစ္စာကို ဆိုရခြင်းကြောင့်၊ **မေ-** ငါ၏၊ **သက်ပွေါ်စ -** ကောင်းမြတ်သော အကြံအစည်အမှုကိစ္စဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု-** ဖြစ်ပါစေသတည်း။

၄။ **မေ-** ငါ၏၊ **ဝရံ-** မြတ်သော၊ **သရဏံ-** ကိုးကွယ်ဆည်းကပ် အားထားဖွယ်ရာသည်၊ **ဗုဒ္ဓေါ-** ဘုရားရှင်တည်း၊ **မေ-** ငါ၏၊ **ဝရံ-** မြတ်သော၊ **သရဏံ-** ကိုးကွယ် ဆည်းကပ် အားထားဖွယ်ရာသည်၊ **ဓမ္မော-** တရားတော်တည်း၊ **မေ-** ငါ၏၊ **ဝရံ-** မြတ်သော၊ **သရဏံ-** ကိုးကွယ်ဆည်းကပ်အားထားဖွယ်ရာသည်၊ **သံဃော-** ·သံဃာတော်တည်း၊ **အညံ-** ဘုရား, တရား, သံဃာ ရတနာသုံးပါးမှ တစ်ပါးသော၊ **သရဏံ-** ကိုးကွယ်ဆည်းကပ်အားထားစရာသည်၊ **မေ-** ငါ့အား၊ **နတ္ထိ-** မရှိ။ **ဧတေန သစ္စဝဇ္ဇေန-** ဤမှန်သောသစ္စာကို ဆိုရခြင်းကြောင့်၊ **မေ -** ငါ၏၊ **သက်ပွေါ်စ -** ကောင်းမြတ်သော အကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု -** ဖြစ်ပါစေသတည်း။

၅။ **ယေ -** အကြင်သူတို့သည်၊ **ရတနတ္တယံ-** ဘုရား, တရား, သံဃာ ရတနာသုံးပါးကို၊ **သရဏံ -** ကိုးကွယ်ဆည်းကပ် အားထားခြင်းသို့၊ **ဂတာ -** ရောက်ကြကုန်၏။ **တေ -** ထိုသူတို့သည်၊ **သစ္စဓမ္မံ-** သစ္စာလေးပါးတရားကို၊ **ဇာနန္တိ-** တစ်နေ့မှာ မိမိကိုယ်ပိုင်ဉာဏ်အမြင်ဖြင့် သိကြကုန်၏။ **ဧတေန သစ္စဝဇ္ဇေန -** ဤမှန်သောသစ္စာကိုဆိုရခြင်းကြောင့်၊ **မေ -** ငါ၏ **သက်ပွေါ်စ -** ကောင်းမြတ်သောအကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု-** ဖြစ်ပါစေသတည်း။

၆။ **နက္ခတ္တာ -** နှစ်ဆယ့်ခုနစ်ဖြာ သင်္ချာတွက်မှတ် ကြယ်နက္ခတ်တို့သည်၊ **ဒီတာ-** တူရူဖြောင့်ဖြောင့် အရပ်မျက်နှာတို့သို့၊ **စရန္တိ-** လှည့်လည်သွားလာကြကုန်၏၊ **တထာ-** ထို့အတူ၊ **စန္ဒိမသူရိယာ-** လရထား၊ နေရထားတို့သည်၊ **ဓုဝံ-** အမှန်မချွတ်၊ **ဝိဒိသာ-** အထောင့်ဖီလာ အရပ်မျက်နှာတို့သို့၊ **စရန္တိ -** လှည့်လည် သွားလာကြကုန်၏။ **ကာမာဝစရာ-** ကာမာဝစရနတ်တို့သည်၊ **ဘဏန္တိ -** ပြောဆိုကြကုန်၏။ **ဧတေန သစ္စဝဇ္ဇေန -** ဤမှန်



သောသစ္စာကိုဆိုရခြင်းကြောင့်၊ **မေ-** ငါ၏၊ **သက်ပွေါ်စ -** ကောင်းမြတ်သော အကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု -** ဖြစ်ပါစေသတည်း။

၇။ **နဒီ နဒီ-** မြစ်တိုင်း မြစ်တိုင်းတို့သည်၊ **မဟာဂင်္ဂါ -** မဟာဂင်္ဂါယမဟာသမုဒ္ဒရာကြီး၏၊ **နိန္နဋ္ဌာနံ-** နိမ့်ရာအရပ်သို့၊ **သဗ္ဗဒါ-** အခါခပ်သိမ်း၊ **သဝန္တိ-** စီးဆင်းသက်ဝင်ကြကုန်၏၊ **ဧတေန သစ္စဝဇ္ဇေန -** ဤမှန်သောသစ္စာကိုဆိုရခြင်းကြောင့်၊ **မေ-**ငါ၏၊ **သက်ပွေါ်စ -** ကောင်းမြတ်သော အကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု-** ဖြစ်ပါစေသတည်း။

၈။ သရာ သရာ- အိုင်တိုင်း အိုင်တိုင်းတို့သည်၊ **မဟာသီတာ -** အလွန်အေးမြလှကုန်၏၊ **နီရယာ -** ငရဲမီးလျှံတို့သည်၊ **မဟာဥဏှတာ -** အလွန်ပူလောင်လှကုန်၏၊ **ဧတေန သစ္စဝဇ္ဇေန -** ဤမှန်သောသစ္စာကို ဆိုရခြင်းကြောင့်၊ **မေ -** ငါ၏၊ **သက်ပွေါ်စ -** ကောင်းမြတ်သော အကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု -** ဖြစ်ပါစေသတည်း။

၉။ **သုခတ္ထိကာ -** ချမ်းသာကို အလိုရှိကြကုန်သော၊ **ပုထုဇ္ဇနာ-** ပုထုဇဉ်တို့သည်၊ **စိတ္တသာ-** စိတ်၏၊ **ဝသံ-** အလိုသို့၊ **ယန္တိ-** လိုက်ပါကြကုန်၏၊ **အရိယာ-** အရိယာအနွယ်ဝင်သူတော်စင်တို့သည်၊ **ယထာ ဓမ္မေ-** တရားအားလျော်စွာသာလျှင်၊ **စိတ္တဿ -** စိတ်၏၊ **ဝသံ-** အလိုသို့၊ **ယန္တိ-** လိုက်ပါသွားကြလေကုန်၏၊ **ဧတေန သစ္စဝဇ္ဇေန-** ဤမှန်သောသစ္စာကို ဆိုရခြင်းကြောင့်၊ **မေ-**ငါ၏၊ **သက်ပွေါ်စ -** ကောင်းမြတ်သောအကြံအစည်အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု-** ဖြစ်ပါစေသတည်း။

၁၀။ **အာဟာရေန -** အာဟာရကြောင့်၊ **ဋ္ဌိတာ -** တည်ကြကုန်သော၊ **သတ္တာ -** သတ္တဝါအပေါင်းတို့သည်၊ **နိဿတ္တာ-** ပရမတ္ထအားဖြင့် သတ္တဝါမဟုတ်ကြလေကုန်၊ **အဝိဉာဏတာ-** အသက်ဇီဝ လိပ်ပြာလည်း မရှိကြကုန်။ **ဧတေန သစ္စဝဇ္ဇေန -** ဤမှန်သောသစ္စာကိုဆိုရခြင်းကြောင့်၊ **မေ-**ငါ၏၊ **သက်ပွေါ်စ-** ကောင်းမြတ်သောအကြံအစည်အမှုကိစ္စဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု -** ဖြစ်ပါစေသတည်း။

၁၁။ **ယတ္ထ -** အကြင်လူ့ဘုံ၌၊ **ယေစ -** အကြင်သူတို့သည်၊ **သာဓုံ -** သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်ကို၊ **ကာမာ -** အလိုရှိကြလေကုန်၏၊ **တေစ -** ထိုသူတို့သည်လည်း၊ **သဗ္ဗဒါ -** အခါခပ်သိမ်း၊ **ဒုက္ခာ-**ဆင်းရဲရှိကုန်သည်၊ **မကာဟောန္တိ-** မဖြစ်နိုင်ကြကုန်၊ **ဧတေန သစ္စဝဇ္ဇေန-** ဤမှန်သောသစ္စာကို ဆိုရခြင်းကြောင့်၊ **မေ-** ငါ၏၊ **သက်ပွေါ် စ -** ကောင်းမြတ်သော အကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု-** ဖြစ်ပါစေသတည်း။

၁၂။ **ပထဗျာ -** မြေအပြင်၌၊ **သတ္တရက္ခာဒီ -** သစ်ကြီးခုနစ်ပင် စသည်တို့သည်၊ **သောဘံ-** တင့်တယ်ခြင်းကို၊ **ရေန္တိ-** ဆောင်ကြလေကုန်၏၊ **နဘေ -** တောင်၌၊ **ပထဝီ -** ဤမြေတို့သည်၊ **သောဘံ-** တင့်တယ်ခြင်းကို၊ **ဓရန္တိ-** ဆောင်ကြလေကုန်၏၊ **ဝါယုပရံပရာ-** လေဟုန်အဆက်ဆက်တို့သည်၊ **ဒကံ -** ရေကို၊ **ဓရန္တိ -** ဆောင်ကြလေကုန်၏။ **ဧတေန သစ္စဝဇ္ဇေန -** ဤမှန်သောသစ္စာကို ဆိုရခြင်းကြောင့်၊ **မေ -** ငါ၏၊ **သက်ပွေါ်စ-**ကောင်းမြတ်သော အကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု-** ဖြစ်ပါစေသတည်း။

၁၃။ **ယေယ -** အကြင်သူတို့သည်၊ **ဇာတိ, ဇရာဒိဓမ္မေဟိ-** ဇာတိ,ဇရာ,ဗျာဓိ, မရဏတရားတို့သည်၊ **အဘိဘူတာဝေ-** နှိပ်စက်အပ်ကုန်သည် ဖြစ်၍သာလျှင်၊ **သဒါ -** အခါခပ်သိမ်း၊ **ဓမ္မဒွယံ-** သမထ, ဝိပဿနာတရားနှစ်ဖြာကို၊ **အနာရဒ္ဓါ-** အားမထုတ်နိုင်ကြကုန်သည်၊ **ဟောန္တိ-** ဖြစ်ကြကုန်၏။ **တေ -** ထိုသူတို့သည် **နိဗ္ဗာနံ-** ဘေးဒုက္ခခပ်သိမ်းပျောက်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

ရန်အမှန် နိဗ္ဗာန်တရားတော်မြတ်ကို၊ **နလဘန္တိ-** မရနိုင်ကြကုန်။ **ဧတေန သစ္စ ဝဇ္ဇေန-** ဤမှန်သောသစ္စာကို ဆိုရခြင်းကြောင့်၊ **မေ-** ငါ၏၊ **သက်ပွေါ်စ-**ကောင်းမြတ်သော အကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု-** ဖြစ်ပါစေသတည်း။

၁၄။ **ယေ-** အကြင်သူတို့သည်၊ **ဓမ္မဒ္ဒယံ -** သမထ, ဝိပဿနာတရားနှစ်ဖြာကို၊ **အနာရဒ္ဓါ -** အားမထုတ်နိုင်ကြကုန်ဘဲ၊ **သဒါ -** အခါခပ်သိမ်း၊ **ဂီဟိ- သမ္မာဒိကေ-** လူ၏အမှုကိစ္စစသည်တို့၌၊ **ရတက -** မွေ့လျော်ပျော်ပါးနေကြကုန်သည်ဖြစ်၍၊ **စတ္တာရိယေဝ-** လေးပါးသာလျှင်ဖြစ်ကုန်သော၊ **သစ္စာနိ-** အရိယသစ္စာတရားတော်တို့ကို၊ **နပဋိဝိဇ္ဈန္တိ-** ထိုးထွင်း၍မသိနိုင်ကြကုန်၊ **တေ -** ထိုသူတို့သည်၊ **နိဗ္ဗာနံ-** ဝဋ်ဒုက္ခတို့ ပျက်ငြိမ်းရာမှန်နိဗ္ဗာန်တရားတော်မြတ်ကို၊ **နလဘန္တိ-** မရနိုင်ကြကုန်။ **ဧတေန သစ္စ ဝဇ္ဇေန-** ဤမှန်သောသစ္စာကိုဆိုရခြင်းကြောင့်၊ **မေ-** ငါ၏၊ **သက်ပွေါ်စ -** ကောင်းမြတ်သော အကြံအစည် အမှုကိစ္စဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု-** ဖြစ်ပါစေသတည်း။

၁၅။ **ကာနိဝိဒေဝ-** အချို့သာလျှင်ဖြစ်ကုန်သော၊ **ရတနာ -** ပုလဲ, ပတ္တမြားစသော ရတနာခုနစ်ပါးတို့သည်၊ **မဟာဒဓိ-** သမုဒ္ဒရာကြီးသို့၊ **ဩသရန္တိ-** သက်ဝင်တည်နေကြပေကုန်၏၊ **ကာနိစိဒေဝ-** အချို့သာလျှင်ဖြစ်ကုန်သော၊ **ရတနာမိ-** ပုလဲ, ပတ္တမြား စသော ရတနာခုနစ်ပါးတို့သည်လည်း၊ **ဣဓ-**ဤလူ့ပြည်၌၊ **သဒါ-** အခါခပ်သိမ်း၊ **မတိဋ္ဌိတာ-** ထင်ရှားတည်ရှိနေကြကုန်သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏။ **ဧတေန သစ္စဝဇ္ဇေန-** ဤမှန်သောသစ္စာကိုဆိုရခြင်းကြောင့်၊ **မေ-**ငါ၏၊ **သက်ပွေါ်စ-** ကောင်းမြတ်သောအကြံအစည် အမှုကိစ္စ ဟူသမျှသည်လည်း၊ **ဇယော -** အောင်မြင်သည်၊ **ဟောတု -** ဖြစ်ပါစေသတည်း။

အထက်ပါ စူဠဝေဒဗ္ဗသစ္စာမန္တန်တော်အား လေ့လာကြည့်လျှင် ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့အားလည်းကောင်း၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကတို့အားလည်း တိုင်တည်လျက်၊ တိုင်တည်ချက်တိုင်းအား သစ္စာပြုလျက် သစ္စာ၏အားဖြင့် အောင်ကြောင်းမင်္ဂလာ ကောင်းခြင်းအဖြာဖြာ ဆုပတ္ထနာပြုထား၏။ ထို့အပြင်အခြားအားပြုထားသည်များကား ပထဝီမြေအပြင်ရှိ အံ့ချီးဖွယ် သစ်ပင်ကြီး(၇)ပင်၊ မြစ်ကြီး, သမုဒ္ဒရာကြီး, အိုင်ကြီးနှင့် အထက်အာကာသမှ နက္ခတ် (၂၇) လုံးစသော စကြဝဠာတွင်းရှိ သဘာဝတရားတို့ ဖြစ်တည်မှု အမှန်တရားတို့ကိုလည်း သစ္စာပြု ဆုတောင်းထား၏။ တရားတို့၏ တရားကိုယ်သဘောသဘာဝ သစ္စာအမှန်တရားတို့ကိုလည်း သစ္စာပြု တိုင်တည် ဆုတောင်းထား၏။

ထိုသို့ တိုင်တည်သစ္စာစကားများကို အားပြု၍ အသက်အိုးအိမ်စည်းစိမ်ချမ်းသာများ တိုးပွားပါစေကြောင်း၊ ကြံစည်သမျှ ပြည့်စုံရ၍ အောင်ကြောင်းမင်္ဂလာအဖြာဖြာတို့နှင့် အခါခပ်သိမ်းပြည့်ဝစေကြောင်း ဆုတောင်းထားသည့် သစ္စာအားပြုမန္တန်ဖြစ်ရာ ယုံကြည်စွာရွတ်ပွားလေက ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝက ရတနာသုံးပါးတို့၏အာနုဘော် သစ္စာစကားတို့၏ တန်ခိုးတေဇော်တို့ကြောင့် တောင်းသည့်ဆုအတိုင်း မလွဲဧကန် အမှန်ပြည့်ဝနိုင်မည့် မန္တန်တစ်ခုပင်ဖြစ်ကြောင်း ယုံမှားစရာ မရှိပါချေ။ ထပ်မံ ဖော်ထုတ်တင်ပြပေးလိုသည်ကား မဟာဝေဒဗ္ဗ မန္တန်တော်ကြီးပင် ဖြစ်ပါသည်။

### မဟာဝေဒဗ္ဗရတနာမန္တန်တော်ကြီး

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ။ နတ္ထိမေ သရဏံအညံ၊ ဗုဒ္ဓေါမေ သရဏံ ဝရံ။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ။ ဟောတု မေ သုခဝဍ္ဎနံ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။ နတ္ထိ မေ သရဏံ အညံ။ ဓမ္မော မေ သရဏံ ဝရံ။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ။ ဟောတု မေ သုခဝဍ္ဎနံ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက သံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။ နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ။ ဟောတုမေ သု ဝဍ္ဎနံ။

၄။ သမာဒိယိ ပဉ္စသီလံ၊ အဋ္ဌင်္ဂ သုဒေသိတံ။ ဧတေန သစ္စဝဇ္ဇေ ဟောတု မေ ဇယမင်္ဂလံ။ ဟော မေ အာယုဝဍ္ဎနံ။ ဟောတု မ သုခဝဍ္ဎနံ။

၅။ န ဇီဝိကန္တရာယောပိ၊ ကာတုံ ဒု သ ကေနစိ။ ဧတေန သစ္စဝဇ္ဇေ ဟောတု မေ ဇယမင်္ဂလံ။ ဟော မေ အာယုဝဍ္ဎနံ။ ဟောတု မ သုခဝဍ္ဎနံ။

၆။ န ဉာဏန္တရာယောပိ၊ ကာတုံ ဒု သ ကေနစိ။ ဧတေန သစ္စဝဇ္ဇေ ဟောတုမေ ဇယမင်္ဂလံ။ ဟော မေ အာယုဝဍ္ဎနံ။ ဟောတု မ သုခဝဍ္ဎနံ။

၇။ န ရသ္မိအန္တရာယောပိ၊ ကာတုံ ဒု သ ကေနစိ။ ဧတေန သစ္စဝဇ္ဇေ ဟောတု မေ ဇယမင်္ဂလံ။ ဟော မေ အာယုဝဍ္ဎနံ။ ဟောတု မ သုခဝဍ္ဎနံ။

၈။ ဗုဒ္ဓေါ အဘိဇ္ဇကာယောပိ၊ န လောဟိတ သုဒနံ။ ဧတေန သ ဝဇ္ဇေန ဟောတု မေ ဇယမင် ဟောတုမေ အာယုဝဍ္ဎနံ။ဟော မေ သုခဝဍ္ဎနံ။

၉။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ သံသယော နတ္ထိ သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေ ဟောတု မေ ဇယမင်္ဂလံ။ ဟော မေ အာယုဝဍ္ဎနံ။ ဟောတု မ သုခဝဍ္ဎနံ။

၁၀။ သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။ ဧတေန သစ္စဝဇ္ဇေ ဟောတု မေ ဇယမင်္ဂလံ။ ဟော မေ အာယုဝဍ္ဎနံ။ ဟောတု မ သုခဝဍ္ဎနံ။

၁၁။ သဒ္ဓါ မေ သံဃသေဋ္ဌမှိ သံသ နတ္ထိ သဗ္ဗဒါ။ ဧတေန သ



www.burmeseclassic.com

www.burmeseclassic.com

ဟောတုမေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ။ ဟောတု မေ သုခဝဍ္ဎနံ။

နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊ ဧတေ သရဏံ ဥပေမိ၊ မယိ ကာ၀ီ န ဝိဇ္ဇတိ။ ဧတေန သစ္စဝဇ္ဇေန၊ ပဝသဿူ သတ္တုရတနာ။

နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ၊ ဧတေ သရဏံ ဥပေမိ၊ မယိ ကာ၀ီ န ဝိဇ္ဇတိ။ ဧတေန သစ္စဝဇ္ဇေန ပဝသဿူ သတ္တုရတနာ။

နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ၊ ဧတေ သရဏံ ဥပေမိ၊ မယိ ကာ၀ီ န ဝိဇ္ဇတိ။ ဧတေန သစ္စဝဇ္ဇေန၊ ပဝသဿူ သတ္တုရတနာ။

ဘာသာပြန်အနက်

၁။ **ဗုဒ္ဓံ**- လေးအင်္ဂါသစ္စာ ကောင်း ...မြင် ဘုရားရှင်ကို၊ **သရဏံ**- ဘေး ...ကွယ် ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ...ဆည်းကပ် သိမှတ်ပါ၏။ (**သောဘ**... ထိုရွှေဘုန်းတော်သခင် ရှင်တော် ...ဘုရားသည်၊ **ဣတိပိ** - ဤသို့ လူ၊ ... ဦးခိုက် ပူဇော်အထူးကို ခံတော်မူ ...သော အကြောင်းကြောင့်လည်း၊ ...- အရဟံမည်တော်မူပါ၏။ (သမ္မာ ...ဒ္ဓေါမှ ဘဂဝါတိအထိ ဘုရားဂုဏ် ...ကိုးပါးအနက်သာဖြစ်၍ မဖော်ပြ ...ပါ။)

**ဣတိ** - ဤသို့ အဖန်ဖန်အထပ် ... မပြတ်မှန်စွာ အောက်မေ့ပါ၏၊ ...- ဗုဒ္ဓအာရုံ မှားထုံမွေ့လျော် ဘုရား ...ည့်တော်အား၊ **အညံ**- ဘုရားမှတစ် ...သော၊ **သရဏံ**- ကိုးကွယ်လဲလျောင်း ...အောင်းမှီရာ ဆည်းကပ်ရာသည်၊ ...- တကယ်တိတိမရှိပါဘုရား၊ **ဗုဒ္ဓေါ**- ...ကအထွတ် သောင်းလုံးညွှတ်မျှ ...တ်တင်ထား ရှင်တော်မြတ်ဘုရား ... **မေ** - ဘုရားကိုသာ အားကိုးရာ ...မြွှာချင့်မြော် ဘုရားတပည့်တော်၏၊ ...- မြတ်သော၊ **သရဏံ**- ကိုးကွယ်လဲ ...င်း ပုန်းအောင်းမှီရာ ဆည်းရာပါ ...။

**ဧတေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ...ဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓ ...ရုံ ပွားထုံမွေ့လျော် ဘုရားတပည့် ...အား၊ **ဇယမင်္ဂလံ** - လောကုတ်၊ ...ကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်း သာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသ တည်း။

**မေ** - ဗုဒ္ဓအာရုံ ပွားတုံမွေ့လျော် ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်း သည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါ စေသတည်း။

**မေ** - ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်း စိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ **ဟော တု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၂။ **ဓမ္မံ**- မင်္ဂဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းဖြတ် တရားတော်မြတ်ကို၊ **သရဏံ**- ဘေးရန်ကွယ်ကာ ကိုးကွယ်ရာ ဟူ၍၊ **ဂစ္ဆာမိ**- မှီဝဲဆည်းကပ် သိမှတ်ပါ ၏၊ **ဘဂဝတာ** - ရွှေဘုန်းတော်သခင် ရှင် တော်မြတ်ဘုရားသည်၊ **ဓမ္မော**- မင်္ဂဖိုလ် နိဗ္ဗာန်ဓမ္မက္ခန် ပရိယတ်ဆယ်ပါးသော တရားတော်မြတ်ကို၊ (သွာက္ခာတော အစရှိ တရားဂုဏ်တော်ခြောက်ပါး၏ အနက်အဓိပ္ပာယ်သာလျှင်ဖြစ်ပြီး လွယ် ကူစွာရှာနိုင်သဖြင့် မဖော်ပြတော့ပါ။)

**ဣတိ** - ဤသို့ အဖန်ဖန်အထပ် ထပ် မပြတ်မှန်စွာအောက်မေ့ပါ၏၊ **မေ**- တရားအာရုံ ပွားထုံမွေ့လျော် ဘုရား တပည့်တော်အား၊ **အညံ**- တရားမှတစ် ပါးသော၊ **သရဏံ** - ပုန်းအောင်းမှီရာ ဆည်းကပ်ရာသည်၊ **နတ္ထိ** - တကယ်တိ တိ အဘယ်မှာ မရှိပါဘုရား။ **ဓမ္မော** - အမှုခပ်သိမ်း ကင်းငြိမ်းစေတတ်သော ဆယ်ပါးသော တရားတော်မြတ်သည်၊ **မေ** - တရားတော်သာ ကိုးကွယ်ရာဟု မြဲစွာချင့်မျှော် ဘုရားတပည့်တော်၏၊ **ဝရံ** - မြတ်သော၊ **သရဏံ**- ပုန်းအောင်း မှီးရာ ဆည်းကပ်ပါတည်း။

**ဧတေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓ အာရုံ ပွားထုံမွေ့လျော် ဘုရားတပည့် တော်အား၊ **ဇယမင်္ဂလံ** - လောကုတ်၊ လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်း သာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသ တည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်း သည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါ စေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်း စိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ **ဟော တု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၃။ **သံဃံ** - မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ် တန်ထင်ပေါ် အရိယာသံဃာတော်မြတ် အပေါင်းကို၊ **သရဏံ** - ဘေးရန်ကာ ကွယ် ကိုးကွယ်ရာ ဟူ၍၊ **ဂစ္ဆာမိ**- မှီဝဲ ဆည်းကပ် သိမှတ်ပါ၏၊

(သုပ္ပဋိပန္နော ဘဂဝတော သာဝ ကသံဃော. . . အနုတ္တရံ ပုညက္ခေတ္တံ လောကဿတိ ဟူသော သံဃာ့ဂုဏ် တော်ကိုးပါးအနက်ကို သိကြသူများပြီး ရှာဖွေရန် လွယ်ကူပါသဖြင့် ဆောင်းပါး လေးအံ့စိုးသောကြောင့် ဤနေရာ၌ မဖော်ပြတော့ပါ။)

**ဣတိ** - ဤသို့ အဖန်ဖန်အထပ် ထပ် မပြတ်မှန်စွာ အောက်မေ့ပါ၏၊ **မေ**- သံဃာတော်ဂုဏ် ပွားထုံမွေ့လျော် ဘုရားတပည့်တော်အား၊ **အညံ**- ဘုရား သားတော် အရိယာသံဃာတော်မှ တစ် ပါးသော၊ **သရဏံ** - ပုန်းအောင်းမှီရာ ဆည်းကပ်ရာတည်း။

**ဧတေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓ အာရုံ ပွားထုံမွေ့လျော် ဘုရားတပည့် တော်အား၊ **ဇယမင်္ဂလံ** - လောကုတ်၊ လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်း သာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေ သတ**မေ**- ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်း သည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါ စေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်း စိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ **ဟော တု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၄။ **သုဒေသိတံ**- ကောင်းစွာဟော ကြားတော်မူအပ်သော၊ **ပဥ္စသီလံ**- ငါး ပါးသီလကို၊ **အဋ္ဌင်္ဂမ္ပိ** - ရှစ်ပါးသီလကို လည်းကောင်း၊ **သမာဒိယာမိ**- လုံခြုံ ကောင်းစွာ ဆောက်တည်ပါ၏၊

**ဧတေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓ အာရုံ ပွားထုံမွေ့လျော် ဘုရားတပည့် တော်အား၊ **ဇယမင်္ဂလံ** - လောကုတ်၊ လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်း သာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသ တည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်းသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်းစိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ **ဟောတု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၆။ **ကေနစိ** - ဗြဟ္မာ, နတ်, လူ တစ်စုံတစ်ယောက်သောသူသည်၊ **ဗုဒ္ဓဿ**- လေးအင်္ဂါသစ္စာ ကောင်းစွာသိမြင် ဘုရားရှင်၏၊ **ဇီဝိတန္တရာယောပိ** - အသက်၏အန္တရာယ်ကိုလည်း၊ **ကာတုံ**- ပြုခြင်းငှာ၊ **နသက္ကာ**- မတတ်နိုင်။

**တေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်အား၊ **ဇယမင်္ဂလံ** - လောကုတ်, လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်းသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်းစိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ **ဟောတု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၇။ **ကေနစိ** - ဗြဟ္မာ, နတ်, လူ တစ်စုံတစ်ယောက်သောသူသည်၊ **ဗုဒ္ဓဿ** - လေးအင်္ဂါသစ္စာ ကောင်းစွာသိမြင် ဘုရားရှင်၏၊ **ရသ္မိအန္တရာယောပိ**- ရောင်ခြည်တော်ခြောက်သွယ်တို့၏အန္တရာယ်ကိုလည်း၊ **ကာတုံ**- ပြုခြင်းငှာ၊ **နသက္ကာ**- မတတ်နိုင်။

**တေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်အား၊ **ဇယမင်္ဂလံ** - လောကုတ်, လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်းသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်းစိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ **ဟောတု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၈။ **ဗုဒ္ဓေါ**-လေးအင်္ဂါသစ္စာ ကောင်းစွာသိမြင် ဘုရားရှင်သည်၊ **အဘိဋ္ဌာကာယောပိ** - မကွဲမပြတ်သော ကိုယ်တော်လည်း ရှိတော်မမူ၏၊ **လောဟိတသူဒနံ**- သွေးတော်ယိုစီးခြင်းသည်၊ **နတ္ထိ** - ရှိတော်မမူ။

**တေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်အား၊ **ဇယမင်္ဂလံ** - လောကုတ်, လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်းသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်းစိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ **ဟောတု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၉။ **ဗုဒ္ဓသေဋ္ဌမှိ**- လောကအထွတ် သောင်းလုံးညွတ်မျှ တမွတ်တင်ထား ရှင်တော်မြတ်ဘုရား၌၊ **မေ**- ဘုရားတပည့်တော်၏၊ **သဒ္ဓါ** - သက်ဝင်ယုံကြည်ခြင်းသည်၊ **အတ္ထိ**- တကယ်တိတိ အမှန်ရှိပါ၏၊ **သံဝိဒါ**-နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ **သံသယော** - ယုံမှားတစ်သံသယသည်၊ **နတ္ထိ** - မရှိ။

**တေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်အား၊ **ဇယမင်္ဂလံ** - လောကုတ်, လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်းသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်းစိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ **ဟော တု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၁၀။ **ဓမ္မသေဋ္ဌမှိ**- အပူခပ်သိမ်း ကင်းငြိမ်းစေတတ် ဆယ်ပါးသောတရား တော်မြတ်၌၊ **မေ**- ဘုရားတပည့်တော်၏၊ **သဒ္ဓါ** - သက်ဝင်ယုံကြည်ခြင်းသည်၊ **အတ္ထိ** - တကယ်တိတိ အမှန်ရှိပါ၏၊ **သံဝိဒါ** - နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ **သံသယော**- ယုံမှားသံသယသည်၊ **နတ္ထိ**- မရှိ။

**တေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့် တော်အား၊ **ဇယမင်္ဂလံ** - လောကုတ်, လောကီ နှစ်လီပွားတိုး ကောင်းကျိုးချမ်း သာ ကျက်သရေမင်္ဂလာအဖြာဖြာသည်၊ **ဟောတု** - စင်စစ်မသွေဖြစ်ပါစေ သတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားထုံမွေ့လျော် ဘုရားတပည့်တော်၏၊ **အာယုဝဍ္ဎနံ** - ကျန်းကျန်းမာမာ အသက်ရှည်ကြာခြင်း သည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါ စေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့လျော် ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- စည်း စိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ ဟော **တု**- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၁၁။ **သံဃသေဋ္ဌမှိ**- အပူခပ်သိမ်း ကင်းငြိမ်းပြီးငြား ရှစ်ပါးထင်ပေါ် ... ယာ သံဃာတော်မြတ်၌၊ **မေ** - ဘုရား တပည့်တော်၏၊ **သဒ္ဓါ** - သက်ဝင် ... ကြည်ခြင်းသည်၊ **အတ္ထိ**- တကယ် ... အမှန်ရှိပါ၏၊ **သံဝိဒါ** - နေ့ရောညဉ့် ... အခါခပ်သိမ်း၊ **သံသယော**- ယုံမှား ... ယသည်၊ **နတ္ထိ**- မရှိ။

**တေန သစ္စဝဇ္ဇေန**- မှန်ကန် ... ဤဝစီသစ္စာစကားကြောင့်၊ **မေ** - ... အာရုံ ပွားထုံမွေ့လျော် ဘုရားတ ... တော်အား၊ **ဇယမင်္ဂလံ** - လောကု ... လောကီ နှစ်လီပွားတိုး ကောင်းကျိုး ... သာ ကျက်သရေမင်္ဂလာအဖြာဖြာ ... **ဟောတု** - စင်စစ်မသွေဖြစ် ... သတည်း။

**မေ** - ဗုဒ္ဓအာရုံ ပွားထုံမွေ့ ... ဘုရားတပည့်တော်၏၊ **အာယု** ... ကျန်းကျန်းမာမာ အသက်ရှည်ကြာ ... သည်၊ **ဟောတု** - စင်စစ်မသွေ ... စေသတည်း။

**မေ**- ဗုဒ္ဓအာရုံ ပွားရာမွေ့ ... ဘုရားတပည့်တော်၏၊ **သုခဝဍ္ဎနံ**- ... စိမ်ဥစ္စာချမ်းသာတိုးပွားခြင်းသည်၊ ... **တု**- စင်စစ်မသွေ ဖြစ်ပါစေသ ...



www.burmeseclassic.com

www.burmeseclassic.com

၁၂။ **မေ** - ဘုရားကိုသာ ကိုးကွယ်ရာဟု မြဲစွာချင့်မြော် ဘုရားတပည့်တော်အား၊ **အညံ** - ဘုရားမှတစ်ပါးသော **သရဏံ**- ကိုးကွယ်ရာသည်၊ **နတ္ထိ**- တကယ်တိတိ အမှန်ပင်မရှိပါ ဘုရား၊ ... - လေးအင်သစ္စာ ကောင်းစွာသိ ... ဘုရားရှင်သည်၊ **မေ**- ဘုရားကိုသာ ကိုးကွယ်ရာဟု မြဲစွာချင့်မြော် ဘုရားတပည့်တော်၏၊ **ဝရံ**- မြတ်သော၊ **သရ**ဏံ - ဆည်းကပ်မှန်စွာ ကိုးကွယ်ရာပါ တည်း။ **တေ** - ထိုလူ, နတ် ထွတ်ထား တော်မြတ်ဘုရားကို၊ **သရဏံ**- ကိုးကွယ်ရာ ဆည်းကပ်ရာဟူ၍၊ **ဥပေ**မိ - မြတ်မြဲစွာ ဆည်းကပ်ပါ၏၊ **မယိ**- ဘုရားတပည့်တော်၌၊ **ကာခ်ီ**- ယုံမှားကခ်သံသယသည်၊ **နဝိဇ္ဇတိ**- တကယ်တိတိ မရှိပါ ဘုရား။

**တေန သစ္စဝဇ္ဇေန** - မှန်ကန်စွာ ဤဝစီသစ္စာကြောင့်၊ **သတ္တရတနာ** - ရွှေငွေစသား ခုနစ်ပါးသော ရတနာမိုးတို့သည်၊ **ပဝဿန္တု**- အလျှင်ထန်စွာ ရွာသွန်းပါစေကုန်သတည်း။

၁၃။ **မေ**- တရားကိုသာ ကိုးကွယ်ရာဟု မြဲစွာချင့်မြော် ဘုရားတပည့်တော်အား **အညံ**- တရားတော်မှတစ်ပါးသော၊ **သရဏံ**-ကိုးကွယ်ရာသည်၊ **နတ္ထိ**-တကယ်တိတိမရှိပါဘုရား။

**ဓမ္မော** - အပူခပ်သိမ်းကင်းငြိမ်းစေတတ် ဆယ်ပါးသော တရားတော်မြတ်သည်၊ **မေ** - တရားတော်သာ ကိုးကွယ်ရာဟု မြဲစွာချင့်မြော်ဘုရားတပည့်တော်၏၊ **ဝရံ** - မြတ်သော၊ **သရဏံ**- ဆည်းကပ် ကိုးကွယ်ရာပါတည်း။ **တေ**- အပူခပ်သိမ်းကင်းငြိမ်းစေတတ် ထိုဆယ်ပါးသောတရားတော်မြတ်ကို၊ **သရဏံ**- ဆည်းကပ်ဖွယ်ရာ ကိုးကွယ်ရာဟူ၍၊ **ဥပေမိ** - မပြတ်မှန်စွာ ဆည်းကပ်ပါ၏၊ **မယိ**-ဘုရားတပည့်တော်၌၊ **ကာခ်ီ**- ယုံမှားကခ်သံသယသည်၊ **နဝိဇ္ဇတိ**-မရှိပါဘုရား။

**တေန သစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာကြောင့်၊ **သတ္တရတနာ**- ရွှေငွေစသား ခုနစ်ပါးသော ရတနာမိုးတို့သည်၊ **ပဝဿန္တု**- အလျှင်ထန်စွာ ရွာသွန်းပါစေသတည်း၊

၁၄။ **မေ**- သံဃာတော်သာ ကိုးကွယ်ရာဟု မြဲစွာချင့်မြော် ဘုရားတပည့်တော်အား၊ **အညံ**- အရိယာသံဃာတော်မှ တစ်ပါးသော၊ **သရဏံ**- ကိုးကွယ်ရာသည်၊ **နတ္ထိ**- တကယ်တိတိမရှိပါဘုရား၊ **သံဃော**- အပူခပ်သိမ်းကင်းငြိမ်းပြီးငြား ရှစ်ပါးထင်ပေါ် အရိယာ သံဃာတော်မြတ်သည်၊ **မေ**- သံဃာတော်သည် ကိုးကွယ်ရာဟု မြဲစွာချင့်မြော် ဘုရားတပည့်တော်၏၊ **ဝရံ** - မြတ်သော၊ **သရဏံ**- ဆည်းကပ်ဖွယ်ရာ ကိုးကွယ်ရာပါတည်း။ **တေ**- အပူခပ်သိမ်း ကင်းငြိမ်းပြီးငြား ရှစ်ပါးထင်ပေါ် ထိုအရိယာသံဃာတော်မြတ်ကို၊ **သရဏံ** - ဆည်းကပ်ဖွယ်ရာ ကိုးကွယ်ရာဟူ၍၊ **ဥပေမိ**- မပြတ်မှန်စွာ ဆည်းကပ်ပါ၏၊ **မယိ** - ဘုရားတပည့်တော်၌၊ **ကာခ်ီ**- ယုံမှားကခ်သံသယသည်၊ **နဝိဇ္ဇတိ**- မရှိပါဘုရား။

**တေနသစ္စဝဇ္ဇေန**- မှန်ကန်လှစွာ ဤဝစီသစ္စာကြောင့်၊ **သတ္တရတနာ**- ရွှေငွေစသား ခုနစ်ပါးသော ရတနာမိုးတို့သည်၊ **ပဝဿန္တု** - အလျှင်ထန်စွာ ရွာသွန်းပါစေသတည်း။

အထက်ဖော်ပြပါ မဟာဝေဒဗ္ဗ ရတနာမန္တန်တော်ကြီးကို လေ့လာကြည့်ပါက ဤလောကသုံးပါးတွင် အတုမရှိ အမြတ်ဆုံးဖြစ်သော ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်အသီးသီးတို့ကို အသေးစိတ် ထည့်သွင်း ရွတ်ဆို ပူဇော်လျက် သစ္စာပြုတိုင်တည်ကာ အနာရောဂါကင်း၍ အသက်ရှည်ရပါလိုကြောင်း၊ ချမ်းသာသုခအပေါင်းနှင့် ပြည့်ဝပါစေကြောင်း၊ ကောင်းကျိုးချမ်းသာ အောင်ကြောင်းမင်္ဂလာအပေါင်းတို့နှင့်လည်း ပြည့်စုံပါစေကြောင်း စသည်ဖြင့် ကောင်းမြတ်သော ဆုကြီး (၃) ဆုကို ဆိုထားကြောင်း ဦးစွာတွေ့ရှိရပါသည်။

ထို့အပြင်-

နဗိဝိတန္တရာယောပိ၊

နဉာဏန္တရာယောပိ၊

နရသ္မိအန္တရာယောပိ -

အစရှိသည်ဖြင့် ဘုရားရှင်၏ အသက်၊ ဉာဏ်တော်နှင့် ကိုယ်တော်မှ ထွန်းလင်း ထွက်ပေါ်နေသော ရောင်ခြည်တော်တို့အား မည်သည့် နတ်, လူ၊ ဗြဟ္မာတို့မှ အန္တရာယ်ပြုခြင်းငှာ မစွမ်းသာသော ဘုရားရှင်၏ အာဝေဏိကဂုဏ်တော်တို့ကို ဓာရဏပရိတ်တော်ကဲ့သို့ ရွတ်ပွားပူဇော် သစ္စာပြု တိုင်တည်လျက် အထက်နည်းအတိုင်း ဆုကြီး (၃) ဆုကိုတောင်းထားကြောင်းတွေ့ရသည်။ ဤမန္တန်တော်၌ မဟာဝေဒဗ္ဗဇာတ်တော်လာ ဝေဒဗ္ဗမန္တန်တော်နှင့် သဘောအဓိပ္ပာယ်ဆင်သော တောင်းဆုပြုပုံကို မန္တန်၏ အဆုံးဂါထာ (၃) ပိုဒ်၌ တွေ့ရပါသည်။ ထိုဂါထာသုံးပိုဒ်၏ အနက်ဆိုလိုရင်းအချုပ်ကား ဤလောက၌ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့မှ တစ်ပါး အခြား ကိုးကွယ်အားထားရာ မရှိဟု ယုံမှားသံသယ လုံးဝမရှိဘဲ ယုံကြည် ကိုးကွယ် ဆည်းကပ်ပါ၏။ ထိုသစ္စာစကားကြောင့် **သတ္တရတနာ**- ရွှေ, ငွေစသား ခုနစ်ပါးသော ရတနာမိုးတို့သည်၊ **ပဝဿန္တု** - အလျှင်ထန်စွာ ရွာသွန်းပါစေကုန်သတည်းဟု သစ္စာပြု ဆုတောင်းထားပုံမှာ ဝေဒဗ္ဗဇာတ်တော်မှာကဲ့သို့ ရတနာမိုးရွာသွန်းစေလိုကြောင်း ဆုတောင်းဟန် တွေ့ရပါသည်။

သို့ဖြစ်ရာ အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည့် စူဠဝေဒဗ္ဗသစ္စာမန္တန်တော်နှင့် မဟာဝေဒဗ္ဗရတနာမန္တန်တော်ကြီး နှစ်မျိုးလုံးသည် ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကအစရှိသည့် အရိယာ သံဃာတော်များအား ရှိခိုးဦးခိုက်ပူဇော်ထားခြင်း၊ ဘုရားရှင် ဓမ္မက္ခန္ဓာ တရားတော်မြတ်တို့အား တိုင်တည်သစ္စာပြုထားခြင်း၊ ဘုရားရှင်၏ အာဝေဏိကဂုဏ်တော်များကို တိုင်တည် သစ္စာပြုလျက် ဆုတောင်းဆုယူပြုထားခြင်း စသော ရတနာသုံးပါးနှင့် စပ်ဆိုင်သည့် အကြောင်းခြင်းရာများကိုသာ အဓိကမဏ္ဍိုင်ပြုထားသော ဂါထာမန္တန်တော်ကြီးများ ဖြစ်ကြပါသဖြင့် ထိုမန္တန်တော်ကြီးများကို ခနသိဒ္ဓိစန်းယှဉ်ကာလများ၊ ခနသိဒ္ဓိလင်္ဂဖြတ်ချိန်, မွန်းတည့်မျဉ်းဖြတ်ချိန်များတွင် ရွတ်ဖတ်ပူဇော်ကြမည်ဆိုပါက ဘုရားရှင် ဟောကြားခဲ့သော ဝေဒဗ္ဗဇာတ်တော်တွင် ပါရှိသကဲ့သို့ မန္တန်ရွတ်၍ ထက်ကောင်းကင်မှ ရတနာမိုးမရွာခဲ့သည့်တိုင် ရတနာမိုးရွှေမိုး၊ငွေမိုးများ ရွာသကဲ့သို့ ကောင်းကျိုးသုခ ချမ်းသာအဖြာဖြာတို့နှင့် မလွဲမသွေ ပြည့်စုံစေနိုင်ပေလိမ့်မည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်ပါသောကြောင့် ဤစူဠဝေဒဗ္ဗသစ္စာမန္တန်တော်နှင့် မဟာဝေဒဗ္ဗရတနာမန္တန်တော်ကြီး နှစ်ခုအနက် တစ်ခုခုကိုဖြင့် ရတနာမြတ်သုံးပါးတို့အား ဦးထိပ်ထားလျက် မိမိနှစ်သက်ရာ ရွေးချယ် တောင်းယူ ပူဇော်ရွတ်ပွားသင့်အပ်ပါကြောင်း ကောင်းမြတ်သော စိတ်မနသိကာရဖြင့် ဤမဂ္ဂဇင်း၏ စာဖတ်ပရိသတ်ကြီးအား တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

တို့ရတနာ-ဆရာဇေယျာသင်း



www.burmeseclassic.com

www.burmeseclassic.com

ကျိုက္ကဆံဘုရားကြီး ရှေ့တွင် လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင် ရှိ၏။ ထိုဆိုင်ကြီးတွင် အဘနှင့်ကျွန်ုပ် မကြာမကြာ ထိုင်တတ်၏။ ထိုဆိုင်ကြီးတွင် အမျိုးအစားနှင့် နံပြားဒိုက်သူ ရှိသော်လည်း ဆိုင်ရှင်ကိုယ်တိုင် စားပွဲထိုးသောကြောင့် အလွန်မှ သန့်ပြန့်လှ၏။ လက်ဖက်ရည် တစ်ခွက်လျှင် ပြား (၃၀) ဖြစ်ပြီး နံပြားတစ်ချပ်လျှင် (၁၅) ပြားပေးရ၏။ လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်တွင် ဆိုက်ကားဂိတ်ရှိ၏။ ကျွန်ုပ်နှင့် အဘသည် မကြာခဏဆိုသလို ဤဆိုင်ကြီးတွင် လက်ဖက်ရည် သောက်တတ်ပြီး တစ်ခါ တစ်ခါ ကျိုက္ကဆံဘုရားကြီးအနီးရှိ ကျောက်စာတိုင်ဘုရားအနီးမှ ကိုယ်နှင့်မထွေးစိန်တို့အိမ်သို့ ကျွန်ုပ်ကို ခေါ်သွားလေ့ရှိ၏။

ဤနေ့သည်-

အဘ လာမည်ကို သိထားသော်လည်း ကျွန်ုပ်မှာ လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ ပဲပြုတ်နှင့်နံပြားစားရင်း မည်သို့မှန်းမသိ အိမ်သို့ ထပြန်ချင်နေ၏။

"ဟော- ညီလေး"

ခေါ်သံကြောင့် ညာဘက်သို့ လှည့်ကြည့်လိုက်ရာ အဘအားမည်းမည်း၊ ဝဝလှလှတစ်ယောက် ပုဆိုးကို ဘေးနှစ်ဖက်ဆီမှမ၍ ကိုင်ပြီး ဆိုင်ထဲဝင်လာ၏။ ပြီးမှ ကျွန်ုပ်၏ရှေ့တွင်ထိုင်လိုက်ပြီး အရောင်အဆင်းမရှိတော့သည့် နံကြောင်

# ပညာရှာသူတို့
# လျှောက်သောလမ်း

(ချစ်ကိုအောင်မြင်စေသား)

**ဆရာဦးမောင်မောင်သန်း**





www.burmeseclassic.com

...င်သွားများ ပေါ်လာအောင် ရယ်
...၏။ ပြီးမှ ဆိုင်ရှေ့ရှိ သူ့အဖော်
... ခေါင်းညိတ်ခေါ်လိုက်၏။ သူ့အ
...ာ ကျွန်ုပ် မြင်ဖူးသလိုလိုရှိသော
...အရွယ်နှင့်မတိမ်းမယိမ်း လူတစ်
...က် ဖြစ်၏။

"ဦးစိန်ကြီးနဲ့ တွဲတွဲနေတာ ညီ
လေးမဟုတ်လား"

"ပြော်- ဟုတ်ကဲ့"

"အေး- အစ်ကိုကြီးနဲ့ ဦးစိန်နဲ့က
သိပ်ခင်တာကွ"

"ဟုတ်ကဲ့"

"သူဆို ဦးစိန်ကြီးနေတဲ့အိမ်က
မဖွေးနိန် မှောင်ပဲ။ ညီလေးကို သိတယ်
တဲ့"

ထိုခပ်ဝဝလူကြီးပြောလိုက်မှ သူ့
မျက်နှာကို သေချာကြည့်လိုက်ရာ စိတ်
ထဲတွင် မြင်ဖူးသလိုလို ထပ်ဖြစ်လာပြန်
၏။

"သူက ကျွန်တော့်ကို သိချင်မှသိ
မှာ ဦးငယ်လေး။ ကျွန်တော်ကတော့ သူ့
ကို သိတယ်။ ကျွန်တော်တို့ယမ်းထဲမှာ
ရှိတဲ့ ကလပ်ကိုလာလာပြီး သူတို့ ချိန်း
ချိန်းကစားတယ်လေ။ ဒီ (၁၂) ထဲက
ကန်ကြီးနားမှာ"



www.burmeseclassic.com

"ဪ- ဟုတ်တယ်"

သူပြောမှ ကျွန်ုပ် သိသွား၏။ ကျွန်ုပ်၏သူငယ်ချင်း အေးကိုတို့စုကစားကြသော ကရာတေးကလပ် ရှိ၏။ ထိုကလပ်သို့ မကြာ မကြာ လာ၍ကစားသည်ကို ထိုသူ တွေ့ထားဟန်ရှိ၏။

"ဟုတ်တယ်၊ ဟုတ်တယ်။ သူငယ်ချင်း ကလပ်ကို လာလာကစားတာ"

"ဒါဆို- မင်းတို့က မစိမ်းကြဘူးကိုး"

ကျွန်ုပ်လည်း ရယ်ရင်းကြည့်နေလိုက်၏။

"အောင်ပိုင်ပါ ခင်ဗျာ"

"ဟုတ်ကဲ့- ကျွန်တော် မောင်မောင်သန်းပါ။ သူငယ်ချင်းတွေပဲ၊ တွေ့ရင်တွေ့တဲ့နေရာမှာ ခေါ်ပါ။ ခုရော- ပဲပြုတ်နံပြား စားပါဦး"

"ပြီးပြီ၊ စား။ ဦးငယ်လေးနဲ့ လိုက်လာတာ"

"အေး- ညီလေး၊ ကိုယ့်အစ်မအိမ်က ဒီနားတင်။ ညီလေး ခဏလောက်လိုက်ခဲ့ပါလား။ ဒါ ကိုယ့်အကူအညီတောင်းတာပါ"

"ဟာ- တော်ကြာ အဘလာရင်"

"အဲဒါမပူနဲ့ ညီလေး၊ အဲဒီအတွက်အောင်ပိုင်ကို ခေါ်လာတာ။ သူ ဦးစိန်ကို ဒီက စောင့်ပြီး ကိုယ့်အစ်မအိမ် ခေါ်လာပါလိမ့်မယ်။ ပြီးမတော့ ကိုယ့်အစ်မအိမ်ကလည်း မထွေးစိန်တို့အိမ်ဘက်ကိုသွားတဲ့လမ်းမှာပဲ"

"ဪ- ကျောက်စာတိုင်ဘုရားနားပဲပေါ့"

"ဟုတ်တယ် ညီလေး"

"ကျွန်တော် ဘာလို့လိုက်ရမှာလဲ အစ်ကို။ အဘရှိနေတာပဲ၊ တကယ်လို့ အစ်ကိုတို့ကိစ္စရှိရင် . . ."

"အေး-အဲဒီကိစ္စအတွက်ပဲ။ ဦးစိန်ကိုပြောပြီးပြီ၊ သူပဲ ညီလေးအကြောင်း ပြောပြလို့ အစ်ကိုလာတာပေါ့။ နို့မို့ ဘယ်သိပ့်မလဲ"

"ကျွန်တော်က ဒီလိုပါ၊ ဟိုပြောဒီပြောတွေပြောရင် အဘမကြိုက်မှာ အရမ်းစိုးရိမ်လို့ပါ"

"ညီလေးရာ၊ မနေ့က ညနေက ဦးစိန်ကိုယ်တိုင်ပြောလို့ အခု အစ်ကိုလာတာပါဆို"

"မနေ့က ညနေ"

"ဟုတ်တယ်၊ မင်းနဲ့ဦးစိန် ကိုငယ်တို့အိမ်ကအပြန် ဦးစိန် ခဏရပ်ပြီး နှုတ်ဆက်ပါရောလား"

"ဪ- အဲဒီအိမ်လား"

"အေးဆို- အဲဒီအိမ်"

"ဪ- ဒါကြောင့် အဘခြံဝမှာ ရပ်စကားပြောရင်း ကျွန်တော့်ကို လှမ်းလှမ်းကြည့်နေတာကိုး"

"ညီလေးက ရှေ့ကို လျှောက်သွားတာမို့ပါ"

"အဘမိတ်ဆွေတွေနဲ့ အဘနဲ့ စကားပြောရင် ကျွန်တော် ဝေးဝေးမှာ အမြဲနေတယ် အစ်ကို။ အဘက စပ်စုရင် မကြိုက်ဘူး"

"သိတယ်။ ဦးစိန်က မင်းအကြောင်း အရမ်းပြောတာ။ မင်း သူ့ကို ဘယ်လောက်ရိုသေတယ်ဆိုတာ သူသိတယ်။ မင်းကိုတော့ ညွှန်းသလားမမေးနဲ့။ သိတယ်မဟုတ်လား၊ သူက ဒီဘက်ကူးပြီလေ။ တော်ရုံဆို ဘာမှမပြောတော့ဘူးကွ"

ဦးငယ်လေး ဆိုသူမှာ ဘစိန်အကြောင်းပြောရင်း လက်နှစ်ဖက်ကတရားထိုင်သလိုပုံစံ လုပ်ပြနေ၏။ ပြီးမှ သူတို့နှင့် အဘ ဘယ်လောက်ခင်ကြကြောင်းများပြောရင်း ကျွန်ုပ်၏ရှေ့က လျှောက်၏။ တော်တော်လေး လျှောက်မိလာသည်နှင့် လမ်းချိုးလေးတစ်ခုဘေးမှအိမ်တစ်အိမ်ရှေ့သို့ ရောက်လာလေတော့၏။

"လာ- ညီလေး၊ ဒါ ကိုယ့်အစ်မအိမ်ပဲ-လာ"

သူက ရှေ့ကလျှောက်ရင်း အိမ်ပေါ်တက်သွား၏။ ကျွန်ုပ်က လိုက်တက်လိုက်ပြီး ဘုရားဆောင်ရှေ့နားလေးတွင် ထိုင်လိုက်၏။

ထိုစဉ် အသားလတ်လတ်၊ ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက်ထွက်လာပြီး ကျွန်ုပ်ကို စိုက်ကြည့်ရင်း ကျွန်ုပ်၏ဘေးနား ခေါင်းရင်းဘက် ခပ်ရောက်ရောက်တွင် ထိုင်လိုက်၏။

"ဟော့-အငယ်လေး၊ ဦးစိန်တပည့်ဆိုတာလားကွ"

"ဟုတ်"

ဦးငယ်လေးနှင့် သူနှင့် လှမ်းမြင်နေရပါ၏။ သို့သော် ပြောလိုက်သည့်အသံမှာ အလွန်ပင် ကျယ်လှ၏။

"အေး- တို့ကတော့ ဦးစိန်နဲ့ ခင်ကြတယ်ဟေ့၊ မင်းတော့ မသိဘူး။ ခုမှမြင်ဖူးတာ"

"ဟုတ်ကဲ့"

ထိုသူမှာ အကျီအနီရောင်စွပ်ကျယ်ကို ဝတ်ထားပြီး ချည်လုံချည်အပြာကွက်နှင့်ဖြစ်နေ၍ အရောင်များမှာ ခပ်တောက်တောက် ဖြစ်နေ၏။ ကျွန်ု... သည် အိမ်အဝင်တွင် ချိတ်ထားသော... ရောမဂဏန်းများနှင့် နာရီကြီးအား ... မသာကြည့်လိုက်ရာ (၈) နာရီခွဲပြီး... ၍ ယနေ့သည် ဗုဒ္ဓဟူးနေ့ ဖြစ်သော... ကြောင့် စနေ့အခါမှန်း သတိထားလို... ၏။

"အေး- ဒီအိမ်ကို ကြည့်စမ်း... ဘာတွေ ဖြစ်နေမှန်းကို မသိဘူး"

ကျွန်ုပ်သည်-

ကျွန်ုပ်၏ဆရာက အလွန်... ကျင့်ပြီး လွှတ်လိုက်မှန်း အဘစိန်... မသိ။ အဘစိန်ကိုပင် ဖွင့်ဟပြော၍ ... ဆရာခိုင်းသည်ကို တစ်သဝေမတိမ်း... လိုက်နာပြီး ဆရာ့စကားအား မြေ... မကျ နားထောင်သူ ဖြစ်၏။

အဘစိန်နှင့်တွေ့ပြီးသည့်နော... ပိုင်း အဘကသိထားသည်မှာ အစ်ကို... စာအုပ်များနှင့် အခြား လောကီ... စာအုပ်များ ဖတ်ထားပြီး ကျွန်ုပ်မှာ ... စပ်စပ် ဒီစပ်စပ် သိသည်ဟုသာ ဖြစ်...

ထို့ကြောင့်လားမသိ၊ အဘကို... တိုင် သူ့မိတ်ဆွေများနှင့်ကြုံလျှင် ကျွန်... ကို လူလေးရယ်- ကိုယ်တတ်ထား... ပညာဆိုတာ နည်းတာ၊ များတာက ... ကြောင်းမဟုတ်ဘူး။ လူတစ်ဖက်သား... ကူညီရတယ်။ ကုသိုလ်ဆိုတာ ယူ... ရင်ရတယ်ဟု မကြာခဏ ပြော... တောင်ပြောမြောက်ပြော ပြောခိုင်း... ကျွန်ုပ် မည်မျှ လေ့လာထားသည်... အဘကိုယ်တိုင်သိချင်နေပုံလည်းရ... ဟု ကျွန်ုပ် ထင်၏။

ယခု-

အိမ်ရှင်နှင့်တူသူမှာ ကျွန်ုပ်အ... အထက်စီးမှမေးနေပြန်၏။ မကျေ... နှင့် ပက်ခနဲ ပြန်ပြောလိုက်ရချေ... ကျွန်ုပ်၏ဆရာ လွှတ်လိုက်မှန်း ပေါ်... လောက်ပေဦးမည်။ အဘစိန်ထံလာ... ကိစ္စများ လမ်းကြောင်း လွဲသွား... မည်။

အခါမှာ စနေ့အခါဖြစ်ပြီး ... ဝတ်ထားသောအရောင်မှာ ခိုက်နေ... ကျွန်ုပ်လည်း နောက်လှည့် မော့ကြ... လိုက်ပြီး-

"ဘုရားဆောင်မှာ ရှုပ်နေ... တယ်။ ဘုရားနဲ့မဆိုင်တဲ့ပစ္စည်းတွေ... နေပုံရတယ်။ အဲဒီလို ရှုပ်နေရင် ... ထောင်ဦးစီးဟာ ခိုက်ပြီသာမှတ်ပေ...

ထိုသူသည် ကျွန်ုပ်အား စိ... စားသလိုကြည့်နေရင်း ဘုရားဆော... သို့မော့ကြည့်၍ မတ်တတ်ရပ်...



www.burmeseclassic.com

www.burmeseclassic.com

...ည်း လိုက်ရပ်လိုက်ပြီး သူကြည့် ...ကို လိုက်ကြည့်နေလိုက်၏။

"...ော့- ဒီဆံညှပ်တွေ၊ ကလစ်တွေ ...ထားတာလဲ။ ဓာတ်မီးကလည်း ...နေတယ်"

ဒေါသသံ အနည်းငယ်ပါသော ...ုံးများနှင့် သူ့အိမ်သားများကို ...အော်ပြောနေ၏။ အခန်းအဝင်ဝ ...က်နားဆီမှ ပြူတစ်ပြူတစ်ဖြစ်နေ ...သူနှစ်ယောက် ထွက်လာ၏။ တစ် ...က်မှာ ဦးငယ်လေးဖြစ်ပြီး နောက် ...ယောက်မှာ သူပြောသည့် သူ့အစ်မ ...ရှိ၏။ ခပ်ဝဝ။

"ဪ- တူမလေးဖြစ်မယ်၊ ...က ဒီစားပွဲလေးပေါ် တင်ထားတာ ...စားပွဲပေါ် ကပစ္စည်းတွေ ရှင်းတော့ ...ယ်လွယ်တင်ထားလိုက်တာနေမှာ ...ဓာတ်မီးက ဟိုနေ့က ကျွန်မ တင် ...ဘာ"

ဘုရားကျောင်းဆောင်မှာ ဖုန်အ ...မ်းနှင့်။ ပလ္လင်အောက် ညာဘက် ...ဆောင့်မှာ ကျိုးသွား၍လား မသိ၊ ...ုံးတစ်ခုနှင့် ခုထားသောကြောင့် ...င်းဆောင်မှာ အနည်းငယ်စောင်း ...၏၊ ကြေးပြားနှင့်ချထားသော အင်း ...မှာ အညှိများတက်ပြီး ဘာမှန်းပင် ...တော့။

"ရှုပ်ယှက်ကိုခတ်နေတာပဲ။ ဒီလို ...လေ၊ ဦးလေးကို ခိုက်နေလေပဲ။ ဦး ... ဘာလုပ်လုပ် အဆင်မပြေနိုင်ဘူး။ ...သွားချင် ဒီသွားချင် ဖြစ်နေမှာပဲ၊ ...သားစုနဲ့ခွဲပြီး သွားချင်လာချင်စိတ်တွေ ... ဖြစ်နေမှာပဲ"

ထိုသူသည် ကျွန်ုပ်အား အ ...ောင်သေးသော်လည်း အဆိပ်ပြင်းလှ ...သည့် မြွေတစ်ကောင်ကို ကြည့်လိုက် ...သည်သို့နှယ် အနည်းငယ် တွေသွား၏။ ...ျွန်ုပ် ပြောလိုက်သည်မှာ အင်္ဂဝိဇ္ဇာ နံ ...ောတ်စဉ်ပညာခန်း ဖြစ်၏။

"ဒါပေမယ့် ဦးလေး အပြီးတော့ ...သွားချင်မှာ မဟုတ်ဘူး၊ စိတ်တွေညစ် ...ွန်လွန်းလို့ ထွက်သွားချင်တာ"

ထိုသူ၏အမူအရာမှာ အနည်း ...ယ် ပြောင်းသွားပြီး သက်ပြင်း မသိမ ...သာချလိုက်ရင်း ပြန်ထိုင်လိုက်၏။ ဤ ...တစ်ကြိမ် သူထိုင်လိုက်သည်မှာ ကျွန်ုပ် ...ဘက်သို့ မျက်နှာလှည့်၍ထိုင်လိုက်ခြင်း ...ဖြစ်ရာ ကျွန်ုပ်က သူ့ထက် တစ်ထွာခန့် ...ခေါင်းရင်းရောက်နေလေတော့၏။ သူ ...သည် ဦးငယ်လေးနှင့် သူ့ဇနီးကို ကြည့် ...လိုက်ပြီး-

"အဲဒါတော့ ငါ မပြောင်းချင်ဘူး၊ ဟုတ်တယ်ကွ။ ဘယ့်နှယ် - စိတ် ဒီ လောက်ဆင်းရဲနေမှတော့ ဘယ်နေချင် ပါ့မတုံးကွ။ ဒါကြောင့် အိမ်ဘာဖြစ် နေလဲ ငါသိချင်တာ"

"ဘာမှမဖြစ်ဘူး၊ ဘုရားကျောင်း ဆောင်အောက်က ထောက်ကျိုးနေတာ လေးများ ပြင်လိုက်ပါလား။ ပြီးတော့ အင်းပျက်တွေ ဘာလုပ်တော့မှာလဲ၊ သွားစွန့်လိုက်ပါလား"

"စွန့်မလို့ဘဲ။ စွန့်မယ်ကြံလိုက်၊ မေ့သွားပြန်ရော၊ မလုပ်ဖြစ်ဘူး။ ခ- ဖော့ကောင် အငယ်လေး၊ ယူသွားစမ်း ကွာ။ သွားစွန့်လိုက်။ အေး- လုပ်ပါဦး၊ ပြီးတော့. . ."

"ဦးလေးတို့ အိမ်ရှေ့ အတက်အ ဆင်းအောက်က ထောက်က ကျိုးနေ တာလား၊ ဖိနပ်ချွတ်ကြီးစောင်းနေတယ်"

"အေး။ ကဲ- ငါပြောတယ်၊ အဲဒါ။ ဒါ မကောင်းလောက်ဘူးနဲ့တူတယ်လို့။ ငါပြောတာဆို အရေးကို. . ."

လူရိပ်မြင်၍ စကားကိုဆုံးအောင် မပြောဖြစ်တော့။ ချာခနဲ လှည့်အကြည့်၊ သူ့သာမက ကျွန်ုပ်ပါ နှုတ်က လွှတ်ခနဲ ထွက်သွား၏။

"ဟာ- အဘ"

"ဦးစိန်"

"အေး- လူလေးရောက်နေပြီ ဆို တာ သိတယ်လေ။ ဟို (၁၂) ထဲက ကလေးက လက်ဖက်ရည်ဆိုင်ကနေ စောင့်ပြောတာ။ အငယ်လေး စောင့်ခိုင်း ထားလို့ သူ့ခမျာ စောင့်နေရတာကွယ်။ အဘလည်း နံပြားနဲ့ လက်ဖက်ရည် သောက်ပြီး ဟောဒီက တင်ဆိုင်နဲ့အတူ ထွက်လာတာ"

"ဟိုကောင်ကော အဘ"

"၁၂ ဘက် ပြန်သွားတယ်နဲ့တူ တယ်။ တို့များနောက်တော့ လိုက်မလာ ဘူး အငယ်လေး"

အဘသည် မထိုင်ခင်လေးတွင် ပင် စကားလုံးပေါင်းများစွာ ပြောလိုက် ပြီးမှ ဘုရားဝတ်ပြု၏။ ကျွန်ုပ်က ဖယ် ပေးလိုက်၏။ ပြီးမှ အဘထိုင်လိုက်သည် နှင့် ကျွန်ုပ်က အဘ၏ခြေရင်းသာသာ တွင် ရိုကျိုးစွာ ပုဆစ်တုပ်ထိုင်နေလိုက် ၏။

"လူလေး ပေါ့ပေါ့ပါးပါးထိုင်။ ဒါ တင်ဆိုင်တဲ့၊ အဘကို ခင်ကြတဲ့ လူငယ် တွေပေါ့ကွာ။ မောင်ကျော်တော့ သိမယ် နဲ့တူတယ်"

"သိတယ်လေ ဦးစိန်"

"အေးအေး"

ယခုမှ အိမ်ထောင်ဦးစီးအမည် မှာ ဦးကျော် ဖြစ်မှန်း ကျွန်ုပ်သိသွား၏။ 'ကျော်' နာမည်ရှင်များသည် ကောင်း သော ဗျူဟာကြောင့်လေလား မသိ၊ မာန်- ထန်- ဟန် ကောင်းလှသည်ဟု ကျွန်ုပ်စိတ်ထဲ၌ တွေးနေလိုက်၏။

ဦးကျော်သည် ကျွန်ုပ်နှင့်ပြောကြ သောစကားများ၊ ဘုရားဆောင်တွင်ရှုပ် နေသည်ကိုရှင်းရခြင်းများ၊ အိမ်အတက် အဆင်းကိစ္စများကို အဘအား ပြောပြ နေ၏။ ဝမ်းသာစရာတော့ ကောင်းပါ သည်၊ သို့သော် ဒီကလေး ပြောလို့ သိရ သည် ဟူသောစကား တစ်ခွန်းမှမပါ။ ကျွန်ုပ်မှာ ခပ်မဆိတ်ပင် ခေါင်းငုံ့နေ လိုက်၏။

"လူလေး"

"ဗျာ၊ အဘ"

"တင်ဆိုင်ကလည်း နံ့စပ်သားကွ၊ စကားလေးဘာလေး ပြောလိုက်ဦး"

"ဟုတ်ကဲ့။ ကိုကြီးတင်ဆိုင်၊ ကျွန် တော့်နာမည်. . ."

"မင်းက ဟိုစပ်စပ် ဒီစပ်စပ် စာ အုပ်ဖတ်ပြီး သိတယ်လို့ ဘစိန်က ငါ့ကို ပြောတယ်ကွ ညီလေး၊ ဟုတ်လား"

ကျွန်ုပ်၏စကားမဆုံးခင် မျက်နှာ ထားတင်းတင်းနှင့် ကျွန်ုပ်အား စွေကြည့် လိုက်ပြီး ပြောလိုက်သော ကိုတင်ဆိုင် အား ကျွန်ုပ် သတိထားလိုက်မိ၏။ လျှော့မတွက်တော့။

"ဟုတ်ကဲ့"

"အေး- ပညာဆိုတာက ဆရာ တွေ ဘာတွေနဲ့ စနစ်တကျသင်တာ ကောင်းတယ်။ အဲလိုမှမဟုတ်ဘဲ ကြား ဖူးနားဝလေးနဲ့ ကိုယ့်ကိုယ်ကိုယ် တတ်ပြီ ထင်ရင် မှောက်အုန်းသီးရသလိုပဲ ဖြစ် တတ်တယ်"

ဗျင်းခနဲ ဖြစ်သွားသော်လည်း ကျွန်ုပ်ဘာမှမပြော၊ ထိုစဉ် ဦးကျော်၏ အမူအရာကြောင့် ဦးကျော်၏ဇနီးမှာ အဘရှေ့သို့ ရေနွေးကြမ်းပန်း လာချပေး ၏။ ကျွန်ုပ်၏မျက်လုံးတို့သည် တိုင်ကပ် နာရီကြီးဆီမှ ရောမဂဏန်းများဆီသို့ မသိမသာရောက်သွား၏။ (၉) နာရီထိုး ပြီးချေပြီ။ ငါးမိနစ်တောင် ကျော်ပြီ ဖြစ် ၏။ သောရီအခါ။

"ညီလေး- ကိုယ်ဆိုပါတော့၊ တင်ဆိုင်"

"ဟုတ်ကဲ့"

ကျွန်ုပ် ဘာမှမပြော။ သို့သော် အဘနှင့်ကိုတင်ဆိုင်လည်း ဘာမှမပြော၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကိုသာအကဲခတ်နေကြ၏။ အဘက ပိုအကဲခတ်၏။ မျက်တောင်မခတ်။ အဘ၏အကြည့်တွင် အဓိပ္ပာယ်တစ်ခု ရှိနေမှန်း ကျွန်ုပ် သဘောပေါက်နေပါသည်။

"ဘာလုပ်မယ်ကြံကြံ ပျက်ချည်းနေတာပဲနော် ကိုတင်ဆိုင်"

"ဟော"

'ဟော' ဟူသော အာမေဍိတ်မှာ အဘ၏အသံ ဖြစ်၏။ အဘသည် ဟော ဟု တစ်ခွန်းထွက်သွားပြီး ကိုတင်ဆိုင်ဘက်ကို လှည့်ကြည့်နေ၏။

"ကဲ- လူလေးကတော့ ပြောပြီ တင်ဆိုင်"

"အေးလေ- ညီလေး ပြောတာ ဟုတ်ပါတယ်။ ဘာလုပ်လုပ် ဘာမှအဆင်မပြေဘူး၊ ပျက်ချည်းနေတာပဲ။ လက်သမားလိုက်လုပ်လည်း အဆင်မပြေ၊ ပွဲဈေးထွက်ပြန်လည်းအဆင်မပြေ"

"ခရီးသွားပြီး စီးပွားရှာလို့ကတော့ အဆင်မပြေနိုင်ဘူး"

အခါမှာ သောရီအခါဖြစ်၍ ခရီးဖြိုဟ် သောကြာ ခိုက်နေသောကြောင့် ခပ်တင်းတင်းပြောလိုက်ခြင်း ဖြစ်၏။

၄
၁
၅
သောရီအခါ ၀
၃
အခိုက် ၆ ခရီး/လှုပ်ရှား
၂

"ဟာ-မှန်ပ့ါကွာ။ ပွဲဈေးတွေလိုက်တာ၊ ထိုင်ကိုသွားတာပဲ။ အရင်းပြန်စုရဦးမယ်"

ကိုတင်ဆိုင်သည် ကျွန်ုပ်အား မျက်စိစွေကြည့်လိုက်ပြီး-

"လူတစ်ယောက်ကို စီးပွားတက်လာအောင် လုပ်နိုင်လား"

"အဲဒါက ဒီလိုရှိတယ် ကိုတင်ဆိုင်၊ လူတစ်ယောက်ကို ကြီးပွားချမ်းသာဖို့ဆိုတာ ကြီးပွားချင်တဲ့သူကိုယ်တိုင်ကလည်း ကြီးပွားချင်စိတ်နဲ့ကြိုးစားမှ။ ဒီလိုမှမဟုတ်ဘဲ ကဲ-လုပ်ပြစမ်း၊ ငါ့ကို ကြီးပွားအောင် ဆိုလို့ကတော့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့"

"ပညာဆိုတာ လုပ်ချင်တိုင်းလုပ်လို့မရဘူး၊ အကြောင်းနဲ့အကျိုးဆက်စပ်မှုဆိုတာ ရှိရတယ်။ ဆိုပါတော့၊ လူတစ်ယောက်ဗျာ။ ဒီတိုင်း ထိုင်နေမယ်၊ ဘာမှလည်းမလုပ်ဘူး။ အဲဒီလူကို ကြီးပွားအောင်လုပ်ပြပါဆိုလို့ မရဘူးလေ။ လူတစ်ယောက်ကို ဆွဲတင်တယ် ဆိုတာ သူကလည်း တက်ချင်စိတ် ပြင်းပြမှဖြစ်မှာ။ လေးကန်ပြီး ထိုင်နေလို့ကတော့ ဘယ်လောက်ဆွဲမမ ကြွလာမှာမဟုတ်ဘူး၊ မြေကြီးက"

"ဒါဖြင့် လာဘ်ရွှင်အောင်ဆိုတဲ့ အစီအရင်တွေဟာ ဘယ်လိုလုပ်မလဲ"

"ကျွန်တော် ပြောပြီးပြီလေ။ သူ ဘာလုပ်လဲ၊ ဈေးရောင်းလား။ ရတယ်၊ သူ့ကို လာဘ်ရွှင်အောင်လုပ်လို့ရတယ်။ သူ ဘာမှမလုပ်ဘဲ ဘယ်လာဘ်ကိုရွှင်အောင် လုပ်ရမှာလဲ"

"ဥပမာကွာ- ထီပေါက်အောင်ပေါ့"

"ထီပေါက်တယ် ဆိုတာ ငွေဝင်တာပဲလေ။ ငွေဝင်စေနိုင်လောက်အောင် သူ ဘာပေးဆပ်လဲ။ ပေးဆပ်မှုတစ်ခုခုရှိရမယ်။ ဥပမာ- ဒိဝါတပတိဂါထာကို တစ်နေ့ သုံးရာ၊ ဒါမှမဟုတ် ငါးရာ ရွတ်နေလား။ ကောင်းမှုကုသိုလ်တွေ ဘယ်လောက်ပေးဆပ်နေလဲ။ ဒါရှိသေးတယ်လေ။ ဘာမှမလုပ်ဘဲ ဆိုရင်တော့ ဓာတ်ချည်း ထိုင်ရိုက်နေလို့ကတော့ မဖြစ်နိုင်ဘူး"

အဘသည် ကျွန်ုပ်ကို ပြုံး၍ တစ်လှည့်၊ ကိုတင်ဆိုင်ကိုတစ်လှည့် ကြည့်နေ၏။ တစ်ခါ တစ်ခါ ဦးကျော်ကို လှည့်ကြည့်၏။

"မဟုတ်ပါဘူး။ ညီလေးက ယတြာကောင်းကောင်း သိတယ်လို့ မထွေးစိန်က ပြောလို့ပါ"

"ဖြစ်နိုင်တာကိုပါ၊ မဖြစ်နိုင်တာကျ မရပါဘူး"

"ဘယ်လို မဖြစ်နိုင်တာလဲ"

"ဥပမာဗျာ- ကုန်စိမ်းရောင်းပြီး သူများအိမ်ဘေးမှာ အဖီလေးနဲ့နေတဲ့သူ ဆိုပါတော့။ သူ့ကို နေ့ချင်းညချင်း ကြီးပွားချမ်းသာအောင် လုပ်လို့ မရပါဘူး။ ချက်ချင်း တိုက်ကြီးတစ်လုံးဖြစ်အောင် လုပ်လို့မရပါဘူး။ ဒါက မဖြစ်နိုင်တာပါ။ ဖြစ်နိုင်တာက သူ ရေ ာင်းကောင်းကောင်း ရအောင်ပဲ ရမှာပါ"

"အင်္ဂဝိဇ္ဇာပဲ ဆိုပါတော့ကွာ၊ ဆပွတ်အဆောင်ဟာ မျက်နှာ အရမ်းပွင့်တယ်ဆို။ အရမ်း ဈေးရောင်းကောင်းတယ်ဆို"

"ဒီလိုလည်း မဟုတ်ပါဘူး"

"ဥပမာ- ငါကွာ၊ တင်ဆိုင်။ ပျဉ်းမကိုဆောင်ပြီတဲ့၊ မရဘူးလား"

"အဆောင်ဆိုတာ သူ့နေရာနဲ့သူ အံမကျရင် မစွမ်းပါဘူး။ ဘယ်လိုလဲ... တော့ ကျွန်တော့်ရဲ့၊ အဲ-ကျွန်တော့်... ဆရာ၊ ကြားဆရာဖြစ်တဲ့ စာအုပ်... ထဲမှာ ဗဟုသုတဖတ်ရတာ ရှိပါတယ်... မျက်နှာက ခက်ထန်မာကျောပြီး လ... ရင် ဘုတွေ၊ ကန့်လန့်တွေပြောလွှ... လူကို ပီယအဆောင်သွားပေးရင်... တဲ့လူပါ နာမည်ပျက်သွားနိုင်ပါတယ်..."

အဘရော ကျွန်သောသူ... အသံများ ထွက်လာအောင် ရယ်ကြ... အဘသည် ရယ်ရင်း ကျွန်ုပ်ကို... တညိတ်ညိတ်နှင့် ပြုံးကြည့်နေ၏... ကျော်မှာ ပုံစံပြောင်းသွား၏။ ကျွန်... စကားပြောချင်သလိုလို၊ ကျွန်ုပ်အား... ကြည့်ချင်သလိုလို အမူအရာ ဖြ... တော့၏။

"လူလေးပြောတာ ဟုတ်သ... တင်ဆိုင်ရဲ့"

ကိုတင်ဆိုင် ပြုံးတုံ့ မပြုံး... လှမ်းကြည့်ရင်း စဉ်းစားနေပုံရ၏။... ရီအခါ ပီသပါပေ၏။ စကား... တောင်စဉ်ရေမရ။

ထိုစဉ် ဦးကျော်သည် ကျွ... ပခုံးကို လက်နှင့်လှမ်းတို့လိုက်ရင်း-

"တို့လည်းလုပ်ပေးဦး၊ မင်း... ဦးစိန်က ဘာမှကို မည်မည်ရရလုပ်... ထားဘူး"

အဘ ရယ်နေ၏။

"ခု ကျွန်တော်ပြောတာလေး... ပြင်လိုက်ရင် ရပါတယ်၊ ဦးလေး... ဆင်ပြေလာမှာပါ။ စကားပြော... လည်း ဆင်ခြင်လိုက်ရင်ပေါ့"

ကျွန်ုပ်၏စကားကြောင့် ဦး... သည် တဖြည်းဖြည်း ပြုံးလာပြီး အ... ကြည့်နေ၏။

"လူလေးဟာ တကယ်မိုး... ကလေးပါ။ လူကြီးကို လူကြီး... တယ်၊ လူငယ်ကို လူငယ်မှန်း သိ... ငါသွားရာ တကောက်ကောက်ပဲ... တာပေါ့။ ဒါပေမယ့် ကိုကျော်ရ... ပြောရင်တော့ အဲလို ဒဲ့ပဲ"

"ဘာလို့ အဲလိုပြောတာလဲ"

"ဩော်- ဒါက ရှင်းပါတယ်... လေးနာမည်က ဦးကျော်လေ။ ... ရာဟာ ဥပရအုပ်စုမို့ ဦးလေး အ... ရောင်က လတ်ပေမယ့် ဖြူတဲ့... ညွှန်းပါတယ်။ ပြီးတော့ ဟို- ကျွ... တို့နားလည်ထားသလိုပြောရရင်... လည်ပင်းက ရှင်းနေတယ်"

ဦးကျော်သည် အဘကို ... ရင်းမှ ဦးငယ်လေးဘက်သို့ ...



www.burmeseclassic.com

www.burmeseclassic.com

ညာဘက်လက်နှင့် သူ့လည်ပင်း မသိမသာ စမ်းလိုက်၏။

"သည်ပင်းနဲ့ ငါနဲ့ ဘာဘယ်လို ...တ်သွားလို့လဲ"

"ကဏ္ဍဌာန်လို့ ခေါ်တယ်။ ဌာန် ဆိုတာ ရှိတယ်။ အဲဒီထဲက တစ် ...တ အက္ခရာဟာ ကဏ္ဍဌာန် ဆို ...သည်ချောင်းနဲ့ဆိုင်တယ်။ ဦးလေး ...င်းက ရှင်းနေတာပဲ။ ပြီးတော့ ဆိုတာ အဓိပ္ပာယ်ကောင်းတယ်။ ...ဘူး။ ဒါကြောင့် ဦးလေးဟာ ...အပြောအဆို ဆင်ခြင်ရင် ဒီလို ...လေးနဲ့ နေရမှာ မဟုတ်ဘူး"

အသံများ တိတ်သွား၏။ တစ် ...က်မျက်နှာ တစ်ယောက်ကြည့်နေ ... အဓိပ္ပာယ်များစွာ ထွက်နေကြ ... အကြည့်များဖြစ်ကြောင်း ကျွန်ုပ် ... သိနေသလိုလို ဖြစ်နေ၏။

ထိုစဉ် အဘသည် ကျွန်ုပ်အား ...းပုတ်၍-

"လူလေး တော်တော် လေ့လာ ...တာပဲ။ ဟုတ်တယ်၊ ဦးကျော်ဟာ ...တဲ့အသိုင်းအဝိုင်းက မွေးလာ ...်ယောက်ပဲ။ သူ့မိဘတွေဟာ ဟိုး ...ရှပ်ကွက်က ဘိုးဘွားပိုင်ခြံကြီးတွေ ...တာ၊ ခုထိ ရှိကြသေးတယ်။ အေး- ... သူ့မိဘသဘောမတူသူကို ဇွတ် ...က်ပြီး သူ့ဘဝကို သူ ခုလိုနေတာ ..."

ဟု၍ အားရပါးရပြော၏။ ပြော ... အားမရသေး၊ အဘ၏မျက်လုံးတို့ ...ိုလှည့်ကြည့်လိုက်၊ ဒီလှည့်ကြည့်လိုက် ...တွေ့လား၊ ငါ့နောက်လျှောက်လိုက် ...တဲ့ ကလေးက ခပ်ညံ့ညံ့ထဲကမဟုတ် ...ဟု ဟူသော အဓိပ္ပာယ်ထွက်နေ ...

ထိုစဉ် ကိုတင်ဆိုင်၏အသံ ထွက် ...ပြန်၏။

"ငါ့လည်းဟောစမ်းပါဦး ညီလေး"

"ကိုတင်ဆိုင့်တော့ မဟောပါရစေ ...ာမည်ကိုက တင်စီးတဲ့နေရာမှာ မြိုင် ...ိုင်ဆိုင် တင်စီးတတ်တယ် ဆိုတဲ့ ...ပ္ပာယ် ထွက်နေမှတော့ ကျွန်တော် ...တွေ ပြောနေ ပြောနေ ထပ်ပြီး တင် ...င်းစီး မေးနေဦးမှာပဲ၊ ဟုတ်တယ် ...တ်လား"

ကျွန်ုပ်၏စကားအဆုံး အဘ ... ကျွန်ုပ်ကို ဖျတ်ခနဲကြည့်လိုက်ပြီး-

"လူလေးဟာ လိမ္မာရေးခြား ရှိပါ ... သိမ်မွေ့ပါတယ်။ ငယ်သေးတော့ ...ညည်းတာတို့၊ သည်းခံရတာတို့မှာ အားနည်းကောင်း နည်းနေလိမ့်မယ်။ ဒါကတော့ ကျင့်ယူရမှာပေါ့ လူလေး ရယ်"

ဟု ပြောလိုက်ပြီး ကျွန်ုပ်၏ပခုံးကို သူ၏လက်လေးနှင့် ထပ်ပုတ်လိုက်၏။ ကျွန်ုပ်အား ကလေးလေးတစ်ယောက် သဖွယ် ပြုံးကြည့်နေသော အဘ၏ မေတ္တာကြီးမားလှသော မျက်လုံးတို့ကို မရင်ဆိုင်ရဲ၍ ခေါင်းငုံ့ထားလိုက်၏။

"အဘ"

"ဟေ"


"အခါမှာ စနေကို ကြာသပတေး စီးနေလို့လား မသိဘူးနော်၊ ကိုတင်ဆိုင် ပြောလိုက်ရင် ပညာတော့ ပညာစကား ပါပဲ၊ ဒါပေမယ့် ရန်လိုနေသလိုကြီးပဲ"

"ဒါက သူက သူ့အလုပ်သူလုပ် တာ၊ သူပြောတတ်သလို သူပြောတာ။ လူလေးက လူလေးအလုပ်ကို လူလေး လုပ်"

"အဲလိုဆိုရင်တော့ ကိုတင်ဆိုင် အိမ်ထောင်ရှိခဲ့ရင် အိမ်ထောင်ပျက်သွား နိုင်တယ်၊ အိမ်ထောင်မရှိရင် အနီးကပ် အတူနေသူတွေနဲ့ ရန်တအားများမှာ သေချာတယ်"

"ပျက်ပြီးပြီ ညီလေး"

ကိုတင်ဆိုင် ပြောလိုက်သော စကားကြောင့် ကျွန်ုပ်မှာ အားတက်သွား ၏။ စနေအခါတွင် မူလစနေ၏အထက် ကပ်လျက်ဂြိုဟ်မှာ အခါတစ်ခါတွင် အ လုပ်လုပ်ဆုံးသောဂြိုဟ်ဖြစ်ရာ-




(အထက် ကပ်လျက်ဂြိုဟ်သည် စုတ်ကိစ္စကို ဖွင့်ဆိုသောနေရာ ဖြစ်၏။ ထို့ကြောင့် 'ဆပွတ်ဂြိုဟ်အောင်း စုတ် ကောင်းနဂို' ဟူသော လင်္ကာအရ စုတ် ကိစ္စ အိမ်ထောင်ရှိလျှင် အိမ်ထောင် ကိစ္စ ပြဿနာများဖြစ်လာနိုင်ကြောင်း အခါတိုင်က ပြနေ၏။

ထိုသို့ အိမ်ထောင်ပြဿနာဖြစ် လာနိုင်ကြောင်းကို ထပ်ဆင့်ခိုင်မာသွား စေသောဂြိုဟ်မှာ ဇနီးဟု ပရိယာယ်ဖွင့် ဆိုသော 'သောကြာ' ဂြိုဟ် ဖြစ်ပြီး ၎င်း ဂြိုဟ်မှာ စနေအခါတွင် ခိုက်နေ၏။

သူ၏နာမည်သည် တင် 'စနေ'မီး တောက်နှင့် ဆိုင် 'အင်္ဂါ' လေညင်းတို့ တွဲဖက်ထားလေရာ မီးလောင်ရာလေပင့် နာမည်မျိုးဖြစ်နေပြီး တစ်ခုခုကိုပြော လျှင် (သို့) ပြဿနာရှာလျှင် အတော မသတ်နိုင်သောနာမည်မျိုး ဖြစ်၏။ ထို့ ကြောင့် အိမ်ထောင်ရှိခဲ့ရင် အိမ်ထောင် သည် နားခံနိုင်မည် မဟုတ်ပါပေ။)

ထို့ကြောင့် အိမ်ထောင်ရေးကိစ္စ ကို ပြောခဲ့ခြင်း ဖြစ်ပါသည်။

"မင်း- ဟောဟို အငယ်လေးကို လုပ်ပေးလိုက်ပါကွာ"

ကိုတင်ဆိုင် စကားလမ်းကြောင်း လွှဲသွားပြီး ဦးငယ်လေးဘက်သို့ မေးငေါ့ ပြ၏။ သူ့မျက်နှာအမူအရာမှာ ရယ်ရယ် မောမောဖြစ်လာ၏။ ကျွန်ုပ်က အပြော ခံထားရသူဖြစ်၍ စိတ်ထဲတွင် ဘဝင် မကျသေး။

"ကိုတင်ဆိုင် မိန်းမကိစ္စများပြဿ နာဖြစ်ထားသေးလား"

"အဲ- ဆိုပါတော့။ ခုန ပျက်ပြီးပြီ ဆိုတာ. . ."

"မဟုတ်သေးဘူး၊ အဲဒီလို အိမ် ထောင်ပျက်ရတာ အကြောင်းမဲ့မဟုတ် ဘူး။ ကိုတင်ဆိုင် ကိုယ်တိုင်. . ."

စကားပင်မဆုံးသေး၊ ခေါင်းငုံ့ပြီး ရယ်ရင်း ခေါင်းလေး တညိတ်ညိတ်ကို (၁၀) ခါထက်မနည်း လုပ်နေတော့၏။ ခေါင်းညိတ်နေရင်း ခေါင်းငုံ့ထားသည့် ကြားမှ ကျွန်ုပ်ကို မျက်လုံးစွေကြည့်နေ ၏။

"သူက အထင်လွဲတာပါ၊ ကိုယ့် အမျိုးသမီးက အထင်လွဲတာ"

"အဲဒီ ကိုတင်ဆိုင့်မိန်းမ အထင် လွဲတဲ့အမျိုးသမီးက အင်္ဂါနာမည်ပါလိမ့် မယ်၊ မပါရင် အင်္ဂါပရိယာယ်တစ်ခုခုနဲ့ ဆက်စပ်နေလိမ့်မယ်"

ဘာဖြစ်သွားကြသည်မသိ၊ အဘ ပင်လျှင် ကျွန်ုပ်စကားများကို နား ထောင်နေရင်း ဟိုလှည့်မျက်နှာကြည့်လိုက်၊ ဒီလှည့်မျက်နှာကြည့်လိုက်တွေ ဖြစ်ကုန် တော့၏။ ကိုတင်ဆိုင်မှာ ခေါင်းငုံ့ထား ရာက ဦးငယ်လေးကို လှမ်း၍ မျက်ခုံး ပင့်ကြည့်လိုက်ရင်း ရယ်ပြကာ ပြန်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေပြန်၏။

"ဟုတ်တယ် ညီလေး၊ ညီလေး ပြောသလို အင်္ဂါသမီးတော့ မဟုတ်ဘူး။ ဆေးလိပ် လိပ်တယ်၊ ဆေးလိပ်ခုံက"

"ဟဲ့ တင်ဆိုင်- မင်း အဲဒီကလေး မကို လူတွေက ဆိတ်ဖြူမပဲ ခေါ်ကြတာ လေ။ အင်္ဂါနံ ပါတာပေါ့"

"အေး- အဲလိုတော့ ခေါ်တယ်



www.burmeseclassic.com

www.burmeseclassic.com

ညီလေး”

(ကိုတင်ဆိုင်ကို ပြောပြခဲ့ပုံများ)

ကိုတင်ဆိုင်သည် ကျွန်ုပ်နှင့်စကားပြောစဉ် သူ၏စကားထဲတွင် ဆပွတ်အဆောင်စကားကို အမှုမဲ့အမှတ်မဲ့ ပြောခဲ့၏။

အဆောင်ပြုလျှင် မျက်နှာပွင့်ခြင်းကို သူပြောခဲ့၏။ ဤသို့ပြောခဲ့သည်မှာ အကြောင်းမဲ့ မဖြစ်နိုင်။

လူတစ်ယောက်သည် သူ၏စိတ်ထဲတွင် တစ်ခုခု ကိန်းအောင်းနေပါက ထိုကိန်းအောင်းနေသည့်အကြောင်းအရာမှာ ဆီလျော်သည်ဖြစ်စေ၊ မဆီလျော်သည်ဖြစ်စေ စကားလုံးထဲတွင် ပါလာတတ်၏။ ဈေးရောင်းကောင်းစေသော အစီအရင်များ၊ လာဘ်ပွင့်စေနိုင်သော အစီအရင်များ ဒုနှင့်ဒေးရှိသည့်အထဲမှ 'ဆပွတ်' ကိုမေးခဲ့ခြင်းကြောင့် ထိုအချိန်မှစ၍ ကိုတင်ဆိုင်ကိုသတိထားခဲ့ရခြင်း ဖြစ်ပါသည်။

ဆပွတ်သည် စုတ်ကိစ္စကို ဖွင့်ဆိုရာနေရာဖြစ်၍ စုတ်ကိစ္စနှင့်ပတ်သက်သော အကြောင်းအရာတစ်ခုခု သူ့တွင် ကျိန်းသေရှိနေရမည်ဟု စဉ်းစားခဲ့ရာမှ ကိုတင်ဆိုင်နှင့်စကားပြောချိန် 'သောရီ' အခါ၏အတိတ်တိုင်ကို ထူခဲ့ခြင်း ဖြစ်ပါသည်။


အတိတ်တိုင် ဟူသည် လက်ရှိကြုံဆုံနေသူ ဘာဖြစ်ခဲ့သည်ကို ဉာဏ်စေစားသောတိုင်ဖြစ်ရာ အကြောင်းအရာ အတော်များများကို အတိတ်တိုင်က ဖော်ညွှန်းနေ၏။

သောရီအခါ၏ အတိတ်တိုင်မှာ စန္ဒြေ ဖြစ်၏။

၆
၃
၀
အတိတ်တိုင် ၂ စန္ဒြေ
၅
၁
၄

၄
၁
၅
၀ သောရီ
၃
၆
၂

**လက်ရှိဆုံကြုံသောတိုင်**




စန္ဒြေတိုင်ကို ဓာတ်တွဲ တိုင်ထူလိုက်သည့်အခါ-

ဂဗ္ဘေ ဟူသောကြောင့် ကြာသပတေးတိုင် ထပ်ထွက်လာမည် ဖြစ်၏။ ထိုအခါ ကိုတင်ဆိုင် လွှတ်ခနဲ ပြောလိုက်သော ဆပွတ်ကို သတိထားလိုက်လျှင် အတိတ်တိုင် စန္ဒြေတွင်လည်း စနေနာမည် ကိုတင်ဆိုင်မှာ ဆပွတ်ခိုနေပြန်၏။

ထို့ကြောင့် ဆပွတ်ကိစ္စပိုသေချာသွားကြောင်း ပညာက ပြ၏။ ရဲရဲဆုံးဖြတ်၍ရပြီ ဖြစ်၏။

သူကိုယ်တိုင် ဆပွတ်ခိုခဲ့သော အတိတ်တိုင်၏ဓာတ်တွဲတိုင်ကို ထပ်ကြည့်ပြန်သော်-




ဓာတ်တွဲတိုင်၏ဆပွတ်သည် အင်္ဂါဖြစ်နေသည်ကို တွေ့ ရ ဖြစ်၏။

ထို့ပြင်-

အတိတ်တိုင်ရှိ ကိုတင်ဆိုင် ဟူသော ဆပွတ် စနေ အထက်ကပ်လျက်ဂြိုဟ်မှာလည်း အင်္ဂါ ဖြစ်နေပြန်၏။

ပညာအရ အင်္ဂါနှစ်ထပ် ဆုံသွားပြီဖြစ်ရာ သူနှင့်ပတ်သက်ခဲ့သူသည် အင်္ဂါပရိယာယ်ထဲမှ မလွတ်နိုင်တော့ပြီဖြစ်ကြောင်း ဆုံးဖြတ်၍ ကိုတင်ဆိုင်ကို ရဲရဲတင်းတင်း ပြောထည့်လိုက်ခြင်း ဖြစ်ပါသည်။

(အကယ်၍ သူသည် အိမ်ထော[...] ပျက်ခဲ့ကြောင်း ဝန်မခံခဲ့လျှင် ထိုဆပွ[...] ကိစ္စများကို ကျွန်ုပ်လည်း ပြောရန် အ[...] ကြောင်းမရှိ။)

“ညီလေး၊ အငယ်လေးကိုကော[...]”

စကားလမ်းကြောင်း ထပ်ပြော[...] သွားပြန်၏။ ဤတစ်ကြိမ် သူ စကား[...] လမ်းကြောင်းအပြောင်း အဘ၏မျက်[...] လုံးတို့ ကျွန်ုပ်ဆီရောက်လာ၏။ ခပ်စိမ်း[...] စိမ်းကြီးကြည့်နေသော အဘ၏အမူ[...] ရာမှာ 'လူလေး- တစ်ဖက်သားကစကား[...] လမ်းကြောင်းပြောင်းနေတဲ့ဥစ္စာ၊ ဘာ[...] ဇွတ်ပြောနေရလဲ' ဟူသည့် အဓိပ္ပာ[...] ထွက်နေ၏။

ကျွန်ုပ်သည် အဘ စိတ်ပြော[...] သွားမည်ကို အလွန်စိုးရိမ်သူ ဖြစ်[...] အဘသာ ခပ်စိမ်းစိမ်း ဖြစ်သွား[...] ကျွန်ုပ်အား အဘထံလွှတ်လိုက်သော[...] ဆရာအရှင်၏မျက်နှာကို ရဲရဲကြ[...] တော့မည် မဟုတ်။ ထို့ကြောင့် အဘ[...] အရိပ်တကြည့်ကြည့်နှင့်နေနေရ[...]

“ဦးငယ်လေး ဘာဖြစ်လို့လဲ”

“အငယ်လေးလည်း သိပ်အ[...] မပြောဘူးလားလို့”

“ကိုတင်ဆိုင် ပြောမှတော့ [...] တော်ပြောစရာမလိုတော့ဘူး၊ ပြီးပြီ[...] ဘာလိုသေးလို့လဲ”

“ဩော်- အငယ်လေး၊ [...] များ အဆင်ပြေနိုင်မလဲလို့”

“သူနာမည်ကို အများက [...] ကြတာ ကြားရတာကတော့ [...] လေး ဆိုတော့ လူတိုင်းနှုတ်ဖျား[...] ဟာ ကြီးမလာတော့ဘူး။ ကြီးခြ[...] ခြင်းမှာ သူဟာ ငယ်ခြင်းကိုပဲပိုင်[...] ပြီလေ။ ထပ်ပြောရရင် နာမည်[...] အငယ်လေး၊ လူက မည်းမည်း[...] ထွားထွားနဲ့။ ဒီတော့ သူဟာ [...] ကျံနဲ့အလုပ်မျိုးပဲ လုပ်ရမှာ။ [...] လုပ်ပဲ လုပ်လုပ်နော်၊ ဇိမ်နဲ့ထိုင်[...] လုပ်မျိုး မဟုတ်ဘူး။ ကိုယ်[...]



www.burmeseclassic.com

www.burmeseclassic.com

ခိုင်ခံ၊ မခံရင် ခုနပြောသလို ပေ
ကျနဲ့ပဲ လုပ်ရလိမ့်မယ်"

အဘသည် ပါးစပ်အပေါက်
အငယ်လေး ဆိုသူကို လှမ်း
နေ၏။ ဦးကျော် အသံထွက်လာ

"ပေတာပေါ့၊ ဟုတ်တာပေါ့။
လေးက လေးဘီးကားတွေပြင်တဲ့
ဆရာကွ"

"အဲဒီ အငယ်လေးကို အဆင်ပြေ
လိုပါ"

ကိုတင်ဆိုင့်အသံ ထွက်လာပြန်

"ဒီနာမည် တွင်နေမှတော့ ဘယ်
အဆင်ပြေနိုင်ပါတော့မလဲ ကို
ဆိုင်ရယ်၊ သူ့ခမျာ ဒီလိုနဲ့ပဲ လုံးချာ
နေတော့မှာ"

"အဲဆောင်လေးဘာလေး မရနိုင်
"

"ဆောင်လို့မရဘူး။ အတွင်းဓာတ်
နာမည်ပညတ် မကောင်းလို့ အပြင်
အနေနဲ့ အဆောင်ဆောင်လို့မရ
မအောင်မြင်နိုင်ဘူး။ အဲဒီတော့
လေး ရတနာသုံးပါးကို မမေ့မှဘဲ
"

"လုပ်ပါတယ် ညီလေး၊-ကိုယ် လုပ်
တယ်"

"တစ်နေ့ကျရင်တော့ ဆိုင်နဲ့ဖြစ်
ရင် တစ်နေရာမှာ. . ."

"ခုလည်း ဆိုင်နဲ့ပါပဲ"

"အဲလို ဆိုလိုတာ မဟုတ်ဘူး။ ဒီ
မျိုးကနေ၊ ဓာတ်သိနေရာမျိုးက
ဓာတ်သိမဟုတ်တဲ့နေရာမျိုးမှာ ဆိုင်
ဖြစ်ရင် အဲဒီဆိုင်မှာ ကိုယ့်နာမည်ရင်း
ရေးကပ်ထားလိုက်ပေါ့။ အဲဒါ အ
ဆောင်ပဲ။ အဲဒီအချိန်က စ,တက်ပြီ"

တစ်ခါက မြောက်ဥက္ကလာပတွင်
ထိုင်သော မိတ်ဆွေတစ်ဦး ရှိ၏။ သူ့
နာမည်မှာ အသေးလေး ဖြစ်၏။ ဟိုလူ
က အသေးလေး၊ ဒီလူက အသေးလေး
ကိုသေး၊ ဦးသေးဟု ခေါ်ကြသူ များ
၏၊ သူသည် ဘာသာတရား အလွန်
ကိုင်းရှိုင်း၏။ သို့သော် စီးပွားမဖြစ်ရှာ။
သူ့အလုပ်မှာ သော့ပြင်သောအလုပ်နှင့်
ပြင်သောအလုပ် ဖြစ်၏။ ကျွန်ုပ်က
သူ့အား နေရာပြောင်းခိုင်းလိုက်ပြီး ဆိုင်း
ဘုတ်ကပ်ခိုင်းလိုက်၏။ ထိုအချိန်မှစ၍
တစ်နှစ်အတွင်း ကိုအသေးလေး စီးပွား
ဖြစ်လာ၏။ ရှာလို့ဖွေလို့ အဆင်ပြေလာ
၏။ နောက်ပြောင်းသောနေရာမှာ ကို
သေး၊ ဦးသေး မဖြစ်တော့။ သူ့နာမည်
ရင်းကို ခေါ်လာကြ၏။ နောက်ပိုင်း သူ
သည် ထိုအလုပ်လုပ်ရင်းမှ ဈေးဆိုင်တစ်
ဆိုင် ထပ်မံပိုင်လာပြီး လက်ဖက်အကြော်
စုံရောင်းသောလုပ်ငန်းပါ တွဲလာနိုင်
တော့၏။

ယခုလည်း-

ကိုအငယ်လေးကို ကိုအသေး
လေးကဲ့သို့ အကြံပေးလိုက်ခြင်း ဖြစ်ပါ
သည်။

"ဒါတော့ ကိုရင်လုပ်သင့်တယ် အ
ငယ်လေး၊ လူလေးပြောတာ နေရာကျ
တယ်။ တကယ်လည်း ကောင်းတယ်"

ထိုစကားအပြီး တောင်ပြောကြ
မြောက်ပြောကြနှင့် စကားဝိုင်းမှာ ဒီပြင်
အကြောင်းအရာများ ဝင်ရောက်လာ
တော့၏။ ကျွန်ုပ်လည်း ကျွန်ုပ်နှင့်မဆိုင်
သောအကြောင်းများပါနေ၍ ဝင်မစွက်
တော့။

တော်တော်ကြီးကြာမှ-

"လူလေး၊ တို့တွေ ဘုရားကြီး
ဘက်သွားကြစို့"

"ဟုတ်ကဲ့ အဘ"

"ကဲ- တင်ဆိုင်ကြီး၊ သွားတြမယ်
ကွာ။ ဦးကျော်ကော"

"ဟုတ်ကဲ့ ဦးစိန်"

"ဦးငယ်လေး၊ ကျွန်တော်ပြောသ
လိုလုပ်နော်"


"အေးပါ။ လုပ်ပါ့မယ် ဆရာလေး
ရဲ့၊ စိတ်ချ"

"မလုပ်ပါနဲ့ ဦးငယ်လေးရာ၊ ညီ
လေးဆိုရင် ပြီးပါတယ်"

ထိုနေ့က-

ကျိုက္ကဆံ စေတီတော်မြတ်ကြီး
တွင် အဘရော ကျွန်ုပ်တို့ပါ ရင်ပြင်
တော် တံမြက်စည်းလှည်းကြ၏။ အမှိုက်
တွေ့သမျှကောက်ကြ၏။ တံမြက်စည်း
လှည်းနေရင်း အဘနှင့် ကိုတင်ဆိုင် တီး
တိုးတီးတိုး ပြောနေကြသည်ကို ကျွန်ုပ်
အကဲခတ်လိုက်မိ၏။

(နောင်တွင် ပြန်သိရသည်မှာ



ကိုတင်ဆိုင်သည် ဟိုစပ်စပ် ဒီစပ်စပ်
တတ်ထား၊ လေ့လာထားသူဖြစ်၍
ကျွန်ုပ်ထံမှပညာစကားများ မည်မျှထွက်
လာနိုင်လောက်သည့်ကို အဘကိုယ်တိုင်
စီစဉ်ခဲ့ခြင်း ဖြစ်၏။)

အဘသည် တံမြက်စည်းလှည်း
ရင်း-

"နူးညံ့ သိမ်မွေ့တယ် ဆိုတာ
ကောင်းတယ် လူလေးရဲ့၊ ဘယ်နေရာ
မဆို ဝင်ဆံ့တယ်။ ခက်ထန်မာကျော
တယ် ဆိုတာက နေရာတကာ မဝင်ဆံ့
ဘူး။ လူချစ်လူခင်ပေါတာ ကောင်းလား၊
ရန်များတာ ကောင်းလား"

"လူချစ်လူခင်ပေါတာ ကောင်းပါ
တယ် အဘ"

"အေး- လူလေးက လိမ္မာပြီးသား
ပါ။ ကြမ်းတမ်းတဲ့စိတ်တွေများ ဝင်လာ
ခဲ့ရင် ဖျောက်ပစ်၊ ကြားလား"

"ဟုတ်ကဲ့ပါ အဘ၊ စိတ်ချပါ။
ကြမ်းတမ်းတဲ့ အမူအရာ၊ အပြောအဆို
များပြုမူခဲ့မိရင် အဘ ဆုံးမပါအဘ။
ကျွန်တော် နာယူမှတ်သားဖို့ အသင့်ပါ"

"အေးအေး- လူလေးက ဒီပညာ
ရပ်တွေမှာမှ သွားပြီး ဝါသနာကြီးတာ
ကိုး။ ဒီတော့ တွေ့မှာပဲ။ ပညာစမ်းတဲ့
လူမျိုးတွေ တွေ့မှာပဲ။ လူလေးပညာကို
သိချင်လို့ ပညာနှိုက်တဲ့လူမျိုးတွေလည်း
တွေ့မှာပဲ။ ကောင်းကောင်းပညာနှိုက်လို့
မရရင် မခံချင်အောင် စိတ်ကိုဆွပေးပြီး
ပညာနှိုက်တဲ့လူမျိုးတွေလည်း တွေ့မှာ
ပဲ။ ဒါမှ ဒေါသတွေထွက်ပြီး ပညာထွက်
လာအောင်လို့လေ။ တွေ့မှာပဲ၊ ဘယ်
လောက်များ တတ်လို့လဲ ဆိုတဲ့ အပြော
လည်း ခံရမှာပဲ။ ဒါတွေဟာ ရှောင်လို့
မရဘူး။

အဲဒီတော့ လူလေး ဘာလုပ်ရ
မလဲ။ ကိုယ့်အလုပ်ကိုယ်လုပ်ပါ။ သူများ
က သူ့အလုပ်သူလုပ်မှာပဲ။ လူလေးက
ကိုယ့်အလုပ်ကိုယ်သာလုပ်၊ မတိမ်းစေနဲ့။
မယိမ်းစေနဲ့။ ဖြောင့်ပါစေ"

အဘ၏စကားများကို နားထောင်
ရင်း သက်ပြင်း မသိမသာချလိုက်မိ၏။

နောက်ထပ်-

အဘနှင့်ပတ်သက်သော အသိုင်း
အဝိုင်းများကြားတွင် ဘယ်အချိန်၊ ဘယ်
နေရာမှာ ဘယ်လိုလူမျိုးနှင့် ဘယ်လို
ပညာစကားများ ပြောရဦးမည် မသိဟု
တွေးရင်း အဘဘေးနားမှာ အမှိုက်များ
ကို လိုက်ကောက်နေလိုက်မိလေတော့
သတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

ဓားဆိုသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲ၌ ခုတ်လှီး ဖြတ်ခွဲ ထိုးသွင်းရန် အသွားတစ်ဖက်သာပါသော အရိုးတပ်သံလက်နက်ဟုဖွင့်ဆိုထားတာကို တွေ့ရှိရသည်။ စင်စစ် ဓားဆိုသော လက်နက်ကိရိယာသည် ကျောက်ခေတ်ကပင် ပေါ်ထွန်းလာခဲ့သည်သာ ဖြစ်၏။ အစပိုင်းက ဓားကို ကျောက်သားဖြင့် ပြုလုပ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ကြေးနီသတ္တု၊ ကြေးဝါသတ္တု၊ သံသတ္တု၊ ပဉ္စလောဟာသတ္တုစပ်ဖြင့် ပြုလုပ်ခဲ့ကြသည် ဖြစ်၏။

သို့ကလို ကမ္ဘာဦးလူသားတို့နှင့်အတူပေါ်ထွန်းလာခဲ့သော ဓားဆိုသော လက်နက်ကိရိယာတို့ကို ယနေ့ထက်တိုင် နေ့စဉ် လူနေမှုဘဝနယ်ပယ်ထဲဝယ် လူသားတို့၏ နေ့စဉ် လိုအပ်ချက်တို့နှင့် လိုက်လျောညီထွေစွာ ပြုလုပ်ဖန်တီးသုံးစွဲခဲ့ကြသည် ဖြစ်၏။ ယေဘုယျအားဖြင့် ဆိုသော် ဓားမ၊ ဓားနီး၊ ဓားချွန်၊ ဓားကုပ်၊ ဓားရှည်၊ ဓားမြှောင်၊ ဓားမရှည်၊ ဓားပါး၊ ဓားပေါက်၊ ဓားကောက်၊ ဓားမောက်၊ ဓားတို၊ ဓားဝိုင်း၊ ဓားခင်း၊ တုတ်ဓား၊ ဓားစဉ်း၊ ဓားစောင်း၊ ဓားကော့၊ ဓားချိုက်၊ ဓားကိုက်၊ ငှက်ကြီးတောင်ဓားတို့ ဖြစ်ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် စလူဖူးဓား၊ လေးကင်းဓား၊ ငှက်ကြီးတောင်ဓား၊ ခါးပတ်ဓား၊ ဓားမြှောင်၊ ကိုင်းခုတ်ဓား၊ ဓားမဦးချွန်၊ ဓားချွန်စသဖြင့်လည်း ဖော်ပြမှုများရှိသည်။

ပြောစရာတစ်ခုက ငှက်ကြီးတောင်ဓားအပါအဝင် ဓားရှည်များကို ဓားအိမ်များမှာ ထည့်၍ ကြိုးဖြင့်သိုင်းကာ ပခုံးမှာ၊ ခါးမှာ၊ နောက်ကျောမှာ ထားလွယ် သိုင်းကြသည်။ ယင်းကို ဓားလွယ်ဟုခေါ်၏။ ၎င်းဓားရှည်များကို ဓားအိမ်မှာ မထည့်ဘဲ အလွတ်ကိုင်လျှင် ဓားလွတ်ဟုခေါ်သည် စသဖြင့်ဖြစ်၏။ ပသို့ပင်ဆိုစေ ဖော်ပြပါ ဓားအမျိုးအစားများကို အနှစ်ချုပ်လိုက်လျှင် လုပ်ငန်းသုံးအမျိုးအစား၊ တိုက်ခိုက်ခုခံရေးသုံး (စစ်မက်သုံး)အမျိုးအစားဟု ကွဲပြားသွားသည်ကို တွေ့ရှိရမည် ဖြစ်၏။

အရေးကြီးသည့်တစ်ချက်က ရှေးရှေးသမိုင်းစဉ်တစ်လျှောက်၌ သေနတ်မပေါ်ပေါက်မီကာလအထိ ဓားသည် အဓိကကျသော တိုက်ခိုက်ခုခံရေးလက်နက်၊ စစ်မက်သုံးလက်နက်အဖြစ် ထီးချက်ခရိုင်ပမာ ရပ်တည်နေခဲ့သည်။ အများအားဖြင့် ကိုယ်ပြဿနာကိုကိုယ်ဖြေရှင်းရသောကာလဖြစ်သဖြင့် ဓားသည် လူ့ဘဝ၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ရပ်လိုတည်ဖြစ်နေခဲ့သည်။ ထို့ကြောင့် ရှေးကျမ်းဂန်များတွင် လက်နက်ကြီးလေးပါးစာရင်း၊ လက်နက်ကြီးငါးပါးစာရင်းများတွင် ဓားကို အမှတ္တလက်နက်၊ ခဂ္ဂလက်နက်အဖြစ် ဖော်ပြခဲ့ကြသည်။

မှတ်သားစရာတစ်ခုက ရာဇသနင်း ပြည့်ရှင်မင်းတို့ မင်းမြောက်တန်ဆာငါးပါးစာရင်းပါ သန်လျက်သည် အမှန်စင်စစ် ရာဇသင်္ကေတကို သရုပ်ဖော်သော ဓားမြှောင်တစ်မျိုးသာ ဖြစ်သည်။ သန်လျက်တွင် နှစ်မျိုးရှိသည်။ အသွားတစ်ဖက်သာရှိပြီး ဦးဖျားကော့သွားသောသန်လျက်မျိုးနှင့် အသွားနှစ်ဖက်ပါပြီး အစဉ်အတိုင်း ဦးဖျားသွယ်သောသန်လျက်မျိုး ဟူ၍ ဖြစ်၏။

ရှေးတုန်းက သန်လျက်သည် ရာဇသင်္ကေတဖြစ်ခဲ့သလို ဓားသည်လည်း သူရဲကောင်းတို့၏နိမိတ်ပုံ၊ သူရသတ္တိ၏သရုပ်ပုံ၊ ဩဇာအာဏာ၏ပုံရိပ်... ရာထူးဌာနန္တရ၏ ပြယုဂ်အဖြစ် တည်... နေခဲ့သည်။ ရှေးမြန်မာမင်းများလ... ထက်က မြို့စား၊ နယ်စား၊ မှူးမတ်သေ... နာပတိ၊ အရာရှိအရာခံများကို မိမိတ... ကိုယ်စားအုပ်ချုပ်ဖို့ အာဏာအပ်နှ... သောအခါတွင် ဆိုင်ရာဆိုင်ရာ ဓားမျ... ကို လွှဲပြောင်း ပေးနှင်းလေ့ရှိသည်... အောင်ပွဲရ စစ်သူရဲကောင်းများကို ... လာဘ်ချီးမြှင့်သည့်အခါ၌လည်း သ... မှတ်ထားသော ဓားအမျိုးအစားမျ... ပေးနှင်းလေ့ရှိသည် ဆို၏။ ယခုခေ... တပ်မတော်ဆိုင်ရာ တက္ကသိုလ်မျ... တွင် ထူးချွန်ကျောင်းသားများကို ငွေဓ... ချီးမြှင့်နေတုန်းပင် ဖြစ်သည်။

သို့လိုပင် ရှေးအနောက်တိုင်းတ... ခွင်၌လည်း သူရဲကောင်းများကို ဘု... မင်းမြတ်က သူကောင်းပြု ချီးမြှော... သောအခါ သူရဲကောင်း၏ ပခုံးနှစ်... နှင့် ဇက်ပိုးကို သူ၏ဓားရှည်ဖြင့် တို့... လျက် သိဒ္ဓိတင်ပေးလေ့ရှိသည်။ သူ... ကောင်းများသည် ဘုရင်မင်းမြတ်... သစ္စာတော်ခံသည်ဟုပြသလိုသည့်အ... တွင် သူတို့၏ဓားရှည်ကို နမ်းရှုပ်၍လည်... ကောင်း၊ သူတို့၏ဓားရှည်အဖျားနှစ်...

ရှိန်းအောင်(...

ဓား၏လျှို့ဝှက်ချက်...





www.burmeseclassic.com

www.burmeseclassic.com

ကို လက်နှစ်ဖက်ဖြင့် ကိုင်တွယ်လျှ… သစ္စာဆို ကျိန်တွယ်ခြင်းဖြင့် လည်း …တောင်း ဖော်ပြကြလေ့ရှိသည်။

တစ်ခါ အနောက်တိုင်းသားသူရဲ …ကောင်းတို့သည် မိမိတို့၏ဓားကို ကိုယ် …နှင့်မကွာ အလေးဂရုပြု ဆောင်ထား …ကြလေ့ရှိသည်။ အကယ်၍ ထိုဓားများ …ရန်သူလက်ထဲသို့ ရောက်သွားလျှင်၊ ရန် …သူထံသို့ ပေးအပ်လိုက်ရလျှင် လက် …မြှောက်အရှုံးခံလိုက်ရသည့်သဘော ဖြစ် …သည်။ ပြီး-သစ္စာဖောက်လျှင်၊ သူရဲဘော …ကြောင်လျှင်၊ စစ်ရာဇဝတ်မှုကျူးလွန် …လျှင် အထက်အရာရှိက သူ့ဓားကို ယူ …လျက် လူပုံအလယ်တွင် ချိုးပစ်ပြခြင်း …ဖြင့် ပြစ်ဒဏ်ပေးလေ့ရှိကြသည်။ ယင်း …မှာ ပြင်းထန်စွာ ကဲ့ရဲ့ရှုတ်ချအပုပ်ချခံ …ရသည့်သရုပ်ဖြစ်သဖြင့် မိမိကိုယ်ကိုမိမိ …သတ်သေချင်စိတ်ပေါ်သည်အထိ ဖြစ် …လျက်တတ်သည်။ ထို့ပြင်တစ်ဝ မြန်မာ …နိုင်ငံတွင် ကိုလိုနီခေတ်က တာဝန်ကျေ …ပွန် ထူးချွန်ထက်မြက်သော အစိုးရဝန် …ထမ်းကြီးများ၊ ဥပဒေပညာရှင်များ၊ ဆေး …ပညာရှင်များ၊ စာပေပညာရှင်များ၊ …နယ်ချဲ့တို့အား အကျိုးပြုသော သူဌေး …သူကြွယ်များကို A.T.M ဘွဲ့တံဆိပ် (Ah- …dangaung Tazeikya Min - အမှု …ထမ်းကောင်းတံဆိပ်ရမင်း)၊ K.S.M …တံဆိပ် (kye-tthaye Saung Salwe Sa- …weya Min) အပါအဝင် ဘွဲ့တံဆိပ်များ …ကို ပေးနှင်းသည့်အထဲတွင် T.D.M …ဘွဲ့တံဆိပ် (Thuyegaung Ngwe Daya Min-သူရဲကောင်းငွေဓားရမင်း) သည် …လည်း တစ်မူထူးခြားစွာ ပါဝင်နေသည် …ကို တွေ့ရှိရပေသည်။

တကယ့်တကယ်တော့ ထိုခေတ် …အခါက ဓားကို မလွဲမသွေကိုင်ဆောင် …ကြရသည်ဟု ဆိုပင်ဆိုငြားသော်လည်း …တို့၏အဆင့်အတန်း၊ စွမ်းရည်စွမ်း …အား၊ ဂုဏ်ဒြပ်ကိုလိုက်၍ သတ်မှတ် …ထားသော ဓားအမျိုးအစားကို ကိုင် …ဆောင်ကြရသည်ဟု ဆို၏။ ဥဒါဟရုဏ် …ဆိုရသော် ရွှေဘုံနိဒါန်း၌ ဖော်ပြချက် …အရ မြန်မာတို့၏ ထီးသုံးနန်းသုံးဓား …အမျိုးမှာ-

၁။ ဓားနက်ကျောက်စီဓား၊
၂။ မှန်ကူဓား၊
၃။ ခိုနန်းဓား၊
၄။ စက်ပန်းဓား၊
၅။ နန်းပုံဓားတို့ ဖြစ်ကြသည်။

၎င်းတို့တွင် ဓားနက်ကျောက်စီ …ဓားသည် အဆင့်အမြင့်ဆုံး ဖြစ်သည်။ …ထိုဓားကို ဝိနိစ္ဆယအမတ်ကြီး၊ တောင် …ပြင်ဒေဝီမိဖုရားကြီး၊ အိမ်ရှေ့ဥပရာ …ဇမင်းသားနှင့် ရွှေနန်းရှင်မင်းတရား …ကိုယ်တိုင် … အဆင့်မြင့်ဆုံးဓားတို့မှာ မှန်ကူဓား၊ ခိုနန်းဓား၊ စက်ပန်းဓား၊ နန်းပုံဓားတို့ ဖြစ်ကြသည်။ အဆိုပါ မှန်ကူဓားကို အရှေ့ဝင်းမှူးက၊ ခိုနန်းဓားကို တောင်လက်ယာဝင်းမှူးက၊ စက်ပန်းဓားကို အနောက်ဝင်းမှူးက၊ နန်းပုံဓားကို မြောက်လက်ဝဲမှူးက ကိုင်ဆောင်ကြသည်ဟု ဖော်ညွှန်းထားသည်ကို တွေ့ရှိရပေသည်။

ယင်းအပြင် မြန်မာမင်းတို့သည် ဓားမှူး၊ ဓားကြပ်ဝန်များခန့်ထားလျက် ဓားကို အဆင့်အတန်း ရာထူးအလိုက် ချီးမြှင့်တော်မူလေ့ရှိသည် ဟူ၏။ မြန်မာမင်းတို့သည် ဓားကို အဆောင်အယောင် အခမ်းအနားဖြင့် ပေးအပ်လေ့ရှိဖူးကြောင်းကို ဆင်ဖြူရှင်လက်ထက်က ဝန်ထောက်တော်နေဝ်ရထာ ရေးသားထားသော ရတုထဲတွင် 'ရွှေရည်တော်မှောက်ယခုရောက်သည်၊ အံ့လောက်မြင်ရာ၊ ဓားစကြာ၏၊ သြဘာတိုက်ကောင်း၊ နိမိတ်ကြောင်းမူ၊ တသောင်းမြန်ဘောင်၊ ဇမ္ဗူတောင်ဝယ်၊ ဖြူရောင်ဖြန့်ဆိုင်၊ ဖြတ်နိုင်ချောင်းငြိမ်း၊ စေထိန်းသိမ်း၍. . .' ဟု စပ်ဆိုထားသဖြင့် ဓားစကြာ ပေးနှင်းသော အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရှိရပေသည်။

တစ်ဖန် ထိုစဉ်တုန်းက ဓားများကို အတိုက်အခိုက် အခုအခံအတွက်၊ စစ်ရေမက်ရေအတွက် အသုံးပြုကြသည်ဆိုရာတွင် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ထင်ရာစိုင်း အသုံးပြုကြသည် မဟုတ်။ စည်းနှင့်စနစ်နှင့်နည်းနှင့်နိသျရည်းနှင့် အသုံးပြုကြရသည်ဖြစ်ရကား ဓားရေးအတတ်ပညာများ ပေါ်ထွန်းလာခဲ့ပြီး ယင်းဓားရေးများကို အခြေခံ၍ သိုင်းပညာများ၊ ဗန်တို - ဗန်ရှည်ပညာများ ထွန်းကားလာခဲ့သည့် ရှေးမြန်မာသမိုင်းစဉ်တစ်လျှောက်လုံးတွင် ထိုဓားရေးအတတ်ကို ဘုန်းကြီးကျောင်းများ၊ ပွဲကျောင်းများ၊ ဂါမဝါသီကျောင်းများတွင် သို့မဟုတ် ဓားရေးအတတ်ကျွမ်းကျင်သူများထံတွင် သင်ကြား ဆည်းပူးရလေ့ရှိသည် ဆို၏။

ယေဘုယျအားဖြင့် ဓားရေး (၃၇) မျိုးရှိသည် ဆို၏။ ယင်းတို့ကို နဝဒေး၏ လူးတားမှ ကောက်နုတ် ဖော်ပြရသော် ဓားချီ၊ ဓားခင်း၊ မျက်နှာကာ၊ ဓားလှဲ၊ ဓားလျှို၊ မှောက်ထိုးရပ်၊ ရင်ခွဲ၊ အသားလှန်၊ ဓားခုတ်၊ စင်ရော်သုတ်၊ တစ်ဖက်ထိုး၊ ရှေ့လှည်း၊ နောက်လှည်း၊ ရွှေနုတ်မြွက်ယာလှဲ၊ ရွှေနုတ်မြွက်ဝဲလှဲ၊ စွန်သုတ်၊ ပါးကပ်၊ ပန်းကုံးဖြတ်၊ ဓားလွှင့်၊ ပန်းကုန်းသီ၊ ဆက်ရက်ခုန်၊ မီးတိုင်ပြ၊ ပိုးခြည်းလွှား၊ သက်တင်ရေသောက်၊ ရွှေဘယက်လည်လျောက်၊ ဒေါင်းမြီးကာ၊ … လက်ကောက်ဝတ်၊ မောင်းကပ်၊ ရွှေနုတ်လည်လျောက်၊ နောက်လည်လျောက်၊ ဓားသွဲ့၊ ဓားပြု၊ တစ်ဖက်နုတ်၊ နှစ်ဖက်နုတ်၊ နောက်လှည့် ဆိုသော စကား (၃၇) ပါးတို့ပင် ဖြစ်၏။ ဆိုချင်သည်က ဤဓားရေး (၃၇) ပါးတို့ အခြေခံလျက် သိုင်းပညာအတတ်၊ ဗန်တို-ဗန်ရှည်အတတ် နည်းပေါင်းများစွာ ပေါ်ထွန်းလာခဲ့သည် ဟူ၏။

တခြားတစ်ဖက်တွင်လည်း မေးခွန်းထုတ်ချင်တာကလေးတစ်ခုကတော့ အနှီဓားကို ပြုလုပ်ပေးနိုင်သော ပန်းပဲအတတ်ပညာသည် အဘယ်သောကာလကပင် မြန်မာနိုင်ငံတွင် ထွန်းကားခဲ့လေသနည်း။ အတွင်း (၃၇) မင်းနတ်စာရင်းဝင် မင်းမဟာဂီရိ ပန်းပဲမောင်တင့်တယ်၏ ဘဝဇာတ်ကြောင်းအရ ဆိုရလျှင် ပန်းပဲအတတ်ပညာသည် တကောင်းခေတ်ကာလ၌ အတည်တကျ ထွန်းကားနေပြီ ဖြစ်သည်။ ထိုတကောင်းခေတ်က ပန်းပဲမောင်တင့်တယ်၏ အသွားလက်ရှစ်သစ်ရှိသော ဓားက နာမည်ကြီးလှသလို နဂါးနိုင်မင်းခေါ် မောင်ပေါက်ကျိုင်း၏ နဂါးနိုင်ဓားကလည်း ကျော်စောလှပေသည်။

စိတ်ဝင်စားစရာတစ်ခုက ပန်းပဲဖိုက ဓားကို အဆင်ပြေသလို ထုတ်လုပ်ကြသလို ဓားကိုင်ဆောင်မည့်သူနှင့် သူကိုင်ဆောင်မည့်ဓားကို လိုက်ညှိ၍ ဖန်တီးထုတ်လုပ်ကြရသည်ကိုလည်း တွေ့ရှိရခြင်းပင် ဖြစ်သည်။ ဥဒါဟရုဏ်ဆိုရသော် ဓား၏ပြက်အလယ်တည့်တည့်မှနေ၍ အစွန်းတစ်ဖက်ထိ လက်သစ်ဖြင့် တိုင်းတာရမည်။ တစ်လက်သစ်တွင် (၄/၄)လက်မရှိသည် ဖြစ်၏။ တိုင်းရလက်သစ်ကို ကိုင်ဆောင်မည့်သူ၏ မွေးနံသင်္ချာဖြင့် ရောပေါင်းရမည်။ ပေါင်းရကို ရန်သူမျိုးငါးပါးဖြင့် မြှောက်ရသည်။ ထိုမြှောက်ရကို အဋ္ဌဝိဇယအောင်ခြင်းရှစ်ပါးဖြင့် စားရမည် ဖြစ်၏။ တွက်နည်းမှာ -

(၅၂) လက်သစ် အလျားရှိသော ဓားအား ဗုဒ္ဓဟူးသားကို ကိုင်ဆောင်စေလိုလျှင်-

| | | |
|---|---|---|
| ဓားအရှည် (လက်သစ်) | ၅၂ | |
| ဗုဒ္ဓဟူးမွေးနံသင်္ချာ | + ၄ | |
| | ၅၆ | |
| ရန်သူမျိုးငါးပါး | × ၅ | |
| အဋ္ဌဝိဇယ အောင်ခြင်းရှစ်ပါး | ÷ ၈ ၂၈၀ | ၃၅ |
| | ၂၄ | |
| | ၄၀ | |
| | ၄၀ | |
| | ၀ | ကြွင်း |



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါအကြွင်းတို့သည် အောက်ဖော်ပြပါအတိုင်း အကျိုးအပြစ်များကို သက်ရောက်စေသည် ဖြစ်၏။

(၁) ကြွင်းမူ အိုသည်အထိ ချမ်းသာအံ့။

(၂) ကြွင်းမူ မကောင်း။

(၃) ကြွင်းမူ ရန်အောင်အံ့။

(၄) ကြွင်းမူ အသုံးမပြုကောင်း။

(၅) ကြွင်းမူ ဥစ္စာစီးပွားပျက်အံ့။

(၆) ကြွင်းမူ ကြံစည်သမျှမအောင်မြင်။

(၇) ကြွင်းမူ စုတ်လာဘ်အဝင်များအံ့။

(၈) ကြွင်းမူ မင်းဖြစ်အံ့၊ ရာထူးတက်အံ့။

တစ်ခါ စီရင်သူ၏ သန့်စင်မှု၊ နေရာဌာန၏သန့်စင်မှု၊ အချိန်အခါ၏ သန့်စင်မှုတို့ကို အထူးစီစစ် ဖော်ဆောင်ရရှိသာမက စန်းယှဉ်နက္ခတ်၊ မွန်းတည့်နက္ခတ်၊ ဝင်နက္ခတ်၊ ထွက်နက္ခတ်၊ ခပါဒ်နက္ခတ်တို့ကို ဆန်းစစ်ရွေးချယ်လျက် နေရာဌာန၊ အရပ်မျက်နှာ စသည်တို့ကိုပါ စစ်ကြောပြီး ဓားစီရင်ပြုလုပ်မှုများကို စီမံကြပါသေးသည်။ ထိုအထဲတွင် ဓားလုပ်မည့်သံများ၊ တခြားသတ္တုများကို အထူးတလည် အလေးဂရုပြု ရွေးချယ်ကြရပါသေးသည်။ ရှေးကျမ်းဟောင်းများအဆိုအရ ပန်းပဲအတတ်ဆိုင်ရာ သံမျိုး (၂၁၂) မျိုး ရှိရုံသာမက လုပ်ရတ်ဝင် ကုန်းသယံ (၂၅) ပါး၊ ရေသယံ (၂၅) ပါးရှိသည်ဟု ဖော်ညွှန်းမှုများကို တွေ့ရှိရပေသည်။

ဓားနှင့်နီးနွယ်နေသော နောက်အစီအရင်တစ်ခုကိုပြောရလျှင် ဓားသွေးပုံဓားသွေးနည်းပင် ဖြစ်သည်။ သရဒွေးကျမ်း အပါအဝင် တချို့ ကျမ်းဂန်များအလိုအရ ကြတ္တိကာနက္ခတ်မွန်းတည့်ချိန်၊ ကြတ္တိကာနက္ခတ်စန်းယှဉ်ချိန်တို့တွင် တွေ့ကြရပြီး ၎င်းအချိန်တို့ကို မရလျှင် အင်္ဂါနေ့နံနက် နေထွက်ချိန်၊ နေတက်ချိန်တို့တွင် ဓားသွေးကြရသည်ဟူ၏။ မှတ်သားစရာလေးတစ်ခုကတော့ ဓားသွေးနည်း (၄) နည်း ရှိသည်ဆို၏။ ယင်းတို့မှာ ရက်ကန်းခတ်သွေးနည်း၊ တယောထိုးသွေးနည်း၊ သနပ်ခါးသွေးနည်း၊ ဝိုက်သွေးနည်း ဟူ၍ ခေါ်ဖြစ်၏။ ရက်ကန်းခတ်သွေးနည်း ဆိုသည်မှာ ရက်ကန်းခတ်သလို ပုံကျသည်အထိ ရှေ့တိုးနောက်ငင်သွေးရသည်။ တယောထိုးသွေးနည်းဆိုသည်မှာ ထက်အောက်မတ်မတ်သွေးရသည်။ သနပ်ခါးသွေးနည်းဆိုသည်မှာ ပတ်ချာဝိုင်း၍ သွေးရသည်။ ဝိုက်သွေးသွေးနည်းဆိုသည်မှာ ဖော်ပြပါ သွေးနည်းစုံပါသော သွေးနည်းဖြစ်သည်ဟူ၏။

ပြီး- စိတ်ဝင်စားစရာတစ်ခုက သို့ကလို ထူးထွေစွာ စီရင်သော ဓားနှင့် ဓားပိုင်ရှင်တို့သည် ဓာတ်ဆက်၊ ပညတ်ဆက်၊ ဒြပ်ဆက်များရှိနေသလားဟု မေးစရာ၊ တွေးစရာတို့ပင် ဖြစ်သည်။ ရှေးဘုရင်တို့ ဘုန်းတက်ကံတက်သောအချိန်တွင် သူတို့ကိုယ်နှင့်မကွာ ကိုင်ဆောင်သောဓားသည် ငှက်ခါးတောင်အရောင် ရောင်ရှင်တလက်လက် ပြိုးပြက်နေတတ်ပြီး သူတို့ဘုန်းနိမ့်ကံနိမ့်သောအခါဝယ် သူတို့၏ ဓားအရောင်သည် ရောင်ရှိန်ညှိုးနွမ်းညစ်ထေးနေတတ်သည်ဟူ၏။ နမူနာဆိုရသော် အနော်ရထာမင်းကြီး၏ လက်သုံးတော်ဓားသည် သုနတ်ရွာစံတော်မူခါနီး၌ ရောင်ဝါညှိုးနွမ်းညစ်ထေးသွားသည်ဟု ဖော်ပြမှုများကို တွေ့ရှိရသည် ဖြစ်၏။

ဤနေရာမှာ တစ်ဆက်တည်း ဖော်ပြဖို့ကောင်းသည်က မြန်မာ့သမိုင်းကြောင်းထဲတွင် ဓားကောင်းအဖြစ် တထင်တရှားဖြစ်ခဲ့သော ဓားများကိုပင် ဖြစ်၏။ ယင်းတို့မှာ ပန်းပဲမောင်တင့်တယ်၏ အသွားလက်ရှစ်သစ်ရှိသော ဓား၊ မောင်ပေါက်ကျိုင်း၏ တရုတ်ခြောက်ယောက်ပင်မရ၍မကြွေသော နဂါးနိုင်ဓား၊ ဒွတ္တဘောင်မင်းကြီး၏ နွားလည်ပင်းကို အကွင်းလိုက်ပြတ်ကျအောင် ထက်သောဓား၊ ကျန်စစ်သားမင်းကြီး၏ အိန္ဒြိယသားတို့ အလွန်တရာ ထိတ်လန့်ကြောက်ရွံ့သော စကြာဓား၊ အသင်္ခယာစောယွန်း၏ ဆင်လည်ပင်းပြတ်ကျအောင်ထက်သည့်ဓား၊ ဘုရင်မင်းခေါင်၏ နှစ်မိုက်အမြင့်ရှိ ငွေတုံးကို ပိုင်းပြတ်အောင်ခုတ်နိုင်သောဓား၊ မိုးညှင်းမင်းတရားကြီး၏ ယမနေပင်စောင့်နတ်ကြီးကြောက်ရွံ့သောနရဏီရွှေဓား၊ မြောင်းမြဓား လောက်ဖျား၏ သားမပစ်နွယ်၏ ကျောက်ထုသံတောင် တစ်တောင်ကို ခုတ်ပြတ်နိုင်သည့်ဓား၊ ရွှေနန်းကြော့ရှင်၏ ယိမ်းနွဲ့ပါးဓား စသည်တို့ ဖြစ်ကြသည်။

ယင်းအထင်ကရဓားများထဲတွင် ယိမ်းနွဲ့ပါးဓားသည် အကျော်စောဆုံးဖြစ်သည်။ ယိမ်းနွဲ့ပါးဓားနှင့် ပတ်သက်၍ မပြောမဖြစ် ပြောစရာလေးတစ်ခုကတော့ အင်းဝနန်းလှုဘုရင် သိုဟန်ဘွားကို ယာယီဝါးတဲနန်း၌ စံမြန်းတော်မူနေစဉ် မင်းကြီးရန်နောင်က ဤယိမ်းနွဲ့ပါးဓားဖြင့် လုပ်ကြံခဲ့ရာတွင် သိုဟန်ဘွားဦးခေါင်းပိုင်းပြတ်သွားရုံသာမက နောက်မှီ ဝါးပိုးတိုင်နှင့် ကြမ်းလေးချောင်းကို တစ်ချီတည်းဖြင့် ပိုင်းပြတ်သွားသည် ...၏။ နောက်ပိုင်းတွင် ဤယိမ်းနွဲ့ပါးဓား... နန်းစဉ်ဓား၊ မင်းစဉ်လက်သုံးတော်... အဖြစ် အသုံးပြုခဲ့ရာ သီပေါမင်းလက်... ထက်တော်တိုင် ဖြစ်၏။ သီပေါမင်း... ရတနာဂီရိကို ပါတော်မူခါနီး၌ အင်္ဂလိ... ကိုယ်စားလှယ်အဖွဲ့ကို သီပေါမင်းသည်... ဤယိမ်းနွဲ့ပါးဓားကို ကိုင်စွဲလျက် အ... ခံခဲ့သည် ဟူ၏။

နောက်စိတ်ဝင်စားစရာတစ်ခု... ရှေ့ကဆိုခဲ့သလိုပင် သံမျိုး (၂၁၂) ... လုပ်ရတ်ဝင်ကုန်းသယံ(၂၅)ပါး၊ ရေသ... (၂၅) ပါးတို့ဖြင့် ဓားအပါအဝင် လက်... နက်များ ပြုလုပ်ဖန်တီးသည်ဆိုရာ၌ ... ပဲအတတ်ပညာသာမက အဂ္ဂိရတ်ပညာ... တို့နှင့် ပါဝင်ပတ်သက်နေသည်ကို ... ရှိရသည်။ အဂ္ဂိရတ်ပညာသည် လော... ပညာ၊ ဂန္ဓာရီပညာတို့၏ အစိက အစိ... အပိုင်းတစ်ရပ်ဖြစ်နေသည်ကို အ... ဂရုပြုဖွယ်ရာ တွေ့သိရပြန်သည်။

ဤသည်တို့နှင့် ဆက်နွယ်... ဆိုချင်စရာကောင်းသည်က 'သီလ... ဓား၊ သံရှင်သွား' ဆိုသော မြန်မာ... ရိုးစကားပင် ဖြစ်၏။ ရှင်လင်းအော... ရသော် အနိမ့်ကိုရောက်နေသော ... ဆော်ကြောင်ဖြူမင်းသည် ဘုရင်... နီးတွင် သိကြားမင်း ဆက်သသ... သော သီလဝံသဓားခေါ် သီလဝ... အရိန္ဒမာလှံတော်၊ ပတ္တမြားဦးသွေး... ပတ္တမြားလက်စွပ်၊ သိန္ဓောမြင်းကို ... သည် ဆို၏။ နောင်တွင် ယင်းတို့... ၏ သားတော် အနော်ရထာမင်း... မွေအနှစ်အဖြစ် လွှဲပြောင်းပေးခဲ့... ဆို၏။ တခြားတစ်ဖက်တွင် ထိုသီ... ဓားနှင့် အရိန္ဒမာလှံတော်ကို ထွ... ပေါက်ပုဂ္ဂိုလ်ထူး ရှင်အဇ္ဇဂေါဏ... ပေးသည်ဟု ဆိုထားပြန်သည်။

ဒွတ္တဘောင်မင်းကြီးသည်... သီလဝင်ဓားနှင့် အရိန္ဒမာလှံတော်... ရရှိသည်ဟု ဆိုထားပြန်သည်။

အလေးဂရုပြုဖွယ်ရာက သီ... ဓား သံရှင်သွားဆိုသည့်အတိုင်း ... အဂ္ဂိရတ်ပညာရှင်တို့သည် သီလ... ၏အသွားကို သံရှင်သတ္တုသားဖြ... လုပ်ခဲ့ပုံပေါ် သည်။ ဤသို့နှင့်နှ... ဓား၊ သံသေဓား၊ ပြဒါးသေဓား၊ ပြ... ဓားမှ အစပြု၍ ကိုးသချိုင်းသံ... ဂန္ဓာရီအစီရင်၊ လောကီအစီအ... အမျိုးမျိုး ပေါ်ထွန်းခဲ့ဟန်တူသည်... သချိုင်းသံဓားဆိုသည်မှာ သက်တ... သချိုင်းကိုးခုမှ သံများကို ရယူပြီး... ဖန်တီးရသည်ဟု ဆိုပြီး ၎င်း... အဆင့်မြင့် အပြီးအစီး ထိုးနှ...



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြံသုတ်သင်နိုင်သည် ဆို၏။ …နန်းတွင်းအရေးအခင်းတုန်းက …င့်အမြင့်ပြီးအစီး ထိုးနှံထားသော …င်မင်းသားကြီးသည် ကိုးသချိုင်း …ဖြင့် လုပ်ကြံခံရသည် ဆို၏။

ဤနေရာမှာ ဆက်နွှယ်ဖော်ပြချင် …ကောင်းသည်က အပြီးအစီးခေါ် …ပြီး ခားပြီးအစီအရင်ဖြစ်၏။ အစီ …ဖြင့် တုတ်၊ ခား၊ လှံ စသော လက် …တို့ဖြင့် ခုတ်ရိုက်ထိုး၍ မပြတ်မရှ …ကိုင်နိုင်ဟူသော ယုံစွဲမှုပင် ဖြစ်၏။ …စီရင်တို့၌ တစ်ပွဲပြန်ခေါ် ယာယီ …ပြီးခားပြီး၊ ထာဝရတုတ်ပြီးခားပြီး … ရှိပေါ်သည်။ စီရင်ထားသော …မျိုခြင်း၊ အပ်မြှုပ်နှံခြင်း၊ ဆေး …ခြင်း၊ မန်းမှုတ်ခြင်းတို့ဖြင့် တုတ်ပြီး၊ …ဖြစ်စေသည်ဟု ယူကြသည်။ သို့ … သာမန်သေနတ်နှင့် အမြောက် …ကို ကြံ့ကြံ့ခံနိုင်သော သံချပ်ကာ …တားများပေါ်ပေါက်လာသော် တင့် …တ်လက်နက်များ ပေါ်လာသလို …ပြီး ခားပြီးကို ချေမှုန်းနိုင်သော ကိုး …ချိုင်းခား အပါအဝင် လက်နက်ဆန်း …နှင့် တခြားနည်းလမ်းများပေါ်ပေါက် …သည်ဟု အဆိုရှိလာသည် ဖြစ်၏။ …တ် သံခားကို တုတ်ပြီး၊ ခားပြီးသော် …ည်း ကြေးနီခား၊ ကြေးဝါခားတို့ကို …ဟု ယူစွဲမှုတို့ကိုလည်း တွေ့သိရပြန် …ည်။

ဤတွင် မေးစရာ၊ တွေးစရာ ဖြစ် …သည်က ဤသို့သော ခားဆိုင်ရာ …ကီပညာအစီအရင်များသည် မြန် …နိုင်ငံတွင်သာရှိလေသလား၊ တခြား … အတိုင်းတိုင်းအပြည်ပြည်၌ မရှိ …လေသလောဟူ၍ပင် ဖြစ်၏။ ထိုသို့ …ည်းမဟုတ်ပါလေ။ သူတို့တွင်လည်း …တို့နည်းသူတို့ဟန်ဖြင့် အစွမ်းအမျိုး …ရှိကြသည်သာ ဖြစ်၏။ နမူနာတစ်ခု …ဆိုလျှင် မလေးရှားနိုင်ငံက ခရစ်ခား …လောကီပညာအစီအရင်ကိုပင် ဖြစ်၏။ …ခရစ်ခားမှာ အသွားတွန့်ခားမြောင်ပင် …သည်။ ထိုခရစ်ခားကို ပသျှူးခား၊ …လေးခား၊ ဆာရွှန်ခားဟုလည်း ခေါ် …ကြပါသေးသည်။

ထိုခရစ်ခားစီရင်ရာတွင် အင်္ဂရတ် …ညာ၊ ဆေးပညာ၊ အင်းပညာ၊ မန္တန် …ညာ စသော လောကီပညာများကို …ချဉ်းသင့်သလို စီရင်အသုံးပြုရသည် …၏။ သို့ကလို ခရစ်ခားပြုလုပ်စီရင်ရာ …င် သချိုင်းသံ၊ မိုးကြိုးသွား၊ နှစ်ပရိစ္ဆေ … တာရှည်စွာ ရေအောက်ထဲနစ်မြုပ်နေ …သော ခေါင်းလောင်းကြီးများ အမြောက်အများမှ ရရှိသောသတ္တုသားများကို ရှာဖွေပြီး ခားသွားများ၊ ခားရွက်များကို ပြုလုပ်ဖန်တီးခြင်း၊ ထူးကဲထူးခြား သစ်သားများ၊ သတ္တုသားများကို လက်ကိုင်ရိုးအဖြစ် ဖန်တီးစီမံကြသည်ဟူ၏။

အစီရင် အောင်မြင်သော ခရစ်ခား (ခားမြှောင်) သည် ခားအိမ်ထဲမှ အလိုအလျောက် ပျံထွက်ပြီး ရန်သူကို တိုက်ခိုက်တတ်သည်။ တချို့ ထိုသို့ မပျံထွက် မတိုက်ခိုက်စေကာမူ အန္တရာယ်ရှိက ခလောက်သံပေး၍ သတိပေးတတ်သည်။ တချို့ဆိုလျှင် ရန်သူကို ကိုယ်ထိလက်ရောက် တိုက်ခိုက်ရန်မလိုအပ်ဘဲ ချိန်ရွယ်ရုံမျှဖြင့် ရန်သူထိခိုက်သေကျေတတ်သည်။ နောက်တချို့ကိုမူ မြေပြင်သို့ ထိုးစိုက်လိုက်ရုံဖြင့် မြွေငန်းအဖြစ်ပြောင်းလဲသွားကာ ရန်သူကို သွားရောက် တိုက်ခိုက်တတ်သည်။ တချို့များဆိုလျှင် ရေထဲကို ထိုးစိုက်လိုက်သည်နှင့် ဆူပွက်သွားခြင်း၊ ရေချဉ်သွားခြင်း၊ ဖြူနောက်သွားခြင်း စသည်တို့ ဖြစ်သွားတတ်သည် ဟူ၏။ ထိုသူ၏ ခားမြှောင်ဖြင့် ဆေးကုသခြင်း၊ ပယောဂကုသခြင်း စသည်တို့ကိုလည်း ပြုလုပ်တတ်ကြသည် ဆို၏။ ပြီး ထိုခရစ်ခားမြှောင်ကို ဆောင်သွားရုံမျှဖြင့် မနော‌စွမ်းရည်၊ ကာယစွမ်းရည်တို့ ပြည့်စုံလုံခြုံလာကာ ကျရောက်လာမည့်ဘေးအန္တရာယ်မျိုးစုံကိုလည်း ဖယ်ရှားကာကွယ်ပေးနိုင်သည်ဟု ယုံကြည်စွဲလမ်းကြသည် ဖြစ်၏။

ဤသည်နှင့်ဆက်နွှယ်လျက်ပြောချင်စရာလေးတစ်ခုကား ရှေးမြန်မာလောကီပညာရှင်၊ ဂန္ဓာရီပညာရှင်တို့သည် သံသေခား၊ သံရှင်ခားမှ အစပြု၍ ကိုးသချိုင်းသံခားထိ တိုက်ရေးခိုက်ရေး ခုခံရေးအတွက် အစီအရင်များပြုကြသလိုပင် ပယောဂကုပညာဆိုင်ရာ၊ လောကီပညာဆိုင်ရာများကို ဆောင်ရွက်နိုင်ရန်အတွက် ဆေးခား၊ အင်းခား၊ စမခား စသော အစီအရင်ခားမျိုးစုံကို ပြုလုပ် ဖန်တီး သုံးစွဲကြသေးသည်ဟု အဆိုရှိနေကြပါသည်။

နောက်အတွေးနယ်ချဲ့စရာတစ်ခုမှာ တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ယန်းချူခရိုင် ဆီးဟေမြစ်ကူးတံတားထိပ်မှ တူးဖော်ရရှိသော ခုနစ်မီတာခွဲ ရှည်လျားပြီး (၁၅၀၀) ကီလိုဂရမ် လေးလံသော သံခားကြီးပင် ဖြစ်၏။ ထိုခားကြီးကို ချင်မင်းဆက် (၁၆၄၄-၁၉၁၁) ခေတ်ကာလ လန်ရှီမင်းလက်ထက်က ပြုလုပ် စီရင် မြှုပ်နှံခြင်းဖြစ်သည် ဆို၏။ ထိုခားကြီး၏ လက်ကိုင်ရိုးဝယ် နဂါးယုတ်မာကို သုတ်သင်ပြီး ပတ်ဝန်းကျင်ရေဘေးအန္တရာယ်ကာကွယ်ဖို့ဟု စာတန်းရေးထိုးထားသည်ဟု ဆို၏။ ဤတွင် မေးခွန်းထုတ်စရာဖြစ်လာသည်က အဆိုပါ ပုံခိုင်းပြောရလျှင် အမရပူရနေပြည်တော်နှင့် မန္တလေးနေပြည်တော် တည်ဦးစက ဆီအပြည့်ထည့်သော မြေစဉ့်အိုးကြီးတို့ မြှုပ်နှံသော ယတြာခလေ့တို့နှင့် တူများတူနေလေသလား။ ရှေးမြန်မာကြီးတို့လည်း မပြုလုပ်ဘဲနေပါ့မလား။

ဤနေရာ၌ မေးစရာ၊ တွေးစရာ ဖြစ်လာသည်။ ခားသည် သို့ကလို ယတြာသူ့ဂြိုဟ်နှင့် ဆက်နွှယ်ရှိနေလျှင် နိမိတ်ပညာ၊ ဝေဒပညာတို့နှင့် နီးနွှယ်မှုမရှိဘဲနှင့်နေပါ့မလား။ ဥဒါဟရုဏ်တချို့ ရှာဖွေကြည့်ကြပါမည်။ ရှေးဥရောပသားတို့သည် သားလှီးခားကိုဖြစ်စေ၊ ခားမြှောင်ကိုဖြစ်စေ တစ်ခုခုကို ပတ်လည်အနားသားတွင် ဟောကွက်ရေးသားထားသော ကြေးလင်ပန်းအလယ်တွင်ထားလျက် နာရီလက်တံကို လှည့်သလိုလှည့်ပတ်လိုက်လျှင် လုံးဝငြိမ်သက်သွားပြီး ခားဦးညွှန်ရာ ဟောကွက်ကို နိမိတ်ကြားဟောချက်ထုတ်လေ့ ရှိကြသည်ဟူ၏။ ယင်းသို့ပင် ရှေးခေတ် အာရပ်စစ်သည်တို့သည် သူတို့၏ ပြောင်းလက်အောင် တိုက်ချွတ်ထားသောခားရွက်မှ ပုံရိပ်များကိုကြည့်ပြီး သူတို့၏ ရှေးအနာဂတ်ဖြစ်အင်ကို နိမိတ်ဖတ်ကြားလေ့ ရှိကြသည် ဟူ၏။ ယင်းသည် ဖန်လုံးကြည့်အတတ်ပညာ၊ ကြေးမုံမှန်ကြည့်အတတ်ပညာတို့နှင့် ဆင်တူသည်ဟု ယူ၍ရသည်။ ထို့ပြင်တစ်ဝ ရှေးမြန်မာကြီးတို့၏ သရောဒယဗေဒင်ပညာတွင် ခဂ္ဂစက်ဟောနည်း၊ ဆူရိယာစက်ဟောနည်းတို့ ပါဝင်သည်။ ခဂ္ဂစက်ဟောနည်းသည် နှစ်ဖက်သွားခားမြှောင်ပုံ (၀ါ) သန်လျက်ပုံစက်ချ၍ ဟောကွက်ကောက်ဟောပြောနည်းဖြစ်ပြီး ဆူရိယာစက်ဟောနည်းသည် နှစ်ဖက်သွားခားရှည်ပုံစက်ချ၍ ဟောကွက်ဖော်ဟောပြောရသောနည်း ဖြစ်သည်ဟု ဆို၏။

ဆိုခဲ့သမျှကို အနှစ်ချုပ် လိုရင်းကို ကောက်ချက်ငင်ရလျှင် ခားနှင့်ပတ်သက်ရာပတ်သက်ကြောင်းများကို ဆန်စဉ်ရာ ကျည်ပွေ့လိုက်ရင်းဖြင့် ဂမ္ဘီရနယ်ပယ်ထဲကို ဝင်သွားမှန်းမသိ ဝင်သွားခဲ့သည်က တော့အမှန်ပင်။ လျှို့ဝှက်သောနယ်မြေထဲသို့ ရောက်မှန်းမသိ ရောက်သွားခဲ့သည်ကတော့ ဧကန်ပင်။

ရှိန်းအောင် (ဂမ္ဘီရ)



www.burmeseclassic.com

www.burmeseclassic.com

သွတ်လှယ်တုံ့ခေါက်၊ ကိုင်းခက်လျှောက်လျက်၊ မျောက်က ကြိုးခွေ၊ ချေကရင့်ရှူ၊ ဖြူကကျော်သည်၊ ပြောင်ဆင်ဟည်း၍၊ ဝက်လည်းရုတ်ရုတ်၊ ရှဉ့်ကတုတ်ဆက်၊ သစ်ကျုတ်သားမင်း၊ သံညှင်းဒိန်းဒိန်း၊ ကျားဟိန်းသာရှင်၊ သမင်ကဟစ်၊ ယုန်ကျစ်ကျစ်၊ တစ်သည့်ဆက်ခိုင်၊ မြိုင်ကအေးဖွယ်၊ လွမ်းရေးသွယ်ပုံ။

(သျှင်ဇယန္တာဘိဓဇတောလား)

၁၉၅၀ ပြည့်နှစ်ဝန်းကျင် လမ်းပန်းဆက်သွယ်မှုဝေးလံသည့် တောင်ခြေရွာလေး။ တိုင်းပြည်မှာ လွပ်လပ်ရေးရပြီဖြစ်သော်လည်း အေးဆေးငြိမ်သက်နေသည်ဟုမဆိုနိုင်သေး။ အုပ်ချုပ်ရေးလက်လှမ်းဝေးသည့် အရပ်ဒေသတို့တွင် ရောင်စုံသူပုန်များ ကြီးစိုးမင်းမူနေစဉ် ကာလ။ ရိုးသားစွာ ကြိုးစား ရှာဖွေထားသည့် တောသူတောင်သားများ၏ ပစ္စည်းဥစ္စာတို့ကို အနိုင်ထက် လုယက်ဗိုလ်ကျနေသော သူပုန်သူကန်များရှိနေဆဲ။ ယုတ်စွအဆုံး စပါးဝမ်းစာကအစ ရိက္ခာအတွက် အကြောင်းပြ သယ်ယူကာ ဆက်ကြေးငွေပေးနေရသည့် ကျေးရွာများမှာ အနမတဂ္ဂ။ မြို့ကြီးပြကြီးများတွင်နေသူတို့အဖို့ မထောင်းတာလှသည့်တိုင် ကျေးလက်တောရွာ (အထူးသဖြင့်) ဝေးလံခေါင်သီသောအရပ်တို့မှာနေသူတို့ အထိတ်ထိတ်အလန့်လန့် စားသောက်နေထိုင်ကြရ၏။

ထိုစဉ်က နယ်မြေအန္တရာဆင်းနေရသည့်တပ်မတော်က အလှမ်းဝေးသောဒေသများတွင် လူဦးရေနည်းပါးရာ ရွာငယ်များကို တစ်နေရာတည်း စုစည်းနေထိုင်ရန်သာမက ရွာစည်းရိုးများအားခိုင်မာထူထပ်စွာ တည်ဆောက်ပြီး ကျေးရွာသားများကိုယ်တိုင် ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်တတ်ရန် သင်ကြား လမ်းညွှန်ပေးခဲ့သည်။ ကျေးရွာကို စည်းရိုးအဝန်းအဝိုင်းအတွင်း လုံခြုံစိတ်ချအေးချမ်းစွာနေနိုင်ရေးအတွက် ရွာတံခါး အဖွင့်အပိတ်၊ စောင့်ကင်း-ပတ်ကင်းများ ဖွဲ့စည်းပေးထားပြန်၏။ သတိဝီရိယဖြင့် ကိုယ့်ကျေးရွာကို ကိုယ်တိုင်ကိုယ်ကြပ် စောင့်ရှောက်ရမည့် အသိစိတ်ဓာတ်သွင်းပေးခဲ့ခြင်းပင်။

ဟသ်ာတခရိုင်အတွင်းရှိ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်တို့မှ ကျေးရွာအချို့မှာ ရခိုင်ရိုးမတောကြီးများနှင့် ဆက်ဆက်စပ်စပ်ရှိနေသည်။ အင်္ဂပူမြို့နယ် မဲဇလီကုန်းမှတစ်ဆင့် သွားရသည့် ဘန့်ဘွေးကုန်း၊ မကျည်းကုန်း၊ တိုင်တစ်ရာ၊ ညောင်ခြေထောက်၊ လဲခုံ၊ ရင်းရှည်ရွာတို့မှာလည်း ထိုနည်းနှင်နှင် ကိုယ့်ကျေးရွာကိုယ်စောင့်ရှောက်ခဲ့ရသည့် နယ်မြေများပါ။ အရေးအကြောင်း ရှိလာပါက အကူအညီရရန် ဆက်သွယ်မှုလမ်းကြောင်းဝေးလံသည့် အပြင်(ယခုကဲ့သို့ ယာဉ်များသွားလာရေး လမ်းပန်းမကောင်းတတ်သေး) စိမ်းစိမ်းအုပ်အုပ်တောကြီးများနှင့်ပြာမှောင်ညို့ညို့တောင်တန်းကြီးများ၊ တသွင်သွင် စီးဆင်းနေသော စမ်းချောင်း၊ ရိတ်သိမ်းပြီးစလယ်ကွင်းပြင်တို့မှာ ပြာလွင်ရှင်းသန့်သည့် ကောင်းကင်အောက်တွင် လွမ်းမောဖွယ်ရှိနေသည်။

ရွာပတ်လည်ကို မဒမပင်ကဲ့သို့ အပင်သေးပြီး ဖြောင့်စင်းသော သစ်လုံးများ စိုက်ထူကာ ဝါးများဖြင့် ကြားညှပ် ထိုးစိုက်၍ တုပ်နှောင်စည်းရိုးခတ်ထား၏။ ရွာဦးရွာဖျားကို ဖြတ်စီးသွားသော စမ်းချောင်းကလေးကိုပင် တစ်ပိုင်းတစ်စ စည်းရိုးထဲထည့်သွင်းခြံခတ်ထားရသည်။ ရွာဝင်တံခါးကြီး ပိတ်လိုက်လျှင် ဆယ်တောင်ကျော်အမြင့်နှင့် စည်းရိုးမားမားကြီးက လူမဆိုထားဘိ ခုန်နိုင်လွှားနိုင်သော တောကောင်များ ပင်မဝင် လုံးဝ စိတ်ချရပါသည်။ သို့နှယ် အင်္ဂပူမြို့နယ် လဲခုံ ဆိုသော တောင်ခြေရွာကလေးတစ်ရွာမှာ အေးအေးချမ်းချမ်း။

*

အရှေ့ဆီမှ နံနက်ခင်း နေဝန်း…
တစ်စတစ်စတက်လာပါပြီ။ လော…
ဓာတ်ခွင်ကို နေရောင်ဖျန်းပက်လို…
သဖြင့် ဝင်းဝင်းပပလင်းလက်လာ၏။ …
၏အမှောင်ထုမှာ ငုပ်လျှိုးပျောက်ကွ…
သွားခဲ့ပြီကော။

"အမေ၊ နီတိုး မတွေ့ဘူးလား"

"သားရယ်၊ အိမ်လည်နေသ…
မှမသိတာ"

"မဟုတ်ဘူး အမေ။ ခါတိုင်း …





မျိုးသစ်

စတုတ္ထမြောက်သားကောင်



www.burmeseclassic.com

www.burmeseclassic.com

ထမင်းကြမ်းစားပြီး သူ့ကျွေးရင် ...နေကျ။ ဒီနေ့မတွေ့တော့ လိုက် ...လည်း နှံ့ရော"

"ဒါဖြင့် ဘယ်သွားလဲမသိတော့ ...ကွယ်"

"သူအိပ်နေကျ ခြံထောင့်က ထင်း ...မှာ သွေးစတွေတွေ့တယ်။ ခြံ ...ကြီးကလည်းလဲလို့။ လူပဲခိုးသွား ... မသိဘူး"

"သားကလည်း၊ တို့နယ်မှာ ခွေး ပေါလွန်းလို့။ အင်းစပ်တွေဆို အလကား ပေးပစ်ကြတာ။ ခိုးတာလည်းမဟုတ်နိုင် ဘူးကွယ့်"

သားလုပ်သူ ခေါင်းကုတ်ထွက် သွားခိုက် မိခင်ကြီး ထမင်းချက်နေသော် လည်း စိတ်ကမဖြောင့်။ ခွေးလေး နီတိုး ဆီ စိတ်ရောက်နေသည်။ ညဘက်အထိ ပြန်ရောက်မလာမှ ခွေးလေးပျောက်သွား ပြီဟု ဆုံးဖြတ်ချက်ချလိုက်ရ၏။ တစ် အိမ်သားလုံး စိတ်ဆင်းရဲရသည့်အဖြစ်။ ကိုထွန်းဖြူအိမ်က ခွေးပျောက်ပြီး စော စံပအိမ်က နွားမတမ်းမကလေးပျောက် သွားပြန်သည်။ဒုတိယနေ့ နွားအပျောက် တွင် နွားတင်းကုပ်အတွင်း နွားများဗရုန်း ဗရင်းဖြစ်သံကြားရလင့်ကစား စောစံပ ဂရုမစိုက်ထမကြည့်ဖြစ်ဘဲ အိပ်မြဲအိပ်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူက နွားအချင်းချင်း ခိုက်ရန်ဖြစ်နေသည်ဟု မှတ်ထင်ခဲ့ခြင်းပါ။

ထို့ကြောင့် နံနက်လင်းမှ စောစံပ နွားတင်းကုပ်ထဲကအဖြစ်သနစ်ကို စုံစုံလင်လင် သိခဲ့ရ၏။ နွားတင်းကုပ်ထဲတွင် ဗရုန်းသုန်းကားဖြင့် နွားစာခွက်များမှာ ကျိုးကျိုးပျက်ပျက် ရွဲ့ရွဲ့စောင်းစောင်း အားလုံးက ဖရိုဖရဲ။ တိုင်များတွင် ပတ်ချည်ထားသည့် ကြိုးများကို နွားများ အထိတ်တလန့်ရုန်းရာတွင် တိုင်ကျိုး၍ အမိုးနိမ့်ဆင်းသွားသည်။ သို့နှယ်ဖြစ်ရသည့်အခြေအနေ၏ အကြောင်းအရင်း ရှိရပေမည်။ နောက်ဆုံးတွင် နွားများ ဗရုတ်ဗရက်ဖြစ်ရခြင်းအဖြေကို စောစံပ ကောင်းကောင်းကြီး တွေ့လိုက်ရပါပြီ။ တင်းကုပ်အစပ် မြေပျော့တွင်ထင်နေသော ခြေရာများမှာ ထင်ထင်ရှားရှား။ ဟင်းမျိုး (သို့) တောကောင်ဟု နာမ်နိမ်ပြီးခေါ် လင့်ကစား ကြားသူတိုင်း ဖိမ့်ဖိမ့်တုန်စေသောကျား။ ရွာထဲသို့ ကျားဝင်ခဲ့သည်။ ပထမည ကိုထွန်းဖြူအိမ်က ခွေးပျောက်ပုံပျောက်နည်း၊ နောက်နေ့ စောစံပ နွားမတမ်းမလေးပါပုံပါနည်းမှာ မခြားမနားလှ။ ရွာလူကြီးများကို အကျိုးအကြောင်းပြောဖြစ်၏။

"ခင်ဗျားပြောသလိုဆို လုံခြုံရေးကင်းတို၊ကင်းရှည်တွေချထားတဲ့အထဲက ကျားဝင်သွားတာပေ့ါ ဟုတ်လား။ နွားကို ဆွဲသွားသေးတယ်"

"ဟုတ်တယ်၊ အခုထိ ကျွန်တော့် တင်းကုပ်စပ်နားမှာ ကျားခြေရာရှိသေးတာပဲ။ ဒီလောက် ရွာခြံစည်းရိုးလုံတဲ့ အထဲ ကျားဝင်လာတာ တော်တော် အဆန်းသား။ ဘယ်လိုမှမစဉ်းစားတတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ရွာထဲမှာကြေညာထားရမယ်။ ဒီကျားဟာ ဘယ်လိုဝင်လာတာလဲ။ အင်မတန် ပါးပါးနပ်နပ်လုပ်သွားတာ သတိထားရလိမ့်မယ်။ အချိန်မီ မတားဆီးနိုင်ရင် အန္တရာယ်ရှိတယ်"

ရွာလူကြီး ဦးထော်ဆိုင်က မှတ်ချက်ပေးပြီး ရွာတစ်ရွာလုံးအနှံ့ ရွာဆော်ကိုချစ်တီးကို အကြေညာခိုင်းလိုက်သည်။ ရွာထဲရှိ ကာကွယ်ရေးအဖွဲ့များကိုလည်း အသိပေးလိုက်ပြီးပါ။ ရွာစည်းရိုးပတ်လည် အပျက်အစီးရှိ၊ မရှိကို တာဝန်ခွဲစစ်ဆေးကြသည့်တိုင် ထူးခြားချက်မတွေ့ရ။ ထူးထူးဆန်းဆန်း ရွာတောင်ပိုင်းသုံးအိမ်သာခြားသည့် အိမ်နှစ်လုံးတွင် နှစ်ရက်ဆက်တိုက် ပြဿနာဖြစ်ခဲ့ခြင်းပင်။ တစ်အိမ်ကခွေး၊ တစ်အိမ်ကနွား။

"ကိုထွန်းဖြူတို့၊ စောစံပတို့ တောင်ပိုင်းအရှင်ကြီးနတ်နန်းမှာ ဘာအမှားအယွင်းလုပ်ခဲ့သလဲမှ မသိတာ။ အရှင်ကြီးဒေါသဖြစ်ရင် မလွယ်ဘူး။ အရှင်ကြီး စီးတော်ကျားလွှတ်တယ်နဲ့တူတယ်။ ဒါကြောင့် လူတွေမသိဘဲ ရွာစည်းရိုးထဲရောက်လာတာပဲကြည့်လေ"

ပကတိ ရိုးရှင်း အေးဆေးသော ကျေးရွာတွင် အကြောင်းဖြစ်လာပါက ပေါက်တတ်ကရ အပြောအဆိုများ ဝင်ရောက်လာတတ်သည်မှာ ထုံးစံ။

*

လပြည့်ကျော်ပြီမို့ တစ်စတစ်စ လထွက်နောက်ကျလာပေတော့မည်။ တစ်ရွာလုံးက တိတ်ဆိတ် ငြိမ်သက်နေ၏။ ကင်းတာဝန်ကျသူတို့ ခေါက်လိုက်သည့် သံချောင်းသံက (၁၀) နာရီ ထိုးပေပြီ။ လရောင်လေးမှာ သစ်ပင်သစ်ကိုင်းများကြားမှ ပြောက်တိပြောက်ကျား မြေပြင်ထက် ကျဆင်းနေသည်။

ကိုစံမောင်တို့အိမ်တွင် ဇနီးဖြစ်သူ မထားတင်၊ သားလေး မောင်အေးသွင်တို့ သားအမိသားအဖသုံးယောက်သာ ရှိသော်လည်း ယနေ့ ဧည့်သည်ရောက်နေ၏။ မထားတင်၏အစ်မဝမ်းကွဲ မငွေစိန်။ ဘန့်ဘွေးကုန်းမှ မိဘများရှိရာ လဲခုံသို့ ပြန်လာစဉ် မတွေ့ရသည်မှာကြာပြီဖြစ်သည့်ညီမအိမ် တစ်ညလာပြီးအိပ်ဖြစ်ခြင်းပင်။ ထိုညက ညီအစ်မနှစ်ယောက် ရှေ့အိမ်ခန်းတွင်အိပ်၍ ကိုစံမောင်နှင့် သားငယ်တို့ အိပ်ခန်းတွင်းမှာ အိပ်ကြသည်။ တွေ့ခိုက်ဆုံခိုက်တွင် စကားတွေအစုံ ပြောလို့မကုန်ဖြစ်နေသောကြောင့် အိပ်ရာဝင်နောက်ကျသဖြင့် အိပ်ကောင်းနေဆဲ အသံတစ်သံက လှုပ်နိုးလိုက်၏။ ခေါင်းရင်းထရံကို ပုတ်လိုက်သည့် အသံပါ။ ညနေက ရွာဆော် ဦးချစ်တီး ကြေညာသွားသည့် ကျားဝင်လာခဲ့ကြောင်း နှိုးဆော်ချက်ကိုလည်း ကြားပြီးပြီမို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဝံ့။ လက်ကုတ်၍သာ အချက်ပေးနေရ၏။ ကျားများဖြစ်နေလေမလားဟူသော သံသယက နှစ်ယောက်စလုံးကို လွှမ်းမိုးထားသည်။ နောက်တစ်ချက် ပြင်းပြင်းပုတ်သံကြောင့် ရင်ဝကိုတိုးဆောင့်သလို ခံစားရပြီး ပြိုင်တူအော်မိကြ၏။

"ကယ်တော်မူကြပါ။ ကျား၊ ကျား"

အော်သံကြောင့် ကချော်ကချွတ် ခေါင်းရင်းထရံကို ခုန်တိုးဝင်ရောက်လာသည်က ကျားတစ်ကောင်။ ကျား၏ အရှိန်နှင့် တိုးဝင်လာမှုကြောင့် ဝါးများကျိုး၍ ထရံက အိမ်ဘက်သို့လဲသွားသဖြင့် ခြင်ထောင်မှာ လုံးထွေး၍ လူနှင့်အတူ ထရံအောက်ရောက်သွားသည်။

ထရံပေါ် ရောက်နေသည့်ကျားက အိမ်တွင်း တဖြည်းဖြည်း လှမ်းလျှောက်လာ ၏။ မထားတင်တို့၏ညီအစ်မအော်သံ ကြောင့် ကိုစံမောင် အိပ်မှုန်စုံမွှား နိုး လာကာ အိပ်ခန်းထောင့်မှ လှံကိုဆွဲပြီး ထွက်လာစဉ် ကျားနှင့် ရင်ဆိုင်တွေ့ တော့သည်။ လှံကို မြှောက်ချိန်ပင်မ လိုက် ကျားက လှံကို ပုတ်ထုတ်လိုက်၍ ကုတ်ကိုခဲပြီးဆွဲချီသွားသည်။

"လာကြပါ၊လာကြပါ၊ ကိုစံမောင် ကျားချီသွားတယ်"

စောစောပိုင်း ထရံအောက် အတင်းတိုးထွက်လာသူ မထားတင် ငယ်သံငယ်ရင်းပါအောင်အော်သံကြော ကလတက်ခေါက်သံများညံစီ၍ အော် သံဟစ်သံများနှင့် မီးတုတ်ကိုင်လူအ ကြီး ရောက်လာကြ၏။

"ဟိုဘက်ကိုဆွဲသွားတယ်။ ချော ဘက်ကို၊ ချောင်းဘက်ကို"

"လိုက်ဟေ့ လိုက်ဟ၊ သိပ် သေးမှာ မဟုတ်ဘူး"

ဝိုင်းဝန်းဩသံပေး၍ လူအုပ် ချောင်းရိုးဘက် ထွက်လိုက်သွားသ ချောင်းရိုးအစပ်တွင် ဝါးတောကလေး ရှိနေ၏။ ဝါးတောလေးမှာ ခပ်အုပ်အု

"ဟေ့ ဒီမှာသွေးစက်တွေ ဒီဘ ကို လိုက်ဟေ့"

ဝါးရုံတောနောက် ချောင်းစပ် ကိုစံမောင်ကို တွေ့သော်လည်း အ ရှင်လျက်မဟုတ်။ ကျားကိုက်တ သည့် ဒဏ်ရာကြောင့် အသက်ကု ခဲ့ပါပြီ။

ကိုစံမောင်နှင့် မနီးမဝေး စောစံပ နွားမတမ်းမလေး၏အရိုး နှင့်အသားစများ၊ ကိုထွန်းဖြူ၏ခွေး နီတိုးခေါင်းတို့ရှိနေဆဲ။ ကျားတစ် လုံးက ပျောက်ခြင်းမလှ ပျောက် သည်မှာ အံ့ဩစရာ။ ခြေရာခံတ များက ပတ်ဝန်းကျင်ပိုက်စိပ်တိုက် ကြတုန်း။ ညက မလင်းတတ်သေး

"ကဲ - ကိုစံမောင်အလောင်း သယ်ကြမယ်။ မနက်စောစောလင်း ကျင်းကျင်းမှ တစ်ခါပြန်လာကြ

ထိုသို့ အားလုံးပြန်လာကြ လည်း စိတ်ထဲဝယ်မကျေမနပ်၊ ယောက်လုံးကိုက်ချီသွားသည့် ထက်ကြပ်လိုက်သည့်တိုင် အ ခြံစည်းရိုးအတွင်းပျောက်သွား ကို အရိပ်အယောင်မျှ မတွေ့၊ ရွာထဲတွင် ကောလာဟလများ ပေဦးမည်။

*



www.burmeseclassic.com

www.burmeseclassic.com

"ဟော - ဒီမှာ အဖြေတွေ့ပြီဗျို့"

ကိုအောင်တင့်အော်သံကို ချောင်း ... လာသူများ စိတ်ဝင်စားသွားကြ ... ကိုအောင်တင့်ကိုယ်၌က ဝတ် ... သည့် ရှမ်းဘောင်းဘီအောက်ပိုင်း ... နေပြီ။ သူ့လက်ထဲတွင် တစ်စုံတစ်ခု ... ကိုင်ဆုပ်ထားသည့်ဟန်ပန်။ တိကျ ... အဖြေကို သူရသွားမှာ သေချာ ... သည်။

"လက်စသတ်တော့ ဒီကောင်ကဲ ... များတဲ့ကောင်မို့ တို့တွေ မျက်စိ ... နေကြတာကွ။ ဒီကောင် ခြံဝင်းကို ... လာတာမဟုတ်ဘူး။ ဟိုဝါးရုံတော ... မှာ သူ့သားကောင်ကိုစားတယ်။ ... ကောင်ကိုလည်း စားမလို့ဘဲ။ နောက် ... တွေပါလာတော့ မစားဖြစ်ဘဲ ပြန် ... တာပေါ့။ သူခြေရာက ရေစပ်မှာ ... တယ် ဒီမှာကြည့်။ ပြီးရင် ရေထဲဆင်း ... ချောင်းကို ဖြတ်စိုက်ထားတဲ့ ... ထဲကတိုင်တချို့က ရေစီးနိုင်ဖို့ ... ပိုင်းကို တိုထားတော့ အောက် ... တဲ့အချိန် ဝါးကိုင်းတွေ တိုး ... ရင် ရတယ်။ ဒီမှာ ဝါးကိုင်းနဲ့ ငြိ ... တဲ့ သူ့အမွေးတွေပဲ။ ရေထဲက ... ဝင်လာတော့ ကျုပ်တို့တွေမသိ ... တာ ဘာဆန်းလဲ။ ဒီက အဝင်၊ ... လုပ်နေတာ"

ကိုအောင်တင့်၏ လက်ထဲတွင် ... သေခံပစ္စည်းများရှိနေ၏။

"မောင်အောင်တင့် ရေထဲအထိ ... ကြည့်လို့သိရတာပဲ။ နို့မို့ မတွေ့ဘူး"

"ဝင်လမ်း၊ထွက်လမ်းသိတာတော့ ... ဘာဆက်လုပ်ကြမှာလဲ"

"ဟုတ်တယ်၊ သူ့အန္တရာယ်လက် ... ကြည့်လို့တော့ မဖြစ်ဘူး။ သူ့ကို ... သတ်ရမယ်"

ဘယ်လိုသတ်ကြမလဲ။ အဲဒါက ... နာ။

ရွာလူကြီးများနှင့် ကာကွယ်ရေး ... များ တစ်ယောက်တစ်ပေါက် ... ပေးကြသည့်တိုင် ခိုင်မာသော ... ကိုမရ။ ကာကွယ်ရေးအဖွဲ့ခေါင်း ... ကိုအောင်တင့်ကို အားလုံးက ... တောင်းကြသည်။

"မောင်အောင်တင့်၊ မင်းကလည်း ... လေကွာ"

"ကျွန်တော်တို့မှာ လက်နက်ရှိ ... ကျည်သုံးဖို့အခက်အခဲရှိတယ်။ ... သာရင်တော့ လုပ်ရမှာပေါ့။ ... ပြီး ဒူးလေးကိုင်ကျွမ်းတာ လေး ... လောက်ပဲရှိတာ။ သူ့ကိုသတ်ရင် ... သတ်နိုင်မှုဖြစ်မယ်။ ကျားနာဆို မိုဆိုးတတ်တာအားလုံး အသိပဲ"

ကိုအောင်တင့် စကားဖြတ်လိုက်သဖြင့် ကျန်သူများ အားမလိုအားမရ။

"ဒါဖြင့် ကိုအောင်တင့် ဘာလုပ်မှာလဲ၊ ပြောပါဦး"

"ကိုကြွယ် ခင်ဗျားမှာ ငှက်ထောင်တဲ့ ညောင်စေးဘယ်လောက်ရှိလဲ"

"စဥ့်အိုးလေးတစ်လုံးခွဲလောက်ရှိမယ်ကွ"

"ဦးလှ၊ ကောက်ရိုးလှည်းတစ်စီးတိုက်လောက် လိုချင်တယ်။ ရနိုင်ပါ့မလား"

"ငါပေးမယ်ကွာ၊ ဒီအတွက် ငါ့တာဝန်ထား"

"ဒါဆို အားလုံး အဆင်ပြေပြီပဲ။ ဒီကောင် ဒီည ဒီလမ်းကလာမှာသေချာတယ်။ သူချောင်းကတက်မယ့်လမ်းကို ကောက်ရိုးခင်း၊ ညောင်စေးသုတ်ထားမယ်။ သူဖြတ်လာရင် ညောင်စေးနဲ့ ကောက်ရိုးတွေကပ်ပြီး လုံးထွေးနေတုန်း (ကိုင်းလေး) များတွေမှာ ရေနံဝတ်ပတ်ထား မီးတို့ပြီးလှမ်းပစ်မယ်။ မီးလောင်တုန်း ဒူးလေးသမားတွေကပစ်။ သင်းဘာခံနိုင်မှာလဲ။ သေနတ်သမားတွေက အရန်ပေါ့။ ချောင်းအတက်မှာ ကိစ္စပြီးရမှာနော်။ ချောင်းဒီဘက်ဟာ လေအောက်ဆိုတာ သတိထားရမယ်"

"မောင်အောင်တင့်အကြံကောင်းတယ်ကွ"

"အေး- ဒါဖြင့် လိုတာတွေ သယ်ပိုးပြင်ဆင်ကြတာပေါ့။ ကြိုတင်လုပ်ထားမှ တန်ကာကျမယ်ဟေ့"

လဲခုံရွာသားများ တက်တက်ကြွကြွ သယ်ပိုးလုပ်ကိုင်နေစဉ် ကျားတက်လာပါက မြင်နိုင်သည့်နေရာများတွင် ပုန်းလျှိုးရန် နေရာ၊ အကွယ်အကာ (အတု)များ၊ ချုံပုတ်(အတု)များကို ကင်းအဖွဲ့က ဖန်တီးနေကြ၏။ ကိုင်းလေးသမားများအတွက် သတ်မှတ်နေရာပေးထားသည်။ ညီညွတ်ခြင်းအင်အားစုများမှာ လဲခုံရွာလေးအတွက် အားလုံးအဆင်သင့်။

*

စောစောကတည်းက စောင့်နေသူများ ရင်ဖိုလိုက်မောစရာ။ ယမန်နေ့ည လူအုပ်တစ်အုပ်နှင့် ဝိုင်းလိုက်သဖြင့် သတိပေးသလိုဖြစ်သွားပြီ။ တောကောင်က စိုးထိတ်နေလေသလားမသိ။ ယခုထက်တိုင် အရိပ်အယောင်ပင် မမြင်ရ။ လကလေးက ညဉ့်နက်ပိုင်းတွင် ထွက်လာပြီဖြစ်၍ တစ်ခွင်တစ်ပြင်လုံး မြင်ကွင်းကို ထင်ထင်လင်းလင်း တွေ့နေရ၏။

ကျားဝင်လာလျှင် အချင်းချင်းသိနိုင်မည့်အချက်ပေးသံကိုသာ နားစွင့်နေရသည်။ တဝီဝီမြည်သံပေးပြီး တရမန်းကြမ်းဝင်ကိုက်နေသော ခြင်တို့ကိုပင် လှရိပ်လှယောင် ပြသလိုဖြစ်မည်စိုးသဖြင့် မမောင်းဝံ့။ လူအများရှိနေသော်လည်း ချွတ်ချွတ်သံပင်မကြား။ ပကတိ တိတ်တိတ်ဆိတ်ဆိတ်။ အားလုံးက ချောင်းအတက်လမ်းကိုသာ အာရုံစိုက်နေကြသည်ထင့်။

ရှီခနဲ တိုးညင်းသောအချက်ပေးသံကြားလိုက်ရပြီ။ တိုက်ပွဲခေါ်သံတစ်ခုပမာ စောင့်နေသူများ အသင့်ပြင်ကြပါသည်။ ချောင်းရေစီးပေါက်မှ ငုပ်လျှိုးဝင်လာသောကျားက ပတ်ဝန်းကျင်လှည့်ပတ် အကဲခတ်နေသယောင်။ ချောင်းတက်လမ်းဆီ တစ်လှမ်းချင်းလျှောက်အလာတွင် ကောက်ရိုးပြင်ကို စနင်းမိခဲ့၏။ ညောင်စေးများဖြင့်ကပ်သည့် ကောက်ရိုးတို့ကို မျက်နှာဖြင့်ပွတ်သော်လည်း ကွာမသွား။ ပို၍ ဆိုးရွားစွာ ထုပိန်းကပ်ငြိလာသည်။ ဝါးတစ်ရိုက်ခန့်အရောက်တွင် ရုပ်ပျက်ဆင်းပျက် တစ်ကိုယ်လုံး ကောက်ရိုးလုံးကြီး ဖြစ်လာရာ အချက်ပေးသံကြောင့် မီးမြားလေးစင်းထိမှန်ကာ မီးစွဲလောင်တော့သည်။ မီးအပူရှိန်ကြောင့် ကျားမှာ တလူးလူးတလိမ့်လိမ့်။ နာကျင်လွန်းသောကြောင့် အော်သံဟစ်သံဟိန်းသံဟောက်သံတို့မှာ နားမခံသာ။ ခန္ဓာကိုယ်ကို စွဲလောင်နေသော မီးတို့က အခင်းလွှာ(ကောက်ရိုး)ကို လောင်ပြန်သဖြင့် မီးတို့မှာ ပတ်ပတ်လည်ဝန်းရံနေပါသည်။ မီးရှိန်ကပြင်းလှ၏။

သို့နှယ် တဟိန်းဟိန်းမီးတောက်အလယ်တွင် ကျားက မလူးသာမလွန့်သာ။ ဒူးလေးနှင့်ပစ်ရမည့်သူတွေပင် မပစ်နိုင်ဘဲ ချိန်၍မရသည့်နောက် လက်လျှော့လိုက်သည်။ ဟင်းမျိုး သို့မဟုတ် တောကောင် သို့မဟုတ် ကျားမှာ သုံးလေးကြိမ်ခန့်ခုန်ပြီး ပြန်အကျ ငြိမ်သက်သွားတော့၏။ ကျားတစ်ကောင်ကို လက်နက် ထိထိရောက်ရောက်မသုံးဘဲ မီးရှို့သတ်ခဲ့သော လဲခုံ ရာဇဝင်ကတွင်သွားခဲ့ ပါပြီ။

ကိုထွန်းဖြူ၏ခွေး နီတိုးက ပထမသားကောင်၊ စောစံပ၏ နွားမတမ်းမလေးမှာ ဒုတိယသားကောင်၊ ကိုစံမောင်က တတိယသားကောင်ဖြစ်ကြစေကာမူ စတုတ္ထမြောက်သားကောင်မှာ ကျားကိုယ်တိုင်ဖြစ်နေခဲ့ခြင်းကို . . . ။

သဇ္ဇေသတ္တာကမ္မသကာ

မိုးသင်



www.burmeseclassic.com

www.burmeseclassic.com

မမြင်ရသောရန်သူ

လောကသဘာဝတရားကြီးသည် ဆန်းကြယ်သည့်ဖြစ်ရပ်တို့ဖြင့် ပြည့်နှက်နေသည်။ မဖြစ်နိုင်၊ မယုံကြည်နိုင်သည့် ဖြစ်ရပ်တို့ကို တကယ်တွေ့ကြုံလာသည့်အခါ မယုံကြည်ချင်လျက်က ကိုယ်တွေ့မို့ ယုံကြည်လိုက်ရပါသည်။

ယခု ကျွန်ုပ် ရေးသားမည့် ဆန်းကြယ်သည့် ဖြစ်ရပ်တို့သည် ကျွန်ုပ် ရန်ကုန်ရောက်စဉ်က မြင်တွေ့၊ ကြားသိခဲ့ရသည့် ဖြစ်ရပ်ဆန်းကြယ်တို့သာ ဖြစ်လေသည်။ ယုံကြည်စရာမကောင်းပေမယ့် ကျွန်ုပ်မျက်မြင်ကိုယ်တွေ့မို့သာ ယုံလိုက်ရလေသည်။

တကယ်တော့ မယုံချင်စရာပါ။ ဒါပေမယ့်. . . ။

၂၀၁၁ ခုနှစ်၊ ငါးလပိုင်းက ကျွန်ုပ် ရန်ကုန်သို့ ကိစ္စတစ်ခုဖြင့်ရောက်သွားခဲ့သည်။ သည်နေ့က အလုပ်နည်းနည်းပါးနေ၍ မရောက်ဖြစ်သေးသော ပန်းဆိုးတန်းလမ်း စာပေဗိမာန်နားမှ လေအန်ကုန်းသို့သွားပြီး ရန်ကုန်စာရေးဆရာတွေနှင့် စာပေအကြောင်းထိုင်ပြောမည်ဟု ရည်ရွယ်ထားသော်လည်း ကျွန်ုပ်အိပ်ရာမှထပြီးစ အိမ်ရှင်သူငယ်ချင်းနှင့် လက်ဖက်ရည်ဆိုင်ထွက်မည်ဟုသွားမည်ပြင်တုန်းတွင် မတွေ့ကြတာကြာပြီဖြစ်သော မိတ်ဆွေ ကိုသန်းစိန် ရောက်လာလေသည်။

"လာ - သူငယ်ချင်း၊ တောသားကို လက်ဖက်ရည်ဆိုင်ကောင်းကောင်းခေါ်ပြီး ဧည့်ဝတ်ပြုရမယ်"

ကိုသန်းစိန်သည် ကျွန်ုပ်နှင့် အိမ်ရှင် ကိုခင်လှိုင်တို့ကို သူ့ကားဖြူလေးဖြင့် တင်ခေါ်သွားတော့သည်။ တောသားမြို့ရောက်တော့ ယောင်ချာချာဆိုသလို ဘတ်(စ်)ကားနှင့် မြို့ပတ်ရထားသာစီးဖူးသည့် ကျွန်ုပ်သည် ကိုယ်ပိုင်ကားပေါ်တွင် မျက်လုံးလေးတလယ်လယ်နှင့် ဘယ်ခေါ်မှန်းမသိအောင်ဖြစ်နေသည်။

ဟိုကွေ့ဒီကွေ့ဖြင့်မောင်းလာသည့် ကိုသန်းစိန်ကားလေးသည် တစ်နေရာတွင် ညင်သာစွာ ထိုးရပ်သွား၏။ လူတွေ အုံခဲနေသည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှန်း တွေ့လိုက်ရသည်။ အလျှုလုပ်နေတာလားထင်ရသည်။

"ကဲ-စားချင်တာမှာလေ၊ တို့တောမှာ မစားဘူးတာတွေမှာ သူငယ်ချင်း"

"မမှာတတ်ပါဘူးကွာ၊ စားကောင်းတာတွေ မင်းသာမှာကွာ"

ကျွန်ုပ်တို့ရွာက လက်ဖက်ရည်ဆိုင်သည် အိုကြာကွေးနှင့် မုန့်ဆိုင်… မှာရောင်းသည့် မုန့်လောက်သာရ… မဟုတ်လား။ ကျွန်ုပ်အတွက် လက်ဖ… ရည်ကျစိမ့်သာပါလျှင် ရပြီဟုလည်းပြေ… လိုက်သေးသည်။ ကျွန်ုပ်တို့သည် လ… ဖက်ရည်၊ မုန့် စားသောက်ရင်း စ… ကောင်းနေကြသည်။

"ကိုတင်လှရေ၊ တောင်ဒဂုံမှာ… တဲ့ တို့ရွာက ကိုစန်းလွင်ကို သိတ… မဟုတ်လား"

"သိတယ်လေ၊ ဘာဖြစ်လို့လဲ…"

"အခု သူဝယ်ပြီးနေတဲ့တိုက်… မှာ ကျွန်တော်တို့ မကြားဘူး၊ မမြင်… မတွေ့ဘူးတာတွေ ဖြစ်နေလို့ဗျ"



မောင်လှယဉ်(မော်လမြိုင်)

ကျွန်ုပ်နှင့်ဆန်းကြယ်ဖြစ်ရပ်များ



www.burmeseclassic.com

www.burmeseclassic.com

“ဘာတွေ မကြားဘူး၊ မမြင်ဘူး ...တွေလဲဗျ။ ရှင်းအောင်ပြောပြပါဦး

“ကျွန်တော်လည်း မရောက်သေး ... လူတွေပြောနေကြတာတော့ ... ပုဏ္ဏကတိုက်ထားတယ်လို့ ကြား ... ကိုတင်လှ”

“ပုဏ္ဏကတိုက်တာဆို စာတွေမှာ ...တာက အိမ်ကိုခဲတွေနဲ့ပစ်တာလို့ ရေးကြတယ်။ ခဲတွေနဲ့ပစ်နေတာလား”

“ခဲတွေနဲ့ပစ်တာတော့ မဟုတ်ဘူးဗျ။ ပထမဦးဆုံး အိမ်ရှေ့ကြမ်းပြင်ပေါ်မှာ သွေးစက်လေးတွေ စတွေ့တာပဲတဲ့။ သူတို့အိမ်ဧည့်ခန်းကြွေပြားက အဖြူရောင်ဆိုတော့ သွေးစက်တွေထင်းနေတာပဲဗျ။ သူတို့လိုက်သုတ်ပြီး မကြာဘူး၊ ဘုရားခန်းထဲမှာ တွေ့ပြန်ရောတဲ့ဗျ။ သွေးစက်တွေက လတ်လတ်ဆတ်ဆတ်ကြီး။ လက်နဲ့ကိုင်ကြည့်တော့ ခြောက်တောင်မှမခြောက်သေးဘူးဗျာ။ ဒါက ပထမနေ့မှာဖြစ်တာ။ ဒုတိယနေ့ နောက်တစ်နေ့ကျတော့ ကိုစန်းလွင်ရှပ်အကျႌကို ကတ်ကြေးနဲ့ အကွင်းလိုက်ကိုက်ထားတာ မွစာကြဲနေတာဆိုပဲ။ သူတို့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

က အထိုင်ဖုန်းရော လက်ကိုင်ဖုန်းပါရှိတာဆိုတော့ ညဘက်ဆို ဖုန်းခေါ်သံက သုံး၊ လေးခါတဲ့။ ခေါ်တာကလည်း ညဉ့်နက်ပိုင်း။လူတွေအိပ်မောကျနေချိန် အိပ်မှုန်စုံမွှားနဲ့ ဖုန်းနားထောင်တော့လည်း ပြောသံမကြားရပြန်ဘူး။ အခုနောက်ပိုင်း ဖုန်းကိုပိတ်ပြီးအိပ်ရတယ်။ နောက်ရှိသေးတယ်ဗျ။ အိမ်ရှေ့လူခေါ်ဘဲလ်သံကအသံမကြားရဘဲ ကုလားစကားပြောသံတွေထွက်လာတယ်တဲ့ဗျာ။ ဘာတွေဖြစ်နေမှန်းမသိပါဘူး ကိုတင်လှရယ်။ ဒါတွေဖြစ်ပြီးတော့ သူတို့အစ်မသားလေးဘက် လှည့်သွားပြန်ရောဗျာ"

"ဆက်ပြောပါဦး ကိုသန်းစိန်၊ မမြင်ရတဲ့ရန်သူက ကိုစန်းလွင်တို့မိသားစုကို ဘယ်လိုဆက်တိုက်လဲဆိုတာ စိတ်ဝင်စားစရာတော့ကောင်းဗျာ"

ကျွန်ုပ်က ဆက်ပြောရန်တောင်းဆိုလိုက်ပါသည်။

"အဲ- သူ့မိန်းမရဲ့အစ်မသားလေးကိုခေါ်ထားပြီး ကျောင်းထားပေးတယ်။ ကလေးက (၅)တန်းကျောင်းသားလေး။ ခင်ဗျားပြောတဲ့ မမြင်ရတဲ့ရန်သူဘဲပြောပါတော့ဗျာ။ ဒီကလေးကို ကိုယ်ထိလက်ရောက်တိုက်လာရောတဲ့ဗျ"

"ဘယ်လိုကိုယ်ထိလက်ရောက်လဲဗျ"

"ဒီလို၊ ပထမ သူ့အတွက်ဝယ်ထားတဲ့ (၅) တန်းဖတ်စာအုပ်တွေနဲ့ ထည့်ထားတဲ့ ကျောပိုးအိတ်ပါ။ ဘုရားခန်းထဲက စားပွဲပေါ်မှာတင်ထားရင်းက အစအနတောင်ရှာမရတော့ဘဲ ပျောက်သွားတယ်။ စာအုပ်ပျောက်ပြီးမကြာဘူး၊ လုပ်တဲ့တရားခံမမြင်ရဘဲ ကလေးရဲ့လက်ဖျံပေါ်မှာ ဘလိတ်ဓားနဲ့ မွှန်းထားသလို၊ ခြစ်ရာလိုအစင်းကြောင်းတွေပေါ်လာပြီး သွေးလေးတောင်စို့နေတာဗျ။ ကလေးက နာလည်းမနာဘူးလို့ ဆိုတယ်။ ဒီပုံစံအတိုင်း ကလေးကိုပဲလုပ်နေတာ သုံး၊ လေးရက်လောက်ရှိနေပြီဗျ။ နောက်ကလေးကျောင်းသွားတော့မယ်ဆိုရင် ဝမ်းဗိုက်ကတောင့်လာပြီး ကျောင်းမသွားနိုင်တော့ဘူးတဲ့ဗျာ"

"ဘုန်းကြီးပင့်ပြီး ပရိတ်ကမ္မဝါတို့ မရွတ်ကြဘူးလား"

"ပင့်ပြီးဆောင်ရွက်ပြီးပြီလို့ပြောတယ်။ မထူးခြားဘူးတဲ့ ကိုတင်လှရေ"

"ဟာ- မယုံနိုင်စရာဗျာ။ ဖြစ်နိုင်ပါ့မလား"

"ကဲ-ခင်ဗျားမယုံရင် စားသောက်ပြီး တောင်ဒဂုံကိုသွားကြမယ်ဗျာ"

"သွားတာပေါ့ဗျာ၊ ဒါမှလက်တွေ့ဟုတ်၊ မဟုတ် မြင်ရမှာပေါ့"

စားသောက်ပြီး ကျွန်ုပ်တို့သုံးဦးသည် ကိုသန်းစိန်ကားလေးဖြင့် တောင်ဒဂုံမြို့သစ်သို့ ထွက်လာခဲ့ကြသည်။ ကိုစန်းလွင်တို့တိုက် တတိယထပ်ကို မောပန်းစွာတက်ပြီး လူခေါ်ဘဲလ်တီးလိုက်ရာ ဘဲလ်သံကြောင့် တံခါးမကြီးပွင့်လာလေသည်။ ကုလားသံမထွက်တော့ပါလားဟု တွေးမိလိုက်သေးသည်။ ပွင့်သွားသည့်တံခါးဝတွင် (၁၀) နှစ်ကျော်လောက်ရှိသည့် ကလေးငယ်တစ်ဦး ရပ်နေသည်ကို မြင်ရလေသည်။

"ဒေါ်ဒေါ်၊ ဧည့်သည်တွေ လာတယ်"

ကလေးငယ်သည် သူ့အဒေါ်ရှိရာမီးဖိုခန်းထဲသို့ပြေးပြီး ပြောလေသည်။ ကိုစန်းလွင်ဇနီးက ရှေ့ကထွက်လာပြီး ကလေးက နောက်က ကပ်ပါလာသည်ကို တွေ့ရသည်။

"ဒေါ်ဒေါ် ကြည့်ပါဦး၊ ဒီမှာ ခြစ်ထည့်လိုက်ပြန်ပြီ"

ကလေးသည် သူ့ဘယ်လက်ကိုင်၍ သူ့အဒေါ်ကိုပြသည်။

"ဟဲတော်- ခြစ်ထည့်လိုက်ပြန်ပြီ။ ဒီမှာကြည့်ပါဦးရှင်"

ကိုစန်းလွင်ဇနီးသည်က ကလေးလက်ကိုကိုင်၍ ကျွန်ုပ်တို့သုံးဦးအား လာ၍ပြလေသည်။ ကျွန်ုပ်က ကလေးလက်ကိုဆွဲပြီးကြည့်ရာ လတ်လတ်ဆတ်ဆတ် ခြစ်ရာသုံးခုကို တွေ့ရပြီး သွေးစို့နေတာကို တွေ့ရလေသည်။

"ကလေးကို လွှတ်ထားလို့မရဘူးရှင့်။ လွှတ်ထားလိုက်တာနဲ့ ဒီလိုလုပ်လိုက်တော့တာပဲရှင်"

ကိုသန်းစိန်က ကျွန်ုပ်ကိုကြည့်ပြီး 'ဘယ်လိုလဲ ယုံပြီမဟုတ်လား' ဆိုသလို မေးဆတ်ပြလိုက်လေသည်။

"နားလည်တဲ့ဆရာတွေကို ခေါ်မပြဘူးလား"

"ဆရာတွေကို ခေါ်ပြပြီးပါပြီ။ သံဃာတော်တွေကိုပင့်ပြီး ပရိတ်၊ ကမ္မဝါတွေပါ ရွတ်ဖတ်ပြီးပါပြီရှင်။ သွေးစက်ကျတာတို့၊ တယ်လီဖုန်း ညဉ့်နက်ပိုင်း ထမြည်တာတို့၊ လူခေါ်ဘဲလ်က ကုလားသံထွက်တာတို့တော့ မရှိတော့ဘဲ ဒီကလေးကိုသာ ဒုက္ခပေးနေတာပဲရှင်"

ကျွန်ုပ်လည်း ကျင့်ကြံအားထုတ်မှုများပြီး စရဏအားကောင်းသည့်ဆရာတော်တစ်ပါးထံသို့သွား၍ အကူအညီတောင်းရန် လိပ်စာရေးပေးခဲ့ပြီး နှုတ်ဆက်၍ပြန်ခဲ့ကြလေသည်။

သည်ကလေးအဖြစ်သည် ကျွ...
တို့ မျက်မြင်ကိုယ်တွေ့မဟုတ်လျှင် ...
ကြည်နိုင်စရာမရှိနိုင်ချေ။ ကျွန်ုပ်...
ကိုယ်တိုင်မြင်လိုက်ရ၍သာ ယုံကြ...
လိုက်ရလေသည်။ ဘယ်သူ့လက်ချ...
တာ မသိရသည့်ပဟေဠိကို အဖြေညီ...
သည့်အဖြစ်ပင် ဖြစ်ချေသည်။

**မျက်နှာကြက်ပေါ်မှသွေးအလိုလိုကျ... ခြင်း**

အဖြေညီလို့မရသည့်ပုစ္ဆာတ...
နှင့် ကျွန်ုပ်တို့သုံးဦးဆုံခဲ့ရပြီး ကျွ...
နှစ်ဦးကိုပြန်ပို့ကာ ကိုသန်းစိန်သ...
အလုပ်ရုံရှိရာသို့ ပြန်သွားတော့...

နောက်တစ်နေ့နံနက်တွင် ...
အိမ်မှ သူငယ်ချင်း ကိုခင်လှိုင်...
အသိမပေးတော့ဘဲ စောစောစီးစီး...
ရွှေတိဂုံကုန်းတော်ပေါ် သို့တက်ရ...
တည်ထွက်ခဲ့လေသည်။ နံနက်ခင်း...
အေးအေးကို ရှူရှိုက်ရင်း ဘုရား...
သည်မှာ ကြည်နူးစရာကောင်း...
သည်။

ကြုံရာ လက်ဖက်ရည်ဆိုင်...
နံနက်စာ အဆာပြေ လက်ဖက်ရည်...
မုန့်တို့ စားသောက်ပြီး ရွှေတိဂုံဘု...
ရောက်မည့်ကားကိုစီးကာ ဗဟန်း...
ဆိုင်တွင် ဆင်းပြီး လမ်းအနည်...
လျှောက်လိုက်ရုံနှင့် ရွှေတောင်ကြ...
မားမားစွင့်စွင့်နှင့် ကြည်ညိုစွာ ...
လိုက်ရ၍ ကျွန်ုပ်စိတ်ထဲတွင် ကြ...
အေးချမ်းသွားပြီး အလိုလို လက်...
မိုးမိလျက်သားဖြစ်သွားပါသည်။

ဗဟန်း စောင်းတန်းလှေ...
တဖြည်းဖြည်းတက်လာပြီး ဘုရား...
တော်အရောက် ရွှေတွေဝင်းအိ...
ရွှေတိဂုံဘုရားကြီးကို အားရပါး...
တော့သည်။ တဝကြီးဖူးလို့ဝမှ ...
မှထပြီး မွေးနံထောင့်ရှိရာသို့ ...
လာမိပြန်သည်။

ကျွန်ုပ်မွေးနံ စနေထော...
တစ်ခါထိုင်၍ တော်တော်ကြာ...
ဘုရားကန်တော့၊ ပရိတ်ရွတ်ဆို...
နေလိုက်ပြီး နာရီဝက်ခန့် တ...
လိုက်ပါသည်။ နေရောင်မလာ...
ရင်ပြင်တော်ပေါ်တွင် လေနု...
လေးတို့က ပက်ဖျန်းနေ၍ အ...
အေးချမ်းနေသည်။

ရွှေတိဂုံဘုရားကို အား...
ဖူးမြော်ပြီး ပြန်ဆင်းလာ၍ ဘ...
မလဲလို့ စဉ်းစားလိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com

ကြာပြီဖြစ်သည့် ကျောင်းနေဖက် သူငယ်ချင်း တင်စိန်ရှိရာ သာကေတသို့သွားရန် စဉ်းစားမိလေသည်။ တင်စိန်သည်လည်း ဘီလူးကျွန်းသားတို့စီးပွားရေးအတိုင်း ကားဘော်ဒီအလုပ်ရုံပိုင်နှင့်၊ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်တိုက်တို့နှင့် ကြီးပွားနေသူ ဖြစ်သည်။

ကျွန်ုပ်သည် သာကေတဘတ်(စ်)ကားပေါ်တွင် တောင်ဒဂုံ ကိုစိန်းလွင်အိမ်မှ ကလေးငယ်လေး၏ အုံ့ဩစရာဖြစ်ရပ်နှင့် အဲသည်နေ့မှာပဲ ရောက်သွားသည့် ကြည့်မြင်တိုင်ဘုန်းကျောင်းဝင်းထဲတွင် ကားဘော်ဒီရုံထောင်ထားသည့် ကိုစန်းလွင်၏အစ်ကိုကြီးထံရောက်တော့သည်။ ကြည့်မြင်တိုင် အထက်တန်းကျောင်းတစ်ကျောင်းကအဖြစ်နှင့် နည်းနည်းတူနေသယောင်ဖြစ်နေ၍ စဉ်းစားမိသာသည်။

"အေး - ဟုတ်တယ်ကွ၊ မောင်စန်းလွင်တို့အိမ်မှာဖြစ်တဲ့အဖြစ်မျိုးနဲ့ဆင်ဆင်တူတဲ့ ဒီကြည့်မြင်တိုင်အထက်တန်းကျောင်းတစ်ကျောင်းမှာလည်း မကြာသေးတဲ့ လပိုင်းလောက်က ဖြစ်ခဲ့ဖူးသေးတယ်"

"ပြောပြပါဦး အစ်ကိုကြီးရာ"

"ဒီကျောင်းဖွင့်ထားတာ နှစ်ကြာပြီကွ၊ ဘာသံမှမကြားရဘူး။ လွန်ခဲ့တဲ့လပိုင်းလောက်ကဖြစ်တာပဲ။ အဲဒီကျောင်းအခန်းက မူလတန်းကျောင်းသားတွေစာသင်တဲ့အခန်းကွ။ အဲ- ကလေးတွေကို ဆရာမက စာသင်နေတုန်း မျက်နှာကြက်ပေါ်က သွေးတစ်စက်ကျလာလို့ ကလေးတွေလန့်နေကြတယ်။ အပေါ်ကိုမော့ကြည့်တော့လည်း ဘာမှမတွေ့ဘူးတဲ့ကွ၊ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ် ဖြစ်နေတော့ မိဘတွေက ကလေးမပြီး ကျောင်းကိုမသွားစေတော့ဘူး။ တာဝန်ရှိသူတွေ လာစစ်ချိန်မှာလည်း သွေးက တစက်စက်ကျနေတာတဲ့။ လူကြီးတွေရဲ့ အင်္ကျီ၊ လုံချည်တွေပေါ်မှာလည်း ပေကုန်လို့ ကိုင်ကြည့်တာ သွေးတွေဆိုတာ သိရတယ်ကွ။

နောက် လူကြီးတွေက မျက်နှာကြက်ကိုခွာလိုက်တော့လည်း ဘာမှမရှိသ နိုင်းတွေပဲရှိတာကိုးကွ။ ဘာမှမတွေ့ကြတော့ သူတို့လည်း စဉ်းစားရခက်နေတာပေါ့ကွာ။ ဘာသာရေးနဲ့ပတ်သက်တာလည်းလုပ်ပြီးပြီ မထူးခြားဘူးတဲ့ဗျ။ ကျောင်းသူကုလားမလေးတစ်ယောက်ကတော့ သူမြင်ရတာကို ပြောပြတာပြီး

'မည်းမည်းကျုတ်ကျုတ် ကောင်လေးတစ်ယောက် အင်္ကျီ၊ ဘောင်းဘီမရှိဘဲ ကိုယ်လုံးတီးလေးနဲ့ ပြေးလိုက်ဆင်းလိုက်နဲ့လုပ်နေတာကို မြင်ရတယ်ရှင့်'

ဒီကလေးမလေးလည်း လန့်ပြီးဖျားသွားတာလို့ဆိုတယ်။ကျောင်းလည်းပိတ်လိုက်ရတယ်လို့ သိရတာပဲကွာ"

"ဟာ- ထူးဆန်းလှချေလားဗျာ"

(ဤအဖြစ်ဆန်းကိစ္စကို ရန်ကုန်နာမည်ကြီးသမားတော် ဒေါက်တာရှိန်ဆိုသူက ပြုလုပ်ပေးလိုက်၍ ကျောင်းပြန်ဖွင့်နိုင်ပြီလို့ သိရပါသည်။)

**သူငယ်ချင်းနှစ်ဦး၏အဖြစ်ထူး**

ကျွန်ုပ်သည် အဖြစ်အပျက်များကို စဉ်းစားလာရင်း ကိုတင်စိန်အိမ်ရောက်ပြီး ကြားလိုက်သည့်အဖြစ်က ပို၍ထူးခြားနေပြန်သည်။

"ဟကောင်ကြီး လာ၊ အလည်လာတာလား။ အေးအေးဆေးဆေးပေါ့ သူငယ်ချင်း"

"အေးကွာ၊ အလည်ပဲဆိုပါတော့။ မင်းလည်း ကြီးပွားနေတယ်နော်။ အခုငါရောက်ခဲ့တဲ့ မိတ်ဆွေတွေ အားလုံး ကားဘော်ဒီလုပ်ငန်းတွေနဲ့၊ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားတွေနဲ့ ဖြစ်နေကြတာတွေ့ရလို့ ဝမ်းသာတယ်ကွ။ ဒါမှ တို့ဘီလူးကျွန်းသားတွေလို့ ဆိုရမယ်ကွ။ သူများမြို့ရွာမှာ ဒီလိုကြိုးစားမှုရှိမှ တော်ရုံကျတာပေါ့ကွာ"

"ဒီလောက်လည်း မဟုတ်ကြပါဘူးကွာ။ ဖောဖောသီသီလေးသုံးရတယ်၊ လှူရတန်းရတယ်ကွာ။ တောမှာ လယ်လုပ်နေရင် ဒီလိုနေနိုင်မှာတော့ မဟုတ်ဘူးပေါ့။ ထမင်းနပ်မှန်အောင်တော့ စားရမှာပေါ့။ ဒါလည်း လယ်ဧကများများရှိမှနော်။ မရှိလို့ကလည်း မချောင်ဘူးကွ။ အခု မင်းကော ရွာမှာပဲလား၊ ဘာလုပ်နေလဲကွ"

"ပင်စင်ယူလိုက်ပြီးကတည်းက ရွာပြန်ပြီး ယောင်ချာချာဖြစ်နေလို့ ဝါသနာပါတဲ့ စာလေးဘာလေးရေးနေတာပေါ့ သူငယ်ချင်း"

"ငါစာဖတ်ဝါသနာမပါတော့ ခွင့်လွှတ်ပါကွာ။ မင်းနဲ့တွေ့ရတာ ဝမ်းသာတယ်ကွာ။ အေးအေးဆေးဆေးမှပြန်ကွာ"

"အချိန်မရဘူးကွ၊ မင်းအိမ်မှာ တစ်ညအိပ်ပြီး စကားတွေပြောကြတာပေါ့။ မနက်ဖြန် နေ့လယ်ပိုင်းလောက်ပြန်မယ်ကွာ"

"ဒီညနေပိုင်း တို့သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေးအပန်းဖြေကြရအောင်။ မင်းကို ကောင်းကောင်းပြုစုရမယ်ကွာ"

"ကောင်းတဲ့ အစီအစဉ်ပေါ့ သူငယ်ချင်းရာ"

ညနေပိုင်းတွင် ကျွန်ုပ် မသောက်ရတာ ကြာပြီဖြစ်သည့် နိုင်ငံခြားဖြစ်အရက်ဖြင့် ဧည့်ခံလေသည်။ ထမင်းပါမှာထား၍ အမြည်းကို ကောင်းကောင်းမှာလေသည်။ ထိုအမြည်းများထဲမှ ဝက်သားလုံးကြော်နှင့် ငါးရှဉ့်ခြောက်ချဉ်စပ်ကြော်တို့မှာ ကျွန်ုပ်အကြိုက်တွေ့သည့် အမြည်းများ ဖြစ်လေသည်။

"သူငယ်ချင်း၊ တို့အိမ်ပြန်ရောက်ရင် စာရေးကွက်တစ်ကွက်ရနိုင်မယ့် အကြောင်းပေးမယ်။ တော်တော်ထူးခြားတဲ့အဖြစ်ကွ"

"အေးကွာ၊ နားထောင်ရတာပေါ့"

ကျွန်ုပ်တို့သူငယ်ချင်းနှစ်ယောက် စားသောက်ပြီးသွားကြ၍ တင်စိန်အိမ်သို့ ပြန်လာကြလေသည်။ အိမ်ရောက်ရောက်ချင်း တင်စိန်က သူ့သမီးကြီးအား မိန်းကလေးတစ်ယောက်ကို ခေါ်ခိုင်းလိုက်သည်။တစ်အောင့်လောက်အကြာမှာတော့ တင်စိန့်သမီးနှင့် ရွယ်တူမိန်းကလေးတစ်ဦး ပါလာလေသည်။

"ဦးဦး၊ သမီးကိုခေါ်တယ်ဆို"

"အေး - သမီး၊ ထိုင်ပါဦးကွယ်။ ဒီဦးဦးက ဘီလူးကျွန်းဦးတို့ရွာက ဦးသူငယ်ချင်းပဲကွယ့်။ သူကမဂ္ဂဇင်းတွေမှာ စာတွေရေးတယ်။ အဲဒါသမီးတို့ အစ်ကိုတွေဖြစ်ခဲ့ကြတဲ့အဖြစ်အပျက်ကို ပြောပြလိုက်ပါကွယ်။ ဦးသူငယ်ချင်း စာရေးလို့ရအောင်ပေါ့ကွယ်။ ရေးခွင့်ကောပြုမယ်မဟုတ်လား သမီး"

"ခွင့်ပြုပါတယ် ဦးရယ်၊ သမီးပြောပြပါ့မယ်။ အဖြစ်ကတော့ တစ်နှစ်လောက်ရှိသွားပါပြီ"

မိန်းကလေးက သူ့အစ်ကိုတို့ရဲ့ အဖြစ်အပျက်ကို ဝမ်းနည်းစွာနှင့် ပြောပြလာလေသည်။

**ညီအစ်ကိုအရင်းထက်ပင် ချစ်ကြသည့်သူငယ်ချင်းနှစ်ဦး**

မောင်သန်းထွန်းနှင့် မောင်စိုးလွင်တို့သည် ညီအစ်ကိုအရင်းထက်ပင် ချစ်ခင်ကြသည့် ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ ဘွဲ့ကိုယ်စီရှိကြပြီး ကုမ္ပဏီကြီးတစ်ခုတွင် လုပ်ကိုင်နေကြသည်။ မောင်သန်းထွန်း၏မိဘတို့က လူလတ်တန်း



www.burmeseclassic.com

www.burmeseclassic.com

စားများ ဖြစ်ကြသည်။ မောင်စိုးလွင်မိဘတို့ကတော့ ဆင်းရဲပြီး မောင်စိုးလွင်၏ အလုပ်ပေါ်မှာသာ မှီခိုနေကြရ၏။ ဖခင်ကြီးလည်း လေဖြတ်ထား၍ အိပ်ရာပေါ်တွင်သာနေရသူလည်း ဖြစ်သည်။ အပိုမသုံးနိုင်သည့် မောင်စိုးလွင်ကို အင်္ကျီ၊ လုံချည်၊ ကားခ၊ လက်ဖက်ရည်ဖိုးက အစ ပံ့ပိုးပေးနေသော်လည်း မငြိုငြင်သည့်သူငယ်ချင်း ဖြစ်သည်။

သူတို့နှစ်ဦးမှာ တစ်လမ်းစီနေကြသော်လည်း တစ်အိမ်နှင့်တစ်အိမ် ကူးလူးဆက်ဆံနေထိုင်ကြသည်။ မောင်စိုးလွင်က ဆင်းရဲသော်လည်း သိတတ်မှုရှိသူ ဖြစ်သည်။ မောင်သန်းထွန်းအိမ်တွင် ရေမရှိကရေ၊ ထင်းမရှိကထင်း ဖင်ပေါ့စွာနှင့် လုပ်ကိုင်ပေး၍ မောင်သန်းထွန်းမိဘတို့ကလည်း သားတစ်ယောက်လိုသဘောထားပြီး မောင်သန်းထွန်း၏ညီမငယ် သန်းသန်းအေး (ဤအကြောင်းပြောသူ) ကလည်း အစ်ကိုအရင်းတစ်ယောက်လို ခင်မင်နေသည်။

မောင်စိုးလွင်မှာလည်း ညီမ မရှိ၍ သန်းသန်းထွေးကို ညီမအရင်းလိုစောင့်ရှောက်လေသည်။ ဤသို့ဖြင့် တစ်အိမ်နှင့်တစ်အိမ် ကူးလူးဆက်ဆံနေခဲ့ကြသည်။

တနင်္ဂနွေနေ့သည် ရုံးပိတ်ရက်ဖြစ်သော်လည်း မောင်စိုးလွင်တို့အလုပ်က မပိတ်။ ဆင်းမြဲဆင်းနေရသည်။ ဒါကို မသိသည့်ညီမငယ်က ပူဆာလေသည်။

"ကိုကို၊ ညီမလည်း ရုပ်ရှင်မကြည့်ရတာကြာပြီနော်။ မနက်ဖြန် တနင်္ဂနွေနေ့၊ အစ်ကိုတို့ အားတယ်မဟုတ်လား။ ညီမလေးကို ရုပ်ရှင်လိုက်ပြပါနော်"

"မအားသေးဘူး ညီမရယ်၊ ဒီအပတ်လည်း အစ်ကိုတို့နှစ်ဦး အချိန်ပိုဆင်းပေးရဦးမယ်။ နောက်တစ်ပတ်မှ ကြည့်တော့ကွာ နော်ညီမလေး"

စနေနေ့ညပိုင်း အလုပ်ကပြန်လာသည့် မောင်သန်းထွန်းကို ညီမ သန်းသန်းထွေး ပူဆာ၍ ညီမငယ်အား နှစ်သိမ့်လိုက်ရလေသည်။

တနင်္ဂနွေနေ့ နံနက် (၈) နာရီလောက်တွင် မောင်သန်းထွန်းကို မောင်စိုးလွင် အလုပ်ဆင်းရန် လာခေါ်လေသည်။ မောင်သန်းထွန်းလည်း ရေချိုးပြီးစဖြစ်၍ အဝတ်အစားကောက်စွပ်ပြီး မောင်စိုးလွင်နှင့် လက်ဖက်ရည်ဆိုင်သို့ ထွက်လာကြသည်။

သူတို့နှစ်ဦးသည် ယနေ့ခေတ်လူငယ်တို့လို ဘီယာဆိုင်မထိုင်၊ အရက်လည်းမသောက်။ သူတို့ တစ်ပတ်တစ်ခါ ပြုလုပ်နေကြတာက ရွှေတိဂုံဘုရားသို့ တက်ပြီး အဓိဋ္ဌာန်ပုတီးစိပ်ကြခြင်းပင် ဖြစ်လေသည်။

ယခုတော့ အလုပ်ပိနေ၍ ရွှေတိဂုံဘုရားသို့ မရောက်ဖြစ်သည်မှာ (၃)ပတ်မျှရှိပြီ ဖြစ်လေသည်။ ညီမကိုလည်း ရုပ်ရှင်လိုက်မပြနိုင်ကြ၍ စိတ်မကောင်းဖြစ်နေကြသည်။ သူငယ်ချင်းနှစ်ယောက်လည်း လက်ဖက်ရည်သောက်ပြီးသည်နှင့် အလုပ်သွားရန် ဘတ်(စ်)ကားမှတ်တိုင်သို့ လျှောက်ခဲ့ကြသည်။

**တိုက်ဆိုင်သောအကြောင်းကြားမှု**

"သန်းသန်းအေး၊ သန်းသန်းအေး။ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်"

အိမ်ရှေ့မှ မောင်စိုးလွင်၏ခေါ်သံကိုကြားလိုက်ရ၍ သန်းသန်းအေး အိမ်ရှေ့သို့ ပြေးထွက်လာသည်။

"ဪ - အစ်ကိုစိုးလွင်ပါလား။ အခုပဲ အစ်ကိုသန်းထွန်း အလုပ်သွားဖို့ လာခေါ်သွားတယ် မဟုတ်လား။ အခုဘာကိစ္စရှိလို့လဲဟင်၊ အိမ်ထဲဝင်ဦးလေ"

"မဝင်တော့ပါဘူး သန်းသန်းအေးရယ်။ တို့စီးသွားတဲ့ကားနဲ့ စက်ဆန်းဘက်ကလာတဲ့ကား ပုဇွန်တောင်ကုန်းတံတားကွေ့မှာတိုက်မိကြလို့ သန်းထွန်းဆေးရုံကိုရောက်နေတယ်။ ဂန္ဒီဆေးရုံကို သွားကြည့်လိုက်ဦးနော်။ အစ်ကို ဆေးရုံကပဲစောင့်နေတော့မယ်"

မောင်စိုးလွင်သည် မျက်နှာမသာမယာဖြင့် ကားတိုက်မှုကိစ္စပြောဆိုပြီး ထွက်သွား၍ သန်းသန်းအေးလည်း မီးဖိုခန်းထဲရှိ အမေ့ကိုပြောပြီး နှစ်ဦးသား ဆေးရုံသို့လိုက်သွားကြသည်။

"ဟယ် - မောင်စိုးလွင်တို့အမေ ဒေါ်စိုးနဲ့ မသန်းငွေးတို့ပါလား။ ဘယ်သူဘာဖြစ်လို့ ဆေးရုံကိုလာတာလဲ။ မောင်သန်းထွန်း ကားတိုက်မှုဖြစ်လို့ လာကြည့်တာလား"

မောင်သန်းထွန်းအမေက မောင်စိုးလွင်အမေနှင့် အစ်မတို့ကို တွေ့ရ၍ အံ့ဩစွာနှင့် မေးလိုက်သည်။

"ရှင်- ဘယ်လို၊ သားမောင်စိုးလွင်က ပြောတယ်။ မှားနေပြီထင်တယ်ရှင်။ (၉)နာရီကျော်လောက်က မောင်သန်းထွန်းရယ်၊ ကျွန်မတို့အိမ်ကိုရောက်လာပြီး မောင်စိုးလွင်ကားတိုက်မှုဖြစ်လို့ သားကို ဆေးရုံမှာတင်ထားရတယ်လို့ မောင်သန်းထွန်း လာအကြောင်းကြားလို့ သားလေးကို လာကြည့်ကြတာပါ"

"ဘုရား. . . ဘုရား၊ တိုက်ဆိုင် လိုက်တာရှင်။ ဖွ - မဟုတ်ပါစေနဲ့"

မိခင်နှစ်ဦးမှာ ရှေ့ဆက်စကား ဆိုနိုင်ကြတော့ဘဲ ဆရာဝန်ရုံးခန်းထဲ သွား၍ စုံစမ်းကြသည်။ ကြားရသ သတင်းက ဒေါ်သန်းသန်းနှင့် ဒေါ် တို့ကို ရင်ဆို့စေလေသည်။

ရင်ခွဲရုံထဲတွင် မောင်သန်းထွ နှင့် မောင်စိုးလွင်တို့ သူငယ်ချင်းနှ မှာ ကျောက်ခုတင်ပေါ်တွင် မနိုးသေ အိပ်ခြင်းတို့ဖြင့် အိပ်ပျော်နေကြလေ

"ဖြစ်ရလေ သားတို့ရယ်၊ ညီအ ကိုအရင်းထက်တောင်ချစ်ကြတဲ့ သူင ချင်းနှစ်ဦး သွားအတူ၊ စားအတူ မခွဲ နေလာကြတဲ့ သူငယ်ချင်း။ အခု သေတော့လည်း အတူတူပါပဲလား သ တို့ရေ"

*

"အစ်ကိုတို့အဖြစ်က ဒါပါပဲ ရယ်။ အလွန်ချစ်ခင်ကြတဲ့ သူငယ် နှစ်ယောက် သေသွားတာတောင် ဦးအိမ်ကိုတစ်ဦး လာပြီးအကြောင်း သွားပေးပါသေးတယ် ဦးတို့ရယ်"

"ဦးတို့လည်း စိတ်မကောင်း ကွယ်။ နောက်ကော ဘာများထူး တာတွေရှိသေးလဲကွယ်"

"သေဆုံးပြီး(၅)ရက်မြောက် နှစ်အိမ်လုံးကို သူတို့ မကျွတ်သေး အကြောင်း၊ အလှူပေးရင် သူတို့ခေ အမျှဝေပေးပါလို့ အိပ်မက်ပေးပါ ရှင်။ ရက်လည်အလှူလုပ်တော့ နာမည်ကိုခေါ်ပေးပြီး အမျှပေး နောက်ပိုင်း ဘာမှထူးခြားမှုမရှိတော့ ဘူးရှင်။ ကျွတ်လွတ်သွားပြီလို့ပဲ မှာပေါ့နော်"

ကျွန်ုပ် ရန်ကုန်သို့ (၆) ရက် သွားရောက်ခဲ့စဉ် ညဏ်လိုက်မိ အဖြစ်တို့ကို ကြားခဲ့ရသည့်အတိုင်း ခဲ့ရသည့်အတိုင်း ရေးသားလိုက် သည်။ ယုံ၊ မယုံဆိုတာ စာဖတ် တာဝန်သာဖြစ်ပါသည်။

*(နာမည်၊ နေရပ်တို့ကို လွှဲ သည်မှအပ ဖြစ်ရပ်မှန်များသာ သည်။)*

ကောင်းကျိုးလိုရာပြည့်

မောင်လှယဉ်(မော်



www.burmeseclassic.com

www.burmeseclassic.com

ခရစ်ယာန်ဘုန်းကြီးကျောင်းလောကနှင့် အဂ္ဂိရတ်ပညာ

၁၂ ရာစုမှ ၁၄ ရာစုအထိ အဂ္ဂိရတ်ပညာသည် အနောက်တစ်ကမ္ဘာလုံးသို့ တသီးတခြားစီဖြင့် နေရာအနှံ့သို့ ရောက်ရှိသွားခဲ့၏။ ထို့နောက် အဂ္ဂိရတ်ပညာသည် ခရစ်ယာန်ဘုန်းကြီးဂိုဏ်းများဖြစ်ကြသည့် မရန်စ္စကန်နှင့် ဒိုမီနီကန်ဘုန်းတော်ကြီးများအား ဆွဲဆောင်မှုပြုလေတော့၏။ ထိုအချိန်တွင် ရောဘတ်ချက်စတာနှင့် သူ၏ အပေါင်းအပါများ၏ ဘာသာပြန်ဆိုမှုကြောင့် ထိုအချိန်တွင် အဂ္ဂိရတ်ပညာသည် ပို၍ လူသိများ ထင်ရှားလာခဲ့၏။

အဆိုပါ ပညာရပ်အသစ်ကို အလယ်ခေတ်ရှိ အလယ်ခေတ်ယဉ်ကျေးမှုနှင့် သာသနာက လက်ခံခဲ့၏။ ၁၃ ရာစုတွင် ပထမဆုံး လက်တင်အဂ္ဂိရတ်ကျမ်းပေါ်ပေါက်လာကတည်းကပင် လူအချို့သည် အဂ္ဂိရတ်လုပ်ငန်းကို စတင်လက်တွေ့ လုပ်ကိုင်နေကြပြီ ဖြစ်၏။ သို့သော် လူသိမများသေးပေ။ ထိုကာလအတွင်း ပေါ်ပေါက်ခဲ့သည့် အဂ္ဂိရတ်ဋီကာကျမ်းများ၏အလိုအရ ဘရက်စီကာမှ ဘော်သာပါဆိုင်နက်သည် ပြဒါးကို သန္တာဖြင့်သတ်သည့်နည်းကို သိသွားခဲ့၏။ ၎င်းသည် ခရစ်ယာန်ဘုန်းတော်

ခရစ်ယာန်အဂ္ဂိရတ်ပညာ

ဆရာဦးဆက်ထွန်းလင်း(အာယုဗ္ဗေဒ)





www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ပါး ဖြစ်၏။ အခြား ထင်ရှားသူများမှာ ခရီမိုနာအရပ်ဒေသရှိ စိန့်ဩဂတ်စတင်းဂိုဏ်းမှ ဘုန်းတော်ကြီး မိုက်ကယ်သည် အင်္ဂလိပ်ဆရာတစ်ဦး ဖြစ်၏။ ဂိုဏ်းအုပ်၏စာရေးတော်ကြီး ဆရာဂျိုဂယ်လီယိုသည် ကြေးနီကို ဖြူအောင်ပြုလုပ်ခြင်းဖြင့် ၎င်းသည် ဘော်ဖြင့် တူစေနိုင်သောနည်းကိုလည်း တွေ့ရှိခဲ့၏။

ထို့အပြင် ခရစ်ယာန်ဂိုဏ်းတစ်ခု၏ လက်ထောက်ဂိုဏ်းချုပ်ကြီးလည်း ဖြစ်ပြီး အင်္ဂလိပ်ပညာရှင်တစ်ဦးလည်း ဖြစ်သည့် ပုဂ္ဂိုလ်ကြီးတစ်ဦး ရေးသားခဲ့သော ကျမ်းတစ်စောင်၏ ပထမအခန်းတွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရှိရ၏။

ခရစ်နှစ် ၁၂၅၈ ခုနှစ်တွင် အင်္ဂလိပ်ပညာရပ်သည် ဖရန်စစ္စကန်ဘုန်းတော်ကြီးတို့ထံ ရောက်ရှိခဲ့၏။ ဘုန်းတော်ကြီး အီးလီးယပ်၏ကျေးဇူးကြောင့် စိန့်ဖရန်စစ် ကွယ်လွန်ပြီး မကြာမတင်မီတွင်ပင် ဖရန်စစ္စကန်တို့သည် ခရစ်ယာန်လောက၏ အင်္ဂလိပ်ဆိုင်ရာခေါင်းဆောင် ဖြစ်လာခဲ့၏။ ဘုန်းတော်ကြီး အီးလီးယပ်၏ မွေးဖွားရာဇာတိ အတိအကျကိုကား မသိရပေ။ ၎င်းကို ကော်တိုနာ၌သော် လည်းကောင်း၊ အာစီစီ၌လည်းကောင်း မွေးဖွားသည်ဟုသာ ဆိုနိုင်ပေသည်။ ၁၂၁၁ ခုနှစ်တွင် သူသည် ဘုန်းတော်ကြီး ဖြစ်လာခဲ့၏။ သူသည် စိန့်ဖရန်စစ်၏ လေးစားခြင်းကို ခံယူရရှိခဲ့သူ ဖြစ်၏။ ၁၂၁၇ ခုနှစ်တွင် သူ့အား ခရစ်ယာန်သာသနာ့နယ်မြေ၏ အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရ၏။ ထိုနှစ်တွင်ပင် သူသည် ခရူးဆိတ်များနှင့် အတူ သင်္ဘောဖြင့် (၃) နှစ်ခန့်ကြာမြင့်သည့်တိုင်အောင် အရှေ့တိုင်းတွင်လှည့်လည်နေခဲ့၏။

အဆိုပါကာလများအတွင်း လှုပ်ရှားမှုတို့နှင့် ပတ်သက်၍မူ မှတ်တမ်းမှတ်ရာတစ်စုံတစ်ရာမျှ ကျန်ရှိခဲ့ခြင်းမရှိပါ။ သို့သော် သူသည် ဆီးရီးယားတွင် ကာလတစ်ရပ်နေခဲ့ဖူးကြောင်းကား သိရှိရ၏။ ဆီးရီးယားတွင်ပင် ၁၂၁၉ ခုနှစ်၌ စိန့်ဖရန်စစ်နှင့် ဆုံတွေ့ခဲ့ရ၏။

အီးလီးယပ်သည် လျှို့ဝှက်ဟာရန်စနစ် ရှင်သန်နေသော နိုင်ငံတစ်ခုတွင် သတ္တုများ၏ ဂုဏ်သတ္တိပြောင်းလဲမှုကို ရှေးဦးစွာတွေ့ရှိခဲ့၏။ ၁၂၂၁ ခုနှစ်တွင် သူသည် အရှေ့တိုင်းမှပြန်လာပြီးနောက် သူ့အား သာသနာ့ဝန်ထမ်းဆိုင်ရာ အာဏာပိုင်တစ်ဦးအဖြစ် တာဝန်ပေးခန့်အပ်ခြင်းခံခဲ့ရ၏။ သူ၏တာဝန်မှာ ခရစ်ယာန်ဘုန်းတော်ကြီးများကို စည်းရုံး၍ ဦးဆောင်လမ်းပြပြုရန် ဖြစ်၏။

၁၂၂၇ ခုနှစ်တွင် စိန့်ဖရန်စစ် ကွယ်လွန်သောအခါ ဘုရားသာဂ္ဂန်ဖရန်တီကို စိန့်မရန်စစ်နေရာအတွက် အစားထိုး ခန့်အပ်ခဲ့၏။ ဂ္ဂန်ဖရန်တီသည် ၎င်း၏မာနနှင့် စိတ်ပျက်မှုကို မျိုသိပ်ရင်း အဆိုက်စီတွင် ဘက်သရီကာကို တည်ထောင်ရန် ကြိုးပမ်းခဲ့၏။

ထိုအဆောက်အအုံကို တည်ဆောက်ရာတွင် လပေါင်း (၂၅) လကြာ လုပ်ကိုင်ရ၏။ ၁၂၃၀ ပြည့်နှစ်၊ ဧပြီလတွင် ပြီးစီးခဲ့၏။ ထိုနှစ်တွင်ပင် ဘုန်းတော်ကြီးဂိုဏ်းတွင်း၌ ပြဿနာပေါင်းများစွာ ဖြစ်ပေါ်ခဲ့၏။ အဆိုပါပြဿနာများမှာ ဖရန်စစ္စကန် စည်းကမ်းအရ တားမြစ်ထားသောငွေကြေး မကိုင်ရဟူသည့်အချက်ကို အတိအကျ လိုက်နာရမည်လော၊ ဘုန်းတော်ကြီးသည် ဂိုဏ်းဆရာမှ ချမှတ်ထားသောလမ်းစဉ်ကို လိုက်နာရမည်လော၊ သို့တည်းမဟုတ် တက္ကသိုလ်တစ်ခုခုတွင် ပညာသင်သင့်၊ မသင်သင့် မည်သို့ဆုံးဖြတ်မည်လော၊ သို့တည်းမဟုတ် စိန့်ဖရန့်စစ်၏ တရားတော်အတိုင်း လိုက်နာရပါမည်လော၊ ဘုရားကျောင်း သို့မဟုတ် အခြား သာမန်နေစရာတစ်ခုခုကိုပင် လက်ခံပြီး သူရဲကောင်းဆန်ဆန် ဆင်းရဲခံနေရပါမည်လော စသည့် ပြဿနာများ ဖြစ်၏။

အမှန်တကယ်တွင်မူ ထိုခေတ်အခြေအနေများမှာ ဘုန်းတော်ကြီးဂိုဏ်းတို့ကို ပြဿနာပေါ်တွင် ခွဲခြားထား၏။ တစ်ဖက်တွင် ၎င်းတို့သည် ဆင်းရဲဒုက္ခအပေါင်းကို ခံနိုင်ရည်ရှိသူတစ်ဦးဖြစ်နေပြီး အခြားတစ်ဖက်တွင်ကား အခြားသော ဘဝတူများအပေါ်၌ မိမိကိုယ်မိမိ နှိမ့်ချသူတစ်ဦး ဖြစ်နေလေသည်။ ငွေကြေးကို သုံးစွဲရာ၌လည်း သုံးစွဲသည့်ငွေကုန်ကြေးကျသည်နှင့်အမျှ မိမိ၏အဖွဲ့အစည်းကို ကျယ်ပြန့်စေပြီး အင်အားကြီးမားစေရန်သာ ဖြစ်ပေသည်။

၁၂၃၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် နဝမမြောက် ပုပ်ရဟန်းမင်းဂရယ်ရီနီသည် ၎င်း၏ရာထူးနှင့်အာဏာကိုသာမက စိန့်ဖရန်စစ်နှင့် ပုဂ္ဂိုလ်ချင်းရင်းနှီးမှုကိုပါ အသုံးပြုခဲ့၏။ စိန့်ဖရန့်စစ်၏တရားသည် ဝိနည်းမပျက်ဘဲ တရားသက်သက်သာဖြစ်ကြောင်း ထင်ရှား၏။

၁၂၃၂ ခုနှစ်တွင် ဘုရားသာအီးလီးယပ်သည် တတိယအာဏာပိုင်အဖြစ် ရွေးချယ်ခံရ၏။ ထိုသို့ အာဏာခန့်အပ်ပြီးသည်နှင့်တစ်ပြိုင်နက် သူသည် အာဏာကို အသုံးပြုရန် စီစဉ်တော့၏။ ထို့အပြင် ဖရန်စစ္စကန်ဂိုဏ်းကိုလည်း တိုးထွားစေခဲ့တော့၏။ ထိုသို့ ရရှိလာသောအာဏာနှင့် သက်ဦးဆံပိုင်ဝါဒကိုပေါင်းစပ်လိုက်သောအခါ၌ကား ဂိုဏ်းဝင်များအားစိတ်ညစ်ရစေတော့၏။ ကျ... ပုဂ္ဂိုလ်အားလုံး၏အမြင်တွင် သူသည် စိန့်ဖရန်စစ် လုပ်ခဲ့သမျှကို ဆန့်ကျင်ဘက် သဘောဆောင်ပြီးလိုက်လုပ်နေသည်ဟု မြင်၏။ ထို့ကြောင့် သူတို့သည် ပုပ်ရဟန်းမင်းကြီးထံ ချဉ်းကပ်၍ ဘုရားသာအီးလီးယပ်၏ လောကီဆန်သည့် အပြုအမူများကို တင်ပြတိုင်တန်းကာ အီးလီးယပ်အား ချက်ချင်း ထုတ်ပယ်ပစ်ရန် လျှောက်ထား တောင်းဆိုကြ၏။ ထို့ကြောင့် သူ၏ရာထူးသည်လည်း မကြာမီပင် အဆုံးသတ်သွားတော့၏။ နဝမမြောက် ပုပ်ရဟန်းမင်းကြီးနှင့် ဧကရာဇ်ဘုရင် ဒုတိယဖရက်ဒရစ်တို့၏ အာဏာလုပွဲစပ်ကြားတွင် နှစ်ဦးစလုံးနှင့် ခင်မင်နေသော အီးလီးယပ်က ... ခဲ့၏။

သို့သော်လည်း သူ၏ ကြားဝင်ဆောင်ရွက်မှုကို ဧကရာဇ်ဘုရင်က ... ကျေနပ်သောအခါတွင်ကား သူ့အပေါ်တွင်ထားရှိသော ဧကရာဇ်၏စွပ်စွဲချက်များကိုမူကား သူ့အနေဖြင့် ချေပ... စွမ်းမရှိတော့ပေ။ သူသည် ၁၂၃၇ ခု... တွင် ရာထူးမှချခံလိုက်ရ၏။ ထို့နောက် သူ၏ဘက်သရီ (အဆိုက်စီ) အုပ်ထိန်း... သူ့ရာထူးကို စွန့်လွှတ်ပြီးသည့်နောက် တွင် သူသည် တပည့်တပန်း အနည်း... ငယ်နှင့်အတူ ကော်တိုနာမြို့သို့ သွား... ရောက်နေထိုင်လေတော့၏။

ဧကရာဇ်နှင့် ပုပ်ရဟန်းမင်းတို့၏ အကြားတွင် ကြားဝင်ဆောင်ရွက်မှုသည် အဓိပ္ပာယ်တစ်မျိုး သက်ရောက်စေ... အခြေအနေကို ပိုမိုရှုပ်ထွေးဆိုးဝါးသွား... စေတော့၏။ အဆိုပါ အခြေအနေမှာ... ဧကရာဇ်အတွက် ခြိမ်းခြောက်မှုတစ်... ဖြစ်စေလေတော့၏။ အီးလီးယပ်က... ပုပ်ရဟန်းမင်းထံသို့ ရှင်းလင်းချက်... ပို့ရာ ထိုစာသည် ပုပ်ရဟန်းမင်းထံ... မရောက်ရှိခဲ့ပေ။ ထို့ကြောင့် အီးလီး... အပေါ်တွင် ချမှတ်ထားသောအ... သည် မပြောင်းလဲဘဲ ယခင်အတိုင်း... ဆက်လက် တည်စေလေတော့၏။

ဤသို့ဖြင့် အီးလီးယပ်သည်...



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကျောင်းမှ အထုတ်ပယ်ခံရလေတော့၏။ သို့သော် အီးလီးယပ်သည် ဧကရာဇ် ဒုတိယဖရက်ဒရစ်ဖြင့်မူ အဆင်ပြေစွာ ရှိနေလေသေး၏။ ၁၂၄၁-၁၂၄၂ ခုနှစ်တွင် ဧကရာဇ်က သူ့အား အရှေ့တိုင်းနိုင်ငံများသို့ သံတမန်အဖွဲ့ခေါင်းဆောင်အဖြစ် စေလွှတ်ခဲ့၏။ သူသည် မည်မျှပင် ကြိုးစားသော်လည်း အောင်မြင်မှုမရှိခဲ့ပါ။ ထိုမျှမက သူ၏ တပည့်များကလည်း သူတို့၏ဆရာအတွက် ကျဆင်းသွားခဲ့သည့် ဂုဏ်သိက္ခာကို ပြန်လည်ရရှိရန် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့ကြသေး၏။ သို့သော် မည်သို့မျှ ထူးခြားမှုတစ်စုံတစ်ရာရှိမခဲ့ပေ။

ဤသို့ဖြင့် ၁၂၄၅ ခုနှစ်သို့ ရောက်သောအချိန်တွင် အသစ်တက်လာသည့် စတုတ္ထမြောက် အင်နိုဆင်က ယခင် ပုပ်ရဟန်းမင်းလက်ထက်မှ အမိန့်ကို ဆက်လက်တည်မြဲစေခဲ့၏။ ထို့နောက်တွင် သူသည် အီးလီးယပ်အား ဖရန်စစ္စကန်သာသနာ့အသိုက်အဝန်းမှ လုံးဝထုတ်ပယ်ပစ်လိုက်လေတော့၏။

ပုပ်ရဟန်းမင်းအသစ်၏ထံသို့ အီးလီးယပ်မှ ပေးပို့သောစာသည်လည်း ဆိုလားသူများ၏ ကြားဝင်နှောင့်ယှက်မှုကြောင့် ပုပ်ရဟန်းမင်းအသစ်ထံသို့ မရောက်ရှိဘဲဖြစ်ခဲ့ရလေ၏။ အီးလီးယပ်သည် ၁၂၅၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ကွယ်လွန်ခဲ့၏။ သူသည် ကွယ်လွန်ခါနီးတွင်မှ ဘုရားကျောင်းနှင့် ပြန်လည်ဆက်သွယ်ခွင့်ရလေ၏။

အီးလီးယပ်အား သူ၏ခေတ်ပြိုင်တို့က ထားရှိသည့်သဘောထားမှာ ထိုအချိန်က လက်ရှိနိုင်ငံရေးအခြေအနေများနှင့် ဘုန်းတော်ကြီးအချင်းချင်း ဂိုဏ်းကွဲမှုများပေါ်တွင် တည်ပေသည်။ စိန့်ဖရန့်စစ်၏ ဘဝဖြစ်စဉ်ကျမ်းကို စီလာနိုသောမတ်က ရေးသား ပြုစုခဲ့၏။ ထိုကျမ်းတွင် ဘရာသာအီးလီးယပ်ကို စိန့်ဖရန်စစ်၏ အခင်မင်ရင်းနှီးဆုံး မိတ်ဆွေပြု ဖော်ပြထား၏။ အမှန်တကယ်တွင်မူ သူ့အား ရွေးချယ်ခြင်းသည် သူတော်စင်ကြီး၏ သိက္ခာကျဆုံးရခြင်း ဖြစ်ခဲ့၏။ သူ၏ဆောင်ပုဒ်မှာ 'သူသည် သူတစ်ကိုယ်စာအတွက် မိခင်ဖြစ်ပြီး သားများအတွက်မှာမူ ဖခင်ဖြစ်၏'။

အီးလီးယပ်သည် သေဆုံးခါနီးတွင် စိန့်ဖရန့်စစ်ထံ အထူး ကောင်းချီးပေးခံရကြောင်း ဖော်ပြထား၏။ အီးလီးယပ်သည် ဘုန်းတော်ကြီးများကို ဦးဆောင်၍ သူ၏ရာထူးကို ဆက်ခံသူ ဖြစ်သည်ဟု သတ်မှတ်ခဲ့၏။ နောက်ဆုံး သူတော်စင်ကြီးအဖြစ်လည်း သတ်မှတ်ခံခဲ့ရ၏။

သူ့အား သူနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များက ဗိသုကာပညာရပ်တွင် ကျော်ကြားသူဟု ဆိုကြ၏။ သူသည် အကြောင်းအရာတိုင်းကို သိရှိနားလည်ပြီး အလွန်စကားပြောကောင်းသူအဖြစ်လည်း ဆိုကြ၏။ အီတလီတစ်နိုင်ငံလုံးတွင် သူလိုလူစားမရှိဘူး ဟူ၍ပင် မှတ်ချက်ပြုကြ၏။

ထို့အပြင် ပုပ်ရဟန်းမင်း ဂယ်ရယ်ရရီက သူ့အား ဖရက်ဒရစ်ထံသို့ သံတမန်အဖြစ် စေလွှတ်ခြင်းမှာ သူသည် ပါရမီများစွာထူးခြားသောသူဖြစ်သောကြောင့်ပင်တည်း။ သို့သော် သူကွယ်လွန်ပြီးနောက်တွင် သမိုင်းပညာရှင်တို့က ဖရန်စစ္စကန်သာသနာသမိုင်းကို ရေးသား ပြုစုရာတွင် ၁၂၃၉ ခုနှစ်အထိ သူ၏ကောင်းမွန်သော အရည်အချင်းများကို ဖော်ပြခြင်းခံခဲ့ရ၏။ သူတော်စင်တစ်ဦးအဖြစ် ချီးကျူးခံခဲ့ရ၏။

ထို့နောက်ပိုင်းတွင်မူ သူသည် ဘုန်းတော်ကြီးဂိုဏ်းတစ်ဂိုဏ်းလုံးကို မွှေနှောက် ချောက်ချားစေသူဟု တစ်စတစ်စ နာမည်ပျက်လာခဲ့လေတော့၏။ သူသည် ထိုကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အမှုပြဿနာအားလုံးအတွက် သူသည် ဓားစာခံဖြစ်ခဲ့ရ၏။ ၁၃ ရာစု၏ ပထမသက်ဝက်ကာလတွင် ဖရန်စစ္စကန်ဘုန်းတော်ကြီး အီးလီးယပ်၏ခေတ် ဖြစ်ခဲ့၏။

၁၂၃၈ ခုနှစ်တွင် အီးလီးယပ် ကိုယ်တိုင် ဘုန်းတော်ကြီးအဖြစ်သို့ သွတ်သွင်းပေးထားခဲ့သော အလယ်ခေတ် မှတ်တမ်းပညာရှင် ဆလမ်ဘမ်အော့ အဒမ်က အီးလီးယပ်အား စွပ်စွဲထားပုံမှာ သူသည် ခရစ်ယာန်သာသနာ့ဘောင်တစ်ခုလုံးကို အဂ္ဂိရတ်လောကဖြစ်အောင်ပြောင်းလဲခဲ့သူ ဟူ၍ပင် ဖြစ်၏။ ထို့အပြင် သူက အီးလီးယပ်၏မှားယွင်းသောလုပ်ဆောင်မှုပေါင်းများစွာကို စုဆောင်းတင်ပြရာ၌ ဒသမမြောက်စွပ်စွဲချက်မှာ သူသည် အဂ္ဂိရတ်ပညာပေါ်တွင် အလေးအနက် စိတ်ဝင်စား၍ ကိုယ်တိုင်ကိုယ်ကျ ပြုမူလှုပ်ရှားသဖြင့် သိက္ခာကျဆင်းမှုဖြစ်၏ ဟူသောအချက်ပင် ဖြစ်၏။

ခရစ်ယာန်ဘုန်းကြီးလောကထဲတွင် အဂ္ဂိရတ်ပညာကို စိတ်ဝင်စားသူ၊ လေ့လာလိုက်စားသူ၊ လက်တွေ့ပြုလုပ်သူများရှိသည်ဟု ကြားသိရသည်နှင့် တစ်ပြိုင်နက် ထိုသူအား ခေါ်ယူစေကာ ပုပ်ရဟန်းမင်း၏စံအိမ်တွင် သူနှင့်အတူ နေစေခဲ့၏။

ဘုန်းတော်ကြီးမိုင်နာ၏ကျောင်းဝင်းအတွင်း ကြီးကျယ်ခမ်းနားသော အဆောက်အအုံကြီးတစ်ခု ဆောက်ထား၏။ ထိုအဆောက်အအုံသည် စိန့်ဖရန်စစ်အတွက်ဟု ဆိုသော်လည်း အမှန်တကယ်တွင်မူ ပုပ်ရဟန်းမင်း အဆိုက်စီသို့လာလျှင် တည်းရန်သာ ဖြစ်၏။

ထိုအဆောက်အအုံကြီးတွင် လျှို့ဝှက်နေရာများစွာ ပါဝင်၏။ ထိုလျှို့ဝှက်နေရာများတွင် အီးလီးယပ်သည် ဘုန်းကြီးများနှင့် မယ်သီလများကို နေရာချပေးထား၏။ ၁၂၄၇ ခုနှစ်တွင် ခရီမိုနာမှ ဘရာသာဂျရတ်သည် ထိုဂေဟာသို့ ရောက်ရှိလာခဲ့၏။ ထိုအဆောက်အအုံတွင် တစ်ညလုံးမအိပ်ခဲ့ရပေ။ ထိုအဆောက်အအုံအတွင်း၌ ကဝေသံ၊ တစ္ဆေသံ စသည့် အသံပေါင်းစုံ ကြားခဲ့ရသောကြောင့် ဖြစ်၏။

ထိုအချိန်က အနောက်တိုင်းသည် အဂ္ဂိရတ်ပညာကို သံသယဖြင့်ကြည့်နေသောကာလ ဖြစ်၏။ အများက ဤပညာရပ်ကို မကောင်းဆိုးဝါပညာရပ်ဟု မြင်ကြ၏။ သို့သော် ယနေ့ခေတ်တွင် ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ် ပြန်မေးရမည် ဖြစ်၏။ အီးလီးယပ်သည် အဂ္ဂိရတ်ပညာရပ်ဖြစ်ပါသည်ဟူသော စွပ်စွဲချက်ကို မည်သည့်အချက်များက ပံ့ပိုးထောက်ခံပါသနည်း။

အဆိုက်စီမြို့မှ စိန့်ဖရန့်စစ်သည် အမှန်တကယ် အဂ္ဂိရတ်ထိုးခဲ့ပါသည်ဟု အတိအကျမဆိုနိုင်သော်လည်း တွေ့ရှိရသည့် အထောက်အထားမှာ ပထမအချက်အနေဖြင့် ကော်တိုနာမှ ဘရာသာအီးလီးယပ်၏အမည်ကို အဂ္ဂိရတ်နှင့် သက်ဆိုင်သောကျမ်းများ၊ ကဗျာများတွင် တွေ့ရှိရခြင်း ဖြစ်၏။ ခရစ်နှစ် ၁၃၀၀ ပြည့်နှစ်ဝန်းကျင်က ရေးသားခဲ့သော UBER LQUREA ၏ ရေးသားချက်များတွင် အီးလီးယပ်၏အမည်ကို အဂ္ဂိရတ်ပညာ၏ဖခင်ကြီးဟု ဆိုထား၏။

၁၃၂၆ ခုနှစ်၌ အန်ဂျီနိုကလီနို ၁၂၅၅-၁၃၃၇ က ရေးခဲ့သည့် ထရိုင်ဗျူလေရှင်နယ်(TRIBULATIONUM)ကျမ်း၌ အီးလီးယပ်ကို ပြည့်စုံသောအဂ္ဂိရတ်တွင် ပါရဂူမြောက်သူဟု ဆိုခဲ့၏။

အခြားသော အခြေအနေများ



www.burmeseclassic.com

www.burmeseclassic.com

သည် အီးလီးယပ်သည် အနောက်တိုင်း၏ ပထမဆုံး အဂ္ဂိရတ်ပညာရှင် ဖြစ်ကြောင်း ထောက်ခံထားပေသည်။ ဆီးရီးယားသည် အစ္စလာမ်အဂ္ဂိရတ်ပညာ၏ ဘူမိနက်သန်မှန်သောဇာတိ ဖြစ်သည်။ ထို့အတူ စစ္စလီကျွန်းသည်လည်း အစ္စလာမ်သိပ္ပံလက်ရေးစာမူများကို လက်တင်ဘာသာသို့ ပြန်ဆိုရေးသားရာဒေသ ဖြစ်၏။

မိုက်ဆေးစကိုတိုသည်လည်း အာရပ်ဘာသာကို ကျွမ်းကျင်မှု၊ အာရပ်ဘာသာမှ ဘာသာပြန်ဆိုမှုအတွက် ကျော်ကြား၏။ သူသည် အာရပ်သမားတော်ကြီးရာဇီး ရေးသားခဲ့သောကျမ်းကို အာရပ်ဘာသာမှ ပြန်ဆိုနိုင်ခဲ့သူ ဖြစ်၏။ သူ၏ ငယ်စဉ်ဘဝ အချိန်ကာလကို တိုလီဒိုတွင် များစွာကုန်လွန်စေခဲ့၏။ မိုက်ခေးသည်လည်း အနောက်တိုင်းယဉ်ကျေးမှုတွင် အဂ္ဂိရတ်ပညာကို ပထမဆုံး လေ့လာလိုက်စားသူ ဖြစ်၏။ ထို့အပြင် သူ၏ကိုယ်တွေ့၊ လက်တွေ့ လုပ်ရပ်များမှ အဂ္ဂိရတ်သိပ္ပံပညာစာပေကို ရေးသားခဲ့၏။ သူ့အမည်နှင့် ကျမ်းတစ်ကျမ်းတွင် ၎င်းသည် သူနှင့် ဘဝတူအဂ္ဂိရတ်ပညာရှင်တစ်ဦးကို ရည်ညွှန်းရာ ထိုသူမှာ အီးလီးယပ် ဖြစ်၏။

၁၅ ရာစု မတိုင်မီကာလအထိ အီးလီးယပ်ဟု အမည်ထိုးထားသော ကျမ်းကို မတွေ့ရပေ။ ထို့ကြောင့် အီးလီးယပ် ရေးသားခဲ့သည်ဟု ဆိုခြင်းမှာ များစွာ သံသယဖြစ်ဖွယ်ရှိ၏။ အဂ္ဂိရတ်ပညာနှင့်ပတ်သက်၍ အစဉ်အလာမှတ်တမ်းများနှင့် ကိုက်ညီသောကျမ်းများမှာ ၁၃ ရာစု၊ ၁၄ ရာစုနှစ်များအတွင်းကပေါ်ထွက်ခဲ့သည့် ဘုန်းတော်ကြီးများ၏လက်ရာတို့သာ ဖြစ်နိုင်ပေသည်။

အချို့သော ကျမ်းစာရေးသူများက မကျော်ကြားသည့် မိမိနာမည်အစား ကျော်ကြားဆဲ၊ ကျော်ကြားပြီးပုဂ္ဂိုလ်တို့၏အမည်ကိုယူ၍ ရေးလေ့ရှိ၏။ သို့ရာတွင် ၁၃ ရာစု ဒုတိယထက်ဝက်၌ ဤကဲ့သို့ ကျမ်းပြုသူအမည် ထင်ယောင်ဝိုးဝါးပြုလုပ်ခြင်းသည် ဘုန်းတော်ကြီးအဂ္ဂိရတ်ပညာရှင်များအဖို့ သိက္ခာကျဖွယ် ဖြစ်၏။ ၁၄ ရာစုအတွင်းရှိ ဘုန်းတော်ကြီးအဂ္ဂိရတ်ဆရာတို့သည် တစ်ဦးတည်းသောပုဂ္ဂိုလ်၏အမည်ကို ဝိုင်းဝန်း၍ ရေးသားကြခြင်းမှာ လုံးဝသိက္ခာမဲ့သောလုပ်ရပ် ဖြစ်၏။ သို့ဖြစ်ပါသောကြောင့် အီးလီးယပ်ကို ရည်ညွှန်းသည့် လက်ရေးစာမူများသည် အစစ်အမှန်မဟုတ်ဟုဆိုပါက ဂုဏ်သိက္ခာရှိမည်ထင်ရသော ခေတ်ကာလအထိ နောက်ကြောင်းပြန်ရရလေမည်။ ထို့ကြောင့် ဤရေးသားချက်များသည် ရှေးခေတ်ခရစ်ယာန်ဘုန်းတော်ကြီးများ၏ အဂ္ဂိရတ်ဆိုင်ရာရေးသားချက်များ ဖြစ်ပေမည်။ တစ်ဖက်တွင်မူ ၁၃ ရာစု၏ ပထမတစ်ဝက်အတွင်း အီးလီယပ်၏သာသနာ၌ အဂ္ဂိရတ်ကိုသွတ်သွင်းခြင်းဟူသည့်ကိစ္စမှာ အတော်အတန် ခိုင်မာမှုရှိပေမည်။

စလိုက်ဘင်၏ အဆိုအရ ခရစ်ယာန်ဘုန်းတော်ကြီးအီးလီးယပ်၏ အဂ္ဂိရတ်ဆိုင်ရာလုပ်ဆောင်ချက်များကို မှားယွင်းသော အပြုအမူများဟုဆိုပါက သူ့အနေဖြင့် ထိုခေတ်ထိုကာလ၌ အဂ္ဂိရတ်အလုပ်သည် ဥပဒေကို ချိုးဖောက်သည့်အလုပ်ဟု ဆိုလိုဟန်ရှိပါသည်။ ဤအချက်သည် မမှန်ကန်ပေ။ ပထမအချက်မှာ ၁၃ ရာစု၏ ပထမတစ်ဝက်အတွင်း ဘာသာရေးပါရဂူများသည် အဂ္ဂိရတ်ပညာနှင့်ပတ်သက်၍မူ လွတ်လပ်စွာဖြင့် မသေချာစွာပြောခဲ့ခြင်းပင် ဖြစ်၏။

သို့သော် အောက်စဖို့ဒ်တက္ကသိုလ်၏အဓိပတိနှင့် ခရစ်ယာန်ဘုန်းတော်ကြီးများ၏ စာတော်ဖတ်အရာရှိဖြစ်သူ ရောဘတ်ကရိုဆက်တီ (၁၁၇၅-၁၂၅၃) သည် ဘရာသာအီးလီးယပ်ကို အလွန်အမင်း ချီးကျူးသူ ဖြစ်၏။ ၎င်း၏ရေးသားချက်များသည်လည်း ရံခါ အဂ္ဂိရတ်ပညာသဘောတရားများနှင့် နီးနွယ်လေ၏။ သူသည် အဂ္ဂိရတ်ပညာ၏အခြေခံသဘောတရားကို သိရှိထားပုံပေါ်၏။ ဥပမာအားဖြင့်ဆိုရပါမူ ကမ္ဘာမြေ၏အောက်တွင် အဆင့်နိမ့်သောသတ္တုမှ အဆင့်မြင့်သတ္တုဖြစ်ရခြင်းပင် ဖြစ်၏။ ဤဖြစ်ရပ်သည် အဂ္ဂိရတ်ဆိုင်ရာပြောင်းလဲမှုသဘောတရားကို ငြင်းဆိုထားခြင်း မဟုတ်ပေ။

ဒိုမီနီကန်ခရစ်ယာန်ဂိုဏ်းမှ ဘုန်းတော်ကြီး ဗင်းဆင့်ဗီဗူဗက် (၁၁၉၀-၁၂၆၄) သည် မဟာကြေးမုံကျမ်း (Greater mirror) ကို ပြုစုခဲ့၏။ ၎င်းသည် အလယ်ခေတ်၏အကြီးကျယ်ဆုံးသော စွယ်စုံကျမ်းကြီးဖြစ်၏။ ၎င်းတွင် အပိုင်း (၃) ပိုင်း ပါဝင်၏။ တစ်ပိုင်းမှာ အဂ္ဂိရတ်ပညာဖြစ်၏။ အဂ္ဂိရတ်ပညာသည် ဓာတ်သတ္တုဗေဒနှင့်ဆက်သွယ်နေသည်။ စိုက်ပျိုးရေးပညာရပ်သည် ၎င်းရိုးရာဆေးပညာရပ်သည် ၎င်းရုက္ခဗေဒဘာသာရပ်နှင့် ဆက်သွယ်နေသကဲ့သို့ ဖြစ်၏။

သတ္တုများကို ၎င်းတို့၏ မူလ... ခြေအနေမှ ပိုမိုသန့်စင်သောအ... အနေသို့ အဂ္ဂိရတ်ပညာဖြင့် ကူးပြော... နိုင်သည် ဟူသောအချက်ကို သူလ... ယုံကြည်ပါသည်။ တစ်ခါတစ်ရံ... အဂ္ဂိရတ်ပညာရပ်သည် စိတ်ကူး... ဆန်သည်ဟု ထင်ရသော်လည်း ၎င်း... တန်ဖိုးအစစ်အမှန်ကို ရှေးခေတ်ပညာ... ရှင်များကသာမက ယနေ့ခေတ် ... တွေ့ပညာရှင်များကပါ ဖော်ပြထော... ခံထားကြောင်း တွေ့ရှိရ၏။

သူက ပြောင်းလဲမှုသည် ဖြစ်... သည်ဟု ယုံကြည်ထား၏။ အကြော... မှာ အညံ့စားသတ္တုများကို ၎င်းတို့... အခြေခံအကျဆုံးအဆင့်သို့ လျှော့... လိုက်ပြီးနောက် အဖိုးတန်သတ္တုအ... သို့ရောက်အောင် ပြုပြင်ပေးနိုင်သည်... ယုံကြည်ထား၏။ ဤဖြစ်စဉ်သည်... ပြဒါးရှင်လုံး (အသက်ရှည်ဆေး) ပြော... လဲခြင်းကိစ္စတွင်လည်း ထိုနည်းတူ... ဖြစ်စေနိုင်သောကြောင့်ပင် ဖြစ်၏။

စွယ်စုံကျမ်းတစ်စောင်တွင် အ... ရတ်နှင့်ပတ်သက်ပြီး ဗင်းဆင့်က ... ပြထားသည်မှာ အခြေအနေပေါင်း... စွာအတွက် သတ္တုတိုင်း၌ ပါရှိသ... ဓာတ်(၄)မျိုးမှာ ပြဒါး၊ ကန့်၊ စိန်၊ ... တို့ ဖြစ်၏ဟု ဆိုထား၏။ အခြေခံသ... (၆) ပါးမှာ ရွှေ၊ ငွေ၊ ကြေးနီ၊ ဘင်... နှင့် သံတို့ ဖြစ်၏။ ကမ္ဘာမြေအတွင်း... သတ္တုကြောပေါင်းစုံမှ သတ္တုတိုင်းသ... ပြဒါးနှင့် ကန့်တို့၏ ဓာတ်ပြုမှုကြော... ဖြစ်၏။ အချက်များသည် သာမန်ဓာ... ဗေဒထက် အဂ္ဂိရတ်ပိုဆန်လေသ... ၎င်းတွင် လက်တွေ့ဖြစ်ရပ်များစွာ... သည်ဟု ယုံကြည်ထား၏။ ဓာတ်ဖွဲ့... မှုကိုဖြစ်စေသော ဓာတ်များမှာ ... ဆန်း (ဟင်းရိုင်း)၊ ယမ်းစိမ်း၊ ကြေး... ဖြစ်၏။ နောက်ထပ် ဒိုမီနီကန်... ဘုန်းတော်ကြီးတစ်ဦးဖြစ်သော ... မတ်အကွီနပ် (၁၂၂၅-၁၂၇၄)သည် ... ရတ်ဆိုင်ရာငြင်းခုံပွဲများတွင် ပို၍ ... ကြွစွာပါဝင်သူ ဖြစ်၏။

သူ့သဘောထားမှာ သူ၏ ... သက်တာတွင် သတ္တုတစ်ခုကိုသာ... များစွာကို ပြောင်းလဲလိုသောဆန္ဒ... တူ၏။ သူကဆိုသည်မှာ အဂ္ဂိရတ်... ရှင်သည် မီးကိုအသုံးပြုသဖြင့် အ... သိမ်း ရွှေကို ဖွဲ့စည်း၍ရလိမ့်မည်... မမျှော်လင့်နိုင်ပါ။ သို့တည်းမ... သဘာဝအနေဖြင့် ဖွဲ့စည်းလျှင်...



www.burmeseclassic.com

www.burmeseclassic.com

ရမည်ဟု မမျှော်လင့်နိုင်ပေ။ ၁၂၆၉ ခုနှစ်နှင့် ၁၂၇၂ ခုနှစ်တွင် အင်္ဂလိပ်ရွှေ ရောင်းဝယ်ခြင်းမှာ သိက္ခာရှိ၊မရှိ၊ အဆင့်တန်းနှင့်ညီ၊မညီ ငြင်းခုံခဲ့ကြ၏။ အင်္ဂလိပ်ရွှေရှိသော ရွှေ၊ ငွေတို့သည် သဘာဝ ရွှေ၊ ငွေတို့၏ စံချိန်စံညွှန်းကို မမီပါ။ ၎င်းကို အတုအလိမ်ဟု ခေါ်ဆိုနိုင်သည်။

သဘာဝ ရွှေ၊ ငွေများတွင် ရှိရသော ဂုဏ်သတ္တိများအားလုံး အင်္ဂလိပ်ရွှေ၊ ငွေများတွင် ရှိရမည် ဖြစ်၏။ ရွှေ၊ ငွေသတ္တုတို့သည် သဘာဝအား ဖြင့် အချို့သောရောဂါလက္ခဏာများကို သက်သာ ပျောက်ကင်းစေ၏။ ဤအချက်ကို အခြေခံ၍ သဘာဝရွှေနှင့် အင်္ဂလိပ်ရွှေကို နှိုင်းယှဉ်၍ ထိုးသောအခါ သဘာဝရွှေသည် ပိုမို၍ အစွမ်းထက်ပြီး အသုံးပြုနိုင်သောကာလမှာလည်း ပို၍ ရှည်သည်ကို တွေ့ရ၏။

သဘာဝရွှေကဲ့သို့သော ခြောက်ပြစ်ကင်းသည့်ရွှေကိုလည်း အင်္ဂလိပ်နည်းဖြင့် ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် အင်္ဂလိပ်ရွှေရောင်းဝယ်ဖောက်ကားခြင်းသည် ဥပဒေနှင့် မဆန့်ကျင်ပါ။ သဘာဝ နှင့်အင်ရှိသော သဘာဝပစ္စည်းများကို ထုတ်လုပ်ရာ၌ အင်္ဂလိပ်ပညာကို ဟန့်တားနိုင်စွမ်းမရှိပါ။ စိန့်ဩဂတ်စတင်းက အောက်လမ်းပညာဖြင့် ဖန်တီးသည့် အရာများကို ပြောဆိုရာတွင် ဤအကြောင်းလည်း ပါ၏။

သတ္တုများနှင့်ပတ်သက်၍ မှတ်သားရန်မှာ ၎င်းတို့ကို အုပ်စုနှစ်ခုခွဲခြား သတ်မှတ်ရမည် ဖြစ်၏။ အဓိကပါဝင်သည့် အခြေခံဓာတ်နှစ်မျိုးမှာ ကန့်နှင့် ပြဒါး ဖြစ်၏။ ၎င်းတို့နှစ်မျိုးပါဝင်သော အချိုးအစားလိုက် သတ္တုအမျိုးမျိုး ဖြစ်ပေါ်ရ၏။

သတ္တုများသည် မြေအောက်တွင် သန္ဓေဝင်နေထိုင်ကြသည့်နည်းတူ ၎င်းတို့၏ဂုဏ်သတ္တိများသည်လည်း ၎င်းတို့အထဲတွင်ပင် လျှို့ဝှက်တည်ရှိနေကြ၏။ တစ်ခါတစ်ရံတွင် အင်္ဂလိပ်ပညာရှင်သည် သတ္တုများကို အခိုင်အမာ ဖြစ်ပေါ်စေ၏။ အငွေ့မထွက်စေဘဲ ကန့်နှင့် ပြဒါးကိုရော၍ ဖိုထိုးခြင်းဖြင့် ၎င်းသဘာဝပစ္စည်းဖြစ်သော အပူပေးခြင်းဖြင့် အငွေ့များကိုထွက်စေ၍ စိတ်ကိုပြောင်းလဲစေခြင်း ဖြစ်၏။ ထိုနည်းနှစ်နည်းဖြင့် သတ္တုများကို ထွက်ပေါ်စေ၏။

အင်္ဂလိပ်စာပေ အများအပြားကို သောမတ်အကွီးနပ်က ရေးသားခဲ့၏။ သို့သော် ၎င်းတို့ကိုမလေ့လာမီ အဲဘတ် (၁၁၉၃-၁၂၈၀)၏အမြင်များကို စစ်ဆေးရန်လို၏။ သူသည် ပက်ဒူဝါမြို့၌ အင်္ဂလိပ်ပညာကို လေ့လာလိုက်စားဆဲမှာပင် ဒိုမီနီကန်ဂိုဏ်းဝင်ဘုန်းကြီး ဖြစ်ခဲ့၏။

နောက်ပိုင်းတွင် သူသည် ဟိုက်ဒီရှနှင့် ကုံလုံမြို့တို့တွင် ပညာသင်ကြား ပို့ချပေးခဲ့၏။ သောမတ်အကွီးနပ်သည်ပင်လျှင် ၎င်း၏တပည့်တစ်ဦး ဖြစ်၏။ ၎င်းသည် သိပ္ပံပညာကို စိတ်ပါဝင်စားသူ ဖြစ်၏။ ၎င်း၏မိသားစုကလည်း ထို့အတူပင် ဖြစ်၏။ သိပ္ပံပညာ၏ တစ်ခုတည်းသော အခြေခံနည်းမှာ လေ့လာမှတ်သားမှုနှင့်လက်တွေ့လုပ်ဆောင်မှုတို့သာ ဖြစ်သည်ဟု ယုံကြည်ထားကြလေသည်။ METALS AND MINERALS ဤကျမ်းတွင် အယ်ဘာတပ်က အဗီဆင်းနားကဲ့သို့ပင် အင်္ဂလိပ်ကို စိတ်ပါဝင်စားသူ ဖြစ်၏။

အဗီဆင်းနားသည် သတ္တုသဘာဝပြောင်းလဲခြင်းကို မနှစ်သက်မထောက်ခံသူ ဖြစ်၏။ သူက ဝတ္ထုသည် တကယ်တမ်း မပြောင်းလဲနိုင်ဟု ဆို၏။ ဥပမာအားဖြင့် ကြေးနီကို ရွှေအရောင်ဖြစ်အောင် ခေတ္တခဏအရောင်တင်ခြင်းသာ ဖြစ်သည်ဟု ဆို၏။ သူက အတတ်ပညာအပေါင်းတို့တွင် အင်္ဂလိပ်ပညာသည် သဘာဝကို အနီးစပ်ဆုံး တုပနိုင်သူဖြစ်သည်ဟု ဆို၏။ သို့သော် ၎င်းသည် တုပမှုသက်သက်သာဖြစ်သည်ဟု ဆို၏။

အဗီဆင်းနားက ဖွင့်ဆိုရာတွင် သဘောတရားအားဖြင့် အင်္ဂလိပ်ပညာသည် အဓိကသတ္တုကြီးနှစ်မျိုးဖြစ်သော ပြဒါးနှင့် ကန့်ကို မြောက်မြားစွာသော ပမာဏဖြင့် ပြုပြင်ပြောင်းလဲနိုင်၏။ ထို့နောက်တွင်းမှ အချိုးအစားအမျိုးမျိုးဖြင့် ပူးပေါင်းစေခြင်း ဖြစ်၏။ လက်တွေ့အရမူ အင်္ဂလိပ်ပညာရှင်သည် အဝါ သို့မဟုတ် အဖြူရောင်အညံ့စားသတ္တုကို အရောင်ပြောင်းနိုင်ခြင်းမျှသာ ဖြစ်သည်။ သဘောတရားအားဖြင့် ရုပ်ဒြပ်များ၏ ပြောင်းလဲမှုသည် ဖြစ်နိုင်၏။ သို့သော် အင်္ဂလိပ်ပညာသည် ထိုပညာ၏ သက်ဆိုင်ရာ အဓိကသော့ချက်ကို တွေ့ရှိရန် လိုပေသေး၏။

ထိုကိစ္စနှင့်ပတ်သက်၍ အယ်ဘာတပ်က ဤကဲ့သို့ အခိုင်အမာပြောဆို၏။

ကျွန်ုပ်သည် အင်္ဂလိပ်ရွှေကို ကိုယ်တိုင်စမ်းသပ်ခဲ့ပြီးဖြစ်၏။ သို့သော် ၎င်းကို (၆)ကြိမ်၊ (၇)ကြိမ်မျှ မီးတိုက်လိုက်သောအခါ အမှုန့်ဖြစ်သွားသည်ကို တွေ့ရ၏ဟု ဆိုထားပါသည်။ အဆိုပါ ဒိုမီနီကန်ခရစ်ယာန်ဂိုဏ်းဘုန်းတော်ကြီး၏ ဖော်ပြချက်သည် ထူးထူးခြားခြားပင် တိကျစွာ ဖော်ပြခဲ့ပါသည်။ သို့သော် သိပ္ပံပညာ၌ နျူးကလီးယား ရူပဗေဒပညာပေါ်ပေါက်လာပြီး နောက်ပိုင်းတွင်မှ ပညာရှင်တို့က ရုပ်ဒြပ်တို့၏ ပြောင်းလဲမှုသည် ဖြစ်နိုင်ပါသည်ဟု အခိုင်အမာ ဆိုလာခဲ့ပါသည်။ သို့သော် ထိုသို့ပြောင်းလဲနိုင်ရန်အတွက် လွန်စွာ အဆင့်မြင့် ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများ လိုအပ်ပါသည်။ ထိုလုပ်ထုံးလုပ်နည်းများကို အလယ်ခေတ် အင်္ဂလိပ်ပညာရှင်များအနေဖြင့် အိပ်မက်ထဲမှာပင် မမြင်ဘူး၊ မတွေ့ဘူးခဲ့ကြခြင်းသာ ဖြစ်ပါသည်။

အယ်ဘာတပ်အမည်ဖြင့်မူ အင်္ဂလိပ်ကျမ်းပေါင်းများစွာကို ရေးသားခဲ့ခြင်းကား မရှိပါ။ ရှိခဲ့သည့်ကျမ်းမှာ နှစ်ကျမ်းမျှသာ ဖြစ်၏။ ထိုကျမ်းပြုပုဂ္ဂိုလ်အနေဖြင့် ဖော်ပြထားသည်မှာ အဂ္ဂတ် အယ်ဘာတပ်နှင့် အယ်တာတပ် ဟူ၍ ဖြစ်နေ၏။ ထိုကျမ်းများတွင် အင်္ဂလိပ်ပညာအပြင် ဂါထာမန္တန်နှင့် အခြားလူသိများသော ဂမ္ဘီရအယူအဆများကိုပါ ဖော်ပြထား၏။ ကျမ်းရေးသည့်ရက်စွဲများမှာလည်း နောက်ပိုင်းရက်စွဲဖြစ်၏။

နောက်အင်္ဂလိပ်အုပ်စုတွင်လည်း ခွင်းချက်တစ်ခု၊ နှစ်ခုမှအပ အထက်ပါနည်းအတိုင်းပင် ဖြစ်ပါသည်။ LITTLE BOOK OF ALCHEMY သည်လည်း သာမန်အင်္ဂလိပ်ပညာကိုပင် ဖော်ပြထားပါသည်။ အချို့သောပညာရှင်တို့က ဤလက်ရေးစာမူကို ခိုင်မာမှုရှိသည်ဟု ဆိုပါသည်။

အချို့ကလည်း အဆိုပါကျမ်းကို သူရေးခဲ့သည်ဆိုရုံမျှအပ ထူးထူးခြားခြား မဆိုကြပေ။ ဤကျမ်းငယ်တွင် အခန်းပေါင်း (၅၇) ခန်းပါရှိပြီး အင်္ဂလိပ်ပညာ၏သော့ချက်များ ပါဝင်လေသည်။ ဥပမာ သတ္တုထုတ်လုပ်မှုအတွက် ပြဒါးနှင့် ကန့်သဘောတရား အင်္ဂလိပ်ဖို၏ အရေးအတွက်နှင့်အရည်အချင်းသဘောတရား၊ အင်္ဂလိပ်လုပ်ငန်း၏အဆင့်ဆင့်သောလုပ်ရပ်များ (ဥပမာ အငွေ့ထွက်စေခြင်း၊ ပေါင်းတိုက်ခြင်း၊ ပြာချခြင်း၊ စုခဲခြင်း) စသည်တို့ ဖြစ်၏။ ထို့အပြင် ထိုကျမ်းငယ်၌ အသက်ရှည်ဆေးတို့၏



www.burmeseclassic.com

www.burmeseclassic.com

သဘောသဘာဝ၊ အဂ္ဂိရတ်လုပ်ငန်းတွင် အသုံးပြုသည့် မြောက်မြားစွာသော ပစ္စည်းအမျိုးအစားများဖြစ်သည့် ဇဝက်သာ၊ အယ်ကာလီ၊ ပြဒါးဆုန်း စသည်တို့ကို ဖော်ပြထား၏။ ထိုကျမ်းငယ်၏ စိတ်ဝင်စားစရာ အကောင်းဆုံးသော ကဏ္ဍမှာ နိဒါန်းပိုင်း ဖြစ်၏။ ၎င်းတွင် ကျမ်းပြုသူက ဤကျမ်းတွင် အဂ္ဂိရတ်ပညာ၏လျှို့ဝှက်မှုကို ရှာဖွေဖော်ထုတ်ရခြင်းနှင့် ပတ်သက်၍ ခက်ခဲနက်နဲပုံကို ဖော်ပြထားသောအပိုင်း ဖြစ်၏။

သူသည် အဂ္ဂိရတ်ပညာရပ်နှင့် ပတ်သက်ပြီး ဤကျမ်းငယ်ကို ပြုစုရန်အတွက် ဒုက္ခများစွာရောက်ရသည့် မြို့ကြီးပြကြီး အဆောက်အအုံကြီးများသို့မဆိုထားနှင့်၊ ပြည်နယ်ဒေသပေါင်းများစွာသို့ သွားရောက်ခဲ့ရ၏။ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ခဲ့ရ၏။ ထိုထက် အဂ္ဂိရတ်ဟူသော ပညာရပ်နောက်သို့ လိုက်ရခြင်းက ပိုခက်ခဲ၏။ ဤပညာရပ်၏လျှို့ဝှက်ချက်ကို သိရှိနိုင်ရန်အတွက် ပညာရှင်ပေါင်းများစွာနှင့် တွေ့ဆုံဆွေးနွေးမေးမြန်း ပြောဆိုရ၏။ တွေ့ရှိပြီးသမျှကိုလည်း ရေးသား မှတ်တမ်းတင်ရသေး၏။ အချိန်လည်း များစွာကုန်ရ၏။ အဆိုပါကျမ်းများက ဖော်ထုတ်ထားသည် ဆိုသော အမှန်တရားကိုလည်း တစ်ခါတလေမျှပင် မတွေ့ခဲ့ရပေ။ ထို့ကြောင့် ကျွန်ုပ်သည် အဂ္ဂိရတ်ကို ထောက်ခံသူများနှင့် အဂ္ဂိရတ်ကိုဆန့်ကျင်သူများ ဟူ၍ တသီးတခြားစီခွဲ၍ လေ့လာခဲ့ရာတွင်လည်း မည်သို့မျှအကျိုးထူးမလာခဲ့သည်ကို တွေ့ရှိရ၏။

ကျွန်ုပ်သည် ဤပညာရပ်နှင့်ပတ်သက်ပြီး ပစ္စည်းဥစ္စာ ချမ်းသာ၍ အတတ်ပညာရှိသောပုဂ္ဂိုလ်များ၊ ကျောင်းထိုင်ဘုန်းတော်ကြီးများ၊ အဂ္ဂိရတ်ပညာရှင်များ၊ စိတ်ပညာရှင်များ၊ အဂ္ဂိရတ်နှင့် ပတ်သက်ပြီး ဘာမှမသိနားမလည်သူများကိုလည်း တွေ့ဆုံခဲ့၏။ ထိုသူများသည် ဤပညာရပ်၏ အမှန်တရားကို လိုက်လံရှာဖွေရင်း နှစ်ပေါင်းများစွာ အချိန်ကုန်လူပန်း ငွေကုန်ခန်းမှုများဖြစ်ပေါ်ခဲ့ကာ နောက်ဆုံးတွင် ဘာတစ်ခုမှ အကျိုးမရှိသဖြင့် ဤလုပ်ငန်းကို စွန့်လွှတ်ခဲ့ကြလေ၏။

အမှန်ဆိုရပါမူ ကျွန်ုပ်သည် ဤဖြစ်ရပ်များကြောင့် စိတ်မပျက်ပါ။ မည်မျှပင် ခက်ခဲပါစေ၊ ငွေကြေးကုန်ကျပါစေ ကျွန်ုပ်သည် ဤပညာရပ်ကို ဆက်လက် စူးစမ်းလေ့လာနေဦးမည်သာ ဖြစ်ပါသည်။ ကျွန်ုပ်သည် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ရင်း အဖိဆင်းနားကဲ့သို့ သမထထိုင်ရင်း ဤပညာရပ်ကို စိတ်မပျက်ဘဲ ဆက်လက်၍သာ လေ့လာ လိုက်စားနေဦးမည်သာ ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဤနေရာသည် ဤသို့ဖြစ်လျှင် ထိုအရာသည် မည်သို့ဖြစ်သနည်း၊ ဤသို့မဖြစ်လျှင်မူ ထိုသို့မဖြစ်နိုင်ပါသလော စသည့် မေးခွန်းများ၊ အဖြေများအတွက်ကိုကား ကျွန်ုပ်သည်တတ်သိသည့်သိပ္ပံနည်းစနစ်အရမဟုတ်သော အနန္တဝိညာဉ်တော်၏ ဂုဏ်ကျေးဇူးဖြင့် တွေ့အောင် ရှာပါတော့မည်ဟု ဆုံးဖြတ်လုပ်ကိုင်ခဲ့၏။

ထိုအခါတွင်မှ သဘာဝကိုကျော်လွန်၍မှ သိနိုင်စွမ်းရမည် ဖြစ်သော အဆိုပါ အတတ်ပညာကို ကျွန်ုပ်သိရှိနားလည်ခဲ့ရလေ၏။ ထို့နောက် ကျွန်ုပ်သည် အဂ္ဂိရတ်ပညာရပ်၏အရည်ပြုတ်ခြင်း၊ အခိုးအငွေ့ထုတ်ခြင်း၊ အရည်ပျော်ခြင်း၊ ပေါင်းတိုက်ခြင်း၊ ကျိုချက်ခြင်း၊ ပြာချခြင်း၊ စုခဲစေခြင်းတို့ သဘောသဘာဝကို သိခဲ့ရတော့၏။ နောက်ဆုံးတွင် သိလာရသည်မှာ အဂ္ဂိရတ်ပညာရပ်၏ သတ္တုပြောင်းလဲမှုသည် နေနှင့်လ သဘောတရားပင်ဖြစ်ကြောင်း နားလည်ခဲ့ရပါတော့၏။

ဤနည်းဖြင့် ဂုဏ်သတ္တိပြောင်းလဲစေပြီး ရရှိလာသောသတ္တုသည် ပုံမှန်သဘာဝတွင်းထွက်မှ ရရှိသော သတ္တုထက် အဆပေါင်းများစွာ သာလွန်ကောင်းမွန် အစွမ်းထက်ကြောင်း တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ ကျမ်းငယ်၏ နိဒါန်းပါ စကားရပ်များကို ထောက်ဆခြင်းအားဖြင့် အယ်ဘာတပ်သည် အဂ္ဂိရတ်ပညာကို တတ်ကျွမ်းရုံမျှမက သူကိုယ်တိုင်ပင် သိဒ္ဓိဝင်ပြဒါးလုံးကို ရရှိခဲ့လေပြီဟု ဆိုနိုင်ပါသည်။

ထိုအခါ သူသည် အဂ္ဂိရတ်ပညာတွင် အမှန်တရား ဟူ၍ လုံးဝ မရှိကြောင်း ဟူသောအဖြေကို တွေ့ရှိခဲ့၏။ ထိုအခါ သူသည် သူ၏ခိုင်မာသောသိပ္ပံတွေ့ရှိချက်အဖြစ် သူ့စာဖတ်ပရိသတ်အား လက်တွေ့ စမ်းသပ်မှုများကို ဖော်ပြထား၏။ ထိုတွင် သူက အခိုင်အမာ ပြောခဲ့ပါသည်။

ဤကိစ္စကို ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ်၏ မျက်လုံးအစုံဖြင့် တွေ့ရှိခဲ့ပါသည်။ ထို့အပြင် အမြောက်စားခံရဆုံးသော တပည့်ဖြစ်သည့် သောမတ်အကွီးနပ်သည် ကျမ်းပေါင်းများစွာကို သူနှင့်တ[...] ခေတ်တည်းတွင်ပင် ရေးသားခဲ့လေ[...]

၁၆၅၆ ခုတွင် ထွက်ပေါ်ခဲ့သော[...] စာအုပ်ကတ်တလောက်၌ အောက်[...] ကျမ်းအမည်များ ပါရှိ၏။

1. TREATISE OF THE BEIN[...] AND ESSENCE OF. MINERA[...] UUM
2. THE SECRET WONDERS O[...] ALCHEMY
3. THE TREASURE OF ALCH[...] EMY
4. THE RISNGDAWN
5. THE ART OF METALS
6. THE STONE THAT GIVE[...] LIFF တို့ ဖြစ်၏။

ထို့အပြင် ထိုကာလ၌ တွေ့[...] သော TURBA PHILOSO PHORU[...] နှင့် TABULA SMARAGDINA အ[...] ရှိ ကျမ်းနှစ်စောင်၏ ဋီကာဖွင့်ဆို[...] များသည် ခိုင်လုံမှုမရှိကြောင်း တွေ့[...] ၏။ ကျမ်းပြုကာလများမှာလည်း [...] ရာစုအတွင်းက ရေးသားခဲ့ခြင်း ဖြစ်[...] အလယ်ခေတ်နှောင်းပိုင်းသည် ခိုင်[...] ခိုင်မာမှုကို ဦးစားပေးသည့်ခေတ် [...] ၏။ ထိုကာလအတွင်းက ခရစ်ယာ[...] ဘုန်းတော်ကြီး စိန့်ဒိုမီနစ်သည် တို[...] တိုင်လည်းထင်ရှားသည့် အဂ္ဂိရတ်[...] ရှင်ဖြစ်ပြီး သိဒ္ဓိဝင် ပြဒါးလုံးလုပ်[...] နည်းကို တွေ့ရှိခဲ့သူ ဖြစ်သည်ဟုလ[...] အများက ယုံကြည်ထားကြ၏။

၎င်းသည် အယ်ဘာတပ်၏ဆ[...] ဖြစ်၏။ အယ်ဘာတပ်သည် သူ့[...] ပေးခဲ့သည့် လျှို့ဝှက်ချက်အား တ[...] ဖြစ်သူ သောမတ်အကွီးနပ်ကို [...] ဆင့်ကမ်းပေးခဲ့၏။ သူရေးခဲ့သည့်[...] တို့၏ ခိုင်မာမှုသည် မေးစရာမလို[...] အယ်ဘာတပ်သည် အဂ္ဂိရတ်နှင့် [...] သက်၍ သတ္တုသဘောတရားကို အ[...] အမာ နားလည်ထားသူတစ်ဦး ဖြ[...] သူ့တွင် သိပ္ပံနည်းကျ စူးစမ်းသော[...] ဓာတ်ရှိသဖြင့် သူသည် အဂ္ဂိရတ်[...] ကို အလေးအနက် နားလည်သ[...] မဖြစ်နိုင်စရာအကြောင်း မရှိပေ။ [...] သော် ဤကိစ္စသည် သောမတ်အ[...] နပ်တွင်မူ ထိုကဲ့သို့ မဖြစ်နိုင်ပေ။ [...] သေးမိက ပြင်သစ်လူမျိုး မာရီ[...] သည် ထိုအချိန်တွင် အဂ္ဂိရတ်[...] သင်္ကေတများကို ရှာဖွေနေသူ [...] သူ၏ ထင်မြင်ချက်များကို ထ[...] ပြောဆိုရာ၌ ထိုကျမ်းများသည်[...]



www.burmeseclassic.com

www.burmeseclassic.com

အကွိုးနပ်ရေးသားခြင်းဖြစ်နိုင်သည် ရေးသားခဲ့၏။

ရှေ့ဆက်၍ ဆွေးနွေးရမည့်ကိုစ္စ ရောင်နီဦးကျမ်း (QURORA) ဆိုင် ကိစ္စ ဖြစ်၏။ ခက်ခဲနက်နဲသောကိစ္စ ဖြစ်၏။ မာရီလူးဝစ်က ဤကျမ်းကို ကြည့်ခြင်းအားဖြင့် ထိုကျမ်းသည် ဆုံးခါနီးလူတစ်ယောက်က ရေးသား ဖြစ်ရမည်ဟု ဆို၏။ သောမတ် အကွိုးနပ် ကွယ်လွန်ခါနီးကာလများတွင် ရေးသားခဲ့သည့်စာမျာသည် စိတ်ပျံ့ နေသဖြင့် လောကကြီးကို ဆန့်ကျင့် သည့်အကြောင်းများသာဖြစ်သည်ဟု ဆို ဖြစ်၏။

သောမတ်အကွိုးနပ်၏စာများကို ညီ၍ ရေးသားပေးရသည့် ၎င်း၏ ဖော်ကိုင်ဖက် ခရစ်ယာန်ဘုန်းတော် ရယ်ဂျီနိုပါပါနိုက ပြောခဲ့သည်မှာ-

"သူသည် အကွိုးနပ်၏စာများကို ညီရေးသားပေးရာ၌ ၎င်း၏စိတ်သည် ခါတစ်ရံတွင် မူမမှန်ဘဲ ဖောက်ပြန် နေသည်ဟု ထင်ရကြောင်း ဆိုခဲ့၏။ အကွိုးနပ်သည် ကျမ်း၏နောက်ဆုံးစာ ကို ရေးသားနေရင်း မျက်လုံးများ သည် စိုက်သွားကာ ဦးခေါင်းကလည်း တ်ပေါ်သို့ ကျရောက်လျက်ရှိပေ သည်။ ထိုအခါ ရယ်ဂျီနိုက 'ဘာဖြစ်လို့ ဆက်မရေးတာလဲ'ဟု မေးသောအခါ က 'ငါမရေးနိုင်တော့ဘူး'ဟု ပြန်ပြော တ်၏။

ထိုကဲ့သို့ အကွိုးနပ်သည် ရက်အ ကြာဖြစ်ပြီးနောက် သူ့မိတ်ဆွေ၏ တ်တွန်းအားပေးမှုအရ စာပြန်ရေး၏။ သော် သူ့ဘာသာသူ ဆက်မရေးနိုင် ပေ။ ထိုအချိန် ရေးပြီးသမျှတို့မှာ သည်း အဆက်အစပ်မရှိဖြစ်နေ၏။ ဤ ဖြစ်အပျက်နှင့် ပတ်သက်၍ နောက် ထပ်မံကြားသိရသည့် အကြောင်း ရာမှာ ထိုထက် ပိုလွန်သေး၏။ ထို ကြောင်းအရာမှာ အကွိုးနပ်က -

"ယခုအချိန်အထိ ကျွန်ုပ်ရေးခဲ့ သမျှသည် အချည်းနှီးဖြစ်နေသည်။ ကျွန်ုပ်တွေ့ခဲ့ရသည့် လောကကြီးနှင့် လျှင် ဘာမှမပြောပလောက်သေးပေ"

ဟု ဆို၏။

အကွိုးနပ် သေဆုံးခါနီးတွင် သူ သည် ဂမ္ဘီရအမြင်ကိုရရှိပြီး သူ့တွင် သာ ထက် သာလွန်ကောင်းမြတ်သည့် စိတ်ရှိနေကြောင်း ဆိုခဲ့၏။

တချို့ကလည်း ဤလက္ခဏာ သည် သက်ကြီးစိတ်ရောဂါတစ်မျိုးဟု ဆိုကြ၏။ မာရီအနေဖြင့်မူ ပထမအနု မာနကို ပို၍ သဘောကျ၏။ ဤကား သူမအတွက် အရေးကြီးဆုံးသောတွေ့ရှိ ချက် မဟုတ်ပေ။ သူသည် Sone of Sone စာအုပ်ငှီကာကို ရေးနေဆဲမှာပင် ကွယ်လွန်သွားခဲ့၏။ ထိုစာအုပ်သည် လည်း ထိုခေတ်တွင် ရောင်နီဦးအဆန် ဆုံးသော စာအုပ်တစ်အုပ် ဖြစ်၏။ ဤ အချက်နှင့် အခြားသော အချက်အချို့ အရ ရောင်နီဦးကို သောမတ်အကွိုးနပ် ၏ မှတ်စုများမှ ထုတ်နုတ်ယူကြောင်း မာရီလူးဝစ်အား ထင်ရှားသိမြင်စေ၏။

ဒိုင်မီနီကန်ခရစ်ယာန်အဖွဲ့ကို ဖွဲ့ စည်းနေစဉ်ပင် ဖရန်စစ္စကန်ခရစ်ယာန် အဖွဲ့သည် ကျဆုံးနေလေသည်။ ဖရန် စစ္စကန်ဘုန်းတော်ကြီး ဗွန်ဗန်သူရာသည် အီးလီယတ်နှင့်ခေတ်ပြိုင်ဖြစ်၏။ ၎င်း သည် LIBER COMPOSTEUA ကျမ်းကို ရေးသားခဲ့၏။ ကျမ်းရေးသည့်ကာလမှာ ၁၅ ရာစု ဖြစ်၏။ ဗွန်ဗန်သူရာသည် ၁၁၈၀ ပြည့်နှစ်မှ ၁၂၆၀ ပြည့်နှစ်အထိ အသက်ရှင်နေထိုင်ခဲ့၏။ အီးလီးယပ်၏ နောက်ပိုင်းခေတ်တွင် ထင်ပေါ်ကျော် ကြားသူလည်း ဖြစ်၏။ စလိုင်းဗင်က သူ့ကိုဖော်ပြရာတွင် 'ပညာရှိသူ၊ ပါရမီ ရှင်၊ ပညာရှင်၊ ရိုးသားဖြောင့်မတ်သူ၊ သူတော်စင်ဘဝတွင် နေထိုင်သူ' ဟူ၍ ဖြစ်၏။

ဘရာသာအီးလီးယပ်၏အာဏာ ရှင်ဆန်သောအုပ်ချုပ်မှုကို တော်လှန် သောလူနည်းစုတွင် သူလည်း တစ်ဦး ပါဝင်၏။ သို့ရာတွင် စလိုင်ဗင်သည် သူ့အကျင့်စရိုက်တစ်မျိုးဖြစ်သော မုန်း တီးမှုကို လက်ခံကျင့်သုံးသူ ဖြစ်၏။ သူ သည် အထက်စီးမှပြောဆိုဆက်ဆံလေ့ ရှိ၏။ သို့သော် အများသိထားသည်မှာ သူသည် သာမန်ထမင်းဆိုင်ပိုင်ရှင်တစ် ဦး၏သားမျှသာ ဖြစ်၏။

၁၂၅၆ ခုနှစ်တွင် LIBER COMPOSTEUA ခေါ် လက်တွေ့အဂ္ဂိရတ် နည်းပေါင်းစုကျမ်း ပေါ်ထွက်လာ၏။ ၎င်းတွင် အရည်ချက်နည်း၊ အရည်ဖျော် နည်း၊ အမှုန့်ပြုနည်း၊ ၎င်းအမှုန့်မှ ဆေး ဝါးထုတ်လုပ်နည်း၊ တင်ချာဆေးရည်ပြု လုပ်နည်း၊ ရွှေရောင်, ငွေရောင်ဖြစ်စေ သော သတ္တုအရောင်တင်နည်းတို့ ပါ ဝင်၏။

ဤစမ်းသပ်ချက်များတွင် အသုံး ပြုသည့် အခြေခံပစ္စည်းများတွင် သတ္တု များနှင့် ရိုးရာအဂ္ဂိရတ်ပညာတွင် အသုံး များပစ္စည်းများ ပါဝင်လေသည်။ အ ခြားသော ပိုမိုရှားပါးသည့် ပစ္စည်းများ မှာ ပင်လယ်ရေ ဘိန်းအဆီနှင့် လူ့သွေး တို့ ဖြစ်၏။ နောက်ပိုင်းခေတ် အဂ္ဂိရတ် ပညာရှင်များသည် လုပ်နည်းကိုင်နည်း များကိုသာ စိတ်ဝင်စားကြသည်မဟုတ် ဘဲ ထိုဝေါဟာရ၏ဖွဲ့စည်းပုံကို စိတ်ဝင် စားလာကြခြင်း ဖြစ်၏။ အနုမာနများ စွာတို့ကို တင်ပြကြ၏။ ပထမတစ်ခုမှာ Compastella ဝေါဟာရသည် လက်တင် စကား Compositum မှ ဆင်းသက်ပြီး အဓိပ္ပာယ်မှာ ကျမ်းပေါင်းစု ဟူ၍ ဖြစ် ၏။ သို့တည်းမဟုတ် အဂ္ဂိရတ်ညွှန့် ပေါင်းကျမ်း ဟူ၍ ဖြစ်၏။

ဒုတိယတစ်ခုမှာ Compostlla သည် Santiago ကို ရည်ညွှန်း၏။ ၎င်း သည် အဂ္ဂိရတ်ပညာရှင်များ အထွတ် အမြတ်ထားသော ဘုရားဖူးသွားခြင်း ဟူသည့် ဝေါဟာရ၏ အနှစ်မပန်းတိုင် ဖြစ်၏။ (ဘုရားဖူးသွားခြင်းဟူသည်မှာ မိမိ၏ဓာတ်ကိစ္စ အမြန်ပြီးမြောက်စေ ရန် ပညာအပါအဝင် ပါရမီဖြည့်ခြင်း ဖြစ်၏။) ရှေ့အခန်းတွင် ထပ်မံတွေ့ရှိ ရမည် ဖြစ်၏။ နောက်ဆုံး အနုမာနမှာ Compound ဟူသော ဝေါဟာရ၌ Com သည် With Post သည် after ဖြစ်၏။ သို့မဟုတ် Compos သည် မာစတာ (ဆရာ) ဖြစ်၏။ Stella (Star) သည် ကြယ်ဖြစ်၏။ ရှေးဦးစွာ ရှေးခေတ်နှင့် အညီ ရေးသားပြီးနောက်ပိုင်းတွင် ရှေ့ ခေတ်ရောနောက်ခေတ်ပါ ဝင်ဆံ့အောင် ရေးသားပြီး ထိုကြယ်နှင့်အညီ ရေးသား ခြင်း ဖြစ်၏။ ထိုကြယ်သည် သတ္တု ပြောင်းလဲမှုကိုရရှိသည့် သင်္ကေတ ဖြစ် ၏။

၎င်းသည် လူတို့အား အသိဉာဏ် ဖွံ့ဖြိုးစေပြီး မှတ်သားဉာဏ်ကို ပို၍ ကောင်းမွန် ထက်မြက်စေသည်။ This water ဟူသော စကားလုံး၏ ထူးဆန်း သောအဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ထို ရေသည် ဝက်ရူးတက်ရောဂါကို ပျောက် စေ၏။ ထိုရေကိုတွေ့ရှိသူမှာ မရဲယာ. မိုင်နား၏ဆရာ ဂျွန်ဆိုသူ ဖြစ်၏။ ထို သူသည် အဂ္ဂိရတ်ပညာရှင်လည်း မဟုတ်၊ ဆေးပညာရှင်လည်း မဟုတ်ပေ။

*(ရှေ့လဆက်ဖတ်ပါ)*

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

ဖားမိုးတွေ၊ ငါးမိုးတွေ၊ ပဲမိုးတွေ၊ သစ်သီးမိုးတွေ ရွာချလိုက်တော့ စားလို့ရတယ်။ ငွေမိုးတွေရွာချလိုက်တော့ သုံးရစွဲရတယ်။ ဒါပေမယ့် တန်ရင်ဆေး၊ လွန်ရင်ဘေးလို့ ဆိုတယ်မဟုတ်လား။ ဒဂါးတွေ အများကြီးမိုးပေါ်ကကျလာလို့ လူ့ခေါင်းကိုထိရင် မလွယ်ဘူး။ ထိခိုက်ဒဏ်ရာရမယ်၊ အကျိုးမဖြစ်ဘဲ အဆိုးဖြစ်သွားမယ်။

မိုးသီးတွေ၊ ခဲတွေ မိုးပေါ်ကကျလာမယ်ဆိုရင်တော့ အန္တရာယ်တွေ တစ်သီကြီးတွေ့ရတော့မယ်။ မိုးသီးကျတာမဆန်းပါဘူး။ မန်ကျည်းစေ့လောက်၊ ဆီးစေ့လောက် မိုးသီးတွေကျလာတာကို လူအများ ကြုံဖူးကြတာပဲ။ ဒါပေမယ့် ရှောက်သီးလောက်၊ ဘော်လီဘောလုံးအရွယ်လောက် မိုးသီးတွေကျလာမယ်ဆိုရင်တော့ အန္တရာယ်ပါပဲ။

၁၇၈၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှာ ပြင်သစ်ပြည် လု(စ်)မြို့ပေါ်မှာ မိုးပေါ်က ခဲကြီးတစ်လုံးကျလာပါတယ်။ ဓာတုဗေဒပညာရှင် လဗိုက်ရှားအပါအဝင် ပြင်သစ်သိပ္ပံရှင်အဖွဲ့က လေ့လာ စုံစမ်းတယ်။ မိုးပေါ်မှာခဲမရှိတာဖြစ်လို့ မိုးပေါ်ကကျလာတဲ့ခဲ မဖြစ်နိုင်ဘူးလို့ ဆုံးဖြတ်ကြတယ်။ ဒီလိုရှေးခေတ်သိပ္ပံပညာရှင်တွေက လက်မခံနိုင်ကြပေမယ့် နက္ခတ်ဗေဒပညာ တိုးတက်လာ... ၁၉ ရာစုလောက်တော့ မိုးပေါ်က... လာတဲ့ခဲရှိတယ်ဆိုတာ တွေ့ရှိသွားကြ... ပြီ။

အေဒီ ၂ ခုနှစ်က ၁၈၆၀ အတွင်း... ဥက္ကာပျံက မဲ့ထွက်တဲ့ အပိုင်းအစ... ကောင်းကင်က ကျလာတာကို ရှာ... မှတ်တမ်းတင်တဲ့အခါ အကြိမ် (၂၀... ရှိတယ်လို့ ဆိုတယ်။ ၂၀ ရာစုကျ... အာကာသအတွင်းမှာရှိတဲ့ ဥက္ကာပျံ...

## ဥက္ကာပျံမိုးတွေ...

## ခေမာဝ်ကျောက်တုံ...





www.burmeseclassic.com

www.burmeseclassic.com

ပျံတွေက ထွက်လာတဲ့ ဥက္ကာခဲ သာ သန်းနဲ့ချီရှိတယ်။ ကမ္ဘာအနီး တဲ့အခါမှာ မီးလောင်ပျက်စီးသွား ဖြစ်တယ်။ ဒီလို မီးမလောင်နိုင် ကြီးမားတဲ့ ဥက္ကာပျံပွဲ့တွေ၊ ဂြိုဟ်ပွဲ့ သာ ကမ္ဘာပေါ်မှာ ကျရောက်လာ ဖြစ်တယ်။ ဒီဥက္ကာပျံပွဲ့တွေကျလာ ကို ခဲမိုးရွာတာလို့ ခေါ်နေတာဖြစ်ကြောင်း သိပ္ပံပညာရှင်တွေက လေ့လာ ရှိသွားပါပြီ။

၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ရက်နေ့မှာ စကင်နီတယ်ရေကန် ကို ခဲအကြီးကြီးတွေ သူတို့ မျက်စိ မှာကျလာတာကိုမြင်ရတယ်လို့ တံငါ တွေက ပြောတယ်။ ခဲကြီးတွေကျ တော့ ငါးဖမ်းတာရပ်ပြီး သူတို့ကား ဝင်ထိုင်နေလိုက်ကြတယ်။ ခဏနေ ခဲတွေဆက်ကျလာတယ်။ တစ် လုံး ခဲတွေကျလာတာ အိမ်ရောက် အထိပါပဲ။

ခဲတွေကျသလိုပဲ ရေခဲတုံးတွေ၊ တွေကျရင်လည်း မသက်သာလှ ဒီလို ရေခဲတုံးကြီးတွေ ကျလာတာ ရေခဲပုံးလို့ ခေါ်တယ်။ ၁၈၀၂ ခုနှစ် ဟန်ဂေရီမှာကျလာတဲ့ ရေခဲတုံးဟာ ) ပေပတ်လည်လောက်ရှိတဲ့ ရေခဲ ကြီး ဖြစ်တယ်။ ၁၈၄၉ ခုနှစ်က တော့တလန် စကိုင်းကျွန်းပေါ်မှာ တစ် လောက်ရှိတဲ့ ရေခဲပုံးတွေ ကျလာ ယ်။

၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ယူရို ပ်ပြည် ဘဲ(လ်)ဂရိတ်မြို့အနီးမှာ (၇၀)လောက်လေးတဲ့ အပြာရောင် တုံးကြီးကျလာဖူးတယ်။ မိုးသီးတွေ ကြီးကြီးကျလာရင် လူတွေကို ထိ နိုင်တယ်။ ဒီလိုမိုးသီးကြီးတွေ လက် ဆုပ်လောက်ကျလာတာကို ၁၉၀၇ မေလမှာ ဘယ်(လ်)ဂျီယံမှာ တွေ့ခဲ့ တယ်။ မစ္စတာအက်ဘီဟာ စာကြည့် မှာရှိနေတုန်း အစေခံတစ်ယောက် အပြင်မှာ မိုးသီးအကြီးကြီးတွေကျ တာ ထူးဆန်းတယ်လို့ လာပြော ယ်။ သူထွက်ကြည့်ပြီး မိုးသီးတစ်လုံး ကြည့်လိုက်တော့ မိုးသီးထဲမှာ မယ် မာရီယာရုပ်ပုံပေါ်နေတာ တွေ့ရ ယ်။ ဒီလိုမယ်တော်ပုံတွေပါတဲ့ မိုးသီး ကို စုပြီးတော့ အနီးအနားက အိမ်နီး တွေကို ခေါ်ပြတယ်။ အိမ်နီးချင်း (၅၀) ယောက် က မိုးသီးထဲမှာ မယ် မာရီယာရုပ်ပုံပေါ်နေတာ တွေ့မြင်



ရပါတယ်လို့ ရေးသားလက်မှတ်ထိုးထား ကြတယ်။

ဥက္ကာပျံတွေက လွင့်ထွက်လာတဲ့ ကျောက်တုံး၊ ကျောက်ခဲတွေလည်း ကျ လာတာ မနည်းလှဘူး။ ဥက္ကာပျံ ဆိုတာ ကျောက်တုံးကြီးပါပဲ။ ဥက္ကာပျံက ပွဲ့ထွက် လာတဲ့အရာဟာလည်း ကျောက်ခဲတွေ ပါပဲ။ သာမန်အမြင်နဲ့ကြည့်ရင် ကျောက် ခဲတုံးကြီး၊ သတ္တုခဲကြီးနဲ့ တူပါတယ်။

အရီဇိုးနားနယ်မှာရှိတဲ့ မဟာ ချောက်ကြီးမှာ ဥက္ကာပျံကြီးကျလာလို့ တွင်းကြီးဖြစ်သွားတာကို တွေ့နိုင်တယ်။ အဲဒီတွင်းကြီးဟာ ရေအိုင်ငယ်တစ်ခု လောက်ရှိတယ်။ အော်ရီရွန်မှာကျခဲ့တဲ့ ဥက္ကာပျံကျောက်တုံးကြီးဟာ ဧရာမအ ကြီးကြီး ဖြစ်တယ်။ ဒီလို ဥက္ကာပျံခဲတွေ ဟာ ကမ္ဘာအနှံ့အပြားမှာ ကျရောက်နေ ပါတယ်။ ဒီခဲတွေကိုပဲ မိုးကြိုးသွားလို့ လည်း ခေါ်ကြတယ်။ မိုးကြိုးပစ်ချိန် ဥက္ကာပျံအပွဲ့တွေကျချိန်နဲ့ ထပ်သွားတာ ဖြစ်ပါတယ်။

ဒီလို မိုးပေါ်ကနေ ဥက္ကာပျံတွေ၊ ကြယ်ပျံတွေကျတဲ့အထဲမှာ ရုရှားပြည် မှာ ၁၉၀၈ ခုနှစ်လောက်က ကျရောက် ခဲ့တဲ့ ဥက္ကာပျံကတော့ အကြီးမားဆုံးနဲ့ အထင်ရှားဆုံး ဖြစ်ပါတယ်။

ရုရှားပြည်အရှေ့ပိုင်းဟာ အာရှ တိုက်ထဲ ပါဝင်တယ်။ အဲဒီအရှေ့ပိုင်းကို ဆိုက်ဗေးရီးယားလို့ခေါ်တယ်။ ရှေးက တော့ ရေခဲတွေ၊ နှင်းခဲတွေဖုံးနေတဲ့ မြေ ရိုင်းလွင်ပြင်ကြီးပါပဲ။ သစ်တောတွေ တော့ ရှိတယ်။ အဲဒီ ဆိုက်ဗေးရီးယား ပြည်နယ်အလယ်ပိုင်းလောက်မှာ ၁၉၀၈ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နံနက်စော စော (၇) နာရီ (၁၇) မိနစ်မှာ ပေါက်ကွဲ သံကြီး ထွက်ပေါ်လာတယ်။ ကောင်း ကင်ပေါ်က အလွန်ပြင်းထန်တဲ့ အရာ ကြီးကျလာပြီး ပေါက်ကွဲသွားတာ ဖြစ် တယ်။ ဒီလိုပေါက်ကွဲမှုကြီးကျလာပြီး တော့ မြေပြင်မှာရှိတဲ့ သစ်တောကြီး မိုင် (၂၀) လောက်ကို လောင်ကျွမ်းသွားတာ ဖြစ်တယ်။ သစ်ပင်တွေဟာ အမြစ်က ပြုတ်ထွက်သွားတယ်။ အခေါက်တွေ ကွာကျသွားတယ်။ ကိုင်းတွေ တစ်ခုတ ခြားဖြစ်သွားတယ်။ အချို့အပင်တွေဟာ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်သွားတယ်။ လူနေကျဲတဲ့ဒေသဖြစ်လို့ အပျက်အစီး နည်းသွားတယ်။

ဒေသခံတွေကတော့ ကောင်းကင် က မီးလုံးကြီးကျလာတယ်။ ဒီမီးလုံးကြီး ဘယ်လောက်လင်းသလဲဆိုရင် နေရောင် တောင် မှိန်သွားတယ်လို့ ပြောတယ်။ မိုင်(၄၀)အတွင်းရှိ လူတွေဟာ အပူရှိန် ဟပ်သွားလို့ ကိုယ်ပေါ်က အဝတ်အစား တွေ လောင်ကျွမ်းသွားတယ်။ သစ်တော ထဲနေတဲ့ သမင်အကောင် (၁၅၀၀) လောက် ပျောက်သွားတယ်။ ဒီပေါက်ကွဲ မှုအရှိန်ကြောင့် မိုင် (၄၀၀) အကွာရှိ ကန့်(စ်)မြို့တောင် တုန်သွားတယ်။

ဒီဆိုက်ဗေးရီးယားပေါက်ကွဲမှု ကြီးကို သိပ္ပံပညာရှင်တွေက ထင်ကြေး အမျိုးအမျိုးပေးကြတယ်။ မီးလုံးကြီးဆို တာ ဥက္ကာပျံဖြစ်တယ်လို့ ပြောကြတယ်။ နက္ခတ်ကြယ်တွေရဲ့ သချိုင်းလို့ခေါ်တဲ့ တွင်းမည်းကြီးကျလာတာလို့လည်း ခန့် မှန်းကြတယ်။ အင်တီမက်တာခေါ် ပဋိ ရုပ်မှုန်တွေရဲ့ ပေါက်ကွဲမှုလို့လည်း ယူဆ ကြတယ်။ ပဋိရုပ်မှုန်တွေနဲ့တည်ဆောက် ထားတဲ့ ဥက္ကာပျံကြီးကျရောက်တာလို့ ကောက်ချက်ချကြတယ်။

ကမ္ဘာအရပ်ရပ်ရှိ သိပ္ပံပညာရှင် တွေဟာ ဆိုက်ဗေးရီးယားပေါက်ကွဲမှု ကြီးကို လေ့လာပြီးတော့ ကောက်ချက် အမျိုးမျိုးချကြတယ်။ သိပ္ပံပညာရှင် အများစုကတော့ အာကာသထဲက လွင့် စဉ်လာတဲ့ ဥက္ကာပျံခဲကြီးဟာ ကမ္ဘာပေါ် ကျရောက် ပေါက်ကွဲသွားတာ ဖြစ်တယ် လို့ ဆိုပါတယ်။

မောင်ကျောက်တိုင်

*Ref: The Supernatural.*

www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးကျော်၊ ကိုကြီးကျော်××× တို့ကိုကြီးကျော်×××(ထူးလည်းထူးတယ် မူးလည်းမူးတယ် တို့ကိုကြီးကျော်)ᒧ××× အရက်သမားမှန်ရင်လေ ယှဉ်ပြိုင်ကာ သောက်လိုက်ချင်သနော်××××ကြက် သမားမှန်ရင်လေ×××ယှဉ်ပြိုင်ကာတိုက် လိုက်ချင်သနော်×××ကြက်ကြော်အရက် အဖော်အမြည်းတွေကစုံပါသနော်××× ကျော်×××ကျော်×××ထူးလည်းထူးတဲ့××× တို့ကိုကြီးကျော်×××"

မြူးကြွတဲ့ ကိုကြီးကျော်နတ်သီချင်းတီးလုံးနှင့်အတူ နတ်ပွဲဆိုင်းဝိုင်းမှတီးလိုက်သောဆိုင်းသံများက ကံသာရွာလေးတောင်ပိုင်းမှ ပျံ့လွင့်စွာ ထွက်ပေါ်လာသည်။

၁၉၉၀ ပြည့်နှစ် အချိန်ကာလ။ ပွင့်လင်းရာသီ၊ နေရာက မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တောင်ဘက် အောင်လံမြို့နှင့်ပြည်မြို့အကြားရှိသော ကံသာရွာကလေး။ ရွာလေးက အိမ်ခြေတစ်ရာကျော်ခန့်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌တည်ရှိပြီး တောင်သူယာသမားများ အများစု နေထိုင်ကြသည်။ နှမ်း၊ မိုး၊ ဆောင်း ရာသီအလိုက် ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ပြောင်းဖူး၊ ဝါစိုက်ပျိုးနိုင်သော ယာခင်းများရှိသည်။ ထုံးဖွေးဖွေးနှင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသော ရွာဦးစေတီလေးအထက် မိုးကောင်းကင်မှာ ပြာလွင်သော တိမ်လွှာလေးတွေ လွင့်မျောနေကြသည်။ ရွာလေးက လှပသောပန်းချီကားချပ်တစ်ခုသဖွယ်။ ရွာသူရွာသားအများစုက ရိုးသားကြသည်။ စီးပွားရေးကောင်းသည်။ အလှူရေစက် လက်နှင့်မကွာရှိကြသည်။


ဒီနေ့ကတော့ ကံသာရွာလေးမှာ အလှူပွဲမဟုတ်။ ရွာတောင်ပိုင်းသား ကိုထူးသာ၊ မစန်းတို့နေအိမ်၌ နတ်ပွဲပေးနေခြင်း ဖြစ်သည်။ ကိုထူးသာကလည်း နာမည်နှင့်လိုက်အောင်ကို သူများထက် ထူးမှသာမှ ကျေနပ်တတ်သူ၊ ယာတွေရှိသော်လည်း ယာလုပ်ငန်းကို စိတ်မဝင်စား၊ အငှားချထားသည်။ သူစိတ်ဝင်စားတဲ့ အလုပ်က ခဲ့ဒိုင်။ ကံလိုက်တယ်ပဲ ပြောရမလား။ ခဲ့ဒိုင်စကိုင်ကတည်းက ခဲ့ပွင့်တာ တစ်ခါမကြုံရ၊ မိမိဒိုင်ကသာ စားသွားတာများသည်။ ဒီတော့ စီးပွားရေးတက်လာသလိုရှိသည်။ စီးပွားတက်လာခြင်းနှင့်အတူ ဒီတစ်ပတ်လည်း ခဲ့မပွင့်အောင် ပွဲပေးမယ်လို့ နတ်ကတော်ကြီး ဒေါ်ခင်တုတ်ထံ ကတိပေးထားသည်။

နတ်ပွဲကတာ ကြည့်ရှုသူ ရွာသူရွာသားများနှင့် လှုပ်လှုပ်ရှားရှား စည်ကားနေသည်။ နတ်ကနားထိုးထားသော မဏ္ဍပ်ကြီးက ရောင်စုံပိုးထည်များဖြင့် ခံ့ညားလှပါဘိ။ ပွဲတွေအစုံထိုးထားသည်။ ဆိုင်းအဖွဲ့မှ ခေတ်ပေါ်တေးသီချင်းများဖြင့် မြူးကြွစွာတီးပေးနေလို့ ဝါသနာပါသူတွေ ရိုးတိုးရွတ ကချင်ခုန်ချင်စိတ်များပင် ဖြစ်နေကြသည်။ နတ်ကတော်အမျိုးသမီးကြီးငယ်များ၊ ကျားမဟုတ်မမဟုတ်များ အသွင်သဏ္ဌာန်စုံလှသည်။ နတ်ကတော်များ၏ နှုတ်ခမ်း၊ ပါး၊ မျက်တောင်တို့တွင် ရောင်စုံမိတ်ကပ်အလှများ ခြယ်မှုန်းထားသည်။ ခန္ဓာကိုယ်တွင် ထွက်မည့်ပွဲအတွက် အသင့်ဖြစ်ရန် ဝတ်ဆင်ထားကြသည်။

အသက် (၅၅) နှစ်ခန့် ပိန်ပိန်ရှည်ရှည်၊ အသားမည်းမည်း၊ ပါးစပ်ပြ... ဟောင်ဖွာဖွာစကားပြောသံနှင့် နေရာ... တကာမှာတွေ့နေရသူ ထူးသာ၊ ၎င်းနှင့် အတူ တပည့်ကျော် ခဲ့လက်ခွဲရောင်း... အောင်ကြီး၊ ဆရာက အရပ်ရှည်... လောက် အောင်ကြီးက (၅) ပေခန့် ပု... ပျပ်ပျပ်။ လိုက်လည်းလိုက်တဲ့ ဆ... တပည့်တွေ။ အောင်ကြီး ဆရာကို ... ရင်း အလုပ်ရှုပ်နေသည်။ နတ်ကနား... အတွင်း လိုအပ်တာတွေ သယ်ဆော... ပေးနေရသည်။

အခုဝင်နေသည့်နတ်က ကိုကြီး... ကျော်။ နတ်ကတော်ကြီး ဒေါ်ခင်တု... မှာ အသက် (၅၀) ခန့် အသားညို... ဝဝဖိုင့်ဖိုင့်၊ ဒေါင်ကောင်းကောင်း။ ကိုကြီး... ကျော်နတ်ဝတ်တန်ဆာနှင့် လက်ထဲတွင်... တစ်ဖက်က အရက်ပုလင်း၊ တစ်ဖက်က... ကြက်ပိုက်လျက် တစ်ကိုယ်လုံး တ... ရင်း ကခုန်နေသည်။ ဒေါ်ခင်တုတ်... တွင် ထူးသာနှင့်အောင်ကြီးလက်ထဲတွင်... အရက်ထည့်ထားသော ဖလားလေး... ကိုင်ရင်း ရိုသေကျိုးနွံစွာ ကျုံ့ကျုံ့... များထိုင်လျက်။ ဒေါ်ခင်တုတ် လက်... က အရက်ပုလင်းကို ဆိုင်းသမား... ဘက် ပစ်ပေးလိုက်ပြီး ထူးသာလက်... က အရက်ခွက်ကို ဆတ်ခနဲဆွဲယူ... လိုက်သည်။

"ဟဲ့ - ငထူးသာ၊ နင်ဒီလိုကြီး... ချမ်းသာလာတာ ဘယ်သူ့ကျေးဇူးလဲ...





www.burmeseclassic.com

www.burmeseclassic.com

သိရဲ့လား"

"ဟုတ်ကဲ့ သိပါတယ်၊ အရှင်ကြီး ကျေးဇူးပါ၊ ဆက်ပြီး စောင့်ရှောက် မှုပါ။ သားတော် နှစ်စဉ်ပွဲတွေပေး မယ်"

"အေး - နင့်ကတိ မမေ့နဲ့။ နင်တို့ တစ်ရွာလုံး ဒီထက်ချမ်းသာအောင် ငါ ပေးမယ်။ တစ်ရွာလုံးပွဲပေးရမယ်။ ရွာမြောက်ပိုင်းကကောင်တွေ ငါ့ကို ကြည်သလိုလိုဘာလိုလိုနဲ့။ နင်နဲ့ ညှိတဲ့ ဟိုကောင်က ဦးဆောင်နေ တယ်။ ငါ့အကြောင်းကို သိအောင်ပြရ မယ်။ နင် စည်းရုံးပြီး ပွဲဖြစ်အောင်လုပ်"

"ဟုတ်ကဲ့၊ သားတော်ကြီးတာဝန် ယူပါတယ်"

"အေး - ကတိမပျက်စေနဲ့ ကြား လား"

ဒေါ်ခင်တုတ် လက်နှစ်ဖက် ခေါင်း ပေါ် ဆန့်တန်းရင်း သမ်းဝေရာမှ ကိုကြီး ကျော်နတ်ထွက်သွားသည်။ ထူးသာမှာ အခက်အခဲတစ်ခုရှိသည်။ သူနှင့် ရွာ မြောက်ပိုင်းသား ဥက္ကဋ္ဌလုပ်နေသူ ဦး ဟန်က မတည့်။ ဦးဟန်ကို ကြည့်မရ။ ဦးဟန်ဆိုတဲ့အတိုင်း ဟိတ်ကြီးဟန်ကြီး နိုင်လှသည်ဟုထင်နေသည်။ ရွာလူကြီး နေရာဆိုတာ သူ့လိုစီးပွားရေးကောင်းပြီး ပေါင်းသင်းဆက်ဆံရေးဝင်ဆံ့သူ၊ ပေး နိုင်ကမ်းနိုင်သူ ဖြစ်ရမည်။ နောက်တစ်ခါ ရွာလူကြီးရွေးချယ်လျှင် ဒီနေရာရအောင် ယူမည်စိတ်ကူးထားသည်။ သူ့အလုပ် တွေကိုလည်း ကဖျက်ယဖျက်လိုက်လုပ် နေသည်။ အခုလည်းကြည့်လေ၊ နတ်



စိန်ဝင်း(ရွှေမိုးညို)

သားကောင်



www.burmeseclassic.com

www.burmeseclassic.com

ပွဲတစ်ရွာလုံးကဖို့ တပည့်ဖြစ်သူနှင့် ပိုက်ဆံလိုက်စုတာ ရွာမြောက်ပိုင်းသားတွေကမထည့်၊ ဦးဟန်ပြောလို့ ဖြစ်ရမည်။ ထူးသာ အတော်လေးမကျေမနပ်ဖြစ်နေသည်။ ဦးဟန်ရဲ့ပျော့ကွက်ဟာကွက်ကို ရှာပြီး အလဲထိုးရန်ချက်ကောင်းကိုစောင့်နေသည်။

*

တစ်လတာအချိန်တို့ ကုန်လွန်ခဲ့လေပြီ။ ယာခင်းများတွင် အလုပ်များနေချိန်။ ရာသီဥတု ကြည်လင်သာယာနေသည်။ ကံသာရွာလေးမြောက်ဘက်ယာခင်းထဲမှာ ပေါင်းထိုးနေကြသော ကိုထွန်းအောင်၊ မြနှစ်တို့ မနက်မိုးလင်းထဲကရောက်နေပေမယ့် မောပန်းသည်လို့မထင်၊ မိမိတို့စိုက်ထားသော စိမ်းစိုနေသည့် ပဲခင်းလေးတွေ ဖြစ်ထွန်းနေတာကြည့်ရင်း ပီတိတွေဖြစ်နေသည်။ အိမ်မှာကျန်နေခဲ့တဲ့ တစ်ဦးတည်းသောသားလေး ဘိုဘိုကို သတိရနေမိသည်။ သားလေးက ရွာကျောင်း (၃) တန်းတက်နေသည်။ ဒီနှစ် ပဲတွေကောင်းလျှင် သားလေးကို ရှင်ပြုပေးရမည်။ သားလေးက (၁၀) နှစ်ဆိုတော့ သင်္ကန်းနိုင်လောက်ပြီ။ သူ့အဘိုးဦးဟန်က သူသက်ရှိထင်ရှားရှိတုန်း မြေးလေးကို သင်္ကန်းဝတ်လေးနှင့်မြင်ချင်တယ်တဲ့။ မကြာခဏပြောရှာသည်။

မြနှစ် အသက် (၆၀) နားနီးလာပြီဖြစ်တဲ့ ဖခင်ကြီး ဦးဟန်ကို သနားနေသည်။ မြနှစ် (၁၂) နှစ်သမီးအရွယ်လောက်မှာပဲ မိခင်ကြီးဒေါ်ထွေး ဆုံးပါးသွားခဲ့သည်။ ဦးဟန် နောက်အိမ်ထောင်မပြုဘဲ သမီးလေးကို စောင့်ရှောက်လာခဲ့သည်။ မြနှစ် (၂၂) နှစ်အရွယ် တစ်ရွာတည်းသား ကိုထွန်းအောင်နှင့် လက်ထပ်သည်။ သားလေး ဘိုဘို ထွန်းကားပြီး (၃) တန်းရောက်လာသည်အထိ ဖခင်ကြီးနှင့်မခွဲမခွာနေခဲ့သည်။ မြနှစ် ဖခင်ကြီးရဲ့ဂုဏ်ကျေးဇူးတွေကို ပြန်လည်တွေးတောရင်း စိတ်တွေလွင့်မျောနေမိသည်။

စိတ်တွေဘယ်လောက်လွင့်မျောနေမိသည်မသိ၊ မိမိနာမည်ကိုအော်ခေါ်ရင်း ရွာမြောက်ဖျားက အမျိုးသမီးငယ်တစ်ဦးအမောတကောပြေးလာတာတွေ့မှ အတွေးအာရုံတွေ ရပ်သွားသည်။ အနားရောက်လို့ကြည့်လိုက်တော့ ရွာမြောက်ပိုင်းက အိမ်နီးချင်း မငွေး။

"ဟဲ့ မြနှစ်၊ နင့်အဖေကြီးဘာဖြစ်တယ်မသိဘူး၊ အမောဖောက်နေတယ်။ အခြေအနေမကောင်းဘူး၊ ရွာပြန်လိုက်ခဲ့"

မြနှစ် စိုးရိမ်စိတ်ဖြင့် ထိတ်ခနဲဖြစ်သွားသည်။ ဖခင်ကြီးရဲ့ကျန်းမာရေးက အခုတစ်လော သိပ်မကောင်းလှ။ ဖခင်ကြီး၌ သွေးတိုးနှင့် နှလုံးရောဂါအခံရှိသည်။အသက်အရွယ်ရလာတော့ အနေအထိုင်၊ အစားအသောက် ဆင်ခြင်နေရသည်။ ကိုထွန်းအောင်နှင့် မြနှစ်တို့ မငွေးနှင့်အတူ ရွာပြန်လိုက်ခဲ့ကြသည်။ နေအိမ်ပေါ် တက်သွားတော့ ဖခင်ကြီး ဦးဟန် အိပ်ရာထဲလှဲနေတာတွေ့ရသည်။ အမောဖောက်နေသည်။ မြနှစ် မျက်ရည်တွေ တသွင်သွင်စီးကျလာရင်း -

"အဖေ၊ အဖေ သတိထားပါ။ အဖေရယ်ဘယ်လိုဖြစ်ရတာလဲ။ အဖေဘာမှမဖြစ်ရဘူး၊ သမီးအစွမ်းကုန်ဆေးကုပေးမယ်"

"သမီး အဖေ သိပါတယ်၊ အဖေမနေရတော့ဘူး။ ဒီနှစ် မြေးလေးကို ရှင်ပြုဖြစ်အောင်ပြုပြီး ကောင်းမှုတွေကို အမျှပေးဝေပါ"

ဦးဟန်လေသံပျော့ပျော့လေးပြောရင်း ဇက်ကျိုးကျသွားသည်။ ဦးဟန်ကို ဆေးရုံပို့ရန် စီစဉ်နေစဉ်မှာပင် ဆုံးပါးသွားခဲ့လေသည်။

"အမလေး-ကယ်ကြပါဦး၊ ဘယ်သူမှမကယ်နိုင်ကြတော့ဘူးလား။ အဖေရေ သမီးတို့သားအမိကို စိတ်ချထားခဲ့တာလား။ ဘိုဘိုကို သင်္ကန်းဝတ်လေးနဲ့မြင်ချင်တယ်ဆို"

မြနှစ် အော်ဟစ် ငိုယိုလိုက်သံက ကံသာရွာလေးတစ်ရွာလုံး ဖုံးလွှမ်းသွားသည်။ မြနှစ် သတိလစ်သွားလို့ အနားက ရွာသားများ ဝိုင်းဝန်းပြုစုနေကြရသည်။ ဦးဟန် ရုတ်တရက် ဆုံးပါးသွားသည့်သတင်းက ကံသာရွာလေးတစ်ရွာလုံး ပျံ့နှံ့သွားသည်။ ရွာဓလေ့အတိုင်း အလောင်းမြေကျရေး ဝိုင်းဝန်း စီမံဆောင်ရွက်ရန် မြနှစ်တို့အိမ်သို့ ရွာသားများ စုရုံးရောက်ရှိလာကြသည်။

ဦးဟန် ဆုံးတာ တစ်ပတ်ပင်ရှိခဲ့လေပြီ။ ရက်လည်ဆွမ်းသွတ်ပြီးခဲ့ပြီ။ ကံသာရွာလေး၌ ဦးဟန်သေဆုံးမှုကို အမျိုးမျိုးဝေဖန်ချက်တွေပေးနေကြသည်။ တချို့က သွေးတိုးကြောင့် နှလုံးရပ်ပြီး ရောဂါနှင့်သေဆုံးတာလို့ ပြောကြသည်။ တချို့က နတ်ဖမ်းစားတာလို့ ပြောကြသည်။ အထူးသဖြင့် ရွာတောင်ပိုင်းက ဦးဟန်နှင့်မတည့်သူ ထူးသာတို့အုပ်စုကတော့ အရှင်သခင်ကြီးတွေကို မသေ နတ်ပွဲမပေးလို့ သေရတာ သတင်းလွှင့်ကြသည်။ ဟုတ်သော် မဟုတ်သော်ရှိ ရွာသားများ ကြောက် ထိတ်လန့်နေကြသည်။ အကြော ဆုံးလူတွေထဲမှာ မြနှစ်တို့မိသားစု သည်။ မြနှစ် မအိပ်နိုင်မစားနိုင်လော အောင်ရှိနေသည်။ ဥပဒါန်ကြော ဥပဒ်မဖြစ်ရလေအောင် ခင်ပွန်း ကိုထွန်းအောင်နှင့်တိုင်ပင်ရတော့

"ကိုထွန်းအောင်၊ ကျွန်မတို့ ပွဲပေးရင် ကောင်းမလား၊ ကျွန်မ ကြောက်နေပြီ"

"အေးပါကွာ၊ မင်းစိတ်ချမ်း သလိုလုပ်ပါ။ ကိုထူးသာတို့နဲ့ တိုင် လုပ်ကြတာပေါ့"

ကိုထွန်းအောင် မြနှစ်ကို နှစ် လိုက်သည်။

တစ်နေ့ နံနက် (၁၀) နာ မြနှစ်တို့လင်မယား ရွာတောင်ပိုင်း ကိုထူးသာတို့နေအိမ်ရောက်ရှိသွ သည်။ ကိုထူးသာတို့အိမ်က ပျဉ် သွပ်မိုး၊ နှစ်ထပ်အိမ်၊ အိမ်အောက် ရောက်လို့ အိမ်ပေါ်တက်မယ်အ အိမ်ပေါ်ထပ်က စကားသံသဲ့သဲ့ကြ လို့ နားစွင့်လိုက်သည်။ နတ်တ ကြီး ဒေါ်ခင်တုတ်နှင့် ခင်ပွန်း ဦးထိ ရောက်နေကြသည်။ ဒေါ်ခင်တု က မြစ်အနောက်ဘက်ကမ်း ထုံး ရွာလေး၌နေထိုင်ကြသည်။ဒေါ်ခင် ရဲ့အသံကို မြနှစ် ကောင်းကောင်း နေသည်။

ဒေါ်ခင်တုတ်က -

"ဟဲ့- ထူးသာ၊ နင်တို့ရွာမြေ ပိုင်းသားတွေ၊ ဒီလောက်ဆိုတော် ကြောက်နေလောက်ရောပေါ့။ အခွင့်သာတုန်း ရွာမြောက်ပိုင် ကလေးတစ်ယောက်လောက် ထ လိုက်ရင် တို့ကိုဘယ်သူတော်လှန် ကဲ - ဘယ်လိုသဘောရကြလဲ"

"ဟုတ်တယ်၊ ကျွန်တော် အဲဒါစဉ်းစားနေတာ။ ဘယ်သူ ဖွက်ရင်ကောင်းမလဲ၊ ပိုက်ဆံရှိတဲ့ ကောင်းမှာ"

"အဲဒီအကြံကောင်းတယ် စဉ်းစားကြတာပေါ့"

ဒေါ်ခင်တုတ်ရဲ့အဆိုကို ဒေါ်ခင်တုတ်ခင်ပွန်း ဦးထိန်နှင့် ဇနီး မစန်းတို့က ဝိုင်းဝန်းထော သည်။

မြနှစ် နားထောင်နေရင်



www.burmeseclassic.com

www.burmeseclassic.com

အဆက်ဆက်တုန်ပြီး ပိုမိုကြောက်ရွံ့သွားသည်။ မျက်စိမျက်နှာပျက်နေသော ခင်ပွန်း ကိုထွန်းအောင်ကို အသာလက်ကုတ်ခေါ်ပြီး နေအိမ်ကို အမြန်ပြေးအလွှား ပြန်ပြေးကြသည်။ အိမ်ရောက်တော့ ရင်တွေတုန်နေတာမပျောက်သေး။

"ကိုထွန်းအောင်၊ သားလေး ဘိုဘို ကျောင်းသွား၊ ကျောင်းပြန် ပို့ဂရုစိုက်မှဖြစ်မယ်"

"အေးပါကွာ၊ ငါကိုယ်တိုင် ကျောင်းပို့ကျောင်းကြိုလုပ်ပါ့မယ်။ မင်းစိတ်အေးအေးထားပါ"

ကိုထွန်းအောင် မြနှစ်ကို နှစ်သိမ့်ထားရပေမယ့် ၎င်းကိုယ်တိုင် သားလေးအတွက် စိုးရိမ်ပူပန်သောကဝေဒနာတွေ တိုးလာသလို ခံစားနေရသည်။ ယခုကြားလာသည့်သတင်းကို ဘယ်သူ့မှမပြောဘဲ ခပ်မဆိတ်နေလိုက်ကြသည်။

*

ကိုထွန်းအောင်၊ မြနှစ်တို့သား လေး ဘိုဘို ကျောင်းသွားရင်း ရုတ်တရက် ပျောက်ဆုံးသွားသည့်သတင်းကို ကံသာရွာတစ်ရွာလုံးအထူးစိတ်ဝင်စားနေကြသည်။ လူပြန်ပေးသဘောမျိုးနှင့် ကလေးကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းလား နတ်ဖွက်ထားတာလား။ ထုံးစံအတိုင်း ရွာသားတွေ ဝေဖန်ပြောဆိုနေကြသည်။ အားလုံးဝိုင်းဝန်းရှာဖွေကြသော်လည်း အစအနပင်မရဘဲရှိနေသည်။ ရှေးတောင်ပိုင်းသားတွေက ရွာ၌ နတ်ပွဲပေးရန် သရက်ဘက်ကမ်းကူးပြီး ရွှေသက်တော်ဘုရားဝင်းထဲတွင်ရှိသော မယ်တော်ကြီးနတ်နန်း၌ ပွဲတင်၍ ကလေးကိုရှာရန်၊ နတ်ဖွက်ထားက ပြန်ရနိုင်ကြောင်း အကြံပေးကြပြန်သည်။

ကိုထွန်းအောင်၊ မြနှစ်တို့က နှစ်ဦးစကားကြား ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင် ရှိနေသည်။ ရင်ထဲမှာ ပူလောင်လှသော သောကဝေဒနာတွေကို မချိအောင် ခံစားနေရသည်။ နောက်ဆုံး ရဲစခန်း၌ တိုင်ချက်ဖွင့်စုံစမ်းရန် ဆုံးဖြတ်လိုက်ကြသည်။ ကိုထွန်းအောင်၊ မြနှစ်တို့ အောင်လံရဲစခန်းရောက်ရှိလာကြသည်။ ၎င်းကြားသိသမျှ သတင်းတွေကို အစုံအလင် တင်ပြ၍ တိုင်ချက်ရေးဖွင့်လိုက်ကြသည်။ အောင်လံရဲစခန်းတွင် (၁)-/၉၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၆၈)-လူတစ်ဦးအားခိုးယူသွေးဆောင်ခေါ်ငင် - မတရားသဖြင့် လျှို့ဝှက်ချုပ်နှောင်ထားမှုဖြင့် အမှုဖွင့်ခဲ့သည်။ အမှုကို အထက်အကြီးအကဲများထံ အဆင့်ဆင့်တင်ပြရာ အကြီးအကဲများက အထူးစိတ်ဝင်စားကြသည်။ မြို့နယ်တာဝန်ရှိအဖွဲ့အစည်းတွေကို ဝိုင်းဝန်းကူညီကြရန် တွန်းအားပေးလာသည်။ အမှုကို အမှုစစ် (IO) တစ်ဦးတည်းမဟုတ်ဘဲ အမှုစစ်အထူးအဖွဲ့ (Special Team Work) ဖွဲ့စည်းရန် တာဝန်ပေးလာ၍ အမှုစစ်အထူးအဖွဲ့နှင့် စစ်ဆေးရန် ဖွဲ့စည်းလိုက်ကြသည်။

ရဲအုပ်အောင်နိုင် ဦးစီးပြီး ဒုရဲအုပ်နီလာ၊ ရဲတပ်ကြပ်ကြီး ဆရာအုန်းကို့ ပါဝင်သော အမှုစစ်အထူးအဖွဲ့ ကံသာရွာလေးသို့ ရောက်ရှိလာကြသည်။ ရွာလူကြီးများနှင့် တွေ့ဆုံ သတင်း စုံစမ်းထောက်လှမ်းသည်။ သားလေး ဘိုဘို ကျောင်းသွားရင်း ပျောက်သွားတာလို့ သိရသည်။ ကျေးရွာမူလတန်းကျောင်းရှိ ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံ သတင်းစုံစမ်းတော့ သားငယ်လေး ဘိုဘိုတို့ရဲ့ အတန်းပိုင် ကျောင်းဆရာမ ဒေါ်တင်လှမီးဖွားခွင့် ယခုရက်ပိုင်းအတွင်း ယူထားကြောင်း၊ ရွာကျောင်းတွင် ထူးသာရဲ့ သားလေး ထွန်းထွန်းလည်း (၃) တန်း၌ တက်ရောက် စာသင်နေကြောင်း သိရသည်။ ကလေးဆိုတာ အမှန်အတိုင်း ပြောတတ်တာမို့ အမှုစစ်အထူးအဖွဲ့ ထွန်းထွန်းအား ခေါ်ယူ စစ်ဆေးရန် ဆုံးဖြတ်လိုက်ကြသည်။

ထွန်းထွန်းက အသက်အရွယ် မပြည့်သေးသော ကလေးငယ်တစ်ဦး။ ကြောက်ရွံ့ထိတ်လန့်သွားလျှင် အမှန်ကို ပြောပြဖို့ခက်လိမ့်မည်။ ဒီတော့ ပညာသားပါပါ ဘယ်လိုစစ်လျှင်ကောင်းမလဲ အမှုစစ်အဖွဲ့ တိုင်ပင်ကြသည်။ ဟုတ်ပြီ၊ အကောင်းဆုံးအကြံတစ်ခုရကြသည်။ အမှုစစ်အထူးအဖွဲ့မှ အမျိုးသမီး ဒုရဲအုပ်မနီလာကို အကူအညီတောင်းလိုက်သည်။ မနီလာ အရာရှိဝတ်စုံနှင့်မဟုတ်တော့။ ကျောင်းဆရာမတစ်ဦးအသွင် အင်္ကျီလက်ရှည်အဖြူနှင့် ကျောင်းစိမ်းလုံချည် ဝတ်ဆင်ထားသည်။ နေရာက ကံသာရွာမူလတန်းကျောင်း ကျောင်းအုပ်ကြီးရဲ့ရုံးခန်း။ ဇာတ်တိုက်ထားသည့်အတိုင်း ကံသာရွာကျောင်းအုပ်ကြီး ဦးအောင်၊ ရွာလူကြီးအချို့ ဦးဆောင်ပြီး သားငယ်လေး ထွန်းထွန်း စိတ်အားမငယ်စေရန် ကြပ်မတ် ခေါ်ဆောင်လာသည်။ အမှုစစ်အထူးအဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်နိုင် အရပ်ဝတ်နှင့်၊ အနီးတွင် ကျောင်းဆရာမအသွင် ဝတ်ဆင်ထားသော မနီလာတို့ စောင့်ကြိုနေကြသည်။ ထွန်းထွန်းကို ကျောင်းအုပ်ကြီးရုံးခန်းထဲ လိုက်ပို့ပြီး မလှမ်းမကမ်းတွင် ကျောင်းအုပ်ကြီးနှင့် ရွာလူကြီးများ ထိုင်နေကြသည်။

ရဲအုပ်အောင်နိုင်က -

"လာ လာ သားလေး၊ ထိုင် ထိုင်။ ဘဘတို့က ကျောင်းဆရာတွေပါ၊ သားလေးကို တွေ့ချင်လို့ပါ။ ဒါနဲ့ သားလေး နာမည် ဘယ်လိုခေါ်လဲ"

"ထွန်းထွန်းပါ ခင်ဗျာ"

"သားက ဘယ်နှတန်းတက်နေလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ"

"သုံးတန်းတက်နေပါတယ်၊ အသက် (၁၀) နှစ်ပါ"

"သားက တော်သားပဲကွ။ သားလေး ဘဘတို့ပါလာတဲ့ မုန့်တွေယူပါဦး။ ဘဘတို့ကသားလေးကိုချစ်လို့ပေးတာ"

ရဲအုပ်အောင်နိုင် ချိုချဉ်နှင့် မုန့်ထုပ်လေးတွေ လက်ဆောင်ပေးလိုက်ရင်း အားပေးစကားပြောလိုက်တော့ ကလေးငယ် အနည်းငယ် ရဲတင်းလာသည်။ ထွန်းထွန်းလေးက အသားညိုညို၊ ဝဝတုတ်၊ မျက်လုံးပြူးပြူးနှင့် ချစ်စရာ။ သွက်လက်ချက်ချာပုံရသည်။

"ဒါထက် သားလေးတို့ ကျောင်းက အတန်းပိုင် ဆရာမ ဒေါ်တင်လှ ကျောင်းတတ်လား"

"ကျောင်းမတက်ဘူး ခင်ဗျာ။ ကလေးမွေးဖို့ ခွင့်ယူထားပါတယ်"

"ဒီလိုဆို အဲဒီဆရာမအစား ရောက်လာတဲ့ အတန်းပိုင်ဆရာမကို မြင်ဖူးလား"

"မမြင်ဖူးပါဘူး ခင်ဗျာ"

"သားရှေ့မှာရပ်နေတာ ဒေါ်လှတင်အစား ရောက်လာတဲ့ အတန်းပိုင်ဆရာမပဲ ဒေါ်နီလာတဲ့။ မှတ်ထားနော် သား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ရဲအုပ်အောင်နိုင် ကျောင်းဆရာမအသွင် ဝတ်ဆင်ထားသော မနီလာကို ညွှန်ပြလိုက်သည်။ မနီလာကလည်း ကလေးငယ်ကိုပြုံးပြရင်း ထွန်းထွန်းရဲ့ ဦးခေါင်းလေးကို ပွတ်သပ်ပေးလိုက်သည်။ ထွန်းထွန်း သဘောတွေကျသွားပြီး ပိုမို ရဲတင်းလာသလိုရှိသည်။

ဒုရဲအုပ်နီလာမှ-

"ဒါထက် သားကို ဆရာမမေးရဦးမယ်။ သားနဲ့ဘိုဘိုတို့က သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

မို့လား။ သားတို့ကျောင်းတက်နေတုန်း ဘိုဘိုကို ဘယ်သူတွေခေါ်သွားလဲ၊ သား ဘယ်လိုမြင်သလဲ ဆရာမကို သိသမျှ မြင်သမျှ ပြောပြနော်"

"ဟုတ်ကဲ့ပါ၊ သားတို့ နေ့လယ် မုန့်စားကျောင်းလွှတ်တော့ သားရယ်၊ ဘိုဘိုရယ်၊ မလွင်ရယ် ကျောင်းရှေ့ ဒေါ်မြမုန့်ဆိုင်ရောက်သွားပါတယ်။ မုန့်ဆိုင်ရှေ့မှာ သားဖေဖေ၊ မေမေနဲ့အတူ ဆရာမကြီးကို တွေ့ပါတယ်။ (နတ်ကတော်ကြီး ဒေါ်ခင်တုတ်ကို ရွာခလေ့ ဆရာမကြီးလို့ ခေါ်ကြသည်)"

"ဆရာမကြီးလို့ သားဘယ်လိုသိသလဲ"

"ဆရာမကြီးက ပုဆိုးဝတ်ထားပါတယ်။ သားတို့သုံးယောက်ကို ငါးမုန့် (၃) ထုပ်ဝယ်ကျွေးပါတယ်"

"ဆက်ပြောပါဦး သား"

"နောက်တော့ သားတို့နှစ်ယောက်ကို ပြန်လွှတ်ပြီး ဘိုဘိုကိုခေါ်သွားကြပါတယ်"

"ဘယ်ခေါ်သွားလဲသိလား"

"သားမသိဘူး ခင်ဗျ"

"သားကို ဆရာမတို့ ကျေးဇူးတင်ပါတယ်ကွယ်"

အမှုစစ်အဖွဲ့ ကလေးငယ်အား အနားပေးလိုက်ပြီး ကျောင်းအုပ်ကြီး ရွာလူကြီးများနှင့်အတူ ပြန်ထည့်ပေးလိုက်သည်။ အမှုစစ်အထူးအဖွဲ့ ဆက်လက် ဆောင်ရွက်ရန် ညှိနှိုင်းကြသည်။ ထူးသာတို့ လင်မယားနှင့် ထူးသာရဲ့ တပည့်ကျော် အောင်ကြီးကို အမှုစစ်အထူးအဖွဲ့နှစ်ဖွဲ့ခွဲပြီးစစ်ရန်၊ စစ်ဆေးရန်နေရာကို အောင်လံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းနှင့် ရဲစခန်း၊ ရုံးခန်းတို့ကို အသုံးပြုရန်၊ ရလာတဲ့သတင်းကို အချင်းချင်း ဆက်သွယ်မှုပြုလုပ်ရန်တို့ ဖြစ်သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်းရုံးက လှမ်းမြင်နေရသည်။ ရထားတဲ့သတင်းအရတော့ ထူးသာက ခေါင်းခပ်မာမာ၊ သူ့တပည့်အောင်ကြီးက ခပ်ပျော့ပျော့ ပေါ့ချာချာ။ အပျော့ကို ပိုင်အောင်ကိုင်နိုင်မှ အောင်မြင်မှု ရတတ်တာမို့ အောင်ကြီးကို ရဲစခန်းရုံး၌ ကိုယ်တိုင်စစ်ရန်၊ ထူးသာတို့လင်မယားကို ဒုရဲအုပ်နီလာ၊ ဆရာအုန်းတို့အဖွဲ့က မြို့နယ်မှူးရုံး၌စစ်ရန် အဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်နိုင် ဆုံးဖြတ်လိုက်ပြီး လိုအပ်ချက်တွေ ညွှန်ကြား တာဝန်ခွဲဝေလိုက်ကြသည်။

*

ချိန်းဆိုထားသောနေ့ နံနက် (၉) နာရီခန့် ကံသာရွာမှ ရွာလူကြီးများနှင့်အတူ ထူးသာတို့လင်မယား၊ ထူးသာ၏ တပည့် အောင်ကြီးတို့ ရှေ့ဆင့်နောက်ဆင့်ရောက်ရှိသွားသည်။ အောင်ကြီးက ရဲစခန်းရုံးခန်းထဲ ရောက်ရှိလာသည်။ အောင်ကြီး ရဲစခန်းမှူးရုံးခန်းထဲ မဝံ့မရဲ ဝင်လာသည်။ အောင်ကြီးက အသက် (၄၀) ကျော်ခန့် ပုပျပ်ပျပ်၊ အသားညိုညို၊ ခန္ဓာကိုယ်လုံးကျစ်ကျစ်၊ မျက်နှာတွင် ကျောက်ပေါက်ရာများနှင့်။

အောင်ကြီးကို ရဲအုပ်အောင်နိုင် ခပ်တည်တည်စိုက်ကြည့်လိုက်ရင်း-

"ကိုင်း- အောင်ကြီး၊ မင်းကိုအရင် သတိပေးထားမယ်။ မင်းအကြောင်း ငါ အကုန်သိထားတယ်ဆိုတာပဲ။ မင်းလိမ်ဖို့မကြိုးစားနဲ့။ ကဲ - ပြောပါဦး၊ ရွာမှာ မင်းဘာလုပ်ကိုင်စားလဲ"

"ကျွန်တော် ယာလုပ်ပါတယ် ဗိုလ်ကြီး"

"ဒီပြင် မင်းလုပ်တာရှိသေးတယ် ပြောဦး"

"ချဲလက်ခွဲရောင်းပါတယ်ခင်ဗျာ"

"ဒီလိုမှပေါ့ကွ"

"မင်းဆရာ ထူးသာကကော ချဲမလုပ်ဘူးလား"

"ချဲဒိုင်ကိုင်ပါတယ်ခင်ဗျာ"

"မင်းတို့အကျိုးအမြတ်ဘယ်လိုရလဲ"

"ချဲမပွင့်တဲ့အပတ်ကများလို့ စားရတာများပါတယ်"

"မင်းတို့ ဒီလထဲမှာ ချဲမပွင့်အောင် ရွာမှာ နတ်ပွဲပေးရတာ မှန်လား"

"မှန်ပါတယ် ခင်ဗျာ"

"ဘယ်သူ့နတ်ပွဲလဲ၊ ဘယ်သူက ပေးတာလဲ"

"ဒေါ်ခင်တုတ်တို့နတ်ပွဲပါ၊ ကိုထူးသာက ပေးတာပါ"

"ဒေါ်ခင်တုတ်ပြောလို့ မင်းဆရာနဲ့မင်း တစ်ရွာလုံးအတွက် နတ်ပွဲပေးရအောင် ပိုက်ဆံလိုက်စုတာ မှန်လား"

အမှုစစ်တဲ့ဗိုလ်ကြီး ငါတို့ရဲ့ အကြောင်းတွေ တော်တော်သိထားပါလားဟူသောအတွေးဖြင့် အောင်ကြီး ကြောက်ရွံ့ချွေးပြန်တုန်ယင်လာသည်။ အမှုစစ်တယ်ဆိုတာ တရားခံနှင့် အမှုစစ်အရာရှိရဲ့ အားပြိုင်ခြင်းပဲ။ အမှုစစ်အရာရှိက ကြိုတင်ပြီး သိသင့်တာတွေ အကုန်သိအောင် လေ့လာထားရသည်။ တရားခံကို မလိမ်ရဲအောင် မေးခွန်းတွေ ထောက်မေးခြင်းဖြင့် တရားခံ မလိမ်ရဲ

တော့ဘဲ အမှန်ကို ဝန်ခံလာတတ်သည် ဒါကို (Break down) လို့ ခေါ်သည်။

အောင်ကြီးမှ -

"မှန်ပါတယ်ခင်ဗျာ"

"မင်းတို့ ရွာမြောက်ပိုင်းသား... ပိုက်ဆံမထည့်လို့ မင်းဆရာနဲ့ မင်း... နတ်ကတော်ကြီးနဲ့ ဘာတွေတိုင်ပင်... သလဲ"

အောင်ကြီး ဒီမေးခွန်းကိုတော့... မဖြေဘဲ ပေခံနေရာက -

"ကျွန်တော် ဒါတွေကိုတော့ မ... ပါဘူး ဗိုလ်ကြီး"

"မင်းကို ငါ မလိမ်ဖို့ ပြော... တယ်လေ။ မြို့နယ်မှူးရုံးမှာ မင်းဆ... တို့လင်မယားရောက်နေတာ သိလား"

"ဟုတ်ကဲ့၊ သိပါတယ်"

"ဝင်ခွင့်ပြုပါ"

အသံကြားလို့ ရဲအုပ်အောင်... လှမ်းကြည့်လိုက်သည်။ ရဲဝတ်စုံသေ... စွာ ဝတ်ဆင်ထားသော ဒုရဲအုပ် နီ... အလေးပြုရင်း စခန်းမှူးရုံးခန်းထဲဝင်... သည်။

"သတင်းပို့ရန်ရှိပါတယ်"

ရဲအုပ်အောင်နိုင်နှင့် ဒုရဲအုပ်နီ... တို့ စခန်းရုံးအမှုစစ်အခန်းလေးထဲ ... သွားပြီး ခဏအကြာ ရဲအုပ်အောင်... ပြန်ထွက်လာလေသည်။ ဒုရဲအုပ် နီ... အလေးပြုပြီး ပြန်ထွက်သွားသည်။

"ကဲ-အောင်ကြီး၊ မင်းကိုငါ... သားပဲ မလိမ်ပါနဲ့လို့။ မင်းကသာ ... နေ၊ မင်းဆရာလင်မယားက အကုန်... နေပြီ၊ မင်းကိုလွှဲချနေကြပြီ။ မင်းတို့ ... မြောက်ပိုင်းက မြနှစ်သားလေး ဘို... ဖမ်းပြီး ဝှက်ထားတယ်၊ အဲဒီကို... မင်းအကုန်ကူညီဆောင်ရွက်ပေး... ပြောနေပါလား။ ဘယ်လိုလဲ ငြင်းဦး... လား။ မင်းမှန်တာပြောရင် သက်သာ... ရအောင် ငါကူညီမယ် ဘယ်လိုလဲ"

ရဲအုပ်အောင်နိုင် ချော့ရင်းခြော... ရင်း၊ ပရိယာယ်သုံး ရန်တိုက်ပေး... သည်။ အောင်ကြီး ငိုင်နေရာမှ မျက်... ကြောတင်းသလိုရှိလာပြီး -

"ဒီလိုလား ဗိုလ်ကြီး၊ ကျွန်... သိတာ အကုန်ပြောပါတော့မယ်"

တကယ်တော့ ထူးသာတို့... မယား ဘူးခံငြင်းကွယ်နေကြကြော... ဒုရဲအုပ်နီလာ လာရောက်သတင်း... ခြင်း ဖြစ်သည်။

"ဒီလိုမှပေါ့ကွ၊ ကဲ - မင်းသိ... အကုန်ပြော"

"ရွာမြောက်ပိုင်းက မြ...



www.burmeseclassic.com

www.burmeseclassic.com

ဘိုဘိုကို ကျောင်းအလွှတ်မှာ မကြီးနဲ့ ကျွန်တော့်ဆရာ ကိုထူး တို့ လင်မယားခေါ်လာပြီး ကျွန် အိမ်ပုတ်ထဲမှာ ထည့်ထားပါတယ်။ ကလေးကို အဝတ်နဲ့ မျက်စိ၊ ပါးစပ်ပိတ် နောက်ပြန်ကြိုးတုပ်ထားပါတယ်"

"ဆက်ပြောလေကွာ"

"ညမိုးချုပ် (၈) နာရီလောက်မှာ လှေဆိပ်ကို ခေါ်သွားပါတယ်။ ကျွန် ခေတ်မီးထိုးလိုက်ပို့ပါတယ်။ လှေ တင်မောင်ရဲ့လှေပေါ်မှာ ဆရာ နဲ့အတူ လက်ထောက်ဒေါ်သိန်းတို့ နေပါတယ်။ နောက်တော့ မြစ် ကက်ကမ်း လှော်ခပ်သွားလို့ ကျွန် ကျန်နေခဲ့ပါတ့ယ်"

"ကလေးဆွဲတဲ့ဆွဲကြိုးလေးကော"

"ဆရာမကြီးယူထားပါတယ်"

"ကလေးကို ဘယ်မှာဖွက်ထားခဲ့ ဆိုတာပြော"

"ကျွန်တော်အဲဒါတော့မသိပါဘူး "

ထူးသာတို့ လင်မယားကလည်း င်ဘူးခံ ဆက်လက် ငြင်းကွယ်နေ င်းသိရသည်။ ၎င်းတို့အားလုံးကို ပြုပြီး အချိန်ယူစစ်မှ အမှုခိုင်လုံ င်ကောင်းနိုင်မည်ဟု ရဲအုပ်အောင် တွေးမိသည်။ ထူးသာတို့လင်မယား အောင်ကြီးကိုချုပ်ထားရန်နှင့် တရား ပို့ပြီး ချုပ်ရက်တောင်းခံရန် ညွှန် လိုက်သည်။

*

ရဲတပ်ဖွဲ့က အရေးယူဆောင်ရွက် ခွင့်ရှိသောအမှု၊ ရဲတပ်ဖွဲ့က အရေး ဆောင်ရွက်ပိုင်ခွင့်မရှိသော အမှုဟူ၍ မျိုးရှိသည်။ ရဲတပ်ဖွဲ့က အရေးယူ ဆောင်ရွက်ပိုင်ခွင့်ရှိလျှင် ရဲအရေးပိုင် ည်၊ ရဲတပ်ဖွဲ့က အရေးယူဆောင်ရွက် ခွင့်မရှိလျှင် ရဲအရေးမပိုင်ဟု ခေါ် ည်။ ရဲအရေးပိုင်က ရဲစခန်းမှတ်ပုံ (၂၀)၌ အမှုလက်ခံရေးဖွင့်ပြီး အမှု အရာရှိတစ်ဦးဦးအား တာဝန်ပေးစစ် းစေလေ့ရှိသည်။ ရဲတပ်ဖွဲ့မှ အမှုစုံ းစစ်ဆေးနေစဉ်အတွင်း တရားခံကို ထားရန် ချုပ်ရမန် (၁) ပတ် ပထမ ကြိမ် (၁၅) ရက် တရားရုံးက ခွင့်ပြု သည်။

ရဲအုပ်အောင်နိုင် ဦးစီးသော အမှု အထူးအဖွဲ့ ကူတို့လှေသမား ကံသာ သား တင်မောင်ကို ဖမ်းဆီးစစ်ဆေး စီစဉ်နေစဉ် တင်မောင် ရှမ်းပြည်နယ် က် ထွက်ပြေးတိမ်းရှောင်သွားသည်။

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့သို့ ဆက်သွယ် အကူအညီတောင်းရာမှ တင်မောင်ကို ဖမ်းဆီးရမိခဲ့သည်။တင်မောင် အောင်လံ ရဲစခန်းအချုပ်သို့ ရောက်ရှိလာသည်။ တင်မောင်မှာ အသက်(၄၀)ခန့် အသား ဖြူဖြူ ပိန်ရှည်ရှည်၊ မျက်ပေါက်ကျဉ်း ကျဉ်း။ ရဲအုပ်အောင်နိုင် တင်မောင်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး -

"ဘယ်လိုလဲ တင်မောင်၊ ရာဇဝတ်ဘေးပြေးမလွတ်တဲ့ကွ။ မင်းဘယ်လောက်ကြာအောင်ပြေးပြေး အမှုဆိုတာ ဆွေးသွားရိုးထုံးစံမရှိဘူး။ မှန်တဲ့ အတိုင်းပြော ငါတတ်နိုင်သမျှ ကူညီမယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ ကျွန်တော် သိတာ အကုန်ပြောပါ့မယ်။

မြန်နှစ်သား ဘိုဘိုကို အောင်ကြီး က ပါးစပ်၊ မျက်စိပိတ်၊ ကြိုးတုပ်ပြီး လှေဆိပ်လိုက်ပို့ပါတယ်။ လှေပေါ်မှာ ဆရာမကြီးနဲ့ လက်ထောက် ဒေါ်သိန်း တို့ ရှိနေပါတယ်။ မြစ်တစ်ဖက်ကမ်း ထုံးတောင်ရွာကို ပို့ပေးရပါတယ်။ ထုံး တောင်ရွာရောက်တော့ အောက်ဘက် ဆက်ဆင်းခိုင်းတာနဲ့ ကံမအထိပို့ပေးရ ပါတယ်။ ကံမရောက်တော့ ကလေးကို ခေါ်ပြီး ကုန်းပေါ် တက်သွားပါတယ်။ နှစ်နာရီလောက်ကြာပြီး ပြန်ဆင်းလာ တော့ ကလေးပါမလာတော့ပါဘူး"

"ကလေးကို ချပေးခဲ့တဲ့ နေရာ မှတ်မိလား"

"ညအချိန်မို့ ကျွန်တော် သဲသဲကွဲ ကွဲ မမှတ်မိတော့ပါဘူး"

သရက်မြို့ ထုံးတောင်ရွာနှင့် ကံမ မြို့နယ်က ဆက်စပ်နေသည်။ လှေ သမား တင်မောင် ဖြောင့်ကွယ်ကွယ်၍ ထွက်ဆိုနေလေပြီ။ တရားခံအချင်းချင်း တိုက်စစ်ရန် စီစဉ်ရတော့သည်။ တင် မောင်ကို ဖမ်းဆီးချုပ်ထားလိုက်သည်။ တင်မောင် ရုံးတော်၌ ဖြောင့်ချက်ပေး မည်ပြော၍ တရားရုံးသို့ပို့ပြီး ဖြောင့် ချက်ရယူခဲ့သည်။ အမှုစစ်အဖွဲ့ နတ်ကတော်ကြီး ဒေါ်ခင်တုတ်၊ ခင်ပွန်းဖြစ် သူ ဦးထိန်၊ လက်ထောက်ဒေါ်သိန်းတို့ ကို ဆက်လက် ဖမ်းဆီးစစ်ဆေးခဲ့သည်။ နတ်ကတော်ကြီးလင်မယားနှင့် လက် ထောက်ဒေါ်သိန်းတို့ အတင်းဘူးခံ၍ ငြင်းကွယ်နေကြသည်။ တရားခံအချင်း ချင်း တိုက်ဆိုင် စစ်ဆေးသော်လည်း မထူးခြား။ တရားခံအားလုံးကို ချုပ်ရမန် (၂) ပတ်ယူစစ်ဆေးခဲ့သည်။ အမှုပေါ် သလိုရှိပေမယ့် ကလေးငယ် ဘိုဘိုကို ပြန်မရဘဲ လမ်းစပျောက်နေသည်။

အိမ်ရှေ့ပူ၊ အိမ်နောက်မချမ်းသာ ဆိုတာလို အမှုစစ်အဖွဲ့ မြနှစ်ကို သနား မဆုံးရှိနေသည်။ ရေနစ်သူ ကောက်ရိုး တစ်မျှင်ပဲဖြစ်ပါစေ ဆွဲမိဆွဲရာ ဆွဲတတ် ကြသလို မြနှစ်ရဲ့သောကတွေ အတတ် နိုင်ဆုံး ဖြေလျှော့ပြီး စိတ်ဓာတ်စွမ်းအား တွေ မြှင့်တင်ပေးရန် ဒီနေ့တော့ အမှု စစ်အဖွဲ့ မြနှစ်နှင့်အတူ သရက်ဘက် ကမ်းကူးခဲ့ကြသည်။ သရက်မြို့ ရွှေ သက်လွှတ်ဘုရားသို့ ရောက်ရှိဝတ်ပြု ကြသည်။ ဘုရား၌ မယ်တော်ကြီးနတ် နန်း ရှိသည်။ မယ်တော်ကြီးက ကလေး တွေကို ချစ်တတ်တယ်တဲ့။ (စကားချပ် သရက်မြို့ ရွှေသက်လွှတ်ဘုရားကို သား တော်လေး အသက်ချမ်းသာခွင့်ရခြင်း အထိမ်းအမှတ်အဖြစ် မယ်တော်ကြီးက တည်ထားခဲ့ကြောင်း ရာဇဝင်အဆိုရှိ သည်။ အကျယ်သိလို၊ ရေးလိုပါသော် သရက်မြို့သို့ သွားရောက် လေ့လာကြ ပါကုန်။)

မယ်တော်ကြီး နတ်နန်းမှာပွဲများ ပြင်ဆင် ပူဇော်ပသရင်း -

"မယ်တော်ကြီး၊ သမီးကိုသနား ရင် သားလေး ဘိုဘိုကို ပြန်တွေ့အောင် စောင့်ရှောက် ကယ်မပါ။ သမီးရင်တွေ ကွဲရပ့ါလိမ့်မယ် ဟင့် ဟင့် ဟင့်"

မြနှစ် အားပါးတရ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"မြနှစ်သားလေးကို ပြန်ရအောင် မယ်တော်ကြီးက တို့ကိုစောင့်ရှောက်မှာ ပါကွယ်၊ အားမငယ်ပါနဲ့"

ကိုထွန်းအောင် မြနှစ်ကို တွဲကူ ဖေးမနှစ်သိမ့်လိုက်သည်။ အမှုစစ်အထူး အဖွဲ့ သတင်းတစ်ခုရလိုက်သည်။ မယ် တော်ကြီးနတ်နန်း၌ လွန်ခဲ့သောလက ညစဉ် (၈) နာရီခန့် အသက် (၅၀) ခန့် ဝဝဖိုင့်ဖိုင့် ဒေါင်ကောင်းကောင်း အမျိုး သမီးတစ်ယောက် လာရောက် ပူဇော် ပသသွားသည်တဲ့။ ဆက်လက် စုံစမ်း လိုက်တော့ အဲဒီအမျိုးသမီးက နတ်က တော်ကြီး ဒေါ်ခင်တုတ် ဖြစ်နေသည်။ မြနှစ်တို့ အောင်လံဘက်ကမ်း ပြန်ကူး ခဲ့ကြသည်။

အမှုစစ်အဖွဲ့ နည်းလမ်းမျိုးစုံဖြင့် ကြိုးစား စစ်ဆေးသော်လည်း နတ်က တော်ကြီးအဖွဲ့ ငြင်းကွယ်မြဲရှိနေသည်။ လှေသမားတင်မောင်ကို ကံမသို့ဖမ်းဆီး ခေါ်ဆောင်သွားပြီး စုံစမ်းစစ်ဆေးခဲ့ သော်လည်း ထူးခြားသတင်းမရ။ တရား ခံတွေကို ချုပ်ရက်မကုန်မီ ကာလ အတွင်း ရဲတပ်ဖွဲ့မှ အမှုစုစည်းတည် ဆောက်ကြရသည်။ ချုပ်ရက်ကုန်လျှင်



www.burmeseclassic.com

www.burmeseclassic.com

တော့ ထပ်တောင်းလို့ မရတော့။ မဖြစ်မနေတရားစွဲတင်ကြရသည်။ ယခုလည်း ချုပ်ရက်တွေ တစ်ရက်ပြီးတစ်ရက်ကုန်ဆုံးလာခဲ့ပြီ။ နတ်ကတော်ကြီး ဒေါ်ခင်တုတ်တို့ လင်မယား၊ ထူးသာတို့လင်မယား၊ ထူးသာတပည့် အောင်ကြီး၊ လှေသမားတင်မောင်၊ နတ်ကတော်ကြီးရဲ့ လက်ထောက် ဒေါ်သိန်း အပါအဝင် တရားခံ (၇) ဦးကို ရုံးတင်တရားစွဲဆိုခဲ့သည်။ တရားရုံးတော်က တရားခံ (၇) ဦးအား နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ လှေသမားတင်မောင် ထောင်ထဲတွင် သေဆုံးသွားခဲ့ရသည်။

အမှုစစ်အထူးအဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်နိုင် ခေါင်းထဲ အသိလေးတစ်ခုဝင်လာသည်။ လူ့ဘဝခရီးတိုတိုလေးမှာ ကောင်းကျိုးချမ်းသာတွေရဖို့ အသိမှန်အမြင်မှန်ဖို့ အရေးကြီးဆုံးဖြစ်ပေမည်။ အသိမှန်၊ အမြင်မှန်မှ အလုပ်မှန်မည်။ အလုပ်မှန်မှ ကောင်းကျိုးချမ်းသာဖြစ်မည်။ လူတွေရဲ့ဘဝကို တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတွေ ဖြစ်နေတာ လူတွေရဲ့ အသိအလိမ္မာ ဉာဏ်ပညာက ပိုမိုအဓိကကျသောအခန်းမှ ပါဝင်နေတယ်လို့ တွေးမိသည်။

ရရှိလာတဲ့လူ့ဘဝလေးမှာ လူသားအားလုံး လိုချင်တပ်မက်ခြင်းတဏှာကို လုံးဝမရှိ ပယ်သတ်နိုင်ရန် ခက်ပေလိမ့်မည်။ ထုထည်မကြီးအောင်၊ ပါးသွားအောင်သာ ကြိုးစားနေကြရသည်။ ခန္ဓာကိုယ်ကြီးမှာတည်ရှိနေတဲ့ အာရုံ(၆)ပါးကလည်း လိုချင်တပ်မက်မှုတဏှာတွေနှင့် အတောမသတ်အောင် တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေကြသည်။ ပြန့်လွင့်ကျက်စားနေကြသည်။ လိုချင်မှု၊ တပ်မက်မှု၊ တဏှာတွေကပဲ လူသားတွေကို ဒုက္ခတွေ အမျိုးမျိုးပေးတတ်ကြသည်။ တဏှာကို အရင်သတ်ရမယ်ဆိုတော့ တရားတော်အရ တဏှာထက် အရင်သတ်သင့်တာ ဒိဋ္ဌိဟု မှတ်သားမိပေသည်။ တဏှာကို အတိုင်းအတာတစ်ခုအထိ ပယ်သတ်နိုင်အောင် ကြိုးစားလို့ရနိုင်ပေမယ့် အယူမှား၊ အသိမှားပြီဆိုလျှင်တော့ သံသရာခရီးတစ်လျှောက်လုံးမှောက်ပြီပေါ့။

လိုချင်မှု ပြုလုပ်ကြောင့် ရလာတဲ့ဘဝ၊ ဘဝခန္ဓာကြောင့် ရလာတဲ့ဒုက္ခ၊ ဒုက္ခတွေရဲ့ လွတ်မြောက်ရာ တစ်ခုတည်းသောလမ်းက ဘာဝနာ၊ ဘဝတွေ့ နောက်ခန္ဓာတွေဖြစ်မလာမှ ဒုက္ခအားလုံးချုပ်ငြိမ်းမည်၊ မြတ်ဗုဒ္ဓရဲ့သစ္စာလေးပါး၊ တရားအဆီအနှစ်တွေရှိပါလျက် အသိအမြင်မှား ဒိဋ္ဌိတွေမကွာရှိနေလျှင် လူမှာဆို စကြာမင်း၊ နတ်မှာဆို သိကြား၊ မိုးဖျားမှာ ဗြဟ္မာဖြစ်စေဦး၊ ခန္ဓာတွေပြိုကွဲ၊ ကုသိုလ်စံချိန်မှာ အပါယ်ငရဲကို ဇကန်ရောက်မည့်အကြောင်း မဃဒေဝလမ်းညွှန်နီတိ၌ မန်လည်ဆရာတော်ဘုရားကြီးက -

'သစ္စာမသိ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာမူ၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ ဖြစ်တုံမှာလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စံက ဖောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည့်'

လို့ သတိပေး ဆုံးမတော်မူခဲ့ပါသည်။ အသိအမြင်၊ အယူအဆ မတူညီသော အုပ်စု (၂) ခုကြားတွင် မြေစာပင်သဖွယ်၊ သားကောင်သဖွယ်ဖြစ်သွားရရှာသော ကလေးငယ်တစ်ယောက်၏ ဘဝကား ရင်နင့်ဝမ်းနည်းကြေကွဲဖွယ်ရာပင်။ သားသမီးကို ချစ်သောမိဘများ၏ မေတ္တာကား ထုထည်ကြီးမား နက်ရှိုင်း ကျယ်ပြန့်လှပေသည်။ သားငယ်ခေတ္တပျောက်သွားသော တိရိစ္ဆာန်များရဲ့ ပူပင်သောကရောက်နေပုံကို မြင်တွေ့ဖူးကြပေလိမ့်မည်။ လူသားအဖို့ကား ဆိုဖွယ်ရာ မရှိတော့ပြီ။ ယုံကြည်ကိုးကွယ်မှု မတူညီခြင်းကို အခြေခံ၍ဖြစ်လာရသော အုပ်စုတိုက်ပွဲကြားတွင် နှစ်ရှည်ထောင်ဒဏ်ကျခံရပြီး သေဆုံးသွားရသူများ၏ဖြစ်ရပ်က သင်ခန်းစာယူစရာကောင်းလှသည်။

နှစ်တွေ ကြာညောင်းလို့ ရာသီစက်ဝန်းတို့ အလီလီပြောင်းခဲ့ပြီ။ သားကောင်ဖြစ်သွားရရှာသော သားငယ်လေး ဘိုဘို သေသည်လား၊ ရှင်သည်လားမသိ။ သားလေးကို ပြန်လည်တွေ့ရနိုး နေ့စဉ်စောင့်မျှော်ရင်း မြနှစ် အချိန်နှင့်အမျှ လွမ်းဆွတ် သတိရနေမိသည်။ အလွမ်းဝေဒနာတွေ ရင်ထဲလျော့မသွား။ အချိန်နှင့်အမျှ တိုးလာသလိုသာခံစားနေရသည်။ ရွက်ဟောင်းတွေကြွေလို့ ရွက်သစ်တွေအလီလီဝေခဲ့ပြီ။ ဝေ့ဝိုက်တိုက်ခတ်လာတဲ့ လေရှူးလေးနှင့်အတူ လတပေါင်းမှာ လွမ်းလွမ်းဆွေးဆွေး အော်မြည်လိုက်သော ဥသြငှက်ငယ်လေးရဲ့ လွမ်းချင်းတေးသံလေး ကြားရတိုင်း မြနှစ် မျက်ရည်မိုးတွေအကြိမ်ကြိမ်စွေခဲ့ရသည်။ နေအိမ်ပေါ်က လှမ်းမြင်ဖူးတွေ့နေရတဲ့ ရွာဦးစေတီလေးကိုလက်အုပ်ချီလိုက်သည်။ သားလေးကို သက်ရှိထင်ရှားပြန်တွေ့ခွင့်ရပါစေ။ ဘဝဆက်တိုင်း ဒီလိုအဖြစ်မျိုးတွေ မကြုံဆုံပါရစေနှင့်ဟု မြနှစ် ဆုတွေအခါခါတောင်းရင်း သောကတွေနှင့် ရင်ထဲမွန်းကျပ်လာလို့ မျက်ရည်စတွေသိမ်းခဲ့ရပေါင်းများခဲ့ပြီ။

ဒိဋ္ဌိ (၂) မျိုးရှိသည်။ သမ္မာဒိဋ္ဌိ - မှန်ကန်စွာ၊ ကောင်းစွာ သိမြင်ခြင်းနှင့် မိစ္ဆာဒိဋ္ဌိ - အသိအမြင် အယူမှားခြင်းတို့ ဖြစ်သည်။ ကိုးကွယ်ရာ အစစ်အမှန် ရတနာသုံးပါး၊ ဒုက္ခတွေရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်တရား အမှန်အကန်ဆုံးတရားတော် 'မဂ္ဂင်ရှစ်ပါး' ကို လိုက်နာကျင့်သုံးမှုအားနည်းပြီ အယူမှား၊ အသိမှားတွေနှင့် ဘဝမှာနေထိုင်သွားကြလျှင် ဘဝနှစ်ဖြာမှာ ကောင်းကျိုးချမ်းသာတွေ ဘယ်လိုမှမရနိုင်ပေ

*'သုံးပါးရတနာ၊ ကိုးကွယ်ရာ*
*စစ်စစ်ဇကန်ရှိသည်မှန်လည်း*
*အယူလွဲမှား၊ ပြုလေငြားက၊*
*ကောင်းကျိုးဘယ်ခါ၊ မရှိရာဘူး၊*
*နှစ်ဖြာဘဝ၊ ချမ်းသာရအောင်*
*မဂ္ဂင်ရှစ်ပါး၊ ကျင့်တရားဖြင့်*
*သမ္မာဒိဋ္ဌိ၊ မြင်အောင်ကြည့်လော့'*

လူ့ဘဝ ရခဲလှသည်၊ တိုတောင်းလှသည်။ ရရှိလာတဲ့ ဘဝလေးမှာ အ[illegible] မြင်မှားအသိမှားတွေကြောင့် မကောင်းမှုတွေမဖြစ်ရဘဲ အသိအမြင်မှန်ကန်[illegible] ကြောင့် ကောင်းကျိုးချမ်းသာတွေ [illegible] ရန် အရေးကြီးသည်။ ပညာဖြင့် [illegible] သော အသိတရားကသာ ဘဝအမှော[illegible] တွေကိုခွင်းပြီး အလင်းရောင်ကိုရ[illegible] မည် ဖြစ်သည်။ အစစအရာရာ သ[illegible] ဒိဋ္ဌိ မှန်ကန်စွာ သိမြင်တတ်ခြင်း[illegible] ဘဝကို တည်ဆောက်ကြရန်ဖြစ်သ[illegible]

ယခုအခါ နိုင်ငံတော်က မိခ[illegible] ကလေးစောင့်ရှောက်ရေးအသင်း [illegible] ကုန်မှု တိုက်ဖျက်ရေးလုပ်ငန်းမျာ[illegible] ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျ[illegible] ရှိရာ ကံသာရွာလေးမှ မြနှစ်ကဲ့သို့ မိ[illegible] များ နောက်ထပ်ပေါ်ပေါက်မလာစေ[illegible] ပြည်သူအားလုံးကို မှုခင်းအသိ[illegible] တွေပေးရင်း ပြည်သူတွေအားလုံး [illegible] ပေါင်းပါဝင် ဆောင်ရွက်ကြမှ ဒီလို[illegible] နည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်မျိုးတွေ[illegible] တားဆီးနိုင်လိမ့်မည်ဟု ရဲအုပ် အော[illegible] နိုင် တွေးတောနေမိပါတော့သည်။

*(ယခုဖြစ်ရပ်မှန်ဇာတ်လမ်း[illegible] ကို အမည်များပြောင်း၍ ရေးဖွဲ့ထား[illegible] သည်။ ဇာတ်လမ်းလေးအားပြောပြ[illegible] ဆရာအုန်း (ဘေဘီလုံ) အား အ[illegible] ကျေးဇူးတင်ရှိပါသည်။)*

မကောင်းမှုရှော[illegible]
ကောင်းမှုဆောင်နိုင်ကြ[illegible]

မောင်စိန်ဝင်း ([illegible]



www.burmeseclassic.com

# ဂဏန်းဗေဒင် ... မုဒိတာ(ကျိုက်လတ်)

www.burmeseclassic.com

**(၁)ဂဏန်းသမား**

အင်္ဂလိပ်မွေးရက် ၁၊ ၁၀၊ ၁၉၊ ၂၈ ရက်မွေးသူများသည် (၁)ဂဏန်းသမား ဖြစ်၏။

**စိတ်နေသဘောထား**

တီထွင်ဖန်တီးတတ်သူ၊ တစ်သီးတစ်သန့်နေတတ်သူ၊ ကြံဆပြီးမှလုပ်တတ်သူ၊ အမြင်ထူးခြား၍ ဆုံးဖြတ်ချက်ခိုင်မာသူ၊ ထင်ပေါ်လိုသူ၊ နောက်မတွန့်သူ၊ ခေါင်းဆောင်ထမ်းဖြစ်ပါက ရာထူးကြီးသူ၊ ငယ်စဉ်ကတည်းက ရှိသေအောင်နေ၊ လူကြီးလူကျယ်ဆန်သူ၊ ပြောင့်စိတ်တိုများ ဖြစ်၏။ နေရာတကာမှာ ဦးဆောင်လို၏။ စိတ်မြန်ခြင်းနှင့် သည်းမခံနိုင်ခြင်း၊ အားမနာခြင်း၊ ခက်ထန်ခြင်း၊ မခံချင်စိတ်ကြီးမားခြင်းစိတ် ရှိသည်။

**ရာသီ**

မိဿ၊ သိဟ်။

**ရောဂါ**

နှလုံး၊ မျက်စိ၊ သွေးတိုး။

**အန္တရာယ်**

မီး၊ လျှပ်စစ်။

**ဓာတ်စာ**

စပျစ်၊ လိမ္မော်၊ ရှောက်၊ သံပရာ၊ ကျွဲကောသီး၊ ချင်း၊ ပေါင်မုန့်၊ ဇာတိပ္ဖိုလ်၊ များရည်။

**အဆောင်ရတနာ**

ပယင်း၊ ဥဿဖရား၊ အဝါရောင်ရှိန်။

**အရောင်**

ရွှေရောင်၊ အဝါရောင်။

**နေ့ကောင်း**

တနင်္ဂနွေ၊ တနင်္လာ။

**ရက်သာ**

အင်္ဂလိပ်ရက် ၁-၁၀-၁၉-၂၈။ ၇-၁၃-၂၂- ၃၁-၂-၁၁-၂၀-၂၉။ ၇- ၁၆-၂၅ ရက် ဖြစ်၏။

❑

**(၂)ဂဏန်းသမား**

မိမိ၏ အင်္ဂလိပ်မွေးရက်သည် ၂၊ ၁၁၊ ၂၀၊ ၂၉ ရက်နေ့များ ဖြစ်ပါက မိမိသည် (၂) ဂဏန်းသမား ဖြစ်၏။

**စိတ်နေသဘောထား**

သိမ်မွေ့သည်။ ရည်ရွယ်ချက်ကောင်းသည်။ အနုပညာဉာဉ်ရှိ၏။ စိတ်အားကောင်း၍ လူအားလျော့သည်။ နေရာမတည်မြဲ၊ အငြိမ်မနေ၊ စိတ်ဓာတ်ကျလွယ်သည်။

**ရာသီ**

ကရကဋ်။

**ရောဂါ**

အစာအိမ်၊ ဝမ်း၊ ကင်ဆာ။

**အန္တရာယ်**

ရေဘေး။

**ဓာတ်စာ**

ဂေါ်ဖီ၊ သခွား၊ ဖရဲ၊ ငှက်ပျော။

**အဆောင်ရတနာ**

ပုလဲ၊ အစိမ်းရောင်ကျောက်။

**နေ့ကောင်း**

တနင်္ဂနွေ၊ တနင်္လာ။

**ရက်သာ**

၂-၁၁-၂၀-၂၉၊ ၇-၁၆-၂၅-၁-၁၀-၁၉-၂၈၊ ၄၊ ၁၃၊ ၂၂၊ ၃၁။

❑

**(၃)ဂဏန်းသမား**

အင်္ဂလိပ်လမွေးရက် ၃၊ ၁၂၊ ၂၁၊ ၃၀ ရက် မွေးသူများသည် (၃) ဂဏန်းသမားဖြစ်၏။

**စိတ်နေသဘောထား**

မည်သည့်အခြေအနေကိုရောက်ရောက် ထင်ပေါ်လို၏။ မည်သည့်အခါမျှ မရောင့်ရဲပါ။ အုပ်ချုပ်လိုသူ၊ လူကြီးလူကျယ် စစ်ရေး/အုပ်ချုပ်ရေး ကျွမ်းကျင်သူ၊ ဩဇာပေးကောင်း၍ စည်းကမ်းရှိသေ။ များသောအားဖြင့် ထိပ်တန်းရောက်၊ ကြီးပွား၊ မြှောက်ပင့်တာမကြိုက်၊ တိကျသူ ဖြစ်သည်။

**ရာသီ**

ဓနု၊ မိန်။

**ရောဂါ**

အာရုံကြော၊ အကြော၊ အရေပြား။

**အန္တရာယ်**

မီးဘေး၊ လျှပ်စစ်၊ အပူလောင်။

**ဓာတ်စာ**

စတော်ဘယ်ရီ၊ ဆီးဖြူ၊ နာနတ်၊ တည်၊ လေးညင်း၊ ဂျုံမှုန့်၊ ဟာဒ်များ ဖြစ်သည်။

**အဆောင်ရတနာ**

ဂေါ်မုတ်၊ ဓနုရာသီ - ခဲမဖြူကိုစကြာပုံ ခရမ်းရောင်ကြိုး၊ မိန်ရာသီ- ငွေစကြာပုံ ကြက်သွေးရောင်ကြိုး။

**နေ့ကောင်း**

အင်္ဂါ၊ ကြာသပတေး၊ သောကြာ။

**ရက်သာ**

၃-၁၂-၂၁-၃၀၊ ၆-၁၅-၂၄၊ ၉-၁၈-၂၇ ဖြစ်၏။

❑

**(၄)ဂဏန်းသမား**

မိမိ၏ မွေးရက်ဂဏန်းသည် ၄၊ ၁၃၊ ၂၂၊ ၃၁ ရက် တစ်ခုခုဖြစ်ခဲ့လျှင် (၄) ဂဏန်းသမား ဖြစ်၏။

**စိတ်နေသဘောထား**

သူများနှင့်အမြင်မတူ ဆန့်ကျင်တတ်၊ ငြင်းခုံတတ်၏။ ရန်မလိုတတ်သော်လည်း လျှို့ဝှက်ရန်သူ ရှိနေတတ်၏။ ဥပဒေပြောင်း၊ အသစ်ပြင်သူ နိုင်ငံရေး၊ အများနှင့်ဆက်ဆံရေး စိတ်ဝင်စားသည်။ အလွယ်မိတ်မဖွဲ့တတ်။ စီးပွားရေးအားနည်း၊ စိတ်ထိခိုက်လွယ်၊ မဖြေဖျောက်တတ်၊ သစ္စာရှိသည်။

**ရာသီ**

သိဟ်၊ ကရကဋ်။

**ရောဂါ**

ရောဂါဆန်း၊ စိတ်ရောဂါ၊ သွေး၊ ကျောက်ကပ်၊ ဆီး။

**အန္တရာယ်**

မီး၊ လျှပ်စစ်၊ အပူ။

**ဓာတ်စာ**

ရှောက်၊ သံပရာ၊ လိမ္မော်၊ ပျားရည်၊ ကျွဲကောသီး၊ ပေါင်မုန့်နှင့် ချင်း ဖြစ်သည်။

**အဆောင်ရတနာ**

ရွှေကို တက်သစ်စနေဝန်းပုံပြုလုပ်၍ ဆောင်ပါ။

**အရောင်**

အဖြူ။

**နေ့ကောင်း**

တနင်္ဂနွေ၊ တနင်္လာ၊ စနေ။

**ရက်သာ**

၄-၁၃-၂၂-၃၁၊ ၁-၁၀-၁၉-၂၈၊ ၂-၁၁-၂၀-၂၉၊ ၇-၁၆-၂၅၊ ၈-၁၇-၂၆။

❑

**(၅)ဂဏန်းသမား**

အင်္ဂလိပ်လမွေးရက် ၅၊ ၁၄၊ ၂၃ ရက် မွေးဖွားသူများသည် (၅) ဂဏန်းသမား ဖြစ်၏။

**၎င်းတို့၏စိတ်နေသဘောသဘာဝ**

မိတ်ဆွေဖွဲ့ကောင်းသည်။ စိတ်ထိခိုက်လွယ်သည်။ တဇွတ်ထိုးလုပ်တတ်သည်။ အငြိမ်းမရဖြစ်၊ ငွေကိုပြင်းပြင်းထန်ထန်ရှာတတ်သည်။ ဘာမဆို စိတ်ဝင်တစားလုပ်သည်။ ဘာအခက်အခဲကြုံကြုံ နောက်မဆုတ်တတ်၊ မလိမ်မ



www.burmeseclassic.com

www.burmeseclassic.com

ညာတတ်ပါ။

**ရာသီ**

မေထုန်၊ ကန်။

**ရောဂါ**

အကြော၊ အိပ်မပျော်။

**အန္တရာယ်**

မြေပြို၊ တွင်းပြို၊ တောင်ပြို။

**ဓာတ်စာ**

မုန်လာ၊ ကရဝေး၊ အခွံမာသစ်သီး၊ ပေါင်မုန့်၊ ကွေကာအုပ်။

**အဆောင်ရတနာ**

စိန်ကို ငွေနှင့် ပလက်တီနံနှင့် တွဲ၍ဆောင်။

**အရောင်**

အဖြူ၊ အဝါနု၊ ဆင်စွယ်ရောင်။

**နေ့ကောင်း**

ဗုဒ္ဓဟူး၊ သောကြာ။

**ရက်သာ**

၅-၁၄-၂၃။

❑

**(၆)ဂဏန်းသမား**

မိမိ၏အင်္ဂလိပ်မွေးရက်သည် ၆၊ ၁၅၊ ၂၄ ရက် ဖြစ်ပါက မိမိသည် (၆) ဂဏန်းသမား ဖြစ်၏။

**စိတ်နေသဘောသဘာဝ**

ညှို့အားကောင်းသည်၊ ဘေးက ချစ်ခင်ကြည်ညိုကြသည်။ ဆုံးဖြတ်ပြီးမှ လုပ်တတ်သည်။ စိတ်ကူးယဉ်၍ အလုအမကြိုက်၏။ အနုပညာဝါသနာပါသည်။ ငွေအသုံးကြမ်း၏။ အပေါင်းအသင်းဝင်ဆံ့၏။ ဒေါသဖြစ်လွယ်ပြီး ဘာမှမမြင်ဖြစ်တတ်သည်။

**ရာသီ**

ပြိဿ၊ တူ။

**ရောဂါ**

လည်ချောင်း၊ နှာခေါင်း၊ အဆုတ်၊ နှို့နှာ။

**အန္တရာယ်**

မြေပြို၊ တွင်းပြို၊ တောင်ပြို။

**ဓာတ်စာ**

ပဲအမျိုးမျိုး၊ ပန်းသီး၊ ဖရဲသီး၊ သဖန်း၊ သစ်ချသီး၊ ဗာဒံ။

**အဆောင်ရတနာ**

မြ။

**အရောင်**

အပြာ၊ နှင်းဆီ၊ ပန်းရောင်။

**နေ့ကောင်း**

အင်္ဂါ၊ ကြာသပတေး၊ သောကြာ။

**ရက်သာ**

၆-၁၅-၂၄၊ ၃-၁၂-၂၁-၃၀၊ ၉-၁၈-၂၇။

❑

**(၇) ဂဏန်းသမား**

မိမိ၏ မွေးရက်သည် အင်္ဂလိပ်ရက် ၇၊ ၁၆၊ ၂၅ ဖြစ်ပါက မိမိသည် (၇) ဂဏန်းသမား ဖြစ်သည်။

**စိတ်နေသဘောထား**

တစ်သီးပုဂ္ဂလနေတတ်၊ ညှို့ဓာတ်အားကောင်း၊ အနေအထိုင်တည်တံ့၊ အပြောင်းအလဲခရီး နှစ်သက်၏။ ငြိမ်ငြိမ်မနေတတ်။ တိတ်ဆိတ်မှုကို မကြိုက်ပါ။ စာအုပ်စာတမ်းရှာဖွေဖတ်တတ်၍ အနုပညာဝါသနာပါ၊ ကိုယ်ပိုင်လုပ်ငန်းဖြင့် ကြွယ်ဝတတ်။ အလှူရက်ရော၊ အကြံကြီးဉာဏ်ကြီး၊ သဘာဝကျကျလုပ်တတ်သည်။

**ရာသီ**

ကရကဋ်ရာသီ။

**ရောဂါ**

အရေပြား၊ အားအင်ကုန်ခန်း။

**အန္တရာယ်**

ရေဘေး။

**ဓာတ်စာ**

သခွား၊ မှို၊ ပန်းသီး၊ စပျစ်သီး။

**အဆောင်ရတနာ**

ကြောင်ကျောက်၊ ပုလဲ။

**အရောင်**

အစိမ်း၊ အဖြူ၊ အဝါ၊ အရောင်မှိုင်း။

**နေ့ကောင်း**

တနင်္ဂနွေ၊ တနင်္လာ။

**ရက်သာ**

၇-၁၆-၂၅၊ ၂-၁၁-၂၀-၂၉၊ ၁-၁၀-၁၉-၂၈၊ ၄-၁၃-၂၂-၃၁။

❑

**(၈) ဂဏန်းသမား**

အင်္ဂလိပ်လမှ ၈၊ ၁၇၊ ၂၆ ရက် မွေးဖွားသူများသည် (၈) ဂဏန်းသမားများ ဖြစ်ကြသည်။

**စိတ်နေသဘောထား**

ကိုယ့်ဘဝကို ကိုယ်မသိ၊ လူ့ခွစာ၊ အင်အားသုံးတတ်သည်၊ ကံကိုယုံလွန်းသူ၊ ဓားစာခံဖြစ်တတ်၊ အေးစက်သောလူပူ၊ မျိုသိပ်ထားတတ်သူ၊ အငြိုးခံရ၊ ဘာသာရေးအယူသီး၊ ဘာမဆိုငြင်းခံတတ်၊ ကိုယ်ကျိုးမဖက်တတ်၊ တတ်လျှင်ထိပ်ဆုံးဖြစ်၊ ကျလျှင်အောက်ဆုံးရောက်၊ တော်လှန်ပုန်ကန်၊ သေပြီးမှ ချီးမွမ်းခံရတတ်သည်။

**ရာသီ**

မကာရ ကုမ်ရာသီ။

**ရောဂါ**

အသည်း၊ သည်းခြေ၊ အူ၊ အစာ

ဘောင်းအိမ်၊ သွေး၊ ထုံကျဉ်။

**အန္တရာယ်**

လေဘေး။

**ဓာတ်စာ**

မုန်လာ၊ ငှက်ပျော၊ ဂမုန်း ...ယောင်၊ ဆောင်တော်ကူး။

**အဆောင်ရတနာ**

ပုလဲနက်၊ စိန်နက်၊ ခဲပုပ်၊ ကျော...မီးသွေး။

**အရောင်**

အနက်၊ အပြာရင့်၊ ခရမ်းရင့်။

**နေ့ကောင်း**

စနေ။

**ရက်သာ**

၈-၁၇-၂၆။

❑

**(၉)ဂဏန်းသမား**

အင်္ဂလိပ်လမှ ၉၊ ၁၈၊ ၂၇ ရက် မွေးသူများသည် (၉) ဂဏန်းသမားများ ဖြစ်ကြ၏။

**စိတ်နေသဘောထား**

စိတ်မြန်ဒေါသဖြစ်လွယ်၊ ... အစ ကျပ်တည်း၊ နောက်ဆုံး အောင်... ငါသိငါတတ်၊ တိုက်ပွဲများသာ... တဇွတ်ထိုး၊ အငြင်းသန်၊ ခေါင်းဆော... ကြီးဖြစ်တတ်၊ စိတ်ကိုမထိန်းက ပျက်... မိန်းမကြောင့်မှား၊ စိတ်ဓာတ်အား ... အားကောင်း၊ ကြီးမြင့်ထင်ပေါ် လိုသည်...

**ရာသီ**

မိဿ၊ ဗြိစ္ဆာရာသီ။

**ရောဂါ**

အဖျားကြီး၊ ကူးစက်ရောဂါ။

**အန္တရာယ်**

မီး၊ ပေါက်ကွဲ။

**ဓာတ်စာ**

ကြက်သွန်ဖြူ၊ နီ၊ ချင်း၊ ငရု... ကောင်း။

**အဆောင်ရတနာ**

ပတ္တမြား၊ သံ။

**အရောင်**

အနီ၊ ကြက်သွေး။

**နေ့ကောင်း**

အင်္ဂါ၊ ကြာသပတေး၊ သောကြာ...

**ရက်သာ**

၉-၁၈-၂၇၊ ၃-၁၂-၂၁-၃၀-၆-၁၅-၂၄။


ခုနစ်နေ့သားသမီးများ အား... ကျန်းမာချမ်းသာစိတ်အေးငြိမ်းကြ...

မုဒိတာ(ကျိုက်...)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မရောင်းလိုက ပေးပါ

ရွှေပြည်စိုး (မိုးကုတ်)

**ထန်းသီး**

"ကောက်ကြီးရေ"

"ဘာတုံး"

"ကျောင်းကြီးက ထန်းပင်တွေမှာ ထန်းသီးချနေတယ်လို့ သတင်းရတယ်။ အဲဒါငါတို့သွားဝယ်စားကြစို့လား"

"ငါ့မှာ ပိုက်ဆံမပါဘူး မွတ်တားရ။ မင်းဆီမှာပါလို့လား"

"ပါပါတယ်ဟာ။ ဟော့ကောင် စိုးလင်း၊ မင်းမှာကောပါလား"

ဟု ကျွန်ုပ်ကမေးလျှင် စိုးလင်းက အိတ်ကပ်ကိုပုတ်ပြပြီး -

"ပါပါတယ်ဟ၊ စိုးလင်းက ပိုက်ဆံမပါရင်အပြင်မထွက်ဘူး သိတယ်မဟုတ်လား ဟဲ. . . ဟဲ. . . ဟဲ"

ဟု ပြန်ပြောလေ၏။

ကျွန်ုပ်နှင့် စိုးလင်းတို့သည် ညီအစ်ကိုဝမ်းကွဲတော်စပ်ကြသလို မှန်ကျောင်းထွက်များလည်း ဖြစ်ကြ၏။ ကောက်ကြီးမှာမူ အမျိုးမတော်စပ်ပါ။ သူကား ကြားကျောင်းထွက်ဖြစ်သည်။

ရှေးအခါက (နေပြည်တော်) ပျဉ်းမနားမြို့နယ် ပြန်ကပြေးရွာသည် မူလတန်းကျောင်းမျှသာရှိပြီး (၄) တန်းအောင်လျှင် နေပြည်တော်မြို့သို့စက်ဘီးဖြင့် အလယ်တန်းကျောင်းတက်ကြရသောခေတ် ဖြစ်လေ၏။ (နေပြည်တော်ကြီး တည်ပြီးသောအခါ နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက်အဖြစ် ပြောင်းလဲလျက်ရှိပြီး အမှတ် (၂၂) အခြေခံပညာအထက်တန်းကျောင်းကြီး ဖွင့်လှစ်လျက် ပညာရေးအဆင့်မြင့်မားလျက်ရှိနေပြီ ဖြစ်သည်။)

ကျွန်ုပ်နှင့် စိုးလင်းတို့မှာ မှန်ကျောင်းခေါ် ဘုန်းတော်ကြီးကျောင်းမှ ကြားကျောင်းခေါ် ဘုန်းတော်ကြီးကျောင်းရှိ မူလတန်းသို့ ပြောင်းရွှေ့ခဲ့ကြပြီး ထိုမှ (၄) တန်းအောင်သော် မြို့ကျောင်းသို့ စက်ဘီးဖြင့် တက်နေသော်လည်း ဝိသေသအားဖြင့် မှန်ကျောင်းထွက်ဟုသာ အမည်တွင်၏။

ကျောင်းပိတ်ချိန် နွေရာသီဖြစ်၍ ပျင်းလွန်းသဖြင့် လွတ်လပ်စွာ လည်ပတ်ရန်ထွက်လာကြခြင်း ဖြစ်သည်။ ကျွန်ုပ်၊ စိုးလင်း၊ ကောက်ကြီးတို့မှာ အရွယ်တူ အတန်းတူဖြစ်ကာ သဘောညီအဖော်စု၍ ထွက်လာခဲ့ခြင်း ဖြစ်သည်။

စိုးလင်းမှာ မျက်နှာဝိုင်းဝိုင်း၊ ချောချောနှင့် သဘောမနောအလွန်ကောင်းသူဖြစ်ကာ ကောက်ကြီးမှာမူ စိတ်ကောက်အလွန်ကဲသူ ဖြစ်သည်။ ကျွန်ုပ်မှာမူ ပျော်ရွှင်ရယ်မောပြီး နောက်ပြောင်ခြင်းကို ဝါသနာပါသူ ဖြစ်သည်။ ကျွန်ုပ်တို့ (၃) ဦးစလုံး၏ မိဘများမှာ ချမ်းသာကြွယ်ဝသော တောင်သူကြီးများ ဖြစ်သဖြင့် ပူပင်ခြင်းကင်းသောသူငယ်ချင်းများ ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် ထိုစဉ်က လူပျိုပေါက်ဟုခေါ်သော (၁၅) နှစ်အရွယ်များ ဖြစ်ကြသည်။

"ဟေ့ - တို့သုံးယောက် ထန်းသီးတစ်ခိုင်ဆိုရင် လောက်မလား"

ဟု ကျွန်ုပ်က မေးသော် စိုးလင်းက ချက်ချင်းပင် ပြန်ဖြေ၏။

"တစ်ခိုင်ဆို တို့သုံးယောက်နံ့ကြားတောင်ညပ်မှာမဟုတ်ဘူး။ စားမယ့်စားရင် အဝစားမယ်လေကွာ"

"အေး- ဒါဆို တို့နှစ်ခိုင်ဝယ်မှဖြစ်မှာ"

ဟု ပြောပြီး သုံးယောက်သား မဝေးလှသော ကျောင်းကြီးဆီသို့ချီတက်ခဲ့ကြလေ၏။ အချိန်မှာ နံနက် (၉) နာရီခန့်ရှိနေပြီဖြစ်၍ နေအရှိန်ကလည်း ပူပြင်းစပြုပြီ ဖြစ်သည်။

**မြောက်ခွင်သား ဦးသာရင်**

ကျွန်ုပ်တို့ဒေသမှ လူတို့သည် အထက်ဒေသမှ လူညိုညိုတို့အား မြောက်ခွင်သားဟု ခေါ်လေ့ရှိသည်။ မြောက်ခွင်သားခေါ် အညာသားတို့သည် ကျွန်ုပ်တို့ဒေသသားတို့ လုံးဝမကျွမ်းကျင်သော ထန်းတက်ခြင်း အတတ်ပညာ အများအားဖြင့် ကိုယ်စီပါလာကြ၏။

ထို့ကြောင့် ကျွန်ုပ်တို့ဒေသရှိ ဘိုးဘေးများစိုက်ခဲ့သော ထန်းပင်တို့မှာ ထို

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အညာသားတို့ရှိမှ တက်မည့်သူရှိပြီး အညာသားတို့မရှိခဲ့လျှင် တက်သူမဲ့က ထန်းဖိုပင်ဆိုလျှင် အလဟဿဆုံးရှုံးရပြီး ထန်းမပင်ဆိုလျှင် ထန်းသီးမှည့်များသာ တဗုန်းဗုန်းကြွေကျလေ့ရှိသဖြင့် ထန်းမြစ်တည်စားလေ့ရှိကြ၏။

ကျွန်ုပ်တို့ဒေသမှာ အများအားဖြင့် အုန်းပင်များသာ အိမ်တိုင်းရှိရာ အုန်းပင်တက်၍ အုန်းသီးချတတ်သူ အငှားတက်အုန်းသမား အသင့်အတင့်ရှိသော်လည်း ထန်းပင်တက်တတ်သူ ဟူ၍ တစ်ဦးတလေပင် မရှိခဲ့ပါ။

ကျွန်ုပ်တို့ ပြန်ကပြေးရွာ၏ မြောက်ဘက်၌ ဆိတ်နံတုန်းရွာရှိ၏။ ထိုရွာ၌ အုန်းကုလား ဟူသော အုန်းတက်သမားရှိရာ တစ်သက်လုံး အုန်းတက်စားသူဖြစ်ပြီး အုန်းတက်မည်မျှကျွမ်းသည် ဆိုသော် အုန်းပင်ပေါ်မှ အုန်းလက် (၂) ခု ချိုင်းကြားညှပ်၍ ခုန်ချပြဖူး၏။

အလကားပြခြင်းကား မဟုတ်။ အရက်တစ်ပုလင်းကြေး ခုန်ချပြခြင်းဖြစ်သည်။ ထိုသို့ အုန်းလက်စီး၍ ခုန်ချပြမှ အုန်းကုလား၏ အုန်းအတတ်ပညာမှာ ပိုမို ကျော်စော ထင်ရှားလာခဲ့ပြီး ပြောစမှတ်အဖြစ် ကျန်ရစ်သည်။ အမှန်တော့ အုန်းတက်လူစွမ်းကောင်း ဖြစ်၏။

ရေကူးတတ်သူ ရေနှင့်သေသည် ဆိုသောစကားရှိသော်လည်း အုန်းတက်သော အုန်းကုလားကား အုန်းတက်ရင်း မသေခဲ့ပါ။ အရွယ်လွန်မှသာ သေဆုံးသွားရပြီး ထိုလူမျိုး နောင်တွင် မပေါ်တော့ပါ။

ကျွန်ုပ်တို့ ပြန်ကပြေးတွင် ထန်းသမားဟု ခေါ်သော မြောက်ခွင်သား ဦးသာရင်ကို ကျွန်ုပ်တို့ ကလေးများက သိကြ၏။ အသက် (၄၀) ကျော် အသားမည်းမည်းနှင့် လူမိုက်ရုပ်ပေါက်နေကာ သူရောင်းသော ထန်းသီးဆန်ကို ကျွန်ုပ်တို့တစ်တွေ နှစ်စဉ် ဝယ်စားဖူး၍ သိနေ၏။ သို့သော် ကျွန်ုပ်တို့ကိုကား ဦးသာရင် သိဟန်မတူပါ။ ကျွန်ုပ်တို့အားလည်း အဖက်လုပ်၍ စကားပြောလေ့မရှိ။ သူ၏ ထက်မြက်သော ထန်းလှီးဓားဖြင့် ထန်းသီးတို့ခွဲကာ ထန်းသီးဆန်ကို ထုတ်နေလေ့ရှိ၏။

ထန်းသီးဆန်မှာ အုန်းဆန်နှင့် အရသာတခြားစီဖြစ်သည်။ အုန်းဆန်မှာ စားနေကျဖြစ်ပြီး ရာသီမရွေးသီးနေသောအသီးဖြစ်၍ အဆန်းမဟုတ်ပေ။ ထန်းသီးမှာမူ သူ့ရာသီ နွေဦးပေါက်မှ သီးကင်းစပြုရာ တစ်နှစ်မှ တစ်ခါသာ ထန်းသီးနုခိုက် စားရသော အစားအစာဖြစ်၏။ ထန်းသီးရင့်သွားခဲ့သော် အလွန်မာခဲသွားခြင်းကြောင့် ကိုက်ဝါး၍အလွန်ခက်သွားလေ၏။ အုန်းဆန်မှာ ဝါးလျှင် ဖွယ်သော်လည်း ထန်းသီးဆန်မှာ စေးပိုင်ပိုင်နှင့်ဆိမ့်ကာ အရသာတစ်မျိုးဖြစ်သည်။ တစ်နှစ်မှတစ်ခါသာပေါ်သော ထန်းသီးဆန်အား ကလေးတို့ဘာသာဘာဝ အမြတ်တနိုး စားကြခြင်း ဖြစ်သည်။

မိဘတွေက မျောက်လောင်းတွေဟု ကင်ပွန်းတပ်ရသော ကျွန်ုပ်တို့သုံးဦးသည် ကျောင်းကြီးဘုန်းတော်ကြီး ကျောင်းဝင်းသို့ဝင်လာကာ စိတ်လက်ပေါ့ပါးစွာ သီချင်းတွေအော်ဆို၍ ဟိုဟိုဒီဒီကြည့်ကြ၏။ တစ်ခုသော ထန်းပင်အောက်၌ လှုပ်လှုပ်ရှားရှားမှုကိုမြင်ရရာ ဦးသာရင် ထန်းသီးချနေသောနေရာဟု အတပ်သိလိုက်ကြပြီး ထိုနေရာသို့ ချီတက်ခဲ့ကြ၏။

### ထန်းသီးစောင့်တဲ့ကောင်မလေး

ဦးသာရင်သည် ထန်းသီးခိုင်အား ကြိုးဖြင့် ဖြည်းညင်းစွာချပေးရာ အောက်တွင် စောင့်နေသော ကောင်မလေးက ကြိုးဖြုတ်ပေးလိုက်၏။ ကြိုးမှာ ထန်းပင်ပေါ်သို့ပြန်တက်သွားပြန်သည်။ အောက်တွင် ထန်းသီးခိုင် (၂) ခိုင် ချထားပြီး ဖြစ်သည်။

(၁၂) နှစ်ခန့်အရွယ်ရှိသော ဆံရစ်ဝိုင်းနှင့် ဆံထုံးထုံးထားသော ကောင်မလေးမှာ အညာသူပီသစွာ အသားမည်းမည်း၊ အရုပ်ဆိုးဆိုးလေးနှင့် ဖြစ်သည်။ ကျွန်ုပ်တို့(၃)ယောက်အား အထူးအဆန်းသဖွယ်ကြည့်နေ၏။ ကျွန်ုပ်တို့ကလည်း စပ်ဖြဲဖြဲနှင့်ပြန်ကြည့်နေကြ၏။

ချထားပြီးသော ထန်းသီး (၂) ခိုင်အား ထန်းပင်နှင့်လွတ်ရာခပ်လှမ်းလှမ်းသို့ မ,ရွှေ့နေ၏။ ထန်းပင်တက်နေစဉ် ထန်းပင်အဝန်းအဝိုင်းတွင် မနေရပါ။ ထန်းပင်ပေါ်မှ ပစ္စည်းတစ်စုံတစ်ရာကျပါက အန္တရာယ်ဖြစ်နိုင်သောကြောင့် ဖြစ်သည်။

"ဟေ့- ညီမလေ ... ်းနာမည်က ဘယ်လိုခေါ်လဲ"

". . . ."

လှည့်ကြည့်သော်လည်း စကားတစ်လုံးမှမဟပါ။ ထို့ကြောင့် ကျွန်ုပ်က အတွန့်တက်ပြန်၏။

"ညီမလေးက အညာသူ ဆိုတော့ အရမ်းလှတာကိုးကွ၊ မာနကြီးမှာပေါ့ အဟဲ. . ဟဲဟဲ. . .။ ဟေ့ကောင်တွေ အချောလေးကွ. . . နော"

ဟု ဆိုပြန်ရာ ကောင်မလေး ဘာမှပြန်မပြောဘဲ နှုတ်ခမ်းစူပြပြန်၏ ပြီးတော့ မျက်စောင်းတစ်ချက်ထိုး ထန်းပင်ပေါ် မော့ကြည့်နေ၏။ ဤတွင် ကောက်ကြီးက ဝင်နောက်ပြန်၏။

"ဒီက ညီမလေးက လှသာလှ စကားပြောတတ်ဟန်မတူဘူးကွ။ ချက်တော့မကျန်ဘူး ဆရာရေ အ ဟီး ဟီး. . ."

ဆိုပြန်ရာ မှင်မောင်းကော သော ကောင်မလေးသည် ပြုံးစစ လာပြီး ရယ်ချင်စိတ်ကို မနည်းအော ထားရမှန်း သိသာလာ၏။

ထိုအခါ စိုးလင်းက ဝင်ပြောပြ ၏။

"ဒီမှာ ညီမလေး၊ အစ်ကိုကြီး က ထန်းသီးဝယ်ချင်လို့ လာတာ။ အ ရောင်းပေးမှာလား ပြောပါဦး ညီမလေး ရဲ့ ဟဲဟဲဟဲ"

". . . ."

"အယ်- ဟုတ်တယ်ဟ၊ ကောင် လေးကစကားမပြောတတ်ဘူးဘဲ။သ စရာလေးပါဟာ ကျွတ်. . . ကျွတ်"

"အဖေ့ကိုမေး"

ဟု ဆောင့်ဆောင့်အောင့်အော ဖြေလိုက်ရာ စိုးလင်း ရုတ်တရက် သွားပြီး -

"အောင်မလေးဗျ၊ ပြောမယ့် တော့လည်း ကြောက်စရာကြီးပါ ဟာ။ ဟေ့ကောင်တွေ စကားပြော တယ်ဟ၊ ပြောတတ်တယ် ဟား ဟား"

ဆိုပြီး ဝိုင်းသောကာ ရယ်မော ကြလေ၏။

ကျွန်ုပ်တို့ ဝိုင်းစနေသည်ကို ပင်ပေါ်မှ ဦးသာရင်သည် အရှင်း မြင်တွေ့နေရ၏။ သို့သော် ကလေး မှ မသိဟန်ဆောင်ကာ သူ့အလုပ်သူ နေပြီး ထန်းသီးတစ်ခိုင်ကျလာပြန် ကောင်မလေးက သွားဖြုတ်ပြီး အ လာပုံပြန်၏။ ကျွန်ုပ်က ထန်းသီး မေးပြန်၏။

"ညီမလေး ထန်းသီးတစ်ခိုင် လောက်လဲ"

". . ."

"ဟေ့ကောင်တွေ စကားမ တတ်ပြန်ဘူးကွ၊ ပြန်အ,သွားပြ ကေတ္တ - ဒီကောင်မလေး တေမိ ဟန်တူတယ်ကွ။ ချောချောလှလှ စကားမပြောတတ်တာ နှမြော ကောင်းလိုက်တာကွာ။ အောင် ကြည့်လေယဉ်လေ ရှုတိုင်းယဉ်



www.burmeseclassic.com

www.burmeseclassic.com

…ကွာ"

ဤတွင် စိုးလင်းက ဝင်၍ ပြော…၏။

"နေ နေမွတ်တား၊ ငါမေးကြည့်…မင်းက စပ်ဖြဲဖြဲဆိုတော့ ညီမလေး…တျုနပ်ပုံမရှိဘူးကွ အဟဲဟဲ။ ထန်း…တစ်ခိုင် ဘယ်လောက်ပေးရမလဲ…လေး"

"အဖေ့ကိုမေး"

ဟု တုံးတိတိဖြေပြန်ရာ ကျွန်ုပ်တို့…မောကြရပြန်လေသည်။ အာဂ…ကောင်မလေးပါလားဟု ကျွန်ုပ်တို့တစ်…အောချရ၏။ ဤတွင် ကောက်ကြီး…၍ မှတ်ချက်ပြု၏။

"ဟေ့ကောင်တွေ ဒီကောင်မလေး…ဖြစ်လို့များ ရည်စားစကားသွား…လို့ အဖြေတောင်းတဲ့အခါကျရင်…ကိုမေး'ဆိုလို့ကတော့ အဲဒီကောင်…လှီးဓားနဲ့တွေ့မှာ တကယ်သေချာ…ယ်ကွနော"

ဟု ဆိုရာ ကျွန်ုပ်တို့ရယ်မောကြ…ကောင်မလေးလည်း ပြုံးဖော်ရ…၏။ စိုးလင်းက ထ၍သောပြန်၏။

"ဟေ့ - မွတ်တား၊ ကောင်မလေး…အချောကလေးကွ။ တို့ရွာမှာ ဒီ…ကတ်လှတာမရှိဘူး မင်းဦးချင်ရင် ဦး…"

"ခွေးကောင်၊ မကောင်းကျောင်းပို့…နဲ့။ ငါကဘုန်းကြီးဝတ်မယ့်ကောင်။…အတွက်မင်းသာကြိုးစားပါကွာ"

"တော်ပါပြီကွာ၊ ငါလည်း ဘုန်း…ဝတ်မှာပါ"

ဟု နောက်နေကြရာ ကောင်မ…မှာ နှုတ်ခမ်းစူပြီး တစ်ဖက်သို့ လှည့်…ပြန်၏။ (၁၂) နှစ် ဟူသော အရွယ်…သည် အတော်ပင်သိတတ်နေပြီဖြစ်ရာ…ပေါက်(၃)ယောက်၏နောက်ပြောင်…ယ်မှုကို ကျိတ်၍ခံစားနေရရှာ၏။

မကြာမီ ထန်းသီးတစ်ခိုင်ကျလာ…ရာ ကျွန်ုပ်တို့စကားမပြောနိုင်ဘဲ ငေး…ကြည့်ရှုနေကြ၏။ ထန်းသီးခိုင် မြေ…အကျတွင် ကြိုးပါ ဖြောင်းခနဲပြုတ်ကျ…ပြီး အပုံလိုက်ဖြစ်သွား၏။ ဤအပင်…န်းသီးချ၍ ပြီးသွားပြီ ဖြစ်ကြောင်း…နုပ်တို့ သိကြ၏။

ကောင်မလေးသည် ကြိုးနှင့်ထန်း…ခိုင်မသိမ်းသေးဘဲ မော့ကြည့်နေ၏။

ဦးသာရင်သည် ထန်းပင်ပေါ်မှ…မ်းကျင်စွာဆင်းလာနေရာ မကြာမီ…ပေါ်ရောက်၏။ ရောက်သည်နှင့်ကြိုး…ပြန်ခွေ၏။ ထန်းသီးခိုင်ကို အပုံမှာ…၍ပုံ၏။

ပြီးလျှင် ကျွန်ုပ်တို့အုပ်စုအား စူးစူးဝါးဝါးကြည့်သဖြင့် ထန်းသီးဝယ်ရန်ကိစ္စပင် ရုတ်တရက်မပြောရဲဘဲ ချီတုံချတုံဖြစ်နေကြလေ၏။ အရုပ်ဆိုးဆိုး၊ မည်းမည်း၊ ဂင်တိုတိုနှင့် တောင့်သော ဦးသာရင်သည် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာရင်း ကျွန်ုပ်တို့ကို မကြည့်သလိုကြည့်သလိုနှင့် ချော်ကြည့်ကြည့်၍နေပြန်လေ၏။ သူ့စိတ်တွင် လူရှုပ်တွေဟု ထင်ကောင်းထင်ပေမည်။

**မရောင်းလိုကပေးပါ**

"ဦးလေး၊ ထန်းသီးနှစ်ခိုင် ရောင်းပေးပါ"

ဟု ကျွန်ုပ်မှ ဦးဆောင်၍ပြောရ၏။

"မရောင်းနိုင်ဘူးကွ"

"ရောင်းဖို့ မဟုတ်ဘူးလား ဦးလေး"

"အေး- ရောင်းတော့ရောင်းဖို့ပေါ့ကွာ။ ဒါပေမယ့် အခိုင်လိုက်မရောင်းနိုင်ဘူးကွ။ အခိုင်လိုက်ဆိုရင် ငါ့အတွက်မကိုက်ဘူး"

"ဦးလေးကလည်း၊ ကိုက်အောင်ရောင်းပေါ့ဗျ"

"ကိုက်လည်းမရောင်းဘူး၊ မကိုက်လည်းမရောင်းဘူး"

"မရောင်းနိုင်ရင်လည်း အလကားပေးဗျာ"

"အလကားဆို ပိုပြီးမပေးတာပေါ့ကွ။ ကဲကဲ- ကောင်လေးတွေ လူရှုပ်လေးတွေသွားကြကွာ။ အလုပ်ရှုပ်တယ်။ မင်းတို့စားချင်ရင် ဈေးကုန်းမှာ လာဝယ်စားကြ ဟုတ်လား"

ဟုပြောကာ ရှည်လျားသော ရင်းထောင်လှေကားကြီးကို ကြိုးတက်ဖြုတ်ပြီး နောက်တစ်ပင်သို့ ရွှေ့၍ထောင်ကာ တက်ရန်ဟန်ပြင်နေ၏။ နှင်ထုတ်သဖြင့် ကျွန်ုပ်တို့လည်း ထွက်ခွာလာကြ၏။

ထိုအချိန်က ကျောင်းကြီးကျောင်းဝင်းအတွင်းတွင် ချုံပင်များ ထူထပ်စွာပေါက်ရောက်နေရာ ကျွန်ုပ်တို့သုံးဦးသည် ချုံထဲတွင် ဝင်၍ထိုင်ကာ ပုန်းနေကြလေ၏။

ချုံထဲတွင် ထိုင်ကာ အကြံထုတ်နေကြ၏။ ကြည့်ရသည်မှာ ဦးသာရင်သည် သူ့သမီးအရုပ်ဆိုးမလေးကို ကျွန်ုပ်တို့သုံးယောက်မှ ရယ်မောဖွယ်ရာ ဝိုင်း၍စသဖြင့် မကျေနပ်၍ သက်သက်ဘုတောပြီး မောင်းထုတ်လိုက်သည်ဟု ထင်၏။

ဤတွင် ကောက်ကြီးက တိုးတိုးမေး၏။

"ဟေ့ကောင်တွေ တို့ဘာလုပ်ကြမလဲ။ ထန်းသီးစားချင်လို့လာတာ ထန်းသီးမရရင် မပြန်ချင်ဘူးကွ"

"အေး- ဟုတ်တယ်၊ တို့သိက္ခာကျတယ်။ ဘယ့်နှယ်ကွာ တောင်းဝယ်တာတောင်မရောင်းဘူးတဲ့လေကွာ။ အလကားမြောက်ခွင်သားကြီး၊ လူကတ်ကြီး။ ဒါကြောင့် သရဲရုပ်ပေါက်နေတာ"

ဟု စိုးလင်းက ထပ်ကွန့်ပြန်၏။ ထိုအခါ ကျွန်ုပ်မှ 'အသာနေ' ဟု ပြ၏။ စိုးလင်း၏ ဖြူဖွေးသောမျက်နှာမှာ ဒေါသစိတ်ကြောင့် နီရဲနေ၏။

"ငါ မင်းတို့ကို ဒီမှာ ပုန်းပြီး စောင့်ခိုင်းတာ အလကားမဟုတ်ဘူးကွ။ ငါ့မှာအကြံရှိတယ်။ အရင်ဆုံး တောင်းဝယ်တယ်နော်"

"အင်းလေ"

"မရောင်းဘူးတဲ့။ ဒီတော့မရောင်းနိုင်ရင် အလကားပေးပါလို့ ငါတောင်းတယ်နော်"

"အင်း- ဟုတ်တယ်"

"မပေးနိုင်ဘူးတဲ့ကွ။ ဒါဆို ငါတို့တာဝန်ကုန်ပြီ။ ဝယ်လို့လည်းမရောင်း၊ တောင်းလို့လည်းမပေးတော့ကော ငါတို့ဘာလုပ်ကြမလဲ။ မင်းတို့ စဉ်းစားကြည့်ကြ"

"ဒါဆို ခိုးပြေးရုံရှိတာပေါ့ဟ"

"အေး- ဒါပဲ၊ ဒါပဲ။ မွတ်တား ဆိုတာ လိုချင်တာကို မရရင် ရအောင်ယူတတ်တယ်ဆိုတာ သိသွားအောင် ပညာပေးလိုက်ရသေးတာပေါ့ကွာ။ ပိုက်ဆံနဲ့တောင်းဝယ်တာတောင် မရောင်းချင်တဲ့ မြောက်ခွင်သား၊ မွတ်တားနဲ့ တွေ့ကြသေးတာပေါ့"

ဟု ကြိမ်းဝါးပြီး ကျွန်ုပ်တို့ ချုံထဲမှ လှမ်းကြည့်နေကြ၏။

ဦးသာရင်ကား အေးဆေးစွာပင် ရင်းထောင်လှေကား၏ခါးကြိုးနှင့်ခေါင်ကြိုးတို့ချည်ကာ လှေကားဆုံးသည်နှင့် ထန်းပင်ကို ဖက်၍တက်သွားလေ၏။ ထန်းပင်၏ဇက်နားအရောက်တွင် ထန်းပင်လုံးမှာ ပို၍တုတ်ရာ အထူးသတိထား၍ တက်နေရ၏။ ထို့ကြောင့် ထိုနေရာမှ ကျွန်ုပ်တို့ကို ရုတ်ခြည်း အန္တရာယ်ပြုရန် မလွယ်သည်ကိုသိသဖြင့် ကောက်ကြီးနှင့် စိုးလင်းကို လက်ကုတ်ကာ -

"ခပ်သွက်သွက်နော် ဟေ့ကောင်တွေ"

ဟု ပြောပြီး တစ်ပြိုင်တည်း ပြေးထွက်၍ ထန်းသီးတစ်ယောက်တစ်ခိုင် ကောက်ထမ်းလျက် ကျောင်းကြီးအရှေ့



www.burmeseclassic.com

www.burmeseclassic.com

ဘက် ညောင်ပင်ကြီးဘက်သို့ ပြေးထွက်ခဲ့ကြလေ၏။

ကောင်မလေးမှာမူ ဘာမှမပြောဘဲ စူတူတူဖြင့် ငေးမောကြည့်ရှုပြီး ကျန်ရစ်ခဲ့၏။ ကျွန်ုပ်တို့သည် ညောင်ပင်ကြီးအောက်မှ လှည်းလမ်းအတိုင်း ကျွန်ုပ်တို့လယ်တဲရှိရာသို့ ထန်းသီးခိုင်ကိုယ်စီထမ်းလျက်ချီတက်ခဲ့လေတော့၏။ လမ်းတွင်မူ ပျော်လွန်း၍ တဝါးဝါးတဟားဟားဖြင့် ပြော၍ ရယ်မောကြလေ၏။ ကိုယ်လုပ်ချင်ရာလုပ်ရသောအခါ ပျော်လိုက်သည့်ဖြစ်ခြင်းပါပေ။

**စားမကုန်နိုင်၍**

မနုမရင့် စားလွယ်ဝါးလွယ်နေသောအနေတော်ထန်းသီးများဖြစ်သဖြင့် စားရသည်မှာ အရသာရှိလှပေသည်။ ကျွန်ုပ်တို့၏လယ်တဲ၌နေသော နွားတို့ကို ထိန်းသိမ်းစေင့်ရှောက်သည့် စာရင်းငှားခေါ် အလုပ်သမားသည် ထန်းသီးများအား စိတ်ရှည်လက်ရှည် ထွင်ပေး၏။ အမှန်သော် ကျွန်ုပ်တို့သည် ထန်းသီးပင် ဖြစ်မြောက်အောင် ခွဲတတ်သူများမဟုတ်ကြပါ။

ခိုးပြီးစားရသော အစားအစာမို့လားမသိ၊ အရသာရှိလိုက်သည်မှာမကျန်အောင်ဖြစ်သည်။ စားရင်းစားရင်း ထန်းသီးတစ်ခိုင် ကုန်သော်အခါ ဝအီကုန်ကြပြီး စားချင်စိတ်မရှိကြတော့ပေ။

သုံးယောက်ကို တစ်ခိုင်မလောက်ဘူးဟု လောဘတကြီးအထင်ရှိကြသော်လည်း လက်တွေ့စားသောအခါတွင်မူ တစ်ခိုင်နှင့်ပင်အီထွက်သွားပြီဖြစ်ရာ ကျန်သော ထန်းသီးနှစ်ခိုင်အား စာရင်းငှားထံ ထားခဲ့ပြီး သုံးယောက်သား တောထဲလှည့်ပတ်ဝေ့နေကြပြန်၏။ သို့နှင့် ဘကြီးဘိုးသာမှတ်တို့တဲကိုရောက်ခဲ့၏။ တဲချင်းကား သိပ်မဝေးလှပေ။

"ဘိုးသာမှတ်၊ ဗျိုး- ဘိုးသာမှတ်"

"ဟေ- မွတ်တားတို့ပါလား၊ လာလေကွာ။ နေပူလိုက်တာ၊ အထဲဝင်ထိုင်ကြဦး"

"ဘွားလေး ပန်းနုကော"

"အိမ်မှာလေကွာ"

"တောထဲခေါ်ထားလိုက်ရင် ပိုကောင်းတာပေါ့ ဘိုးသာမှတ်ရဲ့။ ဘိုးသာမှတ်တစ်ယောက်တည်းမပျင်းဘူးလား"

"ပျင်းတယ်လို့မရှိပါဘူးကွာ၊ ဒီလိုပဲ နေနေကျတော့လည်း နေတတ်တာပါပဲ"

အမှန်သော် ကျွန်ုပ်က စ,ခြင်းဖြစ်သော်လည်း လူကြီးပီသစွာ မသိဟန်ဆောင်၍ စကားလွှဲသွားသဖြင့် ကျွန်ုပ်ကလည်း စကားလမ်းကြောင်း ပြောင်းရပြန်၏။

"ဘိုးသာမှတ်၊ ထန်းသီးခိုင်တွေပါတယ်ဗျ။ ဘိုးသာမှတ်အတွက် ကျွန်တော် ထန်းသီးသွားယူပေးမယ်"

ဟု ပြောပြီး တဲသို့ပြန်ကာ ထန်းသီးငါးလုံးယူခဲ့ပြီး ဘိုးသာမှတ်ကိုပေး၏။ ဘိုးသာမှတ်မှာ ထန်းသီးရာဇဝင်ကို မမေးမြန်းမစူးစမ်းဘဲလက်ခံကာ ဆုတွေတသီကြီးပေး၏။ကျွန်ုပ်တို့ကလည်း ပေးသောဆုကို ခံယူကြပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။

ဘိုးသာမှတ်သည် ကျွန်ုပ်တို့၏ကျောင်းနေဖက် ပူစူးနှင့် ကြွက်နီတို့၏အဘိုးဖြစ်ကာ သျှောင်တစောင်းနှင့်မြန်မာအလွန်ဆန်သော ရှေးလူကြီးဖြစ်ချေ၏။ ကျွန်ုပ်နှင့် လွန်စွာ ရင်းနှီးကျွမ်းဝင်လှပေ၏။နောက်ပြောင်ကျီစယ်တတ်သော ကျွန်ုပ်ကို ချစ်ကြ၏။ သို့နှင့် ဘိုးသာမှတ်ကို နှုတ်ဆက်ကာ အခြားတဲဘက်သို့ ခြေဦးလှည့်ကြပြန်၏။

သို့နှင့် လယ်တဲများသို့ လှည့်လည်ရင်း ဟိုတဲဒီတဲ ထန်းသီးတို့ လိုက်ဝေရာ ကျန်သောထန်းသီးတို့ အကုန်ပြောင်လေတော့၏။ သို့သော် သူများထန်းသီးကို ဝင်လုခဲ့ကြသဖြင့် လိပ်ပြာမလုံ။ ရတက်မအေးရသည်မှာ ကျွန်ုပ်ဖြစ်၏။ ကျွန်ုပ်က ခေါင်းဆောင် မဟုတ်ပါလား။

"ဟေ့ကောင်တွေ၊ ဦးသာရင်ကြီး ငါတို့ကို မမှတ်မိလောက်ပါဘူးနော"

"မင်းကိုတော့ မသိဘူး၊ ငါနဲ့ စိုးလင်းကိုတော့ မမှတ်မိလောက်ဘူး။ ငါတို့က ရွာမှာ နာမည်မကြီးဘူးလေကွာ"

ဟု ကောက်ကြီးက မှတ်ချက်ပြု၏။ ဟုတ်လည်းဟုတ်ပေ၏။ ကျွန်ုပ်မှာ လူတကာနှင့် ခင်မင်ပြီး အပြောင်၊ အစကဲသဖြင့် တစ်ရွာလုံးသိ၏။ သို့ကြောင့် ဘယ်သူသိသိ ဦးသာရင်ကြီး မသိပါစေနှင့်ဟု ကျိတ်၍ဆန္ဒပြုမိ၏။

"ကောင်မလေးကတော့ မှတ်မိမှာသေချာတယ်ကွ"

"မှတ်မိမှာပေါ့ဟာ၊ အနားကပ်ပြီး စ,နေကြတာကိုးဟ"

ဟု စိုးလင်းက ဝင်ထောက်၏။

"မင်းတို့က ငါ့နာမည် မွတ်တား၊ မွတ်တားနဲ့ထည့်ခေါ်နေတော့ သေချာပေါက် ကောင်မလေး ငါ့နာမည်မှတ်မိမှာ သေချာတယ်။ ဒါဆိုရင်တော့ အိမ်ရောက်ရင် အမေက ငါ့ကို တီးတော့ …
မယ်ထင်ပါရဲ့ကွာ"

"ယောက်ျားပဲကွာ၊ လုပ်ရဲရင်ခံ …
မှာပေါ့ ဟုတ်ဖူးလား ကောက်ကြီးရာ …"

"ဟုတ်တယ်၊ ဟုတ်တယ်။ မွတ် …
တားက တုတ်ပြီးတယ်လေကွာ"

"ခွေးကောင်တွေ၊ နင်တို့ကြော …
ငါ့နာမည်သိသွားတာ"

"ဒါဆို တို့ဒီလိုလုပ်ရအောင် …
ဦးသာရင်ကြီး ဈေးထောင့်မှာ ထန်းသီး …
ရောင်းနေလောက်ပြီ။ အဲဒါ မင်းက …
ချင်ယောင်ဆောင်ပြီး ထန်းသီးဆန်သွ …
ဝယ်ကြည့်ဟုတ်လား။ ငါတို့ အဝေး …
စောင့်နေမယ်။ အခြေအနေမကော …
ရင် ပြေးခဲ့ ဟုတ်လား"

"အေး- ဟုတ်တယ် စိုးလင်း၊ …
ဒီအကြံကောင်းတယ်။ ကဲ- ရွာဘက် …
တက်ကြစို့"

ဟု တိုင်ပင်ကာ မှန်ကျောင်း …
လေသာကျောင်းကြားရှိ လှည်းလမ်း …
တိုင်း ရွာတွင်းသို့ပြန်ဝင်ခဲ့ကြလေ၏။

**မှတ်မိပုံမပေါ်သောဦးသာရင်**

ဈေးနေ့မဟုတ်သော်လည်း …
ထဲတွင် ဆိုင်အသင့်အတင့်မြဲရှိတတ် …
ကျွန်ုပ်တို့သည် လေသာကျောင်း …
ဈေးဘက်သို့လာခဲ့ကြကာ ကောက် …
နှင့်စိုးလင်းတို့မှာ ယောင်ပေယောင် …
ဖြင့် ရပ်ပြီးကျန်ရစ်ခဲ့၏။

ကျွန်ုပ်တည်း ဟူသော မွတ် …
အား မှတ်မိမမှတ်မိသိချင်သည့်အ …
စိတ်တထင့်ထင့်နှင့် ဈေးထောင့်ရှိ …
သာရင်၏ ထန်းသီးဆိုင်လေးသို့ …
လာခဲ့၏။ အပြစ်ရှိသဖြင့် စိတ်ထဲ …
မလုံလှပေ။

တော်သေး၏။ အရုပ်ဆိုး …
ကောင်မလေးပါမလာဘဲ ဦးသာ …
ဦးတည်းသာရှိလေ၏။ ဦးသာရင် …
ထန်းသီးဆန်ထုတ်နေရာမှ ကျွ …
တစ်ချက်မော့ကြည့်ပြီး သူ့အလုပ်သ …
နေ၏။ ထိုအခါကျမှ ရင်ထဲမှအလုံး …
ကျသွားတော့၏။ ဦးသာရင်ကား …
ကို မှတ်မိပုံမပေါ်ချေ။ ထန်းသီးဆ …
ကို လင်ပန်းထဲတွင် လှပစွာစီထ …
ပိရမစ်ပုံစံဖြင့်ပုံထား၏။

"ဦးလေး၊ ထန်းသီးဆန် ဘ …
ရောင်းလဲ"

"တစ်ဆန် (၅) ပြား၊ (၁) …
(၆) ဆန်"

"ဒါဆို (၁) မတ်ဖိုးပေးဗျာ"

ဟု ပြောပြီး ပိုက်ဆံ(၁) …



www.burmeseclassic.com

www.burmeseclassic.com

...လိုက်၏။ ဦးသာရင်ကား အင်ဖက် ...န်တော့ပြုလျက် ထန်းသီးဆန် (၆) ...ထည့်ပြီး နှီးဖြင့်ချည်တုပ်ပေးလိုက် ... (ထိုစဉ်က ကျွတ်ကျွတ်အိတ်မပေါ် ...ပါ။ ဈေးထုပ်ရာတွင် အင်ဖက်တစ် ...ည်းကိုသာ အမြဲအသုံးပြုသော ...တ် ဖြစ်လေ၏။)

ကျွန်ုပ်သည် ဝမ်းသာအားရ ထန်း ...ဆန်ထုပ်ပြီး ပိုက်ကာ ကောက်ကြီး ... ခပ်သွက်သွက်ပြန်ခဲ့၏။

"ဟေ့ကောင်တွေ ဦးသာရင်ကြီး ... မှတ်မိပုံမပေါ်ဘူးကွ။ သူကြည့်ရ ... ပုံမှန်အခြေအနေပဲ"

"အေးကွာ- တော်သေးတာပေါ့။ ...က ထန်းလီးမားနဲ့ ထလိုက်မယ် ...ပြီး ရင်တထိတ်ထိတ်နဲ့ ကြည့်နေရ ..."

"မွတ်တားပါကွ အဟားဟား ... ဘာလုပ်လုပ် ကံကောင်းပြီးသား ... တော်သေးတယ်ကွာ၊ ဟိုမည်းမည်း ...သုံးကောင်မလေးမပါလို့ကွ။ ပါလို့ ...တော့ ပြေးပေါက်ပဲ။ ကဲ- ဟေ့ကောင် ... ထန်းသီးစားဦးမလား"

"တော်ပါပြီကွာ၊ မင်းအိမ်အတွက် ...သွားလိုက်ပါ"

"အေးအေး - ဒါဆို ငါပြန်မယ်"

ဟု နှုတ်ဆက်ပြီး မဝေးလှသော ...သို့ ခြေဦးလှည့်လိုက်၏။

**...ကျော်ရွာကျော်ရပ်**

"အမေရေ၊ အမေ။ သား ပြန်ခဲ့ပြီ။ ...မေ့အတွက် သားထန်းသီးဝယ်ခဲ့ ...ယ်"

ဟု အော်လိုက်၏။

ထိုအခါ ကျွန်ုပ်၏အမေဒေါ်မြဝေ ...ည် အိမ်ထဲက ဝါးခြမ်းပြားတစ်ခုကိုင် ...ကာ ထွက်လာ၏။ အင်း-အခြေအနေ ...တော့ မကောင်းဘူးထင်တယ်ဟု တွေးမိ ... သို့ကြောင့် ထုံးစံအတိုင်း မျက်နှာကို ...ချိုသုံးထားကာ တဟဲဟဲရယ်ပြ၏။

"ဩော်- ကိုယ်တော်ချောက ပြန် ...သေးသကိုး။ ဒါထက် လက်ထဲက ...န်းသီးထုပ်က ဘယ်ကရခဲ့တာလဲ"

"အဟဲဟဲ. . . အမေစားစေချင် ... သား ဦးသာရင်ဆိုင်က ဝယ်ခဲ့တာ ..."

"ဟုတ်တယ်နော် မွတ်တား၊ နင် ...မှန်ပြောနော်"

"အိုဗျာ၊ ဟုတ်ပါတယ် ဆိုနေမှ။ ... မတ်ဖိုး (၆) ဆန်တဲ့ အမေရေ၊ ဒီ ...သီက ထန်းသီးပေါ် . . ပေါ် . . ."

"တော် - နင်ဘာမှလျှောက်ပြော မနေနဲ့။ နင်နော် ငါ့ကိုများ နင့်သူငယ် ချင်းများမှတ်နေလား စပ်ဖြဖြနဲ့။ နင်တို့ သုံးယောက် ကျောင်းကြီးမှာ ဘာလုပ်ခဲ့ သလဲပြော"

"ဟာ- အမေကလည်း၊ သားတို့ ဘာမှမလုပ်ပါဘူး။ ထန်းသီးသွားဝယ် ကြတာပါ။ မယုံရင် ကောက်ကြီးတို့ကို မေးကြည့်"

"မှန်မှန်ပြောနော် မွတ်တား၊ နင် ပိုနာမယ် မှန်မှန်ပြော။ နင့်ရဲ့ထန်းသီး ထုပ်ကြီးကို ဟိုခုံပေါ် တင်ထားလိုက်"

အခြေအနေကောင်းပုံမပေါ်၍ ကျွန်ုပ်သည် ထန်းသီးထုပ်ကို ခုံပေါ် တင်လိုက်ပြီး ကိုယ်မဟုတ်သလို ဟန် ကိုယ်ဖို့လုပ်ရ၏။

"အမေကလည်းဗျာ၊ သားတို့ ပိုက် ဆံပါလို့ ထန်းသီးသွားဝယ်ပါတယ်ဆို နေမှ"

"အပိုတွေလာပြောမနေနဲ့။ နင်တို့ ဦးသာရင်ရဲ့သမီးလေးကိုလည်း မိုးပြော ချိုးပြောနဲ့ အမျိုးမျိုးစတယ်။ အမြင် ကတ်လို့ ထန်းသီးရောင်းမပေးတော့ ထန်းသီးသုံးခိုင်ခိုးပြေးတယ်။ ဟိုက မိဘ တွေမျက်နှာထောက်ပြီး နင်တို့ကို သည်း ခံတာ။ ဟိုက အ,အမဟုတ်ဘူး သိလား။ ကဲ- နင်ဘာပြောဦးမလဲ"

"ဒါကတော့ အမေရဲ့ ဟို. . . ဟို သားတို့က"

"တော်တော့ မွတ်တား၊ အဲဒီ ထန်းသီးသုံးခိုင်အတွက် ငါတို့ ဘယ် လောက် လျော်ကြေးပေးလိုက်ရတယ် မှတ်လဲ"

"အဲဒါတော့ သားဘယ်သိမှာလဲ"

"(၁၅) ကျပ်ဟဲ့ (၁၅) ကျပ်သိလား ဟင်"

ဟု ပြောပြောဆိုဆို ကျွန်ုပ်၏တင် ပါးအား ဝါးခြမ်းပြားနှင့်တီးတော့၏။ တစ်ချက်သာရိုက်မိပြီး 'ကြောက်ပါပြီဗျ' ဟု အော်ကာ အိမ်ရှေ့တွင်ပတ်ပြေးနေ ရာ ဝါးခြမ်းပြားကိုင်လျက် လိုက်မမီသ ဖြင့် -

"ဟဲ့ကောင်၊ ရပ်စမ်း"

ဟု အကြိမ်ကြိမ်တားသော်လည်း မရသည့်နောက်ဆုံး လက်လျှော့ပြီး တဖျစ်တောက်တောက် ပြောဆိုလျက် လက်လျှော့သွားလေတော့၏။

ဖခင်ဖြစ်သူ ဦးစံလှကား ကျွန်ုပ်နှင့် အမေတို့ဖြစ်အင်ကိုကြည့်ကာ ရွှေသွား များပေါ် အောင်ပြုံးပြီး ပြတင်းပေါက်မှ ကြည့်နေ၏။ ထို (၁၅) ကျပ်လျော်ကြေး ပေးလိုက်ရသော ပြဿနာအတွက် ဝင် ရောက် စွက်ဖက်ပြောဆိုခြင်း မပြုပါ။

ထို (၁၅) ကျပ် ဟူသော ငွေသည် ကျွန်ုပ်တို့မိသားစုအတွက် မထောင်းတာ လှသော်လည်း လက်လုပ်လက်စားများ အတွက်မှာမူ တစ်နေ့လုပ်မှ လုပ်အားခ (၂) ကျပ်သာရသောခေတ် ဖြစ်သည်။ ထို့ကြောင့် အတော်များသော လျော် ကြေး ဖြစ်၏။ သို့ကြောင့် အမေသည် (၁၅)ကျပ်ဟူသော ငွေအား မိန်းမတွက် တွက်၍ နစ်မြောပေမည်။

"ဟင်း - ငါ စိတ်တိုရင် နင်သေ မယ်နော် မွတ်တား၊ ကြပ်ကြပ်သတိ ထား။ ဘယ်နေရာမှာ ဘာဖြစ်တယ်ဆို ရင် နင်ပါပြီးသားပဲ။ နင့်ရုပ်ကို လူတွေ မသိဘူး မအောက်မေ့နဲ့။ နင့်ရုပ်က ရပ် ကျော်ရွာကျော်ရုပ် လူတိုင်းသိတယ်။ ခွေးချီသွားတောင်မှတ်မိတယ် သိလား။ နင်လုပ်တာနဲ့ ငါတို့ပါအရှက်ကွဲရတယ်။ နောက်ဒါမျိုးလုပ်ရင် သေဖို့သာပြင်"

ဟု ပြောဆိုပြီး ဝါးခြမ်းပြားပစ်ချ ကာ အိမ်ထဲ ဝင်သွားလေတော့၏။

ကျွန်ုပ်မှာမူ ရယ်ချင်လွန်း၍ တစ် ယောက်တည်း ကျိတ်ရယ်ကာ ကျေနပ် နေလေတော့၏။

ကျွန်ုပ်တို့မိသားစုတွင် အစ်မ မရှုပ် တေးနှင့် ကျွန်ုပ်အပေါ် အဖေက ချစ် လွန်း၍ အလိုလိုက်သော်လည်း အမေ ကမူ ချစ်သော်လည်း အလိုလိုက်ခြင်းမရှိ ပေ။ တစ်ယောက်လျှော့၍ တစ်ယောက် ကတင်းထားသည့် မိသားစုတစ်စု၏ အုပ်ချုပ်ပုံနည်းစနစ် ဖြစ်လေ၏။

**အပြစ်ရှိ မရှိ**

"ဟေ့ကောင်တွေ"

"ဘာတုံး"

"ငါတို့က ထန်းသီးကို ပိုက်ဆံနဲ့ ဝယ်တယ်ကွာ။ မရောင်းတော့ တောင်း တယ်ကွာ။ မပေးတော့ ခိုးတယ်ကွာ။ အဲဒီတော့ ငါတို့မှာ အပြစ်ရှိသလား"

"ကြံကြံဖန်ဖန်ကွာ၊ ဘယ်အပြစ်ရှိ မှာလဲ။ ကိုယ့်တာဝန်ကျေတဲ့ဥစ္စာ"

"ဟုတ်တယ် တို့အပြစ်မရှိဘူး"

ဟု ကောက်ကြီးကပါ ထောက်ခံ ၏။

"အေးကွာ - အဲဒါကို အမေက ရှင်းပြမခံဘဲ ငါ့ကိုတီးတယ်ကွ"

"တီးမှာပေါ့ဟ၊ (၁၅) ကျပ်ကြီး များတောင် လျော်လိုက်ရတဲ့ဥစ္စာ နည်း မှတ်လို့၊ ဦးသာရင်ကြီးကလည်း တောင်း တာ များလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆိုးရင်ကျပ် အတွက်ဆေးနည်းလေး

အချို့က တိုင်းရင်းမြန်မာ ဆေးမြီးတိုလေးတွေကို အထင်သေးတတ်၊ ကဲ့ရဲ့တတ်ကြသလို အချို့ကျတော့လည်း အဲဒီဆေးမြီးတိုကလေးတွေကိုပဲ ယုံယုံကြည်ကြည် အားကိုးတကြီး သုံးစွဲတတ်ကြတာတွေ့ရပါတယ်။ အဲဒီလို ယုံကြည်ကိုးစားစွာသုံးစွဲကြသူတွေထဲမှာ စာရေးသူကိုယ်တိုင်ပါပါတယ်။

စာရေးသူ ၁၉၆၇ ခုနှစ်၊ ၁၉၆၈ ခုနှစ်ကာလက ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းကျောင်း (ယခု - မြန်မာနိုင်ငံအောက်ပိုင်းဝန်ထမ်းတက္ကသိုလ်) မှာ သင်တန်းတက်နေစဉ် ဘယ်လိုကဘယ်လို စဖြစ်လိုက်မှန်းမသိဘဲ ချောင်းဆိုးရောဂါကပ်ရောက်လာပါတယ်။

နောက်တော့ ချောင်းဆိုးရာက နေ အသက်ရှူမဝဘဲ အသက်ရှူရခက်ခဲတဲ့ ရင်ကျပ်ရောဂါပါ ဝင်ရောက်လာပြန်ပါတယ်။ သင်တန်းလည်း မှန်အောင် မတက်နိုင်။ ညအချိန်ဝင်ရတဲ့ စာသင်ဆောင်လည်း မှန်အောင် မဝင်နိုင်။ နံနက်အစောကြီးထလေ့ကျင့်ရတဲ့ ကျန်းမာရေးလေ့ကျင့်ခန်းတွေ၊ ညနေတိုင်းပြေးရတဲ့ ကျန်းမာရေးလေ့ကျင့်ခန်းတွေကိုလည်း မှန်အောင်မလေ့ကျင့်နိုင်၊ မကစားနိုင်တော့ဘဲ နေ့တိုင်း ဆေးခန်းလိုက် ဆေးနားချေယူနေရပါတယ်။

တစ်နေ့ စာရေးသူဆီကို စာရေးသူတို့သင်တန်းတပ်ခွဲမှူး ဗိုလ်ကြီး မျိုးညွန့်ရောက်လာပြီး မင်းဆေးမှန်မှန်သောက်ရဲ့လားလို့ မေးပါတယ်။ စာရေးသူလည်း သောက်တဲ့အကြောင်း ဖြေပါတယ်။ တကယ်လည်းသောက်ပါတယ်။

အဲဒီတော့ ဗိုလ်ကြီးမျိုးညွန့်က -

"ဒါဆို ငါငယ်ငယ်တုန်းက ရင်ကျပ်ရောဂါခံစားနေရတော့ ငါ့တို့အကြီး ငါ့ကိုလုပ်တိုက်ခဲ့တဲ့ ဆေးမြီးတိုနဲ့ပဲ မင်းကိုကုမှထင်တယ်။ မင်းတော့မသိဘူး၊ ငါတော့ သက်သာပျောက်ကင်းခဲ့တာပဲကွ"

လို့ ပြောပြီး ပြန်ထွက်သွားပါတယ်။

မကြာခင် ဗိုလ်ကြီးလက်ထဲမှာ ဆေးပင် နှစ်ပင်၊ သုံးပင် ပါလာပါတယ်။

"ဒါကြောင်ဆေးပင်လို့ခေါ်တယ်။ ငါ ငယ်ငယ်က ချောင်းဆိုးရင်ကျပ် (ကြက်ညှာ) ဖြစ်ခဲ့တုန်းက ငါ့ဘကြီးက အဲဒီကြောင်ဆေးပင်တစ်ပင်လုံးယူ၊ ပန်းကန်ပြားပေါ်မှာ? ... ငါးပါးနုတ်၊ ဓားနဲ့ နုတ်နုတ်လေးစဉ်းပြီး ကန်စွန်းရွက်ကြော်သလိုမျိုး ကြော်ကျွေးတာ။ နှစ်ခါ၊ သုံးခါလောက်နဲ့ ငါ့ရောဂါ ပျောက်သွားတယ်"

လို့ ပြောပြီး ထမင်းချက်ဖို (ထမင်းစားဆောင်) ဘက် သွားကြော်ခိုင်း... စာရေးသူကို ကျွေးပါတယ်။ နောက် ... နိုင်သလောက် စားခိုင်းပါတယ်။ ထမင်း... တော့ မကျွေးပါဘူး။ အဲဒီအပင်ကို ... သုခပင်လို့လည်း ခေါ်ပါတယ်။

စာရေးသူကို ဗိုလ်ကြီးက သူကိုယ်တိုင် ဒုက္ခခံပြီး (၄) ရက်လောက်... ကျွေးပါတယ်။ စားခါစမှာ ဝမ်းပျော့... သွားပါတယ်။ နောက်တစ်နေ့ကျ... ဝမ်းသွားတဲ့အထဲမှာ ပိတ်(ချွဲချွဲပျစ်ပျစ်)... တွေပါ,ပါလာပါတယ်။ လူလည်းတဖြည်း... ဖြည်းနဲ့ ရောဂါသက်သာလာပါ... တယ်။

နောက်နေ့တွေမှာတော့ စာရေး... သူကိုယ်တိုင် 'ဖိုကြီး' အကူအညီနဲ့ ... စားပါတယ်။ (၁၉) ရက်အတွင်းမှာ... ရောဂါ ပျောက်ကင်းသလောက်ဖြစ်... သင်တန်းပြန်လိုက်နိုင်ပါတယ်။ အဲဒီ... ဒီနေ့အထိ ချောင်းဆိုးရင်ကျပ်ရော... မခံစားရတော့ပါဘူး။ ရိုးရိုးဆိုး... အပူချောင်းဆိုးတာ၊ ကြက်ညှာ၊ ရင်ကျ... အားလုံး သက်သာပျောက်ကင်းကြော... ဗိုလ်ကြီး အမိန့်ရှိတာ မှတ်သား... တယ်။ အရေးကြုံပါက သုံးကြည့်ပါ...

(၁၉၆၇/ ၆၈ မှတ်တမ်းဟော... များမှ)

အေးရွှေ (ဇီးကုန်း...)

---

"အေးလေ - သူလည်း အခွင့်ရတုန်း ကျုံးထည့်လိုက်တာပေါ့။ တကယ်ဆို ထန်းသီးတစ်ခိုင်တန်လှမှ (၂) ကျပ်ခွဲပေါ့ကွာ။ (၅) ကျပ် ဆိုတော့ အတော်လောဘကြီးတဲ့လူကြီးပဲ"

"ဒါဆို မင်းတို့ကောင်တွေ ငါ အရိုက်ခံရတာ ကြားမှာပေါ့"

"ကြားပါတယ်ကွာ၊ မှတ်တားဆိုတာ မှန်ကျောင်းဘုန်းကြီးရိုက်တဲ့ ကြိမ်ဒဏ်တောင် မမှုခဲ့တာ။ ဒေါ်မြဝေလောက်တော့ အပျော့ပေါ့"

"အဲဒါကြောင့် မှတ်တားတုတ်ပြီးတယ်လို့ငါပြောတာပေါ့ အဟား ဟားဟား ဟား"

ဟူ၍ ရယ်မောပြောဆိုနေကြလေ၏။ ကျွန်ုပ်မှာမူ ယနေ့ မည်သည့်နေရာသို့ သဝေထိုးရမလဲဟု စဉ်းစားနေမိ၏။

"တို့ဒီနေ့ဘယ်သွားကြမလဲ"

"ညောင်ပင်ကြီးစုမြောက်ဘက်က ထန်းကုန်းဘက်သွားလည်ကြရအောင်"

"အေး - ကောင်းတယ်၊ ကောင်းတယ်"

ဟု ကောက်ကြီးက ထောက်ခံသည်။

"မင်းတို့မှာ ပိုက်ဆံပါကြရဲ့လား"

"ပါပါတယ်ကွာ၊ သွားကြစို့"

ဟု ပြောပြီး စိုးလင်းက ဦးဆောင်ထွက်၏။ ကျွန်ုပ်တို့သည် ပျော်ရွှင်စွာလည်ပတ်ခြင်းဖြင့် အချိန်ဖြုန်းရပေဦးမည်။

**လွမ်းမောဖွယ်အတိတ်**

ကျွန်ုပ်သည် အိမ်ရှေ့လမ်းမကြီးဘေးရှိ သစ်ဆိမ့်ပင်တွင်ရိုက်ထားသောထိုင်ခုံဝိုင်းတွင်ထိုင်ကာ ငယ်စဉ် ကလေးဘဝက အတိတ်ပုံရိပ်တို့ကိုတွေးမိသဖြင့် တစ်ယောက်တည်းပြုံးနေ၏။

ထိုစဉ် ကျောင်းနေသူငယ်ချင်း မိုးကုတ်က မောင်ရင်ရောက်လာကာ 'ဘာပြုံးတာလဲ' ဟု မေးသဖြင့် အထက်ပါအကြောင်းအရာတို့ကို ပြောပြခြင်း ဖြစ်၏။

ယခုသော်မူ အသက် (၆၀)... (၇၀) နီးနီးရှိနေပြီဖြစ်ရာ ငယ်စဉ်... ပျော်၍မရတော့ပြီ။ ထိုအခါ အတိ... ရိပ်များသာ မြင်ယောင်ပြီး ငယ်မူပြ... ပြုံးရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့...

အထက်ပါဇာတ်ကြောင်းတွင်... ဝင်သော ကောက်ကြီးနှင့် စိုးလင်း... သည်ပင်လျှင် လူ့လောကမှထွက်ခွာ... ကြသည်မှာ ကြာခဲ့ပါပြီ။ အသား... မည်း၊ အရုပ်ဆိုးဆိုးနှင့် ကောင်မ... သည်ကား မိန်းမကြီးတစ်ဦးဖြစ်... သားသမီး၊ မြေးတွေနှင့်ဖြစ်၍နေ... ရှေးလူတို့သည်ကား အမည်နာမသာ... ဝါးဝါးကျန်ရစ်ကြပါသည်။

သို့သော် သူတို့အားလုံး... ကျွန်ုပ်၏ မျက်ဝန်းရိပ်၊ အာရုံရိပ်တွင်... သန် လှုပ်ရှားနေဆဲရှိလေ၏။

ချမ်းမြေ...

ရွှေပြည်စိုး (မိုး...)



www.burmeseclassic.com

www.burmeseclassic.com

ဤ 'ထဆင်ထူး လုံးကြီးတင် ထိမထင်တဲ့ ရွှေကျောင်းသား' အမည်ရှိသော ဝိသနှုတ်ငုံ လက်ဖွဲ့အစီအရင်ကို စာရေးသူ၏ခေါင် ရေးသားခဲ့သည့် မှတ်စုစာအုပ်တစ်အုပ်မှာ တွေ့ရသည်။ ခေါင်းစဉ် အောက်ပါအတိုင်း ရေးသားပြီး မှတ်ချက်ရေးရာ၌ 'ဤနှုတ်ငုံလက်ဖွဲ့မှာ မိမိအား သတ်ရန်လာသူပင် လက်နက်ချရသော အဆောင်ကောင်းတစ်ခု ဖြစ်ပါသည်။ ကိုယ်တွေ့' ဟု ရေးသားထားသဖြင့် ဆက်လက် ဖတ်ရှုကြည့်ရာတွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရ၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ၌ နိုင်ငံတစ်ဝန်း မငြိမ်မသက် ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ခဲ့သည်။ သောင်းကျန်းသူမျိုးစုံတို့၏ဒဏ်ကို ခံခဲ့ရသည်။ လွတ်လပ်ရေးရပြီးသည့် အချိန်မှစပြီး ပယ်စားပယ်စား စစ်ဘုရင်တို့၏အောက်၌ ပြားပြားဝပ်ခဲ့ကြရသည်။ ၎င်းတို့၏ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုတွေကို ပြည်သူတွေ အလူးအလဲခံကြရသည်။ ခိုးသား ဓားပြတွေလည်း အလွန် ထူပြောခဲ့သည်။ နိုင်ငံရေးပါတီတွေကလည်း သူ့လူ ငါ့လူဖြင့် ပါတီနိုင်ငံရေးရုံးတွေ၊ ဝါဒစွဲတွေနှင့် ခွဲခြားကာ တပည့်မွေး၊ ဆရာမွေးစနစ် ထူထောင်ခဲ့ကြသည်။ အမြင်ကျဉ်းမြောင်းသည့် လက်နက်ကိုင်တပ်ဖွဲ့တွေကို သိမ်းသွင်းကာ ခါးပိုက်ဆောင်တပ်ဖွဲ့အဖြစ် အသုံးချခဲ့ကြသည်။ တိုင်းပြည်ကနုန့်၊ မုန်တိုင်းကထန်ထန် ဆိုသောအချိန် ဖြစ်သည်။

ထိုအချိန်က ဤစာရေးသူ၏ တူတော်မောင်တစ်ယောက်မှာ ပြောက်ကျားခေါင်းဆောင်အဖြစ်မှ နိုင်ငံရေးပါတီတစ်ခုအတွင်း ကူးပြောင်းပြီး ပါတီနိုင်ငံရေးလုပ်နေသောအချိန် ဖြစ်သည်။ စာရေးသူသည် မည်သည့်ပါတီဝင်မျှ မဟုတ်သော်လည်း တူတော်မောင်နှင့် ပတ်သက်၍ 'နိုင်ငံရေးပယောဂ' မကင်းဖြစ်လာခဲ့၏။ အခြား နိုင်ငံရေးပါတီများ၏ မျက်မုန်းကျိုး ပုတ်ခတ်စွပ်စွဲခြင်းကို ခံခဲ့ရ၏။

တစ်နေ့ ပြည်သူ့လွှတ်တော်အမတ် မဲရွေးကြသည်။ ထိုမဲရွေးပွဲ၌ တူတော်မောင်က အပြတ်အသတ် အနိုင်ရလိုက်သည်။ သို့သော် ထိုမဲအနိုင်ရသောနေ့တွင်ပင်လျှင် တူတော်မောင်လည်း ရန်ကုန်ကိုထွက်ပြေးရသည်။ ဤစာရေးသူတို့ကိုလည်း အမတ်၏ဘကြီးဘထွေးများအနေဖြင့် အဖမ်းခံခဲ့ရသည်။ တရားဝင် ဥပဒေတစ်ခုခုဖောက်ဖျက်၍ ရာဇဝတ်ကြောင်းအရ အဖမ်းခံရခြင်းမျိုး မဟုတ်ဘဲ နိုင်ငံရေးပါတီကြီးတစ်ခု၏ ခါးပိုက်ဆောင်တပ် (တရားဝင်လက်နက်ကိုင်အဖွဲ့) မှ လူမသိ သူမသိ ဖမ်းဆီးခံရခြင်း ဖြစ်သည်။ ဤသို့ အဖမ်းခံရရာ၌ တူတော်မောင်၏ ညီနှစ်ယောက်နှင့် ယောက်ဖတစ်ယောက်လည်းပါ၏။

စာရေးသူတို့ကို ရုံးဂါတ်သို့ ခေါ်ခြင်းမဟုတ်ဘဲ တောရွာတစ်ရွာသို့ ခေါ်ခဲ့ကြသည်။ ထိုဖမ်းဆီးခံရခြင်းကြောင့်ပင် အမတ်ဖြစ်သူ တူတော်မောင်၏ ညီ

## ထဆင်ထူး လုံးကြီးတင်
## ထိမထင်တဲ့ ရွှေကျောင်းသား အမည်ရှိ
# ဝိသနှုတ်ငုံလက်ဖွဲ့အစီအရင်လေး

အေးရွှေ(ဦးကုန်း)





www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်နှင့် ယောက်ဖတစ်ယောက်တို့ ပြန်လမ်းမဲ့ခဲ့ကြရသည်။

စာရေးသူကိုလည်း အထွေအထူး စစ်ဆေးမေးမြန်းမှုမပြုဘဲ လက်ပြန်ကြိုး တုပ်၍ ရွာပြင် ကိုင်းတောထဲ ဆွဲခေါ်ခဲ့ကြ၏။ ကိုင်းတောစပ်ရောက်သည်နှင့် ၎င်းတို့ချင်း တီးတိုး တီးတိုး စကားပြောကာ လက်နက်ကိုင် (၃) ယောက်နှင့် စာရေးသူကိုထားခဲ့ပြီး ကျန်အဖွဲ့က ရွာဆီပြန်သွားကြသည်။

စာရေးသူလည်း မိမိအား သူတို့ ဘာလုပ်မည်ကို သိနေသည်။ ထိုအချိန်က နိုင်ငံရေးပါတီများနှင့် ဆက်နွှယ်နေသူများ (တရားမဝင်) အဖမ်းခံရပါက ဘာလုပ်သည်၊ ဘာဖြစ်တတ်သည်ကို အတပ်သိနေသောကြောင့် ဖြစ်၏။ သို့ကြောင့်ပင် ဘုရား၊ တရား အာရုံပြု၍ မည်သည့်စကားမျှမဆိုဘဲ ၎င်းတို့ဆွဲခေါ်ရာနောက် လိုက်ခဲ့သည်။

ကိုင်းတောထဲ ရောက်သည်နှင့် စာရေးသူအား ၎င်းတို့သုံးယောက်ထဲမှ အသက်ကြီးကြီးလူတစ်ယောက်က ဝေဖန်သလိုလိုနှင့်-

"ဦးရှီးကြည့်ရတာ နိုင်ငံရေးသမားတော့ မဟုတ်လောက်ပါဘူးနော်"

ဟု မေးသည်။

"မဟုတ်ပါဘူး ဗိုလ်ကြီးရယ်၊ ကျုပ်တို့က လူကောင်းတွေပါ"

စာရေးသူက ကြောက်ကြောက် လန့်လန့်ဖြင့် ဖြေလိုက်၏။ ထိုအခါ ထိုသူက ရယ်မော၍-

"ဘာလဲ-ဒါဆို နိုင်ငံရေးသမားတွေက လူကောင်းမဟုတ်ဘူးလို့ ဦးရှီးဆိုချင်တာလား"

"မ. . . မဟုတ်ပါဘူး ဗိုလ်ကြီးရာ၊ အဲဒီလို မဟုတ်ပါဘူး။ ကျုပ်တို့က တောမှာ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးရာအေးကြောင်းနေတာကို ပြောတာပါ"

ဟု စာရေးသူက ပျာပျာသလဲ တောင်းပန်လိုက်သည်။

"ကျုပ်တို့သိပါတယ်ဗျာ။ ဘယ်သူမကောင်းဘူး၊ ဘယ်သူကောင်းတယ် ဆိုတာ"

ထိုသူက စကားဆုံးသည်နှင့် စာရေးသူအား တုပ်ထားသော ကြိုးများကို ဖြေပေးကာ-

"ကဲ- သွားတော့။ ဗိုလ်ကြီးကလည်း ဦးရှီးကို မင်းတို့သဘောပဲဆိုပြီး အမိန့်ပေးလိုက်တယ်။ ကျုပ်တို့ ဦးရှီးကို လွှတ်ချင်လည်း ရတယ်၊ သတ်ချင်လည်း ရတယ်။ ဒါကြောင့် ဦးရှီးကို ကျုပ်တို့လွှတ်လိုက်တယ်"

ဟု ပြော၍ လွှတ်လိုက်သည်။

ဤသည်မှာ ကန္တလီကျောင်း ဆရာတော် ပြုလုပ်ပေးထားသော ပီယနှုတ်ငုံလက်ဖွဲ့၏ အစွမ်းကြောင့်ပင် ဖြစ်ကြောင်း စာရေးသူ ယုံကြည်လိုက်၏။ ထိုအချိန်က လက်ဖွဲ့ကိုလည်း စာရေးသူငုံထားသည်။

နောက်ဖြစ်ရပ် တစ်ခုမှာလည်း မြေယာကိစ္စများနှင့် မကျေမနပ်ဖြစ်နေသော ရွာထဲမှ လူတစ်ယောက်သည် တစ်ညနေ စာရေးသူ ဘုန်းကြီးကျောင်းကအပြန် လမ်းမှသတ်ရန် ဓားကြီး တောင်ကိုင်၍စောင့်နေသည်။ စာရေးသူကိုမြင်သည်နှင့် ပုန်းကွယ်ရာမှ ဓားမိုး၍ ထွက်လာ၏။ သို့သော် စာရေးသူအနားရောက်သည်နှင့် ဓားကိုချ၍ သူ မှားကြောင်း၊ ယခုလို ကြံစည်မိသည်ကို ခွင့်လွှတ်ဖို့အကြောင်း တောင်းပန်သွားလေသည်။ ဤသည်တို့မှာ ကိုယ်တွေ့အဖြစ်များ ဖြစ်၏။

စာရေးသူအား ပီယနှုတ်ငုံလက်ဖွဲ့လေးစီရင်ပြုလုပ်ပေးသည့် ဆရာတော်က ဤလက်ဖွဲ့မှာ ထဆင်ထူးအစီအရင်ဖြစ်ပြီး ပီယအရာ၌ သူမတူအောင် စွမ်းကြောင်း၊ မိမိကို သတ်ရန်လာသူပင်ဖြစ်လင့်ကစား မေတ္တာထား၍ လက်နက်ချရကြောင်း မိန့်ခဲ့သည်။

*(ဖခင်၏တူ ဆိုသူမှာ ဇီးကုန်းမြို့ လွှတ်တော်အမတ်ဖြစ်ခဲ့သူ သခင်ညို ဖြစ်ပါသည်။ စာရေးသူ)*

အထက်ပါအကြောင်းအရာတို့မှာ စာရေးသူ၏ဖခင် ရေးခဲ့သည့် မှတ်စုစာအုပ်ထဲမှ 'ထဆင်ထူး လုံးကြီးတင် ထိမထင်တဲ့ ရွှေကျောင်းသား' အမည်ရှိ ပီယနှုတ်ငုံလက်ဖွဲ့နှင့်ပတ်သက်၍ မှတ်တမ်း ဖြစ်၏။

အောက်တွင်တင်ပြမည်မှာ ဖခင်၏မှတ်စုစာအုပ်ပါ 'ပီယနှုတ်ငုံ' လက်ဖွဲ့ စီရင်ပြုလုပ်နည်း ဖြစ်သည်။ မူမပျက်စေရန် ဖခင်၏မှတ်စုစာအုပ်ပါအတိုင်း ဆက်လက်၍ တင်ပြအပ်ပါသည်။

ဤလက်ဖွဲ့ကို စနေဆန်းသောလ၏အဝင်နက္ခတ်ကြိမ်သောနေ့၌ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး သီလတစ်မျိုးမျိုး ခံယူဆောက်တည်ပြီး ရွှေပြား၊ ငွေပြားတစ်ခုခု၌-

'ကကြီး' ကို အထက်၊ 'ယပက်လက်' ကိုအောက်ထား၍ ဖော်ပြပါပုံအတိုင်း 'ထဆင်ထူး' နှင့်တူအောင် ဝိုင်းဝိုင်းလှလှ ရေးရမည်။

ထို့နောက် 'ဣ'နှင့် 'န' ကို ထဆင်ထူးအတွင်း၌ထည့်ပြီး ထဆင်ထူး၏လက်ဝဲ၌ 'င' အက္ခရာကိုရေး၍ လက်ယာဘက်၌ 'ခ' အက္ခရာကိုရေးကာ 'င'နှ... 'ခ' ကို လုံးကြီးတင်ဆန်ခတ်ဖြစ်အောင် ထဆင်ထူး၏အပေါ်တွင် ပုံပါအတိုင်း ပီပြင်အောင် သေချာစွာတင်ရေးရမည်။

**မှတ်ချက်**- *ယင်းကဲ့သို့ ရေး... ဆောင့်ကြောင့် မူဆိုးဒူးထောက်ထိုင်၍ ဘယ်ဘက်ဖနောင့်က ပုရွက်ဆိတ်တွင်းကိုပိတ်၊ ညာဘက်ဖနောင့်က မိမိဒွါရ... ပိတ်ပြီး မပြီးမချင်း အသက်အောင့်ရေး... မည်။*

ထို့နောက် ထိုအနေအထားအ... တိုင်း ထိုင်လျက်ပင် လက်ဖွဲ့ကို လိပ်၍ ဘုရားဂုဏ်တော် (၃၇) အုပ်စုတ်ရမည်။ နောက် အောက်ပါ အနှီးမန္တန်ဖြင့် (၃) ကြိမ် နှီးရမည်။

**အနှီးမန္တန်**

'ဦ၊ ထဆင်ထူး လုံးကြီးတင် ထိ... ထင်တဲ့ ရွှေကျောင်းသား၊ ထ ဆရာ ... ကြွ ဆရာ ကြွ'

ထိုသို့ နှီးပြီးပါက သင့်နှုတ်၌ငုံ၍ ဆောင်နိုင်ပြီ ဖြစ်၏။




ထိုထဆင်ထူး ပီယနှုတ်ငုံလက်... ၏အစွမ်းကား ဆိုဖွယ်ရာမရှိပြီ။ ... သျှိ၊ ရာဇသျှိ၊ သဗ္ဗသျှိ သျှိ (၃) ... အပြီးတိုင်၏။ သစ္စာရှိစွာဖြင့် စီရင်... လုပ်၍ ဆောင်ထားကြပါလေ။

* အထူး အမှာအထားမှာ သူ... ပါး၏ဇနီးမယားအား ပြစ်မှား ကျူး... လျှင် ရှုတတ်သည်။

*မေတ္တာအစွမ်း ကမ္ဘာလွှမ်း ... ချမ်းကြပါစေ*

အေးရွှေ(ဇီးကုန်း...)

**ရည်ညွှန်း**

အဖေ၏မှတ်စု (လက်ရေး...



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၇ ခုနှစ်၊ နေ့တစ်နေ့ နံနက်တွင် ကျွန်တော့်ထံသို့ သီလရှင်နှစ်ပါး ရောက်လာကြပါသည်။ ၎င်းတို့က-

'ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက်မှ ဝိပဿနာဆရာကြီးအင်ကာ၏ခြံဝင်းအတွင်းမှာ ဆရာကြီးအင်ကာသည် ဝိပဿနာရိပ်သာ ဆောက်လုပ်ရန်အတွက် မြေနေရာများကို လျော်ကြေးပေး၍ လည်းကောင်း၊ ဘုံသစ်များတွင် နေရာအစားပေး၍ လည်းကောင်း လှူဒါန်းခဲ့ပါသည်။ ဆရာလေးတို့၏ စာချဆရာကြီးဖြစ်သော သီလရှင်ဆရာကြီး၏ကျောင်းမှာ သီလရှင်ဆရာကြီးသည် စာချတန်းအောင်ပြီး ကျောင်းအတွင်း၌ သီလရှင်စာချစာသင် (၅၀) ပါးခန့်ဖြင့် စာသင်နေခဲ့ပါသည်။

ဆရာကြီးဦးဂိုအင်ကာက ကျွန်မတို့ကျောင်းမှာ မလွတ်သဖြင့် ခြံအစပ်ဘုန်းဘောအနီးတွင် ပြောင်းရွှေ့၍ သွပ်မိုး ပျဉ်ထောင်ဖြင့် အသစ်ဆောက်လုပ်ကာ နှစ်ထပ်ကျောင်းအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ကျောင်းဆောက်လုပ်ပြီး ည (၉) နာရီခန့်မှစ၍ ကျောင်းဆောင်၏နောက်ဖေးဘက် မီးဖိုဆောင်ပေါ်သို့ အုတ်ခဲကျိုးများ တဗုန်းဗုန်းနှင့် ကျရောက်ခဲ့ပါသည်။ ရပ်ကွက်လူကြီးများကိုတိုင်ကြား၍ အပေါ်သို့တက်ကြည့်ရာ အုတ်ခဲထက်ပိုင်းကျိုးများ(၅၀) ခန့် တွေ့ရပါသည်။ ပတ်ဝန်းကျင်တွင် လူကြီးများနှင့်အတူ ခဲဖြင့်ပေါက်သူကို လိုက်ရှာရာ မည်သူ့ကိုမျှ မတွေ့ရပါ။ ရှာနေစဉ်အတွင်း ခဲများ ထပ်မံကျရောက်လာပြန်ပါသည်။ နာရီဝက်ခန့်ကြာပြီး ရပ်သွားပါသည်။ ကျွန်မတို့လည်း သွပ်အသစ်များမပေါက်စေရန် ဂုန်နီအိတ်များကို ခင်းထားရပါသည်။ ထူးဆန်းသည်မှာ ခဲများကျရာတွင် ဂုန်နီအိတ်များတက်ခင်းသောသူများကို တက်ခင်းနေစဉ် ခဲများကျရောက်သော်လည်း လူများကို တစ်ယောက်မှမထိပါ။ လူလွတ်နေသောနေရာများပေါ်သို့သာ ကျပါသည်။ ပထမ (၂) ရက်တွင်ဖြစ်ရာ၌ အုတ်ခဲကျိုးများသာ ကျပါသည်။ ယနေ့အထိ (၅) ရက်တိုင် ကြက်ဥ၊ ဘဲဥခန့်ရှိ ဂေါ်လီလုံးများဖြင့် (၁၅) မိနစ်တစ်ကြိမ် ပစ်ပါသည်'

ဟုဆိုကာ သူတို့တွင်ပါလာသော ခေါင်မိုးပေါ်သို့ကျရောက်သည့် ဂေါ်လီလုံး (၄)၊ (၅) လုံးခန့်ကို ပြပါသည်။

'ကျွန်မတို့လည်း ပါတီကောင်စီကို တိုင်ပါသည်။ ဗဟန်းရဲစခန်းတွင်လည်း တိုင်ခဲ့ပါသည်။ ရဲများနှင့် ပါတီကောင်စီများအပြင် နယ်မြေခံထောက်လှမ်းရေးက လိုက်ပါရှာဖွေသော်လည်း ခဲကျလာတာတွေ့ရပြီး ပစ်လိုက်သူကို မတွေ့ရပါ။ သီလရှင်ကျောင်းမှ စာသင်သားများသည် ကြောက်ရွံ့ပြီး ပြောင်းရွှေ့



ဦးဆိုင်း (သီလအဓိက)
စိုးမော်ဖြင့်တိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

သွားကြရာ အပါး (၅၀) ခန့်မှ (၁၅) ပါးခန့်သာ ကျန်ပါတော့သည်'

ဟု ပြောပြပါသည်။

ဆရာကြီးမှ ကူညီပေးပါရန် တောင်းပန်ပါသည်။

အဲဒီအချိန်မှာ ယဉ်သူကုမ္ပဏီမှ ဦးမျိုးညွန့်နှင့် ဒေါ်ယဉ်သူတို့ပါ ရောက်ရှိနေကြပါသည်။ ဦးမျိုးညွန့်မှ 'အစ်ကိုကြီး သွားမည်ဆိုလျှင် ကျွန်တော်တို့ လိုက်ပို့မည်' ဆိုသဖြင့် သူတို့ကားနှင့် လိုက်သွားခဲ့ပါသည်။ ကျောင်းရောက်၍ အောက်ထပ်တွင် ဦးပဥ္စင်း (၅)ပါး၊ ကိုရင် (၃) ပါးနှင့် စောင့်ကြပ်ပေးနေကြသော ပါတီကောင်စီဝင်များနှင့် ရဲသား (၃) ဦး၊ ထောက်လှမ်းရေးမှ (၂) ဦးတို့ကို တွေ့ရပါသည်။ ကျွန်တော်တို့လည်း ကျောင်းတွင်းသို့ ဖိနပ်ချွတ်၍ဝင်သွားသည်ဆိုလျှင် (၁၅) မိနစ်ကြာ ပေါက်နေသည့် ဂေါ်လီလုံးများနှင့် အုတ်ကျိုးများသည် ရပ်သွားပါသည်။ ကျွန်တော်တို့သည် အပေါ်ထပ်တွင် ဘုရားဖူးပြီး နောက်ဖေးဘက် ခဲဖြင့်ပေါက်ထားသည့်မီးဖိုဆောင်ပေါ်သို့ နောက်ဖေးပြတင်းပေါက်ဖွင့်၍ ကြည့်မည်ဟုဖွင့်ခိုင်းရာ သီလရှင်ဆရာကြီးမှ 'ခဲတွေနှင့်ပစ်နေသည့်အတွက် မကြည့်ပါနှင့်' ဟု ပြောပါသည်။ အပေါက်ကိုဖွင့်ခိုင်း၍ ထွက်ကြည့်ရာတွင် ခဲများမကျတော့ဘဲ ခင်းထားသော ဂုန်နီအိတ်များနှင့်အုတ်ခဲကျိုးများ၊ ဂေါ်လီလုံးများနှင့် အခြားသော အုတ်ခဲကျိုးများပါ တွေ့ရပါသည်။

ကျွန်တော်သည် ဘုရားဆောင်ရှေ့ ပြန်သွား၍ မေတ္တာသုတ်နှင့် ပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး မေတ္တာပို့ အမျှဝေပါသည်။ အပေါ်ထပ်မှအောက်ထပ်သို့ ဆင်းလာရာ အောက်ထပ်တွင် လူတော်တော်များများ ရှိနေကြပါသည်။ အောက်ထပ်တွင် သံဃာတော်တစ်ပါးက-

"ဒကာကြီး၊ ဘာနဲ့တိုက်သလဲ"

ဟု မေးပါသည်။

ကျွန်တော်က-

"ဆရာတော်၊ အများကတော့ ပုဏ္ဏကတိုက်ဟု ခေါ်ကြပါသည်။ အမှန်က ရုက္ခစိုးမှော်ဖြင့်တိုက်ခြင်း ဖြစ်ပါသည်၊ ရုက္ခစိုးမှော်အောင်သည့် ပုဂ္ဂိုလ်က ဒီအနီးအနားတွင်ရှိသော သစ်ပင်များတွင်ရှိသည့်ရုက္ခစိုးများကို ၎င်းတတ်ထားသော ရုက္ခစိုးမှော်အတတ်ဖြင့် သစ်ပင်များမှာရှိသော ရုက္ခစိုးများကို ခိုင်းစေခြင်း ဖြစ်ပါသည်။ ခိုင်းစေရာတွင်လည်း ပစ်ဖို့ အုတ်ခဲ၊ ကျောက်ခဲများကို တစ်နေရာတွင် စုပုံပေးထားရပါသည်။ ဒါကြောင့် ရရာပစ္စည်းဖြင့် ပုံပေးထားရသောကြောင့် ပစ်သည့်ပစ္စည်းများ အမျိုးမတူဘဲ ဖြစ်နေပါသည်။ ရုက္ခစိုးဆိုသည်မှာ သစ်ပင်တွင့်နေသောပုဂ္ဂိုလ်ဖြစ်ပါသည်၊ နတ် မဟုတ်ပါ။ အချို့နေရာတွင် မီးတုတ်ဖြင့်ပစ်ပါသည်။ လွန်ခဲ့သော (၅) နှစ်ကျော်၊ (၆) နှစ်ခန့်က သာကေတမြို့နယ်တွင် မီးတုတ်ဖြင့် ပစ်ခဲ့ပါသည်။ ပစ်သောခဲနှင့်မီးတုတ်သည် ခေါင်မိုးပေါ်ကျသော်လည်း ခဲများသည် လူကို မထိ၊ မီးတုတ်သည်လည်း ခေါင်မိုးပေါ်ကျပြီး ငြိမ်းသွားပါသည်။ မီးမလောင်ပါ"

ကိုယ်တော်က-

"ဒကာကြီး ဘာအတတ်နှင့်တားတာလဲ"

ဟု မေးပါသည်။

"တပည့်တော် ကားနှင့်လာကတည်းက သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်မင်းကြီးများ၊ မြို့စောင့်နတ်များနှင့် ပထမံဘိုးဘိုးအောင် ဆရာတော်ဘုရားကြီးနှင့် အားလုံးကုန်သော ပေါက်ဆရာ၊ ထွက်ရပ်ဆရာ၊ ပထမံဆရာ၊ ဝိဇ္ဇာဓိုရ်ဆရာများကို သီလထိန်းပြီး တိုင်တည်၍ တပည့်တော် ပန်ထားသော သစ္စာ (၃) ချက်ကို ဆိုခဲ့ပါသည်"

ကျွန်တော်ပန်ထားသော သစ္စာ (၃) ချက်မှာ-

၁။ ကျွန်တော်သည် အနာရောဂါကင်းစင်ကွာ၍ သည်ဘဝတွင်ပင် ပကတိသာဝကဆုဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏။
၂။ သာသနာပြုရပါလို၏။
၃။ သတ္တဝါတွေကို ကယ်တင်နိုင်သောသူ ဖြစ်ရပါလို၏။

၎င်းမှ တန်ပြန်လုပ်ပေးပါရန် မေတ္တာရပ်ခံပါသည်။ ကျွန်တော်က သီလ၊ သစ္စာ၊ မေတ္တာဖြင့် ဆောင်ရွက်ရသောအလုပ်ဖြစ်သဖြင့် တန်ပြန်အတတ်ကို မတတ်ပါဟု ဖြေကြားခဲ့ပါသည်။

ကျွန်တော် သီလရှင်ကျောင်းက ဖိနပ်ချွတ်လည်း ခြေချရော ပေါက်နေသောခဲများသည် ရပ်စဲသွားခဲ့ပါတော့သည်။

*သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား ဦးတိုက်လျက်*

ဦးစံသိန်း(သီလအဓိက)

## နှစ်ချင်းသီး ဩဇာပင်ဖြစ်အောင်

ဩဇာသီးပင်၏သဘာဝသည် ... အိုက်သောရာသီဥတုကို နှစ်သက်သ... ထို့ကြောင့်လည်း မြန်မာပြည်အလ... ပိုင်း ပြည်၊ အောင်လံ၊ မင်းဘူး၊ ပု... နယ်များတွင် အထွက်များပါသည်။

ဩဇာသီးသည် လူကြိုက်မျ... သော မြန်မာပြည်ထွက် အသီးတစ်... ဖြစ်ပါသည်။ သို့သော် ဩဇာသီးကြ... သူများအနေဖြင့် ဩဇာသီးသည် အ... များသဖြင့် စားပြီးလျှင် ရေဝဝချိုး... မည်။

ဩဇာသီးပင်သည် တန်ခူး၊ ကဆု... လများတွင် အပွင့်ပွင့်ပြီး ဝါခေါင်၊ တေ... သလင်း၊ သီတင်းကျွတ်လများတွ... အသီးပေါ်သည်။ အများအား... ဩဇာကို အစေ့ပျိုးပြီး စိုက်ကြသ... အစေ့ပျိုးရာတွင် အစေ့စိုလတ်သ... ဆတ်ဆတ်ကိုပျိုးထောင်ပါက ပိုအပေါ... မြန်ပါသည်။ အစေ့ခြောက်ပြီး ကြာ... မှ စိုက်လျှင် အပင်ဖြစ်နှောင့်နှေးနေ... ပါသည်။

ဩဇာပင်သည် အများအား... စိုက်ပြီး လေး၊ ငါးနှစ်ကြာမှ အပင်ပျို... ပြီး အသီးစ,သီးပါသည်။ ထိုသို့ နှစ်... စောင့်နေစရာမလိုဘဲ ဩဇာနှစ်ချင်း... အောင် ပြုလုပ်ရွေးချယ် စိုက်ပျိုးန... ကို တင်ပြလိုက်ပါသည်။

ရင့်၍ မျိုးကောင်းသော ဩ... သီးမှည့်တစ်လုံးကို ထက်ခြမ်းခွဲလို... အလယ်အူတိုင်တွေ့ရပါလိမ့်မည်၊ ... အလယ်အူတိုင်၏ထိပ်တည့်တည့်အ... ကိုယူပြီး သေချာမှတ်သား၍ စိုက်... လိုက်ပါ။

အခြားအစေ့များကို စိုက်သ... ထက် အပင်ပေါက်လည်းမြန်ပြီး ... နှစ်မှာ ပွင့်ချိန်တန်၍ပွင့်ပြီး သီးပါ... မည်။

ပြုလုပ်၍ စိုက်ပျိုးကြည့်ပါ။ ... ဖြစ်စိုက်ပျိုးမည့်သူများလည်း မှတ်... သင့်သည့်နည်း ဖြစ်သောကြောင့် ... ပြအပ်ပါသည်။

သဒ္ဒါ (...



www.burmeseclassic.com

www.burmeseclassic.com




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့ကစင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံ့ခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲမမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်ကကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာမမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ဘူတာကြီးအမှတ်စဉ်(၇) စင်္ကြံသို့ မြို့ပတ်ရထား ဆိုက်ရောက်လာသည်။ ရထားတွဲပေါ် တက်၍ နေရာယူလိုက်၏။ ညနေစောင်းပြီမို့ ဘူတာစင်္ကြံ၌ အိမ်ပြန်မည့် ခရီးသည်များနှင့် စည်ကားနေသည်။ ရထားက လူကျပ်သည်လည်းမဟုတ်၊ ချောင်သည်လည်း မဟုတ်။ ဈေးနှုန်းချိုသာပြီး ကားကျပ်လူကျပ်သော ဘတ်(စ်)ကားများထက် သက်သောင့်သက်သာရှိ၍ ရထားဖြင့်သာပြန်ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ပန်းချီဆရာတစ်ဦးဖြစ်သည်။ သို့ဆိုရာ၌ ပန်းချီကားချပ်ကြီးများအား ရေးဆွဲသည်ထက် မဂ္ဂဇင်း၊ ဝတ္ထုမျက်နှာဖုံးအတွင်းသရုပ်ဖော်ပုံများကိုသာ ရေးဆွဲသော စာနယ်ဇင်းပန်းချီဆရာတစ်ဦး ဖြစ်သည်။ ကျွန်ုပ်နေထိုင်ရာရပ်ကွက်သည် မီးရထားဘူတာအနီး၌ရှိ၍ ရန်ကုန်မြို့ထဲမှ အိမ်အပြန် မီးရထားကိုသာစီးဖြစ်သည်။ လက်လုပ်လက်စား အောက်ခြေလူတန်းစားများ၊ ဈေးသည်များနှင့် မြို့ပတ်ရထားလမ်းအနီးပတ်ဝန်းကျင်ရပ်ကွက်များမှာ နေထိုင်ကြသော ဝန်ထမ်းများသည် ဤရထားကိုသာ အားကိုးကြရ၏။

ရထားကြီးကား တစ်ဘူတာဝင်၊ တစ်ဘူတာထွက်ဖြင့် မောင်းနှင်နေ၏။ ရထားပေါ်၌ တောင်းရမ်းစားသောက်သူများလည်း ပါ၏။ ဈေးသည်များကလည်း အော်ဟစ်ကာဖြင့် ဈေးရောင်းနေကြသည်။ အဆင်းနည်းနည်း၊ အတက်သာများ၍ မြို့ပတ်ရထားကြီးသည် ခရီးသည်များဖြင့် ပြည့်ကျပ်လာသည်။ အကျွန်ုပ်မည်သော သရုပ်ဖော်ပန်းချီဆရာသည် အနှီလူတန်းစားပေါင်းစုံ၏ ဆင်းလိုက်၊ တက်လိုက်မြင်ကွင်းအား ငေးမောလျက်။ သားနားသပ်ရပ်သော လူတန်းစားက အလွန်ပင် နည်းပါးလှသည်။ အများအားဖြင့် ချွေးသံရွှဲရွှဲဖြင့် အလုပ်သမားများ၊ သနပ်ခါးပါးကွက်ကျားပျက်နေသော မိန်းကလေးဈေးသည်, မိန်းကလေးများ၊ အသီးအနှံအနည်းငယ်လက်ကျန်ဖြင့် ဆိုင်းထမ်းဈေးသည်တို့၏ အားထားရာ မြို့ပတ်ရထားကြီးသည် ဒယိမ်းဒယိုင်ဖြင့် ဥသြဆွဲလျက် မောင်းနှင်နေသည်။

ဤရထားကြီးကား အောက်ခြေလူတန်းစားပေါင်းစုံ၏ ဘဝရထားကြီးပါတကား။

*

ရထားကြီးက သီရိမြိုင်ဘူတာသို့ ဆိုက်ရောက်လာသည်။ ကျွန်ုပ်ဆင်းရမည်က သမိုင်းဘူတာ ဖြစ်သည်။ သို့သော် အချိန်ကြာလာ၍ နေညိုလျှင် လေပြိုတတ်သော ပန်းချီဆရာကျွန်ုပ်မှာ တစ်ခွက်တစ်ဖလား ဘီယာအေးလေး သောက်ချင်လာ၍တစ်ကြောင်း၊ မဂ္ဂဇင်း၊ ပန်းချီခရလာ၍ အိတ်ဖောင်းနေသော ကြောင့် သီရိမြိုင်ဘူတာမှာ ဆင်းလိုက် ပါတော့သည်။ သီရိမြိုင်ဘူတာတန်း[illegible] စားသောက်ဆိုင်လေးသည် ကန်စွန်းရွက် ကြော် အလွန်ကောင်း၏။ စည်တစ်ခွက် ဝီတစ်ပက်၊ မှိုကန်စွန်းတစ်ပွဲဖြင့် ည[illegible] ခင်းအား ရိဝေစွာ ဖြတ်သန်းလိုက်သည်။ နှစ်ပက်နှစ်ခွက်ကုန်သော် ရေချိန်ကိုက်[illegible] ဖြစ်၍ ဆိုင်မှထပြီး ဘူတာစင်္ကြံရှိ ထိုင်[illegible] ခုံမှာ ထိုင်လိုက်သည်။

ဘူတာစင်္ကြံ၌ ဖြတ်သန်းသွား[illegible] လာသူများကား တစ်ယောက်ပြီးတစ် ယောက်။ လူငယ် ပန်းချီဆရာ အကျွန်ုပ် သည် မူးယစ်ရီဝေခြင်းဖြင့် သွားလာ[illegible] ကြကုန်သောလူတွေအား ငေးကြည့်[illegible] မိသည်။ မိန်းကလေးတွေသည် ပို၍ ပို၍ ချောနေကြပါလား။ ဂျင်းဘောင်းဘီ[illegible] ထား၍ ဖြောင့်စင်းသော ကိုယ်အောက်[illegible] ပိုင်းအလှ၊ စကတ်တိုတိုအောက်မှာ ဝင်း[illegible] ဝါနေသော ရင်ခုန်မှုမြင်ကွင်းတို့အား ကြည့်ရင်းဖြင့် ကျွန်ုပ်၏ နှလုံးသွေး[illegible] သည် နွေး၍နွေး၍လာကြကုန်သည်။ ဝါရွှေရောင်၊ ကြေးနီရောင်ဆံပင်ဖြော[illegible] ဖြောင့်၊ မကောက်တကောက်များသည် ဆေးဆိုးပန်းရိုက် မျက်နှာလှလှလေးများ နှင့် လိုက်ဖက်ပါပေစွ။ ကျွန်ုပ်၏ စိ[illegible] ဝေညနေခင်းသည် တိမ်အတောက်[illegible] လင်းလက်နေသော သူယောင်မယ်[illegible] များကြောင့် ပို၍ပို၍ ပြည့်စုံလာသည်။



သန့်ဇင်

ကုတ္တိယမှော်၏ဘဝနိဂုံး



www.burmeseclassic.com

www.burmeseclassic.com

ခလှမ်းမကမ်းရှိ ခရီးသည်များ ...ရာထိုင်ခုံ၌ မိန်းမပျိုလေးတစ်ဦး ...ထိုင်သည်ကို တွေ့မြင်လိုက်ရသည်။ ...သည်လည်း မီးရထားအလာကို ...သည့် ခရီးသည်တစ်ဦး ဖြစ်သည်။ ...မှုသည် ရွှေဝါရောင်အဖြောင့်ဆံပင် ...ည် ရင်ညွန့်ပေါ်သို့ ဝဲကျလျက်။ မျက် ...လေးနှင့် စိုပြည်သော ခန္ဓာကိုယ် ...တ ကျွန်ုပ်အား ဖမ်းစားနေသည်။ ...ပ်၏မျက်လုံးအစုံမှာ သူမဆီမှ လွဲ ...၍မရတော့။ သူမကတော့ ကျွန်ုပ် ... သတိမထားမိပါ။ ဟမ်းဖုန်းအား ...ညိုးဖြင့်ထောက်၍တို့၍ဖြင့် အလုပ် ...နေပါသည်။

"မင်းက မိန်းကလေးလှလှလေး ...ဆိုရင် စိတ်ဝင်စားတတ်သလား"

အနားကပ်ပြီး ပြောလိုက်သော ...းသံကြောင့် ကျွန်ုပ်လန့်သွားသည်။ သူခိုးလူမိ၍ရှက်သွားမိသည်။ ပတ်ဝန်းကျင်အား ဂရုမပြုမိလိုက်ပါ။ ကျွန်ုပ်က မိန်းကလေးအား စိတ်ဝင်စားနေမိချိန်မှာ ကျွန်ုပ်အား စိတ်ဝင်စားနေသူတစ်ယောက်ရှိနေသည်ကို သတိမထားမိလိုက်။

"ဟာ - မဟုတ်ပါဘူးဗျာ"

ကမန်းကတန်းဖြေလိုက်ရင်း မေးခွန်းထုတ်လာသူအား ကြည့်မိသည်။ အသက် (၆၀) ကျော်ခန့်လူကြီးတစ်ဦး ဖြစ်သည်။ မီးခိုးရောင်တိုက်ပုံအင်္ကျီခပ်နွမ်းနွမ်း ဝတ်ဆင်ထားသော ထိုလူကြီးက ကျွန်ုပ်၏အနားမှာ ဝင်ထိုင်လိုက်သည်။



ရိတ်သင်ထားခြင်းမရှိသည့်နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ၊ အဖြူရောင်ဘက်သို့ ရောက်လုနီးနီး ဆံပင်တွေက မဖြီးမသင်သဖြင့် ဖိုသီဖတ်သီနိုင်လှသော သူ့ပုံသဏ္ဌာန်အားကြည့်ပြီး အထင်မကြီးနိုင်ဖြစ်ရသည်။ ထိုလူကြီးက ကျွန်ုပ်အနားမှာ ဝင်ထိုင်ပြီး ဆေးပေါ့လိပ်တိုအား မီးခြစ်စုတ်ဖြင့် မီးညှိနေသည်။ မီးခြစ်က ခြစ်မရသဖြင့် ကျွန်ုပ်ဘက်လှည့်ပြီး မျက်နှာရှုံ့ပြ၏။ အလိုက်တသိဖြင့် အိတ်ထဲမှ မီးခြစ်ထုတ်ပေးလိုက်ရသည်။ သူမီးညှိ၍ရသွားပြီး ဆေးလိပ်ငွေ့များအား မှုတ်ထုတ်လိုက်သည်။

"မင်း ငါမေးတာ မဖြေသေးဘူးနော်။ မိန်းမလှလှလေးတွေ မင်းစိတ်ဝင်စားတတ်သလား"

ကောင်မလေးကို စိတ်ဝင်တစားကြည့်နေမိသည်ကို ထိုလူကြီးမြင်သဖြင့် ဆက်မလိမ်ချင်တော့ပါ။

"ကျွန်တော်က ယောကျာ်းတစ်ယောက်၊ အရွယ်ရှိတဲ့လူတစ်ယောက်ပဲဗျာ။ အာသဝေါကုန်ခန်းနေတဲ့ ရဟန္တာမှ မဟုတ်တာ။ ချောချောလေးမြင်ရင် စိတ်ဝင်စားတာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"အေး - စိတ်ဝင်စားတာကို ငါ မတားမြစ်လိုပါဘူး။ ဒါပေမယ့် အလွန် အကျွံ စိတ်ဝင်စားလာမိရင်တော့ သိပ် မကောင်းဘူးကွ"

"ကောင်မလေးက လှတာကိုး"

"ဟင်းဟင်းဟင်း. . . ."

အဘိုးကြီးက သဘောကျစွာဖြင့် ခပ်တိုးတိုးရယ်သည်။

"ဘာရယ်တာလဲဗျ။ လှလို့လှတယ် ပြောတာ ရယ်စရာလား"

"အေးပါကွာ။ မင်းသိပ်လှတယ် ဆိုတဲ့ ဟိုကောင်မလေးကို ငါတစ်ခုခု လုပ်ပြမယ်။ မင်းကြည့်မလား"

"ခင်ဗျားက ဘာလုပ်ပြမှာလဲ။ တစ်ခုခုသွားလုပ်လို့ ကောင်မလေးက မကျေနပ်ရင် ဂါတ်ထဲရောက်သွားမယ် နော်"

"မင်းကြည့်နေပါ။ ကောင်မလေး နဲ့ငါက အသိလည်း မဟုတ်ဘူး၊ ငါတို့ ကိုလည်း စိတ်ဝင်စားတာ မဟုတ်ဘူး။ ဒါပေမယ့် ငါခေါ်လိုက်မယ်။ ပြီးတော့ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ မင်း စောင့်ကြည့်နေ"

ကျွန်ုပ် ဒီလူကြီးကို သိပ်မကြည့် ချင်တော့ပါ။ လူပုံစံက စုတ်စုတ်ပြတ် ပြတ်၊ အသက်ကကြီးကြီး၊ ဘယ်လိုလုပ် ပြီး ချောချောလှလှကောင်မလေးကိုခေါ် နိုင်မှာလဲ။ ရာထူးကြီးကြီး၊ ကုမ္ပဏီသူဌေး ကြီး၊ ဘီးကျဲကြီးတွေ ဝေါက်သီးရိုက်ကွင်း မှာ အကူဝန်ထမ်းမိန်းကလေးငယ်ငယ် လေးတွေကိုကြောင်ပြီးခေါ်တယ်ဆိုလျှင် လက်ခံသေးသည်။ တချို့မိန်းကလေး တွေက သွားမပါလျှင် နေပါစေ၊ ကားပါ ဖို့ အဓိက၊ စပွန်ဆာအဓိကဖြစ်နေကြ တာ။ ဒီလူကြီးက ရထားလက်မှတ်ဖိုး ငွေ (၁၀၀) တောင် အိတ်ကပ်ထဲပါလို့ လား။

"လုပ်ပါဗျာ၊ ကြည့်ရသေးတာပေါ့ ခင်ဗျားရဲ့အစွမ်းကို"

လူကြီးသည် မိန်းကလေး၏အနီး သို့ လျှောက်သွားလိုက်သည်။ အနား ရောက်တော့ ရပ်လိုက်ပြီးနောက်-

"ဟေ့မိန်းကလေး"

"ရှင်"

ကောင်မလေးက ဟမ်းဖုန်းနှင့်ဂိမ်း ဆော့ကစားနေရာမှ ထူးလိုက်ပြီး မော့ ကြည့်လိုက်သည်။ လူကြီးက သူ့ညာ လက်ဖဝါးအား ဖြန့်လိုက်ပြီး မိန်းကလေး အားပြလိုက်သည်။

"လာ - ဟိုနားမှာ ငါ့မိတ်ဆွေတစ် ယောက်ထိုင်နေတယ်။ အဲဒီမှာ သွား စကားပြောရအောင်"

လူကြီးက ကျွန်ုပ်ထိုင်နေရာသို့ လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။ မိန်း ကလေးမှာ သူ့စလင်းဘက်အိတ်အားယူ ပြီး လူကြီးနှင့် လိုက်လာသည်ကို တွေ့ လိုက်ရသည်။ ထိုလူကြီး ကျွန်ုပ်အနား မှာ ဝင်ထိုင်လိုက်၏။ မိန်းကလေးက ကျွန်ုပ်တို့ထိုင်ခုံရှေ့မှ မတ်တတ်ရပ်လျက် ထိုလူကြီးအား ပြုံး၍ကြည့်နေသည်။

"သမီးက ဘယ်ကိုသွားမလို့လဲ။ အဖော်မပါဘူးလား"

"သမီးတို့အဒေါ်အိမ်ကိုသွားမလို့ အဘရဲ့။ အဒေါ်က အင်းစိန်မှာနေတာ"

"အဘ ဆေးလိပ်ကုန်နေပြီ။ စီး ကရက်သောက်ချင်လိုက်တာ"

"သမီးဝယ်ပေးမယ်လေ။ အဘ ရှုဘီစီးကရက်ကြိုက်တယ်မဟုတ်လား။ ခဏလေးစောင့်နော်"

မိန်းကလေး ဘူတာရုံရှိ ဆေးလိပ် ဆိုင်သို့ သွက်သွက်ကလေး ထွက်သွား ၏။ ကျွန်ုပ်က သူတို့နှစ်ယောက်အား ကြည့်ပြီး ဇဝေဇဝါဖြစ်နေပါသည်။ ဒီ ကောင်မလေးနှင့် ဒီလူကြီး အစကတည်း ကသိနေပြီး ငါ့ကိုခွင်ဆင်မလို့လား။ ငါ မဂ္ဂဇင်းပန်းချီခတွေရလာတာ သိနေလို့ များ ပိုက်ဆံနှိုက်ဖို့လား။ နှစ်ယောက်ကြံ လို့ကတော့ ဟင်းဟင်း- ငါ့အကြောင်း သိသွားမယ်၊ ဘာမှတ်သလဲ။ ဂမ္ဘီရပန်းချီ ဆရာပဲ။ ဒါမျိုးအကွက်တွေရိုးနေပြီ။

ကောင်မလေးက စီးကရက်တစ် ဘူး ဝယ်လာပေးသည်။ လူကြီးသည် စီး ကရက်တစ်လိပ်အား ဖောက်သောက် လိုက်ပြီး စီးကရက်ဘူးအား ကျွန်ုပ်ဘက် သို့ လှမ်းပေးသည်။ ခေါင်းခါပြလိုက်ပြီး သူတို့နှစ်ယောက်၏အကန့်အား အကဲ ခတ်နေမိသည်။ မိန်းကလေးက လူကြီး အား ပြုံး၍ကြည့်နေသည်။ သူမ၏ ဟန် ပန်က ရင်းနှီးခဲ့ဖူးသော မိတ်ဆွေတစ် ယောက်အား ပြန်တွေ့နေသည့်နှယ်။ လူကြီးက ခပ်ပြုံးပြုံးနှင့်-

"သမီးရဲ့၊ ဘဘ ထမင်းမစားရ သေးဘူး။ သမီးကျွေးမှာလား"

"ဘဘစားချင်ရင် သမီးကျွေးမှာ ပေါ့။ ဘယ်ဆိုင်မှာ စားချင်သလဲ ပြော။ မြန်မာဆိုင်လား၊ တရုတ်ဆိုင်လား"

"ဘဘ ပြန်ရမှာက အဝေးကြီး ကွယ့်"

"မပူပါနဲ့ ဘဘရယ်၊ သမီးလိုက်ပို့ ပေးမှာပေါ့။ ဘဘက ဘယ်ကိုပြန်မှာ လဲ။ လှိုင်သာယာလား၊ တောင်ဒဂုံလား၊ မင်္ဂလာဒုံလား။ လိုက်ပို့ပေးမယ်လေ"

ဘုရား ဘုရား- ဒီကောင်မလေး က ဘာလဲ။ စိတ်ကောင်နွံ့ရဲ့လား။ ဒီလို စုတ်ပြတ်ပြတ်လူကြီးကိုများ သူ့အဖေ ကျနေတာပဲ၊ အိမ်လိုက်ပို့ပေးဦးမှာတဲ့။

မဟုတ်သေးပါဘူး။ ငါမေးကြည့်မှ ဖြစ် တော့မှာ။ သူတို့နှစ်ယောက်က ဘာတွေ လဲဆိုတာ။

"နေပါဦးဗျ၊ မေးပါရစေဦး။ ဒီမှာ မိန်းကလေး၊ မင်းနဲ့ ဒီလူကြီးနဲ့က အမျိုး တွေလား။ ဘာတော်လဲ"

"ဟင့်အင်း- ဘာမှမတော်ပါဘူး။ သမီးက ဒီဘကြီးကိုမြင်ရုံနဲ့ ခင်သွားတာ ပါ။ စေတနာရှိလို့ထမင်းကျွေးချင်လို...

ဟိုက် - ဒီလူကြီး ကုသိုလ်... ကောင်းလှချေလား။ ငါ့လို ယောက်... ငယ်ငယ် အရွယ်ကောင်းကျတော့ ဖု... လေတဲ့ငါးပိရှိတယ်လို့တောင် မအော... မေ့ဘူး။ သက်ကြားအိုကြီးကျတော့ အကြင်နာတွေပိုနေလိုက်တာ။ ပန်းချီ ဆရာအစုတ်ပလုတ်ရယ်၊ မင်းကို... မိန်းမကခေတောပါကွာ။ သူ့ကုသိုလ်နဲ့သူ... ရှိပါစေတော့။ ကျွန်ုပ် ဘာမှမပြောနိုင် တော့ဘဲ သူတို့နှစ်ယောက်အား ငေး... ကြည့်နေမိပါတော့သည်။ မိန်းကလေး... ထိုလူကြီးအား ငွေ (၂၀၀၀) မုန့်ဖိုးပေး... သွားသည်။ လူကြီးအနားကပ်ထိုင်၍ စကားပြောမည်လုပ်သေးသည်။ လူကြီး က ပြုံးရွှင်နေရာမှ ရုတ်တရက် ခပ်တည် တည်ကြီးလုပ်ပြီး 'သွား-ပြန်တော့' ... ခပ်ထန်ထန်လေးပြောလိုက်သောအခါ မှာတော့ မိန်းကလေးသည် ဘာမှပြ... မပြောတော့ဘဲ ကုပ်ကုပ်လေးထွက် သွားပါတော့၏။ မြင်ကွင်း၏ အစအဆုံး အား တွေ့မြင်နေရသူ ကျွန်ုပ်မှာ စိတ် ထဲမှာ ဘယ်လိုမှမနေနိုင်တော့ဘဲ ... မေးလိုက်ရပါတော့သည်။

"နေပါဦးဗျ၊ ဘကြီးက ဘာ... ဘယ်ကလဲ။ ဘယ်အတွက်ကြောင့် ဒီ... မျိုးလုပ်ပြရတာလဲ။ ပြီးတော့ ဘကြီး... ဗီယဆေးအဆောင်ကောင်းတွေများ... နေသလား"

"ဖြည်းဖြည်းမေးပါငါ့လူရယ်၊ ပြော... ပြမှာပေါ့။ ဒါနဲ့ မင်းအချိန်ရရဲ့လား။ ... ပြောမယ့်အကြောင်းက နည်းနည်းရှ... တယ်ကွ။ ငါ့ဘဝဇာတ်ကြောင်းလို့ ပြော... ရင်လည်း ရတယ်။ ပြီးတော့ ဒီမှာ ... (၂၀၀၀) ရှိတယ်ကွာ။ ဖေျာ်ဝတီရှ... နှစ်လုံးနဲ့ အမြည်းနှစ်ပွဲတော့ ကော... ကောင်းရမှာပါ။ ရထားလမ်းဘေး... အဖြူဆိုင်လေးတွေရှိတယ်မဟုတ်လား"

ကျွန်ုပ်သည် ထိုလူကြီးကို ရထား လမ်းဘေးရှိ အရက်ပုန်းဆိုင်တစ်ဆိုင်... ခေါ်သွားပါတော့သည်။ ထိုဆိုင်သေ... သည် ကျွန်ုပ်ဘိုင်ပြတ်လျှင် မော့နေ... အဖြူဆိုင်လေး ဖြစ်ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရောက်ပြီး အရက်နှစ်လုံး၊ အကြက်ဖက်တစ်ပွဲမှာ၍ နှစ်ခွက်မျှဝင်သွားပြီးသော် အရက်ဆိုင်၏ မီးရောင်မှိန်မှိန်မှာ ထိုလူကြီးက သူ၏ ညာလက်ဖဝါးအား ဖြန့်၍ပြပါသည်။ သူ့လက်ဖဝါးမှ ဆေးမင်ကြောင်ထိုးထားသကဲ့သို့ အစိမ်းရောင်ပုံသဏ္ဍာန်တစ်ခုအား မြင်လိုက်ရသောအခါ ကျွန်ုပ် ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

"ဟာ - ဒီပုံကြီးက. . ."

ကျွန်ုပ် စကားဆက်မပြောနိုင်ဘဲ ဆွံ့သွားရသည်။ ဇောချွေးပြန်လာသည် မူးနေသည့် အရက်ရှိန်က ဘယ်ဆီ ရောက်သွားသည် မသိပါ။ ပြီးတော့ အံ့တသြကြည့်မိရာမှ ကျွန်ုပ်မျက်နှာသည် ပြုံးစိစိဖြစ်လာ၏။ လူကြီးလက်ဝါးမှပုံသဏ္ဍာန်အား နောက်တစ်ခါပြန်ကြည့်မိပြန်သည်။ လူကြီးသည် အရက်ခွက်ကိုမြှင့်ပြီးသောက်နေရာမှ ကျွန်ုပ်အား သဘောကျသလို ပြုံးကြည့်နေပါသည်။

"ဟီး. . . ဟီး"

"ဘာရယ်တာလဲကွ"

ကျွန်ုပ် ရယ်လိုက်သဖြင့် လူကြီးက မေးသည်။

"ဘာမှမဟုတ်ပါဘူး၊ ဘကြီးပုံကြီးက. . . ."

"ဘာကြီးလဲကွ၊ မင်းက ရှင်းရှင်းပြောစမ်းပါ"

"ဟိုလေ - မိန်းမတွေရဲ့. . .

"မင်းကလည်း၊ ရှက်နေပြန်ပါပြီ။ မိန်းမတန်ဆာပုံလို့ ပြောလိုက်စမ်းပါ။ ယောကျာ်းလေးလုပ်ပြီး မပွင့်တပွင့်နဲ့။ ဒါကြောင့်လည်း မင်းဟာ ဂေါ်မစွံလူပျိုကြီးဖြစ်နေတာ"

"ဘကြီးပုံက ဘော(လ်)ပင်နဲ့ ဆွဲထားတာလား၊ ဆေးနဲ့ စုတ်ထိုးထားတာလား"

"ဘာနဲ့မှလဲမဆွဲထားဘူး၊ ဘာစုတ်နဲ့မှလဲ မထိုးထားဘူး"

"ဒါဆိုရင် မွေးရာပါလား"

"မွေးရာပါလည်း မဟုတ်ဘူး"

"ဘကြီးရာ၊ ရှင်းရှင်းပြောစမ်းပါ။ ကျွန်တော်ခေါင်းရှုပ်လာပြီ"

"ဒီအကြောင်းတွေကို ပြောရရင် တော်တော်ရှည်သားကွ။ ဒီပုံဟာ ငါပွဲဈေးမှာ ဆေးမင်ကြောင်ဆွဲထားတာလည်း မဟုတ်ဘူး၊ မွေးရာပါလည်း မဟုတ်ဘူး။ အကြောင်းတိုက်ဆိုင်လို့ ငါ့ဆီမှာ အမွေအဖြစ်နဲ့ ရောက်လာတဲ့ အဆောင်တစ်ခုပဲ။ မင်းတွေ့ပါတယ်၊ ဟိုတောင်မလေး ငါနဲ့လည်းမသိဘူး။ ဒါပေမယ့် သူ့ကို ငါလက်ဝါးဖြန့်ပြီး ဒီပုံပြလိုက်ရော ငါ့နောက်ကိုကောက်ကောက်ပါအောင် လိုက်လာတယ်။ မင်းတွေ့တယ် မဟုတ်လား။ ဒီပုံဟာ အဲဒီလောက်စွမ်းတယ်"

ကျွန်ုပ် အလွန်ပင် စိတ်ဝင်စားခဲ့ရပြီ ဖြစ်သည်။ နာမည်ရခါစ မဂ္ဂဇင်းပန်းချီဆရာ ကျွန်ုပ်သည် လူပျိုကြီးဂေါ်မစွံဖြစ်နေသည်မှာ ကြာခဲ့၏။ ရည်းစားထားချင်သော်လည်း ငွေ၊ ရာထူး မရှိသော ကျွန်ုပ်အား မိန်းကလေးတွေက လှည့်၍ပင်မကြည့်ချင်။ အဆင့်အတန်းတူတာတွေကျတော့ ကျွန်ုပ်က စိတ်မဝင်စား။ ယောကျာ်းတို့ဘာသာဘာဝ အမိုက်စားလေးတွေမှဟတ်ထိချင်သူမို့ ထိုအဆောင်မျိုးအားရခဲ့သော်. . .။

"ဘကြီး၊အမြည်းထပ်ယူဦးမလား။ အဖြူနဲ့ ဘီယာကောချချင်လား။ ကျွန်တော် မှာလိုက်မယ်လေ။ အရက်ဖိုးကျွန်တော်ရှင်းမှာပါ။ သောက်ပါ အဘရဲ့"

"ကောင်လေး၊ မင်းငါ့ကိုမဖားနဲ့။ ငါ့အကြောင်းတွေ အားလုံးသိသွားရင် မင်း ဒီအဆောင်လက်ဖွဲ့ကို စိတ်ကုန်သွားလိမ့်မယ်။ ငါလည်းပဲ ဒီအဆောင်ကို မသိလိုက်ဘဲနဲ့ လက်ခံလိုက်မိတာ။ ဒီအဆောင်ရဲ့အစွမ်းကို သိလိုက်ရတဲ့အချိန်မှာလွန်သွားပြီ။ ပြီးတော့ လူဆိုတာ ကာမဂုဏ်သားကွ။ လောကမှာ ယောကျာ်းတွေက တခြားဟာတွေကို ရှောင်ရင်ရှောင်နိုင်မယ်။ တဏှာရာဂ ကာမဂုဏ်ကို ရှောင်နိုင်ဖို့က အလွန်ခက်ခဲသားကွ။ လွန်ခဲ့တဲ့ (၃၅) နှစ်ခန့် ငါလူပျိုဘဝတုန်းကပေါ့ကွာ. . ."

ထိုလူကြီးသည် ကျွန်ုပ်အား သူ့ဘဝဖြစ်စဉ်အား အစချီ၍ ပြောပြပါတော့သည်။ ကျွန်ုပ်မှာမူကား ထိုလူကြီး၏ ပျော်ရွှင်ဖွယ်၊ ယစ်မူးဖွယ်၊ ရင်ခုန်ဖွယ်၊ ရက်စက်ခြင်း၊ အကြင်နာကင်းမဲ့မှု၊ လောကစည်း၊ သီလပျက်ခြင်း အကြောင်းတရားများအား ပါးစပ်အဟောင်းသားနှင့် နားထောင်ခဲ့ရပါတော့သည်။

*

သက်ကယ်တန်းရွာကလေးသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌မေးတင်၍ တည်ရှိနေပါသည်။ အဖျောက်မြို့လေးမှ မြောက်ဘက်ယွန်းယွန်း (၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အိမ်ခြေ(၁၀၀)ကျော်ခန့်ရှိသော ထိုရွာလေးကား ယခင်က ဧရာဝတီမြစ်လယ်တွင် တည်ရှိခဲ့သည်။ဧရာဝတီမြစ်သည် ဇလွန်မြို့မှ ဖြတ်သန်းစီးဆင်းပြီး အရှေ့တောင်သို့ ဦးတည်၍ သက်ကယ်တန်းရွာလေးသို့ ရေဦးထိုးပြီးသော် အဖျောက်တိုက်နယ်၌ တောင်ဘက်သို့ စီးဆင်းသွားပြန်သည်။ ရွာလေးသည် ရေတိုက်စားကမ်းပြိုခြင်းကြောင့် အရှေ့ဘက်သို့ ရွှေ့ရွှေ့ပေးနေရသည်။ လယ်ယာ၊ ကိုင်းလုပ်ငန်းလုပ်ကြသလို တချို့က မြစ်ထဲ၌ တံငါလုပ်ငန်းဖြင့် အသက်မွေးကြသည်။

ကျော်ဒင့်မှာ အဖေမရှိ၊ ညီအစ်ကိုမောင်နှမ မရှိ၊ အမေအိုကြီးတစ်ဦးသာ ရှိသည်။ လယ်မရှိယာမရှိ၍ လှေငယ်တစ်စင်း၊ ပိုက်တစ်ဖုံဖြင့် ဝမ်းစာရှာရသည်။ ဘဝသည် လှေဦးစိုစို၊ လှေဦးခြောက်ခြောက် ရသမျှနှင့် ရောင့်ရဲတင်းတိမ်ရသော နွမ်းပါးသည့် တံငါသည်တစ်ဦးသာတည်း။

သူသည် ရင်ခုန်တတ်သော အရွယ်ကျော်လွန်၍ အသက် (၂၅) နှစ်ရှိပြီ ဖြစ်သည်။ သူ (၈) တန်းကျောင်းစ, တက်တော့ အဖေ ဆုံးသည်။ မိသားစုသုံးယောက်၏အိမ်ဦးနတ် တိမ်းပါးသွားသောအခါမှာ အိမ်တာဝန်သည် လူလားမမြောက်သေးသော သူ့အပေါ် ပုံကျလာသည်။ ရောဂါသည်အမေက ဈေးထွက်ရောင်းမည်ဆိုပြီး ဘဝအား အန်တုရန် ကြိုးစားသည်။ သို့ပေမယ့် ဖြစ်မလာပါ။ ရွာစဉ်လှည့်၍ ဈေးရောင်းရသောပင်ပန်းမှုဒဏ်ကို အမေမခံနိုင်။ အိပ်ရာထဲလဲသောအခါ ကျော်ဒင်သည် အဖေ့အမွေဖြစ်သော ပိုက်တစ်ဖုံ၊ လှေအိုတစ်စင်းဖြင့် မြစ်ထဲဆင်းရတော့သည်။ကျောင်းအားရက်မှာ အဖေနှင့်အတူ ငါးလိုက်ဖမ်းဖူး၍ သူသည် တံငါလုပ်ငန်းနှင့် စိမ်းလှသည်တော့ မဟုတ်။ အဖေ့မိတ်ဆွေများက ကွန်ပစ်နည်း၊ တန်းချနည်းများကို သင်ပေးကြသောအခါ ထမင်းနပ်မှန်ရုံမက အမေ့ဆေးဖိုးလေး အပိုထွက်လာသည်။

သို့သော် ဤတံငါလုပ်ငန်းအား ကျော်ဒင် မပျော်ပါ။ အဘယ်ကြောင့်ဆိုသော် သူအလွန်ချမ်းသာချင်၍ဖြစ်သည်။ ရွာမှ မူလတန်းအောင်တော့ အဖျောက်အထက်တန်းကျောင်းသို့ပြောင်းရသည်။ အဖျောက်မှာ ဆွေမျိုးမရှိ၍ နေ့စဉ်(၇)မိုင်ခရီးအသွားအပြန် ကျောင်းတက်ခဲ့ရသည်။ စမ်းစမ်းခင်သည် တစ်ရွာတည်းသား ကျောင်းနေဖက်သူငယ်ချင်း ဖြစ်၏။ ကျော်ဒင် (၈) တန်းမှာ ကျောင်းထွက်ခဲ့ရသော်လည်း စမ်းစမ်းခင်က ချမ်းသာသော လယ်သမားသမီးဖြစ်၍ ကျောင်းဆက်နေနိုင်၏။ (၁၀) တန်းကျောင်းသူကြီးဖြစ်သော သူမသည်

www.burmeseclassic.com

ရွာမှာ အချောဆုံးစာရင်းမဝင်သော်လည်း ခြေမွေးမီးမလောင်လက်မွေးမီးမလောင် လယ်ပိုင်ရှင်သူဌေးသမီးဖြစ်၍ တခြားရွာသူများနှင့်မတူ သန့်ရှင်းသပ်ရပ်ပြီး မိန်းမလှတစ်ဦးဟုဆိုသော် ရ၏။ လူပျိုကြီးဖားဖားဖြစ်လာသော ကျော်ဒင်သည် ကျောင်းနေဖက် သူငယ်ချင်းမစမ်းစမ်းခင်အား စိတ်ဝင်စားနေသည်မှာ ကြာခဲ့ပါ၏။ သို့သော် သူမသည် မာနအလွန်ကြီးသည်။ ချမ်းသာ၍ ငွေဂုဏ်မောက်သည်။ ကျောင်းပိတ်၍ ရွာပြန်လာစဉ် ကျော်ဒင်နှင့် တစ်ခါတစ်ရံ ရွာထဲဆုံမိကြလျှင် ဆက်ဆံရာမှာ မောက်မာလှသည်။ ကျော်ဒင်ကတော့ တစ်ဖက်သက်ချစ်နေသူဖြစ်၍ စိတ်ဆိုးခြင်းမရှိဘဲ စွဲလမ်း၍သာနေပါသည်။

✻

ခဝဲပန်းတို့ပွင့်ကြ ရာသီတန်ဆောင်မုန်းလအခါသမယ ဖြစ်၏။ ဧရာဝတီမြစ်ရေသည် မိုးတွင်းကာလ၌ ဒေါသမာန်ဟုန်ကြီးခဲ့သလောက် ယခုမှာမူ အပြစ်ကင်းစင်သည့် ကလေးငယ်တစ်ယောက်လိုသာ ငြိမ်သက်လျက်။ ကျော်ဒင်နှင့် မောင်ပု တံငါလှေဆိပ်ရှိရာသို့ ထွက်လာခဲ့ကြသည်။ ယခင် လှေရပ်နားရာ တံငါတဲနှင့် ကုက္ကိုပင်ကြီးသည် မိုးကာလ ရေဦးထိုးခြင်းကြောင့် ကမ်းပြို၍ ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီးဖြစ်၏။ ထို့နောက် နောက်တစ်နေရာဖြစ်သော ညောင်ပင်ကြီးရှိရာသို့ ပြောင်းရွှေ့ခဲ့ရခြင်း ဖြစ်သည်။ ညောင်ပင်အောက်မှာ တစ်ဖက်ယပ်တဲလေးထိုးပြီး လှေဆိပ်လုပ်ထားခြင်း ဖြစ်သည်။

မောင်ပုက ရေနွေး အိုးတည်နေသည်။ မီးခိုးဝနေသော ရေနွေးအိုးသည် မောင်ပုအသားရောင်နှင့်အပြိုင် မည်းမှောင်လျက်။ သူတို့လို နေပူစပ်ခါးမှာ ဝမ်းစာရှာနေသော တံငါသည်တွေသည် မြို့ကြီးသားများကဲ့သို့ အသားအရေဖြူဝင်းပါမည်နည်း။ တောင့်တင်းခိုင်မာသောလက်ဖျံကြီးများ၊ ကြံ့ခိုင်သော ခန္ဓာကိုယ်နှင့် ညိုမောင်းသော အသားအရေက တံငါလှေပေါ်မှ ပိုက်ကွန်ဖြန့်လိုက်လျှင်ဖြင့် သဘာဝပန်းချီကားချပ်လို တင့်တယ်လှပါသည်။ စမ်းစမ်းခင်လို မိန်းကလေးမျိုးကတော့ ဒါမျိုးတွေကို အထင်ကြီးမည် မဟုတ်။

တငြိမ့်ငြိမ့်စီးနေသော ဧရာဝတီမြစ်ပြင်ကိုကြည့်ပြီး ကျော်ဒင် အတွေးနယ်ချဲ့နေမိသည်။ ရေနွေးအိုးဆူတော့ လက်ဖက်ခြောက်ခတ်ပြီး မောင်ပု အနားသို့ ရောက်လာသည်။

"ရေနွေးကြမ်းသောက်ဦးကွာ သူငယ်ချင်း။ ပြီးမှ တန်းချထားတာကိုလိုက်ကြည့်တာပေါ့"

ကျော်ဒင် စကားပြန်မပြောဘဲ ရေနွေးကြမ်းငှဲ့သောက်လိုက်၏။ လက်ဖက်ခြောက်ပါလေဟန် အဖန်ရည်သည် သူတို့လို အောက်ခြေလူတန်းစားများအတွက် အဖော်ကောင်းတစ်ခု ဖြစ်နေပါသည်။

"မင်းဘာတွေစဉ်းစားနေလဲ။ စမ်းစမ်းခင်အကြောင်း မဟုတ်လား"

"မဟုတ်ပါဘူးကွာ"

"မင်း မညာပါနဲ့ကွာ။ မင်းနဲ့ငါ ပေါင်းလာတာ ငယ်ငယ်လေးကတည်းကပါ"

"မင်းသိပ်ပြီးချစ်နေရင် လိုက်ပြောပေါ့ကွ။ ယောကျ်ားပဲ"

"သူတို့က ချမ်းသာတော့ ဖြစ်မယ်မထင်ပါဘူးကွာ။ ပြီးတော့ စမ်းစမ်းခင် ငါ့အပေါ် ဆက်ဆံတာ မင်းအသိပဲ မဟုတ်လား"

"လုပ်မနေနဲ့ ငါ့လူ။ အပျို လူပျိုပဲ။ ကိုယ်ကြိုက်လို့ပြောတာ၊ လုပ်သာလုပ်"

ကျော်ဒင် ဆုံးဖြတ်ချက်ချလိုက်သည်။ စမ်းစမ်းခင်တို့ ရွာဦးဘုရားသို့လာလျှင် လိုက်စကားပြောမည်။

ယခုတော့ ပိုက်ဖော်မည့်အလုပ်က ရှိနေသည် မဟုတ်လား။

မောင်ပုက ရေစီးနှင့်အတူ လှေမမျောသွားရန် တက်နှင့်ထိန်းနေသည်။ ကျော်ဒင်သည် ကမ်းစပ်မှာချထားသော ပိုက်တန်းအား တစ်ကန့်ချင်းဖော်နေ၏။ သူပိုက်ကွန်သည် ငါးကြီးချသည့်ပိုက်ကဲ့မဟုတ်ပါ။ငါးကလေးများဖမ်းရန်အတွက် မတ်တင်းပိုက်စိပ်သာ ဖြစ်၏။ သူတို့လို နွမ်းပါးသည့် တံငါသည်တွေအတွက် ပိုက်ကြီးကဲ့သည် အလုပ်မဖြစ်ပါ။ ပိုက်ကြီးချ၍ ငါးကြင်း၊ ငါးပတ်၊ ငါးတန်တွေ ရမည်ဟု မည်သူ အာမခံမည်နည်း။ နေ့စဉ်ရနေလို့ကတော့ ကိစ္စမရှိ။ မမိသည့် အခါများမှာတော့ တစ်နေကုန် ရေသောက် ပိုက်မှောက်၍သာရှိတော့မည်။ ထို့ကြောင့် သေချာသည့် ပိုက်စိပ်နှင့်သာ ငါးရှာရသည်။ ပိုက်စိပ်က ငါးနုသန်း၊ ငါးဖျင်းသလက်၊ ကသပိုးလိုငါးမျိုးလေးတွေ အမြဲရ၏။ မြစ်ကြီးက သူတို့အတွက် တစ်နေ့ လေး၊ ငါးပိဿာအမြဲပေး၏။ ရသည့်ငါးလေးတွေနှင့် ငါးများချိတ်မှာတပ်၍ တန်းချလျှင် ငါးကြီးမိပါသည်။ သို့သော် အမြဲဆေးဖိုးမရှိ၍ ငါးဒိုင်မှာ နေ့တိုးယူလိုက်ရသဖြင့် မိလာသော ငါးကြီးက အကြွေးဆပ်လို့ပင် …
လောက်နိုင်။ သူလို တံငါသည်ကို …
စမ်းခင် စိတ်မဝင်စားသည်မှာ အဆ…
တော့ မဟုတ်ပါ။ သူကသာ တစ်ဖ…
သံတ်ကြိုက်နေခြင်း ဖြစ်သည်။ စမ်းစ…
ခင်ကား ရုပ်ရည်ကသာ သနားကမ…
ဆိုပေမယ့် စိုပြည်ဖွံ့ထွားလာသည်…
ကာလသားတို့ ရင်ခုန်ချင်စရာအ…
ဘာပဲဖြစ်ဖြစ် ငါက ကျောင်းနေဖက်…
သူငယ်ချင်း ဟူသော မျှော်လင့်ချက်…
ရေးလေးက ကျော်ဒင်ကို မြှောက်…
ပေးနေသည် မဟုတ်ပါလား။

✻

သက်ကယ်တန်းရွာထိပ်၌ လ…
ကြီးအင်းက ဝါးရုံတောစိမ်းစိမ်းဖြင့် …
ယာလွန်းလှသည်။ မြစ်ရေတက်…
ရေဝင်လာပြီး မြစ်ရေကျသော် ရေ…
ကျန်ရစ်ခဲ့၍ အင်းကြီးဖြစ်နေသည်။ …
မြင့်တန်းလေးတစ်ခုက အင်းစပ်၌ …
ရှိနေ၏။ ထိုကုန်းမြင့်ပေါ်တွင် …
ကြီးများ တည်ထားခဲ့သော ဆုတော…
ပြည့်စေတီတစ်ဆူ ရှိ၏။ တောင်…
လေးကား သရက်ပင်တော၊ ဝါး…
များဖြင့် စိမ်းစိုလွန်းလှသည်။ လူ…
ရောက်အပေါက်လည်းနည်းသည်။ …
စမ်းခင်နှင့် သူ့သူငယ်ချင်းအဖော်…
တစ်ပတ် တစ်ခါလောက် အမြဲ…
ဘုရားပန်းလာကပ်တတ်သည်။

ဒီနေ့လပြည့်နေ့ဖြစ်သော…
သူမ ပန်းလာကပ်မှာ သေချာနေသ…
ကျော်ဒင်နှင့် မောင်ပုတို့နှစ်ယောက် …
သွားလမ်းဘေးဝါးရုံပင်ကြီးမှာ စော…
ကြသည်။

"ဟေ့ကောင် - စမ်းခင်လာ…
ပြောဖြစ်အောင် ပြောနော်။ …
ချေးပါမနေနဲ့"

"အေးပါကွာ၊ ငါပြောမှာပါ"

"ပြောမှာပါ ဆိုတဲ့ မင်းအသံ…
က တုန်နေပါလား။ ဟိုမှာ မင်းခ…
လာနေပြီ။ ပြောမယ့်စကားကို …
ထား"

စမ်းစမ်းခင်နှင့် သူ့အဖော်…
မလေးတို့ သရက်ပင်အုပ်များကြား…
ကလေးမှ လာနေကြသည်။ စိန်ခြ…
ဝါဝါလေးများကိုင်ထားသော သူမ…
စွန့်ကားနေသော တောပန်းအလ…
နေရသူ ကျော်ဒင်စိတ်ထဲမှ မချင့်…
မိသည်။

"ဟဲ့ ကျော်ဒင်- နင်ဒီမှာဘာ…
နေတာလဲ၊ငါးသွားမဖမ်းဘူးလား…
နင့်ကိုယ်ကလည်း ငါးညှီစော်နံ…



www.burmeseclassic.com

www.burmeseclassic.com

မြင်မြင်ချင်း ဆောက်နှင့်ထွင်း ...စကားကြောင့် ကျော်ဒင်ရင်မှာ ...ောင်းပါ။ ကိုယ်ချစ်ရသူ မိန်းကလေး ...နေ၍ သည်းခံနေလိုက်သည်။

"ငါ နင့်ကို စကားပြောစရာရှိလို့ ..."

"ရေးကြီးခွင့်ကျယ်လုပ်လို့။ ဘာ ...ပြောမလို့လဲ။ ပိုက်ဆံတော့ လာ ...နဲ့ မရဘူး။ နင်တို့လိုဟာတွေက ... ပြန်ဆပ်တာ မဟုတ်ဘူး"

"မဟုတ်ပါဘူးဟာ။ ငါပြောမယ့် ...က အရေးကြီးပါတယ်"

"ပြောစရာရှိရင် မြန်မြန်ပြော၊ ငါ ...သွားစရာရှိတယ်"

"ငါ. . . ငါ. . . နင့်ကိုချစ်နေလို့ ... ငါ့ကို ပြန်ချစ်ပါလား"

"ဘာ - ဘာပြောတယ်၊ ပြန်ပြော ..."

"ဟုတ်ပါတယ်ဟာ။ ငါလေ ငယ် ...ကတည်းက နင့်ကိုချစ်နေတာပါ။ ...တယ်ပါ"

"ဟဲ့- ကျော်ဒင်၊ နေစမ်းပါဦး။ နင့် ...ယ်နင် ဘာများမှတ်နေသလဲ။ တံငါ ...ကြ ရာရာစစ ငါ့လိုသူဌေးသမီးကို ... မှန်းရတယ်လို့။ နင်နဲ့ငါနဲ့ တူသလား၊ ...သလား။ နင် အခု ငါ့ရှေ့ကထွက် ...စမ်း။ခွေးပါးစပ်က နတ်စကားထွက် ...

"နင် ငါ့ကို ဒီလောက် ရင့်ရင့်သီး ...ပြောဖို့ မလိုပါဘူးဟာ။ လူချင်းအတူ ...တွေပါပဲ"

"လူချင်းအတူတူပေမယ့် အသက် ...ချင်း ကွဲတယ်ဟဲ့။ နင်နဲ့တန်ရာတန်ရာ ...ကြိုက်။ ဖယ်စမ်း၊ ငါသွားမယ့်လမ်း ... ပိတ်ရပ်မနေနဲ့။ ပြောလို့မရရင် ငါ ...နဲ့ ရိုက်မိလိမ့်မယ်"

ပြောပြောဆိုဆိုဖြင့် စမ်းစမ်းခင် ...သည် သူ့ဖိနပ်အား ချွတ်လိုက်သည်။ ကျော်ဒင် စကားဆက်ပြောရန် အင်အား ...တော့ပါ။ သူမကို ကျော်ဒင် အရမ်း ...ခဲ့ပါသည်။ သို့သော် သူမသည် သူ့ ...အပေါ် စိမ်းကားရက်စက်လွန်းလှသည်။ ...ပြောသွားသည်က နှစ်ပြားမတန်ပါ။ သူ့ ...သည် စမ်းစမ်းခင်ပြောသလို အလွန် ... နုံချာနိမ့်ကျနေပါသလား။ သူမသည် ...အလှထက် ဓနငွေကြေးကြောင့် ဂုဏ် ...ောက်နေခြင်း ဖြစ်ပါ၏။

ကျော်ဒင် နာကြည်းစိတ်ဝင်သွား သည်။ ချစ်ခြင်း၏ အခြားတစ်ဖက်၌ အမုန်းတရားသည် ထင်ရှားစွာ ရှိနေ သည်ကို ကျော်ဒင် သိရှိလိုက်ရသည်။ ...ောင်ပုကတော့ ရင်ကွဲနာကို အရက်နှင့် ဖြေရန်ပြောသဖြင့် ချက်အရက်နှစ်လုံး ထောင်၍ သောက်ကြပြီးနောက် ထိုည က ကျော်ဒင် တံငါတဲမှ မပြန်နိုင်ခဲ့ပါ။

*

ကျနေစောင်းခဲ့ပြီ။

မြစ်ရေပြင်သည် လှိုင်းကြက်ခွပ် လေးများဖြင့် လက်လက်ထနေသည်။ အနောက်ဘက်မှ တိမ်စိုင်တို့က အဆုပ် လိုက်အဆုပ်လိုက်တက်လာနေသည်။ တိမ်စိုင်ခဲတို့က တောင်ကြီးတွေအလား ထိုးတက်လာနေကြသည်။

သူငယ်ချင်း မောင်ပုက ဒီနေ့ ငါး ထွက်မဖမ်းနိုင်ပါ။ သူတစ်ယောက်တည်း ကမ်းနှင့်မလှမ်းမကမ်း၌ ကွန်ပစ်နေခြင်း ဖြစ်သည်။ ခပ်ဝေးဝေးမှ လှေတစ်စင်း သည် ရွက်တပ်၍ ဆန်တက်လာနေ၏။ လေက တစ်ချက်ချက် လှေကို သိမ့်ခနဲ နေအောင်တိုက်သည်။ ကျော်ဒင် တိမ် စိုင်တို့ကိုကြည့်ပြီး ကွန်ကို အမြန်ရုပ်၍ ကမ်းသို့အမြန်လှော်ခတ်နေသည်။ ရော ဝတီသားတွေက မြစ်ကြီး၏ အထာကို သိနေကြသည်။ ဒီလိုမြစ်ပြင်ထက်မှာ တိမ်လိပ်တို့တက်လာလျှင် လေစိုင်ဝဲတွေ တိုက်ပြီး လှေမှောက်တတ်သည်။ မြစ် ထဲမှာလည်း လှိုင်းလေထန်၍ မိုးကြီး တတ်၏။ တဖြည်းဖြည်း လေထန်လာ သည်။ ခပ်ဝေးဝေးမှရွက်လှေလေးသည် လေပြင်းကြောင့် လူးလိမ့်နေ၏။ (ထိုကဲ့ သို့ စိုက်ဆင်းလေသည် မြစ်တွင်းသွား သင်္ဘောကြီးများကိုပင်ဆွဲ၍မှောက်တတ် သည်။) လှေသမားသည် သူ့ရွက်ထည် ကို အမြန်ရုပ်နေသည်။ ဧရာဝတီမြစ်ပြင် သည် လှိုင်းတံပိုးတို့ဖြင့် ထကြွနေ၏။ မိုးသီးမိုးပေါက်တို့ သည်းထန်လာသည်။

ကျော်ဒင် တံငါတဲမှ ထိုလှေလေး ကို စိုးရိမ်စွာဖြင့်ကြည့်နေမိသည်။ လှေ လေးသည် လှိုင်းဒဏ်ကြောင့်တိမ်းစောင်း သွားသောအခါ ရေဝင်ပြီးနစ်မည်ကဲ့သို့ ဖြစ်နေသည်။ လှေသမားမကျွမ်းကျင်၍ လှေနစ်တော့မည်။ လှေသမားမှာ တစ် ကိုယ်ကောင်းဆန်စွာဖြင့် ခုန်ချ၍ ကမ်း စပ်သို့ ကူးပါတော့သည်။ လှေပေါ်မှ ကယ်တော်မူကြပါဟု အော်သံသဲ့သဲ့ အား ကြားနေရသည်။ နောက်ထပ်လှိုင်း လုံးကြီးက လှေဦးအား ဖုံးအုပ်လိုက် သောအခါ လှေသည် မြစ်ပြင်မှာ စုံးစုံး မြုပ်သွားသည်။ ကျော်ဒင် လှေကြိုးအား အမြန်ဖြုတ်၍ ထိုနေရာသို့ အပြင်းလှော် ခတ်သွား၏။ ခရီးသည်အဘိုးကြီးတစ် ယောက် နစ်ချည်ပေါ် ချည်ဖြစ်နေ၏။ လှေပေါ်သို့ အမြန်ဆွဲတင်ပြီး ကမ်းစပ် သို့ လှော်ခတ်လာခဲ့ရ၏။ တံငါတဲမှာ အဘိုးကြီးအား ပြုစုပေးလိုက်တော့ သက်သာလာ၏။ လေလည်း ပြန်လည် ငြိမ်သက်သွားသည်။

"ကျေးဇူးတင်ပါတယ် မောင်ရင် ရယ်။ အဘမှာ မောင်ရင်ပေးတဲ့အသက် ပဲ ရှိပါတော့တယ်"

"ရပါတယ် အဘရာ။ လူတစ် ယောက်ရဲ့အသက်ဆိုတာ ကယ်ကောင်း ပါတယ်။ အဘသက်သာသလိုနေပါဦး။ ကျွန်တော် ရေနွေးကျိုလိုက်ဦးမယ်။ ကျွန်တော့်ပုဆိုးနဲ့ အကျီအဟောင်းတွေ လဲဝတ်ထား"

ရေနွေးအိုးဆူတော့ သူနှင့်အဘိုး အို ရေနွေးပူပူသောက်ရင်းဖြင့် စကား ပြောကြသည်။

"အဘက ပုဂံတောင်ရွာဘက် သွားမလို့ပါကွယ်။ ရုတ်တရက် လေပြင်း ကျလာတော့ ဒုက္ခတွေ့တာပဲ။ လူလေး ကယ်ပေးလို့သာပေါ့"

"ကိစ္စမရှိပါဘူး အဘရာ"

"ဒါနဲ့ လူလေးက ဘယ်ရွာသား လဲ"

"ကျွန်တော် သက်ကယ်တန်းရွာ ကပါ။ ကျော်ဒင်လို့ ခေါ်ပါတယ်"

"မင်းမှာ မိသားစုရှိလား။ တံငါ အလုပ်ပဲ လုပ်တာလား"

"ကျွန်တော့်မှာ အမေအိုကြီးကို လုပ်ကျွေးနေတာပါ။ လူပျိုလူလွတ်တစ် ယောက်ပါ"

"ဒီအရွယ်ရောက်နေပြီ၊ အိမ် ထောင်မပြုသေးဘူးလား"

"အဘရယ်၊ ကျွန်တော့်လို ဆင်း ရဲတဲ့ တံငါသည်တစ်ယောက်ကို ဘယ် မိန်းကလေးကကြိုက်မှာလဲ"

"မိန်းမတွေကြိုက်အောင်လုပ်တာ များ လွယ်လွယ်လေးပါကွာ"

အဘိုးကြီးပြောလိုက်မှ သူ စမ်း စမ်းခင်အား ရည်းစားစကားပြောစဉ်က အဖြစ်အပျက်ကို သတိရပြီး မျက်နှာညှိုး သွားသည်။

"မိန်းကလေးတွေက ပိုက်ဆံရှိမှ၊ ဂုဏ်ရှိမှ ကြိုက်ကြတာ အဘရဲ့။ ကျုပ် လိုကောင်မျိုးကို ငါးညှီစော်နံလို့ အနား တောင် အကပ်ခံတာမဟုတ်ဘူး"

"ဟင်းဟင်းဟင်း"

အဘိုးအိုက သဘောကျစွာဖြင့် ရယ်ပါလေသည်။ ထို့နောက်-

"ငါ့တူကို မိန်းကလေးတွေ ဝိုင်း ဝိုင်းလည်ကြိုက်လာအောင် လုပ်ပေးရ မလား"

"ဟင် - အဘက လုပ်ပေးမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလုပ်ပေးမှာလဲ အဘရယ်"

"မင်းက ငါ့ရဲ့ အသက်သခင်ကျေးဇူးရှင် ဖြစ်နေတော့ မင်းကို ကျေးဇူးဆပ်တဲ့အနေနဲ့ မင်းကိုမြင်တဲ့ မိန်းမတိုင်း တမ်းတမ်းစွဲကြိုက်သွားမယ့် ဣတ္ထိယမှော်အဆောင် ပေးခဲ့မယ်။ ယူမလား"

အဘိုးအို၏စကားကြောင့် ကျော်ဒင်အတွေးထဲ၌ ရက်စက်မောက်မာစွာ ရင့်ရင့်သီးသီးပြောခဲ့သော စမ်းစမ်းခင်၏စကားများကို ပြန်လည်ကြားယောင်လာသည်။ သူချစ်သလို သူ့ကိုပြန်မချစ်ဘဲ ရက်ရက်စက်စက်ပြောခဲ့သော ဒီမိန်းကလေးအား ကလဲ့စားချေရမည်။ အဘိုးကြီးပေးသည့် အဆောင်အစွမ်းဖြင့် သူ့ကိုပြန်ကြိုက်အောင်လုပ်ပြီးမှ အသည်းခွဲရမည်။ သူ့စိတ်ဓာတ်တွေတက်ကြွလာပြီး မျက်လုံးတွေ အရောင်တလက်လက်ဖြစ်လာ၏။

"ယူမယ် အဘ၊ အခု ပါလာရင် တစ်ခါတည်း ပေးခဲ့ပါလား။ ကျုပ်လည်း အရွယ်ရောက်နေပြီဆိုတော့ အိမ်ထောင်ပြုချင်ပြီ အဘရာ"

"ကဲ-ဒါဖြင့် မင်းညာလက်ဝါးဖြန့်"

ကျော်ဒင် သူ့ညာလက်အား ဖြန့်၍ ရှေ့တိုးပေးလိုက်သည်။

"ဖြန်း"

အဘိုးအိုသည် သူ၏ညာလက်ဝါးအား ကျော်ဒင်လက်ဝါးပေါ်သို့ ရိုက်ချလိုက်သည်။ ကျော်ဒင်၏ညာလက်သည် စပ်ဖျဉ်းဖျဉ်းဖြစ်သွားပြီး ခန္ဓာကိုယ်တစ်ခုလုံး ဖိန်းတိမ်းရှိန်းတိမ်းဖြစ်သကဲ့သို့ ခံစားလာရသည်။ သူ့ညာလက်ဝါးကိုကြည့်လိုက်တော့ ဆေးမင်ကြောင်ထိုးထားသကဲ့သို့ မိန်းမ၏တန်ဆာပုံသည် စိမ်းဖန့်ဖန့်ဖြင့် အထင်းသားကြီး ပေါ်နေပါတော့သည်။

"အဘရဲ့ပညာအမွေကို မင်းလက်ထဲထည့်ပေးလိုက်ပြီ။ မင်းကြိုက်တဲ့မိန်းမဆိုရင် ညာလက်ဝါးကို ထောင်ပြလိုက်။ မင်းနောက် ကောက်ကောက်ပါအောင် လိုက်လာလိမ့်မယ်။ ရွှေလိုချင်ရွှေ ငွေလိုချင်ငွေ၊ သူ့တစ်ကိုယ်လုံးသုံးချင်ရာသုံး မင်းကို ပုံအပ်လိမ့်မယ်။ မင်းလိုချင်တဲ့မိန်းမ တစ်ယောက်တည်းမဟုတ်ဘူး၊ မင်းကြိုက်သလောက်ယူလို့ရပြီ။ ကဲ- ငါလည်း ဒီမှော်ပညာနဲ့ လွတ်ပြီ၊ ကျွတ်ပြီ။ အဘသွားဦးမယ်"

အဘိုးအိုသည် မြစ်ကမ်းစပ်အတိုင်း မြောက်စူးစူးသို့ ထွက်ခွာသွားပါတော့သည်။ သူသည် ညာလက်ဝါးမှာ အထင်းသားဖြစ်နေသော ဣတ္ထိယမှော်အဆောင်ရုပ်ကိုကြည့်ရင်း အံ့အားသင့်နေပါတော့သည်။ အဘိုးအိုကား တရွေ့ရွေ့ဖြင့် အဝေးသို့ ထွက်ခွာသွားရင်း ပျောက်ကွယ်သွားပါတော့သည်။

သူအံ့အားသင့်နေရာမှ ပြုံးဖြီးဖြီးကြီးဖြစ်လာသည်။ ရင်ကတဒိတ်ဒိတ်ခုန်လာ၏။ လည်ပတ်နေသောသွေးတို့က ပူနွေးလာသလိုလို၊ ကိုယ်ခန္ဓာကဖျဉ်းဖျဉ်းညှဉ်းညှဉ်းဖြင့် ကြွရွလာသလို ခံစားလာနေရ၏။

တွေ့ကြပြီပေါ့ စမ်းစမ်းခင်ရယ်။

*

ကျော်ဒင် အိမ်ပြန်ရောက်တော့ အမေသည် အိမ်ရှေ့ခန်း၌ ပက်လက်လေး ဖြစ်နေ၏။ သူ့အမေရောဂါသည်းလာပြီ ဖြစ်သည်။ ရင်ဘတ်မှာ ဖားဖိုသကဲ့သို့ လှုပ်ရှားနေသည်။

"အမေ သက်သာရဲ့လား။ သွေးဆေးသောက်မလား"

"အမေ့ရောဂါ အမေသိပါတယ် သားရယ်၊ အမေ နေရတော့မှာ မဟုတ်ပါဘူး"

"ကျွန်တော် ရွာလယ်က ဆေးဆရာကြီးကို သွားပင့်လိုက်မယ်လေ။ အမေ သွေးဆေးလေးသောက်ပြီး ခဏမှိန်းနေပါလား။ ခဏလေးနော် အမေ"

မိခင်ဖြစ်သူမှာ ကျော်ဒင်ခွံ့ပေးသောသွေးဆေးအား မျိုချပြီး မှိန်းလျက်ကျန်ရစ်ခဲ့ရှာသည်။ ဆေးဆရာပင့်ပြီး ပြန်ရောက်လာသောအခါတွင်မူကား-

"မောင်ကျော်ဒင်၊ မင်းအမေ အသက်မရှိတော့ဘူးကွယ့်။ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ရောဂါကို ခံစားနေရတဲ့ ဝဋ်ကျွတ်သွားတယ်လို့ပဲ မှတ်လိုက်ပါ။ ကဲကဲ- ဆရာပြန်ကြွမယ်။ ရွာထဲရောက်ရင် မင်းအမေအသုဘအတွက် ဝိုင်းလုပ်ပေးဖို့ ရွာသားတွေကို ပြောလိုက်မယ်"

ကျော်ဒင်သည် မိခင်အလောင်းအားကြည့်ရင်းဖြင့် မျက်ရည်များစီးကျလာ၏။ သူ မှီခိုအားထားရာ တစ်ဦးတည်းသောမိခင်ကြီး မရှိတော့ပြီ။ သူ့ဘဝသည် တစ်ကောင်ကြွက် ဖြစ်ရပြီကော။ ဘဝပေးကံအကျိုးပေးနည်းခဲ့ရသည့်အတွက် လောကကြီးအား စိတ်နာနေသည်။ ဆင်းရဲလွန်းလို့ အနှိမ်ခံရသည့်အတွက် လူတွေကိုလည်း မုန်းတီးချင်လာ၏။ အထူးသဖြင့် မိန်းမတွေကို ပို၍ မုန်းတီးလာမိ၏။

*

အမေ့အသုဘရက်လည်ပြီးနောက် ကျော်ဒင်တစ်ယောက် ယောင်ချာချာဖြစ်နေသည်။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေသည်။ မောင်ပုနှင့်လည်း [illegible] ဖမ်းမထွက်ချင်တော့။ စိတ်ပြေ[illegible] ပျောက် ရွာဦးရှိ အင်းကြီးအနီး [illegible] တောင်းပြည့်စေတီလေးရှိရာသို့ [illegible] လာခဲ့သည်။ စေတီအနီး သစ်ပင်[illegible] အောက်မှာထိုင်၍ အင်းထဲမှာ [illegible] နေကြသော ရေဘဲ၊ တင်ကျီးငှက်[illegible] အား ငေးနေမိသည်။

"ဟဲ့- ကျော်ဒင်၊ နင်ဒီမှာဘာ[illegible] နေတာလဲ"

ရုတ်တရက် အနီးမှ စကား[illegible] ကြောင့် ကျော်ဒင် လန့်သွား၏။ ကြ[illegible] လိုက်သော စမ်းစမ်းခင် ဖြစ်နေသ[illegible] သူမသည် တစ်နေ့တခြား ပို၍လှ[illegible] ကလား။ နုထွားသော ကိုယ်ခန္ဓာ[illegible] သည် မျှစ်စို့ပေါက်ကြီးကဲ့သို့ ရင်ခုန်[illegible] စရာအတိ။

"ငါ အမေ့ကို သတိရလို့ ဒီ[illegible] လာထိုင်နေတာပါ စမ်းခင်ရယ်"

"နင်ထိုင်နေလို့ နင့်ကို [illegible] ဘယ်သူလာကျွေးမှာလဲ၊ ငါးပြန်ဖမ်း[illegible] နင့်အမေအသုဘကိစ္စမှာ ငွေလို[illegible] ထားတဲ့ကိစ္စကို ငါ့အမေ ပြော[illegible] မကောင်းတတ်လို့ ထုတ်ပေးလိုက်[illegible] အလုပ်လုပ်ပြီး ပြန်ဆပ်ဖို့ မေ့မနေ[illegible] တွေက ပိုက်ဆံယူပြီးရင် ပြန်ဆပ်[illegible] တော့ မသိသလိုလုပ်နေကြတယ်[illegible] ကြောင့်လည်း ဆင်းရဲနေကြတာ"

စမ်းစမ်းခင်စကားတွေက [illegible] ထဲသို့ အဆိပ်မြားအစင်းပေါင်းမ[illegible] ပစ်သကဲ့သို့ ခံစားလာရသည်။ စမ်း[illegible] ခင်သည် ပြောချင်ရာပြောသွား[illegible] ဘုရားကုန်းတော်ပေါ်သို့ တက်သွား[illegible] ကျော်ဒင် ရုတ်တရက် သတိရလာ[illegible] အဘိုးကြီးပေးသွားသော ဣတ္ထိယ[illegible] အစွမ်းအား စမ်းသပ်ကြည့်ချင်စိတ်[illegible] လာ၏။ ဘုရားကုန်းအနီး တော[illegible] လေးကလည်း လူသူကင်းရှင်းလွန်း[illegible] သည်။

"ဟဲ့- စမ်းခင်"

ခေါ်သံကြောင့် စမ်းစမ်းခင် [illegible] ကြည့်သည်။

"ဒီမှာကြည့်စမ်း"

ကျော်ဒင် သူ့ညာလက်ဝါး[illegible] ထောင်ပြလိုက်သည်။ သူမသည် [illegible] ဒင်ဘက်သို့ လှည့်ကြည့်ရင်း အ[illegible] ထင် ကျော်ဒင်ပြသည့် လက်[illegible] ကြည့်မိလိုက်၏။ သူမသည် တ[illegible] ခက်ထန်နေသောမျက်နှာဖြင့် ကြည့်[illegible] ရာမှ မှင်တက်မိသလိုဖြစ်သွားသည်[illegible] တော့ သူမမျက်နှာသည် ပြုံးစစဖြစ်[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမခြေလှမ်းများသည် တံရွေ့ရွေ့ဖြင့် ကျော်ဒင်ရှိရာ သစ်ပင်အောက်သို့ ဦးတည်၍လာနေ၏။ ကျော်ဒင်က ရင်ခုန်စွာဖြင့် သူမ၏အခြေအနေကို စူးစိုက်ကြည့်နေသည်။

သူမ အနီးသို့ ရောက်လာသည်။

"ကျော်ဒင်ရယ်၊ လာ လာ။ ဟိုသစ်ပင်အောက်သွားထိုင်ရအောင်။ နင်ငါ့ကို စိတ်ဆိုးသွားလား။ ငါက စိတ်ထဲကရှိလို့ပြောတာမဟုတ်ပါဘူး။ နင့်အမေအတွက် ယူထားတဲ့ ပိုက်ဆံကိုလည်း ငါ ပြန်ပေးလိုက်မယ်လေ။ လာပါဆို၊ ဘာငြိမ်နေတာလဲ။ ကျောက်ရုပ်ကြီးကျနေတာလဲ"

မယုံနိုင်လောက်အောင် စမ်းစမ်းခင်၏လေသံများ ပြောင်းလဲသွားခဲ့ရပါသည်။ ယခုအခါမှာတော့ သူမ၏အသံသည် ပျားရည်ကဲ့သို့ ချိုမြိန်လွန်းနေပါ၏၊ ကျော်ဒင် အံ့အားသင့်ပြီး မှင်တက်မိနေပါသည်။ အပြောင်းအလဲမြန်လှချေသား။ ကေ့ — မော်အစွမ်းပြပြီထင်တယ်။ ဘယ်လောက်အထိ အစွမ်းပြသလဲ သိရအောင် အလိုက်သင့်နေလိုက်မှ။ သူမနှင့်အတူ သစ်ပင်အောက်မှာ ထိုင်လိုက်ပါသည်။ စမ်းစမ်းခင်ကတော့ သူမအပေါ်မှာ စိတ်မဆိုးဖို့ တတွတ်တွတ်ပြောနေ၏။ ပြောရင်းဖြင့် သူမ၏ ကိုယ်လုံးလေးသည် ကျော်ဒင့်ရင်ခွင်တွင်းသို့ နွဲ့နွဲ့လေးမှီလာသည်။ ကျော်ဒင်တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ တုန်တုန်ရီရီဖြစ်လာသည်။

'အင်း. . . ဣတ္ထိယမော်ကတော့ စွမ်းနေတာ သေချာပါပြီ။ ကဲ- စမ်းစမ်းခင်ရေ နင် ငါ့အပေါ်မှာ အမုန်းကြီးမုန်းခဲ့သမျှ အတိုးချပြီး ဆပ်ပေတော့။ ဒီတစ်ခါ ငါ့အလှည့်ဖြစ်ပြီ'

ကျော်ဒင် စိတ်ထဲမှာ ကြုံးဝါးလိုက်ပြီး သူမ၏ကိုယ်လေးအား ပွေ့ဖက်ထားလိုက်မိသည်။ သူမကတော့ မျက်လုံးလေးမှိတ်၍ မောင်မောင့်သဘောပါဟု ပြောနေသယောင်ယောင်။

အနီးရှိ သရက်ပင်အုပ်မှ ကျီးငှက်တို့ လန့်ပြီးပျံကြသည်။ တိတ်ဆိတ်နေသောထိုနေရာလေးမှာ အသက်ရှူသံတို့သည် ပြင်းထန်လွန်းလှသည်။ ဣတ္ထိယမော်သည် အစွမ်းပြနေပါပြီကော။

*

ယခင်က ကျော်ဒင်သည် စမ်းစမ်းခင်အား အလွန်ချစ်ခဲ့သည်။ သူမ၏အချစ်အား ရရှိဖို့ ကြိုးစားခဲ့ပါသည်။ သခုမူ သူမသည် သူ့လက်ခုပ်ထဲကရေကဲ့သို့ ဖြစ်နေပါ၏။ မတွေ့ရမနေနိုင်ဖြစ်နေပြီး သူတဲသို့ လည်းကောင်း၊ စေတီကုန်းတောအုပ်ထဲသို့ လည်းကောင်း မကြာခဏလာ၏။ ကျော်ဒင်သုံးဖို့ ပိုက်ဆံအပြင် ရွှေထည်လက်ဝတ်လက်စားတွေပါပေးသည်။ ဣတ္ထိယမော်၏အစွမ်းအား ကျော်ဒင် သိနေပါပြီ။ သူစမ်းစမ်းခင်တစ်ယောက်တည်းနှင့် ကျေနပ်မနေနိုင်တော့။ တခြားမိန်းကလေးတွေနှင့် စမ်းသပ်ချင်လာသည်။ စမ်းစမ်းခင် ပေးထား၍ သူ့လက်ထဲမှာလည်း ငွေအသင့်အတင့်ရှိနေပြီမို့ ဒီရပ်ဒီရွာမှ သူခွာမှဖြစ်မည်။ သို့အတွက်ကြောင့်. . .။

တစ်နေ့မှာတော့ သူမမသိအောင် တိတ်တိတ်လေး သက်ကယ်တန်းရွာမှ ထွက်ခွာလာပါတော့သည်။ စမ်းစမ်းခင်ဆိုသော မိန်းကလေးကတော့ မော်အစွမ်းပျက်ခဲ့လျှင် သူ့ကိုမေ့သွားမှာပါလေ။

အဖျောက်မှ တိုက်ကြီး၊ ထိုမှတစ်ဆင့် ပြည်မြို့သို့ ခရီးဆက်ခဲ့၏။ ခရီးသည်တင်ကားကြီးပေါ်မှာ ဟိုဒီတွေးပြီး လိုက်လာခဲ့သည်။ ပြည်သို့ရောက်လျှင် သူဘယ်မှာတည်းခိုရမည်နည်း။ ပါလာသည့် ရွှေထည်လေးများရောင်း၍ (၆) လတန်သည် ငှားနေရမည်။ ဇီးကုန်းမြို့သို့ရောက်တော့ ကားက ခေတ္တရပ်နားပြီး ထမင်းစားသည်။ အနီးရှိ ခရီးသည်ဆင်းသွားသည်။ နာရီဝက်ခန့် နားကြပြီး ခရီးဆက်ဖို့ပြင်ကြမည်။ သူ့ထိုင်ခုံနေရာလွတ်သို့ အမျိုးသမီးတစ်ယောက် လာထိုင်သည်။ အထုပ်အပိုးများပါ၍ ကုန်သည်ဖြစ်မည်ထင်သည်။ အသားညိုစိမ့်စိမ့်၊ ကိုယ်ခန္ဓာအချိုးကျကျလှပပြီး အသက် (၃၀) ခန့်ရှိမည် ထင်သည်။

"မောင်လေး၊ ထိုင်မယ်နော်"

"ထိုင်ပါ ခင်ဗျာ"

သူပြတင်းပေါက်ဘက်သို့ တိုးပေးလိုက်သည်။ ခရီးသည်တင်ကားကြီးများမှာ လူများ၊ ကုန်များဖြင့် ပြည့်ကျပ်နေသည်။ နှစ်ယောက်ထိုင်ခုံများက ကျဉ်းသဖြင့် နှစ်ယောက်သား ပူးပူးကပ်ကပ်ဖြစ်နေသည်။ ကားကြီးမှာ ပြည်ဘက်သို့ ဦးတည်မောင်းနှင်နေသည်။ ညို့ညို့မှိုင်းနေသော အဝေးမှရိုးမကိုငေးကြည့်ရင်း အတွေးတို့က ဟိုဒီရောက်လျက်။

"မောင်လေး၊ စားပါဦးလား။ ငါ့မောင်ကဘယ်သွားမလို့လဲ။ ပြည်အထိသွားမှာလား"

အမျိုးသမီးသည် ဖော်ရွှေစွာနှုတ်ဆက်ပြီး စားနေသော ပြောင်းဖူးအားကမ်းပေးသည်။

"စားပါ အစ်မရယ်၊ ကျေးဇူးတင်ပါတယ်"

ပြောရင်းဖြင့် ထိုအမျိုးသမီးအားစေ့စေ့ကြည့်မိသည်။ မျက်ခုံးကောင်းကောင်း၊ ရှည်လျားသောဆံပင်တို့က ဝဲကျလျက်။ တင်းရင်းသောကိုယ်လုံးအလှကြောင့် ကျော်ဒင် စိတ်လှုပ်ရှားလာ၏။ ကိုယ်ချင်းပူးကပ်နေသဖြင့် နွေးထွေးသောအထိအတွေ့က သူ့ရင်ကိုဗလောင်ဆူစေပါသည်။ အမျိုးသမီး၏ ညိုစိမ့်စိမ့်ပြုံးချိုသောမျက်နှာပေးသည် သူ့ကို မြူဆွယ်နေသလိုလိုနှင့်။ ကျော်ဒင်ဖောက်ပြန်ချင်သလိုဖြစ်လာ၏။ သူမမှာ အိမ်ထောင်ရှိလား၊ အပျိုပဲလား၊ တစ်ခုလပ်လား။ သို့လောသို့လော သူတွေးနေမိသည်။ နောက်ဆုံး ခန္ဓာကိုယ်မှာပူးကပ်နေသော မော့်စိတ်က သူ့အသိဉာဏ်အား ဖုံးလွှမ်းသွားပါတော့သည်။

"မမ၊ ကျွန်တော့်ကိုပြောင်းဖူးနည်းနည်းကျွေးပါလား"

ဉာလက်ဝါးအားဖြန့်၍ တောင်းလိုက်သည်။ အမျိုးသမီးသည် ပြောင်းဖူးအား ထက်ပိုင်းချိုးလိုက်ပြီး သူ့လက်ထဲသို့ထည့်မည်အပြု သူ့လက်ဖဝါးမှ မော်ရုပ်ပုံအား တွေ့မြင်လိုက်ရသည်နှင့် တွေဝေသလိုဖြစ်သွားပါတော့သည်။ နဂိုမူလကတည်းက ပြုံးချိုသော အမျိုးသမီး၏မျက်နှာသည် ပို၍ပြုံးရွှင်လာ၏။ ခုံကျပ်၍ အသားချင်းထိနေရာမှ ပို၍ပူးကပ်လာ၏။

"မောင်လေးစားချင်ရင် မမခွဲပြီးကျွေးမှာပေါ့"

အမျိုးသမီးသည် ပြောင်းဖူးအား တစ်စေ့ချင်း ခွဲကျွေး၍ သူ့မှာ အိမ်ထောင်ရှိသလား၊ ဘယ်ကိုသွားမှာလဲ။ ပြည်မှာ အသိမရှိလျှင် သူ့အိမ်သို့လိုက်တည်း၍ရသည့်အကြောင်းနှင့် သူမသည် မုဆိုးမလေးဖြစ်ပြီး မိခင်အိုကြီးနှင့်နှစ်ယောက်တည်း ပြည်မှာ အိုးပိုင်အိမ်ပိုင်နှင့်နေသည်များကို ပြောပြပါတော့သည်။ ခရီးသည်တင်ကားကြီး ပြည်သို့အဝင် မင်းကြီးတောင်ခြေနားရောက်တော့ ကျော်ဒင့်ရင်ခွင်ထဲ၌ ထိုအမျိုးသမီး အိပ်ပျော်နေပါတော့သတည်း။

*

ပြည်မှာ (၆) လခန့်နေပြီးနောက် သူ့စိတ်မှာမပျော်တော့။ ထိုအမျိုးသမီးသည် သူ့အား လင်ယောကျ်ားတစ်ဦးကဲ့သို့ ပြုစုပါသည်။ ကျော်ဒင်မှာ နေဖို့စားဖို့ ဘာမှမပူပင်ရ။ သုံးဖို့ငွေက အဆင်သင့်။ သို့သော် သူ၏ ကိုယ်မှာ ပူးကပ်နေသော ဣတ္ထိယမော်သည် မည်



www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့အစွမ်းကြောင့် တစ်ဦးတစ်ယောက်တည်းနှင့် ကြာရှည်စွာ အတူနေထိုင်၍ မရမှန်း သူ နားမလည်ပါ။ အမျိုးသမီးကုန်အရောင်းအ၀ယ်ထွက်သွားခိုက်၌ တစ်ရပ်ကွက်တည်းရှိ မိန်းမပျိုတစ်ဦးနှင့် ငြိစွန်းပြန်ပါသည်။ နောက်တစ်ဖန် မြို့လယ်ကုန်စုံဆိုင်မှ လင်ရှိမိန်းမတစ်ဦးနှင့် ဖောက်ပြန်မိကြသည်။ ထိုအကြောင်းအားရိပ်မိသွားသော လင်ယောကျ်ားက အပေါင်းအသင်းများနှင့် ဝိုင်းပြီးရန်လုပ်မည်ပြုသောအခါ သူမနည်းလွတ်အောင် ပြေးလာခဲ့ရသည်။ ကျော်ဒင် ပြည်မြို့မှာ နေလို့မရတော့ပါ။ သူဆက်နေလျှင် အသက်အန္တရာယ်ထိခိုက်လာနိုင်သည်။ ဤသို့ဖြင့် မကွေးသို့ တိတ်တိတ်လေး ထွက်ပြေးခဲ့ပါတော့သည်။မကွေးရောက်ပြီး မြို့စွန်ရပ်ကွက်တစ်ခု၌ အခန်းငှား၍နေသည်။ အလုပ်က မည်မည်ရရမရှိ။ ငွေကတော့ လုံလုံလောက်လောက် ပါလာပါသည်။ သူနှင့် ငြိစွန်းခဲ့သော မိန်းမတွေက သူတို့ခန္ဓာကိုယ်အပြင် သူ တောင်းလျှင် ပိုက်ဆံကိုပါ မနှမြောကြ။ ထို့ကြောင့်လည်း သူပိုက်ဆံပြတ်မှာကို မကြောက်ပါ။

ယခုလည်း ပျင်းပျင်းရှိသည်နှင့် မကွေးမြို့ ရပ်ကွက်တစ်ခုမှ စားသောက်ဆိုင်မှာ ရမ်လေးပက်၊ ကြက်ဥမွှေကြော် တစ်ပွဲဖြင့် အပန်းဖြေနေမိသည်။ ကောင်တာမှာ ထိုင်နေသော မိန်းမသည် အသက်အစိတ်ခန့်ရှိပြီး လုံးကြီးပေါက်လှ ရှမ်းတရုတ်မဖြစ်သည်။ သူ့ယောကျ်ားက ဌာနဆိုင်ရာမှပြုတ်လာသော အရာရှိတစ်ဦးဟု သိရသည်။ ယခုအချိန်မှာ သူ မိန်းမတွေကို စိတ်မဝင်စားသေးပါ။ ကျော်ဒင်သည် မိန်းမ (၄) ဦးနှင့် ပတ်သက်ခဲ့ဖူး၍ အတွေ့အကြုံရင့်လာခဲ့ပြီမဟုတ်လား။ ထိုဆိုင်လေးက နားအေးပါးအေးနှင့် ထိုင်လို့ကောင်းသဖြင့် ညနေတိုင်းသွားပြီး အရက်သောက်၍ ငြိမ်ယူနေမိသည်။

တစ်နေ့သောညနေ -

စားပွဲထိုးကောင်လေး အလုပ်ရှုပ်နေသဖြင့် ဆိုင်ရှင်မိန်းမကိုယ်တိုင် အရက်နှင့် အမြည်းများအား လာချပေး၏။ အသက်ကြီးကြီး သူ့ယောကျ်ားက အပြင်သွားနေ၍မရှိပါ။ ဆိုင်မှာလည်း လူရှင်းနေသည်။ သူ အလွန်အားနာသွားသဖြင့် အရက်ဖန်ခွက်နှင့် အမြည်းပန်းကန်အား လှမ်းအယူ၌-

"ဟင်"

မထင်မှတ်ဘဲ သူ့လက်ဖဝါးမှမော်အရုပ်အား ထိုမိန်းမတွေ့သွားပါတော့သည်။ ထိုမိန်းမသည် ငွေသိမ်းကောင်တာမှာထိုင်ပြီး သူ့အား တစ်ချိန်လုံးစိုက်ကြည့်နေသည်။ သူကတော့ အမှတ်တမဲ့မို့ ဂရုမစိုက်မိလိုက်။ သောက်စားပြီး ပိုက်ဆံရှင်းတော့ ထိုမိန်းမကိုယ်တိုင် စားပွဲသို့ထလာပြီး ငွေကိုယူသည်။ သူ့စားပွဲပေါ်သို့ စာရွက်ပိုင်းလေးတစ်ခုချသွား၏။ ကျော်ဒင်လည်း အံ့အားသင့်သွားပြီး ဘာစာရွက်လဲ ဟူ၍ ကြည့်လိုက်သောအခါ-

"ညနေ (၇) နာရီ လမ်းထိပ်မှာ စောင့်နေပါ။ တို့လာခဲ့မယ်။ ပြောစရာရှိလို့"

သူ သဘောပေါက်သွားပါတော့သည်။ မထင်မှတ်ဘဲနှင့် သားကောင်သည် သူ့ညွှတ်ကွင်းသို့ တိုးဝင်လာပါပြီကော။ အိမ်သို့မပြန်တော့ဘဲ (၇) နာရီ လမ်းထိပ်မှ စောင့်နေမိသည်။ အချိန်တန်တော့ ထိုမိန်းမ ရောက်လာပြီး မြို့စွန်ရှိ အသိအိမ်သို့ မြင်းလှည်းဖြင့် ခေါ်သွားသည်။ ထိုအိမ်သည် သူဝယ်ထားသည့်အိမ်ဖြစ်ပြီး မည်သူမျှမရှိ၍ လွတ်လပ်ကြောင်း၊ ကျော်ဒင့်ကိုမြင်ကတည်းက ခင်မင်မိကြောင်း တတွတ်တွတ်ပြောလာခဲ့သည်။

နောက်တော့ သူတို့နှစ်ယောက်သည် ထိုအိမ်ကလေး၌ တိတ်တဆိတ် ပေါင်းသင်းကြပါလေတော့သတည်း။

*

ယခုဆိုလျှင် ကျော်ဒင့်အသက် (၅၀) နီးနီးသို့ရောက်လာ၏။ ကျော်ဒင်ဖြတ်သန်းခဲ့ရသောဘဝသည် မော်ဝင်ရုပ်အား လက်ဖဝါးပေါ်မှာ ကပ်လာပြီးသည့်နောက်ပိုင်း တစ်နေရာတည်း အတည်တကျ နေ၍မရတော့။ မိန်းမပျို၊ တစ်ခုလပ်၊ မုဆိုးမ၊ အပျိုကြီး၊ လင်ရှိမယား အရွယ်စုံ သူဆက်ဆံခဲ့ရသည်။ မရေတွက်နိုင်တော့ပါ။ ကာမေသုမိစ္ဆာစာရအား မထင်မှတ်ဘဲ လွန်ကျူးမိလျက်သားဖြစ်နေခဲ့ရသည်။ ပထမတော့ သူသည် လူငယ်စိတ်ဖြင့် သွေးသားဆန္ဒအရ လက်တည့်စမ်းရာမှ ကြာလာသောအခါ ငွေလွယ်လွယ်ရမှုနှင့်အတူ ကိုယ်ကြိုက်သည့်မိန်းမကို ဣတ္ထိယမော်အစွမ်းဖြင့် ပေါင်းသင်း၍ရလာသဖြင့် ဤဘဝမှာ သူပျော်ပိုက်လာပါတော့သည်။ သူ ဆန္ဒရှိလာလျှင် မော်အစွမ်းသတ္တိဖြင့် မိန်းမတစ်ယောက်အား သူတွဲလိုက်၏။ မိန်းမတွေကလည်း ထိုအစွမ်းသတ္တိကြောင့် သူဆိုလျှင် အိမ်အလည်ခေါ်သူ၊ တင်ကျွေးထားသူ၊ တိတ်တဆိတ်ချိန်းတွေ့သူ၊ ပိုက်ဆံလိုလာလျှင် ပေး[illegible] သူနှင့် ရောက်ရာအရပ်၌ ဖြစ်ချင်တိုင်း[illegible] ဖြစ်ပျက်လာခဲ့သောအခါမှာတော့ [illegible] အား မြင်သမျှ ယောကျ်ားတွေက မု[illegible] တီးကြတော့သည်။ မြို့တစ်မြို့မှာ အ[illegible] နည်းနည်းကြာလာသည်နှင့် ဤကဲ့[illegible] မရှင်းမရှင်းဇာတ်လမ်းများ ဖြစ်ပေါ်[illegible] သောအခါ သူ့အတွက် ရန်ပြုမည့်[illegible] တွေကလည်း ပေါ်ပေါက်လာခဲ့ရသည်[illegible] ဤသို့ဖြင့် တစ်မြို့ပြီးတစ်မြို့ ပြောင်း[illegible] ရင်း နယ်အနှံ့ရောက်ခဲ့ရပါတော့သည်[illegible] နှစ်တွေကြာလာသည်နှင့်အမျှ သူ့ခ[illegible] ကိုယ်သည် ကာမေသုမိစ္ဆာစာရ အ[illegible] သိုလ်ကံကြီးက အရိပ်မည်းကြီးကဲ့သို့[illegible] နေ၍ အနံ့တစ်မျိုးထွက်နေသည်[illegible] မသိပါ။

လူတိုင်းလိုလိုက သူ့ကိုတွေ့သ[illegible] နှင့် အကြောင်းရင်းမသိဘဲနှင့်ကို [illegible] ဆုပ်ရွံရှာနေကြ၏။ မိန်းမများကလ[illegible] သူ့ကိုတွေ့သည်နှင့် အော့နှလုံးနာ[illegible] ပြုသည်။ ယောကျ်ားများကလည်း [illegible] ကြောင်းမဲ့ ရန်ရှာချင်သကဲ့သို့ဖြစ်လာ[illegible] သည်။

သို့သော် သူ့အား ရွံရှာဟန်ပြ[illegible] သော မိန်းမများသည် သူ့လက်ဖ[illegible] မော်ဝင်ရုပ်အား တွေ့မိသည်နှင့် [illegible] ပြောင်းသွားကြပြီး သူနှင့် တိတ်တဆိ[illegible] ပေါင်းသင်းကြပြန်ပါသည်။ ထိုမော်[illegible] သည် သူ့အား တစ်နေ့၌ ပြန်၍[illegible] ပေးတော့မည်ကို သူသတိမထားမိ[illegible] တကား။

*

ရှမ်းပြည်နယ်မြောက်ပိုင်း၏ [illegible] လေးတစ်မြို့။

စည်ကားခြင်းမရှိသောထိုမြို့[illegible] ၏အလယ် ခေါက်ဆွဲဆိုင်လေး၌ [illegible] ဒင် ထိုင်နေမိသည်။ စေးကပ်သော[illegible] ခေါက်ဆွဲက ရာသီဥတု၏ အအေး[illegible] ကြောင့် ပို၍ အေးခဲစေးကပ်လာသ[illegible] သူ ခေါက်ဆွဲမစားသေးဘဲ နံနက်[illegible] စျေးအား ငေးမောနေမိသည်။ တိုင်း[illegible] သားတို့က သူတို့၏ ခြံထွက်သီးနှံ[illegible] အား လမ်းဘေးမှာ တည်ခင်း၍ [illegible] နေကြသည်။ ရိုးရာဝတ်စုံဝတ်ဆင်[illegible] ကြသောသူတို့သည် ဝယ်သူဝယ်၊ [illegible] သူရောင်းဖြင့် လှုပ်ရှားနေကြကုန်[illegible]

သူ တစ်နယ်ဝင်၊ တစ်နယ်[illegible] ဖြင့် သွားလာခဲ့သည်မှာ နှစ်ပေါင်း [illegible] ကျော်ခဲ့ပြီ။ မြန်မာပြည်အလယ်[illegible] မန္တလေး-မုံရွာ၊ ထိုမှတစ်ဆင့် [illegible] ဆင်းပြီး တစ်နှစ်ခန့်နေပြီးနောက်[illegible] ပြည်နယ်သို့ ဆင်းသွားသည်။ [illegible] မြို့မှာ ခဏနေပြီး ကျိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရန် ကျိုက်ထိုသို့သွား၏။ ဘုရားဖူး ပြန် ထမင်းဆိုင်ပိုင်ရှင် မိန်းမတစ် အား မော်အစွမ်းဖြင့်ညို့၍ (၆) လခန့် သင်းလိုက်သည်။ ထိုမိန်းမ၌ ကိုယ် ရှိလာသောအခါ သူဆက်မနေချင် ဘဲ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ လာခဲ့မိသည်။

မြို့လေးသည် နှင်းမှုန်များကြား၌ သာအေးချမ်းလျက်။ မြန်မာတွေ ရှိသည်။ ဒေသခံ တိုင်းရင်းသား အများစုသည် ရိုးသားဖြူစင်ကြပါ မြို့ကြီးတွေမှာ သူနေထိုင်ခဲ့စဉ်က မ်းမရှုပ်သည်ကို သိသွားကြသော ပတ်ဝန်းကျင်က လက်မခံသဖြင့် ပြေးရသည်။ ဒီမြို့လေးက လူဦး ည်းပြီး သူ့ကို သိသူမရှိ။ ဘာပဲဖြစ် သူ ဒီမြို့မှာအခြေချဖို့ စိတ်ကူး သည်။ အိမ်ထောင်ကျခဲ့လျှင်လည်း တည်တံ့တံ့နေမည်ဟု ဆုံးဖြတ် ချမိသည်။

နံနက်ခင်းဈေးတန်းကလေးအား ကြည့်မိသည်။ ဆလတ်၊ မုန် ဂေါ်ဖီ၊ ဂျူးမြစ် စသည့် အသီး ရွက်များမှာ လတ်ဆတ်လွန်းလှသည်။ တိုင်းအနက်များဝတ်ထားသည့် ရင်းသူများမှာ ကြက်သွန်ဖြူ လက် ခြောက်တောင်းကြီးများချပြီး ပြုံး သောမျက်နှာထားဖြင့် ရောင်းချနေကြ သည်။ဈေးသည်များက ဈေးလာဝယ်သူ အား ပျူပျူငှာငှာရှိသလောက် သူ့ တွေ့သောအခါ မျက်နှာထားတင်း ကြသည်ကို သူသတိထားမိလာ သည်။ လမ်းသွားလမ်းလာများကလည်း နှင့်ရင်ဆိုင်တိုးမိလျှင် ဘေးသို့ရှဲသွား သည်။ သူသည် ဤမြို့လေးမှာ နေသူ အကြား လူထူးလူဆန်းဖြစ်နေပါ သည်လား။ သူ့ကိုယ်သူပြန်ကြည့်သည်။ ပြီးထူးခြားလို့မနေပါ။ ဘာဖြစ်လို့ လူ တွေ သူ့ကိုရှောင်ကြသနည်း။ယောက်ျား တချို့က သူ့ကိုမြင်သည်နှင့် ထွီခနဲ တွေးထွေးကြ၏။

ကွမ်းယာဆိုင်တစ်ခုသို့ သွားပြီး မ်းဝယ်ရင်း အိမ်ငှားဖို့ စုံစမ်းကြည့် သည်။ ကွမ်းယာသည်က စကားပြော ချင်သလိုလို၊ မပြောချင်သလိုလိုနှင့်။ နောက်ဆုံး သူမခံချင်စိတ်ကြောင့် ဒေါ ထွက်လာ၏။

"ကျွန်တော် ဒီမြို့လေးမှာ အိမ် ချင်လို့ပါဗျာ။ နားအေးပါးအေးနေ င်လို့ ဒီမြို့ဘက်ထွက်လာတာပါ။ ကျွန် တော့်ကို ကူညီပေးပါလား"

ကွမ်းယာသည်က သူ့ကိုကြည့်ရင်း နှင့် မျက်နှာထားတင်းလာသည်။

"အခြားမှာ စုံစမ်းကြည့်ပါလား။ နောက်ပြီးတော့ ခင်ဗျားက ဘယ်ကမှန်း- လည်း ကျုပ်မသိဘူး။ ခင်ဗျားကိုကြည့် ရင်းနဲ့ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ် လာတယ်"

"ဘယ်လိုဖြစ်လာလို့လဲ"

သူ အံ့သြစွာဖြင့် မေးလိုက်သည်။

"တစ်မျိုးကြီးပဲဗျာ။ ရွံသလိုလို၊ မုန်းသလိုလိုနဲ့"

ကွမ်းယာဆိုင်ဘေးမှ မြင်းလှည်း သမားတွေကလည်း ရန်ရှာချင်သောအ ကြည့်ဖြင့် ကြည့်ကြသည်။ မိန်းမတချို့ က အော့နှလုံးနာဟန်ပြုကြသည်။ သူ ဒီမြို့လေးမှာ ဆက်နေဖို့ မစဉ်းစားဝံ့ တော့ပါ။ သူလုပ်ခဲ့သမျှ အကုသိုလ်ကံ တွေက သူ့ခန္ဓာကိုယ်မှာ မကောင်းတဲ့ အရောင်တွေထွက်နေပြီလား။ ဒီအရှိန် အဝါတွေကြောင့် သူ့ကိုမြင်သည့်လူတိုင်း မသိစိတ်က အော့နှလုံးနာနေဟန်တူ သည်။

သူပြေးရပြန်ပြီပေါ့။

*

ဤသို့ဖြင့် ခြေသလုံးအိမ်တိုင်နယ် အနှံ့ နေလာခဲ့ရင်းဖြင့် ၁၉၈၈ အရေးအ ခင်းကြီးပြီးသည့်နောက် အနှစ် (၂၀)ခန့် မှာတော့ -

ကျော်ဒင်သည် ကျိုက်ထီးရိုး ဘုရားအား ဖူးချင်လာ၍ သွားရောက် ဖူးမြော်သည်။ ဘုရားဖူးအပြီး ကင်ပွန်း စခန်းမှ ကျိုက်ထိုဘက်သို့ လိုင်းကားစီး ၍ လိုက်လာခဲ့သည်။ လိုင်းကားသည် ကျိုက်ထိုမြို့သို့ မရောက်မီ ကားဘီး ပေါက်၍ ရပ်ပြီး ဘီးဖာရန်အတွက် ကင် ပွန်းစခန်းသို့ ကားဘီးသွားအပို့မှာ ခရီး သည်တချို့က မစောင့်နိုင်၍ ကြုံရာကား တားစီးကြသည်။ သူကတော့ ကားလမ်း အတိုင်း ကျိုက်ထိုဘက်သို့လမ်းလျှောက် ထွက်လာခဲ့မိသည်။ ကားလမ်းဘေး၌ ရွာလေးတစ်ရွာအား တွေ့ရသည်။ ရွာ ထိပ်၌ ရေတွင်းတစ်တွင်းရှိ၏။ သူရေ ငတ်လာသဖြင့် အရိပ်အာဝါသကောင်း သော ထိုရေတွင်းဆီသို့ လျှောက်လာခဲ့မိ သည်။ ရေတွင်း၌ မိန်းမပျိုတစ်ဦး ရေခပ် နေသည်။ ရေထမ်းပုံး ရေပြည့်သွားသော အခါ မိန်းမပျိုလေးသည် ထဘီရင်ရှား လိုက်ပြီး ရေတွင်းနှင့် မလှမ်းမကမ်း၌ ရေချိုး၏။ အသက် (၁၉) နှစ်ခန့် ဖြူဝင်း သောအသားအရေ၊ ပြည့်တင်းသော ကိုယ်လုံးသည် ကျော်ဒင်အား ဖမ်းစား လေသည်။ ကျော်ဒင်သည် မိန်းမလှလေး ၏ရေစိုအလှအား မလှမ်းမကမ်းမှကြည့် ရင်း သူ့စိတ်တို့ ဖောက်ပြန်လာသည်။ ကောင်း၏၊ မကောင်း၏ စဉ်းစားရင်း ချီတုံချတုံဖြစ်နေသည်။ နောက်ဆုံး မိန်း ကလေး၏အလှက သူ့အား အနိုင်ယူ သွားခဲ့ပါသည်။

သူ့ခြေလှမ်းများက မိန်းကလေး ဆီသို့။ မိန်းကလေး ရေချိုးပြီးသွား၍ အဝတ်အစားလဲပြီးသည်နှင့် သူ့အနား သို့ ကပ်သွားလိုက်သည်။

"သမီး၊ ဦး ရေသောက်ချင်လို့ ရေ တိုက်ပါလား"

"ဩော်- ဟုတ်ကဲ့ပါ ဦးရီး၊ သမီး ရေတွင်းက ခပ်ပေးပါ့မယ်"

မိန်းကလေးက ရေငင်ပုံးနှင့် ရေ ခပ်ပြီး သူ့ကိုလှမ်းပေးလိုက်စဉ် သူ့ညာ လက်ဝါးကို မိန်းကလေး၏မျက်လုံးအ ကြည့်ဆီသို့ပြလိုက်သည်။

"ရှင်"

ရေပုံး အောက်သို့ လွတ်ကျသွား ပြီး မိန်းကလေးမှာ မှင်တက်မိနေသည်။

"သမီးက ဘယ်ရွာကလဲ။ အရမ်း လှတယ်နော်"

"ဟင်းဟင်း- ဦးက မြှောက်နေပြန် ပါပြီ။ ဟိုမှာမြင်နေရတဲ့ရွာက သမီးတို့ ရွာပဲလေ။ ဦးက ဘယ်ကလာတာလဲ"

"ဦးက ဘုရားဖူးလာတာပါ။ ရန် ကုန်ကပါ"

"သမီးတို့အိမ်ကို လိုက်လည်ပါ လား။ အိမ်မှာ အမေတစ်ယောက်တည်း ရှိတာ"

"သမီးနဲ့နှစ်ယောက်တည်း စကား ပြောချင်တယ်။ ဟိုဘက်နားက လှရှင်း တယ်၊ သွားမလား။ နောက်မှ အိမ်ကို လိုက်လည်တာပေါ့"

မိန်းကလေးသည် စပါးကြီးမြွေ အညှို့ခံရသောသားကောင်ကဲ့သို့ ကျော် ဒင့်စက်ကွင်းမှာ ရုန်းမထွက်နိုင်တော့။

"ဦးက ခင်ဖို့အရမ်းကောင်းတယ်"

သူတို့နှစ်ယောက် သစ်ပင်တွေ ကြား ချုံပုတ်ထဲမှာ ပျောက်ကွယ်သွား ကြပါတော့သည်။

*

သူတို့နှစ်ယောက် ရွာဘက်ဆီသို့ လျှောက်လာခဲ့ကြသည်။ မိန်းကလေးက သူ့အပေါ် စွဲငြိနေသလို ကျော်ဒင်က လည်း မိန်းကလေး၏ အတွေ့အထိမှာ အလွန်သာယာမိသွား၏။ မိန်းကလေး က အလွန်လှသည်ကိုး။ သူအတည် တကျ လက်ထပ်ယူမည်ဟု ပြောသော အခါ မိန်းကလေးက ခေါင်းညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သူ့အမေအိမ်လိုက်ခဲ့ဖို့ ခေါ်သည်။

ရွာထိပ်ရှိ မိန်းကလေးအိမ်နားသို့ ရောက်လာကြသည်။ အသက် (၄၀)ခန့် အမျိုးသမီးကြီးတစ်ဦးက ခြံဝမှာစောင့်နေသည်ကို တွေ့ရ၏။ မျက်နှာချင်းဆိုင်မိကြသောအခါ အမျိုးသမီးကြီးသည် ကျော်ဒင့်ကိုသေသေချာချာကြည့်သည်။ သူမမှတ်မိသွားပြီ ဖြစ်သည်။ သမီးဖြစ်သူနှင့် တွဲလာသည်ကို တွေ့လိုက်ရ၍လည်း အခြေအနေကို သဘောပေါက်သွားရပါတော့သည်။

"ရှင်တော်တော်ယုတ်မာပါလား"

"ခင်ဗျား၊ကျွန်တော်တို့နှစ်ယောက် တကယ်ချစ်ကြလို့ပါဗျာ။ ကျွန်တော် လက်ထပ်ယူမှာပါ"

"ဒီမှာ ကိုကျော်ဒင်၊ ရှင်ကျွန်မကို တကယ်မမှတ်မိဘူးလား။ သေသေချာချာကြည့်ပါဦး။ တစ်ချိန်က ကျိုက်ထီးရိုးဘုရားမှာ ထမင်းရောင်းခဲ့တဲ့ ရှင့်မိန်းမလေး။ ရှင့်ဗိုက်တစ်လုံးနဲ့ထားခဲ့တဲ့ မိန်းမကို ရှင်ပြန်ပြီး သတိရမှာပါ။ ရှင့်လိုတစ်နေရာရောက်ရင် မိန်းမတစ်ယောက်ယူတဲ့ ယောကျ်ားမျိုးနဲ့ ပတ်သက်ခဲ့မိတာ ကျွန်မရဲ့အမှားပဲ။ မိန်းမတွေက ရှင့်ကိုမြင်လိုက်တာနဲ့ တမ်းတမ်းစွဲဖြစ်ရလောက်အောင်ကို ရှင်က စွမ်းပါပေတယ်။ အခုလည်း ကျွန်မသမီးနဲ့တွဲလာပြီး ရှင့်မှန်းသိလိုက်ရတာနဲ့ ကျွန်မအခြေအနေကို သဘောပေါက်သွားပြီ။ သူက ရှင့်သမီးအရင်းလေ၊ ရှင့်ဗိုက်တစ်လုံးနဲ့ ထားခဲ့ပြီး မွေးခဲ့ရတဲ့ ရှင့်သမီး"

ကျော်ဒင် မူးမိုက်သကဲ့သို့ ဖြစ်သွားသည်။ ကမ္ဘာကြီး ချာချာလည်သကဲ့သို့ အရာရာသည် ဝိုးတိုးဝါးတား။

မှားသွားပြီ။ ဒီတစ်ခါ လွန်ကျူးမိသည်က ဘယ်လိုမှပြင်လို့မရသောအမှား။ သူရှက်လွန်း၍ စကားမပြောနိုင်ဘဲ ဆွံ့အနေပါသည်။ လူကြားလို့ပင် မကောင်း။ ဖအေနှင့် သမီး ပြန်ပြီးမှား ယွင်းရသည့်ဖြစ်ရပ်။

မိန်းကလေးသည် မိခင်နှင့် ယခုမှ တွေ့မြင်ချစ်ကြိုက် ကြည်ဖြူမိခဲ့သူ ယောကျ်ားတို့၏ ပြောဆိုနေသည်ကို အလုံးစုံ သိလိုက်ရသောအခါ ချုံးပွဲချငိုပါတော့သည်။ ရှက်လွန်း၍ ခေါင်းမဖော်နိုင်တော့ပါ။

"သမီးရှက်တယ်၊ အရမ်းရှက်တယ် အမေ။ လူတောထဲဘယ်လိုမျက်နှာပြရပါ့မလဲ အမေရယ်"

မိန်းကလေး ငိုပြီး ရွာပြင်ဘက်သို့ ထွက်ပြေးသွားပါသည်။ အမေဖြစ်သူနှင့် ကျော်ဒင် မိန်းကလေးနောက်ပြေးလိုက်ကြသည်။ မိန်းကလေးက ရေတွင်းသို့ အရောက် ရေတွင်းထဲ ခုန်ချသွားပါတော့သည်။

"ဝုန်း. . ."

"ဟဲ့ - သမီး. . . သမီးလေး. . . သမီးလေးရယ်၊ ဖြစ်ရဖြစ်ရလေ"

ကျော်ဒင် အမြန်ဆုံး ပြေးထွက်လာခဲ့မိသည်။ ခြေဦးတည့်ရာဆီသို့သာ တည်း။

*

"နောက်ပိုင်း ဘာတွေဆက်ဖြစ်သေးလဲ ဦးလေး"

ဦးကျော်ဒင်က အရက်တစ်ခွက် ငှဲ့၍သောက်လိုက်ပြန်သည်။ ပန်းချီဆရာ ကျွန်ုပ်က သိပ်မသောက်ပါ။ သူ့ဇာတ်လမ်းကို စိတ်ဝင်စားလွန်း၍ ချိုပြီး သောက်နေခြင်း ဖြစ်သည်။ ဖေယျဝတီ အရက် (၄) လုံးရှိပြီ။

"ကျုပ် အဲဒီအဖြစ်အပျက်ပြီးတဲ့နောက်ပိုင်းမှာတော့ ဘယ်မိန်းမကိုမှ မဖျက်ဆီးတော့ပါဘူး။ နောင်တတော်တော်လေးရသွားတယ်။ ရှက်ဖို့လည်းအလွန်ကောင်းခဲ့တာကိုး။ ဒါပေမယ့်ကွာ၊ လုပ်ခဲ့ပြီးတဲ့ အကုသိုလ် ဆိုတာ ခဲဖျက်နဲ့ဖျက်ပစ်လို့ ရတာမျိုးမှ မဟုတ်တာ။ ဘဝဟာ တည်တည်ငြိမ်ငြိမ်နေလို့မရတော့ဘဲ လမ်းဘေးအိပ်၊ လမ်းဘေးစားနဲ့ ဟိုကတောင်၊ ဒီကကျွေးဘဝနဲ့ ကျင်လည်နေရတာပါ။ ကျုပ်ကို ဘယ်ပတ်ဝန်းကျင်ကမှ လက်မခံချင်ကြတော့ဘူးလေ။ ဘာမှန်းမသိဘဲနဲ့ကို လူတွေက အော့နှလုံးနာနေကြတာ။ မင်း ငါ့ရဲ့ ကြက္ကထိုယမှော်ကို ယူမလား"

"ဟာ - မယူပါရစေနဲ့ဗျာ။ ဦးလေးဟာကြီးက ကြောက်စရာကြီး"

"ငါကလည်း ဘယ်သူ့ကိုမှ အမွေမပေးတော့ပါဘူးကွာ။ ဒီအောက်လမ်းမှော်တွေဟာ တစ်ချိန်မဟုတ် တစ်ချိန် ဆောင်ထားတဲ့သူတွေကို ပြန်ပြီး ဒုက္ခပေးတယ်ကွ"

ကျွန်ုပ် ထိုလူကြီးအား သေသေချာချာကြည့်မိပါသည်။ မီးလုံးအလင်းရောင်မှိန်ဖျော့ဖျော့အောက်၌ ထိုလူကြီး၏မျက်နှာသည် ကာမဘီလူးကြီးနှင့်တူသလိုလို၊ ရွံ့စရာလိုလိုဖြစ်နေသည်ဟု ခံစားရမိပါသည်။ ကျွန်ုပ်တို့နှစ်ယောက် အရက်ဆိုင်လေးမှ ထွက်လာကြသည်။ လူခြေတိတ်နေပြီ ဖြစ်သည်။ မြို့ပတ်ရထားတွေလည်း မသွားလာကြတော့။ ကျွန်ုပ်က နေထိုင်ရာ သမိုင်းဘက်သို့ ဦး

တည်လိုက်သည်။ ထိုလူကြီး အတော် နေပြီ ဖြစ်သည်။ ရထားလမ်းဇလီ တုံးများအတိုင်း ယိုင်တိယိုင်တိုင် တစ်လှမ်းချင်းလှမ်းလျက်။

*

ညက နည်းနည်းများသွား၍ ရာထနောက်ကျသည်။ မျက်နှာသ လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ ထွ လာခဲ့သည်။ ပေါ့ကျတစ်ခွက် မှာ သတင်းစာအား ဖတ်မည်အလုပ် ဘူ မှ မိတ်ဆွေတစ်ယောက် သူ့စားပွဲမှာ ထိုင်သည်။

"ပန်းချီဆရာ၊ မနက်က ရ လမ်းမှာ လူတစ်ယောက် ရထားကြိ သွားတာကို သိလိုက်လား"

"မသိဘူးဗျ။ ဘယ်ကလူလဲ"

"ဘယ်ကမှန်းတော့မသိဘူး ရထားလမ်းပေါ်မှာ မူးပြီးအိပ်ပျော် တုန်း အစောဆုံးထွက်တဲ့ မြို့ပတ်ရ က ကြိတ်မိသွားတာ။ ရဲတွေ သေ ခင်းဖွင့်ပြီး ရေခဲတိုက်ကို ပို့လိုက်ပြီ"

"အရက်မူးပြီး ရထားလမ်းမှာ နေတာနေမှာပေါ့"

"ထူးဆန်းတာက သေသွားတဲ့ ကြီးရဲ့ လက်ဖဝါးမှာ အမှတ်ကြီး အရုပ်ကြီးက တကယ်မိုက်တယ်ဗျာ"

ကျွန်ုပ် စိတ်ဝင်စားလာသည် ဧကန္တ ဟိုလူကြီးများ ဖြစ်နေမလား

"ဘာအရုပ်ကြီးလဲဗျ"

"မိန်းမတန်ဆာပုံကြီးဗျာ၊ တ တူတယ်ဗျ။ ကြံကြံဖန်ဖန် သူမို့လို့ မှာဆွဲထားတယ်။ ရှာမှရှားဗျာ"

ကျွန်ုပ် ပါးစပ်အဟောင်းသား သွားရသည်။

ဪ. . . ကာမေသုမိစ္ဆာ ကောင်ကြီး ဇာတ်သိမ်းသွားပါ သူ့အတွက် ကောင်းရာသုဂတိလား လို့ ဆုမတောင်းမိပါ။ လူတိုင်းလူ ကိုယ့်ရဲ့ကုသိုလ်၊ အကုသိုလ်တွေက ချိန်မဟုတ်တစ်ချိန်မှာ ပြန်ခံစား ပါလား။ ကျွန်ုပ်ဂမ္ဘီရပန်းချီဆရာ သံဝေဂအကြီးကြီးတစ်ခုရလိုက်ပါ သည်။

*

ဤဇာတ်လမ်းသည် ကာ ရှင်နှင့် ကြုံဆုံခဲ့ရပြီး နားထောင် ပန်းချီဆရာက ပြောပြသည်ကို လည် ခံစား၍ ရေးသားထားပါ ဖြင့်. . . ။



www.burmeseclassic.com

www.burmeseclassic.com




# လေငန်းရောဂါ ကင်းဝေးအောင်

# ပြည့်စုံ လေငန်းရောဂါဆေး ကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 007565 (0714) လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး (၀၁၄၇၂)

လေငန်းရောဂါရဲ့ ရှေ့ပြေးလက္ခဏာတွေကတော့ ရင်လေးလံထိုင်းမှိုင်းခြင်း၊ နှုတ်လေးဆွံ့အတတ် ကိုယ်တစ်ခြမ်းထုံကျဉ်ကိုက်ခဲခြင်း၊ အစာစားလျှင် နင်တတ်ခြင်း၊ ရေသောက်လျှင် သီးတတ်ခြင်း၊ သွားလျှင် ခလုတ်တိုက်တတ်ခြင်း၊ ခြေဖျားလက်ဖျားထုံကျဉ်တတ်ခြင်း၊ ကိုက်ခဲခြင်း၊ ခေါင်းအုံခေါင်းကိုက် တတ်ခြင်း၊ စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ခံတွင်းနံခြင်း၊ ဆီးမကြာခဏသွားခြင်း ခြင်း)၊ နားအူခြင်း၊ ရင်ထဲကတုန်ကယင်ဖြစ်ခြင်း၊ သွေးတိုးရောဂါ၊ လိပ်ခေါင်းရောဂါ၊ အမျိုးသား နည်းရောဂါဖြစ်တတ်ခြင်း၊ ဤလက္ခဏာများသည် လေငန်းရောဂါ ရှေ့ပြေးလက္ခဏာများဖြစ်ပါသည်။

ရောဂါကို ကြိုတင်ကာကွယ်ခြင်းက ရောဂါဖြစ်မှကုသခြင်းထက် ပိုမိုခရီးရောက်ပါသည်။ တိုင်းရင်း မှတ်ပုံတင်ထားသော **ပြည့်စုံ** လေငန်းဆေး၊ **အောင်ပန်း** အကြောပြေဆေး၊ **ပြည့်စုံ** အမျိုးသား ဆေးတို့ကို သုံးစွဲပြီး အကြောများပြုပြင်ကာ ဆရာနှင့်တိုင်ပင်၍ ကုသလျှင် ရောဂါများ သက်သာ ကင်းနိုင်ပါသည်။

နေ့စဉ် နံနက် (၈း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီ ထိ ဆေးခန်းဖွင့်သည်။

ပြည့်စုံ တိုင်းရင်းဆေးတိုက်နှင့် ဆေးကုဌာန

**အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

# ''ကျားမှန်လျှင် အားသန်ရမည်''

ဖေါင်းတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး င်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လူပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ ပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် သားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ) နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး၊ ခြေဆစ် ဆစ်ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက်. . .ဆေးကုသက် နှစ်ကျော် ကုသ၍ အောင်မြင်နေသော မြန်မာ့နန်းအတွင်း အကြောပညာရှင် နေလဝိဇ္ဇာ ကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာ ဦးစိုးမော် (တဆ-၀၂၆၁၁) တို့က ကြောပညာ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

**ပြည့်စုံ** တိုင်းရင်းအထူးကုဆေးခန်း

**အမှတ် (၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊**

**ကျိုက္ကဆံဘုရားဝင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**


www.burmeseclassic.com

www.burmeseclassic.com



"သား၊ သားတို့ ဖောင်တော်သီရွာ ဘုရားလတာကွင်း ကိုင်းတောထဲမှာ ကုန်းမို့မို့လေးတစ်ခု ရှိတယ်။ အဲဒါကို လူတစ်ရပ်အနက်ရအောင် တူးလိုက်ရင် အုတ်ချပ်တွေစီထားတဲ့ ကြုတ်လေးတွေ့ လိမ့်မယ်။ အထဲမှာ ကျောက်စိမ်းပန်းပု ဆင်နှစ်ကောင်နဲ့ ပတ္တမြားလက်စွပ်နှစ်ကွင်း ရှိတယ်။ အဲဒါ ငါ့သားကိုယ်တိုင် ဆောင်ရွက်ပြီး အမေ့ဆီပို့ပေးပါ။ ဌာပနာသွင်းပြီး ဘုရားတည်မလို့ပါ"

ရန်ကုန် ပုဇွန်တောင်မှာနေတဲ့ ကျွန်တော့်အမေရဲ့အစ်မ ကျွန်တော့်ကြီးတော် ကျွန်တော့်ကိုခေါ်တွေ့ပြီး သူ (၃)၊ (၄) ကြိမ် တစ်ထပ်တည်းမက်တဲ့ အိပ်မက်ကို ပြောဆိုနားသွင်းပြီး တာဝန်ပေးစေခိုင်းခြင်းပဲ ဖြစ်ပါတယ်။

အိပ်မက်ဆိုမှတော့ ဒီလို နေရာဌာန၊ ပစ္စည်းပစ္စယ တိတိကျကျကြီး မက်နိုင်ပါ့မလား။ မရေရာ မသေချာတဲ့အလုပ် ကျွန်တော်မလုပ်ချင်ပါဘူး။ နောက်တစ်ချက်က ကြီးကြီးရဲ့အိပ်မက်ထဲက ဘုရားလတာကွင်း ဆိုတာ ကျွန်တော်ငယ်စဉ်က ကျွဲတွေ၊ နွားတွေ ထိန်းကျောင်းခဲ့တဲ့နေရာပါ။ ခြေရာချင်းထပ်အောင် နင်းစပ်ခဲ့ပါတယ်။ ကုန်းမို့မို့နဲ့တူတာဆိုလို့ ခြတောင်ပို့တောင်မရှိပါဘူး။ ကျွန်တော့်ဘဝတူ ကျွဲကျောင်း၊ နွားကျောင်း သူငယ်ချင်းတွေဆီကလည်း ကုန်းမို့မို့လေးရဲ့ သတင်းအစအနတောင် ပြောဆိုတာ မကြားရလို့ မေ့မေ့ပျောက်ပျောက်ပဲနေလိုက်ပါတယ်။

ဘယ်လိုမှ မမေ့ပျောက်တာကတော့ ကျွန်တော့်ကြီးကြီးပါ။

'သွားရှာပြီးပြီလား၊ တွေ့အောင်ရှာပါ၊ အခြေအနေထူးရင် လူကိုယ်တိုင်လာပြောပါ' ဆိုတဲ့ ကြေးနန်းတွေ ဆက်တိုက်ဆိုသလို ရိုက်ပြီး အကြောင်းကြားနေပါတယ်။ ကြီးကြီးဆန္ဒကို မဆောင်ရွက်ပေးရင် ကျေးဇူးကန်းရာ ရောက်တယ်လို့ ကျွန်တော် နားလည်ပါတယ်။

ကျွန်တော် ဒီနေ့ အိုးပိုင်အိမ်ပိုင်၊ လယ်ယာ၊ ကျွဲ၊ နွားအပိုင်နဲ့ ထည်ထည်ဝါဝါ နေနိုင်တာဟာ ကျွန်တော့်အရွယ် မရောက်ခင် မိဘနှစ်ပါးတိမ်းပါးသွားလို့ ကျွန်တော့်ကြီးကြီးက လူလားမြောက်အောင် မွေးစား၊ အိမ်ထောင်ချပေးပြီးတဲ့ထိ တာဝန်ကျေခဲ့တဲ့ မွေးစားမိခင်ကြီးပါ။

ခေတ်ကာလက မတည်ငြိမ်ဘဲ လွတ်လပ်ရေးရပြီးစ ရောင်စုံသူပုန်တွေ ထကြွသောင်းကျန်းတဲ့အချိန်၊ မကြာခဏ ဓားပြတိုက်ခံရပါတယ်။ တစ်နှစ်တည်းမှာတင် သုံး၊ လေးကြိမ် အတိုက်ခံရတော့ ဓားပြနောက် ပါမသွားတဲ့ မြေမြှုပ်စဉ့်အိုးကို ပြန်တူးဖော်ပြီး အထဲက လက်ဝတ်ရတနာတွေနဲ့ ရန်ကုန်မြို့ကို ပြောင်းရွှေ့ပြီး ပုဇွန်တောင်မှာအခြေချနေထိုင်လိုက်ပါတယ်။

ကြီးကြီးတို့ရဲ့ ကြိုးစားမှု၊ လုပ်ငန်းကလည်း အဆင်ပြေလို့ ရွာက ပြောင်းရွှေ့ပြီး (၄)၊ (၅) နှစ်အတွင်းမှာပဲ မယုံကြည်နိုင်လောက်အောင် ကြီးပွားချမ်းသာသွားပါတယ်။

တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုမှတော့ တစ်သက်လုံးစားဖို့ အမွေပေးတဲ့ ကြီးကြီးရဲ့ကျေးဇူးကိုတော့ ပေးဆပ်ခွင့်ကြုံတယ်လို့ပဲ နှလုံးမူလိုက်ပါတယ်။

✿

ဖောင်တော်သီရွာမှာတော့ ဖျိုင်းအုပ်စုအလယ်ရောက်နေတဲ့ ကျီးကန်းတစ်ကောင်ရဲ့ဘဝမျိုးနဲ့ ရပ်တည်နေရတာကတော့ ကျွန်တော့်မိသားစုဘဝပါ။

အသားအရောင်မတူ၊ လူမျိုးကွဲပြားပေမယ့် ကျွန်တော့်မိသားစု တစ်စုလုံးဟာ ဘာသာမကွဲပါဘူး။ ဗုဒ္ဓဘာသာတွေပါ။ ဗုဒ္ဓရဲ့တရားတော်အတိုင်း ကျင့်ကြံ၊ ဗုဒ္ဓရဲ့ဆုံးမဩဝါဒအတိုင်း လိုက်န...ပါတယ်။ ရပ်ကျိုးရွာကျိုး အမြဲလို သယ်...ပိုးပါတယ်။ သာရေး၊ နာရေး လက်မနှေး...ပါဘူး။ လှူရေးတန်းရေး ဦးစားပေး...တယ်။ ရဟန်းသံဃာ၊ ရပ်မိရပ်ဖတွေနဲ့ စဉ်ဆက်မပြတ် ထိတွေ့မှု၊ ရိုသေကိုင်း...ရှိုင်းမှုရှိတာကြောင့် လူတောတိုး၊ လူ...သွင်းခံရပါတယ်။ ကျွန်တော် ပေးနိုင်...ကမ်းနိုင်၊ ခွဲနိုင်လို့ လူငယ်၊ လူလတ်...ပိုင်းကပါ အခြေအရုံသဘောဖြစ်တာကြောင့် ကြီးကြီးတို့လို သူခိုး၊ ဓားပြ...အတွက် မစိုးရိမ်ရပါဘူး။

ဘုရားလတာကွင်း ကုန်းမို့မို့လေး...ကို ကျွန်တော်ကိုယ်တိုင် ရှာဖွေစရာ...မလိုပါဘူး။ ကျွန်တော့်မိတ်ဆွေတွေ ရှာ...ပေးရှာခိုင်းလို့ရပါတယ်။ ရှာတွေ့လို့ တူး...ပေးစမ်းပါကွာဆိုလည်း တူးပေးကြ...ပါ။ ဒါပေမယ့် ကြီးကြီးအိပ်မက်...






www.burmeseclassic.com

www.burmeseclassic.com

အတိုင်း တွေ့ပါပြီတဲ့၊ ကျွန်တော်မပါရင် အပျောက်သွားမှာပါ။ အပေါင်းအသင်း မိတ်ဆွေ ပေါ်တာက ပေါ်တာပဲလေ၊ ယ်ရင် သူကြွယ်တောင်ခိုးတတ်တယ် တယ် မဟုတ်လား။ အကယ်၍ ကျွန် တော်ကိုယ်တိုင် လိုက်ပါ ကြီးကြပ်ရင် ကော၊ ပစ္စည်းသာ အမှန်တကယ်တွေ့ ရင် ကျွန်တော့်အသက်ချမ်းသာခွင့်ပေး ပါ့မလား။ ကျွန်တော် အမျိုးမျိုး စဉ်းစား ပြီး အဖော်မပါ တစ်ယောက်တည်းပဲ လုပ်ငန်းဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ပါ တယ်။

ကြီးကြီး အိပ်မက်အရပြောပြတဲ့ ဘုရားလတာကွင်းနဲ့ ဘုရားစေတီဟာ နောက်ခံသမိုင်းကြောင်း ရှိပါတယ်။ ကျွန်တော် အကျဉ်းရုံးပြီးပြောပြပါ့မယ်။

အလောင်းစည်သူမင်းကြီးဟာ






www.burmeseclassic.com

www.burmeseclassic.com

ဖောင်စကြာနဲ့ လှည့်လည်စဉ်က အိမ်ခြေလေးဆယ်ရွာသူ အချောအလှ 'မလှဝိုင်း' ကို တော်ကောက်ပြီး မိဖုရားမြှောက်ကာ ခရီးဆက်ထွက်စဉ် ဖောင်တော်ဟာ လိုရာခရီးမရောက်ဘဲ တဝဲဝဲလည်နေလို့ ပုဏ္ဏားတော်တွေနဲ့ တွက်ချက်တဲ့အခါ တောင်, မြောက်နန်းစံ မိဖုရားတွေ၊ မှူးကြီးမတ်ရာတွေရဲ့သွေးထိုးပေးတဲ့အတိုင်း မိဖုရားငယ် မလှဝိုင်းကို ရေမှာပြန်ချမှ ဖောင်စကြာဟာ လိုရာခရီးရောက်မှာဖြစ်ကြောင်း လျှောက်ထားခဲ့တယ်လို့ ဆိုပါတယ်။

မလှဝိုင်းလေးခမျာ ဝမ်းနည်းပက်လက်နဲ့ စိတ်ဝေဒနာဖိစီးပြီး သေလုမြောပါးဖြစ်နေတဲ့အချိန်မှာ ဘုရင်ကြီးပေးထားတဲ့ လက်ဝတ်ရတနာတွေ ဌာပနာပြီး စေတီတစ်ဆူ တည်ပါတယ်။ အဲဒီစေတီကတော့ ယနေ့တိုင် အမည်တွင်ဆဲ 'လတာစေတီ' ပဲ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံရောင်တော်ဖွင့်၊ ထီးတော်တင်ပေမယ့် ကွင်းထီးထီး လတာပြင်ကြီးဖြစ်နေလို့ မိုး, လေ ရာသီဥတုဒဏ်ကြောင့် ရေညှိတက်ပြီး မှေးမှိန်နေပါတယ်။

ကြီးကြီးအိပ်မက်အရ လက်စွပ်နှစ်ကွင်း၊ ဆင်နှစ်ကောင်ဟာလည်း နောက်ထပ်ဘုရားတည်ဖို့ ယာယီထိန်းသိမ်းထားတဲ့သဘောရှိမှာပါ။ သမိုင်းနောက်ခံကလည်းရှိ၊ လတာစေတီအနီးလည်းဖြစ်တာကြောင့် ဘုရားပစ္စည်းလို့ပဲ သတ်မှတ်ရမှာပါ။ မနုဿလူသားနဲ့လုံးဝ မအပ်စပ်တာကြောင့် လောဘဇောတိုက်ပြီး လက်ဝယ်ပိုင်ဆိုင်လိုချင်လို့ကတော့ ဘဝအဆက်ဆက် ငရဲမီးလောင်းပက်ခံရသလို မရှုမလှနဲ့ သေပွဲဝင်ကြရမှာပါ။

မနောကံနဲ့တောင် မပြစ်မှားသင့်တဲ့ ဘုရားပစ္စည်းလို့ပဲ ကျွန်တော် မှတ်ချက်ပြုလိုက်ပါတယ်။

✪

တပေါင်းလပြည့်နေ့။

လယ်လုပ်ငန်း, ကိုင်းလုပ်ငန်းတွေ သိမ်းပြီးချိန်ဖြစ်လို့ လယ်စောင့်တဲတွေမှာ လူတွေ ရွာပြန်နေတဲ့အချိန်ဖြစ်လို့ ကွင်းပြင်ကြီးတစ်ခုလုံးဟာ လူသူကင်းပြီး ခြောက်သွေ့နေပါတယ်။ ဒီနေ့ ဒီရက်မှ လုပ်ငန်းစ,ခြင်းဟာ ဘယ်သူမှ မမြင်၊ မတွေ့၊ မသိစေချင်တဲ့သဘောပါ။

မနက်အရုဏ်တက် အမှောင်ထုစိုးမိုးနေဆဲမှာပဲ ဓားမခါးထိုး၊ ပေါက်တူး ပခုံးထမ်း၊ ထမင်းထုပ်နဲ့ရေဘူးပါ လွယ်

အိတ် စလွယ်သိုင်းလွယ်ပြီး အဖော်မပါ ကျွန်တော်တစ်ယောက်တည်း ကုန်းမို့မို့လေးကို ရှာပုံတော်ဖွင့်ပါတယ်။

နေမွန်းတိမ်းအထိ ခြေရာချင်းထပ်အောင် ရှာဖွေမတွေ့ရှိလို့ ထမင်းထုပ်ဖြေစားပြီး ကိုင်းပင်အရိပ်မလုံ့မလဲ အကာအကွယ်ခိုလှုံရင်း မှေးခနဲ အိပ်ပျော်သွားပါတယ်။

'မင်း မပြန်နဲ့ ငါပြပေးမယ်'

ဖျတ်ခနဲ အိပ်ရာကထပြီး အသံရှင်ကို ရှာပါတယ်။ သက်ရှိဆိုလို့ ကျွန်တော့်ဝန်းကျင်မှာ ကျွဲ၊ နွားတစ်ကောင်တောင်မရှိပါဘူး။ နားနဲ့ဆတ်ဆတ်ကြားရပါလျက် အသံရှင်ပျောက်နေတာကတော့ ဆန်းကြယ်လှပါတယ်။

မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ မိုးစုံးစုံးချုပ်တဲ့အထိ ကျွန်တော် ဆက်ပြီးစောင့်ပါတယ်။ နေ့အလင်းရောင် ကွယ်ပျောက်၊ လမင်းကြီး ထွက်လာချိန်မှာတော့-

'ငါ့နောက်လိုက်ခဲ့'

အသံပေးပြီး အရှေ့စူးစူးဘက်ကို ဦးတည်သွားတဲ့သဘော ကိုင်းပင်တွေ ယိမ်းခါလှုပ်ယမ်းသွားပါတယ်။ မယုံမရဲစိတ်၊ တုန်လှုပ်ချောက်ချားစိတ်တွေနဲ့ ရပ်ကြည့်နေဆဲ။

'မကြောက်ပါနဲ့ လာပါ'

လို့ အားပေးစကားသံကြောင့် အရဲစွန့်ပြီး လိုက်ပါတယ်။ ဟော-တွေ့ပါပြီ၊ ကြီးကြီးအိပ်မက်ထဲက ကုန်းမို့မို့လေး။ လတာစေတီအရှေ့ဘက် ကိုက် (၃၀၀) ခန့်အကွာလောက်မှာပါဆိုပြီး ပြောခဲ့တဲ့အတိုင်း ကျွန်တော်ငယ်စဉ်က ကျွဲ၊ နွားကျောင်းရင်း ခြေရာချင်းထပ်ခဲ့တဲ့နေရာပါ။ ဟိုစဉ်ကမရှိခဲ့တဲ့ ကုန်းမို့မို့လေးဟာ လက်ရှိ ကျွန်တော့်မျက်မှောက် မြင်နေရပါပြီ။ အမြင့် ရင်စို့၊ အဝန်း (၁၀) ပေပတ်လည်လောက်ရှိပါတယ်။

ကျွန်တော် ဝမ်းသာအားရနဲ့ တူးဖော်ပါတယ်။

အပေါ်ယံမြေသားဟာ ရွှံ့စေးမြေသားဖြစ်လို့ ကျစ်ကျစ်ပါအောင် မာကျောလို့နေတာကြောင့် တူးဖော်ချိန်သုံးနာရီကြာပေမယ့် အနက်ကတော့ ဒူးဆစ်တောင် မမြုပ်ချင်ပါဘူး။

တစ်နာရီလောက် မရပ်မနားတူးဖော်လိုက်၊ ခဏတစ်ဖြုတ်နားလိုက်။ အမောပြေလိုက်၊ ပြန်တူးလိုက်နဲ့ ညဉ့်နှစ်ချက်တီးလောက်မှာ ရင်စို့လောက်အနက် ရရှိသလို ကလိုင်သံပါ ကြားရလို့ ဝမ်းသာပီတိအဟုန်နဲ့ ဆက်တူးပါတယ်။ အောက်ခြေအစိုဓာတ်ကြောင့် မြေသား

ပျော့လာလို့ လုပ်ငန်းတွင်ကျယ်လာပါတယ်။

အရုဏ်တက်ချိန်မှာတော့ နှစ်ပေပတ်လည် အုတ်စီပုံ တွေ့ရပါတယ်။ ပေါက်တူး၊ ဓားမအားနဲ့ပဲ ခဲရာခဲဆစ်ကလော် ကန့်လန့်ပြီး ဖွင့်လိုက်တဲ့အခါ မှန်ဝါးဝါးပစ္စည်းလေးမျိုးကို ရှာဖွေတွေ့ရှိတယ်။ ကြီးကြီးပြောတဲ့ ရတနာပစ္စည်းတွေပဲ ဖြစ်မှာပါ။

တွယ်ကပ်နေတဲ့ ရေညှိနဲ့ တွင်းကြေးတွေ အနုစိတ် ဖယ်ရှား ရှင်းလင်းပြီးချိန်မှာတော့ နေဝန်းကြီးဟာ ထန်းတစ်ဖျားလောက် ရောက်နေပါပြီ။

အမြင့် (၆) လက်မ, အလေးချိန် တစ်ပိဿာခွဲရှိမယ့် ရွှေကကြိုးဆင်ထားတဲ့ ကျောက်စိမ်းရုပ်တု ဆင်နှစ်ကောင်၊ ကျွန်တော့်လက်ချောင်းတစ်ချောင်းမှ ။ မရအောင် ကွင်းကျယ်တဲ့ ပတ္တမြားလက်စွပ်နှစ်ကွင်း။

ကြီးကြီးကိုသာ ပြလိုက်လို့ကတော့ ဝမ်းသာလုံးဆို့သွားမှာပါ။

✪

"ပစ္စည်းကတော့ သန့်ပါတယ် နော်"

"ဘာကို ဆိုလိုတာပါလိမ့်"

"ဩော်- ဘုရားပစ္စည်း၊ ကျောင်း ပစ္စည်း ဖြစ်နေမှာ စိုးရိမ်လို့ပါ"

"စိတ်ချပါ၊ ကျွန်တော့်ဘိုးဘွား အမွေရပစ္စည်းပါ။ ရောင်းချပြီး အရေး အနီးလုပ်ချင်လို့ပါ"

"ရှားပါးပစ္စည်းပဲ၊ ဒါမျိုးကျွန်တော် မဝယ်ဖူးဘူး"

ကျွန်တော့်ဘက်ပါလာတဲ့ စကား လုံးပါ။

"တန်ဖိုးမရှိဘူးလို့ ထင်လို့လား မကြိုက်လို့လား"

"အဲဒီသဘောမဟုတ်ပါဘူး။ တန် ဖိုးရှိမှန်းသိပါတယ်၊ ကြိုက်ပါတယ်။ ဒါ ဒီနှစ်မျိုးတည်းလား။ နောင်ကြီးဆီမှာ သေးလား"

"ဒါက နမူနာပါ၊ ကြိုက်ရင်ရောင်း မှာပါ။ အိမ်ကပစ္စည်းလည်း ရောင်းမှာပါ"

"ဈေးစကားပြောရအောင်"

"နောင်ကြီး ဖြတ်ကြည့်ပါ"

"ခင်ဗျားက ပိုင်ရှင်ပဲဗျာ"

"ပိုင်ရှင်ကတော့ မှန်တယ်၊ တန်ဖိုး မှ မရောင်းဘူးလို့ပါ"

"ဒါဆို ပြောကြည့်မယ်၊ မှန်းတာနဲ့ မကိုက်ရင် ညှိယူတာပေါ့"

"ဟုတ်ကဲ့၊ ပြောပါ"

"နှစ်မျိုး တစ်ရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာတစ်ရာလဲ"

"သိန်းတစ်ရာ"

"တစ်ခုချင်း ဖြတ်ပေးပါလား"

"ဆင် (၈၀)၊ လက်စွပ် (၂၀)"

ကျွန်တော် ဆွဲသွင်းတဲ့ကျုံးထဲ ဘန်းဝင်လာခြင်းပါ။ ကျွန်တော် မှန်းတာ နင်မျိုး (၂၀)။ ကျွန်တော် ဈေးဖွင့်ရင် ယ်လက်ဘက်က ချက်ချင်း ငွေချေပြီး ယ်သွားမှာပါ။ ကျွန်တော့်ပစ္စည်း ဈေး င်လို့ရပါပြီ။ မရောင်းသေးပါ၊ ရောင်း ဖြစ်ရင် ဖုန်းဆက်ပါ့မယ်လို့ ပြောပြီး ပွဲ းနဲ့ လမ်းခွဲလိုက်ပါတယ်။

တစ်ဆင့်စကား တစ်ဆင့်ကြားနဲ့ ကျွန်တော်တည်းခိုရာ တည်းခိုခန်းကို ယ်လက်တွေ့ရောက်လာကြပါတယ်။ ပွဲ းကိုရှောင်ရင်း ဝယ်လက်နဲ့ ထိပ်တိုက် ိုးတဲ့အချိန်မှာတော့ နှစ်ရာနဲ့ လက်ငင်း ငွေချေ ရောင်းလိုက်ပါတယ်။

အိမ်ကျန်ပစ္စည်းပါ ထပ်ဝယ်မှာ မြင်လို့ တက္ကစီ စီးလုံးငှားနဲ့ ဖောင်တော် သီကို ဝယ်လက်နဲ့အတူ ပြန်ခဲ့ပါတယ်။

✪

မကွယ်မဝှက် ကျွန်တော် အမှန် အတိုင်း ဝန်ခံပါ့မယ်။

ကျွန်တော့်ကြီးကြီးကို နမူနာ ပစ္စည်းနှစ်မျိုးပြဖို့ စာပို့ရထားကြီးနဲ့အ ဘာ ရထားပေါ်မှာ ရတနာကုန်သည် တစ်ဦးနဲ့ မိတ်ဆွေဖြစ်ပြီး အကြောင်းစုံ ပြောပြတဲ့အခါ ဘုရားလျှုတာမှန်ပေမယ့် ပစ္စည်းတန်ဖိုးသိဖို့တော့လိုတယ်ဆိုတာ ကြောင့် ထုတ်ပြပါတယ်။

ပစ္စည်းကို အသေးစိတ် စစ်ဆေး ပြီး ရွှေသားစစ်မှန်ကြောင်း၊ ကျောက်စိမ်း ရော ပတ္တမြားပါ အရည်အသွေးကောင်း နှန်ကြောင်း၊ သူ့အနေနဲ့ ဈေးမဖြတ်ဝံ့ အောင် တန်ဖိုးရှိလို့ ရာပြတ်နဲ့ပြလို့ ကြောင်း စကားအခံနဲ့ ရတနာကုန်သည် တွေနဲ့ဆက်သွယ်နိုင်ခဲ့ပါတယ်။

ကျွန်တော် မှန်းတာထက် ဆယ် ဆလောက် ဈေးမြင့်သွားချိန်မှာတော့ ကျွန်တော့်စိတ်တွေဟာ ကောင်းမှုနဲ့ ကောင်းမှု၊ ကုသိုလ်နဲ့အကုသိုလ်ကြား မှာ လွန်ဆွဲနေပါတယ်။ ချီတုံချတုံ ဖြစ် နေပါတယ်။ ကုန်သည် (၃)၊ (၄) ဦးနဲ့ ချိတ်ဆက်ပြီးချိန်မှာတော့ မကောင်းမှု အကုသိုလ်ဘက်ကို ယိမ်းယိုင်သွားပါ တော့တယ်။

ကျွန်တော့်အမျိုးသမီးသာ ပါလာ ရင် အကောင်းဘက်ကို ဦးတည်သွားမှာ ပါ။ အမှန်တော့ ဇနီးဟာ ဘာသာတရား ကို ကျွန်တော့်ထက် အဆပေါင်းများစွာ ရှိသေကိုင်းရှိုင်းသူတစ်ယောက်ပါ။ ကျွန် တော့်လုပ်ဆောင်ချက်ကို ဘယ်လိုမှ ခွင့် ပြုမှာ မဟုတ်ပါဘူး။

အမှန်အတိုင်းဝန်ခံရရင် ကျွန် တော်ပိုင်ပစ္စည်း သိမ်းကျုံးတွက်ချက်ရင် တောင် သိန်း (၅၀) မပြည့်ချင်ပါဘူး။ ကျွန်တော်ရမယ့် သိန်း (၄၀၀) ငွေပမာ ဏဟာ ကျွန်တော့်မိသားစု တစ်သက် စာ ဘာအလုပ်မှမလုပ်ဘဲ ဘဏ်အပ်ပြီး ငွေတိုးနဲ့ထိုင်စားလို့ရမယ့် အခြေအနေ ပါ။

အနာဂတ်ကာလကို ပြနိုင်စွမ်းမရှိ တဲ့ ကျွန်တော့်ရဲ့စိတ်သဘောထား ပြောင်းလဲမှုပါပဲ။

✪

ပျဉ်ပုံကြီးအဝင်။

"ပျဉ်ပုံကြီးက ငါးရံ့အူဟင်းနာမည် ကြီးတယ်။ ကြုံတောင့်ကြုံခဲ ညစာဝင် စားကြရအောင်"

လို့ ကျွန်တော့်ဝယ်လက်က ချင် ခြင်းတပ်တာကြောင့် နာမည်ကြီးထမင်း ဆိုင်ရှေ့ ကားထိုးရပ်ပြီး ထမင်းဆင်းစား ကြပါတယ်။

"ဒရိုင်ဘာပါ လာဗျာ၊ ကျွန်တော် ကျွေးပါ့မယ်"

"ကျွန်တော် မဆာလို့ပါ"

ကျွန်တော်တို့နှစ်ယောက်ရဲ့ ဖိတ် ခေါ်မှုကို အတန်တန်ငြင်းဆိုလို့ ကျွန် တော်နဲ့ ဝယ်လက်ပဲ စားဖြစ်ပါတယ်။ ကျွန်တော်ပါ ငါးရံ့အူဟင်း မှာစားပါ တယ်။ လျှာအရင်းမြက်ပြီး ခံတွင်းမြိန် လွန်းတာကြောင့် ဗိုက်ကို တင်းသွားပါ တယ်။

စားသောက်ဖိုးရှင်းပြီး ကားဆီကို အလာမှာတော့ ကျွန်တော်တို့ ငှားလာ တဲ့ တက္ကစီကား မရှိတော့ပါဘူး။

ကားပေါ်မှာ တရုတ်စစ်ကျောပိုး အိတ်နဲ့ ထည့်ထားတဲ့ သိန်း (၂၀၀)၊ ကျွန် တော်ပိုင်ငွေနဲ့ ဝယ်လက်ရဲ့ အတက်ချိ ကေ့(စ်)မှာ ထည့်ထားတဲ့ သိန်း(၂၀၀)၊ ကျွန်တော် တားမြစ်တဲ့ကြားက ယူလာ တဲ့ ဆင်ရုပ်နဲ့ ပတ္တမြားလက်စွပ် ကားနဲ့ အတူပါသွားပါပြီ။

ဒီအကြံကြောင့် ထမင်းစားခေါ် မရမှန်း ကျောချမှ ဓားပြမှန်းသိတဲ့အဖြစ် ပါ။ ရှာရင်းဖွေရင်း ရန်ကုန်ကအပြန် ခရီးသည်မပါတဲ့ တက္ကစီကို ဈေးမဆစ် တော့ဘဲ စက်ကုန်ဖွင့် မောင်းခိုင်းရပါ တယ်။ လမ်းတစ်လျှောက် ဝမ်းဘဲအင်း၊ ဘုရားကလေး၊ ဘုရားကြီး၊ မယင်း၊ ပဲခူး မျက်စိတောင်းမှောက် ကြည့်ပါတယ်။ မတွေ့ပါဘူး။

"ကားတစ်စီး ချောက်ထဲကျ၊ မီး လောင်နေတယ်"

အင်းတကော် ဆယ်မိုင်ကုန်းအ တက်မှာ အနီးဝန်းကျင်ကလူတွေ ဝိုင်း ပြုံကြည့်နေလို့ မေးကြည့်တဲ့အခါ ဖြေ ဆိုတဲ့ အ,မင်္ဂလာသတင်းပါ။

ကျွန်တော်တို့ဆင်းကြည့်ပါတယ်။ ကားကတော့ မီးတဟုန်းဟုန်းတောက် လောင်နေတဲ့ တက္ကစီကားပါ။ အမျိုးအ စား တူသယောင်ရှိပေမယ့် မီးခိုးတွေ မှောင်နေလို့ ခွဲခြားမရတာကြောင့် ဝဲခါး ပေါက်ပွင့် လွင့်စဉ်ပြီး ကားအပိခံထားရ တဲ့ ဒရိုင်ဘာအလောင်းကတော့ စပို့ရှပ် အဖြူ၊ အပြာ ပတ်လည်စင်းဖြစ်နေလို့ ကျွန်တော်တို့နှစ်ယောက် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်း ယမ်းလိုက်ပါတယ်။

✪

ဆုံးရှုံးမှု၊ စိတ်ဖိစီးမှု ဝေဒနာတွေ နဲ့ ကျွန်တော့်အိမ်အပြန်မှာတော့ ထိတ် လန့် တုန်လှုပ်ဖွယ်ရာ မြင်ကွင်းကြောင့် ကမ္ဘာကြီးတစ်ခုလုံး အရှိန်ပြင်းစွာနဲ့ လည်ပတ်ပြီး ကျွန်တော် သတိလစ် လဲ ကျသွားပါတယ်။

ကျွန်တော် သတိရလို့ ဝမ်းနည်း ခြင်းကြီးစွာနဲ့ ငိုရှိုက်ပြီး တစ်လုံးချင်း ပြောပြတဲ့ ကျွန်တော့်ဇနီးရဲ့စကားသံ တွေဟာ တစ်လုံးချင်းပစ်ချတဲ့ မိုးကြိုး သံအလား ခံစားရပါတယ်။

လူမမည် ကျွန်တော့်သမီးလေး နှစ်ယောက် မီးထဲပါပြီး အသက်ဆုံးရှုံး ရကြောင်း၊ ဘာပစ္စည်းမှ သယ်လို့မရ အောင် မီးရှိန်မြန်ဆန်ကြောင်း၊ ပြာပုံထဲ က သံသေတ္တာကိုဖွင့်ကြည့်တော့လည်း အထဲက ကျောက်စိမ်းဆင်နဲ့ ပတ္တမြား လက်စွပ် အစရှာမရကြောင်း။

ကျွန်တော် ဒုက္ခပင်လယ်ဝေနေ ချိန်မှာ ဘေးအိမ်ရှင်တွေကတော့ တရား သံဝေဂပဲ ရနေမလား၊ တိုင်ငုတ်မည်း မည်းကြီးတောင် ထိုးထိုးထောင်ထောင် မကျန်အောင် လောင်ကျွမ်းသည့်တိုင် တံစက်မြိတ်ချင်းထိစပ်နေတဲ့ သူတို့အိမ် တွေ ကူးစက်ခြင်းမရှိလို့ ပီတိတွေဖြစ်နေ မလား၊ ကျွန်တော် မဝေခွဲတတ်ပါ။

ကျွန်တော့်အသိမှာ ဘုရားပစ္စည်း မသမာမှုပြုရင် ပစ္စုပ္ပန်ကာလမှာတင် ငရဲ မီးလို ပူရှိန်ပြင်းစွာ လောင်မြိုက်ခံရ ကြောင်းပါ။ နောင်တပေါ့ခင်ဗျာ။ လော ဘဇောတိုက်တဲ့ မိုက်နောင်တပေါ့။

ရှစ်ခွင်ကျော်-ဖောင်တော်သီ



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် စင်ကာပူနိုင်ငံသည် ဂျပန်တပ်တို့၏လက်အောက်သို့ ကျရောက်သွားခဲ့ပြီးနောက် ရက်အနည်းငယ်အကြာ၌ ဂျပန်တပ်တို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး မြန်မာနိုင်ငံ မွန်ပြည်နယ် နယ်စပ်ရှိ စစ်တောင်းမြစ်ကို ဖြတ်ကူးရန် ကြိုးစားနေခဲ့ကြပါ၏။ ဂျပန်တပ်တို့ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သည်မှာ ဗြိတိသျှတို့ မျှော်မှန်းထားသည်ထက် ပို၍စောနေသဖြင့် ဗြိတိသျှတပ်များသည် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ စွန့်ခွာသွားနိုင်ရန်အတွက် အရေးတကြီးဖြင့် စီစဉ်ပြင်ကြရလေတော့သည်။ ဂျပန်တပ်တို့သည် ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နှင့် (၂၅)ရက်နေ့များတွင် ရန်ကုန်မြို့ကို လေယာဉ်များပေါ်မှ ဗုံးများစတင်၍ ကြဲချထားခဲ့ပြီးဖြစ်၏။ မြန်မာနိုင်ငံ မီးရထားဌာနမှ မီးရထားအမှုထမ်းအချို့မှာ အခြားဌာနများမှ အမှုထမ်းများနည်းတူ သက်ဆိုင်ရာတို့၏ ခွင့်ပြုချက်များမရရှိဘဲ မိမိတို့၏ဌာနများကို တစ်စတစ်စနှင့် စွန့်ခွာနေကြပြီးဖြစ် အချို့သော အမှုထမ်းများသာ အ ခွင်၌ ကျန်ရှိနေကြပါ၏။

ရန်ကုန်မြို့ ပြည်သူများမှာ ရှ ရုတ်သဲသဲဖြစ်နေ၍ ရန်ကုန်မြို့ကို ခွာကြရန် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါ (၂၀)ရက်နေ့ နေ့လယ် (၂)နာရီအ တွင် ဗြိတိသျှတပ်တို့က အချက်ပေး ညာလိုက်လေတော့သည်။ တစ်ဆ တည်းလိုလိုပင် အင်းစိန် စက်ခေါင်း





www.burmeseclassic.com

www.burmeseclassic.com


ရှိအမှုထမ်းများသည်လည်း စက်
ည်းများကို ယူနိုင်သမျှ သယ်ယူကြ
မန္တလေးမြို့အနီးရှိ မြစ်ငယ် တွဲပြင်
ရုံသို့ပြောင်းရွှေ့လုပ်ကိုင်ကြရန် အ
ဆုံးဖြတ်လိုက်သည်။ အင်းစိန်မြို့ ဆင်
းရပ်ကွက်များတွင် နေအိမ်အခြေ
ကျရှိနေကြသော မီးရထားအမှုထမ်း
လွဲ၍ ကျန်အမှုထမ်းများမှာ မြစ်
တွဲပြင်စက်ရုံသို့ ပြောင်းရွှေ့လိုက်
ကြမည်ဖြစ်သဖြင့် ရန်ကုန်မြို့ အနီး
ကျင်ရှိ ဘူတာရုံများမှ ရနိုင်သမျှ
တွဲများကို စုစည်း၍ ရထားတွဲအ
အစားပေါင်း (၁၅၀)ခန့် ရရှိခဲ့ပါ၏။
ရထားတွဲများကို ရထားနှစ်စင်းခွဲ၍
စိန် ရထားစက်ခေါင်းပြင်စက်ရုံကြီး
တွင်းသို့သွင်းယူခဲ့ပြီး တွင်ခုံများ၊ သွန်း
ောင်းပုံများ၊ အခြားစက်အမျိုးမျိုးနှင့်
အတူ ကိရိယာ တန်ဆာပလာများနှင့်
ထုတ်လုပ်ထားပြီးဖြစ်သော ရာပေါင်း
များစွာသော ပုံလောင်းအစိတ်အပိုင်း
များ၊ ပုံစံများ၊ မှတ်တမ်းမှတ်ရာများနှင့်
စာရေးကိရိယာများ စသည့်ပစ္စည်းများ
ကို ရထားတွဲများပေါ်သို့ တင်ခဲ့ကြပါ
သည်။ ရထားနှစ်စင်းပေါ်သို့ ပစ္စည်းများ
တင်ဆောင်ပြီးချိန် ည (၆) နာရီခန့်၌
မှောင်နေပြီဖြစ်သော်လည်း မီးထွန်းညှိ
ခြင်းများ မပြုလုပ်ကြရပါ။

ထိုနေ့ ည (၉) နာရီ မိနစ် (၃၀)
ခန့်အချိန်တွင် ပထမရထားသည် အင်း
စိန်ဘူတာမှ စတင်၍ ထွက်ခွာခဲ့ပြီး ထို့
နောက်မှတစ်ဖန် ဒုတိယရထားသည်
ညဉ့်သန်းခေါင်ယံအချိန်ခန့်၌ ထွက်ခွာ
ခဲ့ပါသည်။ ထိုရထားနှစ်စင်း ထွက်ခွာ
သွားပြီးချိန်၌ အင်းစိန်ရထားစက်ခေါင်း
စက်ရုံကြီးတွင် အလုပ်ရုံ၊ မန်နေဂျာ၊
လျှပ်စစ်အင်ဂျင်နီယာနှင့် ကြီးကြပ်သူ
များပါဝင်ကြသော ဝန်ထမ်း (၂၀) ခန့်
သာ အင်းစိန် စက်ခေါင်းပြင်ရုံအတွင်း၌
ကျန်ရှိနေသောပစ္စည်းများကို ဖျက်ဆီး
ပစ်ရန် ရောက်ရှိလာမည့်အမိန့်ကိုစောင့်
ဆိုင်းနေရင်း နောက်ဆုံးအသုတ်အနေ
ဖြင့် ကျန်ရစ်နေခဲ့ပါ၏။ ၎င်းတို့၏တာ
ဝန်များမှာ ဖျက်ဆီးရန်အမိန့်ရသည်နှင့်
တစ်ပြိုင်တည်း ကောင်းကင်ဝန်ချီစက်
များ၊ မော်တာအမျိုးမျိုးနှင့် အလွယ်တ
ကူ မ,ချီ၍ သယ်ယူသွားနိုင်ကြသည့်
စက်ပစ္စည်းများအား ဖျက်ဆီးနိုင်သမျှ
ဖျက်ဆီးကြရန် ဖြစ်ပါ၏။

(စကားချပ်- ထိုကဲ့သို့ ဖျက်ဆီးရ
သည့်အကြောင်းရင်းမှာ ဂျပန်တပ်များ
အနေဖြင့် မီးရထားဌာနပိုင်ပစ္စည်းများ
အား ဆက်လက် အသုံးပြု၍ မရနိုင်
အောင် ဗြိတိသျှတို့က ကြိုတင်စီမံချက်
ချ၍ လုပ်ဆောင်ကြခြင်း ဖြစ်ပါ၏။)

ထို့နောက် ဂျပန်တပ်တို့၏ဖိအား
မှာ ပြင်းထန်၍လာခဲ့ပါ၏။ ၁၉၄၂ ခုနှစ်
ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှ စတင်

## တင်ထွန်း(စက်မှု–၂)ငြိမ်း
## ဒုတိယကမ္ဘာစစ်ကာလက
## ဗြိတိသျှတို့၏နောက်ဆုံးရထား





www.burmeseclassic.com

www.burmeseclassic.com

၍ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် တောင်ငူမြို့အောက်ပိုင်း၌ ရထားများ ဆက်လက်ခုတ်မောင်း၍ မရနိုင်တော့သဖြင့် ရထားပြေးဆွဲခြင်းတို့ကို ရပ်စဲထားလိုက်ရပါသည်။ ထိုနှစ် ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် မီးရထားမင်းကြီးနှင့် အကြီးတန်းအရာရှိများသည် မြန်မာနိုင်ငံ အထက်ပိုင်းတွင် မြန်မာနိုင်ငံ မီးရထားရုံးချုပ်ကို ရုံးစိုက်နိုင်ရန်အတွက် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ စွန့်ခွာသွားခဲ့ကြပါ၏။ ၁၉၄၂ ခုနှစ်၊ မတ်လ (၇) ရက်နေ့ မွန်းလွဲပိုင်းတွင် မီးရထားပိုင် စက်ပစ္စည်းများကို ဖျက်ဆီးနိုင်ရန် ဗြိတိသျှတို့ထုတ်ပြန်သောအမိန့် ရောက်လာသည်နှင့် ယင်းအမိန့်ကို စောင့်ဆိုင်းနေကြသူများသည် အင်းစိန် စက်ခေါင်းပြင်စက်ရုံကြီးအတွင်းမှ စက်ပစ္စည်းကို ဖျက်ဆီးလိုက်ကြပါ၏။ သို့သော် အင်းစိန် စက်ခေါင်းပြင်စက်ရုံသို့ အဝီစိတွင်းများမှ ရေပေးနေသည့် ရေလွှတ်စက်ရုံကိုမူ မဖျက်ဆီးဘဲ မူလအတိုင်းထားခဲ့ရန် ညွှန်ကြားချက်၌ပါရှိခဲ့သဖြင့် ထိုရေလွှတ်စက်ရုံကို မဖျက်ဆီးတော့ဘဲ ထားရစ်ခဲ့ပါသည်။

ထို့နောက် မီးရထားအမှုထမ်းများသည် ၎င်းတို့ကဲ့သို့ပင် ဖျက်ဆီးရေးတာဝန်များကို ထမ်းဆောင်ကြသူများအား တင်ဆောင်လာသော ရန်ကုန်မှ ပြည်သို့ နောက်ဆုံး ထွက်ခွာလာသည့် ရထားကြီးကို ထိုနေ့ ည (၈) နာရီခန့်တွင် တက်ရောက်စီးနင်း၍ လိုက်ပါသွားခဲ့ကြပါ၏။ ထိုရထားကြီးကား ဗြိတိသျှတို့၏ နောက်ဆုံးရထားကြီးပင် ဖြစ်ပါ၏။

အဲဆိုပါ ဗြိတိသျှတို့၏နောက်ဆုံးရထားကြီးသည် ရန်ကုန်ဘူတာကြီးမှ ထွက်ခွာလာခဲ့ပြီးနောက် ရန်ကုန်မှ မိုင် (၃၀) ခန့် ဝေးကွာသော ဝါးနက်ချောင်းဘူတာသို့အရောက်တွင် ဂျပန်တပ်များ၏ ချုံခိုတိုက်ခိုက်ခြင်းကို ခံရတော့၏။ ဂျပန်တပ်တို့သည် ရထားလမ်းကူးတံတားတစ်ခုကို ဖြတ်တောက်၍ထားခဲ့ကြရာ ထိုတံတားပေါ်သို့ ရထားဖြတ်သန်းခုတ်မောင်းနေစဉ်ကာလ၌ ယင်းတံတားမှာ ပြုတ်ကျ၍သွားခဲ့ပြီး ဗြိတိသျှတို့၏ နောက်ဆုံးရထားကြီးသည်လည်း တံတားအောက်သို့ ခါးကျိုး၍ ကျရောက်သွားခဲ့ပါတော့သည်။ ထိုရထားသည် တံတားအောက်သို့ ကျရောက်သွားခဲ့သည်နှင့် တစ်ပြိုင်တည်း အင်းစိန် ရထားစက်ခေါင်းပြင်စက်ရုံ၏ အလုပ်ရုံမန်နေဂျာ မစ္စတာအေဂျွန်ဆင် (Mr. A. Johnson) သည် လူအချို့ကို စုရုံး၍ ဂျပန်ကင်းလှည့်တပ်များကို တောလမ်းခရီးဖြင့် လှည့်ဖြားခေါ်ဆောင်သွားခဲ့ပြီး ခရီးမိုင်အတော်ကွာဝေးသည့်နေရာသို့ရောက်မှ ရထားဆီသို့ ပြန်လည်၍ ရောက်ရှိလာခဲ့ပါ၏။

အထက်ပါဖြစ်ရပ်သည် ဗြိတိသျှတို့က မြန်မာနိုင်ငံ မီးရထားဌာနကြီးနှင့် မီးရထားလုပ်ငန်းများကို နောက်ဆုံးရထားဖြင့် အပြီးတိုင်စွန့်ခွာသွားခဲ့ခြင်းဖြစ်ပါ၏။ ထိုဖြစ်ရပ်များဖြစ်ခဲ့ပြီးနောက် ၁၉၄၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့တွင် မြန်မာနိုင်ငံ မီးရထားဌာန အာဏာပိုင်များက မီးရထားအုပ်ချုပ်ရေးလုပ်ငန်းများကို ဂျပန်စစ်အာဏာပိုင်တို့ထံ လွှဲအပ်ပေးလိုက်လေတော့၏။ မည်သို့ပင်ဖြစ်စေ ထိုအချိန်ကာလက မြန်မာနိုင်ငံ မီးရထားဝန်ထမ်းအင်အား၊ အရည်အချင်းနှင့်စွမ်းဆောင်နိုင်ခြင်းရှိသော မြန်မာနိုင်ငံ မီးရထားဌာနကြီးသည် ဒုတိယကမ္ဘာစစ်မဖြစ်မီကာလက အာရှတိုက်တွင် အကောင်းဆုံးသော မီတာဂိတ်[illegible] မီးရထားလမ်းများတွင် တစ်ခုအပ[illegible] ဝင်အဖြစ်နှင့်လည်းကောင်း၊ ရထား[illegible] ဝင်,ထွက်ချိန် အမှန်ကန်ဆုံး မီး[illegible] ဌာနများတွင် တစ်ခုအပါအဝင်အ[illegible] လည်းကောင်း ကမ္ဘာပေါ်တွင် [illegible] နိုင်ငံ မီးရထားဌာနကြီးသည် ထ[illegible] ကျော်စောခဲ့ကြောင်းကို ရေးသား[illegible] ရင်း ဤဆောင်းပါးကို အဆုံးသတ်[illegible] ပါသည်။

(စကားချပ်- မီတာဂိတ်ခ်[illegible] လမ်းဆိုသည်မှာ ၃ ပေ ၃ လက်[illegible] ကျယ်ရှိသော ရထားလမ်းကို [illegible] ခြင်းဖြစ်ပြီး တစ်နာရီလျှင် ၆၀ မိုင်[illegible] မောင်းနှင်နိုင်သော်လည်း မြန်မာ[illegible] မီးရထားဌာနက ရထားအမြန်နှု[illegible] တစ်နာရီလျှင် ၄၅ မိုင်နှုန်းထိသာ [illegible] ပြုထားပါသည်။ တစ်မီတာ အကျ[illegible] သောရထားလမ်းကို မီတာဂိတ်[illegible] ခေါ်တွင်ပါ၏။)

တင်ထွန်း(စ[illegible]

# ရေယုန်ပျောက် ဆေးနည်းများ

ရေယုန်နာသည် အသက်အန္တရာယ်ထိလောက်သောရောဂါ မဟုတ်သော်လည်း ခံစားရသူအဖို့ အောင့်သက်သက်နှင့် အလွန်ခံစားရသောရောဂါဖြစ်သည်။

အများအားဖြင့် ရေယုန်နာသည် လူ့ခန္ဓာကိုယ် အပေါ်ယံအရေပြား ချိုင်းအောက်တွင် လည်းကောင်း၊ ခါးပတ်လည်တွင် လည်းကောင်း ပေါက်တတ်သော အပူနာရောဂါတစ်မျိုး ဖြစ်ပါသည်။ ရေယုန်နာအတွက် လိမ်းဆေးနည်းအမျိုးမျိုးရှိရာ မိမိတို့ တိုက်ဆိုင်ကြုံတွေ့ခဲ့လျှင် အနီးစပ်ဆုံး လက်လှမ်းမီရာ နည်းစနစ်ဖြင့် အသုံးပြုနိုင်ရန် လက်တွေ့နည်းစနစ်များ တင်ပြ ရေးသားလိုက်ပါသည်။

ပထမနည်းမှာ ကျွန်းသားမီးသွေးနှင့် ထမင်းချက်သောအခါ ရရှိသော ထမင်းရည်ကို ပျစ်ပျစ်သွေး၍ တစ်နေ့ သုံးကြိမ် လိမ်းပေးပါ။

ဒုတိယနည်းမှာ အညာဒေသနှင့် မြေလတ်ပိုင်း တောထဲတွင် အလေ့ကျပေါက်ရောက်သော တင်းပုံ နွယ်ပင်မှ ကင်းပုံရွက် စိမ်းစိမ်းစိုစို[illegible] လက်တွင်းတစ်ဆုပ်ခန့်ခူးယူကာ [illegible] စွာဆေးပြီး ကြိတ်ခြေ၍ သတ္တုရည်[illegible] ယူကာ ရေယုန်နာအား 'နင်ရေယု[illegible] ကင်းပုံ' ဟု ဆိုကာ (၇) ကြိမ် တို့[illegible]

တတိယနည်းမှာ ပနီမန်ကျည်[illegible] မှအမြစ်ကို တူးယူပြီး ဆား၊ ရေတို့[illegible] သွေးကာ တစ်နေ့ သုံးကြိမ် လိမ်း[illegible] ရပါမည်။

စတုတ္ထနည်းမှာ အောက်အ[illegible] တွင်ရှိသော ဓနိရွက်ခြောက်ကို မီး[illegible] ချပြီး ထမင်းရည်နှင့် ပျစ်ပျစ်ဖျော်[illegible] လိမ်းပေးပါ။

အထက်ပါ နည်းစနစ်များမှာ [illegible] ယုန်နာ သက်သာပျောက်ကင်းစေသော[illegible] လိမ်းဆေးနည်းများဖြစ်ပြီး မည်သ[illegible] ဘေးထွက်ဆိုးကျိုးမျှ မရှိဘဲ သက်[illegible] ပျောက်ကင်းပါကြောင်း ရေးသားတ[illegible] လိုက်ပါသည်။

ကျော်ဟိန်းထက်(ဥပ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မောင်သန်းဆွေ(ထားဝယ်)

# မြန်မာမှုအစဉ်အလာနှင့် ဆင်ဖြူရတနာ ၁၃

**ဆင်ဖြူရတနာများနှင့်ပတ်သက်၍ သုံးသပ်ချက်**

စာရေးသူ၏ 'မြန်မာမှုအစဉ်အလာနှင့် ဆင်ဖြူရတနာ' အကြောင်းနှင့် ပတ်သက်၍ ရှေးဦး ပျူခေတ် (အေဒီ ၁ ရာစုမှ ၉ ရာစု) ကပင် ဆင်ဖြူရတနာ အရေးပါခဲ့သည့် အထောက်အထားများကို တရုတ်မှတ်တမ်းများအရ သိရကြောင်းရေးသားခဲ့သည်။

ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှစ၍ ဆင်ဖြူတော်အကြောင်းများစွာ တွေ့ရှိခဲ့သည်။ အနော်ရထာမင်းကို ဆက်ခံသော ကျန်စစ်သားမင်းသည်လည်းကောင်း၊ အလောင်းစည်သူမင်းသည် လည်းကောင်း ဆင်ဖြူရှင်ဘွဲ့ခံမင်းများ ဖြစ်သည်။ ဆင်ဖြူများရှင်ဖြစ်သည့် အလောင်းစည်သူမင်းသည် ဆင်ဖြူတော် (၃၆) စီးသခင်ဖြစ်ကြောင်း ရွှေမှုဋ္ဌောကျောက်စာအရ သိရသည်။ ပုဂံခေတ်နောက်ပိုင်းမင်းများလည်း ဆင်ဖြူတော် ဆက်သ,ခံရသောဘုရင်တို့ဖြစ်၍ ဆင်ဖြူရှင်ဘွဲ့ခံကြသည်။ ပင်းယခေတ်က သီဟသူမင်း (အေဒီ ၁၃၂၂) သည် ဆင်ဖြူရှင် ဖြစ်ချင်လွန်း၍ စမုံမြစ်အတွင်း မျောလာသည့် ဆင်ဖြူမ အသေကိုပင် ဆယ်ယူ၍ တစ်စီးရှင်ဘွဲ့ ခံယူကြောင်း သိရသည်။ သည့်နောက် ဥဇနာမင်း (အေဒီ ၁၃၂၂-၁၃၄၂) ကို ဆက်ခံသော ညီတော် ပင်လယ်မြို့စား ကျော်စွာသည် ငါးစီးရှင်ကျော်စွာဘွဲ့နှင့် နန်းတက်သည်။ ကျော်စွာနှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သော စစ်ကိုင်းမင်းဆက်အနက် နော်ရထာမင်းရဲ (အေဒီ ၁၃၄၅)၊ တရဖျား (အေဒီ ၁၃၄၉-၁၃၅၂) တို့သည်လည်း ဆင်ဖြူရှင်ဘွဲ့ခံ မင်းများ ဖြစ်သည်။


ပထမအင်းဝခေတ် မင်းကြီးစွာစော်ကဲ (အေဒီ ၁၃၆၈-၁၄၀၁)၏ သားတော်ဖြစ်သော တရဖျားသည်လည်း ဆင်ဖြူရှင်ဘွဲ့ခံသည်။ သီဟသူမင်း (အေဒီ ၁၄၂၂-၁၄၂၆) သည်လည်း ဆင်ဖြူရှင်ဘွဲ့ခံမင်း ဖြစ်သည်။ ရွှေနန်းကျော့ရှင်မင်း (အေဒီ ၁၅၀၂-၁၅၂၆) လည်း ဆင်ဖြူရှင်ဘွဲ့ခံမင်းပင်ဖြစ်သည်။

ဖော်ပြပါ မြန်မာမင်းများအပြင် မြန်မာတိုင်းရင်းသားမင်းများဖြစ်သော မွန်နှင့် ရခိုင်မင်းများလည်း ဆင်ဖြူတော်ဆက်သခံရသောအခါ ဆင်ဖြူရှင်ဘွဲ့ခံကြပါသည်။ မွန်မင်း ဝါရီရူ (အေဒီ ၁၂၈၇-၁၂၉၆)မင်းလည်း ဆင်ဖြူရှင်ဘွဲ့ခံမင်းပင် ဖြစ်သည်။ ဝါရီရူမင်းဆက်မှ သတ္တမမင်းဖြစ်သော ဗညားဦးသည်လည်း ဆင်ဖြူရှင်ဘွဲ့ခံသည်။ သူ၏သားတော် ရာဇာဓိရာဇ်မင်းသည်လည်း အယုဒ္ဓယဘုရင်က ဆင်ဖြူတော်တစ်စီး ဆက်သ,၍ ဆင်ဖြူရှင်ဘွဲ့ခံခဲ့သည်။

ရခိုင်မင်းများအနက် ဆင်ဖြူတော်ဆက်သခံရ၍ ဆင်ဖြူရှင်ဘွဲ့ခံမင်းများရှိခဲ့ရာ မြောက်ဦးမင်းဆက် (အေဒီ ၁၄၃၃-၁၇၈၅)မှ မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၃) သည် ဆင်ဖြူရှင်ဘွဲ့ခံမင်း ဖြစ်သည်။

တောင်ငူခေတ်တွင် ဆင်ဖြူများစွာ ဆက်သခံရသော ဆင်ဖြူရှင်မင်းကား ဘုရင့်နောင် ဖြစ်သည်။ ထို့ကြောင့် သူ့ကို 'ဟံသာဝတီဆင်ဖြူများရှင်' ဟု ရေးသားခဲ့ကြသည်။ ဒုတိယတောင်ငူခေတ် သို့မဟုတ် ညောင်ရမ်းခေတ်တွင် ဆင်ဖြူရှင်ဘွဲ့ခံသောမင်းကား တနင်္ဂနွေမင်း (အေဒီ ၁၇၁၄-၁၇၃၃) ဖြစ်သည်။

ကုန်းဘောင်ခေတ် (အေဒီ ၁၇၅၂-၁၈၈၅) အထိ မင်းများအနက် ကုန်းဘောင်မင်းဆက် တည်ထောင်သော အလောင်းမင်းတရားကြီးသည် လည်းကောင်း၊ ဒုတိယသားတော် မြေဒူးမင်းသည် လည်းကောင်း ဆင်ဖြူရှင်ဘွဲ့ခံရသည်။ မြေဒူးမင်း (အေဒီ ၁၇၆၃-၁၇၇၆) ကို မြေဒူးမင်းအမည်ပျောက်၍ ကုန်းဘောင်ဆင်ဖြူရှင်မင်းဟု ရာဇဝင်တွင်သည်။ ခဏသာ မင်းဖြစ်လိုက်ရသည့် စဉ့်ကူးမင်းသည်ပင် ဆင်ဖြူရှင်ဘွဲ့ခံလိုက်ရသေးသည်။ ဆင်ဖြူတော်အများဆုံး ဆက်သခံရသော ကုန်းဘောင်မင်းဆက်မှ မင်းတစ်ပါးကား ပဒုံမင်း (ဘိုးတော်ဘုရား) ဖြစ်သည်။ သူသည် ဆင်ဖြူတော် (၁၀)စီးဆက်သခံရသူဖြစ်သည်။ ထို့ကြောင့် စာရေးသူ၏ 'မြန်မာမှုအစဉ်အလာနှင့် ဆင်ဖြူရတနာ' အကြောင်းတွင် ပဒုံမင်းလက်ထက်မှ ဆင်ဖြူတော်ရရှိပုံအကြောင်းကို အသေးစိတ်ရေးသားခဲ့သည်။ ပဒုံမင်းလက်ထက်မှ နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ဖြူတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com

သည် မင်းတုန်းမင်းတရား လက်ထက်တိုင်အောင် မင်း(၅)ဆက်အထိ အသက်ရှည်ခဲ့သော ဆင်ဖြူတော်ကြီး ဖြစ်သည်။


ပဒုံမင်းနောက် ဆက်ခံသော မြေးတော်စစ်ကိုင်းမင်း (ဘကြီးတော်) (အေဒီ ၁၈၁၉-၁၈၃၇)သည်လည်း ဆင်ဖြူရှင်ဘွဲ့ခံခဲ့သည်။ စစ်ကိုင်းမင်းနောက် နန်းတက်ကြသော သာယာဝတီမင်း (ကုန်းဘောင် သို့မဟုတ် ရွှေဘိုမင်း) နှင့် ပုဂံမင်းတို့လက်ထက် ဆင်ဖြူရကြောင်း၊ ဆင်ဖြူရှင်ဘွဲ့ခံကြောင်းကို ရာဇဝင်တွင် မတွေ့ရပါ။

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဆင်ဖြူတော်များဆက်သခံရသည်။ သို့ကြောင့် မင်းတုန်းမင်းကြီးသည်လည်း ဆင်ဖြူရှင်ဘွဲ့ခံမင်းတရားပင် ဖြစ်သည်။

သီပေါမင်းတရား လက်ထက် (အေဒီ ၁၈၇၈-၁၈၈၅) တွင် ဆင်ဖြူတော်တစ်စီး ဆက်သလာသောကြောင့် ဆင်ဖြူရှင်ဘွဲ့ခံတော်မူသည်။

ဖော်ပြပါ ဆင်ဖြူရှင်ဘွဲ့ခံ မြန်မာဘုရင်များနှင့် မြန်မာတိုင်းရင်းသားဘုရင်များဖြစ်သော မွန်ဘုရင်၊ ရခိုင်ဘုရင်တို့ခံယူခဲ့သည့်ဆင်ဖြူတို့မှာ တောတွင်းမှရသည့် ဆင်ဖြူတော်များကို လာရောက်ဆက်သ,သည့် ဆင်ဖြူများသာ ဖြစ်သည်။ ထိုသို့ ဆက်သ,သော ဆင်ဖြူများသည် သူတို့ မွေးဖွားရာဒေသများ၌ အတိတ်ထူး နိမိတ်ထူးများဖြင့် မွေးဖွားလာကြသည့်အကြောင်းအရာများ ရှိခဲ့သည်ကို တွေ့ရသည်။

လွတ်လပ်ရေးရပြီး ၁၉၅၈ ခုနှစ်



တွင် မြစ်ကြီးနားခရိုင် ကာမိုင်းတောင်တန်းဒေသမှ ဆင်ဖြူမလေးတစ်စီး ရရှိခဲ့သည်။ ထိုဆင်ဖြူမလေးကို မွေးဖွားပေးသော ဆင်မကြီးမှာ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးဌာနမှ မယ်စု ဖြစ်သည်။ မယ်စုသည် ခရစ်နှစ် ၁၉၅၃ ခုနှစ်တွင် သူပုန်များလက်ထဲ၌ မော်လိုက်ခရိုင်တွင် ဆင်ဖြူတော်မလေးတစ်စီး မွေးဖွားခဲ့ဖူးသည်ဟု အဆိုရှိသည်။ သို့သော် မည်သူမျှ မမြင်လိုက်ရပါ။ မယ်စု၏ ဒုတိယမွေးဖွားသော ဆင်ဖြူမလေး၏ဖခင်မှာ နိုင်ငံပိုင် ဆင်ထီးကြီး ဘမောင်ပင် ဖြစ်သည်။ မယ်စု ဒုတိယအကြိမ် ဆင်ဖြူတော်မလေး မွေးဖွားစဉ်က ထူးခြားမှုများကိုဖော်ပြရလျှင် ဆင်ဖြူမလေးကိုယ်ဝန်ရှိသည့် (၂၂) လ အကြာတွင် ၁၉၅၈ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့၌ ငလျင်လှုပ်သည်။ (၄) ကြိမ်ခန့် ရှိ၏။ အင်းတော်ကြီးဒေသတွင် လှုပ်သည့် ငလျင်မှာ အရှေ့မှ အနောက်သို့ လှုပ်သည့် ငလျင်ဟု ဆိုပါသည်။ ပထမအကြိမ် (၇. ၄၆) မိနစ်တွင် ဖြစ်၏။ နောက်တစ်ကြိမ် (၅. ၁၂) မိနစ်ပင် ဖြစ်သည်။ တစ်ကြိမ်လျှင် (၂) စက္ကန့် ကြာသည်။ (၁၆) ရက်နေ့ ညနေ (၅) နာရီခန့်တွင် တော လည်းသံကြီးကြားရပြီး ထိုတော်လည် သံ၏ပဲ့တင်သံကြောင့် စခန်းမှဆင်များ ကြောက်လန့်ပြီး ပြေးလွှားကြသည်။ နောက်တစ်နေ့နံနက် မတ်လ (၁၇)ရက် တနင်္လာနေ့ (၄) နာရီခန့်တွင် စခန်း ဆင်အုကောင် (၄၀) ခန့်သည် အော် ဟစ် ခုန်ပေါက်၍ ကောင်းချီးပေး သည်။ အဘယ်ကြောင့်ဆိုသော် စခန်းမှ ဆင်မ မယ်စုသည် ဒုတိ မြောက် ဆင်ဖြူတော်မလေး မွေး သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကီစ္စတွင် ယခုခေတ် ဆင်ဖြူတော် စဉ်တွင်ပင် ထူးထူးခြားခြားအခြေအ များဖြင့် ဆင်ဖြူတော်များဖွားခဲ့၍ မြ တို့က ဆင်ဖြူတော်ဆိုသည်ကို အထူ အမြတ်ထားခြင်း ဖြစ်သည်။

စာရေးသူတို့ သမိုင်းဆရာကြီး သော ဒေါက်တာသန်းထွန်းက-

"ဆင်ဖြူဆိုတာလည်း တိရစ္ဆာန် ပဲကွာ"

ဟု မည်သို့ပင်ပြောစေကာမူ ဆ မည်းနှင့်စာလျှင် ဆင်ဖြူသည် ထူး ခြားခြား အရောင်အဆင်းရှိပြီး ထူး ခြားခြား မွေးဖွားလာ၍ အခြား ဆ မည်းများနှင့်စာသော်- အထွတ်အမြ ထားခြင်း ဖြစ်သည်။


သမိုင်းလာ ဆင်ဖြူတော်များ သည် ဆင်ဖြူထီး, ဆင်ဖြူမမှ ဖွား သည်ဟု လည်းကောင်း၊ ဆင်ဖြူမမှ





www.burmeseclassic.com

www.burmeseclassic.com



ဖွားလာသည်ဟု လည်းကောင်း မှတ်တမ်းမှတ်ရာ မရှိပါ။ သာမန်အားဖြင့် ဆိုလျှင် ဆင်မည်းများမှ မွေးဖွားလာသည်ဟုပင် ဆိုရမည်။

ဆင်မ မယ်စုသည် (၂)ကြိမ်တိုင် ဆင်ဖြူမလေး(၂)ကောင်မွေးဖူးသည်ဟု သိရသည်။ ပထမ ဆင်မလေးသည် မည်သည့်ဆင်ထီးနှင့်ရသည်ဟု မသိရသော်လည်း ဒုတိယဆင်ဖြူမကလေးကို ဆင်ထီးအမည်း 'ဘမောင်' နှင့်ရသည်ဟု သိရသည်။ မယ်စုသည် ဆင်မအမည်းကြီး ဖြစ်သည်။ သူ့ခန္ဓာကိုယ်တွင် အဖြူရောင်ဟူ၍ အစက်အပေါက် တစ်စက်တစ်ပေါက်မျှ မရှိပါ။ သို့ဖြစ်ရာ (၂) ကြိမ်တိုင်တိုင် ဆင်ဖြူမကလေးများသာ မွေးဖွားခဲ့သည်ဆို၍ မယ်စုဝမ်းတွင်း၌ ခရုသင်းရောဂါ ရှိလေသလောဟု တွေးကြည့်ရသည်။ ဝမ်းပြင်တွင်မူ ခရုသင်းရောဂါမရှိဟု သိရသည်။ ဤသို့ပြောနေရခြင်းမှာ အနောက်တိုင်းသားများက ဆင်ဖြူဆိုသည်မှာ ခရုသင်းရောဂါ စွဲကပ်နေ၍ ဆင်ဖြူဖြစ်သည်ဟု စွပ်စွဲကြခြင်းကြောင့် ဖြစ်ပါသည်။

ယခုအခါ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် ထူးထူးခြားခြား ဆင်ဖြူရတနာ (၈) စီး ပိုင်ဆိုင်နေသော အချိန်အခါ ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက် သတင်းစာတွင်-

'နေပြည်တော် ဥပ္ပာတသန္တိစေတီတော်ဝတ္ထုကံမြေ ရတနာဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီသည် နိုဝင်ဘာလ (၂၇)ရက် ည(၉း၄၅) နာရီအချိန်တွင် ဆင်ဖြူတော်ဥယျာဉ်၌ ဆင်ဖြူတော်ရတနာတစ်စီး မွေးဖွားခဲ့ကြောင်း' သတင်းပါလာပါသည်။

ဘဒ္ဒဝတီဆင်မ ရောက်ရှိလာစဉ် စာရေးသူ သွားကြည့်ခဲ့သည်။ တောတွင်းမှ ဇီးပါလာသည်။ ဇီးမှာ တစ်နှစ်ခွဲခန့်ပင်ရှိသည်ဟု သိရသည်။ တောတွင်းမှ မည်သည့် ဆင်မည်း သို့မဟုတ် ဆင်ဖြူနှင့် ရလာသည်ဟု မသိရပါ။ သို့သော် ဆင်ဖြူတော်မမှ ဆင်ဖြူတော်လေး မွေးဖွားလာသည်မှာ မြန်မာ့သမိုင်းတွင် ဤတစ်ကြိမ်သာ ကြုံရသေးသည်။

ထို့ကြောင့် အနောက်တိုင်းမှစွပ်စွဲသကဲ့သို့ ဆင်ဖြူတော်ဆိုသည်မှာ ခရုသင်းရောဂါစွဲကပ်နေ၍ ဆင်ဖြူတော်ဖြစ်ရခြင်းလော၊ ခရုသင်းစွဲနေသည့် ဆင်ဖြူတော်မမှ ခရုသင်းစွဲနေသည့် ဆင်ဖြူတော်မွေးရခြင်းလော စသည်တို့ကို သိပ္ပံနည်းကျကျ သိရလေအောင် တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် စစ်ဆေးသင့်သည်။ ဆင်ဖြူတော်၏အရေပြားတွင် ခရုသင်းစွဲကပ်ခြင်း ရှိ မရှိက လက်တွေ့စစ်ဆေးနိုင်သည်။ သို့မဟုတ်က ခေတ်သစ်တွင် အတွေးအခေါ်များ တိုးတက်ဖြစ်ပေါ်လျက်ရှိနေရာ မယုံကြည်မှု သံသယများဖြင့် မေးခွန်းများ ဖြစ်ပေါ်လာနိုင်သည်။ ဆင်ဖြူတော်ဆိုသည်မှာ အရေပြားဖြူနေရုံဖြင့် ဆင်ဖြူတော် ခေါ်ထိုက်ခြင်း မဟုတ်ပါ။ ဆင်ဖြူတော်ရတနာတွင် ကြန်အင်လက္ခဏာများ ရှိပါသည်။ ဥပမာ-အသားရောင် - ဩဇာခွံ (ပန်းရောင်)၊ မျက်လုံး- ပုလဲရောင်၊ အမွေးအမှင်-အဖြူရောင်၊ အမြီး-တံခါးပိတ် (မြီးဆံသင့်)၊ နားရွက်-နားလတ် (ကြေးစည်ပုံ)၊ ကျော-ငှက်ပျောခိုင် စသည်တို့ ဖြစ်ပါသည်။ စာရေးသူ တွေ့ဖူးသည့် ထိုင်းဘုရင်၏ ဆင်ဖြူတော်အချို့သည် အမွေးအမျှင် အဖြူရောင် မဟုတ်ဘဲ ကြန်အင်လက္ခဏာသာ ဆင်ဖြူတော်၏ လက္ခဏာနှင့်ပြည့်စုံနေခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာတို့၏ စိတ်ထဲတွင်မူ ဆင်ဖြူတော်ကို အမြတ်တနိုး စွဲမြဲထားမည်သာ ဖြစ်ပါသတည်း။

(ပြီးပါပြီ)

မောင်သန်းဆွေ(ထားဝယ်)





www.burmeseclassic.com

www.burmeseclassic.com

# အညာကျေးလက်က မြန်မာဆေးဆရာ

**ဝေစည် (ရွှေဘို)**



ဗုဒ္ဓနည်းကျ ဩဇာရိကသုခုမ
ကျမ်းပြုဆရာကြီး
ဦးအောင်ခင်

သူရဇ္ဇစာဖတ်ပရိသတ်တစ်ဦးဖြစ်သော ကျွန်မသည် (တိုင်းရင်းဆေးဆရာမ၊ ဩဇာရိကသုခုမဆေးဆရာမလည်း ဖြစ်ပါသည်။) တိုင်းရင်းဆေးကဏ္ဍကို ဖတ်ရသဖြင့် သူရဇ္ဇကို အထူးကျေးဇူးတင်နေပါသည်။ ကျွန်မတို့၏ အဘိုး၊ အဘွားများ၊ ကျွန်မကို ဆေးပညာသင်ကြားပေးခဲ့ကြသော ဆရာကြီးများကိုဝါ အောက်မေ့လွမ်းဆွတ်တသခြင်းဖြစ်မိပါသည်။ ကျွန်မ၏အဘိုး (အသက် ၁၀၁ နှစ်တွင်မှ ကွယ်လွန်ခဲ့သူ) ဦးသင်က -

"ငါ့မြေးရဲ့၊ အသစ်ဘယ်လိုကောင်းပေမယ့် အဟောင်းတလည်လည်တဲ့။ သူ့ခေတ်သူ့အခါအလျောက် ခေတ်မီဆေးဝါးတွေ ဘယ်လောက်စွမ်းစွမ်း၊ ဘယ်လောက်ထွန်းကားထွန်းကားတို့များ လက်တစ်ကမ်းမှာရှိတဲ့ သဘာဝဆေးတွေက အလွယ်ဆုံးနဲ့ အစွမ်းအထက်ဆုံးပါကွယ့်။ မသိကြလို့သာကိုး။ ခေတ်မီဆေးဝါးတွေက မြို့ကြီးပြကြီးတွေမှာမှ, ဆရာဝန်၊ သူနာပြုတွေက မြို့ကြီးတွေမှာမှ ရှိတာကလား။ အဘိုးတို့လိုတောမှာနေတဲ့သူတွေကတော့ သဘာဝကပေးတဲ့ သဘာဝဆေးတွေကိုပဲ သုံးကြရမှာပဲ။ အဲဒါကြောင့် ငါ့မြေးကို ဟောဒီ ဆေးပညာ (ဩဇာရိကသုခုမဆေးပညာ) သင်စေချင်တာတဲ့"

ဟု တဖွဖွမှာလွန်းသဖြင့် မြန်မာ့ဆေးပညာကို သင်ကြားပါသည်။ 'နှဲ့သင်စ အရပ်မုန်း၊ ဆေးသင်စ ဆွေမျိုးပြုန်း' မဖြစ်ရလေအောင် အသက်ကိုကယ်တင်ရမည့်ပညာဖြစ်သဖြင့် ဆရာလုပ်သည့် သူသည် ပညာကို လေးလေးစားစား သင်ယူရန် မှာကြားပါသည်။ အရပ်ထဲရွာထဲတွင် လူနာရှိပါက လူနာကို မိမိအား ကုသရန် မပင့်မခေါ်သော်လည်း စာနာထောက်ထားသော စိတ်ထားဖြင့် သတင်းမေးပါ။ သောက်နေသောဆေးဝါး၊ ဓာတ်စာကို စိတ်ဝင်စားစွာ (မိမိဉာဏ်ဖြင့်) ဝေဖန်အကဲဖြတ်ပါဟု ဆိုပါသည်။

ကျွန်မအား ဆေးပညာ သင်ကြားပေးသော (နန်းတွင်းသမားတော်ကြီး ဦးပို၏ ဩဇာရိကသုခုမဆေးပညာကို လေ့လာ ဆည်းပူးပြီး ပိုင်နိုင်စွာ တတ်ကျွမ်းသည့်အခါတွင်မှ သင်တန်းပေးပါသည်။) ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အင်ကြင်းပင်အစိုးရအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ခင်၏ လည်ချောင်းကင်ဆာဝေဒနာ ကုသပုံနှင့် မီးယပ်ရောဂါကြောင့် ဖြစ်ပွားသော အရေပြားပေါ်မှအကွက်များကုသပုံတို့ကို မျက်မြင်ကိုယ်တွေ့ဖြစ်သဖြင့် သူရဇ္ဇမဂ္ဂဇင်းကြီးမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

ဩဇာရိကသုခုမဆေးပညာ (ဩဇာ- အကြမ်း၊ သုခုမ- အနု)တွင် ရောဂါရောက်ကြောင်း (၇) မျိုးသာရှိပါသည်။ ဆေးပညာသင်ဖူးသူများနှင့် အဘိဓမ္မာသဘောတရား လေ့လာလိုက်စားပြီးသူတို့ အလွယ်တကူ သိနိုင်ပါသည်။ ပထဝီဓာတ်ယုတ်သောရောဂါ၊ အာပေါဓာတ်ယုတ်သောရောဂါ၊ တေဇောဓာတ်ယုတ်သောရောဂါ၊ ဝါယောဓာတ်ယုတ်သောရောဂါ၊ အာကာသဓာတ်ယုတ်သောရောဂါ၊ အာဟာရဓာတ်ယုတ်သောရောဂါ၊ သည်းခြေဓာတ်ယုတ်သောရောဂါအားဖြင့် (၇) မျိုးသာ.ရှိပါသည်။ ဆေးဝါးဖော်စပ်၍လျှင်လည်း ဆေး (၇) မျိုးသာ လိုအပ်ပါသည်။ ထို့ကြော
'ဆရာဖျင်း ပုလင်းရှုပ်' မဟုတ်တော့
ယုတ်ဓာတ်ကိုသိလျှင် လွန်ဓာ
ကိုလည်း (ဆေးသမားအနေဖြင့်) သိ
ပြီးဖြစ်ရာ ယုတ်ဓာတ်များဖြည့်ပေး
လွန်ဓာတ်ကိုရှောင်ရှားသောနည်း ဖြ
ပါသည်။

ဒီပဲယင်းမြို့နယ် တည်တော
တောင်သူကြီး ဦးထွန်းရီသည် နွားခေ
ကို ကိုယ်တိုင် မီးမြှိုက်ပြီး (အမွေး
ပြောင်စင်ရန်ပြုလုပ်ခြင်း ဖြစ်ပါသ
ချက်ပြုတ် စားသောက်ပါသည်။ နွား
ခေါင်းချက်ကို ထန်းရည်နှင့် မြ
သည်။ နွားခေါင်းကြီးတစ်ခုလုံးချက်
သဖြင့် ကျန်နေသော ဆီပြန်ဟင်းမျ
ဆီးသီးစိမ်းများနှင့်ချက်ပြီး စားလိုက်
ပါသည်။ နေ့ခင်း လေကလေးတ
နှင့်အိပ်လျက်မှ ကယောင်ကတမ်း
ဝါးဝါးတွေဖြစ်လာ၍ မိသားစုများက
ခေါ်ပြီး ပြုစုကြပါသည်။ ရေကို မ
ကြီးစားပြီး မျိုချနေရပါသည်။ လည
(စလုတ်)နားတွင် အဖုကြီးတစ်ခု
လာပါသည်။

မုံရွာမြို့ ဆေးရုံကြီးမှ အ
စမ်းသပ်ပြီး လည်ချောင်းကင်ဆ
အဖြေထွက်လာပါသည်။ ကင်ဆ
လျှင်တော့ ဆေးရုံမှာ မကုတော့
မှာပဲ ပြန်သေပါတော့မယ် ဆုံး



www.burmeseclassic.com

www.burmeseclassic.com

ရွာကိုပြန်ခေါ်ခဲ့ပါသည်။ ရေလေးတစ်ခွက်၊ နှစ်စက်, ထမင်းရည်လေး တစ်ဇွန်း၊ နှစ်ဇွန်းကို ခက်ခက်ခဲခဲ တိုက်ကျွေးရပါသည်။ ထိုအခြေအနေရောက်မှ ကုန်းတဲရွာတွင်နေထိုင်သော ဗုဒ္ဓနည်းကျ သြဇာရောက်သုခုမကျမ်းပြုဆရာကြီး ဦးအောင်ဒင်ထံ ဆေးကုရန် သွားကြပါသည်။ ဆရာကြီးမှ ရောဂါလက္ခဏာစစ်ဆေးပြီး အာပေါဓာတ်ယုတ်လျော့သောရောဂါ တေဇော၊ သည်းခြေ၊ အာကာသနှင့် ထဝီလွန်နေသောရောဂါဟု စစ်တမ်းထုတ်ပြီး လူနာအား-

'စားချင်သလိုစား၊
သောက်ချင်သလိုသောက်၊
နေချင်သလိုနေပြီး
ရောဂါပျောက်အောင်
ကုသပေးနိုင်သော ဆေးမရှိ'

လို့ ရေးထားသော စာတန်းကို ပြတ်ခိုင်းပါသည်။ ပြီးမှ -

ရောဂါပျောက်နိုင်ပါသည်။ ဒါပေမယ့် -

'မလျော်(မတော်)သည်ဆိုပါလျှင် ဘို့ကာပင့်ကာမျှ မမြည်းစားရ။

လျော်(သင့်တော်)သည်ဆိုပါလျှင် မျို့လာ၊ အင့်လာတယ်လို့ မညည်းတွားရ'

ဆိုပြီး ထပ်ပြောပြန်ပါသည်။

ထိုနေ့မှစ၍ မန်ကျည်းမှည့်ဖျော်ရည်ကို ခပ်ပျစ်ပျစ်ထန်းလျက် (ထုံးမပါသောထန်းလျက်) နှင့် ဖျော်ပြီး ဆားအနည်းငယ်ထည့်ကာ ကော်ဖီပန်းကန်လုံး တစ်ဝက်ခန့်ကို သုံးကြိမ်တိုက်ကျွေးပါသည်။ ငှက်ပျောဖီးကြမ်းသီးကို ထန်းလျက်နှင့် ဖျော်ရည်လုပ်ပြီးတိုက်ကျွေးပါသည်။ ထိုသို့ သုံးရက်တိုက်ကျွေးပြီး ကန့်ဇလာရွက် (ဟင်းဂလာမဟုတ်ပါ) ပဥ္စငါးပါးကိုပြုတ်ပြီး တစ်နေ့ (၃) ကြိမ်နှင့် (၃) ရက် ကျွေးပါသည်။ နောက်ထပ် ကန်စွန်းရွက်ကိုပြုတ်ပြီး ထန်းလျက်ထည့်ကာ တစ်နေ့ (၃)ကြိမ်နှင့် (၆) ရက်တိတိ တိုက်ကျွေးပါသည်။

ဆေးတစ်ပတ်လျှင် (၁၂) ရက်ဖြင့် ဆေးပတ် (၃) ပတ်ပြည့်လျှင်ပင် လူနာမှာ တော်တော်ကြီးကောင်းနေပါပြီ။ ထမင်းလည်း တော်တော်စားနိုင်လာပါပြီ။ ဆရာကြီးထံတွင် (၁၂) ရက်သာနေပြီး တည်တောရွာ သူ့အိမ်မှာနေပြီး ရက်ခြားပြီး ဆရာကြီးကုသပေးရာမှ လုံးဝပျောက်ကင်းလာပါသည်။

ထိုလည်ချောင်းကင်ဆာဖြစ်စဉ်က ဦးထွန်းရီ၏ဇနီးမှာ ဦးထွန်းရီ နေကောင်းပြီး ကျန်းမာရေးကောင်းလာချိန်တွင် သေဆုံးသွားပါသည်။ သူ့ယောကျ်ားကင်ဆာရောဂါဖြင့် သေတော့မှာပဲဟု အလွန်စိတ်ပူပင်သောကရောက်နေရှာသော ဇနီးသည်က အရင်ဆုံးသွားပါသည်။ ထို့နောက် တစ်ပင်လဲမှတစ်ပင်ထူသဘောဖြင့် နောက်မိန်းမတစ်ယောက်ယူလေရာ (၅) နှစ်လောက်ပေါင်းပြီး ဇနီးသည်ဆုံးသွားပြန်သည်။ တစ်ဖန် တစ်ပင်လဲမှု တစ်ပင်ထူပြီးနောက် မိန်းမတစ်ယောက်ယူလိုက်ပြန်ပါသည်။ ကင်ဆာရောဂါဖြင့် မသေသော ဦးထွန်းရီသည် တတိယမြောက်ဇနီးနှင့် ယနေ့အထိ အသက်ထင်ရှားရှိနေပါကြောင်း။ ထိုစဉ်က ဆရာကြီးမှ ဆေးလုံးဝဖော်စပ်ပေးခြင်း မရှိ၍ ဓာတ်စာ (အစာ) ဖြင့်သာ ကုသပေးခဲ့ခြင်း ဖြစ်ပါသည်။ [ထိုအကြောင်းကို တိုင်းရင်းဆေးသမားတော်များ ညီလာခံ ၂၀၁၂ - မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်တွင် စာတမ်း (ပြည့်ပြည့်စုံစုံ) တင်သွင်းခဲ့ပါသည်။]

နောက်တစ်ဦးကတော့ ကျွန်မတို့ မူလတန်းကျောင်းအုပ်ဆရာကြီးကတော် ဒေါ်နီကို ကုသပေးခြင်း ဖြစ်ပါသည်။ ဒေါ်နီသည် ကလေးသုံးမြွှာပူး အသေလေးများမွေးပြီး မျက်နှာပေါ်တွင် အညိုကွက်များ ဖြစ်လာပါသည်။ ခေါင်းကမကြာခဏကိုက်နေသဖြင့် ဆရာကြီး ဦးအောင်ဒင်ထံ ဆေးကုသွားပါသည်။ ဒေါ်နီ၏ ယောကျ်ားဖြစ်သူ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးလှလွင်က ဆရာကြီးဦးအောင်ဒင်၏ တပည့်ရင်းဖြစ်သဖြင့် ဆရာကြီး ဦးအောင်ဒင်၏ ဆေးပညာကို အကြွင်းမဲ့ ယုံကြည်ကြ၍ သွားရောက် ကုသခြင်း ဖြစ်ပါသည်။

ဒေါ်နီအား ရောဂါဖြစ်ပုံ စစ်ဆေးပြီးနောက်-

"မနီ၊ ညည်းက အာကာသဓာတ်ယုတ်နေတာကွယ့်။ အရေပြားပေါ်က အညိုကွက်တွေက တေဇောလောင်တာပေ့ါ။ ပျောက်ပါလိမ့်မယ်။ ဒါပေမယ့် မနီရေ၊ ဆရာ ညည်းကိုမကုမီ ကြိုတင်ပြောရဦးမယ်ဗျာ။ ညည်းကို ကုပေးလို့ ဆေးနှစ်ပတ်ခန့် ရက်ပေါင်း (၂၀) လောက်ဆိုရင် ညည်းမျက်စိတော့ တဖြည်းဖြည်း မှုန်ဝါးလာပြီး လုံးဝ ကန်း (ကွယ်) သွားလိမ့်မယ်"

ဒေါ်နီက -

"ဟောတော်"

ဟုသာ ရေရွတ်ရှာပြီး ဒါ့ပြင်-

"အဲဒီ အညိုကွက်သာပျောက်ပြီး ကျွန်မမျက်စိကန်းရတော့မှာလား"

ဆရာကြီးက-

"အေးပါ၊ အဲဒီကွယ်သွားတဲ့မျက်စိကိုလည်း အခုစားခိုင်းတဲ့ ဆေးဝါးဓာတ်စာကိုပဲ ဆက်စားရုံပဲ။ တဖြည်းဖြည်း မြင်လာရမှာပေ့ါကွယ့်"

ဟု ဆိုပြီး -

ပထမ (၃) ရက်တွင် ကန်စွန်းရွက်ကျိုနှင့် ထန်းလျက် တစ်နေ့ (၃) ကြိမ်။ ထို့နောက် ကန့်ဇလာရွက်ပဥ္စငါးပါးပြုတ်ပြီး ထန်းလျက်နှင့် (၃) ရက် တစ်နေ့(၃) ကြိမ်ပေးပြီး နောက်ဆုံး (၆) ရက်ကို ဖီးကြမ်းငှက်ပျောသီးမှည့်မှည့်ကို နှမ်းဆီနှင့်ကြော်ပြီး ထန်းလျက်နှင့်စားစေပါသည်။ ဆေး(၅)ပတ်တွင် ဒေါ်နီလုံးဝအကောင်း ပကတိ ဖြစ်သွားပါ၏။

ဒေါ်နီအား ဆေးကုသပေးစဉ်က အနီးကပ်ပြီး ဆေးတိုက်ရ၊ ထမင်းကျွေးပေးရသော ဆရာကြီး ဦးအောင်ဒင်၏ သမီး ဒေါ်စိန်မေမြင့်မှာ အထက်တန်းပြဆရာမအဖြစ်ဖြင့် လှည်းကူး အ-ထ-က မှ ပင်စင်ယူပြီး ယခုအခါ ထောက်ကြန့်မြို့ (ရန်ကုန်တိုင်းဒေသကြီး) စံပြရပ်ကွက် သြဘာလမ်းတွင် နေထိုင်လျက်ရှိပါကြောင်း။ မျက်စိကုခံခဲ့သူ ဒေါ်နီတွင် သားထောက်သမီးခံမရှိသဖြင့် ဤစာရေးသူက ကျွေးမွေးပြုစုထားခဲ့ရာ ၁၉၈၇ ခုနှစ်ကမှ စာရေးသူ၏ နေအိမ်တွင် (အသက် ၈၀) အရွယ်၌ ကွယ်လွန်ခဲ့ပါသည်။

ထိုစဉ်က ကင်ဆာရောဂါခံစားရသော ဦးထွန်းရီမှ ဆရာကြီးအား ဖျင် (၂၄) တောင်၊ ဆန်တစ်တင်းနှင့် ဆီ (၅) ပိဿာကန်တော့ပြီး ဒေါ်နီက ပဲ(၁)တင်းနှင့် ငွေ(၁၀၀)ကန်တော့တာကို မှတ်မိနေပါသေးသည်။

မြန်မာ့တိုင်းရင်းဆေးတို့ဖြင့် ကုသပျောက်ကင်းသည်ကို ဆက်လက် ဖော်ပြလိုပါသေးသည်။ ဆရာကြီးဦးအောင်ဒင်၏ အတ္ထုပ္ပတ္တိကို သမီးဖြစ်သူ ဆရာမ ဒေါ်စိန်မေမြင့်က ရေးသားထားပါသည်။ ဦးချစ်ညွန့် ဇင်ရတနာစာပေမှ ထုတ်ဝေပါသည်။

ဤစာစုဖြင့် ထမင်းကျွေးပြီး အခမဲ့ ပညာသင်ပေးခဲ့သော ဗုဒ္ဓနည်းကျသြဇာရှိကဆရာကြီး ဦးအောင်ဒင်အား ကန်တော့ပါ၏။ အညာကျေးလက်မှ မြန်မာဆေးဆရာကြီးအကြောင်း ထပ်မံ ဖော်ပြလိုပါသည်။

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

အာဖရိကဆင်ရိုင်းနှင့် လူဖြူမုဆိုး



ဇူးလူးမျိုးနွယ် တိုင်းရင်းသားနှစ်ယောက် တောင်ယာမှ ရွာသို့အပြန် ဆည်းဆာရောင်ခြည်တွေသန်းနေချိန် တဲတစ်လုံး၏ရှေ့အမှောင်ရိပ်မှာ ကြီးမားလှသော အနက်ထည်ကြီးတစ်ခုကို နှစ်ယောက်စလုံးက မြင်တွေ့လိုက်ကြရ၏။ ယင်းအခိုက် နှစ်ယောက်လုံး ငယ်သံပါအောင် အော်ဟစ်ပြီး ထိုအနက်ထည်ကြီးအား ခြောက်လှန့် မောင်းနှင်ထုတ်



လိုက်ကြ၏။ သို့စေကာမူ ကြီးမားလှသည့် သတ္တဝါကြီးက သူတို့နှစ်ယောက်ထံသို့ ကြောက်မက်ဖွယ်ရာကောင်းလှသည့်အရှိန်အဟုန်ဖြင့် ပြေးဝင်တိုက်ခိုက်လာလေသည်။ ဒီအခါတွင် တိုင်းရင်းသားနှစ်ဦးသည် ယင်းသတ္တဝါကြီးအား စွယ်စုံဆင်ကြီးတစ်ကောင်ဖြစ်သည်ကို တွေ့မြင်လိုက်ရ၏။

အသက်ဘေးမှ နောက်သို့ တစ်ချက်ကလေးမျှပင် လှည့်မကြည့်အား။ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ခြေကုန်နှင်ကာ ပြေးလိုက်ကြရ၏။ တစ်ယောက်က အရှေ့၊ တစ်ယောက်က အနောက်၊ တကွဲတပြားပြေးထွက်သွားကြလေ၏။ ရွာသားတစ်ယောက်က တိုင်းရင်းသားတို့၏ဓလေ့အတိုင်း အနီရောင် စောင်တစ်ထည်ကို ခြုံထားသည်ဖြစ်ပေရာ ယင်းစောင်အနီ

သည်ပင်လျှင် သူ့အတွက် သေမိန့်...
သွားခဲ့ရ၏။

ဆင်ရိုင်းကြီးက စောင်အနီ...
ထားသည့်ရွာသားနောက်သို့ တစ်...
ထိုး လိုက်သွားကာ ယင်းရွာသား သူ...
တဲအဝသို့ အသံကုန်အော်ဟစ်...
ရောက်မသွားမီ နှာမောင်းဖြင့် လှ...
မိသွား၏။ ကြီးမားလှသောတိရစ္ဆာန်...
သည် ခြေတစ်ဖက်နှင့် သူ၏သားကော...
ကို နင်းပစ်လိုက်ပြီး နှာမောင်းဖြင့် ...
ပိုင်းဖြစ်အောင် ဆွဲဆုတ်လိုက်သည်။ ...
နောက် တောကောင်ကြီးသည် အသ...
ကင်းမဲ့နေပြီဖြစ်သည့် သားကောင်...
အဝေးသို့လှမ်းပစ်လိုက်ပြီး တော...
သို့ ပြန်လည် ထွက်ခွာသွားလေသည်...

ဗြိတိသျှကိုလိုနီဖြစ်သည့် အာ...
ကအရှေ့ပိုင်း အာဘာဒဲယားတော...
တစ်နေရာတွင် ဆင်နင်းသတ်ခြင်း...
သောရွာသားနေထိုင်ရာ ကျေးရွာအ...
အကဲထံမှ အကူအညီတောင်းခံချက်...
ခြေမြန်တော်တစ်ဦးက လာရောက်...



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပေးသည့်စာအရ သိရှိရသည်။ သို့ဖြစ်၍ ကျွန်တော်လည်း အာဘာဒဲ သားတောမှ ပြန်လာခဲ့ရ၏။ ကင်းယား ပြည်နယ်တစ်ဝန်းလုံး လူဖြူမုဆိုးတစ်ဦး ဖြစ်သည့် ကျွန်တော့်အား သိရှိကြ၏။ အာဖရိကအစိုးရကလည်း ကျွန်တော့် အား တောတိရစ္ဆာန်ဆိုးများ သောင်း ကျန်းသည့်အခါများတွင် အကူအညီ တောင်းခံတတ်ပေသည်။ ကျေးရွာအ ကြီးအကဲက ယင်းသတ္တဝါဆိုးကြီးသည် ကျေးရွာများသို့ ဖွတ်အတင်းဝင်ရောက် လျက် စိုက်ခင်းများ၊ စပါးခင်းများကို ဖျက်ဆီး စားသောက်လျက်ရှိသည့်အ ကြောင်း၊ ရွာသားများကိုလည်း ရန်မူ တိုက်ခိုက်တတ်ကြောင်း စကားအချို့ပါး လိုက်ပေသေး၏။

ကျွန်တော့်အနေနှင့် အပျော်တမ်း ဆိုးနှစ်ယောက်က အကူအညီတောင်း ထားသည့်အတွက် စရိတ်ငြိမ်းလိုက်ပါ လျက် အာဖရိကချိုလိမ်ဒရယ် ပစ်ခတ် ရန် လိုက်ပါလာခြင်းကို ဖျက်ပြီး ကင်း ယားသို့ ပြန်လာခဲ့ရလေသည်။ မုဆိုး နှစ်ဦးကလည်း တောဆင်ဆိုးကြီးနှိမ်နင်း ရေးကို လိုလိုလားလား သဘောတူညီ ကြ၏။ ဆင်ဆိုးကြီးကိုသာ သုတ်သင်နိုင် ပါမူ ရရှိမည့်ရလဒ်က အတော်အတန် ကြီးမားလိမ့်မည်မှာ မုချ။ ထို့ကြောင့်ပင် ကျွန်တော်တို့က ကင်းယားသို့ အမြန် ထွက်လာခဲ့ကြ၏။ နှစ်ပေါင်းများစွာ ကျွန်တော်နှင့်တွဲ၍ တောလည်နေကျ ဆက်စီတာ ဟူသော မုဆိုးနောက်လိုက် ကိုလည်း တစ်ပါတည်း ခေါ်ဆောင်လာ ခဲ့၏။

❂

အကြီးအကဲက ကျွန်တော့်အား အသင့်စောင့်ဆိုင်းကြိုဆိုနေသည်။ နီဂီ ရီကျေးရွာလူကြီးက ရောက်မဆိုက် သတင်းပေးသည်မှာ ရွာသူ ရွာသားများ သည် တဲတွင်းမှပင် မထွက်ဝံ့ကြတော့ဘဲ အန္တရာယ် ဘယ်အချိန်ရောက်လာလိမ့် မည်လဲဟု ထိတ်လန့်တကြား စောင့်နေ ကြသည့်အကြောင်း၊ တောင်ယာစိုက် ခင်းများသို့လည်း မသွားဝံ့ကြတော့ သည့်အကြောင်း ပြောပြလေသည်။ ခြံ စည်းရိုးတွေကလည်း မလုံခြုံ၊ အဖြစ် မျှလောက်သာ ကာရံထားနိုင်သော စည်းရိုးပိုင်းတန်းဖြစ်၍ တောကောင် ကြီးအတွက် အဟန့်အတား လုံးဝ မဖြစ် ချေ။ ဆက်စီတာနှင့် ကျွန်တော်တို့က နှစ်ပိုင်းပြတ်လျက် သွေးအလိမ်းလိမ်းနှင့် ရုပ်ပျက်ဆင်းပျက်သေဆုံးနေသည့် ရွာ သား၏အလောင်းရှိရာသို့ သွားရောက်ခဲ့ ကြ၏။ ထိုမှ ခြေရာခြေကြောင်းခံတာ တောကောင်ကြီး ထွက်ခွာသွားသည့် စွတ်ကြောင်းနောက်သို့ လိုက်ခဲ့ကြလေ သည်။ တောကောင်ကြီး၏ ခြေရာစွတ် ကြောင်းကို လေ့လာကြည့်ရာတွင် ဆင် နင်းခံရသောရွာသားခမျာ ကွေ့ကောက် လှည့်ပတ်ပြေးခဲ့သည့်တိုင် မလွတ်နိုင်ဘဲ သေဆုံးခဲ့ရသည်။ ကျွန်တော့်အတွေ့ အကြုံအရဆိုပါမူ ဒီသတ္တဝါကြီးများနှင့် ရင်ဆိုင်မိပြီဆိုလျှင် လွတ်နိုင်ခဲလှသည်။ အင်မတန်ကံကောင်းမှသာ အသက်ရှင် ဖို့လမ်းရှိပါသည်။

လွတ်အောင်ပြေးရသည့်အခါမျိုး မှာ တောတွင်း၌တွေ့ရလေ့ရှိသည့် နွယ် ပင်များက ခြေထောက်ကို ပတ်တတ် သည်၊ ဆူးချုံတွေကလည်း လူကိုငြိတတ် သည်။ ယင်းအခက်အခဲများက မုဆိုး အား သေတွင်းသို့ ပို့ဆောင်လေသည်။ သေဆုံးသွားသောရွာသား ခြုံခဲ့သည့် စောင်အနီကိုလည်း သွေးအလူးလူးနှင့် ပြန်လည်တွေ့ရှိရ၏။ ဒီဖြစ်ရပ်ကိုကြည့် ၍ တောကောင်ကြီး၏စရိုက်ကို သတိရ မိပါသည်။ ဆင်သည် အနီရောင်ကိုစက် ဆုပ်သည်။ အနီရောင်ကိုတွေ့မြင်ရလျှင်





www.burmeseclassic.com

www.burmeseclassic.com

ဒေါသ ဟူးဟူးထန်လျက် သဲကြီးမဲကြီး လိုက်လံ ရန်မူတတ်သည်။

ကျွန်တော်တို့က တောကောင်ကြီး၏စွတ်ကြောင်းနောက်သို့ လိုက်ရန် ပြင်ဆင်ကြ၏။ သို့သော် နီဂီရီကျေးရွာ အကြီးအကဲက စောင့်ဆိုင်းပြီး အခြေအနေကိုကြည့်ပါဦးဟု အကြံပြုသည်။ တောကောင်ကြီးက အခြားရွာတွေကို မလွှဲမသွေ ဝင်ရောက်လျက် ပြောင်းခင်းတွေ၊ စပါးခင်းတွေကို ဖျက်ဆီးစားသောက်လိမ့်ဦးမည်ဟု ပြောပြသည်။ သို့ဖြစ်သဖြင့် ကျွန်တော်တို့ အကြီးအကဲ၏ရွာတွင် တစ်ညမျှနားလျက် နောက်နေ့နံနက်တွင်မှ စွတ်ကြောင်းနောက်သို့ လိုက်ရန် ဆုံးဖြတ်လိုက်၏။

အကြီးအကဲ၏ သုံးသပ်ချက်က မှန်ပေသည်။ နံနက်စောစောတွင် ခြေမြန်တော်တစ်ဦး ရောက်ရှိလာပြီး (၅) မိုင်ခန့်ဝေးသည့် မြောက်ဘက်ပိုင်းမှရွာတစ်ရွာသို့ မထင်မှတ်ဘဲ ဝင်ရောက်လာခဲ့ပြီး ရွာစိုက်ခင်းများအတွင်း ပြောင်းခင်း၊ ကန်စွန်းခင်းများကို ဖျက်ဆီးနင်းခြေ စားသောက်သွားခဲ့ကြောင်း၊ ရွာသားအချို့ကိုလည်း လိုက်လံတိုက်ခိုက် ရန်မူသွားကြောင်း အမောတကော ပြောပြခဲ့ပါ၏။ ပြီးနောက်မှ တောကောင်ကြီးသည် အစာဝသွားပြီး လျှိုတစ်ခုအတွင်း ဆင်းသွားလျက် အရိပ်ကောင်းကောင်း၌ အိပ်စက်နေသည်ဟု ခြေမြန်တော်က ပြောပြ၏။

ဆက်စီတာနှင့် ကျွန်တော်တို့တစ်တွေ တောကောင်ကြီး၏စွတ်ကြောင်းနောက်သို့ လိုက်သွားခဲ့ကြ၏။ ဆင်ရိုင်းကြီးသည် တောအုပ်ထူထူအတွင်းသို့ဝင်ရောက်သွားကြောင်း စွတ်ကြောင်းကို ကြည့်၍သိရ၏။ တောက်ပသော အလင်းရောင်တွင် စိမ်းစိုညိုမှောင်သော တောအုပ်ကြီးက အဆောက်အအုံစိမ်းစိမ်းကြီးတစ်ခု တိုင်လုံးကြီးများနှင့် ထောက်ကန်ထားသည့်သဖွယ် မြင်တွေ့ရသည်။ ချောက်ချားဖွယ်ရာတိတ်ဆိတ်မှုက မုဆိုးများအား စိန်ခေါ်နေသည့်အလား ဖြစ်သည်။ ကျွန်တော်တို့က သစ်တောကြီး၏အောက်ခြေမှာ ရွက်ကြွေများ နည်းပါးနေသည်ကိုပင် ကျေးဇူးတင်နေမိ၏။ အဘယ်ကြောင့်ဟူမူ ကျွန်တော်တို့၏ခြေသံများကို လုံခြုံစေသည့်အတွက်ပင်။ သစ်တောသည် အောက်ခြေရှင်းနေသည်ဖြစ်ရာ အတော်ခပ်လှမ်းလှမ်းအထိ တွေ့မြင်ရသည်။

ရှေ့မနီးမဝေးတစ်နေရာတွင် မြေပြင်ပေါ်၌ အငွေ့တထောင်းထောင်းထနေဆဲ ဆင်ချေးပုံတစ်ပုံကို မြင်ရသည်။ ယင်ကောင်တချို့တလေကိုပင် တွေ့မြင်ရသည်။ ဆက်စီတာက ကျွန်တော့်ကို ဆင်ချေးပုံမှ ကြေညက်ခြင်းမရှိသေးသော ပြောင်းစေ့ တစ်စေ့၊ နှစ်စေ့ကို တုတ်တစ်ချောင်းနှင့် ထိုးကော်ပြ၏။ သို့ဖြစ်ရကား တောကောင်ကြီးသည် မကြာသေးမီကမှ ဤနေရာမှထွက်ခွာသွားခြင်း ဖြစ်နိုင်ပါသည်။ ကျွန်တော်က ယခု ကျွန်တော်တို့ရောက်ရှိနေရာ တောပါးပါးအတွင်း တောကောင်ကြီးကို တွေ့မြင်ရဖို့ မျှော်လင့်မိပါသည်။ ထင်ထင်ရှားရှား မြင်မြင်ထင်ထင် တွေ့ရပြီး ပစ်ခတ်နိုင်ဖို့ ဖြစ်ပါ၏။ သို့စေကာမူ တောကောင်ကြီးကား ပရိယာယ်များသောသတ္တဝါ ဖြစ်၏။ တောနက်နက်ထူထူအတွင်းသို့သာ တိုးဝင်သွား၏။ လွန်ခဲ့သော နာရီပိုင်းလောက်က သူအနားယူအိပ်စက်ခဲ့သည့် တောနက်နက်အတွင်းသို့ ဖြစ်ပါသည်။ စွတ်ကြောင်းက ကျွန်တော်တို့ကို သစ်ပင်မြင့်မြင့်ကြီးများ၊ ဝါးပိုးရုံကြီးများ ပေါက်ရောက်လျက်ရှိသော တောအတွင်း လမ်းကြောင်းဖော်ပြသွားနေသည်။ မျောက်လွှဲကျော်များ၊ မျောက်ညိုအုပ်များက သစ်ပင်ထိပ်ဖျားတစ်ခုမှတစ်ခုဆီသို့ လွှားခနဲ လွှားခနဲ ခုန်၍ကူးနေသည်။

ကျွန်တော်တို့က မကြာမီပင် လွင်တစ်ခုသို့ ရောက်ရှိလာကြ၏။ ရွာသားတစ်ယောက်၊ နှစ်ယောက် သစ်ပင်တစ်ပင်ကို ခုတ်လှဲနေသည်။ ကျွန်တော်၏စိတ်အတွင်း ဒီတောကောင်ကြီးသည် ထင်းခုတ်နေသည့် ရွာသားနှစ်ဦးအား မည်သို့မည်ပုံ ရှောင်ကွင်းထွက်ခွာသွားကြောင်း စဉ်းစား၍မရ။ မည်သို့ဆိုစေ ဆင်ရိုင်းကြီး၏နည်းပရိယာယ်ကို လျှော့တွက်၍မရနိုင်သည်က ထင်ရှားပါသည်။ ကျွန်တော်တို့အနေနှင့် အန္တရာယ်ကြီးလှသော တောကောင်ကို ရင်ဆိုင်နေရပြီ ဖြစ်ပါချေသည်။ တောဆင်ရိုင်းကြီးသည် အသက်အသံ မကြားရအောင် လှုပ်ရှားသွားပုံရ၏။ ကျွန်တော်တို့နှင့်မိုင်ချီဝေးသွားပြီ ဖြစ်၏။

ဆက်စီတာနှင့် ကျွန်တော် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်မိ၏။ ပခုံးကို တစ်ချက်တွန့်၍ပြသည်။ မုဆိုးကောင်းဖြစ်နိုင်ပါသည်။ စွတ်ကြောင်းက နက်၍ စောက်မတ်သော လျှိုတစ်ခုအတွင်းသို့ လမ်းညွှန်သွား၏။ တောနှင်းဆီရိုင်းများ တောထအောင်ပေါက်နေသည်။ ကျွန်တော်တို့တစ်တွေ မြေပေါ်တွင် မိကျောင်းတွားသွားလျက် လမ်းရှာကာ တောကိုတိုးနေကြရ၏။ ခဏမျှအကြာ ကျွန်တော်သည် မကြာခင်ကမှ တောဆင်ရိုင်းကြီး ခေတ္တခဏနားခိုသွားသည့် ဖျိုက်တောအတွင်း ရောက်ရှိလာလေသည်။ တောနှင်းဆီ တွေက ထူထပ်လှ၏။ မနည်းပင်တိုး ထွက်ကြရသည်။

ရုတ်တရက် ရှေ့တစ်နေရာမှ တိုးမကျယ်အသံတစ်ခုကို ကြားလိုက် ၏။ ဆက်စီတာနှင့် ကျွန်တော်တို့ နှစ် စလုံး မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် အသက်ပင်မရှူဝံ့ဘဲ နေရာတွင်ပင် လိုက်ရ၏။ (၁၀) ပေ၊ (၁၅) ပေထက် မပိုသည့်အကွာအဝေးအတွင်း ဝါးပိုး တစ်ခုအောက်မှာ တောဆင်ရိုင်းကြီး အစာစားလျက် ရှိနေလေသည်။ ကျွန်တော်တို့နှစ်ယောက် (၁) လက်မခ ရှေ့သို့ ရွေ့လျားသွားလိုက်သည်။ နေရာမှာ ကျွန်တော်တို့ ဖြည်းညင်း ထ၍ရပ်လိုက်ကြ၏။ ဆင်ချေးပုံလ လတ်ဆတ်ဆတ်တစ်ခု အငွေ့တထော ထောင်းထလျက် တွေ့မြင်ရသည်။ ကျွန်တော်တို့က လေအောက်တွင်ရောက် နေသဖြင့် တောဆင်ကြီးက ကျွန်တော် တို့အနံ့ကို ရရှိပုံမရ။ လေပြည်လေ ၍ တိုက်လာပြန်သည့်အတွက် အထိ တလန့်ဖြစ်သွားမိ၏။ ကျွန်တော်တို့ ကို ဆင်ရိုင်းကြီး ရရှိသွားပါမူ အဆော ကြီးပင် အခက်အခဲတွေ့ရပေတော့ မဟုတ်ပါလား။

တောဆင်ကြီးနှင့် ကျွန်တော် တော်တော်ကြီး နီးကပ်လျက်ရှိပြီ။ ထွေးလှသည့် ဝါးပိုးရုံများကြောင့် ကောင်က ကျွန်တော်တို့ကို မမြင် ခြင်း ဖြစ်နိုင်သည်။ ဆက်စီတာက တော့်အား တစ်နေရာသို့ နှုတ်ခမ်း လျက် အချက်ပြလိုက်၏။ ကနဦး ကျွန်တော် ဘာတစ်ခုမှ မတွေ့မမြ ပါ။ သို့စေကာမူ ကျွန်တော်သည် ကြီးပစ်ရိုင်ဖယ်သေနတ်ကို ပခုံးထ အသာအယာတင်လိုက်သည်။ သေ မောင်းကိုတင်လိုက်လျှင် အသံ တော့မည်မှာ သေချာသည်။ အ ကြားရအောင် သေနတ်ကို မောင်း လိုက်၏။ အသက်ကိုအောင့်ထား ရန် အသင့်ပြင်ထားလိုက်၏။

ရုတ်တရက် တောကောင်ကြီး လှုပ်ရှားမှုက ငြိမ်သွားသည်။ မ ဖွယ်ရာအနံ့တစ်ခု ရသွားပုံပင်။ တော်က မိမိအသက်ရှူသံကိုပင် ပေါ်မလာအောင် အသက်ကိုအော ထားလိုက်၏။ ခဏအကြာမှာ ဝါး များ တဖြောင်းဖြောင်းကျိုး၍ ကောင်ကြီးက ကြောအတိုင်း ထိုး ပြေးထွက်သွားလေသ



www.burmeseclassic.com

www.burmeseclassic.com

တော်က စိတ်တွင်းမှနေ၍ တိုက်ခတ်လာသောလေပြည်ကိုပင် ကျိန်ဆဲလိုက်မိ၏။ စိတ်ပျက်လက်ပျက်နှင့် ကျွန်တော်တို့နှစ်ဦးသား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြ၏။ အားထုတ်ကြိုးစားထားသည်များ အလဟဿဖြစ်ရပြီ။

တောကောင်ကြီးကား အဝေးသို့ ရောက်သွားချေပြီ။ ကျွန်တော်တို့အချင်းချင်း စကားတစ်လုံးမျှပင် မပြောနိုင်ကြတော့။ နေဝန်းသည်ပင်လျှင် တစ်စထက်တစ်စ ငုပ်လျှိုး ပျောက်ကွယ်စပြုနေပြီ။ အရုဏ်အချိန်မှ စတင်ကာ တစ်နေကုန်တောအသွယ်သွယ်၊ တောင်အထပ်ထပ်ကို ခက်ခက်ခဲခဲ ကျော်ဖြတ်လာခဲ့ကြရသည်။ ယခု ကျွန်တော်တို့၏သားကောင်ကို မျက်ခြည်ပြတ်သွားရပြီ မဟုတ်ပါသား။ တောကောင်ကိုလည်း မုဆိုးတွေ ရှိနေကြောင်း သတိပေးလိုက်ပြီး ဖြစ်နေသည်လေ။

ဆက်လက်၍ ကျွန်တော်တို့က ဆင်ရိုင်းကြီးနောက်သို့ လိုက်ခဲ့ကြပြန်သည်။ ဖျက်တောက ရှုပ်ရှုပ်ထွေးထွေး ခဲခဲယဉ်းယဉ်းတိုးလျက် ခြေရာခံရ၏။ ရုတ်တရက် ဆက်စီတာက ရှတ်ခနဲလေချွန်သံတစ်ချက်ပြုလိုက်သည်။ ငှက်ကလေးတစ်ကောင်၏အသံမျိုး။ မုဆိုးအချက်ပြနည်းဖြင့် လက်ညှိုးတစ်ချောင်းထောင်ပြလိုက်သည်။ ကျွန်တော်တို့၏ ဘက်ဝဲဘက် မလှမ်းမကမ်းတွင် ဝါးပင်များကို တိုးတိုက်သွားသံတစ်ချက်ကြားလိုက်ရ၏။ ပြီးနောက် ရုတ်ခြည်း ရပ်တန့်သွားသည်။ လေအောက်သို့ရွေ့သွားပြီး မုဆိုးအနံ့ကိုခံနေသည့်ပုံပင်။

တောရှုပ်ရှုပ်အတွင်း သားကောင်ကို ရှာဖွေပစ်ခတ်ဖို့က အတော်ပင်ခက်ခဲလှပါသည်။ ကျွန်တော်တို့ တဖြည်းဖြည်း ရှေ့သို့ တိုးကြည့်သည်။ တောကောင်သည် ယခုအချိန်ထိ ကျွန်တော်တို့အနံ့ကို ရသေးပုံမရ။ တောကောင်ကြီး၏လှုပ်ရှားမှုကို မကြားရသေး၍ဖြစ်၏။ ဆင်ရိုင်းကြီးက နေရာတွင်ပင် ရပ်တန့်နေပုံရ၏။ တစ်စုံတစ်ရာ မသင်္ကာရာကို စူးစမ်းနေပုံပင်။ တဖြည်းဖြည်း ရွေ့သည်ဆိုရုံမျှ လှုပ်ရှားလျက် မျက်စိဆိုရှင်ထား၍ ကြည့်လာရင်းက ဝါးပိုးပင်တစ်ပင်၏အနောက်တွင် အမည်းရောင်အရိပ်ကြီးတစ်ခုကို ရုတ်တရက် တွေ့လိုက်ရ၏။ ကျွန်တော် လှုပ်ရှားမှုကို ချက်ချင်းပင် ရပ်တန့်လိုက်၏။ သေနတ်ကို ပခုံးထက်သို့တင်လိုက်၏။ ဖျက်တောအတွင်းမှာ ခေါင်းလား၊ အမြီးလား ခွဲခွဲကွဲကွဲမသိနိုင်သည့် ဆင်ရိုင်းကြီးကို မြင်တွေ့လိုက်ရ၏။ ဝါကြင့်ကြင့် ဆင်စွယ် တစ်ချောင်းချောင်းကိုသာ တွေ့လိုက်ရပါမူ ပစ်မှတ်ကို အပိုင်ပစ်ခတ်နိုင်မှာ သေချာလှပါသည်။ ရုတ်တရက် လေတစ်ချက်ဝှေ့လိုက်၏။ ဆင်ရိုင်းကြီး ကျွန်တော်တို့၏အနံ့ကို ရသွားပြီ။ တစ်မုဟုတ်ချင်း ဝေါခနဲ ထွက်ပြေးသွား၏။

သွားပြီ။ တစ်နေ့လုံး ကြိုးစားခဲ့သမျှ အလဟဿဖြစ်သွားခဲ့ရပြီ။ ဖျက်တောအတွင်းတွင် တွေ့မြင်ခဲ့စဉ်က ပစ်ခတ်လိုက်ပါကလည်း သေကွင်းမဟုတ်လျှင် တောကောင်ကြီး ဒဏ်ရာအနာတရဖြစ်ရုံသာဖြစ်ပြီး မုဆိုးတွေသာ အန္တရာယ်ဖြစ်ဖို့ သေချာသည်။ ဒဏ်ရာနှင့် တောကောင်များက အင်မတန် အန္တရာယ်ကြီးလှပါသည်။ ယနေ့အတွက်မူ နောက်ကြောင်းပြန်ခြင်းသာ အမှန်ကန်ဆုံး ဖြစ်ပေလိမ့်မည်။ နေက တစ်စထက်တစ်စ ဝင်နေပြီ။ ပြန်ရမည့်ခရီးကလည်း ဝေးသည်။ ခြေကိုပင် မသယ်ချင်တော့။ တစ်လှမ်းချင်းသာ မသက်မသာ လှမ်းလျက် အပြန်ခရီးကိုစိတ်ပျက်အားလျော့စွာ ပြန်ခဲ့ကြ၏။ တစ်ယောက်နှင့်တစ်ယောက် စကားတစ်လုံးမျှမပြောနိုင်ကြ။ ညစာကိုလည်း ဟုတ်တိပတ်တိမစားနိုင်ပေ။

ညစာကို ဝမ်းပြည့်အောင်သာစားလိုက်နိုင်ကာ ဆေးတံကို မီးညှိလျက် တစ်နေ့တာ လှုပ်ရှားခဲ့သည်များကို ပြန်လည် သုံးသပ်ကြည့်နေမိပါသည်။ ဌာနေ တိုင်းရင်းသားများ ကျွန်တော်တို့၏ လုပ်ရပ်အား ကျေနပ်ကောင်းမှ ကျေနပ်ကြပါလိမ့်မည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ဝန်းကျင်မှာ မြူတွေဆိုင်းလျက်ရှိသည်။ မြက်ပင်တွေအဖျားမှာ နှင်းတွေက တွဲလောင်းခိုနေကြသည်။ တိုက်ခိုက်လာသည့်လေက သွေးခဲလုမတတ် အေးစိမ့်နေသည်။ နံနက်ခင်းစာကို လက်ဖက်ရည်နှင့်ဝမ်းဖြည့်လျက်ရှိနေသည့်အခိုက် အပေါ်ပိုင်းဗလာနှင့် တိုင်းရင်းသားခြေမြန်တော်တစ်ဦး မောကြီးပန်းကြီးရောက်ရှိလာသည်။ သူယူလာသည့်သတင်းက ယမန်နေ့ညက (၃) မိုင်ခန့်သာ ကွာဝေးသည့် ကျေးရွာတစ်ရွာသို့ ဝင်ရောက်တိုက်ခိုက်သွားသဖြင့် ရွာသားနှစ်ဦး အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း၊ ပြောင်းခင်းတစ်ခင်းလုံး ဖျက်ဆီးသွားကြောင်း ဟူ၏။ ဆက်စီတာနှင့် ကျွန်တော်တို့ အချိန်မဆိုင်းတော့ဘဲ ချက်ချင်းပင် တောကောင်ကြီး ဝင်ရောက်သွားသည်ဆိုသောရွာသို့ ခြေမြန်တော် ရွာသားနှင့်အတူ လိုက်ပါသွားကြ၏။

ယမန်နေ့ညက တောကောင်ကြီး၏စွတ်ကြောင်းကို အခက်အခဲမရှိ တွေ့ကြရသည်။ ဆင်ရိုင်းကြီး၏ ခြေရာခြေကြောင်းကို ကျွန်တော်တို့ ဂရုစိုက်လိုက်ပါသွားကြသည်တွင် တောကောင်ကြီးသည် အလောတကြီးသွားနေခြင်းမရှိဘဲ အေးအေးဆေးဆေး သွားနေခြင်း ဖြစ်ကြောင်း စွတ်ကြောင်းကိုကြည့်၍ သိရှိရ၏။ မွန်းတည့်ချိန်မှာ ကျွန်တော်တို့ တောပါးပါးတစ်နေရာသို့ ရောက်လာကြ၏။ ဝါးပိုးမျှစ်အပိုင်းအစများ၊ စားကြွင်းများ နေရာအနှံ့တွင် တွေ့မြင်ရသည်။ ပေါင်လောက်၊ လက်မောင်းလောက် သစ်ပင်ငယ်များကို နှာမောင်းဖြင့် ချိုးဖဲ့ထားခဲ့သဖြင့် နေရာအနှံ့ကျဲပြန့်နေသည်။ အချို့အပင်များက (၄) ပေကျော်မျှရှိရာ ဆင်ရိုင်းကြီး မည်မျှခွန်အားကြီးကြောင်း သိရှိနိုင်ပေသည်။ ကျွန်တော်တို့က ဝါးပိုးရုံများအကြားသို့ ရောက်ရှိလာခဲ့ကြရာ ဝါးတောက ကျွန်တော်တို့၏လှုပ်ရှားမှုကို ကန့်သတ်ထားသည့်နှယ်ပင်။ လူတစ်ရပ်မျှရှိသည့် ဝါးပင်ပေါက်များကလည်း သေနတ်ကို ပခုံးထက်တင်လိုက်သည်နှင့် ရှေ့ချိန်သီးကို မမြင်ရအောင် ပိတ်ဆီးထားသည့်နှယ်ပင်။

လေပြင်း ယောက်ယက်ခတ်လိုက်သဖြင့် ဝါးပိုးပင်ထိပ်ဖျားများ ယိမ်းထိုးသွားကြသည်။ သတိကြီးစွာထားလျက် တစ်လှမ်းချင်း ရွေ့လာကြရင်း လေတင်ဘက်ရောက်မသွားအောင် ဂရုပြုနေရသေး၏။ လက်ရှိရောက်နေသည့်နေရာတွင်ပင် ကျွန်တော်က စခန်းသိမ်း ပစ်ခတ်လိုပါသည်။ ဝါးရုံတောအတွင်း တောကောင်ကြီးနှင့် ရင်ဆိုင်ရသည်က စင်စစ် လွယ်ကူခြင်း မရှိပါ။ ဆင်ရိုင်းကြီး တရကြမ်း ပြေးဝင် တိုက်ခိုက်လာပါက ပြောင်းထိုးချိန်၍ပစ်ခတ်နိုင်ရန် ခက်ခဲလှ၏။

တောဆင်ကြီးသည်ပင် တစ်ရှိန်ထိုး တိုးဝင်လာခြင်းမပြုနိုင်။ ဝါးပိုးပင်ကြီးများက လုံးပတ်ထွား၍ တောကောင်ကြီးအတွက် အဟန့်အတားတစ်ခု ဖြစ်နေမည်မှာ မုချ။ မုဆိုးတစ်ဦးဖြစ်သော ဆက်စီတာပင်လျှင် စိုးရွံ့ကြောက်လန့်တတ်ခြင်း မရှိခဲ့စဖူးဘဲနှင့် ယခုပွဲတွင် ရွံ့ရွံ့မဲ့မဲ့ ဖြစ်နေသည်။ သူ ကျွန်တော့်အား ကြည့်သည့်အမိပ္ပာယ်က 'မလွယ်လှဘူးခင်ဗျ' ဟု ဆိုလိုသည်။ စွတ်ကြောင်းနောက်သို့လိုက်ရင်း တောင်ကျချောင်းကလေးတစ်ခုသို့ ရောက်ရှိလာသည်။ ချောင်းအကွေ့တွင် ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မြင်တွေ့လိုက်ရသည်ကား ဆင်ရိုင်းကြီး ဖြစ်လေသည်။ တိရစ္ဆာန် ဆေးပင်ဖြစ်သည့် ကြောင်အူပင်လိုအပင်များကို နှာမောင်းဖြင့် ဆွဲနုတ်လျက် ပါးစပ်ထဲသို့ ထည့်နေသည်။

တောကောင်ကြီးကို ဦးစွာ တွေ့မြင်ရသော ဆက်စီတာက ကျွန်တော့်အား မေးကိုဆတ်ကာ အချက်ပြလိုက်၏။ လေပြည်တစ်ချက် ကြောနောက်မှ ဖြတ်၍တိုက်ခတ်သွားသည်။ ကံကောင်းထောက်မစွာ ကျွန်တော်တို့က ဆင်ရိုင်းကြီး၏လေညာတွင် ရောက်မနေကြ။ မဆိုးကံကောင်း ဖြစ်သွားပြီ။ တဖြည်းဖြည်း ရှေ့သို့ တိုး၍ တိုး၍ သွားနေရာမှ ဝါးပိုးမျှစ်တစ်ချောင်းကို ဖွဲ့ခနဲ ဆွဲနုတ်လိုက်သည့်အသံကို အနီးကပ်ကြားလိုက်ရလေသည်။ ဒီနောက် မျှစ်ကို ဝါး၍စားနေသည့်အသံများ တစ်ချက်ချင်းကြားကြရ၏။ ဆင်ရိုင်းကြီးက သူ့အစာသူစားနေသည်မို့ ဝန်းကျင်မှ မည်သည့်အသံကိုမျှ ဂရုမပြုနိုင်တော့။

ကျွန်တော် လှမ်းကြည့်လိုက်သည့်အခါ တောကောင်၏ နှာမောင်းကြီး မြောက်တက်လာကာ မျှစ်တစ်ချောင်းအား လှမ်းဆွဲနေသည်ကို မြင်ရသည်။ ဆက်စီတာသည် ဝါးပင်ခြောက်တစ်ခုတွင် ကပ်ငြိနေသည့် မှို့တစ်ဖတ်ကို လှမ်းခူးလျက် ဦးခေါင်းထက်သို့မြှောက်ပြီး မှုတ်တင်လိုက်၏။ မှို့ဖတ်ကလေးသည် လေနှင့်အတူ ကျွန်တော်တို့ရှေ့တူရူသို့ လွင့်ပါသွားသည်။ မှို့ဖတ်လေး ကျရောက်သည့် ဝါးပိုးရုံအခြေ (၁၅) ကိုက်ထက် မပိုသည့်နေရာတွင် တောကောင်ကြီးကို ရုတ်တရက် တွေ့မြင်လိုက်ရ၏။ သို့ပင်ဖြစ်စေကာမူ ကျွန်တော်က ရုတ်တရက် မပစ်လိုက်နိုင်သေးဘဲ စက္ကန့်ပိုင်းမျှ တွေဝေသွား၏။ အကယ်၍ ပစ်ချက်က လွဲချော်သွားခဲ့ပါမူ တောကောင်ကြီးက ပြန်လှန်တိုက်ခိုက်လာမည်လား၊ ဦးတည်ရာသို့ထွက်ပြေးသွားမည်လား မပြောတတ်နိုင်။ မည်သို့ဖြစ်စေ အခွင့်အရေးက တစ်ကြိမ်တည်းသာ ရရှိနိုင်မည် ဖြစ်ပါသည်။

တောကောင်ကြီးနှင့် ကျွန်တော်အကြားတွင် ဝါးပိုးပင်တစ်ပင်ခံနေသည်။ သေကွင်းကို တိတိပပထိမှန်ဖို့လိုသည်။ လုံးဝ လွဲချော်မသွားရအောင် ပစ်နိုင်ရပေလိမ့်မည်။ ထိုအခိုက် မမျှော်လင့်၊ မထင်မှတ်ဘဲ တောကောင်ကြီးက ကျွန်တော်တို့ကိုမြင်သွားပြီး နှာမောင်းကို ဦးခေါင်းပေါ်သို့မြှောက်၍ လည်ချောင်းသံကြီးဖြင့် ဝူးခနဲ အော်ဟစ်ကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။ ကျွန်တော်က စောစောကတည်းက မျှော်လင့်ထားပြီးဖြစ်၍ တောကောင်ကြီး၏နှာမောင်းရင်းကို သေချာစွာ ချိန်ရွယ်၍ ခလုတ်ကိုဆွဲလိုက်၏။ ပြင်းထန် ကျယ်လောင်သော အမဲကြီးပစ် သေနတ်သံသည် တောမြိုင်အတွင်း ဟိန်းဟိန်းညံအောင် ထွက်ပေါ်လာလေသည်။

ဆင်ရိုင်းကြီးသည် ငှက်ပျောပင်တစ်ပင်ကို အခြေမှ ခုတ်လှဲလိုက်သည့်နှယ် ဗိုင်းခနဲ လဲကျသွား၏။ ယင်းကဲ့သို့ လဲအကျမှာ တောကောင်ကြီး၏ကိုယ်လုံးကြီးက ဝါးပိုးပင်များအကြားတွင် ညပ်သွားလေသည်။ သို့ဖြစ်၍ ဆင်ရိုင်းကြီး ရုန်းလည်းမရုန်းနိုင်၊ တိုးလည်းမထွက်နိုင်တော့။ ကျွန်တော်က ဆင်ရိုင်းကြီး၏လည်ပင်းကို နောက်တစ်ချက်ထပ်မံ ပစ်ခတ်လိုက်၏။ တစ်ချက်၊ နှစ်ချက် အကြောဆွဲပြီး ခြေ၊ လက်လေးချောင်းစလုံး လေထဲသို့ ကန်ကျောက်ကာ ခဏမျှအကြာတွင် တောကောင်ကြီး ငြိမ်သက်သွားလေ၏။ နီဂီရီကျေးရွာအကြီးအကဲ၏ ကျေးရွာသူ ကျေးရွာသားများ နားရွက်ပြားအောင် စိတ်ချလက်ချ အိပ်နိုင်ကြပြီ။

ကျွန်တော်က တောဆင်ရိုင်းကြီးကို စစ်ဆေးကြည့်ရှုလိုက်သည်။ အစွယ်တစ်စုံသည် တိုလည်းတို၊ တုတ်လည်းမတုတ်ချေ။ တစ်ချောင်းမှ ပေါင် (၄၀) ပင် မပြည့်တတ်။ စင်စစ် စွယ်စုံဆင်တစ်ကောင်၏အစွယ်သည် ပေါင် (၁၅၀) ရှိပေသည်။ တောကောင်ကြီး၏ညာဘက်အစွယ်ရင်း၌ လက်လုပ်သေနတ်ကျည်ဆန်တစ်တောင့် တစ်ဝက်တစ်ပျက်နစ်မြုပ်လျက်ရှိသည်။ နှာမောင်းရင်းတွင် နစ်ဝင်နေသော ခဲသီးကြောင့် တောကောင်ကြီးက လှုပ်ရှားလိုက်သည့်အခါတိုင်း နာကျင်သည့်ဝေဒနာကို ခံစားနေရ၏။ ထို့ကြောင့်ပင် ဆင်ဆိုးကြီးဖြစ်လာရခြင်း အကြောင်းရင်း ဖြစ်လေသည်။

ကျွန်တော်၏ အတွေ့အကြုံအရ တောကောင်ကြီးများ ဆိုးသွမ်းခြင်း၊ လူကို တိုက်ခိုက်ရန်မူခြင်း၊ မည်းမည်းမြင်ရာ အန္တရာယ်ပြုခြင်းများသည် တိုင်းရင်းသား ဌာနေမုဆိုးတို့၏ အရာမရောက်သော လေးမြားဖြင့် ပစ်ခတ်ခံရခြင်း၊ လက်လုပ်သေနတ်ဖြင့် ပစ်ခတ်ခံရပြီး မထိရောက်ခြင်းတို့ကြောင့် ဖြစ်ပါချေသည်။ ဒဏ်ရာ အနာတရဖြစ်ရသည့် တောကောင်၏အန္တရာယ်က ပိုကြီးမားလှသည်မှာ အသေအချာ ဖြစ်ပါသည်။

❂

ဆက်စီတာနှင့် ကျွန်တော်တို့အား တိုင်းရင်းသားများက များစွာ ကျေး... တင်လျက် တတ်အားသမျှ စားဖွယ် သောက်ဖွယ်များ၊ လက်ဆောင်ပစ္စည်းများဖြင့် ကြိုဆိုကြ၏။ ကလေး၊ လူကြီး မကျန် ရွာသားများအားလုံး ၎င်းတို့၏ တဲများအတွင်းမှ ထွက်လျက် ဝမ်းပမ်း... တသာ နှုတ်ဆက်သည်။ ယင်းည... နေဝင်ဆည်းဆာအချိန်မှာ ညစာစားပြီး နောက် တဲတစ်လုံး၏အပြင်တွင် ဆေး... တစ်ဆုံမီးညှိလျက် အနားယူနေစဉ် ... ယခင် အာဖရိကတိုက် ကင်းယား... နယ်အတွင်း လူဖြူမုဆိုးတစ်ဦးအနေ... ကျင်လည်ခဲ့ရခြင်းများကို တွေးတော... ပါသည်။ ထိုစဉ်က ကျွန်တော် ပစ်ခတ်... ခဲ့သော တောကောင်များကား အန္တ... ရာယ်ကြီးသော တောဘုရင်ခြင်္သေ့များ... အာဖရိကဆင်ကြီးများ၊ ဦးချိုတစ်ချော... ကြံ့၊ ချိုနှစ်ချောင်းကြံ့များကိုလည်း ပစ်... ခတ်ခဲ့၏။ ဂုဏ်ယူပြောကြားခြင်းမဟုတ်... သည့်တိုင် ကျွန်တော်က အာဖရိကဆင်... ပေါင်း (၁၄၀၀) ထက်မနည်း ပစ်ခတ်... သတ်ဖြတ်ခဲ့သည်။

ကျွန်တော်သတ်ဖြတ်ခဲ့သည့် ... တောတိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ကျွန်... တော့်တွင် ခံစားမှုတစ်ခု ရှိပါသည်... တိရစ္ဆာန်များ၏အမူအကျင့်အား ကျွန်... တော် နားလည်လာခဲ့သည်။ စိတ်... တစားလည်း ရှိခဲ့ပါသည်။ ကျွန်တော်... သည် တောကောင်များကို အကြင်... ကင်းစွာ၊ ရက်စက်စွာ သတ်ဖြတ်နေ... တစ်ဦး မဟုတ်ပါ။ ကျွန်တော် ကြုံ... သော လက်နက်များကို အလွန်... မြတ်နိုးသည်။ အမဲပစ်သေနတ်... လက် ဆိုပါတော့။ အမဲပစ်ရိုင်ဖယ်... ကလစ်ခနဲ မောင်းတင်လိုက်သည့်အ... နှစ်လုံးပြူးသေနတ်ပြောင်းဝမှ ဒိန်း... ထွက်သွားသည့်အသံများကား အလ... တရာ သာယာနာပျော်ဖွယ်ကော... သည့် ဩခက်စထရာတီးဝိုင်းမှ ... သွားတစ်ခုအလား ကျွန်တော် ခံစား... ပါသည်။

စင်စစ် အမဲကြီးပစ်ခတ်ခြင်း ... မဟုတ် အမဲလိုက်တောလည်ခြင်း... ကောင်းမွန်သောကစားနည်းအပြင် ... ခြားမရှိဟု ကျွန်တော်တစ်ဦးတည်း... မြင်ဖြင့် ယုံကြည်နေမိသည်ကား ... ပင်တည်း။

ခင်မောင်အေး(မ...)

*J.A.HUNTER* ရေး... *"HUNTER"* ကို ဆီလျော်အောင် ... ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း)

# ဂမ္ဘီရပြေဒါးပြာဆေးအန္တရာယ်ရှိမရှိ နှင့် ဝိဇ္ဇာဓရရှောင်ဆေးအကြောင်း သိမှတ်စရာအပြာပြာ




'ဂမ္ဘီရပြဒါးပြာ' ဟု ကင်ပွန်းတပ်နေသောဆေးမှာ ဓာတ်ဆေးနည်းနယ်ပယ်ထဲမှတစ်ခုဖြစ်သော ဝိဇ္ဇာဓရ ရှောင်ဆေးနည်းပင် ဖြစ်ပါသည်။

ပ-ဒု-ကျောက်-ယမ်းဟု အတိုကောက်ခေါ်သော ပြဒါး၊ ဒုတ္ထာ၊ ကျောက်ချဉ်၊ ယမ်းစိမ်း ဓာတ် (၄) ပါးကိုစီမံ၍ ယန္တရားနှင့်ဖုတ်ရသောနည်းဖြစ်သည်။ ပြဒါးဦးဆောင်သော ဓာတ်ဆေးမျိုးဖြစ်၍ ပါဝင်သောဓာတ်ဆေးပစ္စည်းများကို သုဒ္ဓ စင်ကြယ်အောင်ပြုပြီး ကျွမ်းကျင်စွာ စီမံတတ်မှသာ အန္တရာယ်ကင်းသည့်ဆေးတစ်ဖုံ ဖြစ်နိုင်ပေသည်။

သုဒ္ဓ မစင်ကြယ်၍ ပြဒါးဆိပ်သင့်လျှင် လွန်စွာကြောက်မက်ဖွယ်ကောင်းသည်။ တိုးတက်ခေတ်မီသော နိုင်ငံကြီးများတွင် အဏုမြူရောင်ခြည်အဆိပ်သင့်လျှင် ပြဒါးဆိပ်ကို ဒုတိယအရေးကြီးဆုံးနေရာတွင်ထား၍ ရှောင်ကြဉ်ကြပါသည်။ သို့ပါ၍ ဝိဇ္ဇာဓရရှောင်ဆေး (သို့) ဂမ္ဘီရပြဒါးပြာ' ဟု ကင်ပွန်းတပ်နေသော ဓာတ်ဆေးကို ဖော်စပ်၍သုံးစွဲကုသကြမည်ဆိုလျှင် မသိမဖြစ် သိထားရမည့် အရေးကြီးသော အကြောင်းအချက်များကို သုတေသီ၊ ပညာသင်များ ရှင်းလင်းလွယ်ကူစွာ သိမှတ်နိုင်အောင် အတတ်နိုင်ဆုံး စေတနာထား၍ ရေးသားတင်ပြလိုက်ပါသည်။

ဝိဇ္ဇာဓရ ရှောင်ဆေး (သို့) ဂမ္ဘီရပြဒါးပြာဆေးသည် မသုံးတတ်လျှင် အလွန် အန္တရာယ်ကြီးပါသည်ဟု ရှေးဦးစွာ အထူးသတိပေး ပန်ကြားအပ်ပါသည်။ အမှန်မှာ ဝိဇ္ဇာဓရရှောင်ဆေးသည် လူအများထင်နေသကဲ့သို့ ပြဒါးသေပြာ အစစ်မဟုတ်ပါ။ သုဒ္ဓစင်ကြယ်အောင် ပြုထားသော ပြဒါးဓာတ်၏ အာကာသဓာတ်သတ္တိနှင့် အခြား နာမ်ဓာတ်ဆေး (၃) ပါးတို့ဖြင့် ပေါင်းစပ်ဓာတ်ပြုပြီး ရှောင်အနေဖြင့် အထက်မှာ စွဲဝင် ခိုအောင်းနေပြီး ပြဒါးသတ္တိအပြည့်အဝ ပါဝင်နေသည့် ဓာတ်ဆေးမျိုးပင် ဖြစ်သည်။ (ရှောင်ဆေးသည် ပြဒါးသေပြာ မဟုတ်ပါ။) ထို့ကြောင့် Heavy Metal ဟု ဆိုအပ်သော ဓာတ်ဆေးများသည် အမှန်တကယ် အန္တရာယ်ကြီးသည်ဟု အသိဝင် သတိယှဉ်ပြီးမှ ချင့်ချိန်၍သုံးပါဟု တိုက်တွန်း နှိုးဆော်ပါသည်။

သုံးတတ်လျှင် နတ်ဆေး၊ မသုံးတတ်လျှင် သေဆေး ဆိုသကဲ့သို့ အထူးသတိပြုဆင်ခြင်၍ သုံးရသော ဆေးမျိုးဖြစ်သည်။

ရှောင်ဆေးသည် ဓာတ်ဆေးအမျိုးအစားဖြစ်၍ ဆေးပညာ၊ ဓာတ်ပညာ၊ ရောဂါဗေဒပညာတို့ကို ကျွမ်းကျင်နားလည်သော ပညာရှင်များသုံးလျှင် နတ်ဆေးတမျှ အစွမ်းထက်၍ သိယောင်ကား၊ တတ်ယောင်ကား ကြားဖူးနားဝ ပညာသင် ဝါသနာရှင်များ အသုံးမပြုအပ်ပေ။

ဝေဒနာရှင်များအတွက် လွန်စွာဆေးကြောင့် လေးရမည့်ကိန်း ဆိုက်နိုင်ပေသည်။ ရှောင်ဆေးကို ကိုင်တွယ်ကုသသော ဆရာသည် မိမိ၏ကျွမ်းကျင်မှုအဆင့်အတန်းကို သေချာသုံးသပ်ပြီးမှ ရှောင်ဆေးကို အသုံးပြုပါဟု အထူး ပန်ကြားလိုပါသည်။

ဂါထာပေး တေးဖြစ် ဆိုသကဲ့သို့ မဂ္ဂဇင်းစာစောင်များ အလျှံပယ်ပေါ်များစွာ ထွက်ရှိနေသော ယနေ့ မီဒီယာခေတ်မှာ နက်နဲခက်ခဲသော ပညာရပ်ပိုင်းဆိုင်ရာ နည်းနာများကို အနည်းငယ်ကြားဖူးနားဝ သိရှိမှုနှင့် လက်တည့်စမ်းကလောင်သွေးနေကြသော ဆရာ့ဆရာများ သတိပြုစေချင်ပါသည်။ မိမိရေးသားလိုက်သော အကြောင်းအရာပညာရပ်တွင် မည်သည့်အတိုင်းအတာအထိ ကျွမ်းကျင်တတ်မြောက်ပါသနည်း။

မိမိတင်ပြသော အကြောင်းအရာပညာရပ်အပေါ်မှာ အတိမ်အနက်၊ အမှား၊ အမှန်ကို ဆင်ခြင်ထောက်ရှုနိုင်မှသာလျှင် လူအများကို ရေးသားတင်ပြအပ်ပါသည်။

ဤကဲ့သို့ ပန်ကြားတောင်းပန်ရသည့်အကြောင်းမှာ ယနေ့ မဂ္ဂဇင်းစာစောင်စာအုပ်များတွင် ပါဝင်ဖော်ပြလာသော ဆေးနည်း၊ အဂ္ဂိရတ်နည်းများကို ဉာဏ်နု၍ အဆင်ခြင်နည်းပါးသော ဝါသနာရှင် ပညာသင် အချို့သည် ရေးသားတင်ပြလာသော နည်းပညာ ကွက်ကွက်ကလေးပေါ်တွင်သာ အာရုံဝင်စားပြီး အကြောင်းအကျိုး အတိမ်အနက်ကို မဆင်ခြင်ဘဲ လိုက်လံလုပ်ဆောင် အကောင်အထည်ဖော်နေကြ၍ အကျိုးနည်း၊ ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင် ကြုံတွေ့နေရသောကြောင့်ပင် ဖြစ်သည်။

သို့ပါ၍ မိမိက အမှန်တကယ် စေတနာရှိပြီး အများပြည်သူ ဝါသနာရှင်



www.burmeseclassic.com

www.burmeseclassic.com

များကို သိစေချင်သည်ဆိုလျှင် ကိုယ်တိုင် ကျွမ်းကျင်သောပညာရပ်တို့ကိုသာ သေချာဂနစွာ ရေးသားတင်ပြကြပါ။

(ဘကြီးထံမှရသောနည်း၊ ဘဘုန်းဆီမှရသော ဓာတ်ထိုးနည်း စသည်ဖြင့် တစ်ဆင့်ခံ ဖောက်သည်ချသည့် မရေမရာ မသေချာသော ရေးသားတင်ပြခြင်းမျိုးတို့ကို ဆင်ခြင်ပါဟု တောင်းပန်အပ်ပါသည်။)

ဥပမာ- အင်္ဂလိပ်ရတ်ပညာရပ်နှင့် ပတ်သက်၍ဆိုရလျှင် ကိုယ်တိုင်ကျွမ်းကျင်လိမ္မာ တတ်မြောက်ပြီး သူတစ်ပါးကိုလည်း တကယ်စေတနာဖြင့် ပညာပေးဖြန့်ဝေသည့် ရေးသားတင်ပြမှုမျိုးကို ကြိုဆို ဦးညွှတ် လေးစားမှုပြုပါသည်။

မိမိတင်ပြသော ပညာရပ်သည် ဝါသနာရှင်, ပညာသင်များ အသိတိုးပွား၍ ပညာရှင်များ သာစုခေါ်မိစေရန် အထူးဆင်ခြင်၍ ရေးသား တင်ပြရန်လိုအပ်ပါသည်။

ယခုအခါမှာ ဖိုကြိုးတစ်ချက် မဆွဲဘူး၊ ညှပ်တစ်ချက် မကိုင်ဘူး၊ တစ်လုံး တစ်မီးမှ မထိုးဘူးဘဲ အင်္ဂလိပ်ရတ်နည်းများကို တဖောင်ဖောင် ရေးသား တင်ပြနေကြသည်ကို ဆင်ခြင်သင့်လှပေသည်။

အကြောင်းမှာ အဆင်ခြင်မဲ့ ရေးသားတင်ပြသူတို့၏ နည်းနာများကို ယုံကြည်ပြီး လိုက်လံလုပ်ဆောင်နေသော ဝါသနာရှင် ပညာသင် ဉာဏ်မရင့်ကျက်သူများ ပျက်စီးဆုံးရှုံး နစ်နာနေကြသည်ကို တွေ့မြင်နေရသဖြင့် ရင်ထဲတွင် မကောင်းလှပါ။ ပညာရှင်များအတွက်ကတော့ ရေးသားတင်ပြလာသော နည်းနာတို့ကို တစ်ချက်ကြည့်လိုက်ရုံဖြင့် ဖြစ်နိုင်၏, မဖြစ်နိုင်၏ကို သုံးသပ်ဆုံးဖြတ်နိုင်ပါသည်။ အကြောင်းမဟုတ်ပါ။

သို့သော် ဝါသနာရှင် ပညာသင်တို့အတွက်ကတော့ နည်းတွေ့တိုင်းစမ်းသပ် လုပ်ကိုင်ကြ၊ လုပ်ကိုင်တိုင်း ဆုံးရှုံးကြနှင့် အလွန်ပင် နစ်နာကြပါသည်။ အင်္ဂလိပ်ရတ်သည် အလွန်ကြီးပါသည်။ စွဲမိပြီဆိုလျှင် အိုးပစ်၊ အိမ်ပစ် တရှူးထိုး လုပ်ကိုင်စေသည်။ စိတ်ဝင်စားသွားစေပါသည်။

အဲဒါကြောင့် မိမိပယောဂကြောင့် တစ်ပါးသူ ဝါသနာရှင် ပညာသင်များ အင်္ဂလိပ်ရတ် အပြုစားမခံရစေရန် အထူးဆင်ခြင်ကြပါဟု တောင်းဆိုရခြင်း ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် ဤအဆင့်များကို ရင်ဆိုင်ခံစားကျော်ဖြတ်လာခဲ့ရသောကြောင့် အင်မတန်ကိုမှ ဝါသနာရှင် ပညာသင်များကို ကိုယ်ချင်းစာနာမိပါသည်။ ထို့ကြောင့် အင်္ဂလိပ်ရတ်နှင့် ဆေးပညာ၊ ဆေးနည်းများအကြောင်းကို မသိနားမလည်လျှင် ဆင်ခြင်၍ ရေးသား တင်ပြကြပါ။ သိရှိ နားလည် ကျွမ်းကျင်သော ပညာရှင်များကလည်း လက်ဆင့်ကမ်း ဖြန့်ဝေပေးကြပါဟု တိုက်တွန်းနှိုးဆော်ပါသည်။

(နောင်အလျဉ်းသင့်လျှင် အင်္ဂလိပ်ရတ်ပညာနှင့်ပတ်သက်သော သဘောတရားများကို စေတနာရှေ့ထား၍ ရေးသားတင်ပြချင်ပါသည်။)

ယခု အဓိကသော့ချက်အပိုင်းဖြစ်သော ရှောင်ဆေးအကြောင်းသိကောင်းစရာများကို စေတနာရှေ့ထား၍ ရိုးသားစွာ တင်ပြပါတော့မည်။

ရှောင်ဆေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်အချက်များမှာ-

၁။ ရှောင်ဆေး၏သဘောသဘာဝ၊
၂။ ရှောင်ဆေးဖုတ်နည်း သဘောတရားများ၊
၃။ ရှောင်ဆေးကောင်း၏အရောင်၊ ရှောင်သေ,မသေ၊
၄။ ရှောင်ဆေးကို မသုံးသင့်သည့် ရောဂါများ၊
၅။ ရှောင်ဆေးသုံး၍ တုသနိုင်သည့် ရောဂါများ၊
၆။ ရှောင်ဆေးကို ခန္ဓာကိုယ်တွင်းဝင်ပြီး ထားရှိရမည့်အချိန် အတိုင်းအရှည်နှင့် ဆေးပမာဏ၊
၇။ ရှောင်ဆေးကို ခန္ဓာကိုယ်မှ ပြန်ထုတ်ခြင်း၊
၈။ ရှောင်ဆေး တိုက်ကျွေးနည်းစနစ်၊
၉။ ရှောင်ဆေးတိုက်ပြီး ပြုမူနေထိုင်စားသောက်နည်း. . .

စသည့်အချက်များကို မသိမဖြစ် သိထားရန် လိုအပ်ပါသည်။

## (၁) ရှောင်ဆေး၏သဘောသဘာဝ

ရှောင်ဆေးတွင် ပါဝင်သော ပြဒါး၊ ကျောက်ချဉ်၊ ဒုတ္ထာ၊ ယမ်းစိမ်း စသည့် ဓာတ် (၄) ပါးတွင် ကျောက်ချဉ်၊ ဒုတ္ထာ၊ ယမ်းစိမ်း ဓာတ် (၃) ပါးသည် ဓာတ်ကူပစ္စည်းများအဖြစ် ဓာတ်ပြုပေးသည်။

အဓိကဇာတ်လိုက်မှာ ပြဒါးဓာတ်ပင် ဖြစ်သည်။ ထိုပြဒါးဓာတ်သည် မစင်ကြယ်လျှင် (သို့) ပမာဏများစွာ ခန္ဓာကိုယ်အတွင်း ဝင်ရောက်စုအောင်းနေခဲ့လျှင် လွန်စွာ အန္တရာယ်များပေသည်။

ပြဒါးဆိပ်သင့်၍ အသည်း၊ ကျော[...]
ကပ်၊ ဦးနှောက် အာရုံကြောနှင့်[...]
ခန္ဓာကိုယ်တစ်ခုလုံးကို ပျက်စီးအော[...]
လုပ်ဆောင်စေသည်။

ထို့ကြောင့် ပင်မဓာတ်ဖြစ်သော[...]
ပြဒါးဓာတ်ကို ဆေးမဖော်မီ ကောင်း[...]
စင်ကြယ်စွာ သုဒ္ဓပြုရန် အထူးလို[...]
ပေသည်။

ပြဒါးကို စင်ကြယ်စေရာတွင် [...]
ချို့က အင်္ဂလိပ်ရတ်နည်းတွင်သုံးသော [...]
လွယ်နည်း ငရဲမီးနှင့်စား၍ ပြဒါးကို [...]
ပြီး ဆေးတွင် သုံးကြသည်။ ထိုနည်း[...]
သန့်စင်ထားသော ပြဒါးကို ခန္ဓာကို[...]
တွင်းသို့ တိုက်ကျွေးသည့် ရှောင်ဆေး[...]
ဖုတ်ရာတွင် မသုံးမိစေရန် အရေးကြီး[...]
သည်။ (လုံးဝ မသုံးရပါ။)

ဝါသနာရှင်များ အကျိုးရှိ [...]
ခြင်နိုင်စေရန် ကိုယ်တွေ့ ဥပမာ[...]
တစ်ခု ပြောပြပါမည်။

အင်္ဂလိပ်ရတ်နည်းဖြင့် ပြဒါးကို ငရဲ[...]
ဖြင့် အမ်စီချက်ပြီး ထွက်လာသည့် ပြ[...]
ဓာတ်သားသည် ရွှေရောင်ဝင်းပြီး [...]
စွာမျက်စိပသာဒ ဖြစ်ပါသည်။ ၎င်း[...]
ဓာတ်လုံးကို လွန်စွာတန်ဖိုးထား အ[...]
ရောက်ပြီး ငရဲမီးဖြင့်ချက်ပြီးပြီးချင်း [...]
ပြဒါးဓာတ်လုံးကို ရေနွေးနှင့်စိမ်သော[...]
ခဲ့သော ပုဂ္ဂိုလ်တစ်ယောက်သည် [...]
ဘက်တွင်သောက်ပြီး နံနက်တွင် အိ[...]
မှမထတော့ဘဲ အနိစ္စရောက်ခဲ့သည့်[...]
ကြောင်းကို တွေ့မြင်ဖူးပါသည်။

(အထူး သတိပြုဆင်ခြင်[...]

ထို့ကြောင့် ခန္ဓာကိုယ်၌ သော[...]
သုံးရန် စီမံရသောဆေးတို့တွင် ပြဒါး[...]
အခြား သဘာဝဆေးဖက်ဝင် အပင်[...]
ဖြင့် စင်ကြယ်အောင် သုဒ္ဓပြုပြီးမှ[...]
ဖော်စပ်သုံးစွဲကြပါ။

နန္ဒင်းမှုန့်၊ ထမင်း၊ ကြက်သွန်[...]
ပျားရည်၊ ဆား စသည့် မိမိကျွမ်းကျ[...]
ရာ သဘာဝနည်းများဖြင့် ပြဒါးကို [...]
ကြယ်အောင် သုဒ္ဓပြု၍ သုံးကြပါ။

## ၂။ ရှောင်ဆေးဖုတ်နည်း သဘောတ[...]များ

ရှောင်ဆေးဖုတ်ရာတွင် ဓာတ်[...]
၏သဘောသဘာဝသတ္တိနှင့် စွမ်းဆော[...]
နိုင်မှုအပိုင်းတို့ကို ပိုင်နိုင်စွာ သိထား[...]
ပေမည်။ အတော်များများ ရှောင်ဆေး[...]
ဖုတ်သူတို့သည် ပြဒါးကို အောက်မှ[...]
ဒုတ္ထာ၊ ကျောက်ချဉ်၊ ယမ်းစိမ်းတို့ကို [...]
စဉ်လိုက် တစ်မျိုးချင်းကို တစ်ထပ်စီ[...]
၍ ဖုတ်ကြသည်။ ဤနည်းသည်[...]



www.burmeseclassic.com

www.burmeseclassic.com

ဆေးများ ဆေးဓာတ်ပြုမှုကို အားနည်းစေပါသည်။

ကျောက်ချဉ်၊ ဒုတ္တာ၊ ယမ်းစိမ်းဓာတ်တို့ကို တစ်မျိုးစီ ကျောက်ဆုံဖြင့် အရင် အမှုန့်ညက်စွာပြု၍ စက္ကူစိပ်စိပ်ဖြင့် ချထားပါ။ ပြီးလျှင် ဒုတ္တာမှုန့်ထဲတွင် သန့်စင်ပြီး ပြဒါးကိုထည့်၍ ဆုံတွင် သမသွားအောင် နာနာကြိတ်ပါ။ ဓာတ်နှစ်ပါးတို့ သမကာ ကောလီဖြစ်သွားလျှင် ကျောက်ချဉ်ကိုထည့်၍ သမအောင်ကြိတ်ပြီး နောက်ဆုံးမှ ယမ်းစိမ်းကိုထည့်၍ အားလုံး သမသွားအောင်ကြိတ်ပါ။

ဓာတ် (၄) ပါး ကောလီ ဖြစ်သွားလျှင် လက်ညှိုး၊ လက်မ နှစ်ချောင်းဖြင့် ဆေးမှုန့်အနည်းငယ်ကိုယူ၍ ပွတ်တိုက်ပါက ဓာတ်ဆေးမှုန့်တို့သည် လက်ဗွေအရေးအကြောင်းထဲတွင် စွဲဝင်နေသည်ကို တွေ့ရမည်။ ဓာတ် (၄) ပါး ကောလီဖြစ်၍ သမသွားပြီ ဖြစ်သည်။

ဤအဆင့်ကို စနစ်ကျစွာ လုပ်ဆောင်မှ ဆေးဖုတ်ရာတွင် ဓာတ်များ တစ်ပါးနှင့်တစ်ပါး လွယ်ကူသိမ်မွေ့စွာ ဓာတ်ပြုပြီး ဆေးကောင်း ရှောင်ကောင်းကို ရပေမည်။

ရှောင်ဆေးဖုတ်ရာတွင် မီးကို ကောင်းစွာ နားလည်ကျွမ်းကျင်ရန် အထူး လိုအပ်ပါသည်။ ထမင်းချက်၊ ဟင်းချက်ရာတွင် မီးပေးမမှန်ပါက ထမင်းကောင်း၊ ဟင်းကောင်းကို မစားရတတ်ပေ။ ဓာတ်ဆေးတို့ကို စိမ်ဖုတ်လုပ်ရာတွင် မီးနားလည်ကျွမ်းကျင်ရန် ထိုထက်အဆများစွာ သာလွန်၍ ခက်ခဲပါသည်။ မီးသဘောကို နားလည်ကျွမ်းကျင်ရန် ကြိမ်ဖန်များစွာ လေ့လာ လေ့ကျင့်ပါ။

ထို့ကြောင့် ရှောင်ဆေးဖုတ်သည့် အစဦးဆုံးမီးသည် ဝါးကို ထင်းလုပ်သော ဝါးမီးဖြင့် မီးပေးခြင်းသည် အကောင်းဆုံး ဖြစ်သည်။ ဝါးမီးသည် မီးရှိန်ကို လိုသလို မီးအတင်အချ ထိန်း၍ရသည်။

(ဝါးပေါက်စ၊ ဝါးခြမ်းပြား၊ ဝါးလုံးအသေး၊ ဝါးလုံးအကြီး၊ ထင်းချောင်း၊ မီးသွေး စသည် လိုအပ်သော ဓာတ်ကြိုက်မီးအနုအရင့်ကို ဉာဏ်ဖြင့် သုံးသပ် ဆင်ခြင်၍ မီးပေးရသည်။)

ပထမ (၁) နာရီ၊ (၁) နာရီခွဲခန့် အထိ မီးမျှဉ်း၊ ဝါးမီးဖြင့် ပေးသွားပြီး နောက်ပိုင်း ကြွေပန်းကန်ဖင်ခွက်မှ ရေအပူချိန်ကိုကြည့်၍ မီးအပြင်း၊ အပျော့သို့၍ ပေးသွားပါက ရှောင်ဆေးကောင်းကို ရမည်။

(ဤသည်တို့ကို ပြောပြ၊ ရေးပြရတာ လွယ်သလို ထင်ရပေမယ့် လက်တွေ့လုပ်ကြည့်ပါက မီးကိုချိန်ဆရန် အလွန် ခက်ခဲပါသည်။)

**၃။ ရှောင်ဆေးကောင်း၏ အရောင်အဆင်းနှင့် ရှောင်သေ၊ မသေ**

မီးကို နားလည်ကျွမ်းကျင်စွာဖြင့် ဖုတ်၍ ရရှိလာသော ရှောင်ဆေး၏အရောင်မှာ ကြက်သွေးရင့်အရောင်၊ နီညိုရင့်အရောင်ရှိပြီး အောက်ခြေ ကြွေပန်းကန်အနားပတ်အရောင်သည် ပုစွန်ဆီအရောင် ရှိပါသည်။ ၎င်းသည် ပထမတန်းစား ဆေး၏အရောင် ဖြစ်သည်။ (ဆေးကောင်းစွာ မီးနပ်၍ ဆေးကျက်သောအခြေအနေကိုဖော်ပြနေသည်။)

ဆေးမီးမနပ်၍ ရလာသော ဆေးအရောင်မှာ အဝါရင့် သို့မဟုတ် အဝါနုရောင် သို့မဟုတ် အဝါနုတွင် အနီရောင်အနည်းငယ် စွက်၍နေပြီး အောက်ခြေအနားပတ်မှာ ဖြူဖျော့ဖျော့အရောင်ပေါက်နေသည်။

(ဤအခြေအနေသည် ဆေးကောင်းစွာ မီးမနပ်ခြင်းကို ဖော်ပြနေသည်။)

ဖုတ်၍ရလာသော ရှောင်ဆေးမှုန့်တို့ကို လေလုံသော ဖန်ပုလင်းတွင် (၁) လ၊ (၂) လခန့် သိမ်းထားစဉ် ဆေးမှုန့်များထဲတွင် ပြဒါး မူလပြန်၍ ပြဒါးရည်ဥကလေးများကို တွေ့ရပါက ရှောင်မသေပါ။ ရှောင်မသေဘဲသုံးလျှင် အန္တရာယ်ကြီးပါသည်။ ပြဒါးဆိပ်သင့်နိုင်သည်။ အထူးသတိပြု၍ သုံးစွဲပါ။

**၄။ ရှောင်ဆေးကို မသုံးသင့်သည့်ရောဂါများ**

ရှောင်ဆေးသည် အစွမ်းထက်ပြင်းထန်၍ အဖျက်စွမ်းအားကြီးသည့် ဓာတ်ဆေးမျိုးဖြစ်သောကြောင့်-

(က) အသက်အရွယ် အိုမင်းကြီးရင့်သူများ၊
(အသက် ၇၀ ဝန်းကျင်နှင့် အထက်အရွယ်)

(ခ) နုနယ်သော ကလေးသူငယ်များ၊ (အသက် ၁၂ နှစ်နှင့် အောက်အရွယ်များ)

(ဂ) သွေးပေါင်ချိန် အလွန်မြင့်များစွာ တက်တတ်သူများ၊

(ဃ) မကြာခဏ သွေးပေါင်ချိန်ကျ သွေးအားနည်းသူများ၊

(င) သွေးထဲတွင် ဟေမိုဂလိုဘင်ဓာတ် လျော့နည်းပြီး သွေးနီဥသက်တမ်းမပြည့်မီသူများ၊

(စ) မွေးရာပါ သွေးတွင် သံဓာတ်မြင့်မားသူများ၊
(ထိုသူများသည် အသည်း၏လုပ်ဆောင်ချက်မကောင်းတတ်ကြပေ။)

(ဆ) အသည်းကျစ်၊ အသည်းလုပ်ဆောင်ချက် အားနည်းသူများ။

(ဇ) သွေးထဲတွင် ဆိုဒီယမ်၊ ပိုတက်စီယမ်၊ ကလိုရိုက် စသော ကိုယ်တွင်းဓာတ်ဆားများ လျော့နည်းသူများ။ ကိုယ်တွင်းဓာတ်ဆားမတည်ငြိမ်သူများ။

(ဈ) နှလုံးသွေးကြောပိတ်ပြီး (Heart attack) ရ၍ နှလုံးကြွက်သားသွေးငတ်ပြီး နှလုံးကြွက်သားပုပ်ခြင်းဒဏ်ရှိခဲ့သော (Myocardial infaretion) ရခဲ့ဖူးသူများ။

(ည) စတီးရွိုက်ဆေးများ၊ သွေးကျဲဆေးများ စွဲသောက်နေရသောရောဂါရှင်များ။

(ဋ) ကျောက်ကပ်ရောင် ရောဂါ၊ ကျောက်ကပ်မကောင်း၍ စက်နှင့် သွေးသန့်စင်နေသူများ။

(ဌ) ဦးနှောက်သွေးကြောပေါက်၍ သွေးယိုပြီး လေဖြတ်သည့် လေငန်းရောဂါသည်များ။

(ဍ) ဦးနှောက် သွေးကြောဖောင်းရောဂါ၊ နှလုံးသွေးကြောမကြီးဖောင်းသောရောဂါများ။

(ဎ) အာဟာရဓာတ် ချို့တဲ့နေသူများ။

(ဏ) ကျား၊ မ အင်္ဂါဇာတ်နှင့်တကွ တစ်ကိုယ်လုံး ဖောရောင်နေသူများ (ကမ္ဗလပထဝီပျက်ပြီးဖောရောင်နေသူများ)...

စသည့်ရောဂါသည်များကို ရှောင်ဆေး သုံးစွဲတိုက်ကျွေးခြင်း မပြုရပါ။ ရှောင်ဆေးသည် အဖျက်စွမ်းအားကြီးသည့် ဓာတ်ဆေးမျိုးဖြစ်၍ ဥပမာဆိုရသော် တိုက်ပွဲတစ်ပွဲတွင် အဖျက်စွမ်းအားကြီး အစွမ်းထက်လက်နက်ကြီးဖြင့် တိုက်ခဲ့သော် ရန်သူကိုတော့ ဖြိုခွင်းနိုင်ပါသည်၊ သို့သော် တိုက်ပွဲဖြစ်ရာ စစ်တလင်းမြေပြင်တွင် လက်နက်ကြီး၏ ဒဏ်ကြောင့် ကြေမွပျက်စီးခဲ့ရပါသည်။

ထို့အတူ အဖျက်စွမ်းအားကြီးသည့် ဓာတ်ဆေးမျိုးတို့နှင့် ရောဂါကိုတိုက်ဖျက်သည့်အခါ ဆေး၏ဒဏ်ကို ရောဂါစွဲကပ်ရာ ခန္ဓာအိမ်သည် ခံစားရပါသည်။ ၎င်းကို ဆေး၏ (Side effect)



www.burmeseclassic.com

www.burmeseclassic.com

ဘေးထွက်ဆိုးကျိုးဟု ခေါ်ပါသည်။

ခန္ဓာအိမ် တောင့်တင်းခိုင်ခံ့လျှင် ဆေး၏ဒဏ်နှင့် ဘေးထွက်ဆိုးကျိုးကို ခံနိုင်သော်လည်း ခန္ဓာအိမ် ချည့်နဲ့အားနည်းနေလျှင် ဆေး၏ဒဏ်၊ ဆေး၏ဘေးထွက်ဆိုးကျိုးကြောင့် ခန္ဓာအိမ်ပျက်စီးကြေမွ မြေခ,သွားနိုင်သည် ဆိုသည့်အချက်ကို အထူးသတိပြု ဆင်ခြင်၍ ဆေးကုသခြင်းအမှုကို ပြုကြပါဟု သတိပေးချင်ပါသည်။

## (၅) ရှောင်ဆေးသုံး၍ ကုသနိုင်သောရောဂါများ

ရှောင်ဆေးသည် အစွမ်းထက်ပြင်းထန်သော အဆိပ်ဓာတ်ဆေးမျိုးဖြစ်သည့်အတွက်-

မြွေကိုက်ခံရသည့်လူနာ မြွေဆိပ်တက်ခြင်းတို့တွင် လွန်စွာ အသုံးဝင်ထက်မြက်ပါသည်။ အဆိပ်ကို အဆိပ်ဖြင့် တန်ပြန်၍ကုသသောနည်း ဖြစ်ပါသည်။ မြွေဆိပ်၏ ပြင်းထန်မှုအပေါ် မူတည်၍ ဆေးအချိန်အဆကို ချင့်ချိန်၍ ပေးရသည်။ အရေးကြီးသောအချက်မှာ မြွေကိုက်ခံရသောလူနာတွင် ရှောင်ဆေးကို ဆေးမန်ကျည်းစေ့ (၁) စေ့ သို့မဟုတ် (၂) စေ့ခန့်ကို ဝမ်းတွင်းသို့ ဝင်အောင်တိုက်ပြီး ရှောင်ဆေးမှုန့် ရွေးကြီး (၁) စေ့ခန့်ကို သံပရာရည်နှင့်ဖျော်၍ လူနာ၏ငယ်ထိပ် အရေခွံ ဦးရေပြားကို ပိုးသတ်သန့်စင်ထားသောဓားဖြင့် အနည်းငယ်ခွဲ၍ ၎င်းဆေးကို သိပ်ထည့်ပြီး အပေါ်မှ ကြေးပိုက်ဆံပြား (သို့) ငွေဒင်္ဂါးပြားကို မီးရဲအောင်ဖုတ် အပူပေး၍ ရေထဲတွင် အခိုးငြိမ်းပြီး ကျန်ရှိနေသော ကြေးပြား သို့မဟုတ် ငွေပြားအပူရှိန်နှင့် ငယ်ထိပ်မှာ ဖိကပ်ပေးပါ။

(ဤသို့ ပြုလုပ်ပေးပါက သတိလစ်နေသောလူနာ သတိပြန်ပြီး လည်လာနိုင်သည်။)

မြွေကိုက်သည့်ဒဏ်ရာတွင်လည်း အထက်ပါနည်းအတိုင်း စပါးလုံးတစ်ထောက်ခန့် ဓားသန့်သန့်ဖြင့် အနည်းငယ်ခွဲပြီး ဆေးမှုန့်ကို သံပရာရည်နှင့်ဖျော်၍ သိပ်ပေးပါ။

အထူးသတိပြုရမည်မှာ မြွေကိုက်ခံရသည့်လူနာကို ရေလုံးဝမတိုက်ရဘဲ ရေဆာ၊ ရေတောင်းတိုင်း အုန်းစိမ်းရည်ကိုသာ အဝတိုက်ပေးရမည်။ ၎င်းနည်းအတိုင်း တစ်ပတ်ခန့် အုန်းစိမ်းရည်ကိုသာ ဆက်၍တိုက်ပေးပါ။

ရှောင်ဆေးတိုက်ပြီး အခြား 'တွန်စုပ်' ခြင်းနည်းဖြင့်လည်း တွဲ၍ လူနာကို ကုသပေးနိုင်ပါသည်။ အဆိပ်ရှိသော သတ္တဝါများကိုက်သည့် ဝေဒနာရှင်များတွင် ရှောင်ဆေး၏အသုံးဝင်မှုမှာ အလွန်ထိရောက် အစွမ်းထက်လှပါသည်။

မြွေဆိပ်တက်ခြင်းနှင့် အလားတူသည့်ဒဏ်ရာရပြီး မေးခိုင်ရောဂါပိုးဝင်၍ မေးခိုင်ပြီး နောက်ဆုံးအဆင့် ဆေးရုံဆေးခန်းများမှ လက်လွှတ်လိုက်ရသည့် လူနာများကိုလည်း ရှောင်ဆေးဖြင့် မြွေဆိပ်တက်ကုသနည်းစနစ်အတိုင်း ကုသပေးနိုင်ပါသည်။

ဦးနှောက်သွေးကြောပိတ်၍ လေငန်းဖြစ်သည့်သူများ-

မှတ်ချက်-လေငန်းရောဂါဖြစ်ရာတွင် နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။

(A) ဦးနှောက်သွေးကြောပိတ်၍ လေငန်းဖြစ်ခြင်း၊

(B) ဦးနှောက်သွေးကြောပေါက်၍ ဦးနှောက်တွင်း သွေးယို၍ လေငန်းဖြစ်ခြင်းဟု (၂)မျိုးရှိရာတွင် အထူးသတိပြုရမည်မှာ-

(A) ဦးနှောက်သွေးကြောပိတ်၍ လေငန်းဖြစ်သူကိုသာလျှင် ရှောင်ဆေးနှင့် ကုသနိုင်သည်။

(B) ဦးနှောက်သွေးကြောပေါက်၍ ဦးနှောက်သွေးယိုပြီး လေငန်းဖြစ်သောရောဂါတွင် ရှောင်ဆေးကို လုံးဝမသုံးရန် အထူးသတိပြု ဆင်ခြင်ရမည်။

အဆုတ်တီဘီရောဂါ၊ အဆုတ်နှင့် ပတ်သက်သည့်ရောဂါများ။

ခြေ, လက်ထုံကျဉ်သောရောဂါ။

သွေးကြောပိတ်၍သွေးမလျှောက်သော ရောဂါများ။

ဆေးပညာ သဘောတရားအရ ကုသ၍ ခက်ခဲသော ဓာတ်လိမ်ရောဂါ (ဦးနင်း ပုံ့ထောင်၊ ပုံ့နင်း ဦးထောင်) ဟု ဆိုအပ်သော ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက် အကိုင်တွယ်ခက်၊ ဆေးပေးရခက်သည့် နာတာရှည် ရောဂါကြီးများတွင် ကုသသည့် ဆရာသည် ဓာတ်အမြင်ကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ဆုံးဖြတ်ပြီး မိမိလိုသော (အပူလိုင်း၊ အအေးလိုင်း) တစ်ခုခုဘက်သို့ ရောဂါကို ပါလာအောင်ဆွဲဆောင်ပြီး ကုသရသော ဓာတ်မြှူ ဓာတ်ဆွ ကုရသည့်ကုထုံး။

ခန္ဓာကိုယ်တွင် လွန်ကျူး ဦးစွာနေသည့် ဓာတ်တို့ကို တိုက်ဖျက်သည့် အဖျက်ကုထုံးတို့တွင် ရှောင်ဆေးသည် အဓိက စွမ်းဆောင်နိုင်သော နတ်ဆေးတစ်လက်ပင် ဖြစ်ပါသည်။ သို့သော် ဆရာစဉ်ဆက် အာစရိယဝါဒနည်းနာကို ပိုင်နိုင်ပြီး လက်တွေ့ကျွမ်းကျင်စွာ ကုသသည့် အတွေ့အကြုံရှိသော ပညာရှင်ဆရာများသာ ရှောင်ဆေးကို လိမ္မာစွာကိုင်တွယ်၍ အစွမ်းထက်အောင်သုံးနိုင်ပါသည်။ တော်ရုံ ဉာဏ်နု၊ အတွေ့အကြုံနည်းသူများ လားလားမှမသုံးနိုင်ဘဲ 'ဓာတ်လည်၍' ရှင်းမှ ပိုရှုပ်ဆိုသကဲ့သို့ ရောဂါအခြေအနေ ပိုဆိုးသွားနိုင်ပါသည်။

(မကျွမ်းကျင်လျှင် ရှောင်ဆေးကို မသုံးပါနှင့်။)

မီးယပ် သွေးသားဖောက်ပြန်၍ စုန်းပူးနတ်ပူး နတ်ဖမ်းသလို တငိုငို တ...ဖြစ်နေသည့် စိတ်ရောဂါရှင်များ။

နှလုံးသွေးကြောကျဉ်း ရောဂါရှင်များ-

ရှင်းချက်။ ။ နှလုံးသွေးကြောရောဂါသည်-

(A) နှလုံးသွေးကြောမာ၍ စပြီး သွေးကြောကျဉ်းသောရောဂါ။

(B) နှလုံးသွေးကြောကျဉ်းနေရာမှ နှလုံးသွေးကြောပိတ်သွားပြီး Heart attack ရပြီး နှလုံးကြွက်သားပုပ်၍ ဒဏ်ရာရသော နှလုံးရောဂါ။

(C) နှလုံးအခန်းများ မလုံသော မွေးရာပါ နှလုံးရောဂါများ။

(D) နှလုံးအဆို့ရှင်များ ချို့ယွင်းပျက်စီး၍ဖြစ်သော နှလုံးရောဂါ စသည်တို့တွင် ရှောင်ဆေးကို (A) နှလုံးသွေးကြောမာ၍ စပြီး နှလုံးသွေးကြောကျဉ်းသော လူနာရှင်များတွင်သာ ရှောင်ဆေးသုံး၍ ကုသနိုင်ပြီး ကျန်သည့် (B) (C) (D) အထက်ဖော်ပြပါ နှလုံးသွေးကြောရောဂါများတွင် ရှောင်ဆေးကို လုံး... မသုံးစွဲရပါ။ အထူးသတိပြုပါ။ လူနာ၏ အသက်အန္တရာယ်ကို ပေးနိုင်ပါသည်။

ငှက်ဖျားရောဂါ၊ အဖျားအိုး အ... ဖျားဟောင်းများ-

စသည်အားဖြင့် ဆေးကို ကိုင်တွယ်ကုသသည့်ဆရာ၏ ကျွမ်းကျင်ပိုင်နိုင်မှုပေါ် မူတည်၍ ရောဂါများကို အစွမ်းထက်စွာ ကုသသွားနိုင်ပါသည်။ အချုပ်ဆိုရသော် ရှောင်ဆေးသည် နား... လည်ကျွမ်းကျင်သော ဆရာကိုယ်တိုင် စောင့်ကြပ်၍ တိုက်ကျွေး ကုသရသော အရေးကြီးဆေးမျိုး ဖြစ်သည်။

လူနာ၏လက်ထဲသို့ ဆေးကိုထည့်ထားပြီး ရက်ရှည်တိုက်ကျွေးကုသသော မျက်နှာလွှဲ ခဲပစ် ကုသရသော သာ... ဆေးမျိုးမဟုတ် ဆိုသော အချက်ကို ...



www.burmeseclassic.com

www.burmeseclassic.com

သနာရှင် ပညာသင် ပုဂ္ဂိုလ်အပေါင်းကို အထူးသတိပေးတင်ပြပါသည်။

**(၆) ရှောင်ဆေးကို ခန္ဓာကိုယ်တွင်းဝင်ပြီး ထားရှိရမည့် အချိန်အတိုင်းအရှည်နှင့် ဆေးပမာဏ**

ရှောင်ဆေးသည် ပြဒါးဓာတ် ဦးဆောင်သောအဆိပ်ဆေးမျိုးဖြစ်၍ လူ့ခန္ဓာကိုယ်အတွင်း စတင် တိုက်ကျွေးပြီးသည့်အချိန်မှစ၍ (၂၄) နာရီအတွင်း ၎င်းဆေးအခိုးအငွေ့ကို ကျွမ်းကျင်သော ဆရာက စောင့်ကြပ်ပြီး ခန္ဓာကိုယ်ထဲမှာ ဆေးခိုးဆေးငွေ့ကြွင်းကျန်မနေဘဲ ကုန်စင်အောင် ပြန်ထုတ်ပေးရခြင်းသည် ရှောင်ဆေးတိုက်ကျွေးခြင်း၏ အဓိက အရေးကြီးဆုံးအချက် ဖြစ်သည်။ လူနာတွင်ဖြစ်ပေါ်နေသော ဓာတ်လက္ခဏာကိုကြည့်ပြီး အပိုင်စောင့်၍ တစ်ခွက်ကောင်း၊ တစ်ချက်ကောင်းတိုက်ရသည့် ဆေး ဖြစ်သည်။

ထို့ကြောင့် ရှောင်ဆေးကို နားမလည်ဘဲ လက်လွတ်စပယ် လူနာကို ပေး၍ တိုက်ကျွေးကုသနေကြခြင်းသည် လွန်စွာ ရင်လေးဖွယ် ဖြစ်သည်။ ပမာဆိုရသော် ရှောင်ဆေးသည် အချိန်အခါကိုစောင့်ပြီး ရန်သူကို တစ်ချက်တည်းနှင့် အလဲထိုး အနိုင်တိုက်ရသော အစွမ်းထက် တိုက်ခိုက်နည်းဗျူဟာပင် ဖြစ်၏။

ထို့ကြောင့် ရှောင်ဆေးကို ဆေးစ,တိုက်ပြီးသည်မှစ၍ (၂၄) နာရီ ဆေး (Action) လုပ်ဆောင်မှုပြီးသည်နှင့် ခန္ဓာကိုယ် ပြင်ပသို့ ဆေးခိုးပြန်မထွက်ဘဲ ကိုယ်ထဲတွင် စုအောင်းနေမည်ဆိုပါက ဆေး၏ကြီးစွာသော ဘေးထွက်ဆိုးကျိုး (ရှောင်ခိုက်ခြင်း) ကို လူနာသည် မလွှဲမသွေ ခံစားရမည် ဖြစ်သည်။

**ရှောင်ခိုက်သည့်လက္ခဏာများမှာ**

၁။ သွားဖုံးသွားခြေ ရိ၍ နာခြင်း၊ ပုပ်ခြင်း။
၂။ ခေါင်းအုံ၊ ခေါင်းခဲ၍ စိတ်မရွှင်ခြင်း။
၃။ ရင်ထဲတွင် လေးလံ၍ ရင်မရှင်း နှုတ်မပေါ်ခြင်း။
၄။ အာရုံစူးစိုက်၍မရခြင်း၊ နားအူခြင်း။
၅။ မျက်နှာအန်းခြင်း၊ မျက်ခွံမို့ခြင်း၊ မျက်နှာလေးခြင်း။
၆။ ဆီးကြော၊ ဝမ်းကြော တင်း၍ ဖြောင့်မှန်မှု မရှိခြင်း။
၇။ ချွေးထွက်မမျှခြင်း၊ အပူအအေး မညီခြင်း။
၈။ သွေးလေး၍ အလွန်အိပ်ချင်ခြင်း (သို့) လုံးဝ မအိပ်ခြင်း။
၉။ နှလုံးခုန်ရင်တုန် မူးဝေ၍ အော့အန်ခြင်း စသည့် လက္ခဏာများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

ဆေးတိုက်သည့် ပမာဏနှင့် အချိန်မှာ (၁) ကြိမ်တည်း ဆေးရွှေးကြီး (၁) စေ့ခန့်ထက် ပိုပြီး မတိုက်ရပါ။

ရှောင်ဆေးနှင့်တွဲ၍ တိုက်ရသည့် ဆေးစွယ် (ရေလဲ) နည်းတို့သည်လည်း ရောဂါအပေါ် မူတည်၍ အမျိုးမျိုးရှိပါသည်။ ပညာရပ်ပိုင်းဆိုင်ရာ အတွေးအခေါ်နှင့် အတွေ့အကြုံပေါ် မူတည်ပြီး သိမ်မွေ့နက်နဲမှု များစွာ ရှိသည်ဖြစ်၍ သိသာစေရန် အနည်းငယ်ဖော်ပြလိုက်ပါသည်။

ဥပမာ- ရေအေး၊ ရေနွေးပူပူ၊ ပျားရည်၊ ကွမ်းရွက်ပြုတ်ရည်ပူပူ၊ ချင်းပြုတ်ရည်၊ သံပရာရည်၊ အုန်းစိမ်းမီးနွေးရည် စသည်ဖြင့် ရောဂါပေါ်မူတည်၍ ဆရာ၏ပညာသဘောနှင့် ချင့်ချိန်ကာ တိုက်ရသည်။

**(၇) ရှောင်ဆေးကို ခန္ဓာကိုယ်တွင်းမှ ပြန်ထုတ်ခြင်း**

အထက်မှာ ဖော်ပြခဲ့သည့်အတိုင်း ရှောင်ဆေးကို ဆေးစ,တိုက်ပြီး (၂၄) နာရီအတွင်း ခန္ဓာကိုယ်ထဲမှ ပြန်၍ထုတ်ပစ်ရသည်။

ဆေးပြန်ထုတ်သည့်နည်းများမှာ-

၁။ ဝမ်းဖြင့်ထုတ်ယူနည်း၊ (ဝမ်းနုတ်ခြင်း)
၂။ ဆီးဖြင့်ထုတ်ယူနည်း၊ (ဆီးရွှင်ဆေးပေးခြင်း)
၃။ ချွေးနှင့်ထုတ်ယူနည်း၊ (ပေါင်းချွေးအောင်းခြင်း)
၄။ ဖြေဆေးပေး၍ ထုတ်ယူနည်း၊
၅။ ဓာတ်စာ ဓာတ်ကြိုက် အစာပေး၍ ထုတ်ယူခြင်း၊
၆။ ရန့်အခိုးပေး၍ ထုတ်ယူခြင်း၊
၇။ သွေးသန့်၍ အခိုးပွင့်၊ အေးကြေပွင့်ဆေးများပေး၍ ထုတ်ယူခြင်း စသည်ဖြင့် အခြေအနေအပေါ် မူတည်၍ ရှောင်ခိုးအငွေ့ကို ခန္ဓာကိုယ်တွင်းမှ စင်ကြယ်အောင်ထုတ်ပေးရ၏။

**(၈) ရှောင်ဆေးတိုက်ကျွေးနည်းစနစ်**

ကျွမ်းကျင်လိမ္မာသော သမားတော်သည် မိမိကုသနေသော ရောဂါဝေဒနာကို တိကျမှန်ကန်စွာ ချင့်ချိန်သုံးသပ်ပြီး ရှောင်ဆေး တိုက်တော့မည်ဆိုလျှင် ဆေးမတိုက်မီ (၁) ပတ်အတွင်း လူနာကို ဆီး,ဝမ်းဖြောင့်မှန်အောင် ဦးစွာ အခြားဆေးများဖြင့် ပေးကျွေး၍ ပြုပြင်ထားရမည်။ ၎င်း (၁) ပတ်အတွင်း လူနာကို ပိတ်ဆို့ ဖွဲ့စည်းစေသော ဆေး၊ အစာအာဟာရများ စားသုံးခြင်း မပြုရပါ။

ရှောင်ဆေးတိုက်သည့် တစ်နေ့လုံး ဆရာကိုယ်တိုင် ကြပ်မတ်၍ လူနာကိုစောင့်ရှောက်နေရမည်။ ဆေးမတိုက်မီ ညဦးပိုင်း (၉) နာရီမှစ၍ လူနာကို အစာစားခြင်း မပြုစေရတော့ပါ။

နံနက်စောစော နံနက် (၅) နာရီခန့်တွင် လူနာကို ရောဂါအလိုက် ဆေးစွယ် (ရေလဲ) နှင့် ဆရာကိုယ်တိုင် ဆေးတိုက်ပေးရမည်။ ဆေးတိုက်ပြီးသည့် အချိန်မှစ၍ လူနာ၏အခြေအနေကို အချိန်တိုင်း စောင့်ကြည့်နေရမည်။

ပထမ ဆေးတိုက်ပြီး (၂) နာရီ၊ (၃) နာရီအတွင်း ရှောင်ဆေး သတ္တိ (Action) ပြလာမည်။ ပြလာပုံမှာ မျက်နှာ, နားရွက်, ဦးခေါင်းပိုင်းတို့တွင် ပူရှိန်ရှိန်ဖြစ်ခြင်း၊ မျက်သားနီလာခြင်း၊ ရင်တွင် ပျို့အန်ချင်လာခြင်း၊ ပါးစပ်တွင်း တံတွေးထုတ်လာခြင်း၊ လျှာခြောက်၍ ရေတတ်လာခြင်းတို့ ဖြစ်ပေါ်လာပြီး ခါးအောက်ပိုင်း တဖြည်းဖြည်းနှင့်ပူလာပြီး ချွေးစို့လာမည်။ ခြေဖျားနွေးလာမည်။

လေငန်းရောဂါ၊ ထုံကျဉ်ရောဂါသည်များတွင် ခြေ၊ လက်များ အကြောတဆတ်ဆတ် ဖြစ်လာမည်။ အချို့ (၂) ကြိမ်၊ (၃) ကြိမ် ပျို့အန်လာမည်။ အချို့မှာ (၂) ကြိမ်၊ (၃) ကြိမ် ဝမ်းသွားတတ်သည်။

(၎င်းတို့ကို ဆေးပညာသဘောတရားအရ ဓာတ်ထွက်လက္ခဏာများဟု ခေါ်သည်။)

နံနက်ပိုင်း (၅) နာရီမှစ၍ ဆေးတိုက်ပြီး နံနက် (၁၀) နာရီ၊ (၁၁) နာရီ အချိန်ပိုင်းလောက်တွင် လူနာသည် ဓာတ်ထွက်လက္ခဏာ အတော်များများ ပေါ်လာပြီး ဓာတ်ထွက်စုံ၍ ခြေဖျား၊ လက်ဖျား နွေးလာပြီဆိုလျှင် မိမိကုသသည့် ကုသချက် တစ်ဝက်အောင်ပြီဟု ဆိုနိုင်ပါသည်။ ဓာတ်ထွက်လက္ခဏာ မစုံမချင်း လူနာကို အစာမကျွေးရပါ။

နံနက် (၁၀)နာရီ၊ (၁၁) နာရီအချိန်လောက်တွင် လူနာသည် ဓာတ်ထွက်လက္ခဏာစုံလာပြီဆိုလျှင် ဓာတ်ဖြေဆေး ပေးရတော့မည်။

ဓာတ်ဖြေဆေးမှာ ရောဂါပေါ်မူတည်ပြီး-



www.burmeseclassic.com

www.burmeseclassic.com

၁။ ကွမ်းရွက်ပြုတ်ရည်ပူပူ။
၂။ ချင်း၊ ထန်းလျက်ပြုတ်ရည်ပူပူ။
၃။ ကော်ဖီပလိန်း။
၄။ ရေနွေးကြမ်းဖန်ဖန်။
၅။ သံပရာ (သို့) ရှောက်ရည်+ပျားရည် ဖျော်ရည်။
၆။ အုန်းစိမ်းရည်ကိုအပူပေး၍ တိုက်ခြင်း။
၇။ ကြိတ်မှန်ရွက်+ထန်းလျက်ပြုတ်ရည်ပူပူ. . .

စသည်တို့ကို ရောဂါအခြေအနေကြည့်ပြီး တိုက်ကျွေး၍ ဓာတ်ဖြေပေးရသည်။

ဓာတ်ထွက်စုံပြီး ဓာတ်ဖြေ၍ လူနာသည် ဓာတ်ပြေသွားပါက အစာတောင်းလာမည်။ ဗိုက်ဆာလာမည်။ ဝမ်းလေကျွတ်သံ ပေါ်လာမည်။ စိတ်ကြည်လင်လာပြီး မျက်နှာရွှင်ပျလာမည်။ ထိုအခါမှ ရောဂါအခြေအနေ ဓာတ်ခံပေါ် မူတည်၍-

(က) ထမင်းပူပူနွေးနွေး နှမ်းဆီစစ်စစ်ဆမ်း၍ ထန်းလျက်ခဲနှင့်ကျွေးခြင်း။
( ခ ) ထမင်းပူပူနွေးနွေးနှင့် ကြက်သားဟင်း၊ ကြက်သားကြော်၊ ဆိတ်သားဟင်း၊ ဒန့်သလွန်ရွက်၊ ကန့်ချပ်နီရွက်၊ မြင်းခွာရွက် စသည်ဟင်းချိုချက်၍ ကျွေးခြင်း။
( ဂ ) ကော်ဖီအချိုကို သင့်တော်သောမုန့်မျိုးစုံနှင့် ကျွေးခြင်း။
(ဃ) ဆိတ်သား၊ ကြက်သား အစိုတို့ကို လူနာရှေ့တွင်မီးကင်၍ အနံ့ပေး၍ ကျွေးခြင်း။ (အာရုံကို နှိုးဆွ၍ ပေးကျွေးခြင်း။)
( င ) အမဲခြောက်၊ ဆိတ်သားခြောက်တို့ကို မီးတွင်ဖုတ်၍ အနံ့ပေးပြီး ကျွေးခြင်း။ (ဓာတ်နှိုး၍ ပေးကျွေးခြင်း။)

စသည့် ဓာတ်စာတို့ကို ဆရာဖြစ်သူက ဉာဏ်နှင့်ချိန်၍ ပေးကျွေးရသည်။ ကုသ၍ ဓာတ်လမ်းဖြောင့်မှန်သွားလျှင် လူနာသည် ရောဂါဝေဒနာမှာ နင်နေငါသွားဟု ဆိုရသလောက် ကောင်းမွန်သွားမည်။

မှတ်ချက်- အဆင့်မြင့် တိုင်းရင်းဆေးပညာရှင်များတွင် ပုံသေနည်းမထားပါ။ အခြေအနေကြည့်၍ ပေါ်လာသည့်ဓာတ်အပေါ် ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ချက်ချပြီး ကုသသွားကြပါသည်။

ဤနေရာတွင် ဝါသနာရှင်များ တွေးခေါ် သိမြင်နိုင်စေရန် အာစရိယဝါဒကြားနာခဲ့ရသော အကြောင်းအရာလေးတစ်ခုကို ကြားညှပ်ပြောပါမည်။

လွတ်လပ်ရေးမရမီအချိန်က ရခိုင်နယ်ဘက်တွင် ဆရာချေ ဆိုသော ပုဂ္ဂိုလ်တစ်ယောက်. ဆေးကုသ တော်ကြောင်း သတင်းကြီးသည်။ သို့သော် ဆရာချေသည် ဘာဆေးဝါးမှမဖော်စပ်၊ ဆေးဝါးလက်ကိုင်မထားပါ။ သူကြိုက်နှစ်သက်သည်က 'ဘိန်း' သုံးစွဲခြင်းပင်ဖြစ်သည်။

လူနာရှင်က ဆရာကို သွားပင့်လျှင် ဘိန်း (၁) ကျပ်သား ခြေကြွခ ကန်တော့ရသည်။ ဆရာချေက လူနာထံလိုက်လာပြီး မေးမြန်း အခြေအနေကြည့်သည်။ ပြီးလျှင် လူနာကိုကုသပေးမည့် ရက်ချိန်းကိုပေးပြီး ပြန်သွားကာ ဘိန်းမှိန်းနေသည်။ ရက်ချိန်းပြည့်သည့်နေ့တွင် ဆရာချေရောက်လာသည်။ လူနာ၏ရောဂါပေါ် မူတည်ပြီး ကုသရမည့် ပစ္စည်းပါလာသည်။ (ဆေးဝါးမဟုတ်ပါ)

ဆိုကြပါစို့။ သူကုသရမည့်လူနာက ဖောရောင်ပြီး တအီအီ တအင်းအင်း အော်နေရသည်။ ဗိုက်ကလည်း ဖောင်းကား၍ ရေဝင်နေသည့် ရေဖျဉ်းရောဂါသည် ရက်ချိန်းပြည့်သည့်နေ့တွင် ဆရာချေက ရခိုင်ပြည်နယ်ထွက် ငါးမန်းခြောက် အမြှောင်းလိုက်တစ်ကောင်ကို အမြီးမှကိုင်၍ ဝှေ့ယမ်းပြီး လူနာ၏အိမ်ပေါ်သို့ တက်လာသည်။

ပြီးလျှင် လူနာကို ထိုင်ခိုင်းပြီး မီးဖို၊ ဒယ်အိုး၊ နှမ်းဆီ စသည်တို့ကို အဆင်သင့်ပြင်ဆင်ခိုင်းသည်။ အားလုံး အဆင်သင့်ဖြစ်လျှင် လူနာ၏လျှာကို ထုတ်ခိုင်းပြီး ရှောက်ရည် (၁) စက်၊ (၂) စက်ကို တို့ပေးပြီး ရှောက်သီးအနံ့ကို တဝရှူခိုင်းထားပြီး (ဓာတ်နှိုးထားသည်။) လူနာကို 'မင်း ငါးမန်းခြောက်ကြော် ကြွပ်ကြွပ်လေး မစားချင်ဘူးလား' ဟု မေးသည်။

လူနာကလည်း သွားရည်တရွှမ်းရွှမ်း ထွက်လာပြီး 'အလွန်စားချင်ပါသည် ဆရာ' ဟု ပြောသည်။ ထိုအခါ ဆရာချေကိုယ်တိုင် ငါးမန်းခြောက်လက်လေးသစ်ခန့်တုံးပြီး ဆီအိုးထဲ ပစ်ထည့်၍ ကြော်ပြီး လူနာကို ပေးသည်။

တစ်လကိုးသီတင်း မည်သည့်အစာကိုမှ စား၍ မဝင်သည့် လူနာသည် ငါးမန်းခြောက်ကြော် လက်လေးသစ်ကို အငမ်းမရ စားနေသည်။ ပြီးနောက် 'ဆရာ မြန်မြန်ကြော်၊ မြန်မြန်ကြော်' ဟု လောဆော်နေသည်။ ဘေးမှကြည့်နေကြသော လူနာရှင်နှင့်ဧည့်ပရိသတ်များ အံ့ဩတကြီး ဖြစ်နေကြသည်။ ဆရာချေ ငါးမန်းခြောက်ကြော်နေသည်ကို လူနာသည် သည်းခံပြီး မစောင့်နိုင်တော့ဘဲ လူနာကိုယ်တိုင် ဝင်၍ ငါးမန်းခြောက် ဝင်ကြော်ပြီး အားရပါးရ ငါးမန်းခြောက် တစ်ကောင်လုံး ကုန်သည်အထိ စား သည်။ သာမန် လူကောင်း (၃)၊ (၄) ဦး ခန့် စားမကုန်သည့် ငါးမန်းခြောက် လူနာတစ်ယောက်တည်းက တစ်ထိုင် တည်းနှင့် အကုန်စားပစ်လိုက်လေ၏။

ပြီးနောက် ရေနွေးကြမ်း ခါးခါး ပူပူလေး တဝမှုတ်သောက်ပြီး ချွေး ဖြိုက်ဖြိုက် ထွက်လာလိုက်၊ ဆီးထ သွားလိုက်နှင့် နေ့တစ်ဝက်ကျိုးချိန်တွင် လူနာ၏ခြေ၊ လက်၊ မျက်နှာများ အကု လုံး အရည်စစ်ပြီး ဝမ်းဗိုက်ပါချပ်၍လာ သည်။

နေ့လယ်ပိုင်း တစ်ရေးတစ်မော လူနာကို အိပ်စေပြီး ညနေပိုင်း အိပ်ရာ နိုးလျှင် လန်းဆန်းချိ ခံစားနေရသည့်အဖော ရောင် ရေဖျဉ်းရောဂါသည် ယူပစ်လို သလို ရှင်းရှင်းကွာသွားသည်။

ကဲ- ဝါသနာရှင် သုတေသီ ပေါင်းတို့ ဘာပြောကြမည်နည်း။ ငါးမန် ခြောက်ကြော်ပြီး ကျွေး၍ အဖောရော ဂါ၊ ရေဖျဉ်းရောဂါ ပျောက်ပါသည် တရားသေမှတ်ပြီး အဖောရောဂါ ဖျဉ်းရောဂါသည်များကို ထိုနည်းအတိုင် လိုက်၍ ကုနေကြမည်လား။ နည်းနည် လေးမှတောင် သွားပြီး သည်လိုမတု ကြပါနှင့်၊ 'ဆရာမှေါက်တူး' ဘွဲ့ အမည် တွင်သွားကြပါမည်။

အဆင့်မြင့်၊ အဆင့်လွန် ပညာ များတွင် တွေးခေါ် မြော်မြင်နိုင်မှု ဓာတ် တရားတို့ကို ထိုးထွင်းသိမြင်နိုင်စွမ်းသည် အင်မတန်မှ အရေးပါအရာရောက် ပေသည်။

'ဉာဏ်ချင်းမတူ ကံချင်းမမျှဘဲ သေနည်းသွား ထုတ်၍ အတုခိုးပြီး လျှင် အားလုံး ဒုက္ခရောက်သွားမည် သည်တော့ ဉာဏ်ချင်းတူအောင် လာပါ။ တွေးခေါ် သုံးသပ်ဆင်ခြင် အမြဲတမ်း စိတ်တံခါးကိုဖွင့်ထားပြီး မြ အောင်ကြည့်ပါ။ ထိုမှသာ ပညာ များ၏ သိမ်မွေ့နက်နဲမှုကို သိမြင် မည်။ မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့ ကျိုးရှိမည် ဖြစ်သည်။

(အဲဒါမှ နက်နဲခက်ခဲသည့် မြ ဆေးပညာ ဓာတ်သိမှုပညာ ဖြစ်

ဓာတ်လမ်းက အဆုံးမတ်သေ



www.burmeseclassic.com

www.burmeseclassic.com

# သွားကျဉ်ခြင်းဝေဒနာ ခံစားနေရလျှင်

သွားနှင့်ပတ်သက်သော ဝေဒနာများတွင် သွားကျဉ်ခြင်းသည်လည်း အဖြစ်များသော ဝေဒနာတစ်ခုဖြစ်ပါသည်။ သွားကျဉ်ရခြင်းသည် အက်စစ်ဓာတ်ပါသောအစားစာ၊ သံပရာသီး၊ ရှောက်သီး၊ ခရမ်းချဉ်သီးကဲ့သို့ အချဉ်သီးများကို သွားနှင့် တာရှည်စွာ ထိတွေ့စားသုံးခြင်းများကြောင့် ဖြစ်ရပါသည်။

ချဉ်သောအသီးများအား တိုက်ရိုက် သွားနှင့်စုပ်ယူခြင်း၊ ဝါးစားခြင်းများသည် အအီပြေခြင်း၊ အဆီကျစေခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်၍ အသားအရေကောင်းခြင်း စသည် အကျိုးထူးများကြောင့် လူအများစုသည် အချဉ်ကို နှစ်သက်မောစွာ စားသုံးကြပါသည်။

ထိုအက်စစ်ဓာတ်ပါသော အချဉ်များ တာရှည်စွဲ၍ စားသုံးလာပြီး သွားနှင့် ထိတွေ့ဖန်များလာသောအခါ သွား၏ အပေါ်ယံ အဖြူရောင်ရှိသော ကြွေသားလွှာသည် အက်စစ်၊ အချဉ်ဓာတ်များကြောင့် ပါးလွှာပျက်စီးပြီး အဝါရောင်အဆင့်သို့ ရောက်ရှိသွားပါသည်။ ထိုအခြေနေအဆင့်တွင် သွားကျဉ်ခြင်းဝေဒနာကို ခံစားရခြင်း ဖြစ်ပါသည်။

သွားကျဉ်သည့်ဝေဒနာ ခံစားရသည့်အခါ အစားစာစားသုံးတိုင်းမှာ အဆင်မပြေဖြစ်ရပါသည်။

သွားကျဉ်ဝေဒနာ လွယ်ကူ မြန်ဆန်စွာ သက်သာပျောက်ကင်းစေသည့် နည်းကတော့ သဘာဝအတိုင်းနေရောင်ခြည်နှင့် ခြောက်သွေ့ပြီး အပင်မှ ကြွေကျ၊ ကြွေကျနေသော သဘော်ရွက်ခြောက်များအား ဆေးအဖြစ် အသုံးပြု၍ ကောင်းအောင် အထပ်ထပ်မှုန့်နေအောင်ကြိတ်ခြေပါ။ ရရှိလာသော သဘော်ရွက်အခြောက်အမှုန့်များအား လေလုံခြောက်သွေ့သောဘူးတွင် ထည့်ထားပါ။

သွားကျဉ်ခြင်းဝေဒနာခံစားနေရသူသည် ထိုသဘော်ရွက်ခြောက်အမှုန့်များအား ဆေးအဖြစ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ကျဉ်နေသော သွားများအား နှံ့စပ်အောင် ပွတ်တိုက်ပေးပါ။ နေ့တိုင်း ပြုလုပ်ပေးပါ။

ဖော်ပြပါနည်းသည် သွားကျဉ်ခြင်းကိုသာမက ရေစီးကမ်းပြိုဖြစ်နေသူများကိုပါ ပျောက်ကင်းစေပါသည်။

ပေါများလွယ်ကူစွာ ရရှိနိုင်သော သဘော်ရွက်ခြောက်များ အလကား အမှိုက်မဖြစ်စေဘဲ အသုံးဝင်ဆေးတစ်မျိုးအဖြစ် လက်တွေ့အသုံးပြုနိုင်ကြ ရန် တင်ပြအပ်ပါသည်။

သဒ္ဒါ (ဥပဒေ)

---

[...]ကျန်သေးသည်။

လူနာရှင်နှင့် လူနာသည် ဆရာ[...]ကို အထူးတလေးယ် ကျေးဇူးတင်၍ [...]ငွေကြေး ပြည့်စုံစွာဖြင့် ကန်တော့[...]သည်။ ဆရာချောက လူနာကို 'မင်း[...]ကို ငါ့ကို ပြစမ်းပါဦး' ဟု ဆို၏။ [...]အခါ လူနာ၏ချက်နေရာတွင် ကြက်ဥ[...]အရွယ်ခန့် အဖုတစ်ခု ကျန်နေသည်။

'အဲဒါကတော့ ငါ ရောဂါအချ[...]မ်းသွားလို့ နည်းနည်းတော့ ကျန်ခဲ့[...]မယ်၊ မင်း သည်းခံ' ဟု ဆရာက ပြန်[...]ကောင်းပန်သည်။ လူနာက 'ဆရာရယ်၊ [...]ထဲကနေ ဆွဲထုတ်ထားတာ ဒါ[...]ကတော့ စာဖွဲ့စရာ မလိုပါဘူး' [...] ဆိုသောအခါ အားလုံး ပြုံးရွှင် ရယ်[...]စွာဖြင့် စခန်းသိမ်းခဲ့ကြပါသည်။

**(၃) ရှောင်ဆေးတိုက်ပြီးနောက် ပြုမူနေထိုင်စားသောက်နည်း**

လူနာ ဓာတ်ထွက်စုံ ဓာတ်ဖြေပြီး အစာအာဟာရကျွေးပြီးလျှင် နံနက်က [...]ကျွေးခဲ့သော ရှောင်ဆေး၏အခိုး[...]ငွေ့ကို နောက်တစ်နေ့ နံနက်စော[...]တွင် ပြန်ထုတ်ပေးရမည်။ လူနာကို [...]နေ (၆)နာရီနောက်ပိုင်း အစာမကျွေးတော့ဘဲ နံနက် (၄) နာရီခန့်တွင် ကနခိုကဲသော ဝမ်းနုတ်ဆေးကို တိုက်ပေးရမည်။ ဆေးတိုက်ပြီး (၃) နာရီခန့်တွင် ဝမ်း (၄)၊ (၅) ကြိမ်သွားမည်။ ဝမ်းရှင်းပြီဟု ထင်ရချိန်တွင် ချင်း၊ ထန်းလျက် ပြုတ်ရည်ပူပူတိုက်၍ ဓာတ်ဖြေပေးရမည်။ ဝမ်းသွားလည်း ရပ်သွားမည်။

ထိုအချိန်မှစပြီး အုန်းစိမ်းရည်ကို မီးအပူပေး၍ နွေးနွေးလေးတိုက်ပေးပါ။ ဆီးကောင်းကောင်း လိုက်လာမည်။ ပြီးလျှင် ဆီထမင်းနှင့် ကြက်ကြော်ကို တဝကျွေးလိုက်ပါ။

ဒုတိယနေ့အစီအစဉ်ပြီးပြီ။

တတိယနေ့။

နံနက် (၉) နာရီခန့်တွင် ချွေးပေါင်းအိုးဖြင့် ချွေးထုတ်ပေးရမည်။ ချွေးပေါင်းအိုးပြုတ်ဆေးများမှာ-

(က) ကွမ်းရွက်ပြုတ်အိုး။
(ခ) နနွင်းမီး မှိုင်းတိုက်ခြင်း။
(ဂ) သက်ရင်းကြီး + ဖုံးမသိန်ရွက်ပြုတ်ခြင်း။
(ဃ) အကင်းဆယ်ပါးဆေး၊ ကရမက်သွေးရည် စသည် တစ်မျိုးမျိုးကို တစ်ကိုယ်လုံးလိမ်း၍ အခိုးထုတ်ပေးပါ။

ပေါင်းချွေးထုတ်ပြီး နံနက်စာထမင်းမစားမီ လူနာကို ထန်းရည် (စစ်စစ်) ချိုပြင်းလေးနှင့် ကြက်သားကြော် (အိမ်ကြက်သုံးပါ။ မွေးမြူရေး အသားတိုးကြက် မသုံးရပါ။) ကို ဓာတ်စာပေးကျွေးလိုက်ပါက နတ်ရေကန်မှ တက်လာသည့်အသွင် ရွှင်လန်းချမ်းမြေ့စွာဖြင့် မြင်တွေ့ရပါတော့သည်။

အထက်ပါ တင်ပြချက်အပေါင်းတို့သည် ဝါသနာရှင် သုတေသီအပေါင်းတို့ အကျိုးများစေရန် မကျဉ်းမကျယ် သိသာမြင်သာစေရန် ရှောင်ဆေးနှင့်ပတ်သက်သမျှ ရိုးသားစွာ စိတ်ရင်းအမှန်ဖြင့် ရေးသားတင်ပြလိုက်ပါသည်။

(ပညာရပ်ဆိုင်ရာများသည် တစ်ခုနှင့်တစ်ခု ပတ်သက်ဆက်စပ်နေကြသဖြင့် အနုစိတ် ရေးသားတင်ပြလျှင် ကျထုံးကျမ်း တစ်စောင်အဖြစ် ရေးသားတင်ပြမှသာလျှင် ပြီးပြည့်စုံနိုင်ပေလိမ့်မည်။ သို့ပါ၍ ဤမျှလောက်နှင့်ကျေနပ်ကြပါဟု ပန်ကြားပါသည်။)

ဦးမင်းခင်(ရွှေနတိုး)



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာလေကွာ ဖိုးနီ"

သူငယ်ချင်းဖြစ်သူ စံအေးက ဖိုးနီ တောင်းဆိုထားခဲ့သည်ကို လက်ပြန် ထောင်ပြရင်း ပြောလိုက်ခြင်း ဖြစ်လေသည်။ ထိုအရာမှာ စံအေးတို့၏ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာခဲ့ကြသော တစ်လုံးစိန်ဖြစ်သည့် စိန်ဖြူလက်စွပ်ကြီးပင် ဖြစ်လေသည်။ သူဌေးမျိုးသူဌေးနွယ် စံအေးနှင့် မုဆိုးမျိုးမုဆိုးနွယ် ဖိုးနီတို့ကြား လူငယ်တို့စိတ်ဓာတ်ဖြင့် အဆင့်အတန်းမခွဲခြားသောခင်တွယ်မှုများဖြင့် ရှိခဲ့ကြရာမှ ဖိုးနီ၏ မမြင်ဘူးပါ ဟူသော စကားကြောင့် စံအေးမှ ဝတ်ဆင်ပြခဲ့ခြင်း ဖြစ်ပါသည်။

အမှန်ဆိုရပါက စံအေးသည် စိတ်ရင်းဖြူ သဘောကောင်းလှသူ ဖြစ်ပါ၏။ ငယ်စဉ်ကပင် တစ်ရွာတည်း မွေးဖွားကြီးပြင်းခဲ့ကြသော ကစားဖော် ဖိုးနီကို ယုံကြည်စိတ်ချစွာခင်မင်ခဲ့ခြင်းလည်း ဖြစ်လေသည်။ စံအေး စိတ်အတွင်းမှ ကိုယ့်ကိုယ်ကိုယ်ချမ်းသာသူဟူ၍လည်း မရှိ၊ ဖိုးနီတို့၏တဲကုပ်သာသာအိမ်လေးကိုလည်း မွဲချာသည် ဟူ၍ မမြင်ဘဲ သူငယ်ချင်းဟူသောအသိတစ်ခုဖြင့်သာ ပေါင်းဖော် ဆော့ကစားခဲ့ကြခြင်းလည်း ဖြစ်လေသည်။

ယခုလည်း ဖိုးနီမှ သူတို့အိမ်တွင် စိန် ဟူ၍ မပြောနှင့်၊ ပုလင်းကွဲပင် မရှိတတ်၍ ကြည့်ချင်လှသည်ဖြစ်ကြောင်း မကြာခဏပြောပြောနေ၍ ဘိုးအေဖြစ်သူ သူ့အားပေးထားခဲ့သည့် စိန်ဖြူတစ်လုံးလက်စွပ်ကို မိခင်ထံမှ ခဏတောင်းယူ ဝတ်ဆင်ခဲ့ခြင်း ဖြစ်လေသည်။

မိခင်ကပင်-

"သား၊ ဒါ တကယ့်ကိုတန်ဖိုးရှိ[illegible] ပစ္စည်းနော်။ ခုလိုထုတ်ပေးမှန်းသိ[illegible] တောင် အမေ့ကို သားအဖေက [illegible] လား မသိဘူး။ သားက ငယ်သေး[illegible] ပျောက်ရှတတ်တယ် သားရယ်"



ခင်(တောင်ကြီး)

သူတစ်ထူးတို့၏ ကံကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

"အမေကလည်း၊ အမေ့မှာ ဒီလိုပစ္စည်းမျိုး မနည်းမနောရှိနေတာကိုများ"

"ဟဲ့ - မဟုတ်ဘူးလေ။ ဒါက တခြားရတနာပစ္စည်းတွေလိုမျိုး ရိုးရိုးမဟုတ်ဘူး။ မင်းအဖေတို့အမျိုးမှာ ဘိုးအေက မြေးကို လက်ဆင့်ကမ်းကြတဲ့ပစ္စည်းကွယ့်။ မင်းကနေပြီးရင် မင်းရဲ့မြေးကို ဆက်ပြီး လက်ဆင့်ကမ်းရဦးမှာ။ မျိုးရိုးအမွေပစ္စည်း။ အစားထိုးလို့မရဘူး



သား"

"ဒါဆို ဒီပစ္စည်းလေးက နှစ်ပေါင်းကြာနေခဲ့ပြီပေါ့ ဟုတ်လား အမေ"

"ကြာပြီပဲ သားရယ်၊ မင်းအဘိုးရဲ့အဘိုးလက်ထက်ကတည်းက အဆင့်ဆင့် လက်ဆင့်ကမ်းပေးခဲ့ကြတဲ့ပစ္စည်းကွယ့်။ တန်ဖိုးကြီးသလောက် တန်ခိုးလည်းကြီးတဲ့ပစ္စည်းလို့ ပြောကြတယ်။ ဝတ်တဲ့လူကိုလည်း သိဒ္ဓိတင်ပြီးသားဖြစ်တယ်လို့ အမေ ကြားဖူးတယ်။ ပျောက်သွားလို့မဖြစ်ဘူးနော်"

"အင်းပါ အမေရဲ့။ မပျောက်စေရပါဘူး စိတ်ချ။ ဖိုးနီက ဒီလိုပစ္စည်းမျိုး မြင်တောင် မမြင်ဖူးဘူးဆိုလို့ သွားပြမလို့ပါ ခဏပဲ"

ထိုသို့ပြောပြီး သူပြေးထွက်လာခဲ့သည်ပဲ ဖြစ်၏။ သူမိခင်ဖြစ်သူကတော့ ဘုရားတ,၍ကျန်ရစ်ခဲ့သည်ပဲ ဖြစ်သည်။ လူကြီးတို့က တန်ဖိုးမဖြတ်နိုင် ဟူသော ပစ္စည်းတစ်ခုကို အဖိုးစားနားမလည်တတ်သေးသော ကလေးတစ်ဦးအနေနှင့်တော့ ချစ်စရာကောင်းသောပစ္စည်းတစ်ခုဟူ၍သာ မြင်မိမည် မုချဖြစ်ပါ၏။ သို့သော်လည်း စံအေး၏ အခြားသော ကလေးများနှင့် မတူဘဲ စောင့်ရှောက်ထိန်းသိမ်းတတ်သူကလေးတစ်ဦး ဖြစ်သည်ဆိုသည်ကို မိခင်အနေနှင့် နားလည်ထားသူပင် ဖြစ်လေသည်။

*

"တကယ်လှတာပဲကိုးကွ စံအေး"

"အေးလေ၊ မင်းကို ငါပြောခဲ့သားပဲ။ အရမ်းအရမ်းကို လှတာလို့"

"ဟုတ်ပါ့ကွာ။ ငါ့ကို ခဏချွတ်ပြစမ်းပါဦး။ ငါလည်း ဝတ်ကြည့်ချင်လိုက်တာ"

"အေး- ရတယ်လေကွာ။ ရော့"

စံအေးက လက်စွပ်ကိုချွတ်၍ပေးလိုက်၏။

"တဖျပ်ဖျပ်နဲ့ အရောင်တိုလက်နေတာပဲနော်။ လှချက်ကတော့ တမ်းကုန်နေတာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွ၊ ငါလည်း တကယ် သဘောကျတာ"

ဖိုးနီသည် လက်တွင် ဝတ်လျက်သားဖြင့် လက်စွပ်ကို အပေါ်သို့မြှောက်၍လည်းကောင်း၊ အောက်သို့ချ၍လည်းကောင်း အမျိုးမျိုးကြည့်နေ၏။ ဖိုးနီ၏ အမူအရာကိုမြင်၍ ဘာရယ်မဟုတ်၊ စံအေးက သဘောကျကာ တဟားဟား ရယ်နေမိပါလေသည်။

"အဲဒါ အဖေက ပြောတယ်။ တစ်လုံးစိန် စိန်ဖြူတဲ့။ ဒီထက်ငယ်တဲ့ စိန်သေးသေးလေး နှမ်းစေ့လောက်တောင် ပိုက်ဆံအများကြီးပေးရတာတဲ့။ အဲဒါကြောင့် အရမ်းတန်ဖိုးရှိတဲ့ပစ္စည်းမျိုးမို့ မပျောက်မပျက်အောင် ထိန်းသိမ်းသွားရမှာတဲ့ကွ"

"မင်းအဖေကလား"

"အေးလေ၊ အဖေက အမေ့နားမှာပဲ သိမ်းခိုင်းထားတာလေ။ ခုလည်း ငါ အမေ့နားက တောင်းဝတ်လာတာ"

"ဒါနဲ့ ဒီလက်စွပ်ကို မင်းအဖေ တစ်ခါမှဝတ်တာ မတွေ့ပါလား"

"အဖေ့ကျတော့ အဖေ့ရဲ့အဘိုးက ပေးထားတဲ့ နဝရတ်လက်စွပ် ဝတ်ထားတယ်လေ။ အဖေကမှတစ်ဆင့် သူ့မြေးဖြစ်တဲ့ ငါ့သားကို လက်ဆင့်ကမ်း အမွေပေးခဲ့ရမှာတဲ့"

"မင်းတို့က ကုသိုလ်ကံကောင်းလိုက်ကြတာနော်။ ချမ်းသာလိုက်ကြတာ။ ဒါနဲ့ နဝရတ် ဆိုတာ ဟိုလိုမျိုး . . . ကျောက်အရောင်စုံနဲ့ ဝိုင်းဝိုင်းလေးလား"

"ဟုတ်တယ်လေ။ ပတ္တမြားပါတယ်၊ စိန်ပါတယ်၊ ပုလဲတို့၊ ဂေါ်မုတ်တို့လည်း ပါတယ်တဲ့။ ပြီးတော့ ဘာတွေလဲ မသိဘူး။ အားလုံး (၉) မျိုးရှိတယ်လို့ ပြောတယ်"

"မင်းအဖေရဲ့လက်မှာ ငါတွေ့တော့ အလယ်က ကျောက်က နီနီရဲရဲနဲ့ သွေးရောင်လေးလိုပဲ။ လှတယ်နော်"

"အဲဒါ ပတ္တမြားကျောက်လို့ခေါ်တယ်"

ထိုစဉ်မှာပင် အဝေးဘက်မှ -

"သားရေ၊ စံအေး"

"ဟော- မင်းအမေလိုက်လာတယ်ကွ၊ ဟောဟိုမှာ"

"အေး- ငါတို့ ညနေ ဘုန်းကြောင်းမှာ သင်္ကန်းသွားလှူကြမလို့ကွ။ မင်းလိုက်ခဲ့လေ"

"တော်ပါပြီကွာ။ နောက်မှပဲလိုက်တော့မယ်။ ရော့ ရော့- မင်းလက်စွပ်"

"အေးလေ၊ ဒါဆိုလည်း ငါသွားလိုက်တော့မယ်နော်"

အပြေးတစ်ပိုင်း ခြေလှမ်းတို့ဖြင့် သူ့မိခင်ထံ လှမ်းထွက်သွားလိုက်သော စံအေးကို ငေးကြည့်ရင်း ဖိုးနီ၏ နုနယ်သေးသော အတွေး၌ပင် လိုချင်ခြင်း၊ တပ်မက်ခြင်း ဟူသည့် ပိုင်ဆိုင်လိုသည့်စိတ်များက စိုးမိုးဖြန့်ကြက်ကြလျက်ရှိနေခဲ့ပါလေသည်။

*

မှတ်မှတ်ရရ။

စံအေးတို့ အသက် (၁၆) နှစ်ရသောနှစ်တွင် ရွာဦးကျောင်းဘုရားပွဲကျင်းပ ဖြစ်ပါလေသည်။ ထိုနှစ်တွင် လူပျိုကာလသားအရွယ်ဝင်ခါစ သူတို့ယောကျ်ားဖော်တို့ တစုတဝေးနှင့် ပျော်ခဲ့ကြသောနှစ်လည်း ဖြစ်ပါသည်။ ရွာဘုရားပွဲမှာ သုံးရက်ကျင်းပခဲ့ပြီး မိုးလင်းပေါက်ပွဲကိုလည်း ကပြကြသော အစီအစဉ်ပါလေ၏။ စံအေး၊ ဖိုးနီ၊ လှမောင်စသည်ဖြင့်အရွယ် (၅) ယောက်၊ (၆) ယောက်တတွဲတွဲဖြင့် လည်၍မဆုံးရှိခဲ့ကြသည်။ ဤသို့ ပျော်ရွှင်စွာ လည်ပတ်ရင်း နောက်ဆုံး ပွဲကမည့်ညသို့ ရောက်လာခဲ့တော့၏။

အမေ ဆင်ပေးထားလိုက်သော တစ်လုံးစိန်လက်စွပ်ကို အရိပ်တကြည့်ကြည့်ဖြင့် မော်ရင်းကြွားရင်း စံအေးမှာလည်း ကျေနပ်မဆုံး သဘောကျမဆုံး ရှိနေခဲ့ရပါလေသည်။

"ဟော့ကောင်တွေ၊ ရော့- ကောက်ညှင်းနဲ့ နှမ်းထောင်း။ အုန်းသီးခြစ်လည်း ပါသေးတယ်။ အမေ ပေးလိုက်တာ"

လှမောင်က ငှက်ပျောဖက်ဖြင့် ထုပ်ထားသော ကောက်ညှင်းထုပ်ကြီးကို ပွေ့ပိုက်ယူလာပြီး ပြောလိုက်ခြင်းဖြစ်၏။

"ဟေး- ကောင်းတယ်ကွ"

ထိုစဉ်မှာပင်-

"ဒီမှာလည်းရှိသေးတယ် မောင်"

"အဲဒါ ဘာလဲ မောင်ပု"

"ငါ့အမေကြော် ဘီးကြော်ရယ်၊ ငါးပေါင်းကြော်ရယ ပွဲကြည့်ရင်း စားကြတဲ့"

ဤသို့ဖြင့် အကြော်နှင့် ကောက်ညှင်းပေါင်းတို့ကို သူတစ်ဆုပ်ငါတစ်ဆုပ် နှိုက်ယူကြရင်း တစ်ဖက်ကလည်း အကြော်ကို ကိုင်ကြပြီးကာ ပျော်ပျော်ပါးပါး စားကြလျက် ပွဲကြည့်ဖြစ်ခဲ့ကြပါလေသည်။ ဆီပေါကြွယ်လှသောဒေသဖြစ်၍ ဆီမခိုစတမ်း ကြော်ထားကြသည်ဖြစ်ရာ ဘူးသီးကြော်၊ ငါးပေါင်းကြော်များမှာ ဆီတရွဲရွဲဖြင့် ကြွပ်ရွနေကြ၏။ အကြော်နှင့် ကောက်ညှင်းတို့ကုန်သွားကြသောအခါ အသီးသီးအသကအသက မိမိတို့၏ ပုဆိုးများနှင့် လက်များသုတ်ကြလျက် နောက်ပိုင်းဇာတ်ထုပ်၏ အဆိုအငိုများ အပြောများကို စိတ်ဝင်စားစွာ ဆက်လက် ကြည့်ရှုမိကြပါလေတော့၏။

"စံအေး၊ မင်းလက်မှာ ဆီတွေအများကြီးကွ"

သူ့အကြော်ကိုင်သောဘယ်လက်ကို ဆွဲယူ၍ ပုဆိုးအနားစဖြင့်လှမ်းသုတ်ပေးနေသော ဖိုးနီကို စံအေးမှာ စိတ်ဝင်တစားမရှိနိုင်ဘဲ ပြက်လုံးတစ်ခုကြောင့် ခွက်ထိုးခွက်လန်ရယ်မောရင်းသာ ရှိနေခဲ့မိပါလေသည်။

"အဲဒီလူ တအားရယ်ရတယ်ကွ၊ မျက်နှာပေးကိုက တကယ့်လူရွှင်တော်ရုပ်နော်"

"အေး- သူ့ညီမလုပ်တဲ့ မင်းသမီးလေးလည်း သနားစရာလေးကွ။ ကြည့်ဦး မျက်နှာငယ်လေးနဲ့ ပြောနေပုံများ"

"မင်းသမီးကိုနှိပ်စက်တဲ့အခန်း... ကွ။ ဟိုမိန်းမရုပ်ကြီးကလည်း ကြည့်... ဦး။ တကယ်အကျင့်ပုပ်တာကိုး။ တော- မျက်နှာကိုဖြတ်ရိုက်ပြန်ပြီ"

ဇာတ်လမ်းမှာ သူ့ဇာတ်ရုပ်နှင့်... အသက်ဝင်လွန်းလှသဖြင့် ပွဲကြည့်... ပရိသတ်တို့မှာ စိတ်ဝင်တစား ငြိမ်သက်... လျက်ရှိနေကြလေသည်။ ထိုညက သူတို့... အုပ်စုသည် အရုဏ်တက်ချိန်နီးခါမှပင် အိမ်သို့ပြန်လာခဲ့ကြပါလေသည်။

*

နေထန်းတစ်ဖျားခန့်ရောက်မှပင် စံအေး အိပ်ရာမှနိုးလာခဲ့ပါလေတော့၏... မျက်နှာသစ်ပြီး ထမင်းစားရန် မီးဖိုထဲဝင်လိုက်သည်နှင့် အမေက ဦးစွာ-

"သား၊ ညက တော်တော်မှပျော်ခဲ့ရဲ့လား"

"ပျော်တာပေါ့ အမေရာ၊ ... မနေပါနဲ့တော့။ လူပြက်တွေကလည်း ရယ်လိုက်ရတာများ အူတွေကိုနာ... တာပဲ။ နောက်ပိုင်းဇာတ်ထုပ်တွေ... ဇာတ်လမ်းကောင်းလွန်းလို့ တချို့အ... ကြီးတွေများ မျက်ရည်တောင်ကျ... တယ် အမေရ"

"အင်း အင်း- သရုပ်ဆောင်... ကြပုံရတယ်။ အမေလည်း အိမ်က... လေသင့်တဲ့အခါ တစ်ချက်တ...



www.burmeseclassic.com

www.burmeseclassic.com

ကြားတော့ကြားမိသား"

"ဟုတ်လား၊ အမေလည်း အိမ်မှာနေ ကြားတာပေါ့ ဟုတ်လား"

"အေး- ဒါနဲ့ နေပါဦး၊ ငါ့သား လက်စွပ်ကောမမြင်ပါလား။ ချွတ်သိမ်းထားပြီလား-"

"ဟင်"

ထိုအခါကျမှပင် စံအေးတို့ လက်စွပ်ကို သတိရမိတော့၏။ သူအလျင်အမြန်ပင် အိပ်ရာဘက်ဆီသို့ ပြန်ပြေးကာ ရှာဖွေမိ၏။ အိပ်ရာခင်းအောက်၊ ခေါင်းအုံးအောက်၊ စောင်အောက် အနှံ့ လှန်လှောရှာ၏။ ထို့နောက် အိမ်သာသွားလမ်း၊ မျက်နှာသစ်သောနေရာ၊ လှေကားခုံအောက်ဘက်နေရာအနှံ့ သူလိုက်၍ရှာဖွေမိပါသည်။

"တွေ့လား သား"

"မတွေ့သေးဘူး အမေ၊ သား လက်စွပ်ကို သားလုံးလုံးကိုမချွတ်မိတာ။ ချွတ်ကျတာလည်း မဖြစ်နိုင်ဘူး"

"သား ညကပွဲပြန်လာတော့ကော ပြန်ပါလာတာ သေချာလား"

"ဟို. . . ဟို. . . ပြန်ပါလာမှာပါ အမေရဲ့။ သားတို့ ဘာဆိုဘာမှမလုပ်ကြတာ။ ပွဲထဲထိုင်ပြီး မုန့်တွေစားတယ်၊ ကောက်ညှင်းပေါင်း၊ အကြော်စားတယ်။ ပွဲကိုပဲ အာရုံစိုက်ကြည့်ကြတယ်၊ ဒါပဲပါ။ ဟိုဟိုဒီဒီတောင် မနေ့ညက လျှောက်မလည်ခဲ့ကြဘူး။ အခါတိုင်းညဆို ဇာတ်စင်နောက်သွားပြီး မင်းသမီး ချောင်းကြသေးတယ်။ မနေ့ညကတော့ တစ်နေရာတည်းမှာပဲ ငြိမ်ငြိမ်လေးစုထိုင်ဖြစ်ကြတာ"

"အစားအသောက်စားရင်း လုယ်ဆွဲဟယ်နဲ့ ကစားရင်း စားခဲ့ကြတာ ရှိလား။ ဒါမှမဟုတ် ရိုက်လိုက်ပုတ်လိုက်လုပ်ပြီး ကစားခဲ့ကြတာမျိုးရှိခဲ့လား။ သားပြန်စဉ်းစားကြည့်စမ်း"

"အဲဒီလိုလည်း မရှိခဲ့ပါဘူး။ ညနေ့က ကောက်ညှင်းပေါင်းဆုပ်ဆုပ်ပြီး ယူစားခဲ့တာပဲရှိတယ် အမေရဲ့"

"ဘယ်နဲ့လား၊ ညာနဲ့လား"

"အင်း. . . ညာလက်နဲ့ ကောက်ညှင်းကိုဆုပ်ယူပြီး ဘယ်လက်နဲ့ ဘူးသီးကြော်တွေ၊ ငါးပေါင်းကြော်တွေ ကိုင်ကိုင်စားခဲ့တာ အမေရဲ့။ ချွတ်ကျစရာလည်း မရှိနိုင်ပါဘူး"

"သားကလည်း၊ အဲဒီ လက်စွပ်လေးဟာ ဆွေစဉ်မျိုးဆက် တန်ဖိုးထားကြရမယ့်ပစ္စည်းလို့ အမေ မပြောခဲ့ဘူးလား။ အမေက ယုံကြည်လို့ ထုတ်ဝတ်ပေးခဲ့လိုက်တာ။ မင်းအဖေကတော့ အမေ့ကို အပြစ်တင်တော့မှာပဲ။ ဒုက္ခပါပဲ သားရယ်"

"နေဦး အမေ၊ ညကလေ. . ."

"အင်း- ပြော၊ ညက ဘာပြုတုံး"

စံအေး ပြန်တွေးကြည့်၏။ ဟုတ်သည်။ ညက သူ့လက်ကို သူသုတ်သင်ပြီးဖြစ်ပါလျက် ဆီများရွှဲနေသည်ဟုဆိုကာ ညမှောင်မှောင်ထဲ၌ ဖိုးနီက သူ့ဘယ်လက်ကိုဆွဲယူကာ ပုဆိုးနှင့် ပွတ်သုတ်ပေးခဲ့ပါ၏။ ပွဲမှာ ဇာတ်ကောင်းနေချိန်ဖြစ်၍ ဖိုးနီလုပ်သမျှ အမှုမဲ့အမှတ်မဲ့ရှိနေခဲ့မိပါလေသည်။ သူ့စိတ်ထဲ မျက်ခနဲ ဖြစ်သွားရတော့၏။

"ဒါ. . . ဒါဆို ဖိုးနီက ငါ့လက်ကို ဆီသုတ်ပေးသလိုလိုနဲ့ လက်စွပ်ကျွတ်အောင် တမင်လုပ်လိုက်တာလား။ သူများယူသွားသလား"

မဖြစ်နိုင်ပါ။ ဖိုးနီကို သူယုံ၏။ လူဆင်းရဲပင် ဖြစ်သော်လည်း စိတ်ရင်းကောင်းသူတစ်ယောက်ပဲ ဖြစ်လေသည်။ မဦးမချွတ်လုပ်ကာ သူများကို စွပ်စွဲလိုစိတ်လည်း စံအေး၌ မရှိသဖြင့် ဖိုးနီအပေါ် သံသယလည်း သူမထားနိုင်ဘဲဖြစ်နေပါလေသည်။ မရှိခိုးနိုး၊ မလှစုန်းယိုး ဟူသော သဘောထားတို့ဖြင့်လည်း သူတစ်ဖက်သားအား အထင်မှားမိပါကလည်း ဝဋ်လည်တတ်သည်ပဲ ဖြစ်ပါ၏။

"ပြောလေ သား၊ ညက ဘာပြုသေးလို့တုံး။ ဘာအမှတ်ရမိတာ ရှိသေးလို့တုံး"

"အင်း- ဟို. . . ဟို. . . ဟိုဒင်းပါ အမေရဲ့။ ဇာတ်စင်နောက်ဘက်သွားကြမယ်လုပ်ကြသေးပေမယ့် မသွားဖြစ်ခဲ့ဘူးလို့။ အဲဒါ. . . အဲဒါ ပြောမလို့ပါ"

"ဟင်း- ခက်တော့တာပဲ။ ရှားရှားပါးပါး ဘိုးဘွားပိုင်လက်စွပ်လေးတော့ ပျောက်ပြီနဲ့တူပါရဲ့ သားရယ်။ သားရဲ့ အဘိုးနဲ့အဘွားက အမေ့ကို အသေအချာ စောင့်ရှောက်ခိုင်းခဲ့ကြတာ။ အမေ့အပြစ်ဖြစ်တော့မှာပဲ သားရယ်"

"အမေကလည်း၊ အမေ့အပြစ်လို့တော့ ဘယ်ဟုတ်ပါ့မတုံး။ သားပစ္စည်းကို သားမစောင့်ရှောက်နိုင်၊ မထိန်းသိမ်းနိုင်တာဘဲ သားအပြစ်ပေါ့။ အဖေဆူလည်း သားခံပါ့မယ်၊ အဖေရိုက်လည်း သားခံပါ့မယ် အမေရယ်"

ဤသို့ဖြင့် ဖခင်ဖြစ်သူ သိသွားရလေတော့၏။ စံအေးစိတ်ထင် အနည်းဆုံး အဖေမှ တုတ်စာကျွေးတော့မည်ဟူ၍ ထင်ထားသော်လည်း-

"ဒါဆို ဘယ်လိုကနေဘယ်လိုဖြစ်ပြီး ပျောက်သွားမှန်း သားမသိဘူးပေါ့"

"ဟုတ်. . . ဟုတ်ကဲ့"

"တကယ်ဆို ပစ္စည်းဥစ္စာအထိန်းသိမ်းညံ့တဲ့မင်းကို ကောင်းကောင်းရိုက်ပြီး ဆုံးမချင်တာကွ။ ကလေးလည်း မဟုတ်တော့ဘဲနဲ့ အပျော်လွန်ပြီး ပျောက်ရတယ်လို့ပဲ။ မင်းသူငယ်ချင်းတစ်အုပ်လုံးကော ဘယ်သူမှ မတွေ့ကြဘူးတဲ့လား"

စံအေးသည် ဖိုးနီမျက်နှာကို ပြေးမြင်မိလိုက်ပါ၏။ ဖိုးနီ မရိုးမသားလုပ်ခဲ့သည်ပဲလား။ စိတ်ထားမှန်ကြောင်း သူထင်ထားခဲ့မိသည်တို့ အမှားကြီးမှားခဲ့လေပြီလား။ အဖေ့ကိုတော့ သူထုတ်မပြောချင်ပါပေ။

"ဟို ဟို- သားသူငယ်ချင်းတွေက ရိုးတော့ တွေ့တာနဲ့ ပြန်ပေးမှာပါ။ မတွေ့ကြလို့ဘဲဖြစ်မှာ"

"ကောင်းကွာ၊ ကောင်းလိုက်တဲ့ဆင်ခြေ။ ဒီမှာ ငါ့သား၊ လူရိုး ဆိုတာ လောကမှာ ဘယ်နေရာမှာရှိလဲသိလား"

စံအေး ခေါင်းကို အသာခါယမ်းပြမိသောအခါ-

"အေး- မင်းမြဲမြဲမှတ်ထား။ လူရိုးဆိုတာ လောကမှာ သချိုင်းထဲမှာပဲ ရှိတတ်တာကွ။ အရာရာကို ချင့်ချိန်ပြီး တွေး၊ အလွယ်မပြောနဲ့"

"သားလည်း လူငယ်ဘာဝ ပျော်လွန်းတော့ သတိလက်လွတ်ဖြစ်သွားခဲ့ပုံရပါတယ်ရှင်။ နောက်တစ်ခါ မဖြစ်စေရပါဘူးလို့ အဖေ့ကို ကတိပေးလိုက်လေသား"

"နောက်တစ်ခါ ဘာကိုမှ မဖြစ်စေရပါဘူး။ သား ကတိပေးပါတယ် အဖေ"

"အင်း - အေးပေါ့ကွာ။ ပစ္စည်းသင်္ခါရ လူသင်္ခါရတွေပဲ။ အသက်ရှိလူတွေတောင် နေ့မြင်ညပျောက် ဖြစ်ကြရသေးတာ။ သက်မဲ့ရုပ်ဝတ္ထုပစ္စည်းတွေလည်း မြဲတယ် ဘယ်ရှိကြပါ့မလဲ။ အဖေက ဘိုးဘွားမိဘအပိုင်မို့လို့ နှမြောတာပါ။ မင်းလက်ထဲထိရောက်ခဲ့ပြီ ဆိုရင် ဆွေငါးဆက် မျိုးငါးဆက်ရှိခဲ့ပြီကွ"

အဖေသည် လေးပင်စွာ တစ်လုံးချင်းပြောရင်း ဖြည်းညင်းစွာထလျက် ထွက်ခွာသွားပါလေတော့၏။

"ဆွေငါးဆက်မျိုးငါးဆက် ဟုတ်လား အမေ"

"အေးလေ၊ အဘိုးငါးယောက်က မြေးငါးယောက်ကို လက်ဆင့်ကမ်းခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းလေ။ ခု မင်းအဖေရဲ့ပစ္စည်း နဝရတ်လက်စွပ်လေး မင်းရဲ့သား သူ့ရဲ့မြေးဆီရောက်ရင်တော့ ဆွေခြောက်ဆက် မျိုးခြောက်ဆက်ရှိပြီ ပြောရမယ်။ အဲဒီလို အမွေပေးခဲ့ကြတာ"

စံအေးသည် ကိုယ့်ကိုယ်ကိုယ်ပင် အပြစ်တင်မိရပါတော့၏။ သူပေါ့ဆမိ၍ သူက ဆက်လက် လက်ဆင့်ကမ်းပေးရမည့် အမွေပစ္စည်းတစ်ခု ပျောက်ပျက်သွားရပြီ ဖြစ်ပါသည်။ အဖေတို့ အမေတို့က မရိုက်သော်လည်း သူ မကျေနပ်စွာ ဖိုးနီတို့အိမ်သို့ အလျင်အမြန် ပြေးထွက်လာခဲ့မိပါသည်။

"အဒေါ် . . . အဒေါ်၊ ဖိုးနီကော"

"ဖိုးနီကို မြို့က သူ့ဦးလေးက ခေါ်ပြန်သွားတယ် လူလေးရဲ့"

"ဟင် - ဘယ်တုံးကလဲ"

"ခုမနက်ပဲ၊ သူ့ဦးလေးက ရွာဘုရားပွဲလာရင်း အောက်ပြည်အောက်ရွာမှာ စီးပွားရှာအလွန်ကောင်းတဲ့အကြောင်း ပြောပြောပြတာ။ အဲဒါ စိတ်ပါသွားလို့လား မသိဘူး။ ဒီမနက်သူ့ဦးလေးပြန်မယ်လုပ်တော့ အလုပ်အတူတူလုပ်ချင်တယ်ဆိုပြီး တောင်းလိုက်သွားလေရဲ့ လူလေးရေ"

"ကျွန်တော်တို့ကိုလည်း ဘာမှ ပြောမသွားဘူး"

"အေးကွယ်၊ သူ့ဦးလေးက အဒေါ်တို့ကို ပေးတာကမ်းတာတွေလည်းတွေ့နေတော့ အားကျရှာတယ် ထင်တာပဲ။ အဒေါ်တို့မှာကလည်း လူလေးသိတဲ့အတိုင်း သူ့ကို အရင်းအနှီးမထောင်ပေးနိုင်ဘူးလေ။ ခုလည်း သူ့ဦးလေးက အလုပ်သင်ပေးမယ်၊ ထမင်းလည်းကျွေးမယ်၊ လိုအပ်တာ အကုန်ဝိုင်းကူ ဆိုပြီး ခေါ်သွားတာ"

စံအေးစိတ်ထဲတစ်မျိုးတော့ဖြစ်ရပါလေ၏။ တကယ်ဆိုလျှင် မည်မျှပင်လိုက်ချင်နေသည်ဖြစ်စေဦးတော့ ငယ်ပေါင်းသူငယ်ချင်းများကိုတော့ နှုတ်ဆက်ထွက်သွားသင့်ပါသည်။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့သည်ပဲလား။ ရိုးရိုးသားသားဆိုလျှင် သူတို့အား ပြောဆိုသွားရမည်သာ မဟုတ်ပါလား။

*

နေ့ရက်တို့ အလီလီပြောင်းရွှေ့ခဲ့ကြပြီ ဖြစ်ပါသည်။ စံအေးမှာလည်း ကိုစံအေး၊ ဦးစံအေးဘဝမှသည် အဘစံအေးဘဝသို့ထိ ရောက်ရှိခဲ့ရပြီ ဖြစ်ပါသည်။ ထိုမျှ ကြာမြင့်သည့်တိုင် ထိုသူငယ်ချင်း ဖိုးနီ၏ ကောင်းသတင်း၊ ဆိုးသတင်း တစ်စုံတစ်ခုကိုမျှ သူတို့မကြားကြရဘဲရှိနေခဲ့ရသည်က အံ့ဩစရာဖြစ်ပါ၏။

ဖိုးနီ၏ မိဘနှစ်ပါးအနက်မှ ဖခင်ကွယ်လွန်စဉ်ကလည်း မရောက်လာ၍ မိခင်က အငယ်ကလေးများနှင့် အောက်ပြည်အောက်ရွာ လိုက်သွားခဲ့ပါလေ၏။

ယနေ့ဆိုလျှင် ဘစံအေးတို့ အသက် (၇၀) ပြည့်ရန် တစ်နှစ်ခန့်သာလိုပါတော့၏။ ရွာဦးကျောင်း၌ ဗေယျာဝစ္စလုပ်ကိုင်သူအဖြစ် အချိန်ပြည့် တာဝန်ယူ၍ ဘုရားရိပ်၊ တရားရိပ် ကျောင်းရိပ်တို့ ခိုလှုံကာ တရားအားထုတ်လျက်ရှိနေပါလေသည်။

တစ်နေ့၌ ရွာဦးဆရာတော်ကြီးအား ရန်ကုန်ဘက်မှ ဟူ၍ လူတစ်စုတို့က ဝင်ရောက်ဖူးမြော်ကြပြီး ဘုရားပြုပြင်ခွင့်နှင့် ရေကန်တူးဖော်ခွင့်တောင်းကြပါလေ၏။ ဆရာတော်ကြီးကလည်း ဘစံအေးတို့အဖွဲ့အား တစ်ချက် လှမ်းကြည့်တော်မူလျက်-

"နေပါဦး ဒကာတို့ရဲ့၊ လှူချင်တဲ့ဒကာက ခု မပါလာသေးဘူးလား"

"တင်ပါ့၊ အရှင်ဘုရား ခွင့်ပြုတာနဲ့ လိုအပ်တာတွေသယ်ပြီး ရောက်လာမှာပါ ဘုရား"

"အဲဒီဒကာကကော ဒီရွာနဲ့ ဘယ်လိုပတ်သက်လို့ ဘယ်လိုသိပြီး ခုလိုလှူချင်၊ ပြုပြင်ချင်ရတာတဲ့လဲ"

"တင်ပါ့ဘုရား၊ တပည့်တော်တို့ရဲ့ဆရာက သူငယ်ငယ်ကလေးဘဝက ဒီရွာကို ခဏလာလည်ဖူးခဲ့ပါတယ်တဲ့ ဘုရား။ အဲဒီကတည်းက လှူချင်တန်းချင် ပြုပြင်ချင်ခဲ့တာ ခုလိုအချိန်မှပဲဖြစ်နိုင်ပါတော့တယ်တဲ့ ဘုရား"

"အင်းပေါ့လေ၊ ကိုယ့်ရွာကိုယ့်ကျောင်းကို ကိုယ့်ရွာဒကာပဲ ပြင်ကြရမယ်လို့ ဘယ်သူကမှ ချမှတ်ထားတာမှ မဟုတ်တဲ့ဟာ။ ဒကာပေါ်လာလို့ ရောင်တော်လည်းပွင့်ရမယ့်အရေးပဲ။ ဘုရားရဲ့ အာနုဘော်ပဲပေါ့ ဒကာတို့"

ဤသို့ဖြင့် ထိုဒကာတို့ ပြန်သွားကြပြီးသောအခါမှ ဆရာတော်မှ ဘစံအေးတို့အား-

"ဒကာကြီးတို့- ဒကာတို့စိတ်ထဲမှာ ငါတို့လှူနိုင်နေသားပဲ၊ သူများလာလှူတာကို မခံနိုင်ပါဘူးလို့ မတွေးကြနဲ့။ အဲဒါ တလွဲမာနလည်းဖြစ်သလို သူများရဲ့ဒါနအားကို မုဒိတာမပွားနိုင်တာမျိုးလည်း ဖြစ်တယ်ကွယ်"

"တင်ပါ့ဘုရား၊ သူတို့က လှူအင် အားများများနဲ့ လာကြမှာဆိုတော့ တပည့်တော်တို့ ရွာခံတွေက ဘာမှလုပ် စရာမလိုဘူးပေါ့ ဘုရား"

"လိုအပ်တာတော့ ဝိုင်းကူကြ မှာပေါ့ ဒကာတို့။ အဲဒီလူက အတော် ကို ချမ်းသာတာတဲ့။ စီးပွားရေးလော ထဲကို အသက်ငယ်ငယ်နဲ့ရောက်ခဲ့တဲ့ လည်း ဖြစ်တယ်တဲ့။ နာမည်ကတော့ ဦးတင်ယု ဆိုလားပဲ။ ကျုပ်လည်း တစ် ခါမှတော့ ဒီနာမည်ကို မကြားဖူးခဲ့ ဘူး"

"အရှင်ဘုရား၊ ရေကန်တူးမယ့်နေ ရာကော ရွေးထားပြီးပြီလား ဘုရား"

"အင်း- စေတီတော်နဲ့ ထွန်းတော ကြားနေရာလေးမှာဆိုရင် ပိုကောင်း လားလို့။ မိုးရေစီးကြောင်းလည်း စီး နိုင်ရမယ်။ ပြီးတော့ ကျောင်းနဲ့ စေတီ ရေကန်နဲ့ မျက်စိပသာဒဖြစ်နိုင်မယ့်နေ ရာကို ရွေးထားလိုက်တယ် ဒကာတို့"

"သူတို့လူနဲ့ သူတို့ပဲ တူးကြမှာ ဟုတ်လား ဘုရား"

"ဟုတ်တယ်၊ ကျွမ်းကျင်တဲ့သူ တူးကြတော့လည်း ရက်တိုတိုနဲ့ ပြီး ပေါ့။ စိုက်မယ့် ကြာမျိုးတွေလည်း ကျောင်းအောက်မှာထားဖို့ စီစဉ်သွား ကြတယ်"

"တင်ပါ့၊ဒါဆိုလည်း တပည့်တော် တို့ရွာခံတွေအနေနဲ့ လိုအပ်တာ ဝိုင်း ပေးကြမှာပါ ဘုရား"

"သာဓု၊ သာဓု၊ သာဓု"

ဤသို့ဖြင့် ရွာဦးဆရာတော် လားတော်မူသည့်အတိုင်း ရွာခံလူ လူငယ်တို့က ဝိုင်းဝန်း ကူညီ ပံ့ပိုး ကြသဖြင့် မကြာမီပင် ကြာမျိုး ပွင့်လန်းနေသော ရေကန်ကြီးနှင့် သက်န်းဖွေးဖွေးတောက်နေသော ကြီးကို တင့်တယ် သပ္ပာယ်စွာ ဖူး ရပါလေတော့၏။ လေပြည်သုတ် များ၌ တအိအိ တလိမ့်လိမ့် ပြေး သော လှိုင်းငယ်လေးတို့ကြား ကြာ နီ/ပြာ ပဒုမ္မာတို့ကလည်း အပွင့် ရောင်စုံတို့ဖြင့် ရွာ၏အလှနှင့် ဖက်လွှမ်းလှပါလေသည်။

အားလုံးပြီးစီးကြသောအခါ သူ့ရွာသားတို့ သတင်းတစ်ခုကြား ကုန်ပါလေတော့၏။

"ဘစံအေး၊ ရေကန်ဒကာကြီး တင်ယုရဲ့လက်စွပ် ကျပျောက်သွား တဲ့ဗျ"

"ဟေ - ဘာလက်စွပ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

"စိန်မြရံခြယ်လက်စွပ်တဲ့ ဘရဲ့၊ မြထက် စိန်က အရမ်းတန်ဖိုးရှိတာတဲ့"

"အိမ်း - ဝိုင်းရှာကူပေးလိုက်ကြပါဦးကွာ။ ကလေးတွေကိုလည်း ခိုင်းရှာခိုင်းလိုက်ကြပါ။ တွေ့နိုင်ပါတယ်"

ရက်သတ္တပတ်တစ်ပတ် ကြာလာခဲ့ပြီဖြစ်သော်လည်း လက်စွပ်ကို ရှာ၍မတွေ့ကြသေးပါလေ။

"ရေကန်ထဲမှာကျသလား၊ ကြာရွက်တွေနဲ့ လုံးထွေးပြီးလည်း ကျွတ်ကျခဲ့တာပဲ။ ကဲကဲ- ရွာထဲက ရေငုပ်တတ်တဲ့လူတွေ၊ ရေကူးတတ်တဲ့လူတွေ လုပ်ကြဦး"

ဘစံအေး၏လောဆော်မှုကြောင့် ရွာရှိ ရေငုပ်ကျွမ်းကျင်ကြသူတို့ ကန်ထဲ ဆင်းရှာကြရပြန်လေသည်။ ဘစံအေးတို့ရွာခံများက ဤမျှကောင်းပြနေပါသော်လည်း ထိုရေကန်အလှူရှင်ဆိုသူ ဘမူ ရင်းနှီးလိုဟန်မပြစတမ်း ဘာသိဘာသာပင်ရှိနေသည်ကို ဘစံအေး သတိပြုမိခဲ့လေသည်။

"အေးလေ၊ ဆရာတော်စကားနားထောင်ကြရမှာ ဆိုတော့ ဧည့်သည်က အိမ်ရှင်ကိုပြောတော့လည်း ပြန်ပြောကြတာပေါ့၊ ရောတော့လည်း ပြန်ရောရတာပေါ့၊ ဘာသိဘာသာ နေတော့လည်း အဲဒီလိုပဲ နေလိုက်ကြရုံပေါ့ကွာ။ ဟုတ်ဘူးလား"

ဘစံအေးက ဖျောင်းဖျောင်းဖျဖျ ပြောပေးရပါတော့၏။ မတွေ့သည်မှာ တစ်ပတ်ကျော်လာသောအခါတွင် တစ်မျိုးကြားကြရပြန်ပါတော့၏။

"ဘစံအေး"

"ဟေ"

"ဦးတင်ယု ဆိုတဲ့လူကြီးက သူ့လက်စွပ်သာ တွေ့အောင်ရှာပေးနိုင်ရင်တဲ့၊ အဲဒီသူကို သူစီးလာခဲ့တဲ့ အဲဟိုကားသစ်ကြီး ပေးခဲ့ပလိုက်မှာတဲ့ဗျ"

"ဟ - ဟုတ်လှချေလား။ ရွာက မောင်တွေတော့ အလုအယက်ရှာကုန်ကြတော့မှာပဲ"

"ဘပြောတာ နောက်တောင်ကျသေး၊ အကုန်လုံး ရေကန်ထဲ ဆင်းကုန်ကြပြီ။ ရေကန်နားလည်း ပိုက်စိပ်တိုက်ရှာနေကြတဲ့အပြင် အဲဒီလူကြီးသွားတတ်တဲ့နေရာတွေအထိပါ အမြန်အမြန်ရှာကုန်ကြပြီ ဘရေ"

"ကလေးတွေကိုတော့ ဂရုစိုက်ကြဦးလို့ ပြောကြလေ။ မတော် ရေတွေဘာတွေနစ်နေကုန်ပါဦးမယ်"

"မရတော့တာ ဘရေ၊ မိန်းမတွေရောကလေးတွေပါ အုပ်လိုက်အုပ်လိုက်ပဲ။ ကားကြီးပေးမယ်ဆိုတာကိုး"

"ဘစံအေး၊ ဒါဆို သူ့လက်စွပ်က သူစီးလာတဲ့ကားကြီးထက် ပိုတန်ဖိုးရှိတာပေါ့နော်"

"အေး - မသိတော့ပါဘူးကွာ။ ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

"အဲဒါကြောင့် ရှာချင်တာ ဘရဲ့"

"အေးအေး- ရှာကြ ရှာကြ။ တွေ့တော့လည်း အမြတ်ပေါ့ကွာ"

*

ထိုမှတစ်ရက်တွင် ဘစံအေးတို့ ကျောင်းအပေါ် ရှိနေကြစဉ် -

"ဘဘုန်း. . . ဘဘုန်း"

"ဟော- ဘစံအေးမြေး တွတ်တီဖူးပါလား။ ဘာဖြစ်လာတယ် မသိဘူး၊ ရွှံ့တပေပေနဲ့ ပြေးလာတယ် ဘုရား"

"ဟဲ့- တွတ်တီဖူး၊ နင့်မလည်း ဒီနာမည်တွင်နေတာနဲ့ပဲ ကျော်ဖံလှဆိုတဲ့ နာမည်ရင်းတောင် ပျောက်တော့မယ်။ ဘာဖြစ်လာတာတုံးကွယ့်"

"ဘဘုန်း၊ ဧည့်သည်ဘဘကြီး ဦးတင်ယုကော ဘုရား"

"အမယ် အမယ် - တွတ်တီဖူးတော့ ဧည့်သည်ကိုများ နာမည်တပ်မေးနေရသေးတယ်။ ကလေးပီပီမနေပါလား၊ အရိုက်ခံထိချင်ပြီထင်တယ်"

"မဟုတ်ပါဘူး ဘိုးဘိုးရဲ့၊ ဒီမှာ သား တွေ့လာခဲ့ပြီ။ ကားကြီးတောင်းတော့မလို့ပါဆို"

"ဟေ"

"ဘာရယ်"

တွတ်တီဖူးက ဘစံအေးရှေ့ရှိ စားပွဲဝိုင်းပေါ်သို့ မြေစိုင်ခဲတစ်ခုကိုလှမ်း၍တင်လိုက်ခြင်း ဖြစ်လေသည်။ ထိုမြေစိုင်ခဲ၏တစ်ဖက်မျက်နှာပြင်၌ တဖျပ်ဖျပ် အရောင်လက်၍နေသော စိန်မြရံခြယ်လက်စွပ်ကြီးက ရွှေရောင်အဝင်းသားဖြင့် မြုပ်ဝင်နေလေ၏။ ဘစံအေး၏ မျက်စိထဲ၌ ထိုအလယ်မှ စိန်လုံးကြီးသည် သူငယ်စဉ်ကာလက ပျောက်ဆုံးခဲ့သော တစ်လုံးစိန် စိန်ဖြူကြီးနှင့်ပင် တူနေသယောင် ထင်လိုက်မိလေသည်။ မဟုတ်နိုင်ပါဘူး ဟူ၍ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရင်း ထိုလူကြီးလာရာလမ်းကို လှမ်းမျှော်ကြည့်နေမိလိုက်ပါလေ၏။

သွားခေါ်သူတို့နှင့်အတူ ပြန်ပါလာသော ဧည့်သည်ဒကာကြီးအား ဆရာတော်က-

"ကိုင်း- ဒကာကြီးရေ ဒီမှာ ဒကာကြီးစံအေးရဲ့မြေးက ဒကာကြီးလက်စွပ်ကို ပြန်ရှာလာပေးတယ်တဲ့ဗျား။ ကလေးလည်း ရွှံ့တွေအလူးလူးဖြစ်နေတာပဲ ကြည့်တော့"

ဧည့်သည်ဒကာကြီးက ကလေးကို စူးစူးစိုက်စိုက်ကြည့်နေ၏။ ပြီးမှတစ်ဖန် ဘစံအေးကိုလည်း ကြည့်နေပြန်လေသည်။

"ဒီမှာလေ ဒကာကြီး၊ ကလေးရှာတွေ့လာခဲ့တဲ့ပစ္စည်း။ ဟုတ်၊ မဟုတ် စစ်ကြည့်လိုက်ဦး"

"ကြည့်ပါဦး ဘဘ၊ ဟုတ်ရင် သားကို ကားကြီးတကယ်ပေးရမှာနော်"

"သား. . . သားက ဘစံအေးရဲ့မြေးလား"

"ဟုတ်ပါတယ်၊ သားရဲ့ဘိုးဘိုးပါ"

"ပြီးတော့ တစ်ရွာလုံး ဝိုင်းရှာနေကြတဲ့ပစ္စည်း သားနဲ့ကျမှ တွေ့လာခဲ့တာပေါ့၊ ဟုတ်လား"

"ဟုတ်"

"သားက ဘယ်နရက် ရှာရတာတုံး"

"တစ်ရက်ပဲ ဘဘ၊ ဘဘပေးမယ်ပြောတဲ့ကားကြီးကို သားသွားကြည့်ပြီးမှ သဘောကျလို့ သွားရှာတာ။ ချက်ချင်းပဲ မြေကြီးခဲထဲကတွေ့တာ။ အမြန်ယူပြီး ပြေးတော့မှ ချော်လဲလိုက်လို့ ရွှံ့တွေပေသွားရတာပါ"

ခြေဖျား၊ ဒူးခေါင်း၊ တံတောင်၊ နဖူးတို့၌ ခြောက်ခါစ ရွှံ့နီများဖြင့် သွက်လက်ချက်ချာစွာ ရှင်းပြနေသော တွတ်တီဖူးကိုကြည့်ရင်း ဦးတင်ယုက-

"သားကော ဒီလက်စွပ်ကို မလိုချင်ဘူးလား"

"သားလား၊ လိုချင်တာပေါ့။ အရောင်တလက်လက်နဲ့ အရမ်းလှတာပဲ"

"လိုချင်ရင် သားရှာတွေ့တွေ့ချင်း ဖွက်ထားလိုက်ခဲ့ပါလား"

"ဘဘကလည်း- သားဥစ္စာမှ မဟုတ်တာ၊ မယူရပါဘူး။ သားဘိုးဘိုးက အမြဲပြောတယ်။ သူများပစ္စည်းဆိုရင် ပစ္စည်းရှင် ခွင့်မပြုဘဲ ဘယ်တော့မှမယူရဘူးတဲ့။ ပစ္စည်းရှင် ပူပူလောင်လောင် ခံစားရသလို ကိုယ်လည်းခံစားရတတ်တယ်တဲ့ ဘဘရဲ့"

ဦးတင်ယုသည် တွတ်တီဖူး၏ ကျောပြင်လေးအား အသာအယာပွတ်သပ်ပေးရင်း-

"လိမ္မာလိုက်တဲ့ ကလေးရယ်၊ မင်းကမှ ဘဘထက်တော်တဲ့လူပါ။ စံအေး မင်းကတော့ ဒီလို ရှိသားလိမ္မာတဲ့မြေး



www.burmeseclassic.com

www.burmeseclassic.com

ကျော်တင့်ဆွေ

# ဇော်ဂျီတောင်ဝေးပင် နှင့် ရောဂါကုသနည်း

တိုင်းရင်းဆေးဖက်ဝင် ဒေသပေါက်ပင်များကို လေ့လာကြည့်လျှင် သဘာဝရဲ့ ဆေးဝါးအာနိသင်တွေ ရှိကြောင်းကို ဆေးကျမ်းတွေမှာ အခိုင်အမာ ဖတ်ရှုနိုင်ပါတယ်။ စာဖတ်ပရိသတ်တွေအတွက် လွယ်ကူစွာနဲ့ရရှိနိုင်တဲ့ ဇော်ဂျီတောင်ဝေးပင်ရဲ့ ဆေးဖက်အသုံးဝင်ပုံများကို တင်ပြရေးသားထားပါတယ်။ မြန်မာ့ရိုးရာဓလေ့အရ ကြာရှည်ခံတာကြောင့် ညောင်ရေအိုးပန်း အဖြစ်လည်း အသုံးပြုလေ့ရှိကြပါတယ်။

**ဇော်ဂျီတောင်ဝေး အရွက်ပြုတ်ရည်နှင့် ကုသနည်း**

ဇော်ဂျီတောင်ဝေးအရွက် လတ်လတ်ဆတ်ဆတ် တစ်ခက်ကို ရေသန့်နဲ့ ဆေးကြောပြီးထားပါ။ ရေသန့် (၄) ဆ
နဲ့ပြုတ်ပါ။ ပြုတ်ဆေးရည် လေးမုံတစ်
ကျန်လျှင် ဆေးဝါးအဖြစ် အသုံးပြု
ရပါပြီ။ လူကြီး ဆေးတစ်ခွက်စာပမာဏ
အဖြစ် ဟင်းစားစတီးဇွန်းနဲ့ထက်ဝက်
တစ်ကြိမ် သောက်ပေးရပါတယ်။ ညနေ
တစ်ခွက်အဖြစ်နဲ့ သောက်ပေးမယ်
ရင်တော့ နွေရာသီတွေမှာ အပူရှိန်လွန်
ကဲမှုကိုအခြေပြုတဲ့ နှာခေါင်းသွေးလျှံ
ရောဂါများ၊ ခန္ဓာကိုယ်အတွင်း အပူ
(တေဇောဓာတ်) လွန်ကဲမှုကြောင့်ဖြစ်
သွေးအန်တတ်တဲ့ရောဂါများ၊ မီးယ
သွေးလွန်လို့ဖြစ်စေ, လိပ်ခေါင်းနဲ့ မြ
သရိုက်ရောဂါကြောင့် ဖြစ်စေ, သွေးဝမ်း
သွား၍ဖြစ်စေ ဖြစ်ပွားတတ်တဲ့ရောဂါ
တွေအတွက် အသုံးပြုနိုင်ပါတယ်။

---

ဆက်ကို ရနိုင်ခဲ့ပြီပေါ့နော်။ ငါ့မှာသာ . . . ငါ့မှာသာ. . .”

“ဟင်”

ဘစံအေး အံ့သြသွားရသကဲ့သို့ ကြားရသူအားလုံးတို့လည်း အံ့အားသင့်သွားကြရလေသည်။

“နေပါဦး၊ ခင်. . . ခင်ဗျားက”

“အေး- ငါ ဖိုးနီ. . . ဖိုးနီပါကွာ”

“ဟင်- ဖိုးနီ၊ ဟုတ်လား။ ဒါဆို ငါ့. . . ငါ့လက်စွပ်ကို မင်း. . .”

ဘစံအေး ရုတ်တရက် ပြောမထွက်ဖြစ်သော်လည်း-

“အေး- ငါက လောဘဇောတက်ပြီး မင်းရဲ့လက်စွပ်ကို မရအရယူခဲ့တယ်ကွာ။ မရိုးသားမိလို့ မင်းကိုရော အားလုံးကိုပါ မတွေ့ရဲမမြင်ရဲဖြစ်ပြီး တစ်ရပ်တစ်ကျေးကို ငါပြေးခဲ့ရတာ။ ပြန်လာချင်လျက်နဲ့လည်း မလာရဲဘူး။ ပူလောင်နေခဲ့ရတာမျိုးပဲပေါ့”

ဘစံအေး နှုတ်ဆိတ်နေပါ၏။

“အရောင်းအဝယ်မှာ ကျွမ်းကျင်ပြီး စီးပွားဘယ်လောက်ဖြစ်ဖြစ် ငါစိတ်မချမ်းသာစရာတွေဘဲ ကြုံကြုံနေရလို့ ရွာပြန်လာပြီး ငါ ဒီအလှူကို လာလုပ်မိတာ။ မင်းကတော့ သားစဉ်မြေးဆက်တွေ အဆင့်ဆင့်ပွားများလို့။ ငါ့မှာတော့ ဘာဖြစ်လို့မှန်းမသိဘူး။ သားသမီးက မရနိုင်ဘူး၊ မရတော့ဘူးဘဲ ဆိုပါတော့”

ဦးတင်ယု၏မျက်ဝန်းမှ မျက်ရည်တို့ကလည်း အသွယ်သွယ်စီးဆင်းလျက်ရှိနေပါလေ၏။

“တကယ်ကျတော့ လူတွေမှာ ကုသိုလ်ကံဆိုတာ ရှေးဘဝကတည်းက ပါခဲ့ကြပြီးသား ဆိုတာ တကယ်ဟုတ်တယ်။ မင်းရဲ့အဘိုးက မင်းကို ဒီလက်စွပ်ပေးခဲ့သလို မင်းကလည်း မင်းရဲ့မြေးကို လက်ဆင့်ကမ်းရမယ့်ပစ္စည်း မဟုတ်လား။ သူနဲ့ထိုက်တဲ့ပစ္စည်းမို့ သူ့လက်ထဲပြန်ရောက်သွားတာ ငါကျေနပ်ပါတယ်။ ဒီပစ္စည်းကို ဘဘ မယူတော့ပါဘူး၊ သားပဲ ယူလိုက်တော့နော်။ စံအေး သူငယ်ချင်း၊ ငါ့ကို ခွင့်လွှတ်ပါကွာ”

“ဒါဆို ဘဘက ပြန်မယူတော့ဘူးပေါ့”

တွတ်တီးဗူးအသံက ထွက်လာခဲ့၏။

“အေး - သားကိုပဲ ပေးလိုက်တာပါ။ သားပဲ ယူထားလိုက်ပါ”

“မဟုတ်သေးဘူး ဖိုးနီ၊ ငါ့တုန်းက စိန်ဖြူတစ်လုံးတည်းပဲ။ ခုမင်းပစ္စည်း မြကျောက်တွေကပါနေသေးတယ်”

“ငါ့ကို ခွင့်လွှတ်ဖို့ တောင်းပန်ကြေးအနေနဲ့ ထည့်ပေးလိုက်တယ်လို့ သဘောထားပေးပါ စံအေးရာ”

တွတ်တီးဗူးသည် အဘိုးကြီးနှစ်ယောက်တို့ကြား တစ်လှည့်တစ်ပြန်မော့ကြည့်နေရင်း-

“ဟာ- ဘဘက ဒါကိုပြန်မယူဘူးဆိုတော့ ဘဘကားကြီးကိုလည်း သားကိုမပေးတော့ဘူးဆိုတာပေါ့ ဟုတ်လား။ ဘဘက ညာတာပဲ၊ ကျုပ်မကျေနပ်ဘူးဗျာ”

“ဟဲ့- တွတ်တီ”

“ပြောပါစေ စံအေး၊ ကလေးပြောတာ ဟုတ်တာပဲ။ ဘဘ မညာပါဘူး။ ကားကြီးကိုလည်း ဘဘက လက်ဆောင်အဖြစ် ပေးလိုက်ပါ့မယ်ကွာ၊ ဟုတ်ပြီလား”

“ဟာ- ဒါဆို သားက ဒီလက်စွ
ကြီးရော ကားကြီးကိုပါ ရမှာပေါ့နော်
အဲဒီလိုလားဗျ”

“အေးလေ”

“ဝမ်းသာလိုက်တာ ဘဘရယ
ဘိုးဘိုး၊ ကြားတယ်နော်။ သား သူ့မှာ
ပစ္စည်းမယူဘူးနော်။ ဘဘကပေးတာ

ပြောရင်း တွတ်တီးဗူး ထက
လေတော့၏။

အားလုံးတို့က ရယ်မောနေ
သော်လည်း ဘစံအေးကမူ ထူးဆ
လွန်းလှသော လူတို့၏ဘဝအနေအထား
အပြောင်းအလှည့်တို့ကို တအံ့တ
တွေးတောနေမိပါလေတော့၏။ မျ
ရည်စမ်းစမ်းဖြင့် တောင်းပန်တိုးလျှိုး
ရှာသော ငယ်သူငယ်ချင်း ဖိုးနီ ခေ
တင်ယုသည်လည်း ငယ်စဉ်က ရိုးသ
စွာ ကျင့်ကြံနေထိုင်ခဲ့ပါက သူ့မျိုးဆ
အဆင့်ဆင့်သို့ တစ်စုံတစ်ခု လက်ဆ
ကမ်းကာ အေးချမ်းစွာ နေထိုင်နိုင်
သာဖြစ်ကြောင်း ဘစံအေး တွေးမိ
ပါသည်။ ထိုတစ်စုံတစ်ခု ဟူသ
ရတနာရွှေငွေဥစ္စာပစ္စည်းလည်း ဖြ
သကဲ့သို့ အတတ်ပညာ၊ နှုတ်မူလ
တစ်ခုခုလည်း ဖြစ်နိုင်ပါလေမည်၊

သူတစ်ထူးတို့၏ကောင်းမြတ်
တယ်သော အနေအထား ကံကုသို
အကျိုးပေးလေသမျှကို ဝန်တိုမ
မဖြစ်ကြဘဲ မုဒိတာပွားနိုင်ကြခြင်း
သာ မိမိတို့အတွက် ကြီးမြတ်သော
ကို ရရှိနိုင်၊ အထောက်အပံ့ဖြစ်
ကြသည်ပဲ မဟုတ်ပါလား။

ခင်(ဝေ



www.burmeseclassic.com

www.burmeseclassic.com

**အရွယ်သုံးပါးမိန်းမသားများအတွက် ကုသနည်း**

အမျိုးသမီးများတွင် မီးယပ်နဲ့ပတ်သက်တဲ့ မီးယပ်သွေး မှန်ကန်စေရန်၊ အမျိုးသမီးတွေရဲ့အလှအပတွေ ချို့တဲ့နေသည့်ဖြစ်စေ၊ အိမ်တွင်းလုပ်ငန်းများကို ဆောင်ရွက်ရာမှ မောပန်းလွယ်တတ်သူတွေ တတိယအရွယ်ဖြစ်တဲ့ မီးယပ်သွေးဆုံးရောဂါရှင်တွေအတွက် ကုသနိုင်တဲ့ ဆေးနည်းကတော့ လတ်ဆတ်တဲ့ ဇော်ဂျီတောင်ဝှေးပဥ္စင်းပါးမှရရှိတဲ့ သစ္စာရည် (ညှစ်လို့ရတဲ့အရည်) တစ်ဆ၊ ထန်းလျက်တစ်ဆ၊ ချင်းစိမ်းရည်တစ်ဆတို့ကို ရောစပ်ပါ။ (ထန်းလျက် တစ်ဆကို ရေအနည်းငယ်နဲ့ ဖျော်၍ ရောစပ်ရန် ဖြစ်ပါတယ်။) ဒီဆေးရည်ကို ဟင်းစားစတီးဇွန်းနဲ့ ထက်ဝက် နေ့စဉ် သောက်ပေးခြင်းဖြင့် ကုသလို့ရပါတယ်။

**မီးယပ်မမှန်ခြင်းကို ကုသနည်း**

အမျိုးသမီးတွေမှာ လစဉ်ဆိုသလို မီးယပ်သွေးမှန်ကန်မှုကို မရရှိတတ်ကြပါက ဒီလိုဖြစ်စဉ်မျိုးနဲ့ ကင်းဝေးအောင် မိမိကိုယ်တိုင် ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ကုသနည်းကတော့ ဇော်ဂျီတောင်ဝှေးပင်မှ ပဥ္စင်းပါး လတ်လတ်ဆတ်ဆတ်ကို ရေသန့်နှင့်ဆေးကြောပါ။ ဆေးဝါး (၁) ဆ၊ ရေသန့် (၄) ဆနဲ့ ပြုတ်ပါ။ ပြုတ်ဆေးရည် လေးပုံတစ်ပုံကျန်ပါက ဆေးအဖြစ် အသုံးပြုနိုင်တဲ့အဆင့်ကို ရောက်ရှိပါပြီ။ အရွယ်ရောက်သူအတွက် ဆေးတစ်ခွက်စာပမာဏမှာ ဟင်းစားစတီးဇွန်းထက်ဝက် ဖြစ်ပါတယ်။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ (၂)ကြိမ် သောက်ပေးရမှာ ဖြစ်ပါတယ်။ ဆေးတစ်ခွက်တိုင်းတွင် အိမ်သုံးသကြား လက်ဖက်ရည်ဇွန်း တစ်ဇွန်းမျှကို ထည့်၍ သောက်ရပါမည်။

**သည်းခြေဒေါသ**

တိုင်းရင်းဆေးပညာအရ သည်းခြေဒေါသကို အခြေခံ၍ဖြစ်တဲ့ ရောဂါတွေအပါအဝင်နဲ့ အပူကို ငြိမ်းအေးစေနိုင်တဲ့ ကုသနည်းက အိမ်သုံးသကြားနဲ့ ဇော်ဂျီတောင်ဝှေးရွက်ကို အထက်ပါ ပြုတ်ဆေးကျိုနည်းကို အခြေခံ၍ ပြုတ်ဆေးအဖြစ် အသုံးပြုပေးနိုင်ပါသည်။ ဆေးတစ်ခွက်စာ ပမာဏကလည်း အထက်ပါအညွှန်းအတိုင်းပင် အသုံးပြုနိုင်ပါသည်။ အထူးသဖြင့် ဇော်ဂျီတောင်ဝှေးဆေးနည်းဟာ ဝမ်းမှန်စေတဲ့အတွက် လူသားများရဲ့ကျန်းမာရေးအတွက် လိုအပ်တဲ့ဆေးပဲ ဖြစ်ပါတယ်။

**ဝမ်းကိုက်ရောဂါကုသနည်းအညွှန်း**

ဝမ်းဗိုက်နဲ့ အူသိမ် အူနုတွေကို အခြေခံ၍ ဖြစ်တတ်တဲ့ ရောဂါများမှာ ပါဝင်တဲ့ ဝမ်းကိုက်ရောဂါကို ကုသနိုင်ပါတယ်။ ဒီလိုကုသရာမှာလည်း ဝမ်းကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးပါတယ်။ ဆေးဝါးအဖြစ် အသုံးပြုရမယ့်ပုံစံကတော့ လတ်ဆတ်တဲ့ ဇော်ဂျီတောင်ဝှေးအရွက်နုနုများကို တို့မြှုပ်စားသုံးပေးနိုင်ပါတယ်။ အချို့ ကျေးလက်ပြည်သူတွေကတော့ အသုပ်တစ်ပွဲနဲ့ ရောဂါကို ကုသနိုင်ကြပါတယ်။

**ထိပ်ခတ်နာနှင့် နှာခေါင်းသွေးလျှံလျှင်**

နွေရာသီတွေမှာ အချို့ လူတွေဟာ နှာခေါင်းသွေးလျှံရောဂါတွေ ဖြစ်တတ်ကြပါတယ်။ လိပ်ခေါင်းရောဂါ၊ မြင်းသရိုက်ရောဂါတွေမှာ သွေးကျခြင်း၊ မီးယပ်သွေးလွန်ခြင်း၊ သွေးဝမ်းသွားခြင်း၊ ထိပ်ခတ်နာတို့ကို ပျောက်ကင်းစေရန် ဇော်ဂျီတောင်ဝှေးအမြစ်ကိုသွေး၍ ရှူရှိုက်ပေးခြင်းဖြင့်ကုသနိုင်ကြောင်းကို သက်ကြီးစကား ၁ဇက်ငယ်ကြား ဆိုရိုးစကားအရ မျိုးဆက်သစ်များထံသို့ ဆင့်ကဲကာ တိုင်းရင်းဆေးဗဟုသုတတွေ ကြွယ်ဝစေရန် တင်ပြပေးရခြင်း ဖြစ်ပါတယ်။ အမြစ်ကို ပြုတ်ဆေးအဖြစ် အသုံးပြုခြင်းအားဖြင့် ဝမ်းကို မှန်ကန်စေနိုင်ပါတယ်။

**အသည်းရောင်ရောဂါနှင့် ကျောက်ကပ်ရောဂါ**

ကူးစက်တတ်သော အသည်းရောဂါနဲ့ ကော်ဖီ၊ လက်ဖက်ရည်၊ အရက်နဲ့ ဆေးဝါးအပြင်းစားများကို သတ်မှတ်စံချိန်ထက် လွန်ကဲစွာ စားသုံးမှုကြောင့် အသည်းရောင်ရောဂါဟာ အဖြစ်များတဲ့ရောဂါ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောက်ကပ်ကျန်းမာရေးညံ့ဖျင်းမှုကြောင့် ကျောက်ကပ်ရောဂါဝေဒနာရှင်အတွက်လည်း ဇော်ဂျီတောင်ဝှေးလတ်ဆတ်တဲ့အရွက်ကို လူနို့နဲ့ ပြုတ်ဆေးစံချိန်အတိုင်းသောက်ပေးနိုင်ပါတယ်။ အဆုတ်နဲ့ပတ်သက်တဲ့ရောဂါတွေအတွက်လည်း အကျိုးသက်ရောက်တဲ့အာနိသင်ကိုပေးစေနိုင်ပါတယ်။ လူနို့အစား နွားနို့နဲ့ ပြုတ်သောက်ပေးပါက ရင်အုပ်ပိုင်းဆိုင်ရာရောဂါတွေကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

**အရေပြားရောဂါကုသနည်း**

အများအားဖြင့် လူတိုင်းမှာ အရေပြားရောဂါတစ်မျိုးမျိုး ဖြစ်ပွားလေ့ရှိပါတယ်။ အကယ်၍ ဝဲစိုရောဂါ၊ ဝဲခြောက်ရောဂါ၊ ပေါင်ခြံကွဲများကို ကုသလိုပါက ဇော်ဂျီတောင်ဝှေး အမြစ်ကို သွေး၍ရရှိတဲ့အရည်နဲ့ လိမ်းပေးနိုင်ပါတယ်။ ဝမ်းတွင်းအပူနာများ၊ ရုတ်တရက်ရရှိတဲ့အနာအဆာတွေကိုလည်း ကုစားနိုင်ပါတယ်။

**အူရောင်ရောဂါ၊ အသည်းရောင်ရောဂါ**

အချိန်ယူ၍ ကုသရတဲ့ ရောဂါတွေဖြစ်တာကြောင့် တွေဝေမနေပါနဲ့။ ကုသနည်းကတော့ လတ်ဆတ်တဲ့ ဇော်ဂျီတောင်ဝှေးပင်ကို ရေနဲ့သန့်စင်ပြီး (၁) ဆကို ထန်းလျက်ခဲ (၁) ဆနဲ့ရောစပ်ကာ ကျိုပါ။ ပြုတ်ဆေးရည် လေးပုံတစ်ပုံကျန်ပါက ဆေးဝါးအဖြစ် အသုံးပြုနိုင်ပါတယ်။ ဆေးတစ်ခွက်စာအဖြစ် ဟင်းခပ်စတီးဇွန်းတစ်ဝက်ကို နံနက် တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးနိုင်ပါတယ်။

**ရင်အုပ်ဆိုင်ရာရောဂါ**

ရင်အုပ်အစိတ်အပိုင်းတွင် အသည်း၊ အဆုတ်၊ နှလုံးရောဂါများ ပါဝင်ကြပါတယ်။ အဆိုပါ အစိတ်အပိုင်းများထဲတွင်ပါဝင်သော အဆုတ်နဲ့သက်ဆိုင်တဲ့ရောဂါကို ကုစားနိုင်တဲ့ ဆေးဖက်ဝင်အပင်မှာ ဇော်ဂျီတောင်ဝှေး ပဥ္စင်းပါး လတ်ဆတ်တဲ့အပင်များကို ရေသန့်စင်အောင်ဆေးကြော၍ တစ်ဆ၊ ရေ (၄) ဆနဲ့ပြုတ်၊ ပြုတ်ဆေးရည် လေးပုံတစ်ပုံကျန်လျှင် သောက်ဆေးအဖြစ်နဲ့ အသုံးပြုနိုင်ပါတယ်။ ဆေးသောက်ရာမှာ တန်ခွန်းကို သကြားနဲ့ပြုတ်၍ရတဲ့ အရည်နဲ့ ရောစပ်၍သောက်ပေးပါက အဆုတ်နာရောဂါကို သမားအစဉ်အဆက်က အသုံးပြုခဲ့ကြတဲ့ဆေးနည်းပင် ဖြစ်ပါတယ်။ ဆေးအညွှန်းအနေနဲ့ ရက်ဆက် (၁၀) ရက်ခန့် သောက်ပေးရပါမယ်။

စာဖတ်ပရိသတ်များရဲ့ ကျန်းမာရေးစောင့်ရှောက်ရာတွင် ဆေးဖက်ဝင်အာနိသင်များပါဝင်တဲ့၊ ဆေးဝါးအဖြစ်အသုံးဝင်စေနိုင်တဲ့ လက်တွေ့အသုံးဝင်ဆေးနည်းတွေကို ရေးသား တင်ပြပါဦး မယ်ဆိုတဲ့ စကားတစ်ခွန်းကို ပြောပြရင်း ဒီလတော့ ဒီမျှသာပါပဲ။

ကျော်တင့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



# နာမည်ခံဧကရာဇ်၏ နောက်ဆုံးနေ့များ

ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ရာ သတင်းခေါင်းစဉ်အောက်မှ သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

**တရုတ်နောက်ဆုံးဧကရာဇ်၏နေအိမ်ကို ပေကျင်းမြို့တော်အာဏာပိုင်များ ဖယ်ရှား**

*ပေကျင်း၊ ဩဂုတ်၊ ၁၈*

*တရုတ်နိုင်ငံ၏ နောက်ဆုံးဧကရာဇ်ပူရီ နေထိုင်ခဲ့သော နေအိမ်သည် ဇူလိုင်လအတွင်းဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများကြောင့် ဘေးအန္တရာယ် လုံခြုံစိတ်ချရမှု အာမခံချက်မရှိတော့ရာ ပေကျင်းမြို့တော် အာဏာပိုင်များက ဖြိုဖျက်ခဲ့ရကြောင်း ဩဂုတ်လ ၁၇ ရက်နေ့တွင် ဖော်ပြထားသည်။*

*ဝင်းနှစ်ထပ်ပါဝင်ပြီး ဥရောပဗိသုကာဟန်ဖြင့် တည်ဆောက်ထားသော အဆိုပါနေအိမ်၌ တရုတ်နိုင်ငံ၏ နောက်ဆုံးဧကရာဇ် ပူရီသည် ၁၉၆၃ ခုနှစ်မှစ၍ ၎င်းကွယ်လွန်ခဲ့သည့် ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလထိ နေထိုင်ခဲ့ဖူးသည်။*

*ပေကျင်းမြို့တော်၏ လမ်းမြောင်တစ်ခုအတွင်း တည်ရှိသော ဧကရာဇ်ဟောင်း ပူရီ၏နေအိမ်ကို အခြားနေအိမ်ရှစ်လုံးတို့နှင့်အတူ လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် ဖြိုဖျက်ခဲ့ရကြောင်း ပေကျင်းမြို့တော် အာဏာပိုင်များက ပြောကြားခဲ့သည်။*

*တရုတ်သမ္မတနိုင်ငံခေတ်(၁၉၁၂-၁၉၄၉) အတွင်း တည်ဆောက်ခဲ့သော အဆိုပါနေအိမ်ကို သမိုင်းဝင်အဆောက်အအုံအဖြစ် သတ်မှတ်ထားခြင်း မရှိသကဲ့သို့ ထိန်းသိမ်းရမည့် အမွေအနှစ်စာရင်း၌လည်း ထည့်သွင်းထားခြင်း မရှိကြောင်း ပေကျင်းမြို့တော် ဒေသန္တရအိမ်ရာစီမံခန့်ခွဲမှုဗျူရို တာဝန်ရှိသူတစ်ဦး၏အဆိုအရ သိရသည်။*

*သို့ရာတွင် အဆိုပါနေအိမ်သည် ဧကရာဇ်တစ်ပါးအဖြစ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သာမန်ပြည်သူတစ်ဦးအဖြစ်သို့ ပြောင်းလဲခဲ့ရသည့် သမိုင်းဖြစ်စဉ်တစ်ရပ်ကို ထင်ဟပ်နေသည်ဖြစ်ရာ ယင်းကဲ့သို့ ဖြိုဖျက်ခံခဲ့ရခြင်းမှာ စိတ်မကောင်းဖွယ်ဖြစ်ကြောင်း တရုတ်စာရေးဆရာတစ်ဦးက ပြောကြားခဲ့သည်။*

*ကျင်မင်းဆက် (၁၆၄၄ - ၁၉၁၁) ၏ နောက်ဆုံးဧကရာဇ်ဖြစ်သော ပူရီသည် ယင်းနေအိမ်၌ ဇနီးဖြစ်သူနှင့်အတူ ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်တိုင်အောင် နေထိုင်ခဲ့သည်။ ပူရီသည် ၁၉၁၂ ခုနှစ်တွင်း ဧကရာဇ်ဘဝကို စွန့်လွှတ်ခဲ့ရာ ယင်းကာလမှစ၍ နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် တရုတ်နိုင်ငံ၏ ဘုရင်စနစ်မှာလည်း အဆုံးသတ်ခဲ့ရသည်။*

(အင်တာနက်)

ဤသတင်းကိုပင် အင်္ဂလန်နိုင်ငံမှ ထုတ်လွှင့်တော့ ဘီဘီစီရုပ်သံလွှင့် အစီအစဉ်နှင့် အမေရိကန်ပြည်ထောင်စုမှထုတ်လွှင့်သော စီအင်အင်ရုပ်သံလွှင့် အစီအစဉ်များကလည်း ထိုသတင်းကိုပင် ထုတ်လွှင့်သွားခဲ့သဖြင့် နှစ်ပေါင်းများစွာ မေ့လျော့ခံနေရသော တရုတ်နိုင်ငံ၏ နောက်ဆုံးဧကရာဇ် ဟင်နရီပူရီ၏ သတင်းသည် ကမ္ဘာ့မီဒီယာများလောကတွင် အသစ်အဆန်းများ ဖြစ်လာခဲ့ရသည်။

မှန်ပါသည်။ သူသည် တစ်ချိန်က ကမ္ဘာ့သမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော တရုတ်နိုင်ငံတော်ကြီး၏ နောက်ဆုံးမင်းဆက်ဖြစ်သော မန်ချူး ကျင်မင်းဆက်၏ နောက်ဆုံးဧကရာဇ်ဖြစ်ခဲ့ရသောလည်း သူ့နာမည်





www.burmeseclassic.com

www.burmeseclassic.com

သမိုင်းစာအုပ်များတွင် အောက်ခြေမှတ်အသား (Foot Note) အဖြစ်သာ ရေးရာခဲ့ရှာသည်။


ကမ္ဘာ့သမိုင်းတွင် အငြင်းပွားဖွယ်ရာ လွမ်းမောတသဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ အိုင်စင်ဂီအော်ရောပူရီတာ အမည်ရှိ တရုတ်ကျင်မင်းဆက်၏ အမည်ခံဧကရာဇ်ဟု ကင်ပွန်းတပ်ခံရသော ဟင်နရီပူရီဧကရာဇ်သည် ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးရန်မလိုဟု ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သောအနှစ်(၃၀) ခန့်က သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်သော *From Emperor To The Citizen* ဟူသောစာအုပ်အား ရိုက်ကူးပြသသော *The Last Emperor* (နောက်ဆုံးဧကရာဇ်) ဟူသော ရုပ်ရှင်ကားကို ကူးယူထားသည့် ဗီဒီယိုခွေများကို ကျွန်တော်တို့သည် အကြိမ်ကြိမ်ကြည့်ရှုခဲ့ကြရပြီး ထိုစာအုပ်ကို ကျွန်တော်တို့ လေးစားသော ကွယ်လွန်သူ ဆရာကြီးဒေါက်တာသန်းထွန်းက **'အရှင်ဧကရာဇ် ယခုလူ'** အမည်ဖြင့် လုံးစေ့ပတ်စေ့ မြန်မာဘာသာပြန်ဆို ထုတ်ဝေပြီး ဖြစ်ပါသည်။

မှန်ပါသည်။ ကျွန်တော်တို့လူလားမြောက်လာသော စစ်ကြိုခေတ်က ကျောင်းသားလူငယ်အများသည် ဗြိတိသျှနယ်ချဲ့သမားကို ခါးခါးသီးသီးမုန်းခဲ့ပြီး ရတနာဂီရိတွင် အကျဉ်းခံခဲ့ရသည့် သီပေါဘုရင်အား တသသဖြစ်ခဲ့ကြရသည်။ ထိုစဉ်က ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာ၊ သူရိယသတင်းစာ၊ သူရိယမဂ္ဂဇင်းနှင့် ဂျာနယ်များတွင် တရုတ်နိုင်ငံ၏နောက်ဆုံးဧကရာဇ် ဟင်နရီပူရီသည် ဂျပန်တို့၏ အကူအညီနှင့် မန်ချူးရီးယားတွင် ဘုရင်အဖြစ် ဘိသိက်ခံယူခဲ့သည့် သတင်းနှင့် သတင်းဆောင်းပါးများကို ဖတ်ရှုခဲ့ရသောအခါ သူ့အကြောင်းသိခဲ့ကြရသဖြင့် သူ့အား စိတ်ဝင်စားခဲ့မိသည်။



သို့သော် ဟင်နရီပူရီနှင့်ပတ်သက်သည့်စာအုပ်စာတမ်းများ လက်လှမ်းမီသလောက် ရှာဖွေခဲ့သော်လည်းမရခဲ့ပေ။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ၁၉၈၅ ခုနှစ်တွင် စိုင်ကော်၍ ချုံပေါ် ရောက်ဆိုသကဲ့သို့ ကျွန်တော်သည် ပညာရေးလေ့လာရေးအဖွဲ့ဝင်အဖြစ် ပြည်ပသို့ ခရီးထွက်ခဲ့ရာ တရုတ်နိုင်ငံ၏ နောက်ဆုံးဧကရာဇ် ပူရီအား အတွင်းတော်ကြီး (Forbidden City) တွင် နှစ်ပေါင်းများစွာ စာသင်ပေးခဲ့ရသော ဗြိတိသျှအမျိုးသား မစ္စတာရယ်ဂျီနယ်ဖလ်မင်ဂျွန်စတန် ရေးသော *Twilight in the Forbidden City* (အတွင်းတော်ကြီး၏နေဝင်ချိန်) ဟူသော စာအုပ်ကို ဝယ်ယူခွင့်ရခဲ့ရာမှ ကျွန်တော်သည် ဟင်နရီပူရီဘုရင်ကလေးနှင့် ပတ်သက်သော စာအုပ်စာတမ်းမှန်သမျှ ရှာဖွေဖတ်ရှုခဲ့ရာ ကျွန်တော့် ကျောင်းနေဖက် ကွယ်လွန်သူ ကိုချစ်သိန်းဦး (စီ-တီ-အို) ကမူ ကျွန်တော့်အား ဘုရင်စနစ်ကို စောင့်နေသူဟု နောက်ပြောင်ခဲ့ပါသည်။



မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်သည် ဟင်နရီပူရီကို ကရုဏာသက်မိသည်။ (၃) နှစ်သားအရွယ်တွင် ဘုမသိဘမသိ မိသားစုများကိုခွဲ၍ သာမန်လူသားတို့ အဝင်ခက်သည့် တားမြစ်ထားသော အတွင်းတော်ကြီးဟု ကင်ပွန်းတပ်ထားသော နန်းမြို့ (Forbidden City) အတွင်းသို့ နှုတ်ထိန်းတစ်ဦးကို အဖော်ပြု၍ရောက်ခဲ့ရသည်။ မိုးသိကြား၏သားတော်ဟု ကင်ပွန်းတပ်ခံရသော်လည်း ပူရီကလေးမှာ အတွင်းတော်ကြီးအတွင်း အကျဉ်းခံရသူသာ ဖြစ်သည်။ မှတ်တမ်းအရ သူ၏ ဘွဲ့တော်များမှာ တန်းစီ၍ နံပါတ်ထိုးရလျှင်ပင် မဆုံးနိုင်။ မိုးသိကြား၏ သားတော် သက်တော်တစ်ထောင်ရှည်မည်၊ ရေမြေ့ရှင်၊ တောင်အရပ်သို့ မျက်နှာမူသော အရှင်သခင်၊ အလယ်အင်ပါယာကြီး၏အရှင်၊ နတ်တို့ရွာကို စိုးပိုင်သောဧကရာဇ် စသည်စသည်တို့ ဖြစ်၏။

သို့သော် အမှန်စစ်စစ် မိုးသိကြားသားတော်ဟု ထိုစဉ်က တရုတ်ပြည်သူများ မျက်နှာတော်အောက်ချ၍ ကန်တော့ရသူ ပူရီမှာ တရုတ်နိုင်ငံတော်၏ ဧကရီနန်းမတော်ကြီး စူဇီနှင့် တရုတ်နိုင်ငံ၏ နိုင်ငံရေးဇာတ်ခုံပေါ် တွင် ကပြခဲ့ကြသော၊ စစ်ဘုရင်ခံများ၊ စစ်သေနာပတိများ၊ နိုင်ငံရေးခေါင်းဆောင်များ၏ ကစားခြင်းခံရသော စစ်တုရင်ရုပ်တစ်ရုပ်သာ ဖြစ်ခဲ့ရရှာသည်။

နန်းမတော်ကြီးဟု တရုတ်နိုင်ငံသမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ဧကရီမိဖုရားကြီးစူဇီသည် ၁၉၀၈ ခုနှစ်တွင် ကျန်းမာရေးချို့ယွင်းလာသည်။ သို့ဖြစ်၍ သူ့အာဏာအား ထိန်းသိမ်းခံထားရသော တူတော် ဧကရာဇ် ကွမ်ဆူးက ပြန်လည် သိမ်းပိုက်တော်မူမည်ကို စိုးရိမ်သဖြင့် သူ့ဆွေမျိုးသားချင်းထဲမှ အသက် (၃) နှစ်အရွယ် ပူရီအား အတွင်းတော်ကြီးသို့ ဖွတ်အတင်း ခေါ်ယူ၍ ဧကရာဇ် တင်မြှောက်ခဲ့လေသည်။ ထိုအချိန်မှစ၍ ပူရီခမျာ ဧကရာဇ်အမည်ခံ အတွင်းတော်ကြီး၏ အကျဉ်းသားတစ်ယောက်ဖြစ်ခဲ့ရသည်။ သူ့မိခင်ကိုလည်း မတွေ့ရ (နောက်ခြောက်နှစ်ကြာမှ တွေ့ခဲ့ရ၏။)၊ သူ့ညီတော်များ၊ မိသားစုများနှင့် တွေ့ခွင့်မရတော့။

အတွင်းတော်ကြီးအား ပီကင်း (ယခု ပေကျင်း) မြို့တော်မှ အကျယ်



www.burmeseclassic.com

www.burmeseclassic.com





ပေ(၅၀)ကျယ်သော ကျုံးမြောင်း၊ အမြင့်ပေ(၃၀)ကျော်မြင့်သော အုတ်တံတိုင်းကြီးဖြင့် ကာထားသဖြင့် ပီကင်းမြို့တော် (ပေကျင်း) ၏ ဆူညံလှသော အသံဗလံများကို မကြားရ။ မှတ်တမ်းအရ အတွင်းတော်ကြီးရှိ နန်းမဆောင်များတွင် အခန်းပေါင်း (၉၉၉၉) ခန့်ရှိသည်။ သို့သော်လည်း နန်းမဆောင်တစ်ဆောင်းတည်း မဟုတ်ပေ။ မျှော်စင်များ၊ ဥယျာဉ်များ ဝိုင်းရံနေသော အဆောင်များဖြစ်ကြပြီး နွေရာသီစံနန်းဆောင် စသည့် အမည်များပေးထားသည်ဟုသိရ၏။ မိုးသိကြား၏သားတော်ဟုကင်ပွန်းတပ်ထားသော ဧကရာဇ်ကလေး အဖူးမြော်ခဲ့သည့် အဆောင်တော်မှာ လူပေါင်း (၉၀၀၀) ဆန့်သည်ဟု ဆိုသဖြင့် ယနေ့ ခေတ်မိုးလုံလေလုံ အားကစားရုံကြီးတစ်ရုံ ကဲ့သို့ရှိသည်ဟု သိရ၏။ ထိုလူအများ ဝင်ရောက်ခြင်း တားမြစ်ထားသည့် နန်းမြို့အတွင်း မိဖုရားကြီးများ၊ မိဖုရားငယ်များ၏ အဆောင်များ၊ နန်းမြို့အတွင်း အစစရာရာ တာဝန်ယူ စောင့်ရှောက်ရသော သင်းကွပ် (မိန်းမစိုး) တစ်သောင်းတို့၏အဆောင်များ၊ စားတော်ကဲများ၊ သမားတော်များ၊ နက္ခတ်ဗေဒင်ဆရာများ၏ အဆောင်တော်များလည်း ပါဝင်သည်ဟု ဆိုသည်။

ပူရီဧကရာဇ် အတွင်းတော်ကြီးတွင်း စံနေရသည့်အချိန်တွင်မူ သင်းကွပ်အကြီးအကဲ (၂၀၀) နှင့် လက်ပါးစေသင်းကွပ် (မိန်းမစိုး) (၁၀၀၀) ခန့်သာ ရှိတော့သည်ဟု သိရ၏။ ဤသင်းကွပ်များသည် ပူရီကလေးအား အစစအရာရာ မျက်ခြည်မပြတ် စောင်မစောင့်ရှောက်ကြရသည်။ ပူရီဘုရင်ကလေး၏ ဆီးနှင့်ဝမ်းကိုပင် သမားတော်များက နေ့စဉ်စစ်ဆေးကြရသည်။ နေ့စဉ် ပူရီဘုရင်ကလေးသည် ဟင်းလျာအမျိုးပေါင်း (၂၅)မျိုး ပွဲတော်တည်စေရာ ဘုရင်လေးမစားမီ စားတော်ကဲများက ဘုရင်လေး ပွဲတော်တည်တော်မူမည့် ဟင်းခွက်များကို အဆိပ်ခတ်မည့်ဘေးမှ ကင်းဝေးရေး မြည်းစမ်းကြည့်ကြရသည်။

ပူရီဧကရာဇ်အဖို့ တားမြစ်ထား
သော အတွင်းတော်ကြီးခေါ် နန်းမြို့
အပြင်ဘက်တွင်ဖြစ်ပျက်နေသော လူ
ရေး၊ နိုင်ငံရေးအခြေအနေများကို သိ
မရ။ သူ့ကမ္ဘာမှာ သူ့နို့ထိန်းဝမ်းနှင့် သ
ကွပ် (၁၀၀၀) တို့သာ ဖြစ်သည်။ သူ
သည့်နေရာသွားသွား သင်းကွပ်များ
တကောက်ကောက်လိုက်ကြရသည်။
တို့နှင့် ကစားရသည်။ တစ်ခါတွင် သ
ကွပ်တစ်ယောက်အား လမ်းပေါ်တွင်
နေသော အညစ်အကြေးများကို စား
ဟု အမိန့်ပေးရာ သင်းကွပ်ခမျာ 'အရှ
မင်းကြီး အမိန့်တော်အတိုင်းပါ' ဟု
ကာ ထိုအညစ်အကြေးများကို စားပြ
သည်ဟု သိရ၏။ သူ့ဖခင်ဖြစ်သူ ရင်
ပိုက်မင်းသားကြီးကိုပင် နှစ်လ တစ်ကြိ
သာ တွေ့ရပြီး ဖခင်ဖြစ်သူကပင်
အား 'အရှင်မင်းကြီး' ဟု နှုတ်ဆ
ရရှာသည်။

သက်တော် (၆) နှစ်ရှိသောအ
တရုတ်နိုင်ငံသည် သမ္မတနိုင်ငံဖြစ်
သဖြင့် အုပ်ချုပ်သူများ၏အလိုအရ
နန်းမှဆင်းပေးခဲ့ရသော်လည်း ထိုစဉ်
သတ်မှတ်ခဲ့သော ဥပဒေအရ ပူရီအ
အတွင်းတော်ကြီးတွင် ယခင်အတိုင်း
ထိုင်ခွင့်ပြုခဲ့သည်။ ရံရွေတော်သင်း
များကို ဆက်လက်ထားရှိပြီး အတွ
တော်ကြီး၏ကုန်ကျစရိတ်ကို နိုင်ငံ
က ကျခံခဲ့၏။

တရုတ်နိုင်ငံတွင် စစ်ဘုရင်
ပြောင်းအလဲများ၊ လူထုအုံကြွမှု
ကျောင်းသားအရေးအခင်းများ ဖြစ်
ခဲ့သော်လည်း နာမည်ခံဧကရာဇ် ပူ
သာမန်လူများ ဝင်ရောက်ခြင်းမပြု
တားမြစ်ထားသော နန်းမြို့အတွင်း
ခြေအနေမပျက် အရှင်မင်းကြီးဘဝ
အကျဉ်းခံနေရသည်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံး
ခဲ့သည်ကိုလည်း နာမည်ခံ ဧက
ကလေးက မသိရှာ။ ၁၉၁၉ ခုနှစ်
လတွင်မူ ဘဝတစ်ကွေ့ပြောင်းလဲ
အခြေအနေဖန်လာသည်။ ထိုဖြစ်
ကား ဗြိတိသျှအမျိုးသား မစ္စတာ
ဂျီနယ်ဖလ်မင်ဂျွန်စတန်အား နာမ
ဧကရာဇ်လေးပူရီကို အင်္ဂလိပ်ဘာ
သင်ကြားပေးရန် တရုတ်အစိုး
ဗြိတိသျှအစိုးရတို့က စီစဉ်ဆောင်
ခဲ့သည်။ ဂျွန်စတန်မှာ ဗြိတိသ



www.burmeseclassic.com

www.burmeseclassic.com





ပ်ကမ်းမြို့များဖြစ်သော ဟောင်ကောင်နှင့် ဝမ်ဟိုက်ဝေတွင် နှစ်ပေါင်းနှစ်ဆယ်ကျော် အမှုထမ်းခဲ့သူဖြစ်သည်။ တရုတ်ဘာသာစကား၊တရုတ်စာပေနှင့်တရုတ်လူမျိုးယဉ်ကျေးမှုကို လက်တစ်ဆုံးနှိုက်လေ့လာထားသူ အောက်(စ်)ဖို့တက္ကသိုလ်ထွက် ပညာရှင်တစ်ဦး ဖြစ်သည်။ သူသည် ၁၉၁၉ ခုနှစ်၊ မတ်လ၌ နာမည်ခံကေရာဇ်ပူရီ လက်ထပ်ထိမ်းမြားသည်။ ၁၉၂၃ ခုနှစ်အထိ အတွင်းတော်ကြီးသို့ နေ့စဉ်ဝင်ခွင့်ရခဲ့ရကာ ပူရီဧကရာဇ်ကလေးအား အနောက်တိုင်းအတွေးအခေါ်၊ ယဉ်ကျေးမှု အပါအဝင် လူမှုရေး၊ နိုင်ငံရေးကို အခြေခံကစ၍ သင်ပေးခဲ့သူဖြစ်၏။

ဂျွန်စတန်နှင့် ပူရီဘုရင်ကလေးတို့၏ ဆက်ဆံရေးမှာ ဆရာတပည့်မက သူငယ်ချင်းများသဖွယ်ဖြစ်ခဲ့ရကာ ဂျွန်စတန်သည် နာမည်ခံ ဧကရာဇ်၏ အပေါ် သံယောဇဉ်ရှိသူ၊ အကောင်းမြင်သူဟု သမိုင်းသုတေသီများက တညီတညွတ် ဝေဖန် ပြောဆိုခဲ့ကြ၏။ ဂျွန်စတန်သည် တပည့်ဖြစ်သူ နာမည်ခံဧကရာဇ်ကလေးအား အင်္ဂလိပ်ဘာသာစာပေနှင့် အင်္ဂလိပ်စကားပြောသာမက အင်္ဂလိပ်တို့၏ ယဉ်ကျေးမှု၊ လူမှုရေး၊ အတွေးအခေါ်၊ ပထဝီဘာသာ၊ သိပ္ပံဘာသာနှင့် ကမ္ဘာ့သမိုင်းဘာသာကိုပါ နေ့စဉ် သင်ကြားပေးခဲ့ရာ ပူရီဧကရာဇ်ကလေးမှာ သူ့ကိုယ်သူ အင်္ဂလိပ်လူကြီးလူကောင်းတစ်ယောက်ဖြစ်လိုလာသည်။ အဝတ်အစားကစ၍ အင်္ဂလိပ်တစ်ဦးကဲ့သို့ အနောက်တိုင်းသားတစ်ယောက်ကဲ့သို့ ဇွန်း၊ ခက်ရင်းတို့ဖြင့် စားသောက်ခဲ့သည်။ သူ့ဆရာ၏တပည့်ကောင်းပီသသူ ပူရီသည် ရာစုနှစ်ပေါင်းများစွာ ကျစ်ဆံမြီးထားသည့် မန်ချူးယဉ်ကျေးမှုကို တော်လှန်၍ အနောက်တိုင်းသားတစ်ယောက်ကဲ့သို့ ဆံပင်ကိုပြုပြင်ခဲ့သည်။

စက်ဘီးစီးသည်။ အနောက်တိုင်းမှ ထုတ်ဝေသောသတင်းစာ၊ မဂ္ဂဇင်းများ ဝယ်ယူဖတ်ရှုသည်။ ခေတ်မီဘုရင့်တော်ဝင်အသင်းမှ ထုတ်ဝေသော ပထဝီဝင် မဂ္ဂဇင်း ဖတ်ရှုခဲ့သည့်သာမက အနောက်တိုင်း သိပ္ပံပညာ၏ အံ့မခန်း တိုးတက်လာပုံတို့ကို အားကျလာ၏။ သူ့နာမည်ကို ရှေ့က အင်္ဂလိပ်နာမည်နှင့်တွဲရန် ကြံရွယ်သောအခါ အင်္ဂလန်နိုင်ငံသမိုင်းမှာ ဟိုးဟိုးကျော်သည့် အင်္ဂမြောက် ဟင်နရီဘုရင်ကြီးကို သတိရလာသဖြင့် ပူရီသည် သူ့ကိုယ်သူ ဟင်နရီပူရီဟု အမည်ပေးလိုက်တော့သည်။ နောင်အခါ သူလက်ထပ်သော မိဖုရားကိုပင် အယ်(လ်)ဇဘတ်ဟု နာမည်ပေးခဲ့သည်။ အတွင်းတော်ကြီးတွင် တယ်လီဖုန်းထားရန် စီမံခဲ့သည်။

သူ့ဆရာဂျွန်စတန်၏အကြံပြုချက်ဖြင့် အင်္ဂလန်သို့သွားရောက်၍ အောက်(စ်)ဖို့(ဒ်) တက္ကသိုလ်တွင် ပညာဆည်းပူးရန် ကြံရွယ်လာခဲ့သည်။ သို့သော် ထိုအချိန်တွင် တရုတ်နိုင်ငံတော်၏ အခြေအနေတို့မှာ ယိမ်းယိုင်လာခဲ့ပြီ ဖြစ်၏။ သမ္မတနိုင်ငံသက်တမ်းနုနုတွင် အာဏာရ စစ်ဘုရင်များသည် အချင်းချင်းအာဏာလုလာခဲ့ကြရာမှ ပြည်တွင်းစစ်ဖြစ်ရန် အခြေအနေဖန်တီးလာသည်။ မည်သည့် စစ်ဘုရင်ခံ အာဏာရလာသည်ဖြစ်စေ ဟင်နရီပူရီမှာ အတွင်းတော်ကြီးတွင် အကျဉ်းခံ နာမည်ခံဧကရာဇ် ဖြစ်ဆဲပင် ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ မကြေညာသောစစ်မီးကြီး တောက်လောင်လာသောအခါ ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံပိုင် မန်ချူးရီးယားပြည်နယ်ကြီးကို သိမ်းပိုက်ခဲ့တော့သည်။ သူသည် စစ်ဘုရင်ဖောက်ပြန်ရေးသမားများနှင့် ပူးပေါင်းရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ရှာ။ နောက်ဆုံးတွင် ဂျပန်တို့နှင့် ပူးပေါင်းရန် ပီကင်း (ယနေ့ ပေကျင်း)မှ ထွက်ပြေးခဲ့သည်။ ထိုအချိန်တွင် တရုတ်နိုင်ငံတွင် ချန်ကေရှိတ်အစိုးရနှင့် ကွန်မြူနစ်တို့ တိုက်ခိုက်ကြပြီဖြစ်သည်။ ဟင်နရီခမျာ တရုတ်တို့၏ ပြည်သူ့သစ္စာဖောက်နံပါတ် (၁) ဖြစ်သွားရှာတော့၏။

ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ဟင်နရီပူရီအား ဆိုဗီယက်ပြည်ထောင်စု (ယနေ့-ရုရှား) က စစ်ရာဇဝတ်သားဟု ဖမ်းဆီးခံသည်။ ဤတွင် နာမည်ခံဧကရာဇ်မှာ စစ်ရာဇဝတ်သားဖြစ်ခဲ့ရပြန်သည်။ ထို့နောက် သူ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွှဲပြောင်းပေးခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူရှန်အကျဉ်းထောင်တွင် အကျဉ်းသားအမှတ်(၉၈၁) ဖြစ်ခဲ့ရသည်။ ၁၉၅၉ ခုနှစ်တွင် အထူးလွတ်ငြိမ်းခွင့်ရရှိခဲ့ပြီး စာပေနှင့်သမိုင်းသုတေသနဌာနတွင် တာဝန်ယူရပြီး ဇနီးဖြစ်သူ လီရှုဆိုင်နှင့်အတူ ဤဆောင်းပါးအစတွင် ဖော်ပြထားသော နေအိမ်တွင် နေထိုင်ခဲ့ရာမှ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျောက်ကပ်ကင်ဆာရောဂါနှင့် ကွယ်လွန်ခဲ့ရပါကြောင်း။

ဝေမိုး(ပညာရေး)

*Ref:*

*The Last Emperor.*

*By. E-Behr.*

*Twilight in The Forbidden City.*



www.burmeseclassic.com

www.burmeseclassic.com

တတ်ပုံ-မောင်မောင်အေး

## လက်လေးဖက်နှင့် ထူးဆန်းသောမိန်းကလေး

သပိတ်ကျင်း ဆိုတဲ့ ကျွန်တော်တို့မြို့လေးကို သိသူ အတော်နည်းပါတယ်။ သိသူနည်းရသည့်အကြောင်းကလည်း ရှိပါတယ်။ ဧရာဝတီမြစ်ကြီးရဲ့ အရှေ့ဘက်ကမ်း တောကြီးမြိုင်ချောင် ဂနိုင် စိမ့်စမ်းတွေ, သစ်တော ဝါးတောကြီးတွေ ဖုံးလွှမ်းနေတဲ့ ကုန်းမြင့်လေးမှာ တည်ထားတာရယ်၊ မြို့ကွက်ကျဉ်းမြောင်းတာရယ်၊ ကျောထောက်နောက်ခံ ကျေးရွာတွေ သိပ်မရှိတာလည်း ပါမယ် ထင်တယ်။ ဒုတိယကမ္ဘာစစ်မတိုင်ခင်ကတော့ ကမ္ဘာမှာ ကျော်ကြားတဲ့ မိုးကုတ်ပတ္တမြားမြေ သွားချင်ရင် သပိတ်ကျင်းကသွားရတာမို့ သပိတ်ကျင်းဆိပ်ကမ်းလို့ လူသိများပါတယ်။ သင်္ဘော၊ စက်လှေတွေနဲ့ လာပြီး သပိတ်ကျင်းကမှ မိုးကုတ်ကို တက်ရတာပါ။

သပိတ်ကျင်းနဲ့ဆက်စပ်တဲ့ ရာဇဝင် ပထဝီဝင်မှာပါတာလည်း ရှိပါသေးတယ်။ (၁၉၅၀-၆၀) ပြည့်ဝန်းကျင်က ကျောင်းသုံးစာအုပ် ဦးဖိုးကျားရာဇဝင်မှာ စဥ့်ကူးမင်း အညာသီဟတောဘုရားသို့ ဘုရားဖူးထွက်စဉ် ဖောင်းကားစားမောင်မောင်က နန်းလုတဲ့အကြောင်းမှာ အညာသီဟတောဘုရားဟာ သပိတ်ကျင်းမြို့အောက်နား ဧရာဝတီမြစ်အတွင်းက ကျောက်ဆောင်ပေါ်မှာ တည်ထားတယ်လို့ မှတ်မိပါတယ်။ ဦးပန်းရည်ရဲ့ပထဝီဝင်မှာတော့ မြောက်လတ္တီတွဒ် ၂၃½ ဒီဂရီမျဉ်းသည် သပိတ်ကျင်းမြို့အထက်နားမှ ဖြတ်သန်းသည်။ တတိယမြစ်ကျဉ်းသည် သပိတ်ကျင်းမြို့အနီးတွင်ရှိသည်ဟု မှတ်မိပါသည်။ ဒါတွေကတော့ကြာခဲ့ပါပြီ။ ရှေးခေတ်ဟောင်း antique ဖြစ်သွားပါပြီ။

ယနေ့ ၂၁ ရာစုခေတ် သပိတ်ကျင်းသည် ထင်ရှားကျော်ကြားသော သပိတ်ကျင်း ဖြစ်နေပါပြီ။ သပိတ်ကျင်းဆိုလျှင် မသိသူမရှိသလောက်ပါ။ ရွှေရတနာသိုက်ဖြစ်တဲ့ ရွှေလုပ်ကွက်၊ ရွှေတွင်းတွေကြောင့် သပိတ်ကျင်းဆိုရင် လူတိုင်းလိုလို သိကြပါပြီ။ သပိတ်ကျင်းမြို့နယ်သည် ရွှေရတနာသိုက်များမကဘဲ မိုးကုတ်နှင့် ဆက်စပ်လျက်ရှိသောကြောင့် အဖိုးတန်ကျောက်မျက်ရတနာများဖြစ်သော ပတ္တမြား၊ နီလာများလည်း ထွက်သည့်နယ်မြေဖြစ်သလို ကျွန်း၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက် စသော အဖိုးတန်သစ်တောများလည်း ပြည့်နှက်လျက် ရှိပါသည်။

တွင်းထွက် သယံဇာတများတွင် အဖိုးတန် ရွှေရတနာသိုက်များသာမကဘဲ ဓာတ်မြေဩဇာထုတ်လုပ်ရသည့် ဖော့စဖိတ် သယံဇာတ၊ မိုက်ကာခေါ် လခြေးသယံဇာတများ၊ သလင်းကျောက်၊ ဂရပ်ဖိုက်သယံဇာတ၊ စကျင်ကျောက် စသည့် အဖိုးတန်သော၊ အသုံးဝင်သော သယံဇာတတို့ထွက်ရှိရာမြို့နယ် ဖြစ်သည့်အတွက် ကျွန်တော့်အနေဖြင့် 'ရတနာသပိတ်ကျင်း' ဟု အန္တတ္ထသညာ ဂုဏ်ပြုအပ်ပါသည်။

ရွှေသတ္တုကို အဖိုးတန် ရတနာအဖြစ် အသိအမှတ်ပြုကြသော်လည်း တကယ်တမ်းတွင်မူ ဂရပ်ဖိုက်သယံဇာတလောက် အသုံးမဝင်ပါ။ ဂရပ်ဖိုက်သယံဇာတကို ရတနာမြေသပိတ်ကျင်းမှထွက်ကြောင်း အထက်တွင် ဖော်ပြခဲ့ပါသည်။ ဂရပ်ဖိုက် (Graphite) သယံဇာတကို သပိတ်ကျင်း၊ မိုးကုတ်၊ မန္တလေးလမ်းသုံးပွင့်ဆုံရာ ဝါးဖြူတောင်ရွာအနီးတွင် အများဆုံးတွေ့ရှိရသည်။ အခြားနေရာများတွင်လည်း ရှိပါသည်။

အလျဉ်းသင့်သဖြင့် ဂရပ်ဖိုက်အသုံးများပုံကို ဗဟုသုတအဖြစ် ဖော်ပြရသော် တန်ဖိုးများ၍ လူတိုင်း နှစ်သက်ကြသည့် စိန်နှင့် (Diamond) ဂရပ်ဖိုက်တို့သည် အမြွာညီနောင်များ ဖြစ်ကြသည်ဆိုလျှင် ယုံနိုင်ကြမည် မဟုတ်ပါ။ မယုံမရှိပါနှင့်၊ တကယ်ပင် စိန်နှင့် ဂရပ်ဖိုက်တို့သည် ကာဗွန်စစ်များ ဖြစ်ကြပါသည်။ အခြားဓာတ်ပစ္စည်းများဖြင့် ရောနှောပေါင်းစပ်ခြင်းမရှိသော ဒြပ်စင် (Element) သက်သက် ဖြစ်ကြပါသည်။ ကလေးဘဝက စတင်အသုံးပြုခဲ့ရသော ခဲတံမှ ခဲဆံသည် ဂရပ်ဖိုက်ဖြစ်ကြောင်း သိသူနည်းမည်ထင်ပါသည်။ ခဲဆံအဖြစ်သုံးရာတွင် မြေစေးမှုန့်ကို လိုအပ်သလို ရောစပ်ရ၏။ အင်ဂျင်များတွင်သုံးသော Lu-
bricant ခေါ် စက်ဆီ၌ ဂရပ်ဖိုက်မပါ
မပြီးပေ။ ဂရပ်ဖိုက်သည် လျှပ်စစ်
စီးရာတွင် အလွန်ကောင်းခြင်း
လျှပ်စစ်ဘက်ဆိုင်ရာပစ္စည်းများ လု
တွင် များစွာအသုံးဝင်သော သယံ
ဖြစ်သလို အပူခံလုံနှင့် ရီတော့(R
ပေါင်းအိုးပြုလုပ်ရာတွင် ဂရပ်ဖို
လည်း မြေစေးတို့ဖြင့် ပေါင်းစပ်ပြု
သည်။ ထို့ပြင် ခြယ်ဆေးများ၊ အ
တင်ဆေးများ ပြုလုပ်ရာ၌ များစွာအ
ဝင်သော သယံဇာတဖြစ်ပေရာ ထို
ဖိုက်ကို ရတနာမြေသပိတ်ကျင်းမှ
သဖြင့် များစွာဂုဏ်ယူဖွယ်ရာဖြစ်ပါ

ကျွန်တော်သည် သပိတ်
သား ဆိုသော်လည်း ပဝတ္တိသား
က ပို၍ သင့်လျော်ပါသည်။ သပိ
ကျင်းမြေတွင် မွေးဖွားခြင်းမဟုတ်
ကြောင့် ဖြစ်ပါသည်။ အထက်တွင်
ပြခဲ့သော ရတနာမြေသပိတ်ကျင်း
လွန် အသုံးဝင်သော သယံဇာတ
ဖြစ်သည့် ဖော့စဖိတ်ကို သပိတ်ကျ





www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်သွား ကားလမ်း မိုင်တိုင်အမှတ် (၅) နှင့် (၆)တို့၏ဝန်းကျင် ဝဲ,ယာတို့တွင် တွေ့ရှိရသောကြောင့် အသေးစိတ် လေ့လာရှာဖွေ တိုင်းတာမှုများကို ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနကြီးမှ ဘူမိဗေဒပညာရှင်တို့ လာရောက် ဆောင်ရွက်ကြပါသည်။

ပထမဦးဆုံးအသုတ် လေ့လာရှာဖွေရေး ဘူမိဗေဒပညာရှင်များရောက်ရှိစဉ်က ကျွန်တော်သည် ပြင်ဦးလွင်မြို့နယ်တွင် ဘောက်ဆိုက် (Bauxite) သယံဇာတ လေ့လာရှာဖွေရေးအဖွဲ့၌ရောက်ရှိနေသဖြင့် သပိတ်ကျင်းရတနာမြေသို့ မရောက်ခဲ့ပါ။ ၁၉၈၃ ခုတွင်မှ ဘောက်ဆိုက်သယံဇာတ လေ့လာရှာဖွေရေး ဘူမိဗေဒအဖွဲ့သည် သပိတ်ကျင်း ဖော့စဖိတ်သို့ ပေါင်းလိုက်သဖြင့် ကျွန်တော်သည်း ပါဝင်သွားရပါသည်။

**တဲဆိုးကြီးစခန်း**

ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့ထက် စောစွာရောက်ရှိနေကြသော ဘူမိဗေဒ ပညာရှင်တို့သည် သပိတ်ကျင်း-မိုးကုတ် ကားလမ်း မိုင်တိုင်အမှတ် (၅) ဝန်းကျင်၌ တွေ့ရှိရသော ဖော့စဖိတ်သယံဇာတများအား လေ့လာရှာဖွေနေခြင်း ဖြစ်သည့်အတွက် လုပ်ကွက်နှင့်နီးရာတွင် တဲထိုးကာ အခြေစိုက်စခန်း ပြုလုပ်ရပါသည်။ ဘူမိဗေဒအဖွဲ့ စခန်းပြုလုပ်မည့်နေရာတွင် အဓိကအရေးပါသည်မှာ သောက်သုံးရေ ဖြစ်ပါသည်။ ယခုနေရာ မိုင်တိုင်အမှတ် (၅) အနီး ကားလမ်းတောင်ဘက်တွင် အုတ်စီထားသော ရေတွင်းဟောင်းတစ်လုံးတွေ့ရှိရာ ရေတွင်းမှ ရေသည်လည်း သောက်သုံးရန် သင့်လျော်သောကြောင့် ထိုရေတွင်းနှင့် မဝေးသော ကားလမ်းမြောက်ဘက်ခြမ်းတွင် အခြေစိုက်စခန်း ဆောက်လိုက်ကြပါသည်။

ဤရတနာမြေ သပိတ်ကျင်းတွင် သယံဇာတ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အတွက် ရုံးချုပ်မှဆက်သွယ်ရာတွင် ကြန့်ကြာမှုမရှိစေရန် စခန်းအမည်လိုအပ်ပါသည်။ ထို့ကြောင့် ယခုစခန်းအား လေးမိုင်ရွာ၊ ခြောက်မိုင်ရွာမှ လူကြီးများပြောပြချက်အရ 'တဲဆိုးကြီးစခန်း' ဟုအမည်ပေးလိုက်ကြပါသည်။

အဘယ်ကြောင့် တဲဆိုးကြီးခေါ်သလဲမေးရာ ယခင်က ဤနေရာတွင်နေကြသော တဲစုတစ်စုရှိရာ နောင်တွင် ငှက်ဖျားရောဂါရ၍ အသေအပျောက်များလှသဖြင့် စခန်းကိုစွန့်ခွာထွက်ပြေးကုန်ကြသည်။ စခန်းဟောင်းနေရာတွင်





www.burmeseclassic.com

www.burmeseclassic.com

လူမရှိတော့သော်လည်း ငှက်ဖျားဖြင့် သေဆုံးသူများ၏ဝိညာဉ်တို့က ကျန်နေခဲ့ပြီး ဖြတ်သွားဖြတ်လာသူများအား ခြောက်လှန့်လွန်းသဖြင့် 'သရဲဆိုးကြီးစခန်း' ဟု နာမည်ကြီးခဲ့ရာမှ 'သရဲ' ဆိုသော ဝေါဟာရကိုဖြုတ်ကာ 'တဲ့ဆိုးကြီးစခန်း' ဟု ခေါ်တွင်ခဲ့ကြောင်း ပြောပြပါသည်။ (ခြောက်မိုင်ဥက္ကဋ္ဌ ဦးပွဲတင်၏ ပြောပြချက် ဖြစ်ပါသည်။)

တဲဆိုးကြီးစခန်းတွင် တစ်စ တစ်စဖြင့် လုပ်ငန်းများကျယ်ပြန့်လာသလို ရုံးခန်း၊ စတို၊ ဓာတ်ခွဲခန်း၊ ဝန်ထမ်းဆောင်တန်းလျားများနှင့် ဌာနဆိုင်ရာအကြီးအကဲများလာလျှင် တည်းခိုရန် ဧည့်ရိပ်သာ၊ ကြိုးမဲ့ဆက်သွယ်ရေးစခန်း စသည်ဖြင့် တိုးတက်စည်ပင်လာပါသည်။ထို့ကြောင့် အသစ်ရောက်လာသူ ညွှန်မှူး ဦးအောင်သန်းက ခေတ်နှင့်မလျော်ညီတော့သည့် 'တဲဆိုးကြီး' အမည်အား '(၅)မိုင်စခန်း' ဟု ပြောင်းလဲပေးလိုက်ပါသည်။

တဲဆိုးကြီးစခန်းမှ လက်လေးဖက်နှင့် ထူးဆန်းသော မိန်းကလေးအကြောင်း မတင်ပြမီ (၅)မိုင်စခန်းမှ ထူးဆန်းသောဖြစ်ရပ်တစ်ခုကို ဦးစွာ တင်ပြလိုပါသည်။ (၅) မိုင်စခန်း ဟူသည် တဲဆိုးကြီး၏နောက်ပိုင်းခေါ်တွင်သော အမည်ဖြစ်သလို ယခု တင်ပြသောဖြစ်ရပ်သည်လည်း နောက်ပိုင်းဖြစ်ရပ်ဟု မှတ်ယူကြစေလိုပါသည်။

**(၅)မိုင်စခန်းမှထူးဆန်းသောဖြစ်ရပ်**

ကျွန်တော်တို့ ရတနာနယ်မြေ သပိတ်ကျင်းဧရိယာမှာ ငှက်ဖျားဆိုးပုံလေးတွေ (ထိုစဉ်ကာလ ၁၉၈၃-၉၀) အနည်းငယ်တင်ပြလိုပါတယ်။ မန္တလေး-မိုးကုတ်-သပိတ်ကျင်း လမ်းသုံးခွဆုံရာ အနီး ဝါးဖြူတောင်ရွာဦးထိပ် ကုန်းတက်က ကားလမ်းဘေးမှာ 'ငှက်ဖျားဧရိယာ အထူးနယ်မြေ' ဆိုတဲ့ ဆိုင်းဘုတ် သတိပေးစာတန်း စိုက်ထူထားတာ ရှိပါတယ်။ ဆိုင်းဘုတ်စာတန်းမြင်ရုံနဲ့ ကြက်သီးထစရာပါ။

ဟုတ်ပါတယ်။ တကယ်လည်း ငှက်ဖျားဖြစ်ကြပါတယ်။ ကျွန်တော်တို့ ဘ. ခ. ရ ဝန်ထမ်းတွေထဲက ငှက်ဖျားကြောင့် ရတနာနယ်မြေမှာ ထာဝရနေခဲ့သူတွေ (၁၀) ဦးလောက်ရှိတယ်လို့ မှတ်မိပါတယ်။ ဝန်ထမ်းသာမကပါဘူး၊ မှီခိုသူ သားသမီးတွေလည်း ပါပါတယ်။ ကျွန်တော်တို့ (၅) မိုင်စခန်းမှာ တဖြည်းဖြည်းနဲ့ ဝန်ထမ်းအင်အားများလာသလို လုပ်ငန်းကလည်း ကျယ်ပြန့်လာတော့ လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းလည်း တိုးတက်လာခြင်း ဖြစ်ပါတယ်။

ငှက်ဖျားကတော့ ဝန်ထမ်းရယ်၊ မှီခိုရယ် မခွဲခြားပါဘူး။ ရောက်လာတဲ့သူနဲ့ အလွန်းသင့်အောင်ပေါင်းတတ်ပါတယ်။ ဒါကြောင့် ကံဆိုးရှာတဲ့ကလေးတွေလည်း ရတနာမြေမှာ ထာဝရနေခဲ့ရပါတယ်။

တစ်နေ့မှာတော့ (၅) မိုင်စခန်းမှာ ငှက်ဖျားအသည်းအသန်ဖြစ်နေတဲ့ ဝန်ထမ်းနှစ်ဦး ရှိပါတယ်။ ငှက်ဖျားရဲ့ သဘောကလည်း မဖြစ်ဘူးသေးတဲ့လူသစ်ဆိုရင် ပိုဆိုးတတ်တယ်။ အခု ငှက်ဖျားဖြစ်နေတဲ့တစ်ဦးက မကြာခင်ကမှ ဘ. ခ. ရ ရုံးချုပ်ကရောက်လာတဲ့ လူသစ်ဖြစ်၍ ကျန်တစ်ယောက်က လူသစ်မဟုတ်ပေမယ့် အသက် (၅၀) ကျော်ဆိုတော့ ခံနိုင်ရည်သိပ်မရှိတော့သူပါ။ သူလည်း အခြေအနေမကောင်းပါဘူး။ အမည်က ဦးအုန်းမြိုင်ဟု မှတ်မိပါ၏။ (အမည်လွှဲထားသည်။) လူသစ်ဝေဒနာရှင်က မောင်ပါ (အမည်လွှဲ) ဆိုသော အသက် (၃၀) ခန့် လူငယ်ပါ။

ငှက်ဖျားရောဂါ၏နိယာမအရ လူသစ် မောင်ပါက အရင်ကွယ်လွန်သွားပါပြီ။ မောင်ပါ ကွယ်လွန်ပြီဆိုတော့ အပေါင်းအသင်းတွေလည်း လုပ်ရိုးထုံးစံအတိုင်း အသုဘချဖို့ ဘုန်းကြီးပင့်သူပင့်၊ ကန်တော့ပွဲလုပ်သူလုပ် လုပ်ကိုင်စီမံပြီးချိန်မှာ တစ်ယောက်က ခုမှရောက်လာပြီး-

"မောင်ပါက ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ (---) ဖြစ်လို့ သူတို့ဘာသာရေးပုဂ္ဂိုလ်ခေါ်ပြီး သူတို့ထုံးစံနဲ့ သင်္ဂြိုဟ်ရမယ်"

ဟု ဆိုပြန်သဖြင့်-

"ကဲ-ဒါဆိုလည်း သွားအကြောင်းကြားပြီး ခေါ်ကြ"

ဟု အစီအစဉ်ပြောင်းလိုက်ရပါသည်။

မောင်ပါကို သူ့ဘာသာအရ အသုဘအခမ်းအနား ပြောင်းလဲစီစဉ်သည်က အကြောင်းမဟုတ်သော်လည်း မူလက စီစဉ်ထားသော သရဏဂုံတင်ရန် ဘုန်းကြီးပင့်ထားခြင်း၊ အုန်း, ငှက်ပျော ကန်တော့ပွဲပြင်ထားခြင်းတွေ ဘယ်လိုလုပ်မှာလဲဟု တစ်ယောက်တစ်ပေါက် ပြောဆိုကြရာ မနီးမဝေးနေရာတွင်ရှိနေသော အခြေအနေမကောင်းသူ ငှက်ဖျားဝေဒနာရှင် ဦးအုန်းမြိုင်က နားစွန်နားဖျား ကြားသိသွားကာ 'ဟေ့- အဲဒါတွေ ငါ့အတွက်ကွ' ဟု ဆိုဘိအလား ကောက်ကာငင်ကာ အသက်ထွက်သွားပါတော့သည်။ မောင်ပါအတွက် စီစဉ်ခဲ့သောကိစ္စများ ဦးအုန်းမြိုင်ထံသို့ လွှဲပြောင်းပို့ပေးလိုက်ကာ ရှေ့ဆင့်နောက်ဆင့်ပင် တစ်ပြိုင်တည်းလိုလို သင်္ဂြိုဟ်လိုက်ရပါသတည်း။

(၅) မိုင်စခန်းမှ ထူးဆန်းသော ဖြစ်ရပ်ကလေးတွေပါ။

❂

ဖော့စဖိတ်လုပ်ကွက်သည် မိုင်တိုင်အမှတ် (၅/၁)၏ ကားလမ်းမြောက်ဘက်ခြမ်းအစပ်မှသည် မြောက်ဘက်သို့ ပေ (၅၀၀၀)ခန့်၊ ခြောက်မိုင်ချောင်းကမ်း အထိ ကျယ်ပြန့်ပါသည်။ နောက်တစ်ခု မှာ မိုင်တိုင်(၆) ခြောက်မိုင်ရွာ၏တောင် ဘက် (၁)မိုင်ခန့်အကွာတွင် လေ့လာစမ်း သပ်ရေးလုပ်ကွက် အမှတ် (၂) ရှိသည်။ စမ်းသပ်ရေးလုပ်ကွက် အမှတ်(၃)သည် တဲဆိုးကြီးအခြေစိုက်စခန်း၏ S 25 E ခန့်မှန်းရပ်ညွှန်း (၇) မိုင်ကျော်အကွာ မြ ဓာတ်ကိုက်ချောင်း ဝန်းကျင်တွင် ရှိပါ သည်။

ကျွန်တော်သည် ဘူမိဗေဒပညာ ရှင်များ လိုအပ်သော ကွန်တိုမြေပုံ ရေးအတွက် တိုင်းတာရေးဆွဲရသူ မြေ တိုင်းပညာရှင်ဖြစ်ပေရာ ဖော်ပြခဲ့သော ဖော့စဖိတ်လေ့လာရေးလုပ်ရမည့် စမ်း ယာ (၃)ခုလုံးကို တိုင်းတာပုံထုတ်ရမည် ဖြစ်ရာ ပထမဦးစွာ တဲဆိုးကြီးစခန်းဝန်း ကျင် စမ်းသပ်ရေး လုပ်ကွက် (၁) တွင် ဆာဗေးလုပ်ရသည်။ စမ်းသပ်ရေးလုပ် ကွက် အမှတ် (၁) ၏ မြေပြင်အခြေအ နေသည် မပြောပလောက်သောတောင် စောင်း တောင်ကုန်းလေးများသာ ရှိ တိုင်းတာပုံထုတ်ရန် လွယ်ကူသည့် အ တွက် Closed Traverse ဧရိယာတွင် ဝိုင်းမှု သီအိုဒိုလိုက်လုပ်ငန်း ပြီးဆုံးသည် နှင့် Auto Reduction Plane Table ကိရိယာကိုသုံး၍ကွန်တိုပုံထုတ်ပါသည်။

ဘူမိဗေဒ လေ့လာစမ်းသပ်ရေး လုပ်ကွက် (၁) တဲဆိုးကြီး၌ ဆာဗေးလု နေဆဲ သပိတ်ကျင်းမြို့ အာဏာပိုင် ဖွဲ့အစည်းမှ လုံခြုံရေးအခြေအနေအ ညဘက်တွင် ကျွဲခန်း၌ မအိပ်ကြ တပ်နှင့်နီးသော ဝါးဖြူတောင်ကျေးရွာ သို့ ပြောင်းရွှေ့အိပ်ကြရန် အကြော ကြားလာပါသည်။ ထိုစဉ်က မော လမ်းခွဲအထက် မြသန္တာစခန်းတွင် ခြုံရေးတပ်ခွဲ ရှိပါသည်။

ဘူမိဗေဒစခန်းခွဲတစ်ခုကို ဝါ တောင်ရွာအနောက်မှ ချောင်း ၏တစ်ဖက်ကမ်းတွင် ဆောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com

ည်လည်းရှိရာ ထိုစခန်းသို့ ညသွား အိပ်ရန် ပြောကြားခြင်း ဖြစ်ပေသည်။ ၆ ခုနှစ် ရွှေလုပ်ကွက်များ တိုင်း စဉ်က စွဲကပ်ခဲ့သော ငှက်ဖျားရောဂါကလည်း ပြန်လည်ဒုက္ခပေးနေရာ ည ပြောင်းရွှေ့အိပ်နေရသော ဝါးဖြူတောင်စခန်းသို့ မလိုက်ပါလိုတော့ပါ။ အတွက် ဖြစ်ရင် မိမိတာဝန်ဟုဆိုကာ ဆိုးကြီးစခန်းတွင် နေခဲ့သည်။ ကျန် သောဝန်ထမ်းအားလုံး ဝါးဖြူတောင် ခန်းသို့ သွားအိပ်ကြပါသည်။

ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့သည် ဆိုသော်လည်း နေ့စားအလုပ်သမားများတော့ ရှိ၏။ ကျွန်တော် နေသောတဲနောက်ဘက်၌ ဇော်ပေါက် ခေါ်သော ဘာသာခြားအလုပ်သမား ၏တဲ ရှိသည်။ ထို့ကြောင့် ညရေး တာ အဖော်ရသည်။ ကျွန်တော်သည် မှုဒ္ဒေသမားဖြစ်သလို သရဲတစ္ဆေကို ည်း ကြောက်တတ်သူမဟုတ်ပါ။ ဇော် ပေါက် မရှိလျှင်လည်း တစ်ဦးတည်းပင် အိပ်ရဲပါသည်။

ထိုညက အဖျားဝေဒနာကြောင့် အိပ်မပျော်နိုင်ပါ။ အိပ်ရာဘေးတွင် ဟာ ကင်း မီးမှုန်အိမ်လေးကို ခပ်မှိန်မှိန် ထွန်းထားသောကြောင့် တဲတွင်း၌ အ ဝန်းအသင့်မြင်နေရပါသည်။ ဝေဒနာ တွေကြောင့် ဘယ်စောင်း ညာပြောင်း ခြင်း လူးလှိမ့်နေစဉ် တစ်စုံတစ်ယောက် က ခါးကိုလာတို့သလို ခံစားနေရသဖြင့် ည်သူက လာနောက်နေပြန်သလဲဟု တွေးကာ မျက်စိကိုဖွင့်ကြည့်ပါသည်။ တဲတွင်း၌ ကျွန်တော်တစ်ဦးတည်းမှလွဲ၍ မည်သူမျှမရှိသဖြင့် ငှက်ဖျားဝေဒနာ ကြောင့် စိတ်တွေချောက်ချားနေခြင်း ဟုသာ တွေးကာ ပြန်အိပ်သည်။

ပြန်အိပ်၍မှ (၅) မိနစ်ခန့်ပင် မ ပြည့်သေး၊ ချိုင်းကြားသို့ လာရောက်တို့ ပြန်ရာ ဘယ်ကောင်လာနောက်နေတာ လဲကွဆိုကာ ရုတ်ခြည်း ထထိုင်၍ကြည့် လိုက်ရာ ကျွန်တော့်ဘေးတွင် တွေ့မြင် ရသည်က မိန်းကလေးတစ်ယောက်ဖြစ် နေသည်။ အသက် (၁၈) နှစ်ခန့်၊ အဝတ် အစား ခပ်နွမ်းနွမ်းနှင့် ထိုမိန်းကလေးက ဝင် ကျွန်တော်၏ခါးတို့၊ ချိုင်းကြားတို့ ကို ကလိထိုးနေခြင်း ဖြစ်သည်။ ထို့ ကြောင့် ကျွန်တော်လည်း စိတ်တိုတိုဖြင့် မိန်းကလေး၏လက်နှစ်ဖက်ကို ချုပ်ကိုင် ထားလိုက်ပါသည်။ ထူးဆန်းလှပါသည်။ ကလိမထိုးနိုင်ရန် မိန်းကလေး၏လက် နှစ်ဖက်ကို ချုပ်ကိုင်ထားလိုက်စဉ်မှာပင် ပခုံးတစ်ဖက်တစ်ချက်မှ အခြား လက် နှစ်ဖက် ထပ်ပေါက်လာကာ ကျွန်တော်၏ချိုင်းကြားကို ကလိထိုးပြန်ပါသည်။

ကျွန်တော် နားလည် သဘော ပေါက်လိုက်ပါပြီ။ ဤမိန်းကလေးသည် လူသားစင်စစ် မဟုတ်ဘဲ ပရလောက ၏ဆန်းကြယ်မှုသာ ဖြစ်ရမည်ဟု တွေး ရင်း ချုပ်ကိုင်ထားသောလက်ကို လွှတ် ပေးလိုက်ကာ-

"ဒီမှာ မိန်းကလေး၊ ငါ့ကို လာပြီး မနှောင့်ယှက်ပါနဲ့။ တို့ဟာ မင်းတို့နေရာကို နှောင့်ယှက် ဖျက်ဆီးဖို့လာတာ မဟုတ်ဘူး၊ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်နဲ့ ဓာတ်သတ္တုရှာဖွေရေးလာလုပ် ကြတာ။ မိန်းကလေးတို့နေရာ ဘာမှအ နှောင့်အယှက်မပြုဘဲ တို့အလုပ် တို့လုပ် နေတာ။ ဒီနေရာက မိန်းကလေးတို့ပိုင် နက်နေရာဆိုရင်လည်း ခေတ္တလာတဲ့ ဧည့်သည်ကို မကူချင်နေပါ၊ မနှောင့် ယှက်ရဘူး"

ဟု ဆိုစဉ်မှာပင် လက်လေးဖက် နှင့် ထူးဆန်းသောမိန်းကလေး ကွယ် ပျောက်သွားပါသည်။

လက်လေးဖက်နှင့် ထူးဆန်းသော မိန်းကလေး ကွယ်ပျောက်သွားသောအ ခါ ငါ တကယ်ပဲ တွေ့တာလား၊ ငှက် ဖျားရောဂါကြောင့် စိတ်တွေ အာရုံမှား အမြင်တွေ မြင်ခြင်းလားဟု သံသယ စိတ်ဝင်လာသဖြင့် ထိုဖြစ်ရပ်အား ဘူမိ ဗေဒဆရာတို့ကိုပြန်မပြောတော့ဟု ဆုံး ဖြတ်လိုက်ပါသည်။

နံနက်ခင်းတွင် ဝါးဖြူတောင်သို့ သွားအိပ်ကြသောအဖွဲ့များ ပြန်ရောက် လာပြီး စားကြသောက်ကြ၊ လုပ်ငန်းခွင် ဝင်ကြဖြင့် တစ်နေ့တာ ပုံမှန်လုပ်ငန်း များ ဆောင်ရွက်ကြပါသည်။ ကျွန်တော် လည်း ယမန်နေ့ညက ဖြစ်ရပ်တို့အား သတိမရတော့ဘဲ လက်ထောက် ဆာ ဗေယာ ကိုသန်းဌေး၊ ကိုကျော်ဝေလှတို့ နှင့်အတူ Auto Reduction Plane Table တိုင်းတာရေးကိရိယာတစ်လုံးဖြင့် ကွန် တိုဆာဗေးလုပ်ရန် အမှတ်(၁) စမ်းသပ် လုပ်ကွက်ထဲသို့ ထွက်ခဲ့ကြပါသည်။

တစ်နေ့တာလုပ်ငန်းခွင်များ ရပ် နားပြီး နေလုံးကွယ်ပျောက် အမှောင် ရောက်သည်နှင့် တဲဆိုးကြီးစခန်းသည် သုသာန် တစပြင်ပမာ တိတ်ဆိတ်ငြိမ် သက်နေသလို အခက်အလက်များ ဖား လျားကျနေသည့် ရုံးပင်ကြီးများကလည်း မကောင်းဆိုးဝါးကောင်ကြီးများပမာ လေလာတိုင်း ယိမ်းထိုးလှုပ်ရှားနေသည် မှာ ကြောက်တတ်သူများဖို့ ဤစခန်း၌ တစ်ယောက်တည်းအိပ်ရန် မလွယ်ပါ။ ညအမှောင်ကြီးစိုးလာသည်နှင့် ခပ်ဝေး ဝေးမှ ချေဟောက်သံ၊ ဇီးကွက်မြည်သံ များက တောကြီးအတွင်း ရောက်နေပါ လားဟု စိတ်ကိုစိုးထိတ်စေသလို အောင် ဝါငှက်ဆိုး၏ နားဝင်မချမ်းမြေ့စရာ အ မင်္ဂလာအသံကြီးကလည်း ကြက်သီး တဖြန်းဖြန်းထစေပါသည်။

ညဥ့်ငှက်သံများကို နားစွင့်ရင်း အိပ်ရာထက်တွင် လဲလျောင်းနေစဉ် ခြေ သံလိုလို ကြားမိသောကြောင့် ထူးဆန်း သောမိန်းကလေး လာပြန်ပြီလားဟု တွေးရင်း တဲပေါက်ဝကို လှမ်းကြည့် လိုက်ရာ ဝင်လာသူက လက်လေးဖက် နှင့် ထူးဆန်းသောမိန်းကလေးမဟုတ် ဘဲ နောက်ဘက်တဲမှ ဇော်ပေါက် ဖြစ် နေပါသည်။

"ဘယ်လိုဖြစ်တာလဲ ဇော်ပေါက်။ လက်ထဲမှာလည်း စောင်တွေ၊ ခေါင်း အုံးတွေပိုက်လို့ပါလား။ ဘာလဲ၊ သောင်း ကျန်းသူတွေလာတယ် ကြားလို့လား"

ဟု မေးရာ-

"မဟုတ်ဘူး ဆရာကျော်ရဲ့၊ ကျွန် တော် ပြောပြပါ့မယ်။ ကျွန်တော်ပြော တာ ဆရာလည်း ယုံမယ်မထင်ပါဘူး"

ဆိုနေသဖြင့်-

"ပြောမှာပြောပါကွာ၊ ယုံသင့်ရင် ယုံရမှာပေါ့"

ဟု လမ်းကြောင်းပေးလိုက်သည်။ ဇော်ပေါက်လည်း ခေါင်းအုံးနှင့်စောင်ကို တစ်ဖက်ရှိ ကွပ်ပျစ်ပေါ် တင်လိုက်ရင်း-

"ဒီလို ဆရာကျော်ရဲ့၊ မနေ့ညက ကျွန်တော် တစ်ညလုံးလုံး မအိပ်ရဘူး။ လက်လေးဖက်ပါတဲ့ သရဲမ တဲထဲဝင် လာပြီး ကျွန်တော့်ကို ကလိထိုးလို့၊ ကျွန် တော်လည်း အကြောက်လွန်ပြီး ဒီတဲ မှာ ဆရာရှိတာတောင် သတိမရတော့ ဘဲ စောင်ကို ခေါင်းမြီးခြုံပြီး ပုစွန်တုပ် လို ကွေးနေတာတောင် မရဘူး။ စောင် အောက်ကလက်နှိုက်ပြီး ကလိထိုးထိုး နေတာ သေမလောက်ပါ ဆရာ။ အဲဒါ ကြောင့် ဒီညတော့ တစ်ယောက်တည်း မအိပ်ရဲတော့လို့ ဆရာကျော်ဆီ လာခဲ့ တာပါ"

ဟု ဆိုလာတဲ့ ဇော်ပေါက်ထံမှ စကား ကြားလိုက်ရသောအခါတွင်မှ ယမန်နေ့ညက ကျွန်တော် ကြုံခဲ့ရသော ဖြစ်ရပ်သည် ငှက်ဖျားဝေဒနာကြောင့် စိတ်က ထင်ယောင်မြင်မှား မဟုတ်ဘဲ တကယ်ပင် ထူးဆန်းသော လက်လေး ဖက်နှင့် ပရလောကမှမိန်းကလေးဖြစ် ကြောင်း အခိုင်အမာ အတည်ပြုလိုက် ရပါသည်။ ဇော်ပေါက်သည် ကချင်ပြည် နယ် မံစီမြို့တွင် ယနေ့တိုင် သက်ရှိထင် ရှားနေထိုင်လျက်ရှိပါကြောင်း။

ဓာတ်ပုံ-မောင်မောင်အေး




www.burmeseclassic.com

www.burmeseclassic.com

(မိတ္ထီလာ)

# ကိုတင်လှိုင်

## ကျွန်ုပ်နှင့် ကြုံဟ်မှုတဲ့ အမြဲတော



အညာနွေကား ပူပြင်းလှသည်။ တော်သလင်းနေ ပုစွန်သေ ဆိုသလို တော်သလင်း၏အပူရှိန်ကား ပြင်းထန်လှသည်။အိမ်ထဲမှာပင် ပူအိုက်နေသည်။ ဘယ်နေရာကြည့်ကြည့် တံလျှပ်များထနေသည်။ ကွင်းပြင်တွင် လေပူများတိုက်နေသည်။ ထိုအပူဒဏ်ကို ကာကွယ်ရန် ကျွန်ုပ်သည် အိမ်ခေါင်းရင်း သရက်ပင်အရိပ်အောက်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့်ထိုင်ရင်း ကက်ဆက်ဖွင့်ကာ ဇိမ်နှင့်နှပ်နေသည်။

ကက်ဆက်ထဲမှ ခေတ်ဟောင်းအဆိုတော်ကြီး မအေးမိ၏ 'တေဘုမ္မာ' သီချင်းကို ဇိမ်နှင့် နားထောင်ရင်း တရားသဘောကို စောကြောနေမိသည်။ တေဘုမ္မာသီချင်း ရေးစပ်သည့် ဆရာကြီးဦးပြုံးချိုကိုလည်း လေးစား ဂုဏ်ယူချီးကျူးမိသည်။ တေဘုမ္မာသီချင်းနှင့် အတူ နိဗ္ဗာနတေးထပ်ကလည်း အဆီအနှစ်ရှိလှသည်။ တေဘုမ္မာသီချင်းကို တစ်ပိုဒ်ချင်း နားထောင်ကြည့်ပါက ဘယ်ဘုန်းကြီးကျောင်းမှ သွားစရာမလိုဘဲ တရားသဘောကို သိနိုင်သည်။ တေဘုမ္မာသီချင်းရေးစပ်သည့် ဆရာကြီးဦးပြုံးချိုမှာ အရေးကောင်းသလို အဆိုတော်ကြီး မအေးမိ၏ အသံကလည်း ကောင်းလှသည်။

တေဘုမ္မာသီချင်းထဲမှ လောဘ၊ ဒေါသ၊ မောဟမီးများကို သိဖို့ ရုပ်နှင့် ခန္ဓာဟာ အမြဲမရှိကြောင်း၊ ထို့ကြောင့် လူ့ဘဝရတုန်းရခိုက် မောဟ၊ မာန်မာန တရားမထားကြဖို့ သတိတရားလက်ကိုင်ထားပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာကြီးသုံးပါးကို သိမြင်ကြဖို့ ဓမ္မတေးကြီးကို ရေးသား စပ်ဆိုခဲ့သည့် တေးပြုစာဆိုကျိုက်လတ်ဦးပြုံးချိုကိုလည်း လေးစားချီးကျူး ဂုဏ်ယူမိပါသည်။

ဤကဲ့သို့ အပူရှိန်ကို ရှောင်ရင်း ဇိမ်နှင့် ကက်ဆက်ဖွင့်နားထောင်နေရင်း တရားဘာဝနာပွားများနေစဉ် အိမ်ရှေ့သို့ စက်ဘီးတစ်စီးဖြင့် လူတစ်ယောက်ရောက်လာပြီး-

"ဆရာကြီးဦးကောင်းမြတ်ရှိလား"

ဟု အော်မေးသံ ကြားလိုက်ရပါသည်။

ကျွန်ုပ်လည်း ထိုင်ရာမှထကာ စက်ဘီးဖြင့်လာသူအား ကြည့်လိုက်ရာ ရမ်းကြီး (ခ) သန်းထွန်းအား တွေ့လိုက်ရပါသည်။ ရမ်းကြီး (ခ) သန်းထွန်းသည် ဈေးအတွင်း ခုနစ်ဆူဈေးကုန်းဘုရားတွင် လက်ဖက်ရည်ဆိုင်ဖွင့်ရောင်းချနေသူဖြစ်ပါသည်။ သန်းထွန်း၏လက်ဖက်ရည်ဆိုင်နာမည်ကိုလည်း ဘာဆိုင်းဘုတ်မှမချိတ်ဘဲ ရမ်းကြီးလက်ဖက်ရည်ဆိုင်ဟု ကင်ပွန်းတပ်ခေါ်ရာမှ ရမ်းကြီးလက်ဖက်ရည်ဆိုင် ဖြစ်လာသည်။

ရမ်းကြီး၏ အမည်ရင်းမှာ သန်းထွန်း ဖြစ်ပါသည်။ သို့သော် သန်းထွန်းသည် လူပျိုလူလွတ်ဘဝက အပျော်အပါးလိုက်စားကာ ကြက်တိုက်၊ ဖဲရိုက်၊ ဂျင်ထိုး လောင်းကစားမျိုးစုံကို ဝါသနာပါခဲ့သည်။ သူထင်ရာကို တစ်ဇွတ်ထိုး၊ တဇောက်ကန်း ရမ်းရမ်းကားကားပြုလုပ်တတ်သဖြင့် သန်းထွန်းအမည် ပျောက်ပြီး သူငယ်ချင်းများက ရမ်းကြီးဟုခေါ်ရာမှ ရမ်းကြီးနာမည်တွင်လာသည်။ ...
ပျိုဘဝ လွတ်မြောက်ပြီး အိမ်ထောင်ကျ...
သားသမီးများရ၍ စီးပွားရေးလုပ်ငန်း...
ဖြင့် ဘဝသစ်ထူထောင်လာသောအခါ...
အောင်မြင်လာသည်။ ရမ်းကြီးသည်...
လုပ်ငန်းမျိုးစုံတွင် ကျင်လည်ခဲ့ဖူးသည်။...
ယခု လက်ဖက်ရည်ဆိုင်ဖွင့်၍ ဘဝသစ်...
ကို ထူထောင်ခဲ့သည်။ ရမ်းကြီး၏ လက်...
ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ကောင်း...
ခြင်း၊ စေတနာပါခြင်း၊ ဆက်ဆံရေးချို...
ပြစ်ခြင်း၊ မုန့်မျိုးစုံရရှိခြင်း၊ ထို့အပြင် ...
ပူ, အအေး နှစ်မျိုးစလုံး ရရှိသဖြင့် ...
စည်ကားလှသည်။ ရမ်းကြီးလက်ဖက်...
ရည်ဆိုင်မှာ နံနက်ပိုင်းတွင် ခုံပြည့်...
ပြည့် ဖြစ်နေတတ်၏။ အထူးသဖြင့် ...
ပြားနှင့် ဆိတ်စွပ်ပြုတ်၊ အမဲခြေထောက်...
စွပ်ပြုတ်မှာ နာမည်ကြီး ကောင်းမွန်...
သည်။ ထို့ကြောင့် ဆိတ်စွပ်ပြုတ်...
အမဲခြေထောက်သောက်ချင်လျှင် ...
စောထမှ ရတတ်သည်။ နေမြင့်...
ကုန်သွားတတ်သည်။ မသောက်ရ...
ရအောင် နံနက်စောစော လူစည်...
ခြင်း ဖြစ်သည်။


ကျွန်ုပ်နှင့် ရမ်းကြီး ခင်မင်...
သည်မှာလည်း အံ့သြစရာကောင်း...
ကျွန်ုပ်သည် ကြွေကစားခြင်းကို ဝါသနာ...
ပါလှသည်။ လောင်းကစားထဲတွင် ...
အန်ကစားခြင်းသည် ကံသက်သက်...
ဖြစ်သည်။ လုပ်ယူ၍မရ၊ တွက်၍...
သော ကစားနည်း ဖြစ်သည်။ ကြွေ...
ကစားရသည်မှာ ကြွေတစ်လက်၊ ...
တစ်ခုန်ဆိုသလို နိုင်မလိုလိုနှင့် ရှုံး...
ပြီး ရှုံးမလိုလိုနှင့် နိုင်တတ်သော...
နည်း ဖြစ်သည်။ တစ်ခါတစ်ရံ ...



www.burmeseclassic.com

www.burmeseclassic.com

ကောင်အနက် တစ်ကောင်သာ ကျန်သဖြင့် အနိုင်ရပြီဟု တွက်ထားသော်လည်း တစ်ကောင်မှ မတင်ရသေးသည့် တစ်ဖက်လူက နိုင်ချင်နိုင်သွားတတ်၏။ တစ်ခါတစ်ရံ တစ်ဖက်လူ တစ်ကောင်မှမတင်ရသေးသဖြင့် မသတ်ရပြီဟုထင်ရသော်လည်း တစ်ကောင်ကျန်ဖြင့် ရှုံးလျှင်ရှုံးတတ်သည်။ ထို့ကြောင့် လောင်းကစားနည်းမျိုးစုံထဲတွင် ကြွေအန်ကစားသည်။ တစ်နေရာတွင် ရမ်းကြီးနှင့် ကြွေအန်ကစားပွဲတွင် ကျွန်ုပ်နှင့် ထိပ်တိုက်တွေ့သည်။ ကျွန်ုပ်နှင့် ကြွေအန်ကစားသည်မှာ တစ်ပွဲ (၁၀၀) ကျပ် ဖြစ်သည်။ တစ်ကောင်ကျန် (၁၀) ဖြစ်သည်။ အများအားဖြင့် ရှုံးလျှင်လည်း တစ်ကောင်ကျန်၊ နှစ်ကောင်ကျန် ဖြစ်သည်။ အကယ်၍ မသတ်နိုင်လျှင် နှစ်ဆတွက် (၂၆၀) ပေးရသည်။ ကျွန်ုပ်တို့ ကြွေအန်ကြေး၊ တစ်ကောင်ကျန် (၁၀)ကြေး ဖြစ်သည်။ သုံးပွဲကစားရာ ပထမပွဲတွင် ကျွန်ုပ်တို့က နိုင်မလိုလိုနှင့် တစ်ကောင်ကျန်ဖြင့် ရှုံးသွားသည်။ ဒုတိယပွဲတွင်လည်း ကျားအသာကြီးမှ နောက်ဆုံးအဝင်တွင် 'ပါ' မဖြစ်နိုင်သဖြင့် နောက်မှကျားဝင်လာသည့် ရမ်းကြီးတို့ဘက်မှ တစ်ကောင်ကျန်ဖြင့် နိုင်သွားသည်။ တတိယပွဲတွင် ကျွန်ုပ်တို့ဘက်မှ အနိုးနည်းသဖြင့် တစ်ကောင်တင်လိုက်၊ အသတ် ခံရလိုက်၊ တစ်ကောင်တင်လိုက်



ခြင်းသည် ကံသက်သက်သာ ဖြစ်သည်။ ဉာဏ်ကူ၍မရ၊တွက်၍မရသောလောင်းကစားနည်းတစ်မျိုး ဖြစ်သည်။

ထို့အပြင် ကြွေကစားရသည်မှာ စိတ်ဓာတ်နှင့်လည်း ဆိုင်သည်။ ကြွေမျိုး၊ လူမျိုး ဆိုသလို တစ်ခါတစ်ရံတွင် ကိုယ်လိုရာခေါ်ပစ်၍ရသည်။ စိတ်ဓာတ်စစ်ဆင်ရေးကစားနည်းတစ်မျိုး ဖြစ်သည်။ ကြွေကစားရသည်မှာ မိမိခေါ်၍ ပစ်သောကြွေကျလျှင် စိတ်ထဲ အလွန်ပီတိဖြစ်၍ တစ်ဖက်လူကို အပြောင်အပြက်စ,၍ ကစားရသော ပျော်စရာကောင်းသည့် ကစားနည်းတစ်မျိုး ဖြစ်ကစားသည်မှာ အကောင်ပြည့် (၈) ကောင် မဟုတ်ဘဲ (၆) ကောင်ကစားနည်း ဖြစ်သည်။ တစ်ဦးချင်းမဟုတ်ဘဲ တစ်ဖက်နှစ်ယောက် ကစားကြခြင်း ဖြစ်သည်။ ကျွန်ုပ်နှင့် အောင်စိုးတို့က တစ်ဖက်၊ ရမ်းကြီးနှင့် ဝင်းထိန်တို့က တစ်ဖက်စီ ကစားကြသည်။ တစ်ပွဲ (၁၀၀)

www.burmeseclassic.com

www.burmeseclassic.com

အသတ်ခံရလိုက်ဖြစ်သဖြင့် ရမ်းကြီးတို့ဘက်မှ အကောင်စုံ၍ ပွဲသာပြီးသွားသည်၊ ကျွန်ုပ်တို့ဘက်မှ ကျားခြောက်ကောင်လုံး အတင်မခံလိုက်ရဘဲ မသက်ခြောက်ကောင်ဖြင့် ရှုံးသွားသည်။ ဤတွင် ကျွန်ုပ်တို့က ရှုံးသွားသဖြင့် ပထမပွဲအတွက် (၁၁၀)၊ ဒုတိယပွဲအတွက်လည်း (၁၁၀)၊ တတိယပွဲတွင် မသက်ရှုံးသဖြင့် (၂၆၀)၊ စုစုပေါင်း (၄၈၀)ကျပ်ပေးရမည် ဖြစ်သည်။

သို့သော် ရမ်းကြီးက -

"ငွေမလိုချင်ဘူး။ ကိုရမ်းကြီးကို ကြောက်ပါပြီ"

ဟု သုံးကြိမ်ပြောလျှင် လျှော်ပစ်မည်ဟု ပြောသဖြင့် ကျွန်ုပ်ကလည်း ငွေမပေးရပြီးရော -

"ကိုရမ်းကြီးကို ကြောက်ပါပြီ၊ နောက်မပစ်ရဲတော့ပါ"

ဟု ပြောရုံဖြင့် ငွေမပေးရတော့ချေ။

ဤကဲ့သို့ ရမ်းကြီးက စ,တတ်နောက်တတ်သည်။ ထို့ကြောင့်လည်း ရမ်းကြီးကို လူချစ်လူခင်ပေါများကြသည်။ ထိုကြွေအန်ကစားသည့်ပွဲမှစ၍ ရမ်းကြီးနှင့် ကျွန်ုပ်တို့ ခင်မင်သွားခြင်းဖြစ်သည်။

ယခုလည်း နေပူကျဲကျဲ ဘာကိစ္စလာသည်မသိ။ ကျွန်ုပ်က ဝိုင်းတံခါးဖွင့်၍-

"ဘာကိစ္စရှိလဲ"

ဟု မေးရာ ရမ်းကြီးက-

"ပွပေါက်တစ်ခုရှိလို့ လာခေါ်တာ။ ငါ့ဆရာ စာရေးဆရာ ဆင်းရဲတာ မကြည့်ချင်လို့၊ မ,စမလို့ လာခေါ်တာ"

ဟု ပြောပါသည်။

ကျွန်ုပ်လည်း -

"ဘာအရောင်းအဝယ်ကိစ္စလဲ"

ဟု မေးရာ ရမ်းကြီးက ငုံးအမြုတေတစ်ခု သတင်းကြားထားလို့ လာခေါ်ကြောင်း ရှင်းပြပါသည်။ ငုံးအမြုတေစစ်လျှင် ပွပေါက်တိုးမည် ဖြစ်ကြောင်း၊ ယခုသွားရောက်စမ်းသပ်မည်ဖြစ်ကြောင်း၊ အားလျှင် ရှယ်ယာထည့်၍ လိုက်လံ စမ်းသပ်ပြီး အရောင်းအဝယ်ဖြစ်မည်ဖြစ်ကြောင်း ပြောကြားပါသည်။ ကျွန်ုပ်လည်း ငုံးအမြုတေဟုဆိုသဖြင့် စိတ်ဝင်စားသွားသည်။ ငုံးအမြုတေကို ကြားသာကြားဖူးသည်၊ တစ်ခါမှ မမြင်ဘူး,မတွေ့ဘူး။ ထို့ကြောင့် သိချင်၊ မြင်ချင်သည်။ ယခု စားရက်ကြုံလို့ မုတ်ဆိတ်ပျားလာစွဲတာဖြစ်ကြောင်း၊ ထို့ကြောင့် သွားရောက် စမ်းသပ်မည်ဖြစ်ကြောင်း ရမ်းကြီးက အဆွယ်ကောင်းသဖြင့် ကျွန်ုပ်လည်း ရှိစုမဲ့စုငွေကလေး (၂၅၀၀၀) ထည့်ကာ ရမ်းကြီးနောက်သို့ စက်ဘီးစုတ်ကလေးစီးကာ လိုက်ပါသွားမိပါသည်။

ရမ်းကြီးက စက်ဘီးစီးပြီး ရှေ့က မြင်းခြံလမ်းအတိုင်းနင်း၍သွားရာ ကျွန်ုပ်လည်း ရမ်းကြီးနောက်ကနေ စက်ဘီးကို သုတ်သုတ်နင်းကာ လိုက်ခဲ့ရသည်။ မြင်းခြံလမ်း ဝန်ဇင်းရပ်ကွက် ရောက်သောအခါ ရမ်းကြီးက လမ်း၏ညာဘက်လမ်းမြောင်တစ်ခုထဲသို့ ချိုးဝင်လိုက်ပါသည်။ ဝန်ဇင်းရပ်ကွက်လမ်းမြောင်မှာ အတက်၊ အဆင်းများလှသည်။ နောက်ဆုံးလမ်း၏ ဘယ်ဘက်အစွန်ဆုံး ဖလပလရပ်ကွက်အဆုံးတွင် ခြံကျယ်ကြီးတစ်ခြံထဲသို့ စက်ဘီးကွေ့ဝင်သွားပါသည်။ ခြံကျယ်ကြီးမှာ နှစ်ဧကခန့် ရှိပါသည်။ ခြံကြီးထဲတွင် သရက်၊ ပိန္နဲ၊ အုန်းပင်ကြီးတို့ဖြင့် စိမ်းစို အေးမြနေပါသည်။ ခြံ၏ လေးဖက်လေးတန်တွင် တဲများထိုးကာ ငုံးများနှင့် ကြက်များ မွေးမြူထားသည်ကို တွေ့ရပါသည်။ ခြံရှင်မှာ ကိုသိန်းမောင် ဆိုသူ ဖြစ်သည်။ ခေတ်ပညာတတ်ဘွဲ့ရတစ်ဦး ဖြစ်သည်။ ကိုယ်ပိုင်စီးပွားရေးကို စိတ်ဝင်စားကာ ငုံးနှင့် ကြက်မွေးမြူရေးဖြင့် စီးပွားရှာစားနေသူ ဖြစ်သည်။ ၎င်း၏ ငုံးခြံထဲမှ ငုံးအမြုတေတစ်ခု ရရှိထားသဖြင့် ရမ်းကြီးနှင့် စပ်မိကာ အရောင်းအဝယ်စကားပြောထားကြောင်း သိရသည်။

ကိုသိန်းမောင် ပြသော ငုံးအမြုတေမှာ ဆီးဖြူသီးအလုံးကြီးခန့်ရှိသည်။ အပြောက်အကျားမပါဘဲ အဖြူရောင်သက်သက် ဖြစ်သည်။ အခြားငုံးများဖြင့် မတူဘဲ အလေးချိန်စီး၍ ကျောက်ခဲလိုမာနေသည်။ လက်ထဲတွင် စေးစေးပိုင်ပိုင်လေးနေသည်။ ငုံးအမြုတေအစစ်ဖြစ်ပါက မီးကွင်းကြောင်း၊ ကျည်ပြီးကြောင်း သိရသည်။ ငုံးအမြုတေ၏အစွမ်းသတ္တိမှာ ကြီးမားလှသည်။

ရမ်းကြီးက ကိုသိန်းမောင်အား ဘယ်လောက်နှင့်ရောင်းမှာလဲဟု ဈေးမေးသည်။ ကိုသိန်းမောင်က (၅၀၀၀၀) ရလျှင် ရောင်းမည်ဟု ပြောသည်။ ရမ်းကြီးက ငုံးအမြုတေ စစ်,မစစ် စမ်းသပ်မည်ဖြစ်ကြောင်း၊ စစ်လျှင် (၅၀၀၀၀) ပေးဝယ်မည်ဖြစ်ကြောင်း၊ စမ်းသပ်၍ အစစ်မဟုတ်က ပြန်ပေးမည်ဖြစ်ကြောင်း ပြော၍ ကျွန်ုပ်ထံမှ ငွေ (၂၅၀၀၀) ကို စရန်ပေး၍ ယူလာခဲ့ပါသည်။ ညနေပြန် လာပေးမည်ဖြစ်ကြောင်း ပြောကြားကာ ကိုသိန်းမောင်ထံမှ ငုံး (၁၀) ကောင်ကိုလည်း ညနေ အမြည်းစားရန်အတွက် ဝယ်လာခဲ့ပါသည်။

ကျွန်ုပ်နှင့် ရမ်းကြီးသည် ငုံးအမြုတေနှင့် ငုံး (၁၀) ကောင် ယူလာကာ ရမ်းကြီးအိမ်ဝင်၍ ငုံး (၁၀) ကောင်ကို ကြော်ထားရန် ၎င်း၏ဇနီးအား ပေး သည်။ ထို့နောက် ကျွန်ုပ်နှင့် ရမ်းကြီး သည် ငုံးအမြုတေကိုယူကာ စမ်းသပ် ရန်အတွက် ဒဟတ္တန်းရပ်ကွက်သို့ သွား ကာ ကြက်အရှင်တစ်ကောင်ကို ဝယ် ပါသည်။ ကြက်ဖအရှင်ကို ပုဆိုးစုတ်နှ ထုပ်ကာ စက်ဘီးတွင်ချိတ်၍ အမှ (၂) ရဲစခန်းသို့ ထွက်လာခဲ့ကြပါသည် အမှတ် (၂) ရဲစခန်းတွင် ကျွန်ုပ်သူငယ် ချင်း စခန်းမှူး ရဲအုပ်လှထွန်းဝင်းကို အ ကျိုးအကြောင်းပြော၍ (၃၈) ဗိုခြောက် လုံးပြူးယူလာပြီး သုံးယောက်သား ငုံး အမြုတေ စစ်၊ မစစ် စမ်းသပ်ရန် ရွှေ မြင်တင်ဘုရားဘက်သို့ ထွက်လာခဲ့ကြ ပါသည်။

ရှေ့ဆုံးမှ ရမ်းကြီးက ကြက်အရှင် ကို စက်ဘီးတွင်ချိတ်၍ ငုံးအမြုတေ အကျီအိတ်ကပ်ထဲထည့်ကာ စက်ဘီး သွက်သွက်နင်းနေသည်။ ၎င်းနောက် စခန်းမှူး ရဲအုပ်လှထွန်းဝင်းက ခြောက် လုံးပြူး ခါးချိတ်ကာ နောက်မှလိုက်နေ ပါသည်။ ၎င်းတို့နှစ်ဦးနောက်မှ ကျွန် ကလည်း နေပူပူတွင် ပူရလောင်ရ မသိ လောဘဇောတက်ကာ စက်ဘီး စုတ်ကလေးကို အမြန်နင်းနေပါသည်။

ရွှေမြင်တင်ဘုရားရောက်သော အခါ ဘုရားအရှေ့ဘက်ရှိ ရေကျော်နှ ပေါက်လျှိုကြီးထဲသို့ စက်ဘီးများ ခေ ခတ်ထားကာ သုံးယောက်သားဆင်း ကြပါသည်။ ရေကျော်နှစ်ပေါက်လျှို မှာ ရှုည်လျားလှပါသည်။ ကမ်းပါးယံ လည်း မြင့်မားလှသည်။ လူသူမနီးသ လျှိုကြီး ဖြစ်သည်။ ကမ်းပါးယံပေါ် သစ်ပင်ကြီးများပေါက်ကာ အုပ်ဆိုင်း ပါသည်။ ကမ်းပါးယံမှာ (၁၅) ပေ မြင့်ပါသည်။

ကျွန်ုပ်တို့သုံးဦးလည်း လျှိုကြီး သို့ ဆင်းလာကြပါသည်။ လျှိုကြီးထဲ ရောက်သောအခါ အနောက်ဘက် ဝါးနှစ်ရိုက်ခန့်သွားလိုက်သောအခါ သ ပင်ကြီးများ အုပ်ဆိုင်းနေပြီး လူသံသူ တိတ်ဆိတ်ကာ ရေစီးသံသာ ကြား ရပါသည်။ ကမ်းပါးယံတွင်



www.burmeseclassic.com

www.burmeseclassic.com

ကျ်နေသော သစ်မြစ်တစ်ခုနှင့် ကြက်ကို ရမ်းကြီးက ကြိုးချည်လိုက်ပါသည်။ ကြီးက အသင့်ယူဆောင်လာသည့် တ်ကိုင်ပဝါဖြင့် ငုံးအမြုတေကို ထုပ် ကြက်၏လည်ပင်းတွင် စည်းထား တ်ပါသည်။ ကြက်ဖ၏လည်ပင်းတွင် အမြုတေစည်းပြီး အရန်သင့်ဖြစ်သော ခါ ငုံးအမြုတေ စစ်၊ မစစ် စမ်းသပ် စီစဉ်ကြသည်။

ပထမဆုံး စခန်းမှူး ရဲအုပ်လှထွန်း းက သူ၏ (၃၈) ဗို့ ခြောက်လုံးပြူး ခါးချိုးကာ ဆုံလည်ထဲသို့ ကျည်ဆန် း တစ်တောင့်ချင်း ထည့်နေပါသည်။ ည်ဆန် (၆) တောင့်ပြည့်သောအခါ လည်ကို ပြန်တပ်လိုက်ပါသည်။ ခြာက်လုံးပြူးတွင် ကျည်ဆန် (၆) တောင့်အပြည့်ဖြစ်ပြီး ပစ်ရန်အသင့်ဖြစ် းပါသည်။ စခန်းမှူးလှထွန်းဝင်းက က်ဖနှင့် (၁၀) ပေခန့်အကွာတွင်ရပ် ကြက်ဖကိုပစ်ရန်ချိန်ရွယ်နေပါသည်။ ထွန်းဝင်း၏ဘေးတွင် ကျွန်ုပ်နှင့် ရမ်း က တစ်ဖက်စီရပ်ကာ အသက်မရှူ လောက်အောင်ပင် ကြည့်နေမိသည်။ န်းမှူး လှထွန်းဝင်းက ကြက်ဖကိုချိန် ယ်ကာ မောင်းကိုဆွဲချလိုက်ပါသည်။

'ချက်' ဆိုသည့် ကျည်ဆန်မောင်း က်သံသာကြားရပြီး ကျည်ထွက်မသွား ဖြင့် ကျွန်ုပ်တို့အားလုံး အံ့အားသင့် းပါသည်။ ကျွန်ုပ်တို့လည်း ကျည်အ တွေ့၍ မထွက်ခြင်းဖြစ်သလောဟု သယစိတ်ဖြင့် ကျွန်ုပ်သူငယ်ချင်း လှ န်းဝင်းအား 'မင်းကျည်ဆန်တွေက အ ာင်းတွေလား' ဟု မေးလိုက်ပါသည်။ အခါ လှထွန်းဝင်းက ကျည်သစ်တွေ ကြောင်း၊ မနေ့ကမှ လက်နက်တိုက် က ထုတ်လာတာဖြစ်ကြောင်း ရှင်းပြ သည်။

ဒုတိယအကြိမ် စခန်းမှူး ရဲအုပ် ထွန်းဝင်းက ကြက်ဖကို အသေအချာ ရွယ်၍ ခလုတ်ကိုဆွဲလိုက်ပြန်သည်။ သော် ဒုတိယအကြိမ်လည်း ကျည် န်မောင်းရိုက်သံသာ ကြားရပြီး ကျည် က်မသွားသည်ကိုအံ့အားသင့်စွာတွေ့ သည်။ ဤတွင် ကျွန်ုပ်တို့လည်း တစ်ဦး တစ်ဦး ဝမ်းသာစွာကြည့်လိုက်မိပါ သည်။ ငုံးအမြုတေအစစ်လောဟု ထင် ါသည်။ စိတ်ထဲတွင် ဝမ်းသာပီတိဖြစ် ပါသည်။

ရမ်းကြီးက ငုံးအမြုတေအစစ်ဖြစ် က နယ်စပ်သို့ သွားရောင်းမည် ဖြစ် ကြာင်း၊ နယ်စပ်တွင် ဈေးကောင်းရပါက ငွေ (၅) သိန်းခန့်ရမည် ဖြစ်ကြောင်း၊ နေ့ချင်းညချင်း ချမ်းသာသွားမည် ဖြစ်ကြောင်း အားရဝမ်းသာ လမ်းတွင်ရှင်းပြသဖြင့် ကျွန်ုပ်လည်း ဝမ်းသာနေမိပါသည်။ ငုံးအမြုတေအစစ်ဖြစ်ပါစေဟုလည်း စိတ်ထဲက ကျိတ်၍ဆုတောင်းနေမိပါသည်။

ရဲအုပ်စခန်းမှူးက မကျေမနပ်ဖြင့် ခြောက်လုံးပြူးကို အသေအချာစစ်ဆေးကာ တတိယအကြိမ် စမ်းသပ်ရန်အတွက် ကြက်ဖကိုချိန်ရွယ်နေပြန်ပါသည်။ ဤအကြိမ် စမ်းသပ်၍ ကျည်မထွက်ပါက ကျွန်ုပ်တို့သည် အလွယ်ဆုံး ငုံးအမြုတေကို မီးရှို့စမ်းသပ်ပြီး နယ်စပ်သို့သွားရောက် ရောင်းချရန် စီစဉ်ထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်နှင့် ရမ်းကြီးသည် နောက်ဆုံးအကြိမ် စမ်းသပ်သည့် ရဲအုပ်လှထွန်းဝင်း၏ တတိယအကြိမ် ကြက်ဖကိုပစ်သည့်သေနတ်သံကို စိုးရိမ်ထိတ်လန့်စွာဖြင့် နားစွင့်ကြည့်နေမိပါသည်။ ရဲအုပ်စခန်းမှူး လှထွန်းဝင်းသည် ကြက်ဖကို အသေအချာ ချိန်ရွယ်၍ အသက်မရှူဘဲ လက်ညှိုးကို သေနတ်မောင်းကွင်းမှ ဖျစ်ညှစ်ဆွဲချလိုက်ပါသည်။ ကျွန်ုပ်နှင့် ရမ်းကြီးမှာ ရဲအုပ်လှထွန်းဝင်း၏သေနတ်မောင်းဆွဲနေသည်ကို အသက်မရှူဝံ့ဘဲ စောင့်ကြည့်နေကြပါသည်။ ရဲအုပ်လှထွန်းဝင်း၏ လက်ညှိုးသေနတ်မောင်းကွင်းအဆုံးတွင် ဒိုင်းခနဲ ကျည်ထွက်သံနှင့်အတူ လျှိုကြီးတစ်ခုလုံး သေနတ်သံဖြင့် ပဲ့တင်လွှမ်းသွားပါသည်။

ကျွန်ုပ်နှင့် ရမ်းကြီးလည်း ကျည်ထွက်သံနှင့်အတူ ကြက်ဖကြီးအားလှမ်းကြည့်လိုက်ရာ သစ်ပင်တွင် ချည်ထားသော ကြက်ဖကြီးမှာ ပျောက်ခြင်းမလှ ပျောက်နေသည်ကို ထူးဆန်းအံ့ဩစွာတွေ့ရပါသည်။ မကျေနပ်၍ အနီးသို့သွားရောက် ရှာဖွေသောအခါ သစ်ပင်ခွဆုံတွင် ကြက်ဖကို ချည်ထားသော ဂုန်နီကြိုးစကိုသာ တွေ့ရပြီး ကြက်ဖရော အမြုတေပါ ထူးဆန်းစွာ ပျောက်နေသည်ကို တွေ့ရပါသည်။ ကျည်ဆန်မှန်ပြီး ကြက်သေကိုလည်း မတွေ့ရ၊ အမြုတေကိုလည်း မတွေ့ရဘဲ ကြက်ရော အမြုတေပါ ပျောက်ဆုံးသွားသည်ကို တွေ့ရပါသည်။ ပတ်ဝန်းကျင်တစ်ဝိုက် လိုက်လံရှာဖွေသော်လည်း လုံးဝရှာမတွေ့ဘဲ ဖြစ်နေသည်။

စဉ်းစားစရာမှာ သေနတ်ကျည်ဆန် ကြက်ချည်သောကြိုးကို မှန်၍ကြက်ထွက်ပြေးစရာသာ ရှိသည်။ သို့သော် ကြက်ကိုလည်း လျှိုထဲတွင် လုံးဝမတွေ့ရခြင်းပင် ဖြစ်သည်။ နောက်ဆုံး ကျွန်ုပ်တို့သုံးဦးလည်း ညနေမှောင်သည်အထိ လျှိုတစ်လျှောက် လိုက်လံရှာဖွေသော်လည်း ကြက်ရော ငုံးအမြုတေပါ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာကြပါသည်။

ညနေစောင်းတွင် ရမ်းကြီး၏အိမ်၌ ငုံးကြော်နှင့်အရက်မြည်းကာ ရမ်းကြီးက တောက်တခေါက်ခေါက်နှင့် မကျေမနပ်ဖြစ်နေပါသည်။ ငုံးအမြုတေပိုင်ရှင်ကိုသိန်းမောင်ကိုလည်း ငုံးအမြုတေရှာမရသဖြင့် နောက်ထပ် ငွေ (၂၅၀၀၀) အလကားပေးလိုက်ရပါသည်။ ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုသလို နှစ်ကြိမ်စမ်းသပ်ရာ ကျည်မထွက်ဘဲနေရာမှ နောက်ဆုံးကျည်ဆန်ထွက်ပြီး ကြက်ရော ငုံးအမြုတေပါ ရှာမရသဖြင့် ရမ်းကြီးမှာ ဒေါပွပြီး မကျေမနပ်ဖြစ်နေပါသည်။

ကျွန်ုပ်မှာလည်း 'မြတ်မလားလို့ ဇာတ်ထဲလိုက်ပါတယ်။ ကော်ကော်ကြီးနင်းမိလို့ (၅) ကျပ်လျော့လိုက်ရတယ်' ဆိုသည့်စကားပုံလို ယခုတော့ မြွေပါလည်းဆုံး၊ သားလည်းဆုံး ဇာတ်လမ်းဖြစ်နေပါသည်။ ရမ်းကြီးကလည်း ကျွန်ုပ်အား ကြီးပွားချမ်းသာချင်သည့်စေတနာဖြင့် လုပ်ပေးသော်လည်း လုပ်ငန်းမအောင်မြင်ဘဲ ငွေဆုံးရှုံးသွားသဖြင့် စိတ်မကောင်းဖြစ်နေပါသည်။

ကျွန်ုပ်၏ အမြုတေအစစ်သာဖြစ်ခဲ့လျှင် ဆိုသည့် စိတ်ကူးယဉ်ဗိမာန်ကြီးမှာ လေထဲတွင် တိုက်အိမ်ဆောက်သလို ပျောက်ကွယ်သွားပါတော့သည်။ ကျွန်ုပ်သည် နောက်တွင် 'အမြုတေ' ဆိုသည့် စကားလုံးကို ကြားမိတိုင်း အတိတ်က အဖြစ်ဟောင်းကို ပြန်ပြောင်းသတိရမိပါသည်။ ယခုတစ်လော ဂျာနယ်ထဲ၊ စာစောင်ထဲ၊ မဂ္ဂဇင်းများထဲတွင် အမြုတေအကြောင်း ဝတ္ထု၊ ဇာတ်လမ်းများဖတ်ရတိုင်း ကျွန်ုပ်တို့၏ 'ဂြိုဟ်မွှေသောအမြုတေ' ကို ပြန်ပြောင်းသတိရမိပါသည်။

ကျွန်ုပ်တို့အမြုတေဇာတ်လမ်းမှာ စိတ်ကူးယဉ်ဇာတ်လမ်းမဟုတ်ဘဲ ၁၉၇၆ ခုနှစ်က အမှန်တကယ် ဖြစ်ပျက်ခဲ့သော တကယ့်ဖြစ်ရပ်မှန်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ကိုတင်လှိုင်(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝ၏
နောက်ဆုံးဒိုင်ယာရီစာမျက်နှာ

တင်နိုင်တိုး

သိပ္ပံမောင်ဝ၏ အမည်ရင်းက ဦးစိန်တင် ဖြစ်သည်။ မော်လမြိုင် မုံပွန် နတ်ကျွန်းအရပ်ဇာတိဖြစ်သော သိပ္ပံမောင်ဝသည် ငယ်စဉ်ကပင် မိခင်ဆုံးပါးသွားသဖြင့် အဘွားနှင့် အဒေါ်လက်တွင် ကြီးပြင်းခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ်တွင် (၁၀) တန်းအောင်ပြီး ကောလိပ်သိပ္ပံကျောင်း (ရန်ကုန်တက္ကသိုလ်) သို့ရောက်သည်။ ထိုအတောအတွင်း ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခဲ့ရာ သိပ္ပံမောင်ဝ နေရှင်နယ်ကျောင်းတွင် ဆရာသွားလုပ်သည်။ နောက်မှ ကောလိပ်ပြန်တက်ပြီး ၁၉၂၇ ခုနှစ်တွင် မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်း အောင်မြင်ခဲ့သည်။

သိပ္ပံမောင်ဝသည် ဝိဇ္ဇာဂုဏ်ထူးတန်းအောင်မြင်ပြီး တက္ကသိုလ်၌ မြန်မာစာနည်းပြလုပ်နေစဉ် အိုင်စီအက်(စ်) အဖြစ် အရွေးခံရကာ အင်္ဂလန်ပြည် အောက်စဖို့(ဒ်)တက္ကသိုလ်သို့ (၂) နှစ် သွားရောက်ပညာသင်ယူခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် သိပ္ပံမောင်ဝ မြန်မာပြည် ပြန်ရောက်လာကာ နိုင်ငံ့ဝန်ထမ်းအဖြစ် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ပြောင်းရွှေ့ခဲ့ရသည်။

သိပ္ပံမောင်ဝသည် (၁၀) တန်းကျောင်းသားဘဝကပင် 'ဝဇီရာတင်' ကလောင်အမည်ဖြင့် သတင်းစာများ၌ ဆောင်းပါးများရေးခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် 'နေရပ်ချောင်ကလူမည် မောင်ဝ' ကလောင်အ
ဆောင်းပါးရေးရာမှ ကောလိပ်သ
ကုန်တက္ကသိုလ်) အမည်နှင့်
ကာ 'သိပ္ပံမောင်ဝ' ဟူသော
အမည်ကို ယူခဲ့သည်။

သိပ္ပံမောင်ဝသည် သူ
သတင်းစာတွင် ၁၉၂၈ ခုနှစ်
ပြည့်နှစ်အတွင်း ဆောင်းပါး
ကျော် ရေးသည်။ အခြား
အမည်ဖြင့်ရေးသော စာများ



www.burmeseclassic.com

www.burmeseclassic.com

များအပြားရှိခဲ့သည်။ သိပ္ပံမောင်ဝ ... ခေတ်စမ်းစာပေကို ပြုစုပျိုးထောင် ... သူတစ်ဦး ဖြစ်ပါသည်။ သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ ... ခေတ်စမ်းစာပေကို အစပြုခဲ့ကြ ... သူများအဖြစ် ခင်မင်ရင်းနှီးခဲ့ကြသည်။

အင်္ဂလိပ်ခေတ်တွင် သိပ္ပံမောင်ဝ ... အရေးပိုင်ဖြစ်သည်။ သို့သော် သူက အရေးပိုင် အိုင်စီအက်(စ်) ဦးစိန်တင် ... သော အမည်ထက် သိပ္ပံမောင်ဝ ဟူသောအမည်ကို ပိုမို နှစ်သက်သည်။ ... လုပ်အကိုင်ဖြင့် နေရာဒေသအနှံ့သွား ... ရောက်စဉ် စာရေး၊ စာဖတ်မပြတ် ပြုလုပ်ခဲ့၏။ အသောက်အစား၊ လောင်း ... ကစားကင်းသည်။ အားလပ်ချိန်တွင် စာ ... ရေးလျှင်ရေး၊ မရေးလျှင် တယောထိုး ... ခြင်း ခြင်းခတ်ခြင်းတို့ကိုလည်း လုပ်ဆောင်တတ်သည်။

သိပ္ပံမောင်ဝသည် ၁၉၃၀ ပြည့်နှစ်တွင် ဒေါ်ခင်ခင်မြင့်နှင့် အိမ်ထောင်ကျကာ သားသမီး (၃) ယောက် ထွန်းကားခဲ့သည်။ သားသမီးများမှာ တင်မောင်မြင့်၊ တင်မေမြင့်၊ တင်ဆွေမြင့်တို့ဖြစ်ကြသည်။ သိပ္ပံမောင်ဝ၏စာများထဲတွင် ဇနီး ဒေါ်ခင်ခင်မြင့်အား ခင်သန်းမြင့်၊ သားသမီးများအား မောင်လူမွေး၊ မယ်မွေး၊ မယ်ကေး ဟူ၍ အမည်မှည့်ကာ ထည့်သွင်း ရေးသားထားသည်ကို တွေ့ရတတ်သည်။ သိပ္ပံမောင်ဝကား ဇနီးနှင့် သားသမီးများကို အလွန် ချစ်မြတ်နိုးရှာပါသည်။

၁၉၄၂ ခုနှစ်၊ မတ်လတွင် သိပ္ပံမောင်ဝ မန္တလေးမှ ရွှေဘိုသို့ ပြောင်းရွှေ့ရသည်။ မကြာမီ ရွှေဘိုမှာ ဗုံးဒဏ်အပြင်းအထန် ခံစားရ၍ သိပ္ပံမောင်ဝ၏ မိသားစုမှာ စစ်ဘေးစစ်ဒဏ်အကြား အတိဒုက္ခရောက်ခဲ့ကြရသည်။ သိပ္ပံမောင်ဝသည် ထိုစဉ်က အင်္ဂလိပ်အစိုးရ၏အရာရှိတစ်ဦး ဖြစ်သည်။ အင်္ဂလိပ်အရာရှိများ အိန္ဒိယသို့ ထွက်ခွာသွားကြကာ ဆင်းမလားမြို့တွင် အစိုးရရုံးများ ပြန်လည်ဖွင့်လှစ်ခဲ့ကြသည်။

သိပ္ပံမောင်ဝသည် နောက်ဆုံး ကြံရာမရဖြစ်ကာ မြစ်ကြီးနားမှတစ်ဆင့် အိန္ဒိယသို့သွားရန် စီစဉ်တော့သည်။ သို့ဖြင့် မိသားစုနှင့်အတူ မြစ်ကြီးနားသို့ မီးရထားစီး၍ လိုက်ပါသွားခဲ့သည်။ ဖြစ်ချင်တော့ မီးရထားတွဲကို သက်ဆိုင်ရာက ကန့်ဘလူဘူတာတွင် တွဲဖြုတ်ထားခဲ့သည်။ ဤတွင် သိပ္ပံမောင်ဝတို့မိသားစုမှာ ကန့်ဘလူတွင် သောင်တင်နေတော့၏။ ထိုစဉ်က ကန့်ဘလူတွင် သိပ္ပံမောင်ဝမိသားစုသာမက ကန့်ဘလူနယ်ပိုင်ဝန်ထောက် ဦးဘသန်း၊ သစ်တောအရာရှိ ဦးစံတို့လည်း ရှိနေကြသည်။



အင်္ဂလိပ်အစိုးရ၏ အရာရှိများ စုပေါင်းကာ ကန့်ဘလူအရှေ့ဘက် (၁၀) မိုင်အကွာ ဂါးတာရွာဗိုလ်တဲသို့ သွားရောက်ခိုလှုံနေထိုင်ကြသည်။ စစ်ပြေးနေချိန်ဖြစ်သဖြင့် နယ်မြေက အေးချမ်းမှုမရှိပေ။ ထိုစဉ်အတွင်း သိပ္ပံမောင်ဝတို့တွင် ရွှေ၊ ငွေ အမြောက်အမြားပါလာကြသည်အထင်ဖြင့် လူဆိုးဓားပြများက ဝိုင်းဝန်း ဓားပြတိုက်ကြသည်။ ခေါင်းဆောင်ဖြစ်သူမှာ ဗိုလ်သက်ထွန်း ဆိုသူဖြစ်သည်။

၆၊ ဇွန်၊ ၁၉၄၂ ခု၊ နံနက် (၅) နာရီခန့်တွင် ဓားပြများ ဗိုလ်တဲကို ဝန်းရံကာ သေနတ်ဖြင့်ပစ်ကြသည်။ နယ်ပိုင်ဝန်ထောက် ဦးဘသန်း၏ဇနီး သေနတ်ထိမှန် သေဆုံးသွားသဖြင့် အရာရှိများက သေနတ်များ အောက်သို့ပစ်ချကာ လက်နက်ချကြသည်။ ဓားပြများက ဗိုလ်တဲထက်သို့တက်ကာ အရေးပိုင်၊ နယ်ပိုင် စသည့် အုပ်ချုပ်သူများ၊ သစ်တောဘက်မှ အရာရှိများကို သီးခြားစီ ခွဲရပ်နေစေသည်။ ထို့နောက် သိပ္ပံမောင်ဝနှင့် ဦးဘသန်းကို အောက်သို့ ဆင်းစေလိုက်၏။ ထိုစဉ် နယ်ပိုင်ဝန်ထောက် ဦးဘသန်းကို နောက်ကျောမှ သေနတ်ဖြင့် ပစ်သတ်လိုက်သည်။

သိပ္ပံမောင်ဝသည် သားငယ်ကိုဆွဲ၍ ပြေးမည်အပြုတွင် ဗိုလ်တဲအပေါ်မှ ဒေါ်ခင်ခင်မြင့် အော်သံကြား၍ ပြန်လှည့်လာလိုက်သည်။ ဤတွင် ဓားပြတစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်သဖြင့် ကျဆုံးသွားပါသည်။ သိပ္ပံမောင်ဝ၏ကားဒရိုင်ဘာက သမီးငယ်ကို ပွေ့ချီကာ ဆင်းပြေးသည်။ ဤတွင် ဓားပြတစ်ယောက်က ပစ်သတ်လိုက်ရာ သမီးငယ်မှာ ကံအားလျော်စွာ လွတ်မြောက်သွားပြီး ဒရိုင်ဘာမှာမူ သေဆုံးသွား၏။ ဤသို့ဖြင့် သိပ္ပံမောင်ဝအမည်ခံ နယ်ပိုင်ဝန်ထောက် ဦးစိန်တင်မှာ ၆၊ ဇွန်၊ ၁၉၄၂ နံနက်စောစောတွင် ကွယ်လွန်သွားခဲ့သည်။ ဓားပြများလည်း ပစ္စည်းများကိုလှည်းဖြင့်တင်ကာ ထွက်ခွာသွားကြ၏။

သိပ္ပံမောင်ဝသည် မကွယ်လွန်မီ ၅၊ ဇွန်၊ ၁၉၄၂ ညက နောက်ဆုံး ဒိုင်ယာရီကို ရေးသွားခဲ့သည်။ ယင်း ဒိုင်ယာရီစာမျက်နှာတွင်-

'လွန်ခဲ့သည့် (၈) နှစ်ခန့်အခါက ဗေဒင်ကျွမ်းကျင်သော မိတ်ဆွေတစ်ဦးက ယခုနှစ် မွေးနေ့မတိုင်မီအတွင်း သေလောက်သော ဘေးနှင့်တွေ့ပေလိမ့်မည်ဟု ဟောဖူး၏။ ထိုအခါက ထိုမိတ်ဆွေ ဟောပြောချက်ကို မယုံကြည်ခဲ့ပေ။ နောင်တွင်လည်း အမှုမထားခဲ့ပေ။ ယခုနှစ်အတွင်း ဘေးဒုက္ခအပေါင်းတို့နှင့် တွေ့ကြုံသောအခါကျမှ ထိုမိတ်ဆွေ ဟောပြောချက်များကို သတိရမိပေ၏။ ဗေဒင်က မှန်သောကြောင့်ပေလော၊ ထန်းသီးကြွေခိုက်၊ ကျီးနားခိုက်ဖြစ်သောကြောင့်ပေလော မပြောတတ်။ ဤနှစ်အတွင်း ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံခဲ့ရသည်ကား မှန်ပေ၏။

'ယနေ့ကား မွေးနေ့ဖြစ်၏။ သန်းကောင်ကျော်လျှင် မွေးနေ့လွန်တော့မည်။ မိတ်ဆွေဗေဒင်ဆရာ ဟောပြောချက်အရဆိုလျှင် ဘေးအပေါင်းတို့မှ လွတ်ကင်းရတော့မည်။ ဤအကြောင်းများကို တွေးမိသောကြောင့် ဝမ်းမြောက်မိတော့သတည်း'

ဟု ရေးသားသွားခဲ့သည်။

သိပ္ပံမောင်ဝ၏ နောက်ဆုံး ဒိုင်ယာရီစာမျက်နှာများကား အကြောင်းတိုက်ဆိုင်လွန်းလှပေသည်။

တင်နိုင်တိုး


ကျမ်းကိုး -

၁။ စာဆိုတော်များအတ္ထုပ္ပတ္တိ (မောင်သုတ)

၂။ စာဆိုနှင့်သုတေသီ (တိုက်စိုးနှင့်မင်းယုဝေ)




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရနွယ်သောဥက္ကာ


မင်းရှိန်အောင်

*ရုရှား၌ ကျရောက်ခဲ့သော ဥက္ကာခဲ သိပ္ပံပညာရှင်များ လေ့လာလျက်ရှိ။*

*မော်စကို မတ် (၂၁)*

ရုရှားနိုင်ငံ ချေလယာဘင့်(စ်)မြို့အနီး ကျရောက်ခဲ့သော ဥက္ကာခဲနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရရှိနိုင်ရန် သိပ္ပံပညာရှင်များ လေ့လာလျက်ရှိသည်။ အာကာသအတွင်းမှ ကျဆင်းလာခဲ့သော အဆိုပါ ဥက္ကာခဲသည် တန်ချိန် ၁၀၀၀၀ မှ ၁၈၀၀၀ အထိ ရှိနိုင်သည်ဟု ကနဦးခန့်မှန်းချက်အရ သိရှိရသည်။ ရုရှားနိုင်ငံ ချေလယာဘင့်(စ်)မြို့အနီးသို့ ဖေဖော်ဝါရီလ (၁၅) ရက်နေ့က ကျရောက်ခဲ့သော ဥက္ကာခဲသည် အရှည် (၁၇) မီတာမှ မီတာ (၂၀) (၅၅ ပေမှ ၆၅ ပေ) အထိရှိကြောင်း ရုရှားသိပ္ပံအကယ်ဒမီအောက်ရှိ ဘူမိ-ဓာတုဗေဒနှင့် သရုပ်ခွဲလေ့လာရေးဓာတုဗေဒ သိပ္ပံညွှန်ကြားရေးမှူး အဲရစ်ဂါလီမော့က ပြောကြားသည်။

ဥက္ကာခဲအလေးချိန်၏ (၁၀) ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိသော အစိတ်အပိုင်းကသာ ကမ္ဘာမြေမျက်နှာပြင်ပေါ် ကျရောက်ခဲ့ကြောင်း၊ ဥက္ကာခဲ၏ ကျန်ရှိသောအပိုင်းမှာ လေထုလွှာအတွင်းသို့ ဝင်ရောက်ချိန်တွင် မီးလောင်



ပြိုကွဲသွားခဲ့ပြီး အမှုန်အမွှားများအဖြစ်သို့ ကူးပြောင်းရောက်ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ တန်ချိန် (၁၀၀၀) ခန့် အလေးချိန်ရှိ ဥက္ကာခဲအစိတ်အပိုင်းမှာ ကမ္ဘာမြေပြင်ပေါ် ကျရောက်ခဲ့ရာတွင် ပြိုကွဲသွားခဲ့ပြီး သိပ္ပံပညာရှင်များအနေဖြင့် သုံးကီလိုဂရမ်ခန့် (၆ ဒသမ ၆ ပေါင်ခန့်) ကိုသာ စုဆောင်းရယူနိုင်ခဲ့သည်။ ကြီးမားသော ဂြိုဟ်သိမ်တစ်လုံးမှပဲ့ထွက်လာသော ဥက္ကာခဲကြွေကျခြင်းဖြစ်သည်။ ဥက္ကာခဲသည် တစ်နာရီလျှင် မိုင် (၄၀၀၀၀) နှုန်းခန့်ဖြင့် ဝင်ရောက်လာခဲ့ပြီး ယူရယ်(လ်)တောင်တန်းဒေသတောင်ပိုင်းသို့ ကျရောက်ခဲ့သည်။

ဥက္ကာခဲကျရောက်မှုကြောင့် ဒေသခံပြည်သူ (၁၅၀၀) ခန့် ဒဏ်ရာရရှိခဲ့သည်။ ဥက္ကာခဲ တိုက်ရိုက်မှန်ခြင်းကြောင့် ဒဏ်ရာရရှိခြင်းမဟုတ်ဘဲ အာကာသပျံသန်းမှု အရှိန်ကြောင့် ပြတင်းပေါက်တံခါးများမှ မှန်များ ကွဲအက်ကာ သွယ်ဝိုက် ထိမှန်ခံရခြင်းကြောင့် ဖြစ်သည်။ နှစ်ပေါင်း (၁၀၀) ကာလအတွင်း အကျိုးသက်ရောက်မှုအကြီးဆုံး ဥက္ကာခဲကြွေကျသည့် ထူးခြားဖြစ်စဉ် ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ရိုက်...

၂၀၁၃ ခု၊ မတ်လ (၂၂) ရက်နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာတွင် ... ဝင်သော နိုင်ငံခြားသတင်းတစ်ပုဒ် ... သည်။ ၁၅- ၂- ၂၀၁၃ နေ့၊ နံနက် ... နာရီခန့်က ရုရှားနိုင်ငံ ယူရယ်(... တောင်တန်း တောင်ပိုင်းဒေသ ချေ... ယာဘင့်(စ်)မြို့နယ် ချီဘာကူမြို့အနီး ... ရေခဲနေသော ရေကန်အနားတစ်... တွင် ကျရောက်ခဲ့သော ဥက္ကာခဲနှင့် ... လျှဉ်းသောသတင်းဖြစ်စဉ်ပင် ဖြစ်သည်...

လမိုက်သော အ,ကာလ ညအ... တွင် အာကာသမိုးကောင်းကင်ပေါ် ...







www.burmeseclassic.com

www.burmeseclassic.com

မော့ကြည့်လျှင် တပြိုးပြက်ပြက်နှင့် လင်းလက်နေသော ကြယ်တာရာ၊ ဂြိုဟ်နက္ခတ်များအကြားဝယ် ကမ္ဘာမြေပြင်ပေါ်သို့ တခါတရက် ထိုးဆင်းလာတတ်သော အလင်းရောင်တန်းများ၊ မီးရှူးတန်းများကို မကြာခဏ တွေ့မြင်ရလေ့ ရှိကြမြဲ ဖြစ်သည်။ ၎င်းကို ဥက္ကာကြွေသည်၊ ဥက္ကာပျံသည်ဟု ခေါ်ဆိုကြသည်။ ရံဖန်ရံခါ ဥပါကြွေသည်, ဥပါပျံသည် ဟူ၍ လည်းကောင်း၊ ကြယ်ကြွေသည်, ကြယ်ပျံသည် ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသေးသည်။

မြန်မာစာအဘိဓာန်ထဲ၌ 'ဥက္ကာ' ဆိုသောဝေါဟာရကို 'အာကာသထဲတွင် သဘာဝအတိုင်း လှည့်ပတ်နေသော အစိုင်အခဲ' ဟု အနက်ပေးထားသည်။ ဥက္ကာခဲကို ကမ္ဘာမြေပြင်ပေါ် ကျရောက်လာသော ဥက္ကာ ဟူ၍ လည်းကောင်း၊ ဥက္ကာပျံကို ကမ္ဘာ့လေထုနှင့်ပွတ်တိုက်မိသောကြောင့် ဥက္ကာခဲမှ မီးရှူးသဏ္ဍာန် ဖြစ်ပေါ်လာသော အလင်းတန်း ဟူ၍ လည်းကောင်း ပြန်ဆိုပေးထားသည်ကို တွေ့ရှိရသည်။ ပြီး-ဥက္ကာကို ဥပါကြယ်၊ ဥက္ကာပျံကို ဥပါပျံဟု ခေါ်ဆိုကြသလို ဥက္ကာပျံခြင်း၊ ဥက္ကာကြွေခြင်းနှင့် ကြယ်ပျံခြင်း၊ ကြယ်ကြွေခြင်းတို့မှာ အနက်အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။

သိပ္ပံပညာအလိုအရမူ ဥက္ကာခဲပျံများသည် ကမ္ဘာမြေ၏ လေထုလွှာအတွင်းသို့ မြင့်မားသောအရှိန်အဟုန်နှုန်းဖြင့် ဝင်ရောက်လာတတ်သော ဂြိုဟ်သိမ် သို့မဟုတ် ကြယ်တံခွန်အစိတ်အပိုင်းများဖြစ်သည်ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ဥက္ကာပျံ အများစုသည် အရွယ်အစားသေးငယ်ကြသဖြင့် ကမ္ဘာ့လေထုအတွင်း ဝင်ရောက်စဉ်ကာလမှာပင် ပျောက်ပျက်သွားတတ်သော်လည်း ကြီးမားသောဥက္ကာတချို့သာလျှင် ကမ္ဘာ့လေထုပွတ်တိုက်မှု မနိုင်သည့်အတွက် မူလထက် သေးငယ်သော အစိုင်အခဲအဖြစ် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လာလေ့ရှိသည်ဆို၏။ သိပ္ပံပညာရှင်တို့၏သုတေသနပြုချက်အရ ဘောလုံးကွင်းတစ်ကွင်းစာလောက်ရှိသော ဥက္ကာ၊ အချင်းနှစ်မိုင်, သုံးမိုင်, ခြောက်မိုင်ထိ ရှိသော ဥက္ကာတို့ ကျရောက်ဖူးခဲ့သည် ဆို၏။ သို့တစေ ယင်းတို့သည် ဖြစ်တောင့်ဖြစ်ခဲ ဖြစ်သည် ဟူ၏။

ရံဖန်ရံခါ၌ ဥက္ကာတို့သည် တစ်ခုတည်းမဟုတ်ဘဲ အစုလိုက်အပြုံလိုက် ကျရောက်တတ်သည်ကို တွေ့ရှိရသည်။ ယင်းကို ဥက္ကာမိုးရွာသည်ဟုခေါ်သည်။ တစ်နည်းအားဖြင့် ကြယ်မိုးရွာသည်ဟုလည်း ခေါ်သည်။ ထိုသို့ မိုးရွာသလို ကျလာသော ဥက္ကာခဲများသည် သိပ်ကြီးကြီးမားမား မဟုတ်ဟန်မတူ။ ခိုင်လုံသော မှတ်တမ်းများအရ ၁၃- ၁၁- ၁၈၆၆ နေ့ ည (၁၁) နာရီခွဲမှ သန်းခေါင်ကျော် (၂) နာရီအထိကာလတွင် အင်္ဂလန်နိုင်ငံ၌ ထူးထွေဆန်းပြား အံ့ဩဖွယ်ကောင်းလှသော ဥက္ကာမိုးကြီး ရွာချသဖြင့် တော်ဝင်မိသားစု အပါအဝင် တိုင်းသူပြည်သားတို့ ချောက်ချားထိတ်လန့် စိုးရွံ့စွာ အုတ်အော်သောင်းတင်း ညလုံးပေါက် စောင့်ကြည့်ခဲ့ကြသည် ဟူ၏။

ကမ္ဘာကြီး မီးလောင်တော့မည်ဟု စိုးရိမ်ထိတ်လန့် ကြောင့်ကြစွာဖြင့် ပုန်းအောင်းမှုများ ရှိခဲ့သည် ဟူ၏။ ဂရင်းနစ်နက္ခတ်မျှော်စင် နက္ခတ်ပညာရှင်တို့က ထိုစဉ်က ဥက္ကာမှုန်၊ ဥက္ကာခဲ ရှစ်ထောင်ကျော် ကျခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သည် ဖြစ်၏။ သို့လိုပင် ၁၇- ၁၁- ၁၇၉၉ နေ့ကတစ်ကြိမ်၊ ၁၃- ၁၁- ၁၈၃၃ နှစ်ကတစ်ကြိမ် အမေရိကန်ပြည်ထောင်စုနိုင်ငံပေါ်၌ ဥက္ကာမိုး ကြီးကျယ်စွာ ရွာသွန်းခဲ့သည် ဆိုသော မှတ်တမ်းများကိုလည်း တွေ့ရှိရပေသေးသည်။

တစ်ခါ ခြွင်းချန်ရန် မသင့်သည်က ဤကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ အာကာသမိုးကောင်းကင်ပေါ်မှ အရှိန်အဟုန်ပြင်းထန်စွာ ကျရောက်ဝင်ဆောင့်လာသော ဥက္ကာခဲကြီး,ငယ်များကြောင့် ဥက္ကာချိုင့်ဝှမ်းကြီး,ငယ် မြောက်မြားစွာ ဖြစ်ထွန်းမှုကိုပင် ဖြစ်၏။ သိပ္ပံပညာရှင် အများစုက ဤကမ္ဘာမြေပေါ်တွင် လက်ရှိအချိန်၌ ထင်ရှားသော ဥက္ကာချိုင့်ဝှမ်း (၁၈၀) ခန့်ရှိပြီး မြေလွှာကြီးများ ရွေ့လျားမှု၊ မီးတောင်လှုပ်ရှားမှု၊ မြေငလျင်လှုပ်ရှားမှု၊ သဘာဝတိုက်စားမှုတို့ကြောင့် ပျောက်ပျက်မှုများမရှိခဲ့ပါလျှင် ထို့ထက်မက ပိုမိုများပြားနိုင်ဖွယ်ရှိသည်ဟု ယူဆကြသည် ဖြစ်၏။ ယင်းတို့အထဲမှ လူသိအများဆုံး ဥက္ကာချိုင့်ဝှမ်း တချို့မှာ အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် ဝင်စလိုမြို့အနီးရှိ အချင်း (၁) မိုင်နီးပါးမျှရှိပြီး အနက် (၅၇၀) ပေခန့်ရှိသော ဥက္ကာချိုင့်ဝှမ်း၊ ထိုချိုင့်ဝှမ်းထက် (၂၅) ဆ ပိုမိုကြီးမားသော အီဂျစ်နိုင်ငံ အနောက်ပိုင်းဒေသက ကီဘီရာဥက္ကာချိုင့်ဝှမ်း၊ ကနေဒါနိုင်ငံ အန်ဂါဗာကျွန်းဆွယ်က အချင်း (၂) မိုင်နှင့် အနက် (၈၀၀) ပေရှိသော ဥက္ကာချိုင့်ဝှမ်း၊ ကနေဒါနိုင်ငံအနောက် အာတိတ်ဒေသက အလျား (၁၅) မိုင်ခန့်ရှိ ပရင့်(စ်)အဲ(လ်)ဘတ် ဥက္ကာချိုင့်ဝှမ်း၊ ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ ဗလယ်ဒီဘော့စတော့မြို့ မြောက်ဘက် မိုင် (၂၀၀) ခန့် အကွာရှိဥက္ကာချိုင့်ဝှမ်းတို့ ဖြစ်ကြသည်။

ထို့ပြင် ၁၉၀၈ ခုနှစ်က ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် ဥက္ကာခဲကြီးတစ်ခု ကျရောက်ခဲ့မှုကြောင့် စတုရန်းမိုင် ဧရိယာ (၈၀၀) ခန့်ရှိ သစ်တောနယ်မြေ မီးလောင်ကျွမ်းလျက် ဧရာမ ချိုင့်ဝှမ်းကြီး ဖြစ်ပေါ်ခဲ့သေးသည်။ နောက်စိတ်ဝင်စားစရာတစ်ခုက ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသအရှေ့ပိုင်းရှိ ဟိုပီဂျိုင် ဥက္ကာချိုင့်ဝှမ်း၌ အလေးချိန်ကာရက် ထရီလီယံပေါင်းများစွာရှိသည့် ဥက္ကာစိန်သိုက်ကြီးကို သိပ္ပံပညာရှင်တို့က တွေ့ရှိခဲ့သည်။ ထိုစိန်သည် ကျောက်မျက်ရတနာစိန်မဟုတ်ဘဲ စက်မှုလုပ်ငန်းသုံးစိန်ဖြစ်ပြီး သမားရိုးကျစိန်များထက် နှစ်ဆ ပိုမိုမာကျောသည်ဟု ဆို၏။ လွန်ခဲ့သော နှစ်ပေါင်း (၃၅) သန်းခန့်က ဧရာမဥက္ကာခဲ ဝင်ဆောင့်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အပူရှိန်နှင့် ဖိအားကြောင့် ဟိုပီဂျိုင် ဥက္ကာချိုင့်ဝှမ်း စိန်ရိုင်းများသည် ဖြိုင်စံရှား မာကျောမှုဂုဏ်ရည်အဖြစ် သိုက်အဖြစ် ဖွဲ့စည်းပေါ်ပေါက်ခဲ့ရသည် ဟူ၏။

တခြားတစ်ဖက်၌ ဤကဲ့သို့ ဥက္ကာနှင့်ပတ်သက်ရာ ပတ်သက်ကြောင်းများကို ဘာသာရေးကျမ်းဂန်များ၊ ဝေဒပညာကျမ်းဂန်များ စသည်တို့တွင် တလေးတနက် ဖော်ပြထားကြသည်ကို အလေးဂရုပြုဖွယ်ရာ တွေ့ရှိရပါသေးသည်။ မြန်မာပြက္ခဒိန်ပညာရှင်လည်းဖြစ်၊ မြန်မာ့ဝေဒပညာရှင်လည်း ဖြစ်သော ဦးသီလစာရ၏ နက္ခတ္တဝေဒအဘိဓာန်ကျမ်းထဲတွင်-

'ဥက္ကာသည် ညဥ့်အခါ ကောင်းကင်မှကြွေကျသော အရောင်အလင်းမှုပြီးသော အစိုင်အခဲ သို့မဟုတ် ကြယ်တာရာ။

၎င်းဥက္ကာသည်-

၁။ ဒိဏှယဥက္ကာ၊
၂။ ဥလ္လာဥက္ကာ၊
၃။ အသနိဥက္ကာ၊
၄။ ဝိဇ္ဇုဥက္ကာ၊
၅။ တာရာဥက္ကာ

ဟူ၍ (၅) ပါး အပြားရှိ၏'

ဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေးအိန္ဒိယ ဝေဒပညာရှင် နရဒ ရှင်ရသေ့ပြုစုသော နရဒသံဟိတကျမ်းထဲတွင် နတ်ပြည် (သဂ္ဂ) မှ လျှောကျသွားကုန်သော ဥက္ကာခေါ် မီးရှူးအသွင်တို့သည် ကမ္ဘာမြေကြီးပေါ်၌ (သို့) ရောက်ရှိကုန်၏ဟု ဥက္ကာကို ဖွင့်ဆိုထား ပြီး-

၁။ ဂြိုဟ်နက္ခတ်၊
၂။ ဥက္ကာ- မီးရှူး၊
၃။ လျှပ်စီးပြက်ခြင်း၊
၄။ မိုးကြိုးကျခြင်း၊
၅။ ကြယ်တာရာကျ ‌= ကြွေခြင်း

ဟူ၍ ဥက္ကာပါတခေါ် ဥက္ကာကျခြင်း ငါးမျိုးရှိသည်ဟု ဆိုထားသည်ကို တွေ့ရှိရသည်။ ထိုဥက္ကာငါးမျိုးတို့သည် ကောင်းကင်မှ ကမ္ဘာမြေပြင်ပေါ်သို့ ကျလာကြခြင်း ဖြစ်သည့်အတွက် ဥက္ကာပါတ= ဥက္ကာကျသည်ဟု ဖွင့်ဆိုပြသည်ကို တွေ့ရှိရသည် ဖြစ်၏။

တစ်ဖန် သီလက္ခန် အဋ္ဌကထာတွင် ဥက္ကာပါတောတိ အာကာသတော၊ ဥက္ကာနံ ပတနံ ဟူ၍ ဖွင့်ဆိုသောကြောင့် ကောင်းကင်မှ မီးရှူးအရောင်ကျခြင်းကို ဥက္ကာကျသည်ဟု ဆိုရာရောက်နေသည်ကို တွေ့ရှိရပေသည်။ ဤသို့နှင့်နှင့် သီလက္ခန်ဋီကာသစ်၌ ဝါတသံဃာ ဝါတသုဝေ ဝေနအညံမညံ သံဃဋ္ဋနေ္တသုဒိပိကောတာသောပိယ၊ ဩဘာသော ဥပဋ္ဌိတ္တာ အာကာသတော ပတတိ၊ တတြယံ ဥက္ကာပါတဝေါရောဟု ပြဆိုထားရာ ၎င်းကို အနက်ပြန်သော်-

**ဝါတသံဃာတေသု-** လေအစုတို့သည်၊ **ဝေဝေန-** အဟုန်အားဖြင့်၊ **အညံမညံ-** အချင်းချင်း၊ **သံဃဋ္ဋနေ္တသု-** တိုးဝှေ့တိုက်ခိုက်ကြကုန်သည်ရှိသော်၊ **ဒိပိကာဘာသောဝိပယ-** မီးရှူးအရောင်ကဲ့သို့၊ **ဩဘာသော-** အရောင်အလင်းသည်၊ **ဥပဋ္ဌိတ္တာ-** ဖြစ်၍၊ **အာကာသတော-** ကောင်းကင်မှ၊ **ပတတိ-** ကျ၏။ **တတြ-** ထိုသို့ မီးရှူးရောင်ကဲ့သို့ ဖြစ်၍ ကျရာ၌၊ **အယံဥက္ကာပါတဝေါဟာရော-** ဤဥက္ကာ ကျသည်ဟု ခေါ်ဆိုခြင်းသည်၊ **ဟောတိ-** ဖြစ်သည်ဟု ပြဆိုထားသည်ကို တွေ့ရှိရပေသည်။

ယင်းသို့ပင်လျှင် မြန်မာပညာရှိ ဦးကျော်ရန်၏ ဥက္ကာဥကြုတ်စာတမ်းထဲဝယ်-

'**ဗြိဟစ္စိကာ-** ဦးစွန်းကြီး၏၊ သုကကြ- အဖျားသေး၏၊ **ရတ္တာ-** နီးလည်းနီး၏၊ **နီလာ-** ညိုလည်းညို၏။ **သီခါဇလာ-** ဦးစွန်းလည်းတောက်၏။ **ပြမောထောနာ-**



အရပ်ပမာအားဖြင့်၊ **ပေါရှသ-** အရပ်တစ်သူရှိ၏။ **ဣတိ-** ဤသို့၊ **ဥက္ကာ-** ဥက္ကာသည်၊ **နာနာဝိဓာ-** အထူးထူးအပြားပြားရှိ၏ဟူ၍၊ **မတာ-** သိအပ်ကုန်၏ဆိုပြီး ဥက္ကာအဆင်း၊ ဥက္ကာပမာဏ ပြဆိုမှုကို ဇောတိတတ္တကျမ်းအား ကိုးကားလျက် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ပြီး ဂါန္ဓီရတနာကျမ်းထဲတွင် ကောင်းကင်မှ ပျံ၍ မြေ၌ကျသော အရောင်အဝါကို ဥက္ကာရဟု ခေါ်ဝေါ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသေးသည်။

စိတ်ဝင်စားစရာတစ်ခုမှာ မဟာပဒါနသုတ် အဋ္ဌကထာထဲတွင် 'ယထာလောကေမဟာပုညနံ၊ ရာဇ ရာဇ မဟာမတ္တာဒီနံ ယေဝ၊ ဥက္ကာပါတ ဘူမိစလာ စန္ဒဂ္ဂါ ဟာဒိနိ မိတ္တာနိ ပညာယန္တိ' ဟု ဖော်ညွှန်းချက်ပင် ဖြစ်သည်။ ၎င်း၏ဖွင့်ဆိုရရှိချက်မှာ **လောကေ-** လောက၌၊ **မဟာပုညနံ-** ဘုန်းတန်ခိုးကြီးမားကြကုန်သော၊ **ရာဇ ရာဇ မဟာမတ္တာဒီနံ ယေဝ-** မင်း၊ မင်း၏အမတ်၊ သီလရှိသောသူ၊ ဂုဏ်သတင်းကြီးမားသောသူနှင့် ပြည့်စုံသော ရဟန်းပညာရှိ၊ သူတော်ကောင်း၊ အကြီးအကဲ အစရှိသော သူတို့အားသာလျှင်၊ **ဥက္ကာပါတ ဘူမိစာလ စန္ဒဂ္ဂါဟာဒိနိမိတ္တာနိ-** ဥက္ကာကျခြင်း၊ မြေလှုပ်ခြင်း၊ လကြတ်ခြင်း အစရှိသော နိမိတ်ကို ထင်ရှားစွာပြကုန်၏' ဟူ၍ ဖြစ်ပါပေသည်။

ဤသည်တို့အတွက် ဥဒါဟရုဏ်တချို့ ရှာဖွေကြည့်ကြပါမည်။

ခေညဝတီပြည့်ရှင် သီရိရာဇာမင်းကြီး၏မိဖုရားခေါင်ကြီး ဝိမလဒေဝီသည် စန္ဒသူရိယမင်းလောင်းလျာ ရင်သွေးငယ်ကို မွေးလုဆဲတွင် သပိတ်လုံးခန့်ရှိသော ဥပါကြယ်တစ်လုံးသည် အနောက်ဘက်အရပ်က ပျံသန်းလာပြီး နန်းတော်ပြာသာဒ်၌ကျရောက်ခဲ့သည်ဟု ရခိုင်ရာဇဝင်အစောင်စောင်၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ နောင်တွင်
ခေညဝတီပြည့်ရှင်ဖြစ်လာသော ထိုစ
သူရိယာမင်းသည် ဗုဒ္ဓဘုရားရှင်ကို
တိုင်းပြည်သို့ မနေ့ဖြင့်ပင့်ဆောင်နိုင်
သာမက မဟာမုနိသွန်းစက်တော်ဘုရား
ဒါယကာအဖြစ်လည်း ခံယူနိုင်ခဲ့သည်
ယင်းသို့ပင် မှန်နန်းရာဇဝင် အပါအဝင်
မြန်မာရာဇဝင် တချို့တွင်လည်း ပထ
ပုဂံမြို့တည်နန်းတည် သမုဒ္ဒရာဇ်မင်း
ကြီး အနိစ္စရောက်လိုသောအခါဝ
ဥက္ကာ လှည်းဘီးခန့်သည် ရွှေနန်းတော်
ရှေ့သို့ကျရောက်ခဲ့သည်ဟု ပြဆိုထား
ပေသည်။ ပြီး-ကုန်းဘောင်ရွှေနန်းရှ
ဟံသာဝတီ ရွှေဘိုမင်း နတ်ရွာစံလိုသော
အခါမှာ အရှေ့ဘက်မှ အနောက်
ဥက္ကာပျံတစ်လုံးကျရောက်ခဲ့သည်ဟု
၏။

ထို့ပြင်တစ်ဝ ကေတုမတီတော
ငူပြည့်ရှင် တပင်ရွှေထီးမင်းက ဟံသာ
ဝတီ ပဲခူးပြည်ကို သိမ်းပိုက်ရယူနိုင်ခဲ့
တွင် အိုပြုံးတောင် အလိုလိုပြိုက
နယ်နိမိတ်ကျောက်တိုင်တချို့ ပြိုလဲ
ဟံသာဝတီရာဇပလ္လင်၌ ကျိုးနား
ည၌အခါတွင် ကြယ်များတဖွားဖွား
ကျခြင်း စသည်တို့ဖြစ်ပွားခဲ့သည် ဆို
ကြယ်များ တဖွားဖွားကြွေကျခြင်း
သည်မှာ တခြား မဟုတ်၊ ကြယ်
ခြင်း, ဥက္ကာမိုးရွာခြင်းပင်ဖြစ်သည်
ကဲ့သို့ပင်လျှင် မန္တလေးရတနာပုံပြည်
သီပေါမင်း ပါတော်မူခါနီး၌ အနော
တောင်ဘက်၌ ကြယ်များ မိုးရွာ
တဖွဲဖွဲကြွေကျမှု ခုနစ်ည၌မကဖြစ်
ခဲ့ကြောင်းကို ရှေးပညာရှိများက
တမ်းပြုခဲ့ကြပေသည်။

အဆိုပါ အကြောင်းခြင်းရာ
နှင့်ပတ်သက်၍ အယူတော်မ
ပညာ၌ ဤသို့ဆိုထားသည်ကို တွေ့
ပြန်သည်။ အယူတော်မင်္ဂလာ
တွင် ကိတ်ပညာ ဟူ၍ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ပညာရပ်ထဲ၌ ဒိဗျကိတ် (ကောင်းကင်နိမိတ်)၊ အန္တရိ ခေါ် အန္တလိက္ခကိတ် (ကောင်းကင်နှင့် မြေပြင်ကြားနိမိတ်)၊ ဘောမကိတ် (မြေပြင်နိမိတ်) ဟူ၍ ရှိကြောင်း ဖော်ညွှန်းထားသည်။ လိုရင်းဆိုရလျှင် ဒိဗျကိတ်၌ နေကြတ်၊ လကြတ်၊ ကြယ်တံခွန်၊ တိမ်တံခွန်၊ ဥက္ကာကျ၊ ဥပါပျံ၊ ကြယ်ကြွေ၊ ကြယ်ပျံ၊ ကြယ်မီးရှူး၊ နေအိမ်ဖွဲ့၊ လအိမ်ဖွဲ့၊ နေထီးဆောင်း၊ လထီးဆောင်း၊ ဂြိုဟ်ဖောက်ပြန် စသည်တို့ ပါဝင်သည် ဆို၏။ ဆိုချင်သည်က ဤဒိဗျကိတ်များနှင့်ပတ်သက်၍ ဆိုင်ရာ ဆိုင်ရာ အတိတ်နိမိတ်ဖတ်ကြားမှုများ ရှိသည် ဟူခြင်းကိုပင်ဖြစ်၏။ ဤနေရာမှာ ရှေးဝေဒကျမ်းများလာ ဥက္ကာနှင့် နှီးနွယ်နေသော အတိတ်နိမိတ် ဖတ်ကြားမှုကို အမြည်းအစမ်းသဘော တင်ပြချင်ပါသည်။

နမူနာဆိုရသော် အာဒိကပ္ပကမ္ဘာဦးကျမ်းထဲတွင် မီးကဲ့သို့အခိုးထွက်လျက် ဥက္ကာပျံ၍တောက်သော် မြေကြီးချောက်ချားဟု ဆိုထားသည်ကို တွေ့ရှိရပါသည်။ ပို၍ ထင်ရှားအောင် ကောက်နုတ်တင်ပြရလျှင် နရဒသံဟိတာကျမ်းထဲတွင်-

၁။ ဂြိုဟ်နက္ခတ်၊
၂။ မီးရှူးကျခြင်း၊
၃။ မိုးကြိုးကျခြင်းဟူသော ဥက္ကာ (၃) မျိုးတို့သည် (၄၅) ရက်အတွင်းတွင် ကောင်းကျိုး၊ ဆိုးကျိုး သန်ရာကို အားပေးတတ်သည်။
၄။ လျှပ်စစ်ပြက်ခြင်း၊ လျှပ်စစ်မိုးကြိုးကျခြင်းသည် (၆)ရက်အတွင်းတွင် ကောင်းကျိုး၊ ဆိုးကျိုး သန်ရာကို အားပေးသည်။
၅။ တာရာပါတ- ကြယ်တာရာကျခြင်း (ကြွေခြင်း) သည် (၆) ရက်အတွင်း၌ ကောင်းကျိုး၊ ဆိုးကျိုး သန်ရာကို အားပေးတတ်သည်ဟု ပြဆိုထားသည်ကို တွေ့ရှိရသည်။

ပြီး- တခြားတစ်နေရာတွင် ထိုဥက္ကာ- မီးရှူးသည် ရှည်လျားသည့်အမြီး ရှိတတ်၏။ ထိုဥက္ကာမှာ အမျိုးမျိုးအပြားပြား များလှစွာသော အသွင်သဏ္ဌာန်များ ရှိကုန်၏။ ထိုအထဲမှ နမူပြဆိုရလျှင် မျောက်၊ ဖွတ်၊ မီးခိုးနှင့်တူ၍ အသွင်အပြင် အခြင်းအရာ များစွာကုန်သောဥက္ကာတို့သည် လူတို့ကိုမကောင်းကျိုးပေးတတ်၏။ မြင်း၊ ဆင်၊ လမင်း၊ ငွေ၊ နွား၊ လား၊ ဟင်္သာ၊ တံခွန်တိုင်နှင့်တူကုန်သော (တစ်နည်း) စိန်၊ ခရုသင်း၊ ကနုကမာ၊ ကြာတို့နှင့်သဏ္ဌာန်တူကုန်သော ဥက္ကာတို့သည် မင်္ဂလာရှိလျက် အေးချမ်းမှု ချမ်းသာသုခကို ပေးတတ်ကုန်၏ဟု ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ယင်းအပြင် နောက်တစ်နေရာ၌ ဥက္ကာတို့သည် အသံနှင့်တကွ (အသံမြည်ဟိန်းလျက်) ကျသော် ရှင်ဘုရင်နှင့်သူ့တိုင်းနိုင်ငံ ပျက်စီးတတ်သည်ဟု ဆိုထားသည်။ ဆက်နွယ်ဝေဖန်စောကြောချင်စရာက ၁၉- ၈- ၁၉၇၂ နေ့က အမေရိကန်ပြည်ထောင်စု အူတာပြည်နယ် ဝယ် နေ့လယ်ပိုင်း၌ ပျံသန်းသွားသော ဥက္ကာပျံသည် တောက်ပသောမီးလုံးကြီးအသွင်ရှိပြီး ကျယ်လောင်သောအသံကြီးကို ဖြစ်ပေါ်စေခဲ့သည် ဆို၏။ ထိုအသံကြီးကို တော်လည်းသံဟု ခေါ်၏။ တော်လည်းသံဖြစ်ပေါ်ခြင်းကို တော်လည်းသည်ဟု ခေါ်သည်။

'တော်လည်း' ဟူသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲ၌ 'မြေကြီးမြည်ဟည်းသည်၊ မိုးမရွာဘဲ လေဟုန်ကြောင့် တိမ်တိုက်ချင်းတိုက်မိ၍ မြည်ဟည်းသည်' ဟူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။ ရှေးမြန်မာကြီးတို့က 'တော်လည်း' ဟူသော ဝေါဟာရကို 'မိုးမရွာဘဲ ပြင်းထန်သော လေအဟုန်ကြောင့် ခြောက်သွေ့သောတိမ်တိုက်အချင်းချင်း တိုက်ခတ်မိ၍ အမြောက်ပစ်ခတ်သောအသံကဲ့သို့ ကြီးစွာ မြည်ဟည်းသောအသံ' ဟု ညွှန်းဆိုဖော်ပြခဲ့ကြသည်။ ဤသည်ကိုရည်၍ ရခိုင်ပညာရှိ မဟာပညာကျော်အမတ်ကြီးက 'နေကြတ်၊ လပုပ်၊ မြေလှုပ်၊ တော်လည်း၊ နတ်ပွဲအမြောက်၊ ပစ်ဖောက်အသံ၊ ဥပါပျံနှင့်' ဟု ဖွဲ့ဆိုမှတ်တမ်းပြုခဲ့သည်။

နောက် ဥက္ကာနှင့်ပတ်သက်နေသော အရေးကြီးသည့်အချက်တစ်ခုကတော့ မိုးကောင်းကင်ပေါ်က ကျသက်လာသော အဆိုပါဥက္ကာခဲများကို ဂန္ဓာရီပညာဆိုင်ရာ၊ လောကီပညာဆိုင်ရာများ၌သုံးစွဲမှုရှိခဲ့သလော ဟူသော အချက်ပင် ဖြစ်သည်။ ထို့နောက်တစ်ဖန် ထိုဥက္ကာခဲများကို သိပ္ပံပညာရှုထောင့်မှ သုတေသနပြု အသုံးပြုရန်သာမက တခြားသော ပညာရပ်ဆိုင်ရာများတွင်မှာပါ အသုံးပြုမှုများ ရှိခဲ့လေသလော ဆိုသည့် အတွေးပင် ဖြစ်ပါသည်။ ဘယ်အတွက်ကြောင့်ဆိုသော် ၁၅- ၂- ၂၀၁၃ နေ့၊ ရုရှားနိုင်ငံ ယူရယ်(လ်)တောင်ဒေသ ချီလယာဘင့်မြို့အနီးမှာ ကျရောက်ခဲ့သော ဥက္ကာခဲအဖွဲ့အစ အစိတ်အပိုင်းလေးများကို ရောင်းချရန်အတွက် အင်တာနက် ဝက်(ဘ်)ဆိုဒ်(စ်)များပေါ်တင်၍ အပြိုင်အဆိုင် ဈေးခေါ်ကြပုံမှာ ဝေဖန်စောကြောစရာကောင်းလှပေသည်။

သဲလွန်စ တချို့ကို ရှာဖွေ စစ်ကြောကြည့်ကြပါမည်။ ရှမ်ဘဲလားနှင့် နှီးနွယ်နေသော မဟာဂန္ဓာရီဂိုဏ်းတချို့တွင် တပည့်သာဝကသစ်များကို သိဒ္ဓိတင် ဘိသိက်မြှောက်ပွဲပြုလုပ်ပေးသောအခါတွင် ဂြိုဟ်ကြီးတစ်ခုမှ ပဲ့ကျလာသောဥက္ကာခဲတစ်ခုကို ထိပ်ဖူးတပ်ထားသော ဂမ္ဘီရတောင်ဝှေးဖြင့် ၎င်းတပည့်သာဝကသစ်၏ ပခုံး၊ နဖူးများကို တို့ထိပေးကာ သိဒ္ဓိတင် ဘိသိက်မြှောက်ပေးလေ့ရှိသည် ဆို၏။

ထို့ထက်ပို၍ စိတ်ဝင်စားစရာကောင်းလှသည်က ၁၉၃၈ ခုနှစ်နှောင်းပိုင်းလောက်က ဂျာမန် နာဇီတို့ တိဗက်ဒေသမှ ဂျာမနီပြည်သို့ ယူဆောင်လာသော ဝေဿဝဏ် (ကုဝေရ) နတ်မင်းရုပ်တုသည် နှစ်ပေါင်း (၁၀၀၀၀) က ဆိုက်ဘေးရီးယားဒေသနှင့်မွန်ဂိုလီးယားဒေသကြား ကျရောက်ခဲ့သော ဥက္ကာခဲနှင့်ထုဆစ်ထားသည်ဟု ဆို၏။ ထိုနတ်မင်းရုပ်တုသည် (၉) ဒသမ (၅) လက်မရှိပြီး (၂၃)ပေါင်ခန့် လေးလံသည်ဆို၏။ ထို့ထက်အရေးကြီးသည်က ထိုနတ်မင်းရုပ်တုကို ကြည်ညိုပူဇော်သူသည် ဓနဥစ္စာတိုးတက်ကြီးပွားခြင်း၊ စစ်ပွဲအောင်နိုင်ခြင်းအကျိုးကို ရရှိခံစားရသည်ဟု ယုံစွဲကြသည် ဟူ၏။ ထို့ကြောင့် နာဇီဂျာမန်ခေါင်းဆောင် ဟစ်တလာသည် ဤနတ်မင်းရုပ်တုကို အဆောင်ပြု၍ ဒုတိယ ကမ္ဘာစစ်ပွဲကြီးကို ဆင်နွှဲခဲ့သလားဟု မေးစရာ၊ တွေးစရာ ဖြစ်နေသည်က အမှန်ပင်။

အားလုံးကို အနှစ်ချုပ်လိုက်လျှင် ဆိုခဲ့သမျှသော ဥက္ကာဆိုင်ရာတို့သည် ဖြစ်ရိုးဖြစ်စဉ် သဘာဝနိယာမဟု ဆိုနေသည့်တိုင် တချို့နေရာ၌ သဘာဝတရားကို လွန်ကျွံ၍ ဂမ္ဘီရနယ်ပယ်ထဲကို ခြေတစ်ဖက်ရောက်မှန်းမသိ ရောက်သွားသည်ကိုတော့ ငြင်းကွယ်၍ရနိုင်မည်မထင်။

မင်းရှိန်အောင်

**စာကိုး**


၁။ ဦးမင်းဝန်၏ ဥက္ကာအကြောင်း၊ ဝေဒမဂ္ဂဇင်း။
၂။ ဦးမင်္ဂလာကြီး၏ ဥက္ကာကျ ကောင်းကင်နိမိတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၄/၉၀)။
၃။ ရှာဖွေစုဆောင်းမှုများ။




www.burmeseclassic.com

www.burmeseclassic.com

# သဘာဝသိဒ္ဓိဝင် သစ်တံခါးပင်

## ဇာတိဂုဏ်မျိုးမြင့်အောင်

မြန်မာနိုင်ငံသည် အဖိုးတန် ရေ၊ မြေ၊ တော၊ တောင်တို့ကို ပိုင်ဆိုင်ထားသည်ဟု ဆိုနိုင်ပါသည်။ မြန်မာ့မြေပေါ်ဝယ် ထူးခြားဆန်းကြယ် အံ့ဩဖွယ်ရာ အစွမ်းသတ္တိရှိကြသောအရာများသည် သဘာဝအလျောက် တည်ရှိနေလေ့ရှိကြပါသည်။ ဆေးဝါး၊ မန္တန်၊ မန္တရား၊ စမ၊ ပထမံ၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ အစရှိသော ဂမ္ဘီရပညာရပ်များဖြင့် သိဒ္ဓိတင်စရာမလိုဘဲ ပင်ကိုသဘာဝအတိုင်းပင်လျှင် သိဒ္ဓိဝင်ပြီးနေသော ဂမ္ဘီရပစ္စည်းများကို အခါအားလျော်စွာ တွေ့မြင်ရလေ့ရှိပါသည်။

ပင်ကိုသဘာဝကပင်လျှင် သိဒ္ဓိဝင်ပြီးနေသော အမျိုးအစားများမှ ယခုတင်ပြမည့် အကြောင်းအရာမှာ 'သစ်တံခါး'ပင် ဖြစ်ပါသည်။ မည်သည့်သစ်ပင်(ပင်ကြီးအမျိုးအစား)မဆို သစ်ကိုင်း၊ သစ်ခက် (၂) ခုတို့သည် ခွဲထွက်ပြီးမှပြန်လည်ပေါင်းစပ်ကြပြီးနောက် တစ်ပင်တည်း၊ တစ်ကိုင်းတည်းဖြစ်သွားပါက သစ်တံခါးဟု သတ်မှတ်ခေါ်ဝေါ်ခြင်းပြုကြ၏။

ယခုတင်ပြမည့် သစ်တံခါးပင်မှာ ဗာဒံ (ဗန္ဒာ - အရပ်ဒေသတချို့၏ အခေါ်) ပင် ဖြစ်ပါသည်။ သစ်တံခါး၏ သဘာဝသိဒ္ဓိဝင်စွမ်းအားများကို ရှေးလူကြီးသူမများ၏ ပြောစကားအရ လည်းကောင်း၊ စာပေကျမ်းဂန်နှင့် ပုရပိုက်များအရ လည်းကောင်း အမျိုးမျိုးအဖုံဖုံ စွမ်းအားရှိနေသည်ကို လေ့လာ တွေ့ရှိရပါသည်။ ကျွန်ုပ်၏ အသက် (၆၀) ကျော်အတွင်း တွေ့ကြုံလေ့လာ မှတ်သိခဲ့ရသော သစ်တံခါး၏ စွမ်းအားကြီးမားပုံများမှ တချို့အကြောင်းအရာတို့ကို မကျဉ်းမကျယ်အားဖြင့် ဖော်ပြရေးသားပါမည်။ အားလုံးကို ရေးသားလျှင် စာလေးသွားမည်ဖြစ်သဖြင့် ချန်လှပ်ခဲ့ပါမည်။

ကျွန်ုပ်၏ မွေးရာဇာတိမြေ ဖြစ်သော မကွေးမြို့တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိခဲ့ဖူးပါသည်။ စစ်ပြီးကာလက တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထိုကျောင်းတွင် ရောက်ရှိလာသော ကျောင်းထိုင်ဆရာတော်များမှာ အဘယ်မျှပင် ပညာတတ်၍ ဘုန်းကြီးသူဖြစ်ပါစေ (၆) လ၊ (၁) နှစ်ခန့်ထက် မပိုသော အချိန်အတွင်း လူထွက်ကြလေတော့၏။ အကြောင်းမှာ မိန်းမယူသွားကြခြင်းပင် ဖြစ်၏။

ဤတွင် အထူးတတ်ကျွမ်းနားလည်သော ရေးလက်သမားဆရာကြီးများကို ခေါ်ယူ၍ ထိုဘုန်းကြီးကျောင်းအား လေ့လာစစ်ဆေးစေရတော့၏။ ထို



မင်းရဲကျော်စွာလမ်းဘက်မှ မြင်တွေ့ရသော သစ်တံခါးပုံ
(နောက်ခံကွန်ကရစ်လမ်းမှာ ဗိုလ်တေဇလမ်း ဖြစ်သည်)

အခါ ကျောင်း၏အဝင်တံခါးမကြီးသည် ပိတောက်သားဖြစ်ပြီး သစ်တံခါးဖြစ်နေသည်ကို တွေ့ကြရတော့၏။ သစ်၏ အမျက်နှင့် သစ်၏ အကြောများကို အသေးစိတ် လေ့လာကြသောအခါတွင် အလွန်စွမ်းအားကြီးမားသော သစ်တံခါးအမျိုးအစားဖြစ်သည်ဟု လက်သမားဆရာကြီးများက တညီတညွတ်တည်း ဆုံးဖြတ်ကြ၏။ သို့ဖြင့် ညှိနှိုင်းတိုင်ပင်ကြပြီးနောက် ထိုအဝင်တံခါးမကြီးအား လဲလှယ်လိုက်ဝကြတော့၏။ ထို့နောက်မှ ရောက်ရှိလာသော ကျောင်းထိုင်ဆရာတော်ကား လူမထွက်တော့ပါ။ အလွန်ဘုန်းကြီး၍ သြဇာလည်း အထူးပျံ့နှံ့အောင်မြင်သည်။ ပျံလွန်တော်မူသည်အထိ ကျောင်းထိုင်သွားရပေသည်။ ဤ

သည်ကား သစ်တံခါး၏စွမ်းအားကြီးမား
ပုံကို တွေ့မြင်ခဲ့ရခြင်း ဖြစ်ပါသည်။

ယခု ကျွန်ုပ် နေထိုင်သော ရွှေ
ပြည်သာမြို့ ထန်း (၆) ပင် မှတ်တိုင်အနီး
ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်လည်း
သစ်တံခါးကို တွေ့မြင်ရပါသည်။ ရွှေ
သိမ်းကောင်တာ၏ အပေါ်တည့်တည့်
မျက်နှာကြက်တွင် ထိုသစ်တံခါးကို ရွှေ
အစစ်များ ပိန်းနေအောင်ချ၍ ချိတ်ဆွဲ
ထားပါသည်။ ထိုလက်ဖက်ရည်ဆိုင်
သည် အခြားသောဆိုင်များထက် ပို
ရောင်းကောင်းသည်ကို တွေ့ရပါသည်။
ထန်း(၆)ပင်ဝန်းကျင်တွင် နေ့ ည မပြတ်
အောင် လူအစည်ကားဆုံးနေရာကို မြ
ပါဟုဆိုလျှင် ထိုဆိုင်မှတစ်ပါး ပြစရာ
မရှိပေ။ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြ
ပွားလာသည်ကိုလည်း တွေ့ရ၏။ ဆယ်
စုနှစ်တစ်ခု ကျော်လာသည့်တိုင်အောင်
ရောင်းအား ကျဆင်းသွားခြင်းမရှိ
တရိပ်ရိပ်သာလျှင် တိုး၍တိုး၍လာသည်
ကို တွေ့ရ၏။ အများတောင်းဆို
အရ နေ့ရောညပါ (၂) ဆိုင်းခွဲ၍ ရောင်း
ချရသည်အထိဖြစ်ခဲ့ပြီး ညဥ့်နက်ပိုင်း
ကျော်သည့်တိုင်အောင် လူစည်ကား
လျက်ရှိသည်ကို လက်တွေ့ လာရောက်
လေ့လာနိုင်ပါသည်။

နောက်တစ်ဦးမှာ ကျွန်ုပ်နှင့်
အလွန်ရင်းနှီး၍ ကျွန်ုပ်ထက် (၁၀) နှစ်
ပါး အသက်ကြီးသော ပင်စင်စားအငြိမ်း
စားအရာရှိကြီးတစ်ဦး ဖြစ်၏။ ထိုအရာ
ရှိကြီးသည် လွန်ခဲ့သော အနှစ်(၂၀)ခန့်
က သူ၏ရာထူးမှာ ဒုတိယဗိုလ်မှူးကြီး
အဆင့်မျှသာရှိသေး၏။ ကချင်ပြည်နယ်



www.burmeseclassic.com

www.burmeseclassic.com




ဗိုလ်တေဇလမ်းဘက်မှ သစ်တံခါးကို တွေ့မြင်ရပုံ (နောက်ခံကတ္တရာလမ်းမှာ မင်းရဲကျော်စွာလမ်း ဖြစ်သည်)

အတွင်းရှိ စစ်မြေပြင်တစ်နေရာ၌ တာဝန်ကျနေချိန်တွင် သစ်တံခါးတစ်ခုကို ရရှိခဲ့ခြင်း ဖြစ်၏။ထိုစစ်မြေပြင်တွင် ပြတ်သားစွာ အောင်နိုင်ခဲ့ပေ၏။ မကြာမီအချိန်အတွင်း ရာထူးပါတိုးတက်သွားပြီး ဗိုလ်မှူးကြီးအဆင့်သို့ ရောက်ရှိခဲ့လေသည်။ (ထိုခေတ်ထိုအခါကာလက ဗိုလ်မှူးကြီးအဆင့်ဆိုသည်မှာ အလွန်ခက်ခဲစွာ ရောက်ရှိရသော ရာထူးတစ်ခုဖြစ်ပြီး ထိုအဆင့်ရောက်သောသူဦးရေမှာလည်း နည်းပါးလှပါသည်။) ယခုပင်စင်စားဘဝသို့ ရောက်ရှိချိန်မှာလည်း ဥစ္စာစီးပွား အခြံအရံဖြင့် ပြည့်စုံစွာရှိနေသူ ဖြစ်ပါသည်။ ဗိုလ်မှူးကြီးသည် သစ်တံခါးကို အိမ်အဝင်ပေါက်၏အထက်နား အတွင်းဘက်မှ ချိတ်ဆွဲထားပါသည်။ စာလေးသွားမည်ဖြစ်၍ အခြားသော သစ်တံခါး အတွေ့အကြုံများကို မဖော်ပြတော့ပါ။

သစ်တံခါး၏သဘာဝသိဒ္ဓိဝင်စွမ်းအားမှာ ရာထူးတိုးတက်ခြင်း၊ အပြိုင်အဆိုင်တွင် အနိုင်ရခြင်း၊ လာဘ်လာဘပွင့်လန်းခြင်း၊ ကျန်းမာခြင်း၊ စန်းပွင့်ခြင်း၊ ပီယသိဒ္ဓိအားကြီးခြင်း၊ အခက်အခဲများကို ဖြတ်ကျော်နိုင်စွမ်းရှိခြင်း၊ စီးပွားတိုးတက်ခိုင်ခံ့ခြင်း၊ မီးဘေးမှကင်းဝေးခြင်း စသဖြင့် တွေ့ကြုံလေ့လာခဲ့ရဖူးပါသည်။ သစ်တံခါးနှင့်ပတ်သက်၍ ကျွန်ုပ်မသိရှိရသေးသော သိဒ္ဓိစွမ်းအားများလည်း များစွာရှိလိမ့်ဦးမည်ဟု ယူဆပါသည်။ သစ်တံခါးကို အဆောင်ပြုရာ၌ ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုးရှိသူများ၏ အလိုရှိရာ တောင့်တရာတို့ကိုလိုက်၍ အကျိုးပေးခြင်းမှာလည်း အံ့သြစရာပင် ဖြစ်၏။ တစ်မျိုးတည်းအပေါ်၌သာ အစွမ်းထက်ခြင်းမျိုးမဟုတ်ပေ။ ကတ္တာသယလိုတိုင်းရဟု ဆိုရတော့မလို ဖြစ်နေပေတော့၏။

သို့သော် သတိပြုစရာ အချက်တစ်ချက်ရှိသည်ကိုတော့ တွေ့ရှိရသည်။ ရှေးပညာရှင်ကြီးများ သစ်တံခါးအပေါ် သုံးသပ်ထားပုံနှင့် ကျွန်ုပ်ကိုယ်တွေ့များကို ညှိနှိုင်းလျက် အကြံပြုတင်ပြပါမည်။

ဤသစ်တံခါးကို အဆောင်ပြုလိုသူ‌များသည် (ပီယသိဒ္ဓိ)ကို အလိုမရှိအပ်ပေ။ သစ်တံခါး၌ သဘာဝသိဒ္ဓိဝင်ပုံမှာ ပီယသိဒ္ဓိမှတစ်ပါးအခြားသော သိဒ္ဓိတစ်မျိုးမျိုးကို အလိုရှိခဲ့သော် မိမိတို့အလိုရှိသောသိဒ္ဓိနှင့် တွဲဖော်တွဲဖက်သိဒ္ဓိအလုံးစုံကိုပါ ပြီးမြောက်နိုင်သည်ကိုတွေ့ရှိခဲ့ရ၏။ ပီယသိဒ္ဓိအား ဆန္ဒပြုခဲ့သော် အခြားသောသိဒ္ဓိများ လုံးဝ မရှိတော့သည်ကို တွေ့ရ၏။ ပီယသိဒ္ဓိဘက်တွင် စွမ်းအားမှန်သမျှ အားလုံး ဝင်ရောက်သွားပုံရပါသည်။

ထိုအခါ အလွန်ကြီးမားသော စွမ်းအားကြောင့် မည်သို့မျှ ထိန်းချုပ်မရအောင် ဖြစ်ကြရသည်ကို တွေ့ရှိခဲ့ဖူးပါသည်။ ကျွန်ုပ်တင်ပြချက်တွင် ဘုန်းကြီးများ လူထွက်ကြရသည်မှာ ထို့ကြောင့်ပင် ဖြစ်တန်ရာ၏။ အခြားစာရေးသူတစ်ဦး ရေးသားထားသော ဆောင်းပါးတစ်ပုဒ်၌လည်း သစ်တံခါးဖြင့် ပြုလုပ်ထားသောတံခါးဝမှာ ဝင်မိသူမှာ ထိန်းသိမ်းအပ်သော (မောင်နှင့်နှမ)၊ (တပည့်နှင့် ဆရာ) စသော စည်းများကိုပင် ဖောက်ဖျက်နိုင်အောင် စွမ်းအားကြီးမားပုံကို ရေးသားထားသည်ကို ဖတ်ရှုခဲ့ရဖူးပါသည်။ သို့ဖြစ်သဖြင့် ပီယဘက်တွင် အသုံးမပြုပါရန် လေးစားစွာ သတိပေးရခြင်း ဖြစ်ပါသည်။

လောကီဆိုင်ရာ ဂမ္ဘီရပညာရပ်များကို ယုံကြည်လက်ခံ လေ့လာလိုသူများအတွက် ကျွန်ုပ် တွေ့မြင်ခဲ့ရသော သစ်တံခါးပင်ကို တည်နေရာနှင့်တကွ ဓာတ်ပုံဖြင့်ပါ ဖော်ပြပေးပါမည်။ ဗာဒံပင် အမျိုးအစား သစ်တံခါးပင် ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့ အမှတ် (၈) ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်တေဇလမ်းထောင့်ရှိ စည်ပင်မြေပေါ်တွင် ပေါက်ရောက်လျက် ရှိပါသည်။ ယခု စာရေးနေချိန်အထိရှိနေပါသည်။ လောကီဂမ္ဘီရပညာရပ်မှ ပြဋ္ဌာန်းထားသော ထိုသစ်တံခါးပင်၏ ပညတ်ဟိတ်ဓာတ်မှာလည်း အလွန်ကောင်းနေသည်ကို တွေ့ရပါသည်။ မြန်မာ့သမိုင်းတွင် ဘုန်းကံကြီးမား အလွန်ထင်ရှားလှသော ဘုရင်တစ်ပါးဖြစ်သည့် မင်းရဲကျော်စွာနှင့် ယနေ့ခေတ် မြန်မာ့အသည်းနှလုံးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ သာယာသောအချိန် ငယ်ဘဝက နာမည် ဗိုလ်တေဇမည်သော လမ်းနှစ်သွယ် ဆုံရာထောင့်၌ ရှိသော သိဒ္ဓိဝင်သစ်တံခါးသည် အဘယ်မျှစွမ်းအားရှိလိမ့်မည်ကို ကျွန်ုပ်ကိုယ်တိုင် မှန်းဆခြင်းငှာမစွမ်းပါဟု ဝန်ခံရပါလိမ့်မည်။

*အောင်မြင်သူများဖြစ်ကြပါစေ*

ဓာတ်ကုဏ်-မျိုးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကတော့ ဒီခေါင်းစဉ်ပဲ ပေးချင်ပါတယ်။ တကယ်ဆိုရင် ကိုးကျပ်ခွဲက များပါသေးတယ်။ အသေအချာပြောမယ်ဆိုရင် တစ်ပြားမှမကုန်ခဲ့ပါဘူး။ ကုန်ကျမှုကို ရှာလို့မရတာနဲ့ စစ်စစ်ပေါက်ပေါက် ကိုးကျပ်ခွဲလို့ မနည်းရှာပြီး ထည့်လိုက်ရတာပါ။ တစ်ဖက်က မေးစရာရှိပါတယ်။ ကိုးကျပ်ခွဲကုန်ပြီး သေသွားလို့ ဆက်ပြီးမကုန်တာလား။ ဒီလိုမေးရင် ကျွန်တော်က စိတ်မဆိုးပါဘူး။ မေးသင့်တဲ့မေးခွန်းဖြစ်နေတာကိုး။ ဒါကို ဖြေရမယ်ဆိုရင် မသေပါဘူးလို့ ဖြေရပါမယ်။ ဆေးရုံတက်တာ (၅)ရက်ဖြစ်ပြီး ကျန်းမာမှ ဆေးရုံက ပြန်လွှတ်ခဲ့တာပါ။ ဒီထူးခြားဖြစ်စဉ်လေးကို ကျွန်တော်က ပြန်ပြီး ပြောပြချင်ပါတယ်။

အဘဘိုးတော် ဘိုးမင်းခေါင်ဟာ ကျွန်တော့်ကို ရွှေမုဋ္ဌောက အဘဓာတ်ပုံပေးပြီးကတည်းက အိပ်မက်နဲ့ စောင့်ရှောက်ခဲ့တာ တော်တော်များပါတယ်။ ကျွန်တော်ကလည်း လူငယ်ဆိုတော့ ခပ်ပေပေ။ အခုလို ခပ်ပေပေ မြေးတစ်ယောက်ကို အရက်မသောက်ဖြစ်အောင်၊ တရားတဲ့နည်းနဲ့ ငွေရှာဖြစ်အောင် တည့်မတ်ပေးခဲ့တာလည်း အကြိမ်ကြိမ်ပါပဲ။ အဘဘိုးတော်ကြီးနဲ့ပတ်သက်ပြီးတော့ 'ပုဂ္ဂိုလ်စောင့်ရှောက်တယ်ဆိုတာ'၊ 'ဒေါင်းယောင်ဆောင်သူ'၊ ဂန္ဓာရီပညာရှင်၏ရွှေ့ရေးအမြင်' ဆိုပြီး သုရဿမဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

အခုဖော်ပြမယ့်အကြောင်းအရာကလည်း အဘဘိုးတော်နဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေပါတယ်။ ကျွန်တော်က ကြိုတင် မေးသလို အဘကလည်း ကြိုတင်ပြီး အဟောထုတ်ခဲ့တာကိုး။ ကျွန်တော့်အဖြစ်ကလည်း 'ဝိဇ္ဇာစကား ပြိတ္တာနား' လို ပထမတော့ အဘစကားကို မယုံပြန်ဘူး။ မယုံတာ တင်ဘယ်ကမလဲ၊ အပြစ်တောင်တင်မိပါသေးတယ်။ အဘရေ၊ သားသမီးမြေးမြစ်လိုသဘောထားတဲ့ အဘရဲ့ မေတ္တာစေတနာကို စိတ်နဲ့ပြစ်မှားခဲ့တာရှိရင် ခွင့်လွှတ်ပါလို့တောင်းပန်ပါတယ်။ လတ်ဆယ်ဖြာထိပ်မှာမိုးလို့ ဦးလည်းခိုက်ပါတယ် အဘ။

ကန်တော့ပြီးပြီဖြစ်လို့ အခုအဖြစ်မှန်ကို ရေးပါတော့မယ်။ အကြောင်းအရာကတော့ ကျွန်တော့်သမီးအဖြစ်ပါ။ မိုးဦးကျခါစမှာ သွေးလွန်တုပ်ကွေးကကလေးတွေမှာ တယ်ပြီးအဖြစ်များတာကလား။ ဖြစ်လိုက်ရင်လည်း (၁) သားကနေ (၁၃) နှစ်သားလောက်အထိ အဖြစ်များကြတယ်။ ကျွန်တော့်သမီး (၉) နှစ်အရွယ်မှာ ဒီရောဂါဖြစ်ခဲ့တာ



စိုးထွန်း(ဥပဒေ)

ကိုးကျပ်ခွဲတန် သွေးလွန်တုပ်ကွေး



www.burmeseclassic.com


www.burmeseclassic.com

ဖြစ်စက ဒီရောဂါလို့ဘယ်လာသိပါ့မလဲ။ ရိုးရိုးကိုယ်ပူတာ၊ ဖျားတာနေမှာပေါ့လို့ ထင်ခဲ့တယ်လေ။ ကျွန်တော်ကိုယ်တိုင်လည်း သွေးလွန်တုပ်ကွေးရောဂါကို ဂဃဏနမှ မသိတာ။ မသိတာမှ သူ့ကို ဆေးထိုးပေးနေတဲ့ ဆရာဝန်ကိုယ်တိုင်လည်း မသိသေးပါဘူး။

ဆရာဝန်ဆီမှာ ဆေးသွားထိုးတာ တစ်ရက်၊ နှစ်ရက်က သုံးရက်သာရောက်လာတယ်၊ အပူက ကျတယ်မှမရှိတာ။ ဒီလို (၃) ရက်မြောက်နေ့မှာတော့ ဆေးမတိုးတဲ့အဖျားကြောင့် ရိုးရိုးအဖျားမဟုတ်နိုင်ဘူးလို့ ဆရာက ပထမ ဝေဖန်တဲ့အဆင့်ပဲရှိပါသေးတယ်။ သွေးလွန်တုပ်ကွေးလို့ အမည်မပေးရဲသေးပါဘူး။

"မနက်ဖြန် ကလေးကို ဆက်ဆက်လာပြပါ"

လို့သာ မှာလိုက်ပါတယ်။ စတုတ္ထနေ့ရောက်တော့မှ လက်မောင်းနဲ့ လက်





www.burmeseclassic.com

www.burmeseclassic.com

ဖျံမှာ အနီဖုလေးတွေ ထွက်လာလို့ သိတာပါ။ ဒါကြောင့် ကျွန်တော်အပါအဝင် မိဘရှင်တွေဟာ ကိုယ့်ကလေး သွေးလွန်တုပ်ကွေး ဖြစ်၊ မဖြစ်ကို နည်းနည်းရက်လွန်မှသိကြတာ များပါတယ်။ ဒါကြောင့် ခြေလွန်လက်လွန်တွေဖြစ်လိုဖြစ်၊ ရောဂါကျွမ်းလိုကျွမ်း၊ သေကွဲကွဲလိုကွဲနဲ့ ဒုက္ခတွေ ရင်နဲ့အပြည့်ကြုံနေတတ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအဖြစ်ဆိုးတွေကကျော်လွှားနိုင်အောင် ကျွန်တော်ဆေးရုံမှာကြုံခဲ့တဲ့ အဖြစ်ကလေးတွေစုပေါင်းပြီး ဒီလို ကြိုတင်သိနိုင်အောင် တင်ပြချင်ပါတယ်။

**Denguefever** လို့ခေါ်တဲ့ သွေးလွန်တုပ်ကွေးရဲ့ ရောဂါလက္ခဏာတွေကို ဒီလိုလေ့လာလို့ရပါတယ်။ ကလေးငယ်ဟာ ပြင်းပြင်းထန်ထန် ခေါင်းကိုက်တာမျိုး၊ ဝမ်းဗိုက်ပိုင်းမှာနာကျင်နေတာမျိုး၊ ကလေးတစ်ကိုယ်လုံး ကြွက်သားတွေနာနေတယ်လို့ ညည်းတာမျိုး၊ မျက်လုံးကိုက်တယ်လို့ အော်နေတာမျိုး၊ ရင်ဘတ်၊ လက်မောင်းနဲ့ လက်ဖျံတွေမှာ အဖုနီနီကလေးတွေ ပေါ်လာတာမျိုး၊ ကလေးငယ်က ခဏခဏ အော့အန်ပြီး အန်တဲ့အခါ အညိုရောင်ခွဲတွေပါတာမျိုးတွေ တွေ့မယ်ဆိုရင် ကျိန်းသေ သွေးလွန်တုပ်ကွေးဖြစ်နေပါပြီ။ ဘေးလူကိုဟုတ်လားလို့ မေးစရာမလိုတော့ပါဘူး။

ဒီဗဟုသုတက ဆေးရုံက ဆင်းလာမှ ရခဲ့တာပါ။ ဒီနေရာမှာ ကိုယ်ခံအားနည်းတဲ့ ကလေးဆိုရင် အနီဖုလေးတွေထွက်တယ်ဆိုတာနဲ့ ရောဂါကကျွမ်းသွားပါပြီ။ ဆေးရုံတက်ရင်လည်း ဆေးရုံက လက်လွှတ်ရတာများပါတယ်။ အထက်မှာ ကျွန်တော်ဖော်ပြတဲ့ (၆)ချက်ထဲက (၃)ချက်လောက် ကလေးမှာ ပေါ်ပေါက်ပြီး ကိုယ်ပူနေတယ်ဆိုတာနဲ့ သွေးလွန်တုပ်ကွေးဖြစ်ဖို့က ရာနှုန်းပြည့် များနေပါပြီ။ မိမိရဲ့ကလေးငယ်ကို ဒီ (၆) ချက်နဲ့ အမြဲ စစ်ဆေးပေးမယ် ဆိုရင် သွေးလွန်တုပ်ကွေးရောဂါဘေးကို ကြိုတင်ကာကွယ်ရာလည်း ရောက်ပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ မပေ့ါကြဖို့ အထူးလိုအပ်လှပါတယ်။

လွန်ခဲ့တဲ့ (၂) နှစ်ကျော်လောက်က မြန်မာနိုင်ငံမှာ သွေးလွန်တုပ်ကွေး အဖြစ်များဆုံးနှစ် ဖြစ်ခဲ့တာကို မှတ်မိကြမှာပါ။ အဲဒီနှစ်မှာ ကလေးအသေအပျောက်လည်း အများဆုံးပါပဲ။ မိဘရှင်တွေ ရင်ဖိနေရသလို ဆရာဝန်၊ ဆရာမတွေလည်း နေ့မအိပ် ညမအိပ် ဆေးကုပေးနေရတယ်။ ဆေးရုံတိုင်းလိုလို လူကြီးတွေဆင်းပြီး စစ်ဆေးရတဲ့အထိ အလုပ်များတဲ့နှစ်မှာ ကျွန်တော့်သမီးက ဆေးရုံတက်ရတယ်လေ။

ရှေ့အပိုင်းမှာ ပြောခဲ့သလို (၃) ရက်ကျော်၊ (၄) ရက်ရောက်မှတက်တဲ့ ကလေးဆိုတော့ ရောက်တာနဲ့ အရေးပေါ်ခန်း တန်းပြီးပို့လိုက်တာပေ့ါ။ အရေးပေါ်အခန်းမှာ သမီး အပါအဝင် ကလေး (၇) ယောက်။ ညနေ (၅)နာရီမှာ ဆေးရုံတက်၊ အရေးပေါ်ခန်းပို့၊ ညနေ (၅) နာရီခွဲမှာပဲ ကလေး (၂) ယောက် သေပါလေရော။ ည (၇) နာရီမှာ နောက်တစ်ယောက်၊ ည (၉) နာရီမှာ နောက်တစ်ယောက်။ ကြည့်နေ၊ မြင်နေချိန်မှာပဲ ပန်းကလေးတွေ တဖြုတ်ဖြုတ်ကြွေကျသလိုပါပဲ။ မြန်လိုက်တာဗျာ။ ညဥ့် (၁၂) နာရီမှာတော့ (၆) ယောက် သေဆုံးသွားလို့ ကျွန်တော့်သမီးတစ်ယောက်ပဲ ကျန်ပါတော့တယ်။ ငါ့သမီးကိုကော ဒီသေမင်းက ဘယ်အချိန်များ ထပ်ခေါ်ဦးမလဲလို့ ဆောက်တည်ရာမရ ပူလိုက်တဲ့ရင်တွေ ပြောတောင်မပြတတ်တော့ပါဘူး။

ညဥ့် (၁၂) နာရီကျော်ချိန်မှာ အဘကို သွားပြီးသတိရလိုက်တယ်။ အရင်က အဘနဲ့စကားပြောချင်ရင် အဘပေးထားတဲ့ဓာတ်ပုံကိုကြည့်ပြီး ပြောချင်တာတွေပြောပေ့ါ။ ပြောတဲ့ညမှာပဲ အဘက အိပ်မက်ထဲမှာ ပြန်ပြီးဖြေရှင်းပေးပါတယ်။ အခုတော့ ဆေးရုံရောက်နေလို့ အဘဓာတ်ပုံက ဘေးမှာ မရှိတော့ပါဘူး။ ဆေးရုံကပဲ စိတ်ညွှတ်ပြီး ရင်ထဲကစကားကို စိတ်နဲ့ပဲ ပြောလိုက်ရတယ်။ ကျွန်တော်က ဘယ်လိုမှ မစွမ်းဆောင်နိုင်တော့မှ အဘကို တ,တာပါ။ နှုတ်နဲ့ပြောတဲ့အသံသာ ဘေးလူတွေ ကြားသွားရင် ကျွန်တော့်ကို အရူးလို့ ပြောချင်ပြော၊ မဟုတ်ရင် ဒီလူပေါက်သွားပြီလို့ ပြောမှာ အသေအချာပါပဲ။ ကျွန်တော် စိတ်နဲ့ပြောတာကို ပြန်ပြီးဖော်ပြပေးပါမယ်။

'အဘရေ ကျွန်တော့်အဖြစ်ကို ကယ်ပါဦး။ ကျွန်တော့်မှာ ဒီသမီးအတွက် ရတက်မအေးဖြစ်နေတယ်။ အရေးပေါ်ခန်းမှာ အခု ကလေး (၆) ယောက် ဆုံးသွားပါပြီ။ ကျွန်တော့်သမီးတစ်ယောက်ပဲ ကျန်ပါတော့တယ်။ ဒါကြောင့် အသက်မသေအောင် စောင့်ရှောက်ပေးပါ အဘ။ ဘေးလူတွေက နင့်ကလေး မသေစေချင်ရင် အခန်းပြောင်းတော့လို့ လာပြီးအကြံပေးနေတယ်။ ဒီအခန်းမှာက ဘေးမှာ ဆရာဝန်၊ ဆရာမတွေ အချိန်ပြည့်ရှိနေတယ်။ ကျွန်တော့်ကို ဘာလုပ်သင့်တယ်ဆိုတာ လမ်းညွှန်ပေးပါ အဘ။ အဘခိုင်းတာ ကျွန်တော် အကုန်လုပ်ပါ့မယ်'

ဒီလိုစကားမျိုးဆိုတာ အဘနဲ့မကြုံဘူးသူဆိုရင် ယုံဖို့မလွယ်ပါဘူး။ ပြောလည်းပြီးရော သမီးခုတင်အောက်က အင်္ဂတေပေါ်မှာပဲ ကျွန်တော် တစ်ရေးအိပ်လိုက်တယ်။ ဇနီးသည်က တစ်လှည့်တာဝန်ယူတယ်လေ။ ကျွန်တော်ဆိုတာ စိတ်ပင်ပန်း၊ လူပင်ပန်းတော့ ခဏလေး မှေးလိုက်တာနဲ့ ပျော်သွားတယ်။ ဒါပေမယ့် မိနစ်ပိုင်းလောက်ပျော်တာမျိုး ဖြစ်ပါလိမ့်မယ်။ အိပ်မက်ထဲမှာ အဘပေါ်လာတယ်ဗျ။ ဓာတ်ပုံမကြည့်ပေမယ့် သိပုံရပါတယ်။

'မင်းအရေးပေါ်တ,တာကို ငါသိပါတယ်။ ဒီနှစ်က ကလေးတွေ အသေအပျောက်များတဲ့နှစ်ကွ။ အင်း- မင်းရဲ့သမီးအခန်းက (၆) ယောက်ထွက်သွားတော့ (၁) ယောက်ပဲကျန်တဲ့ သမီးအတွက် စိတ်ပူမယ်ဆိုတာ သဘာဝကျပါတယ်။ မင်းကလေးက လူဖြစ်ရမယ့်ဇာတာရှိပြီးသားကွ။ လူဖြစ်ဖို့ရှိသေးတော့ ဘယ်လာသေလို့ဖြစ်မလဲ။ ဒီကလေးရဲ့အတိတ်ကံက ကောင်းအားကြီးလို့ မင်းတို့မိဘတွေ သူ့အတွက် ... ပြားတစ်ချပ်မှအကုန်မခံရပါဘူး။ကောင်း... သွားပါလိမ့်မယ်'

ဒီအိပ်မက်လည်းပြီးရော ချက်ချင်း... နိုးလာတယ်။ စုစုပေါင်း အိပ်ချိန် ... ဝက်ပဲ ရှိပါလိမ့်မယ်။ နိုးလာတော့ ... ညတာ အိပ်လိုက်ရသလို အားတွေ... နေတယ်။ မျက်စိလည်း ကြည်လင်... တာပဲ။ ကျွန်တော် နှုတ်ဆိတ်ပြီး ... ကိုယ်ကိုယ် ဆန်းစစ်ကြည့်တယ်။ ... တကယ်ပြောတာလား၊ နှစ်သိမ့်တာ... လို့ ဝေခွဲမရဖြစ်နေတုန်း-

"ရှင့်ကလေး သွေးသွင်း... (A) သွေးရှာထားပါ။ ရှာလို့မရရင် ... ထားပါ။ ကလေးက ကျွန်မတို့ဘ... လာပါပြီ၊ စိုးရိမ်စရာမလိုတော့... သွေးတော့ အမြန်ရှာလိုက်နော်"

လို့ပြောတဲ့စကားဟာ ကျွန်... အတွက် ဘယ်အရာနဲ့မှ မလဲနိုင်... ဒီစကားကြားစေချင်လို့ နာရီဝက်... နိုးလာတာနေမှာပေ့ါ။ သွေးရှာ... တဲ့အချိန်လည်း ကြည့်ပါဦး။ ည... နာရီအချိန်။ ကျွန်တော့်ခေါ်...



www.burmeseclassic.com

ဘောက်သွားသလိုပါပဲ။ တဇက် စိတ်ဒိုက်နေချိန်မှာ-

"(A) သွေးဆိုရင် ကျွန်တော်လှူမယ် အစ်ကို။ ကျွန်တော်က (A) သွေး။ လှူပြီဆိုရင် သွေးလှူတဲ့ကိစ္စမှာသုံးတဲ့ ပစ္စည်းကစပြီး အစ်ကိုဝယ်ပေးစရာမလိုဘူး။ ဒီညမှာ သွေးလိုမယ့်လူရှိရမယ်လို့ ကျွန်တော်လျှောက်ကြည့်နေတာ။ ဆရာမ ပြောသံ ကြားလိုက်ပါတယ်။ အစ်ကို့ အနေနဲ့ သွေးရပြီလို့သာ သတင်းပို့လိုက်"

ကဲ- အဲဒါပဲ ကြည့်ပါတော့။ မင်းတို့မိဘတွေ တစ်ပြားတစ်ချပ်မှကုန်စရာ မလိုဘူး ဆိုတဲ့ ပထမတာထွက်တော့ မှန်သွားပြီလို့ ဆိုရမှာပေါ့နော်။ ဒါပေမယ့် ဆေးရုံတက်ချိန်က အခုအချိန်ထိ သုံးနေတဲ့ ဂလူးကို့(စ်)ပုလင်းတွေ၊ ထိုးဆေးတွေ ဆိုတာ မနည်းဘူး။ အသေအပျောက်များတဲ့အချိန်ဖြစ်လို့ လိုအပ်တဲ့ဆေးတွေ ပြေးပြီးမဝယ်ရအောင် စုဆောင်းထားပုံရပါတယ်။

မိဘရှင်တစ်ယောက်က-

"ကျွန်မသားလေးလည်း ရှင်တို့လိုပဲ။ ဆေးတွေဘာတွေဝယ်ခိုင်းမလား လို့ နားစွင့်ပါတယ်။ သူတို့အခန်းထဲမှာ ကလေးအတွက် ဆေးတွေဆိုတာပြည့်နေတာပဲ။ ကျန်းမာရေးဝန်ကြီးလာသွားလို့ ဒီလောက် ထူးခြားနေတာဖြစ်လိမ့်မယ်။ ဘာပဲဖြစ်ဖြစ် တစ်သိန်း၊ နှစ်သိန်းတော့ ဆောင်ထားရှင့်။ ကိုယ့်သားသမီးအတွက်ပဲ၊ အကုန်ခံရမှာပေါ့။ မသေတာဘဲ ကျေးဇူးတင်လို့မဆုံးပါဘူးရှင်"

ခုလို မိဘရှင်တစ်ယောက် သတိပေးချိန်မှာ ကျွန်တော့်ပိုက်ဆံ ပြန်စစ်ကြည့်တော့ (၉၀၀၀၀) တောင် မပြည့်တော့ဘူး။ ဘာတွေသုံးသလဲလို့မေးရင် ဘာမှကိုမသုံးရသေးပါဘူး။ ယူလာတုန်းက (၉၀၀၀၀) အပြည့်ပါ။ နောက်မှစဉ်းစားမိတာက အိပ်ချင်ပြေ လက်ဖက်ရည်သောက်လိုက်တာကို ပြန်ပြီးသတိရလိုက်တယ်။ ဒီကိစ္စလောက်က ဆေးဖိုးမှ မဟုတ်တာ။ စာဖွဲ့စရာမလိုဘူးလို့ မပြည့်ရတဲ့အကြောင်းသိသွားလို့ ဘဝင်ကျသွားပါတယ်။

(၂) ရက်မြောက်နေ့မှာ သမီးကို အပြင်ဆောင်ကို သွားခွင့်ပြုလိုက်ပါပြီ။ ဒါဆို သမီးလေး မသေတော့ဘူးလို့ ဝမ်းသာလိုက်တာဗျာ။ ဆေးလာထိုးလိုက်၊ ဘာလီရည်နဲ့ ဓာတ်ဆားရည်ကို သင့်သလိုရောပြီး တစ်နေ့ (၄) ပုလင်းသောက်၊ မသောက်ကိုလည်း နေ့တိုင်းစစ်သဗျ။ တော်တော်တာဝန်ကျေတဲ့ တိုင်းဆေးရုံကြီးပါပဲ။ (၃) ရက်မြောက်နေ့မှာ ကြက်သားဆန်ပြုတ်ကျွေးနိုင်ပြီလို့ ခွင့်ပြုပါတယ်။ (၄)ရက်မှာတော့ တစ်ခါသောက်ရင် နှစ်ခွက်ပဲ။ ကလေးအားလုံးကို ဆရာဝန်ကြီးက လာကြည့်ပြီး (၅)ရက်မြောက်နေ့ ညနေမှာ ဆင်းလို့ရပြီလို့ အမိန့်ချလိုက်တယ်။

ကျွန်တော့်ကို အဘဘိုးတော်ကြီးက ဘယ်လိုပဲ ငွေမကုန်ပါဘူးပြောပြော ဂလူးကို့(စ်)ပုလင်း လှူမယ့်လူတော့ ဘယ်လိုမှ မရှိနိုင်ပါဘူး။ အဘက ငါ စိတ်ချမ်းသာအောင် ပြောတာပဲ ဖြစ်မယ်။ ပြန်မယ့်နေ့ ငွေသွားရှင်းရင် ရုပ်မပျက်အောင်ဆိုပြီး ပွဲရုံက တစ်သိန်းဆွဲလာတယ်။ အဘစကားထဲမှာ 'မင်းကလေးက ရှေ့မှာ လူဖြစ်ရမယ့် ကံဇာတာပါတယ်။ မသေနိုင်ပါဘူး' ဆိုတဲ့ ဟောချက်တော့ သေွးထွက်အောင်မှန်သွားပြီလို့ ဆိုရပါမယ်။

(၅) ရက်နေ့ မနက်ပိုင်းမှာပဲ ကျွန်တော့်ငွေရယ်၊ ပွဲရုံက ငွေရယ် ပေါင်းပြီး တာဝန်ရှိ ဆရာ/ဆရာမရုံးခန်းကိုထွက်လာတယ်။ မသေအောင် ကုသပေးတဲ့ ကျေးဇူးဟာ ကြီးမားလွန်းပါတယ်။ ဆရာ၊ ဆရာမကြီးတွေ ကျေးဇူးကြောင့် သမီးတစ်ယောက် ရောဂါဘယကပ်တော့ ကျော်သွားပါပြီ။ သမီးအတွက် အသုံးပြုလိုက်ရတဲ့ ဆေးဖိုးတွေကိုတော့ မိဘတစ်ယောက်အနေနဲ့ ရှင်းရမယ့်တာဝန်ရှိနေတယ်လေ။ ဒါကြောင့် ရုံးခန်းကို ရောက်တာနဲ့-

"ဆရာကြီးခင်ဗျာ၊ ခုတင် (၁၇) က ကလေးကို ဒီညနေဆင်းရမယ်လို့ ကလေးဆရာဝန်ကြီးက ပြောသွားပါတယ်။ သမီးအတွက် ဆေးကုတဲ့နေရာမှာ အသုံးပြုခဲ့တဲ့ ဆေးဖိုးတွေ ရှင်းချင်ပါတယ်။ ဘယ်လောက်ကျတယ်ဆိုတာ သိချင်ပါတယ် ခင်ဗျာ"

ဒီလိုမေးလိုက်တဲ့အခါမှာ ပြန်ပြီးဖြေလိုက်တဲ့အဖြေဟာ ကျွန်တော့်နားကို ကြားတဲ့စကား မှန်ရဲ့လားလို့ ဇဝေဇဝါကို ဖြစ်တော့တာပါပဲ။ ကြက်သီးတွေလည်း တဖြန်းဖြန်းထသွားတယ်။ အဘဘိုးတော်ကြီးရဲ့ ရှေ့ရေးအမြင်ကိုလည်း တော်တော် အံ့ဩချီးကျူးလို့မဆုံးပါဘူး။ ခုံမှာထိုင်နေတဲ့ ဆရာကြီးက ဘာပြောသလဲဆိုရင်-

"တစ်ပြားမှပေးစရာမလိုပါဘူးဗျာ။ စိတ်ဖြောင့်ဖြောင့်သာ ညနေရောက်ရင် ဆင်းသွားပေတော့။ ခင်ဗျားကလေး ဆေးရုံတက်တဲ့နေ့မှာ ကလေးတစ်ယောက်လည်း တက်လာတယ်။ အဲဒီကလေး ဆေးရုံတက်ချိန်က ဆင်းချိန်အထိ ကလေးဆောင်တစ်ဆောင်လုံးလိုသမျှ ဆေးစရိတ်တွေကို သူ့မိဘက လှူနေပါတယ်။ အခု ဒီကလေးလည်း ခင်ဗျားသမီးလိုပဲ ညနေရောက်ရင် ဆင်းရတော့မယ်။ ဒါကြောင့် ဘာကုန်ကျမှုမှ မရှိတော့ပါဘူး။ အိမ်ရောက်ရင်သာ ရေချိုးမမှားစေနဲ့၊ ခြင်မကိုက်စေနဲ့။ နည်းနည်းလေးဖျားတယ်ဆိုတာနဲ့ ဓာတ်ဆားရည် (၃) ပုလင်းလောက် ကုန်အောင် တိုက်လိုက်။ ပြီးတော့ နီးစပ်ရာ ဆရာဝန်ဆီမှာ ဆေးထိုး။ လတ်ဖွဲ့မှာ အနီစက်ကလေးတွေပေါ်ရင် ဆေးရုံကို ပြန်ပြေးလာခဲ့။ သွေးလွန်တုပ်ကွေးဟာ ကလေးတစ်ယောက်ကို (၃) ကြိမ်လောက်ဖြစ်တတ်တယ်။ ဒီကဆင်းတာနဲ့ နောက်ဘယ်တော့မှမဖြစ်ဘူးလို့ စိတ်ချမနေနဲ့နော်။ ကဲကဲ - စိတ်ချမ်းသာကိုယ်ချမ်းသာ ပြန်နိုင်ပါပြီ"

ဒီစကားကြားရတော့ ကျွန်တော်က တစ်မျိုးပြောကြည့်ပြန်တယ်။

"ဆရာကြီးခင်ဗျာ၊ အလှူငွေလောက် ထည့်ချင်ပါတယ်။ ထည့်ပါရစေ"

လို့ ပြောကြည့်တော့ ဘာပြန်ပြောသလဲဆိုရင်-

"အမလေး- မထည့်ပါနဲ့ဗျာ။ အဲဒီကလေးမိဘတွေက ဘယ်သူပေးတာမှ မယူပါနဲ့။ ကျွန်တော်တို့ အသန့်ရှင်းဆုံး အလှူလှူချင်လို့ပါလို့ မှာထားတယ်။ အားလုံး ပြည့်စုံနေတယ်။ ခင်ဗျားဟာကို လက်ခံလိုက်ရင် ဒီပြင်မိဘတွေဟာလည်း လက်ခံရတော့မယ်။ ဒါကြောင့် ဒီရက်ထဲမှာ အလှူတောင် လက်မခံပါရစေနဲ့။ ခုလိုပြောတာကိုတော့ ကျွန်တော်တို့က ကျေးဇူးပြန်ပြီးတင်ပါတယ်"

ကဲ- အဲဒါပဲ ကြည့်ပါတော့။ အဘဘိုးတော်ကြီး ပြောသလို 'မင်းတို့မိဘတွေ တစ်ပြားတစ်ချပ်မှ မကုန်ပါဘူး' ဆိုတဲ့စကားဟာ မှန်လွန်းအားကြီးလို့ အဘဟောချက်တွေနဲ့ပတ်သက်လာရင် ကျွန်တော့်အတွက်က တကယ့်ကို ကမ္ဘာကျော်တဲ့ ဟောချက်တွေပါပဲ။

*(ဤစာစုတို့နှင့် အဘဘိုးတော်ကြီးအား ဦးခိုက် ပူဇော်ပါသည်။)*

*(သူငယ်ချင်းမိုးစက်၏ အဖြစ်မှန်ကို ရေးဖွဲ့ ခံစားပါသည်။)*

စိုးသွင်း(ဥသဒ)

မြန်မာစာအဘိဓာန်အကျဉ်းချုပ် အတွဲ(၁)တွင် ငှက်သိုက်ကို ဇီဝဇိုးငှက်၏ အသိုက် (အားဆေးအဖြစ် သုံးစွဲသည်)၊ ဇီဝဇိုးသည် အသိုက်ကို မိမိအန်ဖတ်ဖြင့် ပြုလုပ်လေ့ ရှိ၏။ ထိုငှက်၏ အသိုက်ကို ငှက်သိုက်ဟု ခေါ်ကြသည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။

ငှက်သိုက်ပေးသော ငှက်မျိုးများဖြစ်သည့် မိုးစာငှက်၊ ပြီလဲငှက်နှင့် ဇီဝဇိုးငှက်တို့အနက် မြန်မာနိုင်ငံတွင် အဖိုးတန်ငှက်သိုက်ကို စာကလေးအရွယ်ထက် အနည်းငယ်ကြီးသော ဇီဝဇိုးငှက်မျိုးမှရရှိသည်။

**ဇီဝဇိုးငှက်**

ဇီဝဇိုးငှက်၏အရောင်မှာ ညိုနက်နက်ဖြစ်သည်။ အရွယ်သေးငယ်သော်လည်း အိပ်ချိန်မှအပ တစ်နေ့ပတ်လုံး မရပ်မနား ပျံသန်း၍ အစာရှာဖွေနိုင်စွမ်းရှိသည်။ ပျံသန်းရာအတွင်း အလွန်လျင်မြန်ပြီး ပျားကောင်ကလေးများနှင့် အခြား အင်းဆက်ပိုးကောင်ငယ်ကလေးများကို ထိုးသုတ်စားသောက်သည်။



ဇီဝဇိုးငှက်၏ တောင်ပံမှာ ရိုးရိုးပျံလွှားငှက်တို့၏ တောင်ပံထက်ကြီးပြီး ပြန့်ကားသောခြေထောက်နှင့် သေးငယ် ချွန်ထက်သော ခြေသည်းရှည်များ ကြောင့် ကျောက်သားကျောက်ဆောင် နံရံတို့တွင် မြဲမြံစွာ ကုတ်ခြစ်တွယ်ကပ် နားနေနိုင်သည်။ ကိုယ်ထည်နှင့်စာလျှင် မျက်လုံးနှင့် ပါးစပ်မှာ ကျယ်သဖြင့် ကောင်းကင်ယံတွင် အစာ ရှာဖွေ စား သောက်ခြင်းကို တစ်မျိုးတစ်ဖုံအထော အကူပြုရာရောက်ပေသည်။ ဇီဝဇိုးငှ ၏သိပ္ပံအမည်မှာ ကောလိုကေးလီးယာ ဂျာမယ်နီ (Colloealiagermani) ဖြ သည်။

ဇီဝဇိုးငှက်သည် အသိုက်ကို အ ခြားငှက်များကဲ့သို့ သစ်ကိုင်းသစ်ခ သစ်ရွက်ခြောက်၊ မြက်ခြောက် စသ တို့ဖြင့် မပြုလုပ်ဘဲ အာခေါင်တွင်းမှ ပျစ်ပျစ်အစေးတစ်မျိုးကို ထွေးအန်ထု ပြီး ပြုလုပ်သဖြင့် ထူးခြားပါသည်၊ ပြင် အသိုက်ကို လူသူအရောက်အပေါ နည်းသော ပင်လယ်ကျွန်းများရှိသ အလျောက် ဖြစ်ပေါ်နေသော ကျေ

# ငှက်သိုက်အကြောင်း သိကောင်းစရာ

## မောင်စိမ်းဝေ (တောဝယ်)



မတ်စောက်သော ငှက်သိုက်တောင်ကြီးက ငှက်သိုက်ခူးသူတို့အား စိန်ခေါ်လျက်ရှိ




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်အေးချမ်းသော ငှက်သိုက်ကျွန်းတစ်နေရာ



ဤငှက်သိုက်ကျွန်းများမှာ ကမ်းခြေမှ (၁၅) မိုင်ခန့် ကွာဝေးပြီး လူသူအရောက်အပေါက်နည်းသည်

င်ကြီးများ၏လိုဏ်ဂူနံရံများ ကမ်း ကျောက်စွန်းများတွင် ပြုလုပ်လေ့ ည်ကို တွေ့ရသည်။ ငှက်သိုက်ကျွန်း မှာ ကမ်းခြေမှ (၁၅) မိုင်ခန့်ကွာဝေး ပင်လယ်ရေပြင်အထက် ပေ (၅၀၀) ာက် ထိုးထွက်ပေါ်ပေါက်လျက်ရှိ ကျောက်တောင်ကတုံးကြီးများ ဖြစ် ကြသည်။

## က်သိုက်ကျွန်းများ

ဇီဝဇိုးငှက်သည် အထီး၊အမ စုံတွဲ နေထိုင်လေ့ရှိပြီး အသိုက်ကို တက်ညီ က်ညီ ပြုလုပ်ကြသည်။ ငှက်ငယ်က းများ အသိုက် စတင် ပြုလုပ်သည့် အချိန်မှာ နှစ်စဉ် တပို့တွဲလဖြစ်၍ အုပ် ောက်ခြင်းမျိုးမှအပ နှစ်စဉ် အချိန် မှန် နေရာမှန် အသိုက်ပြုလုပ်သည် တွေ့ရ၏။ အုပ်ဖျောက်ခြင်း ဆိုသည် ထူးကဲသော အခြေအနေတစ်ရပ် ကြောင့် နေရာသစ်သို့တစ်ကောင်မကျန် အားလုံး ရွှေ့ပြောင်းသည်ကိုဆို၍ မည် သည့်အတွက် ယင်းကဲ့သို့ ပြုမူကြောင်း တိကျကျ မသိရပေ။ မည်သို့ဆိုစေ အုပ်ဖျောက်ခြင်းသည် ဖြစ်တောင့်ဖြစ်ခဲ သာဖြစ်သဖြင့် ရှေးမဆွကပင် ငှက် သိုက် စုသိမ်းရယူခဲ့သော နေရာများ၌ ယနေ့တိုင် လုပ်ကိုင်နေဆဲ ရှိသည်မှာ အထင်အရှားဖြစ်သည်။

ငှက်သိုက်ကို ထားဝယ်ကမ်းခြေ အနီးရှိ ကျွန်းများဖြစ်သော မော်စကို ကျွန်းစု၊ ပုလောမြို့နယ်အနောက်ဘက် ရှိ မလိကျွန်းစု၊ မြိတ်ကျွန်းစုတွင် ဒိုမေ ကျွန်းဝန်းကျင်နှင့် အဲ(လ်)ဖင့်စတုန်း ကျွန်းမြောက်ဘက်ရှိကျွန်းစုများ၊ ဒုံးကျွန်း အနောက်တောင်ဘက် ကျွန်းစုများ၊ ကော့သောင်းအနီး ပင်လယ်ကျွန်း များမှ ဆွတ်ခူးရရှိပြီး ပုသိမ်မြို့ အနောက် တောင်ဘက်နှင့် ငပုတောမြို့နယ် ပင် လယ်ထဲရှိ ကျွန်းများမှလည်း အနည်း အကျဉ်း ထွက်ရှိသည်။

## ငှက်သိုက် (ငှက်အန်ဖတ်)

ဇီဝဇိုးငှက်တို့သည် လုံ့သူဝေး သော ပင်လယ်ကျွန်းများရှိ ကျောက် လိုဏ်ဂူနံရံများတွင် အသိုက်ပြုလုပ်၍ နေကြသည်။ အသိုက်ပြုလုပ်ရန် ငှက် မောင်နှံသည် အချိန်အတော်ကြာကြာ ပျံဝဲပြီး စိတ်ကြိုက်နေရာကောင်ကို ရွေး ချယ်မှုပြုတတ်သည်။ အသိုက်လုပ်မည့် နေရာ၌ သံသယဖြစ်ဖွယ်ရာအကြောင်း တစ်စုံတစ်ရာရှိခဲ့ပါလျှင် ရတ်တရက် မဆောက်လုပ်တတ်ကြပေ။

လက်ဦးပထမ သန့်ရှင်းစင်ကြယ် သော ကျောက်လိုဏ်ဂူနံရံတစ်နေရာ တွင် ခြေထောက်နှင့်ကုတ်ခြစ်တွယ်ကပ် ပြီးကာမှ လခြမ်းပုံ ခပ်ကွေးကွေး အချွဲ စေးကို အန်ထုတ်လျက် အသိုက်တည် ရာကို အစပျိုးသည်။ ထိုအချွဲစေးများ အေး၍ ခြောက်သွေ့စေရန် တောင်ပံ နှင့် ယပ်ခတ်ပေးပြီးနောက် ပျံထွက် သည်နှင့်တစ်ပြိုင်နက် ကျန်ငှက်တစ် ကောင်က ဝင်၍ ရှေးနည်းတူ အစေး ထွေးအန် အသိုက်ဆောက်ပြန်သည်။ ထိုသို့ အချွဲစေးကို ထွေးအန်ထုတ်နေစဉ် ငှက်တောင်ပံများမှာ တဖျပ်ဖျပ်ညံ့စွာ တုန်ခါနေ၏။

များသောအားဖြင့် ငှက်ထီးက သာလျှင် အသိုက်ဆောက်ခြင်းကို ဦး ဆောင်၏။ တစ်ခါတစ်ရံ အသိုက်ပြုလုပ် ရင်း ငှက်တောင်ပံနှင့် အချွဲစေးကပ်ငြိ မိပြီး ပျံထွက်မနိုင်တော့ဘဲရှိရာ ဆွတ်ခူး ရရှိသောငှက်သိုက်များတွင် ငှက်သေ ခြောက်များကို တွေ့ရတတ်ပါသည်။

ယင်းသို့လျှင် အထီး၊ အမ တစ် လှည့်စီ နေ့စဉ်ရက်ဆက် အစေးထွေး အန်ခြင်းဖြင့် ရက် (၂၀) ခန့်ကြာလျှင် ငှက်သိုက်တစ်မြုံ ပြီးစီးသည်။ ပထမရက် တွင် (၁၀) မီလီမီတာခန့်မျှရှိသော အချွဲ စေးအချွဲမျှင်များကို ထွေးအန်သော် လည်း နောက်ရက်များ၌ တဖြည်းဖြည်း လျော့နည်းသွားသည်ကို တွေ့ရသည်။

ငှက်သိုက်တစ်မြုံသည် အချင်း (၂) လက်မမှ (၃) လက်မအထိ၊ ဇောက် (၁) လက်မမှ (၁) လက်မခွဲအထိရှိ၍ ငှက်မတစ်ကောင်ဝပ်လျက် ဥ,ဥနိုင်သည့် အကျယ်အဝန်းမျှသာ ဖြစ်သည်။ တစ် မြုံတွင် ဥ (၂) လုံးစီရှိသည်ကို တွေ့ရ၏။ ဥသည် ဖြူဖွေးပြီး (၃/၄) လက်မ အရှည် ရှိသည်။ အမှန်စင်စစ် ငှက်သိုက်သည် ပင်လယ်ပျံလွှားငှက်ဖြစ်သော ဇီဝဇိုးငှက် ၏အန်ဖတ်များပင် ဖြစ်သည်။

## ငှက်သားပေါက်

ဇီဝဇိုးငှက်သည် အစာရှာရာမှ အိပ်တန်းတက်ရန်ပြန်ရောက်သောအခါ မိမိအသိုက်ကို မတွေ့ရှိတော့လျှင် တစ် ညလုံးပေါက် မအိပ်စက်ဘဲ ကျောက်ဂူ



www.burmeseclassic.com

www.burmeseclassic.com

အတွင်း လူးလာခေါက်တုံ့ ပျံသန်း၍ တစာစာအော်မြည်နေသည်မှာ အလွန်သနားစရာကောင်းကြောင်း ငှက်သိုက်ခူးသူတို့ပြောအရ သိရသည်။ ငှက်ငယ်၏ သဘာဝအရလည်း ဤသို့ပင် အသံပြုနေတတ်ကြောင်း သိရ၏။

သို့သော် နောက်တစ်နေ့ ချက်ချင်း အသိုက်သစ်တစ်ခုကို ရှေးနည်းတူ အစေးထွေးအန်လျက် ပင်ပန်းကြီးစွာ ပြန်လည်ပြုလုပ်သည်။ သို့ဖြစ်၍ တစ်နှစ်လျှင် ငှက်သိုက် (၄) ကြိမ် ဆွတ်ဆူးနိုင်ခြင်း ဖြစ်သည်။ ဇီဝရုံးငှက်သည် မျိုးဆက်အတွက် ဥကိုဖြစ်သည့်နည်းဖြင့် ဥနိုင်ရန် ကြိုးစားအားထုတ်မှုမှာ အံ့သြစရာကောင်းလှပါသည်။ ပုံမှန်အားဖြင့် တန်ခူးလတွင် ဥပြီး ကဆုန်လတွင် ဝပ်လေ့ရှိ၏။ အသိုက်တွင် ငှက်မဝပ်နေလျှင်လည်းကောင်း၊ အိပ်နေလျှင်လည်းကောင်း ငှက်ထီးက အသိုက်၏အပြင်ဘက်စွန်းတွင် ခြေဖြင့် တွဲလောင်းချိတ်ဆွဲ စောင့်ကြပ်နေလေသည်။ ကဆုန်လမှ ဝါဆိုလဆန်းအထိ ငှက်သားပေါက်သည်။

ငှက်မဝပ်ချိန် (၆) ရက်နှင့် (၉) ရက်အတွင်း ဥမှ ငှက်ပေါက်စကလေးများ ပေါက်ဖွားလာကြပြီးနောက် မိခင်ငှက်မထံမှ အစာတောင်းယူစားသောက်သည်။ ငှက်မသည် အစာရှာထွက်သည့်အခါ ငှက်ပေါက်စ၏ ခြေတစ်ဖက်ကို ကြိုးနှင့်ချည်ထားသည့်ပမာ အစေးမျှင်နှင့် စေးကပ်ထားပြီးမှ အသိုက်ကို ခွာလေ့ရှိ၏။ လိုဏ်ဂူအောက်သို့ အသိုက်မှ သားငယ်လိမ့်ကျမည့်ဘေးရန် ကင်း... အောင် ကြိုတင် ကာကွယ်ခဲ့ခြင်း ဖြစ်... သည်။ (၄၅) ရက်ခန့်ကြာလျှင် ငှက်သား... ပေါက်မှာ အတောင်အလက်ကောင်းစွာ... စုံလင်ဖွံ့ဖြိုးနေပြီဖြစ်၍ ပျံသန်းရန် အ... ဆင်သင့်ဖြစ်နေပေပြီ။ ဤအချိန်တွင် အသိုက်၏အနားစွန်း၌ နားခိုလျက်ရှိ... ငှက်သိုက်ခူးသူတို့ ရောက်လာလျှင် တစ်... ရှိန်ထိုးပျံထွက်သွားကြသည်။




အနီးကပ် တွေ့လာတွေ့မြင်ရသော ငှက်သိုက်တစ်မြို့

**ငှက်ဖြူ၊ ငှက်မည်း၊ ငှက်ညို**

ငှက်သိုက်ခူးသူတို့က ငှက်သို... အမျိုးအစားကိုလိုက်၍ ဇီဝရုံးငှက်... ငှက်ဖြူ၊ ငှက်မည်း၊ ငှက်ညို (ငှက်ဆ...) ဟူ၍ (၃) မျိုး ခွဲခြားခေါ်ကြသည်။

ငှက်ဖြူဟုခေါ်ခြင်းမှာ ငှက်တ... ကိုယ်လုံး အရောင်အသွေး ဖြူဆွတ်... ၍ ခေါ်ခြင်းမဟုတ်ဘဲ ၎င်းငှက်မှရ... ငှက်သိုက်မှာ ဖြူဝင်းကြည်လင်နေသော... ကြောင့် ဖြစ်သည်။ ငှက်ဖြူကလေးမ... မှာ ငှက်မည်း၊ ငှက်ညိုတို့နှင့် နှိုင်း... လျှင် ဦးခေါင်းနှင့် ကိုယ်လုံး သေး... သည်။ ခြေမွေးမရှိ။ ခြေထောက်နှင့် နှ... သီးအမည်းရောင်ရှိပြီး ခါးတွင် အ... ရောင်အမွေးညင်းငယ်များ ပါသ... ငှက်မည်း၊ ငှက်ညိုတို့ထက် အလ... နည်းငယ်ရှည်သည်။ ဦးခေါင်းမှ အ... ဖျားသို့ (၅) လက်မနီးပါးမျှရှိပြီး တော... ပံအစွန်းနှစ်ခုကို ဖြန့်ကားတိုင်းတာ... (၁၀) လက်မခွဲခန့် ရှိ၏။ တစ်နှစ်... တစ်ကြိမ် သားပေါက်၍ တစ်ကြိမ်... နှစ်ကောင် ပေါက်ဖွားသည်။ အပို...



မျက်နှာကြက်နံရံထုပ်တန်းတို့၌ ဖွဲကပ်နေသော ငှက်အစ်နှင့်ဖတ် ခေါ်ငှက်သိုက်များ
(ဖြူဝင်းကြည်လင်သော ပထမတန်းစားငှက်သိုက် ဖြစ်သည်)



www.burmeseclassic.com

www.burmeseclassic.com

ပထမတန်းစား ငှက်သိုက်ကို ရသဖြင့် ငှက်မျိုးမတုံးရအောင် ကာကွယ် စောင့်ရှောက်သည့်အနေဖြင့် ငှက်သားပေါက်ငယ်ကလေးများကို မစားသုံးရန် တားမြစ်ထားသည်။

ငှက်မည်းတွင် ဦးခေါင်းနှင့်ကိုယ်လုံး အတန်ငယ်ကြီးပြီး ခြေမွေးပါရှိသည်။ တစ်ကြိမ်လျှင် တစ်ကောင် သားပေါက်၍ တစ်နှစ်လျှင် သုံးကြိမ်ပေါက်ဖွားသည်။ ငှက်မည်းအသိုက်မှာ အမည်းရောင်ဖြစ်ပြီး ငှက်အမွေးအမှင် အနည်းငယ် ရှုပ်ထွေးပါဝင်သော်လည်း ဆွတ်ခူးယူကြသည်။ ငှက်ဖြူနှင့် ငှက်မည်းတို့က အသိုက်ကို ကျောက်လိုဏ်ကျောက်ဂူအတွင်းနံရံများ၌သာ ပြုလုပ်လေ့ရှိသဖြင့် အချင်းချင်း ရောထွေးလျက် ရှိသည်။

ငှက်ညို (ငှက်ဆလုံ) မှာကား အကောင်အကြီးဆုံးဖြစ်ပြီး အသိုက်ကိုလည်း ကျောက်လိုဏ်ကျောက်ဂူတို့၏ အပြင်ဘက်တွင်သာ ပြုလုပ်ကြသည်။ အသိုက်ကို သစ်ရွက်ခြောက်၊ မြက်ခြောက်၊ အမှိုက်သရိုက် စသည်တို့ဖြင့် ဖြစ်သလို ဆောက်သောကြောင့် စာဘူးတောင်းသိုက်သဏ္ဍာန် ရှိသည်။ သို့ဖြစ်၍ ငှက်ညို (ငှက်ဆလုံ) မှရသော ငှက်သိုက်ကို မဆွတ်ယူကြပေ။ တချို့က ငှက်ညိုကို ငှက်ပျင်း ဟူ၍လည်း ခေါ်ကြသေး၏။

### ငှက်သိုက်နှင့်သွေးစသွေးန

ငှက်သိုက်ကို ငှက်သိုက်ဖြူနှင့် ငှက်သိုက်မည်း ဟူ၍ ခွဲခြားထားသည်။ ငှက်သိုက်ဖြူကို Colloealia Fueiphaga ဇီဝဗိုးငှက်မျိုးမှ လည်းကောင်း၊ ငှက်သိုက်မည်းကို Colloealia Innominata ဇီဝဗိုးငှက်မျိုးမှလည်းကောင်း ရရှိ၏။

ငှက်သိုက်သည် ဖြူဖွေးနေပြီး အညစ်အကြေးကင်းစင်ခြင်း၊ အမှိုက်ကင်းသန့်ရှင်းခြင်း၊ ခြောက်သွေ့လတ်ဆတ်ခြင်း၊ အသိုက်ပုံသဏ္ဍာန်မပျက်ခြင်း၊ အငန်ဓာတ်၊ အစိုဓာတ် လုံးဝ မရှိခြင်း စသော အရည်အသွေးများနှင့် ပြည့်စုံမှသာ အကောင်းဆုံး ပထမတန်းစားငှက်သိုက်ဟု သတ်မှတ်ပါသည်။ ပထမတန်းစားငှက်သိုက်မှာ ရောင်းတန်းမျက်နှာလှပြီး တန်ဖိုးအကြီးဆုံး ဖြစ်သည်။ ၎င်းငှက်သိုက်မျိုးကိုမူတည်၍ ဒုတိယ၊ တတိယ၊ စတုတ္ထ စသည်အားဖြင့် ငှက်သိုက်အတန်းအစား (၄) မျိုး သတ်မှတ်သည်။

ငှက်သိုက်အချို့၌ တစ်ခါတစ်ရံ သွေးစသွေးနများ ပါရှိတတ်သည်ကို



ခေတ်မီနည်းဖြင့် ထုတ်လုပ်ထားသော ငှက်သိုက်အားတိုးဆေးရည်ဘူး


ဇီဝဗိုးငှက်ကလေးများကို ငှက်ခေါ်စက်နှင့် လုပ်စား အသံပေး၍ ငှက်အိမ်ထဲသို့ ဆွဲဆောင်ရာဝယ်
(အမိုးစွန်းတွင် ငှက်အိမ်ကို လွှတ်လပ်စွာ တွေ့မြင်နိုင်သည်)

သတိထားလျှင် တွေ့မြင်နိုင်ပါသည်။ အများအားဖြင့် သွေးစသွေးနပါသော ငှက်သိုက်သည် ပန်းနုရောင်သန်းလျက် ရှိ၏။ ယင်းမှာ ဇီဝဗိုးငှက်ကလေးများ အသိုက်ပြုလုပ်စဉ်မှာ အာခေါင်တွင်းမှ အချွဲစေး၊ အချွဲအမျှင်များကို ထွေးအန်ရဖန်များသောအခါ နောက်ဆုံး သွေးစသွေးနကလေးများ ပါရှိခြင်းကြောင့်ဖြစ်သည်ဟု ဆိုကြပါသည်။

ထိုကဲ့သို့ ပြောဆိုချက်မှာ မေးခွန်းထုတ်စရာဖြစ်နေပါသည်။ ငှက်သိုက်အချို့တွင် တွေ့ရတတ်သော သွေးစသွေးနများမှာ ငှက်သိုက်ခူးသူတို့ အသုံးပြုသည့် သံစူးခွတပ်တံချူနှင့် ငှက်သိုက်ကို ကျောက်နံရံမှ ထိုးခွာဆွတ်ယူရာဝယ် ငှက်သားပေါက်ရှိခဲ့လျှင် မတော်တဆ ထိုးမိခြင်းကြောင့် သွေးစွန်းရခြင်းသာဖြစ်ကြောင်း၊ မိုးရေစိုငှက်သိုက်ဖြစ်ခဲ့ပါမူ ရေနှင့်အတူ သွေးစိမ့်ပြန့်ကားသွားသဖြင့် ငှက်သိုက်သည်လည်း ပန်းနုရောင်သန်းရခြင်းသာဖြစ်ကြောင်း နှစ်ပေါင်း (၂၀) လုပ်သက်ရင့် ငှက်သိုက်ခူးသမားကြီးက အတိအကျ ပြောပြပါသည်။

### ငှက်သိုက်ခူးချိန်

နတ်တော်၊ ပြာသိုလမှစ၍ ငှက်သိုက်ခူးသူတို့ လူနေတဲစခန်းဆောက်ပြီး စားနပ်ရိပ်ကျာစုဆောင်းကြသည်။ မရှိမဖြစ် လုပ်ငန်းသုံး 'ဂျော' ခေါ် နွယ်တစ်မျိုးကို တောတက်ရှာဖွေ၍ ကြိုးကျစ်ကြသည်။ 'ညင်းစောက်' ခေါ် ငြမ်းချည်ကြိုးများကျစ်၍ အလောတော်ဖြတ်တောက်ထားကြသည်။ ငှက်သိုက်တောင်ပေါ်တက်ရန် လှေကားလမ်းနှင့် ယာယီတံတားများ ဆောက်ခြင်း၊ တောင်ခြေနှင့် လိုဏ်များအတွင်း ကျောက်ကပ်ငြမ်းခေါ် လူသွားလမ်းများ တပ်ဆင်ခြင်း စသော



www.burmeseclassic.com

www.burmeseclassic.com

ကြို တင်ပြင်ဆင်မှုများကို စီစဉ်ဆောင်ရွက်ထားကြသည်။ လုပ်ငန်းသုံးကိရိယာတန်ဆာပလာမှန်သမျှ ခိုင်ခံ့မာကျောမှု ရှိ,မရှိ ကြိုတင်စစ် ဆေး၍ အဆင်သင့်ပြုလုပ်ထားကြ သည်။

တပို့တွဲမကုန်ခင် အစစအရာရာအားလုံး အပြီးအစီးဆောင်ရွက်ထားနိုင်မှသာလျှင် တကယ်ငှက်သိုက်ခူးရာ၌ ကသီလင်တမဖြစ်ဘဲ လုပ်ငန်းချောမောအောင်မြင်ပေသည်။ ငှက်သိုက်ခူးသူတို့အနေဖြင့် ကျန်းမာသန်စွမ်းရသည်။ အပင်ပန်းခံနိုင်ရည်ရှိရသည်။ စိတ်ရှည်ရသည်။ ဖွဲ၊ လုံ့လ၊ ဝီရိယရှိရသည်။ အမြဲလိုလို ဖျတ်လတ်နိုးကြားမှု ရှိရသည်။

ငှက်သိုက်ကို တပေါင်းလတွင်တစ်ကြိမ်၊တန်ခူးလတွင်တစ်ကြိမ်၊ကဆုန်လတွင်တစ်ကြိမ်နှင့် ဝါဆိုလဆန်းတွင်တစ်ကြိမ် တစ်နှစ်လျှင် လေးကြိမ် ဆွတ်ခူးသည်။ ကဆုန်နှင့်ဝါဆိုတွင် ငှက်မဝပ်ငှက်သားမွေးပြီဖြစ်၍ ငှက်သိုက်ကောင်းများ အရနည်းတတ်၏။ မိုးဦးလေဦး ရေထိရေစို၍ မလှမပ ပုံပျက်ပန်းပျက်ဖြစ်သည်။ အပျက်အစီးများသည်။ သွေးစသွေးနပါသည်။ ထိုအချိန် ငှက်သိုက်ခူးသူတို့တောင်သိမ်းချိန် (အလုပ်သိမ်းချိန်) လည်း ဖြစ်ပေသည်။

## ငှက်သိုက်တောင်သို့

ငှက်သိုက်ခူးသူတို့က နတ်တော်၊ ပြာသိုလမှစ၍ ပင်လယ်ကျွန်းငှက်သိုက်တောင်သို့ အဖွဲ့လိုက် ထွက်ခွာကြ၏။ မသမာသော ငှက်သိုက်ခိုးသမားတို့၏ အသက်ရန်ရှာမှု၊ မတ်စောက်မြင့်မားသောကျောက်တောင်ကြီးပေါ် အရောက်ခဲယဉ်းစွာတွယ်တက်ရမှု၊ပကတိကျောက်ချပ်ကျောက်လွှာ၊ ကျောက်စွန်းကျောက်ငူ၊ ကျောက်တက်၊ ကျောက်ချွန်များအကြား သွားလာရေးခက်ခဲမှုတို့ကြောင့် ခရီးကြမ်းတမ်းလှ၏။

ငှက်သိုက်ခူးစက်လှေသည် ကျွန်းအနီးသို့ ချဉ်းကပ်ရာတွင် သတိကြီးစွာဝင်ရောက်ကပ်ရသည်။ ပင်လယ်တို့၏ မာယာအတိုင်း မိုးလေဝသရုတ်တရက်ပြောင်းလဲ ဆိုးရွားသည်နှင့် တွေ့ကြုံရသောအခါများတွင် ကြီးမား ပြင်းထန်သော လှိုင်းလုံးကြီးတို့က ကျွန်းဆီသို့ တဝုန်းဝုန်း ဝင်ရောက်ပုတ်ခတ်သဖြင့် အန္တရာယ်များစွာပေးတတ်သည်။ လှိုင်းဆွဲရာသို့ စက်လှေမပါစေရန် ကျွမ်းကျင်နိုင်နင်းစွာ ထိန်းမတ်ထားပြီး လက်လှမ်းမီသည့်နေရာအား ထိုးခွာထားပြီးမှ ကျောက်ဖာပ်၊ ကျောက်ငုတ်တွင် ဝါးလုံးအကူအညီနှင့် စက်လှေကြိုးကွင်းအသေအချာ စွပ်မိအောင် ခဲရာခဲဆစ်ကြိုးစားရကြောင်း၊ စိတ်ချရသောအနေအထားရောက်မှ ကြိုးကို အားပြုဆွဲ၍ကျွန်းကပ်ရကြောင်း၊ ကျောက်တောင်ကို ခြေဖြင့် ထောက်ကန်လျက် တက်ရကြောင်း၊ ဝါးသုံး,လေးရိုက်မျှ မြင့်မားဆင်တက်ရကြောင်း သိရှိရပါသည်။

အခန့်မသင့်၍ လှေမှောက်ကြိုးပြတ် ကြိုးပြုတ်ပြင်မြင်းပြိုသဖြင့် အသက်ပေးသွားရသော သာဓကများစွာ ရှိခဲ့ဖူးပါသည်။

## ငှက်သိုက်ခူးရာဝယ်

များသောအားဖြင့် ငှက်သိုက်ရှိရာ ကျောက်တောင်များအတွင်းပိုင်းသည် လိုဏ်ဂူကြီးများအဖြစ် တည်ရှိလျက်ရှိပြီး မည်းမှောင်နေခြင်း၊ အချို့လိုဏ်ဂူအမိုးမှ အလင်းရောင်ဝင်ပေါက်အနည်းငယ်ရှိခြင်းနှင့် အောက်ခြေတွင် ရေချိုအိုင်ကြီးများ ဖြစ်ထွန်းတည်ရှိနေခြင်းတို့ကို တွေ့ရသည်။

ကညင်ဆီမီးတုတ်၊ ပလိုင်း၊ သံစူးခွချိတ်တပ် ပေ့ါပါးသော လက်ကိုင်ဝါးလုံး (တံချူ)၊ 'မ'ခေါ် ဝါးလုံးဆက်တံတို့မှာ ငှက်သိုက်ခူးသူ၏အဓိကပစ္စည်းများ ဖြစ်သည်။

ငှက်သိုက်ခူးသူသည် ကျောက်နံရံတို့ကို တွယ်ကပ်တွားတက်၍ လက်လှမ်းမီသမျှ ဆွတ်ယူပြီး ပလိုင်းတွင် ထည့်သည်။ သွင်းချည်၊ ထုတ်ချည်အတွက် ပလိုင်းက စိတ်ချရသည်။ လက်နှင့်မမီသောနေရာတွင် သံစူးခွတပ်တံချူနှင့် ကျောက်နံရံမှ ငှက်သိုက်တို့ကို ခဲယဉ်းစွာ ထိုးကော်ခွာယူကြရသည်။ တံချူထိပ်အောက် တစ်တောင်ခန့်တွင် ခိုင်ခိုင်ချည်နှောင်ထားသော မီးတိုင်အကူအညီနှင့် နံရံအတွန့်အခေါက် အချိုင့်အခွက်များအကြားရှိ ငှက်သိုက်များကိုလည်း မလွတ်တမ်း ဆွတ်ခူးရသည်။

တစ်ခါတစ်ရံ လူမတက်ရောက်နိုင်သောနေရာများတွင် ကျောက်တောင်အောက်ခြေမှ ငြင်းဆင်၍လည်းကောင်း၊ ကျောက်တောင်ထိပ်မှ ကြိုးလှေကားသဖွယ် ဆိုင်းကြိုးများ တွဲလဲချ၍ လည်းကောင်း၊ ခက်ခဲပင်ပန်းစွာ ငှက်သိုက်ဆွတ်ခူးကြရသည်။ အချို့ ကျောက်လိုဏ်ဂူတို့၏ အတွင်းခေါင်းများ ကျယ်ဝန်းသည့်နေရာတွင်မူ တွဲလဲကျနေသောဆိုင်းကြိုးကို ပုခက်ကဲ့သို့လွှဲပြီး တစ်ဖက်မှတစ်ဖက်သို့ ကူးကာကူးကာ ကျောက်တက်ကျောက်စွန်းများတွင် ဖက်တွယ်လျက် စွန့်စွန့်စားစား ခူးယူကြရသည်။ ကျောက်ဂူတွင်းသို့ တစ်ကြိမ်ဆင်းလျှင် (၃) နာရီခန့်ကြာပြီး ငှက်သိုက် (၂) ပိဿာ အများဆုံး ရရှိတတ်သည်။

ငှက်သိုက်ခူးသူနှင့် ဆိုင်းကြိုးထိန်းကြိုးကိုင်သူတို့သည် တစ်ဦးနှင့်တစ်ဦး ကြိုးအချက်ပြသင်္ကေတများ နားလည်ရန် လိုအပ်သည်။ သို့မှသာ လုပ်ငန်းအဆင်ပြေမည် ဖြစ်၏။ ထို့ပြင် ယုံကြည်စိတ်ချရပြီး သစ္စာရှိရန်လည်း အလွန်အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် ဂူတွင်း ဆင်းသူ၏အသက်သည် အပေါ်မှ ဖြည်းဖြည်းချင်း ဆိုင်းကြိုးထိန်းကြိုးလျှော့တင်းပေးသောသူ၏လက်တွင်း၌ရှိသောကြောင့်ပင်။ သို့ဖြစ်၍ ငှက်သိုက်ခူးသူတို့မှာ သားအဖ၊ ညီအစ်ကို၊ ဆွေမျိုးရင်းချာတော်စပ်သူအချင်းချင်းသာတွဲဖက် လုပ်ကိုင်လေ့ရှိကြသည်ကို တွေ့ရ၏။

## ငှက်ခေါ်စက်နှင့် ငှက်အိမ်

ယခုအခါ ဇီဝဗိုးငှက်ကလေးများကို ဖျားယောင်းသွေးဆောင်သော ငှက်ခေါ်စက်ကို တီထွင်အသုံးချလာကြသည်ကို တွေ့ရှိရသည်။ ထိုင်းနိုင်ငံထုတ် အထူးပြုလုပ်ထားသည့် လက်တစ်ဝါးသာသာရှိ ငှက်ခေါ်စက်ကို အိမ်ခန်းတစ်နေရာမှ စပီကာအမြောက်အများနှင့် တပ်ဆင်လျက် ဇီဝဗိုးငှက်ကလေးတို့အော်မြည်သံကဲ့သို့ လှည့်စားအသံပေး၏။

ငှက်အိမ်ကို ခေါင်မိုးအမြင့်ဆုံးနေရာ၌ အထူးတလည် ဆောက်လုပ်ထားငှက်ကလေးများ လွတ်လပ်စွာ ဝင်ထွက်နိုင်အောင် အဝကို ဟင်းလင်းပြင်အဖြစ်သို့ မျက်နှာမူထား၏။ ငှက်အိမ်အဝ (၃) ပေမှ (၄) ပေ ပတ်လည်ကျယ်၍ အိမ်အကျယ်အဝန်း အမျိုးမျိုးရှိသည်။ ပုံမှန်ဆိုသော် မျက်နှာဖွင့် (၂၅) ပေ အရှည်ပေ (၅၀)၊ အမြင့် (၁၀) ပေ အလုံပိတ် ဖြစ်သည်။ ငှက်အိမ်ကို အမှောင်မည်းနေအောင် အလင်းရောင်မထိုးအောင် သတိပြုရသည်။ အလင်းရောင်ကြောင့် ငှက်လေးများ ကြောက်လန့်တကြားဖြစ်၍ ငှက်အိမ်၌ မနေသောကြောင့် ဖြစ်၏။

ငှက်ကလေးများ လုံခြုံစွာ အိမ်စက်နားနေပြီး အသိုက်လုပ်နိုင်ရန် ငှက်အိမ်အတွင်း ထုပ်တန်းမျက်နှာကြက် နံရံအမြှောင်းတို့ကိုလည်း အဆင်သလို ပြုပြင်ပေးထားရသည်။ ထို့ပြင် ငှက်အိမ်အတွင်းပိုင်းတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com

သွေ့နေစေရန်လည်း အရေးကြီးပါသည်။ ငှက်ခေါ်စက်ကို ငှက်ကလေးများ အိပ်တန်းဝင်ချိန်အထိ မရပ်မနား ဖွင့်ထားရသည်။ ငှက်ခေါ်စက်ကို အသုံးပြု၍ ငှက်အိမ်သို့ ငှက်ကလေးများ ဝင်ရောက်ရန်အလို့ငှာ နှစ်ချီကြာမြင့်စွာ လှည့်စား ဆွဲဆောင်ရကြောင်း သိရှိရသည်။

၁၉၇၀ ပြည့်နှစ်တွင် မြိတ်၊ ၁၉၉၆ ခုနှစ်တွင် ဘုတ်ပြင်းနှင့် ကော့သောင်းမြို့များသို့ ဇီဝဖိုးငှက်များ စတင်ရောက်ရှိလာကြပြီး ငှက်သိုက်ပြုလုပ်စွဲကပ်ပါသည်။

## ငှက်သိုက်နှင့် ဆေးဖက်အသုံး

ငှက်သိုက်သည် ဆေးဖက်ဝင်ပြီး အဖိုးတန်ရှားပါးသဖြင့် ရွှေနှင့်စက်၍ ဝယ်ယူကြသည်။ အရသာကောင်းမွန်ခြင်း၊ အာဟာရဓာတ်ပြည့်ဝခြင်းတို့ကြောင့် အင်အားကုန်ခန်းနေသူများနှင့် လူမမာများအတွက် အားဆေးအဖြစ် အသုံးချရန် အထူးသင့်လျော်သည်။ နှလုံးတုန်ရင်တုန် အနာ၊ လေသလိပ်အနာ၊ ရင်တွင်း ဆာလောင်မွတ်သိပ်အနာတို့ကို ပျောက်ကင်းချမ်းသာစေ၍ အိုမင်းမစွမ်း ခွန်အား ယုတ်လျော့သူတို့အတွက် စားသုံးသင့်သည်။ အထူးသဖြင့် နှလုံး၊ ဦးနှောက်၊ သည်းခြေရောဂါရှိသူတို့ မှီဝဲသင့်သည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ကလေးသူငယ်များစားလျှင် ကျန်းမာရွှင်လန်းပြီး ရောဂါအထူးထူးမှ ကင်းဝေးစေသည်။

ငှက်သိုက်တွင် ပရိုတင်းဓာတ်ကြွယ်ဝပြီး အာဟာရဓာတ်များစွာ ပါဝင်သဖြင့် နာတာရှည်ရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ၊ အင်အားကုန်ခန်းနေသူများအား ကျွေးလေ့ရှိ၏။ သဘာဝငှက်သိုက်ကို ခေတ်မီနည်းဖြင့် သန့်စင်ထားသော ငှက်သိုက်ရည်ကို ဆေးဖက်ဝင်အခြားပစ္စည်းများနှင့် ပေါင်းစပ် ဖော်ထားသဖြင့် အဆုတ်ကိုအားကောင်းစေသည်။ ချောင်းဆိုး၊ အအေးမိ တုပ်ကွေးရောဂါများကို သက်သာပျောက်ကင်းစေသည်။ ဆေးနှင့် ဆေးဝါးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းတွင် အလွန် အရေးပါအသုံးဝင်သော ဆေးဖက်ဝင်ပစ္စည်း ငှက်သိုက်ကို တန်ဖိုးကြီးကြီး ပေးဝယ်ရ၏။

ငှက်သိုက်မှာ ဖယောင်းချက်နှင့် တူပြီး အဖြူရောင်ဖြစ်သော်လည်း တစ်နှစ်ခန့်ကြာလျှင် အညိုရောင်သန်းလာသည်။ ငှက်ပေါက်သည် အလွန်နူးညံ့၏။ ဒယ်အိုးတွင် မီးဖြင့်ချက်လျှင် ဖယောင်းအရည်ကဲ့သို့ ပျော်ကျသွားပြီး အဆီရသည်။ ထိုအဆီသည် လွန်စွာ 'အား' ဖြစ်သည်ဟု ဆိုပါသည်။

လတ်ဆတ်သော ငှက်သိုက်အနံ့မှာ ညှီစို့စို့ ဖြစ်၏။ ရက်အနည်းငယ်အတွင်း ယင်းအနံ့ပျောက်ပြယ်သွားလေ့ရှိသည်။ ဟောင်ကောင်၊ စင်ကာပူနှင့် ပီနန်တို့တွင် ငှက်သိုက်ကို 'အား' အလို့ငှာ ဟင်းချက်စားသည်။

ငှက်သိုက်ကို ရေစိမ်၍ (၂) နာရီခန့်ကြာလျှင် အမျှင်များပွလာသည်။ အမွေးအတောင်ငယ်များနှင့် အမှိုက်များကပ်နေလျှင် ဇာဂနာညှပ်ဖြင့် ဖယ်ရှားရသည်။ သကြားသင့်ရုံထည့်ပြီး ရေနွေးနွေးနှင့်ပေါင်းရသည်။ ငှက်သိုက်ပေါင်းကိုစားလျှင် ရင်တွင်းအေးကာ အားအင်အလုံးစုံ ချက်ချင်းပြန်ပြည့်လာသည်ဟု သိရသည်။ နှလုံးရောဂါရှိသူများအတွက် နှလုံးတုန်ရင်ခုန်ခြင်း၊ မောပန်းခြင်းတို့ကို သက်သာပျောက်ကင်းချမ်းသာစေသည်။

တရုတ်လူမျိုးတို့က ငှက်သိုက်ကို သက်ဆိုင်ရာ ဆေးဖက်များဖြင့် ရောနှောစပ်ပြီး တစ်နှစ် တစ်ကြိမ် စားပေးလျှင် အနာရောဂါကင်းသည်ဟု ယုံကြည်သဖြင့် အမွှန်အမြတ်ထားကြသည်။

ဆီးနီ၊ ဆီးနည်း၊ ဆီးကျဉ်လျှင် ငှက်သိုက်ကို ရေစိမ်၍ ထိုရေစိမ်ကို သောက်လျှင် ပျောက်၏။ ထမင်းဆာရေဆာမွတ်သိပ်လျှင် ငှက်သိုက်စားက ပြေပျောက်၏။

နွားနို့စစ်စစ် (၅၀) ကျပ်သားတွင် ဇာတိပ္ဖိုလ်သီးတစ်လုံးကို ကုန်အောင် သွေးပြီး မီးတွင်ကျိုပါ။ ခန်းခြောက်ခါနီးတွင် လေးညှင်းမှုန့်တစ်ပဲသား၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၁၅)၊ သည်းခြေရွှေဆေး (၈) ပဲသား၊ ဂလူးကို့(စ်) သကြား (၈) ပဲသား၊ ငှက်သိုက်အမှုန့်(၁) ကျပ်သား သမအောင် မွှေပါ။ ထိုဆေးကို လက်ဖက်ရည်ဇွန်းနှင့် နံနက်၊ ညတစ်ကြိမ်စီကျွေးလျှင် ကလေးများ ပိန်လှီပြီး ဝမ်းမကြာခဏပျက်ခြင်း၊ အားနည်း၍ မကြာခဏဖျားခြင်းကို ပျောက်စေ၍ ကျန်းမာ ဝဖြိုးလာစေပါမည်။

ငှက်သိုက်ကို သံဒယ်ဖြင့် မီးသင်းပြီး အမှုန့်ပြု၍ ပုလင်းတွင် လေလုံစွာထားပါ။ ငှက်သိုက်မှုန့်သည် မားရှ လုံ့ရထိခိုက်ပွန်းပဲ့အနာများကို လျင်မြန်စွာ အနာကျက်စေ၏။ ဖက်ခွက်နာ၊ အသားပုပ်နာများတွင်ထည့်လျှင် လျင်မြန်စွာပျောက်၏။

## ငှက်သိုက်မှတ်တမ်းအကျဉ်း

ငှက်သိုက်လုပ်ငန်းကို လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) ကျော်ခန့်ကပင် လုပ်ကိုင်ခဲ့ပြီး တရုတ်သူဌေးများက လက်ဝါးကြီးအုပ်ခဲ့သည်ဟု မှတ်တမ်းများတွင် ဖတ်ရှုခဲ့ရသည်။ ၁၉၂၁ မှ ၁၉၃၀ အထိ တစ်ဦးတည်း စုဆောင်းပိုင်ခွင့်ပေးပြီး အစိုးရဘဏ္ဍာငွေ ကျပ်နှစ်သောင်းငါးထောင်ခန့် နှစ်စဉ် ပေးသွင်းရသည်။ ၁၉၃၁ မှ ၁၉၄၀ အထိ တစ်နှစ်ပျမ်းမျှ ကျပ်တစ်သောင်းငါးထောင်ခန့်သာရရှိရာ တစ်နှစ်ထက်တစ်နှစ် အစိုးရဘဏ္ဍာငွေ လျော့နည်းလာသဖြင့် သစ်တောဌာနက ငှက်သိုက်စုသိမ်းပိုင်ခွင့်ကို တာဝန်ယူစောင့်ရှောက်ခဲ့ကြောင်းနှင့် သွေးပါသော ငှက်သိုက်တွေ့လျှင် လိုင်စင်ရသူကို စည်းကမ်းဖောက်ဖျက်မှုဖြင့် ဒဏ်ရိုက်ကြောင်း သိရသည်။

လိုင်စင်စည်းကမ်းအရ ငှက်ငယ်များ ထွေးထုတ်သော အာစေးအသိုက်ကိုသာစုယူရမည်ဖြစ်ပြီး သွေးပါအောင် အန်ထုတ်သောအသိုက်ကို မစုဆောင်းရန် တားမြစ်ထားသည်။ (၁၉၅၃ ခုနှစ်၊ မတ်လထုတ် မြန်မာပြည် သစ်တောကြေးမုံစာစောင် အတွဲ ၁၊ အမှတ် ၃ စာမျက်နှာ ၃၇၊ ၃၉)

၁၉၈၂ မှ ၁၉၈၈ အထိ ငှက်သိုက်ကုန်ထုတ် သမဝါယမအသင်းများ ဖွဲ့စည်း၍ လုပ်ကိုင်ခဲ့သည်။ လောင်းလုံးမြို့နယ်တွင် သာယာကုန်းသမ၊ မလိသမ၊ မြိတ်အနောက်မြို့နယ်တွင် ရေအေးကျွန်းစုသမ၊ ကော့သောင်းမြို့နယ်တွင် ကော့ငါးသမနှင့် ကဆိုင်းလှသမတို့ ဖြစ်ကြသည်။

ငှက်သိုက်ပေးသောငှက်ကလေးများ၏ရန်သူဖြစ်သော အသားစားငှက်ရဲများဘေးရန်နှင့် ငှက်သိုက်သူခိုး မသမာသူတို့လက်ချက်မှကင်းဝေးရန် ငှက်သိုက်ကျွန်းများကို ကာကွယ်စောင့်ရှောက်ပေးရန် အရေးကြီးပါသည်။

ထို့အတူ ငှက်သိုက်ထွက်ရာကျွန်းများကို ငှက်မျိုးမပြုတ်အောင် စောင့်ရှောက်ပေးသည့်အနေဖြင့် နှစ်စဉ် တစ်လှည့်စီပိတ်ပေးရသည်။ သို့မှသာ ပိတ်ထားသောကျွန်းများပေါ်၌ ငှက်လေးတို့အနှောင့်အယှက် ကင်းရှင်းစွာ အသိုက်ပြုလုပ် ပေါက်ဖွားနိုင်မည် ဖြစ်ပေသည်။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ရှေးမြန်မာမင်းများ လက်ထက် မြန်မာနိုင်ငံအထက်ပိုင်းတွင် စပါး၊ ဆန် အမြောက်အမြားထွက်၍ ထင်ရှားကျော်စောသော ဒေသ (၄) ခု ရှိသည်။ ယင်းတို့မှာ လယ်တွင်း၊ ချင်းတွင်း၊ တောင်တွင်းနှင့် ဘော်တွင်းဟု အမည်ရသော ဒေသ (၄) ခု ဖြစ်ကြောင်း သိရှိရသည်။

လယ်တွင်းဒေသမှာ မန္တလေးနေပြည်တော်နှင့်စပ်လျက်ရှိသော ကျောက်ဆည်နယ် ဖြစ်သည်။ ရှေးအခါက လယ်တွင်းကိုးခရိုင်ဟု ခေါ်တွင်သည်။ ယင်းဒေသမှ ဆန်ရေစပါး ကောင်းစွာထွက်ရှိသဖြင့် ဘဏ္ဍာတော်ကို ကျီကျတိုက်များသို့သွင်းဆောင်ရကြောင်း၊ တစ်နှစ်လျှင် သုံးသီး လုပ်ဆောင်ရသည်ဟု အဆိုရှိသည်။

ချင်းတွင်းခေါ် တွင်းကြီးမှာလည်း မန္တလေးနေပြည်တော်ရှိ ချင်းတွင်းမြစ်ဝှမ်းနယ်တစ်လျှောက် ဖြစ်သည်။

တောင်တွင်းကြီးခေါ် တွင်းကြီးမှာ ယခု မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ပယ်ပင် ဖြစ်သည်။

ဘော်တွင်းခေါ် တွင်းကြီးမှာ ယခု မန္တလေးသွား မီးရထားများ ဆိုက်ကပ်ရာ ရမည်းသင်းနယ်ပင် ဖြစ်သည်။ အရှေ့ရိုးမနှင့်စပ်လျက် ရှိသည်။ ရှေးအခါက ရေလွှဲ ငါးခရိုင်နယ်ဟု ခေါ်ဆို၍ စပါးကိုလည်း ရေလွှဲငါးခရိုင်စပါးဟု ခေါ်ဆိုကြောင်း သိရှိရသည်။

ယင်း တွင်းကြီး လေးတွင်းတို့၏ စပါးပျိုးပင်နှင့် စပ်လျဉ်း၍-

၁။ ဘော်တွင်းခေါ် တွင်းကြီး၌ စပါးပျိုးပင်မှာ ခုနစ်သိန်း ခုနစ်သောင်း ခုနစ်ထောင့်သုံးရာ နှစ်ဆယ့်နှစ်တင်း ဖြစ်သည်။

၂။ ချင်းတွင်းခေါ် တွင်းကြီး၌ စပါးပျိုးပင်မှာ ငါးသိန်း လေးသောင်း ခုနစ်ထောင့်လေးရာ နှစ်ဆယ့်နှစ်တင်း ဖြစ်သည်။

၃။ တောင်တွင်းခေါ်တွင်းကြီး၌ စပါးပျိုးပင်မှာ လေးသန်းနှစ်သိန်း တစ်သောင်း နှစ်ထောင့်နှစ်ရာ နှစ်ဆယ့်ငါးတင်း ဖြစ်သည်။

၄။ လယ်တွင်းခေါ် တွင်းကြီး၌ စပါးပျိုးပင်မှာ နှစ်သန်းနှစ်သိန်း ငါးသောင်းလေးထောင် ခြောက်ရာ ငါးဆယ့်နှစ်တင်း ဖြစ်သည်ဟု အဆိုရှိသည်။

ထိုတွင်းကြီးလေးတွင်းတို့မှာ စပါးပျိုးပင်မတူသကဲ့သို့ စပါးထွက်မှာလည်း ကွဲပြားခြားနားကြသည်။ ချင်းတွင်းခေါ် တွင်းမှာ စပါးပျိုးပင် အနည်းဆုံးဖြစ်၍ တောင်တွင်းခေါ် တွင်းမှာ အများဆုံး ဖြစ်သည်။ တောင်တွင်းခေါ် တွင်းမှာ လယ်ကွင်းပြင် အများဆုံးဖြစ်၍ ပျိုးပင်လည်း အများဆုံးပင် ဖြစ်သည်။ ယင်းသို့ လယ်ကွင်းပြင် အများဆုံးရှိကြောင်း ရှေးက ဆိုရိုးစကားရှိခဲ့သည်မှာ-


ရေ-စစ်ကိုင်း၊ လှိုင်း-ပုခန်းငယ်
လယ်-တောင်တွင်း၊ စပါး-ရမည်းသင်း
အင်း-တောင်သမန်၊ ကန်- မိတ္ထီလာ ဟူ၍ ဖြစ်သည်။

အထက်တွင်တင်ပြခဲ့သော လယ်တွင်း၊ ချင်းတွင်း၊ တောင်တွင်း၊ ဘော်တွင်းဒေသတို့မှာ မြန်မာမင်းများလက်ထက်က ဆန်ရေစပါး ပေါများကြွယ်ဝအောင် အထောက်အကူပြုခဲ့ပေသည်။

လူသားတို့တွင် ဝတ်မှု၊ နေမှု ဟူသော ကိစ္စနှစ်ရပ်မှာ အရေးကြီးသော်လည်း ဆိုင်းငံ့၍ ရနိုင်ကောင်းသေးသည်။ စားမှုသည်ကား ဆိုင်းငံ့၍ မရနိုင်ပါ။ လူ့လောကတွင် အကြီးဆုံးသော အရေး ဖြစ်သဖြင့် ကျမ်းဂန်များတွင် 'အာဟာရ ပရိယေသန မူလကဒုက္ခ' ဟူ၍ ဖော်ပြထားသည်။ အဓိပ္ပာယ်မှာ 'စားသောက်မှု အာဟာရရှာဖွေရခြင်းသည် အရေးကြီးဆုံးသောဒုက္ခ ဖြစ်သည်' ဟု ဆိုလိုသည်။

သို့ဖြစ်၍ မင်းတို့သည် အာဟာရ ဖြစ်အောင်လုပ်ကြရာတွင် ဆင်းရဲသားတို့နှင့်အတူတကွ လယ်သို့ဆင်း၍ ထွန်မည် ဟူသော ရည်ရွယ်ချက်ဖြင့် လယ်ထွန်မင်္ဂလာပွဲကိုကျင်းပခဲ့ခြင်း ဖြစ်သည်။

# ကုန်းဘောင်ခေတ်က
# တော်ဝင်စပါးစကုပျပ်





www.burmeseclassic.com

www.burmeseclassic.com

ဘုရင်အတွက် ချက်ရသော ဆန်သည်ပင် ပေါ့ပေါ့ဆဆ စိုက်ပျိုးထုတ်ယူရသောဆန် မဟုတ်ကြောင်း သိရှိရသည်။ ဘုရင့်လယ်တော်များဖြစ်ကြသည့် အလွန်သန့်ပြန့်လှသောမြေနေရာ လမိုင်းတော်များမှ လမိုင်းတော်သားများက စိုက်ပျိုးပေးရသောစပါး ဖြစ်သည်။ ဘုရင့်လယ်တော်များမှာ ရွှေနန်းရိုး လမိုင်းလယ်တော်၊ အောင်ပင်လယ် လမိုင်းလယ်တော်များ ဟူ၍ သီးသန့်ထားရှိရသည်။ ထိုလမိုင်းလယ်တော် အတွင်း လင်းတ, ငှက်ဆိုးများ မဝင်မရောက်နိုင်အောင် စောင့်ရှောက်ကြရသည်။

လမိုင်းလယ်တော်များအား အုပ်ချုပ်ရသူများကို လမိုင်းဝန်ဟု ခေါ်ဆိုသည်။ လမိုင်းဝန်သည် လယ်တော်မှ ထွက်ရှိသောစပါးများကို ဘုရင့်ကျီတော်များသို့ သွင်းကြရသည်။ ဘုရင့်ကျီတော်များမှာ ရတနာပုံရွှေမြို့တော် မြောက်ဘက် အလယ်တံခါးအဝင်မြို့ရိုး၏အတွင်း၌ ရှိသည်ဟု သိရှိရသည်။ ဘုရင့်ကျီတော်များကို မစိုးရိမ်၊ မကြောင့်ကြ၊ မတောင့်တ၊ ခန့်တိုင်းရ ဟူသော အမည်တော်များမှည့်ခေါ်ထားသည်။ ယင်းကျီတော်များကို အုပ်ချုပ်ရန်လည်း ကျီဝန်များ၊ ကျီစာရေးများ စသည်ဖြင့် ခန့်ထား သူကောင်းပြုသည်။

ကျီတော်များမှ မလှမ်းမကမ်းအရပ်တွင် မောင်းထောင်းရုံတစ်ခု ရှိသည်ဟု သိရှိရသည်။ မောင်းထောင်းကိရိယာများဖြစ်ကြသော ညှပ်တိုင်မောင်းထုံး၊ မောင်းခုံ၊ ကျည်ပွေ့၊ ဆန်ကော၊ ဆန်ခါ၊ ဇန်း စသည်တို့ကို ရွှေချထားသည်။ ဘုရင့်အတွက် စပါးများကို ကျီတော်မှ ယူ၍ ရွှေဆုံဖြင့်ထောင်းခြင်း၊ ရွှေဆန်ခါဖြင့်ချခြင်း၊ ဆန်လုံးတီးများကို ရွှေဇာဂနာဖြင့် ကောက်ခြင်းတို့ကို ပြုလုပ်ကြရသည်။ မောင်းထောင်းရုံ၌ အမှုထမ်းရသူများကို 'ထောင်းခြင့်' အမှုထမ်းများခေါ်ဆိုကြောင်း မှတ်သားရပါသည်။

**စပါးမှာစကုပျပ်**

'စပါးမှာ စကုပျပ်၊ မယားမှာ တစ်ခုလပ်' ဆိုသော စကားပုံမှာ ထီးနန်းသုံးစပါးများသည် စကုပျပ်ကို သုံးစွဲသဖြင့် စကားပုံရေးသူများက ရေးခဲ့ခြင်းဖြစ်ဟန် ရှိသည်။ ရာဇဝင်များတွင် 'ကောင်းပင်စင်ဆန်' ကိုသုံးစွဲသည်ဟုလည်း တွေ့ရှိရသည်။

ယောမင်းကြီးဟု ထင်ရှားသော ရွှေပြည်ဝန်ကြီးက ဥတုဘောဇနဆေးကျမ်းတွင်-

> 'မင်းတို့သည် လည်းကောင်း၊ ဥစ္စာစည်းစိမ် ပြည့်စုံကြွယ်ဝသောသူတို့သည် လည်းကောင်း သလေးနီ ဟူ၍ ရှေးကခေါ်သော ရတ္တသာလီမည်သောကောက်ကြီးဆန်နီစားကြကြောင်း၊ များစွာသော ဆေးကျမ်းတို့၌လည်း သလေးနီကိုသာ အပြစ်မရှိ ကောင်းသောစပါးမျိုး ဟူ၍ ဆိုကြကြောင်း၊ စာပေကျမ်းဂန်တို့၌လည်း သလေးနီကိုသာ အကောင်းဆုံး ဟူ၍ ဆိုကြကုန်ကြောင်း၊ ယင်း သလေးနီကို မြန်မာလူမျိုးတို့က 'ရွှယ်ကြီး' ဟုခေါ်ကြောင်း၊ ဤအကြောင်းအရာကို မသိသောသူတို့သည် စကုဖြတ်၊ ကောက်ကြီး၊ မြီးတုံး၊ ဘီလူးကျွန်းဆန်၊ ကသည်းဆန်များကို ဆန်ကောင်းပြုလုပ်သုံးစွဲကြကြောင်း၊ မျိုးတော်၊ လက်သည်၊ စောင်း စသည်တို့ကို မင်းစားပွဲတော်ဆန်ပြုလုပ်သုံးစွဲကြသည်'

ဟု ပြဆိုခဲ့သည်။

မုရင်းဆန်မှာ ဆင်းရဲသားများသာ စားသုံးကြသည်။

'မုရင်းဆန် ဟင်းကျန် စားရာက၊ မသေရုံ နပ်မှန်များစေဖို့၊ ရွှေဇလုံဖြပ်ဆန်များကို အားကျ၍ မပြဝံ့ပါပြီကဘူး'

ဟူ၍ စာရေးဆရာတို့ ရေးသားကြသောကြောင့် အလွန်ညံ့သောဆန်ဖြစ်ကြောင်း သိရှိရသည်။

ကုန်းဘောင်ခေတ်က 'စကုပျပ်' စပါးသည် ပွဲတော်ဝင် ကောင်းမွန်သည့်စပါးဖြစ်ကြောင်းကို အောက်ပါ ရွှေလက်ယာ စကုမြို့ဝန်ကို ပေးမှာစာ ပုရပိုက်တွင် တွေ့ရှိရသည်။

> မှာလိုက်သည် ရွှေလက်ယာ သေနတ်ဗိုလ် စကုမြို့ဝန် မင်းခေါင်ကျော်ထင် စစ်ကဲတို့။ ပွဲတော်ဝင် ကောင်းမွန်သည့် စကုပျပ် စပါး ၁၀၀၀ ကို စကုမြို့ဝန်သို့ မှာထား၊ တင်ဆောင် ဆက်သစေ။ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်တင် ဆင်ရွက်ရသည်ဖြစ်၍၊ မှာစာပေးအပ်လိုက်သည်။ ရော့် (ရောက်) လျှင် စကုမြို့ရှိ စပါးတော်က ပွဲတော်ဝင်ရလော့် (လောက်) လျှင်လည်း၊ ပွဲတော်ဝင် စကုပျပ်စပါး ၁၀၀၀ ကို စပါးတော်က တင်ဆောင် ဆက်သရမည်။
>
> စပါးတော်က ပွဲတော်ဝင်စပါး မရလော့် (လောက်) လျှင်လည်း ပွဲတော်ဝင် ကောင်းမွန်သည့်စပါး ၁၀၀၀ ကို သင့်ရာလဲထပ်ခံဝယ်၍ နေ့ရက်မကြန့်ကြာစေရ၊ ရွှေဘဝါးတော်အော့် (အောက်) တင်ဆောင်ဆက်သရမည်။ ပွဲတော်ဝင် စကုပျပ်စပါး ၁၀၀၀ မည်သည့်စပါးက ဆက်သရသည်၊ လှည်း လှေ စရိတ်မည်မျှကုန်ကျသည်များနှင့် စကုမြို့ရှိ စပါးတော်စာရင်းများကို တင်ပေး လျှော့် (လျှောက်) ထားလိုက်ရမည်။'
>
> သက္ကရာဇ် ၁၂၃၁ ခု၊ ပြာသိုလပြည့်ကျော်ဆယ်ရက်နေ့ တောင်ဥယျာဉ်တော်ကို ထွက်တော်မူရာ ဝန်ရှင်တော် ပုခန်းကြီးမြို့စားမင်း၊ ယောမြို့စားအတွင်းဝန်မင်း၊ ဝန်ထောက်တော် ကင်းဝန်မင်းတို့ အစုံအညီ အမိန့်တော်ကို ဦးထိပ်တင် ဆောင်ရွက်ရသည့် မှတ်သားချက်ဆို၍ စာရေးကြီးဦးပိုင်ကို အစီရင်ခံပြီးလျှင် စာရေးတော် ဦးပိုင်ဆင့် ငင်း ၁၁ ရက်နေ့ မြို့ခံ သောဘူးသို့ ပေးအပ်သည်။

မြို့ခံ ဆိုသည်မှာ အဝေးမြို့ဝန်များနှင့် နေပြည်တော်အကြားတွင် ဆက်သွယ်သွားလာ အမှုထမ်းရန် ထားသောသူများကို ဆိုလိုကြောင်း မှတ်သားရပါသည်။

အထက်ပါ ပုရပိုက်ကို လေ့လာခြင်းဖြင့် မင်းတုန်းမင်းလက်ထက်တွင် စကုပျပ်စပါးသည် ပွဲတော်ဝင်စပါးဖြစ်ကြောင်း၊ ယင်းပွဲတော်ဝင်စပါးကို စကုမြို့ရှိ စပါးတော်က တင်ယူ ဆက်သရကြောင်း၊ တစ်ခါတင်ပို့လျှင် စပါးတင်း တစ်ထောင် တင်ပို့ရကြောင်း၊ စကုပျပ်စပါးဝယ်မရလျှင်မှ အခြားကောင်းမွန်သောစပါးကို ဝယ်ယူဆက်သရကြောင်း သိရှိရပါသည်။ စကုပျပ်ဆန်သည် မင်းသုံးဆန် ဖြစ်ကြောင်း၊ စကုပျပ်စပါးကို လမိုင်းလယ်တော်များတွင် စိုက်ပျိုးထုတ်လုပ်ကြောင်း တင်ပြလိုက်ပါသည်။

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး**


၁။ ဒေါက်တာကျော်ဝင်း၊ သမိုင်းအတွေးစများနှင့်ဖတ်စရာ၊ ရန်ကုန်၊ ကံ့ကော်ရနံ့စာပေ၊ ၂၀၀၇။

၂။ မြကေတု၊ နန်းဓလေ့မှတ်တမ်းများ၊ ရန်ကုန်၊ နှလုံးလှစာပေတိုက်၊ ၁၉၆၆။

၃။ ရွှေပြည်ဦးဘတင်စာစု။




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ငယ်စဉ်အခါက တည်းကစပြီး ယခုအချိန်ထိ အိပ်မက်များကို မကြာခဏ မြင်မက်တတ်သည်။

အထူးသဖြင့် ငယ်စဉ် ကလေးဘဝက မြင်မက်ခဲ့ဖူးသော အိပ်မက်အချို့မှာ ရွှေထည်၊ ငွေထည်ပစ္စည်းများကို မကြာခဏ ရရှိတတ်ခြင်းများလည်း ပါဝင်ပါသည်။ ထိုကဲ့သို့ရရှိသည့်အခါမျိုး

ချစ်ဆိုင်

လူမိုက်နောင်တ
နောင်မှ မတ,ကြရလေအောင်



တွင် ကျွန်ုပ်က အိပ်မက်မက်နေခြင်းဖြစ်ကြောင်းကိုလည်း အလိုလိုနေရင်း စိတ်ထဲက သိနေပြန်သေးသည်။ ထိုအခါမျိုးတွင် အိပ်မက်က လန့်နိုးလာသောအခါ ယခုရရှိထားသော ရတနာပစ္စည်းတို့ကို ပျောက်ပျက်မသွားစေရန်အတွက် လက်ထဲတွင် အသေအလဲဆုပ်ကိုင်ထားတတ်ပါသည်။

သို့သော်လည်း အိပ်မက်မှနိုးလာသောအခါ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသောလက်များကိုသာ တွေ့ရပြီး လက်ထဲတွင်ကား ဘာရတနာပစ္စည်းမှ ကျန်ရှိမနေကြောင်း မြင်တွေ့ရပါတော့သည်။ ထိုသို့သော အိပ်မက်မျိုးကို ကျွန်ုပ်က မကြာခဏ မြင်မက်ခဲ့ဖူးပါသည်။ မြင်မက်ခဲ့မိတိုင်းလည်း လက်ထဲတွင် အသေအလဲဆုပ်ကိုင်ထားမိမြဖြစ်သည်။ နောက်ဆုံးမှာတော့ ဘာမှပြစရာမကျန်ရှိခဲ့ပါ။ ဆိုချင်သည်မှာ အိပ်မက်နဲ့လက်တွေ့သည် တခြားစီ ဖြစ်ခဲ့ရသည်။ ထပ်တူထပ်မျှ ဟူ၍ တစ်ခါမှမဖြစ်ခဲ့ဘူးပေ။

သို့သော်လည်း ကျွန်ုပ် ယခုရေးသားတင်ပြမည့် အိပ်မက်သည်ကား ထိုကဲ့သို့ မဟုတ်။ အိပ်မက်ထဲကအတိုင်း လက်တွေ့တွင် တစ်ထပ်တည်း ဖြစ်ခဲ့ရသည်။ ဘဝတစ်လျှောက်လုံး အိပ်မက်နဲ့လက်တွေ့ ထပ်တူဖြစ်ခဲ့ရဖူးသည်မှာ ဒီတစ်ကြိမ်သာ ဖြစ်ပါသည်။ တစ်ကြိမ်သာ မြင်မက်ခွင့်ရပြီး ရရှိလာသော ထိုပစ္စည်းအပေါ်ကိုလည်း ကျွန်ုပ်၏မိုက်မဲမှုကြောင့် ဘဝတစ်လျှောက်လုံး ယူကျုံးမရနိုင်လောက်အောင် နောင်တတရားများ ကြီးမားစွာဖြင့် ယနေ့ထက်ထိတိုင် ခံစားနေရဆဲ ဖြစ်သည်။

ထိုအကြောင်းများကို တင်ပြရသော်. . .။

❂

၁၉၈၁ ခုနှစ်က ဖြစ်ပါသည်။

ကျွန်ုပ်တို့ တပ်ရင်း တစ်ရင်းလုံး ခလရ (၂၈) လှိုင်းဘွဲ့မြို့တွင် ရိက္ခာထုတ်ယူပြီးသောအခါ လှိုင်းဘွဲ့မြို့၏ မြောက်ဘက်ခြမ်းတွင်ရှိသော ကွမ်ဘီ၊ ပိန္နဲတောရွာဘက်ဆီသို့ ချီတက်ခဲ့ကြပါသည်။ ပိန္နဲတောရွာသို့ နေ့ခင်းကြောင်တောင်ကြီးရောက်ရှိခဲ့ပြီး ရွာသို့ရောက်သည်နှင့် ပတ်လည် ခံစစ်ဆင်ကာ ပစ်ကျင်းကိုယ်စီတူးကြရလေတော့သည်။

ထိုစဉ်အခါက အဆိုပါ ဒေသတစ်လျှောက်တွင် ကေအင်ယူ အကြမ်းဖက်သောင်းကျန်းသူများနှင့် မကြာခဏ ဆိုသလို ကြီးမားပြင်းထန်သောတိုက်ပွဲကြီးများကို ရင်ဆိုင်တိုက်ခိုက်ရတတ်လေ့ရှိပါသည်။ ကျွန်ုပ်တို့ စစ်ကြောင်းများ အနေဖြင့်လည်း မည်သည့်နေရာတွင် မည်သည့် အချိန်မျိုးမှာပဲရောက်ရောက် ရောက်သည်နှင့် နေ့နေ့၊ ညည နေပူမိုး ရွာမရှောင် ပစ်ကျင်း ကိုယ်စီတူးကြရ သည်သာ ဖြစ်သည်။

ပစ်ကျင်းတူးပြီးသောအခါ ကျွန်ုပ် က မောမောနဲ့ လူမရှိသည့်နေအိမ်တစ် လုံး၏အောက်ထပ်တွင် ခြေပစ်လက်ပစ် ပက်လက်လှန်ပြီး အမောဖြေလိုက်ပါ သည်။ လူနေအိမ်၏အောက်ထပ်မှာ မြေပြင်နဲ့ (၄) ပေ နီးပါးခန့် မြင့်ပါသည်။ လူတစ်ယောက်က မြေကြီးပေါ်တွင်ရပ် ပြီး လာကြည့်ပါက ရင်ဘတ်နေရာ လောက်ကိုသာ မြင်တွေ့ရမည့် အနေ အထား ဖြစ်ပါသည်။

ထိုရွာသို့ ကျွန်ုပ်တို့ရောက်ရှိလာ သောအချိန်မှာ လယ်သမားများ စပါး ရိတ်သိမ်းနေချိန် ဖြစ်ပါသည်။ လယ် သမားအများစုမှာ လယ်ထဲသို့ ညဥ့်အိပ် ညဥ့်နေသွားပြီး အလုပ်လုပ်ကြချိန်ဖြစ် ၍ ရွာထဲတွင် လူမရှိသလောက် ဖြစ်နေ ပါသည်။ ကျွန်ုပ်အိပ်နေသည့်နေအိမ်၏ ဘေးပတ်လည်အိမ်များတွင် လူများ မနေကြပါ။

ကျွန်ုပ်သည် ဖျာကြမ်းတစ်ချပ် ပေါ်တွင် သစ်သားခေါင်းအုံးကလေး အုံးပြီး အမောဖြေနေစဉ် လေကလေး ကလည်း တဖြူးဖြူး တိုက်ခတ်နေပါသ ဖြင့် ဆက်ရက်မင်းစည်းစိမ်တမျှ ခံစား ရင်း မကြာခင် အိပ်ပျော်သွားခဲ့ရပါတော့ သည်။ အိပ်ပျော်သွားသည်ဟုသာ ပြော လိုက်ရသော်လည်း အမှန်စင်စစ် အိပ် ပျော်သလို၊ မပျော်သလို ဇဝေဇဝါအနေ အထားမျိုးဟုပြောလျှင် ပိုပြီး မှန်ပေ မည်လား မဆိုနိုင်ပါ။

ထိုကဲ့သို့ အိပ်မပျော်တပျော်ဖြစ် နေစဉ် ကျွန်ုပ်၏ညာဘက်ခေါင်းရင်း လောက်တွင် ဝတ်ဖြူစင်ကြယ်နှင့် ... တော်တစ်ပါးရောက်ရှိလာကြောင်း ... တရက် မြင်တွေ့လိုက်ရပါတော့သည်။ ဦးခေါင်းကိုလည်း ပိတ်ဖြူစဖြင့် ... ထားခြင်းဖြစ်ပြီး ယောဂီတဘက်ခြုံ ... မှာလည်း အဖြူရောင်ပင် ဖြစ်ပါသည်။ အဖြူရောင်ဟု ဆိုရသော်လည်း ... ဆွတ်ဖြူနေခြင်းမျိုး မဟုတ်ပါ။ ... အခါက ပေါ်ပလင်အဖြူရောင်ပိတ် ... အပြာရောင်မဲနယ်ခပ်ဖျော့ဖျော့ ...



www.burmeseclassic.com

www.burmeseclassic.com

ထားသကဲ့သို့ ဖြစ်ပါသည်။ ခြုံငုံပြီးကြည့်လျှင် အပြာရောင် အနည်းငယ်မျှသန်းထားသော ပေါ်လွင်ထင်ရှား သန့်ရှင်းသပ်ရပ်လှသည့် ဝတ်ဖြူစင်ကြယ်ကြီးပင် ဖြစ်ပါသည်။

ထိုဘိုးတော်၏ အသားအရေမှာ ကြည်လင်ဝင်းပနေပြီး အသက် (၆၀) လောက် ရှိမည်ဟု ခန့်မှန်းရပါသည်။ မျက်ခုံးမွေးမှာလည်း ပေါ်လွင်ထင်ရှားလှပါသည်။ ကျွန်ုပ်သည် ဘိုးဘိုးအောင်ကို မမြင်ဘူးပါ။ သို့သော် ယခု ကျွန်ုပ်အနားသို့ရောက်နေသူမှာ ဘိုးဘိုးအောင်များဖြစ်လေမလားဟု ယနေ့ထက်တိုင် ယုံကြည်ချင်စိတ်များ ဖြစ်ပေါ်လျက်ရှိနေဆဲပါ။ ကျွန်ုပ်သည် အိပ်နေရင်းက ညာဘက်သို့ အနည်းငယ်မျှစောင်းပြီး ကြည့်လိုက်ရာ သူ၏ဒူးဆစ်အထိ မြင်တွေ့ရပါသည်။ သာမန်အားဖြင့် ရင်ဘတ်အဆင့်လောက်ကိုသာ မြင်တွေ့ရမည်ဖြစ်ရာ အဆိုပါ ဘိုးတော်မှာ လေပေါ်တွင်ရပ်နေကြောင်း ထင်ရှားနေပါသည်။

လည်ပင်းတွင် ဆီးဖြူသီးအလတ်စားအရွယ်မျှရှိသော မည်းနက်နေသည့် ပုတီးတစ်ကုံးကို ဆွဲထားသည်။ သူ၏ ညာဘက်လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကိုကိုင်ထားပြီး ဘယ်ဘက်လက်တွင် အရှည်အားဖြင့် (၂) တောင်ကျော်ကျော်လောက်ရှိမည့် လက်ဖွဲ့ကြိုး နှစ်ချောင်းကို မြှောက်ပြီးကိုင်ထားသည်။

ကျွန်ုပ်သည် ထထိုင်ပြီး ဘိုးတော်အား ကြိုဆို နေရာပေးရကောင်းမှန်း၊ စကားဦးကြိုဆိုကာ ပြောဆိုရကောင်းမှန်း သိပင်သိသော်လည်း ဘာတစ်ခုမှ မလုပ်ဖြစ်ဘဲ ကြောင်တောင်တောင် အ, တတနဲ့ အံ့အားတသင့်ရှိနေစဉ် ဘိုးတော်က သူ၏လက်ဖွဲ့ကြိုးနှစ်ချောင်းကို မြှောက်ပြီးကိုင်ထားရာမှ-

'ရော့- သားတော်ကြီး၊ ဟောဒီ လက်ဖွဲ့ကြိုးကို ဆောင်ထား'

ဟု ပြောပြီး ကျွန်ုပ်အား လှမ်းပေးပါတော့သည်။

ကျွန်ုပ်သည် ထထိုင်ပြီး လက်ခံရယူရမည့်အစား ယခင်ကကဲ့သို့ပင် အံ့အားသင့်စွာဖြင့် ဆက်ကာ ကြည့်နေမိပြန်ပါသည်။ ကျွန်ုပ်၏ခန္ဓာကိုယ်သည် ဘိလူးစီးထားသကဲ့သို့ ပြောဆိုလှုပ်ရှား၍ မရခြင်း မဟုတ်ပါ၊ ဘာလုပ်၍ဘာကိုင်ရမှန်းမသိနိုင်အောင် တအံ့တဩဖြစ်နေခြင်းသာ ဖြစ်ပါသည်။ ထိုကဲ့သို့ရှိနေစဉ် ဘိုးတော်က လက်ဖွဲ့ကြိုးနှစ်ချောင်း





www.burmeseclassic.com

www.burmeseclassic.com

အား ကျွန်ုပ်၏ခေါင်းရင်းတွင် ချပေးလိုက်ပါတော့သည်။ ထိုသို့ ချပြီးသည်နှင့် ဘိုးတော်မှာလည်း ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပြီး ကျွန်ုပ်မှာလည်း လန့်နိုးလာကာ ချက်ချင်းပင် ထထိုင်မိပါတော့သည်။

ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသောအခါ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါ။ ခေါင်းရင်းကို ငုံ့ကြည့်မိသောအခါ ဘိုးတော် ချထားပေးခဲ့သောနေရာတွင် အိပ်မက်ထဲက တွေ့ခဲ့ရသည့်အတိုင်း လက်ဖွဲ့ကြိုးနှစ်ချောင်းက ခွေခွေကလေးရောက်ရှိလို့နေပါသည်။ ထူးခြားအံ့သြဖွယ်ကောင်းလွန်းလှပါတော့သည်။ ဒါက အိပ်မက်လား၊ တကယ်လား ဝေခွဲရန်ပင် ခက်ခဲလှပါတော့သည်။

အိပ်မက်ကတော့ အိပ်မက်ပါပဲဗျာ။ ဒါပေမယ့် အိပ်မက်နဲ့လက်တွေ့က တစ်ထပ်တည်းကျလို့နေပါတော့သည်။ သူများကိုသွားပြီးပြောပြဖို့ပင်လျှင် အတော်ကလေးကို စဉ်းစားရမည့်အနေအထား ဖြစ်နေပါတော့သည်။ ပြောမယ့် ကြံဖူးမှသိ ဆိုတာ ဒါမျိုးများပင် ဖြစ်ပါမည်။

လက်ဖွဲ့ကြိုးအားကိုင်ပြီး ကြည့်မိသောအခါ ကြိုးတစ်ချောင်းတည်းမှာ လက်ဖွဲ့လိပ်တစ်ခုချင်းစီထည့်ပြီး သီကုံးထားသော လက်ဖွဲ့ကြိုးက တစ်ချောင်း။ နောက်တစ်ချောင်းမှာ ထိုကဲ့သို့ မဟုတ်ဘဲ ကြိုးနှစ်ချောင်းကို ပူးထားပြီး ပထမအထုံးကလေး ထုံးလိုက်သည်၊ ပြီးလျှင် လက်ဖွဲ့လိပ်နှစ်ခုအား ထွက်နေသော ကြိုးနှစ်ချောင်းထဲသို့ တစ်ခုစီ ထည့်သည်။ စုံတွဲထည့်ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ စုံတွဲထည့်ပြီးသောအခါ ကြိုးနှစ်ချောင်းအား တစ်ခါထုံးပြန်သည်။ ဤသို့ဖြင့် တစ်ခါထည့်လျှင် လက်လိပ်နှစ်ခုစီဖြင့် စုံတွဲထည့်ကာ သီကုံးထားခြင်းဖြစ်သည်။ လက်ဖွဲ့လိပ်မှာ တစ်လက်မကျော်ကျော်လောက်ရှည်ပြီး ကြေးပြားများဖြင့် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် လက်ဖွဲ့ကြိုးများအားယူပြီး တပ်စိတ်သို့ပြန်ရောက်သောအခါ ကျောပိုးအိတ်ထဲသို့ အခြားသော အဝတ်အစားများနှင့် ရောထွေးကာထည့်ထားလိုက်ပါသည်။ ထိုလက်ဖွဲ့ကြိုးရရှိခြင်းကိုလည်း မည်သည့်စစ်သည်မျှ မသိကြပါ။ သိ၍ လာယူသွားကြလျှင်လည်း ကျွန်ုပ်က နှမြောနေမည် မဟုတ်ပါ။ အကြောင်းမှာ ထိုစဉ်အခါကရှိသော ကျွန်ုပ်၏စိတ်ရင်းမှ ထိုလက်ဖွဲ့ကြိုးအပေါ်တွင် တန်ဖိုးထားရကောင်းမှန်း၊ လေးစားရကောင်းမှန်း သိသလိုလိုရှိခဲ့သော်လည်း အမှန်စင်စစ် လေးလေးနက်နက် မရှိခဲ့ပါ။ သို့ဖြစ်၍လည်း တရော်ကင်ပွန်းနှင့်လည်း မလျှော်ပါ။ သီးသီးသန့်သန့် သန့်သန့်ရှင်းရှင်းလည်း မထားခဲ့ပါ။

စစ်ကြောင်းချီတက်ရစဉ်အခါမှာတော့ တစ်ခါတစ်ရံ လည်ပင်းမှာ လွယ်၍တစ်မျိုး၊ ခါးမှာချည်၍တစ်ဖုံ၊ ပခုံးမှာစလွယ်သိုင်း၍တစ်နည်း စသဖြင့် အမျိုးမျိုး သယ်ဆောင်ခဲ့ပါသည်။ အများစုကတော့ဖြင့် ကျောပိုးအိတ်ထဲမှာ ဒီအတိုင်း လုံးထွေးပြီး ပါလာရသည်က များပါသည်။

ထိုစဉ်က ကျွန်ုပ်၏အထင်အရ အဆိုပါလက်ဖွဲ့ကြိုးမှာ အထက်ပုဂ္ဂိုလ်များက ပေးသနားသည်ဖြစ်၍ သေနတ်တော့ လွဲမည်၊ ဒီလောက်ပဲ စိတ်ထဲကရှိခဲ့သည်။ ဒိထက်ပို၍ ဘာတစ်ခုမှ လေးလေးနက်နက်မထားခဲ့ပါ။

တစ်နေ့တွင် ကျွန်ုပ်က အကြံတစ်ခု ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုအကြံမှာ အဆိုပါလက်ဖွဲ့ကြိုးကိုဆောင်ပြီး ဖဲဝိုင်းသို့သွားကာ ဖဲရိုက်ရန် ဖြစ်သည်။ ကျွန်ုပ်တို့ လှုပ်ရှားစစ်ကြောင်းမှာ ရွာများသို့ ညအိပ်တည်းခိုကြရပြီ ဆိုသည်နှင့် အထက်အရာရှိများမသိအောင် ကျိတ်ဝိုင်းကလေးကတော့ ရှိတတ်စမြဲပါ။

ထိုစဉ်အခါက ကျွန်ုပ်၏အခြေအနေမှာ နောက်တန်းမှ လစာပေးများ တက်လာကြသော်လည်း ကျွန်ုပ်အတွက်ကတော့ လစာငွေက မပါပါ။ နောက်တန်းရှိ ကျွန်ုပ်၏ဇနီးသည်က ထုတ်ယူထား၍ ဖြစ်သည်။ ဇနီးသည်ပို့ပေးသော ဆေးလိပ်နှင့် စားစရာလောက်ဖြင့်သာ တင်းတိမ်ရောင့်ရဲနေရပါသည်။ ပင်ပန်းနွမ်းနယ်မှုကြောင့် တစ်ခါတစ်ရံ အရက်သောက်ချင်လျှင် သူငယ်ချင်း လူပျိုစစ်သည်များထံ ကပ်ပြီးသောက်ရသောအခြေအနေ ဖြစ်ပါသည်။

သို့ဖြစ်၍ အရက်ဖိုးငွေ ရရှိဖို့အရေး ထိုလက်ဖွဲ့ကို အသုံးချပြီး ဖဲဝိုင်းသို့သွားရန် စီစဉ်ဖြစ်တော့သည်။ ညကင်းချိန်ပြီးသည်နဲ့ အဆိုပါ လက်ဖွဲ့ကြိုးနှစ်ချောင်းကို ထိပ်စ၏တစ်ဖက်တွင်ကိုင်ကာ အပေါ်သို့ ဝှေ့ယမ်းလိုက်သည်။ တစ်ဆက်တည်းမှာပင် 'ငါ ဖဲသွားရိုက်မယ်ဟေ့။ (၅) ကျပ်၊ (၁၀) နိုင်ရင် တော်ပြီ။ နိုင်အောင်လုပ်ပေးပါ' ဤကဲ့သို့ ကြုံးဝါးပြီး ဖဲဝိုင်းသို့သွားကာ ဝင်ရိုက်သည်။ (၅) ကျပ်၊ (၁၀) နိုင်သည်နှင့် အနိုင်နှင့်ပိုင်းကာ တပ်စိတ်ကိုပြန်ခဲ့တော့သည်။

ထို (၅) ကျပ်၊ (၁၀) မှာ ကျွန်ုပ်၏တစ်နေ့တာအတွက် အရက်ဖိုးကား လုံလောက်ရုံတင်မကဘဲ နောက်နေ့စာအတွက်ပါ ဖူလုံသွားခဲ့ရပါတော့သည်။ ရမှန်းသိသောအခါ အခါအခွင့်သင့်တိုင်း ဖဲဝိုင်းကိုသွားဖြစ်တော့သည်။ သွားတိုင်း နိုင်သည်။ အနည်းဆုံး (၅) ကျပ်ကတော့ နိုင်သည်။ အရက်တစ်ပုလင်းမှ (၅)ကျပ် တည်းပါ။ ကျွန်ုပ်ကလည်း ဒိထက်ပို၍ မနိုင်ချင်ပါ။ လောဘမကြီးတာလည်း ပါသည်။ အရက်ဖိုးဆိုသည့်အတိုင်း တစ် နေ့တာ အရက်ဖိုးရလျှင်ကျေနပ်ပြီ ဖြစ် သည်။ ယခင်အခါက သူများဆီကပ်၍ သောက်ရသည်ဖြစ်ရာ အရက်သောက် မှု ကျဲခဲ့သော်လည်း ယခုအခါမှာတော့ အရက်သောက် စိပ်ခဲ့တော့သည်။

ထိုကဲ့သို့ သွားဖန်များပြီး ဝှေ့ယမ်း ဖန်များလာသောအခါ တစ်ညတွင် ဝှေ့ ယမ်းနေရင်းက စုံတွဲသီကုံးထားသော လက်ဖွဲ့ကြိုးတစ်ချောင်းမှာ လက်ထဲက နေ လွတ်ထွက်သွားပါတော့၏။ ကျွန်ုပ် လည်း ညအချိန်ဖြစ်နေသည်က တစ် ကြောင်း၊ ပြန်ရှာလိုချင်စိတ်မရှိသည်က တစ်ကြောင်းတို့ကြောင့် ဒီအတိုင်းထား ပစ်ခဲ့ပါတော့သည်။ နောက်တစ်နေ့ မိုး လင်းလာသောအခါတွင်လည်း ကျွန်ုပ် က သွားပြန်မရှာခြင်းဖြင့် ပျောက်ဆုံး ခြင်းအဆင့်သို့ ရောက်ရှိသွားခဲ့ရပါတော့ သည်။

တစ်ချောင်း ပျောက်သွားသော် လည်း တစ်ချောင်းက ကျန်နေပါသေး သည်။ ထိုကျန်နေသေးသည့် လက်ဖွဲ့ တစ်ချောင်းဖြင့် ကျွန်ုပ်က ဆက်လက် အသုံးချခဲ့ရာ နိုင်တစ်ခါ၊ ရှုံးတစ်လည် ဖြစ်ခဲ့ရတော့သည်။ နိုင်သည့်အခေါက် က များနေ၍သာ တော်သေးသည်။

ဒီလိုနဲ့ ရှေ့တန်းစစ်ဆင်ရေး ပြီး ဆုံးသွားသောအခါ နောက်တန်းသို့ပြန် လည်ရောက်ရှိခဲ့ရပါတော့၏။ နောက် တန်းသို့ပြန်ရောက်သောအခါတွင်လည်း အခြားသော အဝတ်အစား အစုံ လုပ်များနှင့် လက်ဖွဲ့ကြိုးအား ရောထွေး ကာ ကျောပိုးအိတ်ထဲမှာပင် ထည့်ထား ပြီး နေအိမ်၏ထောင့်တစ်ထောင့်တွင် ဒီ အတိုင်း ပစ်ထားခဲ့သည်။

တစ်နေ့တွင် ကျွန်ုပ်က တပ်ခွဲ သွားကာ လုပ်စရာရှိသည်များကို လုပ်ရသည်။ နေ့လယ် ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ရောက်သောအခါ နေအိမ်သို့ပြန်ခဲ့၏။ နေအိမ်သို့ပြန်လာသောအခါ အခြားသော အိမ်ထောင်သည်လိုင်းများ အကြားတွင် ဖြတ်ပြီးပြန်လာရခြင်း ဖြစ်သည်။ ထိုကဲ့သို့ ဖြတ်လာရစဉ် တစ်နေရာသို့ရောက်သောအခါ လိုင်းခန်းတစ်ခန်းအတွင်းမှနေပြီး ခေါ်သံတစ်ခု ထွက်ပေါ်လာပါသည်။

"ဟေ့- သားတော်ကြီး၊ ဒီကိုခဏလာခဲ့ဦး"

ထိုအသံကိုကြားသည်နှင့် ကျွန်ုပ်က ရှေ့နောက်ဝဲယာများကို လှည့်ပတ်ပြီး ကြည့်ဖြစ်သည်။ အနီးအနားတွင် မည်သူ့ကိုမျှ မတွေ့ရပါ။ ထိုအခါ လာခဲ့ဦးဟု ခေါ်နေသူမှာ ကျွန်ုပ်အားခေါ်နေလေသလားဟု စိတ်ထဲမှ ဇဝေဇဝါဖြစ်နေစဉ်-

"မင်းကိုခေါ်နေတာကွ၊ မင်းကိုခေါ်နေတာ။ ဒီကိုလာခဲ့ဦး"

ဟု ထပ်ပြီးခေါ်နေသည်ကို တွေ့ရပါလေတော့သည်။ အသံလာရာဆီသို့ လှမ်းကြည့်ပြန်တော့လည်း ရဲမေအချို့က ကျွန်ုပ်ကိုဝိုင်းကြည့်နေသဖြင့် ကျွန်ုပ်ကလည်း ဒါ သေချာပြီ၊ ငါ့ကိုခေါ်တာပဲဟု တွေးကာ ထိုလိုင်းခန်းထဲသို့ ဝင်သွားဖြစ်ပါတော့သည်။ ရောက်သွားသောအခါ အဘွားကြီးတစ်ယောက်က တင်ပျဉ်ခွေထိုင်ထားပြီး လက်များက ခါးကိုထောက်ထားသည်။ တစ်ကိုယ်လုံးမှာ တုန်ယင်နေသည်။ သူ၏ရှေ့တွင်ကား ရဲမေ လေး၊ ငါးယောက်က ထိုင်ပြီးကြည့်နေသည်။ ထိုအခါ ကျွန်ုပ်၏စိတ်ထဲတွင် ဒါ နတ်ပူးနေတာပဲဖြစ်မည်ဟု သုံးသပ်လိုက်ပါသည်။ နတ်ပူးခြင်းကို ကျွန်ုပ်က တစ်ခါမှ မြင်ဖူးခဲ့သူ မဟုတ်ပါ။ ယခုတွေ့ရခြင်းသည် ပထမဦးဆုံးအကြိမ်ပင် ဖြစ်ပါတော့သည်။

ကျွန်ုပ်က နတ်ကတော်ရှေ့သို့ ဝင်ထိုင်လိုက်သည်နှင့်-

"သားတော်ကြီးကို ပေးထားတဲ့ ပစ္စည်းတွေကို အခုထိ တရော်ကင်ပွန်းတွေနဲ့ မဆေးရသေးဘူး မဟုတ်လား"

ဟု စပြီးပြောပါလေတော့သည်။

ထိုအချိန်ထိ လက်ဖွဲ့ကြိုးကို ဦးတည်ပြီးပြောဆိုနေကြောင်း ကျွန်ုပ်က မသိသေးပါ။ ကျွန်ုပ်က ဘာပြန်ပြောရမည်မှန်းမသိနိုင်အောင် ကြောင်တောင်တောင်နဲ့ဖြစ်နေစဉ်-

"သားတော်ကြီးကို ရှေ့တန်းမှာ ပစ္စည်းနှစ်ခု ပေးခဲ့တာလေ။ တစ်ခုက မရှိတော့ဘူးလေ။ ကျန်တဲ့တစ်ခုကလည်း ဒီအတိုင်းပဲ အိမ်ထောင့်မှာ လုံးထွေးပြီးပစ်ထားတယ် မဟုတ်လား"

ဟု ပြောပါလေတော့သည်။

ကျွန်ုပ်သည် ထိုအခါမှသာ ရှေ့တန်းတွင် အိပ်မက်ထဲကရရှိခဲ့သော လက်ဖွဲ့ကြိုးနှစ်ချောင်းကို ပြောနေမှန်း သိရပါတော့သည်။ နတ်ဝင်ပူးနေသည့် အဘွားကြီးမှာ ကျွန်ုပ်တို့၏တပ်ရင်းထဲက မဟုတ်ပါ၊ မြို့ထဲက ဖြစ်ပါသည်။ တပ်ထဲကပဲ ဖြစ်စေဦးတော့၊ အဆိုပါ လက်ဖွဲ့ကြိုးနှစ်ချောင်း ရရှိခဲ့ရခြင်းကို ကျွန်ုပ်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ မသိရှိကြပါ။ ကျွန်ုပ်၏ဇနီးသည်ပင် မသိသေးပါ။ ယခုအခါ အဘွားကြီးက သိနေသည်။ အံ့ဩဖွယ်ကောင်းလေစွ။

"ဟုတ်ကဲ့ပါ၊ ဒီနေ့ပဲ တရော်ကင်ပွန်းတွေရှာပြီး ဆေးကြောလိုက်ပါ့မယ်"

ဟု တိုတိုတုတ်တုတ်ပြန်ဖြေလိုက်ရပါသည်။ ကျွန်ုပ်သည် နတ်ဝင်သည်အား ယခုမှသာ တွေ့ဖူးသူဖြစ်၍ မပြောတတ်မဆိုတတ်၊ မမေးမြန်းတတ်ဘဲ ရှိနေရပါသည်။

ထိုအခါ နတ်ဝင်သည် အဘွားကြီးက-

"အဲဒါကို သေသေချာချာဆောင်ထားပါ။ ပြီးတော့ အရက်ကိုမသောက်ပါနဲ့တော့။ ပြီးတော့ ညတိုင်း ဘုရားရှိခိုးပြီးအိပ်ပါ"

ဟု ပြောလို့အပြီး ကျွန်ုပ်ကလည်း 'ဟုတ်ကဲ့ပါ' ဟု ဆိုကာ နေအိမ်သို့ပြန်ခဲ့ပါတော့သည်။ နေအိမ်သို့ရောက်သောအခါ ဇနီးသည်အား တရော်ကင်ပွန်းများရှာခိုင်းကာ ထိုနေ့ ညနေမှာပင် လက်ဖွဲ့ကြိုးအား ဆေးကြောသန့်စင်ခဲ့ပါသည်။

ကျွန်ုပ်သည် ထိုအချိန်အထိ မည်သည့်ပုဂ္ဂိုလ်က ပေးခဲ့မှန်းလည်း မသိ၊ မည်ကဲ့သို့ဆောင်ထားပြီး မည်သည့်နေရာမှာအသုံးချရမည် ဆိုသည်ကိုလည်း မသိခဲ့ပါ။

ဒီလိုနဲ့ ရှေ့တန်းထွက်ခဲ့ရပြန်သောအခါ ထိုလက်ဖွဲ့ကြိုးကလည်း ပြန်ပါလာခဲ့ရပြန်ပါတော့သည်။ ရှေ့တန်းသို့ရောက်သောအခါ စရှိခဲ့ဖူးသောဥာဉ်က သိပ်ပြီးမပျောက်ချင်တော့ပါ။ အခါအခွင့်သင့်သည်နဲ့ ဖဲဝိုင်းရှိရာသို့ စနည်းနာပြီးသွားမိပြန်သည်။ ဝိုင်းထဲဝင်၍ရိုက်သည်။ ရှုံးသည့်အခါရှိသော်လည်း နိုင်သည့်အခါက များပါသေးသည်။ ထိုအခါ နတ်ကတော်ရှေ့တွင် အရက်ကိုမသောက်တော့ပါဘူးဟု အလွယ်တကူပြောခဲ့လင့်ကစား လက်တွေ့မှာတော့ မရပါ၊ ပြန်သောက်ပါတော့သည်။

စစ်ဆင်ရေး၏ပင်ပန်းကြမ်းတမ်းမှုများကလည်း ပါဝင်ပါသည်။ တစ်လမှာ ရက်ပေါင်း (၃၀) ဟုဆိုလျှင် (၂၅) ရက်လောက်တော့ တောတိုး၊ တောင်တက်၊ တစ်ရွာဝင် တစ်ရွာထွက်ဖြင့် ခရီးသွားနေရသည်။ တိုက်ပွဲကလည်း ပြင်းထန်တတ်ပါသည်။ တစ်ခါတစ်ရံ တစ်ရက်၊ နှစ်ရက်နဲ့ပင် မပြီး။ သုံး၊ လေးရက်အထိလည်း ကြာတတ်ပါသေးသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် သေမထူး၊ နေမထူး သောက်သောက်စားစားစိတ်တွေကလည်း ဝင်နေရသည်။ အားလုံးကိုတော့ မဆိုလိုပါ၊ အချို့လည်း ဘုရားတရား ကိုင်းရှိုင်းကာ ဘာအသောက်အစားမှမရှိဘဲ ပင်ပန်းကြမ်းတမ်းစွာနဲ့ တိုက်ပွဲဝင်နေသူလည်း ရှိပါသည်။ ထိုအထဲတွင် ကျွန်ုပ်ကတော့မပါဝင်ခဲ့ပေ။ သေမထူး၊ နေမထူး သောက်သောက်စားစားမှာသာ ပါဝင်ခဲ့ပါသည်။

တစ်နေ့၌ ကျွန်ုပ်တို့စစ်ကြောင်းက ရွာတစ်ရွာသို့ရောက်ရှိသွားပြီး စခန်းချရပါသည်။ ညအချိန်ရောက်သောအခါ ကင်းစောင့်ရသည်။ ကျွန်ုပ်၏ကင်းချိန်မှာ ည၌ (၁၂) နာရီမှ (၂) နာရီအထိ ဖြစ်ပါသည်။ မိုးအကုန် ဆောင်းအကူးမို့ မိုးကလေးကလည်း တဖွဲဖွဲဖြင့် တစ်ခါတစ်ရံ ရွာနေပါသည်။ အထူးသဖြင့် မြူနှင်းမှုန်များကတော့ ညလုံးပေါက်ကျရောက်လျက် ရှိပါသည်။

ကျွန်ုပ်သည် ကင်းချိန်အတွင်း အိပ်ပျော်သွားမည်ကို စိုးရိမ်သဖြင့် မတ်တတ်ရပ်ပြီး သေနတ်ကို အသင့်အနေအထားဖြင့် ကိုင်ဆောင်ကာ စောင့်ပါသည်။ အတန်ကြာသည်အထိ ကင်းစောင့်နေခဲ့ရာမှ ရုတ်တရက်ဆိုသလို ကျွန်ုပ်၏နောက်ကျောမှ အသံတစ်သံ ထွက်ပေါ်လာပါသည်။ ထိုအသံမှာ-

'ဟေ့ကောင် - မင်း အရက်မသောက်နဲ့'

ဟူ၍ ဖြစ်ပါသည်။

ထိုအသံနဲ့အတူ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပင် ကျွန်ုပ်၏နောက်ကျောအား ဆောင့်ကန်ခြင်းကိုပါ ခံလိုက်ရပါတော့သည်။ ကျွန်ုပ်က နောက်ကို ပြန်လှည့်ကြည့်ချိန်ပင် မရခဲ့ပါ။ အကန်ခံလိုက်ရသည်နဲ့တစ်ပြိုင်နက် ကျွန်ုပ်၏ခန္ဓာကိုယ်မှာ ခွေခေါက် ညွတ်ကျပြီး လဲကျသွားခြင်းမျိုး မဟုတ်ဘဲ သစ်ပင်များလဲသကဲ့သို့ တောင့်တောင့်မတ်မတ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးအနေအထားအတိုင်း ရှေ့ကိုမှောက်လဲသွားရပါတော့သည်။ မြေကြီးနဲ့ခန္ဓာကိုယ် ထိလိုက်မိသည်နဲ့ ကျွန်ုပ်မှာ လုံးဝသတိလစ်သွားရပါတော့သည်။

ကျွန်ုပ်သည် မည်မျှအထိ သတိလစ်ခဲ့သည် မသိပါ၊ သတိပြန်ရလာသောအခါ ကျွန်ုပ်၏ခန္ဓာကိုယ်မှာ မြေကြီးပေါ်၌ မှောက်လျက်လဲနေကြောင်း မြင်တွေ့ရပါတော့သည်။ ထိုအခါ ကျွန်ုပ်က သတိရသည်နဲ့ ငါကင်းစောင့်နေတာပဲ၊ ဘာကြောင့် အခု အိပ်နေရတာလဲ ဟု အတွေးဝင်လာကာ ချက်ချင်း မတ်တတ်ရပ်လိုက်ပါသည်။ မတ်တတ်ရပ်ပြီး ပြန်စဉ်းစားလိုက်သည့်အခါ ခုနက 'ဟေ့ကောင်- မင်း အရက်မသောက်နဲ့' ဟု ပြောပြီး ဆောင့်ကန် အကန်ခံရခြင်းများကို ပြန်လည်အမှတ်ရလာပါသည်။ ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ပြီးကြည့်မိသော်လည်း မည်သူမျှမရှိပါ။ ကျွန်ုပ်၏တပ်စိတ်မှူးသော် လည်းကောင်း၊ ရဲဘော် အချင်းချင်းသော် လည်းကောင်း မည်သူကမျှ ကျွန်ုပ်ကိုလာပြီး ယခုကဲ့သို့ ပြောဆို၍ ဆောင့်ကန်ကြမည် မဟုတ်ပါ။ ပြောဆိုဆုံးမစရာရှိလျှင် ရှေ့မှာပင် ပွင့်ပွင့်လင်းလင်း ပြောဆိုဆုံးမကြပါမည်။

ခန္ဓာကိုယ်မှာလည်း အနည်းငယ်မျှ နာကျင်နေရပြီး မျက်နှာတစ်ခုလုံးမှာ မြေကြီးနဲ့ ထိရိုက်ခြင်းခံထားရသဖြင့် ဖူးရောင်ကာ စပ်ဖျဉ်းဖျဉ်းဖြစ်လျက် ရှိနေပါသည်။ ကျွန်ုပ်သည် ထိုကိစ္စနှင့်ပတ်သက်၍လည်း မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဖွင့်ဟမပြောမိခဲ့ပါ။ စိတ်ထဲမှာတော့ ဒါဟာ အထက်ပုဂ္ဂိုလ်ပဲဖြစ်ရမယ်၊ အရက်ကိုဖြတ်လိုက်ရင် ကောင်းလေမလားဟု အတွေးဝင်လိုက်ပါသေးသည်။

သို့သော် အတွေးသည် အတွေးမှာပဲ ရှိနေခဲ့သည်၊ လက်တွေ့တွင်ကားသောက်နေစမြဲပါ။ ဒီလိုနဲ့ အဆိုပါ လက်ဖွဲ့ကြိုးမှာလည်း မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ပျောက်သွားခဲ့သည်မသိ။ လုံးဝ စုပ်စမြုပ်စဖြင့် ပျောက်ဆုံးသွားခဲ့ရပါတော့သည်။

ပထမတစ်ချောင်း ပျောက်ဆုံးသွားခဲ့စဉ်အခါက ကျွန်ုပ်မှာ သိပ်ပြီး နှမြောတ,သမှုတွေ မဖြစ်မိပါ။ သို့သော် ယခုလို နှစ်ခုစလုံး ပျောက်ဆုံးသွားခဲ့ရသောအခါ ထိုလက်ဖွဲ့ကြိုးများအား နှမြောတ,သ ဖြစ်ပေါ်လာခဲ့ပြီး ပြန်လိုချင်မိပါသော်လည်း ပြန်လည်မရရှိနိုင်တော့ပါ။ ပြန်လည်မရရှိနိုင်မှန်းသိသော်လည်း ပြန်လည်၍ရချင်နေမိပါသည်။

နောက်ဆုံး ပြန်လိုချင်၍ မရနိုင်တော့သည့်အဆုံး ရောက်လေရာအရပ်တွင် အဆိုပါ လက်ဖွဲ့ကြိုးများအား အလွမ်းပြေသဘောမျိုးဖြင့် တတ်သိနားလည်သူများထံ ပြောပြဖြစ်ပါသည်။ ထိုကဲ့သို့ ပြောပြဖြစ်လိုက်သောအခါမှ တတ်သိနားလည်သူများက အဆိုပါ လက်ဖွဲ့လိပ်မှာ ကြေးကမ္ဗဝါဖြင့် ပြုလုပ်ထားကြောင်း၊ နှစ်ခုစလုံးကို စလွယ်လက်ဖွဲ့ကြိုးဟု ခေါ်ကြောင်း၊ လက်ဖွဲ့လိပ်တစ်ခုချင်းစီ သီကုံးထားသောကြိုးမှာ အဖိုလက်ဖွဲ့ကြိုးဖြစ်ပြီး နှစ်ခုစုံတွဲဖြင့် သီကုံးထားသည့် လက်ဖွဲ့ကြိုးမှာ အမလက်ဖွဲ့ကြိုး ဖြစ်ကြောင်း၊ ထိုလက်ဖွဲ့ကြိုးနှစ်ခုအား တစ်ချောင်းချင်းစီ အသုံးပြုလျှင် အစွမ်းထက်သင့်သလောက် မထက်မြက်ပါကြောင်း၊ နှစ်ချောင်းစလုံးတွဲပြီး အသုံးပြုမှသာ ပို၍ အစွမ်းထက်ပါကြောင်း၊ အသုံးပြုပုံမှာ အဖိုလက်ဖွဲ့ကြိုးအား ခန္ဓာကိုယ်၏ညာဘက်ပခုံးမှ ဘယ်ချိုင်းအောက်သို့ လွယ်သိုင်းထားရမည်ဖြစ်ကြောင်း၊ အမကြိုးကိုမူ ဘယ်ပခုံးအပေါ်မှ ညာချိုင်းအောက်သို့လွယ်သိုင်းထားရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လွယ်သိုင်းထားပါက ကာယသိဒ္ဓိ၊ ဝီယသိဒ္ဓိ၊ မနသိဒ္ဓိအပိုင်းတွင် အလွန်တရာမှ အစွမ်းထက်မြက်လှပါကြောင်း ရှင်းပြခဲ့ကြပါသည်။ လက်ဖွဲ့ကြိုးဆောင်ထားသူမှာ ကံငါးပါးလုံခြုံရန်လိုအပ်ကြောင်း၊ အနည်းဆုံးတော့ သူတစ်ပါးသားမယားနှင့် အရက်သေစာသောက်စားခြင်းကို ရှောင်ရမည်ဖြစ်ကြောင်း ထပ်ဆင့် ရှင်းပြခဲ့ကြပါသည်။

ကျွန်ုပ်သည် အသုံးပြုပုံနှင့် သူ၏အစွမ်းထက်မြက်မှုတို့ကို သိရှိလာရသောအခါ ပို၍ ပို၍ပင် နှမြောတ,သမှုများ ဖြစ်ပေါ်ခံစားလာခဲ့ရပါတော့သည်။ လက်ထဲရှိခဲ့စဉ်အခါက သူ၏တန်ဖိုးကို မသိခဲ့။ မသိ၍ တတ်သိနားလည်သူများထံ ချဉ်းကပ်ပြီး မေးမြန်းစုံစမ်းရန်ကိုလည်း အားမထုတ်ခဲ့။ ယခု မရှိတော့သည့်အခါမှ ဟိုမေးဒီမေးဖြင့် တန်ဖိုးကို သိလာခဲ့ရသည်။ တန်ဖိုးကိုသိရသည့်အချိန်တွင် လက်ထဲမှာမရှိတော့။ ထိုကဲ့သို့ မရှိအောင်ပြုလုပ်ခဲ့သူမှာလည်း မည်သူမျှမဟုတ်၊ ကျွန်ုပ်ကိုယ်တိုင်သာ ဖြစ်တော့သည်။ ဘယ်သူမပြု မိမိမှုပဲ ဖြစ်ခဲ့သည်။

အထက်ပုဂ္ဂိုလ်များက မိမိ၏မသိမှု၊ မိုက်မဲမှုကို ကြိုတင်ပြီး အရက်မသောက်ရန်ကိုလည်း မှာကြားခဲ့ပါ၏။ မရသည့်အဆုံး ကိုယ်ထိလက်ရောက် ပတ်ကန်ပြီး ဆုံးမခဲ့၏။ သို့သော် ခွေး မြီးကောက်ဘဝက မလွတ်မြောက်ခဲ့။ ပြ သော် အသုံးပြုရမည့်နေရာကို အသုံး မပြုဘဲ အသုံးမပြုသင့်သည့် (အရက်ဖ ငွေရှာခြင်း) နေရာကို သွားပြီး အသုံး ပြုခဲ့မိသေးသည်။

ထိုသို့ ဖြစ်ချင်တိုင်းဖြစ်နေသော လူတစ်ယောက်၏လက်ထဲကို အဆို တန်ဖိုးကြီးမားသာဂမ္ဘီရပစ္စည်းအား သွာ ပေးထားမိခြင်းမှာ မြွေပွေးကို အတောင် ပံတပ်ပေးသကဲ့သို့ ဖြစ်နေတော့သည် သို့ဖြစ်၍လည်း ပြန်သိမ်းသွားခြင်းသာ ဖြစ်နိုင်ပါသည်။ ကျွန်ုပ်အနေဖြင့် မည် မျှပင် လုံခြုံစိတ်ချရအောင် သိမ်းဆည်း ထားသည်ဆိုဦးတော့၊ 'အထက်ပုဂ္ဂို များက မရမက ပြန်ယူကြမည်သာ ဖြ တော့သည်။

လူမိုက်နှင့်ငွေ အတူမနေ ဆို ကဲ့သို့ ကျွန်ုပ်ကဲ့သို့သော လူပေလူ လူမိုက်နှင့် အဖိုးထိုက်တန်သည့် ဂမ္ဘီ ပစ္စည်းမှာ အတူထား၍ မည်သည့်နည်း နှင့်မျှ မရနိုင်ပါ။

ထိုကဲ့သို့ဖြစ်လာရခြင်းမှာ အဓိ ပါပစ္စည်း (လက်ဖွဲ့ကြိုး) ၏ တန်ဖိုး ဦးစွာမသိရှိခဲ့မှုက စခဲ့သည်ဟုပြောလျှ ရနိုင်ကောင်းပါသည်။ ကျွန်ုပ်သည် ယ အခါ သိခဲ့ပါပြီ။ သိခဲ့ပြီဖြစ်၍ ဤကဲ့ များ ထပ်မံရရှိခဲ့ဦးမည်ဆိုပါလျှင် ခ ပြခဲ့သော အမှားတရားများအား နော တစ်ခါ မမှားစေရန်အတွက် ကျွန်ုပ် ဝန်ယူနိုင်ပါသည်။ မည်သို့ပင်ဆိုစေ မူ ကျွန်ုပ်မှားမိခဲ့သော်လည်း စာရှုသူမျာ ကိုတော့ ကျွန်ုပ်ကဲ့သို့ မမှားစေလို နောင်တ ဆိုသည်မှာ နောင်မှတ သည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ စာရှုသူများအနေဖြ ကျွန်ုပ်ကဲ့သို့ အိပ်မက်နှင့်အတူရရှိခဲ့သ ဖြစ်စေ၊ အခြားနည်းများနှင့်ရရှိခဲ့သ ဖြစ်စေ ဆောင်ရန်, ရှောင်ရန်များအ အသုံးပြုပုံနှင့် အစွမ်းထက်မြက်ပုံတ ပါ ကြိုတင်သိရှိထားပြီး ကျွန်ုပ်ကဲ့သ လူမိုက်နောင်တ နောင်မှ မတ,မိ စေလိုခြင်းအကျိုးငှာ စာရေးသူ ကျွ ၏ကိုယ်တွေ့ဖြစ်ရပ်မှန်အား စေတ တရားရှေ့မှာထားကာ ရေးသားတ လိုက်ရပါတော့သည်။

*ရွှင်လန်းချမ်းမြေ့ကြ*

*အိပ်မက်ထဲက လက်ဖွဲ့ကြိုး ပေးသနားခဲ့သော ဘိုးတော်အား စာစုဖြင့် ဦးခိုက်ဂါရဝပြုလိုက်ပါသ*



www.burmeseclassic.com

www.burmeseclassic.com



# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်

ဆရာဒလမင်းခေါင်

**အသက်ကိန်းဂဏန်း**

**(What your age digit can to for you)**

တွေ့ကြုံမည့်ဆုံးဖြတ်ချက်အတွက် အထောက်အကူပြုသော လမ်းညွှန်ချက်ဖြစ်ပြီး ကိန်းဂဏန်းသက်ဖြင့် အားဖြည့်ဆုံးဖြတ်နိုင်သည်။

**အသက်ကိန်းဂဏန်းတွက်ချက်ပုံ**

**(How to figure your age digit)**

ပြက္ခဒိန်မှာ ဇန်နဝါရီစ၍ ဇန်နဝါရီအထိဖြစ်ပြီး အပြည်ပြည်ဆိုင်ရာသုံး ပြက္ခဒိန်အရ ၁၉၇၂၊ မတ်လ ၁ ရက်မှ (၂၃) နှစ်ရှိပါက ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ၊ ၁ ရက်မွေးသူအဖို့ အသက် (၂၄) နှစ်မှာရှိမည်။ ၁၉၇၂ ခုနှစ်အတွက် အသက်ကိန်းမှာ အောက်ပါအတိုင်းဖြစ်သည်။

၂၃/၅ + ၂၄/၆ = ၁၁

အသက်ကိန်းဂဏန်း (၁၁) ဖြစ်သည်။ အောက်တိုဘာ မွေးလပြီးသည့် နောက်နှစ်ကုန်သည်တိုင် အသက် (၂၄) နှစ်၏ အတိုချုံ့ဂဏန်း (၆)၊ အကျိုးသက်ရောက် အသက်ကိန်းဂဏန်းသည် ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်အထိ ဖြစ်သည်။ ၁၉၇၃ ခုနှစ် သည်-

၂၄/၆ + ၂၅/၇ = ၁၃ = ၄

၁၉၇၃ ခုနှစ်တွင် အသက်ကိန်းဂဏန်း (၄) ဖြစ်သည်။

**အသက်ကိန်းဂဏန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**

**(Table of age digit and their meaning)**

အသက်ကိန်းဂဏန်း (၁) သည် အတွေးသစ်၊ စိတ်ဝင်စားမှုအသစ်နှင့် အလုပ်အကိုင်သစ်ကိုပြသည်။

အသက်ကိန်းဂဏန်း(၂)- အလှည့်အပတ်မှုများသည်။ အပြောင်းအလဲများဖြစ်မည်။ အိမ်ပြောင်းခြင်း၊ စီးပွားရေးလုပ်ငန်းပြောင်း၊ ဘဝလက်တွဲဖော်ပြောင်းတတ်သည်။

အသက်ကိန်းဂဏန်း (၃) - အနုပညာရေး၊ လူမှုရေးနှင့်ပတ်သက်ပြီး နယ်ပယ်အသစ်ကို ဖော်ပြသည်။ ၎င်းကို ကိုယ်ပိုင်နှစ်က လွှမ်းမိုးသည်။ စိတ်ရှုပ်ထွေးမှုကို ရှောင်ပါ။

အသက်ကိန်းဂဏန်း (၄)- လုပ်ရိုးလုပ်စဉ်လုပ်သလိုလုပ်သင့်သည်။ စနစ်တကျ အစီအစဉ်အတိုင်းလုပ်ပါ။ စီးပွားရေးနှင့် အိမ်မှာလုပ်နေကျအလုပ်များကို ပြောင်းလုပ်၍ရသည်။

အသက်ကိန်းဂဏန်း (၅) - လူမှုရေးနှင့် အနုပညာရေးမှ ပြောင်းလဲလုပ်ပါ။ အနီးအနားခရီးသွားနှင့်ဈေးရောင်း၍ကောင်းသောနှစ် ဖြစ်သည်။

အသက်ကိန်းဂဏန်း (၆) - အိမ်တွင်းရေး ပြောင်းလဲတတ်သည်။ အိမ်ထောင်ကွဲခြင်း၊ ခွဲခြားခြင်းများ ကြုံရသောနှစ် ဖြစ်သည်။ ဤသို့မလုပ်ခင် သေချာစဉ်းစားပါ။ အိမ်ထောင်ရေးဘဝကို တည်ငြိမ်အောင်ထိန်းပါ။

အသက်ကိန်းဂဏန်း (၇) - အမျိုးသမီးများ လက်ထပ်ရန်ကိစ္စများ ကြုံရတတ်ပြီး ယောကျ်ားများ စီးပွားရေးကောင်းသည်။ ဂန္ထာရီပညာလေ့လာခြင်း၊ တရားထိုင်ရန်ကောင်းသောနှစ် ဖြစ်သည်။ ကျန်းမာရေးနှင့် စီးပွားရေး ဂရုစိုက်ပါ။

အသက်ကိန်းဂဏန်း (၈) - စီးပွားရေးလုပ်ငန်း၊ အမှုဆောင်များလုပ်က ကျေနပ်အားရမှုရသောနှစ် ဖြစ်သည်။ ရောင်းရောင်းဝယ်ဝယ်ကောင်းသောနှစ်ဖြစ်သည်။ အတွေ့အကြုံများသောနှစ်ဖြစ်သည်။

အသက်ကိန်းဂဏန်း (၉)- ကာလအပိုင်းအခြားနှင့် လမ်းကြောင်းသစ်စခါနီး ဖြစ်သည်။ ကျန်းမာရေးဂရုစိုက်ပါ။ ဖြစ်နိုင်တာတွေ ဆုံးရှုံးမှုကြုံရသည်။

အသက်ကိန်းဂဏန်း (၁၁)- ငြိမ်းချမ်းမှုကြုံရသောနှစ် ဖြစ်သည်။ (၂) ဂဏန်းကို ပြန်ကြည့်ပါ။

အသက်ကိန်းဂဏန်း(၂၂) - ကျွမ်းကျင်မှုကို ဖော်ပြသည်။ ရေလမ်းဖြင့် ခရီးသွားရတတ်သည်။

**နာမည်ပါအက္ခရာများ၏အစီးအနင်း**

**(Your letter transits what they mean to you)**

မူလ ငယ်နာမည်များကို နှစ်စဉ်အက္ခရာများ၏ တုန်ခါရိုက်ခတ်သော အစီးအနင်းများရှိသည်။ တစ်နည်းအားဖြင့် အက္ခရာအစီးအနင်း ငယ်နာမည်ဖြစ်သော မွေးအမည် ပထမအလုံး၏ စီးနင်းမှုစပြီ။ ထို့နောက် အမည်ဒုတိယအလုံး၏ အစီးအနင်းကာလ ဖြစ်လာသည်။ နာမည်အပြည့်အစုံကို အက္ခရာတစ်လုံးစီးနင်းမှုဖြစ်သော နာမည်အပြည့်အစုံ တစ်လှည့်စီ စီးနင်းသည်။ ပထမအမည်၏ နောက်ဆုံးအလုံးနှင့် နောက်ဆုံးအမည်၏ နောက်ဆုံးအလုံးစီးနင်းသော ကာလများသည် ထိုအသက်အပိုင်းခြားတွင် အရေးကြီးသော အခက်အခဲရှိသောနှစ်များ ဖြစ်သည်။

ဥပမာ-

(ရောဘတ်ဘရောင်း)

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| R | O | B | E | R | T | B | R | O | W | N |
| 9 | 6 | 2 | 5 | 9 | 2 | 2 | 9 | 6 | 5 | 5 |

(ROBERT) ရောဘတ်သည် ပထမ (၉) နှစ်တာကို အစအလုံး (R) အလုံးက (၉) နှစ် စီးနင်းနေသည်။ (R) သည် (၉) ကို တန်ဖိုးရှိသည်။ နောက် (၆) နှစ်တာကို နောက်အလုံး (O) က စီးနင်းနေမည်။ ၎င်းနောက်က (B) စာလုံးက (၂) နှစ်၊ (E) စာလုံးက (၅) နှစ် (E) နောက်က (R) အလုံးက (၉) နှစ် (T) အလုံးက (၂) နှစ်၊ အသက် (၃၃) နှစ် ပြည့်သောအခါ ပထမအမည် ရောဘတ် (ROBERT) အမည်တစ်ခုလုံး စီးနင်းပြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးအမည် ဖြစ်သော ဘရောင်းကို စတင် စီးနင်းသောအခါ (B) က (၂) နှစ်၊ (R) က (၉) နှစ်၊ (O) (၆)နှစ်၊ (W) (၅) နှစ်နှင့် (N) (၅) နှစ်တို့ ဖြစ်သည်။ အသက် (၆၀) ပြည့်သော အခါ ကရောင်းအမည် ပြီးဆုံးသွားပြီး ပထမအလုံး ရောဘတ်မှ (R) အလုံးက (၆၁) နှစ်ကစပြီး (၉) နှစ်ကြာ စီးနင်းသွားသည်။

**အက္ခရာစာလုံးများ၏ စီးနင်းသောနှစ်များ**

A, J, S စီးနင်းသောနှစ် (၁) နှစ်
B, K, T စီးနင်းသောနှစ် (၂) နှစ်
C, L, U စီးနင်းသောနှစ် (၃) နှစ်
D, M, V စီးနင်းသောနှစ် (၄) နှစ်
E, N, W စီးနင်းသောနှစ် (၅) နှစ်
F, O, X စီးနင်းသောနှစ် (၆) နှစ်
G, P, Y စီးနင်းသောနှစ် (၇) နှစ်
H, Q, Z စီးနင်းသောနှစ် (၈) နှစ်
I, R စီးနင်းသောနှစ် (၉) နှစ်

**တန်ဖိုးတူအက္ခရာတစ်လုံးစီ၏ အဓိပ္ပာယ်ခြားနားချက်**
**(Why you may differ from others with the same numerical value)**

(၁) A, J နှင့် S ၏တန်ဖိုးက (၁) ဂဏန်း။ (A) က ကျူးကျော်ရန်စတတ်သည်။ ရည်မှန်းချက်ကို ကွေ့မသွား တည့်တည့်သွားသည်။ (J) က စိတ်လွှမ်းမိုးသည်။ အလုပ်တာဝန်ကို ပစ်ထားပြီး ပြီးဆုံးအောင်မလုပ်တတ်။ (S) က စိတ်လှုပ်ရှားသည်။ ပြတ်သားစွာစဉ်းစားပြီး ခံစားချက်အရေးပါ ချည်းကပ်သည်။

(၂) B, K နှင့် T တန်ဖိုးက (၂) ဂဏန်း။ ၎င်းတို့သည် ဦးဆောင်မှုထက် နောက်လိုက်သမားဖြစ်သည်။ (B) က ရှက်တတ်ပြီး စိတ်ခံစားချက်ရှိပြီး ချစ်ခင်တတ်၍ မိခင်စိတ်ရှိသည်။ (K) အသိဉာဏ်ရှိသည်။ နောက်က ဖြောင့်ဖြောင့်မလိုက်။ (T) က နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးအားကောင်းသည်။

(၃) C, L နှင့် U ၏ တန်ဖိုးက (၃) ဂဏန်း။ ၎င်းဂဏန်းက မိမိကိုယ်ကို စိတ်ဝင်စားသည်။ ၎င်းတို့သည် လူမှုဆက်ဆံရေးသမားဖြစ်သည်။ (C) က စိတ်စွမ်းရည်ရှိပြီး ၎င်း၏ ပါရမီရှိမှုကို မသိ။ (L) က နာမ်ပိုင်းဆိုင်ရာသမား။ သူ၏စွမ်းအားကို အသုံးပြုသည်။ (U)က အခြားသူထက်အားနည်းပြီး သဘာဝနှစ်မျိုးရှိသည်။

(၄) D,M နှင့် V ၏ တန်ဖိုးက (၄) ဂဏန်း ဖြစ်သည်။ မြေနှင့်နီးစပ်ပြီး အလုပ်ကြိုးစားသူများဖြစ်သည်။ (D) က ပြည့်စုံ၍အလုပ်ကြိုးစားသည်။ မခံစားတတ်ပါ။ (M) က (D) ကဲ့သို့ ဖြစ်သည်။ သို့ရာတွင် ချုပ်တည်းပြီး ခံစားချက်ကို မဖော်ပြတတ်။ (V) က လှုံ့ဆော်မှု ထိုးထွင်းသိမြင်တတ်ပြီး အတွင်းသောတ အာရုံက ထူးခြားသည်။

(၅) E, N နှင့် W သည် ဂဏန်းတန်ဖိုး (၅) ရပါသည်။ ၎င်းတို့သည် ရုပ်ခန္ဓာပိုင်းဆိုင်ရာဖြစ်၍ အာရုံမခံစားတတ်။ (E) က ရုပ်ပိုင်းဖြစ်ပြီး အသိအာရုံရသည်။ (N) က စိတ်ကူးသမား။ စိတ်တန်ခိုး အသုံးချပြီး ဟောပြောတတ်သည်။ (W) သည် ရုပ်ပိုင်းဆိုင်ရာသမား၊ စိတ်ကူးစိတ်သန်းကောင်းပြီး မအောင်မြင်ကာမှ မကြာခဏ နောင်တရတတ်သည်။

(၆) F, O နှင့် X သည် ဂဏန်းတန်ဖိုးက (၆) ဖြစ်ပြီး ၎င်းတို့သည် တာဝန် ဟူသမျှ အိမ်တာဝန်ပါ ထမ်းဆောင်နိုင်ကြသည်။ (F) က ထိုးထွင်းသိဉာဏ်ရှိပြီးသဘာဝနှစ်မျိုးရှိသည်။ (O) သည် အာရုံခံစားမှုကောင်း၍ ကိုယ်ပိုင်စွမ်းအင်ကို အသုံးပြုသည်။ အပြောင်းအလဲမလိုလားသူ ဖြစ်သည်။ (X) က အခက်အခဲဆုံးဖြစ်သည်၊ ၎င်းသည် ကံကြမ္မာအက္ခရာဖြစ်သည်။

(၇) G, P, Y ၏ ဂဏန်းတန်ဖိုးသည် (၇) ဖြစ်ပြီး နာမ်ပိုင်းဆိုင်ရာသမားဖြစ် ခွဲစိတ်ဖြာ၍ စဉ်းစားပြီး မိမိကိုယ်ကို ဆန်းစစ်တတ်သည်။ (G) လည်း နာမ်ပိုင်းဆိုင်ရာသမားဖြစ်ပြီး သို့ရာတွင် သီးခြားနေတတ်၍ အလွမ်းအဆွေးတတ်သူ ဖြစ်သည်။ (P) လည်း နာမ်သမားဖြစ်ပြီး (G) ကဲ့သို့ စိတ်စွမ်းအားကိုယ်တိုင်လည်း မရေရာ။ (Y) က သဘာဝနှစ်မျိုးရှိပြီး ၎င်းတွင် စိတ်ပိုင်းဆိုင်ရာ ပါရမီထူးသည်။ သို့ရာတွင် စိတ်နှစ်မျိုးရှိ၍ အသုံးပြုရန် ခက်ခဲသည်။

(၈) H, Q နှင့် Z ၏ ဂဏန်းတန်ဖိုးက (၈) ဖြစ်ပြီး အသိစိတ်ကို တံတားကဲ့သို့ ခြားထားသည်။ (H) သည် ရုပ်ပိုင်းမှ နာမ်ပိုင်းသို့ တိုးတက်သော်လည်း ဆုံးဖြတ်ချက် မပြတ်သား တွေဝေတတ်သည်။ (Q) က လောကနှစ်ခုကြားရှိပြီး လမ်းညွှန်ဆရာမရှိပါက သူ၏တန်ခိုးစွမ်းအင်သည် အန္တရာယ်ရှိသည်။ (Z) သည် လူ့သဘာဝ နားလည်၍ ချိန်ခွင်ကဲ့သို့ ညီတတ်ပြီး စိတ်လှုပ်ရှားမှုနှင့် အခက်အခဲကို ချုပ်တည်းနိုင်သည်။

(၉) I နှင့် R ၏ ဂဏန်းတန်ဖိုးသည် (၉) ဖြစ်ပြီး ၎င်းတို့သည် ကိုယ်ကျိုး မခံစား၊ လူနှင့်ပတ်သက်သောကိစ္စများကို စိတ်ဝင်စားသည်။ (I) သည် ပေါ့ပေါ့ ပါးပါး သယ်ဆောင်တတ်သူဖြစ်ပြီး ၎င်းသည် မကောင်းသည့် အဖျက်စိတ်ဝင်တတ်၍ မကောင်းရာသို့ ရောက်တတ်ပြီး ဘေးထိုးခံရတတ်သည်။ (R) သည် အခြားသူထက် နားလည်မှုရှိပြီး ကိုယ်ကျိုး မကြည့်တတ်သူ ဖြစ်သည်။ ၎င်းတို့သည် သည်းမခံတတ်သူများ ဖြစ်သည်။ ၎င်းတို့၏ တိုးတက်မှုသည် အခြားသူများ အတွက် ဖြစ်ရမည်။

သတိပြုရန် - ဂဏန်းဗေဒင်နှ ဇာတာမှာ အက္ခရာအစီအနင်းသ အရေးသိပ်မပါ။ အကျင့်စရိုက်အတွ ထပ်ဖြည့်ရန်သာ ဖြစ်ပါသည်။

**အခန်း (၁၃)**

**အအောင်မြင်ဆုံး ပုဂ္ဂိုလ်အမျိုးအစား**
**(How to Tell What Type of Individual You Really Are for Your Greatest Success)**

ကိုယ်ရည်ကိုယ်သွေး၊ စရိုက် ကျွမ်းကျင်ခြင်းနှင့် အတွေ့အ အထားကို ဖော်ပြသော အသိတရား ပတ်သက်၍ ဖော်ပြသော အလွှာ ( လွှာရှိသည်။ ၎င်းတို့မှာ-

၁။ စိတ်နာမ်ပိုင်းအလွှာ (Mental)
၂။ ရုပ်ပိုင်းအလွှာ (Physical)
၃။ စိတ်လှုပ်ရှားအလွှာ (Emotion
၄။ ထိုးထွင်းဉာဏ်အလွှာ (Intuiti

၎င်း (၄) လွှာ၏ အဆင့်အ ဖော်ပြချက်မှာ ပုဂ္ဂိုလ်မျိုးအစား ဖော် ရုံမက အကောင်းဆုံး လုပ်ဆောင်ချ ကို ဖော်ပြသည်။

၎င်းအလွှာများသည် လုပ်ငန်း တွေ့အကြုံနှင့် ဗဟုသုတအမြင်မ ဖြစ်ပြီး သူတို့လုပ်ငန်းနှင့်ပတ်သက် အကောင်းဆုံးလုပ်နိုင်သူများ ဖြစ်သ စီးပွားရေး၊ တီထွင်ဖန်တီးမှု၊ သိ ကျကျလုပ်တတ်ခြင်း၊ အနုပညာလု များကို ၎င်းအလွှာများက လမ်းညွှ သည်။ ၎င်းအလွှာအသီးသီးကို စိတ်နေစိတ်ထားဖော်ပြချက်အရ တွေ့ကျကျနှင့် စိတ်ဓာတ်တက်ကြ လုပ်ရုံမက ဘဝအမြင်ရှိသူများဖြစ် အလုပ်အကိုင်ရွေးချယ်မှုနှင့် ပတ်သ ပြီး ကံကြမ္မာနှင့်ဘဝလမ်းကြောင်း များကို ထည့်သွင်း စဉ်းစားရမည်။

**အလွှာများ၏ ပင်ကို စိတ်နေစိတ် သဘာဝများ**



www.burmeseclassic.com

www.burmeseclassic.com

(The nature of planes of temperament)

အလွှာများ၏ပင်ကိုအနေအထားကို လူပုဂ္ဂိုလ်၏ သဘာဝအနေအထားက ဖော်ပြသည်။ ၎င်းအလွှာများက မိမိတာဝန်ကို ပိုင်ပိုင်နိုင်နိုင်ဖော်ပြသလို အကျင့်စရိုက်ကျွမ်းကျင်မှုကို ဖော်ပြပါသည်။ တစ်နည်းဆိုရလျှင် လူတစ်ဦး၏ စိတ်နေစိတ်ထား အခြေအနေကို အလွှာများက ဖော်ပြသည်။

**အလွှာများ၏ စိတ်နေစိတ်ထား**
(Planes of temerament)

**နာမ်ပိုင်းအလွှာ** (Mental) သည် စိတ်နှင့်အကျိုးအကြောင်းညီစွာ စွမ်းအင်နှင့် အတွေးများ ဖော်ပြသည်။

**ရုပ်ပိုင်းအလွှာ** (Physical) - ကိုယ်ခန္ဓာ၊ လက်တွေ့နည်း၊ ရုပ်ဝတ္ထုပုံသဏ္ဌာန်။


**စိတ်လှုပ်ရှားမှုအလွှာ** (Emotional) နှလုံးသား၊ စိတ်လှုပ်ရှားမှု ခံစားချက် စိတ်ကူးအတွေး။

**ထိုးထွင်းဉာဏ်အလွှာ** (Intuitional) ဝိညာဉ်၊ ထိုးထွင်းဉာဏ်၊ မနောလမ်းညွှန်။

**အလွှာများ၏ လုပ်ငန်းဆောင်တာများ ဆန်းစစ်ခြင်း**
(Analyses of the planes you may function on)

၁။ နာမ်ပိုင်းအလွှာ (The Mental Planes) သည် စိတ်နှင့် အကျိုးအကြောင်းရှိသောစွမ်းအင်ကိုဖော်ပြသည်။ ၎င်းအလွှာပိုင်သော နံပါတ်များစွာရှိပါက ကြီးမားသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရတတ်သည်။ ၎င်းတို့သည် အကျိုးနှင့်အကြောင်းနှင့်ဆင်ခြင်ခြင်းနှင့် အချက်အလက် စုဆောင်းခြင်း၊ သတိနှင့်ချိန်ဆတတ်သည်။ သက်သေမပြနိုင်၊ မခိုင်လုံပါက လက်မခံတတ်။ ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်မှုကိုလည်း ကိုယ်စားပြုသည်။ ခေါင်းဆောင်ကောင်းတို့ စိတ်ထားရှိသည်။ တီထွင်တတ်သလို နိုင်ငံတကာကိစ္စများကိုလည်း နားလည်မှုရှိသည်။ နည်းပညာရပ်များရေးသော စာရေးဆရာဘက်တွင်လည်းတော်သည်။ နာမ်ပိုင်းအလျှားဂဏန်းများ အလွန်များပါက ခေါင်းမာ၍ အကျိုးအကြောင်း မဆင်ခြင်နိုင်တော့ပါ။ ကျန်းမာရေးပင် ညံ့နိုင်သည်။

(၂) ရုပ်ပိုင်းအလွှာ (The Physical Plane) သည် လက်တွေ့ကျပြီး လုပ်ဆောင်ခြင်း၊ အကောင်အထည်ရှိသော ရုပ်ဝတ္ထုပစ္စည်းများနှင့် လူခန္ဓာကိုယ်ကို ဖော်ပြသည်။ ရုပ်ပိုင်းအလွှာဂဏန်းများစွာပါရှိက စီးပွားရေးနှင့် ပတ်သက်ပြီး စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်းကို ဖော်ပြသည်။ စိတ်သမာဓိတည်ငြိမ်မှုရှိသည်။ မြေကြီးနှင့်နီးသူဖြစ်၍ စိတ်ကူးယဉ်ခြင်း၊ အတွေးများခြင်းထက်၊ သာမန်ခံစားတတ်ခြင်းထက် အချက်ကျကျလုပ်ဆောင်တတ်သည်။ ၎င်းသည် တည်ဆောက်ရေးသမား၊ အလုပ်သမားနှင့် စီးပွားရေးသမားများအဖြစ်လည်း ဖော်ပြသည်။ ရုပ်ပိုင်းလွှာဂဏန်း နည်းနည်းသာပါက လက်တွေ့ကျကျနှင့် အာရုံခံစားမှုအပေါ်မူတည်သည်။ ရုပ်ပိုင်းလွှာဂဏန်းများပါက အကြမ်းပတမ်းခံနိုင်ရည်ရှိပြီး အလုပ်ကို ကြီးမားပမ်းစားလုပ်တတ်သည်။ ရုပ်ပိုင်းလွှာဂဏန်းလုံးဝမရှိပါက ကျန်းမာရေးညံ့တတ်ပြီး ကျန်းမာရေးညံ့ပါက အပြင်းအထန်ဖြစ်ပြီးမှ ပြန်ကောင်းလာတတ်သည်။




(၃) စိတ်လှုပ်ရှားမှုအလွှာ (The Emotional Plane) သည် စိတ်လှုပ်ရှားမှုခံစားမှုကို ဖော်ပြသည်။ စိတ်ထက် နှလုံးသားခံစားချက်ကို ဖော်ပြသည်။ စိတ်လှုပ်ရှားမှု အလွှာဂဏန်းများစွာပါရှိက သနားကရုဏာထား၍ စိတ်လှုပ်ရှားတတ်သူ ဖြစ်သည်။ အကျိုးအကြောင်းထက်ကျော်ပြီး ချစ်ခင်မှုမေတ္တာတရားထားတတ်သူဖြစ်သည်။ စိတ်ကူးကောင်းပြီး အနုပညာဖန်တီးမှုရှိသည်။ သို့ရာတွင် ရုပ်ပိုင်းထက် အတွေးအခေါ်ပိုင်း ပိုအားသန်သည်။ ရုပ်ပိုင်းလွှာဂဏန်းနည်းခြင်း၊ မပါခြင်းဖြစ်က မိမိကိုယ်ကို ဦးဆောင်မှုပျက်ကွက်သူ၊ မိမိကိုယ်ကို ချည်နှောင်ထားသူ ဖြစ်သည်။

(၄) ထိုးထွင်းဉာဏ်အလွှာ (The Intuitive Plane) သည် လက်တွေ့ကျမှုနှင့် ရုပ်ပိုင်းအလွှာသမားထက် ထိုးထွင်းစဉ်းစားဉာဏ်က ပိုသည်။ ၎င်းတို့၏ အပြုအမူများသည် နားလည်မှုရှိခြင်းနှင့် ဉာဏ်ပညာ (Wisdom) အပေါ် အခြေခံလေ့ရှိသည်။ အတွင်းမနောက လမ်းညွှန်မှုရသော အခြားအလွှာများ ဝိညာဉ်နှင့် နာမ်ပိုင်းဆိုင်ရာသာသည်။ ၎င်းတို့သည် ခွဲခြမ်းစိတ်ဖြာမှုအလွန်တော်၍ နည်းပညာနှင့် သူတစ်ပါး၏ ခံစားချက်ကို ထိုးထွင်းသိမြင်သူဖြစ်သည်။ ထိုးထွင်းဉာဏ်လွှာဂဏန်းများ များစွာပါက သာမန်အသိဉာဏ်သာမက စာပေ၊ ဘာသာရေး၊ တီထွင်ခြင်း၊ အနာဂတ်သိမြင်မှုကိုပါ ဖော်ပြသည်။ ထိုးထွင်းဉာဏ်အလွှာသမားများသည် သည်းခံခြင်း၊ အကြည်ညိုခံရခြင်း၊ သနားကရုဏာ ကြင်နာတတ်ခြင်းနှင့် အနာဂတ်သိမြင်မှုများရသည်။ ကျန်းမာရေးအနေဖြင့် မတ်တတ်နာသဘောဖြစ်တတ်သည်။

**အလွှာအသီးသီးနှင့် ပတ်သက်သော ဂဏန်းနံပါတ်များ**
**(Numbers relating to definite planes)**

**နာမ်ပိုင်းအလွှာ**(Mental Plane) ၎င်းတွင် (၁) ဂဏန်းများနှင့် (၈) ဂဏန်းများ ပါဝင်သည်။ (၁ နှင့် ၈)

**ရုပ်ပိုင်းအလွှာ** (Physical Plane) ၎င်းတွင် (၄) နှင့် (၅) ဂဏန်းများ ပါဝင်သည်။ (၄ နှင့် ၅)

**စိတ်လှုပ်ရှားမှုအလွှာ** (Emotional Plane) ၎င်းတွင် (၂)၊ (၃)၊ (၆) ဂဏန်းများ ပါဝင်သည်။ (၂ ၃ နှင့် ၆)

**ထိုးထွင်းအသိဉာဏ်အလွှာ** (Intuitine Plane) ၎င်းတွင် (၇) နှင့် (၉) ဂဏန်းများ ပါဝင်သည်။ (၇ နှင့် ၉)

**အလွှာအသီးသီးမှ ဂဏန်းနံပါတ်၏ အဓိပ္ပာယ် (Meanin of numbers)**

**နံပါတ် (၁) နှင့် (၈) ဂဏန်း** - (၁) နှင့် (၈) များများပါက နာမ်အလွှာ (mental planes) ကို ကိုယ်စားပြု၍ စိတ်ပိုင်းဆိုင်ရာပြည့် နာမ်ပိုင်းအလွှာသမား ဖြစ်သည်။

(၁) ဂဏန်းသည် လွတ်လွတ်လပ်လပ်တွေးခေါ်တတ်ခြင်း၊ အစပြုသူများဖြစ်ခြင်း၊ ဦးဆောင်မှုပေးနိုင်သူများ ဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် အစွန်းရောက်သူများဖြစ်ပြီး ခေါင်းမာတတ်ပြီး သည်းမခံတတ်သူများ ဖြစ်သည်။

(၈) ဂဏန်း ရပါက အကျိုးအကြောင်းယုတ္တိရှိရှိ ဆောင်ရွက်တတ်၏။ စီမံခန့်ခွဲမှုတော်၍ ဩဇာအာဏာမက်သည်။ မိမိကိုယ်ကို အထင်ကြီးသေသည်။ အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားသည်။ သူဌေးဖြစ်နိုင်သူဖြစ်သည်။ အမြဲ



www.burmeseclassic.com

www.burmeseclassic.com

CAMERON RICHARD DAVIDSON
3145965 9938194 41494165

လက်မခံတတ်ပါ။

**နံပါတ် (၄) နှင့် (၅) ဂဏန်း** - (၄) နှင့် (၅) ဂဏန်းများများပါက ရုပ်ပိုင်းဆိုင်ရာဂဏန်းဖြစ်သည်။

(၄) ဂဏန်းသည် လက်တွေ့သမား၊ အလုပ်ကြိုးစားပြီး တာဝန်ကျေသည်။ တီထွင်ဖန်တီးမှုမရှိ နည်းနည်းတွေးတတ်ပြီး များများအလုပ်လုပ်သည်။ အယူအဆများ လက်မခံဘဲ ငြင်းပယ်တတ်သည်။

(၅) ဂဏန်းသည် စပ်စု၍ လိုက်နာသူများ ဖြစ်သည်။ (၄) ဂဏန်းသမားကဲ့သို့ လက်တွေ့သမား မဟုတ်ပေ။ အပြောင်းအလဲကြိုက်သည်။ အသစ်အဆန်းများကို သဘောကျသည်။ ၎င်းတို့သည် သွက်လက်ဖျတ်လတ်သောသူ ဖြစ်သည်။ ဈေးရောင်းတော်သည်။

**နံပါတ် (၂)၊ (၃) နှင့် (၆) ဂဏန်း**- (၂)၊ (၃) နှင့် (၆) ဂဏန်း များများတွေ့ပါက စိတ်လှုပ်ရှားမှုအလွှာသမားများ ဖြစ်သည်။

(၂) ဂဏန်းက ခံစားမှု၊ စိတ်ကူးယဉ်မှုများ၊ စိတ်လှုပ်ရှားသူများဖြစ်သည်။ ၎င်းတို့သည် အသေးစိတ် အချက်အလက်ရှာတတ်ပြီး လှပသောပုံရှိသည်။ အခြားသူများ၊ လက်တွဲဖော်များနှင့်ဆက်ဆံရာတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိ။ ကိုယ်ပိုင်စီးပွားရေးမရှိသူများ ဖြစ်သည်။ စိတ်ထဲတွင် ကြောက်ရွံ့ စိုးရိမ်စိတ်များပြီး မိမိကိုယ်ကို မပြည့်စုံ ခံစားရတတ်သည်။ ၎င်းတို့မှာ ဂီတနှင့်ပတ်သက်၍ ခံစားတတ်သူများ ဖြစ်သည်။

(၃) ဂဏန်းက အနုပညာအလွန်ဆန်၍ အပြောအဆို အရေးသားမှာ ဝေါဟာရကြွယ်ဝသူများ ဖြစ်သည်။ (၃) ဂဏန်းများများပါက စနစ်မကျ၍ ဖြစ်ကတတ်ဆန်းလုပ်တတ်သူများဖြစ်သည်။ အတွေးကောင်းသော်လည်း အချက်အလက်များပေါ် အဓိကမထားသူများ ဖြစ်သည်။ ၎င်းတို့သည် တီထွင်ဖန်တီးတတ်သူများ ဖြစ်သော်လည်း တစ်ခါတလေ စိတ်လိုက်မာန်ပါ ပြုမူတတ်သည်။ ၎င်းတို့ စွယ်စုံရ၍ တတ်သိလွယ်သူဖြစ်သည်။ (၃)ဂဏန်းများသည် အကောင်းဆုံးအမြဲမလုပ်တတ်ပါ။ အခြားသူများ ပျော်ရွှင်အောင် ဖျော်ဖြေပေးနိုင်သူများ ဖြစ်သည်။

(၆) ဂဏန်းများသည် တာဝန်များများကို ထမ်းဆောင်တတ်သည်။ စီမံကိန်းချလုပ်တတ်သည်။ လက်တွေ့ကျသော်လည်း အနုပညာဆန်သည်။ အိမ်နှင့်မိသားစုအပေါ် လိုအပ်ပြီး စည်းကမ်းကောင်းသူများ ဖြစ်သည်။ အများနှင့်ပတ်သက်သောလုပ်ငန်းများ စိတ်ဝင်စားသည်။ (၆) ဂဏန်း၏ မကောင်းသည့်လက္ခဏာမှာ အပေါ်စီးက ဆောင်ရွက်သည်။ သူတို့ပုံစံအတိုင်း အတင်းအကျပ်ခိုင်းသောကြောင့် သူတို့အပေါ် ချစ်ခင်မှုကိုမရပါ။ သူတို့၏ကလေးများနှင့်ပတ်သက်၍ ဆက်ဆံရာတွင် အခက်အခဲတွေ့ရသည်။

**နံပါတ် (၇) နှင့် (၉) ဂဏန်း** - (၇) နှင့် (၉) ဂဏန်းများများတွေ့ပါက ထိုးထွင်း သိမြင်အလွှာဝိညာဉ်သမားများ ဖြစ်သည်။

(၇) ဂဏန်းများသည် စိတ်နှင့်ပတ်သက်သည်။ ခွဲခြမ်းစိတ်ဖြာတတ်ပြီး အသိအမြင်ထူးကို ပုဂ္ဂိုလ်များအကူအညီဖြင့် အသုံးချသည်။ ၎င်းတို့သည် သိပ္ပံနည်းကျသောကိစ္စများတွင် ထူးချွန်၍ ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်သည်။ ရင်းရင်းနှီးနှီး မိတ်ဆွေများနှင့် ပေါင်းသင်းခြင်း၊ လူမှုရေးကိစ္စများတွင် မပါဝင်တတ်ပါ။ မိမိကိုယ်ကို ပြည့်စုံစေချင်သလို အခြားသူများပြည့်စေလိုသည်။ ၎င်းတို့သည် သရော်တတ်၊ ဝေဖန်တတ်သူများ ဖြစ်ပြီး ထောက်ထားသောစိတ်ရှိသည်။ (၇) ဂဏန်းရသူများသည် ဖုံးကွယ်နေသော သဘာဝအင်အားများကို ဖော်ထုတ်သူများ ဖြစ်သည်။

(၉) ဂဏန်းသည် လေးလေးနက်နက်စဉ်းစားသူများ ဖြစ်သည်။ လူအများနှင့်တွဲလုပ်နိုင်သည်။ ၎င်းတို့သည် စိတ်လှုပ်ရှားတတ်သည်။ပုဂ္ဂိုလ်စွဲမထားတတ်။ အများ၏ချစ်ခင်မြတ်နိုးမှု ခံယူချင်သည့်အတွက် အကယ်၍ ချစ်ခင်မှုသဘောတူမှုမရှိက စိတ်ပင်ပန်း သောကရောက်တတ်သည်။ (၉) ဂဏန်းသည် ကြင်နာသနား သည်းခံမှုရှိတတ်သည်။ ၎င်းတို့သည် စိတ်ကူးယဉ်အိပ်မက်မက်သူဖြစ်၍ လမ်းညွှန်ပေးနိုင်သူ လိုအပ်သည်။

**ဆန်းစစ်သုံးသပ်နည်း**

**(How to set up an analysis)**

နမူနာအနေဖြင့် နံပါတ်အရေအတွက် အများဆုံးပါသော အလွှာထဲ[illegible] ပုံစံပြု အမည်တစ်ခုကိုယူ၍ ဝေဖန်ဆန်းစစ်ပြပါမည်။ ပုံစံအနေဖြင့် အောက်ပါ အမည်ကို ဆန်းစစ်ကြည့်ပါစို့။

ပထမအမည် အပြည့်အစုံကို နံပါတ်တပ်၍ အောက်ပါအတိုင်း ဇယား ချပါ။

နံပါတ် (၁) က အမည်ထဲတွင် (၄) လုံးပါသည်။

နံပါတ် (၂) က အမည်ထဲတွင် တစ်လုံးမှ မပါ (၀)။

နံပါတ် (၃) က အမည်ထဲတွင် (၂) လုံး။

နံပါတ် (၄) က အမည်ထဲတွင် (၅) လုံး။

နံပါတ် (၅) က အမည်ထဲတွင် (၃) လုံး။

နံပါတ် (၆) က အမည်ထဲတွင် (၂) လုံး။

နံပါတ် (၇) က အမည်ထဲတွင် လုံးဝမပါပါ (၀)။

နံပါတ် (၈) က အမည်ထဲတွင် (၁၁) လုံးပါသည်။

နံပါတ် (၉) က အမည်ထဲတွင် (၅) လုံးပါသည်။

Cameron Richard Daridso[illegible] (ကင်မရွန်ရစ်ချာ့ဒေးဗစ်ဆန်) တွင် နာ[illegible] အလွှာမှ (၁) ဂဏန်းက (၄) လုံး၊ (၈) ဂဏန်းက (၁) လုံး စုစုပေါင်း (၅) လုံး ပါသည်။ ရုပ်ပိုင်းအလွှာမှ (၄) ဂဏန်းက (၅) လုံး၊ (၅) ဂဏန်းက (၃) လုံး စုစုပေါင်း (၈) လုံးပါသည်။ ထိုးထွင်းသိမြင်အလွှာမှ (၇) ဂဏန်းက လုံးဝ မပါ[illegible] (၉) ဂဏန်းက (၅) လုံး စုစုပေါင်း (၅) လုံး အလွှာအသီးသီးမှ ဂဏန်းအရေအတွက်မှာ မျှတစွာ ရှိနေသည်။ အလွှာအသီးသီး၏ အရေအတွက်ရှိသည်။ အ[illegible]ကယ်၍ အလွှာအသီးသီးမှ ကိုယ်စား[illegible] ဂဏန်းအရေအတွက်မရှိပါက သက်ဆိုင်ရာနယ်ပယ်တွင် ထူးချွန်မှုမရှိပါ။ အခြား[illegible]သောအလွှာများ၏ ပင်ကိုသဘောထား[illegible]များကရှိနေသည်။ ဤကဲ့သို့ အခွ[illegible] ရောက်လွန်းပါက အများကလက်[illegible] နိုင်သောသူ ဖြစ်နေသည်။ ထိုးထွင်းသိ[illegible]မြင်နယ်ဂဏန်းက များလွန်းပြီး ရုပ်ပိုင်းဆိုင်ရာ အလွှာကဂဏန်းများ မပါ[illegible] ထူးချွန်မှု မညီမမျှ၊ တစ်ဖက်စောင်း[illegible] ဖြစ်တတ်သည်။

(ဆက်[illegible])

ဆရာဒလမင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



Lanrette



Lionel

# ချစ်ခြင်းတရားနှင့်လက္ခဏာ

## သရာသိန်းသန်းအောင်

**Lanrette နှင့် Lionel တို့၏လက်ဝါးပြင်ပုံစံ**

Lanrette နှင့် Lionel တို့က အိမ်ထောင်ဖက်စုံတွဲအဖြစ် (၁၅) နှစ်တာဘဝခရီးကို ဖြတ်ကျော်ခဲ့ကြပြီး ဖြစ်သည်။ သူတို့နှစ်ဦးစလုံးက အိမ်ထောင်စုဝင်များသော မိသားစုအသိုင်းအဝန်းမှ ဖြစ်သည်။ အမျိုးသမီးဘက်မှ မိသားစုဝင် အစ်ကို (၁၃) ဦးနှင့် အစ်မများစွာရှိပြီး အမျိုးသားဘက်၌ မောင်နှမ(၈)ဦးရှိနေကြသည်။ Lionel သည် ဖခင်ဖြစ်သူ ကွယ်လွန်ပြီးနောက်ပိုင်း ကျောင်းထွက်၍ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ခဲ့ရသည်။ အကြီးဆုံးသားဖြစ်သောကြောင့် မိသားစု၏ အစစအရာရာတိုင်းအား တာဝန်ယူ ဖြေရှင်းပေးရသည်။ ညီငယ်၊ ညီမငယ်များအား 'အစ်ကိုကြီးအဖရာ' ဆိုစကားအတိုင်း ကြည့်ရှုစောင့်ရှောက်ပေးရသည်။ တစ်ခုသောဈာပန၌ Lionel နှင့် Lanrette တို့ ဆုံတွေ့ပြီး မေတ္တာသက်ဝင် ချစ်ကြိုက်ခဲ့ကြသည်။ ၎င်းတို့ လက်ထပ်ပြီး နှောင်နှစ်များစွာသော မိသားစုဝင်များဖြင့် ဆက်လက်ရုန်းကန်ခဲ့ကြသည်။ နောက်ပိုင်းတွင် Lionel ၌ (ဆေးစစ်ချက်မှတ်တမ်းအရ) ကင်ဆာရောဂါရှိလာခဲ့သည်။ သို့သော် ဇနီးသည်အပေါ် မေတ္တာစိတ်ကြီးမားလွန်းသောကြောင့် ထုတ်ဖော်မပြော



**Venus, the goddess of love, represents the physical body through which the actual sense organs of taste, touch, sight amell, and hearing function.**



www.burmeseclassic.com

www.burmeseclassic.com




မျှတခြင်း



လွန်ကဲခြင်း



နည်းပါးခြင်း

ဘဲ အိမ်မှထွက်ခွာသွားခဲ့သည်။ Lionel က သေဆုံးချိန်ထိ ဇနီးသည် စိတ်မဆင်းရဲစေရန် ကြိတ်မှိတ်ခံစားနေခဲ့သူ ဖြစ်သည်။

**ဗီးနပ်(စ်) (သို့) အချစ်နတ်သမီး**

သောကြာဂြိုဟ်ခုံသည် ရုပ်ခန္ဓာတစ်ခုလုံးအား ကိုယ်စားပြုပြီး ၎င်းရုပ်ခန္ဓာ၏ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ အရသာခြင်း၊ခံခြင်းနှင့် ထိတွေ့ခြင်း ဟူသည့် အာရုံငါးပါးအပေါ် ခံစားသိမြင်နိုင်ခြင်းကိုပါ ကိုယ်စားပြုထားသည်။ အာရုံများသည် ကျွန်ုပ်တို့နှင့်ပြင်ပလောကအကြားအပြန်အလှန် ဆက်သွယ်မှု၌ ကြားခံအဖြစ် ရပ်တည်ဆောင်ရွက်ပေးသည်။ ထိုအခါမှသာ ပြင်ပလောကနှင့် ပတ်ဝန်းကျင်အား အာရုံများအားဖြင့် လက်ခံသိရှိ၍ လိုသလို တုံ့ပြန်နိုင်ပါမည်။

သောကြာဂြိုဟ်ခုံ၏ ဖွံ့ဖြိုးမှုမျှတနေမှသာ လုပခြင်း၊ ကျက်သရေရှိခြင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်းနှင့် ချစ်ခြင်းမေတ္တာတရားတို့ကို ဖန်တီးဖြစ်ပေါ်စေပြီး သာယာသောလောကအဖြစ် တည်ဆောက်နိုင်ပါမည်။ သောကြာဂြိုဟ်ခုံသည် အရွယ်အစားအားဖြင့် တနင်္လာဂြိုဟ်ခုံထက် ပိုမိုကြီးနေမှသာ အကောင်းဆုံးအနေအထားဖြစ်သည်။

**သောကြာဂြိုဟ်ခုံဖွံ့ဖြိုးမှုမမျှတခြင်း**


သောကြာဂြိုဟ်ခုံဖွံ့ဖြိုးမှုနည်းပါးခြင်း (သို့) လွန်ကဲခြင်းကို ဖွံ့ဖြိုးမှုမမျှတသော သောကြာဂြိုဟ်ခုံအဖြစ် သတ်မှတ်ပါသည်။ အဆိုပါ(သောကြာ)ဂြိုဟ်ခုံမျိုးသည် ဝိညာဉ်စိတ်နှင့်ရုပ်ခန္ဓာ (သိစိတ်ပါဝင်မှု) တို့အကြား ထိတွေ့ဆက်သွယ်မှုအားနည်းခြင်း (သို့) လွန်ကဲခြင်းရှိနေကြောင်း ဖော်ပြပေးသည်။

**သောကြာဂြိုဟ်ခုံဖွံ့ဖြိုးမှုလွန်ကဲခြင်း**

၎င်းလက္ခဏာမျိုးသည် နှလုံးသားရေးရာခံစားချက်၌ (သာမန်ထက်) လွန်ကဲခြင်း၊ အတင်းအဓမ္မဆန်ခြင်း၊ ဖို့မကိစ္စ၌ စိတ်ဇောပြင်းထန်လွန်းခြင်း ရှိတတ်သလို စိတ်ရှုပ်ထွေးတတ်ခြင်း၊ စိတ်ပျက်အားလျော့တတ်ခြင်း၊ ဝမ်းနည်းတတ်ခြင်းသဘောများကို ဖော်ပြသည်။ လက္ခဏာရှင်အနေဖြင့် မိမိ၏အလိုဆန္ဒနှင့် ခံစားချက်များအား ဖြေဖျောက်၍ လမ်းကြောင်းပြောင်းပေးနိုင်ပါက စိတ်ရောကိုယ်ပါမျှတမှုရှိစွာဖြင့် ရင်းနှီးပျူငှာသော ဆက်ဆံရေးပုံစံအား ဆက်လက် ထိန်းသိမ်းပေးနိုင်ပါမည်။

**Miguel ၏ ရိုးရှင်းသော လူနေမှုဘဝပုံစံ**

Miguel သည် ကမ္ဘာကျော် (သာရှင်းတီရစ္စာန်ဌာန၏) ဓာတ်ပုံဆရာတစ်ဦး ဖြစ်သည်။ မိမိဝါသနာပါရာလုပ်ငန်းနယ်ပယ်အတွင်း နှစ်ပေါင်းများစွာ ရှင်သန်(ဖြတ်သန်း)ပြီးနောက် သူ၏ဘဝ၌ တစ်ခုခုပျောက်ဆုံးနေသလို စတင်ခံစား



Miguel channeled his love of beauty into film.

ခဲ့ရသည်။ ထို့ကြောင့် သူ၏စိတ်အတွင်း ထာဝရ ငြိမ်းချမ်းမှုအတွက် သာသနာ ဘောင်ဝင်ခြင်း၊ တရားအားထုတ်ခြင်း လုပ်လိုစိတ်ဝင်လာခဲ့သည်။ Miguel သည် ရုပ်လက္ခဏာအားဖြင့် တင့်တယ်ပြီး ဆန်းကျင်ဘက်လိင်အပေါ် ဆွဲဆောင်နိုင်အားရှိသော်လည်း သူ၏သောကြာဂြိုဟ်ခုံဖွံ့ဖြိုးမှု လွန်ကဲနေခြင်းကြောင့် ရိုးရှင်း (အေးဆေးသော) လူနေမှုဘဝပုံစံဖြင့် ရှင်သန်လိုကြောင်း ဖော်ပြနေသည်။

**ဖွံ့ဖြိုးမှုအားနည်းသောသောကြာဂြိုဟ်ခုံ**

ဖွံ့ဖြိုးမှုအားနည်းသောသောကြာဂြိုဟ်ခုံသည် အာရုံကြောဖွဲ့စည်းမှုစနစ်အားနည်းပြီး လောက၏ရိုက်ချက်များအပေါ် ခံနိုင်ရည်နည်းသူ ဖြစ်ပါမည်။

**သောကြာဂြိုဟ်ခုံပေါ်၌ သံစကာကွက်ပုံပါရှိခြင်း**

သောကြာဂြိုဟ်ခုံပေါ်၌ ရေပြ




A symmetrical on Venus indica charm and physical attractive



www.burmeseclassic.com

www.burmeseclassic.com




**An Irregular grill can be formed by too many (A) vertical or (B) horizontal lines.**

ညီလမ်းကြောင်းနှင့် ဒေါင်လိုက်လမ်းကြောင်းများ အညီအမျှ ပါဝင်လျက် သံကောကွက်ပုံစံရှိနေပါက နှစ်လိုဖွယ်ဆွဲဆောင်နိုင်ခြင်း၊ အိမ်ထောင်သုခဖြည့်ဆည်းနိုင်ခြင်းတို့ကို ကိုယ်စားပြုပါသည်။

သောကြာဂြိုဟ်ခုံသည် အချစ်ရေးနှင့် ပတ်သက်၍ အဓိက ရပ်တည်ကိုယ်စားပြုခြင်းကြောင့် အသက်လမ်းကြောင်းတစ်လျှောက် သောကြာဂြိုဟ်ခုံဧရိယာအနှံ့ သံစကာကွက်များ ညီညာစွာရှိနေခြင်းက မိမိချစ်ခင်တွယ်တာသူအပေါ် ညှို့ယူဆွဲဆောင်ရန် အသင့်ရှိနေကြောင်း ဖော်ပြပါသည်။



**An irregularly shaped grill on Arlene's mount of Venus shows that she has difficulty finding a harmonious outlet for her love.**

**သောကြာဂြိုဟ်ခုံပေါ်မှ ရှုပ်ထွေးသည့် (ညီညာမှုမရှိသော) သံစကာကွက်များ**

သောကြာဂြိုဟ်ခုံပေါ်၌ ညီညာသော သံစကာကွက်ပုံစံ မပီပြင်ဘဲ များစွာသော ဒေါင်လိုက်မျဉ်းများပါရှိနေပါက အချစ်ရေးနှင့်ပတ်သက်၍ စိတ်ခံစားမှု (အလိုမကျမှု) များ နက်ရှိုင်းစွာ ပါရှိနေကြောင်း ညွှန်ပြပါသည်။ ဒေါင်လိုက်မျဉ်းနှင့် အလျားလိုက်မျဉ်းများ ပါဝင်ဖွဲ့စည်းမှု မညီညာ၍ သံစကာကွက်ပုံစံ မပီပြင်ခြင်းကြောင့် အချစ်ရေး၌ စွန့်စားမှုတစ်ခုလုပ်ရန် ခြေလှမ်းစ,ပြင်သည်နှင့် ပြဿနာကြီးငယ် ကြုံတွေ့ရပါမည်။ ထို့ကြောင့် သောကြာဂြိုဟ်ခုံပေါ်၌ ဒေါင်လိုက်မျဉ်းများနေခြင်း (သို့) အလျားလိုက်မျဉ်းပါဝင်မှု လွန်ကဲနေခြင်း မဖြစ်ရန် ယိုအပ်သလို စိတ်ဖြင့် ကုစားပေးရပါမည်။

**သောကြာဂြိုဟ်ခုံပေါ်၌ သေးငယ်သော ဆံခြည်မျှင် ချုပ်ရိုးကြောင်းပုံစများ ပါရှိနေခြင်း**


လက်ဝါးပြင်၏ အခြေခံ အရေပြားတည်ဆောက်ပုံအရ အထက်ပါ ဆံခြည်မျှင်သဏ္ဌာန် ချုပ်ရိုးကြောင်းများအား (လက္ခဏာပညာဖြင့်) Capillaries အဖြစ် သတ်မှတ်ထားသည်။ Capillaries များ ရှုပ်ထွေးစွာပါဝင်နေသော သောကြာဂြိုဟ်ခုံသည် အာရုံငါးပါးခံစားမှု၌ အမြင့်ဆုံးအဆင့်တန်းရှိကြောင်း ဖော်ပြသည်။ ၎င်းအပြင် ရုပ်ပိုင်းဆိုင်ရာအားဖြင့် နှစ်လိုဖွယ်ဆွဲဆောင်နိုင်သော ရုပ်လက္ခဏာရှိခြင်း၊ အသံ၏ ကောင်းခြင်းတို့နှင့် ပြည့်စုံတတ်ပြီး အနုပညာ၌ ဖန်တီးနိုင်စွမ်း မြင့်မားခြင်းသဘောကို ကိုယ်စားပြုနေပါသည်။

**Steve ၏ လက်ဝါးပြင်ပုံစံ**


Steve သည် လက်ထပ်ရန် စေ့စပ်ပြီးသောသူ ဖြစ်သည်။ သူ၏လက်ဝါးပြင်မှ မြင့်မားသော သောကြာဂြိုဟ်ခုံ၏ အကျိုးသက်ရောက်မှုကြောင့် ပျော်ရွှင်သော အိမ်ထောင်သည်ဘဝကို ပိုင်ဆိုင်ခဲ့ပြီး သမီးမိန်းကလေး (၂) ဦး ထွန်းကားခဲ့သည်။ Steve အနေဖြင့် သူ၏ သမီး(၂)ဦးအား ဖန်တီးနိုင်မှုစွမ်းအား မြင့်မားစေရန် ပြုစုပျိုးထောင်ပေးမည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သည်။

အကယ်၍ သောကြာဂြိုဟ်ခုံပေါ်၌ Capillary ဖွဲ့စည်းမှု သာမန်ပုံစံ မဟုတ်ပါက မူလရှိသင့်ရှိထိုက်သော အတွေးအမြင်နှင့် အရည်အသွေးများ ပျောက်ဆုံးလျက် ကလေးဆန်သောပုံစံ ဖြစ်လာနိုင်ပါသည်။

ဆရာသိန်းသန်းအောင်



**...n irregu-
...r capillary
...rmation on
...enus exagger-
...tes the attributes
...f this mount.**



**The capillary formation of Steve's mount of Venus highlights his enjoyment of all that is beautiful.**



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

လူကြီးတွေက စကားထိုင်ပြော နေကြသည်။ သူတို့စကားဝိုင်းမှာ ထုံးစံ အတိုင်း ဆွေမျိုးတွေအကြောင်းကများ ၏။ အဖိုး၊ အဘွား၊ အမေတို့ ပြောနေ ကြသူတွေကို သဇင်ဖြူမှာ မြင်လည်း မမြင်ဘူး၊ တွေ့လည်းမတွေ့ဘူးသေး သဖြင့် စိတ်မဝင်စား။ ထို့ကြောင့် အပြင် ဝရန်တာဘက် ထွက်လာသည်။

အဘိုး၊ အဘွားတို့ အိမ်ဝရန်တာ ပေါ်ကလှမ်းကြည့်လျှင် ညို့ညို့မှိုင်းမှိုင်း တည်ရှိနေသော တိပိရတောင်တန်းကြီး ကို လှမ်းမြင်နေရသည်။ ပြီးတော့ အဖိုး လေးတို့ သော်ဒလီပါရာဘက်ကိုလည်း မြင်ရသည်။ ရဇပါရာနှင့်စာလျှင် တိပိရ တောင်ခြေနှင့်နီး၍လားမသိ သော်ဒလီ ပါရာဘက်က ပို၍စိမ်းစိမ်းစိုစိုရှိသည်။ သူတို့အရပ်က မေယုတောင်တန်းနှင့် တိပိရတောင်တန်းမှာ ဆက်စပ်နေသဖြင့် သဇင်ဖြူက မိမိအရပ် ကမ်းသာကို သတိရနေသည်။

ထိုစဉ် ကားသံကြား၍ ငုံ့ကြည့် လိုက်ရာ အစိုးရဌာနသုံး ဝီလီဂျစ်ကား တစ်စီးသည် အိမ်ရှေ့ထိုးရပ်လာသည်။ ဂျစ်ကားပေါ်ကဆင်းလာသူမှာ သဇင် ဖြူတို့အဘွား ဒေါ်ကြာဦးဖြူ၏ မောင်၊ ဦးကြာပန်းမောင်၏မြေး၊ ဦးပညာကျော် ၏သား ဟီလီတရိုက်က မြို့ပိုင်ကလေး ဇေယျာကျော်ထွန်း ဖြစ်သည်။ သူသည် သူ့ဘိုးဘိုးကြီးအိမ်ကို အလုပ်ကိစ္စနှ... သွားရင်းလာရင်း မကြာမကြာ ဝင်ထွ... သွားလာနေကျ ဖြစ်သဖြင့် အိမ်ပေါ်တို... တန်းတန်းမတ်မတ်ပင်တက်လာသည်။

ဖလောင်းချိတ်တွင် သူတို့လာ... က တစ်ခါတွေ့ဖူး၍ မှတ်မိသော်လည်း ရုတ်တရက် နှုတ်မဆက်ဝံ့သဖြင့် 'ဘွား ဘွားကြီးတို့ ဧည့်သည်လာတယ်' ဟု လှမ်းအသိပေးလိုက်သည်။

"ဧည့်သည်မဟုတ်ပါဘူး သဇ... ရယ်၊ အမျိုးတွေပါ"

သဇင်ဖြူ စကားမဆုံးမီပင် ဇေယျာထွန်းက သဇင်ဖြူကို ကြည့်ကာ ခဏရပ်ပြီး ပြောလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

"ခညဝတီကိုလွမ်းနေပြီလား"

ဟု မေး၏။

သဇင်ဖြူက ဘာမှမပြော၊ ပြုံးပြရုံသာ ပြုံးပြလိုက်၏။

ထိုအချိန်မှာပင် မိသားစုများ ဧည့်ခန်းသို့ ထွက်လာကြသည်။

သူတို့မိသားစုမှာ ဤအရပ်ဤဒေသ၌ အိပ်ပြီးစား၊ စားပြီးအိပ်နှင့် ဧည့်သည်ဆွေမျိုးတွေကိုသာ မျှော်နေတတ်ကြရာ ယခု ဇေယျာကျော်ထွန်းရောက်လာတော့ အတော်ပင်ဖြစ်သွားသည်။

"ဪ - ဘယ်သူလဲလို့၊ မောင်ဇေယျာကျော်ကိုး။ လာလေကွယ်၊ ထိုင်ထိုင်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ဟာလဘန်းမှာ အမှုတစ်ခုလာစစ်ရင်း အခင်ကြီးတို့၊ အတောင်ရှင်တို့ကို သတိရလို့ ဝင်လာတာပါ။ နေကောင်းကျန်းမာကြပါတယ်နော်"

"ကောင်းကြပါတယ်ကွယ်"

"အခင်နဲ့ထွန်းကျော်လင်းတို့ကော မမြင်ပါလား"

"သူတို့မရှိကြဘူး၊ ကာလကတ္တားမှာ ကျောင်းဝင်ဖို့ကိစ္စနဲ့ သူ့အဖေဓာတ်ပုံပါယူလာရမယ်မှာလို့ ဖလောင်းချိတ်

## ဤလမ်းခရီး လွမ်းမပြီးနိုင်

သုရှမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်





www.burmeseclassic.com

www.burmeseclassic.com

ကို ဓာတ်ပုံရိုက်သွားကြတယ်။ ဓညဝတီက အတန်းကြီးသမားတွေမို့ ကာလကတ္တားမှာ စစ်လားဆေးလားသိပ်လုပ်လိမ့်မယ် ဆိုပါလား"

"ဟုတ်ပါလိမ့်မယ်၊ ကာလကတ္တားမှာ ဓညဝတီက နိုင်ငံရေးကျောင်းသားတွေလည်း အများအပြား ဝင်ထွက်သွားလာ လှုပ်ရှားနေကြလို့ ဖြစ်ပါလိမ့်မယ်။ ထွန်းကျော်လင်းက ဓညဝတီက အတန်းကြီးကျောင်းသားဆိုတော့ ကျွန်တော်ကြားရသလောက် အစစ်အဆေးတော့ လုပ်ချင်လုပ်ကြမှာပေါ့"

"အေးလေကွယ်၊ ထွန်းကျော်လင်းထက်အတန်းကြီးတဲ့ အရီးရှင်တို့ ကမ်းသာက နောက်တစ်ယောက်လည်း ပါသေးတယ် ပြောတယ်။ သူ့အဖိုးကြီးကတော့ ကျောင်းဆရာ၊ ဆရာမတွေဆီ စာတိုစာရှည်ရေးပေးလိုက်တာပဲကွယ့်။ အဖေ့ဓာတ်ပုံပါ ပါရမယ် ဆိုတာ အဲဒီတုန်းက ကျော်သာလှလည်း ဘာမှပြောမသွားတော့ ခုမှဟိုကလှမ်းမှာလို့ ဓာတ်ပုံရိုက်သွားကြလေရဲ့"

"အစ်ကို ကျော်သာလှကလည်း အဲဒီတုန်းက စုံစုံလင်လင် မမေးလာဘူးနဲ့တူပါတယ်"

"အေးလေကွယ်၊ ဒီအတိုင်းဆို ကိုယ် ကျောင်းဝင်ခွင့်တောင်မှ ရပ့်မလား"

ဒေါ်သန္တာဖြူက စိုးရိမ်သလို ဝင်ပြောလိုက်သည်။

"ရပါလိမ့်မယ်၊ အဘောင်ရှင်နဲ့ အရီးရှင်တို့ သိပ်လည်းမစိုးရိမ်ကြပါနဲ့။ ကျွန်တော် ရှေ့လဆန်းမှာ ကာလကတ္တားကို ရုံးကိစ္စနဲ့ သွားစရာရှိပါတယ်။ စစ်တကောင်း အရေးပိုင်ဆီကလည်း ထောက်ခံစာယူသွားပါ့မယ်။ ပြီးတော့မှာက အစိုးရအရာရှိအရာခံဆွေမျိုးတွေ များပါတယ်။ ပါပါလည်းရှိတာပဲ။ ထွန်းကျော်လင်းထက် အတန်းကြီးသူ ဆိုတာတော့ ကျွန်တော်လည်း မသိတော့ သူ့နာမည်၊ မိဘအမည်လိပ်စာ ခေတ္တနေရပ်တွေတော့ လိုပါလိမ့်မယ်။ သူက ခု ဒီမှာပဲလား"

"သူ့အတွက်ကတော့ အရေးမကြီးပါဘူး။ ကိုယ်အတွက်သာ မင်းလုပ်ပေးလိုက်ပါ။ သူ့မိဘတွေက ဖလောင်းချိတ်မှာရှိပါတယ်။ သူတို့ဘာသာ သူတို့လုပ်ကြပါစေကွယ်။ မင်းက အမှုထမ်းဆိုတော့ကိစ္စများမှာပေါ့၊ နေပါစေ၊ ကိုယ်အတွက်သာ ဆောင်ရွက်ပေးလိုက်ပါ"

ဒေါ်သန္တာဖြူက အောင်ကျော်ဦးကို နာမည်ပင် ထည့်မပြောဘဲ စကားပိတ်၏။ သို့သော် ဇေယျာကျော်ထွန်းကမူ-

"အပန်းမကြီးပါဘူး အရီးရှင်၊ စစ်ကြီးကြောင့် ပညာတစ်ပိုင်းတစ်စဖြစ်ကုန်ကြတဲ့ ညီအစ်ကိုတော်တွေကို ကူညီရတာ ကုသိုလ်ရပါတယ်။ နောက်တစ်ပတ် ကျွန်တော် လာပါဦးမယ်။ နာမည်၊ မိဘနာမည်၊ ခုတည်းနေတဲ့ ဖလောင်းချိတ်မြို့ပိုင်ဆီကတော့ ထောက်ခံစာလုပ်ထားပေးဖို့ပြောပါ။ ရအောင်လုပ်ပေးပါ့မယ်"

"ဩော် - ဒါနဲ့ ကျော်သာလှက ပြောတယ်။ ကိုယ်တို့နဲ့ စစ်တကောင်းကို သွားကြတုန်းက သူတို့သင်္ဘောကို ဂျပန်လေယာဉ်ပျံ ဝဲကြည့်သွားတယ်။ တစ်စင်းကလည်း မီးခိုးတွေထွက်ပြီး ပင်လယ်ထဲ ထိုးကျသွားတယ်ပြောတယ်။ ငါ့မြေးဘာကြားသေးလဲ။ ဖလောင်းချိတ်နဲ့ စစ်တကောင်းများ ဂျပန်တွေ ရောက်လာလေမလားကွယ်"

ဒေါ်ကြာဦးဖြူ၏ အမေးစကားကို ဇေယျာကျော်ထွန်းက-

"အဘောင်ရှင် မပူပါနဲ့၊ တကယ်လို့ အိန္ဒိယပြည်ကို ဂျပန်တွေ ဝင်လာတောင် အာသံ၊ မဏိပူဘက်ကပဲဝင်မှာပါ။ ခု အဘောင်ရှင်တို့လာခဲ့ကြတဲ့လမ်းက ဂျပန်တွေ ဘယ်လိုမှဝင်မလာနိုင်ပါဘူး။ ဒီလမ်းက အိန္ဒိယပြည်ရဲ့ တောင်ဘက်အစွန်အဖျားပဲ။ အဲဒါကြောင့်လည်း အဘောင်ရှင်၊ အရီးရှင်နဲ့ ဓညဝတီကလူတွေကို အင်္ဂလိပ်က ဘေးကင်းရန်ကင်း ဒီလမ်းက ခေါ်လာတာပါ။ မစိုးရိမ်ပါနဲ့"

"မင်းပြောတာတော့ ဟုတ်ပါရဲ့၊ အရီးရှင်တို့ ဖလောင်းချိတ်မှာတုန်းက ဟိုသူငယ်ပြောသွားတာကတော့ မဏိပူရ၊ အာသံတောင် ဒီနေ့နက်ဖြန်ပဲ ဂျပန်လက်ထဲ ကျသွားတော့မယ့်အတိုင်း"

"ဟဲဟဲ - ကိုအောင်ကျော်ဇေယျ ပြောတာကို အရီးရှင်တို့ယုံလား"

"မသိဘူးလေကွယ်၊ တို့ကတော့ ဘယ်ပြောတတ်မလဲ"

"ဟင်းဟင်း - လောလောဆယ် မဏိပူ၊အာသံတော့ ဂျပန်လက်ထဲကျမှာ မဟုတ်ဘူး၊ သူသာ တောပြောတောင်ပြောပြောနေတာနဲ့ ထောင်ထဲရောက်မှာပဲ"

"ဖွဟဲ့ - လွဲပါစေဖယ်ပါစေ၊ အဘောင်ရှင်ကတော့ ငါ့မြေး၊ ငါ့တူတွေ ဘယ်သူမှ ဒုက္ခရောက်တာ မကြားချင်ပါဘူးကွယ်။ အဘောင်ရှင်တို့ တစ်လမ်းလုံး ဒုက္ခရောက်လာကြလို့ ကိုယ်ချင်းစာပါတယ် ငါ့မြေးရယ်"

"အဖြစ်ကိုပြောတာပါ အဘောင်ရှင်။ ကျွန်တော် ဟီလီတရိုက်မှာ ရှိနေသမျှ အစ်ကိုအောင်ကျော်ဇေယျလည်း ထောင်ထဲမရောက်စေရပါဘူး။ တကယ်လို့ သူပြောသလို ဂျပန်တွေဝင်လာတော့လည်း ကျွန်တော်တို့ အမျိုးတွေ ရွာတော်မှာ အများကြီးပဲ၊ ဟီလီတရိုက်တောင်ပေါ် တက်ပြေးကြတာပေါ့"

ဤတစ်ခါတော့ ဇေယျာကျော်ထွန်း၏ စကားကို အားလုံးဝိုင်းရယ်ကြသည်။ ထိုအခါ သူတို့လူကြီးတွေ စကားပြောနေကြသည်ကို အိပ်ခန်းဝတွင် ထိုင်ကြည့်နေသော သဇင်ဖြူကလည်း တစ်ခစ်ရယ်လိုက်မိ၏။ သဇင်ဖြူ ရယ်သည်ကတော့ ဇေယျာကျော်ထွန်းစကားကို ထက် အရပ်မှာတုန်းက သူ့အဘွား ပြောပြဖူးသည်ကို သတိရသွား၍ဖြစ်၏။

တစ်ပြည်သားစစ်ကြောင့် အဘွားတို့သည် မျက်နှာအိုးမဲသုတ်၊ အစုတ်ဝတ်ပြီး မိန်းမတွေက အရူးလုပ်ပြေးကြရသလို ယောက်ျားတွေကလည်း အရူးဟုထင်အောင် ကိုယ်တုံးလုံးချွတ်ပြီး ဖင်မှာ ကြက်တောင်ညှပ်၊ ကောက်ရိုးအမြီးတပ်၍ ပြေးခဲ့ကြရသည် ဆိုစကား ကို သတိရသွား၍ ရယ်ခြင်း ဖြစ်သည်။

သဇင်ဖြူ ရယ်သည်ကို ဇေယျာကျော်ထွန်း လှမ်းကြည့်သောအခါ ဒေါ်ကြာဦးဖြူက သူ့မြေးချစ်မလေးကို ခုမှ သတိရသွားသလိုနှင့်-

"ဖြူဖြူ ငါ့မြေး၊ လာလေ။ နင်ပျင်းနေတာနဲ့အတော်ပဲ။ ဒီမှာ နင်မပျင်းအောင် စကားပြောဖို့ နင့်အမျိုးတစ်ယောက် ရောက်လာပြန်ပြီ။ စကားပြောကြဦး။ ငါ့မြေးပျင်းနေတာလည်း မပြောနဲ့ကွယ်။ အဘောင်ရှင်တို့မှာ အိပ်လိုက်စားလိုက်နဲ့ စကားပြောဖို့ အမျိုးတွေပဲ မျှော်နေကြတာ။ လာ - ငါ့မြေး"

သူ့အဘွားခေါ်လိုက်မှ သဇင်ဖြူက သူ့အမေနားလာထိုင်သည်။

"ဖြူဖြူက ရဇပါရာမှာ ပျင်းနေသလား။ ဩော် - ဒါနဲ့ ပန်းဝါက အဘောင်ရှင့်ဇာတိဆို။ ခု ကျွန်တော် ဟာလဘန်းမှာ ကိစ္စပြီးခဲ့လို့ ပန်းဝါလည်း သွားရဦးမယ်။ ဒီမှာပျင်းနေရင် အဘောင်ရှင်တို့မိသားစု ပန်းဝါလိုက်ခဲ့ကြပါလား။ ကျွန်တော်တို့မှာ နောက်ကားတစ်စီးပါသေးတယ်"

သဇင်ဖြူအား သူ့အဘွားက ဖြူဖြူဟု ခေါ်သဖြင့် ဇေယျာကျော်ထွန်းကလည်း ချက်ချင်းပင် သဇင်ဖြူ၏ အ



www.burmeseclassic.com

www.burmeseclassic.com

ခေါ်နာမည်ကိုပင် ခေါ်၍ ပြောလိုက်၏။

ထိုအချိန်မှာပင် ဦးအောင်တိုင်သည် ဦးကြာပန်းအောင်နှင့် သမီးယောက်ဖ နှစ်ယောက် ရေဒီယိုနားထောင်ပြီး စစ်သတင်းတွေ ဆွေးနွေးနေကြရာမှ ထွက်လာပြီး-

"မင်းက အစိုးရကိစ္စ အလုပ်တာဝန်နဲ့ လာတာဆိုတော့ အားနာစရာကြီးများဖြစ်နေမလားကွယ်။ ဘိုးဘိုးတို့က ဒီမှာ ဘယ်လောက်ကြာကြာနေကြရဦးမယ်မသိတော့ နောက်မှ အေးအေးဆေးဆေး သွားလည်ကြမလားလို့လေ"

"အားနာစရာမရှိပါဘူး ဘိုးဘိုး၊ လမ်းလည်းကြုံနေလို့ပါ။ ဟာလပန်းနဲ့ ပန်းဝါ မဝေးပါဘူး။ ပန်းဝါသူ အဘောင်ရှင် သိပါတယ်"

ဦးအောင်တိုင်မှာ ယခင်က ပန်းဝါသာရောက်ဖူးသူ ဖြစ်သဖြင့် ဟာလဘန်းနှင့်ပန်းဝါအကွာအဝေးကို သိသူမဟုတ်။ ထို့ကြောင့် အားနာ၍ ပြောသည်ကို ဇေယျာကျော်ထွန်းက-

"ဘိုးဘိုးကလည်း၊ အမျိုးမဟုတ်တဲ့ အတိုင်းပဲ။ ကျွန်တော့်များ အားနာနေရ"

"ဟဲ့- သူက နင့်အဘိုးဆိုပေမယ့် ကျွန်းသားပဲ၊ တို့ ရာဇဌာနီကလူတွေလို အမျိုးလည်း ချစ်တတ်ကြတာမှ မဟုတ်တာ"

ဒေါ်ကြာဦးဖြူကတော့ သူ့ယောကျ်ားကို အကွက်ဝင်သဖြင့် ဇေယျာကျော်ထွန်းရှေ့ အသားယူပြောလိုက်သည်။ ဦးအောင်တိုင်ကမူ ဘာမှမပြောဘဲ ရယ်၍သာနေ၏။ ထိုအခါ ဒေါ်ကြာဦးဖြူက သူ့သမီး ဒေါ်သန္တာဖြူဘက်လှည့်၍ -

"ဘယ့်နှယ်လဲ သန္တာ၊ သမီးကတော့ အရင်ကရောက်ဖူးပေမယ့် ငါ့မြေးဖြူဖြူတော့ အဘောင်ရှင်ချက်မြှုပ်ကို တစ်ခါမှ မရောက်ဖူးသေးဘူး။ ခု ငါ့မြေးကြီး ကားကြုံနဲ့ လိုက်သွားကြမလား။ ခုလမ်းခရီးကကောကွယ် ဘယ့်နှယ်နေလဲ။ ဘွားဘွားတို့ ငယ်ငယ်တုန်းကတော့ နဝဂရီမှာ ခဏခဏ လူလု၊ ဓားပြတိုက်တတ်တယ်"

"ဘွားဘွားတို့ ငယ်ငယ်ကနဲ့တော့ ဘယ်တူတော့မလဲ အဘောင်ရှင်။ ခု လမ်းကောင်းပါတယ် အဘောင်ရှင်။ ဓားပြတိုက်ခံရမှာတော့ လုံးဝမပူပါနဲ့။ ရဲဝန်ထောက်တစ်ယောက်လည်း သူ့လူတွေနဲ့ ပါပါတယ်။ အဘောင်ရှင်က လမ်းမှာ ဓားပြတိုက်တတ်တယ်ဆိုလို့ ဖြူဖြူကြောက်မနေနဲ့နော်။ ပန်းဝါက ဖြူဖြူတို့ အဘွားရဲ့ ချက်မြှုပ်ဒေသ ဆိုတော့ ရောက်ဖူးသင့်ပါတယ် လိုက်ခဲ့ကြပါ"

"ငါ့ ချက်မြှုပ်ထက် ပန်းဝါက အစဉ်အလာသမိုင်းရှိတဲ့ အရပ်ပဲကွယ့်။ စစ်သူကြီး မဟာဗန္ဓုလ မဏိပူရ၊ အာသံကို အောင်နိုင်ခဲ့တုန်းက စစ်စခန်းချတဲ့ ဓာရိုးကာတောင်ကို ဟိုရောက်မှ ဘွားဘွား လိုက်ပြပေးရမယ်"

သည်လိုနှင့် မြို့ပိုင်လေး ဇေယျာကျော်ထွန်းကားနှင့် ပန်းဝါကို အလည်လိုက်ကြရန် ချက်ချင်း စီစဉ်ကြသည်။ ဤသည်ကို ဒေါ်ကြာဦးဖြူ၏အစ်ကိုကြီး ဦးကြာပန်းအောင်ကတော့-

"ငါ့နှမတော့ ပန်းဝါလိုက်ရမယ်ဆိုတာနဲ့ ထမင်းမေ့ဟင်းမေ့ဖြစ်နေတော့မှာပဲ။ ကဲ- ဒါဆို ထမင်းစားကြ၊ ငါ့မြေး ဇေယျာကြီးလည်း ဆွေမျိုးတွေနဲ့ တစ်ခါတည်း ထမင်းဝင်စားသွားကွာ"

"ဌာနက ဘင်ဂလိုမှာ ကျွန်တော့်လူတွေနဲ့ ကြိုပြင်ထားတာရှိလို့ ကျွန်တော်တော့ မစားတော့ဘူး ဘိုးဘိုးကြီး။ ညဝတီက ဘိုးဘိုးဘွားဘွားတို့မိသားစုပဲ စားကြပါ။ နောက်မှ ဆွေမျိုးတွေကို ကျွန်တော် ထမင်းကျွေးပါဦးမယ်။ အဲဒီအခါမှ ညဝတီက အမျိုးတွေနဲ့ ရဇပါရာကအမျိုးတွေကိုလည်း စုံစုံညီညီတွေ့ကြတာပေါ့။ ခုတော့ ကျွန်တော်သွားလိုက်ပါဦးမယ်။ နေ့လယ်တစ်နာရီကျော်ကျော်လောက် ကျွန်တော်လာခေါ်ပါ့မယ်။ စောင့်နေကြပါ"

ဇေယျာကျော်ထွန်း ပြောပြောဆိုဆိုနှင့်ပင် ပြန်သွားလေသည်။

*

ဦးအောင်တိုင်တို့မိသားစု နံနက်စာစားပြီး မကြာမီမှာပင် ဇေယျာကျော်ထွန်းက ကားကို ကိုယ်တိုင်မောင်းပြီး လာခေါ်သည်။ဇေယျာကျော်ထွန်း ကားပေါ်ကို မိသားစုလေးယောက် တက်လိုက်ပါလာကြ၏။

ရဇပါရာ၏ ကင်းဂိတ်တဲနားအရောက်တွင် အသင့်စောင့်နေသော ရဲကားတစ်စီးသည် ဝင်းထဲမှ မောင်းထွက်လာပြီး ဦးအောင်တိုင်မိသားစုစီးလာကြသော ဇေယျာကျော်ထွန်းကားရှေ့က မောင်းထွက်သွားသည်။

ဤသည်ကို ဒေါ်ကြာဦးဖြူက လှမ်းကြည့်ပြီး-

"ငါ့မြေးဇေယျာ၊ ဒီလမ်းက အစောင့်အရှောက်နဲ့ သွားရတာလား"

ဟု ဇေယျာကျော်ထွန်းကို မေးလိုက်သည်။

"ဖြူဖြူရေ- ဖြူဖြူတို့အဘွားက ဟိုတုန်းကလို ပန်ဝါလမ်း ဓားပြကြောက်နေတယ် ထင်တယ်"

ဟု ပြောပြီး-

"မဟုတ်ပါဘူး အဘောင်ရှင်၊ ကျွန်တော်တို့ ပန်းဝါမှာ နှစ်ညလောက်နေပြီး ဒိုလာဇာရီထိ အစိုးရကိစ္စနဲ့ သွားကြမှာမို့ ရဲကားပါလာတာပါ။ ဒိုလာဇာရီမှာ မကြာပါဘူး။ အဘောင်ရှင်တို့ ပန်းဝါက စောင့်နေကြပါ။ အပြန်မှာ ရဇပါရာထိ ကျွန်တော် အဘွားတို့ကို လိုက်ပို့ပါ့မယ်"

"ငါ့မြေးက အစိုးရကိစ္စနဲ့ သွားလာနေရတော့ အဘွားတို့က အားနာလို့ပါကွယ်"

"ကဲ - ခု အဘောင်ရှင်ပြောနေတာက အမျိုးမဟုတ်သလိုပါလား။ အရီးရှင်၊ ကိုယ့်အမျိုးအရင်းကြီး ဘာလို့ အားနာရမလဲ။ ဟုတ်တယ်မှတ်လား ဖြူဖြူ"

"အမျိုးအရင်းကြီးတွေ ဆိုပေမယ့် အဘောင်ရှင်က ခုမှ တွေ့တော့ အားနာ. . ."

"ခုမှတွေ့တဲ့အမျိုးမို့ ဖြူဖြူတို့ကတို့ကို ညဝတီအမျိုးတွေလောက် မခင်ပါဘူးဆိုတဲ့သဘောလားဖြူဖြူ"

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ဒီဘက်ဆွေမျိုးတွေက ဟိုဘက်က အမျိုးတွေထက် ခင်ဖို့ပိုကောင်းတယ်ဆိုတာ အကျွန်တို့ တစ်လမ်းလုံး သိလာရပြီးသားပါ။ ဟိုဘက်မှာတော့ အမျိုးတွေကလည်းများတော့ တစ်ယောက်နဲ့တစ်ယောက် ဒီကအမျိုးတွေလောက် မခင်ကြဘူးလေ။ ပြီးတော့ အကျွန်တို့ကလည်း နယ်စွန်ပြည်ဖျားနေနေရတော့ ညဝတီကအမျိုးတွေနဲ့ ခုလောက်တောင် နီးနီးကပ်ကပ်မနေဘူးကြတာ"

ဟီလီတရိုက်ဒေသ ရဇပါရာကို သဇင်ဖြူတို့ ရောက်နေကြသည်မှာ တစ်လနီးပါး ရှိနေပြီ ဖြစ်သော်လည်း မြို့ပိုင်လေး ဇေယျာကျော်ထွန်းကို ယခု ပန်းဝါခရီးကျမှ သဇင်ဖြူက စကားဟဟပြောဖြစ်သည်။

"အဖိုးကြီးတို့၊ ဘိုးဘိုးကြီးတို့ကတော့ ဖြူဖြူတို့မိသားစုကို ဟိုမပြန်ရဘူး၊ ရဇပါရာမှာပဲ နေရမယ်တဲ့။ အဘောင်ရှင်ရဲ့ အမွေတွေကလည်း ဒီမှာရှိနေတော့ ကမ်းသာက လယ်ယာမြေတွေကို ဘိုးဘိုးတို့၊ အခင်တို့ ညဝတီကအမျိုးတွေကိုလုပ်ဖက်ပေးထားလိုက်ပေါ့။ ကျွန်တော်ပြောတာ အဘောင်ရှင်တို့ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

သဘောရလဲ"

"အဘွားက ပန်းဝါသူပဲကွယ့်၊ ဒီမှာလည်း ကိုယ့်ဆွေကိုယ့်မျိုးတွေနဲ့ နေပျော်ပါတယ်။ ငါ့မြေးက မင်းနှမတို့ မိသားစုကိုသာမေးပါ"

"အဘွားကတော့ ဒီမှာ ပျော်တယ်တဲ့။ ဘိုးဘိုးတို့၊ အရီးရှင်တို့ သဘောကကော"

"ဒါကတော့ ခုနေခါ ဆုံးဖြတ်ချက်ချဖို့ စောသေးတယ် ထင်ပါတယ်ကွယ်။ စစ်ကြီးကလည်း ဘယ်နှနှစ်ကြာမယ်မှန်း မသိသေးတာ"

"ဒါဆိုလည်း ဒီမှာ နေပျော်တယ်ဆိုတဲ့ အဘောင်ရှင်ကိုပဲ ခေါ်ထားလိုက်ကြရမယ် ထင်တယ်။ ဖြူဖြူကော ဘယ့်နှယ်လဲ။ အဘောင်ရှင်ဒီမှာနေရင် ဖြူဖြူကော ဒီမှာကျန်နေခဲ့မလား။ အဘောင်ရှင်ရဲ့ တီးတိုးဖော် ဆေးပေးမီးယူပေါ့။ ဘယ်နှယ့်လဲ"

"အဘောင်ရှင်နေရင် အကျွန်လည်းနေရမှာပေါ့"

"ဟုတ်ပြီ၊ ဒါဆို စစ်ကြီးပြီးရင် မဉ္စဝတီသားတွေကို မဉ္စဝတီ ပြန်ပို့ပြီး ရာဇဌာနီသူ ဘွားဘွားနဲ့ ဖြူဖြူတို့ ဒီမှာ နေလိုက်ကြ။ အဲဒါဆို ခု ဒီမှာပဲ ဆုံးဖြတ်လိုက်ကြရအောင် ဘယ့်နှယ်လဲ"

ဇေယျာကျော်ထွန်းက အပြောင်အပြက်လိုလို၊ အတည်လိုလို ပြောသည်ကို ဒေါ်သန္တာဖြူက-

"မင်းသာ စောင့်ရှောက်ထားမယ်ဆိုရင် နှစ်ယောက်စလုံးကို ထားခဲ့ဆိုလည်း အရီးရှင်တို့က တကယ်ထားခဲ့မှာနော်"

"ထားခဲ့၊ ထားခဲ့ အရီးရှင်။ အဘောင်ရှင်နဲ့ ဖြူဖြူကို ကျွန်တော်တကယ်ခေါ်ထားလိုက်မှာနော်။ ကျွန်တော်တို့ ဒီက အမျိုးတွေမှာ ကျွန်တော်တို့အရွယ် မိန်းကလေးဆိုလို့ မရှိသလောက်ဘဲ။ ယောက်ျားလေးတွေကတော့ ပေါသလားမပြောနဲ့။ ချာပရာဇီဌာနအုပ်၊ မြို့ပိုင်၊ နိုင်ငံရေးသမား၊ ကုန်သည်အစုံပဲ။ အဲဒါကြောင့် ဖြူဖြူသာ ဒီမှာနေလိုက်မယ်ဆိုရင် အမျိုးတွေက အားလုံး ဝိုင်းချစ်ကြမှာဗျ ဟဲဟဲ"

ဖလောင်းချိတ်မှာ စတွေ့စဉ်ကမူ စကားနည်းသူဟု ထင်ထားခဲ့ကြသော မြို့ပိုင်လေး ဇေယျာကျော်ထွန်းမှာ ဤနေ့တော့ သူချည်း တစ်လမ်းလုံး ရယ်ရယ်မောမော စကားပြောလာသည်။

သည်လိုနှင့် ဒေါ်ကြာဦးဖြူတို့ ငယ်စဉ်က ဓားပြတိုက်တတ်သည် ဆိုသော ဝနဂရာကို ရောက်လာကြသည်။ ရဇပါရာရဲစခန်းက ထွက်သွားသော ပုလိပ်ကားကိုတော့ ဝနဂရာမှာ မတွေ့ရတော့။

ဝနဂရာမှာ ယခုအခါ ဈေးဆိုင်နှင့် လက်ဖက်ရည်ဆိုင်နှင့် စည်စည်ကားကားဖြစ်နေပြီ။ ဤလမ်းမှာ ပန်းဝါမှ ဂွာဇာနီယာ၊ ဒိုလာဇာရီ၊ ချက်ကာရီယာ၊ ဟာလဆင်းထိ သွားနိုင်သောလမ်း ဖြစ်သည်။

ဝနဂရာမှာ ခဏနား လက်ဖက်ရည်သောက်ပြီး ပန်းဝါကို ဆက်ထွက်လာကြသည်။ ညနေလေးနာရီလောက်တွင် ပန်းဝါမြို့ထဲ ရောက်လာကြ၏။ ပန်းဝါတွင် ဒေါက်ကပ်ဟု ဒေသသားများ ခေါ်ကြသော လူနှစ်ယောက်စီး လန်ချားမှာ သဇင်ဖြူအတွက် အထူးအဆန်းလို ဖြစ်နေသည်။

ဦးအောင်တိုင်တို့ မိသားစုမှာ ယခင့်ယခင်ကလည်း တည်းခိုဖူးကြသော ဆွေမျိုး ဦးစံလှိုင်တို့အိမ်တွင် တည်းခိုကြသည်။ ဦးစံလှိုင်က ဦးအောင်တိုင်ကို -

"ယောက်ဖကြီးတို့ကို ကျွန်တော်လာမတွေ့တာက အိမ်ရှင်မနဲ့ ကလေးတွေ စစ်တကောင်းသွားနေကြလို့ပါ။ ယောက်ဖကြီးရဲ့ အစ်မတို့မိသားစု ရဇပါရာကိုရောက်နေကြတယ်ဆိုတာ လှသာထွန်းပြောသွားတာ တစ်ပတ်လောက်တောင်ရှိပြီ။ ခု မြို့ပိုင်လေးနဲ့ ရဇပါရာက လာကြတာလား"

ဟု သူလာမတွေ့သည်ကို အားတုံ့အားနာဟန်နှင့် ပြောသည်။

"အေးကွယ့်၊ အခု မြေးကြီးဇေယျာကားကြုံတာနဲ့ အမျိုးတွေကိုလည်း သတိရလို့ လိုက်လာကြတာ။ မိသားစုအားလုံး ကျန်းကျန်းမာမာပဲမှတ်လား။ ငါ့မောင်က ခု မြေးဘယ်နှယောက်ရပလဲ"

"သမီးကြီးကို ခု အစ်မကြီး တွေ့လို့လည်း မှတ်မိမှာမဟုတ်ဘူး။ စိန်မြောင်ဘုရားပွဲမှာ တွေ့တုန်းက ကြီးကြီးနဲ့ မဉ္စဝတီကို လိုက်ချင်လိုက်တာလို့ပြောတဲ့ ကောင်မလေးလေ။ ခု သူက ကလေးသုံးယောက်နဲ့ အိမ်ခွဲနေကြတယ်။ အစ်မကြီးရောက်သံကြားရင် ချက်ချင်းပြေးလာလိမ့်မယ်"

ဟု ဦးစံလှိုင်က ပြောသည်။

ဒေါ်ကြာဦးဖြူက ခရီးရောက်မဆိုက် သူ့ဆွေမျိုးတွေကို တစ်ယောက်ပြီးတစ်ယောက် မေးမြန်းပြီး စကားရှည်တော့မှာကိုသိသော ဇေယျာကျော်ထွန်းက-

"အဘောင်ရှင်၊ အရီးရှင်တို့၊ ကျွန်တော် ခု ဗိုလ်တဲကို ပြန်လိုက်ဦးမယ်။ မနက်မှကျွန်တော်လာခဲ့မယ်။ အဘောင်ရှင်တို့ ဟိုတုန်းက ပန်းဝါနဲ့ ခုပန်းဝါ ... သေးလားဆိုတာ လိုက်ပြပါ့မယ်"

ဟု စကားဖြတ် ဝင်ပြောလိုက် ... သည်။

"အေး-အေးကွယ့်၊ မင်းအလု ... ကိစ္စရှိရင်လည်း မလာပါနဲ့။ ပန်းဝါ ... အဘောင်ရှင်မွေးရပ်မြေပဲ၊ အဘောင်ရှင် ... အထူးလိုက်ပြစရာမလိုပါဘူး။ မင်းဘိုး ... ဘိုးနဲ့ မင်းအရီးရှင်ကလည်း တစ်ခါ ... ခါ ရောက်ဖူးပြီးသားဆိုတော့ ပန်းဝါ ... သမိုင်းဝင်နေရာတွေကို သိထားအောင် ... ငါ့မြေးဖြူဖြူတစ်ယောက်ကိုပဲ လိုက်ပြ ... ရမှာပဲ"

"ဟုတ်ကဲ့ပါ။ ကဲ- ဖြူဖြူ အစ် ... ပြန်လိုက်ဦးမယ်။ မနက်မှလာခဲ့မ ... နော်"

ဇေယျာကျော်ထွန်း နှုတ်ဆ ... သည်ကို သဇင်ဖြူက ပြုံးပြီး ခေါင်းညိ ... ပြလိုက်သည်။

ပန်းဝါမြို့ကလေးမှာ ရဇပါရာ ... (၁၀) မိုင်ကျော်ဝေးပြီး ဖလောင်းချိ ... နှင့်မှ ကိုးမိုင်ခန့်ဝေးသည်။ ပန်းဝါချောင်း ... မှာ ဖလောင်းချိတ်မြို့၏အရှေ့ဘက်တွ ... တည်ရှိသည်။ ရှေးရှေးနှစ်ပေါင်းများစွာ ... ကပင် ဗုဒ္ဓဘာသာဝင် ရခိုင်တိုင်းရ ... သားများ နေထိုင်ခဲ့ကြသဖြင့် ဟာ ... ဘန်းမှာကဲ့သို့ ဘုရားကျောင်းကန်မျာ ... ရှိသည်။

နောက်တစ်နေ့မနက်မှာ ဇေယျာ ... ကျော်ထွန်းရောက်လာပြီး ဦးအောင်တို ... တို့မိသားစုကို ပန်းဝါရှိ သမိုင်းဝင်နေရာ ... များကို လိုက်ပြရန်ခေါ်သည်။ ထိုအ ... ဦးအောင်တိုင်၊ ဒေါ်ကြာဦးဖြူနှင့် ဒေါ် ... သန္တာဖြူတို့မှာ ယခင့်ယခင်ကလည ... ရောက်ဖူးထားကြသောနေရာများ ... သည့်အပြင် ဆွေမျိုးတစ်ဦးနှင့်လည်း ... ထားသဖြင့် သဇင်ဖြူကိုသာ လိုက် ... လိုက်ပါဟု ပြောသဖြင့် သဇင်ဖြူ ... ဇေယျာကျော်ထွန်းက ခေါ်လာ၏။

သူတို့နှစ်ယောက်သည် ရေမ ... သော ပန်းဝါချောင်းကို ထွေရာလေး ... ပြောရင်း လျှောက်လာကြသည်။

"ဖြူဖြူ"

"ရှင်"

"ဒီချောင်းက ခုရေမရှိပေမယ့် ... တွင်းဆို ဟိုတောင်ဟိုတောင်တွေက ...



www.burmeseclassic.com

www.burmeseclassic.com

သာတဲ့ရေတွေနဲ့ ရေစီးကြမ်းတယ်။ မိုးတွင်းဆို ဟိုဘက်ကမ်းကို ကူးဖို့ မလွယ်ဘူး"

"ချောင်းကူး၊ မြစ်ကူးကိုတော့ အကျွန်ကြောက်တယ်။ အစ်ကို ရောက်ဖူးလားတော့မသိဘူး။ မိုးဦးက ဖလောင်းချိတ်လာတဲ့လမ်းမှာ အကျွန်တို့ရဲ့ရှူးဆိုတဲ့ ချောင်းကို ကူးလာခဲ့ကြရတယ်။ လှေနဲ့မဟုတ်ဘူး။ ရေစီးကြမ်းနေလို့ စစ်သားတွေ ခါးပတ်ကြိုးကိုဆက်၊ လိပ်တက်နွယ်တွေနဲ့ကိုင်ပြီး ကူးလာခဲ့ကြရတယ်။ ဟိုဘက်ကမ်းကို မရောက်ဘဲ မျောပါသွားမှာ အကျွန်ကြောက်လိုက်တာလေ။ တွေးကြည့်ရင် ခုထိကြက်သီးထတယ်"

ခုထိ ကြက်သီးထတယ်ဟု ပခုံးတွန့်ပြောပြသော သဇင်ဖြူကို ဇေယျာကျော်ထွန်းက ရယ်ပြီး-

"အေးပေါ့၊ ကြောက်စရာပဲပေါ့ ဖြူဖြူရယ်။ စစ်ရဲ့အနိဋ္ဌာရုံဆိုတာ အဲဒါတွေပဲ။ ဒါပေမယ့် အစ်ကိုကတော့ စစ်ဖြစ်တာပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ"

"ဟင်- ဘာဖြစ်လို့"

သဇင်ဖြူက ဇေယျာကျော်ထွန်းမျက်နှာကို လှည့်ကြည့်ပြီး ပြောလိုက်၏။

"ဘာဖြစ်လို့လဲ ဆိုတော့ စစ်ကြီးဖြစ်လာလို့ ဖြူဖြူနဲ့ အစ်ကိုတို့ တွေ့ကြရတာလေ။ စစ်သာမဖြစ်ရင် ဓညဝတီသူနဲ့ အစ်ကိုတို့ တွေ့ရဖို့မှ မလွယ်တာ။ ဆွေမျိုးအရင်းအချာတွေ ဆိုပေမယ့် အဲ-ဘယ်လိုပြောရမလဲ။ မောင်တစ်ရွာ မေ့တစ်မြို့လို့ပဲ ပြောရမယ် ထင်တယ်"

ဇေယျာကျော်ထွန်းက သူ့ကို ရည်းစားစကား ပြောလိုက်မှန်းသိသဖြင့် သဇင်ဖြူက-

"အကျွန်တော့ စစ်ကို ကြောက်တယ်"

ဟု ရှက်ရှက်နှင့် ကမန်းမကတန်း ပြောလိုက်ရ၏။

"အဲဒါနဲ့ ဖြူဖြူကို ပြောရဦးမယ်။ တို့ ဒီလောက်ဆွေမျိုးရင်းတာ ဘာလို့ အကျွန်၊အကျွန်နဲ့ ပြောတာလဲ။ ဖြူဖြူတို့ အမေနဲ့ တို့အဖေက ဘယ်လိုတော်စပ်တယ်ဆိုတာလည်းသိတယ်မဟုတ်လား"

ဤစကားကို ဇေယျာကျော်ထွန်းက ပြောလာခြင်းမှာလည်း ရေလာမြောင်းပေးပြောခြင်း ဆိုသည်ကို သိသောအခါ သဇင်ဖြူမှာ မခုန်စဖူး ရင်ခုန်လာသည်။

"ဟင်- ဖြူဖြူ ဖြူဖြူတို့ အမေနဲ့ တို့အဖေက ဘာတော်တယ်ဆိုတာ သိတယ်နော်"

"သိ. . . သိပါတယ်"

"သိရင် ဖြူဖြူနဲ့ တို့က ဘာတော်လဲ ပြောပါဦး"

"အရီးသမီး၊ အရီးသား"

"ဟုတ်ပြီ၊ ဒါဆို အကျွန်လို့အစ်ကိုလို့ခေါ်ပြောတာ လူကြီးမိဘတွေက ကြိုက်ကြပါ့မလား။ ဟိုတွေ့စတုန်းကတော့ မသိသေးလို့မကျွမ်းကြသေးလို့ဆိုထားလိုက်ပါတော့။ ခု သိလည်း သိပြီ။ ကျွမ်းလည်းကျွမ်းပြီ၊ ဒါဆိုဘယ်လိုခေါ်မလဲ"

"အစ်ကို - အဲ ဘယ်လိုခေါ်ရမလဲ"

"ဖြူဖြူကတော့လုပ်ပြီ၊ သိသားနဲ့"

သဇင်ဖြူက ရယ်လိုက်ပြီး -

"ခအို (ခအိုဆိုသည်မှာ ဒေသအသံထွက်ဖြစ်ပြီး ခဲအို ဖြစ်) ယောက်ဖ"

"ဟုတ်ပါတယ်၊ တို့က ဖြူဖြူရဲ့ ခအိုနော်။ နောက်ကို တို့ကို အစ်ကို မခေါ်ရဘူး။ ကျားကိုက်တတ်တယ်တဲ့။ တို့ ရခိုင်တွေမှာ တော်စပ်တာပဲ ခေါ်ရတယ်။ ယောက်ဖကို အစ်ကိုမခေါ်ရဘူး။ မရီးကို အစ်မ မခေါ်ရဘူး။ ဖြူဖြူနဲ့ ခအိုတို့က အရီးသမီး၊ အရီးသားဆိုတော့ သမီးမျောက်သားလို့ ပြောကြတယ်မဟုတ်လား။ ဒါ ဖြူဖြူ သိပြီးသားပါ"

မှန်၏။ ရခိုင်တို့၏ ဆွေမျိုးတော်စပ်ပုံမှာ သမီးမျောက်သားဆိုလျှင် လက်ထပ်ယူနိုင်၏။ မောင်လည်နှမလည်ဟု ဗမာတွေပြောကြသလို မောင်သား၊ အစ်ကိုသားသမီးများနှင့် နှမသားသမီးများ၊ အစ်မသားသမီးများက လက်ထပ်ကြခြင်းဖြစ်သည်။ ညီမသားသမီး၊ အစ်မသားသမီးတို့ကတော့ မောင်နှမတော်၍ လက်မထပ်ရ။ ထိုနည်းလည်းကောင်း အစ်ကိုနှင့် ညီသားသမီးများလည်း လက်မထပ်ရ။ ဤသည်မှာ ရခိုင်တို့၏ ဆွေမျိုးတော်စပ်ကြပုံ ဖြစ်သည်။

ထို့ကြောင့် ယခု ဇေယျာထွန်းကျော်က သဇင်ဖြူအား ဆွေမျိုးတော်စပ်ပုံကို အကြောင်းပြပြီး သူ့ကို ချစ်ရေးဆိုနေကြောင်း သဇင်ဖြူ အတပ်သိသည်။ သဇင်ဖြူမှာ ပိုပြီး ရင်ခုန်လာကာ ဇေယျာကျော်ထွန်းမျက်နှာကို ကြည့်ရမှာ ရှက်နေ၏။ ရှက်၍ ခေါင်းငုံ့သွားသော သဇင်ဖြူကို ဇေယျာကျော်ထွန်းက-

"ကဲ-ဘယ်လိုတော်စပ်တယ်၊ဘယ်လိုခေါ်ရမယ်ဆိုတာလည်း ဖြူဖြူသိပြီးဆိုတော့ ခအိုကြီး၊ ယောက်ဖခေါ်လို့ရပြီး နောက်ကို အစ်ကိုအစ်ကိုနဲ့ ခေါ်ပြောနေရင် လူတွေက မောင်နှမထင်နေကြဦးမယ်။ တို့နဲ့ ဖြူဖြူက မောင်နှမမှ မဟုတ်တာ။ သမီးမျောက်သားပဲ၊ တကယ်ပြောတာနော် ဖြူဖြူ၊ ဖြူဖြူတို ဖလောင်းချိတ်မှာ စတွေ့ကတည်းက ခအို နေ့စဉ်လိုလို ဖြူဖြူကို သတိရနေတယ်။ ခအိုအရင်တစ်ခါပြောဖူးတာ ဖြူဖြူ မှတ်မိလား"

"ခအိုကြီးက ဘာပြောလို့လဲ၊ အကျွန် အဲ ဖြူဖြူ မမှတ်မိပါလား"

"ခအိုတို့ ဒီရာဇဝတ်ဌာနီမှာ ခအိုနဲ့ ရွယ်တူတန်းတူ သမီးမျောက်သားဆိုလို့ တစ်ယောက်မှ မရှိဘူး။ ညီအစ်ကို၊ ညီအစ်မမောင်နှမတွေပဲ များတယ်။ အဲဒါကြောင့် ခအိုက ဖလောင်းချိတ်မှာစတွေ့က တည်းက ဖြူဖြူနဲ့ ငါအဆတော်ရင် သိပ်ကောင်းမှာပဲလို့ အဲဒီတုန်းကပင် တွေးမိခဲ့တယ်။ ခု သမီးမျောက်သား အဆတော့်မှန်းလည်းသိရော သိပ်ဝမ်းသာသွားတယ်။ ဖူးစာပါလို့ တွေ့ရတယ်လို့ လည်း ခအိုက ယုံကြည်ထားတယ်။ ခအို ပြောတာ ဘယ့်နှယ်လဲ"

ဇေယျာကျော်ထွန်းက ဆွေမျိုးသမီးမျောက်သားဆိုသော စကားနှင့် ချည်းကိုင်ပေါက်ပြီး သူ့ကိုရည်းစားစကား ပြောလာသောအခါ သဇင်ဖြူမှာ ရှက်ရှက်နှင့် ဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ် ဇေယျာကျော်ထွန်းက -

"ဖြူဖြူ ခအိုပြောတာ ဘယ့်နှယ်လဲ။ ဓညဝတီမှာ အခင်ကြီးနဲ့ အရီးရှင်တို့က ဖြူဖြူနဲ့ ရည်ရွယ်ထားသူရှိနေလို့လားဟင်။ ပြောပြပါဦး"

"မရှိပါဘူး"

ဟု ပြောပြီး သဇင်ဖြူက ခေါင်းခါပြလိုက်၏။

"ဒါဆို ဒီတစ်ခါ ပိုပြီးဝမ်းသာရပြန်ပြီ။ ကဲ - ဖြူဖြူ့သဘောကကော ဘယ်လိုလဲ"

သဇင်ဖြူက ရှက်၍ နှုတ်ဆိတ်နေပြန်၏။

"ဖြူဖြူ ဘယ်လိုလဲ၊ ခအို့ကို မနှစ်သက်လို့လား"

"မ. . . မဟုတ်ပါဘူး။ ဖြူဖြူက ပါပါ၊ မေမေတို့ သဘောပါ"

"အမယ်လေး- ဝမ်းသာလိုက်တာ ဖြူဖြူရယ်။ ဒါဆို ပါပါ၊ မေမေတို့ကို ပြောပြီး ခအိုကတော့ ဖြူဖြူ့ကို ဆိုခိုင်းလိုက်တော့မယ်နော်၊ ဟုတ်လား ခယ်မလေး"

ဇေယျာကျော်ထွန်းမှာ တကယ်ပင် အတိုင်းမသိ အရမ်းဝမ်းသာပြီး သဇင်ဖြူ၏ လက်ဖွေးဖွေးလေးကို ဆုပ်ကိုင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(အဆာတော်သည် ဆိုခြင်းမှာ မိန်းကလေးနှင့် ယောကျ်ားလေးတို့ အတွက် ကြိုက်နှစ်သက်ကြပါက လက်ထပ်ယူနိုင်ခြင်းကိုဆိုလိုသည်။ 'ဆိုခိုင်းလိုက်တော့မည်' ဟု ပြောလိုက်ခြင်းမှာ နားဖောက်ခိုင်းခြင်း၊ စေ့စပ်ကြောင်းလမ်းခြင်း၊ မြန်းခြင်းကို ဆိုလိုသည်။)

'ပါပါ၊ မေမေတို့ သဘောပါ' ဟူသော သဇင်ဖြူ့စကားကြောင့် အပျော်ကြီးပျော်သွားသော ဇေယျာကျော်ထွန်းသည် သဇင်ဖြူလက်ကို မလွှတ်တော့ဘဲ မြူးမြူးကြွကြွ ဆွဲခေါ်လာကာ ပန်းဝါချောင်း၏တောင်ဘက်ကမ်းရှိ ယခင်က ရခိုင်စစ်သည်တော်များ တည်ဆောက်ခဲ့သော ခံတပ်ကို လိုက်ပြသည်။

"ဒီခံတပ်ကို ဗဒ္ဓေါတောင်ခံတပ်၊ တောင်ပေါက်ဝခံတပ်လည်း ခေါ်တယ် ဖြူဖြူရယ်"

"ဟုတ်ကဲ့ပါ၊ အစ်. . အဲ. . ခအို"

"ခုထိ မမှတ်မိသေးဘူး၊ ကဲ"

"အိုး"

"မှတ်မိပလား"

ဇေယျာကျော်ထွန်းက သဇင်ဖြူ၏ကိုယ်လုံးလေးကို တင်းတင်းကျပ်ကျပ် ဖက်ပြီး အနမ်းတစ်ပွင့်ပေးကာ-

"မှတ်မိပါပြီဆို၊ လွှတ်ဝါ သူများမြင်ရင် ရှက်စရာကြီး"

"ဒီခံတပ်ပျက်ကြီးဆီ ဘယ်သူမှ မလာဘူး၊ ဘယ်သူမှမမြင်ဘူး။ မှတ်မိရင် ကဲ- ခေါ်ကြည့်စမ်း"

သဇင်ဖြူက သိမ့်သိမ့်လေးရယ်လိုက်ပြီး-

"ခအိုကြီး၊ ယောက်ဖကြီး"

"ခအိုက ခုမှ အသက်နှစ်ဆယ်ကျော်ပါ။ ကြီးထည့်ပြီး မခေါ်ပါနဲ့"

ဇေယျာကျော်ထွန်း၏ စကားကို သခင်ဖြူက ရယ်နေလိုက်သည်။

"အဲ - မှတ်ထားနော်၊ အိမ်ပြန်ရောက်လို့ အစ်ကိုခေါ်ရင် အဘောင်ရှင်တို့၊ အရီးရှင်တို့နဲ့ တိုင်ပြောမယ်။ လာ- ဟိုဘက်မှာ ၁၁၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့က စစ်သူကြီးမဟာဗန္ဓုလ စစ်စခန်းချခဲ့တဲ့ ဓားရိုးကာတောင် ဆိုတာ ရှိသေးတယ်"

"ဟင် - အဲဒီတောင်ပေါ် သွားတက်ရမှာ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ။ ခအိုက ဖြူဖြူကို့ တစ်ခါတည်း ကားတင်ခိုးပြေးသွားမှာ ကြောက်လို့လား။ ကိုယ့်ဆွေမျိုးရင်းဖြူဖြူကို ခအို (ခဲအိုကို သူတို့အသံထွက်) က ဘယ်မတော်မတရားလုပ်ပါ့မလဲ။ အဲဒါက ဂုဏ်သရေမရှိတဲ့လူမိုက်တွေအလုပ်ပဲ"

(ထိုကာလထိုခေတ်က မိန်းကလေးများကို ကားတင်ပြေးသောလုပ်ရပ်မှာ ခေတ်ရောဂါဖက်ရှင်တစ်ခု ဖြစ်နေသည်ကို ဇေယျာကျော်ထွန်းက နောင်ပြောင်သလိုပြော၏။)

"ခဲအိုကို ယုံပါတယ်၊ တောင်ပေါ်မှာ ဘာရှိလို့လဲ။ ခံတပ်ကြီးကြီးလား"

"ခံတပ်ကြီးကြီး မရှိပါဘူး၊ မဟာဗန္ဓုလ စစ်စခန်းချခဲ့တဲ့နေရာရယ်လို့ အမှတ်အသားတစ်ခုပါ။ ဒီမှာရှိတဲ့ ဗမာတွေကတော့ တစ်နှစ်တစ်ခါလောက် အလွမ်းပြေလာတတ်ကြည့်တတ်ကြတယ်။ တောင်ပေါ်ကကြည့်ရင် ပတ်ဝန်းကျင်နဲ့ ပန်းဝါမြို့ကို အပေါ်စီးက မြင်ရတာပေါ့။ လာပါ၊ တောင်က သိပ်မြင့်တာမှ မဟုတ်တာ။ ခအိုနဲ့ ဖြူဖြူတို့အတွက်လည်း အမှတ်တရ ဖြစ်သွားတာပေါ့။ ဒီက ဗမာတွေ ခံတပ်လာချတုန်းက ကဆုန်လတဲ့။ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာပြီးစ ပန်းဝါချောင်းထဲမှာ ရေစပ်စပ်နဲ့တဲ့။ အဲဒါ ဗမာတွေက သားစဉ်မြေးဆက်ပြောပြီး မဏိပူ၊ အာသံကို အောင်နိုင်ခဲ့တဲ့အကြောင်း ခုထိ ဂုဏ်ယူစကားပြောကြတုန်း။ မော်ကွန်းကမ္ပည်းတိုင်အောင် ဟိုတုန်းကရှိခဲ့သလိုလည်း ပြောကြတယ်။ မြန်မာပြည်မှာတော့ အာသံနိုင်မော်ကွန်းဆိုလား ဟိုတုန်းက စာတစ်စောင်ပေတစ်ဖွဲ့ ရှိခဲ့ပါတယ်လို့ ဒီကဗမာတွေပြောတာပဲ"

သဇင်ဖြူကမူ ဇေယျာကျော်ထွန်းလက်မောင်းကို တွဲမှီကိုင်ဆုပ်၍ တောင်ပေါ်ကို တစ်လှမ်းချင်း လိုက်တက်လာရသည်။ တောင်ပေါ်ရောက်သောအခါ ဇေယျာကျော်ထွန်း ပြောသလို ပန်းဝါမြို့နှင့် ပတ်ဝန်းကျင် ရှုခင်းများကို အပေါ်စီးက မြင်နေရ၏။

သဇင်ဖြူမှာ တောင်ကိုတက်လာရသော်လည်း မမောရင်မခုန်။ ဇေယျာကျော်ထွန်းက သူ့လက်ကို ဆုပ်ကိုင်ထားသည်ကိုသာ ရင်ခုန်နေမိသည်။

ခဏအကြာမှာ လက်ချင်းဆက်ကိုင်ပြီး တောင်ပေါ်က ပြန်ဆင်းလာကြသည်။

အပြန်လမ်းတွင် အထက်တန်းကျောင်းတစ်ကျောင်းနားအရောက်တွင် ဇေယျာကျော်ထွန်းက သဇင်ဖြူနှင့် လက်တွဲဖြုတ်လိုက်ပြီး-

"ဒီကျောင်းကြီးက အင်္ဂလိပ်အစိုးရ ဆောက်ပေးထားတဲ့ ကျောင်းမဟုတ်ဘူး။ ခအိုတို့ ရခိုင်အမျိုးသား သူဌေးကြီး ဦးချိစာရီက ပန်းဝါမှာ အထက်တန်းကျောင်းမရှိလို့ ကိုယ်ပိုင်ဆောက်လှူထားခဲ့တာ။ သူက အိန္ဒိယပြည် ဘင်္ဂလားနယ်ထွက် ကုန်ပစ္စည်းတွေကို မြန်မာပြည်တင်ပို့တဲ့ တစ်ဦးတည်းကိုယ်စားလှယ် မြန်မာပြည်ကကုန်တွေကို ကုလားပြည်တင်ပို့တာကတော့ ဦးဒိုးအောင် ဆိုတဲ့ သူဌေးပဲ ဖြူဖြူ"

ပန်းဝါမြို့နှင့် ပတ်သက်သော ဗဟုသုတဖြစ်ဖွယ်ရာများကို အပျော်ဖြင့် နှင့် ဇေယျာကျော်ထွန်းက ပြောလာ၏။ ဦးစံလှိုင်အိမ်ရှေ့ရောက်သောအခါ ကား ရပ်ပြီး အိမ်ခေါ်တက်လာကြသည်။ အိမ် ပေါ်တွင် ဒေါ်ကြာဦးဖြူနှင့် ဆွေမျိုး တွေရော ဆွေမျိုးမတော်စပ်သူတွေရော ဗမာတွေပါ လက်ပံပင် ဆက်ရက်ကျနေ ကြသည်။ ထိုအထဲတွင် ရပ်ဆွေရပ်မျိုး တစ်ယောက်က-

"ကဲ- မောင်နှမတွေ ပြန်လာကြ ပလား"

ဟု လှမ်းပြောလိုက်ရာ ဇေယျာ ကျော်ထွန်းက-

"အရီး- ကျွန်တော်တို့ မောင်နှမ မဟုတ်ပါ။ အရီးသမီး၊ အရီးသားတွေပါ"

ဟု ကမန်းကတန်း ပြောလိုက်၏ ဤသည်ကို ဒေါ်သန္တာဖြူကလည်း-

"ဟုတ်တယ် ယောက်မ၊ သူတို့က မောင်နှမ မဟုတ်ဘူး။ သမီးမျော သား တော်တယ်။ အကျွန့်သမီးက မ သေးတော့ မောင်ဇေယျာကျော်ထွန်း အစ်ကို အစ်ကို ခေါ်နေတာ။ အဲဒါ အ ကျွန်လည်း ပြောမလို့။ ခု ယောက်မပြော မှ သတိရတယ်"

ဟု ဝင်ပြောလိုက်သည်။

ထိုအခါမှ ရပ်ဆွေရပ်မျိုး အမျိုး သမီးက-

"ဟေ- ဟုတ်လား"

ဟု အားနာသွားသလို ပြန်ပြော လိုက်၏။

နောက်တစ်ယောက်ကမူ-

"နင်ကလည်း မြို့ပိုင်လေးအဖေ သန္တာက မောင်နှမပဲဟာ။ ဒါတောင် မသိဘူးလား။ အပေါက်ကရမ်းသန်းပြီ"

ဆိုတော့ ထိုမိန်းမက ဘွာ လိုက်ပြီး ရှက်ရယ်ရယ်နေသည်။

ဇေယျာကျော်ထွန်းက ဒေါ်ကြာ ဦးဖြူနှင့် ဒေါ်သန္တာဖြူတို့ကြားထဲ ကျုံ့ရှုံ့ရှုံ့ လာထိုင်သည်။ သဇင်ဖြူ အိပ်ခန်းထဲဝင်သွားရာ အိမ်ပေါ်တ လာကတည်းက ဝိုင်းကြည့်နေကြသော အုပ်ထဲမှ မိန်းမတစ်ယောက်က-

"သန္တာ့သမီးလေးက လှလိုက် ချောလိုက်တာဟယ်။ ရွှေရေးပန်းစ တို့က မြေဝတီသူ ဆိုတော့ အသ

www.burmeseclassic.com

ညီမလားလို့။ အသားက မရန်းသီးမှည့်ပါလား။ ကဲ- ထွက်ခဲ့စမ်းပါဦး။ ဒီက အရီးရှင်တို့၊ အဘောင်ရှင်တို့၊ အစ်မကြီးတို့ ဝအောင်ကြည့်ပါရစေ"

ဟု ဆိုပြန်သည်။ ဒေါ်သန္တာဖြူကလည်း-

"လာလေ သမီး၊ ဒီက အမျိုးတွေနဲ့ တွေ့ရအောင်"

"ဟုတ်ကဲ့ပါအမေ၊ သမီးအဝတ်လဲနေလို့ပါ"

ဟု ပြန်ပြောလိုက်ပြီး သဇင်ဖြူ အိပ်ခန်းထဲက ထွက်လာသည်။ ထိုအခါ သဇင်ဖြူကို ဝိုင်းကြည့်ဝိုင်းဖက်ကြပြီး-

"ညဉ့တီသူလေးက လှလိုက်၊ ချောလိုက်တာ"

ဟု တစ်ယောက်တစ်ပေါက် ဝိုင်းချီးမွမ်းနေကြပြန်သည်။ သဇင်ဖြူအခန်းထဲက ထွက်လာပြီး ခဏအကြာမှာပင် ဖေယျာကျော်ထွန်းက-

"ဘိုးဘိုး၊ အဘောင်ရှင်၊ အရီးရှင်တို့ ကျွန်တော်ပြန်လိုက်ပါဦးမယ်။ ဟာလဘင်းမှာ နှစ်ရက်ပဲကြာမှာပါ။ စောင့်နေကြပါ။ ကျွန်တော် ပြန်မှ ရဇပါရာထိ လိုက်ပို့ပါမယ်။ ပြီးတော့ အဘောင်ရှင်တို့၊ အရီးရှင်တို့ကိုလည်း ပြောစရာရှိသေးတယ်"

သဇင်ဖြူကို လှမ်းကြည့်ပြီး အဘောင်ရှင်၊ အရီးရှင်တို့ကိုလည်း ပြောစရာရှိသေးတယ်ဆိုသော ဖေယျာကျော်ထွန်းစကားကို သဇင်ဖြူကတော့ ရင်တဒိန်းဒိန်းခုန်သွား၏။ ဖေယျာကျော်ထွန်းသည် သူ့ကို အမှန်တကယ်ပင် လာဆိုခိုင်းတော့မည်ဟု တွေးမိလိုက်သောအခါ. . .

*

ပန်းဝါ၌ သုံးရက်နေခဲ့ကြပြီး ရဇပါရာကို ဦးအောင်တိုင်တို့မိသားစု ပြန်ရောက်လာကြပြီ ဖြစ်သော်လည်း ဖလောင်းချိတ်ကို ခတ်ပုံရိုက်သွားကြသော ထွန်းကျော်လင်းတို့ သားအဖက ရဇပါရာကို ပြန်မရောက်ကြသေး။ ဦးအောင်တိုင်တို့မိသားစုက သူတို့သားအဖကို ရဇပါရာက မျှော်နေကြသည်။ အထူးသဖြင့်မှာ ဦးသခ်ါကျော်ကို မျှော်ကြခြင်း ဖြစ်သည်။

မျှော်ရသောအကြောင်းမှာ သဇင်ဖြူကို ဖေယျာကျော်ထွန်း နှစ်သက်နေကြောင်း၊ ရည်စားစကားပြောကြောင်း သဇင်ဖြူဆီက သိထားသည်ကို ပြောချင်နေကြသောဆန္ဒလည်း ပါသည်။ ဒေါ်ကြာဦးဖြူ ဒေါ်သန္တာဖြူတို့ကတော့ သဇင်ဖြူကို ဆွေမျိုးလည်းရင်းသဖြင့် ဖေယျာကျော်ထွန်းနှင့် သဘောတူပြီးသား။ သို့သော် ထုံးစံအရ အိမ်ထောင်ဦးစီးကိုတော့ အသိပေးထားရမည် ဖြစ်သည်။

ထို့ကြောင့် ဦးသခ်ါကျော်ကို မျှော်နေကြခြင်း ဖြစ်သည်။ သို့နှင့် ရက်သတ္တနှစ်ပတ်ကြာမှ ဦးသခ်ါကျော်နှင့် ထွန်းကျော်လင်းတို့ ရဇပါရာကို ပြန်ရောက်လာကြသည်။

"ဒီသားအဖတွေ ဖလောင်းချိတ်ကို ခတ်ပုံရိုက်သွားကြတာ အကျွန်တို့က ကမ်းသာများ ပြန်သွားကြပလားထင်နေတာ"

ဒေါ်သန္တာဖြူက သူ့ယောက်ျားကို ကြာရကောင်းလားဟု ခနဲ့စကားဆိုသည်။

"ကမ်းသာမဟုတ်ဘူး သန္တာရယ်၊ တို့သားအဖ စစ်တကောင်းထိ သွားခဲ့ကြတယ်"

"အလိုတော် စစ်တကောင်းထိ သွားခဲ့ကြရအောင် ဖလောင်းချိတ်မှာ ခတ်ပုံဆိုင် မရှိလို့လား"

"ဒီလိုကွ သန္တာရ ဖလောင်းချိတ်က ကိုကျော်ခေါင်တို့ဆီ ခဏဝင်ကြတော့ သူတို့က ဖလောင်းချိတ်ဈေးထဲက သူတို့ဆိုင်ကို လိုက်ပြတယ်။ သူတို့မိသားစုတွက်ကိန်းကမဆိုးဘူးကွ"

"မဆိုးဘူးဆိုရအောင် ဘာတွက်ကိန်းဖျားလဲ ပြောပါဦး"

ဦးကျော်ခေါင်တို့ဆီကို သွားကြသည်ဆိုသောစကားကို အလိုမကျသော ဒေါ်သန္တာဖြူက မျက်နှာထိမျက်နှာထားနှင့် မေး၏။

"မဆိုးဘူးဆိုတာ ဒီလိုလေ။ ကိုကျော်ခေါင်ကပြောတယ်။ စစ်ကြီးက ဘယ်တော့ပြီးမယ်မှန်းမသိတော့ သူတို့က ဖလောင်းချိတ်ဈေးမှာ ဆိုင်ခန်းဝယ်ပြီး ဈေးရောင်းနေကြတာ အတော်အဆင်ပြေတယ်။ တစ်နှစ်၊ နှစ်နှစ်ဆို အိမ်တောင် ဝယ်နိုင်လောက်တယ်ပြောလို့ ငါတို့လည်း အခြေအနေအရ ဖလောင်းချိတ်မှာ ဈေးလေးဘာလေးရောင်းကြရင် ကောင်းမလားလို့လေ။ အဲဒါကြောင့် သူတို့လက်ကားယူတဲ့ စစ်တကောင်းကို လိုက်ကြည့်ချင်လိုက်ကြည့်ပါလားဆိုလို့ လိုက်သွားကြတာ။ စစ်တကောင်းက သန္တာတို့အမျိုးတစ်ယောက်နှစ်ယောက်ကိုလည်း တွေ့ပြီး အကျိုးအကြောင်း စုံစမ်းမေးမြန်းခဲ့ကြတယ်။ အဲဒါကြောင့် ကြာနေ. . ."

ဦးသခ်ါကျော် စကားမဆုံးမီပင် ဒေါ်သန္တာဖြူက ပွစိပွစိပြည်တွန်တောက်တီးလုပ်တော့၏။

"သူတို့ကတော့ ဈေးရောင်းကောင်းမှာပေါ့တော်။ ကုလားပြည်မှာ ကုလားမလေးတွေ ဈေးရောင်းတာ သိပ်မရှိတော့ သူတို့က သမီးအချောအလှတွေ ဗန်းပြပြီး ဈေးရောင်းကောင်းနေကြတာ ရှင်က အားကျလာတယ်ပေါ့။ အကျွန်တို့က ဈေးရောင်းစားကြရမယ့် အခြေအနေရောက်နေလို့လား။ မင်းမင်းကြီး (ဦးကြီး) တို့သာကြားရင် ဆိုလို့ဆဲလို့ ပြီးမှာမဟုတ်ဘူး။ ဟိုလီဘရိုက်က ပရဆေးခင်းတွေ တစ်ဝက်အမေ့အမွေပါလို့ မင်းမင်းကြီးက အကျွန်တို့ ဒီရောက်ကတည်းက ပြောနေတာ ရှင့်မကြားဘူးလား။ ဖလောင်းချိတ်မှာ ဈေးရောင်းမယ့်အစား လှသာထွန်းတို့နဲ့ ဆေးခင်းတွေ လိုက်ကြည့်ပါလား။ ရှင်ခု ငတ်နေလို့လား"

"ငတ်တော့ မငတ်ဘူး ဆိုတာ သိပါတယ် သန္တာရ။ ဆေးခင်းမလုပ်ရင်လည်း မင်းတို့ သော်ဒလီအမျိုးတွေက တစ်သက်လုံး တို့မိသားစုကို ကျွေးထားနိုင်တယ်ဆိုတာ သိပါတယ်။ စစ်ကြီးက ဘယ်တော့ပြီးမယ်မှန်း မသိဘူးလေ။ အမျိုးတွေ ဘယ်လောက်ကောင်းကောင်း တစ်သက်လုံးတော့ သူများကို အားကိုးလို့ရမလား"

"ရှင့်ကို ဘယ်သူက အားကိုးခိုင်းလို့လဲ။ အမေ့အမွေရှိပါတယ်ဆို လုပ်စားပါလေ့ တစ်သက်လုံး။ ဘာပူစရာရှိလဲ။ ပါလာတဲ့ ရွှေတွေ၊ ငွေတွေကော အခုထိ တစ်ပြားတစ်အာနာ(တစ်ပဲ) အကျွန်တို့ ရောင်းစားရသေးလို့လား။ ဆယ်နှစ်ကြာလည်း အကျွန်တို့က ထိုင်စားနိုင်ပါတယ် ဦးသခ်ါ"

"ဟုတ်ပါတယ်၊ ဒီအတိုင်းထိုင်စားနေရင် မင်းဒင်္ဂါးတွေ ပွန်းသွားမှာတော့ မတွေးမိဘူးလား"

"အဲဒီတော့ ဒင်္ဂါးတွေပွန်းမသွားအောင် ခုကပင် လှသာထွန်းတို့နဲ့ ဆေးခင်းတွေကို လိုက်ကြည့်လေ့လာထားဖို့ မကောင်းဘူးလား။ ခုတော့ ရှင့်ယောက်ဖတွေနဲ့ တစ်လကိုးသီတင်း စစ်တကောင်းလိုက်သွားရအောင် ဈေးရောင်းပြီး အကျွန့်အမျိုးတွေကို ရှင်က ရာဇဝင်လာပြီး သိက္ခာချမလို့လား"

"အေး- မင်းတို့က ပရဆေးခင်းအကြောင်းပြောလို့ စောစောကပင် ငါမပြောမလို့၊ ဖလောင်းချိတ်က မြန်မာတစ်ပြည်လုံးကို ပရဆေးတွေတင်ပို့နေတဲ့ ကိုသာဇံဝေတို့ ညီအစ်ကိုနဲ့ ငါတွေ့ခဲ့တယ်။ ခု



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်ကို ဂျပန်သိမ်းသွားတော့ သူတို့ ဟီလီတရိုက်ကပရဆေးတွေ အိန္ဒိယဘက်ပဲ ပို့ရတော့မယ်တဲ့။ ဟိုတုန်းကလို မြန်မာပြည်ကိုပို့မရတော့ဘူး။ အဲဒီတော့ ကုန်ကျစရိတ်ဘာညာ ကုန်သည်တွက်တွက်ပြီး စိတ်ညစ်နေကြတာ သန္တာမှ မသိတာ။ အဲဒါ ခုဖောက်သည်ရှာဖို့ ကာလကတ္တားထိ သွားကြရမယ်တဲ့။ ကိုကျော်ခေါင်တို့က ကျရာနေရာမှာ လုပ်စားတတ်တော့ တော်တယ်ပြောရမှာပေါ့"

"ရှင်ပဲသွားတော်နေ။ ကျရာနေရာ လုပ်စားတတ်မှာပေါ့၊ သူတို့က လောဘသက္ကာယသမားတွေ။ ရှင် အဲဒီ ဖလောင်းချိတ်မှာ ဈေးရောင်းမယ်ဆိုတဲ့ စကားတော့ မင်းမင်းကြီးတို့ဆီမှာ မဟမိပါစေနဲ့။ ဟိုတစ်ကောင်ရှိသေးတယ်။ အဲဒီအိမ်နဲ့ အဝင်အထွက်မလုပ်ပါနဲ့ ပြောထားတာ၊ မာတ်ပြားငှားရတာနဲ့ ဟိုဟာဒီဟာ အပေးအယူလုပ်ရတာနဲ့။ ကိုငယ်နော် နင်လည်း ကျပ်ကျပ်သတိထား"

ဒေါ်သန္တာဖြူက သူ့ယောကျ်ားကို ပြောနေရာက သူ့သားထွန်းကျော်လင်းဆီပါ ကူးစက်သွားသဖြင့် ဦးသခ်ါကျော်က သူ့မိန်းအား နားနှစ်ဖက်ကို ပိတ်ပြပြီး အိမ်ထဲဝင်သွားလေသည်။

ထိုအချိန်မှာပင်၊ ကာလကတ္တားတက္ကသိုလ်ကျောင်းသား ဝရမ်းပြေး အောင်ကျော်ဇေယျ နိုင်ငံရေးသမား ရောက်လာသည်။ သူလာလျှင် စစ်သတင်းတွေ တစ်ခုမဟုတ်တစ်ခု ကြားကြရသဖြင့် ဦးသခ်ါကျော်နှင့် ထွန်းကျော်လင်းတို့ကလည်း အခန်းထဲက ထွက်လာကြသည်။ ဦးကြာပန်းအောင်တို့ မိသားစုတွေကတော့ အကြောင်းသိအစင်းသိမို့ အောင်ကျော်ဇေယျစကားကို မည်သူမျှ အလေးမထား နားမထောင်လိုကြ။ အင်္ဂလိပ်လက်အောက်တွင် နှစ်ပေါင်းရာ ချီနေလာခဲ့ကြသူများ ဖြစ်ကြသဖြင့် ဂျပန်ကိုလည်း အထင်မကြီးကြပေ။

"ဘာသတင်းများ ထူးသေးလဲကွငါ့တူ"

ဟု ဦးသခ်ါကျော်က မေးလိုက်ရာ အောင်ကျော်ဇေယျက-

"သတင်းထူးကတော့ မဏိပူရပြည်မှာ ခု ကလေးတွေ တဘောင်တစ်ခုကို အော်ဟစ်ဆိုနေကြတယ်။ တဘောင်ကတော့ 'အရှေ့တံခါးကြီးလည်း ပွင့်လတ္တံ့၊ မဏိပူရပြည်ကြီးလည်း ပျက်လတ္တံ့တဲ့ မင်းမင်းချေ(ဦးလေး)"

"ဘယ်လိုအဓိပ္ပာယ်လဲကွယ့်။အရီးချေ(ဒေါ်လေး)တို့တော့ သဘောမပေါက်ပါဘူး"

မဏိပူရပြည်ကြီးပျက်မည်ဆိုသည်ကို စိုးရိမ်စိတ်နှင့် ဒေါ်သန္တာဖြူက မေး၏။

"ဒါက ရှင်းပါတယ် အရီးချေ။ မဏိပူရပြည်ကြီး ပျက်လတ္တံ့ ဆိုတာက ဂျပန်တွေ အိန္ဒိယပြည်ကို ရောက်လာတော့မယ် ဆိုတဲ့ သဘောပါပဲ"

အောင်ကျော်ဇေယျ၏ စကားကြောင့် ဦးအောင်တိုင်တို့ မိသားစုမှာ ပိုပြီး အစိုးရိမ်ကြီးသွားကြသည်။

-အမှန်ကတော့ သူတို့မိသားစုသာ မဟုတ်။ ယခုအခါ မဏိပူရပြည်သူပြည်သားများကလည်း စိုးရိမ်ထိတ်လန့်လျက် ရှိကြသည်။

လူကြီးများကမူ မဏိပူရပြည်တွင် စစ်ကြီးဖြစ်လာလိမ့်မည်ဟု တဘောင်စကားကို အဓိပ္ပာယ်ကောက်နေကြ၏။

အချို့သော ပုရောဟိတ်ကြီးများက ၁၉၄၄ ခုနှစ်တွင် ဂျပန်နှင့် ဖြစ်ပွားလာမည့်စစ်မှာ ဟိန္ဒူပုရာဏ်ကျမ်းများတွင် လာရှိသည့်အတိုင်း ဖြစ်ပွားသောစစ်ပင် ဖြစ်သည်ဟု မိန့်ဆိုကြလျက် အချို့သော ပဏ္ဍိတ်ကြီးများကမူ ယခုစစ်သည် ပုရာဏ်ကျမ်းများတွင် လာသောစစ်မဟုတ်သေးကြောင်း၊ ပုရာဏ်ကျမ်းများ၏ အဆိုမှာ 'မဏိပူရပြည်ကြီးတွင် မင်းသုံးပါး ဆုံကြလိမ့်မည်။ အရိုးတောင်လိုပုံလိမ့်မည်။ ပုဆိုးဝတ်အနီနှင့်မင်းက အနိုင်ရလိမ့်မည်။ ထိုမင်းသည် အရှေ့ဘက်က ကြွချီလာလိမ့်မည်' ဟု လာရှိသောကြောင့် ယခုထက် ကြီးကျယ်သော စစ်ကြီးဖြစ်ရဦးမည်ဟူ၍ ဟောကိန်းထုတ်ကြသည်။

မဏိပူရပြည်၏ မဟာရာဂျာ ပုဏ္ဏားတော်ကြီးကမူ 'မဏိပူရပြည်တွင် ၁၉၄၄ ခုနှစ်၌ ကပ်ကြီးသုံးပါး ဆိုက်လိမ့်မည်။ ထိုကပ်ကြီးသုံးပါးကို ကျော်နင်းလွန်မြောက်စေရန်အတွက် မြတ်သော မင်းကြီးသည် အမျိုးသိက္ခာ မြင့်မြတ်တော်မူသော သတို့သမီးတစ်ဦးအား ဒုတိယနန်းမတော်ကြီးအဖြစ် ချီးမြှောက်ကောက်ယူတော်မူပါလော့။ ဤသို့ယတြာပြုခြင်းဖြင့် မဏိပူရရွှေပြည်သို့ ရောက်လာသော ရန်သူ ဂျပန်တို့၏ စစ်ကြီးသည် နေလာလျှင် နှင်းပျောက်သကဲ့သို့ ကျေပျောက်လွင့်စဥ်ကုန်ပါလိမ့်မည်ဘုရား' ဟု ဇာတာစန်းလဂ်တို့ကို တွက်ချက်၍ လျှောက်ထားသည်။

ထို့ကြောင့် မဟာရာဂျာ မြတ်သောမင်းကြီးသည် ပုဏ္ဏားတော်ကြီးအခါပေးသည့်အတိုင်း ကမလာဘတ္တာဒေဝီမည်သော အမျိုးဂုဏ်သိက္ခာမြင့်မြတ်သ[illegible] သတို့သမီးငယ်ကို ဒုတိယကြင်ယာတော်အဖြစ် စုလျားရစ်ပတ် လက်ထပ်တော်မူလိုက်ရသည်။

မဏိပူရပြည်မှာ အိန္ဒိယပြည်မ[illegible] ကြီးနှင့် တောင်ကြီးကမ်းကြီးများကာဆီး[illegible] လျက် ရှိနေခဲ့သောကြောင့် မိမိပြည်မ[illegible] ထွက်သော ဆန်ရေစပါးများမှာ မိမိပြည်[illegible] သူပြည်သားများပင် စား၍မကုန်နိုင်[illegible] လောက်အောင် ပေါများခဲ့သောကြောင့် ယခင်က ပြင်ပကမ္ဘာလောကကြီးနှင့် အ[illegible] ဆက်အသွယ်ပြတ်ကာ တသီးတခြားလို[illegible] ဖြစ်နေခဲ့သည်။

ပြည်သူပြည်သားများသည် မိမိ[illegible] တို့ စပါးကို မိမိတို့ကိုယ်တိုင် စိုက်သည်၊ မိမိတို့ ဝါဂွမ်းနှင့် မိမိတို့ ပိုးချည်ကို မိမိ[illegible] တို့ကိုယ်တိုင် ရက်လုပ်သည်။ မိမိတို့၏ [illegible] သာမှုနာမှုများတွင် မိမိတို့ ဘိုးစဥ်ဘောင်[illegible] ဆက်မှ ဆင်းသက်လာသော ရိုးရာစရိုက်[illegible] အတိုင်း ကျင်းပပြုလုပ်ကြသည်။ စားနေ[illegible] ရိက္ခာပေါများပြီး ငွေစက ရှားပါးသော[illegible] ကြောင့် ဈေးနှုန်းများမှာ ချိုသာလှ[illegible] သည်။

ဤကဲ့သို့ ကိုယ့်အရပ်နှင့် ကိုယ်[illegible] ဇာတ်သာယာအေးချမ်းစွာ ရှိနေခဲ့သော မဏိပူရပြည်လေးသို့ အင်ဖာပြသနာ[illegible] ကြောင့် အင်္ဂလိပ်စစ်တပ်များ ငွေထု[illegible] ကြီးပိုက်၍ရောက်လာကြသည်။

ယခင်က ကူလီတစ်ယောက်လျှ[illegible] တစ်မတ်ပေးပါက (လေးမတ်လျှင် တ[illegible] ကျပ်ဖြစ်သည်။) တစ်နေ့လုံး ခိုင်း[illegible] သည်။ အင်္ဂလိပ်စစ်တပ်များ ရောက်လာ[illegible] သောအခါ ကူလီတစ်ယောက်၏ တ[illegible] နေ့လုပ်ခသည် (၅) ကျပ်အထိ တ[illegible] သွား၏။ ယခင်က တစ်မောင်း (ပေ[illegible] ၈၀) လျှင် (၁) ကျပ်ခွဲသာရှိသော ဆ[illegible] မှာ (၄၀)၊ (၅၀)၊ (၆၀) ကျပ်အထိ ဈေး[illegible] တက်သွားသည်။

အင်္ဂလိပ်ကြည်းတပ်မတော်[illegible] လေတပ်မတော်တို့က ရုံးများ၊ အဆော[illegible] အအုံများ၊ လမ်းများ၊ လေယာဉ်ပြေး[illegible] ကြောင်းများ၊ ဆေးရုံများ၊ ဆောက်လ[illegible] ရန်အတွက် အလုပ်သမားများ[illegible] ဆောက်လုပ်ရေးပစ္စည်းများကို အ[illegible] ယက်ဈေးကြီးပေး၍ အပြိုင်အဆိုင် [illegible] ထရိုက်တာများက အပူတပြင်း ဝယ်[illegible] နေကြသလို စစ်-စားသောက်ရိုင်[illegible] များ၊ ကုန်လှောင်ရုံများကလည်း စာ[illegible] ရိက္ခာမှန်သမျှကို ဈေးသည်များဆီ[illegible] ဈေးနှင့် ဝယ်ယူသိုလှောင်နေကြ[illegible]

ဤသို့ ငှားရမ်းဝယ်ယူနေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးများသက်စောင့်ဆေး
### သို့မဟုတ်
# ရာသီပန်းပွင့်ဆေးများ

အမျိုးသမီးများအတွက် သက်စောင့်ဆေးနည်းများဟု ဆိုနိုင်သောဆေးနည်းတို့၊ ဆေးနည်းကောင်းများ စုပေါင်းလေ့လာ တင်ပြအပ်ပါသည်။

အမျိုးသမီးများတွင် တစ်လတစ်ခါ ရာသီပန်း မပွင့်လန်းလျှင် မီးယပ်ရောဂါအမျိုးမျိုးဖြစ်ပွား၊ အသားအရေခြောက်ခန်းကာ အရွယ်အိုမင်း၍ နုပျိုခြင်း ကင်းပျောက်ကာ အသက်ပင် တိုတတ်ပါသည်။ ထို့အတွက် (ကိုယ်ဝန်မဆောင်လျှင်) တစ်လတစ်ခါ ရာသီမှန်မှန်လာဖို့၊ ရာသီပန်းပွင့်လန်းဖို့ လိုပါသည်။

သို့အတွက် မိမိနှင့်နီးစပ်ရာ၊ လက်လှမ်းမီရာ ဆေးနည်းတို့များကို အသုံးပြုနိုင်ရန် စုပေါင်း တင်ပြအပ်ပါသည်။

- ဧကရာဇ်ရွက်နုကိုပြုတ်၍ သုပ်စားပေးပါ။
- စံပယ်ပင်မှ အရွက် စိမ်းစိမ်းရင့်ရင့်များခူးယူပြီး ကြိတ်ခြေ၊ သတ္တုရည်ညှစ်၍ ရေနှင့်သောက်ပေးပါ။
- ဆေးပုလဲမြစ်ကို ထုထောင်း၊ ရေနှင့်ကျို၍ ဆားလျှော်ထည့်ဖျော်ပြီး သောက်ပါ။ တစ်ခါသောက်လျှင် ဟင်းသောက်ဇွန်း နှစ်ဇွန်းခန့်သာ သောက်ပါ။ သွေးပုပ်၊ သွေးကျန်များပါ ကင်းရှင်း၍ ကျန်းမာစေပါသည်။
- ကြိတ်မှန်ရွက်ကို ငရုတ်ကောင်းနှင့် ဟင်းခါး အရည်သောက် ချက်စားပေးပါ။
- ဝါပင်မှ အမြစ်၊ အခေါက်ကို သုံးခွက်တစ်ခွက်တင်ပြုတ်၍ အကြမ်းပန်းကန်လုံး တစ်လုံး သောက်ပါ။ နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် တစ်နေ့ နှစ်ကြိမ် သောက်ပေးပါ။
- ကင်ပွန်းမြစ်၊ ကြခတ်ဝါးမြစ်ကို အညီအမျှ ဆတူယူ၍ ညက်အောင်ထောင်းပြီး ရေနှင့် သုံးခွက်တစ်ခွက်တင်ကျို၍ ဆားလျှော်ခတ်သောက်ပါ။ တစ်ခါသောက်လျှင် တစ်မတ်သားခန့် သောက်ပါ။ ထက်သောဆေး ဖြစ်သည်။
- ကြက်သွန်ဖြူ၊ ကြောင်ပန်းသီး၊ ဒန့်သလွန်ရွက်၊ ဆားလျှော်၊ ငရုတ်ကောင်း အလေးချိန် ဆတူရော ကြိတ်ပြီး လက်ဖက်ရည်ဇွန်း တစ်ဝက်ခန့် ရေနွေးနှင့်သောက်ပါ။ တစ်နေ့ နှစ်ကြိမ်ထိ သောက်နိုင်ပါသည်။
- မန်ကျည်းမှည့်၊ ကြက်သွန်ဖြူ၊ စမုန်နက်၊ ထန်းဖို့ဦးထန်းလျက်၊ ဆားလျှော် ဆေးအမည်ငါးပါး ရောကြိတ်ပြီး နံနက်၊ ည တစ်နေ့နှစ်ကြိမ် တစ်ခါစားလျှင် လက်ဖက်ရည်ဇွန်း တစ်ဝက်ခန့်စားပါ။
- ချင်း သုံးကျပ်သား၊ ထန်းလျက်သုံးခဲ၊ ရေ မတ်ခွက်တစ်ခွက်ကျိုချက်သောက်ပါ။
- ထန်းဖိုဦးထန်းလျက် ၅ ကျပ်သား၊ တမာခေါက် ၅ ပဲသား၊ ရေ ၂၀ သား။ ရေကိုထက်ဝက်ခန်းအောင် ပြုတ်သောက်ပါ။
- စမုန်မျိုးငါးပါး၊ ရှားစောင်းလက်ပပ်အနှစ်၊ ထန်းဖို့ဦးထန်းလျက် အညီအမျှ ကျိုချက်စား။

အထက်ပါ ဆေးနည်းများမှ မိမိတို့လက်လှမ်းမီရာ၊ နီးစပ်ရာဆေးနည်း ဆေးအမည်များနှင့် သက်စောင့် ရာသီပန်းပွင့်လန်းဆေး ပြုလုပ် သောက်သုံးနိုင်ရန် တင်ပြလိုက်ရပါသည်။

နေမဝင်(နတ်မောက်)

မှာလည်း စစ်သားဦးရေသည် မဏိပူရပြည်တွင် အဆမတန် များပြားလာသဖြင့် ဖြစ်၏။ မဏိပူရပြည်တွင် ပြည်သားသုံးယောက်လျှင် အင်္ဂလိပ်စစ်သားကတစ်ယောက်လောက် ဖြစ်လာသည်။

အင်္ဂလိပ်စစ်တပ်သည် ရွာသူကြီးများအား ဟင်းသီးဟင်းရွက်အတွက် မျိုးစေ့များကို အခမဲ့ ဖြန့်ဝေပေးကာ ကျေးရွာရှိ တောင်သူလယ်သမားများသို့ ထပ်ဆင့်ပေးဝေစေသည်။ စိုက်ပျိုး၍ရရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကန့်သတ်ဈေးနှုန်းနှင့် ပြန်လည် ရောင်းချရန် ကတိတောင်းထားသည်။

သူတို့သည် ဤစစ်ကြီးကား မည်ရွေ့မည်မျှ နှစ်ကာလချီ၍ကြာမည်ကို တွက်ဆထားကြပုံရသည်။ သို့သော် အသီးအရွက်များမှာ ယခုစိုက်၍ ယခုစားရသည်မဟုတ်ရာ ဈေးနှုန်းတွေမှာ တက်မြဲထိုးတက်နေသည်။

ယခင်ကပဲနီဝက်သာပေးရသော ကြက်ဥတစ်လုံးမှာ (၇) ပဲနီအထိ တက်လာ၏။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များကလည်း သူတို့၏ ဟင်းသီးဟင်းရွက်များကို တစ်နေ့ထက်တစ်နေ့ ဈေးတင်ရောင်းလာကြ၏။ ဈေးတင်ရောင်းသမျှလည်း ကုန်နေကြ၏။

သို့သော် အချို့သော ကုန်ပစ္စည်းများကိုတော့ ဈေးနှုန်းကန့်သတ်ထားသည်။ ထိုအခါ ကန့်သတ်ဈေးနှုန်းအတိုင်း ရောင်းချကြရန် တင်းတင်းကျပ်ကျပ် အရေးယူဖို့ လိုလာပြန်သည်။ အရေးယူလျှင် ပြဿနာက ပိုရှုပ်ထွေးလာပြန်မည်။ နောက်တော့ ကြက်ဥတစ်လုံးကို (၁) မူးသာ ကန့်သတ်ထားသော်လည်း ငါးမူးပေး၍ ဝယ်စားနေကြရသည်။

အင်ဖာအနောက်ဘက်တွင် ရှိနေသည့် လိမ္မော်ခင်းများမှ လိမ္မော်သီးများကိုမူ တစ်လုံးလျှင် တစ်မတ်ထိဈေးတက်နေရာမှ တစ်ပဲအထိ ဈေးချ၍ရ၏။ စစ်တပ်မှ အဝယ်တော်များသည် တောင်ခြေများထိသွားကာ လိမ္မော်ခင်းများထံမှ တိုက်ရိုက်ဝယ်ယူကြသည်။

မဏိပူရ ပြည်သူပြည်သားများသည် ကြံခင်းများအများအပြား စိုက်ပျိုးလေ့ရှိကြသည်။ အခင်းမှရသော ကြံများကို ရိုးရာသစ်သားကြိတ်ဆုံများနှင့် လူများ၊ နွားများကို အသုံးပြုကာ ကြိတ်ဆုံများနှင့် ကြံရည်ညှစ်ကာ သကြားချက်လုပ်၍ အသုံးပြုကြ၏။ သို့သော် ခေတ်မီသော ချက်လုပ်နည်းမဟုတ်သဖြင့် သကြားများမှာ နီညိုရောင် ဖြစ်သည်။

(ဆက်ရန်)



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးပေးမြင့် တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝင့်လှ (B.Sc)

၂၀၁၃ ဇူလိုင်လ ဗေဒင်



ဇူလိုင်လ ၁ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၂ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၂)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနက်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၄ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထအရှေ့ဘက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၅ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၆ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၇ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၈ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အစိမ်း၊ ဝေဒါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၉ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ အောင်သိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၁၁ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၃)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်း ဝေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၁၂ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အညို၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ '...ဇိနော' (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၁၃ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁ ...) လာဘ်နေအရပ် အနောက်တော... လာဘ်အရောင် အနီ၊ ပန်းရောင်။ အ...



www.burmeseclassic.com

www.burmeseclassic.com

ပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ'(၉)ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၄ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၅ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၆ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အညို၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၈ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် လိမ္မော်၊ နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၉ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၀ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံဇိနော' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၁ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၂ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာ၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉)ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၃ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓဿ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၂)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၅ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၆ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က လိမ္မော်ရောင်၊ ဖေဒါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၇ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်၊ နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၈ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၉ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၃၀ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဖြူ၊ ဖေဒါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ ကံကောင်းစေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။


**ဇူလိုင်လ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကံကောင်းစေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com



မီးပြောမယ်။

မီးကိုပြောတာလား။

မီးမီးလေ။

မီး စကားကို မပြောချင်တော့လောက်အောင် စိတ်ညစ်တာ။

မီးက အဲဒီလိုပဲ ပြောမလို့ပါ။

မီးလား။

ဟုတ်ပါရဲ့၊ မီး မသိလို့။

မီးမီး ဘယ်သူနဲ့မှစကားမပြောချင်ဘူး။

✿

တစ်ခါ တစ်ခါ ကြားနေကြမှာပါ။

တချို့ဆို နီးနီးစပ်စပ်နေထိုင်ကြသူများဖြစ်နေရင် ခဏခဏကို ကြားနေရမှာ။

မိဘတွေက ချစ်လွန်းတော့ ချစ်စနိုးနဲ့ခေါ်၊ ကလေးတွေက တစ်ခါ မိဘခေါ်တာကို မှတ်ထားရင်း ကိုယ့်ကိုယ်ကိုယ် မိဘခေါ်သလို လိုက်ပြောရင်း အခုလို အိမ်ခေါ်နာမည် ဖြစ်ကုန်ရတာတွေ။

ကြားနေရမှာပါ. . .

မီး။

ငယ်ရွယ်နုနယ်တဲ့ ကလေးအရွယ်လေးမှာတုန်းကတော့ နားထောင်လို့ကောင်းတာပေါ့၊ ချစ်စနိုးလေးကိုး။ ‘မီးမီးက၊ မီးမီးက’ နဲ့ ချစ်စရာလေး။

ဒါပေမယ့် အရွယ်လေးရလာတဲ့အခါ မီး ဆိုတဲ့ ပညတ်ရဲ့သဘာဝသတ္တိတွေကအစွမ်းပြတတ်ပါတယ်။

ဒါလေးတော့ သတိထားဖို့လိုပါတယ်။

အဲဒီလို သဘာဝသတ္တိတွေ အစွမ်းပြတဲ့အထဲမှာ ထင်ရှားတဲ့ဖြစ်ရပ်တွေကတော့ အိမ်ထောင်ရေးပြဿနာတွေပါပဲ။

လေ့လာကြည့်လိုက်ပါ။

မီး- မီးလို့ ကိုယ့်ကိုယ်ကိုယ် အားရပါးရ ပြောတတ်တဲ့ မိန်းကလေးတွေ တော်တော်များများဟာ အိမ်ထောင်ရေး မကောင်းရှာကြပါဘူး။ အကြောင်းမျိုးမျိုးနဲ့ လမ်းခွဲသွားကြရလေ့ရှိတာ တွေ့ရပါတယ်။ အားပြိုင်တဲ့ပြဿနာ၊ အိမ်ထောင်ရေးထိခိုက်တဲ့ပြဿနာ၊ ဆွေမျိုးအုပ်စုနယ်လုတဲ့ပြဿနာ၊ မိသားစုတွေချင်း အင်အားပြိုင်တဲ့ပြဿနာ၊ အဲဒီလိုပြဿနာအမျိုးမျိုးတွေကြောင့် ငယ်ငယ်ရွယ်ရွယ်ကလေးတွေနဲ့ လမ်းခွဲသွားကြရတာတွေ ရှိနေပါတယ်။

တချို့ကျတော့ အေးချမ်းတဲ့ အိမ်ထောင်သည်ဘဝလေးကို တည်ဆောက်နိုင်ကြပေမယ့် ကျန်းမာရေးကြောင့် မမျှော်လင့်ဘဲ လမ်းခွဲသွားကြရရှာသူတွေလည်း ရှိနေပါတယ်။

တစ်နေရာမှာဆို-

ကလေးမလေးတစ်ယောက်တွေ့ဖူးပါတယ်။ သူဟာ (၁၀) နှစ်တောင် မပြည့်ရှာသေးပါဘူး၊ သူ့အဖေနဲ့အမေက ကွဲသွားပါပြီ။ ဖအေက နောက်အိမ်ထောင်ပြုသွားတော့ မအေက သူ့အမျိုးတွေအိမ်မှာ သွားနေရပါတယ်။ အလုပ်လုပ်ရတယ်ပေါ့။ ကလေးကျတော့ မအေက သူ့အမေနဲ့ထားတယ်။ ဒီတော့ ကလေးက ဘွားအေတွေ၊ ကြီးတော်တွေ၊ ဒေါ်လေးတွေကြားမှာ နေနေရရှာတာပေါ့။ ကလေးလေးကစကားပြောရင် မီးမီးက၊ မီးမီးက အမြဲပြောတယ်။ သူနေရတဲ့အိမ်ကလူတွေက ဘာပြောကြလဲဆိုတော့ အဲဒီကလေးကို ဆုံးမလို့ မရရင်ဘဲဖြစ်ဖြစ်၊ သူတို့ဟာသူတို့ ပြဿနာတစ်ခုခုဖြစ်ရင်ပဲ ဖြစ်ဖြစ် သူတို့ပြောလေ့ရှိတဲ့စကား ရှိပါတယ်။ ‘မွေ့ကိုမွေ့တယ်၊ တကယ့်မီးပဲ။ သူရောက်လာတာ မိသားစုဟာ ‘မီးလိုပဲ’ ဆိုပြီး ပြောကြပါတယ်။ ကလေးကတော့ သူ့ဟာသူနေတာပါ။

ဒါကြောင့်-

အကောင်းနဲ့အဆိုးဆိုရင် အဆိုး ဘက်ကို အားများနိုင်တဲ့အတွက် သ ထားစရာလေးတွေပါ။

တချို့ဆို အသက် (၄၀) ကျော် (၅၀) နီးပါးအထိ ပြောကျင့်ပါနေတဲ့သူ တွေ ရှိပါတယ်။ သူတို့မှာလည်း ဒီလို ပဲ။ စီးပွားဥစ္စာ အစစပြည့်စုံကြပါရဲ့၊ ဖို့ထိုင်ဖို့ မပူရပါဘူး၊ ဒါပေမယ့် လူ သူမသိ ကျိတ်ပူနေရတဲ့အိမ်ထောင်ရေး ပြဿနာတွေ ရှိနေပါတယ်။ လူသိ ကြောက်ကြလို့ ကျိတ်ပြီး ခံစားနေရ တဲ့သူတွေ ရှိနေပါတယ်။ တကယ် စိတ်မကောင်းစရာပါ။

တော်တော်များများကို တွေ့ရ တယ်။

မီး ဆိုတဲ့ ပညတ်သွားရာအ ဓာတ်သက်များပါနေရော့သလား ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အမှတ်တမဲ့ အပြောမှားနေသူများအတွက်

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

မီး- မီးလို့ပြောရင်း ဘာမှမဖြစ်ကြတဲ့သူတွေကိုလည်း ရှာကြည့်ပါသေးတယ်။ သတိထားပြီး လေ့လာကြည့်ပါသေးတယ်။ ရှားပါတယ်၊ သိပ်မတွေ့ရပါဘူး။

ဘာမှမဖြစ်ရင်တောင်မှ ခင်ပွန်းသည်က ဟိုးအဝေးကြီးမှာသွားပြီး အလုပ်လုပ်နေရလို့ ခွဲပြီးနေရတဲ့သူတွေကို တွေ့ရပါတယ်။

မီး ဆိုတဲ့ ပညတ်ရှိတဲ့နေရာမှာ အပူရှိန်က ဟပ်နေတာချည်းပဲ တွေ့ရပါတယ်။ ကျိတ်ပြီးပူနေရတဲ့ ငွေကြေးကိစ္စတွေ၊ ကျိတ်ပြီး ခံစားနေကြရတဲ့ အမွေကိစ္စတွေ၊ လူမသိအောင် ဖုံးဖုံးဖိဖိ ကျိတ်ပူနေရတဲ့ လူမှုရေးကိစ္စတွေ အဲဒီမီးရဲ့ပတ်ဝန်းကျင်မှာ ရှိနေကြလေ့ ရှိပါတယ်။

လေ့လာကြည့်ပါ။

လက်တွေ့ ဖြစ်နေပြီ၊ တွေ့နေပြီဆိုရင် ရှေ့က 'သ' တစ်လုံးထည့်ပြီး 'သမီး' လို့ ပြင်လိုက်ရင် ရပါပြီ။ တွေ့နေရင် ပြင်ပေးလိုက်ရင် ရပါပြီ ကြားနေရင်



www.burmeseclassic.com

www.burmeseclassic.com

အကြံဉာဏ်လေးပေးလိုက်ရင် ရပါပြီ။

လက်တွေ့က အကောင်းဆုံးပါပဲ။

လက်တွေ့ကြည့်လိုက်ပါ။

မီး အားကောင်းလာပြီဆိုရင် ဖြစ်လာနိုင်တဲ့ စိတ်သောကအပူတွေကို ဖယ်ရှားနိုင်ဖို့၊ ရှောင်ရှားနိုင်ဖို့ကတော့ အသုံးအနှုန်း ပြင်လိုက်ခြင်းပါပဲ။

ဒီလို ဘာလို့ပြောရလဲ ဆိုတော့-

'မီးကလေ၊ မီးကလေ' ဆိုပြီး ပြောတတ်တဲ့ ကလေးမကလေးတွေရဲ့ အိမ်ထောင်ရေးတွေဆိုရင် အစီအရင်နဲ့ ကူညီပေးလို့တောင် မတိုးနိုင်ပါဘူး။ ဉပမာ- သူတို့ခင်ပွန်း ထွက်သွားတယ်။ မေတ္တာပို့တဲ့နည်းနဲ့ မေတ္တာပဲပို့ခိုင်းလိုက်တယ်။ ပြန်ရောက်လာတယ်။ ခုနလိုပဲ 'မီးက၊ မီးက' ဆိုတဲ့ သတ္တိက ပြတော့ မီးသတ္တိကြောင့်ပဲ ပြန်ထွက်သွားပြန်တာပါပဲ။

ခင်ပွန်းသည် ခြေလှမ်းလေး နည်းနည်းယိုင်ချင်တယ်၊ မေတ္တာရှေ့ထားရတဲ့နည်းနဲ့ပဲ မေတ္တာပွားခိုင်းတယ်။ ပြန်အဆင်ပြေလာတယ်။ ဒါပေမယ့် အသုံးအနှုန်းမပြင်တော့ 'မီးက၊ မီးက' ဆိုတဲ့အတိုင်း ခြေလှမ်းက မခိုင်ပြန်တော့ဘူး။

ဒါကြောင့်-

မီး ဆိုတဲ့ အသုံးအနှုန်းကြောင့် ကြုံတွေ့နေရတာမျိုးကတော့ ကိုယ်တိုင်ဆင်ခြင် သတိထားတဲ့နည်းဟာ အကောင်းဆုံးပါပဲ။

အခုနောက်ပိုင်းဆိုရင် အဲဒီ. မီးပညတ်ရှင်တွေ အိမ်ထောင်ရေးပြဿနာတွေဖြစ်ကြပြီ ဆိုတာနဲ့-

ဦးဆုံး သူတို့ကို 'မီး'အသုံးအနှုန်းစပြီး ရပ်ဆိုင်းခိုင်းလိုက်ပါတယ်။ လုံးဝဖျောက်ခိုင်းပါတယ်။

ပြီးရင် နေ့ရောညပါ ဘုရားသောက်တော်ရေ ကပ်လှူတာနဲ့ ကုသိုလ်ပွားခိုင်းတယ်။ ရေအလှူများများလှူခိုင်းတယ်။ ဘုရားစေတီတွေမှာ သွားသွားပြီး ရေသပ္ပာယ်တဲ့ကုသိုလ်တွေ များများပြုခိုင်းတယ်။

အဲဒါမှပဲ အဆင်ပြေလာတော့တယ်။

ပြေမှာပေါ့၊ အရင်က မီးများနေတာကိုး။ ခုနောက်ပိုင်း ရေများလာတော့ ရေက နိုင်သွားတာပေါ့။ အေးချမ်းသွားတာပေါ့။

မခဲယဉ်းပါဘူး။

မီးပညတ်ရှင်တို့ ကြုံနေရတဲ့ အိမ်ထောင်ရေးသောကတွေအတွက် ရေများဖို့ပဲ လိုပါတယ်။ မခဲယဉ်းပါဘူး။

ဒါက-

နှုတ်ဝစီကြောင့် ကြုံနေရတဲ့ ကိစ္စတွေထဲက တစ်ခု။

ဒီလိုဆို-

နှုတ်ဝစီကြောင့် ကြုံနေရတဲ့ ကိစ္စတွေထဲက တချို့ဆီ လှမ်းကြည့်လိုက်ပါဦး။

ဇမ္ဗူဒိပ် နိမိတ်။

'ဇမ္ဗူဒိပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်း' ဆိုတာ ဘယ်သူမဆို ကြားဖူးကြပါတယ်။

သိကြပါတယ်။

ယုံတဲ့သူတွေ ရှိကြသလို မယုံကြသူတွေလည်း ဒုနဲ့ဒေးပါပဲ။

မယုံဘူး ဆိုတဲ့ စကားကို တွင်တွင်သုံးပြီး တကယ်ပဲမယုံသလိုလိုနဲ့ တကယ်ပြဿနာဖြစ်မှာ ကြောက်လန့်ကြသူတွေလည်း ရှိပါတယ်။

တချို့ကျတော့လည်း လူတွေအထင်ကြီးတာ ခံချင်လို့ မယုံဘူး၊ မယုံဘူး လုပ်နေကြသူတွေလည်း ရှိပါတယ်။ လူရှေ့သူရှေ့မှာ ဟန်လုပ်နေတာပေါ့လေ။

တချို့ကျ ယုံတယ်လည်းမဟုတ်၊ မယုံတယ်လည်း မဟုတ်သူတွေ ရှိကြပါတယ်။

မယုံဘူးဆိုပြီးပြောမှ၊ မယုံဘူး ဆိုတဲ့စကားကို တွင်တွင်သုံးမှ လူတွေအထင်ကြီးမယ် ဆိုတဲ့ အစွဲရှိနေကြသူတွေလည်း ရှိနေပါတယ်။

ဒါကြောင့်-

အဲဒီလို မယုံဘူး၊ မယုံဘူး ဆိုတဲ့သူတွေကို မရည်ရွယ်ပါဘူး။ ရည်ရွယ်တာက နိမိတ်ကို လက်ခံတဲ့သူတွေအတွက်ပါ။ လက်ခံတယ် ဆိုတဲ့ အနေအထားဟာ အတော်လေး လုံလောက်ပါတယ်။ ကောင်းခြင်း၊ ဆိုးခြင်းကို ဝေဖန်ပိုင်းခြားနိုင်ပါတယ်။ သူများ ပြောပြော၊ မပြောပြော ကိုယ့်စိတ်ရင်းအတိုင်း ဆုံးဖြတ်နိုင်ကြပါတယ်။

အဲဒီလို နိမိတ်လက်ခံသူတွေအတွက် ကောင်းခြင်းစကားတွေ ပြောရမယ် ဆိုရင်တော့-

အကျိုးမရှိတဲ့ နိမိတ်ဆိုး စကားတွေ၊

ပျက်စီးရာကို ဦးတည်တဲ့ နိမိတ်ဆိုး စကားတွေ၊

အဲဒီလိုမျိုးစကားတွေကို မပြောမိအောင်နေဖို့ပါပဲ။

ပါးစပ်ထဲမှာ အလိုလို ရောက်လာပြီး အာတွေ့လာပြီဆိုရင် အဲဒီ စကားမျိုးကို သတိထားပါ။ နိမိတ်မကောင်းရင် သတိထားပြီး ရပ်ပစ်ပါ။

နိမိတ်ဆိုးတွေ ဆိုတာ-

မထင်မှတ်ရင် မထင်မှတ်တဲ့အချိန်မှာ အလိုလို ပေါ်ပေါ်လာတတ်ပါတယ်။ တော်တော် သတိထားရပါလိမ့်မယ်။

ခုနပြောသလို လူတိုင်းသုံးလာပြီး အာတွေ့လာပြီဆိုရင် သတိသာထားပေရော့ပဲ။

မှတ်မိကြပါလိမ့်ဦးမယ်။

'မှားပါတယ်' ဆိုတာကြီး။

ဟိုလူကပြောလည်း 'မှားပါတယ်' ဒီလူကပြောလည်း 'မှားပါတယ်' နဲ့ အတော့်ကို ပါးစပ်တွေမှာ ရေပန်းစားသွားပြီး တကယ်ကို အာတွေ့လောက်တဲ့ စကား ဖြစ်လာဖူးပါတယ်။ ပျံ့နှံ့နှုန်းမြန်လှပါတယ်။

ကောင်းခြင်း၊ ကောင်းနိမိတ်သာ ဒီလို မပြန့်နိုင်တာပါ။

'မှားပါတယ်' ကတော့ ပြန့်သွား[illegible] တယ်။

တစ်ဖက်သားနဲ့ စကားအခြေအ တင်ပြောရာက ဆက်ပြီးမပြောချင်တော့ လို့ 'အေးပါ၊ ငါပဲ မှားပါတယ်' ဆိုတဲ့ သဘောလိုလို။

ကိုယ့်ကိုယ်ကိုယ် ပြောသလိုလို သူများကိုပြောသလိုလိုနဲ့ ဘာပဲဖြစ်ဖြစ် စကားလုံးတိုင်းမှာ 'မှားပါတယ်' ဆိုတာ တွေကတော့ မိုးကိုမွှန်နေတာပါပဲ။

'မိုက်တယ်' လည်း ဒီအတိုင်းပါပဲ

ပြောကြပါများရာကနေ တကယ် စကားကြီး ဖြစ်သွားပါပြီ။

အမှားတော့ အမှားပါပဲ။

ကြာလာတော့ အဲဒီ အမှားကြီး ဟာ အမှန် ဖြစ်သွားပါပြီ။

ဘာလေးဖြစ်ဖြစ် 'မိုက်တယ်' [illegible] ကုန်ပါပြီ။

တကယ့်နေရာကြီးတွေမှာတော [illegible] မိုက်တယ်ဟာ အကောင်းဖြစ်နေတော့ ဘယ်လိုလုပ်တော့မလဲ။

ကျုပ်သားသမီးတွေကို ထား[illegible] ကျောင်းကြီးဟာ မိုက်တယ်ဗျာ။ သင်[illegible] တဲ့ ဆရာ၊ ဆရာမတွေကလည်း [illegible] မိုက်သလဲ မမေးနဲ့။

ကျွန်မသမီးကတော့ ဒီတစ်[illegible] နဲ့ဆို ဘွဲ့နှစ်ဘွဲ့ပြီးပြီ၊ မိုက်တယ်။

ဟား- စတုဒီသာကျွေးတာ [illegible] တယ်၊ ဟင်းကို စုံနေတာပဲ။ ရပ်ကွက်[illegible] မှာ လူကြီးတွေ ဆွေးနွေးကြတာ [illegible] တယ်။ သမီးတို့ ဆရာမ စာသင်[illegible] အရမ်းမိုက်တာပဲ။

မိုက်တာတွေ များသွားပါ[illegible]



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ဟေ့- တို့ဆီမှာကျင်းပသွားတဲ့ဗဟာပြောပွဲတွေက မိုက်သလား မမေးနဲ့။

ကလေးတွေနဲ့ 'မိုက်တယ်' ကြီးက ရင်းနှီးခင်မင်သွားပါပြီ။ လုံးဝ မစိမ်းတော့ပါဘူး။ မိုက်တယ် မပြောတဲ့သူတောင် ရိုင်းသလိုမျိုး ဖြစ်ကုန်ပါပြီ။

ဒါဟာ ကြောက်စရာကောင်းလှတဲ့ ပျံ့နှံ့ခြင်းပါပဲ။

ဒီလို မိုက်တယ်တွေ လွှမ်းသွားပြီးတဲ့နောက်ပိုင်း ကလေးငယ်တွေရဲ့ မိဘစကားနားထောင်မှု၊ ဆရာ့စကားနာခံမှုတွေ ဘယ်လိုတွေ ဖြစ်သွားကုန်ပြီလဲ။

ခုဆို-

သူတို့ကလေးတွေရဲ့ အသိထဲမှာ ဟယ်- ဒီကလေးက အရမ်းမိုက်တာပဲ ဆိုလိုက်တာနဲ့ ဒီကလေးဟာ တော်တော့်ကို တော်တဲ့ကလေးလို့ ပြောတာပဲ ဆိုပြီး အထင်ရောက်ပါပြီ။

လှလှပပလေး ပြင်ဆင်ထားရင်လည်း 'ဟား- မိုက်တယ်' ဆိုတာ ဖြစ်နေတော့. . .

ငယ်ငယ်က သင်ခဲ့ရတဲ့ 'လူမိုက်ဆိုရင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ၊ ပညာရှိကို. . .

ဆိုတဲ့ တန်ဖိုးရှိလှတဲ့ ဆုံးမစာတွေ ဘယ်များရောက်သွားလဲ မသိတော့ပါဘူး။

ဆရာ၊ ဆရာမတွေ ဆုံးမတာပဲဖြစ်ဖြစ်၊ မိဘတွေဆုံးမတာပဲဖြစ်ဖြစ် 'စာကို မကြိုးစားချင်ဘူး၊ ကြီးလာရင် ပညာမတတ်ရင် လူမိုက်ဖြစ်လိမ့်မယ်' ဆိုတဲ့ စကားတွေ။

တော်တော်လေး ဝေးသွားကြသလိုပဲ။

နည်းနည်းလေး စကားပြောမှာရင် 'ဟယ်-စကားပြောတာဆိုတာ ကြမ်းတမ်းလိုက်တာ၊ လူမိုက်ကြီးကျနေတာပဲ'။

ပစ္စည်း၊ ပန်းကန်ခွက်ယောက်တွေ ကိုင်တွယ်တာ ကြမ်းရင်လည်း 'ဟင်း- စရိုက်က ကြမ်းလိုက်တာ၊ လူမိုက်ကြီးလိုပဲ'။

အရက်သေစာ သောက်စားထားတာတွေ့ရင် 'ဟဲ့ဟဲ့- အဲဒါကြီးက အရက်သမားကြီး၊ လူမိုက်ကြီး။ သွားပြီး အပေါင်းအသင်း မလုပ်ကြနဲ့' ဆိုတာမျိုးတွေ-

ဟိုးအရင်ကကြားဖူးနေကျစကားတွေပါ။

ခုများ မိုက်တယ် ဆိုတာတွေက နေရာအနှံ့ ဖြစ်သွားတော့ အော်ကြီးဟစ်ကျယ်စကားပြောတာတွေ မဆန်းတော့သလို။

အတော့်ကို ကျယ်ကျယ်လောင်လောင် ဆူညံပေါက်ကွဲသံမျိုးတွေကို အေးအေးဆေးဆေး ဖွင့်ရမှာလည်း ဝန်မလေးတော့ဘူး။

အရက်သေစာ ဆိုတာကတော့ ပြောမနေနဲ့တော့၊ မစိမ်းတော့ဘူး။

ဒါဟာ 'မိုက်တယ်' ဆိုတဲ့စကား လူတွေရဲ့နှုတ်မှာ ရေပန်းစားလာပြီးတဲ့ နောက်ပိုင်း မဆန်းတော့တဲ့အကြောင်းတွေပါပဲ။

သတိထားကြည့်ရင် မြင်နိုင်ပါတယ်။

အမှတ်တမဲ့ ဆိုရင်တော့ သတိမထားမိဘူးပေါ့။

'ကလေးတို့ လူမိုက်ဆိုတာမပေါင်းရဘူး' ဆိုလိုက်တာနဲ့ ကလေးတွေရဲ့မျက်လုံးထဲမှာ အဝတ်အစား ခေတ်ဆန်ဆန်၊ ဆံပင်ခေတ်ဆန်ဆန်၊ ဟန်စတိုင် ခေတ်ဆန်ဆန်လူမျိုးပုံတွေ မြင်ယောင်လာမှာ သေချာပါတယ်။

လိမ္မာရေးခြားရှိအောင် ပြောဆိုဆုံးမ ပုံသွင်းတော့မယ် ဆိုလိုက်တာနဲ့ အဲဒီ 'မိုက်တယ်' ဆိုတာကြီးကို ကလေး-တွေရဲ့ရင်ထဲက အရင်မောင်းထုတ်ပစ်နိုင်အောင် ကြိုးစားရပါလိမ့်မယ်။

နေရာအနှံ့မှာ မိုက်တယ်က ပျံ့နှံ့နေတော့-

ဒါကြီးဟာ ဘယ်လောက်ထိ ဖြစ်နေဦးမလဲ ဆိုတဲ့ အသိတရားရှိရှိနဲ့ တဖြည်းဖြည်းချင်း ဖျောက်နိုင်အောင် ကြိုးစားရပါလိမ့်မယ်။ ကလေးလေးတွေရဲ့ ရင်ထဲကို အသိမှန်၊ အယူမှန်တွေ ရောက်သွားအောင် ကြိုးစားရပါလိမ့်မယ်။ တစ်ဦးပြောရင်း ပြုပြင်ရင်းကနေ တဖြည်းဖြည်း ပျံ့နှံ့သွားအောင် ကြိုးစားရပါလိမ့်မယ်။

ဒါက-

တဖြည်းဖြည်းချင်း ပျောက်သွားသင့်တယ်လို့ ယူဆပါတယ်။

'ဒီကလေးကွာ - ဘာမိုက်သလဲ မပြော' နဲ့ ဆိုတာရယ်၊

'ဒီကလေးကွာ၊ ဘာလိမ္မာသလဲ မပြောနဲ့' ဆိုတဲ့ စကား ဘယ်ဟာက တန်ဖိုးရှိတယ် ဆိုတာ သိကြပြီးသားပါ။

ကလေးလေးတွေအတွက် တဖြည်းဖြည်းပြင်ပေးဖို့ပဲ လိုပါတယ်။

ငယ်ငယ်လေးတွေကနေ အရွယ်လေးတွေ ရလာတဲ့အခါ အသိမှား၊ အယူမှား၊ အတွေးမှား၊ အမှတ်မှားတွေ ပါမလာဖို့ဘဲ ကြိုတင် စဉ်းစားကြရမှာပါ။

တဖြည်းဖြည်းမဟုတ်ဘဲ ချက်ချင်း ပျံ့နှံ့လာပြီး အဓိပ္ပာယ်ရှိရှိ လက်တွေ့ပြသွားတဲ့ အသုံးအနှုန်းတွေလည်း သတိထားမိကြမှာပါ။

တစ်ခုပြောရရင်-

'လန်ထွက်နေတယ်' ဆိုတာကြီး ပါပဲ။

လန်ထွက်နေတယ် ဆိုတာတွေကို အားရပါးရ အာတွေ့လည်းလာရော တစ်ခါမှ မမြင်ဘူး၊ မကြားဘူး၊ မကြုံဘူးတဲ့ မုန်တိုင်းကြီးတွေ ဝင်လာတော့တာပါပဲ။ ဒါလည်း အားလုံးသိပါတယ်။

နိမိတ်ဆိုးကိုသတိပြုမိကြတဲ့ စာပေပညာရှင်ကြီးတွေကလည်း ဒီစကားကို တော်တော် ဝေဖန် ထားဆီးပြခဲ့ကြဖူးပါတယ်။

ကောင်းတဲ့စကားလား၊ မကောင်းတဲ့စကားလား ဆိုတာလည်း စကားပြောကြသူတိုင်း သိပါတယ်။

လူတွေပါးစပ်ဖျားမှာ ရောက်လာရာကနေ ခုတော့ ပျောက်လုမတတ်ဖြစ်သွားပါပြီ။

တော်တော်လေးတော့ သတိထားကြည့်မိပါတယ်။

နိမိတ်ဆိုးတစ်ခုခု ကြုံတော့မယ်ဆိုရင် ရှေ့ပြေးထွက်လာတဲ့ စကားများဟာ ကလေးတွေရဲ့ပါးစပ်ဖျားမှာ တော်တော့်ကို အာတွေ့ကြပါတယ်။ ပျံ့နှံ့ကြပါတယ်။ တင်စားပြောရမယ်ဆိုရင် မကောင်းတဲ့၊ မမြင်ရတဲ့ အကြောင်းတရားတွေကများ လူတွေရဲ့နှုတ်တွေကို စီးလာသလားလို့တောင် ထင်ရပါတယ်။

အဲဒီ 'လန်ထွက်နေတယ်' ဆိုတာကြီး ကောင်း၊ မကောင်း တစ်ယောက်ယောက်ကို မေးကြည့်ပါ။

'ကောင်းတယ်'လို့ ပြောမှာမဟုတ်ပါဘူး။

ဒါပေမယ့် မပြောဘဲမနေနိုင်လောက်အောင် အာတွေ့တယ် ဆိုကတည်းက စဉ်းစားကြည့်ပေါ့။ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ကြရသူတွေ အပြောအများဆုံးပါ။

ဒီလိုပဲ နောက်ထပ်စကားတွေ-

ဘဝပျက်ပြီတို့၊

သေဦးမယ်တို့၊

ပြိုင်းနေတာပဲတို့၊

ဒီပြင် အနိဋ္ဌ စကားတွေလည်း အများကြီး ရှိနေပါတယ်။

ဒီလို အနိဋ္ဌစကားတွေကို အားရပါးရ မြိန်ရေရှက်ရေပြောရင်း အာတွေ့



www.burmeseclassic.com

www.burmeseclassic.com

ရင်းကနေ တဖြည်းဖြည်းဒုက္ခရောက်လာကြရသူတွေ မနည်းပါဘူး။

တကယ့်ကို လက်တွေ့သုတေသနပြုထားတာတွေ တစ်ပုံကြီးရှိနေပါတယ်။ အတော်လေး အထိနာသွားကြသူတွေ အများကြီး။

မိသားစုတွင်း ပြဿနာဖြစ်ကြရသူတွေ၊

အိမ်ထောင်ရေးသောက တဖြည်းဖြည်း ကြုံလာကြရသူတွေ၊

သားသမီးအပူ တဖြည်းဖြည်း ကြုံလာကြရသူတွေ၊

ရစရာရှိတာမရ, ပေးစရာရှိတာမပေးနိုင် ဖြစ်လာလို့ ငွေမှု ငွေပြဿနာ ငွေဆုံးရှုံးမှု ဖြစ်လာရသူတွေ၊

လုပ်ငန်းလုပ်နေရင်း တဖြည်းဖြည်း အရှုံးပေါ်လာရသူတွေ၊

အလုပ်သမားမခြလို့ လုပ်ငန်းကြီးတွေ ထိခိုက်လာရသူတွေ၊

ကျန်းမာရေးချို့တဲ့လာသူတွေ၊

ငွေကြေးအလိမ်ခံရတာတွေ၊

အများကြီး. . . အများကြီး။

ဒီလို ပြဿနာပေါင်းစုံဟာ ခုနလိုအနိဋ္ဌစကား တွင်တွင်သုံးတဲ့သူတွေမှာ တော်တော်များများ တွေ့ရပါတယ်။

သိသိနဲ့ သဘောတွေကျလွန်းလို့ သုံးနေတဲ့သူတွေဆိုရင်တော့ ကိုယ့်ဆန္ဒသဘောနဲ့ကိုယ်ပါ။

မသိလို့ ပြောမိ ဆိုမိနေပါတယ်ဆိုသူမျိုးတွေအတွက်ကတော့ ဒီသူရဋ္ဌလက်ဆောင်နဲ့ အကြံပြုလိုက်တာ ဖြစ်ပါတယ်။

နိမိတ်ဆိုး ဆိုတာ-

သိသိနဲ့ ဖန်တီးဖို့ မသင့်သလို၊

မသိလို့လည်း မဖန်တီးသင့်ပါဘူး။

ဥပမာ - အင်မတန်မှုကြမ်းလှတဲ့ တောတောင်ခရီးတွေကို သွားမယ်ဆိုပါတော့။

ဦးဆောင်သူ၊ ဒါမှမဟုတ် စီစဉ်သူက 'ဟော့- တို့တွေ အရိုးခေါင်းအကျီတွေ ချည်းပဲ ဝတ်ကြမယ်ဟေ့၊ ဆင်တူ' ဆိုပြီး မလုပ်သင့်တာမျိုးကို ဆိုလိုတာပါ။

ကိုယ်ဝတ်ချင်လွန်းရင်တော့ ဝတ်ပါ။

ကိုယ့်ကြောင့် သူများတွေ ဒုက္ခမရောက်ဖို့တော့ စဉ်းစားသင့်ပါတယ်။

အရှိန် ဆိုတာ ဟပ်တတ်တဲ့သဘောရှိပါတယ်။

ဓာတ်ဆိုတာ တူရင် ကူးလာနိုင်ပါတယ်။

မကောင်းဓာတ်ကလည်းမကောင်းသလို ကူးတတ်ပါတယ်။

အပူစကားပြောလွန်းတဲ့၊ ညည်းလွန်းတဲ့လူတစ်ယောက်ယောက်နဲ့ ထိုင်စကားပြောကြည့်ပါ။

တရားအားထုတ်တဲ့၊ တရားပြည့်ဝတဲ့ သူတော်စင်တစ်ဦးဦးနဲ့ ထိုင်စကားပြောကြည့်ပါ။

ပြီးရင် ခံစားကြည့်ပါ။

ပူတဲ့အရှိန်၊ အေးတဲ့အရှိန် ဆိုတာမျိုးဟာ ကူးတတ်တဲ့သဘော ရှိပါတယ်။ သူတော်ကောင်းတွေ တရားဘာဝနာပွားများအားထုတ်ကြတဲ့ တရားကျောင်းတွေ၊ တရားရိပ်သာတွေကို ရောက်သွားရင် ဘယ်လောက် စိတ်ကြည်နူးချမ်းမြေ့ရသလဲ ဆိုတာ သိကြပြီးသားပါ။

ဆဲဆို ရန်ဖြစ် ဝုန်းဒိုင်းကြ ဆူညံပေါက်ကွဲသံစဉ်တွေနားကို ရောက်ရင် ဘယ်လိုနေမလဲ၊ ဒါလည်း သိကြပြီးသားပါ။

တဆွေးဆွေး၊ တမြေ့မြေ့ ငိုကြီးချက်မ ဖြစ်နေတဲ့ သုသာန်ကို ဖြတ်သွားတဲ့အခါ ဘယ်လိုနေမလဲ။ ဒါလည်း သိကြပြီးသားပါ။

ဒါကြောင့်-

မသိဘဲနဲ့လည်း မဖန်တီးသင့်ပါဘူး။

ဖန်တီးသလိုမျိုး ဖြစ်တော့မယ်ဆိုရင်လည်း သတိလေးထားလိုက်ပါ။

ဒီလို အပူကူးတတ်တာမျိုးနဲ့ ပတ်သက်ပြီး တချို့ပြောကြတာ ကြားဖူးမှာပါ။ ဟဲ့-တို့အိမ်ကို ဟိုအပူသည် လာပြီးကတည်းက ဖြစ်လိုက်တဲ့ပြဿနာပေါင်းခြောက်ထောင်၊ မပြီးနိုင်ဘူး ဆိုတာမျိုးတွေ၊ သူတို့ လာအိပ်ပြီးသွားကတည်းက ဆိုင်အရောင်းတွေ အ,သွားလိုက်တာ ဆိုတာမျိုးတွေ ကြားဖူးကြမှာပါ။

ဒီလို အပူကူးပုံမျိုးကို သတိထားမိပြီဆိုရင်၊

ကိုယ်တိုင်ကော မသိဘဲ အနိဋ္ဌစကားတွေ ပြောနေမိပြီမှန်း သတိထားမိပြီဆိုရင်. . .

ကိုယ့်ရဲ့မွေးနေ့တစ်ရက်ကိုရွေးပါ။

ဖြစ်နိုင်ရင်တော့ မွေးနေ့ မနက် (၉) နာရီနဲ့ (၁၀) နာရီခွဲကြားမှာ ပြုလုပ်ပါ။ မဖြစ်နိုင်ရင် မွေးနေ့မှာတော့ ရအောင်ပြုလုပ်ပါ။

ပြုလုပ်ဖို့ကတော့-

သမ္ဗုဒ္ဓေ (၁၀) ခေါက် ရွတ်ပြီး ဦးခေါင်းလျှော်ပါ။

တရော်ကင်ပွန်းနဲ့လျှော်ပါ။

အဲဒီလို လျှော်ပြီးတဲ့နေ့က စပြီး နေ့စဉ်ဝတ်မပျက် တစ်နေ့ကို (၉)ခေါက် ရွတ်ဆိုပြီး ဘုရားဝတ်ပြုပါ။

ဝတ်ပြုရှိခိုးရမှာကတော့-

'ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ ၊ ဗုဒ္ဓါနုဘာဝေန ဝိနာသ မေန္တု။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ ၊ ဓမ္မာနုဘာဝေန ဝိနာသ မေန္တု။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ ၊ သံဃာနုဘာဝေန ဝိနာသ မေန္တု'

ဆိုတဲ့ ပုဗ္ဗဏှသုတ်တော်လာ 'ယံ ဒုန္နိမိတ္တံ' အစချီတဲ့ ဂါထာတော်ပါပဲ။

(၃) ပုဒ်ပြီးမှ တစ်ခေါက်လို့ သတ်မှတ်ပြီး (၉) ခေါက် ရွတ်ဆို ဘုရားဝတ်ပြုပါ။

ပြီးရင် တစ်နေ့ကုန် သတိရတိုင်း ဘုရားရှင်ရဲ့ 'သုဂတော' ဂုဏ်တော်ကို အာရုံပြုနေပါ။ နှုတ်က တဖွဖွလည်း ရွတ်နိုင်သမျှ ရွတ်နေပါ။

မသိလို့ နိမိတ်ဆိုးစကားတွေ အ,မင်္ဂလာစကားတွေပြောရင်း လုပ်သမျှ ကိုင်သမျှ ဆုံးရှုံးနစ်နာနေသူတွေ လက်တွေ့ ကံမြင့်လာတာ၊ ကံပွင့်လာတာ ကြုံရပါလိမ့်မယ်။

ထိန်းချုပ်ခြင်းနဲ့ပွားစီးခြင်းသဘောတွေကို စိတ်ချမ်းချမ်းသာသာနဲ့ကြုံတွေ့ပြီး ကောင်းခြင်းမင်္ဂလာတွေနဲ့ပြည့်စုံလာပါလိမ့်မယ်။

ဒါဟာ-

ဒီလအတွက် သူရဋ္ဌလက်ဆောင်ပါပဲ။

ဖြစ်နိုင်တာတွေကိုသာ ပေးလေ့ရှိတဲ့ သူရဋ္ဌရဲ့ထုံးစံအတိုင်း. . .

နိမိတ်ဆိုးစကားများကြောင့် အခက်အခဲမျိုးစုံ ကြုံနေရသူတွေအတွက် သူရဋ္ဌလက်ဆောင်ပါးလိုက်ပါပြီ။

မင်္ဂလာရှိစွာနဲ့ ကျန်းမာ ချမ်းသာပြီး ကံမြင့်ကြပါစေ၊ ကံပွင့်ကြပါစေ၊ ဘဝတွေ ကံတွေ တက်ကြပါစေ၊ အောင်မြင်ကြီးပွား ချမ်းသာများကြပါစေ။

ဆရာဦးမောင်မောင်သ
(ရင်ကိုအေးမြစေသ

www.burmeseclassic.com

www.burmeseclassic.com

ပြည့်သိန်းမြကျော့

# ကံပြောင်းကံမြင့် အစီအရင်

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာတော်ကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော် အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ခါတ်မရိုက်ပါနှင့်၊ အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူဆူ၏ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများ မကြာမကြာ သွားစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများ၏ရင်ပြင်တော်၊ တန်ဆောင်းတို့တွင် အမှိုက်များကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ဖုဿသဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသော ထီကားများ အိမ်ရှေ့လာရပ်ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီး (၃) ပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၃) ဆူလှည့်၍ ပုဋ္ဌာန်းရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိ ပက်ဖျန်းပြီး တောင်အရပ်ကအကျိုးဆောင်နှင့် စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အိတ်အဟောင်းအပျက်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ပန်းခြောက်များစွန့်ခြင်း၊ ပေါင်းမြက်များနုတ်ခြင်း ဆောင်ရွက်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်မဝတ်ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ဓာရဏပရိတ်တော်ကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီလှည်းလေးများနှင့် ကြုံပါက (၄) ဂဏန်း များစွာပါ
အောင် ရွေးချယ်ကံစမ်းထားပါ။

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်
ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီ အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေ
ထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာခဏ သွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက
မှတ်ပြီး ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်အိတ်များ လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဿသဂါထာ ရွတ်ရင်း (၅) မိနစ်ခန့် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - ထီကားလေးများ အိမ်ရှေ့လာရပ်ပြီးရောင်းပါက (၂) နှင့်စ,သော နှစ်စောင်တွဲ
လေးများ ရွေးချယ်ကံစမ်းလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံဝေဝေဆာဆာ
ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်စိမ်း များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့် လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင် အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါနံ' ဘွဲ့အမည်ရှိသော ဘုရားစေတီများ၏တနင်္ဂနွေထောင့်
တွင် ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်း နံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်
ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ် ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဿသဂါထာ ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်လေးများထံတွင် (၃) ဂဏန်းနှင့် စ,သော
ထီလက်မှတ်လေးများ နိုင်သလောက်ထိုးထားပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့်
ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၂) ပတ်၊ (၃) ပတ် ရအောင်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏တနင်္ဂနွေ
ထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများတွင် အသုံးပြုရန် တံမြက်စည်းများ
လောက်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် စကား အချေအတင် ငြင်းခုံခြင်းများ ရှောင်ပါ။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ အာဟာရများ လှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်သူနှင့် လူကြုံမှာ၍ထိုးပါ၊ ဂဏန်းရွေးမနေပါနှင့်၊ ကြိုက်ရာထိုးလာပါစေ၊ ထီကံကောင်းပါလိမ့်မည်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းများလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွှန့် လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့်ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အိတ်ခွံအဟောင်းအစုတ်များကို ရှာဖွေရှင်းလင်းပြီး စီးနေသောရေတွင် မျှောလိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - နွမ်းပါးသူများကို တံမြက်စည်းလှူပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်၊ အနက်ရောင်ပစ္စည်း လက်ဆောင်မပေးရ။
**ကျန်းမာရေး** - ဓာရဏပရိတ်ကို ရွတ်ဖတ်ပူဇော်ပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်လေးများနှင့်ဆုံပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

BURMESE CLASSIC .com

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီ အစရှိသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်စွန့်ခြင်းများ ဆောင်ရွက်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ဓာတ်စာနှင့် အလှူငွေများ တတ်အားသရွေ့ လှူပေးပါ။
**ထီကံကောင်းလိုသူများ** - ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄) ဂဏန်း များစွာပါအောင် ကံစမ်းထားပါ။

ယခုလတွင်-
နံတူပူးနေသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာ ရယူပါလေ။
ဥပမာ- အေးအုံး၊ အုံ့အော်၊ ပြုံးမြ၊ သက်ဟိန်း၊ ဆုဇွဲ

မိမိကောင်းမှ [illegible]
ဆုမတောင်းဘဲ [illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ခြင်း၊ အကြံဉာဏ်များရယူခြင်းများ ပြုလုပ်ရပါမည်။ ယခုလအတွင်း ဘုရားရှင်အား ကော်ဖီ၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ကိတ်မုန့်၊ ကျောက်ကျောစသော တနင်္လာနံ အာဟာရများ မပြတ်ကပ်လှူပါ။ ဘုရားရှင်၏ဂုဏ်တော်များကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ရာထူးကိစ္စအတွက် လိုအပ်သူများ ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ လူမှုရေးအတိုက်အခံများရှိနေပါက သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ကျန်းမာရေးကောင်းနေစေရန် ပန်ကာလေ များစွာ မခံပါနှင့်။ အချိန်မှဲ့ရေချိုးခြင်း ဆင်ခြင်ရပါမည်။ အစာကို ရင်ပြည့်အောင်မစားပါနှင့်။ စိတ်ကျန်းမာရေးမကောင်းသူများကို ကြုံရင်ကြုံသလို၊ တွေ့ရင်တွေ့တဲ့နေရာမှာ ငွေကြေး၊ အစားအသောက်များ တတ်အားသရွေ့ ကူညီပံ့ပိုးပေးပါ။ အိပ်ရေးပျက်မခံပါနှင့်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အပူသောကနှင့်ဝင်လာတတ်သော စက်ပစ္စည်းများ၊ သစ်များ ဝင်မလာပါစေနှင့်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အနီရောင်အကျီဝတ်မသွားပါနှင့်။ ယခုလတွင် အိမ်၊ အလုပ် အပြောင်းအရွှေ့ကိစ္စများ ကြုံတတ်ပါသည်။ ငယ်ရွယ်သူများ မျက်နှာအတော်ပွင့်နေတတ်သည်။ ချစ်သူမရှိသေးသူများ စန်းတွေပွင့်နေတတ်ပြီး ချစ်သူရှိပြီးသားသူများ စိတ်ချမ်းသာရမည့်ကာလ ဖြစ်ပါသည်။ အတိုက်အခံ၊ ရန်များတတ်သောကြောင့် အဓိက ရန်မဖြစ်ဖို့၊ ရန်မများဖို့ ဆင်ခြင်ရပါမည်။ လူမှုရေးကိစ္စများ ကြုံတတ်သလို အတော်သတိထားပြီး ဆောင်ရွက်ရပါမည်။ လောင်းကစားကိစ္စများ ဝေးဝေးရှောင်ပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး ကောင်းမှုကုသိုလ်တစ်ခုခုပြုပါ။ စာကလေးများကို အစာကျွေးပါ။ ကံများကောင်းလာပါလိမ့်မည်။

*ယတြာ ။ ။ မွေးနေ့တွင် သက်ကြီးရွယ်အို အဘိုး, အဘွား တစ်ဦးဦးအား ငွေလှူပါ၊ အာဟာရဒါနပြုပါ။*

၂၀၁၃ ခုနှစ် ဇူလိုင်လအတွက်

ခုနစ်ရက်သားသမီး ဟောစာတမ်း

ဆရာဦးမောင်မောင်သန်း

ရင်ကိုအေးမြစေသာ





www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ ရယူခြင်း ပြုပါ။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကားကို အရှိန်ပြင်းပြင်းနှင့်မောင်းခြင်း လုံးဝ ရှောင်ရပါမည်။ ဘုရားရှင်အား တနင်္လာနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပါ။ ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာမည်။ ကျန်းမာရေးကောင်းနေစေရန် ဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ အာရုံကြောမကောင်းသူများ၊ စိတ်ကျန်းမာရေးညံ့နေသူများကို ကြံ့ရင်ကြံ့သလို ဆေးဝါး၊ အာဟာရများ ကူညီပံ့ပိုးပါ။ ရင်ပြည့်စာများရှောင်ပါ။ ပန်ကာလေ ကြာကြာခံခြင်း ဆင်ခြင်ပါ။ လက်ဝတ်ရတနာပစ္စည်းကောင်းများ ဝင်လာတတ်သည်။ ပိုက်ဆံအိတ်အနီရောင် မကိုင်ပါနှင့်။ ငယ်ရွယ်သူများ မျက်နှာပွင့်လန်းနေမည်။ သို့သော် ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင် မဝတ်မိအောင် ရှောင်ပါ။ ချစ်ရေးချစ်ရာကိစ္စများအဆင်ပြေစေရန် ဘုရားတစ်ဆူဆူတွင် ဂြိုဟ်ရှစ်ခွင်လုံးလှည့်၍ ရေသပ္ပာယ်ပါ။ မကြာမကြာပြုပါ။ လာဘ်လာဘများပွင့်လာစေရန် ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်နှင့်ရွတ်ပါ။ ဘုရားရှင်အား နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်တော်ရေကပ်လှူပါ။ ထီထိုးရန်အတွက် အကျိုးပေးသောဂဏန်းများမှာ (၂၊ ၄၊ ၈၊ ၇) ဂဏန်းများဖြစ်ပါသည်။ အတိတ်ကံကြောင့် မမျှော်လင့်ဘဲ ထီပေါက်တတ်ပါသည်။ စနေနံထီဆိုင်တွင် ထိုးပါ။ မွေးနေ့တွင် ကောင်းမှုကုသိုလ်တစ်ခုခုပြုပြီး မေတ္တာဘာဝနာများ ပွားများနေထိုင်ပါ။ ဆန္ဒများ ပြည့်ဝလာပြီး လာဘ်လာဘများ ပွင့်လာပါလိမ့်မည်။

ယတြာ ။ ။ *မွေးနေ့တွင် ခါး၊ ခြေ မကောင်းသူတစ်ဦးဦးကို ငွေလှူပေးပါ။*

**အင်္ဂါသားသမီးများ**

လုပ်ငန်းတွေလုပ်နေရင်း၊ ပညာရေးအတွက် ကြိုးစားနေရင်း အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါက အကောင်းဆုံးအောင်မြင်သွားပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရှောင်ရန်ကိစ္စများမှာ သောကြာနံသင့်လုပ်ငန်းများ၊ အထူးသဖြင့် ပြဿနာဟောင်းရှိထားတဲ့ သစ်စက်၊ သစ်လုပ်ငန်းများ ပြန်မဝယ်ပါနှင့်။ စကားပြောလျှင် အမှားပါတတ်၍ စကားပြောဆင်ခြင်ရပါမည်။ စကားတစ်ခွန်းကို အပ်ကြောင်းထပ်အောင် မပြောမိပါစေနှင့်။ ကိုယ်မကျွမ်းကျင်သောလုပ်ငန်းများတွင် စပ်တူရှယ်ယာဝင်ခြင်း၊ သူတစ်ပါးကိစ္စကို ကြားက အာမခံခြင်းများ ရှောင်လိုက်ပါ။ ဘုရားရှင်အား တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ဆက်ကပ်ပူဇော်လှူပေးပါ။ သောက်တော်ရေကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပူဇော်ပါ။ စာကလေးများကို မကြာမကြာ ဘေးမဲ့လွှတ်ပေးခြင်း၊ အစားအစာ တတ်အားသရွေ့ လှူဒါန်းပေးပါ။ မိဘမဲ့ကလေးတွေကိုလည်း တတ်နိုင်သမျှ လှူပေးပါ။ အညံ့များရှိပါက လျော့နည်းသွားပါလိမ့်မည်။ အောင်မြင်မှုများလည်း ရရှိလာပါလိမ့်မည်။ ကျန်းမာရေး စိုးရိမ်စရာမရှိပါ။ ပညာရေးကံကတော့ ကောင်းပြီးရင်း ကောင်းရင်း ဖြစ်နေပါသည်။ လူမှုရေးအခက်အခဲများ မကြာခဏရှိတတ်၍ အခက်အခဲကြုံတိုင်း အိမ်နှင့်နီးသောဘုရားကို ခြေကျင်သွား၍ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း ကုသိုလ်များပြုပါ။ လူငယ်များ၏အချစ်ရေးက ကောင်းလွန်းနေပါသည်။ မျက်နှာအလွန်ပွင့်သောအချိန်ဖြစ်၍ ချစ်သူအပေါ် သစ္စာရှိရပါမည်။ ထီထိုးရန်အတွက် (၉၊ ၂၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *မွေးနေ့တွင် မျက်မှန်လိုအပ်သော အသက်ကြီးပုဂ္ဂိုလ်တစ်ဦးဦးအား မျက်မှန်ဝယ်လှူပေးလိုက်ပါ။*

**ဗုဒ္ဓဟူးသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စတွင်မဆို တနင်္လာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ အကျိုးပေးပါလိမ့်မည်။ စိတ်ရှည်ရှည်ထားပြီးပြောပါ။ ၎င်းတို့သည် မအားမလပ်သူများ ဖြစ်နေတတ်ပါသည်။ သို့သော် ကူညီပါလိမ့်မည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စီးပွားရေးကိစ္စများ အောင်မြင်နေချိန်တွင် လူမှုရေးကိစ္စ ရှုပ်ထွေးခြင်းများ မဖြစ်ပါစေနှင့်။ သောက်စားတတ်သော အပေါင်းအသင်းမျိုးကိုပေါင်းမိပြီး ကိုယ်တိုင် မသောက်စားတတ်သောဘဝကနေ သောက်စားတတ်သောသူအဖြစ်မျိုး ရောက်မသွားစေရန် ကိုယ့်ကိုယ်ကိုယ် ထိန်းပါ။ ကျန်းမာရေးကောင်းနေစေရန် ရင်ပြည့်စာများ သတိထားစားပါ။ ကိုယ်လက်လှုပ်ရှား အမြဲပြုလုပ်ပါ။ လမ်းများများလျှောက်ပါ။ လူမှုရေးကိစ္စတွင် အတိုက်အခံများရှိပါက ဘုရားစေတီတစ်ဆူဆူသို့သွား၍ တံမြက်စည်းလှည်းပါ၊ အမှိုက်ကောက်ပါ။ ဘုရားရှင်အား သောက်တော်ရေ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ကပ်လှူပါ။ ပညာရေးကံများကောင်းနေသော်လည်း ကစားချိန်ကစား၊ စာချိန်စာ ပြုလုပ်ပါ။ ငယ်ရွယ်သူများ၏နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိပါမည်။ ချစ်သူကို အနီရောင်ပစ္စည်း လက်ဆောင်မပေးမိပါစေနှင့်။ လောင်းကစားကိစ္စများ၊ တရားဥပဒေကိုဆန့်ကျင်စေသောကိစ္စများ လုံးဝ ရှောင်ပါ။ ထီထိုးမည်ဆိုပါက (၂၊ ၉၊ ၄၊ ၈) ဂဏန်းများ ပါအောင် ရွေးချယ်ကံစမ်းပါ။ လာဘ်လာဘများပွင့်နေစေရန်အတွက် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးနှစ်ပတ်၊ သုံးပတ်ရအောင် စိပ်ပါ။

ယတြာ ။ ။ *သိမ်တစ်ခုခုသို့သွား၍ တံမြက်စည်းလှည်းခြင်း၊ ကြမ်းတိုက်ခြင်းပြုပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံဉာဏ်များ ရယူပါ။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အပျော်အပါး အရမ်းများတဲ့သူငယ်ချင်းကို သတိထားပေါင်းပါ။ ဆိုင်ကယ်စီးမကြမ်းပါစေနှင့်။ ဆိုင်ကယ်ကို (၃) ယောက် မစီးပါနှင့်။ စာကလေးများကို အမြဲအစာကျွေးပါ။ ခို၊ ကျီးလေးများကိုလည်း အမြဲအစာကျွေးပါ။ မျက်စိဝေဒနာရှင်၊ စိတ်ဝေဒနာရှင်များကို ငွေကြေး၊ အာဟာရ၊ ဆေးဝါးများ ထောက်ပံ့ကူညီပေးပါ။ ဘုရားစေတီများသို့ မကြာမကြာသွား၍ ဂြိုဟ် (၈) ခွင်လုံး ဘုရားရေသပ္ပာယ်ပါ။ ကျန်းမာရေးကောင်းနေပါမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန် မကျေမနပ်ဖြစ်တဲ့ကိစ္စတွေကို ခဏခဏ နားပူအောင် မပြောမိပါစေနှင့်။ လုပ်ငန်းခွင်စာမေးပွဲဖြေမည့်သူများ အောင်မြင်ပါလိမ့်မည်။ ပညာရေးကံများ အလွန်ကောင်းနေပါသည်။ ကြိုးစားလေအောင်မြင်လေ ဖြစ်ပါသည်။ နှလုံးသားရေးရာများ ကံကောင်းမည်။ တစ်ခါ တစ်ခါ စိတ်အပြောင်းအလဲလေးများ ရှိတတ်၍ ကိုယ်က ဆင်ခြင်ရပါမည်။ စက်ပစ္စည်းများ အကျိုးမပေးသောလ ဖြစ်ပါသည်။ ပြဿနာရှိသောစက်ပစ္စည်းများ မဝင်ပါစေနှင့်။ သူများဆီမှာပြဿနာဖြစ်ပြီးမှ ကိုယ့်ဆီရောက်လာသည့် သစ်ဟောင်းများ၊ ပန်းပုရုပ်ဟောင်းများ၊ စက်ပစ္စည်းများ မဝယ်ပါနှင့်။ ခရီးသွားရန်စီစဉ်ပြီးမှ မသွားဖြစ်ဘဲ အစီအစဉ်ပျက်တတ်ပါသည်။ နောက်တစ်ကြိမ် ထပ်ပြီးစီစဉ်မှ အောင်မြင်တတ်သည်။ အလုပ်အပြောင်းအရွှေ့၊ နေအိမ်အပြောင်းအရွှေ့ကိစ္စများ ကြုံတတ်သော်လည်း စိတ်ပူရန်မလိုဘဲ အကောင်းဆုံးအဆင်ပြေသွားပါလိမ့်မည်။ ထီထိုးရန်အတွက် (၄၊ ၈၊ ၂၊ ၉၊ ၅) ဂဏန်းတွေချည်း ပြည့်နေအောင်ထိုးပါ။

ယတြာ ။ ။ *ယခုလအတွင်း တစ်နိုင်အလှူလေးများ မကြာခဏလှူပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်များနှင့် တိုင်ပင် ဆောင်ရွက်ပါ။ အကြံဉာဏ်များ ရယူပါ။ အင်္ဂါနာမည်ရှင်များလည်း အကျိုးပေးတတ်ပါသည်။ သို့သော် အလုပ်မအားလပ်သူများဖြစ်နေတတ်၍ အချိန်တော့ပေးရပါလိမ့်မည်။ (၇) ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ ကိုယ်နှင့်မရင်းနှီးသော လူမျိုးကွဲတစ်ယောက်ယောက်နှင့် စီးပွားစပ်တူလုပ်ဖို့ ပြောလာသူရှိပါက လက်မခံပါနှင့်။ အကျိုးမပေးပါ။ အင်း၊ အဆောင်များ မဆောင်ပါနှင့်။ ဘုရားရှင်အား တနင်္လာနံအသီး၊ အပွင့်၊ အညွန့်၊ အာဟာရများ၊ ဆွမ်းများ မပြတ်ကပ်လှူပူဇော်ပါ။ သောက်တော်ရေ နံနက်တစ်ခါ၊ ညတစ်ခါ ကပ်လှူပါ။ ဂုဏ်တော် (၉) ပါးကို တစ်ပုဒ်လုံး ရွတ်ဆိုပြီး ပုတီးတစ်လုံးချပါ။ တစ်ပတ်၊ နှစ်ပတ် ရသလို နေ့စဉ်စိပ်ပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာ၊ ရှင်သီဝလိ (၁၀) ဂါထာနှင့် ဘုရားရှင်အား ပူဇော်ပါ။ ကျန်းမာရေးကောင်းနေစေရန် လေအောင့်စေတတ်သော ချဉ်စာများ၊ ရင်ပြည့်ရင်ကယ်စေတတ်သော အစာများ လွန်ကဲစွာမစားပါနှင့်။ ပန်ကာလေကို အချိန်ကြာကြာမခံပါနှင့်။ ဖုဋ္ဌသဿဂါထာရွတ်ရင်း လမ်းများများလျှောက်ပေးပါ။ ပညာရေးကံများ မြင့်တက်လာပါဦးမည်။ အဆင့်တွေ ပိုပြီးမြင့်လာပြီး ပိုပြီးလည်း ကြိုးစားဖြစ်ပါလိမ့်မည်။ အာရုံကြောကိုတော့ မကြာခဏ အနားပေးပါ။ အချစ်ရေးကံများကောင်းပြီး စိတ်ချမ်းသာမှုရှိစေရန် ခိုလေးများကို အစာကျွေးပါ။ မင်္ဂလာရှိသောစကားတွေသာ ပြောပါ။ အနိဋ္ဌတွေ ပြောလည်းမပြောပါနှင့်၊ ဝတ်လည်းမဝတ်ပါနှင့်။ စီးပွားရှာ၍ရလာသောငွေများ အဖတ်မတင်ဘဲ ကုန်သွားတတ်၍ အနေအထိုင်၊ အပြောအဆိုဆင်ခြင်ရပါလိမ့်မည်။ ထီထိုးရန်အတွက် (၂၊ ၉၊ ၃၊ ၅၊ ၄) ဂဏန်းများနှင့် ကံစပ်နေပါသည်။ ကားနှင့်လှည့်ရောင်းသော ထီသည်တွင် ထိုးထားပါ။

ယတြာ ။ ။ *ညောင်ပင်ကြီးကြီးတစ်ပင်အောက်တွင် တံမြက်စည်းလှည်းပြီး မေတ္တာသုတ် များစွာ ရွတ်ပါ။*

## စနေသားသမီးများ

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင် ဆောင်ရွက်ပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံးအကျိုးပေးပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စကားပြောလည်း အထူးဆင်ခြင်ရပါမည်။ ကိုယ့်စကားသည် အတော်လေးရှင်းရမယ့်စကား ဖြစ်သွားတတ်ပါသည်။ ဘုရားရှင်အား ခတ်ကြီး (၄) ပါးနှင့် ဆွမ်းတော်ကပ်လှူပါ။ ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့်လည်း မပြတ်ပူဇော်ပါ။ ဂုဏ်တော် (၉) ပါးကို အဓိဋ္ဌာန်ပုတီးနေ့စဉ်စိပ်ပါ။ ငှက်ကလေးများကို အစာကျွေးပါ။ မျက်စိဝေဒနာရှင်များကို ဆေး၊ ငွေ လှူပေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာမည်။ စကားပြောမတင်းမာပါစေနှင့်။ လူမှုရေးကိစ္စများ ကူညီဆောင်ရွက်ပေးပါ။ ရာထူးကိစ္စများ အောင်မြင်တိုးတက်စေရန် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသတော်ကို အဓိဋ္ဌာန်နှင့် နေ့စဉ်ရွတ်ပါ။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ ကိုယ်နှင့်မတည့်သောအစားအသောက်များ ရှောင်ပါ။ အာနာပါနရှုမှတ်ပါ။ လမ်းများများလျှောက်ပါ။ ပညာရေးနှင့်ပတ်သက်၍ ကြိုးစားမှုလေးတွေ ပိုရပါလိမ့်မည်။ စိတ်ထဲရှိမှ ထကျက်လိုက်၊ တဖြည်းဖြည်းလျော့သွားလိုက်မျိုး မဖြစ်ပါစေနှင့်။ ပုံမှန်လေ့ကျင့်ကြိုးစားသွားပါ၊ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ အချစ်ရေးကိစ္စများ မျက်နှာပွင့်လန်းလွန်းနေ၍ ချစ်သူအပေါ် သစ္စာရှိပါ။ ထီထိုးရန်အတွက် (၄၊ ၂၊ ၈၊ ၇) ဂဏန်းတွေနှင့် ပြည့်နေအောင် ဗုဒ္ဓဟူးနံထီဆိုင်တွင် ထိုးပါ။ လာဘ်လာဘကောင်းစေရန် ဒိဝါတပတိဂါထာနှင့် ရှင်သီဝလိ (၁၀) ဂါထာကို နေ့စဉ် ရွတ်ဖတ်ပူဇော်ပါ။ လက်ဝတ်ရတနာဝင်ကိန်း ရှိပါသည်။

ယတြာ ။ ။ *ရွှေဘွဲ့အမည်ရှိသော ဘုရား (၃) ဆူကို တစ်နေ့တည်း ဘုရားဖူးသွားလိုက်ပါ။*

ရ င် ကို ေ အ း မြ ေ စ သ ာ

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂)၊ ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com